ရန်ကုန်မြို့၊ ကျောက်ကုန်း၊ တောရ - မေဒိနီ စာသင်တိုက်

ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ ဂဏဝါစက

အရှင် ကောဝိဒဓဇ

စီစဉ်ရေးသားအပ်သော

# သဒ္ဓမ္မဒေသနာမေဒိနီ

## တရားပေါင်းချုပ်

ဓမ္မကထိကများအတွက် ဟောကွက်, ပြောကွက် စုံလင်၍ ဖတ်ရှုသူများမှာ ဘာသာရေး,သာသနာရေးကို ကြည်ညိုလေးစားတတ်ရန် စာပေရသ မြောက်အောင် စီစဉ်ထားပါသည်။

ပါဠိဆရာဦးတင်စိုး (ဓမ္မာစရိယ)

**မူပိုင်**

ဦးထွန်းကို-ဒေါ်ညွန့်

**ထွန်းပညာ ပိဋကတ် စာအုပ်ဆိုင်**

အမှတ် ၅၁/၅၂၊ ရွှေတိဂုံဘုရား အရှေ့မုခ်၊

ဗဟန်း၊ ရန်ကုန်မြို့။



အရှင် ကောဝိဒဓဇာဘိဝံသ (ဝိနယပါရဂူ - ရန်ကုန်)

ဓမ္မာစရိယ, ဂဏဝါစက, ဂန္ထကာရက

အင်္ဂုတ္တရနိကာယ ပါဠိပါရဂူ ( အစိုးရ )

ရန်ကုန်မြို့၊ ကျောက်ကုန်းတောရ - မေဓါဝီ စာသင်တိုက်

ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ ဂဏဝါစက

အသျှင် ကောဝိဒာဘိဝံသ

စီစဉ်ရေးသားအပ်သော

# သဒ္ဓမ္မဝေသနာမေဓါဝီ ဓမ္မ တရားပေါင်းချုပ်

ဓမ္မကထိကများအတွက် ဟောကွက်, ပြောကွက် စုံလင်၍ ဖတ်ရှုသူများမှာ ဘာသာရေး,သာသနာရေးကို ကြည်ညိုလေးစားတတ်ရန် စာပေ ရသ မြောက်အောင် စီစဉ်ထားပါသည်။

ပါဠိဆရာ ဦးတင်စိုး (ဓမ္မာစရိယ)

ဦးထွန်းကို - ဒေါ်ညွန့်
ထွန်းပညာ ပိဋကတ် စာအုပ်ဆိုင်
အမှတ် ၅၁/၅၂၊ ရွှေတိဂုံဘုရား အရှေ့မုခ်၊
ဗဟန်း၊ ရန်ကုန်မြို့။

မိတ် ၈

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် (၁၀၄၅၉)

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၁၅၀၀

တန်ဖိုး - ၂၅-ကျပ်

စာအုပ်ချုပ် - ကြိုင် မိသားစု

ပန်းချီ - တင်လှဝင်း

ဘလောက် - နယူးဘားမား

အဖုံးရိုက် - ကာလာ မောင်မောင်[illegible]

ထုတ်ဝေသူ။ ။ဦးထွန်းကို၊ ထွန်းပညာ စာပေ (၀၁၅၀၆)
အမှတ် ၅၁/၅၂၊ ရွှေတိဂုံဘုရား အရှေ့မုခ်၊
ဗဟန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဒေါ်ကြည်ကြည်၊ မြတ် ပုံနှိပ်တိုက် (၀၅၀၂)
အမှတ် ၂၆၊ ရန်ကြီးအောင်လမ်း၊ မုန့်လုပ်ဆောင်းကုန်း၊
စမ်းချောင်း၊ ရန်ကုန်မြို့။

နေ့စွဲ ၁၃၄၀-ခု၊ တော်သလင်းလဆန်း ၈-ရက်။

၁၄၂၃၀

# စာပလ္လင် နိဒါန်း

ဂိဟိနမုပကရောန္တာနံ၊ နိစ္စမာမိသဒါနတော၊
ကရောထဓမ္မဒါနေန၊ တေသံပစ္စုပကာရကံ။ (ဗုဒ္ဓဝံသ-ဌ-၂၄)။

ဘိက္ခဝေ၊ ပဋိသန္ဓေ, အို-နာ-သေရေး,ဒုက္ခဘေးမှ,ကင်းဝေးစေရန်,အမြိုက်နိဗ္ဗာန်ကို,ရည်သန်လိုလား, အို-ချစ်သား ရဟန်းတော်များတို့။တုမှေ၊ အသင်ချစ်သား,ရဟန်းတော်များသည်။ အာမိသ-ဒါနတော၊ ဆွမ်း-သင်္ကန်း-ကျောင်း-ဆေး, လေးပါးသော ပစ္စည်းဖြင့်, ချီးမြှင့်ထောက်ကူ, သဒ္ဓါကြည်ဖြူ, ပေးလှူခြင်းအားဖြင့်။ နိစ္စံ၊ ရက်-လ-နှစ်ကြာ, အခါမစဲ, အမြဲမပြတ်။ တုမှာကံ၊ အသင်ချစ်သားတို့အား။ ဥပကရောန္တာနံ၊ ကောင်းစွာအထူး, ကျေးဇူးပြုကြပေကုန်သော။ တေသံဂိဟိနံ၊ ရတနာသုံးရပ်, လေးမြတ်ကြည်ဖြူ ဥပါသကာ၊ ဥပါသိကာ ဖြစ်ကြကုန်သော ထိုလူတို့အား။ ဓမ္မဒါနေန၊ အပါယ်ဘေးကင်းကွာ, ကောင်းရာရောက်ရန်, တရားမှန်ကို, နည်းညွှန်မြွက်ကြား, ဟောဖော် ဆုံးမပေးခြင်းအားဖြင့်။ ပစ္စုပကာရကံ၊ တင်ခဲ့ပေဘူး, သူ့ကျေးဇူးကို, အထူးသင့်မြတ်,ပေးဆပ်ခြင်းကို။ ကရောထ၊ မေတ္တာရှေ့ထား, တရားရှေ့ရှု, ပြုကြပါကုန်လော"

အထက်ပါဂါထာ တရားတော် စကားတော်သည်ကား လွန်ခဲ့သော နှစ်ပေါင်း(၂၅၆၅)နှစ် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ သီတင်းကျွတ်လ ဝါကျွတ်ပြီးစ အခါကာလတွင် သဗ္ဗညု မြတ်စွာဘုရားသခင်သည်လည်း ဘုရားဖြစ်တော်မူပြီးစ ဗာရာဏသီပြည်၊ ဣသိပတန-မည်သော မိဂဒါဝုန်တော၌ ပထမဆုံး ဝါဆိုကာ ဝါကျွတ်၍ မဟာပဝါရဏာပြုတော်မူပြီးလျှင် ထိုစဉ်အခါက ရဟန်းဖြစ်တော်မူကြသော ပဉ္စဝဂ္ဂီ ရဟန်းတော်ငါးပါး၊ အရှင်ယသ နှင့် အပေါင်းအဖော် ရဟန်းတော် ငါးဆယ့်ငါးပါး-အားလုံးပေါင်း အပါးခြောက်ဆယ်မျှသာရှိသော တပည့်ရဟန္တာတို့အား သာသနာပြုရန် လူဒါယကာ, ဒါယိကာမ တို့အား တရားဓမ္မ ဟောဖော်ညွှန်ပြရန် မိန့်ကြားတော်မူသော တရားတော်, စကားတော် ဖြစ်ပေသည်။

ယင်းကဲ့သို့ မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့သည့်အတိုင်း ရဟန်း သံဃာများအား ပစ္စည်းလေးပါးတို့ဖြင့် အမြဲမပြတ် လှူဒါန်းထောက်ပံ့နေကြသော လူဒါယကာ, ဒါယိကာမ တို့အား ဒါနမှု, သီလမှု, ဘာဝနာပွားမှုနှင့် စပ်သော တရားတော်များကို ဟောဖော်ညွှန်ကြားပေးရန် လောကရေး, သံသရာရေး၌ လိမ္မာယဉ်ကျေးအောင် နည်းပေး ညွှန်ပြရန်မှာကား ရဟန်းတော်များ မလွဲမသွေ ဆောင်ရွက်ကြရမည့် တာဝန်တရပ်ပင် ဖြစ်ပေသည်၊ သို့ဖြစ်၍ ရဟန်းတော်များသည် ဟောရေး, ပြောရေးကိစ္စကို ထခါမယုတ် တခါ အကြောင်းအားလျော်စွာ တွေ့ကြ, ကြုံကြ, ဆောင်ရွက်ကြရမည်သာ ဖြစ်သည်၊ ထိုသို့ အကြောင်းအားလျော်စွာ ကြုံတွေ့လာသောအခါ ဟောရေး,ပြောရေး၌ ဝါသနာမပါ-ဟု တာဝန်မဲ့စွာ ရှောင်လွှဲ၍ မရစကောင်းပါပေ၊ သင့်လျော်ရာကိုကား ဆောင်ရွက်ကြရမည်သာ ဖြစ်သည်၊ အချိန်ကာလကိုကြည့်၍ နည်းနည်းဟောသင့်က နည်းနည်းဟောရပေမည်၊

အတော်အသင့် ရှည်ရှည်ဟောသင့်ကလည်း ဟောရ, ပြောရပေမည်၊ အထူးတရားပွဲများဖြစ်သော နေ့တရားပွဲ, ညတရားပွဲများ၌မူကား နှစ်နာရီ, သုံးနာရီကြာအထိ ဟောပြောရတတ်ပေသည်။

ဤ တရားကျမ်းစာပြုစုသူ အရှင်သည်ကား တရားဓမ္မ ဟောပြောရခြင်းထက် တရားတော်ကို နာယူ မှတ်သားခြင်းကိုသာ အထူး လိုလားပါသည်။ သို့ဖြစ်၍ ဆရာတော်ကြီးများ ဟောကြားသည့် တရားပွဲများသို့ အမြဲလိုလို ရောက်ခဲ့သည်၊ ထိုမှတပါး စာပေရေးရာ ဟောပြောပွဲများသို့လည်း မလွတ်တန်း ရောက်ရှိသည်သာ များသည်၊ စာရေးသူ အထူးအနှစ်သက်ဆုံး ဝါသနာကား စာပေ ကြည့်ရှုခြင်းနှင့် စာပေပို့ချခြင်း ဖြစ်ပါသည်၊ ယင်းသို့ဖြစ်၍ စာပြုသူ ဤအရှင်သည် စာချသက် (၁၀)နှစ်ကျော် (၁၅)နှစ်ရှိပြီဖြစ်သော ယခုအချိန်အထိ နှစ်စဉ်နှစ်တိုင်း—

၁။ ပါရာဇိက ကဏ္ဍ အဋ္ဌကထာ (ဓမ္မာစရိယ စာချတန်း)စာဝါ။

၂။ ပဒရူပသိဒ္ဓိကျမ်း စာဝါ။

၃။ အဘိဓာနပ္ပဒီပိကာကျမ်း (ပါဠိအဘိဓာန်) စာဝါ။

၄။ အင်္ဂုတ္တိုရ် ပါဠိတော် စာဝါ။

၅။ ယံမိုက်ကျမ်း ည စာဝါများကို ပို့ချပေးရသော ဂဏဝါစက စာချ ဘုန်းတော်ကြီး တပါးသာ ဖြစ်ပါသည်။

ဤ သဒ္ဓမ္မဒေသနာ မေဇိနီ တရားကျမ်းစာ ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းကား-စာပြုသူ သည် ဂဏဝါစက စာချဘုန်းကြီးတပါးသာ ဖြစ်သဖြင့် တရားဒေသနာ ဟောပြောရန် စိတ်ဆန္ဒ မသန်လှသော်လည်း မိမိဇာတိ ရပ်ရွာဒေသသို့ တနှစ်တခါ ပြန်သောအခါ မြို့နေ စာချဘုန်းကြီး ဖြစ်သဖြင့် ရောက်ခိုက်, ကြုံခိုက်၌ တရားဓမ္မ နာယူလိုလှကြသော ရပ်ရွာ ဒါယကာ, ဒါယိကာမများ က, အထူးသဖြင့် စာရေးသူ၏ ဘကြီး,ဘထွေး,ဦးကြီး,ဦးလေးများက ရောက်ရှိစဉ်အခါ တရားတပွဲ ဖြစ်စေ နာကြားကြရအောင် ကြိုးစား လျှောက်ထားကြသည်၊ သို့အတွက် မလွှဲမရှောင်သာပဲ ဟောရ, ပြောရသည်၊ တရားဟောပြီးလျှင်လည်း တဆင့်တက်၍ ဟောပြီးသော တရားအကျဉ်းနှင့် တရားဆောင်ပုဒ် လင်္ကာကလေးများကို ရေးသားပေးရန် လျှောက်ထားကြ၍ ရေးသားပေးရပြန် သည်၊ ထိုမှတပါး စာပြုသူနှင့် ရင်းနှီးသော ဟောရေး,ပြောရေး ဝါသနာပါသည့် သမဂ္ဂအရှင်မြတ် များကလည်း ဟောပြောရန် သင့်လျော်မည့် ပါဠိဂါထာနှင့် အနက်ကိုလည်းကောင်း၊ သုတ်ဝတ္ထု ကြောင်းကိုလည်းကောင်း ရေးသားပေးရန် တိုက်တွန်းကြသဖြင့် မလွှဲမရှောင်သာပဲ ထို သမဂ္ဂတို့ အလိုဆန္ဒအရ ရေးသားပေးခဲ့ရသည်လည်း ရှိခဲ့ပါသည်။

အထူးသဖြင့် ၁၃၃၆-ခုနှစ်တွင် မြေမွန်သို့ပြန်စဉ် စာရေးသူ၏ မယ်တော်ကြီး ဒေါ်နှင်းကြိုင် နှင့်ဘကြီး, ဘထွေး, ဦးကြီး, ဦးလေး, ဆွေမျိုးများက အကျိုးများမည့် တရားကျမ်းစာများကို ပြုစု သင့်ပါကြောင်း တောင်းပန် လျှောက်ထားကြသည်။

ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော် အရှေ့မုခ်၊ အမှတ် ၅၀/၅၂၊ ထွန်းပညာ ပိဋကတ် စာအုပ် ဆိုင် ပိုင်ရှင် ဒါယကာကြီး ဦးထွန်းကို-ဒေါ်ညွန့်တို့ကလည်း တရားဟော၊ ဆုပေး၊ ရေစက်ချ အစုံ အလင်ပါဝင်သော ကရားဟောကျမ်းစာ ရေးသားပါရန် လျှောက်ထား တောင်းပန်ကြပါသည်။

ယင်းသို့သော အကြောင်းများကြောင့် စာရေးသူသည် စာပေ ပို့ချယင်း, ကြည့်ရှု လေ့လာယင်း ကြိုးကြား ကြိုကြား အားလပ်သောအခါ၌ ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ သင့်လျော်သော အကြောင်းအရာကို အခြေခံကာ ဤ "သဒ္ဓမ္မဒေသနာ မေဒိနီ တရားပေါင်းချုပ်" မည်သော တရားကျမ်းစာကို ရေးသားစီရင်ရခြင်း ဖြစ်ပါသည်။

ကျမ်းစာ စီစဉ်ရေးသားရာ၌ ဟောပြောလိုသူများနှင့် ကြည့်ရှုလေ့လာသူများပါ အကျိုးများစေရန် ရည်သန်ကာ ဟောကွက်, ပြောကွက်ကောင်းသော–

၁။ ဗဟိဒ္ဓ လုံခြုံရေးထက် အဇ္ဈတ္တ လုံခြုံရေးက ပိုမိုအရေးကြီးပုံပြ တရားများ။

၂။ လောဘ, ဒေါသ, မောဟ ဆိုင်ရာ တရားများ။

၃။ အံ့သြဘွယ်, ကြည်ညိုဘွယ်ကောင်းသော အောင်ခြင်းရှစ်ပါး တရားများ။

၄။ လူတိုင်း နေ့စဉ် လေ့လာပွားများသင့်သော စတုရာရက္ခ တရားများ, ဖြဲဟ္မစိုရ်တရားများ။

၅။ ဒါနမှု, သီလမှုဆိုင်ရာတရားများ- စသည်တို့ကိုရင်း, ထိုထို ပါဠိ,ဝတ္ထု,သာဓက,သဘာဝ တို့ဖြင့် တိကျစွာ ရေးသားထားပါသည်။

ဤ သဒ္ဓမ္မဒေသနာ မေဒိနီ တရားကျမ်းစာ ရေးသားဖြစ်အောင် မကြာခဏ တိုက်တွန်းလျှောက်ထားကြသော–

၁။ ရွှေဘိုခရိုင်၊ မြေမွန်ရွာနေ စာပြုသူ၏မယ်တော်ကြီးနှင့် ဘကြီး,ဘထွေး,ဦးကြီး,ဦးလေးများ။

၂။ ထွန်းပညာ ပိဋကတ်စာအုပ်ဆိုင် ပိုင်ရှင် ဒါယကာကြီး ဦးထွန်းကို-ဒေါ်ညွန့်။

၃။ မြတ် ပုံနှိပ်တိုက် စာပြင်ဆရာ ပါဠိဆရာကြီး ဦးတင်စိုး (ဓမ္မာစရိယ)။

၄။ စာမူ လက်နှိပ်စက်ရိုက်ပေးသူ ဒေါ်တင်နု တို့အား အထူး ကျေးဇူးတင်ပါသည်။

ထို့မှတပါး စာပြုသူအား ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသက်သာစွာ သာသနာ့ဝန်ကို ပျော်ရွှင် ချမ်းမြေ့စွာ ထမ်းဆောင်နိုင်အောင် ပညာသင်ထွက်စ သာမဏေဃ်ဘဝမှ ယခု ယခုနေ့အချိန်ကျအောင် သဒ္ဓါကြည်ဖြူ ထောက်ပံ့လှူကြသော–ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မြေမွန်ရွာနေ မိဘဆွေမျိုးများ, စာသင်သားဘဝ၌ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး-လေးပါးသော ပစ္စည်းတို့ဖြင့် စေတနာသဒ္ဓါ ထက်သန်စွာဖြင့် လှူဒါန်းကြသော နေထိုင် ပညာသင်ယူခဲ့ရာ ရွှေဘိုမြို့၊ စစ်ကိုင်းမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့နေ စတုပစ္စယ ဒါယကာ, ဒါယိကာမ အပေါင်းတို့အား ကျေးဇူးတင်ပါသည်။ ဤကျမ်းစာ ပြုစုခြင်းဖြင့် ကျေးဇူးရှင် ဆရာတော်များ မိခင် ဖခင် ဆွေမျိုးများနှင့် စတုပစ္စယ ဒါယကာ, ဒါယိကာမ များအား ကျေးဇူးတို့ ပေးဆပ်အပ်ပါသည်။

# စာမလွှင် နိဒါန်း

(က) **ကော** မုဒိ ရဝိတတ္တာနံ၊
**ဝိ** ဒ္ဓံသေတွာဝိဒါဟနံ။
**ဒ** ဒါတီဝ သုခံ သီတံ၊
**ဇ** ဘူတာဝ အမ္ဗရေ။

(ခ) ကိလေသဂ္ဂိဟိ တတ္တာနံ၊ သုသီတလ ဂဝေသိနံ။
ဒဒါတု သီတလံ နိစ္စံ၊ သဒ္ဓမ္မ မေဒိနီ အယံ။

(က) အမ္ဗရေ၊ အဇဋ္ဌာဝေဟင်, ထက်ကောင်းကင်၌။ ဇဘူတာဝ၊ လှပဆန်းကြယ်, အလွန်တင့်တယ်သည့်, တံခွန်အောင်လံသဖွယ် ဖြစ်ရှိသာလျှင် ဖြစ်သော။ ကောမုဒီ၊ ရွှန်းပဝင်းပြောင်, လ၏အရောင်သည်။ ဝါ) ညချမ်းချိန်ခါ, ထွက်ပေါ်လာသည့်, ရောင်ဝါတောက်ထွန်း,ပြောင်ရွှန်းပဝင်း, အရောင်အဆင်းရှိသော ဖိုးလမင်းသည်။ ရဝိတတ္တာနံ၊ နွေခါနွေခင်း, နေပူရှိန်ညှင်းသဖြင့်, ထန်ပြင်းပင်ပန်း, နွမ်းနယ်၍ နေကြကုန်သော ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့အား။ ဝိဒါဟနံ၊နေထိုင်ခက်အောင်, နှိပ်စက်သယောင်, ပူလောင်ခြင်းကို။ ဝိဒ္ဓံသေတွာ၊ အအေးဓာတ်ဖြင့်, လွှမ်းပတ်ခြုံပြီး, ကောင်းစွာ ဖျက်ဆီး၍။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကိုငင်း။ သီတံ၊ ကြည်သာရွှင်ပြ, အေးမြခြင်းကိုငင်း။ ဒဒါတီဝ၊ သဘောဓမ္မတာ, ဆောင်ကာမနှေး, ပေးဘိသကဲ့သို့။ တထာ၊ ထိုနည်းနှိုင်းယှူ, အလားတူစွာ။

(ခ) အယံ သဒ္ဓမ္မမေဒိနီ၊ သဒ္ဓမ္မဒေသနာ မေဒိနီ, သညီတင့်ဆန်း, ဤတရားကျမ်းစာသည်။ ကိလေသဂ္ဂိဟိ၊ လောဘ-ဒေါသ မောဟ အစရှိသော ကိလေသာတည်းဟူ, မီးအပူတို့ဖြင့်။ တတ္တာနံ၊ နေ့ညမဟူ, ကြိုက်ကျိုက်ဆူအောင်, ပူလောင်ပြင်းထန်, နှိပ်စက်ခြင်းဒဏ်ကို ခံနေကြရကုန်သော။ သုသီတလဂဝေသိနံ၊ ကိလေသာဒဏ်, ပူပန်ကင်းလျက် အေးချမ်းသည်ထက် အေးချမ်းသည်ကို အမြဲလို ရှာမှီးနေကြကုန်သော သတ္တဝါအများတို့အား။ နိစ္စံ၊ နေ့ရောညဉ့်ပါ, ဘယ်ခါမစဲ, အမြဲမပြတ်။ သီတလံ၊ ပညာရှိ သူတော်ကောင်းတို့ တောင့်တဖွေရှာ, ချမ်းသာ အေးမြခြင်း အရသာကို။ ဒဒါတု၊ ဓမ္မဂုဏ်ထူး, ဖော်ကာကျူးလျက်, အထူးမနှေး, ဖြန့်ဝေပေးပါစေသတည်း။

**ရတနာမွန် အရှင်ကောဝိဒ ဇ**
(ဂဏဝါစက, ပါဠိပါရဂူ, ဝိနယပါရဂူ)
ကျောက်ကုန်းတောရ-မေဒိနီ စာသင်တိုက်၊
ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့။

သာသနာ ၂၅၂၀ ခုနှစ်။
ကောဇာ ၁၃၃၈-ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဗုဒ္ဓဟူးနေ့။
ခရစ် ၁၂-၅-၁၉၇၆။

# သဒ္ဓမ္မဓေသနာ မေဒိနီတရားပေါင်းချုပ်

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ကိုယ့်ကိုစောင့်ရှောက် ချမ်းသာရောက်တရားတော်** | ၁ |
| ကောဋ္ဌာဟဠ အပြား ၅ ပါး | ၃ |
| လုံခြုံရေးအတွက် ကောသလမင်းကြီး၏ လျှောက်ထားချက် | ၄ |
| မြတ်စွာဘုရား မိန့်ကြားတော်မူပုံ | ၆ |
| အတွင်းအဇ္ဈတ္တလုံခြုံ၍ မင်းဖြစ်ရသောဝတ္ထု | ၉ |
| ငါးဖြာကာမ ရှောင်ရခက်ခြင်း | ၁၂ |
| တက္ကသိုလ်ပြည်ရှင် ဘုရင်ဖြစ်ခြင်း | ၂၀ |
| **ကမ္ဘာ့ရန်သူကြီး ၃ မျိုးတရားတော်** | ၂၄ |
| ရန်သူဆိုးဝါး တရားသုံးခု | ၂၆ |
| လောဘဖြစ်ခြင်း အကြောင်းရင်း ၂ ပါး | ၂၉ |
| လောဘကြီးက ပျက်စီးရပုံဝတ္ထု | ၂၉ |
| လောဘဆိုးမျက် ကောင်းကျိုးပျက် | ၃၅ |
| လောဘ-အလောဘ-သဘာဝချင်းရာ မာ့ပါ | ၃၈ |
| လောဘကင်းမှ ချမ်းသာရခြင်း | ၄၀ |
| ဒေါသဖြစ်ခြင်း အကြောင်းရင်း ၂ ပါး | ၄၄ |
| ဒေါသကြီးက ပျက်စီးရပုံဝတ္ထု | ၄၅ |
| မာန်ရောင်ဝင့်ဝင့် တံခွန်လွင့်ကြ ဤလောက | ၆၆ |
| နတ်သားနှင့်ဘုရားတို့ အမေးအဖြေစကားများ | ၄၇ |
| သမီးအတွက် သားမက်လောင်းရှာသူ | ၅၀ |
| လောဘ-ဒေါသ-မောဟရှင်များ၏ သဘောတရား | ၅၃ |
| ဥဒေနမင်းကြီး၏ မိဖုရား ၃ ယောက် | ၅၈ |
| ကျွန်မ ခင်ပွန်းရှာ ပညာကြီးမားပုံ | ၅၉ |
| မေတ္တာစွမ်းအင် ထူးဆန်းစွာတွေ့မြင်ကြရခြင်း | ၆၅ |
| မိန်းမပီသ အသက်(ရှည်) ရေ | ၆၆ |
| သာမာဝတီတို့ ဘဝကြမ္မာ | ၇၀ |
| ကြမ္မာဆိုးနွား မာဂဏ္ဍီနှင့် ဆွေမျိုးများ | ၇၂ |
| ဒေါသဆိုးမျက် ကောင်းကျိုးပျက်ပုံ | ၇၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒေါသ-အဒေါသ သဘာဝချင်းမတူပါ | ၇၅ |
| မောဟဖြစ်ခြင်း အကြောင်းရင်း ၂ ပါး | ၈၁ |
| ဉာဏ်ထိုင်းလှစွာ လာဠုဒါယီဝတ္ထု | ၈၃ |
| မောဟဆိုးဖျက် ကောင်းကျိုးပျက်ပုံ | ၈၈ |
| မောဟ-အမောဟ သဘာဝချင်းရာ မတူပါ | ၉၀ |
| **က-လေးလုံး တရားတော (အကျဉ်း)** | ၉၄ |
| အားကိုးရာကြ ဤလောက | ၉၅ |
| မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်ခြင်း | ၉၆ |
| **အောင်ခြင်း ၈ ပါး တရားတော်များ** | ၉၈ |
| **မာရ်နတ်ကိုအောင်မြင်ခြင်း တရားတော်** | ၉၈ |
| မာန်နတ်ခေါ်ဆို သူပုန်ဗိုလ်နတ်သား | ၁၀၁ |
| နတ်ပြည်ခြောက်ခွင် နတ်ဘုရင် ၆ ပါး | ၁၀၂ |
| အလောင်းတော်သိဒ္ဓတ္ထ ဇွဲလုံ့လ | ၁၀၆ |
| မာရ်နတ်ကြီးက စစ်ခင်းပုံ | ၁၁၀ |
| မာရ်နတ်ရန်ခွင်း အောင်မြင်ခြင်း | ၁၁၇ |
| အောင်ပွဲသဘင် ဆင်ယင်ပြီးသော် ကြွေးကြော်သံလွှမ်း အံ့မခန်း | ၁၁၈ |
| မာရ်နတ်ကြီး၏ သမီးချောသုံးယောက် | ၁၂၃ |
| မာရ်နတ်စစ်တပ်ဖွဲ့ ၁၀ ခု | ၁၂၉ |
| **အာဠာဝကဘီလူးကို အောင်မြင်ခြင်း တရားတော်** | ၁၃၃ |
| အာဠဝီမင်းကြား တောကစားထွက်ခြင်း | ၁၃၄ |
| အာဠာဝကဘီလူးနှင့်တွေ့ကာ ပြဿနာဖြစ်ခြင်း | ၁၃၅ |
| ဗုဒ္ဓမြတ်စွာ အာဠာဝကစံနန်းသို့ ကြွမြန်းတော်မူခြင်း | ၁၃၈ |
| ဇမ္ဗူကျော်ကြား အသံကြီး ၄ ပါး | ၁၄၂ |
| အစွမ်းထက်သည့် လက်နက်ကြီး ၄ မျိုး | ၁၄၃ |
| အာဠာဝကဘီလူး အမေးနှင့်ပုစ္ဆာ ဗုဒ္ဓမြတ်စွာအဖြေများ | ၁၄၇ |
| **နာဠာဂိရိဆင်ကြမ်းကြီးကို ဆုံးမအောင်မြင်ခြင်း တရားတော်** | ၁၅၉ |
| ရှင်ဒေဝဒတ်က မိမိထံသိက္ခာအပ်ရန် လျှောက်ထားခြင်း | ၁၆၀ |
| မိစ္ဆာဇီဝ လာဘထိုထို တံတွေးမျိုးတည်း | ၁၆၁ |
| ရှင်ဒေဝဒတ် အဇာတသတ်နှင့်ပေါင်းကာ မသင့်ရာကြံခြင်း | ၁၆၃ |
| ဆင်ကြမ်းနာဠာ ဘုရားရှင်ထံ ထိုးသတ်ရန်လာခြင်း | ၁၆၈ |
| **နာဠာဂိရိဆင်ကြမ်းကြီးကို အောင်မြင်တော်မူခြင်း** | ၁၇၁ |

## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အင်္ဂုလိမာလကို အောင်မြင်တော်မူခြင်း တရားတော်** | ၁၇၇ |
| ပုဂ္ဂိုလ်ထူးများ မွေးဖွားလာစဉ် နိမိတ်ထင်မှု | ၁၇၉ |
| ကြောင့်ကြကင်းမဲ့ တကဲ့ချမ်းသာ | ၁၈၁ |
| တက္ကသိုလ်ကျောင်းသားဘဝ အဟိံသက | ၁၈၅ |
| အဟိံသက လူဆိုးဘဝ ရောက်ရရှာခြင်း | ၁၉၀ |
| ရပ်သူ-သွားသူ-သဘောမူကား | ၁၉၄ |
| မြတ်စွာဘုရားက အင်္ဂုလိမာလအား ဆုံးမတော်မူခြင်း | ၁၉၆ |
| သနားသဖြင့် ပရိတ်ချီးမြှင့်ခြင်း | ၂၀၀ |
| **စိဉ္စမာဏဝိကာ ပရဗိုဇ်မကို အောင်မြင်ခြင်း တရားတော်** | ၂၀၆ |
| ဗောဓိသုံးပါး ပိုင်းခြားသိဘွယ် | ၂၁၀ |
| လူနတ်အများ ဘုရားကိုသာ ကိုးကွယ်လာ | ၂၀၇ |
| နှစ်ဖက်ကန်း-မျက်ခမ်း-နေကိုပြိုင်လို့ | ၂၀၈ |
| တိတ္ထိတို့၏ ကိုယ်ကျင့်တရားထူးများ | ၂၁၀ |
| အလှပြင်နည်း နိဿျည်း | ၂၁၅ |
| ဆရာတိတ္ထိတို့၏ ခေါးစာခံဘဝ ပရဗိုဇ်မကလေး | ၂၁၈ |
| အပြစ်ကြီးစွာ-မုသာဝါဒ | ၂၂၂ |
| လက်တုံ့မပြန် ခွန်းသံမဟ အောင်ပွဲရ | ၂၂၃ |
| **သစ္စကပရဗိုဇ်ကို အောင်မြင်ခြင်း တရားတော်** | ၂၂၆ |
| ရှေးအခါက ပါလိမန်စနစ် | ၂၂၆ |
| သစ္စကပရဗိုဇ်၏ မိသားစုအခြေအနေ | ၂၂၈ |
| သစ္စက၏ ပညာမာန | ၂၃၄ |
| မာန်တက်ခြင်း ၉ ပါးသဘောများ | ၂၃၆ |
| သစ္စကနှင့် မြတ်ဗုဒ္ဓဝါဒချင်း ယှဉ်ပြိုင်ခဏ်း | ၂၄၀ |
| ဘုရားသခင် အောင်ပွဲဆင်တော်မူခြင်း | ၂၄၉ |
| **နန္ဒောပနန္ဒ နဂါးမင်းကို အောင်မြင်ခြင်း တရားတော်** | ၂၅၅ |
| ဗုဒ္ဓမြတ်စွာ၏ တနေ့တာလုပ်ငန်းစဉ် | ၂၅၈ |
| နဂါးမင်း၏ ပျော်ခင်းဖိုဖို | ၂၆၀ |
| တန်ခိုးကြီးလှ နန္ဒောပနန္ဒ | ၂၆၃ |
| ရှင်မောဂ္ဂလာန်နှင့် နဂါးမင်း တန်ခိုးချင်းယှဉ်ပြိုင်ခဏ်း | ၂၆၄ |
| တပည့်စေကာ ကောင်းစွာအောင်ရ မြတ်ဗုဒ္ဓ | ၂၇၁ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ဗကဗြဟ္မာကြီးကို အောင်မြင်ခြင်း တရားတော်** | ၂၇၃ |
| ဗြဟ္မာဗက၏ သဿတဝါဒအယူ | ၂၇၅ |
| မာရ်နတ် လာရောက် နှောက်ယှက်ခြင်း | ၂၇၇ |
| ဗုဒ္ဓမြတ်စွာနှင့်ဗကဗြဟ္မာ ဝါဒချင်း ယှဉ်ပြိုင်ဆိုဓဏ်း | ၂၈၀ |
| ဗကဗြဟ္မာနှင့် ရှေးခါဖြစ်ကြောင်း ဘဝဟောင်း | ၂၈၃ |
| မြတ်ဘုရားပင် အောင်ပွဲဆင်ခြင်း | ၂၉၃ |
| **ဗုဒ္ဓါနုဿတိ ဘာဝနာ တရားတော်** | ၂၉၅ |
| သုဘူတိထေရ်၏ အတိတ် ဇာတ်ကြောင်း | ၂၉၇ |
| ဝသဘထေရ်အလောင်း၏ အာရုံကောင်းယူပုံ | ၃၀၄ |
| ဗုဒ္ဓဂုဏ်ပွား မိဖုရားစောလုံ | ၃၀၆ |
| ဖုဿဒေဝထေရ်၏ ဘုရားနှင့်ဂုဏ် နှလုံးထုံမှု | ၃၀၇ |
| ဗုဒ္ဓဂုဏ်ပွားအကျိုးများ | ၃၀၈ |
| **အသုဘ ဘာဝနာ တရားတော်** | ၃၁၀ |
| ဣရိယာပုထ်လေးပါး ဆင်ခြင်ပွားရန် | ၃၁၃ |
| ကာယဝိစ္ဆိန္ဒနိကသုတ် | ၃၁၆ |
| ရုပ်အဆင်းလှ တပ်မက်ခြင်းပြင်းလှ ရူပနန္ဒာ | ၃၁၇ |
| သိရိမာ၏အဆင်း၌ စွဲလန်းမိသော ရဟန်းငယ်တပါး | ၃၂၃ |
| ခန္ဓာကိုယ်ဝယ် ရွံဘွယ်အပြည့် | ၃၂၆ |
| **မရဏဿတိ ဘာဝနာ တရားတော်** | ၃၃၆ |
| သက်ရှည်တည်မှု ကြောင်းငါးခု | ၃၃၈ |
| ကြောက်ဘွယ်ထင်ရှား သေခြင်းတရား | ၃၄၀ |
| မရဏဿတိပွားရှု ယက္ကန်းသည်မကေလးဝတ္ထု | ၃၅၀ |
| သိရန်ခက်လှ မေးဖြေကြပုံ | ၃၅၇ |
| **မေတ္တာဘာဝနာ တရားတော်** | ၃၆၂ |
| ရှေးဦးမေတ္တာ ပွားသင့်သူနှင့် မပွားသင့်သူများ | ၃၆၄ |
| ၅၂၈သွယ် မေတ္တာအကျယ်ပွားပုံ | ၃၇၁ |
| မေတ္တာသုတ်လာ မေတ္တာဘာဝနာ ပွားပုံနည်း | ၃၇၆ |
| မေတ္တာပွားကျိုး(၁၁)မျိုး | ၃၇၈ |
| မေတ္တာဓာတ်ရှင် ဗြဟ္မဒတ်ဘုရင်ကြီးဝတ္ထု | ၃၈၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


| | |
|---|---|
| **သေမင်းကို မကြောက်ရန် တရားတော်** | ၃၈၆ |
| သေမှာကြောက်ပြား အကြောင်းတရား ၄-ခု | ၃၈၈ |
| သေမှာမကြောက်ပြား အကြောင်းတရား ၄-ခု | ၃၉၄ |
| သုတသောမ မင်းကြီးနှင့် ပေါရိသာဒဝတ္ထု | ၃၉၈ |
| မင်းပြဟ္မဒတ္တ လူသားစားဘဝ ရောက်ရပုံ | ၄၀၁ |
| ပေါရိသာဒ၏ ကြောက်မက်ဘွယ် အခြင်းအရာ | ၄၀၂ |
| စစ်သူကြီးက ထုံးနည်းပြု၍ တားမြစ်ခြင်း | ၄၀၄ |
| တရားတန်သမုတ် ဂါထာ ၄-ပုဒ် | ၄၁၀ |
| သုတသောမ မင်းကြီး၏ ကျိုးကြောင်းဆက် တရားများ | ၄၁၆ |
| အမှောင်တွင်းမှ အလင်းဝင်လာ, ပေါရိသာဒ သူ့ဘဝ | ၄၂၂ |
| **ကရုဏာဘာဝနာ တရားတော်** | ၄၂၄ |
| ကရုဏာကင်းကွာ အပြစ်များစွာ | ၄၂၈ |
| ပူတိဂတ္တတိဿထေရ် ဝတ္ထု | ၄၃၀ |
| မြတ်စွာဘုရား၏ ကြီးမားသော ကရုဏာ | ၄၃၂ |
| ကရုဏာတရား ၁၃၂-ပါး အကျယ်ပွားပုံ | ၄၃၆ |
| ကရုဏာပွားကျိုး ၁၁-မျိုး | ၄၃၉ |
| **မုဒိတာဘာဝနာ တရားတော်** | ၄၄၀ |
| မင်းနှင့်ပြည်သူ ကြည်ဖြူဆင်နွဲ အလှူပွဲကြီး | ၄၄၄ |
| မလ္လိကာ မိဖုရား၏ ကြီးမားမြော်မြင် အစီအစဉ် | ၄၄၆ |
| အမတ် ၂-ဦး၊ စိတ်ကူးထွေပြား အချင်းရာများ | ၄၄၇ |
| သဘောယုတ်မာ ဇုဏှာဖြစ်လတ် ကာဠအမတ် | ၄၅၀ |
| မုဒိတာတရား ၁၃၂-ပါး အကျယ်ပွားပုံ | ၄၅၁ |
| **ဥပေက္ခာဘာဝနာ တရားတော်** | ၄၅၄ |
| ဥပေက္ခာတရား ၁၁-ပါး သရုပ် | ၄၅၅ |
| ပြဟ္မစိုရ်လေးပါး ရှုပွားပုံအစဉ် | ၄၅၈ |
| ဗုဒ္ဓမြတ်စွာ၏ ဥပေက္ခာ | ၄၆၀ |
| စစ်သူကြီးကတော် မလ္လိကာ၏ ဥပေက္ခာ | ၄၆၂ |
| အလောင်းတော်ဘဝ ဥပေက္ခာပါရမီ ဖြည့်ကျင့်ပုံ | ၄၆၅ |
| ဥပေက္ခာတရား ၁၃၂-ပါး အကျယ်ပွားပုံ | ၄၆၈ |
| အဘိဓာဏ်သုတ်လာ ဥပေက္ခာပွားနည်း | ၄၇၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **သောကကွဲကင်းဝေး နေနိုင်ရေး တရားတော်** | ၄၇၃ |
| သောကပင်လယ် လွန်စွာကျယ်လှ | ၄၇၄ |
| ပါဋ္ဌလိပုတ်ပြည်ရှင် မုဏ္ဍဘုရင်ကြီး ဝတ္ထု | ၄၇၅ |
| သောကမီးပွား တရားဖြင့်ငြိမ်း | ၄၇၇ |
| တောင်းတိုင်းမရ၊ တ,တိုင်းမပေါ်, တရားငါးဖြာ | ၄၇၉ |
| သောကငြိမ်းမှ ချမ်းသာရခြင်း | ၄၈၄ |
| **အသုဘ တရားတော်** | ၄၈၇ |
| ဓမ္မပါလ မိသားစုဝတ္ထု | ၄၈၈ |
| ခရီးထွက်က အပြီးနှုတ်ဆက်လေ့ ရှိကြခြင်း | ၄၈၉ |
| အသုဘ ရှုပွားသဖြင့် စိတ်ထား ခိုင်မာသူများ | ၄၉၀ |
| **ရက်လည်ဆွမ်း သွပ် တရားတော်** | ၄၉၁ |
| ဖုဿမြတ်စွာ လက်ထက်တော်ရှိန်အခါ | ၄၉၉ |
| ဘုရားကို အပိုင်စီး၍ တဦးတည်းကိုးကွယ်လိုသူ | ၄၉၉ |
| မင်းသားညီနောင် ပရိယာယ်ဆောင်မှ ပြည်သူကိုးကွယ်ရ | ၅၀၀ |
| သံဃိက လာဘ်စား အပြစ်ကြီးမားပုံ ဝတ္ထု | ၅၀၂ |
| ရည်ညွှန်းလှူကာ သာဓုခေါ်မှ အကျိုးရခြင်း | ၅၀၆ |
| ရည်ညွှန်းလှူရာ၌ ဇာဏုသောဏိ ပုဏ္ဏားကြီး လျှောက်ထားချက်များ | ၅၁၀ |
| ကောင်းမှုကျိုးယူ လှူသူမှုချ | ၅၁၂ |
| **မိခင် ဘခင် ကျေးဇူးရှင် ဂုဏ်အင်ကြီးမြတ် ကျေးဇူးဆပ် တရားတော်** | ၅၁၆ |
| ကမ္ဘာစောင့်တရား ထို ၂-ပါး | ၅၁၇ |
| ကျေးဇူးဆပ်ခြား နည်း ၂-ပါး | ၅၁၉ |
| တရားအထူးဖြင့် ကျေးဇူးဆပ်နည်း ၅-မျိုး | ၅၂၂ |
| ဗုဒ္ဓမြတ်စွာအား ရှင်သာရိပုတ္တရာ နောက်ဆုံးကန်တော့ခန်း | ၅၂၉ |
| ရှင်သာရိပုတ္တရာ မယ်တော်ကြီးအား ကျေးဇူးဆပ်ပုံ | ၅၃၃ |
| သားတော် တရားဖြင့် မယ်တော် သောတာပန် တည်သွားခြင်း | ၅၄၀ |
| **ကိုယ့်ကိုယ်ကိုကိုး "က" လေးလုံး တရားတော် (အကျယ်)** | ၅၄၃ |
| ဝေါဟာရချုံး အလွယ်သုံးမှု | ၅၄၃ |
| ကြီးပွားစိမ့်ငှာ မိုရာရှာကြ ဤလောက | ၅၄၅ |
| ကြီးပွားရေး လမ်းညွှန်တရား ၇-ပါး | ၅၄၉ |
| လောကီကြီးပွားမှု စူဠသေဋ္ဌိ ဝတ္ထု | ၅၅၂ |
| စီးပွားရှာနည်း နိသျှည်း | ၅၅၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လောကုတ္တရာ ကြီးပွားမှု မဟာသီဝထေရ် ဝတ္ထု | ၅၇၀ |
| တဏယ်လုပ်မှု အဟုတ်ရပြသ မြတ်တရား | ၅၀၀ |
| **အားကိုးထိုက်လှ မြတ်ဒါန တရားတော်** | ၅၀၁ |
| ဒါနဖြင့်သာ ထွက်မြောက်ရာလမ်း | ၅၀၄ |
| ဝိနည်းကျမ်းလာ ဒါနအပြား | ၅၀၅ |
| အဘိဓမ္မာလာ ဒါနအပြား | ၅၀၅ |
| သုတ္တန်ကျမ်းလာ ဒါနအပြား | ၅၉၅ |
| သက်သတ်လွတ်စား မှတ်သားသိဘွယ် | ၅၉၁ |
| ဒါနအကျိုးပြ ဘတ္တဂ္ဂဝတ်နှင့် သာရဏီယဝတ်ဖြည့် ရဟန်း ၂-ပါး ဝတ္ထု | ၅၉၆ |
| ဒါန အကျိုး ၅-မျိုး၊ ၃-လီ | ၆၀၃ |
| **ကောင်းမှုဒါန အကျိုးပြ တရားတော်** | ၆၀၇ |
| မျက်မှောက်ဘဝ ကျိုးရထင်ထင် ဒါနရှင် ဝတ္ထု | ၆၁၀ |
| အလှူတခု ဖြစ်မှုခက်ခဲ | ၆၁၃ |
| စစ်တိုက် လှူမှု နှစ်ခုတူပုံ | ၆၁၄ |
| ကောင်းကျိုးမုချ ချက်ချင်းရပုံ | ၆၁၉ |
| **စေတနာသုံးတန် ဖြူစင်ရန် တရားတော်** | ၆၂၂ |
| ကောင်းမှုဆိုတာ ရတနာရွှေအိုး | ၆၂၅ |
| အကာစင်စစ်မှ အနှစ်ထုတ်ယူနည်းများ | ၆၂၇ |
| စေတနာသုံးချက် အကျိုးသက်ပုံ | ၆၃၂ |
| ပုဗ္ဗစေတနာ ချို့ခဲ့ရှာသည့် ပဥ္စပါပီ ဝတ္ထု | ၆၃၇ |
| အပရစေတနာ ချို့ခဲ့ရှာသည့် အာဂန္တုကသေဋ္ဌိ ဝတ္ထု | ၆၃၉ |
| မျက်မှောက်အကျိုးရ မဟာဒုဂ္ဂတ ဝတ္ထု | ၆၄၅ |
| **ကိုယ်ကျင့်သီလ အကျိုးပြ တရားတော်** | ၆၅၃ |
| သီလ အမျိုးအပြားနှင့် အကျိုးတရားများ | ၆၅၆ |
| သီလကျိုးဆက် စဉ်ဆက်တိုးပွား | ၆၆၁ |
| သီလပြည့်ခြင်း အကျိုး ၅-ပါး၊ သီလပျက်ခြင်း အပြစ် ၅-ပါး | ၆၆၆ |
| သာဓိနမင်းကြီး ဝတ္ထု | ၆၆၈ |
| နတ်တို့ပြည်မှ ပင့်ဆောင်ရခြင်း | ၆၇၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ကျင့်ကြံအပ်လှ မြတ်သီလ တရားတော်** | ၆၇၇ |
| သီလ၏ သဘောတရားနှင့် အကျိုး ၃-ပါး | ၆၇၈ |
| ဥပုသ်သည်များ ဘုရားဟောသည့် သီလ ဝတ္ထု | ၆၈၄ |
| ခေတ်ချင်းတူမှ ကြည်ဖြူကြခြင်း | ၆၈၅ |
| သီလပြည့်ရန် ကြောင်း ၂-တန် | ၆၉၇ |
| **မိတ်ဆွေမကောင်း ပျက်စီးကြောင်း တရားတော်** | ၆၉၈ |
| ပါပမိတ္တ, ကလျာဏမိတ္တ | ၆၉၉ |
| မဟာဓန သဌေးသား ဝတ္ထု | ၇၀၅ |
| အရက်သမား အဖျက်ကများ | ၇၀၆ |
| မိတ်ကောင်းလက္ခဏာ ၇-ဖြာ | ၇၀၈ |
| သေရည်သောက်စား အပြစ်များ | ၇၁၃ |
| တရားထူးမှ လွဲရှာကြခြင်း | ၇၁၈ |
| **သာသနာ့အမွေခံ ရှင်ပြု ရဟန်းခံ တရားတော်** | ၇၂၂ |
| ပါရမီဖြည့်ပွား ဘုရားသုံးမျိုး | ၇၂၃ |
| သာသနာ့ဒါယကာ အသောက မင်းတြားကြီး | ၇၂၈ |
| သီရိဓမ္မာ သောကမင်းကြီး၏ သာသနာရေး ဆောင်ရွက်ချက်များ | ၇၃၀ |
| ကိုးတိုင်း ကိုးဌာန သာသနာပြု စေလွှတ်ခြင်း | ၇၄၀ |
| သားသမီးတို့အား အမြတ်ဆုံး ချီးမြှောက်ခြင်း | ၇၄၂ |
| **ကထိန် တရားတော်** | ၇၄၄ |
| ကထိနဒါန မြင့်မြတ်လှခြင်း သဘော | ၇၄၅ |
| ရဟန်းနှင့် လူ ရယူနိုင်ရာ ကထိန်အကျိုး ၅-ဖြာ | ၇၄၇ |
| ကထိန်ခင်းထိုက်သော သင်္ကန်းများ | ၇၅၂ |
| ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်အင်္ဂါ ၈-ပါး | ၇၅၂ |
| ဘဒ္ဒဝဂ္ဂီ ရဟန်းသုံးကျိပ် အကြောင်း | ၇၅၄ |
| သူ့ကိုရှာတာ မြတ်သလော, ကိုယ့်ကိုယ်ကိုရှာတာ မြတ်သလော | ၇၅၇ |
| ကထိန်ခင်းမှု ခွင့်ပြုတော်မူခြင်း | ၇၆၂ |
| အဝတ်သင်္ကန်း လှူဒါန်းရကျိုး ဤ ၈-မျိုး | ၇၆၃ |
| အမျိုးသမီးများမှာ မဟာလတာ တန်ဆာ ဆင်မြန်းရခြင်း | ၇၆၅ |
| အမျိုးသားမှာ ဧဟိဘိက္ခု ရဟန်းဖြစ်ခွင့် ရခြင်း | ၇၆၆ |
| အဘိဓမ္မာ ဒေသနာတော်များ | ၇၆၉ |
| နိဂမ ဂါထာများ | ၇၇၃ |



### သဒ္ဓမ္မဒေသနာ

## မေတ္တိနိ တရားပေါင်းချုပ်

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## ပဏာမ ပဋိညာဉ်ဂါထာ

(က) **ကော** ဝိဒတ္ထာယ သတ္တာနံ၊
ဝိ ဝိမံ ဓမ္မဒေသကံ၊
**ဒ** မိစ္ဆာနံ ဒမံ ဒန္တံ၊
**ဇ** ဃာမိ · သိရိန္ဓရံ။

(ခ) သမ္ဗုဒ္ဓံ သာရဒံ နတွာ၊ ဓမ္မံ သံဃဉ္စ အာစေရံ၊
ကထိကာနံ ဟိတတ္ထာယ၊ ကဿံသဒ္ဓမ္မ မေဒိနိံ။

အဟံ၊ ရုပ်နာမ်ဓမ္မ, ခန္ဓာငါးဝကို, ကောဝိဒဇ မည်ခေါ်, ဘုရား တပည့်တော်သည်။(ဝါ) သဒ္ဓမ္မဒေသနာ မေဒိနီ သညီတင့်ဆန်း, တရားကျမ်းစာကို, ရည်ရွယ်မှန်းဆ, ကောဝိဒဇဲ, နာမမည်ခေါ်, ဘုရားတပည့်တော်သည်။ သတ္တာနံ၊ လူ-နတ် ဖြဟ္မာ, သတ္တဝါတို့အား။ (ဝါ) သံသရာဝဋ်ဘေး, လွတ်မြောက်ရေးကို, မျှော်တွေးလိုလား, သတ္တဝါအများတို့အား။ ကောဝိဒတ္ထာယ၊ ရုပ်နာမ်ဓမ္မ, သဘာဝတို့၌, ကျနသေချာ, သိမြင် လိမ္မာစေခြင်း အကျိုးငှာ။ ဝိဝိမံ၊ သုတ္တန် ဝိနယာ, အဘိဓမ္မာ အားဖြင့်, အထူးထူးအပြားပြား, များလှစွာသော။ ဓမ္မဒေသကံ၊ မဂ်ဖိုလ်နိဗ္ဗာန်, ရောက်ကြောင်း မှန်သည့်, လေးတန်သစ္စာ, တရားဒေသနာကို, ကောင်းစွာမသွေ, ဟောကြားတော်မူတတ်ပါပေသော။ ဒမိစ္ဆာနံ၊ ဋ္ဌန္ဒြေခြောက်တန်, ပြစ်ဒဏ်လွတ်ကင်း, ယဉ်ကျေးခြင်းကို အလိုရှိကြကုန်သောသူတို့အား။ ဒမံ၊ စက္ခုစသား, ဋ္ဌန္ဒြေခြောက်ပါး ယဉ်ကျေးခြင်းကို။ (ဝါ) ယဉ်ကျေးလေအောင်။ဒန္တံ၊ ပစ္စုပ္ပန် အရေး, သံသရာဘေးတို့ဖြင့်, နည်းပေးညွှန်ပြ, ဆုံးမတော်မူတတ်ထသော။ဇဃာမိံ၊မာရ်နတ်မင်းရန်, အစဖန်လျက်, အောင်ရန်ရှိသမျှ, အဝဝကို, မုချလွယ်ကူ, အောင်တော်မူသည့်, အောင်မြင်သူတို့ဘုရင်, အောင်လံတံခွန်ပိုင်ရှင် စင်စစ် ဖြစ်တော်မူထသော။ သိရိန္ဓရံ၊ ကောင်းမြတ်လှစွာ, မင်္ဂလာယှက်ဝေ, ကျက်သရေ ဘုန်းရောင်ကိုလည်း အမြဲပင် ဆောင်တော်မူတတ်ထသော။ သမ္ဗုဒ္ဓံ၊ သစ္စာလေးဖြာ, မြတ်ဓမ္မာကို, ဆရာမဆို, ကိုယ်တိုင်ပင်လျှင်, သိမြင်တော်မူပြား, သုံးလောကထွဋ်ထား, မြတ်စွာဘုရားကို။ နတွာ-နမာမိ၊ ဂုဏ်တော်အထူး, မှန်းရည်စူးလျက်, ညွတ်နူးသဒ္ဒါ, ရိုသေစွာဖြင့်, ရှိခိုးပါ၏ ဘုရား။

ဓမ္မဉ္စ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန် ပရိယတ်, ဆယ်ပါးသော တရားတော်မြတ်ကို လည်း။**နတွာ-နမာမိ၊ဂုဏ်တော်အထူး, မှန်းရည်စူးလျက်, ညွတ်နူးသဒ္ဒါ, ရိုသေစွာဖြင့်, ရှိခိုးပါ၏ဘုရား။**

သံဃဥ္စ၊ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်, ရှစ်တန်ထင်ပေါ်, သံဃာတော်နှင့်, ယခုသော် လက်ရှိ, သမ္မုတိ သံဃာတော်မြတ်အပေါင်းကိုလည်း။ နတွာ-နမာမိ၊ ဂုဏ်တော်အထူး, မှန်းရည်စူးလျက်,ညွတ်နူးသဒ္ဓါ, ရှိသေစွာဖြင့် ရှိခိုးပါ၏ ဘုရား။

၁။ အာစေရဥ္စ၊ ဓမ္မာစရိယ ဖြစ်တော်မူကြသော ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊မြေမွန်ရွာ ဆရာတော် အရှင်ကောဏ္ဍည မဟာထေရ်၊

၂။ စာချ အရှင် ဧဝယျထေရ်၊

၃။ ဇီးကုန်းမြို့၊ ရွှေဘောင်ဦးကျောင်းတိုက် ဆရာတော် အရှင်ဉာဏိန္ဒိယ မဟာထေရ်၊

၄။ ရွှေဘိုမြို့၊ တတိယ မဟာဝိသုတာရာမ-ပရိယတ္တိအသင်းတိုက်ဆရာတော် အရှင် ဥတ္တမ မဟာထေရ်၊

၅။ ဓမ္မသုခတိုက် ဆရာတော် ရွှေဘို သံဃမဟာနာယက. အရှင်ဝိသုတ မဟာထေရ်၊

၆။ စာချ အရှင် စန္ဒောဘာသ မဟာထေရ်၊

၇။ စစ်ကိုင်းမြို့၊စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံတိုက်ဆရာတော် အရှင်ဇလ္လန္ဒကမဟာထေရ်၊

၈။ မန္တလေးမြို့၊ အနောက်ပြင်၊ မိုးကောင်း ညောင်ရမ်းတိုက် ညဝါဆရာတော် အရှင် ဝဏ္ဏ မဟာထေရ်၊

၉။ စကုတိုက်၊ ပါဠိဘာဏီကျောင်း ဆရာတော် အရှင်ဗောဓာလင်္ကာရ.မဟာထေရ်၊

၁၀။ ရန်ကုန်မြို့၊ ကျောက်ကုန်းတောရ-မေဒိနီ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာဋ္ဌာရ မဟာထေရ်၊

၁၁။ နာယကဆရာတော်များဖြစ်ကြသော ဘုန်းတော်ကြီး ဦးခေမိန္ဒ၊

၁၂။ ဘုန်းတော်ကြီး ဦးကုဏ္ဍလ၊

၁၃။ ဘုန်းတော်ကြီး ဦးသုန္ဒရ၊

၁၄။ ဘုန်းတော်ကြီး ဦးဥာဏဝံသ မဟာထေရ်၊

၁၅။ ကမ္မဋ္ဌာနာစရိယများဖြစ်ကြသော ရန်ကုန်မြို့၊ ကုက္ကိုင်း မဟာစည် သာသနာ့ရိပ်သာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၊

၁၆။ ကမ္မဋ္ဌာနာစရိယ အရှင် ပဏ္ဍိတာဘိဝံသ မဟာထေရ်၊

၁၇။ မြောက်ဥက္ကလာပ၊ ပန္နက်ဆိတ်ကုန်း၊ ရွှေဥမင်တောရ ကမ္မဋ္ဌာန်းတိုက် ဆရာတော် အရှင်ကောသလ္လ မဟာထေရ်၊

၁၈။ သန်လျင်မြို့၊ သန်လျင်တောရ ကမ္မဋ္ဌာန်းတိုက် ဆရာတော် ဓမ္မဝါဒီ အမည်ခံ အရှင် တိလောကဥာ (ပီကေ) မဟာထေရ် အစရှိသော ဓမ္မာစရိယ, ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူကြသော ကျေးဇူးတော်ရှင် ဆရာအပေါင်းကိုလည်း။ နတွာ-နာမာမိ၊ ဂုဏ်တော်အထူး, မှန်းရည်စူးလျက်, ညွတ်နူးသဒ္ဓါ,ရှိသေစွာဖြင့်,ရှိခိုးပါ၏။ နတွာ၊ ရှိသေမြတ်နိုး,ရှိခိုးပြီး၍။ ကထိကာနံ-ဓမ္မကထိကာနံ၊ တရားဓမ္မ, ဟောညွှန်ပြသည့်,ဓမ္မကထိကအပေါင်း, အရှင်ကောင်းတို့၏။ ဟိတတ္ထာယ၊ လိုရာလွယ်ကူ, လှမ်းယူခဏ, ကြည့်ရှုနိုင်ကြခြင်း, ဆောင်လွယ် မှတ်လွယ်ခြင်း-စသော အကျိုးစီးပွား အလို့ငှာ။ သဒ္ဓမ္မမေပိနိ်၊ သဒ္ဓမ္မဒေသနာ မေဒိနီ သညီတင့်ဆန်း, တရားပေါင်းချုပ်ကျမ်းကို။ **ကာသံ-ကရိဿာမိ၊ စေတနာတရား, အရင်းခံထားလျက်, ရေးသားပြုပြင် စီရင်ပေးအံ့သတည်း။**

**(ကျမ်းကား ရတနတ္တယ ပဏာမ နှင့် ပဋိညာဉ်တည်း။)**



# ကိုယ့်ကိုစောင့်ရှောက် ချမ်းသာရောက် တရားတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။**

ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော လဇ္ဇီ၊ ရက္ခိတောတိ ပဝုစ္စတိ။ (သဂါထာဝဂ္ဂ သံယုတ္တ ပါဠိ)

ကာယေန၊ ဖြစ်ပေါ်သမျှ ကြောင်းကိစ္စကို၊ စေ့ငမရှု၊ လျင်စွာပြုသည့်၊ ကာယကံအမှုဖြင့်။ သံဝရော၊ ပြုသင့်၊ မပြုသင့်၊ နှိုင်းချင့်ဝေဘန်၊ သတိဉာဏ်ဖြင့်၊ အမှန်သိမ်းဆည်း၊ စောင့်စည်းခြင်းသည်။ သာဓု၊ ပစ္စုပ္ပန်သံသာ၊ နှစ်ဖြာအကျိုး၊ ပွားတိုးစေတတ်၊ ကောင်းမြတ်လှပါ၏။ ဝါစာယ၊ သာယာချိုအေး၊ ယဉ်ကျေးလှစွာ၊ နှုတ်ဝါစာဖြင့်။ သံဝရော၊ ပြောသင့်၊ မပြောသင့် သဘော ချင့်၍၊ အသင့်သိမ်းဆည်း၊ စောင့်စည်းခြင်းသည်။ သာဓု၊ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာအကျိုး၊ ပွားတိုး စေတတ်၊ ကောင်းမြတ်လှပါ၏။ မနသာ၊ အထိန်းခက်၊ အကြောင်းခက်၊ အပေါင်းခက်၍၊ လျောက် လျက်ပြေးသွား၊ စိတ်ဓာတ်တရားဖြင့်။ သံဝရော၊ ဝဲသို့လည်း မပါ၊ ယာသို့လည်း မယိမ်း၊ စောင့် ထိန်းနိုင်ခြင်းသည်။ သာဓု၊ ပစ္စုပ္ပန်၊ သံသရာ၊ နှစ်ဖြာအကျိုး၊ ပွားတိုးစေတတ်၊ ကောင်းမြတ်လှပါ ပေ၏။ သဗ္ဗတ္ထ၊ ကိုယ်၊ နှုတ်၊ စိတ်ထား၊ သုံးပါးသိမ်းခြုံ၊ အလုံးစုံတို့၌။ သံဝရော၊ ကောင်းကျိုး နှစ်တန်၊ ဝေဘန်ကြည့်ရှု၊ စောင့်စည်းမှုသည်၊ သာဓု၊ ပစ္စုပ္ပန်မှာလည်း အကျိုးများ၊ သံသရာမှာ လည်း တန်ခိုးထွားစေတတ်သဖြင့် ကောင်းမြတ်ပါပေ၏။ သဗ္ဗတ္ထ၊ ကိုယ်၊ နှုတ်၊ စိတ်ထား၊ သုံးပါး သိမ်းခြုံ၊ အလုံးစုံတို့၌။ သံဝရော၊ ဝဲသို့လည်း မပါ၊ ယာသို့လည်း မယိမ်းအောင် ကောင်းမွန်စွာ စောင့်ထိန်းလေ့ရှိသော။ လဇ္ဇီ၊ မကောင်းအမှု၊ မပြု ရှောင်ကွင်း၊ ရှက်ခြင်းရှိသောသူကို။ ရက္ခိတောတိ၊ မိမိကိုယ်ကို၊ ပြစ်မပို့အောင်၊ ကြည်ညိုလေးစား၊ စောင့်ရှောက်၍ထားသောသူ ဟူ၍။ သာဓုဟိ၊ ကြောင်းကျိုးမြော်မြင်၊ ပညာရှင်တို့သည်။ ပဝုစ္စတိ၊ ငြိမ့်ငြောင်းသံချို ပြောဆိုအပ်သေတော့ သတည်း။

ယခုရွတ်လိုက်တဲ့ ဂါထာကတော့ ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ပသေနဒီ ကောသလ မင်းတရားကြီးအား ဟောကြားတော်မူတဲ့ ဓမ္မဒေသနာ ဂါထာပင် ဖြစ်ပေတယ်။ ဒီကနေ့ ဟောဘို့ ရန်ကတော့ "ကိုယ့်ကိုစောင့်ရှောက်၊ ချမ်းသာရောက်" ဆိုတဲ့ တရားတော်ကို ဟောကြားရန်ဖြစ်တဲ့ အတွက် အထက်ပါ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ ဂါထာကို ရွတ်ဆိုလိုက်ရခြင်း ဖြစ်တယ်။

လူ၊ နတ်များစွာ သတ္တဝါအပေါင်းတို့ဟာ ချမ်းသာကို ရှာကြံယင်း ဆင်းရဲတွင်း နက်၊နက် နေကြရတဲ့အကြောင်းကို ဓမ္မကွန်မှန်ပြောင်းနဲ့ ထိုးကာ လိုက်လံ၍ မရှာကြံကြသင့်ဘူးလား (ဒကာကြီး ဦးစိန်ရဲ့၊ ရှာသင့်ပါတယ် ဘုရား)။ ရှာသင့်တယ်နော်။

ဒီကနေ့တော့ လူ၊ နတ်များစွာ သတ္တဝါအပေါင်းတို့ ဘောင်းတောင်းတတရှာကြံနေတာက သုခ ချမ်းသာ၊ တကယ် လက်တွေ့ ရရှိခံစားနေကြရတာကတော့ ဆင်းရဲဒုက္ခ၊ ယခုခေတ်သုံးအတိုင်း ပြောရလျှင်တော့ ဝိရောဓိဖြစ်နေတဲ့အကြောင်းကို ဗုဒ္ဓမြတ်စွာ၏ ဒေသနာဓမ္မကွန် မှန်ပြောင်းဖြင့် ချိန်ကိုက်ကာ လိုက်လံ ရှာကြံကြည့်ကြရပေမယ်။

အကျိုးနဲ့ အကြောင်း ဆိုတာ ကင်းကောင်းတာ မဟုတ်ဘူး၊ အကျိုး ဖြစ်ပေါ်လာလျှင် အကြောင်းလဲ ရှိရမှာ ဓမ္မတာဘဲဖြစ်တယ်၊ ဖြစ်ပေါ်လာတဲ့ အကျိုးတရားရဲ့ အခြေခံကို အဖြေမှန် အတိုအကျ သိရှိလိုလျှင် ယင်း၏ အကြောင်းရင်းကိုသာ ရှာကြံကြရတယ် မဟုတ်သား၊ ယခုလဲ လူတွေဟာ ချမ်းသာကိုရှာယင်းနဲ့ ဆင်းရဲတွင်း သက်ဆင်းနေကြရတဲ့ အကြောင်းရင်းခံကို လိုက်လံ ရှာကြံကြည့်လိုက်ပါလျှင် "ဘယ်သူမပြု မိမိမှု"လို့ မြန်မာစကား ဆိုရိုးထားကြတဲ့အတိုင်းဘဲ မိမိတို့ ပြုလုပ်ခဲ့၊ ပြောဆိုခဲ့၊ ကြံစည်ခဲ့တဲ့ မိမိတို့ရဲ့ ကံတရားသာလျှင် လက်သယ်ပါကလား-ဟု ထင်ထင် ရှားရှား တွေ့မြင်ကြရပေလိမ့်မယ်။

အဲဒီလိုဆိုတော့ ကိုယ်ပြုလို့ ကိုယ်ခံရတာ-ဘယ်သူ့ထံမှ လွှဲမချချင်ကြနှင့်တော့၊အားခဲလို့သာ ခံကြပေတော့-ဟု ဆိုကြရုံ ရှိတော့တာပဲပေါ့လေ၊ ကိုယ်ကောင်းလျှင်လဲ ကိုယ်စံကြရပေမယ်ပေါ့။

ကဲ–ဒီနေရာမှာ အလျဉ်းသင့်သဖြင့် ဘုရားရှင်ရှေးလက်ထက်တော်အခါက သာဝတ္ထိပြည်ကြီး၏ သခင် ဘုရင် ကောသလမင်းကြီး၏ အကြံအစည် ကြီးမားလှပုံ၊ အတွေးအခေါ် အမြော်အမြင်ဉာဏ် ရင့်သန်လှပုံအကြောင်းကို မကျယ်မကျဉ်း လိုရင်းသဘောမျှကို ပြောပြကြအုံးစို့ရဲ့ ( ဒကာကြီး ဦးစိန်ရဲ့)။ ကောင်းကောင်းမွန်မွန် မှတ်မှတ်သားသားလဲ နားစိုက်၍ထောင်ကြနော်၊ တော်တော်ကြာ တရားပွဲပြီးလို့ အိမ်ပြန်ရောက်လျှင် အနီးဝန်းကျင်မှ တရားနာမလိုက်နိုင်ကြတဲ့သူတွေက "ဘာတရားတွေ ဟောသလဲ၊ ဘာအကြောင်းတွေ ဟောသလဲ"လို့ မေးမြန်းကြယင်၊ တရားတော်ရဲ့ အစ၊အလယ်၊ အဆုံး ဘာတလုံးမှ မမှတ်မိတဲ့အတွက် အပြော အဆိုရ ကြပ်နေကြအုံးမယ်နော်၊ ဒါကြောင့်မို့ မှတ်မှတ်သားသားလဲ အားခဲ၍ နားထောင်ကြပါလို့ တိုက်တွန်းခြင်း ဖြစ်တယ်။

ကဲ–ကဲ–ကောသလမင်းကြီးရဲ့အကြောင်းကိုဘဲ ဆက်ကြပါစို့ရဲ့၊ ဒီကောသလမင်းကြီးဟာ သူတပါးမှ ပြောသံကြားရုံမျှနှင့်၊ သတင်းစကား တဆင့်ကြားနဲ့ ယုံကြည်လွယ်တတ်တဲ့ သာမည ပုဂ္ဂိုလ်စားမျိုး မဟုတ်ဘူးနော်၊ ဦးပဉ္စင်းတို့ရဲ့ ဘုန်းတော်ခြောက်စုံ၊ တန်ခိုးဂုဏ်ဖြင့် လွှမ်းခြုံ ထွန်းလင်း တရားမင်းသခင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုတောင်မှ "ဘုရား အစစ်အမှန် ကေန်ပင်ဟုတ်လေသလော၊ မဟုတ်လေသလော"ဟု စစ်ကြောဝေဘန် အဖြေမှန်သိပြီးမှ ကိုးကွယ် ဆည်းကပ်တဲ့ ပုဂ္ဂိုလ်ကြီးတဦးလဲ ဖြစ်တယ်၊ တိုင်းသူပြည်သား လူအများတို့က "ဘုရား–ဘုရား"ဟု ပြောကြားကြသဖြင့် သတင်းစကားနှင့် ဆည်းကပ် ခ၊စားတာ မဟုတ်ပါဘူး၊ ဒါကြောင့်မို့ တော်တော်ပင် အသိဉာဏ်ထူးတဲ့ ပုဂ္ဂိုလ်တဦးဘဲဖြစ်တယ်လို့ ဆိုကြရမယ်ပေါ့။

အလွန်ပင် မှတ်သားနည်းယူဘွယ် ကောင်းလှပါပေတယ်၊ တကယ်စင်စစ်ကတော့ စဉ်းစားဝေဘန်မှုဟာ အမှန်ပင် လိုအပ်လှပါတယ်၊ ဒီလိုသာ စဉ်းစားဝေဘန်မှုမပြုဘဲ သူတပါးဘို့ ပြောစကားကို ယုံစားတတ်သူဖြစ်ခဲ့လျှင် ဒီ ကောသလမင်းကြီးဟာ ပုရာဏကဿပ-သော တခြားသော ဘုရားတို့၏ သာသနာဝင်, ဘာသာဝင် ပုဂ္ဂိုလ်တဦး ဖြစ်သွားနိုင်ပါတယ်။

ဘာ့ကြောင့်လဲဆိုဘော့-အဲဒီ ခေတ်အချိန်အခါက "ဘုရားမပွင့်မီ နှစ်ပေါင်း တထောင်က ကမ္ဘာလောက၌ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား၍ သိတော်မူသဖြင့် လူ,နတ်, ဗြဟ္မာ, သတ္တဝါအများတို့၏ အားထားရာအစစ်ဖြစ်သော သဗ္ဗညုမြတ်စွာဘုရား ထင်ရှားပေါ်ထွန်းလိမ့်မည်" ဟု ကျော်ကြားလာခဲ့တဲ့ ဗုဒ္ဓကောလာဟလခေါ်တဲ့ ပဲ့တင်သံကြောင့် လူ့လောကကြီးမှာ ဟိုဆရာကြီးလဲ ဘုရား, ဒီဆရာကြီးတဦးကလဲ ဘုရား-ဟု ဘုရားအမည်ခံ ပုဂ္ဂိုလ်တွေ ကျော်ကြား ထင်ရှားနေတဲ့ အခါကြီးပေပေါ့။

အဲဒီခေတ်က လောကကြီးမှာ "ဘုရား-ဘုရား"ဟု အမည်ခံ ထင်ရှားနေတဲ့ ဘုရားကြီး ခြောက်ဆူ ရှိသတဲ့၊ ဆသတ္ထာရလို့ခေါ်တဲ့ ဘုရားကြီးခြောက်ဆူကတော့-

၁။ ပုရာဏ ကဿပ၊
၂၊ မက္ခလိ ဂေါသာလ၊
၃။ အဇိတ ကေသ ကမ္ဗလ၊
၄။ ပကုဓ ကစ္စာယန၊
၅။ သဉ္စယ ဗေလဋ္ဌ၊
၆။ နိဂဏ္ဌ နာဋပုတ္တ-ဟူ၍ ခြောက်ယောက်ဖြစ်ပါတယ်။

ဗုဒ္ဓသာသနာဝင်၌ ဘုရားရှင်နှင့် ပြိုင်ဘက်ဖြစ်၍ အလွန်ထင်ရှားတဲ့ တိတ္ထိဂိုဏ်း ဆရာကြီး ခြောက်ယောက်လို့လဲ ခေါ်ပါတယ်၊ လောက လူသားတို့၏ အားထားရာ ဘုရားမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်၍ လာလိမ့်မည်-ဟု ကြွေးကြော်ထားတဲ့ ကြွေးကြော်သံ ကောလာဟလကြောင့် အသီးသီး ဘုရားအမည်ခံကာ ပေါ်ထွက်လာတဲ့ ဘုရားကြီး(၀၁)တိတ္ထိဂိုဏ်း ဆရာကြီးခြောက်ယောက်ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ကောလာဟလအကြောင်းနဲ့ ပတ်သက်လာ၍ ကောလာဟလ အမျိုးအစားကို အဋ္ဌကထာကျမ်းများမှာ လာတဲ့အတိုင်း တရားလဲ မျှောမသွားအောင် အကျဉ်းသဘောမျှ ပြောပြပါအုံးမယ်။

## ကောလာဟလ အပြား ငါးပါး

ကောလာဟလဆိုတာ တစုံတခုသော အကြောင်းအရာမဖြစ်ပေါ်မီက ကြိုတင်၍ ကြွေးကြော်ထားသော ကြွေးကြော်သံမျိုးကို ခေါ်ပါတယ်၊ ယင်း ကောလာဟလကို အဋ္ဌကထာများမှာ ၃-မျိုး၊ တနည်း ၅-မျိုး၊ တနည်း ၂-မျိုး ၂-စား ဖော်ပြထားသော်လဲ ၅-မျိုးယူနည်းကို ဖော်ပြလျှင် ၃-မျိုး ယူနည်းလဲ့ ပါဝင်ပြီး ဖြစ်တယ်။

ယင်းကောလာဟဋ္ဌ ၅-မျိုးကတော့-

၁။ ကပ္ပ ကောလာဟဋ္ဌ–ကမ္ဘာမပျက်မီ နှစ်ပေါင်းတသိန်းက ကမ္ဘာပျက်မည့် အကြောင်းကို ကြိုတင်၍ ကြွေးကြော်ထားခြင်း။

၂။ စက္ကဝတ္တိ ကောလာဟဋ္ဌ–စကြာဝတေးမင်းမဖြစ်မီ နှစ်ပေါင်းတရာက ကြိုတင်၍ ကြွေးကြော်ထားခြင်း။

၃။ ဗုဒ္ဓ ကောလာဟဋ္ဌ–သဗ္ဗညုမြတ်စွာဘုရားမပွင့်ထွန်းမီ နှစ်ပေါင်းတထောင်က ကြိုတင်၍ ကြွေးကြော်ထားခြင်း။

(ဒီအထိ ၃-မျိုးကို သံယုတ္တ အဋ္ဌကထာ စသည့် အဋ္ဌကထာကြီး လေးကျမ်းမှာ ဖော်ပြထားပါတယ်၊ ဒီ ၃-မျိုးနှင့် ပတ်သက်၍သိလိုသော အဓိပ္ပာယ်ကို ထိုကျမ်းများ၌ ရှုကြပါကုန်။)

၄။ မင်္ဂလ ကောလာဟဋ္ဌ– မင်္ဂလာတရားတော် မဟောမပေါ်မီ နှစ်ပေါင်း ၁၂-နှစ်က ကြိုတင်၍ ကြွေးကြော်ထားခြင်း။

၅။ မောနေယျ ကောလာဟဋ္ဌ- မောနေယျအကျင့်ကိုကျင့်သော ပုဂ္ဂိုလ်မပေါ်မီ ၇-နှစ်က ကြိုတင်၍ ကြွေးကြော်ထားခြင်း။

ဤသို့အားဖြင့် ပေါင်း ၅-ပါးကိုတော့ သုတ္တနိပါတ အဋ္ဌကထာ၊ ခုဒ္ဒကပါဌ အဋ္ဌကထာတို့မှာ လာပါတယ်၊ ဒါကြောင့်မို့ ကောလာဟဋ္ဌဆိုတာ မဖြစ်ပေါ်မီက ကြိုတင်၍ အရိပ်နိမိတ်ပေါ်ထွက်လာတဲ့ စကားလို့-မှတ်သားထားကြဘို့ပါဘဲ၊ ဒီနေရာမှာ မှတ်သားဘွယ်ကောင်းလှတဲ့ ကောလာဟဋ္ဌတရား ငါး ပါးကို လွယ်ကူစွာ မှတ်သားနိုင်အောင် အောက်ပါ ဆောင်ပုဒ်များကို ရအောင်ကျက်ထားကြပါ။

ဆောင်ပုဒ်။ ၁။ နှစ်တသိန်းမှ၊ ကြိုသိက၊ ကပ္ပကောလာဟဋ္ဌာ။
၂။ နှစ်တရာရှိ၊ ကြိုကာသိ၊ စက္က ဝတ္တိပါ။
၃။ နှစ်တထောင်မှ၊ ကြိုသိက၊ ဗုဒ္ဓကောလာဟဋ္ဌာ။
၄။ ဆယ့်နှစ် နှစ်မှ၊ ကြိုသိက၊ မင်္ဂလ ကောလာဟဋ္ဌာ။
၅။ ခုနှစ်နှစ်မှ၊ ကြိုသိက၊ မှတ်ကြမောနေယျာ။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မှတ်သားသင့်တဲ့ စကားရပ်တွေ ဖြစ်လို့မို့ ကြားညှပ်ပြီး ဟောလိုက်ရပါတယ်။ ကဲ သာဝတ္ထိတိုင်းပြည်သခင်ဘုရင်ပသေနဒီကောသလမင်းကြီးရဲ့အကြောင်းများကို ဆက်လက်၍ ဟောကြားကြပါစို့။

အခါတပါမှာ ဘုရင် ကောသလမင်းကြီးဟာ ရှင်တော်မြတ်ဘုရားထံတော်သို့ ဝင်ရောက်ဆည်းကပ် ခစားလာတယ်တဲ့၊ ရှင်တော်မြတ်ဘုရားထံမှောက်သို့ ရောက်လျှင်-ထိခြင်းငါးဖြာ ပြည့်စုံစွာဖြင့် မြတ်စွာဘုရားအား ရှိခိုးဦးချပြီးလျှင် သင့်လျော်ရာအရပ်မှာ နေထိုင်ကာ မြတ်စွာဘုရားကို–

ဣဓ မယှံ ဘန္တေ ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံစေတသော ပရိဝိတက္ကော ဥဒပါဒိ "ကေသံ နုခေါ ပိယော အတ္တာ၊ ကေသံ အပ္ပိယော အတ္တာ" တိ။

အစရှိသည်ဖြင့် လျှောက်ထားလေသတဲ့။ ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ကြွား တရားသခင် အို....ရှင်တော်မြတ်ဘုရား။ ဣဓ၊ သင့်တင့်လျှောက်ပတ် ဤအရပ်၌။

မယ့်၊ရှပ်နာမ်နှစ်ချက် ပေါင်းချက်သမုတ် ချုပ်ပျက်မှန်ငြား, တပည့်တော်အား(ဝ၊) တပည့်တော်သည်။ ရဟောဂတဿ၊ လူသူကင်းကွာ ဆိပ်ငြိမ်ရာသို့ကပ်၍။ ပဋိသလ္လီနဿ၊ အဖော်မမှီး, တယောက်တည်းပင်, ကိန်းအောင်းစဉ်။ ကေသံ၊ မိန်းမယောကျ်ား, ပိုင်းခြားမယူ, အဘယ်သူတို့သည်။ အတ္တာ၊ မပြစ်နိုင်ရက်, နှင်သက်သည်ဆို,မိမိကိုယ်ကို။ ရက္ခိတောနုခေါ၊ ကောင်းစွာကြီးကြပ် စောင့်ရှောက်အပ်သည် မည်သနည်း။ ကေသံ၊ ဦးဖြူ ဦးမဲ,ဝေခွဲမဆို,အဘယ်ပုဂ္ဂိုလ်တို့သည်။ အတ္တာ၊ မပြစ်နိုင်ရက်, နှစ်သက်စွဲပို, မိမိကိုယ်ကို။ အရက္ခိတော နုခေါ၊ ဇဝဖန်မျှော်မြင်, ဉာဏ်မယှဉ်သဖြင့် ဘယ်တွင်ရောက်ရောက် စိုးမကြောက်ဘဲ, မစောင့်ရှောက်အပ်သည် မည်လေသနည်း။ ဣတိစေ၊ ဤသို့။ စေတသော၊ ပရိဝိတက္ကော၊ တွေးခေါ်မြင်မှန်, စိတ်အကြံသည်။ အဟောသိ၊ သဘောဉာဏ်ရင်း၊ အမြင်ရှင်းအောင်, ထင်လင်းစွာ,ဖြစ်ပေါ်၍ လာခဲ့လေတော့သတည်း။

ဘုရားဟော ပါဠိတော်ကြီးတွေ စာကြည့်ဖို့ဘွယ်ရာ အလွန်ကောင်းလှသဖြင့် မူရင်း ပါဠိတော်ကြီးတွေအတိုင်းကိုပဲ အထိုက်အလျောက်ရွတ်ဆိုပြီး ဒကာ,ဒကာမတွေ ကြားကြပါစေ, သိကြပါစေ–လို့ စေတနာထားပြီး ဟောကြားလိုက်ရပါတယ်၊ အချို့သော ဒကာ, ဒကာမတွေကလဲ ပါဠိတော်တွေ ရွတ်,ရွတ်ဟောတော့ ဘာမှလဲ ဒို့ နားမလယ်, ငြီးငွေ့ဘွယ်တွေပါကလား–လို့ အထင်မှားနေကြပေလိမ့်မယ်၊ ဒီလိုလဲ အထင်မမှားအပ်ပေဘူး၊ ငါတို့ရဲ့ ကိုးကွယ်လေးစားအားထားရာဖြစ်တဲ့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ တရားစစ်, တရားမှန် ဓမ္မက္ခန် ပါဠိတွေပါကလား–ဟု စိတ်ထားကို ပွဲပြင်ပြီး ကြည်ရွှင်စွာ နာယူတတ်ကြရမယ်။

ကဲ–မြန်မာလိုသဘောသွားကို ပြောကြားမယ်ဆိုရင်တော့–

"ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော ရှင်တော်မြတ်ဘုရား–တပည့်တော်အား လူသူလေးပါး ကင်းဆိပ်ရာအရပ်သို့ ကပ်ရောက်၍ တယောက်တည်းတည်း ကိန်းအောင်းနေစဉ် ဤသို့သော စိတ်အကြံအစည် ဖြစ်ခဲ့ပါသည်၊ ၊ အကြံအစည် ဖြစ်ပေါ်ပုံကတော့–ဤလောက၌ အဘယ်သို့သော ပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ စောင့်ရှောက်အပ်သည် မည်ပါသနည်း၊အဘယ်မည်သော ပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ မစောင့်ရှောက်အပ်သည် မည်ပါသနည်း"–ဟု အကြံ အစည်ဖြစ်ပါသည်ဘုရား–တဲ့။

ဘယ်လောက်များ မှတ်သားဘွယ်ကောင်းတဲ့ အကြံ, အမြော်အမြင်ဉာဏ်ကြီးမားတဲ့ အကြံ အစည်လဲဆိုတာ ဆက်လက်၍ လျှောက်ထားပုံ အာရုံပြု၍ နားထောင်ကြစမ်းပါဦး။

သစ္စာလေးရပ်, တရားမြတ်ကို, ပိုင်းဖြတ်သိမြင်, အို–ရှင်တော်မြတ်ဘုရား၊ ထိုစဉ်အခါ တပည့်တော်အား ဤသို့လျှင် တဖန် စိတ်အကြံ ဖြစ်ပြန်ပါသည်။

"ဤလောကတွင် အမှတ်မထင် အကြင်သူတို့သည် ကိုယ်ဖြင့် မကောင်းမှုကို ပြုကျင့်ခြင်း ကာယဒုစရိုက်, နှုတ်ဖြင့် မကောင်းမှုကို ပြုကျင့်ခြင်း ဝစီဒုစရိုက်, စိတ်ဖြင့် မကောင်းမှုကိုပြုကျင့်ခြင်း မနောဒုစရိုက်တို့ကို နှစ်ခြိုက်ကြည်ဖြူ ပြုမှား, ပြောမှား, အကြံမှားကြပါကုန်သည်၊ ထိုသူတို့သည် မိမိတို့ကိုယ်ကို မိမိတို့ မစောင့်ရှောက်အပ်သည် မည်ကြပါသည်၊

ဒုစရိုက် မကောင်းမှုအဝဝကို ပြုလုပ်ကြငြား ထိုသူများကို အကယ်၍ပင် ဆင်တပ်,မြင်းတပ်, ရထားတပ်,ခြေလျင်တပ်တို့ဖြင့် အထပ်ထပ်စောင့်ကြပ်၍ ထားအပ်စေကာမူ ထိုသူတို့ကို ကောင်းစွာ

ချီးမြှောက် စောင့်ရှောက်အပ်သည် မဟုတ်ပါ၊ အကြောင်းကို ဆိုသော်–ထို ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ် တည်းဟူသော အစောင့်အရှောက်ဟူသမျှသည် အပြင်အပ ဗဟိဒ္ဓဖြစ်သော အစောင့်အရှောက်မျှသာ ဖြစ်ပါသည်၊ ထိုသည့် အစောင့်အရှောက်ဟူသမျှသည် အတွင်း အဇ္ဈတ္တ ဖြစ်သော အစောင့်အရှောက် မဟုတ်ပါ၊ ထို့ကြောင့် ဒုစရိုက်တရားတို့ကို မိုက်မှားပြုကျင့်ကြသော ထိုသူတို့သည် မိမိ ကိုယ်ကို ကောင်းစွာ ချီးမြှောက် စောင့်ရှောက်အပ်သည် မမည်ပါ ဘုရား”-ဟု လျှောက်ထားလေသည်။

ထိုမှတပါး ဆက်လက်၍ လျှောက်ထားပြန်သည်မှာ–

“ဤလောကတွင် အမှတ်မဲ့သင် အကြင်သူတို့သည် ကိုယ်ဖြင့် ကောင်းသောအမှုကို ပြုကျင့်ခြင်း ကာယသုစရိုက်, နှုတ်ဖြင့် ကောင်းသောအမှုကို ပြုကျင့်ခြင်း ဝစီသုစရိုက်, စိတ်ဖြင့် ကောင်းသောအမှုကို ပြုကျင့်ခြင်း မနောသုစရိုက် တရားတို့ကို ကျင့်ကြံပွားများ အားထုတ်ကြပါကုန်သည်၊ သုစရိုက်အမှု ကောင်းစွာပြုသော ထိုသူတို့သည် မိမိတို့ကိုယ်ကို မိမိတို့ ကောင်းစွာချီးမြှောက် စောင့်ရှောက်အပ်သည် မည်ပါပေသည်။

သုစရိုက်အမှုတို့ကို ကောင်းစွာပြုကျင့်သော ထိုသူတို့ကို ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်တို့သည် အကယ်၍ မစောင့်ရှောက်အပ်သည် ဖြစ်စေကာမူ ထိုသူတို့သည် မိမိတို့ကိုယ်ကို မိမိတို့ ကောင်းစွာချီးမြှောက် စောင့်ရှောက်အပ်ပြီးပင် ဖြစ်ပေတော့သည်၊ အကြောင်းကိုဆိုသော်– သုစရိုက်သုံးပါး ထိုတရားတို့ကို ပြုကျင့်ပွားများ အားထုတ်ခြင်းသည် အတွင်း အဇ္ဈတ္တဖြစ်သော အစောင့်အရှောက်ပင် ဖြစ်ပါတော့သည်။

ဆင်,မြင်း,ရထား,ခြေသည်အားဖြင့် လေးပါးသော တပ်မကြီးတွေချကာ စောင့်ရှောက်မှုပင် မရှိပါသော်လည်း အတွင်း အဇ္ဈတ္တဖြစ်သော အစောင့်အရှောက်ကို ချထားပြီးပင် ဖြစ်လေသောကြောင့် သုစရိုက်အမှုတို့ကို ကောင်းစွာပြုကျင့်သော ထိုပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ ကောင်းစွာချီးမြှောက် စောင့်ရှောက်အပ်သည်ပင် မည်ပါတော့သည်–ဟု ဘုရားတပည့်တော် အကြံဖြစ်မိပါကြောင်း” လို့ ပြန်ပြောင်းပြီး လျှောက်ထားလိုက်သတဲ့ (ဒကာကြီး ဦးစိန်ရဲ)။

ဘယ့်ကလောက်ကောင်းတဲ့ အကြံ, လေးနက်တဲ့ အကြံအစည်ဖြစ်ကြောင်းကို ကောင်းကောင်းကြီး ရိပ်မိလောက်ကြပါပြီနော်။

ဤကဲ့သို့ ကောသလမင်းကြီးက လျှောက်ထားတော့ အရှင်ဘော်မြတ်ဘုရားကလဲ “ဧဝမေတံ မဟာရာဇ၊ ဧဝမေတံ မဟာရာဇ”–ဒကာတော် မင်းကြီး–အသင် လျှောက်ထားသော ဤစကားအတိုင်း မှန်လှပေသည်သာတည်း–ဟု မိန့်ကြားကာ ယင်း စောင့်ရှောက်ခြင်းအကြောင်းကိုပင် ပြန်ပြောင်း၍ ဟောတော်မူပါတယ်။

လောကကြီးမှာ များစွာသော လူနှင့်နတ်တို့ အထင်ကပ် စွဲလန်းထားတာတွေဟာ လွဲမှား၍ မနေပေဘူးလား၊ အများသူငါ ထင်နေကြတာက မိမိမှာ အခြွေအရံရှိလျှင်, ပစ္စည်း ဥစ္စာ ရတနာ ရှိပါလျှင်, တန်ခိုးအာဏာ ဂုဏ်ပါဝါရှိပါလျှင် အရာရာ ကိစ္စအဝဝလဲ ပြီးမြောက်ကြရတယ်၊ ဘေးရန် အဝဝမှလဲ ကင်းဝေးကြလိမ့်မယ်လို့ မှတ်ထင်ပြီး ခပ်တွင်တွင် ဒုစရိုက်အမှုတို့ကို ပြုကျင့်နေကြ စောတာဘဲကလား။

အဲဒီလို မဟုတ်တာလုပ်, မမှန်တာပြော, မကောင်းတာကြံ, ဒုစရိုက်ကံအမျိုးမျိုးကို ကြိုးစား၍ အားထုတ်နေသူကို ဘယ်လိုပင် ဆင်,မြင်း,ရထား အစရှိသည့် တပ်များဖြင့် စောင့်ကြပ်၍ ထားသော်လဲ ထိုသူသည် မိမိကိုယ်ကို ကောင်းစွာချီးမြှောက် စောင့်ရှောက်အပ်သည် မမည်ပါဘူးတဲ့-(ဒကာကြီး ဦးစိန်ရဲ)။

ဘာ့ကြောင့်လဲဆိုတော့-ဆင်,မြင်း,ရထား-အစရှိသော တပ်များဖြင့် စောင့်ကြပ်၍ ထားခြင်းဟာ အပြင်အပကသာလျှင် စောင့်ကြပ်၍ ထားနိုင်ခြင်းဘဲ မဟုတ်လား၊ အပြင်က ဘယ်လိုပင် စောင့်ကြပ်သော်လဲ အတွင်း အဇ္ဈတ္တက ချွတ်ယွင်းဖောက်ပြန်, မမှန်သော အကျင့်ဆိုးတို့ကို အမျိုးမျိုး ကျင့်ကြံပြုလုပ် အားထုတ်ပြီးနေတဲ့သူဟာ အဘယ်မှာလျှင် လုံခြုံတယ်, လုံခြုံအောင် စောင့်ကြပ်၍ ထားအပ်တယ်လို့ ဆိုနိုင်ပါ့မလဲ၊ အတွင်းအဇ္ဈတ္တက မလုံခြုံလျှင် အမှန်တကယ် လုံခြုံတယ်လို့ ဆိုနိုင်မယ် မဟုတ်ပါဘူး။

ယေ ကာယေန္တိ အပုညာနိ၊ ရက္ခန္တိ ဗလကာယာ တေ။
တေသံ အရက္ခိတော အတ္တာ၊ နေသာ အဇ္ဈတ္တိကာ ရက္ခာ။ (ရစနာ)

ယေ၊ နတ်,လူ မကြွင်း, ခပင်းများစွာ, သတ္တဝါထိုထို, အကြင်ပုဂ္ဂိုလ်တို့သည်။ အပုညာနိ၊ ကိုယ်,နှုတ်,စိတ်ထား, ချွတ်ချော်မှား၍, မတရားပြု, မကောင်းသောအမှုတို့ကို။ ကာရေန္တိ၊ စေတနာအလျောက်, ဝမ်းမြောက်အားရ, ပြုလုပ်ကြလေကုန်၏။ တေ၊ အကုသိုလ်စု,မကောင်းမှုတို့ကို,ပြုလုပ်တတ်စွာ, သတ္တဝါခေါ်ဆို, ထိုပုဂ္ဂိုလ်တို့ကို။ ဗလကာယာ၊ ဆင်,မြင်း,ရထား စသည်အားဖြင့်, များပြားထောင်သောင်း, စစ်သည်အပေါင်းတို့သည်။ ရက္ခန္တိ၊ ဘေးရန်ခပင်း, ဝေးကွာရှင်းအောင်, ထံရင်းနီးကပ်, စောင့်ကြပ်နေကြလေကုန်၏။ တထာပိ၊ အမြဲနီးကပ်, သတိချပ်လျက်, ထိုသို့ပင်စောင့်ကြပ်နေပါသော်လည်း။ တေသံ၊ အကုသိုလ်ဒုစရိုက်, အမြဲလိုက်စား, ထိုသူအများတို့သည်။ အတ္တာ၊ ချစ်ခင်ငဲ့မက်, နှစ်သက်စွဲပို့, မိမိတို့ကိုယ်ကို။ အရက္ခိတော၊ သမ္ဗောဓိဉာဏ်, မြင်မသန်သဖြင့်, အမှန်တည်ကြည်, စောင့်ရှောက်အပ်သည် မမည်ပေ။ သောရက္ခာ၊ ဆင်,မြင်း,ရထား, စသည် အားဖြင့်,ပိုင်းခြားချီးမြှောက်, ဤအစောင့်အရှောက်သည်။ နအဇ္ဈတ္တိကာရက္ခာ၊ ဘေးရန်ခပင်း, ဝေးကွာရှင်းအောင်, အတွင်းကျကျ, နေရာချကာ, စောင့်ရှောက်အပ်သည် မမည် တော့ သည် သာ လျှင်တည်း။

ကဲ-ဒီဂါထာရဲ့သဘောသွား နောင်အစဉ် မှတ်သားနိုင်ကြအောင် ဒီလင်္ကာလေးတွေကို လိုက်ဆိုပြီး မှတ်ထားကြပေတော့။

ဆောင်ပုဒ်။ ၁။ ကိုယ်,နှုတ်,စိတ်ထား၊ ဤသုံးပါး၊ အမှားပြုကျင့်မူ။
၂။ ဗိုလ်ပါဆင်မြင်း၊ စောင့်ကြပ်ယင်း၊ မယွင်း ဖေးမကူ။
၃။ အပြင်စောင့်ငြား၊ တွင်းပျက်ပြား၊ မှတ်သား မစောင့်သူ။ (မလုံခြုံသူ)

အပြင် ဗဟိဒ္ဓက ဆင်တပ်,မြင်းတပ်,ရထားတပ်,ရေလျှင်တပ်တွေနှင့် ဘယ်လိုပင် စောင့်ကြပ်ထားသော်လဲ အတွင်းအဇ္ဈတ္တဖြစ်တဲ့ ကိုယ်,နှုတ်, နှလုံး-ထိုသုံးပါးက မှောက်မှောက်မှားမှား ကျင့်ကြံမှုများအားထုတ်နေခဲ့လျှင် မိမိကိုယ်ကို စောင့်ရှောက်အပ်သူလို့ မခေါ်ဆိုသင့်ပါဘူးတဲ့။

ထိုမှတပါး အကြင်သူတဦးတယောက်ကတော့ ကိုယ်ဖြင့် ပြုအပ်သောအမှုကိုလဲ ကောင်းစွာ ပြုကျင့်တယ်။ နှုတ်ဖြင့် စိတ်နှလုံးဖြင့်လဲ ကောင်းသောအကျင့်မှန်ကိုသာ ကျင့်ကြံ ပြုလုပ် အားထုတ်တယ်။ သို့သော် ထိုပုဂ္ဂိုလ်ကို ဆင်တပ်, မြင်းတပ်,ရထားတပ်,ခြေလျင်တပ်တွေ စောင့်ကြပ်၍မထားဘူးတဲ့ (ဒကာကြီးဦးစိန်ရဲ့) ဒါပေမဲ့လဲ ထိုပုဂ္ဂိုလ်သည် မိမိကိုယ်ကို ကောင်းစွာ မြဲကြပ် စောင့်ရှောက်အပ်သော သူလို့ ခေါ်ဆိုသင့်ပါသတဲ့–ဘာကြောင့်လဲဆိုတော့–ကိုယ်နှုတ်နှလုံး စောင့်သုံးထိန်းသိမ်းထားခြင်းဟာ အတွင်းအဇ္ဈတ္တက်ပင် ကောင်းစွာ လုံခြုံနေသဖြင့်ပါပဲလို့ ဆိုရပါတယ်။

သို့အတွက်ကြောင့် အပြင်ဗဟိဒ္ဓမှ လုံခြုံအောင် စောင့်ရှောက်ရမှုထက် အတွင်းအဇ္ဈတ္တမှ လုံခြုံအောင် စောင့်ရှောက်မှု ထိန်းသိမ်းမှုသာ အထူးသဖြင့် လိုအပ်တဲ့အကြောင်းကို ကောင်းကောင်းကြီး မှတ်ထားကြရပါမယ်။

ယေ စ ကာယေန ဝါစာယ၊ မနသာ စ သံဝုတာ။
ရက္ခိတော အတ္တာ တေသံ၊ တသ္မာ အဇ္ဈတ္တိကာ ရက္ခာ။ (ရစနာ)

ယေ၊ လူရေနတ်ပါ, ဗြဟ္မာမကြွင်း, ခပင်းများစွာ, သတ္တဝါထိုထို, အကြင်ပုဂ္ဂိုလ်တို့သည်။ ပုညာနိ၊ ကာယဝစီ, တလီမနော, ဖြူစင်ချောအောင်, တွေးတောပြုစု, ကောင်းသောအမှုတို့ကို။ ကရောန္တိ၊ စေတနာအလျောက်, ဝမ်းမြောက်အားရ, ပြုလုပ်ကြလေကုန်၏။ တေ၊ ကုသိုလ်ကောင်းမှု, အစုစုကို, ပြုလုပ်တတ်စွာ, သတ္တဝါခေါ်ဆို, ထိုပုဂ္ဂိုလ်တို့ကို။ဗလကာယာ၊ ဆင်မြင်းရထား, ဧသည်အားဖြင့်, များပြားထောင်သောင်း, စစ်သည်အပေါင်းတို့သည်။ နရက္ခန္တိ၊ ကောင်းစွာဖေးထောက်, ဘေးမရောက်အောင်, မစောင့်ရှောက်ကြလေကုန်။ ဟိ၊ စင်စစ်ကေန်, အမှန်သော်ကား။ တေသံ၊ ကောင်းသောစရိုက်, နှစ်ခြိုက်လိုက်စား, ထိုသူအများတို့သည်၊ အတ္တာ၊ ချင်ခင်စုံမက်၊ နှစ်သက်စွဲပို့, မိမိကိုယ်ကို။ ရက္ခိတော၊ သမ္မာဒိဋ္ဌိဘုရား, လက်ကိုင်ထားကာ, မမှားပုံသေ, စောင့်ရှောက်အပ်ပေ၏။ သောရက္ခာ၊ သုစရိုက်တရား, လက်ကိုင်ထား၍, ကျင့်ပွားချီးမြှောက်, ဤအစောင့်အရှောက်သည်။ အဇ္ဈတ္တိကာရက္ခာ၊ ပစ္စုပ္ပန်သံသရာ, နှစ်ဖြာအကျိုး, ပွားဆင့်တိုးသဖြင့်, အမျိုးမျိုးခရီးရောက်သည့်, အတွင်း အစောင့်အရှောက်သာ ဖြစ်လေတော့သတည်း။

ကဲ တော်တော်ကလေး ရှင်းပြခဲ့ပြီး ဖြစ်သဖြင့် လင်းကြပြီ ထင်ပါတယ်။ ခပ်လွယ်လွယ် မှတ်သားနိုင်ကြအောင် ဒီလင်္ကာကလေးများကိုသာ ဆောင်ထားပေတော့။

ဆောင်ပုဒ်။ ၁။ ဗိုလ်ပါဆင်မြင်း၊ စောင့်ရှောက်ခြင်း၊ အလျှင်း မရှိစေ။
၂။ ကိုယ်နှုတ်နှလုံး၊ သူတော်ထုံး၊ စောင့်သုံး ကျင့်ကြံနေ။
၃။ ဘေးရန်ခပင်း၊ ဝေးကွာရှင်း၊ အတွင်း စောင့်ရှောက်ပေ။

အဲဒီလိုအကျဉ်းအားဖြင့် ကာယကံ, ဝစီကံ, မနောကံဆိုတဲ့ သုစရိုက်သုံးပါးကို ကောင်းစွာ လုံခြုံအောင် စောင့်ထိန်းထားပါကအတွင်းမှနေ၍ လုံခြုံအောင်စောင့်ရှောက်ထားနိုင်ပြီ ဖြစ်သဖြင့် မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်အပ်သူ–လို့ ခေါ်ဆိုနိုင်ပါတယ်။

တနည်းအားဖြင့်ဆိုလျှင် ဒီမိမိကိုယ်ကို စောင့်ရှောက်ခြင်းဟာ မျက်စိဖြင့် မြင်တွေ့သမျှ ရူပါရုံတို့အပေါ်၌ မသင့်မတင့် နှလုံးသွင်းမှုမလုံခြုံအောင်စောင့်ထိန်းခြင်း။(စက္ခုဒွါရမှ အကုသိုလ်မဝင်အောင် ထိန်းသိမ်းရခြင်း)။

နားဖြင့်ကြားရသမျှ သဒ္ဒါရုံတို့အပေါ်၌ မသင့်မတင့် နှလုံးသွင်းမှုမှ လုံခြုံအောင် စောင့်ထိန်းခြင်း။ (သောတဒွါရမှ အကုသိုလ်မဝင်အောင် ထိန်းသိမ်းခြင်း)။

နှာခေါင်းဖြင့်နံသမျှ ဂန္ဓာရုံတို့အပေါ်၌ မသင့်မသင့် နှလုံးသွင်းမှုမှ လုံခြုံအောင် စောင့်ထိန်းခြင်း။ (ဃာနဒွါရမှ အကုသိုလ်မဝင်အောင် ထိန်းသိမ်းခြင်း)။

လျှာဖြင့်လျက်သမျှ စားသမျှသော ရသာရုံတို့အပေါ်၌ မသင့်မတင့် နှလုံးသွင်းမှုမှ လုံခြုံအောင် စောင့်ထိန်းခြင်း။ (ဇိဝှါဒွါရမှ အကုသိုလ် မဝင်အောင် ထိန်းသိမ်းခြင်း)။

ကိုယ်ခန္ဓာဖြင့် တွေ့ထိသမျှ ဖေါဋ္ဌဗ္ဗာရုံတို့ အပေါ်၌ မသင့်မတင့် နှလုံးသွင်းမှုမှ လုံခြုံအောင် စောင့်ထိန်းခြင်း။ (ကာယဒွါယမှ အကုသိုလ်မဝင်ရအောင် ထိန်းသိမ်းခြင်း)။

စိတ်ဖြင့် ကြံစည်သမျှ တွေးတောသမျှ ဓမ္မာရုံတို့အပေါ်၌ မသင့်မတင့် နှလုံးသွင်းမှုမှ လုံခြုံအောင် စောင့်ထိန်းခြင်း။(မနောဒွါရမှ အကုသိုလ်မဝင်ရအောင် ထိန်းသိမ်းခြင်း)- ဆိုတဲ့ စောင့်ထိန်းမှု စောင့်ရှောက်မှုများဟာလဲ အတွင်းအဇ္ဈတ္တမှ စောင့်ရှောက်ခြင်းများပင် ဖြစ်တယ်လို့ မှတ်သားရမယ်နော် (ဒကာကြီး ဦးစိန်)။

မိမိကိုယ်ကို စောင့်ရှောက်မှုတွေဟာ အမျိုးအစား များလှချေကလား လို့ မျက်စိလဲ လည်မသွားစေနှင့်ဦးနော်–အကျဉ်းအားဖြင့်တော့ ကာယ, ဝစီ, မနော သုံးပါးသောကံ အကျင့်မှန်နေလျှင် အလုံးစုံ လုံခြုံနေပြီလို့သာ မှတ်ကြပေတော့။ မိမိကိုယ်ကို ကောင်းစွာလုံခြုံအောင် စောင့်ရှောက်အပ်ကြလို့သာ မှတ်သားထားပေတော့။ မိမိတို့ကိုယ်ကို မိမိတို့အတွင်း အဇ္ဈတ္တမှ စောင့်ကြပ်ထိန်းသိမ်းပေးမှသာလျှင် ဘေးရန် ဟူသမျှမှ ကင်းရှင်း၍ ချမ်းသာခြင်း သုခကို မုချခံစားနိုင်ကြမည် ဖြစ်ပေတယ်။ အဲဒီလို မိမိတို့ကိုယ်ကို မိမိတို့ ကောင်းစွာ စောင့်ရှောက်မှ ချမ်းသာမှု ရရှိနိုင်ပုံအကြောင်း မိမိတို့ကိုယ်ကို မိမိတို့ကောင်းစွာ မစောင့်ရှောက်ပြန်ပါက ချမ်းသာနှင့်လွဲပြီး ဆင်းရဲဒုက္ခရောက်ကြရတဲ့ အကြောင်းကို ကောင်းစွာမှတ်နိုင်ကြအောင် ဒီဇာတ်လမ်းကို ထုတ်ဆောင်ပြီး ဟောကြားလိုက်မယ်။ ဓမ္မာရုံအစဉ် မချွတ်ကြရအောင်၊ သဒ္ဓါဟုန်အယဉ်လွှတ်ကာ နားသောတဆင်ကြပေတော့။

## (ဝတ္ထုကြောင်း)

လွန်လေပြီးသောအခါက– ဗာရာဏသီမင်းနေပြည်ဝယ် ဗြဟ္မဒတ်မင်းကြီး ထီးနန်းအုပ်ချုပ်မင်းလုပ်တော်မူစဉ်မှာ ငါတို့ရဲ့ ဘုရားအလောင်းတော်ဟာ–ထိုဗြဟ္မဒတ်မင်းကြီး၏ တရာသော သားရတနာတို့တွင် အငယ်ဆုံးသားထွေးကလေး ဖြစ်လေသတဲ့။ ထိုဘုရားအလောင်း မင်းသားကလေးဟာ အချိန်တန် အရွယ်ရောက်လို့ လူလားမြောက်၍ သိကြားလိမ္မာလာသောအခါ မင်းကြီး၏ နန်းတော်မှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များကို ဆွမ်းကပ်တိုင်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ၏

ဝေယျာဝစ္စ အမှုကြီးငယ်တို့ကို ကိုယ်တိုင် ဝင်ရောက် ရွက်ဆောင် ပြုလုပ်လေ့ ရှိသတဲ့။ ဘယ်လောက် လိမ္မာတဲ့ မင်းသားကလေးလဲဆိုတာ စဉ်းစားသာကြည့်ကြပေတော့နော်။

ငါဟာမင်းသားဆိုတဲ့ မာန်မာနတရားနှင့် ပလွား ဝါကြွား အလကားမနေဘူးပေါ့။အကျိုးရှိတဲ့ အလုပ်ကို အားထုတ်ပြုလုပ်တဲ့ နေရာမှာ ငယ်တာ ကြီးတာ ပမာဏ မဟုတ်ပါဘူး၊ အကျိုးရှိ-မရှိ မြော်မြင်ကြည့်တတ်တဲ့ ဆင်ခြင်မှုပညာဉာဏ်သာလျှင် လိုရင်းပမာဏ ဖြစ်ပါတယ်။ "ပညာမရှိ သူ၏ဝန်ထမ်း"ဆိုတဲ့ ရှေးလူကြီးတို့ရဲ့ ဆိုဆုံးမဩဝါဒ အတိုင်းပဲ ပညာမရှိတဲ့သူဟာ အကြောင်း အကျိုး အကောင်းအဆိုး အမျိုးမျိုး ထူးခြားချက်ကို ဘယ်တော့မှသူတပါးထက် ပိုမမြင်တတ်ကြဘူးတဲ့။ ဒီဘုရားအလောင်း မင်းသားကလေးကတော့ ပါရမီဓာတ်ခံရင့်သန်ထူးခြား အမြင့်စားပုဂ္ဂိုလ်ဖြစ်သည့်အတိုင်း တနေ့သောအခါမှာ ဤကဲ့သို့ အကြံ ပေါ်လာသတဲ့ - ပေါ်လာတဲ့ မင်းသားကလေးရဲ့ အကြံထူးကတော့-

ဗောဓိသတ္တော ဟိ စိန္တေသိ၊ ဗဟု ဝေါ မမဘာတရော။
လစ္ဆာ မျာဟံ နုခေါရဇ္ဇံ၊ ဥဒ နော ကုလသန္တကံ။ ။(ရစနာ)

ဟိ၊ ဘုရားလောင်းမင်းသား၏ ကြီးမားသည့် စိတ်အကြံတော်ကို ထုတ်ဖော်၍ ပြလိုက်ပါဦးအံ့။ ဗောဓိသတ္တော၊ မင်းကမွေး၍၊ မင်းသွေးစစ်ပါ၊ မင်းဖြစ်ကိုသာ လိုသားသည့် အလောင်းတော်မင်းသားကလေးသည်။ မမ၊ ဆုမြတ်အထူး၊ ပန်ဆင်ခူးဘို့၊ တင်ကူးရည်ရော်၊ ငါကိုယ်တော်၏။ ဘာတရော၊ ဖခမည်း၏သားကြီး ရှေ့ဆောင်၊ နောင်တော်တို့သည်။ ဗဟဝေါ၊ ဂဏန်းရေထိုး၊ ကိုးဆယ့်ကိုးမျှ၊ ရှိကုန်ကြ၍၊ များလှပေကုန်၏။(ဣမသ္မိံ နဂရေ၊ ဗာရာဏသီ၊ သည်ပီတွင်ခေါ်၊ ဤမြို့တော်၌။)ကုလသန္တကံ၊ ဘိုးဘမိဘ၊ နှစ်သက်ကြရိုး၊ အမျိုးတို့၏၊ အဘိုးတန်ရတနာ၊ ဥစ္စာဖြစ်သော။ ရဇ္ဇံ၊ တောင့်တကြရင်း မယှဉ်းစင်စစ်၊ မင်းအဖြစ်ကို။ဒဟံ၊ ဆုမြတ်ဆုထူး၊ ပန်ဆင်ခူးဘို့၊ တင်ကူး ရည်ရော်၊ ငါကိုယ်တော်သည်၊ လစ္ဆာမိနုခေါ၊ ဘုန်းကံပါရမီ၊ ပြည့်စုံညီသဖြင့်၊ရှင်ကြည်ပြည့်ဝ-ရပါအံ့လော။ ဥဒ၊ကြံပါသော်လဲ၊ ဖြစ်နိုင်ဘဲမို့၊ ဖြစ်မြဲမယုတ်၊ သို့မဟုတ်။ နောလစ္ဆာမိနုခေါ၊ ကြံပါသော်လဲ၊ ဖြစ်နိုင်ဘဲမို့၊ ချောင်လွဲမှုချ၊ မရသည် ဖြစ်လတံ့လော။ ဣတိ၊ ဤသို့။ စိန္တေသိ၊ တနေ့သောခါ၊ ခန်းသဥ္စာ၌၊ လျှောင်းကာစင်စစ်၊ အကြံတွေ ဖြစ်လေတော့သတည်း။

မင်းကမွေးသဖြင့် မင်းသွေးပါတဲ့ သူဟာ မင်းဖြစ်ဘို့အရေးကိုသာ ကြံတွေးကြမြဲ ဓမ္မတာဘဲနော်၊ဇာတိစိတ်ဓာတ်ဆိုတာ စွန့်လွှတ်နိုင်ခဲသားကလား။ဒါကြောင့်-ယခုခေတ်မှာလဲ အရာရှိ အရာခံ တွေရဲ့ သားသမီးဟာ မိမိတို့ ကြီးလာယင် အရာရှိအရာခံဖြစ်ဘို့ပဲ ရည်မှန်းကြတာပဲ၊ သူဌေး သူကြွယ်တွေရဲ့ သားသမီးတွေကလဲ သူဌေးသူကြွယ်ဖြစ်ဘို့၊ ကုန်သည်တွေရဲ့ သားသမီးတွေကလဲ ကုန်သည်ဖြစ်ဘို့၊ တောင်သူလယ်သမားတွေရဲ့ သားသမီးတွေကြတော့လဲ တောင်သူလယ်သမားကြီး တွေဖြစ်ဘို့- ဒီလိုပဲ ကြံစည်ကြ ရည်မှန်းကြတယ်၊ မဟုတ်ပါလား (ဒကာကြီးဦးစိန်)။ဒါကြောင့်မို့ ဇာတိစိတ်ဓာတ်ဆိုတာ စွန့်နိုင်ခဲတယ်လို့ မှတ်သားသင့်တယ်နော်။

ယခုလဲ ဘုရားအလောင်း မင်းသားကလေးဟာ မိမိဖခင်ရဲ့ စံမြန်းရာ ဗာရာဏသီထီးနန်းကို စိုးမိုးပိုင်သ အုပ်ချုပ်ရပါမည်လား၊ မရမည်လား၊ ငါ့မှာ နောင်တော်တွေကလဲ များလှပါဘိ-လို့

အကြံဖြစ်ပြီး ထိုအကြောင်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်များကို လျှောက်ထားမေးမြန်းပြီး သိအောင်ပြုမည်-ဟု ရည်မှန်းထားလိုက်သတဲ့။

နောက်တနေ့၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ကြွလာသောအခါ ရေစစ်ကိုယူ၍ သောက်ရေကပ်ခြင်း, ခြေဆေးခြင်း, ဆီလိမ်းခြင်းတို့ကို ပြုလုပ်၍ ထိုအရှင်တို့ ခဲဘွယ်ဘောဇဉ်, ချိုချဉ် ရသာဘုန်းပေးပြီးသောအခါ ရှိခိုးဦးချ၍ မိမိသိလိုသော အကြောင်းကိစ္စကို လျှောက်ထား မေးမြန်းလေသတဲ့။

ထိုစဉ်အခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်များက-မင်းသား, သင်သည် မိဘရိုက်ရာ ဤမြို့ရွာ၌ ထီးဖြူစိုးအုပ် မင်းပြုလုပ်ခြင်းငှာ မရနိုင်ပေ၊ ဤမြို့ရွာမှ ယူဇနာ ၂၀၀-ဝေးကွာသောအရပ်၌ ဂန္ဓာရတိုင်းပြည်, တက္ကသိုလ်မြို့တော် ဟူ၍ ရှိပေတယ်၊ ထို ဂန္ဓာရတိုင်း, တက္ကသိုလ်မြို့သို့ သွားရောက်နိုင်ခဲ့ပါလျှင် ဤနေ့, ဤရက်မှ ခုနစ်ရက်မြောက်၌ မင်းအဖြစ်သို့ ကေန်မုချ ရောက်ရပေလိမ့်မယ်၊ သို့သော်လဲ ထို တက္ကသိုလ်မြို့တော်သို့ သွားရာလမ်းခရီးအကြား၌ အန္တရာယ်များလှသော တောနက်မြိုင်ကြီး ရှိပေတယ်၊ ထိုတောနက်လမ်းခရီးကို ရှောင်ရှား လွှဲဖယ်၍သွားပါလျှင် ယူဇနာတရာ ဝေးကွာသော လမ်းခရီးကို သွားရပေလိမ့်မယ်၊ မရှောင်ရှားပဲ တောနက်ထဲသို့ မလွဲမှန်စွာ ဝင်သွားပါလျှင် ယူဇနာ ငါးဆယ်မျှသာ ဝေးကွာပေလိမ့်မယ်။

ထို ယူဇနာငါးဆယ်သော တောလမ်းခရီးသည်ကား-လူသားကိုစားတတ်တဲ့ ဘီလူးအများတို့ ပျော်ပါး နေထိုင်ရာ ဒေသပင် ဖြစ်ပေတယ်၊ ထို တောနက်ကြီး၌ ဘီလူးမတို့သည် သွားရာ,လာရာ လမ်းခရီးတို့၌ ရွာများ,ဇရပ်များကို ဖန်ဆင်း၍ထားပြီးလျှင် ရွှေကြယ်တာရာအသွင် အလွန်လျှင်ဆန်းကြယ်သော မျက်နှာကြက်ရှိသော ကောင်းမြတ်သော အိပ်ရာနေရာတို့ကို ခင်း၍ အထူးထူး အသွယ်သွယ် တပ်နှစ်သက်ဘွယ်ရှိသော ခန်းဆီး,လိုက်ကာ ကာရံ၍ ထားသတဲ့။

မိမိကိုယ်ကိုလဲ နတ်ဝတ်တန်ဆာ အဖြာဖြာတို့ဖြင့် တန်းဆာဆင်ကုန်၍ ဇရပ်တို့၌ နေထိုင်ကြကုန်ပြီးလျှင် ရောက်လာကုန်သော ယောကျ်ားတို့ကို ချိုသာကုန်သောစကားတို့ဖြင့် နှုတ်ခွန်းဆက်သကုန်၍-

"အမောင်တို့-ဘယ်အရပ်က ကြွလာကြပါသလဲ၊ ခရီးပင်ပန်းသဖြင့် နွမ်းနေသလို ထင်ပါတယ်၊ ဒီဇရပ်ပေါ်သို့ လာရောက်နားကြပါဦး၊ နားပြီး, ရေသောက်ပြီးမှ ခရီးဆက်ကြတော့ပေါ့" ဟု ဖိတ်ခေါ်ကြပြီးလျှင် ရောက်လာကုန်သော သူတို့အား နေရာထိုင်ခင်းတို့ကိုပေး၍ မိမိတို့၏ ရှုချင်စဖွယ်, တင့်တယ်ပြစ်ကင်း, ရုပ်ဆင်းအင်္ဂါတို့ဖြင့် ဖျားယောင်းကြ၍ ကိလေသာအလိုလိုက်, အကြိုက်ကိုပြကြ၍ မိမိတို့နှင့် အတူတကွ ပျော်မွေ့ကြကုန်သည်ရှိသော် ထိုနေရာ၌ပင်လျှင် ထိုသူယောကျ်ားလူအများတို့ကို သွေးနှင့်တကွ ခဲစားကုန်၍ အသက်သေစေကုန်သတဲ့။

ဘယ်ကလောက်များ ကြောက်မက်ဘွယ်ကောင်းတဲ့ ဘီလူးမတွေလဲနော်၊ ဟောရင်းပြောရင်းပင် ကြက်သီးတဖျန်းဖျန်း ထမိပါရဲ့၊ ဒီ ဘီလူးမတွေဟာ ဖိုသတ္တဝါတွေကို ဖမ်းစားတဲ့နေရာမှာ ဘယ်လောက် ပရိယာယ်,မာယာ ကြွယ်ဝကြသလဲဆိုတာကို အဋ္ဌကထာလာအတိုင်း ပြောပြမယ်၊ နားသောတ ဆင်ကြအုံး။

ရူပဂေါစရံ သတ္တံ ရူပေနေဝ ဂဏှန္တိ၊ သဒ္ဒဂေါစရံ မဓုရေန ဂီတဝါဒိတ
သဒ္ဒေန၊ ဂန္ဓဂေါစရံ ဒိဗ္ဗဂန္ဓေဟိ၊ ရသဂေါစရံ ဒိဗ္ဗေန နာနဂ္ဂ ရသဘောဇနေန၊
ဖောဋ္ဌဗ္ဗဂေါစရံ ဥဘတော လောဟိတကူပဓာနေဟိ ဒိဗ္ဗ သယနေဟိ ဂဏှန္တိ။

(ဇာတက အဋ္ဌကထာ၊ ပ-၄၂၀)

ရူပဂေါစရံ၊ အဆင်းမျိုးစုံ, ရူပါရုံ၌, မွေ့ထုံပျော်ပါး, ကျက်စားခြင်းရှိသော။ သတ္တံ၊ ပုပုရွရွ, များပြားလှစွာ, သတ္တဝါကို။ ရူပေနေဝ၊ ချစ်ဘွယ်ခင်ဘွယ်, ကြင်ဘွယ်မျိုးစုံ, ရူပါရုံဖြင့် သာလျှင်။ ဂဏှန္တိ၊ ပုထုဇဉ်စရိုက်, ဓာတ်အကြိုက်ကို, လိုက်လျောပြုမူ, ဖမ်းယူ စားသောက်ကြလေ ကုန်၏။

သဒ္ဒဂေါစရံ၊ အသံမျိုးစုံ, သဒ္ဒါရုံ၌, မွေ့ထုံပျော်ပါး, ကျက်စားခြင်းရှိသော။ သတ္တံ၊ ကို။ မဓုရေန၊ နှစ်သက်ကြည်နူး, ရွှင်မြူးသာယာ, ချိုသာစွာသော။ ဂီတ ဝါဒိတ သဒ္ဒေန၊ အဆို အချို, ငိုအဟဲနှင့်, စွဲမက်ဘွယ်ရာ, တေးသံသာဖြင့်, ဖြာဖြာမှုတ်တီး, မငြီးဘွယ်ရာ, သံသာသာဖြင့်။ ဂဏှန္တိ၊ ကုန်၏။

ဂန္ဓဂေါစရံ၊ သင်းပျံ့ကြိုင်စွာ, နံ့သာမျိုးစုံ, ဂန္ဓာရုံ၌, မွေ့ထုံပျော်ပါး, ကျက်စားခြင်း ရှိသော။ သတ္တံ၊ ကို။ ဒိဗ္ဗဂန္ဓေဟိ၊ လူတို့ရနံ့, မွှေးထုံပျံ့ထက်, ထူးအံ့ကဲစွာ, နတ်နံ့သာတို့ဖြင့်။ ဂဏှန္တိ၊ ကုန်၏။

ရသဂေါစရံ၊ ချိုချဉ်ဖန်ခါး, စားဘွယ်အစုံ, ရသာရုံ၌, မွေ့ထုံပျော်ပါး, ကျက်စားခြင်း ရှိသော။ သတ္တံ၊ ကို။ ဒိဗ္ဗေန၊ လူတို့အစာ, အရသာနှင့်, လွန်စွာကွာခြား, နတ်တို့ အစားအစာ ဖြစ်သော။ နာနဂ္ဂရသ ဘောဇနေန၊ ထူးထွေကောင်းမြတ်, ရသာဓာတ်နှင့်, ပြည့်လတ်စုံစွာ, နတ် ဘောဇဉ်အဖြာဖြာဖြင့်။ ဂဏှန္တိ၊ ကုန်၏။

ဖောဋ္ဌဗ္ဗဂေါစရံ၊ နူးညံ့ကျေညက်,နှစ်သက်စွဲငြိ, တွေ့အထိစုံ, ဖောဋ္ဌဗ္ဗာရုံ၌,မွေ့ထုံပျော်ပါး, ကျက်စားခြင်းရှိသော။ သတ္တံ၊ ကို။ ဥဘတော လောဟိတကူ ပဓာနေဟိ၊ တင့်တယ်ထူးဆန်း,နီမြန်း လှစွာ, နှစ်ဖြာကုန်သော, ခြေအုံး-ခေါင်းအုံးရှိကုန်သော။ ဒိဗ္ဗသယနေဟိ၊ လူသုံးမှမှီ, နတ်ပြည်၌ဖြစ်, အသစ်ဆန်းပြား, ထူးခြားလှစွာ, အိပ်ရာနေရာတို့ဖြင့်။ ဂဏှန္တိ၊ ကုန်၏။

ကဲ–ဘယ်ကလေ ာက် ကြောက်စရာကောင်းဇယ်ဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့၊ ဘီလူးတို့မျိုးရိုးဆိုတာ ကမ္ဘဇိဒ္ဓိတန်ခိုးက ရှိနေလေတော့ အမျိုးမျိုး ဖန်ဆင်း ပြီး မိမိတို့အထံသို့ ရောက်လာသူမှန်လျှင် ပြန်နိုင်ရန် ခက်ခဲအောင် မြှူဆွယ်ကာ ဖမ်းစားတော့တာဘဲတဲ့၊ သတ္တဝါ အလိုက် ရိုက်က အမျိုးမျိုးဆိုတော့ အဆင်းဓာတ်, ရူပါရုံကို ခုံမင်နှစ်သက် စွဲမက်သူဆိုလျှင် အကြိုက်အာရုံ ရူပါရုံဖြင့် ဖျားယောင်းကာ ဖမ်းစားတော့တာဘဲတဲ့၊ ထိုနည်းတူစွာ သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကို ခုံမင်နှစ်သက် စွဲမက်လိုက်စား လူအများကိုလဲ ထိုသို့ သူတို့ရဲ့ အကြိုက် အားလျော်စွာ သဒ္ဒါရုံ စသည်တို့ဖြင့် ဖျားယောင်းကာ ဖမ်းစားတတ်ကြသတဲ့။

စက္ခုန္ဒြေ အစရှိတဲ့ ဣန္ဒြေငါးပါး မပျက်ပြားအောင် သတိဆောင်၍ လူယောင်ဆောင် မိန်းမလှ ဘီလူးမများကို ဖောက်ပြား၍ မကြည့်ရှုပဲ သတိနဲ့ သွား ရောက် နိုင် လျှင် ခုနစ်ရက်

မြောက်၌ ထို တက္ကသိုလ်ပြည်၏အရှင် ဘုရင်ဧကရာဇ် အမှန်ပင် ဖြစ်ပေလိမ့်မည်–ဟု ပစ္စေကဗုဒ္ဓါ အရှင်မြတ်များက မိန့်ကြားတော်မူလိုက်ကြသတဲ့။

ယင်းကဲ့သို့ ပစ္စေကဗုဒ္ဓါအရှင်မြတ်များ၏ မိန့်ကြားသောစကားကို ကြားသိရလျှင် ဘုရား အလောင်း မင်းသားကလေးက– "ရှိပါစေ အရှင်ဘုရား–အရှင်ဘုရားတို့၏ ဩဝါဒကို ခံယူ၍ ထို ဘီလူးမတို့ကို အဘယ့်ကြောင့် ကြည့်ရှုပါမည်နည်း ဘုရား" ဟု လျှောက်ထားပြီးလျှင် အရှင်ပစ္စေက ဗုဒ္ဓါတို့ကို အရံအတား ပရိတ်ဘုရားတော်ကို ရွတ်ဆိုတော်မူကြစေ၍ ပရိတ်သဲ, ပရိတ်ရေတို့ကို ယူဆောင်ပြီးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်များကိုရင်း, မိခင်,ဖခင်,ကျေးဇူးရှင်တို့ကိုရင်း ရှိသေမြတ်နိုး ရှိခိုးပြီး မိမိစံနန်းသို့ ကြွမြန်း၍ မိမိ၏ မင်းချင်းယောကျ်ားတို့ကို–

"အချင်းတို့–ငါသည် တက္ကသိုလ်ပြည်၌ မင်းပြုရန် သွားတော့မည်၊ အချင်းတို့ ဤတိုင်းပြည်၌ ပျော်ရွှင်စွာ နေရစ်ကြပေတော့" လို့ နှုတ်ဆက် မှာကြားလိုက်သတဲ့။

ထိုစဉ်အခါ အချင်းယောကျ်ား ငါးယောက်တို့က အလောင်းတော် မင်းသားကို "အရှင် မင်းသား–အကျွန်ုပ်တို့လည်း အရှင်မင်းသားနှင့် သေမခွဲ, ရှင်မခွာ တက္ကသိုလ်သို့သာ အတူလိုက်ကြ ပါအံ့" ဟု ပြောဆိုကြလေတယ်။

မင်းသားကလေးကလဲ "အသင်တို့ လိုက်ပါ၍ ဖြစ်နိုင်စရာ မရှိပေ၊ သွားရမည့် ခရီးကား အန္တရာယ်ကြီးလှပေတယ်၊ လမ်းခရီးအကြား၌ ဘီလူးမအများတို့က ရူပါရုံ စသည်တို့၌ နှစ်ခြိုက် လိုက်စား ပျော်ပါးတတ်ကုန်သော လူအများတို့ကို ထိုထို ရူပါရုံ စသည်တို့ဖြင့် ဖျားယောင်း၍ ဖမ်းစားတတ်ကြကုန်၏၊ ငါတယောက်သာ မိမိအတွက် ကြံစည်ချက်ဖြင့် ခရီးထွက်ခြင်းဖြစ်ပေတယ်" ဟု ပြောဆိုလေသတဲ့။

"အရှင်မင်းသား–အကျွန်ုပ်တို့သည် သင်မင်းသားနှင့် အတူတကွသွားကုန်သော် မိမိ ချစ်ခင် နှစ်သက်သော ရူပါရုံ အစရှိသည်တို့ကို အဘယ်မှာ ကြည့်ရှုကြပါတော့မည်နည်း၊ အကျွန်ုပ်တို့ကား အသင်မင်းသားနှင့် အတူသာလျှင် လိုက်ကြပါအံ့" ဟု မရမက ဇွတ်အတင်းသာ ခွင့်ပန်ကာ နေကြ ပြန်သတဲ့၊ သတ္တဝါတို့ သဘောထားဆိုတာ ပြောကြားဘို့ခက်ခက်ဘဲနော်၊ မိမိရဲ့ ခင်မင်သူ့,လေးစား သူတို့နှင့် ခွဲခွာဘို့အရေးကို တော်တော်ဘဲ ဝန်လေးတတ်ကြတာဘဲကလား၊ အဲဒီလို မရမက တောင်း ပန်ကြသဖြင့် အလောင်းဘော်မင်းသားကလေးကလဲ "ဤကဲ့သို့ ဇွဲသန်သန်နှင့် လိုက်ကြရန် ကြံထား ကြပါလျှင်–အရာရာမှာ သတိထား၍သာလိုက်ခဲ့ကြပေတော့"ဟု မှာကြားသတိပေးကာ–ထိုမင်းချင်း ယောကျ်ား ငါးယောက်တို့ကို ခေါ်ဆောင်၍ သွားလေသတဲ့။

ပစ္စေက ဗုဒ္ဓါ အရှင်မြတ်များ မိန့်ကြားတော်မူတဲ့အတိုင်းပင်– တောနက်ကြီးထဲ ဝင်၍ သွားတော့ လမ်းခရီးအကြားမှာ ဘီလူးမအများကလဲ ရောက်လာသူတိုင်း ပျော်ရွှင်ပြုံးကြရအောင် ရွာနိဂုံး စသည်တို့ကို ဖန်ဆင်းပြီးထားကြပေပြီပေါ့။ အလောင်းတော်မင်းသား ခရီးသွားအဖွဲ့ဝင်တို့ ထိုရွာသို့ရောက်လေလျှင် ရူပါရုံအဆင်းဓာတ်၌ စွဲကပ်ပျော်မွေ့ နှစ်သက်လေ့ရှိသော မင်းချင်း ယောကျ်ားတယောက်ဟာ ထိုဘီလူးမများရဲ့ ထူးခြားပြစ်ကင်း ဖော့ယမင်းပမာ ကျော့ရှင်းမှုယာ ရူပါရုံကိုကြည့်ပြီး စွဲငြိကာ နောက်ကျန်ရစ်လေသတဲ့။

အလောင်းတော်မင်းသားက "အချင်းယောကျ်ား အဘယ့်ကြောင့် တန့်နားပြီး နေရစ်သနည်း"ဟု-မေးမြန်းသောအခါ အရှင်မင်းသား ကျွန်တော်များရဲ့ ခြေတွေနာကျင်လှပါပြီ။ ခေတ္တခနရပ်နားပြီးမှ လိုက်ပါမည်ဟု-ပွေလီဉာဏ်များ လျှောက်ထားလေသတဲ့။

တာဝန်မကင်းသော မင်းသားကလဲ အမောင်ယောကျ်ား-ဤမိန်းမများဟာ ဘီလူးမများသာတည်း၊ ချစ်ခင်စုံမက် မနှစ်သက်လေနှင့်-ဟု သတိပေးစကား ပြောကြားသော်လဲ-

ယံဟောတိ၊ တံဟောတု၊ နသက္ကောမိဒေဝါတိ-ဖြစ်ချင်သလို ချစ်ပါစေတော့၊ အကျွန်ုပ်ကား မလိုက်နိုင်တော့ပါ အရှင်မင်းသား-ဟု ဇွတ်ပေကာလျှောက်ထားပြီး နေတော့သတဲ့။

ကာမနယ်တွင်းမလွတ်ကင်းသေးသူ ဗိုလ်လူများစွာ သတ္တဝါတွေဟာ တဏှာ ခေတ်ကြိုက်စရိုက်လျှော်စွာ၊ တွေ့ကြုံလာလျှင်၊ ဉာဏ်အမြင်ချတ်ယွင်းပြီး အမှောင်တွင်းသို့ သက်ဆင်းကြရတာဘဲနော်။ လေလာခာစိုက်ထူထားတဲ့ တံခွန်ပမာ လေယူရာယိမ်းပြီး တဖျပ်ဖျပ် တုန်လှုပ်နေသလို၊ ထိုထိုများစွာ သတ္တဝါအစုစု ပုထုဇဉ်မှန်သမျှမှာလဲ တဏှာခေတ်ဟုံ၊ မပြတ်ဆုံ၍ တဖျပ်ဖျပ်တုန်လှုပ်ပြီး နေကြတော့တာပဲနော်၊ သို့အတွက်ကြောင့် ရှင်တော်ဘုရားကလဲ-တဏှာခေတ်တရားရဲ့ စွမ်းပကားတို့ကို သံယုတ်ပါဠိတော်ကြီးမှာ ဤကဲ့သို့ မိန့်မှာတော်မူပါတယ်။

တဏှာယ နီယတီ လောကော၊ တဏှာယ ပရိကဿတိ။
တဏှာယ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ၊ (သဂါထာ ဝဂ္ဂသံယုတ္တပါဠိ)

တဏှာယ၊ ငါးဖြာအာရုံ၊ ကာမဂုဏ်ကို၊ ခုံမင်နှစ်သက်၊ စွဲမက်လိုက်စား၊ တဏှာတရားသည်။ လောကော၊ လူရေနတ်ပါ၊ ဗြဟ္မာမကြွင်း၊ ခမင်းများလှ၊ သတ္တလောကကြီးကို။ နီယတိ၊ မိမိလိုရာ၊ လိုက်၍ပါအောင်၊ ခါခါမပြတ်၊ ဆွဲဆောင်အပ်၏။ တဏှာယ၊ လူကြိုက်နတ်ကြိုက်၊ စရိုက်ဆိုးစွာ၊ တဏှာတရားသည်။ လောကော၊ သူသူငါငါ၊ သတ္တဝါအများ၊ လောကသားတွေကို။ ပရိကဿတိ၊ မလွတ်နိုင်အောင်၊ ချည်နှောင်တင်းကြပ် ဆွဲငင်အပ်ပါ၏။

သဗ္ဗေဝ၊ ကိလေနှောင်တွင်း၊ မလွတ်ကင်းသည်၊ ခပင်းများစွာ၊ သတ္တဝါမှန်သမျှ၊ ပုထုဇဉ်အနန္တတို့သည်သာလျှင်။ တဏှာယ၊ လောဘရမ္မက်၊ တပ်နှစ်သက်ရာ၊ တဏှာဟူ၍ ခေါ်ရသော။ ဧကဓမ္မဿ၊ ပေါင်းဖော်မပါ၊ ဘလာကိုချည်း၊ တခုတည်းသော တရား၏။ ဝသံ၊ သဘောနှစ်ခြိုက်၊ အကြိုက်ထိုထို၊ သူ့အလိုသို့။ အန္ဝဂူ၊ အရှင်အကြိုက်၊ အလျှင်ဆိုက်အောင်၊ အစဉ်လိုက်ကြရလေကုန်သတည်း။

တဏှာ ခေတ်မင်းအာဏာပြင်းပုံကို စဉ်းစားသာ ကြည့်ကြပေတော့နော် ပုထုဇဉ်များစွာသတ္တဝါတွေဟာ သူ့လက်တွင်းက မလွတ်ကင်းတော့ လည်စင်းပြီး ခံနေကြရရှာတဲ့ သားသတ်ရုံက သားသတ္တဝါတွေနဲ့ မတူပေဘူးလား (ဒကာကြီး ဦးစိန်ရဲ့)။

ယခုလဲဘဲ အလောင်းတော်မင်းသားနဲ့ သေမခွဲ-ရှင်မခွါ-နောက်တော်ပါးက အမြဲလိုက်ပါမည်ဟု-ဝန်ခံပြီး လိုက်ခဲ့တဲ့ မင်းချင်းယောကျ်ားဟာ ဘီလူးမတွေရဲ့ ကျော့ရှင်းတဲ့ ရူပါရုံကို မြင်ရလျှင် ခွေနုံးချိပြီး ပြုံးစိစိဖြစ်နေပြီမဟုတ်လား(ဒကာကြီး ဦးစိန်)၊ ဝန်ခံစကားတွေကို အမှတ်မထားနိုင်ဘဲ ရှောင်ရှားကာ နေရစ်လေသတဲ့။ သို့အတွက် အလောင်းတော်မင်းသားကလေးကလဲ

ယင်းသို့ဖြစ်လျှင်“သင်သိရ်ပေလိမ့်မည် သတိသာရှိပေတော့”ဟု–မှာကြားပြီးကျန်လေးယောက်ကို ခေါ်ဆောင်ကာ ခရီးထွက်လာခဲ့ပြန်သတဲ့။

ရူပါရုံကျော့ကွင်းဖြင့် နှောင်သွင်းခြင်းခံရရှာတဲ့ မင်းချင်းယောကျ်ား ငမိုက်သားလဲ ဂိုက်ထွားထွား သဘောအကြံနှင့် ဘီလူးမတို့ထံသို့ ခပ်မြန်မြန်ချဉ်းကပ်သွားတယ်ဆိုကိုး။

ကြိုက်မရှက်–ငိုက်မရှက်–ငတ်မရှက်–ဟူ၍ မရှက်ခြင်း ၃–ပါး ရှိသည်ဟု ရှေးသူကြီးများဆိုရိုးပြုထားတာ တကယ်မှန်ပါလားနော်–သို့ပါသော်လဲ ဒီမင်းချင်းယောကျ်ားဟာ ကြိုက်မရှက်ဘဲဆိုရမလား၊ ငတ်မရှက်ဘဲဆိုရမလား၊ ခွဲခြား၍ ပြောကြားရန် ခက်ပါပေ့။ ကဲ–ရှိပါစေတော့–ဘီလူးမတွေကလဲ မိမိတို့နှင့် ထိုယောကျ်ား အတူတကွ ပျော်ပါးပြီးသော် ထိုယောကျ်ားမိုက်ကိုထိုနေရာ၌ပင် အသက်ဆုံးအောင် ချေမှုန်းပြစ်လိုက်ကြလေသတဲ့။

ရူပါရုံ၌ ပျော်ပိုက်လိုက်စားသော ထိုယောကျ်ားကို သတ်ဖြတ်စားကြပြီးသော် ကျန်ရှိသေးသော ယောကျ်ားများကိုလဲ မိမိတို့ ပရိယာယ်ဖြင့် အသွယ်သွယ်ဖျားယောင်းကာ သတ်ဖြတ်ခဲစားရန်အတွက် ရှေ့သို့ ကြိုသွားကာ ဇာနပ်တခု ဖန်ဆင်းထားပြန်ပြီး အထူးထူးသော တူရိယာတို့ကိုတီးမှုတ်လျက်, သီဆိုလျက် နေကြပြန်သတဲ့၊

ဒီအခါမှာလဲ သဒ္ဒါရုံလိုက်စားတဲ့ ယောကျ်ားတယောက်ဟာ ကျန်ရစ်နေခဲ့ပြန်သဖြင့် ယခင်ယောကျ်ားကဲ့သို့မိမိတို့နှင့်အတူ ပျော်ပါးပြီး သတ်ဖြတ်စားလိုက်ပြန်ရောတဲ့။ ဘီလူးမတွေဟာ ဒီနည်းအတိုင်းဘဲ ဂန္ဓာရုံကို ခုံမင်တတ်, နှစ်သက်တတ်သူကို ဂန္ဓာရုံအမျိုးမျိုးနဲ့ ဖျားယောင်ဖမ်းစားတယ်။ ရသာရုံကို ခုံမင် နှစ်သက်တတ်သူကို ကောင်းမြတ်လှစွာ ရသာရုံအမျိုးမျိုးနဲ့ ဖျားယောင်းဖမ်းစားတယ်၊ ဖောဋ္ဌဗ္ဗာရုံကို ခုံမင်နှစ်သက်တတ်သူကို နတ်တို့ပြည့်၌ဖြစ်သော အိပ်ရာနေရာ စသောဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးနဲ့ ဖျားယောင်းပြီး သတ်ဖြတ်ခဲစားကြပြန်သဖြင့် အလောင်းတော်မင်းသားရဲ့ နောက်တော်ပါး မင်းချင်းယောကျ်ားငါးယောက်အားလုံး ဘီလူးစာချည်း ဖြစ်ကုန်ကြရောတဲ့၊ သို့အတွက် ယခုအခါ အလောင်းတော်မင်းသားတယောက်တည်းသာ ကျန်ရှိလေတော့သတဲ့။

သံသာရေ သရန္တာ သတ္တာ၊ ရူပါဒီသု နုယုဉ္ဇကာ။
လဂ္ဂိတာ ဒုက္ခိတာ ဟောန္တိ၊ မောစကာ သုခိတာ သဒါ။

သံသာရေ၊ အဖြစ်ကလဲ မဆုံးသဖြင့်အပျက်ကလဲ မဆုံးနိုင်သည့် ဘုံသုံးခုစက်ဗွေ, သံသရာနယ်မြေကြီး၌။သရန္တာ၊ ထက်အောက်ပြန်လှန်, စုံဆန်ပျော်ပါး, သံသရာခရီးသွား ဖြစ်ကြကုန်သော။ သတ္တာ၊သံသရာဒီကြောမှာ စုံဆန်ခါမြောနေကြသည့်, မောကြောတွေထူ, ဗိုလ်လူများစွာ, သတ္တဝါတို့သည်။ ရူပါဒီသု၊ ရူပါရုံအစ, ငါးဝအာရုံ, ကာမဂုဏ်တို့၌။ အနုယုဉ္ဇကာ၊ မီးရောင်ကိုပင်, ရွှေအထင်နှင့်, ခုံမင်နှစ်သက်, စွဲမက်ပျော်ပါး, ပိုးငယ်ချားသို့, မခြားပုံသွင်, ခုံမင်လိုက်စား, ပျော်ပါးစပ်ယှဉ်ကြကုန်လျက်။ လဂ္ဂိတာ၊မခွဲနိုင်အောင်, ဆွဲဆောင်မပြတ်, ကပ်ငြိကြကုန်သည် ဖြစ်၍။ ဒုက္ခိတာ၊ သူ၏လက်တွင်း မလွတ်ကင်းသဖြင့်, ပူပြင်းစိခက်, ဆင်းရဲထွင်းနက်ကြကုန်သည်။ ဟောန္တိ၊ မျက်မြင်သာဓက,သဘာဝမို့,, မှချပုံသေ, ဖြစ်ကြရလေကုန်၏။ မောစကာ၊ တာမခေါတ်မင်း လျှောင်

အိမ်တွင်းမှ, လွတ်ကင်းကြသူ, များဗိုလ်လူတို့သည်ကား။ သုခိဘာ၊ စိုးရိမ်ကြောင့်ကြ, ဗျာပါရ လွတ်ကင်း, အပူရှင်းသဖြင့်, မယှဉ်းမှန်စွာ, အလွန်ချမ်းသာကုန်သည်။ ဟောဉ္စိ၊ မြေကြီးလက်ခတ်, မလွဲအပ်သို့ မြဲမှတ်ပုံသေ, ဖြစ်ကြရလေကုန်တော့သတည်း။

ကာမနယ်မှောင်အတွင်း၌ ဉာဏ်ရောင် ပြောင်မလင်းနိုင်ကြတဲ့ သူတွေဟာ ကာမဂုဏ် ဒီရေကြောမှာ မျောချင်တိုင်း မျောနေကြတော့ဒါဘဲနော်၊ ကာမနယ်သား မှန်ပါလျှင် ကာမဂုဏ် အရာမှာ ဘယ်သူဘယ်ဝါကမှ မိုင်မသာကြပါဘူးတဲ့၊ တယောက်တမျိုး အဆိုးကြီးသာ မှတ်ကြ ရမှာပါဘဲ၊ သို့သော်လဲ ပါရမီခတ်ခံ ရင့်သန်ထူးခြားတဲ့ ပုဂ္ဂိုလ်များမှာတော့လဲ အံ့ဘပါးဆိုရ မှာပေါ့လေ။

ယခု အလောင်းတော်မင်းသားတယောက်တည်းသာ ဘီလူးမတို့ရဲ့ဘေးဒါဏ်ကို ကြံ့ကြံ့ ခံပြီး လိုရာခရီးသို့ မှန်မှန်ကြီး လျှောက်သွားနိုင်တာဘဲ မဟုတ်ပါလား (ဒကာကြီး ဦးစိန်ရဲ့)။ ကြောက်ဖွယ်ပေါတဲ့ တောကြီးမြိုင်လယ်မှာ အဖော်မပါ ကေစာတယောက်တည်း သွားရတာ မလွယ်လှဘူးနော်။

ဒီလိုတယောက်တည်း လျှောက်သွားနေတဲ့အလောင်းတော်မင်းသားရဲ့နောက်သို့လဲ ဘီလူးမ တယောက်က "ဒီလောက် ဇွဲသတ္တိကောင်းတဲ့ ယောကျ်ားရဲ့အသားကို မစားရလျှင် ငါမပြန်" ဟု သန္နိဋ္ဌာန်ချမှတ်ကာထက်ကြပ်မကွာ လိုက်နေပြန်သတဲ့၊ အသဲယားစရာကောင်းတဲ့ ဘီလူးမပါတကား၊ တောကြီးအတွင်းသွားစဉ်မှာ တောအလုပ်သမား စသည်တို့က "ရှေ့ကသွားသော ယောကျ်ားနှင့် အသင် ဘယ်လိုတော်စပ်သနည်း"ဟု မေးမြန်းကြသောအခါ "ငယ်ရွယ်စဉ်က ညားခဲ့တဲ့ လင် ယောကျ်ားပါ"လို့ ပြောဆိုပြန်သတဲ့၊ တကဲ့ ဘီလူးမပါဘဲ။

ဘီလူးမရဲ့ ကျော့ရှင်းသော ရူပါရုံကို တွေ့မြင်ကြသော တောတွင်း အလုပ်သမားများက အလောင်းတော်မင်းသားကို "အမောင်၊ သိမ်မွေ့နုနယ် ချစ်ခင်ဘွယ်ရာ သင့်ဇနီးခမြာဟာ အသင့် ကို အချစ်ကြီးတာနှင့် မိဘကို စွန့်ခွာပြီး သင့်နောက်သို့သာ လိုက်ပါလာပါလျက် အဘယ်အတွက် ငဲ့ကွက်မညှာ မစောင့်စားဘဲ ပစ်သွားပါသလဲ"ဟု မေးမြန်းကြလေလျှင် အလောင်းတော် မင်းသား ကလဲ–

"အမောင်တို့–ဤသူမကား ကျွန်ုပ်၏ ဇနီးမယား မဟုတ်ပါ၊ ဘီလူးမသာ ဖြစ်ပါတယ်၊ ကျွန်ုပ်၏ မင်းချင်းယောကျ်ား ငါးဦးသားတို့ကိုလဲ ဤသူမပင် သတ်ဖြတ်ခါ စားခဲ့ပါပြီ"ဟု ပြော ဆိုလိုက်တယ် ဆိုယင်ဘဲ ဘီလူးမက–

"အမောင်တို့ ယောကျ်ားတို့မည်သည်မှာ စိတ်ဆိုးတဲ့အခါဆိုယင် မိမိရဲ့ ဇနီးမယားကိုပင် ဘီလူးမပဲ ပြိတ္တာမပဲ့–ဟု ဆိုဆဲတတ်ကြပါတယ်"ဟု သနားဘွယ်ပြောကြားပြန်တယ်။

ဒီဘီလူးမ ဇွဲကောင်းပုံကတော့ ကလေးနှုတ်ငုံရှိတဲ့ ပုံဆောင်ပြီး နောက်မီးဖွားကာစ သားငယ် ကို ရင်ခွင်ပိုက်ပြီး တစိုက်စိုက် လိုက်နေသတဲ့၊ မေးလာသူတိုင်းကိုလဲ ရှေးနည်းအတိုင်းချည်း ဖြေ ကြားပြီးသွားရာ တက္ကသိုလ်ပြည်သို့ ရောက်ကြလျှင် ဘီလူးမက သားငယ်ကို ကွယ်ပျောက်စေကာ တယောက်တည်းသာ လိုက်လာပြန်သတဲ့။

အလောင်းတော်က မြို့တံခါးရောက်၍ ဇရပ်တခုမှာ ဝင်နားနေတဲ့အခါ ဘီလူးမခမြာ အလောင်းတော်မင်းသားအနား မလာနိုင်ဘဲ အလွန်လှပကျော့ရှင်းတဲ့ နတ်ယမင်းရုပ်သွင် ပြုပြင်ဖန်ဆင်းပြီး ဇရပ်တံခါးဝမှာ ရပ်နားပြီး နေသတဲ့(ဒကာကြီး ဦးစိန်ရဲ့)။

ထိုခဏမှာပင် တက္ကသိုလ်ပြည် ဘုရင်ကြီးကလဲ ဥယျာဉ်တော်ထွက်ကြ၍အလာ ထိုမိန်းမကို မြင်လျှင် ရာဇိန္ဒြေတော်ကို ငြိမ်နေအောင် မဆုံးမနိုင်ဘဲ သသာမိကလော- အသာမိကလော- ဟု မင်းချင်းတယောက်ကို ထောက်လှမ်းစေတော်မူသတဲ့။

မင်းချင်းယောကျ်ားက ဘီလူးမအား သသာမိက, အသာမိကအဖြစ်ကို မေးစစ်တဲ့အခါ ဘီလူးမက မိမိမှာ ပိုင်ရှင်ရှိကြောင်း၊ ဇရပ်ပေါ်မှာ နေသူဟာ မိမိရဲ့ ခင်ပွန်းလင် ဖြစ်ကြောင်းကို ပြောကြားတယ်။

အလောင်းတော်မင်းသားကလဲ "မိမိဇနီး မဟုတ်ကြောင်း၊ ဘီလူးမတဦးသာ ဖြစ်ကြောင်း၊ မိမိရဲ့ အချင်းယောကျ်ား ငါးယောက်ကို ဤဘီလူးမပင် သတ်ဖြတ် စားသောက်ခဲ့ကြောင်း"ကို ပြန်ပြောင်း၍ ပြောကြားသဖြင့် မင်းချင်းယောကျ်ားကလဲ တက္ကသိုလ်ဘုရင်ကြီးအား ထိုနှစ်ဦး စကားကို ပြန်ကြား၍ လျှောက်ထားလေသတဲ့။

ဘီလူးမရဲ့ ရုပါရုံကြော့ကွင်း၌ တင်းကြပ်စွာမိနေရှာတဲ့ ဘုရင်ကြီးမြာမှာ ဘာရယ်ညာရယ် မစဉ်းစားနိုင်ဘဲ "ပိုင်ရှင်မရှိတဲ့ ဘဏ္ဍာမည်သည် ဘုရင်၏ ဥစ္စာဘဏ္ဍာသာ ဖြစ်ရမည်"ဟု မိန့်ခွန်းတော်ချပြီး ဘီလူးမကို ခေါ်၍ ဆင်ယာဉ်ပေါ်တင်ကာ မြို့ကို လက်ျာရစ် လှည့်ပြီး ပြသာဒ်ထက်တင်လျက် မိဖုရားကြီးအရာ ထားတော်မူလေသတဲ့။

ကာမလောင်မီးမှာ အမှောင်ကြီးရောက်သဖြင့် တော်၏, မတော်၏ မြော်မြင်သိတဲ့ ဉာဏ်မီးအရောင် မထွန်းပြောင်နိုင်တော့ဘူး မဟုတ်လား (ဒကာကြီး ဦးစိန်ရဲ့)။ သတ္တဝါအများတို့ကို တဏှာတရား ဆောင်ကာသွားပုံမှာ မှတ်သားဘွယ်ရာ လွန်စွာကောင်းသဖြင့် ပြန်ပြောင်း၍ ရွတ်ဆိုလိုက်မယ်ပေါ့။

တဏှာယ နီယတိ လောကော၊ တဏှာယ ပရိတဿတိ။
တဏှာယ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ မန္ဒဂူ။
(ယခင်နည်းအတိုင်း အနက်ပေးပါ။)

ရှု၍မငြီး ဇနီးအသစ်ရရှိလာသော ဘုရင်ကြီးဟာ ကောင်းမွန်စွာ ရေချိုး နံ့သာလိမ်းကျံ ကာညနေစာ ပွဲတော်တည်ပြီးတော့ စက်တော်ခန်းသို့ မြန်းလေရောတဲ့။မယ်ယက္ခိမဟေသီကလဲ မင်းကြီးနှင့်အတူတကွ ယှဉ်ဘဲ့အိပ်စက်ပြီးနောက် တဖက်သို့လှည့်ကာ ငိုကြွေးပါရောတဲ့-မင်းကြီးက"အဘယ်အတွက်ကြောင့် ငိုကြွေးရပါသလဲ မိဖုရားရဲ့"ဟု ယုယုယယ မေးမြန်းသောအခါ-

"အရှင်မင်းမြတ်၊ အရှင်မင်းတို့သည် ကျွန်ုပ်ကို လမ်းပေါ်မှာ တွေ့မြင်ရသဖြင့် သိမ်းပိုက်ထားခြင်းသာ ဖြစ်ပါတယ်။နန်းတော်တွင်းမှာ မောင်းမတွေ အလွန်များလှပါတယ်။ ကျွန်ုပ်သည် ရန်သူတို့အကြား နေထိုင်ရပါသဖြင့် သင်ရဲ့ မိဘမျိုးနွယ်ဇာတ်ကို ဘယ်သူမျှ မသိကြပေ။ သင့်ကို လမ်းမှာတွေ့၍ ခေါ်ယူလာခြင်းသာ ဖြစ်သည်"ဟု ပြောဆိုညှဉ်းဆဲကြပါလိမ့်မယ်။ သို့ဖြစ်၍ တိုင်း

ပြည်၌ အစိုးရခြင်းအာဏာကို ကျွန်ုပ်အား ပေးသနားတော်မူပါလျှင် ကျွန်ုပ်ကို မည်သူမျှ ပြောဝံ့မည် မဟုတ်ပါ-ဟု ပြောဆိုကာ တိုင်းပြည်အာဏာကို တောင်းလေတယ်။

"အဘယ်ချစ်နှမ တိုင်းသူပြည်သားအားလုံးကို ငါသည် အစိုးမရပါ။ မင်းအာဏာကို လွန်ဆန်၍ မမှန်သည်ကို ပြုလုပ်သူများကိုသာလျှင် ငါသည် အစိုးရပေသည်။ ထို့ဖြစ်၍ တတိုင်းပြည်လုံးကိုရင်း၊ တမြို့လုံးကိုရင်း အစိုးရခြင်းအာဏာကို သင်အား ငါမပေးနိုင်ပါ"ဟု မင်းကြီးက ပြောကြားလေလျှင်–

"မင်းကြီး ယင်းသို့ဖြစ်မူ တိုင်းပြည်မြို့ရွာ အာဏာကို မပေးနိုင်လျှင် ရှိပါစေတော့။ နန်းတော်တွင်း၌ အတွင်းအသုံးအဆောင် လူများအပေါ်၌ ကျွန်ုပ်၏အလို လိုက်ပါစေရန် အာဏာကိုကား ပေးသနားတော်မူပါ"ဟု တောင်းဆိုလေပြန်တယ်။

မင်းကြီးကလဲ ယက္ခီမယ် မဟေသီ၏ ဖောဋ္ဌဗ္ဗာရုံ အတွေ့ခံတတ်၌ ငြိကပ်နေပြီ ဖြစ်သဖြင့် ထိုသူမစကားကို မပယ်ရှားနိုင်တော့ဘဲ "ကောင်းပေပြီချစ်နှမ၊ နန်းတော်တွင်း အသုံးအဆောင် လူများအပေါ်၌ သင်အား အာဏာကို ပေးအပ်နှင်းပေအံ့။ ထိုသူတို့သည် သင်၏အလို၌ ဖြစ်တည်စေလော့"ဟု ပြောဆို ခွင့်ပြုလေသတဲ့။

"မ-ဘက်လိုက် မိုက်ဘက်ပါ"ဆိုရိုးစကားဟာ အလွန်ပင် မှန်ပါကလားနော်။ ဒီဘုရင်ကြီးမှာ ဘာမှမစဉ်းစားနိုင်ရှာတော့ဘဲ မယ်ယက္ခီ ဆွဲဆောင်ရာသို့သာ လိုက်ပါပြီး နေရရှာတော့တာဘဲပေါ့လေ။ ဒီနေရာဝယ် မုဒုပါဏိဇာတ်တော်၌ ဘုရားအလောင်း ဘုရင်ကြီးက သမီးအတွက် အကြံခက်ပြီး ညည်းညူချက်စကားများကို မှတ်သားဘွယ်ရာ ကောင်းလှပါတယ်။ ဒေသနာစဉ် သဘောအရမို့ ဟောလိုက်ရပါတယ်။ ဒီက ဒကာ, ဒကာမကြီးများ မပါ-ပါဘူး။ ရှေးက အဖြစ်ဟု သတိပြုပြီး မှတ်ရှုနာကြားကြပေတော့။

(က) ဗလဝန္တော ဒုဗ္ဗလာ ဟောန္တိ၊ ထာမဝန္တောပိ ဟာယရေ။
စက္ခုမာ အန္ဓကာ ဟောန္တိ၊ မာတုဂါမ ဝသံ ဂတာ။ ။

(ခ) ဂုဏဝန္တော နိဂ္ဂုဏာ ဟောန္တိ၊ ပညဝန္တောပိ ဟာယရေ၊
ပမတ္တာ ဗန္ဓနေ သေန္တိ၊ မာတုဂါမ ဝသံ ဂတာ။(ဇာတက အဋ္ဌကထာ-ဒု)

(က) မာတုဂါမ ဝသံ၊ မိဘမောင်ဘွား, မထောက်ထားပဲ, ဖောက်ပြားကျင့်ကြံ, မူမမှန်လှ, မိန်းမထိုထို, သူ့အလိုသို့။ ဂတာ၊ ပညာ အဆင်ခြင်, မြော်မြင်ကင်းကွာ, လိုက်ပါကြကုန်သော။ ဗလဝန္တော၊ ကိုယ်အား ဉာဏ်အား, ထူးခြားပြည့်ဝ, ရှိကြပေကုန်သော သူတို့သည်။ ဒုဗ္ဗလာ၊ အားအင်ကုန်ခန်း, ညှိုးနွမ်းကုန်သည်။ ဟောန္တိ၊ မုချမသွေ, ဖြစ်ကြလေကုန်၏။ ထာမဝန္တောပိ၊ လိုရာပြီးမြောက်, ခရီးရောက်အောင်, နည်းလျှောက်ဝေခြမ်း, ပြုစွမ်းနိုင်ဘိ, သတ္တိအထူး ရှိကြကုန်သော သူတို့သည်လည်း။ ဟာယရေ၊ လိုရာမရောက်, မပြီးမြောက်ပဲ, ညှိုးခြောက်ခြေနေ့, ဆုတ်ယုတ်ကြရလေကုန်၏။ စက္ခုမာ စက္ခုမန္တော၊ တွေးခေါ်မြော်မြင်, ပညာမျက်စိ, ရှိကြကုန်သော သူတို့သည်။ အန္ဓကာ၊ သင့်၏မသင့်၏, ချင့်မကြည့်ပဲ၊ မသိပေတုံး, စုံလုံး ကန်းကုန်သည်။ ဟောန္တိ၊ မုချမသွေ, ဖြစ်ကြရလေကုန်၏။ ဟောန္တိ၊ အကြောင်းကံ, ဘယ်ပုံဖန်လိုက်ပါဘိ, မကောင်းဉာဏ်ရယ်, နယ်တုံအောင်, မကြံလိုက်ပါနဲ့, အော်–ကံအလိုက်သာ ဖြစ်ကြရလေကုန်တော့သတည်း။

ဒါကတော့ ပထမဂါထာရဲ့အနက် ဖြစ်ပေတယ်၊ ဒုတိယဂါထာရဲ့ အနက်ကိုလဲ ဆက်ပြီး နားထောင်ကြဦးတော့။

(ခ) မာတုဂါမဝသံ၊ အလိုထန်ပြင်း, လှယမင်းပျို, မိန်းမများအလိုသို့။ ဂတာ၊သတိ မထိန်း, အသိတိမ်းသဖြင့်, ယိမ်း၍မကွာ, လိုက်ပါကြကုန်သော။ ဂုဏဝဍ္ဎော၊ လောကဂုဏ်ရှိန်, မြင့်ထိန်တောက်ကြွား, လူအများတို့သည်။ နိဂ္ဂတာ၊ ဂုဏ်ရှိန်တင့်ဆန်း, ပွင့်မလန်းဘဲ, ညှိုးနွမ်းကြ ရကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပညဝဍ္ဎောပိ၊ အကောင်းအဆိုး, ကြောင်းအကျိုးကို, မြော်ကိုး မြင်သိ, ပညာရှိတို့သည်သည်း။ ဟာယရေ၊ ပညာအရောင်, ဝင်းမပြောင်ဘဲ, အမှောင်တွင်းကျ, ဆုတ် ယုတ်ကြရလေကုန်၏။ ပမတ္တာ၊ သတိဥပါဒ်ဆ, မေ့လျော့ကြကုန်သည်ဖြစ်၍။ ဗန္ဓနေ၊ အမိုက်တရား, လိုက်စားပိုမူ, ခပ်သိမ်းသူကို, ကြည်ဖြူမဟုတ်, ပေါင်းချုပ်နှောင်ရာသို့။ သေန္တိ ဝိဟရန္တိ၊ ရှောင်၍ မငြိမ်း, တိမ်း၍မလွတ်, မြဲသောဝင်္ဂဖြင့်, မချွတ်ပုံသေ, နေကြရလေကုန်တော့သတည်း။

အဲဒီလို ဘုရင်မင်းတရားက အမှန်အမှား မစဉ်းမစားဘဲ ဝန်ခံစကား ပြောကြားလေလျှင်၊ ယက္ခိဏီ မဟေသီလဲ ရွှင်ကြည်စွာ သာဓုဟု ဝန်ခံမှုပြုပြီးကာ မင်းကြီးအိပ်သောအခါ ဘီလူးတို့ မြို့ရွာသို့ သွား၍ ဆွေမျိုးဘီလူးတို့ကို ခေါ်ပြီးလျှင် တက္ကသိုလ်ပြည်ရှင် ဘုရင်ကြီးမှအစပြု၍ နန်း တွင်းသူ နန်းတွင်းသား, ခွေး,ကြက်,ဝက်ကိုမျှ မထားပဲ အကုန်လုံး သတ်ဖြတ်ခါ စားကြသဖြင့် အရိုးမျှသာ အကြွင်းအကျန် ရှိလေဘော့သတဲ့။ ဘုရင်တပါး အကျင့်မှားသဖြင့် အများသတ္တဝါ သေကျေပြိုကွဲ ဆင်းရဲမှု ရောက်ကြရတာ လွန်စွာ ဝမ်းနည်းဘွယ် မကောင်းပါလား (ဒကာကြီး ဦးစိန်ရဲ့)။

နောက်တနေ့မှာတော့ နန်းတော်တံခါးများကို ပိတ်ထားသည့်အတိုင်း တွေ့မြင်ကြ၍ လူ အများက ပုဆိန်,ပဲကွပ်တို့ဖြင့် တံခါးရွက်တို့ကို ထုနှက်ခုတ်ဖွင့်ပြီး အတွင်းသို့ ဝင်ကြည့်သောအခါ နန်းတွင်းရှိ လူအားလုံး သေဆုံးပြီး အရိုးပုံကို တွေ့မြင်ကြရတော့တယ်တဲ့။

သို့ဖြစ်၍ လူအများက "ယမန်နေ့က ဇရပ်ပေါ်မှယောကျ်ားက ဤမိန်းမသည် ငါ၏ ဇနီး မယား မဟုတ်ပါ၊ ဘီလူးမသာ ဖြစ်ပါတယ်"ဟု အမှန်ကိုပြောဆိုပါလျက် ငါတို့ရဲ့မင်းကြီးက မစဉ်းစားဘဲ တော်ကောက်ပြီး မိဖုရားမြှောက်ခဲ့တယ်။ ဒီဘီလူးမဘဲ ဆွေမျိုးဘီလူးမျိုးများကို ခေါ်၍ နန်းတွင်းရှိ လူအများကို သတ်ဖြတ်ခါ စား၍သွားသည် ဖြစ်လိမ့်မည်"ဟု ပြောဆိုကြလေသတဲ့။

အလောင်းတော် မင်းသားလဲ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ ရွတ်ဘတ် ချီးမြှောက်သော ပရိတ်သဲ, ပဲရိတ်ချည်တို့ကို အဘားပြု၍ သံလျက်ကို မြဲစွာဆွဲလျက် သတိဖြင့် ရပ်ပြီး စောင့်နေသည် မှာ အာရုဏ်ထွက်သည်အထိပင် ဖြစ်တယ်တဲ့။

မြို့သူမြို့သား လူအများတို့သည် နန်းတော်တွင်း၌ ရှင်းလင်းခြင်း အမှုကိစ္စအားလုံး ပြီးဆုံး အောင် ပြုလုပ်ကြပြီးလျှင်—

"အမောင်တို့ ယမန်နေ့က ယောကျ်ားသည် လူလောက်မက နတ်တမျှ လှပသော အဆင်း ဖန်ဆင်း၍ နောက်မှ အမြဲလိုက်နေသော ဘီလူးမကို မြင်ရသော်လည်း မိမိ၏ ဣန္ဒြေကို ဖျက်ဆီးပြီး စောင်းငဲ့၍ ကြည့်ခြင်းမျှပင် မပြုပေ၊ ထိုယောကျ်ားသည် အလွန်မြင့်မြတ်သောသူ, တည်ကြည်ခြင်း ရှိသောသူ, ဉာဏ်ပညာနှင့် ပြည့်စုံသူ ဖြစ်ပေတယ်။ ထိုကဲ့သို့သော ယောကျ်ားမြတ်သည် တိုင်းပြည်

အုပ်ချုပ် မင်းလုပ်လျှင် တိုင်းကားပြည်ရွာ စည်ပင်သာယာပေလိမ့်မယ်။ ချမ်းသာသုခကို မုချရကြ ပေလိမ့်မယ်။

သို့အတွက် ထိုယောကျ်ားမြတ်ကို နန်းရပ်အပ်၍ မင်းမြှောက်ကြကုန်စို့”ဟု ပြောဆိုတိုင် ပင်ကြတယ်။ ထိုအခါ အမတ်ကြီးများ, မြို့သူမြို့သားများ အားလုံး သဘောတူညီကြ၍ ဘုရား အလောင်းတော်ကို ချဉ်းကပ်ကြပြီးလျှင်–

“မင်းကြီး-အရှင်တို့သည် ဤတိုင်းပြည်ကို မင်းပြုလုပ်၍ အုပ်ချုပ် စိုးစံတော်မူပါ”ဟုလျှောက် ထားကာ မြို့တွင်းသို့ ပင့်ဖိတ်ခေါ်သွင်း၍ ရတနာပလ္လင်ထက်၌ အဘိသိက်သွန်းပြီးလျှင် တက္ကသိုလ် ပြည်ကြီး၏ မင်းအဖြစ်ကို တင်မြှောက်ပွဲ ပြုလုပ်ကြလေသတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

ထိုတက္ကသိုလ်ပြည် မင်းကြီးဟာ အဂတိလေးပါးမလိုက်စား၊ မင်းကျင့်တရားဆယ်ပါး မပျက် ပြားစေပဲ တရားနှင့်ညီစွာ တိုင်းပြည်ကို အုပ်ချုပ်တော်မူသဖြင့် တိုင်းပြည်လဲသာယာ လူတွေလဲချမ်း သာကြလေသတဲ့ ။

ကာမဂုဏ်ငါးပါး အာရုံများဖြင့် ဘီလူးမတွေ ဘယ်လိုပင်ဖျားယောင်းသော်လဲ မိမိကိုယ်ကို မတိမ်းစောင်းအောင် ထိန်းကျောင်းစောင့်ရှောက်ခဲ့သည့် အကျိုးကြောင့် အမျိုးမျိုးဆန်းပြား ထူးခြားလှသော ဘုရင်မင်းအဖြစ်သို့ ရောက်ရှိရသော အလောင်းတော်သည် ရာဇပလ္လင်ထက်၌ နေထိုင်ကာ မိမိ၏ စည်းစိမ်ချမ်းသာကို ကြည့်ရှုယင်း-

ဝိရိယံနာမ မေတံ သဗ္ဗေဟိ ကတ္တဗ္ဗ မေဝ“ ဟူ၍ ဥဒါန်းတော်ကျူးရင့်လေသတဲ့။

သဗ္ဗေဟိ၊ ထူး သောအကျိုး ရည်မြှော်ကိုးသည့် အဘိုးထိုက်စွာ သတ္တဝါတို့သည်။ တေံဝိရိယံနာမ၊ ရည်မှန်းသည့်အလျှောက် ခရီးရောက်အောင် နောက်သို့မဆုတ် ဤအားထုတ်ခြင်း ဝိရိယမည်သည်ကို။ ကတ္တဗ္ဗမေဝ- လှေခွက်ချည်းကျန် အလံမလှဲ့,ဇွဲနဘဲဖြင့်, စွဲမြဲပုံသေ, ပြုအပ်လေ သည်သာတည်း။

လောကီရေးမှာဖြစ်စေ, လောကုတ္တရာ တရားဓမ္မရေးမှာဖြစ်စေ ထူးထူးခြားခြား အကျိုး များကိုလိုလားသောသူများသည် မိမိတို့ရည်မှန်းသော ပန်းတိုင်သို့ မရောက် ရောက်အောင်ဇွဲလုံ့လ သန်သန်ဖြင့် မှန်မှန်ကြီး ကြိုးစားကြရပေလိမ့်မယ်။ ယင်းကဲ့သို့ ဇွဲလုံ လသန်သန်ဖြင့် မှန်မှန်ကြိုးစား ပြုလုပ်ပါလျှင် မိမိတို့ ရည်မှန်းထားသည့်အတိုင်း တနေ့နေ့မှာ ဧကန်မုချ ရောက်ကြရကြမည်သာ ဖြစ်ပါတယ်။

ရှင်တော်မြတ်ဘုရားသည် ယင်းကဲ့သို့ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းဟောကြားတော် မူပြီးလျှင် ဘုရားဖြစ်တော်မူသောအခါ ဤတရားဒေသနာဂါထာကို ဆက်စပ်တဖန် ဟောကြား တော်မူပြန်ပါတယ်။

သမတိတ္တိကံ အနဝ သေသကံ၊ တေလပတ္တံယထာ ပရိဟရေယျ။

ဧဝံသစိတ္တ မနုရက္ခေ၊ ပတ္ထယာနော ဒိသံအဂတပုဗ္ဗံ။ (ဇာတကပါဠိ)

ပုရိသော၊ ရာဇဝတ်ရေး, မင်းပြစ်ဘေးမှ, ကင်းဝေးလိုငြား, ယောကျ်ားတယောက်သည်။ သမတိတ္တိကံ၊ မျက်နှာရေးထိ, တည်ရှိပြည့်ဝ, အနားရေးနှင့် အမျှဖြစ်သော။ အနဝသေသကံ၊

နောက်ထပ်ဖြည့်ရန်, တရန်တစိ, အကြွင်းအကျန်မရှိသော။ တေလပတ္တံ၊ ထည့်ထားလေဘိ, နှမ်းဆီရှိသောခွက်ကို။ ပရိဟရေယျယထာ၊ တစက်ခန့်မျှ, ဖိတ်မကျအောင်, မြဲနှောင့်သတိ, ရွက်ဆောင်လေဘိသကဲ့သို့။ ဧဝံ၊ ထိုသူယောကျ်ား, မခြားနားမူ, နည်းအတူ။ အဂတပုဗ္ဗံ၊ ကပ္ပါကပ္ပါ, ဘဝါဘဝါဝယ်, တကြိမ်တခါမျှ, မရောက်ကြရဘူးသော။ ဒိသံ၊ ကိလေသာရန်, ပူပန်ခပ်သိမ်း, ကင်းငြိမ်းရာမှန်, ပြည်နိဗ္ဗာန်ဟု, ထုဘ်ပြန်ခေါ်အပ်, နိဗ္ဗူရပ်ကို။ ပတ္ထယာနော၊ ပါရမီဉာဏ်, အမြင်မှန်ဖြင့်, ရည်သန်တောင်းတ,သော သူသည်။ သစိတ္တံ၊ ထိုထိုအာရုံ, မွေ့ထုံပျော်ပါး, တရားမယှဉ်, မိမိ၏ စိတ်အစဉ်ကို။ အနုရက္ခေ, အနုရက္ခေယျ၊ ထိုဉ်ရွေ လျှောက်လျက်၊ ပြေးမထွက်အောင်, သတိဆောင်ကာ, စောင့်ရှောက်ရာသတည်း။

အနမတဂ္ဂသံသရာတခွင်၌ဝယ် အန္တဗာလ ပုထုဇဉ်တစုံတယောက်မျှ အိပ်မက်၌ပင် မမြင်ဘူး မရောက်ဘူးသော အရပ်ဆိုသည်မှာ နိဗ္ဗာန်အရပ်ကိုပင် ခေါ်ဆိုခြင်း ဖြစ်ပေတယ်၊ ယခု တရားနာ ပရိသတ်အားလုံးဟာ လူ့ဘုံနတ်ရွာ ဗြဟ္မာ ၂၀ ပါ မကျန်ရအောင် ရောက်ဘူးကြသည်ချည်းပဲ ဖြစ်တယ်၊ အောက်နယ်ဘုံးမှာ ဆိုလျှင်လဲ အဝီစိတိုးအောင်ရောက်ဖူးကြဒါပါဘဲ၊ သို့သော်လဲ သံသရာနယ်တခွင်မှာ ကျင်လည်ကျက်စား အဒန်ဖန်သွားလာတုန့်ခေါက် ဘုံရွာစုံအောင် ရောက်ခဲ့ဘူး, နေခဲ့ထိုင်ခဲ့ဘူးကြသော်လဲ တကြိမ်တခေါက်မျှ မရောက်ရဘူးသေးသော အရပ်ဆိုဒါ ရှိသေးတယ် (ဒကာကြီး ဦးစိန်ရဲ့)။ အဲဒါကတော့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန်ဖြစ်တဲ့ နိဗ္ဗာန်ပါတဲ့။

အဲဒီနိဗ္ဗာန်ရွှေမြို့ ရောက်တော်မူကြတဲ့ ပုဂ္ဂိုလ်များကြတော့လဲ ဒီလောကီလူ့ဘုံ ကရွတ်ခြုံသဖွယ် ဒုက္ခနယ်ကို ပြန်လာတော့မယ် မဟုတ်ဘူးနော်၊ လောကီဘုံသားတွေကသာ မိမိတို့ လောကီဘုံနယ်ကို ခုံမင်တွယ်တာနေကြတာဖြစ်တယ်။

တကြိမ်တခေါက်မျှမရောက်ဖူးသေးတဲ့ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ ထိုနိဗ္ဗာန်ကို လိုလားတောင့်တသောသူဟာ ကာယဂတာသတိခေါ်တဲ့ ရုပ်အပေါင်းဖြစ်သော အမှတ်သတိဖြင့် မပြတ်ရှုမှတ် ပွားများခြင်းအမှုကို ပြုအပ်ပေတယ်။

ယင်းသို့ ရှုမှတ်ပွားများရာမှာ မိမိရဲ့ ထိုထိုဉ်ရွေ အလီလီအာရုံ ကာမဂုဏ်တို့၌ မွေ့ထုံပျော်ပါး အမြဲဘမ်း ကျက်စားပြေးသွားနေသောစိတ်ကို သတိဟူသော ကြိုးဖြင့် ကမ္မဋ္ဌာန်းအာရုံပေါ်မှာ မြဲစွာတည်နေအောင် တုပ်နှောင်ထားကြရပေမယ်။

ယနေ့ ဟောကြားအပ်သော တရားဒေသနာဟာ "ကိုယ့်ကို စောင့်ရှောက် ချမ်းသာရောက်" ဆိုတဲ့အတိုင်း မိမိရဲ့ကိုယ်ကို ကောင်းစွာ လုံခြုံအောင် စောင့်ရှောက်သဖြင့် ချမ်းသာခြင်းကို ရရှိခံစားရပုံအဲကြောင်းကတော့ စုံလင်၍ သွားပေပြီ၊ သို့သော်လဲ ယခု ထုတ်ဖော် ဟောကြားခဲ့တဲ့ ဇာတ်တော်ဟာ ကာယဂတာသတိ အကြောင်းကို ထပ်လောင်း၍ အနည်းငယ်မျှ ဟောရပေလိမ့်မယ်၊ ကမ္မဋ္ဌာန်းတရားဆိုသဖြင့် နားခါး၍လဲ မနေကြနှင့်ဦး၊ မိမိတို့အား– သံသရာဝဋ်ဒုက္ခ အဝဝတို့မှ ကင်းပအေးချမ်းအောင် ပြုစွမ်းနိုင်တာကတော့ ဝိပဿနာ ကမ္မဋ္ဌာန်းတရားပဲ ဖြစ်တယ်ဆိုတာကို သေသေချာချာ သတိချပ်ပြီး အသိမှတ် ပြုထားကြရမယ်။

ရှင်တော်ဘုရားက–ဥပမာပြု၍ ဟောကြားတော်မူခဲ့သည်မှာ–ရဟန်းတို့ ကောင်းခြင်းငါးဝပြည့်ဝဂုဏ်ကြွယ်၊ တိုင်းကြီးမယ်–ဟူ၍ ပြောဆိုသံကို ကြားသဖြင့် လူအံပေါင်းတို့ စုံဝေး လာ

ရောက်ကြ၏။ ဇနပဒကလျာဏီခေါ် ထိုအလှမယ်သည် ကခြင်း, သီချင်းသီဆိုခြင်း၌ အထူးသဖြင့် ကျွမ်းကျင်လိမ္မာတယ်၊ ဇနပဒကလျာဏီခေါ် အလှမယ်သည် ကခုန် သီဆိုပြသည်-ဟု လူအပေါင်းတို့သည် အတိုင်းထက်အလွန် စုဝေးလာရောက်ကြပေတယ်၊ ထိုအခါ သတ်တော့မည့် ရာဇဝတ်သား ယောကျ်ားတယောက်ကို "အမောင်ယောကျ်ား အသင်သည် အနားရေးနှင့် အပြည့်ဖြစ်သော ဆီခွက်ကို ကိုင်ဆွဲ၍ ပွဲကြည့်ပရိသတ်နှင့် ဇနပဒကလျာဏီ အလှမယ်တို့အကြားမှ ဆောင်သွားရပေမည်။

သံလျက်လွတ်ကို ဆွဲကိုင်ထားသော ယောကျ်ားသည်လည်း "အကြင်အရပ်၌ ဆီအနည်းငယ်မျှ ဖိတ်ကျအံ့၊ ထိုအရပ်၌ပင်လျှင် သင့်ဦးခေါင်းကို ဖြတ်ပေအံ့"ဟု သင်၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာ၏၊

ရဟန်းတို့ ငါဟောကြားအံ့သောတရားကို အသင်တို့ အသို့ မှတ်ထင်သနည်း၊ ထိုယောကျ်ားသည် ဤဆီမီးခွက်ကို နှလုံးမသွင်းဘဲ အလှမယ် ဇနပဒကလျာဏီ ဟူသော ပြင်ပအာရုံကြောင့် မေ့လျော့မှု ဖြစ်မည်လော-ဟု မေးတော်မူသဖြင့် "မဖြစ်နိုင်ပါဘုရား"-ဟု ရဟန်းများက ဖြေကြားကြပေတယ်။

ရဟန်းတို့အနက် အဓိပ္ပာယ်ကို သိလွယ်စေခြင်းငှာ ဤဥပမာကိုဆောင်ကာ ဟောကြားအပ်ပေသည်။ ဤနေရာ၌ ယခုဆိုလတ္တံ့သည်ကား-အနက်အဓိပ္ပါယ်ပေတည်း။

ရဟန်းတို့ အနားရေးနှင့် အပြည့်ဖြစ်သော ဆီခွက်ဟူသည် ကာယဂတာသတိခေါ် ရုပ်အပေါင်း၌ဖြစ်သော သတိ၏ အမည်ပေတည်း။

ရဟန်းတို့-ထို့ကြောင့် သင်တို့သည် "ကာယဂတာသတိကို-ငါတို့သည် ပွားများအပ်သည်။ ကောင်းစွာ အားထုတ်အပ်သည်ဖြစ်လတ္တံ့"ဟု ဤသို့ ကျင့်အပ်ပေသည်-ဟု မြတ်စွာဘုရားဟောကြားတော်မူခြင်း ဖြစ်ပေတယ်။ အဲဒါကတော့ ဇနပဒကလျာဏီ သုတ္တန်ကို အကျဉ်းချုံး၍ မြန်မာပြန် ဟောကြားလိုက်ခြင်းပင် ဖြစ်ပါတယ်။

ဤ သုတ္တန်စကားရပ်၌ ဥပမာန-ဥပမေယျတို့ကို ဤသို့ စပ်ဟပ်၍ သိရပါမယ်။

မင်းကဲ့သို့-ကာယ,ဝစီ, မနော သုံးပါးသောကံကို မှတ်သားရမည်ဖြစ်ပါတယ်။

ဦးခေါင်းထက်၌ မိုးထားသော သံလျက်ကဲ့သို့ ကိုလေသာကို မှတ်ထားပါ။

သံလျက်မိုးသော ယောကျ်ားကဲ့သို့ ကာယဂတာသတိ ပွားများသော ဝိပဿနာယောဂီပုဂ္ဂိုလ်ကို မှတ်ထားပါ။

ဆီခွက်ကိုင်သော ယောကျ်ားသည် သတိမြဲစွာထား၍ သွားရသကဲ့သို့ ကာယဂတာသတိ ပွားများလိုသော ယောဂီပုဂ္ဂိုလ်လည်း သတိကို မလွတ်စေပဲ မမေ့မလျော့သဖြင့် ကာယဂတာသတိကို ပွားများရမည်ဖြစ်ပေတယ်။

ကာယဂတာသတိဆိုတာ ဆံပင်မွေးညှင်း အစရှိသော ရုပ်အပေါင်းအစုကို အာရုံပြု၍ ဖြစ်သော သတိကို ဆိုလိုပေတယ်၊ ဆံပင်မွေးညှင်း အစရှိသော ၃၂-ကောဋ္ဌာသကို အသိကပ်၍ ရှုမှတ်ပွားများမှုပင် ဖြစ်ပါတယ်၊ ၃၂-ကောဋ္ဌာသဆိုသော်လဲ မိမိတို့ စွမ်းနိုင်သမျှ ဆံပင် မွေးညှင်း

ခြေသည်း, လက်သည်း, သွား, အရေထူ, အရေပါး-ဟူသော ကေသာ, လောမာ, နခါ,ဒန္တာ ရှုမှတ် ပွားများကြရပေမည်၊ ၎င်းတစ ပဉ္စကကို ပါဠိလိုဖြင့်စေ မြန်မာလိုဖြစ်စေ ကြိမ်ဖန်များစွာ ရွတ်ဖတ်ပေးနေရပါမည်။ ရွတ်ဆိုယင်း-နှလုံးသွင်းဆင်ခြင်မှု စိတ်ထဲ၌ စွဲမြဲသွားသော နှုတ်ဖြင့် ရွတ်ဆိုနေမှု မလိုတော့ပါဘူး။

တလံမျှလောက်သော ငါ၏ ခန္ဓာကိုယ်၌ ဤဆံပင်တို့မည်သည် အဆင်းအားဖြင့်၎င်း, အနံ့အားဖြင့်၎င်း, အသွင်သဏ္ဌာန်အားဖြင့်၎င်း, တည်ရာဌာနအားဖြင့်၎င်း, ဖြစ်ကြောင်းအားဖြင့် ၎င်း၊ မတင့်မတယ်ကုန်-စက်ဆုပ်ဘွယ်သာ ဖြစ်ပေကုန်၏။ ဤကဲ့သို့ပင် မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေထူ အရေပါး-တို့ကိုလည်း စိတ်ထဲ၌ အသိဉာဏ်ဖြင့် စွဲမြဲသွားအောင် ဆင်ခြင်ပွားများရပေမည် ဖြစ်ပေတယ်။

ဤကဲ့သို့ ကာယဂတာသတိကို ပွားများရခြင်းဟာ လွန်စွာကျေးဇူးများလှတဲ့အကြောင်းကို ရှင်တော်မြတ်ဘုရားကို အင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောကြားတော်မူသည်မှာ-

အမတံတေ ဘိက္ခဝေ နပရိဘုဥ္ဇန္တိ၊ ယေ ကာယဂတာသတိံ နပရိဘုဥ္ဇန္တိ၊
အမတံတေ ဘိက္ခဝေ ပရိဘုဥ္ဇန္တိ၊ (အင်္ဂုတ္တရ ၉ ၊ နိပါတ်ပါဠိ)။

ဘိက္ခဝေ၊ ရဟန်းတော်မျိုး-အိုချစ်သားတို့။ ယေ၊အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ဆံပင် အစရှိသော ရုပ်အပေါင်း၌ဖြစ်သော သတိကို။ နပရိဘုဥ္ဇန္တိ၊ ဆင်ခြင်ပွားများသောအားဖြင့် မသုံးဆောင် မခံစားနိုင်ကြလေကုန်။

ဘိက္ခဝေ၊တို့။ယေ၊တို့သည်။ကာယ ဂတာသတိံ၊ကို။ ပရိဘုဥ္ဇန္တိ၊ ဆင်ခြင်ပွားများ ရှုသော အားဖြင့်-ခံစားသုံးဆောင်ကြလေကုန်၏။ တေ၊ တို့သည်။ အမတံ-မသေဆုံးရာ အမြိုက်အရသာကို။ ပရိဘုဥ္ဇန္တိ၊ သာယာရွှင်ပြုံး စားသုံးကြရလေကုန်၏။

ဤကဲ့သို့ အင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်၊ ကဲ....ဤမျှ ဟောကြားပြသခဲ့သဖြင့် မိမိကိုယ်ကို စောင့်ရှောက်ခြင်းကြောင့် ပစ္စုပ္ပန်မှာလဲ အကျိုးများလှတဲ့ အကြောင်းကို ကောင်းကောင်း အသိဉာဏ် ရှင်းလောက်ပေပြီ၊ သို့အတွက် တရားနိဂုံး အဆုံးသတ် ကြပါစို့ရဲ။

ကာယေနသံဝရောသာဓု၊ (ပ)ပဝုစ္စတိ။
ရှေးကနည်းအတိုင်း အနက်ပြန်ပေးပါ။
(အဘိဓမ္မာတပ်၍ တရားအဆုံးသတ်ပါ။)

❁ ❁ ❁

# ကမ္ဘာ့ရန်သူကြီး ၃-မျိုး တရားစာ

လောဘော ဒေါသောစ မောဟော စ၊ ပုရိသံ ပါပ စေတသံ။
ဟိံသန္တိ အတ္တသမ္ဘူတာ၊ တစသာရံဝ သမ္ဖလံ။ ( သဂါထာဝဂ္ဂ သံယုတ္တပါဠိ )

တစသာရံ၊ မြဲမြံတည်တန့် ခိုင်ခန့်လဘိ, မရှိစင်စစ်, အခွံလျှင်အနှစ်ရှိသော ဝါးပင်, ကျူပင်စသောအပင်ကို။ သမ္ဖလံ၊ အစဉ်အမြဲ, မှိုဲပွားကြ, မိမိအသီးသည်။ ဟိံသတိ ဝိနာသေတိ ဣဝ၊ သောက်ထားပြည့်ညွှာ, စာနာမဲ့လျှင်း, ညှင်းဆဲဖျက်ဆီးသကဲ့သို့၊ ဧဝံတထာ၊ ဖြစ်ပျက်ခြင်းရှု, ပမာနှိုင်းယှဉ်, ဤနည်းတူ၊ အတ္တသမ္ဘူတာ၊ မိမိကိုယ်တွင်း, မယွင်းစင်စစ်, ဖြစ်ကြကုန်သော။ လောဘောစ၊ အရာရာကို, တွယ်တာတပ်မက်, နှစ်သက်လိုလား, လောဘတရားသည်လည်းကောင်း။ ဒေါသောစ၊ မိမိသူတပါး, နှင်ပါးအကျိုး, ဖျက်ချိုးဘတ်ငြား, ဒေါသတရားသည် လည်းကောင်း။ မောဟောစ၊ သဘောအမှန်, မနေဉာဏ်ဖြင့်, ဝေဘန်ချင့်ကာ, ကောင်းစွာမိမိ, မသိဆိုးဝါး, မောဟတရားသည်လည်းကောင်း၊ ဣမေ၊ ဤမြော, သုံးမျိုးသုံးစား, ဤတရားတို့သည်။ ပါပစေတသံ- သူ့အတွက်ကိုယ့်ကျိုး, မြှော်ကိုးမသိ, စိတ်ကောင်းမရှိသော။ ပုရိသံ၊ တရားမဲ့စွာ, သတ္တဝါကို။ ဟိံသန္တိ ဝိနာသေန္တိ၊ ညှင်းဆဲဖျက်ဆီးကြလေကုန်၏။ ဝါ၊ သဘောဓမ္မတာ, ဖြစ်တတ်စွာမို့, သေချာမလွဲ, ညှင်းဆဲဖျက်ဆီးကြလေကုန်သတည်း။

အာသဝေါတရား မကင်းကွာသေးတဲ့ သတ္တဝါမှန်သမျှကို အမြဲထာဝရလိုက်လျှက် နှိပ်စက် ဖျက်ဆီးနေတဲ့ တရားသဘောတွေကို ဟောပြောလိုသဖြင့် သံယုတ္တပါဠိတော်လာ ဒီဂါထာကို ရွတ်ဆိုလိုက်ရခြင်းဖြစ်တယ်။

ဒီဂါထာရဲ့ ဆိုလိုရင်းအဓိပ္ပာယ် သဘောကတော့-

တောတောင် အရပ်မှာ ပေါက်ရောက်တတ်တဲ့- အနှစ်သာရမရှိ အကာအတိဖြစ်တဲ့- ဝါးပင်, ကျူပင်တို့ ငှက်ပျောပင် စသည်တို့ကို ထိုအပင်မှာ ပွင့်သီးလာတဲ့ ဝါးသီး, ကျူသီး စသည်တို့က သေကျေပျက်စီးအောင် ဖျက်ဆီး ညှင်းဆဲကြသလိုပင် သတ္တဝါတွေမှာလဲ မိမိတို့ကိုယ် အတွင်းသန္တာန်၌ အမှန်ထင်ရှားစွာ ဖြစ်ပေါ်လာတဲ့ တပ်မက်မှု သဘောရှိသော လောဘတရား။

မိမိအကျိုး, သူတပါးအကျိုးနှစ်မျိုးကို ပျက်စီးအောင် ဖျက်ဆီးတတ်သော သဘောရှိသော ဒေါသတရား။

အမှန်တရားကို ပိုင်းခြားမသိအောင် အမိုက်မှောင်ပမာ ဖုံးဖိကွယ်ကာ ထားတတ်သော တွေဝေခြင်းသဘောရှိသော မောဟတရား။

ဤသုံးပါးသော တရားများဟာ ကောင်းမြတ်သော စိတ်ဓာတ်မရှိသော သတ္တဝါကို အစဉ် အမြဲ ညှင်းဆဲဖျက်ဆီးတတ်တယ်-ဟု ဆိုလိုတဲ့ အဓိပ္ပာယ်တဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

ဒီ လောဘ, ဒေါသ, မောဟ, ဆိုတဲ့ တရားဆိုးသုံးပါးကြောင့်ပဲ လူ့ရောနတ်ပါ ပြဟ္မာအစရှိ တဲ့ ပုပု ရွရွ သတ္တဝါမှန်သမျှတွေဟာ သံသရာစခွင်မှာ အောက်သို့စုန်ဆင်းလိုက် အဆက်ဆန်တက်

လိုက်နှင့် ဖြစ်ချင်တိုင်းဖြစ်, ပျက်ချင်တိုင်းပျက် ဆိုသလို ဖြစ်နေကြရတယ်- မဟုတ်ပါလား။ စဉ်းစားလဲကြည့်ကြပေတော့။

ဒီတရားသုံးပါးဟာ သတ္တဝါတွေကို ဂြိုဟ်မွှေနေတဲ့ တရားတွေဘဲ ဖြစ်တယ်လို့ မှတ်သားထားကြရမယ်။ သံသရာမှ ထွက်မြောက်ခွင့်, လွတ်ခွင့်မပေးပဲ အထက်ရောက်နေသူတို့ကို အောက်သို့သာ အမြဲတန်းဆွဲချနေတဲ့ အစုန်တရားတွေသာ ဖြစ်ပေတယ်နော်။ သို့သော်လဲဘဲ ဒို့သူငါသတ္တဝါတွေက မိမိသဏ္ဍာန်မှာ အမြဲကပ်ပြီး သတ်ဖြတ်နှိပ်စက် နိုင်ထက်ကလူ ပြုမူနေတဲ့ သည်လောဘ, ဒေါသ, မောဟ,ဆိုတဲ့ တရားဆိုး သုံးပါကိုပဲ မခွာနိုင် မခွာရက်အောင် စွဲမက်နေကြတယ်၊ နှစ်သက်နေကြတယ်။ (ဒကာကြီး ဦးစိန်ရှဲ)။

သံသရာတခွင်မှာ အတူယှဉ်ပြီး သွားလာနေထိုင်ခဲ့တဲ့ သံသရာအစမှ ယနေ့ကျအောင်တကွ ပေါင်းဖက်လာတဲ့ တရားသုံးပါးဆိုတော့လဲ နှစ်သက်စွဲလန်းကြရမှာ ဓမ္မတာပဲပေါ့လေ။ သံသရာအစမှ ယနေ့ယခုကျအောင် ရေစက်ဆုံလာကြတာမဟုတ်လား၊ သို့အတွက်ကြောင့် မခွာရက်အောင် စွဲလန်းနှစ်သက်နေတဲ့ တရားသုံးပါးလို့ ခေါ်ဆိုတာပေါ့။

သည်တရားဆိုး သုံးပါးဟာ အလွန်ပင် ကြောက်စရာကောင်းတာဘဲကလား (ဒကာကြီး ဦးစိန်ရှဲ)။ သို့သော်လဲ သံသရာ ကမ္ဘာလဆန်းစက, စပြီး အမြင်စွဲအောင် တွဲပါနေတဲ့ တရားတွေ ဆိုတော့ ပယ်ရှားဘို့လဲ မလွယ်လှပေဘူးပေါ့၊ သူတို့စွဲကပ်ပါနေလျှင်လဲ ဒုက္ခစက်ကွင်းမှ ဘယ်နည်းနှင့်မျှ မလွတ်ကင်းဘူးလို့ အထူးဘဲ သတိပေးပါတယ်နော်။

ကဲ—ဒီနေရာမှာ သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းကြီး၏ မေးလျှောက်ထားချက်နှင့် ဦးပဉ္စင်းတို့ သုံးလောကထွဋ်တင် ဘုရားရှင်၏ ဖြေဆိုမိန့်ကြားတော်မူချက်တို့ကို ငြိမ်သက်စွာ မှတ်မိသွားအောင် နားစိုက်၍ နာယူကြစမ်းပါ၊ ပသေနဒီ ကောသလမင်းကြီးက ရှင်တော်မြတ်ဘုရားထံတော်သို့ ဆည်းကပ် ခစားရောက်လာတဲ့အခါနမှာ—ရိုသေစွာ ရှိခိုးချပြီး ဤကဲ့သို့ လျှောက်ထားလိုက်သတဲ့။

"ကတိနုခေါ ဘန္တေ ပုရိသဿ ဓမ္မာ အဇ္ဈတ္တံဉ္ပဇ္ဇန္တိအဟိတာယ ဒုက္ခာယ
အဖါသုဝိဟာရာယ"(သဂါထာဝဂ္ဂ သံယုတ္တပါဠိ)။

ဘန္တေ၊ ဘုန်းတော်နေလ, ထိန်ထိန်ပသည့် သုံးလောကထိပ်တင်၊ မြတ်ဘုန်းရှင်။ ကတိ။ ရေတွက်ပိုင်းခြား, အစဉ်အားဖြင့်, မှတ်သားတိကျ အဘယ်မျှကုန်သော။ ဓမ္မာ၊ သဘောရင်းမှန် မဖေါက်ပြန်ဘဲ, ကေန်ဆောင်ငြား, တရားတို့သည်။ ပုရိသဿ၊ ယောကျ်ား၏။ ဝါ-မိန်းမယောကျ်ား ခွဲခြားမဆို, ထိုထိုများစွာ, သတ္တဝါ၏။ အဇ္ဈတ္တံ၊ မယွင်းအမှန်, အတွင်းသဏ္ဍာန်၌။ ဉပ္ပဇ္ဇမာနာ၊ ငြိတွယ်စွဲကပ်, မပြတ်ခါခါ, ဖြစ်ပေါ်လာကုန်သည်ရှိသော်။ အဟိတာယ၊ တန်ခိုးမထိန်, ဂုဏ်သိန်ရှ မကြီး,အစီးအပွား, မရှိခြင်းငှာဝင်း။ ဒုက္ခာယ၊ မပြတ်အမြဲ, ဆင်းရဲခြင်းငှာဝင်း။အဖါသုဝိဟာရာယ၊ ဝမ်းမြောက်ကြည်သာ,ချမ်းသာစွာ မနေရခြင်းငှာဝင်း။ဉပ္ပဇ္ဇန္တိနုခေါ၊မလွဲမရှောင်, အမြဲဆောင်ကာ ဖြစ်ကြပါကုန်သနည်းဘုရား။

အရှင်မြတ်ဘုရား- အဘယ်မျှလောက်ကုန်သော တရားတို့သည် လူနတ်ပြဟ္မာ သတ္တဝါတို့၏ အတွင်းသဏ္ဍာန်၌ ကေန်စင်စစ် ပွားများကြကုန်သည်ရှိသော် တန်ခိုးမထိန်, ဂုဏ်သိန်ရှမကြီး, အစီး

အပွား မရှိခြင်းငှာရင်း, ဝမ်းမြောက်ဝမ်းသာ ချမ်းသာစွာ မနေရခြင်းငှာရင်း, ဖြစ်ကြပါသနည်း အရှင်ဘုရား။

ယင်းကဲ့သို့ ကောသလဘုရင် လျှောက်တင်သောအခါ ရှင်တော်မြတ်ဘုရားက-

တယော ခေါ မဟာရာဇ ပုရိသဿ ဓမ္မာ အဇ္ဈတ္တံ ဥပ္ပဇ္ဇန္တိ အဟိတာယ ဒုက္ခာယ-
အဖါသုဝိဟာရာယ။ ကတမေ တယော။ လောဘော ဒေါသော မောဟော ခေါ မဟာရာဇ
ပုရိသဿ ဓမ္မာ-(ပ)အဖါသုဝိဟာရာယ။ (သံယုတ္တပါဠိ)။

မဟာရာဇ၊ သာဝတ္ထိပြည်ရှင် ဘုရင်မင်းမြတ်။ ခေါ၊ စင်စစ်ကေန်,အမှန်သော်ကား။ တယော၊ သရုပ်ပိုင်းခြား, သုံးပါးကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ ပုရိသဿ၊ ယောကျ်ား၏ (ဝါ) မိန်းမ ယောကျ်ား ခွဲခြားမဆို, ထိုထိုများစွာ သတ္တဝါ၏။ အဇ္ဈတ္တံ၊ ၌။ ဥပ္ပဇ္ဇမာနာ (ပ)ဥပ္ပဇ္ဇန္တိ-ကုန်၏။ တယော၊ အမှန်ဖော်သုတ်, သရုပ်ပိုင်းခြား, သုံးပါးတို့သည်။ ကတမေ၊ အစဉ်မမှား အမည်အားဖြင့် အဘယ်တရားတို့ပါနည်းဟူ မူကား-

မဟာရာဇ၊ မြတ်၊ ခေါ၊ စင်စစ်ကေန်, အမှန်အားဖြင့်။ လောဘော၊ သတ္တဝါ သင်္ခါရ, အစစ, အဖြာဖြာ, အရာရာကို, တွယ်တာတပ်မက်, နှစ်သက်လိုလား,လောဘတရားရင်း။ ဒေါသော၊ မိမိ သူတပါးနှစ်ပါးအကျိုး ပျက်ချိုးတတ်ငြား ဒေါသတရားရင်း။ မောဟော၊ သဘောအမှန်၊ မနေဉာဏ်ဖြင့်,ဝေဖန်ချင့်ကာကောင်းစွာမိမိ, မသိဆိုးဝါး, မောဟတရားရင်း ဣတိ၊ဤသို့။ဓမ္မာ၊ လောဘတရားတို့သည်။ ပုရိသဿ၊ ၏။ အဇ္ဈတ္တံ၊ ၌။ ဥပ္ပဇ္ဇန္တိ၊ မလွဲကေန် အမှန်ဖြစ်ကုန်၏။ (ဝါ)အကြောင်းဖြစ်က, အကျိုးရသဖြင့် မချုပ်သေ, ဖြစ်ရလေကုန်တော့သတည်း။

သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရားက သာဝတ္ထိပြည်ရှင် ဘုရင်မင်းမြတ်။ သတ္တဝါ သင်္ခါရတို့အပေါ်၌ တပ်မက်တွယ်တာတတ်သော လောဘတရား, သူ့အကျိုး ကိုယ့်အကျိုး ထိုနှစ်မျိုးကို ဖျက်ချိုးပစ်တတ်သော ဒေါသတရား, သဘောရင်းအမှန်ကို ဝေဖန်ဉာဏ်ဖြင့် အမှန်အရှိကို မသိတတ် တွေဝေတတ်သော မောဟတရား-ဤသုံးပါးသော တရားဆိုးတို့သည် လူရေနတ်ပါ ဗြဟ္မာကြွင်း,ခပင်းများစွာ, သတ္တဝါတို့ အတွင်းသဏ္ဍာန်၌အမှန်ပူးကပ်, ဖြစ်ပွားလတ်သော်, တန်ခိုးမထိန်, ဂုဏ်သိရ်မကြီး အစီးအပွားမဲ့ခြင်းငှာလည်း ဖြစ်ပေသည်။ မပြတ်အမြဲ ဆင်းရဲခြင်းငှာလည်း ဖြစ်ပေသည်။ ဝမ်းမြောက်ဝမ်းသာ ချမ်းသာစွာမနေရခြင်းငှာလည်း စင်စစ်ကေန် အမှန်ပင် ဖြစ်ပေသည်။ ကောသလမည်မှတ် တကာတော် မင်းမြတ်။

ဤကဲ့သို့ ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူတဲ့အခါ တရားတော်ကို ကောင်းစွာ နာကြားရသဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတွေကို ကောင်းစွာသိပြီး မြတ်စွာဘုရားကို ဆည်းကပ် ကိုးကွယ်ခြင်းသို့လည်းရောက်တယ်။ မြတ်စွာဘုရားကို တည်ခြင်း ငါးပါးဖြင့်လဲ ကောင်းမွန်ရိုသေစွာ ဝပ်တွားရှိခိုးခြင်းလဲ ပြုတယ်တဲ့ (ဒကာကြီး ဦးစိန်ရှဲ)။

ဒီကောသလမင်းကြီးဟာ ရှင်တော် မြတ်ဘုရားထံသို့ ရောက်လာခါစ ချဉ်းကပ်ခစားခါစက မြတ်စွာဘုရား၏ဂုဏ်တော် ကျေးဇူးတော်တွေကို ကောင်းစွာ မသိသေးသဖြင့် ဦးနှိမ်ညွတ်

ကျိုး ရှိခိုးခြင်းအမှုကိုမပြုသေးဘူးတဲ့၊ ဝမ်းမြောက်ဝမ်းသာမှုကိုပြုပြီး လိုရာကိုသာလျှောက်ထား လေသတဲ့။

သူတို့ရဲ့ ခေတ်ကာလက မဟာကဝိ ပညာရှိကြီးတွေ ဂိုဏ်းဆရာကြီးတွေ ဘုရားအမည်ခံယူ နေတဲ့ ဘုရားကြီးတွေကလဲ အလွန်ပေါများတဲ့ ခေတ်ကာလကြီးပဲ မဟုတ်လား။ သို့အတွက် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ ဘုရင်ရော တိုင်းသူပြည်သားများပါ မိမိတို့ သိလိုရာကို ထိုထို ပညာရှိကြီးများထံသို့ ချဉ်းကပ်ပြီး မေးမြန်းကာ မှတ်သားနာယူကြခြင်းဖြစ်တယ်။

အဲဒီ ဆရာကြီးတွေ ဘုရားကြီးတွေ အများအပြားတွင် ဦးပဥ္စင်းတို့ရဲ့ ရှင်ဘော်မြတ်ဘုရား ကတော့ သဗ္ဗညု အလုံးစုံကို အကုန်သိသူအဖြစ်ဖြင့် အထူးပင် ထင်ရှားကျော်ကြားတော်မူတယ်။ ကောသလမင်းကြီးကလဲ မိမိကြံစည် စဉ်းစားမိတဲ့ အကြောင်းအရာကို မြတ်စွာဘုရားထံသို့သွားကာ လျှောက်ထား မေးမြန်းတော့ ရှင်တော်မြတ်ဘုရားရဲ့ ဖြေကြားတော်မူချက်ကို အလွန်ပင် နှစ်သက် သွားသတဲ့။ သို့အတွက်ကြောင့် ရတနာသုံးပါးအား ဆည်းကပ် ကိုးကွယ်မှု သရဏဂုံကို ဆောက် တည်ကာ မြတ်စွာဘုရားကို ရိုသေစွာ တည်ခြင်းငါးပါးဖြင့် ညွှတ်တွားရိုကျိုး ရှိခိုးခြင်း ပြုလေ သတဲ့။

သာဝတ္ထိပြည့်ရှင် ဘုရင် ကောသလမင်းကြီး သရဏဂုံ တည်လာတာ ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်လာတာဟာ ရှင်တော်မြတ်ဘုရားထံမှာ ကိုယ်တွင်း ရန်သုံးပါး တရားကို ကြားနာရခြင်း ကြောင့်ပဲလို့ စွဲစွဲမြဲမြဲမှတ်သားထားသင့်တယ်နော် (ဒကာကြီး ဦးစိန်ရှဲ)။

မြတ်စွာဘုရားက ကိုယ်တွင်း ရန်သုံးပါး နှိပ်စက်ဖျက်ဆီးပုံကို "တစသာရဝ သမ္ဗလံ– အခွံအကာ လျှင် အနှစ်ရှိသော ကျူပြင် ဝါးပင် စသည်ကို မိမိ၏အသီး (ကျူသီး ဝါးသီး) သည် နှိပ်စက်ဖျက်စီးသကဲ့သို့" ဟူ၍–ဥပမာဆောင်ကာ ဟောကြားတော်မူခဲ့တယ်နော်၊ ဒီကျူပြင် ဝါးပင် တို့ရဲ့ သဘောတရားကို သေသေချာချာလဲ စဉ်းစားကြည့်ကြဦး၊ ကျူပြင် ဝါးပင် သေဆုံးသွားရ တော့တာဘဲ မဟုတ်လား။ မိမိအသီးက ထိုကျူပြင်ကို နှိပ်စက်ဖျက်ဆီး သတ်ဖြတ်ပစ်လိုက်တာဘဲ မဟုတ်လား။

အဲဒီတော့ ဒီကျူသီး ဝါးသီးတို့ရဲ့ သဘောတရားကိုလဲ သေသေချာချာ စဉ်းစားကြဘို့ လိုပေသေးတယ်၊ ကျူသီး ဝါးသီးများဟာ အသီးသီးလာပြီဆိုယင်–မိမိတို့မှီပြီး ပွင့်သီးလာတဲ့ ကျူပြင် ဝါးပင်ကို တခါတည်း အသက်ပါ သေဆုံး၍ ပျက်ပြုံးသွားအောင် နှိပ်စက်ဖျက်စီးတတ် တယ် မဟုတ်လား။

သို့အတွက်ကြောင့် မိမိတို့ မှီရာကို ဖျက်ဆီးတတ်တဲ့ အရာများကို ရှင်တော်ဘုရား ဟောကြား ခဲ့သည်မှာ–

ဖလံ ဝေ ကဒလိံ ဟန္တိ၊ ဖလံ ဝေဠုံ ဖလံ နဠံ။

သက္ကာရော ကာပုရိသံ ဟန္တိ၊ ဂဗ္ဘော အဿတရိံ ယထာ။

(အင်္ဂုတ္တိုရ်ပါဠိ၊ ၁-၃၀၅၊ သံ-၁-၁၅၆)

ဝေ၊ စိတ်သာချတော့, မုချကေန်, အမှန်တကယ်။ ဖလံ၊ ငှက်ပျောပင်မှ, ဖွားမြင်ပွားစီး, ငှက်ပျောသီးသည်။ ကဒလိ၊ မိမိမှီရာ, ကောင်းစွာဖြစ်စဉ်, ငှက်ပျောပင်ကို။ ဟန္တိယထာ၊ မြဲစွာပူးကပ်, သေအောင်သတ်သကဲ့သို့ရင်း။

ဖလံ၊ ဝါးအပင်မှ, ဖွားမြင်ပွားစီး, ဝါးအသီးသည်။ ဝေဠုံ၊ မိမိမှီရာ, ကောင်းစွာဖြစ်စဉ်, ဝါးအပင်ကို။ ဟန္တိယထာ၊ မြဲစွာပူးကပ်, သေအောင်သတ်သကဲ့သို့ရင်း။

ဖလံ၊ ကျူအပင်မှ, ဖွားမြင်ပွားစီး, ကျူအသီးသည်။ နဠံ၊ မိမိမှီရာ, ကောင်းစွာဖြစ်စဉ်, ကျူအပင်ကို။ ဟန္တိယထာ၊ မြဲစွာပူးကပ်,သေအောင်သတ်သကဲ့သို့ရင်း။ ဂဗ္ဘော၊ အဿတိုရ်ဟု, ခေါ်ဆိုကြငြား,မြင်းသားငယ်သည်။ အဿတရိံ၊ အဿတရီ-သည်ခေါ်ဘိ,အမိမြင်းမကို။ ဟန္တိယထာ၊ မြဲစွာပူးကပ်,သေအောင်သတ်သကဲ့သို့ရင်း။ သက္ကာရော၊ ထင်ပေါ်ကြော်ကြား,ချွေရံများကာ,ထင်ရှားဂုဏ်ဝါ,လာဘ်ပူဇော်သက္ကာသည်။ ကာပုရိသံ၊ အကျင့်ဆိုးပုပ်, ယောကျ်ားယုတ်ကို။ (ဝါ) ဘုရားအယူ,အမှားဟူ၍, ဥာဏ်မူချွတ်ယွင်း, သိမ်ဖျင်းလှစွာ, သူယုတ်မာကို။ ဟန္တိ၊ မြဲစွာပူးကပ်, သေအောင် သတ်လေ၏။ (ဝါ) ဟန္တိ၊ သံချိပ်မျိုမှား, ငါးအလားသို့, ရှည်လျားကာလ, ဆင်းရဲရအောင်, မုချ ပုံသေ, သတ်ဖြတ်လေသတည်း။

ဆိုလိုရင်း အဓိပ္ပာယ်ကတော့–ငှက်ပျောသီးသည် ငှက်ပျောပင်ကို ဖျက်ဆီးသတ်ဖြတ်တယ်၊ ဝါသီးသည် ဝါပင်ကို ဖျက်ဆီး သတ်ဖြတ်တယ်၊ ကျူသီးသည် ကျူပင်ကို ဖျက်ဆီးသတ်ဖြတ်တယ်၊ အဿတိုရ်မြင်းခေါ်တဲ့ လားမြင်းသည် ကိုယ်ဝန်တည်သောအခါ မိခင် အဿတိုရ်မြင်းမ (ဝါ) လားမြင်းမကို ကောင်းစွာ မမွေးဖွားနိုင်သဖြင့် ဝမ်းဗိုက်ခွဲကာ မွေးဖွားရသောကြောင့် မိခင် အဿတိုရ်မြင်းမ (ဝ ) လားမြင်းမကို ဖျက်ဆီး သတ်ဖြတ်တယ်-ဟု ဆိုရပေတယ်၊ လာဘ် ပူဇော် သက္ကာရ ပေါများခြင်း, တန်ခိုးသတင်း ကျော်စောခြင်းသည်လည်း ယုတ်မာသော ယောကျ်ားကို ဖျက်ဆီး သတ်ဖြတ်ခြင်းပင် မည်တယ်-ဟု မှတ်ရပေမယ်တဲ့။

ကဲ–ကဲ–လွယ်လွယ် ကျဉ်းကျဉ်းနဲ့ လိုရင်းကို မှတ်သားနိုင်အောင် ဒီ လင်္ကာလေးများကိုပဲ ဆောင်ထားကြပေတော့။

ဆောင်ပုဒ် ၁။ ငှက်ပျော,ကျူ,ဝါး၊ သီးပင်များ၊ သီးကားအပင် သတ်လေသည်။
၂။ အဿတိုရ်မြင်း၊ သားဖွားယင်း၊ မယွင်း သေရသည်၊
၃။ ယောကျ်ားယုတ်မာ၊ လာဘ်ပူဇာ၊ မှန်စွာ သေဘေးမည်။
၄။ မှီရာသတ်ငြား၊ ဤငါးပါး၊ ဘုရားဟောခဲ့သည်။

တရားနာယူကြတယ်ဆိုတာ "အသုတံ သုဏာတိ" ဟူသော တရားတော်နာရခြင်း အကျိုးငါးမျိုးမှာ လာတဲ့အတိုင်း မကြားနာရဘူးသေးတာကို ကြားနာ မှတ်သားရခြင်းဟာလဲ တရားနာရခြင်းအကျိုး တပါးပဲတဲ့၊ သို့အတွက် စွဲစွဲမြဲမြဲ မှတ်သားထားကြပေတော့။

ဒီ လောဘ,ဒေါသ,မောဟ-ဆိုတဲ့ တရားဆိုးများဟာ မိမိတို့ စွဲမှီ၍ ဖြစ်ရာပုဂ္ဂိုလ် အကျိုးမဲ့ ပျက်စီးအောင် ဖျက်ဆီးသတ်တဲ့သဘော ရှိကြောင်းကို ဥပမာနှင့်တကွ ဖော်ပြခဲ့ပြီးဖြစ်သဖြင့် နားရှင်းလောက်ပါပြီနော်၊ ကဲ–ယခုတော့ ဒီ လော,ဒေါ,မော-တရားသုံးပါးဖြစ်ပွားသဖြင့် ပျက်ပြားရပုံကို ဝတ္ထုသာဓက ဇာတ်စုံပြပြီး ဟောကြရလိမ့်မယ်။

ယခုပြောခဲ့တဲ့ လောဘ, ဒေါသ, မောဟ-တရားသုံးပါးတို့တွင် လိုချင်လောဘ ဖြစ်ပွားတယ်၊ တပ်မက်မှုခေါ် ရာဂဖြစ်တယ်ဆိုတာ အကြောင်းမဲ့သက်သက် ဖြစ်ပေါ်လာတာမဟုတ်ဘူးနော်၊ လောဘ ဖြစ်ပွားတယ်ဆိုတာ အကျဉ်းအားဖြင့် အကြောင်း ၂-ပါး ရှိတယ်လို့ မှတ်သားထားကြရမယ် (ဒကာကြီး ဦးစိန်ရှဲ)၊ အဲဒီ လောဘဖြစ်ကြောင်း ၂-ပါးကတော့—

၁။ သုဘနိမိတ္တ- ဣဋ္ဌာရုံဟု ဆိုအပ်သော သုဘနိမိတ်ရှိခြင်း၊

၂။ အယောနိသော မနသိကာရ-မိမိက မသင့်မတင့်သောအားဖြင့် နှလုံးသွင်းမိခြင်း

ဟူသော အကြောင်း ၂-ပါးကြောင့် လောဘခေါ် ရာဂ ဖြစ်ပွားတတ်တယ်တဲ့။

ဒီ အကြောင်း ၂-ပါးမှာ တပါးပါးချွတ်ယွင်းခဲ့ယင်တော့ လောဘ, ရာဂ မဖြစ်ပွားတတ်ပါဘူး။

သုဘနိမိတ်ခေါ်တဲ့ ကောင်းမြတ်လှစွာသော အာရုံနိမိတ်ရှိပေမဲ့ မိမိက ယောနိသော မနသိကာရ-ဆိုတဲ့ သင့်တင့်အောင် နှလုံးသွင်းတတ်ယင် လောဘ မဖြစ်နိုင်ဘူးတဲ့၊ နောက် မိမိက ယောနိသော မနသိကာရ မရှိ, အသင့်အတင့် နှလုံးမသွင်းတတ်တောင်မှ တွေ့မြင်ရသော အာရုံက အလိုမရှိအပ်သော အနိဋ္ဌာရုံ အသုဘနိမိတ် ဖြစ်နေပြန်လျှင်လဲ လောဘတဏှာ မဖြစ်ပွားနိုင်တဲ့ အကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်မှာ ရှင်တော်ဘုရား ဟောကြားခဲ့တာ အထင်အရှားရှိတယ်နော်၊ ကဲ-အဲဒီတော့ ဒီလို လွယ်လွယ်သာ မှတ်ထားကြပေတော့။

ဆောင်ပုဒ် ၁။ အာရုံကကောင်း၊ စိတ်မကောင်း၊ အကြောင်း ၂-ရပ်ပေ။

၂။ လောဘ,ရာဂ ဖြစ်ပွားရ၊ ဗုဒ္ဓ မိန့်ခွန်းချေ။

(သင့်တင့်နှလုံး၊ သူတော်သုံး၊ ကျင့်သုံး ပြုကောင်းပေ။)

ယခုဟောခဲ့တဲ့ လောဘတရားဆိုးဟာ မိမိမှိုရာ, သတ္တဝါကို, ခုရော နောင်ပါ, မကွာနိစ္စဲ, ညှင်းဆဲ နှိပ်စက်တတ်တယ်, သတ်ဖြတ်တတ်တယ် ဆိုတဲ့အကြောင်းနှင့်ပတ်သက်ပြီး နိပါတ်တော်လာ ဇာတ်ကွက်ကလေး ဖော်ပြပေးမှသာလျှင် တရားနာပရိသတ်တို့ နှလုံးခေတ် စိတ်အစဉ်မှာ စိမ့်ဝင်၍ သွားအောင် မှတ်သားနိုင်ကြပေလိမ့်မယ် နော်၊ လောဘတရားဆိုတာ ယခု ပစ္စုပ္ပန်ကာလမှာလဲ ကောင်းကျိုးမပေး, သံသရာခေါ် နောင်ဘဝမှာလဲ ကောင်းကျိုးမပေးပဲ ပူးကပ် ညှင်းဆဲနေတဲ့ တရားပါကလားလို့ ဉာဏ်အမြင် သမ္မဇဉ်ယှဉ်ထား၍ မှတ်သားကြဘို့ပါပဲ၊ သို့အတွက် တရားနာပရိသတ်တို့ အထူး မှတ်သားလို့ လွယ်ကူတဲ့ ဇာတ်လမ်းကို မှတ်တမ်းတင်ကြရအောင်၊ နာသောတထောင်ကြပါတော့။

## လောဘကြီးလို့ ပျက်စီးရပုံ
## သေရိဝ ဝါဏိဇ ဇာတ်

ရှေး လွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်ပါလျှင် ငါးကမ္ဘာအထက်၌ သေရိဝ-ဟု နာမပြန့်လှိုင်း, မင်းနေတိုင်းတွင် ဦးပဥ္စင်းတို့ရဲ့ ဘုရားအလောင်းတော်ဟာ လည်ရှဲ(ဆွဲ) ကုန်သည် ဖြစ်ခဲ့ဘူးတယ်၊ အလောင်းတော် ရှဲကုန်သည်(လယ်ဆွဲကုန်သည်)ဟာ သေရိဝ အမည်ရှိသော အလိုရမက်, နှိပ်စက်ဖျက်ဆီး, လောဘကြီးသော ရှဲကုန်သည်တဦးနှင့်အတူ ကုန်ရောင်းခြင်း

အကျိုးငှာ သွားတဲ့အခါ နီလဝါဟ အမည်ရှိတဲ့ မြစ်ကို ကူးပြီး အရိဋ္ဌပူရ အမည်ရှိတဲ့ မြို့ကို ရောက် လာကြတယ်တဲ့၊ ဒီ အရိဋ္ဌပူရမြို့ကိုရောက်၍ မြို့တွင်းဝင်ကာ ရွှေကုန်ရောင်းရန်အတွက် မြို့တွင်းရှိ လမ်းများကို ပိုင်းခြား ဝေခွဲကြပြန်တယ်တဲ့၊ "အသင်က ဤလမ်းမှာ ဝင်ထွက်သွားလာ၍ ရောင်း လေ၊ ကျွန်ုပ်ကား ထိုဘက်လမ်းမှာ ဝင်ထွက်သွားလာ၍ ရောင်းမည်" ဟု ပိုင်းခြား ဝေခွဲကြတယ် ပေါ့လေ။

အဲဒီလို လမ်းများကို ခွဲဝေကြပြီး မိမိရရှိသောလမ်းများဖြင့်သာ ရွှေကုန်ဘဏ္ဍာကိုလှည့်လည် ရောင်းလျက် သွားလာကြတယ်၊ သေရိဝ ရွှေကုန်သည်, သည်လည်း မိမိရရှိတဲ့ လမ်းကို သွားကာ ရောင်းချလေတယ်တဲ့။

ဒီ အရိဋ္ဌပူရမြို့မှာ ကဦးသောသူဌေးမျိုးဟာ ရှိသမျှပစ္စည်းများ ပျက်စီးဆုံးရှုံးကာ မွဲပြာကျ တဲ့ဘဝသို့ ရောက်နေရှာသတဲ့၊ သားသမီး, ညီအကိုအားလုံးလဲ သေကျေ ပျက်စီး, ပစ္စည်းဥစ္စာလဲ ကုန်ဆုံးကြသဖြင့် မြေးငယ် မိန်းကလေးတဦးနှင့် အဖွားကြီးဘယောက်သာလျှင် ကြွင်းကျန်ရစ် တော့တယ်တဲ့၊ မြေး အဖွား နှစ်ယောက်ဟာလဲ သူတပါးအိမ်တွင် အခစားလုပ်ကာ အသက်မွေးကြ ရရှာတယ်၊ ဟိုယခင်က အဘယ်မျှလောက် အထက်တန်းကျကျ, မျက်နှာပန်းလှလှနှင့် နေထိုင်လာခဲ့ ကြရပါသော်လဲ ယခုလို ဥစ္စာကုန်ဆုံး, လူသုံးမလှ, မွဲပြာကျသောဘဝသို့ ရောက်ကြတဲ့အခါ ကြိုက် မရှက်, ငိုက်မရှက်, ဝတ်မရှက်-ဆိုတဲ့ မရှက်ခြင်းသုံးပါးတွင် ဝတ်မရှက်ဆိုတဲ့အတိုင်း ယခုလိုအခါမှာ မရှက်နိုင်ကြရှာတော့ဘူး၊ အသက်မသေရုံ စားသောက်နေထိုင်နိုင်ရေးအတွက် သူတပါးအိမ်မှာပဲ အခစား ဝင်ကာ လုပ်ကြရရှာတော့တာပေါ့၊ လောကီ သုခ, အနိစ္စ ဆိုတာ ဒီဌကို မှန်ပါကလား နော် (ဒကာကြီး ဦးစိန်)၊ သို့အတွက်ကြောင့် လောကီနယ်တခွင်မှာ သုခချမ်းသာလို့ မြင်နေ ကြတဲ့ ရွှေ, ငွေ, ဆန်, မြင်း, မယ်ငွင်းကြီးပွား, သမီး, သား အစရှိတဲ့ ဥစ္စာရတနာတွေကို အမြဲလိုလို အထင်မှားပြီး မော်မယ်, ကြွားမယ်, ပျော်ပါးမယ်နဲ့ အချိန်အရွယ်လွန်ခါကျမှ သံဝေဂ မများကြရ အောင် တရားနဲ့ ပျော်ကြဘို့ လိုဘယ်နော်၊ ကဲ—

လောကမှိ ဟိရညာဒီနိ၊ ဝိနဿန္တိ အနိစ္စတာ။
နိသိဒိတုံ တန္ဒိဿာယ၊ မာနထဒ္ဓါ ဟိ နယုတ္တာ။ (ရစနာဂါထာ)။

လောကမှိ၊ ထူးတင့်စပ္ပါယ်, မြူးဝင့်ကြွယ်သဖြင့်, ရှုဘွယ်မငြီး, လောကကြီး၌။ ဟိရညာဒီနိ၊ အမျိုးသူငါ, ချမ်းသာစွာဖြင့်, လိုရာကိစ္စ, ပြီးမြောက်ရအောင်, မချဆောင်ပေ, ငွေရွှေအစ,များလှ ဖြာဖြာ, စည်းစိမ်ဥစ္စာ, ရတနာတို့သည်။ အနိစ္စတာ၊ ခိုင်ခိုင်စွဲစွဲ, မမြဲကြလေသောကြောင့်။ဝိနဿန္တိ၊ အကြောင်းစုံစွာ, ဖြစ်ပေါ်လာပြီး, မြန်စွာအသီးသီး, ပျက်စီးကြလေကုန်၏။ တန္ဒိဿာယ၊ မြဲမြဲ ခိုင်ခြင်း, မရှိလျှင်းသည့် တွင်းပြင်ဥစ္စာ, ထိုရတနာကို, ကောင်းစွာတည်မှု, အမှီပြု၍။ မာနထဒ္ဓါ၊ တမိုးအောက်တွင်, တယောက်ထင်၍, မာန်ဝင်မြူးကြွ, ခက်ထန်ကြကုန်လျက်။ နိသိဒိတုံ၊ ကောင်း ရာမရှု, ကောင်းမှုမယှဉ်, သမ္ပဇဉ်ကင်းကွာ, နေခြင်းငှါ။နယုတ္တာ၊ သေချာစွာတွေး, ကိုယ့်အရေး မို့, အေးအေးစိတ်သား, တရားချင့်မျှော်, မသင့်လျော်ကုန်သည်သာလျှင်တည်း။

ထူးထွေဆန်းပြား ပျော်ပါးဘွယ်အစုံ ပြည့်စုံ ပေါများလှတဲ့ ဒီလောကကြီးမှာ-ရွှေ ငွေ ဥစ္စာရတနာ အသီးသီး သားသမီးစသော အခြွေအရံများပါ ဥစ္စာရတနာမှန်သမျှ ခိုင်မြဲခြင်း

အလျှင်းမရှိသဖြင့် ပျက်စီးရခြင်း ဖြစ်ကြရတာကို ဘယ်သူဘယ်ဝါ ဘယ်ပြဟ္မာမှ-တားဆီး ကွယ်ကာ၍မရနိုင်ပါဘူး။ ယင်းကဲ့သို့ ခိုင်မြဲမှုမရှိသော ရွှေငွေအစ များပြားလှစွာ ရတနာတို့ကို ဒေါမှီပြုပြီးလျှင် မာနဝင် ထောင်လွှားခက်ထန်စွာ ရမ်းကားချဘရားမဲ့စွာ နေခြင်းဟာ မသင့်လျော်ရတဲ့အကြောင်းကို ရွှေစိတ်တော်သတိမေ့စောင်းစေတဲ ကောင်းကောင်းကြီး မှတ်ကြရမယ်တဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

ပစ္စည်းဥစ္စာ ရတနာတို့သဘောဟာ နေ့အခါမှာ လူကို(ဥစ္စာရှင်ကို) မြှောက်ပြီး ညအခါကြပြန်တော့-ချောက်တတ်တဲ့သဘောရှိတယ်၊ ရွှေငွေဥစ္စာ ရတနာပေါများတဲ့ သူများဟာ နေ့အချိန်ခါမှာဆိုလျှင်-ပျော်ပါးမယ်, မော်ကြွားမယ်, သောက်စားမယ်နဲ့ ဖောက်ပြားလိုက်ကြတာနော်-မပြောပါနဲ့တော့။ ညအချိန်အခါကြရင်တော့ သူခိုးလာခိုးမှာလား, ဓားပြ လာပြီး တိုက်မှာလားနဲ့ စိုးရိမ်လိုက်ကြရတာ, ကြောင့်ကျလိုက်ကြရတာဟာ မပြောပါနဲ့တော့။

သို့အတွက်ကြောင့် ပစ္စည်းဥစ္စာ ရတနာများဟာ (ဥစ္စာရှင်ကို) နေ့အခါမှာ မြှောက်တတ်တယ်၊ ညအခါမှာ ချောက်တတ်တယ်ဆိုတာ တကယ်မှန်ပါကလား-ဟု ထင်ရှားစွာ တွေ့မြင်နေရတယ် မဟုတ်ပါလား။ ယခုလို ခေတ်ကာလမှာဆိုလျှင် ပိုလို့ပင် ဆိုးသေးတယ်- ဆိုရမှာပေါ့လေ-တဦးနှင့်တဦး ညှာတာမှု, ကိုယ်ချင်းစာမှု ဆိုတဲ့ သူတော်ကောင်းတရားတွေ မထားကြတော့ဘဲ ထင်သလို ကြဲနေကြတော့တာပဲ မဟုတ်လား (ဒကာကြီး ဦးစိန်ရဲ့)။

ဒီရွှေ,ငွေ, ဥစ္စာရတနာဆိုတာ မရှိလဲခက် ရှိလဲခက်ပဲနော်၊ ကဲ ကဲ စီးပွားဥစ္စာ ရတနာအကြောင်း သိကောင်းစရာ ဂါထာတပုဒ် ငွတ်လိုက်ရဦးမယ်၊ သာဓု သုံးပြိုင် ခေါ်ကြပေတော့။

လောကမှိ ဓနိကေ ဒိနေ၊ ပဂ္ဂဟန္တိ နေသနိစ။
ရတ္တိကာလေ ဥတ္တာသေန္တိ၊ သော ဟိ လောက ဓမ္မတာ(ရစနာ)။

လောကမှိ၊ အဖြစ်အပျက်, နိုပ်စက်စုပုံ, ဤလောကဓိဘုံ၌။ ဓနာနိ၊ ရွှေ, ငွေ, စိန်,ကျောက်, ထိန်တောက်ဝင်းစွာ, စည်းစိမ်ဥစ္စာ, ရတနာတို့သည်ကား။ ဓနိကေ၊ နဖူးချွေးက, ခြေမကျအောင်, လုပ်ဆောင်စုစည်း, သိမ်းဆည်းညှိဋ္ဌင်, ဥစ္စာရှင်တို့ကို။ ဒိနေ၊ လင်းရောင်ဝေဖြာ, နေ့ခင်းအခါ၌။ ပဂ္ဂဟန္တိ၊ ဝတ်ဆင်ပျော်ပါး, မော်ကြွားပြီးမြှောက်, ခရီးရောက်အောင်, ချီးမြှောက်ကြလေကုန်၏။ ရတ္တိကာလေ၊ လင်းရောင်ကင်းပြန်, လူသံကင်းဆိပ်, မှောင်ရိပ်ကျလာ, ညအခါ၌။ ဥတ္တာသေန္တိ၊ ဓားပြခိုးသူ, ဆူပူထကြွ, ဟူသမျှကို, ထောက်ဆအခြေ, ကြောက်ကြရလေကုန်၏။ ဟိ၊ စင်စစ်ကေန်, အမှန်မူကား။ သော၊ ထိုသို့နေ့ခါမှာမြှောက်, ညအခါချောက်သည့်, ကြောက်လန့်စဘွယ်, အသွယ်သွယ်သည်။ လောကဓမ္မတာ၊ လောကီထုံးဟောင်း,ဖြစ်ချက်ကောင်းသို့,အကြောင်းလျော်စွာ, ဓမ္မတာသာတည်း။ (ဝါ)ထုံးတမ်းစဉ်လာကို ပယ်မဘားကြပါနဲ့, မုန်းပန်းဝင်လာလျှင်,ကယ်သူဟာ ရှားတတ်ပါသတဲ့- ဩော် လောကီဓမ္မတာတရားပါပေတည်း။

ဒီလောကလူ့ဘုံမှာ ဂုဏ်မယ်အောင် ပြည့်စုံစွာ စုဆောင်း သိမ်းဆည်းအပ်သော ဥစ္စာပစ္စည်းတို့ရဲ့ သဘောအမှန်ကို ဓမ္မကွန်နဲ့ ညှိပြီး အသိပေးလိုက်ရပါတယ်။ သေသေချာချာ မှတ်သားပြီး ဥာဏ်ပွားကာ သတိမယွင်းပဲ အသိရှင်းကြလိမ့်မယ်လို့ ထင်ရဘယ်။ သတိချော်ပြီး မသိသော်သာ ရှိရမယ် မကြာခဏ တွေ့ကြုံတတ်ကြတဲ့ သဘာဝ အနေအထားတွေဘဲ မဟုတ်ပါလား

(ဒကာကြီး ဦးစိန်ရဲ့)။ သို့အတွက်ကြောင့် တရားတော်ကို နာယူတဲ့အခါမှာ အသိဉာဏ်သွင်းကာ နာယူဘတ်ကြဘို့ မှာကြား သတိပေးပါတယ်။

ကဲ–ဒီနေရာမှာလဲ အသိစွဲကာ မြဲသွားအောင် ဒီလင်္ကာကလေးတွေကိုသာ ဆောင်ထား ကြပေဘော့။

ဆောင်ပုဒ် ၁။ လောကလူ့ဘုံ, ပြည့်စုံကြောင်းနဲ့, များစွာစုဆောင်း ရှာကြံဖွေ။

၂။ ရွှေငွေ ကျောက်စိမ်း, ဂုဏ်ရှိန်တောက်လို့, ဝမ်းမြောက်ကြည်နူး ရွှင်မြူးနေ။

၃။ နေ့ချိန်မြောက်ကာ, ညမှာချောက်လို့ ယွင်းဖောက်တတ်မြဲ သူ့အခြေ။

၄။ ဥစ္စာသဘော, ဒုက္ခာနှော, ဉာဏ်စောမိကြစေ။

၅။ အဲဒါမှ လောကဖြစ်မြဲ, မလွဲမွေတာပေ။

သူဌေးသူကြွယ်မျိုးဘဝနဲ့ အထက်ဘန်းကျကျ မျက်နှာပန်းလှလှနဲ့ နေထိုင်ခဲ့ကြရတဲ့ မြေး အဘွားနှစ်ယောက် ယခုတော့ ဒုက္ခရောက်ပြီး ဆင်းရဲနေကြရှာတဲ့ အကြောင်းကို ပြန်ပြောင်းကာ ဟောကြားရင်း ရွှေ,ငွေ,ဥစ္စာ ရတနာတို့ရဲ့ သဘောသွား အရင်းအမှန်ကိုလဲ အသိဉာဏ်ရှင်းအောင် ပြောလိုက်ရသေးတယ်။ ကဲ–ရှေ့ကို ဆက်ပြီး သွားကြစို့ရဲ့။

ဒီမြေးအဖွားတို့ရဲ့ နေအိမ်မှာ သူဌေးကြီးရှိစဉ်အခါက သုံးစွဲနေကြဖြင်တဲ့ ရွှေခွက်ကြီး ဟာ အိုးအကြိုအကြားမှာ ထားပြီး မသုံးမစွဲတာ အလွန်ကြာမြင့်သဖြင့် အညစ်အကြေး အထပ် ထပ် စွဲကပ်ကာ ညှိုးပတ်ပြီး ပေရေနေတာ ရှိတယ်တဲ့။ မြေးအဖွား နှစ်ယောက်မှာလဲ ထိုခွက်ကို ရွှေခွက်ဖြစ်မှန်း မသိကြရှာဘူးပေါ့၊ ထိုစဉ်အခါမှာ လောဘကြီးသော ဒေဝဒတ်အလောင်း ရှဲကုန်သည်ဟာ "ကျောက်မျက်ရတနာတို့ကို ယူကြဦးမည်လား၊ ကျောက်မျက်ရတနာတို့ကို ယူကြ ဦးမည်လား"-ဟု ဟစ်အော်လှည့်လည်ယင်း မြေးအဖွားရဲ့ အိမ်တံခါးအနီးသို့ ရောက်ရှိလာတယ် တဲ့။ မြေးမိန်းကလေးဟာ ထိုရှဲကုန်သည်ကို တွေ့မြင်တဲ့အခါ အနားသို့သွားပြီး "ဘွားဘွား ကျွန်မ လည်ရှဲဘန်ဆာတခု ဝယ်ပေးပါ"လို့-ပူဆာရှာတယ်တဲ့။

အဘွားကြီးကလဲ "ငါ့မြေး ငါတို့မှာ ယခု ဆင်းဆင်းရဲရဲ နေကြရတဲ့အခါ အဘယ်ဝတ္ထု ပစ္စည်းကို ပေး၍ ဝယ်ယူကြရပါမလဲ"ဟု ပြောပြရှာတယ်။ အဘွားခမြာမှာလဲ မြေးမကလေးကို စေ့စေ့ကြည့်ပြီး "အော် ငါ့မြေးကလေး ဝတ်ချင်, စားချင်, ပျော်ရွှင်ချင်ရှာမှာပေပဲ-သို့သော်လဲ ငါတို့မှာ ကုသိုလ်နဲ့သဖြင့် ဆင်းရဲတဲ့အချိန်အခါ ရောက်နေရပါပေါ့လား။ ဒီလည်ရှဲတန်ဆာကလေး ကိုမျှ စိတ်အေးအောင် ဝယ်မပေးနိုင်ပါကလားနော်"-ဟု စဉ်းစားယင်း စီးလာတဲ့ မျက်ရည်ကို မြေးကလေးမသိစေအောင် မျက်တောင်နဲ့ သိမ်းလိုက်ရှာသတဲ့-အင်း သနားစရာဘဲနော်- ဓမ္မကထိက ကိုယ်တော်တောင် သူတို့အကြောင်း ပြောရတာ ရွှေစိတ်တော် မကောင်းလှပါဘူး။

အဘွားကြီးခမြာလဲ တောင်တွေးမြောက်တွေး စဉ်းစားနေယင်း ဖြိုးစားအားဖြင့် အိုးကြား ကခွက်ကိုပဲ သတိရလာသဖြင့် "ငါတို့မှာ ဒီခွက်တော့ ရှိဘယ်၊ ဒီခွက်ဟာ ငါတို့အဘို့တော့အသုံး မလို ကျေးဇူးမများလှတော့ဘူး- ဒီခွက်ကိုပဲပေးပြီး ဝယ်ယင်ရမသား"ဟု-ပြောဆိုကာ ရှဲကုန်သည် ကို ခေါ်ပြီးလျှင် နေရာပေးကာ ထိုင်စေ၍ ထိုခွက်ကိုပြပြီး "အမောင် ဒီခွက်ကိုယူပြီး သင့်နှမ

ငယ်အား(တစုံတခုသော တန်ဆာကို) တခုသော လည်ရွဲတန်ဆာကို ပေးပါလေ"-ဟု ပြောဆိုလိုက်တယ်။

ဒေဝဒတ်အလောင်း ရွှဲကုန်သည်ကလဲခွက်ကို လက်ဖြင့် ကောင်းစွာကိုင်၍ ရွှေခွက်ဖြစ်လိမ့်မည်-ဟု ယူဆကာ ခွက်ရဲ့ဖင်ကို အပ်ကြောင်းခြစ်ကာကြည့်ပြီး ရွှေခွက်ဖြစ်မှန်း သိသဖြင့် "ဒီမြေးအဘွားတို့အား တစုံတရာမျှ မပေးဘဲသာလျှင် ရွှေခွက်ကို ရအောင်ယူမည်"ဟု ကြံစည်ကာ "ဒီခွက်ဟာ ဘာအဘိုးတန်မလဲ၊ ပဲဝက်မျှပင် မတန်ပေ"ဟု-ပြောဆိုကာ မြေပေါ်ပစ်ချပြီး ထသွားလေသတဲ့။ ရွှဲကုန်သည်ရဲ့ သဘောကတော့ ဒီခွက်ကို မြေးအဘွားနှစ်ယောက်က တန်ဘိုးမရှိ-ဟု မှတ်ပြီး လွှင့်ပစ်လျှင် သူက တစုံတရာမပေးတော့ဘဲ အလွယ်တကူ ကောက်ယူသွားဘို့ ကြံစည်ထားတာပါပဲတဲ့၊ တော်တော်လဲ ရက်စက်ပါကလားနော်၊ ရေနစ်သူကို ဝါးကူထိုးတယ်ဆိုတာ ဒီလိုလူမျိုး ထင်ပါရဲ့ (ဒကာကြီး ဦးစိန်)။

ရွှဲကုန်သည်တယောက်ဝင်ပြီး ထွက်ခွာသွားသောလမ်းကို နောက်ကုန်သည် တယောက်ကဝင်ခွင့်ရောင်းခွင့် ရတယ်-ဟု တွေးတောစဉ်းစားမိသော အလောင်းတော် ရွှဲကုန်သည်ကလဲ ထိုလမ်းထဲသို့ ဝင်လာကာ "ကျောက်မျက်ရွဲရတနာတို့ကို ယူကြဦးမည်လား၊ ကျောက်မျက်ရွဲရတနာတို့ကို ယူကြဦးမည်လား"-ဟု ဟစ်အော်ကာ လှည့်လည်ယင်း ထိုမြေးအဘွားနှစ်ယောက်တို့ နေအိမ်တံခါးပေါက်သို့ ဆိုက်ရောက်လာပြန်သတဲ့။

ထို သတို့သမီး မြေးမလေးကလဲ ရှေ့နည်းအတူ တဖန်ထပ်ပြီး သူမရဲ့အဘွားကို ပူဆာပြန်တယ်ဆိုဘဲ၊ အဲဒီအခါမှာ အဘွားကြီးက မြေးမကလေးကို "ကြည့်ရှုမဝနိုင်တဲ့ အိုမြေးမကလေးရဲ့၊ ပဋ္ဌမရောက်လာတဲ့ ရွှဲကုန်သည်တယောက်က စိတ်ပေါက်ပေါက်နဲ့ ဒီခွက်ကို မြေပေါ်ပစ်ပေါက်ပြီးသွားတယ်။ ဒီတခါ အဘယ်ဥစ္စာကို ပေးပြီးလျှင် ချစ်သမီးအလိုရှိတဲ့ လည်ရွဲဘန်ဆာကို ရယူကြပါမလဲ"ဟု-ပြောဆိုလေတယ်။ မြေးမကလေးကလဲ အလျှော့မပေးဘဲ "ဘွားဘွားရဲ့-ယခင် ပြန်သွားတဲ့ ရွှဲကုန်သည် ဆိုသူဟာ ကြမ်းကြမ်းတမ်းတမ်းနဲ့ တော်တော်နှုတ်သရမ်းတဲ့ သူပါ။ ယခုရောက်လာတဲ့ ရွှဲကုန်သည်ကတော့ ချစ်ခင်ဘွယ်လဲကောင်းတယ်၊ ပြောဆိုတဲ့ စကားကလဲ ချိုသာပါတယ်။ ဒီခွက်ကိုယူချင်လဲ ယူပါလိမ့်မယ် - ဘွားဘွားရယ်"-ဟု ပြောဆိုကာ ပူးပူးကပ်ကပ်နဲ့ ထပ်ပြီးပူဆာနေပြန်တယ်တဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

မိန်းမလေးတွေရဲ့သဘောဟာ ဝတ်စားတန်ဆာကို တော်တော်ဘဲ မက်မောတာဘဲနော်၊ အဝတ်အစား အသစ်အဆန်း ပေါ်လာသမျှ သူတို့က ပဋ္ဌမဆုံး ဝတ်ချင်ကြတော့တာဘဲကလား။ ပေါ်သမျှအဝတ်ဆန်းကို တချို့များ မလွတ်တန်း ဝယ်ဝတ်လေ့ရှိသတဲ့။ မိဘတွေကတော့ ငါတို့သမီးကလေး ငယ်ရွယ်သူပဲ ဝတ်ချင်,စားချင်ပေမယ်ပေါ့-ဟု ခွင့်လွှတ်ပြီး ထားတတ်ကြတယ်။ စေတနာကြီးမားပြီး ဦးဦးဖျားဖျား အဝတ်ဆိုလျှဲ သူတို့ဘိုပါဘဲ၊ နောက်မှသာ သားယောကျ်ားတွေကို ဝယ်ယူဆင်မြန်းပေးတတ်ကြတာကိုး၊ ကဲ-မိဘတွေကို သားသမီးတွေနဲ့ ရန်တိုက်ပေးသလိုဖြစ်နေရော့မယ် ရှိပါစေတော့၊ မိန်းကလေးများ အဝတ်အစားမှာ ဝါသနာပါတာကိုသာ ပြောဆိုရတာပါ။ သို့သော်လဲ အကိုတွေ,မောင်တွေကလဲ မိမိတို့အစ်မ- နှမများ ဝတ်စားတာကို ကြည်ဖြူကြပြီးသားတွေပါပဲလေ။

ဒီမိန်းကလေးကလဲ တပူဆာဆာ လုပ်နေတာနဲ့ အဘွားကလဲ "ကဲ ကဲ ငါ့မြေးရယ်-ဒါဖြင့်လဲ ခေါ်လိုက်စမ်းပါ"-ဟု ပြောဆိုခွင့်ပြုတယ်ဆိုယင်ဘဲ မိန်းကလေးက အပြေးကလေးသွားကာ ကုန်သည်ကို ခေါ်လိုက်ပါတယ်။ ထိုကုန်သည် အိမ်သို့ဝင်ရောက်လာတဲ့အခါ ထိုခွက်ကို ပေးကြပြန်တယ်တဲ့။

ယခုရောက်လာတဲ့ ကုန်သည်ယောကျ်ားကတော့ သူတော်ကောင်း ဖြစ်သည်အားလျော်စွာ ထိုခွက်၏ ရွှေခွက်စစ်စစ် ဖြစ်သည်ကို သိသဖြင့်"အို-အမိ၊ ဒီခွက်ဟာ တသိန်းတန်တဲ့ရွှေခွက်ဖြစ်ပါတယ်။ တသိန်းတန်သောဘဏ္ဍာ ကျနော့်မှာ မရှိပါ"-ဟု ရိုးသားစွာ ပြောဆိုလေတယ်တဲ့။ ထိုအခါ အဘွားကြီးက "အမောင် မောင့်အရင်ရောက် ပာတဲ့ ရွှဲကုန်သည်ကတော့ ဒီခွက်ဟာ ပဲဝက်မျှမတန်ဟု ပြောဆိုကာ မြေပေါ်မှာပစ်ပြီး သွားပါတယ်။ မောင့်ရဲ့ ကုသိုလ်ကံကြောင့်ပဲ ဒီခွက်ဟာ ရွှေခွက်ဖြစ်လာပါတယ်။ ငါတို့က ဒီခွက်ကို မောင့်အား ပေးကြပါမယ်။ ငါတို့ကို တစုံတခုသော ဥစ္စာဘဏ္ဍာကိုသာပေးပြီး ဒီခွက်ကို အမောင်ဘဲ ယူဆောင်သွားပါလေတော့"-ဟု ပြောဆိုလေပြန်သတဲ့။မြေးအဘွားကလဲ ရိုးရိုးသားသား ပြောဆိုကြတာဟာ တော်တော် သူတော်ကောင်းများ ပီသကြပါပေတယ်-လို့ ချီးကျူးသင့်တယ်နော်၊ မမှန်မကန် ကလိန်ဉာဏ်မသုံး အရိုးဆုံးစကားများကိုသာ ပြောကြားနေတာကလား၊ ဦးပဥ္စင်းတို့ ယခုခေတ်နဲ့ဆိုလျှင် အရှေ့နဲ့ အနောက်ပမာ နန်နဲကလေး ကွာဘာပါ-ဟု ဆိုရလေမလား မပြောတတ်ဘော့ပါဘူး။

ထိုစဉ်အခါ၌ အလောင်းတော် ရွှဲကုန်သည်ရဲ့ လက်ထဲမှာလဲ အသပြာငွေ ၅၀၀ နဲ့ ၅၀၀ တန် ဘဏ္ဍာများသာ ရှိသဖြင့် အလုံးစုံကို စုပုံပေးကာ "ကျနော့်အား ဒီချိန်ခွင်နဲ့ လွယ်အိတ် ခရီးစရိတ် ငွေ ၈-မျှကိုသာ ပေးကြပါတော့"-ဟု ဤမျှကိုသာ တောင်းပြီးလျှင် ရွှေခွက်ကို ယူဆောင်ကာ ဖဲခွာ၍ ပြန်လာသတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

အလောင်းတော် ရွှဲကုန်သည်ဟာ မြစ်ဆိပ်သို့ အမြန်သွားပြီးလျှင် လှေသမားအား ရှစ်ကျပ်ပေး၍ လှေစီးကာ တဖက်ကမ်းသို့ ကူးသွားလေတယ်။

ထိုနောက်မှာ—လောဘကြီးသော ရွှဲကုန်သည်လဲ ထိုမြေးအဘွားအိမ်သို့ တဖန်ပြန်ရောက်လာကာ"ခုနကခွက်ကို ယူခဲ့ကြ၊ အသင်တို့အား တစုံတခု အသင့်အတင့်တော့ ပေးခဲ့မည်"—ဟု ပြောဆိုလာပြန်သတဲ့။ ထိုအခါ မိန်းကလေးက ထိုရွှဲကုန်သည် ယောကျ်ားကို ရေရွတ်ကြိမ်းဆဲလျက် "ရှင်ဟာ ကျွန်မတို့ရဲ့ တသိန်းတန် ရွှေခွက်ကို ပဲဝက်မျှ မတန်အောင် ပြုရက်ပါပေတယ်။ ဒါမေမဲ့ အရှင်သခင်နဲ့တူသော တရားစောင့်သော သူတော်ကောင်းကုန်သည်က ကျွန်မတို့အား အသပြာ တထောင်ပေးကာ ထိုရွှေခွက်ကို ယူသွားပါပြီ"—ဟု ရန်တွေ့ပြောဆိုလိုက်တယ်တဲ့။

လောဘကြီးသော ဒေဝဒတ်အလောင်း ရွှဲကုန်သည်ဆည် ထိုစကားကို ကြားရလျှင်"ငါဟာ တသိန်းတန်ရွှေခွက်နဲ့ လွဲခဲ့ရပေပြီ။ ဒီလူဟာ ငါ့ရဲ့အကျိုးမဲ့ကို ကြီးစွာပြုပေပြီ"—ဟု စိုးရိမ်သောက လွန်စွာဖြစ်လျက် သတိဆားခြင်းငှာ မတတ်နိုင်ရာတော့ပဲ တွေဝေမိန်းမောပြီး မိမိရဲ့လက်ထဲရှိသော ငွေအသပြာနှင့် ကျောက်မျက်ဘဏ္ဍာထုပ်ကို အိမ်ဝ၌ ပစ်ချထားခဲ့ပြီး ချိန်ခွင်ရိုးကို လက်ရိုက်ဒုတ်အဖြစ် ယူဆောင်ကာ အလောင်းတော် ရွှဲကုန်သည်နောက်သို့ ထက်ကြပ်မကွာ လိုက်သွားသတဲ့။ တော်တော်လဲ ကြောက်စရာကောင်းတဲ့ သူပဲနော်။ မှီများမှီခဲ့လျှင် ဘယ်လိုပြုလုပ်မယ် မဆိုနိုင်တော့ဘူး။

မြစ်ဆိပ်အရောက်မှာ လှေနှင့်ကူးသွားသော ဘုရားအလောင်းကို တွေ့မြင်ရသဖြင့် “အမောင် လှေသူကြီး၊ လှေကို ဒီပြန်ခဲ့ပါ”–ဟု အော်ဟစ်ခေါ်လိုက်တယ်၊ ဘုရားအလောင်းကလဲ “အမောင် မပြန်လေနဲ့”ဟု တားမြစ်လိုက်တယ်။ သို့အတွက် အလောင်းတော်ကတော့ လှေနဲ့ ရှေ့သို့ ခရီး ဆက်သွားပြီပေါ့။ ဒေဝဒတ်အလောင်း ရွှဲကုန်သည်ကတော့ အလောင်းတော်ရွှဲကုန်သည် လှေစီး သွားသည်ကို ငေးမျှော်ကြည့်ရှုယင်း ပင်ပန်းကြီးစွာသော စိုးရိမ်ပူဆွေးမှုတွေ ဖြစ်လာတယ်။ အသဲ နှလုံးတွေလဲ တဟုန်းဟုန်းပူလာတယ်။ ပါးစပ်ကလဲ သွေးတွေ အံထွက်ကျလာတယ်။ ရေအိုင်များ မှာ ရွှံ့ညွှံတွေ နေပူကျရောက်သဖြင့် ခြောက်သွေ့ကာ ကွဲအက်သွားသလို ရွှဲကုန်သည်မိုက်ရဲ့ နှလုံးတွေဟာ ဖြုံးကနဲ ကွဲအက်သွားတယ်တဲ့။ သိပ်ကြောက်စရာ ကောင်းပါကလားနော်။ ဒီရွှဲကုန် သည်မိုက် ဒေဝဒတ်အလောင်းဟာ–ဘုရားအလောင်း ရွှဲကုန်သည်ကို ရန်ညိုးဖွဲ့ရင်းပဲ ထိုနေရာ၌သာ လျှင် သေဆုံး၍သွားသတဲ့။ ဒါဟာ ဒေဝဒတ်က ဘုရားအလောင်းကို ပဌမဆုံး စပြီး ရန်ညိုးဖွဲ့ခြင်း ပါပဲတဲ့။

လောဘဆိုတဲ့ တရားဆိုးကို မထိန်းသိမ်းနိုင်သဖြင့် ပစ္စုပ္ပန်မှာရော သံသရာမှာပါ အကျိုး ဆုတ်ယုတ်ရတာကို သေသေချာချာ စဉ်းစားပြီး နာကြားတို့ အံလွန်ကောင်းတယ်နော်။ ဒီလောဘ တရားဆိုးတွေ အမျိုးမျိုး ညှဉ်းနေသဖြင့် တရားဟောတဲ့ ပုဂ္ဂိုလ်ရော တရားနာယူကြတဲ့ ပုဂ္ဂိုလ် များပါ သံသရာနယ်အတွင်းမှ မလွတ်ကင်းနိုင်ကြတာပဲ မဟုတ်ပါလား။

ဒီလောဘနဲ့ပတ်သက်ပြီး ရှင်တော်မြတ်ဘုရားက–ဣတိဝုတ္တကပါဠိတော်မှာ ဟောတော်မူခဲ့တဲ့ ဒေသနာ ဂါထာများကို ရွတ်ဆိုပြီး ဟောဦးမယ်–အာရုံထွေထူး စိတ်မကူးပဲ ကြည်နူးစွာ သဘော စိုက်၍ နာယူလိုက်ကြဦးပေါ့၊ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့တဲ့ ဒေသနာ ဂါထာတော်များ ကတော့–

အနတ္ထဇနနော လောဘော၊ လောဘော စိတ္တပ္ပကောပနော။

ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။ (ဣတိဝုတ္တက ပါဠိ–၂၅၂)။

လောဘော၊ တွယ်တာတပ်မက်၊ နှစ်သက်တတ်ငြား၊ လောဘတရားသည်၊ (ဝါ) ကောင်း ကောင်းဆိုးဆိုး၊ အမျိုးမျိုးကို၊ လိုချင်စားတ်ငြား၊ လောဘတရားသည်။ (ဝါ) ကောင်းဆိုးအာရုံ၊ အဖုံဖုံ ကို၊ ခုံမင်လိုက်စား၊ လောဘတရားသည်။ အနတ္ထဇနနော၊ လိုရာတမျိုး၊ ပိုက်ဆိုးသည့်၊ အကျိုးမဲ့ကို ဖြစ်စေတတ်ပါပေ၏။ (ဝါ) ကောင်း၊ မကောင်းဘက်၊ ထိုနှစ်ချက်တွင်၊ မကောင်းဆိုးဝါး၊ အကျိုး များကိုသာ၊ တိုးပွားစေတတ်ပါပေ၏။ လောဘော၊ တောင်းတလိုလား၊ လောဘတရားသည်။ စိတ္တပ္ပ ကောပနော၊ စိတ်ဓာတ်ချောက်ချား၊ ပျက်ပြားစေတတ်၏။ (ဝါ) ကြည်လင်သန့်ရှင်း၊ အပြစ်ကင်းသည့်၊ ပင်ရင်းအမှန်၊ စိတ်သန္တာန်ကို၊ အမှန်နှောက်ယှက်၊ ရောက်ရက်ခပ်အောင်၊ ပြုတတ်ပါပေ၏။ အန္တရတော၊ မပျက်မယွင်း၊ အတွင်းစိတ်ဓာတ်၌။ ဇာတံ၊ ကောင်းစွာပူးကပ်ဖြစ်ပေါ်တတ်သော။ တံဘယံ၊ မကွာ မဝေး၊ ထိုလောဘဟူသော ဘေးကို။ ဇနော၊ ရဟန်း ရှင်လူ၊ မည်သူမဆို၊ ဗိုလ်ခြေထောင်သောင်း၊ လူအပေါင်းသည်။ နာဝဗုဇ္ဈတိ၊ သမ္ဗုဇ်သွင်း၊ ဉာဏ်မြင်ရှင်းအောင်၊ ထင်လင်းပိုင်ပိုင်၊ မသိနိုင်သည် သာလျှင်တည်း။

ဒီလောဘတရားဟာ ဘယ်လောက်ဆိုးဝါးသလဲဟုဆိုလျှင် အကျိုးမဲ့ကို ဖြစ်ပွားစေတတ်သတဲ့၊ စိတ်ဓာတ်ကလဲ ချောက်ချားပြီး ပျက်ပြားစေတတ်သတဲ့၊ မိမိတို့ရဲ့ အတွင်းစိတ်ဓာတ်၌ ငြိကပ်ပြီး ဖြစ်နေတဲ့ ထို လောဘဟူသော ဘေးရန်ကို လူရှင်ထောင်သေ ာင်း, လူအုပေါင်းတို့ဟာ ကောင်းကောင်းသေချာ,မသိနိုင်ပါဘူးတဲ့(ဒကာကြီး ဦးစိန်ရဲ့)၊ထိုမှတပါး ရှင်တော်မြတ်ဘုရားကဆက်လက်ဟောကြားတော်မူတဲ့ ဂါထာကတော့-

လုဒ္ဓေါ အတ္ထံ နဇာနာတိ၊ လုဒ္ဓေါ ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ။ (ဣတိ ဝုတ္တက ပါဠိ)။

လုဒ္ဓေါ၊ လိုလားနှစ်သက်,တပ်မက်သောသူသည်။ အတ္ထံ၊ သူငါအများ, အလွန်လိုလားသည့်, အကျိုးတရားကို။ နဇာနာတိ၊ ရှုမြင်တိုင်းဆ, သဘာဝကို, ထောက်ဆခြေနေ, မသိချေ။ လုဒ္ဓေါ၊ ပစ္စည်းလေးပါး,ရလိုငြားကြောင့်,တရားမမှီ, လောဘကြီးသူသည်။ ဓမ္မံ၊ ပစ္စုပ်-သံသရာ, နှစ်ဖြာအကြောင်း,ကောင်းကောင်းဆောင်တတ်,တရားမြတ်ကို။ နပဿတိ၊ ကောင်းစွာထင်ထင်, မသိမြင်။ ယဒါ၊ အခွင့်အလျောက်,ဆိုက်ရောက်ကြုံလာ,အကြင်အခါ၌။ လောဘော၊ ရမက်ထုပြော, လောဘဇောသည်။ ယံနရံ၊ သမ္ဗဇဉ်နည်းပါး,တရားမယူ, အကြင်သူကို။ သဟတေ၊ ဆိုးကျိုးအနန္တ, ဖြစ်ပေါ်ရအောင်, ပုချအသီးသီး,လွှမ်းမိုးဖိစီးလေ၏။ တဒါ၊ ထိုသို့ဖြစ်ရာ,ချိန်အခါ၌။ တဿနရဿ၊ သမ္ပဇဉ်နည်းပါး,တရားမယူ,ထိုသသူအား။ အန္ဓတမံ၊ လက္ခယ်သန်းခေါင်,မကမှောင်သည့်, အမှောင်ထိပ်သီး,အမိုက်ဘိုက်ကြီးသည်။ ဟောတိ၊ ဓမ္မလမ်းကြောင်း,မရှေ့စောင်းအောင်,အကြောင်းလျော်စွာ, ဖြစ်ပေါ်လာရလေတော့သတည်း။

ဒီနေရာမှာ အဋ္ဌကထာဆရာရဲ့ ဖွင့်ဆိုချက်ကို ရောစွက်ပြီးပြောပြဘို့ အလွန်ကောင်းပါတယ်၊ သို့အတွက်ကြောင့် အဋ္ဌကထာလာ စကားကို နည်းနည်း ပြောဟောရပေဦးမည်။ ပါဠိတွေ အရွတ်အဖတ်များတယ်ဆိုပြီး စိတ်လဲ ပျက်မသွားကြနဲ့ဦး၊ အဋ္ဌကထာဆရာကြီးတွေရဲ့ညွှန်ပြချက်ကို အကွက်ကျကျ, တိတိပပ သိရှိစေချင်လှသဖြင့် နည်းနည်းပါးပါး ရွတ်ဆိုပြရခြင်းပါပဲ။

လုဒ္ဓေါ အတ္ထံ နဇာနာတီတိ အတ္တတ္ထ ပရတ္ထာဒိဘေဒံ အတ္ထဟိတံ
လုဒ္ဓပုဂ္ဂလော ယထာဘူတံ နဇာနာတိ။ (ဣတိ ဝုတ္တက အဋ္ဌကထာ)။

တပ်မက်သောသူသည် အကျိုးကို မသိ-ဟူ၍ ဆိုရာမှာ - အလိုရမက်, နှိပ်စက်ဖိစီး, လောဘကြီးသောပုဂ္ဂိုလ်သည် မိမိ၏အကျိုး, သူတပါး၏အကျိုး စသည် အပြားရှိသော အကျိုးတရားနှင့် အစီးအပွားတို့ကို ဟုတ်တိုင်းမှန်စွာ မသိနိုင်ခြင်းဖြစ်သည်-ဟူ၍ ဆိုလိုခြင်း ဖြစ်ပါတယ်တဲ့။

ဒီနောက် ရှင်တော်ဘုရားက ဆက်လက်ဟောကြားသော ဂါထာကတော့-

ယော စ လောဘံ ပဟန္တွာန၊ လောဘနေယျေ နလုဗ္ဘတိ။
လောဘော ပဟီယတေ တမှာ၊ ဥဒဗိန္ဒုဝ ပေါက္ခရာ။ (ဣတိ ဝုတ္တက ပါဠိ)။

ယောစ၊ ဦးမဲ့,ဦးဖြူ, မည်သူမဆို,အကြင်ပုဂ္ဂိုလ်သည်ကား။ လောဘံ၊ တပ်မက်ဖိစီး,အလိုကြီးခြင်းကို။ ပဟန္တွာန၊ တဒင်္ဂ-ဝိက္ခမ်၊ စွမ်းတမံဖြင့်, ထိုက်တန်အသီးသီး, အပြီးနှိပ်ကွပ်, ပယ်သတ်

နိုင်ခြင်းကြောင့်။ လောဘနေယျ၊ တပ်မက်စဘွယ်, အသွယ်သွယ်များစုံ, ရူပါရုံ အစရှိသည်၌။ နလုဗ္ဘတိ၊ သမထ, ဝိပဿနာ,နှစ်ဖြာတရား,စွမ်းပကားကြောင့်,စိတ်ထားယွင်းကွက်,မတပ်မက်တော့ချေ။ ဥဒဗိန္ဒု၊ မြေကြည်လင်,စမ်းရေယဉ်မှ,သွင်သွင်ကျရောက်, (မိုး)ရေပေါက်သည်။ ပေါက္ခရာ၊ ကြာပဒုမ္မာ,ရွက်ချပ်လွှာမှ။ ပဇဟတိ ပတတိဣဝ၊ မြဲမြဲခိုင်ခံ,,တည်တန့်မနေ,လျှော့ကျလေဘိသကဲ့သို့။ ဧဝံ၊ ပမာနှိုင်းယှဉ်,ဤအတူ။တမှာ၊ထပ်မက်ဖွယ်ရာ,များစွာစုံစုံ, ထိုထို(ရူပါရုံ စသော)အာရုံမှ။ တေန၊ လောဘကင်းရန်,အမှန်ကျင့်ပွား, ထိုယောကျ်ားသည်။ လောဘော၊ တပ်မက်တတ်သော, လောဘတရားကို။ ပဟီယတေ၊ အရိယာမဂ်,စိန်သံလျက်ဖြင့်,ပယ်ဖျက်ခုတ်ထွင်,အဟုတ်စင်အောင်, သုတ်သင်ရှင်းလင်းအပ်လေသတည်း။

ဦးမဲ့, ဦးဖြူ, မည်သူမဆို, အကြင်ပုဂ္ဂိုလ်သည်, လိုချင်တပ်မက်မှု လောဘကို ပယ်နိုင်သောကြောင့် တပ်မက်ဖွယ်မျိုးစုံ,ရူပါရုံ စသည်၌ စွဲလန်းနှစ်သက်, မတပ်မက်တော့ပေ၊ ရေပေါက်သည် ပဒုမ္မာကြာရွက်မှ တခဏချင်း လျှောကာကျဘိသကဲ့သို့ သောဘကင်းရန်, အကျင့်မှန်ကို, ကျင့်ကြံပွားများပြီးသော ထိုပုဂ္ဂိုလ်၏ သန္တာန်၌ တပ်မက်ခြင်း လောဘသည် ထို တပ်မက်ဖွယ်မျိုးစုံ,အာရုံများမှ ကင်းပျောက်ရပေသည်-ဟု ဆိုလိုရင်းဖြစ်ပေတယ်နော်။

ဗလဝ ဝိပဿနာနုဘာဝေန လောဘော၊ ပဟီယတေ တမှာတိတသ္မာ အရိယ
ပုဂ္ဂလာ အရိယမဂ္ဂေနလောဘော ပဟီယတိ ပဇဟီယတိ အစ္စန္တမေဝ ပရိစ္စဇီယတိ။

ဟူသော ဣတိဝုတ္တက အဋ္ဌကထာဆရာဖွင့်ဆိုတော်မူတဲ့အတိုင်း တပ်မက်တတ်သော လောဘကို ပယ်သတ်အပ်၏-ဟု ဆိုရာမှာ အားကြီးသော ဝိပဿနာ၏ အစွမ်းအာနုဘော်ဖြင့် ထို အရိယာပုဂ္ဂိုလ်သန္တာန်မှ လိုလားတပ်မက်သော လောဘတရားကို ပယ်ရှားအပ်ပေသည်၊ အမှန်တကယ် စွန့်ပယ်ရမည့်တရား-ဟူ၍ ဆိုလိုတယ်တဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

ဒီ တဏှာရာဂ,လောဘခေါ်တဲ့ တရားဟာ ဘယ်ကလောက်များ အောက်သို့ ဆွဲချရာမှာ အစွမ်းထက်ပါသလဲဆိုယင် သတ္တဝါတွေကို ပြိတ္တာပြည်သို့ ပို့နေတာ ဒီ လောဘခေါ်တဲ့ တရားဆိုးပဲတဲ့ နော်၊ အောက်သို့သာ ဆွဲ,ဆွဲချနေတဲ့ ဆွဲချတရားလို့ ခေါ်ဆိုသင့်ပေတယ်ပေါ့၊ ဒါ့ကြောင့် အင်္ဂုတ္တိုရ်သာလိနီခေါ်တဲ့ အဘိဓမ္မ အဋ္ဌကထာမှာ-

ယေဘုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပ္ပဇ္ဇန္တိ။ (အဋ္ဌသာလိနီ-၁၇၂)။

ဟိ-သစ္စံ၊ ချွတ်ယွင်းဘစိ,မရှိဧကန်,မှန်လှပေ၏။ ယေဘုယျေန၊ များသောအားဖြင့်။ သတ္တာ၊ တဏှာခုတ်ရင်း,မကင်းသူငါ,သတ္တဝါတို့သည်။ တဏှာယ၊ ဝတ္ထုအာရုံ,ကာမဂုဏ်ကို၊ ခုံမင်ငြိကပ်, တဏှာခုတ်ကြောင့်။ ပေတ္တိဝိသယံ၊ စားသောက်နေရ, ဆင်းရဲလှစွာ, ရိက္ခာမလုံ, ပြိတ္တာဘုံသို့။ ဥပ္ပဇ္ဇန္တိ၊ ဘယ်သူမပြု, မိမိမှုကြောင့်, ထောက်ရှုပုံသေ, ဖြစ်ကြရလေကုန်၏။

ပြိတ္တာဘုံ၌ ဖြစ်ကြရတယ်ဆိုတာ များသောအားဖြင့် တဏှာခေါ် လောဘတရား အရင်းခံကြောင့် မငြင်းဆန်နိုင်ပဲ သတ္တဝါများစွာတို့ဟာ အဝတ်အစား တကယ်ရှားတဲ့ ပြိတ္တာဘုံသို့ ရောက်ကြရခြင်းပဲဖြစ်တယ်-လို့ သန္နိဋ္ဌာန် ချမှတ်ထားကြရမယ်နော် (ဒကာကြီး ဦးစိန်)။

သို့ဖြစ်လျှင် လောဘမရှိဘော့ ဘယ်လိုအကျိုးရှိမလဲ ဆိုရင်တော့-

အလောဘေန ပေတ္တိဝိသယေ ဥပပတ္တိ နဟောတိ။

တဏှာယ စ ပဋိပက္ခော အလောဘော။ (အဋ္ဌသာလိနီ အဋ္ဌကထာ-၁၇၂)မှာ ဒီလို မိန့်ဆိုထားပြန်တယ်။

အလောဘေန၊ လိုလားတပ်မက်,နှစ်သက်အလျင်း,မရှိကင်းသဖြင့်။ ပေတ္တိဝိသယေ၊ ရိက္ခာမလုံ, ပြိတ္တာတို့ဘုံ၌။ ဥပပတ္တိ၊ ကံပစ်ချသဖြင့်, ဖြစ်ကြရခြင်းသည်။ နဟောတိ၊ စင်စစ်မသွေ,မဖြစ်နိုင်ပေ။ အလောဘော၊ တပ်ခြင်းကင်းငြား, အလောဘတရားသည်။ တဏှာယစ၊ တပ်မက်လှစွာ, တဏှာမည်ရှိ, လောဘတရား၏လည်း။ ပဋိပက္ခော၊ သဘောခြာတ်ချင်း, လျင်းလျင်းမတူ, သွင်မူယှဉ်းပျက်, ဆန့်ကျင်ဘက်သာတည်း။

သတ္တဝါသန်္တါနာရေးတို့ကို တွယ်တာတပ်မက်တတ်သော လောဘတရားဆိုးကြောင့်သာ ရိက္ခာမစုံတဲ့ ပြိတ္တာဘုံဖြစ်ကြရတယ်။ သတ္တဝါ သန္တာနတို့အပေါ်၌ တွယ်တာ တပ်မက်မှု မရှိဘူး, စွဲလန်းမှု မရှိကြဘူးဆိုလျှင် ပြိတ္တာဘုံသို့ ရောက်ရှိကြရန် အကြောင်းမရှိဘူးဆိုတာ ထင်ရှားလောက်ပါပြီနော်။

ကဲ ပြိတ္တာ ဖြစ်,မဖြစ် အရင်းစံနှစ်ကို မှတ်သားလို့လွယ်အောင် ဒီလင်္ကာလေး ၂-ပုဒ်ကိုပဲ ဆောင်ထားကြပေတော့။

**ဆောင်ပုဒ်။**
၁။ သတ္တဝါသန်္တါန်၊ တပ်မက်ကြ၍၊ သေရမှန်စွာ၊ ထိုချိန်ခါ၊ ပြိတ္တာဘုံသို့ ဖြစ်တတ်သည်။
၂။ ပြိတ္တာဘုံမှ၊ လွတ်လိုက၊ လောဘကင်းအောင် ကျင့်ရမည်။

လိုချင်တပ်မက်မှု လောဘ ကင်းနေလျှင် ကျန်းမာခြင်းရဲ့ အကြောင်းလဲ ဖြစ်တယ်တဲ့။ ကျန်းမာရေးကို လိုလားတဲ့ ဒကာ, ဒကာမများ မှတ်သားကြရအောင် အဋ္ဌကထာလာတဲ့အတိုင်းပဲ ထုတ်ပြပါဦးမယ်။

> အလောဘော စေတ္ထ အာရောဂျသ ပစ္စယော ဟောတိ၊ အလုဒ္ဓေါ ဟိ လောဘနီ
> ယမ္ပိ အသပ္ပါယံ နသေဝတိ၊ တေန ခေါ အရောဂေါ ဟောတိ။
>
> (အဘိဓမ္မာ အဋ္ဌကထာ—၁-၁၇၂)

စ၊ တမျိုးသဘာဝ အကျိုးရကို ရှင်းပြဆိုဦးအံ့။ ဧတ္ထ၊ အလောဘ, အဒေါ, အမောဟ သုံးပါး, ဤတရားတို့တွင်။ အလောဘော၊ တပ်မက်ခြင်းမရှိသော အလောဘတရားသည်။ အာရောဂျသ၊ ရောဂါကင်းရှင်း, ကျန်းမာခြင်း၏။ ပစ္စယော၊ မဖောက်မပြန်, အကြောင်းမှန်သည်။ ဟောတိ၊ မလွဲမသွေ, ဖြစ်ပါပေ၏။ ဟိသစ္စံ၊ အမှန်မူကား။ အလုဒ္ဓေါ၊ လိုလားနှစ်သက်, တပ်မက်ခြင်း ကင်းသော ပုဂ္ဂိုလ်သည်။ လောဘနီယမ္ပိ၊ တပ်နှစ်သက်ဘွယ်, အသွယ်သွယ်စုံလင်, အာရုံပင် ဖြစ်သော်လည်း။ အသပ္ပါယံ၊ မလျော်ကပ်ငြား, အစားအစာ, နေရာဥတု, အစုစုကို။ နသေဝတိ၊ သတိမဲ့စွာ, သာယာတပ်စွဲမြဲ မမှီဝဲချေ။ တေနခေါ၊ ထိုကဲ့သို့ပင် သတိမဲ့စွာ, သာယာ စွဲမြဲ, မမှီဝဲလေသောကြောင့်။ အာရောဂေါ၊ ရောဂါခပင်း, ဝေးကွာရှင်းသဖြင့်, ကျန်းမာခြင်းရှိသည်။ ဟောတိ၊ စိတ်သာချပေတော့, ဒီဌပုံသေ ဖြစ်ရလေသတည်း။

ဒီလိုဆိုတော့ အနာရောဂါ ကင်းရှင်းကွာပြီး ကျန်းမာတိုရာ ဆိုတာ မခက်လှပါဘူးနော်။ ထိုထိုအရာ, တွယ်တာစုံမက်, လောဘမထွက်တဲ့သူသည် တပ်နှစ်သက်ဘွယ်ရာအာရုံနှင့် တွေ့ကြုံဆုံရပါသော်လည်း–အကျိုးမရောက် မလျှောက်ပတ်သော အစာ အာဟာရ–ဥတု အစရှိသည်ကို ကောင်းစွာစွဲမြဲ မမှီဝဲသည်အတွက်ကြောင့် အနာရောဂါ ကင်းရှင်းကွာပြီး ကျန်းမာခြင်း ရတယ်ဆိုတာလဲ ယုံကြည်စွာ မှတ်သားသင့်တဲ့ အကြောင်းတချက်ပဲ (ဒကာကြီး ဦးစိန်ရဲ့)။

သို့အတွက်ကြောင့် "ကျန်းမာရေးဆိုတာ မခက်ပါ၊ လောဘကင်းအောင် ကျင့်ကြံပါ၊ ဘုရားပေးတဲ့နည်း ဝိဇ္ဇာ" လို့ဆိုလျှင် မလွဲပေဘူးပေါ့နော်။

ကဲ–နောက်ပြီးတော့–တပ်မက်မှု လောဘကင်းရင် ချမ်းသာခြင်းရဲ့ အကြောင်းလဲ ဖြစ်သတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။ စီးပွားရေး–ကြီးပွားရေးသမားများ သတိထားတို့ ကောင်းတဲ့ အချက်ပေါ့လေ။ ထိုကြောင့် အင်္ဂုတ္တရဆရာကလဲ–

အလောဘော စေတ္ထ ဘောဂသမ္ပတ္တိယာ ပစ္စယော ဟောတိ၊ အလုဒ္ဓော ဟိ စာဂေနဘောဂပင်္ဂလာဘော။ (အဘိဓမ္မ ဋ္ဌ–၁–၁၇၂) မိန့်ဆိုပြန်တယ်။

စ၊ တပါးအကြောင်းပြောင်း၍ တခါဆိုလိုက်ပါဦးအံ့။ ထွေ၊အလောဘ,အဒေါသ,အမောဟ, ဆိုငြား ဤတရားတို့တွင်။အလောဘော၊ အလောဘတရားသည်။ ဘောဂသမ္ပတ္တိယာ၊ စည်းစိမ်ဥစ္စာ, ရတနာအများ, သုံးစားမကုန်,ပြည့်စုံခြင်း၏။ပစ္စယော၊ ကောင်းစွာတည်တန့်,အကြောင်းအထောက်ပံ့ သည်။ ဟောတိ၊ မလွဲမသွေ, ဖြစ်ရပေ၏။ ဟိသစ္စံ၊အကြောင်းရင်းပြန်,အမှန်သော်ကား။အလုဒ္ဓော၊ လောဘမကြီး အလိုနည်းသော (သူ၏) ပုဂ္ဂိုလ်၏။ စာဂေန·နမြောမတွန့် ပေးစွန့်ခြင်းကြောင့်။ ဘောဂပင်္ဂလာဘော၊ ရတနာအမျိုးမျိုး, ဒီရေတိုးသို့, ပြည့်ဖြိုးစေဘိ, ရရှိခြင်းသည်။ ဟောတိ၊ သဘာဝလမ်းကြောင်း, မတိမ်းစောင်းအောင်, ကောင်းစွာမသွေ, ဖြစ်ရလေတော့သတည်း။

၁။ လောဘကင်းရှင်း, ကျန်းမာခြင်း, ကြောင်းရင်းဖြစ်လေသည်။
၂။ ဥတု-အစာ, မသင့်ရာ, ကောင်းစွာ ရှောင်ကွင်းသည်။
၃။ ရောဂါဘယ, ကင်းရှင်းပ, မုချကျန်းမာမည်။

ဒီနေရာမှာ မှတ်သားဘွယ်ကောင်းတာက လောဘနည်းပါးခြင်းကြောင့် ပစ္စည်းဥစ္စာ ပေါများ ပြည့်ဝခြင်း ဖြစ်ရတယ်ဆိုတဲ့အကြောင်းပဲ ဖြစ်တယ်၊ တချို့က လောဘကြီးကြီးနှင့် ပစ္စည်းဥစ္စာ ရှာကြံပါက ချမ်းသာပြည့်ဝတယ်ရယ်လို့ ယူဆတတ်ကြတယ်နော်။ လောဘနည်းပါးမှသာလျှင် သူတပါးအား စွန့်ကြဲပေးကမ်းတတ်ပြီး အခြေအရံတွေလဲ ပေါများ, ပစ္စည်းဥစ္စာလဲ တိုးပွားတတ်တယ်ဆိုတဲ့အကြောင်းကို ကောင်းကောင်းကြီး မစဉ်းစားကြလို့ပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ရှေးလူကြီး ပြောဆိုထားတဲ့ မြန်မာစကားပုံတခုရှိတယ် မဟုတ်လား၊ အဲဒီ ဩဝါဒစကားပုံကလေး ကတော့"လောဘကြီးတော့ နည်းနည်းရ၊ လောဘငယ် လယ်လောက်ရ"ဆိုတယ်–

ဦးပဥ္စင်းတို့ ကျေးဇူးရှင်ဆရာတော်ကြီးများ မကြာခဏဆုံးမလေ့ရှိသော ဩဝါဒစကားလဲ ရှိသေးတယ်။ အဲဒါကတော့။

"ပစ္စည်းမသို, စိတ်မတို, ခင်ပျိုကြီးပွားကြောင်း၊(ငွေအိုလည်း ကြီးပွားကြောင်း)"တဲ့–

ခင်ပျိုဆိုတာကတော့–ရဟန်းပျို, ရဟန်းငယ်များကို ဆိုလိုပါတယ်။ ခင်အိုဆိုတာကတော့- ဘုန်းတော်ကြီးများ, မထေရ်ကြီးများကို ဆိုလိုပါတယ်။ ရှေးအခါကတော့- မထေရ်ကြီးများကို ခင်ကြီး-ဟူ၍ ပြောဆိုလေ့ရှိကြသတဲ့။ ဒါကြောင့် ရှေးက မ-ကာရလောပဖြစ်တဲ့ တောင်တွင်းကြီး ဆရာတော် ခင်ကြီးပျော် စတဲ့ အမည်များမှာ ထင်ရှားလှပါတယ်။

သည်လိုဆိုတော့-ကျန်းမာရေးအတွက် ဆေးနည်းကောင်းလဲ ဦးပဥ္ဇင်းတို့ ဗုဒ္ဓအဘိဓမ္မာ ဒေသနာမှာ သေသေချာချာ ရှိတယ်နော်။ချမ်းသာဘို့အကြောင်း နည်းလမ်းကောင်းတွေလဲ ရှိတယ်၊ အဲဒီတော့ ဦးပဥ္ဇင်းတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်များက ထုတ်ဖော်ပြီး စားသုံးတတ်ကြဘို့ပဲ လို တော့တယ်နော်။

## လောဘကင်းသဖြင့် ချမ်းသာခြင်းအကြောင်း

ဖြစ်ပုံကိုလဲ စိတ်ထဲမှာစွဲသွားအောင် ဒီလင်္ကာလေးတွေကိုပဲ ဆောင်ထားကြပေတော့-

၁။ လောဘကင်းရှင်း, ချမ်းသာခြင်း, ကြောင်းရင်း ဖြစ်လေသည်။

၂။ တပ်မက်မစွဲ, ပေးစွန့်ကြဲ, မလွဲလာဘ်ရမည်။

၃။ နှမြောမတွန့်, သဒ္ဓါကွန့်, ပေးစွန့်ကြရမည်။

တပ်မက်မှု, လောဘကင်းမှု, ကျန်းမာခြင်း, ချမ်းသာခြင်း အကျိုးတွေ ရရှိနိုင်မယ်ဆိုတော့ လောဘကင်းရန် အကျင့်မှန်ကို ဘယ်လိုကျင့်ကြံရမယ်ဆိုတာကို သိကြဘို့ လိုနေပြီနော်။ သို့ဖြစ်လျှင် လောဘ- ဝါ- ရာဂ- ဝါ- တဏှာကင်းအောင် ဘယ်လို ကျင့်ကြံရမည်နည်း, ရှုမှတ်ပွားရမည်နည်း, ဆင်ခြင်ရပါမည်နည်း–ဆိုတော့ ရှင်တော်မြတ်ဘုရားက-

ရာဂဿ ပဟာနာယ အသုဘာ ဘာဝေတဗ္ဗာ။ (အင်္ဂုတ္တရပါဠိ-၂-၃၇၇-ရာဂသုတ္တ) ဟူ၍ ဆင်ခြင်ပွားများနည်းကို အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတော်မူခဲ့ပါတယ်။

ရာဂဿ၊ တွယ်တာတပ်မက်, နှစ်သက်တတ်ငြား, ရာဂတရားကို။ ဝါ-လောဘတရားကို။ဝါ- တဏှာကို။ ပဟာနာယ၊ ကောင်းစွာလွတ်ကင်း, ပယ်ချင်းခြင်းငှာ။ အသုဘာ၊ ဖောက်ပြန် ပျက်ပြား, သဘောအားဖြင့်, ပွားများစီးဖြန်း, အသုဘကမ္မဋ္ဌာန်းကို။ ဘာဝေတဗ္ဗာ၊ ဆင်ခြင်ထပ်ထပ်, ပွား များအပ်လေတော့သတည်း။

ယင်းကဲ့သို့ မြတ်စွာဘုရား ဟောကြားတော်မူသဖြင့် တဏှာလောဘ-ရာဂ-ကင်းရန် အမှန် လိုလားသော အမျိုးကောင်း သားသမီးတို့သည် မိမိ တပ်နှစ်သက်မိသော သတ္တဝါ သင်္ခါရတို့ အပေါ်၌ ဖောက်ပြန်ပျက်စီးတတ်သောကြောင့် မတင့်တယ်သည်၏ အဖြစ်တည်းဟူသော အသုဘ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများကြရမယ်တဲ့။ သို့အတွက် လောဘတရားဆိုးကို ပယ်ရှားလိုက အသုဘ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများကြဘို့ရန် တိုက်တွန်းခြင်း ဖြစ်ပါတယ်။

အလောဘော ရာဂဝသေန ဥပဂမနဿ အဘာဝကရော။(အဘိဓမ္မာ အဋ္ဌကထာ-၁-၁၇၂)

အလောဘော၊ လိုလား နှစ်သက်ခြင်း ကင်းသော, အလောဘတရားသည်။ ရာဂဝသေန၊ တပ်မက်ခြင်း၏ အစွမ်းအားဖြင့်။ ဥပဂမနသ၊ ကြိမ်ဖန်မပြတ် ကပ်ရောက်ခြင်း၏။ အဘာဝကရော၊ တစိုးတစိ မရှိခြင်းကို ပြုတတ်သည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်လေ၏။

သတ္တဝါ သင်္ခါရတို့အပေါ်၌ ငြိကပ် တွယ်တာတတ်သော ရာဂ၏ အစွမ်းအားဖြင့် ကပ်ရောက်ခြင်းမရှိလျှင် လိုချင်မှု လောဘလည်း မရှိတော့ပါဘူး၊ လိုချင်တပ်မက်မှု လောဘတရား ပယ်ရှားရေးအတွက် အဘိဓမ္မာ အဋ္ဌကထာမှာ ဖွင့်ဆိုထားချက်တွေ ပြည့်ပြည့်စုံစုံရှိပါတယ်၊ တရားနာတဲ့ ဒကာ, ဒကာမများ မှတ်သားသင့်တဲ့ အဖွင့်များကိုတော့ အသင့်အတင့် ပြောပြပါဦးမယ်။

အလောဘောန စ အနိစ္စဒဿနံ ဟောတိ၊ လုဒ္ဓေါ ဟိ ဥပဘောဂါသာယ
အနိစ္စေပိ သင်္ခါရေ အနိစ္စတော နပဿတိ။ (အဘိဓမ္မ-ဋ္ဌ-ပ-၁၇၃)။

စ၊ သဘောတမျိုးကို, ပြောဆိုပေဦးအံ့။ အလောဘေန၊ အလောဘဖြင့်။ အနိစ္စဒဿနံ၊ မမြဲသည်၏အဖြစ်ကို ရှုခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ မှန်လှပေ၏။ လုဒ္ဓေါ၊ လောဘကြီးသောသူသည်။ ဥပဘောဂါသာယ၊ အသုံးအဆောင်အပေါ်ဝယ် တပ်မက် တွယ်တာသော အာသာဖြင့်။ အနိစ္စေပိ၊ မမြဲစင်စစ်, အမှန်ဖြစ်သော်လည်း။ သင်္ခါရေ၊ အသုံးအဆောင်, များ မြောင်ပေလှ, သင်္ခါရတရားတို့ကို။ အနိစ္စတော၊ ဖြစ်က ပျက်ပြန်,အမှန်သဘော,မမြဲသောအားဖြင့်။ နပဿတိ၊ ကောင်းစွာထင်ထင်, မသိမြင်ချေ။

အနိစ္စဒဿနေန ဟိ အလောဘော ဟောတိ။ (ၐင်း အဘိဓမ္မ-ဋ္ဌ-ပ)။

အနိစ္စဒဿနေနဟိ၊ အဝတ်အစား,များပြားစုံလှ,သင်္ခါရတို့အပေါ်၌ မမြဲသည်၏ အဖြစ်ကို ရှုမြင်သဖြင့်သာလျှင်။ အလောဘော၊ လိုချင်တပ်မက်,နှစ်သက်မှုသဘော, ကွာလျော ကင်းပသည်။ ဟောတိ၊ ဧကန်စင်စစ်, ဖြစ်လေရ၏။

ဆိုလိုရင်း အဓိပ္ပာယ်ကတော့–လိုချင်တပ်မက်မှု လောဘရှိသော ပုဂ္ဂိုလ်သည် အဝတ်အစား စသော အသုံးအဆောင်တို့ကို တွယ်တာတပ်မက်သောအားဖြင့် ထို အသုံးအဆောင်တို့သည် မမြဲသော်လည်း၊ ယင်း အသုံးအဆောင်, များမြောင်လှစွာ, သင်္ခါရတရားတို့ကို မမြဲသော အားဖြင့် ကောင်းစွာပိုင်ပိုင် မသိနိုင်, မမြင်တတ်ပါဘူးတဲ့။

ယင်းကဲ့သို့ မမြဲသည့်အဖြစ်ကို မမြင်ခြင်းကြောင့်သာလျှင် တပ်မက်မှု, လိုချင်မှု လောဘ ဖြစ်ပွားရခြင်း ဖြစ်ပေတယ်၊ မမြဲသော အသုံးအဆောင် သင်္ခါရတရားတို့ကို မမြဲသောအားဖြင့် ကောင်းစွာ ရှုမြင်ရပါမူကား တပ်မက်မှု လောဘတရားလဲ အလိုလို ကင်းပျောက်သွားပေလိမ့်မယ်၊ တပ်မက် လိုချင်မှု မရှိတော့ဘူးပေါ့၊ သို့အတွက်ကြောင့် လောဘတရားဆိုး ကင်းလိုလျှင် သတ္တဝါ သင်္ခါရတို့အပေါ်ငယ် ဖြစ်ပြီးလျှင် ပျက်စီးတတ်သော သဘောကြောင့် မမြဲသော အနိစ္စတရားပါ တကား-ဟု ဆင်ခြင်ပွားများကြရမယ်လို့ ဆိုလိုတယ်နော် (ဒကာကြီး ဦးစိန်)။

လောဘတရားဆိုး ကင်းရှင်းလိုက အဘယ်တရားကို ပွားများရမည်လဲ၊ ဟုတ်တယ်-လောဘ ကင်းလိုက အနိစ္စတရားကို ရှုပွားရမည်တဲ့၊ အများသူငါ, သတ္တဝါတို့သည် အတွင်း, အပ အသုံး

အဆောင်များဖြစ်တဲ့ သင်္ခါရအစုစုကို အဘယ်ကြောင့် လိုချင် နှစ်သက်နေသနည်း, ငြိတွယ် စွဲလန်းနေသနည်း-လို့ ဆင်ခြင်စဉ်းစားကြည့်ပါလျှင် ထို အသုံးအဆောင် သင်္ခါရတို့ မမြဲကြသော်လည်း ခိုင်မြဲ တည်တန့်နေသည်-ဟု အထင်မှား အမြင်မှားနေခြင်းကြောင့်ဆိုတာ ယခုအခါ ကောင်းစွာ ထင်ရှားကြပြီနော်။

သဝိညာဏက, အဝိညာဏက သတ္တဝါ သင်္ခါရတို့သည် ဖြစ်ပြီးလျှင် ပျက် စီး တတ် သော သဘောကြောင့် အမှန်စင်စစ်ကား မမြဲသော အနိစ္စတရားတွေပါကလား ဟု ပွားများ ရှုမြင်လျှင် လိုချင်မှု, တပ်မက်မှုဆိုတာ အလိုလို ကင်းကွာသွားတာပါပဲ၊ သို့အတွက် တရားနာသူကြတဲ့ ဒကာ, ဒကာမများကိုလဲ လောဘတရား,ကင်းလိုငြားမူ, အနိစ္စတရားကို ရှုပွားကြ-ဟူ၍ မှာကြား သတိပေး တိုက်တွန်းလိုက်ရပါတယ်။

ကဲ-ဒီလို ရွတ်ဆိုပြီး ဉာဏ်အမြင်မှာ ထင်လာအောင် ဆင်ခြင်ပွားများကြပေတော့။

**ဆောင်ပုဒ်** ၁။ ဇနီးမယား၊ သမီးသားနှင့်၊ များလှဖြာဖြာ၊ သတ္တဝါတို့၊ ဖြစ်ပေါ်လာပြီး၊ ချုပ်ပျက်စီးသည်၊ အချည်းနှီး အနိစ္စမျိုးတို့ပါတကား။

၂။ တွင်းပြင်သုံးဆောင်၊ များမြောင်လှစွာ၊ သင်္ခါရာတို့၊ ဖြစ်ပေါ်လာပြီး၊ချုပ်ပျက်စီးသည်၊ အချည်းနှီး အနိစ္စမျိုးတို့ပါတကား။

၃။ သတ္တဝါ သင်္ခါရ၊ ဟူသမျှ၊ အနိစ္စ-ဟု ရှုရမည်။

၄။ အနိစ္စထင်၊ လောဘဝင်၊ ပြည်လွင် နိဗ္ဗာန် နီးလေပြီ။

အလောဘေန စေတ္တ သကပက္ခေသု နိဗ္ဗုတော ဟောတိ၊ တေသံ ဝိနာသေန
အဘိသင်္ဂဟေတုကဿ ဒုက္ခဿ အဘာဝါ။ (အဘိဓမ္မ အဋ္ဌကထာ-ပ-၁၇၃)။

ဟူ၍ အဘိဓမ္မအဋ္ဌကထာကြီးမှာ တနည်း ထုတ်ပြထားတာ ရှိပေသေးတယ်၊ ကောင်းမွန်စွာ မှတ်ကြ, နာယူကြစေချင်လှသဖြင့် အဋ္ဌကထာလာသမျှကို ထုတ်ပြလိုက်ရတယ်။

စ၊ မှတ်ဘွယ်အသီး,တနည်းဆိုအံ့။ တွေ့၊ အ လောဘ, အ ဒေါသ, အ မောဟတရား, ဤသုံးပါးတို့တွင်။ အလောဘေန၊ အ လောဘဖြင့်။ သကပက္ခေသု၊ မိမိ၏အဖို့ ဖြစ်ကုန်သော။ သတ္တသင်္ခါရေသု၊ သတ္တဝါ သင်္ခါရ ဟူသမျှတို့၌။ နိဗ္ဗုတော၊ ပူပန်မလိမ်း, အေးငြိမ်းပြီးသည်။ ဟောတိ၊ အမှန်စင်စစ်, ဖြစ်လေ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းမူကား၊ တေသံ၊ များပြားစွာလှ, ထိုသတ္တဝါ သင်္ခါရတို့၏။ ဝိနာသေန၊ ချုပ်ပျောက်ယိုယွင်း,ပျက်စီးခြင်းကြောင့်။ အဘိသင်္ဂဟေတုကဿ၊ အလွန်ကပ်ငြိခြင်းလျှင် အကြောင်းရင်းရှိသော။ ဒုက္ခဿ၊ ကျင်,နာ, ခံခက်, နှိပ်စက်လွန်ကဲ,ဆင်းရဲခြင်း၏။ အဘာဝါ၊ တစိုးတစိ, မရှိခြင်းကြောင့်။ သတ္တသင်္ခါရေသု၊ ထိုထိုများစွာ,သတ္တဝါသင်္ခါရတို့၌။ နိဗ္ဗုတော၊ ပူပန်ခပ်သိမ်း, ငြိမ်းအေးခြင်းသည်။ ဟောတိ၊ ဓမ္မလမ်းကြောင်း, မတိမ်းစောင်းအောင်, ကောင်းစွာမသွေ, ဖြစ်ရလေသတည်း။

ဆိုလိုရင်းကတော့ တပ်မက်မှုလောဘ ကင်းသဖြင့် မိမိဘက်, မိမိအဖို့ ဖြစ်ကုန်သော ဇနီးမယား, သမီးသား, ကျွဲ,နွား,ဆင်,မြင်း-အစရှိသော သတ္တဝါအပေါ်၌ရင်း၊ အဝတ်အစား အစရှိသော အတွင်း,အပ အသုံးအဆောင်, များမြောင်လှစွာ, သင်္ခါရတို့အပေါ်၌ရင်း တွယ်တာငြိကပ်မှု

ကင်းကာ ပူပန်ရမှု ငြိမ်းအေးရခြင်း ဖြစ်ပါတယ်တဲ့၊ အကြောင်းကတော့ ထိုသတ္တဝါသခ်ါရ အစုစုတို့၏ ပျက်စီးမှုကြောင့် အလွန်တပ်မက်ငြိကပ်ခြင်းလျှင် အကြောင်းရှိသော ဆင်းရဲမှုမရှိခြင်းကြောင့် ပင် ပူပန်ခပ်သိမ်း အေးငြိမ်းချမ်းသာရခြင်းဖြစ်သည်-ဟု မှတ်ရပေမည်။

လောဘ, အလောဘအကြောင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောပြခဲ့တာ တော်တော်လဲ ကြာသွားပြီနော်၊ လောဘဘရားပယ်ရှားဘို့ရန် ဂါထာတပုဒ်ကို နိဂုံးအုပ်တဲ့အနေနဲ့ ရွတ်ဆိုပြီးတော့ ဒေါသ, အဒေါသအကြောင်းကိုလဲ ဆက်လက်ပြောဟောရပေလိမ့်မယ်၊ ကဲ-သဒ္ဒါခတ် ကြည်ကြည်နဲ့ မနသိ ယွင်းမှားရအောင် နားစိုက်ထောင်ပြီး လက်အုပ်ကိုယ်စီ ချီထားကြပေတော့။

> သခ်ါရေသုစ သတ္တေသု၊ အနိစ္စံ အသုဘာ တထာ။
> လောဘဿ သမ္ပဟာနာယ၊ ဘာဝေတဗ္ဗာ ဟိတေသိနာ။ (ရစနာဂါနာ)။

ဟိတေသိနာ၊ အကျိုးစီးပွား,ဒီရေအလားသို့, ထွန်းကားစေရေး, မြှော်တွေးလိုလား, အမျိုးကောင်းသားသမီးသည်။ လောဘဿ၊ ထိုဆိုအာရုံ, တွေ့ကြုံငြိကပ်, တွယ်တာတတ်ငြား, လောဘတရားကို။ သမ္ပဟာနာယ၊ ဝိပဿနာ, ဉာဏ်ပညာဖြင့်, ကောင်းစွာလွတ်ကင်း, ပယ်ရှင်းခြင်းငှာ။ သခ်ါရေသုစ၊ ဝတ်စားသုံးဆောင်,မျှားမြောင်စွာလှ,သခ်ါရတရားစုဘို့၌ရင်း။ သတ္တေသုစ၊ လင်နှင့်ဇနီး,သမီးနှင့်သား, ကျွဲ,နွား,ဆင်,မြင်း, မယွင်းစရှိ, မျှားဟိအဖြာဖြာ, သတ္တဝါတို့၌ရင်း။ အနိစ္စံ၊ ဖြစ်က ပျက်ရန်, အမှန်မလွဲ, မမြဲခြင်းကိုရင်း။ တထာ၊ သတောရင်းသွား, မခြားနည်းယူ, ထိုအတူ။ အသုဘာ၊ စက်ဆုတ်ရွံဘွယ်,မတင့်တယ်ဟု, စိတ်ဝယ်စိုက်ကာ,ကောင်းစွာစီးဖြန်း, အသုဘ ကမ္မဋ္ဌာန်းကိုရင်း။ ဘာဝေတဗ္ဗာ၊ မိမိနှောက်နှောင်း, အစဉ်ကောင်းအောင်, ကျိုးကြောင်းဆင်ခြင်, ရှုမြင်ပွားများအပ်လေသတည်း။

ကဲ-ဒီလင်္ကာကလေးတပုဒ်လောက် မှတ်ပြီး လောဘဇာတ်ကိုတော့ အဆုံးသတ်ကြစို့ရဲ့။

| | | | |
|---|---|---|---|
| ဆောင်ပုဒ်။ | လောဘတရား | — | ပယ်ရှားလိုလျှင် |
| | သတ္တဝါ-သခ်ါရ | — | များလှပေါတွင် |
| | မဘင့်တယ်ပဲ | — | မမြဲကြအင် |
| | ယောဂီမြတ် | — | ရှုအပ်ထာဝစဉ်။ |

**ဒေါသ ကထာ**

လောဘ,ဒေါသ,မောဟ-တရားသုံးပါးတို့တွင် လောဘ၏ဖြစ်ကြောင်းကုန်စင်ကို တော်တော်ကလေး စုံလင်အောင် ပြောခဲ့,ဟောခဲ့ပြီ (ဒကာကြီး ဦးစိန်ရဲ့)၊ တော်တော်လေးလဲ မှတ်မိ သိရှိကြလောက်ပါပြီ၊ ယခု ဒေါသ၏ အကြောင်းသရုပ်ကို ဖော်ထုတ်ပြီး ပြောကြအုံးစို့ရဲ့။

ဒေါသဆိုတာ- ဒုဿန္တိ တေနာတိ ဒေါသော, ဒုဿတီတိ ဒေါသော, ဒုဿနံ ဒေါသော-ဟူ၍ သဒ္ဒဝိဒူဆရာတို့ ဝိဂ္ဂဟပြုတော်မူကြတဲ့အတိုင်း မိမိ အကျိုးစီးပွား, သူတပါးတို့၏ အကျိုးစီးပွားတို့ကို ပျက်စီးအောင် ဖျက်ဆီးတတ်သောတရားကို ဒေါသ-ဟု ခေါ်ဆိုခြင်း ဖြစ်တယ်တဲ့၊ တေန၊ ဤ တရားသဘောဖြင့်။ ဒုဿန္တိ၊ ဖျက်ဆီးတတ်ကုန်၏။ ဣတိ၊ ဤသို့ ဖျက်ဆီးကြောင်းဖြစ်သောကြောင့်။ ဒေါသော၊ ဒေါသ မည်၏။

(သယ်၊ မိမိသည်။ ဒုဿတိ၊ ဖျက်ဆီးတတ်၏။ ဣတိ၊ ထို့ကြောင့်၊ ဒေါသော၊ ဒေါသမည်၏။ ဒုဿနံ၊ ဖျက်ဆီးခြင်း။ ဒေါသော၊ ဖျက်ဆီးခြင်း။)

မိမိ၏ အကျိုးစီးပွား, သူတပါး၏ အကျိုးစီးပွားတို့ကို ပျက်စီးအောင် ဖျက်ဆီးကြောင်း ဖြစ်သောကြောင့် ဒေါသ-ဟု ခေါ်ဆိုခြင်း ဖြစ်သည်တဲ့။

(တနည်းအားဖြင့်) သယ်၊ မိမိသည်။ ဒုဿတိ၊ ဖျက်ဆီးတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဒေါသော၊ ဒေါသမည်၏။

မိမိသည်ပင်လျှင် ဖျက်ဆီးတတ်သောကြောင့် ဒေါသ မည်သည်တဲ့။

ဒုဿနံ၊ ဖျက်ဆီးခြင်း။ ဒေါသော၊ ဖျက်ဆီးခြင်း။ ဒီအလိုကတော့ ဖျက်ဆီးခြင်း သဘောမျှကို ဒေါသ-လို့ ခေါ်ဆိုရတယ်တဲ့။

ဒီဒေါသတရား ဖြစ်ပွားတယ်ဆိုတာလဲ အလိုလိုဘာသာနေရင်း ဖြစ်ခြင်း မဟုတ်ပါဘူး၊ လောဘဖြစ်တဲ့ နည်းအတိုင်းပါပဲ၊ အကြောင်းတရားတွေ ပြည့်စုံညီညွတ်မှသာ ကောင်းစွာ ဖြစ်တတ်ပါတယ်၊ ဒေါသဖြစ်ဘို့ရန် အနည်းဆုံး အကြောင်းနှစ်ပါးရှိမှ ဖြစ်ပါတယ်၊ တနည်းအားဖြင့် ဒေါသဖြစ်ရန် အကြောင်း ၉-ပါး, ၁၀-ပါး-ဟူ၍လဲ ရှိပေသေးတယ်၊ ဒီနေရာမှာ မှတ်သား၍လွယ်အောင် လိုရင်း ၂-ပါးကိုပဲ ပြောပါမယ်။ အဲဒီ ၂-ပါးကတော့-

> ဒွေမေ ဘိက္ခဝေ ပစ္စယာ ဒေါသဿ ဥပ္ပါဒါယ၊ ကတမေဒွေ။ ပဋိဃနိမိတ္တဉ္စ အယောနိသော စ မနသိကာရော။ ဣမေခေါ ဘိက္ခဝေ ဒွေပစ္စယာ ဒေါသဿ ဥပ္ပါဒါယာတိ။ (အင်္ဂုတ္တိုရ်ပါဠိ-ပ-၈၆)။

ဘိက္ခဝေ၊ ကိလေသာရန်ဆိုး, တရားမျိုးကို, ဖျက်ချိုးဘို့ရန်, စိတ်သန်ကြိုးစား, ရဟန်းတော်များတို့။ ဒေါသဿ၊ မိမိ သူတပါး,နှစ်ပါးအကျိုး,ဖျက်ချိုးတတ်ငြား,ဒေါသတရားကို။ ဥပ္ပါဒါယ၊ ကောင်းစွာမနေ့သူ့, ဖြစ်စေခြင်းငှာ။ ပစ္စယာ၊ အကြောင်း, အထောက်အပံ့တို့သည်။ ဣမေဒွေ၊ သရုပ်ပိုင်းခြား, ဤနှစ်ပါးတို့ပေတည်း။ ကတမေဒွေ၊ သရုပ်ပိုင်းခြား, အဘယ်နှစ်ပါးတို့နည်း။ ပဋိဃနိမိတ္တဉ္စ၊ အလိုမရှိအပ်သော, အနိဋ္ဌာရုံ-ဟု ဆိုအပ်သော ပဋိဃနိမိတ်ရင်း။ အယောနိသောစ မနသိကာရော၊ မသင့်သောအားဖြင့် နှလုံးသွင်းမှားခြင်းရင်း။ ဣမေဒွေ၊ ဤနှစ်မျိုးတို့ပေတည်း။ဘိက္ခဝေ၊ သံသရာဘေး,လာမည့်ရေးကို,မြော်တွေးကြောက်ငြား, အို-ချစ်သားတို့။ ခေါ၊ စင်စစ်ကေန်,အမှန်မူကား။ ဒေါသဿ၊ အကျိုးပျက်အောင်,ဖျက်ဆီးတတ်ငြား,ဒေါသတရားကို။ ဥပ္ပါဒါယ၊ ဖြစ်ပွားစေခြင်းငှာ။ ပစ္စယာ၊ အကြောင်းတို့သည်။ ဣမေဒွေ၊ ဤနှစ်ပါးတို့ပေတည်း။ ဣတိ၊ ဤသို့။ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး,တရားသခင်, ဘုရားရှင်သည်။ အဝေါစ၊ ကရုဏာတရား, ရှေ့တင်ထားလျက် ဟောကြားတော်မူခဲ့လေပြီတကား။

ဤကဲ့သို့ ဒေါသဖြစ်ဘို့ရန် အကြောင်း ဆိုတာဟာ—

၁။ ပဋိဃနိမိတ္တ - မိမိမျက်မှောက်ဝယ် တွေ့ကြုံနေရသော အလိုမရှိအပ်, စိတ်ကို ထိခိုက်စေတတ်သော အာရုံ ဖြစ်ခြင်း။

၂။ အယောနိသော မနသိကာရ–မိမိကလည်း သမ္မာဉာဏ်ယှဉ်ထားပြီး အသင့်အတင့် အားဖြင့် နှလုံးသွင်းမထားနိုင်ခြင်း။ ယင်း အကြောင်း ၂-ချက် ညီညွတ်ကြမှသာ လျှင် ဒေါသတရား ဖြစ်ပွားရခြင်းဖြစ်တယ်-လို့ မှတ်ရပါမယ်တဲ့။

ယင်း ဒေါသဖြစ်ကြောင်း တရားနှစ်ပါးတွင် တပါးပါး ချွတ်ယွင်းပါက ဘယ်နည်းနှင့်မှ ဒေါသမဖြစ်ပါဘူးတဲ့ (ဒကာကြီး ဦးစိန်ရှဲ)၊ လေ့သေချာချာ ဉာဏ်ယှဉ်ပြီး ဆင်ခြင်၍ ကြည့်ကြ စမ်းပါ။

**ဥပမာ**–မိမိချက်မှောက်ဝယ် တွေ့ကြုံနေရသောအာရုံ ဗ ပဋိဃနိမိတ္တခေါ်တဲ့ အလိုမရှိအပ်, မနှစ်သက်အပ်သော,စိတ်ကို ထိခိုက်စေတတ်သော အာရုံ ဖြစ်နေပေမဲ့ မိမိက ယောနိသော မနသိကာရ ဆိုတဲ့ သင့်တင့်အောင် နှလုံးသွင်းနိုင်ခဲ့ယင် အဘယ်မှာ ဒေါသတရား ဖြစ်ပွားပါတော့မလဲ၊ တဖန် မိမိကသင် အယောနိသော မနသိကာရ-ဆိုတဲ့ သင့်ဘင့်အောင် နှလုံးမသွင်းတတ်စေကာမူ တွေ့ရ,ကြုံရ သော အာရုံတွေက ကောင်းမြတ်သော နှစ်သက်ဘွယ်, သာယာဘွယ် အာရုံများ ဖြစ်နေလျှင်လဲ ဒေါသတရား မဖြစ်ပွားတော့ပါဘူးတဲ့၊ ယင်းသို့ အကြောင်း ၂-ပါး ပြည့်စုံညီညွတ်မှသာ ဒေါသ တရား ဖြစ်ပွားတတ်၏-ဟု စွဲမြဲစွာ မှတ်သားကြပေတော့။

**ဆောင်ပုဒ်** ၁။ အာရုံမကောင်း၊ စိတ်မကောင်း၊ အကြောင်း ၂-ရပ်မှာ။
၂။ ယင်းတို့နှစ်ဝ၊ ပြည့်စုံက၊ ဒေါသဖြစ်တတ်စွာ။
၃။ သူကျိုး ကိုယ်ကျိုး၊ ထိုနှစ်မျိုး၊ ဖျက်ချိုးလေတတ်စွာ။

ဟောဒီ ဒေါသဆိုတဲ့ တရားဆိုးသည် မိမိဘို့သန္တာန်မှာ ဖြစ်ပွားလာပြီဆိုမှဖြင့် မိမိဖြစ်ရာ ပုဂ္ဂိုလ် ကောင်းမြတ်သော အကျိုးစီးပွားကိုလဲ ပျက်စီးအောင် ဖျက်ဆီးတတ်တယ်၊ သူတပါး၏ အကျိုးစီးပွားကိုလဲ ပျက်စီးအောင် ဖျက်ဆီးပစ်တတ်တယ်၊ သို့အတွက်ကြောင့်ပဲ ရှင်တော် မြတ် ဘုရားက "အနတ္ထ ဇနနော ဒေါသော" ဟူ၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်တယ်။

ကဲ–ကဲ–"ဒေါသတရား, ရှောဝယ်ထား, အများပါတတ်ဆည်" ဆိုတဲ့အတိုင်း ဒေါသတရား ရှေ့ထားပြီး မိုက်မိုက်မှားမှားပြုကျင့်ခဲ့တဲ့အတွက်ကြောင့် ယခု ပစ္စုပ္ပန်ကာလမှာလဲ ကြီးစွာသော ဆင်းရဲမှုနှင့် တွေ့ရ, သံသရာမဆုံးနိုင်သမျှ ဆင်းရဲဒုက္ခ အဂ္ဂဝနှင့် တွေ့ကြုံရရှာမည်ဖြစ်တဲ့ မာဂဏ္ဍီ မိဖုရားခေါင်ကြီးရဲ့အကြောင်းကို ကောင်းမွန်စွာ နာယူမှတ်သားကြပေတော့။

( မာဂဏ္ဍီ ဝတ္ထု )

ဦးပဉ္ဇင်းတို့ရဲ့ ဓမ္မိဿရ ဓမ္မသာမိဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါနအခါက ကုရုတိုင်း, ကမ္မာသဓမ္မ နိဂုံးရွာကြီး၌ မာဂဏ္ဍီ-အမည်ရှိတဲ့ ပုဏ္ဏားကြီးတယောက် ရှိသတဲ့၊ ထိုပုဏ္ဏား ကြီးရဲ့ဇနီး ပုဏ္ဏေးမကြီးကိုလဲ မာဂဏ္ဍီ-ဟုပင် ခေါ်ကြသတဲ့၊ ပုဏ္ဏားကြီးရဲ့ညီကိုလဲ မာဂဏ္ဍီ-ဟုပင် ခေါ်ကြတယ်၊ ပုဏ္ဏားကြီးမှာ ရှုမြမညီးတဲ့ ချစ်သမီးတယောက် ရှိတယ်၊ သူမကိုလဲ မာဂဏ္ဍီ-လို့ပဲ ခေါ်ပြန်တယ်၊ အားလုံး နာမည်တူ မာဂဏ္ဍီချည်းပါပဲ၊ သူတို့က မာဂဏ္ဍီ ပုဏ္ဏားမျိုးကြီးကိုး၊ မာဂဏ္ဍီ နာမည်တူချည်း ဖြစ်ကြပေမယ်ပေါ့။

ယခုခေတ် ဦးပဥ္စင်းတို့ မြန်မာလူမျိုးတွေလဲ အချို့ခေတ်ဆန်သောသူများမှာဆိုရင် ဖခင်ကြီးရဲ့ နာမည်က ဦးညွန့်-ဟု ခေါ်လျှင် သူ့ရဲ့ဇနီးနာမည်ဟာ လေဒီညွန့်၊ သားရဲ့နာမည်ကျတော့ မောင်တင်မောင်ညွန့်၊ သမီးရဲ့နာမည် ကျပြန်တော့လဲ ခင်ခင်ညွန့်-စသည်ဖြင့် မှည့်ခေါ်တတ်ကြတယ် မဟုတ်လား၊ အမျိုးအနွယ်ကို အစဉ်မပျက်အောင် ထိန်းသိမ်းတဲ့သဘောနဲ့ မှည့်ခေါ်ကြတာ ဖြစ်တဲ့ အတွက် ကောင်းမြတ်သော အစဉ်အလာတရပ်ဟု မှတ်ယူနိုင်ပါတယ်။

ဒါလဲ မိမိတို့ရဲ့မိဘက ဂုဏ်ရှိ အသရေရှိ ထင်ပေါ်ကျော်ကြားတဲ့မိဘဖြစ်မှသာလျှင် သူ့ရဲ့ နာမည်ကို ယူငင်ပြီး ဒေမွန်းတင်ကာ မှည့်ခေါ်နိုင်ကြမှာ သည်လိုမဟုတ်ပဲ မိမိတို့ မိဘက ဒမြ, သူခိုး, လူဆိုးလူရှုပ်ဆိုယင်တော့ မိဘရဲ့နာမည်နှင့် တွဲယှဉ်ပြီး သားသမီးတွေက မိမိတို့ရဲ့ နာမည်ကို မှည့်ခေါ်ကြမှာ မဟုတ်ပေဘူးပေါ့၊ ဒါကြောင့်မို့ ဒီမာဂဏ္ဍီပုဏ္ဏားကြီးဟာလဲ သာမညလူစား တော့ မဟုတ်နိုင်ဘူးဆိုတာ မှတ်ယူနိုင်လောက်တယ် နော်။

ဒီမာဂဏ္ဍီပုဏ္ဏားကြီးရဲ့ သမီးဖြစ်တဲ့ မာဂဏ္ဍီ ပုဏ္ဏေးမကလေးဟာ နတ်မိမယ်တမျှ အလွန်ပင် လှပသတဲ့၊ ရှုမြင်သူ ငေးလောက်တဲ့ အလှဂုဏ်အလှဘုရင်မကလေးပေပေါ့၊ ယင်းကဲ့သို့ မိမိရဲ့ သမီးကလေး နတ်မိမယ်တမျှ လှပတဲ့အတွက်ကြောင့်ပဲ ပုဏ္ဏားကြီးလဲ သမီးဂုဏ်မောက်ကာ မာန် ဝင်ပြီး သူမနဲ့ လျော်ကန်တဲ့, ထိုက်တန်တဲ့ ယောကျ်ားကိုပင် မမြင်အောင်ဖြစ်နေတယ်ဆိုပဲ၊ ဥစ္စာခနေ ပေါပြည့်ဝတဲ့ သူကြွယ်, သူဌေး ပဂေးဆိုဘဲ့ အမျိုးများက လာရောက်ပြီး သူ့သမီးကို တောင်းဆို ကြောင်းလမ်းတဲ့အခါ "နမယှ ဓိတုတုမှ အနုစ္ဆဝိကာ" ငါ့သမီး မင်းတို့နဲ့ မတန်ပါဘူး-လို့ ရင့်သီးစွာ ပြောဆိုပြီး လွှတ်သတဲ့၊ တော်တော်လဲ သမီးဂုဏ်မောက်တဲ့ ပုဏ္ဏားကြီးပါကလားနော်။

ဒီလောကကြီးမှာ ပစ္စည်းရှိသူတွေကလဲ ပစ္စည်းဂုဏ်ရောင်ကြောင့် မာန်ထောင်ကြတာလို သားယောကျ်ားရှိတဲ့သူ ကြပြန်တော့လဲ သားမာန်တက်၊ သမီးရှိတဲ့သူကလဲ သမီးမာန်တက်၊ အတတ် ပညာရှိတဲ့သူများ ကြတော့လဲ ပညာမာန်တက်ကြတာပဲပေါ့၊ ဒါ့ကြောင့် လောကလူသားတွေမှာ မာနမီးတွေ အသီးသီးတောက်လောင်နေတယ်ဆိုယင် မမှားနိုင်ပါဘူးနော် (ဒကာကြီး ဦးစိန်)။

ဓနဝါ ဓနမာနေန၊ ပုတ္တိမာနေန ပုတ္တိမာ။
ရူပဝါ ရူပမာနေန၊ လောကေ မာနေန္တိပညဝါ။ (ရစနာ)။

လောကေ၊ လူ့ကိုငါပြိုင်, အနိုင်မထား, ထောင်လွှားတက်ကြွ, ဤလောကကြီး၌၊ ဓနိကာ၊ ရွှေငွေ စိန်ကျောက်, လုံလောက်ပြည့်ဝ, ပေါများကြသည်, ဓနရှင်တို့သည်။ ဓနမာနေန၊ ပေါများ ပြည့်လျှံ, ပစ္စည်းမာန်ဖြင့်။ မာနေန္တိ၊ ငွေဖြင့်လုပ်ဆောင်, ကြံတိုင်းအောင်ဟု, အခေါင်ထိရောက်, ပစ္စည်းဂုဏ်မောက်ကြလေကုန်၏။ ပုတ္တိမာ-ပုတ္တိမန္တာ၊ မိမိရင်နှစ်, ချစ်ရှုမညီး, သားသမီးရှိကြကုန် သောသူတို့သည်။ ပုတ္တမာနေန၊ အချိန်ရွယ်ရောက်,လူသားမြောက်သဖြင့်,အားထားလောက်ပြန်,သား သမီးမာန်ဖြင့်။ မာနေန္တိ၊ ကြီးငယ်ကိစ္စ,ဟူသမျှ၌,စိတ်ချလောက်ပြီ,မြဲယုံကြည်လျက်,မာန်တက်ကြလေ ကုန်၏။ ရူပန္တာ၊ ရှေးကုသိုလ်ကံ, အကြောင်းဖန်သဖြင့်, ကောင်းကံယှဉ်း, ရုပ်ဆင်းအင်္ဂါ, လှပခြင်း ရှိကြသော အလှထိပ်ခေါင်တင်တို့သည်။ ရူပမာနေန၊ ရုပ်ဆင်းမိုက,သာယာနှစ်သက်,စွဲမက်ပြုပြင်, အစဉ်တောက်လျှောက်, အလှဂုဏ်မောက်သဖြင့်။ မာနေန္တိ၊ ငါသာလှပ, တင့်တယ်စွဟု, ရှီးပြ ပြောင်ပြောင်, မာနထောင်တတ်ကြလေကုန်၏။ ပညဝါ-ပညဝန္တော၊ သိပ္ပံဝိဇ္ဇာ, တတ်ပညာကို,

ကောင်းစွာတတ်သိ, ပညာရှိသောသူတို့သည်။ (ဝါ) လောကီ လောကုတ်, မယုတ်တိုးပွား, အမျိုးများစွာ, တတ်ပညာကို, ကောင်းစွာတတ်သိ, ပညာရှိတို့သည်။ ပညာသနေန၊ ငါသာတတ်သိ,ပညာရှိဟု, စွဲဘိယူမှား, မာန်ထောင်လွှား ဖြင့်။ (ဝါ) အရေးရာကို, လိမ္မာကျွမ်းကျင်, မြော်မြင်သိဉာဏ်, ပညာမာန်ဖြင့်။ မာနေန၊ ငါသာတတ်သိ, ပညာရှိဟု, စွဲဘိယူမှား,အားဥုံကြွားလျက်, ထောင်လွှားတတ်လေကုန်တော့သတည်း။

(ဒကာကြီး ဦးစိန်) လောကီလူများ, မာန်ထောင်လွှားပုံ, အမျိုးစုံကို, ကုန်စင်အောင် ပြောရလျှင် ဓမ္မကထိကကိုယ်တော် မောရုံသာရှိမယ် နော်၊ မာန်ထောင်ပုံ အမျိုးအစားကတော့ ကုန်သွားမယ် မထင်ဘူး၊ ပစ္စည်းဥစ္စာ ချမ်းသာသူက ပစ္စည်းဥစ္စာကိုစွဲပြီး မာန်တက်၊ သားသမီးရှိသူကလဲ သားသမီးနဲ့ မာန်တက်၊ အဆင်းလှသူက အဆင်းမာန်တက်၊ ပညာတတ်သူက ပညာမာန်တက်၊ ရာထူးအာဏာရှိသူကလဲ ရာထူးအာဏာနဲ့ မာန်တက်-စသည်ဖြင့် မာနပြိုင်ပွဲကြီး ဆင်နွှဲနေကြတယ် မဟုတ်လား၊ ကိလေသာခေတ်ငွေ့ မကုန်သရွေ့တော့ ဒီ သားသမီးအစွဲ, ပစ္စည်းစွဲ၊ သားသမီးမာန်, ပစ္စည်းမာန်-စသည်တို့ဟာ လူတွေမှာသာ ရှိတာ မဟုတ်ပါဘူး (ဒကာကြီး ဦးစိန်ရယ်)။

နတ်တွေမှာလဲ ထိုနည်းရင်း, ဗြဟ္မာတွေမှာလဲ ထိုနည်းရင်း, အပါယ်ဘုံသားတွေလဲ ထိုနည်းရင်း, ကုန်ကုန်ပြောလိုက်မယ်–ကိလေသာခေတ်,မကင်းပြတ်သေးတဲ့ သတ္တဝါမှန်သမျှဟာ ထိုနည်းရင်းချည်းပါပဲတဲ့၊ သို့အတွက်ကြောင့် ကျွဲ, နွား, ခွေး, ဝက်, ကြက်–စသော တိရစ္ဆာန်များကိုလဲ အသိဉာဏ်မကြွယ်ရှာတဲ့ အပါယ်ဘုံသား သတ္တဝါတွေပါကလား-ဆိုပြီး အထင်မသေးလေနဲ့နော် (ဒကာကြီး ဦးစိန်)၊ သူတို့ကလဲ သူတို့ပိုင်ဆိုင်တဲ့ သားသမီးမာန်, ပစ္စည်းအခြံအရံမာန်၊ သားသမီးစွဲ, ပစ္စည်းစွဲတွေ နဲတာမဟုတ်ဘူး။

မြတ်စွာဘုရား လက်ထက်တော်အခါက နတ်သားတယောက်ဟာ မြတ်စွာဘုရားထံတော်သို့ ရောက်လာပြီးတော့-

နန္ဒတိ ပုတ္တေဟိ ပုတ္တိမာ၊ ဂေါမာ ဂေါဟိ တထေဝ နန္ဒတိ၊

ဥပဓီဟိ နရဿ နန္ဒနာ၊ နဟိသော နန္ဒတိ၊ ယောနိရူပဓိ။ (သဂါထာဝဂ္ဂသံယုတ္တပါဠိ-၆)။

ဟူသော ဂါထာပါဠိကို ရွတ်ဆိုကာ လျှောက်ထားလေသတဲ့။

ဘန္တေ၊ ဘုန်းတော်နလ, ထိန်ထိန်ပသည့်, သုံးလောကထွဋ်တင်, မြတ်ဘုန်းရှင်။ လောကေ၊ ပျော်စရာအစုံ, ပေါ်လာကြုံသည့်, ဤလောကီဘုံကြီး၌။ (နတ်သမီး နတ်သားတွေ အနေကတော့ ဒီလောကကြီးဟာ ပျော်အတိ ပြည့်ဝတဲ့ လောကကြီးလို့ ယူဆသွားကြတာကိုး၊ ဘယ်ကိစ္စမျှ မပူရသဖြင့် ဘဝကြီးကို မေ့နေကြတယ်-ဆိုတာ သူတို့နတ်တွေ အများဆုံးဘဲတဲ့ ဒါကြောင့်)

လောကေ၊ ပျော်စရာအစုံ, ပေါ်လာကြုံသည့်, ဤလောကီဘုံကြီး၌။ ပုတ္တိမာ၊ မိမဲရင်မွှား သမီးသားရှိသောသူသည်။ ပုတ္တေဟိ၊ များစွာ ပွားစီး, ချစ်သား ချစ်သမီးတို့ဖြင့်။ နန္ဒတိ၊တွယ်တာစုံမက် နှစ်သက်ရ၏။ တထေဝ၊ ပမာနှိုင်းယှဉ်, ထို့အတူသာလျှင်။ ဂေါမာ၊ သွားလာစေခိုင်း, လိုတိုင်းသုံးရန်, အမှန်ဖြစ်ဘိ, နွားရှိသောသူသည်။ ဂေါဟိ၊ မိမိပိုင်ထား နွားတို့ဖြင့်။ နန္ဒတိ၊သောကငြိမ်းလျက်, နှစ်သက်ရ၏။

နရဿ၊ လူအပေါင်းအား။ ဥပဓိဟိ၊ ကာမချမ်းသာ, စုံမြဲစွာလျှင်, တည်ရာဖြစ်ဘိ-ဥပဓိတို့ဖြင့်။ နန္ဒနာ၊ ပူပန်ခပ်သိမ်း, သောကငြိမ်လျက်, နှစ်သက်ရ၏။ ယော၊ ဦးဖြူ ဦးမဲ, ခွဲခြားမဆို, အကြင်ပုဂ္ဂိုလ်သည်။ နိရူပဓိ၊ ကာမချမ်းသာ, တည်ရာဖြစ်ဘိ, ဥပဓိမရှိ။ သော၊ ထိုပုဂ္ဂိုလ်သည်။ နဟိ နန္ဒတိ၊ သာယာဘို့ပဲ, အကုန်လွဲသဖြင့်, အမြဲနှစ္စ, မနှစ်သက်ရလေတော့သတည်း။

နတ်သားကတော့ မြတ်စွာဘုရားသံပါးမှာ အားပါးတရ လျှောက်ထားလိုက်တာဘဲနော်၊ လောကီနယ်မှာ အမြင်သန်သပြင့် လောကီဉာဏ်နဲ့ လျှောက်ထားတာဖြစ်လေတော့ သူ့အယူအဆနဲ့သူ နေရာကျနေတာဘဲ ကလား။ နတ်သားလျှောက်ထားပုံက ဘာတဲ့ - အရှင်မြတ်ဘုရား ဒီလောကကြီးမှာ ဆိုလျှင် သားသမီးရတနာ ပေါများစွာရှိသူသည် သားသမီးတို့ဖြင့် နှစ်သက်ရပါသည် ဘုရား၊ ထို့အတူပင်လျှင် ကျွဲနွားရှိသော သူကလည်း ကျွဲနွားတို့ဖြင့် နှစ်သက်ရပါသည်ဘုရား။ လူအပေါင်းအား ကာမချမ်းသာ၏ တည်ရာ ဥပဓိတို့ဖြင့် နှစ်သက်ရပါသည်ဘုရား၊ အကြင်သူသည် ကာမချမ်းသာ၏တည်ရာ ဥပဓိ မရှိတော့ပေ၊ ထိုသူသည် နှစ်သက်မှုကို မခံစားရတော့ပါဘုရား-တဲ့။

ဒီလိုနတ်သားက အားရပါးရ လျှောက်ထားလေတော့ ကရုဏာသခင် ဦးခေါင်းတို့ ဘုရားရှင်က ငါ့ရှင်နတ်သား အသင်မှားလေစွဟု သနားတော်မူခြင်း အနန္တဖြင့် မိန့်ဟတော်မူပုံမှာ-

သောစတိ ပုတ္တေဟိ ပုတ္တိမာ၊ ဂေါမာ ဂေါဟိ တထေဝ သောစတိ။
ဥပဓီဟိ နရဿ သောစနာ၊ နဟိ သော သောစတိ၊ ယော နိရူပဓိ။
(သဂါထာဝဂ္ဂ သံယုတ္တ ပါဠိ-၆)။

အမ္ဗောဒေဝပုတ္တ၊ ငါးပါးအာရုံ, မွေ့ထုံပျော်ပါး, အမောင်နတ်သား။ လောကေ၊ ဖြစ်ကပျက်မြဲ, မလွဲမှန်လှ, ဤလောက၌ (ဒီလောကကြီးကို ရှုမြဲသုံးသပ်ပုံကိုက- ဘုရားအယူအဆနဲ့ နတ်သားရဲ့အယူ တမူထူးခြားသွားပြီနော်-သတိတွေမချော်စေနဲ့) ပုတ္တိမာ၊ ကြည့်ရှုမငြီး သားသမီးရှိသောသူသည်။ ပုတ္တေဟိ၊ ရှင်ရှင်ပျူပျူ, မြင်ရခဲငြား, သမီးသားတို့ဖြင့်။ သောစတိ၊ ပူပန်ကြောင့်ကျ, စိုးရိမ်ရ၏။ တထေဝ၊ ထိုနည်းမခြား, အလားတူစွာပင်လျှင်။

ဂေါမာ၊ စည်းစိမ်တိုးပွား ကျွဲနွားရှိသူသည်။ ဂေါဟိ၊ အလွန်များပြား ကျွဲနွားတို့ဖြင့်။ သောစတိ၊ ပူပန်ကြောင့်ကြ, စိုးရိမ်ရ၏။ နရဿ၊ များစွာထောင်သောင်း လူအပေါင်းအား။ ဥပဓီဟိ၊ ကာမချမ်းသာ, စုံမြဲစွာလျှင်, တည်ရာဖြစ်ဘိ, ဥပဓိတို့ဖြင့်။ သောစတိ၊ နှလုံးမအေး, ပူဆွေးစိုးရိမ်ရ၏။ ယော၊ ဦးဖြူဦးမဲ, ခွဲခြားမဆို, အကြင်ပုဂ္ဂိုလ်သည်၊ နိရူပဓိ၊ ကာမချမ်းသာ, တည်ရာဖြစ်ဘိ, ဥပဓိ မရှိတော့ချေ၊ သော၊ ကာမချမ်းသာ, တည်ရာဖြစ်ဘိ, ဥပဓိမရှိသော, ထိုပုဂ္ဂိုလ်သည်။ နဟိနဧဝ သောစတိ၊ ကိလေသာနှင့်ဘေး, အမှန်ဝေးသဖြင့်, ပူဆွေးကြောင့်ကျ, မစိုးရိမ်ရတော့သည်သာလျှင်သတည်း။

ဒီလိုရှင်တော်မြတ်ဘုရားက မိန့်ကြားတော်မူလိုက်တော့ မိမိရဲ့ အယူအဆ နေရာကျပြီအထင်နဲ့ လျှောက်တင်ခဲ့သော နတ်သားဟာ ငထင်တာနဲ့ တခြားစီပါကလား-ဟု ပါးစပ်ကြီး အဟောင်းသားဖြင့် အံ့အားသင့်နေမှာဘဲနော်၊ ဟုတ်တယ်-အံ့အားသင့်မည်ဆိုလဲ သင့်ဆိုက်တာပဲပေါ့၊ သူ့စကားကို ပယ်ရှားပြီး ဆန့်ကျင်ဘက် အပြန်အားဖြင့် မိန့်ကြားတော် မူလိုက်တာကိုး၊ သို့အတွက်ကြောင့် ရှင်တော်မြတ်ဘုရား၏ ရည်ရွယ်တော်မူချက်ကို အဋ္ဌကထာဆရာကြီးက ဖွင့်ပြသည်မှာ-

ဣဒံ သုတွာ သတ္ထာ စိန္တေသိ "အယံ ဒေဝတာ သောကဝတ္ထုမေဝ နန္ဒဝတ္ထုံ ကရောတိ၊ သောကဝတ္ထုဘာဝံ မဿာ ဒီပေဿာမိ"တိ ဖလေန ဖလံ ပါတေန္တော ဝိယ တာယေဝ ဥပမာယ တဿာ ဝါဒံ ဘိန္ဒန္တော တမေဝ ဂါထံ ပရိဝတ္တေတွာ-
သောစတီတိ အာဟ-တဲ့ (သဂါထာဝဂ္ဂဋ္ဌကထာ-၃ဝ)။

ဣဒံ၊ ဤနတ်သား လျှောက်ထားသော စကားကို။ သုတွာ၊ နာကြားရ၍။ သတ္ထာ၊ လူနတ်တို့ဆရာ သခင် ဘုရားရှင်သည်။ စိန္တေသိ၊ အကြံဖြစ်တော်မူ၏။ ကိံ စိန္တေသိ၊ အဘယ်သို့ အကြံတော်ဖြစ်သနည်းဟူမူ။ အယံဒေဝတာ၊ ဤနတ်သားသည်။ သောကဝတ္ထုမေဝ၊ စိုးရိမ်ဘွယ်ရာအကြောင်း ဝတ္ထုကိုသာလျှင်။ နန္ဒဝတ္ထုံ၊ နှစ်သက်ဘွယ်ရာဝတ္ထုကို။ ကရောတိ၊ ပြုပေ၏။ အဿာ၊ အသိမှောက်မှား ထိုနတ်သားအား။ သောကဝတ္ထုဘာဝံ၊ စိုးရိမ်ဘွယ်အကြောင်း မကောင်းသောဝတ္ထု၏အဖြစ်ကို။ ဒီပေဿာမိတိ၊ ပြဆိုပေအံ့ဟု။ စိန္တေတွာ၊ ကရုဏာနှိုးဆော်ကြံစည်တော်မူ၍။ ဖလေန၊ ယောကျ်ား တယောက်၏လက်ယဲ၌ ရှိသောသစ်သီးဖြင့်။ ဖလံ၊ သစ်ပင်ပေါ်ရှိနေသော သစ်သီးကို။ ပါတေန္တော ဝိယ၊ မရ ရအောင် ပစ်၍ချသကဲ့သို့။ တာယေဝဥပမာယ၊ နှိုင်းယှဉ်ဘွယ်ရာ ထိုဥပမာဖြင့်သာလျှင်။ တဿာ၊ အသိမှောက်မှား ထိုနတ်သား၏။ ဝါဒံ၊ အမှန်ယူဆ အယူဝါဒကို။ ဘိန္ဒန္တော၊ ဖြိုခွဲဖျက်ဆီးလျက်။ တမေဝ ဂါထံ၊ နတ်သားလျှောက်လာ ထိုဂါထာကိုပင်လျှင်။ ပရိဝတ္တေတွာ၊ ထက်အောက်ပြောင်းပြန် ပြန်လှန်ပြီးလျှင်။ သောစတီတိ၊ သောစတိ-ဤသို့အစရှိသော ဂါထာကို။ အာဟ၊ ကရုဏာတရား ရှေ့ဝယ်ထား၍ မိန့်ကြားတော်မူခဲ့လေသတည်း။

နတ်သားက—နန္ဒတိ ပုတ္တေဟိ ပုတ္တိမာ-အစရှိသော ဂါထာဖြင့် ရွတ်ဆို လျှောက်ထားသည်ကို ရှင်တော်မြတ်ဘုရားက ယင်းဂါထာကို အပြန်အားဖြင့် သောစတိပုတ္တေဟိ ပုတ္တိမာ-အစရှိသော ဂါထာကို ရွတ်ဆိုမိန့်ကြားခြင်းဟာ သစ်ပင်ပေါ်မှာရှိသော သစ်သီးကို အလိုရှိသဖြင့် ယင်းသစ်ပင်အောက်၌ရှိသော သစ်သီးဖြင့် ကောက်ကာ ပစ်ချသလိုပင် ထိုနတ်သားရဲ့ အယူအဆမှား အမြင်မှားကို ပြုပြင်ပေးတော်မူလိုသဖြင့် မိန့်ဆိုခြင်းဖြစ်တယ်တဲ့။ "သူ့လှံဖြင့် သူ့ကိုပြန်ထိုးတယ်" ဆိုတဲ့ မြန်မာစကားအတိုင်းဘဲပေါ့လေ။ ယောကျ်ားတယောက်နောက်သို့ ယောကျ်ားတယောက်က အသက်ကို သတ်ဖြတ်ရန်အကြံနှင့် လှံကိုင်ဆွဲကာ ပြေးလိုက်လာတယ်။ ထိုအခါ ရှေ့မှသွားသော ယောကျ်ားက သိရှိသဖြင့် ရှောင်တိမ်းကာ လှံကို ဆွဲလုယူပြီး ထိုလှံကိုင်စွဲလာသော ယောကျ်ားကိုပင် လှံဖြင့် ထိုးသတ်လိုက်တယ်တဲ့။ အဲဒါကိုပင် မြန်မာဆိုရိုးစကား အဖြစ်ဖြင့် "သူ့လှံဖြင့် သူ့ကို ပြန်ထိုးတယ်"လို့ ဆိုကြတယ်မဟုတ်လား။ ဒီနေရာမှာလဲ ရှင်တော်မြတ်ဘုရားက နတ်သားရဲ့ စကားနှင့်ပင် ထိုနတ်သား၏ အယူဝါဒကို ပယ်ချလိုက်တာပါပဲတဲ့။

ကဲ-ကဲ-မာပဗ္ဗို ဝတ္ထုဇာတ်ကြောင်းက စကားပြောင်းလာလိုက်တာ ဇာတ်လမ်းမဆုံးပဲ နေပေတော့မယ်၊ ခုနက ဘယ်နေရာကို ရောက်နေပါလိမ့် (ဒကာကြီး ဦးစိန်)။

(ဦးစိန်) မာဂဏ္ဍိပုဏ္ဏားကြီး သမီးဂုဏ်မောက်တဲ့အခန်း ရောက်နေပါပြီ ဘုရား။

အဲ-ဟုတ်ပေတယ်၊ မာဂဏ္ဍိပုဏ္ဏားကြီးက သမီးမာန်တက်ပြီး သူ့သမီးအတွက် စကားဆက်လာသူတွေကို သူ့သမီးနဲ့ မတန်ပါဘူး-ဆိုကာ နှင်လွှတ်တဲ့နေရာ ရောက်နေပြီပေါ့ နော်၊ ဒီလိုနဲ့ပဲ အချိန်ကာလတွေက တစ တစ ရွေ့လာလိုက်တာ လတွေ နှစ်တွေ ပြောင်းလဲပေပြီပေါ့လော။

တနေ့သောအခါမှာ ရှင်တော်မြတ်ဘုရားက ကျွတ်သင့်ကျွတ်ထိုက်သော သတ္တဝါများကို ရှုစား ကြည့်ရှုတော်မူတဲ့အခါ မာဂဏ္ဍီပုဏ္ဏားကြီးတို့ လင်မယား အနာဂါမိဖိုလ်သို့ မျက်မှောက်ပြုနိုင်တဲ့အကြောင်းကို ကောင်းကောင်းကြီး မြင်တော်မူတယ်တဲ့၊ သို့ဖြစ်၍ ကိုယ်တော်တပါးတည်း သပိတ်သင်္ကန်းကို ယူဆောင်ကာ မာဂဏ္ဍီပုဏ္ဏားကြီး ရွာပြင်သို့ထွက်၍ မီးကို လုပ်ကျွေးပူဇော်ရာဌာနသို့ ကြွသွားတော်မူသတဲ့၊ မြတ်စွာဘုရားတို့ဓမ္မတာမှာ မဂ်,ဖိုလ် ရောက်, ကျွတ်ထိုက်သော သတ္တဝါ ဝေနေယျကို မြင်တော်မူပါက ဘယ်လိုဒေသ,ဘယ်လိုဌာနသို့မဆို မြန်းကြွတော်မူလေသတဲ့၊ သံသရာဗွက်အိုင်ထဲမှ မထွက်နိုင်ပဲ ဖြစ်နေကြတဲ့ ဝေနေယျသတ္တဝါတို့ကို ကယ်ဆယ်တော်မူချင်ရှာတာကိုး၊ မဟာကရုဏာရှင် ပီသတော်မူပါပေတယ် နော်။

ထို ပုဏ္ဏားကြီးကလဲ ရှင်တော်မြတ်ဘုရားရဲ့ ကြည့်ရှုမဝ, တင့်တယ်တော်မူလှတဲ့ ရူပကာယတော်ကို သေသေချာချာတွေ့မြင်ရလျှင် "အော်–ဤလောကကြီး၌ ဒီယောကျ်ားနှင့်တူသော တပါးသော ယောကျ်ားမည်သည် မရှိနိုင်တော့ပေပြီ၊ ဒီယောကျ်ားသည် ငါ့သမီးနဲ့ သင့်တင့် လျောက်ပတ်ပေတယ်၊ ဒီယောကျ်ားမြတ်အား ပြုစု လုပ်ကျွေးစိမ့်သောငှာ ငါ့သမီးရတနာကို ပေးအပ်ပေမယ်" ဟု ကြံရွယ်ပြီးလျှင် "အို–အသွင်ဆန်းသည့်, အရှင်ရဟန်း၊ ငါ့အား သမီးရတနာတယောက် ရှိပါတယ်၊ ဒီအချိန်အထိ သူမနဲ့ လျောက်ပတ် သင့်လျော်သော ယောကျ်ားကို ငါမတွေ့မမြင်ရသေးပါ၊ အသင်ရဟန်းနှင့် ငါ့သမီးသည် အထူးပင် သင့်လျော်လှပါတယ်၊ သို့ဖြစ်၍ ငါသည် ထို သမီးရတနာကို အသင့်အား ပေးလိုပါတယ်၊ ငါပြန်လာသည်အထိ ဒီနေရာက အသင်ရဟန်း စောင့်ဆိုင်းနေပါ" ဟု ပြောဆိုသတဲ့။

ပုဏ္ဏားကြီးခမြာမှာလဲ သားမက်လောင်းရှာရတာ မသက်သာလှပါကလားနော်၊ ယခင်က အမျိုးကောင်းသားတွေကို ထော်လော်ကန့်လန့် လုပ်ခဲ့လေသမျှ ယခုတော့ မာန်ကျသွားပြီပေါ့လေ။

ရှင်တော်မြတ်ဘုရားကလဲ တစုံတရာမပြောကြားပဲ ဆိတ်ဆိတ်နေကာ သည်းခံတော်မူရှာသတဲ့၊ သတ္တဝါတယောက် မဂ်ဖိုလ်ရောက်ရေးအတွက် ဆောင်ရွက်တော်မူရရှာတဲ့ အလုပ်ဟာ လွယ်လှတာ မဟုတ်ဖူးနော်၊ သေသေချာချာ စဉ်းစားကြည့်လေ၊ ရှင်တော်မြတ်ဘုရားအား ကြည်ညိုသဒ္ဓါပွားစရာတွေပေါ့၊ တောင်တွေး,မြောက်တွေးနဲ့ ပုဏ္ဏားကြီးက သမီးပေးတာ သာယာနေတယ် မထင်လိုက်ကြနဲ့ ဦးနော် (ဒကာကြီး ဦးစိန်တို့, ဦးရှိန်တို့)။

(ဦးစိန်) မတွေးဝံ့ပါဘုရား၊ ရှင်တော်မြတ်ဘုရားရဲ့ သတ္တဝါများအပေါ် သနားတော်မူလှတဲ့ မဟာကရုဏာတရားကို စဉ်းစားယင်း ကြည်ညို သဒ္ဓါပွားလျက်ပါဘုရား။

ပုဏ္ဏားကြီးကလဲ အိမ်သို့ အမြန်ပြေးသွားပြီးတော့ "ဘောတိ ဘောတိ မိတု မေ အနုစ္ဆဝိကော ပုရိသော ဒိဋ္ဌော သီဃံ သီဃံ နံအလင်္ကရောဟိ" ဟေး-ရှင်မ,ရှင်မ၊ ဒို့သမီးနဲ့ လျောက်ပတ်တဲ့ ယောကျ်ားမြတ်ကို ငါတွေ့မြင်ခဲ့ရပြီ၊ လုံမကလေးကို မြန်မြန် အဝတ်အစားဆင်ခဲ့" ဟု ပြောဆိုကာ ပုဏ္ဏေးမကလေးကို အဝတ်တန်ဆာ လှပစွာ ဆင်မြန်းပြီးတော့ ပုဏ္ဏေးမကြီးနှင့်တကွ ဘုရားထံ လာကြသတဲ့၊ ဒီလိုဆိုတော့ တမြို့လုံးဟာ ခြောက်ချားသွားသတဲ့၊ ဒီပုဏ္ဏားကြီးဟာ ဒီအချိန်အထိ သူ့သမီးနဲ့ တန်တဲ့သူမရှိ–ဆိုကာ ဘယ်သူ့နဲ့မှ သူ့သမီးကို မပေးစားပဲ ယနေ့တော့

သူ့သမီးနဲ့ ထိုက်တန်တဲ့သူ တွေ့ပြီတဲ့၊ ဘယ်လိုယောက်ျားမျိုးပါလိမ့်၊ လိုက်ကြည့်ဦးမှပဲ”ဟု ပြောဆိုတိုင်ပင်ကာ လူများစွာတို့ ပုဏ္ဏားကြီးနဲ့အတူ လိုက်လာကြသတဲ့။

ထိုပုဏ္ဏားကြီးသမီးကို ခေါ်ကာ ရောက်လာတဲ့အခါ မြတ်စွာဘုရားက ပုဏ္ဏားကြီး မှာကြားထားတဲ့နေရာမှာ မနေတော့ပဲ ထိုနေရာမှာတော့ ခြေတော်ရာကို ချထားခဲ့ပြီး တနေရာမှာ သွားကာ နေတော်မူသတဲ့၊ ရှင်တော်မြတ်ဘုရားရဲ့ ခြေတော်ရာ ပါဒစေတီတော်ဆိုတာ နေရာတိုင်းမှာ ထင်တာမဟုတ်ဘူး ဇနော်၊ ထင်စေလိုမှသာ ထင်တတ်တယ်တဲ့၊ ဒါကြောင့် အဋ္ဌကထာမှာ–

ဗုဒ္ဓါနဉှိ ပဒစေတိယ မဓိဟိတွာ အက္ကန္တဋ္ဌာနေယေဝ ပညာယတိ၊ နအညတ္ထ။
ယေသဉ္စတ္ထာယ အဓိဋ္ဌိတံ ဟောတိ၊ တေယေဝ နံ ပဿန္တိ၊ တေသံ ပန အဒဿန
ကရဏတ္ထံ ဟတ္ထိအာဒယော ဝါ အက္ကမန္တု။ မဟာမေဃော ဝါ ပဝဿတု၊ ဝေရမ္ဘ
ဝါတာ ဝါ ပဟရန္တု၊ နတံကောစိ မက္ခေတုံ သက္ကောတိ။

(ဓမ္မပဒ ဋ္ဌကထာ-ပ-၁၂၉)။

ဟူ၍ ဖွင့်ဆိုတော်မူတယ်၊ မှတ်သားဘွယ်လဲကောင်း, ကြည်ညိုဘွယ်လဲကောင်းတဲ့ နေရာမို့ အထူးသဖြင့် ကြည်ညိုလေးစား,မှတ်သားနိုင်အောင် ပါဠိတွေကို ရွတ်ဆိုလိုက်ရပေတယ်၊ ပါဠိတွေပဲ ဆိုပြီး စိတ်မစွဲဘဲလဲ မရှိစေကြနဲ့၊ သဒ္ဓါစေတ ရှင်ရှင်ထားပြီး မှတ်သား နာယူကြ။

ဟိသစ္စံ၊ ထိုစကားသည် ထင်ရှားစေနိ,မှန်လှပေ၏။ ဗုဒ္ဓါနံ၊ သုံးလူထွဋ်ထား, ဘုရားရှင်တို့၏။ ပဒစေတိယံ၊ ခြေတော်ရာ,ပဒစေတီသည်။ အဓိဋ္ဌဟိတွာ၊ ကောင်းစွာအမှန်,အဓိဋ္ဌာန်၍။ အက္ကန္တဋ္ဌာနေယေဝ၊ သေချာမယွင်း, နင်းတော်မူရာ, အရပ်၌သာလျှင်။ ပညာယတိ၊ ကြည့်ရှုစဉ်မှာ, ထင်ပေါ်လာ၏။ အညတ္ထ၊ မဓိဋ္ဌာန်အပ်, တပါးသောအရပ်တို့၌။ နပညာယတိ၊ လုံးဝကင်းစင်, မထင်မြင်ပေ။

ယေသဉ္စ၊ ရည်ရွယ်မှန်မှ, အကြင်သူတို့၏လည်း။ အတ္ထာယ၊ ချမ်းသာဝေဖြိုး, ပွားတိုးဘို့ရာ, အကျိုးငှာ။ အဓိဋ္ဌိတံ၊ ရည်ရွယ်သတ်မှတ်, အဓိဋ္ဌာန်အပ်သည်။ ဟောတိ၊ ဖြစ်လေ၏။ တေယေဝ၊ ထိုသူတို့သည်သာလျှင်၊ နံ၊ ခြေတော်ရာချ, ထို ပဒစေတီကို။ ကောစိ၊ တစုံတယောက်သောသူသည်။ (ဝါ)တိရစ္ဆာန်ကို မဆိုထားဘိ, နတ်နှင့်လူဝယ်, အဘယ်သူသည်။ မက္ခေတုံ၊ အားကုန်နှက်၍, ချေဖျက် တူးဖြို, ယွင်းယိုတိမ်ကော, ပပျောက်စေခြင်းငှာ။ နသက္ကောတိ၊ ဘုရားရှေ့ဘုန်း, နေတန့်နုန်းမို့, ပျက်သုန်းစေငှာ, မစွမ်းနိုင်သည်သာတည်း။

မကျဉ်းမကျယ် အဓိပ္ပါယ်ကို ခပ်လွယ်လွယ် ပြောရဦးမယ်၊ ဘုရားရှင်တို့ ဓမ္မတာမှာ ခြေတော်ရာချတယ်ဆိုလျှင် အဓိဋ္ဌာန်၍ နင်းတော်မူရာ နေရာမှာသာ ထင်ရှားစွာ ပေါ်ထင်နေတာတဲ့၊ တပါးသောနေရာ၌ ထင်နေတာ မဟုတ်ပါဘူး၊ သာမန်ပုဂ္ဂိုလ်များလို သွားတိုင်း,လာတိုင်း လမ်းပေါ်မှာ,မြေပေါ်မှာ ခြေရာတွေ ထင်ကျန်နေတာမဟုတ်ဘူးတဲ့၊ ဘုရားသခင်ရဲ့ ခြေတော်ရာဆိုတာ မြင်စေချင်တဲ့ပုဂ္ဂိုလ်သာ မြင်နိုင်တယ်၊ အခြားသူများ မမြင်နိုင်ဘူး (ဒကာကြီး ဦးစိန်ရဲ့၊ သေသေချာချာလဲ မှတ်ထားနော်)။

ရှင်တော်ဘုရား ရည်မှန်းထားတဲ့ ထိုပုဂ္ဂိုလ်တို့ခြေတော်ရာကို မမြင်ရအောင်ဆိုပြီး ဆင်-စသော သတ္တဝါတွေကလဲ နင်းချေ၍ မဖျက်ဆီးနိုင်ဘူး၊ မိုးကြီး သည်းစွာ ရွာသွန်းကာချလျက်လဲ မဖျက်ဆီးနိုင်ဘူး၊ လေပြင်းအဟုန်, သုန်သုန်ပြေးရိုက်, တိုက်ရိုက် ခပ်လွင့်ကာ ဖျက်ဆီးခြင်းငှာလဲ မတတ်နိုင်ပါဘူး၊ တခုတခုသောသတ္တဝါမျှ ရှင်တော်မြတ်ဘုရား၏ ခြေတော်ရာကို ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ကြပါဘူးတဲ့၊ ပါရမီတော်ထူးလှတဲ့ သုံးလူဖူး ဘုရားရှင်၏ သူတပါးနဲ့မတူ, တမူ ထူးခြားလှတဲ့, ဘုန်းတော်, တန်ခိုးတော် အနန္တကို သူလိုငါလို ယူဆနေကြတဲ့ သာမညလူများဆိုလျှင် သံသယတွေ ဝင်ချင်ပင်နေပေမယ်ပေါ့၊ သူလိုငါလိုလူမျိုးမှ မဟုတ်ဘဲကိုး၊မထူးခြားလျှင် အဘယ်မှာ သုံးလူထွဋ်ထား မြတ်ဘုရား-ဟု လေးစားလောက်တဲ့ အရာဌာနမှာ ထားကြပါမလဲ၊ "မင်းတို့ဉာဏ် တမိုက်တထွာမျှရယ်နှင့်, ငြင်းဘို့သန်ပါလျှင်, မိုက်ရာကျပေတော့မပေါ့" လို့ ဒကာကြီး ဦးမှိုင်း ရေးခဲ့သလိုဘဲပေါ့။

ကဲ-စကားဆက်လိုက်ကြဦးစို့၊ ပုဏ္ဏားကြီးခေါ်သဖြင့် လိုက်လာခဲ့သော ပုဏ္ဏေးမကြီးက ပုဏ္ဏားကြီးကို "ထိုယောကျ်ားမြတ်ဆိုတာ ဘယ်မှာလဲ" ဟု မေးတဲ့အခါ "ငါက ဒီနေရာမှာ နေရစ်ပါလို့ ပြောထားခဲ့ပါတယ်၊ ယခု ထိုယောကျ်ား အဘယ်ကိုများ သွားနေပါလိမ့်"ဟု ထိုထိုဤဤ လှည့်လည်ကြည့်ရှုလေလျှင် ခြေတော်ရာ ပဒစေတီကို တွေ့မြင်သဖြင့် "ဒါ ထိုယောကျ်ားရဲ့ခြေရာဘဲ" လို့ ပြောဆိုလိုက်လေသတဲ့။

ပုဏ္ဏေးမကြီးကလဲ လက္ခဏာကို သိမြင်နိုင်သော ဗေဒင်သုံးပုံကို ဆောင်ရွက် လေ့ကျက်ထားသောကြောင့် လက္ခဏာကို ပြဆိုသော မန္တာန်ဗေဒင်ကျမ်းကို ပြန်လှန်အောက်မေ့ သရဇ္ဈာယ်ကာ ခြေရာလက္ခဏာကို စူးစမ်း ဆင်ခြင်ပြီးလျှင် "နယိဒံ ဗြာဟ္မဏ ပဉ္စကာမဂုဏသေဝိနော ပဒံ" အို-ပုဏ္ဏားကြီး၊ ဒီခြေရာမျိုးသည်ကား ငါးပါးအာရုံ, ကာမဂုဏ်ကို, မွေ့ခုန်ပျော်ပါး, လိုက်စားသုံးဆောင်သူ၏ ခြေရာ မဟုတ်ချေတကား-ဟု ပြောဆိုပြီးနောက်-

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊ ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။
မူဠ္ဟဿ ဟောတိ အဝကစ္ဆိတံ ပဒံ၊ ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။
ဟူသော ဂါထာကို ရွတ်ဆိုပြန်လေသတဲ့။ (ဓမ္မ-ဋ္ဌ-ပ-၁၂၉၊ ဝိသုဒ္ဓိမဂ္ဂ-ပ-၁၀၁)

ဗြာဟ္မဏ၊ ကျေးဇူးသခင်,ချစ်လင်ပုဏ္ဏား။ ရတ္တဿဟိ-ရတ္တဿဝေ၊ လောဘရမက်, အလိုထွက်၍, နှစ်သက်စွဲယူ, တပ်မက်သူ၏သာလျှင်။ ပဒံ၊ သွားလာလေရာ, သူ့ခြေရာသည်။ ဥက္ကုဋိကံ၊ အနေဖြောင့်ဖြောင့်, ဆောင့်ကြောင့်ထိုင်သော, သူ၏ခြေရာကဲ့သို့။ ဘဝေ၊ ကောင်းစွာမသေ့, ဖြစ်ပေါ်လေ၏။ ဒုဋ္ဌဿ၊ ဒေါသအမျက်, ပြင်းစွာထွက်၍, စိတ်ပျက်တတ်ငြား,ပြစ်မှားသောသူ၏။ ပဒံ၊ သွားလာလေရာ,သူ့ခြေရာသည်။ သဟသာနုပီဠိတံ၊ ရန်သူလိုက်လာ,ကဲ့ပမာသို့,လျင်စွာခြေဆောင့်, ဖနောင့်ရာမှိန်,စဉ်းငယ်သိမ်သည်။ ဟောတိ၊ သဘောရင်းစစ်,အမှန်ဖြစ်၏။ မူဠ္ဟဿ၊ မောဟ ထူကဲ, မိုက်မဲတွေဝေ, ဉာဏ်ခြေကင်းကွာ, မလိမ္မာသောသူ၏။ ပဒံ၊ သွားလာလေရာ, သူ့ခြေရာသည်။ အဝကစ္ဆိတံ၊ အောက်ပိုင်းလေးလံ, ဖောက်ပြန်တွဲရရွဲ, ဆွဲငင်၍သာ, သွားသောသူ၏ ခြေရာကဲ့သို့။ ဟောတိ၊ မုချစင်စစ်,အမှန်ဖြစ်၏။ ဝိဝဋ္ဋစ္ဆဒဿ၊ ထက်အောက်စုံဆန်,သံသရာညွှတ်, ဝဋ်ပြတ်ပြီးသော

သူ၏၊ ပဒံ၊ သွားလာလေရာ,သူ့ခြေရာသည်။ ဝူဒံ ဣဒိသံပဒံ၊ ဤအရပ်၌,မြင်အပ်သချော,တည်ရှိသော ခြေရာနှင့်,မှန်စွာမသွေ, တူလှပေသည်သာတည်း။

ကျွန်မ ချစ်ကျင်, အို–အရှင်ပုဏ္ဏားကြီး၊ လောဘအလို, ကဲလွန်ပိုသောသူ၏ ခြေရာသည်ကား တည်ငြိမ်ဖြောင့်ဖြောင့်,ဆောင့်ကြောင့်ထိုင်သောသူ၏ခြေရာကဲ့သို့ ညီညာစွာ ရှိတတ်ပါတယ်၊ဒေါသအမျက်,ပြင်းစွာထွက်၍,ရက်စက်ကြမ်းကြုတ်,ယုတ်မာသောသူ၏ ခြေရာသည်ကား–ရန်သူလိုက်လာ, ကဲ့ပမာသို့,လျင်စွာခြေဆောင့်,ဖနောင့်ရာဝယ်,စဉ်းငယ်သိမ်ကာ,မညီမညာဖြစ်တတ်ပါတယ်၊ မောဟလွန်ကဲ,မိုက်မဲလှစွာ,မလိမ္မာသောသူ၏ ခြေရာသည်ကား– အောက်ပိုင်းလေးလံ, ဖောက်ပြန် တွဲရရွဲ့, ခြေကိုဆွဲကာ,သွားလာရာသူ၏ ခြေရာကဲ့သို့၊ ကောင်းစွာမဖြောင့် ရှိတတ်ပါတယ်၊ ကိလေသာဝဋ်ရှိ, တဏှာညွတ်မှု,ကင်းပြတ်လေပြီးသောသူ၏ ခြေရာသည်ကား–ဤအရပ်၌ ထင်ရှားစွာရှိသော ခြေရာကဲ့သို့ပင် ဖြစ်ပါတယ်-ဟု ပြောဆိုလေသတဲ့။

လောဘ ခေါ် ရာဂ, ဒေါသ, မောဟ-အားဖြင့် သုံးပါးသော စရိုက်များကို သေချာစွာ မှတ်သားဘို့ ကောင်းတယ်နော်၊ လူတဦးတယောက် အလုပ်ကိစ္စပြုလုပ်သမျှ, သွားလာပြောဆိုသမျှကို ကြည့်ရှုပါလျှင် ထိုသူသည် အဘယ်စရိုက်ကြီးသောသူ ဆိုတာကို သေချာစွာ သိနိုင်ပါသတဲ့၊ သို့အတွက်ကြောင့် သေသေချာချာ သတိထားပြီး မှတ်သားကြပေတော့။

ဆောင်ပုဒ် ၁။ ရာဂထူပြော-သဘောသေချာ၊ သွားလာပြုရေး-အေးအေးသက်သာ။
ခြေရာညီမျှ-ပီသဝါစာ၊ လုပ်ကိစ္စ-ကျန ကောင်းမွန်စွာ။

၂။ ဒေါသထူပြော-သဘောသေချာ၊ သွားလာပြုချက်-စိတ်လက်မြန်စွာ၊
ခြေရာရှေ့ပိုင်း-မိုက်ရိုင်းဝါစာ၊ လုပ်ကိစ္စ-ကြမ်းလှ မကောင်းပါ။

၃။ မောဟထူပြော-သဘောမှန်စွာ၊ သွားလာပြုသမျှ-တိကျမပါ။
ခြေရာငင်ဆွဲ-ပြောင်းလဲယောင်ချာ၊ ကိစ္စပြု-ပြီးမှု မယုံသာ။

ဆိုလိုရင်းအဓိပ္ပာယ်သဘောကို ပြောကြဦးစို့ရဲ့၊ လောဘခေါ် ရာဂထူပြောသောသူ၏ စရိုက်မှာ– သွားတဲ့အခါ, လာတဲ့အခါ, အလုပ်ကိစ္စ ပြုလုပ် ဆောင်ရွက်တဲ့အခါမှာ အေးအေးသက်သာ ဖြည်းညှင်းစွာ ပြုလုပ်လေ့ရှိသတဲ့။ သွားလာတဲ့အခါ ခြေရာမှာလဲ ညီမျှထင်နေတတ်သတဲ့၊ စကားပြောတဲ့အခါမှာလဲ အေးအေး ဆေးဆေး, ပီပီ သသ, ကျကျ နန ပြောဆိုတတ်သတဲ့၊ ပြုလုပ်ဘွယ်ကိစ္စခပ်သိမ်းမှာလဲ သေချာကျနစွာ ပြီးမြောက်အောင် ရွက်ဆောင်လုပ်ကိုင်တတ်သတဲ့။

ဒေါသကြီးသောသူများရဲ့ သဘောကတော့– သွားလာတဲ့အခါ, အလုပ်လုပ်တဲ့အခါတို့မှာ နောက်က ရန်သူလိုက်လာသကဲ့သို့ မြန်ဆန်စွာ သွားလာတတ်တယ်။ သူ့ရဲ့ခြေရာကို ကြည့်လျှင်– နောက်ပိုင်းဖနောင့် မိုန်နေတတ်ပြီး– ရှေ့ပိုင်းခြေရာသာ မညီမညာ ထင်နေတတ်တယ်၊ စကားပြောတဲ့အခါမှာလဲ စိတ်ဆိုးသောအမူအရာဖြင့် ရိုင်းပြစွာ ပြောဆိုတတ်တဲ့ဝါသနာ ရှိသတဲ့။ အလုပ်ကိစ္စ လုပ်ကိုင်ဆောင်ရွက်ရာမှာလဲ မြဲမြံကြမ်းတမ်း, ဘရမ်းဘတာ ပြုလုပ်တတ်သတဲ့။

"ဒဠှထဒ္ဓဝိသမကာရီ" လို့ ဆိုတဲ့အတိုင်း မြဲမြံခိုင်ခန့်အောင် လုပ်တတ်သော်လဲ လက်ရာ မကောင်းပဲ ကြမ်းဘမ်းလှတယ်လို့ ဆိုရမယ်ပေါ့။

မောဟကြီးသူများ သဘောကြပြန်တော့လဲ သွားတဲ့အခါ၊ လာတဲ့အခါမှာဖြစ်စေ၊ အလုပ်ကိစ္စ လုပ်ဆောင်တဲ့အခါမှာဖြစ်စေ ဘယ်နေရာမှ သေသေချာချာ၊ တိတိကျကျ မရှိဘူးတဲ့- ဘရမ်းဘတာ၊ ရှုပ်ပွေစွာချည်းပဲတဲ့။ သွားလာတဲ့ ခြေရာကို ကြည့်လျှင်လဲ အောက်ပိုင်းဖောက်ပြန်၊ လေးလံနေသဖြင့် ခြေဒရွတ်ဆွဲ သွားလာရသူကဲ့သို့ ဆွဲငင်သွားထားတဲ့ ခြေရာ ထင်နေတတ်သတဲ့။ ပုဏ္ဏေးမကြီးက ခြေရာကြည့်ကာ ပြောဆိုထားသဖြင့် ဒီနေရာမှာလဲ ခြေရာကို အဓိကထားပြီး ပြောကြားရခြင်းဖြစ်ပေတယ်။

ခြေရာကိုကြည့်ရုံမျှနှင့် ထိုသူ့ရဲ့ သဘောစရိုက်ကို သိနိုင်တဲ့ လက္ခဏာတပါးပေပေါ့။ ပြီးတော့ မောဟကြီးသူဟာ စကားပြောရာမှာလဲ ယောင်ချာချာ၊ လုံးဝါးဝါးနှင့် ပြတ်သားမှု မရှိလှဘူးတဲ့။ အလုပ်ကိစ္စ ဆောင်ရွက်ပြန်တော့လဲ ပြီးတယ်- ဟု ဆိုရုံမျှသာ ရှိတယ်၊ ဘယ်ဟာမှ သေချာကျနမရှိလှဘူးတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

သတ္တဝါတို့ရဲ့ သဘောထား စရိုက်တွေဆိုတာ ခြောက်ပါးတောင် ရှိတယ်နော်။ အားလုံးကုန်ပြောလျှင်လဲ တရားမြေသွားမှာ စိုးရတဲ့အတွက် ဒီနေရာမှာ လိုအပ်တဲ့ စရိုက်သုံးပါးကိုသာ ပြောပါမယ်၊ ကျန်သေးတဲ့ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်၊ ဆိုတဲ့သုံးပါးကိုတော့ အကြောင်းသင့်တဲ့အခါမှ ဟောပြရတော့မှာပဲ၊ ပြောခဲ့တဲ့ စရိုက်သုံးပါးကိုသာ မှန်စွာ မှတ်သားကြပေတော့။

သည်ကဲ့သို့ စရိုက်လက္ခဏာသဘောကို ပုဏ္ဏေးမကြီးက ပြောတဲ့အခါ ပုဏ္ဏားကြီးက ပုဏ္ဏေးမကြီးကို "အို-ရှင်မ၊ အသင်သည် ရေခွက်ထဲ၌ မိချောင်းကို မြင်သကဲ့သို့ရင်း၊ အိမ်၏ အလယ်၌သာလျှင် ခိုးသူကို မြင်သကဲ့သို့ရင်း၊ လက္ခဏာကျမ်း၌ အနည်းငယ်မျှကိုသာ မြင်လေ့ရှိပေတယ်။ ရှင်မသည် စကားမပြောပဲ ဆိတ်ဆိတ်နေစမ်းပါဦး" ဟု- မာန်မဲပြောဆိုတဲ့အခါ ပုဏ္ဏေးမကြီးကလဲ "အို-အရှင်ပုဏ္ဏားကြီး အသင်ဆိုချင်သလို ဆိုပါလေ၊ ဤခြေရာသည်ကား ငါးပါးအာရုံ ကာမဂုဏ်ကို မြူးခုန်ပျော်မွေ့ မှီဝဲသုံးဆောင်လေ့ရှိသော သူ၏ခြေရာ မဟုတ်-ဟု ခိုင်မြဲစွာ ပြောဆိုနေပြန်သတဲ့၊ အာဂပုဏ္ဏေးမကြီးပဲနော်။ အချို့ အမျိုးသမီးတွေဆိုရင် ယောကျ်ားက တခါမာန်ရုံနဲ့ ငြိမ်ကျသွားတတ်တာပဲ။ အမှန်ကိုတော့ အမှန်အတိုင်း ရှင်းလင်းပြောကြားဝံ့ကြရမယ်ပေါ့လေ။ သည်လိုနဲ့ ဟိုဟိုသည်သည် ကြည့်ရှုရှာဖွေတဲ့အခါ မြတ်စွာဘုရားကို တွေ့မြင်၍ "ဒီသူဟာ ထိုယောကျ်ားပဲ"ဟု-ပြောဆိုကာ ပုဏ္ဏားကြီးက "အို-အရှင်ရဟန်း ကျွန်ုပ်၏ သမီးကို အသင့်အား ပြုစုလုပ်ကျွေးဘို့ရာ ပေးပါ၏"လို့ ပြောဆိုလေသတဲ့။ အင်း-တော်တော်ခက်တဲ့ ပုဏ္ဏားကြီးပါပဲနော်။ မြတ်စွာဘုရားကိုမှ သမီးကို သွားလှူနေပြန်ပါပေါ့လား။

ရှင်တော်မြတ်ဘုရားက "အသင်ပုဏ္ဏား-သင်၏ ချစ်သမီးကို ငါအလိုရှိ၏၊ အလိုမရှိပေ"ဟု ထူးထူးထွေထွေမပြောကြားပဲ "အသင်ပုဏ္ဏား အသင့်အား ငါသည် အကြောင်းတခုကို ပြောဆိုပေအံ့"ဟု-ဆိုလေသျှင်။

"အို-ရဟန်း ပြောပါ"ဟု-ပြောဆိုလေသော် မြတ်သော တောထွက်သည်မှစ၍ အဇပါလညောင်ပင်ရင်းတိုင်အောင် မာရ်နတ်သည် အစဉ်လိုက်လာ နှောက်ယှက်ခြင်း၊ မာရ်နတ်၏ ဆန္ဒအတိုင်း မာရ်နတ်၏ သမီးသုံးယောက်တို့သည် လုပဘင့်တယ် ချစ်ခင်ဘွယ်ရာ သတို့သမီးငယ်အသွင်စသည်ပြုကာ ဖျားယောင်းခြင်းကို ထိုအခါ၌ပင် ငါ၏ အလိုဆန္ဒမရှိခဲ့ပဲလျှက် ကျင်ကြီး ကျင်ငယ်

စက်ဆုပ်ဘွယ်အပေါင်း မကောင်းသော အညစ်အကြေးတို့ဖြင့် ပြည့်သော အသင်ပုဏ္ဏားကြီး၏ သမီးဖြင့် ငါ့အား အဘယ်မှာ အလိုရှိပါအံ့နည်း-ဟု မိန့်ဆိုတော်မူပြီးလျှင်-

ဒိသွာန တဏှံ အရတိံ ရဂဉ္စ၊ နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။
ကိမေဝိဒံမုတ္တကရီသပုဏ္ဏံ၊ ပါဒါပိနံ သမ္ဖုသိတုံနဣစ္ဆေ။ (၃-၁-၄၀၉၊ ဓမ္မ-ဋ္ဌ-၁-၁၃၀)

ဟူသော ဂါထာတော်မြတ်ကို မိန့်ဆိုတော်မူလေတယ်၊

ဗြာဟ္မဏ၊ မဟုတ်ရာကို, ကြည်ညိုသဒ္ဒါ, လွန်စွာပွားစီး, ပုဏ္ဏားကြီး။ တဏှံ စ၊ မာရ်နတ်သား၏ ရှုစားမငြီး တဏှာမည်သော သမီးကိုရင်း။ အရတိံ စ၊ မာရ်နတ်သား၏ ရှုစားမငြီး အရတိမည်သော သမီးကိုရင်း။ ရဂဉ္စ၊ မာရ်နတ်သား၏ ရှုစားမငြီး ရာဂါမည်သော သမီးကိုရင်း။ ဒိသွာန၊ ကောင်းစွာမြင်မြင် ရှုမြင်ရပါလျက်။ မေထုနသ္မိံ၊ နှင်ယောက်အစုံ, မှူးခုန်ပျော်ပါး, လိုက်စားခြင်းပြု, မေထုန်အမှု၌။ မေ၊ ကာမဂုဏ်ညွတ်ကွင်း, လွတ်ကင်းခဲ့ငြား, ငါဘုရား၏။ ဆန္ဒောအပိ၊ စိတ်ဖြင့် တောင့်တ လိုလားခြင်းမျှလည်း၊ နာဟောသိ၊ ပြန်လှန်ကာစစ် တရံဆစ်မျှ မဖြစ်ဘူးပေ။

မုတ္တကရီသပုဏ္ဏံ၊ ကျင်ကြီးကျင်ငယ်, အသွယ်သွယ်ဖြင့် ရွံဘွယ်အတိ, တကယ်ပြည့်သော။ ဣဒံ၊ အသင်ပုဏ္ဏားတို့ ရှုစားမငြီး, သမီးလှရတနာ, မုန်စွာအတည် ဤမာဂန္ဒီကို။ မေ၊ ကိလေသာယုတ်,ပယ်နှုတ်ခဲ့ငြား, ငါဘုရားအား။ကိံ၊ အဘယ်သို့လျှင်။ ဣစ္ဆေ၊ နှင်မြို့စုံမက်,နှင်သက်တစိ, အလိုရှိပါချိမ့်မည်နည်း။ နံ၊ သင်ပုဏ္ဏား၏ ရှုစားမငြီး, သမီးဖြစ်သည့် ထိုမာဂန္ဒီကို။ ပါဒါပိ၊ ခန္ဓာကိုယ်မှာ, ယုတ်စွာပိုင်းခြား, မှတ်သားကြပေ, ခြေတို့ဖြင့်လည်း။ သမ္ဖုသိတုံ၊ ကောင်းစွာမိမိ စွဲငြိလှုစွာ, တွေ့ထိခြင်းငှာ။ နဣစ္ဆေ၊ ကိလေသာမျိုး, တဏှာဆိုးကို, ချိုးဖျက်ပယ်ရှင်း, ပြုခဲ့ခြင်းကြောင့်, အလျှင်းတစိ, အလိုမရှိသည်သာတည်း။

အို-ပုဏ္ဏားကြီး၊ မာရ်နတ်မင်း၏ သမီးလှ ရတနာများဖြစ်သော တဏှာ, အရတိ, ရာဂါ အမည်သာသည့် နတ်ကညာသုံးယောက်တို့ကို ကောင်းစွာ မြင်တွေ့သော်လည်း နှစ်ပါးတူစုံ မွေ့တုံခြင်းပြု မေထုန်မှုဝယ် ငါ၏ စိတ်အလိုဆန္ဒ မဖြစ်ခဲ့ပါချေ။ ကျင်ကြီးကျင်ငယ်တို့ဖြင့်ပြည့်သော ဤမာဂန္ဒီကိုမူ ငါဘုရားအား အဘယ်မှာလျှင် အလိုရှိပါမည်နည်း။ သင့်သမီး မာဂန္ဒီကို ခြေတို့ဖြင့်သော်မျှ တို့ထိခြင်းငှါ အလိုမရှိပါချေ-ဟူ၍ ဟောကြားတော်မူအပ်သော တရားဒေသနာဂါထာအဆုံး၌ မာဂန္ဒီ-ပုဏ္ဏားကြီးနှင့် မာဂန္ဒီ ပုဏ္ဏေးမကြီးတို့ ဇနီးမောင်နှံ နှစ်ယောက် အနာဂါမိဖိုလ်၌ဆိုက်ရောက်တည်ရှိကြလေသတဲ့ (ဒကာကြီး ဦးစိန်ရှဲ)။

မာဂန္ဒီ ပုဏ္ဏားကြီး ဇနီးမောင်နှံတို့ အနာဂါမိဖိုလ်သို့ ဆိုက်ရောက်သွားကြသော်လည်း သမီးဖြစ်တဲ့ မာဂန္ဒီ ပုဏ္ဏေးမလေးကတော့ ရှင်တော်မြတ်ဘုရားအပေါ်မှာ လွန်စွာ စိတ်နာလေသတဲ့။ သူမ စိတ်နာတဲ့အကြောင်းကတော့ "ဤရဟန်းသည် ငါ့အား အကယ်၍ အလိုမရှိပါလျှင် အလိုမရှိတဲ့ အဖြစ်ကိုသာ ပြောဆိုသင့်ပါတယ်၊ ယခုတော့ ဤရဟန်းသည် ငါ့ကို ကျင်ကြီးကျင်ငယ် ရွံဘွယ်အတိ, ပြည့်သော အသင့်သမီးကို ခြေတို့ဖြင့်သော်လည်း ထိခြင်းငှာ အလိုမရှိ"ဟု-ပြောဆိုဘိတော့သည်။ ရှိပါစေဦးတော့လ။ ငါသည် မိမိ၏ ဇာတ်အမျိုး စည်းစိမ် ဥစ္စာ အသက်အရွယ် စသည်နှင့် ပြည့်စုံသော လင်ယောကျ်ားကို ရရှိသောအခါ ဤရဟန်း

ဂေါတမအား လက်စားချေပြမယ်၊ ငါ့အကြောင်းကို သိစေမယ်- စသည်ဖြင့် ရှင်တော်မြတ်ဘုရား အပေါ်၌ ရန်ငြိုးဖွဲ့မှု ပြုလေသတဲ့။

ဒီနေရာမှာ ရန်ငြိုးဖွဲ့ခြင်းအကြောင်းနဲ့ ပတ်သက်ပြီးမေးအုံးမယ်။ ရန်ငြိုးဖွဲ့ခြင်း အမျိုး **အစား** ဘယ်နှစ်ပါးရှိသည်ဟု-ကြားဘူးပါသလဲ (ဒကာကြီး ဦးစိန်)။

(ဦးစိန်) အမိန့်ရှိမှ သိရမှာပါဘုရား။

ကဲ–ဒါဖြင့်လဲ သေသေချာချာ မှတ်သားကြပေတော့။

၁။ ပါသာဏလေခူပမာပုဂ္ဂိုလ်။ ကျောက်ဖြာထက်၌ ထွင်းလျက် သေချာစွာ ရေးသား အပ်သော အရေးအသားနှင့်တူသော ပုဂ္ဂိုလ်တဲ့ (အမျက်ဒေါသဖြစ်ပြီးနောက် အလွန် ကျေပျောက်ခဲလှသောသူ၊ အစွဲကြီးသောသူကို ဆိုလိုတယ်)။

၂။ ပထဝီလေခူပမာပုဂ္ဂိုလ်၊ မြေကြီးပေါ်၌ ရေးသားအပ်သော အရေးအသားနှင့် တူသော ပုဂ္ဂိုလ်တဲ့။ (အမျက်ဒေါသဖြစ်ပြီးနောက် ကျေပျောက်လွယ်သောသူ၊ အစွဲမကြီးသောသူကို ဆိုလိုတာပေါ့။)

၃။ ဥဒကလေခူပမာပုဂ္ဂိုလ်။ ရေမျက်နှာပြင်၌ ရေးသားအပ်သော အရေးအသားနှင့်တူသော ပုဂ္ဂိုလ် (အမျက်ဒေါသ လုံဝမဖြစ်ဘတ်သောသူ။ အမျက်ဒေါသကင်းသောသူကို ဆိုလို တယ်။) ဤသို့အားဖြင့် သုံးမျိုး သုံးစားရှိသတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

ဒေါသဖြစ်သူ ပုဂ္ဂိုလ်သုံးပါးကို လွယ်ကူစွာ မှတ်သားနိုင်အောင် ဒီလင်္ကာလေးတွေကို ဆောင်ထားကြရပေမယ်။

**ဆောင်ပုဒ်**
၁။ ကျောက်စာပမာ၊ မြဲကြစွာ၊ ချို့မှာဒေါသကြီးတတ်သည်။
၂။ မြေ၌ရေးစာ၊ ကဲ့ပမာ၊ ချို့မှာဒေါသနည်းတတ်သည်။
၃။ ရေ၌ရေးစာ၊ ကဲ့ပမာ၊ ချို့မှာဒေါသမရှိပြီ။
၄။ ကျောက်စာမြေစာ၊ ရေ၌စာ၊ သုံးဖြာသဘောညီ။
၅။ အမျက်ထွက်ပြား၊ ဤသုံးပါး၊ ဘုရားဟောခဲ့သည်။

ဤသို့အားဖြင့် သုံးပါးသော အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းတို့တွင် ဒီမာဂဏ္ဍီ ပုဏ္ဏားမ ကလေးရဲ့ အမျက်ထွက်မှု၊ ရန်ငြိုးဖွဲ့မှုကား အဘယ် အမျိုးအစားတွင် ပါဝင်သည်ကို တရားတော် နာယူကြတဲ့ သူတော်စင် ဒကာ ဒကာမများ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစား ဆုံးဖြတ်နိုင်အောင် သတိ ထားပြီး မှတ်သားခဲ့ကြနော်၊ နောက်ပြီးတော့ မိမိတို့ကိုယ်တိုင်လဲ အမျက်ထွက်လျှင် အဘယ် အခြေတွင် ရှိသည်၊ အဘယ်ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်သည်ကိုလဲ ဆုံးဖြတ်နိုင်ကြရပေလိမ့်မယ်။ မိမိကိုယ်ကို အမှန်အတိုင်းသိတော့ ပြုပြင်နိုင်တာပေါ့လေ။ ပြုပြင်နိုင်အောင်လဲ ကြိုးစားကြရမယ် မဟုတ်လား (ဒကာကြီး ဦးစိန်)။

မြတ်စွာဘုရားက ဤကဲ့သို့ ဟောကြားခဲ့ပါလျှင် မာဂဏ္ဍီ ပုဏ္ဏားမကလေး စိတ်တွေဆိုးပြီး ရန်ငြိုးထားမည့် အဖြစ်ကို မသိဘူးလားဆိုလျှင် သိရှိပြီး ဖြစ်ပါသတဲ့။ သို့ဖြစ်လျှင် အဘယ်အကြောင်း

ကြောင့် ဟောကြားပါသလဲဆိုတော့ မာဂဏ္ဍီ ပုဏ္ဏေးမလေးမှ တပါးဖြစ်တဲ့ သူမရဲ့ မိဘနှစ်ပါးတို့ အနာဂါမိဖိုလ်သို့ ဆိုက်ရောက်နိုင်သော အကျိုးတရားကို မြင်တော်မူသဖြင့် ဟောကြားတော်မူခြင်း ဖြစ်ပါသတဲ့။ ရှင်တော် မြတ်ဘုရားတို့ရဲ့ မဟာကရုဏာတော်ဟာ ကြီးမားတော်မူလှပါပေတယ်နော် (ဒကာကြီး ဦးစိန်)။

ဗုဒ္ဓါ ဟိ အာဃာတံ အဂဏှေတွာ မဂ္ဂဖလာဓိဂမာရဟာနံ-
ဝံသေန ဓမ္မံ ဒေသေန္တိယေဝ။ (ဓမ္မ-ဠ-ပ-၁၃၈)။

ဟိသစ္စံ၊ ထိုးကားသည် ထင်ရှားစေန် မှန်လှပေ၏။ ဗုဒ္ဓါ၊ သစ္စာလေးပါး တရားသခင်ဘုရားရှင်တို့သည်။ အာဃာတံ၊ မနှစ်သက်သဖြင့် မိတ်ပျက်အတွင်းဆိုး ရန်ငြိုးဖွဲ့ခြင်းကို။ အဂဏှေတွာ၊ အလေးမထား လေးစားမဖက် မရေမတွက်မူ၍။ မဂ္ဂဖလာဓိဂမာရဟာနံ၊ မဂ်ဖိုလ်အမြိုက် ရထိုက်ကုန်၄ြား အမျိုးကောင်း သားသမီးတို့၏။ ဝံသေန၊ ကောင်းစွာမှန်ငြား အစွမ်းအားဖြင့်၊ ဓမ္မံ၊ ကိလေသာစက် သုံးထောင်ဝက်ကို ခွဲဖျက်နိုင်ငြား မြတ်တရားကို။ ဒေသေန္တိယေဝ၊ သတ္တဝါအများ သောင်းထိုက်သားတို့ကို သနားငဲ့ညှာ ဟောကြားတော်မူကုန်သည်သာလျှင်သတည်း။

ရှင်တော်မြတ်ဘုရားရဲ့ မဟာ ကရုဏာဘရား ကြီးမားတော်မူပုံကို သေသေချာချာစဉ်းစားလေလေ ကြည်ညိုလို့မဆုံးလေလေပါပဲ။ မိမိအပေါ် ရန်ငြိုးထားမည်ကိုပင် အာရုံပြုတော်မမူပဲ သတ္တဝါများ အကျိုးတရားကိုသာ ရှေ့ရှုပြီး အမြဲတန်း ဆောင်ရွက်တော်မူခဲ့တာပဲတဲ့။

မိခင် ဖခင်ဖြစ်ကြတဲ့ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့လဲ ထိုသမီးကလေး မာဂဏ္ဍီကို ခေါ်ယူပြီး ပုဏ္ဏားကြီးရဲ့ညီ သူမရဲ့ ဘထွေးတော်ဖြစ်သော စူဠမာဂဏ္ဍီ ပုဏ္ဏားထံ၌ အပ်နှံထားခဲ့ပြီး ရဟန်းပြု၍ မကြာ မြင့်မီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြရလေသတဲ့။

တူမချောဖြစ်တဲ့ မာဂဏ္ဍီပုဏ္ဏေးမကလေး အိမ်ရောက်လာတော့ စူဠမာဂဏ္ဍီခေါ် ဘထွေးတော် ပုဏ္ဏားကြီးမှာ အလုပ်ပိုရသွားတော့တာပေါ့လေ၊ အဲဒီအလုပ်ကတော့ တူမချော မာဂဏ္ဍီနှင့် လျော်ညီ သင့်တင့်ကဲ့ ခင်ပွန်းလောင်းရှာကြံဘို့ ဖြစ်ပေတယ်၊ သားမက်လောင်း ကောင်းကောင်းကို ရှာကြတာဟာ ယခုအခါမှာသာ မဟုတ်ဘူး၊ ရှေးအခါကလဲ ဒီလိုပါပဲတဲ့၊ ယခုကာလ အချို့သောသူများက သားမက်လောင်းကို ပညာသင်စရိတ် ထောက်ပံ့ခြင်း စသည်ဖြင့် စရံတောင် ပေးထားကြတယ် ဆိုသကိုး၊ ဓမ္မကထိကကိုယ်တော်က ကြားဘူးတာ ပြောရရှာတာပါ၊ ရှာရှာဖွေဖွေ ကြားတတ်ရန်ကော-ဟု အပြစ်ဘင်မစောကြနဲ့တော့၊ ရှေးကာလနဲ့ ယခုကာလ သိပ်မထူးလှတာကို နှိုင်းယှဉ် ပြောလိုက်ရတယ်၊ သားယောကျ်ားရှင်ကလဲ ချွေးမလောင်း လိမ်လိမ်မာမာကလေးကို ရချင်သလို၊ သမီးရှင် မိဘများကလဲ သားမက်ကောင်း, ပညာတတ်ကိုမှသာ လိုလား နှစ်သက်ကြတာဟာ သားသမီးတို့အတွက် အရှည်မြော်တွေးတဲ့ မိဘတို့ရဲ့ အရင်းခံဖြစ်သော စေတနာမေတ္တာတွေလို့ ဆိုသင့်ပါတယ် နော်၊ ဒါ့ကြောင့်မို့ သားရှင်, သမီးရှင် မိဘများရဲ့ ဆိုရိုးစကား တခု ရှိတယ်မဟုတ်လား၊ "သားတို့, သမီးတို့ကို ဆင်စီးလို့ မြင်းရံတာကိုသာ မြင်လိုတယ်" တဲ့။

ဟောဒီမှာလဲ စူဠမာဂဏ္ဍီခေါ်တဲ့ ဘထွေးတော်ပုဏ္ဏားကြီး ကြံရ,စည်ရပေပြီ၊ "ငါ့ရဲ့သမီး (တူမကလေးကို ချစ်လွန်းလို့ သမီး-ဟု ခေါ်ဆိုခြင်းပါ) သည် သာမညယုတ်ညံ့သောသူနှင့် မလျော်ကန်စေ။ မင်းတပါးပါးအားသာလျှင် လျော်ကန် ထိုက်တန်ပေတယ်"ဟု ကြံစည်လေသတဲ့။

ယင်းသို့ ကြံစည်တဲ့အတိုင်း သမီးကို ခေါ်ယူကာ ကောသမ္ဗီပြည်သို့ သွား၍ အလုံးစုံသော တန်းဆာတို့ဖြင့် တင့်တယ် လှပစွာ တန်းဆာဆင်ပြီးလျှင် "အရှင်မင်းကြီး၊ ဤ မိန်းမရတနာသည် အရှင်မင်းကြီးအားသာလျှင် သင့်လျော် ထိုက်တန်ပါသည်" ဟု ပြောဆိုကာ ဥတေနမင်းကြီးအား ဆက်သလေတယ်၊ ဥတေနမင်းကြီးကလဲ တင့်တယ် လှပသော ထို မာဂဏ္ဍီ သတို့သမီးကို မြင်ရလျှင် ပင် ချစ်ခင်နှစ်သက်ခြင်း ကောင်းစွာဖြစ်သဖြင့် အဘိသိက်သွန်းခြင်းကို ပြုပြီးလျှင် ငါးရာသော မိန်းမတို့ကို အခြံအရံအဖြစ် ပေး၍ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအရာ၌ ထားလေသတဲ့။

ဒီ ဥတေနမင်းကြီးမှာ အဂ္ဂမဟေသီခေါ် မိဖုရားခေါင်ကြီးသုံးယောက် ရှိသတဲ့၊ မိဖုရားခေါင်ကြီး သုံးယောက်ကတော့–

၁။ ဘဒ္ဒဝတီမြို့ ဘဒ္ဒဝတီသူဌေး၏ သမီးဖြစ်သော သာမာဝတီ မိဖုရား။

၂။ ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်းကြီး၏ သမီးဖြစ်သော ဝါသုလဒတ္တာ မိဖုရား။

၃။ ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးရွာကြီးနေ မာဂဏ္ဍီပုဏ္ဏားကြီး၏ သမီးဖြစ်သော မာဂဏ္ဍီ မိဖုရား–တို့ ဖြစ်ကြတယ်။

မိဖုရားကြီး တယောက်,တယောက်မှာတော့ အခြွေအရံ မိန်းမ ငါးရာစီတောင် ထားပေးသေးသတဲ့။

မာဂဏ္ဍီရဲ့အရင် သာမာဝတီနှင့် ဝါသုလဒတ္တာ မိဖုရားခေါင်ကြီးနှစ်ယောက် ဥတေနမင်းမှာ ရှိနေပြီးသားနော်၊ ဒါပေမဲ့ ရုပ်ရေရူပကာယ တင့်တယ်လှပ, အချိုးကျတဲ့ မာဂဏ္ဍီပုဏ္ဏေးမကလေးကို လာဆက်ပြန်တော့လဲ ဥတေနမင်းကြီး ယူတာဘဲနော်၊ ဥတေနသာ မဟုတ်ပါဘူးလေ၊ ဒီပြင်လူတွေလဲ မယားကြီး,သားကြီး ရှိလျက်နဲ့ နောက် တယောက်ပြီးတယောက် ယူနေကြတာ လောကမှာ မရှားတော့ပါဘူး၊ သတ္တဝါတွေရဲ့ အလိုဆန္ဒဟာ ပြည့်ဝတယ်လို့ကို မရှိကြပါဘူး၊ ဒါ့ကြောင့်မို့ အရှင် ရဋ္ဌပါလမထေရ်က–

ဦနော လောကော အတိတ္တော တဏှာဒါသော။ (မဇ္ဈိ-၃-၂၄၄)။

ဟူ၍ ကောရဗျမင်းကြီးအား ဟောကြားခဲ့ခြင်း ဖြစ်တယ်။

လောကော၊ ကိလေသရန်ဘေး, မကင်းသေးသူ, လူ,နတ်,ပြဟ္မာ, သတ္တဝါအပေါင်းသည်။ ဦနော၊ အလိုဆန္ဒ,ဟူသမျှတို့,ပြည့်ဝသည်မရှိ, ယုတ်လျော့နေသည်ချည်းသာတည်း။ အတိတ္တော၊ အစဉ်အမြဲ,ရောင့်ရဲတင်းတိမ်မှု မရှိတတ်ချေ။ တဏှာဒါသော၊ ငါးဖြာအာရုံ, ကာမဂုဏ်ကို, ခုံမင်လိုက်စား, ပျော်ပါးနေ့ညဉ့်, တဏှာ့ကျွန်မျိုးသာတည်း။

လူ,နတ်,ပြဟ္မာ သတ္တဝါအပေါင်းတို့ရဲ့ သန္တာန်မှာ အလိုဆန္ဒဟူသမျှ ပြည့်ဝကြပြီ-ဟု မရှိ၊ အမြဲတန်း ယုတ်လျော့လို့ နေဒါချည်းဘဲတဲ့၊ ရောင့်ရဲတင်းတိမ်ပြီ - ဟု မရှိကြဘူး၊ တဏှာ့အလို လိုက်ပြီး တဏှာအကြိုက် လုပ်ကိုင်ဆောင်ရွက်နေကြရတဲ့ တဏှာ့ကျွန်တွေချည်းဘဲတဲ့ (ဒကာကြီး ဦးစိန်ရဲ့)၊ သို့အတွက်ကြောင့် ဒီ ဥတေနဘုရင်ကြီးက နောက်ဆက်သလာတဲ့ သမီးကညာ ရတနာ မာဂဏ္ဍီကို လက်ခံသိမ်းပိုက်တာကို အပြစ်မဆိုသာပေဘူး၊ "သူလဲလေ လောကီသားပေမို့" လို့ ဆိုရတော့မယ်ပေါ့။

ဒီဥဒေနမင်းကြီး စိုးပိုင်အုပ်ချုပ်ရာ ကောသမ္ဗီပြည်ကြီးမှာ ဦးပဇ္ဇင်းတို့ ရှင်တော်မြတ်ဘုရား၏ ကျောင်းဒါယကာ သူဌေးကြီးသုံးယောက် ရှိသတဲ့၊ ထို သူဌေးကြီး သုံးယောက်ကတော့—

၁။ ဃောသိတာရုံ ကျောင်းဒကာဖြစ်တဲ့ ဃောသက သူဌေးကြီး။

၂။ ကုက္ကုဋာရုံ ကျောင်းဒကာဖြစ်တဲ့ ကုက္ကုဋ သူဌေးကြီး။

၃။ ပါဝါရိကာရုံ ကျောင်းဒကာဖြစ်တဲ့ ပါဝါရိက သူဌေးကြီး သုံးယောက်တို့ ဖြစ်ကြတယ်။

မြတ်စွာဘုရား ကောသမ္ဗီပြည်သို့ ကြွလာတဲ့အခါ ဒီ သူဌေးကြီးသုံးယောက်က တလှည့်စီ မိမိတို့ကျောင်းတော်သို့ ပင့်ဆောင်ကာ လုပ်ကျွေးပြုစုလေ့ ရှိကြသတဲ့။

ထို သူဌေးကြီးသုံးယောက်တို့၏ အလုပ်အကျွေးဖြစ်သော သုမန-မည်သော ပန်းသည် ဒကာ တယောက်က မြတ်စွာဘုရားကို ဖူးမြင်ရ၍ ကြည်ညိုသဒ္ဓါဖြစ်ကာ ဆွမ်းကပ်လိုသဖြင့် သူဌေးကြီး များထံ ခွင့်ပန်ကာ တနေ့သောအခါ ဗုဒ္ဓမြတ်စွာကို ပင့်ဖိတ်ပြီး ဆွမ်းကပ် လှူဒါန်းလေသတဲ့။

ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ဆွမ်းကပ်၍အပြီးတွင် မြတ်စွာဘုရားက သုမန ဆွမ်းဒကာ, အစရှိသော ပရိသတ်အား အနုမောဒနာတရား ဟောကြားတော်မူလေတယ်၊ ထိုတရားပွဲ တွင် သာမာဝတီမိဖုရားကြီး၏ ကျွန်မဖြစ်သော ပန်းအဝယ်တော် ခုဇ္ဇုတ္တရာကလဲ ပန်းဝယ်လာယင်း တရားနာရသဖြင့် သောတာပန် တည်သွားသတဲ့၊ ထီမထိုးပဲနဲ့ ထီပေါက်တယ်၊ မရှယ်ဘဲနဲ့ စော်ကဲ မင်းဖြစ်-ဆိုတာလိုပဲနော်၊ ပါရမီပြည့်ဝပြီး ပုဂ္ဂိုလ် ဖြစ်လေတော့ သွားရင်းဟန်လွှဲနဲ့ တရားထူး ရသွားတာဘဲ။

ခုဇ္ဇုတ္တရာ ကျွန်မလဲ တရားနာယူပြီးလျှင် ပန်းများဝယ်ယူ၍ ပြန်သွားကာ သခင်မ သာမာဝတီ ကို ပန်းများ ဆက်သတဲ့အခါ သာမာဝတီက အံ့အားသင့်စွာဖြင့် "အို–မိခင် ဘယ်လိုပါလဲ၊ ယနေ့ ပန်းတွေ များလှပါကလား၊ ယနေ့ ငါတို့အား ပန်းဘိုးနှစ်ဆ ပေးသလော"ဟု မေးမြန်းလေသတဲ့၊ ထိုအခါ ခုဇ္ဇုတ္တရာက သောတာပန် အရိယာမ ဖြစ်သည်အားလျော်စွာ အမှန်အတိုင်း ဝန်ခံ ပြောဆိုလိုက်တယ်၊ "အရှင်မ၊ အရှင်မအတွက် မင်းကြီးက နေ့စဉ် ပန်းဘိုး ရှစ်ကျပ် ပေးပါတယ်၊ တပါးသောနေ့များကတော့ ပန်းဘိုး ရှစ်ကျပ်မှ လေးကျပ်ကို မိမိယူထားပြီး လေးကျပ်ဘိုးသာ ဝယ်ယူခဲ့ပါတယ်၊ ယနေ့တော့ ဂေါတမဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ခိုးယူနေကျ လေးကျပ်ကို မယူတော့ဘဲ ရှစ်ကျပ်ဘိုး အကုန် ပန်းများ ဝယ်ယူခဲ့ပါတယ်"

ထိုသို့ ပြောဆို ဝန်ခံလေလျှင် သာမာဝတီကလဲ တစုံတရာ ပြစ်တင်ပြောဆိုခြင်းမပြုဘဲ "အို– မိခင် – သည်လိုဆိုလျှင် အသင် သုံးဆောင်ခဲ့ရသော အမြိုက်တရား ရေအေးကို ငါတို့သည်လည်း သောက်သုံးလိုပါ၏" ဟု ပြောဆို တောင်းပန်လေတယ်တဲ့၊ ယင်းသို့ သာမာဝတီက တောင်းပန် သဖြင့် ခုဇ္ဇုတ္တရာ ကျွန်မက ရေမိုးချိုးပြီး ကောင်းမွန်စွာ အဝတ်အရုံ ဝတ်ရုံ၍ တရားဟောသင့်ရာ နေရာ၌ ထိုင်ကာ ဆန်းကြယ်သော ယပ်ကို ကိုင်ဆောင်လျက် အမျိုးသမီးငါးရာတို့အား မြတ်စွာ ဘုရား ဟောကြားတော်မူသော နည်းအတိုင်းပင်လျှင် တရားတော်ကို ဟောကြားလေတယ်။

ခုဇ္ဇုတ္တရာ၏တရားကို ကြားနာရ၍ သာမာဝတီနှင့် အမျိုး သမီး ငါး ရာ တို့ အားလုံးပင် သောတာပတ္တိဖိုလ်၌ တည်ကြလေသတဲ့။

တရားတော်ဆိုတာ ရဟန်းနှင့်လူ့ယောကျ်ားနဲ့ မိန်းမ-ဟူ၍ ခွဲခြားမှု မရှိပါဘူး၊ မည်သူမဆို ဟောပြောသင့်ပါတယ်၊ မှန်ကန်သော တရားဓမ္မတို့ကို သူတပါးတို့အား ဟောကြား ပြသသဖြင့် ထိုသူတို့ ထူးသော အကျိုးတခုခု ရရှိသွားလျှင် မိမိတို့မှာ တကယ့် သာသနာပြုပုဂ္ဂိုလ်များ ဖြစ်နိုင်ပါတယ်၊ သို့အတွက် ဦးပဥ္ဇင်းတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများလဲ မိမိတို့ သိ,ကြား,နားလည်တဲ့ ဗုဒ္ဓမြတ်စွာ တရား ဒေသနာများ ကို အခြားသောပုဂ္ဂိုလ်များအား ဟောနိုင်သမျှ ဟောကြားကြဘို့ ဗုဒ္ဓသာသနာပြု စိတ်ဓာတ် မွေး၍ သာသနာပြုလုပ်ငန်းများကို ကိုယ်စွမ်း,ဉာဏ်စွမ်း ရှိသမျှ ဆောင်ရွက်ကြဘို့ အထူးပဲ တိုက်တွန်း နှိုးဆော်ရပါတယ်။

ဒီကမ္ဘာလောကကြီးမှာ လောဘမီး, ဒေါသမီး, မောဟမီးတွေ တဟုန်းဟုန်း တောက်လောင်နေပါတယ်။ ဒီမီးတွေကို ငြိမ်းအေးစေနိုင်တာကတော့ ဗုဒ္ဓမြတ်စွာရဲ့ တရားဒေသနာပါဘဲ။ ကမ္ဘာသူကမ္ဘာသားတွေရဲ့သန္တာန်မှာ စွဲလောင်နေတဲ့ လောဘ, ဒေါသ, မောဟ စတဲ့ မီးတွေကို မြတ်ဗုဒ္ဓ၏တရားရေအေးဖြင့် သွန်းလောင်းငြိမ်းပေးဘို့ရာမှာ-ဦးပဥ္ဇင်းတို့ ရဟန်းတော်များသာ မဟုတ်ပါဘူး။ဗုဒ္ဓ၏သားတော်, သမီးတော်များ ဖြစ်ကြတဲ့ ဒကာ, ဒကာမများမှာလဲ တာဝန် ရှိပါတယ် (ဒကာကြီး ဦးစိန်ရဲ့)။ ဒါကြောင့် ဒကာ, ဒကာမများကလဲ သာသနာပြုသောအနေဖြင့် မြတ်စွာဘုရား၏ တရားတော်ကို တဆင့်တဆင့် ဟောကြားကြဘို့ရန် တိုက်တွန်းနေခြင်းပါပဲ။

ဦးပဥ္ဇင်းတို့ သန္နကတော့ ဗုဒ္ဓဘာသာဝင် အမျိုးသား, အမျိုးသမီးမှန်သမျှဟာ ဗုဒ္ဓသာသနာပြုတွေချည်း ဖြစ်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့-ဗုဒ္ဓမြတ်စွာရဲ့ တရားဒေသနာနဲ့ မထိမတွေ့တဲ့သူတွေဟာ လောဘမီးဇာ, ဒေါသမီးဇာ, မောဟမီးဇာတွေ ဖြစ်နေရှာကြလို့ပါပဲ။

ယခု ဒီဝတ္ထု ကြည့်စမ်းပါဦး၊ ကျွန်မ ခုဇ္ဇုတ္တရာတယောက် တရားဟောရုံမျှဖြင့် သာမာဝတီ အမျိုးသမီးငါးရာ တရားရရှိသွားကြတယ်-မဟုတ်လား။

သာမာဝတီကလဲ ခုဇ္ဇုတ္တရာကို ကျွန်မအရာမထားတော့ပဲ ဗုဒ္ဓမြတ်စွာထံသို့ အမြဲသွားကာ တရားနာယူပြီးနောက် မိမိတို့အား တဖန် ပြန်ဟောကြား ဆုံးမစေခြင်းဖြင့် မိခင်အရာ ဆရာမ အရာ၌ ထားသကဲ့။ တရားတော်ရဲ့ ကျေးဇူးပဲနော်။ ခုဇ္ဇုတ္တရာမှာလဲ-ဘုရားထံ တရားသွားနာ၊ နန်းတွင်းပြန်ရောက်လျှင် သာမာဝတီတို့အား တရားဟောရသဖြင့် ပိဋကတ်သုံးပုံကို ဆောင်နိုင်ပြီး-တရားဟော ဓမ္မကထိကကြီး ဖြစ်နေသတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

သို့အတွက်ကြောင့် ရှင်တော်မြတ်ဘုရားကလဲ-

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ
ဗဟုဿုတာနံ ဓမ္မကထိကာနံ ယဒိဒံ ခုဇ္ဇုတ္တရာ။ (အင်္ဂုတ္တရ ပါဠိတော်-ပ-၂၇)။

ဟူ၍ ချီးကျူး မိန့်မြွက်တော်မူကာ ဧတဒဂ်အရာ ထားတော်မူခဲ့တယ်။

ဘိက္ခဝေ၊ ကိလေသာမီး ဖျက်ဆီးတတ်ကြသော, ရဟန်းများတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မဖြစ်သော။ ဗဟုဿုတာနံ၊ အကြားအမြင်, အလွန်လျှင်, များကုန်သော။ ဓမ္မကထိကာနံ၊ ကောင်းသောတရား, ဟောကြားတတ်ကုန်သော။ ဥပါသိကာနံ၊ ရတနာသုံးရပ်, ဆည်းကပ်တည်ရှိ,

တပည့်မ, ဒါယိကာမ အပေါင်းတို့တွင်။ ယဒိဒံ ယာသော ခုဇ္ဇုတ္တရာ၊ အကြင်ခုဇ္ဇုတ္တရာဒါယိကာမ သည်။ အတ္တိ၊ ရှိပေ၏။တော၊ သောခုဇ္ဇုတ္တရာ၊ထိုဒါယိကာမ ခုဇ္ဇုတ္တရာသည်။ အဂ္ဂံ အဂ္ဂါ၊ အံမျှားနှင့် ပင်, မယှဉ်သာအောင်, လွန်စွာထူးချွန်, အမြတ်အမွန်ဆုံး ဖြစ်ပေသတည်း။

တကဲ့ ဗုဒ္ဓသာသနာပြု ဘေဒဂ်ရ အာဇာနည် အမျိုးသမီးကြီးတယောက် ဖြစ်နေပြီနော်။ အမျိုးသမီးငါးရာကလဲ ခုဇ္ဇုတ္တရာကို အမိအရာထားပြီး လွန်စွာ လေးစားကြသတဲ့။ တနေ့တော့ အမျိုးသမီးငါးရာက ဗုဒ္ဓမြတ်စွာကို ဖူးမြင်လိုသဖြင့် ပြောဆိုတိုင်ပင်တဲ့အခါ "ရှင်မတို့ မင်းမျိုး ဆိုတာ တာဝန်လေးလှတယ်၊ အပြင်အပသို့သွား၍ မသင့်လျော်ဘူး။ အကယ်၍ ဘုရားကို ဖူးမြင် လိုလျှင် ရှင်မတို့ရဲ့ အိပ်ရာ တိုက်နံရံများကို ဖောက်ထားကြပါ၊ မြတ်စွာဘုရား သူဌေးကြီး သုံးယောက်တို့အိမ်သို့ ကြွသွားတဲ့အခါ နံရံပေါက်မှ ဖူးမြင်ကြ၊ ကြည်ညိုကြ၊ ရှိခိုးကြ"-ဟု ပြော ဆို အကြံပေးလေတယ်တဲ့။ မိန်းမငါးရာတို့ကလဲ ခုဇ္ဇုတ္တရာ ပြောဆိုတဲ့အတိုင်း ပြုကာ-ဗုဒ္ဓမြတ်စွာ ကြွသွားတဲ့အခါ, ပြန်ကြွလာတဲ့အခါ နံရံပေါက်မှ ကြည့်၍ ဖူးမြင်ကြ, ရှိခိုးကြ, ဖူးမြော် ပူဇော် ကြရရှာတယ်တဲ့။ မင်းမျိုးဖြစ်ရတာ အသွားအလာ လွန်စွာ မလွတ်လပ်တာပါကလားနော်။

တနေ့သောအခါ မာဂဏ္ဍီသည် လမ်းလျှောက်သွားလာယင်း သာမာဝတီရဲ့ အဆောင် တော်သို့ ရောက်၍ နံရံပေါက်များကို မြင်သဖြင့် မေးမြန်းရာ"မြတ်စွာဘုရားကို ဤနံရံပေါက်မှနေ၍ ဖူးမြော်ကြကြောင်း, ရှိခိုးကြကြောင်း" ပြောကြားကြလျှင် "အင်း-ရဟန်းဂေါတမ ဒီမြို့ကို ရောက် လာပါပြီကော၊ ယခုအခါ ငါ့ရဲ့ အလှည့်ပေပဲ။ ငါ့အကြောင်းကို ကောင်းကောင်းကြီး သိစေ မည်။ ဒီမိန်းမတွေလဲ ရဟန်းဂေါတမရဲ့ အလုပ်အကျွေး တပည့်မတွေပဲ၊ သူတို့လဲ ငါ့အကြောင်း ကို သိစေအံ့"-ဟု ကြံစည်ပြီးနောက် မင်းကြီးထံ ချဉ်းကပ်၍ "မြတ်သောမင်းကြီး-သာမာဝတီ အမှူးရှိသော နန်းတွင်းသူတို့သည် အပြင်အပ၌ တောင်းတချက် ပြုနေကြပါတယ်။ နှစ်ရက်,သုံးရက် မျှဖြင့်လျှင် အရှင်မင်းကြီး၏ ဇီဝိန်အသက်ကို ချေဖျက်ကြပါလိမ့်မယ်"-ဟု မာယာနှောကာ ဂုံးတိုက် စကား ပြောကြားလေသတဲ့-မာဂဏ္ဍီရဲ့ အာဃာတ မီးပွားကလေးဟာ-တစ တစ ကြီးမားလာပြီ နော်—ဘယ်အထိ လောင်ကျွမ်းစေမယ်ဆိုတာ ဒကာကြီး ဦးစိန်,ဦးရှိန်, ဦးချိန်,ဦးဟိန်တို့ အားလုံး သတိပြုခဲ့ကြ။

မာဂဏ္ဍီက မကြာခဏ ပြောဆိုသော်လဲ မယုံကြည်သဖြင့် မင်းကြီး မယုံကြည်လျှင် သွား ကြည့်ပါဆို၍ အပေါက်များကို တွေ့၍ မေးမြန်းသောအခါ အကြောင်းမှန်ကို လျှောက်တင် ကြသဖြင့် ထိုမိန်းမတို့အပေါ် တစုံတရာ စိတ်ဆိုးခြင်း, အပြစ်တင်ခြင်း အလျှင်းမပြုဘဲ-ဖောက်ပြီး အပေါက်တို့ကို ပိတ်စေ၍ အထက်မှဖောက်သော လေသာတံခါးပေါက်တို့ကိုသာ ဖောက်စေသတဲ့။

မာဂဏ္ဍီကတော့ လက်မလျှော့ဘူးပေါ့၊ သာမာဝတီ အမှူးရှိသော ထိုမိန်းမတို့ကို တစုံတခု ပြုရန် မတတ်နိုင်သဖြင့် မြတ်စွာဘုရားအပေါ်ကိုသာ ဖိဖြိုးပြီး ကျေးကျွန် အလုပ်သမားများ ရတနာသုံးပါးကို မကြည်ညိုတဲ့ မိစ္ဆာဒိဋ္ဌိ အယူရှိသူများကို ရွှေ, ငွေ တန်စိုးလက်ဆောင်ပေးပြီး ဗုဒ္ဓမြတ်စွာ မြို့တွင်းသို့ ကြွလာတဲ့အခါ ဆဲဆိုကြိမ်းမောင်း၍ နှင်ထုတ်ကြ"-ဟု စေခိုင်းထားသတဲ့။ တော်တော်မိုက်တဲ့ ပုဏ္ဏေးမကလေးဘဲနော်၊ မိမိရဲ့ မိဘနှစ်ပါးလုံးပင် ဂေါတမ မြတ်ဘုရားထံမှာ ရဟန်းပြုပြီး နေတာကိုတောင် ထောက်စာမှု မရှိတော့ဘူး။

မာဂဏ္ဍီရဲ့ ကျေးကျွန်အလုပ်သမားများ မိစ္ဆာဒိဋ္ဌိ အယူရှိသူများကလဲ မြို့တွင်းသို့ ကြွလာသော မြတ်စွာဘုရားကို အစဉ်လိုက်ပြီးတော့ "အသင်သည် ခိုးသူဘည်း၊ မိုက်မဲသောသူတည်း၊ တွေဝေသောသူတည်း။ ကုလားအုတ်ဘဲ၊ နွားဘဲ၊ မြည်းဘဲ၊ ငရဲသွားမည့်သူဘဲ၊ တိရစ္ဆာန် ဖြစ်မည့်သူဘဲ" စသည်ဖြင့် ဆဲဆိုကြသတဲ့၊ အလွန် ရက်စက်စွာ ဆဲဆိုကြတာပဲနော်။ လူမိုက် နှင်းတောတိုးခိုင်းတယ်ဆိုတာ ဒါမျိုးဘဲ ထင်ပါရဲ့၊သူတို့ခမြာလဲ သခင်အားရကျွန်ဒဏ္ဍ ဆိုတာလိုပဲပေါ့လေ။

ထိုသို့ ဆဲဆိုကြိမ်းမောင်းမြ ်းကို ကြားရလျှင် ရှင်အာနန္ဒာက တပါးသောမြို့ရွာသို့ ပြောင်းသွားကြရန် လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက-

အာနန္ဒ ဧဝံ ကာတုံ နာဋ္ဋတိ၊ ယတ္ထ အဓိကရဏံ ဥပ္ပန္နံ၊ တတ္ထေဝ တသ္မိံ ဝူပသန္တေ
အညတ္ထ ဂန္တုံ ဝဋ္ဋတိ။ (ဓမ္မ-၅-ပ-၁၃၆)။

အာနန္ဒ၊ ညီတွားအာနန္ဒာ။ ဧဝံကာဘုံ၊ ကြောဘ်ရှိ နော ်ဆုတ်ဒီလိုလုပ်ခြင်းငှါ။နဝဋ္ဋတိ၊ အမှန်ထောက်ချင့် မသင့်ချေ။ ယတ္ထ၊ အကြင်မြို့ရွာအရပ်၌။ အဓိကရဏံ၊ ဆန့်ကျင်လှုပ်ရှား, အင်အားပြုသုံး, အဓိ ရုဏ်းသည်။ ဥပ္ပန္နံ၊ အကြောင်းအားလျော်စွာ, ဖြစ်ပေါ်လာ၏ တ ္တေဝ၊ ထိုအဓိကရုဏ်း, ဖြစ်ပွားရာ အရပ်၌သာလျှင်။ တသ္မိံ၊ ထိုဖြစ်ပေါ်လာသော အဓိကရုဏ်းကို။ ဝူပသန္တေ၊ အန္တရာယ်ကင်းဝေး, ငြိမ်းအေးစေပြီးသော်သာ။ အညတ္ထ၊ လိုလားသတ်မှတ်, တပါးသော အရပ်သို့။ ဂန္တုံ၊ အေးငြိမ်းသာယာသွားခြင်းငှါ။ ဝဋ္ဋတိ၊ အကြောင်းထောက်ကာ, ကောင်းစွာ သင့်မြတ် လျှောက်ပတ်လေသည်သာတည်း။

ညီတွား အာနန္ဒာ ဖြစ်ပေါ်လာသော အဓိကရုဏ်းကြောင့် အရပ်တပါးသို့ ရှောင်ရှား၍ ထွက်သွားခြင်းငှါ မသင့်လျော်ဘူး-ဖြစ်ရာအရပ်မှာပင် ထိုအဓိကရုဏ်းကို ငြိမ်းအေး ပပျောက်စေပြီးမှသာ အရပ်တပါးသို့ သွားလိုက သွားသင့်ပေတယ်၊ ငါတို့သည် စစ်မြေပြင်သို့ သက်သောဆင်ပြောင်ကြီးများနှင့် တူပေတယ်။တိုက်ပွဲဝင်ကြသော ဆင်ပြောင်ကြီးများသည် အရပ်လေးမျက်နှာမှလာသော မြားတို့ကို သည်းခံရသကဲ့သို့ ထိုအတူပင် သီလမဲ့ဌြား လူရမ်းကားတို့ မတရားပြောဆိုသော စကားကိုလည်း သည်းခံဘို့မှာ ငါတို့တာဝန် ဖြစ်ပေတယ်။

မြတ်စွာဗုဒ္ဓကို ကဲ့ရဲ့ဆဲဆိုနေကြတဲ့ သူတွေလဲ ရှစ်ရက်နေ့မြောက်တော့ အသံတိတ်ပြီး ဆိတ်သွားသတဲ့။

ဗုဒ္ဓါနံ ဟိ ဥပ္ပန္နံ အဓိကရဏံ သတ္တာဟတော ဥတ္တရိ န ဂစ္ဆတိ။

ဟု အဋ္ဌကထာမှာ ဖွင့်ပြထားတယ်၊ အဓိပ္ပာယ်ကတော့ ဘုရားရှင်တို့အား ဖြစ်ပေါ်သော အဓိကရုဏ်းသည် ခုနစ်ရက်ထက် အလွန် မရောက်ချေတဲ့၊ ဒါကြောင့် "ကဲ့ရဲ့ ခုနစ်ရက်, ချီးမွမ်း ခုနစ်ရက်"-ဆိုတဲ့ မြန်မာစကားပုံ ဖြစ်ပေါ်ခဲ့တာကိုး။

မာဂဏ္ဍီကတော့ အခဲမကြေသေးဘူးပေါ့၊ အကြံလဲ ဘယ်မှာလျော့မလဲ။ ဒါပေမဲ့ ဘုရားကို အန္တရာယ်မပြုနိုင်တော့ ဘုရားတပည့်မများ ဖြစ်တဲ့ သာမာဝတီဘက်လှည့်ပြီး ရန်ရှာပြန်တာကိုး၊ "ကြွက်မနိုင်-ကျီမီးနဲ့ရှို့"ဆိုတာလိုပေါ့လေ-သာမာဝတီအမှူးရှိသော မိန်းမတို့သည် မြတ်စွာဘုရား၏ တပည့်များဖြစ်၍ ကိုယ်ကျင့်သီလ စောင့်ထိန်းကာ သူတပါး၏ အသက်ကို မသတ်သည်၏ အဖြစ်ကို

ကောင်းစွာသိသော မာဂဏ္ဍီက တမျိုးကြံကာ ဥဘေနမင်း သေသောက်ရာ၌ ခစားယင်း အလုပ်အကျွေးတယောက်ကို တန်စိုးလက်ဆောင်ပေး၍ သွန်သင်ကာ သူမရဲ့ ဘထွေးတော်ထံသို့ ကြက်အသေရှစ်ကောင်၊ ကြက်အရှင် ရှစ်ကောင် ယူဆောင်လာဘို့ မှာကြားလိုက်သတဲ့။ ဘထွေးတော်လာတဲ့အခါမှာလဲ မင်းကြီးထံမဝင်ဘဲ ပဌမ ကြက်အရှင်တို့ကို ပို့ပါ၊ နောက်မှ ကြက်အသေတို့ကို ပို့ပါ-ဟု မှာကြားလိုက်သတဲ့။ မာဂဏ္ဍီ ပုဏ္ဏား ရောက်တဲ့အခါ မင်းကြီးက "ဝင်ခဲ့"ဆိုသော်- "မင်းကြီးရဲ့ သေသောက်ရာဌာနသို့ မဝန့်ဝံ့ပါ"-ဟု လျှောက်ထားသဖြင့် မာဂဏ္ဍီမိဖုရားက အလုပ်အကျွေးကို သူမ ဘထွေးထံသွားရန် စေခိုင်းလိုက်တယ်။

အလုပ်အကျွေးသည် သွား၍ ပုဏ္ဏားပေးသော ကြက်အရှင် ရှစ်ကောင်ကို ဆောင်ယူကာ "မင်းကြီး-ပုရောဟိတ်ပုဏ္ဏားက လက်ဆောင် ဆက်သပါသည်" ဟု လျှောက်ဆို၏။ ဥတေနမင်းကြီးက "ငါတို့အား စားသောက်ဘွယ်ရာ လက်သုတ်ဟင်းလျာဖြစ်မှုကား ကောင်းလေစွ၊ အဘယ်သူသည် ချက်ပေးပါမည်နည်း"ဟု ပြောဆိုတဲ့အခါ "မင်းကြီး-သာမာဝတီတို့သည် အလုပ်မရှိဘဲ လှည့်လည်နေကြပါသည်၊ သူမတို့ထံ ပို့ပါ၊ ချက်ပေးကြပါလိမ့်မည်" ဟု လျှောက်တင်တဲ့အတွက် မင်းကြီးကလဲ "ဟုတ်တယ်၊ ကဲ-ကဲ-သွားပေးချေ၊ သာမာဝတီတို့အား ပေးပြီး သူတပါးလက်သို့ မအပ်ဘဲ ကိုယ်တိုင်သတ်၍ ချက်ကြကုန်စေ" ဟု စေခိုင်းလိုက်တယ်တဲ့။

အလုပ်အကျွေးက သာမာဝတီတို့အား ကြက်အရှင်များကို ကိုယ်တိုင်သတ်၍ ချက်ရန် ပြောပေးတဲ့အခါ "ငါတို့သည် သူတပါး၏အသက်ကို မသတ်ကြပါ" ဟု ပြောဆို ငြင်းပယ်သဖြင့် ထိုအကြောင်းကို မင်းကြီးအား အလုပ်အကျွေးက ပြန်ကြား လျှောက်ထားလေတယ်တဲ့။

မာဂဏ္ဍီက "မင်းကြီး-အရှင်မင်းကြီး အမြင်ဘဲ၊ ယခု သာမာဝတီတို့ သူတပါးအသက်သတ်မသတ် သိရအောင် ရဟန်းဂေါတမအတွက် ချက်၍ ပို့ကြကုန်ဟု ဆို၍ ပေးကြည့်ပါ" ဟု ပြောဆို တိုက်တွန်းပြန်တယ်၊ ဥတေနမင်းကြီးကလဲ မာဂဏ္ဍီပြောတဲ့အတိုင်း ဆို၍ စေလွှတ်လိုက်တယ်တဲ့။

အလုပ်အကျွေးကလဲ မာဂဏ္ဍီရဲ့ သွန်သင်ချက်အတိုင်း လိုက်နာကာ ကြက်အရှင်များကိုပင် ယူသွားယောင် ပြုပြီးလျှင် ထိုကြက်ရှင်တို့ကို ပုရောဟိတ်ပုဏ္ဏားအား ပေး၍ ကြက်အသေတို့ကို ယူကာ ထို သာမာဝတီ အမှူးရှိသော မိန်းမငါးရာတို့ထံသို့ ဆောင်ပို့၍ ဤကြက်တို့ကို ချက်ပြီးလျှင် မြတ်စွာဘုရားထံသို့ ပို့လိုက်ကြတဲ့"ဟု ဆိုကာ ပေးသတဲ့။

ထိုမိန်းမတို့က "အရှင် ယူခဲ့ပါ၊ ဤအလုပ်ကိစ္စသည် ငါတို့၏ အလုပ်ကိစ္စပင်တည်း" ဟု ဆိုကာ ခရီးဦးကြိုပြု၍ ယူလိုက်ကြပေတယ်။

ထိုယောကျ်ား မင်းကြီးထံရောက်လျှင် "ဘယ်နှယ်လဲ အမောင်"ဟု မေးသဖြင့် "ရဟန်းဂေါတမအား ချက်ပို့ကြဟု ဆိုကာမျှဖြင့် ခရီးဦးကြို၍ပင် ယူလိုက်ကြကြောင်း" လျှောက်ဆိုတဲ့အခါ မာဂဏ္ဍီက အားရပါးရဖြင့် "ကဲ-ဒါကိုပဲကြည့်တော့ အရှင်မင်းကြီး၊ သူမတို့က မင်းကြီးတို့ ဘယ်လိုလုပ်ကြမလဲ၊ ဒီမိန်းမတွေ အပြင်အပမှာ တောင့်တမှုရှိပါသည်ဟု ပြောဆိုပေမဲ့ မယုံဘူး" ဟု ပြောဆိုလိုက်တယ်။

ဒီ မာဂဏ္ဍီကတော့ အမြတ်နိုး အကွက်ဆင်ပြီး သာမာဝတီတို့အပေါ် ချောက်တွန်းနေတာဘဲနော်၊ ဥတေနမင်းကြီးကတော့ မာဂဏ္ဍီရဲ့စကားကို ကြားပေမဲ့ သည်းခံပြီး ဆိပ်ဆိပ်သာ နေသတဲ့၊ ဥတေနမင်းကြီးလဲ သူတပါးပြောတိုင်း မယုံတတ်သဖြင့် တော်တော် ဖြောင့်မတ်တည်ကြည်သော သူတော်ကောင်းတဦးလို့ ချီးကျူးသင့်တယ်ပေါ့၊ "ပြောပါများ မယားစကားအောင်" ဆိုတာ ဒီနေရာမှာတော့ ဘော်တော် အံချော်နေတယ်၊ အဲ-မိဘ,ဆွေမျိုးတွေအပေါ်မှာ ပြောတာလားတော့ ဓမ္မကထိကကိုယ်တော် နားမလည်တော့ဘူး၊ ဒကာကြီးတွေဘဲ ဆုံးဖြတ်ကြပေတော့။

မာဂဏ္ဍီကတော့ လက်မလျှော့သေးဘူး၊ "ကို နုခေါ ဣရိယာမိ၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ"ဟု ဆက်သက် အကြံထုတ်ပြန်သတဲ့၊ တော်တော်ဇွဲကြီးတဲ့ အမျိုးသမီးဘဲနော်၊ ကဲ-ဒကာကြီး ဦးစိန်တို့, ဦးချိန်တို့ကို မေးရဦးမယ်၊ အမျက်ဒေါသဖြစ်တဲ့ ပုဂ္ဂိုလ်မျိုးသုံးစားတွင် အခု မာဂဏ္ဍီဟာ ဘယ်လို ပုဂ္ဂိုလ်အမျိုးအစား ခေါ်ပါမည်လဲ။

(ဦးချိန်) ပါသာဏ လေခူပမာ ပုဂ္ဂိုလ်အမျိုးအစား ဖြစ်ပါတယ်ဘုရား။

မှန်တယ်နော်၊ ကျောက်ဖြာပေါ်မှာ ထွင်းထုရေးသားထားတဲ့ အရေးအသားလို တခါ အမျက်ထွက်ပြီး ကျေပျောက်နိုင်ခဲတာကို ပါသာဏလေခူပမာပုဂ္ဂိုလ်လို့ ခေါ်ဆိုရတယ်မဟုတ်လား။

ထိုအခါက ဥတေနမင်းကြီးဟာ သာမာဝတီ, ဝါသုလဒတ္တာ, မာဂဏ္ဍီ-မိဖုရားသုံးယောက်တို့ဆောင်ကြငန်းမှာ (၇)ရက်စီ လှည့်လည်ကာ စံမြန်းတော်မူသတဲ့၊ မင်းကြီးသည် နက်ဖန် သာဘက် သာမာဝတီ၏အဆောင်တော်သို့ ကူးမည်အဖြစ်ကို သိသော မာဂဏ္ဍီသည် ဘထွေးတော်သို့ "အဆိပ်ပြင်းထန်သော မြွေတကောင်ကို ဖမ်းကာ အဆိပ်ကိုတော့ ဆေးဖြင့် နှုတ်သားပြီး မြွေကိုသာ ပို့ပေးရန်" မှာကြားလိုက်သတဲ့၊ မြွေဆိပ်ကို ဆေးဖြင့် နှုတ်ထားခိုင်းတာကတော့-မင်းကြီးကို မြွေ တကယ်ကိုက်မှာလဲ စိုးရသေးတာ၊ နောက်ပြီး မိမိကိုင်တဲ့အခါမှာလဲ ကိုက်မှာ ကြောက်ရသေးတာကိုး၊ တော်တော်ဉာဏ်များတဲ့ မိဖုရားပါဘဲ။

ဥတေနမင်းကြီးသည် မိမိသွားရာအရပ်တိုင်းသို့ ဟတ္ထိကန္တခေါ် ဆင်နှစ်သက်သော စောင်းကို ယူပြီး သွားလေ့ရှိသတဲ့၊ မာဂဏ္ဍီကတော့ မင်းကြီးအလစ်တွင် စောင်းခွက်ထဲမှာ မြွေကိုထည့်ပြီး ပန်းကုံးဖြင့် အပေါက်ကို ပိတ်ထားလိုက်တယ်၊ မင်းကြီးပြန်မည့်နေ့ကျတော့ "ယနေ့ ဘယ်မိဖုရားရဲ့ အဆောင်သို့ ကူးမည်နည်း"ဟု မေးသဖြင့် "သာမာဝတီရဲ့အဆောင်ကို"ဟု ဆိုလျှင် "ယနေ့ ဘုရားကျွန်မ မကောင်းသောအိပ်မက်ကို မြင်မက်ပါတယ်၊ သာမာဝတီရဲ့အဆောင်သို့ သွား၍ သင့်မည်မထင်ပါ"ဟု ပြောကာ တားမြစ်လေသတဲ့၊ သုံးကြိမ်တိုင်တိုင်တားသော်လဲ မင်းကြီးက နားမထောင်ပဲ သွားသဖြင့် မလိုက်ခဲ့ရန် ပြောလျက်ပင် မင်းကြီးနှင့်အတူ ဇွတ်လိုက်ကာ လာသတဲ့။

ဥတေနမင်းကြီးကတော့ သာမာဝတီအမှူးရှိသော မောင်းမတို့ ဆက်သအပ်သော အဝတ်အထည်၊ မန်းနံ့သာ တန်ဆာအထူးတို့ကို ဆင်မြန်းကာ ကောင်းလှစွာသော စားသောက်ဘွယ်များကို စားသောက်ပြီး စောင်းကို ခေါင်းရင်း၌ချကာ အိပ်ယာပေါ်ဝယ်အိပ်စက်နေတယ်။ အကြံသမားဖြစ်သော မာဂဏ္ဍီက ဟိုဟိုဒီဒီ သွားသလိုပြုပြီး စောင်းပေါက်မှ ပန်းကုံးဖြုတ်ကာ မြွေကို လွှတ်ပေးလိုက်တဲ့အခါ နှစ်ရက်သုံးရက် အစာမစားရသော မြွေကလဲ ပါးပျဉ်းထောင်ကာ အိပ်ယာညောင်စောင်းပေါ်မှာ နေသတဲ့။

မာဂဏ္ဍီက မြွေကိုမြင်၍ ကြောက်ရွံ့သောအသံဖြင့် "မင်းကြီး စက်ဆုတ်ဘွယ် မြွေကြီး မြွေကြီး"ဟု-အော်ဟစ်ကာ မင်းကြီးကိုရင်း, သာမာဝတီနှင့် မောင်းမတို့ကိုရင်း ဆဲရေးကြိမ်းမောင်းလျက် "ဒီမင်းကြီးအမိုက်သည် ငါပြောတဲ့စကားကို နားမထောင်ပေ။ ကြက်သရေမရှိကုန်သော ဤမိန်းမတို့သည်လည်း ဆိုနိုင်ခက်ခဲကုန်၏။ မင်းကြီးထံမှ အသင်တို့ အဘယ်အရာကိုမရဘဲ ရှိကြသနည်း။ မင်းကြီးသေသော် သင်တို့မှာ ဘာအကျိုးရှိကြမည်နည်း။ မင်းကြီး- အိပ်မက်နိမိတ် မကောင်းပါ။ မသွားသင့်ပါဘူး-ဟု ပြောဆိုတားမြစ်လျက် ငါ၏ စကားကို နားမထောင်ဘဲ သွား၍ ယခု ဒီလိုဖြစ်ရပေသည်"စသည်ဖြင့် ပြောဆိုလေသတဲ့။ အကြံပက်စက်သော ပုဏ္ဏားမကလေးပါဘဲနော်။ ပိုင်လောက်အောင် ချက်ကောင်းကို ကိုင်လိုက်တော့တာဘဲ။

မင်းကြီးကလဲ မြွေကိုမြင်သဖြင့် ကြောက်ရွံ့ထိတ်လန့်ဖြစ်ကာ"ဤမိန်းမတို့သည် ငါ့အပေါ်ကို ဤသို့ပင် ပြုရက်ကြပေကုန်တယ်။ လွန်စွာ ယုတ်မာကြပေ၏။ ငါကတော့ ဤမိန်းမတို့ ယုတ်မာသည့်အဖြစ်ကို ကြားသော်လဲ မာဂဏ္ဍီရဲ့စကားကို မယုံကြည်မိပေ၊ ဒီမိန်းမတွေဟာ ပဌမ မိမိတို့တိုက်ခန်းတို့ကို ဖေါက်ပြီး နေကြတယ်။ နောက်ပြီး ငါပေးပို့သော ကြက်တို့ကို ပြန်ပေးကြတယ်။ ယနေ့ အိပ်ယာပေါ်မှာ မြွေကိုလွှတ်ကြတယ်"ဟု-ဒေါသအမျက် ပြင်းစွာထွက်သဖြင့် အလျှံပြောင်ပြောင် တောက်လောင်သော မီးကဲ့သို့ ဖြစ်လေသတဲ့ (ဒကာကြီး ဦးစိန်ရဲ့ ရှင်ဘုရင်အမျက်ထွက်တော့ ဒီအမျိုးသမီးတွေ သေကြေပျက်စီးဘို့ဘဲ ရှိတော့တာပေါ့နော်။ ဘယ်သူကလာပြီး ကယ်ဆယ်နိုင်တော့ပါမလဲ။

သာမာဝတီကလဲ မိန်းမငါးရာတို့ကို "အို-အမိတို့၊ ငါတို့မှာ တခြားကိုးကွယ်ရာမရှိတော့ဘူး၊ မင်းကြီးအပေါ်၌ရင်း, မာဂဏ္ဍီ မိဖုရားအပေါ်၌ရင်း, မိမိကိုယ်၌ရင်း, ညီညီမျှမျှ မေတ္တာစိတ်ထားကြပါ။ ဘယ်သူ့ကိုမှ အမျက်မထွက်ကြလင့်"ဟု ပြောဆိုဆုံးမပြီး နေလေတယ်။ မင်းကြီးကတော့ ဗိုလ်ခြေတထောင်အားဖြင့် တင်အပ်သော ဆိတ်ချိုလေးကိုယူကာ လေးညို့ကိုဖြန့်ပြီး အဆိပ်လူးသောမြှားတင်၍ သာမာဝတီ မိဖုရားကို ရှေ့ကထားပြီးလျှင် မိန်းမအားလုံးကို တန်းစီနေစေ၍ သာမာဝတီ မိဖုရား၏ ရင်ဝဆီသို့ မြှားကို ပစ်လွှတ်လေသတဲ့။

အားလုံးကို အသေသတ်မည်-ဟု ဆုံးဖြတ်ချက်ချပြီး ဤကဲ့သို့ စီရင်ခြင်း ဖြစ်တယ်ပေါ့။ သို့သော်လဲ မင်းကြီးပစ်လွှတ်သော ထိုမြှားသည် သာမာဝတီ မိဖုရား၏ မေတ္တာဓာတ်အစွမ်းကြောင့် ဆုတ်နစ်မြန်လည်ကာ လာခဲ့ရင်း ခရီးသို့ရှေ့ရှုပြီးလျှင် ဥဒေန မင်းကြီး၏ ရင်ဝနှလုံးသားကိုဝင်၍ စူးဝင်မည်ကဲ့သို့ တည်နေသတဲ့၊ သာမာဝတီရဲ့ မေတ္တာဓာတ်အား ကြီးမားလှပါပေတယ်။ မေတ္တာအကျိုး ဆယ့်ဘမျိုးမှာ"နာဿ အဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ဘမတိ"ဟူ၍ ဘုရားရှင်ဟောကြားထားတဲ့ အကျိုးတပါးရှိတယ်မဟုတ်လား။ မေတ္တာတရား ပွားများနေသူအား မီးလဲ မလောင်နိုင်ဘူးတဲ့။ အတိတ်ဘဝက မိမိလွန်ကျူးခဲ့တဲ့ ပြစ်မှုရှိလျှင်တော့လဲမလွယ်ဘူးပေါ့။တန်ခိုးပြင်းထန် ရှင်မောဂ္ဂလာန်မထေရ်ကြီးပင် အတိတ်ကံရှိတော့ ခိုးသားသတ်ခံရသေးတယ်မဟုတ်လား။

ယခု ဥတေနမင်းကြီး ပစ်လွှတ်တဲ့မြှား သာမာဝတီထံသို့ မသွားဘဲ မင်းကြီး ရင်ဝဆီသို့ ပြန်လာနေဘယ်တဲ့နော်။ ယင်းကဲ့သို့ အံ့ဩစဘွယ် ဆန်းကြယ်လှတဲ့ အဖြစ်ကို မင်းကြီး မြင်တွေ့ရလျှင် "ငါပစ်အပ်သော မြှားသည် ကျောက်ဖြာကျောက်ခဲကိုပင် ဖေါက်ခွဲ၍သွားနိုင်ပါတယ်။

ယခုအခါ ဟင်းလင်းအပြင် ကောင်းကင်ရပ်၌ ထိခတ်ဘွယ်ရာ မရှိဘဲလျက် ငါ့ရဲ့မြားသည် ငါ၏ ရင်ဝ နှလုံးဆီသို့ ရှေ့ရှုဖြစ်နေပါပေါ့လား။ အံ့သက်မဂ္ဂုံသော အဝိဉာဏကမြားကပင် သာမာဝတီရဲ့ ဂုဏ်ကျေးဇူးကို သိရှိပေသေးသည်။ ငါသည်ကား လူပင်ဖြစ်ပါလျက် မသိချေတကား”ဟု စဉ်းစားမိလေသတဲ့။ “လူမိုက်နောက်မှ နောင်တရ”လို့ ဆိုမလားမသိဘူးနော်၊ ထိုဥတေနမင်းကြီးသည် လေးကို စွန့်ပစ်ပြီးလျှင် လက်အုပ်ချီကာ သာမာဝတီ မိဖုရား၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်လျက်-

သမ္မုယှာမိ ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။
သာမာဝတီ မံ့ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။ (ဓမ္မ-ဋ္ဌ-ပ-၁၄၆)။

ဟူသော ဂါထာကို ရွတ်ဆိုလေသတဲ့ “မိန်းမရှိခိုး သွဲ့မကျိုး၊ မိန်းမရှိသေ အသက်ရှည်” ဆိုတဲ့ မြန်မာစကားပုံတွေဟာ ဒီအဖြစ်အပျက်တွေများ ဆက်စပ်နေသလားဘဲနော်. (ဒကာကြီး ဦးစိန်)။

သာမာဝတီ၊ ရွှေရောင်အဆင်း, ဝါဝင်းလှပ, အို ချစ်နှမ သာမာဝတီ။ (ဘုရင်ကြီး စိတ်ဓာတ်ပျော့လာပြီး ချော့ခေါ်နေရှာတာနော်) သမ္မုယှာမိ၊ အသိဉာဏ်ကင်း,မိုက်မိခြင်းကြောင့်, ထန်ပြင်းလွန်စွာ, တွေဝေမိပါ၏၊ ပမုယှာမိ၊ စဉ်းစားဆင်ခြင်, ဉာဏ်မဝင်၍, အစဉ်များပြား, ငါမိုက်မှားမိပေ၏။ မေ၊ ကောသမ္ဘီဟု နာမည်ကျော်ဟိး, ပြည်ကြီးသခင်, ငါဘုရင်အား။ သဗ္ဗာဒိသာ၊ ဝန်းကျင်ပတ်ချာ, ဆယ်ဖြာခေါ်အပ်, အလုံးစုံသော အရပ်မျက်နှာတို့သည်။ မုယှန္တိ၊ လင်းရောင်ကင်းပြတ်, အမှောင်ဓာတ်က, ထူထပ်ပိတ်ဖုံး, အမိုက်တိုး အမိုက်ခဲကြီး ဖြစ်နေပေကုန်၏။ သာမာဝတီ၊ ငယ်စဉ်ကာလ, မေတ္တာမျှ၍,တကွပေါင်းမှီ, အိုချစ်နှမ သာမာဝတီ။ မံ၊ ငါ့ကို။ တာယဿု၊ ရှေးကကျေးဇူး, ရှိခဲ့ဘူးဟုံ, အထူးသိမြင်, ကယ်တင်ပါလော့။ တွဉ္စ၊ မေတ္တာပေါင်းယှက်, နှမသက်ထား, သင်မိဖုရားသည်သာလျှင်။ မေ၊ ကောသမ္ဘီပြည်ရှင်, ငါဘုရင်၏။ သရဏံ၊ ယုံကြည်မြတ်နိုး, ကိုးကွယ်ရာသည်။ ဘဝ၊ မေတ္တာဓာတ်ရင်း, မပြတ်သွင်း၍, ချက်ချင်းမြန်စွာ, ဖြစ်စမ်းပါလော့။

အို နှမတော် သာမာဝတီ- ငါသည် အသိဉာဏ်တွေ ကင်းကွာပြီး လွန်စွာ တွေဝေလှပါတယ်။ စဉ်းစားဉာဏ်ဝင် မထင်ရမ်းကား မိုက်မှားမိပါတယ်။ ငါ့အား ဆယ်ပါးသော အရပ်မျက်နှာတို့သည် မိုးမှောင်ကကျ သန်းခေါင်ညသို့ မကလွန်ကဲ မိုက်မဲလှပါတယ်။ အို ရှင်မ သာမာဝတီ-သင်သည် ငါ့ကို မြန်စွာညှာထောက် ဘေးမရောက်အောင်စောင့်ရှောက်ပါလေတော့။ ရှင်မသည် ငါ၏ ယုံကြည်လေးစား အားကိုးဘွယ်ရာသည် လျှင်မြန်စွာ ဖြစ်စမ်းပါလော့-ဟု ပြောဟိုတမ်းတလေသတဲ့။

သာမာဝတီ မိဘုရားသည် မင်းကြီး၏ မြည်တမ်းစကားကို ကြားလေလျှင်-

“အို အရှင်မင်းကြီး- ကောင်းပါပြီ၊ ကျွန်ုပ်ကို ကိုးကွယ် ဆည်းကပ်ပါ”ဟု မပြောဆိုပဲ သမ္မာသမ္ဗုဒ္ဓ၊ သုံးလောကထွဋ်ထား မြတ်ဘုရား၏ တပည့်မဖြစ်သည့် အားလျော်စွာ “အို ဘုရင်မင်းမြတ်၊ အကျွန်ုပ် ကိုးကွယ်ဆည်းကပ်ရာကို အရှင်မင်းကြီးလဲ ကိုးကွယ်ဆည်းကပ်ပါ”ဟု ဆိုလိုသဖြင့်-

(က) ဣဒံ ဝတွာ သာမာဝတီ၊ သမ္မာသမ္ဗုဒ္ဓသာဝိကာ။
မာ မံ တွံ သရဏံ ဂစ္ဆ၊ ယမဟံ သရဏံ ဂတာ။

(ခ) သေဗုဒ္ဓေါ မဟာရာဇ၊ သေဗုဒ္ဓေါ အနုတ္တရော။
သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ၊ တွဥ္စ မေ သရဏံ ဘဝ။ (ဓမ္မ-ဋ္ဌ-အ-၁၃၉)။

ဟူသော နှင့်ဂါထာကို ရွတ်ဆိုပြီးလျှင် ဥဒေနမင်းကြီးအား လျှောက်ကြား ပြောဆိုလေတယ်။

(က) သမ္မာသမ္ဗုဒ္ဓသာဝိကာ၊ ဥယျောင်းတန်, တရားမှန်ကို, ကောန်သိမြင်, ဘုရားရှင်၏, သွန်သင်ညွှန်ပြ, ဩဝါဒကို, တိကျလိုက်နာ, မှန်စွာကျင့်ဘိ, တပည့်မဖြစ်သော။ သာမာဝတီ၊ သာမာဝတီ, အမည်ကျော်ကြား, မိဖုရားသည်။ ဣဒံဝစနံ၊ အကြောင်းထင်ရှား, ဤစကားကို။ ဝတွာ၊ သာယာခွန်းချို, လျှောက်ဆိုပြီး၍။ မဟာရာဇ၊ တိုင်းကြီးသခင်, ဘုရင်မင်းမြတ်။ တွံ၊ ကျွန်မသက်ထား, မောင်တော်ဘုရားသည်။ မံ၊ အားထားဘွယ်ဟု,တကယ်ယူဆ, ကျွန်တော်မကို။ သရဏံ၊ ယုံကြည်လေးမြတ်, ဆည်းကပ်ခြင်းသို့။ မာဂစ္ဆ၊ အကြောင်းထောက်ချင့်, မရောက်ပါလေလင့်။ အဟံ၊ ကျွန်တော်မသည်။ ယံ၊ သုံးလထွဋ်ထား, တရားသခင်, အကြင်ဘုရားရှင်ကို။ သရဏံ၊ ကြည်ညိုလေးစား, အားထားလောက်ဘွယ်, ကိုးကွယ်ရာအဖြစ်သို့။ ဂတာ၊ သုံးလူထွဋ်မှူး, ဂုဏ်တော်ထူးကို, ရည်စူးလျှက်သာ ရောက်ရှိပါ၏။

(ခ) မဟာရာဇ၊ ပြည်ကြီးသေဌ်နင်း, ဘုရင်မင်းမြတ်။ သေ-သော ဘဂဂါ၊ ကျွန်တော်မသည်, ယုံကြည်လေးမြတ်, ဆည်းကပ်အပ်သော, ဤမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး, မြတ်တရားကို, ပိုင်းခြားလျက်သာ, ဆရာမရှိ, ကိုယ်တော်တိုင် သိတော်မူပါ၏။ သေ-သော ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်, ဤဘုရားရှင်သည်။ ဗုဒ္ဓေါ၊ သိအပ်ဘွယ်မှန်, ကြွင်းမကျန်ဘဲ, ကောန်တည့်တည့်, အမှန်သိတော်မူပါ၏။ သေ- သောဘဂဝါ၊ ကိလေသာဆိုး, တရားမျိုးကို, ဖျက်ချိုးအောင်မြင်, ဤဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အနုတ္တရော၊ အဘယ်နတ်လူ ဗြဟ္မာဟူ၍-ပြိုင်သူတယောက်, ထွန်းပေါက်ပေါ်လာ, မရှိပါ၍, သေချာချင့်ထောက်, နှစ်ယောက်မြောက်တူသူ, ရှိတော်မမူပေ။ ဝါ၊ နတ်နှင့်လူဝယ်,ပြိုင်တူကင်းပ, တယောက်မျှမရှိပါပေ။ တံဗုဒ္ဓံ၊ ဂုဏ်တော်မြတ်အပေါင်း, ခညောင်းလေငြား, ထိုမြတ်စွာဘုရားကို။ သရဏံ၊ ယုံကြည်လေးမြတ်, မပြတ်ကိုးကွယ်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆ၊ အသက်ကိုပင်, ခင်မင်ကင်းပြတ်, ချဉ်းကပ်လေတော့။ တွဥ္စ၊ တွံဧဝ၊ တိုင်းပြည်အုပ်စိုး, တန်ခိုးထန်ပြင်း, အရှင်မင်းကြီးသာလျှင်။ မေ၊ မင်းတရားသာ, အားထားရာဟု, စိတ်မှာစွဲထ, ကျွန်တော်မ၏။ သရဏံ၊ ကြည်ညိုလေးစား, အားထားမှီခိုရာသည်။ ဘဝ၊ အရာရာမှာ, ထောက်ထားညှာ၍, မှန်စွာစင်စစ်, ဖြစ်တော်မူပါလော့။

သမ္မာသမ္ဗုဒ္ဓ, သုံးလောကထွဋ်ထား,မြတ်စွာဘုရား၏ တပည့်မ,ဖြစ်သော သာမာဝတီက ထိုစကားကို လျှောက်ထား ပြောကြားပြီးလျှင် အရှင်မင်းကြီးသည် ဘုရားနှမတော်ကို ဆည်းကပ် ကိုးကွယ်ရန် မလိုပါ၊ သစ္စာလေးပါး, ပိုင်းခြားသိမြင်, မြတ်စွာဘုရားသခင်သည် သစ္စာလေးပါးကို ပိုင်းခြားဝေဘန်,အမှန်သိသော ဘုရား ဖြစ်တော်မူပါ၏။ ဗြဟ္မာ,နတ်,လူ-သုံးဘုံသူတို့, ပြိုင်သူမရှိ, လွန်မြတ်သောသူ မရှိ, အမြတ်ဆုံး ဖြစ်တော်မူပါ၏။ အရှင်မင်းကြီးသည် သုံးလောက ထွဋ်ထား,

ထို မြတ်စွာဘုရားကို, ဆည်းကပ် ကိုးကွယ်ပါလော့။ အရှင်မင်းကြီးသည်လည်း ဘုရား နှမတော်၏ ကိုးကွယ်ရာ, လဲလျောင်းရာ, ပုန်းအောင်းရာ စင်စစ် ဖြစ်တော်မူပါလော့-ဟူ၍ ပြောဆိုလျှောက်ထား လေသတဲ့။

သာမာဝတီ၏ ပြောစကားကို ဥတေနမင်းကြီး ကြားလေလျှင် "ငါသည် ယခုအခါ အလွန် အကဲ ဆင်းရဲဒုက္ခ တွေ့ကြုံရမည်ဖြစ်၍ အလွန့်အလွန်ပင် ကြောက်ရွံ့ပါ၏" ပြောဆို တောင်းပန်သော်လည်း သာမာဝတီက ရွှေးနည်းတူစွာ ငြင်းပယ်သဖြင့်-

တေနဟိ တ္ဝဉ္စ သရဏံ ဂစ္ဆာမိ၊ သတ္ထာရဉ္စ သရဏံ ဂစ္ဆာမိ၊ ဝရဉ္စ တေ ဒမ္မိ။

ဟူ၍ ပြောဆိုလေတယ်၊ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့-ရှင်မ၊ သို့ဖြစ်လျှင် ငါသည် ရှင်မကိုလဲ ဆည်းကပ် ကိုးကွယ်ပါ၏၊ လူ့နတ်တို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားကိုလဲ ဆည်းကပ်ကိုးကွယ် ပါ၏၊ ရှင်မအားလဲ အလိုရှိအပ်သော ဆုမြတ်ကို ပေးပါ၏-ဟု ပြောဆိုလေလျှင် အရှင်မင်းမြတ် ပေးအပ်သော ဆုမြတ်ကိုတော့ ယူပါမည်-ဟု သာမာဝတီက ကြည်ဖြူစွာ ခွင့်ပြု လျှောက်ဆို လေတယ်။

ဥတေနမင်းကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ကိုးကွယ်ဆည်းကပ်မှု ပြုပြီး, (ဝါ) သရဏဂုံ ဆောက်တည်ပြီး ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား နန်းတော်တွင်းသို့ ပင့်ဖိတ်ကာ ၇-ရက်ပတ်လုံး အလှူကြီး ပေးလှူ၏။ သာမာဝတီကို ခေါ်ပြီးလျှင်-

"ချစ်နှမ သာမာဝတီ-ထပါလော့, ဆုမြတ်ကို ယူပါလော့"ဟု ပြောဆိုလေသတဲ့။ ယခု အခါမှာတော့ ဘုရင်နှင့်မိဖုရား နှစ်ပါးလုံးကြည်ဖြူပြီး ဆန္ဒတူ ဖြစ်နေကြပြီပေါ့။

သာမာဝတီမိဖုရားက "အရှင်မင်းမြတ်၊ ဘုရားနှမတော်သည် ရွှေ, ငွေ အစရှိသည်ကို အလို မရှိပါ၊ မြတ်စွာဘုရားသည် ရဟန်းတော်ငါးရာနှင့်အတူ ဤနန်းတော်တွင်းသို့ အမြဲမပြတ် ကြွလာ နိုင်ခြင်း, နှမတော်တို့ကလဲ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်ကို ကောင်းစွာ နာယူနိုင်ခြင်း-ဆိုတဲ့ ဆုကိုသာ ပေးသနားတော်မူပါ"ဟု လျှောက်ဆိုလေလျှင် ဥတေနမင်းကြီးသည် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရဟန်းငါးရာနှင့်အတူ ဤနန်းတော်သို့ အမြဲ ကြွတော်မူပါ၊ သာမာဝတီအမှူးရှိသော မောင်းမငါးရာတို့သည် တရားတော်ကို နာယူကြပါလိမ့်မည် ဘုရား"ဟု လျှောက်ထားလေတယ်။

မြတ်စွာဘုရားက "မင်းကြီး-ဘုရားတို့မည်သည် တနေရာတည်းသို့ အမြဲ မသွားသင့်ပေ၊ လူအပေါင်းသည် ဘုရားကြွလာခြင်းကို မြော်လင့် တောင့်တကြသည်"ဟု မိန့်တော်မူသည်ရှိသော်-

"မြတ်စွာဘုရား-ယင်းသို့ဖြစ်လျှင် ရဟန်းတော်တပါးကို စေလွှတ်တော်မူပါ"ဟု လျှောက် ဆိုပြန်တယ်တဲ့။

မြတ်စွာဘုရားက ရှင်အာနန္ဒာမထေရ်ကို စေလွှတ်တော်မူတယ်၊ ရှင်အာနန္ဒာမထေရ်ကလည်း ထိုအချိန်အခါမှစ၍ ရဟန်းတော်ငါးရာကို ခေါ်ယူကာ နန်းတော်တွင်းသို့ အမြဲ ကြွတော်မူသတဲ့။

သာမာဝတီ အမှူးပြုသော မောင်းမမျာ:ကလဲ အမြဲမပြတ် မထေရ်နှင့် ရဟန်းတော်များကို ဆွမ်းကပ်ကြတယ်၊ အာနန္ဒာ မထေရ်ထံမှ တရားတော်ကို နာယူကြသတဲ့။

တနေ့သောအခါတွင် ထိုအမျိုးသမီးတို့သည် မထေရ်မြတ်၏ တရားတော်ကို အထူးကြည်ညို လှသဖြင့် အပေါ်တင်ပန်းနွယ်ပုဆိုး ငါးရာတို့ကို ဓမ္မပူဇာအဖြစ် လှူဒါန်းလိုက်ကြသတဲ့၊ အပေါ်တင်ပုဆိုးဆိုတာ ယခုခေတ် ကုလားမတွေ ဝတ်နေတဲ့ ဆာရီခေါ် အပေါ်ရုံဝတ်ထည်ကို ဆိုတာပေါ့၊ ဒီက ပရိသတ်ကတော့ မျက်စိကြီး၊ နားကြီးတွေမို့ အားလုံးသိပြီး ဖြစ်နေတယ်-ထင်ပါရဲ့၊ အမျိုးသမီးငါးရာတို့ လှူဒါန်းသော အပေါ်တင်ပန်းနွယ်ပုဆိုး စာထည်ဟာ အသပြာငွေ ၅၀၀-စီ တန်သတဲ့ (ဒကာကြီး ဦးစိန်ရှဲ)။

ဥတေန်မင်းကြီးမှာလဲ သာမာဝတီရဲ့ကျေးဇူးကြောင့် မြတ်စွာဘုရားရဲ့ တပည့်၊ ဒကာ၊ ဥပါသကာတဦး ဖြစ်သွားပြီနော်၊ ယခင်ကဆိုလျှင် ဘုရားရှင်ကို ဆည်းကပ်ခစားတဲ့သူ မဟုတ်ပေဘူး၊ ဇနီးလိမ္မာ သာမာဝတီ သာသနာပြုလိုက်တဲ့အတွက်ကြောင့် အယူမှန်သို့ ရောက်ခဲ့ရတာကိုး၊ ဒါ့ကြောင့် အိမ်သူဇနီး၊ အမျိုးသမီးတွေ လိမ္မာလျှင် လင်ယောကျ်ား ကိုယ်တော်ချောတို့ဟာ ပြောသလို ပါရတယ်-လို့ မှတ်ပါ။

အချို့သော မိဘ၊ ညီအကို၊ မောင်နှမတွေအပေါ်မှာ ဆိုးပေပေ လုပ်တတ်တဲ့သူများ အိမ်ထောင်ကျသွားပြီး နောက်ပိုင်းတွင် စော်တော်ကလေး ယဉ်လာတာကို ဦးပဥ္စင်းတို့ မကြာခဏ တွေ့နေရတယ်၊ သို့အတွက် ဓမ္မကထိက ကိုယ်တော်ကတော့ ဒီလိုဘဲ ပြောချင်နေတယ်၊ "လင်ယောကျ်ားတွေ ဆိုးပေနေတာ အိမ်သူဇနီးတွေ မလိမ္မာလို့ဘဲ"လို့၊ သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်ရေးမှာလဲ အမျိုးသမီးများကသာ ရင်အုပ်မကွာ နေရတာမို့ ပိုပြီးအရေးကြီးပါတယ်၊ အမျိုးသမီးတွေက အမြော်အမြင်ကြီးစွာနှင့် လင်ယောကျ်ားအပေါ်မှာရော၊ သားသမီးတွေအပေါ်မှာရော အလိမ္မာဉာဏ်နှောပြီး ပြုပြင်သွားနိုင်လျှင် ကြီးပွား အောင်မြင်သော အိမ်ထောင်စုကြီးတခု ဖြစ်လာဘို့မှာ သေချာတယ်ပေါ့၊ သို့အတွက်ကြောင့် တရားနာလာကြတဲ့ ဒါယိကာမကြီးများမှ အစပြု၍ အားလုံးသော အမျိုးကောင်းသမီးများ အိမ်တွင်း သာသနာပြုရေးကို လေးလေးစားစား စိတ်မှာထားပြီး ဆောင်ရွက်ကြဘို့၊ သာသနာပြုစိတ်ဓာတ် မွေးကြဘို့ တိုက်တွန်း နှိုးဆော်လိုက်ရပေတယ်။

ယခုလဲ သာမာဝတီမိဖုရားကြီးက ဥတေနမင်းကြီးကို မြတ်စွာဘုရားရဲ့ အဆုံးအမကို နာယူကာ ဥပါသကာ ဒါယကာတဦးဖြစ်အောင် ဆွဲဆောင် သိမ်းသွင်းလာခဲ့တာကို မှတ်သား နမူနာယူကြဘို့ပါပဲ၊ သာမာဝတီရဲ့ ကြီးမားသော မေတ္တာဓာတ်ကြောင့်လဲ ယခုလို ထူးခြားစွာ အောင်မြင်တယ်လို့လဲ ဆိုနိုင်တယ်ပေါ့၊ ဒီ သာမာဝတီမိဖုရားကြီးဟာ မေတ္တာဓာတ်ဖြင့် နေရာမှာ တေဒဂ်ဘွဲ့ထူးရတဲ့ အမျိုးသမီးကြီးတယောက်ပေါ့၊ ဒါကြောင့် မြတ်စွာဘုရားက-

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ မေတ္တာဝိဟာရီနံ

ယဒိဒံသာမာဝတီ။ (အင်္ဂုတ္တရ-ပ-၂၇)ဟူ၍ နှုတ်သံမြွက်ကာ တေဒဂ်အရာ၌ ထားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ သံသရာဘေး၊ လာမည့်ရေးကို၊ မြော်တွေးကြောက်ငြား၊ အို-ချစ်သားတို့။ မမ၊ သုံးလူထွဋ်ထား၊ ငါဘုရား၏။ သာဝိကာနံ၊ အဆုံးအမကို၊ လိုက်နာကြသဖြင့်၊ တပည့်မ ဖြစ်ကုန်သော။ မေတ္တာဝိဟာရီနံ၊ မေတ္တာတရား၊ မပြတ်ပွားလျက်၊ စိတ်ထားသိမ်မွေ့၊ နေလေ့ရှိကုန်သော။ ဥပါသိကာနံ၊ ရတနာသုံးရပ် ကို ကွယ်ဆည်းကပ်၊ ခစားခြင်းရှိကုန်သော ဥပါသိကာမအပေါင်းတို့တွင်။ ယဒိဒံ-ယာဧသော သာမာဝတီ၊ အကြင် သာမာဝတီ၊ အမည်တွင်ငြား၊ မိဖုရားသည်။ အတ္ထိ၊ စင်စစ်မသွေ့ရှိပေ၏။ ဧတံ-ဧသော သာမာဝတီ၊ သာမာဝတီ၊ အမည်တွင်ငြား၊ ထိုမိဖုရားသည်။ အဂ္ဂံ-အဂ္ဂါ၊ အများနှင့်စာ၊ မေတ္တာအရာတွင်၊ မှန်စွာထူးချွန်၊ သာလွန် မြင့်မြတ်လှပေသည်သာတည်း။

ဤကဲ့သို့ပင် ဗုဒ္ဓမြတ်စွာက "ငါ၏တပည့် ဒါယိကာမများတွင် မေတ္တာတရား ပွားများပြီး နေသည့်အရာဝယ် သာမာဝတီမိဖုရားသည် အသာလွန်ဆုံး၊ အမြတ်ဆုံး ဖြစ်ပေ၏" ဟု နှုတ်ခွန်းတော် မိန့်မြွက်ကာ ဧတဒဂ်အရာ၌ ထားတော်မူခဲ့ခြင်း ဖြစ်တယ်။

မေတ္တာတရားကို ပွားများခြင်းသည် မိမိအတွက်လဲ ပစ္စုပ္ပန်မှာရော၊ သံသရာမှာပါ အကျိုးများတယ်၊ မေတ္တာကို ခံယူရတဲ့ သူဘပါးမှာလဲ ချမ်းသာသုခကို ခံစားရနိုင်တယ်၊ ဒါကြောင့်မို့လဲ ဦးပဉ္ဇင်းတို့ ဗုဒ္ဓဘာသာဝင်များ နေ့စဉ် ဘုရားရှိခိုးပြီးတိုင်း မေတ္တာတရားကို ပွားများကြခြင်းဘဲ မဟုတ်လား (ဒကာကြီး ဦးစိန်ရဲ)။

**အရကျက်ပါ။** သတ္တဝါအံမျှား၊ မှန်းထားရွယ်ကာ။ ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းဘို့ရာ။
ကိုယ်စိတ်နှလုံး၊ ရွှင်ပြုံးချမ်းသာ။ မေတ္တာပန်း၊ ဆင်မြန်း ပွားများပါ။

ဥတေနမင်းကြီးနှင့် သာမာဝတီမိဖုရားတို့သည် "ရေကိုသားလည်း အခြားမထင်" ဆိုသလို ခွဲခွာ၍ မရနိုင်လောက်အောင် ဖြစ်နေကြပေပြီ။ မြတ်စွာဘုရားနှင့် တပည့် ရဟန်းများကလည်း နန်းတော်တွင်းသို့ အမြဲပင် ဝင်ထွက် သွားလာနေကြပေပြီ၊ ထိုအခါ မာဂဏ္ဍီကလဲ "ငါလုပ်သလို မဖြစ်၊ မဖြစ်စေလိုတဲ့အတိုင်းချည်း ဖြစ်နေတာကလား၊ ယခု ဘယ်လိုလုပ်ပါဦးမည်နည်း" ဟု ကြံစည်တဲ့အခါ အကြံတခု ပေါ်လာတယ်။

အဲဒီအကြံကတော့ ဥတေနမင်းကြီး ဥယျာဉ်တော်ကစားထွက်တဲ့အခါ သူမရဲ့ ဘထွေးတော် စူဠမာဂဏ္ဍီကို အကြောင်းစုံ ပြောဆို ခစခိုင်း၍ သာမာဝတီ အမှူးရှိသော မိန်းမ ငါးရာတို့အား အဆောင်တော်တိုက်ကို အလုံပိတ်ဆို့ပြီး မီးတိုက်သတ်ရန်ပင် ဖြစ်သတဲ့၊ အားလုံးကို မီးရှို့သတ်ရန်ပင် ဖြစ်တယ်။ "အကြံကုန် ဂဠုံဆားချက်" ဆိုတာလို နောက်ဆုံး မထူးတော့တဲ့အတွက် အပြတ်ရှင်းရန် စီမံကိန်းချလိုက်တော့တာပဲ နော်၊ တော်တော်ရက်စက်တဲ့ ပုဏ္ဏေးမ ပါပဲကလား။

ယင်းအကြောင်းကို သူမရဲ့တိုင်ပင်ဘက် ဘထွေးတော်ကို ပြောဆိုတိုင်ပင်တဲ့အခါ ပုဏ္ဏားကြီးကလဲ အားလုံး တာဝန်ယူပြီး ဆောင်ရွက်တော့တာဘဲတဲ့၊ ဘထွေးတော် ပုဏ္ဏားကြီးက သာမာဝတီနှင့် မောင်းမများ နေတဲ့ ပြာသာဒ်ဆောင်ပေါ်သို့ တက်၍ ကျီကြတို့ကို ဖွင့်စေပြီးလျှင် အဝတ်တို့ကို ဆီအိုးတို့၌ ထည့်၍ ဆီဆွတ်ပြီးလျှင် ပြာသာဒ်တိုင်တို့ကို ရစ်ပတ်လေသတဲ့။

ထိုအခါ သာမာဝတီနှင့် မောင်းမများတို့က "ဘထွေး အဘယ်သို့ပြုသနည်း" ဟု မေးမြန်းလေလျှင် "အို-ချစ်သမီးတို့၊ မင်းကြီးက ဤ သည်တိုင်တို့ကို မြဲမြံ ခိုင်ခံ့စေခြင်းငှာ ဆီစိမ်သော

ပုဆိုးပိုင်း အဝတ်တို့ဖြင့် ရစ်ပတ်စေသည်၊ မင်းအိမ်,နန်းတော်မည်သည် ကောင်းသော အကြောင်းရေးနှင့်ယှဉ်သည်ကို ဖြစ်စေ, မကောင်းသော အကြောင်းရေးနှင့် ယှဉ်သည်ကိုဖြစ်စေ သိနိုင်ခဲပေတယ်၊ ချစ်သမီးတို့သည် ငါ၏အန်းကို မလာကြနှင့်”ဟု ပြောဆိုကာ သာမာဝတီနှင့် မောင်းမအားလုံးကို တိုက်ခန်းတွင်းသွင်း၍ တံခါးတို့ကိုပိတ်ပြီး အပြင်ဘက်မှ ယန္တယားစက်ကို ပေးကာ မြဲမြံစွာပြု မီးရှို့ကာ ပြသာဒ်ပေါ်မှ ဆင်းသွားလေသတဲ့၊ ပရိယာယ်မာယာများပြီး တော်တော်လဲ ရက်စက်တဲ့ တူဝရီးနှစ်ယောက်ဘဲနော်။

သာမာဝတီက ကျန်မိန်းမများကို “ငါတို့သည် သံသရာမှာ ကျင်လည်ရစဉ် ယခုလို မီးလောင်ခဲ့ဘူးပေါင်းလဲ များလှပေမည်၊ ယခုအခါ မမေ့မလျော့သောသတိ ရှိကြကုန်”ဟု ပြောဆို ဩဝါဒပေးလျက် နေသတဲ့၊ ထိုမိန်းမအားလုံးသည် နန်းအိမ်တော်ကို မီးစွဲလောင်နေစဉ်ပင်လျှင် ဝေဒနာကို ခံယူကာ ဝေဒနာကမ္မဋ္ဌာန်းကို နှလုံးသွင်း ပွားများသဖြင့် အချို့ သောတာပန်, အချို့ သကဒါဂါမ်, အချို့ အနာဂါမ်--အသီးသီးဖြစ်ကြပြီး အကုန် သေဆုံးကုန်ကြတော့တယ်။

မြို့တွင်းသို့ ဆွမ်းခံကြွ၍ ဆွမ်းခံရာမှ ပြန်ကြွလာသော ရဟန်းတို့က မြတ်စွာဘုရားထံသို့ ချဉ်းကပ် ခစားပြီးလျှင် “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမြို့၌ ဥတေနမင်းကြီး ဥယျာဉ်ထွက်စဉ် နန်းတော်တွင်း မီးလောင်၍ သာမာဝတီ အမှူးရှိသော မိန်းမငါးရာတို့ သေဆုံးကြပါသည် ဘုရား၊ ထိုမိန်းမတို့သည် အဘယ်ဘဝသို့ ရောက်ရှိကြပါမည်လဲ ဘုရား”ဟု လျှောက်ထားကြလေတယ်။

ထိုအခါ မြတ်စွာဘုရားက “ရဟန်းတို့-မီးလောင်၍ သေလွန်ကြသော ထိုဥပါသိကာမတို့တွင် အချို့ သောတာပန် ဖြစ်ကြကုန်၏၊ အချို့ သကဒါဂါမ် ဖြစ်ကြကုန်၏၊ အချို့ အနာဂါမ် ဖြစ်ကြ၏၊ ရဟန်းတို့-အလုံးစုံကုန်သော ထိုဥပါသိကာမတို့၏ သေဆုံးကြရခြင်းသည် အချည်းနှီး မဖြစ်ပေ”ဟု မိန့်ဆိုပြီးလျှင် ထိုအကြောင်းကို သိတော်မူသော မြတ်စွာဘုရားသည်—

> မောဟသမ္ဗန္ဓနော လောကော၊ ဘဗ္ဗရူပေါဝ ဒိဿတိ။
> ဥပဓိဗန္ဓနော ဗာလော၊ တမသာ ပရိဝါရိတော။
> သဿတောရိဝ ခါယတိ၊ ပဿတော နတ္ထိ ကိဉ္စနံ။ (ခု-၁-၁၇၆)။

ဟူသော ဂါထာကို ရွတ်ဆိုကာ ဝမ်းမြောက်စွာ ဥဒါန်းကျူးတော်မူလေသည်။

ဘိက္ခဝေ၊ ကိလေသာဆိုး, တရားမျိုးကို, ဖျက်ချိုးပယ်ခွာ, တရားရှာသည့်, ချမ်းသာလိုလား, အို-ချစ်သားတို့။ လောကော၊ သတ္တလောကကြီးသည်။ မောဟသမ္ဗန္ဓနော၊ တွဝေလွန်းလှ,မိုက်မောဟနှင့်, တကွပြင်ပြင်, စပ်ယှဉ်သည်ဖြစ်၍။ ဘဗ္ဗရူပေါဝ၊ မယွင်းဆိုက်ဆိုက်, ထိုက်တန်သကဲ့သို့ သာလျှင်။ ဒိဿတိ၊ မုချမျက်မြင်,တင်ရပေ၏။ ဥပဓိဗန္ဓနော၊ ကိလေသာကြိုး,အမျိုးမျိုးဖြင့်,မတိုးနိုင်အောင်,ဖွဲ့တုတ်နှောင်သော။ တမသာ၊ အဝိဇ္ဇာတိုက်,မှောင်အမိုက်ဖြင့်။ ပရိဝါရိတော၊ ထပ်ထပ်ဖန်ဖန်,ခြံရံအပ်သော။ဗာလော၊ ပစ္စုပ်,သံသာ, နှစ်ဖြာအကျိုး,ဖျက်ချိုးလျက်သာ,ကောင်းရာမလိုက်, မိုက်သောသူသည်။သဿတောရိဝ၊ ကမ္ဘာတည်မျှ, ခိုင်မြဲလှသို့၊ ခါယတိ၊ အသူဖောက်ပြား, ကင်မှားလေ၏။ ပဿတော၊ ဖြစ်ပျက်မရှိ,မြဲဘိမှန်စွာ,နိဗ္ဗာန်ရှာကို,သေချာထင်ထင်,မြင်သော ပုဂ္ဂိုလ်အား။

ကိစ္စနှံ၊ ကိလေသာဆိုး့တရားမျိုးတို့လွှမ်းမိုးခြယ်လှယ်, သှယ်သွယ်မျှားလှ, ကြောင့်ကျ စိုးရိမ်ရခြင်းသည်။ နတ္ထိ၊ မဂ်တရားဖြင့်ပယ်ရှားပြီးဖြစ်သဖြင့်, အလျဉ်းပင် မရှိတော့သည်သာတည်း။

ဤကဲ့သို့ ရွတ်ဆို ဥဒါန်းကျူးရင့်ပြီးလျှင် "ရဟန်းတို့ - သတ္တဝါတို့မည်သည် သံသရာဝဋ်၌ မလွတ်နိုင်ကြ၍ ပြေးသွား ကျင်လည်ရစဉ် အမြဲတန်း မမေ့မလျော့ဘဲ ကောင်းမှုကိုသာ မပြုနိုင်ကြကုန်၊ ရံခါ သတိမေ့လျော့ပေါ့ပေါ့တန်တန် ဖြစ်ကုန်၍, မကောင်းမှုတို့ကိုလည်း ပြုလုပ်တတ်ကြကုန်၏၊ ထို့ကြောင့် သံသရာဝဋ်မှ မလွတ်နိုင်ဘဲ ကျင်လည်ရစဉ် ချမ်းသာကိုရင်း, ဆင်းရဲမှုကိုရင်း မလွဲမသွေ ခံစားကြရပေကုန်၏" ဟု တရားတော် ဟောကြားတော်မူလေတယ်။

ဥတေနမင်းကြီးသည် "သာမာဝတီ မိဖုရား၏ အဆောင်တော် ပြသာဒ်ကို မီးလောင်သတတ်" ဟု ကြားသိရ၍ လျှင်မြန်စွာ ပြေးလာသော်လည်း မမှီလိုက်တော့ဘူးတဲ့။ မင်းကြီးရောက်လာပြီး အဆောင်ပြသာဒ်ကို မီးငြိမ်းစေ၍ နှလုံးမသာယာခြင်း ပြင်းစွာဖြစ်လျက် အမတ်အပေါင်းခြံရံကာ ထိုင်နေပြီးသော် သာမာဝတီ မိဖုရား၏ ဂုဏ်ကျေးဇူးတို့ကို အစဉ်အောက်မေ့လျက် "ဤအမှုကိုမည်သူ ပြုမည်နည်း" ဟု စဉ်းစားဆင်ခြင်လျှင် မာဂဏ္ဍီမိဖုရား ပြုမှားခြင်းဖြစ်မည်ဟု-ကေန်သိ၍ "ခြိမ်းခြောက်၍ မေးမြန်းသော် ဝန်ခံပြောဆိုမည်မဟုတ်။ အေးအေးသက်သာ ပရိယာယ်ဖြင့် မေးမှသာလျှင် သင့်ပေမည်" ဟု ကြံစည်ပြီးလျှင်-

"အို အချင်း အမတ်အပေါင်းတို့၊ ငါသည် ဤနေ့မှ ရှေးအခါ၌ထကြွ၊ လဲ့လ, ဝီရိယ ထားလျက် အမြဲတွေးတောယုံမှားမှုရှိလျက်သာ နေရပေသည်။ သာမာဝတီသည် ငါ့အား အမြဲမပြတ် ဖျက်ဆီးအပ်သော အခွင့်ကိုသာ ကောင်းစွာရှာကြံလျက် ရှိပေသည်။ ယခုအခါ ငါ၏ စိတ်သည် အေးငြိမ်းရပေပြီ။ ချမ်းသာစွာ နေရပေတော့အံ့" ဟု မိန့်ဆိုလေသတဲ့။ အမတ်အပေါင်းက "အရှင်မင်းမြတ် သာမာဝတီတို့အား မီးလောင်တိုက်သွင်းမှုကို အဘယ်သူသည် ပြုပါသနည်း" ဟု မေးမြန်းပြောဆိုကြလေလျှင် "အို အမတ်အပေါင်းတို့ ငါ့အား ချစ်ခင် နှစ်သက်ခြင်း ရှိသော တစုံတယောက်သောသူသည် ပြုသည် ဖြစ်ပေလိမ့်မည်" ဟု ပြောဆိုပြန်လေတယ်။

မင်းကြီး၏ အနီး၌ ရပ်တည်နေသော မာဂဏ္ဍီမိဖုရားသည် မင်းကြီး၏ စကားကို ကြားလေလျှင် "အရှင်မင်းမြတ် ဤအမှုကို တစုံတယောက်သောသူသည် ပြုခြင်းငှာ မစွမ်းနိုင်ပါချေ။ နှမတော် ပြုအပ်ပါ၏။ နှမတော်သည် ဘထွေးတော်ကို စေခိုင်း၍ ပြုစေပါသည်" ဟု ရွှင်လန်းအားရ ပြောပြလေသတဲ့။

မင်းကြီးကလည်း "ချစ်နှမ မာဂဏ္ဍီ အသင့်ကိုထား၍ တစုံတယောက်သော အပေါ်၌ ချစ်ခင်တွယ်တာသောမည်သည် မရှိပေ။ ချစ်နှမအား နှစ်သက်ကြည်ညိုလှပေ၏။ ငါသည် အသင် ချစ်နှမအား အလိုရှိအပ်သော မြတ်သောဆုကို ပေးပေအံ့။ ချစ်နှမ၏ ဆွေမျိုးအပေါင်းကို အားလုံး ခေါ်လေတော့" ဟု မိန့်ဆိုတော်မူလေတယ်။ မာဂဏ္ဍီမိဖုရားကလည်း ဝမ်းမြောက်ရွှင်လန်းစွာဖြင့် "မင်းကြီးသည် ငါ့အား ကြည်ညိုစုံမက် နှစ်သက်တော်မူလှသဖြင့် လိုအပ်သော ဆုမြတ်ကို ပေးပေ၏။ ငါ၏ ဆွေတော်မျိုးတော်အပေါင်းတို့သည် လျှင်မြန်စွာ လာကြပါကုန်လော့" ဟု ဆွေမျိုးအပေါင်းတို့ထံတို့ သတင်းပို့လေသတဲ့။

ဥတေနမင်းကြီးသည် လာတိုင်းလာတိုင်းကုန်သော မာဂဏ္ဍိမိဖုရား၏ဆွေမျိုးတို့အား ကြီးစွာသော ပူဇော်သက္ကာရကို ပြုတော်မူတယ်။ ထိုသို့ မင်းကြီးက ကောင်းစွာ ချီးမြှင့်သည်ကို မြင်ကြသောကြောင့် ထိုမာဂဏ္ဍီ၏ ဆွေမျိုးမဟုတ်သော သူများလည်း တန်စိုးလက်ဆောင်ကိုပေး၍ "ငါတို့သည် မာဂဏ္ဍိမိဖုရား၏ ဆွေမျိုးတို့တည်း"ဟု ဆိုကြ၍ ရောက်လာကြသတဲ့။ "သခွားသီးမှ အရီးတော်သည်"လို့ ဆိုတဲ့ စကားပုံလိုပေါ့နော်။

ထိုအခါ ဥတေနမင်းကြီးက ထိုအလုံးစုံကုန်သော သူတို့ကို ဖမ်းယူစေ၍ မင်းယင်ပြင်၌ ချက်အောက်နက်သော တွင်းတို့ကို တူးစေကုန်၍ ထိုမာဂဏ္ဍီရဲ့ ဆွေမျိုးအားလုံးကို ထိုတူးအပ်ပြီးသော တွင်းထဲ၌ သက်ဆင်းနေစေကုန်၍ မြေမှုန့်တို့ဖြင့်ဖို့၍ အထက်၌ ကောက်ရိုးတို့ကိုကြဲပြီးလျှင် မီးတင်ရှို့လေသတဲ့။

အရေစုတ်ပြတ် လောင်ကျွမ်းလတ်သော် သံထွန်သွားဖြင့် ထွန်စေ၍ အပိုင်းအပိုင်း အမျှင်အမျှင် ပြုလုပ်လေသတဲ့။ မာဂဏ္ဍီတို့ တူဝရီးနှစ်ယောက် မကောင်းတာနှင့် တဆွေလုံး တမျိုးလုံး မီးလောင်တိုက် အသွင်းခံကြရတာဘဲ။ "အမှိုက်ကစ ပြဿဒ်မီးလောင်ဆိုတာ" ဒါမျိုးကိုပြောတာ ထင်ပါရဲ့နော် (ဒကာကြီး ဦးစိန်)။ မာဂဏ္ဍိမိဖုရားရဲ့ကိုယ်မှလည်း ထက်လှစွာသော ဓားဖြင့် အသားပေါ်သော နေရာများမှ အသားတို့ကို လှီးခွာယူပြီးလျှင် ဆီအိုးကင်းကို ဖိုခနောက်ပေါ်တင်ကာ မုန့်တို့ကို ကြော်ချက်သကဲ့သို့ ကြော်ချက်ပြီးလျှင် ထိုမာဂဏ္ဍီ မိဖုရားကိုသာလျှင် စားစေသတဲ့။ နောက် မာဂဏ္ဍီကို အပိုင်းအပိုင်းချုတ်ဖြတ်ပြီး မုန့်ကြော်သော အိုးခင်းမှာ ကျော်ချက် သတ်လိုက်လေသတဲ့။

သဒိသံ ပါကံ ဇနေတိ-ဆိုတဲ့အတိုင်းဘဲ၊ ယခုဘဝမှာပင် တူမျှသော အကျိုးကို လက်ငင်းရရှိသွားတာဘဲနော်၊ ဒေါသတရား ရှေ့ဝယ်ထားရှိခြင်းကြောင့် ယခုလို ကြီးစွာသော ဆုံးရှုံးမှုနှင့် တွေ့ကြ, ကြုံကြရတာဘဲ။

ဒေါသဆိုတဲ့ အကုသိုလ်တရားဟာ ဘယ်တော့မှကောင်းကျိုးပေးတာမဟုတ်ဘူး။ သို့အတွက် ယခု တရားတော်နာလာကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒကာ ဒကာမများကိုလဲ ဒေါသတရားဆိုးကို မမေ့သော သတိတရားဖြင့် ပယ်ရှားကြရန် တိုက်တွန်း နှိုးဆော်ရပါတယ်။

(က) အနတ္ထဇနနော ဒေါသော၊ ဒေါသော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံဇနော နာဝဗုဇ္ဈတိ။

(ခ) ဒုဋ္ဌော အတ္ထံ နဇာနာတိ၊ ဒုဋ္ဌော ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံဒေါသော သဟတေ နရံ။

(ဂ) ယောစ ဒေါသံ ပဟန္တွာန၊ ဒေါသနေယျေ နဒုဿတိ။
ဒေါသော ပဟီယတေ တမှာ၊ တာလပက္ကံဝ ဗန္ဓနာ၊ (ဣတိဝုတ္တက ပါဠိ-၂၅၂)။

ဟူ၍ ဣတိဝုတ္တက ပါဠိတော်၌ မြတ်စွာဘုရားက ဒေါသဘရား၏ အကျိုးမဲ့ပြုတတ်ပုံ အလုံးစုံကို ဟောကြားတော်မူခဲ့ခြင်းပင် ဖြစ်ပါတယ်။

(က) ဒေါသော၊ ဖျက်ဆီးတတ်သော, သဘောရှိပြား, ဒေါသတရားသည်။ အနတ္ထဇနနော၊ မိမိ သူတပါး, အကျိုးများကို, ပျက်ပြားစေရန်,အတန်တန် အမှန်မှန်ပင် ဖြစ်စေတတ်၏။ဒေါသော၊ ဒေါသတရားသည်။ စိတ္တပ္ပကောပနော၊ စိတ်ဓာတ်ယှင်းပါး, ချောက်ချားစေမှု, ပြုတတ်ပေ၏။ အန္တရတော၊ မှန်စွာမယှင်း အဲတွင်းစိတ်၌။ ဇာတံ၊ အကြောင်းဆိုကာ ဖြစ်ပေါ်လာသော။ တံဘယံ၊ အတွင်းလိုက်ဆူ မီးသို့ပူသည့် ဒေါသဟူသော ထိုဘေးကို။ ဇနော၊ မရှိတရား, အသိပါးသည့်, မျှားပြားထောင်သောင်း, လူမိုက်အပေါင်းသည်။ နာဝဗုဇ္ဈတိ၊ ဒေါသမျိုးလုံး, ဆို့ပိတ်ဖုံးသဖြင့် ဆုံးဖြတ်ပိုင်ပိုင် မသိနိုင်သည်သာတည်း။

(ခ) ဒုဋ္ဌော၊ မြွေဟောက်ဒုတ်ထိုး,ပမာမျိုးသို့,စိတ်ဆိုးစိတ်ပျက်,အမျက်ထွက်သောသူသည်။ အတ္တံ၊ မိမိ,သူတပါး, နှစ်ပါးအကျိုးကို။ နဇာနာတိ၊ ဟုတ်မှန်တိုင်းပင်, မသိမြင်ပေ၊ (ဝါ) ဟုတ်မှန်သည့်တိုင်း, ပိုင်းခြားထင်ထင်, မသိမြင်နိုင်ပေ။ ဒုဋ္ဌော၊ ဒေါသနှိပ်စက်, အမျက်ထွက်သောသူသည်။ ဓမ္မံ၊ ကုသိုလ်ဆယ်ပါး,မြတ်တရားကို။ နပဿတိ၊ မျက်မှောက်ထင်ထင်,မသိမြင်နိုင်ပေ။

ယဒါ၊ အကြင်အခါ၌။ ဒေါသော၊ ဒေါသတရားသည်။ ယံနရံ၊ စိတ်ဓာတ်ချောက်ချား, ယှင်းပါးသတိ,မရှိဉာဏ်ကူ,အကြင်သူကို။ သဟတေ၊ မတိုးတက်အောင် နှိပ်စက်ဖိပ်းတတ်၏။ တဒါ၊ ထိုအခါ၌။တဿနရဿ၊ ထို စိတ်ဓာတ်ချောက်ချား,ပျက်ပြားသူအား။အန္ဓတမံ၊ လကွယ်သန်းခေါင်, မိုက်မှောင်မက,သစလွန်လှသည်,မျှားစွစနိုက်,အမိုက်တိုက်သည်။ ဟောတိ၊ တဆုးသဘာဝ,ရှောင်မရအောင်,မုချမသွေ,ဖြစ်ပေါ်လေတော့သဘည်း။

(ဂ) ယောနရော၊သတိတရား,လက်ကိုင်ထားသဖြင့်,အမှားကင်းမှု,အကြင်သူသည်။ဒေါသံ၊ မိုက်မဲဆိုးရွား,ဒေါသတရားကို။ ပဟန္တောန၊ တဒင်-ဝိက္ခန်,ယင်းနှစ်တန်ဖြင့်,ထိုက်တန်သည်အလျောက်, ပယ်ဖျောက်ပြင်းကြောင့်။ ဒေါသနေယျော၊ အမျက်ထွက်ဖွယ်,အသွယ်သွယ်များစုံ,ရှုပ်ပါရုံ စသည်၌။ နဒုဿတိ၊ အစဉ်အဆက်,အမျက်မထွက်တော့ပေ။ တာလပက္ကံ၊ ကောင်းစွာရင့်ပြီး,ထန်းသီးမှည့်သည်။ ဗန္ဓနာ၊ မိမိမှီရာ, ထန်းသီးညှာမှ။ ပဇဟတိ-ပမုစ္စတိဣဝ၊ ဓမ္မတာသဘာဝ, ကြွေကာကျရသကဲ့သို့။ တဿနရဿ၊ သတိတရား,လက်ကိုင်ထားသဖြင့်, အမှားကင်းမှု,ထိုကျင့်သူ၏။ဒေါသော၊ပြစ်မှားတတ်ပြား, ဒေါသတရားကို၊ တမှာ၊ အမျက်ထွက်ဘွယ်, အသွယ်သွယ်များစုံ, ထိုအာရုံမှ။ ပဟီယတေ-ပဟီယတိ-ပရိစ္စဇီယတိ၊ အနာဂါမိမဂ်, ဓားသန်လျက်ဖြင့်,ပယ်ဖျက်ခုတ်ထွင်, သုတ်သင်စွန့်ပစ်အပ်လေတော့သတည်း။

ဆိုလိုရင်း အမိပ္ပာယ်ကတော့-စိတ်ဆိုးစိတ်ပျက်, အမျက်ထွက်ခြင်း ဒေါသဟူသည် အကျိုးမဲ့သာ ဖြစ်စေတတ်တယ်။ ဒေါသတရားဟူသည် စိတ်ဓာတ်ကို ချောက်ချားစေတတ်တယ်။ မိမိ၏ အတွင်းစိတ်၌ ဖြစ်ပေါ်သော ဒေါသတည်းဟူသော ထိုဘေးဆိုးကို လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းသည် ကောင်းစွာ မသိရှိနိုင်ပေ။ စိတ်ဓာတ်ယှင်းပျက်, အမျက်ထွက်သောသူသည် မိမိ, သူတပါး,နှစ်ဦးသား၏ အကျိုးစီးပွားကို ကောင်းစွာ မသိပေ။ စိတ်ဓာတ်ယှင်းပျက်,အမျက်ထွက်သောသူသည် မိမိ၏ အကျိုးစီးပွားဖြစ်သော ကုသိုလ် ကမ္မပထတရားဆယ်ပါးကို ပိုင်းခြား၍ မမြင်နိုင်ပေ။ ဒေါသတရားဆိုးသည် လူကို လွှမ်းမိုး ဖိစီးနေသော အခါကာလ၌ဝယ် ထိုသူအား လကွယ်သန်းခေါင်, အမိုက်မှောင်ထက် လွန်ကဲသော အမိုက်တိုက်,အမိုက်မှောင် ကျလေတော့သည်။

အကြင်သူသည်ကား စိတ်ဆိုးစိတ်ပျက်,အမျက်ထွက်ခြင်း, ဒေါသတရားကို, အရိယာမဂ်ဖြင့်, ပယ်ဖျက်သောကြောင့်, အမျက်ထွက်ဘွယ်, အသွယ်သွယ်များစုံ,ရှုပါရုံ စသည်၌ အမျက်ထွက်မှု မရှိတော့ပေ။ ထန်းသီးမှည့်သည် ထန်းညှာမှ ကြွေကျရလေသကဲ့သို့ ထိုနည်းတူစွာ ထိုသူသည်လည်း အမျက်ထွက်ခြင်း ဒေါသတရားဆိုးကို ထို အမျက်ထွက်ဘွယ်,အသွယ်သွယ်များစုံ,ရှုပါရုံ စသည်မှ အနာဂါမိမဂ်,ဓားသန်လျက်ဖြင့်,ပယ်ဖျက်ခုတ်ထွင်း,ရှင်းလင်း ပယ်စွန့်ပစ်အပ်သည်-ဖြစ်လေသတဲ့။

ဒီဒေါသတရားကို ပယ်ရှားနိုင်တာ တတိယအဆင့်ဖြစ်တဲ့ အနာဂါမိမဂ်ကသာ ပယ်ရှားနိုင်တာမဟုတ်လား (ဒကာကြီး ဦးစိန်ရဲ့)။

ဒေါသတရားကို မပယ်ရှားနိုင်လျှင် သံသရာတခွင်ဝယ် လှည့်လည်ကျင်လည်ငိုက်၌ မကြာခဏ ငရဲဘုံသို့ရောက်အောင် တွန်းပို့ပေးနေတာ ဒီ ဒေါသတရားပဲတဲ့ (ဒကာကြီး ဦးစိန်ရဲ့)၊ အချို့သော ပုဂ္ဂိုလ်များက မိမိတို့ ဒေါသကြီးသည်ကိုပင် ဂုဏ်တင်၍ပြောကြသေးတယ်။ မိမိကိုယ်ကို မိမိ စိတ်ဆတ်တယ်,စိတ်မြန်တယ်၊ တခါစိတ်ဆိုးပြီးရင် ကျေပျောက်ခဲဘယ်-ဆိုတာတွေကို ဂုဏ်ယူနေတတ်ကြသေးတယ်-မဟုတ်လား၊ ငါတို့ဟာ ငရဲဘုံသွားဘို့ တော်တော်ရိက္ခာတွေ များနေပါကလား-လို့ စဉ်းစားမိလျှင် ဒီမျှလောက် ဒေါသတရား ကြီးကြမည်-မဟုတ်ဘူးနော်။

ဒေါသေန ဟိ စဏ္ဍဇာတိတာယ ဒေါသသဒိသံ နိရယံ ဥပပဇ္ဇန္တိ။
(အဘိဓမ္မာ အဋ္ဌကထာ-ပ-၁၇၂)။

ဟိသစ္စံ၊ အမှန်သော်ကား။ ဒေါသေန၊ ယုတ်မာဆိုးဝါး,ဒေါသတရားဖြင့်။ (ဝါ)ဒေါသတရားကြောင့်။ စဏ္ဍဇာတိတာယ၊ ရုန့် ရင်း ကြမ်း တမ်း ခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်။ ဒေါသသဒိသံ၊ ဖျက်ဆီးတတ်ခြား,ဒေါသတရားနှင့် တူညီသော။ နိရယံ၊ ချမ်းသာကင်းကွာ, ငရဲရွာသို့။ ဥပပဇ္ဇန္တိ၊ ဓမ္မလမ်းကြောင်း,မတိမ်းစောင်းဘဲ,ကောင်းစွာမသွေ,ဖြစ်ကြရလေကုန်သတည်း။

သံသရာခရီးသွား သတ္တဝါအများတို့သည် ယုတ်မာ ဆိုးဝါးလှသော ဒေါသတရားဖြင့် ရုန့်ရင်းကြမ်းတမ်းသောသဘော ရှိသည်၏ အဖြစ်ကြောင့် မိမိ၏ ဖျက်ဆီးတတ်သော ဒေါသတရားနှင့်တူသော ချမ်းသာကင်းကွာ,များစွာဆင်းရဲ,အပါယ်ငရဲသို့,မလွဲမသွေ,ဖြစ်ကြလေသတဲ့၊ ဒေါသတရားကို ပယ်ရှားပစ်နိုင်မှသာလျှင် ငရဲဘုံမှ ကင်းလွတ်၍ ချမ်းသာမှု ရရှိနိုင်တဲ့ အကြောင်းကိုလဲ ကောင်းမွန်စွာ မှတ်သားကြရမယ် နော်။

အဒေါသေန နိရယေ ဥပပတ္တိ နဟောတိ၊
ဒေါသဿစ ပဋိပက္ခော အဒေါသော။ (အဘိ-ပ-၁၇၂)။

အဒေါသေန၊ အမျက်ထွက်ခြင်း,အမှန်ကင်းခြား,အဒေါသတရားဖြင့်။ နိရယေ၊ ချမ်းသာကင်းကွာ,ငရဲရွာ၌။ ဥပပတ္တိ၊ ပဋိသန္ဓေ,တည်နေစင်စစ်, ဖြစ်ရခြင်းသည်။ နဟောတိ၊ မဖြစ်ပေ။ အဒေါသော၊ အဒေါသတရားသည်။ ဒေါသဿစ၊ ဖျက်ဆီးတတ်ခြား, ဒေါသတရား၏လည်း။ ပဋိပက္ခော၊ မစပ်မယှက်,ဆန့်ကျင်ဘက်သည်။ ဟောတိ၊ ကောင်းစွာမသွေ,ဖြစ်ရလေသတည်း။

ဒေါသတရားကြောင့် အပါယ်ငရဲသို့,မလွဲမှန်စွာ, ကျတတ်သကဲ့သို့၊ ဒေါသ တရား၏ ဆန့်ကျင်ဘက်ဖြစ်သော အဒေါသတရားဖြစ်ရှိခဲ့ပါလျှင် ချမ်းသာကင်းကွာ,ငရဲရွာ၌ ပဋိသန္ဓေတည်နေရ

ခြင်း မဖြစ်တော့ဘူး၊ သို့အတွက် အပယ်ငရဲဘေးဏ်ကို အမှန်ကြောက်ရွံ့ပါက ဒေါသတရားကို ပယ်ရှားနိုင်သမျှ ပယ်ကြရလိမ့်မယ်။ ကဲ—အပယ်ငရဲကြောက်သူများ ဒီလင်္ကာကလေး ၂-ပုဒ်ကို မှတ်သားပြီး သတိထားကြပေတော့။

ဆောင်ပုဒ် ၁။ အမျက်ဒေါသ၊ ကြီးလွန်းက၊ မုချ ငရဲကျရောက်မည်။
၂။ ဒေါသနည်းမှ၊ နိရယ၊ မုချ ကင်းလွတ်ကြပေမည်။
၃။ ဒေါသနှင့်သော၊ ငရဲမြေ၊ ရောက်လေ မလွဲပြီ။

ဒေါသကြီးသော သူများသည် အသက်ပင် ငယ်သော်လည်း အရွယ်ကျလွယ်တတ်သည်။ အိုလွယ်တတ်သည်တဲ့။ အမှန်အားဖြင့် သိရမည်က ဒေါသကင်းတဲ့သူ၊ ဒေါသတရား နည်းပါးသူများဆိုလျှင် မြန်စွာ မအိုတတ်ဘူး၊ အရွယ်တင်တတ်သည်။ ၅၀-ကျော်၊ ၆၀-နှစ် ရှိသော်လဲ အသက် ၄၀-ပတ်ဝန်းကျင်လောက်သာရှိမည်-ဟု ထင်ရလောက်အောင် အရွယ်တင်သူများကို ကြော ခဏ တွေ့ရပေလိမ့်မယ်။ ဒီပုဂ္ဂိုလ်မျိုးကို လေ့လာလျှင် ဒေါသ နည်းတတ်တာကို တွေ့ရမယ်။

အဒေါသေန ဇရာဒုက္ခံ န ဟောတိ၊ တိက္ခဒေါသဿ ခိပ္ပံ ဇရာသမ္ဘဝတော။
(အဘိ-ဋ္ဌ-ပ-၁၇၁)။

အဒေါသေန၊ ဒေါသကင်းခြင်း၊ အဒေါသတရားဖြင့်။ ဇရာဒုက္ခံ၊ အိုခြင်း ဆင်းရဲသည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ တိက္ခဒေါသဿ၊ လွန်စွာထက်သော အမျက်ဒေါသရှိသောသူအား။ ခိပ္ပံ၊ လျင်စွာ။ ဇရာသမ္ဘဝတော၊ အိုခြင်းသဘော၏ ဖြစ်သင့်သည်၏ အဖြစ်ကြောင့်တည်း။

သို့အတွက်ကြောင့် ဒေါသတရား နည်းပါးလျှင် အရွယ်တင်တတ်သည်။ ဒေါသတရား ကြီးမားလျှင် မြန်စွာ အိုတတ်သည်-လို့ မှတ်သားကြဖို့ပါပဲ။

ဆောင်ပုဒ် ၁။ ဒေါသနည်းလျှင်၊ အရွယ်တင်၊ လျင်လျင်မအိုပေ။
၂။ ဒေါသကဲမို၊ မြန်စွာအို၊ ယွင်းယိုတတ်လှပေ။

ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်ဖြူတတ်ခြင်း၊ အသက် ၃၀-ကျော်၊ ၄၀-မျှရှိသော်လဲ ၅၀-ကျော် ၆၀-မက ထင်ရလောက်အောင် အသားအရေတွန့်နေသဖြင့် အိုစနာပေါက်နေခြင်းတို့ဟာလဲ ဒေါသမီး တောက်လောင်နေခြင်းကြောင့်ပါပဲတဲ့။ ဒေါသနည်းတဲ့သူ၊ ဒေါသမီးလောင်ကျွမ်းခြင်းကိုမခံရတဲ့ သူများမှာ အသက်ကြီးသော်လဲ ဆံပင်မဖြူဘူး၊ ပါးရေနားရေ မတွန့်ဘူးတဲ့(ဒကာကြီး ဦးစိန်ရှဲ)။

အဒေါသော ယောဗ္ဗနဿ ပစ္စယော ဟောတိ၊ အဒုဋ္ဌော ဟိ ဝလိပလိတာ ဝဟေန ဒေါသဂ္ဂိနာ အဍယှမာနော ဒီဃရတ္တံ ယုဝါ ဟောတိ။(အဘိဓမ္မဋ္ဌကထာ-ပ-၁၇၂)။

အဒေါသော၊ အမျက်နည်းပါး၊ အဒေါသတရားသည်။ ယောဗ္ဗနဿ၊ ပျိုမြစ်နုနယ်၊ အရွယ်ကောင်းခြင်း၏။ ပစ္စယော၊ အကြောင်း အထောက်အပံ့သည်။ ဟောတိ၊ မုချမသွေ၊ ဖြစ်ပေ၏။ ဟိသစ္စံ၊ ထိုစကားသည်၊ထင်ရှားကေန်၊မှန်လှပေ၏။ အဒုဋ္ဌော၊ ဒေါသ မကြီးသောသူသည်။ ဝလိ

ပလိတာ၀ဟေန၊ အသားအရေ, အခြေချွတ်ယွင်း, တွန့်လိမ်ခြင်းနှင့်, မကင်းတမူ, ဆံပင်ဖြူခြင်းကို ဆောင်တတ်သော။ ဒေါသဂ္ဂိနာ၊ အမျက်လွန်ကြီး,ဒေါသမီးသည်။ အဒ္ဓယှမာနော၊ မဆောင် စွမ်းသာ,မလောင်ကျွမ်းအပ်ပါ၍။ ဒီဃရတ္တံ၊ ရှည်စွာသော နေ့,ညဉ့်တို့ပတ်လုံး။ ယုဝါ၊ ပျိုမြစ်နုနယ်, အရွယ်ကောင်းသည်။ ဟောတိ၊ မျက်မြင်ဒိဌ္ဌ, ငြင်းမရအောင်, မုချပုံသေ, ဖြစ်ရလေတော့သတည်း။

ဒေါသကင်းခြင်းသည် ရုပ်ရည်အဆင်း, နုပျိုခြင်း၏အကြောင်း ဖြစ်ပေတယ်။ အမှန်မှာ ပါးရေနားရေတွန့်ခြင်း,ဆံပင်ထွေ ဖွေးဖွေးဖြူနေခြင်းသည် မိမိ၏ အမျက်ဒေါသမီးက လောင်မြိုက်နေခြင်းကြောင့် ဖြစ်ပေသည်။ အမျက်ဒေါသကင်းသော သူမှာကား အသားအရေ တွန့်လိမ်ခြင်း, ဆံပင်ဖြူခြင်းကို ဖြစ်စေတတ်သော ဒေါသမီး လောင်ကျွမ်းခြင်းမရှိသည်ဖြစ်၍ ကာလရှည်လျားစွာ ပျိုမြစ်နုနယ်,အရွယ်ကောင်းခြင်းဖြစ်တတ်သည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ လောက၌ မျက်မြင်ဒိဌ္ဌ တွေ့ကြုံနေကြရ၍ ဘယ်သူမျှ မငြင်းဆန်နိုင်တော့ပေ။ ဒါကြောင့် ပျိုမြစ်နုနယ်,အရွယ်တင်လိုသော (အိုမှာ ကြောက်ကြသော)အမျိုးကောင်း သားသမီးများလဲ ဒေါသတရား ပယ်ရှားနိုင်အောင် ကျင့်ကြရမယ်တဲ့ (ဒကာကြီး ဦးစိန်ရှဲ)၊ ကဲ–လွယ်လွယ်မှတ်နိုင်အောင် ဒီလင်္ကာလေး ဆောင်ထားကြပေတော့။

ဆောင်ပုဒ်။ ဒေါသလွန်ကြီး-လောင်မီးပမာ၊ ရုပ်ရေအိုမင်း-ဖြူခြင်းဆံလွှာ။
အရေတွန့်,သွားကျိုး-ဖြစ်ရိုးမြန်စွာ၊ ဒေါသကင်း-ရုပ်ဆင်းနုပျိုမှာ။

ဒေါသကင်းအောင် ကျင့်ကြံနေရမယ်ဆိုတာ မိမိရဲ့ အတွင်းစိတ်ဓာတ်ကလေး ပြုပြင်ပေးလိုက်ဘို့ပါပဲ၊ ဒေါသဖြစ်ဘွယ်တွေလျှင် သည်းခံ ခွင့်လွှတ်ခြင်း, မေတ္တာတရား ပွားများခြင်းဖြင့် ဒေါသတရားဆိုတာ အလိုလို ကင်းပျောက်သွားပါလိမ့်မယ်၊ ဒေါသကင်းလျှင် ရုပ်ဆင်းအင်္ဂါတွေလဲ လှပလာမှာပဲ၊ ပါးရေ,နားရေတွေ မတွန့်အောင် မိတ်ကပ်လိမ်းနေကြရတဲ့သူတွေ, ဆံပင်ဖြူမမြင်အောင် ဆံပင်ဆိုးဆေးကို ဆောင်နေရတဲ့သူတွေ မိမိတို့သဏ္ဍာန်မှာ ဒေါသတရားဆိုး လွှမ်းမိုးနေတယ်ဆိုတာ ကောင်းစွာသိပြီး ဒေါသကင်းအောင် ကျင့်ကြံကြရမယ် နော်။

ဒီဒေါသတရားဟာ ဒီမျှသာ ဆိုးကျိုးပေးတာ မဟုတ်သေးဘူး၊ ဒေါသကြီးတဲ့သူများမှာ ရန်သူလဲ လွန်စွာ များတတ်သတဲ့၊ ဘာကြောင့်လဲဆိုတော့–ဒေါသတရားဆိုတာ မိမိရဲ့အကျိုးစီးပွားကိုလဲ ဖျက်ဆီး, သူတပါးရဲ့ အကျိုးစီးပွားကိုလဲ ဖျက်ဆီးတတ်တဲ့သဘော ရှိတာကိုး၊ သူတပါးကို ရမ်းကား စော်ကားတတ်တဲ့သဘော ရှိတာကိုး။ ယင်းကဲ့သို့ သူတပါးကို စော်ကားလျှင် အဘယ်မှာ သူတပါးက မိမိကို ချစ်ခင်ပေါင်းသင်းခြင်း ပြုပါတော့မည်လဲ။ ဒေါသမရှိလျှင်တော့ မိတ်ကောင်း, ဆွေကောင်း ရရှိခြင်းရဲ့ အကြောင်းပဲတဲ့။

အဒေါသော မိတ္တသမ္ပတ္တိယာ ပစ္စယော ဟောတိ။
မေတ္တာယ မိတ္တာနံ ပဋိလာဘတောစေ၀၊ အပရိဟာနတောစ။
(အဘိဓမ္မ-ဌ-ပ-၁၇၂)။

အဒေါသော၊ မပြစ်မမှား အဒေါသတရားသည်။ မိတ္တသမ္ပတ္တိယာ၊ အဆွေခင်ပွန်းနှင့် ပြည့်စုံခြင်း၏။ ပစ္စယော၊ အကြောင်းအထောက်အပံ့သည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်

နည်းဟူမှုကား။ မေတ္တာယ၊ ချစ်ခင်လေးစား, မေတ္တာတရားဖြင့်။ မိတ္တာနံ၊ အဆွေ ခင်ပွန်းတို့ကို။ ပဋိလာဘတောစေဝ၊ အမှန်မယွင်း ရရှိခြင်းကြောင့်ရင်း။ အပရိဟာနတောစ၊ ဂုဏ်အင်ညှိုးပုပ်, မဆုတ်ယုတ်စေခြင်းကြောင့်ရင်း။ မိတ္တာသမ္ပတ္တိယာ၊ အဆွေခင်ပွန်းနှင့် ပြည့်စုံခြင်း၏။ ပစ္စယော၊ အကြောင်းအထောက်အပံ့သည်။ ဟောတိ၊ မလွဲမသွေ ဖြစ်ရလေသတည်း။ (၀၁) မိုးကြိုးပစ်ကော်, မသွေလှန်ဘဲ, အမှန်မသွေ ဖြစ်ရလေတော့သတည်း။

အကျဉ်းချုပ်အားဖြင့်တော့ ဒေါသကြီးသောသူမှာ ရန်သူများဘ တ်သည်တဲ့။ ဒေါသနည်းသောသူမှာ မိတ်ဆွေအပေါင်းအသင်း များတတ်သည်တဲ့၊ မိမိက သူတပါးအား ရန်သူလိုသဘောထားလျှင် သူဘ ါးကလဲ မိမိကို ရန်သူလိုပင် သဘောထားမည်။ မိမိက သူတပါးအား မိတ်ဆွေအပေါင်းအသင်းလို သဘောထားလျှင် သူဘပါးကလည်း မိမိကို မိတ်ဆွေလို သဘောထားကြမည်မှာ—ဓမ္မတာပင် မဟုတ်လား (ဒကာကြီး ဦးစိန်)။

ဆောင်ပုဒ်။ ၁။ ဒေါသကြီးများ၊ ရန်သူများ၊ ဖြစ်ပွားမိတ်ဆွေ ပျက်ဘတ်သည်။
၂။ ဒေါသနည်းလျှင်၊ ရန်မဝင်၊ လူရှင်မိတ်ဆွေ များတတ်သည်။
၃။ ဒေါသဘေး၊ ရှောင်ဖယ်ရှား၊ စိတ်ထားပြုပြင် ပြောင်းရမည်။

ဒေါသတရားရဲ့ အပြစ်နှင့် အဒေါသဘရားရဲ့ အကျိုးကို အဘိဓမ္မာ အဋ္ဌကထာကြီးမှာ အမျိုးမျိုး ဖွင့်ပြထားတဲ့အတိုင်း စုံလင်အောင် ပြောရဦးမယ်။ ဒေါသကြီးသော သူများသည် မိတ်ဆွေများအပေါ်၌ပင် ရန်သူလိုသဘောထားတတ်သတဲ့၊ ရန်သူဖြစ်သော သူများအပေါ်မှာ ဆိုလျှင်တော့ ဆိုဘွယ်ရာမရှိတော့ဘူးပေါ့။ အမျက်မထွက်တတ်သောသူ, ဒေါသ နည်းပါးသော သူများကတော့—ရန်သူကိုပင် ရန်သူဟူ၍ သဘောမထားတတ်ကြဘူးတဲ့၊ မိတ်ဆွေများ အပေါ်မှာ ဆိုတော့လဲ ဆိုဘွယ်ရာပင် မရှိတော့ဘူးပေါ့။ ဒေါသနည်းတဲ့ သူများဟာ မိမိက သူတပါးကို မပြစ်မှားတော့ သူတပါးကလဲ မိမိကို မပြစ်မှားသဖြင့် ဘေးရန်နည်းပါးခြင်း ဖြစ်တယ်လို့ ဆိုရပေလိမ့်မယ်နော်။

အဒေါသေန ပရပက္ခေသု သတ္တသင်္ခါရေသု နိဗ္ဗုတော ဟောတိ။
အဒုဋ္ဌဿ ဟိ ဝေရီသုပိ ဝေရိသညာယ အဘာဝတော။ (အဘိဓမ္မာ-ဋ္ဌ-ပ-၁၇၊ )။

အဒေါသေန၊ အဒေါသတရားဖြင့်။ ပရပက္ခေသု၊ သူတပါးအဘို့ ဖြစ်ကုန်သော။ သတ္တသင်္ခါရေသု၊ သတ္တဝါ သင်္ခါရတရားတို့၌။ နိဗ္ဗုတော၊ ပူပန်မလိမ်း ငြိမ်းအေးခြင်းသည်။ ဟောတိ၊ မုချစင်စစ် အမှန်ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဟိယသ္မာ၊ အကြင်ကြောင့်။ အဒုဋ္ဌဿ၊ ဒေါသငြိမ်သက် အမျက်မထွက်သူအား။ ဝေရီသုပိ၊ မကြည်မဖြူ ရန်သူဖြစ်သော သူတို့၌လည်း။ ဝေရိသညာယ၊ မကြည်ဖြူတတ်, ရန်သူဟူသော အမှတ်၏။ အဘာဝတော၊ ကောင်းစွာလွတ်ကင်း မရှိခြင်းကြောင့်။ သတ္တသင်္ခါရေသု၊ သက်ရှိ သက်မဲ့,တကဲ့များလှ, သတ္တဝါသင်္ခါရတို့၌။ နိဗ္ဗုတော၊ ဆင်းရဲပူပန်, အမှန်ကင်းရှင်း, ငြိမ်းအေးခြင်းသည်။ ဟောတိ၊ မုချစင်စစ် ဖြစ်ရလေတော့သတည်း။

အမျက်ထွက်တယ်, ဒေါသဖြစ်တယ်-ဆိုတာ အပြင်အပ ဗဟိဒ္ဓဖြစ်သော သတ္တဝါ သင်္ခါရတို့ကြောင့် ဖြစ်တာချည်း များတယ်နော်။ မိမိ၏ အတွင်းအဇ္ဈတ္တသန္တာန်မှာစွဲ၍ ဖြစ်တယ်ဆိုတာ

မရှိသလောက်ပါပဲ။ ဗဟိဒ္ဓအာရုံကြောင့်သာလျှင် ဖြစ်တတ်တယ်။ ဒါကြောင့် ဒေါသဖြစ်ပွားသော သူသည် အပြင်ဗဟိဒ္ဓဖြစ်သော သတ္တဝါများ ပျက်စီးရာပျက်စီးကြောင်း အသုံးအဆောင် စသော သင်္ခါရအစုစုတို့ ပျက်စီးရာပျက်စီးကြောင်းကိုသာ ပြုတတ်တယ်တဲ့။

လက္ခဏာရေးသုံးပါးတွင် ဒုက္ခလက္ခဏာကို ထင်မြင်အောင် ရှုဆင်ခြင်ခြင်းဖြင့်လဲ ဒေါသ ကွာနိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အသုံးအဆောင်, များမြောင်စွာလှ, သင်္ခါရတရားစုတို့ အပေါ်၌ပင် ဖြစ်ပျက်ယှဉ်နေသဖြင့် ဆင်းရဲမှုဟု မြင်နေသော သူသည် စင်စစ် ထက်လှစွာသော ရန့်ရင်း ကြမ်းထမ်းလှစွာသော အမျက်ထွက်ခြင်း ဆင်းရဲကို ဖြစ်စေတော့မည် မဟုတ်သောကြောင့် ဖြစ်သတဲ့ (ဒကာကြီးဦးစိန်ရှဲ)။ ဒါကြောင့်မို့ ဒုက္ခလက္ခဏာ ထင်မြင်ခြင်းသည်လည်း ဒေါသ ကင်းခြင်းရဲ့ အကြောင်းတပါး-ဟု မှတ်သားထားရမယ်ပေါ့။

ဒါန, သီလ စသည် ကောင်းမှုတို့ကို မပြုနိုင်သေးလဲ အမျက်ဒေါသ မထွက်အောင် မိမိ စိတ်ကို ထိန်းသိမ်းရုံမျှနှင့် နတ်သမီး, နတ်သား ဖြစ်နိုင်ကြောင်းကို ဓမ္မပဒဋ္ဌကထာမှာ သေချာစွာ ဖွင့်ပြထားတယ်နော်။ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ကျွန်မအမျိုးသမီးတယောက် ရှိသတဲ့၊ သူမရဲ့အိမ်ရှင်များက အလွန်းကြမ်းတမ်း ရက်စက်လှသတဲ့၊ တွေ့ရာဒုတ်ဖြင့် ကိုင်ရိုက်ခြင်း, ပုတ်ခတ်ခြင်း ပြုလေ့ရှိသတဲ့၊ ဒါပေမဲ့ ထိုကျွန်မကလေးက အမျက်ထွက်လာခဲ့သော် "သူတို့သည် ငါ့ကို အစိုးရပေသည် နှာခေါင်းကို ဖြတ်ခြင်း စသည်ကိုပင် ပြုနိုင်သေးသည် ငါသည် အမျက် မထွက်သင့်" ဟု မိမိကိုယ်ကို ဆုံးမကာ အမျက်ထွက်ခြင်းကို ထိန်းသိမ်းခဲ့ခြင်းကြောင့် ယခုလို နတ်သမီးဘဝ ဖြစ်လာရကြောင်းကို ရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးအား လျှောက်ထားသတဲ့။ သို့အတွက်ကြောင့် အမျက်ဒေါသ ထွက်မှုကို ထိန်းသိမ်းနိုင်ရုံမျှဖြင့်ပင် နတ်ပြည်သို့ ရောက်နိုင် ကြောင်းကို ကောင်းစွာမှတ်သားကြရမယ်နော်။

မြတ်စွာဘုရားတို့ ရရှိတော်မူကြသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ တွင် အဘိနီလ နေတ္တလက္ခဏာ=အလွန်ညိုမည်းသော မျက်လုံးတော်ရှိခြင်း လက္ခဏာနှင့် ဂေါပခုမ လက္ခဏာ–ဘွားမြင်စ နွားနီငယ်၏ မျက်မွေးနှင့် တူသော နုပျိုသော မျက်မွေးတော် ရှိခြင်း လက္ခဏာ နှစ်ပါးကို ရရှိခြင်းသည် ပါရမီတော်ဖြည့်စဉ် လူဖြစ်သော ဘဝတို့က သူတပါးအား အမျက်ဒေါသ ရှေ့ထားလျက် မကြည့်ခဲ့ခြင်း, မျက်စောင်းထိုး၍ မကြည့်ခဲ့ခြင်း, မျက်တောင် မခတ်ဘဲ စူးစိုက်၍မကြည့်ခဲ့ခြင်းကြောင့် ယင်းလက္ခဏာနှစ်ပါးကို ရရှိခြင်း ဖြစ်လေသတဲ့(ဒကာကြီး ဦးစိန်ရှဲ)။

လူ့,နတ်,ဗြဟ္မာ, သတ္တဝါတို့အား အမျိုးမျိုး ဆင်းရဲဒုက္ခ ပေးနေတဲ့ ဒီဒေါသတရားကို ပယ်ရှားနိုင်ဘို့ရန် မြတ်စွာဘုရားက နည်းပေးတော်မူခဲ့သည်မှာ–

ဒေါသံ ဃတွာ သုခံ သေတိ ... ဒေါသ ဿ ပဟာနာယ မေတ္တာ ဘာဝေတဗ္ဗာ။ (အင်္ဂုတ္တရ ပါဠိ-ဒု-၃၀၀)။

ဟူ၍ အင်္ဂုတ္တရာ ပါဠိတော်၌ ဟောကြားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဝါ၊ ဒေါသရန်ဘေး ကင်းဝေးစေရန်, စိတ်သန့်ကျင့်ပွား,အို-ချစ်သားတို့။ဒေါသဿ၊ ကောင်းကျိုးပျက်ပြား,ဒေါသတရားကို။ပဟာနာယ၊

ကောင်းကျိုးလိုလား, ပယ်ရှားခြင်းငှာ။ မေတ္တာ၊ ကောင်းကျိုးရည်မှန်း, မေတ္တာ ကမ္မဋ္ဌာန်းကို။ ဘာဝေတဗ္ဗာ၊ အစဉ်မမှား, ပွားများအပ်၏။

မေတ္တာတရားကို ပွားများလျှင် ဒေါသတရားကို ပယ်နိုင်သတဲ့၊ မေတ္တာဓာတ်က စိတ်ကို နူးညံ့သိမ်မွေ့စေခြင်း သဘောရှိတယ်။ ဒေါသတရားက စိတ်ဓာတ်ကြမ်းတမ်း ခက်မာစေခြင်း သဘောရှိတယ်။ ဒေါသစိတ် ဖြစ်နေလျှင် မေတ္တာဓာတ် မဝင်နိုင်တော့ဘူး၊ မေတ္တာစိတ် ဖြစ်နေလျှင်လဲ ဒေါသစိတ် မဖြစ်နိုင်တော့ဘူးတဲ့၊ သို့အတွက် မေတ္တာဘရားကို အကြိမ်ကြိမ် အဖန်ဖန် ပွားများခြင်းဖြင့် ဒေါသတရားဆိုး ခေါင်းပါးအောင် ကြိုးစားကြရပေလိမ့်မယ်နော်။

ကဲ-ဗုဒ္ဓဘာသာဝင် သူတော်စင် ဒကာ ဒကာမများ ဒေါသတရားဆိုးကို ပယ်ဖျက် ချိုးနိုင်အောင် အချိန် တော်တော်ကြာမြင့်စွာ ဟောဖော်၍ ပြခဲ့ပြီ ဖြစ်သဖြင့် အသိရှင်းလောက်ပါပြီ နော်။ အကျဉ်းချုပ်မှတ်ဘို့ကတော့ သံသရာတခွင် ကျင်လည်ရစဉ် မိမိတို့ အတွင်းသဏ္ဍာန်၌ အမြဲ မှီကာ ဖြစ်ပွားနေသော ဒေါသဘရားကို ပယ်ရှားနိုင်အောင် မေတ္တာတရားကို ပွားများကြရမည်။ လက္ခဏာယဉ် ၂-ပါးတွင် ဒုက္ခလက္ခဏာကို ရှုဆင်ခြင် ပွားများရပါမည်။ သို့အတွက် ကိုယ်စိတ် နှစ်ဖြာ ငြိမ်းချမ်းသာရေးကို လိုလားတောင့်တသော အမျိုးသား, အမျိုးသမီးတို့သည် ဒေါသ တရား ပယ်ရှားနိုင်ရန် မေတ္တာကမ္မဋ္ဌာန်းနှင့် ဒုက္ခလက္ခဏာ ဘာဝနာတို့ကို ကြိမ်ဖန်များစွာ ပွားများအားထုတ်ကြရန် အထူးပင် တိုက်တွန်း နှိုးဆော်လိုက်ရပါတယ်။

သခ်ါရေသုစ သတ္တေသု၊ ဒုက္ခံ မေတ္တာ စ ဘာဝိတာ။
ဒေါသဿ သမုဂ္ဃာနာယ၊ ပရပက္ခေ ဟိတေသိနာ။ (ရစနာ)။

ဟိတေသိနာ၊ ပစ္စုပ္ပန်သံသာ, နှစ်ဖြာစီးပွား, လိုလားရှာမှီး, အမျိုးကောင်း သားသမီး သည်။ ပရပက္ခေ ပရပက္ခသုံ၊ မိမိဖယ်ရှား သူတပါးအဘို့ ဖြစ်ကုန်သော၊ သခ်ါရေသုစ၊ အသုံး အဆောင်, များပြောင်စွာလှ, သခ်ါရတို့၌ရင်း။ သတ္တေသုစ၊ သံသရာခရီးသွား သတ္တဝါအများ တို့၌ရင်း။ ဒုက္ခ၌၊ ဖြစ်ပျက်နှစ်တန်, နှိပ်စက်ဒဏ်ကို, ကြိမ်ဖန်ကုံမြဲ, ဆင်းရဲခြင်းကိုရင်း။ မေတ္တာစ၊ သတ္တဝါအများ, အာရုံထား၍, ပွားများစီးမြန်း, မေတ္တာကမ္မဋ္ဌာန်းကိုရင်း—

ဒေါသဿ၊ သူ့ကျိုး ကိုယ့်ကျိုး, ဖျက်ချိုးတတ်ငြား, ဒေါသတရားကို။ သမုဂ္ဃာနာယ၊ သတိသမ္ပဇဉ်, မြဲစွာယှဉ်၍, အစဉ်ပွားများ, ကောင်းစွာပယ်ရှားခြင်းငှာ။ ဘာဝိတာ၊ မိမိ နောက် နောင်အစဉ်ကောင်းအောင်, ကျိုးကြောင်းဆင်ခြင်, ရှုမြင် ပွားများအပ်လေသတည်း။

**ဆောင်ပုဒ်။** ဒေါသတရား—ပယ်ရှားဘို့ရာ၊ သတ္တဝါသခ်ါရ -များလှပေါ်မှာ။
ဆင်းရဲအစု—ပွားရှုမေတ္တာ၊ ယောဂီမြတ်—ရှုအပ်အစဉ်သာ။

## ပဲခူးဆားလို မောဟကို

သံသရာတခွင်၌ ကျင်လည်ကျက်စား ပြေးသွားနေကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့နှင့် လွန်စွာရင်းနှီး မိတ်ရင်း ဆွေရင်းဖြစ်သော လောဘ, ဒေါသ, မောဟ တရားကို ဟောပြောဘို့ ရန်ပင် ဖြစ်ပါတယ်။ ဒီမောဟတရားဆိုတာကတော့ ပဲခူးဆားပမာ လောဘဖြစ်တဲ့ နေရာမှာလဲ

သူပါတာပဲ၊ ဒေါသဖြစ်တဲ့နေရာမှာလဲ သူပါတာပဲ (ဒကာကြီး ဦးစိန်ရဲ့)။ ဒါကြောင့် မောဟတရားကို ပဲခူးဆားမောလို့ ဆိုလိုက်ရတာပဲ။ မသိမှု, မိုက်မဲတွေဝေမှုတို့ကို မောဟလို့ ဆိုရတာကိုး။ အသိဉာဏ် ရှိခဲ့ရင် လောဘဖြစ်တို့ အာရုံနှင့် တွေ့သော်လဲ လောဘမဖြစ်အောင် ထိန်းသိမ်း စောင့်ရှောက်နိုင် မယ်ပေါ့။ ဒေါသဖြစ်တို့ အာရုံနှင့် တွေ့ရင်လဲ ဒေါသမဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင် ရပေမယ်ပေါ့။ အသိဉာဏ် ဝိဇ္ဇာမရှိခြင်းကြောင့်သာလျှင် လောဘ, ဒေါသ တို့ ဖြစ်ကြရတာဘဲတဲ့။ မောဟကို အဝိဇ္ဇာလို့လဲ ခေါ်သေးတယ်နော်။ အသိဉာဏ်ဝိဇ္ဇာ မရှိခြင်းကို အဝိဇ္ဇာဟု ခေါ်တာကိုး။ ဒီမောဟတရားဆိုတာ—

သမ္ပယုတ္တဓမ္မေ မုယှန္တိ ဧတေနာတိ မောဟော။

ဧတေန၊ ဤတရားသဘောဖြင့်။ သမ္ပယုတ္တဓမ္မေ၊ သမ္ပယုတ္တတရားတို့သည်။ မုယှန္တိ၊ တွေဝေ တတ်ကုန်၏။ ဣတိ၊ ထိုသို့ တွေဝေကြောင်းဖြစ်သောကြောင့်။ မောဟော၊ မောဟမည်၏-တဲ့။

မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော သမ္ပယုတ်တရားတို့ကို တွေဝေစေတတ်သောကြောင့် မောဟ—ဟု ခေါ်ဆိုခြင်း ဖြစ်သတဲ့။ နောက်ပြီးတော့—

သယံ ဝါ မုယှတီတိ မောဟော။ မုယှနံ ဝါ မောဟော။

ဝါ၊ တနည်းကား။ သယံ၊ မိမိသည်။ မုယှတိ၊ တွေဝေတတ်၏။ ဣတိ၊ ထို့ကြောင့်။ မောဟော၊ မောဟမည်၏-တဲ့။

မိမိ—ဟု ဆိုအပ်သော မောဟကိုကပင် တွေဝေတတ်သော သဘောလက္ခဏာရှိသတဲ့။

ဝါ၊ တနည်းကား။ မုယှနံ၊ တွေဝေခြင်း။ မောဟော၊ တွေဝေခြင်း။

နောက်တနည်းကတော့ တွေဝေတတ်သော သဘောကိုပင်လျှင် မောဟဟု ခေါ်ဆိုသည်ဟု မှတ်ရမည်တဲ့။ တွေဝေခြင်း, မသိနားမလည်ခြင်း, အသိဉာဏ်နည်းပါးခြင်းဟူသော စကားများမှာ အဓိပ္ပါယ်တူ စကားများ၊ (ဝါ) ပရိယာယ်တူ စကားများပင်ဖြစ်ပေတယ်။ မိမိ၏ အကျိုးစီးပွား ကိုလဲ မသိတတ်။ သူတပါး၏ အကျိုးစီးပွားကိုလည်း မသိတတ်ခြင်း၊ တနည်းအားဖြင့် ဆိုရလျှင် အမှားကို အမှန်ထင်ခြင်း၊ အမှန်ကို အမှားထင်ခြင်းများသည် မောဟတရားဆိုး၏ လွှမ်းမိုးချယ်လှယ် မှုကို ခံရခြင်းပင် ဖြစ်ပေတယ်၊

မောဟများခြင်း အသိဉာဏ်နည်းပါးခြင်းဆိုတာ—

၁။ ပုဗ္ဗေဧဇ္ဇပါနဗဟုလော—ရှေးအခါက သေရက်ကိုသောက်စားမှုများခြင်း။ (ဝါ) အရက် သေစာ သောက်စားမှု လွန်ကဲခြင်း။

၂။ သုတပရိပုစ္ဆာဝိဟီနော—အကြားအမြင်ဗဟုသုတ အဝဝကို မေးမြန်းလေ့လာမှုမရှိခြင်း။

ဟူသော အကြောင်း ၂-ချက်ကြောင့်ပင် ဖြစ်ရပေတယ်။ ဒီမောဟတရားဖြစ်ကြောင်း ၂-ပါးကတော့ လောဘ, ဒေါသဖြစ်ကြောင်း တရားများလို အင်္ဂါနှစ်ပါးဖြင့် ပြည့်စုံမှ ဖြစ်တတ်တာ မဟုတ်ဘူးနော်။ တပါးတည်းနဲ့လဲ မောဟဖြစ်နိုင်တာဘဲတဲ့။

ပုဗ္ဗေမဇ္ဇပါနဗဟုလော၊ ရှေးက အရက်သေစာ သောက်စားခြင်းဆိုတဲ့ ဒီအင်္ဂါတချက် ကြောင့်လဲ အသိဉာဏ်နည်းပါးခြင်း တွေဝေမိုက်မဲခြင်း မောဟဖြစ်တာပါဘဲ။

နောက်ပြီးတော့ သုတပရိပုစ္ဆာဝိဟီနော၊ အကြားအမြင် ဗဟုသုတ အဝဝကို မေးမြန်းလေ့လာမှုမှ ယုတ်သျော့ခြင်း။(ဝါ)မေးမြန်းလေ့လာမှုမ ရှိခြင်း–ဆိုတဲ့ ဒီအင်္ဂါတချက်ကြောင့်လဲပဲ အသိဉာဏ်နည်းပါးခြင်း,တွေဝေမိုက်မဲခြင်းဆိုတဲ့မောဟတရားဖြစ်ပွားတတ်တာပါပဲတဲ့၊ဒါကြောင့်မို့ ရှေးက လောဘ, ဒေါသတရားတို့လို အကြောင်းအင်္ဂါနှစ်ပါး ညီညွတ်မှ ဖြစ်တယ်လို့မမှတ်ကြနဲ့နော်၊ အင်္ဂါတပါးတည်းနဲ့လဲ မောဟဖြစ်တတ်တယ်။ ရှေ့ဘဝအကြောင်းနှင့် ပြောလျှင်တော့–

"တိရစ္ဆာနယောနိယာဝါ စဝိတွာ ဣဓူပ ပန္နောတိ ဧဝံ ပုဗ္ဗာစိဏ္ဏ နိဒါနာတိ ဝဒန္တိ" ဟူ၍ ဝိသုဒ္ဓိမဂ်မှာ ဖွင့်ပြထားတဲ့အတိုင်း တိရစ္ဆာန်ဘဝမှ စုတေကာ လူ့ဘဝသို့ ရောက်လာသော သူများလဲ မောဟတရား အားကြီးတတ်သတဲ့။(ဒကာကြီး ဦးစိန်ရဲ့)။ယင်းတိုရစ္ဆာန်ဘဝမှ စုတေ၍ ဤလူ့ပြည်၌ ဖြစ်ခြင်းကိုလဲ မောဟဖြစ်ခြင်းရဲ့ ရှေးဘဝ အကြောင်းအင်္ဂါတချက်ပဲလို့ မှတ်သားရမယ်နော်။ သို့အတွက်ကြောင့် ဒီမောဟဖြစ်ကြောင်းများကိုလဲ မှတ်သားလွယ်အောင် ဒီလင်္ကာကလေးများကိုသာ ဆောင်ထားကြပေတော့။

**ဆောင်ပုဒ်။** ၁။ အရက်သေစာ၊ သောက်စားပါ၊ မှန်စွာတွေဝေမည်။

၂။ ကြားမြင်သုတ၊ မမေးက၊ မုချတွေဝေမည်။

အရက်သေစာ သောက်စားခြင်းကြောင့်လည်း တွေဝေခြင်းဆိုတဲ့ မောဟတရား ဖြစ်ပွားတတ်တယ်။ အကြားအမြင် ဗဟုသုတ အဝဝကို မလေ့လာ မမေးမြန်းခြင်းကြောင့်လဲ တွေဝေခြင်းဆိုတဲ့ မောဟတရား ဖြစ်ပွားတတ်တယ်–ဆိုတဲ့ မောဟဖြစ်ကြောင်း တရားများဟာ လောကမျက်မြင်၌ပင် အလွန်ထင်ရှား သိသာလှပေတယ်နော်။

မောဟတရား ဖုံးလွှမ်းထားလျှင် အံမှားကိုပင် အမှန်ထင်မြင်ပြီး လုပ်သင့်သော အလုပ်ကို မလုပ်ပဲ မလုပ်သင့်သော အလုပ်ကို ပြုလုပ်တတ်တယ်။ ပြောဆိုသင့်သော စကားကို မပြောဆိုပဲ မပြောဆိုသင့်သော စကားကိုသာ ပြောဆိုတတ်တယ်။မကြံစည်သင့်သော အကြံအစည်ကိုသာ ကြံစည်တတ်ပေတယ်။

မောဟကြီးမား အသိဉာဏ်နည်းပါးတဲ့နေရာမှာတော့ ဉဒါယီမထေရ် အလောင်းပုဏ္ဏားဟာ မှတ်တမ်းတင်လောက်တဲ့ ပုဂ္ဂိုလ်ဘဲဖြစ်ပါတယ်။ တနှစ်ပတ်လုံး လေ့လာသင်ကြားထားတဲ့ ဂါထာ တပုဒ်ကိုပင် မှန်ကန်အောင် မရွတ်ဆိုနိုင်ဘူးတဲ့။ ဉဒါယီမထေရ်လို့ ဆိုသဖြင့် ဦးပဉ္စင်းတို့ ဗုဒ္ဓသာသနာဝင်မှာ–

၁။ လာဠုဒါယီမထေရ်။

၂။ ကာဠုဒါယီမထေရ်။

၃။ မဟာဉဒါယီမထေရ် ဟူ၍–သုံးပါး ရှိပါတယ်။

ဒီဝတ္ထုမှာ ဉဒါယီမထေရ်ဆိုတာ လာဠုဒါယီမထေရ်ကို ဆိုလိုပါတယ်။

လာဠ–လျှပ်ပေါ်သော ဉဒါယီ–ဉဒါယီထေရ်=လာဠုဒါယီ၊ လျှပ်ပေါ်သော ဉဒါယီမထေရ်လို့ ဆိုလိုပါတယ်။ဝိနည်းသိက္ခာပုဒ်များမှာလဲ မကြာခဏတွေ့ရတဲ့ မထေရ်ပါဘဲတဲ့။

ကာဠုဒါယီမထေရ်=မြတ်ဘုရား၏ ဖွားဘက်တော် ဥဒါယီမထေရ်၊ ဒီမထေရ်ကတော့ အသား အရေ မည်းနက်တဲ့အတွက်ကြောင့် ကာဠုဒါယီထေရ်လို့ ခေါ်သတဲ့။ တေဒဂ်ရ ရဟန္တာပုဂ္ဂိုလ်ကြီး ပင်ဖြစ်တယ်။

မဟာ ဥဒါယီမထေရ်ကတော့ ရှေးမထေရ်နှစ်ပါးလို မကျော်ကြားလှပေမဲ့ အရိယာပုဂ္ဂိုလ် တပါးပဲဖြစ်တယ်။

## ဉာဏ်ထိုင်းသော လာဠုဒါယီဝတ္ထု

လာဠုဒါယီအလောင်း ပုဏ္ဏားကြီး အဘယ်မျှ မောဟကြီးပြီး အသိဉာဏ်နည်းသလဲဆိုတော့။

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီရွှေနန်း၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းအုပ်ချုပ်တော် မူစဉ် ဦးပဥ္စင်းတို့ ဘုရားအလောင်းတော်သည် ကာသိတိုင်း၌ မထင်ရှားသော ပုဏ္ဏားမျိုးမှာဖြစ်ရ သတဲ့။ ဘုရားအလောင်းသည် အရွယ်သို့ရောက်လျှင် တက္ကသိုလ်ပြည်သို့သွား၍ အတတ်ပညာသင် ယူပြီး မိမိအရပ်သံ ပြန်လည်ရောက်လျှင် မိမိရဲ မိဘများ ဆင်းရဲသည်အဖြစ် သိရှိ၍–

"သူဆင်းရဲမျိုးမှ သူဌေးမျိုးဖြစ်အောင် အားထုတ်ပေအံ့"ဟု မိဘတို့ကို ပန်ကြားပြီးနောက် ဗာရာဏသီပြည်သို့သွားကာ မင်းကြီးအား ခစားလေသတဲ့။ တက္ကသိုလ်ပြည်ပြန် ပညာတတ်တဦး ဖြစ်လေတော့ ဘုရင်မင်းမြတ်ကလဲ ချစ်ခင်နှစ်သက်တော်မူပေတယ်။ ပညာတတ်လျှင် ဘယ်အရပ်သို့ သွားသွား ရောက်ရာအရပ်မှာ ထင်ရှားတာ ဓမ္မတာပါပဲနော်။ ယခု ဘုရားအလောင်း ပုဏ္ဏားလုလင် သည် ဘုရင်ထံ ခစား၍ မကြာမြင့်မီပင် ချစ်ခင်နှစ်သက်ပြီး ရင်းနှီးသူတယောက် ဖြစ်နေပြီမဟုတ် လား။

ထိုအခါ အလောင်းတော်၏ ဖခင် ပုဏ္ဏားကြီးသည် နွားတရှဉ်းဖြင့် လယ်ထွန်စိုက်ပျိုး၍ အသက်မွေးစဉ် နွားတကောင်က သေသွားသတဲ့။ နွားတရှဉ်းသာရှိတဲ့ ပုဏ္ဏားကြီးမှာ နွားတကောင် သေဆုံးသွားတော့ လယ်လုပ်ငန်းကိစ္စများ ဘာမှမလုပ်နိုင်တော့ဘူးပေါ့။ သို့အတွက်ကြောင့် ပုဏ္ဏား ကြီးက ဘုရင်မင်းမြတ်အနား၌ ခစားနေသော မိမိသားထံသို့ ချဉ်းကပ်ပြီးလျှင်-

"ချစ်သား ငါတို့မှာ နွားတရှဉ်းရှိရာ ယခု နွားတကောင်သေသွားပေပြီ၊ တကောင်တည်း နဲ့လဲ လယ်ထွန်၍ မဖြစ်တော့ဘူး။ ဒါ့ကြောင့် မင်းကြီးထံ နွားတကောင်တောင်းပါလေ"ဟု-ပြောဆို လေတယ်။

ဘခင်ပုဏ္ဏားကြီးက ဤသို့နွားတကောင်တောင်းရန် စေခိုင်းတိုက်တွန်းသောအခါ အလောင်း တော်ကလဲ "အိုဘခင် ကျွန်တော်သည် မင်းကြီးနှင့်တွေ့ရတာ မကြာလှသေးပါ။ ဆည်းကပ်ခစား၍ မကြာမီမှာ နွားကိုတောင်း၍ သင့်လျော်မည်မထင်ပါ။ ဘခင်တို့ ကိုယ်တိုင်တောင်းသင့်ပါတယ်" ဟု ပြန်၍ပြောဆိုလိုက်တယ်။ အတောင်းအရမ်းသန်ရင်လဲ မိတ်ပျက်တဲ့လက္ခဏာတပါး ဖြစ်တယ်နော်။ ဒါကြောင့်မို့ အလောင်းတော်ပုဏ္ဏားလုလင်က ဘူမတောင်းလိုကြောင်း ငြင်းဆိုခြင်းဖြစ်မယ်ပေါ့။

ပုဏ္ဏားကြီးကလဲ "ချစ်သား သင်သည် ငါ၏ရှို့ရှားခြင်းများသည့်အဖြစ်ကို သိသည်မဟုတ် လား၊ ငါသည် လူနှစ်ယောက် သုံးယောက်ရှေ့မှာဆိုလျှင် စကားကိုပြည့်စုံအောင် မပြောဆိုတတ် တော့ဘူး၊ ငါသည်မင်းကြီးထံ နွားတောင်းရန် အကယ်၍သွားခဲ့လျှင် ဤကျန်တဲ့နွားကိုပင် ပေးပြီး ပြန်လာခဲ့မိမည်" ဟုပြောဆိုတယ်။

ဘခင်မည်သို့ဖြစ်စေ၊ ကျွန်တော်တော့ မင်းကြီးကိုမတောင်းဝန့်ပါ။သို့သော်လည်း သင်ဘခင်တို့ကို သင့်လျော်သောနည်းလမ်းကိုတော့ ပြုလုပ်ပေးပါမည်-ဟု ဘုရားအလောင်းက ပြောတဲ့အခါ-

"ကဲ- ဒါဖြင့်လဲ ကောင်းပြီ၊ ငါ့ကိုသင့်လျော်သော နည်းလမ်းကိုသာ ပြုပေးပေတော့" လို့ ဆိုသတဲ့။

သားကိုခိုင်း၍ မရသဖြင့် ကိုယ်တိုင်ကျရန် ဆုံးဖြတ်ရရှာတော့တာကိုး။

ထိုအခါ အလောင်းတော် ပုဏ္ဏားလုလင်က ဘခင်ပုဏ္ဏားကြီးကိုခေါ်၍ လူသူတိတ်ရာ ဗိရဏတ္ထမ္ဘက သုသာန်အရပ်သို့ သွားပြီးလျှင်- ထိုထိုအရပ်၌ မြက်စည်းတွေကိုဖွဲ့၍"ဘခင်- ဟောဒါက ဘုရင်မင်းမြတ်, ဟောဒါက အိမ်ရှေ့မင်း, ဟောဒါက စစ်သူကြီး, "ဟု အမည်ပေးကာ အစဉ်အတိုင်း ဘခင်ပုဏ္ဏားကြီးအား ပြပြီးလျှင် ဘခင်- သင်ဘခင်သည် မင်းကြီးထံသို့သွား၍"ဇယတု မဟာရာဇ- တိုင်းကြီးဘခင် ဘုရင်မင်းမြတ် အောင်မြင်ပါစေသတည်း" ဟု ကောင်းချီးမင်္ဂလာ ပြုပြီးလျှင်-

ဒွေမေ ဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကသာမသေ။
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဒေဟိ ခတ္တိယ။ (ဇာတကပါဠိ)။

ဟူသော ဂါထာကိုရွတ်ဆို၍ နွားကိုတောင်းပါ- ဟု နွားတောင်းဂါထာ (၀၁) နွားတောင်းရန် စကားကို သင်ပေးသတဲ့။ (ဒကာကြီး ဦးစိန်ရဲ့)။

မဟာရာဇ၊ တိုင်းပြည့်ရှခင်, ဘုရင်မင်းမြတ်။ မေ၊ ကိုင်းကျွန်းလယ်ယာ, မှန်စွာပြုလုပ်, အကျွန်ုပ်အား။ ဒွေဂေါဏာ၊ သရုပ်ပိုင်းခြား, နှစ်ကောင်ကုန်သော, နွားတို့သည်။ သန္တိ၊ အမှန်အားဖြင့်, ထင်ရှားရှိခဲ့ပါကုန်၏။ ယေဟိဂေါဏေဟိ၊ အသက်သခင်, ကျေးဇူးရှင်, အကြင်နွားတို့ဖြင့်။ ခေတ္တံ၊ စိုက်ပျိုးကြဲရာ, လယ်ခမြယာကို။ ကသာမသေ၊ နှစ်စဉ်မပျက်, ထွန်ယက်ကြရပါကုန်၏။ ဒေဝ၊ လူတို့ထိပ်ထား, တရားသခင်, မြတ်အရှင်။ တေသု၊ အလုပ်ကိစ္စ, မှန်သမျှကို, တကွလုပ်ဆောင်, ထိုနွားနှစ်ကောင်တို့တွင်။ ဧကော၊ တကောင်သောနွားသည်၊ မတော၊ ဇီဝိန်ပျက်ပြုန်း, အသက်သေဆုံးခဲ့ပါပြီ။ ခတ္တိယ၊ လယ်ယာပိုင်စိုး, တန်ခိုးလွှန်ကြီး, မြတ်စောထီး။ ဒုတိယံ၊ အဖော်ဖြစ်ငြား, တကောင်သောနွားကို, မေကျွန်ုပ်အား (၀၁) ရှိညွှတ်မှာ လယ်ယာလုပ်ငန်းကြိုးပမ်းပြုလုပ် အကျွန်ုပ်ဦးကြီးအား။ ဒေဟိ၊ ကရုဏာရှေ့ထား, သနားရှုမျှော်, ပေးသနားတော်မူပါလော့။

ဒီဂါထာကို သားဖြစ်သူ ပုဏ္ဏားလုလင်က ဘခင်ပုဏ္ဏားကြီးအား သုသာန်အရပ်သို့ ခေါ်သွားပြီး မြက်စည်းတွေကို မင်းရုပ်ပုံသဏ္ဌာန် စသည် ပြုလုပ်ကာ အနီးအနားမှာချထားပြီး သင်ကြားပေးလေသတဲ့။

ရှေးတုန်းက ဒကာ, ဒကာမတွေရှေ့ တရားဟောရမှာ ကြောက်ရွံ့တတ်တဲ့ဘုန်းကြီး တရားဟော လေ့ကျင့်သလို ဖြစ်နေပါပေါ့လား (ဒကာကြီး ဦးစိန်)။ ကြားကြဘူးပါရဲ့လား-ကဲ မကြားဘူးသေးရင်လဲ ခပ်တိုတို ပြောပြရသေးတာပေါ့။

ရှေးအခါက ရွာတရွာမှာ-ကျောင်းထိုင်ဘုန်းကြီးတပါး ရှိလေသတဲ့၊ဒီဘုန်းကြီးက ကျောင်းထိုင်ခါစလဲဖြစ်, တရားဟောရမှာကလဲ ကြောက်နှင့် စိတ်ဒုက္ခ ရောက်နေရရှာသတဲ့၊ "ကြောက်ပါ

တယ်ဆို-ကြောင်ကလေးနဲ့တို့”-ဆိုတာလို တရားဟောရမှာ ကြောက်တဲ့ ထိုဘုန်းကြီး သီတင်းသုံးရာ ရွာတွင်းမှာ ဆွမ်းကျွေးကိစ္စတခုက ကြုံလာပါရောတဲ့။ ဆွမ်းကျွေးကိစ္စရှိလျှင် ဆွမ်းအနုမောဒနာ ဆွမ်းတရားဟောဘို့ရန် ဘုန်းကြီးမှာ တာဝန်ရှိတယ် မဟုတ်လား၊ ကဲ မဖြစ်တော့ဘူး ဆွမ်းအနုမောဒနာ တရားတော့ ဟောရတော့မယ်၊ “ပွဲမဝင်မီ ပြင်ပွဲက ကျင်းပ”-ဆိုတာလို ယခုကတည်းက လေ့ကျင့်ထားမှပဲ ဆိုပြီး ကျောင်းအလယ်မှာ ရေအိုးဆယ်လုံးယူပြီး ၅-လုံးစီ ရှေ့နောက် စီတန်း ချထားလိုက်သတဲ့။

ရှေက ၅-လုံးကတော့ ဒါယကာကြီးတွေ၊ နောက်က ရေအိုး ၅-လုံးကိုတော့ ဒါယိကာမကြီးတွေ—ဟု ဆိုကာ မှတ်ထားလိုက်သတဲ့။ ရေအိုးတွေကို စီပြီးလျှင် သင်္ကန်းကို ကောင်းမွန်စွာရုံ၍ မမှာသန ကရားပလ္လင်ထက် တက်ထိုင်ပြီး ထန်းရွက်ရပ်ကြီးကို မြဲမြံစွာကိုင်ကာ တရားစတင်ဟောဘို့အတွက် “ပုဗ္ဗေဝသုမနော ဒါနံ”-ဟူသော ဂါထာကို ရွတ်ဆိုရန် အားထုတ်တော်မူသတဲ့။ ပုဗ္ဗေဝ-ပုဗ္ဗေဝ-ပုဗ္ဗေဝ—ဟု ဆိုပြီး ရှေ့မဆက်နိုင်ဘဲ ရပ်တန့်ပြီး နေရောတဲ့။ စဉ်းစားလို့လဲမရ ချွေးများပင် တဒီးဒီးကျလာတယ်ဆိုပဲ။ ဒါနဲ့ ကိုယ်တော်လဲ လက်လျော့ပြီး ပလ္လင်ပေါ်မှဆင်းကာ အိုးတွေနားသွား၊ အိုးတွေကို သေသေချာချာကြည့်ပြီးတော့-“ဟဲ- အဲ နင့်အဘ ဒါယကာတွေ မဟုတ်ဘူး၊ နင့်အမေ ဒါယိကာမတွေ မဟုတ်ဘူး၊ အိုးတွေဟာ အိုးတွေ”-ဟု ဆိုကာ မိမိကိုယ်ကို ရေရွတ်တော်မူရှာလေသတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

ယခု ပုဏ္ဏားကြီးလဲ တရားဟောလေ့ကျင့်တဲ့ ဘုန်းကြီးလို သုသာန်သို့ သွားပြီးတော့ မြက်စည်းတွေချကာ လေ့ကျင့်ရတယ်နော်၊ ပုဏ္ဏားကြီးဟာ ဒီဂါထာကလေးတပုဒ်ကို တနှစ်လုံးလုံး လေ့လာရသတဲ့။ မောဟကြီးမား, အသိဉာဏ် နည်းပါးလှသဖြင့် ဒီအက္ခရာလုံးရေ ၃၂-လုံးမျှ ရှိတဲ့ ဂါထာကလေးကိုပင် တနှစ်ပတ်လုံး ပင်ပန်းစွာ လေ့လာနေရရှာတယ်။ ဒါတောင် ကောင်းစွာ ကျေပြွန်လှတာ ဟုတ်မယ်မထင်ဘူး။ လူသူ့ခရှေ့မှာဆိုရလျှင် ပျောက်ချင် ပျောက်သွားဦးမှာ၊ စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းသော အရာ၌ ဧဒဂ်ရတော်မူသော ရှင်စူဠပန္ထက မထေရ်က အက္ခရာလုံးရေ ၄၄-လုံးရှိတဲ့ “ပဒ္ဓုမံယထာ ကောကနုဒံ သုဂန္ဓံ” အစရှိသော ဂါထာကို သူ့နောင်တော် မဟာပန္ထကမထေရ်ထံမှာ ၄-လ သင်ယူဘာတောင် ကောင်းစွာ မရရှိဘူးတဲ့။ ဝဋ်တော်ပါသဖြင့် ဉာဏ်လေးရခြင်း ဖြစ်သတဲ့။ ဒါပေမဲ့ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တဲ့ အခါကျတော့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်၍ ပိဋကတ်သုံးပုံလုံးကို ရရှိလေသတဲ့။

ခုနင်က ပုဏ္ဏားကြီး တနှစ်လုံး သင်ကြား လေ့လာနေရတဲ့ ၃၂-လုံးသာရှိသော ဂါထာကလေးကို ယခု တရားနာပရိသတ်ထဲက အချို့ပုဂ္ဂိုလ်များဆိုလျှင် တခေါက်နှင့်ပင် ရနိုင်လောက်ပေဘယ်။ အချို့တော့လဲ ၂-ခေါက် ၃-ခေါက် ကျက်ရပေမယ်။ အလွန်ဆုံး တရက် နှစ်ရက်ပေါ့။

ယခုပုဏ္ဏားကြီးကတော့ တနှစ်လုံးလုံး လေ့ကျက်နေရသတဲ့။ တနှစ်လုံးလုံး လေ့ကျက်နေရ၍ ရသလိုလိုရှိသောအခါ-“ချစ်သား သောမဒတ္တ၊ ဒီဂါထာကို ငါကောင်းစွာ လေ့လာပြီးပြီ။ ယခုအခါ ငါသည် ဘယ်သူ့ရှေ့မှာဖြစ်စေ ဆိုနိုင်ပေပြီ။ ငါ့ကို မင်းကြီးထံသို့ ပို့လေလော့”ဟု ဘုရားအလောင်းကို ပြောဆိုလေသတဲ့။ ဘုရားအလောင်း သောမဒတ္တ ပုဏ္ဏားလုလင်ကလဲ “ကောင်းပါပြီ ဘခင်”ဟု ပြောဆိုပြီးလျှင် မင်းကြီးအား သင့်လျော်သော လက်ဆောင်ပဏ္ဏာတို့ကို ယူဆောင်ကာ ဘခင်ပုဏ္ဏားကြီးကို မင်းကြီးထံသို့ ပို့ဆောင်လိုက်တယ်။

ပုဏ္ဏားကြီးလည်း ဘုရင်မင်းမြတ်ထံသို့ရောက်လေလျှင်“ဇယတု မဟာရာဇ=တိုင်းပြည်သခင်, ဘုရင်မင်းမြတ် အောင်မြင်ပါစေသတည်း”–ဟု ပြောဆိုကာ လက်ဆောင်ပဏ္ဏာများကို ဆက်ကပ်လေသတဲ့။ ဘုရင်ကြီးက “သောမဒတ္တ- ဤပုဏ္ဏားကြီးသည် အသ်နှင့် အဘယ်သို့ တော်သနည်း” ဟု မေးမြန်းသောအခါ ဘုရားအလောင်းက “ဘုရားကျွန်တော်မျိုးရဲ့ ဘခင်ဖြစ်ပါတယ် အရှင်မင်းမြတ်”ဟု လျှောက်တင်လေသတဲ့။

ဘုရင်မင်းမြတ်က ပုဏ္ဏားကြီးကို အဘယ်အကြောင်းကြောင့် လာခဲ့ပါသနည်း-ဟု မေးမြန်းသောအခါ ပုဏ္ဏားကြီးက လက်အုပ်ချီကာ နွားကို တောင်းလိုခြင်းကြောင့် လာခဲ့ပါကြောင်း လျှောက်တင်လိုက်သဖြင့်-

ဒွေမေဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကသာမသေ။

တေသု ဧကော မတောဒေဝ၊ ဒုတိယံ ဂဏှ ခတ္တိယ။ (ဇာတက ပါဠိ– ပ)။

ဟူသော ဂါထာကို ရွတ်ဆိုကာ လျှောက်ထားလေသတဲ့။

မဟာရာဇ၊ တိုင်းပြည်သခင်, ဘုရင်မင်းမြတ်, စောနေနတ်။ မေ၊ ရှိညံ့ဗွက်မှာ လယ်ယာလုပ်ငန်း, ကြိုးပမ်းပြုလုပ်, အကျွန်ုပ်ဦးကြီးအား၊ ဒွေဂေါဏာ၊ လုပ်ဖော်ကိုင်ဖက်, တွဲဖက်ညီညီ, နှစ်ကောင်သော နွားတို့သည်။ သန္တိ၊ ယခင်ရှေးက, ထင်ရှားစွာ ရှိကြပါကုန်၏ဘုရား။ ယေဟိ ဂေါဏေဟိ၊ အကြင်နှစ်ကောင်သော နွားတို့ဖြင့်။ ခေတ္တံ၊ စိုက်ပျိုးကြဲရာ, လှယ်မြေယာကို။ ကသာမသေ၊ ကောင်းစွာစဉ်ဆက်, ထွန်ယက်ကြပါကုန်၏။

ဒေဝ၊ရာဇိဒ္ဓိရောင်, ပြောင်ပြောင်တောက်ပ, အိုမင်းမြတ်။တေသု၊ထိုနှစ်ကောင်သော နွားတို့တွင်။ ဧကော၊ တကောင်သောနွားသည်။ မတော၊ ဇီဝိန်ပျက်ပြုံး, သေဆုံးခဲ့ပါလေပြီ။ ခတ္တိယ၊ အိုမင်းမြတ်။မေ၊ ၏။ ဒုတိယံ၊ အဖော်ဖြစ်ငြား, တကောင်သောနွားကို။ ဝါ၊ အသက်မသေ, ကျန်ရစ်လေဘိ, ထိုသည့်နွားကို။ ဂဏှ၊ ကရုဏာ ရှေ့ထား, သနားကြည်ဖြူ, ယူတော်မူပါလော့။

ဗရာဏသီ ပြည့်ရှင်ဗြဟ္မဒတ် မင်းကြီးကလဲ ပုဏ္ဏားကြီး မှားယွင်း ပြောဆိုသည်၏အဖြစ်ကို သိတော်မူသဖြင့် ပြုံးတော်မူကာ “သောမဒတ္တ- သင်တို့အိမ်မှာ နွားတွေ လွန်စွာ များတယ် ထင်တယ်” ဟု ပြောဆိုလေတယ်။ အရှင်မင်းမြတ် ပေးသနားတော်မူလျှင် များပါလိမ့်မည် ဘုရား” ဟု အလောင်းတော်က လျှောက်ဆိုသဖြင့် ဘုရင်ကြီးက အလောင်းတော် သောမဒတ္တ ပုဏ္ဏားလုလင်ကို နှစ်သက်တော်မူ၍ တန်းဆာဆင်အပ်သော နွားတဆယ့်ခြောက်ကောင်တို့ကိုရင်း၊ မိမိနေထိုင်ရာ ရွာကိုရင်း ပေးသနားတော်မူကာ အခြွေအရံ များစွာဖြင့် ပုဏ္ဏားကြီးကို ပြန်လွှတ်လိုက်သတဲ့။

ပုဏ္ဏားကြီးပြောတဲ့အလိုဆိုလျှင် တော်တော် ခက်နေတာပေါ့။သားဖြစ်တဲ့ ဘုရားအလောင်း ပုဏ္ဏားလုလင် လျှောက်တင်ချက်ကောင်းသဖြင့်သာ တော်တော်ကလေး သက်သာပေတော့တယ် နော်။

ဒီလာဠုဒါယီ မထေရ်သည် ရှေးဘဝ ပုဏ္ဏားဖြစ်စဉ်ကသာ ယခုလို တွေဝေမှုများဒါမဟုတ် သေးဘူးတဲ့။ ဘုရားရှင်လက်ထက်တော်အခါ မြတ်စွာဘုရားနှင့်အတူတူပင် နေရသော်လဲ တွေဝေမှုက များပြားလျက်ပဲတဲ့။ သုံးလူထွဋ်ထား ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်

ကျောင်း၌ မွေ့လျော်သီတင်းသုံးတော်မူစဉ် အခါက ဖြစ်တယ်။ ထိုစဉ်က ဇေတဝန်ကျောင်းတော်မှာ တရားပွဲကြီးများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပလေ့ ရှိသတဲ့။

တရားပွဲကျင်းပပြီး၍ မဟာထေရ်ကြီးများ ကြွသွားတော်မူတဲ့အခါ လကုဏ္ဍကဘဒ္ဒိယ မထေရ်က ပြန်မကြွသေးဘဲ တရားပွဲသွား၍ တရားပလ္လင်ပေါ်မှာ တက်ပြီး ထိုင်နေတော်မူတယ်

ထိုအခါ အာဂန္တု ရဟန်းတော်များက တရားပလ္လင်ပေါ်၌ ထိုင်နေတော်မူသော လကုဏ္ဍကဘဒ္ဒိယ မထေရ်မြတ်ကို မြင်ကြ၍ "ဤရဟန်းသည် အကြားအမြင် ဗဟုသုတရှိသော မဟာထေရ်ကြီးတပါး ဖြစ်ပေလိမ့်မည်"ဟု မှတ်ထင်ကာ အနီးသို့ ချဉ်းကပ်ကြ၍ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဈာန်တို့နှင့် စပ်ယှဉ်သော မိမိတို့ မရှင်းလင်းသည့် ပြဿနာများကို မေးမြန်းလျှောက်ထားကြတဲ့အခါ ဘာတခုကိုမျှ မဖြေဆိုနိုင်သဖြင့် "ဤရဟန်းကား အဘယ်သူပါနည်း၊ သုံးလူထွဋ်ထား မြတ်စွာဘုရားနှင့်အတူ တကျောင်းတည်း၌ နေပါလျက် ခန္ဓာအာယတန စသည်ကိုမျှ မသိပေ" ဟု ကဲ့ရဲ့ပြောဆိုကာ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြလေသတဲ့၊ ထိုအခါ သုံးလူ့ထွဋ်တင် ဘုရားရှင်က—

**ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။**<br>
နသော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗီ သူပရသံ ယထာ။ (ဓမ္မပဒ ပါဠိ-၄၁-၁၀၀)။

ဟူသော ဂါထာကို ရွတ်ဆိုတော်မူကာ ထိုရဟန်းတို့အား တရားဟောကြားတော်မူလေတယ်။

ဘိက္ခဝေ၊ သံဃာရာဘေး, လာမည့်ရေးကို, မြော်တွေးကြောက်ငြား, အို-ချစ်သားတို့။ ယော ဗာလော၊ ပစ္စုပ်,သံသာ, နှစ်ဖြာအကျိုး, ဖျက်ချိုးတတ်ငြား, တရားမယှဉ်, အမှားမြင်သည့်, အကြင်သူမိုက်သည်။ ယာဝဇီဝမ္ပိ၊ အသက်ခန္ဓာ,မှန်စွာယှဉ်တွဲ,ခိုင်မြဲနေသမျှ,ကာလပတ်လုံးလည် ။ ပဏ္ဍိတံ၊ ပစ္စုပ်,သံသာ,နှစ်ဖြာနောက်နှောင်း,ကောင်းကျိုးသိမြင်,ပညာရှင်ကို။ စေပယိရုပါသတိ၊ အကယ်၍ ပင်,အစဉ်ဆက်စပ်,ဆည်းကပ်ငြားအံ့။ ဇေ့ပယိရုပါသန္တော၊ ဤသို့ အစဉ်မပြတ်, မှီဝဲ ဆည်းကပ်ငြားသော်လည်း။သောဗာလော၊စရိုက်ချွတ်ယွင်း,အသိကင်းသည့်,သိမ်ဖျင်းထူဟိုက်,ထိုလူမိုက်သည်။ (ဝါ) စရိုက်ချို့ယွင်း,အသိကင်းသည့်, သိမ်ဖျင်းထူစွ,ထိုလူနသည်။ ဓမ္မံ၊ ဗုဒ္ဓရှင်တော်, ဟောဖော်မိန့်ကြား, မြတ်တရားကို။နဝိဇာနာတိ၊ သမ္ပဇဉ်သွင်း,ဉာဏ်မြင်ရှင်းအောင်, ထင်လင်းသေချာ,မသိရှာပေ။ကိမိဝ၊ နှိုင်းတုစရာ,ဥပမာပုံဆို,အဘယ်လိုနည်း ဟူမူကား။ ဒဗ္ဗီ၊ ဝိညာဏ်ဓာတ်ကင်း,ညံ့ဖျင်းလေငြား, ဇီးသားယောင်းမသည်။ သူပရသံ၊ ချိုချဉ်ငန်ခါး,များပြားလှစွာ,ဟင်း၏အရသာကို။ နဝိဇာနာတိယထာ၊ ဝိညာဏ်ကင်းသဖြင့်,ထင်လင်းအခြေအနေ,မသိလေသကဲ့သို့။ဝေမေဝ၊ ပမာနှိုင်းယှဉ်,ဤအတူသာလျှင်။ ဗာလော၊ မျိုးဓာတ်ညံ့ဖျင်း, သိဉာဏ်ကင်းသည့်, ချွတ်ယွင်းစရိုက်, ထိုလူမိုက်သည်။ ယာဝဇီဝမ္ပိ၊ ကုသိုလ်ဘောက်ပင့်,အကြောင်းသင့်၍,အခွင့်ကြုံတုန်း,အသက်ရှည်သမျှ,ကာလပတ်လုံးလည်း၊ပဏ္ဍိတံ၊ ကြောင်းကျိုးမြော်မြင်,ပညာရှင်ကို။ပယိရုပါသမာနော၊ အကြောင်းဆက်စပ်,ဆည်းကပ်ရပါလျက်။ ဝုတ္တပ္ပကာရံ၊ ခန်,အာ,ဓာတ်ဟု, မပြတ်ရှုပွား, ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ဓမ္မံ၊ သုံးလူ့ဆရာ, မိန့်မှာညွှန်ကြား,ခန္ဓာ,အာယတန စသော တရားကို။ နဝိဇာနာတိ၊ သတိမဝင်,သမ္ပဇဉ်မထား,ဉာဏ်အမြင် နည်းပါးသဖြင့်, ထင်ရှားမှန်စွာ,မသိနိုင်ရှာလေသတည်း။

ဆိုလိုရင်း အဓိပ္ပာယ်ကတော့-အသိအလိမ္မာ ဉာဏ်ပညာနည်းပါးလှတဲ့ သူမိုက် (ဝါ)မိမိ၏ အကျိုးစီးပွား,သူတပ ၏အကျိုးစီးပွားတို့ကို ပျက်ပြားအောင် ဖျက်ဆီးတတ်သော လူမိုက်မည်သည် ကုသိုလ်ကံအကြောင်း ကောင်းလှသဖြင့် ဘဝတက်ပတ်လုံး အကြောင်းအကျိုး,အကောင်းအဆိုးတို့ကို သေချာသိမြင်သော ပညာရှင် ပုဂ္ဂိုလ်များကို ဆည်းကပ် စား,မှီခိုရငြားပါသော်လည်း ဤသည် ကား မြတ်စွာဘုရား ဟောကြားသော စကားဘော်ပေတည်း၊ မြတ်စွာဟောကြား,တရားစကားသည် ဤသို့အကိုင်း အရှည်ရှိ၏၊ ဤကဲ့သို့ ပရိယတ္တိတရားကိုရင်း၊ ဤသည်ကား အပြစ်ရှိသောတရားတည်း၊ ဤတရားကား အပြစ်မရှိ,ဤတရားကို မှီခိုအပ်၏၊ ဤတရားကိုကား မမှီဝဲအပ်၊ ဤတရားကို ထိုး ထွင်း၍ သိအပ်၏၊ ဤတရားကိုကား မျက်မှောက်ပြုအပ်၏၊ ဤသို့ ကျင့်စဉ် ဖြစ်သော ပဋိပတ်တရား ကိုရင်း ကောင်းစွာတိတိ မသိရှိပေ။ ဥပမာပုံအားဖြင့် အဘယ်သို့ မှတ်သားရပါမည်နည်း—ဟူမူ ဝိညာဉ်မဲ့ပြား,ဇီးသားယောင်းမသည် "ဤကား ဆားငန်၏, ဤကား မငန်ချေ၊ ပေါ့၏၊ ဤကား ခါး၏၊ ဤကား စပ်၏၊ ဤကား ချဉ်၏၊ ဤကား မချဉ်၊ ဤဟင်းကား ဖန်၏" ဟူ၍ ဟင်း၏အရသာ ကို ကောင်းစွာ မသိလေသကဲ့သို့၊ ဤအတူပင်လျှင် လူမိုက်သည် အသက်ရှင်သမျှ ကာလပတ်လုံး ပညာရှိကို မှီခိုမပြတ်,ဆည်းကပ်ရပါသော်လည်း ခန္ဓာ,အာယတန,ဓာတ်,ဣန္ဒြေ အထွေထွေများပြား ပရမတ္ထတရားတို့ကို,ပိုင်းခြားထင်ထင်,မသိမြင်နိုင်ပေ။

**ဆောင်ပုဒ်။** ၁။ လူမိုက်စိတ်ထား၊ ဆိုးရွားပေဘော၊ ပညာရှိနှင့်၊ ပေါင်းသင့်နေစေ။
ပညာသိပ္ပ၊ ဓမ္မထွေထွေ၊ မရနိုင်၊ ဇေးမှိုင်လွန်တွေဝေ။

၂။ လူမိုက်ဘဝ၊ ယောင်းမ တူပေ၊ ဟင်းကိုဆက်အောက် မွေနှောက်ခဲ့စေ။
ချိုချဉ်ငန်ခါး၊ ထူးခြားထွေထွေ၊ သိဉာဏ်တုံး၊ လုံးလုံးမသိချေ။

ကဲ-(ဒကာကြီး ဦးစိန်)။ 'အရင်းစစ်တော့ အမြစ်ခမြာ" ဆိုသလို မောဟတရား ဖုံးလွှမ်း ထားသဖြင့် ဘာကိုမျှ ပိုင်းပိုင်းခြားခြား မှတ်သားပြီး သိမြင်ခြင်းမရှိတဲ့အကြောင်းဟာ ထင်ရှားနေ ပေပြီ နော်။ မောဟတရား အကျိုးဆက်ကြောင့် ဘာမျှ တိုးတက်မှုမရှိဘူးတဲ့၊ အမျိုးမျိုးသော မကောင်းကျိုးကိုသာ ဖန်တီးပြီး ပေးနေတာဟာ လက်သယ်ချာဘော့ မောဟတရားပါပဲတဲ့ (ဒကာ ကြီး ဦးစိန်ရဲ့)၊ မောဟတရားရဲ့ မကောင်းကျိုးပေးပုံကို ထင်ရှားအောင် ဟောကြားတော်မူခဲ့တဲ့ ရှင်တော်မြတ်ဘုရား၏ ပါဠိတော်လာ ဂါထာများကို ရွတ်ဆိုလိုက်ဦးမယ်။ သဒ္ဓါပန်း လှိုင်လှိုင်ဖြင့် သာမုသံ မြိုင်မြိုင်ခေါ်ပြီး ခပ်ပျော်ပျော် နာယူကြပေတော့၊

အနတ္ထဇနနော မောဟော၊ မောဟော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံ ဇနော နာဝဗုဇ္ဈတိ။ (ဣတိဝုတ္တကပါဠိ-၁၅၂)။

ဘိက္ခဝေ၊ ကိလေသာဆိုး,တရားမျိုးကို,ဖျက်ချိုးတတ်ငြား,အို-ချစ်သားတို့။ မောဟော၊ တွေဝေမိုက်မှား,မောဟတရားသည်။ အနတ္ထဇနနော၊ လောကဓမ္မ,နှစ်ဌာန၌,မုချတိုးပွား,အကျိုး တရားကို,ပျက်ပြားဘို့အခြေ,ဖြစ်စေတတ်ပေ၏။ မောဟော၊ မသိဆိုးရွား,မောဟတရားသည်။ စိတ္တပ္ပကောပနော၊ ဖြူစင်သန့်ရှင်း,စိတ်ဓာတ် ရင်း ကို,ချွတ်ယွင်းပျက်ပြား,ချောက်ချားစေ တတ်၏။ အန္တရတော၊ မှန်စွာမယွင်း,အတွင်းစိတ်၌။ ဇာတံ၊ မလွဲစင်စစ်,ကောန်ဖြစ်မသော။ တံဘယံ၊

မိုက်မှောင်ပြောထူ, မောဟဟူသော, ထိုဘေးဆိုးကို။ ဇနော၊ ပုပ္ပုရွရွ, များလှထောင်သောင်း, လူအပေါင်းသည်။ နာဝဗုဇ္ဈတိ၊ သိဉာဏ်ဝိုးဝါး,စိတ်ထွေပြားသဖြင့်,ပိုင်းခြားပိုင်ပိုင်,မသိနိုင်လေတော့သတည်း။

မသိမှုဆိုတဲ့ မောဟတရားသည် လောကရေးရာ,ဓမ္မရေးရာ အမြာမြာသော အကျိုးတရားတို့ ပျက်ပြားမှုကို ဖြစ်စေတတ်ပေတယ်။ မောဟတရားဆိုသည် ပကတိသဘောအားဖြင့် ဖြူစင် သန့်ရှင်းသော စိတ်ကိုလဲ တုန်လှုပ် ချောက်ချား ပျက်ပြားစေတတ်တယ်တဲ့။အမှန်အားဖြင့် အတွင်းစိတ်၌ဖြစ်သော မောဟ-ဟူသော ထိုဘေးဆိုးကို,ပုပ္ပုရွရွ,များလှထောင်သောင်း,လူအပေါင်းသည်။ (ဝါ) သတ္တဝါအပေါင်းသည်, ကောင်းစွာပိုင်ပိုင်, မသိနိုင်ဘူး-လို့ ဆိုလိုတယ်တဲ့ (ဒကာကြီး ဦးစိန်ရဲ့)။ ရှင်တော်မြတ်ဘုရားက ဆက်လက်ပြီး ဟောကြားတော်မူတဲ့ ဂါထာကတော့–

မုဠ္ဟော အတ္ထံ နဇာနာတိ၊ မုဠ္ဟော ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ မောဟော သဟတေ နရံ။ (ဣတိဝုတ္တက ပါဠိ)။

မုဠ္ဟော၊ အသိဉာဏ်ကင်း,ညံ့ဖျင်းတွေဝေ,မရေရာသောသူသည်။အတ္ထံ၊ မိမိ,သူတပါး,အကျိုးစီးပွားကို။ နဇာနာတိ၊ သဘာဝအတိုင်း,ဟုတ်တိုင်းမှန်စွာ,မသိနိုင်ပါပေ။ မုဠ္ဟော၊ မောဟပြောထူ,တွေဝေသောသူသည်။ ဓမ္မံ၊ ကုသိုလ်ဆယ်ပါး,မြတ်တရားကို။ နပဿတိ၊ မယှဉ်းမဖောက်, မျက်မှောက်ထင်ထင်,မသိမြင်နိုင်ပေ။ ယဒါ၊ အခါအခွင့်,သင့်တင့်လှစွာ,အကြင်အခါ၌။ မောဟော၊ တွေဝေမိုက်မှား,မောဟတရားသည်။ ယံနရံ၊ ကျား-မ,မဟူ,အကြင်လူကို။ သဟတေ၊ အနိုင်အထက်, နှိပ်စက်အုပ်စိုး, လွှမ်းမိုးဖိစီး၏။ တဒါ၊ ထိုအခါ၌။ တဿနရဿ၊ မောဟပြောထူ, ထိုမိုက်သောသူအား။ အန္ဓတမံ၊ ပညာဉာဏ်ရောင်, ငင်းမပြောင်ဘဲ, မိုက်မှောင်ရောက်ဆိုက်, အမိုက်တိုက်သည်။ ဟောတိ၊ အကြောင်းကံကြိုက်,ပေါင်းဆုံခိုက်မို့, တိုက်ငိုက်မသွေ,ဖြင့်ရလေတော့သတည်း။

ဆိုလိုရင်းအဓိပ္ပာယ် ခပ်လွယ်လွယ် ပြောကြအုံးစို့ရဲ့ (ဒကာကြီး ဦးစိန်,ဦးချိန်တို့ရဲ့)၊ မောဟထူပြော,တွေဝေသောသူသည် မိမိ၏ အကျိုးစီးပွား, သူတပါးတို့၏ အကျိုးစီးပွားတို့ကို ကောင်းစွာ တိတိ,မသိရှိပေ။ တွေဝေသောသူသည် လူတို့၏ ကြိုးစားအားထုတ်သင့်သော ကုသလကမ္မပထတရား ဆယ်ပါးကို ကောင်းစွာ မသိမြင်ပေ။ တွေဝေခြင်း မောဟတရားသည် လူကို လွှမ်းမိုးဖိစီး၍နေသော အခါ၌ ဉာဏ်ရောင်အလင်း,မပြောင်ဝင်းနိုင်တော့ဘဲ အမိုက်တိုက်သဘွယ် ဖြစ်ရလေတော့သည်တဲ့။ မောဟတရား ဖုံးလွှမ်းထားပြီဆိုမှဖြင့် မိမိရဲ့ အကျိုးစီးပွားကိုလဲ မသိ။ မိမိ ပျက်စီးစေမည်ကိုလဲ မသိတော့ဘူးတဲ့။ ယင်းကဲ့သို့ ဆိုးရွားလှသော မောဟတရား ကင်းရှင်းပါမှ ချမ်းသာခြင်း ရရှိနိုင်တယ်-ဆိုတဲ့အကြောင်းကို ရှင်တော်မြတ်ဘုရားက ဆက်လက် ဟောကြားတော်မူပြန်သည်မှာ–

ယောစ မောဟံ ပဟန္တွာန၊ မောဟနေယျေ နမုယှတိ။
မောဟံ ဝိဟန္တိ သော သဗ္ဗံ၊ အာဒိစ္စောဝုဒယံ တမံ။ (ဣတိဝုတ္တကပါဠိ-၁၅၃)။

ယောစ၊ အကြင်သူသည်လည်း၊ မောဟံ၊ တွေဝေမိုက်မှား မောဟတရားကို။ ပဟန္တွာန၊ မချွင်းမချန်, အမှန်တကယ်, ပယ်လေသောကြောင့်။ မောဟနေယျေ၊ တွေဝေဘွယ်အစုံ, ရူပါရုံစသား, အာရုံများ၌။ နမုယှတိ သမ္မောဇ်တရား၊ ဉာဏ်ယှဉ်ထားသဖြင့်, မိုက်မှားယွင်းသွေ, မတွေ

ဝေတော့ချေ။ ဥဒယ်၊ ဥဂ္ဂစ္ဆန္တော၊ ဥဒည်တောင်စွန်း, အရှေ့ကျွန်းမှ, ပေါ်ထွန်းလာသော။ အာဒိစ္စော၊ ရောင်ခြည်တထောင်, အလင်းဆောင်သည့်, အမှောင်ပယ်ခွင်း, ရှင်နေမင်းသည်။ တမံအန္ဓကာရံ၊ လင်းရောင်မကြိုက်, အမိုက်တိုက်ကို။ ဝိဟန္တ္ဝာ ဝိဓမတိက္ကဝ၊ မညှာမသောက်, ဘယာပျောက်အောင်, ပယ်ဖျောက်လေသကဲ့သို့။ ဝေံ၊ ဤနည်းမခြား, အလားတူစွာ။ သောအရိယပုဂ္ဂလော၊ သစ္စာမြင်ငြား, ဘုရားသားခေါ်ဆို, ထိုပုဂ္ဂိုလ်သည်။ သဗ္ဗံအနဝသေသံ၊ ကြွင်းမဲ့ဥဿုံ, အလုံးစုံသော။ မောဟံ၊ တွေဝေမိုက်မှား, မောဟတရားကို။ မဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်သာလျှင်။ ဝိဓတိ၊ အကြွင်းမဲ့ပယ်ရှားနိုင်သတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

မောဟတရား မပယ်ရှားနိုင်သဖြင့် သံသရာတခွင် ကျင်လည်ရလျှင် ကျွဲ, နွား, ခွေး, ဝက်, ကြက်, ငှက်စသော တိရစ္ဆာန်ဘဝသို့ ရောက်ရှိတတ်တယ်။ တိရစ္ဆာန်ဘဝသို့ ရောက်ကြရခြင်းသည် မောဟတရားရဲ့ လက်ချက်-ဟု စွဲမြဲစွာ မှတ်သားကြရမယ်တဲ့။

သံသရာခရီးသွား သတ္တဝါများသည် များသောအားဖြင့် တွေဝေမိုက်မှား မောဟတရားကြောင့်သာလျှင် အမြဲတစေ လွန်စွာတွေဝေပြီး အိပ်မှု, စားမှု, ကာမဂုဏ်ခံစား, ပျော်ပါးမှုဆိုတဲ့ တရားသုံးပါး ဖုံးလွှမ်းထားခြင်းခံရသောသူသည် မိုးကိုကျောခိုင်း, ယိုင်းစိုင်းဖိလာ, သွားလာရရှာသော ကျွဲ, နွား, ခွေး, ဝက်, ကြက်, ငှက်စသော တိရစ္ဆာန်တို့၏ နေရာဘုံဘဝကို ဧကန်မုချ ရောက်ကြရ,ဖြစ်ကြရတယ်တဲ့။

မောဟတရားကြောင့် တိရစ္ဆာန်ဘုံမှာ ဖြစ်ကြရတယ်ဆိုတော့-မောဟတရားမရှိလျှင်။ ဝါ၊ အမောဟတရား ဖြစ်ပွားခဲ့လျှင်တော့ တိရစ္ဆာန်ဘုံသို့ မရောက်နိုင်ဘော့ဘူးဆိုဘာလဲ အပြန်အားဖြင့် ထင်ရှားစွာ သိနိုင်တယ်နော် (ဒကာကြီး ဦးစိန်)။ မိန်းမနှင့်ယောက်တလမ်းတည်းအတူ လျှောက်ကာသွားနေစဉ် "ရှေ့က မိန်းကလေးက ချောမောလှပတယ်"ဟု.ဆိုလျှင် နောက်က မိန်းကလေးကတော့ မလှဘူးလို့ မဆိုသော်လဲ ဆိုဘိသကဲ့သို့ အလိုလိုပြီးတဲ့ အဝုတ္တသိဒ္ဓိ နည်းတဲ့။ (ဒကာကြီး ဦးစိန်ရဲ့)။ ဒီအကြောင်းကို ထင်ရှားအောင် အဋ္ဌကထာ ဆရာကြီးက-

**အမောဟေန** တိရစ္ဆာန ယောနိယံ နိဗ္ဗတ္တိ နဟောတိ။
မောဟဿ ပဋိပက္ခာဝ **အမောဟော**။ (အဘိဓမ္မဋ္ဌ-ပ-၁၇၂)။
ဟု သေချာစွာ ဖွင့်ပြထားပါသေးတယ်။

အမောဟေန၊ တွေဝေမရှိ, အသိမှန်ငြား, အမောဟတရားဖြင့်။ ဝါ-အမောတရားကြောင့်။ တိရစ္ဆာနယောနိယံ၊ မိုးကိုကျောခိုင်း, ရိုင်းစိုင်းသွားတတ်, အမြတ်အကြံ, တိရစ္ဆာန်မျိုး၌။ ဝါ၊ တိရစ္ဆာန်ဘုံ၌။ နိဗ္ဗတ္တိ၊ ပဋိသန္ဓေ, တည်နေစင်စစ်, ဖြစ်ရခြင်းသည်။ နဟောတိ၊ စိတ်သာချတော့။ ဒိဋ္ဌပုံသေ၊ မဖြစ်ပါပေ။ အမောဟော၊ တွေဝေမရှိ, အသိမှန်ငြား, အမော်တရားသည်။ မောဟဿဝ၊ မသိမိုက်မှား, မော့ဟတရား၏လည်း။ ပဋိပက္ခော၊ မမှန်အကြောင်း, ပြောင်းပြန်ဆန့်ကျင်သည်။ ဟောတိ၊ သဘာဝ အတိုင်း, မဆုတ်ဆိုင်းပဲ, ဟုတ်တိုင်းမသွေ, ဖြစ်ရလေတော့သတည်း။

မောဟကင်းစင် အမောဟတရား ယှဉ်နေလျှင် တိရစ္ဆာန်မျိုး တိရစ္ဆာန်ဘုံဘဝ၌ ပဋိသန္ဓေ တည်နေသောအားဖြင့် ဘယ်နည်းနှင့်မှ မဖြစ်ရဘူးတဲ့။ အကြောင်းကတော့ အမောဟတရားဆိုတာ မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ပါပဲတဲ့။ တိရစ္ဆာန်မျိုး တိရစ္ဆာန်ဘဝသို့ ပို့ဆောင်တတ်

တာက မောဟတရား တွေဝေမိုက်မှားမှုပဲ မဟုတ်ပါလား (ဒကာကြီး ဦးစိန်ရှဲ)။ ယခု မောဟ၏ ဆန့်ကျင်ဘက်ဖြစ်တဲ့ တွေဝေမှုကင်း အသိဉာဏ်ရှင်းခြင်းဆိုတဲ့ အမောဟတရား ဖြစ်ပွားနေတော့ အဘယ်မှာ တိရစ္ဆာန်ဘဝသို့ ရောက်နိုင်ပါတော့မလဲ။ ကဲကဲ- ဒီနေရာကလေးမှာလဲ စွဲသွားအောင် ဒီလင်္ကာလေးတွေကိုဘဲ မှတ်ထားကြရပေလိမ့်မယ်နော်။

ဆောင်ပုဒ်။ ၁။ မောဟာနှင့်သေ၊ တိရစ္ဆာန်ပြေ၊ ရောက်လေမှန်မလွဲ၊
၂။ မောဟကင်းပ၊ တိရစ္ဆာန်ဘဝ၊ မုချကင်းလွတ်မြဲ။
၃။ တိရစ္ဆာန်ဘဝ၊ လွတ်လိုက၊ မောဟကင်းအောင်ခဲ။

တွေဝေမှု မောဟာဘရားနှင့်သာ သေသွားကြလျှင်တော့ ကျွဲ, နွား, ကြက်, ဝက် စသော တိရစ္ဆာန်ဘဝသို့ ရောက်ရမည်မှာ မလွဲပါဘူးတဲ့။ မောဟတရား ကင်းကြမှသာလျှင် တိရစ္ဆာန် ဘဝကလဲ ကင်းလွတ်ကြရလိမ့်မယ်။ ဒါ့ကြောင့် တိရစ္ဆာန်ဘဝ ဖြစ်ရခြင်းမှ ကင်းလွတ်လိုကြလျှင် မောဟတရားကင်းအောင် ကြိုးစားကြရလိမ့်မယ်လို့ ဆိုလိုတယ်။ သေသောအခါ တွေဝေစွာ သေရ ခြင်းသည်လည်း မောဟတရား ဖုံးလွှမ်းထားလို့ဘဲတဲ့။

အမောဟေန မရဏ ဒုက္ခံ နဟောတိ။ သမ္မောဟ မရဏဉ္စိဒုက္ခံ၊ နစေတံ အမုဠှဿဟောတိ။
(အဘိဓမ္မဋ္ဌ-မ)။

အမောဟေန၊ အမောဟဖြင့်။ မရဏဒုက္ခံ၊ သေခြင်း ဆင်းရဲသည်။ နဟောတိ၊ မဖြစ်။ ဟိသစ္စံ၊ မှန်၏။ သမ္မောဟမရဏံ၊ တွေဝေသဖြင့် သေရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ စေတံ၊ ဤတွေဝေ သဖြင့် သေရခြင်း ဆင်းရဲသည်။ အမုဠှဿ၊ တွေဝေမှုမရှိသော်သူအား။ နဟောတိ၊ မဖြစ်ပေ။

နောက်ပြီးတော့လဲ အမောဟတရားဆိုတာ အသက်ရှည်ခြင်း၏ အကြောင်းဖြစ်တယ်တဲ့။ အမောဟသည် အသက်ရှည်ခြင်း၏ အကြောင်းဖြစ်တယ် ဆိုပြန်တော့လဲ မောဟတရားသည် အသက် တိုခြင်း၏ အကြောင်းဖြစ်တယ်ဆိုတာလဲ မပြောဘဲနှင့် သိကြရမည့် အဝုတ္တသိဒ္ဓိနည်းဘဲတဲ့။

ဆောင်ပုဒ်။ ၁။ မောဟကြီးက၊ သက်တိုရ၊ မုချဖြစ်လေသည်။
၂။ မောဟနည်းက၊ သက်ရှည်ရ၊ မုချဖြစ်လေသည်။

နောက်ပြီးတော့ မောဟတရား ဖုံးလွှမ်းထားလျှင် မိမိ၏ပြည့်စုံမှုကို ချို့ယွင်း ပျက်စီးစေ တတ်တယ်။ တွေဝေမှု မောဟတရား နည်းပါးလျှင်တော့ မိမိ၏ ပြည့်စုံခြင်း၏ ကောင်းသော အကြောင်း အထောက်အပံ့ ဖြစ်တတ်ပေသည်။

အမောဟော အတ္တသမ္ပတ္တိယာ ပစ္စယော ဟောတိ။ အမုဠှော ဟိ အတ္တနော ဟိတမေဝ ကရောန္တော အတ္တာနံ သမ္ပာဒေတိ။ (အဘိ-ဋ္ဌ-ပ)။

အမောဟော၊ တွေဝေမှုနည်းပါး အမောဟတရားသည်။ အတ္တသမ္ပတ္တိယာ၊ မိမိ၏ ပြည့်စုံ ခြင်း၏။ ပစ္စယော၊ အကြောင်း အထောက်အပံ့သည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်ပေ၏။ ဟိသစ္စံ၊ အမှန်မှုအား။ အမုဠှော၊ တွေဝေ မောဟ ကင်းပသူသည်။ အတ္တနော၊ မိမိ၏။ ဟိတမေဝ၊ ကောင်းစွာ

ကြီးပွား အစီးအပွားကိုသာလျှင်။ ကရောန္တော၊ လုံ့လကြိုးကုတ် အားထုတ်ပြုစုသည်။ ဟုတ္တာ၊ ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ သမ္မာဒေတိ၊ သမ္မာဆန္ဒ မှန်သမျှတို့ မုချပုံသေ ပြည့်စုံပေသတည်း။

အမောဟတရားကတော့ မိမိ၏ပြည့်စုံခြင်းအကြောင်း ကောင်းစွာဖြစ်လေသတဲ့။ အကြောင်းမှာ တွေဝေမှု မောဟတရား မရှိသောသူသည် မိမိ၏ အကျိုးတရား စီးပွားချမ်းသာကိုသာလျှင် ရှက်ဆောင်ပြုလုပ်တတ်သည်ဖြစ်၍ မိမိကိုယ်ကို လိုအင်ဆန္ဒ မှန်သမျှတို့ မုချပုံသေ ပြီးပြည့်စုံပေတတ်ပေသည်။ အမောဟကို ပြဆိုသဖြင့် မောဟကိုတော့ ဆန့်ကျင်ဘက်အဓိပ္ပာယ် ပြန်ယူရပေမပေါ့။ တွေဝေမှု လောဘတဆုံးသည် မိမိ၏ အကျိုးစီးပွား ပျက်ပြားစေတတ်သည်။ တွေဝေသောသူသည် မိမိ၏ အကျိုးမဲ့ကိုသာ ဆောင်ရွက်တတ်သည်ဖြစ်၍ မိမိ၏ ပြည့်စုံမှုကို ပျက်စီးစေတတ်ပေသည်ဟု မှတ်သားရပေမည်တဲ့ (ဒကာကြီး ဦးစိန်ရဲ့)။ မိမိ၏အကျိုး အမျိုးမျိုးကို ပြီးမြောက် အောင်မြင်စေလိုသော သူသည် တွေဝေခြင်း မောဟတရားကို ပယ်ရှား၍ အမောဟတရား ဖြစ်ပွားအောင် ကျိုးစား၍ ရှက်ဆောင်အားထုတ်ကြပေလိမ့်မယ်နော်။ မောဟ, အမောဟ သဘာဝကို စုံလင်စွာ ဟောပြရဦးမယ်။ ကဲ-ကဲ နားဆောင်ကြဦး။

**အမောဟေန** အနုတ္တဒဿနံ **ဟောတိ**။
အမုဠှော ဟိ ယာထာဝ ဂဟကုသလော၊ **အပရိဏာယက်**
ခန္ဓပဉ္စကံ အပရိဏာယကတော ဗုဇ္ဈတိ။ (အဘိဓမ္မ ဋ္ဌကထာ-ပ-၁၇၃)။

အမောဟေန၊ တွေဝေမှုကင်းငြား အမောဟတရားဖြင့်။ အနတ္တဒဿနံ၊ အစိုးမရသဘာဝကို မုချစေ့ငု ရှုမြင်ခြင်းသည်။ ဟောတိ၊ အမုချပုံသေ ဖြစ်ရလေ၏။ ဟိသစ္စံ၊ ထိုစကားသည် ထင်ရှားကေန် မှန်လှပေ၏။ မုဠှော၊ တွေဝေမှုမောဟ ကင်းပသောသူသည်။ ယာထာဝဂဟဏကုသလော၊ မဖောက်မပြန် ဟုတ်မှန်တိုင်းသော သဘောကို ယူခြင်း၌ လိမ္မာသည်ဖြစ်၍။ အပရိဏာယကံ၊ အကြီးအကဲ အစိုးရသူမရှိသော။ ခန္ဓပဉ္စကံ၊ ခန္ဓာငါးပါး နာမ်ရုပ်တရားကို။ အပရိဏာယကတော၊ အကြီးအကဲ အစိုးရသူမရှိသော အဖြစ်ဖြင့်။ ဗုဇ္ဈတိ၊ ဝိယာတိမ့်စောင်း မရှိကောင်းသဖြင့် အကြောင်းပိုင်ပိုင် သိမြင်နိုင်လေသတည်း။

အမောဟတရားဖြင့် ရုပ်နာမ်နှစ်ဖြာ ခန္ဓာပဉ္စကတို့၌ အစိုးမရသည် အဖြစ်ကို ကောင်းစွာ ပိုင်ပိုင် ရှုမြင်နိုင်ပေသည်တဲ့။ အကြောင်းမှန်မူကား– တွေဝေမှု မောဟတရား ပယ်ရှားပြီး သူသည် မဖောက်မပြန် ဟုတ်တိုင်းမှန်သော သဘောတရားကို ယူခြင်း၌ သိမြင် လိမ္မာသည်ဖြစ်၍ အုပ်ထိန်းကြီးကဲ အစိုးရသူ မရှိသော ခန္ဓာ ငါး၀ ရုပ်နာမ်ဓမ္မတို့ကို အကြီးအကဲ အစိုးရသူ မရှိသော အဖြစ်ဖြင့် ကောင်းစွာ သိရှိနိုင်သောကြောင့်ပင် ဖြစ်ပေတယ်။ ဤသို့ဖြစ်၍ မောဟတရားဏတော့ အနတ္တလက္ခဏာကို မရှုမြင်နိုင်ဘူး။ အကြီးအကဲမရှိသော ခန္ဓာငါးပါး နာမ်ရုပ်တရားကိုလဲ အကြီးအကဲ မရှိသော အဖြစ်ဖြင့်လဲ စင်စစ် မသိနိုင်ဘူးဆိုတာ အမှန်အားဖြင့် မှတ်သားကြရပေလိမ့်မယ် (ဒကာကြီး ဦးစိန်)။

ယခုပြောခဲ့တဲ့ စကားရပ်ကို ကောင်းမွန်စွာ မှတ်သားနိုင်အောင်လဲ ဒီလင်္ကာများကို မှတ်သားဆောင်ထားကြရပေလိမ့်မယ်။

ဆောင်ပုဒ်။ ၁။ ရုပ်နမ်နှစ်ဖြာ- ခန္ဓာငါး၀၊ ဟူသမျှ၊ စိုးရမရှိပြီ။
၂။ အနတ္တသဘာ၀၊ ရှုမြင်က၊ မောဟ ကင်းနိုင်သည်။
၃။ မောဟကင်းပြန်၊ အသိဉာဏ်၊ အမှန်ရတော့သည်။
၄။ သံသာဒုက္ခ၊ ဟူသမျှ၊ မုချကင်းလွတ်ပြီ။

ကဲ–ဒကာကြီးဦးစိန်တို့ ဦးရှိန်,ဦးချိန်,ဦးဟိန်တို့နှင့် အားလုံးသော တရားနာပရိသတ်မျာ်းပါ မောဟ,အမောဟ တရားနှစ်ပါးရဲ့ အကျိုးအပြစ်တို့ကို တော်တော်ကလေး မှတ်သားမိလောက်ကြပေပြီနော်။ တွေဝေမှု မောဟတရားကို ပယ်ဖျောက်နိုင်မှ တွေဝေမှု ကင်းခြင်း, အမောဟ ဖြစ်တယ်ဆိုတာကိုလဲ မှတ်သားမိလောက်ကြပေပြီ။ မောဟ, အမောဟနှင့် ပတ်သက်ပြီး ဟောလာခဲ့တာ အချိန်တော်ဘော် ကြာသွားပြီဖြစ်၍ ယခုတရားပွဲ ပြီးခါနီးမှာ အကျဉ်းချုပ် မှတ်သားကြရန်ကတော့–တွေဝေမှု မောဟတရားကို ပယ်ရှားခြင်း အကျိုးငှာ အလုံးစုံ များစွာ သတ္တဝါ သင်္ခါရတို့အပေါ်၌(ဝါ)ရုပ်နာမ် သင်္ခါရတို့အပေါ်၌ အနှစ်သာရ ဘာမျှမရှိခြင်း အနတ္တသဘောတရားကိုငင်း, ထိုမှတပါး ဝိပဿနာပညာနှင့်တကွ မဂ္ဂပညာတရားကိုငင်း ပွားများ အားထုတ်ကြရပေမည် ဖြစ်ပေတယ်။

သင်္ခါရေသုစ သတ္တေသု၊ အနတ္တာ ပညာစ ဘာဝိတာ။
မောဟဿ သမုဟာနာယ၊ လောကေ တထာ ဟိတေသိနာ။ (ရစနာဂါထာ)။

သာဝေဝါ၊ သုံးလူရှင်တရားမှန်ကို, နာခံကာ, ကျင့်ကြံကြသည့်, ဗုဒ္ဓသားတော်-သမီးတော်အပေါင်း, အိုသူတော်ကောင်းတို့။ လောကေ၊ ကောင်းဆိုးအာရုံ, တကယ်ဆုံသည့်, စုပုံပေါလှ, လောကကြီး၌။ ဟိတေသိနာ၊ ပစ္စုပ္ပန်မှာလဲချမ်းသာ, သံသရာမှာလဲ အကျိုးများ, ကောင်းမြတ်သော, အစီးအပွားကို, ရှာတတ်လေငြား, အမျိုးကောင်း သား,သမီးသည်။ မောဟဿ၊ တွေဝေမိုက်မှား, မောဟတရားကို။ သမုဟာနာယ၊ တရားသမ္ဗဇဉ်, မြဲစွာယှဉ်လျက်, အစဉ်မမှား, ကောင်းစွာ ပယ်ရှားနိုင်ခြင်းငှါ။ သင်္ခါရေသုစ၊ အသုံးအဆောင်, များမြောင်စွာလှ, သင်္ခါရတို့၌ငင်း။ သတ္တေသုစ၊ သံသရာခရီးသွား များပြားလှစွာ, သတ္တဝါတို့၌ငင်း။အနတ္တာစ၊ အနှစ်မဲ့ငြား, သဘောသွားကို, ပိုင်းခြားထင်စွာ, အနတ္တလက္ခဏာကိုငင်း။ တထာ၊ ထိုမှတပါး။ ပညာစ၊ ဝိပဿနာဉာဏ် ပညာနှင့် တကွဖြစ်လာမဂ်ဉာဏ်ကိုငင်း။ ဘာဝိတာ၊ မိမိနှောက်ခနှောင်း, အစဉ်ကောင်းအောင်, ကျိုးကြောင်းဆင်ခြင်, ရှုမြင်ပွားများအပ်လေတော့သတည်း။

ဆောင်ပုဒ်။ မောဟတရား—ပယ်ရှားဘို့ရာ၊ သတ္တဝါသင်္ခါရ- များလှပေါ်မှာ။
အနှစ်မဲ့ဟု—ပွားရှုပညာ၊ ယောဂီမြတ်-ရှုအပ်အစဉ်သာ။

(အဘိဓမ္မာတပ်၍ တရားအဆုံးသတ်ရန်)

❁ ❁ ❁

# က–လေးလုံးတရားတော်

လောကမှိ ဗဟဝေါ သတ္တာ၊ယေဘုယျေနာဘိဝုဍ္ဍိယာ။
နိဿယံဝ ဂဝေသန္တိ၊သကထာမံ ဝိဝဇ္ဇိတာ။ (ရစနာ)။

လောကမှိ၊ဖြစ်တတ် ပျက်တတ်, နှစ်ရပ်ဖွဲ့ဆုံ, မြဲကြုံနေရ, ဤလောက၌။ ဗဟဝေါ၊ ကြီးကြီး ငယ်ငယ်, ရွယ်ရွယ်လတ်လတ်, သတ်မှတ်ပိုင်းခြား, များပြားလှကုန်သော။ သတ္တာ၊ လူရောနတ်ပါ,ဖြဟ္မာမကြွင်း, ခပင်းများစွာ, သတ္တဝါတို့သည်။ ယေဘုယျေန၊အမြန်စိတ်စော, သဘောရင်းထား, များသောအားဖြင့်။အတ္တာနံ၊ မိမိတို့၏။ အဘိဝုဍ္ဍိယာ၊ လောကီစည်းစိမ်, ဂုဏ်သိရ်ပြည့်တင်း, လွန်စွာကြီးပွားခြင်းငှာ။ သကထာမံ၊ ရှေ့ကုသိုလ်ကံ, အကြောင်းဖန်၍, အမှန်ဖြစ်ပြား, မိမိ၏စွမ်းအားကို။ ဝိဝဇ္ဇိတာ၊ အရေးဘယူ, လေးမမူဘဲ, တွေးယူမှောက်မှား, စွန့်ပယ်ထား၍။ နိဿယံဝ၊ မှီရာကိုသာလျှင်။ ဝါ၊ နတ်ကိုးကာတမျိုး, ဘိုးဘိုးတဖြာ, ဗိုလ်ပါ - ဝန်ကြီး, အသီးသီးများစွာ, မှီခိုရာကိုသာလျှင်။ ဂဝေသန္တိ၊ လုံ့လအားသီး, ရှာမှီးကြလေကုန်၏။ ဝါ၊ ဂဝေသန္တိ၊ ကူညီနိုင်ရိုး, ရည်မြှော်ကိုးလျက်, မြတ်နိုးညွတ်ခ, ရှာမှီးကြလေကုန်သတည်း။

(ဒကာကြီး ဦးစိန်) လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှသည် မိမိတို့ကိုယ်ကို မိမိတို့ ကြီးပွားလိုကြတာချည်းဘဲနော်။ဒါ့ကြောင့်မို့ ယနေ့တရားပွဲမှာတော့"ကိုယ့်ကို ကိုယ်ကိုး"ဆိုတဲ့ က—လေးလုံးတရားကို အသိဉာဏ်အမြင် ရှင်းတဲ့အောင် ရှင်းလင်း ဟောကြားရ ပေလိမ့်မယ်။ အာရုံတပါး စိတ်မသွားစေဘဲ သဒ္ဓါတရား များများထားပြီး နားစိုက် ထောင်ပြီး၍ နာယူမှတ်သားကြပေတော့။ ခေတ်အားလျော်စွာ ပေါ့နော်။ ဒီခေတ်က မှတ်လို့လဲလွယ် , ခေါ်လို့လဲကောင်းအောင် စကားလုံးတွေကို အတိုချုံးပြီး သုံးစွဲလေ့ ရှိတယ်မဟုတ်လား။ လလသသတို့,ကလသဖတို့, ရလသဖတို့, လလသဖတို့,ပပကတို့- စသည်ပေါ့။ထိုနည်းရင်းပင် ဦးပဍ္ဍင်းတို့ ယနေ့ဟောကြားမဲ့ တရားကိုလဲ တရားနာလာကြတဲ့ ဒကာ ဒကာမ များ လွယ်ကူစွာမှတ်သားနိုင်အောင် ခေတ်နှင့်လျော်ညီစွာ အမည်ပေးလိုက်ပါမယ်၊ ယနေ့ဟောမဲ့တရားက "က-က-က-က"တရားတော်တဲ့။ က—လေးလုံးတရားတော်- လို့ဆိုလိုတာပေါ့နော်။

လုဇ္ဇတီတိ ပလုဇ္ဇတီတိ လောကော။ လုဇ္ဇတိ၊ ပျက်တတ်၏။ ပလုဇ္ဇတိ၊ အများအားဖြင့်ပျက်တတ်၏။ ဝါ၊ အချက်ကြီးပျက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ လောကော၊လောကမည်၏-တဲ့။

ဒီလောကဆိုတာ အပျက်ကလေး, အပျက်ကြီး အမြဲတန်း အသီးသီး ပျက်စီး၍ နေတဲ့ သဘောရှိတယ်။ တနည်းအားဖြင့်တော့ ဖြစ်လာတဲ့အရာမှန်သမျှသည် တရွေ့ရွေ့ ပျက်စီး၍နေသောကြောင့်။ ဝါ၊ ဖြစ်တတ် ပျက်တတ်သော သဘောရှိသောကြောင့် လောက–လို့ ခေါ်ဆိုရခြင်းဖြစ်တယ်နော်။ လောကဆိုတာ တရွေ့ရွေ့ ပျက်ပြားနေတာကို ခေါ်တာတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

ဒီလောကကြီးအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ပုပ္ပုရွရွ များပြားလှစွာ လူနတ်ဗြဟ္မာစသောသတ္တဝါတို့သည် များသောအားဖြင့် မိမိတို့၏ ကြီးပွားခြင်း ချမ်းသာခြင်းကို အသီးသီး

အလို ရှိတာချည်းဘဲနော်။ မိမိကိုယ်ကို မကြီးပွားလိုသော သတ္တဝါဆိုတာကတော့ လွန်စွာရှားပါ လိမ့်မယ်၊ ရှိခဲ့လျှင်လဲအနိမ့်ဆုံးသော သတ္တဝါမျိုးလို့ မှတ်သားရပေမပေါ့။ ထိုကဲ့သို့ ကြီးပွားလို့၊ ချမ်းသာလိုသော သူတို့သည် မိမိတို့၏ ကာယစွမ်းအား, ဉာဏစွမ်းအားခေါ်တဲ့ ကိုယ်အား, ဉာဏ် အားကို အသုံးမပြုကြဲဘဲ အလွယ်လမ်းလိုက်ကာ ကြီးပွားလိုလှသဖြင့် အားကိုးရာကို ရှာကြတာ ဓမ္မတာပင် ဖြစ်နေပြီနော်- လူသားတွေအနေဖြင့်ဆိုလျှင် နတ်ကိုလဲအားကိုးရ၊ စိဇ္ဇာဇော်ဂျီ, တပသီတို့ ကိုလဲ အားကိုးရ၊ ဘိုးဘိုးတွေကိုလဲ အားကိုးရှာရ နောက်ပြီးတော့ အရာရှိအရာခံများ စစ်ဗိုလ်, ဝန်ကြီးအသီးသီးတို့ကိုလဲ အားကိုးမှု ရှာမှီးကြရနဲ့ အားကိုးဘွယ်ကို ရှာနေကြရတာနှင့်ပဲ မောနေ ကြရတော့တာဘဲ။

ရုပ်သေးပွဲများမှာ ထွက်လေ့ကပြလေ့ရှိတဲ့ ဇော်ဂျီရုပ်လို ဖြစ်နေကြပြီပေါ့နော်။ ရုပ်သေးပွဲ မှာ ဇော်ဂျီထွက်လာလျှင် တောင်ဝှေးကိုထောက်၍ တောင့်မြောက် ရှုမြော်ကြည့်ပြီးလျှင် "တောင် ဝှေးကို ထောက်ပါလို့ တောင်မြောက်မြော်–တောင်မြောက်မြော်" လို့ ဆိုတယ် မဟုတ်လား။ ဒါ့ ကြောင့်မို့ လူတွေလဲ ဇော်ဂျီလို ဖြစ်နေပြီး တောင့်မြောက် မြော်နေရတာနှင့်ဘဲ အချိန်ကုန်ကြရ တော့တာဘဲကိုး။

လူတွေသာ ဒီလို အားကိုးရာ,မှီခိုရာကို ရှာကြတာ မဟုတ်ဘူး၊ နတ်တွေလဲ အဆင့်ဆင့် မိမိ တို့ထက် တန်ခိုးဣဒ္ဓိပါဒ်ကြီးတဲ့ နတ်တွေကို အားကိုးမှုပြုကြရရှာတာဘဲတဲ့၊ ဗြဟ္မာတွေလဲ ထိုနည်း ၎င်းပါဘဲ၊ မိမိတို့ကို မဟာဗြဟ္မာကြီးက မွေးဖွားထားခြင်း ဖြစ်တယ်၊ အလုံးစုံသော တော,တောင် ရေ,မြေ အထွေထွေတို့ကိုလဲ မဟာဗြဟ္မာကြီးက ဖန်ဆင်းထားခြင်း ဖြစ်တယ်-လို့ ယူဆကြတယ်တဲ့။ မဟာဗြဟ္မာကြီးကိုဘဲ အားကိုးသမှု ပြုနေကြရတာပေါ့။ အထက်ဘုံမှ ဗြဟ္မာတွေပင် မိမိတို့ထက် တန်ခိုးကြီးမားသော မဟာဗြဟ္မာကြီးကို အားကိုး မှီခိုမှု ပြုနေကြရသေးတယ်ဆိုတော့ လူတွေ, နတ် တွေ၊ ထိုမှ တပါးသော သတ္တဝါတွေအားလုံးမှာဆိုလျှင် ပြောဘွယ်ရာပင် မရှိတော့ဘူး-လို့ ဆိုရ ပေလိမ့်မယ်။

**ဆောင်ပုဒ်။** လောကီနယ်သား-များပြားသတ္တဝါ၊ တိုးတက်ကြီးပွား-လိုလားလျက်သာ။
မှီရာကိုပဲ-ရှာမြဲရှာကာ၊ ကိုယ့်စွမ်းအား-စွန့်ထားကြပေတာ။

လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့သည် မိမိတို့၏ တိုးတက်ကြီးပွားရေးအတွက် များသောအားဖြင့် ကိုယ်ပိုင်စွမ်းအားများကို ပစ်ပယ်ထားကာ မှီရာကိုသာ ရှာမှီးတတ်ကြပေတယ်တဲ့။များသောအားဖြင့် ပြောရတာနော်၊ အနည်းငယ်မျှတော့လဲ မိမိတို့ ကိုယ်ပိုင်စွမ်းအားကို အားထားတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိပေမယ်ပေါ့။ ဒီလို သူတပါးကို အားကိုး မှီခိုခြင်း, လက်ဝေခံယူခြင်းဆိုတာ လောကီနယ်,လောကီ စည်းစိမ်မျိုး အဇနေနှင့်တော့ ရရှိနိုင်သလောက် ရရှိပေလိမ့်မယ်။ ဒါပေမဲ့ လောကုတ္တရာတရား, လောကုတ္တရာ စည်းစိမ်မျိုးကျတော့ ဒီလို တဆင့်ပေးကမ်းလို့မရတော့ လက်ဝေခံယူလို့ မရနိုင်တော့ ဘူး၊ သူတပါးကိုချည်း အားကိုးလို့ မရနိုင်တော့ဘူး။ ကိုယ့်ကိုယ်ကို အားကိုးပြီး ကိုယ်ပိုင်စွမ်းအား ဖြင့် ကိုယ်တိုင်ကြိုးစားမှသာလျှင် ရရှိနိုင်ပေတယ်။

သုံးလူထွဋ်ထား တရားသခင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားပင်လျှင် ညီတော် အရင်းဖြစ်တဲ့ ရှင်နန္ဒ, သားတော်ရင်းဖြစ်တဲ့ ရှင်ရာဟုလာတို့ကို မိမိရရှိထားတဲ့ လောကုတ္တရာတရားကို လက်ဆင့်

ကမ်းအနေဖြင့် ပေးကမ်းလို့ ရတော်မမူသဖြင့် နည်းညွှန်လမ်းပြ ကိုယ်တိုင် ကျင့်ကြံစေတော်မူတာယ် မဟုတ်လား။ ကိုယ်တိုင် ကျင့်ကြံမှသာလျှင် ကိုယ်ပိုင်ရရှိနိုင်ပေတယ်။ ကိုယ်တိုင်မကျင့်ကြံလျှင် ကိုယ်ပိုင်မရှိနိုင်ဘူး၊ ကိုယ့်ကိုယ်ကိုသာ ကိုယ်အားကိုးပြီး ကြိုးစားရမည်၊ သူတပါးကို အားကိုး၍ မရနိုင်-ဆိုတဲ့သဘောကို ကောင်းစွာ သိမြင်စေတော်မူခဲ့ခြင်း ဖြစ်တယ်။ လောကီနယ်သုံး ရွှေ၊ငွေ၊ရတနာ၊ စည်းစိမ်ဥစ္စာ ဆိုတာက ရုပ်ဝတ္ထုပစ္စည်းများဖြစ်၍ ကိုင်တွယ် သုံးသပ်လို့လဲ ရရှိတယ်၊ သို့ဖြစ်၍ပင် တဦးလက်၌ရှိသော ဝတ္ထုပစ္စည်းကို တဦးလက်သို့ ကူးပြောင်းပေး၍ ရရှိနိုင်ခြင်း ဖြစ်ပေတယ်-နော်။

မိဘ ဆွေမျိုးများ၊အကြီးအကဲများက ချီးမြှောက် ပေးကမ်းသဖြင့် ရရှိသော ပစ္စည်းဥစ္စာ ရတနာရှိသော သူသည်လည်း များသောအားဖြင့် မိမိကိုယ်တိုင် ချွေးခြေကျအောင် လုပ်ကိုင်၍ ရရှိသော ပစ္စည်းများလောက် ရိုသေလေးစားမှု မပြုတတ်ကြဘူးတဲ့၊ မိမိကိုယ်တိုင်လုပ်ကိုင်၍ ရရှိသော ပစ္စည်းမဟုတ်သဖြင့် တန်ဘိုးကို မသိကြဘူး-လို့ ဆိုရမယ်ပေါ့။ မိမိကိုယ်တိုင် လုပ်ကိုင် ရှာဖွေ စုဆောင်းထားတဲ့ ပစ္စည်းများ ဖြစ်ကြတော့ လုပ်ကိုင်ရှာဖွေရမှု၊ စုဆောင်း သိမ်းဆည်းရမှုတို့ မလွယ်ကူသောအဖြစ်ကို ကိုယ်တိုင် သိရှိရပြီးဖြစ်၍ ထိုပစ္စည်းများကိုမှ လေးလေးစားစား မြတ်နိုးမှု၊နှစ်သက်မှု ရှိတတ်ကြပေတယ်။

လောကမျက်မြင်မှာလဲ အလွန်ပင် ထင်ရှားပါတယ်၊ အချို့သောသူများဟာ မိဘအိမ်မှာ နေရစဉ်က မိဘ ရှာဖွေကျွေးမွေးသည်ကို စားသောက်သုံးစွဲယင်း ရွှေ၊ငွေ တန်ဘိုး၊ ပစ္စည်း ဥစ္စာ တန်ဘိုးတို့ကို မသိဘဲ ထင်သလို သုံးဖြုန်းပစ်တတ်ကြသော်လဲ ထိုသူသည် အိမ်ထောင်ရက်သား ကျသွားပြီး မိမိကိုယ်ပိုင် အိုးနှင့်အိမ်နှင့်နေပြီ ဆိုတဲ့အခါကျတော့ စီးပွားဥစ္စာကို ကိုယ်တိုင်ရှာကြံရတာဖြစ်တဲ့အတွက် တန်ဘိုးကို သိရှိလာဘာသဲ၊ စုဘဘ်၊သောင်းဘဘ် ဖြစ်လာတယ်။ ရှေ့ရေး၊နောက်ရေး မြှော်တွေးတတ်လာတယ်နော်။

အတ္တာဟိ အတ္တနော နာထော၊ ကောဟိနာထော ပရောသိယာ။

အတ္တနာ၀ှိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။ (ဓမ္မပဒပါဠိ)။

အတ္တာဟိအတ္တာဧဝ၊ ဤလောကတွင်၊ အချစ်ခင်ဆုံး၊ ဆိုသုံးအပ်စွာ၊ မိမိကိုယ်သည်သာလျှင်။ အတ္တနော၊ ချစ်အပ်လှစွာ၊ မှန်စွာဖြစ်ဘိ၊ မိမိ၏။ နာထော၊ အခိုင်အမြဲ၊ မလွဲမှန်စွာ၊ ထောက်ရာ တည်ရာ၊ ကိုးစားရာသည်။ ဟောတိ၊ မလွဲမသွေ၊ ဖြစ်ပါပေ၏။ ပရော၊ မိမိဖယ်ထား၊ တပါးသော။ ကော၊ အဘယ်သူသည်။ အတ္တနော၊ချစ်အပ်ခင်ရာ၊ မှန်စွာဖြစ်ဘိ၊ မိမိ၏။နာသော၊အားကိုးအားထား၊ ကိုးစားဘွယ်ရာသည်။သိယာ၊ကောန်စင်စစ်၊ဖြစ်နိုင်အံ့နည်း။ အတ္တနာဟိ-အတ္တနာဧဝ၊ ဤလောကတွင်၊ အချစ်ခင်ဆုံး၊ဆိုသုံးအပ်စွာ၊မှန်စွာဖြစ်ဘိ၊မိမိသည်သာလျှင်၊ သုဒန္တေန၊ အကုသိုလ်ရန်ဘေး၊ ကင်းဝေးစေကာ၊ကောင်းစွာ ယဉ်ကျေးသဖြင့်။ ဒုလ္လဘံ၊ ကောင်းစွာပိုင်ပိုင်၊ ရရှိနိုင်၊ ရောက်နိုင်ခဲသော။ နာထံ၊ စိတ်ချအားထား၊ လေးစားလောက်စွာ၊ ကိုးကွယ်ရာကို။ လဘတိ၊ ပိုင်ပိုင်မိမိ၊ ရရှိလေတော့ သတည်း။ (၀၁) လဘတိ-မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာ ကေန်စင်စစ် အမှန်ဖြစ်ပေ သတည်း။

မိမိမှတပါး အဘယ်သို့သော သူမှ မိမိ၏ကိုးကွယ်ရာစင်စစ် မဖြစ်နိုင်ပေဘူး။ အချို့ပုဂ္ဂိုလ်များက မိမိတို့ရဲ့ အမိအဖ၊ ညီအကို၊ မောင်နှမ၊ ဆွေမျိုး မိတ်သင်္ဂဟများကို မိမိတို့အားကိုး အားထားပြုရာ အစစ်လို့ ထင်မှတ်ပြီးနေတတ်ကြတယ်နော်။ အချို့ကတော့လဲ မိမိတို့ရဲ့ ရာထူးဂုဏ်သိန်ကို၊ အချို့က စည်းစိမ်၊ ဥစ္စာ၊ ရတနာတို့ကို မိမိတို့ ကိုးကွယ်ရာအစစ် ဖြစ်တယ်လို့ ထင်မှတ်နေတတ်ကြတယ်တဲ့။ ၎င်းတို့ အားလုံးဟာ တကယ့် ကိုးကွယ်ရာစစ်စစ် ဖြစ်ကြတာ မဟုတ်ဘူး။ အပယိက ကိုးကွယ်ရာ၊ သာမညမျှသာ ဖြစ်ပေတယ်။ ဒိတ္ထဘဝ၊ ဒိတ္ထခါအတွက် ယာယီ ကိုးကွယ်အားထားရာမျှသာ ဖြစ်ပေတယ်။

(အဘိဓမ္မာတပ်၍ တရား အဆုံးသတ်ရန်)

❁ ❁ ❁ ❁ ❁

# အောင်ခြင်းရှစ်ပါး တရား

## မာရ်နတ်ကို အောင်မြင်ခြင်း

နာနာဝုဓေဟိ သမ္မန္နံ၊ ဃောရံ မာရံ ဇိနာတိ ယော။
အာဂတံ သဟ သေနာယ၊ ဒါနာဒိနာ ဇိနံ နမေ။

ယောဇိနော၊ ပြိုင်သူမှန်သမျှ၊ ရှုံးကြရသည့်၊ သုံးလောကထွဋ်မှူး၊ ဘုန်းထူးသခင်၊ အကြင်အောင်ပွဲသခင်၊ ဘုရားရှင်သည်။ (၀၁)ဒေဝပုတ္တ၊ ကိလေသနှင့်၊ ခန္ဓမစ္စု၊ အဘိသင်္ခါဟု၊ ငါးခုသောမာရ်၊ တွင်းပြိုင်ရန်ကို၊ တွန်းလှန်ဖြိုခွင်း၊ အောင်ခြင်းသခင်၊ အကြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ နာနာဝုဓေဟိ၊ မြင်မရဲကြ၊ ကြွားရှုံမျှနှင့်၊ အံ့ရမြည်ဟီး၊ ကြက်သီးထဘွယ်၊ သွယ်သွယ်ပြည့်လျှမ်း၊ ထူးဆန်းလှစွာသော လက်နက်အမျိုးမျိုးတို့နှင့်။ သမ္မန္နံ၊ ကောင်းစွာကုံလုံ၊ ပြည့်စုံပေသော။ ဃောရံ၊ ရန်သူဆိုလျှင်၊ အရှင်မသား၊ စိမ်းကားရက်စက်၊ ဖက်ထန်ကြမ်းတမ်းလှပေသော။ သေနာယ၊ ရှေ့နောက်ဝဲယာ၊ ယူဇနာ ဆယ့်နှစ်၊ စစ်စစ်ဖွဲ့လာ၊ များလှစွာသော၊ စစ်သည်ဗိုလ်နှင့်။ (မာရ်နတ်မင်းနောက်မှ စစ်သည်တို့ကမူ စကြာဝဠာတံတိုင်းအထိ ရှိသည်ဟု မိန့်ဆို၏)။ သဟ၊ ညီညာဖျဖျ၊ အတူတကွ။ အာဂတံ၊ အောင်ဗောဓိပင်၊ ပလ္လင်လုရန်၊ ရည်စိတ်ကြံဖြင့်၊ ဝန်းရံသေချာ၊ ရောက်၍လာသော။ မာရံ၊ ဝသဝတ္တိဘုံသား၊ ရမ်းကားဆိုးသီး၊ မာရ်နတ်ကြီးကို။ ဒါနာဒိနာ၊ ဒါနပါရမီ၊ စသည်ဆယ်ပါး၊ ပါရမီတရားဖြင့်။ ဇိနာတိ၊ ဒုတ်၊ဓား မဆောင်၊ မျက်မှောင်မကြုတ်၊ မာန်မလုပ်ဘဲ၊ ငြိမ်သက်မြဲဖြင့်၊ မလွဲမတင်၊ အောင်မြင်တော်မူလေ၏။ တံဇိနံ၊ ပြိုင်သူမှန်သမျှ၊ ရှုံးကြရသည်၊ သုံးလောကထွဋ်မှူး၊ ဘုန်းထူးသခင်၊ ထို ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ အောင်မြင်ဘို့ရန်၊ ရည်စိတ်သန်လျက်၊ ကျင့်ကြံပြုလုပ်၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ကိုးပါးဂုဏ်အင်၊ မှန်းမြော်မြင်လျက်၊ ကြည်လင်မြတ်နိုး၊ ဂုဏ်ကိုကိုးကာ၊ ရှိခိုးပါ၏၊ အောင်ပွဲသခင်၊ သုံးလူ့ထိပ်တင် မြတ်စွာဘုရား။

ကဲ—ဒီကနေ့တော့ အောင်ခြင်းရှစ်ပါး မြတ်တရားကို ဟောကြားလိုသဖြင့် မြတ်ဘုန်းရှင်အား ရန်လိုမုန်းထားပြီး တိုက်လားခိုက်လား၊ မိုက်မှားရမ်းကားကာ ပလ္လင်လုရန်၊ စိတ်အကြံဖြင့်၊ ဘုရားရှင်ထံသို့ ချဉ်းကပ် ရောက်လာတဲ့ ပရနိမ္မိတ ဝသဝတ္တိဘုံသား၊ မာရ်နတ်သားကို၊ ဒုတ်၊ဓား မဆောင်၊မျက်မှောင်မပွား၊ပါရမီ မြတ်တရားဖြင့်၊ ကောင်းစွာပိုင်ပိုင်၊အနိုင်ရတော်မူပြား၊ မြတ်ဘုရားကို ဝတ်တွား ရှိခိုးလိုက်ရခြင်း ဖြစ်တယ်။

လောကရေး၊ဓမ္မရေး၊ရာဇအရေးမှာဖြစ်စေ၊ ပစ္စုပ္ပန်ရေး၊သံသရာရေးမှာဖြစ်စေ အောင်မြင်မှုအထွေထွေကို ရယူလိုသော ပုဂ္ဂိုလ် မှန်ပါက သုံးလောက ဘုံခရိုင်တခွင်မှာ ပြိုင်ဘက်ကင်းအောင် အထူးပင် အောင်မြင်တော်မူသော သုံးလောကထွဋ်ထား မြတ်စွာဘုရားကို ကိုးစားယုံကြည်စွာဖြင့် ရိုသေမြတ်နိုး ရှိခိုးပါလျှင် ငါမိတို့လဲ မလွဲမသွေ အောင်မြင်မှုအထွေထွေကို ရရှိနိုင်တယ်·လို့ စွဲမြဲယုံကြည်စွာ မှတ်သားကြရမယ် (ဒကာကြီး ဦးစိန်ရှဲ)။

တရားစမ္မ ဟောညွှန်ပြတဲ့ ဦးပဥ္စင်းနှင့် ယခုတရားတော်ကို နာယူမှတ်သားရန် လာကြတဲ့ ဒါယကာ ဒါယိကာမ ပရိသတ်အပေါင်း သူတော်ကောင်းများလဲ လောကီရေးမှာ ဖြစ်စေ လောကုတ္တရာရေးမှာဖြစ်စေ အောင်မြင်ပြီးမြောက် ခရီးရောက်မှုဆိုတဲ့ ရတနာပန်းကို ဆင်မြန်း လိုကြတာချည်းဘဲ မဟုတ်လား။ သို့အတွက်ကြောင့် ဦးပဥ္စင်းနှင့် တရားတော်နာ ပရိသတ်အားလုံး ပါ မိမိတို့ ရည်ရွယ်ကြသော ကောင်းမြတ်သော အကြံအစည် သမ္မာဆန္ဒ မှန်သမျှ ပြီးမြောက် အောင်မြင်ကြစေရန် အောင်ပွဲသခင် ဘုရားရှင်ကို ပထမဆုံး ကန်တော့ပန်းချီကာ ပဏာမပြုရခြင်း ဖြစ်တယ်နော်။

မြတ်စွာဘုရားကို -၀၊-ရတနာသုံးပါးကို ပထမဆုံး ရိုသေမြတ်နိုး ရှိခိုးပြီးမှ အလုပ်ကိစ္စကို ပြုလုပ်ရွက်ဆောင်လျှင် ဘေးဥပါဒ်အန္တရာယ် အသွယ်သွယ်တို့မှ ကင်းဝေးခြင်း, မိမိတို့ ရည်မှန်း ပြုလုပ်ကြသော အလုပ်ကိစ္စ အကြံအစည်အားလုံး ပြီးမြောက် အောင်မြင်ခြင်းဆိုတဲ့ အကျိုးတရား တို့ကို မုချရရှိနိုင်သတဲ့။

ဒါကြောင့်မို့ မိမိတို့ ပြုလုပ်ဆောင်ရွက်တဲ့ အလုပ်ကိစ္စ အကြံအစည် အောင်မြင်အောင် ပထမဆုံး ဘုရားရှိခိုးပြီးမှ ပြုလုပ်သင့်တယ်-ဆိုတဲ့အကြောင်းကို ကောင်းကောင်းကြီး သတိချပ်ပြီး မှတ်သားကြရမယ် (ဒကာကြီး ဦးစိန်တို့ ဦးချိန်တို့နော်)။ ကဲ–စွဲစွဲမြဲမြဲ မှတ်မိသွားအောင် ဒီလင်္ကာ ကလေးကို လိုက်ဆိုပြီး မှတ်သားသားကြပေတော့။

**ဆောင်ပုဒ်။** ကိစ္စခပ်သိမ်း-ပြီးငြိမ်းစေလို၊ ဗုဒ္ဓဓမ္မ-သံဃာဂုဏ်ကို။
ဦးနှိမ်ချိုးလို့-ရှိခိုးပါဆို၊ နေ့စဉ်ဘဲ-အမြဲပြုဘို့လို။

ဤကဲ့သို့ သုံးလူထွဋ်ထား မြတ်ဘုရားကို ပထမဆုံး ပဏာမ မင်္ဂလာပြုရခြင်းကြောင့် တရားဟောတဲ့ ဦးပဥ္စင်းတို့လဲ ကြံစည်လုပ်ကိုင် ဆောင်ရွက်သမျှ ပြီးမြောက် အောင်မြင်ရပေမယ်။ တရားနာယူရန် လာကြတဲ့ ဒါယကာ, ဒါယိကာမ ပရိသတ်အပေါင်းတို့မှာလဲ မိမိတို့ ရည်ရွယ်ထား တဲ့ အကြံအစည် အလုပ်အကိုင်များ ကောင်းစွာ ပြီးမြောက် ခရီးရောက် အောင်မြင်ရပေလိမ့်မယ်လို့ မှတ်သားကြရမယ်။ ဦးပဥ္စင်းတို့ အနေဖြင့် သာသနာ့ဝန်ထမ်း ရဟန်းဖြစ်သည့် အားလျော်စွာ သာသနာ့ပြု လုပ်ငန်းကိစ္စ အဝဝကို ဆောင်ရွက်သမျှ ပြီးမြောက်အောင်မြင်သဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ရောင်ဝါထိန်ဝင်း ထွန်းလင်းဘို့ အရေးပင် ဖြစ်တယ်နော်။

ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းများလဲ မိမိတို့ ကြံစည်သမျှ လုပ်ကိုင် ဆောင်ရွက်သမျှ အလုပ်ကိစ္စအားလုံး ပြီးဆုံးအောင်မြင်သဖြင့် စီးပွားဥစ္စာ ကောင်းစွာ ဖြစ်ထွန်း ခြင်းဂုဏ်(၀၊)သဘင်းထွန်းလင်း,ကျော်ဇောခြင်း, ခြွေရံသင်းပင်း ပေါများခြင်းဂုဏ် စသည့်အကျိုး တရားများ ဖြစ်ပွားလာလျှင် ဗုဒ္ဓဘာသာဝင် သူတော်စင်များဖြစ်သည့်အတိုင်း မိမိတို့အမျိုး မိမိတို့ ဘာသာ, မိမိတို့ သာသနာတော်ကြီး တိုးတက်ထွန်းကားဘို့ အရေးပင် မဟုတ်ပါလား(ဒကာကြီး ဦးစိန်ရဲ့)။

ဒါယကာ, ဒါယိကာမများတွင်လဲ သာသနာပြုလိုသော စိတ်ဓာတ်, သာသနာတော် ပြန့်ပွား ထွန်းကားစေလိုသော ဆန္ဒ ရှိကြတဲ့ ပုဂ္ဂိုလ်များကို ဦးပဥ္စင်းတို့ မကြာခဏ တွေ့ရဘူးပါ တယ်၊ အလွန်ပင် ဝမ်းမြောက်ဘို့ ကောင်းပါတယ်။ ကိုယ့်လူမျိုး, ကိုယ့်ဘာသာ, ကိုယ့်သာသနာ

ကို တိုးတက်ပြန့်ပွား ထွန်းကားလာအောင် ရှက်ဆောင်ရမှာလဲ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ မိမိတို့ရဲ့ တာဝန်ပင် မဟုတ်ပါလား။

ဒါကြောင့်မို့ အမျိုး, ဘာသာ, သာသနာ တိုးတက် ထွန်းကားအောင် ကြိုးစားပြီး ရှက်ဆောင်ကြရပေလိမ့်မယ်နော်။ အလုပ်ကိုစ မပြုလုပ်မီ ဘုရားရှိခိုးပြီးမှ ပြုလုပ်လျှင် ဘေးရန် အန္တရာယ် ကင်းရှင်းခြင်း ကြံစည်သမျှ အောင်မြင်ပြီးစီးခြင်း အကျိုးကို မုချ ရရှိနိုင်တယ်ဆိုတဲ့ စကားနှင့်စပ်ပြီး ပြောလိုက်ရတယ်။ တာဝန်ကိုယ်စီ ရှိကြသည်- ဆိုတာကို သတိရှိစေချင်တာနဲ့ ဆက်ပြီး ပြောက်လိုက်ရတာကိုး။

ကဲ ကဲ-ရှင်ဘော်မြတ်ဘုရား၏ မာရ်နတ်သားကို ဒုတ်, ခေါးမကူ အောင်မြင်တော်မူတဲ့ အကြောင်းကို ဟောပြောကြစို့ရဲ့၊ အာရုံတပါး စိတ်မသွားအောင် သတိဆောင်ကာ ကောင်း မွန်စွာ နာယူမှတ်သားကြရပေလိမ့်မယ် (ဒကာကြီး ဦးစိန်)။

သတ္တဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိံ ပဒါပဒံ။
ဩတာရံ နာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿ သတိမတော။

(သုတ္တနိပါတပါဠိ-ပဓာနသုတ္တ-၃၄၃)။

အဟံ၊ ပရနိမ္မိတ, ဝသဝတ္တီ, မင်းနေပြည်မှ, နမုစိမာရ, မည်နာမဖြင့်, လွန်စွာထင်ရှား, ငါနတ်သားသည်။ သတ္တဝဿာနိ၊ ရက်လနှစ်များ, ပိုင်းခြားတွက်စစ်, ခုနစ်နှစ်တို့ ကာလပတ်လုံး။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါး, တရားသခင်, ဘုရားရှင်သို့။ ပဒါပဒံ၊ မေ့လျော့မထား, ဘဝါး ခြေထပ်, ထက်ကြပ်မကွာ,။ အနုဗန္ဓိံ၊ ညှဉ်းဆဲဘို့ရန်, စိတ်အကြံဖြင့်, ဧကန်စိုက်စိုက်, အစဉ်လိုက်ခဲ့ ပေပြီ။ (တထာပိ၊ ထိုသို့ပင် ညှဉ်းဆဲဘို့ရန်, စိတ်အကြံဖြင့်, ဧကန်စိုက်စိုက် အစဉ်လိုက်နေပါ သော်လည်း)။ သတိမတော၊ မချွတ်မယွင်း, ထန်ပြင်းသတိ, ရှိတော်မူသော။ သမ္ဗုဒ္ဓဿ၊ ဥေယျ ငါးတန်, တရားမှန်ကို, ဖောက်ပြန်မရှိ, ကိုယ်တော်တိုင်မြင်, သိတော်မူသော, မြတ်စွာဘုရား၏။ ဩတာရံ၊ ကိုယ်နှုတ်မူရာ, ကောင်းစွာယွင်းပျက်, ချွတ်ယွင်းချက် အခွင့်အရေးကို။ နာဓိဂစ္ဆိဿံ၊ စောင့်ထိန်းမြဲကြပ်, ကြည့်ရှုလတ်လည်း, တပ်အပ်သေချာ, မှန်စွာတိတိ, မရရှိခဲ့နိုင်လေပြီတကား။

ဒီဂါထာကတော့ မာရ်နတ်ကြီးကိုယ်တိုင်က ဘုရားရှင်အပေါ်မှာ အမျိုးမျိုး မတော်တာ ကြံစည်ခဲ့သော်လည်း အခွင့်မသာသဖြင့် လက်မှိုင်ချကာ ညည်းညူတဲ့ ဂါထာလို့ ဆိုရပေလိမ့်မယ် နော်။ အဓိပ္ပာယ်အကျဉ်း မူရင်းကတော့ ဝသဝတ္တီဘုံသား, ငါမာန်နတ်သားသည်, သေချာ တွက်စစ်, ခုနစ်နှစ်တို့, ကာလပတ်လုံး, မြတ်စွာဘုရားနောက်တော်သို့, ဘဝါးခြေထပ်, ထက်ကြပ် မကွာ, အစဉ်လိုက်နေခဲ့ပါသော်လဲ, မြဲမြံစွာဘိ,သတိရှိတော်မူသော,မြတ်စွာဘုရား၏ ကိုယ်အမူအရာ, နှုတ်အမူအရာ, ချွတ်ယွင်းချက် အခွင့်အရေးကို ကောင်းစွာ မိမိ မရရှိခဲ့လေ-ဟု ဆိုလိုရင်း ဖြစ်ပေ တယ်တဲ့။

အဲဒီလို ရန်ငြိုးကြီးလှစွာဖြင့် ဘုရားနောက်တော်ပါးမှ တဘဝါးမကွာ တကောက်ကောက် လိုက်ကာ အပြစ်ရှာနေတဲ့ မာရ်နတ်သားဟာ အဘယ်ကြောင့် ဒီလောက် ရန်ငြိုးကြီးနေရသနည်း၊ အဘယ်ကြောင့် အနှောက်အယှက် ပေးနေရသနည်း ဆိုတာ အကြောင်းစုံကို သိဘို့ရန် လိုပေတယ် နော် (ဒကာကြီး ဦးစိန်)။ ဒါကြောင့်မို့ မာရ်နတ်သားဆိုတာ ဘယ်လိုနတ်အမျိုးအစား ဖြစ်

တယ်ဆိုတာ သေသေချာချာ သိကြအောင် သတိပြု၍ နာယူ မှတ်သားကြစမ်းပါ။ တိတိကျကျ သိကြရအောင် ပါဠိတော်နှင့် အဋ္ဌကထာလာ စကားရပ်တို့ကို ထုတ်ပြလိုက်ပါဦးမယ်။

မာရောတိ ဝသဝတ္တိဘူမိယံ အညတရော ဒါမရိကဒေဝပုတ္တော။သော ဟိ သဥ္ဇာနာတိက္ကမိတုကာမံ ဇနံ ယံ သက္ကောတိ၊ တံ မာရေတိ။ ယံ နသက္ကောတိ၊ တဿပိ မရဏံ ဣစ္ဆတိ။ တေန "မာရော" တိဝုစ္စတိ။ (သုတ္တနိပါတဋ္ဌကထာ-ပ-၃၉)။

ဟူ၍ သုတ္တနိပါတ အဋ္ဌကထာမှာ မာရ်နတ်ကြီးရဲ့ အကြောင်းအရာကို သေချာစွာ ဖွင့်ပြထားတယ်နော်။ အနက် မြန်မာပြန်လျှင်-

မာရောတိ၊ မာရ်နတ်ဟူသည်။ ဝသဝတ္တိဘူမိယံ၊ ပရနိမ္မိတ ဝသဝတ္တီဘုံ၌။ အညတရော၊ ကောင်းစွာမျိုးမည်, ထူးလည်းကျော်ကြား, မထင်ရှားသော။ ဒါမရိက ဒေဝပုတ္တော၊ ဒါးပြသူပုန်ဖြစ်သော နတ်သားပေတည်း။ ဟိ၊ ထိုစကားသည် ထင်ရှားစေနိ, အမှန်ဖြစ်၏။ သော၊ ထိုမာရ်နတ်သားသည် (ဝါ-ကို)။ သဥ္ဇာနာတိက္ကမိတုကာမံ၊ မိမိပိုင်စိုး, တန်ခိုးဖြန့်ရာ, ဘုံဌာနမှ, လွန်မြောက်လိုလှသော။ ယံ ဇနံ၊ အကြင်သူအပေါင်းကို။ သက္ကောတိ၊ စွမ်းဆောင်နိုင်၏။ တံ ဇနံ၊ မိမိပိုင်ရာ ဘုံနယ်မှ, လွတ်မြောက်လိုသော, ထိုသူအပေါင်းကို။ မာရေတိ၊ မညှာရက်ရက်, နှိပ်စက်သတ်ဖြတ်ဘတ်၏။ယံ ဇနံ၊ အကြင်သူအပေါင်းကိုကား။ နသက္ကောတိ၊ သတ်ဖြတ်ဘို့ရာ, မစွမ်းသာချေ။တဿဇနဿပိ၊ ထိုသူအပေါင်း၏လည်း။မရဏံ၊ ပျက်စီးယိုယွင်း,သေဆုံးခြင်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။ တေန၊ ထိုသို့ သူတပါးကို ပျက်ပြားဘို့သာ အလိုရှိသောကြောင့်။ "မာရော"တိ မာရ်နတ်ဟူ၍။ ဝုစ္စတိ၊ အထူး သတ်မှတ် ခေါ်ဆိုအပ်လေသတည်း။

အဓိပ္ပာယ်ရှင်းသွားအောင် အကျဉ်းချုပ်ပြောလိုက်ပါဦးမယ်။ မာရ်နတ်ဆိုတာ နတ်ပြည်ခြောက်ထပ်တွင် အထက်ဆုံးဖြစ်တဲ့ ပရနိမ္မိတ ဝသဝတ္တီ နတ်ဘုံမှ အမျိုးအမည်အားဖြင့် အထူးတလည် မကျော်ကြားတဲ့ ဒါးပြသူပုန် နတ်သားတပါးပင် ဖြစ်သတဲ့။ လူ့ပြည်မှာသာ ဒါးပြသူပုန်တို့ရှိတာ မဟုတ်ဖူးနော်။ နတ်ပြည်မှာလဲ နတ်ဆိုး, နတ်ဝါး, နတ်ရမ်းကား, နတ်သူပုန်တွေ ရှိတယ်ဆိုဘာ မှတ်သားကြဘို့ပါပဲ၊

ဒီ မာရ်နတ်ဟာ ဘယ်လောက် ဆိုးသွမ်းသလဲဆိုတော့-သူ့ရဲပိုင်ဆိုင်ရာ ကာမနယ်ပယ်မှ လွတ်မြောက်လိုသော သူအပေါင်းတွင် အကြင်သူကို မိမိကိုယ်တိုင် သတ်ဖြတ်နိုင်၏၊ ထိုသူကို မိမိကိုယ်တိုင်ပင် သတ်ဖြတ် ဖျက်ဆီးပစ်တတ်သတဲ့၊ မိမိကိုယ်တိုင် မသတ်ဖြတ်နိုင်လျှင်တော့ ထိုသူ၏ သေဆုံးပျက်စီးမှုကို အလိုရှိနေတာဘဲတဲ့။ ဒါကြောင့်မို့ ထိုနတ်သားကို မာရ်နတ်(ဝါ)သတ်ဖြတ် ဖျက်ဆီးတတ်သော နတ်သား (ဝါ)အဖျက်သမား-လို့ ခေါ်ဆိုရခြင်း ဖြစ်ပေတယ်။ ဒီလိုဆိုတော့ မာရ်နတ်ဆိုတာ ပရနိမ္မိတ ဝသဝတ္တီဘုံသား,ဒါးပြ,သူပုန် နတ်သား, အဖျက်သမား, နတ်ရမ်းကားလို့ မှတ်ကြရပေမယ်ပေါ့။

အများ ထင်မြင်ယူဆနေကြဟာက မာရ်နတ်ကိုပင် ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည်ကြီး၏ ဘုရင်တပါးအဖြစ်,နတ်မင်းကြီးအဖြစ် အမှတ်မှားနေတတ်ကြတယ်-နော်၊ တကယ်တော့ ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်၏ဘုရင်ကတော့ ဝသဝတ္တီနတ်မင်းကြီးပင် ဖြစ်ပါတယ်။ သို့သော်လဲ ဝသဝတ္တီ နတ်မင်းကြီးမှာ တည်ကြည်အေးဆေးစွာ နေတတ်သဖြင့် ဝသဝတ္တီနတ်နန်း ရာဇပလ္လင်ကို လုယူလို

သော မာရ်နတ်သားသည် နောက်လိုက်နောက်ပါ စုရုံးကာ ပုန်ကန်ထကြွနေသော သူပုန်နတ်သားကြီး,နတ် သူပုန်ဗိုလ်ကြီးအဖြစ် ထင်ရှားကျော်ကြားနေခြင်းပင် ဖြစ်ဘယ်။ ဒါ့ကြောင့်မို့ "ဒါမရိက ဒေဝပုတ္တော" သူပုန်နတ်သား-လို့ ခေါ်ဆိုတာပေါ့လေ။ နတ်ပြည်ခြောက်ထပ်မှာ အသီးသီးသော နတ်ဘုရင်,နတ်မင်းများ ရှိကြပါတယ်။ ထို နတ်မင်းများကတော့—

၁။ စတုမဟာရာဇ်နတ်ပြည်မှာဆိုလျှင်—ဓတရဋ္ဌ နတ်မင်း, ဝိရူဠှကနတ်မင်း, ဝိရူပက္ခနတ်မင်း, ဝေဿဝဏ်ခေါ် ကုဝေရ နတ်မင်းကြီး-၄-ပါးတို့ အုပ်ချုပ်ကြခြင်း ဖြစ်တယ်။

၂။ တာဝတိံသာ နတ်ပြည်မှာ—သိကြားမင်းကြီးက စိုးမိုးအုပ်ချုပ် မင်းလုပ်နေတယ်။

၃။ ယာမာ နတ်ပြည်မှာတော့—သုယာမ နတ်မင်းက စိုးမိုးအုပ်ချုပ်နေတယ်။

၄။ တုသိတာ နတ်ပြည်မှာ—သန္တုဿိတ နတ်မင်းက စိုးမိုးအုပ်ချုပ်နေတယ်။

၅။ နိမ္မာနရတိ နတ်ပြည်ကို—နိမ္မာနရတီ (သုနိမ္မာ) နတ်မင်းက စိုးမိုးအုပ်ချုပ်နေတယ်။

၆။ ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည်ကိုတော့—ဝသဝတ္တီ နတ်မင်းကြီးက စိုးမိုး အုပ်ချုပ်နေတယ်တဲ့။

ဤကဲ့သို့ နတ်ပြည်ခြောက်ထပ်မှာ နတ်ဘုရင်ခြောက်ပါး အသီးသီး စိုးစံပြီးနေသော်လည်း ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်က သူပုန်ဗိုလ် မာရ်နတ်သားဟာ အေးဆေးတည်ကြည်စွာနေတတ်သော ဝသဝတ္တီနတ်မင်းကြီးရဲ့ နယ်မြေတို့ကို ပုန်ကန် လုယူပြီး ထီးပြိုင်နန်းပြိုင် ထူထောင်ကာ ဘုရင်တပါးလို ထင်ရှားစွာနေသော နတ်မင်းတပါး ဖြစ်နေတယ်။ ထို မာရ်နတ်မင်းရဲ့ ရက်စက် ကြမ်းကြုတ်စွာ ပြုမူလေ့ရှိတဲ့အတွက်ကြောင့် နတ်ပြည်ခြောက်ထပ်မှ နတ်အများကလဲ သူ့ကို ရွံ့ကြောက်ကြီး အလွန်ကြောက်ကြဟန်တူပေတယ်နော်။ ဘာ့ကြောင့်လဲဆိုတော့ နတ်အများဟာ မာရ်နတ်သားကို-

ဆကာမာဝစရိဿရ-ကာမာဝစရ—နတ်ပြည်ခြောက်ထပ်ကို အစိုးရသူ,
ဝသဝတ္တီ—မိမိအလိုသို့ လိုက်စေတတ်သောသူ—

ဟု ပရနိမ္မိတဝသဝတ္တီနတ်ပြည် ဘုရင် ဝသဝတ္တီနတ်မင်းကြီးရဲ့ဂုဏ်ပုဒ်များအတိုင်းပင် အချို့နေရာတွေမှာ ပြောဆို သုံးနှုန်းထားတာကိုး။

မာရော မဟာနုဘာဝေါ ဆကာမဝစရိဿရော ဝသဝတ္တီ ပစ္စနီကသာတော
ဓမ္မဒေဿီ ကုရုရကမ္မန္တော။ (သုတ္တနိပါတ အဋ္ဌကထာ-ပ-၂၂၂)။

ဟူ၍ သုတ္တနိပါတ် အဋ္ဌကထာမှာ ဖွင့်ပြထားခြင်း ဖြစ်တယ်။ အဓိပ္ပာယ် ဆိုလိုရင်းကတော့- မာရ်နတ်သည် တန်ခိုးကြီး၏၊ ကာမာဝစရ နတ်ပြည်ခြောက်ထပ်ကို အစိုးရ၏၊ မိမိ၏ အလိုအတိုင်း ဖြစ်စေတတ်,လိုက်ပါစေတတ်၏၊ ဆန့်ကျင်ဘက်ကိုသာ နှစ်သက် သာယာတတ်၏၊ အမှန်တရား သဘောကို ရွံ့ရှာမုန်းတီး ဖျက်ဆီးတတ်၏၊ ရုန့်ရင်းကြမ်းတမ်းစွာ ပြုမူလုပ်ဆောင်တတ်၏-ဟု ဆိုလိုတယ်နော်၊ ယခုခေတ် ကာလမှာလဲ-

ပစ္စနီကသာတ—ရှေးမူနှင့်မတူ, တမူထူးလျက်, ဆန့်ကျင်ဘက်ကို, နှစ်သက် သာယာ မြတ်နိုးတတ်သူများ၊

ဓမ္မဒေဿီ—အမှန်တရားကို ရွံ့ရှာ မုန်းတီးသူများ၊

ကုရုရကမ္မန္တ–ရှုန့်ရင်းကြမ်းတမ်းသောအမှုကို ပြုလုပ်ဆောင်ရွက်တတ်သူများ ရှိတတ်ပေတယ်၊ သူတို့ဟာ တချိန်က မာရ်နတ်ရဲ့ ဘက်တော်သား, တပည့်များ ပင် ဖြစ်လေမလား မသိဘူးနော်-ဖြစ်နိုင်တာ ပြောရတာကိုး။

ကဲ-ဆက်ပြီးပြောရဦးမယ်၊ ဒို့ ဒကာ,ဒကာမတွေ မာရ်နတ်ကြီးအကြောင်း ကောင်းကောင်း သိစေချင်လွန်းလို့ပါပဲ။ အဖျက်လုပ်ငန်းဘက်မှာ အစွမ်းထက်လှတဲ့ မာရ်နတ်မင်းနယ်ပယ်ဟာ ဘယ် လောက်များ ကျယ်ဝန်းပါသလဲဆိုတော့ သေခြင်းတရားနှင့် မကင်းသော နယ်ပယ်အားလုံးကိုပင် လွှမ်းမိုးနိုင်လေသတဲ့။ လူ့ဘုံကိုလဲ သူ ပိုင်ဆိုင်တာဘဲ၊ နတ်ဘုံကိုလဲ သူ ပိုင်ဆိုင်တာဘဲ။ ကုန်ကုန် ပြောရလျှင် အထက်ပြဟ္မာဘုံပင် သူနှင့်မကင်းဘူးတဲ့ (ဒကာကြီး ဦးစိန်ရဲ့)၊ ဒါ့ကြောင့် မာရ်နတ်ရဲ့ နယ်ပယ်ဟာ အလွန်ကျယ်ဝန်းတယ်လို့ ဆိုရမှာပေါ့။ ဘာကြောင့်လဲဆိုတော့ လူတွေ, နတ်တွေ, ပြဟ္မာတွေဟာ သေခြင်းတရားနှင့် မကင်းနိုင်ကြသေးဘဲကိုး။

သေဆုံးခြင်းတရား၏ ကင်းရာနယ်မြေဟာ မာရ်နတ်နယ် မဟုတ်တော့ဘူးတဲ့။ သို့အတွက် သတ္တဝါတွေ သေခြင်းကင်းရာ နယ်မြေသို့ ထွက်မြောက်သွားမှာကို အလွန်ကြောက်ရွံ့တာဘဲ။ သူ့ရဲ့ နိုင်ငံသားတွေ လျော့ကုန်သွားမှာ စိုးရိမ် ထင်ပါရဲ့ (ဒကာကြီး ဦးစိန်ရယ်)။

ဒါ့ကြောင့်မို့ သေခြင်းတရား လွန်မြောက်ရန် တရားဓမ္မတို့ကို ကျင့်ကြံပွားများတဲ့သူဆိုလျှင် ဒီမာရ်နတ်ကြီးဟာ အမျိုးမျိုး အနှောက်အယှက်ပေးတော့တာဘဲ မဟုတ်လား၊ ကဲ-ဒီနေရာမှာ ပါဠိတော် အဋ္ဌကထာတို့ကို လှမ်းမြော်ကာ ကြည့်လိုက်ကြဦးစို့ရဲ့။

> နမုစီတိ မာရော။ သော ဟိ အတ္တနော ဝိသယာ နိက္ခမိတုကာမေ ဒေဝမနုဿေ နမုဉ္စတိ၊ အန္တရာယံ နေသံ ကရောတိ၊ တသ္မာ "နမုစီ"တိ ဝုစ္စတိ။
> (သုတ္တနိပါတ် ဋ္ဌကထာ-ဒု-၁၁၅)။

ဟူ၍ သုတ္တနိပါတ်အဋ္ဌကထာမှာ ညွှန်ပြထားတာ တွေ့ရတယ်။

နမုစီတိ၊ သံသရာဘုံဝဋ်မှ မလွှတ်သူ ဟူသည်။ မာရော၊ လူ,နတ်,ပြဟ္မာ,သူငါသိကြား,မာရ်နတ် သားပင်တည်း။ ဟိသစ္စံ၊ ထိုစကားသည်,မမှားစင်စစ်,အမှန်ဖြစ်၏။ သောမာရော၊ ထို မာရ်နတ် သားသည်။ အတ္တနော၊ မိမိ၏။ ဝိသယာ၊ စိုးမိုးချုပ်ကိုင်,ပိုင်နက်နိုင်ငံမှ။ နိက္ခမိတုကာမေ၊ ကောင်း စွာထုတ်ခြောက်,လွတ်မြောက်လိုကုန်သော။ ဒေဝမနုဿေ၊ ခပ်သိမ်းဟူဟူ,နတ်နှင့် လူတို့ကို။ နမုဉ္စတိ၊ ကြည်ဖြူအေးဆေး,လွတ်ခွင့်မပေးတတ်ပေ။ နေသံ၊ မာရ်နတ်ပိုင်နက်, လွတ်ထွက်လိုငြား, လူ,နတ် များတို့အား။ အန္တရာယံ၊ ဘေးရန်အသွယ်သွယ်,အန္တရာယ်ကို၊ ကရောတိ၊ ပြုတတ်၏။ တသ္မာ၊ ထိုသို့ လွှတ်ခွင့်မပေး,အန္တရာယ်ပေးတတ်သည့်အရေးကြောင့်။ သောမာရော၊ ပဉ္စဝတ္တိဘုံသား,ရမ်းကား လေတတ်,ထိုမာရ်နတ်ကို။ နမုစီတိ၊ မလွှတ်တတ်သောသူ ဟူ၍။ ဝုစ္စတိ၊ ဗျူပွက်ကြောင်းရင်း,အမှန် လင်းအောင်,ရှင်းရှင်းသတ်မှတ်,ခေါ်ဆိုအပ်လေတော့သတည်း။

(ဒကာကြီး ဦးစိန်) ပဉ္စဝတ္တိဘုံက သူပုန်ဗိုလ် နတ်မင်းကို မာရ-မာရ်နတ်လို့လဲ ခေါ်ဆို တယ်၊ နမုစိ-မလွှတ်သူလို့လဲ ခေါ်ဆိုတယ်၊ ပါပိမ-ယုတ်မာသောသူ၊ အန္တက-သူတော်ကောင်း တရား ဆုံးပါး ပျက်စီးအောင် အဆုံးပြုတတ်သူ-စသည်ဖြင့် ဂုဏ်ထူးဆောင်အမည်တွေ များစွာပင်

ရှိပေတယ် နော်။ ကဲလေ-မာရ်နတ်မင်းရဲ့ ရှိသမျှသော ဂုဏ်ထူးဆောင်အမည်တွေကို အကျယ်ချဲ့ထုတ်ပြောဟောနေလျှင်လဲ အလွန်များပြားတော့ နားရှုတ်သွားပြီး မှတ်သားလို့မလွယ်အောင် ဖြစ်နေရောမယ်။ ဒီတော့ ဤမျှနှင့် တခန်းနားပြီး ရှင်ဘောဂ်မြတ်ဘုရားနှင့် မာရ်နတ်သား ဘယ်အချိန်, ဘယ်ကာလက စတင်၍ တွေ့ဆုံခဲ့တယ်၊ ပြဿနာ ဘယ်က စ,ခဲ့တယ်ဆိုတာကို ဆက်လက်ပြောကြဦးစို့ရဲ့။ မြတ်စွာဘုရားနှင့် မာရ်နတ်သားတို့ရဲ့ ဇာတ်သိမ်းအစကတော့-မြတ်စွာဘုရား အလောင်းတော်ဘဝ သိဒ္ဓတ္ထမင်းသားဖြစ်စဉ်က စ,ခဲ့တယ်လို့ ဆိုရပေလိမ့်မယ်။

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မိုးနတ်မယ်တမျှ လှပလှစွာသော ယသောဓရာ ခင်ဘဒ္ဒါနှင့် ရွှေနန်းစည်းစိမ်ကို ပျော်ရွှင်စွာ မြိန်မြိန်ကြီး ခံစားနေစဉ် သူအို,သူနာ,သူသေ,ရဟန်း- နိမိတ်ကြီးလေးခန်းတို့ကို ထူးဆန်းစွာ တွေ့မြင်ရသဖြင့် စိတ်ဓာတ်တော်အစဉ်မှာ သံဝေဂဉာဏ်တွေဝင်နေတဲ့အခိုက်မှာ ယသောဓရာ ခင်ဘဒ္ဒါ၏ ဝမ်းကြာတိုက်မှ သားယောကျ်ားရတနာတပါး ဖွားမြင်ကြောင်း ကြားသိရသဖြင့် "နှောင်ကြိုးတပင် ဖွဲ့မိပြန်လေပြီ"ဟု အထူးပင် တုန်လှုပ်ကာ သံဝေဂဉာဏ်တွေ ဖြစ်ပေါ်လာပေတယ်။

အင်း-ဒီကဲ ဒို့ဒကာကြီး,ဒကာမကြီးများနှင့်ဆိုလျှင် ဘယ်လောက် ကွာခြားနေမလဲပေါ့နော်။ ဒီက ဒကာကြီး,ဒကာမကြီးများ "သားရတနာကလေး မွေးဖွားသတဲ့"ဟု ကြားရလျှင် "အဟောဝတ,အဟောဝတ ဩော်-ကောင်းလေစွ,ကောင်းလေစွ"နှင့် ဥဒါန်း အခါခါ ကျူးနေကြမှာဘဲ မဟုတ်လား။

ဒို့ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကတော့ ထိုသတင်းကို ကြားရသဖြင့် သံဝေဂတွေဖြစ်ကာ အဲဒီ ရာဟုလာမင်းသားကလေး မွေးဖွားတဲ့နေ့မှာပင် ဆန္ဒအမတ်ကို အဖော်ပြုကာ ကဏ္ဍကမြင်း တက်စီးပြီး တောထွက်တော်မူတယ်။ အလောင်းတော် မင်းသားသည် ကပိလဝတ်နန်းမှ ခွာကာ တောထွက်စဉ်အခါ မြို့တံခါးဝသို့ ရောက်လေလျှင် တံခါးစောင့်နတ်များက တံခါးကို ဖွင့်၍ပေးကြလေတယ်။ ထိုခဏမှာပင် အဖျက်သမား မာရ်နတ်သား ရောက်ရှိလာပြီး ဘုရားအလောင်းကို ပြန်နှင်စေအံ့-ဟု ကြံစည်ကာ ကောင်းကင်ပြင်မှာရပ်လျက်–

မာရိသ မာနိက္ခမ၊ ဣတော တေ သတ္တမေ ဒိဝသေ စက္ကရတနံ ပါတုဘဝိဿတိ၊ ဒွိသဟဿ ပရိတ္တ ဒီပ ပရိဝါရာနံ စတုန္နံ မဟာဒီပါနံ ရဇ္ဇံ ကာရေဿသိ၊ နိဝတ္တ မာရိသ။ (ဇာ-ဋ္ဌ-ပ-၇၄)။

ဟူ၍ ပြောဆို လျှောက်ကြားလေတယ်။

အဓိပ္ပါယ်ကတော့-အချင်း သိဒ္ဓတ္ထမင်းသား-ဘယ်ကိုမှ ထွက်ခွာရှောင်ရှား မသွားလေလင့်။ အသင်မင်းသားအား ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ စကြာရတနာသည် ထင်ရှားစွာဖြစ်ပေါ်လာပေလိမ့်မည်။ ကျွန်းငယ်နှစ်ထောင် အခြံအရံရှိကုန်သော ကျွန်းကြီးလေးကျွန်းတို့ကို အစိုးရသော မင်းအဖြစ်ကို ပြုရပေလိမ့်မည်။ ပြန်ပါလေတော့ အချင်းမင်းသား-ဟု ပြောဆို တားမြစ်နေသောအသံကြားသဖြင့် အလောင်းတော်ကဘဲ "အသင်မည်သူနည်း"ဟု မေးသောအခါ "အကျွန်ုပ်သည် ဝသဝတ္တီဘုံသား မာရ်နတ်သားဖြစ်ပါသည်"ဟု ပြောကြားလေလျှင်-

မာရ ဇာနာမဟံ မယှံ စက္ကရတနဿ ပါတုဘာဝံ၊ အနတ္ထိကောဟံ ရဇ္ဇေန၊ ဒသသဟဿိလောကဓာတုံ ဥန္နာဒေတွာ ဗုဒ္ဓေါ ဘဝိဿာမိ-

ဟူ၍ ပြန်လည်မိန့်ကြားလိုက်လေတယ်။

မာရ၊ မာရ်နတ်သား။ မယှံ၊ ငါအား။ စက္ကရတနဿ၊ စကြာရတနာ၏။ ပါတုဘာဝံ၊ ထင်ရှားဖြစ်ပေါ်လာမှုကို။ အဟံ၊ ငါသည်။ ဇာနာမိ၊ ကောင်းစွာ သိ၍ပေ၏။ အဟံ၊ ငါသည်။ ရဇ္ဇေန၊ လေးကျွန်းသနင်း စကြာမင်းစည်းစိမ်ဖြင့်။ အနတ္ထိကော၊ မြတ်နိုးတစိ အလိုမရှိချေ။ အဟံ၊ သင်လိုကောင်စား၊ မထင်မှားနှင့်၊ ထူးခြားအကျိုး၊ ပေါ်နိုးကြောင်းမျှော်၊ အလောင်းတော် ငါသည်။ ဒသသဟဿိလောကဓာတုံ၊ စကြာဝဠာအပေါင်း တိုက်တသောင်းကို။ ဥန္နာဒေတွာ၊ မြည်ဟီးမပြတ် ပဲ့တင်ထပ်စေ၍။ ဗုဒ္ဓေါ၊ သစ္စာလေးတန် တရားမှန်ကို ကောင်းစွာ သိမြင် ဘုရားရှင်သည်။ ဘဝိဿာမိ၊ ကောင်းစွာစင်စစ် ဖြစ်ပေတော့အံ့သတည်း။

မာရ်နတ်သား ငါ့အား စကြာရတနာ ဆိုက်ရောက်လာမည့် အရေးကို ငါသိပါတယ်။ လေးကျွန်းလုံးကို လွှမ်းခြုံစိုးအုပ်ရသော စကြာဝတေးမင်း စည်းစိမ်ကို အသုံးမကျတဲ့ ဖွဲမျှလောက် ငါသဘောထားပါတယ်။ ငါဟာ စကြာဝဠာ တိုက်တသောင်းကို ပဲ့တင်ထပ်စေလျက် သစ္စာ လေးပါးတရားသိမြင် ဘုရားရှင်ဖြစ်ရမည်-ဟု အလောင်းတော်မင်းသားက ရဲတင်း ပြတ်သားစွာ ပြောကြားလိုက်လေတော့တယ်။

မာရ်နတ်ကြီးခမြာမှာလဲ လောကီနယ်ပယ်မှာဖြင့် နှိုင်းစရာဘွယ်မရှိကဲ့ စကြာမင်းစည်းစိမ်ဖြင့် ဖျားယောင်းဆွဲယူတာတောင် လွယ်ကူစွာ ပါမလာဘဲ ရဲရင့်ပြတ်သားလှတဲ့ စကားကို ထူးထူးခြားခြား ကြားရလေတော့ တော်တော်အံ့အားသင့်သွားပေမယ်ပေါ့။

သစ္စာလေးပါး သိမြင်တဲ့ ဘုရားရှင်ဖြစ်ရမည်ဆိုတော့ အသင်မာရ်နတ်ရဲ့ အသေနယ်ပယ် ကြီးမှ ငါအပြီးထွက်ခွာတော့မယ်လို့-ဆိုလိုတာကိုး။ ဒီတော့ မာရ်နတ်ကြီးကလဲ တော်တော်ဒေါပွ သွားဟန်တူပါတယ်။ ကဲကဲ-ရှိစေတော့-ဘုရားဖြစ်ချင်တဲ့လူ နောင်တနေ့မှာ တကွေ့တွေ့ကြသေး တာပေါ့ မင်းသိဒ္ဓတ်ရယ်-လို့ ဆိုကာ တေးထားလိုက်သတဲ့။ (ဒကာကြီး ဦးစိန်ရဲ့)။

မာရော ဣတော ဒါနိ တေ ပဋ္ဌာယ ကာမဝိတက္ကံဝါ ဗျာပါဒဝိတက္ကံဝါ ဝိဟိံသာ
ဝိတက္ကံဝါ စိန္တိတကာလေ ဇာနိဿာမီတိ ဩတာရာပေက္ခော ဆာယာဝိယ
အနုပဂစ္ဆန္တော အနုဗန္ဓိ။　　　(ဇာ-ဋ္ဌ-ပ-၇၄)။

မာရော၊ ဝသဝတ္တီတိုင်းပြည် သူပုန်, မျိုးစုံမိုက်မှား, မာရ်နတ်သားသည်။ ဒါနိ၊ ယခုအခါ၌။ ဣတော၊ အပြောကြီးငြား အသင်သိဒ္ဓတ္ထမင်းသားအား။ ဣတော၊ မချင့်မရာ, ဝင့်ဝါပြောလှ ဤယနေ့မှ။ ပဋ္ဌာယ၊ အစပြု၍။ ကာမဝိတက္ကံဝါ၊ မသင့်အာရုံ ကာမဂုဏ်နှင့်စပ်သော အကြံအစည်ကိုရင်း။ ဗျာပါဒ ဝိတက္ကံဝါ၊ သူတပါးတို့အား ဖျက်စီးကြောင်းဖြစ်သော အကြံအစည်ကိုရင်း။ ဝိဟိံသာဝိတက္ကံဝါ၊ သူတပါးတို့အား ညှဉ်းဆဲခြင်းနှင့်စပ်သော အကြံအစည်ကိုရင်း။ စိန္တိတကာလေ၊ သတိကင်းကွာ ကြံစည်မိသောအခါ၌။ ဇာနိဿာမိ၊ ကောင်းစွာမိမိ သိရပေအံ့။ ဣတိ၊ ဤသို့လျှင်။ ဩတာရာပေက္ခော၊ ခသချာထောက်ချင့် အခွင့်ကိုကြည့်ရှုလျက်။ ဝါ၊ မပြတ်ခါခါ လေ့လာစုံစမ်းလျက်။ ဆာယာဝိယ၊

ထက်ချပ်မကွာလိုက်၍လာသော အရိပ်ကဲ့သို့။ အနုပဂစ္ဆန္တော၊ မရှောင်မခွာ အမြဲသာ။ အနုပနို၊ အစဉ်တစိုက်လိုက်၍ နေလေဘော့သတည်း။

တော်တော် ကြောက်စရာကောင်းတဲ့ မာရိနတ်သားပါဘဲကလားနော်။ အလောင်းတော် မင်းသားဟာ သူဖျားယောင်းခေါ်ဆောင်ရာသို့ မလိုက်ပါ တာနဲ့ "ကဲ ဒီလောက်ရှိတဲ့မင်းသား ယနေ့မှ အစပြုပြီး ကာမဝိတက်ကို ကြံစည်တဲ့အခါတို့၌ ကောင်းကောင်းကြီး သိစေရမည်"ဟု အရိပ်ပမာနောက်က တကောက်ကောက်လိုက်ပြီး ထောက်လှန်းလေ့လာနေသတဲ့။ အပြစ်ရှာနေတာ ပေါ့လေ။

အလောင်းတော်မင်းသားကလဲ မိမိလက်တော်သို့ ဆိုက်ရောက်လာသော စကြာဝတေးမင်း စည်းစိမ်ကို တံတွေးပေါက်ပမာ ငဲ့ကွက်ခြင်းကင်းစွာ စွန့်ပစ်၍ ဝါဆိုလပြည့်နေ့မှာ တောထွက် သွားတော်မူတယ်။

အနော်မာနဒီမြစ်ကမ်း၌ ဆံတော်ကိုပယ်ရှားပြီး ဿင်္ဂကာရ မဟာပြဟ္မာလှူဒါန်းသော သင်္ကန်းကို ခံယူ၍ ဆင်မြန်းကာ ရဟန်းပြုပြီးလျှင် ဉရုဝေလတောသို့သွား၍ ပြုကျင့်နိုင်ခဲသော အကျင့်ဒုက္ကရ စရိယကို ခြောက်နှစ်ပတ်လုံး ပြင်းပြင်းထန်ထန် ကျင့်ကြံတော်မူပါတယ်။ ယင်းကဲ့သို့ ခြောက်နှစ်ပတ်လုံး ပြင်းထန်စွာ ကျင့်တော်မူလဖြင့် အလောင်းတော်မှာ မသေရုံ အသက်ရှင်သည် ဆိုရရုံမျှ ရှိတော့တယ်တဲ့။ တကိုယ်လုံး အရိုးပေါ် အရေဖုံးနေရုံမျှပင် ရှိတော့တယ်။ သုံးဆယ့် နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတွေလဲ အားလုံးပျောက်ကွယ်ကုန်ပြီ။

ထိုအခါ အလောင်းတော်သည် ဤကဲ့သို့ ပြင်းထန်စွာ ကျင့်ကြံသဖြင့် သစ္စာလေးပါးကို သိမြင်နိုင်ရန် လမ်းစဉ်မဟုတ်-ဟု သိမြင်သဖြင့် ကြမ်းတမ်းသော အာဟာရကို ပြန်လည်မှီဝဲကာ ကျင့် ကြံတော်မူပြန်တယ်။ ထိုအခါ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာများ ပြန်လည်ပေါ်လာ သတဲ့။ ကိုယ်ရေအဆင်းတွေက ကြည်လင်ဝါဝင်းလာတော့တယ်။ အာဟာရကို ပြတ်သည်အထိ လွန်ကဲပြင်းထန်လှစွာ ကျင့်ကြံတိုင်းလဲ တမဂ်တဖိုလ်ကို ရနိုင်တာ မဟုတ်ဖူးနော်။ ဝီရိယလွန်ကဲလွန်း ယင်လဲ ဥဒ္ဓစ္စဖြစ်နေတတ်သတဲ့၊ ထိုထိုအာရုံမှာ ပြန့်လွင့်ပြီး နေတော့တာပေါ့။ တည်ကြည်မှုသမာဓို မရှိတော့ဘူး။ သမာဓိမရှိလျှင် ပညာလဲ ဘယ်မှာဖြစ်နိုင်တော့မလဲ၊ ဝီရိယနှင့် သမာဓိဟာ ညီမျှနေ ရမယ်။ သဒ္ဓါနှင့် ပညာကလဲ ညီမျှနေရမယ်တဲ့။ သို့မှသာ လိုအပ်သော တရားထူးကို မပင်မပန်းဘဲ လွယ်ကူစွာ ရရှိနိုင်ပါတယ်။ ဝီရိယလွန်လွန်းတော့ အတ္တကိလမထာနုယောဂ်သို့ ယိမ်းသွားတတ်တယ်ပေါ့။

ယင်းကဲ့သို့ ကြမ်းတမ်းသော အာဟာရကို မှီဝဲ၍ နှစ်ရက် သုံးရက် အားယူပြီးလျှင် ကဆုန် လပြည့်နေ့ နံနက်မှာ သုဇာတာ သူဌေးသမီး လှူဒါန်းသော မွန်မြတ်သော နို့ဃနာဆွမ်းကို ဘုန်း ပေးတော်မူတယ်။ အလောင်းတော်ဟာ နေရဉ္ဇရာမြစ်ကမ်းနား၌ ကောင်းစွာပွင့်သော အင်ကြင်း တောဝယ် နေ့သန့် နေတော်မူပြီး ညနေပိုင်း ညနေချမ်းအချိန်မှာ မဟာဗောဓိပင်ရှိရာသို့ ရှေးရှုသွား တော်မူသတဲ့ (ဒကာကြီး ဦးစိန်ရှဲ)။ ထိုအခါ ကာလ လမ်းခရီးတွင်သောတ္ထိယခေါ်သော မြက်ထမ်း သမားသည် မြက်များကို ထမ်းဆောင်လာစဉ် အလောင်းတော်နှင့် တွေ့ဆုံ၍ မြက်ရှစ်ဆုပ်ကို ပေးလှူ လိုက်သတဲ့။ ဘုရားအလောင်းရဲ့ အရိပ်အခြေကို သိမြင်၍ လှူလိုက်ခြင်းပါဘဲတဲ့။ အလောင်းတော်လဲ မြက်ရှစ်ဆုပ်ကိုယူ၍ ဗောဓိမဏ္ဍိုင်သို့တက်၍ ဗောဓိမဏ္ဍိုင်အရှေ့ဘက်အရပ်မှနေ၍ မြက်ရှစ်ဆုပ်ကို

အဖျားမှကိုင်၍ လှုပ် ခါလိုက်သည်နှင့် တပြိုင်နက် တဆယ့်လေးတောင်ရှိသော အပရာဇိတပလ္လင် ပေါက်ပြီးလာတယ်။

ဘုရားအလောင်းတော်သည် ဗောဓိပင်ကို ကျောပေးကာ အရှေ့အရပ်သို့ ရှေ့ရှုလျက် မြဲမြံသော စိတ်ရှိသည်ဖြစ်၍သာလျှင်-

ကာမံ တစော စ နှာရုစ အဋ္ဌိစ အဝသိဿတု။
ဥပသုဿတု နိဿေသံ၊ သရီရေ မံသလောဟိတံ။
နတွေဝါဟံ သမ္မာသမ္ဗောဓိံ၊ အပ္ပတွာ ဣမံပလ္လင်္ကံ ဘိန္ဒိဿာမိ။ (ဇာ-၄-ပ-၈၃)

ကာမံ၊ စင်စစ်။ မေ၊ ငါ၏။ တစော စ၊ အရေသည်လည်းကောင်း။ နှာရုစ၊ အကြောသည်လည်းကောင်း။ အဋ္ဌိစ၊ အရိုးသည်လည်းကောင်း။ အဝသိဿတု၊ ကြွင်းကျန်ပါစေ။ မေ၊ ငါ၏။ သရေရီ၊ ကိုယ်၌။ မံသ လောဟိတံ၊ အသားအသွေးသည်။ နိဿေသံ၊ အကြွင်းမဲ့။ ဥပသုဿတု၊ ခြောက်ခမ်းပါစေ။

အဟံ၊ ငါသည်။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်တော်သို့။ အပ္ပတွာ၊ ကောန်မျက်မှောက် မရောက်မူ၍။ ဣမံပလ္လင်္ကံ၊ ဤထက်ဝက်ဖွဲ့ခွေထိုင်နေခြင်းကို။ နတွေဝဘိန္ဒိဿာမိ၊ အားလျော့စိတ်ပျက် တွန့်ဆုတ်ချက်ဖြင့် ဘယ်တော့မှ ပယ်မဖျက်တော့အံ့သတည်း။

ဆိုလိုရင်းအဓိပ္ပာယ်ကတော့ ယခုပြောဆိုလိုက်တဲ့ စကားရပ်များဟာ ဝီရိယအင်္ဂါ ၄-ပါးနှင့် အဓိဋ္ဌာန်ပြုချက်ကို ကွင်းကွင်းကွက်ကွက်မြင်အောင် ပြဆိုလိုက်တာဘဲနော်။ အလောင်းတော်ရဲ့ မဆုတ်နစ်သော စိတ်ထားက-

၁။ အရေမျှသာ ကြွင်းပါစေ၊
၂။ အကြောမျှသာ ကြွင်းကျန်ပါစေ၊
၃။ အရိုးမျှသာ ကြွင်းကျန်ပါစေ။

ငါသည် သဗ္ဗညုတ ဉာဏ်တော်ကြီးကို မရရှိသမျှ ကာလပတ်လုံး ဤထက်ဝက်ဖွဲ့ခွေ ထိုင်နေခြင်းကို မဖျက်တော့ပေ-ဟု လေးလေးနက်နက် အဓိဋ္ဌာန်ချက်ဖြင့်အပရာဇိတ ပလ္လင်ထက်ဝယ် ထက်ဝက်ဖွဲ့ခွေ ထိုင်နေတော်မူတယ်။

ထိုကဲ့သို့ အလောင်းတော်က အပရာဇိတ ပလ္လင်ထက်၌ ထိုင်နေသောအခါ မာရ်နတ်ကြီးက- "သိဒ္ဓတ္ထမင်းသားသည် ငါ၏ အာဏာတန်ခိုး စိုးမိုးအုပ်ချုပ်ရာ တိုင်းနိုင်ငံမှ ထွက်မြောက်မှုကို အလို ရှိနေပေသည်။ ယခု ထိုမင်းသားအား လွတ်မြောက်ခြင်းကို ငါမပေးနိုင်ပေ"ဟု-ကြံစည်ပြီး မာရ် စစ်သည်ဗိုလ်ပါ အပေါင်းထံသို့သွား၍ ထိုအကြောင်းကို ပြောကြားတိုင်ပင်ပြီး စစ်သံပေး၍ ကြွေးကြော်ကာ မာရ်စစ်သည်ဗိုလ်ပါအပေါင်းကို စုရုံးခေါ်ဆောင်၍ စစ်ချီတက်လာသတဲ့။ (ဒကာကြီး ဦးစိန်ရဲ)။

မာရ်နတ်သားဟာ အလောင်းတော်မင်းသားအပေါ်မှာ လုံးဝမျက်ခြေပြတ်မခံဘဲ ကြည့်ရှု လေ့လာ ထောက်လှမ်းနေတာဘဲနော်။ အလောင်းတော်က ဘာဘဲလုပ်လုပ် ဘာဘဲကြံကြံ သူက သိနေတာဘဲတဲ့။ ယခုလဲဘဲကြည့်ပါလား။ အလောင်းတော်က ပလ္လင်ပေါ်မှာ ထိုင်နေကာရှိသေး

တယ် ကိုယ်တော်ချောက ကသောကမြော ရောက်ရှိလာနေပြီမဟုတ်လား။ ယခုအခါလာတာက တော်တော် အရေးကြီးပုံပေါ်တယ် (ဒကာကြီး ဦးစိန်ရဲ့)။ သူတယောက်တည်းမဟုတ်ပဲ နောက်လိုက်စစ်သည်ဗိုလ်ပါများစွာတွေနဲ့ မဟုတ်လား။

ကဲ ဒီလိုဆိုတော့ မာရ်နတ်သားရဲ့စစ်သည်တော်အင်အားနှင့် စစ်ရေးစွမ်းပကားကို အကဲခပ်ကြည့်ရှုကြဦးစို့ရဲ့။

သာမာရသေနာ မာရဿ ပုရတော ဒွါဒသ ယောဇနာ ဟောတိ။
ဒက္ခိဏတောစ ဝါမတောစ ဒွါဒသယောဇနာ၊ ပစ္ဆတော ယာဝ
စက္ကဝါဠ ပရိယန္တံ ကတွာ ဋ္ဌိတာ၊ ဥဒ္ဓံ နဝယောဇနုဗ္ဗေဓာ။
ယဿာ ဥန္နဒန္တိယာ ဥန္နဒ သဒ္ဒေါ ယောဇန သဟဿတော ပဋ္ဌာယ
ပထဝိဥန္ဒြိယနသဒ္ဒေါ ဝိယ သုယျတိ။ (ဇာတကဋ္ဌ -ပ-ဓနု)

သေချာ ခိုင်မြဲမှုရှိအောင် ဇာတကဋ္ဌကထာ ပါဠိကို ရွတ်ဆိုလိုက်ခြင်းပဲနော်။ ပါဠိသံသိပ်ပေးတဲ့ ဓမ္မကထိကဘဲလို့ အပြစ်တော်မဖို့လိုက်ကြနဲ့ဦး။ မူရင်းပါဠိ အဋ္ဌကထာတွေနဲ့ ညှိဟောတော့ ပိုမိုပြီး ကြည်ညိုသဒ္ဓါမှု ဖြစ်ကြရလေအောင် ရည်ရွယ်၍ ရွတ်ဆိုနေရတာကိုး။ မြန်မာလိုဆိုတော့—

ထိုမာရ်နတ်စစ်သည်အပေါင်းဟာ မာရ်နတ်ကြီးရဲ့ ရှေ့က ယူဇနာ ၁၂ ယူဇနာ ရှိသတဲ့။ လက်ဝဲ လကျာခေါ် မာရ်နတ်ကြီးရဲ့ ဘယ်တောင်ပံ ညာတောင်ပံ စစ်ကြောင်းဟာလဲ ၁၂ ယူဇနာစီ ရှိသတဲ့။ မာရ်နတ်ကြီး နောက်ကတော့ စကြာဝဠာဆုံးသည်အထိ ရှိသတဲ့။ အထက်မှာတော့ ၉-ယူဇနာအမြင့်ရှိသတဲ့။ ယင်းမာရ်စစ်သည် အပေါင်းရဲ့ စစ်ကြွေးကြော်သံဟာ ယူဇနာတထောင်မှစ၍ မြေကြီး တော်လဲသံကဲ့သို့ ကြားရသတဲ့။ တကဲ့များပြားတဲ့ စစ်သည်တော် အင်အားကြီးပါပဲနော်။

သည်လောက် များပြားလှတဲ့ စစ်သည်တော်ပေါင်း ကုဋေပေါင်း များစွာတွေက ဘယ်လောက်မျှားတဲ့ တဘက်မှစစ်သည်တော်ကို တိုက်ခိုက်ကြမှာလဲ ဆိုတော့—အပရာဇိတ ပလ္လင်ထက်၌ ငြိမ်သက် တည်ကြည်စွာ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေတော်မူသော တပါးတည်းသာ ဖြစ်သည့် သိဒ္ဓတ္ထ မင်းသား အလောင်းတော်ကိုတဲ့။

ဟရားနာယူကြတဲ့ ဒို့ဒကာ ဒကာမတွေ ဉာဏ်မျက်စိနဲ့ သေသေချာချာ မှန်းဆပြီး ကြည့်လိုက်စမ်းပါ၊ သေသေချာချာ ကြည့်ကြနော်။ အပရာဇိတ ပလ္လင်ထက်၌ ငြိမ်သက် တည်ကြည်စွာ ထိုင်နေတော်မူသော အလောင်းတော်က တပါးတည်း။ စစ်ခင်းကာ ပလ္လင်လုံရန် ရောက်လာသော မာရ်နတ်ရဲ့ စစ်သည်တော်တွေက ရှေ့, နောက်, ဝဲ, ယာ ကုဋေပေါင်းများစွာ ယိုးယိုးရွရွနဲ့ ရှုပ်ပွနေမှာပဲပေါ့။ စစ်သံပေးနေကြသည်ကလဲ ဆူညံနေကြမှာဘဲပေါ့။ ဒို့ဒကာ ဒကာမတွေကို ဒီလိုစစ်ပွဲကြီးမျိုးကို ခေါ်ပြရလျှင် ပြေးပေါက် မမြင်အောင် ဖြစ်နေကြမှာဘဲနော် (ဒကာကြီး ဦးစိန်)။

ဒါပေမဲ့ ကြောက်စရာ မလိုပါဘူး။ ဘုရားသားတော် သမီးတော်တွေဘဲ မဟုတ်လား။ မြန်မာလူမျိုးတွေဟာ သာကီဝင် မင်းမျိုးတွေဘဲ မဟုတ်လား။ လက်မြှောက်ပြီး သေရိုးထုံးဆံ

မရှိဘူးလို့ စိတ်ယဲမှာ စွဲနေအောင် မှတ်ထားကြရမယ်နော်(ဒကာကြီး ဦးစိန်တို့ ဦးချိန်တို့)။ကဲကဲ-
မာရ်နတ်ကြီးရဲ့ စစ်အင်အားကို ရှေ့ဆက်ပြီး ကြည့်ကြပါဦးစို့။

စစ်သည်တော်ဗိုလ်ချုပ်ကြီး မာရ်နတ်သားက ယူဇနာ တရာ့ငါးဆယ်ရှိသော တောင်ကြီးပမာ မြင့်မားလှစွာသော ဂိရိမေခလာ ဆင်ကြီးကို တက်စီးပြီး မိမိကိုယ်ကို လက်ရုံးပေါင်းတထောင် ဖန်ဆင်းကာ လက်နက်အမျိုးမျိုးကို စွဲယူကိုင်ထားလေသတဲ့။ ကြွင်းသော မာရ်စစ်သည်အပေါင်းကလဲ လက်နက်အသီးသီး ကိုင်ဆောင်ထားကြပြီး ချီတက်လာကြသတဲ့။

ထိုစဉ်အခါက ဘုရားအလောင်း၏ အနီးအပါးတွင် စကြာဝဠာတိုက်တသောင်းက နတ်များက ဘုရားအလောင်းအား ချီးကျူးစကား ပြောကြားလျက် ရပ်နေကြတယ်။ နတ်တို့ သေင္ဂနင်းသိကြားမင်းကြီးက ဝိဇယုတ္တရ ခရုသင်း တီးမှုတ်ပြီး ရပ်နေတယ်။ စကားစပ်လို့ ဒီခရုသင်းကြီးရဲ့ ထူးခြားချက်ကို ပြောရဦးမယ်။ ဒီဝိဇယုတ္တရ ခရုသင်းကြီးဟာ အတောင် ၂၀၀၀ ရှိသတဲ့၊ တကြိမ်တီးမှုတ်လိုက်လျှင် လေးလပတ်လုံး အသံမစဲဘဲ မြည်နေသတဲ့။ ဦးပဥ္စင်းတို့ မြန်မာပြည်ကိုများ ဒီခရုသင်းကြီးရလျှင် သိပ်ကောင်းမှာဘဲနော်။ ဒီခရုသင်းကြီးသာရလျှင် ရေဒီယိုအားလုံးလဲ အငြိမ်းစား ယူကုန်ကြရတော့မှာဘဲ။ 'ဘာကြောင့်လဲဆိုတော့ ဒီဝိဇယုတ္တရ ခရုသင်းအသံက အလွန်သာယာနာပျော်ဘွယ်ဖြစ်မှာ မဟုတ်လား၊ ယခုခေတ် ရေဒီယိုတွေနဲ့ ဝိဇယုတ္တရ ခရုသင်းသံနှင့် ဆိုလျှင် ဦးပုညပြောသလို "မိုးကြိုးနှင့် အီးသံ ခရီးအမှန် ကွာဝေး၏လေး" ဆိုတဲ့အတိုင်း ဖြစ်ကုန်ကြတော့မှာကိုး။ ကဲ ရှေ့ဆက်ကြဦးစို့ရှဲ။

လွန်စွာ အအိပ်ကြီးလှတဲ့ မဟာကာဠနဂါးမင်းကြီးက ပုဒ်ပေါင်းများစွာဖြင့် အလောင်းတော်ဂုဏ်ထူးကို ချီးကျူးပြောဆိုနေသတဲ့။ မဟာဗြဟ္မာမင်းကြီးကလဲ ထီးဖြူကြီးကို ကိုင်လျက်ရပ်နေသတဲ့။

စကောပိ၊ တယောက်ကမျှလည်း။ ဌာတုံ၊ မြဲမြံ တည်ကြည် ရပ်တည်ခြင်းငှါ။ နာသက္ခိံ၊ ရှုံကြောက်စိတ်ထား, ပြေးသွားကြရှာ, မစွမ်းသာချေ။ သမ္မုခသမ္မုခဋ္ဌာနေ နေဝ၊ မျက်နှာမူရာ မျက်နှာမူရာအရပ်ဖြင့်သာလျှင်။ ပလာယိံသု၊ ကိုယ်လွတ်ရုံးလျက် ပြေးထွက်သွားကြလေကုန်ပြီ။ မဟာပုရိသော၊ ပါရမီမျိုး, စိုက်ပျိုးစုဆောင်း အလောင်းတော်သည်။ ဧကောဝ၊ အဖော်မမှီး, တပါးတည်းသာလျှင်။ နိသီဒိ၊ အသေးမမှု, ချေးမယူသို့, မြဲခိုင် ထိုင်နေတော်မူလေပြီကတား။

အလောင်းတော်နှင့် မာရ်နတ် စစ်သည် ဗိုလ်ပါတို့ရဲ့ စစ်မြေစခန်းကို မြော်မှန်းပြီးကြည့်လျှင် မာရ်နတ်မင်းကဲ စစ်သည်ဘော် အသုံးအရင်းနှင့် ချဉ်းနင်းဝင်ရောက်လာတဲ့အခါ အလောင်းတော်အနီးအနားမှာ ခစားရပ်တည်နေကြတဲ့ နတ်သားတွေအားလုံးဟာ ခြေဦးတည်ရာသို့ အသီးသီး ပြေးကုန်ကြသတဲ့။

ကာဠနဂါးမင်းကြီးကဆိုလျှင် မြေကြီးထဲ ငုတ်လျှိုးပြီးတော့ ယူဇနာ ၅၀၀ ရှိသော သူ့ရဲ့ ဘုံဗိမာန်သို့ ပြေးသွား၍ လက်နှစ်ဖက်တို့ဖြင့် မျက်နှာကို ဖုံးအုပ်ကာ အိပ်နေသတဲ့၊ သူကတော့ ဘယ်လိုဖြစ်ဖြစ် အိပ်မှာပဲ၊ အအိပ်ချန်ပီယံဘွဲ့ရ နဂါးကြီး မဟုတ်လား။ နောက်ပြီးတော့ သိကြားမင်းကြီးကလဲ ဝိဇယုတ္တရ ခရုသင်းကြီးကို ကျောပိုးပြီးတော့စကြာဝဠာနှုတ်ခမ်းမှာ ပြေးရပ်နေသတဲ့။ မဟာဗြဟ္မာကြီးကဆိုလျှင် ထီးဖြူတော်ကြီး စကြာဝဠာတိုက်စွန်းမှာ ပစ်ထားခဲ့ပြီး ဗြဟ္မာပြည်သို့ ပြန်ပြေးလေသတဲ့။ တကယ့်ကိုအားကိုးရတဲ့ ဒါယကာတွေပါပဲနော်။ ဒီကဲ ဒကာ ဒကာမတွေ

ဆိုလျှင် ဒီလို မပြေးတန်ကောင်းပါဘူး (ဒကာကြီးဦးစိန်ရယ်)။ ဘယ်နှယ်လဲ၊ ကြံ့ကြံ့ခံနိုင်မည် မဟုတ်လှား၊ ယခုတော့ ကြည့်ကြစမ်းပါဦး။ အလောင်းတော် တပါးတည်း ထည်းထည်းကြီး ကျန်နေရစ်တော့တယ်။

စစ်ဗိုလ်ချုပ် မာရ်နတ်ကြီးကလဲ့ သူ့ရဲ့ စစ်သည်တော်တွေအတွင်းသို့ လှည့်လည် သွားလာကာ-

တာတာ သုဒ္ဓေါဒန ပုတ္တေန သိဒ္ဓတ္ထေန သဒိသော အညော ပုရိသောနာမ နတ္ထိ၊ မယံသမ္မုခါယုဒ္ဓံဒါတုံ နသက္ခိဿာမ၊ ပစ္ဆာဘာဂေန ဒဿာမ။

အမောင်တို့ သုဒ္ဓေါဒန မင်းကြီးရဲ့ သားဖြစ်သော သိဒ္ဓတ္ထ မင်းသားနှင့်တူသော တပါးသော ယောကျ်ားမည်သည် မရှိချေ။ ငါတို့သည် သူ့ရဲ့မျက်မှောက်က ဝင်၍ စစ်ထိုးခြင်းငှါ မလွယ်ကူလှချေ။ သူ့ရဲ့နောက်ပိုင်းမှ အလစ်ဝင်ကာ စစ်ထိုးကြကုန်အံ့-ဟူ၍ ကြွေးကြော်လျက် စစ်မိန့်ပေးလေသတဲ့။ ဝသဝတ္တီ နတ်ပြည်မှာ သူပုန်ဗိုလ်ကြီးလုပ်ပြီး ပုန်ကန်တိုက်ခိုက်နေကြဆိုတော့ စစ်ဆင်ရေး နည်းပရိယာယ်အရာမှာတော့ တော်တော် ကြွယ်ဝမှာဘဲနော်။ ဒါကြောင့်မို့လဲ မှောင်ခိုတိုက်ခိုက်နည်းကို အသုံးပြုတာဘဲကိုး။

အလောင်းတော်ကလဲ မိမိရှေ့နှင့် ဝဲယာအရပ် သုံးမျက်နှာမှာ ကြည့်လိုက်တော့ သိကြားမင်းနှင့်တကွ နတ်သားတွေလဲ အကုန်ပြေးကြသဖြင့် တယောက်မှ မရှိကြတော့ဘူး၊ နောက်ကို ကြည့်လိုက်တော့ မာရ်နတ်ရဲ့ စစ်သည်ဗိုလ်ပါ အပေါင်းက ဝန်းရံနေတာ တွေ့မြင်ရတော့ ဤမျှလောက် များပြားလှစွာသော မာရ်စစ်သည်အပေါင်းသည်, တယောက်ထည်းထည်းသော ငါ့ကို ရည်ရွယ်၍ များစွာသော အားထုတ်မှုတွေ ပြုနေကြတယ်။ ဤအရပ်၌ ငါ့အား အမိ,အဘ, ညီ, အကို တစုံတယောက်သော ဆွေမျိုး ဟူ၍ တယောက်မျှမရှိပေ။ ပါရမီဆယ်ပါး တရားတို့သည်သာလျှင် ငါ၏ကာလရှည်စွာ ရှေ့မှ ရပ်တည်လာသော အခြံအရံ လူများနှင့် တူကြပေတယ်။ ထို့ကြောင့် ပါရမီတရားတို့ကိုသာလျှင် မြှားကာ အရာပြု၍ ပါရမီဆယ်ပါး တည်းဟူသော လက်နက်ဖြင့်သာလျှင် ပုတ်ခတ်၍ ငါသည် ဤမာရ်စစ်သည် ဗိုလ်ပါအပေါင်းကို ဖျက်ဆီးခြင်းငှါ သင့်လှဲ့ပေတယ်-ဟု ကြံစည်ပြီးကာ ပါရမီဆယ်ပါးတရားကိုသာလျှင် ဆင်ခြင်လျက် နေထိုင်လေတော့သတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။ ဒုတ်ဓား မဆောင်, မျက်မှောင်မပွား, ပါရမီမြတ်တရားဖြင့်, နတ်ရမ်းကား မာရ်စစ်အပေါင်းကို, ကောင်းကောင်းနှိမ်နင်းတော်မူနေတာဘဲနော်။

ထိုအခါ မာရ်နတ်ကြီးက သိဒ္ဓတ္ထမင်းသား ထွက်ပြေးစေရမည်-ဟု လက်နက်ကြီးကိုးမျိုးဖြင့် အမျိုးမျိုးပစ်ခွင်းပြီး စစ်ခင်း တိုက်ခိုက်လာတော့တယ်။ ဒီမာရ်နတ်ကြီး စစ်ခင်းတိုက်ခိုက်တဲ့ လက်နက်ကိုးမျိုး ယခုကတည်းက မှတ်မိသွားအောင် လိုက်ဆိုကြစမ်းပါဦး။

**ဆောင်ပုဒ်။** ၁။ လေ,မိုး,ကျောက်ခဲ၊ လက်နက်ကဲ၊ မီးခဲမျိုးစုံစွာ။
၂။ ပြာပူ, သဲပူ၊ ရွှံ့ညွံ့ပူ၊ ကြီးလူမိုက်မှောင်ကာ။
၃။ လက်နက်ကိုးစင်း၊ မာရ်နတ်မင်း၊ ပစ်ခွင်းတိုက်ခိုက်လာ။

ဒီလင်္ကာလေး သုံးပုဒ်ကို ရထားမှသာ ရှေ့ဆက်ဟောမဲ့ တရားသားကို ကောင်းစွာ မှတ်သားနိုင်မယ်နော်။ လိုက်ဆိုပြီး နောက် မေ့ပျောက်မသွားကြစေနဲ့အုံး။

### ၁။ လေ့ပွေလက်နက်ကြီး

မာရ်နတ်ကြီး ပထမဆုံး စဘင်ပစ်ခတ်လိုက်တဲ့ လက်နက်ကတော့ ဝါတမဏ္ဍလခေါ်သော လေပွေ လေမုန်တိုင်းလက်နက်ကြီးဘဲတဲ့။ဒီလေမုန်တိုင်း လက်နက် အစွမ်းထက်ပုံကို ပြောရလျှင်–ထို ခဏမှာပင် အခရှ့ရပ် စသော အရပ်လေးမျက်နှာမှ လေတို့သည် ကောင်းစွာဖြစ်ပေါ်လာပြီး ယူဇနာ ဝက်,တယူဇနာ,နှစ်ယူဇနာ,သုံးယူဇနာ အတိုင်းအရှည် ရှိကုန်သော တောင်ထွဋ်တို့ကို ဖောက်ခွဲဖြိုဖျက် ပစ်နိုင်ခြင်း,တောခြုံသစ်ပင် စသည်တို့ကို အမြစ်ပါ နုတ်ပစ်ခြင်း၊ ထက်ဝန်းကျင်မှ ရွာနိဂုံးတို့ကို မှုန့်မှုန့်ညက်ညက် ပြုခြင်းငှါ စွမ်းနိုင်သတဲ့။ သို့သော်လဲ ထိုလေမုန်တိုင်းဟာ ဘုရားအလောင်း၏ ကောင်းမှုစွမ်းအားကြောင့် အစွမ်းသတ္တိမရှိတော့ဘဲ အလောင်းတော်ထံသို့ ရောက်လျှင် သင်္ကန်း နားကိုမျှတုန် လှုပ်စေခြင်းငှါ မစွမ်းနိုင်တော့ဘူးတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

### ၂။ ရေလက်နက်ကြီး

ထိုနောက် ဒုတိယအကြိမ်မှာတော့ "ထိုအလောင်းတော် မင်းသိဒ္ဓတ္ထကို ရေဖြင့် လွှမ်းမိုး၍ သတ်အံ့" ဟု မဟာဝဿခေါ် မိုးကြီး သည်းထန်စွာ ရွာသွန်းစေသတဲ့။ ထိုမိုးကြီးလက်နက် အစွမ်း ဖြင့် အထက်ကောင်းကင်ဝယ် အထပ်အလွှာ အရာ,အထောင် စသည်ရှိသော မိုးတိမ်တိုက်တို့ ဖြစ် ပေါ်ကာ လွန်စွာ ရွာသွန်းသတဲ့။ မိုးရေအလျဉ်ရဲ့ အရှိန်အဟုန်ကြောင့် မြေကြီးဟာ အပေါက်, အပေါက် ဖြစ်သွားတယ်တဲ့။ ချိုင့်ဝှမ်းကြီးတွေ ဖြစ်သွားတာပေါ့လေ။ ဤမျှ သည်းထန်သောမိုးဟာ အလောင်းတော်ထံမှောက် ဆိုက်ရောက်လေလျှင် သင်္ကန်းတော်ကို ဆီးနှင်းပေါက် ကျိရုံလောက်ပင် ရေမစိုပါဘူးတဲ့။

### ၃။ ကျောက်ခဲလက်နက်

တတိယ-ပါသာဏဝဿခေါ် ကျောက်ခဲမိုးလက်နက်ဖြင့် တိုက်ခိုက်ပြန်တယ်၊ အလွန့်အလွန် ကြီးကုန်သော တောင်ထွဋ်တို့သည် မီးခိုးလုံးထကာ အလျှံတပြောင်ပြောင် တောက်လောင်ကာ ကောင်းကင်မှလွင့်စင်လာ၍ အလောင်းတော်ထံမှောက် ရောက်လျှင် နတ်တို့ဆင်မြန်းတဲ့ နတ်ပန်းကုံး တွေ ဖြစ်နေကြသတဲ့။

### ၄။ ဓား,လှံ လက်နက်

စတုတ္ထ-ပဟာရဏဝဿခေါ် ဓား,လှံလက်နက်မိုးကို ရွာသွန်းချပြန်သတဲ့။တဖက်သွား,နှစ်ဖက် သွားရှိတဲ့ ဓား,လှံ,သင်ဓုန်း-စသော လက်နက်များဟာ အခိုးလွှတ်ကာ အလျှံတပြောင်ပြောင် တောက်လောင်လျက် အထက်ကောင်းကင်မှ လွင့်မြောက်လာပြီး အလောင်းတော်ထံမှောက်သို့ ရောက်လျှင် အလွန်ထူးဆန်းတဲ့ နတ်ပန်းတွေ ဖြစ်သွားလေသတဲ့။

### ၅။ မီးကျီးလက်နက်

ပဉ္စမ-အင်္ဂါရဝဿခေါ် မီးကျီးခဲမိုး ရွာသွန်းဖြိုးပြန်တယ်။ ပေါက်ပွင့်အဆင်းရှိသော မီးကျီးခဲတွေဟာ ကောင်းကင်မှ လွင့်ကျလာပြီး အလောင်းတော်၏ ခြေတော်စုံအရင်းမှာ နတ်ပန်း များပမာ ပြန့်ကြဲနေပြန်သတဲ့။

## ၆။ ပြာပူမိုးလက်နက်

ဆဌ-ကုက္ကုဠ၀ဿသခေါ် ပြာပူမိုးကြီးကို ရွာသွန်းကာ တိုက်ခိုက်ပြန်တယ်။ အလွန်ပူသော မီးလျှံအဆင်းရှိသော ပြာပူများ ကောင်းကင်မှ တဖွားဖွားလွင့်လာပြီး အလောင်းတော်ရဲ့ခြေတော်ရင်းမှာ နတ်၌ဖြစ်သော စန္ဒကူး နံ့သာမှုန့်တွေဖြစ်၍ ကျလာလေသတဲ့။

## ၇။ သဲပူမိုးလက်နက်

သတ္တမ-ဝါလုကာဝဿခေါ် သဲပူမိုးကြီး ရွာသွန်းချပြန်တယ်။ အလွန်နူးညံ့သော သဲပွင့်များဟာ အခိုးတလူလူ,အလျှံတပြောင်ပြောင် တောက်လောင်လျက် ကောင်းကင်ထက်မှ လွင့်တက်လာကာ အလောင်းတော်ခြေရင်း၌ နတ်ပန်းများဖြစ်၍ ကျနေကြပြန်သတဲ့။

## ၈။ ရွှံ့ညွှံပူမိုးလက်နက်

အဋ္ဌမ-ကလလဝဿခေါ် သံရေပူပမာ လွန်စွာပူသော ရွှံ့ညွှံရေပူမိုးကို ရွာသွန်းပြန်သတဲ့။ ထို ရွှံ့ညွှံရေပူဟာ အခိုးတလူလူနှင့် အလျှံထွက်အောင် တောက်လောင်လျက် ကောင်းကင်မှ လွင့်ကျလာကာ အလောင်းတော် ခြေတော်ရင်း၌ နတ်၌ဖြစ်သော နံ့သာပြောင်းပမာ ကျရောက်လာသတဲ့။

## ၉။ မှောင်မိုက်တိုက်လက်နက်

နဝမ-"ဤ အမိုက်မှောင်ကြီးဖြင့် ခြောက်လှန့်၍ သိဒ္ဓတ္ထမင်းသားကို ထွက်ပြေးစေအံ့" ဟု အကြံပြုကာ အမိုက်မှောင်ကြီးကို ဖြစ်ပေါ်စေပြန်တယ်။ အလွန်ထူထဲလှစွာသော အမိုက်မှောင်ကြီးဟာ အလောင်းတော်ထံမှောက် ဆိုက်ရောက်သောအခါ နေမင်းအရာ လွင့်ကာ ပယ်ဖျောက်လိုက်သကဲ့သို့ အမိုက်မှောင်ကြီးဟာ အလိုလို ကင်းပျောက်သွားရသတဲ့။

မာရ်နတ်သားရဲ့ လက်နက်မျိုး ကိုးပါးလဲ စုံသွားပြီနော်၊ ဒို့ ဒကာ,ဒကာမတွေ ဓမ္မ အေးယဉ်ပုခက်နဲ့ အိပ်စက်များနေကြပြီလား မဆိုနိုင်တော့ဘူး။ ကဲ-ကဲ-သာဓုသံ မြိုင်မြိုင်ခေါ်ကြရအောင် ခေါင်းထောင်ပြီး လက်အုပ်ကလေး ချီထားကြဦး။

မာရာရိဗလ ဝိဿဋ္ဌာ၊ ကုက္ကာ နာနာဝိဓာယုဓာ။
လဇ္ဇမာနညဝေသေန၊ ဇိနပါဒါ နတာ တဝ။ (သုဗောဓာ လင်္ကာရ ဂါထာ-၁၅၇)။

ဇိန၊ အောင်မြင်သူတို့၏ အထွဋ်အမြူး အောင်ပွဲထူးပိုင်ရှင် အို-ဘုရားသခင်။ မာရာရိဗလ ဝိဿဋ္ဌာ၊ ဂဿဝတ္တီ,နတ်တို့ပြည်မှ,ထိုဤကျော်ကြား,မာရ်နတ်သားဟူ, ရန်ဖက်သူသည်, ရှိမူထင်ရှား, ကိုယ်စွမ်းအားဖြင့်, ရည်ငြားသတ်မှတ်, စွန့်လွှတ် ပစ်ခတ်ကုန်သော။ (ဝါ) ရန်သူဖြစ်ငြား, မာရ်နတ်သား၏,များပြား စစ်သည်တို့သည် လှည့်လည်ပစ်ခတ်အပ်ကုန်သော။ နာနာဝိဓာ၊ ဆန်းဆန်းကြယ်ကြယ်,အသွယ်သွယ်ထူးခြား,အထူးထူးအပြားပြားရှိကုန်သော။ အာယုဓာ၊ မုန်တိုင်းမိုးကြီး,အသီးသီးဖိုဖျက်,စစ်လက်နက်တို့သည်။ ကုက္ကာ၊ လောင်းဘော်မြတ်ဖျား, တန်ခိုးအားကြောင့်,စွမ်းအား ဖျင်းသုန်,တုံးကြကုန်သည်ဖြစ်၍။ လဇ္ဇမာနာ၊ မိမိဖြစ်ပျက်,မဟန်ချက်ကို,ရှက်ကြကုန်သည်ဖြစ်၍။ (ဝါ) ရှက်ကြကုန်သောကြောင့်။ အညဝေသေန၊ လက်နက်တည်းဟူ, ရှိမူထင်ရှား, မိမိအသွင်မှတပါး,

ပန်းပေါက်ပေါက်အသွင်အားဖြင့်။ တဝ၊ လောင်းတော်မြတ်ဖျား, အရှင်ဘုရား၏။ ပါဒါနတာ၊ခြေတော်အစုံ,ကြာပဒုံသို့, ခိုလှုံမာန်ချ,ညွတ်ခကြရလေကုန်ပြီတကား-။

မာရ်နတ်သားနှင့် မာရ်စစ်သည်များရဲ့ အစွမ်းထက်လှတဲ့ စစ်လက်နက်တွေဟာ အလောင်းတော်မြတ်ဖျား အနီးအပါးသို့ရောက်သောအခါ စွမ်းအားအဟုန်တွေ တုံး၍ကုန်ကြသတဲ့။ ပါရမီရှင်ရဲ့ တန်ခိုးအစွမ်းကြောင့် ဘယ်လိုလက်နက်မျိုးမှ မတိုးမပေါက်နိုင်ကြဘူးပေါ့။ မတိုးမပေါက်နိုင်ရုံ မဟုတ်သေးဘူး (ဒကာကြီး ဦးစိန်ရဲ့)။ မာရ်နတ်ပစ်လွှတ်လိုက်တဲ့ လက်နက်တွေဟာ အစွမ်းအဟုန် တုံးကုန်ကြသဖြင့် လက်နက်အသွင်ဖြင့် ဆိုက်ရောက်လာရန် ရှက်နိုးကြသဖြင့် ရှင်တော်မြတ်ဘုရားရဲ့ ခြေတော်အစုံသို့ ပန်းပေါက်ပေါက်အသွင်ဖြင့် ညွတ်ခ ဆိုက်ရောက်လာကြသတဲ့။ အသက်မရှိတဲ့ အဝိညာဏက လက်နက်တွေကမှ ပါရမီရှင် မြတ်ဘုရားကို ရှက်တတ် ရှိတတ်သေးတယ်နော်။ ဒုစရိုက်အိုး မာရ်နတ်ဆိုးကဖြင့် တမျိုးပြီးတမျိုး တိုးလို့သာ မိုက်နေတော့ပါကလား။

**ဆောင်ပုဒ်။** မာရ်နတ်ရန်စစ်-ထိုးပစ်စုံစွာ၊ လက်နက်အားလုံး- စွမ်းသုံးကုန်ကာ။
ရှက်ကြောက်ရွံ့ပြောင်း- သွင်ပြောင်း၍သာ၊ မြတ်ဘုရား—ခြေဖျားဝပ်စင်းလာ။

ဤကဲ့သို့ မာရ်နတ်သားသည် လေမုန်တိုင်းလက်နက် စသော ကိုးပါးသော လက်နက်မျိုးတို့ဖြင့် စစ်ဆင်ထိုးနှက်ပါသော်လဲ အလောင်းတော်မြတ် ဘုရားက လားလားမျှ မဖြုံသဖြင့်—

ကိံ ဘဏေ တိဋ္ဌထ ဣမံ သိဒ္ဓတ္ထကုမာရံ ဂဏှထ ဟနထ ပလာပေထ။
(ဇာ-ဋ-ပ-၇၁)

အချင်းတို့ အဘယ့်ကြောင့် ရပ်နေကြသနည်း၊ ဤသိဒ္ဓတ္ထမင်းသားကို ဖမ်းကုန်လော့၊ သတ်ကြကုန်လော့၊ ထွက်ပြေးအောင် ရိုက်ပုတ်ထုတ်ကြကုန်လော့-ဟု မာရ်စစ်သည်အပေါင်းကို အမိန့်ပေးပြီး မိမိကလည်း ဂိရိမေခလာ ဆင်ထက်က စစ်လက်နက်ကြီးကို ကိုင်စွဲကာ အလောင်းတော်အနားသို့ ချဉ်းကပ်၍—

သိဒ္ဓတ္ထ ဥဋ္ဌေဟိ တသ္မာ ပလ္လင်္ကာ။
နာယံ တုယှံ ပါပုဏာတိ၊ မယှံ ဧဝ ပါပုဏာတိ။ (ဇာ-ဋ)။

သိဒ္ဓတ္ထ၊ သုဒ္ဓေါဒနမင်း၏ သားဖြစ်သော မင်းသိဒ္ဓတ္ထ၊ တသ္မာပလ္လင်္ကာ၊ ဗောဓိညောင်ပြင်, ဤပလ္လင်ထက်မှ။ ဥဋ္ဌေဟိ၊ ချက်ချင်းမကြာ, လျှင်စွာထပါလော့။ အယံပလ္လင်္ကော၊ ဤပလ္လင်သည်တား။ တုယှံ၊ သင်မင်းသားအား။ နပါပုဏာတိ၊ မရောက်ပေ။ ဝါ၊ မဆိုင်ပေ။ မယှံဧဝ၊ ငါအားသာလျှင်။ ပါပုဏာတိ၊ ကောင်းစွာမျက်မှောက် ဆိုက်ရောက်ပေ၏- ဟူ၍ ဆူပူကြိမ်းမောင်းကာ အလောင်းတော်အား ပလ္လင်ပေါ်မှ နှင်ချလေဘယ်။ "နောက်မှ မွေးပြီး မိဦးနာမည်ပေး" ဆိုတဲ့ နတ်သားမျိုးပါကလားနော်။ နောက်မှ ဘယ်ဒေါင့်ကြားက ရောက်လာမှန်း မသိတဲ့သူက အရင်ရောက်နေသူကို ဦးအောင်နှင်ချနေပြန်သတဲ့။ လောကကြီးမှာ ဒီလိုပုံစံတွေတော်တော်များပါတယ်။ မိမိဉာဏ်ဖြင့် မှန်းဆပြီးသာ ကြည့်ကြပေတော့။

အလောင်းတော်သည် မာရ်နတ်သား၏ စကားကို ကြားရလေလျှင် "အို-မာရ်နတ်သား အသင်သည် ဆယ်ပါးသုံးလီ ပါရမီတရားတို့ကိုလည်း မဖြည့်မကျင့်။ ငါးပါးသော စွန့်ခြင်းကြီး များကိုလည်း မငေ့မစွန့်၊ စရိယသုံးပါး အကျင့်တရားကိုလည်း မကျင့်မပွားခဲ့ပေ။

သမ္ဘာတာ မယာယေဝ ပူရိတာ၊ တသ္မာ နာယံ ပလ္လင်္ကော တုယှံ ပါပုဏာတိ၊
မယှေဝေသော ပါပုဏာတိ။ (ဇာ-ဋ္ဌ-ပ-၈၆)။

တာသမ္ဘာ၊ ပါရမီစသား အလုံးစုံသော တရားတို့ကို။ မယာယေဝ၊ ငါသည်သာလျှင်။ ပူရိတာ၊ ဖြည့်ကျင့်အပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အယံပလ္လင်္ကော၊ ဤပလ္လင်သည်။ တုယှံ၊ သင်နတ်သားအား။ နပါပုဏာတိ၊ မရောက်ပေ, မဆိုင်ပေ။ ဧသော၊ဤပလ္လင်သည်။မယှေဝ၊ ငါ့အား သာလျှင်။ ပါပုဏာတိ၊ ရောက်ရှိပေ၏-ဟု တုန့်ပြန်မိန့်ကြားလိုက်လေတယ်။

ဤကဲ့သို့သော အလောင်းတော်က အသင် မာရ်နတ်သား စွန့်ခြင်းငါးဖြာ စရိယာ သုံးသွယ် သုံးဆယ်ပါရမီ အလီလီကို ငါသာလျှင် ဖြည့်ကျင့်ခဲ့ပေသည်။ သို့အတွက် ဤပလ္လင်သည် အသင်နှင့်မဆိုင်။ ငါပိုင်သာ ဖြစ်ပေသည်-ဟု ပြောဆို မိန့်ကြားလိုက်လျှင် မာရ်နတ်သားသည် ယမ်းပုံမီးကျ ဒေါကန်လှသဖြင့် ဒေါသအဟုတ်ကိုသည်းမခံနိုင်တော့ပဲ အလောင်းတော်အား လက်နက်ကြီးဖြင့် ပစ်ခတ်လိုက်တယ်တဲ့။ သို့သော်လဲ မာရ်နတ်ကြီးက ရက်ရက်စက်စက်ပစ်လွှတ် ထိုးနှက် လိုက်တဲ့ စက်လက်နက်ကြီးဟာ ပါရမီဆယ်ပါး အကျင့်တရားကိုသာ ဆင်ခြင်ပွားများနေတဲ့ အလောင်းတော်အပေါ်၌ ပန်းမျက်နှာကျက်ကြီးဖြစ်ကာ တည်နေပြန်သတဲ့။

မာရ်နတ်၏ တပ်သားတွေကလဲ "သိဒ္ဓတ္ထမင်းသား ယခုချက်ချင်း ပလ္လင်ပေါ်မှထ၍ ပြေး စေရမည်"ဟု အလွန့်အလွန်ကြီးလှစွာသော တောင်ထွဋ်ကြီးဖြင့် ပစ်ခတ် ပေါက်လွှတ်ကြပြန်တယ်။ ထိုထိုကြောက်မန့်ဘွယ်ရာ ကြီးမားလှသော တောင်ထွဋ်ကြီးများလဲ အလောင်းတော် ထံမှောက် ဆိုက်ရောက်သောအခါ ပန်းကုံးတွေဖြစ်နေပြီး မြေပေါ်မှာ ကြဲဖြန့်နေသတဲ့။ ဘုန်းရှင် ကံရှင် ပါရမီရှင်ကို ဘယ်လိုရန်သူမှ ဌါးစူကာ မဖြိုဖျက်နိုင်ဘူးဆိုတာ ထင်ရှားတယ်နော်။

အဲဒီလို မာရ်နတ်နှင့် စစ်သည်အပေါင်းတို့က ဘုရားအလောင်းကို စစ်မျက်နှာအစုံဖွင့်ကာ ထိုးစစ်ဆင်နေကြတဲ့အခါ ထိုထိုနတ်အများမှာ စကြာဝဠာအစွန်းသို့ ပြေးရင်နေကြပြီး လည်ဆန့်ကာ ဦးခေါင်းထောင်ပြီး-

နဋ္ဌောဝတ ဘော သိဒ္ဓတ္ထ ကုမာရဿ ရူပဂ္ဂပ္ပတ္တော အတ္တဘာဝေါ ကိံနုခေါ ကရိဿတိ။
(ဇာ-ဋ္ဌ)။

ဘော၊ အချင်းနတ်အပေါင်းတို့။ ဝတ၊ စင်စစ်ကေန် အမှန်ပင်၊ သိဒ္ဓတ္ထကုမာရဿ၊ သိဒ္ဓတ္ထ မင်းသား၏။ ရူပဂ္ဂပ္ပတ္တော၊ လှပရုပ်ဆင်း မြင့်မြတ်ခြင်းသို့ ရောက်သော။ အတ္တဘာဝေါ၊ ခန္ဓာကိုယ် အတ္တဘောသည်။ နဋ္ဌောဝတ၊ အမှန်မုချ ပျက်စီးရရှာလေပြီတကား။ ကိံနုခေါကရိဿတိ၊ အဘယ် အမှုကို ပြုလုပ်ပါအံ့နည်း-ဟု တီးတိုးစကားပြောကြားရင်း ကြည့်နေကြသတဲ့။ တော်တော်အားကိုး ရတဲ့အလောင်းတော်ရဲ့ဘက်သား နတ်အများပါတဲ့နော်။စစ်ပွဲနားတောင်မကပ်ဝံ့ကြဘူး။အဝေးကြီး

စကြာ၀ဠာစွန်းပြေးပြီး ကြည့်နေကြသတဲ့။ ပြေးဆိုလဲ မာရ်နတ်က နတ်ရမ်းကားကြီးမဟုတ်လား။ သူတို့ဘက်ကို လက်နက်ဦးတချက်လှည့်လိုက်တခနဲ့ အကုန်ဒုက္ခရောက်ကုန်ကြမှာ။ အဒလောင်းတော်ကသာ ပါရမီရှင်မို့ မတုန်မလှုပ်ဘဲ ခံနိုင်တာကိုး (ဒကာကြီး ဦးစိန်ရဲ)။

ထိုနောက် အလောင်းတော်က''ဖြည့် ဆည်းပူးပြီးသော ပါရမီရှိကုန်သော ဘုရားအလောင်းတို့၏ သစ္စာလေးပါးတရား မြင်သိမည့်နေ့၌ ပေါက်ရောက်သော ပလ္လင်သည် ငါ့အားသာလျှင်ရရှိထိုက်ပေသည်''ဟု မိန့်ဆိုရပ်နေသော မာရ်နတ်သားကို ''အသင်မာရ်နတ် သင်သည် အလှူဒါနပြုသောအခါ အသိသက်သေ ဘယ်သူရှိသနည်း''ဟု မေးမြန်းလိုက်သတဲ့။

ဒီလိုမေးတော့ မာရ်နတ်က အကြိုက်ကြနေမှာပေါ့။ ဘာ့ကြောင့်မို့လဲဆိုတော့ သူ့ရဲ့နောက်သက်သေလိုက်မည့်သူတွေက ကုဋေပေါင်းများစွာ မဟုတ်ပါလား။ မာရ်စစ်သည်အားလုံးဟာ မာရ်နတ်ဘက်ကချည်း သက်သေလိုက်ကြမှာဘဲပေါ့။ဒါ့ကြောင့် မာရ်နတ်ကလဲမျက်နှာပြောင်ပြောင်နဲ့ ခေါင်းမော့ထောင်ပြီးတော့- ''ဟောဒီ ဟောဒီသူအဲ့ပေါင်းဟာ ငါရဲ့ သက်သေတွေဘဲ''ဟု မာရ်စစ်သည်အပေါင်းကို လက်ညှိုးညွှန်ပြလိုက်သတဲ့။

ထိုသို့ညွှန်ပြသော ခဏ၌ပင် မာရ်စစ်သည်အပေါင်း ပရိသတ်များစွာကလည်း ''အဟံသက္ခိ အဟံ သက္ခိ'' ငါသည် သက်သေတည်း၊ ငါသည် သက်သေတည်း-ဟု သက်သေခံကာ ဟစ်အော်ကြွေးကြော်ကြတဲ့ အသံတွေဟာ မဟာပထဝီ မြေကြီး တော်လည်းသံကြီးကဲ့သို့ မြည်ဟီးပြီးသွားတယ်ဆိုဘဲ၊ ဟုတ်ပေလိမ့်မယ်ပေါ့။ မာရ်နတ်ရဲ့ ပရိသတ်က ကုဋေပေါင်းများစွာ စုရုံးနေတာမဟုတ်လား။

သက်သေအင်အား တောင့်တင်းလှသဖြင့် မာရ်နတ်ကြီးကတော့ အလွန်ဝမ်းမြောက်နေတာပေါ့လေ။ ဝမ်းလဲမြောက်စရာ အားလဲရစရာပါဘဲ။ ဘယ်ဆီကြည့်ကြည့် သူ့ပရိသတ် သူ့စစ်သည်ချည်းဘဲ မဟုတ်လား။ သို့အတွက် မာရ်နတ်သားက အလောင်းတော်ကို ပြန်လှန်ပြီး မေးလိုက်ပြန်တယ်။ ''မင်းသိဒ္ဓတ္ထ အသင်၏ အလှူဒါနကို ပေးလှူသည့်အဖြစ်၌ကား သက်သေဘယ်သူရှိပါသနည်း'' တဲ့။ အလောင်းတော်ရဲ့ဘက်မှာ သက်သေခံမဲ့သူ တယောက်မှမရှိတဲ့အတွက် အကြပ်ရိုက်သွားလိမ့်မယ်အထင်နှင့် မေးလိုက်တာပေါ့။

ဘုရားအလောင်းက တုန်လှုပ်ချောက်ချား၍ မသွားဘဲ စိတ်ထားဘော် တည်တည်ဖြင့်-

တုယှံ တာ၀ ဒါနဿ ဒိန္နဘာဝေ သစေတနာ သက္ခိနော၊ မယှံ ပန ဣမသ္မိံ ဌာနေ သစေတနော ကောစိ သက္ခိနာမ နတ္ထိ။ တိဋ္ဌတု တာ၀ မေ အာသေသာတ္တ ဘာ၀ေသု ဒိန္နဒါနံ၊ ၀ေဿန္တရတ္တဘာ၀ေ ပန ဌတွာ မယှံ သတ္တသတက မဟာဒါနဿ ဒိန္နဘာဝေ အယံအစေတနာပိ ဃနမဟာပထဝီ သက္ခိ။ (ဇာ ဌ-ပ-၈၆)။

တုယှံ၊ သင်မာရ်နတ်သားအား။ တာ၀၊ ရှေးဦးစွာ။ ဒါနဿ၊ အလှူဒါနကို။ ဒိန္နဘာဝေ၊ ပေးလှူသောအဖြစ်၌။ သစေတနာ၊ စိတ်စေတနာရှိကြကုန်သော။ သက္ခိနော၊အသိသက်သေတို့သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ မယှံပန၊ ငါ့အားကား။ဣမသ္မိံ ဌာနေ၊စစ်ပွဲခင်းကျင်းရာ ဤအရပ်ဒေသ၌။ သစေတနော၊ စိတ်စေတနာရှိသော။ ၀ါ၊ သက်ရှိဖြစ်သော။ ကောစိသက္ခိနာမ၊ တစုံတယောက်သော အသိသက်သေမည်သည်။ နတ္ထိ၊ ညွှန်ပြဘွယ်ရာ မရှိပါချေ။

မေ၊ ငါအလောင်းတော်၏။ အဝသေသတ္တဘာဝေသု၊ ဝေဿန္တရာမှတပါး ကြွင်းကြွင်း ကိုယ်ဖြစ်စင်စစ်ရှိသော ဘဝတို့၌။ ဒိန္နဒါနံ၊ လှူခဲ့သောအလှူသည်။ တာဝတိင္တတု၊ ရှိပါလေဦးတော့။ ပန၊ အကြွင်းဘဝများ ဖယ်ကာထား၍ ဝေဿန္တရာ ဘဝတပါးကိုသာ ပြဆိုပေအံ့။ ဝေဿန္တရာ ဘာဝေ၊ ဝေဿန္တရာမင်းဖြစ်သောဘဝ၌။ ဌတွာ၊ ရပ်တည်၍။ မယှံ၊ ငါ၏။ သတ္တသတက မဟာဒါနဿ၊ ခုနစ်ရာသော အလှူကြီးပွဲကြီးကို၊ ဒိန္နဘာဝေ၊ ရက်ရောကြည်ဖြူ ပေးလှူသည့်အဖြစ်၌။ အစေတနာပိ၊ စိတ်စေတနာ မရှိသည်လည်း ဖြစ်သော။ ဝါ၊ သက်မဲ့လည်းဖြစ်သော။ အယံ်ံန မဟာပထဝီ၊ဤတခဲနက်သော မဟာပထဝီ မြေကြီးသည်။ သက္ခိ၊ ထင်ရှားမသွေ အသိသက်သေပင် တည်း-ဟု-

မာရ်နတ်သားအား ပြောကြားပြီးလျှင် သင်္ကန်းတော်အတွင်းမှ ညာလက်တော်ထုတ်ဖော်ကာ "ဝေဿန္တရာမင်းအဖြစ်၌ ရပ်တည်၍ (ဝါ) တည်ရှိ၍ ငါ၏ ခုနစ်ရာသော အလှူပွဲကြီးကို ပေးလှူ သော အဖြစ်၌ အသင် မဟာ ပထဝီမြေကြီးသည် အသိသက်သေမဟုတ်လော"ဟု မိန့်ဆိုကာ မဟာ ပထဝီမြေကြီးသို့ ရှေ့ရှုလျှက် လက်တော်ကို ဆန့်တန်းလိုက်တယ်၊ လက်ညှိုးတော်ညွှန်လိုက်တယ်တဲ့။ (ဒကာကြီး ဦးစိန်ရဲ့)။ ဦးပဥ္စင်းတို့ ဘုရားအလောင်းက သက်ရှိသတ္တဝါကို မဆိုထားနှင့် သက်မဲ့ ဖြစ်တဲ့ မဟာပထဝီမြေကြီးကိုပင် သက်သေအရာ တင်ပြတာနော်။ ဘယ်ကဲလောက်များ ဒါနပါရမီ အရာ ကြီးမားသလဲဆိုတာ ဆက်လက်ပြီး ကြည့်ကြဦးစို့။

မဟာပထဝီ အဟံ တေ တဒါ သက္ခိတိ ဝိဝရသတေန ဝိဝရသဟဿေန
ဝိဝရ သတသဟဿေန မာရဗလံ အဝတ္ထရမာနာဝိယ ဥန္နဒိ။ (ဇာ-ဋ္ဌ--ပ-ဂ၆)။

တဉ္စဏေညေဝ အယံ မဟာပထဝီ ဆဓာ ပကမ္ပိတ္ထ။
ဥပရိအာကာသေ အနေကသဟဿာနိ ဝိဇ္ဇုလတာစ အသနိစ ဖလိံသု။
(ဗုဒ္ဓဝံသဋ္ဌကထာ-၃၄၀)။

ထိုခဏမှာပင် မဟာပထဝီမြေကြီးဟာ ငါသည် အသင်ဝေဿန္တရာဘဝ အလှူဒါန ပြုစဉ် အခါက အသိသက်သေပေတည်း"ဟု ဟင်းလင်းပွင့်သော အပေါက်ပေါင်း ရာထောင်သိန်းဖြင့် မာရ်စစ်သည်ဗိုလ်ပါအပေါင်းကို လွှမ်းမိုးသကဲ့သို့ပဲ တင်ထပ်အောင် မြည်ဟီးလာတော့တယ်။ မဟာ ပထဝီမြေကြီးဟာ ဝဲ-ယာ ရှေ့နောက်ထက်အောက် ထူးခြား ခြောက်မျိုးအပြားအားဖြင့် မြည် ဟီးတုန်လှုပ်သွားသတဲ့။

အရပ်ထဲမှာ ယနေ့အထိ အသိများနေတာကတော့ ဝသုန္ဒရေ မြေစောင့် နတ်က ဆံရေ ညှစ်ချကာ သက်သေခံလာတယ်။ ထိုမြေစောင့်နတ်ရဲ့ သက်သေခံ ဆံရေကြောမှာ မာရ်နတ်နှင့် အပေါင်းပါ စစ်သည်တော်များ မြောပါသွားကြတယ်လို့ ယူဆထားကြတယ်နော်။ အမှန်မှာ မြေ စောင့်နတ်က ဆံရေညှစ်ကာ သက်သေခံတာ မဟုတ်ပါဘူး။ မြေကြီးက တော်လည်း မြည်ဟီးပြီး သွက်သွက်ခါအောင် မြေလျှင်တွေ လှုပ်လိုက်ခြင်းပါ။

ဒါကြောင့်မို့ ဒီနေရာမျိုးမှာ သေသေချာချာ မှတ်သားကြပါလို့ သတိပေးပါတယ်။ (ဒကာကြီး ဦးစိန်တို့ ဦးချိန်တို့နော်)။ ကောင်းကောင်း မှတ်ထားကြပေတော့။ အထက်ကောင်း

ကင်မှာလဲ ထောင်ပေါင်းများစွာသော လျှပ်စစ်တွေ တဝင်းဝင်းပြက်ခြင်း, မိုးကြိုးတွေကလဲတဝင်းဝင်း ပစ်ခြင်း ဖြစ်နေတယ်တဲ့။

တော်တော် ကြောက်လန့်ဖွယ်ရာ ကောင်းတဲ့ စစ်ပွဲကြီးဘဲနော်။ အမှန်ကတော့- ဘုရားအလောင်းတော်က မာရ်နတ်သားအပေါ်မည်သို့မျှ ထိခိုက်စေလိုသောစိတ်ရှိတော်မူမည်မဟုတ်ပါဘူး၊ မာရ်နှင့် မာရ်စစ်သည် အပေါင်းရဲ့ မဟုတ်မမှန် လုပ်ကြံပြောဆိုမှု အားထုတ်မှုတွေကြောင့် အသက်မရှိတဲ့ အဝိညာဏက အရာဝတ္ထုများကပင် မနေအားတော့ဘဲ ဝင်ရောက် သက်သေခံကြရတာကိုး။

အဲဒီလို မြေကြီးကတော်လဲ မြည်ဟီးပြီး သွက်သွက်ခါအောင် တုန်လှုပ်တဲ့အခါ၊ အထက်ကောင်းကင်က လျှပ်စစ်ပြက် မိုးကြိုးထစ်သောအခါ- သူရဲကောင်း မာရ်နာတ်သားနှင့် မာရ်စစ်သည်ကို ငုံ့စောင့်ပြီး ကြည့်လိုက်တော့-

အံသ ဂိရိမေခလဒိရဒေါ ဇဏ္ဏုကေန ပတိ။မာရော ဂိရိမေခလက္ခန္ဓေ နိသိန္နော ဘူမိယံ ပတိ။
မာရပရိသာပိ ဒိသာဝိဒိသာသု ဘုသမုဋ္ဌိဝိယ ဝိကိရိံသု။ (ဗုဒ္ဓဝံသအဋ္ဌကထာ- ၊ ၄၀)။

အထ၊ မင်းဝေဿန္တရာ, လှူခါသက်သေ, ပေါ်ထွက်လေသော အခါ၌။ ဂိရိမေခလဒိရဒေါ၊ မာရ်နတ်သား၏ ကြီးမားစွမ်းအင် ဂိရိမေခလာဆင်ကြီးသည်။ ဘူမိယံ၊ မြေပြင်ပေါ်၌။ ဇဏ္ဏုကေန၊ ပုဆစ်ဖြင့်။ ပတိ၊ လဲကျ လေပြီ။ ဝါ-ဇဏ္ဏုကေနပတိ၊ ပုဆစ်တုတ်ကာ ဝပ်လေပြီ။ ဂိရိမေခလက္ခန္ဓေ၊ ဂိရိမေခလာဆင် ကျောကုန်းထက်၌။ နိသိန္နော၊ လက်နက်ကိုင်စွဲ, အမြဲနေသော။မာရော၊ ပလ္လင်လုရန် ဒေါမာန်ထန်ပြင်း, မာရ်နတ်မင်းသည်။ ဘူမိယံ၊မြေပြင်ပေါ်၌။ ပတိ၊ စောက်ထိုး,ဂျွမ်းပြန် မူမမှန်ဘဲ, ကေန်မှုချကျလေပြီ။

မာရပရိသာပိ၊ သူရဲကောင်းစစ်သည်များဟု ထက်အောက်တခွင် အလွန်ပင်ကျော်ကြားသည့် များပြားပြည့်ကျပ် မာရ်နတ်သား၏ စစ်သည်တော် ပရိသတ်တို့သည်။ ဒိသာဝိဒိသာသု၊ မျက်နှာမူရာ တူရူအရပ် အထောင့် အရပ်တို့၌။ ဝါ၊ အရပ်ထက်ဝန်းကျင်တို့၌၊ ဘုသမုဋ္ဌိဝိယ၊ လေပြင်လမ်းကြောင်း စုပေါင်းတည်ထား ဖွဲ့ဆုပ်အလားကဲ့သို့။ဝိကိရိံသု၊အသက်လုကာ,ဦးတည်ရာသို့, ရှောင်ခွာပြေးမြဲ ဖယိုဖရဲ ဖြန့်ကြဲ ဖြစ်ကြလေကုန်ပြီ တကား။

တရားတော်နာယူကြတဲ့ ဒိုဗကာ ဒကာမကြီးတွေ နတ်ရမ်းကားကြီး မာရ်နတ်နှင့် သူရဲ့ သူရဲကောင်း စစ်သည်တော်တွေ အခြေအနေကို သေသေချာချာ မြင်ကြရပြီ မဟုတ်လား။ အနုမာနဉာဏ် အားဖြင့် မှန်းဆကြည့်ပြီး မြင်တာကို ပြောရတာပေါ့နော်၊ သေသေချာချာ ကြည့်ကြအလောင်းတော်ရဲ့ ဝေဿန္တရာမင်းဘဝက အလှူဒါနမျှကိုသက်သေခံသောအားဖြင့် မဟာပထဝီ မြေကြီးက တုန်ဟီးလာခြင်း, အထက်ကောင်းကင်ပြင်တဝိုက်မှာ လျှပ်စစ်ပြက်ခြင်း, မိုးကြိုးထစ်ခြင်း ဖြစ်တဲ့အခါခန္ဓာကိုယ်က တောင်ကြီးလောက်ရှိပြီး အစွယ်ကြီး တငေါငေါနှင့်လွန်စွာကြောက်ရှုံဖွယ်ကောင်းလှတဲ့ မာရ်နတ်မင်းရဲ့ ဂိရိမေခလာခေါ် မင်္ဂလာစီးတော်ဆင်ကြီးဟာ မြေကြီးပေါ်မှာ ပုဆစ်တုပ်ပြီး ဝပ်နေရှာသတဲ့။

ထိုဂိရိမေခလာ ဆင်ကြီးပေါ်၌ နေသော ဝသဝတ္တီပြည်တုန်အောင် ပုန်ကန်သောင်းကြမ်းနေတဲ့ သူပုန်ဗိုလ်မာရ်ကြီးကလဲ၊ ဆင်ပေါ်မှမြေကြီးပေါ် လိမ့်ကျသွားလေသတဲ့။ သနားစရာကောင်း

လိုက်ပါဘိနော်။ မာရ်နတ်မင်းရဲ့ စစ်သည်တော် ပရိတ်သတ်တွေလဲ ခြေဦးတည်ရာအရပ်ထက်ဝန်းကျင်တို့သို့ အသက်လုကာ ပြေးသွားကြရှာသတဲ့။ လေပြင်လေလမ်းမှာ ချထားတဲ့ဖွဲဆုပ်ကြီးပမာ လေလာရာ လွင့်ပါသကဲ့သို့ မာရ်နတ်ရဲ့စစ်သည်တော်တွေဟာ ဖယိုဖရဲဖြန့် ကြဲကုန်တော့တာဘဲတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

ဤကဲ့သို့မာရ်နတ်မင်းနှင့် စစ်သည်တော်အပေါင်းတို့ ဖယိုဖရဲနှင့် တပ်ပျက်ပြီး ပြေးလွှားနေကြတာကို စကြာဝဠာအစွန်းမှ ရပ်ကြည့်နေကြတဲ့ နတ်အများက တွေ့မြင်တော့-

မာရဿ ပရာဇယော ဇာတော သိဒ္ဓတ္ထ ကုမာရဿ ဇယော၊ ဇယပူဇံ ကရိဿာမ။

မာရ်နတ်သားရှုံးလေပြီ၊ သိဒ္ဓတ္ထမင်းသား အောင်နိုင်လေပြီ။ အောင်ပွဲသဘင်ပူဇော်မှုကို ပြုကြကုန်အံ့''ဟု-နဂါးတွေကနဂါးတွေကို, ဂဠုန်တွေကလဲဂဠုန်တွေကို, နတ်တွေကလဲ နတ်တွေကို, ဗြဟ္မာတွေကလဲ ဗြဟ္မာတွေကိုအသီးသီး ကြွေးကြော်အသိပေးကာ နံ့သာပန်းစသည် ယူဆောင်ကြပြီး- ဘုရားအလောင်းတော်ထံ အပရာဇိတပလ္လင်သို့ ဝန်းရံရောက်လာကြသတဲ့-

အောင်ပွဲသဘင်ဆိုတော့ အလွန်ပျော်နေကြမှာပေါ့လေ။ ထိုအောင်ပွဲမှာ နဂါးတွေ, ဂဠုန်တွေကို,နတ်တွေ, ဗြဟ္မာတွေ,ကအောင်ပွဲဂုဏ်ပြုသောအားဖြင့် အသီးသီးရွတ်ဆိုကြတဲ့ အဘိသေက မင်္ဂလာ အောင်ဂါထာများကို ဦးပဥ္စင်းတို့ကလဲ တရားဟော တရားနာသူအားလုံး ကြံစည်သမျှ အောင်ကြစေရန်ရည်သန်ပြီး ရွတ်ဆိုလိုက်ပါဦးမယ်။ ကဲ-ကဲ- လောကီ, လောကုတ် မယုတ်တိုးပွား အောင်ဆုများကို လိုလားကြတဲ့တရားနာသူ ဒကာ, ဒကာမများ သာဓုသံမြှိုင် ခေါ်ကြရအောင် လက်အုပ်ကိုယ်စီ ချီထားကြပေတော့-

နဂါးတို့ရွတ်ဆိုသော အဘိသေက မင်္ဂလာဂါထာ။

(က) ဇယော ဟိ ဗုဒ္ဓဿ သိရီမတောအယံ၊ မာရဿစ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊ ဇယံ တဒါ နာဂဂဏာ မဟေသိနော။
(ဇာတက- ဋ္ဌ-ပ ၇၇။ အပဒါန- ဋ္ဌ-ပ- ၇၉)။

မာရိသာ၊ အောင်ပွဲရောက်လာ, များစွာထောင်သောင်း, အိုအချင်းနဂါး အံပေါင်းတို့။ ဟိသစ္စံ၊ စင်စစ်ဧကန်,အမှန်မုချကား။ သိရီမတော၊ သိရိဘုန်းမော်, တန်ခိုးတော်နှင့်, သင့်လျှော်ကုံလုံ, ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ လေးပါးသစ္စာ, ကောင်းစွာသိမြင်, မြတ်ဘုန်းရှင်၏။ အယံဇယော၊ အောင်ရန်ခက်ခဲ, မာရ်စစ်ပွဲကို, ထူးကဲစွမ်းဆောင်, ဤအောင်မြင်ခြင်းသည်။ ဟောတိ၊ မျက်မြင်ဒိဋ္ဌ ဖြစ်ရပေ၏။ပါပိမတော၊ကိုယ်နှုတ်မူရာ,အလွန်ယုတ်မာသော။ မာရဿစ၊ ရန်သူပုန်ခင်း,မာရ်နတ်မင်း၏လည်း။ ပရာဇယော၊ ဖယိုဖရဲတပ်ဖွဲ့ကွဲ၍, ပြိုလဲခဏ, ရှုံးကြရခြင်းသည်။ ဟောတိ၊ကောင်းစွာမသွေဖြစ်ရလေ၏။ တဒါ၊ သုံးလူထွဋ်ထိပ်တင်, အောင်ပွဲဝင်ရာ, ထိုအခါ၌။ ဗောဓိမဏ္ဍေ၊ ခန်းဝါရိပ်မြိုင်, ဗောဓိမဏ္ဍိုင်၌။ မဟေသိနော၊ မြတ်သည့်ကျေးဇူး, ဂုဏ်အထူးကို, ဆည်းပူး ရှာမှီးတော်မူသော, ဘုရားသခင်၏။ ဇယံ၊ မာရ်နတ်ရန်စစ်, တွန်းလှန်ပစ်၍, ဘုန်းချစ်ဆောင်နှင်း, အောင်မြင်ခြင်းကို။ နာဂဂဏာ၊ မြေအောက်ကျက်စား, နတ်နဂါးတို့သည်။ ပမောဒိတာ၊ နှစ်သက်ကြည်နူး, ရွှင်မြူးဝမ်းမြောက်ကြကုန်၍။ ဥဂ္ဃောသယုံ၊ လောကဓာတ်တိုက်ကုန်, ဘုံဝင်တုန်အောင်, လွှမ်းခြုံမြွက်ဖော်, ကြွေးကြော်ကုန်ပြီတကား။

ဂဠုံတို့ရွတ်ဆို သော အဘိသေက မင်္ဂလာဂါထာ—

(၁) ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊ မာရဿစ ပါပိမတော ပရာဇယော။
ဥဂ္ဃေါ သယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊ သုပဏ္ဏသံဃာပိ ဇယံ မဟေသိနော၊
(ဇာ-ဋ္ဌ-ပ-၁၇-အပါဒါ-ဋ္ဌ-ပ-၁၉)။

မာရိသာ၊ အောင်ပွဲရောက်လာ, မျှားစွာထောင်သောင်း; အိုအချင်း, ဂဠုံအပေါင်းတို့။ ဟိ သစ္စံ၊ စင်စစ်ဧကန် အမှန်မုကား။ သိရီမတော၊ သိရီဘုန်းမော်, တန်ခိုးတော်နှင့်, သင့်လျော်ကုံလုံ, ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ လေးပါးသစ္စာ, ကောင်းစွာသိမြင်, စောမြတ်ရှင်၏။ အယံဇယော၊ အောင်ရန်ခက်ခဲမာရ်စစ်ပွဲကို, ထူးကဲစွမ်းဆောင်, ဤအောင်မြင်ခြင်းသည်။ ဟောတိ၊ ကောင်းစွာ စင်စစ်, ဖြစ်ရပေ၏။ ပါပိမတော၊ ကိုယ်နှုတ်မူရာ, အလွန်ယုတ်မာသော။ မာရဿစ၊ ရန်တုဖက်ပြိုင်, အနိုင်လိုလား, မာရ်နတ်သား၏လည်း။ ပရာဇယော၊ ဖယိုဖရဲ, တပ်ပြိုကွဲ၍, မလွဲမုချ, မရှုမလှ ရှုံးရခြင်းသည်။ ဟောတိ၊ မျက်မြင်ဒိဋ္ဌ, ဖြစ်လေရ၏။

တဒါ၊ သုံးလူထိပ်ဌတင်,အောင်ပွဲဝင်ရာ, ထိုစဉ်အခါ၌။ ဗောဓိမဏ္ဍေ၊ ခန်းဝါရိပ်မြိုင်, ဗောဓိမဏ္ဍိုင်၌။ မဟေသိနော၊ မြတ်သည့်ကျေးဇူး, ဂုဏ်အထူးကို ဆည်းပူးရှာမှီးပြီးဖြစ်သော ရှင်တော်မြတ်ဘုရား၏။ ဇယံ၊ မာရ်နတ်ရန်စစ်, တွန်းလှန်ဖြစ်၍, ဘုန်းချစ်ဆောင်နှင်း, အောင်မြင်ခြင်းကို။ သုပဏ္ဏသံဃာပိ၊ စွမ်းအားထူးကုန်သော ဂဠုံငှက်အပေါင်းတို့သည်လည်း။ ပမောဒိတာ၊ နှစ်သက်ကြည်နူး, ရှင်မြူးဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ဥဂ္ဃေါသယုံ၊ လောကဓာတ်တိုက်ကုန်,ဘဝဂ်တုန်အောင်, လွှမ်းခြုံမြွက်ဖော်, ကြွေးကြော်ကြလေကုန်ပြီးတကား။

နတ်တို့ရွတ်ဆိုပူဇော်သော အဘိသေက မင်္ဂလာဂါထာ။

(၈) ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊ မာရဿစ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ။
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။ (ဇာတကဋ္ဌ -ပ-၇၇၊ အပ-ဋ္ဌ)။

မာရိသာ၊ အောင်ပွဲရောက်လာ, မျှားစွာထောင်သောင်း, အိုအချင်းနတ်အပေါင်းတို့။ဟိသစ္စံ၊ စင်စစ်ဧကန်, အမှန်မုကား။ သိရီမတော၊ သိရီဘုန်းမော်, တန်ခိုးတော်နှင့်, သင့်လျော်ကုံလုံ, ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ လေးပါးသစ္စာ, ကောင်းစွာသိမြင်, သုံးလူရှင်၏။ အယံဇယော၊ အောင်ရန်ခက်ခဲ, မာရ်စစ်ပွဲကို, ထူးကဲဆောင်အင်, ဤအောင်မြင်ခြင်းသည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်ရပေ၏။

ပါပိမတော၊ ကိုယ်နှုတ်မူရာအလွန်ယုတ်မာသော။ မာရဿစ၊ ရန်သူပုန်ပွဲ, ဆင်နွှဲလာငြား, မာရ်နတ်သား၏လည်း။ ပရာဇယော၊ မရှုမလှ, ရှုံးရခြင်းသည်။ ဟောတိ၊ ကောင်းစွာစင်စစ်, အမှန်ဖြစ်၏။

တဒါ၊ မာရ်နတ်စစ်ရှုံး,သုံးလူထိပ်ဌတင်, အောင်ပွဲဝင်ရာ, ထိုစဉ်အခါ၌။ဗောဓိမဏ္ဍေ၊ ခန်းဝါရိပ်မြိုင်, ဗောဓိမဏ္ဍိုင်၌။ မဟေသိနော၊ သီလ–သမာ, ပညာကျေးဇူး, ဂုဏ်အထူးကို, ဆည်းပူးပြီးငြား, စောမြတ်ဖျား၏။ ဇယံ၊ မာရ်နတ်ရန်စစ်, တွန်းလှန်ဖြစ်၍, ဘုန်းချစ်ဆောင်နှင်း, အောင်

မြင်ခြင်းကို။ ဒေဝဂဏာ၊ လောကဓာတ်အပေါင်း, တိုက်တသောင်းမှာ, စုံပေါင်းရောက်လာ, နတ်ဒေဝါအပေါင်းတို့သည်။ ပမောဒိတာ၊ နှစ်သက်ကြည်နူး, ရွှင်မြူး ဝမ်းမြောက်ကြကုန်သည် ဖြစ်၍။ ဥဒ္ဒေါသယုံ၊ လောကဓာတ်တိုက်ကုန်, ဘဝဂ်တုန်အောင်, လွှမ်းခြုံမြွက်ဖော် ကြွေးကြော်ကြလေကုန်ပြီတကား။

ပြဟ္မာကြီးများ ရွှတ်ဆိုပူဇော်သော အဘိသေက မင်္ဂလာဂါထာ။

(ဃ) ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊ မာရဿစ ပါပိမတော ပရာဇယော။
ဥဒ္ဒေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊ ဇယံ တဒါ ပြဟ္မဂဏာပိ တာဒိနော။
(ဇာတက—ဋ္ဌ—ပဂ၇။ အ—ပ-ဋ္ဌ)။

မာရိသာ၊ အောင်ပွဲရောက်လာ, များစွာထောင်သောင်း, အိုအချင်းပြဟ္မာအပေါင်းတို့။ဟိသစ္စံ၊ စင်စစ်ကေန်၊ အမှန်မူကား။ သိရီမတော။ သိရီဘုန်းမော်, တန်ခိုးတော်နှင့်, သင့်လျော်ကိုလုံ့ပြည်စုံတော်မူသော။ ဗုဒ္ဓဿ၊ သစ္စာလေးပါး,မြတ်တရားကို, ပိုင်းခြားသိမြင်, ဘုရားရှင်၏။ အယံဇယော၊ အောင်ရန်ခက်ခဲ, မာရ်စစ်ပွဲကို, ထူးကဲဆောင်အင်, ဤအောင်မြင်ခြင်းသည်။ ဟောတိ၊ ကောင်းစွာမသွေ, ဖြစ်ပါပေ၏။ ပါပိမတော၊ ကိုယ်နှုတ်မူရာ, အလွန်ယုတ်မာသော။ မာရဿစ၊ ပရနိမ္မိတ,ဝသဝတ္တိဘုံသား,မာရ်နတ်သား၏လည်း။ ဝါ -ဝသဝတ္တိဘုံ,သူပုန်ဗိုလ်ချုပ်, အလွန်ယုတ်ငြား, မာရ်နတ်သား၏လည်း။ပရာဇယော၊ ဘုရားကိုယှဉ်ပြိုင်, မနိုင်လုံးလုံး, စစ်ရှုံးရခြင်းသည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်ရပေ၏။

တဒါ၊ မာရ်နတ်စစ်ရှုံး,ထွဋ်ဘုန်းအောင်မြင်,ပွဲကြီးယင်ရာ,ထိုစဉ်အခါ၌။ ဗောဓိမဏ္ဍေ၊ ခန်းဝါရိပ်မြိုင်, ဗောဓိမဏ္ဍိုင်၌။ တာဒိနော၊တာဒိဂုဏ်သခင်,ဘုရားရှင်၏။ ဇယံ၊ မာရ်နတ်ရန်စစ်,တွန်းလှန်ပြစ်၍,ဘုန်းချစ်ဆောင်နှင်း,အောင်မြင်ခြင်းကို။ပြဟ္မဂဏာပိ၊ အထက်ကောင်းကင်,ဝေဟင်ကျက်စား, များပြားထောင်သောင်း, ပြဟ္မာအပေါင်းတို့သည်လည်း။ ပမောဒိတာ၊ နှစ်သက်ကြည်နူး, ရွှင်မြူးဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ဥဒ္ဒေါသယုံ၊ သောင်းလောကဓာတ်, ထုတ်ချင်းခပ်အောင်, နှီးစပ်မြွက်ဖော်, ကြွေးကြော်ကြလေကုန်ပြီတကား။

ယခုရွှတ်ဆိုလိုက်တဲ့ ဂါထာတွေကတော့ အလောင်းတော်မြတ်သည် ဘုရားမဖြစ်မီအတွင်း မာရ်စစ်သည်ခုပင်းနှင့် ရန်စစ်ခင်းရာမှာ တုတ်ဓားမဆောင် မျက်မှောင်မစွက် ပါရမီတော်လက်နက်ဖြင့် ဖြိုဖျက်ကာ အောင်မြင်သဖြင့် ကြည်ရွှင်ဝမ်းမြောက်ကြကုန်သော နဂါးပရိသတ်,ဂဠုန်ပရိသတ်, နတ်ပရိသတ်, ပြဟ္မာပရိသတ်များက အသီးသီး ရွှတ်ဆိုပူဇော်သောအားဖြင့် လျှောက်ထားတဲ့ အဘိသေက မင်္ဂလာဂါထာများပင် ဖြစ်ပါတယ်။ သာယာလေးနက်လှသဖြင့် နှစ်သက်ဘွယ်ကောင်းလှတဲ့ ဂါထာတွေပါဘဲ။

စေတနာသဒ္ဓါထားပြီး ကျက်ထားဘို့ပင် ကောင်းပါတယ်။ ကြွင်းသော စကြာဝဠာတိုက်တသောင်းက ဆိုက်ရောက်လာကြတဲ့ နတ်အများကလဲ ပန်းနံ့အမျိုးမျိုးတို့ဖြင့် ပူဇော်ပြီးအထူးထူးသော ဂုဏ်ကျေးဇူးတို့ကို ချီးကျူးပြောဆိုကာ ရပ်နေကြသတဲ့။ တော်တော့်လဲ ထူးခြားတဲ့ မဟာအောင်ပွဲသဘင်ကြီးပေါ့။

ဘုရားအလောင်းတော်သည် နေမဝင်မီမှာပင် မာရ်နတ်မင်းနှင့်တကွသော မာရ်စစ်သည်ဗိုလ်ပါ အပေါင်းကို ခန္တီ, မေတ္တာ, ဝီရိယ, ပညာ- စသော မိမိ၏ ပါရမီတရားတို့၏ တန်ခိုးအစွမ်းဖြင့် ကောင်းစွာအောင်မြင်ပြီးသွားတယ်။

ထိုညဉ့်ပဌမယာမ်မှာ ပုဗ္ဗေနိဝါသဉာဏ်ကို, မဇ္ဈိမယာမ်မှာဒိဗ္ဗစက္ခုဉာဏ်ကို, မဇ္ဈိမယာမ်မှာ အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ကုန်ခမ်းစေပြီး အလုံးစုံသော ဘုရားရှင်တို့ ဂုဏ်တော် ကျေးဇူးတို့ကို ထိုးထွင်းသိမြင်ကာ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားစင်စစ် ဖြစ်တော်မူသဖြင့်—

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။
သဗ္ဗာတေ ဖါသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

( ခု-၁-၃၆၊ ဇာ-ဋ္ဌ-ပ ၇၉၊ ဗုဒ္ဓ-ဋ္ဌ- ၃၄၀ )။

ဟူသော အလုံးစုံသော ဘုရားရှင်တို့ ဘုရားဖြစ်ခြင်းအစတွင် ရွတ်ဆိုကျူးရင့်မြဲဖြစ်သော ဥဒါန်းဂါထာကို ရွတ်ဆိုကာ ဥဒါန်းကျူးတော်မူပါတယ်။ ဝမ်းမြောက်လှသဖြင့် နှုတ်တော်မှ ထုတ်ဖော်ကာ ပြောဆိုတဲ့စကားကို ဥဒါန်းစကားလို့ မှတ်သားကြရမယ်နော်။

ဂဟကာရက၊ အတ္တဘောဟုဆိုရာ, ခန္ဓာအိမ်ကို, အကြိမ်ကြိမ်ပြုတတ်, ဆောက်လုပ်တတ်စွာ တဏှာခေါ်ပြား, အသင်လက်သမား။ တံ၊ ခန္ဓာအိမ်ကိုအကြိမ်ကြိမ်ပြုလာ,တဏှာခေါ်ပြား,အသင် လက်သမားကို။ ယေနဉာဏေန၊ အကြင်သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့်၊ မယာ၊ ငါဘုရားသည်။ ဒဋ္ဌုံ၊ ကောင်းစွာထင်ထင်, မြင်ခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ တံဉာဏံ၊ အလုံးစုံသိတတ်, ထိုသဗ္ဗညုတဉာဏ်, ဘော်မြတ်ကို။ အနိဗ္ဗိသံ-အနိဗ္ဗိသန္တော၊ ကောင်းစွာပိုင်ပိုင်, မရနိုင်သေးသည် ဖြစ်၍။ ဝါ-မရနိုင်သေးသောကြောင့်။ အနေကဇာတိ သံသာရံ၊ အသိန်းမက, များပြားလှစွာ, ဘဝသံသရာ, ကာလပတ်လုံး။ သန္ဓာဝိဿံသန္ဓာဝိံ၊ တတဝမှ,တဘဝသို့, နားရမရှိ, ထို၍လှည့်ကာ, မနေသာအား, ပြေးသွားခဲ့ရလှလေပြီ။

ဂဟကာရက၊ လက်သမား။ ဣဒါနိ၊ ဤယခုအခါ၌။ တံဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်တော် မြတ်ကို။နိဗ္ဗိသန္တေန၊ ကေန်မုချ, ရတော်မူပြီးဖြစ်သော။မယာ၊ လူသုံးပါးတို့ဆရာ, ငါဘုရားသည်။ တွံ၊ တဏှာခေါ်ပြား,အသင်လက်သမားကို။ ဒိဋ္ဌော၊ ကောင်းစွာထင်ထင်, သိမြင်တော်မူအပ်ပြီး သည်။ အသိ၊ ဖြစ်ပေပြီ။ ယသ္မာ၊ အကြင်ကြောင့်။ တေ၊ တဏှာခေါ်ပြား,အသင်လက်သမား၏။ သဗ္ဗာ၊ တခုမကြွင်း, ခမင်းဥဿုံ, အလုံးစုံကုန်သော။ ဖါသုကာ၊ ယင်းအဝိဇ္ဇာ,ကိလေသာဆို, ထိုထို များစွာ, အိမ်ပမာလျှင်, မှန်စွာပြုပြင်, အချဉ်ရနယ်တို့ကို။ မယာ၊ သုံးလူထွဋ်ထား, ငါဘုရားသည်။ ဘဂ္ဂါ၊ အရဟတ္တမဂ်, ဓားသန်လျက်ဖြင့်, ချိုးဖျက်တော်မူအပ်လေကုန်ပြီ။ တေ၊ တဏှာခေါ်ပြား, အသင်လက်သမား၏။ဂဟကူဋံ၊ အတ္တဘောခေါ်ရာ,အိမ်ခန္ဓာ၏, အဝိဇ္ဇာခေါ်ပြား,အထွဋ်အဖျားကို။ မယာ၊ ငါဘုရားသည်။ ဝိသင်္ခတံ၊ အရဟတ္တမဂ်, ဓားသံလျက်သွားဖြင့်, ထွားထွားညက်ညက်,ဖျက်ဆီး တော်မူအပ်လေပြီ။

မေ၊ သုံးလူသွင်ထား, ငါဘုရား၏။ စိတ္တံ၊ စိတ်တော်သည်။ ဝိသင်္ခါရဂတံ၊ သင်္ခါရတို့, လုံးဝ ကင်းရာ, ကုန်ဆုံးရာမှန်, ပြည်နိဗ္ဗာန်သို့, ရည်သန်သမှု, အာရုံပြုကာ, ရောက်ခဲ့လေပြီ။ အဟံ၊ ငါဘုရားသည်။ တဏှာနံ၊ ထိုထိုသံသရာ, လွန်စွာပြေးသွား, တဏှာတရားတို့၏။ ခယံ၊ ကုန်ရာဖြစ်သော။ နိဗ္ဗာနံ၊ ဝါနတဏှာ, ကင်းရာအမှန်, ပြည်နိဗ္ဗာန်ကို။ အဇ္ဈဂါ၊ ကောင်းစွာမိမိ, ရရှိတော်မူလေပြီ။ တသ္မာ၊ ထိုသို့သောအကြောင်းကြောင့်။ ပုန၊ နောက်သပ်တပြန်, အသစ်တဖန်။ တံ၊ တဏှာခေါ်ငြား, အသင်လက်သမားသည်။ မေ၊ သုံးလူထွင်ထား, ငါဘုရား၏။ ဂေဟံ၊ အတ္တဘောခေါ်ရာ, အိမ် ဂေဟာကို။ နကာဟသိ၊ လုံ့လကြိုးကုတ်, အားအံ့ထုတ်၍, မပြုမလုပ်, ရတော့လတံ့တကား။

ယင်းသို့ဥဒါန်းတော်ကျူးရင့်ပြီးနောက် ဤပလ္လင်ကား ငါ၏အောင်မြင်မှုရသော ပလ္လင်, မြတ်သောပလ္လင်ပေတကား-ဟု နှလုံးသွင်းကာ ဤအပရာဇိတပလ္လင်ထက်၌ ခုနှစ်ရက်စံမြန်းလျက် ဝိမုတ္တိသုခကို ခံစားတော်မူပါတယ်။

ထိုနောက်ပလ္လင်ပေါ်မှဆင်းကာ နည်းနည်းကြွသွားပြီး အရှေ့မြောက်ထောင့်အရပ်၌ ရပ်လျက် ပလ္လင်ကိုရင်း, ဗောဓိပင်ကိုရင်း ခုနစ်ရက်ပတ်လုံး မမှိတ်သောမျက်စိဖြင့် ကြည့်ကာ သီတင်းသုံးနေ တော်မူသတဲ့၊ အနိမိသသတ္တာဟလို့ ခေါ်ကြတယ်ပေါ့။

ထိုနောက်ပလ္လင်နှင့် ရပ်နေရာအကြား အရှေ့အနောက် စင်္ကြံသွားယင်း ခုနစ်ရက် သီတင်း သုံးတယ်။

ထိုနောက် ဗောဓိပင်၏ အနောက်မြောက်ထောင့်အရပ်၌ နတ်တို့ဖန်ဆင်းအပ်သော ရတနာ အိမ်တော်၌ ထက်ဝက်ဖွဲ့ခွေထိုင်နေတော်မူကာ အဘိဓမ္မာပိဋကကို စူစမ်းဆင်ခြင်ယင်း ခုနစ်ရက် ပတ်လုံး သီတင်းသုံးတော်မူပြန်သတဲ့။

ထိုနောက် ပဉ္စမသတ္တာဟမှာတော့ ဗောဓိပင်ရင်းမှ ဆိတ်ကျောင်းသားတို့နားခိုရာ ညောင် ပင်သို့ ကြွရောက်၍ တရားတော်ကို စူးစမ်းဆင်ခြင်ကာ ဝိမုတ္တိသုခကို ခံစားယင်း ခုနစ်ရက်သီတင်း သုံးတော်မူပြန်ပါတယ်။

ထိုစဉ်အခါမှာ ဗောဓိမဏ္ဍိုင် ပလ္လင်လုစစ်ပွဲ၌ စစ်ရှုံးသဖြင့် ထွက်ပြေးခဲ့ရသော မာရ်နတ်သား က ငါသည် ဤမျှလောက်သော ကာလပတ်လုံး အစဉ်လိုက်ကာ သိဒ္ဓတ္ထမင်းသားရဲ့ ချွတ်ယွင်းချက် ကို ကြည့်ရှုစုံမြင်ရှာသော်လည်း တစုံတခုသော အပြစ်ကိုမျှ မတွေ့ရပေ။ ဤသိဒ္ဓတ္ထမင်းသားသည် ယခုအခါ ငါ၏နယ်ပယ်မှလွတ်မြောက်သွားပေပြီဟု တွေးတောယင်း စိတ်နှလုံးမသာမယာဖြစ်ကာ လမ်းမကြီးပေါ်၌စိတ်ပျက်စွာ ပလ္လင်ခွေထိုင်ချလိုက်ပြီး တဆဲ့ခြောက်ပါးသော အကြောင်းအရာတို့ကို ကြံစည်စဉ်းစားလျက် မည်သူနှင့်မျှ စကားမပြောတော့ဘဲ မျက်နှာအောက်စိုက်နေပြီး တုတ်ဖြင့်မြေ ကြီးပေါ်မှာတဆဲ့ခြောက်ကြောင်းသော အရေးအကြောင်းတို့ကို ရေးသားနေသတဲ့။

မာရ်နတ်ကြီးစိတ်ပျက်ပျက်နှင့်တောင်တွေးမြောက်တွေးတွေးယင်း ရေးနေတဲ့ ဆယ့်ခြောက်ခု သောအရေးအကြောင်းတို့ရဲ့ အကြောင်းသဘောကိုအကျဉ်းချုပ်ပြောလိုက်ပါဦးမယ်။

အဟံ ဧသော ဝိယ ဒါနုပါရမိံ နပူရေသိ။
တေနမှိ ဣမိနာ သဒိသော န ဇာတော တိ ဧကံ လေခံ ကစိုး ။(ဇာ-ဋ္ဌ-၁၉၀)။

ငါသည် ဇာ၏သိဒ္ဓတ္ထမင်းသားကဲ့သို့ဒါနပါရမီကိုမဖြည့်ကျင့်ခဲ့မိပေ။ ထို့ကြောင့်ထိုသိဒ္ဓတ္ထမင်းသားကဲ့သို့မဖြစ်ရတော့ပေ-ဟု ကြံစည်ယင်းတကြောင်းရေးလိုက်သတဲ့။ ထို့ အတူသီလပါရမီ၊နေက္ခမ္မပါရမီစသောပါရမီဆယ်ပါးနှင့် ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ် စသော အသာဓာရဏ ဉာဏ်တော် ခြောက်ပါး- ပေါင်း ၁၆-ပါးကို အကြောင်းပြု၍ လမ်းမကြီးပေါ်မှာ အရေးအကြောင်း တဆယ့်ခြောက်ကြောင်းကိုရေးသားနေခြင်းဖြစ်သတဲ့ (ဒါကာကြီးဦးစိန်ရဲ့)။

ဒါကြောင့်မို့ ယခုအခါမှာလဲ အချို့အချို့သောသူများ တစုံတရာအတွက် အကြံမထွက်သဖြင့် စိတ်ပျက် ငေးမှိုင်ယင်း မြေပေါ်မှာ ဒုတ်ချောင်း လက်ချောင်းများဖြင့် တောင်ရေးမြောက်ရေးနဲ့ အကြောင်းကလေးတွေ ရေးနေတာ တွေ့မြင်ရတော့ အင်း....သူတို့ဟာ မာရ်နတ်ကြီးရဲ့ သမီးတွေ သားတွေများ ဖြစ်နေမလားလို့ ထင်မှားမိတယ်။ (ဒကာကြီး ဦးစိန်ရဲ့-မာရ်နတ်ရဲ့လမ်းစဉ်အတိုင်း လိုက်နေကြတာ၊ လုပ်နေကြတာကိုး။ စကားဆက် ပြတ်သွားရော့မယ်-ရှေ့ဆက်ကြဦးစို့ရဲ့)။

မာရ်နတ်ကြီးခမြာ အတွေးမခိုင်တဲ့ ငေးမှိုင်ပြီး မြေပေါ် တောင်ရေး မြောက်ရေး ရေးနေတဲ့ အခါ ယင်း မာရ်နတ်ကြီးရဲ့ သမီးချောသုံးယောက်ကလဲ အဖေ (ဘခင်)ပျောက်လို့ ဒေါင်းတောက်အောင် ရှာက်ရှာနေကြသတဲ့။ ဘခင်အတွက် ရတက်မအေးကြရှာတဲ့ မိန်းခလေးတွေဘဲနော်။ မာရ်နတ်ကြီးရဲ့ သမီးချော သုံးယောက်နာမည်ကို မှတ်ထားကြအုံး။ သူတပါးမေးယင် မပြောတတ်ဘဲ ဖြစ်နေဦးမယ်။ နာမည်ကတော့ ခပ်ကောင်းကောင်းကလေးတွေပါ။

၁။ ပထမဆုံး သမီးအကြီးဆုံးက- တဏှာတဲ့။
ယော တံ ပဿတိ၊ တံ တသိတံ ကရောတီတိ- တဏှာ။

ယော၊ အကြင်သူသည်။ တံ၊ ထိုသူမကို။ ပဿတိ၊ မြင်၏။ တံ၊ ထိုသူကို။ တသိတံ၊ လိုချင်နှစ်သက်တပ်မက်ခြင်းကို။ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ တဏှာ၊ တဏှာမည်၏။ ဝါ- တဏှာမည်သော, နတ်သမီးတဲ့။ မြင်သူအားလုံး, ဘဝင်နှိုးလောက်အောင်, ချိုပြုံးသော အမူအယာရှိသော နတ်သမီးလို့ ဆိုလိုတာပေါ့။

၂။ ဒုတိယသမီးကတော့- အရတီ- တဲ့။
ပရေသံ ကုသလ ဓမ္မေသု အ ရတိံ ကရောတီတိ အ ရတီ။

ပရေသံ၊သူတပါးတို့၏။ ကုသလဓမ္မေသု၊ကုသိုလ်တရားတို့၌။ အ ရတိံ၊ မမွေ့မလျော်ခြင်းကို၊ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။အ ရတီ၊ အ ရတီမည်၏။ ဝါ- အ ရတီမည်သော နတ်သမီးတဲ့။

သူတပါးတို့ ကုသိုလ်ကောင်းမှုအရာမှာ မပျော်မွေ့အောင် ပြုလုပ်တတ်တဲ့ အဖျက်သမားနတ်သမီးတဲ့။ ကောင်းမှုကုသိုလ်အရာမှာ ဖျက်ဆီးတတ်တယ်ဆိုတော့- မကောင်းမှု ပြုဘို့ရာတော့ တိုက်တွန်းတတ်တယ်လို့ ဆိုရမှာပေါ့နော်။ တော်တော်ဆိုးတဲ့ နတ်သမီးပါဘဲ။

၃။ တတိယ အထွေးဆုံး သမီးကတော့- ရဂါတဲ့။
ရဥ္ဇန္တိသတ္တာ ဧတာယာတိ ရဂါ။

တောယ၊ ဤနတ်သမီး၌၊ သတ္တာ၊ သတ္တဝါတို့သည်။ ရဇ္ဇန္တိ၊ လိုချင်တပ်မက်တတ်ကုန်၏။ ဣတိ၊ ထိုသို့ တပ်နှစ်သက်ရာ ဖြစ်သောကြောင့်။ ရဂါ၊ ရဂါမည်၏။ ဝါ- ရဂါ- မည်သော နတ်သမီးတဲ့။ သူမကို ရာဂါလို့လဲ ခေါ်ကြသတဲ့။

ယင်းတဏှာ, အရတိ, ရဂါ, ခေါ်တဲ့ သမီးသုံးယောက်တို့ ဘခင် မာရ်နတ်ကြီးကို လှည့်လည် ရှာရာ လမ်းမကြီးပေါ်မှာ စိတ်နှလုံး မသာမယာဖြင့် ခေါင်းငိုက်စိုက်ကျကာ မြေကြီးပေါ် ဒုတ်တချောင်းဖြင့် ရေးခြစ်နေတာတွေ့မြင်ရကြ၍ ဘခင်ထံ ချည်းကပ်ပြီးလျှင်-

ကေနာသိ ဒုမ္မနော တာတ၊ ပုရိသံကိန္န သောစတိ၊
မယံ တံ ရာဂပါသေန၊ အရညမိဝကုဉ္ဇရံ။
ဗန္ဓိတွာ အာနယိဿာမိ၊ ဝသဂေါ တေ ဘဝိဿတိ။

(သဂါထာဝဂ္ဂသံယုတ်- မာရဓီတုသုတ် ၁၂၅) ဟူ၍ ပြောဆို မေးမြန်းကြလေသတဲ့။ သူတို့ဘခင်ကြီး စိတ်နှလုံး မသာမယာဖြစ်နေတာ တွေ့ရတော့ သူတို့လဲ စိုးရိမ်သောက ရောက်ကြ ပေမယ်ပေါ့လေ။

တာတ၊ ကျေးဇူးအရှင်, အို....ဘခင်။ ကေန၊ အဘယ်အကြောင်းကြောင့်။ ဒုမ္မနော၊ မရွှင် မပြုံး; နှလုံးမသာသည်၊ အသိ၊ ဖြစ်ပါသနည်း။ ကံပုရိသံ၊ အဘယ်သို့သော ပုဂ္ဂိုလ်ကို။ သောစတိန္န၊ ကြံစည်လျက်သာ, စိုးရိမ်ပါသနည်း။ ဟတ္ထိနိယော၊ ဆင်မတို့သည်။ အရညံကုဉ္ဇရံ၊ တောဆင်ရိုင်းကို။ အာနယန္တိဣဝ၊ အလိုသို့ပါအောင်, ဆွဲဆောင်လာကုန်သကဲ့သို့။ မယံ၊ မွေးဘခင်၏, ချစ်ခင် ထိန်းအုပ်, အကျွန်ုပ်တို့သည်။ တံ၊ ဘခင်အာဏာ, လွန်ရာပြုလို့, ထိုပုဂ္ဂိုလ်ကို။ ရာဂပါသေန၊ ရာဂ ကျော့ကွင်းဖြင့်။ ဗန္ဓိတွာ၊ မြဲစွာနှောင်ဖွဲ့၍။ အာနယိဿာမိ၊ မပါ- ပါအောင်, ဆောင်ပါကုန်အံ့။ တေ၊ သင် ဘခင်၏။ ဝသဂေါ၊ ကောင်းစွာနှင်ခြိုက်, အလိုသို့လိုက်သည်။ ဘဝိဿတိ၊ ထိုဤအရေး, ကြံမတွေးနှင့်, အေးအေးသက်သာ, ဖြစ်လာလိမ့်မည်သာတည်း။

သူတို့ကလဲ သူတို့ရဲ့ မာယာအစွမ်းဖြင့် တောတွင်းက ဆင်ရိုင်းဖမ်းသလို ဖျားယောင်း ဖမ်းခေါ်ပြီး ဆောင်လာခဲ့ပါမည်။ ဘခင်၏အလိုကျ ဖြစ်စေရပါမည်- ဟု ရဲရဲရင့်ရင့် ဂတိပေးကြ တာဘဲနော်။ ဤကဲ့သို့ သမီးများက မေးမြန်းအားပေးကြသဖြင့် ဘခင် မာရ်နတ်ကြီးကလဲ စိတ်လက် မကြည်မသာဖြင့် ပြန်ပြောလိုက်တာကတော့-

အရဟံ သုဂတော လောကေ၊ န ရာဂေန သုဝါနယော။
မာရဓေယျံ အတိက္ကန္တော၊ တသ္မာ သောစာမဟံ ဘုသံ။
(သဂါထာဝဂ္ဂသံယုတ် မာရဓီတုသုတ်)။

လောကေ၊ လောက၌။ အရဟံ၊ လူနတ်ညွှတ်နူး, ပူဇော်အထူးကို, ခံတော်မူထိုက်သော။ သုဂတော၊ ကောင်းသောစကားကို ပြောဆိုတတ်ငြား, မြတ်စွာဘုရားကို။ ရာဂေန၊ တပ်ငြိစွဲလန်း, ရာဂစွမ်းဖြင့်။ နသုဝါနယော၊ သိမ်းသွင်းဆောင်ယူမလွယ်ကူ။ မာရဓေယျံ၊ မာရ်နတ်၏တည်ရာကို။ အတိက္ကန္တော၊ လွန်ပေပြီ။ တသ္မာ၊ ထိုသို့ မာရ်နတ်နယ်မြေ ကျော်လွန်လေ့သောကြောင့်။အဟံ၊

ချစ်သမီးတို့, ခိုမှီးဆည်းကပ်, ငါမာရ်နတ်မင်းသည်။ ဘုသံ၀၊ မလွဲဧကန်, ပြန်းထန်စွာ။ သောစာမိ၊ နေထိုင်မထိ, နှုံးခွေချိ၍, နွမ်းယိမအား, ပူဆွေး စိုးရိမ်လှလေ့တော့သတည်း။

မာရ်နတ်ကြီးကလဲ လူရဲ့ ခံစားရချက်အဖြစ်မှန်ကို မချွင်းမချန် အမှန်လင်းပြီး ခပ်ရှင်းရှင်း ပြောလိုက်ပေတယ်။ သူတို့ နတ်တွေဟာ တော်တော် ပွင့်ပွင့်လင်းလင်း ရှိတာဘဲနော်၊ လူသား တွေသာဆိုလျှင် ဒီလို သမီး နှင့် ဘခင် ပြောဆိုဘို့ မလွယ်ဘူးထင်ပါတယ်။ ကြည့်ပါဦးတော့ သမီး တွေက ပြောကြတယ်။ "ဘခင်ကို ကလန်ကဆန်လုပ်တဲ့သူကို သမီးတို့က ရာဂကျော့ကွင်းဖြင့် ဖမ်းယူ ဆောင်လာပါ့မယ်"တဲ့။

ဘခင် မာရ်နတ်ကြီးကလဲပြောပြန်တယ်။ "ထိုသူဟာ ရာဂဖြင့်ဆွဲဆောင်လို့ မလွယ်တော့ဘူး၊ ဘုရားဖြစ်သွားပြီ၊ မာရ်နတ်နယ်လွန်သွားပြီ၊ ဒါကြောင့် ငါလွန်စွာ စိုးရိမ်ပူဆွေးခြင်း ဖြစ်ရ တယ်"တဲ့။

ထိုကဲ့သို့ ဘခင် မာရ်နတ်ကြီးက ထိုယောကျ်ားမြတ်ကို ရာဂဖြင့် ဖျားယောင်းဖို့ မလွယ်ကူ ပါဘူး-ဟု ပြောဆိုနေသော်လည်း သူ့ သမီးသုံးယောက်ကတော့ မလျော့သော ဇွဲလုံ့လဖြင့်—

"တာတ မယံ ဣတ္ထိယောနာမ ပိတ္တာဒါနေ၀ နံ ရာဂပါသာဒီဟိဗန္ဓိတွာ အာနေဿာမ၊ တုမှေ မာစိန္တယိတ္ထ" ကိ ဘဂ၀န္တံ ဥပသင်္ကမိတွာ "ပါဒေ တေ သမဏ ပရိစာ ရေမာ" တိ အာဟံသု။ (ဇာတကဋ္ဌကထာ ပ-၉၁)။

"အို....ဘခင် အကျွန်ုပ်တို့ မိန်းမများမည်သည် ယခုပင်လျှင် ထိုယောကျ်ားမြတ်ဖြစ်သော ဘုရားကို ရာဂကျော့ကွင်း စသည်တို့ဖြင့် တုပ်နှောင်ဖွဲ့ချည်ပြီး ခေါ်ဆောင်ခဲ့ကြပါမည်။ အသင် ဘခင်တို့ မကြံမတွေး စိတ်အေးကြပါကုန်" ဟု ပြောဆိုမှာကြား၍ ဘုရားထံ ချဉ်းကပ်ပြီးလျှင်—

အို.... ရဟန်း- အသင့်၏ ခြေရင်း၌ လုပ်ကျွေးပြုစုကြပါကုန်အံ့" ဟု ရဲရင့်စွာ ပြောဆိုကြ လေသတဲ့။ ဘော်တော်ရဲတဲ့ မိန်းခလေးတွေဘဲ- လို့ ဆိုရမှာဘဲနော်၊ ဒါပေမဲ့ ရှင်တော်မြတ် ဘုရား ကတော့ ထိုနတ်သမီးတို့စကားကို လုံး၀ ဂရုမစိုက်ဘူးတဲ့။ မျက်စိပင် ဖွင့်၍မကြည့်ဘူးတဲ့။ သာမန် လူသားဆိုလျှင် ဒုက္ခများသွားမှာပဲ။ ဘုရားမို့သာ တော်တော့တယ်နော်။

ရှင်တော်မြတ်ဘုရားကတော့ အတုမရှိသော ဥပဓိလေးပြာ ကုန်ခမ်းရာ၌ ကိလေသာတို့မှ လွတ်ကင်းသော စိတ်ရှိသည်ဖြစ်၍ ငြိမ်းချမ်းမှု "ဝိဝေကသုခ" ခံစားတော်မူယင်း သီတင်း သုံးတော်မူနေသတဲ့။

ထိုနောက် နတ်သမီး ညီအမသုံးဖော်တို့သည် ကောင်းစွာ တိုင်ပင် ညီညွတ်ကြပြီးလျှင် နုံနုနယ်နယ် မိန်းမပျိုအရွယ်ဖန်ဆင်း၍ရှင်း, သားမဖွားရသော မိန်းမအရွယ်, တကြိမ် သားဖွားပြီး အရွယ်, နှစ်ကြိမ် သားဖွားပြီးအရွယ်- စသည်ဖြင့် အသွင်အပျိုးမျိုး ဖန်ဆင်း၍ရှင်း, ဖျားယောင်း သွေးဆောင်ပြတယ်တဲ့။ ဘယ်လိုပင် အမျိုးမျိုးကြိုးစား၍ သွေးဆောင်ကြသော်လဲ မြတ်စွာဘုရား စိတ်တော်က တချက်ကလေးမှ တုန်လှုပ်မှုမရှိတာကို တွေ့ကြရတော့ လွန်စွာ အံ့အားသင့်လျက် အရပ်တပါးသို့ ရှောင်သွားယင်း- ငါတို့ရဲ့ ဘခင် နတ်မင်းပြောတာ သိပ်မှန်ပါကလားလို့ ပြောဆို ကြတယ်။ နတ်သမီးသုံးယောက် ဆက်လက်၍ ပြောဆိုကြပြန်သေးသည်ကတော့—

ယံ ဟိ မယံ သမဏံဝါ ဗြာဟ္မဏံဝါ အင်္ဂတရာဂံ ဣမိနာ ဥပက္ကမေန ဥပက္ကမေယျာမ၊ ဟဒယံ ဝါဿ ဖလေယျ၊ ဥဏှံ လောဟိတံဝါ မုခတော ဥဂ္ဂစ္ဆေယျ၊ ဥမ္မာဒံဝါ ပါပုဏေယျ စိတ္တက္ခေပံဝါ။ သေယျထာဝါပန နဠော ပ-ရိတော လုတော ဥဿုဿတိ, ဝိသုဿတိ, မိလာယတိ။ ဧဝမေဝ သုဿုသေယျ၊ ဝိဿုသေယျ၊ မိလာယေယျ။ (သဂါထာဝဂ္ဂသံယုတ်၊ မာရဓိတုသုတ်-၁၂၆)။

ဒါကတော့ မာရ်နတ်သမီးတွေ ပြောဆိုနေတဲ့ စကားဘဲနော်။ အဓိပ္ပါယ်ကို မြန်မာလို ပြောဆိုကြစို့ရဲ့။

အမှန်မှာ ငါတို့သည် မကင်းသေးသော ရာဂရှိသော အကြင် ရဟန်းကိုဖြစ်စေ, ပုဏ္ဏားကို ဖြစ်စေ, ဤသို့သော ကြိုးစားမှုမျိုးဖြင့် ကြိုးစားကုန်ငြားအံ့၊ ထိုရဟန်း ထိုပုဏ္ဏား၏ နှလုံးသည်မူလည်း ကွဲရာ၏။ ခံတွင်းမှ သွေးမူလည်း အံ့ထွက်လာရာ၏။ ရူးသွပ်ခြင်းသို့မူလည်း ရောက်ရာ၏။ စိတ်ဖောက် ချောက်ခြားသို့မူလည်း ရောက်ရာ၏၊

ဥပမာဆိုရလျှင် ရိပ်ထားသော စိမ်းသောကျူသည် ညှိုးနွမ်းခြင်း, ခြောက်သွေ့ခြင်း ဖြစ်ရသကဲ့သို့ ဤအတူသာလျှင် ခြောက်သွားလေရာ၏၊ အထူးသဖြင့် ခြောက်သွေ့လေရာ၏။ ညှိုးနွမ်းလေရာ၏-ဟု ပြောဆိုကြပြန်တယ်။ သူတို့ရဲ့အစွမ်းကလဲ တော်တော် ထက်ပါ့ပတယ်နော်။ သာမည ပုထုဇဉ်ဆိုလျှင် ဘယ်မှာ ခံနိုင်စွမ်းရှိပါ့မလဲ။

ထိုနောက် တဏှာ, အရတိ, ရဂါ ဟူသော မာရ်နတ်သမီး သုံးယောက်တို့ဟာ ဘုရားထံ တဖန် ချဉ်းကပ်ပြီး–

“သောကာဝ တိဏှောနု ဝနမှိ ဈာယတိ”

အစရှိသော ဂါထာများကို အသီးအသီး ရွတ်ဆို လျှောက်ထားကြပြန်သေးတယ်။ အသင် ရဟန်းသည် ဥစ္စာပစ္စည်း ဆုံးရှုံးသောကြောင့် ပူဆွေးခြင်းသို့ သက်ဝင်သည်ဖြစ်၍ တောအရပ်၌ ကြံမှိုင်နေသလား၊ ငေးပြီး တွေးနေသလား– စသည်ဖြင့် စကား စပြန်တယ်ပေါ့။

ထိုအခါ ရှင်တော်မြတ်ဘုရားသည် ဤမျှ သွေးဆောင် ဖျားယောင်းပါသော်လည်း သူမတို့ အလိုသို့ လိုက်ပါတော်မမူပဲ “ဖွဲခွာကြကုန်လော့။ ဘယ်အံ့ကျိုးကိုမြင်၍ ဤသို့ ပြုလုပ်အားထုတ်ကြကုန်သနည်း။ တပ်ခြင်း ရာဂကင်းပြီး သူတို့၏ရှေ့၌ ဤသို့မပြုသင့်ချေ၊ ငါဘုရားသည် ရာဂ စသော ကိလေသာ တရားဆိုးတို့ကို ဖျက်ချိုးပယ်ရှားပြီးပေပြီ။ အဘယ်ကြောင့် မိမိတို့ အလိုသို့ ဆွဲဆောင်နေကြကုန်သနည်း” ဟု မိန့်ကြားတော်မူကာ ဤဂါထာကို ရွတ်ဆိုတော်မူတယ်-တဲ့။

(က) ယဿ ဇိတံ နာဝဇီယတိ၊ ဇိတံ ယဿ နောယာတိ ကောစိ လောကေ၊
တံ ဗုဒ္ဓမနန္တ ဂေါစရံ၊ အပဒံ ကေနပဒေန နေဿထ။ (ဓမ္မပဒပါ– ၄၀)။

ယဿ၊ သုံးလူထွဋ်ထား၊ အံ့ကြင် မြတ်စွာဘုရားသည်။ ဇိတံ၊ အောင်အပ်ပြီးသော ရာဂ အစရှိသော ကိလေသာကို။ နာ်ဝဇီယတိ၊ နောက်ထပ်တဖန်, အောင်ဖွယ်ရန် မလိုတော့ချေ။ လောကေ၊ လောကတခွင်, ဘုံအပြင်၌။ ယဿ၊ အကြင် မြတ်စွာဘုရား၏။ ဇိတံ၊ အောင်အပ်ပြီးသော ကိလေသာ၏ နောက်သို့။ ကောစိ၊ တစုံတခုသော ကိလေသာမျှ။ နောယာတိ၊ အစဉ်တစိုက် မလိုက်

တော့ချေ။ အနန္တဂေါစရံ၊ အပိုင်းအခြားမရှိ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ် ရှိတော်မူသော။ အပဒံ၊ ရာဂ စသော ခရီးလမ်းကြောင်းမရှိသော၊ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ ကေနပဒေန၊ အဘယ်သို့သော ခရီးလမ်းကြောင်းဖြင့်။ တုမှေ၊ မာရ်နတ်ကြီး၏ ချစ်သမီးများဖြစ်ကြသော အသင်တို့သည်။ နေဿထ၊ အလိုသို့ပါအောင် ခေါ်ဆောင်နိုင်ပါကုန်အံ့နည်း။

(ခ) ယဿ ဇာလိနီ ဝိသတ္တိကာ၊ တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။
တံ ဗုဒ္ဓမနန္တ ဂေါစရံ။ အပဒံ ကေနပဒေန နေဿထ။ (ဓမ္မပဒ- ၄၀)။

ယဿ၊ သုံးလူထွဋ်ထား အကြင်မြတ်စွာဘုရားအား။ ကုဟိဉ္စိ၊တစုံတခုသောဘုံဘဝသို့။နေတဝေ၊ ခေါ်ဆောင်ဘို့ရန်။ဇာလိနီဝိသတ္တိကာ၊ ပိုက်ကွန်ပမာ လွန်စွာကပ်ငြိတတ်သော။တဏှာ၊တဏှာသည်။ နတ္ထိ၊ ကေန်တိတိမရှိချေ။ အနန္တဂေါစရံ၊ အပိုင်းအခြားမရှိကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ်တော် ရှိတော်မူသော။ အပဒံ၊ ရာဂစသော ခရီးလမ်းကြောင်းမရှိသော။ တံဗုဒ္ဓံ၊ သုံးလူထွဋ်ထားထိုမြတ်စွာဘုရားကို။ ကေနပဒေန၊ အဘယ်သို့သော ခရီးလမ်းကြောင်းဖြင့်၊ တုမှေ၊ မာရ်နတ်ကြီး၏ ချစ်သမီးများ ဖြစ်ကြကုန်သော အသင်နတ်သမီးတို့သည်။ နေဿထ၊ အလိုသို့ပါအောင်၊ ခေါ်ဆောင်နိုင်ကြပါကုန်အံ့နည်း။

ယင်းကဲ့သို့ အဆုံးအပိုင်းအခြားမရှိ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ်ရှိတော်မူသော ရာဂအစရှိသော ခရီးလမ်းကြောင်းမရှိသော ထိုသဗ္ဗညုမြတ်စွာဘုရားကို မာရ်နတ်သမီးတို့က အဘယ်သို့သော ခရီးလမ်းကြောင်းဖြင့် သင်တို့အလိုသို့ပါအောင် ခေါ်ဆောင်နိုင်ကြပါမည်နည်း- ဟုရှင်တော်မြတ်ဘုရားက မိန့်ကြားတော်မူသောအခါ ထိုနတ်သမီး သုံးယောက်တို့သည်-

ငါတို့၏ ဖခင်နတ်မင်းကြီး ပြောဆိုသည့်အတိုင်း မှန်လှပေ၏၊ လူသုံးဦးတို့၏ပူဇော်မှုအထူးကို ခံယူခြင်းငှာ သုံးလောကထွဋ်ထား မြတ်စွာဘုရားသည် ရာဂဟူသောကြောင့်ကွင်းဖြင့် သွေးဆောင်ဖျားယောင်းလို့ မလွယ်ကူတော့ပေ။

ဤသို့ စသည်ပြောဆိုကာ ဖခင်မာရ်နတ်ကြီးထံသို့ ပြန်သွားကြလေသတဲ့(ဒကာကြီးဦးစိန်)။ မာရ်နတ်ကြီးရဲ့ သမီးချောသုံးယောက်လဲ လက်မြှောက်ကာ အရှုံးပေးပြီးပြန်သွားကြပြီနော်။

ဒဒ္ဒလ္လမာနာ အာဂဉ္ဆုံ၊ တဏှာစ အရတီ ရဂါ။
တာ တတ္ထ ပနုဒီ သတ္ထာ၊ တူလံ ဘဋ္ဌံဝ မာလုတော။
(သဂါထာဝဂ္ဂ သံယုတ်၊ မာရဓီတုသုတ်-၁၂၈)။

တဏှာစ၊ တဏှာမည်သော နတ်သမီးသည် လည်းကောင်း။ အရတီစ၊ အရတီမည်သော နတ်သမီးသည်၎င်း။ ရဂါစ၊ ရဂါမည်သော နတ်သမီးသည် လည်းကောင်း။ ဒဒ္ဒလ္လမာနာ၊ လှပကျော့ရှင်း ထွန်းလင်းတောက်ပကုန်သည်ဖြစ်၍၊ အာဂဉ္ဆုံ၊ မြတ်ဘုရားထံမှောက်သို့ ရှေးရှုလာရောက်ကြလေကုန်ပြီ။

တတ္ထ၊ ထိုသို့မာရ်နတ်ကြီးသမီးသုံးယောက် ရောက်ရှိလာရာ၌။ မာလုတော-အဟုန်ပြင်းစွာ လေးမျက်နှာမှ တိုက်ခတ်လာသောလေသည်။ဘဋ္ဌံ၊ အသီးမှလျှောက်လာသော။ တူလံ၊ လဲဝါဂွမ်းကို

ပနုဒတိဏ္ဍဝ၊ မြန်စွာသုံတ်သုတ်, မှုတ်လွင့်လေသကဲ့သို့။ သတ္တာ၊ လူနတ်တို့သရာ, စောမြတ်စွာသည်။ တာ၊ ထိုမာရ်နတ်ကြီး၏ ချစ်သမီးသုံးယောက်တို့ကို။ ပနုဒီ၊ အရေးတယူ, လေးမမူဘဲ, တွေးယူမချင့်, မှုတ်လွင့်နှင်ထုတ်တော် မူလေပြီတကား။

ယင်းကဲ့သို့ ရှင်ဘော်မြတ်ဘုရားက မိမိထံမှောက် ရောက်လာကြသော နတ်သမီးသုံးယောက်တို့ကိုလေအဟုန်သည် အသီးမှလျှောကြလာသော လဲဝါဂွမ်းကို ကောင်းစွာသုတ်သုတ် မှုတ်လွင့်လေသကဲ့သို့ ထိုအတူ ထိုနတ်သမီးသုံးယောက်တို့ကိုလဲ လေးလေးစားစား အရေးတော်မထားဘဲ မှုတ်လွင့်နှင်ထုတ်တော်မူလိုက်တယ်တဲ့။ ဒါကြောင့်နတ်သမီးသုံးယောက်လဲ စိတ်ပျက်လက်ပျက်နှင့် ဘခင်နတ်မင်းကြီးရှိရာသို့ ချဉ်းကပ်ရောက်လာကြတော့တယ်။

မာရ်နတ်ကြီးကလဲ တဏှာ,အရတိ,ရဂါ-ဟူသော မိမိသမီးသုံးယောက် မိမိထံသို့မသာမယာ မျက်နှာဖြင့် ရောက်လာသည်ကို အဝေးမှတွေ့မြင်ရလေသတဲ့။ မိမိထံသို့ရောက်လျှင်ရောက်ချင်း ဆူပူကြိမ်းမောင်းလေသည်မှာ–

ဗလာ ကုမုဒနာဠေဟိ၊ ပဗ္ဗတံ အဘိမတ္ထထ။
ဂိရိံ နခေန ခနထ၊ အယော ဒန္တေဟိ ခါဒထ။
သေလံဝ သိရသူဟစ္စ၊ ပါတာလေ ဂါဓမေသထ။
ခါဏုံဝ ဥရသာသဇ္ဇ၊နိဗ္ဗိဇ္ဇာပေထ ဂေါတမာ။
(သဂါထာ ဝဂ္ဂသံယုတ်၊ မာရဓိတုသုတ်- ၁၂၈)။

ဗလာ၊ ပြောဆိုစကား, ထောင်နားမစိုက်, အမိုက်မဘို့။ တုမှေ၊ သင်သမီးမိုက်တို့သည်။ ကုမုဒနာဠေဟိ၊ ရေ၌ပေါက်ပွား, နုံထွားသည့်အမျိုး, ကြာရိုးတို့ဖြင့်။ ပဗ္ဗတံ၊ မြင့်မောက်သီခေါင်, မြေကျောက်တောင်ကို။အဘိမတ္ထထ၊ အားသွန်ခွန်စိုက်, ရိုက်ခတ်ကြကုန်၏။ဂိရိံ၊မြင့်မောက်သီခေါင်, မြေကျောက်တောင်ကို။ နခေန၊ လက်သည်းဖြင့်။ ခနထ၊ မပြတ်ခါခါ, ချင်းရာမငဲ့,တူးဖဲ့ကြကုန်၏။ အယော၊ ကြမ်းထမ်း ခက်မာလှစွာသောသံကို။ ဒန္တေဟိ၊ စားဘွယ်အစုံ, အဖုံဖုံကို, အလှန်ကိုက်စား၊ နူးညံ့သောသွားတို့ဖြင့်။ ခါဒထ၊ ထပ်ကာမစဲ, ခဲစားကြလေကုန်၏။

သိရသိ၊ဦးခေါင်းဖြင့်။ သေလံ၊ ကြီးမားလှသောကျောက်ကို။ ဉိဟစ္စ၊ မယွင်းမပျက်ရွက်၍။ ပါတာလေ၊ထောက်တည်ရာမရှိသော ရေဝဲ၌။ ဂါဓံ၊ ထောက်ရာ,တည်ရာ,မှီရာကို။သေထဏ္ဍဝ၊ရှာကုန်သကဲ့သို့ရင်း။ခါဏုံ၊ သစ်ငုတ်သည်။ ဥရသိ၊ ရင်ဝ၌။ အာသဇ္ဇ၊ ကောင်းစွာဖြောင့်ဖြောင့်ဆောင့်မိ၍။ ဟောတိဏ္ဍဝ၊ ဖြစ်သကဲ့သို့ရင်း။ ဂေါတမာ၊ ဖန်ဝါဆင်မြန်းသည့်ရဟန်း ဂေါတမထံမှ။နိဗ္ဗိဇ္ဇ၊ ခေါ်ငင်ရေးယူ, ပျူငါသမှု, အရှင်းမပြုသဖြင့် တွေးရှုချီးမှီး, ငြီးငွေ့ကြကုန်၍။ အပေထ-အပဂစ္ဆထ၊ ယိမ်းယိုင်ခွေနွှမ်း, မရှင်လန်းဘဲ, ပင်ပန်းညှိုးရှာ, ဖဲခွာလေကြကုန်ယောင်တကား။

မာရ်နတ်ကြီးဟာ ရှင်တော်မြတ်ဘုရားကို ပလ္လင်လုပွဲရှုံးပြီးနောက် စိတ်ပေါက်ပေါက်ရှိလေတိုင်း "ကြွက်မနိုင် ကျီမီးရှို့"ဆိုတာလိုဘဲ-သူ့သမီးသုံးယောက်ကို ဖိပြီး မာန်မဲနေတော့တာဘဲနော်၊ သမီးလိမ္မာများ ပီသစွာဖြင့် ဘခင်ဘက် စစ်ကူထွက်ပြီး ဝိုင်းတိုက်ပေးပါသော်လဲ အကြောင်းမသင့်၍ ရှုံးရတာကို ချိချိ သာသာမပြောတော့ဘဲ မာန်မဲချည်း နေတော့တာကလား။ အမိုက်မတွေ သင်တို့ဟာကြာရိုးတို့ဖြင့် တောင်ကြီးကို ရိုက်ခတ်နေကုန်ဘိ၏-စသည်ဖြင့် မာရ်နတ်ကြီး ဥပမာပေး

ပြီး ပြောကြားသွားတဲ့စကားတွေဟာ တော်တော် စကားလုံးပြောင်းပြောက်ပြီး မှတ်သားဘွယ် ကောင်းတဲ့ စကားတွေဘဲနော်။

ပညာရှိ စာဆို နတ်မင်းကြီးတ်ပါးလို့ ဆိုလောက်ပါတယ်။ နေရာခပ်များများမှာ သူပြော ဆိုထားတဲ့စကားတွေဟာ မှတ်သားဘွယ်ကောင်းတာတွေ တော်တော်ပါပါတယ်။ အေးချမ်းစွာ စာဆိုပညာရှိ နတ်လုပ်နေရင် ဒီထက် တန်ခိုးကြီးချင် ကြီးနေမှာ ယခုတော့ ဘုရားကို ကန့်လန့် တိုက်ပြီး မိုက်နေလို့ နာမယ်ဆိုးနဲ့ ကျော်ကြားနေရတာပေါ့။ ဒီမာရ်နတ်ကြီးဟာ ဘုရားရှင်ကို ကန့်လန့်တိုက်ပြီး မိုက်တဲ့, ရမ်းတဲ့နေရာမှာ ဘယ်လောက်ဇွဲကြီးသလဲဆိုတော့-

**သ**စဿ ကိဉ္စိ ကာယေန ဝါ ဝါစာယ ဝါ ခလိတံ ဘဝိဿတိ ဝိဟေဌဿာမိ နန္တိ ပုဗ္ဗေ ဗောဓိသတ္တဘူမိယံ ဆဗ္ဗဿာနိ **အနုဗန္ဓိတွာ** ဗုဒ္ဓတ္တံ ပတ္တံ ကေ့ဝဿံ အနုဗန္ဓိ။ တတောဘဂဝတောကိဉ္စိ ခလိတံ အပဿန္တော သတ္တဝဿာနီတိ ဣမာ နိဗ္ဗေဇ နိယဂါထာယောအဘာသိ။ (သုတ္တနိပါတဋ္ဌကထာ ဒု-၁၂၀)။

ဤ ဂေါတမရဟန်းအား ကိုယ်အမှုအရာဖြင့်ဖြစ်စေ နှုတ်အမှုအရာဖြင့်ဖြစ်စေ တစုံတခုချွတ် ယွင်းချက် အကယ်၍ ဖြစ်ပေါ်ခဲ့လျှင် ထို ဂေါတမရဟန်းကို ငါသည် ထိုနေရာ၌ပင် ညှင်းဆဲနှိပ် စက်အံ့-ဟု ရည်ရွယ်၍ ရှေးက ဘုရားလောင်းဘဝမှာ ခြောက်နှစ်ဘုရားဖြစ်ပြီး တနှစ်ပတ်လုံး အစဉ် မပြတ် လိုက်၍နေခဲ့ပေတယ်။

ထိုနောက်မှာမူ မြတ်စွာဘုရား၏ တစုံတခုသောချွတ်ယွင်းချက်ကို မမြင်သည်ဖြစ်၍ သတ္တ ဝဿာနိ-အစရှိသော ငြီးငွေ့ငြီးတွားသော ဂါထာကို ရွတ်ဆိုခြင်းဖြစ်သတဲ့၊ ဘယ်လောက်များ ဇွဲကောင်းသလဲ, ရန်ငြိုးကြီးသလဲဆိုတာ မှတ်သားလောက်ပါပေတယ်နော်။

(သတ္တဝဿာနိ ဘဂဝန္တံ၊ ဂါထာကိုပြန်၍ ရွတ်ဆို အနက်ပေးပါလေ)။

အဲဒီ ခုနစ်နှစ်ပတ်လုံးကတော့ ဘုရားရှင်နောက်က အမြဲမပြတ် တကောက်ကောက်လိုက်ပြီး ကြည့်ရှုထောက်လှမ်းနေတာတဲ့နော်။ ဒီနောက်တော့ လက်မြှောက်ပြီး လုံးဝ အရှုံးပေးသွားတော့ တာပါဘဲ။ ဒါပေမဲ့ ရံခါရံခါ မကြာမကြာ ရောက်လာပြီး နှောက်ယှက်သေးတာပါဘဲ။ ယခင်က ခုနစ်နှစ်လိုတော့ အစဉ်မပြတ် မလိုက်တော့ဘူးပေါ့၊ ဘုရားနှင့် တွေ့တိုင်း, ကြုံတိုင်း, သူကသာ အရှုံးပေးရတာချည်းပါဘဲ။ ပါရမီရှင်ကို အဘယ်သူ အံတု၍ ရနိုင်ပါမလဲ။

ကဲ-ကဲ တရားပွဲက တော်တော်ကလေး အချိန်ကြာမြင့်၍ သွားပေပြီပေါ့။ သို့သော် ယခုအခါ တရားဘာဝနာအလုပ်ကို ကြိုးစားအားထုတ်နေကြတဲ့ ဒို့ဒကာ ဒကာမတွေ အထူးသဖြင့် သိသင့်သိထိုက်တဲ့ မာရ်နတ်ကြီးရဲ့ မာရ်စစ်သည် ၁၀-တပ် ဖြန့်ထားတဲ့အကြောင်း သတိပေးစကား ပြောကြားရဦးမယ်။

(က) ကာမာ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထီ တဏှာ ဝုစ္စတိ။

(ခ) ပဌမံ ထိနမိဒ္ဓံ တေ၊ ဆဋ္ဌ ဘီရု ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊ မက္ခော ထမ္ဘော တေ အဋ္ဌမော။

(ဂ) လာဘော သိလောကော သက္ကာရော၊ မိစ္ဆာလဒ္ဓေါ စ ယော ယသော။
ယောစတ္တာနံ သမုက္က ံသေ၊ ပရေစ အဝဇာနာတိ။

(ဃ) သော နမုစိ ကေ သေနာ၊ တဏှာဿာဘိပ္ပဟာရိနီ။
န နံ အသူရော ဇိနာတိ၊ ဇေတွာစ လဘတေ သုခံ။

(သုတ္တနိပါတပါဠိ- ပဓာနသုတ်- ၃၄၂)။

(က) ကာမာ၊ ကာမတို့ကို၊ တေ၊ သင်မာရ်နတ်မင်း၏။ ပဌမာသေနာ၊ ပဌမ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ အရတိ၊ ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်းကို။ ဒုတိယာ၊ ဒုတိယစစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ခုပ္ပိပါသာ၊ မွတ်သိပ်ဆာလောင်ခြင်းကို။ တေ၊ သင်၏။ တတိယာ၊ တတိယ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ တဏှာ၊ တပ်မက်မှု တဏှာကို။ စတုတ္ထီ၊ စတုတ္ထ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

(ခ) ထိန မိဒ္ဓံ၊ ထိနမိဒ္ဓကို။ တေ၊ သင်၏။ ပဥ္စမံ၊ ပဥ္စမ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဘီရု၊ ကြောက်လန့်မှုကို။ ဆဋ္ဌာ၊ ဆဋ္ဌ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝိစိကိစ္ဆာ၊ ယုံမှားမှုကို။ တေ၊ သင်၏ သတ္တမီ၊ သတ္တမ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ မက္ခောစ၊ သူ့ကျေးဇူးကို ချေဖျက်မှုကိုၓင်း။ ထမ္ဘောစ၊ မာန်ဖြင့် ခက်ထန်ခိုင်မာမှုကိုၓင်း။ တေ၊ သင်၏။ အဋ္ဌမော၊ အဋ္ဌမ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

(ဂ) မိစ္ဆာလဒ္ဓေါ၊ ချွတ်ယွင်းဖေါက်ပြန်, မမှန်မကန်,ရအပ်သော။ ယောလာဘောစ၊ အကြင် လာဘ်ရခြင်းသည်ၓင်း။ ယောသိလောကောစ၊ အကြင်ကျော်စောမှုသည်ၓင်း။ ယောသက္ကာရောစ၊ အကြင် ပူဇော်သက္ကာရပြုမှုသည်ၓင်း။ ယောယသောစ၊ အကြင် အခြံအရံသည်ၓင်း။ အတ္ထိ၊ ရှိ၏။ သောသဗ္ဗော၊ ထိုအလုံးစုံကို။ နဝမော၊ နဝမစစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ယော၊ အကြင်သူသည်။ အတ္တာနဥ္စ၊ မိမိကိုယ်ကိုလည်း။ သမုက္ကံသေ၊ ဝတိံဖျားရောက်, ချီးမြှောက်တတ်၏။ ပရေစ၊ သူတို့ကိုကား။ အဝဇာနာတိ၊ ပြစ်ဘင်ကျိုးယုတ်, ရှုတ်ချတတ်၏။ သော၊ ထိုချီးမြှောက်သူ, ရှုတ်ချသူကို။ ဝါ၊ ထိုမိမိကိုယ်ကို ချီးမြှောက်မှု, သူတပါးတို့ကို ရှုတ်ချမှုကို။ ဒသမော၊ ဒသမ စစ်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

(ဃ) နမုစိ၊ သူပုန်စုတ်နုတ် ဟဲ့မာရ်နတ်ယုတ်။ သော၊ ရေတွက်ပိုင်းခြား, ဤဆယ်ပါးသည်ကား။ တေ၊ သင် မာရ်နတ်သား၏။ ကဏှာဿာဘိပ္ပဟာရိနီ၊ ရဟန်း ပုဏ္ဏားသူမြတ်များကို, နှောက်ယှက်ဖျက်ဆီးတတ်သော, မည်းနက်သော အကုသိုလ်ရှိသော။ သေနာ၊ စစ်သည်ဗိုလ်ပါတည်း။ အသူရော၊ မရဲရင့်သောသူသည်။ နံ၊ ထိုစစ်သည်ဆယ်မျိုးကို။ နဇိနာတိ၊ မုချပိုင်ပိုင်, မအောင်မြင်နိုင်။ ဇေတွာဝ၊ စစ်သည်ဆယ်မျိုး, ဖျက်ချိုးတွန်းလှန်, ကြွင်းကျန်မရှိ၊ အောင်မြင်ဘိမူကား။ သုခံ၊ မဂ်ဖိုလ်နှစ်ဖြာ, မြတ်ချမ်းသာကို။ လဘတေ၊ မပျက်ပြုံးနိုင်, သက်ဆုံးတိုင်အောင် လက်ကိုင်ရရှိ လေတော့သတည်း။

ကဲ–ကဲ မာရ်စစ်သည် ၁၀-ပါးကို လွယ်လွယ်နှင့် မှတ်သားနိုင်အောင် ဒီလင်္ကာကလေး နှစ်ပုဒ်ကို လိုက်ဆိုထားကြ။

မာရ်စစ်သည် ၁၀-ပါးလင်္ကာ

(က) ကာမ အရတိ- ခုပ္ပိပါသာ၊ တဏှာ ထိန- မိဒ္ဓတဖြာ။
ဘီရု- ဝိစိ- မှတ်ဘိမက္ခာ၊ ထမ္ဘနှင့်- ပေါင်းလင့် ဤရှစ်ဖြာ။

(ခ) မိစ္ဆာလဒ္ဓ- လာဘသက္ကာ၊ အတ္တုက္ကံသန- ပရဝမ္ဘနာ။
မာရ်စစ်ဆယ်ပါး- မှတ်သားသူငါ၊ မာရ်ကိုခွင်း- အောင်ခြင်းအောင်ဘို့ရာ။

(၁) ကာမ- ကာမဂုဏ်ငါးပါး၌ တပ်မက်လိုချင်မှု ရာဂ၊
(၂) အရတိ- ကုသိုလ်ကောင်းမှု၌ မမွေ့လျော်ခြင်း။
(၃) ခုပ္ပိပါသ- ဆာလောင်မွတ်သိပ်တတ်ခြင်း။
(၄) တဏှာ- စားသောက်ဘွယ်ကို ရှာမှီးခြင်း၊ တပ်နှစ်သက်ခြင်း။
(၅) ထိနမိဒ္ဓ- စိတ်စေတသိက်တို့ လေးလံ ထိုင်းမှိုင်းခြင်း။
(၆) ဘီရု- ကြောက်လန့်တတ်ခြင်း။
(၇) ဝိစိကိစ္ဆာ- ရတနာသုံးပါး စသည်အပေါ်၌ ယုံမှားသံသယဖြစ်ခြင်း။
(၈) မက္ခ ထမ္ဘ- ကျေးဇူးမဲ့ကို ပြုတတ်ခြင်း၊ ခက်ထန်ခြင်း။
(၉) မိစ္ဆာလဒ္ဓ,လာဘ,သက္ကာရ,သိလောက- မတရားသဖြင့်ရအပ်သော လာဘ်, ကျော်စောမှု, အပူဇော်ခံရမှု။
(၁၀) အတ္တုက္ကံသန- ပရဝမ္ဘန- ကိုယ့်ကိုယ်ကို မြှောက်ပင့်ပြီး- သူတပါးတို့ကို နှိမ့်ချတတ်သော သဘောထားရှိခြင်း- ဟူ၍ မာရ်စစ်သည် ဆယ်ပါးကို ကောင်းစွာ မှတ်သားကြရပေမည်။ ယခုအခါဆိုလျှင် ရှင်တော်မြတ်ဘုရားက- ဝသဝတ္တီဘုံက မာရ်နတ်သူပုန်ကို အောင်မြင်တော်မူပုံ အလုံးစုံကို ကောင်းစွာ မှတ်သားမိလောက်ကြပါပြီ။ တရားပွဲမသိမ်းခင် မာရ်နတ်သားရန်ကို တွန်းလှန် အောင်မြင်တော်မူသော မြတ်စွာဘုရားကို ချီးကျူး ပူဇော်ကြပါဦးစို့။

**ဆောင်ပုဒ်။** ။မာန်နတ်မိုက်ရူး-လွန်ကျူးကာပင်၊ ပလ္လင်လုရေး-ကြံတွေးအစဉ်။
ဗိုလ်ပါကိုကိုး-စစ်ထိုးလာလျှင်၊ ကျင့်စဉ်ပွား- မြတ်ဘုရား အောင်ပွဲဆင်။

တရားပွဲသိမ်းရန် အချိန်လဲ တန်ပြီမို့ တရားဟော, တရားနာ ဘေးရန်ကွာ၍ လိုအပ်သော အမျိုး,ဘာသာ,သာသနာ့ပြုရေး သမာဓန္ဒ အသီးသီး ပြီးစီးအောင်မြင်ကြရလေအောင် ငယ်စဉ်က ပင် သူသူ ငါငါ ရရှိနေကြတဲ့ အောင်ခြင်း မင်္ဂလာမြတ်ဂါထာဖြင့် ဆုတောင်းပတ္ထနာ ပြုလိုက်ပါ မယ်။ မငေးမငိုင် သာခုသံမှိုင်မှိုင်ခေါ်ကြရအောင် စေတနာသဒ္ဓါ ကြည်ကြည်ထားပြီး လက်အုပ် **စာလေး** ကိုယ်စီ ချီထားကြ။

ဗာဟုံသဟဿ မဘိနိမ္မိတ သာဝုဓန္တံ၊ ဂိရိမေခလံ ဥဒိတံ ဃောရံ သသေနမာရံ။
ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊ တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယောဇိနော၊ တင်းပနှစ်တန်, ဘေးရန်လုံးစုံ, အကုန်အောင်မြင်, အကြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဂိရိမေခလံ၊ တောင်ပမာဏ, ကြီးမားလှသည့်, ကြောက်စရာ့အသွင်, ဂိရိမေခလာ အမည်ရှိသော ဆင်ကို။ ဥဒိတံ၊ ကောင်းစွာအပြီး, တက်စီးထသော။ အဘိနိမ္မိတသာဝုဓန္တံ၊ အလွန်အမင်း,ဖန်ဆင်းအပ်ထ,လက်နက်နှင့်တကွ ဖြစ်သော။ ဗာဟုံသဟဿံ၊ ရန်ဘက်အားလုံး, ဖျက်ချေသုံးသို့,တထောင်သောလက်ရုံး ရှိထသော။ ဃောရံ၊ ယုတ်မာညစ်ညမ်း, ကြမ်းတမ်းစွာ ထသော။ သသေနမာရံ၊ သိန်းသန်းကုဋေ,ထွေထွေများလှ,စစ်သည်နှင့်တကွသော မာရ်နတ်သားကို။ ဒါနာဒိဓမ္မဝိဓိနာ၊ ဒါနစသား, ပါရမီတရားတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ ရန်သူပုန်ခွင်း, ဉာဏ်စုံလင်းလျက်,အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

တန္တေဇသာ၊ မာရ်နတ်ရန်ခွင်း, အောင်ခြင်းဆုယူ,အောင်တော်မူပြား,ထိုမြတ်ဘုရား၏ တန်ခိုးတော်အားဖြင့်။ မေအမှာကံ၊ အောင်မြင်ဆုထူး,ဆွတ်ခူးလိုငြား, တရားဟော,တရားနာ ဖြစ်ကြကုန်သော အကျွန်ုပ်တို့အား။ အဂ္ဂံ၊ ဤလောကတွင်း,ယှဉ်လျှင်အမြဲ, ထူးကဲ လွန်မြတ်သော။ ဇယမင်္ဂလံ၊ သူငါလိုလား,ထူးခြားလှစွာ, အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ကြံတိုင်းစည်တိုင်း, မဆုတ်ဆိုင်းဘဲ, မှန်းတိုင်းမသွေ,ဖြစ်ကြပါစေသတည်း။

သာဓု– သာဓု– သာဓု

(အဘိဓမ္မာသတ်–တရားချ)

❁ ❁ ❁ ❁ ❁

# အာဠဝကဘီလူးကို အောင်ခြင်း

ယက္ခံအာဠဝကံ ဃောရံ၊ သဗ္ဗရတ္တိမ္ပိ ယုဇ္ဈိတံ။
ခန္တီသုဒန္တ ဒမေန္တံ၊ ဝန္ဒာမိ သိရသာ ဇိနံ။ (ရစနာ ဂါထာ)။

သဗ္ဗရတ္တိမ္ပိ၊ ငွေဒေါင်းစကြာ,နောက်ဂေါ်ယာသို့,မြန်းကာဝင်သွား,အစဉ်အားဖြင့်, ထူးခြားအမွန်, ညဉ့်သုံးယာမ်ပတ်လုံးလည်း။ ယုဇ္ဈိတံ၊ ဇွဲမာန်ပါပါ, ကောင်းစွာကြံခိုင်, စစ်ထိုးနိုင်သော။ ဃောရံ၊ သူတပါးအသက်, သတ်ဖြတ်ရက်သဖြင့်, ရက်စက် ကြမ်းကြုတ်သော။ အာဠဝကံ ယက္ခံ၊ အာဠဝကဟု,နာမကျော်ဟီး,ဘီလူးကြီးကို။ (ဝါ) အာဠဝက,တိုင်း၌သာနု၌,မာနကျော်ဟီး,ဘီလူးကြီးကို။ ခန္တီသုဒန္တ၊ ဒုတ်ဓားလက်နက်, ပစ်နှက်ထိုးခုတ်, မပြုလုပ်ပဲ, ဖွင့်ထုတ်မေတ္တာ, ကောင်းစွာတည်ကြည်,ခန္တီဟူသော,လက်နက်ထူးဖြင့်။ ဒမေန္တံ၊ ဒေါသမျက်မာန်, ခက်ထန်ဟူသမျှ,မရှိရအောင်, မုချဆတ်ဆတ်,ယဉ်ကျေးအောင် ဆုံးမတတ်သော။ ဇိနံ၊ အောင်နိုင်ရမြဲ,အောင်ပွဲသခင်,ဘုရားရှင်ကို။ အဟံ၊ အာဠဝက,ယက္ခဗိုလ်မှူး,ဘီလူးချွတ်ခန်း,ဤဇာတ်လမ်းကို,ခွဲခြမ်းဟောရန်,ရည်သန်မှန်းရော်, တပည့်တော်သည်။ သိရသာ၊ ဦးခေါင်းရတနာ, မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ၊ မြတ်စွာကျေးဇူး, ဂုဏ်တော်ထူးကို,ရည်စူးလျက်သာ,ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

ယနေ့တော့ သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရားက အာဠဝက ဘီလူးကြမ်းကြီးကို အောင်မြင်တော်မူခန်း(ကယ်ချွတ်တော်မူခန်း)ကို ဟောကြားရမည် ဖြစ်ပေတယ်၊ သို့အတွက်ကြောင့် ယင်း အာဠဝကဘီလူးကြီးကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို တရားဟော, တရားနာ တေးရန်ကွာ၍ လိုရာဆန္ဒ ပြည့်ဝကြစေရန် ရည်သန်လျက် တရားမဟောမီ ပထမဆုံး ဂါရဝမင်္ဂလာ ပြုလိုက်ရပေတယ်။

အာဠဝကဘီလူးကို အောင်မြင်တော်မူခန်း ဇာတ်လမ်းပေါ်လွင်အောင် ဟောကြားရမည် ဖြစ်သဖြင့် သံယုတ္တနိကာယ်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အာဠဝကသုတ္တန် အခြေခံပြီး ဟောကြားရပေလိမ့်မယ်၊ သို့အတွက် အာဠဝီ အမည်နှင့် အာဠဝက အမည်များကို နောင်အခါ နားရှုပ်၍ မသွားကြလေအောင် ယခုကပင် ခွဲခြားပြီး မှတ်သားခဲ့ကြရပေမယ်။

အာဠဝီအရ "အာဠဝီတိ ရဋ္ဌမ္ပိ နဂရမ္ပိ ဝုစ္စတိ၊ တဒုဘယမ္ပိ ဣဓ ဝဋ္ဋတိ"ဟူသော အဋ္ဌကထာ ဆရာ ဖွင့်ပြချက်အတိုင်း တိုင်းပြည် တပြည်လုံးကိုလည်း အာဠဝီ-ဟု ခေါ်တယ်၊ မြို့ကိုလဲ အာဠဝီ-ဟု ခေါ်တယ်တဲ့။ မြို့ဆိုတာက ထိုသို့ မြို့ကလေးများကို ပြောတာ မဟုတ်ဘူးနော်၊ မင်းနေပြည်ဖြစ်တဲ့ မြို့တော်ကိုသာ အာဠဝီ-လို့ ခေါ်ဆိုတာပါ၊ ဦးပဥ္စင်းတို့ မြန်မာနိုင်ငံတော်မှာ ရှေးယခင် ဘုရင်မင်းများ လက်ထက်တော်အခါက ပုဂံပြည်, ပုဂံမြို့၊ အင်းဝပြည်, အင်းဝမြို့၊ ဟံသာဝတီပြည်, ဟံသာဝတီမြို့၊ သထုံပြည်, သထုံမြို့-ဟု ခေါ်ဆိုခဲ့သလိုဘဲပေါ့၊ မင်းနေပြည် မြို့တော်ကို အာဠဝီ-လို့ ခေါ်ပါတယ်၊ ထို မင်းအာဏာစက် ပျံ့နှံ့ရာကို (ဝါ)တတိုင်းပြည်လုံးကိုလဲ အာဠဝီ-လို့ ခေါ်ဆိုရ ပါတယ်တဲ့။

ယင်း အာဠဝီပြည်ကြီးကို စိုးမိုးအုပ်ချုပ်တဲ့ ဘုရင်မင်းမြတ်ကိုတော့ အာဠဝိယာ ဇာတိယော အာဠဝေါ-အာဠဝေါယေဝ အာဠဝကော-ဟု ဆိုတဲ့အတိုင်း အာဠဝီပြည်ကို အစိုးရသောကြောင့် အာဠဝက-လို့ ခေါ်ဆိုရသတဲ့၊ ထိုမင်းရဲ့ သားတော် မင်းသားကလေးကိုလဲ အာဠဝကမင်းကြီး သားဖြစ်တဲ့အတွက်ကြောင့် အာဠဝက-လို့ပင် ခေါ်ဆိုတယ်။ ဘီလူးကြီးကိုတော့ အာဠဝီပြည်၌ နေသောကြောင့်၎င်း, အာဠဝကမင်းကြီး၏ ပူဇော်မှုကို ခံယူရသောကြောင့်၎င်း အာဠဝက-လို့ပင် ခေါ်ဆိုရသတဲ့။ ကဲ-အကျဉ်းချုံးလိုက်တော့ တိုင်းပြည်ကိုဖြစ်စေ, မင်းနေပြည် မြို့တော်ကိုဖြစ်စေ အာဠဝီ-ဟု ခေါ်ပါတယ်၊ မင်းကြီးကိုဖြစ်စေ, မင်းသားကိုဖြစ်စေ, ဘီလူးကြီးကိုဖြစ်စေ အာဠဝက-ဟု ခေါ်တယ်-ဟု မှတ်ထားကြရမယ်။

သုံးလူထွဋ်ထား မြတ်ဘုရားသည် အာဠဝက ဘီလူးကြီးနှင့် စစ်ခင်း အောင်မြင်ပြီး ဒီ အာဠဝကသုတ္တန်ကို ဟောကြားတော်မူတဲ့ နေရာကတော့ အာဠဝီမြို့တော်နှင့် မနီးမဝေးဖြစ်သော တဂါဝုတ်မျှသာ ဝေးသော တောအရပ်၌ အခက်အလက်ထူထပ်၍ ညို့ညို့မှိုင်းမှိုင်းရှိသော ညောင် ပင်ကြီးတပင် ရှိပါတယ်၊ ထို ညောင်ပင်ကြီးဟာ ဘီလူးကြီးရဲ့ ဘုံဗိမာန် တည်ရာ ဌာနပါဘဲတဲ့၊ ထို ညောင်ပင်ကြီး၌ မြတ်စွာဘုရား သီတင်းသုံးကာ ဟောကြားတော်မူပါတယ်၊ ယင်းသုတ္တန်ကို ဟော ကြားတော်မူရခြင်း၏ အကြောင်းရင်းကတော့-

အာဠဝီပြည်ကြီးကို အစိုးရသော အာဠဝကမင်းကြီးသည် ခိုးသား, သူပုန်ဘေး ကင်းဝေး စေလိုခြင်း, ရန်သူ, မင်းတို့ အန္တရာယ်မှ ကင်းရှင်းစေလိုခြင်း, ကြောင့်ကြစိုက် လုံ့လပြုခြင်းအကျိုးငှာ စစ်သည်အပေါင်း စုဆောင်းလျက် နေပြည်တော်မှ ခုနစ်ရက်တကြိမ် တောကစားထွက်တော်မူလေ့ ရှိသတဲ့၊ တောကစားယင်း, နယ်မြေလှည့်လည်ယင်း ဖြစ်မယ်ပေါ့လေ။

တနေ့သောအခါ သမင်တောသို့ရောက်၍ သမင်လိုက်ယင်း ဘုရင်ကြီးက "မိမိဘက်က သမင် ထွက်ပြေးလျှင် မိမိတို့တာဝန်"ဟု ကတိကဝတ်ပြုပြီး သမင်လိုက်ကြရာ ဘုရင်ကြီးဘက်မှ သမင်က ထွက်ပြေးသွားသတဲ့၊ ဒါကြောင့်မို့ "ရွှေသမင် ဘယ်ကထွက်, မင်းကြီးတာကထွက်"ဟု ဆိုသော ထုံးဟောင်းစကားကို ရှေးလူကြီးများက ဆိုရိုးပြုကြတာ ဖြစ်မယ် ထင်ပါတယ်၊ အာဠဝကမင်းကြီး က သမင်နောက်သို့ လိုက်ယင်းက ထို အာဠဝကဘီလူးကြီး နေထိုင်ရာ ဘုံဗိမာန်ဖြစ်တဲ့ ညောင်ပင် ကြီးအောက်ရောက်သွားသဖြင့် အေးမြလှသော ညောင်ပင်ရိပ်မှာ ခေတ္တအနားယူပြီး နေလိုက်တယ်၊ အဲဒီ ညောင်ပင်ကြီးကတော့-

> တသ္မိံ့ နိဂြောဓေ အာဠဝကော ယက္ခော မဟာရာဇ သန္တိကာ ဘဝနံ လဘိတွာ
> မဇ္ဈန္ဟိကသမယေ တဿရုက္ခဿ ဆာယာယ ဖုဋ္ဌောကာသံ ပဝိဋ္ဌေ ပါဏိနော
> ခါဒန္တော ပဋိဝသတိ။ (သဂါထာဝဂ္ဂ သံယုတ္တ ဋ္ဌကထာ-၂၆၀)။

စ၊ အာဠဝက, နာမမည်ဟီး, ဘီလူးကြီး၏အကြောင်းကို ပြဆိုပေအံ့။ တသ္မိံ နိဂြောဓေ၊ ထိုပညောင်ပင်ကြီး၌။အာဠဝကကောယက္ခော၊အာဠဝက, နာမမည်ဟီး, ဘီလူးကြီးသည်။ မဟာ ရာဇသန္တိကာ၊ ဘီလူးမျိုးကို, အုပ်စိုးဖိစီး, ဝေဿဝဏ်နတ်မင်းကြီး၏အထံမှ။ ဘဝနံ မိမိနေရန်, ဘုံဗိမာန်ကို။ လဘိတွာ၊ ပိုင်းခြားသတ်မှတ်, ရဘုံလတ်၍။ မဇ္ဈန္ဟိကသမယေ၊ ညောင်ရိပ်ဘယ်ညာ၊ ရှောင်ဝါသပ်ယပ်,နေ့မွန်းတည့်လတ်သောအခါ၌။ တဿရုက္ခဿ၊ ထိုပညောင်ပင်၏။ ဆာယာယ,

အရပ်၏။ ဖုဋ္ဌောကာသံ၊မကြွင်းမလပ်,တည်ရာအရပ်သို့။ ပဝိဋ္ဌေ၊ဝင်ကုန်သော။ ပါဏိနော၊ လူမှုအစ, များပြားလှစွာ သတ္တဝါတို့ကို။ ခါဒန္တော၊မပြတ်တမူ,ဖမ်းယူစားသောက်လျက်။ ပဋိဝသတိ၊ ဘီလူး မောင်းမ, ပျော်စံမျှလျက်, အေးမြခုတိုင်, နေထိုင်လေသတည်း။

မင်းကြီး ဝင်ရောက် အနားယူနေတဲ့ ပညောင်ပင်ဟာ ဝေဿဝဏ် နတ်မင်းကြီးထံမှ အာဠဝကဘီလူးနေထိုင်ရန် ဘုံဗိမာန် အဖြစ် ရထားတဲ့ ညောင်ပင်ဖြစ်သတဲ့။ ထိုပညောင်ပင် အောက်သို့ နေမွန်းတည့်စဉ်အခါ ညောင်ရိပ်ကျရောက်ရာ အရပ်သို့ ဝင်ရောက် လာသော လူ စသော သတ္တဝါများကို ဖမ်းယူစားသောက်လျက် ဘီလူးမ၊မောင်းမမိဿံ၊ အခြံအရံဖြင့် နေထိုင်သတဲ့။ သာမညဘီလူး မဟုတ်ဖူးနော်။ အခြံအရံ မောင်းမ တွေနှင့် တင့်တယ်စွာ နေထိုင်တဲ့ ဘီလူးမင်းတပါးပင် ဖြစ်တယ်။

ဒီနေရာမှာ သတိပြုစရာကတော့ နေ့မွန်းတည့်စဉ်အခါ ညောင်ရိပ်ကျရာ အရပ်အတွင်း ဝင်ရောက်သူမှသာ ဖမ်းစားခွင့်ရှိတဲ့အကြောင်းပင် ဖြစ်တယ်။ အချိန်တိုင်း စားခွင့်မရှိဘူး၊ အနီး အနားလာရုံမျှနှင့် စားခွင့်မရှိဘူး။ မွန်းတည့်ချိန်လဲ ဖြစ်မှ, ညောင်ရိပ်တွင်းသို့လဲ ဝင်မိမှ စားခွင့် ရှိတယ်ပေါ့။

ယခု အာဠဝကမင်းကြီးလဲ မွန်းတည့်ချိန်ခါမှာ ပင်ညောင်ပင်ရိပ်တွင်း ဝင်မိရက်သား ဖြစ်နေပြီ။ သို့အတွက် ဘီလူးကြီးကလဲ မင်းကြီးကို ဖမ်းစားရန် မင်းကြီးအနားသို့ ချဉ်းကပ်ပြီး "အသင်သည် ငါ၏အစာ ဖြစ်ပေပြီ" ဟု ပြောဆို အသိပေးလိုက်သတဲ့။ ထိုအခါ မင်းကြီးလဲ ကြောက်ရွံ့ပြီး အမျိုးမျိုးတောင်းပန်ပြီးနောက် "ကျွန်ုပ်သည် အာဠဝီပြည့်ရှင် ဘုရင်ဖြစ်ပါတယ်။ ကျွန်ုပ်အသက်ကို ချမ်းသာပေးပြီး လွှတ်ပေးပါက အသင်ဘီလူးကြီးထံသို့ နေ့စဉ် လူတယောက်နှင့် စားသောက်ဘွယ်ရာတို့ကို အသင်ဘီလူးအစာအဖြစ် ပို့ဆက်ပါမည်။ မပို့သောနေ့တွင် ကျွန်ုပ်ကိုပင် ဖမ်းယူ၍ စားသောက်တော်မူပါ" ဟု—

မာဂဏ္ဍာဟိ မဟာရာဇာ၊ ဘက္ခောအသိ တုဝံ မယှံ။
ပဝိဋ္ဌော ခါဒိတုံ လဒ္ဓေါ၊ ရာဇန္တိကာ ဝဋ္ဋဣာယံ။ (ရစနာဂါထာ)။

မဟာရာဇ၊ အာဠဝီပြည်နန်း, စံမြန်းပျော်မွေ့ အိုမင်းကြီး။ မာဂဏ္ဍာဟိ၊ ဤနေရာမှ အရပ်တပါး, ရှောင်ရှားဖယ်ခွာ, မသွားပါလေလင့်။ တုဝံ၊ အပျော်လိုလိုက်, အမိုက်ဖိစီး, အသင်မင်းကြီးသည်။ မယှံ၊ မညောင်ရိပ်နန်း, စံမြန်းမှီတင်း, ငါဘီလူးမင်း၏။ ဘက္ခော၊ ကောင်းမြတ်ချိုမြိန်, နှလုံးငြိမ်စွာ စားသောက်ဘွယ်ရာ အစားအစာသည်။ အသိ၊ ရှောက်အလျောက်, အသင့်ရောက်၍, ဝမ်းမြောက်ဘွယ်စင်စစ် ဖြစ်ပေ၏။

ရာဇန္တိကာ၊ ဘီလူးမျိုးကို, အုပ်စိုးလွှမ်းချုပ်, မင်းလုပ်ရည်မွန်,ဝေဿဝဏ်နတ်မင်းကြီးထံမှ။ ဝဋ္ဋဣာယံ၊ စိမ်းညိုရောင်ဖိတ်, ပညောင်ရိပ်သို့။ ပဝိဋ္ဌော၊အကုသိုလ်ကံ,ပြုစီမံသို့,ကေန်ထုတ်ချောက်, ဝင်ရောက်လာသူကို။ ခါဒိတုံ၊ နှစ်သက်ဝမ်းမြောက်, စားသောက်ခြင်းငှာ။ မယှံ၊ ပညောင်ရိပ်မှူး, ငါဘီလူးသည်။ လဒ္ဓေါ၊ စင်စစ်တကယ်, နယ်ပယ်သတ်မှတ်, ရရှိအပ်လေသတည်း။

အသင်မင်းကြီး အသင်သည် ယခုအခါ ဤအရပ်မှ အဘယ်ကိုမှ ထွက်ခွာပြီးမသွားလေနှင့်၊ ငါသည် ဝေဿဝဏ်နတ်မင်းကြီးထံမှ ဤပဉောင်ရိပ်သို့ ဝင်ရောက်လာသူကို စားရောက်ရန် အခွင့်ရအပ်ပေပြီ။ သို့အတွက် အသင်သည် ယခု ငါ့အစာ ဖြစ်ပေပြီ- ဟု ပြောဆိုအသိပေးလေ့လျှင်၊ မင်းကြီးလဲ ခေါင်းမော့ကြည့်လိုက်သောအခါ မိမိအနီး၌ ဆာလောင်မွတ်သိပ်သော အမူအနရာဖြင့် စူးစူးစိုက်စိုက်ကြည့်ပြီး ရပ်နေသော ဘီလူးကြီးကို အံ့အားသင့်စွာ တွေ့မြင်ရတော့သတဲ့။ အလွန်ကြောက်ရွံ့ထိပ်လန့်သွားမှာပေါ့နော်။

တရားနာကြတဲ့ ဒကာ၊ဒကာမတွေ တောနက်ကြီးအတွင်းမှာ အစွယ်ပြူးပြူး ဘီလူးကြီးနှင့် တယောက်ချင်း တွေ့ကြ ဆုံကြလျှင် မိမိတို့ဘယ်လိုမျှားနေကြမလဲဆိုတာ စဉ်းစားပြီး ကိုယ်ချင်းသာစာကြည့်ကြပေတော့။ ယခု အာဠဝကမင်းကြီးမှာလဲ ဘီလူးနှင့် တယောက်ချင်း တွေ့နေပြီ။ ကြောက်ရွံ့ပေမဲ့ "မရဲသော်လဲ ပြေးခဲစေ" ဆိုတဲ့အတိုင်း ရာဇဓိဋ္ဌိမပျက်အောင် ဆက်လက်ကာ အသာနေပြီး ဘီလူးကြီးအား တောင်းပန်စကား ပြောကာ ဂါတိကဝတ် ပြုလိုက်ရတော့တယ်တဲ့။

မမံ မုဥ္စ မဟာယက္ခ၊ပေသေဿာမိ ဒိနေဒိနေ၊
ထာလိပါကံ မနုဿဥ္စ၊ ဝိရဒ္ဓေါ ခါဒ စေ မမံ။ (ရစနာဂါထာ)။

မဟာယက္ခ၊ လူသူကင်းဆိတ်၊ ပဉောင်ရိပ်ပျော်မှီး၊ အိုဘီလူးကြီး။ မမံ၊ ငါ့ကို။ (ဝါ) အာဠဝီမည်၊ မင်းနေပြည်ကို၊ အတည်အုပ်ချုပ်၊ မင်းပြုလုပ်ခါ၊ ဂုဏ်ဝါထယ်လတ်၊ ငါမင်းမြတ်ကို။ မုဥ္စ၊ အရှည်မြော်တွေး၊ အခွင့်ပေးလျက်၊ စိတ်အေးကြည်ဖြူ၊ လွှတ်တော်မူလော့။ အဟံ၊ အာဠဝီပြည်ရှင်၊ ငါဘုရင်သည်။ တေ၊ လူသားကိုစား၊ တရားမနီး၊ အသင်ဘီလူးကြီးအား။ ဒိနေဒိနေ၊ မရွေ့မဆိုင်း၊ နေ့တိုင်းနေ့တိုင်း။ ထာလိပါကဉ္စ၊ ဘောင်းမြတ်ပြည့်ဖြိုး၊ ထမင်းချက်အိုးကိုရင်း။ မနုဿဉ္စ၊ စားရန်အတွက်၊ ပေးဆက်ကြည်ဖြူ၊ တယောက်သောလူကိုရင်း။ ပေသေဿာမိ၊ မပျက်မကွက်၊ဆက်ဆက်မှန်စွာ၊ ပို့ပေးပါအံ့။

စေ ဝိရဒ္ဓေါ၊ မပို့မပေး၊အားရေးမယူ၊အကယ်၍ ချွတ်ယွင်းခဲ့ပါမူ။(တံ ဒိဝသံ၊ မပို့ပျက်ကွင်း၊ ထိုချွတ်ယွင်းသောနေ့၌)။ မမံ၊အကျွန်ုပ်ကို။(ဂဟေတွာ၊ မညှာမတာ၊ ဖမ်းယူကာ)။ ခါဒ၊ သဘောအလိုက်၊ နှစ်ခြိုက်မြန်စွာ၊ စားသောက်ပါလေလော့။

ပဉောင်ရိပ်ပျော်မှီးတဲ့ အသင်ဘီလူးကြီး အရှည်မြော်တွေးပြီး အကျွန်ုပ်ကို လွှတ်ပေးပါလေ။ အကျွန်ုပ်သည် သင်စားသောက်ရန်အတွက် နေ့စဉ်ရက်ဆက် ထမင်းချက်တအိုးနှင့် လူတယောက်ကို ဆက်သပို့ပေးပါမည်။ အကယ်၍ ထိုသို့ပေးပို့ခြင်း ပျက်ကွက်သောနေ့၌ အကျွန်ုပ်ကို ဖမ်းယူကာ စားသောက်တော်မူလှည့်ပါ-ဟု ဝန်ခံချက်ဂတိပြုပြီး မိမိကိုယ်ကို လွှတ်စေကာ မြို့ရွာသို့ ပြန်လာလေတယ်။

အပျော်လိုက်ချင်တဲ့မင်းကြီး စိတ်ဒုက္ခဖိစီးပြီး မြို့ရွာသို့ မနည်းရောက်အောင်လာခဲ့ရတယ်နော်၊ သမင်လိုက်သွားရာမှာသမင်မသေဘဲ မိမိသေဘို့ကိန်း ဆိုက်နေတာကိုး၊ "ယခု ဝိပါက်နောက်ပိုးတက်" ဆိုတာလို ဖြစ်နေတာပေါ့။ နန်းတော်သို့ရောက်တဲ့အခါ မြို့တော်ဝန်ကို ခေါ်ယူပြီး ထိုအကြောင်းကို ပြောဆိုတိုင်ပင်လေဘယ်။ မြို့တော်ဝန်ကလဲ မင်းကြီးစိတ်ချမ်းသာစေရန် တာဝန်ယူပြီး နံနက်

စောစောထ၍ ထောင်သွင်းထားသောသတ်သင့် သတ်ထိုက်သော အကျဉ်းသားတို့ကို တယောက်ချင်း ထုတ်ပြီး ဘီလူးထံ ထမင်းပို့စေကာ ဘီလူးစာ ဆက်သလိုက်သတဲ့။

ကာလကြာတော့ ထောင်တွင်းမှ လူဆိုးများလဲကုန်, သူခိုးဓားပြများကိုဖမ်း၍ ဘီလူးစာ ကျွေးကြောင်း သတင်းလဲ တိုင်းပြည်တွင်း ပြန့်နှံ့သွား၍ လူဆိုး,သူခိုးများလဲ လုံးဝ မရှိတော့ဘူးတဲ့။ သို့အတွက် ထောင်တွင်း၌ဘီလူးကျွေးစရာ လူမရှိတော့ကြောင်း မင်းကြီးကို လျှောက်ထားတဲ့အခါ မွေးကင်းစ သူငယ်များကို ရှာဖွေဖမ်းယူ၍ ဘီလူးစာကျွေးရန် သဘောတူ ဆုံးဖြတ်ကြသတဲ့။

မင်းချင်းများကလဲ ကလေးငယ်များကို ရှာဖွေဖမ်းယူပြီး ဘီလူးစာကျွေးကြရပြန်တယ်ပေါ့။ ကလေးမိခင်များ, ကိုယ်ဝန်သည်များက ထိုအကြောင်းကို ကြားသိကြ၍ တိုင်းတပါး ဇနပုဒ် တပါးတို့သို့သွား၍ မွေးဖွားပြီး ကလေးများကြီးမှသာ ပြန်လာကြသတဲ့။

ဤကဲ့သို့ ဘီလူးစာကျွေးလာရတာ တဆယ့်နှစ်နှစ်ပင် ရှိလာပြီတဲ့။ မြို့ရွာမှာ လူဆိုးလဲကုန်, ကလေးသူငယ်လဲကုန် ဆိုတာလိုဖြစ်နေပြီပေါ့။ တနေ့သောအခါ မင်းချင်းယောကျာ်းများ ဘီလူးစာ ကျွေးရန် ကလေးသူငယ်ရှာကြရာ ဘယ်မှာမှ မတွေ့မမြင်ကြရသဖြင့် မင်းကြီးထံမှောက် ရောက် လာကာ "မင်းကြီး နန်းတော်တွင်း၌ သင်မင်းကြီး၏သားတော် အာဠဝကမင်းသားကိုထား၍ မြို့တွင်း၌ ကလေးသူငယ် တယောက်မျှ မရှိတော့ပါ" ဟု လျှောက်ဆိုကြသတဲ့။

ထိုအခါ မင်းကြီးက "ငါသည် ငါ့သားကိုချစ်သလို လူအများလဲ မိမိတို့သားကို ချစ်ကြ ပေမည်။ လောက၌ ကိုယ့်ကိုထက် ချစ်ဘွယ်ရာမရှိတော့ပေ။ သွားကြလော့၊ ငါ့သားတော် အာဠဝကမင်းကို ဘီလူးစာကျွေး၍ ငါ၏အသက်ကို ကာကွယ်စောင့်ရှောက်ကြလော့"ဟု ပြောဆို မိန့်ကြားသဖြင့် မင်းချင်းယောကျာ်းတို့ကလဲ မိခင်ဖြစ်သော မိဖုရားကြီးရင်ခွင်၌ အိပ်နေရှာသော အာဠဝကမင်းသားကလေးကို "မင်းကြီး၏ အမိန့်အာဏာအရ နက်ဖန် ဤမင်းသားကလေးကို ဘီလူးစာကျွေးရန်" ဟု ပြောဆိုကာ မိဖုရားကြီးနှင့် မောင်းမများ ငိုကြွေးနေစဉ်မှာပင် လုယူ၍ သွားကြသတဲ့ (ဒကာကြီး ဦးစိန်ရဲ့ )။ တော်တော်ရက်စက်တဲ့လူတွေလို့ ဆိုရမှာပဲနော်။ သို့သော်လဲ မင်းကြီးမွေးတဲ့မီးဘဲ၊မင်းကြီးလဲအပူလောင်စေသင့်တယ်ပေါ့။ ကိုးလလွယ်ကာ ဆယ်လမှာမွေးထား ရရှာတဲ့ မိခင်ခမြာ မိဖုယားကြီးမှာတော့ သားကလေးအတွက် ရင်ကျက်မအေးနိုင်သဖြင့် ဘုရင်ကြီး ထံသို့ ပြေးလာပြီး-

ယော ဟိ ကုမာရော ရာဇ၊ တုယှံ ပုတ္တကော ဩရော။
ဩကာသံ ဒေဟိ ပုတ္တဿ၊ ဒေဝီ ရောဒတိသောကကာ။ (ရစနာ ဂါထာ)။

ရာဇ၊ အာဠဝီပြည်ရှင်, ဘုရင်မင်းမြတ်။ ယော ကုမာရော၊ အာဠဝက, နာမတွင်ခြင်း, ဤမင်းသားကလေးသည်။ တုယှံ၊ နန်းရင်သိမ်းပူ,ထီးဖြူစံမိုး,အရှင်မင်းကြီး၏သားယောင်။ အဩရော၊ ကောင်းစွာစင်စစ်,ရင်မှဖြစ်သော။ ပုတ္တကော၊ ချစ်ခင်စဖွယ်, နုနယ်လှစွာ,သားငယ်ပါတည်း။ ရာဇ၊ ထီးဖြူရိပ်မိုး,အရှင်မင်းကြီး။ ပုတ္တဿ၊ ချစ်ဖွယ်သက်ထား,သားငယ်အား။ ဩကာသံ၊ ဘီလူးအစာ, မညာချက်ချင်း, ပို့ဆက်ခြင်းမှ, မယွင်းထောက်ချင့်, ကင်းလွတ်ခွင့်ကို။ ဒေဟိ၊ မိမိရင်ဖြစ်, သားငယ် ချစ်မို့,စိစစ်ညှာတာ,ပေးတော်မူပါလော့။ ဣတိ၊ ဤသို့။ ဝတွာ၊ ထိုအကြောင်း,ပြန်ပြောင်း

သေချာ,လျှောက်တင်ကာ။ သောကိကာ၊ သားငယ်နှင့်ကင်း,စိုးရိမ်ခြင်းဖြင့်, ထန်ပြင်းဒုက္ခ, ရောက်နေရသော။ ဒေဝီ၊ မင်းကြီးသက်လျှာ,တောင်ညာထိပ်ထား,မိဖုရားကြီးသည်။ ရောဒတိ၊ တွေးလေတွေးလေ,ဆွေးမပြေဘဲ,မျက်ရေယိုရှဲ,ငိုပွဲဆင်ခါ,နေရှာလေတော့သတည်း။

ကိုးလလွယ်ပြီး မွေးဖွားထားရတဲ့ မွေးမိခင်ဆိုတော့ ဖခင်နှင့် နှိုင်းစာလျှင် မထိန်းနိုင်အောင် သောကကြီးရှာပေမယ်ပေါ့။ သို့အတွက်ကြောင့် ဘုရင်ကြီးရှေ့မှောက် လူးကာလိမ့်ကာ တစာစာငိုကြွေးနေရှာသတဲ့။ ဘုရင်ကြီးခမြာ ချစ်လှစွာသော သားကလေးအတွက် ရတက်မအေးလှသော်လဲ "အတ္တသမံ ပေမံ နတ္ထိ" ဆိုတဲ့အတိုင်း ကိုယ့်အသက်လောက်တော့ အဘယ်မှာ ချစ်နိုင်ပါမလဲ၊ အာဠဝိနန်းတော်ကြီးမှာလဲ အာဠဝက မင်းသားကလေးအတွက်နဲ့ မိဖုရားကြီးက ငို, မင်းမောင်းမတွေက ငိုနှင့် ဆူပွက်ပြီး နေတော့တာဘဲတဲ့။

ထိုနေ့မှာပင် သုံးလူထွဋ်ထား မြတ်စွာဘုရားကလဲ နံနက်စောစော ထ၍ ဇေတဝန်ကျောင်းဂန္ဓကုဋိတိုက်၌ မဟာကရုဏာ သမာပတ်ကို ဖြန့်ကျက်လျက် ဗုဒ္ဓစက္ခုဖြင့် လောကကြီးကို ကြည့်ရှုတော်မူတဲ့အခါ–

၁။ အာဠဝက မင်းသားကလေး၏ အနာဂါမိဖိုလ်၌ တည်မည့်အကြောင်း ဥပနိဿယကိုရင်း၊

၂။ အာဠဝကဘီလူးကြီး၏ သောတာပတ္တိဖိုလ်၌ တည်ခြင်းကိုရင်း၊

၃။ တရားတော်၏အဆုံး၌ များလှစွာသော ရှစ်သောင်းလေးထောင်သော နတ်,လူ ပရိသတ်တို့၏ တရားတော်အမြင် ပေါက်ရောက်ခြင်းကိုရင်း–ရှုမြင်တော်မူပါတယ်၊ထိုနေ့ကတော့ လဆုပ်ပက္ခ ဥပုသ်နေ့ ဖြစ်သတဲ့။

မဟာကရုဏာရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် အာဠဝကဘီလူးကြီးကို ချွေချွတ်တော်မူခြင်းငှာ သာဝတ္ထိပြည်မှ ခရီး ယူဇနာသုံးဆယ်မျှ ကွာဝေးသော အာဠဝီပြည်သို့ ညနေချမ်းအခါ တပါးဘည်း ကြွလာပြီးလျှင် အာဠဝကဘီလူးကြီး၏ ဘုံဗိမာန်ရှိရာသို့ ဆက်လက် ကြွမြန်းတော်မူဘယ်၊ မဟာကရုဏာရှင် ပီသတော်မူပါပေတယ် နော်၊ ကိုယ်တော်၏ ပင်ပန်းမှုကို ပမာဏပြုတော်မမူပဲ သတ္တဝါများ ပစ္စုပ္ပန်,သံသရာ နှစ်ဖြာကောင်းစားမှုကို အမြဲတန်း ရှုတော်မူပြီး သနားချီးမြှင့်တော်မူသည်မှာ ကျေးဇူးတော် ကြီးမားလှပါပေတယ်။

မြတ်စွာဘုရားသခင်သည် အာဠဝကဘီလူးကြီး၏ ဘုံဗိမာန်သို့ ရောက်တဲ့အခါ အာဠဝကဘီလူးကြီးက ဟိမဝန္တာဝယ် ဘီလူးစည်းဝေးပွဲသဘင်သို့ သွားရောက်နေဆဲ ဖြစ်လတဲ့၊ ဘုံ-ဆိုတာ ဗိမာန်ကို ခေါ်တာဘဲနော်။ အာဠဝကဘီလူး ပညောင်ပင်မှာနေတယ်ဆိုတော့ ညောင်ပင် ခွကြားမှာဘဲ နေတယ်လို့ ထင်မှားနေကြမယ်၊ ဒီလိုမဟုတ်ဘူး။ ကဲ–ဋီကာဖွင့်ချက်ကို နည်းနည်း ပြောပါဦးမယ်။

ဘဝနေဝေါတိ ဝိမာနေဝေ၊ ဘဂဝါပိ ပဿတိ ပကတိစက္ခုနာဝ နိဂြောဓေ ဉပရိ နိဗ္ဗတ္တတ္တာ။

အာဠဝကဘီလူးကြီး၏ ဗိမာန်တံခါးစောင့်ဖြစ်သော ဂဒြဘ မည်သော ဘီလူးက ဘုရားရှင်ထံ လာရောက်၍ ရှိခိုးပြီးလျှင် "ကိံ ဘန္တေ ဘဂဝါ ဝိကာလေ အာဂတော- အရှင်ဘုရား- အရှင်မြတ်သည် အဘယ့်ကြောင့် မွန်းလွဲမှ ကြွလာပါသနည်း ဘုရား" ဟု လျှောက်ထားလေလျှင်-

အာမ ဂဒြဘ အာဂတောမှိ၊ သစေ တေ အဂရု၊ ဝိဟရေယျာမေကရတ္တိံ
အာဠဝကဿ ဘဝနေ။ (သံယုတ္တ ဋ္ဌကထာ-ပ- ၂၆၂)။

အေး-မှန်တယ် ဂဒြဘ၊ နေလွဲမှ လာဖြစ်တယ်၊ အကယ်၍ သင် ဝန်မလေးလျှင် အာဠဝက၏ ဘုံဗိမာန်၌ ဟည့်ခုမျှ နေလိုပေသည်''ဟု ခွင့်တောင်းစကား မိန့်ကြားတော်မူပါတယ်။

ထိုအခါ ဂဒြဘ တံခါးစောင့်ဘီလူးက "မြတ်စွာဘုရား-ဘုရားတပည့်တော်က ဝန်မလေးလှပါ၊ သို့သော်လည်း ထိုအာဠဝကဘီလူးသည် ရက်စက် ကြမ်းကြုတ်လှပါသည်၊ မိဘတို့ကိုသော်လည်း ရိုသေခြင်း စသည် မပြုတတ်ပါ၊ မိဘဟူ၍ရှင်း, သမဏ ဗြာဟ္မဏ ဟူ၍ရှင်း, ကုသိုလ်တရား ဟူ၍ရှင်း ဘာမျှ မသိတတ်ပါ၊ အရှင်မြတ်၏ ဤဗိမာန်၌ နေထိုင်ခြင်းကိုလည်း သူ ခွင့်ပြုနှစ်သက်မည် မဟုတ်ပါ ဘုရား''ဟု လျှောက် သားလေသတဲ့။

ဒီ တံခါးစောင့်ဘီလူးကတော့ ဘုရားတရား သိတတ်တဲ့ ဘီလူးပဲဖြစ်တယ်-နော်။ ဒါ့ကြောင့် ရိုသေလေးစားမှုတွေ ရှိတယ်၊ မြတ်စွာဘုရားကလဲ သုံးကြိမ်တိုင်တိုင် ခွင့်တောင်းတယ်၊ ဂဒြဘကလဲ သုံးကြိမ်တိုင်တိုင် ထိုအကြောင်းကိုပင် ပြန်လျှောက်သားတယ်၊ သတ္တဝါတယောက်ကို ကယ်ချွတ်တော်မူနိုင်ရေးအတွက် ကိုယ်ရေးမပါ, သူတပါးအတွက် ကိုယ်စိတ်ပင်ပန်းမှုကို ပမာဏမပြုပဲ ဆောင်ရွက်တော်မူပုံကို သတ္တဝါတွေ ကောင်းစွာသိကြလျှင် မကြည်ညိုဘဲ နေနိုင်ကြမည်မဟုတ်ဘူး နော်။

နောက်တော့ ဂဒြဘ က "အရှင်ဘုရား သီတင်းသုံးလိုပါလျှင် တပည့်တော် အာဠဝကထံ သွားပြီး အကြောင်းကြားပါမည်'' ဟု လျှောက်သားလိုက်လေတော့တယ်၊ မြတ်စွာဘုရားကလဲ "ကောင်းပြီ-သွား၍ ပြောကြားလေ''ဟု မိန့်ပြီး အာဠဝကဘီလူးကြီး၏ ဘုံဗိမာန်တွင်းသို့ ဝင်ကာ ရတနာဖြင့် ပြီးသော ပလ္လင်ထက်၌ ထိုင်နေ သီတင်းသုံးလျက် ရွှေသော ရောင်ခြည်တော်ကို လွှတ်တော်မူတယ်။

ဘုရားရှင် ရောင်ခြည်တော်ကို ဖူးမြင်ကြရ၍ အာဠဝက၏ မိန်းမ,ဖြစ်သော ဘီလူးမများ လာရောက်ကြကာ ဘုရားကို ရှိခိုး၍ ဝန်းရံနေကြသတဲ့။ ရှင်တော်မြတ်ဘုရားကလဲ ထို ဘီလူးမများအား ပကိဏ္ဏက ဓမ္မကထာကို ဟောကြားတော်မူပါတယ်။

ဂဒြဘ ဘီလူးလည်း ဟိမဝန္တာသို့သွား၍ အာဠဝက ဘီလူးကြီးအား "သင့် ဗိမာန်၌ မြတ်စွာဘုရား သီတင်းသုံးနေကြောင်း''ကို ပြောကြားလေလျှင် ဂဒြဘအား "အသာ တိတ်တိတ် သာနေပါ၊ ငါ သွားပြီး ပြုလုပ်သင့်သည်ကို ပြုလုပ်မည်''ဟု ပြောဆိုလိုက်သတဲ့။ ဘာ့ကြောင့် အာဠဝကဘီလူးကြီးက ဒီလို တိတ်တိတ်နေပါ-ဟု ဆိုရသလဲဆိုတော့-

ပုရိသမာနေန ကိရ လဇ္ဇိတော အဟောသိ၊ တသ္မာ "မာ ကောစိ ပရိသမဇ္ဈေ
သုဏေယျာ'' တိ ဝေမကာသိ-

ဟူ၍ အဋ္ဌကထာ ဖွင့်ပြတဲ့အတိုင်း ယောကျ်ားတို့ မာန်မာနဖြင့် ရှက်သတဲ့၊ ဒါကြောင့် ပရိသတ်အလယ်မှာ ဘယ်သူ့ကိုမှ မကြားစေလိုသဖြင့် ဒီလို ဟန့်တားခြင်း ပြုလိုက်သတဲ့။ သူ့ရဲ့ အယူအဆကတော့ သူ့ရဲ့ပိုင်နက်ကို ကျူးကျော်ပြီး သက်သက်မဲ့ စော်ကားတာဘဲ-လို့ ယူဆဟန် တူပါရဲ့၊ တော်တော် မိုက်တွင်းနက်တဲ့ ဘီလူးကြီးဘဲ နော်။

> တဒါ သာတာဂိရိ ဟေမဝတာ ဘဂဝန္တံ ဇေတဝနေယေဝ ဝန္ဒိတွာ "ယက္ခသမာဂမံ ဂမိဿာမာ"တိ သပရိဝါရ နာနာယာနေဟိ အာကာသေန ဂစ္ဆန္တိ။
> (သံယုတ္တ ဋ္ဌကထာ—ပ—၂၉၃)။

ထိုအခါ သာတာဂိရိဘီလူး,မောမဝတ ဘီလူးတို့သည် ဇေတဝန်ကျောင်းတော်ဝယ် မြတ်စွာဘုရားကို ရှိခိုးပြီး တရားတော်ကို နာယူပြီးနောက် "ဘီလူးတို့ စည်းဝေးပွဲသို့ သွားကြအံ့" ဟူ၍ ပရိသတ် အခြံအရံနှင့်ဘကွ အထူးထူးသော ယာဉ်တို့ဖြင့် ကောင်းကင်ခရီးမှ သွားကြသတဲ့၊ ကောင်းကင်ပြင်မှာလဲ တန်ခိုးကြီးသော နတ်တွေ,ဘီလူးတွေဟာ ယာဉ်ရထားတွေနဲ့ သွားလာနေကြတာ၊ တချို့သော နတ်တွေ,ဘီလူးတွေကဆိုလျှင် အချင်းချင်း စစ်ပွဲခင်းကျင်းပြီး တိုက်ခိုက်၍ပင် နေကြသေးတယ် ဆိုကိုး (ဒကာကြီး ဦးစိန်ရှဲ)၊

လူသားတွေအနေဖြင့် တွေ့အပ်,မြင်အပ်တာ မဟုတ်၍သာ မတွေ့ကြ,မမြင်ကြရတာကိုး၊ မိမိတို့အပေါ်ကလဲ သွားလာနေကြမှာပဲ၊ မိမိတို့ အနီးအပါးကလဲ ကပ်ပြီး သွားလာနေကြမှာဘဲ နော်၊ မိမိတို့ကသာ သူတို့ကို မမြင်ကြရတာ၊ သူတို့ကတော့ မိမိတို့ကို ကောင်းကောင်းကြီး မြင်တွေ့နေကြမှာ၊ ကုသိုလ်ကံတရား အစွမ်းကြောင့် ထိုကဲ့သို့သော တန်ခိုးမျိုးကို ရရှိတဲ့ ကမ္မဇိဒ္ဓိ တန်ခိုးရှင်တွေ မဟုတ်လား။

ကောင်းကင်မှာလဲ ကောင်းကင်မှာတည်ရှိသော ဘုံဗိမာန်တွေက သူ့နေရာနှင့်သူရှိနေကြတာကိုး၊ ဒါ့ကြောင့် နတ်တွေ,ဘီလူးတွေအတွက် ကောင်းကင်ပြင် ယာဉ်သွားလမ်းဆိုတာလဲ ပိုင်းခြားသတ်မှတ်ပြီး ရှိရသေးသတဲ့ (ဒကာကြီး ဦးစိန်ရှဲ)။

ဒါ့ကြောင့် အဋ္ဌကထာမှာ—

> အာကာသေဝ ယက္ခာနံ သမ္ဗတ္တ မဂ္ဂေါ နတ္ထိ၊ အာကာသဋ္ဌာနာနိ ဝိမာနာနိ ပရိဟရိတွာ မဂ္ဂဋ္ဌာနေနေဝ မဂ္ဂေါ ဟောတိ—

ဟူ၍ တိတိကျကျ ဖွင့်ပြထားတယ်နော်။ အဓိပ္ပာယ်ကတော့ ခုနင်ကပြောခဲ့တဲ့အတိုင်းပါပဲ။

ဘီလူးစည်းဝေးပွဲတက်ရန် သွားကြသော သာတာဂိရိနှင့် ဟေမဝတ နတ်တို့သည် လမ်းခရီးဝယ် အာဠဝကဘီလူး၏ ဘုံဗိမာန်သို့အရောက်တွင် ဗိမာန်တွင်း၌ မြတ်စွာဘုရား ကြွရောက်၍ သီတင်းသုံးနေတာကို တွေ့မြင်ကြရသဖြင့် ဘုရားထံမှောက်သို့ ခေတ္တ ဝင်ရောက်ကာ ရှိခိုး ဦးချ အသင့်အတင့် တရားနာယူပြီးမှ ခရီးဆက်ကြသတဲ့။ ဒီ သာတာဂိရိနှင့် ဟေမဝတ ဘီလူးမင်းကြီးများဟာ တကယ့် သူတော်ကောင်း ဘုရားရှင်၏ ဥပါသကာ ဘီလူးကြီးတွေနော်၊ သာမညဘီလူး မျိုး မဟုတ်ဘူး။ သူတို့ဟာ တချိန်က ကဿပဘုရားရှင် သာသနာ နောက်ပိုင်းမှာ တကဲ့သာသနာပိုင် ဆရာတော်ကြီးတွေ ဖြစ်ခဲ့သတဲ့။ ဒါပေမဲ့ အကြောင်းမသင့်တော့ အကုသိုလ်တမျိုးကြောင့် ယခု

အခါ ဘီလူးဘဝ ရောက်နေကြရရှာသတဲ့၊ အကုသိုလ်ကံများ သိပ် ကြောက်စရာကောင်းတာ (ဒကာကြီး ဦးစိန်ရဲ့)။

ဒါ့ကြောင့်မို့ ဘုရားရှင် ဒေသနာတော်မှာ မကြာခဏ တွေ့ရတတ်တဲ့ စကားတခွန်း ရှိတယ် မဟုတ်လား၊ အဲဒီစကားကတော့ "အနုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ" အဏုမြူမျှ ဖြစ်ကုန်သော အပြစ်တို့၌ပင် ဘေးရန်အဖြစ် ရှုမြင်လေ့ရှိမယ်တဲ့။

သာတာဂိရိနှင့် ဟေမဝတတို့သည် စည်းဝေးပွဲ၌ အာဠဝကဘီလူးနှင့် တွေ့ကြသောအခါ ဝမ်းမြောက်ဝမ်းသာစွာ ပြောဆိုနှုတ်ဆက်ကြပြီးလျှင် ဆက်လက်၍ အာဠဝကဘီလူးအား–

"လာဘာ တေ အာဠဝက သုလဒ္ဓံ တေ အာဠဝက" အစရှိသည်ဖြင့်–

အို–အချင်းအာဠဝက၊ အသင့်ဘုံဗိမာန်အတွင်းဝယ် သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံး နေတော်မူပါသည်၊ သင့်အား အရတော်ပါပေစွ-ဟူ၍ ဝမ်းမြောက်ဝမ်းသာ ချီးကျူးစကား ပြော ကြားကြပါတယ်။

အဿဒ္ဓဿ သဒ္ဓါကထာ ဒုက္ကထာ ဟောတိ။

အဿဒ္ဓဿ၊ ယုံကြည်မှု သဒ္ဓါတရား မရှိသောသူအား။ သဒ္ဓါကထာ၊ ယုံကြည်ချက် သဒ္ဓါ တရားနှင့်စပ်သော စကားသည်။ ဒုက္ကထာ၊ မင်္ဂလာမဲ့ခြား, မကောင်းသော စကားသည်။ ဟောတိ၊ မုချမသွေ ဖြစ်ပေ၏။

ဟူ၍ အဋ္ဌကထာဖွင့်ပြတဲ့အတိုင်း ရတနာသုံးပါးအပေါ်၌ ယုံကြည်ချက်မရှိသော အာဠဝက ဘီလူးကြီးအဖို့ သာတာဂိရိနှင့် ဟေမဝတတို့ထံမှ ကြားရသော ကြည်ညိုဘွယ် မင်္ဂလာရှိသော စကား များသည် မင်္ဂလာမဲ့သောစကား ဖြစ်ရလေတော့တာပေါ့၊ သို့ဖြစ်၍ မီးပုံအတွင်းသို့ ပစ်ထည့်အပ် သောနှမ်းကဲ့သို့ ကိုယ်တွင်း၌ အမျက်ချောင်းချောင်းထွက်ကာ တပြစ်ပြစ်ဖြစ်သော စိတ်နှလုံးရှိသည် ဖြစ်၍၊ ငါ့၏ ဘုံဗိမာန်တွင်းသို့ ဝင်နေသော ဘုရားဆိုသည်ကား အဘယ်မည်သော ဘုရားနည်း" ဟု ရင့်သီးစွာ ပြောဆိုလေသတဲ့။

ထိုအခါ သာတာဂိရိနှင့် ဟေမဝတတို့က မြတ်စွာဘုရား၏ ပါရမီတော် ဖြည့်ကျင့်ခဲ့ပုံ, ဘုန်းတော်အနန္တ,ကံတော်အနန္တ,ဉာဏ်တော်အနန္တ ကြီးမားတော်မူလှပုံ အလုံးစုံကို ပြောဆိုပြကြပါ သော်လည်း မြတ်စွာဘုရားအပေါ် ကြည်ညိုမှုသဒ္ဓါတရား မဖြစ်နိုင်ဘဲ ထိုဘီလူးစည်းဝေးပွဲမှ ထွက်ခဲ့၍ ဆေးဒန်း မြင်းသီလာဖြင့် ပြီးသော ကျောက်ဖျာအပြင်၌ ဘယ်ခြေရပ်ကာ–

"ယခုအခါ အသင်တို့ရဲ့ ဆရာဖြစ်သော ဘုရားကပင် တန်ခိုးကြီးသလား, ငါကပင် တန်ခိုး ကြီးသလား ဆိုတာကို သေချာစွာ ကြည့်ကြကုန်လော့"

ဟု ပြောဆိုပြီးလျှင် ညာခြေဖြင့် ယူဇနာခြောက်ဆယ်ရှိသော ကေလာသ တောင်ထိပ်ဝယ် မတ်ဘတ်ရပ်ပြီး–

"အဟံ အာဠဝကော–ငါ အာဠဝကဘီလူးမင်းတဲ့ဟေ့"

ဟု ပြင်းထန်စွာ ကြွေးကြော်လိုက်သတဲ့။ ထိုကြွေးကြော်သံသည် ဇမ္ဗူဒိပ်တကျွန်းလုံး ပြန့်သွားတယ်-ဟု ဆိုပါတယ်။

ဤလောက၌ ဇမ္ဗူဒိပ်တကျွန်းလုံး ကြားရတဲ့ အသံကျယ်ကြီး လေးမျိုး ရှိသတဲ့ (ဒကာကြီး ဦးစိန်ရှဲ)၊ ကဲ-သေသေချာချာ မှတ်သွားပေတော့။

၁။ ပုဏ္ဏက ဘီလူးကြီးက ဓနဉ္စယကောရဗျမင်းနှင့် ကြွေကစားရာ အောင်နိုင်သဖြင့် လက်ခမောင်းခတ်၍ "အဟံ အဇိနိ–ငါနိုင်ပြီ"ဟု အော်ဟစ်သောအသံ။

၂။ ကဿပမြတ်စွာဘုရား သာသနာဆုတ်ယုတ်စဉ် သိကြားမင်းက ဝိသကြုံနတ်သားကို ခွေးနက်ကြီးယောင် ဆောင်စေ၍ "အဟံ အဓမ္မဝါဒီနော ခါဒါမိ–ငါသည် တရားမဲ့သူတို့ကို ကိုက်ခဲစားသောက်သည်"ဟု ကြွေးကြော်သောအသံ။

၃။ ကုသမင်းကြီးက ပဘာဝတီမင်းသမီးအတွက် စစ်ထိုးရန် လာကုန်သော ခုနစ်ပြည်ထောင်မင်းတို့ကို နိုင်ငံတော်မှ ထွက်၍ ဆင်ကျောက်ကုန်းထက်၌ နေထိုင်ကာ "အဟံ သီဟဿရ မဟာကုသရာဇာ–ငါသည် ခြင်္သေ့မင်း အသံနှင့် တူသော အသံရှိသော ကုသမင်းကြီးတည်း"ဟု ကြွေးကြော်သောအသံ။

၄။ ယခု အာဠဝကဘီလူးကြီးက ကေလာသတောင်ထိပ်၌ ရပ်လျက် "အဟံ အာဠဝကော–ငါ အာဠဝက ဘီလူးမင်း" ဟု ကြွေးကြော်သော အသံ – အားဖြင့် အသံကြီး လေးမျိုးရှိတယ်–ဟု မှတ်သားထားကြရမယ် နော်။

ကဲ–ကဲ–မှတ်သားရလွယ်ကူအောင် ဒီလင်္ကာလေးကို လိုက်ဆိုထားကြပေတော့။

**ဆောင်ပုဒ်။** ဇမ္ဗူကျော်ကြား-လေးပါးအသံ၊ အာဠဝကဘီလူး-အထူးမှတ်ရန်။
ခွေးနက်ကြီးနှင့်-မင်းကြီးကုသ၊ ပုဏ္ဏက-မှတ်ကြ ဤလေးတန်။

အာဠဝကဘီလူးကြီးသည် ထိုကဲ့သို့ ကြွေးကြော်ပြီးနောက် ကေလာသတောင်ထိပ်မှ နေ၍ လေဗွေလေမုန်တိုင်း စသော ကိုးမျိုးသော လက်နက်ကြီးတို့ဖြင့် မြတ်စွာဘုရားအား ပစ်ခတ်တိုက်ခိုက်တော့တာဘဲတဲ့။

**မှတ်ချက်။** ။လက်နက်ကြီး ၉-မျိုးဖြင့် ပစ်ခတ်တိုက်ခိုက်ပုံမှာ မာရ်နတ်မင်းက စစ်ခင်းတိုက်ခိုက်သည့် အခန်းတိုင်းပင် အားလုံး တူပေသည်။ အကျယ် ပြောဟောလိုပါက ထိုမှ ယူ၍ ဟောကြားရန် ဖြစ်ပါသည်။

ဤကဲ့သို့ ညဉ့်ဝက်မျှ ကာလပတ်လုံး လက်နက် အမျိုးမျိုးတို့ဖြင့် စစ်ထိုးပါသော်လည်း သုံးလူထွဋ်ထား မြတ်ဘုရားကို တုန်လှုပ်စေခြင်းငှာ မစွမ်းနိုင်သော အာဠဝကဘီလူးကြီးသည်–

"တစုံတယောက်သောသူသည် အောင်မြင်နိုင်ခဲ့သော ဘွဲ့ဖြူလက်နက်ကို ပစ်လွှတ်၍ တိုက်ခိုက်ရလျှင် ကောင်းမှာဘဲ"

ဟု အကြံဖြစ်လေတော့သတဲ့။ အာဠဝကကြီးပိုင်ဆိုင်တဲ့ လက်နက်ထဲမှာတော့ အထက်မြက်ဆုံး အားအကြီးဆုံး လက်နက်ကြီးပေါ့။ ထိုထို လက်နက်တွေ အရာမရောက်သဖြင့် နောက်ဆုံးတော့ ဒီ ဘွဲ့ဖြူလက်နက်ကြီးကိုပဲ သုံးစွဲရန် ဆုံးဖြတ်လိုက်တာ ထင်ပါရဲ့။

ဤသတ္တလောကကြီး၌ အလွန်ထက်မြက်လှတဲ့ လက်နက်ကြီးလေးမျိုး ရှိသတဲ့။ ထိုလက်နက်ကြီး လေးမျိုးကတော့-

၁။ သိကြားမင်း၏ ဝရဇိန်လက်နက်၊ (ယင်းလက်နက်ကို မြင့်မိုရ်တောင်ပေါ် ပစ်ချလျှင် မြင့်မိုရ်တောင်ကြီးကို တောင်ပေါ်မှ တောင်အောက်သို့ ဖောက်ထွက်သွားနိုင်သတဲ့)။

၂။ ဝေဿဝဏ်နတ်မင်းကြီးရဲ့ ဂဒါဝုဓ ခေါ် တင်းပုတ်လက်နက်၊ (ဝေဿဝဏ်နတ်မင်းကြီး စိတ်ဆိုး၍ ယင်းလက်နက်ကို လွှတ်လိုက်လျှင် ထောင်ပေါင်း များစွာကုန်သော ဘီလူးတို့၏ ဦးခေါင်းကို ဖြတ်၍ တဖန် ဟတ္ထပါတ်အတွင်း ပြန်ရောက်လာသတဲ့)။

၃။ ယမမင်းကြီး၏ နယနာဝုဓ ခေါ် မျက်စိလက်နက်၊ (ယမမင်းကြီး စိတ်ဆိုး၍ ယင်း မျက်စိလက်နက်ဖြင့် ကြည့်လိုက်လျှင် ထောင်ပေါင်းများစွာကုန်သော ကုမ္ဘဏ်တွေ သေကျေ ပျက်စီးကုန်သတဲ့)။

၄။ အာဠဝက ဘီလူးကြီး၏ ဒုဿာဝုဓ ခေါ် ဘွဲ့ဖြူလက်နက်၊ (အာဠဝက ဘီလူးကြီး စိတ်ဆိုး၍ ယင်းလက်နက်ကို ကောင်းကင်ပေါ် ပစ်လျှင် တဆယ့်နှစ်နှစ် (၁၂)နှစ် မိုးမရွာနိုင်ဘူးတဲ့)။

အကယ်၍ မဟာပထဝီမြေကြီးပေါ်မှာပစ်လျှင် အလုံးစုံသော သစ်ပင်တွေ သေကျေပျက်စီး ကြပြီး တဆဲ့နှစ်နှစ်ပတ်လုံး သစ်ပင်မပေါက်နိုင်တော့ဘူးတဲ့။

ထို့ပြင်သမုဒ္ဒရာထဲမှာ ပစ်ချလိုက်လျှင် ရေအားလုံး ခန်းခြောက်သွားနိုင်သတဲ့။ အကယ်၍ တောင်ပေါ်မှာပစ်လျှင် ကိုတောင်ကြီးများဟာ ဖယိုဖရဲ ပြိုကွဲသွားနိုင်သတဲ့။ လောက၌ ထင်ရှားတဲ့ လက်နက်မျိုးလေးပါး လင်္ကာလေးများကိုလဲ မှတ်သားနိုင်အောင် လိုက်ဆိုရကြအုံးမယ်။

**ဆောင်ပုဒ်။** ၁။ သကြားလက်နက်၊ ဝရဇိန်စက်၊ ထက်မြက်လွန်းလှသည်။
၂။ ဝေဿဝဏ်စွဲဘုတ်၊ သံတင်းပုတ်၊ အဟုတ်ထက်မြက်သည်။
၃။ ယမမင်းကြည့်၊ နတ်မျက်စိ၊ ထူးဘိထက်မြက်သည်။
၄။ အာဠဝကမင်း၊ ဘွဲ့ဖြူခင်း၊ ဝန်ပြင်းထက်မြက်သည်။
၅။ လက်နက်လေးမျိုး၊ မော်ကွန်းထိုး၊ ပြောရိုးရှိပေသည်။

ဘွဲ့ဖြူပုဆိုးလက်နက်ဆိုရာမှာ ပုဆိုးဆိုဒါက ဦးပဉ္စင်းတို့ မြန်မာလူမျိုးများဝတ်တဲ့ အောက်ပိုင်းအဝတ်ကို ပုဆိုးခေါ်တာလို့ အောက်ပိုင်းကိုယ်ဝတ်ကို ပုဆိုးခေါ်တာ မဟုတ်ဘူးနော်။ ရဟန်းတော်များလို အပေါ်မှာရုံထားတဲ့ အပေါ်ရုံကိုခေါ်တာ ဖြစ်တယ်။ အပေါ်ရုံပုဆိုးလို့ ခေါ်တာပေါ့။ ဒါ့ကြောင့် သံယုတ် အဋ္ဌကထာမှာ-

သော ဧဝံ မဟာနုဘာဝံ ဒုဿာဝုဓံ ဥတ္တရိ သာဋကံ မုဉ္စိတွာ အဂ္ဂဟေသိ။

ဟူ၍ ဖွင့်ပြထားတယ်။ ဒုဿာဝုဓံဥတ္တရိသာဋကံ-ဆိုတာဘွဲ့ဖြူလက်နက် အပေါ်ရုံပုဆိုးလို့- ဆိုတာကိုး။

ထိုအခါမှာ စကြာဝဠာတိုက်တသောင်းမှ နတ်တွေဟာ မြတ်စွာဘုရားက အာဠာဝကဘီလူးကြီးအား ဆုံးမသည်ကို ကြည့်ရှုလိုခြင်း, ထိုစစ်ပွဲ၌ မြတ်စွာဘုရားက ဟောကြားတော်မူမည့် တရားတော်ကို ကြားနာလိုခြင်းတို့ကြောင့် လာရောက်ကြကာ ကောင်းကင်ပြင်၌ နတ်တွေ ပြည့်ကြပ်ပြီး နေတော့သတဲ့။ ပွဲကြီးပွဲကောင်းဘဲ မဟုတ်ပါလား။ သတင်းကြားသိကြသော နတ်များအားလုံးလိုလို ရောက်ရှိနေကြမှာပေါ့နော်။

ထိုအခါ အာဠာဝကဘီလူးကြီးက မြတ်စွာဘုရား၏အနီး၌ အထက်မှ လှည့်လည်ကာ မြတ်စွာဘုရား အပေါ်သို့ ဘွဲ့ဖြူလက်နက်ကြီးကို ပစ်ချလိုက်သတဲ့။ ထိုဘွဲ့ဖြူလက်နက်ကြီးသည် မိုးကြိုးကဲ့သို့ ပြင်းထန်စွာ အသံမြည်ဟီးပြီး အခိုးတလူလူ အလျှံတပြောင်ပြောင်ဖြင့် မြတ်စွာဘုရားထံသို့ ရောက်လျှင် ခြေသုတ်ပုဆိုးဖြစ်၍ ခြေတော်ရင်း၌ ကျလာလေသတဲ့။ ကြည့်ရှုနေကြသော နတ်အများဟာ လွန်စွာဝမ်းမြောက်သွားပြီး မြတ်စွာဘုရားအောင်နိုင်ပေပြီ—ဟု ပြောဆို ဆုံးဖြတ်ကြလေတယ်။

အာဠာဝကဘီလူးမင်းမှာတော့ အလွန် အံ့အားသင့်ပြီး သွားတော့တာပေါ့။ တိုက်ခိုက်သမျှ ဘယ်တော့မှ မထိရောက်တော့ဘဲကိုး။

အာဠဝကော တံ ဒိသွာ ဆိန္နဝိသာဏောဝိယ ဥသဘော, ဥဒ္ဓတဒါဌော ဝိယ
သပ္ပေါ, နိတ္တေဇော နိမ္မဒေါ နိပတိတမာနဒ္ဓဇော ဟုတွာ စိန္တေသိ ဒုဿာဝုဓမ္ပိ
မေ သမဏံ နာဘိဘောသိ၊ ကိန္နုခေါ ကာရဏန္တိ ။(သံယုတ္တဋ္ဌကထာ-ပ-၂၉၇)။

အာဠဝကော၊ အာဠာဝကဘီလူးကြီးသည်။ တံ၊ ထိုသို့သောအခြင်းအရာကို။ ဒိသွာ၊ မှန်စွာမုချ, ကိုယ်တိုင်မြင်တွေ့ရ၍။ ဆိန္နဝိသာဏော၊ ဦးချိုကျိုးပြီးသော။ ဥသဘောဝိယ၊ နွားလား ကဲ့သို့ရှင်း။ ဥဒ္ဓတဒါဌော၊ ချွဲအပ်ပြီးသော, အစွယ်ရှိသော။ သပ္ပေါဝိယ၊ မြွေကဲ့သို့ရှင်း။ နိတ္တေဇော၊ တန်ခိုးအရှိန်, ညှိုးမှိန်ကင်းပျောက်သည်။ နိမ္မဒေါ၊ ပုရိသမာန်, မကျန်မကြွင်း, ကင်းပျောက်သည်။ နိပတိတမာနဒ္ဓဇော၊ ချအပ်ပြီးသော မာန်တခွန်ရှိသည်။ ဟုတွာ၊ အမှန်စင်စစ် ဖြစ်လေ၍။ "မေ၊ ငါ၏။ ဒုဿာဝုဓမ္ပိ၊ အစွမ်းထက်သည့် ဘွဲ့ဖြူလက်နက် ပုဆိုးသော်မှလည်း၊ သမဏံ၊ ရဟန်းဂေါတမကို။ နာဘိဘောသိ၊ ကောင်းစွာပိုင်ပိုင်, မလွှမ်းမိုးနိုင်။ ကာရဏံ၊ ဖြစ်ပျက်နှစ်တန်, ကြောင်းရင်းအမှန်ကား။ ကိန္နုခေါ၊ အဘယ်သို့ပါသနည်း။" ဣတိ၊ ဤသို့။ စိန္တေသိ၊ နဖူးလက်တင်, တွေးတော ဆင်ခြင်လေသတည်း။

အာဠာဝကဘီလူးသည် ဘုရားအံမှောက် ပစ်ပေါက်လိုက်သော အလွန် ထက်မြက်လှသည့် ဘွဲ့ဖြူလက်နက်ကြီးသည် ရှင်တော်မြတ်ဘုရား၏ ခြေတော်ရင်း၌ ခြေသုတ်ပုဆိုးအဖြစ်ဖြင့် ကျရောက်နေသည်ကို တွေ့မြင်ရလျှင် ဦးချိုကျိုးသောနွား, အစွယ်ကျိုးသော မြွေအလားသို့ မာန်မာနတွေ ဒေါသတွေ ကင်းပျောက်သွားပြီး အကြောင်းရင်း သဘောမှန်ကို ဝေဖန်စဉ်းစားပြီး နေလေသတဲ့၊ သူ့ရဲ့စဉ်းစားချက်ကတော့-

ဣဒ္ဓိကာရဏံ မေတ္တာဝိဟာရယုတ္တော သမဏော၊ ဟန္ဒ နံ ရောသေတွာ မေတ္တာယ
ဝိယောဇေမိ။ (သံယုတ္တ-ဋ္ဌ-ပ-၁၉၇)။

ဣဒ္ဓိကာရဏံ၊ ဤအကြောင်းသည်။ အတ္ထိ၊ ရှိပေ၏။ သမဏော၊ ရဟန်း ဂေါတမသည်။ မေတ္တာ-ဝိဟာရယုတ္တော၊ မေတ္တာစေတ်ဖြင့်နေခြင်းနှင့် ယှဉ်၏။ ဟန္ဒ၊ ယခု။ နံ၊ ထိုရဟန်းဂေါတမကို။ ရောသေတွာ၊ နှိပ်စက်ချုပ်ချယ်၍။ မေတ္တာယ၊ ကောင်းစွာရှင်လတ်, မေတ္တာစေတ်မှ။ ဝိယောဇေမိ၊ ဖေါက်ပြန်ချွတ်ယွင်း, ကင်းရှင်းစေအံ့။

တော်တော်ပိုင်တဲ့ အကြံအစည်လို့ ဆိုရမှာပဲနော်။ မြတ်စွာဘုရားက မေတ္တာစေတ်ဖြင့် နေတဲ့ အတွက်ကြောင့် သူ့ရဲ့လက်နက်တွေ မစူးရှတာဘဲ ဖြစ်ရမယ်။ သို့အတွက် ယခုအခါမှာတော့ ရဟန်း ဂေါတမကို အမျိုးမျိုး နှိပ်စက်ချုပ်ချယ်ကာ မေတ္တာစေတ် ပျက်ပြယ်အောင် ပြုလုပ်မည်-ဟု ကြံ ရွယ်ခြင်း ဖြစ်သတဲ့။

ယင်းသို့ကြံစည်ပြီးလျှင် အာဠဝကဘီလူးကြီးသည် မြတ်စွာဘုရားအနီးသို့ ချဉ်းကပ်၍အရှင် ရဟန်းကြီးသည် အကျွန်ုပ်ခွင့်မပြုဘဲ ကျွန်ုပ်၏ ဘုံဗိမာန်တွင်းသို့ ဝင်ရောက်၍ အိမ်ရှင်ယောကျ်ား ကဲ့သို့ မိန်းမများအလယ်၌ နေထိုင်ဘိ၏။ မိန်းမတို့နှင့်ရောနှော ဆက်ဆံခြင်းသည် ရဟန်းတို့အား မသင့်လျော်ချေ။ သို့အတွက် "နိက္ခမသမဏ၊ ရဟန်းကြီး ငါ၏ဗိမာန်မှ ထွက်လော့လော့" ဟူ၍ ပြော ဆို ကြိမ်းဝါးလေသတဲ့။

သုံးလူထွဋ်ထား မြတ်စွာဘုရားကလည်း ကြမ်းတမ်းသောခွေးကို ခဲဖြင့်ပစ်က ပို၍ကြမ်းရာ သကဲ့သို့ကြမ်းတမ်းသောသဘောရှိသော ဤဘီလူးကို မိမိက တဖန်ကြမ်းပြန်မူကား ယဉ်ကျေးအောင် ဆုံးမခြင်းငှာ မလွယ်ကူ-ဟု သိတော်မူ၍ မဟာဂရုဏာတော် ပြဓာန်း၍ ကြည်သာအေးမြလှစွာသော အသံတော်ဖြင့် "ဝေမာဝုသော-ကောင်းပေပြီ ဒါယကာ"ဟု- မိန့်တော်မူကာ ထိုဘီလူးကြီးဗိမာန် တွင်းမှ ထွက်တော်မူသာပါတယ်။

ထိုနောက် အာဠဝကဘီလူးက "ဤရဟန်းသည် အလွန် ပြောဆိုလွယ်ပေ၏။ တခွန်းတည်း သော စကားဖြင့်ပင် ထွက်ပေ၏။ ဤသို့အေးချမ်းစွာ ထွက်စေနိုင်ပါလျှက် ငါသည် တညလုံး ဤ ရဟန်းကို စစ်ထိုးနေဘိ၏" ဟု နူးညံ့သောစိတ်ဓာတ် ဖြစ်ပေါ်လာပြီးနောက် ဤရဟန်းသည် ပြော ဆိုလွယ်ခြင်းကြောင့် ထွက်လေသလော၊ သို့မဟုတ် စိတ်ဆိုးခြင်းကြောင့် ထွက်လေသလော ထပ်မံ စုံစမ်းဦးအံ့"ဟု အကြံဖြစ်ပြီးလျှင်-

"ပဝိသ သမဏ-အိုရဟန်းကြီးဂေါတမ- တဖန် ဗိမာန်တွင်းသို့ ပြန်ဝင်ပါဦးလော့"ဟု ပြော ဆို ပြန်သောအခါ မြတ်စွာဘုရားကလည်း ဆိုလွယ်သောစကားရှိပေ၏-ဟု နူးညံ့သောစိတ် ဖြစ်စိမ့် သောငှာ အထူးသဖြင့် သာယာကြည်နူးစွာဖြင့် "ဝေမာဝုသော- ကောင်းပေပြီ ဒါယကာ" ဟု ပြောဆိုကာ ဗိမာန်တွင်းသို့ တဖန်ဝင်တော်မူခဲ့ပါတယ်။

ဤနည်းအတူပင် ထွက်စေ,ဝင်စေ ဟူ၍ သုံးကြိမ်တိုင်တိုင် အာဠဝကဘီလူးကြီး ပြောဆိုသော အခါ ရှင်တော်မြတ်ဘုရားကလည်း မိခင်သည် ငိုကြွေးနေသောသားငယ်ကို ချော့ပေး၍ ချော့မော့ လေသကဲ့သို့ သတ္တဝါဝေနေယျတို့ အကျိုးစီးပွားကိုလိုလားတော်မူသော မြတ်စွာဘုရားကလည်း ဘီလူးကြီးအလိုသို့ လိုက်တော်မူ၍ သုံးကြိမ်တိုင်တိုင်ပင် ထွက်တော်မူ, ဝင်တော်မူခဲ့ပါတယ်။

ထိုအခါ အာဠဝက ဘီလူးကြီးက "ငါသည် ဤရဟန်းကြီး ဂေါတမကို ဤနည်းအတိုင်း ထွက်စေ ဝင်စေအားဖြင့်တညဉ့်လုံး ညှင်းပန်းနှိပ်စက်၍ ခြေကိုကိုင်ကာ ဂင်္ဂါမြစ်တဘက်သို့ပစ်လွှတ်

ပေအံ့''ဟု- အကြံပြုပြီးလျှင် စတုတ္ထအကြိမ်မြောက်၌ ''နိက္ခမသမဏ- အို-ရဟန်းကြီး ဂေါတမ ဗိမာန်အတွင်းမှ ပြန်ထွက်ခဲ့ပါလော့''ဟု-ပြောဆိုလေပြန်သတဲ့။

မြတ်စွာဘုရားကလည်း အာဠဝကဘီလူး၏ ထိုကဲ့သို့သော ဖောက်ပြန်မှားယွင်းသော စိတ် အကြံကို ထင်ရှားကေန် အမှန်သိတော်မူသည် ဖြစ်၍-

နခွါဟံတံ အာဝုသော နိက္ခမိဿာမိ၊ ယံ တေ ကရဏီယံ၊ တံ ကရောဟိ။
(သဂါထာဝဂ္ဂသံယုတ်–၂၁၆)။

အာဝုသော၊ ဒါယကာ အာဠဝကဘီလူး။ အဟံ၊ ငါဘုရားသည်။ ခေါ၊ စင်စစ်ကေန် အမှန်အားဖြင့်။ နနိက္ခမိဿာမိ၊ ဗိမာန်ပြင်ဘက်, မထွက်တော့ပေ။ ယံ၊ ရည်ညွှန်းအကြံ, အမှန် ရှေးရှု, အကြင်အမှုကို။ တေတယာ၊ သင်ဒါယကာဘီလူးသည်။ ကရဏီယံ၊ ကေန်ဆတ်ဆတ်ပြုလုပ် အပ်၏။ တံ၊ သင်ရည်ရွယ်ပြု ထိုအမှုကို။ ကရောဟိ၊ ပြုလုပ်လေလော့။

ဒါယကာ အာဠဝကဘီလူး- ငါဘုရားသည် ဤဗိမာန်တွင်းမှ မထွက်တော့ပေ။ အသင် ပြုလုပ်ရန်ရှိသော အမှုကိစ္စကို အသင် ပြုလုပ်ရန်ဖြစ်ပေသည်- ဟု မိန့်ကြားတော်မူလေလျှင်-

ပဥှံ တံ သမဏ ပုစ္ဆိဿာမိ၊ သစေ မေ နဗျာကရိဿသိ၊ စိတ္တံဝါ တေ ခိပိဿာမိ၊
ဟဒယံဝါ တေ ဖါလေဿာမိ၊ ပါဒေသုဝါ ဂဟေတွာ ပါရဂင်္ဂါယ ခိပိဿာမိ။
(သံ-ပ-၂၁၆)။

သမဏ၊ အို ရဟန်းကြီး ဂေါတမ။ တံ၊ အသင့်ကို။ အဟံ၊ ငါသည်။ ပဥှံ၊ အမေးပုစ္ဆာ, ပြဿနာကို။ ပုစ္ဆိဿာမိ၊ မေးမြန်းပါအံ့။ မေ၊ ငါ၏။ တံ၊ အမေးပုစ္ဆာ, ထိုပြဿနာကို။ သစေန ဗျာကရိဿသိ၊ အကယ်၍သာ, ပြေလည်စွာ မဖြေဆိုနိုင်သည်ဖြစ်အံ့။ ဝေသတိ၊ ဤသို့ပြေလည်စွာ မဖြေဆိုနိုင်သည်ရှိသော်။ တေ၊ အသင်ရဟန်းကြီး၏။ စိတ္တံဝါ၊ စိတ်ကိုမူလည်း။ ခိပိဿာမိ၊ ရူးသွပ် လေအောင်, ဆွဲဆောင်မဖင့်, ပစ်လွှင့်အံ့။ တေ၊ သင်ရဟန်းကြီး၏။ ဟဒယံဝါ၊ နှလုံးသားကို မူလည်း။ ဖါလေဿာမိ၊ မညှာမထောက်, ခွဲဖေါက်ပေအံ့။ ပါဒေသုဝါ၊ ခြေတို့၌မူလည်း။ ဂဟေတွာ၊ မြဲမြဲခိုင်ခိုင်, ဆွဲကာကိုင်၍။ ပါရဂင်္ဂါယ၊ ဝေးကွာထောက်လှမ်း, ဂင်္ဂါမြစ်၏တဘက်ကမ်းသို့။ ခိပိဿာမိ၊ မညှာရက်ရက်, ခန္ဓာပျက်အောင်, ဆက်ဆက် ပစ်ချပေးအံ့သတည်း။

အာဠဝက ဘီလူးကြီးရဲ့ ကြိမ်းဝါးသံဟာ လွန်စွာမှ ကြောက်မက်ဖွယ် ကောင်းလှ တယ်နော်၊ အို-ရဟန်းကြီးဂေါတမ- အသင့်အား အမေးပုစ္ဆာ ပြဿနာကိုမေးမြန်းပေအံ့၊ မဖြေ ဆိုနိုင်လျှင် သင့်ရဲ့စိတ်ဓာတ်ကို ရူးသွပ်သွားအောင် လုပ်ပစ်မည်။ သို့မဟုတ် သင့်ရဲ့နှလုံးသားကိုပင် ဖေါက်ခွဲပစ်မည်။ သို့မဟုတ် ခြေနှစ်ချောင်းကို ကိုင်ကာ ဂင်္ဂါမြစ်တဖက်ကမ်းသို့ အသက်ထွက် အောင် ရက်ရက်စက်စက်ပစ်ချလိုက်မည်-ဟု ပြောဆို ကြိမ်းဝါးနေသတဲ့။

ဒီ အာဠဝကဘီလူးဟာ ရှေးအခါကလဲ မိမိဗိမာန်သို့ ကောင်းကင်ခရီးမှ လာကုန်သော တန်ခိုးရှင် ရသေ့ပရပိုဇ်တို့အား ထိုမေးခွန်းကို မေးမြန်း လျှောက်ထားကြည့်ရာ အဖြေမှန်ကို မပေးနိုင်ကြသဖြင့် စိတ်ဓာတ်ကို ရူးသွပ်အောင်ပြုခြင်း စသည့်တို့ကို ပြုလုပ်ခဲ့ဘူးသတဲ့။ ဒါကြောင့်

မြတ်စွာဘုရားကိုလဲ ရှေးနည်းအတူ ပြုလုပ်ညှဉ်းဆဲမည်-ဟု ကြံရွယ်၍ ဤစကားကို ပြောကြားခြင်း ဖြစ်သတဲ့။ (ဒကာကြီး ဦးစိန်ရှဲ)။

အာဠဝကဘီလူးအား ဤ မေးခွန်းပုစ္ဆာ ပြဿနာများကို အဘယ်မှာ ရသလဲဆိုတော့ သူ့ရဲ့မိဘများထံမှ ရရှိသတဲ့။ သူ့ရဲ့မိဘနှစ်ပါးသည် ကဿပဘုရားအား ဆည်းကပ်၍ အဖြေနှင့်တကွ မေးခွန်းရှစ်ခုကို သင်ယူပြီး ထားကြသတဲ့။ မိဘများက ငယ်ရွယ်စဉ်မှာပင် အာဠဝကကိုလဲ သင်ကြားပေးထားကြသတဲ့။ အာဠဝကဘီလူးလည်း အချိန်ကာလ ကြာမြင့်သဖြင့် အဖြေများကို တော့ မေ့ပျောက်သွား၍ မေးခွန်းများကိုသာ မပျောက်ပျက်ရလေအောင် ရွှေပြားပေါ်မှာ ဟင်္သပြဒါးဖြင့် ကောင်းစွာရေးမှတ်၍ ဗိမာန်၌ လုံခြုံစွာ သိမ်းဆည်းထားလေတယ်။ သို့အတွက် အဖြေကို သိလိုသဖြင့် ထိုထို သမဏ ဗြာဟ္မဏတို့အား မေးမြန်းခဲ့သော်လည်း တဦးတယောက်မျှ အဖြေမှန်ကို တိတိကျကျ မပေးနိုင်ခဲ့ဘူးတဲ့။

ယင်းကဲ့သို့ အာဠဝကဘီလူးက ပြောဆိုလေလျှင် သဗ္ဗညုမြတ်စွာဘုရားက-

နခွာဟံ တံ အာဝုသော ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ
သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ ယောမေ စိတ္တံဝါ ခိပေယျ,
ဟဒယံဝါ ဖါလေယျ၊ ပါဒေသုဝါ ဂဟေတွာ ပါရဂင်္ဂါယ၊ ခိပေယျ၊ အပိစ တွံ
အာဝုသော ပုစ္ဆ၊ ယဒါ ကင်္ခသိ။ (သဂါထာ ဝဂ္ဂသံယုတ္တ ပါဠိ- ၂၁၆)

ဟူ၍ ပြန်လည် မိန့်ကြားတော်မူလေသည်။ အဓိပ္ပါယ်ကတော့- ဒါယကာ အာဠဝက ဘီလူး-နတ်ပြဟ္မာနှင့်တကွသော သတ္တ လောကကြီးအတွင်းဝယ် ငါဘုရား၏စိတ်နှလုံးကို ဖေါက်ပြန် သွားအောင် ပြုလုပ်နိုင်သော ပုဂ္ဂိုလ်၊ ငါဘုရား၏ နှလုံးသားကို ဖေါက်ခွဲပစ်နိုင်သော ပုဂ္ဂိုလ်၊ ငါဘုရား၏ခြေထောက်ကို ဆွဲကိုင်၍ ဂင်္ဂါမြစ်ဘက်သို့ ပစ်လွှတ်နိုင်သော ပုဂ္ဂိုလ် တစုံတယောက် ကိုမျှ ငါဘုရား၏ သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှုသော်လည်း မမြင်မိပေ။ ယင်းသို့ ဖြစ်စေကာမူ အသင်အလိုရှိသော အမေးပုစ္ဆာပြဿနာကို အသင်အလိုရှိသည့်အတိုင်း မေးမြန်းလေလော့- ဟူ၍ သဗ္ဗညုဘုရားရှင်တို့၏ ဖိတ်ကြားတော်မူခြင်းဖြင့် ဖိတ်ကြားတော်မူလိုက်သတဲ့၊

ယင်းကဲ့သို့ မြတ်စွာဘုရားက သဗ္ဗညုဘုရားရှင်တို့ ဖိတ်ကြားတော်မူခြင်းဖြင့် ဖိတ်ကြား တော်မူလေလျှင် အာဠဝကဘီလူးသည် မိဘတို့လက်ထက်က ဆင်းသက်အမွေခံရရှိသော ကဿပ မြတ်စွာဘုရား၏ သာသနာတော်မှ အစဉ်သဖြင့်လာခဲ့၍ မိမိလက်ဝယ် အဖြေ ဝိဿဇ္ဇနာ စကား တွေ ပျောက်ကုန်သဖြင့် အမေးပုစ္ဆာ ပြဿနာချည်းသက်သာလျှင် ရွှေပေလွှာ၌ ရေးမှတ် ကျန်ရစ် သော ထိုအမေးပုစ္ဆာ ပြဿနာကို သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရားအား မေးမြန်း လျှောက်ထားခြင်းငှာ-

ကိံသူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ကိံသု သုစိဏ္ဏံ သုခမာ ဝဟာတိ။
ကိံသု ဟဝေ သာဒုတရံ ရသာနံ၊ ကထံ ဇီဝိံ ဇီဝိတ မာဟု သေဋ္ဌံ။ (သံ-ပ-၂၁၆)၊

ဟူသော ဂါထာကို ရွတ်ဆိုမေးမြန်း လျှောက်ထားလိုက်သတဲ့။ (ဒကာကြီး ဦးစိန်)။ ကဲ- အနက် မြန်မာပြန်လိုက်မယ်၊ သာဓုသံ မြိုင်မြိုင်ခေါ်ကြရအောင် လက်အုပ်ကိုယ်စီ ချီထား ကြရမယ်။

ဘောသမဏ၊ အပြောကြီးသလောက် ထွင်းဖေါက်သိမြင်, အထင်ကြီးလှ, အို- ရဟန်းကြီး ဂေါတမ၊ ဣဓ၊ဖြစ်ပြန်, ပျက်ပြန်,သဘောအမှန်မယှင်းဝယ်,ဤလော ကကြီးအတွင်းဝယ်။ ပုရိသသာ၊ သူသူငါငါ, ပုဂ္ဂိုလ်သတ္တဝါ၏ သေဋ္ဌံ၊ ပစ္စုပ္ပန်သံသရာ, နှစ်ဖြာစွဲသုံး, အမြတ်ဆုံး- ဟု ချီးမွမ်းအပ် သော။ ဝိတ္တံ၊ ဥစ္စာဘဏ္ဍာရတနာဟူသည်။ကိံသု၊အထင်အရှား, အဘယ်တရားဖြစ်ပါသနည်း။ကိံသု၊ သတ်မှတ်ပိုင်းခြား, အဘယ်မည်သောတရားသည်။ ဝါ၊ တရားကို။ သုစိဏ္ဏံ၊ နေ့လရှည်လျား, လေ့လာပွားများအပ်သည်ရှိသော်။ သုခံ၊ ကိုယ်စိတ်နှစ်ပါး, ချမ်းသာခြင်းသုခတရားကို။ အာဝဟတိ၊ အရေးရောက်အောင်, ရွက်ဆောင်ပေးနိုင်ဘိသနည်း။ ဟဝေ၊ စင်စစ်ကေန်၊ ဣဓ၊ ဤလောက ကြီး၌။ ရသာနံ၊ ကောင်းမြတ်လှစွာ,အရသာတကာတို့တွင်။ သာဒုတရံ၊ အချိုမြိန်ဆုံး, ဆိုသုံးအပ်စွာ, အရသာဟူသည်။ ကိံသု၊ မျက်မြင်ထင်ရှား, အဘယ်တရားမျိုးဖြစ်ပါသနည်း။ ကထံဇီဝိံ၊ အဘယ် သို့လျှင်, အသက်ရှင်ခြင်းကို။ သေဋ္ဌံ၊ အထူးသဖြင့်ချီးမွမ်းအပ်သော။ ဇီဝိတံ၊ အသက်ရှင်ခြင်းဟူ၍။ အာဟု၊ ပညာရှိပြား, လူအများတို့, မြွက်ကြားသံချို, မိန့်ဆိုကြပါကုန်သနည်း- အရှင်ဂေါတမ။

ဤမေးခွန်းလေးရပ် တစပ်တည်း မေးမြန်းလျှောက်ထားလေလျှင် သဗ္ဗညုဘုရားကလည်း ကဿပဘုရား ဖြေကြားတော်မူခဲ့သောနည်းအတိုင်း ဖြေကြားတော်မူလိုသည်ဖြစ်၍-

သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ဓမ္မော သုစိဏ္ဏော သုခ မာဝဟာတိ။
သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊ ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ။ ။(သံ-ပ-၂၁၆)။

ဟူသောဂါထာကို ရွတ်ဆိုတော်မူပါတယ်။

ဘောယက္ခ၊ ညောင်ရိပ်နန်း၌, စံမြန်းကြီးမှူး, အို-အာဠဝကဘီလူး။ ဣဓ၊ ဤလောက၌။ ပုရိသဿ၊ သူသူငါငါ, များလှစွာသော, သတ္တဝါ၏။ သေဋ္ဌံ၊ ပစ္စုပ္ပန်သံသရာ, နှစ်ဖြာစွဲသုံး,အမြတ် ဆုံးဟု, ချီးမွမ်းခြင်းပြုအပ်သော။ ဝိတ္တံ၊ ဥစ္စာဘဏ္ဍာ ရတနာဟူသည်ကား။ သဒ္ဓါ၊ ရတနာသုံးတန်, ကံ-ကံအကျိုး, ခိုကိုးမြဲမှီ ယုံကြည်ခြင်းသဒ္ဓါတရားပင်တည်း။

သုစိဏ္ဏော၊ အဖန်ဖန်အထပ်ထပ်, ကောင်းစွာလေ့လာပွားများအပ်သော။ ဓမ္မော၊ ပေးလှူ စောင့်ပြား, ပွားများဘာဝနာ, ဆယ်ဖြာကုသလ, မြတ်ဓမ္မသည်။ သုခံ၊ စည်းစိမ်ပြည့်ဖြိုး, ချမ်းသာမှု အမျိုးမျိုးကို။ အာဝဟတိ၊ ကောင်းစွာပိုင်ပိုင်, ရွက်ဆောင်နိုင်ပေ၏။ ဟဝေ၊ စင်စင်ကေန်, အမှန်မူကား။ ရသာနံ၊ ကောင်းမြတ်လှစွာ, အရသာတကာတို့တွင်။ သစ္စံ၊ မှန်ကန်မြဲတည်, ဝစီ သစ္စာသည်။ သာဒုတရံ၊ ချိုမြိန်လွန်မြတ်, အရသာခေတ်ဖြစ်ပေသည်။ ပညာဇီဝိံ၊ ပညာဖြင့်ပင်, အသက်ရှင်ခြင်းကို။ သေဋ္ဌံ၊ ချီးမွမ်းအပ်မြတ်သော။ ဇီဝိတံ၊ ဝိညာဏထင်လင်း, အသက်ရှည်ခြင်း ဟူ၍။ အာဟု၊ ပညာရှိပြား, လူအများတို့, မြွက်ကြားသံချို, မိန့်ဆိုကြလေကုန်တော့သတည်း။

သဗ္ဗညုမြတ်စွာဘုရားက ဤကဲ့သို့ ကရုဏာရှေ့ထား၍ ဖြေကြားတော်မူလိုက်တယ်။

၁။ ဒါယကာအာဠဝကဘီလူး- ဤလောက၌ သူသူငါငါ များလှစွာသောသတ္တဝါတို့၏ ခုရေနောင်ပါ လွန်စွာလိုလား မြတ်သောချီးမွမ်းအပ်သော ဥစ္စာရတနာဆိုသည်ကား ဘုရား, တရား, သံဃာ သုံးပါးသောရတနာနှင့် ကံ-ကံ၏အကျိုးတရားကို အားထားယုံကြည်မှု သဒ္ဓါ တရားပင်ဖြစ်ပေတယ်။

၂။ ထို့နောက် တဖန် အပြန်ပြန်အထပ်ထပ် လေ့လာဆည်းပူး ပွားများအပ်သည်ရှိသော် ချမ်းသာသုခအမျိုးမျိုးကို သည်ပိုးရွက်ဆောင်တတ်သော တရားတည်းဟူသည်ကား သုစရိုက် ဆယ်ပါး မြတ်တရားနှင့် ဒါန, သီလ, ဘာဝနာ သုံးဖြာသောတရားများပင်ဖြစ်ပေတယ်။

၃။ ဤလောကဝယ် အရသာအမျိုးမျိုးရှိသည့်အနက် အထူးသဖြင့် ချိုမြိန်ကောင်းမြတ် လှသော အရသာဆိုသည်ကား- မှန်ကန်မှုဝစီသစ္စာတရားပင် ဖြစ်ပေသည်။

၄။ ဤလောကဝယ် အသက်ရှင်ခြင်း အသက်မွေးခြင်းအမျိုးမျိုးရှိသည်။ ပညာဖြင့်သာ အသက်မွေးခြင်း အသက်ရှင်ခြင်းကို အထူးသဖြင့် ချီးမွမ်းအပ်မြတ်သော အသက်ရှင်ခြင်း-ဟု ပညာရှိများ မိန့်ကြားမြွက်ဆိုကြပေတယ်-ဟူ၍ သဗ္ဗညုမြတ်စွာဘုရားက ဖြေကြားတော်မူလိုက် ပါတယ်၊ ကဲ- မှတ်မိလွယ်အောင် လင်္ကာကလေးတွေကိုတော့ လိုက်ဆိုထားကြရမယ်နော်။

**ဆောင်ပုဒ်** ၁။ မြတ်သောဥစ္စာ၊ ဟူသည်မှာ၊ သဒ္ဓါဖြစ်လေသည်။
၂။ ကုသိုလ်ဆယ်ဖြာ၊ ပွားလေ့လာ၊ ချမ်းသာအောင်နိုင်သည်။
၃။ မှန်စွာပြောကြား၊ ရသာများ၊ ထူးခြားချိုမြိန်သည်။
၄။ ပညာဖြင့်ပင်၊ သက်မွေးလျှင်၊ အစဉ်မြင့်မြတ်သည်။
၅။ အာဠဝက၊ မေးမြန်းက၊ ဗုဒ္ဓဖြေကြားသည်။

မြတ်စွာဘုရားက ဤကဲ့သို့ မိန့်ဆိုဖြေကြားလိုက်လျှင် အာဠဝကဘီလူးကြီးမှာ ပျောက်ဆုံး နေသော ရတနာကို ပြန်လည်ရရှိသောသူကဲ့သို့ အထူးပင်နှစ်သက်ဝမ်းမြောက်လှသဖြင့် နောက်ထပ် တဖန် ထပ်မံ၍ လျှောက်ထားလိုရကား-

ကထံသု တရတိ ဩဃံ၊ ကထံသု တရတိ အဏ္ဏဝံ။
ကထံသု ဒုက္ခမစ္စေတိ၊ ကထံသု ပရိသုဇ္ဈတိ။

(သံ-ပ-၂၁၆-အာဠဝကသုတ်)။

ဘောသမဏ၊ အို-ရဟန်းကြီး ဂေါတမ။ ကထံသု၊ ကျင့်ကြံပွားများ, အဘယ်မည်သော တရားဖြင့်။ ဩဃံ၊ ဩဃလေးဖြာ, ရေပြင်ကြမ်းကို၊ တရတိ၊ ကူးသန်းထုတ်ချောက်, လွန်မြောက် နိုင်ပါသနည်း။ ကထံသု၊ အဘယ်မည်သောတရားဖြင့်။ အဏ္ဏဝံ၊ သံသရာတည်းဟူသော သမုဒ္ဒရာ ကြီးကို၊ တရတိ၊ ကူးသန်းထုတ်ချောက်, လွန်မြောက်နိုင်ပါသနည်း။ ကထံသု၊ အဘယ်မည်သော တရားဖြင့်။ ဒုက္ခံ၊ သံသရာဝဲ, ဝဋ်ဆင်းရဲကို။ အစ္စေတိ၊ လွန်မြောက်စေနိုင်ပါသနည်း။ ကထံသု၊ အဘယ်မည်သောတရားသဘောဖြင့်။ ပရိသုဇ္ဈတိ၊ သံသရာဝဋ်ဒုက္ခ, အာသဝကို, မှုချဘကယ်,စင်ကြယ် စေနိုင်ပါသနည်း-ဟု တဖန်ထပ်၍ လေးရပ်သောမေးခွန်းပုစ္ဆာကို မေးမြန်း လျှောက်ထားပြန် သဖြင့်-

ကရုဏာသခင် သဗ္ဗညုမြတ်အရှင်ကလည်း-
သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယပရိသုဇ္ဈတိ။ (သံ-ပ-အာဠဝကသုတ်-၂၁၇)။
ဟု ဖြေကြားတော်မူလိုက်တယ်။

ဘောဇ္ဈင်္ဂ၊ ပဋောင်နန်းမှုး, အို-အာဠဝကဘီလူး။ သဒ္ဓါယ၊ သောတာပန်ဖြစ်ရန်, အင်လေးတန်တွင်,တည်ဝင်ပါငြား, သဒ္ဓါတရားဖြင့်။ ဩဃံ၊ ဩဃလေးဖြာ, သံသရာသိလွှမ်း, ရေပြင်ကြမ်းကို။ တရတိ၊ ကူးသန်းထုတ်ချောက်, လွန်မြောက်နိုင်ပေ၏။ အပ္ပမာဒေန၊ မမေ့လျော့ငြား, အပ္ပမာဒတရားဖြင့်။ အဏ္ဏဝံ၊ သံသရာပြင်ကျယ်, ရေပင်လယ် သမုဒ္ဒရာကြီးကို။ တရတိ၊ ကူးသန်းထုတ်ချောက်,လွန်မြောက်နိုင်ပေ၏။ ဝီရိယေန ပြင်းပြသန်, မြဲမြံလုံ့လ,ဝီရိယဖြင့်။ ဒုက္ခံ၊ သံသရာဝဲ, ဝဋ်ဆင်းရဲကို၊ အစ္စေတိ၊ ကျော်ထုတ်ချောက်, လွန်မြောက်နိုင်ပေ၏။ ပညာယ၊ ရဟတ္တမဂ်, ထက်မြက်လှစွာ,မြတ်ပညာဖြင့်။ ပရိသုဇ္ဈတိ၊ သံသရာ ဝဋ်ဒုက္ခ,ဆင်းရဲမှု,အာသဝကို, မုချတကယ်,ငြိမ်းအောင်,စင်ကြယ်စေနိုင်သည်သာတည်း။

၁။ အို-ဒါယကာ အာဠဝကဘီလူး၊ သောတာပန်ဖြစ်ရန် လေးတန်သောအင်္ဂါများတွင် တပါးအပါအဝင်ဖြစ်သော ယုံကြည်မှု သဒ္ဓါတရားဖြင့် ဩဃလေးခန်း, ရေပြင်ကြမ်းကို, ကူးသန်းထုတ်ချောက်, လွန်မြောက်နိုင်ပေတယ်။

ဤစကားရပ်ဖြင့် ဒိဋ္ဌောဃကို လွန်မြောက်၍ သောတာပန်နယ်သို့ ရောက်သည်ကို ပြဆိုခြင်းဖြစ်တယ်-နော်။

၂။ ဒုတိယ-မမေ့လျော့ခြင်း အပ္ပမာဒတရားဖြင့် သံသရာပြင်ကျယ် ပင်လယ်သမုဒ္ဒရာကြီးကို ကျော်ထုတ်ချောက်, ကူးသန်း လွန်မြောက်နိုင်ပေတယ်တဲ့၊

ဒီစကားရပ်ဖြင့် ဘဝေါဃကို လွန်မြောက်ပြီးသကဒါဂါမ်နယ်သို့ ဆိုက်ရောက်တဲ့အကြောင်းကို ကောင်းကောင်းကြီး ပြတာဘဲ-နော်။

၃။ တတိယ-ပြင်းထန်လုံ့လ,ဝီရိယဖြင့်,သံသရာ ဝဋ်ဒုက္ခ, အာသဝကို မုချ ကျွတ်လွတ် လွန်မြောက်စေနိုင်ပေတယ်တဲ့။

ဒီစကားရပ်ဖြင့် ကာမောဃကို လွန်မြောက်ပြီး အနာဂါမ် နယ်ပယ်သို့ ဆိုက်ရောက် မျက်မှောက်ပြုတဲ့အကြောင်းကို ကောင်းကောင်းကြီး ပြဆိုတာဘဲတဲ့။

၄။ စတုတ္ထ-အရဟတ္တမဂ် ပညာဖြင့် ဤသံသရာ၏ ဆင်းရဲမှု အာသဝမှ မုချ တကယ် စင်ကြယ်စေနိုင်တယ်တဲ့။

ဒီစကားရပ်ဖြင့်တော့ အဝိဇ္ဇောဃကို လွန်မြောက်ပြီး ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တဲ့ အကြောင်းကို ပြဆိုခြင်းဖြစ်သတဲ့(ဒကာကြီး ဦးစိန်ရဲ့)။ တော်တော်တန်ဘိုးရှိတဲ့ မေးခွန်းနှင့် အဖြေလွှာတွေနော်။ ဒကာကြီး ဦးစိန်တို့, ဦးချိန်တို့လဲ သေသေချာချာ လေ့လာမှတ်သားပြီး ကျင့်ကြံပွားများဘို့ အလွန်ကောင်းပေတာပေါ့။

သမ္ဗုဒ္ဓမြတ်စွာဘုရားကလဲ အရဟတ္တမဂ်,အရဟတ္တဖိုလ် အထွဋ်ဘပ်သော အဖြေစကားရပ်ဖြင့် ဖြေကြားတော်မူလိုက်တယ်။ ယင်းဂါထာ၏ အဆုံး၌မှု အာဠဝကဘီလူးကြီး အယူမှားခြင်း, ဒိဋ္ဌိ ရေပြင်ကြမ်းကို ကူးသန်း လွန်မြောက်ပြီး သောတာပန်အဖြစ်သို့ ရောက်သွားလေသတဲ့၊ ဘီလူးကြီး သောတာပန်ဖြစ်သွားပြီ-နော်။

**ဆောင်ပုဒ်။** ၁။ ပြဿလေးဖြာ၊ မြတ်သဒ္ဓါ၊ မှန်စွာ ကူးမြောက်နိုင်ပေသည်။
၂။ မေ့လျော့မှုပယ်၊ ရေပင်လယ်၊ အလွယ်ကူးနိုင်သည်။
၃။ ဆင်းရဲမှုမျိုး၊ လုံ့လကြိုး၊ ဖျက်ချိုးလွန်နိုင်သည်။
၄။ ပညာဖြင့်ပင်၊ ထက်ဝန်းကျင်၊ စင်ကြယ်လွန်မြောက်နိုင်လေသည်။
၅။ ဘီလူးလျှောက်ထား၊ မြတ်ဘုရား၊ ဖြေကြားတော်မူသည်။
၆။ အဖြေရလာ၊ ဒိဋ္ဌိကွာ၊ သောတာပန်ဖြစ်သည်။
၇။ ဒိဋ္ဌိကွာခြား၊ မြတ်ဘုရား၊ လေးစား ယုံကြည်သည်။

အာဠဝကဘီလူးသည် မိဘတို့လက်ထက်မှ ဆင်းသက်ခဲ့သော အမေးပုစ္ဆာပြဿနာရှစ်ချက်တို့၏ အဖြေ ဝိဿဇ္ဇနာ ရရှိပြီးလျှင် မိမိ၏ဉာဏ်အမြင်ဖြင့် လောကီ, လောကုတ္တရာ နှစ်ဖြာ ရောစွက်လျက် အမေးပုစ္ဆာ ပြဿနာတို့ကို ဆက်လက်၍ မေးမြန်း လျှောက်ထားလိုသဖြင့်—

ကထံသု လဘတေ ပညံ၊ ကထံသု ဝိန္ဒတေ ဓနံ။
ကထံသု ကိတ္တိံ ပပ္ပေါတိ၊ ကထံ မိတ္တာနိ ဂန္ထတိ။
အသ္မာ လောကာ ပရံလောကံ၊ ကထံ ပေစ္စ နသောစတိ။
(သ-ဝ-အာဠဝကသုတ္တ-၂၁၇)။

ဟူသော ခြောက်ပါဒရှိသော ဂါထာကို ရွတ်ဆိုလေပြန်တယ်။

ဘန္တေ၊ ဘုန်းတော်နေလ,ထိန်ထိန်ပသည့်,လောကထိဋ်ထား,ရှင်တော် မြတ်ဘုရား။ ကထံသု-ကေန-ကာရဏေန၊ အဘယ်သို့သော အကြောင်းကြောင့်၊ ပညံ၊ လောကီ, လောကုတ္တရာ, နှစ်ဖြာ တိုးပွား,ပညာတရားကို။ လဘတေ၊ မုချမှန်စွာ, ရရှိနိုင်ပါသနည်း။

ကထံသု၊ အဘယ်သို့သော အကြောင်းကြောင့်။ (ဝါ)အဘယ်တရား, လက်ကိုင်ထားပါမှ။ ဓနံ၊ သုံးစားဘွယ်ရာ,စီးပွားဥစ္စာကို။ ဝိန္ဒတေ၊ လက်ဝယ်ပိုင်ပိုင်, ရရှိနိုင်ပါသနည်း။

ကထံသု၊ အဘယ်သို့သော အကြောင်းကြောင့်။ (ဝါ)အဘယ်တရား,လက်ကိုင်ထားပါမှ။ ကိတ္တိံ၊ ဤလောကတွင်,ဂုဏ်အင်ကြီးမား,ကျော်ကြားခြင်းသို့။ ပပ္ပေါတိ၊ မှန်စွာမျက်မှောက်,ဆိုက်ရောက်နိုင်ပါသနည်း။

ကထံ-ကေန-ကာရဏေန၊ အဘယ်အကြောင်းကြောင့်။ (ဝါ) အဘယ်တရား, လက်ကိုင်ထားပါမှ။ မိတ္တာနိ၊ အဆွေခင်ပွန်းတို့ကို။ ဂန္ထတိ၊ မယိမ်းမယိုင်,ဖွဲ့နိုင်ပါမည်နည်း။

ကထံ-ကေန-ကာရဏေန၊ အဘယ်အကြောင်းကြောင့်။ (ဝါ) အဘယ်သို့သော တရားသဘောရှိပါမှ။ အသ္မာလောကာ၊ ပစ္စုပ္ပန်ဘဝ,ဤလောကမှ။ ပရံလောကံ၊ တမလွန် လောကသို့။ ဂန္တွာ၊ စုတိပြတ်ကြွေ,သေလွန်၍ သွားခဲ့သော်။ ပေစ္စ၊ တမလွန်ဘဝ,နောက်ကာလ၌။ နသောစတိ၊ ပူပန်ငြိုးမှိန်,မစိုးရိမ်ဘဲ ရှိပါသနည်း မြတ်စွာဘုရား။

ဤကဲ့သို့ မေးခွန်းပုစ္ဆာ ပြဿနာငါးရပ်တို့ကို တဖန် နောက်ထပ် လျှောက်ထားလတ်သော် သဗ္ဗညုဘုရားရှင်ကလည်း အစဉ်အတိုင်းပင် ဖြေကြားတော်မူလိုသဖြင့်—

သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ။
သုဿူသံ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။
ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။
သစ္စေန ကိတ္တိံ ပပ္ပေါတိ၊ ဒဒံ မိတ္တာနိ ဂန္ထတိ၊
အသ္မာလောကာ ပရံလောကံ၊ ဧဝံ ပေစ္စ နသောစတိ။
ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရမေသိနော။
သစ္စံ ဒမ္မော ဓိတိ စာဂေါ၊ သ ဝေ ပေစ္စ နသောစတိ။
ဟူသော ဂါထာတို့ကို ရွတ်ဆို မိန့်ကြားတော်မူပါတယ်။

ဘောယက္ခ၊ အို-ဒါယကာ အာဠဝကဘီလူး။ ဣဓလောကေ၊ ဤလောက၌။ အရဟတံ၊ ကိလေသာကုန်ခန်း,ရဟန္တာပုဂ္ဂိုလ်တို့၏။ နိဗ္ဗာနပတ္တိယာ၊ နိဗ္ဗာန်ရောက်ကြောင်း,ကောင်းမြတ်သော တရားစကားကို။ သဒ္ဒဟာနော၊ ယုံကြည်လေးမြတ်,သဒ္ဓါတရားရှိသည်ဖြစ်၍ရင်း။ သုဿုတံ၊ ယုံကြည် ဆည်းကပ်,ပြုလုပ်ပြီးခါ,ရိုသေစွာ ကြားနာခြင်းရှိသည်ဖြစ်၍ရင်း။ အပ္ပမတ္တော၊ မမေ့မလျော့,မပေါ့ မဆခြင်း ဟူသော အပ္ပမာဒတရားရှိသည်ဖြစ်၍ရင်း။ ဝိစက္ခဏော၊ ကြောင်းကျိုးစုံလင်, ဆင်ခြင် တိုင်းထွာ,နှိုင်းစာခြင်းရှိသည် ဖြစ်၍ရင်း။ ဣမေဟိစတူဟိကာရဏေဟိ၊ ဤသို့ပိုင်းခြား, လေးပါး သော အကြောင်းတရားတို့နှင့်။ သမန္နာဂတော၊ လောက်ငှကုံလုံ,ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ပညံ၊ လောကီလောကုတ်,မယုတ်ပွားတိုး,ပညာမျိုးကို။ လဘတေ၊ မုချပိုင်ပိုင်,ရရှိနိုင်ပေ၏။

ဘောယက္ခ၊ အို-ဒါယကာ အာဠဝကဘီလူး။ ပတိရူပကာရီ၊ သင့်တင့် လျောက်ပတ်, ကောင်းမြတ်သောအမှုကို ပြုလုပ်တတ်ခြင်း ဟူသော ပတိရူပကာရီဂုဏ်ရင်း။ ဓုရဝါ၊ စေတသိက, လုံ့လဝီရိယနှင့်,ပြည့်ဝစုံသင်ခြင်း ဟူသော ဓုရဝါဟိဂုဏ်ရင်း။ ဥဋ္ဌာတာ၊ ကာယိကလုံ့လ,ဝီရိယနှင့် ပြည့်ဝစုံသင်ခြင်း ဟူသော ဥဋ္ဌာနသမ္ပဒါနဂုဏ်ရင်း။ ဣတိ ဣမေဟိ ဓမ္မေဟိ၊ ဤသို့ပိုင်းခြား, အကြောင်းတရားတို့နှင့်။ သမန္နာဂတော၊ လောက်ငှကုံလုံ, ပြည့်စုံသောသူသည်။ ဓနံ၊ လောက ဂုဏ်သိရ်,စည်းစိမ်ဥစ္စာကို။ ဝိန္ဒတေ၊ မုချပိုင်ပိုင်,ရရှိနိုင်လေ၏။

သစ္စေန၊ ဝစီမင်္ဂလာ,ကောင်းစွာပြောကြား,သစ္စာစကားဖြင့်။ ကိတ္တိံ၊ ကောင်းသောသတင်း, ကျော်စောခြင်းသို့။ ပပ္ပေါတိ၊ မှန်စွာမျက်မှောက်,ဆိုက်ရောက်နိုင်လေ၏။

ဒဒံ-ဒဒန္တော၊ တဖက်သားကို,နည်းများမဆို,နှင်လိုဝေခြမ်း,ပေးကမ်း လှူဒါန်းခြင်း ရှိသည် ဖြစ်၍။ မိတ္တာနိ၊ ဆက်ဆံပေါင်းသင်း,ရောင်းရင်းတည်ပေ,အဆွေခင်ပွန်းတို့ကို။ ဂန္ထတိ၊ အခိုင်အမြဲ, မယိုင်လဲအောင်,ဖွဲ့နိုင်လေ၏။

ဧဝံ၊ ဤသို့။ အသ္မာလောကာ၊ ပစ္စုပ္ပန်ဘဝ,ဤလောကမှ။ ပရံလောကံ၊တမလွန်လောက, နောက်ဘဝသို့။ ဂန္တွာ၊ စုတိပြတ်ကြွေ,သေလွန်သည်ရှိသော်၊ ပေစ္စ၊ တမလွန်လောက, နောက် ဘဝ၌။ နသောစတိ၊ ပူပန်ငြိုးမှိန်, တန်ခိုးထိန်လျက်, စိုးရိမ်ပူဆွေးခြင်း မဖြစ်ရလေသည်သာလျှင် သတည်း။

ဘောယက္ခ၊ အို-ဒါယကာအာဠဝကဘီလူး။ သဒ္ဓဿ၊ယုံကြည်လေးမြတ်,သဒ္ဓါတရားရှိသော။ ဃရမေသိနော၊ အိမ်၏အစီးအပွားကို ကြိုးစားရှာဖွေတတ်သော။ ယဿ၊ မိန်းမ-ယောကျာ်း,

ပိုင်းခြားမဟူ,အကြင်သူအား။သစ္စံ၊မှန်စွာပြောကြား,သစ္စာစကားရင်း။ဒမ္မော၊ အသိအလိမ္မာ,ဉာဏ်ပညာ ဟူသော ဒမ္မရင်း။ ဓိတိ၊ ထကြွလုံ့လ,ဝီရိယဟူသော ဓိတိရင်း။ စာဂေါ၊ မတွန့်မရှံ့ ပေးစွန့်ခြင်း ဟူသော စာဂရင်း။ ဧတေစတုရောဓမ္မာ၊ ဤ လေးပါးကုန်သော တရားတို့သည်။ သန္တိ၊ ရှိပေကုန်၏။ သ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဝေကောန္တေန၊ စင်စစ်ကေန့်အမှန်အားဖြင့်။ ပေစ္စ၊ တမလွန်ဘဝ,နောက်ကာလ၌။ နသောစတိ၊ ပူပန်ငြိုးမှိန်,တန်ခိုးထိန်လျက်,စိုးရိမ်ပူဆွေးခြင်းမဖြစ်ရ လေသည်သာတည်း။

အို–ဒါယကာ အာဠဝကတီလူး–

၁။ ဤလောက၌ ရဟန္တာပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို–

(က) ယုံကြည်မှု သဒ္ဓါတရား ရှိခြင်း။
(ခ) ရိုသေစွာ နာယူ မှတ်သားခြင်း။
(ဂ) မမေ့မလျော့,မပေါ့ဆခြင်း။
(ဃ) ကြောင်းကျိုးနှစ်ဖြာ ဆင်ခြင်တိုင်းထွာ, နှိုင်းစာတတ်ခြင်း–

ဤတရားလေးပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် လောကီ, လောကုတ္တရာ ပညာများကို ရရှိနိုင်ပေသည်။

အို–ဒါယကာ အာဠဝကတီလူး–

၂။ ဤလောကဝယ်–

(က) သင့်တင့်လျောက်ပတ်သောအမှုကို ပြုလုပ်လေ့ရှိခြင်း။
(ခ) စေတသိက လုံ့လဝီရိယနှင့် ပြည့်စုံခြင်း။
(ဂ) ကာယိက လုံ့လဝီရိယနှင့် ပြည့်စုံခြင်း–

ဤ သုံးပါးသော အကြောင်းတရားနှင့် ပြည့်စုံသောသူသည် စည်းစိမ် ဥစ္စာကို ကောင်းစွာ ရရှိနိုင်ပေသည်။

၃။ ဝစီမင်္ဂလာ-မှန်ကန်မှု သစ္စာစကားဖြင့် လောကထင်ရှား, တန်ခိုးသတင်း ကျော်ကြားခြင်းကို ရရှိနိုင်ပေသည်။

၄။ တဖက်သားအား,နည်းများမဆို,နှင်္လိုစေခြမ်း,ပေးကမ်းလှူဒါန်းခြင်းဖြင့် အဆွေခင်ပွန်းတို့ကို ရရှိနိုင်ပေသည်။

၅။ ယုံကြည်မှုသဒ္ဓါတရားရှိသော အိမ်၏ အစိုးအပွားကို ရှာတတ်သောသူသည်။

(က) မှန်ကန်စွာ ပြောဆိုမှု သစ္စာ,
(ခ) ဉာဏ်ပညာဟူသော ဒမ္မ,
(ဂ) လုံ့လဝီရိယာဟူသော ဓိတိ,
(ဃ) ပေးကမ်းစွန့်ကြဲမှုဟူသော စာဂ–

ဤလေးပါးသော တရားတော်တို့ရှိဘိမူ တမလွန်လောကသို့ ပြောင်းသွားရသော် ကေန်မုချ မစိုးရိမ်ရတော့ပေပြီ-ဟု မြတ်စွာဘုရားက ဟောဖော် မြွက်ကြားတော်မူလေလျှင် လွန်စွာရက်စက် ကြမ်းကြုတ်လှသော အာဠဝက ဘီလူးကြီးသည် တရားရည်ပြည့် ဂွမ်းဆီထည့်သို့ ရွှမ်းအိသော မျက်နှာဖြင့် ရှိသေစွာနာယူလေသတဲ့။ (ဒကာကြီးဦးစိန်ရဲ့)၊ ယခင်က ကြမ်းတမ်းလှတဲ့ ဘီလူးကြီး ယခုဘော့ တရားအရှိန်ကြောင့် ငြိမ်သွားပေပြီနော်။ သို့အတွက်ကြောင့်လဲ တရားတည်းဟူသော အရသာခတ်ဟာ ထူးမြတ်လှတယ်လို့ဆိုရတာကိုး၊ ကဲ-ကဲ-လင်္ကာကလေးများကို လိုက်ဆိုပြီး မှတ်ထားကြအုံးစို့ရဲ့။

**ဆောင်ပုဒ်။** ၁။ ယုံကြည်မှတ်နာ၊ မမေ့ရာ၊ နိုင်းစာပါမှ ပညာရ။
၂။ ကိုယ်ရေစိတ်ပါ၊ လုံးလဖြာ၊ ကောင်းစွာပြုမှ ဥစ္စာရ။
၃။ ဝစီမင်္ဂလာ၊ နှုတ်သစ္စာ၊ မှန်စွာဆိုမှ ကျော်စောရ။
၄။ မစ္ဆေမကူ၊ ရက်ရောလှူ၊ ကြည်ဖြူပေးမှ မိတ်ဆွေရ။
၅။ သစ္စာ၊ဒမ္မ၊ စာဂ၊ဓိတိ၊ လေးပါးပြည့်စွာ၊ တည်ရှိပါမူ၊ နောက်နောင်ဟူ-ဆွေးပူ မရှိရ။

သုံးလောကထွင်ထား မြတ်စွာဘုရားသည် ဤကဲ့သို့ အာဠဝကဘီလူး မေးမြန်းလျှောက် ထားသမျှသော ပုစ္ဆာပြဿနာ အရပ်ရပ်တို့ကို ဝေဘန်ပိုင်းခြား ဖြေကြားတော်မူပြီးလျှင် ထိုအာဠ ဝကဘီလူးအား တိုက်တွန်းတော်မူလိုသည်ဖြစ်၍-

ဣဃံ အညေပိ ပုစ္ဆဿု၊ ပုထူ သမဏဗြာဟ္မဏေ။
ယဒိ သစ္စာ ဒမ္မာ စာဂါ၊ ခန္တျာဘိယျော ဝိဇ္ဇတိ။
ဟူသော ဂါထာကို ထပ်မံမိန့်ဆိုတော်မူပါတယ်။

ဘောယက်၊ အိုဒါယကာ အာဠဝကဘီလူး" ဣဃံ၊ ကောင်းစွာပြည့်နှင်း, ငါတိုက်လိုက် ပေ၏။ ဣဓ၊ ဤလောက၌။ သစ္စာ၊ မှန်ကန်မှု ဝစီသစ္စာ တရားထက်ဝင်း။ ဒမ္မာ၊ အသိဉာဏ် ပညာထက်ဝင်း။ စာဂါ၊ပေးကမ်းစွန့်ကြဲခြင်း စာဂ တရားထက်ဝင်း။ ခန္တျာ၊ သီးခံခြင်း ခန္တီတရား ထက်ဝင်း။ ဘိယျော၊ လွန်ကဲသော အကြောင်းတရားသည်။ ယဒိဝိဇ္ဇတိ၊ ထင်ထင်ရှားရှား အကယ် ၍များ ရှိသည်ဖြစ်အံ့။ အညေပိ၊ ငါ့ကိုထောက်ထား အခြားတပါးလည်းဖြစ်ကုန်သော။ပုထူ၊တပါး မက များပြားလှကုန်သော။ သမဏဗြာဟ္မဏေ၊ အကျင့်ကောင်းသူမွန်, ပညာဝန်ဆိုငြား, ရဟန်း ပုဏ္ဏားတို့ကို။ ပုစ္ဆဿု၊ ဆည်းကပ်ရိုသေ မေးလျှောက်လေဦးလော့။

အာဠဝက- ငါတိုက်တွန်းလိုက်ပေ၏။ ဤလောက၌ သစ္စာတရားထက်ဝင်း, ပညာတရား ထက်ဝင်း, စွန့်ကြဲခြင်းထက်ဝင်း, သည်းခံခြင်းထက်ဝင်း, လွန်ကဲသောအကြောင်းသည်ရှိဘိမူ၊ဤလော က၌ ငါမှတပါးကုန်သော များစွာကုန်သော ပညာရှိ သမဏဗြာဟ္မဏတို့ကို မေးမြန်းလေဦးလော့- ဟု မိန့်ကြားတော်မူလေလျှင် အာဠဝကဘီလူးကြီးသည် ယုံမှားသံသယ မရှိပါကြောင်း မြတ်စွာ ဘုရားမှတပါးကုန်သော သမဏဗြာဟ္မဏတို့ကို မေးမြန်းဘွယ်ခလိုပါကြောင်း ပြန်ပြောင်းလျှောက် ထားလိုသဖြင့်-

ကထံနု ဒါနိ ပုစ္ဆေယျုံ၊ ပုထုသမဏ ဗြာဟ္မဏေ။
ယောဟံ အဇ္ဇပဇာနာမိ၊ ယောအတ္ထော သမ္ပရာယိကော။
ဟူသော ဂါထာကိုရွတ်ဆိုလျှောက်ထားပါတယ်။

ဘန္တေ၊ ဘုန်းတော်နေလ, ထိန်ထိန်ပသည့်, သုံးလောကထွဋ်ထား မြတ်စွာဘုရား။ လောကေ၊ လောက၌။ သမ္ပရာယိကော' တမလွန်လောက, ဘုံဘဝ၌ဖြစ်သော။ ယောအတ္ထော၊ သူငါလိုလား, အကြင်အကျိုးစီးပွားသည်။ အတ္ထိ၊ မယွင်းမသေ ရှိပါပေ၏။ တံ အတ္ထံ၊ သူငါလိုလား, ထိုအံကျိုးစီးပွားကို။ ယောအဟံ၊ အာဠဝက, နာမမှည့်ခေါ်, အကြင် ဘုရားတပည့်တော်သည်။ အဇ္ဇ၊ ရှင်တော်မြတ်ဘုရား, ဟောကြားဆုံးမ, ခုံချလက်တွေ့, ဤယနေ့၌။ ပဇာနာမိ၊ မျက်ဝါး ထင်ထင်, သိမြင်ပါ၏။

ဒါနိ၊ ယခုအခါ၌။ ပုထူ၊ အရှင်ဘုရားမှတပါး များပြားလှကုန်သော။ သမဏဗြာဟ္မဏေ၊ ပညာရှိပြား, ရဟန်းပုဏ္ဏားတို့ကို။ သောအဟံ၊ ထိုတပည့်တော်သည်။ ကထံ၊ အဘယ့်တွက်တာ, အဘယ်မှာလျှင်။ ပုစ္ဆေယျံနု၊ ဆည်းကပ်စေား, မေးလျှောက်ထားရပါတော့အံ့နည်း။

ဤကဲ့သို့ပင်အာဠဝကဘီလူးသည် နောင်တလွန်၌ ဖြစ်သောအကျိုးစီးပွားကို တပည့်တော်ကောင်းစွာသိရပါပြီ-ဟု လျှောက်ထားပြီးလျှင် ထိုသို့ သိရခြင်းသည် မြတ်စွာဘုရားလျှင် အကြောင်းရင်းမူလဖြစ်ပါကြောင်း--ဟု လျှောက်ဆိုပြန်သဖြင့်-

အတ္ထာယ ဝတ မေ ဗုဒ္ဓေါ၊ ဝါသာယာဠဝိမာဂမာ။
ယောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

ဘန္တေ၊ ဘုန်းတော်နေဝန်း, ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ဗုဒ္ဓေါ၊ သုံးလောကထွဋ်ထား မြတ်စွာဘုရားသည်။ မေ၊ ဘုရား'တပည့်တော်၏။ အတ္ထာယ၊ ပစ္စုပ်သံသာ, နှစ်ဖြာပွားတိုး, အကျိုးများခြင်းငှာ။ အာဠဝိံ၊ အာဠဝိပြည်သို့။ ဝါသာယ၊ ချမ်းအေးကြည်ဖြူ, နေတော်မူရန်။ အာဂမာဝတ၊ သနားချီးမြှောက်, ကြွရောက်တော်မူပေစွ တကား။ ယတ္ထ၊ သုံးလူထွဋ်ထား, အကြင်မြတ်စွာဘုရား၌။ ဒိန္နံ၊ စေတနာကြည်ဖြူ,ပေးလှူရခြင်းသည်။ မဟပ္ဖလံ၊ ကောင်းမြတ်ဖွံ့ဖြိုး, အကျိုးကြီးလှပါပေ၏။ ယောအဟံ၊ အာဠဝကဟု, နာမတွင်ခေါ်, အကြင်ဘုရားတပည့်တော်သည်။ အဇ္ဇ၊ ရှေ့ရှုမြှက်မြင်, ယခုပင်။ ပဇာနာမိ၊ ဘုရားချီးမြှောက်, အသိဉာဏ်ရောက်သဖြင့်, ဝမ်းမြောက်သချ, သိရှိပါသည်မြတ်စွာဘုရား။

ဤကဲ့သို့ မိမိအားအကျိုးစီးပွားရရှိခြင်းကို လျှောက်ဆိုပြီးနောက်၊ အကျိုးစီးပွားနှင့်စပ်သော အကျင့်ကိုဆိုလိုခြင်း, သရဏဂုံအမြဲတည်နေခြင်းကို ပြဆိုလျှောက်ထားသိုရတား-

သောအဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုံဓမ္မတံ။
(သဂါထာဝဂ္ဂသံယုတ်-အာဠဝကသုတ်-၂၁၇)။
ဟူသော ဂါထာကို ရွတ်ဆိုလျှောက်ထား ပြန်ပေသည်။

ဘန္တေ၊ ဘုန်းတော်နေလ, ထိန်ထိန်ပသည့်, သုံးလောကထွန်ထေး,မြတ်စွာဘုရား။ သောအဟံ၊ အာဠဝကဟု, နာမတွင်ခေါ်, ထိုဘုရားတပည့်တော်သည်။ သမ္ဗုဒ္ဓံ၊ ဉေယျငါးတန်, တရားမှန်ကို, မကျန်မကြွင်း, ထင်လင်းသိမြင်, သဗ္ဗညုဘုရားရှင်ကို။ နမဿမာနော၊ ရှိသေမြတ်နိုး, ရှိခိုးသည်ဖြစ်၍။ ဓမ္မဿ၊ ရှင်တော်ဟောကြား, မြတ်ဘုရား၏။ သုဓမ္မတဥ္စ၊ ကောင်းစွာဟောဖော်, တရားတော်၏အဖြစ်ကိုရင်း။ သံဃဿ၊ မြတ်စွာဘုရား၏, တပည့်သားခေါ်, သံဃာတော်၏။ သုပ္ပဋိပန္နတဥ္စ၊ ကောင်းမွန်တည်ဘိ, အကျင့်ရှိသည်၏အဖြစ်ကိုရင်း။ အဘိတ္ထဝိတွာ၊ ဝမ်းမြောက်ဝမ်းသာ, ချီးမွမ်းထောမနာ၍။ ဂါမာ၊ လူ့ရွာတရွာမှ။ ဂါမံ၊ လူ့ရွာတရွာသို့။ ဝါ-ဂါမာဂါမံ၊ လူတို့ပျော်မွေ့, ရွာငယ်ရွာကြီးသို့။ ပုရာ၊ လူ့ပြည်တပြည်မှ။ ပုရံ၊ လူ့ပြည်တပြည်သို့။ ဝါ- ပုရာပုရံ၊ လူတို့ပျော်မွေ့, ပြည်ငယ်ပြည်ကြီးသို့။ ဓမ္မဃောသကော၊ တရားတော်ကို, ကြွေးကြော်သောသူသည်။ ဟုတွာ၊ ကောင်းစွာစင်စစ်, အမှန်ဖြစ်၍။ ဝိစရိဿာမိ၊ မပြတ်ခါခါ, သွားလာလှည့်လည်ပါအံ့မြတ်စွာဘုရား။

ယင်းသို့ အာဠဝကဘီလူးက ဤဂါထာကို ရွတ်ဆိုလျှောက်ထားမှု ပြီးဆုံးခြင်း, နတ်အပေါင်းတို့က ကောင်းချီးနှမော် သာဓုခေါ်သံ တပြိုင်နက် ထွက်ပေါ်လာခြင်း, နံနက် မိုးသောက်အလင်းသို့ရောက်လာခြင်း, ဘီလူးကြီး၏အစာအတွက် အာဠဝကမင်းသားကလေးကို ပို့ဆက်ဆောင်ယူလာခြင်းတို့ဟာ တပြိုင်နက်တည်းပင် ဖြစ်ကြလေသတဲ့။ တော်တော်ထူးကဲတဲ့ ပွဲကြီးပွဲကောင်းလို့ဆိုရမှာဘဲနော်။

မင်းချင်းယောကျ်ားတွေကလဲ သာဓုခေါ်သံကြားသဖြင့် မြတ်စွာဘုရား ကြွရောက်တော်မူလာသည့် အဖြစ်ကိုသိရ၍ ဘီလူးကြီးဗိမာန်၌ မြတ်စွာဘုရား သီးတင်းသုံးနေသည်ကိုရင်း, ဘုရားရှင်အား လက်အုပ်ချီလျက်နေသော ဘီလူးကြီးကိုရင်း, တွေ့မြင်ကြလျှင် ကြောက်ရွံ့မှု ကင်းပြီးကဲ့ပညောင်ရိပ်ပြင်ပ၌ ရပ် မနေကြတော့ဘဲ အတွင်းသို့ ဝင်ရောက်လာကြတယ်တဲ့။

ဝင်ရောက်လာပြီးနောက် အာဠဝကဘီလူးကြီးမျက်မှောက်၌ အာဠဝကမင်းသားကလေးကို ချပြီးလျှင်-"အရှင်ဘီလူးကြီး ဤမင်းသားကလေးကို ဗလိနတ်စာအတွက် အသင့်အား ဆက်သပါ၏။ ထိုမင်းသားကလေးကို ယခုအခါ ခဲစားပါလော့၊ အလိုရှိသလိုပြုပါလော့" ဟု ပြောဆိုကြလေသတဲ့။

သောတာပန် အရိယာ ပုဂ္ဂိုလ်ဖြစ်နေပြီးဖြစ်သော အာဠဝကဘီလူးကြီးမှာ ဆရာ သခင်ကျေးဇူးရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ရှေ့မှောက်မှာ ဤကဲ့သို့ ပြောဆို ခံရသည့်အတွက် အလွန်ရှက်ရွံ့လေသတဲ့နော်။ ရှက်လဲရှက်ပေလိမ့်မယ်။ သောတာပန် ပုဂ္ဂိုလ်ကြီး ဖြစ်နေပြီးမဟုတ်ပါလား။

ထိုအခါ ဘီလူးကြီးက ထို အာဠဝက မင်းသားကလေးကို လက်နှစ်ဘက်ဖြင့် ခံယူ၍ "မြတ်စွာဘုရား ဤ မင်းသားကလေးသည် တပည့်တော်၏ အစာအဖြစ်ဆက်သသော ကလေးဖြစ်ပါသည်။ တပည့်တော်၏ အစာဖြစ်သော ဤမင်းသားကလေးကို မြတ်စွာဘုရားအား တပည့်တော်လှူဒါန်းပါ၏။ မြတ်စွာဘုရားသည် ဤမင်းသားကလေးကို ခံယူတော်မူပါမြတ်စွာဘုရား" ဟုလျှောက်ထား၍ မြတ်စွာဘုရားအား ဆက်သလိုက်သတဲ့။

ယခင်ကဆိုလျှင် ဒီလိုရောက်လာတဲ့အဲ့စာကို ဘယ်မှာအလွတ်ပေးပါ့မလဲ၊ ယနေ့သော် တရားသိနေသောအရိယာပုဂ္ဂိုလ်ဖြစ်၍ ပါဏာတိပါတအမှုကို လက်တွေ့ရှောင်ကြဉ်လိုက်တာဘဲပေါ့နော်။ ဘုရားကြွမလာလျှင် ဒီမင်းသားကလေး ယနေ့ပင် မရဏပြည်သို့မြန်းရမှာ မုချပင်ဖြစ်တယ်။

မြတ်စွာဘုရားကလဲ ဘီလူးကြီးလက်မှ ထိုမင်းသားကလေးကိုခံယူပြီးလျှင် အာဠဝကဘီလူးကြီးအားရင်း, အာဠဝကမင်းသားကလေးအားရင်း, မင်္ဂလာပွဲခြင်းငှာ အနုမောဒနာတရားကိုဟောကြားတော်မူပါတယ်။ မြတ်စွာဘုရားသည် မင်းသားကလေးကို ကြီးမြောက်အောင်မွေးမြူပြီး ငါ့အားပြန်ပေးရမည်–ဟု မိန့်ကြားပြီး မင်းချင်းယောကျ်ားတို့လက်သို့တဖန် ပြန်ပေးလိုက်ပါတယ်။

ဤသို့မင်းသားကလေးဟာ မင်းချင်းယောကျ်ားတို့လက်မှ အာဠဝက ဘီလူးကြီးလက်သို့ ဘီလူးကြီးလက်မှ–မြတ်စွာဘုရားလက်သို့၊ မြတ်စွာဘုရားလက်မှတဖန် မင်းချင်းယောကျ်ားတို့လက်သို့ အဆက်ဆက်ကူးပြောင်းရလေသောကြောင့် နောင်အခါမှာ "ဟတ္ထကအာဠဝက" ဟု ခေါ်တွင်လေသတဲ့။ ထိုမင်းသားကလေး ကြီးမြောက်သောအခါ မိဘဆွေမျိုးများက "ချစ်သားအသင်သည် ဘုရားရှင်ကိုမှီ၍ ဘီလူးဘေးမှကင်းလွတ်ကာ အသက်ရှင်ရပေတယ်၊ ဘုရားကိုရင်း, ရဟန်းသံဃာကိုရင်း, အမြဲမပြတ်ဆည်းကပ်လေ" ဟု ပြောဆိုသွန်သင်ကြသဖြင့် မင်းသားကလေးကလဲ ဘုရားကိုရင်း, ရဟန်းသံဃာကိုရင်း, အမြဲမပြတ်ဆည်းကပ်ခစားလေသတဲ့။ နောင်သောအခါ ဒီမင်းသားကလေးဟာ အနာဂါမိဖိုလ်သို့ ဆိုက်ရောက်၍ အနာဂါမ်အရိယာပုဂ္ဂိုလ်တဦး ဖြစ်သွားလေသတဲ့။ ယခုအချိန်ကာလအထိ ဗုဒ္ဓဘာသာဝင်သူတော်စင် မိဘအချို့တို့ မိမိတို့သားငယ်–သမီးငယ်များကို အသက်ရှည်၍ကောင်းကျိုးချမ်းသာ မင်္ဂလာတရားတိုးပွားစေရန် ရည်သန်ပြီးလျှင် ကလေးငယ်များ လှူဒါန်းကြခြင်းဟာ မြတ်စွာဘုရားလက်ထက်က ဒီဟတ္ထက အာဠဝကမင်းသားကလေးထုံးကို နှလုံးမူကြဟန်တူတယ်နော် (ဒကာကြီးဦးစိန်တို့ ဦးချိန်တို့)။

ယခုဆိုလျှင် သုံးလောကထွဋ်ထား မြတ်စွာဘုရားက ရက်စက်ကြမ်းကြုတ်လှသော အာဠဝက ဘီလူးကြီးကိုခန္တီလက်နက် ဓမ္မစက်ဖြင့် နှိမ်နင်းဆုံးမတော်မူကာအနိုင်ယူသွားပြီနော်။ ရှင်တော်မြတ်ဘုရားရဲ့အောင်နိုင်တော်မူမှုကို ချီးကျူးသောအနေဖြင့် ဒီလင်္ကာကလေးကိုရွတ်ဆိုကာ ချီးကျူးပူဇော်ကြရမယ်။

**ဆောင်ပုဒ်။** အာဠဝက–ယက္ခမည်တွင်၊ ညဥ့်သုံးယာမ်လုံး–ရိုက်ချိုးစစ်ဆင်။
ခန္တီလက်နက်–မပျက်သုံးစဉ်၊ မြတ်ဗုဒ္ဓ–မုချအောင်ပွဲဆင်။

သဗ္ဗညုမြတ်စွာဘုရားက အာဠဝက ဘီလူးကြမ်းကြီးအား အောင်မြင်တော်မူခန်း တရားဒေသနာကို ရိုသေစွာနာယူကြတဲ့ ဒိုဒကာ, ဒကာမများလဲ လောကီရေးရာ လောကုတ္တရာရေးရာ အဖြာဖြာတို့ကို ကောင်းစွာအောင်မြင် အောင်ပွဲဆင်ခြင်ကြပေလိမ့်မယ်နော်။ သို့အတွက်တရားဟောပုဂ္ဂိုလ်ဖြစ်တဲ့ ဦးပဥ္စင်းရော တရားနာယူကြတဲ့ဒကာ ဒကာမများပါ ကြံသမျှ စည်သမျှကောင်းမွန်စွာ အောင်မြင်ကြ၍ ဗုဒ္ဓမြတ်စွာသာသနာတော်ကို ပျော်ပျော်ကြီး ပြုနိုင်ကြရလေအောင် ရက်စက်ကြမ်းကြုတ်လှစွာသော အာဠဝကဘီလူးကြီးကို အောင်မြင်တော်မူငြား သဗ္ဗညုမြတ်ဘုရားထံ

အောင်ဆုတွေပန်ကြရမယ်နော်။ တရားပွဲသိမ်းတော့မယ် သာဓုသံမြိုင်မြိုင်ခေါ်ကြရအောင်။ လက်အုပ်ကလေးကိုယ်စီချီပြီးတော့ အောင်ပွဲသခင် ဘုရားရှင်ကိုအာရုံပြုထားကြ–

မာရာတိရေကာ မဘိယုဇ္ဈိတ သဗ္ဗရတ္တိံ၊
ဃောရံ ပနာဠဝက မက္ခမ ထဒ္ဓယက္ခံ။
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယောမုနိန္ဒော၊ ရဟန်းတို့၏အရှင်၊ ဘုရင်တဆူဖြစ်တော်မူပြီး, အကြင်မြတ်စွာဘုရားသည်။ မာရာတိရေကာ၊ မာရ်နတ်သားထက်, ဆထက်သာလွန်။ သဗ္ဗရတ္တိံ၊ လုံ့လဇွဲသန်, ညဉ့်သုံးယာမ်ပတ်လုံး။ အဘိယုဇ္ဈိတံ၊ လွန်စွာလွှမ်းမိုး, စစ်ထိုးနိုင်ထသော။ ဃောရံ၊ ကြောက်လန့်ဘွယ်ရာ, လွန်စွာရက်စက်သော။ အက္ခမံ၊ သူတပါးဘို့စိတ်ထားခိုင်မြဲ, သည်းခံနိုင်ခဲသော။ ထဒ္ဓံ၊ လန့်ဘွယ်ထူးဆန်း, ကြမ်းတမ်းခက်မာသော။ အာဠဝကံ၊ အာဠဝက, အမည်ရသော။ ယက္ခံပန၊ တောတောင်ပျော်မြူး,ဘီလူးကိုကား။ ခန္တီသုဒန္တဝိဓိနာ၊ သည်းခံတော်မူခြင်းကောင်းစွာယဉ်ကျေးစေတော်မူခြင်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ ဓားဒုတ်မကူ, အောင်မြင်တော်မူခဲ့လေပြီ။ တန္တေဇသာ၊ အာဠဝကဘီလူး, နတ်စစ်မှူးကို, အထူးအောင်မြင်, ဘုရားရှင်၏, အစဉ်လွှမ်းမိုး, တန်ခိုးတော်အားဖြင့်။ မေ- အမှာကံ၊တရားဟောာ တရားနာ,မှန်စွာဖြစ်ကြသော, အကျွန်ုပ်တို့အား။ အဂ္ဂံ၊မြတ်သော။ ဇယမင်္ဂလံ၊ ကောင်းသတင်းအစဉ်အလာ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ မြေကြီးလက်ခတ်, မလွဲအပ်သို့, ဆတ်ဆတ်ပုံသေ, ဖြစ်ပါစေတော့သတည်း။

(အဘိဓမ္မာတပ်ရှ-တရားနိဂုံးချုပ်ရန်)

အာဠဝကကိုအောင်မြင်ခြင်း ပြီး၏။

❁ ❁ ❁ ❁ ❁

# နာဠာဂိရိ ဆင်ပြောင်ကို အောင်မြင်တော်မူခြင်း

အဘိမတ္တဘူတံ ဂဇံ၊ နာဠာဂိရိံ သုဒါရုဏံ။
ဇိနာတိ ယော မေတ္တမ္ဗုနာ၊ ဇိနံ ဝန္ဒာမိ သာဒရံ။    (ရစနာဂါထာ)။

ယောဇိနော၊ငါးရင်သောမာရ်,တွန်းလှန်ပယ်ရှား, ဒုတ်ခားမဖဆောင်,အောင်မြင်တော်မူငြား အကြြင်မြတ်စွာဘုရားသည်။ သုဒါရုဏံ၊ မိမိရှေတွင်,တွေ့မြင်ရငြား, လူအများကို, သနားမဖက်, ရက်စက်သတ်ဖြတ်, ပြုတတ်ဆိုးယုတ်, အလွန်ကြမ်းကြုတ်လှပေသော။ အဘိမတ္တဘူတံ၊ ထန်ပြင်း အဟုန်, လွန်စွာအမုန် ယစ်ပေထသော။ နာဠာဂိရိံ၊ နာဠာဂိရိ, တိုင်းသိကျော်ကြား, အမည် ထင်ရှားသော။ ဂဇံ၊ အဇာတသတ်မင်းကြီးစီးတော့်ဆင်ကို။ မေတ္တမ္ဗုနာ၊ ကြည်လင်အေးချမ်း, သွန်းဖြန်းအစဉ်, မေတ္တာတော်ရေအယာဉ်ဖြင့်။ ဇိနာတိ၊ကျင်နာခံခက်, နှိပ်စက်သမှု, လျှဉ်းမပြုဘဲ, အောင်ပွဲဆင်တော်မူလေ၏။ တံဇိနံ၊ နာဠာဂိရိ,ကြမ်းဘိဆင်ကြီး, အောင်မြင်ပြီးသည့် အောင်ထီး ဟောင်သခင်, ထိုဘုရားရှင်ကို။ အဟံ၊တရားရေအေး,တိုက်ကျွေးဘို့ရန်, ရည်သန်အားထုတ်, အကျွန်ုပ် သည်။ သာဒရံ၊ ဂုဏ်တော်ရည်ကိုး,မြတ်နိုးသဒ္ဒါ,ရှိသေစွာ။ ဝန္ဒာမိ၊လက်ခြေနဖူး, တတောင်ဒူးဟု, ငါးခုစုံစွာ, ကြည်သဒ္ဓါဖြင့်, ရှိခိုးပါ၏, သုံးလူထွဋ်တင်, အောင်ပွဲသခင်, အရှင်မြတ်ကြီးဘုရား။

ယခုဟောကြားမည့်တရားတော်ကတော့၊ ဦးပဉ္စင်းတို့သုံးလောကထွဋ်ထား မြတ်စွာဘုရားက ရာဇဂြိုဟ်ပြည် မင်းနန်းတော်မှ မိမိရှေ့တွင် တွေ့မြင်ရတဲ့လူမှန်သမျှအရှင်မထားတတ်တဲ့ ဆင်ကြမ်း ကြီး နာဠာဂိရိကို မေတ္တာဓာတ်ရေစင်ဖြင့် အောင်မြင်တော်မူတဲ့အကြောင်းကို ဟောကြားရန် ဖြစ်ပါတယ်။

သို့အတွက်ကြောင့် တရားပွဲမစမီ ရှေးဦးပထမဆုံး ယင်းနာဠာဂိရိ ဆင်ဆိုး ဆင်ကြမ်းကြီးကို အေးချမ်းစွာအောင်မြင်တော်မူသော မြတ်စွာဘုရားကို ပဏာမစေတနာဖြင့် ဂါရဝမင်္ဂလာ ပြုရ ပေတယ်။

မင်းစီးမင်္ဂလာဆင်တော်ကြီးဖြစ်တဲ့ နာဠာဂိရိဆင်ပြောင်ကြီးဟာ ဘာတယ့်အတွက်ကြောင့် ကြမ်းတမ်းယုတ်မာစွာ မြတ်စွာဘုရားကိုတိုက်ခိုက် ထိုးသတ်ရန်ဟန်ပြင်ပြီး စစ်ဆင်ကာ လာခဲ့ပါသလဲ ဆိုတော့ "အရင်းစစ်လျှင်-အမြင်မြေက" ဆိုတာလို ယခု အဖြစ်အပျက်ကို ကွင်းကွင်းကွက်ကွက် သိလိုလျှင် ဟိုယခင်အကြောင်းရင်း ဇစ်မြစ်ကို စစ်ဆေးပြီးကြည့်ရပေလိမ့်မယ်။ အတွင်းကို လိုက် မကြည့်ဘဲ အပေါ်ယံကိုသာ အကြောင်းရှာနေလျှင် သေချာစွာသိဘို့မလွယ်ပေဘူးနော်။ သို့အတွက် အဖြစ်အပျက် အကြောင်းရင်းကို ရှင်းလင်းစွာသိရလေအောင် အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း ပြီး မှန်းမြှော်ကာကြည့်လိုက်ကြဦးစို့ရဲ့။

အခါတပါးတွင် သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားသည် အလွန်များပြား စည်ကားလှသော မင်းနှင့်တကွသော ပရိသတ်အလယ်၌ တင့်တယ်စပ္ပါယ်စွာ သီသင်းသုံးတော် မူလျက် ဆည်းကပ်ရောက်လာ များစွာကုန်သော ပရိသတ်တို့အား ပစ္စုပ္ပန် သံသရာနှစ်ဖြာသော

အကျိုးနှင့်စပ်သော တရားတော်များကို ဟောကြားတော်မူနေသတဲ့။ ထိုစဉ်အခါမှာ ဒေဝဒတ် မည်သော ရဟန်းတော်တပါးသည် တရားနာရာမှထလတ်၍ သင်္ကန်းကို လက်ဝဲတဘက် ပခုံးထက်၌ စမ္ပါယ်တင်၍ လက်အုပ်ချီကာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင်–

ဇိဏ္ဏော ဒါနိ ဘန္တေ ဘဂဝါ ဝုဍ္ဎော မဟလ္လကော အဒ္ဓဂတော ဝယောအနုပ္ပတ္တော
အပ္ပေါဿုက္ကော ဒါနိ ဘန္တေ ဘဂဝါ ဒိဋ္ဌဓမ္မ သုခဝိဟာရံ အနုယုတ္တော ဝိဟရတု။
မမံ ဘိက္ခုသံဃံ နိဿဇ္ဇတု၊ အဟံ ဘိက္ခုသံဃံ ပရိဟ္ဟရိဿာမိ။
(ဝိနယစူဠဝဂ္ဂပါဠိ- ၃၄၇)။

ဘန္တေ၊ မြတ်ဘုန်းတော်ရှင်၊ ခပ်သိမ်းသူတို့ ကြည်ဖြူအားထား၊ အရှင်မြတ်ဘုရား။ ဒါနိ၊ယခုအခါ၌။ ဘဂဝါ၊ ဘုန်းတော်သခင်, ဘုရားရှင်သည်။ ဇိဏ္ဏော၊ သွားကျိုးဆံဖြူ, ငယ်မူယိုယွင်း၊ အိုမင်းပါလေပြီ။ ဝုဍ္ဎော၊ အင်္ဂါကြီးငယ်, အသွယ်သွယ်ဆုတ်ယုတ်သဖြင့်, ကြီးရင့်တော်မူပါလေပြီ။ မဟလ္လကော၊ ကာလရှည်ကြာ, မွန်စွာမပျက်, လေ့ကျက်တော်မူပါပေပြီ။ အဒ္ဓဂတော၊ အစဉ်အဆက်, မပျက်မစွန့်, ရှည်သောအခွန့်သို့ ရောက်ခဲ့ပါပြီ။ ဝယောအနုပ္ပတ္တော၊ အာယုကပ်သက်, သုံးခုဝက်၍, အထက်ပစ္ဆိမ, အရွယ်သို့ရောက်ခဲ့ပါလေပြီ။ ဘန္တေ၊ ရွှေဘုန်းတော်သခင်, အရှင်မြတ်ဘုရား။ ဒါနိ၊ ယခုအခါ၌။ ဘဂဝါ၊ ဘုန်းတော်သခင် ဘုရားရှင်သည်။ အပ္ပေါဿုက္ကော၊ သံဃာ့ကိစ္စ, ဟူသမျှကို, တွေးဆမငဲ့, ကြောင်းကြမဲ့၍။ ဒိဋ္ဌဓမ္မသုခဝိဟာရံ၊ မျက်မှောက်ရောက်လစ်, ကိုယ်အဖြစ်၌, စင်စစ်သချာ, ချမ်းသာစွာနေခြင်းကို။ အနုယုတ္တော၊ ဖန်ဖန်မပြတ်, ယှဉ်တုံလတ်၍။ ဝိဟရတု၊ အေးအေးသက်သာ၊ နေတော်မူပါလော့။ မမံ၊ အကျွန်ုပ်အား။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ နိဿဇ္ဇတု၊ ရှင်းရှင်းလွှတ်လွှတ် စွန့်တော်မူပါတော့။ အဟံ၊ ရှင်ဒေဝဒတ်, ပညတ်တွင်ခေါ်, တပည့်တော်သည်။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာအပေါင်းကို။ ပရိဟရိဿာမိ၊ ရှေးမူမပျက်, အစဉ်ဆက်၍, ဆောင်ရွက်ပါတော့အံ့သတည်း။

မြတ်စွာဘုရား, အရှင်မြတ်ဘုရားသည် ယခုအခါ အိုမင်းရင့်ရော်ပါပြီ၊ အရွယ်သုံးပါး တွင် နောက်ဆုံးအရွယ်သို့လည်း ရောက်၍နေပါပြီ၊ မြတ်စွာဘုရားသည် ယခုအခါ မျက်မှောက် သော ကိုယ်၏အဖြစ်၌ဖြစ်သော ချမ်းသာသုခကို ခံစားလျက် အေးအေးသက်သာ ကြောင့်ကြမဲ့ နေရန်သင့်ပါပြီ။ သံဃာ့ကိစ္စ, သံဃာ့တာဝန် ဟူသမျှကို တပည့်တော်အား လွှဲအပ်တော်မူပါ။ တပည့်တော်သည် သံဃာ့ကိစ္စဟူသမျှကို ရှေးမူမပျက် ဆက်လက်ဆောင်ရွက်သွားပါမည်- ဟု ရှင်ဒေဝဒတ်က လျှောက်ထားသတဲ့။

အပေါ်ယံက ကြည့်လျှင်တော့ စေတနာကောင်းဖြင့် လျှောက်ထားသယောင်ယောင်ရှိ သော်လည်း တကယ်စင်စစ်ကတော့ ဘုရားရာထူးကို အလိုရှိသဖြင့် သွယ်ဝိုက်ကာ လျှောက်ထားခြင်း ဖြစ်တယ်နော်။ တော်တော်လာတဲ့ ဒေဝဒတ်ပါဘဲ။ ရှင်ဒေဝဒတ်ရဲ့ အမူအရာအားလုံးကို သေချာစွာ သိထားပြီးဖြစ်သော မြတ်စွာဘုရားက–

အလံ ဒေဝဒတ္တ မာတေရုစ္စိ ဘိက္ခုသံဃံ ပရိဟရိတုံ။ (ဝိနယ- စူဠဝဂ္ဂ- ၃၄၇)။

ဒေဝဒတ္တ၊ ဒေဝဒတ်။ အလံ၊ မသင့်လျော်ပေ။ တေ၊ အသင်သည်။ ဘိက္ခုသံဃံ၊ ရဟန်း အပေါင်းတို့။ ပရိဟရိတုံ၊ အစဉ်မပျက် ဆောင်ရွက်ခြင်းငှာ။ မာရုစ္စိ၊ စွဲစွဲမက်မက် မနှစ်သက် လေလင့်- ဟု မိန့်ကြားတော်မူကာ ရှင်ဒေဝဒတ်၏စကား ပယ်ချတော်မူလိုက်တယ်။

ယင်းကဲ့သို့ မြတ်စွာဘုရားက လက်ခံတော်မမူဘဲ ပယ်ချပါသော်လဲ ရှင်ဒေဝဒတ်က ဇွဲမလျှော့သေးဘဲ သုံးကြိမ်သုံးခါတိတိ ဆက်လက်ပြီး လျှောက်ထားလေသတဲ့။ တော်တော်လဲ ဇွဲကြီးတာဘဲနော်။ ဇွဲကြီးချင်လျှင်လဲ ဇွဲကြီးပေမယ်ပေါ့။ ဘုရားအာဏာကို ရချင် လိုချင်တာကိုး။ "မတ္တံ ဇာနေယျ ပဏ္ဍိတော" – "ပဏ္ဍိတော၊ ကြောင်းကျိုးမြော်မြင်, ပညာရှင်သည်။ မတ္တံ၊ သေချာချင့်နှိုင်း, အတိုင်းအရှည်ကို။ ဇာနေယျ၊ ထောက်ဆတိုင်းထွာ သိလေရာ၏"တဲ့။ ကိုယ်နှင့်သင့်လျော်တဲ့ အတိုင်းပမာဏကိုမသိလျှင် ဆင်းရဲခြင်း တာရှည်တတ်တယ်နော်။

ဒါ့ကြောင့် ပညာရှိမှန်က ကိုယ့်အတိုင်းအရှည်ပမာဏကိုသိရမယ်လို့ ဆိုထားတာမဟုတ်လား။ ယခု ရှင်ဒေဝဒတ်အား သံဃာကိစ္စအဝဝကို သူ့အားလွှဲအပ်ရန် သုံးကြိမ်သုံးတန်ပင် ဆက်လျှောက်လေသတဲ့။ မြတ်စွာဘုရားကလဲ သုံးကြိမ်သုံးတန်လုံးပင် ပယ်ချတော်မူပြီးနောက် ဆက်လက်၍

သာရိပုတ္တ မောဂ္ဂလာနာနမ္ပိ ခေါ အဟံ ဒေဝဒတ္တ ဘိက္ခုသံဃံ နနိဿဇ္ဇေယျံ၊
ကိံ ပန တုယှံ ဆဝဿခေဠာသကဿ၊ (ဝိနယ- စူဠဝဂ္ဂပါဠိ– ၃၄၇)။

ဒေဝဒတ္တ၊ ဒေဝဒတ်။ ခေါစင်စစ်။ အဟံ၊ ငါဘုရားသည်။ သာရိပုတ္တမောဂ္ဂလာနာနမ္ပိ၊ သာရိပုတ္တာ၊ မောဂ္ဂလာန်တို့ အားသော်လည်း။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ နနိဿဇ္ဇေယျံ၊ စွန့်တော်မမူပေ။ ဆဝဿ၊ ယုတ်မာသော။ ခေဠာသကဿ၊ တံထွေးကိုမျိုချသော။ တုယှံ၊ သင်အား။ ကိံ ပန နဿဇ္ဇေယျံ၊ အဘယ်မှာလျှင် စွန့်တုံအံ့နည်း။

ဤကဲ့သို့ မြတ်စွာဘုရားက ပြတ်ပြတ်သားသား မိန့်ကြားတော်မူလိုက်တယ်။

ခေဠာသကဿ၊ တံတွေးကိုမျိုသော- ဆိုတဲ့ စကားရပ်နှင့်ပတ်သက်ပြီး အဋ္ဌကထာ ဖွင့်ပြထားချက်ဟာ အလွန်မှတ်သားစရာကောင်းလှပါတယ်၊ ဒါ့ကြောင့်- အဋ္ဌကထာဖွင့်ဆိုချက်ကို နည်းနည်းကလေးရောစွက်ပြီး ပြောရအုံးမယ်။ (ဒကာကြီး ဦးစိန်ရှဲ)။ သေသေချာချာသတိထားပြီး မှတ်သားထားကြစမ်းပါ။ အဋ္ဌကထာမှာ ဖွင့်ဆိုထားတာကတော့-

ခေဠာ သကဿာတိ ဧတ္ထမိစ္ဆာဇီဝေန ဥပ္ပန္နပစ္စယာ အရိယေဟိ ဝန္တဗ္ဗာ ခေဠသဒိသာ၊
တထာရူ ပေ ပစ္စယေ အယံ အဇ္ဈော- ဟရတီတိ ကတွာ "ခေဠာသကော"တိ-
ဘဂဝတာဝုတ္တော။ (စူဠဝဂ္ဂအဋ္ဌကထာ- ၁၁၁)။

ခေဠာသကဿာတိဧတ္ထ၊ ခေဠာသကဿ ဟူသော ဤစကားရပ်၌။ မိစ္ဆာဇီဝေန၊ မှားယွင်းသော အသက်မွေးခြင်းဖြင့်။ ဝါ၊ တရားယွင်းပျက်သက်သက် ယုတ်မာသော အသက်မွေးခြင်းဖြင့်။ ဥပ္ပန္နပစ္စယာ၊ မချမှန်စွာ ဖြစ်ပေါ်လာကုန်သော ပစ္စည်းတို့သည်။ အရိယေဟိ၊ အရိယာသူတော်ကောင်းတို့သည်၊ ဝန္တဗ္ဗာ၊ စက်ဆုတ်ဘွယ်မှန်, ထွေးအံ့အပ်ကုန်သော။ ခေဠသဒိသာ၊ ရွံဘွယ်အဝေး, တံတွေးနှင့်တူကုန်၏။ အယံ၊ ဤဒေဝဒတ်သည်။ တထာရူပေ၊ ထိုသို့သဘော ရှိကုန်သော။ ပစ္စယေ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး,လေးပါးသောပစ္စည်းတို့ကို။ အဇ္ဈောဟရတိ၊ မြိန်မြိန်ရှက်ရှက်, စွဲမက်နှစ်လို, စားမျိုလေ၏။ ဣတိကတွာ၊ ဤသို့ဖြစ်မှုနှလုံးပြု၍။ ခေဠာသကောတိ၊ တံတွေးကိုမျိုသောသူဟူ၍။ ဘဂဝတော၊ ဘုန်းတော်သခင်, ဘုရားရှင်သည်။ ဝုတ္တော၊ ဓမ္မလမ်းကြောင်း, မတိမ်းစေခြင်းအောင်, ငြိမ့်ခြောင်းသံချွေ, မိန့်ကြားတော်မူအပ်လေသတည်း။

(ဒကာကြီး ဦးစိန်) မြတ်စွာဘုရားရဲ့ အလိုတော်အားဖြင့်ဆိုလျှင် သာသနာတော် လမ်းစဉ်နှင့် ဆန့်ကျင်ပြီး နှစ်ဆယ့်တပါးသော မသင့်လျော်သော ရှာမှီးခြင်းတို့ဖြင့် ရရှိအပ်သော,မှားယွင်းသော အသက်မွေးခြင်းဖြင့် ဖြစ်ပေါ်လာသော ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး-လေးပါးသောပစ္စည်းတို့ဟာ ဘုရား စသော အရိယာ သူတော်ကောင်းတို့ စွန့်ပစ်အပ်သော တံတွေးနှင့် တူကြသတဲ့။

ထိုကဲ့သို့ ဖြစ်ပေါ်လာသော ပစ္စည်းတို့ကို စားသောက်,သုံးစွဲသောသူကိုတော့ မြတ်စွာဘုရားအလိုအားဖြင့် တံတွေးကိုမျိုသောသူ လို့ ဆိုလိုသတဲ့ နော်၊ အလွန် ကြောက်လန့်ဘွယ် ကောင်းတာဘဲကလား၊ ဒါကြောင့် တဘဝ, တသက်တာအတွက်နှင့် မှားယွင်းချက် မနက်ရှိုင်းရအောင် သတိထားသင့်ကြပေတယ်ပေါ့၊ ကဲ-ကဲ-ရှိစေတော့- မိတ္တဇိဝအကြောင်းကို ပြောနေလျှင် တရားမျောသွားပေတော့မယ်၊ တထောက်နားပြီး ရှေ့ဆက် သွားကြဦးစို့ရဲ့။

ထိုကဲ့သို့ မြတ်စွာဘုရားက တံတွေးစားသူအဖြစ် ပြောဆိုလေလျှင် ရှင်ဒေဝဒတ်ဟာ မြှော်လင့်ချက်တွေ ပျက်ပြားပြီး အလွန်ပင် အံ့အားသင့်သွားတယ်တဲ့၊ မြတ်စွာဘုရားသည် ငါ့ကို မင်းနှင့်တကွသော ပရိသတ်အလယ်မှာ တံတွေးကို စားမျိုသောသူ-ဟူသော စကားဖြင့် မောင်းမဲတော်မူဘိ၏၊ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ကိုသာလျှင် ချီးမြှောက်တော်မူ၏၊ ငါ့ကိုမူ မညှာမတာ နှိမ့်ချတော်မူ၏။ ဒေါသအမျက် ချောင်းချောင်းထွက်ပြီး နှလုံးမသာ မယာဖြင့် မြတ်စွာဘုရားကို ရှိခိုးဦးချကာ လကျ်ာရစ်လှည့်ပြီး ရှောင်ခွာ ထွက်သွားလေသတဲ့။

ထိုစဉ်အခါမှစပြီး ရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားအပေါ်မှာ ရန်ငြိုးဖွဲ့လေတော့တယ်။ မြတ်စွာဘုရား၏ ဆန့်ကျင်ဘက်ကို အမြဲလုပ်နေတော့တာဘဲတဲ့။ ဒေဝဒတ်ဟာ မြတ်စွာဘုရားကို ဆန့်ကျင်ဘက်သာ လုပ်နေတာ-တကယ် သေချစစ်လိုက်တော့ မြတ်စွာဘုရားက မယ်တော်မာယာရဲ့သားတော်၊ ရှင်ဒေဝဒတ်က သုပ္ပဗုဒ္ဓဘုရင်ရဲ့ သားတော်၊ မယ်တော်မာယာနှင့် သုပ္ပဗုဒ္ဓဆိုတာက မောင်နှမအရင်း, ခေါင်းနင်းဆင်းဘက်တွေ—

ဒါကြောင့် ဘုရားနှင့် ဒေဝဒတ်ဟာ ညီနောင်ဝမ်းကွဲဘဲ ရှိသေးတယ်၊ နောက်ပြီးတော့ ဘုရားမဖြစ်ခင် သိဒ္ဓတ္ထမင်းသားဘဝက ဒေဝဒတ်ရဲ့ နှမအရင်း ယသောဓရာမင်းသမီးကို ယူထားသဖြင့် ယောက်ဖတော်အရင်းလဲ ဖြစ်သေးတယ်နော်။ ရဟန်းပြုပြန်တော့လဲ တကဲ့ စေတနာ ထက်သန်စွာဖြင့် သာကီမင်းသား ညီနောင်များဖြစ်ကြသော ရှင်ဘဒ္ဒိယ,ရှင်အနုရုဒ္ဓါ,ရှင်အာနန္ဒာ,ရှင်ဘဂု,ရှင်ကိမိလ,ရှင်ဒေဝဒတ်၊ ဆတ္တာသည်ဖြစ်သော ရှင်ဥပါလိ-တို့ ခုနစ်ဦး အတူတကွ ရဟန်းပြုလာကြတာကိုး။ သို့သော်လဲ သံသရာ ဘဝအဆက်ဆက်က ပါလာတဲ့ ရန်ငြိုးဆိုတော့လဲ ပျက်ပြယ်ရိုးထုံးစံမရှိဘူးပေါ့လေ။

ရာဇဂြိုဟ်ပြည်ရှင် ဘုရင် အဇာတသတ်နှင့် အကျွမ်းဝင်အောင် ပြုလုပ်ပူးပေါင်းပြီး အမျိုးမျိုးအနှောက်အယှက်ပေးခဲ့ခြင်း, ဂိဇ္ဈကုဋ်တောင်ပေါ်၌ စင်္ကြံန်လျှောက်နေတော်မူသောမြတ်စွာဘုရား၏ အသက်ကိုဖြိုခွင်းရန် တောင်ထွဋ်အထက်မှ ကျောက်ယန္တယားစက်ဆင်ကာ ချပြီး အသက်အန္တရာယ်ပေးခဲ့ခြင်း, ကြမ်းတမ်းလှစွာသော နာဠာဂိရိဆင်ကြီးကို ဘုရားရှင်အား နင်းခြေထိုးသတ်ရန် လွှတ်ပေးခြင်း,ဆင်နှင့် တိုက်ခြင်းတို့သည် ရှင်ဒေဝဒတ်ရဲ့ လက်ချက်ချည်း ဖြစ်သတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။

ဒါကြောင့်မို့ နာဠာဂိရိဆင်ပြောင်ကြီးက မြတ်စွာဘုရားကို ထိုးသတ်ရန် ချဉ်းကပ်လာခြင်းသည် ရှင်ဒေဝဒတ်ရဲ့လက်ချက်-ဟု စွဲစွဲမြဲမြဲ မှတ်ထားခဲ့ကြရမယ်-နော်။

ကဲ-ကဲ-ယခုအခါကစပြီး နာဠာဂိရိဆင်ပြောင်ကြီးနှင့် မြတ်စွာဘုရား-တည်းဟူသော ဆင်မင်းတို့ စစ်ခင်း ယှဉ်ပြိုင်တဲ့အကြောင်းကို ဟောကြားကြစို့ရဲ့။

အခါတပါးဝယ် ရာဇဂြိုဟ်ပြည်၌ နာဠာဂိရိမည်သော ဆင်ပြောင်ကြီးတကောင် ရှိသတဲ့။ ထိုဆင်ကြီးဟာ ရက်စက်ကြမ်းကြုတ်တယ်၊ တွေ့သမျှလူကိုလဲ လိုက်လံ ထိုးသတ်,တက်နင်းသတ်တတ်တယ်တဲ့၊ သူ့ရဲ့ ဆင်ဆရာတွေ, ဆင်ထိန်းတွေပင် အလွန်တရာ သတိထားပြီး ဘုရားတ, ကိုင်နေရတဲ့ ဆင်ပြောင်ကြီး ထင်ပါရဲ့-နော်။

ယခုခေတ်မှာ အချို့ လူကို နင်းသတ်, ထိုးသတ် တတ်တဲ့ ဆင်တွေ ရှိတာဘဲမဟုတ်လား၊ ဒါကြောင့် သစ်ဆုတ်တဲ့ ဆင်အုပ်တွေ ရောက်လာယင် အချို့ဆင်တွေကို ကိုးလောင်းကျော်, ဆယ်လောင်းကျော်-စသည်ဖြင့် ခေါ်သံများကို ကြားရဘူးပါတယ်၊ ဒီလို ဆင်ဆိုး, ဆင်ကြမ်းကြီးတွေ ပါလာယင် ကလေးသူငယ်တွေ အထူးသဖြင့် သတိပေးထားကြရတာကိုး။

ယခုလဲ ဒီနာဠာဂိရိဆင်ကြီး ဘယ်ကလောက်များ ရက်စက် ကြမ်းကြုတ်ပါသလဲဆိုတာ သေသေချာချာ နားထောင်ကြစမ်းပါဦး။

နာဠာဂိရိ ဂဇော စဏ္ဍော၊ အသနိဝ သုဒါရုဏော။
ဒိဋ္ဌေဒိဋ္ဌေ မနုဿေပိ၊ ဃာတေတိ ဟတ္ထပါဒေဟိ။        (ရစနာဂါထာ)။

နာဠာဂိရိဂဇော၊ ရာဇဂြိုဟ်ပြည်တွင်း,သတင်းကြီးဘိ နာဠာဂိရိ, အမည်ရှိသော,ဆင်ပြောင်ကြီးသည်။ စဏ္ဍော၊ ယုတ်မာရိုင်းပြ, ကြမ်းတမ်းလှ၏။ အသနိဝ၊ တွေ့ထိသမျှ, ပြာကျပျက်စီး, လောင်မီးရောစွက်,မိုးကြိုးစက်ကဲ့သို့။ သုဒါရုဏော၊ ကြောက်ဘွယ်လန့်ဘွယ်,အသွယ်သွယ်ရောပြွမ်း, အလွန် ကြမ်းတမ်းလှပေ၏။ ဒိဋ္ဌေဒိဋ္ဌေ၊ သွားလာမဆိုင်း, တွေ့မြင်တိုင်း, တွေ့မြင်တိုင်းကုန်သော။ မနုဿေပိ၊ တိုင်းသားပြည်သူ, လူအများတို့ကိုလည်း။ ဟတ္ထပါဒေဟိ၊ နှာမောင်း, ခြေတို့ဖြင့်။ ဃာတေတိ၊ ထိုးသတ်နင်းခြေ, ထွေထွေညှင်းဆဲ, အစွမ်းကုန်ကြဲလျက်, မလွဲလတ်လတ်, သတ်ဖြတ်လေတော့သတည်း။

ရာဇဂြိုဟ်ပြည်မှ နာဠာဂိရိ အမည်ရှိသော ဆင်ပြောင်ကြီးသည် မိုးကြိုးစက်ကဲ့သို့ အလွန် ရက်စက်ကြမ်းကြုတ်လှပေသည်။ တွေ့မြင်သမျှသော လူအများကိုလဲ လက်-ဟု ခေါ်သော နှာမောင်းဖြင့် ထိုးသတ်ခြင်း, ခြေတို့ဖြင့် နင်းခြေ သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်တတ်သတဲ့။ သို့အတွက်ကြောင့် ရာဇဂြိုဟ်ပြည်ပေါ်မှာ ဆင်ဆိုး,ဆင်ကြမ်း,ဆင်သရမ်းကြီးအဖြစ်ဖြင့် လွန်စွာ ကျော်ကြားလှတယ် ဆိုပါကလား။

သာမည အရပ်သားပိုင်, သူဌေးသူကြွယ်ပိုင်ဖြစ်တဲ့ ဆင်ဆိုယင်လဲ ဒီလောက် ဆိုးသွမ်း ကြမ်းတမ်း ရက်စက်နေယင် ရှင်းလင်းပြီးတာ ကြာရောပေါ့။ ယခုတော့ မင်းသုံးတဲ့ စီးတော်ဆင်ဆိုတော့ ဘယ်သူမှ မော်လို့တောင် မကြည့်ဝံ့ကြဘူး ဆိုကိုး။ ဘုရင်ပိုင်ပစ္စည်း ဖြစ်နေ၍လဲ ဒီလို ထင်သလို ဆိုးခွင့်,ကြမ်းခွင့် ရနေတယ် ထင်ပါရဲ့ နော်။

**ဆောင်ပုဒ်။** ။နာဠာဂိရိ-မည်ရှိမင်းဆင်၊ မိုးကြိုးသွားသို့-ထူးခြားကြမ်းလျှင်။
တွေ့မြင်ရငြား-လူများကိုပင်၊ လက်ခြေသုံး-ခြေမှုန်းသတ်ဖြတ်အင်။

ယင်းကဲ့သို့ နာဠာဂိရိမည်သော ဆင်ပြောင်ကြီးသည် တွေ့မြင်တိုင်းသော လူများကိုပင် လိုက်၍ ထိုးသတ်,နင်းသတ်တတ်တဲ့အကြောင်းကို ရှင်ဒေဝဒတ် ကြားသိလေလျှင် အကြံသစ်,ဉာဏ်သစ်တွေ ပေါ်လာသတဲ့၊ အဲဒီအကြံကတော့ မြတ်စွာဘုရားကို နာဠာဂိရိဆင်ကြီးနှင့် တိုက်သတ်ရန် ဖြစ်ပေတယ်၊ ရက်စက်ပါပေ့ ဒေဝဒတ်ရယ်-လို့ ဆိုလောက်စရာကောင်းတဲ့ သူပါဘဲ နော်။

ဖခင်ဘုရင်ကြီးကိုသတ်ပြီး နန်းရပ်ကိုယူကြတဲ့ ရှေးတုန်းက ဘုရင်များလို ရှင်ဒေဝဒတ်ကလဲ မြတ်စွာဘုရားကို သတ်ဖြတ်ပြီး ဘုရားလုပ်ချင်တဲ့သူဘဲ မဟုတ်လား။ "လုဒ္ဓေါ အတ္ထံ နဇာနာတိ" လုဒ္ဓေါ၊ အလိုရမက်,နှိပ်စက်သောသူသည်။ အတ္ထံ၊ အကြောင်းအကျိုးကို။ နဇာနာတိ၊ မသိနိုင်ပေ" ဆိုတဲ့စကားဟာ အလွန်မှန်လှပါကလားနော်။

ရှင်ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဝင်၍ ဆင်တင်းကုတ်သို့ သွားရောက်ပြီး ဆင်ထိန်းတို့ကို-

မယံ ခေါ ဘဏေ ရာဇ ဥာတကာနာမ ပဋ္ဌိဗလာ နီစဋ္ဌာနိယံ ဥစ္စဋ္ဌာနေ ဌပေတိ၊ ဘတ္တမ္ပိ ဝေတနမ္ပိ ဝဍ္ဍာပေတိ။ တေနဟိ ဘဏေ ယဒါ သမဏော ဂေါတမော ဣမံ ရစ္ဆံ ပဋိပန္နော ဟောတိ၊ တဒါ ဣမံ နာဠာဂိရိဟတ္ထိံ မုဥ္စိတွာ ဣမံ ရစ္ဆံ ပဋိပါဒေထ။ (ဝိနယ-စူဠဝဂ္ဂ ပါဠိ-၃၅၆)။

ဟူ၍ ပြောဆို တိုက်တွန်းလေတော့တယ်။ အဓိပ္ပါယ်ကတော့-

ဒါယကာ ဆင်ထိန်းတို့၊ စင်စစ်အားဖြင့် ငါတို့သည် မင်းကျွမ်းဝင်သောသူတို့ ဖြစ်ကြတယ်၊ ရာထူးနိမ့်သော သူတို့ကို ရာထူးမြင့်သောအရာ၌ ထားပေးခြင်းငှာ စွမ်းနိုင်ကြပေတယ်။ ထမင်း ရိက္ခာ (ဝါ) လစာရိက္ခာ တိုးပွားအောင်လည်း ပြုနိုင်ကြတယ် ဒါယကာ ဆင်ထိန်းတို့။

သို့ဖြစ်၍ ရဟန်းကြီးဂေါတမသည် ဤလမ်းကို သွားလာသောအခါ ဤ နာဠာဂိရိအမည်ရှိသော ဆင်ပြောင်ကြီးကို လွှတ်၍ ဤလမ်းကို ပြီးစေကြလော့-ဟု ပြောဆိုလေလျှင် ဆင်ထိန်းတို့ကလည်း "ကောင်းပါပြီ အရှင်ဘုရား"ဟု ဝန်ခံကြလေသတဲ့။

ဝန်ခံကြပေမယ်ပေါ့၊ ရှင်ဒေဝဒတ်ဟာ အဇာတသတ်မင်းရဲ့ မင်းကျွမ်းဝင်သော ဆရာရဟန်းတော်တပါးဆိုတာ သူတို့ သိကြပြီးဘဲ မဟုတ်လား၊ ပြီးတော့ ရှင်ဒေဝဒတ်ကလဲ ရာထူးတိုးတက်အောင် ဆောင်ရွက်ပေးမယ်-ဟု ပြောဆိုနေပြီကော။ လခစား ဆိုတော့လဲ ရာထူးရာခံ တိုးတက်မှုကို ဘယ်သူ မလိုချင်ဘဲ ရှိပါ့မလဲ။

ရှင်ဒေဝဒတ်သည် အဇာတသတ်မင်းကြီးထံသို့လည်း ချဉ်းကပ်ပြီးလျှင် - ရဟန်းဂေါတမ၏ တင့်တယ်သော ရုပ်အဆင်းတော်ကို မြင်ရလျှင် လူသားဆိုပါက ဘယ်သူမှ ချဉ်းကပ်ဝံ့မည် မဟုတ်ပေ။ သင်မင်းကြီး၏ နာဠာဂိရိဆင်ပြောင်ကြီးသည် ခက်ထန် ကြမ်းကြုတ်၏၊ လူတို့ကိုလည်း သတ်တတ်၏၊ ဘုရား,တရား,သံဃာတို့၏ ဂုဏ်ကျေးဇူးတို့ကိုလည်း မသိတတ်ပေ၊ ထို နာဠာဂိရိဆင်ပြောင်

သည် ရဟန်းဂေါတမ၏ အသက်ဇီဝိန်ကို ဖြိုခွင်းနိုင်ပေလိမ့်မည်၊ ညှဉ်းဆဲ သတ်ဖြတ်နိုင်ပေလိမ့်မည်-ဟု ပြောဆိုပြန်လေသတဲ့။

အဇာတသတ်မင်းကလဲ သူ့ရဲ့ဆရာက အမိန့်ရှိသဖြင့်"ကောင်းပါပြီ"ဟု ဝန်ခံလျှောက်ကြားပြီးနောက် ဆင်ဆရာကို ခေါ်ယူပြီးလျှင်–

သမ္မ သေ့ နာဠာဂိရိံ မတ္တံ ကတွာ ပါတော၀ သမဏေန ဂေါတမေန ပဋိပန္န ဝီထိယံ ဝိဿဇ္ဇေဟိ။ (ဇာတက ဋ္ဌ-ပ-စူဠဟံသဇာတက–၃၅၅)။

သမ္မ၊ အချင်းဆင်ဆရာ။သေ့၊ နက်ဖြန်။ နာဠာဂိရိံ၊ နာဠာဂိရိအမည်ရှိသောဆင်ကို။ မတ္တံ၊ အရက်သေစာ ကောင်းစွာသောက်စား မိုက်မှားလွန်ကျူး ယစ်မူးသည်ကို။ ကတွာ၊ မှန်စွာအဟုတ်ပြုလုပ်၍။ ပါတော၀၊ အချိန်ကာလ, နံနက်စောစောကပင်လျှင်။ သမဏေနဂေါတမေန၊ အသွင်ဘင့်ဆန်း, ရဟန်းဂေါတမနှင့်။ ပဋိပန္နဝီထိယံ၊ ရှေ့ရှုဖြည်းဖြည်း, သွားသောခရီး၌။ ဝိဿဇ္ဇေဟိ၊ မယွင်းမမှား လွှတ်ထားပါလေလော့။

ဤကဲ့သို့ပြောဆိုပြီးခါ အမိန့်ပေးလိုက်လေသတဲ့။ ဆရာနှင့်ဒကာ အတိုင်အဖောက် ညီပါပေ့လို့ ချီကျူးစရာဘဲနော်၊အဇာတသတ်မင်းလဲ သူ့ဆရာရှင်ဒေဝဒတ်ပြောတဲ့အတိုင်း ပါပြီး လိုက်သုပ်နေတော့တာဘဲနော်။ ဘခင်ရင်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးကိုလဲ ရှင်ဒေဝဒတ်တိုက်တွန်းချက်ဖြင့် သတ်ခဲ့ပြီးပြီ၊ ယခု အဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုသက်ဖြတ်ရန် စီစဉ်နေပြန်ပြီ။ ဒါကြောင့် ရှေးသူကြီးများက–

"ကုန်ရှုံးလျှင်တခေါက်၊ လင်ကုန်ရှုံးတော့ တသက်လုံးမှောက်၊ ဆရာမှားတော့ တသံသရာလုံးမှောက်"လို့ ပြောဆိုဆုံးမကြတာမဟုတ်လား- (ဒကာကြီး ဦးစိန်ရဲ့)။ သည်အတိုင်းတာဆိုလျှင် အဇာတသတ်မင်းလဲ ဆရာကိုးကွယ်မှုမှားပြီး မသင့်တာကြံ, မမှန်တာလုပ်, သံသရာမှာ မှန်စွာမြုပ်ရရှာတော့မယ်။ ဒါ့ကြောင့် ဆရာရှာပြီးကိုးကွယ်တယ်ဆိုတာ လွန်စွာမှ အရေးကြီးတာကလား။

ဆောင်ပုဒ်။ ခုရေး,နောင်ရေး-မြှော်တွေးခါခါ၊အကျင့်ကောင်း-အကြံကောင်း-ဆရာကောင်းကိုရှာ။
မှီခိုဝတ်တွား-ကျင့်ပွားလေရာ၊ ခု နောင်ကောင်း-အပေါင်းလွန်ချမ်းသား။

ပစ္စုပ္ပန်အတွက်ရော သံသရာအတွက်ပါ ဆရာကောင်းလိုအပ်တဲ့အကြောင်းကို ဒို့ ဒကာဒကာမတွေ ကောင်းကောင်းကြီး သိကြပြီးဖြစ်ပါလိမ့်မယ်နော်။ အကျယ်မချဲ့တော့ပါဘူး။

ရှင်ဒေဝဒတ်ကိုယ်တော်လဲ အလုပ်ကိစ္စ လွန်စွာများနေတော့တာပေါ့။ ဆင်တင်းကုတ်သို့ သွား၍ "နေ့စဉ်နေ့တိုင်းမှာ ဒီနာဠာဂိရိဆင်ကြီးသည် အရက် ဘယ်လောက်သောက်သနည်း" ဟု ဆင်ထိန်းကိုမေးမြန်းလေလျှင် "နေ့တိုင်းတော့ အရက်ရှစ်လုံး ကုန်အောင်သောက်ပါသည်ဘုရား"ဟု ပြောဆိုလျှောက်ထားတဲ့အခါ–

တေ နဟိ သေ့ တံ့ တံ သောဠသဃဋ္ဋေ ပါယေတွာ သမဏေနဂေါတမေန ပဋိပန္န ဝီထိယံ အဘိမုခံ ကရေယျာသိ။ (ဇာတကဌ-မ-၃၆၇)။

တေနှ်ဟိ၊ ထိုသို့ဖြစ်လျှင်။ သေ့၊ နက်ဖြန်၌။ တွံ၊ သင်ဆင်ထိန်းဒါယကာသည်။ တံ၊ ထို နာဠာဂိရိဆင်ပြောင်ကြီးကို။ သောဠသဃင္ဍေ၊ တဆယ့်ခြောက်လုံးသော အရက်တို့ကို။ ပါယေတွာ၊ သောက်စေ၍။ သမဏောနဂေါတမေန၊ ရဟန်းကြီးဂေါတမနှင့်။ ပဋိပန္နဝီထိယံ၊ တူရူဖြည်းဖြည်း သွားသောရောင်း၌။ အဘိမုခံ၊ ရှေ့ရှု။ ကရေယျာသိ၊ ညှာတာသောက်ထား, မစဉ်းစားဘဲ, ပျက်ပြား စေမှု, အမှန်ပြုလေရာသတည်း။

ရှင်ဒေဝဒတ်က ဆင်ထိန်းထံသို့သွား၍ နက်ဖြန်နံနက်တွင် ထိုနာဠာဂိရိဆင်ကို နေ့စဉ် တိုက်နေကျ အရက်ရှစ်အိုးထက် တဆတိုးပြီး တဆယ့်ခြောက်အိုးအထိတိုက်ရန် ပြောဆိုမှာကြား ဇီစဉ်နေစဉ်မှာ အဇာတသတ်မင်းကြီးကလဲ စည်လှည့်ကာကြေငြာလျက် မြို့သူမြို့သားတွေကို "နက်ဖြန် တွင် နာဠာဂိရိဆင်ကြီးကို အရက်မူးအောင်တိုက်၍ မြို့တွင်း၌လွှတ်ထားမည်၊ မြို့သူမြို့သားအပေါင်း တို့သည် နံနက်စောစောကပင် ပြုလုပ်ရမည့်ကိစ္စများကို ပြီးအောင်ပြုလုပ်၍ လမ်းပေါ်သို့ မထွက် ကြကုန်လင့်"ဟု သတိပေးနေလေသတဲ့။

ရှင်ဒေဝဒတ်သည် နံနက်စောစောကပင်လျှင် မင်းနန်းတော်မှဆင်း၍ ဆင်တင်းကုတ်သို့ သွားပြီး ဆင်ထိန်းတို့ကို ခေါ်ယူ၍–

ဒါယကာဆင်ထိန်းတို့ ငါတို့သည် ရာထူးနိမ့်သောသူကို ရာထူးမြင့်လာအောင် ရာထူး မြင့်သောသူကိုလည်း ရာထူးနိမ့်သွားအောင် ပြုလုပ်နိုင်ပေတယ်။ အကယ်၍ စည်းစိမ်ဥစ္စာဖြင့် အလို ရှိအံ့၊ နက်ဖြန် နံနက်စောစောကပင် နာဠာဂိရိဆင်ပြောင်ကြီးကို အလွန်ပြင်းထန်လှသော အရက် တဆယ့်ခြောက်အိုးတို့ကို တိုက်ပြီးလျှင် ရဟန်းကြီးဂေါတမ လာသောအခါ ချွန်း, လှံမတို့ဖြင့် ထိုးခုတ်၍ လွန်စွာအမျက်ထွက်စေ၍ ဆင်တင်းကုတ်ကိုဖောက်ဖျက်ပြီး ရဟန်းကြီးဂေါတမ ကြွလာ သော လမ်းခရီးသို့ ရှေ့ရှုပြု၍ ရဟန်းကြီးဂေါတမကို အသက်ထွက်အောင် ပြုလုပ်လေလော့၊ ဝါ-ဆင်နှင့်ဘိုက်၍ သတ်လေလော့-ဟု ပြောဆိုတိုက်တွန်းလိုက်တယ်။

ဆင်ထိန်းတို့ကလည်း "ကောင်းပါပြီ အရှင်ဘုရား"ဟု ဝန်ခံ လျှောက်ထားကြလေသတဲ့၊ ရှင်ဒေဝဒတ်ကတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံသွားမှ အေးမှာဘဲ-ဟု ဆုံးဖြတ်ကာ မြတ်စွာ ဘုရားအား သတ်ဖြတ်ရန် ပြင်းပြင်းထန်ထန် စိမံကြိုးစားပြီး နေတော့တာဘဲ နော်။ ရန်သူဆို အရှင် မထားဘူး-ဆိုတဲ့ စိတ်မျိုးကလား၊ အလွန်ကြောက်လန့်ဘွယ် ကောင်းပါဘိတော့။

ထိုသတင်းဟာ ရာဇဂြိုဟ်တမြို့လုံး ပြန့်နှံ့ပြီး သွားတော့သတဲ့။ ရတနာသုံးပါးကို လေးစား မြတ်နိုးကြသော ဒါယကာများ ထိုသတင်းစကားကို ကြားသိလေလျှင် မြတ်စွာဘုရားထံသို့ လာ ရောက် ချဉ်းကပ်ကြပြီး–

"မြတ်စွာဘုရား-ရှင်ဒေဝဒတ်သည် အဇာတသတ်နှင့် ပူးပေါင်း၍ နက်ဖြန်ကာ အရှင်ဘုရား တို့ ဆွမ်းခံရာလမ်း၌ နာဠာဂိရိဆင်ဆိုးကြီးကို လွှတ်ထားပါလိမ့်မည်၊ နက်ဖြန် ဆွမ်းခံ ကြွတော်မမူ ဘဲ ကျောင်း၌သာ သီတင်းသုံးတော်မူကြပါ၊ တပည့်တော်တို့သည် ကျောင်းမှာပင် မြတ်စွာဘုရား အမှူးရှိသော ရဟန်းအပေါင်းအား ဆွမ်းကပ်လှူကြပါမည်"ဟု လျှောက်ထားကြတယ်။

မြတ်စွာဘုရားကလဲ "နက်ဖြန်ခါ ငါဘုရား ဆွမ်းခံမကြွတော့"ဟု မိန့်ကြားတော်မမူဘဲ "ငါသည် နက်ဖြန်ခါ နာဠာဂိရိဆင်ကြမ်းကြီးကို ဆုံးမတော်မူ၍ တန်ခိုးပြာဋိဟာကိုပြပြီး တိတ္ထိတို့ကို

နှိမ်နင်းတော်မူမည်၊ ရာဇဂြိုဟ်မြို့၌ ဆွမ်းခံလှည့်လည်ခြင်းမပြုဘဲ ရဟန်းအပေါင်း ခြံရံကာ မြို့မှ ထွက်၍ ဝေဠုဝန်ကျောင်းတော်သို့သာလျှင် ကြွလာတော်မူမည်”

ရာဇဂြိုဟ် မြို့သူမြို့သားတို့လည်း များစွာကုန်သော ဆွမ်းအိုးတို့ကို ယူဆောင်ပြီး ဝေဠုဝန် ကျောင်းတော်သို့ လာကြကုန်လိမ့်မည်၊ နက်ဖြန်ခါ ကျောင်းတော်၌သာလျှင် ဆွမ်းကိစ္စ ပြီးလိမ့် မည်” ဤသို့သောအကြောင်းကြောင့် ထိုဒါယကာတို့ လျှောက်ထားချက်ကို သည်းခံတော်မူလေပြီ၊ ဥပါသကာ(ဒါယကာ)တို့သည် မြတ်စွာဘုရား၏ သည်းခံတော်မူခြင်းကို သိကြ၍ ဆွမ်းအိုးတို့ကို ဆောင်ယူကုန်ပြီး “ကျောင်းတော်၌သာလျှင် ဆွမ်းအလှူကို လှူကြကုန်အံ့” ဟု ဖဲခွာသွားကြလေ တယ်တဲ့။ ဒါယကာတွေလဲ မြတ်စွာဘုရား နက်ဖြန်ခါ ဆွမ်းခံကြွမသွားတော့ပေ-ဟု ယူဆကာ ဝမ်း မြောက်သွားကြမှာပေါ့-နော်။

ဝမ်းမြောက်ဆို ဒီ နာဠာဂိရိဆင်ကြီးရဲ့ အကြောင်းကို ကောင်းကောင်းကြီး သိနေကြပြီး မဟုတ်လား၊ မြတ်စွာဘုရား ဆွမ်းခံမကြွဖြစ်တော့ နာဠာဂိရိဆင်ဆိုးကြီးရဲ့ ဘေးရန်က ကင်းသွား ပြီလို့ ယူဆကြတာကိုး၊ မိမိတို့ရဲ့ ကိုးကွယ် ဆည်းကပ်ရာ, ယုံကြည်လေးစား အားထားရာ ဖြစ်သော ဆရာသခင် မြတ်စွာဘုရားကို အန္တရာယ်ပြုကြမည်ဆိုတော့ အဘယ်သူမှ မလိုလားကြပေဘူးပေါ့။ သို့သော်လဲ မိမိတို့ကို စိုးမိုးအုပ်ချုပ်နေတဲ့ ဘုရင်အဇာတသတ်က ပါနေတော့လဲ ထူးထူးထွေထွေ တားမြစ်စောင့်ရှောက်မှု မပြုဝံ့ကြဘူး။

သို့အတွက်ကြောင့် မြတ်စွာဘုရားကို အသိပေး လျှောက်ထားခြင်း-ဆိုတဲ့ နည်းသမ်းတခုပဲ ရှိတော့တာကလား (ဒကာကြီး ဦးစိန်ရဲ့)။

နောက်နေ့ နံနက်လင်းလျှင် ရှင်တော်မြတ်ဘုရားက ရှင်အာနန္ဒာကို ခေါ်တော်မူပြီး “ယနေ့ ရာဇဂြိုဟ်မြို့ရှိ တဆယ့်ရှစ်ခုကုန်သော ကျောင်းတိုက်တို့၌ နေထိုင်သီတင်းသုံးကုန်သော ရဟန်းသံဃာ အားလုံးတို့ကို ငါဘုရားနှင့် အတူတကွ ရာဇဂြိုဟ်မြို့တော်သို့ ဝင်ရောက်ကြွမြန်းကြရန် ပြောကြား ဘို့အကြောင်းကို” မိန့်ကြားတော်မူတယ်။

ရှင်အာနန္ဒာမထေရ်ကလည်း မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့အတိုင်း တဆယ့်ရှစ်ရပ်သော ကျောင်းတိုက်တို့သို့ လှည့်လည်ပြောကြားသဖြင့် သံဃာအားလုံး ဝေဠုဝန်ကျောင်းတော်၌ စုဝေး ကြကုန်ပြီးနောက် မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ကြွမြန်းတော်မူသတဲ့ (ဒကာကြီး ဦးစိန်)။

ညချမ်းအခါမှာ ကြယ်တာရာအပေါင်း ခြံရံကာ ထွက်ပေါ်လာသော ရွှေလမင်းကြီးကဲ့သို့ အလွန်တရာ ကြက်သရေမင်္ဂလာနှင့် ပြည့်စုံတော်မူသဖြင့် ရှုမြင်ရသူ ပြည်သူပြည်သား လူအများတို့ သည် ဆီထိသော ဝါဂွမ်းကဲ့သို့ ရွှန်းအိ ကြည်နူးနေကြမှာပေါ့ နော်။ သေသေချာချာ မျက်စိမှိတ်ပြီး အာရုံပြုကြည့်စမ်းပါ၊ ကြည်နူး ဝမ်းမြောက်စရာကြီးပေါ့။

မြတ်စွာဘုရားက ရာဇဂြိုဟ်မြို့တွင်းသို့ ကြွလာသည်ဆိုလျှင် ဆင်ထိန်း, ဆင်ဆရာတို့ကလဲ ရှင်ဒေဝဒတ်နှင့် အဇာတသတ်တို့၏ အစီအစဉ်အဘိုင်း နာဠာဂိရိ ဆင်ဆိုး,ဆင်ကြမ်းကြီးကို အရက် သေစာ ကောင်းစွာတိုက်ပြီး ဘုရားရှင်ကြွမြန်းတော်မူသည့် လမ်းပေါ်မှာ လွှတ်ပေးကြသတဲ့။မြတ်စွာ

ဘုရား တည်းဟူသော ဆင်ပြောင်ကြီးနှင့် နာဠာဂိရိ - ဟူသော တိရစ္ဆာန်ကြမ်းတို့ အစွမ်းပြကြမည့် စစ်ပွဲကို ကြည့်ရှုရန် လာရောက်ကြတဲ့ ပရိသတ်ကြီးဟာ လွန်စွာ များပြားလှပေတယ်။

မြတ်စွာဘုရားကို ယုံကြည်မှုရှိကြကုန်သော သူတို့ကလည်း မြတ်စွာဘုရားက နာဠာဂိရိ မည်သော တိရစ္ဆာန် ဆင်ပြောင်ကြီးကို ဆုံးမတော်မူသည်ကို ကြည့်ရှုကြရန် စုဝေး လာရောက်သတဲ့။

အဇ္ဇဝ ဗုဒ္ဓနာဂဿ၊ တိရစ္ဆာနေန သင်္ဂါမော။
အနုပမာယ လီလာယ၊ ဒမနံ တဿ ဒက္ခာမ၊ (ရစနာ)။

ဘောန္တော၊ ဗုဒ္ဓဘာသာ, သမ္မာအယူ, ကြည်ဖြူလိုက်နာ, များစွာ ထောင်သောင်း, အိုလူအပေါင်းတို့။ အဇ္ဇဝ၊ နာရီနေ့ရက်, ရေတွက်ကြည့်လျှင်, ယနေ့ပင်လျှင်။ ဗုဒ္ဓနာဂဿ၊ သစ္စာလေးပါး,တရားသိမြင်,ဘုရားရှင် တည်းဟူသော ဆင်ပြောင်ကြီး၏။ တိရစ္ဆာနေန၊ နာဠာဂိရိ,အမည်ရှိလျက်,မသိကျေးဇူး,မိုက်ရူးကျင့်တန်, တိရစ္ဆာန်ဖြစ်သော, ဆင်ပြောင်ကြီးနှင့်။ သင်္ဂါမော၊ သူနိုင်ငါနိုင်,အပြိုင်အားခဲ,ရန်စစ်ပွဲသည်။ (ဘဝိဿတိ၊မုချမသွေ,ဖြစ်ပေလတ္တံ့။) အနုပမာယ၊ ဥပမာပုံခိုင်း, နှိုင်းတုစရာ မရှိပါသော။ လီလာယ၊ တန်ခိုးတော်သခင်, အချင်မြတ်ဘုရား၏, ထူးခြားအံ့ဘွယ်, တင့်တယ်တော်မူခြင်းဖြင့်။ တဿနာဂဿ၊ နာဠာဂိရိ,မည်ရှိစွဲပိုက်,ထိုဆင်မိုက်ကြီးအား။ (ဝါ)ထို ဆင်မိုက်ကြီးကို။ ဒမနံ၊ ရည်ညွှန်းပိုင်းခြား,မေတ္တာပွားသဖြင့်,တရားပြသ,ဆုံးမခြင်းကို။ ဒက္ခာမ၊ ထူးခြားကြုံလစ်,ထိုအဖြစ်ကို,စင်စစ်မသွေ,ကြည့်ရှုကြပေကုန်အံ့သတည်း။

မြတ်စွာဗုဒ္ဓ ဩဝါဒကို လိုက်နာကြသူ များဗိုလ်လူတို့ ယနေ့ပင်လျှင် ရှင်တော် မြတ်ဘုရားသည် နာဠာဂိရိမည်သော ဆင်ပြောင်ကြီးနှင့် အပြိုင်ယှဉ်တဲ့ စစ်ထိုးပွဲဖြစ်ပေလိမ့်မည်။ ဘုရားရှင်တို့၏ တင့်တယ်တော်မူခြင်းဖြင့် ထို နာဠာဂိရိဆင်မိုက်ကြီးအား ဆုံးမတော်မူသည်ကို ကြည့်ရှုကြကုန်အံ့–ဟု တိုက်ပေါ်, အိမ်မိုးပေါ် စသည်တို့သို့ တက်ရောက်ပြီး နေကြသတဲ့။

မြတ်စွာဘုရားကို မကြည်ညိုသူ မိစ္ဆာဒိဋ္ဌိ အယူရှိသူများကလဲ "ဤ နာဠာဂိရိ ဆင်ပြောင်ကြီးသည် ကြမ်းတမ်းလှ၏၊ ရက်စက် ကြမ်းကြုတ်လှ၏၊ လူတို့ကို သတ်ဖြတ်တတ်ပေ၏၊ဘုရား စသည်တို့၏ ဂုဏ်ကျေးဇူးကို မသိတတ်။ ယနေ့ ထိုဆင်ပြောင်ကြီးသည် ရဟန်းဂေါတမ၏ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကို ဖျက်ဆီး၍ အသက်ကုန်ခြင်းသို့ ရောက်စေလိမ့်မည်၊ ဖျက်ဆီးသတ်ဖြတ်ပေလိမ့်မည်။ ငါတို့သည် ယနေ့ ရန်သူဖြစ်သော ရဟန်းဂေါတမ၏ ဖျက်ဆီးခြင်းကို ကြည့်ရှုကြကုန်အံ့"ဟု တိုင်ပင်ညီညွှတ်ကာ လာရောက်ကြ၍ ပြသာဒ် စသည် အပေါ်သို့ တက်ရောက်ပြီး နေကြလေတယ်။

မိစ္ဆာဒိဋ္ဌိအယူရှိသူများက မြတ်စွာဘုရားကို တစ်နုံပတ်ရန်သူ-လို့ သတ်မှတ်ထားကြတာမဟုတ်လား၊ သို့အတွက်ကြောင့် သူတို့ကတော့ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသတဲ့။

နာဠာဂိရိ ဆင်ပြောင်ကြီးကလဲ ကြွမြန်းလာသော မြတ်စွာဘုရားကို မြင်လျှင် လူတို့ကို ထိတ်လန့်စေလျက် လမ်း၌ တွေ့မြင်သမျှသော အိမ်,လှည်းတို့ကို နင်းခြေ ဖျက်ဆီးလိုက်, နှာမောင်းကို မြှောက်ချီကာ နားစွင့်လျက် လိမ့်၍လာသော တောင်ကြီးကဲ့သို့ မြတ်စွာဘုရားထံသို့ ရှေးရှုပြေးလာလေသတဲ့။

လွန်စွာ ကြောက်မက်ဘွယ်ကြီး နေမှာဘဲနော်၊ အာသဝေါမကင်းသေးတဲ့ ပုထုဇဉ် ရဟန်းတော်များကတော့ အလွန်ကြောက်ရွံတော်မူကြမှာဘဲ၊ သို့သော်လဲ မြတ်စွာဘုရားစာ ရှေ့မှ ဗ္ဗန္ဓြေတော်မပျက် ဆက်လက်ကြွမြန်းနေတော့ ရှောင်ခွာသွားတို့ အခက်ကြုံနေကြပေတာပေါ့။

နာဠာဂိရိဆင်ကြီး ပြေးလာသည်ကို မြင်ကြသော အချို့ ရဟန်းတော်များက မြတ်စွာဘုရားကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား-ဤ နာဠာဂိရိမည်သော ဆင်ပြောင်ကြီးသည် ကြမ်းတမ်း ရက်စက်လှပါသည်၊ လူတို့ကိုလဲ သတ်ဖြတ်တတ်ပါသည်၊ မြတ်ဘုရား၏ ဂုဏ်ကျေးဇူးကို မသိတတ်ပါ၊ ရှောင်ရှား ကြွမြန်းတော်မူပါ မြတ်စွာဘုရား"ဟု လျှောက်ထားကြလေသတဲ့။

ထိုအခါ မြတ်စွာဘုရားက ရဟန်းတော်များကို မိန့်ကြားတော်မူသည်မှာ-

မာ ဘိက္ခဝေ ဘာယိတ္ထ၊ ပဋိဗလော အဟံ နာဠာဂိရိံ ဒမေတုံ။

(ဇာတက ဋ္ဌ-မ-၃၅-၇)။

ဘိက္ခဝေ၊ ရဟန်းတော်များ, အို-ချစ်သားတို့။ တုမှေ၊ သင်တို့သည်။ မာဘာယိတ္ထ၊ တစုံတရာ,တွေးကာထောက်ဆ,မကြောက်ကြကုန်လင့်။ အဟံ၊ သင်တို့ဆရာ,ငါဘုရားသည်။ နာဠာဂိရိံ၊ နာဠာဂိရိ,မည်ရှိကျော်ဟီး,ဆင်ပြောင်ကြီးကို။ ဒမေတုံ၊ လက်နက် ဒုတ်ခါး,ဆောင်မထားဘဲ,တရားသက်သက်,ဓမ္မစက်ဖြင့်,ဆက်လက် ယဉ်ကျေးအောင် ဆုံးမခြင်းငှာ။ ပဋိဗလော၊ ပါရမီတရား,ဆည်းပူးထားသဖြင့်,မမှားပုံသေ,စွမ်းဆောင်နိုင်လေသတည်း။

ဤကဲ့သို့ မိန့်ကြားတော်မူပြီး ဆက်လက်၍ ကြွတော်မူမြဲ ကြွသွားတော်မူတယ်။

ပညာအရာ၌ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသော ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက "မြတ်စွာဘုရားသခင်၏ ဖြစ်ပေါ်လာသော ကိစ္စအဝဝသည် သားကြီး၏တာဝန်သာ ဖြစ်ပါသည်၊ ဘုရားတပည့်တော်သည်သာလျှင် ထိုနာဠာဂိရိမည်သော ဆင်ပြောင်ကြီးကို ဆုံးမပါမည် ဘုရား"ဟု မြတ်စွာဘုရားကို လျှောက်ထားသောအခါ မြတ်စွာဘုရားက မိမိဘာသာနေရန် တားမြစ်တော်မူလိုက်တယ်။

ဤကဲ့သို့ပင် ရှစ်ဆယ်သောမဟာသာဝက မထေရ်ကြီးများ အသီးသီးခွင့်ပန် လျှောက်ထားသော်လည်း အားလုံးကိုပင် ခွင့်ပေးတော်မမူပဲ တားမြစ်တော်မူသတဲ့-(ဒကာကြီး ဦးစိန်ရှဲ)။

အဘယ်ကြောင့် မြတ်စွာဘုရားက တပည့်ရဟန်းတော်များ ခွင့်တောင်းသည်ကို ဆုံးမခွင့် မပေးရသလဲဆိုတော့ ကျွတ်ထိုက်သောသတ္တဝါ ဆိုသည်မှာလဲ နှစ်မျိုးနှစ်စားရှိတယ်။

၁။ ဗုဒ္ဓဝေနေယျ- မြတ်စွာဘုရားကိုယ်တော်တိုင် ချတ်မှ, ဆုံးမမှ, ကျွတ်လွတ်မည်ဖြစ်သော သတ္တဝါမျိုး။ (ထိုသတ္တဝါမျိုးကို တပည့်ရဟန်းတွေက တရားဓမ္မ ဟောပြဆုံးမသော်လဲ မကျွတ်နိုင်ဘူးတဲ့)။

၂။ သာဝကဝေနေယျ- မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ရဟန်းတော်များက တရားဓမ္မ ဟောပြဆုံးမသဖြင့် ကျွတ်လွတ်နိုင်သော သတ္တဝါမျိုးက တမျိုးတဲ့။

(ထိုသတ္တဝါမျိုးကြတော့ မြတ်စွာဘုရားက တရား ဓမ္မ အထူးဟောကြားဘွယ် မတော့လိုဘူး။ တပည့်ရဟန်းတွေ ပြောဟောရုံမျှဖြင့် ကျွတ်လွတ်နိုင်တာဘဲတဲ့။)

ယခု ဒီနာဠာဂိရိ ဆင်ပြောင်ကြီးကိုလဲ တပည့်သာဝကတွေက နိုင်နင်းအောင်ဆုံးမနိုင်သော်လဲ ထိုဆင်ကြီးရဲ့ စိတ်ဓာတ်တွေ အထူးသဖြင့် နူးညံ့ပြော့ပြောင်းလာကာ ငါးပါးသီလ၌ တည်သွားလေအောင် မြတ်စွာဘုရားနှင့် ဆင်မင်းတို့ ယှဉ်ပြိုင်ကာ စစ်ခင်းတဲ့ပွဲကို ကြည့်ရှုရန် ရောက်လာကြတဲ့ မိစ္ဆာဒိဋ္ဌိအယူရှိတဲ့သူတွေလဲ မြတ်စွာဘုရား၏ အံ့ဘွယ်ဘနန်း ထူးဆန်းသော တန်ခိုးတော်ကို ဖူးမြင်တွေ့ကြရသဖြင့် ရတနာသုံးပါးအပေါ်၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားဖြစ်ပွားစာ အယူအကျင့် မှန်ကန်၍ သံသရာ၌ ထောက်တည်ရာကို ရရှိကြလေအောင် ကိုယ်တော်တိုင် ဆုံးမရန်ဖြစ်တဲ့အတွက် တပည့်သာဝကများအား ဆုံးမခွင့် ပြုတော်မမူခြင်းဖြစ်တယ်-လို့ မှတ်သားကြရပေလိမ့်မယ်နော်။

မြတ်စွာဘုရား၏ ညီတော်ဝမ်းကွဲဖြစ်တဲ့ ညီတော်အာနန္ဒာ မထေရ်ကဆိုလျှင် ဘုရားရှင်ကို ထိုးသတ်ရန် လာနေသော နာဠာဂိရိဆင်ကြီးကို မြင်ရလျှင် မြတ်စွာဘုရားအပေါ်၌ လွန်စွာချစ်မြတ်နိုးတော်မူသဖြင့် မြတ်စွာဘုရား တားမြစ်တော်မူသည့်ကြားကပင် သည်းခံကာ နေခြင်းငှာ မစွမ်းနိုင်တော့ပဲ—

"ဘန္တေ အယံ ဟတ္ထိ စဏ္ဍော ဖရုသော မနုဿ ဃာတကော ကပ္ပုဋ္ဌာနဂ္ဂိသဒိသော
ပဋ္ဌမံ မံ မာရေတွာ ပစ္ဆာ တုမှာကံသန္တိကံ အာဂစ္ဆတု"။ (ဇာတကာ-၄-မ-၃၅၇)။

ဟူ၍ လျှောက်ထားကာ မြတ်စွာဘုရား၏ အကျိုးငှာ အသက်ကိုစွန့်၍ မြတ်စွာဘုရားရှေ့မှ သွားကာ ရပ်နေသတဲ့။

ဘန္တေ၊ ဘုန်းတော်နေဝန်း, ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ အယံဟတ္ထိ၊ နာဠာဂိရိ အမည်ရှိသော ဤဆင်ပြောင်ကြီးသည်။ စဏ္ဍော၊ ကြောက်ဘွယ်ထူးဆန်း, ကြမ်းတမ်းလှပါဘိ၏။ ဖရုသော၊ မညာမတာ, လွန်စွာထန်ပြင်း, ရှန့်ရင်းလှပါ၏။ မနုဿဃာတကော၊ လူ, အများကို, ထောက်ဆားမညှာ, သတ်ဖြတ်တတ်ပါ၏။ ကပ္ပုဋ္ဌာနဂ္ဂိသဒိသော၊ ကပ္ပာဖျက်ရန် တောက်လောင်လာသောမီးနှင့် တူပါ၏။ ပဋ္ဌမံ၊ ရှေးဦးစွာ။မံ၊ ဘုရားတပည့်တော်ကို။မာရေတွာ၊ နင်းခြေထိုးနှက်, နိုပ်စက်သတ်ဖြတ်ပြီး၍။ ပစ္ဆာ၊ နောက်မှ။ တုမှာကံ၊ အရှင်ဘုရားတို့၏။ သန္တိကံ၊ မျက်မှောက်ရှုမြှော်, အသံ တော်သို့။ အာဂစ္ဆတု၊ သဘောအတိုင်း, ချင့်မနှိုင်းဘဲ, ဆုတ်ဆိုင်းမသွေ, လာရောက်ပါစေသား, မြတ်စွာဘုရား။

ဤကဲ့သို့ ရှင်အာနန္ဒာက သုံးကြိမ်တိုင်တိုင် လျှောက်ထားသော်လည်း သုံးကြိမ်လုံးပင် မြတ်စွာဘုရားက ခွင့်ပြုတော်မမူပဲ တားမြစ်တော်မူခဲ့ပေတယ်။

ထိုစဉ်ခဏ၌ အမျိုးသမီးတယောက်သည် နာဠာဂိရိဆင်ပြောင်ကြီးကို မြင်သဖြင့် သေဘေးမှ ကြောက်ရွံ့ထိတ်လန့်ကာ ပြေးသွားရာ ရင်ခွင်ဖြင့် ပွေ့ချီယူလာသော သားငယ်ကလေးကို ဆင်ပြောင်ကြီးနှင့် မြတ်စွာဘုရားရှင်၏အကြား၌ ပစ်ချပြီး ပြေးသွားသတဲ့။ "ကိုယ်မချိ အမိသော်လဲ သားတော်ခဲ"ဆိုတဲ့ စကားဟာ သိပ်မှန်ပါကလားနော်။

ယခု ဒီအမျိုးသမီးကြီးလဲ သေဘေးအန္တရာယ်နှင့် ရင်ဆိုင်တွေ့ရတော့ ချစ်လှစွာသော သားကလေးကို စွန့်ပစ်ပြီး ကိုယ်လွတ်ပြေးတော့တာဘဲကလား၊ ဆင်ပြောင်ကြီးကလဲ ထိုမိန်းမနောက်သို့

လိုက်သွားပြီး တဖန်ပြန်လှည့်ကာ သူငယ်ကလေးအထံသို့ ပြန်လာပြန်တယ်။ ထိုအခါ သူငယ်ကလေးကတော့ ကျယ်လောင်စွာအော်ဟစ်လျက် ငိုကြွေးနေရှာတယ်။

သုံးလူထွဋ်ထား မြတ်စွာဘုရားသည် နာဠာဂိရိ ဆင်ပြောင်ကြီးကို ရည်ညွှန်း ပို့အပ် မေတ္တာတော်ဓာတ်ဖြင့် လွှမ်းပတ် ပျံ့နှံ့စေလျက် သာယာလှစွာသော အသံတော်ကို မြွက်ဆိုကာ–

"အမောင် နာဠာဂိရိ၊ အို– နာဠာဂိရိ အမည်ရှိသော ဆင်ပြောင်ကြီး– အသင့်ကို အရက်တဆယ့်ခြောက်အိုးတို့ကိုသောက်စေ၍ မူးယစ်အောင် ပြုကုန်သော သူတို့သည် တပါးသောသူကို ဖမ်းယူခြင်းငှာ ပြုလုပ်မည်မဟုတ်ပေ။ ငါဘုရားကို ဖမ်းယူခြင်းငှာသာလျှင် ပြုကြပေသည်။ အကြောင်းမရှိဘဲ ခြေတို့ကို အညောင်းခံကာ လှည့်လည်၍ သွားလာမနေလင့်။ ငါဘုရား၏ အထံသို့သာ ရှေးရှုလာလေလော့" ဟု ခေါ်တော်မူလိုက်သတဲ့။

ထိုကဲ့သို့ မြတ်စွာဘုရားက အသံပေးခေါ်တော်မူလေလျှင် နာဠာဂိရိ ဆင်ပြောင်ကြီးသည် မြတ်စွာဘုရား၏စကားကိုကြား၍မျက်စိတို့ကိုဖွင့်လျက် မြတ်စွာဘုရား၏ တင့်တယ်လှစွာသော အဆင်းတော်ကို ကြည့်ရှုကာ ရရှိအပ်သောသံဝေဂ ရှိသည်ဖြစ်၍ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အရက်မူးယစ်ခြင်း ကင်းပျောက်သွားသတဲ့။

မြှောက်ထားသော နှာမောင်းကိုအောက်သို့ တွဲရရွဲချပြီး နားရွက်တို့ကိုခတ်လျက် မြတ်စွာဘုရားအထံတော်သို့သွားကာ မြတ်စွာဘုရား၏ ခြေတော်စုံအရင်း၌ တုပ်ဝပ်ကာ နေရှာသတဲ့။ တကယ်ကြမ်းတမ်းရက်စက်လှသော ဆင်ဆိုး ဆင်ကြမ်းကြီး၊ မြတ်စွာဘုရားခြေတော်ရင်း၌ ဝတ်ဆင်းဦးညွှတ်နေတာ တွေ့ကြရတော့၊ ရှုကြည့်ရန်ရောက်လာကြသော ပရိသတ်အပေါင်းတွင် သမ္မာဒိဋ္ဌိ အယူရှိသူများက မြတ်စွာဘုရား၏ ဂုဏ်တော်အထူးထူးတို့ကို ချီးကျူးပြီးနေကြတယ်။

မိစ္ဆာဒိဋ္ဌိ အယူရှိသူများကတော့ မဖြစ်ဖူးမြဲ ထူးကဲစွာ ဖြစ်မှုကို ကြည့်ရှု တွေ့မြင်ကြရသဖြင့် လွန်စွာအံ့အားသင့်ပြီး နေကြလေသတဲ့။ အံ့အား သင့်မယ်ဆိုလျှင်လဲ အံ့အား သင့်လောက်စရာပေပဲပေါ့။ တွေ့မရောင် အကုန်သတ်လာခဲ့တဲ့ နာဠာဂိရိ ဆင်မိုက်ကြီးဟာ ယခု မြတ်စွာဘုရားနှင့် တွေ့တော့မှ ဦးညွှတ်လာတော့တာကိုး။ ရှင်တော်မြတ်ဘုရားရဲ့ မေတ္တာတရားတော် ကြီးမားလှပါပေတယ်နော်။

အထခေါ ဘဂဝါ နာဠာဂိရိံ ဟတ္ထိံ မေတ္တာစိတ္တေန ဖရိ။ (ဝိနယ–စူဠဝဂ္ဂ–၃၅၇)။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နာဠာဂိရိံဟတ္ထိံ၊ နာဠာဂိရိ အမည်ရှိသောဆင်ကို။ မေတ္တာစိတ္တေန၊ မေတ္တာစိတ်ဖြင့်။ ဖရိ၊ ပျံ့နှံ့တော်မူလေပြီ။

ထိုအခါ မြတ်စွာဘုရားက နာဠာဂိရိအမည်ရှိသော ဆင်ပြောင်ကြီးကို " နာဠာဂိရိ ဆင်ပြောင်ကြီး–အသင်သည် တိရစ္ဆာန်ဖြစ်သော ဆင်ပြောင်ပေတည်း။ ငါသည်ကား သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိကြား ဘုရားတည်းဟူသော ဆင်ပြောင်ပေတည်း။ ဤ ယနေ့ ယခုအခါမှ အစပြု၍ ရက်စက်ကြမ်းတမ်းခြင်းကို မပြုလင့်။ ရှန့်ရင်းမှုကိုမပြုလင့်။ လူတို့အား သတ်ဖြတ်မှုကို မပြုလေလင့်။ အလုံးစုံသော သတ္တဝါတို့၌ ချစ်ခင်လေးမြတ် မေတ္တာ စိတ်ဓာတ်ကို ဖြစ်စေလော့"ဟု– ပြောဆိုဆုံးမပြီးကာ ညာလက်တော်ကို ဆန့်တန်းလျက် နာဠာဂိရိ ဆင်ပြောင်ကြီး၏ ဦးတင်းကို ကိုင်တွယ်သုံးသပ်လျက်–

မာကုဇ္ဇရ နာဂမာသဒေါ၊ ဒုက္ခော ဟိ ကုဉ္ဇရ နာဂမာသဒေါ။
နဟိ နာဂဟတဿ ကုဉ္ဇရ၊ သုဂတိ ဟောတိ ဣတော ပရံ ယာတော။
(ဝိနယ-ပါ-၄-၃၅၇)။

ဟူသော တရားဒေသနာတော်ကို ဟောကြားတော်မူတယ်။

(က) ကုဉ္ဇရ။ နာဋ္ဌာဂိရိ,အမည်ရှိ၍,ကြမ်းညိုထိပ်ခေါင်,အိုဆင်ပြောင်။ နာဂံဗုဒ္ဓနာဂံ၊ သုံးလူထွဋ်ထား, တရားသခင်,ငါဘုရားတည်းဟူသောဆင်ကို။ (ဝဓကစိတ္တေန၊ တရားမဆင်, ငြိုငြင်စွဲစာပ်, သတ်ဖြတ်လိုသော စိတ်ဓါတ်ဖြင့်။) မာအာသဒေါ၊ မျက်မှောက်ဆတ်ဆတ်, မချဉ်းကပ်လေလင့်။

ကုဉ္ဇရ၊ နာဋ္ဌာဂိရိ, အမည်ရှိသည့်, ကြမ်းဘိထိတ်တင်, မင်းစီးဆင်။ နာဂံဗုဒ္ဓနာဂံ၊ ငါဘုရားတည်းဟူသော ဆင်မင်းကို။ (ဝဓကစိတ္တေန၊ တရားမဆင်၊ ငြိုငြင်စွဲကပ်၊ သတ် ဖြတ် လို သော စိတ်ဓာတ်ဖြင့်။) အာသဒေါ၊ မျက်မှောက်ဆတ်ဆတ်၊ ချဉ်းကပ်ခြင်းသည်။ ဒုက္ခံဟိ ဒုက္ခံဝေ၊ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းကျိုး၊ မဖွံ့ဖြိုးဘဲ၊ အမျိုးမျိုးညှဉ်းဆဲ ဆင်းရဲလှသည် သတည်း။

ကုဉ္ဇရ၊ နာဋ္ဌာဂိရိ, အမည်ရှိသည့်, ကြမ်းဘိထိတ်တင်၊ မင်းစီးဆင်။ နာဂဟတဿ၊ သုံးလူထွဋ်ထား,တရားသခင်, ငါဘုရားတည်းဟူသောဆင်ကို, ဆင်ခြင်ကင်းလတ်, သတ်ဖြတ်သည် ဖြစ်၍။ ဣတော၊ ပစ္စုပ္ပန်လောက, ဤဘဝမှ။ ပရံ၊ တမလွန်လောက,ထိုဘဝသို့။ ယာတော၊ အကြောင်းကံအလျောက်, ထွက်မြောက်ရှောင်ရှား, သွားသော သူအား။ သုဂတိ၊ လူ့ရွာနတ်ရပ်, ကောင်းမြတ်ထူးခြား, လားရာဘဝသည်။ နဟိ ဟောတိ၊ စိတ်သာချပေတော့, ဒိဋ္ဌပုံသေ မဖြစ်နိုင်လေပြီတကား။

နာဋ္ဌာဂိရိအမည်ရှိသောမင်းစီးဆင်- သုံးလူထွဋ်ထား တရားသခင် ဘုရား တည်းဟူသော ငါဆင်မင်းကို သတ်ဖြတ်လိုသော စိတ်ဓာတ်ဖြင့် ချဉ်းကပ်ခြင်းအမှု မပြုလေလင့်။ ငါဘုရားတည်းဟူသောဆင်မင်းကိုသတ်ဖြတ်ညှဉ်းဆဲလိုသောစိတ်ဓာတ်ဖြင့် ချဉ်းကပ်ခြင်းသည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာနှစ်ဝတွင်, ဆိုးကျိုးအနန္တ,ရောက်ကြရသဖြင့်, ဆင်းရဲလှပေသည်။

ငါဘုရားတည်းဟူသော ဆင်မင်းကို နှိပ်စက်ညှဉ်းဆဲသတ်ဖြတ်၍ ဤ ပစ္စုပ္ပန်လောကမှ တမလွန်ဘဝသို့သွားသောသူအား လူ့ရွာနတ်ရပ် ကောင်းမြတ်သော ဘုံဘဝသို့ မရောက်နိုင်ပေ သတည်း-ဟု မိန့်ကြားတော်မူပြီးလျှင် ဆက်လက်၍-

မာစ မဒေါ မာစ ပမာဒေါ၊နဟိ ပမတ္တာ သုဂတိံ ဝဇန္တိ တေ။
တွံ ဧဝတထာ ကရိဿသိ၊ ယေန တွံ သုဂတိံ ဂမိဿသိ။
(ဝိနယ-ပါ-၄-၃၅၇)။

ဟူသောတရားဂါထာကို ဟောကြားတော်မူပြန်ပါတယ်။

ကုဉ္ဇရ၊ နာဋ္ဌာဂိရိ,အမည်ရှိ၍, ကြမ်းဘိထိတ်သီး, ဆင်ပြောင်ကြီး။ မဒေါစ၊ မှန်ကင်းစွင့်စွင့်, မြင့်မြင့်လူလူ, မာန်မူခြင်းသည်လည်း။ မာအဟောသိ၊ ကောင်းစွာထောက်ချင့်, မဖြစ်သင့်ပေ။ ပမာဒေါစ၊ သတိလွတ်ကင်း, မေ့လျော့ခြင်းသည်လည်း။ မာအဟောသိ၊ ကောင်းစွာထောက်ချင့်, မဖြစ်သင့်ပေ။ ပမတ္တာ၊ ကုသိုလ်ကောင်းမှု, တရားစုကို, မပြုသတိ,မေ့လျော့ခြင်း ရှိကြကုန်သော။

ခတ၊ သံသရာခရီးသွား,မျှားပြားလှစ္စာ, ထိုသတ္တဝါသို့သည်။သုဂတိ၊လူနတ်နိဗ္ဗာန်,သုံးတန်ပိုင်းခြား ကောင်းရာသို့လားခြင်းသို့။ နပဟိဝဇန္တိ၊ မုချပိုင်ပိုင်, မရောက်နိုင်ကြလေကုန်။

ကုဉ္စရ၊ နာဠာဂိရိအမည်ရှိသောဆင်၏ တံ့၊ သင်သည်။ ယေန၊မချွတ်မယွင်း, အကြင် အချင်း အရာဖြင့်။ သုဂတိ၊ လူ့ရွာနတ်ရပ်, ကောင်းမြတ်တူးဘိ လားရာဂတိသို့။ ဂမိဿသိ၊ ကေန် ထုတ်ချော်ဆိုက်ရောက်ရပေလတံ့။ တထာ တေနာကာရေန၊မချွတ်မယွင်း, ထိုသို့သော အချင်း အရာအားဖြင့်။ တွညေဝ၊ နာဠာဂိရိအမည်ရှိသော အသင်ဆင်ကြီးသည်သာလျှင်။ ကရိဿသိ၊ ကိုယ့်တွက်နောက်နှောင်း,အစဉ်ကောင်းဘို့,ကျိုးကြောင်း ရှုဆပြုလုပ်ရပေလတံ့တကား။

နာဠာဂိရိ အမည်ရှိသောဆင်ပြောင်ကြီး အသင်ဆင်ပြောင်ကြီးသည် မှန်ကင်းစွင့်စွင့် တံခွန် လွှင့်သို့, မြင့်မြင့်လူလူ,မာန်မူခြင်းသည်လည်း,မဖြစ်စေသင့်ပေ။ သတိမေ့လျော့, ပေါ့ဆခြင်းလည်း, မဖြစ်စေသင့်ပေ။ မေ့လျော့တတ်ကုန်သောသူတို့သည် လူ့ရပ်နတ်ထံ ကောင်းမြတ်လှသော လားရာဘဝသို့ မရောက်နိုင်ကြပေ။ သုဂတိဘဝသို့ ရောက်ရာရောက်ကြောင်း ကောင်းသောအမှုကို အသင်သာလျှင် ပြုလုပ်ရပေလိမ့်မည်-ဟု မိန့်ကြားတော်မူလိုက်ပါတယ်။

ယင်းကဲ့သို့ ဟောကြားတော်မူအပ်သော မြတ်စွာဘုရား၏ တရားဘောဘ်ကို ကြားနာရသော နာဠာဂိရိဆင်ပြောင်ကြီး၏ စိတ်ဓာတ်သည် အထူးသဖြင့် နူးညံ့ပြော့ပြောင်းပြီး သွားတော့တယ်။

မေတ္တာရှေ့ထား ဟောကြားတော်မူသော မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသော နာဠာဂိရိဆင်ပြောင်ကြီး၏ တကိုယ်လုံးဟာနှစ်သက်ကြည်နူးမှု ပီတိဓာတ်ဖြင့် လွှမ်းပတ်ပျံ့နှံ့ပြီး နေသတဲ့။ ထိုနာဠာဂိရိဆင်ပြောင်ကြီးသည် အကယ်၍ တိရစ္ဆာန်မျိုးဇာတ်၌ မဖြစ်ခဲ့ပါမူ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကင်းကွာသော သောတာပတ္တိဖိုလ်သို့ရောက်နိုင်လောက်သတဲ့၊ ယခုတော့ တိရစ္ဆာန်မျိုး ဇာတ်၌ဖြစ်ရတဲ့အတွက်ကြောင့် အရိယာဖိုလ်တရားနှင့် လွဲပြီး သွားရရှာတော့တာပေါ့နော်။

ထူးခြားလှစွာသော ထိုအခြင်းအရာကို တွေ့မြင်ကြရကုန်သော လူအပေါင်းတို့သည် ဝမ်းမြောက် ဝမ်းသာစွာ ကြွေးကြော်ခြင်း လက်ပန်းပေါက်ခတ်ခြင်းတို့ကို ပြုလုပ်ကြတယ်။ ကောင်းစွာဖြစ်သောဝမ်းမြောက်ခြင်း ရှိသည်ဖြစ်ကုန်၍ အထူးထူးကုန်သော အဝတ်တန်းဆာတို့ကို ပစ်လွှင့်ကြကုန်၍ နာဠာဂိရိဆင်ပြောင်ကြီး ကိုယ်ပေါ် ဖုံးလွှမ်းကြလေတော့တယ်။

တတောပဋ္ဌာယ နာဠာဂိရိ ဓနပါလကော နာမ ဇာတော။
တသ္မိံ ခေါပန ဓနပါလက သမာဂမေ စတုရာသီတိ ပါဏသဟဿာနိ အမတံ ပိဝိံသု။
(ဇာတက-၄-ပ-၃၅၈)။

တတော၊ လူအများတို့, အဝတ်ပုဆိုးတို့ကို လွှမ်းမိုးပစ်တင်ရာ ထိုအခါမှ၊ပဋ္ဌာယ၊ အစပြု၍။ နာဠာဂိရိ၊ နာဠာဂိရိမည်သော ဆင်သည်။ ဓနပါလကောနာမ၊ "ဓနပါလကဆင်"အမည်တွင်သည်။ ဇာတော၊ ဖြစ်၏။ ခေါပန၊ စင်စစ်။ တသ္မိံ ဓနပါလကသမာဂမေ၊ဓနပါလကဆင်ကို အကြောင်း ပြုကာ ပေါင်းဆုံမိရာထိုအခါ၌၊ စတုရာသီတိပါဏသဟဿာနိ၊ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့သည်။ အမတံ၊ အမြိုက်အရသာကို။ ပိဝိံသု၊သောက်သုံးကြရလေကုန်ပြီတကား။

လူအပေါင်းတို့က ပုဆိုးအဝတ်ဘို့ကို ပစ်လွှင့်ကာ ဆင်ပြောင်ကြီးကို ဖုံးလွှမ်းပေးသည့် အခါမှအစပြုပြီး နာဠာဂိရိဆင်ပြောင်ကြီးသည် ဓနပါလကဆင်ဟူသော အမည်သစ် တွင်လေသတဲ့။

ဓနပါလကဆင်ကြီးကို အကြောင်းပြုကာ စည်းဝေးရာ ထိုအခါ၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် အမြိုက်ရေကို သောက်သုံးကြရပါဘယ်။ ထိုစဉ်အခါ၌ နာဠာဂိရိ ဆင်မိုက်ကြီး ရန်ကိုဖြိုခဲ့ရာအစည်းအဝေးပွဲသို့ ရောက်လာကြကုန်သော လူအပေါင်းတို့သည် ဤဂါထာကိုရွတ်ဆို ကြလေကုန်သတဲ့။

ထိုစဉ်အခါ လူများစွာတို့ဝမ်းမြောက်ဝမ်းသာရွတ်ဆိုကြတဲ့ဂါထာကို နာကြားကြရအောင် လက်အုပ်ကလေးကိုယ်စီ ချီထားကြစမ်းပါ။

ဒဏ္ဍေနေကေ ဒမယန္တိ၊ အင်္ကုသေဟိ ကသာဟိစ။
အဒဏ္ဍေန အသတ္ထေန၊ နာဂေါဒန္တော မဟေသိနာ။ (ဝိနယ-စူဠဝဂ္ဂပါဠိ-၃၅၇)။

ကေ၊ ဦ·မဲ ဦးဖြူ, အချို့သောသူတို့သည်။ ဒဏ္ဍကေနစ၊ သူတပါးအား ဒဏ်ထားပုတ်ခတ်, ပြုတတ်ကြိမ်ဖန်, ဒုတ်လုံ့တန်ဖြင့်ရင်း။ အင်္ကုသေဟိစ၊ ထိုးဆွနှိပ်စက်,မပျက်ပြုကြောင်း, ချွန်းတောင်း တို့ဖြင့်ရင်း။ ကသာဟိစ၊ ရိုက်နှက်ဘိုပင်,အစဉ်စွဲသုံး,ကြိမ်လုံးတို့ဖြင့်ရင်း။ ဒမယန္တိ၊ ညှာတာမဖက်, ရက်စက်ပုတ်ခတ်, ဆုံးမတတ်ကြလေကုန်၏။ မဟေသိနာ၊သီလကျေးဇူး, ဂုဏ်အထူးကို, ဆည်းပူး ပြီးငြား, မြတ်စွာဘုရားသည်။ အဒဏ္ဍေန၊ သူတပါးအား, ဒဏ်ထားပုတ်ခတ်, ပြုတတ်အမှန်, ဒုတ် လုံ့တန်မပါဘဲလျက်။ အသတ္ထေန၊ ထိုးခုတ်ရန်အတွက်, လက်နက်တစုံတရာမပါဘဲလျက်။ နာဂေါ၊ နာဠာဂိရိ,မည်ရှိကျော်ဟီး, ဆင်ကြမ်းကြီးကို။ ဒန္တော၊ ဒုတ်,ခေါး မသုံး, သူတော်ထုံးဖြင့်, နှလုံး ငြိမ်းအေး, ယဉ်ကျေးအောင်ဆုံးမတော် မူအပ်လေတော့သတည်း။

သတ္တာ ဓနပါလကံ ပဋိသုသီလေသု ပတိဋ္ဌာပေသိ။ (ဇာ-ဋ္ဌ-မ-၃၅၉)

ဆိုတဲ့အတိုင်း လူနတ်တို့၏ဆရာ ဧာမြတ်စွာသည် နာဠာဂိရိအမည်ရှိခဲ့သော ဓနပါလက ဆင်ပြောင်ကြီးကို ငါးပါးသီလတို့၌ တည်စေတော်မူတယ်။ ယခင်အခါက ဆင်ဆိုးဆင်ကြမ်း ဆင် သရမ်းကြီး- ယခုအခါ မြတ်စွာဘုရားနှင့်တွေ့ရသဖြင့် သီလနှင့်ပြည့်စုံသောဆင်သူတော်ကောင်းကြီး သီလရှိသောဆင်ကြီး ဖြစ်သွားပြီနော်။ မြတ်စွာဘုရားတည်းဟူသော အမိုကောင်းနှင့် တွေ့ရသဖြင့် ဒိဋ္ဌဓမ္မ အကျိုးရရှိသွားခြင်းဘဲမဟုတ်လား။ (ဒကာကြီး ဦးစိန်ရှဲ)။

ဒါ့ကြောင့်မို့ ပစ္စုပ္ပန်သံသရာနှစ်ဖြာ ကြီးပွားရေးအတွက် ကလျာဏမိတ္တဆိုတာ လွန်စွာ အရေးကြီးကြောင်း ကောင်းကောင်းကြီး မှတ်သားကြရမယ်နော်။

အချို့သောဗဟုသုတ လိုလားတဲ့ သုတ မာမာဏပုဂ္ဂိုလ်များက မေးမြန်းတတ်ကြတယ်နော်။ "တိရစ္ဆာန်ဖြစ်သောသတ္တဝါများဟာ မဂ်တရား ဖိုလ်ဘရားတို့ကို ရရှိနိုင်ပါသလား" တဲ့။ ဟုတ်ပေ တယ်။ မေးလဲမေးသင့်တဲ့စကားပေပေါ့။ ဒီမေးခွန်းရဲ့ အဖြေကိုလဲ ယခင်ရှေ့နားမှာ ဟောကြား ခဲ့တဲ့-

"သစေ ကိရ တိရစ္ဆာနဂတော နာဘဝိဿ၊ သောတာပတ္တိ ဖလံ အဓိဂမိဿာ"။

အကယ်၍ တိရစ္ဆာန်မျိုးဇာတ်၌ မဖြစ်ခဲ့ပါမူ ထိုနာဠာဂိရိဆင်ကြီးသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရရှိနိုင်ရာ၏-ဟု ဆိုခဲ့တဲ့စကားရပ်နှင့် ရှင်းလောက်ပါပြီနော်။

တိရစ္ဆာန်ဖြစ်သော သတ္တဝါဆိုလျှင် မဂ်ဖိုလ်ကိုတော့မရနိုင်၊ အလွန်ဆိုး သရဏဂုံသီလမျှသာ တည်နိုင်တယ်ဆိုတဲ့ အကြောင်းကို သေသေချာချာမှတ်သားထားကြရမယ်။ (ဒကာကြီး ဦးစိန်တို့ ဦးချိန်တို့)။

ဒီနေရာမှာ တခုသတိပြုဘို့ရာက ဝိနည်းဒေသနာတော်နည်းအားဖြင့်ဆိုလျှင် သာသနာ့ ဝန်ထမ်း ရဟန်းအဖြစ် ခွင့်ပြုတဲ့နေရာမှာ လူမှတပါးဖြစ်သော ဘီလူးများ,နတ်သကြားများ, ဗြဟ္မာ များကိုလဲ တိရစ္ဆာန်စာရင်းသွင်းထားတယ်။ သို့အတွက် ယင်းဘီလူးများနှင့် နတ်ဗြဟ္မာများလဲ ရဟန်းပြုခွင့်ပေးတော်မမူဘူးနော်။ သုတ္တန်ဒေသနာနည်းအားဖြင့်တော့ ထိုဘီလူးများ, နတ်ဗြဟ္မာ များကို တိရစ္ဆာန်စာရင်းထဲသွင်းမထားပါဘူး။ အဟိတ် ပဋိသန္ဓေနေကြတဲ့ ဆင်,မြင်း, ကျွဲ, နွား စသော သတ္တဝါများကိုသာ တိရစ္ဆာန်-လို့ ခေါ်ဆိုရပါတယ်။ အဘိဓမ္မာဒေသနာတော်အရတော့ အထူးပြောစရာမလိုပါဘူး။ လူကောင်, နတ်ကောင်, ဗြဟ္မာကောင်မှ မရှိဘဲကိုး။ သို့အတွက် ကြောင့်ဘဲ ဦးပဥ္စင်းတို့ ရှင်ဘော်မြတ်ဘုရားက အာဠဝက ဘီလူးကြီးအောင်ပွဲ အောင်မြင်ခဏ်းကို ဟောကြားခဲ့စဉ်က-

ဣမာယစ အရဟတ္တနိ ကူဋေန ကထိတာယ ဂါထာယ ပရိယောသာနေ ယက္ခော သောတာပတ္တိဖလေ ပတိဋ္ဌာသိ။ (သုတ္တနိပါတ-ဌ-ပ-၂၂၇)။

အရဟတ္တဖိုလ်ကို အထွဋ်တပ်သဖြင့် ဤဂါထာကို ဟောကြားခြင်း၏အဆုံး၌ အာဠဝက ဘီလူးကြီးသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ တရားနှစ်ပါး ကင်းကွာ၍ သောတာပတ္တိဖိုလ်၌ တည်လေပြီ-ဟု ဟောကြားခဲ့တယ်မဟုတ်လား။ ဒါကြောင့်မို့ ဝိနည်းအရနှင့် သုတ္တန် အဘိဓမ္မာ အရ နှစ်ဖြာ အထူးကိုလဲ မှတ်သားကြရပေလိမ့်မယ်။ ယခုဆိုလျှင် သုံးလူထွဋ်ထား မြတ်စွာဘုရားသည် နာဠာဂိရိ အမည်ရှိသော ဆင်ဆိုး,ဆင်ကြမ်းကြီးကို တစုံတရာသော ဓား,ဒုတ် မဆောင်ဘဲ အောင်မြင်တော်မူ ခဲ့ပြီ နော်။

**ဆောင်ပုဒ်။** ။အချို့သူများ-ဒုတ်,ဓားကိုင်ဆောင်၊ နှိမ်နင်းဆုံးမ-မုချမြဲအောင်။
ငါတို့ဘုရား-ဒုတ်,ဓားမဆောင်၊ မေတ္တာသုံး-ခြေမှုန်း ဆင်ကြမ်းအောင်။

ထို နာဠာဂိရိအမည်ရှိသော ဓနပါလက ဆင်ကြီးသည် နှာမောင်းခေါ်သော လက်ဖြင့် ဘုန်း တော်သခင် ဘုရားရှင်၏ ခြေတော်အစုံမှ မြေမှုန့်တို့ကို သပ်ယူပြီး မိမိ၏ ဦးထိပ်ထက်၌ သွန်းလောင်း ကြဲဖြန့်ကာ နောက်ဆုတ်သွား၍ ဒဿနူပစာရခေါ် မြင်လောက်ရာ ဥပစာ၌ ရပ်ပြီး မြတ်စွာဘုရား ကို ဦးနှိမ်ညွတ်လျှိုး ရှိခိုးပြီး၍ မိမိနေထိုင်ရာ ဆင်တင်းကုတ်သို့ ဝင်သွားလေဘော့တယ်။

ထိုအခါမှစ၍ အလွန်ယဉ်ကျေးသော ဓနပါလက ဆင်ပြောင်ကြီးအဖြစ်ဖြင့် တစုံတယောက် ကိုမျှ ညှင်းဆဲသတ်ဖြတ်မှု မပြုတော့ဘူးတဲ့။

ရှင်တော်မြတ်ဘုရားသည် မေတ္တာတရား လက်နက်ထူးဖြင့် နာဠာဂိရိ အမည်ရှိသော ဆင်ရွေး, ဆင်မိုက်ကြီးကို ဒုတ်,ဓား,လက်နက် မကိုင်ဆောင်ဘဲ အောင်နိုင်တော်မူလေပြီ နော်။ နာဠာဂိရိ ဆင်ဆိုး,ဆင်ကြမ်းကြီးကို မေတ္တာစေတ်ဖြင့် အောင်မြင်တော်မူသော မြတ်စွာဘုရားအား ဒီလက်ာ ကလေး ရွတ်ဆိုပြီး ချီးကျူး ပူဇော်ကြဦးစို့ရဲ့။

**ဆောင်ပုဒ်။** ။နာဠာဂိရိ-မည်ရှိမင်းဆင်၊ ရက်စက်ကြမ်းတမ်း-ဆိုးသွမ်းအစဉ်။
လူတွေကိုသတ်-ချဉ်းကပ်လာလျှင်၊ မေတ္တာပွား-ဘုရားအောင်ပွဲဆင်။

သုံးလူထွဋ်ထား မြတ်စွာဘုရားသည် ရှင်ဒေဝဒတ်နှင့် အဇာတသတ်တို့ တိုင်ပင်ညီညွတ်၍ စေလွှတ်အပ်သော နာဠာဂိရိ ဆင်ဆိုး,ဆင်ကြမ်းကို အေးချမ်းလှစွာ မေတ္တာဓာတ်ဖြင့် ကောင်းစွာ အောင်မြင်တော်မူဘိသို့ အောင်ပွဲသခင် ဘုရားရှင်၏ တပည့်သာဝကများ ဖြစ်ကြကုန်သော တရားဟော ဓမ္မကထိကဖြစ်သော ပုဂ္ဂိုလ်နှင့် တရားတော်ကို ရိုသေစွာ နာယူကြကုန်သော ရတနတ္တယ မာမက ဒကာ,ဒကာမအပေါင်းတို့ အားလုံး လောကီရေးရာမှာဖြစ်စေ,လောကုတ္တရာရေးရာမှာဖြစ်စေ ကြံသမျှအောင်, ဆောင်သမျှ ပြီးကြစေရန် အောင်ပွဲတော်သခင် သုံးလူ့ရှင်ထံတွင် အောင်ဆုမွန်ကို တောင်းကြဦးစို့ရဲ့။ ယခု ဂါထာတပုဒ် ရွတ်ဆိုပြီးလျှင် တရားပွဲ သိမ်းပါတော့မယ်။ သာဓုသံ မြိုင်မြိုင်ခေါ်ကြရအောင် လက်အုပ်ကလေး ကိုယ်စီချီပြီးတော့ သုံးလူထွဋ်ထား မြတ်စွာဘုရားကို အာရုံပြုပြီး ထားကြ။

နာဠာဂိရိံ ဂဇဝရံ အတိမတ္တဘူတံ၊ ဒါဝဂ္ဂိစက္ကမသနီဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေကဝိဓိနာ ဇိတဝါ မုနိန္ဒော၊ တံ့တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။
(ပေါ်ရာပါ ဂါထာ)။

ယော,မုနိန္ဒော၊ သုံးလူထွဋ်ထား, တရားသခင်, အကြင် ဘုရားရှင်သည်။ ဒါဝဂ္ဂိစက္ကမသနီဝ၊ သက်ရှိသက်မဲ့,ငံ့ကွက်မညှာ, လွန်စွာဖျက်ဆီး, တောတောင်မီးနှင့်, ထန်သီးခဲ့ဖျက်, မိုးကြိုးစက်ကဲ့သို့။ သုဒါရုဏန္တံ၊ မညှာရက်စက်,နှိပ်စက်သော့သွမ်း, အလွန် ကြမ်းကြုတ်စွာထသော။ အတိမတ္တဘူတံ၊ ထန်ပြင်းအဟုံ့,အလွန် အမုန်ယစ်ထသော။ နာဠာဂိရိံ၊ ဂဇင်္ဂိုဟ်တိုင်း, ပြန့်လှိုင်းကျော်ဘိ, နာဠာဂိရိ အမည်ရှိသော။ ဂဇဝရံ၊ မင်းအဇာတသတ်, မပြတ်ဆောင်းနှင်, မြတ်သော မင်းစီးဆင်ကြီးကို။ မေတ္တမ္ဗုသေကဝိဓိနာ၊ မေတ္တာတော်ရေချမ်း, သွန်းပက်ဖြန်းခြင်း တည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ ထိုးခုတ်ရန်အတွက်,လက်နက်ဒုတ်ဓား,ဆောင်မထားဘဲ,တရားသက်သက်, မေတ္တာစက်ဖြင့်, ဖြန်းပက်စွမ်းဆောင်,အောင်မြင်တော်မူလေပြီ။ တံ တေဇသာ၊ နာဠာဂိရိ, မည်ရှိဆင်ကြမ်း, မေတ္တာ လွှမ်း၍,အောင်ပန်းဆွတ်ယူ, သုံးလူထွဋ်ထား,ထိုမြတ်စွာဘုရား၏,ကြီးမားဘုန်းတော်, တန်ခိုးတော် အားဖြင့်။ မေ-အမှာကံ၊ ဘုရားရှင်ဓမ္မစက်,လေးနက်ယုံကြည်,မှီခိုအားထား, တရားဟော,တရားနာ ဖြစ်ကြကုန်သော အကျွန်ုပ်တို့အား။ အဂ္ဂံ၊ နှိုင်းဘွယ်မရ, ထူးမြတ်လှစွာသော။ ဇယမင်္ဂလံ၊ လောကီ လောကုတ္တရာ, နှစ်ဖြာကောင်းကျိုး, တိုးပွားမှုအဖြာဖြာ, အောင်မြင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ပစ္စုပ္ပန်မှာလဲ အောင်မြင်,သံသရာတွင်လဲ အစဉ်လန်းသဖြင့် ငြိမ်းချမ်းသာယာ ဖြစ်ပါစေသတည်း။

(အဘိဓမ္မာတပ် တရားပွဲသိမ်းရန်)

**နာဠာဂိရိဆင် အောင်မြင်ခြင်း ပြီး၏။**

# အင်္ဂုလိမာလ ခိုးသူကြီးကို အောင်မြင်တော်မူခြင်း

ကုဋ္ဌုရာနုမ္ပိ သတ္တန္တံ၊ ဗလံ ဓာတံ သုဒါရုဏံ။
ခဂ္ဂဟတ္ထင်္ဂုလိမာလံ၊ ယော ဇိနာတိ နမေ ဇိနံ။ (ရတနာ ဂါထာ)။

ယောဇိနော၊ မာရ်ငါးပါးကို ပယ်ရှားအောင်မြင့်, အကြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သည်။ သတ္တန္တံ၊ သင်္ချာထုတ်ဆောင်, ခုနစ်ကောင်ကုန်သော။ ကုဋ္ဌုရာနုမ္ပိ၊ အားအင်ကြီးမား, များပြားစွမ်းဆောင်,ဆင်ပြောင်ကြီးတို့၏လည်း။ ဗလံ၊ လွန်စွာကြီးမား,အစွမ်းအားကို။ ဓာတံ၊ ကုသိုလ်ပါရမီ,စုံပြည့်ညီသဖြင့်,ရှင်ကြည်လန်းဆန်း, ပင်ပန်းမရှိ, ဆောင်နိုင်ဘိသော။ သုဒါရုဏံ၊ သူတပါး အသက်,ရက်စက်မညှာ,ကြမ်းကြုတ်လှစွာသော။ ခဂ္ဂဟတ္ထင်္ဂုလိမာလံ၊ ဓားသံလျက်ကို, လက်၌ကိုင်စွဲ, တောကြီးထဲ၌,သတ်ပွဲကျင်းပ, အင်္ဂုလိမာလ၊ နာမကျော်ဟီး,ခိုးသူကြီးကို။ ဇိနာတိ၊ သုံးလူထွဋ်မှူး, ဘုန်းတော်ထူးကြောင့်, ညွတ်နူး အောင်မြင်တော်မူလေ၏။ တံဇိနံ၊ အင်္ဂုလိမာလ, နာမကျော်ဟီး, ခိုးသူကြီးကို,အပြီးမချ,သုံးမအောင်မြင်, ထို ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ရုပ်နာမ်နှစ်ဖြာ, ငါးခန္ဓာကို,ငါဟုသမုတ်,အကျွန်ုပ်၏။နမေနမာမိ၊ ပစ္စုပ်သိသာ,နှစ်ဖြာအောင်မှု,အကြောင်းပြုလျက်, ပေါင်းစုရှိကျိုး,လက်စုံမိုးကာ, ရှိခိုး ကန်တော့ပါ၏,အောင်ပွဲသခင်, အရှင်မြတ်ဘုရား။

ရှင်တော်မြတ်ဘုရား၏ အောင်ခြင်းတရားတော်များကို နေ့စဉ်ရက်ဆက် ဟောကြားလာခဲ့တာ ယနေ့တော့ စတုတ္ထအောင်ခြင်းဖြစ်တဲ့ အင်္ဂုလိမာလခိုးသူကြီးအား အောင်မြင်တော်မူတဲ့အကြောင်းကို ဟောကြားကြရပေလိမ့်မယ်-နော်။ သို့အတွက်ကြောင့် တရားဟော,တရားနာ ဘေးရန်ကွာ၍ လိုရာကိစ္စ ပြီးမြောက်ကြစေရန် ရည်သန်လျက် အထက်ပါ ပဏာမဂါထာဖြင့် အင်္ဂုလိမာလခိုးသူကြီးကို အောင်မြင်တော်မူသော အောင်ပွဲသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား တရားပွဲမစမီ၊ ရှေးဦးစွာ ဂါရဝမင်္ဂလာ ပြုရခြင်း ဖြစ်တယ်။

ယင်းကဲ့သို့ တရားပွဲမစမီ ရှေးဦးစွာ ဗုဒ္ဓမြတ်စွာ အမှူးထား၍ သုံးပါးသော ရတနာတို့ကို ရှိသေစွာရှိခိုးခြင်း ပဏာမစေတနာကြောင့် တရားဟောပုဂ္ဂိုလ်ဖြစ်တဲ့ ဦးပဥ္စင်းမှာလဲ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းဝေးကွာ,ချမ်းသာစွာဖြင့် သာသနာ့ဝန်ကို ပျော်ရွှင်ချမ်းမြေ့စွာ ထမ်းဆောင်နိုင်ရခြင်း, တရားတော်ကို နာယူကြကုန်သော ဒါယကာ,ဒါယိကာမများလဲ ဘေးဘယာ ကင်းကွာ အေးချမ်းစွာဖြင့် မိမိတို့ မြတ်နိုးသော အမျိုး,ဘာသာ,သာသနာရေး ကိစ္စအဝဝတို့ကို ကောင်းစွာ ဆောင်ရွက်နိုင်ခြင်း-ဆိုတဲ့ အကျိုးထူးများ ရရှိနိုင်တဲ့အကြောင်းကို ယုံကြည် လေးမြတ်စွာ မှတ်သားထား ကြရမယ် နော်။

ဒီနေ့ အင်္ဂုလိမာလ ချွတ်ခန်းကို ဟောကြားရမည်ဆိုတော့ ဒီ အင်္ဂုလိမာလ မထေရ်ကြီးဟာ တချိန်က လွန်စွာ ရက်စက်ကြမ်းကြုတ်လှတဲ့ လူဆိုး,လူမိုက်,လူသတ်ကောင်ကြီးဆိုတာ ဗုဒ္ဓဘာသာဝင် သူတော်စင်အများတို့ အားလုံးလိုလို ကြားဘူး,သိဘူးကြပြီး ဖြစ်ပါတယ်။

သံသရာ၌ ကြင်လည်ရတယ်ဆိုတာ "နှိမ့်တုံမြင့်တုံနှင့် ခေါက်ရှာ့ကဲ့ ပုံသန်းသလို"ဘဲတဲ့။ (ဗကာကြီး ဦးချိန်)ရဲ့။ ရခါ ဘုရား အစရှိသော အရိယာ သူတော်ကောင်းများနှင့် တွေ့ရ ကြုံရ

ဆုံရသောဘဝတွင် အထက်တန်းကျကျ မျက်နှာပန်းလှတဲ့ သူတော်ကောင်း ပုဂ္ဂိုလ်မွန်ကြီးဖြစ်ရသော်လည်း၊ ရံခါ အကြောင်းမသင့်သဖြင့် ဆိုးဝါးယုတ်မာ လူမိုက်ဆိုးနှင့် တွေ့ရ ကြုံရပြန်လျှင် ငရဲအိုး ဂျိုးကပ်လောက်အောင် ဆိုးဝါးယုတ်မာတဲ့ လူယုတ်မာဘဝ ရောက်ကြရပြန်တတ်တယ်တဲ့။

ရံခါ ပညာရှိပုဂ္ဂိုလ်များနှင့် တွေ့ရ ကြုံရ ဆုံရသဖြင့် အသိဉာဏ်ပညာ ဓာတ်တွေကူးဆက်ပြီး မိမိလဲ ပညာရှိ ပုဂ္ဂိုလ်ကြီးတယောက်အဖြစ် ထွန်းတောက် ကျော်ကြားနေရငြားသော်လဲ ရံခါ တဘဝတွင်မူ အသိဉာဏ်ကင်း သိရိဖျင်းသူများနှင့် တွေ့ရ ကြုံရသဖြင့် မိမိလဲ အသိဉာဏ်တိုးတက်မှု မရှိတော့ဘဲ အသိဉာဏ်ကင်း လူဖျင်း လူအ ဘဝသို့ ရောက်ကြတတ်တယ်တဲ့။

ရံခါ တဘဝတွင် စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝ ချမ်းသာလှပြီး၊ ရံခါ ဘဝတခုတွင်မူ ပစ္စည်းဥစ္စာ လွန်စွာနွမ်းပါးပြီး သူတပါးတို့စေခိုင်းသမျှ လုပ်ဆောင်ရတဲ့သူ၊ ကျွန်ဘဝ ရောက်ကြရ။ မစရေစာ စားသောက်ရကြသောဘဝတို့၌ ဖြစ်ရခြင်း- စသည်ဖြင့် သံသရာမှာ ကျင်လည်ရာဝယ် နိမ့်တုံ မြင့်တုံဖြင့် ရံခါဘဝတခုတွင် မြင့်ရာ မြတ်ရာရောက်လိုက်၊ ရံခါဘဝတခုတွင်မူ နိမ့်ရာဘုံဘဝ ရောက်လိုက် ဖြစ်နေကြရတယ်။ အထက်ရောက်လိုက် အောက်ရောက်လိုက်နဲ့ တဝဲလယ်လယ် သံသရာ လည်နေကြရတယ်လို့ ဆိုရမယ်ပေါ့နော်။

ဒီအင်္ဂုလိမာလ မထေရ်ကြီးလဲ ထိုထိုဘဝတွေမှာ သာမညပုဂ္ဂိုလ် လူဆိုး လူရမ်းကားချည်းဘဲ ဖြစ်ခဲ့တာမဟုတ်ပါဘူး။ ဘဝပေါင်းများစွာ ဗုဒ္ဓမြတ်စွာဘုရားများကို တွေ့မြင် ဖူးမြော်ခွင့်ရပြီး ကုသိုလ် ပါရမီထူးထွေကို ဆည်းပူးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးသာလျှင် ဖြစ်ပါတယ်။ သို့အတွက်ကြောင့်-

> အယမ္ပိ ပုရိမ ဗုဒ္ဓေသု ကတာဓိကာရော တတ္ထတတ္ထ ဘဝေ ဝိဝဋ္ဋူပနိဿယံ ကုသလံ ဥပစိနိတွာ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ သာဝတ္ထိယံ ကောသလရညော ပုရောဟိတဿ ဘဂ္ဂဝဿနာမ ဗြာဟ္မဏဿ ပုတ္တော ဟုတွာ နိဗ္ဗတ္တိ။ (ထေရဂါထာ-ဋ္ဌ-ဒု-၃၂၄)
>
> ဟူ၍ ထေရဂါထာ အဋ္ဌကထာ၌ ထင်ရှားစွာ ဖွင့်ပြထားပါတယ်။

အယမ္ပိ၊ အင်္ဂုလိမာလ, နာမတွင်မည်, ဤမထေရ်သည်လည်း။ ပုရိမဗုဒ္ဓေသု၊ ရှေးရှေးပွင့်ငြား ဘုရားရှင်လက်ထက်တို့၌။ ကတာဓိကာရော၊ ပြုအပ်ပြီးထ လွန်ကဲလှသော ကုသိုလ်ကောင်းမှု အဆောက်အဦရှိပေထသော။ တတ္ထတတ္ထဘဝေ၊ များလှစုံစုံ ထိုထိုဘုံဘဝ၌။ ဝိဝဋ္ဋူပနိဿယံ၊ သံသရာ ဝဋ်ဇာတ်, ငြိမ်းပြတ်စေရန် အကြောင်းမှန်ဖြစ်သော။ ကုသလံ၊ ကောင်းကျိုးပွင့်ဖြိုး, ကုသိုလ်မျိုးကို။ ဥပစိနိတွာ၊ ကောင်းစွာ အထူး ဖြည့်ဆည်းပူး၍၊ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ၊ ငါတို့ဘုရား, ပွင့်ငြားဖြစ်ရာ ဤယခုအခါ၌။ သာဝတ္ထိယံ၊ သာယာဝပြော, ကျော်ဇော်လှတဲ့, သာဝတ္ထိပြည်၌။ ကောသလရညော၊ တိုင်းပြည်သခင်, ဘုရင် ကောသလ၏၊ ပုရောဟိတဿ၊ ကြောင်းကျိုးညွှန်ပြ, ဆုံးမတတ်စွာ, ပုရောဟိတ်ဆရာဖြစ်သော။ ဘဂ္ဂဝဿနာမ၊ ဘဂ္ဂဝဟု, နာမကျော်ကြား, အမည် ထင်ရှားသော။ ဗြာဟ္မဏဿ၊ ပုဏ္ဏားကြီး၏။ ပုတ္တော၊ ရင်၌ပေါက်ဖွား, ချစ်လှစွာသော သားသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ရှေးကံကြောင်းရင်း, ပို့ဆောင်နှင်းသဖြင့် မယွင်းမသွေ ဖြစ်ရလေတော့သတည်း။

ဤအင်္ဂုလိမာလ အလောင်းလျာဖြစ်သော ပုဂ္ဂိုလ်သည်, ရှေးရှေး ပွင့်တော်မူပြီးဖြစ်သော ဘုရားရှင်လက်ထက် အခါကာလတို့၌ ပြုအပ်ပြီးသော ကုသိုလ်ကောင်းမှု အဆောက်အဦရှိသော ထိုထိုဘဝတို့၌ ဝဋ္ဋဒုက္ခဇာတ် ကင်းပြတ်ကြောင်း ကောင်းမြတ်လှစွာသော ပါရမီ ကုသိုလ်ထူးကို

ဆည်းပူးဖြည့်ကျင့်ပြီး၍ ဤဂေါတမဘုရားရှင် ပွင့်ထွန်းဖြစ်ပေါ်ရာ ဤယခုအခါ၌မူ သာဝတ္ထိပြည်ကြီး သခင် ဘုရင် ကောသလမင်းကြီး၏ ဘဂ္ဂဝမည်သော ပုရောဟိတ်ဆရာ ပုဏ္ဏား၏ သားယောကျ်ား အဖြစ်ဖြင့် ဖြစ်လာပေတယ်နော်။

သံသရာကျင်လည်စဉ် ထိုထိုဘဝတို့၌ ရှေးရှေးသော ဘုရားရှင်တို့ထံတော်မှာ ပါရမီကုသိုလ် ထူးကို ဆည်းပူးခွင့်ရရှိခဲ့တဲ့ ပုဂ္ဂိုလ်ထူးတဦးပေပေါ့။ သုံးလူထွဋ်ထား မြတ်စွာဘုရား စသော အရိယာပုဂ္ဂိုလ်များ, ကလျာဏ ပုထုဇဉ်သူတော်ကောင်းများနှင့် တွေ့ရကြုံရ ဆုံရသောအခါ ကုသိုလ်ကောင်းမှု အစုစုကို ပြုစုအားထုတ်လျက် မိမိလဲ ပုဂ္ဂိုလ်မွန် သူတော်ကောင်းတဦးဖြစ်ရ ပေတာယ်။ ယင်း ကုသိုလ်ကောင်းမှု၏ ကျေးဇူးကိုလဲ ကောင်းစွာ ခံစားရမည်ပင် ဖြစ်ပါတယ်။

ရံခါ ဘဝတခုခုတွင် သူယုတ်မာနှင့် ပေါင်းသင်းမိပြီး သူယုတ်မာ၏ ဩဝါဒကြောင့် အကုသိုလ် အမျိုးမျိုးကို ကြိုးကြိုးစားစား မှားမိပြန်လျှင်လဲ ယင်းအကုသိုလ်၏ မကောင်းကျိုးကို ကေန်မုချ ခံစားရမည်ပင် ဖြစ်တယ်နော်။ သတ္တဝါတွေဟာ သံသရာကျင်လည်ရတဲ့ ကာလဟာ လွန်စွာရှည်လျား လှသဖြင့် ကောင်းချည်တခါ ဆိုးချည်တလှည့်ဖြင့် လှည့်လည်ပြီး နေကြရတော့တာကလား။

ယခု အင်္ဂုလိမာလလောင်းလျာလဲ ဘဝပေါင်းများစွာ ရှေးရှေး ပွင့်တော်မူပြီးသော မြတ်စွာဘုရားတို့ထံတော်၌ ကုသိုလ်ကောင်းမှုကိုပြုကာ ပါရမီ ဆည်းပူးခဲ့သလို၊ ရက်စက် ကြမ်းတမ်း ဆိုးသွမ်းခဲ့သော ဘဝပေါင်းကလဲ များပြားလှသဖြင့် ဇာတိရုပ်ဟာ ငွါးငွါးပြီး ပေါ်လာခဲ့တယ်။

တဿ ဇာတဒိဝသေ သကလနဂရေ အာဝုဓာနိ ပဇ္ဇလိံသု၊ ရညောစ၊ မင်္ဂလာဝုဓံ
သယနပိဋ္ဌေ ဌပိတံ ပဇ္ဇလိ၊ တံ ဒိသွာ ရာဇာ ဘီတော သံဝိဂ္ဂေါ နိဒ္ဒံ နလဘိ။
(ထေရဂါထာ- ၄- ၃၃၂၅)။

တဿ၊ ထိုအင်္ဂုလိမာလသတိုးသား၏။ ဇာတဒိဝသေ၊ မိခင်ဝမ်းမှ ဖွားဘျမ်းကင်းကွာ, မွေးဖွားရာနေ့၌။ သကလနဂရေ၊ သာဝတ္ထိပြည် သညီမွေးထုံ အလုံးစုံသောမြို့၌။ ဝါ-တမြို့လုံး၌။ အာဝုဓာနိ၊ သံလျက်ဓား, အစထား၍,များပြားစုံလျက်, လက်နက်တို့သည်။ ပဇ္ဇလိံသု၊ ပြောင်ပြောင် ဝင်းဝင်း, ထွန်းလင်းတောက်ပ ကြလေကုန်ပြီ။

ရညော၊ ကောသလမင်းကြီး၏။ သယနပိဋ္ဌေ၊ အိပ်ယာအင်းပျဉ်ထက်၌။ ဌပိတံ၊ အဲဆောင် သတ်မှတ် ချထားအပ်သော။ မင်္ဂလာဝုဓဉ္စ၊ မင်္ဂလာလက်နက်, ဓား, သံလျက်သည်လည်း။ ပဇ္ဇလိ၊ ပြောင်ပြောင်ဝင်းဝင်း, ထွန်းလင်းတောက်ပလေပြီ။

တံ၊ ထိုမင်္ဂလာလက်နက် အရောင်ထွက်ခြင်းကို။ ဒိသွာ၊ ရှေ့တွင်မုချ, တွေ့မြင်ရ၍။ ရာဇာ၊ သာဝတ္ထိပြည်ရှင်, ဘုရင်ကောသလမင်းကြီးသည်။ ဘီတော၊ အန္တရာယ်ရှေ့ရေး, မြော်တွေး ကြောက်ရွံ့သည်ဖြစ်၍။ သံဝိဂ္ဂေါ၊ ကိုယ်စိတ်မသံ့, ထိတ်လန့်သည်ဖြစ်၍။ နိဒ္ဒံ၊ အေးချမ်းသာယာ, ကောင်းစွာအလျော်, စက်ဘော်ခေါ်ခြင်းကို။ နလဘိ၊ စိတ်ဓာတ်ချောက်ခြား, ကြောက်စိတ်ပွါးသဖြင့်, ထင်ရှားမုချ မရရှာလေပြီတကား။

ကောင်းသောညဘက်မှာဖြစ်စေ,ဆိုးသောနေ့ဖက်မှာဖြစ်စေ ဤလောက၌ထူးထူးခြားခြားဖြစ်မဲ့ ပုဂ္ဂိုလ်များဟာ မိခင်၏ဝမ်းတိုက်မှ မွေးဖွားလာလျှင် ထူးခြားတဲ့ အတိတ်နိမိတ်ဆိုတာ ဖြစ်ပေါ်မြဲ

ဓမ္မတာဘဲနော်။ အချို့ပုဂ္ဂိုလ်တွေကတော့ အတိတ်တို့, နိမိတ်တို့, တဘောင်တို့ဆိုတာ ယုံဘွယ်ရာမဟုတ်ပါဘူး။ စိတ်ကူးပြီး တင်စားထားတဲ့ ဒဏ္ဍာရီစကားတွေပါလို့ ဆိုကြမှာဘဲ။ သူလိုငါလို မထူးခြားပဲ လူထဲကလူလို့ဆိုရယုံရှိကြတဲ့ သူများအဖို့တော့ ဆိုချင်ဆိုနိုင်ပေတယ်ပေါ့။ သူလဲမထူးခြား ကိုယ်ကလဲ မထူးခြားဘဲဟာကိုး။

ဒါပေမဲ့ တခါတရံတော့ ပုဂ္ဂိုလ်ထူးဆိုတာ ဖြစ်ပေါ်မြဲဓမ္မတာဘဲ။ မြတ်စွာဘုရား၏ ဖွားမြင်တော်မူခြင်းအကြောင်း အစရှိတဲ့ ရှည်ရှည်ဝေးဝေးအကြောင်းများကိုတော့ ထားပါတော့လေ။ ဦးပဥ္စင်းတို့ မြန်မာပြည်သာသနာဝင်တွင် မကြာမီကဖြစ်ပေါ်ခဲ့တဲ့ သာသနာရေးလောက၌ နေတဆူလ တပါးကဲ့သို့ လွန်စွာထင်ရှားလှတဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးမိခင် ဝမ်းကြာတိုက်မှ မီးရှူးသန့်စင် ဖွားမြင်တော်မူတဲ့အကြောင်းကိုကြည့်ရှုလျှင် အလွန်ထူးခြားတဲ့ အတိတ်နိမိတ်များကို တွေ့ကြရပေမယ်နော်။

လယ်တီဆရာတော်ဖြစ်လာမည့် သတိုးသားကို ဖွားမြင်ဆဲအခါ၌ စို့ခေါ် သက်တန့်ကြီး အိမ်တွင်းမှအိမ်ခေါင်မိုးအထက်သို့တက်ကာ ကောင်းကင်တလွှား ပျံ့တက်သွားသတဲ့။ ယင်းကဲ့သို့သော နိမိတ်ထူးကို အစွဲပြု၍ ဖွားမြင်လာသောသတိုးသားကို "မောင်တက်ခေါင်"ဟု မှည့်ခေါ်ကြလေသတဲ့။

တိုင်းပြည်အုပ်ချုပ် မင်းလုပ်ထိုက်တဲ့ပုဂ္ဂိုလ်များ သာသနာပြု အာဇာနည်ပုဂ္ဂိုလ်ထူး ဖြစ်လာမည့် ဆရာတော်လောင်းလျာများ မီးရှူးသန့်စင် ဖွားမြင်လာလျှင် တခုခု ထူးခြားချက် အတိတ်နိမိတ်များ ပြတတ်တယ်တဲ့(ဒကာကြီး ဦးစိန်)၊ သူလိုငါလို သာမညပုဂ္ဂိုလ်နှင့်နှိုင်းစာလို့တော့ မရပေဘူးပေါ့။

ယခုလဲ အင်္ဂုလိမာလထေရ် လောင်းလျာသတိုးသားကို မီးရှူးသန့်စင် ဖွားမြင်သောနေ့၌ သာဝတ္ထိမြို့တော်၌ ရှိသမျှလက်နက်များ အရောင်တလက်လက် ပေါ်ထွက်တောက်ပလျက်နေကြသတဲ့။ မွေးဖွားလာတဲ့သူငယ်ရဲ့ တန်ခိုးစွမ်းအဟုန်တွေနော်။

လူဆိုးလူမိုက်ဖြစ်မည့် လက္ခဏာပါလာတော့ သူနှင့်သက်ဆိုင်ရာ ဓား, ဒုတ် လက်နက်တွေက အရောင်ထွက်ကြတယ်။ ရှေ့ပြေးနိမိတ်တွေဖြစ်ပေါ်လာတယ်။ သန္ဓေရှင် မိခင်များ ချင်ခြင်းတပ်တယ်ဆိုတာလဲ ဝမ်းတွင်းရှိသန္ဓေသားရဲ့ အရှိန်အဟုန်တွေ ပြနေတာဘဲဖြစ်တယ်၊

သန္ဓေရှင် မိခင်လောင်းများဟာ မိမိတို့ရဲ့သား (သို့မဟုတ်) သမီးသည် လူကောင်းသူကောင်း ဖြစ်မည်။ လူဆိုး, သူဆိုးဖြစ်မည်ဆိုတာ ထိုသန္ဓေသား ဝမ်းတွင်းလွယ်ထားရစဉ်အခါ မိမိတို့မှာ ဖြစ်ပေါ်လာသောချင်ခြင်း၏ အကောင်းအဆိုးလက္ခဏာကို ဝေဘန်မှန်းဆပြီး သိနိုင်ပါတယ်။

ဝနဝါသီတိဿထေရ်အလောင်း သန္ဓေယူစဉ်အခါ၌ မထေရ်၏မယ်တော်သည် ဘုရားအမှူး ရှိသော ရဟန်းသံဃာကို ဖူးမြင်လိုခြင်း, တရားတော်ကို နာယူလိုခြင်း, အလှူဒါနပြုလိုခြင်း, သီတင်း သီလ ဆောက်တည်လိုခြင်း စသည်ဖြင့် သူတော်လက္ခဏာသဘောတရားတွေကိုသာ ချင်ခြင်းတပ်မှု ဖြစ်ပေါ်သလို ထိုအတူ မိမိဝမ်း၌သန္ဓေယူသော သန္ဓေသားသည် သူတော်ကောင်းဖြစ်မည်ဆိုပါက ဘုရားဖူးသွားလိုခြင်း,သံဃာတော်ကိုဖူးမြင်လိုခြင်း,တရားတော်ကိုနာယူလိုခြင်း,အလှူဒါနပြုလိုခြင်း, သီတင်းသီလဆောက်တည်လိုခြင်း စသည့် သူတော်ကောင်းလက္ခဏာများကို ချင်ခြင်းတပ်လာမည် ဖြစ်တယ်။

ဆိုးပေ ကြမ်းတမ်း ရမ်းကားမည့်သားမျိုးကို သန္ဓေ လွယ်ထားရပါကလဲ အဘကိုသတ်မည့် အဇာတသတ်မင်းသား သန္ဓေယူစဉ်အခါ၌ ဝေဒေဟီ မိဖုယား ကြီး သည် ဗိမ္ဗိသာရမင်းကြီး၏ လက်မောင်းသွေးကို သောက်လိုမှုချင်ခြင်း ဖြစ်ပေါ်သကဲ့သို့ပင် သူတပါးတို့ ပျက်စီးရာ ပျက်စီး ကြောင်းဖြစ်တဲ့ မကောင်းသောသဘောတရားတွေကိုသာ ချင်ခြင်းတပ်လာတတ်တယ်တဲ့။

ယခုခေတ်အခါမှာ အချို့သောအမျိုးသမီးများ သားသန္ဓေသြောင်းလာလျှင် ဆေးလိပ် ပြာကို လျက် ိုခြင်း, ဆေးလိပ်မီးရဲရဲကို မီးသတ်၍စားလိုခြင်း, မီးသွေးခဲကိုစားလိုခြင်း, စသည်ဖြင့် ဖြစ်တတ်တယ်လို့ကြားရဘူးဘယ်။ ဘယ်လိုသားသမီးမျိုး ဖြစ်ပေါ်ဖွားမြင်လာမည် နိမိတ်လက္ခဏာ ချင်ခြင်းတွေလဲလို့ မပြောပြနိုင်အောင်ပါဘဲ။ ကဲကဲ- ရှိပါစေတော့။ တရား မြောသွားရော့မယ်၊ ရှေ့ဆက်ကြဦးစို့ရဲ့။

ယင်းကဲ့သို့ အင်္ဂုလိမာလသတိုးသားကိုဖွားမြင်သောအခါ သာဝတ္ထိတမြို့လုံးဝယ် ရှိရှိသမျှသော လက်နက်များ ဝင်းဝင်းပြောင်ပြောင် အရောင်တောက်နေသကဲ့သို့ ကောသလမင်းကြီး၏ ပလ္လင် ပေါ်၌ ထားအပ်သော မင်္ဂလာလက်နက် ခေးသံလျက်လဲ တလက်လက် အရောင်တောက်ပပြီး နေသတဲ့။

ထိုခေးသံလျက် အရောင်တလက်လက် တောက်ပနေသည်ကို တွေ့မြင်ရသော ကောသလ မင်းကြီးဟာ ကြောက်ရွံ့ထိတ်လန့်လျက် ကောင်းစွာ အိပ်၍မပျော်တော့ဘူးတဲ့။ အဘယ်မှာ အိပ်၍ ပျော်ပါတော့မည်နည်း။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေရတယ်ဆိုတာ တိုင်းပြည်၏ရန်သူ ခိုးသူ ခားပြ စသည်တို့ကို မကောင်းလျှင် မကောင်းသလို အရေးယူတာ နှိမ်နင်းဆုံးမနေရတော့ ထိုလူဆိုး သူဆိုးတို့ရဲ့ ဘေးရန်အန္တရာယ်ဆိုတာ အမြဲရှိနေတာဘဲမဟုတ်လား။ သို့အတွက်ကြောင့် ကြောက်ရွံ့ ထိတ်လန့်ပြီး အိပ်၍မရခြင်း ဖြစ်ပေတယ်။

ဒါကြောင့် သာကီဝင်မင်းဖြစ်ခဲ့တဲ့ ဘဒ္ဒိယမထေရ်ဟာ မြတ်စွာဘုရားထံ ရဟန်းပြုပြီးနောက် ဆိတ်ငြိမ်ရာအရပ် သစ်ပင်ရင်းတို့၌ ကပ်ရောက်ပြီးလျှင် "အဟောသုခံ- အဟောသုခံ၊ ဩော်ချမ်းသာ လေစွတကား, ဩော်ချမ်းသာလေစွတကား"ဟု ကြိမ်ဖန်မပြတ် ဥဒါန်းကျူးရင့်ပြီး နေလေ့ရှိသတဲ့။ ထိုကဲ့သို့ ဘဒ္ဒိယမထေရ်က "အဟောသုခံ, အဟောသုခံ"ဟု ကြိမ်ဖန်မပြတ် ရွတ်ဆိုဥဒါန်းကျူးရင့် နေသည်ကို ကြားကြသော, သီတင်းသုံးဘော် ရဟန်းတော်များက "ဤဘဒ္ဒိယမထေရ်သည် ကြိမ်ဖန် မပြတ်ပင် "အဟောသုခံ, အဟောသုခံ၊ ဩော် ချမ်း သာ လေ စွ တ ကား, ဩော် ချမ်းသာလေစွ တကား"ဟု ရွတ်ဆိုဥဒါန်းကျူးရင့်ပြီးသာ နေပေတယ်။

မင်းစည်းစိမ်ကို ပြန်လည်သတိရပြီး မပျော်မွေ့ဘဲ ရဟန်းတရားကို အားထုတ်၍ပင်နေ၏-ဟု မြတ်စွာဘုရားကို လျှောက်ထားကြသဖြင့် မြတ်စွာဘုရားက ဘဒ္ဒိယမထေရ်ကို ခေါ်ယူပြီး စစ်ဆေး မေးမြန်းတဲ့အခါ ဘဒ္ဒိယမထေရ် ပြန်လည်လျှောက်ထားတဲ့ စကားဟာ လွန်စွာ မှတ်သားဘွယ် ကောင်းလှပေဘယ်။ ဒကာကြီး ဦးစိန်တို့, ဦးချိန်တို့ သေသေချာချာ မှတ်ထားကြစမ်းပါ၊ ဘဒ္ဒိယ မထေရ် လျှောက်ထားတဲ့ စကားကတော့-

> ပုဗ္ဗေ မေ ဘန္တေ ရဇ္ဇံကာရေန္တဿ သုသံဝိဟိတာရက္ခော အဟောသိ၊ တထာပိ ဘီတော ဥဗ္ဗိဂ္ဂေါ ဥဿင်္ကိတော ဝိဟာသိ။ ဣဒါနိ ပန ပဗ္ဗဇိတော အဘီတော အနုဗ္ဗိဂ္ဂေါ အနုဿင်္ကိတော ဝိဟရာမိ။ (သေရဂါထာ-ဋ္ဌ-ဒု-၃၂၁)။

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ပုဗ္ဗေ၊ ရဟန်းဘဝ, မရောက်ရသေးခင်, ရှေးယခင်၌။ မေ၊ ဘဒ္ဒိယဟူ, နာမမှည့်ခေါ် တပည့်တော်သည်။ ရဇ္ဇံ၊ တိုင်းသားပြည်ရွာ, စည်ပင်သာမှု ရေ့ရှုတုံလစ်, မင်းအဖြစ်ကို။ ကာရေန္တဿ၊ အာဏာတန်ခိုး, လွှမ်းမိုးအုပ်ချုပ်, ပြုလုပ်နေစဉ်။ သုသံဝိဟိတာရက္ခော၊ တင်းကြပ်သေချာ, ကောင်းစွာစီရင်အပ်သော, အစောင့်အကြပ်ရှိသည်။ အဟောသိ၊ ဖြစ်လေပြီ။ တထာပိ၊ ထိုသို့ပင် တင်းကြပ်သေချာ အစောင့်ချကာ ထားအပ်ပါသော်လည်း။ ဘီတော၊ စိတ်မလုံဘဲ, ကြောက်ရွံ့မြဲကြောက်ရွံ့သည်ဖြစ်၍။ ဥဗ္ဗိဂ္ဂေါ၊ ကိုယ်စိတ်မခန့်, ထိတ်လန့်မြဲ ထိတ်လန့်သည်ဖြစ်၍။ ဥဿင်္ကိတော၊ ထိုဆို့ဤဤ, အလီလီကြံပွား, ရွံ့ရှားမြဲ ရွံ့ရှားသည်ဖြစ်၍။ ဝိဟာသိံ၊ နေခဲ့ရပါပြီ။

ဧတရဟိ ပန၊ ငြိမ်းချမ်းလှပေ, သာသနာ့မြေ၌, အခြေတကျ, ရောက်ရပေရာ, ဤယခုအခါ၌ကား။ ပဗ္ဗဇိတော၊ ဘုရားဆုံးမ,ဩဝါဒခံ, ဖန်ဝါဆင်မြန်း, ရှင်ရဟန်းသည်။ ဟုတွာ၊ ကောင်းစွာမုချဖြစ်နေရ၍။ အဘီတော၊ တောင်တွေးမြောက်ကြံ, ပူပန်မတွန့်, မကြောက်ရွံ့သည် ဖြစ်၍။ အနုဗ္ဗိဂ္ဂေါ၊ ကိုယ်စိတ်နှစ်ဖြာ ကောင်းစွာခန့်ခြင်း, ထိတ်လန့်မှု ကင်းသည်ဖြစ်၍။ အနုဿင်္ကိတော၊ ထိုဆိုဤဤ, အလီလီအကြံပွား, ရွံ့ရှားမှုကင်းသည်ဖြစ်၍၊ သာသနေ၊ ဘုန်းတော်သခင်, ဘုရားရှင်၏, အစဉ်ငြိမ်းချမ်း, ရှင်လန်းဘွယ်ဖြစ်ပေသော, သာသနာနယ်မြေ၌။ ဝိဟာရာမိ၊ သာယာရွှင်ပြုံး, နှလုံးမွေ့စွာ, နေရပါ၏– မြတ်စွာဘုရား။

ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ ရဟန်းမပြုမီ ရှေးအခါက တပည့်တော်သည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်၍နေရစဉ် တင်းတင်းကြပ်ကြပ် ကောင်းစွာစီရင်အပ် ချထားအပ်သော အစောင့်အရှောက် ရှိခဲ့ပါသည်။ ထိုသို့ပင် အစောင့်အရှောက် တင်းတင်းကြပ်ကြပ် ထားအပ်ပါသော်လည်း ကြောက်ရွံ့မြဲ ကြောက်ရွံ့လျက် နေရပါ၏–ဘုရား။

ထိတ်လန့်မြဲထိတ်လန့်လျက် နေရပါ၏-ဘုရား။ ရွံ့ရှားမှုဖြစ်မြဲဖြစ်၍ နေရပါ၏-ဘုရား၊ မြတ်စွာဘုရား ယခုအခါ၌မူ ဘုန်းတော်သခင် ဘုရားရှင်၏ သာသနာနယ်မြေဖြစ်သော ငြိမ်ချမ်းရာနယ်မြေ၌ ဖန်ဝါဆင်မြန်း ရှင်ရဟန်းပြုကာ နေသည်ဖြစ်၍ ကြောက်ရွံ့ခြင်းကင်းကွာစွာ နေရပါ၏-ဘုရား, ရွံ့ရှားခြင်းကင်းစွာ နေရပါ၏–မြတ်စွာဘုရား။

သို့အတွက်ကြောင့် ရဟန်းဘဝ၌ ရရှိအပ်သော ရဟန်းဘဝ ချမ်းသာထူး, ချမ်းသာမြတ်ကို ခံစားရသည်ဖြစ်၍ "အဟောသုခံ, အဟောသုခံ- ဩော် ချမ်းသာပေစွတကား, ဩော် ချမ်းသာပေစွတကား"ဟု ဝမ်းမြောက်ဝမ်းသာစွာ ကြိမ်ဖန်မပြတ် ဥဒါန်းစကားကို ကျူးရင့်ခြင်းဖြစ်ပါသည် မြတ်စွာဘုရား—ဟု လျှောက်ထားလေတော့ဘယ်တဲ့။

ဒီအကြောင်းကို ထောက်ဆလိုက်လျှင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေရသူများလဲ အစောင့်အကြပ် တင်းတင်းကြပ်ကြပ် ချထားအပ်ပေမဲ့ ကြောက်ရွံ့မှု, ထိတ်လန့်မှု, ရွံ့ရှားမှုဆိုတာဖြစ်ရတတ်တာချည်းဘဲလို့ မှတ်သားကြရပေလိမ့်မယ်နော်။

ဘဂ္ဂဝမည်သော ပုရောဟိတ်ဆရာကြီးကလဲ မိမိ၏ဖွားမြင်ပြီး လက်နက်တွေလဲ အရောင်တလက်လက်ပေါ်ထွက်နေတဲ့အတွက် ကောင်းကင်သို့မော်၍ နက္ခတ်ကိုကြည့်တဲ့အခါ "ယခုမွေးဖွားသော သတို့သားသည် စောရနက္ခတ်နှင့်ယှဉ်၍ ဖွားမြင်၏"ဟု ဆုံးဖြတ်ချက်ချလိုက်တယ်။

နနက်လင်းလျှင် ကောသလမင်းကြီးထံသို့ အခစားဝင်၍"ညဥ့်အခါ ချမ်းသာစွာ အိပ်ရပါ၏လော"ဟု မင်းကြီးအား မေးမြန်းလျှောက်ထားသောအခါ ကောသလမင်းကြီးက-

ကုတော မေ အာစရိယ သုခသေယျာ၊ မယှံ မင်္ဂလာစုမ် ပဇ္ဇလိ၊
ရဇ္ဇဿဝါ ဇီဝိတဿဝါ အန္တရာယော ဘဝိဿတိမညေ။ (မဇ္ဈိမပဏ္ဏာသ-၄-၂၂၇)။

အာစရိယ၊ ကြောင်းကျိုးပြသ, ဆုံးမညွှန်ကြား, ဆရာပုဏ္ဏား။ မေ၊ ငါအား၊ ကုတော၊ အဘယ်မှာလျှင်။ သုခသေယျာ၊ ချမ်းချမ်းသာသာ,အိပ်ရပါအံ့နည်း၊ ရတ္တိယံ၊ ညဥ့်အခါ၌။ (ဝါ) ညဥ့်အခါက။ မယှံ၊ ငါ၏။ မင်္ဂလာဝုမ်၊ မင်္ဂလာလက်နက်,ဓားသံလျက်သည်။ ပဇ္ဇလိ၊ ပြောင်ပြောင်လက်လက်,အရောင်ထွက်လေပြီ။

ရဇ္ဇဿဝါ၊တိုင်းပြည်၏လည်းကောင်း။ ဇီဝိတဿဝါ၊ ငါဘုရင်၏,အသက်၏လည်းကောင်း။ အန္တရာယော၊ မကွယ်မထောင်း,ပျက်စီးကြောင်းဖြစ်သော, အန္တရာယ်သည်။ဘဝိဿတိမညေ၊ဖြစ်လိမ့်မည်ပင်,ထင်ယောင်တကား။

ပုရောဟိတ် ဆရာပုဏ္ဏား၊ ငါအား အဘယ်မှာလျှင် ချမ်းချမ်းသာသာ,အိပ်ရပါမည်နည်း။ ယနေ့ည ငါ၏ မင်္ဂလာလက်နက်,ဓားသံလျက်သည်,အရောင်တလက်လက် ပေါ်ထွက်ထွန်းပြီး နေပေတယ်။ သာဝတ္ထိတိုင်းပြည်ကြီး၏ အန္တရာယ်များ ဖြစ်ပေါ်လာမည်လား မပြောတတ်၊ သို့မဟုတ် ငါ၏ အသက်အန္တရာယ်များ ဖြစ်ပေါ်လာမည်လား မပြောတတ်တော့ပေ-ဟု ပြောဆိုကာ စိတ်မချမ်းမသာဖြစ်၍နေသော မင်းကြီးကို တွေ့မြင်ရသော ပုရေဟိတ်ဆရာကြီးက-

မာဘာယိ မဟာရာဇ၊ မယှံ ဃရေ ကုမာရော ဇာတော၊ တဿာနုဘာဝေန
နကေဝလံ တုယှံ နိဝေသနေ။ သကလနဂရေပိ အာဝုဓာနိ ပဇ္ဇလိတာနိ။
(မဇ္ဈိမ ပဏ္ဏာသ-၄-အင်္ဂုလိမာလသုတ် ၂၂၇)။

ဟူ၍ ပြောဆိုလျှောက်ထား အားမေးစကား ပြောကြားလိုက်ပါတယ်။

မဟာရာဇ၊ တိုင်းပြည်သခင်,ဘုရင်မင်းမြတ်။ မာဘာယိ၊ ထိုထိုအရေး,ကြံတွေးနောက်တွန့်, မကြောက်ရွံ့ပါလေလင့်။ မယှံ၊ အကျွန်ုပ်၏။ ဃရေ၊ အိမ်၌။ ကုမာရော၊ မိဘရင်နှစ်,စင်စစ်ဖြစ်ငြား, သတိုးသားသည်။ ဇာတော၊ ဖွားမြောက်ခဲ့ပါ၏။ တဿ၊ ယနေ့ညဖွား, ထိုသတိုးသား၏။ အာနုဘာဝေန၊ စွမ်းအားရှိန်စော်, အာနုဘော်ကြောင့်။ ကေဝလံ၊ သူတပါးမပါ, ကိုယ်သာဖြင်လျက်, သက်သက်။ တုယှံ၊ သင်မင်းကြီး၏။ နိဝေသနေ၊ နန်းတော်၌။ အာဝုဓံ၊ မင်္ဂလာလက်နက်, ဓားသံလျက်သည်။ နပဇ္ဇလိတံ၊ ဝင်းဝင်းပြောင်ပြောင်,အရောင်ထွက်သည် မဟုတ်သေး။ သကလနဂရေပိ၊ အလုံးစုံသော မြို့၌လည်း။ (ဝါ) တမြို့လုံး၌လည်း။ အာဝုဓာနိ၊ ပဲခွပ်ဆောက်ပုတ်,တင်းမုတ်နှင့်ဓား, များပြားစုံလျက်,လက်နက်တို့သည်။ ပဇ္ဇလိတာနိ၊ ဝင်းဝင်းပြောင်ပြောင်, အရောင်ထွက်၍ နေကြပါကုန်၏။

ဤကဲ့သို့ ပုဏ္ဏားကြီးက ပြောဆို လျှောက်ထားလေလျှင်-

**မင်းကြီး။** ကိံ ဘဝိဿတိ အာစရိယ-ဆရာပုဏ္ဏား ထိုသူငယ်သည် အဘယ်သို့ ဖြစ်လတံ့နည်း။

**ပုဏ္ဏား။** စောရောဘဝိဿတိ မဟာရာဇ-သူခိုး,ဓားပြ ဖြစ်ပါလိမ့်မည် အရှင်မင်းကြီး။

မင်းကြီး။ ကိံ ဇောစောရကော, ဥဒါဟု ရဇ္ဇဒူဿကော စောရော– တယောက်တည်းဖြစ်သော သူခိုး,ဓားပြလေလော,သို့မဟုတ် နိုင်ငံတော်ကို ပုန်ကန်ဖျက်ဆီးမည့် သူခိုး,ဓားပြလော။

ပုဏ္ဏား။ ဇောစောရကော ဒေဝ–တယောက်တည်းဖြစ်သော သူခိုး,ဓားပြပါ အရှင်မင်းကြီး။

ဤသို့ ပြောဆိုလျှောက်ထားပြီးနောက် မင်းကြီး၏ အလိုဆန္ဒကို စုံစမ်းလိုသဖြင့် "ထိုသူငယ်ကို သတ်လိုက်ပါကုန်အံ့"ဟု ဆက်လက်၍ လျှောက်ထားပြန်သဖြင့် မင်းကြီးက "တယောက်တည်းသော သူခိုး,ဓားပြဖြစ်ဘိမူ ဂရုပြုဘွယ် မလိုပေ၊ ပယ်တထောင်ရှိသော လယ်၌ တခုသော သလေးနှံကဲ့သို့ ဖြစ်ချေသည်။ ထိုသူငယ်ကို ကောင်းမွန်စွာသာ ကျွေးမွေး စောင့်ရှောက်လေလော့"ဟု မိန့်ဆိုလိုက်သတဲ့။

တကိုယ်တော် ဆိုးသွမ်း တေပေသူဆိုတော့ မှုလောက်စရာ မရှိပေဘူးပေါ့။ တိုင်းပြည်ကို ပုန်ကန်မည့် မိမိအား အန္တရာယ်ပြုမည်ဆိုလျှင်တော့ ယခုအခါကပင် ကြိုတင်ပြီး စီစဉ်သင့်သည်ကို စီစဉ်ရမည် ဖြစ်ပေတယ်။ တကိုယ်တော်ဆိုးသွမ်းမည့်သူဖြစ်၍ ငြိမ်းချမ်းမှုပေးပြီး ကောင်းစွာ ကျွေးမွေး စောင့်ရှောက်ရန်ပင် အမိန့်တော် ချမှတ်လိုက်သတဲ့ (ဒကာကြီး ဦးချိန်ရဲ့)။

ထိုသူငယ်၏နာမည်ကို မှည့်ကုန်သော သူတို့က အိပ်ရာ၌ထားအပ်သော မင်္ဂလာ သံလျက်ဓားရိုး, အမိုး၌ထားအပ်သော မြှား, ဝါဂွမ်းစိုင်အစုံ၌ ထားအပ်သော ထန်းရွက်ဓား–ဤလက်နက်တို့သည် အရောင်တောက်ပကြသော်လည်း တစုံတယောက်ကို မညှဉ်းဆဲတတ်လေကုန်ပြီ၊ ထို့ကြောင့် "အဟိံသက–မောင်မညှဉ်းဆဲ၊ (ဝါ) မောင်ရှေချမ်း"လို့ မှည့်ခေါ်လိုက်ကြတယ်။

အဟိံသက သတိုးသားဟာ အရွယ်ရောက်လေလျှင် ရှေးကောင်းမှုကံ၏ အစွမ်းကြောင့် ခုနစ်စီးသော ဆင်ကြီးတို့၏အားကို ဆောင်နိုင်အောင် အားအင်ကြီးမားလှသတဲ့၊ အဘယ့်ကြောင့် ဤမျှလောက် အင်အားကြီးမားရသနည်း-ဆိုတော့ သုံးလူထွဋ်ထား မြတ်စွာဘုရားတို့ ပွင့်ထွန်းမှုမရှိသော အခါကာလဝယ် လယ်ယာလုပ်သားမျိုးရိုး၌ ဖြစ်၍ မိုးဒဏ်မိသဖြင့် စိုရွှဲသော သင်္ကန်းရှိသော လွန်စွာချမ်းအေးခြင်း နှိပ်စက်အပ်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တပါးကို မိမိလယ်ထွန်ရာအရပ်သို့ ချဉ်းကပ်ရောက်လာသည်ကို တွေ့မြင်ရ၍ "ငါ၏ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ ဖြစ်စေအံ့" ဟု လွန်စွာ ရွှင်လန်းဝမ်းမြောက်လျက် မီးဖိုကာ ပေးလှူပါတယ်။

> သော တဿ ကမ္မဿ ဗလေန နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ ထာမ ဇဝ ဗလ သမ္ပန္နောစ
> ဟုတွာ ဣမသ္မိံ ပစ္ဆိမတ္တဘာဝေ သတ္တန္နံ ဟတ္ထီနံ ဗလံ ဓာရေတိ။
>
> (ထေရ ဂါထာ–ဋ္ဌ-ဒု-၃၂၅)။

ဟူ၍ မီးဖို၍ လှူဒါန်းခြင်းကြောင့် ရရှိအပ်သော အကျိုးတရားကို အဋ္ဌကထာဆရာက အင်္ဂုလိမာလ ထေရဂါထာ၌ ထင်ထင်ရှားရှား ဖွင့်ပြထားပါတယ်။

သော၊ အင်္ဂုလိမာလအလောင်း,ထို အမျိုးကောင်းသားသည်။ တဿကမ္မဿ၊ ရှင်ပစ္စေကဗုဒ္ဓါအား မီးဖို၍ လှူဒါန်းရခြင်း ဟူသော ထိုကောင်းမှုကံ၏။ ဗလေန၊ အစွမ်းကြောင့်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာ,ဖြစ်လေရာအရပ်၌။ ထာမ ဇဝဗလသမ္ပန္နောစ၊ အစွမ်းသတ္တိ, လျင်မြန်ခြင်း အင်အားနှင့် ပြည့်စုံသည်လည်း။ ဟုတွာ၊ ကောင်းစွာစင်စစ်ဖြစ်ရ၍။ ဣမသ္မိံပစ္ဆိမတ္တဘာဝေ၊

ဤနောက်ဆုံးဖြစ်သော ကိုယ်၏အဖြစ်၌။ သတ္တန္နံဟတ္ထိနံ၊ ခုနစ်ကောင်ကုန်သောဆင်တို့၏။ ဗလံ၊ အလွန်ထူးဆန်း အားအစွမ်းကို။ ဓာရေတိ၊ ရှေးယခင်က, ကုသလကြောင့်, မှချပိုင်ပိုင်, စွမ်းဆောင်နိုင်လေသတည်း။

အင်္ဂုလိမာလသတိုးသားသည် မိုးရေစိုရွှဲသဖြင့် ချမ်းအေးခြင်းနှိမ့်စက်ခံနေရသော ရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ် တပါးကို မီးဖိုရှ်အချမ်းဒဏ် ကာကွယ်ပေးခဲ့ခြင်း ကောင်းမှုကြောင့် အင်အားကြီးမားခြင်း အကျိုးထူးကို ရရှိခြင်းဖြစ်တယ်။မီးကိုလှူဒါန်းလျှင် ဖြစ်လေရာဘဝ၌-အစွမ်းသတ္တိနှင့် ပြည့်စုံခြင်း, လျှင်မြန်ဖြတ်လပ်မှုနှင့် ပြည့်စုံခြင်း, အင်အားနှင့် ပြည့်စုံခြင်း, အကျိုးတို့ကို ရရှိနိုင်ပေတယ်။ နောက်ဆုံးဖြစ်တဲ့ဘဝမှာတော့ ဆင်ပြောင်ခုနစ်စီး၏ အားကိုပင် ဆောင်စွမ်းနိုင်သည်အထိ အားအင်ကြီးမားလှတယ်တဲ့။

ထိုအင်္ဂုလိမာလ သတိုးသားပညာသင်ကြားသင့်သောအရွယ်သို့ ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခဆရာကြီးအထံ၌ ဓမ္မန္တေဝါသီ တပည့်ရင်း အဖြစ်ဖြင့် နေထိုင်ကာပညာသင်ကြား၍ ဆရာဖြစ်သော ပုဏ္ဏားကိုရင်း, ဆရာကတော်ကိုရင်း, ရိုရိုသေသေပြုစု လုပ်ကျွေးတဲ့အတွက်ကြောင့် ဆရာကတော်ကလဲ အလွန်ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံလေသတဲ့ (ဒကာကြီးဦးစိန်ရဲ့) အင်္ဂုလိမာလ သတိုးသား ရောက်လာသော အခါမှစ၍ ကြွင်းသော တက္ကသိုလ်ကျောင်းသားတပည့်များဟာ မထင်ရှားသောဘဝသို့ အလိုလိုရောက်သွားကြတော့သတဲ့။

> တေနဿ သာပြဟ္မဏီ ဂေဟေ လဒ္ဓမာနေန ဘတ္တာဒိနာ သင်္ဂဟံ ကရောတိ။
> တံ အသဟမာနာ အညေ မာဏဝါ အာစရိယေန သဒ္ဓိံ ဘေဒံ အကံသု။
>
> (ထေရဂါထာ-ဋ္ဌ-ဒု-၃၂၅)။

တေန၊ ထိုသို့ရှိသေခစား ပြုပြားလိမ္မာခြင်းကြောင့်။ သာပြဟ္မဏီ၊ ဆရာကြီးကတော်ဖြစ်သော ထိုပုဏ္ဏေးမသည်။ အဿ၊ ထိုအင်္ဂုလိမာလ သတိုးသားအား။ ဂေဟေ၊ မိမိနေရာအိမ်ဂေဟာ၌။ လဒ္ဓမာနေန၊ အမှန်မပြတ်ရရှိအပ်သော။ ဘတ္တာဒိနာ၊ ထမင်းအစ,များလှစုံစွာ,စားသောက်ဘွယ်ရာဖြင့်။ သင်္ဂဟံ၊ အသင့်အတင့် ထောက်ပံ့ခြင်းကို။ ကရောတိ၊ မေတ္တာရှေးရှု, ကောင်းစွာပြုလေ၏။

တံ၊ ထိုထမင်းရေချမ်းပေးကမ်းချီးမြှင့်ခြင်းကို။ အသဟမာနာ၊ ကြည်သာလွတ်လပ်,ခွင့်လွှတ်သည်းမခံနိုင်ကြကုန်သော။ အညေ၊ အင်္ဂုလိမာလ သတိုးသားမှတပါး များပြားလှကုန်သော။ မာဏဝါ၊ ပျိုမျစ်နုနယ်,လုလင်ငယ်တို့သည်။ အာစရိယေန၊ ဒိသာပါမောက္ခ ဆရာသခင်ကျေးဇူးရှင်နှင့်။ သဒ္ဓိံ၊ အတူတကွ။ ဘေဒံ၊ စရိုက်မတူ အမူယွင်းပါး, စိတ်ဝမ်းကွဲပြားခြင်းကို။ အကံသု၊ စိတ်လိုက်မာန်ပါ, ဥာဏ်လွှာမချင့် ပြုကျင့်ကြလေကုန်ပြီတကား။

အင်္ဂုလိမာလသတိုးဘား၏ ရိုးသားတည်ကြည်မှု,အလိုက်သိ၍ ပြုကျင့်တတ်မှု,တာဝန်ဂုတ္တာရားကျေပြွန်မှုတို့ကြောင့် ဆရာကတော်ပုဏ္ဏေးမကလည်း ထိုအင်္ဂုလိမာလ သတိုးသားအား ထမင်းကျွေးမွေးခြင်းစသည်ဖြင့် ချီးမြှင့်ထောက်ပံ့မှုပြုပေတယ်။ ထိုကဲ့သို့ဆရာကတော်က ရွေးကောက်ချီးမြှောက်ထောက်ပံ့မှုပြုနေခြင်းကို သည်းခံ ခွင့်မပြုနိုင်ကြကုန်သော အင်္ဂုလိမာလမှတပါး ပညာတော်သင်လုလင်ငယ်များက ဆရာကြီးနှင့်အင်္ဂုလိမာလတို့ အကြား၌ ချစ်ခင်မှု ပျက်ပြားအောင် ပြုလုပ်ကြတော့တယ်။ သူတပါးစားရသည်ကို မနာလိုတဲ့ ဝန်တိုမှုစိတ်ဓာတ်တွေပေါ်နေ၌။

အင်္ဂုလိမာလ သတိုးသားမှတပါးကုန်သော ဆရာကြီး၏တပည့်လုလင်များသည် သင့်လျော်ရာ အရပ်၌ချဉ်းကပ်ထိုင်နေကြပြီးလျှင် တိုင်ပင်စကားပြောကြားကြသည်မှာ “ဤအင်္ဂုလိမာလ လုလင်သည် ငါတို့ထက်ပင် လွန်ကဲသောပညာရှိသည်၏ အဖြစ်ကြောင့် ပညာမဲ့သူ ပညာမတတ်သူ-ဟူ၍ ဆိုခြင်းငှါလည်းမသင့်ပေ- ဝတ္တရားနှင့် ပြည့်စုံခြင်းကြောင့် တာဝန်မဲ့နေသူ ဝတ္တရားမကျေပြွန်သူဟူ၍ဆိုခြင်းငှါလည်း မသင့်လျော်ပေ။ အမျိုးဇာတ်နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် ဇာတ်နိမ့်သူ ဇာတ်ယုတ်သူဟူ၍ ပြောဆိုခြင်းငှါလည်း မသင့်လျော်ပေ။ ယခုအခါ ငါတို့အဘယ်သို့ ပြုကြကုန်အံ့နည်း”ဟု ပြောဆိုတိုင်ပင်လေသတဲ့။

ထို့ပြင် ငါတို့သည် ဆရာကြီးနှင့်အင်္ဂုလိမာလတို့အကြား၌ ဂုံးချောစကားဖြင့် ကွဲပြားအောင်ပြုကုန်အံ့-ဟု ဆုံးဖြတ်ကြပြီးနောက် အုပ်စုသုံးစုခွဲကာ ပထမအုပ်စု ကျောင်းသားများက ဆရာကြီးထံသို့ သွား၍ရှိခိုးပြီးရပ်နေကြသတဲ့။

**ဆရာကြီး။** ကိံ တာတာ- အမောင်လုလင်တို့ အဘယ်ကိစ္စရှိသနည်း။

**တပည့်များ။** ဣမသ္မိံ ဂေဟေ ဧကာကထာ သုယျတိ–ဤအိမ်၌ စကားထူး တခုကြားနေရပါသည် ဆရာကြီး။

**ဆရာကြီး။** ကိံ တာတာ– အဘယ်စကားပါလိမ့် အမောင်တို့- ဆရာကြီးဏအံ့အားသင့်ပြီး သိလိုဇောဖြင့် မေးမြန်းလိုက်ပါတယ်။ ထိုအခါ အကွက်ဝင်ပြီ-ဟု တချက်တည်း အလဲထိုးရန် ရည်မှန်းထားကြသော တပည့်များက စိတ်မကောင်းသည့် သွင်မာန်ကရုဏာသက်သံဖြင့်။

**တပည့်များ။** အဟိံသက မာဏဝေါ တုမှာကံ အန္တရေ ဒုဗ္ဘတိတိ မညာမ–ဆရာကြီး အဟိံသက လုလင်သည် အသင်ဆရာကြီးတို့၏အကြား၌ ဖျက်ဆီးနေ၏-ဟူ၍ မှတ်ထင်ကြပါသည်-ဟု ဂုံးချောစကား ပြောကြားလေလျှင်–

**ဆရာကြီး။** ဂစ္ဆထ ဝသလာ မာ မေ ပုတ္တံ မယှံ အန္တရေ ပရိဘိန္ဒထာတိနိဋ္ဌုဘိ-ဟု ဆရာကြီးသည် အလွန် ချိန်းခြောက်မောင်းမဲပြီးနောက်— ဝသလာ၊ လူယုတ်မာ လူမိုက်တို့။ တုမှေ၊ သင်တို့သည်။ ဂစ္ဆထ- အမြန်ရှောင်ရှား သွားကြကုန်လော။ မေ၊ ငါ၏။ ပုတ္တံ၊ သားဖြစ်သော။အဟိံသက၊ကို။ မယှံ၊ ငါ၏။ အန္တရေ၊ တပည့်နှင့်ဆရာ နှစ်ပါးအကြား၌။ မာပရိဘိန္ဒထ၊ စိတ်ဝမ်းကွဲအောင် အလွဲပြစ်ပြ၊ မဖျက်ဆီးကြလေကုန်လင့်။ ဣတိ၊ ဤသို့၊ ဝတွာ၊ ကြိမ်းမောင်းဆူပူ၍၊ နိဋ္ဌုဘိ- မနှစ်သက်သဖြင့် ဖြစ်ပျက်ကြံတွေး, တံတွေးထွေးလေပြီတကား။

ယင်းကဲ့သို့ ဆူပူကြိမ်းမောင်းကာ လွှတ်ပေမဲ့ တပည့် ကျောင်း တော် သား ကြီး များကလဲ ဆရာကြီးအကျိုးလိုလားသယောင်ဖြင့်နောက်ဆုတ်လက်လျော့မသွားကြပဲပထမအုပ်စုပြောဆိုပြီးလျှင် ဒုတိယ အုပ်စုကလဲထိုနည်းငှင်းပင် ထပ်ပြောကြပြန်သတဲ့။ နောက် တတိယအုပ်စုကလဲ ဆရာကြီးထံမှောက် လာရောက်ပြီး ရှေးနည်းအတူ ပြောဆိုကြပြန်တယ်။

ထိုနောက်- “ဆရာကြီးတို့သည် အကယ်၍ တပည့်တို့ပြောစကားကို မယုံကြည်လျှင် စုံစမ်းလေ့လာ၍သိတော်မူပါကုန်”ဟု ပြောဆိုကာ ပြန်သွားကြ လေသကဲ့သို့ ဉာဏ်ကြီးရှင် တက္ကသိုလ်ကျောင်းတော်သားကြီးများဆိုတော့ တော်တော်လဲ အကြံပိုင်အောင် စီစဉ်နိုင်ကြပါပေတယ်နော်။

ဆောင်ပုဒ်။ လောကီဘုံသား-တရားမမြင်၊ ကိုယ်ကောင်းဘို့တွက်-ကြံလျက်ဆင်ခြင်။
သူတပါးတွက်-တိုက်ဖျက်ကြံဆင်၊ လောကီရေး-မြှော်တွေးကြောက်ဘို့ပင်။

တရားကိုမရှုမမြင်ကြတဲ့ လောကီခွင် ဘုံသားတွေဟာ ကိုယ်ကောင်းဘို့ ကိုယ်ကျိုး ရှိဘို့ ကိုသာလျှင် လေးလေး စားစား အရေးထား တတ်ကြတာကလား။ သူတပါးတိုးတက်မှု ဆိုလျှင် အမျိုးမျိုးတိုက်ဖျက်ပြီး ဖျက်စီးတတ်ကြတာဘဲနော်။

သို့အတွက်ကြောင့် လောကီဘုံအရေးကိုဖြင့်တွေးမိတိုင်း ကျောက်သွေးရှုံမိပါရဲ့။ ဒကာကြီး ဦးစိန်တို့ ဦးရှိန်တို့ ဦးချိန် တို့ကော၊ လောကီနယ် ဒုက္ခအနန္တတွေကိုမြင်ပြီး ကြောက်သွေးများမဝင်မိကြဘူးလား။ လောကီနယ်ဒုက္ခတွေကို တွေးမြင်ကြောက်ရှုံပြီး အဝါရောင်သင်္ကန်းကို ဆင်မြန်းစာ လောကီနယ်မှ ထွက်ခွာလိုပါတယ်။

တရားဘာဝနာနှင့်ဘဲမွေ့လျော်ပြီးပျော်ပါတော့မယ်ဆိုလျှင်လဲ ဦးပဥ္ဇင်းကိုပြောကြပေါ့လေ။ ပရိက္ခရာစုံလင်စွာဖြင့် ဦးပဥ္ဇင်းကဒကာခံလိုက်ပါ့မယ်- လောကီဒုက္ခတွေကို ကြောက်လှပါပြီဆိုပေမဲ့ တကယ်တန်း လောကီနယ်မှထွက်မလားဆိုတော့ နိဗ္ဗာန်ကို အမြန်ရောက်ရပါလို၏-လို့ "ခုနစ်အိမ်ရှစ်အိမ်ကြားလောက်အောင် အော်ကာဟစ်ကာ မကြာမကြာ ဆုတောင်းတတ်တဲ့ ဒါယကာကြီးမျိုးလိုများဖြစ်နေမလား မဆိုနိုင်တော့ပါဘူးနော်။ လောကီနယ်ကလဲ ရှောင်ဖယ်လို့မလွယ်လှဘူးကိုးကဲ-ရှိပါစေတော့။ ရှေ့ဆက်ကြဦးစို့ရဲ့။

ဆရာပုဏ္ဏားသည် တပည့်ကျောင်းသားများရဲ့ ပြောဆိုတဲ့စကားကို နှစ်ကြိမ်သုံးကြိမ်ထိ မယုံကြည်ခဲ့ဘူး၊နောက်တော့ ဆရာကတော်ပုဏ္ဏေးမမက အဟိံသက သတိုးသားအား ထမင်းစသည်ဖြင့် ချီးမြှင့်တာတွေကိုမြင်တွေ့ရတဲ့အခါ ကျောင်းသားတွေ ပြောဆိုတဲ့စကားကို ပြန်လည်စဉ်းစားယင်း အဟိံသက သတိုးသားအပေါ် ယုံကြည်မှုကင်းမဲ့သွားပြီး- ဒေါသအမျက်ချောင်းချောင်းထွက်လာသတဲ့။ (ဒကာကြီး- ဦးစိန်ရဲ့)။

သို့အတွက်ကြောင့် အဟိံသက သတိုးသားကို အဆုံးစီရင်ရန်ပင် အကြံအစည်တွေ ပြုလာတော့တယ်။ ဤအဟိံသကလုလင်သည် ခွန်အားကြီးမားလှပေသည်။ တစုံတယောက်သော သူမျှ ထိုလုလင်ကို သတ်ဝံ့မည်မဟုတ်ပေ။ ဥပါယ်ဖြင့် ထိုလုလင်ကိုသတ်အံ့- ဟု ကြံစည်နေ်သတဲ့ "မယားထိခါးကြည့်" ဆိုတဲ့ မြန်မာစကားပုံဟာ လွန်စွာမှန်လှတဲ့ စကားပုံဘဲနော်။

တချိန်ကတော့ အလွန်ချစ်ခင်တဲ့ တပည့်ရင်းတဦးပေပေါ့။ယခုတော့ မိမိရဲ့ချစ်ဇနီးနှင့်ရင်းနှီးတယ်ယုံမှားပြီး သတ်လား ဖြတ်လားဖြင့် ရမ်းကားရက်စက်တဲ့ အကြံတွေပင် ပေါ်နေတယ်။ တဏှာ လောဘဘရားဆို ဖြစ်ပေါ်လာယင် ယဉ်ကျေးသိမ်မွေ့နေတဲ့ စိတ်အစဉ်ဟာ တမျိုး တဖုံပြောင်းပြီး ကြမ်းတမ်းလာတော့ဘာဘဲကလား၊ အလွန်တရာ ကြောက်စရာကောင်းလှပါဘိနော်-ဤသို့ဆရာကြီးရဲ့စိတ်ဓာတ်တွေ ပျက်ပြားယွင်းပါးနေတာဟာ တဏှာလောဘ အရင်းခံပြီးမကောင်းတဲ့ အကြံတွေဝင်နေတာပင်ဖြစ်ပါဘယ်။

သို့အတွက်ကြောင့် သုံးလူ့ထွဋ်ထားမြတ်စွာဘုရားက-ဣတိဝုတ်ပါဠိတော်၌ ဒီတဏှာလောဘနှင့်ပတ်သက်ပြီး ဟောထားတဲ့ ဂါထာတပုဒ် ရွတ်ဆိုလိုက်ပါဦးမယ်။ သေသေချာချာ နှလုံးသွင်း၍ နာယူမှတ်သားကြစမ်းပါ။

လုဒ္ဒေါအတ္တံ န ဇာနာတိ၊ လုဒ္ဒေါဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ။
(ဣတိဝုတ္တက ပါဠိ – ၂၅၂)။

လုဒ္ဒေါ၊ လွန်စွာနှစ်သက် တပ်မက်သောသူသည်။ အတ္တံ၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာကြီးပွား အကျိုးတရားကို။ နဇာနာတိ၊တွေးတောဆင်ခြင်, မသိမြင်ချေ။လုဒ္ဒေါ၊ အလိုရမက်,နှိပ်စက်ဖျက်စီး, လောဘကြီးသူသည်။ ဓမ္မံ၊ လူတို့မှီခို, ကုသိုလ်ဆယ်ပါး, မြတ်တရားကို။ နပဿတိ၊ ကောင်းစွာ ထင်ထင်မမြင်နိုင်ပေ။

ယဒါ၊ အကြောင်းဆိုက်လာ အကြင်အခါ၌။ လောဘော၊ ရမက်ထူပြော လောဘဇော သည်။ ယံနရံ၊ မထားသတိ, မရှိဉာဏ်ကူ, အကြင်သူကို။ သဟတေ၊ လွှမ်းမိုးဖိစီးလေ၏။ တဒါ၊ လောဘတရား,လွှမ်းမိုးထားရာ, ထိုအချိန်အခါ၌။ တဿနရဿ၊ မထားသတိ, မရှိဉာဏ်ကူ, ထိုသသူ အား။ အန္ဓတမံ၊ လက်ဆယ်သန်းခေါင်, မကမှောင်သည့်, အမှောင်ထိပ်သီး, အမိုက်တိုက်ကြီးသည်။ ဟောတိ၊ ဓမ္မလမ်းကြောင်း, မရွေ့စောင်းအောင်, အကြောင်းအားလျော်စွာ, ဖြစ်ပေါ်၍လာ လေသတည်း။

**ဆောင်ပုဒ်** ၁။ တပ်မက်လွန်ငြား၊ ကျိုးတရား၊ ပိုင်းခြားမသိနိုင်ချေတကား။
၂။ ကုသိုလ်ဆယ်ပါး၊ မြတ်တရား၊ မှတ်သားမသိနိုင်ချေတကား။
၃။ တပ်မက်လောဘ၊ နှိပ်စက်လှငြား၊ ထိုသူအား၊မိုက်မှားမှောင်ကြီး အတိုပါတကား။

ဒီသာပါမေက္ခာဆရာကြီးသည် ချစ်ဇနီးအတွက် ရမက်ဖိစီးသောကကြီးပြီး နေရှာတော့တယ်၊ ထိုကဲ့သို့ဇနီးအတွက် အမျက်ထွက်ကာ- အဟိံသက သတိုးသားအပေါ်၌ မှားယွင်းသောအကြံများ ကြံစည်နေစဉ် အတတ်ပညာများ သင်ကြား၍ ပြီးဆုံးပြီဖြစ်သဖြင့် မိမိ၏ မိဘမြို့ရွာသို့ ပြန်ခြင်းငှါ ဆရာကြီးထံမှောက် အပြန်ခွင့်တောင်းရန် ရောက်လာသော အဟိံသက သတိုးသားကို–

ဆရာကြီး။ တာတ အဟိံသက နိဋ္ဌိတသိပ္ပေန နာမ အန္တေဝါသိနာ အာစရိယဿ
ဂရုဒက္ခိဏာ ဒါတဗ္ဗာ၊ တံမယှံ ဒေဟိ။ (ထေရဂါထာ – ဌ – ဒု ၃၂၅)။

တာတအဟိံသက၊ ချစ်သားအဟိံသက။ နိဋ္ဌိတသိပ္ပေန၊ သင်ကြားပြီးဆုံးသော အတတ် ရှိသော။ အန္တေဝါသိနာနာမ၊ မြော်မြင်ဉာဏ်ရှိ, တပည့်မည်သည်။ အာစရိယဿ၊ အတတ်ပညာ ကောင်းစွာသင်ကြား ဆရာအား။ ဂရုဒက္ခိဏာ၊လေးမြတ်,ကော်ရော်,ဆရာပူဇော်ခြင်းကို။ ဒါတဗ္ဗာ၊ ပေးလှူပူဇော်အပ်၏။ တံ၊ ဆရာကျေးဇူး, အထူးသိတတ်, လေးမြတ်ကော်ရော်, ပူဇော်ခြင်းကို။ မယှံ၊ အတတ်ပညာ,ကောင်းစွာသင်ကြား,ငါဆရာအား။ ဒေဟိ၊ ပေးလှူပူဇော်လေလော့။

ဆရာကြီးကတော့ ဆရာပီပီ သိက္ခာရှိရှိဖြင့် တပည့်ကသူ့ဘာသာသူ အလိုက်သိစွာလာရောက် ပြီးပူဇော်ကန်တော့အောင်တောင် မစောင့်နိုင်တော့ဘူးနော်။ ခရီးရောက်မဆိုက်ပင် ပညာသင်ကြေး အတင်းတောင်း နေတော့ပါကလား။ သို့အတွက်ကြောင့် ကျေးဇူးရှင် ပထမရွှေကျင်ဆရာတော် ဘုရားကြီးတစ်ပည့်ရဟန်းသံဃာများအား–

၁။ သာသနာ ပြင်ပဆရာသည် တဘဝအတွက် လောကီပညာကို အခယူ၍ သင်ပေးသည်။

၂။ သာသနာ အတွင်းဆရာသည် ဘဝများစွာအတွက် ပိဋကတ်ပညာကို ဆွမ်းသက်န်းပေး၍သင်ပေးသည်– ဟု ပြောဆိုဆုံးမတော် မူခဲ့တယ်မဟုတ်လား–

တပည့်ဖြစ်သောအဟိံသက သတိုးသားက–

**တပည့်။** သာဓု အာစရိယ ကိံဒဿာမိ-ကောင်းပါပြီဆရာကြီး အဘယ်အရာဝတ္ထုကို ပေးလှူရပါမည်နည်း– ဟု ရိုသေစွာပြောကြားတယ်။

**ဆရာကြီး။** မနုဿာနံ သဟဿ ဒက္ခိဏာဟတ္ထင်္ဂုလိယော အာနေဟိ။ ချစ်သား အဟိံသကလူတို့၏ လက်ျာလက်ညှိုးပေါင်း တထောင်တို့ကို ဆောင်ယူခဲ့လေလော့– ဟု ပြောဆိုကာ ပညာသင်ကြေး တောင်းလိုက်တယ်။

ဒီသာပါမောက္ခ ဆရာပုဏ္ဏားကြီးရဲ့ ရည်ရွယ်ချက် ကတော့- လူပေါင်းများစွာကို သတ်ဖြတ်သည်ရှိသော် စင်စစ် တယောက်ယောက်ကတော့ ထိုအဟိံသက သတိုးသားကို ပြန်ပြီးသတ်ဖြတ်နိုင်ရာ၏– ဟု ကြံစည်ကာ ပြောဆိုခြင်းဖြစ်သတဲ့။ ဥပါယ်တမည်ဖြင့် ကြံစည်ကာ သတ်ခြင်းပေါ့။ တော်တော်ရက်စက်တဲ့ အကြံဘဲနော်။ ဒီသာပါမောက္ခ တက္ကသိုလ်ဆရာကြီး ပီသပါပေရဲ့– ဟု ဆိုရမှာဘဲ။ အလွန်ပင် အကြံပိုင်လှပါပေတယ်။ ဆရာကြီးရဲ့စကားကိုအဟိံသက ကြားရလျှင်လွန်စွာအံ့အားသင့်တာ ငေးမှိုင်နေပြီးနောက် တောင်းပန်လိုသဖြင့်–

**တပည့်။** မယံ အဟိံသက ကုလေဇာတာ၊နသက္ကာ-အာစရိယ-ဆရာကြီး ကျွန်တော်တို့သည် မသတ်ဆဲတတ်သောအမျိုး၌ ဖြစ်ကြရပါသည်။ ထိုကဲ့သို့လူပေါင်းများစွာကို သတ်၍လက်ျာလက်ညှိုးပေါင်း တထောင် ပေးခြင်းငှါမတတ်နိုင်ပါ–ဟုပြောဆို တောင်းပန်ရှာသတဲ့။

**ဆရာကြီး။** အလဒ္ဓုပစာရံ သိပ္ပံ ဖလံ နဒေတိ တာတ–ချစ်သားအဟိံသက ပညာသင်ကြေးမပေးမပူဇော်သော အတတ်ပညာသည် အကျိုးမပေးပေ–ဟု ပြောဆိုပြန်တယ်။
အဟိံသက သတိုးသားအနေဖြင့် အတတ်ပညာကို ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲဖြင့် အချိန်ကြာမြင့်စွာ သင်ကြားလေ့လာ၍ တတ်မြောက်ပြီးမှ ပညာသင်ကြေး၏၊လေ့လာ၍တတ်မြောက်ပြီးမှ ပညာသင်ကြားပေးသော ဆရာအား သင့်လျော်အောင်မပူဇော်နိုင်သဖြင့် တတ်ပြီးပညာများ ကွယ်ပျောက်၍ အကျိုးမရောက် အဖြစ်မခံနိုင်ပေဘူးပေါ့။

သို့အတွက် ဆရာကြီးစိတ်ချမ်းသာအောင် ပူဇော်မှုပြုပေအံ့-ဟု ရည်ရွယ်၍ လက်နက်ငါးမျိုးကိုင်ဆွဲကာ ဆရာကို ရိုသေစွာရှိခိုးကန်တော့ပြီး၊ ကောသလမင်းကြီး နိုင်ငံတော်တွင် တောမြိုင်ကြီးအတွင်းသို့ ဝင်သွားရှာတော့သတဲ့။ အဟိံသက သတိုးသား ကိုင်ဆွဲသွားတဲ့ လက်နက်ကြီးငါးပါးဆိုတာက–

၁။ ဓနု - လေး
၂။ ခဂ္ဂ - သံလျက်ဓား
၃။ ကဏယ - ခက်ရင်း၊ တောက်၊
၄။ ကုန္တ - လှံ၊
၅။ မုဂ္ဂရ - လက်ကိုင်တုတ်တို–တဲ့။

အဟိ႑ကခမြာ အတော်သနားစရာ ကောင်းဒါပဲနော် မိမိက သူတဖက်သားသတ္တဝါများ ကိုညှဉ်းဆဲတတ်သော မျိုးရိုးမဟုတ်သဖြင့် သတ်ဖြတ်ဘို့ရန် လုံးဝဆန္ဒမရှိသော်လဲဆရာကိုစိတ်ချမ်းသာ အောင် ပူဇော်လိုတဲ့အတွက်ကြောင့် တောထွက်ပြီးလာခဲ့ရတာ- တပည့်ကတော့ဆရာကို ကြည်ညိုလေး စားတဲ့စိတ်ထားမျိုး ဆရာကြီးကတော့တပည့်ကို သူတပါးသတ်၍ သေစေလိုသော စိတ်ထားမျိုး၊ တပည့်စိတ်ထားနဲ့ဆရာစိတ်ထား အလွန်ကွာတာဘဲနော်။

အဟိ႑ကသတိုးသားသည် တောလယ်ကောင်တွင်းသို့ သွားပြီးလမ်းမကြီးများ၏ အနီး၌ တောင်ကြား သစ်ပင်များ တောင်ထိပ်သို့ရင်း တက်ရောက်၍ ခရီးသွားလာသော လူများကို ကြည့် ရှုလျက် လူကိုမြင်လျှင် လျှင်သောအဟုန်ဖြင့်ပြေးသွား၍ လူကိုသတ်ပြီး လက်ျာလက်ညှိုးကို ဖြတ်ယူခဲ့ တယ်။ အဝတ်ပုဆိုး ခေါင်းပေါင်း စသည်တခုကိုမျှ မယူဘူးတဲ့။ ဘယ်မှာယူပါ့မလဲ ပစ္စည်းလိုချင်၍ လူသတ်နေတာမှ မဟုတ်ဘဲကိုး၊ ဆရာကိုပူဇော်ချင်၍သာ လူသတ်နေရရှာတာကလား။

ဖြတ်ယူလာသော လက်ညှိုးများကို သစ်ပင်ပေါ် တင်ထားတဲ့အခါ လင်းတတို့ ကျီးတို့က ခဲစားပစ်ကြသတဲ့။ မြေကြီးပေါ် ထားပြန်တော့လဲ ပုတ်ကုန်သတဲ့။ ဒါ့ကြောင့် လက်ညှိုးတထောင် မပြည့်နိုင်အောင်ဖြစ်နေတယ်။

နောက်တော့ ရတိုင်း ရတိုင်း လက်ညှိုးတို့ကို ချည်ကြိုးဖြင့် သီကုံးပြီး ပန်းကုံးသဖွယ်ပြုကာ ယဇ်ပူဇော်သကဲ့သို့ ပုခုံး၌သိုင်းလွယ်ပြီး ထားရှာတယ်။ ထိုအခါမှ အစပြုပြီး အဟိ႑ကဲ့ မောင် မညှင်းဆဲတတ်သူ-ဟူသော မိဘပေးတဲ့နာမည် ပျောက်ပြီး အင်္ဂုလိမာလ- လက်ညှိုးတည်းဟူသော ပန်းကုံးရှိသူ, လက်ညှိုးပန်းကုံး ဆင်မြန်းသူ-ဟူ၍ တိုင်းပြည်တခွင်တွင် ထင်ပေါ် ကျော်ကြားလာ တော့တယ်။

ဤကဲ့သို့ အဟိ႑ကခေါ် အင်္ဂုလိမာလသည် လူတွေကို သတ်ဖြတ်၍နေသည်ရှိသော်- တောလမ်းခရီးသို့ မသွားလာဝန့်အောင် ဖြစ်နေကြတယ်။ အင်္ဂုလိမာလကလဲ လမ်း၌ စောင့်ဖမ်း၍ လူကို မရတဲ့အခါ ရွာအနီးဝန်းကျင် သွားရောက်ပုန်းအောင်းနေပြီး လူတွေ့တိုင်း သတ်ကာ လက် ညှိုးတို့ကို ယူပြန်တယ်။

ထိုအကြောင်းကို သိကုန်သော လူများသည် ရွာ၌ မနေဝံ့ကြတော့ဘဲ နိဂုံး ဇနပုဒ်ခေါ် ရွာကြီးများ,မြို့ကလေးများပေါ်သို့ သွားရောက်နေထိုင်ကြသဖြင့် ထိုအရပ်ဒေသ၌ လူနေ ဆိတ်သုဉ်း သွားတော့သတဲ့။ လူသတ်သမားရဲ့ဘေးရန်က ကင်းဝေးအောင် ရှောင်ပြေးကြရတော့တာကိုး။ အင်္ဂုလိမာလမှာလဲ လက်ညှိုးပေါင်း တထောင်ပြည့်ရန် တချောင်းမျှသာ လိုတော့တယ်။

ထိုအခါ လူအများက လူသတ်သမား ရန်ဘေး နှိမ်နင်းပေးရန် ကောသလမင်းကြီးအား လျှောက်ထားကြသတဲ့။ တိုင်းပြည် ခြောက်ချားအောင် ရမ်းကားလှတဲ့ လူသတ်သမား-လို့ ဆိုရတော့ မှာဘဲ နော်။ တကယ်တော့ အဟိ႑ကခမြာ ဆိုးလွန်း,မိုက်လွန်း၍ မဟုတ်ပါဘူး၊ ဆရာကြီးရဲ့ စေခိုင်းချက်ကြောင့် မရှောင် မလွှဲသာသဖြင့် အဟိ႑ကဲ - မညှင်းဆဲတတ်သူဘဝမှ ဟိ႑ကရက် စက် ညှင်းဆဲတတ်သူဘဝသို့ ရောက်နေရတာမဲဟုတ်လား (ဒုကာကြီး ဦးချိန်)။

တိုင်းသူပြည်သားများက လျှောက်ထားလာတော့ ကောသလဘုရင်ကြီးလဲ မနေသာတော့ ဘူးပေါ့။ သို့အတွက်ကြောင့် "အင်္ဂုလိမာလ လူသတ်သမားကို လျင်လျင်မြန်မြန်ဖမ်းဆီးရန် စစ်သည် စုဆောင်းဘို့" မြို့တွင်းမှာ စည်လှည့်စေတော်မူတယ်။

ထိုစကားကို ကြားသိရသော အင်္ဂုလိမာလ၏ မိခင်ဖြစ်တဲ့ မန္တာဏီပုဏ္ဏေးမ ဟာ ပုဏ္ဏားထံသို့ အမြန်ပြေးသွားပြီး "အရှင်ပုဏ္ဏားကြီး-နိုင်ငံတော်၌ နာမည်ကြီးလှတဲ့ လူသတ်သမား အင်္ဂုလိမာလ ဆိုတာ သင်ပုဏ္ဏားကြီးရဲ့သား အဟိံသကပင် ဖြစ်သတဲ့၊ တောကြီးထဲမှာ နေထိုင်ပြီး တွေ့သမျှ လူတွေ သတ်ဖြတ်နေသဖြင့် ရွာနိဂုံး၌ လူတွေ မနေဝံ့အောင် ဖြစ်နေကြပြီတဲ့။ သင့်သားဖြစ်သော အင်္ဂုလိမာလကို ဤကဲ့သို့ ရက်စက်ကြမ်းတမ်းလှသော လူသတ်ခြင်းအမှုမျိုးကို မပြု မလုပ်ရန် ပြောဆို ဆုံးမ၍ အိမ်သို့ ခေါ်လာပါ၊ သို့မဟုတ်လျှင် ကျွန်မတို့ သားကလေးကို မင်းကြီးက ဖမ်းဆီးပြီး ကွပ်မြက်ပစ်ပါလိမ့်မည်"ဟု စိုးရိမ်တကြီး ပြောဆိုရှာသတဲ့။

တဆယ့်ကိုးလ ဝမ်းတွင်းနှင့်လွယ်ကာ မွေးဖွားထားရတဲ့ မိခင်ဆိုတော့ စိုးရိမ်သောက ကြီး ပေမှာပေါ့။ ဒါပေမဲ့ ဖခင်ဖြစ်တဲ့ ပုဏ္ဏားကြီးကတော့ ခါးခါးသီးသီး ငြင်းဆိုလိုက်တယ်။

ဗြာဟ္မဏော "န မယှံ တာဒိသေဟိ ပုတ္တေဟိ အတ္ထော၊ ရာဇာ ယံဝါ တံဝါ ကရောတု"တိ အာဟ။ (ထေရဂါထာ-ဋ္ဌ-ဒု-၃၂၆)။

ဗြာဟ္မဏော၊ ဖခင်ဖြစ်သော ဘဂ္ဂဝပုဏ္ဏားကြီးသည်။ မယှံ၊ ငါအား။ တာဒိသေဟိပုတ္တေဟိ၊ သတ်ဖြတ်ကြမ်းတမ်း ဆိုးသွမ်းလှပြား ထိုကဲ့သို့ သဘောရှိသော သားဆိုး သားမိုက်တို့ဖြင့်။ နအတ္ထော၊ မိဘဂုဏ်ပျက်သဖြင့် သက်သက် အလိုမရှိချေ။ ရာဇာ၊ ကောသလမင်းကြီးသည်။ ယံဝါ တံဝါ၊ ပြုလုပ်သင့်ရာ များစွာထူးထူး ဟူးဟူးညားညားသော အမှုကို။ ကရောတု၊ သဘောအလျောက် မချင့် ထောက်ဘဲ ဝမ်းမြောက်ကြည်သာ ပြုပါစေ။ (ဝါ)ယံ ဝါတံဝါ-ဏရောတု၊ လုပ်ချင်ရာ လုပ်ပါစေ။ ဣတိ၊ ဤသို့။ အာဟ၊ သားဆိုးဖခင် မည်မတွင်အောင် ထင်ထင်ရှားရှား ပြောကြားလိုက်လေတော့ သတည်း။

အင်္ဂုလိမာလ၏ ဖခင်ဖြစ်တဲ့ ဘဂ္ဂဝပုဏ္ဏားကြီးကတော့ "ငါအား ထိုကဲ့သို့သော သားဆိုး သားမိုက်တို့ဖြင့် အလိုမရှိပါ၊ ကောသလမင်းကြီးက သတ်လိုကသတ်၊ ထောင်ချလိုကချ-သဘောကျ ပြုလုပ်ပါစေ"ဟု သားအပေါ် စိတ်ပျက်ပျက်နှင့် ပြောဆိုလိုက်တော့တယ်။ ဖခင်ဆိုတာ သား သမီး ကို တဆယ့် ကိုးလ ရင်၌လွယ်ကာ မွေးကြရတာ မဟုတ်တော့ စိမ်းစိမ်းကားကား ပြောမယ်ဆိုလဲ ပြောရက်ပေမယ်ပေါ့လေ။ မိခင် ပုဏ္ဏေးမကြီးမှာတော့ဖြင့် သားအတွက် ရတက်မအေးရှာဘူးတဲ့။

အထ ဗြာဟ္မဏီ ပုတ္တသိနေဟေန ပါထေယျံ ဂဟေတွာ "မမ ပုတ္တံ သညာပေတွာ အာနေဿာမိ"တိ မဂ္ဂံ ပဋိပဇ္ဇိ။ (ထေရဂါထာ-ဋ္ဌ-ဒု-၃၂၆)။

အထ၊ ဖခင်ပုဏ္ဏား ရှောင်ရှားငြင်းပယ်ရာ ထိုအခါ၌။ ဗြာဟ္မဏီ၊ မိခင်ဖြစ်သော ပုဏ္ဏေးမ ကြီးသည်။ ပုတ္တသိနေဟေန၊ သား၌ချစ်ခြင်း မေတ္တာရင်းဖြင့်။ ပါထေယျံ၊ စားသောက်ဘွယ်ရာ ရိက္ခာကို။ ဂဟေတွာ၊ ထုတ်ပိုးချည်နှောင် ယူဆောင်ပြီး၍။ "မမ၊ ငါ၏။ ပုတ္တံ၊ သားလှရွှေသွေး လူကလေးကို။ သညာပေတွာ၊ ကျိုးကြောင်းပြသ ဆုံးမသိစေပြီး၍။ အာနေဿာမိ၊ အိမ်သို့ ပါအောင် ခေါ်အောင်ခဲ့ပေအံ့"။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံစည်စိတ်ကူး အထူးရည်ရွယ်၍။ မဂ္ဂံ၊ သားရှိရာမှန်း ခရီးလမ်းကို။ ပဋိပဇ္ဇိ၊ မဆုတ်မနစ် အားသစ်ကြိုးစားသွားလေပြီ။

မန္တာဏီပုဏ္ဏေးမကြီးဟာ သားအပေါ်၌ ချစ်ခင်သောမေတ္တာဖြင့် လမ်းခရီး၌ စားသောက်ရန် ရိက္ခာကလေးများ ထုတ်ပိုးကာ သားကို ဆုံးမပြီး အိမ်သို့ ပြန်ခေါ်ရန်အတွက် သားရှိရာ တောလမ်းသို့ မျှော်မှန်းပြီး ခရီးထွက်သွားရှာသတဲ့။

ဘုရင်မင်းမြတ်၏ ပုရောဟိတ်ဆရာကြီးကတော်ဖြစ်တဲ့ပုဏ္ဏေးမကြီးဟာ သားဇောကြောင့်သာ တောလမ်းခရီးကြမ်းကို မကြောက်မရွံ့ နောက်မတွန့်ဘဲ သွားရှာတာနော်။ သူ့အိမ်မှာသာဆိုလျှင် ဘာအလုပ်မျှမလုပ်ဘဲ အေးအေးသက်သာ နေနိုင်တယ်။ လုပ်ကိုင်ပေးမည့်သူတွေ များစွာပင် ရှိပေတယ်မေ့ါ။

ထိုအခါ သုံးလူထွဋ်ထား မြတ်စွာဘုရားကလဲ သာဝတ္ထိပြည်ဝယ် အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ မွေ့လျော်သီတင်းသုံးနေတဲ့အခါပင်ဖြစ်တယ်။

သားလူဆိုးကြီးအတွက် ရတက်မအေးနိုင်သဖြင့် သားရှာထွက်လာသော မန္တာဏီ ပုဏ္ဏေးမကြီးကို မြင်တော်မူသော မြတ်စွာဘုရားသည် "ဤပုဏ္ဏေးမကြီးသည် အင်္ဂုလိမာလကို ခေါ်ဆောင်အံ့ဟု သွားချေ၏။ ထိုပုဏ္ဏေးမကြီးသည် အကယ်၍ အင်္ဂုလိမာလထံသို့ ရောက်သွားအံ့-အင်္ဂုလိမာလသည် လက်ညှိုးဘထောင်ပြည့်ရန် တချောင်းသာလိုသဖြင့် မိခင်ကိုသော်လည်း သတ်ပေလိမ့်မည်။ ထိုအင်္ဂုလိမာလသည် ပစ္ဆိမဘဝိကပုဂ္ဂိုလ် ပါရမီရှင်သာ ဖြစ်ပေသည်။ အကယ်၍ ငါဘုရား ကြွမသွားခဲ့ပါလျှင် ကြီးစွာသော ဆုံးရှုံးမှု ဖြစ်ရာ၏"ဟု သိတော်မူ၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွာတော်မူ၍ သပိတ်,သင်္ကန်းကို ယူဆောင်ပြီး အင်္ဂုလိမာလကို အကြောင်းပြု၍ သုံးယူဇနာ ခရီးကို တကိုယ်တော်တည်း ခြေလျင်ပင် ကြွမြန်းတော်မူခဲ့ပါတယ်။

သတ္တဝါအများကို သံသရာမှ ကယ်တင်ရန် ပါရမီတရားတို့ကို ကမ္ဘာပေါင်းများစွာ အမင်ပန်း အဆင်းရဲခံပြီး ဖြည့်ကျင့်တော်မူလာခဲ့တဲ့ ကရုဏာဉာဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားဟာ သတ္တဝါတဦးတယောက် ကောင်းကျိုးချမ်းသာရောက်ဘို့ဆိုပါက အသက်မျှပင် ဝေးကွာလှသော်လည်း မဟာကရုဏာတရား ရှေ့ထားပြီး ကြွမြန်းတော်မူတာဘဲ-နော်။ သာမန်ပုဂ္ဂိုလ်ဆိုလျှင် အသက်မှာ သူတပါးရဲ့အကျိုးကို ဤမျှအထိ ဆောင်ရွက်ပေးနိုင်ပါမလဲ။ မဟာကရုဏာရှင်မို့သာ ဆောင်ရွက်တော်မူနိုင်တာကိုး။ ဤကဲ့သို့သော အကြောင်းကြောင့်ပင် လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူခြင်း ဖြစ်ပါတယ်။

အင်္ဂုလိမာလ လူဆိုးကြီး နေထိုင်ရာ တောတန်းသို့ ကြွမြန်းတော်မူသော မြတ်စွာဘုရားကို တွေ့မြင်ကြကုန်သော နွားကျောင်းသား,ဆိတ်ကျောင်းသားများ, လယ်သမားများနှင့် ခရီးသွားသူများက "အရှင်ရဟန်း-ဤခရီးလမ်းသို့ မကြွမြန်းပါလင့်၊ အို-အရှင်ရဟန်း၊ ဤတော, ဤခရီး၌ သူတပါး၏အသက်ကို သတ်ဖြတ်နှိပ်စက်တတ်သော အင်္ဂုလိမာလ လူဆိုးကြီး ရှိနေပါသည်။ သူသည် ရွာနိဂုံးတို့ကိုလည်း ဖျက်ဆီးခဲ့ပါပြီ၊ လူပေါင်းများစွာကိုလည်း သတ်ဖြတ်ခဲ့ပါပြီ"ဟု သုံးကြိမ်တိုင်တိုင် လျှောက်ထား တားမြစ်ကြသော်လည်း မြတ်စွာဘုရားသည် ထူးထူးခြားခြား မိန့်ကြားတော်မမူဘဲ ကြွမြန်းမြဲ ကြွမြန်းတော်မူပါတယ်။

ထိုခဏ၌ပင်လျှင် မိခင်ဖြစ်သော မန္တာဏီပုဏ္ဏေးမကြီးသည် မိမိထံသို့ ရှေ့ရှုလာနေသည်ကို အဝေးမှပင် တွေ့မြင်ရသော အင်္ဂုလိမာလသည် "ယနေ့ မိခင်ပင်ဖြစ်သော်လည်း သတ်၍ လိုနေသော လက်ညှိုးတချောင်းကို ပြည့်စေအံ့"ဟု သံလျက်ကို ဆွဲကိုင်ကာ ပြေးသွားလေတယ်။

သားတို့ရုပ်ရည်, သီတာမည်သား, ရေကြည်ခန့်မျှ, တပေါက်ကျက, မိဘတို့ဝမ်း, ငြိမ်းစေတန်း တည်း–ဟု ဆိုတဲ့အတိုင်း မိခင်ဖြစ်သော ပုဏ္ဏေးမကြီးကတော့ မိမိထံသို့ အင်္ဂုလိမာလပြေးလာသည် ကို မြင်ရလျှင် အလွန် ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်ကို ဆန့်တန်း၍ "အို–ချစ်သား အ ဟိံသက၊ လူကလေး မေမေ့ထံသို့ မြန်မြန်လာပါလော့၊ ချစ်သား ကြိုက်နှစ်သက်တတ်သော စားသောက်ဘွယ် မုန့်ပဲသွားရေစာတွေကို မေမေ ယူခဲ့တယ်ကွဲ့၊ မြန်မြန်လာလော့– ချစ်သား လူကလေး"ဟု အော် ဟစ်ပြီး ခေါ်နေရှာတယ်။ မိခင်ရဲ့ မေတ္တာဓာတ်များဟာ ကြီးမားလှပါပေတယ်–နော်။

တောနက်ကြီးထဲသို့ တဒယာက်တည်း စွန့်စားပြီး သားသံယောဇဉ်ကြောင့် ရောက်အောင် လာရှာတဲ့ မိခင်အိုကြီးကို သားလူမိုက်ကတော့ သံလျက်ထမ်းပြီး သတ်ဖြတ်၍ လက်ညှိုးကို ဖြတ် ယူရန် ပြေးလာခြင်းဖြစ်သတဲ့ (ဒကာကြီး ဦးချိန်ရဲ့)။

မိခင်ကြီးရဲ့ မေတ္တာ စေတနာနှင့် သားလူမိုက်ကြီးရဲ့ စိတ်ထားဟာ တော်တော်ကြီး ကွာခြား နေတာဘဲ နော်။အင်္ဂုလိမာလ လူဆိုးကြီး မာတုဃာတက ကံထိုက်ရန် နည်းနည်းမျှအလိုတွင် သုံးလူ့ ထွဋ်ရတင် ဘုရားရှင်ကလဲ ထိုသားအမိနှစ်ဦးကို ကယ်တင်တော်မူရန် ကြွမြန်းပြီး လာပါတယ်။

> တေသံဥဘိန္နံ အန္တရေ ဘဂဝါ အတ္တာနံ ဒဿေသိ၊ အင်္ဂုလိမာလော ဘဂဝန္တံ
> ဒိသွာ "ကိံ မေ မာတရံ ဝဓိတွာ အင်္ဂုလိယာ ဂဟိတေန၊ ဇီဝတု မေ မာတာ၊
> ယန္နူနာဟံ ဣမံသမဏံ ဇီဝိတာ ဝေါရောပေတွာ အင်္ဂုလိံ ဂဏှေယျ"န္တိ
> ဥက္ခိတ္တာသိကော ဘဂဝန္တံ ပိဋ္ဌိတောပိဋ္ဌိတော အနုဗန္ဓိ။
>
> (ထေရဂါထာ-ဋ္ဌ-ဒု-၃၂၇)။

တေသံဥဘိန္နံ၊ မိခင်နှင့်သား, နှစ်ပါးကုန်သော, ထိုသူတို့၏။ အန္တရေ၊ အလယ်အကြား၌။ ဘဂဝါ၊ ဘုန်းတော်သခင်,ဘုရားရှင်သည်။ အတ္တာနံ၊ ကရုဏာရွှန်းစို့,ကိုယ်တော်ကို။ ဒဿေသိ၊ မေတ္တာဓာတ်ရင်း,နှလုံးသွင်းဖြင့်,ထင်လင်းခဏ,ပြသတော်မူလေပြီ။ အင်္ဂုလိမာလော၊ အင်္ဂုလိမာလ၊ နာမကျော်ဟီး, လူဆိုးကြီးသည်။ ဘဂဝန္တံ၊ ဘုန်းတော်သခင် ဘုရားရှင်ကို။ ဒိသွာ၊ ရှေးဝယ်ဒိဋ္ဌ, တွေ့မြင်ရ၍။ မေ၊ ငါ၏။မာတရံ၊ ကျေးဇူးသခင် ဘုရားရှင်ကို။ ဝဓိတွာ၊ သတ်၍။အင်္ဂုလိယာ၊လက် ညှိုးကို။ ဂဟိတေန၊ ငဲ့ကွက်မမူ, ဖြတ်ယူခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိချေတော့အံ့နည်း။ မေ၊ ငါ၏။မာတာ၊ ကျေးဇူးသခင် မွေးမိခင်သည်။ဇီဝတု၊ သက်ဘော်ရှာကျော် ရှည်ပါစေသော်။အဟံ၊ ငါသည်။ ဣမံသမဏံ၊ အသွင်ထူးဆန်း ဤဂေါတမရဟန်းကို၊ ဇီဝိတာ၊ ရုပ်နာမ်နှစ်ချက်, ဇီဝိန် အသက်မှ။ ဝေါရောပေတွာ၊ ချပြီး၍။ အင်္ဂုလိံ၊ လက်ညှိုးကို။ ဂဏှေယျံ၊ ယူရပါမူကား။ ယန္နူန၊ ကောင်းလေစွ။ ဣတိ၊ ဤသို့။ မနသိကတွာ၊ ကောင်းစွာမယွင်း နှစ်လုံးသွင်း၍။ ဥက္ခိတ္တာသိကော၊ သံလျက်ကို ကိုင်စွဲမြောက်ချီလျက်။ ဘဂဝန္တံ၊ ဘုန်းတော်သခင် ဘုရားရှင်ကို။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှ နောက်မှ။ အနုဗန္ဓိ၊ သတ်ဖြတ်ဘို့ရန် စိတ်အကြံဖြင့် အမှန်မထောက် တကောက်ကောက် လိုက်လေပြီတကား။

မြတ်စွာဘုရားသခင်သည် မယ်တော်ဖြစ်သော မန္တာနီပုဏ္ဏေးမကြီးလဲ အသက်မဆုံးစေရန် အင်္ဂုလိမာလလဲ မာတုဃာတက ကံကို ကျူးလွန်မိ၍ မင်္ဂဖိုလ်အန္တရာယ်ဖြစ်ကာ ဆုံးရှုံးမှုကြီးမဖြစ်စေရန်

ရည်သန်စိတ်ထားဖြင့် သားနှင့် မိခင်နှင့်ဦးသားတို့၏ အကြား၌ ရပ်တန့်လျက် ကိုယ်တော်ကို မြင်စေတော်မူတယ်။

"အရေးကြီးတော့ သွေးနီးရာပါ" -ဟု လောကဆိုရိုးရှိတဲ့အတိုင်းပင် အင်္ဂုလိမာလ လူဆိုးကြီးသည် မြတ်စွာဘုရားကို မြင်လေလျှင် ငါ၏မိခင်ကြီးကိုသတ်၍ လက်ညှိုးကို ယူခြင်းဖြင့်အကျိုး မရှိချေ၊ မယ်တော်လက်ညှိုးကို ဖြတ်ယူရန် မလိုတော့ပေ။ ငါ၏မိခင်ကြီး အသက်ရာကျော် ရှည်ပါစေ။ ရဟန်းဂေါတမကို သတ်၍ လက်ညှိုးကိုယူရလျှင် ကောင်းပေမည်- ဟု ကြံစည်နှလုံး သွင်းပြီး မြတ်စွာဘုရားနောက်သို့ တကောက်ကောက် ပြေးလိုက်လာတယ်။ အလွန်ရက်စက်ကြမ်းကြုပ်လှတဲ့ လက်မရွံ့လူသတ်သတ်မား လူဆိုးကြီးဖြစ်သဖြင့် သာမန်လူများဆိုလျှင် မြင်ရုံနှင့် ကြောက်ဒူးတွေတုန်ပြီး ပုံလဲနေတော့တာဘဲတဲ့။

ထိုအခါ မြတ်စွာဘုရားကလဲ"ငါ၏ပကတိသော ဣရိယာပုတ်ဖြင့် သွားသည်ကို အင်္ဂုလိမာလသည် အစွမ်းကုန်ပြေး၍ လိုက်သော်လည်း မမှီနိုင်စေသတည်း" ဟု အဓိဋ္ဌာန်တော်မူပြီး ဖြေးဖြေးသာသာ ကြွမြန်းတော်မူမြဲ ကြွမြန်းတော်မူနေသတဲ့။ အင်္ဂုလိမာလသည် အင်အားကုန်ခန်းမောပန်းလှသဖြင့် လက်ကတီးကြားမှ ချွေးများယိုစီးကျပြီး ခြေကိုပင် မကြွ မမြှောက် နိုင်တော့သဖြင့် သစ်ငုတ်ကဲ့သို့ရပ်လျက် "တိဋ္ဌ တိဋ္ဌ သမဏ-အိုရဟန်းရပ်ရပ်" ဟု အော်ဟစ်ပြောဆိုလိုက်ပါတယ်။

မြတ်စွာဘုရားကလဲ ဖြေးဖြေးသာသာ ကြွသွားလျက်သာလျှင် "ဌိတော အဟံ အင်္ဂုလိမာလ တွဉ္စတိဋ္ဌ- အင်္ဂုလိမာလ ငါရပ်နေပေ၏။ အသင်လဲရပ်လော့" ဟု မိန့်ဆိုတော်မူပါတယ်။

ဤကဲ့သို့ မြတ်စွာဘုရား မိန့်ကြားသော စကားကို အင်္ဂုလိမာလကြားရလျှင် သာကီဝင်မင်းသားဖြစ်ကြကုန်သော ဤရဟန်းတော်တို့သည် မှန်သောစကားကိုသာ ပြောဆိုတတ်ကြကုန်၏။ သို့ဖြစ်ပါလျက် ဤရဟန်းသည် သွားနေလျက်ပင် "အင်္ဂုလိမာလ-ငါရပ်နေ၏ အသင်လည်းရပ်လော့" ဟူ ပြောဆိုနေပေသည်။ ငါသည် ဤရဟန်းကိုပင် ဤသို့သောအကြောင်း အရာကို မေးမြန်းရပါမူ ကောင်းလေစွ- ဟု အကြံပြုပြီးနောက် အင်္ဂုလိမာလသည် မြတ်စွာဘုရားကို မေးမြန်း လျှောက်ထားလိုသဖြင့် ဤဂါထာကို ရွတ်ဆို လျှောက်ထားလေသည်။

ဂစ္ဆံ ဒေသိ သမဏ ဌိတောမှိ၊ မမဉ္စ ဗြူသိ ဌိတမဋ္ဌိတောတိ။
ပုစ္ဆာမိ တံ သမဏ တေမတ္ထံ၊ ကထံ ဌိတော တွံ အဟ မဋ္ဌိတောမှိ။
(မဇ္ဈိမပဏ္ဏာသပါဠိ – အင်္ဂုလိမာလသုတ် – ၃၀၂)။

သမဏ၊ အသွင်တင့်ဆန်း အိုရဟန်း။ ဂစ္ဆံ၊ အမှန် အဘည်သွားနေသည် ဖြစ်ပါလျက်။ ဌိတောမှိ၊ ငါရပ်၏ဟူ၍။ ဒေသိ၊ အဘုတ်လိုလို, အသင်ဆို၏။ မမဉ္စ၊ ငါကိုလည်း။ ဌိတံ၊ အမှန် အတည်, ရပ်နေသည် ဖြစ်ပါလျက်။ အဋ္ဌိတောတိ၊ မရပ်ဟူ၍။ ဗြူသိ၊ အသင်ဆိုပြန်၏။ သမဏ၊ အသွင်ထူးဆန်း,အရှင်ရဟန်း။ တံ၊ အသင်ရဟန် ကို။ တေအတ္ထံ၊ မယွင်းမစောင်း,ဤအကြောင်းကို။ ပုစ္ဆာမိ၊ သိလိုရ၍ကြောင့်, ငါမေးပါ၏။ တွံ၊ အသင်သည်။ ကထံ၊ အဘယ်သို့။ (ဝါ) အဘယ်ကြောင့်။ ဌိတော၊ ဖြောင့်ဖြောင့်မတ်မတ်, ရပ်သနည်း။ အဟံ၊ အင်္ဂုလိမာလ နာမအမုတ်,အကျွန်ုပ်သည်။ ကထံ၊ အဘယ်သို့(ဝါ) အဘယ်ကြောင့်။ အဋ္ဌိတောမှိ၊ ဖြောင့်ဖြောင့်, မတ်မတ်, မရပ်ပင်ဆနည်း။

အို အရှင်ရဟန်း သွားနေပါလျက် ငါရပ်၏-ဟု ဆိုဘိ၏။ ရပ်နေသော အကျွန်ုပ်ကိုလည်း မရပ်-ဟု အသင်ဆိုဘိ၏။ အို အရှင်ရဟန်း အသင်အား ထိုအကြောင်းကို မေးမြန်းပါရစေ၊ အသင်သည် အဘယ်သို့ ရပ်တည်၍ အကျွန်ုပ်သည် အဘယ်သို့ မရပ်တည်ပါသနည်း-ဟု အင်္ဂုလိမာလ က မေးမြန်းလျှောက်ထားသဖြင့် မြတ်စွာဘုရားကလည်း မဟာဇာရုဏာတရား ရှေ့ထားလျက် ဖြေကြားတော်မူလိုရကား-

ဌိတော အဟံ အင်္ဂုလိမာလ သဗ္ဗဒါ၊ သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ။
တုဝံစ ပါဏေသု အသညတောသိ၊ တသ္မာ ဌိတော ဟံတုဝမဋ္ဌိတောသိ။
(မဇ္ဈိမပဏ္ဏာသပါဠိ-အင်္ဂုလိမာလသုတ္တ-၃၀၃)။

ဟူသောဂါထာကို ရွတ်ဆို မိန့်ကြားတော်မူပါတယ်။

အင်္ဂုလိမာလ၊ အင်္ဂုလိမာလ၊ အဟံ၊ သုံးလူထွဋ်ထား, ငါဘုရားသည်။ သဗ္ဗဒါ၊ နေ့ညမကွာ အခါခပ်သိမ်း။ သဗ္ဗေသု၊ ကြွင်းမဲ့ဥဿုံ, အလုံးစုံကုန်သော၊ ဘူတေသု၊ ပုပ္ပုဂ္ဂ, များပြားလှစွာ။ သတ္တဝါတို့၌။ ဒဏ္ဍံ၊ သတ်ဖြတ်ညှဉ်းဆဲခြင်း စသော ဒဏ်ကို။ နိဓာယ၊ မယှဉ်းမမှား, ချထားပြီး၍, ဌိတော၊ သံသရာခရီးလမ်း, ကြွမြန်းမှုမရှိ, ရပ်တည်ဘိသည်။ အမှိ၊ မုချမသွေ, ဖြစ်ပေ၏။ တုဝံစ၊ အသင်သည်သာလျှင်။ ပါဏေသု၊ ကိုထိများစွာ, သတ္တဝါတို့၌။ အသညတော၊ မေတ္တာခန္တီ, စသည် သိမ်းလျက် မစောင့်စည်းသည်၊ အသိ၊ ဖြစ်ပေ၏။ တသ္မာ၊ ထိုကြောင့်။ (ဝါ)သို့ရကား။ အဟံ၊ သုံးလူထွဋ်ထား, ငါဘုရားသည်။ ဌိတော၊ သံသရာခရီးလမ်း, ကြွမြန်းခြင်းမရှိ, ရပ်တည်ဘိ၏။ တုဝံ၊ အင်္ဂုလိမာလ, နာမမည်တွင်, အသင်သည်ကား။ အဋ္ဌိတော၊ သံသရာတလျှောက်, တောက်လျှောက် ပြေးသွား,ရပ်နားမရှိ, ပကတိအရှိန်, မတည်ငြိမ်သည်။ ဟောတိ၊ စင်စစ်မသွေ, ဖြစ်နေပေ၏တကား။

အင်္ဂုလိမာလ၊ ငါသည် အခါခပ်သိမ်း အလုံးစုံသော သတ္တဝါတို့၌ တုတ်, လှံတံ, ဓါး လက်နက်များကို ချထားပြီးဖြစ်၍ ရပ်တည်သည်-မည်၏။ အသင်သည်မူကား အလုံးစုံသော သတ္တဝါ တို့၌ သတ်ဖြတ်ညှဉ်းဆဲခြင်းမှ မစောင့်စည်းပေ။ ထို့ကြောင့် ငါဘုရားသည် ရပ်တည်သူဖြစ်၍ အသင်သည် မရပ်တည်သူ ဖြစ်ပေ၏- ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူသောအခါ အင်္ဂုလိမာလ သည် ရေပြင်၌တည်သော ဆီကဲ့သို့ အလုံးစုံ သာ လောကကို ပြန့်နှံ့စေ၍ တည်သော မြတ်စွာဘုရား ၏ တန်ခိုးသတင်း ကျော်စောခြင်းကို ကြားဘူးသောကြောင့် ဤပုဂ္ဂိုလ်သည် ဗုဒ္ဓမြတ်စွာတည်း- ဟု ကောင်းစွာဖြစ်သော နှစ်သက်မှု, ဝမ်းမြောက်မှု ရှိသည်ဖြစ်၍ ဤစကားများသည် ဂင်တော် ဗုဒ္ဓ ဂေါတမ၏ ရဲရဲရင့်ရင့် မြွက်ဆိုမိန့်ကြားသော စကားပင် ဖြစ်ပေရာ၏။ သမ္မာသမ္ဗုဒ္ဓ၊သုံးလောက ထွဋ်ထား မြတ်စွာဘုရားသည် ငါ့ကိုတွေ့မြင်တော်မူသောပြီ၊ ငါ့အား ချီးမြှောက်ခြင်းငှါ ဗုဒ္ဓမြတ်စွာ သည် ဤအရပ်သို့ကြွလာတော်မူပေသည်တကား-ဟု အကြံပြု၍လျှင်-

စိရဿံ ဝတ မေ မဟိတော မဟေသိ၊ မဟာဝနံ ပါပုဏိ သစ္စဝါဒီ။
သောဟံ စရိဿာမိ ပဟာယပါပံ။ သုတွာန ဂါထံ တဝ ဓမ္မယုတ္တံ။
(မဇ္ဈိမပဏ္ဏာသပါဠိ-အင်္ဂု-၃၀၃)။

ဟူသော ဤဂါထာကို ရွတ်ဆိုပြန်လေသည်။

မဟိတော၊ ကောင်းစွာလေးမြတ်, ပူဇော်အပ်သော။ သစ္စာဝါဒီ၊ မှန်သောစကား, ပြောကြားလေ့ရှိသော။ မဟေသိ၊ ဂုဏ်မြတ်အထူး, ဆည်းပူးပြီးဖြစ်ငြား, မြတ်စွာဘုရားသည်။ (ဝါ) သီလက္ခန္ဓစသည်ကျေးဇူး, ဂုဏ်အထူးကို၊ ဆည်းပူးဝမ်းသာ, ရှာမှီးလေ့ရှိသောမြတ်စွာဘုရားသည်။ မေ၊ ငါ၏။ အတ္တာယ၊ ပစ္စုပ္ပန်သံသရာ, နှစ်ဖြာပွားတိုး, အကျိုးငှါ။ မဟာဝနံ၊ လူသူမနီး, တောအုပ်ကြီးသို့။ စိရဿ၊ အချိန်ကာလ, ကြာမြင့်မှ။ ပါပုဏိဝတ၊ ကရုဏာရွှေထား, သနားချီးမြှောက်, ဆိုက်ရောက်ခဲ့လေစွဘကား။

သောအဟံ၊ အင်္ဂုလိမာလ, နာမကျော်ဟီး, ထိုငါလူဆိုးကြီးသည်။ တဝ၊ ကရုဏာသခင်၊ ဘုရားရှင်၏။ ဓမ္မယုတ္တံ၊ ကောင်းကျိုးလွန်များတရားနှင့် ယှဉ်သော။ ဂါထံ၊ ဟောကြားမြွက်ဖော် ဂါထာတော်ကို။ သုတွာန၊ သေချာမှတ်သား, နာကြားရသောကြောင့်။ ပါပံ၊ အကုသိုလ်မျိုး ဆိုးကျိုးကိုပြု, မကောင်းမှုကို။ ပဟာယ၊ ပြတ်ပြတ်ကင်းကင်း, ပယ်ရှင်းစွန့်ပစ်၍။ စရိဿာမိ၊ အရိုးကြေကြေ, အရေစုတ်စုတ်, တွန့်တုတ်မဖင့်, မြင့်ထက်မြင့်အောင်, ကျင့်ကြံပါတော့မည် မြတ်စွာဘုရား။

နတ်လူဦးခိုက် ပူဇော်ထိုက်၍ အမြတ်တရားကို ရှုပွားရှာမှီးလေ့ ရှိတော်မူသော မှန်သောစကားကိုသာ ဆိုတော်မူလေ့ရှိသော သုံးလူထွဋ်ထားမြတ်စွာဘုရားသည်၊ အချိန်ကြာမြင့်မှ အကျွန်ုပ်၏နေရာ ဤတောအုပ် တောမြိုင်ကြီးသို့ ကြွရောက်တော်မူဘိတကား။ အင်္ဂုလိမာလအမည်ရှိသော ထိုကျွန်ုပ်သည် အရှင်မြတ်၏ တရားနှင့်စပ်သောဂါထာကို ကြားနာရသည်ဖြစ်ပါ၍ မကောင်းမှုကိုပယ်လျက် ကောင်းသောအမှုကို မဆုတ်မနစ် လိုက်နာကျင့်ကြံပါတော့မည် မြတ်စွာဘုရား--လို့ လျှောက်ထားပါတယ်။

ဘဝမျိုးစွာက ဖြည့်ကျင့်လာသော ပါရမီရှင်ဖြစ်သည့် အားလျော်စွာ နေရောင်ခြည်ပက်ဖြန်းက လန်းလန်းဆန်းဆန်း ကားကားစွင့်စွင့် ပွင့်၍လာသော ကြာပဒုမ္မာကဲ့သို့ သုံးလူထွဋ်ထားမြတ်စွာဘုရားနှင့် တွေ့ရသောအခါ အင်္ဂုလိမာလ လူဆိုးကြီးရဲ့ စိတ်ဓာတ်တွေဟာ အံ့ဩလောက်စရာ ပြောင်းလဲ၍ လာကြတော့တာဘဲနော်။ ဤကဲ့သို့ပြောဆိုလျှောက်ထားပြီး မြတ်စွာဘုရားက ချီးမြှင့်ဟောကြားတဲ့အတိုင်း လိုက်နာကျင့်ကြံနေတော့သတဲ့။ ထိုကဲ့သို့ဘုရားရှင်ဆုံးမတော်မူတိုင်း ကျင့်ကြံနေထိုင်သည်၏, အဖြစ်ကိုပြဆိုခြင်းငှါ- သင်္ဂါယနာတင် အရှင်မြတ်များက ဤဂါထာနှစ်ပုဒ်ကို ထားတော်မူကြပြန်ပါတယ်။

(က) ဣတ္ဝေဝ စောရော အသိမာဝုစဉ္စ၊ သောဗ္ဘေ ပပါတေ နရကေ အကိရိ။
အဝိန္ဒိစောရော သုဂတဿ ပါဒေ၊ တတ္ထေဝ နံ ပဗ္ဗဇ္ဇံ အယာစိ။

(ခ) ဗုဒ္ဓေါစခေါ ကာရုဏိကော မဟေသိ၊ သောသတ္ထာ လောကဿ သဒေဝကဿ။
တမေဟိဘိက္ခူုဟ တဒါ အဝေါစ၊ ဧသေဝ တဿအဟုဘိက္ခုဘာဝေါ။

( မ - ပါ - ၃၀၃)။

(က) ဣတ္ထွေစ၊ ဤသို့လျှောက်ထား၍ သာလျှင် စောရော, အင်္ဂုလိမာလ နာမည်ကျော်ဟီး, ခိုးသူကြီးသည်။ အသိဉ္စ၊သူတပါးကို သတ်ရန်အတွက် သံလျက်ကိုရင်း, အာဝုဓဉ္စ၊ လက်နက်ကိုရင်း, သောဗ္ဘေ၊ အတွင်း တောက်လျှောက်, လိုဏ်ခေါင်းပေါက် ရှိသော။ ပပါတေ၊ မိုးမိုးမတ်မတ်, ကမ်းပါးပြတ် ရှိသော။ နရကေ၊ လူသူမရောက် ချောက်၌။ အကိရိ၊ ငဲ့ကွက်မဆ, ပစ်ချလေပြီ။

စောရော၊ အင်္ဂုလိမာလ ခိုးသားသည်။ သုဂတဿ၊ သုံးလူထွဋ်ထား မြတ်ဘုရား၏။ ပါဒေ၊ ခြေတော်အစုံ, ကြာပဒုံတို့ကို။ အဝန္ဒိ၊ ရိုသေမြတ်နိုး, ရှစ်ခိုးလေပြီ။

နံ၊ တရားသခင် ဘုရားရှင်ကို။ တတ္ထေဝ၊ ဘောမြိုင်အတွင်း,ချဉ်းနင်းရောက်လာ,ထိုနေရာ၌ ပင်လျှင်။ ပဗ္ဗဇ္ဇံ၊ အမြတ်တရား, ရှုပ္ပားတုံလစ်, ရဟန်းဖြစ်အကို။ အယာစိ၊ သံသရာဝဋ်ဓာတ်, ဂင်းလွတ်ပြတ်အောင်, ဆည်းကပ်ခညောင်း, အခွင့်တောင်းလေပြီတကား။

(ခ) တဒါ၊ ဆည်းကပ်ခညောင်း, ခွင့်တောင်းပန်ရာ, ထိုအခါ၌။ ကာရုဏိကော၊ လွန်စွာသနား ကြီးမားသော ကရုဏာရှိတော် မူသော။ မဟေသိ၊ ဂုဏ်မြတ်ကျေးဇူးကို ရှာမှီးဆည်းပူးပြီး ဖြစ်တော်မူသော။ သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ သတ္တလောက၏။ သတ္ထာ၊ နည်းညွှန်ပြသ, ဆုံးမဖေးကူ, ဆရာဖြစ်တော်မူသော။ ယောစ ဗုဒ္ဓေါ၊ သစ္စာလေးပါး,တရားသိမြင်, အကြင် ဘုရားရှင်သည်လည်း။ အတ္ထိ၊ အနီး၌သာ, ရှိနေပါ၏။ သောဗုဒ္ဓေါ၊ လူသုံးပါးတို့ဆရာ, ထိုမြတ်စွာသည်။ တံ၊ ထိုအင်္ဂုလိမာလကို။ ဘိက္ခု၊ ရဟန်း။ ဧဟိတိ၊ လာလေ့ဟူ၍။ အဝေါစ၊ ညာလက်တော်တန်းလျှင်,အေးချမ်းမြွတ်ဖေါ် ခေါ်တော်မူလေပြီ။သောဝ-ဧဟိဘိက္ခု၊ ရှေးရှုမြွက်ခေါ်တော်မူခြင်းသည်သာလျှင်။ တဿ၊ ထိုအင်္ဂုလိမာလ၏။ ဘိက္ခုဘာဝေါ၊ အသွင်တင့်ဆန်း, ဥပသမ္ပန္န,ရဟန်းအဖြစ်သည်။အဟု၊ပုဗ္ဗေကတ,မြတ်ပုညကြောင့်,မုချမသွေ, ဖြစ်ရလေတော့သတည်း။

အင်္ဂုလိမာလမည်သော လူဆိုးကြီးသည် မြတ်စွာဘုရား၏ တရားစကားကို နာကြားရသဖြင့် အမြဲမပြတ် စွဲကိုင်ထားသော ဓား,သံလျက်,လက်နက်များကို ချောက်ထဲသို့ ပစ်ချပြီး မြတ်စွာဘုရား၏ ခြေတော်အစုံကို ခိုလှုံရှိခိုးပြီး ရဟန်းပြုပေးရန် တောင်းပန်လေသည့်အတွက် မြတ်စွာဘုရားကလဲ ထိုအင်္ဂုလိမာလ၏ ရှေးကောင်းမှုကို ကြည့်တော်မူသည်ရှိသော် ဧဟိဘိက္ခု–ရဟန်းဖြစ်ရန် အကြောင်းကံကို မြင်တော်မူသဖြင့် လက်ျာလက်ကို ဆန့်တန်းကာ–

ဧဟိဘိက္ခု သွာခါတော ဓမ္မော စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ-ရဟန်း လာလော့ တရားတော်ကို ကောင်းမွန်စွာ ဟောကြားအပ်ပေပြီ။ သံသရာဝဋ်ဒုက္ခ ကုန်ဆုံးမှုကို ပြုခြင်းငှါ မြတ်သောတရားတော်ကို ကောင်းမွန်စွာ ကျင့်ကြံလေလော့-ဟု မိန့်ကြားခြင်းဖြင့်ပင် ထိုအင်္ဂုလိမာလသည် ရဟန်းပဉ္စင်းအဖြစ်သို့ ကောင်းစွာရောက်ရှိသွားလေတော့တယ်။ ယခုဆိုလျှင် အလွန်ကြမ်းတမ်းလှတဲ့ လူသတ်သမားလူရမ်းကားကြီးဖြစ်တဲ့ အင်္ဂုလိမာလ လူဆိုး လူမိုက်ကြီးကို သုံးလူထွဋ်ထားမြတ်စွာဘုရား ။ ဒုတ်,ဓားမပါ မေတ္တာသက်သက် တရားစက်ဖြင့်, ဖြိုဖျက်နှိမ်နင်း, အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီးနော်။

ဆောင်ပုဒ်။ အင်္ဂုလိမာလ- နာမည်ပိင့်တင်၊ လူသတ် ရွာဖျက်- နိပ်စက်ပြုစဉ်။
ဒုတ်,ဓား,မဖက်-ဓမ္မစက်အရှင်၊ မေတ္တာသုံး-ဖြေမှုန်း အောင်ပွဲဆင်။

အင်္ဂုလိမာလကို ရဟန်းအဖြစ်ရောက်အောင် ချီးမြှောက်တော်မူပြီးသောအခါ မြတ်စွာဘုရားသည် ထို အင်္ဂုလိမာလနောက်လိုက် ရဟန်းနှင့် သာဝတ္ထိပြည်သို့ကြွတော်မူပြီး ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူပါတယ်။

ထိုအခါသာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းကြီးကလဲ အင်္ဂုလိမာလလူဆိုးလူသတ်သမားကို ဖမ်းစီးရန် စစ်သည်ပေါင်းများစွာဖြင့် ချီတက်လာခဲ့ဘယ်။ ယင်းသို့ ချီတက်လာခုား ဇေတဝန်

ကျောင်းတော်ကြီးအနီးသို့ ရောက်သောအခါ မြတ်စွာဘုရားထံ ဝင်ရောက်ရှိခိုးကန်တော့ပြီး သင့်တင့်ရာအရပ်၌ ကောင်းမွန်စွာ ထိုင်နေသတဲ့။ တကယ်တော့ အင်္ဂုလိမာလလူဆိုးကြီး ရဟန်းဝတ်ပြီး ဘုရားထံ ရောက်နေသည်-ဟု ကြားသိ၍ မင်းကြီးက ဘုရားသို့ရောက်လာခြင်းမဟုတ်ဘူးနော် ကျောင်းအနီး ရောက်လာ၍ အကြောင်းအားလျော်စွာ ဝင်လာခဲ့ခြင်းဘဲဖြစ်တယ်။ ရှေးက ဘုရင်မင်းမြတ်များဟာ စစ်ဆင် စစ်ထိုးသွားတာတောင် ဘုရားကျောင်းတော်ဝင်ပြီး ရှိခိုး ကန်တော့ပြီးမှ လိုရာခရီးကို ဆက်သွားကြသတဲ့ (ဒကာကြီးဦးချိန်ရဲ့)။

ထိုအခါ မြတ်စွာဘုရားက ကောသလမင်းကြီးကို မင်းကြီး သင်သည် ဗိမ္ဗိသာရမင်းနှင့် စစ်ထိုးရန် ထွက်လာသလော (သို့မဟုတ်) လိစ္ဆဝီမင်းများနှင့် စစ်ထိုးရန် စစ်ချီလာသလော-ဟု မေးမြန်းတော်မူသည့်အခါ ကောသလမင်းကြီးက မြတ်စွာဘုရား- ဗိမ္ဗိသာရမင်း လိစ္ဆဝီမင်းတို့နှင့် စစ်ထိုးရန်ထွက်လာသည် မဟုတ်ပါဘုရား။ စင်စစ်မှာမူ ဘုရားတပည့်တော်၏ နိုင်ငံတော်၌ အင်္ဂုလိမာလ မည်သော ခိုးသူကြီးသည် လူသတ်, ရွာနိဂုံးကိုဖျက်နှင့် နှိပ်စက်ဖျက်ဆီးကာ ဆူပူသောင်းကြမ်းနေသဖြင့် ထိုအင်္ဂုလိမာလလူဆိုးကို နှိမ်နင်းရန် ထွက်လာခဲ့ပါသည်ဘုရား-ဟု လျှောက်ထားလေသတဲ့။

ထိုအခါ မြတ်စွာဘုရားက မြတ်သောမင်းကြီး အသင်သည် အင်္ဂုလိမာလကို အကယ်၍များ ဆံမုတ်ဆိတ်ကိုပယ်ရှား၍ အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်ပြီး ဖန်ဝါဆင်မြန်း သင်္ကန်းဝတ်၍ နေသည်ကိုရင်း, သူ့အသက် သတ်ခြင်းမှရင်း, သူမပေးသော ဥစ္စာကိုခိုးယူခြင်းမှရင်း, မဟုတ်မမှန်ပြောဆိုခြင်းမှရင်း, ကြဉ်ရှောင်၍ နေသည်ကို တထပ်တည်းသာစားလျက် မြတ်သောတရားကို ကျင့်ကြံနေသည်ကို, အကျင့်သီလနှင့် ပြည့်စုံသည်ကို မြင်တွေ့ရပါမူ ထိုအင်္ဂုလိမာလအား အဘယ်သို့ ပြုပါမည်နည်း-ဟု စုံစမ်း မေးမြန်းတော်မူပါတယ်။

ကောသလမင်းကြီးလဲ မဆိုင်းမတွပင် ပြန်လည်လျှောက်ကြားသည်မှာ- မြတ်စွာဘုရား ထိုသို့ဖြစ်ခဲ့မူ-ရှိခိုးရပါမည်၊ ခရီဦးကြိုဆိုရပါမည်၊ နေရာဖြင့်ဖိတ်ကြားမှု ပြုရပါမည် ဆွမ်း, သင်္ကန်း, ကျောင်း ဆေးပစ္စည်းလေးပါးတို့ဖြင့်လည်း ဖိတ်ကြားရပါမည်၊ တရားနှင့်လျော်သော စောင့်ရှောက်ခြင်းကိုလည်း ပြုပေးရပါမည်ဘုရား။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသို့ပင် ဖြစ်သော်လည်း ထိုကဲ့သို့သော သီလပျက်ပြား လူယုတ်မာအား ဤသို့သဘောရှိသော သီလစောင့်စည်းမှုသည် အဘယ်မှာ ဖြစ်နိုင်ပါမည်နည်းဘုရား-ဟု လျှောက်ထားလိုက်ပါတယ်။

ထိုစဉ်အခါ အရှင်အင်္ဂုလိမာလထေရ် မြတ်စွာဘုရားထံပါး၌ သိဘင်းသုံးထိုင်နေသည်ကို မင်းကြီး သိတော်မမူဘူးတဲ့၊ (ဒကာကြီး ဦးချိန်ရဲ့) မသိ၍လဲ ဤနေရာသို့လာရဲပြီး ဤသို့လဲ လျှောက်ထားရဲတာပေါ့နော်။ သိများသိခဲ့ယင် အဘယ်မှာ ဒီလိုချဉ်းကပ်နေဝံ့ပါမလဲ။

ထိုအခါ မြတ်စွာဘုရားကလဲ လကျ်ာလက်တော်ကို မြှောက်ချီဆန့်တန်း၍ မင်းကြီး သင်အလိုရှိသော အင်္ဂုလိမာလဆိုတာ ဤရဟန်းပင်ဖြစ်ပေ၏-ဟု ကောသလမင်းကြီးကို မိန့်ကြားတော်မူလိုက်သတဲ့၊ ယင်းကဲ့သို့ မြတ်စွာဘုရားက မိန့်ကြားတော်မူတဲ့အခါ ပသေနဒီကောသလမင်းကြီးအား ကြောက်ရွံ့ခြင်း ကိုယ်ခက်တရော်ရှိခြင်း ကြက်သီးမွေးညှင်းထခြင်းများ ဖြစ်ပေါ်လာတော့တယ်။

ကြွင်းသော စစ်သည်ဗိုလ်ပါအပေါင်းကတော့ လွန်စွာ ကြောက်ရွံ့ထိပ်လန့်သဖြင့် စွဲကိုင်လာသော လက်နက်များကို စွန့်ပစ်၍ ခြေဦးတည်ရာပြေးပြီးနောက် မြို့တွင်းသို့ဝင်ကာ တံခါးများကို

လုံခြုံစွာ ပိတ်ဆို့ထားကြသတဲ့။ တော်တော်သတ္တိကောင်းတဲ့ ရဲမက်ဗိုလ်ပါတွေပါဘဲနော်။ သူတို့က ဒီလိုပြောကြသေးသတဲ့။

အင်္ဂုလိမာလော "ရာဇာမယှံ သန္တိကံ အာဂစ္ဆတိတိ ဥတွာ ပဋ္ဌမတရံဂန္တွာ ဇေတဝနေ နိသိန္နော။ ရာဇာ တေန ဂဟိတော၊ မယံ ပန ပလာယိတွာ မုတ္တာ။

(မဇ္ဈိမပဏ္ဏာသ-ဋ္ဌ-၂၃၂။)

ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ အင်္ဂုလိမာလလူဆိုးကြီးသည် "ပသေနဒီကောသလမင်းကြီးသည် ငါ့ထံသို့လာ၏"ဟု ကြားသိရ၍ ရှေးဦးစွာသွား၍ ဇေတဝန်ကျောင်းတော်၌ နေနှင့်၏။ ယခု ကောသလမင်းကြီးကို အင်္ဂုလိမာလက ဖမ်းဆီးထားပြီ၊ ငါတို့သာ ပြေးနိုင်ရ၍ လွတ်မြောက်ကြရ ပေသည်-ဟူ၍ ပြောဆိုကြတယ်တဲ့။ မင်းကြီးသာ မပြေးကောင်း၍ ရာဇ်ခြွေဆယ်ကာ ကြောက် ကြောက်နှင့် ပေနေရတာနော်။ လောက၌ ပြေးလွှားသွား၍ မတင့်တယ်သောပုဂ္ဂိုလ် ၄-မျိုးရှိသတဲ့။ ထိုလေးမျိုးကတော့-

၁။ ရဟန်း၊ ၂။ တိုင်းပြည်အုပ်ချုပ်ဘုရင်လုပ်သူ မင်း၊

၃။ အမျိုးသမီး၊ ၄။ မင်္ဂလာဆင်တော်-ဟူ၍ လေးမျိုးရှိပေတယ်။

ယင်းကဲ့သို့ ကြောက်ရွံ့ထိတ်လန့်ဖြစ်နေတဲ့ ကောသလမင်းကြီးကို မြင်တော်မူသော မြတ်စွာ ဘုရားက- "မာဘာယ မဟာရာဇ၊ နတ္ထိ တေ ဣတော ဘယံ- မင်းကြီး မကြောက်ရွံ့လေလင့်၊ ဤ အင်္ဂုလိမာလမှ သင်မင်းကြီးအား ဘေးရန်မရှိတော့ပါ" ဟု မိန့်ဆိုတော်မူပါမှ ကောသလမင်း ကြီးသည် ကြောက်ရွံ့ခြင်းပြေ၍ အရှင်အင်္ဂုလိမာလထံ ချဉ်းကပ်ပြီးလျှင် အယျော နော ဘန္တေ အင်္ဂုလိမာလော=ဘန္တေ၊ အရှင်ဘုရား၊ အယျော၊ အရှင်ဘုရားသည်။ နော၊ အကျွန်ုပ်တို့၏။ အင်္ဂုလိ မာလော၊ အင်္ဂုလိမာလပါလော"ဟု မေးမြန်းသဖြင့် "ဧဝံ မဟာရာဇ- မင်းကြီး ဟုတ်မှန်ပေ၏"ဟု အရှင်မြတ်က ဖြေကြားတော်မူပါတယ်။

ထို့နောက် ကောသလမင်းကြီးက ဆက်လက်၍ အရှင်မြတ်၏မိဘအနွယ်ကို မေးမြန်းဖြန် သဖြင့် "ဘဂ္ဂေါ ခေါ မဟာရာဇပိတာ၊ မန္တာနီမာတာ= မင်းကြီး- အဖသည် ဘဂ္ဂအနွယ်ရှိ၍, အမိသည် ,မန္တာနီအနွယ်ရှိပေ၏"ဟု မိန့်ကြားတော်မူသဖြင့် ကောသလမင်းကြီးက "အရှင်မြတ် ဘုရားသာသနာတော်၌ မွေ့လျော်စွာ သီတင်းသုံးတော်မူပါ။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့မှုကို တပည့်တော်ပြုစုပါမည်။ တပည့်တော်တာဝန်ယူပါမည်"ဟု လျှောက်ထားပြီး ပြန်သွားသတဲ့။

အရှင်အင်္ဂုလိမာလသည် နံနက်အခါ၌ သင်္ကန်းရုံ၍ သပိတ်ကိုယူကာ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွစဉ်အခါ သားမဖွားနိုင်သဖြင့် ဆင်းရဲဒုက္ခရောက်၍နေရသော အမျိုးသမီးတယောက်ကို တွေ့မြင်ရ၍ သတ္တဝါတို့သည် ဆင်းရဲပင်ပမ်းလှကုန်စွတကား-ဟု စိတ်အကြံဖြစ်ပြီး မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားသဖြင့် မြတ်စွာဘုရားက အင်္ဂုလိမာလ ထိုသို့ သနားခြင်းဖြစ်ဘိမူ ထိုမိန်းမထံသို့ ချဉ်းကပ်၍-

ယတောဟ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော နာဘိ ဇာနာမိ သဉ္စိစ္စ ပါဏံ
ဇီဝိတာ-ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

ဟူ၍ ဆိုလေလော့-ဟု ပရိတ်တော်ကို သင်ကြားပေးတော်မူပါတယ်။ ဤပရိတ်ကို မဟာပရိတ် ဟူ၍ မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ အင်္ဂုလိမာလသုတ်၌ ဖွင့်ဆိုထားပါတယ်။ အင်္ဂုလိမာလ အရှင်မြတ်လည်း မြတ်စွာဘုရား မိန့်ကြားသည့်အတိုင်း ထိုမိန်းမထံသို့ သွားရောက်၍ ချဉ်းကပ်ပြီး ရွတ်ဆိုသဖြင့် ထို အမျိုးသမီးသည် သားကို ချမ်းသာစွာ ဖွားမြင်ရ၍ မိခင်ရော, ကလေးပါ နှစ်ဦးလုံး ချမ်းသာခြင်းသို့ ရောက်ရှိလေသတဲ့ (ဒကာကြီး ဦးချိန်ရွှဲ)။ ယနေ့အထိ လူအများတို့ ယုံကြည်စွာ သုံးစွဲနေတဲ့ ပရိတ်တော်ပေါ့-နော်။ အရှင် အင်္ဂုလိမာလကို မြတ်စွာဘုရားက သင်ကြားပေးသဖြင့် အင်္ဂုလိမာလ မထေရ် မြတ် ရွတ်ဆိုခြင်းကြောင့် အင်္ဂုလိမာလ ပရိတ်-ဟူ၍ ခေါ်ပါတယ်။

ဤပရိတ်ကို ရွတ်ဆိုပေးခြင်းကို အချို့က ဆေးကုသတယ်- ထင်နေကြဦးမယ်။ ဒါ့ကြောင့် အဋ္ဌကထာဆရာက "န ဟိ သစ္စကိရိယာ ဝေဇ္ဇကမ္မံ ဟောတိ"သစ္စာပြုခြင်းသာ ဖြစ်သည်၊ ဆေးကုခြင်း မဟုတ်ပေ-ဟု ဖွင့်ဆို ရှင်းပြထားခဲ့ခြင်း ဖြစ်တယ်။

အရှင်အင်္ဂုလိမာလမထေရ်ရဟန်း တရားကို စာဘင်ပွားများ အားထုတ်စဉ်က စိတ်ဓာတ် တည် ကြည်မှု သမာဓိကိုမျှ မရရှာဘူးတဲ့။ ဘာ့ကြောင့်လဲဆိုတော့ မိမိသည် တောကြီးအတွင်း၌ လူဆိုး ဘဝဖြင့် နေထိုင်စဉ်က လူတွေကိုသတ်၍ လက်ညှိုးဖြတ်ယူရာမှာ သေရမည့်ဘေးမှ ကြောက်လန့်ရှာ ကြသော သူတို့က ငိုယို တောင်းပန်ပုံ, လက်အုပ်ချီ ရှိခိုးပြီး တောင်းပန်ကြပုံတွေကို ထင်မြင်နေသဖြင့် နှလုံးမသာ မယာဖြစ်ကာ ထပြီး သွားရတော့သတဲ့။တရားဘာဝနာ ရှုပွားတယ်ဆိုတာ စိတ်အလုပ် ဖြစ်လေတော့ စိတ်ဓာတ်စင်ကြယ်မှုဆိုတာ လွန်စွာ အရေးကြီးတာကလား။

ထိုအခါမှ မြတ်စွာဘုရားက စိတ်ဓာတ် မတည်မငြိမ်ဖြစ်နေသော အရှင်အင်္ဂုလိမာလအား- "အင်္ဂုလိမာလ-ထိုစဉ် သူတပါးအသက်ကို သတ်ခြင်း, သူ့ဥစ္စာ ခိုးယူခဲ့ခြင်း, မမှန်စကားပြောကြား ခဲ့ခြင်းသည်ကား တခြားတပါးသာ ဖြစ်သည်၊ ထိုကဲ့သို့ သူ့အသက် သတ်ခြင်း, သူ့ဥစ္စာ ခိုးယူခြင်း, မမှန်စကား ပြောကြားခြင်း-စသော မကောင်းမှုသည် စိတ်၏ ညစ်ညူးကြောင်း တရားဆိုးများ-ဟု သိ၍, ထို မကောင်းမှုအားလုံးမှ ရှောင်ကြဉ်ကာ အရိယာဇာတ် မြတ်သောအကျင့်ကို ကျင့်ကြံ ပွား များ၍နေသော ယခုအခါသည်ကား တခြားတပါးသာတည်း။ ဥပမာ-အညစ်အကြေး ငြိကပ်သဖြင့် မည်းညစ်နေသော အဝတ်ကို အညို, အရွှေ, အနီ, အပြာ-စသော ဆေးရောင်အမျိုးမျိုးကို ဆိုးသည် ရှိသော် မိမိအလိုရှိသော ဆေးရောင် စွဲငြိ ထင်နိုင်ပါမည်လော၊ မထင်နိုင်ပေ။ အကြောင်းကား ထိုအဝတ်သည် မဲညစ် ပေရေနေသောကြောင့် ဖြစ်ပေ၏။

အင်္ဂုလိမာလ - ထို ညစ်နွမ်းပေတေနေသော အဝတ်ကို ဆပ်ပြာအမျိုးမျိုးဖြင့် စင်အောင် ဖွတ်လျှော်ပြီးသော် ထိုအဝတ်ကို ယခင် အညို, အနီ, အပြာ, အဝါ-စသော ဆေးရောင်အမျိုးမျိုး ဆိုးသည်ရှိသော် မိမိလိုသော ဆေးရောင် စွဲငြိ ထင်နိုင်ပါမည်လော၊ ကောင်းစွာ စွဲထင်နိုင်ပေ၏။ အဘယ့်ကြောင့်ဆိုသော် ထို ညစ်နွမ်းသောအဝတ်ကို ကောင်းစွာ လျှော်ဖွတ်ထားပြီးဖြစ်၍ ဖြူစင် သန့်ရှင်းနေပြီ ဖြစ်သောကြောင့်ပင်တည်း။

အင်္ဂုလိမာလ-ထိုအဝတ်ကဲ့သို့ အလားတူပင် အသင်သည် ယခင်က ပါဏာတိပါတကံ-စသည့် မကောင်းသောအလုပ်ကို လုပ်ခဲ့ပေ၏။ယခုအခါမူ-ထို ပါဏာတိပါတ-စသော မကောင်းမှုအကုသိုလ်

ကို မကောင်းသောအမှု, အကုသိုလ်ပေတည်း-ဟု ကောင်းစွာသိ၍ ရှောင်ကြဉ်၏။ ပါဏာတိပါတ-စသော မကောင်းမှုကို ပယ်၏။ အရိယာတို့၏ လမ်းစဉ်တရားကို ကျင့်ကြံ ပွားများပေ၏။ ယခင်အခါနှင့် တခြားစီ ဖြစ်ပေ၏''ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူသဖြင့် အရှင်အင်္ဂုလိမာလသည် စိတ်ဓာတ် ထက်သန်တိုးပွားလာကာ တယောက်တည်းတည်း ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ရဟန်းတရားကို ကြိုးစားပွားများ အားထုတ်သဖြင့် စိတ်ဓာတ် တည်ကြည်မှု သမာဓိ ရရာမှ အဆင့်ဆင့် တိုးပွား၍ မကြာမီ အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ဆိုက်သွားပါတယ်။

မြတ်စွာဘုရား တည်းဟူသော အမှီကောင်းကို ရရှိသဖြင့် မကြာမီပင် ရဟန်းကိစ္စ ပြီးသွားတာဘဲ နော်။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ရဲ့ သန္ဒိဋ္ဌိကော-ဆိုတဲ့ ဂုဏ်တော်ဟာ လွန်စွာ မှန်ပါကလား နော်။ ဒို့ ဒကာ, ဒကာမတွေလဲ တရားတော်ဂုဏ်ကို ယုံကြည်စွာ လက်တွေ့ အားထုတ်ကြဘို့ တိုက်တွန်းရပါတယ်။

ရဟန်းကိစ္စ ပြီးမြောက်ပြီဖြစ်သော အင်္ဂုလိမာလ အရှင်မြတ်ကြီးဟာ နံနက်အခါ သင်္ကန်းကို ဝတ်ရုံပြီး သပိတ်ကိုယူကာ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွသွားလျှင် ထိုအခါ လူတယောက်က ပစ်သော ခဲကလဲ အရှင်မြတ်ကို ထိမှန်သတဲ့၊ တယောက်သောသူကပစ်သော ဒုတ်, တယောက်သောသူက ပစ်သော မြှား-စသည့် လက်နက်များဟာ အင်္ဂုလိမာလ ကိုယ်တော်ကြီးကိုသာ ထိမှန်လေတော့တာဘဲတဲ့။

ဒီလို ခဲတွေ, ဒုတ်တွေ, မြှားတွေ ထိမှန်တာဟာ အရှင်အင်္ဂုလိမာလကိုယ်တော်ကြီးကို တိုက်ရိုက် ပစ်ခတ်ကြလို့ ထိမှန်တာ မဟုတ်ဘူး နော်။ သူ့ရဲ့ မကောင်းမှုကံ အားလျော်စွာ ဖြစ်ပေါ်လာတာ ဖြစ်တယ်။ ဒါကြောင့်မို့ ဒီနေရာမှာ-

> အညေနပိ လေဍ္ဍု ခိတ္တော ာတိ ကာက သုနခ သူကရာဒီနံ ပဋိက္ကမာပနတ္ထာယ သမန္တာ
> သရက္ခေပမတ္တေ ဌာနေ ယေန ကေနစိ ဒိသာဘာဂေန ခိတ္တော အာဂန္တွာ
> ထေရဿေဝ ကာယေ ပတတိ။　　(မဇ္ဈိမ ပဏ္ဏာသ-ဋ္ဌ-၂၄၄)။

အညေနပိလေဍ္ဍုခိတ္တော ာတိ၊ တယောက်သောသူသည်, ပစ်အပ်သောခဲဟူသည်။ ကာကသုနခ သူကရာဒီနံ၊ ကျီး, ခွေး, ဝက်-စသည်တို့ကို။ ပဋိက္ကမာပနတ္ထာယ၊ ဖဲခွာရှောင်ရှား, သွားစေခြင်းငှာ။ သမန္တာ၊ ထက်ဝန်းကျင်မှ။ သရက္ခေပမတ္တေဌာနေ၊ မြှားတပစ်မျှလောက်သော အရပ်၌။ ယေန ကေနစိ ဒိသာဘာဂေန၊ တစုံတခုသော အရပ်မျက်နှာအဘို့ဖြင့်။ ခိတ္တော၊ ပစ်အပ်သော ခဲသည်။ အာဂန္တွာ၊ မထေရ်ထံသို့ ရွေးရှုလာ၍။ ထေရဿေဝ၊ အင်္ဂုလိမာလ မထေရ်ကြီး၏သာလျှင်။ ကာယေ၊ ကိုယ်တော်ပေါ်၌။ ပတတိ၊ အကုသိုလ်ကံ, အကြောင်းဖန်သဖြင့်, ကန်မလွဲ, ကျမြဲ ကျလေတော့သတည်း။

အကုသိုလ်ကံများ လွန်စွာ ကြောက်ဘွယ်ကောင်းပါကလား-နော်။ ယခု အင်္ဂုလိမာလ မထေရ်မြတ်ကြီးကို ကြည့်စမ်းပါ၊ ကိုယ်တော်ကြီးကို တိုက်ရိုက်မပစ်ပါဘဲ ကျီး, ခွေး, ဝက်-စတဲ့ သတ္တဝါတွေကို ပစ်ခတ်တဲ့ ခဲ, ဒုတ်, လှံတံတွေက မထေရ်မြတ်ကြီးဆီ ရောက်, ရောက်လာပြီး ထိမှန်သတဲ့။ ဒီ ခဲ, ဒုတ်, လှံတံတွေကို အကုသိုလ်ကံက သယ်ဆောင်လာတယ်လို့ မှတ်ကြရမယ်ပေါ့။

ဒကာကြီး ဦးစိန်တို့, ဦးချိန်တို့ သတိထားပြီး မှတ်သားကြစမ်းပါ။ အကုသိုလ်ကံရဲ့ အကျိုးပေးပုံတွေဟာ မှတ်သားဘွယ် ကောင်းလှပါတယ်။

ထိုအခါ အရှင်အင်္ဂုလိမာလမထေရ်သည် ဦးခေါင်းကွဲ၍ ယိုစီးသောသွေး ရှိသဖြင့်၎င်း, သပိတ်ကွဲခြင်း, သင်္ကန်းပြဲခြင်းဖြင့်၎င်း မြတ်စွာဘုရားထံသို့ ချဉ်းကပ် ရောက်လာတယ်။ မြတ်စွာဘုရားကလည်း အရှင်အင်္ဂုလိမာလကို တွေ့မြင်ရလျှင်—

အဓိဝါသေဟိ တွံ ဗြာဟ္မဏ၊ အဓိဝါသေဟိ တွံ ဗြာဟ္မဏ၊ ယဿခေါ တွံ ဗြာဟ္မဏ ကမ္မဿ ဝိပါကေန ဗဟူနိဝဿာနိ, ဗဟူနိ ဝဿသတာနိ, ဗဟူနိ ဝဿသဟဿာနိ နိရယေ ပစ္စေယျာသိ၊ တဿ တွံ ဗြာဟ္မဏ ကမ္မဿ ဝိပါကံ ဒိဋ္ဌေဝဓမ္မေ ပဋိသံဝေဒေသိ။ (မဇ္ဈိမပဏ္ဏာသပါဠိ၊ အင်္ဂုလိမာလသုတ္တ-၃၀၇)။

ဟူ၍ တရားစကား ဟောကြား ဆုံးမတော်မူပါတယ်။

ဗြာဟ္မဏ၊ မကောင်းမှုကို အပပြုပြီးသော ရဟန်း။ တွံ၊ သင်သည်။ အဓိဝါသေဟိ၊ သည်းခံလေလော့။ ဗြာဟ္မဏ၊ ရဟန်း။ တွံ၊ သင်သည်။ အဓိဝါသေဟိ၊ သည်းခံလေလော့။

ဗြာဟ္မဏ၊ မကောင်းမှုကို အပပြုပြီးသော ရဟန်း။ တွံ၊ သင်သည်။ ယဿကမ္မဿ၊ အကြင်ပါဏာတိပါတ အကုသိုလ်ကံ၏။ ဝိပါကေန၊ အကျိုးကြောင့်။ ဗဟူနိဝဿာနိ၊ နှစ်များစွာတို့ကာလပတ်လုံး။ ဗဟူနိဝဿသတာနိ၊ များသော နှစ်အရာတို့ပတ်လုံး။ ဗဟူနိဝဿသဟဿာနိ၊ များစွာသော နှစ်အထောင်တို့ပတ်လုံး။ နိရယေ၊ ချမ်းသာမှုကင်းစွာ, ငရဲ၌။ ပစ္စေယျာသိ၊ မုချမုန်စွာ, ကျက်လေရာ၏။

ဗြာဟ္မဏ၊ မကောင်းမှုကို အပပြုပြီးသော ရဟန်း။ တွံ၊ သင်သည်။ တဿကမ္မဿ၊ ထိုပါဏာတိပါတ အကုသိုလ်ကံ၏၊ ဝိပါကံ၊ ဖြစ်ပေါ်ရရှိ, မကောင်းသောအကျိုးကို။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဖြစ်သော ကိုယ်၏အဖြစ်၌ပင်လျှင်။ (ဝါ)ယခု ပစ္စုပ္ပန်ဘဝ၌ပင်လျှင်။ ပဋိသံဝေဒေသိ၊ ရှောင်ခွာတိမ်းလည်း,ငြိမ်းခွင့်မရအောင်,မုချမသွေ,ခံစားရလေပြီ တကား။

အင်္ဂုလိမာလ အရှင်မြတ်ကြီးသည် မိမိပြုခဲ့တဲ့ ပါဏာတိပါတ အကုသိုလ်ကံရဲ့မကောင်းကျိုးကို ပစ္စက္ခဘဝမှာပင် ခံစားရခြင်း ဖြစ်ပေတယ်-နော်။ အာသဝေါကုန်ခမ်း, ရဟန္တာအရှင်မြတ်ကြီးဖြစ်၍ နောက် သံသရာဘဝတို့၌ တဖန် ဖြစ်ရန် ဝဋ်ဇာတ် ငြိမ်းအေးပြီး ဖြစ်သဖြင့် နောက်ဘဝတွေမှာ လိုက်ပြီး အကျိုးမပေးနိုင်တော့တဲ့အတွက် ယခုဘဝမှာပင် မကောင်းကျိုးကို ရရှိခံစားရခြင်း ဖြစ်သတဲ့။

သတ္တဝါတို့ ပြုလုပ်အပ်သော ကံသည် သုံးပါးသော အဘို့တို့ကို ပြည့်စေတတ်တယ်။ (ဝါ) အကျိုးပေးပါတယ်။ သတ္တဝါတို့သန္တာန်၌ ဖြစ်သော ခုနစ်ပါးကုန်သော ဇောစိတ်တို့တွင် ကုသိုလ်ဖြစ်စေ, အကုသိုလ်ဖြစ်စေ, ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်သည်။ ထို ဒိဋ္ဌဓမ္မ ဝေဒနီယကံသည် ဤ ယခု မျက်မှောက်ဖြစ်သော အတ္တဘော၌ပင်လျှင် အကျိုးကို ပေး ပေ သည်။ ထိုကဲ့သို့ ပေးသင့်လျက် မပေးသော် အဟောသိကံ ဖြစ်သွားတော့သည်။

အဟောသိကံ ဆိုသည်မှာ အကျိုးပေးပြီး, အကျိုးပေးဆဲ, အကျိုးပေးလတံ့ မဟုတ်သော ကံကို ခေါ်ဆိုပေသည်။ မိမိတို့၏ အကျိုးပေးသင့်သော ကာလအတွင်း၌ အကျိုးမပေးဘဲ လွန်သွားသော ဇောစေတနာများကိုပင် အဟောသိကံ-ဟု ခေါ်ဆိုခြင်းဖြစ်တယ်။

ဇောစိတ် ခုနစ်ချက်တို့တွင် သတ္တမဇောစေတနာသည်ကား—ဥပပဇ္ဇဝေဒနီယကံ-မည်သည်။ ထို ဥပပဇ္ဇဝေဒနီယကံသည် အခြားမဲ့ဖြစ်သော အတ္တဘော၌၊ (ဝါ)ဒုတိယအတ္တဘော, ဒုတိယဘဝ၌ အကျိုးပေးပေသည်။ ထိုသို့ ပေးသင့်လျက် မပေးသော် အဟောသိကံဖြစ်သည်-ဟု မှတ်လေ။

ဇောစိတ် ခုနစ်ချက်တို့တွင် အလယ်ဇောငါးချက် စေတနာသည်ကား—အပရာပရိယ ဝေဒနီယကံ မည်၏။ ထို အပရာပရိယဝေဒနီယကံသည်ကား နောင်အခါ၌ တတိယဘဝမှ စ၍ နိဗ္ဗာန်မရမီအတွင်း တခုခုသောဘဝ၌ အခွင့်ရတိုင်း အကျိုးပေးသော ကံကို ခေါ်ဆိုသည်။ အပရာပရိယဝေဒနီယကံ အရာ၌ အဟောသိကံမည်သည် မရှိပေ။

ယခု အင်္ဂုလိမာလမထေရ်မြတ် ခံစားရသော ကံကား ဒိဋ္ဌဓမ္မဝေဒနီယကံ-ဟုခေါ်ပေသည်။ သို့အတွက်ကြောင့်

> ထေရဿ ပန ဥပပဇ္ဇဝေဒနီယဉ္စ အပရာပရိယ ဝေဒနီယဉ္စာတိ ဒွေကမ္မာနိ ဒွေကမ္မာနိ
> ကမ္မက္ခယ ကရေန အရဟတ္တမဂ္ဂေန သမုဂ္ဃာဋိတာနိ၊ ဒိဋ္ဌဓမ္မ ဝေဒနီယံ အတ္ထိ။
> တံ အရဟတ္တပ္ပတ္တဿာပိ ဝိပါကံ ဒေတိယေဝ၊ တံ သန္ဓာယ ဘဂဝါ ယဿ
> ခေါတွန္တိ အာဒိမာဟ။ (မဇ္ဈိမ ပဏ္ဏာသ-ဋ္ဌ-၂၃၅)။

ဟူ၍ အဋ္ဌကထာဝယ် အင်္ဂုလိမာလသုတ်အဖွင့်၌ ရှင်းလင်း ဖွင့်ပြထားခြင်း ဖြစ်ပေတယ်။ အဓိပ္ပာယ်ကတော့—

အင်္ဂုလိမာလမထေရ်အား ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယ ဝေဒနီယကံ - နှစ်ပါးတို့ကို ကံကုန်ခြင်းကို ပြုတတ်လော 'အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်ကုန်ပြီ၊ ဒိဋ္ဌဓမ္မ ဝေဒနီယကံကား ရှိ၏။ ထို ဒိဋ္ဌဓမ္မဝေဒနီယကံသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးသူအားသော်လည်း အကျိုးပေးသည်သာတည်း။ ထိုကံကို ရည်ရွယ်တော်မူ၍ မြတ်စွာဘုရားက—ယဿ ခေါ တွံ-စသော တရားတော်ကို ဟောဖော် မိန့်ကြားတော်မူခြင်း ဖြစ်ပါတယ်။

ယင်းကဲ့သို့ မြတ်စွာဘုရားက ဟောကြား ဆုံးမတော်မူသောအခါ အရှင်အင်္ဂုလိမာလမထေရ်မြတ်သည် ဆိတ်ငြိမ်ရာသို့ ကပ်၍ တပါးတည်းကိန်းအောင်းလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားကာ နေထိုင်ယင်း ဤဥဒါန်း ဂါထာတို့ကို ကျူးရင့်တော်မူပါတယ်။ အရှင်အင်္ဂုလိမာလ မထေရ်ကြီး ကျူးရင့်တဲ့ ဥဒါန်းစကားကို သေသေချာချာ နာကြားပြီး စမ်းမြောက်ဝမ်းသာ သာခုသံ မြိုင်မြိုင်ခေါ်ကြရအောင် ရိုသေစွာ လက်အုပ်ကိုယ်စီ ချီထားကြ။

(က) ယော ပုဗ္ဗေ ပမဇ္ဇိတွာ၊ ပစ္ဆာ သော နပ္ပမဇ္ဇတိ။
　　သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

ယောသော၊ လူ-ရှင်-ရဟန်း,ခွဲခြမ်းမမူ, အကြင်သူသည်။ ပုဗ္ဗေ၊ နုပျိုစဉ်ကာလ, ရှေးမဆွကပင်။ ပမဇ္ဇိတွာ၊ ကောင်းမှုရှေးရေး,ကြံမတွေးဘဲ,အေးအေးပေါ့ပေါ့,မေ့လျော့သော်လည်း။ ပစ္ဆာ၊ နောက်ကာလ၌။ နပ္ပမဇ္ဇတိ၊ မမေ့လျော့။ သော၊ မေ့လျော့လွတ်ကင်း,နှလုံးသွင်းယူ,ထိုသူသည်။

အဗ္ဘာ၊ တိမ်တိုက်မှ။ မုတ္တော၊ ကောင်းစွာရှင်းရှင်း,လွတ်ကင်းသော။ စန္ဒိမာဝ၊ အရောင်ပဝင်း,ရွှေလမင်းသို့။ ဣမံ လောကံ၊ ခန္ဓာအာယတန၊ ဓာတ်လောကဟု,ညွှန်ပြခေါ်ဆို, မိမိကိုယ်ကို။ (ဝါ) ဤသတ္တလောကကို၊ ပဘာသေတိ၊ ကိလေသာမိုက်,အမှောင်တိုက်ကို, လောင်မြိုက်ဖျက်ရှင်း, ထွန်းလင်းတောက်ပစေနိုင်လေသတည်း။

(ခ) ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓီယတိ။
သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

ယဿ၊ ဦးဖြူ-ဦးမဲ,ဝေခွဲမဆို,အကြင်ပုဂ္ဂိုလ်သည်။ ကတံ၊ သမ္ပဇဉ်သတိ, မရှိတုံလတ်, ပြုအပ်ပြီးသော။ ပါပံ ကမ္မံ၊ မကောင်းမှုကို။ ကုသလေန၊ အရဟတ္တမဂ်,ထက်မြက်လျှံပို, မြတ်ကုသိုလ်ဖြင့်။ ပိဓီယတိ၊ ရှင်းရှင်းပြတ်ပြတ်,ပိတ်ပင်အပ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ အဗ္ဘာ၊ ဝေဟင်မှောင်မိုက်, မိုးတိမ်တိုက်မှ။ မုတ္တော၊ ကောင်းစွာရှင်းရှင်း,လွတ်ကင်းသော။ စန္ဒိမာဝ၊ အရောင်ပဝင်း ရွှေလမင်းသို့။ ဣမံလောကံ၊ ခန္ဓာ-အာယတန, ဓာတ်လောကဟု,ညွှန်ပြခေါ်ဆို,မိမိကိုယ်ကို။ (ဝါ) ဤ သတ္တလောကကို။ ပဘာသေတိ၊ ကိလေသာမိုက်, အမှောင်တိုက်ကို, လောင်မြိုက်ဖျက်ရှင်း, ထွန်းလင်းတောက်ပစေနိုင်လေသတည်း။

(ဂ) ယော ဟဝေ ဒဟရော ဘိက္ခု၊ ယုဉ္ဇတိ ဗုဒ္ဓသာသနေ။
သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။
(မဇ္ဈိမပဏ္ဏာသ ပါဠိ၊ အင်္ဂုလိမာလသုတ္တံ-၃၀၇)။

ဒဟရော၊ အသက်အရွယ်,နုနယ်ပျိုမြစ်သော။ ယောဘိက္ခု၊ ကိလေသာရန်,ဖြိုဖျက်ရန်ဟု,စိတ်သန်ကြိုးပမ်း, အကြင်ရဟန်းသည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဆုံးမ, သုံးဝသိက္ခာ, သာသနာတော်၌။ ဟဝေ၊ မချွတ်ဧကန်, အမှန်စင်စစ်။ ယုဉ္ဇတိ၊ ကိုယ်နှုတ်နှလုံး, စောင့်သုံးကြိုးကုတ်, အားထုတ်၏။ သောဘိက္ခု၊ကိလေသာရန်,အမှန်ငြိမ်းချမ်း,ထိုရဟန်းသည်။အဗ္ဘာ၊ ဝေဟင်မှောင်မိုက်,မိုးတိမ်တိုက်မှ။ မုတ္တော၊ ကောင်းစွာရှင်းရှင်း,လွတ်ကင်းသော။စန္ဒိမာဝ၊ အရောင်ပဝင်း, ရွှေလမင်းသို့၊ ဣမံလောကံ၊ ခန္ဓာ-အာယတန,ဓာတ်လောကဟု,ညွှန်ပြခေါ်ဆို, မိမိကိုယ်ကို။ (ဝါ) ဤ သတ္တလောကကို။ ပဘာသေတိ၊ ကိလေသာမိုက်, အမှောင်တိုက်ကို, လောင်မြိုက်ဖျက်ရှင်း, ထွန်းလင်း တောက်ပစေနိုင်လေသတည်း။

အရှင် အင်္ဂုလိမာလ မထေရ်မြတ်ကြီးသည် ဆိတ်ငြိမ်ရာသို့ ကပ်ကာ တပါးတည်း အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူယင်း—

(က) ရှေးအခါကသာလျှင် မေ့လျော့၍ နောင်အခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်ပြီးသော လမင်းကဲ့သို့ ခန္ဓာအာယတန-ဟု ဆိုအပ်သော မိမိကိုယ်ကို၊ (ဝါ) ဤသတ္တလောကကို မိုက်မှောင်ပယ်ရှင်း, ထွန်းလင်း တောက်ပစေနိုင်တယ်။
(ခ) ပြုအပ်ပြီးသော မကောင်းမှုကို ကုသိုလ်တရားဖြင့် ပိတ်ပင် တားဆီးသောသူသည် တိမ်တိုက်မှလွတ်သော လမင်းကဲ့သို့ ဤ သတ္တလောကကို မိုက်မှောင်ပယ်ရှင်း, ထွန်းလင်း တောက်ပစေနိုင်တယ်။

(၈) ငယ်ရွယ်စဉ်အခါကပင်လျှင် မြတ်စွာဘုရား၏ သာသနာတော်မြတ်၌ ကျင့်ကြံ ကြိုး ကုတ် အားထုတ်သော ရဟန်းသည် တိမ်တိုက်မှ လွတ်ကင်းသော လမင်း ကဲ့သို့ ဤသတ္တလောကကို မိုက်မှောင်ပယ်ရှင်း, ထွန်းလင်း တောက်ပစေနိုင်တယ်။

ဤသို့လျှင် ဥဒါန်းကျူးရင့်တော်မူပါတယ်။

အရှင်အင်္ဂုလိမာလမထေရ်ကြီးလဲ မြတ်စွာဘုရား တည်းဟူသော ကလျာဏ မိတ်ကောင်းနှင့် ပေါင်းမိသဖြင့် လူဆိုး,လူမိုက်ကြီးဘဝမှ ကျွတ်လွတ်ကာ မြတ်စွာဘုရား သာသနာတော်၌ ကိလေသာ ငြိမ်းချမ်း ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားပေပြီ-နော်။ သုံးလူ့ ထွဋ်ထား မြတ်စွာဘုရားသည် လည်း အင်္ဂုလိမာလ ဟူသော လူသတ်သမား,လူရမ်းကား,လူဆိုး,လူမိုက်ကြီးကို ဒုတ်, ဓား မဖက်, မေတ္တာတရား, ဉာဏ်တရား လက်နက်တို့ဖြင့် တိုက်ဖျက်အောင်မြင် အောင်ပွဲဆင်ခဲ့လေပြီ။

**ဆောင်ပုဒ်။** အင်္ဂုလိမာလ-နာမကျော်သူ၊ တောမြိုင်လှည့်ပတ်-လူသတ်လက်ယူ။
ဘုရားရှင်သတ်-လက်ဖြတ်ဘို့ဟူ၊ လိုက်လာငြား-ဘုရားအောင်တော်မူ။

ယခုအခါ တရားပွဲလဲ အချိန် တော်တော်ကြာမြင့်သွားလေပြီပေါ့။ သို့အတွက် တရားဟော တရားနာ ပုဂ္ဂိုလ်များ ဘေးရန်ကင်းကွာ, အေးချမ်းစွာဖြင့် အမျိုး,ဘာသာ,သာသနာတော်အကျိုး ဆထက်တိုးအောင် သည်ပိုးရွက်ဆောင်နိုင်စေရန် အင်္ဂုလိမာလ လူဆိုး လူမိုက်ကြီးကို ဒုတ်,ဓားမဖက် မေတ္တာတရား,ဉာဏ်တရား လက်နက်တို့ဖြင့် ဖြိုဖျက်အောင်မြင် ဘုရားရှင်ထံဝယ် အောင်ဆုကို ပန်ကြစို့ရဲ့။

ဥက္ခိတ္တခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊ ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓိဘိသင်္ခတ မနော ဇိတဝါ မုနိန္ဒော၊ တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော၊ အောင်သူတကာတို့၏ အထွဋ်အမြူး, အောင်ပွဲထူးသခင်, အကြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဥက္ခိတ္တ ခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊ ချီအပ်သော သံလျက်, လက်၌ရှိပြန်, အမှန်ဆိုးယုတ်, အလွန်ကြမ်းကြုတ်စွာထသော။ တိယောဇနပထံ၊ လွန်စွာကွာလှမ်း, သုံးယူဇနာ ရှိသော ခရီးလမ်းကို။ ဓာဝံ၊ တဟုန်တည်းလျှင်, မပင်မပန်း ပြေးစွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန္တံ၊ လက်ညှိုးပန်းကို,ဆင်မြန်းလေပြီး,ခိုးသူကြီးကို။ ဣဒ္ဓိဘိ သင်္ခတ မနော၊ တန်ခိုးတော်ဖြင့်, အသင့် ဖန်ဆင်း,မယွင်းတည်ဘိ,စိတ်နှလုံးရှိဘော်မူသည်ဖြစ်၍။ ဇိတဝါ၊ ဒုတ်, ဓား မကူ, အောင်တော်မူ လေပြီ။တန္တေဇသာ၊ အင်္ဂုလိမာလ,နာမကျော်ဟိး,ခိုးသူကြီးကို,အပြီးအောင်ငြား,ထို မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ-အမှာကံ၊ အောင်ဆုကို ဆင်မြန်း၍ အောင်ပန်းကိုလိုလားသည့် တရား ဟော,တရားနာ, မှန်စွာဖြစ်ငြား,အကျွန်ုပ်တို့အား။ ဇယမင်္ဂလံ၊ ကောင်းမြတ်ချမ်းသာ,အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ လိုလားသည့်အတိုင်း, မဆုတ်ဆိုင်းဘဲ, မှန်တိုင်းမသွေ, ဖြစ်ပါစေသတည်း။

(အဘိဓမ္မာတပ်၍ တရားပွဲသိမ်းရန်)

❀ ❀ ❀ ❀ ❀

# စိဥ္စမာဏဝိကကို အောင်မြင်တော်မူခြင်း

ကတွာဝ ဂဗ္ဘိနီ ဝဏ္ဏံ၊ စိဉ္စမာဏ ဝိကံ ဒုဋ္ဌံ။
ဇနကာယမှို ဘာသန္တံ၊ ယောဇိနာတိ နမေ ဇိနံ။ (ရစနာ)။

ယောဇိနော၊ သစ္စာလေးရပ်၊တရားမြတ်ကို၊ တတ်အပ်ကုန်စင်၊ သိမြင်တော်မူငြား၊ အကြင်မြတ်စွာဘုရားသည်။ ဂဗ္ဘိနီဝဏ္ဏံ၊ပျဉ်ခါးစည်း၊ ပုံမှီးပြုရောင်၊ ကိုယ်ဝန်ဆောင်အသွင်ကို။ ကတွာဝ၊ အရှက်နည်းစွာ၊ ဉာဏ်မိစ္ဆာဖြင့်၊ သေချာအဲ့ဟုတ်၊ ပြုလုပ်ပြီး၍သာလျှင်။ ဇနကာယမှို၊ တရားဓမ္မ၊ ဟောညွှန်ပြသဖြင့်၊ ညွတ်ခရောက်လာ၊ တရားနာသည့်၊ များစွာထောင်သောင်း၊ ပရိသတ်အပေါင်း၌။ ဒုဋ္ဌံ၊ ကိုယ်ဝန်ရှိပြန်၊ လုပ်ကြံပြောကြား၊ ပျက်စီးသောစကားကို။ ဘာသန္တံ၊ ကြည်ညိုမဲ့အောင်၊ လုပ်ဆောင်ပြောကြားသော။ စိဉ္စမာဏဝိကံ၊ မကျည်းပင်တွင်၊ သန္ဓေယှဉ်၍၊ ဖွားမြင်လာဘိ၊ စိဉ္စမာဏအမည်ရှိသော ပရိဗိုဇ်မကို။ သန္တေန၊ ကိုယ်တော်စိတ်ထား၊ မလှုပ်ရှားဘဲ၊ တရားယှဉ်တာ၊ ငြိမ်သက်စွာဖြင့်။ ဇိနာတိ၊ တရားတပေါင်၊ မလုပ်ဆောင်ဘဲ၊ အောင်မြင်တော်မူလေ၏။ တံဇိနံ၊ စိဉ္စမာန်မည်လစ်၊မိန်းမညစ်ကို၊ စင်စစ်အောင်မြင်၊ ထိုဘုရားရှင်ကို။အဟံ၊ရုပ်နာမ်နှစ်ဖြာ၊ငါးခန္ဓာကို၊ ငါဟုသမုတ်၊ အကျွန်ုပ်သည်။ နမေ- နမာမိ၊ ဂုဏ်တော်အထူး၊ မြတ်ကျေးဇူးကို၊ ရည်စူးလျက်သာ ရှိခိုးပါ၏၊ မြတ်စွာဘုရား။

သုံးလောကထွဋ်ထား မြတ်စွာဘုရား၏ အောင်ခြင်းရှစ်ပါး တရားများကို ဟောကြားပြီးလာခဲ့တာ ယနေ့တော့ စိဉ္စမာဏအမည်ရသည့် ပရိဗိုဇ်မကို အောင်မြင်တော်မူတဲ့ အကြောင်းကို ဟောကြားရပေလိမ့်မယ်၊ သို့အတွက်ကြောင့် တရားပွဲမစမီမှာ မြတ်စွာဘုရားအား မဟုတ်မတရား ပရိသတ်လေးပါး၏ အလယ်၌ သူနှင့်ပင် ကိုယ်ဝန်လွယ်ရသည်-ဟု မဘွယ်မရာ စွပ်စွဲလာသော စိဉ္စမာဏ မိန်းမယုတ်ကိုတရားတပေါင် မယှဉ်မဆောင်ရဘဲ ငြိမ်းအေးသက်သာစွာ အောင်မြင်တော်မူတဲ့ လူသုံးပါးတို့၏ဆရာ စောမြတ်စွာကို တရားဟော တရားနာ ဘေးရန်ကွာ၍ လိုရာကိစ္စပြီးမြောက်ကြစေရန် ရည်သန်လျက် လက်စုံယှက်ကာ ရိုသေစွာ ရှိခိုးကန်တော့လိုက်ခြင်း ဖြစ်ပေတယ်။

စိဉ္စမာဏနှင့် ပတ်သက်သော ဇာတ်လမ်းအကြောင်းရင်း အတ္ထုပ္ပတ်ကတော့—
ကော် ဓမ္မန္တိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟာရဟန္တော စိဉ္စမာဏဝိကံ အာရဗ္ဘ ကထေသိ။ (ဓမ္မ-ဋ္ဌ-ဒု-၁၁၆)။

ဟူ၍ အဋ္ဌကထာဆရာ ဒေသနာနိဒါန်း ညွှန်းပြသည်အားလျော်စွာ လုံးလောကထွဋ်ထား မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဝယ် အနာထပိဏ်သူဌေးသည် ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော်စဉ်အခါ စိဉ္စမာဏဝိကာ အမည်ရှိသော ပရိဗိုဇ်မကို အကြောင်းပြု၍ ဟောကြားတော်မူပါတယ်။

ပထမဗောဓိ ဝါတော်နှစ်ဆယ်(၂၀) အတွင်း၌၊ (တနည်း) သာရတ္ထဒီပနီဋီကာဆရာအလို ပထမဗောဓိ ဝါတော်- တဆဲ့ငါးနှစ် ( ၁၅- နှစ် )အတွင်း၌ မြတ်စွာဘုရား၏ တပည့် သာဝက

ပရိသတ်တို့သည် အလွန်တိုးပွားများပြားလှကုန်သတဲ့– မြတ်စွာဘုရားသခင်၏ ဝါတော်ကို ပထမ ဗောဓိစသည်ဖြင့် ပိုင်းခြင်းယူဆပုံနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမများ မှတ်သား သိသင့်တဲ့အတွက် ဗောဓိပိုင်းခြားပုံကို ပြောရဦးမယ်။

မူလပဏ္ဏာသ - အဋ္ဌကထာ၌

(၁) ပထမဗောဓိ- ဝါတော် ၂၀-အထိ
(၂) ဒုတိယ ဗောဓိ-ဝါတော် ၂၁–မှ ၃၅-ဝါအထိ
(၃) တတိယ ဗောဓိ-ဝါတော် ၃၆-ဝါမှ ၄၅-ဝါအထိ ပိုင်းခြား သတ်မှတ်၍ ဖွင့်ပြထားပါတယ်။

သာရတ္ထဒီပနီဋီကာခေါ်တဲ့ ဝိနည်းဋီကာကြီး အလိုကတော့ ဗောဓိ ၃-ပါးလုံး ၁၅-ဝါစီ အညီအမျှယူ၍ သုံးပါးပေါင်းသော် မြတ်စွာဘုရား၏ ဝါတော် ၄၅-ဝါပင် ဖြစ်ပါတယ်။ ဗဟုသုတလိုလားကြတဲ့ သုတဂဝေသီ သုတကာမီ ပုဂ္ဂိုလ်များအတွက် အထူးမှတ်ချက်အနေဖြင့် ပြောလိုက်ရတယ်။ သေသေချာချာလဲ မှတ်သားထားကြပေါ့လေ။

ယင်းကဲ့သို့ ပထမဗောဓိအတွင်း၌ပင် မြတ်စွာဘုရား၏ တပည့်ပရိသတ်တွေဟာ လွန်စွာ တိုးပွားပြီး များပြားလာပါတယ်၊ ဗုဒ္ဓသာဝကဖြစ်ကြတဲ့ လူတွေ,နတ်တွေ,ဟာ မင်္ဂဖိုလ် တရား အရိယာဘုံသို့ ဆိုက်ရောက်ကြသဖြင့် ဂုဏ်ထူးရန့် မဆန့်ဘဝင် ပျံ့နှံ့တက်ရကား . အလွန်များပြား လှစွာသော လာဘ်ပူဇော် သက္ကာရများလည်း ဖြစ်ပေါ်၍လာသတဲ့။ မြတ်စွာဘုရားနှင့် တပည့် ရဟန်းများမှာ ပစ္စည်းလေးပါး လာဘ်လာဘလွန်စွာ ပေါများသောအခါ၊ မြတ်စွာဘုရား မပွင့် ထွန်းမီကပင်လောက၌ ဘုရားဟူ၍ အမည်ခံနေကြတဲ့ ပုရာဏ ကဿပ စသောတိတ္ထိဆရာကြီးများနှင့် တပည့်ပရိသတ်တို့အဖို့ စားလောက်ရုံ ဝတ်လောက်ရုံမျှ မရရှိကြတော့ပဲ ပစ္စည်းလာဘ်လာဘ ပါးရှားပြီး ဆင်းရဲပင်ပန်းခြင်းသို့ ရောက်နေကြရလေတယ်။

လူတွေ,နတ်တွေ အားလုံးတို့သည် ဗုဒ္ဓ မြတ်စွာဘုရားကိုသာ လှူဒါန်းပူဇော်ခြင်းကို ပြုကြ တော့တာဘဲတဲ့ (ဒကာကြီး- ဦးစိန်ရှိ)။ အဘယ့်ကြောင့် လူတွေ,နတ်တွေဟာ မြတ်စွာဘုရားကိုသာ လှူဒါန်းပူဇော်ကြသနည်းဆိုတော့-ဗုဒ္ဓမြတ်စွာဘုရားဟာ လူ,နတ်ညွတ်နူး ပူဇော်အထူးကို ခံယူတော် မူထိုက်တဲ့ အရဟံ ဂုဏ်ဘူးပိုင်ရှင်ပင် မဟုတ်ပါလား။

ထို့ကြောင့်ပင်လျှင်–

အဂ္ဂဒက္ခိဏေယျတ္တာစ စီဝရာဒိပစ္စယေ အရဟတိ ပူဇာဝိသေသဥ္စ၊
တေနေဝစ ဥပ္ပန္နေ တထာဂတေ ယေကေစိ မဟေသက္ခာ ဒေဝမနုဿာနံ တေ
အညတ္ထ ပူဇံ ကရောန္တိ။                    (ပါရာဇိက ကဏ္ဍအဋ္ဌကထာ-၁-၈၇-)။

စသည်ဖြင့်အဋ္ဌကထာ ဆရာအရှင်မြတ်က အရဟံ ဂုဏ်တော်တူးကို ချီးကျူးဖွင့်ဆိုထားခြင်း ဖြစ်ပါတယ်။

စ–အရဟံဂုဏ် ချီးမကုန်ကို တဖုံတဝဖွင့်ဆိုအံ့၊ အဂ္ဂဒက္ခိဏေယျတ္တာ မြတ်သောအလှူကို ခံယူထိုက်သည်၏ အဖြစ်ကြောင့်။ စီဝရာဒိပစ္စယေစ၊ သင်္ကန်းစသား, လေးပါးသော, ပစ္စည်း

တို့ကိုရင်း။ ပူဇာဝိသေသဉ္စ၊ လေးမြတ်ကော်ရော်, ပူဇော်မှု အထူးကိုရင်း။ အရဟာတိ၊ ခံယူတော်မူထိုက်၏။ စ, သစ္စံ၊ မှန်လှပေ၏ တေနေဝ။ ထိုသို့ဦးခိုက်, ပူဇော်ထိုက်သည်၏ အဖြစ်ကြောင့် သာလျှင်။ လောကေ၊ လောက၌။ တထာဂတေ၊ သုံးလူထွတ်ထား, မြတ်စွာဘုရားသည်။ ဥပ္ပန္နေ၊ ပွင့်ထွန်း, ပေါ်လာသည်ရှိသော်။ ယေကေစိ၊ ကြွင်းမဲ့ဉဿုံ, အလုံးစုံကုန်သော။ မဟေသက္ခာ၊ ကြီးမြတ်အုပ်စိုး, တန်ခိုးရှိကြကုန်သော။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ သန္တိ၊ အမှန်ပကတိ, ရှိကြကုန်၏။ တေ၊ တန်ခိုးကြီးမား, ထို နတ်,လူအများတို့သည်။ အညတ္ထ၊ မြတ်စွာဘုရားမှ, တပါးသောအရပ်၌။ ပူဇံ၊ လေးမြတ်ကော်ရော်, ပူဇော်ခြင်းကို။ နကာရေန္တိ၊ ပညာဉာဏ်နှင့်, မြော်ထောက်ချင့်လျက်, မပြုမကျင့်ကြလေကုန်သတည်း။

ဗုဒ္ဓမြတ်စွာဘုရားသည် မြတ်သောအလှူကို ခံထိုက်သည်၏အဖြစ်ကြောင့် သက်န်းအစရှိသော လေးပါးသော ပစ္စည်းတို့ကို လေးမြတ်ကော်ရော် ပူဇော်ခြင်း အထူးကို ခံယူတော် မူထိုက်ပါပေတယ်။ သို့အတွက်ကြောင့်ပင်လျှင် ဤလောကကြီး၌ မြတ်စွာဘုရား ပေါ်ပေါက်လာသည်ရှိသော် အလုံးစုံသော တန်ခိုးကြီးမြတ်တဲ့ နတ်,လူတို့ဟာ မြတ်စွာဘုရားမှ တပါးသောအရပ်၌ (ဝါ) မြတ်စွာဘုရား၏ သာသနာတော်မှ တပါးသော အညတိတ္ထိယသာသနာ၌ လေးမြတ်ကော်ရော် ပူဇော်မှုကို မပြုကြတော့ဘူးတဲ့။

သံသရာ ဒီရေကြမ်းမှတကယ်တန်း ကူးသန်းလွတ်မြောက်စေနိုင်တဲ့ ဖောင်,သင်္ဘောနှင့်တွေကို ကြရသော သံသရာခရီးသွား ဒုက္ခသည်များဟာ စိတ်မချရသော သစ်,ဝါး တို့ကို အဘယ်မှာလျှင် ခိုင်ခိုင်မြဲမြဲကိုင်စွဲပြီးထားကြပါ့မလဲ။ "သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်လုပ်" ဆိုတာလိုပေါ့။ တကယ်စစ်မှန်သောအရာ မဟုတ်ပါက တာရှည်မခိုင်ပေဘူး၊ ယာယီမျှ အသုံးပြုကြခြင်းဖြစ်ပေတယ်။

ထိုအတူပင် မြတ်စွာဘုရားမပွင့်ထွန်းမီက တန်ခိုးထွန်းလင်းပြီး အခြွေအရံ လာဘ်လာဘ လှိုင်စွာပေါ်များခဲ့ကြသော ပုရာဏကဿပစသော တိတ္ထိဆရာကြီးများနှင့် သူတို့ရဲ့သာဝကတွေဟာ မြတ်စွာဘုရားပွင့်ထွန်းလာသောအခါ လာဘ်လာဘပါးရှား တန်ခိုးဂုဏ်နည်းပါးပြီး သွားကြတော့ သတဲ့။

တိတ္ထိယာ သူရိယုဂ္ဂမနေ ခဇ္ဇောပနကသဒိသာ အဟေသုံ ဟတလာဘသက္ကာရာ။
(ဓမ္မ-ဋ္ဌ-ဒု-၁၁၆)။

တိတ္ထိယာ၊ တိတ္ထိတို့သည်။ သူရိယုဂ္ဂမနေ၊ ရောင်ခြည်တထောင်, အလင်းဆောင်သည့်, ထွန်းပြောင်ပဝင်း, ရှင်နေမင်းသည်, ထွန်းလင်း, ပေါ်ထွက်လာသောအခါ၌။ ခဇ္ဇောပနကသဒိသာ၊ တန်ခိုးဂုဏ်သိရ်, ညှိုးမှိန်မပြူး, ပိုးစုံးကြူးနှင့်, တူကုန်သည်ဖြစ်၍။ ဟတလာဘသက္ကာရာ၊ များစွာလူပေါင်း, ညွှတ်ပြောင်းကော်ရော်, လာဘ်ပူဇော်, သက္ကာရ, ကင်းပျောက်ကြကုန်သည်။ အဟေသုံ၊ သကျမုနိ, မာရဇိ၏, တုမရှိ, ဂုဏ်တန်ခိုးကြောင့်, စွမ်းကုန်ကင်းပ, ဖြစ်ကြရလေကုန်ပြီတကား-။

ဤလောကကြီး၌ ငါတို့ဘုရား ထင်ရှားစင်စစ် ပွင့်ထွန်းတော်မူလာသောအခါ တိတ္ထိဆရာကြီးများနှင့် နောက်လိုက်ဂိုဏ်းဝင် တပည့်များဟာ သူရိယာနေမင်းရောင်ခြည်ကျင်းကာ ပေါ်ထွက်လာသောအခါ၌ တန်ခိုးဂုဏ်သိရ်, ညှိုးမှိန်မပြူး၊ ပိုးစုံးကြူးအရောင် မထွန်းပြောင်သကဲ့သို့ လူအပေါင်းတို့က လေးမြတ်ကော်ရော် လာဘ်ပူဇော်သက္ကာရများလဲ ဆုတ်ယုတ်ကင်းပပြီး သွား

တော့သတဲ့။ ညဉ့်မှောင်မိုက်သောအခါ၌ ပိုးစုံးကျူးသတ္တဝါများလဲ သူ့အရောင်နှင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းပြီး သွားလာနေထိုင်နိုင်ကြတာဘဲနော်။

နေအာရုံကျင်း အလင်းရောက် နေထွက်လာသောအခါ၌မူကား– ပိုးစုံးကျူး၏အရောင်သည် စကားအရာထည့်သွင်း၍ ပြောဆိုခြင်းပင် မပြုလောက်တော့ပေဘူးပေါ့။ ဒါကြောင့်မို့လဲ အဋ္ဌကထာဆရာကြီးက သူရိယုဂ္ဂမနေ ခဇ္ဇောပနက သဒိသာ-ဟု တင်စားပြဆိုခဲ့ခြင်းဖြစ်ပေတယ်။

ဘဂဝတော ဘိက္ခုသံဃဿစ မဟာလာဘ သက္ကာရေ ဥပ္ပန္နေ၊ တိတ္ထိယာနံ ပရိဟာယိ။ (ဣတိ-ဋ္ဌ-ဂ၂။)

ဟူ၍ ဣတိဝုတ္တက ဋ္ဌကထာ မုသာဝါဒသုတ်၌ ဖွင့်ပြသည့်အတိုင်းပင် မြတ်စွာဘုရားအားရင်း, မြတ်စွာဘုရား၏ ထပည့်သား ရဟန်းအပေါင်းအားရင်း များစွာသော လာဘ်ပူဇော်သက္ကာရပေါ်များ၍ တိတ္ထိများအား လာဘ်လာဘ ပူဇော်သက္ကာရများ ဆုတ်ယုတ်သွားတော့တယ်တဲ့။

ထိုအခါ လာဘ်လာဘ ပူဇော်သက္ကာရလည်းဆုတ်ယုတ် တန်ဖိုးဂုဏ်သတင်းလည်း ညှိုးမှိန်ကြကုန်သောတိတ္ထိတို့သည် မြတ်စွာဘုရားအပေါ်၌ လွန်စွာငြူစူကြကုန်လျက် မြို့တွင်း,ရွာတွင်းဝယ် ခရီးလမ်း၌ ရပ်တည်ကြကုန်ပြီးလျှင်–

ကိံ သမဏော ဂေါတမော စ ဗုဒ္ဓေါ၊ မယမ္ပိ ဗုဒ္ဓါ၊ ကိံ တဿေဝ ဒိန္နံ မဟပ္ဖလံ၊ အမှာကမ္ပိ ဒိန္နံ မဟပ္ဖလ မေဝ၊ အမှာ ကမ္ပိ ဒေထ သက္ကရောထ။

(ဇာ-ဋ္ဌ-စ-၁ဂဂ-ဓမ္မ-ဋ္ဌ-ဒု-၁၁၆။)

ဟူ၍ လူတို့အား အတင်းအကြပ်ပင် ပြောဆိုမဲဆွယ်ကြတော့သတဲ့။ ငါ့ဝမ်းပူဆာမနေသာဆိုတဲ့အတိုင်း လာဘ်လာဘ ပါးရှားဆုတ်ယုတ်လာသဖြင့် မိမိတို့ဝမ်း ပူဆာလာတော့ မနေသာတော့ကြဘူးပေါ့။ ကြိုက်မရှက်, ငိုက်မရှက်, ငတ်မရှက်ဟူ၍ မရှက်ခြင်းသုံးမျိုးရှိရာ ယခုလဲ တိတ္ထိပုဂ္ဂိုလ်ကြီးများဟာ ငတ်လာတော့ မရှက်နိုင်အောင် ဖြစ်လာကြတဲ့အတွက် ယခုကဲ့သို့ မြို့တွင်းရွာတွင်းမှာ လမ်းဆုံလမ်းခွများ၌နေပြီး ဆွယ်တရားဟောနေကြရခြင်းပေါ့နော်။

လောကမှာ လူကြီးသူကြီးလုပ်လိုကြသူများ အချိန်အားလျော်စွာမဲဆွယ်ပြီး တရားဟောနေကြတာနှင့် လွန်စွာ တူမနေကြပေဘူးလား (ဒကာကြီး ဦးစိန်)။ မြန်မာပြန်အနက်ကို နားထောင်ကြလျှင် ပိုပြီး ထင်ရှားပေလိမ့်မယ်။ ကဲ– နားထောင်ကြဦး။

သမဏော ဂေါတမောစ၊ ရဟန်း ဂေါတမသည်သာလျှင်။ ဗုဒ္ဓေါကိံ၊ ဘုရား ဖြစ်လေသလော။ မယမ္ပိ၊ ငါတို့သည်လည်း။ ဗုဒ္ဓါ၊ တရားသိငြား,ဘုရားဖြစ်ပါကုန်၏။ တဿေဝ၊ထိုရဟန်းဂေါတမအားသာလျှင်။ ဒိန္နံ၊ လှူအပ်သော အလှူသည်၊ မဟပ္ဖလံကိံ၊ အကျိုးတရား ကြီးမားလေသလော။ အမှာကမ္ပိ၊ ငါတို့အားလည်း။ ဒိန္နံ၊ စေတနာစင်ဖြူ, ပေးလှူအပ်သော အလှူသည်။ မဟပ္ဖလမေဝ၊ ကြီးကျယ်ဖွံ့ဖြိုး,အကျိုးတရား ကြီးမားသည်သာလျှင်တည်း။ အမှာကမ္ပိ၊ ငါတို့အားလည်း။ ဒေထ၊ မတွန့်မတို, ကြည်ညိုသဒ္ဓါ, စေတနာစင်ဖြူ, ပေးလှူကြကုန်လော့။ သက္ကရောထ၊

ကောင်းမှုပြုက, ကောင်းကျိုးရဟု, စိတ်ချယုံကြည်, အတည်စွဲမှတ်, လေးမြတ်ကော်ရော်, ပူဇော်ကြကုန်လော့။

ဤကဲ့သို့ပင် လမ်းဆုံလမ်းမ၌ ရပ်တည်ကာ ရှက်ခြင်း, ကြောက်ခြင်း အလျဉ်းမထားဘဲ မိမိတို့အား ပေးကြ, လှူကြရန် ဆွယ်တရား ဟောသော်လည်း–လူတို့၏ အရိုအသေ ပူဇော်မှု, လာဘ်ပူဇော်သက္ကာရကိုကား လုံးဝ မရကြဘူးတဲ့။

အဘယ်မှာလျှင် တိတ္ထိတို့အား လူတို့၏လာဘ်ပူဇော်သက္ကာရကို ရပါမလဲ။ လောက၌ "မှုပ်လျှင် ပေါ်သည်၊ ဟုတ်လျှင် ကျော်သည်"ဆိုတဲ့အတိုင်း မိမိတို့သာ ဟုတ်မှန်သောအကျင့်တရား ရှိခဲ့ပါလျှင် ရွှေသွား ခေါင်းဆောင်ကောင်းကို အမြဲရှာနေကြသော လောက လူသားများဟာ အလိုလိုပင် မိမိတို့ရှိရာ လာကြမည်ပင် ဖြစ်ပါတယ်။ ယခုမူ အသစ်,အသစ်ဖြစ်သော တပည့်,ဒကာ, ဒကာမများ ရောက်ရှိလာခြင်း၊ အသစ်,အသစ်ဖြစ်သော လာဘ်ပူဇော် သက္ကာရတို့ တိုးပွားလာခြင်းတို့ကို မဆိုထားဘဲ၊ ရောက်ရှိပြီးဖြစ်တဲ့ တပည့်, ဒကာ, ဒကာမတွေလဲ လျော့ပါး, လျော့ပါးသွားတယ်၊ ဖြစ်ပေါ်ပြီးဖြစ်တဲ့ လာဘ်ပူဇော်မှုတွေလဲ ဆုတ်ယုတ် ပျက်ပြား၍ သွားကုန်တော့သတဲ့ (ဒကာကြီး ဦးစိန်)။ တိတ္ထိဆရာကြီးများမှာ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းလာတဲ့အခါ မိမိတို့ တန်ခိုး ဂုဏ်သတင်း ညှိုးမှိန်ပြီး ပစ္စည်း လာဘ်လာဘ ဆုတ်ယုတ်သွားတဲ့အတွက် ဝမ်းရေး ထိလာသဖြင့် သည်းခံပြီး မနေနိုင်တော့ဘဲ လမ်းဆုံ လမ်းခွ ထွက်ကာ ပြောဆိုနေကြခြင်း ဖြစ်ပေတယ်။

လူဒါယကာ, ဒါယိကာမတွေက သူတို့အား မလှူဒါန်း, မပူဇော်ခြင်း၏ အကြောင်းကိုသာ ပြောရတာကိုး၊ တကယ်တော့ မြတ်စွာဘုရားနှင့် တပည့် ရဟန်းတော်များ၏ ကျင့်စဉ်နှင့် တိတ္ထိဆရာကြီးတို့နှင့် တပည့် သာဝကများ၏ ကျင့်စဉ်ဟာ နှိုင်းယှဉ်ကြည့်လျှင် အလွန်ပင် ကွာခြားနေတာကလား။

တိတ္ထိတို့၏ ကျင့်စဉ်မှာ ရေငုပ်ခြင်းနှင့် မီးလှုံခြင်းတို့ဟာ အဓိကကျင့်စဉ်ပင် ဖြစ်သတဲ့။ ရေငုပ်ခြင်းအကြောင်းနှင့် ပတ်သက်ပြီး–

ပါတော မဇ္ဈန္ဟိကေ သာယန္တိဒိဝသဿ တိက္ခတ္တုံ ပါပံ ပဝါဟေဿာမီတိ ဥဒကော ရောဟနာနုယောဂံ အနုယုတ္တော ဝိဟရာမီတိ ဒဿေတိ။ (မူလ-၄-ပ-၃၅၁)။

ဟူ၍ မူလပဏ္ဏာသ အဋ္ဌကထာမှာ ဖွင့်ဆိုပြထားတဲ့အတိုင်း နေ့စဉ်နေ့တိုင်းပင် နံနက် တကြိမ်, နေ့လည် တကြိမ်, ညနေတကြိမ် အားဖြင့် တနေ့လျှင် သုံးကြိမ်ကျ မကောင်းမှု အကုသိုလ်ကို ရေမျော၍ ပစ်အံ့–ဟု ရေထဲသို့ သက်ဆင်းပြီး နေထိုင်ကာ ကျင့်ကြသတဲ့။ နာမ်စိတ်အစဉ်မှာ တွယ်တာ ငြိကပ်ပြီး တင်ရှိနေတဲ့ အကုသိုလ်သဘောတရားတွေကို ရုပ်ဒြပ်ပေါ်မှာ တွယ်ဘာငြိကပ်ပြီး တင်ရှိနေတတ်တဲ့ မြူမှုန်အညစ်အကြေးများကဲ့သို့ ထင်မှတ်ပြီး ရေဆေးပစ်နေကြတာပေါ့နော်။

နောက်ပြီးတော့ ပဉ္စာတပခေါ် အပူငါးမျိုးပေးပြီး ကျင့်တဲ့အကျင့်လဲ ကျင့်ရသေးသတဲ့။ ပဉ္စ-ငါး,ပါး။အာတပ-အပူ(ဝါ)အားထုတ်ခြင်းကိုခေါ်တယ် ကိလေသာအစိုဓာတ်တွေခြောက်သွေ့ ပြေပျောက်သွား အောင် နေပူကျဲကျဲ၌ ဝဲ,ယာ ရှေ့နောက် လေးမျက်နှာက မီးပုံကြီး ၄-ပုံဖိုပြီး ထိုမီးဖိုကြီးတို့အလယ်၌ လူဝင်နေပြီး အထက်မှ နေပူနှင့်တကွ အပူငါးမျိုးဖြင့်လဲ ပြင်းထန်စွာ ကျင့်ကြသေးတယ်။

အပြင်ဗဟိဒ္ဓလောကဘ၌ရှိကြသော ရုပ်ဝတ္ထုပစ္စည်းတွေကို မီးခတ်အပူပေးလျှင် ခြောက်သွေ့ပြီး သွားတာကို တွေ့မြင်ရသဖြင့် ထိုနည်းအတူ မိမိတို့၏ အတွင်းအဇ္ဈတ္တသန္တာန်၌ မြဲစွာ စွဲငြိနေသော ကိလေသာအစိုဓာတ်တွေကိုလဲ ဝိ,ယာ ရှေနောက် အထက်အားဖြင့် အပူမျိုးငါးပါး ပေးကာ အပူတိုက်ပေးရလျှင် ခြောက်သွေ့ ကင်းပျောက်သွားပေလိမ့်မည်-ဟု မှတ်ထင်ကာ ထို ပဥ္စာဘပအကျင့်ကို ကျင့်ကြံကြခြင်းဖြစ်သတဲ့။ (ဒကာကြီး ဦးစိန်ရဲ့)။

ထိုတိတ္ထိတွေလဲ ကိလေသာရောဂါရဲ့ ဆိုးသွမ်းတဲ့သဘောကိုတော့ သိကြတယ်နော်။ သို့အတွက်ကြောင့် သူတို့ဟာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကိလေသာရန်ကင်းဝေးအောင် ပြုလုပ်ကြိုးစားနေတာဘဲ မဟုတ်လား။ စေတနာကိုတော့ ချီးကျူးထိုက်ပေတယ်ပေါ့။ သို့သော်လဲ သူတို့ ခမြာ လုပ်နည်းလုပ်ဟန်ခေါ်တဲ့ ကိလေသာရောဂါဆိုးကို ကုစားနည်း ကုစားဟန် မမှန်တဲ့ အတွက်ကြောင့် ကိုယ်ခန္ဓာပင်ပန်းရုံသာရှိပြီး ကိလေသာကိုပယ်ခြင်းဆိုတဲ့ လိုရာကိစ္စမပြီးဘဲ ဖြစ်နေကြပေတယ်။ အတ္တကိလမထာ နုယောဂလမ်းစဉ်လို့ ခေါ်ဆိုရပေမယ်ပေါ့။

အတွင်း၌ စွဲငြိနေတဲ့ရောဂါကို အပြင်ဆေးစားပြီး ကုသနေတဲ့သူနှင့် တူနေပေတယ်။ အတွင်းမှာဖြစ်တဲ့ရောဂါကို အတွင်းဆေးစားမှသာ ပျောက်ကင်းပေမယ်။ အပြင်ဖြစ်တဲ့ရောဂါကိုလဲ အပြင်ဆေးစားမှသာလျှင် ပျောက်ပေမယ်။ အတွင်းမှာဖြစ်တဲ့ရောဂါကို အပြင်ဆေးစား၍ ကင်းရှင်းအောင် မပျောက်နိုင်သလို အပြင်ရောဂါအတွက်လဲ အတွင်းဆေးနှင့် မပျောက်နိုင်ဘူးပေါ့။

ယခု မြတ်စွာဘုရား၏ဝါဒနှင့် တိတ္ထိဆရာကြီးတို့ရဲ့ ဝါဒနှစ်ခုမှာလဲ ကိလေသာရောဂါ ကင်းကွာရေးအတွက် အကြောင်းအပေါ်မှာကျင့်ကြံမှုနှင့် အကျိုးအပေါ်မှာကျင့်ကြံမှု ကွာခြားခြင်းပင်ဖြစ်တယ်။ ဒီနေရာမှာ ခြင်္သေ့နှင့်ခွေး ဥပမာပေးပြီး ဖော်ပြထားတဲ့ ဝိသုဒ္ဓိမဂ်လာ စကားရပ်ကို ပြောပြရပေဦးမယ်။

> သီဟ သမာနဝုတ္တိနော ဟိ တထာဂတာ၊ တေ ဒုက္ခံ နိရောဓေန္တာ ဒုက္ခနိရောဓဉ္စ ဒေသေန္တာ ဟေတုမှိ ပဋိပဇ္ဇန္တိ၊ နဖလေ။ သုဝါနဝုတ္တိနော ပန တိတ္ထိယာ။ တေ ဒုက္ခံ နိရောဓေန္တာ ဒုက္ခနိရောဓဉ္စ ဒေသေန္တာ အတ္တကိလမထာနုယောဂ ဒေသနာဒီဟိ ဖလေ ပဋိပဇ္ဇန္တိ န ဟေတုဟိ။ (ဝိသုဒ္ဓိမဂ္ဂ-ဒု ၁၃၇)။

ဟိသစ္စံ၊ မှန်လှပေ၏။ တထာဂတာ၊ ဘုရားရှင်တို့သည်။ သီဟသမာနဝုတ္တိနော၊ ခြင်္သေ့မင်းနှင့် မယွင်းတူသော ဖြစ်ခြင်းရှိကုန်၏။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ဒုက္ခံ၊ ဆင်းရဲမှုကိုလည်း။ နိရောဓေန္တာ၊ ချုပ်စေကုန်လျက်။ ဒုက္ခနိရောဓဉ္စ၊ ဆင်းရဲမှုချုပ်ကြောင်းကိုလည်း၊ ဒေသေန္တာ၊ ဟောဖော်ညွှန်ကြားကုန်လျက်။ ဟေတုမှိ၊ အကြောင်း၌။ ပဋိပဇ္ဇန္တိ၊ ကျင့်ကုန်၏။ ဖလေ၊ အကျိုးတရား၌။ နပဋိပဇ္ဇန္တိ၊ ကျင့်ကြံတော်မမူကြကုန်။

တိတ္ထိယာပန၊ သာသနာတော်မှတပါး ထူးပြားအယူရှိ တိတ္ထိတို့ကား။ သုဝါနဝုတ္တိနော၊ ခွေးနှင့်တူသောဖြစ်ခြင်းရှိကုန်၏။ တေ၊ ထိုတိတ္ထိဘို့သည်။ ဒုက္ခံ၊ ဆင်းရဲမှုကို။ နိရောဓေန္တာ၊ ချုပ်စေကုန်လျက်။ ဒုက္ခနိရောဓဉ္စ၊ ဆင်းရဲမှုချုပ်ကြောင်းကိုလည်း။ ဒေသေန္တာ၊ ဟောကြားကုန်လျက်။ အတ္တကိလမထာနုယောဂ ဒေသနာဒီဟိ၊ မိမိကိုယ်ကို ပင်ပန်းမှုနှင့်ယှဉ်ခြင်းကို ဟောကြားခြင်း

စသည်တို့ဖြင့်။ ဖလေ၊ အကျိုးတရား၌။ ပဋိပဇ္ဇန္တိ၊ ကျင့်ကြကုန်၏။ ဟေတုမှိ၊ အကြောင်းတရာ၌။ နပဋိပဇ္ဇန္တိ၊ မကျင့်ကြလေကုန်။

မြတ်စွာဘုရားသည် ခြင်္သေ့နှင့်တူတော်မူတယ်၊ ခြင်္သေ့သည် မိမိအား မြှားဖြင့် ပစ်ခတ်သူအားသာလျှင် လိုက်၍ကိုက်ခဲရန်ပြုသည်။ မိမိထံသို့ရောက်လာသောမြှားကို မကိုက်ခဲပေ။ ထိုအတူ မြတ်စွာဘုရားတို့သည်လည်း အကြောင်းသမုဒယချုပ်ရန် ဟောကြားတော်မူသည်။ အကြောင်းသမုဒယချုပ်လျှင် အကျိုးဒုက္ခလည်း ချုပ်ပြီးဖြစ်တော့သည်။

တိတ္ထိတို့သည်ကား ခွေးသတ္တဝါနှင့်တူကုန်သတဲ့၊ ခွေးသတ္တဝါတို့သည် တစုံတယောက်သောသူက ခဲ၊ ဒုတ် စသည်တို့ဖြင့် ပစ်ခတ်သည်ရှိသော် အော်ဟစ်ဟိန်းဟောင်ကုန်လျက် ခဲ၊ ဒုတ် စသည်တို့ကိုသာ မဲ၍ လိုက်ကာကိုက်ခဲတတ်ကြပေသည်။ ခဲ၊ ဒုတ်တို့ဖြင့် ပစ်ခတ်တတ်သော သူတို့ကိုကား လိုက်၍မကိုက်ခဲတတ်ကြကုန်။

ထိုအတူပင် သာသနာတော်မှ တပါးသောအယူရှိကြကုန်သော တိတ္ထိတို့သည် ဆင်းရဲမှုဒုက္ခချုပ်စေလိုကြ၍ ကိုယ်ကိုအမျိုးမျိုးညှင်းပန်းကာ ကျင့်ကြံကြလေကုန်သည်။ ကိလေသာချုပ်ရန်ကိုကား မပြုတတ်ကြလေကုန်။ အကျိုးတရား၌သာ ကျင့်ကြံကြခြင်းဖြစ်သည်။ အကြောင်းတရား၌ မကျင့်ကြံလေကုန်။ သူ့အတွက်ကြောင့် ဒုက္ခမငြိမ်းနိုင်တဲ့ ဖြစ်နေကြပေသည်။

အကြောင်းသမုဒယတဏှာ ချုပ်ငြိမ်းမှသာလျှင် အကျိုးဆင်းရဲဒုက္ခလဲ ချုပ်ငြိမ်းပေမည်။ အကြောင်းသမုဒယတဏှာ မချုပ်ငြိမ်းသမျှ အကျိုးဖြစ်သော ဆင်းရဲမှုဒုက္ခ ချုပ်ငြိမ်းမည် မဟုတ်ပေဘူး (ဒကာကြီး ဦးစိန်ရွှေ)။ ဒါကြောင့်မို့ အကျိုးဖြစ်သော ဆင်းရဲမှုဒုက္ခချုပ်ငြိမ်းစေလိုပါက အကြောင်းဖြစ်သော သမုဒယတဏှာချုပ်ငြိမ်းအောင် ကျင့်ရမည်ဖြစ်ပေတယ်။

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊ ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ၊
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊ နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။ (ဓမ္မပဒပါဠိ–၆၂)။

ဆိန္နောပိ၊ ခက်လက်စုံလင်၊ အစဉ်ပွားတတ်၊ ပင်စည်ကို ဖြတ်အပ်သော။ ရုက္ခောပိ၊ သရက်ပိန္နဲ၊ နန္ဒာထောက်ရှာ၊ မာလကာအစ၊ များလှစုံလင်၊ သစ်ပင်အပေါင်းသည်လည်း။ ဒဠှေ၊ မယိုင်မလဲ့၊ ခိုင်မြဲလှစွာသော။ မူလေ၊ အရင်းမူလ ပဓာနဖြစ်၊ ရေသောက်မြစ်ကို။ အနုပဒ္ဒဝေ၊ တစမကြွင်း၊ ပယ်ရှင်းနုတ်နုတ်၊ ထွင်ခုတ်အပြီး၊ မဖျက်ဆီးသော်။ ပုနဒေဝ၊ အလျှင်အမြန်၊ တဖန်သာလျှင်။ ရူဟတိယထာပိ၊ မယွင်းမဖောက်၊ ပေါက်ရောက်စည်ကားသကဲ့သို့။ ဧဝမ္ပိ၊ ဤနည်းပုံယူ၊ အလားတူသာလျှင်။ တဏှာနုသယေ၊ သံသရာစဉ်ဆက်၊ မပျက်ကိန်းအောင်း၊ မကောင်းဆိုးယုတ်၊ တဏှာဥတ်ကို။ အနူဟတေ၊ အရဟတ္တမဂ်၊ စိန်သံလျက်ဖြင့်၊ ရက်ရက်အပြီး၊ မဖျက်ဆီးအပ်သေးသည် ရှိသော်။ဣဒံဒုက္ခံ၊ ပဋိသန္ဓေ၊ တည်နေရငြား၊ များပြားလှစွာ၊ သံသရာဝဲ၊ နစ်မြုပ်မြဲဖြစ်သော၊ ဤဆင်းရဲစုသည်။ ပုနပ္ပုနံ၊ ကြိမ်ဖန်မလတ်၊ အထပ်ထပ် အခါခါ။ နိဗ္ဗတ္တတိ၊ ပင်ရင်းမျိုးခတ်၊ မကင်းပြတ်သဖြင့်၊ ဆတ်ဆတ်မသွေ၊ ဖြစ်ရလေသည်သာတည်း။

ပင်စည်ကို ခုတ်ဖြတ်၍ ထားအပ်သော သရက်၊ ပိန္နဲ-စသော သစ်ပင်အပေါင်းသည် ခိုင်မြဲသော ရေသောက်မြစ် အရင်းကို မဖျက်ဆီး၊ မပယ်နုတ်သည်ရှိသော် တဖန် ဖြစ်မြောက် ပေါက်ရောက် စည်ကားပြန်သကဲ့သို့ပင်၊ ဤအတူ သံသရာဆက်ဆက် မပျက်မစောင်း၊ ကိန်းအောင်းနေ

သော တဏှာခေတ်ကို အရဟတ္တမဂ်, စိန်သံလျက်ဖြင့်, ကောင်းစွာရက်ရက်,မဖျက်ဆီးအပ်သေးသည် ရှိသော် ပဋိပန္နေနေရခြင်း အစရှိသော ဤ ဆင်းရဲအစုစုသည် အဖန်ဖန်အထပ်ထပ် အစဉ်မပြတ် အောင် ဖြစ်ရတတ်တယ်။ ဆိုလိုရင်းကတော့–အကျိုးဖြစ်သော ဆင်းရဲမှုဒုက္ခ ကင်းပြတ်လိုလျှင် အကြောင်းဖြစ်သော တဏှာသမုဒယကို ကင်းပြတ် ရှင်းလင်းအောင် အားထုတ်ရမည်-ဟု ဆိုလို ရင်းဘဲ နော်။

ဆောင်ပုဒ်။ ရေသောက်မြစ်ရင်း-မပြတ်ကင်းလျှင်၊ ပင်စည်ပြတ်လဲ-ပေါက်မြဲသစ်ပင်။
တဏှာခေတ်မင်း-မကင်းပြတ်လျှင်၊ ဒုက္ခဝဲ-နစ်မြဲ နစ်မည်ပင်။

ဗုဒ္ဓမြတ်စွာနှင့် တိတ္ထိဆရာကြီးတို့သည် ဆင်းရဲမှုဒုက္ခ ကင်းဝေးရန် ရည်ရွယ်ချက်ဖြင့် ကျင့် ကြံမှုချင်း တူကြသော်လည်း အကြောင်းကို ပဓာနထား၍ ကျင့်ခြင်းနှင့် အကျိုးကို ပဓာနထား၍ ကျင့်ခြင်းအားဖြင့် ကွဲပြား ခြားနားကြပေတယ်။

ထိုကဲ့သို့ ဗုဒ္ဓမြတ်စွာနှင့် တပည့်သာဝကတို့၏ ကျင့်ကြံမှု, နေထိုင်စားသောက်မှုနှင့် တိတ္ထိ ဆရာကြီးများနှင့် တပည့်သာဝကတို့၏ ကျင့်ကြံမှု, နေထိုင်စားသောက်မှုတို့ကို ကြည့်ရှုလေ့လာကြ ပြီးလျှင် တိုင်းပြည်အရှင် ဘုရင်မင်းမြတ်နှင့် သူဌေး, သူကြွယ်များကို အစထား၍ များစွာသော လူအပေါင်းတို့သည် မြတ်စွာဘုရား၏ထံသို့သာ ချဉ်းကပ်ကြကုန်လျက် လေးမြတ်ကော်ရော် ပူဇော် မှုကို မပြတ် ပြုလုပ်ကြတော့သတဲ့။ သို့အတွက်ကြောင့် တိတ္ထိတို့မှာ လာဘ်ပူဇော်သက္ကာရ ပါးရှားမြဲ ပါးရှားကြကုန်သဖြင့် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ကုန်ပြီးလျှင်-

ကေန နုခေါ ဥပါယေန သမဏာသာ ဂေါတမဿ မနုဿာနံ အန္တရေ အဝဏ္ဏံ
ဥပ္ပါဒေတွာ လာဘသက္ကာရံ နာသေယျာမ။ (ဓမ္မ-ဋ္ဌ-ဒု-၁၁၆)။

မာရိသာ၊ အချင်းတို့၊ မယံ၊ ငါတို့သည်။ ကေနနုခေါ ဥပါယေန၊ အဘယ်သို့သော အကြောင်း ဥပါယ်တမည်ဖြင့်။ မနုဿာနံ၊ လူတို့၏။ အန္တရေ၊ အကြား၌။ သမဏဿ ဂေါတမဿ၊ နောက်မှပေါ်ထွက်,ထိုထက်သာသာ,လွန်စွာထူးဆန်း,ရဟန်းဂေါတမ၏။ အဝဏ္ဏံ၊ တန်ခိုးဂုဏ်သိရ်, ငြိုးမှိန်ကင်းခဲ့,ကျေးဇူးမဲ့ခြင်းကို။ ဥပ္ပါဒေတွာ၊ အမှန်စင်စစ်,ဖြစ်စေပြီး၍။ လာဘသက္ကာရံ၊ လေး မြတ်ကော်ရော်,လာဘ်ပူဇော် သက္ကာရကို။ နာသေယျာမ၊ ဖျက်ဆီးကြပါကုန်အံ့နည်း-ဟူ၍ အကြံ အစည် ပြုလုပ်ကြ, ဆွေးနွေး တိုင်ပင်ကြသတဲ့။

ထိုအခါ သာဝတ္ထိပြည်၌ စိဉ္စမာဏ အမည်ရှိသော အလှန် လှပ တင့်တယ် ရှုချင်စဖွယ် အဆင်းရှိသော ပရိဗိုဇ်မ တယောက် ရှိသတဲ့။ ထို ပရိဗိုဇ်မသည် မိုးနတ်မယ်တမျှ လှပသတဲ့။ သူမရဲ့ ကိုယ်မှ အရောင်များပင် ထွက်နေကြတယ် ဆိုဘဲ။ ယခုခေတ်မှာတော့ ကိုယ်ခန္ဓာက အရောင်အဆင်း တွေ ထွက်နေလောက်အောင်အထိ လှပသည့်သူများ မရှိတော့ဘူး ထင်ပါရဲ့ နော်။ မြန်မာ့ အလှမယ် များ ဖြစ်ကြတဲ့ မယ်ဗမာတို့၊ ကမ္ဘာ့ အလှမယ်များ ဖြစ်ကြတဲ့ မယ်စကြာဝဠာတို့လဲ ကိုယ်ခန္ဓာက အရောင်အဝါတွေထွက်နေတယ်လို့ မကြားဘူးဘဲကိုး။

ကဲ–ရှိပါစေတော့၊ ကုသိုလ်ကံ အားလျော်စွာ အချို့သူများလဲ ရှိချင် ရှိပေမယ်ပေါ့။ ကံတရားဆိုတာ လွန်စွာ ထူးခြားတာကလား။ မိမိရဲ့ မျက်စိတမြင်ကလေးနှင့် နှိုင်းယှဉ်ပြီး တွေးလို့

တော့ မဖြစ်ပေဘူးပေါ့။ ကမ္ဘာလောကကြီးကလဲ အနန္တ, သတ္တဝါတွေကလဲ အနန္တ ဖြစ်ပေတယ်။ မျက်မြင်မှ, ကိုယ်တွေ့မှ ယုံနိုင်မည်၊ လက်ညှိုးညွှန်ပြီး ပြစမ်းပါ-ဆိုရှေ့တော့ လွယ်လွယ်ကူကူ ညွှန်ပြနိုင်မည် မဟုတ်ပေဘူးပေါ့။ မိမိ မျက်မြင်ကိုယ်တွေ့ မဟုတ်သဖြင့် မယုံကြည်ဘူး - ဆိုလျှင်တော့၊ လောကကြီးမှာ မိမိတို့ရဲ့ တွေ့မြင်ဘူး,ကြားသိဘူးသော အရာဝတ္ထုဆိုတာ လွန်စွာနည်းပြီး၊ မတွေ့မြင်ဘူး,မကြားဘူးသေးတဲ့ အရာဝတ္ထုတွေက သာလွန်စွာ များသဖြင့် မယုံနိုင်စရာတွေ အများကြီးလို့ ဆိုရပေလိမ့်မယ် နော်။ ဒီနေရာမှာ အကြောင်းသင့်သဖြင့် သတ္တဝါတို့၏ ဆန်းကြယ်မှုအမျိုးမျိုးကို အနည်းငယ်မျှ ပြောပြရဦးမယ်။

ဒိဋ္ဌေ ဝေါဘိက္ခဝေ စရဏံနာမ စိတ္တံ-အစရှိသည်ဖြင့် မြတ်စွာဘုရားက သံယုတ် ပါဠိတော်၌ ဆန်းကြယ်မှု အစားစားကို ထင်ထင်ရှားရှား ဟောကြားတော်မူခဲ့ပါတယ်။ ဆိုလိုရင်း အဓိပ္ပာယ်ကတော့-ပုံကားချပ်ကြီးတခု ရှိတယ်၊ ယင်း ပုံကားချပ်ကြီးအတွင်းမှာ စိမ်းလန်းစိုပြေလှသော သစ်ပင်ကြီးငယ် အသွယ်သွယ်ဖြင့် တင့်တယ်လှစွာသော တောတောင်များ၊ မြူ,နီ, ကြောင်ကျား ဆန်းပြားလှစွာသော တောသားရဲ တိရစ္ဆာန်တို့ ပြေးခုန်မြူးပျော်နေဟန်ပုံ အမျိုးမျိုး၊ ထူးထူးဆန်းဆန်း အံ့မခန်းအောင် ရေးသားထားသတဲ့၊

ထို ပုံကားချပ်ကြီး၏ အလီလီအဝဝ ဆန်းကြယ် လှပခြင်းသည် ထိုပုံကားချပ်ကို ရေးသားသော ပန်းချီဆရာ၏ စိတ်ဓာတ်ဆန်းကြယ်မှုကြောင့်ပင် ဖြစ်ရပေတယ်။ သို့ဖြစ်၍ ပုံကားချပ်ကြီး ဆန်းကြယ်မှုထက်ပင် စိတ်ဓာတ်က ပိုလွန်ဆန်းကြယ်ကြောင်း ထင်ရှားတယ် နော်။

စိတ်ဓာတ် ဆန်းကြယ်လျှင် တဏှာလဲ ဆန်းကြယ်သတဲ့၊ ယင်း တဏှာ ဆန်း ကြယ် လျှင် စေတနာခေါ် ကံတရားလဲ ဆန်းကြယ်တယ်၊ စေတနာခေါ် ကံတရား ဆန်းကြယ်လျှင် သတ္တဝါ အမျိုးမျိုးဖြစ်ရန် ယောနိ ဇာတိလဲ ဆန်းကြယ်လေတော့တယ်တဲ့။

ယောနိ ဇာတိ ဆန်းကြယ်မှုကြောင့်ပင် မြူ,နီ,ကြောင်ကျား၊ ဆူကြုံ နိမ့်,မြင့်-စသောအားဖြင့် သတ္တဝါအမျိုးမျိုး ဆန်းဆန်းကြယ်ကြယ် ဖြစ်ရတယ်တဲ့။ သို့အတွက်ကြောင့် ထိုထို သတ္တဝါတို့၏ စေတနာခေါ် ကံတရားအတိုင်း သတ္တဝါတွေ အကျိုးပေးလျက် ဖြစ်ပျက်နေရခြင်း ဖြစ်တယ်။ ကံတရား ဆန်းကြယ်တဲ့အတိုင်းပင် သတ္တဝါတွေလဲ ဆန်းဆန်းကြယ်ကြယ် ဖြစ်ရပါတယ်။

ဒါကြောင့်မို့ လူတရာရှိလျှင် တဦးနှင့်တဦး စိတ်ဓာတ်ချင်း မတူကြဘဲ အသီးသီးစိတ်ဓာတ်တရား ရှိပါတယ်။ စေတနာခေါ် ကံတရားလဲ ရှိပါတယ်။ ပုံသွင်သဏ္ဌာန်-စသည်မှာလဲ တဦးနှင့်တဦး မတူ ထူးခြားလျက် အသီးသီး ပုံသွင်သဏ္ဌာန် တရားပင် ရှိပါတယ်။ သို့အတွက်ကြောင့် တဦးရဲ့ ဖြစ်ရှိမှုနှင့် တဦးရဲ့ ဖြစ်ရှိမှုဟာ မတူဘူး၊ အလွန် ထူးခြားဆန်းကြယ်တယ်လို့ မှတ်သားကြဘို့ပဲ ဖြစ်ပေတယ်။

စေတနာခေါ် ကံတရားကြောင့် အကျိုးပေး ဆန်းကြယ်တဲ့ အကြောင်းကို ကောင်းကောင်း သဘောပေါက် နားလည်တဲ့သူဟာ စိဋ္ဌမာဏ ပရမိုဇ်မကလေး နတ်မိမယ်တမျှ လှပခြင်း၊ ကိုယ်ခန္ဓာ အရောင်အဝါထွက်လျက် ရှိခြင်း-ဆိုတဲ့ အကြောင်းကိုလဲ ကောင်းကောင်းကြီး လက်ခံနိုင်ကြပေလိမ့်မယ် နော်၊

ဒီလို စိဉ္စမာဏ အမျိုးသမီးကလေး လှပကျော့ရှင်း, ခြောက်ပစ်ကင်းခြင်းဟာ တချိန်သော ဘဝက သူမရဲ့ စိတ်ဓာတ်အစဉ်ကို ပြုပြင်ခဲ့ခြင်းကြောင့် ယခုဘဝတွင် သူမ ရုပ်အသွင် လှပနေခြင်းပင် ဖြစ်ပါတယ်။

စိတ်အစဉ်ကို ပြုပြင်ပေးလျှင် ယခုဘဝမှာလဲ လှပ၊ နောင်တမလွန် ဘ ၊ အဆက်ဆက်မှာလဲ လှပ တင့်တယ်နိုင်ပါတယ်။ ရုပ်အသွင်ကိုသာ ပြုပြင်ပြီး စိတ်ဓာတ်ကို မပြုပြင်ပါက သူတပါး နှစ်သက်အောင် ပြုပြင်ပေမဲ့ နှစ်သက်ဘွယ် ဖြစ်မလာနိုင်ဘူးတဲ့။ လှပမှု မရှိဘူးပေါ့။

ယခုကာလ အချို့အချို့သော လုလင်ငယ်, လုံမငယ်များဟာ ရုပ်အသွင်ကိုတော့ နံ့သာ, မျက်နှာချေ, ထွေထွေများစွာ လိမ်းကျံဘွယ်ရာတို့ဖြင့် ခြယ်လှယ် လိမ်းကျံကာ ပြုပြင်ထားကြပါရဲ့၊ သို့ရာတွင် စိတ်ဓာတ်ကို ပြုပြင်နည်း နေရာကွက်လပ် ကျန်နေသဖြင့် အမှန်တကယ် ချစ်ခင်စဖွယ် ဖြစ်မလာရှာဘူးပေါ့။

ကဲ–ဒီနေရာမှာ ဦးပဥ္စင်းက ဒို့ ဒကာ, ဒကာမ ကြီးကြီးငယ်ငယ် အရွယ်အစားစားတို့အား "အလှပြင်နည်း နိသျည်း" လက်ဆောင်ပါးရဦးမယ်၊ သေသေချာချာလိုက်ဆိုပြီး မှတ်ထားကြစမ်းပါ။

အလှပြင်နည်း နိသျည်း

၁။ ရုပ်သွင်ကုဘဲ–အမြဲပြုပြင်၊ စိတ်ဓာတ်ကိုကား–ပစ်ထားကြအင်။
စိတ်ဓာတ်လဲဆိုး–ရုပ်ညှိုးကာပင်၊ ဤလောက–ရှုဆ သင့်မျက်မြင်။

၂။ စိတ်ဓာတ်ကိုကား–ရေးထားပြုပြင်၊ ရုပ်သွင်ကိုရှု–မပြုရှိလျှင်။
ရုပ်သွင်လဲလှ–စိတ်လှမည်ပင်၊ ခုနောင်ကောင်း–အကြောင်းထာဝစဉ်။

ဤလောကဥ္စ လူအများတို့သည် ရုပ်သွင်ကိုသာ လှအောင်, ပအောင် အမြဲတန်း ပြုပြင်ပြီး နေကြတယ်။ စိတ်ဓာတ်ကိုတော့ ပြုပြင်ကြရမှန်းပင် မသိကြတော့ဘူးတဲ့။ သို့အတွက်ကြောင့် စိတ်ဓာတ်တွေ ဆိုးသွမ်း ကြမ်းတမ်းကုန်ကြတော့တာဘဲ ဖြစ်တယ်၊ စိတ်ဓာတ်တွေ ကြမ်းတမ်းတော့ ရုပ်ဓာတ်လဲ ဘယ်မှာ ပြင်သလောက် ခရီးမရောက်တော့ဘူး၊ မလှ,မပတော့ဘူး၊ ရုပ်ဓာတ်တွေ ညှိုးနွမ်းပြီး နေတတ်တယ်တဲ့။

အကယ်၍ စိတ်အစဉ်ကိုသာ အရေးထားပြီး လေးလေးစားစား ပြုပြင်ခဲ့ပါမူ ရုပ်အသွင်ကို အထူးပင် မပြုမပြင် ရှိစေဦးတော့-စိတ်ဓာတ်တွေ ယဉ်ကျေး လှပပြီး လှလာလေလိမ့်မယ်။ စိတ်ဓာတ်တွေ လှပလျှင် ရုပ်ဓာတ်လဲ တင့်တယ် လှပလာမည်ပင် ဖြစ်ပေတယ်တဲ့။ ဒါ့ကြောင့်မို့ ရုပ်အသွင် လှပချင်လျှင် အစ ပထမ စိတ်ဓာတ်ကို ပြုပြင်ပေးကြဘို့ပင်ဖြစ်တယ် နော်(ဒကာကြီး ဦးစိန်တို့)။

စိတ်အစဉ်ကို ဘယ်လို ပြုပြင်ကြရမှာလဲဆိုတော့ – မိမိတို့ စိတ်အစဉ်မှာ မေတ္တာဓာတ်တွေ သက်ဝင်ပြီး စိုပြေလာအောင် အားထုတ်ကြရပေမယ်။ မေတ္တာတရားကို ပွားများပေးရမယ်။ ကရုဏာ, မုဒိတာ-စသော တရားများကို ပွားများကြရပေမယ်။

မိမိတို့ စိတ်အစဉ်မှာ အမြဲမပြတ် ပူးဝင်ပြီး နှိပ်စက်နေတဲ့ ဒေါသ, မာန, ဣဿာ, မစ္ဆရိယ–စသော အကုသိုလ် အယုတ်တရားကို အနားသို့ မကပ်ရအောင် တွန်းလှန် ပယ် ရှား ပစ်ရ ပေ မယ်။ ထိုအခါမှာ စိတ်ဓာတ်တွေဖွံ့ဖြိုးပြီး ကြည်လင်ရွှင်နေပေလိမ့်မယ် နော်။အဲဒါ စိတ်ဓာတ်ကို ပထမဆုံး

စတင်ပြီး ပြုပြင်နေခြင်းပါဘဲ။ နောက် ဒီက စပြီး တဆင့်ထက် တဆင့်၊ မြင့်သထက် မြင့်အောင် ဆက်လက်ပြီး ပြုပြင်ကြရမယ် ဖြစ်ပါတယ်။

ကဲ–စိဥ္စမာဏ ပရိဗိုဇ်မကလေး မိုးနတ်မယ်ဘမျှ လှပကျော့ရှင်းတယ်-ဆိုတဲ့ အကြောင်းရပ်နှင့် ပတ်သက်ပြီး ပြောလာလိုက်တာ တိတ္ထိဆရာကြီးတို့အကြောင်းပင် ခြေရာပျောက်သွားပေပြီ။ ပြန်ကောက်ကြဦးစို့ရဲ့။

တိတ္ထိဆရာကြီးများနှင့် တပည့်များဟာ ဗုဒ္ဓမြတ်စွာ ပေါ်ထွန်းလာသဖြင့် မိမိတို့ လာဘ်လာဘ ဆုတ်ယုတ်ပျက်ပြားပြီး စား၀တ်နေရေး အကြပ်အတည်းတွေလာတဲ့အတွက် ဗုဒ္ဓမြတ်စွာ အပေါ်ကို အမျိုးမျိုး ရန်ငြိုးဖွဲ့ ရန်ရှာပြီး နေကြတော့တယ်တဲ့။ ထိုအခါ တိတ္ထိဆရာကြီးများ အကြံတခု ဖြစ်ပေါ်လာသဖြင့် အထူးအစည်းအဝေးတခုခေါ်ယူကာ၊ စည်းဝေးတိုင်ပင်ဘည်မှာ–

စိဥ္စမာဏဝိကံ ပဋိစ္စ သမဏဿ ဂေါတမဿ အဝဏ္ဏံ ဥပ္ပါဒေတွာ လာဘသက္ကာရံ နာသေဿာမ။ (ဓမ္မ–ဋ္ဌ–ဒု–၁၁၆–အ–ဋ္ဌ–စ–၁၇၇)။

မာရိသာ၊ လာဘ်လာဘတွက်၊ စိတ်ဓာတ်ခံပြင်း၊ အချင်းတို့။ မယံ၊ ငါတို့သည်။ စိဥ္စမာဏဝိကံ၊ မိုးနတ်မယ်တမျှ၊ ရုပ်ရည်လှသည့်၊ စိဥ္စမာဏခေါ်၊ နှမတော် ပရိဗိုဇ်မကလေးကို။ ပဋိစ္စ၊ အခွင့်လွန်ကောင်း၊ အကြောင်းပြု၍။ ဂေါတမဿ၊ သာကီနွယ်ဘွား၊ ထူးခြားသစ်ဆန်း၊ ရဟန်းဂေါတမ၏။ အဝဏ္ဏံ၊ ဂုဏ်သိရ်ညှိုးယုတ်၊ တန်ခိုးဆုတ်သဖြင့်၊ အဟုတ်သိရ်ဖျင်း၊ အသရေကင်းခြင်းကို။ ဥပ္ပါဒေတွာ၊ ကောင်းစွာစင်စစ်၊ ဖြစ်စေပြီး၍။ လာဘသက္ကာရံ၊ လှူဒါယကာတို့၊ မှန်စွာလေးမြတ်၊ ပူဇော်အပ်သော၊ လာဘ်ပူဇော်သက္ကာကို။ နာသေဿာမ၊ လာဘ်ရဘို့အတွက်၊ နှိပ်စက်ဘိစီးဖျက်ဆီးကြပါကုန်စို့။

အချင်းတို့- ငါတို့သည် နတ်မိမယ်တမျှ ရုပ်ရည်လှပသော စိဥ္စမာဏပရိဗိုဇ်မကလေးကို အကြောင်းပြုပြီး သာကီမင်းသ းဖြစ်သော ရဟန်းဂေါတမ၏ ဂုဏ်သတင်းညှိုး အကျိုးကျေးဇူး မဲ့ခြင်းကို ဖြစ်စေ၍ လှူဒါယကာတို့ လေးမြတ်ကော်ရော် ပူဇော်အပ်သော လာဘ်ပူဇော်သက္ကာရကို ဖျက်ဆီးကြကုန်စို့- ဟု ပြောဆို တိုင်ပင် တဲ့အခါ၊ တိတ္ထိဆရာကြီးမျာ းအားလုံးက သင့်တင့်သော အကြောင်းဥပါယ်ဖြစ်ပေသည်–ဟုသဘောတူလက်ခံကြသတဲ့၊ သဘောတူကြပေမယ်ပေါ့။ ဗုဒ္ဓမြတ်စွာကို လာဘ်လာဘ ဆုတ်ယုတ်ပြီး ပျက်ဆီးသွားတာကို အားလုံးပင် အလိုရှိနေကြတာကိုး။

ထိုအခါ စိဥ္စမာဏပရိဗိုဇ်မကလေးသည် တိတ္ထိတို့၏ကျောင်းတိုက်တာအရာမ်သို့ သွားပြီးလျှင် "ဝန္ဒာမိအယျာ" အရှင်မြတ်တို့ရှိခိုးပါ၏-ဟု ဆိုကာရှိခိုးပြီး ရပ်နေပါသယ်။

တိတ္ထိဆရာကြီးတွေဟာ ထိုပရိဗိုဇ်မကလေးနှင့် တယောက်မှ စကားမပြောကြဘူးတဲ့။ စိတ်မဆိုးသော်လဲ စိတ်ဆိုးဘိသကဲ့သို့ ဟန်ဆောင်ပြီး နေကြတာနော်။ အလွန်မာယာများတဲ့ ပုဂ္ဂိုလ်တွေဘဲ ကလား– မာယာကျော့ကွင်းနှင့် ထောင်ပြီး သူတို့လိုရာ ဆွဲဆောင်တိုက်တွန်းဘို့ ရည်ရွယ်သော ကြောင့် တစုံဘရာ စကားမဆိုခြင်းပင်ဖြစ်တယ်။

**စိဥ္စမာဏ။** အရှင်မြတ်တို့ သုံးကြိမ်မြောက် ရိုသေစွာရှိခိုးပါ၏၊ တပည့်တော်မအား တစုံတရာ သော အပြစ်များရှိပါသလော။ အဘယ့်ကြောင့်အရှင်မြတ်တို့သည်တပည့်တော်မနှင့် စကားမဆို မပြောကြပါသနည်း–ဟု မေးမြန်း လျှောက်ထားလေတယ်။

**တိတ္ထိဆရာကြီးများ။** နှမငယ်စိဉ္စမာဏ သာကီဝင်မင်းသားဖြစ်သော ရဟန်းဂေါတမသည် ငါတို့၏ လာဘ်ပူဇော်သက္ကာရကို ဖျက်ဆီးကာ ငါတို့ကို နှိပ်စက်ညှင်းပန်းလျက် နေသည်ကို အသင်နှမမသိလေသလော။

**စိဉ္စမာဏ။** နာဟံဇာနာမိအယျာ၊ မယံ ကိံပနေတ္ထကတ္တဗ္ဗံ– အရှင်မြတ်တို့ တပည့်တော်မ မသိရပါဘုရား၊ ဤ ရဟန်းဂေါတမ၏ ကိစ္စ၌ တပည့်တော်မ အဘယ်သို့ပြုလုပ်ဆောင်ရွက်ရပါမည်နည်း။

**တိတ္ထိဆရာကြီးများ။** သစေ တွံ ဘဂိနိ အမှာကံ သုခ မိစ္ဆသိ အတ္တာနံ ပဋိစ္စ သမဏဿ ဂေါတမဿ အဝဏ္ဏံ ဥပ္ပါဒေတွာ လာဘသက္ကာရံ နာသေဟိ။
(ဓမ္မ-ဋ္ဌ-ဒု-၁၁၆-ဇာ-ဋ္ဌ-စ-၁၈၈)။

ဘဂိနိ၊ နှမငယ် စိဉ္စမာဏ။ တွံ၊ သင်သည်။ အမှာကံ၊ တိတ္ထိဆရာကြီးများ ဖြစ်ကြကုန်သော ငါတို့၏။သုခံ၊ လာဘ်သပ်ပေါကြွယ်, တင့်တယ်ချမ်းသာခြင်းကို။ဣစ္ဆသိ၊ အကယ်တိတိ အဲ့လိုရှိပါအံ့။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဋိစ္စ၊ အခွင့်ကောင်းမှု, အကြောင်းပြု၍၊ သမဏဿဂေါတမဿ၊ သာကီနွယ်ဘွား, ထူးခြားတင့်ဆန်း, ရဟန်းဂေါတမ၏။ အဝဏ္ဏံ၊ တန်ခိုးဂုဏ်သိရ်, ညှိုးပိန်ကင်းတိ, အသရေမရှိသည်ကို။ဥပ္ပါဒေတွာ၊ သင့်အံ့စွမ်းဖြင့်,ထူးဆန်းဘွယ်စင်စစ်,ဖြစ်စေပြီး၍။လာဘသက္ကာရံ၊ လူ ဒါယကာတို့, စေတနာတပ်, လေးမြတ်ကော်ရော်, ပူဇော်သက္ကာရကို။ နာသေဟိ၊ မပျက်, ပျက်အောင်, စွမ်းဆောင်ဘိစိး, ဖျက်စီးပါလေလော့။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းလာသဖြင့်,လာဘ်ပျက်စိတ်နာ,မိစ္ဆာယူသီး, တိတ္ထိဆရာကြီးတို့က အနည်းနည်း တိုက်တွန်းပြီးတော့ ပရဗိုဇ်မကလေးကို လွှတ်နေတော့တာဘဲနော်။

စိဉ္စမာဏ ပရဗိုဇ်မကလေးကလဲ–

သာဓုအယျာ၊ မယှမေ ဝေသော ဘာရော၊ မာစိန္တယိတ္ထ။

"အရှင်မြတ်တို့ ကောင်းပါပြီ၊ ဤကိစ္စကို တပည့်တော်မ၏ တာဝန်သာ ထားလိုက်ကြပါ။ စိုးရိမ်ကြောင့်ကြ မကြံကြပါနှင့်၊စိတ်ချတော်မူကြပါ"ဟု ပြောဆိုဝန်ခံပြီး တိတ္ထိတို့အရာမ်မှ ပြန်လာခဲ့သတဲ့။

ဤလောကမှာ ဆရာကောင်း, ဆရာမှန်နှင့် တွေ့ကြုံရဘို့ဆိုတာကလဲ လွန်စွာ အရေးကြီးတာကလား။ ဆရာကိုးကွယ်မှု တချက်မှားလျှင် သံသရာ နယ်တလွှားမှာ အပါယ်ဘုံသို့ ပေလွှယ်လွှယ်နှင့် ရောက်သွားစေနိုင်တယ်နော်။ ယခု စိဉ္စမာဏခေါ်တဲ့ ပရဗိုဇ်မကလေးကို ကြည့်ပါလား။ သူမရဲ့ ဆရာသမားများက ခိုင်းစေတာဆိုတော့ ကောင်း မကောင်း, လျော်, မလျော်ဆိုတာကို သံသရာ ရေး မျက်စိကို ထားပါဦး။ လောကရေး မျက်စိနှင့်ပင် မကြည့်တော့ဘူး။ ဆရာခိုင်းသမျှ, ပြောသမျှကို မှန်ပါဆိုပြီး လိုက်နာပြုကျင့်တော့တာကိုး။

ဒါကြောင့်မို့ သံသရာနယ်တလွှား ခရီးသွားဖြစ်ကြတဲ့ လူများအဘို့ ဆရာမမှားမိစေရန် လွန်စွာအရေးကြီးလှပေတယ်နော် အရာရာတွင် ဉာဏ်ယှဉ်ပြီး ကြည့်နိုင်ပါက အမှန်အမှားခွဲခြားပြီး

သိနိုင်တယ်။ သို့မဟုတ်လျှင် သူတပါးပြောသမျှ တွန်းလုပ်က သံသရာမှာ နစ်မြုပ်ပြီး သွားတတ်တယ်တဲ့။

သို့အတွက်ကြောင့် မြတ်စွာဘုရားက မူလပဏ္ဏာသ စူဠ ဂေါပကသုတ်၌ ဆရာကောင်းကို မှီဝဲဆည်းကပ်သဖြင့် ထူးမြတ်သော အကျိုးရရှိကြပုံ၊ ဆရာဆိုးဆရာယုတ်ကို မှီဝဲဆည်းကပ်မိသဖြင့် အကျိုးဆုတ်ယုတ် ပျက်စီးကြပုံများကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဆရာဂုဏ်အင်္ဂါမှာ "မနာစအဋ္ဌာနေ နိယောဇေ" မသင့်မလျော်ရာကို မတိုက်တွန်းရဘူးလို့ ဆိုထားတာရှိတယ်။ ယခု တိတ္ထိဆရာကြီးများကတော့ မိမိတို့ထံ ဆည်းကပ်ခစားနေရှာတဲ့ တပည့်မကလေးကို တကယ့် မလျော်တဲ့အရာကိုပင် စေခိုင်းတော့တာဘဲနော်။

စိဉ္စမာဏ ပရိဗိုဇ်မကလေးကလဲ မိန်းမတို့၏ ပရိယာယ်မာယာသဘော၌ လိမ္မာကျွမ်းကျင်တဲ့ အတွက်ကြောင့် ထိုအခါမှ အစပြုပြီးလျှင် သာဝတ္ထိပြည်၌နေကြတဲ့ ဗုဒ္ဓမြတ်စွာအပေါ်၌ သက်ဝင်ယုံကြည်ကြသူ ဒါယကာ ဒါယိကာမတွေက မြတ်စွာဘုရားထံမှ တရားတော်ကိုကြားနာပြီး ဇေတဝန်ကျောင်းတော်မှ ထွက်ခွာလာကြသောအခါ အလွန်နီမြန်းသော အဝတ်တန်ဆာတို့ကို ဆင်မြန်းဝတ်ရုံပြီး ပန်းနံ့သာ အစရှိသည်တို့ကို ယူဆောင်လျက် ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ တယောက်တည်းတည်း သွားတယ်။

လမ်း၌တွေ့မြင်ကြသော သူများက "ဤကဲ့သို့သော ညနေချမ်းအချိန်အခါ၌ အဘယ်အရပ်သို့ သွားမည်နည်း" ဟု မေးမြန်းကြလျှင် "အသင်တို့အား ငါ၏သွားရာအရပ်ကို သိသဖြင့် အဘယ် အကျိုးရှိမည်နည်း" ဟု ပြောဆိုကာ ဇေတဝန်ကျောင်းတော်သို့ ရှေ့ရှုပြီးသွားသတဲ့။ အမျိုးသမီး တယောက်တည်း အချိန်မတော်၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးရာသို့ နေ့စဉ်သွားနေတယ်ဆိုတော့ လူအများတို့ ထင်ယောင်ထင်မှားဖြစ်အောင် ကြံဆောင်လှည့်ပတ်ခြင်းပင် ဖြစ်တယ်နော်။

ဇေတဝန်ကျောင်းတော်သို့ ရှေ့ရှုသွားပြီးနောက် ဇေတဝန်ကျောင်းတော်၏ အနီးဖြစ်သော တိတ္ထိတို့၏ ကျောင်းအရာမ်သို့ သွားရောက်ပြီး ညအိပ်သတဲ့။ နံနက်စောစောတွင် "ဘုရားရှင်ကို ရှေ့ဦးပထမ ဖူးမြင်ကြကုန်အံ့" ဟု သာဝတ္ထိ မြို့သူမြို့သားတို့ ဇေတဝန်ကျောင်းတော်သို့ ရှေ့ရှုလာကြသောအခါမှာ စိဉ္စမာဏ ပရိဗိုဇ်မကလေးက ဇေတဝန်ကျောင်းတော်၌ ညအိပ်ပြီး ထလာသကဲ့သို့ပြု၍ ဇေတဝန်ကျောင်းတော်မှ သာဝတ္ထိမြို့တွင်းသို့ ရှေ့ရှုလာပြီး မြို့ထဲသို့ ဝင်သွားတော့သတဲ့။ တော်တော်လဲ အကြံကြီးတဲ့ အမျိုးသမီးဘဲနော်။ ဒါကြောင့်မို့လဲ "ဣတ္ထိမာယာသု၊ မိန်းမတို့၏ လှည့်ပတ်မှု အဖြာဖြာမာယာတို့၌။ ကုသလတာယ၊ ကောင်းစွာ ကျွမ်းကျင်လိမ္မာသည်၏ အဖြစ်ကြောင့်" လို့ အဋ္ဌကထာ၌ ဖွင့်ပြထားတာဘဲနော်။

ထိုအခါ လမ်းတွင် တွေ့ဆုံကြသောသူများက "အသင်သည် ညက အဘယ်မှာအိပ်သနည်း" ဟု မေးမြန်းလျှင်လဲ "ငါအိပ်သောနေရာကို သိသဖြင့် အသင်တို့အား အဘယ်အကျိုးရှိမည်နည်း" ဟု ပြန်လှန်မေးမြန်းပြောဆို ပြန်တယ်။ ဒီလိုနေ့ရက်များစွာ တွေ့မြင်ကြ၊ ကြားသိကြရလျှင် အချို့ ပုဂ္ဂိုလ်များအဖို့ ယုံထင်ကြောင်ထင် ထင်ပြီး ယုံမှားသံသယဖြစ်ဘွယ်ရာ ဖြစ်လာတော့တယ်။ ယင်းကဲ့သို့ ယုံမှားသံသယတွေ ဖြစ်လာအောင်လဲ ကြံဆောင်လှည့်ပတ်နေခြင်းဘဲ မဟုတ်ပါလား။ ယောကျ်ားတယောက်ယောက်က အမျိုးသမီးများရှိရာသို့ အချိန်မတော် မကြာခဏဝင်ထွက်

သွားလာနေသော်ငြားလည်း အမျိုးသမီးတယောက်ယောက်က ယောကျ်ားများရှိရာသို့ အချိန်မတော် မကြာခဏ ဝင်ထွက်သွားနေသည်ရှိသော်ငြား၊ ပကတိဝန်းကျင် လူများအတွက် ယုံမှားသံသယ ဖြစ်တတ်ကြတယ်ဆိုတာ လောက ဓမ္မတာဘဲကိုး။

တလ, တလခွဲအခါကာလ လွန်သောအခါ မြို့သူမြို့သားများနှင့်တွေ့၍ မေ မြန်းလျှင် စိဉ္စမာဏ ပရိဗိုဇ်မက "ငါသည် ဇေတဝန်ကျောင်းတော်၌ ရဟန်းဂေါတမနှင့် အတူတကွ ဂန္ဓကုဋီတတိုက်ထဲ၌ နေထိုင်ရသည်" ဟု ဖွင့်ဟပြောဆိုလေသတဲ့။ တော်တော်နှုတ်ရဲတဲ့ အမျိုးသမီးကလေးဘဲနော်၊ မဟုတ်ထာ ကြံပြီး မမှန်တာပြောတဲ့အရာမှာတော့ စံထားလောက်ပါရဲ့၊

ပုထုဇဉ်ပုဂ္ဂိုလ်အချို့ကတော့ "ဘုရားရှင်နှင့် စိဉ္စမာဏ ပရိဗိုဇ်မရဲ့ ကိစ္စဟာ ဟုတ်များဟုတ်လေသလော, မဟုတ်ဘဲပင် ရှိလေသလော" ဟု မဝေခွဲနိုင်အောင် သံသယဖြစ်နေကြသတဲ့- သံသကဖြစ်မယ်ဆိုရင်လဲ ဖြစ်လောက်စရာပေဘဲပေါ့။ စိဉ္စမာဏပရိဗိုဇ်မလေးဟာ ညနေစောင်း အချိန်မတော်မှာ ဇေတဝန်ကျောင်းသို့ တယောက်တည်းတည်း မှန်မှန်သွားနေတာ နံနက်စောစောကြီး ဇေတဝန်ကျောင်းမှသာပြီး ပြန်လာတာတွေကို နေ့စဉ်နေ့တိုင်းပင် တွေ့မြင်နေကြတာဘဲကိုး- အမျိုးသမီးနှင့် အမျိုးသားဆိုတာ ချိတ်တောင့်နှင့် မီးပမာလို အဘူယျှဉ်သားလို့ ရကောင်းတာမျိုး မဟုတ်ဘူး။

ဒါကြောင့်မို့ ပုထုဇဉ်ပုဂ္ဂိုလ်များအနေနှင့်တော့ သံသယဖြစ်မယ်ဆို ဖြစ်နိုင်ပါတယ်၊ အရိယာပုဂ္ဂိုလ်များအဘို့တော့ ခိုင်မြဲသော ယုံကြည်ချက် သဒ္ဓါတရားကို ရရှိပြီးဖြစ်တဲ့အတွက် ထိုမျှမက သံသယဖြစ်အောင် အသွင်ဆောင်သော်လည်း သံသယမဖြစ်ကြပါဘူး။ အရိယာမဂ်ဖြင့် ခိုင်မြဲသော သဒ္ဓါတရားကို ရရှိပြီးဖြစ်ခြင်းကြောင့်ပင် ဖြစ်ပါတယ်။

စိဉ္စမာဏပရိဗိုဇ်မသည် သုံးလ, လေးလ လွန်သောအခါဝယ် အဝတ်စုတ် အဝတ်နွမ်းတို့ဖြင့် ရင်ဘက်ကို ဖွဲ့စည်းပြီး ကိုယ်ဝန်သည်အဖြစ်ဆောင်ကာ အထက်က နီမြန်းသောအဝတ်ကို ဖုံးလွှမ်း ဝတ်ရုံပြီးနောက်—

သမဏံဂေါတမံ ပဋိစ္စ ဂဗ္ဘော မေ လဒ္ဓေါ။

မေ၊ ငါသည်။ သမဏံဂေါတမံ၊ မင်းသာကီဝင်, အသွင်တင့်ဆန်း, ရဟန်းဂေါတမကို။ ပဋိစ္စ၊ မချွတ်မလွဲ, အစွဲပြု၍။ ဂဗ္ဘော၊ နှစ်ဦးရင်နှစ်, အမှန်ဖြစ်သည့်, ချစ်ဘွယ်အလွန်, သားကိုယ်ဝန်ကို။ လဒ္ဓေါ၊ အကြောင်းအလျှောက်, မယွင်းဖေါက်ဘဲ, ဝမ်းမြောက်ဘွယ်ရာ, ရရှိအပ်ပါပြီ-ဟု မသိနားမလည်သောသူများ ကလေးများကိုပြောဆိုပြီး အသိပေးကြွေးကြော်ထားပါတယ်တဲ့။ တဆင့်စကားတဆင့်နားဖြင့် ကလေးသူငယ်တွေကစပြီး သတင်းပြန့်ပွားအောင် ဆောင်ရွက်ခြင်း ဖြစ်တယ်ပေါ့။

ကလေးသူငယ်ဆိုတာ သင့်၏,မသင့်၏ဟု မချင့် မတွေးတောတတ်ဘဲ ရောက်ဘတ်ရာရာ ရှောက်ပြီး ပြောတတ်တာကလား။ ဒါ့ကြောင့်မို့ စိဉ္စမာဏကလဲ ကလေးတွေကစပြီး သတင်းလွှင့်ပေးလိုက်တာပေါ့။

ထိုနောက် ရှစ်လ,ကိုးလလွန်ပြန်သောအခါ ရင်မှာ ပျဉ်ချပ်များ ဖွဲ့စည်းချည်နှောင်ပြီး အပေါ်က နီမြန်းသောအဝတ်ကို ဝတ်ရုံဆင်မြန်း ထားဘယ်။

လက်ဖမိုး ခြေဖမိုးတို့လဲ ဖောရောင်သည့်ပမာ မို့မို့တက်ကြွလာအောင် နွားမေး ိုးဖြင့် အသာ အယာပုတ်ခတ်ပြီး မို့မို့မောက်မောက် ရှိသည်တို့ကိုမြင်စေတယ်။ မိမိရုပ်သွင်များဏ္ဍန်ြေ

များမကြည်လင်ဘဲ ငြိုးနွမ်းသယောင် ပြုလုပ်ထားတယ်။ ကိုလေးလက်ဝန်ရှိတဲ့ အမျိုးသမီးပုံနှင့် တပုံစံဘည်း ပြုပြင်ဖန်ဆင်းပြီး ထားတာပေါ့နော်။

သုံးလူ့ထွဋ်ထား မြတ်စွာဘုရားသည် ညနေချမ်းအခါတွင် တန်ဆာဆင်အပ်သော ဓမ္မာသနတ်ရားပလ္လင်သက်၍ သီဘင်းသုံးတော်မူလျက် တရားတော်ကိုနာယူကြရန် ရောက်ရှိလာကြကုန်သော မြို့သူ မြို့သား တရားနာပရိသတ်အား တရားတော်ကို ဟောကြားနေတော်မူစဉ် စိဥ္စမာဏပရိဗိုဇ်မလည်း မြတ်စွာဘုရား တရားဟောကြားရာ တရားသဘင်သို့ လာ၍ မြတ်စွာဘုရား၏ ရှေ့၌ရပ်လျက်—

ဓမ္မံ သမဏ ဒေသေသိ၊ မဓုရောဝတ တေ သဒ္ဒေါ။
လဒ္ဓေါ ပင္ဍိစ္စ တံ ဂဗ္ဘော၊ ဂဗ္ဘရက္ခံ နဇာနာသိ။

သမဏ၊တိုင်းကားပြည်သူ များဗိုလ်လူတို့,ကြည်ဖြူလေးမြတ်,ဆည်းကပ်အပ်သည့်,ဥက္ကဋ္ဌထိပ်သီး,အိုရဟန်းကြီး။ တံ၊ အသင့်တင့်ဆန်း, အသင်ရဟန်းကြီးသည်။ မဟာဇနဿ၊ တရားဒေတာ်နာ, ကြွရောက်လာငြား, မြို့သူမြို့သားလူအများအား။ ဓမ္မံ၊ သံသရာဝဋ်, ကင်းလွတ်စေကြောင်း, တရားကောင်းကို။ ဒေသေသိ၊ ရှေးဏာတရား, ရှုဏာပွားလျက်, ဟောကြားတော်မူနေဘိ၏။ တေ၊ အသွင်တင့်ဆန်း, အသင်ရဟန်း၏။ သဒ္ဒေါ၊အမြွက်တရား,ဟောကြားသောအသံသည်။ မဓုရောဝတ၊ သာယာအေးမြ, ချိုမြိန်လေစွတကား။

မယာ၊ စိဥ္စမာဏ,နာမသမုတ်,အကျွန်ုပ်သည်ကား။ တံ၊ အသင်ရဟန်းကို။ ပင္ဍိစ္စ၊ မချွတ်မလွဲ အစွဲပြု၍။ ဂဗ္ဘော၊နှစ်ဦးရင်နှစ်,အမှန်ဖြစ်သည့်,ချစ်ဘွယ်အလွန်,သားကိုယ်ဝန်ကို။လဒ္ဓေါ၊အကြောင်းအလျောက်, ဖြစ်မြောက်လျက်သာ, ရရှိအပ်ပါပြီ။ တံ၊ အသွင်ဘင့်ဆန်း, အရှင်ရဟန်းသည်။ ဂဗ္ဘရက္ခံ၊ ဖြစ်ပွာပေါ်ပေါက်, ကိုယ်ဝန်အား, စောင့်ရှောက်မှုကို။နဇာနာသိ၊ တစိုးတစိ, မသိလေတကား။ (ဝါ) နဇာနာသိ၊ ပျော်ချန်သာ အရင်းထားသူမို့, လျှော်ကန်စွာ မစဉ်းစားပေဘူး, ယွင်းမှားသည့်အချေ, မသိနိုင်လေစွတကား။

အို– ရဟန်းကြီးဂေါတမ- အသင်သည် မြို့သူ မြို့သား လူအများတို့အား တရားကိုသာ ဟောကြားနေတော့သည်။ အသင်ရဟန်းကြီး၏ အသံသည် သာယာချိုမြိန်လှပေစွ။ အသားတော်များလဲဖြူဖွေးညီညာလှပပေစွ-အကျွန်ုပ်မှာမူကား အသင်ရဟန်းကြီးကို အကြောင်းပြု၍ ကိုယ်ဝန်ကို ရရှိကာ သားဖွားဘို့ပင် နီးကပ်လာပါပြီ။ သို့သော်အသင်ရဟန်းကြီးသည် ကျွန်ုပ်၏မီးနေအိမ်ကိုမသိသေး မလုပ်သေးချေ။

ထောပတ်ဆီ အစရှိသည်တို့ကို ကိုယ်တိုင်ရှာဖွေ စုဆောင်းမှုမပြုလုပ်လိုသော် မိမိထံမှောက်လာရောက် ခစားကုန်သော သူတို့တွင် ကောသလဘုရင်ကြီးကိုဖြစ်စေ, အနာထပိဏ်သူဌေးကြီးကို ဖြစ်စေ, ဝိသာခါကျောင်းအမကိုဖြစ်စေ, တယောက်ယောက်သောသူကို “ဤစိဥ္စမာဏအားပြုလုပ်ဆောင်ရွက်ပေးသင့်သော အမှုကိုဆောင်ရွက်ပြုလုပ်ပေးလေ” ဟူ၍မခိုင်းမစေပေ။

ဟူ၍မစင်တုံးကို ကောက်ယူကာ လမင်းကို ဖျက်စီးရန် ပစ်ပေါက်လေဘိသကဲ့သို့ လေးပါးသော ပရိတ်သတ်အလယ်၌ သုံးလူ့ထွဋ်ထား မြတ်စွာဘုရားကို မဟုတ် မမှန် လုပ်ကြံစွပ်စွဲလေတော့သတဲ့။

လမင်း၏ အရောင် အလင်းကို မနာလိုဝန်တိုဖြစ်ကာ မစင်တုံးကောက်ပြီး လမင်းကိုပစ်ပေါက်လျှင် ထိုသူ၏လက်သာ မစင်ဖြင့် လိမ်းကြံညစ်ပေမှုဖြစ်ရသကဲ့သို့ အပြစ်ကင်းတော်မူသော မြတ်စွာဘုရားအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲသော စိဉ္စမာဏ ပရိဗိုဇ်မကလေးလည်း မိမိအားသာ မကောင်းမှုအကုသိုလ် အပြစ်ကြီး ရောက်မည်အကြောင်းကို မသိရှာဘူးနော်။ သို့အတွက်ကြောင့် လဲ မိုက်မိုက်မဲမဲ ပြောရဲ ဆိုရဲ ပြောဆိုတာကလား။ မြတ်စွာဘုရား ကတော့ ဟောလက်စတရားကို ခေတ္တရပ်နားပြီး ခြင်္သေ့မင်းကဲ့သို့ ရဲတင်းစွာပင်—

ဘဂိနိ တယာ ကထိတဿ တထဘာဝံ ဝါ ဝိတထဘာဝံ ဝါ အဟမေဝစ တွဉ္စ ဇာနာမ။

ဘဂိနိ၊ နှမ။ တယာ၊ သင်သည်။ ကထိတဿ၊ ပရိသတ်အလယ်, မဖွယ်မရာ, ပြောဆိုလာငြားသင် စကား၏။ တထဘာဝံ ဝါ၊ အမှန်စင်စစ်, ကေန်ဖြစ်သည်ကိုရင်း။ ဝိတထဘာဝံ ဝါ၊ မဟုတ်မမှန်, လုပ်ကြံပြောကြား,စကားအဖြစ်ကိုရင်း။ အဟမေဝစ၊ ငါဘုရားသည်သာလျှင်ရင်း။ တွဉ္စ၊ စိဉ္စမာဏ, အမည်ရသော, သင်ဒကာမသည်ရင်း။ ဇာနာမ၊ ကြောင်းရင်းကေန်, ချွင်းချန်မရှိ, အမှန်သိကြပေကုန်၏။

စိဉ္စမာဏ မည်သောဥပါသိကာမ- သင်ပြောဆိုအပ်သော စကား၏ မှန်သည်, မှားသည်ကို သင်နှင့်ငါသာ မှန်စွာသိကြပေကုန်၏–ဟု ပြောဆို မိန့်ကြားတော်မူလိုက်သတဲ့။ ကာယကံရှင်များ အနေဖြင့် မိမိတို့အမှုကို မိမိတို့ကောင်းစွာ သိရှိပြီးပင်ဖြစ်တယ်။ သို့အတွက်မြတ်စွာဘုရားက ပြောဆိုမိန့်ကြားတော် မူခြင်းဖြစ်တယ်၊ စိဉ္စမာဏ ပရိဗိုဇ်မကလဲ မကြောက်မရွံ နောက်မတွန့်ဘဲ ဆက်လက်၍ပြောဆိုသည်မှာ –

အာမ မဟာသမဏ တယာစ မယာစ ဉာတဘာဝေနေတံ ဇာတံ—

မဟာသမဏ၊ ရဟန်းကြီးဂေါတမ။ အာမ၊ ဩော်- - မှန်လှပေ၏။ တယာစ၊ အသွင်တင့်ဆန်း အသင်ရဟန်းကြီးသည်ရင်း။ မယာစ၊ စိဉ္စမာဏ, နာမသမုတ်, အကျွန်ုပ်သည်ရင်း။ ဉာတဘာဝေန၊ သဘောထားသူ ကြည်ဖြူနှစ်ချိုက်, အလိုက်သိသဖြင့်။- ဧတံ၊ ဤသန္ဓေသားလောင်း, မှီအောင်းစွဲကပ်ခြင်းသည်။ ဇာတံ၊ ငြင်းဆန်ဘို့နှန်, စိတ်မသန်နှင့်, အမှန်မျက်မှောက်, ဖြစ်မြောက်ခဲ့ပါသတည်း။

မှန်ပါသည်–ရဟန်းကြီးဂေါတမ- အသင်နှင့်ကျွန်ုပ်တို့ နှစ်ဦးကြည်နူးနှစ်သက် သဘောတူချက်ကြောင့်သာလျှင် ဤသန္ဓေသားမြတ်- စွဲကပ်ကိန်းအောင်းလာခြင်း ဖြစ်ပါတယ်။ ငြင်းပယ်လိုသောသဘောကို စိတ်မစောပါနှင့် ကျွန်ုပ်ဝမ်း၌ စွဲပိုက်တည်နေသော သန္ဓေသားကိုယ်ဝန်သည် အသင်ရဟန်းကြီး၏ သားအရင်း စင်စစ်ဖြစ်ပါတယ်-ဟု ပြောဆိုစွပ်စွဲပြီးနေသတဲ့၊ (ဒကာကြီး ဦးစိန်ရှဲ)။

စိဉ္စမာဏပရိဗိုဇ်မကလေးက မြတ်စွာဘုရားရှေ့မှောက်မှာ ရပ်နေပြီး မိမိဝမ်းဗိုက်ကို ညွှန်ပြယင်း ရဟန်းကြီး- ဒီသန္ဓေဟာ သင်ရဟန်းကြီးနှင့် ရရှိသောသန္ဓေပင် ဖြစ်တယ်-ဟု ဖော်ကာထပ်ကာ စွပ်စွဲပြောဆိုနေသောအခါ တရားနာလာကြတဲ့ ပရိသတ်တွေလဲ ရပ်ရပ်သဲသဲဖြစ် ကုန်ကြတော့တာပေါ့။ အချို့လူတွေကလဲ လက်တို့ခြေတို့နှင့် အချို့က မေးငေါ့၊ အချို့က ခေါင်းရမ်းသူကရမ်း စသည်ဖြင့် အမျိုးမျိုးဖြစ်နေကြတယ်တဲ့။

မြတ်စွာဘုရားကတော့ မေတ္တာတရားပွားများယင်း ငြိမ်သက်တည်ကြည်စွာ သီတင်းသုံးပြီး နေတော်မူပါတယ်။ စိဉ္စမာဏကတော့ မြတ်စွာဘုရားကို မဟုတ်မမှန်တဲ့ စွပ်စွဲ ပြောဆိုနေတော့ တာဘဲနော်။ မဟုတ်မမှန် မုသားစကား ပြောဆိုတတ်သောသူသည် မည်သည့်မကောင်းမှု အကုသိုလ် ကိုမဆို ပြုလုပ်ဝန့်သတဲ့၊ မပြုရဲ,မလုပ်ရဲတာဟူ၍ မရှိဘူးတဲ့။ မုသာဝါဒကံ လုံခြုံဖို့ရန်လဲ လွန်စွာ အရေးကြီးတာကလား။ ရှေးအခါက စေတိယမင်းကြီးဟာ မုသာဝါဒကံကြောင့် အဝီစိငရဲသို့ ကျရောက်ခဲ့ရပြီနော်။ ယခုစိဉ္စမာဏပရိဗိုဇ်မကလေးရဲ့ နောက်ကြောင်းကိုလဲ သတိထားပြီး နာကြား ရမယ်နော်-မုသာဝါဒကံ မထိုက်ဖို့ဟာ လွန်စွာ အံရေးကြီးတယ်။

ဧကမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏ ပရလောကဿ၊ နတ္ထိပါပံ အကာရိယံ။ (ဇာတိဝတ္ထုက-၂၀၇-ဓမ္မပဒ-၃၉)။

ဝိတိဏ္ဏပရေလောကဿ၊ တမလွန်လောက, နောက်ဘဝကို, တွက်ဆလွှတ်ကင်း, စွန့်လွှတ်ခြင်း ရှိသော၊ ဧကဓမ္မံ၊ မှန်စွာပြောကြား, ဝစီသစ္စာဟုဆိုအပ်သော တခုသောတရားကို။ အတီတဿ၊ အရိယာလမ်းစဉ်, ဖယ်ကြဉ်အထူး, လွန်ကာကျူးသော။ မုသာဝါဒိဿ၊ မဟုတ်မမှန်, လုပ်ကြံမုသား ပြောကြားလေ့ရှိသော။ ဇန္တုနော၊ ပုပ္ပုဂ္ဂိုလ်,များပြားလှစွာ, သတ္တဝါအား။ အကာရိယံ၊ ပြုလုပ် ခြင်းငှါ, မစွမ်းသာသော။ ပါပံ၊ ပါဏာတိပါတ,စသည်စုစု, မကောင်းမှုမည်သည်၊ နတ္ထိ၊ အရှုက် ကင်းကွာ, သစ္စာစကား, မအည်ငြားသဖြင့်,လားလားမျှ,မရှိပါသတည်း။

တမလွန်လောက နောက်ဘဝကို စွန့်လွှတ်ပြီးသော မှန်ကန်မှု ဝစီသစ္စာတရားကို လွန်ကျူး ၍ ကျင့်သော မဟုတ်မမှန် လုပ်ကြံပြောကြားလေ့ရှိသော သူအား မည်သည့် မကောင်းမှုကိုမဆို, မလုပ်နိုင်မပြုနိုင်, မလုပ်ရဲ-ဟူ၍ မရှိတော့ဘူးတဲ့။

တမလွန်လောကကို စွန့်လွှတ်ပြီးသောသူဆိုတာ တမလွန်လောက၏ ချမ်းသာသုခကို ကောင်း စွာ မသိမမြင်သဖြင့် တမလွန်လောကကို ပြစ်ပယ်လိုသောသဘော ရှိသူများကို ဆိုလိုပါတယ်။ အချို့သောသူများသည် တမလွန်လောကကို ယုံကြည်လေ့မရှိကြပါဘူး။ ထိုသူများသည် အဘယ် ကြောင့် တမလွန်လောကကို ယုံကြည်မှုမရှိသလဲဆိုတော့—

ဝိတိဏ္ဏပရလောကဿာတိ ဝိဿဋ္ဌပရလောကဿ။ ဤဒိသော ဟိ မနုဿသမ္ပတ္တိ ဒေဝလောကသမ္ပတ္တိ အဝသာနေ နိဗ္ဗာနသမ္ပတ္တီတိ ဣမာ တိဿောပိ သမ္ပတ္တိယော နပဿတိ။ (ဇာတိဝတ္ထုကဋ္ဌကထာ-၈၃)။

ဝိတိဏ္ဏပရလောကိဿာတိ၊ ဝိတိဏ္ဏပရလောကဿ ဟူသည်။ ဝိဿဋ္ဌပရလောကဿ၊ စွန့်လွှတ် အပ်ပြီးသော, တမလွန်လောက ရှိသောသူအား။ ဟိသစ္စံ၊ မှန်၏။ ဤဒိသော၊ ဤသို့ တမလွန် လောကကို စွန့်လွှတ်ခြင်း ရှိသောသူသည်။ မနုဿသမ္ပတ္တိ၊ လူ့ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာငင်း၊ ဒေဝလောကသမ္ပတ္တိ၊ နတ်ပြည်၌ဖြစ်သော စည်းစိမ်ချမ်းငင်း။ အဝသာနေ၊ အဆုံးစွန်၌။ နိဗ္ဗာန သမ္ပတ္တိ၊ နိဗ္ဗာန်ချမ်းသာငင်း။ ဣတိ၊ ဤသို့။ တိဿောပိ၊ သရုပ်ပိုင်းခြား, သုံးပါးလည်း, ဖြစ် ကုန်သော။ ဣမာသမ္ပတ္တိယော၊ ဤစည်းစိမ်ချမ်းသာ, အဖြာဖြာတို့ကို။ နပဿတိ၊ ကောင်းစွာထင် ထင်, မသိမမြင်ပေ။

တမလွန်လောကကို စွန့်လွှတ်ထားသူဆိုတာ လူ့ဘဝ လူချမ်းသာ, နတ်ဘဝ နတ်ချမ်းသာ အဆုံး စွန့်ဖြစ်သော နိဗ္ဗာန်ချမ်းသာဆိုတဲ့ စည်းစိမ်ချမ်းသာတို့ကို မသိမမြင်တဲ့ သူများပင် ဖြစ်တယ်။ ထိုသူများဟာ မှန်ကန်သောအသိဉာဏ်ကို ပေးနိုင်တဲ့ ဆရာသမားကောင်း ကလျာဏမိတ္တကို မရရှိကြတဲ့အတွက် အမှောင်ဘက်ကိုသာ တွင်တွင်သွားနိုင်ကြသူများလို့ ဆိုရမှာပေါ့။ နောက်ဆုံးတော့ အပါယ်ငရဲ ချောက်ထဲသို့ ရောက်အောင် သွားရတတ်သတဲ့။

ကောင်းသော ဘဝချမ်းသာကို မသိမမြင်လျှင် ထိုကောင်းသော ဘဝချမ်းသာကို ယုံကြည်မှု မရှိတော့ဘဲ ကောင်းသောအမှုကို မပြုမလုပ်တော့ဘူးပေါ့။ ကောင်းသောအမှုကို မပြုမလုပ်လျှင် ကောင်းရာဘဝသို့လည်း မလား မရောက်နိုင်တော့ပေ။ မကောင်းသော ဘုံဘဝသို့ကား မသွားလိုသော်လဲ သူ့ရဲ့ကံတရားက တွန်းပို့ပေးသဖြင့် သွားရောက်ရမည်မှာ ကြိမ်းသေဖြစ်ပေတယ်။ တလမ်းသွား ဆိုတာ ဒီလိုပုဂ္ဂိုလ်မျိုးကိုပင် ခေါ်ဆိုတာပေါ့နော်။ သေသေ ချာချာ မှတ်မိ သွား အောင် ဒီလင်္ကာလေးများကို လိုက်ဆိုကြပါဦး။

ဆောင်ပုဒ်။ ၁။ တမလွန်လောက၊ နောက်ဘဝ၊ ပယ်ချစွန့်ဓာသူ။
၂။ သစ္စာစကား၊ ဖြစ်ပယ်ရှား၊ မုသားပြောခဲ့မူ။
၃။ အကုသိုလ်စုံ၊ ထိုထိုမှု၊ မပြုမရှိဟူ။
၄။ အောက်သို့မြေပါ၊ တလမ်းသွား၊ မှတ်သားဆိုသည့်သူ။

ထိုခဏ၌ပင် သကြားမင်းနေထိုင်ရာဖြစ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာသည် ပူပြင်းသော အခြင်းအရာကိုပြသဖြင့် သိကြားမင်းသည် စူးစမ်းဆင်ခြင်ကြည့်လျှင် စိဉ္စမာဏ ပရဗိုဇ်မသည် တိတ္ထိဆရာကြီးများရဲ့ စေခိုင်းချက်ကြောင့် ဘုရားရှင်ထံမှောက် လာရောက်၍ ပရိသတ်လေးပါး အလယ်၌ မြတ်စွာဘုရားအား မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲပြောဆိုနေသည်ကို သိမြင်သဖြင့် ဤအကြောင်းကို ရှင်းလင်းသုတ်သင်ပေးအံ့-ဟု နတ်သားလေးယောက်ကို ခေါ်ဆောင်ကာ ရောက်လာသတဲ့။ နတ်သားတို့သည် ကြွက်ငယ်အသွင်ဖန်ဆင်းကာ စိဉ္စမာဏ၏ ဝမ်းဗိုက်၌ ဖွဲ့ချည်ထားသော ပျဉ်ချပ်ကြိုးတို့ကို တပြိုင်နက်ည်း ကိုက်ဖြတ်၍ ချလိုက်ကျသတဲ့။ ထို့နောက် လေပွေကိုဖြစ်စေကာ ဝတ်ရုံထားသော အဝတ်အရုံကို အထက်သို့ လွင့်တက်သွားအောင် လေပွေက မှုတ်တင်ပင်လိုက်သတဲ့။ သစ်သားဝန်သည် ထိုစိဉ္စမာဏပရဗိုဇ်မရဲ့ ခြေဖမိုးပေါ် ပြုတ်ကျသဖြင့် ခြေဖျားများ ပေါက်ကွဲကုန်တော့သတဲ့။ အကုသိုလ်အကျိုးဟာ ချက်ချင်းပင် အကျိုးပေးလာတော့တာဘဲနော်။ တရားပွဲ၌ စုဝေးရောက်ရှိနေကြကုန်သော ပုထုဇဉ်ဖြစ်ကုန်သော လူအားလုံးသိုပင် တပြိုင်တည်းထကြကုန်၍-

အရေ ဒုဋ္ဌစောရိ တွံ ဝေရူပသ လောကတ္တယ သာမိနော ဝေရူပံ အဗ္ဗက္ခာန် အကာသိ။ (အပ-ဌ-ပ-၁၃၂)။

ဟယ်- ပျက်စီးယုတ်မာလှသော သူခိုးမ၊ သင်သည် ဤသို့ သဘောရှိသော လောကသုံးပါး သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဤသို့ မဟုတ်မမှန် လုပ်ကြံကာ စွပ်စွဲပြောဆိုခြင်းကို ပြုပေ၏-ဟု ပြောဆိုကာ တယောက်တချက် ငိုက်နှက်ပုတ်ခတ်ပြီးလျှင် တရားပွဲမှ ဆွဲထုတ်ပစ်လိုက်ကြသတဲ့။

စိဥ္စမာဏ ပရဗိုဇ်မသည် ဇေတဝန်မှထွက်သွား၍ မြတ်စွာဘုရား မမြင်လောက်သောနေရာသို့ ရောက်သောအခါ မဟာပထဝီမြေကြီးသည် မြင့်မိုရ်တောင်ကြီးကိုပင် ထမ်းဆောင်၍ ထားနိုင်သော်လည်း၊ ထိုမိန်းမယုတ်အား ရွက်ဆောင်၍ မထားနိုင်သကဲ့သို့ ပေါက်ကွဲသွားကာ ဟင်းလင်းပွင့်ပြီး နေတော့တယ်တဲ့။ အဝီစိမှ မီးတောက်မီးလျှံများ ထကာထကာ်ကလောင်ပြီးလာသတဲ့။

ထိုစိဥ္စမာဏပရဗိုဇ်မသည် မိဘဆွေမျိုးများ ပေးအပ်ချီးမြှောက်အပ်သော ကမ္ဗလာကို ဝတ်ရုံသကဲ့သို့ အဝီစိမီးလျှံ၏ မီးစာဖြစ်ပြီး သွားရှာတော့ဘတ်။ တိတ္ထိဆရာကြီးများရဲ့ စေခိုင်းချက်အတိုင်း မဆင်ခြင်ဘဲ လိုက်နာပြုလုပ်မိရှာတဲ့ မပြစ်မှားသင့်သော မြတ်စွာဘုရားကို မဟုတ်မမှန် ပြစ်မှားကျူးလွန်မိတဲ့ စိဥ္စမာဏပရဗိုဇ် မကလေးဟာ သံသရာနှင့်ချီပြီး နစ်နာဆုံးရှုံးမှု ဖြင့်ရရှာပြီနော်။

မြတ်စွာဘုရားကတော့ မေတ္တာသက်သက် ခမ္မစက်ဖြင့် ငြိမ်သက် တည်ကြည်စွာဖြင့်ပင် စိဥ္စမာဏပရဗိုဇ်မရဲ့ မဟုတ်မမှန် စွပ်စွဲဖျက်စီးမှုကို အောင်မြင်ပြီး သွားပေပြီနော်။ ယခုအခါ တရားပွဲသိမ်းရန် အချိန်လဲ နီးပေပြီ။ စိဥ္စမာဏမိန်းမယုတ်ကို ကောင်းစွာ အောင်မြင်တော်မူသော အောင်ပွဲသခင် ဘုရားရှင်ကို လေးမြတ်ကော်ရော် ပူဇော်ကြရအောင် ညီညီညာညာ လိုက်ဆိုကြစမ်းပါဦး—

**ဆောင်ပုဒ်။** စိဥ္စမာန- ဆင်းလှကျော်သူ၊ ဘုရားကိုဘဲ- စွပ်စွဲလာမူ။
တည်ကြည်သံငြိမ့်- နှုတ်မိန့်မြွက်ကြူ၊ နတ်လူသိ- မုနိအောင်တော်မူ။

ယခုအခါ တရားဟော တရားနာ ဘေးရန်ကွာ၍ လိုရာကိစ္စ ပြီးမြောက်ကြစေရန် အမျိုးဘာသာ သာသနာ တော်အကျိုးကို ဆောင်ရွက်တိုးအောင် ရွက်ဆောင်နိုင်ကြစေရန် ရည်သန်လျက် အောင်ပွဲသခင်ဘုရားရှင်ထံ၌ အောင်ဆုပန် ဂါထာကိုရွက်ဆိုပြီး အောင်ဆုပန်ကာ တရားပွဲသိမ်းပါတော့မယ်။ မြတ်စွာဘုရား၏ ဂုဏ်းတော်တွေကို စိတ်ထဲ၌ ထင်လာမြင်လာအောင် အာရုံပြုထားကြပါ။ ဂုဏ်တော်တွေကို ထင်လာမြင်လာယင် မြတ်စွာဘုရားအပေါ်မှာ ကြည်ညိုတဲ့ သဒ္ဓါတရားတွေ တဖွားဖွားတိုးပွားပြီး သာပါလိမ့်မယ်။ ဤကောင်းမှု ဤကုသိုလ်ကြောင့် ကျွန်ုပ်တို့ လိုလားတောင့်တသော လောကီရေးရာ လောကုတ္တရာ ကိစ္စ အဝဝသည် မုချပြီးစီး အောင်မြင်ရမည်-ဟု ယုံကြည်စိတ်ချထားရပေမည်။ စေတနာလှိုင်လှိုင်နှင့် သာခုသံမြိုင်မြိုင် ခေါ်ကြရအောင် လက်အုပ်ကလေး ကိုယ်စီ ချီထားကြ—

> ကတွာန ကဋ္ဌ မုဒရံ့ဣဝ ဂဗ္ဘိနီယံ စိဥ္စာယ ဒုဋ္ဌ ဝစနံ ဇနကာယမဇ္ဈေ။
> သန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော၊ တန္တေ ဇယာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယောမုနိန္ဒော၊ အောင်သူတကာတို့၏ထွဋ်တင်၊ အောင်ဘုရင်တို့၏ ထိပ်ထား အကြင်မြတ်စွာဘုရားသည်။ ကဋ္ဌံ၊ ကြမ်းတန်းခက်ထန်လှစွာသော သစ်သားကို၊ ဂဗ္ဘိနီယံ၊၊ ကိုးလဆယ်လ၊ ပမာဏဖြင့် သဘာဝတူယောင် ကိုယ်ဝန်ဆောင်သော။ ဥဒရံ့ဣဝ၊ အမြင်မလျှော်, ထင်ပေါ်ထူးဆန်း, ဝမ်းကဲ့သို့။ ကတွာန၊ မြဲမြံဖွဲ့ချည်, ထိုးသီဖွဲ့ချုပ်, ပြုလုပ်ပြီး၍၊ ဇနကာယမဇ္ဈေ၊ တရားနာပရိသတ်, ပြည့်ကြပ်ရောပြွမ်း, လူရဟန်း အပေါင်းတို့၏အလယ်၌။ စိဥ္စာယ၊ စိဥ္စမာဏ, နာမသမုတ်, မိန်းမ

ယုတ်၏။ ဒုဋ္ဌဝစန်၊ ဘုရားရှင်နှင့်, တူယှဉ်ပေါက်ပွား, သန္ဓေသားဟု, မိုက်မှားလွန်ကဲ, စွပ်စွဲသော စကားကို။ သန္တေန၊ မျက်မာန်မညှိုး, စိတ်ဆိုးမဖက်, ငြိမ်သက်လှစွာသော။ သောမဝိဓိနာ၊ ဖြူစင်ချမ်းအေး, ပြစ်ဘေးမတင်, အစီအရင်ဖြင့်။ ဇိတဝါ၊ ပါရမီဘုန်းဟုန်, တန်ခိုးဂုဏ်ကြောင့်, လွှမ်းခြုံပြီးလျှင်, အောင်မြင်တော်မူလေပြီ။

တဒ္တေဇသာ၊ စိဥ္စမာဏ နာမသမုတ်, မိန်းမယုတ်၏, မဟုတ်မတရား, ရမ်းကားလွန်ကဲ, စွပ်စွဲပျက်စီးသော, စကားကို ထူးခြားလွယ်ကူ, အောင်ဘော်မူငြား, ထိုမြတ်စွာဘုရား၏, တန်ခိုးတော်အားဖြင့်။ မေ-အမှာကံ၊ ဟရားဟော, တရားနာ, မှန်စွာဖြစ်ငြား, အကျွန်ုပ်တို့အား။ အဂ္ဂံ၊ အလွန်အကြူး, အထူးမြတ်လှစွာသော။ ဇယမင်္ဂလံ၊ ကောင်းသတင်း အစဉ်မကွာသည့်, အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

( အဘိဓမ္မာတပ် တရားအဆုံးသတ်ရန် )

❁ ❁ ❁ ❁ ❁

# သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူခြင်း

**အနုတ္တံ အတ္တဝါဒေန၊ အာရောပေန္တံ ဟိ သစ္စကံ။**
ယောဇိနာတိ သပညာယ၊ ဇိနံ နမာမိ သာဒရံ။

ယောဇိနော၊ ယှဉ်ပြိုင်လာသမျှ, အဝဝကို, ခဏလွယ်ကူ, အောင်မြင်တော်မူပြား, အကြင်မြတ်စွာဘုရားသည်။ အနုတ္တံ၊ ရုပ်နာမ်နှစ်ဖြာ, ငါးခန္ဓာ၌, လိပ်ပြာအတ္တ, ဘာမျှမရှိ, ခွဲဘိဖော်ကြူး, အနတ္တဝါဒထူးကို။ အတ္တဝါဒေန၊ ရုပ်နာမ်နှစ်ဖြာ, ငါးခန္ဓာ၌, လိပ်ပြာအတ္တ, စွဲယူဆသည့် မိမိ၏ အတ္တဝါဒဖြင့်။ အာရောပေန္တံဟိ၊ ပုံဥပမာ, အဖြာဖြာဖြင့်,ကောင်းစွာစီစင်,တင်၍နေသည်သာလျှင်ဖြစ်သော။ သစ္စကံ၊ မိဖက်မဖက်, ရောယှက်စုဆောင်း, ဝါဒပေါင်းကို,ကောင်းကောင်းကျွမ်းကျင်, ဗိုလ်ဝင်ခံထိုက်, သစ္စကပရိဗိုဇ်ကို။ သပညာယ၊ ရုပ်နာမ်နှစ်ဖြာ, ငါးခန္ဓာ၌, မှန်စွာဝေခွဲ, မမြဲခြင်းကြောင့် အနိစ္စ, အစိုးမရခြင်းကြောင့် အနတ္တဟု- စိတ်ချထင်ထင်, အသိဝင်အောင်, သွန်သင်ပြကာ, မိမိ၏ပညာတော်ဖြင့်။ ဇိနာတိ၊ မပင်မပန်း, အေးချမ်းလွယ်ကူ, အောင်မြင်တော်မူလေ၏။ အဟံ၊ ရုပ်နာမ်နှစ်ဖြာ, ငါးခန္ဓာကို, သူငါသမုတ်, အကျွန်ုပ်သည်။ တံဇိနံ၊ ယှဉ်ပြိုင်လာသမျှ, အဝဝကို, ခဏလွယ်ကူ, အောင်မြင်တော်မူသည့်, အောင်သူထွဋ်ထား, ထိုမြတ်စွာဘုရားကို။ သာဒရံ၊ မြတ်စွာကျေးဇူး, ဂုဏ်တော်ထူးကို, ရည်စူးလျက်သာ ရှိသေစွာ။ နမာမိ၊ ပစ္စုပ္ပန်သံသရာ, နှစ်ဖြာအောင်မှ, အကြောင်းပြုလျက်, တောင်းဆုရည်ကာ, ရှစ်ခိုးပါ၏မြတ်စွာဘုရား။

ယနေ့ဟောကြားမည့်တရားတော်ကတော့ သစ္စကပရိဗိုဇ်ကြီးကို အောင်မြင်တော်မူတဲ့အကြောင်း ဟောကြားရန်ဖြစ်ပေတယ်။ သို့အတွက်ကြောင့် မြတ်စွာဘုရား၏ အနတ္တဝါဒ အယူအပေါ်မှာ မိမိ၏ ယူဆချက်ဖြစ်သော အလုံးစုံသော သတ္တဝါမှန်သမျှသည် ရုပ်ဝေဒနာ,သညာသင်္ခါရ,ဝိညာဏ ဟူသော အတ္တလိပ်ပြာရှိ၏- ဟု ယူဆရသော အတ္တဝါဒဖြင့်တင်ကာ ဝါဒချင်း ပြိုင်ဆိုင်နေသော သစ္စကပရိဗိုဇ်ကြီးကို ဒေသနာဆိမ်း ဉာဏ်ချောင်ကြီးဖြင့် အပြီးလွယ်ကူ အောင်မြင်တော်မူသော အောင်ပွဲသခင် ဘုရားရှင်ကို တရားပွဲမင်္ဂလာ ရှေးဦးစွာရိုသေမြတ်နိုး ရှစ်ခိုးပြီး ဂါရဝမင်္ဂလာ ပြုလိုက်ရခြင်း ဖြစ်ပါတယ်။

သစ္စကပရိဗိုဇ် အောင်မြင်ခန်းကို ဟောကြားမည်ဆိုတော့ သစ္စကပရိဗိုဇ်ရဲ့ ဇာတ်ကြောင်းကို နည်းနည်းပြန်ပြီး ဟောကြားရပေလိမ့်ဦးမည်။ သူဟာ ဝေသာလီပြည်သား ဖြစ်တဲ့အတွက်ကြောင့် ဝေသာလီပြည် အကြောင်းကိုလဲ ပြောရဦးမယ်၊ ရှေးခေတ်က ဝေသာလီပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ဟာ ယခုခေတ် ပါလီမန်စနစ်ကဲ့သို့ပင် စုပေါင်းအုပ်ချုပ်ရေး စနစ်ပင်ဖြစ်တယ်။ ဝေသာလီပြည်ကြီးမှာ လိစ္ဆဝီမင်းပေါင်း ခုနှစ်ထောင် ခုနှစ်ရာ ခုနှစ်ယောက် (၇၇၀၇)သော မင်းတို့စုပေါင်းပြီး အုပ်ချုပ်ကြသတဲ့။

ထို လိစ္ဆဝီမင်းသားတို့သည် အသိပညာ အတတ်ပညာအရပ်ရပ်တို့ကို လေးစားမြတ်နိုးသည့် အားလျော်စွာ ပညာရှိပုဂ္ဂိုလ်များကိုလဲ ကိုးကွယ်ဆည်းကပ် တတ်ကြတယ်။ သင့်လျော်စွာ ပညာရှိပုဂ္ဂိုလ်များကိုလဲ ကိုးကွယ်ဆည်းကပ်တတ်ကြတယ်။ သင့်လျော်အောင်လည်း ချီးမြှောက်,ထောက်ပံ့

တတ်ကြတယ်။ ပညာရှိထံချဉ်းကပ်ပြီးမေးမြန်းသင်ကြားခြင်း မိမိတို့အချင်းချင်းလဲ ဆွေးနွေးခြင်းအမှုတို့ကိုလဲ မပြတ်မပြတ် ပြုလုပ်တတ်ကြသတဲ့ (ဒကာကြီး ဦးစိန်ရဲ့) အလွန်တော်တဲ့ ပုဂ္ဂိုလ်ပေါ့နော်။

ဒါကြောင့်မို့လဲ ဝေသာလီပြည်ကြီးမှာ လိစ္ဆဝီမင်းပေါင်း ခုနှစ်ထောင်ကျော် ရှိပေမဲ့ စိတ်ဓာတ်ကွဲပြားမှုမရှိကြပဲ တဦးနှင့်တဦး တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ် စုပေါင်းပြီး ဝေသာလီပြည်ကြီး အေးအေးချမ်းချမ်း ငြိမ်ငြိမ်သက်သက်ရှိအောင် အုပ်ချုပ်နေနိုင်ကြတာဘဲ မဟုတ်လား။ ပညာရှိနှင့် မပြတ်ယှဉ်တွဲ မှီဝဲဆည်းကပ်ရသဖြင့် ပညာရှိများထံမှ လျှော်ကန်တဲ့ အသိဉာဏ်တွေကို ရရှိခြင်းရဲ့ အကျိုး ကျေးဇူး တွေဘဲဆိုလျှင် မမှားနိုင်ဘူးနော်။ ရှေးရှေးအခါက ဘုရားအလောင်းတော် အကိတ္တိရှင်ရသေ့ ဖြစ်စဉ်အခါက ပညာရှိနှင့် အတူတကွ ပေါင်းဖော် မှီဝဲနိုင်ရေးအတွက် အထူးပင် ဆုတောင်းခြင်း ပြုခဲ့ဘူးတယ်။ အကိတ္တိရှင်ရသေ့ရဲ့ ဆုတောင်းဂါထာကတော့—

ဓီရံ ပဿေ သုဏေ ဓီရံ၊ ဓီရေန သဟ သံဝသေ။
ဓီရေ နာလ္လာပ သလ္လာပံ၊ တံ ကရေ တံစ ရောစယေ။ (ဇာတက ၄ -စ- ၂၄၁)။

ဓီရံ၊ အကောင်းအဆိုး, ကြောင်းကျိုးသိမြင်, ပညာရှင်ကို။ ပဿေ၊ လေးစားချစ်ခင်, ဖူးမြင်လေရာ၏။ ဓီရံ၊ ပညာရှိများမိန့်စကားကို။ သုဏေ၊ မပြတ်မလတ်, ဆီးကပ်ခစား,နာကြားလေရာ၏။ ဓီရေန၊ ပညာထူးချွန်, ပုဂ္ဂိုလ်မွန်နှင့်။ သဟ၊ အတူတကွ။ သံဝသေ၊ မပြတ်အမြဲ, မှီဝဲချစ်ခင်, ပေါင်းယှဉ်လေရာ၏။

ဓီရေန၊ ကြောင်းကျိုးသိမြင်, ပညာရှင်နှင့်။ တံ အလ္လာပ, သလ္လာပ၊ ထိုလေးမြတ်ကြည်နူး ရှေးဦးပြောခြင်း,စကားတုန့်ပြန်ခြင်းကို။ ဝါ- ထိုချစ်ခင်သတော,နှီးနှောစကား,ပြောကြားခြင်းကို။ ကရေ၊ ကောင်းစွာမသွေ, ပြုကျင့်လေရာ၏။ တဉ္စ၊ ထိုကဲ့သို့ပင်, ပညာရှင်ကို, ချစ်ခင်လေးစား, ပြောဆိုသော စကားကိုလည်း။ ရောစယေ၊ ကမ္ဘာ့ကမ္ဘာ, ရှည်မြင့်ကြာလဲ, ရံတခါမျှ, တွေ့ကြုံရသဖြင့်, လုံ့လအားခဲ, စွဲမြဲမပျက်, မပြစ်ရက်အောင်, နှစ်သက်လေရာသတည်း။

ဆိုလိုရင်းကတော့ အဆိုးအကောင်း ကျိုးကြောင်းမြင်သိ ပညာရှိကို တွေ့ဆုံပါ၊ ပညာရှိတို့ ပြောဆိုအပ်သော အနှစ်သာရရှိသော စကားများကို နာကြားပါ၊ ပညာရှိနှင့် ပေါင်းဖော်မှီဝဲပါ၊ ပညာရှိ သူတော်ကောင်းနှင့် နှုတ်ဆက်စကား ပြောကြားခြင်း ခွန်းတုန့်စကား ပြောကြားခြင်း ဆွေးနွေးတိုင်ပင်ခြင်း အမှုကိုပြုပါ၊ ထိုကဲ့သို့ ပညာရှိ သူတော်ကောင်းနှင့် ဆွေးနွေး တိုင်ပင်သော စကားကိုလည်း နှစ်သက်လက်ခံပါ လို့ ဆိုလိုခြင်း ဖြစ်ပေတယ်။

ယခုလိစ္ဆဝီမင်းသားများကလည်း ပညာရှိကိုနှစ်သက် မြတ်နိုးတတ်ကြသဘောရှိကြတယ်၊ အားပေးချီးမြှောက် တတ်ကြတယ်တဲ့ "ရတနာရှိရာ ရတနာလာ" ဆိုတဲ့ စကားအတိုင်းပင် လိစ္ဆဝီမင်းသားတို့နေထိုင်ရာ ဝေသာလီပြည်သို့ အယူဝါဒငါးရာ (၅၀၀)ကို ဆောင်သော နိဂဏ္ဍာဘက္ကတွန်း တယောက်သည် ဝါဒယှဉ်ပြိုင်ရန် ဇမ္ဗူဒိပ်ကျွန်း တကျွန်းလုံးကို လှည့်လည်ရင်း ဝေသာလီပြည်သို့ ရောက်ရှိလာတဲ့၊ ထိုနောက်များမကြာမီမှာပင် အယူဝါဒငါးရာ(၅၀၀) ဆောင်သော ဂဏ္ဍာ-တက္ကတွန်းမ တယောက်လည်း မိမိ၏ အယူဝါဒနှင့်ယှဉ်ပြိုင်ရန် ပညာရှိကို လှည့်လည်ရှာယင်း ဝေသာလီပြည်သို့ပင် ရောက်ရှိပြီးလာပြန်တယ်။

ရှေးအခါက ပညာရှိများဟာ မိမိတတ်သိသော ဇပညာရပ်အယူဝါဒနှင့် ယှဉ်ပြိုင်ရန် ပညာရှိ ပုဂ္ဂိုလ်များကို အမြို့မြို့ အရွာရွာသို့ လှည့်လည်ပြီး ရှာလေ့ရှိကြတယ်၊ တွေ့ဆုံပြီး အယူဝါဒပြိုင်ဆိုင်မှု, ဆွေးနွေးမှု ပြုလေ့ရှိကြတယ်။ အကယ်၍ မိမိကရှုံးနိမ့်ခဲ့ပါလျှင် တပည့်ခံကာ နည်းယူလေ့ ရှိကြသတဲ့။ ပညာကိုအလွန်တန်ဘိုးထားတဲ့ ပုဂ္ဂိုလ်တွေဘဲလို့ ဆိုရမှာဘဲနော်။

ယင်းကဲ့သို့ တက္ကဒွန်းယောကျာ်းနှင့် တက္ကဒွန်းမတို့ ဝေသာလီပြည်သို့ ရောက်ရှိလာကြလျှင် လိစ္ဆဝီမင်းသားတို့က-

ဣဓဝေ အညမညံ ဝါဒံ အာရောပေထ၊ အသင်တို့သည် ဤဝေသာလီပြည်၌သာလျှင် အချင်းချင်း အယူဝါဒကို တင်ကြကုန်, ယှဉ်ပြိုင်ကြကုန်လော့-

ဟူ ပြောဆိုတိုက်တွန်းကြတယ်။

ထိုအခါ နိဂဏ္ဌီတက္ကဒွန်းမက မိမိသင်ယူထားသော အယူဝါဒငါးရာကို နိဂဏ္ဌတက္ကဒွန်းအား မေးမြန်းသဖြင့် နိဂဏ္ဌတက္ကဒွန်းက မေးတိုင်း,မေးတိုင်း ဖြေဆိုလိုက်တယ်။ နောက် နိဂဏ္ဌတက္ကဒွန်းက မေးမြန်းသောအခါမှာလဲ နိဂဏ္ဌီတက္ကဒွန်းမက ဖြေဆိုပြန်တယ်။ မည်သူမျှအနိုင်အရှုံးမရှိဘဲ ပညာရည်တူသူများ ဖြစ်နေကြသတဲ့။ ဝါဒပြိုင်ပွဲသို့ လာရောက်နာယူကြကုန်သော လိစ္ဆဝီမင်းသားအပေါင်းတို့မှာ ထိုပွဲကိုကြည့်ရှုနားထောင်ယင်း အကြံထူးတခု ပေါ်လာသတဲ့။ ထိုအကြံထူးကတော့-

ဣမေ ဒွေပိ ပဋိစ္စ ဥပ္ပန္နော ပုတ္တော ဗျတ္တော ဘဝိဿတိ (ဇာ-၄-ဘ-ခ)။

ဣမေ ဒွေပိ၊ တက္ကဒွန်းဆရာကြီးနှင့် ဆရာမနှစ်ယောက်တို့ကိုလည်း။ ပဋိစ္စ၊ အမှန်မလွဲ, အစွဲပြု၍။ ဥပ္ပန္နော၊ နှစ်ဦးပေါင်းဆုံ, တွေ့ကြုံဖြစ်ပေါ်လာသော။ ပုတ္တော၊ ရင်သွေးရင်နှစ်, သားအစစ်သည်။ ဗျတ္တော၊ တပါးသူထက်, သာလွန်တက်၍, ထက်မြက်လိမ်မာ, ပညာရှိသည်။ ဘဝိဿတိ၊ နှစ်ဖြာမိဘ, မျိုးကောင်းလှသဖြင့်, မုချမသွေ, ဖြစ်နိုင်ပေလတံ့-

ဟူ၍ အကြံထူးဖြစ်ကြကာ, စုပေါင်းတိုင်ပင်, ညီညွတ်ကြ၍ "အသင်တို့သည် ထိုထိုမြို့ရွာတို့သို့ လှည့်လည်နေကြသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ဤဝေသာလီပြည်၌သာလျှင် အမြဲနေထိုင်ကြပါကုန်လော့၊ အသင်တို့အား အခွန်အတုပ်ကိုပေးကမ်း၍ ချီးမြှောက်ကြပါကုန်အံ့"

ဟု တောင်းပန်ပြောကြပြီးလျှင် ထို နှစ်ယောက် တို့ကို လက်ထပ် ထိမ်းမြားပေးကြ၍ နှစ်ယောက်အတူ နေကြစေသတဲ့။

လိစ္ဆဝီမင်းသားအပေါင်းတို့ ဆက်သွယ်ပေးမှုကြောင့် နိဂဏ္ဌတက္ကဒွန်းနှင့် နိဂဏ္ဌီတက္ကဒွန်းမတို့ နှစ်ဦးဟာ မမြှော်လင့်ဘဲ အိမ်ထောင်သည်ဘဝသို့ရောက်ရှိပြီး သွားကြတယ်နော်။

တက္ကဒွန်းဆရာကြီးနှင့် ဆရာမတို့နှစ်ဦး အတူတကွ နေထိုင်ခြင်းကို အကြောင်းပြုပြီးတော့ အစဉ်အတိုင်း သမီးလေးယောက် ဖွားမြင်လာကြတယ်။ ထို သမီးလေးယောက် နာမည်ကတော့ အကြီးဆုံးက- သစ္စာတဲ့, နောက်တယောက်က-လောလာတဲ့, နောက်တယောက်က-ပဋာစာရာခေါ် ပဋိစ္ဆဒါတဲ့, စတုတ္ထကတော့-အာစာရဝတီခေါ် အဝဝါဒကာတဲ့။ သူမကို သိဝါဝတိကာ (ခ) သိလာဝတကာလို့လဲ ခေါ်သေးသတဲ့။

ဒီခေတ်မှာသာ နာမည်တွေ နှစ်မျိုးသုံးမျိုးရှိကြတာ မှည့်ကြတာမဟုတ်ဘူးနော်။ ရှေးခေတ်ကလဲ ခေတ်ဆန်တဲ့သူများဟာ နာမည်တွေ နှစ်မျိုးသုံးမျိုးရှိကြတာကိုး။ သူတို့လဲ သူတို့ခေတ်နှင့် သူတို့တော့ ခေတ်ပညာတတ် ပညာချွန်အမျိုးသမီးကလေးတွေဘဲ မဟုတ်လား။ အငယ်ဆုံးကတော့ သားယောက်ျားကလေးပါဘဲ၊ သူကတော့ သစ္စကတဲ့။ ယခုတရားပွဲမှာ ဇာတ်လိုက်ဖြစ်မည့်ပုဂ္ဂိုလ်ပင် ဖြစ်ပါတယ်။

သစ္စကရဲ့ အကြောင်းကိုမပြောခင် ထိုသစ္စကရဲ့ အမကြီးလေးယောက်တို့ အကြောင်းကို နည်းနည်းပြောပြပါဦးမည်။ သစ္စကရဲ့ အမကြီးများဖြစ်တဲ့ နိဂဏ္ဍတက္ကဒ္ဒန်းဆရာကြီး၏ သမီးလေးယောက်တို့ဟာ အားလုံးပညာတတ်တွေချည်း ဖြစ်ကြတယ်။ ဘခင်ထံမှ အယူဝါဒ ငါးရာ, မိခင်ထံမှ အယူဝါဒ ငါးရာ, ဝါဒပေါင်း တထောင်တို့ကို သင်ယူတတ်မြောက်ကြသူများချည်း ဖြစ်ကြသတဲ့။ ထိုသမီးလေးယောက်တို့ အရွယ်ရောက်ကြလျှင် မိဘနှစ်ပါးတို့က သမီးတို့ကို အနီးသို့ ခေါ်ပြီးနောက် ဩဝါဒပေးယင်း ဆွေးနွေးပြောသည်မှာ—

"အို—ချစ်သမီးတို့- ငါတို့၏အမျိုး၌ မိန်းကလေးတို့မည်သည် ရွှေငွေ စသည်တို့ကို လက်ခံယူပြီး လင်ယောက်ျားအိမ်သို့ ပို့ဆောင်ဘူးသည်မရှိကြပေ။ အယူဝါဒချင်း ယှဉ်ပြိုင်ပြီးလျှင် အိမ်၌နေသော လူယောက်ျားသည် ထိုမိန်းကလေးတို့၏ အယူဝါဒကို နှိမ်နင်းခြင်းငှာ စွမ်းနိုင်၏။ ထိုယောက်ျား၏ အလုပ်အကျွေး ဇနီးမယားဖြစ်ကြသည်။ ရဟန်းဖြစ်သောသူသည် ထိုမိန်းကလေးတို့၏ အယူဝါဒကို နှိမ်နင်းချိုးဖျက်နိုင်မူ ထိုရဟန်း၏အထံ၌ ရဟန်းပြုကြပေသည်။ ချစ်သမီးတို့သည် အသို့ ပြုကြကုန်မည်နည်း"

ဟု ဆွေးနွေး မေးမြန်းကြသတဲ့။

ယင်းသို့ပြောပြီးနောက် ဩဝါဒပေးပြန်သည်မှာ—

သစေ ကောစိ ဂိဟိ တုမှာကံ ဝါဒံ ဘိန္ဒိဿတိ၊ တဿ ပါဒပရိစာရိကာ ဘဝေယျာထ၊ သစေပဗ္ဗဇိတော ဘိန္ဒိဿတိ၊ တဿ သန္တိကေ ပဗ္ဗဇေယျာထ။

(ဇာတ၄—၂)

ကောစိ၊ တစုံတယောက်သော။ ဂိဟိ၊ လူသည်။ တုမှာကံ၊ သင်ချစ်သမီးတို့၏။ ဝါဒံ၊ အယူဝါဒကို။ သစေဘိန္ဒိဿတိ၊ အကယ်၍ ဖျက်ဆီးနိုင်လတံ့။ တဿ၊ ထိုလူယောက်ျား၏။ ပါဒပရိစာရိကာ၊ ခြေရင်း၌ပင်, ကျင်လည်ပြုစု, ကောင်းမှုဖြည့်ဆည်း, ချစ်ဇနီးတို့သည်။ ဘဝေယျာထ၊ အမှန်စင်စစ်, ဖြစ်ကုန်ရာ၏။ ဝါ-ဖြစ်ကြကုန်လော။ ပဗ္ဗဇိတော၊ ကိလေသာခေတ်, မကပ်မဖမ်း, ရှင်ရဟန်းသည်။ သစေဘိန္ဒိဿတိ၊ အကယ်၍ ဖျက်ဆီးလတံ့။ ဝါ— အကယ်၍ ဖျက်ဆီးခဲ့ပါမူ။ တဿ၊ ဖန်ဝါဆင်မြန်း, ထိုရဟန်း၏။ သန္တိကေ၊ နည်းယူနာခံအထံ၌။ ပဗ္ဗဇေယျာထ၊ တရားထူးရရန်, နည်းခံသမှု, ရဟန်းပြုကြကုန်ရာ၏။ ဝါ— ရဟန်းပြုရစ်ကြကုန်လော့-

ဟု-ပြောဆိုဆုံးမကြသတဲ့။ မိဘတွေကလဲ ပည်ရှိတွေဆိုတော့ သူတို့ရဲ့သမီးတွေကိုလဲ မိဘတို့ ထုံးစံ သားသမီးတို့ကို "ဆင်စီးလို့ မြင်းရံတာကို မြင်ချင်ကြတယ်" ဆိုတဲ့အတိုင်းဘဲ ပစ္စုပ္ပန်မှာရော သံသရာပါ ကြီးပွားရာကြီးပွားကြောင်းနည်းလမ်းကောင်းကို ညွှန်ကြားပေးနေခြင်းဘဲဖြစ်တယ်နော်။

မှန်ပေတယ်ပေါ့၊ လင်ယောကျ်ားရလျှင်လဲ ပညာရှိတဲ့ယောကျ်ားကောင်းနှင့် ရရှိလေအောင်, သံသရာမှထွက်ရာလမ်းကို ရှာကြံနေတဲ့ ပုဂ္ဂိုလ်ရဟန်းများဖြစ်ပြန်လျှင်လဲ ပညာရှိတဲ့ ရဟန်းကောင်းကို မှီဝဲဆည်းကပ်မိအောင် ပြောဆို ဆုံးမနေကြခြင်းပေကိုး။

ထိုအခါ သမီးလေးယောက်လုံး"မိဘနှစ်ပါးပြောကြားဆုံးမတဲ့အတိုင်း လိုက်နာကြပါမည်" ဟု- ဝန်ခံပြီးလျှင် ပရိုဗိုဇ်မများအသွင်ကိုယူ၍ ပရိုဗိုဇ်မများ ဝတ်ကြ၍ "ဤဇမ္ဗူဒိပ်ကျွန်းသည် သပြေပင်ဖြင့် သိအပ်ပေ၏"ဟု-သပြေခက်ကိုယူဆောင်ကာ မြို့ရွာအသီးသီးသို့ ဒေသစာရီ လှည့်လည် ကြသတဲ့။

ဒီပရိုဗိုဇ်မ ကလေးတွေ ယခုလို လှည့် လည် သွားလာနေခြင်းကို ဘယ်လိုပြောဆိုကြသလဲ၊ ခင်ပွန်းယောကျ်ား ရှာတယ်, ထွက်တယ်လို့ ဆိုမလား(သို့မဟုတ်) ဆရာရှာထွက်တယ်လို့ ပြောမလား၊ အဲဒလ-ဘာဘဲဖြစ်ဖြစ် ဆရာရှာထွက်တယ်လို့ပဲ ပြောကြပါစို့၊ ရင့်သီးတဲ့စကားမဖြစ်အောင်ပေါ့လေ။

သူမတို့နှင့်တွေ့တဲ့ ပုဂ္ဂိုလ်ဟာ ဝါဒပြိုင်၍နိုင်လျှင် လူဖြစ်က လင်ယောကျ်ားဖြစ်ရမည် မဟုတ်လား၊ ရဟန်းဖြစ်ပါက-နည်းလမ်း ညွှန်ပြပေးရမည့် ဆရာရင်းပင်ဖြစ်ရမည် မဟုတ်ပါလား။ ထို ပရိုဗိုဇ်မ ညီအမလေးဖော်ဟာ မိမိတို့ ရောက်ရာမြို့ရွာ၏ တံခါးဝ၌ မြေပုံဖြစ်စေ, သဲကိုဖြစ်စေ စုပုံပြီး သပြေခက်ကိုစိုက်ထူကာ—

ယော ဝါဒံ အာရောပေတုံ သက္ကောတိ၊ သော ဣမံ မဒ္ဒတု။

"အကြင်သူသည် အယူဝါဒကိုတင်စေခြင်းငှါ စွမ်းနိုင်၏၊ ထိုသူသည် ဤသပြေခက်ကို နင်းခြေ စွမ်းနိုင်၏၊ ထိုသူသည် ဤသပြေခက်ကို နင်းခြေလေလော့" ဝါ-အယူဝါဒခြင်း ယှဉ်ပြိုင်ဝန့်သော သူသည် ဤသပြေခက်ကို နင်းခြေဖျက်စီးလေလော့။ (မူလဋ္ဌ-ဒု-၁၇၀)ဟူ၍ ကြေငြာကာ မြို့တွင်း ရွာတွင်းသို့ ဝင်ကြသတဲ့- တကဲ့အာဇာနည်မ တွေဘဲနော်။

ဤကဲ့သို့ ပရိုဗိုဇ်မ ညီအမလေးဖော်တို့သည် တရွာဝင် တရွာထွက်, တမြို့ဝင် တမြို့ထွက်ကာ လှည့်လည်သွားလာယင်း သာဝတ္ထိမြို့သို့ ရောက်ပြန်လျှင် ရှေးနည်းအတူပင် တံခါးဝ၌ သပြေခက်ကို တံခွန်စိုက်ထူထားပြီး မိမိတို့ထံ ရောက်ရှိလာကြသော လူအများတို့အား အကြောင်းစုံ ပြောကြားကာ မြို့တွင်းသို့ ဝင်သွားကြသတဲ့။

ထိုအခါမှာ သုံးလူထွဋ်ထား မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်နေတော်မူခိုက်ဖြစ်တယ်။ ရှင်သာရိပုတ္တရာ မထေရ်ကြီးလဲ- မြတ်စွာဘုရားနှင့် အတူလိုက်နေရာ နံက်ချိန်ခါ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွတော်မူစဉ် တံခါးဝ၌ စိုက်ထောင် ထားသော သပြေခက်ကို သူငယ်များ ဝိုင်းရံကြည့်နေသည်ကို တွေ့မြင်ရ၍ မေး မြန်း တော် မူရာမှ အကြောင်းစုံသိရသဖြင့် သူငယ်ကလေ များအား သပြေခက်ကို ချေဖျက်စေသတဲ့။

သပြေခက်ကို သူငယ်ကလေးများ ချေဖျက်ပြီးနောက် ပရိုဗိုဇ်မများ မြို့တွင်းမှ ပြန်လာကြပြီး သူငယ်လေးများကိုမေးမြန်းကြရာ မြတ်စွာဘုရား၏ သားရဟန်းတော် ရှင်သာရိပုတ္တရာထေရ် ချေဖျက် စေခြင်းဖြစ်ကြောင်း ကြားသိရလျှင် ဝါဒယှဉ်ပြိုင်မေးမြန်းရန် ဇေတဝန်ကျောင်းတော်သို့ လိုက်သွား ကြတယ်။

မထေရ်မြတ်နှင့်တွေ့ကြလျှင် အလ္လာပ သလ္လာပစကား ပြောကြားပြီးနောက် အယူဝါဒချင်း ယှဉ်ပြိုင်ခြင်း, မေးခြင်း, ဖြေခြင်းတို့ကို ပြုလုပ်ကြသတဲ့။ ဝါဒခြင်းပြိုင်ကြတာပေါ့နော်- မထေရ်မြတ်ကလဲ သံလျက်ဓားဖြင့် ကုမုဒြာ ကြာရိုးကို အ ပိုင်းပိုင်း ပြတ် အောင် ဖြတ် သ ကဲ့သို့ မေးတိုင်း မေးတိုင်းသော အခက်အခဲ, အဖုအထစ်တို့ကို ပြေပြစ်ချောမောသွားအောင် ပြောဟောဖြေကြားတော်မူသတဲ့။ ညီမလေးဖော်တို့ကလဲ အရပ်လေးမျက်နှာကနေပြီး မိဘများထံမှ ရသော ဝါဒပေါင်း တထောင်ကို ·ကုန်စင်အောင်မေးမြန်းသော်လဲ မထေရ်မြတ်က ပင်ပန်းဘော်မမူဘဲ လွယ်ကူစွာ ဖြေကြားပြီးနောက် တဖန် မေးမြန်းကြဦးလော့·ဟု မိန့်ကြားတော်မူလိုက်တယ်။

ပရိုဗိုဇ်မများ- တွေ့က မေဝ ဘန္တေ မယံ ဇာနာမ- အရှင်မြတ်ဘုရား အကျွန်ုပ်တို့ ဤမျှသာ သိပါကြသည်။

မထေရ် တု မှေဟိ ဝါဒသဟဿံ ပုစ္ဆိတံ မယာကထိတံ၊ အဟံ ပနကေ ဖော ပဥှံ ပုစ္ဆိဿာမိ၊ တံ တုမှေ ကထေထ။ (မူလ-၄-ဒု-၁၇၁)။

အသင်တို့သည် ဝါဒပေါင်းတထောင်လို မေးမြန်းသည်ကို ငါဖြေဆိုအပ်ခဲ့ပေပြီ။ ငါကား·အသင်တို့အား ပြဿနာတရပ်ကိုသာ မေးမြန်းပါအံ့။သင်တို့ထိုမေးခွန်းကို ဖြေဆိုကြမည်လော-

ပရိုဗိုဇ်မများ- ဝဒဘန္တေ ဇာနာမ ဗျာကရိဿာမ- အရှင်မြတ် မိန့်တော်မူပါ၊ သိကြလျှင်ဖြေဆို ကြပါအံ့-ဟု လျှောက်ထားကြတယ်။

ထိုပရိုဗိုဇ်မများဟာ မထေရ်မြတ်၏ အစွမ်းသတ္တိကို ကောင်းစွာ သိပြီးဖြစ်၍ "အရှင်မြတ်- မေးမြန်းကြကုန် ဖြေဆိုကြပါမည်"ဟု·ရဲရဲတင်းတင်း မလျှောက်ဝန့်ကြသဖြင့် လေးပေပြော့ပြော့နှင့် လျှောက်ထားကြခြင်းဘဲတဲ့ (ဒကာကြီး-ဦးစိန်ရှဲ)။

မာန်မာနတွေ လျော့ကျသွားကြ ရှာပြီနော်- လောကကြီးမှာ ဒီအတိုင်းချည်းဘဲ သူ့ထက်သူ လူစွမ်းကောင်းပေါ်လာရင် အလိုလိုငြိမ်ကျသွားတတ်တာဘဲကလား၊ပညာတတ်၍ ပညာမာန်ဝင်နေ သူလဲ မိမိထက် ပညာသာလွန်သူ ပေါ်လာရင်၊ ဘန်ခိုးအာဏာရှိ၍, တန်ခိုးအာဏာ မာန်ဝင်နေသူ တွေလဲ မိမိတို့ထက် တန်ခိုးအာဏာသာလွန်သော သူနှင့်တွေ့ရင် လက်လျော့ကြရတာကိုး-အလွန်မာန် ကြီးပြီး အမောက် တထောင်ထောင်ဖြစ်နေတဲ့ နဂါးမင်းကြီးပင် ဂဠုန်ငှက်မင်းကို တွေ့မြင်ပါက ပြားပြားဝပ် နေတတ်တာ မဟုတ်လား၊ဒါကြောင့်မို့ လောကကြီးမှာ သူ့ထက်သူ လူစွမ်းကောင်းတွေ ရှိတယ်နော်။

ထိုအခါ မထေရ်မြတ်က ဗုဒ္ဓမြတ်စွာ သာသနာရေး လောက၌ ကလေးသူငယ်များကို ရှင် သာမဏေ ပြုပြီးလျှင် ပထမဆုံး သင်ကြား ပေးအပ်တဲ့ ရှင်သူငယ်တန်းပြဿနာ ဆယ်ချက်မှ တချက် ကိုယူပြီးလျှင်"ကေံနာမကိံ=ဘဂိနိယော၊နုမတို့။ကေံနာမ၊ တခုမည်သည်။ ကိံ-အဘယ်ပါသနည်း" ပရိုဗိုဇ်မ နှမငယ်တို့ တခုဆိုတာ အဘယ်နည်းဟု မေးမြန်းတော် မူလိုက်တယ်။

ပရိုဗိုဇ်မ ညီအမ လေးဖော်တို့သည် မိမိတို့ သင်ကြား တတ်မြောက်သော ဝါဒပေါင်း တထောင်မှာ ထက်အောက် မှေ့နှောက် အခေါက်ခေါက် ရှာကြပေမဲ့၊ ထိုပြဿနာ မေးခွန်း၏အစကို

ကေ်ာသမယံ ဘဂဝါ ဝိဟရတိ မဟာဝနေ ကူဋာဂါရသာလာယံ
ဝေသာလိယံ။တေန ခေါပန သမယေန သစ္စကော နိဂဏ္ဌပုတ္တော ဝေသာလိယံ
ပဋိဝသတိ ဘဿပ္ပဝါဒကော ပဏ္ဍိတဝါဒေါ သာဓုသမ္မတော ဗဟုဇနဿ။
(မူလပဏ္ဏာသ ပါဠိတော်-၂၈၉)

ကော်သမယံ၊ အခါတပါး၌။ ဘဂဝါ၊ သုံးလူ ထွဋ်ထား မြတ်ဘုရားသည်။ ဝေသာလိယံ၊ ဝေသာပြည်၌။ မဟာဝနေ၊ တောကြီး၌ (ဝါ) သီးပွင့်များစုံ, မဟာဝုန်တော၌။ ကူဋာဂါရသာလာယံ၊စုလစ်မွန်းချွန် အထွဋ်ရှိသောကျောင်း၌။ဝိဟရတိ၊ လေးပါးဣရိယာ, သာယာရွှင်ပျော် နေတော်မူ၏။

တေနခေါပန သမယေန၊ ထိုအခါ၌။ နိဂဏ္ဌပုတ္တော၊ တက္ကဒွန်း၏ သားဖြစ်သော။ ဘဿပ္ပဝါဒကော၊ စကားအစဉ်ကို အထူးထူးအပြားပြား ပြောကြားတတ်သော။ ပဏ္ဍိတဝါဒေါ၊ ငါပညာရှိဟု-ပြောဆိုတတ်သော။ ဗဟုဇနဿ၊ များစွာ ထောင်သောင်း လူအပေါင်းသည်။ သာဓုသမ္မတော၊ ကောင်းသော အယူရှိသသူဟု-ကြည်ဖြူစွဲ တ်် သမုတ်အပ်သော။ သစ္စကော၊သစ္စကဟု- နာမသမုတ်၊ ပရဗိုဇ်သည်။ ဝေသာလိယံ၊ဝေသာလီပြည်၌၊ ပဋိဝသတိ၊ လိစ္ဆဝီ မင်းသား, တပည့်များအား, တရားနှင့်ယှဉ်, အတတ်သင်လျက်၊ အစဉ်ဖြန့်ဝေ, နေထိုင်လေသတည်း။

အခါတပါးမှာ မြတ်စွာဘုရားသည် ဝေသာလီပြည်၏ အနီး တောကြီးတခုတွင် အထွဋ်တပ်သော ကျောင်း၌ သီတင်းသုံးပြီး နေစဉ်အခါ သစ္စကပရဗိုဇ်ကလည်း ဝေသာလီပြည်၌ လိစ္ဆဝီ မင်းသားများအား တတ်သင့်တတ်ထိုက်သော အတတ်ပညာ အသီးသီးကို သင်ကြားပေးကာ မင်းဆရာကြီး ပြုလုပ်၍ နေထိုင်တယ်တဲ့။

သစ္စက ပရဗိုဇ်သည် ပညာရပ် အထူးထူးတို့ကို ဆည်းပူးတတ်ကျွမ်းသော ပညာရှိ ပုဂ္ဂိုလ်တဦးဖြစ်သည့် အားလျော်စွာ ဝေသာလီပြည်ဝယ် ပရိသတ်အလယ်၌ "အကြင်သူ တဦးတယောက်ကို ငါသည် ဝါဒလမ်းစဉ်ဖြင့် အပြစ်တင် ပြောဆိုရသည် ရှိသော် တုန်လှုပ် ချောက်ချား၍ သွားရာ၏၊ ပြင်းစွာပင် တုန်လှုပ်ရာ၏၊ လက်ကတီးကြားမှ ချွေးများ ယိုစီး ကျလာရာ၏။

ယင်းကဲ့သို့ ငါသည် တစုံတယောက်သော သူကို ဝါဒလမ်းစဉ်နှင့် စပ်၍ ပြောဆို ရသည် ရှိသော် တုန်လှုပ် ချောက်ချားမှု မရှိသော ထိုမှ ဤမှ ပြင်းစွာ မတုန်လှုပ်သော လက်ကတီးကြားမှ ချွေးများ ယိုစီးကျမှု မရှိသော ဂိုဏ်းဆရာကြီးပြု၍ အုပ်ချုပ်နေသော တစုံတယောက်သော ရဟန်းကိုရင်, ပုဏ္ဏားကိုရင်း, ငါမမြင်ပေ။ လူတို့၏ ပူဇော် အထူးကို ခံယူထိုက်သော အလုံးစုံသော တရားကို သိမြင်၍ သမ္မာသမ္ဗုဒ္ဓ ဘွဲ့ထူးခံသော ဘုရား-ဟု ဝန်ခံသောသူကို သော်လည်း ငါမမြင်ပေ။

ထူဏံ စေပါဟံ အစေတနံ ဝါဒေန ဝါဒံ သမာရဘေယျံ၊ သာပိမယာ
ဝါဒေန ဝါဒံ သမာရဒ္ဓါ သင်္ကမ္ပေယျ သမ္ပကမ္ပေယျ သမ္ပဝေဓေယျ
ကောပန ဝါဒေါ မနုဿ ဘူတဿ။ (မူလပဏ္ဏာသ ပါဠိ-စူဠသစ္စကသုတ်-၂၉၀)

အဟံ၊သစ္စကမည်သာ,ငါဆရာသည်။ အစေတနံ၊စိတ်မရှိသော။ ထူဏံပိ၊တိုင်ကို သော်လည်း။ ဝါဒေန၊ အယူဝါဒဖြင့်။ဝါဒံ၊ အယူဝါဒသို့။ စေသမာရဘေယျံ၊အကယ်၍ ဖြစ်သည် ဖြစ်ငြားအံ့။

သာပိ၊ ထိုတိုင်သည်လည်း။ မယာ၊ သစ္စကမည်သာ, ငါဆရာသည်။ ဝါဒနေ၊ စါဒဖြင့်။ ဝါဒံ၊ ငါဒ သို့။ သမာရဒ္ဒါ၊မှန်စွာထပ်ထပ်, တင်အပ်သည်ရှိသော်။ သက်မွေယျ၊ တုန်လှုပ်စေရာ၏။သမ္ပကမွေယျ၊ ပြင်းစွာ တုန်လှုပ်စေရာ၏။ သမ္ပဝေဓေယျ၊ ထိုမှ ဤမှ တုန်လှုပ်စေရာ၏။ မနုဿ ဘူတဿ၊ လူဖြစ်သော သူ၏။ သမ္ပဝေဓိတ ဘာဝေ၊ တုန်လှုပ်သော အဖြစ်၌။ ကောပနဝါဒေါ၊ အဘယ်မှာလျှင်ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။

ဤသို့ ကြွေးကြော် စကားပြောကြားလေ့ ရှိသတဲ့။ ဆိုလိုရင်းကတော့ အဘယ်မျှ ကျော်ကြားသော ဂိုဏ်းဆရာကြီးများ သဗ္ဗညု ဘွဲ့ထူးခံ ဘုရား ဝန်ခံသူများပင်ဖြစ်စေ ငါနှင့် ဝါဒချင်း ပြိုင်ဆိုင်ရလျှင် တုန်လှုပ်ရမည်။ ချွေးဒီးဒီးကျရမည်၊ လူကို မဆိုထားနှင့် အသက်မရှိသော သစ်သား တိုင်ကြီးပင်ဖြစ်စေ ဝါဒနှင့်စပ်၍ ပြောကြားရလျှင် တုန်လှုပ် သွားရမည်-ဟု ပြောဆိုလေ့ ရှိသတဲ့။ တော်တော် ပညာမာန်တက်တဲ့ သူဘဲနော်။

လောကတလွှား၌ သူနှင့်တူ သူ, သူလို ပညာတတ်သူ မရှိတော့ဘူးလို့ စွဲလန်း ယူဆ ထားတော့ တာကိုး။ ဒါကြောင့်မို့လဲ လွှန်လွှန်ကျူးကျူး နှုတ်ရဲ လှစွာ ပြောဆိုနေတာကလား။ ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လားလို့ ထင်မှားနေတဲ့ သူဘဲပေါ့။ မာနတရားရဲ့ လက်ချက်ကြောင့် သွေးနား ထင်ရောက်ပြီး မောက်မောက်မာမာ ပြောဆို နေခြင်းပင် ဖြစ်တယ်။ မာနတရားဆိုးဟာ တော်တော်ဘဲ ကြောက်စရာ ကောင်းလှပါကလားနော်။ ဒီမာန တရားကြောင့် အထက်ဘုံရောက် နေတဲ့ သူများဟာ အောက်,အောက်ဘုံသို့ ခုန်ခုန်ဆင်းပြီး နေကြရတာတဲ့၊ (ဒကာကြီး ဦးစိန်) ဒါကြောင့်မို့ ကျေးဇူးရှင် ပထမ ရွှေကျင်ဆရာတော် ဘုရားကြီးက-

(က) ဓိရတ္ထုခေါ အမ္ဗောမာန တံနိဿိတာ မယံပုရာ။
သန္တာသန္တေဝ မညန္တာ၊ သုနခါသူကရာ ဘဝါ။

(ခ) ဝေံသန္တာသိဿသိဿာ၊ မာနဝေရံ သုယုဇ္ဈိနော။
မာနဒေါသံ သုပဿန္တာ၊ မာနဝေရံ ပရာဇယံ။

(မဟာသိဿကော ဝါဒကျမ်းဂါထာ-၃၄၀/၁)။

ဟူသော ဂါထာတို့ဖြင့် တပည့်အများအား မာနရန်, အောင်နိုင်စေရန် ဆုံးမ ညွှန်ကြား တော် မူခဲ့ခြင်း ဖြစ်တယ်။

(က) အမ္ဗောမာန၊ ယုတ်မာဆိုးဝါး, တရားမမျှ, ဟဲ့မာန။ ခေါ၊မလွဲဧကန် အမှန်စင်စစ်။ ဘဝံ၊ အသင်မာနသည်။ဓိ၊ဆိုးယုတ်ညစ်ကျယ် စက်ဆုပ်ဘွယ်သည်။ ဝါ၊ထွီ ဘွယ်သည်။ ဒုတ္ထု၊ ဘငတိ၊ မလွဲမသွေ ဖြစ်ပါပေ၏။ မယံ၊ ငါတို့သည်။ တံ၊ သင်မာနကို။ နိဿိဘာ၊ မရှောင်မလွဲ အမြဲအဘည် မှီကုန်သည်ဖြစ်၍။ ပုရေ၊ လွန်လေပြီးကြ, ရှေ့ကာလ၌။ သန္တသန္တေ၊ ချဉ်းကပ်လေးစား, အားထားလောက်ခဲ့, တကဲ့ သူတော်ကောင်းတို့ကို။ အဝမညန္တာ၊ မရိုမသေ, မထေမဲ့မြင်ပြုမိ ကုန်သောကြောင့်။ သုနခါသူကရာ၊ မျိုးဇာတ်သိမ်ဖျင်း, မယွင်းဆက်ဆက်, ခွေးဝက်တို့သည်။ ဘဝါ၊ ဖြစ်ရဘူးလှ၊ လေကုန်ပြီ။

(ခ) ဝေါ၊ ဤသို့ ယုတ်မာဆိုးဝါး, ဖြစ်ပွားတုံလျှင်း, အခြင်းအရာဖြင့်။ မာနဒေါသ၊ ငါတကာ္တား လူလူ လွင့်ထူ တက်ကြွ, မာန်မာန၏, ယုတ်လှဆိုးညစ်, အဖြစ်ဒေါသ, ဟူသမျှကို။ သုပဿန္တာ၊ ကောင်းစွာထင်ထင်, မြင်ကြကုန်သော။ သန္တာ၊ တရားခစ်ခံ, အမှန်ပြောပျောင်း, သူတော်ကောင်း ဖြစ်ကုန်သော။ သိဿာသိဿာ၊ ထောင်သောင်းမက, များလှသွယ်သွယ်, တပည့်ကြီးငယ်တို့သည်။ မာနဝေရီ၊ မာနဟူသော ရန်သူကို။ သုယုဇ္ဈိနော၊ နောက်သို့မတွန်, ရဲဝန့်ကြေငြာ, ကောင်းစွာ လှလှ, စစ်ထိုးကြကုန်သည်ဖြစ်၍။ မာနဝေရံ၊ မာနဘည်းဟူ မိမိရန်သူကို။ပရာဇယုံ၊ ရင်းမြစ်မကျန် တွန်းလှန် ပယ်ရှား, ငါတကားဟု ကြိုးစားရှက်ဆောင် အောင်ကြပါစေကုန်သတည်း။

အထက်ဘုံမှ အောက်သို့ ခုန်ဆင်းစေတတ်တဲ့ မာနတရား, ဆိုးဝါးမှုကို, သိမြင်ဈော်မှုကြကုန်သော ပညာရှိသူတော်ကောင်း ပုဂ္ဂိုလ်ကြီးများဟာ မိမိတို့ ကိုယ်တိုင်လည်း ထိုမာန, ရန်ဘေးကင်းဝေးအောင်, ကျင့်ကြံတော်မူကြကုန်ပြီး သိဿာနှုံသိဿ၊ တပည့် အဆက်ဆက် တို့အားလည်း မာနရန်ကို အောင်မြင်အောင် နှိမ်နင်းကြရန် အဖန်ဖန် ဆုံးမတော် မူခဲ့ကြခြင်း ဖြစ်တယ်နော်၊ ဒီလင်္ကာ ကလေးများကို လိုက်ဆိုပြီး မှတ်ထားကြပေတော့။

ဆောင်ပုဒ်။ ၁။ ထောင်လွှားတည်ကြွ၊ မာန်မာန၊ မှီကြများဗိုလ်လူ။
၂။ သူတော်ကောင်းများ၊ စွန့်ပြစ်မွှား၊ ဖြစ်ငြား ခွေး-ဝက်ဟူ။
၃။ မာနရန်ဆိုး၊ တပည့်ကြိုး၊ စစ်ထိုးတိုက်ဖျက်မှု။
၄။ မာန်စစ်ရန်ပွဲ၊ အနိုင်ကျဲ၊ ဆင်နွှဲအောင်သူ တန်ခွန်ထူ။

မာနခေါ်တဲ့ရန်သူဆိုးကို တပည့်တို့ ကြိုးကြိုးစားစား စစ်ထိုးတိုက်ဖျက်ပြီးလျှင် မာနရန် အောင်မြင်၍ အောင်လံတန်ခွန် လွှင့်ထူနိုင်ကြပါစေလို့ ဆိုလိုရင်းဖြစ်ပေတယ်။ ဒီနေရာမှာ မာန သရုပ်အပြားကိုလဲ နည်းနည်းပါးပါး ဆက်လက်ပြောကြားရဦးမယ်။ သေသေချာချာ မှတ်သား နာယူကြပါ။

## မာန—မာန်တက်ခြင်း ၉-မျိုး

ငါတကား-ဟု ထောင်လွှားတက်ကြွတတ်သော (ဝါ) တက်ကြွမြင့်မောက် အထက်သို့ရောက် လျက်ထင်မြင်ယူဆချက် မာန်မာနသည်—

ဆောင်ပုဒ်။ ၁။ သေယျမာန၊ ဂုဏ်ဇာတ်ပညာ, ဥစ္စာအဆင်း, သားချင်းခြွေရံ, အတန်တန် ပြည့်ဝသောအားဖြင့် ငါသည် သူ့ထက်မြတ်၏-ဟု မှတ်ထင်ခြင်း။
၂။ သဒိသမာန၊ ထိုထိုများစွာ, ဥစ္စာဂုဏ်သိရိ, စသည်တို့၌, သင်းတို့နှင့်ငါ, အတူတူသာဟု မှတ်ထင်တတ်ခြင်း။
၃။ ဟီနမာန၊ ငါက သူတို့အောက်ကလူ ဖြစ်သော်လဲ ဘာစအရေးစိုက်စရာ ရှိသနည်း—ဟုထောင်လွှား မာန်မူတတ်ခြင်း။

ဟူ၍ ပထမမာန်သုံးပါးကို မှတ်သားပြီးလျှင် ထိုမာန် ၃-ပါးတို့တွင် တပါးပါး၌—

ဆောင်ပုဒ်။ ၁။ ပဏီတမာန၊ အမြတ်စားမာန်တက်မှု, အလွန်မာန်မူတတ်ခြင်း။
၂။ မဇ္ဈိမ မာန၊ အလယ်အလတ်စား မာန်တက်မှု။
၃။ ဟီနမာန၊ အယုတ်စားမာန်တက်မှု, (ဝါ)အနည်းငယ်မျှသာ—

မာန်တက်မှုဟူ၍ ၃-ပါးစီပင် ပြားပြန်သည်။ သို့ဖြစ်၍ မာန်တက်ခြင်းသည် သုံးသုံးလီ ဖြစ်၍ ကိုးပါးရှိသတဲ့။ မာန် ၉-ပါးသရုပ်ကိုတော့ ဒီလို လွယ်လွယ်ကူကူ မှတ်ထားကြမေတော့။

**ဆောင်ပုဒ်။** ၁။ ငါသာသိတတ်၊ ငါသာမြတ်၊ ထင်မှတ်သေယျမာန်။

၂။ ဂုဏ်သိရ်ဥစ္စာ၊ အတူမြင်ရာ၊ မှတ်ပါ သဒိသမာန်။

၃။ ငါ့ထက်တော်လဲ၊ ဘာဆိုင်လဲ၊ မှတ်စွဲ ဟီနမာန်။

၄။ သေယျမာန၊ သဒိသ၊ ဟီနမာန်သုံးတန်။

၅။ ပဏီ-မဇ္ဈိ၊ ဟီနထည့်ကာ၊ မြှောက်ပွားပါ ဖြစ်လာမာန်ကိုးတန်။

ဤကဲ့သို့ တက်ကြွထောင်လွှားမှု မာနတရား ကိုးပါးရှိရာတွင် ယခု သစ္စကပရဗိုဇ်ဆရာကြီး သဏ္ဍာန်၌ ဖြစ်ပေါ်စွဲကပ်နေတဲ့ မာန်မာနကိုတော့- သေယျပဏီတမာန အမျိုးအစားလို့ ဆိုရပေမယ်ပေါ့နော်။ မိမိနှင့်သာ, ဝါဒစဉ်ပွဲ ဆင်နွှဲရလျှင်, အသက်ရှိသော လူကိုမဆိုထားနှင့် အသက်မရှိသော အစိညာဏက-ဖြစ်တဲ့ သင်တိုင်းတိုင်ကြီးများပင် သိမ့်သိမ့်တုန်လှုပ်ခါသွားမယ်လို့ ဆိုနေတယ် မဟုတ်လား။ "မာနေောဥဏ္ဏတိ လက္ခဏော၊မာနသည် ထောင်လွှားမြင့်မောက်ခြင်း လက္ခဏာရှိ၏" ဆိုတဲ့ဒေသနာနှင့် တထပ်တည်း ကိုက်နေတော့တာဘဲနော်။

တခုသောနံနက်ခင်းမှာ အဿဇိအရှင်မြတ်သည် သင်္ကန်းကို ကောင်းစွာဝတ်ရုံပြီး သပိတ်ပိုက်ကာ ဝေသာလီမြို့တွင်းသို့ ဆွမ်းခံ ကြွသွားပါတယ်။ ထိုအခါ နိဂဏ္ဌတက္ကဒွန်း၏ သားဖြစ်သော သစ္စကပဗိုဇ်သည် အညောင်းအညာပြေ လမ်းလျှောက်သွားစဉ် မထေရ်မြတ်ကိုမြင်သဖြင့် ချဉ်းကပ်သွားရောက်ပြီး နှစ်သက်ဘွယ် ဝမ်းမြောက်ဘွယ်ဖြစ်သော အလ္လာပ, သလ္လာပစကားများကို ပြောဆို ဆွေးနွေးယင်း "အိုအရှင်အဿဇိ- ရဟန်းဂေါတမသည် တပည့်သာဝကတို့ကို အဘယ်သို့ ဆုံးမလေ့ရှိပါသနည်း၊ အဘယ်သို့ အကြိမ်ကြိမ် အထပ်ထပ် ဆုံးမမှုပြုတတ်ပါသနည်း"ဟု-မေးမြန်းလျှောက်ထားလေသတဲ့။

ထိုအခါ အရှင်အဿဇိမထေရ်က—

သစ္စက သုံးလူထွဋ်ထား ငါတို့၏ဆရာဘုရားသည် " ချစ်သားရဟန်းတို့ ရုပ်သည် မမြဲပေ၊ ဝေဒနာသည် မမြဲ၊ သညာသည် မမြဲ၊ သင်္ခါရတို့သည် မမြဲကုန်၊ ဝိညာဏ်သည် မမြဲ။

ချစ်သားရဟန်းတို့ ရုပ်သည် အတ္တမဟုတ်, ဝေဒနာသည် အတ္တမဟုတ်, သညာသည် အတ္တမဟုတ်, သင်္ခါရတို့သည် အတ္တမဟုတ်ကုန်, ဝိညာဏ်သည် အတ္တမဟုတ်, ခပ်သိမ်းကုန်သော သင်္ခါရတို့သည် မမြဲကုန်, ခပ်သိမ်းကုန်သော တရားတို့သည် အတ္တ မဟုတ်ကုန်—

ဟု- တပည့်သာဝကတို့အား ဆုံးမတော်မူလေ့ရှိပါ၏။ ကြိမ်ဖန်မပြတ် ဆုံးမပါ၏-ဟု ပြောဆို ဖြေကြားသံကို ကြားရလျှင် သစ္စကပရဗိုဇ်သည် အလွန်မနှစ်သက်သော သဘောဖြင့် ပြောဆိုလျှောက်ထားသည်မှာ-

ဒုဿုတံ ဝတ ဘော အဿဇိ အဿုမှ ယေ မယံ ဧဝံ ဝါဒိံ သမဏံ ဂေါတမံ
အဿုမှ အပ္ပေဝ နာမ မယံ ကဒါစိ ကရဟစိ တေန ဘောတာ ဂေါတမေန
သဒ္ဓိံ သမာဂစ္ဆေယျာမ၊ အပ္ပေဝနာမ သိယာ ကောစိဒေဝ ကထာသလ္လာပေါ၊
အပ္ပေဝနာမ တသ္မာ ပါပကာ ဒိဋ္ဌိဂတာ ဝိဝေစေယျာမ။

(မူလပဏ္ဏာသ စူဠသစ္စက သုတ္တ—၂၉၀)

ဘောအသဇ်၊ အိုအရှင်အသဇ်။ ဒုဿုတံ၊ မကြားသင့်သော, စကားကို၊ အဿုမှဝတ၊ ကြားကြရပေကုန်စွတကား။ ယေမယံ၊ အကြင်ငါတို့သည်။ သမဏံ ဂေါတမံ၊ ရဟန်းဂေါတမကို။ ဝေဝါဒိံ၊ဤသို့ အယူရှိ၏ဟူ၍။ အဿုမှ၊ ရှေးမဆွက,ကြားခဲ့ကြကုန်ပြီ၊ မယံ၊သစ္စကဟု, နာမသမုတ်, အကျွန်ုပ်တို့သည်။ကဒါစိ ကရဟစိ၊တရံတခါ၌။ဘောတာဂေါတမေန၊ ရှင်ဂေါတမနှင့်။သဒ္ဓိံ၊ တုကွ။ အပ္ပေဝနာမ သမာ ဂစ္ဆေယျာမ၊ ပေါင်းဆုံရကုန်ငြားအံ့လည်း,မသိကုန်။ ကောစိဒေဝ၊ တစုံတခု သာလျှင် ဖြစ်သော။ကထာသလ္လာပေါ၊ နှီးနှောစကား,ပြောကြားရခြင်းသည်။ အပ္ပေဝနာမသိယာ၊ ဖြစ်နိုင်ငြားအံ့လည်း, မသိ။ ပါပကာ၊ စက်ဆုပ်ဘွယ်ရာ, ယုတ်မာလှစွာသော။ တသ္မာဒိဋ္ဌိဂတာ၊ ချွတ်ချော်တိမ်းပါး,ထိုမှားသော,အယူမှ။ အပ္ပေဝနာမ ဝိဝေ စေယျာမ၊ အမှောင်ခတ်ပယ်ရှင်း, လင်းရောင်ချဉ်းအောင်, ကင်းစေနိုင်ကုန်ငြားအံ့လည်း, မဲသိကုန်တကား၊

အို-အရှင်အသဇ် ကြက်သရေမရှိ မကြားသင့်သော စကားကို ငါတို့ကြားကြရပေကုန်စွတကား။ ငါတို့သည် ရှင်ဂေါတမနှင့် အကြောင်းအားလျော်စွာ တွေ့ဆုံခွင့်ရပါလျှင် အရှင်ဂေါတမ၏ ချွတ်ချော်တိမ်းပါး မှားယွင်းလှစွာသော အယူဝါဒလမ်းစဉ်မှ ပြုပြင်ပေးကာ ကင်းဝေးစေနိုင်တန်ရာကောင်းပါတယ်-ဟု သစ္စကပရိဗိုဇ်ကြီးက ပြောဆိုနေသတဲ့။

သူ့အတွက်တော့ မြတ်စွာဘုရား၏ အနတ္တဝါဒလမ်းစဉ်ကို အပြစ်မကင်းဘူး-မှားယွင်းတယ်လို့ ယူဆပြီး အပြစ်တင်ပြောဆိုနေခြင်းပင် ဖြစ်ပေတယ်၊ သူက အတ္တဝါဒသမား မဟုတ်လား၊ အတ္တဝါဒနှင့် အနတ္တဝါဒဆိုတာ မိုးကောင်းကင်နှင့် မြေပြင်ပမာ လွန်စွာကွ ခြား နေတာ ကိုး-(ဒကာ- စိန်ရှဲ)

ထိုအခါ လိစ္ဆဝီမင်းသား ငါးရာတို့သည် ပြည်တွင်းရေးရာ အဖြာဖြာကို စီရင်ရာဖြစ်သော လွှတ်တော်၌ ကိစ္စတခုကို ပြောဆိုစည်းဝေးပြီးနေကြသတဲ့၊ သစ္စကပရိဗိုဇ်ကြီးသည် လိစ္ဆဝီမင်းသားတို့ထံ ချဉ်းကပ်ပြီး။

"အမောင် လိစ္ဆဝီမင်းသားတို့လာကြ, လိုက်ခဲ့ကြကုန်လော့၊ ယနေ့ ရဟန်းကြီး ဂေါတမနှင့် ငါအယူဝါဒချင်း ပြိုင်ဆိုင်ပြောဆိုပေအံ့၊ ဥပမာအားဖြင့် အင်အားကြီးမားသော ယောကျ်ားသည် အမွေးရှည်ဆိတ်သိုးကြီးကို အမွေးတို့၌မြဲမြံစွာကိုင်ပြီးလျှင် ဆွဲမွေ့ရမ်းကာ ရမ်းကာ ပြသကဲ့သို့ ဤအတူငါသည် ရဟန်းကြီးဂေါတမကို အယူဝါဒဖြင့် အယူဝါဒသို့တင်ကာ ဆွဲမွေ့ရမ်း၍ ပြပေအံ့။

သေသောက်ကြူးသည် သေသောက်ခွက်ကို အစွန်း၌ မြဲမြံစွာ ကိုင်ဆွဲပြီးလျှင် မှောက်ကာလှန်ကာ အကြိမ်ကြိမ် လှုပ်ခါသကဲ့သို့ ဤအတူ ငါသည် ရဟန်းကြီး ဂေါတမကို အယူဝါဒနှင့်စပ်၍ မှောက်ကာလှန်ကာ အကြိမ်ကြိမ်လှုပ်ခါပြပေအံ့။

ဆင်ပြောင်ကြီးသည် နက်လှစွာသော ရေကန်သို့သက်ဆင်း၍ လျှော်မျှင်ဖွပ်ခြင်းနှင့်တူသော သာဏဓောဝိကမည်သော ကစားမျိုးကို ကစားသကဲ့သို့ ဤအတူပင် ငါသည် ရဟန်းကြီးဂေါတမကို အယူဝါဒနှင့်စပ်၍ လျှော်မျှင်ဖွပ်ခြင်းနှင့်တူသော ကစားမျိုးကို ကစား၍ပြပေအံ့။

ဟု- ပြောဆို ကြေငြာလျက် လိစ္ဆဝီမင်းသားတို့ကို ခေါ် ဆောင်ပြီး လျှင် မြတ်စွာဘုရား သီတင်းသုံးရာ မဟာဝုန်တောကြီးသို့ ရှေ့ရှုသွားတယ်။

မဟာစုန်တောသို့ရောက်လျှင် လွင်တီးခေါင်၌ စင်္ကြံသွားနေကြသော ရဟန်းတော်များနှင့် ရှေးဦးစွာတွေ့မြင်ရ၍ "အရှင်တို့ ယခုအခါ ရဟန်းဂေါတမတည် ဘယ်အရပ်၌ သီတင်းသုံး နေထိုင်ပါသနည်း၊ ငါတို့သည် ထိုရဟန်းဂေါတမကို တွေ့မြင်လိုကြပါသည်"ဟု-မေးမြန်းလျှောက်ထားသော အခါ သစ်ပင်တပင်အောက်၌ သီးတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို ညွှန်ပြလိုက်ကြတယ်၊

သစ္စကပရဗိုဇ်သည် လိစ္ဆဝီမင်းသားများ ခြံရံလျက် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဘွယ်စကား၊ အစဉ်အောက်မေ့ဘွယ် စကားတို့ကိုပြောဆိုကာသင့်တင့်ရာ နေရာ၌ ထိုင်နေသတဲ့။

သစ္စကနှင့်အတူ လိုက်လာကြသော လိစ္ဆဝီမင်းသားတို့တွင် အချို့က မြတ်စွာဘုရားကိုရှိခိုးပြီး ထိုင်နေကြတယ်။ အချို့က ဝမ်းမြောက်ဝမ်းသာ စကားပြောပြီးမှ ထိုင်နေကြတယ်။ အချို့က လက်အုပ်ချီပြီး ထိုင်နေကြတယ်။ အချို့ကတော့ မိမိတို့အမည်အနွယ်ကို လျှောက်ထားပြီးမှ ထိုင်နေကြတယ်။ အချို့ကတော့ ဘာမျှမပြောမဆိုဘဲ အေးအေးဝင်ထိုင်ပြီး နေကြသတဲ့။

သစ္စကပရဗိုဇ်ကြီးသည် သင့်တင့်ရာအရပ်၌ ထိုင်နေပြီးလျှင် သုံးလူထွဋ်ထား မြတ်ဘုရားကို-

ပုစ္ဆေယျာဟံ ဘဝန္တံ ဂေါတမံ ကိဉ္စိ ဒေသဒေသံ၊ သစေ မေ ဘဝံ ဂေါတမော ဩကာသံ ကရောတိ ပဉှဿ ဝေယျာကရဏာယ။

(မူလပဏ္ဏာသ-စူဠသစ္စကသုတ္တ- ၂၉၂)။

ဟူ၍ ခွင့်ပန်စကား လျှောက်ကြားလိုက်တယ်။

ဘဝံဂေါတမော၊ အရှင်ဂေါတမသည်။ မေ၊ အကျွန်ုပ်၏။ ပဉှဿ၊ ပြဿနာကို။ ဝေယျာကရဏာယ၊ ဒေါသမပို့ မျက်သိုမထား၊ ဖြေကြားခြင်းငှါ။ ဩကာသံ၊ ကောင်းစွာ ထောက်ချင့်၊ အခွင့်ကို။ သစေကရောတိ၊ အကယ်၍ ပြုသည်ဖြစ်အံ့။ အဟံ၊ သစ္စက-ဟု၊ နာမသမုတ်၊ အကျွန်ုပ်သည်။ ဘဝန္တံ ဂေါတမံ၊ အရှင်ဂေါတမကို။ ကိဉ္စိ ဒေသဒေသံ၊ တစုံတခုသောလျှင်ဖြစ်သော အကြောင်းကို။ ပုစ္ဆေယျံ၊ မေးမြန်းလိုပါ၏။

ဤကဲ့သို့ ပြဿနာတခု မေးမြန်းလိုကြောင်း ခွင့်တောင်း လျှောက်ထားလေလျှင် မြတ်စွာဘုရားကလည်း-

ပုစ္ဆ အဂ္ဂိဝေဿန ယဒါကင်္ခသိ။

အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော သစ္စကပရဗိုဇ်။ ယဒိအာကင်္ခသိ၊ အကယ်၍ မေးမြန်းလိုသည်ဖြစ်အံ့။ ပုစ္ဆ၊ အလိုရှိသမျှ မေးမြန်းလေလော့။

(တနည်း) အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿနအနွယ်၌ဖြစ်သော သစ္စကပရဗိုဇ်။ ယံ၊ အကြင် အချင်းအရာ၊ ပြဿနာကို။ အာကင်္ခသိ၊ မေမြန်းလို၏။ တံ၊ ထိုသိလိုခြင်းရာ၊ ပြဿနာကို။ ပုစ္ဆ၊ မေးမြန်းလေလော့။

ဤသို့မိန့်ကြားကာ ခွင့်ပေးတော်မူလိုက်ပါတယ်။

ထိုကဲ့သို့ မြတ်စွာဘုရားက မေးလိုရာ မေးရန် ခွင့်ပေးလျှင်-

ကထံ ပန ဘဝံ ဂေါတမော သာဝကေ ဝိနေတိ- အစရှိသည်ဖြင့် အို- အရှင်ဂေါတမ- အရှင်ဂေါတမသည် တပည့်သား သာဝကတို့ကို အဘယ်သို့ ဆုံးမပါသနည်း၊ တပည့်သာဝကတို့ အပေါ်ဝယ် အဘယ်သို့သော အဘိုရှိသော အဆုံးအမ ဩဝါဒကို များစွာပေးပါသနည်း—ဟု မေးမြန်းသောအခါ သုံးလူသင်းကျစ်, ဓမ္မရာဇ်တဆူ, သယမ္ဘူမြတ် ဘုရားက— အဂ္ဂိဝေဿန အနွယ်၌ဖြစ်သောသစ္စကပရဗိုဇ်- ငါဘုရားသည် တပည့်သားသာဝကတို့ကို ဤသို့ ဆုံးမပေး၏။ ဤသို့သော အဆုံးအမ ဩဝါဒကိုသာလျှင် များစွာ ပေးတော်မူ၏-ဟု ဖြေကြားတော်မူလိုသဖြင့်—

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဝေဒနာအနိစ္စာ၊ သညာအနိစ္စာ၊ သင်္ခါရာအနိစ္စာ၊ ဝိညာဏံ အနိစ္စံ။ ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ၊ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေဓမ္မာ အနတ္တာ။

(မူလပဏ္ဏာသ-စူဠ-သစ္စကသုတ်-၂၉၂)

ဟူ၍ မိန့်ကြားတော်မူလိုက်ပါတယ်။

ဘိက္ခဝေ၊ သံသရာစခန်း, ထွက်ရာလမ်းကို, မြှော်မှန်းလိုလား, အို- ချစ်သားတို့။ ရူပံ၊ ဖောက်ပြန်တတ်ငြား, ရုပ်တရားသည်။ အနိစ္စံ၊ ကုန်ဆုံးတတ်ဘိ, အမြဲမရှိပေ။ ဝေဒနာ၊ ခံစားမှု ဝေဒနာသည်။ အနိစ္စာ၊ အမြဲမရှိပေ။ သညာ၊ အမှတ်ပြုကာ, သိခြင်းလက္ခဏာရှိသော သညာသည်။ အနိစ္စာ၊ အမြဲမရှိပေ။ သင်္ခါရာ၊ မူလပကတိ, မရှိသည်ကို, ဖြစ်ရှိလာအောင်, ကြံဆောင်ပြုပြင်, စီရင်တတ်ငြား, သင်္ခါရတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိလေကုန်။ ဝိညာဏံ၊ အထူးသိတတ်, ဝိညာဏ်ဓာတ်သည်။ အနိစ္စံ၊ အမြဲမရှိပေ။

ဘိက္ခဝေ၊ အိုချစ်သား, ချစ်သမီးတို့။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ အနှစ်သာရ ရှာမရသဖြင့် အတ္တမဟုတ်ပေ။ ဝေဒနာ၊ ဝေဒနာသည်။ အနတ္တာ၊ (ပေ) သညာ၊ သညာသည် အနတ္တာ (ပေ) သင်္ခါရာ၊ သင်္ခါရတို့သည်။ အနတ္တာ၊ အနှစ်သာရ, ရှာမရသဖြင့် အတ္တမဟုတ်ကုန်။ ဝိညာဏံ၊ ဝိညာဏ်သည်။ အနတ္တာ၊ (ပေ) သဗ္ဗေ၊ ကြွင်းမဲ့ ဥဿုံ, ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်နှစ်ဖြာ၊ သင်္ခါတရားတို့သည်။ အနိစ္စာ၊ ကုန်ဆုံးတတ်ဘိ အမြဲမရှိလေကုန်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ သင်္ခတဓမ္မ, အသင်္ခတ ဓမ္မ ဟူသမျှတို့သည်။ အနတ္တာ အနှစ်သာရ, ရှာမရသဖြင့် အတ္တမဟုတ် ကြလေကုန်။

ဤကဲ့သို့ မြတ်စွာဘုရားက တပည့်သားသာဝကတို့ကို ခန္ဓာငါးပါး၌ ကုန်ခန်းတတ် အမြဲမရှိခြင်းကြောင့် အနိစ္စဟူ၍ ရှုရန်, အနှစ်သာရ ရှာမရသဖြင့်အနတ္တာဟူ၍ ရှုရန် အဖန်ဖန် ဆုံးမကြောင်း ပြန်ပြောင်း မိန့်ကြားတော် မူလေလျှင်-

ဥပမာ မံ ဘော ဂေါတမ ပဋိဘာတိ။

အိုအရှင် ဂေါတမ အကျွန်ုပ်၏ ဉာဏ်ဝယ် ဥပမာ တခုထင်၍ လာပါသည်-ဟု သစ္စကက လျှောက်ထားသတဲ့။ ထိုအခါ မြတ်စွာဘုရားကလည်း-

ပဋိဘာတု တံ အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော သစ္စက ပရဗိုဇ် သင်-၏ ဉာဏ်ဝယ် ပေါ်ထင်လာသော ဥပမာကို လွတ်လွတ်လပ်လပ် ပြောဆိုလော့-ဟု ခွင့်ပြုမိန့်ကြားတော် မူသော အခါ သစ္စက ပရဗိုဇ်က—

အိုအရှင်- ဂေါတမ ဤလောကဝယ် အလုံးစုံသော မျိုးစေ့အပေါင်းတို့သည်ငှင်း, အလုံးစုံသော သစ်ပင်အပေါင်းတို့သည်ငှင်း မြေကြီးကို အမှီပြု၍ မြေကြီး၌ တည်ရှိသော ကြီးပွားခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်ကြကုန်သကဲ့သို့- ထို့တူသာလျှင် ခပ်သိမ်းကုန်သော သတ္တဝါ မှန်သမျှတို့သည် ရုပ်တည်းဟူသော အတ္တ, လိပ်ပြာ ဝေဒနာတည်းဟူသော အတ္တလိပ်ပြာ, သညာ တည်းဟူသော အတ္တလိပ်ပြာ, သင်္ခါရတည်းဟူသော အတ္တလိပ်ပြာ, ဝိညာဏ်တည်းဟူသော အတ္တ လိပြာ ရှိသည့်အတွက်ကြောင့် ထိုရုပ်,ဝေဒနာ,သညာ,သင်္ခါရ ဝိညာဏ်ဟူသော အတ္တကို အမှီပြု၍, ထိုရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဏ်ဟူသော အတ္တလိပ်ပြာ၌ မှီ၍သာလျှင် ကောင်းမှုကုသိုလ်, အကုသိုလ်တရားတို့ကို ပွားများရကြောင်း မိမိ၏ အယူဝါဒကို ထင်ရှားစွာ လျှောက်ထား တင်ပြ လိုက်ပါတယ်။

ထိုသို့ မြတ်စွာဘုရားအား မိမိ၏ အယူဝါဒကို တင်ပြပြီး မိမိနှင့်အတူ လိုက်ပါလာကြသော။ လိစ္ဆဝီမင်းသား ပရိသတ်ဖက်သို့ လှည့်ကာ သတိပေးသည့် အနေဖြင့် လှည့်ကြည့်လိုက်သတဲ့။ (ဒကာ ကြီးဦးစိန်ရဲ့) မိမိ၏အယူဝါဒကို တင်ပြရလျှင်(ဝါ) ဝါဒချင်း ယှဉ်ပြိုင်ရလျှင် မည်သူမဆို တုန်လှုပ် ချောက်ချား၍ သွားရမည်-ဟု ပြောဆိုခဲ့တယ် မဟုတ်လား။

ယခုအခါ ရဟန်းဂေါတမအပေါ် မိမိအယူဝါဒ တင်ပြလိုက်တဲ့အတွက် ရဟန်းဂေါတမ သည် အဖြေမပေးနိုင်ဘဲ ငေးငိုင်နေရမည်၊ တုန်လှုပ်ချောက်ချား သွားရမည်၊ သေသေချာချာ ကြည့်နေကြ-ဟု ဆိုလို့တဲ့ အဓိပ္ပါယ်ပေါ့နော်။

ထိုအခါ လိစ္ဆဝီ ပရိသတ်တွင် အချို့က ရှင်ဂေါတမ မည်သို့ပြန်လည် မိန့်ကြားမည် နည်းဟု နားစိုက်ပြီး ထောင်နေကြတယ်။ အချို့ကတော့ ရှင်ဂေါတမသည် ငါတို့ ဆရာကြီးရဲ့ တင်ပြချက်ကို ပြေလည်အောင် ဖြေဆိုနိုင်မည် မဟုတ်-ဟု ယူဆပြီး မြတ်စွာဘုရားကို စူးစိုက်ကြည့်ကာ အကဲခတ် နေကြသတဲ့။

ဤကဲ့သို့ သစ္စက ပရဗိုဇ်က မိမိ၏ အတ္တဝါဒကို ထင်ရှားစွာ ဖေါ်ပြ လျှောက်ထားသော အခါ ငါတို့ မြတ်စွာဘုရားက –

နနုတွံ အဂ္ဂိဝေဿန ဧဝံ ဝဒေသိ၊ ရူပံ မေ အတ္တာ၊ ဝေဒနာ မေ အတ္တာ၊ သညာမေ အတ္တာ၊သင်္ခါရာ မေ အတ္တာ၊ ဝိညာဏံမေ အတ္တာတိ။ (စူဠသစ္စကသုတ်-၂၉၂)။

အဂ္ဂိဝေဿန၊အဂ္ဂိဝေဿန အနွယ်၌ ဖြစ်သော သစ္စက ပရဗိုဇ်။တွံ၊သင်သည်။ရူပံ၊ရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တာတည်း။ ဝေဒနာ၊ ဝေဒနာသည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ သညာ၊ သညာသည်။ မေ၊ငါ၏။အတ္တာ၊အတ္တတည်း။ သင်္ခါရာ၊ သင်္ခါရတို့သည်။မေ၊ငါ၏။ အတ္တာ၊ အတ္တာတို့တည်း။ ဝိညာဏံ၊ ဝိညာဏ်သည်။ မေ၊ ငါ၏။ အတ္တာ အတ္တတည်း။ ဣတိဧဝံ၊ ဤသို့။ဝဒေ သိနနု၊ ပြောဆိုသလော။

ဟူ၍ မေးမြန်းတော်မူပါတယ်။

ဗုဒ္ဓမြတ်စွာက 'သစ္စက' သင်သည် ခန္ဓာငါးပါးကို ငါ၏အတ္တ ငါ့ကိုယ်၊ ငါဟာ၊ ငါ-ဟု ဆိုလိုသလော- ဟူ၍ မေးမြန်းသောအခါ သစ္စက ပရဗိုဇ်ကြီးက အကြံတခု ပေါ်လာသတဲ့။

ပေါ်လာတဲ့အကြံကတော့- ရဟန်း ဂေါတမသည် ငါ၏အယူဝါဒကို အလွန်ခိုင်မြဲစွာ တည်စေတယ်။ ဤအတ္တ ဝါဒ အပေါ်၌ အပြစ်တစုံတခု ရှိခဲ့လျှင် ငါ့ကိုသာလျှင် စင်စစ် နှိပ်စက်လိမ့်မည်။

ယခုအခါ "ငါသည် ဤအတ္တဝါဒကို များစွာသော လူအပေါင်း၏ အပေါ်သို့ ပုံချပေအံ့" ဟုအကြံပြုပြီးလျှင်—

အဟံပိ ဘောဂေါတမ ဧဝံဝဒါမိ "ရူပံမေ အတ္တာ၊ ဝေဒနာ မေအတ္တာ၊ သညာမေ အတ္တာ၊ သင်္ခါရာ မေအတ္တာ၊ ဝိညာဏံ မေအတ္တာ" တိ၊ အယဉ္စ မဟတီ ဇနတာတိ။

(စူဠသစ္စကသုတ်-၂၉၃)။

ဘောဂေါတမ၊ အိုအရှင် ဂေါတမ၊ အဟမ္ပိ၊ အကျွန်ုပ်သည်လည်း။ "ရူပံ၊ ရုပ်သည်။မေ၊ ငါ၏၊ အတ္တာ၊ အတ္တတည်း၊ (ပ)ဝိညာဏံ၊ ဝိညာဏ်သည်။ မေ၊ ငါ၏။အတ္တာ၊ အတ္တတည်း။ ဣတိဧဝံ၊ ဤသို့။ ဝဒါမိ၊ ပြောဆိုပါ၏။ မဟတီ၊များစွာသော။ အယဉ္စ ဇနတာ၊ ဤလူအပေါင်းသည်လည်း။ ဝဒတိ၊ ပြောဆိုပါ၏။ ဣတိ၊ ဤသို့။အဝေါစ၊ ဖြေဆို လျှောက်ကြားပြီ။

ဆိုလိုရင်းကတော့ အရှင်ဂေါတမ ခန္ဓာငါးပါးကို ငါ၏အတ္တ၊ ငါ့ကိုယ် ငါ့ဟာ ငါ-ဟု ကျွန်ုပ်လဲ ဆိုပါတယ်။ ဤလူအပေါင်းတို့ကလဲ ထိုအတူဘဲ ပြောဆို နေကြပါတယ်- ဟု သူတပါးကို သိမ်းကြုံးဆွဲထည့်ပြီး ပြောဆို ဝန်ခံသတဲ့။ ပရိသတ်ကိုပါ အကာအကွယ်ယူပြီး ပြောဆိုလိုက်တာပေါ့။ ရှင်တော် မြတ်ဘုရားကလဲ သစ္စက ပရဗိုဇ်ရဲ့ အကြံအစည်ကို ကောင်းကောင်းကြီး သိမြင်တော် မူသဖြင့်-

ကိံ ဟိ တေ အဂ္ဂိဝေဿန မဟတီ ဇနတာ ကရိဿတိ၊ ဣင်္ဃ တွံ အဂ္ဂိဝေဿန သကံ ဧဝ ဝါဒံ နိဗ္ဗေဌေဟိ။ (စူဠသစ္စကသုတ္တ-၂၉၃)။

အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿအနွယ်၌ ဖြစ်သော သစ္စက ပရဗိုဇ်။ တေ၊ သင်၏။မဟတီ၊ များစွာသော။ဇနတာ၊ လူအပေါင်းသည်။ကိံ ဟိ ကရိဿတိ၊ အဘယ်သို့ ပြုလတ္တံ့နည်း။ အဂ္ဂိဝေဿန ၊ဗိုဇ်၊ ဣင်္ဃ၊ ငါတိုက်တွန်း၏။ တွံ၊ သင်သည်။သကံဧဝဝါဒံ၊ မိမိအယူဝါဒကိုသာလျှင်။ နိဗ္ဗေဌေဟိ၊ လွတ်လွတ်ကင်းကင်း ဖြေရှင်းလေလော့။

သစ္စက-သင်၏ နောက်လိုက် နောက်ပါ ဖြစ်သော များစွာသော လိစ္ဆဝီပရိသတ်ဖြင့် အဘယ်သို့ပြုအံ့နည်း။ သူတပါးဆိုတာ ဆွဲမထည့်လင့်၊ အသင်၏ ဝါဒကိုသာ လွတ်လွတ်ကင်းကင်း ရှင်းရှင်း ဖြေဆိုလော့-ဟု မြတ်စွာဘုရားက မိန့်ကြားတော် မူတော့မှ။

အဟံ ဟိ ဘော ဂေါတမ ဧဝံ ဝဒါမိ"ရူပံ မေအတ္တာ၊ ဝေဒနာမေ အတ္တာ၊ သညာမေ အတ္တာ၊ သင်္ခါရာ မေအတ္တာ၊ဝိညာဏံ မေ အတ္တာ" တိ။

(စူဠသစ္စကသုတ်—၂၉၃)။

အိုအရှင် ဂေါတမ၊ အကျွန်ုပ်သည်သာလျှင်, ရုပ်ဝေဒနာ- သညာ,သင်္ခါရ ဝိညာဏ်,ဟုဆိုအပ်သော ခန္ဓာငါးပါးသည် ငါ၏အတ္တ လိပ်ပြာတည်း- ဟု ပြောဆိုပါသည်-ဟု တဖန် ပြန်ကြား

ပြီး လျှောက်ထား ရှာသတဲ့။ သဗ္ဗညု မြတ်ဘုရားကလဲ သစ္စက ပရဗိုဇ်ကို မလှုပ်နိုင်အောင် မြဲမြဲခိုင်ခိုင် ဝန်ခံစကားဖြင့် တုပ်ဖနှောင် ထားပြီးမှနောက်-

တေနဟိ အဂ္ဂိဝေဿန တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ။
ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ။
(စူဠသစ္စကသုတ်-၁၉၃)။

အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿန အနွယ်၌ ဖြစ်သော သစ္စက ပရဗိုဇ်၊ တေနဟိ၊ ထိုသို့အမှန်အသင်ဝန်ခံခြင်းကြောင့်။ ဧတ္ထ၊ ဤအတ္တ ဟုသာ ဝန်ခံရာ၌။ တညေဝ၊ အသင့်ကိုသာလျှင်၊ ပဋိပုစ္ဆိဿာမိ၊ တဖန်ဆွေးနွေး ပြန်၍ မေးအံ့။ ယထာ၊ အကြင်အခြင်း အရာအားဖြင့်။ တေ၊ သင်၏။ မနသိ၊စိတ်၌။ ခမေယျ၊ နှစ်သက်ရာ၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ နံ၊ ငါမေးမြန်းရာ၊ ထိုပြဿနာကို။ဗျာကရေယျာသိ၊ ဖြေဆိုလေလော့။

သစ္စကပရဗိုဇ်-ယင်းသို့ဖြစ်လျှင် ဤအတ္တဝါဒရေးရာ၌ သင့်ကိုပင် တဖန် ပြန်၍ ငါမေးမည်၊ အသင် နှစ်သက် သဘောကျသလို ဖြေဆိုလေလော့၊ ယခု ငါဘုရား မေးမြန်းမည့် စကားကို အသင် သစ္စကပရဗိုဇ်သည် မည်သို့ သဘောကျသနည်း, မှတ်ထင်သနည်း။

ဤလောကဝယ် ကောသလတိုင်းကို အစိုးရသော ပသေနဒီ ကောသလမင်း, မာဂဓတိုင်းကို အစိုးရသော အဇာတသတ်မင်းကဲ့သို့ ခတ္တိယအဘိသိက်ဖြင့် ဘိသိက်သွန်းပြီးသော ပြည့်ရှင်မင်းသည် မိမိပိုင်ဆိုင်သော တိုင်း,နိုင်ငံအတွင်းဝယ် သတ်ဖြတ်ထိုက်သောသူကို သတ်ခြင်းငှာ, စီးပွားဥစ္စာကို ဖျက်ဆီး၍ ဆုံးမသင့်သောသူကို စီးပွားဥစ္စာကို ဖျက်ဆီးပစ်ခြင်းငှာ, တိုင်းပြည်မှ နှင်ထုတ်သင့်သောသူကို နှင်ထုတ်ခြင်းငှာ–မိမိပြုလိုတိုင်း ပြုနိုင်သလော–ဟု မေးမြန်းတော်မူလိုက်သတဲ့။

ထိုအခါ သစ္စကပရဗိုဇ်က ကောသလတိုင်းကို အစိုးရသော ပသေနဒီ ကောသလမင်းကဲ့သို့ရင်း, မာဂဓတိုင်းကိုအစိုးရသော အဇာတသတ်မင်းကဲ့သို့ရင်း–ယခု ဤနေရာ၌ ရှိကြသော ဝေသာလီပြည်ကို အစိုးရသော လိစ္ဆဝီမင်းတို့ကဲ့သို့ရင်း,ဤလောကဝယ် အဘိသိက်ခံယူပြီးသော မင်းအပေါင်းတို့သည် မိမိပိုင်ဆိုင် စိုးအုပ်သော တိုင်းနိုင်ငံအတွင်းဝယ် အပြစ်ရှိသူတို့ကို အပြစ်အားလျော်စွာ သတ်ထိုက်သူကို သတ်ခြင်းငှာ, ပစ္စည်းဥစ္စာကို သိမ်းယူသင့်သောသူအား ပစ္စည်းဥစ္စာကို သိမ်းယူခြင်းငှာရင်း, တိုင်းပြည်မှ နှင်ထုတ်သင့်သောသူကို တိုင်းပြည်မှ နှင်ထုတ်ခြင်းငှာရင်း – စီရင်မှု, ဆုံးဖြတ်မှု ပြုနိုင်ပါသည်–ဟု ပြန်ကြား လျှောက် ထား ပါ သည်။ ထိုအခါ သဗ္ဗညု မြတ်ဘုရားက အဂ္ဂိဝေဿန နွယ်ဘွားဖြစ်သော သစ္စကပရဗိုဇ်အား ဤကဲ့သို့ ထပ်ဆင့်ပြီး မေးခွန်းတခုကို မေးမြန်းတော်မူလိုက်ပါတယ်။

တံ ကိံမညသိ အဂ္ဂိဝေဿန၊ ယံ တွံ ဧဝံ ဝဒေသိ ''ရူပံ မေ အတ္တာ''တိ၊
ဝတ္တတိ တေ တသ္မိံ ရူပေ ဝသော ''ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ
မာအဟောသီ''တိ။ (စူဠ သစ္စကသုတ်–၂၉၃)။

အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော သစ္စကပရဗိုဇ်။ တံ၊ ငါဘုရား မိန့်ကြားအပ်သော ထိုစကားကို။ တွံ၊ သင်သည်။ ကိံမညသိ၊ အဘယ်သို့ မှတ်ထင်သနည်း။ ''တွံ၊ သင်သည်။

"ရူပံ၊ ရုပ်သည်။ မေ၊ ငါ၏။ အတ္တာတိ၊ အတ္တ တည်းဟူ၍။" ယံ ရူပံ၊ အကြင်ရုပ်ကို။ ဝေံ၊ ဤသို့။ ဝဒေသိ၊ ဆိုဘိ၏။ တသ္မိံ ရူပေ၊ ထိုရုပ်၌။ "မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ၊ ဤသို့ သဘော ရှိသည်။ ဟောတု၊ ဖြစ်စေ။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ၊ ဤသို့ သဘောရှိသည်။ မာအဟောသိ၊ မဖြစ်စေလင့်။" လဗ္ဘတိ၊ ဤသို့။ တေ၊ သင်၏။ ဝသော၊ အလိုသည်။ ဝတ္တတိ၊ ဖြစ်သလော။

သစ္စကပရိဗိုဇ်–ယခု ငါဘုရားမေးမည့်သဘောကို အသင် အဘယ်သို့ မှတ်ထင် ယူဆသနည်း၊ အသင်သည်–ရုပ်သည် ငါ၏ အတ္တလိပ်ပြာ, ငါစိုးပိုင်တဲ့ အတ္တလိပ်ပြာ-ဟူ၍ အသင် ပြောဆိုခဲ့ပေပြီ၊ ယင်းသို့ဆိုလျှင်"အသင်သည် ရုပ်အပေါ်၌ ငါ၏ရုပ်သည် ဤသို့ဤပုံ ဖြစ်စေသတည်း, ငါ၏ရုပ်သည် ဤပုံဤပန်း မဖြစ်စေသတည်း"ဟု ရှေးယခင်က တိုင်းပြည် စိုးမိုးအုပ်ချုပ်သော ပြည်ရှင် ဘုရင်တို့သည် မိမိ၏ တိုင်းနိုင်ငံ၏ ထိုထို အမှုကိစ္စကို စီရင်ရန် စိုးပိုင်မှုရှိကြသကဲ့သို့ အသင် သစ္စကပရိဗိုဇ်လည်း "အသင်၏ ရုပ်တရားအပေါ်၌ စိုးမိုးပိုင်ဆိုင်မှု ရှိပါသလော"ဟု မြတ်စွာဘုရားက မေးမြန်းတော်မူလိုက်ပြန်တယ်။

ဧဝံဝုတ္တေ သစ္စကော နိဂဏ္ဌပုတ္တော တုဏှီ အဟောသိ။ (စူဠသစ္စကသုတ်-၂၉၃)

ဤကဲ့သို့ မြတ်စွာဘုရားက မေးမြန်းသောအခါ နိဂဏ္ဌတက္ကဒွန်း၏သား ဖြစ်သော သစ္စကပရိဗိုဇ်ကြီးသည် မိမိရှုံးပြီ-ဟု သိရှိ၍, ဘာမျှ မလျှောက်ထားတော့ပဲ ဆိတ်ဆိတ်နေသတဲ့။ အဘယ်မှာ သစ္စကပရိဗိုဇ်ကြီး အဖြေပေးဝံ့ပါတော့မလဲ, ခေါင်းဖော်ဝန့်တော့ပါမလဲ! မိမိပြောခဲ့တဲ့ စကားက အစွန်းနှစ်ဖက်မလွတ်အောင် ဖြစ်ပြီး ပိတ်မိနေပြီကိုး (ဒကာကြီး ဦးစိန်ရဲ့)။

အကယ်၍ "ရုပ်ကို စိုးပိုင်ပါသည်"ဟု ငါဝန်ခံခဲ့လျှင် ပတ်ဝန်းကျင်၌ရှိသော လိစ္ဆဝီ မင်းသား ပရိသတ်က "အို-သစ္စက ပရိဗိုဇ်၊ အသင်သည် အသင့်ရုပ်ကို အသင် စိုးပိုင်မှုရှိသည် ဆိုပါမူ–ငါတို့ကဲ့သို့ တင့်တယ်သော ရုပ်အဆင်းဖြစ်အောင်, လှပအောင် အဆင်းဖန်ဆင်းပါလော့၊ အဘယ့်ကြောင့် အသင်၏ ရုပ်အဆင်းတွေဟာ အိုခင်းရွတ်ဘွ ဖြစ်နေရပါသနည်း"စသည်ဖြင့် စွပ်စွဲ ပြောဆိုကြမည်ကို မြင်သတဲ့၊ မေးလဲ မေးမြန်းစရာဘဲကိုး။

ထိုနောက် ငါသည်-ရုပ်တရားအပေါ် ဝယ် အစိုးရမှု, ပိုင်ဆိုင်မှု မရှိပါ-ဟု အကယ်၍ အဖြေပေးပြန်ကလဲ–ရဟန်းကြီး ဂေါတမက ငါ့အား ဝါဒဖြင့် နှိမ့်ချပေတော့မည်-ဟု စဉ်းစားမိပြန်သတဲ့။

ဤကဲ့သို့ နှစ်ဖက်အစွန်းမလွတ်သော ဥပမာကိုပင် ငါ ဝန်ခံမှားခဲ့ချေပြီ–ဟု အောက်မေ့ပြီးလျှင် စကားမပြော,တုဏှီဘော ဆိတ်ဆိတ်သာနေခြင်း ဖြစ်တယ်။ သစ္စကပရိဗိုဇ်ကြီး ရှေ့မတိုးသာ, နောက်မဆုတ်သာ ပိတ်မိနေသဖြင့် အကြံအိုက်ပြီး ခေါင်းငိုက်နေရှာပြီပေါ့ နော်။

မြတ်စွာဘုရားက နှစ်ကြိမ်မြောက် ထပ်မေးပြန်လဲ သစ္စကပရိဗိုဇ်ကြီးကတော့ နှုတ်ဆိတ်နေမြဲဘဲတဲ့။ ထိုအခါ မြတ်စွာဘုရားက "သစ္စကပရိဗိုဇ်-ဖြေဆိုပါလော့၊ ယခုအခါ အဖြေမပေးဘဲ ဆိတ်ဆိတ်နေရန် အခါ မဟုတ်ပေ။ သစ္စကပရိဗိုဇ်–တစုံတယောက်သော သူသည် ငါဘုရားက သုံးကြိမ်သုံးခါ တရားအားလျော်စွာ မေးမြန်းပါလျက် မဖြေဘဲ နေခဲ့ပါမူ, ထိုသူသည် မိမိနေရာ၌ပင် ဦးခေါင်းခုနစ်စိပ် ကွဲပေလိမ့်မည်"လို့ မိန့်တော်မူလိုက်သတဲ့။

ဒီလို အဖြေမပေးရှိနှင့် ဘာကြောင့် ဦးခေါင်းခုနစ်စိပ် ကွဲရသနည်း-ဟု မေးမြန်းဘွယ်, စောဒကတက်ဘွယ် ဖြစ်နေတယ်-နော်။ ကဲ—ဒီနေရာမှာဋီကာဆရာရဲ့ ရှင်းလင်းချက်ကို သတိထားပြီး မှတ်သားကြရမယ်။ ဋီကာကျမ်းပြုဆရာတော် အရှင်ဓမ္မပါလမထေရ်က—

သတ္တဓာမုဒ္ဓါဖလတီတိ—သဟာဓမ္မိက သာကစ္ဆာဟိ တထာဂတေ ပုစ္ဆန္တေ အဗျာကရဏေန ဝိဟေသာယ ကာယိရမာနတ္တာ တတိယေ ဝါရေ ဓမ္မတာဝသေန ဝိဟေသကဿ သတ္တဓာ မုဒ္ဒါ ဖလတိ ယထာတံ သဗ္ဗညု ပဋိညာယ ဘဂဝတော သမ္မုခဘာဝူပဂမနေ။ (မူလပဏ္ဏာသ ဋီကာ–ဒု–၂၀၆)

ဟူ၍ ရှင်းလင်း ဖွင့်ပြထားပါတယ်။ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ ဦးခေါင်းခုနစ်စိပ် ကွဲတတ်သည်ဆိုတာ—တရားနှင့်လျော်သော ဆွေးနွေးခြင်းပြုရာဝယ် မြတ်စွာဘုရားက မေးမြန်းသောအခါ အဖြေမပေးဘဲ ဆိတ်ဆိတ်နေလျှင် မြတ်စွာဘုရားကို ညှဉ်းဆဲမှုပြုသလိုပင် ဖြစ်သတဲ့။ သို့အတွက် သုံးကြိမ်သုံးခါ မေးမြန်းသောအခါ လောကဓမ္မတာ သဘောအားဖြင့် မြတ်စွာဘုရားအား ညှဉ်းဆဲမှုပြုသောသူ၏ ဦးခေါင်းဟာ ခုနစ်စိပ် ကွဲသွားတတ်သတဲ့။

ထိုကဲ့သို့ မြတ်စွာဘုရားက မိန့်တော်မူသောအခါ သိကြားမင်းသည် ဝဇီရစိန်လက်နက်ကို စွဲကိုင်လျက် ကောင်းကင်ထက်ဝယ် ရပ်နေသည်ကို သစ္စကပရိဗိုဇ်ကြီး တွေ့မြင်ရလျှင် လွန်စွာ ကြောက်လန့်တုန်လှုပ်ပြီး ကြက်သီးမွေးညှင်းများလဲ တဖြန်းဖြန်း ထ,နေသတဲ့။

မိမိဦးခေါင်းကို ဝဇီရ စိန်လက်နက်ကြီးဖြင့်,အပိုင်းပိုင်းဖြတ်တော့မလို့, ထိုးတော့မလို့, ခုတ်တော့မလို့-အနီးကပ်ပြီး ချိန်ရွယ်နေတာကို တွေ့တော့ အဘယ်မှာ မကြောက်လန့်ဘဲ နေပါတော့မလဲ (ဒကာကြီး ဦးစိန်ရဲ့)။

ကြောက်လန့်တတ်သူ, မကြောက်လန့်တတ်သူနှင့်ပတ်သက်ပြီး နည်းနည်းပြောရဦးမယ်ပေါ့။ သတ္တလောကမှာ မကြောက်လန့်တတ်သောပုဂ္ဂိုလ် ၆-မျိုးဘဲရှိသတဲ့။ အဲဒီ ခြောက်မျိုးကတော့—

၁။ ရဟန္တာ—ရဟန္တာသည် သက္ကာယဒိဋ္ဌိကို ပယ်အပ်ပြီးဖြစ်သောကြောင့် မကြောက်တော့ဘူးတဲ့။
၂။ ခြင်္သေ့။
၃။ ဆင်အာဇာနည်။
၄။ မြင်းအာဇာနည်။
၅။ နွားလားဥသဘ အာဇာနည်။
၆။ ယောကျ်ား အာဇာနည်—

ဤ နောက်ငါးဦးကတော့ သက္ကာယဒိဋ္ဌိအလွန်အားကြီးသောကြောင့် မကြောက်ကြဘူးတဲ့။

အချို့သောသူတွေက ပြောတတ်ကြသေးတယ်၊ ငါတို့က မကြောက်တတ်ဘူးတဲ့။ ဒီလိုဆိုရင်တော့ အဲဒီပုဂ္ဂိုလ်ဟာ သက္ကာယဒိဋ္ဌိ ပယ်သတ်ပြီးဖြစ်တဲ့ ရဟန္တာရှင်လဲ ဖြစ်ရမယ်၊ သို့မဟုတ် သက္ကာယဒိဋ္ဌိ အလွန်အားကြီးတဲ့ ယောကျ်ားအာဇာနည်မျိုးရှင်လဲ ဖြစ်မယ်ပေါ့-နော်။

ကဲ–မိမိတို့ဘာသာ စစ်ဆေးပြီးသာ ကြည့်ကြပေတော့လေ။ မကြောက်လန့်တတ်တဲ့ ပုဂ္ဂိုလ် ခြောက်ယောက်ကိုတော့ ဒီလင်္ကာကလေး ၂-ပုဒ်ကို ဆောင်ထားပြီး လွယ်လွယ် မှတ်သားကြပေတော့။

ဆောင်ပုဒ်။ ၁။ အရဟန္တ၊ သက္ကာယ၊ ကင်းပမကြောက်ပေ၊
၂။ ခြင်္သေ့နှင့် ဆင်၊ မြင်းလျှင် နွားလား၊ ယောကျ်ား ဇာနည်၊ ငါးယောက် သည်တား၊ လွန်ပြားသက္ကာယ၊ ရှိလေစွ၊ ကြောက်ရမသိပေ။

ဒီနေရာမှာ ဝဇီရစိန်လက်နက် ကိုင်စွဲထားတဲ့ သိကြားမင်းက ဘာကြောင့်မို့ ဒီနေရာလာပြီး ရပ်နေရသလဲ၊ ဗုဒ္ဓမြတ်စွာဘက်က အနိုင်ရအောင် သက်သက် လာရောက်ပြီး ကူညီချိန်းခြောက်ပေးတာလား-ဟု မေးမြန်းဘွယ်ဖြစ်နေတယ်။

မြတ်စွာဘုရားအပေါ်မှာလဲ သံသယဖြစ်, သိကြားမင်းအပေါ်မှာလဲ အပြစ် မြင်ဘွယ်ရာပင် ဖြစ်နေတယ်နော်။ ဒါ့ကြောင့် ဋီကာ ရှင်းလင်းချက်ကို နည်းနည်း ထုတ်ပြဦးမှ သင့်လျော်မည် ထင်ပါတယ်။

ဝဇိရပါဏိ ပန ကသ္မာ ဋ္ဌိတော ဟောတီတိ
ဘဂဝါဝိယ အနုကမ္ပမာနော မဟန္တံ ဘယာနကံ ရူပံ မာပေတွာ
တာသေတွာ ဣမံဒိဋ္ဌိံ ဝိဿဇ္ဇာပေ မီတိ တဿပုရတော အာကာသေ
ဝဇိရံ အာဟရန္တော တိဋ္ဌတိ၊ န မုဒ္ဓံ ဖါလေတုကာမော၊ နဟိ ဘဂဝတော
ပုရတော ကဿစိ အနတ္တောနာမ ဟောဟိ။

(မူလပဏ္ဏာသဋီကာ၊ ဒု-၂၀၆)

ဝဇီရစိန်လက်နက်ကို ကိုင်စွဲလျက် သိကြားမင်းသည် အဘယ်ကြောင့် သစ္စကပရဗိုဇ်ရှေ့မှာ ရပ်နေသနည်းဆိုတော့- သုံးလူထွဋ်ထား မြတ်ဘုရားကဲ့သို့ သစ္စကပရဗိုဇ်အား အစဉ်သနားသဖြင့် အလွန်ကြောက်မက်ဘွယ် ကောင်းသော ရုပ်အသွင်ဖန်ဆင်းပြီး ချိန်းခြောက်ကြောက်လန့်စေကာ-ဤ မှားယွင်းသော အယူဝါဒကို ပယ်စွန့်စေမည်-ဟု ရည်ရွယ်ပြီး ထိုသစ္စကပရဗိုဇ်၏ရှေ့ ကောင်းကင်မှာ ဝဇီရစိန်လက်နက်ကို ကိုင်ဆောင်ကာ ရပ်နေခြင်းဖြစ်တယ်တဲ့။

လောကမှာ ဆိုးလှ ပေလှတဲ့ ကလေးသူငယ်ကို မိဘများက လိမ္မာစေချင် ယဉ်ကျေးစေချင် သဖြင့် ပြောဆိုဆုံးမ၍ မရသောအခါ နီးစပ်သော ဘကြီးဘထွေး, ဦးကြီးဦးလေးများကပါ ကူညီ၍ ကြိမ်းမောင်းခြောက်လှန့်ကာ ယဉ်ကျေးအောင် ဆုံးမပေးကြသလိုဘဲပေါ့။

သံသရာတလျှောက် ဒုက္ခကောင်းကောင်းရောက်စေနိုင်တဲ့ အယူမှား စွဲထားတဲ့သစ္စကပရဗိုဇ်ကိုလဲ သံသရာတလွှား၌ ဒုက္ခမများစေရန် ကြံဆပြီး ဝဇိရ်န်လက်နက်ပြပြီး ကြောက်လန့်စေကာ အယူမှားကို ပယ်စွန့်စေခြင်းဖြစ်ပါတယ်၊ တကယ်ဦးခေါင်းကိုခွဲရန်မဟုတ်ပါဘူးတဲ့။ မြတ်စွာဘုရား၏ ရှေ့တော် မှောက်မှာဆိုလျှင် မည်သူတဦးတယောက်မျှ ဒုက္ခမရောက်ရ,အကျိုးမဲ့မဖြစ်စေရ, စကောင်းပါဘူးတဲ့ (ဒကာကြီး- ဦးစိန်ရွှေ)။

သဒ္ဓါတရားအားနည်းသဖြင့် ရတနာသုံးပါးအပေါ် ယုံမှားတဲ့ သူများဟာ ဒီလိုနေရာမျိုးမှာ အလွန်စောဒက တက်တတ်ကြတယ်နော်။ သေသေချာချာမှတ်ထားကြပါ၊ ရှင်းလင်းပြီးပြောကြားတတ်ကြပါစေ။

သိကြားမင်း မိမိအနီး၌ ရပ်နေသည်ကိုမြင်တွေ့ရသဖြင့် ကြောက်လန့်တုန်လှုပ်နေသော သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရားကိုဆာလျှင် ကိုးကွယ်ရာ, ပုန်းအောင်းရာ, လည်းလျောင်ရာ ရှာမှီးသော အားဖြင့် "အရှင်ဂေါတမ တဖန်ထပ်၍မေးမြန်းပါဦးလော့"-ဟု လျှောက်ထားသဖြင့် မြတ်စွာဘုရားက—

သစ္စကပရိဗိုဇ်- အသင်သည်ရုပ်တရား၌(ဝါ)ရူပက္ခန္ဓာအပေါ်၌ ငါ၏ရုပ်သည် ဤသို့ ဤပုံ ဖြစ်စေရမည်၊ ဤပုံဤပန်း မဖြစ်စေလင့်-ဟု တိုင်းရှင်ပြည်ရှင် ဘုရင်မင်းများသည် မိမိတို့စိုးပိုင်သော နိုင်ငံအပေါ်၌ အစိုးရသကဲ့သို့ အသင်သည် အသင်၏ရုပ်ကို အစိုးရပါသလော-ဟု မေးမြန်းတော်မူသောအခါ—

နေ ဟိဒံ ဘော ဂေါတမ- အိုအရှင်ဂေါတမ အစိုးမရနိုင်ပါ-ဟု ပြန်ကြားလျှောက်ထားသတဲ့- ထိုအခါ မြတ်စွာဘုရားက—

မနသိကရောဟိ အဂ္ဂိဝေဿန၊ မနသိကရိတွာ ခေါ အဂ္ဂိဝေဿန ဗျာကရောဟိ န
ခေါ တေ သန္ဓိယတိ ပုရိမေန ဝါ ပစ္ဆိမံ ပစ္ဆိမေန ဝါ ပုရိမံ။

(စူဠသစ္စကသုတ်- ၂၉၄)။

အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော, သစ္စကပရဗိုဇ်။ မနသိကရောဟိ၊ နှစ်လုံးသွင်းလော့။ (ဝါ)သတိထားလော့။ အဂ္ဂိဝေဿန၊ ဗိုဇ်။ ခေါ၊ စင်စစ်။ မနသိကရိတွာ၊ နှစ်လုံးသွင်း၍။ (ဝါ)သတိထား၍။ ဗျာကရောဟိ၊ ဖြေကြားလေလော့။ တေ၊ သင်၏။ ပုရိမေန၊ ရှေ့စကားနှင့်လည်း။ ပစ္ဆိမံ၊ နောက်စကားသည် နခေါသန္ဓိယတိ၊ မစပ်။ (ဝါ)မညီ။ ပစ္ဆိမေန ဝါ၊ နောက်စကားနှင့်လည်း။ ပုရိမံ၊ ရှေ့စကားသည်။ နခေါသန္ဓိယတိ၊ မစပ်။ (ဝါ)မညီ။

သစ္စကပရပိုဇ် သတိထားပါ- စဉ်စားပြီးမှ ဖြေကြားပါ၊ အသင်၏စကားသည် ရှေ့စကားနှင့် နောက်စကားလဲမစပ်တော့, မညီတော့ပေ၊ နောက်စကားနှင့် ရှေ့စကားလဲ မစပ်တော့, မညီတော့ပေ-ဟု မိန့်ကြားပြီးနောက် မြတ်စွာဘုရားက ဆက်၍—

သစ္စကပရိဗိုဇ်-ငါဘုရားယခုဆက်၍ မေးဦးမည်၊ ဝေဒနာသည် သင်၏အတ္တဟူ၍ အသင်ဆိုခဲ့၏၊ သညာ, သင်္ခါရ, ဝိညာဏ်တို့သည်လည်း သင်၏ အတ္တဟူ၍သင်ဆိုခဲ့၏၊ အသင်သည် ထို ဝေဒနာ သညာ,သင်္ခါရ, ဝိညာဉ်ဟူသော သင်၏ အတ္တလိပ်ပြာအပေါ်၌ ငါ၏ ဝေဒနာသည်, သညာသည်, သင်္ခါရသည်,ဝိညာဏ်သည်, ဤပုံဤပန်း ဖြစ်စေသတည်း၊ ဤပုံဤပန်းမဖြစ်စေလင့်-ဟု ထိုဝေဒနာ သညာ,သင်္ခါရ, ဝိညာဏ်တို့အပေါ်၌ အသင်၏ အစိုးရခြင်းသည် ရှိပါသလော-ဟု မေးမြန်းသော အခါလည်း—

နောဟိဒံ ဘော ဂေါတမ- အိုအရှင်ဂေါတမ-ဆိုခဲ့ပြီးသော ဤစကားသည် မသင့်လျော်ပါ၊ ခန္ဓာ ငါးပါးလုံးပင် အလိုသို့မလိုက်ကြောင်းပါ-ဟု လျှောက်ထားရပြန်သတဲ့။ ထိုအခါ မြတ်စွာဘုရားကလည်း- သစ္စကပရိဗိုဇ် သတိထားလော့၊ စဉ်းစားပြီးမှ ဖြေကြားလော့။ သင့်ရဲ့စကားတွေ ရှေ့စကားနောက်စကား မညီတော့ဘူးလို့- မိန့်ဆိုတော်မူပြန်သတဲ့။ ထိုနောက် ယင်း ခန္ဓာငါးပါး အပေါ်မှာပင် မြတ်စွာဘုရားက မေးတော်မူ၍ သစ္စကပရိဗိုဇ်ကြီးက ဝန်ခံဖြေကြား လျှောက်ထား နေသည်မှာ သည်လိုတဲ့-

ဗုဒ္ဓ။ တံ ကိံ မညသိ အဂ္ဂိဝေဿန ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ=အဂ္ဂိဝေဿန အနွယ်၌ဖြစ်သော သစ္စက ပရိဗိုဇ် ငါဘုရားမေးတော်မူမည့် စကားကို အသင် မည်သို့ မှတ်ထင်သဘောကျသနည်း၊ ရုပ်တရား (ဝါ)ရူပက္ခန္ဓာသည် နိစ္စလော, အနိစ္စလော။

သစ္စက။ အနိစ္စံ ဘော ဂေါတမ=အနိစ္စ ဖြစ်ပါသည် အရှင်ဂေါတမ။

ဗုဒ္ဓ။ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ=အနိစ္စ ဖြစ်သော ယင်းရုပ်တရားသည် (ဝါ) ရူပက္ခန္ဓာသည် ဒုက္ခလော၊ သုခလော။

သစ္စက။ ဒုက္ခံ ဘော ဂေါတမ=ဒုက္ခပင် ဖြစ်ပါသည် အရှင်ဂေါတမ။

ဗုဒ္ဓ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နုတံ သမနုပဿိတုံ"ဧတံမမ၊ ဧသောဟမသ္မိ ဧသောမေအတ္တာ" တိ။

အကြင် ရူပက္ခန္ဓာသည် အနိစ္စလည်း မှန်၏၊ ဒုက္ခလည်း မှန်ပေ၏၊ ဖောက်ပြန်တတ်သော သဘောလည်းရှိ၏၊ ထိုသို့ သဘောရှိသော ရူပက္ခန္ဓာကို ဤရုပ်တရား, ရူပက္ခန္ဓာသည် ငါ၏ဥစ္စာ, ဤရုပ်တရား ရူပက္ခန္ဓာသည်ပင်ငါ,ဤရုပ်တရား ရူပက္ခန္ဓာသည်ပင် ငါ၏အတ္တလိပ်ပြာ-ဟူ၍ ရှုသင့်သလော။

သစ္စက။ နောဟိဒံ ဘော ဂေါတမ=မရှုသင့်ပါ အရှင်ဂေါတမ-ဟူ၍ပြန်ကြား လျှောက်ထား လေတော့သတဲ့။

ဒီနည်းအတိုင်းပင် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ, ဟူသော နာမက္ခန္ဓာ လေးပါးတို့ကို အသီးသီး မေးမြန်းတော်မူရာမှာလည်း ယင်းခန္ဓာ ငါးပါးလုံးပင် အနိစ္စဟူ၍, ဒုက္ခဟူ၍, အနတ္တဟူ၍သာ ရှု သင့်ပါကြောင်း၊ နိစ္စ အတ္တဟူ၍ မရှုသင့်ကြောင်း များကို လျှောက်ထားပြန်သတဲ့၊ သစ္စကပရိဗိုဇ်ကြီးဟာ ယခင်နှင့် ယခု မတူတော့ဘူးနော်- ဘုရားထံမှောက် မရောက်ခင်ကတော့ သူ့ရဲ့ အတ္တဝါဒ ယူဆချက်မှန်လှပြီ-ဟု စွဲစွဲလန်းလန်းယူဆပြီး ရှေ့တန်းက ရပ်တည်ကာ အတ္တဝါဒ ရေးရာကို ပြောဟောနေတဲ့ ပုဂ္ဂိုလ်ကြီး တယောက်ပေါ့၊ ယခုတော့ တချက်မျှ စောဒကမတက်နိုင်တော့ဘဲ- မြတ်စွာဘုရား၏ အနတ္တဝါဒကို လိုက်နာ ဖြေကြား နေရတော့တယ်။

ယင်းကဲ့သို့ မေးမြန်းပြီးသောအခါ မြတ်စွာဘုရားက သစ္စကပရိဗိုဇ် လောက ဥပမာအားဖြင့် လောက၌ အနှစ်မာမာကို လိုလား ရှာဖွေသောသူသည် ထက်စွာသော ဓားမကိုကိုင်စွဲ၍ တောကြီးထဲဝင်ကာ ဖြောင့်စင်း ကြီးမားလှ စွာသော ငှက်ပျောပင်ကြီးကို တွေ့ရ၍ ဖြတ်ခဲ့ပြီး ရှာရာဝယ် အကာကိုမျှ မရပေ၊ အနှစ်ကိုကား အဘယ်မှာ ရနိုင်ပါမည်နည်း။

ဤနည်းအတူပင် အသင်၏ အယူဝါဒ၌ ငါဘုရားသည် အကြောင်းကိုပြကာ မေးမြန်းသော အခါ အနှစ်သာရဟူ၍ ရှာမရပါဘကား- အသင်သည် ဝေသာလီပြည်၌ လိစ္ဆဝီ မင်းပရိသတ် အလယ်ဝယ်—

အရှင်မင်းသားတို့—ဤလောက၌ ငါနှင့် ဝါဒချင်း ပြိုင်ဆိုင်ပြောဆိုရလျှင်, ငါ မေးစီစစ်ရ လျှင် တစုံတယောက်သော ရဟန်း, ပုဏ္ဏား, သဗ္ဗညု မြတ်စွာဘုရား-မည်သူမဆို တုန်လှုပ် ချောက် ချားသွားရပေမည်၊ မတုန်လှုပ်နိုင်သောသူ မရှိ၊ ကုန်ကုန်ပြောရလျှင် သက်မဲ့ဖြစ်သော သစ်သား တုံးကြီးပင် ငါက ဝါဒတင်၍ မေးစစ်လျှင် တုန်လှုပ်သွားရမည်သာတည်း"

ဟူ၍ အသင် ပြောဆိုခဲ့လေသည်။

ယခုအခါ အသင်၏နဖူးမှ ချွေးသီးချွေးပေါက်များသည် အသင်၏အပေါ်ရုံ စုလျားကို ဖောက်ထွင်းပြီး အချို့ မြေကြီးပေါ်သို့ပင် ကျကုန်ပေပြီ၊ ငါဘုရားမှာမူကား ယခုအချိန်အခါ အထိပင် ချွေးပေါက် တစက်ကမျှ မရှိပါတကား၊ သေသေချာချာ ကြည့်ရှုလေလော့—

ဟူ၍ မိန့်ကြားပြီးလျှင် မြတ်စွာဘုရားက သင်္ကန်း လည်ရစ်တော်မှ လက်လေးဆစ်မျှသော ရှုပဓာယ ရွှေကိုယ်တော်ကို ထိုပရိသတ်အလယ်ဝယ် ထုတ်ဖော်ဖွင့်လှစ်ကာ ပြသတော်မူပါတယ်တဲ့။

ဣတိ ဘဂဝါ တသ္မိံ ပရိသတိ သုဝဏ္ဏဝဏ္ဏံ ကာယံ ဝိဝရိ။ ဧဝံ ဝုတ္တေ သစ္စကော
နိဂဏ္ဌပုတ္တော တုဏှီဘူတော မင်္ကုဘူတော ပတ္တက္ခန္ဓော အဓောမုခေါ ပဇ္ဈာယန္တော
အပ္ပဋိဘာနော နိသီဒိ။ (စူဠသစ္စကသုတ်-၂၉၆)

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်သခင်, ဘုရားရှင်သည်။ တသ္မိံ ပရိသတိ၊ ထို ပရိသတ် အလယ်၌။ သုဝဏ္ဏဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော။ ကာယံ၊ ကိုယ်တော်ကို။ ဝိဝရိ၊ ဖွင့်လှစ်တော်မူလေပြီ။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ မြတ်စွာဘုရား မိန့်ကြားလတ်သော်။ နိဂဏ္ဌပုတ္တော၊ တက္ကဒွန်း၏သား ဖြစ်သော။ သစ္စကော၊ သစ္စကပရဗိုဇ်သည်။ တုဏှီဘူတော၊ မဆိုတိတ်တိတ်, ဆိတ်ဆိတ်နေသည် ဖြစ်၍။ မင်္ကုဘူတော၊ ဂုဏ်သိရ်ကင်းခဲ့, အရှိန်အစော်မဲ့သည်ဖြစ်၍။ ပတ္တက္ခန္ဓော၊ ချအပ်သောပခုံး ရှိသည်ဖြစ်၍။ အဓောမုခေါ၊ အောက်သို့ မျက်နှာချလျက်။ (ဝါ)ဦးခေါင်းငုံ့လျက်။ ပဇ္ဈာယန္တော၊ ကြံမှိုင်လျက်။ အပ္ပဋိဘာနော၊ ပညာဉာဏ်မရှိသည်ဖြစ်၍။ (ဝါ) တဖန် ပြန်ကြားဆိုရန် စကားမရှိ တော့သည်ဖြစ်၍။ နိသီဒိ၊ မလှုပ်မရှက်, အလွန်ငြိမ်ြ ကျ်ပြီး, တွေးခက်ကြံမှိုင်, ငေးငိုင်လျက်သာ နေရှာလေပြီတကား။

ယခုအခါ သစ္စကပရဗိုဇ်ကြီးသည် ခေါင်းငိုက်စိုက်ချကာ ငုံ့လျက် ရွှေသို့ ဆက်ကာ တစုံ တရာ စကားမပြောကြား, မလျှောက်ထားနိုင်တော့ဘဲ နှုတ်ပိတ်ပြီး ခပ်မဆိတ် ဖြစ်နေဘော့သတဲ့- (ဒကာကြီး ဦးစိန်ရဲ)။

ပိတ်ပြူအဝတ်,ဝတ်ရုံကြီးကို လွှမ်းခြုံဝတ်ဆင်ပြီး ဘုရားရှင်ရွှေမျှောက်တော်၌ ခေါင်းငိုက်စိုင ကျကာ ငေးမှိုင်နေတဲ့ ပရဗိုဇ်ကြီးကို ထင်လာ,မြင်လာအောင် မှန်းပြီး ကြည့်ကြစမ်းပါ၊ အလွန် အတွေးရှုပ်ပြီး ခေါင်းကုတ်နေတဲ့ ပရဗိုဇ်ကြီးကို မြင်လာလိမ့်မယ်-နော်။ သစ္စကပရဗိုဇ်ကြီးဟာ ဝါဒ

ပြိုင်ပွဲမှာ မရှုမလှ ရှုံးနိမ့်သွားရရှာပြီ-နော်။ သုံးလူထွဋ်ထား မြတ်စွာဘုရားက ဒုတ်,ဓား မဆောင်, ပညာ-ဘည်းဟူသော ဆိမီးရောင်ဖြင့် သစ္စကပရဗိုဇ်ကြီးကို ချမ်းသာ လွယ်ကူစွာ အောင်မြင်တော်မူသွားပြီ။ ဒါ့ကြောင့် အောင်ပွဲသခင်, ဘုရားရှင်ကို ကြည်လင်သော စိတ် ထားပြီး, ဝတ်တွားကာ ချီးကျူး ပူဇော်ကြဦးစို့ရဲ့။

**ဆောင်ပုဒ်။** သစ္စကဟု-နာမပေါ်ထင်၊ အမှန်ပယ်ရှား-အမှားယူငင်။
ဘုရားရှင်နှင့်-မာန်ဝင့်ပြိုင်လျှင်၊ ပညာသုံး-မြတ်ဘုန်း အောင်ပွဲဆင်။

ထိုသို့ သစ္စကပရဗိုဇ်ကြီး ကြံငေးမှိုင်နေတာကို မြင်ရသော လိစ္ဆဝီမင်းသားအပေါင်းတို့တွင် ဒုမ္မုခ-မည်တဲ့ လိစ္ဆဝီမင်းတယောက်က "သဗ္ဗညု မြတ်စွာဘုရား-ဥပမာတခု လျှောက်ထားပါရစေ" ဟု ခွင့်တောင်း လျှောက်ထားသတဲ့၊ ထိုအခါ မြတ်စွာဘုရားက "လျှောက်ဆိုလော ဒုမ္မုခ" ဟု ခွင့်ပြုတော်မူသဖြင့်—

"မြတ်စွာဘုရား-ရေကန်ကြီး တခုထဲမှာ အလွန် လက်မ,ထောင်တတ်တဲ့ ဂဏန်းလုံးကြီး တကောင် ရှိပါတယ်၊ မညှာမတာ အလွန်ညှပ်တတ်ပါဘယ်၊ ထိုဂဏန်းလုံးကောင်ကြီးကို ရွာနေသူ ကလေးသူငယ်များက ကန်ထဲမှ ဖမ်းယူပြီး ကုန်းပေါ်တင်ကြတယ်၊ နောက် ထိုဂဏန်းလုံးကောင်ကြီးရဲ့ လက်မ,တွေကို ချိုးပစ်လိုက်ကြတယ်။

ထိုအခါ ဒီ ဂဏန်းလုံးကောင်ကြီးဟာ ရေကန်ထဲ ပြန်ပြီးမဆင်းနိုင်တော့ပါ ဘုရား။ ထို့အတူပင် တပည့်တော်တို့၏ ဆရာကြီးဖြစ်သော သစ္စကပရဗိုဇ်ကြီး၏ အယူဝါဒတွေကိုလဲ သဗ္ဗညု မြတ်စွာဘုရားက ချိုးပစ်လိုက်ပါပြီ၊ နောက်တခါ အရှင်မြတ်ဘုရားထံသို့ ဆရာကြီး သစ္စကပရဗိုဇ်ဟာ ဝါဒ ပြိုင်ရန် လာရောက်ဝံ့တော့မည်မဟုတ်ပါ ဘုရား" ဟု လျှောက်ထားလိုက်သတဲ့။

ဒုမ္မုခ လိစ္ဆဝီမင်းသားဟာ ဘယ်အတွက်ကြောင့် ဒီလို ထပြီး လျှောက်ထားရသလဲဆိုတော့— သစ္စကပရဗိုဇ်ကြီးက လိစ္ဆဝီမင်းသားတွေကို ပညာသင်ကြားပေးတဲ့အခါ ပညာမာန်ဖြင့် သူတပါးကို မထေမဲ့မြင်ပြုလေ့ ရှိတယ်, အထင်သေးလေ့ရှိသဘဲ့။ ဒါ့ကြောင့် တပည့်တွေကလဲ မာနကြီးလှတဲ့ ဆရာကြီး, ယခုတော့ ဘယ့်နှယ်ရှိစ-ဟု ဝမ်းမြောက်နေကြသတဲ့။ သို့အတွက် ဒုမ္မုခ က ထ,လျှောက်ခြင်း ဖြစ်သတဲ့။

ဒုမ္မုခ လျှောက်ထားပြီးလျှင် ကျန် လိစ္ဆဝီမင်းများကလဲ မိမိတို့ဉာဏ်၌ ထင်လာသော ဥပမာကို ဆက်လက်လျှောက်ထားရန် ကြံနေကြသတဲ့။ သစ္စကပရဗိုဇ်ကြီး ယနေ့အဖို့ ဂြိုဟ်ဆိုးဝင်တဲ့နေ့လို့ ဆိုရတော့မှာဘဲ-နော်။ မိမိရဲ့ တပည့်တွေကပင် စကားစပ်ထိုးတာကို ခံနေရတော့တယ်။ သို့အတွက် ဒေါသလဲ ထွက်, ရှက်လဲ ရှက်သဖြင့်—

အာဂမေ ဟိ တွံ ဒုမ္မုခ-အာဂမေဟိ တွံ ဒုမ္မုခ၊ န မယံ တယာ သဒ္ဓိံ မန္တေမ၊
ဣဓ မယံ ဘောတာဂေါတမေန သဒ္ဓိံ မန္တေမ။ (စူဠသစ္စကသုတ်—၂၉၇)

ဒုမ္မုခ၊ ဒုမ္မုခ။ တွံ၊ သင်သည်။ အာဂမေဟိ၊ ဆိုင်းငံ့ဦးလော့။ မယံ၊ ငါတို့သည်။ တယာ သင်နှင့်။ သဒ္ဓိံ၊ တကွ။ နမန္တေမ၊ မတိုင်ပင်ကြကုန်။ ဣဓ၊ ဤအရပ်၌။ မယံ၊ ငါတို့သည်၊ ဘောတာဂေါတမေန၊ အရှင်ဂေါတမနှင့်။ သဒ္ဓိံ၊ တကွ။ မန္တေမ၊ တိုင်ပင်ကြပါကုန်၏။

ဟော့ ဒုမ္မုခ- ငါမင်းနှင့် စကားပြောနေတာ မဟုတ်ဘူး။ မင်းအသာနေပါ-ဝင်ပြီး မရှုပ်နှင့်လို့ ကြိမ်းမောင်းလိုက်သတဲ့။သစ္စကပရိဗိုဇ်ဟာ လိစ္ဆဝီမင်းသားအပေါင်းတို့ရဲ့ ဆရာရင်းမဟုတ်လား။ သို့အတွက်ကြောင့် သူသည် လိစ္ဆဝီ မင်းသားကို ကြိမ်းမောင်းဝံ့ခြင်း ဖြစ်ပါတယ်။ ထို့နောက်တွင်မူ သစ္စကပရိဗိုဇ်ကြီးသည် မြတ်စွာဘုရားအပေါ်၌ မထေမဲ့မြင်စိတ် လုံးဝမရှိတော့ဘဲ လေးစားသော အမူအရာဖြင့်-

> တိဋ္ဌတေသာ ဘော ဂေါတမ အမှာကဉ္စေဝ အညေသဉ္စ ပုထုသမဏဗြာဟ္မဏာနံ ဝါစာ ဝိလာပံ ဝိလပိတံ မညေ။ ကိတ္တာဝတာစ နုခေါ ဘောတော ဂေါတမဿ သာဝကော သာသနကရော ဟောတိ ဩဝါဒပတိကရော၊ တိဏ္ဏဝိစိကိစ္ဆော ဝိဂတ ကထံ ကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထု သာသနေ ဝိဟရတီတိ။ (မူလပဏ္ဏာသ-စူဠသစ္စကသုတ်-၂၀၇)။

အရှင်ဂေါတမ အကျွန်ုပ်တို့၏ရင်း, တပါးကုန်သော များစွာကုန်သော ရဟန်းပုဏ္ဏားတို့၏ရင်း ဤအယူ ဝါဒစကားသည် ရှိပါစေတော့။ ထိုစကားသည် ယောင်ယမ်း ပြောဆိုသကဲ့သို့ ဖြစ်ပါသည်။ အကျွန်ုပ် မေးပါရစေ၊ အဘယ်မျှသော အတိုင်းအရှည်ဖြင့် အရှင်ဂေါတမ၏ တပည့်သားသည် အဆုံးအမကို ပြုကျင့်လိုက်နာပါသနည်း။

မြတ်စွာဘုရား သာသနာတော်၌ ကူးမြောက်ပြီးသော ယုံမှားခြင်းရှိသည်, ကင်းပြီးသော သို့လောသို့လော တွေးတောခြင်းရှိသည်ဖြစ်၍, ရဲရင့်ခြင်းသို့ရောက်၍, မြတ်စွာဘုရားမှ တပါးသော ယုံကြည်အပ်သူ မရှိသည်ဖြစ်၍ နေပါသနည်း-ဟု မေးမြန်းလျှောက်ထားလေသတဲ့။

ထိုအခါ သုံးလောကထွဋ်ထား [မြတ်စွာဘုရားက သစ္စကပရိဗိုဇ်-ဤသာသနာတော်ဝယ် ငါဘုရား၏ တပည့်သားသည် ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလသုံးပါးလုံး၌ ဖြစ်သမျှ အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်နှစ်ပါး၌ ဖြစ်သမျှသော အကြမ်း, အနု, အယုတ် အမြတ် စသော တဆဲ့တပါး အပြားရှိသော ရူပက္ခန္ဓာ စသော ဤအလုံးစုံသော ခန္ဓာငါးပါးကို-

နေတံမမ၊ ငါ၏ဥစ္စာမဟုတ်ပါတကား၊ နေသောဟမသ္မိ၊ ငါမဟုတ်ပါတကား၊ နမေသော- အတ္တာ၊ ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကား-ဟူ၍ ယထာဘူတ နေရာတကျ ကြည့်ရှုသိမြင်၍ နေဆဲအခါဝယ် ငါဘုရား၏ တပည့်သားသည် ငါဘုရား၏ အဆုံး အမ ဩဝါဒကို လိုက်နာ ပြုကျင့်နေသည်-ဟု ဆိုရပေမည်။

အို- သစ္စကပရိဗိုဇ်- ဤသာသနာတော်၌ ငါဘုရား၏ တပည့်သားသာဝကသည် ရှေးက ဆိုခဲ့ပြီးသောအတိုင်းပင် ခန္ဓာငါးပါးတို့၏အပေါ်၌-"နေတံမမ၊ ငါ၏ဥစ္စာ မဟုတ်ပါတကား။ နေသောဟမသ္မိ၊ ငါမဟုတ်ပါတကား။ နမေသောအတ္တာ၊ ငါ၏အတ္တလိပ်ပြာ မဟုတ်ပါတကား" ဟု အကြွင်းမဲ့သိမြင်ပြီးလျှင် ထိုရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ-ဟူသော ခန္ဓာငါးပါးတို့ အပေါ်၌ အာသဝတရား ဉပါဒါန်တရားတို့ဖြင့် မစွဲလမ်းမူ၍ ထိုတရားတို့မှ အကြွင်းမဲ့ လွတ်မြောက်သောပုဂ္ဂိုလ်ကို ငါဘုရား၏ သာသနာတော်ဝယ် ပူဇော်အထူးကိုခံထိုက်သော ရဟန္တာ-ဟူ၍ ခေါ်ဆိုရပေသည်။

သစ္စက ပရဗိုဇ်- ကိလေသာတို့မှ ရှင်းရှင်းကင်းပြတ် လွတ်မြောက်ပြီးသော ထိုရဟန်းသည် ငါဘုရားကိုသာလျှင်၊ (ဝါ) ငါဘုရားအံပေါ်ဝယ် ဤသို့လျှင် ဝမ်းမြောက်စမ်းသာ နှစ်သက်ခြင်း, မြတ်နိုးခြင်းကို ပြုပါတော့သည်။

၁။ ဗုဒ္ဓေါ သောဘဂဝါ ဗောဓာယ ဓမ္မံဒေသေတိ။

သောဘဂဝါ၊ ဒါနအစ, များစွာစုံညီ, ပါရမီဘုန်းကံ, ကေန်ရှိငြား, ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး၊ မြတ်တရားကို, ပိုင်းခြားကုန်စင်, ကိုယ်တော်တိုင် သိမြင်တော် မူပါပေ၏။ (ဝါ) သိမြင်တော် မူပြီး၍။ ဗောဓာယ၊ဝေနေယျကြာ, သတ္တဝါတို့အား, မခြားကိုယ်တူ, သိစေတော်မူခြင်းငှာ။ ဓမ္မံ၊ သစ္စာလေးပါး, မြတ်တရားကို။ ဒေသေတိ၊ ကရုဏာရေချမ်း, သွန်းပက်ဖြန်းလျက်, ရှင်လန်းသာယာ, ဟောကြားတော် မူပါပေ၏တကား။

၂။ ဒန္တော သောဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ ကိလေသာမျိုး, တရားဆိုးတို့ကို, ချိုဖဲ့ဖျက်ဆီး, အောင်မြင်ပြီးဖြစ်ငြား, ထိုမြတ်စွာဘုရားသည်။ ဒန္တော၊ ကိုယ်စိတ်နှစ်ဖြာ, ပြစ်ကင်းကွာသဖြင့်, မှန်စွာချမ်းအေး, ယဉ်ကျေးတော် မူပါပေ၏။(ဝါ) ယဉ်ကျေးတော် မူပြီးသည်ဖြစ်၍။ ဒမထာယ၊ သတ္တဝါအများ, သောင်းတိုက်သားတို့အား, ပယ်ရှားပြစ်ဘေး, အစဉ်ဝေး၍, ယဉ်ကျေးစေခြင်းငှါ။ ဓမ္မံ၊ သစ္စာလေးတန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့ထား, ဟောကြားတော် မူပါပေ၏တကား။

၃။ သန္တော သောဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ ဣဿရိယ စသား ဘုန်းတော်ခြောက်ပါး တရားသခင် ထိုဘုရားရှင်သည်၊ သန္တော၊ ကိလေသာရန် ပူပန်ခပ်သိမ်း ကင်းငြိမ်းတော် မူပါပေ၏။ ဝါ၊ ကင်းငြိမ်းတော် မူပြီးသည်ဖြစ်၍။ သမထာယ၊ အပူသယ်ဖြစ်ငြား၊ သတ္တဝါအများတို့အား ကိလေသာရန်၊ ပူပန်ခပ်သိမ်း၊ ကင်းငြိမ်းစေခြင်းငှါ။ ဓမ္မံ၊ ကိလေသာ ငြိမ်းကြောင်း တရားကောင်းကို။ ဒေသေတိ၊ ကရုဏာရှေ့ထား ဟောကြားတော် မူပါပေ၏တကား။

၄။ တိဏ္ဏော သောဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ။ ကုသိုလ်ခန္ဓာ အဖြာဖြာဖြင့်- ဝေဘန်ဟောကြား ထိုမြတ်စွာဘုရားသည်။ တိဏ္ဏော၊ သြဃလေးခန်း ရေပြင်ကြမ်းမှ၊ ကူးသန်းလွတ်မြောက်တော် မူခဲ့ပြီ။(ဝါ)သြဃလေးပါးကို ကူးမြောက်ပြီးဖြစ်၍။ တရဏာယ၊ သတ္တဝါအများတို့အားလည်း သြဃလေးပါးမှ ကျော်လွှား ကူးမြောက် ကြစေခြင်းငှါ။ ဓမ္မံ၊ သြဃကူးရန် တရားန်မှုကို။ ဒေသေတိ၊ ကရုဏာတရား ရှေ့စယ် ထား၍ ဟောကြားတော် မူပါပေ၏ တကား။

၅။ ပရိနိဗ္ဗုတော သောဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ သံသရာတလွှား၊ ပြေးသွားလေတတ်၊ တဏှာခတ်ကို အပြတ်ပယ်ရှား၊ ထိုမြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော။ ကိလေသာမီး အပြီးချုပ်ငြိမ်းတော် မူလေပြီ။ ဝါ၊ ကိလေသာမီး အပြီးချုပ်ငြိမ်း ပြီးသည်ဖြစ်၍။ ပရိနိဗ္ဗာနာယ၊ သတ္တဝါများတို့အား ကိလေသာမီး

အပြီးချုပ်ငြိမ်း စေခြင်းငှါ။ ဓမ္မံ၊ ကိလေသာမီး အပြီးငြိမ်းကြောင်း တရားကောင်းကို။ ဒေသေတိ၊ ကရုဏာမိုး, ရွာသွန်းဖြိုးလျက်, အမျိုးမျိုးစုံစွာ ဟောကြားတော် မူပါပေ၏တကား။

ဤကဲ့သို့ မြတ်စွာဘုရားက ဟောဖော်မိန့်ကြားတော်မူလျှင် သစ္စကပရိဗိုဇ်က-

မြတ်စွာဘုရား- အကျွန်ုပ်သည် ရှင်ဂေါတမကို အမှတ်မထား သာမန်အားဖြင့် ချဉ်းကပ်မိပါသည်။ မာန်ယစ်ထော ဆင်ပြောင်ကြီးကို ချဉ်းကပ်ရသလို, မီးပုံကြီးအနီး ချဉ်းကပ်ရသလို၊ နဂါးမင်းအနီး အပါးသို့ ချဉ်းကပ်ရသလို ဖြစ်ရပါသည်။ ရှင်ဂေါတမ ထံပါးသို့ သာမညပုဂ္ဂိုလ်များ မချဉ်းကပ်ထိုက်ပါဘူးဟု လျှောက်ကြားပြီးလျှင် မြတ်စွာဘုရားသည် တပည့်သားသံဃာနှင့်တကွ နက်ဖြန်နံနက် တပည့်တော်၏ နေအိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော် မူပါဟု လျှောက်ထားပင့်ဖိတ်ပြီး သွားသတဲ့။

မိမိတပည့်များဖြစ်သော လိစ္ဆဝီ မင်းသားတို့ကိုလည်း ကောင်းမှုနှစ်စွာ စီမံ၍ ဆွမ်းလာပို့ကြရန် ပြောဆိုလိုက်တယ်။ နောက်နေ့၌ မြတ်စွာဘုရားအား ဆွမ်းကပ်ပြီးသောအခါ-

ယမိဒံ ဘောဂေါတမ ဒါနေ ပုညဉ္စ ပုညမဟီစ၊ တံ ဒါယကာနံသုခါယ ဟောတု။

(မူလ-စူဠသစ္စကသုတ်-၂၉၉)။

ဘော ဂေါတမ၊ အိုအရှင် ဂေါတမ။ ဣဒံ ဣမသ္မိံ ဒါနေ၊ ဤအလှူ ကောင်းမှု၌။ ယံ ပုညဥ္စ၊ အကြင်ကုသိုလ် အကျိုးရင်းသည်၎င်း။ ယောပုည မဟီစ၊ အကြင်များသော ကုသိုလ်အကျိုးထူးသည်၎င်း။ အတ္ထိ၊ရှိပါ၏။တံ၊ ထိုကုသိုလ်၏ အကျိုးရင်း အကျိုးထူးသည်။ ဒါယကာနံ၊ ပေးလှူသူဖြစ်ကုန်သော လိစ္ဆဝီမင်းသားတို့၏။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤသို့ လျှောက်ထားသောအခါ သုံးလောကထွဋ်ထား မြတ်စွာဘုရားကလည်း-

ယံခေါ အဂ္ဂိဝေဿန တာဒိသံ ဒက္ခိ ဏေယျံ အာဂမ္မ အဝီတရာဂံ အဝီတဒေါသံ

အဝီတမောဟံ၊ တံဒါယကာနံ ဘဝိဿတိ။ယံခေါ အဂ္ဂိဝေဿန မာဒိသံ ဒက္ခိဏေယျံ အာဂမ္မ ဝီတရာဂံ ဝီတ ဒေါသံ ဝီတမောဟံ၊ တံ တုယှံ ဘဝိဿတိ။ (မူလပဏ္ဏာသ၊ စူဠသစ္စကသုတ်-၂၉၉)

အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿန အနွယ်၌ ဖြစ်သော သစ္စက ပရိဗိုဇ်။ တာဒိသံ၊ သင်ကဲ့သို့သော။ အဝီတရာဂံ၊ တပ်စွန်းခြင်း ရာဂ မကင်းသေးသော။ အဝီတဒေါသံ၊ ပြစ်မှားခြင်း ဒေါသ မကင်းသေးသော။ အဝီတမောဟံ၊ တွေဝေခြင်း မောဟမကင်း သေးသော။ ဒက္ခိ ဏေယျံ၊ အလှူခံ ပုဂ္ဂိုလ်ကို။ အာဂမ္မ၊ အကြောင်းပြု၍။ ယံ၊အကြင် ကောင်းမှု ကုသိုလ်၏ အကျိုးသည်။ အတ္ထိ၊ ရှိပေ၏။ တံ၊ ထိုအကျိုးသည်။ ဒါယကာနံ၊ ပေးလှူသူ ဖြစ်ကုန်သော လိစ္ဆဝီ မင်းသားတို့အား။ ဘဝိဿတိ၊ မုချစင်စစ် ဖြစ်ပေလတ္တံ့။

အဂ္ဂိဝေဿန၊ ဗိုဇ်။ မာဒိသံ၊ ငါကဲ့သို့သော။ ဝီတရာဂံ တပ်စွန်းခြင်း ရာဂကင်းပြီးထသော။ ဝီတဒေါသံ၊ ပြစ်မှားခြင်း ဒေါသကင်းပြီးထသော။ ဝီတမောဟံ၊ တွေဝေခြင်း မောဟကင်းပြီးထသော။ ဒက္ခိဏေယျံ၊ အလှူခံ ပုဂ္ဂိုလ်ကို။ အာဂမ္မ၊ အကြောင်းပြု၍။ ယံ၊ အကြင်ကောင်းမှုကုသိုလ်၏အကျိုးသည်။ အတ္ထိ၊ ရှိပေ၏၊ တံ၊ ထိုအကျိုးသည်။ တုယှံ၊ သင်အား ဘဝိဿတိ၊ အကြောင်းပြုက အကျိုးရသဖြင့် မုချမသွေ ဖြစ်ပေလိမ့်မည်တကား။

သုံးလောကထွဋ်ထား မြတ်စွာဘုရားက–သစ္စက-လိစ္ဆဝီမင်းသားတို့သည် ရာဂ ဒေါသ မောဟ မကင်းသေးသော သင့်ကို လှူဒါန်းရသည့်အတွက် အကျိုးရလတံ့။ သင်မူကား ရာဂ, ဒေါသ, မောဟ ကင်းပြီးသော ငါဘုရားကို လှူဒါန်းရသည့်အတွက် အကျိုးရပေလတံ့-ဟူ၍ မိန့်ကြားတော်မူပါတယ်။ အဘယ်ကြောင့် ဤသို့ မြတ်စွာဘုရား အထူး မိန့်ကြားတော်မူရသနည်း ဆိုတော့– ဒီသစ္စကပရဗိုဇ်ကြီးဟာ– မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်- သာသနာတော်သက္ကရာဇ် နှစ် ၂၀၀-တွင် သီဟိုဠ်ကျွန်း၌ ကာဠဗုဒ္ဓရက္ခိတမထေရ် ဖြစ်လိမ့်မည်။ ပိဋကတ်သုံးပုံကိုဆောင်ကာ သာသနာပြု၍ နောက် ကိလေသာအာသဝေါကင်းပြီး ရဟန္တာဖြစ်လိမ့်မည်-ဟု သိမြင်တော်မူသဖြင့် မိန့်ကြားတော်မူခြင်း ဖြစ်ပါတယ်။ (မူလ-ဋ္ဌ-ဒု-၁၉၄)။

ယခုအခါဆိုလျှင် သာသနာနှစ်က ၂၅၀၀-ကပင် ကျော်လာခဲ့ပြီမို့ သစ္စကပရဗိုဇ်ကြီးလဲ ကာဠဗုဒ္ဓရက္ခိတမထေရ်အမည်ဖြင့် ရဟန္တာဖြစ်ခဲ့ပြီး– ပရိနိဗ္ဗာန် ဝင်စံပြီးတာပင် ကြာမြင့်လှပြီနော်။

မြတ်စွာဘုရားကလဲ သစ္စကပရဗိုဇ်ကြီးကို အယူဝါဒယှဉ်ပြိုင်ရာမှာ ဒုတ်, ဓား မဆောင်, ပညာရောင်ဖြင့်, ကောင်းစွာအောင်မြင်, သွားပါပြီ။ သစ္စကပရဗိုဇ်ကြီးကို ယခုအခါ ကိလေသာရန်ကိုပင် အောင်မြင်ပြီးပါပြီ၊ ကဲ– ယခုအခါ တရားပွဲသိမ်းရန် အချိန်တန်ပြီဖြစ်သဖြင့် အောင်ပွဲသခင် ဘုရားရှင်ထံမှာ အောင်ဆုတွေပန်ကြရအောင် လက်အုပ်ချီပြီး မြတ်စွာဘုရားကို အာရုံပြုထားကြပါ–။

သစ္စံ ဝိဟာယ အနုတိသစ္စက ဝါဒ ကေတုံ၊ ဝါဒါဘိရောပိတ မနံ ဇတိအန္ဓဘူတံ။
ပညာပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော၊ တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယောမုနိန္ဒော၊ အောင်သူဇကာတို့၏ထိပ်ပန်း ရဟန်းတို့၏ဆရာဖြစ်တော်မူသော အကြင်မြတ်စွာဘုရားသည်။ သစ္စံ၊ ဓမ္မတာအလျောက်, မဖောက်မပြန်, မှန်သောစကားကို။ ဝိဟာယ၊ အယူမှောက်မှား, တရားမယှဉ်, ဉာဏ်မြင်ထူးကျွန့်, ပယ်ကာစွန့်၍။ အနုတိသစ္စကဝါဒကေတုံ၊ မမှန်သည်ကို, မှန်သည်ဆိုအပ်, တင်ပြတတ်သည့်, ဝါဒချွတ်ယွင်း, မှန်ကင်းရှိသော။ ဝါဒါဘိရောပိတမနံ၊ မိမိယူပြား, ဝါဒမှားဖြင့်, သူတပါးကို, နိုပ်နင်းလိုသော, စိတ်ရှိထသော။ အတိအန္ဓဘူတံ၊ လွန်စွာမိုက်ထ, သစ္စက-ဟု,နာမခေါ်ထိုက်, ပရိဗိုဇ်ကို။ ပညာပဒီပ ဇလိတော၊ ပညာအလင်းရောင်, ဆီမီးတန်ဆောင်ကို, ဝင်းပြောင်စေညွှန်း,ညှိထွန်းတော်မူသည်ဖြစ်၍။ ဇိတဝါ၊ ကောင်းစွာလှယ်ကူ, အောင်တော်မူခဲ့လေပြီ။ တန္တေဇသာ၊ အယူဝါဒ, ဉာဏ်စွမ်းပြသည့်, သစ္စကပါ, နာမခေါ်ထိုက်, ပရဗိုဇ်ကို, အလိုက်လွယ်ကူ, အောင်မြင်တော်မူငြား, ထို မြတ်စွာဘုရား၏, တန်ခိုးတော်အားဖြင့်။ မေ-အမှာကံ၊ ဘုရားနှုတ်ထွက်, ဓမ္မစက်ကို, လေးနက်ယုံကြည်, မြဲမြီစောင့်ပွား, တရားဟော,တရားနာဖြစ်ကြကုန်သော အကျွန်ုပ်တို့အား။ အဂ္ဂံ၊ မြတ်လှစွာသော။ ဇယာမင်္ဂလံ၊ ကောင်းသတင်း အစဉ်မကွာသည့်, အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ မုချမချွတ် ဖြစ်ပါစေသတည်း။

(အဘိဓမ္မာတပ်-တရားပွဲသိမ်း)

# နန္ဒောပနန္ဒ နဂါးမင်းကို အောင်မြင်ခြင်း

မိဒ္ဓါဒိဌ္ဌံ မဟိဒ္ဓိံဝ၊ နန္ဒောပနန္ဒ နာမကံ၊
ထေရံ အဇိနိ ပေ သေတွာ၊ နမာမိသိရသာ ဇိနံ။

ယောဇိနော- ပြိုင်လာသူမှန်သမျှ ရှုံးကြရသည့် သုံးလောကထွင်ထား အကြင်အောင်ပွဲမှူး ဖြစ်သော မြတ်စွာဘုရားသည်။ မိစ္ဆာဒိဋ္ဌိ - နိစ္စ, သုခ, အတ္တ, စသား, မှားမှားယွင်းယွင်း နှလုံးသွင်းဘိ, အယူမှား အမြင်မှားရှိသော။ မဟိဒ္ဓိံ၊ မီး လေအစ, များလှစုံစွာ, လိုရာဖန်ဆင်း, သတ်ဖြတ်ညှင်းသည့်,ထန်ပြင်းစွမ်းဘိ,ကြီးမားသောတန်ခိုးရှိသည်သာလျင်ဖြစ်သော။နန္ဒောပနန္ဒ နာမကံ၊နန္ဒောပနန္ဒ,မည်နာမဖြင့်, ဒေါသထန်ပြင်း, နဂါးမင်းကို။ ထေရံ-တော့ဒုဂ်ဘွဲ့ခံ, လက်ဝဲရံဟု, စုံဆန်အောက်ထက်, ဂုဏ်လျှံတက်သည့်, ဝဲဘက်စံနေ, ရှင်မောဂ္ဂလာန် မထေရ်ကို။ ပေ သေတွာ၊တန်ခိုးစွမ်းပြ, ဆုံးမဘို့ရန်, အမှန်ချင့်ထောက်, ရွေးကောက်စေလွှတ်တော်မူ၍။ အဇိနိ- ပါရမီဘုန်းဟုန် တန်ခိုးဂုဏ်ကြောင့် လွှမ်းခြုံအစဉ် အောင်မြင်တော်မူလေပြီ။

တံဇိနံ—မိုက်မှောင်ဖုံးလွှမ်း,နဂါးကြမ်းကို သိမ်းမြန်းလွယ်ကူအောင်တော်မူငြား အောင်ပွဲပိုင်ရှင်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ သိရသာ၊ ခန္ဓာကိုယ်လုံး အမြတ်ဆုံး-ဟု ခေါ်သုံးကြရာ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။အဟံ-ရှင်တော်ဟောကြား မြတ်တရားကို လေးစားယုံကြည် ဟောဖေါ်မည်ဟု-ကြံစည်ပြုလုပ် အကျွန်ုပ်သည်။နမာမိ၊ ဂုဏ်တော်အထူး မှန်းရည်စူးလျှက် ကြည်နူးသဒ္ဓါရှိခိုးတန်မှောပါ၏-အောင်ပွဲသခင် အရှင်မြတ်ဘုရား။

ယနေ့တော့ နန္ဒောပနန္ဒ နဂါးမင်းအား ချေချွတ်တော်မူတဲ့အကြောင်းကို ဟောကြားရမည်ဖြစ်တဲ့အတွက်ကြောင့် နဂါးလောက၌ တန်ခိုးအလွန်ကြီးပြီး မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူရှိသော နန္ဒောပနန္ဒနဂါးမ ်းကို လက်ဝဲတော်ရံဖြစ်သော ဣဒ္ဓိမန္တတေဒဂ်ဘွဲ့ထူးခံ အရှင်မောဂ္ဂလာန်ထေရ်ကို စေလွှတ်နှိမ်နင်းပြီး ေအာင်မြင်ခြင်းသို့ ရောက်ရှိတော်မူသော မြတ်စွာဘုရားအား တရားပွဲမစမီ ရှေဦးစွာ ဂါရဝမင်္ဂလာပြုလိုက်ရခြင်းဖြစ်ပေတယ်။

ဒီ နန္ဒောပနန္ဒ နဂါးမင်းနှင့် ယှဉ်ပြိုင် စစ်ခင်းရတဲ့အကြောင်းရင်းကတော့ အယူဖောက်ပြားယွင်းမှား ကျင့်ကြံပြီး ရတနာသုံးတန်ကို ယုံကြည်ရန်မသိရှာဘဲ လမ်းလွဲသို့ လိုက်နေသော နန္ဒောပနန္ဒနဂါးမင်းကို လူသုံးပါးတို့၏ဆရာဖြစ်သော မြတ်စွာဘုရားက သနားခြင်း ကရုဏာဖြင့် ဏယ်တင် ချေချွတ်တော်မူလိုသောကြောင့် ကြွရောက်ဆုံးမတော်မူခြင်းပင်ဖြစ်ပါတယ်။

ဇာတ်လမ်းအစကတော့-အခါတပါးတွင် မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဝယ် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော်နေမူပါတယ်။ နေ့ခင်းအချိန်အခါဝယ် ကျောင်းတော်သို့တရားနာယူရန်ရောက်ရှိလာကြသော ဒါယကာ,ဒါယိကာမ ပရိသတ်အပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး ဟောကြားတော်မူလျက်ရှိရာ အနာထပိဏ်သူဌေးကြီးသည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို ကောင်းစွာ နာယူ မှတ်သားပြီးနောက်-

သွေဘန္တေပဥ္စဟိဘိက္ခုသတေဟိသဒ္ဓိံ အမှာကံ ဂေဟေဘိက္ခံဂဏှထ= ခံယူတော်မူကြပါကုန်။ (ဝါ)ခံယူဘုဉ်းပေးတော်မူကြပါကုန်ဘုရား’’ ဤကဲ့သို့ ပင့်ဖိတ်လျှောက်ထားပြီး မိမိအိမ်သို့ပြန်သွားလေသတဲ့။

ဒီနေရာမှာ သူဌေးအကြောင်းကို အနည်းငယ်ပြောရဦးမယ်၊ အနာထပိဏ်သူဌေးကြီးဟာ မိမိ၏ယောက်ဖဖြစ်သူ ရာဇဂြိုဟ်သူဌေး ဝိသာလရှိရာ ရာဇဂြိုဟ်မြို့သို့ ကုန်သွယ်မှုကိစ္စဖြင့် လာရောက်ရာတွင် ရာဇဂြိုဟ်မြို့၌ သီတင်းသုံး နေထိုင်လျက်ရှိသော သဗ္ဗညု ဘုရားရှင်နှင့် ပထမဆုံးအကြိမ် တွေ့၍ သောတာပန် အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်ခဲ့သူပင် ဖြစ်တယ်။ ထို့နောက်တွင် မိမိနေထိုင်ရာ သာဝတ္ထိပြည်သို့ပြန်လာပြီး ဇေတမင်းသား၏ဥယျာဉ်၌ မြေကိုဝယ်ယူကာ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်း ဒါယကာကြီး ဖြစ်ပါတယ်။

နေ့စဉ် တနေ့လျှင် ကျောင်းတော်သို့ နှစ်ကြိမ်,သုံးကြိမ်သွားပြီး မြတ်စွာဘုရားကိုဖူးမြင်ခြင်း, တရားတော်ကိုနာယူခြင်းပြုလုပ်လေ့ရှိသတဲ့။ ရှေးအခါက သူတော်ကောင်းကြီးများကျင့်ကြံနေထိုင်သွားတာ တော်တော် အတုယူဘွယ်ကောင်းတယ်နော်၊ ယခုခေတ် ကျောင်းဒကာတွေ, ကျောင်းအမတွေဖြင့် တလနေလို့ ကျောင်းကို တခေါက် မရောက်ဖြစ်ကြဘူးနော်၊ ဦးပဥ္စင်းတို့ကျောင်းက ဘုရားဒါယကာ,ဘုရားဒါယိကာမတွေလဲ ဒီအတိုင်းဘဲ။ တလနေလို့, အချို့များ တနှစ်နေလို့ တခေါက်လောက်လာရောက်ပြီး မိမိတို့ကိုးကွယ်ထားတဲ့ဘုရားကို ဆွမ်းကပ်, ပန်းကပ်, ရေချမ်းကပ်မှု, ဆီမီးကပ်လှူမှုတို့ကို ပြုလုပ်လေ့ မရှိကြဘူး။ သူတို့ကတော့ “ဃရာဝါသော ဗဟုကိစ္စော’’ ဟူ၍ ပြောဆိုဆင်ခြေပေးတတ်ကြပါတယ်။ ဗဟုကိစ္စောကလဲ ကိစ္စောလွန်းလှတယ်လို့ ဆိုရတော့မှာဘဲ။ ဦးပဥ္စင်းတို့လဲ“အပ္ပမာဒေန သမ္ပာဒေထ’’လို့-ဆိုပြီး သတိပေးရ, တိုက်တွန်းရတာ မောလှပါပြီ (ဒကာကြီးဦးစိန်တို့, ဦးချိန်တို့)။

ယခု တရားနာရောက်လာကြတဲ့ ဒကာကြီးဦးစိန်တို့, ဦးချိန်တို့ကော မိမိတို့ကိုးကွယ်ထားတဲ့ဘုရားကို ဆွမ်းကပ်, ပန်းကပ် ရောက်ဖြစ်ကြပါရဲ့လား။ မိမိတို့ပြုလုပ်ထားတဲ့ ကုသိုလ်ကို မေ့မပစ်ကြနဲ့နော် မိမိတို့ ပြုလုပ်ထားတဲ့ ကုသိုလ်ကောင်းမှုကို အဖန်ဖန်စဉ်းစားအောက်မေ့၍ ကုသိုလ်တရားပွားနေကြရမယ်၊ အာသေဝိတ ဘာဝိကတ ဗဟုလီကတ ဖြစ်နေအောင်အားထုတ် ကြရပါမယ် သို့မှအာစိဏ္ဏကံမြောက်ပြီးသေခါနီးမှာ အဖော်သဟဲအနေနဲ့ ပေါ်လာမှာနော်။

ဒီအနာထပိဏ်သူဌေးကြီးကတော့ မိမိပြုထားတဲ့ ကုသိုလ်ကိုအမြဲ နှလုံးသွင်းနေတယ်၊ နေ့စဉ်တနေ့ တနေ့နှစ်ကြိမ်,သုံးကြိမ် ကျောင်းတော်သို့သွားတယ်၊ သူဌေးကြီးသည် ကျောင်းသို့ ရောက်သောအခါ ဘာမျှလှူစရာမပါလျှင် သဲကိုယူပြီး ကျောင်းတော်အတွင်း ဖြန့်ခင်းကာ ကုသိုလ်ပြုသတဲ့၊ကုသိုလ်ဆိုတာ စိတ်ထားတတ်လျှင် မြတ်တယ်၊ယူတတ်လျှင်ရတယ်ဆိုတာ အလွန်မှန်တယ်နော်၊ ဒါကြောင့်မို့ “ညောင်ပင်ကြီးလောက်လှူပေမဲ့ ညောင်စေ့လောက်ရထယ် ညောင်စေ့လောက်လှူပေမဲ့ ညောင်ပင်ကြီးလောက်ရနိုင်တယ်’’ ဆိုကြတယ်မဟုတ်လား။

စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ- ဆိုတဲ့အတိုင်း စေတနာသာ ပဓာန ဖြစ်ပါတယ်။ ဒါနှ၌ မွေ့လျော်သော ဒါယကာတို့တွင် အမြန်ဆုံး ဧတဒဂ်ဘွဲ့ထူးဖြင့် မြတ်စွာဘုရားက ချီးကျူးထားရသူပေါ့ ဒီသူဌေးကြီးရဲ့ ငယ်နာမည်ရင်းက သုဒတ္တ ခေါ်ပေမဲ့ ကိုးကွယ်ရာမဲ့သူတို့အား အခါခပ်သိမ်း ထမင်းကို ပေးတတ်သောကြောင့် အနာထပိဏ် သူဌေးဟူ၍ လူသိများတယ်တဲ့။

သူဌေးကြီးရဲ့ ကုသိုလ်ကောင်းမှု ပြုဘက်ဖြစ်သော 'သူဌေးဇာတော်ကြီးကတော့ ပုညလက္ခဏာ ဒေဝီလို့ ခေါ်ပါတယ်။

ယင်း ဇေတဝန်ကျောင်း ဒါယကာကြီးဖြစ်တဲ့ အနာထပိဏ် သူဌေးကြီးက တရားနာ အပြီးတွင် နောက်နေ့နံနက်အတွက် ရဟန်းငါးရာနှင့် အတူတကွ မြတ်စွာဘုရားအား ဆွမ်းခံပင့်ဖိတ်သဖြင့် မြတ်စွာဘုရားကလည်း 'ထိုပင့် လျှောက်ချက်ကို ဆိပ်ဆိပ်နေကာ လက်ခံတော်မူပြီးလျှင် ထိုနေ့ပိုင်း အကြွင်းနှင့် ညဉ့်ပိုင်းအဘို့တို့ကို ကုန်လွန်စေ၍ နံနက် မိုးသောက်အချိန်၌ တသောင်းသော လောကဓာတ်ကို ကြည့်ရှုတော် မူပါတယ်။

မြတ်စွာဘုရားသခင်သည် နေ့တိုင်းနေ့တိုင်း မိုးသောက်ယာမ်အခါ ငြိမ်းအေး ချမ်းသာလှစွာသော နိဗ္ဗာန်ကို အာရုံပြု၍ ဖလသမာပတ်ကို ဝင်စား တော် မူမြဲဖြစ်ပါတယ်။ ဖလသမာပတ်မှ ထပြီးလျှင် နေ့တိုင်းပင် မဟာကရုဏာသမာပတ်ကို ဝင်စားတော် မူပါတယ်။ ထိုနောက်မှ မဟာကရုဏာသမာပတ်မှ ထပြီး တသောင်းသော စကြာဝဠာတိုက်၌ သိစေအပ်သော (အကျွတ်တရား ရနိုင်သော) ဝေနေယျ သတ္တဝါတို့ကို အညီအမျှ ကြည့်ရှုတော် မူတယ်ဆိုတာ ရှေးဦးစွာ သတ္တဝါအားလုံးတို့ အပေါ်၌ မဟာ ကရုဏာတော်ကို ဖြန့်နှံ့စေသည်။ ထို့နောက် သဗ္ဗညုတ ဉာဏ်ဟူသော ကွန်ရက်ကို ဖြန့်ကျက်တော်မူပြီး ထိုသဗ္ဗညုတဉာဏ် ကွန်ရက်အတွင်းသို့ ဝင်ရောက် လာကုန်သော သစ္စာလေးပါးကို သိထိုက်ကုန်သော သတ္တဝါတို့အား အညီအမျှ ကြည့်ရှုတော်မူပါတယ်။

သဗ္ဗညုဘုရားရှင်သည် မဟာ ကရုဏာ သမာပတ်ကို ဝင်စားတော် မူ၍ ထိုမဟာ ကရုဏာ သမာပတ်မှထပြီး "အကြင်သတ္တဝါတို့သည် ကျွတ်ထိုက်ကုန်၏၊ ရင့်ကျက်သော ဉာဏ်ရှိကုန်၏။ ယနေ့ပင်လျှင် ငါဘုရားသည် သွားရောက် ဆုံးမဆောင်ယူ ထိုက်ကုန်၏၊ ထိုသတ္တဝါတို့သည် ငါ့ဘုရား၏ ဉာဏ်၌ ထင်စေကုန်စေသတည်း" ဟု စိတ်ကို ဆောက်တည်၍ ဆောင်တော်မူကြသတဲ့။

ထိုအခါမှာ ယနေ့ပင်လျှင် ကျွတ်ထိုက်သော (ချွတ်ထိုက်ကုန်သော) ဝေနေယျ ပုဂ္ဂိုလ်တို့သည် တယောက်ဖြစ်စေ, နှစ်ယောက်ဖြစ်စေ, ထို့ထက်များစွာပင်ဖြစ်စေ၊ သံသရာဝဲ ဇလုပ်မှ ဆယ်တင်ထုတ်ယူသင့်သော ဝေနေယျသတ္တဝါတို့သည် သဗ္ဗညု ဘုရားရှင်၏ ဉာဏ်တော်မှာ ပေါ်လာကြသတဲ့။ (ဒကာကြီးဦးစိန်ရဲ့)။

ဒီလိုဉာဏ်တော်မှာ ထင်ပေါ်လာခြင်းသည် သဗ္ဗညု ဘုရားရှင်၏ တန်ခိုးအာနုဘော်ပင်ဖြစ်သတဲ့။ ထိုသို့ ဉာဏ်တော်ဝမှာ ပေါ်လာသော သတ္တဝါတို့တွင် "ဤသူသည် သရဏဂုံ တည်နိုင်သလော သီလ လုံခြုံမည်လော။ မဂ်တရား, ဖိုလ်တရား တခုခုကို ရရှိနိုင်မည်လော" စသည်ဖြင့်ဉာဏ်အစွမ်းအားဖြင့် တစုံတခုသော အကျိုးစီးပွား၏ ပြီးစီးခြင်းကို စုံစမ်းဘော်မူလျက် ရှေ့ဉနိဿယကိုကြည့်ရှုတော်မူပါတယ်။

သဗ္ဗညု မြတ်စွာဘုရားသည် ဒီလိုနေ့စဉ်ရက်ဆက် သတ္တဝါတွေအတွက် ကြည့်ရှုရခြင်းဟာ "ဗုဒ္ဓေါဗောဓေယျံ၊ မုတ္တော မောစေယျံ။ တိဏ္ဏော တာရေယျံ" ဟူသော အလောင်းဘော်ဘဝက ရည်ရွယ်တော် မူချက်အတိုင်းပင် သတ္တဝါတွေကို ရင်ဝယ်သားကဲ့သို့ သနားတော် မူလှသဖြင့် သံသရာမှ ဆယ်တင်တော်မူရန် ကြည့်ရှုတော် မူခြင်းဖြစ်တယ်။

ဗုဒ္ဓမြတ်စွာ၏ နေ့စဉ်ရက်ဆက် မပျက်ကွက်အောင် ကိစ္စတော်ဆောင်ရွက်ပုံနှင့် ပတ်သက်ပြီး နည်းနည်း ဆက်ပြောကြဦးစို့ရဲ့၊ သတ္တ လောကကြီးတွင် အလုပ်လုပ်ဆုံးသော ပုဂ္ဂိုလ်ကို ညွှန်ပြပါဆို လျှင် ဦးပဥ္စင်းတို့ အားဟားရာ သဗ္ဗညု မြတ်ဘုရားကိုပင် ညွှန်းကြားပြသ ရပေလိမ့်မယ်။ အဘယ့် ကြောင့်ဆိုသော် သဗ္ဗညု မြတ်စွာဘုရားသည် လူနတ် ဗြဟ္မာ သတ္တဝါတို့အတွက် တနည်းဆိုရလျှင် စကြာဝဠာ တိုက်တသောင်း၌ နေထိုင်ကြကုန်သော သတ္တဝါတို့အတွက်အကျိုးရှိမှု ချမ်းသာစေမှုကို ရှေးရှုကာ နေ့စဉ်ပင် ကိစ္စကျူးငါးရပ်ကို ဆောင်ရွက်တော်မူပါတယ်။ယင်းကိစ္စကြီး ငါးရပ်ကတော့—

၁။ ပုရေဘတ္တကိစ္စ- နံနက်ခင်းအခါ၌ ပြုလုပ်အပ်သော ဆွမ်းခံခြင်း၊ ဆွမ်းဒကာ, ဒကာ မများအား သင့်သောတရားကို ဟောကြားခြင်း စသော လုပ်ငန်း ရပ်ကို ဆောင်ရွက်တော် မူပါတယ်။

၂။ ပစ္ဆာဘတ္တကိစ္စ- ဆွမ်းစားပြီးချိန်မှ ညနေခင်းအထိ အချိန်ကာလတွင် နေ့ခင်းအခါ၌ ရောက်လာကြသော လူအပေါင်းတို့အား, တရား ဟောကြားခြင်း မေးမြန်းသော ပြဿနာ အရပ်ရပ်တို့ကို ဖြေကြားခြင်းတို့ကို ပြုလုပ် ဆောင်ရွက်တော် မူပါတယ်။

၃။ ပုရိမယာမကိစ္စ- တပည့်သာဝက ရဟန်းတို့အား တရားဟောခြင်း, မေးမြန်းသော ပြဿနာတို့ကို ဖြေကြားခြင်း, ကမ္မဋ္ဌာန်းကို ပေးခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်တော် မူပါတယ်။

၄။ မဇ္ဈိမယာမကိစ္စ- ညဉ့်သန်းခေါင်းယာမ်တွင်မူ, ပုရိမယာမ ကိစ္စပြီးဆုံး၍ ရဟန်းတော် များ မြတ်စွာဘုရားကို ရှိခိုးပြီး ပြန်ကြ သွားကုန်သည်ရှိသော် တသောင်းသော စကြာဝဠာတိုက်မှ နတ်ဗြဟ္မာ အပေါင်းတို့သည် အခွင့်ရကြကုန်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မိမိတို့ ကြံစည် လာကြသော ပြဿနာ အရပ်ရပ်ကို ဖြေဆိုယင်း မဇ္ဈိမယာမ်ကို လွန် စေပါတယ်။

၅။ ပစ္ဆိမယာမကိစ္စ- မိုးသောက်ယာမ်ကာလ-ယင်းအချိန် ကာလကိုပင် သုံးပိုင်းပိုင်းတော် မူ၍ ပဌမပိုင်းကို နံက် အချိန်အခါမှ စပြီး နေထိုင်ဣရိယာ များ သဖြင့် ကိုယ်တော်ကို အညောင်းအညာပြေ သက်သက်စေခြင်းငှါ စင်္ကြံန် ကြွသွားတော် မူပါတယ်။

ဒုတိယပိုင်းမှာတော့-ဂန္ဓကုဋီတိုက်တော်သို့ ဝင်တော်မူ၍ လက်ျာနံထောင့်ဖြင့် သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် ကြိန်းစက်တော် မူပါတယ်။

တတိယပိုင်းမှာ—နံနက်စောစော၌ ထိုင်တော်မူပြီး ရှေးရှေးသော သဗ္ဗညု ဘုရားရှင်တို့ အထံ၌ ဒါနသီလ အစရှိသည်၏ အစွမ်းအားဖြင့် ပြုအပ်သော ကောင်းမှုကုသိုလ်ရှိသော ပုဂ္ဂိုလ်ကို ကြည့်ရှုတော် မူခြင်းငှါ ဗုဒ္ဓစက္ခုခေါ် သဗ္ဗညုတဉာဏ်တော်ဖြင့် သတ္တ လောကကို ကြည့်ရှုတော် မူပါတယ်။

ဤကဲ့သို့ ဗုဒ္ဓကိစ္စ ငါးရပ်ကို နေ့စဉ်ရက်ဆက် မပျက်မကွက် ဆောင်ရွက်တော် မူကြောင်းကို သဂါထာ ဝဂ္ဂသံ ယုတ္တာ၊ အဋ္ဌကထာ။ (သ-ဋ္ဌ-၁-၂၂၄) မှာ ထင်ရှားစွာ ဖွင့်ပြထားတယ်။ (ဒကာကြီးဦးစိန်ရဲ့) ဒီဗုဒ္ဓကိစ္စ ငါးရပ်ကို ဆောင်ရွက်မှုကို ကြည့်ရှုလေ့လာမည်ဆိုလျှင် သဗ္ဗညု မြတ်စွာဘုရားသည် သတ္တဝါတွေ မည်မျှလောက် အလုပ် လုပ်တော် မူကြောင်း ကောင်းကောင်းကြီး သိသာနိုင်ပါတယ်နော်၊ သတ္တဝါတွေအပေါ်မှာ မည်မျှလောက် မဟာ ကရုဏာတော် ထားတော် မူကြောင်းကိုလဲ ကောင်းစွာ သိသာ နိုင်ပါတယ်။

ဒါ့ကြောင့်မို့လဲ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့ရဲ့ ဆရာအဖြစ်“သတ္ထာဒေဝ မနုဿာနံ” ဆိုတဲ့ ဂုဏ်တော်ထူးကို ဆွတ်ခူးရရှိတော် မူခြင်း ဖြစ်ပေတယ်။ ရှင်ေတာ်မြတ်ဘုရားရဲ့ နေ့စဉ်ရက်ဆက် ကိစ္စကြီး ငါးချက်ကိုမပျက်မကွက်ဆောင်ရွက်တော်မူပုံကို မှတ်သားနိုင်အောင် ဒီလင်္ကာကလေးများကို ဆောင်ထားကြရပေမယ်။

ဆောင်ပုဒ်။ ၁။ နံနက်ကာလ၊ ဆွမ်းခံကြွ၊ ဟောပြမြတ်ဓမ္မာ၊
၂။ နေ့ခင်းလူများ၊ ဟောတရား၊ ဖြေကြားမေးလေရာ၊
၃။ ညဥ့်ဦးယာမ်တွင်၊ ရဟန်းရှင်၊ အစဉ်ဟောသည်သာ၊
၄။ သန်းခေါင်းချိန်ခါ၊ နတ်ဗြဟ္မာ၊ မေးရာဖြေသည်သာ၊
၅။ မိုးသောက်ယာမ်မှာ၊ သုံးပိုင်းဖြာ၍၊ရှေ့ခါလမ်းလျှောက်၊ထို့နောက်ကြိမ်းစက်၊
နံနက်ချိန်ပေ မျှားဝေနေ၊ ဘုန်းဆွေကြည့်သည်သာ။
၆။ ကိစ္စငါးချက်၊ တနေ့တွက်၊ ဆက်ဆက်ဆောင်တာ မြတ်ဗုဒ္ဓါ။

ယင်းသို့-မြတ်စွာဘုရားသည် နံနက်မိုးသောက်ချိန်တွင် တသောင်းသော လောကဓာတ်ကို ကြည့်ရှုလော်သော် နန္ဒောပနန္ဒ မည်သော နဂါးမင်းသည် မြတ်စွာဘုရား၏ ဉာဏ်တော်အဝ၌ ထင်ပေါ်၍ လာလေသတဲ့။ မြတ်စွာဘုရားလည်း “ငါ၏ဉာဏ်တော် အဝ၌ ဤနန္ဒော ပနန္ဒမည်သော နဂါးမင်း ထင်ပေါ်ထင်လာ ပေသည်။ ထိုနဂါးမင်းအား သဒ္ဓါတရားဖြစ်ကြောင်း ဥပနိဿယ ရှိလေသလော” ဟု ဆင်ခြင်တော် မူလတ်သော် “ဤနဂါးမင်းသည် မှားယွင်းသော မိစ္ဆာဒိဋ္ဌိ အယူ ရှိပေ၏။ ဘုရား, တရား, သံဃာဟူသော ရတနာ သုံးပါးတို့၌ မကြည်ညိုပေ” ဟု သိမြင်တော်မူ၍ “အဘယ်ပုဂ္ဂိုလ်သည် ဤနဂါးကို မိစ္ဆာအယူမှ ထင်းလွှတ် စေနိုင်ပါမည်နည်း” ဟု ဆက်လက်၍ ဆင်ခြင်ပြန်လတ်သော် မဟာမောဂ္ဂလာန် မထေရ်မြတ်ကို မြင်တော်မူပြန်သတဲ့။

ထို့နောက်တွင် ညဥ့်အစါလင်းလတ်သော် ကိုယ်လက်သုတ်သင်ခြင်းကို ပြုတော်မူပြီးလျှင် အရှင်အာနန္ဒာကိုခေါ်တော်မူ၍‘,အာနန္ဒာ-နတ်ပြည်သို့လှည့်လည်ရန် မြတ်စွာဘုရား ကြွမြန်းတော်မူမည်ဖြစ်ကြောင်းကို ငါးဆယ်သောရဟန်းတို့အား ပြောကြားလေလော-”ဟု မိန့်ကြားတော်မူလိုက်ပါတယ်။

မြတ်စွာဘုရားသည် ဒေသစာရီ ကြွတော်မူတဲ့အခါ နောက်လိုက်နောက်ပါ ခေါ်လိုသော ရဟန်းအရေအတွက်ကို အမိန့်ရှိ၍ ခေါ်တော်မူမြဲဖြစ်တယ်။ တပါးတည်း ကြွသွားသင့်ေသာအခါ ဘယ်ရဟန်းကိုမျှ မိန့်ခေါ်တော်မမူပဲ- တပါးတည်းကြွသွားတော်မူလေ့ ရှိသတဲ့။ ယခု နောက်လိုက် ဟန်းများခေါ်တော်မူလို၍ ရဟန်းငါးရာကို အကြောင်းကြားစေတော်မူခြင်း ဖြစ်ပါတယ်။

ထိုနေ့မှာ နန္ဒောပနန္ဒ နဂါးမင်းအတွက် စားသောက်ပွဲ ကျင်းပရာ အခင်းအကျင်းကို စီမံပြုပြင်ပြီး နေကြသောအခါဖြစ်တယ်။ ထိုနန္ဒောပနန္ဒ နဂါးမင်းသည် နတ်ပြည်၌ဖြစ်သော ရတနာအပြာဖြာတို့ဖြင့်ပြီးသောပလ္လင်ထက်၌၊နတ်ပြည်၌ဖြစ်သောထီးဖြူကိုဆောင်းမိုးလျက် အိမ်ထောင်သည်အရွယ်, အပျိုစင်အရွယ်, သမီးကညာအရွယ် ရှိကုန်သော သုံးမျိုးသော ကချေသည် မတို့ဖြင့်လည်းကောင်း (အရွယ်အားဖြင့် အကြီး, အလတ်, အငယ်, အရွယ်သုံးစားရှိသော ကချေသည်မများကို ဆိုလိုတယ်နော်)။ နဂါးပရိသတ် အပေါင်းဖြင့်လည်းကောင်း ခြံရံလျက်နတ်ပြည်၌ ဖြစ်ကုန်သော ရတနာဖြင့်ပြီးကုန်သောခွက်တို့၌ ထမင်း, အဖျော်, အစီအရင်ကို ကြည့်ရှုလျက် ထိုင်နေသတဲ့။ စားသောက်ခါနီး အသင့်ဖြစ်နေသော အချိန်လို့ဆိုရမှာပေါ့။

ထိုစဉ်အခါမှာ သုံးလူထွဋ်ထားမြတ်စွာဘုရားကလည်း နန္ဒောပနန္ဒ နဂါးမင်းမြင်နိုင်အောင်ပြုတော်မူလျက် ထိုနဂါးမင်း၏မျက်နှာကြက်မှ အထက်အရပ်ဖြင့်ပင်လျှင် ရဟန်းတော်ငါးရာခြံရံကာ တာဝတိံသာ နတ်ပြည်သို့ ရှေးရှုကြွသွားတော်မူပါတယ်။

ယင်းကဲ့သို့ မြတ်စွာဘုရားက ရဟန်းအပေါင်းခြံရံပြီး မိမိဘုံထက်မှ တာဝတိံသာကြွမြန်းသွားသည်ကို နန္ဒောပနန္ဒ နဂါးမင်းမြင်သောအခါ ဤသို့သော ယုတ်မာသည့် မိစ္ဆာအယူဖြစ်လျက်နေတယ်။ နဂါးမင်း,မှားယွင်းသော မိစ္ဆာအယူ ဖြစ်လာပုံကတော့သည်လိုတဲ့။

ဣမေ ဟိ မုဏ္ဍကာ သမဏကာ၊ ဂစ္ဆန္တိပိ မိနာ သဂ္ဂံ။
ဣတော ပဋ္ဌာယ ဓောသံ၊ နဒဿာမိ ဒိဝံ ဂန္တုံ။

ဟိ၊နဂါးအမိုက်လိုက်၍စိတ်ခိုက်ဖြစ်ပုံအလုံးစုံကိုအကုန်ပြောလိုက်ပါဦးအံ့။ ဣမေဏ္ဍမုဏ္ဍကာသမဏ-ဖန်ရည်သင်္ကန်း, ဝတ်ဆင်မြန်းယျက်, တင့်ဆန်းမဲမှောင်, ညိုရောင်သပိတ်, စွဲချိပ်ဆင်သုံး, ဤဦးပြည်း-ကတုံးတို့မည်သည်။ ဣမိနာမဂ္ဂေန၊ ငါတို့ခေါင်းထက်, မပျက်သွယ်တန်း, ဤခရီးလမ်းဖြင့်။ သဂ္ဂံ၊ နတ်တို့ပျော်ရာ,ဝတိံသာခေါ်, နတ်မြို့တော်သို့။ ဂစ္ဆန္တိပိ၊ သင်းဖွဲ့စုံစွာ,မကြာခဏ, ကြွမြန်းလည်း, ကြွမြန်းကြပေကုန်၏။ အာဂစ္ဆန္တိပိ၊ နတ်ပြည်မှပင်,လူ့ပြည်ခွင်သို့,အလျှင်ခဏ,ပြန်ကြွလည်း, ပြန်ကြွလာကြပေကုန်၏။

ဣတောပဋ္ဌာယ၊ စားသောက်ပျော်ပွဲ,ဆင်နွှဲကျင်းပ,ယခုအချိန်မှ,အစပြု၍။ ဓောသံ၊ သပိတ်မဲမှောင်, အဝါရောင်သင်္ကန်း, ဆင်မြန်းစွဲသုံး, ဤဦးပြည်းကတုံးတို့အား။ ဣမိနာ မဂ္ဂေန၊ ငါတို့ခေါင်းထက်, မပျက်သွယ်တန်း, ဤခရီးလမ်းဖြင့်။ ဒိဝံ၊ ကောင်းမှုရှင်များ, ပျော်ပါးစံရာ, ဝတိံသာခေါ်, နတ်ပြည်တော်သို့။ ဂန္တုံ၊ အားတိုင်းလှည့်ပတ်,မပြတ်ခါခါ,သွားလာခြင်းငှါ။နဒဿာမိ၊ မလျှောက်ကန်လှ,ကြောင်းကိစ္စမို့, ဘာမျှနောင်ရေး ကြံမတွေးဘဲ, အခွင့်မပေး တော့အံ့သတည်း။

အဝါရောင်သင်္ကန်းကို ဆင်မြန်းပြီး အညိုရောင်သပိတ်ကို စွဲပိုက်လျက် ရှိကြကုန်သော ဤဦးပြည်းရဟန်းအတုံးတို့သည် ငါတို့ဦးခေါင်းထက်ဖြစ်သော လမ်းခရီးဖြင့် တာဝတိံသာနတ်ပြည်သို့ မကြာခဏပင် ကြွသွားလည်း ကြွကြပေကုန်၏၊ ပြန်လာလည်း ပြန်လာကြပေကုန်၏။ ယနေ့ ယခုအခါကစပြီး ဤဦးပြည်းရဟန်းတို့အား ငါတို့ခေါင်းထက်၌ဖြစ်သော ဤလမ်းခရီးဖြင့် ငါတို့၏ဦးခေါင်းထက်၌ ခြေမှု, မြူမှုန်တို့ကို ကြဲချကုန် လျက် သွားခြင်း ငှါ အခွင့်မပေးတော့-ဟု အကြံဖြစ်ပေါ်လာတယ်။

ထိုသို့ အကြံဖြစ်ပြီးလျှင် ထ၍ မြင့်မိုရ်တောင်ခြေသို့ သွားကာ မိမိ၏ ပကတိ ကိုယ်ကိုစွန့်၍ မြင့်မိုရ်တောင်ကို သူ၏ကိုယ်အခွေတို့ဖြင့် ခုနစ်ပတ်တိုင်တိုင် ရစ်ပတ်ခွေပြီးလျှင် အထက်၌ ပါးပျင်းကို ပြုလျက် တာဝတိံသာနတ်ဘုံကို မှောက်သောပါးပျင်းဖြင့်ဖုံးအုပ်၍ မမြင်ရခြင်းသို့ ရောက်စေတယ်၊ ကွယ်ပစေတယ်တဲ့။ မြင့်မိုရ်တောင်ကြီးတတောင်လုံးဟာ နဂါးကြီးဖုံးအုပ်ထားသဖြင့် တောင်ကြီးကို မမြင်ရတော့ဘူးတဲ့ (ဒကာကြီး- ဦးစိန်)။

ဒီ နဂါး, ဂဠုန်ဆိုတဲ့သတ္တဝါတွေဟာ တကယ်တော့တိရစ္ဆာန်မျိုးဇာတ်တွေပင် ဖြစ်ပါတယ်။ ကုသိုလ်, အကုသိုလ် ကံနှစ်ပါးကိုပြုခဲ့သဖြင့် အကုသိုလ်ကံကြောင့် တိရစ္ဆာန်မျိုးဇာတ်မှာ ဖြစ်ရပြီး ကုသိုလ်ကံစွမ်းကြောင့် ကမ္မဇိဒ္ဓိခေါ်(ကမ္မဝိပါကဇိဒ္ဓိ) ကုသိုလ်ကံတရား၏ အကျိုးဖြစ်သော တန်ခိုး အာနုဘော်ကရှိကြတယ်နော်။ ကံ၏ အကျိုးကိုမှီ၍ အလိုရှိရာပြီးမြောက်မှု တန်ခိုးရှိကြတယ်။

ကုသိုလ်, အကုသိုလ် မိဿကကံကြောင့် နဂါးဖြစ်ကြရတယ်တဲ့။

နဂါးမျိုးတွေကလဲ နည်းလှသည်မဟုတ်ဘူးနော်။ အဏ္ဍဇနဂါး, ဇလာဗုဇနဂါး, သံသေဒဇ နဂါး, ဩပပါတိကနဂါး,ဟူ၍ သံယုတ်အဋ္ဌကထာ၌ နဂါးလေးမျိုးပြထားတယ်။ အပဒါန် ဋ္ဌက ထာ၌ မဋ္ဌေရိကနဂါး, ဘူမိဂတနဂါး,ပဗ္ဗတဋ္ဌနဂါး, ဂင်္ဂါဝဟေယျနဂါး, သာမုဒ္ဒိကနဂါး- ဟူ၍ ငါးမျိုးပြထားပြန်သေးတယ်။ထို့မှတပါး ကာမရူပီနဂါး, အကာမရူပီနဂါး, ၂-မျိုး ဖြင့်လဲ ခွဲခြမ်း ဝေဘန်၍ အကျယ် ဖွင့်ပြထားချက်တွေ ရှိပါသေးတယ်။

## နဂါးမျိုးပေါင်း

နဂါးမျိုးပေါင်းဟာ အကျယ်အားဖြင့် ၁၀၂၄-ပါး ရှိသတဲ့။ကဲကဲ ဗဟုသုတအဖြစ်ပြော လိုက်ရဦးမယ်၊ သေသေချာချာလဲမှတ်မိအောင်နာယူကြပေတော့၊ ဒီနဂါးမျိုးပေါင်း ၁၀၂၄-ပါး ဆိုတာ-

၁။ ကိုက်ခဲသည်ရှိသော် ခန္ဓာကိုယ်ဟာသစ်သားချောင်းကဲ့သို့ ခိုင်မာခြင်းဖြစ်စေတတ်သော ကဋ္ဌမုခ နဂါး၊
၂။ ကိုက်ခဲလျှင်ခန္ဓာကိုယ်မှည့်ပုပ်သွားစေတတ်သော ပုတိမုခ နဂါး၊
၃။ ကိုက်ခဲလျှင် မီးလောင်သကဲ့သို့ ဖြစ်စေတတ်သော အဂ္ဂိမုခ နဂါး၊
၄။ ကိုက်ခဲလျှင်မိုးကြိုးကျသကဲ့သို့ ခန္ဓာကိုယ်ကွဲပြတ်ပျက်စီးစေတတ်သော သတ္ထမုခ နဂါး ဟူ၍ နဂါးလေးမျိုးရှိတယ်။

ထိုနဂါးမျိုး ၄-ပါးကိုတည်ပြီးလျှင်

၁။ ကိုက်ခဲရုံဖြင့်အထက်ပါ ၄-မျိုးကိုဖြစ်စေတတ်သော ဒဋ္ဌဝိသ နဂါးမျိုး၊
၂။ မြင်ရုံဖြင့်အထက်ပါ ၄-မျိုးကိုဖြစ်စေတတ်သော ဒိဋ္ဌဝိသနဂါးမျိုး၊
၃။ တွေ့ထိရုံဖြင့်အထက်ပါ ၄-မျိုးကိုဖြစ်စေတတ်သော ဖုဋ္ဌဝိသနဂါးမျိုး၊
၄။ နှာခေါင်းလေမှုတ်ရုံဖြင့် အထက်ပါ ၄-မျိုးကို ဖြစ်စေတတ်သော ဝါတဝိသနဂါးမျိုး ဟူသောအဆိပ်မျိုး ၄-ပါးနှင့်မြှောက်ပွားလျှင် နဂါးမျိုးပေါင်း ၁၆-ပါးရရှိပါတယ်။

ယင်းနဂါးမျိုး ၁၆-ပါးကို တည်ပြီးပြန်လျှင်

၁။ အဆိပ်လျှင်စွာ တက်၍ အဆိပ် မပြင်းထန်လှသော အာဂတဝိသနော ဃောရဝိသနဂါး၊
၂။ အဆိပ်ပြင်းသော်လည်း အဆိပ်လျှင်စွာ မတက်သော နောအာဂတ ဝိသ ဃောရဝိသ နဂါး၊
၃။ အဆိပ်လည်း ပြင်းထန် လျှင်မြန်စွာ အဆိပ်တက်တတ်သော အာဂတဝိသဃောရဗိသ နဂါး၊
၄။ အဆိပ်လည်း မပြင်းထန် လျှင်မြန်စွာလည်း မတက်တတ်သော နောအာဂတဝိသ နဃောရဝိသနဂါး ဟူသော အဆိပ်မျိုးလေးပါးဖြင့် ထပ်မြှောက်ပွားသော် နဂါးမျိုး ပေါင်း ၆၄-ပါးရရှိပါတယ်။

ယင်းကိုတည်ပြီးလျှင်

၁။ ဥ၌ဖြစ်သော အဏ္ဍဇနဂါး၊
၂။ အမိဝမ်း၌ ဖြစ်သော ဇလာဗုဇနဂါး၊
၃။ အညှိကိုစွဲ၍ ဖြစ်သော သံသေဒဇနဂါး၊
၄။ ကိုယ်ထင်ရှားဖြစ်သော ဩပပါတိကနဂါး-ဟူသောပဋိသန္ဓေ ၄-ပါးဖြင့် မြှောက်ပွား ပါလျှင် နဂါးမျိုးပေါင်း ၂၅၆ ပါး ရရှိပါတယ်။ ယင်းနဂါးမျိုး ၂၅၆ ပါးကို တည်ပြီးပြန်လျှင်

၁။ ရေ၌နေသော နဂါး၊
၂။ ကြည်းကုန်း၌ နေသောနဂါး ဟူ၍ ၂-မျိုးစီရှိကြပြန်သဖြင့် ထိုနှစ်ပါးဖြင့် မြှောက်ပွား လျှင် နဂါးမျိုးပေါင်း၅၁၂ပါး ရရှိတယ်၊ယင်းနဂါးမျိုး ၅၁၂ပါးကိုတည်ပြီးပြန်လျှင်

၁။ ကာမဂုဏ် ချမ်းသာကို ခံစားသော ကာမရူပီနဂါးမျိုး (စည်းစိမ်ရှင်နဂါးမျိုး)
၂။ ကာမဂုဏ်ချမ်းသာကို ခံစားမှုမရှိသော အကာမရူပီနဂါးမျိုး (စည်းစိမ်မဲ့နဂါးမျိုး) ဟူ၍ ၂မျိုးစီရှိပြန်သဖြင့်၊ ဤ ၂မျိုးနှင့် မြှောက်ပွားပါက နဂါးမျိုးပေါင်း တထောင့် နှစ်ဆယ့်လေးမျိုး (၁၀၂၄) ဖြစ်ပါတယ်။

ဒီလိုပြောနေလို့တော့ မှတ်မိကြမည်မဟုတ်ပေဘူး၊ ဒီတော့ကာ ဟောဒီလင်္ကာလေးများကို လေ့လာပြီး မှတ်ထားကြပေတော့။

## နဂါးမျိုး ၁၀၂၄-ပါး လင်္ကာ

၁။ ခိုင်မာ, ပုတ်ပွ၊ မီးလောင်မျှ၊ ပြတ်ကျမျိုးလေးဖြာ။
၂။ ကိုက်, မြင်, မှုတ်, ထိ၊ လေးပါးရှိ၊ မြှောက်ဘိဆိပ်နှင့်သာ၊
၃။ လျှင်မြန်, ပြင်းထန်၊ စက်လေးတန်၊မြှောက်ပြန်, ထပ်ဆင့်ကာ။
၄။ ယင်းကိုတည်ထား၊ လေးမျိုးပြား၊ မြှောက်ပွားသန္ဓေပါ။
၅။ ရေနေ, ကုန်းနေ၊ ဤနှစ်ထွေ၊ မြှောက်လေ, ဆင့်ကာသာ။

၆။ စည်းစိမ်ရှိ၊ မွဲ၊ နှစ်ပါးတဲ့၊ မြွောက်ကွဲ့ထပ်ဆင့်ကာ။
၇။ တထောင့်နှစ်ဆယ်၊ လေးခုဆွယ်၊ အကျယ်မှတ်ရိုး၊ နဂါးမျိုး။

လင်္ကာတိုကလေးများ ကျက်မှတ်ထားလိုက်တော့ လွယ်လွယ် ကူကူနှင့် မှတ်မိသွားနိုင်တာပေါ့၊ ဒီနဂါးမျိုးအပြားတွေကို ခွဲခြမ်း ဝေဘန်ပြီး အကျယ် ပြောက်ပြောနေရတာနှင့် တရားကြောအစဉ်တောင် မျက်ခြေပြက်သွားပါပြီ၊ ကဲ ရှေ့ဆက်ကြဦးစို့ရဲ့။

နန္ဒောပနန္ဒ နဂါးမင်းက မြင့်မိုရ်တောင်ကြီးကို ကိုယ်အခွေတို့ဖြင့် ခုနစ်ပတ် ရစ်ခွေပြီးလျှင် အံထက်၌ ပါးပျဉ်းဖြင့် ဖုံးအုပ် ကာကွယ်ထားတဲ့ အခါ အရှင်ရဋ္ဌပါလက မြတ်စွာဘုရားကို ဤသို့ မေးလျှောက်ထားသတဲ့"ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ရှေးအခါကဆိုလျှင် ဤအရပ်ဒေသ၌ တည်လျက် မြင့်မိုရ်တောင်ကိုလည်း မြင်တွေ့ရပါသည်၊ မြင့်မိုရ်တောင် ခါးပန်းကိုလည်း မြင်တွေ့ရပါသည်။ တာဝတိံသာ နတ်ပြည်ကိုလည်း မြင်တွေ့ရပါသည်။ဝေဇယန္တာပြာသာဒ်ကိုလည်း မြင်တွေ့ရပါသည်။ ဝေဇယန္တာပြာသာဒ်၏ အထက်၌ လွင့်၍ နေသောတံခွန် အလံကိုလည်း မြင်တွေ့ရပါသည်။ ယခုအခါ ထိုမြင့်မိုရ်တောင်ကိုလည်း မမြင်တွေ့ရတော့ပါ။ မြင့်မိုရ်တောင်၏ ခါးပန်းကိုရင်း, တာဝတိံသာ နတ်ပြည်ကိုရင်း, ဝေဇယန္တာ ပြာသာဒ်ကိုရင်း, ဝေဇယန္တာ ပြာသာဒ်ထက်ရှိ တံခွန်ကိုလည်းရင်း, ထိုအလုံးစုံကို မမြင်တွေ့ရတော့ပါ။ အကြောင်းကား အဘယ်နည်းဘုရား" ဟု- မေးမြန်း လျှောက်ထားပါတယ်။

ထိုအခါ မြတ်စွာဘုရားက "ရဋ္ဌပါလ- နန္ဒောပနန္ဒမည်သော ဤနဂါးမင်းသည် သင်တို့အား အမျက်ထွက်သောကြောင့် မြင့်မိုရ်တောင်ကို သူ၏ ကိုယ်အခွေတို့ဖြင့် ခုနစ်ပတ်တိုင်တိုင် ရစ်ပတ်ပြီးလျှင် အထက်၌ ပါးပျဉ်းဖြင့်အုပ်လျက် အမိုက်တိုက်ပြု၍(ဝါ) မှောင်ချ၍တည်နေပေသည်" ဟု- မိန့်ကြားတော်မူတယ်။

"ထိုနဂါးကို တပည့်တော်ဆုံးမ ပါမည်အရှင်ဘုရား"ဟု-ခွင့်ပန်လျှောက်ထားသော အခါ မြတ်စွာဘုရားက ခွင့်ပြုတော်မမူဘူးတဲ့။ ထိုနည်းတူစွာပင် အရှင်ဘဒ္ဒိယ, အရှင်ရာဟုလာ, စသော မထေရ်များကလည်း အစဉ်အတိုင်းထ၍နဂါးကိုဆုံးမပါမည့်အကြောင်း"ခွင့်တောင်းလျှောက်ထားပါတယ်။ မြတ်စွာဘုရားက ထိုရဟန်းအားလုံးကို ခွင့်ပြုတော်မမူဘူးတဲ့။ နောက်ဆုံး အရှင်မဟာမောဂ္ဂလာန်မထေရ်က"နန္ဒောပနန္ဒမည်သော ထိုနဂါးကိုတပည့်တော်ဆုံးမ ပါမည်"ဟု-လျှောက်ထားခွင့်ပန်တော့မှ " ဒ မေဟိ မောဂ္ဂလာန=မောဂ္ဂလာန် ဆုံးမလေ"ဟု- မြတ်စွာဘုရားက ခွင့်ပြုတော်မူသတဲ့။

မြတ်စွာဘုရား၏တပည့်သာဝကများဖြစ်ကြကုန်သော အရှင်ဘဒ္ဒိယစသောမထေရ်များလည်း ဤနဂါးကိုကောင်းစွာ ဆုံးမနိုင်ကြသည်သာ ဖြစ်ပေတယ်။ သို့သော်လဲ ဒီနေရာမှာ နဂါးမင်းက အလွန်တန်ခိုးကြီးသောနဂါးဖြစ်တယ်။ ရှင်မဟာမောဂ္ဂလာန်ကလည်း တန်ခိုးအရာ၌ မြတ်စွာဘုရား၏ ဣဒ္ဓိမန္တတေဒဂ် ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသော မထေရ်မြတ် ဖြစ်ပေတယ်။ တန်ခိုးခြင်း ယှဉ်ပြိုင်ကြရမည်ဖြစ်၍ ဤအရာ၌ အသင့်လျော်ဆုံးဖြစ်တဲ့ ရှင်မဟာ မောဂ္ဂလာန်မထေရ်ကိုသာ ခွင့်ပြုတော်မူခြင်းဖြစ်တယ်နော်။

မြတ်စွာဘုရားကခွင့်ပြုတော်မူလေလျှင် အရှင်မဟာ မောဂ္ဂလာန်မထေရ်သည် မိမိ၏ ပကတိလူကိုယ်, လူရုပ်အသွင်ကိုပယ်စွန့်၍ ကြီးစွာသော နဂါးမင်းအသွင် ဖန်ဆင်းပြီးလျှင် မြင့်မိုရ်တောင်ကြီးကို ခုနစ်ပတ်ရစ်ခွေဖွဲ့ပတ်နေသော နန္ဒောပနန္ဒ နဂါးမင်းကို အပေါ်မှထပ်ပြီး တဆဲ့လေးကြိမ် တဆဲ့လေးပတ်တိုင်တိုင် ကိုယ်အခွေတို့ဖြင့် ဝန်းရံရစ်ပတ်၍ ထိုနန္ဒောပနန္ဒ၏ ပါးပျဉ်းထက်၌ မိမိ၏ ပါးပျဉ်းကိုထား၍ မြင့်မိုရ်တောင်နှင့် ဖိညှပ်ထားသတဲ့။

ထိုအခါ နန္ဒောပနန္ဒ နဂါးမင်းသည် လွန်စွာအမြက်ထွက်သဖြင့် အခိုး လွှတ်လိုက်ဘယ်။ ရှင်မဟာ မောဂ္ဂလာန်မထေရ်မြတ်ကလည်း အသင်နဂါးမင်း၏ ကိုယ်၌သာလျှင် အခိုးရှိသည်မဟုတ်-ငါ၏ကိုယ်၌လည်းအခိုးရှိပေသည်-ဟု ဆိုဘိသကဲ့သို့ တုန့်ပြန်၍ အခိုးလွှတ်လိုက်သတဲ့။

နဂါးမင်းလွှတ်သောအခိုးက မထေရ်မြတ်ကို မနှိပ်စက်နိုင်ဘဲ၊ မထေရ်မြတ်လွှတ်သောအခိုးက နဂါးမင်းကို ပင်ပန်းရုံမျှနှိပ်စက်သတဲ့။ ထို့နောက် နဂါးမင်းကမီးအလျှံ လွှတ်သောအခါမှာလည်း မထေရ်မြတ်က သင်နဂါးမင်းကိုယ်၌သာ မီးအလျှံရှိသည်မဟုတ် ငါ့မှာလည်းရှိပေသည်-ဟု ပြောဆိုဘိသကဲ့သို့ မီးလျှံကိုလွှတ်ပြန်ပါတယ်၊ နဂါးမင်း၏မီးလျှံသည် မထေရ်ကိုမနှိပ်စက်နိုင်သော်လည်း မထေရ်လွှတ်သောမီးအလျှံက နဂါးမင်းကို ပင်ပန်းရုံမျှ နှိပ်စက်ပါတယ်။ မသနား မငဲ့ညာတဲ့ သဘောဖြင့် နှိပ်စက်ခြင်းမျိုး မဟုတ်ပါဘူး။ ဆုံးမသောအနေဖြင့် ပင်ပန်းရုံမျှ မာန်,မာနကျရုံမျှကိုသာ မထေရ်မြတ်က အခိုးလွှတ်ခြင်း, မီးအလျှံ လွှတ်ခြင်းတို့ကို ပြုခြင်းဖြစ်ဓာယ်နော်—(ဒကာကြီး- ဦးစိန်)။

ရဟန်းတော်များဆိုတာ သူတပါးကို နှိပ်စက် ညှင်းဆဲ ကောင်းတာ မဟုတ်ပါဘူး။ ရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ်က နန္ဒောပနန္ဒ-နဂါးမင်းကို ယခုလို တန်ခိုးဖြင့် လွှမ်းမိုးနှိမ်နင်းခြင်းဟာ ထိုနဂါးမင်း မာန်မာနတွေ လျော့ကျပြီး သရဏဂုံတည်ကာ သံသရာမှာ အရှည်ကောင်းစေလိုသော သဘောဖြင့် မထေရ်မြတ်က ဆုံးမနေခြင်းပင်ဖြစ်တယ်။

ယင်းကဲ့သို့ မထေရ်မြတ်၏ တန်ခိုးက မိမိအပေါ် အမျိုးမျိုး လွှမ်းမိုးနေသောအခါ နဂါးမင်းက "ငြူသူသည် ငါ့ကိုမြင့်မိုရ်တောင်နှင့် ဖိညှပ်၍ အခိုးလည်း လွှတ်၏။ အလျှံလည်းလွှတ်၏" ဟုအကြံပြုပြီးလျှင်-"ဘော တွံ ကောသိ=ဘော-အချင်း၊ တွံ၊ သင်သည်၊ ကော=အဘယ်သူသည်၊ အသိ၊ ဖြစ်သနည်း" ဟူ၍ မေးမြန်းသပြီနှ့်-

မထေရ်။ ။အဟံ ခေါနန္ဒ မောဂ္ဂလာနော=နန္ဒောပနန္ဒ ငါမောဂ္ဂလာန် ထေရ် ဖြစ်သည်။

နဂါးမင်း။ ။ဘန္တေ အတ္တနော ဘိက္ခု ဘာဝေ နတိဋ္ဌာတိ= အရှင်ဘုရား မိမိ၏ ရဟန်းအဖြစ်, ရဟန်းအသွင်ဖြင့် တည်တော် မူပါလော=ဟူ၍ ပြောဆိုတောင်းပန်လေတော့တယ်။

အဘယ်မျှ တန်ခိုး ပါဝါပြပြီး ဒေါသမာန်မာန ကြီးနေသူပင်ဖြစ်စေ, မိမိထက် အာလွန်သော ပုဂ္ဂိုလ်နှင့် တွေ့ရသောအခါ ထားခဲ့သမျှ မာန်မာနတွေဟာ အလိုလို ကျကျကုန်တော့ ဒါဘဲနော်။ မာန်မာန မလျော့လျှင်လဲ မဖြစ်တော့ဘဲကိုး။ မာန်တင်းပြီး ခံနေလျှင်လဲ မိပိပင် နစ်နာမည် မဟုတ်လား၊ သို့အတွက် နဂါးမင်းလဲ မာန်မတင်းနိုင်တော့ဘဲ မထေရ်မြတ်ကိုလက်လျော့ပြီး တောင်းပန်ရတော့တာကိုး။

အရှင်မောဂ္ဂလာန် မထေရ်သည် ဖန်ဆင်းထားသော ထိုနဂါးကိုယ် နဂါးအသွင်ကို ပယ်စွန့်ပြီးနောက် ထိုနန္ဒောပနန္ဒ နဂါးမင်း၏ လကျ်ာဘက်နားပေါက်မှ ဝင်၍ လက်ဝဲဘက်နားပေါက်မှ ထွက်ကြွလာတယ်။ တဖန် လက်ဝဲဘက်နားပေါက်မှ ဝင်တော်မူ၍ လကျ်ာဘက်နားပေါက်မှ ထွက်ကြွတော် မူလာတယ်တဲ့။ ထိုနည်းအတူပင် လကျ်ာဘက် နှာခေါင်းပေါက်မှ ဝင်တော်မူ၍ လက်ဝဲဘက် နှာခေါင်းပေါက်မှ ထွက်ကြွလာပြန်တယ်။ လက်ဝဲဘက် နှာခေါင်းပေါက်မှဝင်ပြီး လကျ်ာဘက် နှာခေါင်းပေါက်မှ ထွက်ကြွတော် မူလာပြန်တယ်တဲ့။

နဂါးကြီးသည် မထေရ်မြတ်ဟာ-မိမိရဲ့ နားတွင်းမှာ ဝင်လိုက် ထွက်လိုက် လုပ်နေခြင်း, နှာခေါင်းတွင်းမှာ ဝင်လိုက် ထွက်လိုက် လုပ်နေခြင်းကြောင့် အလွန် ကသိကအောင့် ဖြစ်နေပြီး၊ ဒီတခါရှိစေတော့ "ခံတွင်းဝင်လာယင်တော့ ဒီရဟန်းကို ဝါးချေပစ်မည်" ဟု အကြံပြုပြီး နန္ဒောပနန္ဒ နဂါးမင်းက ခံတွင်းကို ဖွင့်ဟ ထားလိုက်တယ်။ ခံတွင်းဖွင့်ပြီး သတိထားကာ အသင့်စောင့်နေတယ်ပေါ့။ မထေရ်မြတ်ကလဲ ဖွင့်ထားသော ခံတွင်းပေါက်ဖြင့် ဝင်ရောက်၍ နဂါးကြီးရဲ့ ဝမ်းထဲမှာပင် အရှေ့မှ အနောက်သို့ရင်း, အနောက်မှ အရှေ့သို့ရင်း လူးလာတုန့်ခေါက် စင်္ကြံလျှောက်ပြီး နေတော်မူပြန်သတဲ့။ ထိုအခါမှာ နဂါးကြီးက အရှေ့အနောက် လျှောင်းနေသောကြောင့် အရှေ့အနောက် စင်္ကြံလမ်းကြီးလို ဖြစ်နေသဖြင့် မထေရ်မြတ်ကလဲ အရှေ့အနောက် စင်္ကြံကြွသွားခြင်း ဖြစ်ပေတယ်။

ထိုကဲ့သို့ မထေရ်မြတ်သည် နဂါးမင်း ဝမ်းတွင်း၌ အရှေ့အနောက် စင်္ကြံလျှောက်နေသောအခါ မြတ်စွာဘုရားက ကောင်းစွာ သတိကို ဖြစ်စေခြင်းငှါ-

မောဂ္ဂလ္လာန မနသိကရောဟိ မဟိဒ္ဓိကော သေနာဂေါ (ဝိသုဒ္ဓိ-ဒု-၂၉)

မောဂ္ဂလ္လာန' ချစ်သား မောဂ္ဂလာန်။ မနသိကရောဟိ၊ ကောင်းစွာမယွင်း, နှလုံးသွင်း သတိပြုလေလော့။ သေသော နာဂေါ၊ နန္ဒောပနန္ဒနာမ ကျော်ကြား၍ ဤနဂါးသည်။ မဟိဒ္ဓိကော၊ တဘက်ယှဉ်ပြိုင်, အနိုင်လွှမ်းမိုး, တန်ခိုးကြီးလှပေ၏-ဟူ၍ မိန့်ကြား သတိ ပေးတော်မူသတဲ့။

မြတ်စွာဘုရားက ထိုကဲ့တို့ မိန့်ကြား သတိပေးသောအခါ အရှင်မောဂ္ဂလာန် မထေရ်ကလည်း ဖြန့်ကြား လျှောက်ထားသည်မှာ- "မြတ်စွာဘုရား တပည့်တော်သည် လေးပါးသော ပြီးမြောက်ကြောင်း ဣဒ္ဓိပါဒ်တို့ကို ပွားစေအပ်ပြီး ဖြစ်ပါသည်၊ အကြိမ်များစွာ ပြုထားပြီး ဖြစ်ပါသည်၊ က-ထားပြီး ယာဉ်ကဲ့သို့ အသင့်ပြုထားပြီး ဖြစ်ပါသည်။ တည်ရာသဖွယ် ပြုထားပြီး ဖြစ်ပါသည်၊ ဆောက်တည်ပြီး ဖြစ်ပါသည်။ လေ့ကျက်ပြီး ဖြစ်ပါသည်၊ ကောင်းစွာ အားထုတ်ပြီး ဖြစ်ပါသည်၊ မြတ်စွာဘုရား။

ဤနန္ဒောပနန္ဒ နဂါးမင်းကို ထားလိုက်ပါဦး၊ နန္ဒောပနန္ဒနှင့်တူသော နဂါးမင်း တရာကို သော်ငြင်း, နဂါးမင်းတထောင်ကို သော်ငြင်း, နဂါးမင်း တသိန်းကို သော်ငြင်း တပည့်တော် ဆုံးမနိုင်ပါ၏-ဘုရားဟု လျှောက်ထားလိုက်သတဲ့။

နန္ဒောပနန္ဒ နဂါးမင်း အကြံသစ် ဖြစ်ပေါ် လာပြန်သည်မှာ ငါ၏ ဝမ်းတွင်းသို့ ဝင်သွားစဉ်အခါက ငါသည် ဤရဟန်းကို မမြင်လိုက်ရပေ၊ ယခုထွက်သောအခါမှာ ထိုမောဂ္ဂလာန် မည်သော ရဟန်းကို အစွယ်ကြား၌ ထည့်၍ ကောင်းစွာ ဝါးချေ ပစ်လိုက်မည်ဟု အကြံဖြစ်ပြီး-

နိက္ခမ ဘန္တေ မာမံ အန္တောကုစ္ဆိယံ အပရာပရံ စင်္ကမန္တော ဗာဓယိတ္ထ။
(ထေရ-၄-ဒု-၅၀၃)။

ဘန္တေ၊ တန်ခိုးတော်ကြီး အရှင်မြတ်ဘုရား၊ တုမှေ၊ အရှင်မြတ်ဘုရားတို့သည်။ နိက္ခမထ၊ ကျွန်ုပ်ဝမ်းမှ အပြင်ပသို့ ခဏာခုပင် အလျင်ဆက်ဆက် ထွက်တော် မူပါကုန်လော့။ အန္တောကုစ္ဆိယံ၊ ဝမ်းတွင်း၌။ အပရာပရံ၊ ထိုမှဤမှ။ စင်္ကမန္တော၊ လူးလာတုန့်ခေါက် စင်္ကြန်လျှောက်လျက်။ မံ အကျွန်ုပ်ကို။ မာဗာဓယိတ္ထ၊ သနားနဲ့ညာ ကရုဏာဖြင့် စာနာမှုသွင်း မညှဉ်းဆဲ မနှိပ်စက်ကြပါကုန်လင့်။

အကျွန်ုပ်၏ ဝမ်းတွင်းမှ ထွက်တော်မူပါ အရှင်ဘုရား၊ ဝမ်းထဲ၌ ထိုမှဤမှ စင်္ကြန်လျှောက်လျက် အကျွန်ုပ်ကို မညှဉ်းဆဲ မနှိပ်စက်ကြပါကုန်လင့်ဘုရား-ဟု ပြောဆို တောင်းပန်လေတော့တယ်။

နဂါးမင်းရဲ့ လေသံ ပျော့လာတော့ အလျှော့ပေးလိုတဲ့သဘောလိုဘဲနော်။ ဒါပေမဲ့ ဒီနဂါး က အလျှော့ပေးလို၍ မဟုတ်ဘူး။ ဥာဏ်နီ ဥာဏ်နက် သုံးပြီး တမျိုးတဖုံ ခြေမှုံး တိုက်ခိုက် လိုပြန် သဖြင့် တောင်းပန်သလို လျှောက်ဆိုခြင်း ဖြစ်ပါတယ်။ ထိုကဲ့သို့ နဂါးမင်းက လျှောက်ထားလေ လျှင် မထေရ်မြတ်လည်း နဂါးမင်း ဝမ်းတွင်းမှ ထွက်ပြီး အပြင်ပ၌ ရပ်တည်နေတော် မူသတဲ့။

အကြံသမားဖြစ်သော "နန္ဒောပနန္ဒ နဂါးမင်းသည် "ပိုင်လောက်ပြီ" ဟု ယူဆကာ၊ "ရပ် တည်သော ဤသူသည် ထိုအရှင် မောဂ္ဂလာန်ပင်တည်း" ဟု နှလုံးသွင်းကာ သေချာစွာ ကြည့်ရှုပြီး နှာခေါင်းလေကို လွှတ်လိုက်ပြန်တယ်၊ နဂါးတို့က နှာခေါင်းလေဖြင့် မှုတ်လျှင် လူတို့မှာ ဖွဲပြာကဲ့သို့ ဖြစ်သွားနိုင်ပေတယ်၊ ပြာကျသွားနိုင်တယ်- သို့အတွက် နဂါးမင်းက မထေရ်မြတ်ကို နှာခေါင်း လေဖြင့် မှုတ်လွှတ်ခြင်း ဖြစ်ပါတယ်။

အရှင်မဟာ မောဂ္ဂလာန် မထေရ်ကာမူ စတုတ္ထဈာန်ကို ဝင်စားပြီး နေတော်မူတယ်၊ နဂါး မင်း မှုတ်လွှတ်သော နှာခေါင်းလေ နဂါးငွေ့သည် ထိုမထေရ်မြတ်၏ အမွေးတွင်းမျှကို သော်လည်း တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ဘူးတဲ့။

အရှင်မောဂ္ဂလာန်မှတပါး ကုန်သော ရဟန်းတော်များသည် အစမှစ၍ အလုံးစုံသော တန်ခိုး ပြာဋိဟာတို့ကို ပြုခြင်းငှါ စွမ်းနိုင်ကြသည် ချည်းဖြစ်သော်လည်း ဤနှာခေါင်း လေလွှတ်သော အရာသို့ ရောက်လျှင် ဤအရှင် မောဂ္ဂလာန်အဘူ လျင်မြန်စွာ ရှုနိုင်ကြသည်ဖြစ်၍ စတုတ္ထဈာန်ကို လျင်မြန်စွာ ဝင်စားရန် မစွမ်းနိုင်ကုန်လတံ့-ဟု မြင်တော်မူသောကြောင့် မြတ်စွာဘုရားက အရှင် ဘဒ္ဒိယ စသော ထိုရဟန်းတို့အား ဤနန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမရန် ခွင့်ပြုတော် မမူခဲ့ခြင်း ဖြစ်တယ်။

ဤသာသနာတော်ဝယ် တန်ခိုးအာနုဘော် အရာ၌ မြတ်စွာဘုရား၏ တပည့်သား ရဟန်း အပေါင်းတို့တွင် အရှင်မဟာ မောဂ္ဂလာန် ထေရ်သည် အထူးချွန်ဆုံး အမြင့်မြတ်ဆုံးဖြစ်၍ မြတ်စွာ ဘုရားကလည်း တန်ခိုးအမှုပြုရန် အကြောင်းကိစ္စ ဖြစ်ပေါ်လာသောအခါ အရှင်မဟာ မောဂ္ဂလာန် ကိုသာလျှင် စေလွှတ်တော်မူမြဲ ခွင့် ပြုတော်မူမြဲ ဖြစ်ပါတယ်၊ တန်ခိုး ဣဒ္ဓိပါဒ်အရာ၌ မြတ်စွာ ဘုရား အထူး စိတ်ချတော် မူသော တပည့်ကြီး တပါးပေါ့၊ သို့အတွက်ကြောင့် အခါတပါးတွင်

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဝယ် ကျောင်းအမကြီး ဝိသာခါ ဆောက်လှူအပ်သော ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံး နေထိုင်တော် မူပါတယ်။

ထိုစဉ်အခါ ပုဗ္ဗာရုံကျောင်း ပြသာဒ်အောက်၌ နေကြကုန်သော များစွာသော ရဟန်းတို့သည် စိတ်ပျံ့လွင့်လျက် နေထိုင်ကြကုန်၏၊အချီးနှီး ထောင်လွှား နေကြကုန်၏၊ လျှပ်လည်း လျှပ်ပေါ်ကြကုန်၏၊ နှုတ်ကြမ်း ထမ်းစွာ ပြောဆိုနေကြကုန်၏။ ဘောင်စဉ် ရေမရ ရောက်တတ်ရာရာ ပြောဆိုနေကြ၏၊ သတိလွတ်ကင်း ဆင်ခြင်ခြင်း မရှိ ကြလေကုန်၊ တည်ကြည်မှု မရှိကြလေကုန်၊ တုန်လှုပ်သော စိတ်ဓာတ် ရှိကြကုန်၏၊ ဣန္ဒြေတို့ကို စောင့်စည်းမှု မရှိကြလေကုန်။

ထိုအခါ မြတ်စွာဘုရားက အရှင်မဟာ မောဂ္ဂလာန်ကို ခေါ်တော်မူ၍ "ချစ်သားမောဂ္ဂလာန် သီတင်းသုံးတော်ဖြစ်ကုန်သော ဤရဟန်းတို့သည်ပုဗ္ဗာရုံကျောင်း ပြသာဒ် အောက်ဝယ် စိတ်လွင့်လျက်နေကြပေကုန်၏၊အချီးနှီးထောင်လွှားသော မာန်မာနရှိကာ နေကြပေကုန်၏၊လျှပ်ပေါ်စွာနေကြပေ၏၊နှုတ်ကြမ်းတမ်းစွာ ပြောဆိုနေကြပေကုန်၏၊ တောင်စဉ်ရေမရ ရောက်တတ်ရာရာ ပြောဆိုနေကြပေကုန်၏၊ သတိလွတ်ကင်းသဖြင့် ဆင်ချင်ခြင်းဉာဏ်ပညာ မရှိကြလေကုန်၊ တည်ကြည်မှုလည်း မရှိကြလေကုန်၊ တုန်လှုပ်ချောက်ချားသော စိတ်ရှိကြပေကုန်၏၊ ဣန္ဒြေတို့ကို စောင့်စည်းမှုလည်း မရှိကြလေကုန်" ဟုမိန့်ဆိုတော်မူပြီးလျှင်"ဂစ္ဆမောဂ္ဂလ္လာန တေ ဘိက္ခူ သံဝေဇေဟိ- ချစ်သား မောဂ္ဂလာန်သွားလေလော့ ထိုရဟန်းတို့ကို ထိပ်လန့်စေလော့၊"ဟု စေခိုင်းတော်မူလိုက်တယ်။

"ကောင်းပါပြီမြတ်စွာဘုရား"ဟူ၍ အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရား၏ အမိန့်ကိုဝန်ခံပြီးလျှင် "ကျောင်းအမဝိသာခါ ဆောက်လုပ်လှူဒါန်းထားသော ပြသာဒ်ကို ရှေ့နောက် ဝဲယာအားဖြင့်၎င်း အထက်အောက်အားဖြင့်၎င်း သုက်သွက်ခါအောင် တုန်လှုပ်စေနိုင်အောင် အဘိညာဉ်တန်ခိုးကို ဖန်ဆင်းတော်မူပါတယ်။

ထိုအခါ သတိလွတ်ကင်း မေ့လျော့ခြင်းများလှကုန်သော ထိုရဟန်းတို့သည် ထိတ်လန့်ကြကုန်, ကြက်သီးမွေးညှင်းထကြကုန်သည်ဖြစ်၍ တခုသောအရပ်၌ စုဝေးရပ်နေကြပြီးလျှင်—

> အစ္ဆရိယံဝတ ဘော အဗ္ဘုတံဝတ ဘော၊နိဝါတဥ္စဝတ၊ အယဥ္စမိဂါရမာတုပါသာဒေါ ဂမ္ဘီရနေမော သုနိခါတော အစလော အသမ္ပကမ္ပီ အထစပနာယံ၊ ကမ္ပိတော သမ္ပကမ္ပိတော သမ္ပစာလိတော။ (မဟာဝဂ္ဂသံယုတ် မောဂ္ဂလာနသုတ် ၂၃၆)။

တောအိုအရှင်တို့။ အစ္ဆရိယံဝတ၊ ထိပ်လန့်ဘွယ်နှော အံ့ဩဘွယ်ရှိပါပေစွတကား၊ ဘော၊ အိုအရှင်ကောင်းတို့။ အဗ္ဘုတံဝတ၊ အဆန်းအထူး မဖြစ်ဘူးမြဲ ဖြစ်ပါပေစွတကား။ နိဝါတဥ္စဝတ၊ လေဟုန်ပြင်းစွာ တိုက်ခတ်ခြင်းလည်း မရှိပေတကား။အယဥ္စမိဂါရမာတုပါသာဒေါ၊မိဂါရ သူဌေးကြီး၏၊ အမိအရာ၌တည်သော ကျောင်းအမဝိသာခါသည် ဆောက်လုပ်လှူဒါန်းအပ်သော ဤပြသာဒ်ကျောင်းသည်၊ ဂမ္ဘီရနေမော၊ လှုပ်ရှားရန်ခက် နက်သောတွင်းလည်းရှိပေ၏၊ သုနိခါတော၊မြဲမြံသေချာ ကောင်းစွာ စိုက်ထူထားပေ၏။ အစလော၊ မငြိမ်မသက် ရောက်ယက်ပြေးသွား မလှုပ်ရှားနိုင်ချေ။ အသမ္ပကမ္ပီ၊ ရွေ့ရှားတို့၍ မတည်ရှုတ်,ရှုတ် မတုန်လှုပ်နိုင်ပေ။

အထစပနေ၊ ထိုသို့သေချာ ဖြစ်ပြီးပါလျက်လည်း။ သက်မှိတော၊ အထက်မှအောက်သို့ ကြောက်ဘွယ် နိမ့်ဆင်း ပြင်းစွာ တုန်လှုပ် လေပြီတကား။ သမ္ပကမ္ပိတော၊ အောက်မှအထက်သို့ တက်လျက် ယိမ်းခါ ပြင်းစွာတုန်လှုပ် လေပြန်ပြီတကား။ သမ္ပစာလိတော၊ ရှေ့နောက်ဝဲယာ ယိမ်းယိုင်ကာဖြင့် ပြင်းစွာတုန်လှုပ်, ပြန်လေပြီတကား။

အိုအရှင်ကောင်းတို့ အံ့သြဘွယ်ရှိပါပေစွ၊ မဖြစ်စဘူးအထူး ဖြစ်ပါပေစွ၊ လေပြင်းတိုက်ခတ်မှုလည်းမရှိပါပေ၊ ကျောင်းအမကြီး ဝိသာခါ ဆောက်လှူဒါန်းသော ဤပြာသာဒ် ကျောင်းသည် နက်သော်တွင်းလည်းရှိ၏၊ ကောင်းစွာစိုက်ထူ၍လည်း ထားပေ၏၊ မလှုပ်ရှားနိုင် မတုန်လှုပ်နိုင်ပေ၊ ထိုသို့ပင်ဖြစ်ပါလျက်လည်း ယခုအခါ ဤပြာသာဒ်ကျောင်းကြီးသည် အထက်မှအောက်သို့နိမ့်သက်ဆင်းတာ တုန်လှုပ်လေပြီးတကား၊ အောက်မှ အထက်သို့ တက်၍ ခါ,ခါတုန်လှုပ်ပြန်လေပြီတကား ရှေ့,နောက်ဝဲယာ ခါ,ခါ ယိမ်းယိုင် မနေနိုင်အောင် လှိုင့်,လှိုင့် ရှုတ်,ရှုတ် တုန်လှုပ်လေပြီတကားဟု အချင်း,ချင်း ပြောကြားပြီးနောက် မြတ်စွာဘုရားထံသို့ လာရောက်ချဉ်းကပ်ပြီး နေထိုင်ကြသတဲ့။

"ခလုပ်ထိမှအမိတ" ဆိုတာလို ယခုကိုယ်တော်များလဲ ကြောက်ရွံ့ ထိပ်လန့်မှု ဖြစ်သဖြင့် ဘုရားထံချဉ်းကပ် လာကြခြင်းဘဲနော်၊ စေတနာအလျောက် မြတ်စွာဘုရားထံသို့ တရားတော် နာယူရန် ချဉ်းကပ် လာရောက်တာမဟုတ်ဘူးတဲ့ (ဒကာကြီး-ဦးစိန်ရှဲ)။

မိမိထံမှောက် ချဉ်းကပ်လာရောက်ကြသော ရဟန်းများကို မြတ်စွာဘုရားက-
ကိံနု တုမှေ ဘိက္ခဝေ သံဝိဂ္ဂါ လောမ ဟဋ္ဌဇာတာ ဧကမန္တံဌိတာ။
(သံ မောဂ္ဂလာနသုတ်- ၂၃၉)။

ငါ၏ချစ်သား ရဟန်းများတို့ အသင်တို့သည် ကြောက်ရွံ့ထိပ်လန့်သော သဘောရှိကုန်သည် ဖြစ်၍, ကြက်သီးမွေးညှင်း ထကုန်သည်ဖြစ်၍ အဘယ်ကြောင့် တခုသောအရပ်၌ ရပ်တည်၍ နေကြကုန်ဘိသနည်း,ဟုမေးမြန်းတော်မူသဖြင့်၊

ဘုန်းတော်ကြီး တော်မူသောမြတ်စွာဘုရား-အံ့သြဘွယ်ရှိပါပေစွ၊မဖြစ်ဘူးပေမဲ့ ဖြစ်ပါပေစွ၊ လေပြင်းတိုက်ခတ်မှုလည်း မရှိပါ၊ ဝိသာခါ ဆောက်လုပ်လှူဒါန်းသော ဤပြာသာဒ်ကျောင်းသည် နက်သောတွင်းရှိပြီး ကောင်းစွာစိုက်ထူထားပါ၏၊မလှုပ်ရှား မတုန်လှုပ်နိုင်ပါ၊ သို့ပါလျက်လည်း ဤပြာသာဒ်ကျောင်းသည် ယခုအခါ ရှေ့ နောက် ဝဲယာ ထက်အောက် ပါလျှင် ယိမ်းခါထန်ပြင်း တုန်လှုပ်ခြင်းဖြစ်ပါသည်ဘုရား-ဟု တင်လျှောက်ထားကြလေသတဲ့၊

ယင်းသို့ရဟန်းတော်များက လျှောက်ထားလေလျှင် မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ မောဂ္ဂလာန် မည်သောရဟန်းသည် အသင်ရဟန်းတို့ကို သာလျှင်ထိပ်လန့်မှု သံဝေဂရရှိစေခြင်းငှါ ခြေမဖြင့် သင်တို့နေထိုင်ရာ ဝိသာခါ၏ ပြာသာဒ်ကျောင်းကို ရှေ့နောက်ဝဲယာ ထက်အောက်ပါလျှင် ယိမ်းခါထန်ပြင်း တုန်လှုပ်စေခြင်း ပြင်းစွာ တုန်လှုပ်စေခြင်းဖြစ်စေ၏-ဟု မိန့်တော်မူပြီးလျှင်-

တံကိံ မညထ ဘိက္ခဝေ ကတမေသံ ဓမ္မာနံ အာဝိဘတ္တာ ဗဟုလီကတတ္တာ
မောဂ္ဂလာနေ ဘိက္ခု ဧဝံမဟိဒ္ဓိကော ဧဝံမဟာနုဘာဝေါ—
ဟူ၍ မိန့်ဆို မေးမြန်းတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တံ၊ ငါမေးလတံ့သော ထိုစကားကို။တုမှေ၊ သင်တို့သည်။ ကိံမညထ၊ အဘယ်သို့လျှင် မှတ်ထင်ကြကုန်သနည်း။ ဣတမေသံဓမ္မာနံ၊ အဘယ် မည်သော တရားသဘောတို့ကို။ ဘာဝိတတ္တာ၊ ပွားများအပ်လေသောကြောင့်။ ဗဟုလီကတတ္တာ၊ မပြတ်မလပ်, အထပ်ထပ်, အခါခါ, အကြိမ်မြားစွာ ပြုအပ်လေ သောကြောင့်။ မောဂ္ဂလ္လာနေ၊ မောဂ္ဂလ္လာန်မည်သော။ ဘိက္ခု၊ ငါဘုရား၏ တပည့်သားဖြစ်သော ရဟန်းသည်။ ဧဝံမဟိဒ္ဓိကော၊ မြေလျှိုးမိုးပျံ,ကြံရာပြီးစီး,ဤသို့တန်ခိုးကြီးသည်။ ဧဝံမဟာ နုဘာဝေါ၊ လုပ်သမျှအောင်,ဆောင်သမျှပြီး,ဤသို့သော အာနုဘော်ကြီးသည်။ ဟောတိ၊ အမှန်စင်စစ်, ဖြစ်ရလေသတည်း။

ချစ်သားရဟန်းတို့ ငါဘုရားမေးမည့် အရာကို အသင်တို့ အဘယ်သို့မှတ်ထင်ကြသနည်း- ချစ်သားရဟန်းတို့ အဘယ်တရားတို့ကို ပွားများခြင်း ကြိမ်ဖန်များစွာ အလေ့အလာ ပြုခြင်းကြောင့် မောဂ္ဂလ္လာန်မည်သော ငါဘုရားသားတော် ရဟန်းတော်သည် ဤသို့တန်ခိုးကြီးမားဘိသနည်း,ဤသို့ အာနုဘော် ကြီးမားလေဘိသနည်း- ဟုမေးမြန်းတော် မူဘယ်။

ထိုအခါ သဗ္ဗညု မြတ်စွာဘုရားက-

> တေနဟိ ဘိက္ခဝေ သုဏာထ၊ စတုန္နံ ခေါ ဘိက္ခဝေ ဣဒ္ဓိပါဒါနံ ဘာဝိတတ္တာ
> ဗဟုလီကတတ္တာ မောဂ္ဂလ္လာနော၊ ဘိက္ခု ဧဝံမဟိဒ္ဓိကော ဧဝံ မဟာနုဘာဝေါ။
> (မဟာဝဂ္ဂသံယုတ်- မောဂ္ဂလာနသုတ်- ၂၃၆)။

ဘိက္ခဝေ-ရဟန်းတော်များ အိုချစ်သားတို့၊ တေနဟိ၊ ထိုသို့ကြားနာလိုခြင်း,ဖြစ်တုံလျှင်းမူ။ သုဏာထ၊ အာရုံတပါး, စိတ်မသွားဘဲ, နားစိုက်ကြကုန်လော့။ ဘိက္ခဝေ၊ အိုချစ်သား ရဟန်းတို့။ ခေါ၊ စင်စစ်ကောန်,အမှန်မူကား။ စတုန္နံ၊ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသအားဖြင့် လေးပါးကုန်သော။ ဣဒ္ဓိပါဒါနံ၊ အထက်အထက်,ထူးခြားချက်-ဟု အမှတ်ပြုကြား,ကြီးပွားကြောင်း စစ်စစ်ဖြစ်ကုန်သော ဣဒ္ဓိပါဒ်တရားတို့ကို။ ဘာဝိတတ္တာ၊ ပွားများအပ်လေသောကြောင့်။ ဗဟုလီကတတ္တာ၊ ကြိမ်ဖန်ထပ်ထပ်, ပြုအပ်လေသောကြောင့်။ မောဂ္ဂလ္လာနောဘိက္ခု၊ မောဂ္ဂလာန်မည်ခေါ်, ငါ၏ချစ်သား ရဟန်းတော်သည်။ ဧဝံမဟိဒ္ဓိကော၊ မြေလျှိုးမိုးပျံ, ကြံသမျှပြီးစီး, ဤသို့ တန်ခိုးကြီးခြင်းသည်။ ဧဝံမဟာနုဘာဝေါ၊ နတ်လူ အပေါင်း, ညွတ်ခ ညောင်းလျက်, ပြောပြောင်း ကော်ရော်, ဤသို့ အာနုဘော် ကြီးခြင်းသည်။ ဟောတိ၊ ဓမ္မလမ်းကြောင်း, မတိမ်းစောင်းဘဲ, ကောင်းစွာမသွေ, ဖြစ်ရလေတော့ သတည်း။

ချစ်သားတို့-ထိုသို့ဖြစ်လျှင် နားဆင်ကြကုန်လော့၊ ချစ်သားရဟန်းတို့ စင်စစ်အားဖြင့်မူ ဆန္ဒ ဝီရိယ စိတ္တ, ဝီမံသဟူသော လေးပါးသော ဣဒ္ဓိပါဒ် တရားတို့ကို ပွားများခြင်း, ကြိမ်ဖန်များစွာ အလေ့အလာပြုခြင်းကြောင့် မောဂ္ဂလာန်ခေါ် ငါ့သားတော်ရဟန်းသည်- ဤသို့တန်ခိုးကြီးမားခြင်း အနုဘော်ကြီးခြင်းဖြစ်ပေသည်- ဟူ၍ မိန့်ကြားပြီးလျှင် ဣဒ္ဓိပါဒ်လေးပါးကို ပွားများမှုကိုလည်း အကျယ် ဟောကြားတော်မူခဲ့ပါတယ်။

**နတ်လူတို့ ဆရာမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ အရိယာသံဃာအပေါင်း အလယ်၌ သိတင်းသုံး တော်မူလျက် ထိုထိုဂုဏ်ထူးဖြင့် မိမိ၏တပည့်သားတို့ကို ဧတဒဂ်အရာ ပေးသနား တော်မူရာ၌ အရှင်မောဂ္ဂလာန်ကို -**

**ဧတဒဂ္ဂံဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ ဣဒ္ဓိမန္တာနံ၊ယဒိဒံမဟာ မောဂ္ဂလ္လာနော။**
**(အံ-၁-၂၃)။**

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဒ္ဓိမန္တာနံ လွန်ကဲလွမ်းမိုး တန်ခိုးရှိကုန်သော။ မမ၊ငါဘုရား၏။ သာဝကာနံ၊ တပည့်သားဖြစ်ကြကုန်သော၊ ဘိက္ခူနံ၊ ရဟန်းဘို့တွင်။ "ယဒိဒံ ယောအယံမဟာမော ဂ္ဂလ္လာနော၊ အကြင်မဟာမောဂ္ဂလာန်သည်။ အတ္ထိ၊ရှိ၏။ဧတံ သော မဟာမောဂ္ဂလ္လာနော၊ ထိုမဟာ မောဂ္ဂလာန်သည်၊ အဂ္ဂံ အဂ္ဂေါ၊ ဣဒ္ဓိသေးပါး, ဝသီပါးဖြင့်, ရှုပွားကုန်စင်, အမြဲဟုဉ်ရကား, ထူးခြားဆက်ဆက်, အမြတ်ဆုံး အသာဆုံး ဖြစ်လေတော့သတည်း။

ချစ်သားရဟန်းတို့- တန်ခိုးကြီးသောငါဘုရား၏ တပည့်သားရဟန်းများတွင် မဟာမောဂ္ဂ လာန်မည်သော ရဟန်းသည် အမြတ်ဆုံးပေတည်း- ဟု ဣဒ္ဓိမန္တအရာ၌ ဧတဒဂ် ဘွဲ့ထူးဖြင့် ချီးကျူး တော်မူခဲ့ခြင်းဖြစ်တယ်။

ဤကဲ့သို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူခဲ့ပြီးဖြစ်သည့်အတိုင်း ဤနန္ဒောပနန္ဒ နဂါးမင်းနှင့် တန်ခိုးခြင်းပြိုင်ဆိုင်ရန် ကြုံသောအခါမှာလည်း အဘိညာဏ်သမာပတ် ကို လျှင်လျှင်,မြန်မြန်, ဝင်စားနိုင်သော အရှင်မောဂ္ဂလာန်ကို သာလျှင် မြတ်စွာဘုရားက ခွင့်ပြု တော်မူခြင်းဖြစ်ပါတယ်။

ထိုအခါ နန္ဒောပနန္ဒ နဂါးမင်းသည် "ငါကား ငါ၏ နှာခေါင်းလေဖြင့် ဤရဟန်း၏ မွေးညှင်းတွင်း က လေကို သော်မျှလည်း တုန်လှုပ်စေခြင်းငှါ မတတ်နိုင်ခဲ့ချေတကား။ ဤရဟန်း ကား အလွန်တန်ခိုးကြီးမားသောသူဖြစ်ပေသည်"ဟု ကြံစည်စဉ်းစားနေသတဲ့။ မထေရ်မြတ်သည် ပကတိကိုယ်တော်ကိုစွန့်ပယ်၍ ဂဠုန်ငှက်မင်း၏ လေအဟုန်ကို ဖေါ်ပြလျက် နန္ဒော ပနန္ဒ နဂါးမင်းကို အစဉ်တစိုက်လိုက်ပြန်လေတယ်။

နဂါးမင်းသည်လည်း ရှေ့မှ မြေလျှိုးလိုက်, ရေငုပ်လိုက်, ကောင်းကင်ပြင်သို့တက်လိုက်, အရှေ့အနောက်, တောင်မြောက်ပြေးလိုက်ဖြင့်,စကြာဝဠာ အနှံ့လှည့်ပတ်ပြေးလေရာ ဂဠုန်ငှက်မင်း အသွင် ဖန်ဆင်းထားသော မထေရ်မြတ်ကလဲ နောက်မှထက်ချပ်မကွာ, လိုက်နေသဖြင့် နန္ဒောပနန္ဒ နဂါးမင်းသည် ပြေး၍ မလွတ်နိုင်သည်အဆုံး၌ မိမိ၏ပင်ကိုယ်ပကတိ နဂါးခန္ဓာကိုယ် အတ္တဘောကို စွန့်ပယ်ပြီးလျှင် လူယောကျာ်း လုလင်ငယ် အသွင်ဖန်ဆင်းပြီး သာဘာလ "ဘန္တေ တုမှာကံ သရဏံ ဂစ္ဆာမိ=အရှင်ဘုရား အကျွန်ုပ်သည် အရှင်ဘုရားတို့ကို ကိုးကွယ်ရာ အားထားရာဟူ၍ ယုံကြည်, လေးမြတ်,ဆည်းကပ် သိရှိပါ၏"ဟု ပြောဆိုလျှောက်ထားလျက် မထေရ်မြတ်၏ ခြေတော်အစုံတို့ကို ရိုသေစွာ ဦးတိုက်၍ ရှိခိုးလေတော့တယ်။

နဂါးမင်းသည် မိမိ၏ မာန်မာန တည်းဟူသော ဝတ်ရုံလွှာကို ချွတ်ပုံကာ ချပြီး ယခုအခါ အရှင်မြတ်၏ ခြေတော်များကို ဝတ်တွားကာ ရှိခိုးနေရ ရှာလေပြီနော်။

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကလည်း "သတ္ထာ နန္ဒ အာဂတော၊ ဧဟိတွံ ဂမိဿာမ= နဂါးမင်းနန္ဒ၊ ယခုအခါ ဗုဒ္ဓမြတ်စွာဘုရား ကြွလာတော်မူပြီ-ထလာလော့- မြတ်စွာဘုရားထံသို့ သွားကြကုန်စို့"ဟု မိန့်ဆိုကာ နဂါးမင်းကို ဆုံးမ၍ မာန်မာနဟူသော အဆိပ်အတောက် ကင်းပျောက်

လေအောင် ပြုပြီးမှ နဂါးမင်းကို ခေါ်ဆောင်ပြီး လူနတ်တို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား ထံတော်သို့ သွားရောက်လေသည်။

နန္ဒောပနန္ဒ နဂါးမင်းသည် မြတ်စွာဘုရား အထံတော်သို့ ရောက်သောလျှင် ဘုရားရှင်ကို ရှိခိုးသမြတ်နိုး ရှိခိုး၍ "ဘန္တေ တပည့်တော်ကား သရဏဂုံ ဂစ္ဆာမိ-ဘုန်းတော်ကြီးတော် မူသော မြတ်စွာ ဘုရား အကျွန်ုပ်သည် အရှင်ဘုရားတို့ကို ကိုးကွယ် အားထားရာ ဟူ၍ ယုံကြည် လေးမြတ် ဆည်းကပ် သိရှိပါ၏ဘုရား" ဟု လျှောက်ထားကာ မြတ်စွာဘုရားထံ သရဏဂုံကို ခံယူလေသတဲ့။ မာန်မာန တီးဟူသော အဆိပ်အတောက်တွေ ကင်းပျောက်ကုန်တော့ အလွန် ယဉ်ကျေး သိမ်မွေ့ လာတာ ဘဲနော်။ ဘုရားမှန်းလဲသိ, တရားမှန်းလဲသိ, သံဃာမှန်းလဲ သိလာတော့ဘာဘဲ။ သတ္တဝါတွေကို သံသရာ ဝဲဩရက်မှလွှဲ မထွက်နိုင်အောင် ဆွဲဆောင်ထားတဲ့ နှောင်ကြိုးထဲမှာ မာနလဲ တပါးအပါ အဝင် ပေပဲပေါ့။

မာနတရားဆိုး လွှမ်းမိုးခံနေရရှာသော နဂါးမင်းသည် ယခုတော့ မာနတံခွန်ကို အရှင် မောဂ္ဂလာန် မထေရ်မြတ်က ဆွဲချပေးသဖြင့် ဘုရားကို ဆည်းကပ်ထတ်တဲ့ အခြေအနေ ရောက်လာပြီ၊ သတ္တဝါ အများ၏ အားထားရာ မဟာ ကရုဏာသခင် ဖြစ်တော်မူသော မြတ်စွာဘုရားက "သုခီ ဟောဟိ နာဂရာဇ=နန္ဒ နဂါးမင်း အသင်သည် ကာယသုခ စိတ္တသုခ နှစ်ပါးနှင့်ပြည့်စုံသော သူသည် စင်စစ်မသွေဖြစ်စေ သတည်း" ဟု မိန့်ဆိုတော်မူကာ မင်္ဂလာကောင်းမှု အကြောင်းပြု၍အောင် ဆု ပေးသနားတော် မူပါတယ်။

ဆုံးလူထွင့်ထား မြတ်စွာဘုရားသည် အရှင်မဟာမောဂ္ဂလာန်အား တန်ခိုး အဘိညာဏ် အရာ၌ နည်းညွှန်း ပေးတော်မူ၍ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမ စေတော် မူခြင်းဖြင့် ကောင်းစွာ အောင်မြင်ခြင်းသို့ ရောက်ခဲ့ပေပြီနော်၊ သို့အတွက် နန္ဒောပနန္ဒ နဂါးမင်းအား ကောင်းစွာလွယ်ကူ အောင်တော်မူသည့် အောင်ပွဲသခင် ဘုရားရှင်ကို ကြည်လင်သော စေတနာဖြင့် ဂုဏ်တော် အထူးကို ချီးကျူး ပူဇော်ကြဦးစို့-

**ဆောင်ပုဒ်။** နန္ဒနဂါး ကြီးမားဘုန်းရှင်၊ မြင်မိုရ်တောင်းလုံး ပိတ်ဖုံးအာပင်၊
ပြိုင်လာတပည့်၊ ညွှန်ဘိစိစဉ်၊ မြတ်ဘုရား နဂါးအောင်ပွဲဆင်။

ယခုအခါ တရားပွဲ သိမ်းရန်အချိန်လဲ တန်ပေပြီ၊ သို့ဖြစ်၍တရားဟော တရားနာ ဘေးရန်ကွာ၍ အမျိုးဘာသာ သာသနာ အကျိုး ဆထက်ဘိုးအောင် သည်ပိုးရွက်ဆောင် နိုင်ကြစေရန် ရည်သန်လျက် တန်ခိုးဟုန် မာန်ပြင်းသည့် နန္ဒောပနန္ဒ နဂါးမင်းအား အရှင်မောဂ္ဂလာန် မထေရ်မြတ်ကို နည်းညွှန် လမ်းပြလျက် အောင်မြင်တော်မူသော အောင်ပွဲသခင် သဗ္ဗညု ဘုရားရှင်ထံတွင် အောင်ဆုကို ပန်ဆင်ပြီး တရားပွဲ သိမ်းကြရမယ်၊ အောင်ပွဲသခင် ဘုရားရှင်ကို အာရုံထင်အောင် မှန်းဆလျက် လက် ဆုပ်ကိုယ်စိ ချီထားကြ—။

နန္ဒောပနန္ဒ ဘုဇဂံ ဝိဗုဓံ မဟိဒ္ဓိံ ပုတ္တေန ထေရဘုဇဂေန ဒမာပယန္တော၊
ဣဒ္ဓူပဒေသ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊ တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလာနိ။
(ပေါ်ရာဇာဂါထာ)။

စယာမုနိဝန္နာ၊ မုနိမည်ငြား ရဟန်းအများ၏ ထိပ်ထားဦးတင် အကြင်ဘုရားရှင်သည်။ ဝိဝိခံ၊ တံပါးမက များလှသောအား အထူးထူးအပြားပြားရှိသော။ မဟိဒ္ဓိ လေဟုန် မီးဟုန်၊ ထံမျိုးစုံ ဖန်ဆင်းနိုင်သဖြင့် ကြီးမားသော တန်ခိုးရှိသော။ နန္ဒောပနန္ဒ ဘုဇဂံ၊ နန္ဒောပနန္ဒ၊ မည်နာမဖြင့် လွန်စွာ ကျော်ကြား နဂါးမင်းကို။ ထေရဘုဇဂေန၊ ကြီးမြတ်ထင်ရှား နဂါးမင်းစာ် ဖြစ်တော်မူသော။ ပုတ္တေန၊ တန်ခိုးအာဃ လွန်စွာထူးကဲ၊ လက်ဝဲတော်ရန် သားတော်အရှင်မောဂ္ဂလာန်ကို၊ ဓိုနာပယန္တော၊ အနိုးအလျှံ အစိဋ္ဌာန်ဖြင့် အတန်တန်လွှတ်ကာ၊ ချေချွတ်ဖျက်စီး စေလျက်၊ ဣဒ္ဓူပဒေသ ဝိဓိနာ၊ တန်ခိုးဖန်ရေး၊ နည်းညွှန်းပေးကာ ဖေးမပြုပြင်၊ အစီအရင်ဖြင့်။ ဇိတဝါ၊ ပါရမီ ဆုန်းဟုန်။ တန်ခိုးဂုဏ်ကြောင့် လွှမ်းခြုံလွယ်ကူ အောင်မြင်တော် မူလေပြီ။

တန္တေဇသာ၊ နန္ဒောပနန္ဒ အမည်ရသည့် တေဇထန်ပြင်း နဂါးမင်းကို ဖြိုခွင်းလွယ်ကူ အောင်တော်မူငြား၊ ထိုမြတ်စွာဘုရား၏ တန်ခိုးတော် အားဖြင့်။ ဧအမှာကာ၊ ရတနာသုံးပါး ဦးထိပ်ထားသည့်၊ တရားဟော တရားနာ မှန်စွာဖြစ်ငြား အကျွန်ုပ်တို့အား။ အဂ္ဂံ၊ ဘုန်းကံကြီးမား လူနတ်များတို့၊ လေးစားမပြတ် သုံးဆောင်အပ်သဖြင့် မြင့်မြတ်သော၊ ဇယမင်္ဂလံ၊ ပစ္စုပ်သံသာ၊ နှစ်ဖြာအကျိုး ပွားတိုးစေကြောင်း ကောင်းမြတ်လှစွာ အောင်ခြင်း မင်္ဂလာသည်၊ ဘဝတု၊ ဖြစ်ပါစေသတည်း။ ဝါ၊ ဘဝတု၊ ကြံသမျှအောင် ဆောင်သမျှပြီး အသီးသီးမသွေ ဖြစ်ပါစေသတည်း။

(အဘိဓမ္မာတပ်-တရားပွဲသိမ်း)

❀❀❀

# ဗကပြဟ္မာကြီးကို အောင်မြင်တော်မူခြင်း

ဒုဂ္ဂါဟံ သဿတဒိဋ္ဌိံ၊ မဟိဒ္ဓိံ ဗကနာမကံ။
ပြဟ္မံ ဇိနာတိ အာဘာယ၊ တံ ဝန္ဒေ မုနိ ပုင်္ဂဝံ။ (ရခုနာ)။

ယောမုနိပုင်္ဂဝေါ၊ မုနိအပေါင်း ရဟန်းကောင်းတို့၏ ရှေ့သွား ခေါင်းဆောင် ဖြစ်တော်မူငြား, အကြင် မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟံ၊ အဝိဇ္ဇာတရား, ပိတ်ကာထားသဖြင့်, မှန်မှား ၂-မူ, ချင့်မမူဘဲ စွဲယူခြင်း ရှိပေထသော။ သဿတဒိဋ္ဌိံ၊ ရုပ်နာမ်ကိုပင် ငါထင်လျက်, အစဉ်စွဲငြိ ခံယူခြင်းလည်း ရှိပေထသော။ မဟိဒ္ဓိံ၊ လက်ညှိုးဆယ်ချောင်း, အရောင်ပေါင်းဖြင့်, တသောင်း စကြာဝဠာ ,လင်းရောင်ဖြာ၍, သွားနိုင်လောက်အောင် ကြီးမားသော တန်ခိုးလည်း ရှိပေထသော။ ဗကနာမကံ၊ ဗကခေါ်ဘိ, အမည်ရှိသော။ ပြဟ္မံ၊ ပြဟ္မာတို့ဘုံ, လွှမ်းကာခြုံ၍, တန်ခိုးဂုဏ်ကျော်ဟီး, ပြဟ္မာကြီးကို။ အာဘာယ၊ အဝိဇ္ဇာမိုက်က အမှောင်တိုက်ကို, တိုက်ခိုက်ဖြိုခွင်း ဉာဏ်ရောင် အလင်းဖြင့်။ ဇိနာတိ၊ မပင်မပန်း ငြိမ်းချမ်းလွယ်ကူ အောင် တော်မူလေ၏။

တံမုနိပုင်္ဂဝံ၊ ဗဟာပြဟ္မာ မိုက်မဲစွာကို ကောင်းစွာလွယ်ကူ အောင်တော်မူငြား, မုနိထိပ်ထား ထိုမြတ်စွာဘုရားကို။ အဟံ၊ ရုပ်နာမ်နှစ်ဝ, သမူဟကို, ဓမ္မကထိက ဘွဲ့ထူးသလျက်, ခေါ်ကြသမုတ်, အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ သံသရာဝဋ်စက် ကင်းလွတ်ထွက်ဘို့, မှန်းလျက်မြော်ကိုး လက်စုံမိုးကာ ရှိခိုးကန်တော့ပါ၏-အောင်ပွဲသခင် အရှင်မြတ်ကြီးဘုရား။

ယနေ့တရားပွဲမှာတော့ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားက မိမိကိုယ်ခန္ဓာနှင့် တကွသော ပြဟ္မာ လောကကြီးသည် အမြဲတည်၏- ဟူ၍ အလွန်အားကြီးသော သဿတ မိစ္ဆာဒိဋ္ဌိ အယူရှိတဲ့ ဗက ပြဟ္မာကြီးရဲ့ အဝိဇ္ဇာ မှောင်ထုကို ပညာရောင် ဆီမီးထွန်းညှိပြီးလျှင် အောင်ပွဲ ဆင်ရသည့် အကြောင်းကို ဟောပြောရမည် ဖြစ်ပေတယ်။

သို့အတွက်ကြောင့် ယင်း ဗကပြဟ္မာကြီးကို အေးချမ်း လွယ်ကူ အောင်မြင်တော် မူသော မြတ်စွာဘုရားကို တရားပွဲအစတွင် ဂါရဝမင်္ဂလာ ပြုလိုက်ရပေတယ်။ ဒီဗကပြဟ္မာကြီးရဲ့ အကြောင်း ကအသင့်အတင့် ရှည်လျားသဖြင့် အချိန်အခါနှင့် လျော်စွာ ပြီးအောင် အကြောင်းရင်းကို ဆက်ဟောကြရပေမည်၊ ကောင်းမွန် ရိုသေစွာ နာယူမှတ်သားကြပေတော့။

အခါတပါး၌ သုံးလော ကထွဋ်ထား မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဝယ် အနာထပိဏ် သူဌေးကြီး ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် သီတင်းသုံးနေတော် မူပါတယ်။ ထိုစဉ်အခါ မြတ်ဗုဒ္ဓါသည် များစွာသော ရဟန်းတို့ကို ခေါ်တော်မူ၍ မိန့်ကြားတော် မူသည်မှာ-

ရဟန်းတော်များ အိုချစ်သားတို့ ငါဘုရားသည် အခါတပါး၌ ဥက္ကဋ္ဌမြို့ သုဘဂမည်သော တောအုပ်အတွင်းအင်ကြင်းပင်မင်း၏ အမြစ်ရင်းဝယ် သီတင်းနေတော်မူတယ်။

ချစ်သားရဟန်းတို့ ထိုအခါ ဗကဗြဟ္မာကြီး၏စိတ်သန္တာန်မှာ ဤကဲ့သို့ယုတ်မာဖေါက်ပြားယွင်းမှားသောအယူဖြစ်ပေါ်လာသတဲ့၊ အယူမှားဖြစ်ပေါ်လာပုံကတော့-

> ဣဒံ နိစ္စံ၊ ဣဒံ ဓုဝံ၊ ဣဒံ သဿတံ၊ ဣဒံ ကေဝလံ၊ ဣဒံ အစဝနဓမ္မံ၊ ဣဒံ ဟိ နဇာယတိ၊ နဇီယတိ၊ နမိယတိ၊နစဝတိ၊ နဥပပဇ္ဇတိ၊ ဣတောစပနညံ ဥတ္တရိ နိဿရဏံ နတ္ထိ။ (မူလပဏ္ဏာသ- ဗြဟ္မနိမန္တနကသုတ်- ၄၀၁)။

ဣဒံ၊ ဤကိုယ်ကာယနှင့် ဗြဟ္မာပြည်ဌာန နှစ်ဝလုံးသည်။ နိစ္စံ၊ မြဲ၏။ ဣဒံ၊ ဤကိုယ်ကာယနှင့် ဗြဟ္မာပြည်ဌာနနှစ်ဝလုံးသည်။ဓုဝံ၊ခိုင်ခန့်၏။ ဣဒံ၊သည်။ သဿတံ၊ အရှည်တည်တန့်၏။ ဣဒံ၊သည်။ ကေဝလံ၊ကျိုးပြတ်ခြင်း ကင်း,တွင်းပဉသုံ ပြည့်စုံ၏။ဣဒံ၊သည်။အစဝနဓမ္မံ၊ချုင်ပျောက်ကွယ်သော ရွေ့လျောခြင်း သဘောမရှိ။

ဟိသစ္စံ၊စင်စစ်ကေန်,အမှန်မူကား။ ဣဒံ၊ ဤကာယ ဌာနနှစ်ဝလုံးသည်။နဇာယတိ၊ဖြစ်လည်းမဖြစ်တော့ပေ။နဇီယတိ အိုလည်းမအိုတော့။ နမိယတိ၊သေလည်းမသေတော့။ နစဝတိ၊ ရွေ့လည်းမရွေ့လျောတော့။ နဥပပဇ္ဇတိ၊ ပဋိသန္ဓေလည်း မနေတော့။ ဣတော၊ ဤကာယဌာန,နှစ်ခုထက်။ ဥတ္တရိ၊ ထူးကဲသာလွန်သော။ အညံ၊ တပါးသော။ နိဿရဏံ၊ လွတ်မြောက်ရာသည်။ နတ္ထိ၊စကြာဝဠာပေါင်း ထောင်သောင်းများစွာ လှည့်ရှာပါလည်း သေချာတိတိ တစိုးတစိမျှ မရှိ သာလျှင်တည်း။

ဤကာယနှင့် တကွသောဗြဟ္မာဘုံ ဌာနသည်မြဲ၏၊ ခိုင်ခန့်၏၊တည်တန့်၏၊သီးသန့်ဖြစ်၍ ပြည့်စုံပေ၏၊ရွေ့လျော့ခြင်းသဘောမရှိပေ၏၊ဤဗြဟ္မာ လောကဉ်ပဋိသန္ဓေစွဲတည်နေသူ အိုသူ,သေသူ ရွေ့လျောသူ ပဋိသန္ဓေတဖန်ထပ်နေသူဟူ၍မရှိတော့ပေ၊ဤကိုယ်ကာယနှင့်တကွသော ဗြဟ္မာလောက ဗြဟ္မာဘုံဌာနမှတပါးတခြားဖြစ်သော လွန်မြတ်သော ထွက်မြောက်ရာဟူ၍ မရှိတော့ပေ- ဟူ၍ချွတ်ချော်မှားယွင်း ယုတ်မာခြင်းရှိသော အလွန်အားကောင်းသည့် သဿတမိစ္ဆာဒိဋ္ဌိအယူဖြစ်ပေါ်လာသတဲ့။

မိမိကိုယ်ကိုရင်း မိမိရောက်ရှိနေရာဖြစ်သော ပထမဈာန်ဘုံကိုရင်း အစဉ်ထာဝရ တည်သည်,ခိုင်မြဲသည်-ဟု စွဲယူအမှတ်မှား, အထင်မှား နေခြင်းဖြစ်ပေတယ်၊ မိမိ၏ ခန္ဓာကိုယ်ပျက်စီးချိန်ရောက်က ပျက်စီးရပေမည်၊အမြဲမတည်နိုင်ပဲလျက် အမြဲနိစ္စ တည်နေနိုင်သည်-ဟု ယူဆထားတယ်၊ ထိုအတူ မိမိနေရာ ပထမဈာန်ဗြဟ္မာဘုံလည်း ပျက်ချိန်ရောက်က ပျက်ရမည်ကို မသိ၊ မမြဲသည်ကို မြဲ၏- ထင်နေခြင်းဖြစ်ပေတယ်၊ သဿတဒိဋ္ဌိဖြစ်နေတယ်ပေါ့နော်။

ထိုအခါသဗ္ဗညုမြတ်စွာဘုရားသည် ဗကဗြဟ္မာကြီး၏ မှားယွင်းနေသော စိတ်အကြံကိုသိရှိတော်မူ၍ ခွန်အားရှိသောယောကျ်ားသည် ကွေးထားသောလက်ကို ဆန့်တန်းသကဲ့သို့လည်းကောင်း၊ ဆန့်တန်းထားသော လက်ကို တဖန်ပြန်ကာ ကွေးသကဲ့သို့လည်းကောင်း၊ ဤနည်းတူစွာပင် သဗ္ဗညုဘုရားရှင်သည် မိမိ၏သတင်းသုံးရာဥက္ကဋ္ဌမြို့ သုဘဂတောအုပ် အင်ကြင်ပင်မင်းအရင်းမှ ကွယ်ပတော်မူခဲ့၍ ထိုဗက-ဗြဟ္မာနေထိုင်ရာ ပထမဈာန်ဗြဟ္မာဘုံ၌ ထင်ရှားစွာဖြစ်ပေါ်လာတယ်။ ဗြဟ္မာဘုံသို့ မြတ်စွာဘုရားကြွတော်မူသတဲ့။

ဗကဗြဟ္မာကြီးသည် မြတ်စွာဘုရားကြွလာတော်မူသည်ကို အဝေးမှပင်မြင်၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့်-

ဧဟိ ခေါ မာရိသ သွာဂတံ မာရိသ၊ စိရဿံ ခေါ မာရိသ ဣမံပရိယာယာ မကာသိ၊ ယဒိဒံ ဣဓာဂမနာယ–စသည်ဖြင့် အို-အရှင်မြတ် လာပါလော့-အရှင်မြတ် အရှင်၏လာရောက်ခြင်းသည် ကောင်းသောလာရောက်ခြင်း ဖြစ်ပါသည်။ အရှင်မြတ်- အရှင်သည် ဤပြဟ္မာ့ပြည်သို့ ကြွလာရောက်ဘို့ရန် အလှည့်အကြိမ်ကို ကြာမြင့်မှပင်ပြုပါပေသည်။ အရှင်မြတ်- ဤခန္ဓာကိုယ်နှင့်တကွဖြစ်သော ပြဟ္မာ့ပြည်လောက ပြဟ္မာ့ဘုံဌာနသည် မြဲလည်း မြဲပါသည်၊ ခိုင်ခန့်လည်း ခိုင်ခန့်ပါသည်- စသည်ဖြင့်ပြောဆိုလျှောက်ထားပါတယ်။ ဗကပြဟ္မာကြီးဟာ မိမိကိုယ်ကာယနှင့် ဘုံဌာနအပေါ်မှာမြဲ၏-ဟု အစွဲပြုပြီး အယူမှားကာ သဿတ ဝါဒကို ထူထောင်နေခြင်းဖြစ်တယ်။ ဒုတိယစျာန်ဘုံ စတဲ့ဘုံဌာနတွေလဲမမြင်၊ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော တရားထူးကိုလဲမသိတော့။ အယူတွေ လွဲမှားကုန်တော့တာပေါ့နော်။

ဆောင်ပုဒ်။ ၁။ ဤကိုယ်ကာယ၊ ဘုံဌာန၊ မှန်စွာမြဲလေသည်။
၂။ မြဲ့ခိုင့်တည်တန့် သီးသန့်ဖြစ်တာ၊ ရွေ့လျောကွာ၊ အို့နာ့မရှိပြီ။
၃။ အို့နာ့သေမှု၊ ဖောင်းရှင်းပြု၊ မြဲမှုစိတ်ထင်သည်။
၄။ ပြဟ္မာဗက၊ သဿတ၊ ဝါဒထူထောင်သည်။

ဗကပြဟ္မာကြီးက ဤကိုယ်ကာယနှင့် ဌာနဘုံမှတပါး လွန်ကဲသော ထွက်မြောက်ရာ မရှိတော့-ဟု ပြောဆိုခြင်းသည် အားကြီးသော သဿတဒိဋ္ဌိဖြစ်ခြင်းကို ပြဆိုခြင်းဘဲတဲ့။ ယင်းကဲ့သို့ ပြောဆိုသောသူသည် အထက်ဖြင့်သောဒုတိယစျာန်ဘုံ့တတိယစျာန်ဘုံ့စတုတ္ထစျာန်ပြဟ္မာဘုံ သုံးဘုံ တို့ကို ဖယ်ရှားပြီဖြစ်တယ်။

ထို့မှတပါး မဂ်လေးပါ့ဖိုလ်လေးပါး နိဗ္ဗာန်တရားတို့ကိုလဲ ပယ်ရှားပြီး ဖြစ်လေတော့သတဲ့။

ယင်းကဲ့သို့ ကိုယ်ကာယနှင့်တကွသော ပြဟ္မာလောကသည် ထာဝရတည်မြဲ၏-ဟု ဗကပြဟ္မာ လျှောက်ဆိုလေသောအခါ သုံးလူထွဋ်ထားမြတ်စွာဘုရားက စည်းဝေးရောက်လာကြသော ပြဟ္မာအပေါင်းတို့ဘက်သို့လှည့်တော်မူကာ–

အဝိဇ္ဇာဂတော ဝတ ဘော ဗကောပြဟ္မာ၊ အဝိဇ္ဇာဂတော ဝတ ဘော ဗကောပြဟ္မာ။ (ပဏ်-၁-၄၀၁)

ဘော၊ အို ပြဟ္မာအပေါင်းတို့၊ ဗကော၊ ဗက အမည်ရှိသော့ပြဟ္မာကြီးသည်။ အဝိဇ္ဇာဂတောဝတ၊ မသိမမြင်ခြင်းနှင့် တကွဖြစ်ပေစွတကား။ (ဝါ) မိုက်မဲလေစွတကား။ ဘော၊ တို့၊ ဗကော၊ သော။ ပြဟ္မာ၊ သည်။ အဝိဇ္ဇာဂတောဝတ၊ တကား။ ယင်းကဲ့သို့ ပြဟ္မာအပေါင်းကို ကောင်းစွာသိစေပြီး မိန့်ဆိုတော်မူပြီးလျှင် ဆက်လက်၍–

ယတြဟိနာမ အနိစ္စံယေဝ သမာနံ နိစ္စန္တိဝက္ခတိ။ (ပဏ္ဏ-၁-၄၀၁)။

ယတြ= ယောနာမ၊ ဗကမည်သော့ အကြင်ပြဟ္မာသည်။ ဟိ၊ စင်စစ်ကေန့် အမှန်မှကား။ အနိစ္စံယေဝ၊ကာယ ဌာန နှစ်ဝလုံးပဲ့ မခိုင်မြဲ သည်သာလျှင်။ သမာနံ၊ ကောင်းစွာစင်စစ့် ဖြစ်ပါ

လျက်။ နိစ္စန္တိ၊ ထိုသည့်ကာယ, ဌာနနှစ်ပါး, ထင်ရှားမလွဲ, မြဲ၏ဟူ၍။ ဝက္ခတိ၊ မောဟမှောင်ဖိ, အမှန်မသိသဖြင့်, ဆိုတုံဘိ၏တကား။

ဤသို့စသည်ဖြင့် ဗကမည်သော ဗြဟ္မာကြီးသည်-ကာယဌာနခေါ် ဗြဟ္မာလောက ဗြဟ္မာ့ဘုံ ဌာနနှင့် ထိုဗြဟ္မာ့ဘုံ၌ ဖြစ်နေကြသော ဗြဟ္မာအပေါင်းဟာ စင်စစ်အားဖြင့် မခိုင်ခန့်သော တရား သဘောဖြစ်ပါလျက် ခိုင်ခန့်၏-ဟု ဆိုနေပေသည်။ မတည်တံ့သည်သာ ဖြစ်သော တရားသဘောကို တည်တံ့၏-ဟု ထင်မှတ်ပြောဆိုနေပေသည်။ သီးသန့်မဟုတ်, ပြည့်စုံသည် မဟုတ်သော တရား သဘောကို သီးသန့်ဖြစ်၏, ပြည့်စုံ၏-ဟု ထင်မှတ် ပြောဆို နေပေ တော့သည်။ ရွေ့လျောခြင်း သဘော ရှိသည်သာလျှင် ဖြစ်သော တရားသဘောကို ရွေ့လျောခြင်း သဘောမရှိ-ဟု ပြောဆို နေပေတော့သည်။

ထိုမှတပါး အကြင်ပဌမစျာန် ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေနေသူ, အိုသောသူ, သေသူ, ရွေ့လျောသူ, တဖန် ကပ်ရောက်သောသူ, ထင်ရှားစွာ ရှိနေပါလျက် ထိုပဌမစျာန် ဗြဟ္မာ့ဘုံကို“ဤဗြဟ္မာ့လောက ၌ ပဋိသန္ဓေနေသူမရှိ, အိုသူမရှိ, သေသူမရှိ, ရွေ့လျောသူမရှိ, တဖန်ကပ်ရောက်သောသူမရှိ” ဟူ၍ ပြောဆို နေပေသည်။ ဤပဌမစျာန်ဗြဟ္မာ့လောက ဗြဟ္မာ့ဘုံဌာနမှတပါး တခြားဖြစ်သော- ဒုတိယ စျာန်ဗြဟ္မာ့လောက, တတိယစျာန်ဗြဟ္မာ့လောက, စတုတ္ထစျာန်ဗြဟ္မာ့လောကနှင့် မဂ်တရားလေးပါး, ဖိုလ်တရား လေးပါး, နိဗ္ဗာန်တရား တည်းဟူသော ပဌမစျာန် ဗြဟ္မာ့လောကထက် လွန်မြတ်သော ထွက်မြောက်ရာ တရား ထင်ရှားရှိပါလျက် “နတ္ထညံဥတ္တရိနိဿရဏံ=ဤကိုယ်နှင့်တကွသော ဗြဟ္မာ့ လောကမှတပါး တခြားလွန်မြတ်သော ထွက်မြောက်ရာသည်မရှိတော့”ဟူ၍ပြောဆိုနေတုံဘိသည်-ဟု မြတ်စွာဘုရားက ဗြဟ္မာအပေါင်းကို မိန့်ကြား သိစေလိုက်ပါတယ်။

ဗကဗြဟ္မာကြီးရဲ့ ယူဆချက်က “ဤဗြဟ္မာ့ လောက ဗြဟ္မာ့ဘုံဌာနသည် မြဲသည်၊ ဤဘုံ၌ ဖြစ်နေသော ဗြဟ္မာတို့ ကိုယ်ခန္ဓာသည်လည်း မြဲသည်”ဟုအယူရှိနေတယ်။ သဿတဒိဋ္ဌိဖြစ်နေတယ်။ အဘယ့်ကြောင့် ဗကဗြဟ္မာကြီး သဿတဒိဋ္ဌိ ဖြစ်ရသနည်းဆိုတော့-

> တတ္ထ ပဌမဇ္ဈာနံ ဘာဝေတွာ ပဌမဇ္ဈာန ဘူမိယံ ကပ္ပါယုကော ဟုတွာ နိဗ္ဗတ္တိ၊
> သော ပဌမကာလေ အတ္တနာ ကတကမ္မဉ္စ နိဗ္ဗတ္တဋ္ဌာနဉ္စ အညာသိ၊ ကာလေ
> ပန ဂစ္ဆန္တေ ဥဘယံ ပမုသိတွာ သဿတဒိဋ္ဌိံ ဥပ္ပါဒေသိ (မူလ–ဋ္ဌ–ဒု–၁၀၆)။

စသည်ဖြင့် အဋ္ဌကထာ၌ ရှင်းပြတဲ့အတိုင်း ဤဗကဗြဟ္မာကြီးကား အထက်ထက် ဖြစ်သော ဗြဟ္မာ့ပြည်မှ စုတေခဲ့၍ အောက် အောက်ဗြဟ္မာ့ပြည်၌ ပဋိသန္ဓေ တည်နေသူ ဖြစ်သတဲ့။ ပဋိသန္ဓေ တည်နေတယ်ဆိုဒါ ကိုယ်ထင်ရှား ဘွားကနဲဖြစ်လာတဲ့ ဥပပတ် ပဋိသန္ဓေကို ဆိုလိုထယ်နော်၊

ဒီဗက ဗြဟ္မာကြီးဟာ လွန်ခဲ့သည့် ဘုရားမပွင့်ခဲ့သောကပ် ကမ္ဘာတခုက ရသေ့ ရဟန်းပြုပြီး ကသိုဏ်းရှုမှု ပရိကံကို ပြုခဲ့တယ်၊ သမာပတ်ကို ဖြစ်စေခဲ့တယ်။ စျာန်လျော ကျမှု မရှိပဲ ထိုဘဝမှစုတေ လတ်သော် မဟာကမ် ငါးရာ အသက်ရှည်သော စတုတ္ထစျာန်ဘုံ ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်ပါတယ်။

ထိုဝေဟပ္ဖိုလ်ဘုံမှာ အသက်တမ်း ပြည့်အောင် တည်နေပြီးလျှင် အောက်အောက်ဘုံ၌ ဖြစ် ရမှု ပဋိသန္ဓေကို တောင့်တ၍ စျာန်တို့ကို ပွားများသဖြင့် အဆင့်ဆင့် အောက်အောက်ဘုံတို့သို့ရောက် ရှိလာခဲ့ရာ နောက်ဆုံး ဒုတိယစျာန်ဘုံ အာဘဿရ ဗြဟ္မာ့ဘုံမှ စုတေခဲ့၍ အန္တရကပ် အားဖြင့်

ခြောက်ဆယ့်လေးကပ်, အသင်္ချေယျကပ် အားဖြင့် တကပ် အသက်ရှည်သော ယခု ရောက်ရှိနေသော ပထမ စျာန်ဘုံ မဟာဗြဟ္မာဘုံမှာ ဖြစ်ရခြင်း ဖြစ်ပါတယ်။

ပထမ စျာန်ဘုံသို့ ရောက်သောအခါ ထိုဗက ဗြဟ္မာကြီးသည် မိမိ ယခု ရောက်ရှိနေဆဲ ဖြစ်တဲ့ ပဌမစျာန် မဟာ ဗြဟ္မာဘုံဝယ် ရောက်ရှိစ ပထမ ရှေ့ပိုင်းအချိန်ကာလကတော့ မိမိအတိတ် ဘဝက ဖြစ်ခဲ့ရသည့် ဘုံဌာနကိုလည်း သိရှိသေးပါတယ်၊ မိမိ ပြုလုပ်ခဲ့သည့် စျာန် ကုသိုလ်ကံကို လည်း သိရှိပါသေးတယ်။ အချိန်ကာလတွေ ကြာမြင့် သွားသောအခါ ထိုမိမိ ပြုခဲ့သည့် စျာန် ကုသိုလ်ကံ မိမိဖြစ်ခဲ့ရသည့် အတိတ်ဘဝက ဘုံဌာန နှစ်ပါးလုံးကို မေ့လျော့ပြီးလျှင် သဿတ ဒိဋ္ဌိ အယူမှားကို စွဲယူမိခြင်း ဖြစ်ပါတယ်။

ကဲ-ဗုဒ္ဓ မြတ်စွာနှင့် ဗက ဗြဟ္မာတို့စ၍ တွေ့ဆုံခဏ်းကို ပြန်ဆက်ကြဦးစို့၊ မြတ်စွာဘုရားက- "အရှင်မြတ်-ဤကိုယ်နှင့်တကွ ဖြစ်သော ဗြဟ္မာ့ လောကသည် မြဲလည်း မြဲပါသည်၊ ခိုင်ခံ့လည်း ခိုင်ခံ့ပါသည်- စသည်ဖြင့် ဗက ဗြဟ္မာ အပေါင်းတို့-ဗကဗြဟ္မာသည် မသိ မမြင်ခြင်းနှင့်တကွ ဖြစ်ပေ စွတကား၊ (ဝါ) မိုက်မဲလေစွတကား စသည်ဖြင့် ပြန်ကြား မိန့်ဆိုသောအခါ ပရနိမ္မိတ ဝသ ဝတ္တီဘုံသား ဖြစ်သော မာရ်နတ် ယုတ်မာ ရောက်ရှိလာပြီး အလုပ်အကျွေးဖြစ်သော ဗြဟ္မာငယ် တဦးကို ဝင်ပူးကာ ဘုရားမြတ်စွာကို ထိပါး ပြောဆို လေတယ်တဲ့။

ဒီမာန်နတ်သားဟာ အဘယ့်ကြောင့် မြတ်စွာဘုရားရှိရာ ဗြဟ္မာပြည်သို့ ချက်ချင်း ရောက် လာရသနည်းဆိုတော့၊ ထိုမာရ်နတ်သည် မိမိဘုံ ဗိမာန်မှာ နေပြီး "ယခု ရဟန်း ဂေါတမ ဘယ်ရွာ မှာ နေသနည်း၊ဘယ်မြို့မှာ နေသနည်း" ဟုမြတ်စွာဘုရားကို အမြဲမပြတ် ကြည့်ရှုနေသတဲ့၊ သို့အတွက် မြတ်စွာဘုရား ဥက္ကဋ္ဌမြို့ သုဘဂတောမှ ဗြဟ္မာပြည် ကြွသွားသည်ကို မြင်သောအခါ မြတ်စွာဘုရား နောက် ထက်ချပ်မကွာ လိုက်လာပြီး ဗြဟ္မာများ အလယ်မှာ မထင်ရှားသော ကိုယ်ဖြင့် ရပ်တည် နေသတဲ့။

မြတ်စွာဘုရားက ဗြဟ္မာကြီးကို ထိုကဲ့သို့ မိန့်ဆိုသောအခါ ဗြဟ္မာကြီးရဲ့ စစ်ကူသဘောဖြင့် အလုပ်အကျွေး ဗြဟ္မာငယ် တဦး၏ ကိုယ်ကို ဝင်ပူး ပြောဆိုခြင်း ပြုသတဲ့။ အောက်ဘုံဖြစ်တဲ့ နတ် နတ်ပြည်က မာရ်သားသည် အထက်ဘုံသားဖြစ်တဲ့ ဗြဟ္မာများကို ပူးဝင်ကပ်ရောက် နိုင်သလား ဆိုတော့-မဟာဗြဟ္မာကြီးတို့ အားရင်း, ဗြဟ္မာ ပုရောဟိတ်တို့ အားရင်း, ပူးဝင် ကပ်ရောက်ခြင်းငှါ မစွမ်းနိုင်ဘူးတဲ့၊ ဗြဟ္မ ပါရိသဇ္ဇခေါ် အလုပ်အကျွေး ဖြစ်သော ဗြဟ္မာငယ်၏ ကိုယ်ကိုသာ ပူးဝင် ကပ်ရောက် နိုင်ခြင်း ဖြစ်သတဲ့၊ မာရ်နတ်သား တန်ခိုးကလဲ သေးငယ်တာ မဟုတ်ဘူးနော်။

အောက်တန်းစား ဗြဟ္မာလောက်ဘော့ သူက ဝင်ရောက် ပူးကပ် နိုင်သေးတယ်တဲ့ (ဒကာကြီး ဦးစိန်ရဲ့)၊ အထက် ဖြစ်သော ဗြဟ္မာတို့ ဘုံဗြဟ္မာတို့ နယ်ကိုပင် ဝင်ရောက်မွှေသေးတဲ့ နတ်သား ဘဲကိုး။ မာရ်နတ်သားက မြတ်စွာဘုရားကို ဘယ်သို့ထိပါး ပြောဆိုသလဲဆိုတော့။

ဘိက္ခု ဘိက္ခုမေတ မာသဒေါ၊ မေတ မာသဒေါ။ ဧသော ဟိ ဘိက္ခု ဗြဟ္မာ မဟာဗြဟ္မာ-

အစရှိသည်ဖြင့် ရဟန်း, ရဟန်း-ဤဗက ဗြဟ္မာကို မမောင်းမဲပါလင့်၊ ဤဗက ဗြဟ္မာကို မမောင်းမဲပါလင့် မထိခိုက်ပါလင့်။ ရဟန်း-ဤဗကဗြဟ္မာသည် ဗြဟ္မာကြီးလည်း ဖြစ်ပါတယ်။ လောကကြီးကို လွှမ်းမိုး နိုင်သူလည်း ဖြစ်ပါတယ်၊ မည်သူမျှ မလွှမ်းမိုးနိုင်သူ ဖြစ်ပါတယ်၊ မိမိ အလိုသို့ လိုက်စေနိုင်သူလည်း ဖြစ်ပါတယ်၊ လောက၌ အစိုးရသူလည်း ဖြစ်ပါတယ်၊ သတ္တလောက

ကို ပြုတတ်သောသူ, ဩကာသ လောကကို ဖန်ဆင်းတတ်သော သူလည်း ဖြစ်ပါတယ်၊ သင်သည် မင်းဖြစ် ရမည်, သင်သည် ပုဏ္ဏား ဖြစ်ရမည်, ကုန်သည်, လယ်လုပ်, ဖြစ်ရမည်, သူဆင်းရဲ ဖြစ်ရမည်, လူဖြစ်ရမည်, ရဟန်း ဖြစ်ရမည်- အယုတ်ဆုံးအားဖြင့် သင်သည် ကုလားအုပ်ဖြစ်ရမည်, သင်သည် နွားဖြစ်ရမည်-စသည်ဖြင့် သတ္တဝါတို့ကို စီရင်တတ်, စီမံတတ်သော သူလည်း ဖြစ်ပါတယ်။

မိမိစိတ်နှင့် စျာန်သမာပတ်တို့၌ လေ့လာပြီးသူ နိုင်နင်းခြင်း ရှိသူလည်း ဖြစ်ပါတယ်၊ ဖြစ်ပြီးသောသတ္တဝါ, ဖြစ်ဆဲသော သတ္တဝါတို့၏ ဘခင်လည်း ဖြစ်ပါတယ်။

အိုရဟန်း-ယခုအခါ သင်ရဟန်းသည် ပထဝီဓာတ်ကို အနိစ္စာ-အမြဲမရှိပေ။ ဒုက္ခာ-ဆင်းရဲခြင်း သဘောရှိ၏၊ အနတ္တာ-အစိုးမရ၊ အနှစ်သာရ မရှိ-ဟု ပြောဆို ကဲ့ရဲ့သကဲ့သို့ စက်ဆုတ်သကဲ့သို့ ဤအတူပင် ရှေးအခါက သမဏ ဗြဟ္မဏတို့သည်း ပထဝီဓာတ်ကို ကဲ့ရဲ့ကြကုန်၏၊ စက်ဆုတ်ကြကုန်၏၊ သင်ရဟန်း ကဲ့သို့ပင် ရှေးအခါက အကြင်သမဏ ဗြဟ္မဏတို့လည်း အာပေါဓာတ်ကိုရင်း, ဗြဟ္မာကိုရင်း, အနိစ္စ, ဒုက္ခ, အနတ္တတို့တည်း- ဟူ၍ ကဲ့ရဲ့ တတ်ကုန်၏၊ စက်ဆုတ်တတ်ကြကုန်၏။

ထိုသမဏ ဗြဟ္မဏတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ယုတ်ညံ့လှစွာသော အပါယ်လေးဘုံတို့၌ ဖြစ်ကြရပါတယ်။

အိုရဟန်း-အသင် ရဟန်းသည် ပထဝီဓာတ် စသည်တို့ကို ကဲ့ရဲ့သကဲ့သို့ ဤအတူ ကဲ့ရဲ့ခြင်း မပြုမူ၍-

နိစ္စာ၊ မြဲ၏။ ဓုဝါ၊ ခိုင်ခံ့၏၊ သဿတာ၊ တည်တံ့၏။ အစ္စေဓ္ဓာ၊ မပြတ်နိုင်။ အဘေဇ္ဇာ၊ မကွဲနိုင်။ အက္ခယာ၊ မကုန်နိုင်-

ဟူ၍ ထိုပထဝီဓာတ် စသည်တို့ကို ချီးမွမ်းတတ်ကုန်, အလွန်နှစ်သက်တတ်ကုန်သော ရှေးအခါက သမဏဗြဟ္မဏတို့ကား ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ မြတ်သော ဗြဟ္မာ့လောက ဗြဟ္မာ့ဘုံဌာန၌ ဖြစ်ကြရပါတယ်။

တံ တာဟံ ဘိက္ခုဝေဒါမိ၊ ဣဃ် တွံ့ မာရိသ ယဒေဝ တေ ဗြဟ္မာ အာဟ၊တဒေဝ တွံ ကရောဟိ။ မာ တွံ ဗြဟ္မုနော ဝစနံ ဥပါတိ ဝတ္တိတ္တော။ (ပဏ္ဏ-၁-၄၀၂)။

ဘိက္ခု၊ ရဟန်း။ တံ-တေနကာရဏေန၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ တံ၊ သင်ရဟန်းကို။

ဝေဝံ၊ ဤသို့။ ဝဒါမိ၊ မေတ္တာရှေ့ထား, ပြောကြားပါ၏။ မာရိသ၊ အချင်း။ တွံ၊ သင့်ကို။ ဣဃ်၊ ကောင်းရာပြည့်နှင်း, တိုက်တွန်းပါ၏။ (ဝါ)တိုက်တွန်းပါရစေ။ ယဒေဝ၊ အကြင်စကားကို သာလျှင်။ တေ၊ သင်ရဟန်းအား။ ဗြဟ္မာ၊ ဗကဗြဟ္မာကြီးသည်။ အာဟ၊ ပြောဆိုဘူးလေပြီ။

တဒေဝ၊ ထိုဆိုတိုင်းသာလျှင်။ တွံ၊ သင်ရဟန်းသည်။ ကရောဟိ၊ ပြုကျင့် လိုက်နာပါလေလော့။ တွံ၊ သင်ရဟန်းသည်။ ဗြဟ္မုနော၊ ဗြဟ္မာကြီး၏။ ဝစနံ၊ စကားကို။ မာဥပါတိဝတ္တိတ္တော၊ လွန်၍မဖြစ်စေလင့်။ (ဝါ)မလွန်ဆန်လင့်။

အို- ရဟန်း- ထို့ကြောင့် အသင့်ကို ငါ ဤသို့ ပြောကြားလိုပါ၏။ အချင်း-- အသင့်ကို ငါ တိုက်တွန်း စကား ပြောကြားလိုသည်မှာ ဗြဟ္မာကြီးပြောဆိုသောစကားကိုသာလျှင် အသင်သည် လိုက်နာပါလော့။ အသင်သည် ဗြဟ္မာကြီး၏ပြောစကားကို မလွန်ဆန်သင့်၊ မပယ်ရှားသင့်ပါ-ဟု ပြောဆိုတိုက်တွန်းပြီးလျှင် ဆက်လက်၍ ဥပမာပြကာ ဆွယ်တရားဟောပြန်သည်မှာ-

သစေခေါ တွံ ဘိက္ခု ဗြဟ္မုနော ဝစနံ ဥပါတိဝတ္တိဿသိ။ သေယျထာပိနာမ-
ပုရိသော သိရိံ အာဂစ္ဆန္တိံ ဒဏ္ဍေန ပဋိပ္ပဏာမေယျ၊ သေယျထာပိ ဝါပန ဘိက္ခု
ပုရိသော နရကပ္ပပါတေ ပပတန္တော ဟတ္ထေဟိစ ပါဒေဟိစ ပထဝိံ ဝိရာဓေယျ၊
ဧဝံ သမ္ပဒမိဒံ ဘိက္ခု တုယှံ ဘဝိဿတိ။ (ပဏ်-၁-၄၀၂)။

ဘိက္ခု၊ ရဟန်း။ ခေါ၊ စင်စစ်ကေန်၊ အမှန်မူ။ တွံ၊ သင်ရဟန်းသည်သာ ဗြဟ္မုနော၊ ဗက
ဗြဟ္မာကြီး၏။ ဝစနံ၊ စကားကို။ သစေဥပါတိဝတ္တိဿသိ၊ အကယ်၍ လွန်၍ဖြစ်အံ့။ (ဝါ)အကယ်၍
လွန်ဆန်အံ့။ ပုရိသော၊ ယောကျာ်းသည်။ အာဂစ္ဆန္တိံ၊ မိမိရှိရာသို့ ရှေ့ရှုလာနေသော။ သိရိံ၊
ကောင်းကျိုးဖြာဝေ, ကြက်သရေကို။ ဒဏ္ဍေန၊ လေးတောင်ပြည့်မှီ, တုတ်အရှည်ဖြင့်။ ပဋိပ္ပဏာ-
မေယျ သေယျထာပိ နာမ၊ ရိုက်နှက်ပုတ်ခတ်ကာ, ပြေးစေရာသကဲ့သို့။

ဘိက္ခု၊ ရဟန်း။ ဝါပန၊ တနည်းသော်ကား။ ပုရိသော၊ ယောကျာ်းသည်။ နရကပ္ပပါတေ၊
အသူတရာ, နက်လှစွာသော, ချောက်ကမ်းပါးသို့။ ပပတန္တော၊ ဂျွန်းထိုးမှောက်လှန်, တည်ရန်မရ,
ကျသည်ရှိသော်။ ဟတ္ထေဟိစ၊ လက်တို့ဖြင့်ရင်း။ ပါဒေဟိစ၊ ခြေတို့ဖြင့်ရင်း။ ပထဝိံ၊ မြေကို။
ဝိရာဓေယျ သေယျထာပိ၊ မကိုင်စွဲမိ, မထောက်တည်မိသကဲ့သို့ရင်း။ ဘိက္ခု၊ ရဟန်း။ တုယှံ၊ သင်
ရဟန်း၏။ ဣဒံ၊ ဤဗြဟ္မာကြီးစကားကို လွန်၍ ဖြစ်စေခြင်းသည်။ ဧဝံသမ္ပဒံ၊ ဤဥပမာနှင့် ပြည့်စုံ
ခြင်းသည်။ (ဝါ) ဤဥပမာသဘောရှိသည်။ ဘဝိဿတိ၊ စိတ်သာချပေတော့။ ဒိဋ္ဌမှန်စွာ, ဓမ္မတာမို့,
သေချာစင်စစ်, ဖြစ်လိမ့်မည်သာတည်း။

အိုရဟန်း-အသင်သည် ဗကဗြဟ္မာကြီး၏စကားကို အကယ်၍ လွန်ဆန်ကျင့်ပါမူကား ယောကျာ်း
သည် မိမိထံမှောက်သို့ ရှေးရှုရောက်လာသော ကောင်းကျိုးဖြာဝေ ကြက်သရေမင်္ဂလာကို လေး
တောင်ရှည်သော တုတ်ဖြင့်ရိုက်နှက်ပုတ်ခတ်ကာ မောင်းနှင်ထုတ် သကဲ့သို့လည်းကောင်း, တနည်း
အားဖြင့်ယောကျာ်းသည် အသူတရာ နက်လှစွာသော ချောက်ကမ်းပြတ်ထဲသို့ဂျွန်းပြန် စောက်ထိုးကျ
သည်ရှိသော် ရပ်တည်ဘွယ်ရာ မြေကြီးကို ခြေတို့ဖြင့်မကိုင်စွဲမိ မထောက်တည်မိသကဲ့သို့လည်းကောင်း
ဤနည်းတူပင် အသင်ရဟန်းအတွက် ဤဥပမာနှင့် ပြည့်စုံခြင်းသည် ဖြစ်ပေလိမ့်မည်၊ ဤဥပမာကဲ့သို့
သဘောရှိသည်ဖြစ်ပေလိမ့်မည်။

အချင်းရဟန်း- သို့အတွက်အသင့်ကိုအကျွန်ုပ် ပြောဆိုတိုက်တွန်းလိုသည်မှာ ဗကဗြဟ္မာကြီး
ပြောဆိုသောစကားကို လိုက်နာပြုကျင့်ပါလေလော့၊ အသင်ရဟန်းသည် ဗကဗြဟ္မာကြီး၏စကား
ကိုလွန်၍မဖြစ်စေသင့်၊ မလွန်ဆန်သင့်ပေ၊ အိုရဟန်း အသင်သည်စုဝေးနေသော ဗြဟ္မာကြီးပရိ
သတ်ကို မြင်သည်ပင်မဟုတ်ပါလော၊-ဟုထိပါး ပြောဆိုပြီးလျှင် မာရ်နတ်သားက မြတ်စွာဘုရားကို
ဗြဟ္မာပရိသတ်သို့ ချဉ်းကပ်လာအောင် ဗြဟ္မာ၏ပရိသတ်ဖြစ်လာအောင် ဗြဟ္မာကြီးဘက်မှနေ
၍ဆွဲတရားဟောနေပါတယ်။

ယင်းကဲ့သို့ မာရ်နတ်သားက မြတ်စွာဘုရားကိုဗြဟ္မာ၏ ပရိသတ်ဖြစ်အောင် ဆွဲဆောင်ပြော
ကြားလေလျှင် မြတ်စွာဘုရားကလည်း အလုပ် အကျွေး ဗြဟ္မာယ်တဦးအား ပူးဝင်ပြောဆိုနေသော
မာရ်နတ်ယုတ်ကို-

ဇာနာမိ ခေါ တာဟံ ပါပိမ မာတွံမညိတ္ထော နမံဇာနာတီတိ။မာရော တွံ မသိ ပါပိမ။
(ပဏ်-၁-၄၀၃)

ပါပိမ၊ အယုတ်တမာကောင်၊မျက်နှာပြောင်တတ်၊ဟယ်မာရ်နတ်။ တံ၊သင့်ကို။ အဟံ၊ကြွင်းမဲ့ဥဿုံ၊အလုံးစုံကို၊အကုန်သိပြီး၊ငါဘုရားသည်။ဇာနာမိ၊ မာရ်နတ်ဖြစ်ကြောင်း၊ ကောင်းကောင်းသိပေ၏။ မံ၊ငါမာရ်နတ်ကို၊ နဇာတီတိ၊ရဟန်းဂေါတမ မသိရှိဟူ၍။ မာမညိတ္ထော၊ကိုယ့်တကိုယ်တည်း၊ အထင်ကြီးနှင့်၊ မမှတ်ထင်လင့်။ပါပိမ၊ အယုတ်တမာကောင်။တွံ၊ သင်သည်။မာရော၊မာရ်နတ်သည်။ အသိ၊ဖြစ်ပေ၏။

ဟယ်မာရ်နတ်ယုတ် အသင့်ကို ငါဘုရားသိပေ၏။ ရဟန်းဂေါတမသည် ငါ့ကို၊မာရ်နတ်သားဟူ၍ မသိနိုင်-ဟု မထင်လေလင့်၊မာရ်ယုတ်သင်ကား မာရ်နတ်သား၊ဖြစ်သည်သာတည်း၊ အယုတ်မာနတ်မိစ္ဆာ ဗကပြဟ္မာကြီးသည်ရင်း၊ ပြဟ္မာပရိသတ် အပေါင်းသည်လည်းကောင်း၊ အလုပ်အကျွေးပြု ပြဟ္မာအပေါင်းသည်လည်းကောင်း၊အလုံးစုံသော ဟူတို့ပင် သင်၏လက်တွင်းသို့ သက်ဆင်းကျရောက်နေကြကုန်၏၊သင့်အလိုသို့လိုက်ပါကြရကုန်၏။

အယုတ်တမာနတ်မိစ္ဆာ "ဤရဟန်းသည်လည်း ငါ့လက်တွင်းသို့ သက်ဆင်းကျရောက်ရာ၏၊ ငါ့အလိုသို့လိုက်ပါရာ၏"ဟူ၍ သင်မမှတ်ထင်လေလင့်၊အယုတ်တမာနတ်မိစ္ဆာ၊စင်စစ်သော်ကား၊ငါဘုရားသည် သင့်၏လက်တွင်းသို့ သက်ဆင်းကျရောက်သူမဟုတ်ပေ၊ သင့်အလိုသို့လိုက်ပါမည့်သူမဟုတ်ပေ-ဟူ၍ပြောဆိုမိန့်ကြားတော်မူပါတယ်။

ဤကဲ့သို့ မြတ်စွာဘုရားက ပြန်လည်မိန့်ကြားသောအခါ ဗကပြဟ္မာကြီးကလည်း ထပ်မံပြီး ပြောဆိုပြန်သည်မှာ-

အရှင်မြတ်-အကျွန်ုပ်သည် မြဲသောတရားကိုသာလျှင်မြဲ၏-ဟု ပြောဆိုပါသည်၊ ခိုင်ခန့်သော တရားကို ခိုင်ခန့်၏-ဟုဆိုပါသည်၊ တည်တန့်သောတရားကို တည်တန့်၏-ဟုဆိုပါသည်၊ ဤကိုယ်နှင့် တကွဖြစ်သော ပြဟ္မာလောက ပြဟ္မာဘုံဌာနမှ တပါး အခြားလွန်မြတ်သော ထွက်မြောက်ရာတရား မရှိ-ဟုဆိုပါသည်၊ ဗကပြဟ္မာကြီးဟာ မိမိ၏ အယူဝါဒမှ တရွေးသားမျှ အလျှော့မပေးပဲ ခိုင်ခိုင်မြဲမြဲပြောဆိုနေခြင်းဖြစ်ပါတယ်။

ထိုစဉ်အခါရှင်တော်မြတ်ဘုရားက တုံ့ပြန်မိန့်ကြား တော်မူသည်မှာ-

အို-ဗကသညာ ပြဟ္မာကြီး-ငါဘုရားသည်လည်း ဤသို့ပင်သိပေ၏၊ငါသည်အကယ်၍ ပထဝီဓာတ်ကိုစွဲလမ်းခဲ့ပါမူ-သင့်၏အနီး၌ နေရသူ သင်၏အမိန့်ကိုနာခံရ နေရသူဖြစ်ပေလိမ့်မည်။ထိုနည်းတူစွာပင် အာပေါ်၊ တေဇော၊ ဝါယောဓာတ်ကိုလည်းကောင်း၊ သတ္တဝါတို့ကိုလည်းကောင်း၊ နတ်တို့ကိုလည်းကောင်း၊ မာရ်နတ်ကိုလည်းကောင်း၊ ပြဟ္မာကိုလည်းကောင်း အကယ်၍ စွဲလမ်းနေပါမူ သင်၏အနီး၌ နေရသူ၊ သင်၏တည်ရာ၌ နေရသူ၊သင်အလိုရှိတိုင်း ပြုပိုင်ခွင့်ရှိသူ၊ သင်၏လက်အောက်ခံသူ ဖြစ်ပေလိမ့်မည်-ဟု ငါဘုရားသည်လည်း ကောင်းစွာ တိတိသိရှိပေ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ယင်းသို့မိန့်ကြားတော်မူပြီးနောက် ဆက်လက်၍မိန့်ပြန်သည်မှာ-

အပိစ တေ အဟံ ဗြဟ္မေ ဂတိဉ္စ ပဇာနာမိ၊ စုတိဉ္စ ပဇာနာမိ "ဧဝံမဟိဒ္ဓိကော ဗကောဗြဟ္မာတိ"၊ (ပဏ္ဏ ၁-၄၀၃)။

အပိစ၊ထိုမှတပါးလည်း။ ဗြဟ္မေ၊ဗကသညာ-အိုဗြဟ္မာ။အဟံ၊ငါဘုရားသည်။တေ၊သင်၏။ဂတိဉ္စ၊ ပြီးစီးခြင်းအကျိုးကိုလည်း။ ပဇာနာမိ၊သိပေ၏။ ဗကောဗြဟ္မာ၊ဗကဗြဟ္မာကြီးသည်။ဧဝံမဟိဒ္ဓိကော၊ ဤသို့ကြီးကျယ်သော တန်ခိုးရှိ၏။ဗကောဗြဟ္မာ၊သည်။ ဧဝံမဟာနုဘာဝေါ၊ ဤသို့ကြီးကျယ်သော အစွမ်းရှိ၏။ ဗကောဗြဟ္မာ၊သည်။ ဧဝံမဟာသက္ခော၊တိ၊ ဤသို့ကြီးကျယ်မြင့်မြတ်သော အရှင်သခင်ဟု ပြောကြားအပ်သော သူတည်းဟူသော။ စုတိဉ္စ၊ အစွမ်းသတ္တိကိုလည်း။ ပဇာနာမိ၊ ဖြစ်ကြောင်း အမှန်,အရင်းခံကို,ကောန်တိတိ, သိရှိပေ၏တကား။

ဗကမည်သော အိုဗြဟ္မာ စင်စစ်အားဖြင့် "ဗကဗြဟ္မာသည် ဤသို့ကြီးသော တန်ခိုးရှိ၏၊ ဤသို့ကြီးသော အာနုဘော်ရှိ၏၊ဤသို့ကြီးကျယ် မြင့်မြတ်သော အရှင်သခင်ဟု ပြောကြားအပ်သူရှိပေ၏၊ (ဝါ) အခြံအရံများပေ၏"ဟုအသင်ဗြဟ္မာကြီး၏ ဖြစ်ပုံကိုလည်း ငါဘုရား သိပေ၏၊အစွမ်းသတ္တိကို လည်း ငါဘုရားသိပေ၏-ဟု မိန့်ကြားသောအခါ ဗကဗြဟ္မာကြီးလည်း မိမိ၏ အကြောင်းကို ရှင်ရဟန်းဂေါတမက မိန့်ဆိုနေသဖြင့် စိတ်ဝင်စားကာ မေးမြန်း လျှောက်ထားသည်မှာ—

ယထာ ကထံပန မေ တွံ မာရိသ ဂတိဉ္စ ပဇာနာသိ၊ စုတိဉ္စ ပဇာနာသိ၊ ဧဝံ မဟိဒ္ဓိကော ဗကောဗြဟ္မာ၊ ဧဝံ မဟာနုဘာဝေါ ဗကောဗြဟ္မာ၊ ဧဝံ မဟေသက္ခော ဗကောဗြဟ္မာ တိ။          (ပဏ္ဏ-၁-၄၀၄)။

အချင်းရဟန်း (ဝါ)အရှင်မြတ်- အသင်သည် အဘယ်သို့လျှင် ဗကသညာ ငါဗြဟ္မာ၏ ပြီးစီးခြင်း အကျိုးကိုလည်း သိရှိဘိသနည်း၊ ဗကဗြဟ္မာသည် ဤသို့ ကြီးသောတန်ခိုးရှိ၏၊ ဤသို့ ကြီးသော အာနုဘော်ရှိ၏၊ ဤသို့ ကြီးသောအရှင်သခင်-ဟု ပြောကြားအပ်သူတည်း။ (ဝါ)ဤသို့ များသောအခြံ,အရံရှိသောသူတည်း- ဟူသော ငါဗြဟ္မာ၏အစွမ်းသတ္တိကိုလည်း အဘယ်သို့သိရှိပါ သနည်း -ဟု မေးမြန်းလျှောက်ထားပြန်သည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဖြေကြားတော်မူပြန်သည်မှာ-

ယာဝတာ စန္ဒိမသူရိယာ၊ ပရိဟရန္တိ ဒိသာဘန္တိ ဝိရောစမာနာ။
တာဝ သဟဿဓာ လောကော၊ ဧတ္ထ တေ ဝတ္တတေ ဝသော။

ဗကမည်သော အိုဗြဟ္မာ-အာဘဿရမည်သော ဘုံသည်လည်း ရှိသေးသည် သာလျှင်ဘည်း ယင်းအာဘာ ဿရမည်သော ဘုံမှစုတေခဲ့၍ ဤပဌမ ဈာန်ဘုံ၌ သင်ဗြဟ္မာကြီးသည် ဖြစ်လာရပေ၏၊ သင်ဗြဟ္မာကြီးသည် ဤပထမဈာန်ဘုံ၌ အနေကြာသွားခြင်းကြောင့် ထိုမိမိနေထိုင်ခဲ့ရာ ဘုံဟောင်း ကို အမှတ်မရတော့ဘဲ မေ့ပျောက်နေခြင်းဖြစ်သည်။

ထို့ကြောင့် ထိုအာဘဿရ ဘုံဘဝကို သင်ဗြဟ္မာကြီး မသိမမြင်တော့ပေ။ ငါဘုရားကား ကောင်းစွာသိမြင်ပေ၏၊ ဗကမည်သော အိုဗြဟ္မာ-ငါဘုရားသည် ဤသို့ သင်၏အသိဉာဏ်ထက် လွန်ကဲ၍ သိသောကြောင့်လည်း သင်နှင့်ပညာဉာဏ်အားဖြင့် တူညီသူမဟုတ်ပေ- အဘယ်မှာ သင့်အောက် နိမ့်ကျပေအံ့နည်း၊ စင်စစ်မှာမူ ငါဘုရားကသာလျှင် သင့်ထက် ဉာဏ်ပညာအားဖြင့် သာလွန်သူ ဖြစ်ပေသည်။

ထိုမှတပါး သုဘကိဏှ မည်သော ဘုံသည်လည်းကောင်း, ဝေဟပ္ဖိုလ်မည်သော ဘုံသည် လည်းကောင်း, အဘိဘူမည်သော ဘုံသည်လည်းကောင်း, ရှိသေးသည်သာတည်း၊ ထိုဘုံဘဝတို့ကို သင်ဗကဗြဟ္မာကြီးသည် မသိမမြင်ပေ၊ ငါဘုရားကား သိမြင်ပေ၏၊ ထို့ကြောင့် ငါဘုရားသည် သင်ဗြဟ္မာကြီးအောက် ဉာဏ်ပညာအားဖြင့် နိမ့်ကျသူလည်းမဟုတ်၊ သင်ဗြဟ္မာကြီးနှင့်တူမျှသောသူလည်း မဟုတ်၊ စင်စစ်မှာမူ ငါဘုရားကသာလျှင် သင်ဗြဟ္မာကြီးထက် ဉာဏ်ပညာအားဖြင့် သာလွန်သူဖြစ် ပါသည်။

ယင်းသို့မြတ်စွာဘုရားက မိန့်ကြားတော်မူလေလျှင် မိမိ၏အကြောင်းကိုလည်း ထည့်သွင်း၍ "သင်ဗကဗြဟ္မာကြီးသည် အာဘဿရာဗြဟ္မာဘုံမှ စုတေပြီးလျှင် ဤပထမ ဈာန်ဘုံ၌ ဖြစ်လာရသူ ဖြစ်သည်၊ ဤပထမဈာန်ဘုံ၌ပင် အနေကြာမြင့်ခဲ့၍ ရှေးနေဘုံခဲ့ရာဌာနဖြစ်သော ဘုံဘဝဟောင်း ကို အမှတ်မရဘဲ မေ့ပျောက်နေသည်"-ဟု မိန့်ကြားတော်မူသဖြင့် အံထူးစိတ်ဝင်စားကာ အကြံတခု ဖြစ်ပေါ်လာသည်မှာ–

သမဏော ဂေါတမော မယှံ့ အာယုဥ္စ နိဗ္ဗတ္တဌာနဉ္စ ပုဗ္ဗေ ကတကမ္မဉ္စ ဇာနာတိ။
ဟန္ဒ နံ ပုဗ္ဗေ ကတကမ္မံ ပုစ္ဆိ။ (မူလ-ဋ-ဒု-၃၀၆)။

သမဏောဂေါတမော၊ ရဟန်း ဂေါတမသည်။ မယှံ့၊ ဗကမည်သာ, ငါ့ဗြဟ္မာ၏။ အာယုဥ္စ၊ ဘဝအဆက်ဆက်, အသက်တမ်းကိုလည်းကောင်း။ နိဗ္ဗတ္တဌာနဉ္စ၊ ကျင်လည်ခဲ့ရ, ဖြစ်ခဲ့ရသည့်,ဘုံဘဝ ဌာနကိုလည်း ကောင်း။ ပုဗ္ဗေ ကတကမ္မဉ္စ၊ ရှေးက ဆည်းပူး, ပြုခဲ့ဘူးသည့်, အထူးဇိမ်, ဈာန်ကုသိုလ် ကံကိုလည်းကောင်း။ ဇာနာတိ၊ တခုမကြွင်း ထင်လင်းတိတိ, သိရှိပေ၏။

ဟန္ဒ၊ အခွင့်ဆိုက်လာ ယခုအခါ၌။အဟံ၊ ဗကမည်သာ,ငါဗြဟ္မာသည်။နံ၊ထိုရဟန်း ဂေါတမ ကို။ ပုဗ္ဗေကတကမ္မံ၊ ငါ၏ ရှေးက ပြုခဲ့ရန်၊ ကုသိုလ်ကံကို။ ပုစ္ဆာမိ၊ သိလိုရေးကြောင့်, မေးမြန်း ပေတော့အံ့။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ စဉ်းစားကြံစည်၍။ သတ္ထာရံ၊ လူသုံးပါးတို့၏ဆရာ-ဘုရား မြတ်စွာကို။ အတ္တနော၊ မိမိ၏။ ပုဗ္ဗေကတကမ္မံ၊ ရှေးက ဆည်းပူး, ပြုခဲ့ဘူးသည့်, အထူးစိမ့်, ကောင်း မှုကုသိုလ်ကံကို။ ပုစ္ဆိ၊ သိလိုရေးကြောင့်, လေးစားရိုသေ,မေးမြန်း လျှောက်ထား လေပြီတကား။

ဗကဗြဟ္မာကြီးသည် သဗ္ဗညု မြတ်စွာဘုရားက အသိဉာဏ် ပညာအရာ၌ မိမိထက် သာလွန် သည့်အဖြစ်ကို ကောင်းစွာ သိရှိပြီးဖြစ်တဲ့အတွက် သုံးလူတို့ဆရာ ဘုရားမြတ်စွာကို မိမိ၏ ရှေးအခါ ကပြုခဲ့ဘူးသော ကောင်းမှု ကုသိုလ်ကံ အထူးကို သိလိုရေးကြောင့် မေးမြန်း လျှောက်ထားလေလျှင် သဗ္ဗညု မြတ်စွာဘုရားကလည်း မဟာ ကရုဏာ တရားရှေ့ထားလျက် ဗက ဗြဟ္မာကြီး၏ အတိတ် ဇာတ်ကြောင်းကို ပြန်ပြောင်း မိန့်ကြားတော် မူပါတယ်။

ဗကသညာ အသင် ပြဟ္မာကြီးသည် ရှေးအတိတ် အခါက အမျိုးကောင်းသား တယောက် ဖြစ်၍ ကာမဂုဏ် တရားတို့၌ အပြစ်များကို မြင်ပြီးလျှင် ပဋိသန္ဓေ နေခြင်း, အိုခြင်း, နာခြင်း, သေခြင်း၏ လမ်းဆုံးမှုကို ပြုပေအံ့-ဟု ကြံစည်ကာ တောထွက်၍ ရသေ့ ရဟန်းပြုပြီးလျှင် လောကီ သမာပတ်ကို ဖြစ်စေ၍ အဘိညာဏ်၏ အခြေခံ ဈာန်ကို ရရှိခဲ့သည်။

ဂင်္ဂါမြစ်ကမ်းအနီးဝယ် သစ်ရွက်မိုး ကျောင်းကလေးတဆောင် ဆောက်လုပ်ကာ ဈာန် တရား၌ မွေ့လျော်ကာ နေစဉ်အခါ မကြာမကြာပင် လှည်းကုန်သည် ငါးရာတို့သည်လည်း အစီး ငါးရာတို့ဖြင့် သဲကန္တာရကို နေ့အခါ၌ အလွန်ပူပြင်းသဖြင့် ဖြတ်သန်း မသွား လာနိုင်ကြဘဲ ညဉ့် အခါမှသာ ဖြတ်သန်း သွားလာမှု ပြုကြရသတဲ့။

ထိုသို့ ညဉ့်အခါ သဲကန္တာရကို ဖြတ်သန်း သွားကြရာ သဲကန္တာရကြီးကို လွန်မြောက်မည့် ညဉ့်ဘက် မျက်စိလည်ပြီး လာခဲ့ရင်း လမ်းခရီးဘက်သို့ လှည်းဦး လှည့်ကာ တညဉ့်လုံး မောင်းနှင် လာခဲ့ကြရာ နံနက် အာရုဏ်တက်စ ချိန်မှ မိမိတို့ မျက်စိလည်ကာ နောက်ကြောင်း ပြန်မောင်းနှင် လာခဲ့ပြီး ကြောင်းကို သိရှိကြတော့တယ်။ ထင်း, ရေအားလုံးလဲ ကုန်လေပြီ။ သို့အတွက် "နတ္ထိ ဒါနိအမှာကံ ဇီဝိတံ= ယခုအခါ ငါတို့ အသက် မရှိတော့ပြီ" ဟု ကြံစည်ကုန်လျက် လှည်းများ ချွတ်ကြပြီး နွားတို့ကိုလည်း ဘီးတို့၌ ဖွဲ့ချည်ကြကာ လူများမှာလည်း လှည်းနောက်မြီး အရပ်သို့ ဝင်ရောက်ကာ စိတ်ပျက်စွာ အိပ်နေကြတော့သတဲ့။ အစာရေစာ များလဲ ကုန်နေပြီ၊ မျက်စိလည်ကာ သဲကန္တာရကြီး အလယ် ပြန်ရောက် နေပြန်ပြီ ဖြစ်တော့ ရှေ့သို့လဲ မတိုးသာ၊ နောက်သို့လဲ မဆုပ်သာ ဘယ်ကိုမှ လက်လှမ်း မမှီနိုင်အောင် ဖြစ်နေတော့ ကာကိုး။ ဒါ့ကြောင့်မို့ လှည်းများကို ချွတ်ပြီး လှည်းအောက် ဝင်အိပ် နေကြခြင်း ဖြစ်တယ်။

ဗကပြဟ္မာကြီး အလောင်းဖြစ်သော ဈာန်ရ ရှင်ရသေ့လဲ ထိုနေ့မှာ နံနက် စောစောကပင် လျှင် သစ်ရွက်မိုး ကျောင်းမှထွက်၍ ကျောင်းတံခါး၌ ထိုင်လျက် ဂင်္ဂါမြစ်ကို ကြည့်ရှုလတ်သော် ကျောက်စိမ်းတုံးကြီး လိမ့်၍လိမ့်၍ လာသကဲ့သို့ ဂင်္ဂါမြစ် တပြင်လုံး ကြီးစွာသော ရေအယဉ်ဖြင့် လွှမ်းဖုံး စီးဆင်း၍ လာသည်ကို တွေ့မြင် ရလေသည်။

ထိုအခါ ဤလောက၌ ဤသို့ ချိုမြိန်သော ရေကို မရရှိသည့်အတွက် ပင်ပန်း ဆင်းရဲခြင်းသို့ ရောက်နေ ကြကုန်သော သတ္တဝါများ ရှိကြလေသလော-ဟု ကြံစည် ဆင်ခြင် ကြည့်ရှုသောအခါ သဲကန္တာရကြီး အတွင်း၌ အစာရေစာ ပြတ်၍ ဆင်းရဲဒုက္ခ ရောက်နေကြသော သတ္တဝါတို့ကို တွေ့ မြင်ရ၍ "ဤသတ္တဝါတို့သည် အချီးနှီး မပျက်စီးကြ ပါစေကုန်လင့်" ဟု အကြံအစည် ပြုပြီးလျှင် "ဤဂင်္ဂါမြစ်မှ ကြီးစွာသော ရေအစုံ ရေအယဉ်သည် ဖြတ်၍ သဲကန္တာရ၌ လှည်းကုန်သည်များ ရှိရာ သို့ ရှေ့ရှုစီးသွားစေ သတည်း" ဟု အဘိညာဏ်စိတ်ဖြင့် အဓိဋ္ဌာန် ပြုလိုက်သတဲ့။

ရှင်ရသေ့၏ စိတ်အကြံ အဓိဋ္ဌာန်ပြုသည်နှင့် တပြိုင်နက် မြောင်းဘောင်ကိုလျှံ၍ ကျော်ထက် လာသော ရေအယဉ်ပမာ ဂင်္ဂါမြစ်ပြင်မှ သဲကန္တာရသို့ စီးဆင်းပြီး သွားလေတော့တယ်။ တန်ခိုးရှိ သော ပုဂ္ဂိုလ်များရဲ့ စီမံဆောင်ရွက်ချက်ဟာ မပြီးမြောက် မအောင်မြင်ဟူ၍ မရှိဘူးနော်၊ အလုံးစုံ ပြီး မြောက်ရသည် ချည်းသာ ဖြစ်တယ်၊

လှည်းကုန်သည်များသည် ရေသံကို ကြား၍ ထပြီး ကြည့်လျှင် ရေကို ကောင်းစွာ တွေ့မြင်ကြ၍ လွန်စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြပြီး မိမိတို့လဲ ရေချိုး, ရေသောက်ကြ၊ နွားများကိုလည်း ရေတိုက်ကြပြီးလျှင် ချမ်းသာစွာဖြင့် အလိုရှိရာ အရပ်သို့ ဆက်လက် မောင်းနှင် သွားကြသတဲ့။ သဗ္ဗညု မြတ်စွာဘုရားသည်ဗကပြဟ္မာကြီး၏ ထိုသို့ ရှေးအခါက ပြုလုပ် အားထုတ်ခဲ့သော ကောင်းမှု ကုသိုလ်ကံကို ပြသတော် မူလိုသည်ဖြစ်၍–

ယံ တွံ အပါယေသိ ဗဟူ မနုဿေ၊ပိပါသိတေ ဃမ္မနိ သမ္ပရေတေ။
တံ တေ ပုရာဏံ ဝတသီလဝတ္တံ၊သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ–
ဟူသော ဂါထာကို ရွတ်ဆို ဟောကြားတော် မူပါတယ်။

ပြဟ္မာ၊ ပဌမ ဈာန်ဌာန, ဘုံလောက၌, ဗကမည်သာ, အိုပြဟ္မာ။ တွံ၊ သင်ပြဟ္မာသည်။ ပုဗ္ဗေ၊ ဈာန်ရ ရသေ့, ဖြစ်၍ မှန်စွာ, ရှေးအခါ၌။ ဃမ္မနိ သမ္ပရေတေ၊ သဲကန္တာရအတွင်း, နေပူခြင်းဖြင့်, မယှဉ်းဆက်ဆက်, နှိပ်စက် အပ်ကုန်သော။ ပိပါသိတေ၊ အားအင်ကုန်ပြတ်, ရေငတ် (ရေသိပ်) ၍ နေကုန်သော။ ဗဟူ မနုဿေ၊ များလှဘိတောင်း, လှည်းကုန်သည် လူအပေါင်းတို့ကို။ ယံ အပါယေသိ၊ အကြင်ရေမိုးကို အဘိညာဏ်ဈာန် တန်ခိုးဖြင့် သောက်ချိုး သုံးဆောင် စေခဲ့လေပြီ။

တေ၊ သင်၏။ ပုရာဏံ၊ အမှန်စင်စစ်, ရှေးအခါ၌ ဖြစ်သော။ တံဝတ သီလ ဝတ္တံ၊ ထို ဆောက်တည်မပြတ်, လေ့လာ ကျင့်သုံး အပ်သည့်, အကျင့်သီလ ဝတ်ကို။ အဟံ၊ လူသုံးပါးတို့၏ ဆရာ ဘုရား ငါသည်။ သုတ္တပ္ပ ဗုဒ္ဓေါ၀၊ အိပ်သည့် ယောကျ်ား, နိုးသောလားသို့။ အနုဿရာမိ၊ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏ်ဖြင့် ဖန်ဖန်စေ့စေ့ အောက်မေ့အစဉ် သိမြင်လေပါ သတည်း။

ယင်းကဲ့သို့ မြတ်စွာဘုရားက ဟောကြားတော် မူလေလျှင် ဗကပြဟ္မာကြီး၏ စိတ်အစဉ်၌ အတိတ်ရှေးက မိမိ ပြုခဲ့သမျှသော အကြောင်းအရာတို့ကိုပြန်ပြောင်းကာ ကောင်းစွာ အမှတ်ရ သိမြင်ပြီး, လွန်စွာ ဝမ်းမြောက်လျက် နေတော့တယ်။

ထိုအခါ မြတ်စွာဘုရားက ဗကပြဟ္မာကြီး၏ အကြောင်းကို ဆက်လက်၍ ဟောကြားတော် မူပြန်သည်မှာ–

ဗကမည်သာ အိုပြဟ္မာ၊ တချိန်သောအခါ၀ယ် အသင်ပြဟ္မာ အလောင်းဖြစ်သော ထိုရသေ့သည် ဂင်္ဂါမြစ် ကမ်းနားး၌ သစ်ရွက်မိုး ကျောင်းကလေး တဆောင် ဆောက်၍ တောရွာဝယ် တခုကို ဂေါစရဂါမ် အမှီပြု၍ နေထိုင်လေသည်။

ထိုအခါ ခိုးသား ဓားပြတို့သည် ထိုရွာ၌ နေသူလူအများကို ရိုက်နှက် ပုတ်ခတ်၍ ရွှေငွေစသော ဥစ္စာ ဘဏ္ဍာတို့ကို လုယက်ယူငင် ကြပြီး–ကျွဲနွားတို့ကိုလည်းကောင်းဓားစာခံအဖြစ်, သုံ့ပန်း လူများကိုလည်းကောင်း ခေါ်ယူကာ ထွက်ကြလေသည်။

ကျွဲနွားများသည်လည်းကောင်း, ခွေးများသည်လည်းကောင်း, လူများသည်လည်းကောင်း, ဆူညံစွာ ဟစ်အော် ကြသဖြင့် ရသေ့သည် ထိုအသံကို ကြားရ၍ "ဤသို့ဖြစ်ရခြင်းသည်အကြောင်း"အသို့နည်း"ဟု ဆင်ခြင်လေလျှင် လူအများတို့အားဘေးရန်ဖြစ်ကြောင်းကောင်းစွာ

သို၍ "ငါမြင်ရစဉ် ဤသတ္တဝါများ မပျက်စီးစေ ကုန်လင့်"ဟု စိတ်သန်တောင့်တစွာ အဘိညာဏ်၏ အခြေခံဖြစ်သော စျာန်ကို ဝင်စားလေသည်။

ထိုစျာန်မှထ၍ အဘိညာဏ် စျာန်စိတ်ဖြင့် ခိုးသားဓားပြတို့၏ ခရီး ရင်ဆိုင် အရပ်၌ မိမိတို့ ဆိုင်ရာ ပစ်ခတ်ခြင်း, တီးမှုတ်ခြင်း, စစ်သံချီကာ ကြွေးကြော်လျက်ချီတက်လာသော ဆင်,မြင်း,ရထား ခြေသည်အားဖြင့် စစ်အင်္ဂါ လေးပါးရှိသော စစ်တပ်ကြီးကို ဖန်ဆင်းပြီး ထားလေတော့တယ်။

ခိုးသားဓားပြတို့ ထိုစစ်တပ်ကြီးကို တွေ့မြင် ကြလျှင် တိုင်းပြည် သခင် ဘုရင် မင်းမြတ် ထွက်ကြွလာလတ်ပေပြီ-ဟု ထင်မှတ်ကာ လုယက်လာသော ပစ္စည်းဥစ္စာများကို စွန့်ပစ်ပြီး ထွက်ပြေးကြလေတော့တယ်။

ရသေ့သူမြတ်သည်လည်း "အကြင် ပစ္စည်းဥစ္စာသည် အကြင်သူ၏ ပစ္စည်းဥစ္စာ ဖြစ်ခဲပေ၏၊ ထိုပစ္စည်း ဥစ္စာသည် ထိုသူအားသာလျှင် ဖြစ်စေသတည်း" ဟု အဓိဋ္ဌာန် ပြုလေလျှင် အဓိဋ္ဌာန်သည့်အတိုင်း လူအများတို့သည် မိမိတို့ပစ္စည်းကို အသီးသီး ပြန်လည် ရရှိကြသဖြင့် လူပေါင်းများစွာသည် ချမ်းသာခြင်းသို့ ရောက်ရှိဘူးပေပြီ။

သုံးလူထွဋ်ထား မြတ်စွာဘုရားသည် ဗကဗြဟ္မာကြီး၏ ဤမည်သော ရှေးကုသိုလ်ကံကိုလည်း ပြဆိုတော် မူလိုသည်ဖြစ်၍ –

ယံ ဧဏိကူလသ္မိံ ဇနံ ဂဟီတံ၊အမောစယီ ဂယှကနိယမာနံ။

တံ တေ ပုရာဏံ ဝတသီလဝတ္တံ။ သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ-

ဟူသော ဤဂါထာကို ရွတ်ဆို ပြန်ကြားတော် မူလေသည်။

ဗြဟ္မာ၊ ပထမစျာန်ဌာန, ဘုံလောက၌, ဗကမည်သာ, အိုဗြဟ္မာ။ တို့၊ သင်ဗြဟ္မာသည်။ ပုဗ္ဗေ၊ စျာန်ရ ရသေ့, ဖြစ်၍ မှန်စွာ, ရှေးအခါ၌။ ဧဏိကူလသ္မိံ၊ ဧဏိမည်သောသား, အလွန်ပေါများသဖြင့်, ဧဏိကူလ, အမည်ရသော, ဂင်္ဂါမြစ်ကမ်းနား၌။ ဂယှကနိယမာနံ၊ ဓားစာခံရည်မှန်း, သို့ပန်းပြုကာ, ဖမ်းဆောင်လာသော။ ဇနံ၊ ရွာ၌နေသူ, လူအပေါင်းကိုလည်းကောင်း။ ဂဟီတံ၊ ခိုးသူအများ, ယူငင်ထားသည့်, များပြားလှစွာ, ဥစ္စာစုကိုရှိမ်း။ ယံ ယေန၊ အကြင် အင်္ဂါလေးရပ်, စစ်တပ်ဆောင်နှင်း, ပြုဖန်ဆင်းသဖြင့်။ အမောစယီ၊ ခိုးသားတို့ လက်တွင်းမှ ဧင်းရှင်းလွတ်မြောက်စေခဲ့လေပြီ။

တေ၊ သင်၏။ ပုရာဏံ၊ ရှေးကဆည်းပူး, ကောင်းမှု ကုသိုလ် အထူးဖြစ်သော။ တံ ဝတသီလဝတ္တံ၊ ထိုဆောက်တည်မပြတ်, လေ့လာ ကျင့်သုံးအပ်သည့် အကျင့် သီလဝတ်ကို။ အဟံ၊ သုံးလူထွဋ်ထား, ငါဘုရားသည်။ သုတ္တပ္ပဗုဒ္ဓေါဝ၊ အိပ်သော ယောကျ်ား, နိုးသောလားသို့။ အနုဿရာမိ၊ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏ်မျက်စိဖြင့် ရှုကြည့်စေစေ့, အောက်မေ့ သိမြင် နိုင်ပါသတည်း။

သဗ္ဗညုမြတ်စွာဘုရားဏာ ဤကဲ့သို့ ဇာတ်ကြောင်းပြန်ကာ ဟောကြားလေလျှင် ဗကဗြဟ္မာကြီးလည်း မိမိ၏ အတိတ်ဘဝ ဖြစ်စဉ်ကို မှန်အပြင်မှာ ပေါ်ထင်၍ လာသော အရိပ်ကို ရှုမြင်ရသကဲ့သို့ ကွက်ကွက်ကွင်းကွင်း ထင်လင်းစွာ ပြန်လည် အမှတ်ရ သိမြင် ရသဖြင့် လွန်စွာ ဝမ်းမြောက် ဝမ်းသာဖြစ်၍ နေလေတော့တယ်။

သတ္တဝါမှန်သမျှသည် လူတပါး၏ အကြောင်းကို စိတ်ပါ ဝင်စားမှု မရှိလှပေမဲ့ မိမိရဲ့ အကြောင်းကိုကား လွန်စွာ စိတ်ဝင်စား တတ်တာကလား- ယခုလဲ မြတ်စွာဘုရားက ဗကဗြဟ္မာကြီးရဲ့ အတိတ်ဇာတ်ကြောင်းတွေကို ပြန်ပြောင်းကာ ဟောကြားနေတော့ ဗကဗြဟ္မာကြီးဟာ အလွန် စိတ်ပါဝင်စားစွာ နားထောင်ပြီး နေ့်တော့တာပေါ့နော်။ မြတ်စွာ ဘုရားကလည်း ဆက်လက်၍ မိန့်ကြားတော် မူပြန်သည်မှာ-

ထိုနောက်တဖန်-တချိန်သော အခါဝယ် ဂင်္ဂါမြစ်ညာ၌ နေသော အိမ်တအိမ်သည် ဂင်္ဂါမြစ်အကြေ(ဝါ) ဂင်္ဂါမြစ်အောက်၌ နေသော အိမ်တအိမ်နှင့် သမီးပေး သမီးယူခြင်း ထိမ်းမြား မင်္ဂလာပွဲကျင်းပကာ မိတ်ဖွဲ့ကြ၍ လှေချင်း ပေါင်းစပ်ကာ ဖေါင်ပမာ ပြုလုပ်ပြီး ခဲဘွယ်စားဘွယ်တို့ကိုရင်း, ပန်းနံ့သာ စသည်တို့ကိုရင်း တင်ဆောင်ကြပြီး ဂင်္ဂါမြစ် ရေအယဉ်ဖြင့် လာရောက်လေသည်။

ထိုအခါလူအများတို့သည် စားသောက်ဘွယ်တို့ကို စားသောက်ကြယင်းပျော်ရွှင်စွာကခုန်ကြ သီဆိုကြလျက် နတ်ဗိမာန်ဖြင့် သွားလာရသကဲ့သို့ များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။

ထိုအခါ ဂင်္ဂါမြစ်၌ စိုးအုပ်နေထိုင်သော နဂါးမင်းသည် ထိုလူအများကို တွေ့မြင်၍ အမျက်ထွက်ကာ ဤလူအများသည် ဤဂင်္ဂါမြစ်၌ နဂါးမင်းရှိသည်ဟူ၍ ငါ့အပေါ်၌ မမှတ်ကြ,မပြုကြလေကုန်၊ ယခုအခါထိုလူတို့ကို သမုဒ္ဒရာအတွင်းသို့ ရောက်စေအံ့- ငါမျှောပစ်အံ့-ဟု ကြီးစွာသော ကိုယ်ခန္ဓာကို ဖန်ဆင်းပြီးလျှင် ရေအယဉ်ကို နှစ်ဖြာခွဲလျက် ပါးပျဉ်းကြီးကို ထောင်ကာ တရှူးရှူး အသံကိုပြုလျက် ပေါက်သတ်တော့မည်ကဲ့သို့ ပြုကာနေလေသည်။

လူအများသည် နဂါးကြီးကို တွေ့မြင်ကြလျှင် လွန်စွာ ကြောက်လန့်ကြရစား၊ ဆူညံစွာ ဟစ်အော်ကြသဖြင့် သစ်ရွက်မိုးကျောင်း၌နေသော ရသေ့သူမြတ် ကြားသိလတ်သော် ဤလူအပေါင်းတို့သည် စောစောပိုင်းကမူ သီဆိုကခုန်ကာ ဝမ်းမြောက်စွာ သွားလာနေကြကုန်၏၊ ယခုအခါမူ ဘေးရန်တွေ့၍ ကြောက်လန့်တကြား ဟစ်အော်ကြလေကုန်၏၊ အကြောင်းအသို့နည်း-ဟု ဆင်ခြင်ကြည့်ရှုလတ်သော် နဂါးမင်းကိုတွေ့မြင်ရ၍ "ငါသည် တွေ့မြင်ရစဉ် ဤသတ္တဝါ အပေါင်းတို့သည် မပျက်စီးကြ စေကုန်လင့်"ဟု အဘိညာဏ်၏ အခြေခံဖြစ်သော စျာန်ကိုဝင်စားစာ မိမိ၏ ပကတိသော အတ္တဘောကို ပယ်စွန့်ကာ ဂဠုန်ငှက်အသွင်ဖန်ဆင်းပြီး နဂါးမင်းကိုပြလေလျှင် နဂါးမင်းလဲ ကြောက်ရွံ့ ထိတ်လန့်ကာ ပါးပျဉ်းကိုရုပ်သိမ်းပြီး ရေအောက်သို့ ဝင်ရောက် ပြေးသွားလေသည်။

လူအပေါင်းသည် ချမ်းသာခြင်းသို့ ရောက်ရှိလေတော့သည်။ ထို့အတွက် သဗ္ဗညု မြတ်စွာဘုရားသည် ဗကဗြဟ္မာကြီး၏ ဤသို့သော ရှေးကောင်းမှု ကုသိုလ်ကံကိုလည်း ပြတော်မူလိုရကား-

ဂင်္ဂါယ သောတသ္မိံ ဂဟိတနာဝံ၊ လုဒ္ဒေန နာဂေန မနုဿကပ္ပါ။
အမောစယိတ္ထ ဗလသာ ပသယှ၊ တံ တေ ပုရာဏံ ဝတသီလဝတ္တံ။
သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ။

ဟူသော ဤဂါထာကို ရွက်ဆို မိန့်ကြားတော် မူလေသည်။

ဗြဟ္မေ၊ ဗကမည်သော, အိုဗြဟ္မာ။ တွံ၊ သင်သည်။ ပုဗ္ဗေ၊ စျာန်ရရသေ့ဖြစ်ရာ,ရှေးအခါ၌။ လုဒ္ဒေန၊ သန့်ရှင်းခြင်းကင်းကွာ,ကြမ်းကြုတ် ခက်ထန်လှစွာသော။ နာဂေန၊ ရေ၌ပျော်မါး,နတ်နဂါး

သည်။ ဂင်္ဂါယ၊ ဂင်္ဂါမြစ်၏။ သောတသ္မိံ၊ အဟုန်ပြင်းစွာ,စီးဆင်းရာပင်,ရေအယဉ်၌။ မနုဿဘာပွါ၊ ထက်အောက်နှစ်ရွာ, ပေါင်းကာလာငြား, လူအများကို, ပျက်ပြား ဆုံးရှုံး စေလိုသောကြောင့်။ ဂဟီတနာဝံ၊ ခြောက်လှန့်နှိပ်စက်, နှောက်ယှက်အပ်သော,လှေကို။ ဗလသာ၊ ဂဠုန်အသွင်, ပြုပြင်ထူးဆန်း, အဘိညာဏ်စွမ်းအားဖြင့်။ ပသယှ၊ နဂါးတန်ခိုး, ဖိလွှမ်းမိုး၍။ အမောစယိတ္ထ၊ ဘေးမှကင်းဝေး, လွတ်မြောက်စေခဲ့လေပြီ။

တေ၊ အသင်၏။ ပုရာဏံ၊ မှန်စွာစင်စစ်, ရှေးအခါ၌ဖြစ်သော။ တံဝတသီလဝတ္တံ၊ ထိုဆောက်တည်မပြတ်, လေ့လာကျင့်သုံးအပ်သည့်, အကျင့်သီလဝတ်ကို။ အဟံ၊ သုံးလူထွဋ်ထား, ငါဘုရားသည်။ သုတ္တပ္ပဗုဒ္ဓေါဝ၊ အိပ်သောယောကျာ်း, နိုးသောလားသို့။ အနုဿရာမိ၊ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်မျက်စိဖြင့်, ရှုကြည့်စေ့ခစ့်, အောက်မေ့သိမြင် လေသတည်း။

ယင်းကဲ့သို့ မြတ်စွာဘုရားက မိန့်ကြားဟောပြတော်မူလလျှင် ဗကဗြဟ္မာကြီးလည်း မိမိ၏ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းသိမြင်ကာ လွန်စွာ ဝမ်းမြောက်မှု ဖြစ်ပြန်သည်။

ထိုမှတပါးဖြစ်သော တခုသောအချိန်အခါ၌ ဤဗကဗြဟ္မာကြီး အလောင်းသည် ရသေ့ဝတ်ကာ ကေသဝမည်သော ရသေ့သူမြတ်ဖြစ်၍ နေလေသည်။ ထိုအခါ ငါတို့၏ ဂေါတမဘုရား အလောင်းသည်ကား ကပ္ပမည်သော လုလင်ဖြစ်ကာ ကေသဝ ရသေ့ဆရာကြီး၏ အနီးထံပါး အမြဲခစားသော တပည့်တဦးဖြစ်၍ ဆရာကြီးအဘယ်အမှုကို ပြုလုပ်ရပါမည်နည်း-ဟုနှစ်သက်ဘွယ်စကား ပြောကြားတတ်သော ဉာဏ်ပညာနှင့် ပြည့်စုံသောသူ,အကျိုးရှိအောင် ကျင့်ကြံတတ်သူဖြစ်လေသည်။ ကေသဝ မည်သော ဆရာရသေ့ကြီးကား ထိုကပ္ပမည်သောတပည့်နှင့် ကင်း၍မနေနိုင်။

ဗာရာဏသီမင်းက ပြုစုလုပ်ကျွေးပါသော်လည်း ထိုမင်းကိုစွန့်ခဲ့၍ ကပ္ပမည်သော တပည့် ရသေ့ကိုသာလျှင် အမှီပြုကာ အသက်မွေးမြူမှုကို ပြုလေသည်၊

သဗ္ဗညု မြတ်စွာဘုရားသည် ဗကဗြဟ္မာကြီး၏ ဤ ရှေးဟောင်းကောင်းမှု ကုသိုလ်ကံကိုလည်း ပြတော်မူလိုသည်ဖြစ်၍–

ကပ္ပေါစ တေ ဗဒ္ဓစရော အဟောသိ၊ သမ္ဗုဒ္ဓိမန္တံ ဝတိနံ အမညိ။
တံ တေ ပုရာဏံ ဝတသီလ ဝတ္တံ၊ သုတ္တပ္ပဗုဒ္ဓေါဝ အနုဿရာမိ-

ဟူသော ဤဂါထာကို ရွတ်ဆိုတော် မူလေသည်။

ဗြဟ္မေ၊ ဗကမည်သာ, အိုဗြဟ္မာ၊ အဟံ၊ လူသုံးပါးတို့၏ဆရာ, ငါဘုရားသည်၊ အတီတေ၊ လွန်လေကာလ,တခုသောဘဝ၌။ တေ၊ ထိုစဉ်ကာလ,ကေသဝမည်တွင်သင်၏။ ဗဒ္ဓစရော၊ အနီးထံပါး,ခစားတည်ရှိ,တပည့်ဖြစ်သော။ ကပ္ပေါ၊ ကပ္ပမည်တွင်,သူတော်စဉ်ရသေ့သည်။ အဟောသိ၊ စင်စစ်မသွေ, ဖြစ်ခဲ့ရလေပြီ။ တဒါ၊ ထိုစဉ်အခါ၌ တွံ၊ ကေသဝမည်တွင်, ဆရာရှင်ဖြစ်သော, သင်ရသေ့သည်။ မံ၊ ကပ္ပခေါ်ဆို, ငါရသေ့ကို။ သမ္ဗုဒ္ဓိမန္တံ၊ ကောင်းမြတ်ထူးဘိ, ပညာရှိသူဟူ၍လည်းကောင်း။ ဝတိနံ၊ ကိုယ်ကျင့်သီလ,ပြည့်ငကုံလုံ သူဟူ၍လည်းကောင်း။ အမညိ၊ မြတ်နိုးအားရမ်း, ချီးမွမ်းခဲ့လေပြီ။

တေ၊ သင်၏။ ပူရာဏံ၊ ရှေးအခါ၌ဖြစ်သော။ တံ ဝတ္တသီလ ဝတ္တံ၊ ထိုဆောက်တည်မပြတ်, အကျင့်သီလဝတ်ကို။ အဟံ၊ သုံးလူထွဋ်ထား,ငါဘုရားသည်။ သုတ္တပ္ပဗုဒ္ဓေါ ဝ၊ အိပ်သောယောကျ်ား နိုးသောလားသို့။ အနုဿရာမိ၊ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်မျက်စိဖြင့်, ရှုကြည့်စေ့စေ့, အောက်မေ့ သိမြင် လေသတည်း။

ဤကဲ့သို့ ဘာဗ္ဗညု မြတ်စွာဘုရားသည် ဗကဗြဟ္မာကြီး၏ ထိုထိုဘဝဝယ် အမျိုးမျိုးသော ကိုယ်၏ အဖြစ်တို့၌ ပြုလုပ် ဆည်းပူးခဲ့သော ကောင်းမှု ကုသိုလ်ကံကို ဟောကြား ပြသတော် မူသည်။ မြတ်စွာဘုရားက ဟောကြား ပြသသောအခါ၌ပင် ဗကဗြဟ္မာကြီးသည် မိမိ၏ အတိတ်ဖြစ်ပေါင်း ဇာတ်အကြောင်းကို ပြန်ပြောင်း အမှတ်ရလေသည်။

ထိုဗက ဗြဟ္မာကြီး ဉာဏ်၌ ဆီမီးတထောင်ကို ညှိထွန်းသော် အဆင်းမျိုးစုံ ရုပ်ပါရုံတို့ကို ထင်ရှားစွာ မြင်တွေ့ရသကဲ့သို့ အတိတ် ရှေးက မိမိ ပြုခဲ့သမျှသော ကုသိုလ်ကံ အားလုံး ထင်ရှားစွာ ဖြစ်ပေါ်လာသဖြင့် ထိုဗက ဗြဟ္မာကြီးသည် သဒ္ဓါရွှန်းစို ကြည်ညိုသော စိတ်ဓာတ် တဖြတ်ဖြတ် ဖြစ်ပေါ်ကာ—

အဒ္ဓါ ပဇာနာသိ မမေတ မာယုံ၊ အညမ္ပိ ဇာနာသိ တထာ ဟိ ဗုဒ္ဓေါ။
တထာ ဟိတာယံ ဇလိတာနုဘာဝေါ၊ သြဘာသယံ တိဋ္ဌတိ ဗြဟ္မလောကံ။
ဟူသော ဤဂါထာကို ရွတ်ဆိုလျှောက်ထားလေသည်။

မာရိသ၊ ခပ်သိမ်းဒုက္ခ,ကင်းပြတ်မူငြား, အရှင်မြတ်ဘုရား။တွံ၊ အရှင်မြတ် ဘုရားသည်။ အဒ္ဓါ၊ မချွတ်ဧကန် အမှန်ပင်။ မမ၊ ဗကဗြဟ္မာ, မှည့်ကာသမုတ်, အကျွန်ုပ်၏။ ဧတံအာယုံ၊ အတိတ်ဘဝ ဖြစ်ရစဉ်ဆက်, ထိုအသက်တမ်းကို။ ပဇာနာသိ၊ ပိုင်းခြား ထင်ထင်, သိမြင်တော် မူပါပေ၏။ အညမ္ပိ၊ အကျွန်ုပ်၏, အဖြစ်အပျက်, အသက်မှတပါး, များပြားစုရုံး, ဥဿျမ်တရား, အားလုံးကိုလည်း။ ဇာနာသိ၊ ပိုင်းခြား ထင်ထင်, သိမြင်တော် မူပါပေ၏။

တထာဟိ၊ ထိုကြောင့်ပင်လျှင်၊ ဗုဒ္ဓေါ၊ လုံးစုံမမှ, ကျနကုန်စင်, သိမြင်သသူ။ သဗ္ဗညုဗုဒ္ဓ၊ မှန်လှပါပေ၏။ တထာဟိ၊ ထိုသို့ လုံးစုံမမှ, ကျနကုန်စင်, သိမြင်သောကြောင့်ပင်လျှင်။ တေ၊ သုံးလူထွဋ်ထား, အရှင်မြတ်ဘုရား၏။ အယံဇလိတာနုဘာဝေါ၊ ဤမိုက်မှောင် ပယ်ခွင်း, ထွန်းလင်းတောက်ပြောင်, ကိုယ်တော်ရောင်ခေါ်, အာနုဘော်သည်။ ဗြဟ္မလောကံ၊ ဗြဟ္မာ့ပြည်အလုံးကို။ သြဘာသယံ-သြဘာသယန္တော၊ နေရောင်, လရောင်, ရာထောင်မက, ထွန်းလင်းတောက်ပလျက်။ တိဋ္ဌတိ၊ တရားမိုးရေ, သွန်းဖြန်းဝေကာ, ကောင်းစွာမသွေ, တည်နေတော် မူပါပေသတည်း။

ထိုသို့ ဗကဗြဟ္မာကြီးက လျှောက်ထား ပြောဆိုလေလျှင် သဗ္ဗညု ဘုရားရှင်ကလည်း အသင် ဗက ဗြဟ္မာကြီးထက် ငါဘုရားကသာလျှင် အသိဉာဏ် ပညာအားဖြင့်သာလွန် မြင့်မြတ်သူ ဖြစ်ပေသည်-ဟု ထင်ရှားစွာ ပြတော်မူလိုသဖြင့် တဆင့် တက်ကာ ဆက်၍ ဟောကြားတော် မူသည်မှာ-

ဗက မည်သာ အံ့ဗြဟ္မာ-သုံးလူထွဋ်ထား ငါဘုရားသည် ပထဝီဓာတ်ကို ပထဝီဓာတ်အားဖြင့် မမြဲဆင်းရဲ သဘောဘဲ-ဟုထူးကဲသော ဉာဏ်ဖြင့် သိရှိပြီး၍ပထဝီဓာတ်၏ ပထဝီဓာတ်သဘောအားဖြင့်

မရောက်အပ်,မခံစားအပ်သော ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုကာ သိ၍ ယင်းပထဝီဓာတ်ကို တဏှာ, မာန, ဒိဋ္ဌိဂါဟ သုံးပါးတို့ဖြင့် လွဲမှားစွာ မစွဲယူပေ၊ ပထဝီဓာတ်၌လည်း အတ္တ စသောအားဖြင့် တဏှာ, မာန, ဒိဋ္ဌိဂါဟ-သုံးပါးတို့ဖြင့် လွဲမှားစွာ မစွဲယူတော့ပြီ။

ပထဝီဓာတ်မှ အတ္တ စသည် ဖြစ်ပွားသည်-ဟုလည်း ဂါဟ သုံးပါးဖြင့် လွဲမှားစွာ မစွဲယူပြီ၊ ပထဝီဓာတ်ကို ငါ၏ ဥစ္စာဟူ၍လည်း ဂါဟသုံးပါးဖြင့် လွဲမှားစွာ မစွဲယူတော့ပြီ၊ ပထဝီဓာတ်ကို ငါတည်း, ငါ့ဥစ္စာတည်း, ငါ၏အတ္တ လိပ်ပြာတည်း-ဟူ၍လည်း မစွဲလမ်းတော့ပြီ။

ဗဏမည်သော အိုပြဟ္မာ-ထိုနည်းတူစွာပင် ငါဘုရားသည် အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, သတ္တဝါတို့ကိုလည်းကောင်း, ပထမ ဈာန်ဘုံ ဗြဟ္မာကိုလည်းကောင်း, မစွဲလမ်းတော့လေပြီ၊ တေဘူမက သက္ကာယတရား အလုံးစုံကို အနိစ္စအမှန်, ဒုက္ခအမှန်, အနတ္တအမှန်-ဟု ထူးသော ဉာဏ်ဖြင့် သိ၍ ထိုအားလုံးကိုလည်း စွဲလမ်းမှု မရှိတော့ပြီ။

ဗကမည်သော အိုပြဟ္မာ-ငါဘုရားသည် အသင်ပြဟ္မာကြီးနှင့် ပညာဉာဏ် အားဖြင့် ဘယ်နည်းနှင့်မျှ မတူနိုင်ပါ။ ထူးသော ပညာအားဖြင့် အသင်ပြဟ္မာကြီး အောက် ယုတ်လျော့မှုသည်ကား အဘယ်မှာ ရှိနိုင်ပါအံ့နည်း။ စင်စစ်မှာမူ ငါဘုရားကသာလျှင် သင်-မသိရှိသေးသော နိဗ္ဗာန်ကို သိမြင်သောကြောင့်အသိဉာဏ် ပညာအားဖြင့် အသင်ပြဟ္မာကြီးထက် သာလွန်မြင့်မြတ်ပေသည်-ဟု မိန့်ကြားတော် မူလေသည်။

ယင်းကဲ့သို့ မြတ်စွာဘုရားက မိန့်ကြားတော်မူလေလျှင်- မြတ်စွာဘုရား မိန့်ကြားသော "သဗ္ဗံ သဗ္ဗတော"စသော စကားဝယ်အလုံးစုံ ဆိုရာ၌ သဗ္ဗ-အရ နိဗ္ဗာန်ကိုပါ ယူရမည်-ဟုမှတ်ထင်သော ဗကပြဟ္မာကြီးက—

မြတ်စွာဘုရားက ခန္ဓာငါးပါးဟူသော အလုံးစုံသော သက္ကာယကို ရည်ရွယ်၍ အလုံးစုံဟူ၍ ဟောကြားရာ၌ ဗကပြဟ္မာကြီးက အလုံးစုံ ဟူသော စကားအရ-နိဗ္ဗာန်ကိုပါ ထည့်သွင်းကာ လွဲမှားစွာ ကောက်ယူပြီး အရှင်ဘုရား၏ စကားသည် အချည်းနှီးမဖြစ်ပါစေလင့်-ဟု မြတ်စွာဘုရားကို မုသာဝါဒဖြင့် နှိမ်နင်းပြောဆိုနေခြင်း ဖြစ်ပါတယ်။

သဗ္ဗညု မြတ်စွာဘုရားသည် ဝါဒရေးရာ ပြောဆိုရာ၌ ထို ဗကပြဟ္မာကြီးထက် အဆပေါင်း ရာထောင်မက လွန်ကဲမြင့်မြတ်သော ဝါဒရှင်ကြီး ဖြစ်တော်မူပေသည်၊ ထို့အတွက် မြတ်စွာဘုရားက ငါဘုရားသည် အလုံးစုံကိုလည်း ဟောကြားပေအံ့၊ အလုံးစုံ၏ အလုံးစုံသော သဘောအားဖြင့် မရောက်ရာ, မခံစား အပ်ရာ ဖြစ်သော နိဗ္ဗာန်တရားကိုလည်း ဟောကြားပေအံ့။

သင်ပြဟ္မာသည် ငါဘုရား၏ စကားကို နားဆောင်လေလော့-ဟု ထိုဗက ပြဟ္မာကြီး၏ အယူဝါဒများကို ချိုးနှိမ် ပယ်ဖျက်တော် မူခြင်းငှါ အကြောင်းကို ထုတ်ဆောင်တော်မူ၍—

ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ၊
တံပထဝိယာ ပထဝတ္တေန အနနုဘူတံ၊ (ပဏ္ဏ ၁-၄၀၅)။

ဟောတော်မူတယ်။

ဗြဟ္မေ၊ ဗကမည်သော, အိုဗြဟ္မာ။ ယံ၊ အကြင် နိဗ္ဗာန်ကို။ ဝိညာဏံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် အထူးသဖြင့် သိအပ်၏။ အနိဒဿနံ၊ စက္ခုဝိညာဏ်ဖြင့် အထူးသဖြင့် သိအပ်၏။ အနိဒဿနံ၊ စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော သဘောမရှိ။ အနန္တံ၊ ဖြစ်ပျက်မှု ဥပါဒ်အစွန်း,ဘင်အစွန်းမရှိ။ သဗ္ဗတောပဘံ၊ အချင်းခပ်သိမ်း အရောင်ရှိ၏။ (ဝါ) အလုံးစုံသော အရပ်ထင်ရှား၏။ တံ၊ ထိုနိဗ္ဗာန်ကို။ ပထဝိယာ၊ ပထဝီဓာတ်၏။ ပထဝတ္တေန၊ ပထဝီဓာတ်၏ သဘောအားဖြင့်။ အနနုဘူတံ၊ မခံစားအပ်။

ဗကဗြဟ္မာ-မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့် အထူးသဖြင့် သိအပ်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော, သဘောမရှိသော ဖြစ်မှုဥပါဒ်စွန်း, ပျက်ဆုံးမှုဘင် အစွန်းမရှိသော အချင်းခပ်သိမ်း အရောင်အလင်းရှိသော အကြင် နိဗ္ဗာန်မည်သည်ရှိ၏၊ ထိုနိဗ္ဗာန်ကို ပထဝီဓာတ်၏ ပထဝီဓာတ်သဘောအားဖြင့် မခံစားအပ်၊ မရောက်အပ်ပေ။

ထိုနည်းတူစွာပင် အာပေါဓာတ်၏ အာပေါဓာတ် သဘောအားဖြင့် မခံစားအပ်၊ မရောက်အပ်၊ တေဇောဓာတ်၏ တေဇော ဓာတ်သဘော အားဖြင့်လည်း မခံစားအပ်၊ မရောက်အပ်။

ထိုနောက်တွင် ဗကဗြဟ္မာကြီးသည် မိမိစွဲယူကာ ပြောဆိုတိုင်းသော အယူအဆမှန်သမျှကို မြတ်စွာဘုရားက အလုံးစုံ စွန့်ပယ်ကာ ဖြေကြား ရှင်းပြအပ်သည်ဖြစ်၍ တစုံတရာ ပြောဆိုဘွယ်ကို မတွေ့မမြင်တော့သဖြင့် အယူဝါဒ စကားကို ပြောကြားခြင်း ဝါဒပြိုင်ခြင်းကို ပယ်ရှားကာ ကိုယ်ကိုဖျောက်၍ တန်ခိုးပြာဋိဟာ ပြိုင်ဆိုင်လိုပြန်သဖြင့်—

ဟန္ဒ စရဟိ တေ မာရိသ ပဿ အန္တရဓာယာမိ။ (ပဏ္ဏ-၄၀၅)။

မာရိသ၊ အရှင်မြတ်ဘုရား။ ပဿ၊ စေ့စေ့ငုငု, ကြည့်ရှုလေလော့။ ဟန္ဒစရဟိ၊ နှစ်ဦးရင်ဆိုင်, ယှဉ်ပြိုင်ကြရာ, ယခုအခါ၌။ တေ၊ အရှင်မြတ်ဘုရားမှ။ အန္တရဓာယာမိ၊ တွေ့ရန်မလွယ်, ဖုံးကွယ်ပျောက်ပေအံ့။

ဤသို့ မြတ်စွာဘုရားကို လျှောက်ထား ပြောဆိုလေလျှင် သဗ္ဗညု ဘုရားရှင်ကလည်း—

ဟန္ဒ စရဟိ မေ တွံ ဗြဟ္မေ အန္တရဓာယဿု၊ သစေဝိ သဟာသိ၊ (ပဏ္ဏ—၄၀၅)။

ဗြဟ္မေ၊ ဗကဗြဟ္မာ။ သစေဝိသဟာသိ၊ အကယ်၍ ပျောက်ကွယ်ခြင်းငှါ စွမ်းနိုင်ပါအံ့။ တွံ၊ သင်ဗကဗြဟ္မာကြီးသည်။ ဟန္ဒစရဟိ၊ ယခုအခါ၌။ မေ၊ ငါဘုရားမှ။ အန္တရဓာယဿု၊ မမြင်နိုင်အောင် တိမ်းရှောင်ပျောက်ကွယ် လေတော့—ဟူ၍ ခွင့်ပြုစကား မိန့်ကြားတော်မူလေလျှင် ဗကဗြဟ္မာကြီးသည် မြတ်စွာဘုရား မမြင်နိုင်အောင် ကိုယ်ကို ကွယ်ပျောက် စေခြင်းငှါ အားထုတ်လေသည်။ ဗြဟ္မာတို့မှာ—

၁။ ပကတိ အတ္တဘော၊

၂။ အများ ထင်ရှားစွာမြင်နိုင်ရန် ဖန်ဆင်း ထားအပ်သော အတ္တဘော ဟူ၍ နှစ်မျိုးရှိရာ-

ပဋိသန္ဓေ တည်နေစဉ်အခါဖြစ်သော ပကတိအတ္တဘောသည်ကား သိမ်မွေ့လှသဖြင့် အခြားပြဟ္မာတို့မမြင်နိုင်ကြပေ၊ သို့ဖြစ်၍ အခြားပြဟ္မာတို့ ထင်မြင်နိုင်စေရန် ရုန့်ရင်းသောကိုယ်ဖြင့် တည်နေသောအတ္တဘောကို ဖန်ဆင်းထားပြီး တည်နေကြလေသည်။

ဗကပြဟ္မာကြီးသည် မြတ်စွာဘုရားကခွင့်ပြုလေလျှင် ရဟန်းဂေါတမမှ ပျောက်ကွယ်မေအံ့-ဟု ဖန်ဆင်းထားအပ်သော ရုန့်ရင်းသော အတ္တဘောကို ရုပ်သိမ်းကာ သိမ်မွေ့သော ပဋိသန္ဓေ တည်စဉ်ကဖြစ်သော ပကတိအတ္တဘောသို့ ပြောင်းရွှေ့ စိတ်ညွတ်လေသည်။ မြတ်စွာဘုရားကလည်း ဗကဟ္မပြာကြီး ပကတိအတ္တဘောဖြင့် မတည်စေဘဲ ဖန်ဆင်းထားအပ်သော အတ္တဘောဖြင့်သာ တည်စေရန် အဓိဋ္ဌာန်တော်မူသဖြင့် ဗကပြဟ္မာကြီး၏ ကိုယ်သည် မပျောက်ဘဲဖြစ်နေလေသည်။

ဗကပြဟ္မာကြီးသည် ပကတိအတ္တဘောဖြင့် ကိုယ်ကိုမဖျောက်နိုင်သဖြင့် အမိုက်တိုက် ဖုံးလွှမ်းကာ အတ္တဘောကို ကွယ်ပျောက်စေအံ့-ဟု အမိုက်တိုက်, အမိုက်မှောင်ကြီးကို, ဖန်ဆင်းပြန်လျှင်လည်း မြတ်စွာဘုရားက ထိုအမိုက်တိုက်, အမိုက်မှောင်ကြီးကို တန်ခိုးတော်ဖြင့် ပယ်ဖျောက်လိုက်ပြန်ရကား ဗကပြဟ္မာကြီးမှာ ပုန်းကွယ်ခြင်းငှါလည်း မစွမ်းနိုင်၊ အမိုက်မှောင်, အမိုက်တိုက်ကြီးဖန်ဆင်းကာ အတ္တဘောကို ပျောက်ကွယ်စေခြင်းငှါလည်း မတတ်နိုင်ရကား နောက်ဆုံးတွင် ဖြစ်လိုရာဖြစ် သဘောဖြင့် ဗိမာန်အတွင်း၌ ဝင်ပုန်းနေ၏၊ ပဒေသာပင်၌ ပုန်းနေပြန်၏၊ ဆောင့်ကြောင့် ကုပ်ကုပ်ထိုင်နေပြန်၏။

ထိုအခါ ပြဟ္မာပရိသတ်အပေါင်းက "ဤဗကပြဟ္မာကြီးသည် ဗိမာန်တွင်း၌ ပုန်းအောင်းနေပေ၏၊ ပဒေသာပင်၌ ပုန်းအောင်းနေ၏၊ ဆောင့်ကြောင့်ကုပ်ကုပ်ထိုင်နေ၏၊ အို ဗကဟ္မပြာ အသင်သည် 'ငါပုန်းလျှိုးကွယ်ပျောက်နေ၏"-ဟူသောအမှတ်ကို ဖြစ်လေဘိတကား-ဟု ပြောဆို, ပြက်ရယ်ပြုကြ, ပြောင်လှောင်ကြသဖြင့်, ဗကပြဟ္မာကြီးသည် မျက်နှာမကြည်မသာဖြစ်၍ နေလေသည်။

ဤကဲ့သို့ဗကပြဟ္မာကြီးသည် အတ္တဘောကို ကွယ်ပျောက်စေ၍ ပုန်းကွယ်ခြင်းငှါ မတတ်နိုင်သောအခါ မြတ်စွာဘုရားသည် ထိုဗကပြဟ္မာကြီးကို-

"ဟန္ဒ စရဟိ တေ ဗြဟ္မေ အန္တရဓာယာမိ" ဗကပြဟ္မာ ထိုသို့ သင်မပုန်းကွယ်နိုင်လျှင် ငါဘုရားသည် သင်ပြဟ္မာကြီး၏ မျက်မှောက်၌ ယခုပင် ပုန်းကွယ်လိုက်မည်-ဟု မိန့်ကြားတော်မူသဖြင့် ဗကပြဟ္မာကြီးကလည်း-

ဟန္ဒ စရဟိ မေ တွံ မာရိသ အန္တရဓာယဿု၊ သစေဝိသဟသိ။

အရှင်မြတ်ဘုရား အကယ်၍ အသင်ပုန်းကွယ်ခြင်းငှါ စွမ်းနိုင်ပါက-အရှင်မြတ်သည် အကျွန်ုပ်၏ မျက်မှောက်၌ ယခုပင် ကွယ်ပျောက်လိုက်ပါလော့-ဟု ပြန်ကြားလျှောက်ထားလေသည်။

ထိုကဲ့သို့ ဗကပြဟ္မာကြီးက လျှောက်ထားသောအခါ လူသုံးပါးတို့ဆရာ ဖြစ်တော်မူသော ဘုရားမြတ်စွာသည်-

၁။ ရှေးဦးစွာ အဓိဋ္ဌာန်၏ အခြေခံဖြစ်သော ရူပါဝစရ ကြိယာ စတုတ္ထဈာန်ကို ဝင်စားတော်မူသည်။

၂။ ထိုနောက် ဈာန်မှထ၍ ဗကမည်သော မဟာဗြဟ္မာကြီးသည်လည်းကောင်း, ဗြဟ္မာပရိသတ်အပေါင်းသည်လည်းကောင်း ငါဘုရား၏ အသံကိုသာကြားစေကြကုန်သတည်း၊ ငါဘုရားကိုကား မမြင်ကြစေကုန်သတည်း-ဟု အဓိဋ္ဌာန်တော်မူလေသည်။

၃။ ထိုနောက် အဘိညာဏ်၏ အခြေခံဖြစ်သော ရူပါဝစရကြိယာ စတုတ္ထဈာန်ကို တဖန်ဝင်စားတော် မူပြန်သည်။

၄။ ထိုနောက် ထိုဈာန်မှ ထပြီးလျှင် မြတ်စွာဘုရား၏ စိတ်အစဉ်၌ ဣဒ္ဓိဝိဓ အဘိညာဏ်ဝီထိစိတ်အစဉ်ဖြစ်လာပြီး ထိုဝီထိစိတ်အစဉ်ဝယ် ဣဒ္ဓိဝိဓ အဘိညာဏ်ဈာန်ဇော ဇာကြိမ်စောသည်နှင့် တပြိုင်နက် မြတ်စွာဘုရား၏ ရူပကာယကြီး ပျောက်ကွယ်ပြီး သွားလေတော့သည်၊ တဦးတယောက်သောဗြဟ္မာမျှမြတ်စွာဘုရား၏ ကိုယ်ကိုမမြင်ရတော့ဘူးတဲ့။

ရဟန်းဂေါတမသည် ဤနေရာဌာန၌ ရှိသည်, မရှိသည်-အဖြစ်ကို အဘယ်သို့သိနိုင်အံ့နည်း-ဟု ဤသို့ ဗြဟ္မာအများ ယုံမှားဘွယ်စကား ပြောကြားခွင့်မရအောင် မြတ်စွာဘုရားသည် ကိုယ်တော်ကို ကွယ်ပျောက်တော်မူရင်းပင်လျှင် မိမိဤနေရာ၌ ရှိနေသည်-ဟု ဗြဟ္မာအများသိရှိကြစေရန် ဤဂါထာကို ရွက်ဆိုလျက်နေပါသည်။

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံနာဘိ ဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ နဥပါဒိယိံ ။ (ပဏ္ဏ-၁-၄၀၅)။

ဘောန္တော၊ စည်းဝေးညီညာ, ရောက်ရှိလာငြား, အိုဗြဟ္မာအများတို့။အဟံ၊ သုံးလူထွဋ်ထား, ငါဘုရားသည်။ ဘဝေ၊ ကာမ, ရူပ, အရူပနှင့်, ဘဝသုံးရပ်, ဘုံသုံးထပ်-ဟု, သတ်မှတ်ခေါ်ရာ, ဘဝသံသရာ၌။ ဘယံ၊ အိုဘေးတဖြာ, နာဘေးတထွေ, သေဘေးတမျိုး,ဆိုးရွားဆင်းရဲ, မလွဲတွေ့ကြုံ, ကြောက်မက်ဘွယ်ဘေးအဖုံဖုံကို။ ဒိသွာဝ၊ ဉာဏ်မျက်စိဖြင့်, ကြည့်ရှုထင်ထင်, တွေ့မြင်ခြင်းကြောင့်သာလျှင်။ဘဝဉ္စ၊ ကာမ, ရူပ, အရူမ-ဟု, သုံးဖြာသောဘဝကိုလည်းကောင်း။(ဿကာသဘဝတည်း) ဝိဘဝေသိနံ၊ ဝဋ္ဋဘဝကင်းရာ, နိဗ္ဗုတာကို, ကောင်းစွာရှာညောင်း, သတ္တဝါအပေါင်းကိုလည်းကောင်း။ (သတ္တဘဝတည်း)။ ဘဝေ၊ သုံးပါးမှန်စွာ,သံသရာလောက, ဘုံဘဝ၌သာလျှင်။ ဒိသွာ၊ မြင့်နိမ့်ဆိုးကောင်း, အမျိုးမျိုးပြောင်း၍, ဖြစ်ကြောင်းမစဲ, တဖန်တလဲလဲ, တွေ့မြင်ရ၍။ ကိဉ္စိ၊ တစုံတခုသော။ ဘဝံ၊ သတ္တောကာသ, ဘုံဘဝကို။ နာဘိဝဒိံ၊ တဏှာဒိဋ္ဌိ, အစွမ်းမိ၍, စွဲငြိဖေါက်ပြား, အသင်မမှားတော့ပြီ။(ဝါ)ခိုင်ခိုင်မြဲမြဲ, မစွဲလမ်းတော့ပြီ။

နန္ဒိဉ္စ၊ ထိုထိုဘဝ, စွဲတမ်းတ သဖြင့်,ဖြစ်ရမှန်စွာ, ဘဝတဏှာကိုလည်း။ နဥပါဒိယိံ၊ မဂ်ဉာဏ်လေးချက်, စိန်သံလျက်ဖြင့်, ပယ်ဖျက်ခုတ်ရှင်း, မကျန်မကြွင်းတော့သဖြင့်, အလျှင်းပင် မစွဲလမ်းလေပြီတကား။

ပထမစျာန် ဖြဟ္မာ့ပြည် လောကဥ္ဇ အလွန် တန်ခိုးကြီးလှသော ဗကအမည်ရှိသော မဟာဖြဟ္မာကြီးသည် သုံးလောကထွဋ်တင် သဗ္ဗညု ဘုရားရှင်နှင့် အယူဝါဒချင်း ယှဉ်ပြိုင်ရမှာလဲ အနိုင်မရဘဲ အမြဲတန်း ရှုံးခဲ့ရလေပြီ၊ ယခု နောက်ဆုံး ကိုယ်ကို ကွယ်ပျောက်စေ၍ တန်ခိုးချင်း ယှဉ်ပြိုင်ရမှာလဲ ဖြဟ္မာ ပရိသတ် အများထဲတွင် အရှက်လည်းကွဲပြီး အနိုင်မရဘဲ ရှုံးမြဲ ရှုံးခဲ့ရလေပြီနော်။

သို့အတွက်ကြောင့် ဗကသညာ-မဟာ ဖြဟ္မာကြီးနှင့် ယှဉ်ပြိုင်သမျှ အောင်နိုင်တော် မူရသည့် သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရား၏ ကြီးမားလှသော ဂုဏ်တော် အထူးထူးကို ချီးကျူးကာ ပူဇော်ကြဦးစို့။

ဆောင်ပုဒ်။　(က) ဖြဟ္မာဗက-နာမအကျော်၊ ဖြဟ္မာလူနတ်- ဆည်းကပ်ကော်ရော်။
အယူလွဲလို့-အမြဲထင်သော်၊ လမ်းမှန်ပြ-ဗုဒ္ဓအောင်ပြီနော်။

(ခ) ပြိုင်သမျှဆိုင်သမျှ-အနိုင်ရအောင်သူ၊ နတ်လူခပင်း- အောင်ခြင်းစွဲယူ။
အောင်မြင်တိုးပွား-ကျိုးများဘို့ဟူ၊ အောင်ဆုထူး- ချီးကျူးပေးတော်မူ။

ပထမစျာန် ဖြဟ္မာ့ဘုံတွင် တန်ခိုး ဟုန်မာန်ပြင်းလျက် သတ္တဝါ ခပင်းကို ငါဖန်ဆင်း၏။ အထင်ရှိကာ နေသော ဗကမည်သာ-မဟာဖြဟ္မာကြီးကို သုံးလူ့ထွဋ်တင် သဗ္ဗညု ဘုရားရှင်က ဝါဒချင်း ယှဉ်ပြိုင်၍လည်းကောင်း, တန်ခိုးချင်း ယှဉ်ပြိုင်၍လည်းကောင်း နှိမ်နင်း ဆုံးမ အနိုင်ရတော်မူခဲ့ကြောင်း- ဇာတ်ကြောင်းလဲ လည်လောက်ပေပြီ။ တရားပွဲ သိမ်းရန် အချိန်လဲ တန်ပြီ ဖြစ်သပြင့် ယခုအခါ တရားဟော, တရားနာ ဘေးရန်ကွာ၍ လိုရာကိစ္စ ပြီးမြောက် ကြစေရန် မိမိတို့၏ အမျိုးဘာသာ သာသနာအကျိုး ဆထက်တိုး၍ သည်ပိုးရှက်ဆောင် နိုင်ကြစေရန် ရည်သန် တောင်းတ မှန်းဆလျက် ဗကမည်ဟီး-မဟာဖြဟ္မာကြီးကို နှိမ်နင်း ဆုံးမ အောင်ပွဲရတော် မူသော အောင်ပွဲသခင် သဗ္ဗညု ဘုရားရှင်ထံ အောင်ဆုကို ပန်ဆင်ပြီး တရားပွဲကို သိမ်းကြရပေမည်။ သို့အတွက် အောင်ပွဲသခင် ဘုရားရှင်ကို အာ႑ရုံ ထင်အောင် ဉာဏ်အမြင် မှန်းဆလျက် လက်အုပ်ကိုယ်စီ ချီထားကြ။

ဒုဂ္ဂါဟ ဒိဋ္ဌိ ဘုဇဂေန သုဒဋ္ဌဟတ္ထံ၊ ဖြဟ္မံ သုတံ ဇုတိမ ဟိဒ္ဓိ ဗကာဘိခါနံ။
ဉာဏာ ဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊တန္တေ ဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။
(ပေါရာဏ)။

ယောမုနိန္ဒော၊ မုနိမည်ဩ္ဘား ရဟန်းများ၏ ထိပ်ထားဦးတင် အကြင် ဘုရားရှင်သည်။ ဒုဂ္ဂါဟ ဒိဋ္ဌိ ဘုဇဂေန၊ မကောင်းလှဘိ, စွဲယူမိသည့် ဒိဋ္ဌိမိစ္ဆာ မြွေသတ္တဝါသည်။ သုဒဋ္ဌဟတ္ထံ၊ ပြင်းစွာ မြဲမြဲ ကိုက်ခဲထားဘိ လက်ရှိထသော။ သုတံ၊ လူ့ရပ် နတ်ထံ တန်ခိုးကျော်ဖြင့် အမှန်ကျော်ကြား ထင်ရှားလှသော။ ဇုတိ မဟိဒ္ဓိံ၊ အဆင်းအရောင် ထွန်းပြောင်လွှမ်းမိုး, တန်ခိုးရှိသော။ ဗကာဘိခါနံ ဖြဟ္မံ၊ ဗကသညာ, မည်နာမာဖြင့်, ဂုဏ်ဝါကျော်ဟီး, ဗကဖြဟ္မာကြီးကို။ ဉာဏာဂဒေန၊ အဆိပ်အတောက်, ကင်းပျောက်စေရန်, ဉာဏ်တော်မည်လတ်, ဆေးတော်မြတ်ဟု ခေါ်ဆိုအပ်သော။ ဝိဓိနာ၊ ကောင်းစွာပုံပြင်, အစီအရင်ဖြင့်၊ ဇိတဝါ၊ မပင်မပန်း, အေးချမ်းလွယ်ကူ အောင်တော်မူလေပြီ။

တန္တေ ဇသာ၊ ဗကမည်ကာ, တေဇာထန်ပြင်း, ဗြဟ္မာမင်းကို, နှိမ်နင်းလွှယ်ကူ, အောင်တော်မူငြား, ထိုမြတ်စွာ ဘုရား၏ တန်ခိုးတော်အာဏ်ဖြင့်။ မေအမှာကံ၊ အောင်ရာအောင်ဆု, အောင်မြင်မှုကို, စွဲပြုလိုလား, တရားဟော, တရားနာ ဖြစ်ကြကုန်သော အကျွန်ုပ်တို့အား။ အဂ္ဂံ၊ ဘုန်းရှင်ကံရှင် သမ္ဗာရှင်တို့ အစဉ်မပြတ် သုံးဆောင်အပ်သဖြင့် မြင့်မြတ်သော။ ဇယမင်္ဂလံ၊ လောကီလောကုတ်, ပစ္စုပ်သံသာ, နှစ်ဖြာအကျိုး, ပွားတိုးစေကြောင်း, ကောင်းမြတ်လှစွာ, အောင်ခြင်းမင်္ဂလာသည်။ဘဝတုိ၊ဖြစ်ပါစေသတည်း။(၀ါ)ဘဝတ၊ကြံသမျှအောင်, ဆောင်သမျှပြီး, အသီးသီးမသွေ, ဖြစ်ပါစေသတည်း။

(အဘိဓမ္မာတပ်၍ တရားပွဲအဆုံးသတ်ရန်)
အောင်ခြင်းရှစ်ပါး တရားပြီး၏။

۞ ۞ ۞ ۞ ۞

# ကိုယ်စောင့်တရား-၄-ပါး

## ဗုဒ္ဓါနုဿတိ ဘာဝနာ

ဗုဒ္ဓါနုဿတိ မေတ္တာစ၊ မရဏဿတိ အသုဘံ။
ဝုစ္စန္တိ စတုရာ ရက္ခာ၊ မာနိတာ သဗ္ဗိ ဘာဝိတာ။

ဗုဒ္ဓါနုဿတိစ၊ သုံးလူထွဋ်ထား မြတ်ဘုရား၏ ကိုးပါးသောဂုဏ် အလုံးစုံကို အာရုံ ထင်ထင် အစဉ်မှိုင်, အဖန်တလဲလဲ, အောက်မေ့ခြင်းလည်းကောင်း။ မေတ္တာစ၊လုံးငုံများစွာ သတ္တဝါကို ကြင်နာမှုထား မေတ္တာ ပွားခြင်းလည်းကောင်း။ အသုဘံစ၊ စက်ဆုပ်ရွံဘွယ်, မတင့်တယ်ဟု အသွယ်သွယ်ပိုင်းခြား ဆင်ခြင် ပွားများခြင်း အသုဘ ဘာဝနာလည်းကောင်း။ မရဏဿတိစ၊ စက်ဆုပ်ရွံဖွယ်, မတင့်တယ်ဟု စိတ်ဝယ် တင်စား,ရှုပွားခြင်း အသုဘ ဘာဝနာ တရားလည်းကောင်း။ ဣတိ၊ ဤသို့ ။စတုရော၊ သရုပ်ပိုင်းခြား လေးပါးကုန်သော ကမ္မဋ္ဌာန်းတို့ကို။ အာရက္ခာ၊ မှန်စွာမျက်မှောက်, စောင့်ရှောက်တတ်ငြား, အာရက္ခတရားတို့ ဟူ၍။ ဝုစ္စန္တိ၊ ပညာရှိ အပေါင်း သူတော်ကောင်းတို့။ ငြိမ့်ညောင်းသံချို, မိန့်ဆိုအပ်ကြလေကုန်၏။

သဗ္ဗိ၊ ကိလေသာရန်, ပူပန်ငြိမ်းမှု, အားပြုခံမင်, သူတော်စင်တို့သည်။ တေ၊ ကိုယ်စောင့်တရား, ထိုလေးပါးတို့ကို။ မာနိတာ၊အသက်အသွင်, ထင်မြင်အားကိုး, မြတ်နိုးကြကုန်လျက်။ ဘာဝိတာ၊ လေးလေးစားစား,အရေးထားကာ, ပွားများအပ်ပါ ကုန်သတည်း။

ယနေ့တော့ ကိုယ်စောင့် တရား လေးပါး-ဟုခေါ်ဆိုအပ်သော အာရက္ခ တရားလေးပါး (ဝါ) ကာကွယ်ရေး တရားလေးပါးကို ဟောကြားရန် ဖြစ်တဲ့အတွက် ယင်းတရားလေးပါးကို ပြသော မာတိကာစဉ် ဂါထာကို ရွတ်ဆို လိုက်ရခြင်း ဖြစ်ပေတယ်။ ယင်းစတုရာရက္ခတရား-ခေါ် ကာကွယ်ရေး တရားလေးပါကတော့-

၁။ ဗုဒ္ဓါနုဿတိ- သုံးလူထွဋ်ထား မြတ်ဘုရား၏ ကိုးပါးသော ဂုဏ်တော်ကို ကြည်ညိုလေးမြတ်, အဖန်ဖန် အထပ်ထပ် ရှုမှတ် ပွားများခြင်း။

၂။ မေတ္တာ ဘာဝနာ- အလုံးစုံများစွာ သတ္တဝါတို့ အပေါ်၌ အကျိုး စီးပွားကို လိုလားကာ မေတ္တာ တရားကို ပွားများခြင်း။

၃။ မရဏဿတိ ဘာဝနာ-နက်ဖန်သဘက် ချင့်မတွက်ဘဲ, ဆက်ဆက် မှန်စွာ သေအံ့ ငါဟု သေချာမြဲမြဲ, နှလုံးစွဲကာ ပွားများခြင်း။

၄။ အသုဘ ဘာဝနာ- ဆံပင်အစ သုံးဆယ့်နှစ်-စသော အညစ်အကြေးတို့၏ စုဝေးရာ စစ်စစ် စက်ဆုပ်ဖွယ် ဖြစ်၍ မတင့်တယ်ဟု ပွားများ မှတ်ရှုရခြင်း အားဖြင့်-

ကိုယ်စောင့်တရား (ဝါ) ကာကွယ်ရေး တရားလေးပါး ရှိကြောင်းကို ကောင်းကောင်းကြီး မှတ်ထားကြရပေမယ်။

ဤတရား လေးပါးတို့ကို ရှေးရှေးစာလ ပညာရှိအပေါင်း သူတော်ကောင်းကြီးများ လေးလေးစားစား ဆင်ခြင်ပွားကြသည့် ကိုယ်စောင့်တရားကြီးပင် ဖြစ်ပေတယ်၊ မေ့လျော့တတ်မှု

ပမာဒ တရားဆိုးကို ဖျက်ချိုး တိုက်ထုတ်ပစ်နိုင်ရန်အတွက် လက်နက်ကောင်းကြီးများ ဖြစ်သောကြောင့် အစောင့်အရှောက်တရား၊ (ဝါ) ကာကွယ်ရေးတရား-ဟု ခေါ်ဆိုရခြင်းပင် ဖြစ်ပါတယ်။

လောက၌ ကိုယ်ခံ အကာအကွယ် အစောင့်အရှောက် မရှိပါလျှင် အဖြာဖြာသော ဘေးရန်အပေါင်းတို့လွယ်ကူစွာ ဝင်ရောက်ပြီး နှိပ်စက်ဖျက်ဆီးသဖြင့် အချည်းနှီး ဆုံးရှုံးပျက်စီး ရတတ်သည်မှာ ဓမ္မတာပင် ဖြစ်တယ်။ သို့အတွက် မည်သူမဆို မိမိနှင့် လျော်ကန်သော အစောင့်အရှောက် အကာအကွယ်ကို လိုလားအပ်ပေတယ်။

လောကရေး၌ အကာအကွယ် အစောင့်အရှောက် လိုအပ်သလို ဓမ္မရေးမှာလဲ အကာအကွယ် အစောင့်အရှောက်ဖြစ်တဲ့တရားကို လိုလားအပ်ပေတယ်ပေါ့။

ယင်းကဲ့သို့ ဓမ္မရေးမှာ အကာအကွယ် အစောင့်အရှောက်တရား မထားလျှင် အဓမ္မဖြစ်တဲ့ အကုသိုလ်တရားဆိုးတို့ ဝင်ရောက်ဖျက်ဆီးသဖြင့် အချည်းနှီး ပျက်စီးသွားနိုင်တယ် မဟုတ်လား၊ သို့အတွက် အကုသိုလ်တရားဆိုးတို့ မချဉ်းကပ်နိုင်အောင် ယင်းလေးဖြာသော အစောင့်အရှောက် တရားတို့ကို တင်းတင်းကြပ်ကြပ် အစောင့်အရှောက် ထားကြရပေလိမ့်မယ်နော်။

ဆောင်ပုဒ်။
၁။ ဗုဒ္ဓမြတ်စွာ-ဂုဏ်ကိုးဖြာ၊ သေချာပွားမှု-နေ့စဉ်ပြု။
၂။ သတ္တဝါများ-ကျိုးစီးပွား၊ လိုလားရှေးရှု-မေတ္တာပြု။
၃။ မတင့်မတယ်-စက်ဆုတ်ဖွယ်၊ သွယ်သွယ်ပွားမှု-နေ့စဉ်ပြု။
၄။ သက်ရှင်မမြဲ-သေမှုမြဲ၊ မှတ်စွဲပွားမှု-နေ့စဉ်ပြု။
၅။ ကိုယ်စောင့်တရား-ယင်းလေးပါး၊ ရှုပွားသမှု-နေ့စဉ်ပြု။

စတုရာ ရက္ခဓမ္မခေါ် ကာကွယ်ရေး တရားလေးပါးတို့ကို တပါးစီ ဖော်ထုတ်ကာ ရှင်းလင်း ဟောကြားရမည် ဖြစ်သည့်အတွက် အာရုံပါး, စိတ်မသွားဘဲ, ကောင်းမွန်ရိုသေစွာ လေးလေး စားစား ကြားနာမှတ်သားကြရန် တိုက်တွန်းစကား ပြောကြား နှိုးဆော်လိုက်ရပေတယ်။

သာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာန မနုတ္တရံ။
ဣမံသတိံ ဘာဝယိတွာ၊ ပူရယိဿသိ မာနသံ။ (ထေရဂါထာပါဠိ)။

ကောသိယ၊ နန္ဒမည်ရှိ, ကောသိရနွယ်ဘွား, ချစ်သား ကောသိယ။ ဘာဝနာနံ၊ အမျိုးမျိုး အစားစားများပြားလှစွာ ဘာဝဓမ္မ ဟူသမျှတို့ထက်။ အနုတ္တရံ၊ ထူးကဲသာလွန်, အမွန်ဖြစ်ဘိ, အတုမရှိသော။ဗုဒ္ဓါနုဿတိံ၊ ဘုရားရှင်ဂုဏ်မြတ်, အာရုံကို, မွေ့ထုံ-စွဲစွဲ, အစဉ်အောက်မေ့ခြင်း-ဟု ဆိုအပ်သော ဗုဒ္ဓါနုဿတိဘာဝနာတော်ကြီးကို။ တွံ၊ တရားအမြိုက်, အားအုံ့စိုက်လျက်, လိုက်၍ ရှာငြား, သင်ချစ်သားသည်။ ဘာဝေဟိ၊ နေ့ရောညပါ, အခါမပြတ်, ထပ်ထပ်အမြဲ, နှလုံးစွဲကာ, ပွားများပါလေလော့။

ဣမံသတိံ၊ မပြတ်အမြဲ, မှတ်စွဲပွားစီး, ဤဂုဏ်တော်ကြီးကို။ဘာဝယိတွာ၊ မပြတ်ကြိုးကုတ်, အားထုတ်သည်ဖြစ်၍။ (ဝါ) မပြတ်ကြိုးကုတ်, အားထုတ်သည်ဖြစ်သောကြောင့်။ မာနသံ၊ အလိုရှိ အပ်, တောင့်တအပ်သည့် ဆန္ဒကောင်းမွန်, စိတ်အကြံသည်။ ပူရယိဿသိ၊ ကောင်းစွာမသွေ, ပြည့်စုံ ပေလတံ့။ ပူရယိဿသိ၊ ဘုရားဂုဏ်ဖက်, အသိဉာဏ်တက်သဖြင့် ဆက်ဆက်မသွေ, ပြည့်စုံရပေလိမ့် မည်တည်း။

ဒီဂါထာကတော့ ဦးပဥ္စင်းတို့ မြတ်စွာဘုရားရှင်၏ သာသနာတော်ဝယ်-

(၁) တရား ဒေသနာတော်ကို ဟောကြားတော်မူလျှင် ပုဂ္ဂလာဓိဋ္ဌာန်နည်းဖြင့် တရားသဘော သက်သက်ကိုသာ ဟောကြားတော်မူသဖြင့် ကိုလေသာ ကင်းကွာ၍ ချမ်းသာစွာ နေလေ့ရှိသော အရာဝယ် အမြင့်မြတ်ဆုံး မထေရ်ဟု ဆိုအပ်သော အာရကာ ဝိဟာရီ တေဒဂ်။

(၂) ဆွမ်းခံ ကြွတော်မူလျှင် အိမ်တိုင်းအိမ်တိုင်း ရပ်တိုင်းရပ်တိုင်း၌ အလှူရှင် ဒါယကာဒါယိကာမတို့ အာဘို အထူးသဖြင့် အကျိုးကြီးမြတ်စေမူ အကျိုးတရား ဖြစ်ထွန်းစေမှုကို အာရုံပြုဆင်ခြင်တော်မူကာ မေတ္တာစျာန်ကို ဝင်စား၍ နေတယ်။

ထိုမေတ္တာစျာန်မှ ထမြောက်ပြီးလျှင် ဆွမ်းကို အလှူခံတော် မူလေ့ရှိသဖြင့် မြတ်သောအလှူကိုခံထိုက်သောအရာဝယ် အမြင့်မြတ်ဆုံး မထေရ်ဟု ဆိုအပ်သော ဒက္ခိဏေယျ တေဒဂ်ဘွဲ့ထူး နှစ်တန်ကို ဖန်ဆင်းတော် မူရသော သုဘူတိ မထေရ်မြတ်၏ အလောင်း နန္ဒမည်သော ရသေ့ ဆရာကြီးကို ပဒုမုတ္တရ မြတ်စွာဘုရားက ဗျာဒိတ်စကား မိန့်ကြားယင်း ဟောတော် မူခဲ့တဲ့ ဂါထာပင် ဖြစ်တယ်။

ဒီ သုဘူတိ မထေရ်ဆိုတာ သာဝတ္ထိပြည်မှ သုမန သူဌေးကြီးရဲ့ သားတော်ဖြစ်ပြီး ဇေတဝန်ကျောင်း ဒါယကာကြီးဖြစ်တဲ့ အနာထပိဏ် သူဌေးကြီး ညီတော် အရင်းဖြစ်သတဲ့၊ သူဌေးသား ကိုယ်တော်တပါးလို့ ဆိုရမှာပေါ့နော်၊ မထေရ်မြတ်ရဲ့ အတိတ်ဇာတ်ကြောင်းကို နည်းနည်း ပြန်ပြောရလျှင်တော့-လွန်ခဲ့သော ကမ္ဘာတသိန်းထက်က အချိန်ကာလကို ညွှန်ပြ ရပေလိမ့်မယ်။

ထိုလွန်ခဲ့သော ကမ္ဘာတသိန်းထက်ကာလ-ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်ထွန်းတော် မမူမီက ဟံသာဝတီ နေပြည်တော်ဝယ် ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာသော ဗြာဟ္မဏ မဟာသာလမျိုးဖြစ်သော သူဌေးကြီး၌ တဦးတည်းသော သားရတနာ တယောက် ဖြစ်ထွန်း ပေါ်ပေါက်၍ လာသတဲ့၊ ထိုသတိုးသား၏ အမည်ကတော့ နန္ဒဟူ၍ ခေါ်ဝေါ်ကြတယ်၊ယခု ပြောခဲ့တဲ့ သုဘူတိ မထေရ်မြတ်၏ အလောင်းဖြစ်တဲ့ လုလင်ပေါ့။

ထို နန္ဒလုလင်သည် အရွယ်ရောက်လျှင် ထိုခေတ်က တတ်မြောက် သင့်သော အတတ်ပညာရပ်ဖြစ်သော ဗေဒင် သုံးပုံခေါ်တဲ့ ဝေဒကျမ်း အားလုံးကို ကမ်းတဘက်ရောက် တတ်မြောက်အောင် အားလုံးစုံ သင်ယူပြီးလျှင် မိမိသင်ကြား တတ်မြောက်ပြီးသော ဝေဒကျမ်းတို့၌ ထက်အောက် ပြောင်းပြန်, ပြန်လှန်သုံးသပ်ကာ အနှစ်သာရကို ရှာကြည့်လျှင် တကယ်တန်း ငြိမ်းချမ်းသာယာတဲ့ တရားစစ် တရားမှန်ကို တစိုးတစိမျှ မတွေ့မမြင်ရပဲ-လောကီသုခ သာမညမျှကိုသာ ပေးစွမ်းနိုင်ခြင်း ရှိသည်၏အဖြစ်ကို ကောင်းစွာ သိမြင်လေသည်။

ထို့ကြောင့် မိမိ၏ အခြံအရံ ဖြစ်ကုန်သော လုလင်အပေါင်း လေးသောင်း လေးထောင်နှင့်တကွ နိသဘမည်သော တောင်ခြေရင်း၌ ရသေ့ ရဟန်းပြုကာ လောကီအဘိညာဏ် ငါးပါး, သမာပတ် ရှစ်ပါးတို့ကို ဖြစ်ပွားစေတယ်၊ မိမိ၏ တပည့်အပေါင်းလည်း ဆရာကဲ့သို့ စျာန်အဘိညာဏ် ရပုဂ္ဂိုလ်များ ချည်းဖြစ်ကြလေသတဲ့။

ယခုဂိုဏ်းခေါင်းဆောင်ဖြစ်တဲ့ နန္ဒရသေ့ကြီးသည် သူ့ခေတ် သူ့အခါက ပစ္စည်းဥစ္စာ လွန်စွာ ကြွယ်ဝချမ်းသာတဲ့ ဗြာဟ္မဏ သူဌေးကြီးရဲ့ တဦးတည်းသော သားဖြစ်ပါတယ်၊ သူ့ခေတ်

သူ့ကာလအားလျော်စွာ သင်ကြား တတ်မြောက်သင့်သော ဝေဒကျမ်းဂန်တို့၌လည်း တဖက်ကမ်းရောက်တတ်မြောက် ကျွမ်းကျင်သော ဂန္ထညှိ ပါရဂူကြီး တဦးလည်း ဖြစ်ဘယ်။

နက်နက်နဲနဲ စူးစမ်းလေ့လာ တတ်သော သဘောရှိသူဖြစ်သည် အားလျော်စွာ မိမိတတ်ကျွမ်းသော ဝေဒကျမ်းတို့၌ ငြိမ်းချမ်းသာယာမှု အနှစ်သာရကို ရှာကြံသောအခါ တကယ်စစ်မှန်သော ငြိမ်းချမ်းသာယာ အနှစ်သာရကို တစိုးတစိမျှ မတွေ့မြင်ရသဖြင့် ငြိမ်းချမ်းမှု အနှစ်သာရကို ရှာကြံရန် ရည်ရွယ်ကာ နိသဘ တောင်ခြေသို့ တောထွက်ကာ ရသေ့ရဟန်း ပြုလာသူပင် ဖြစ်ပေတယ်၊

လောကီ ကြီးပွားရေး ချမ်းသာရေးတို့ကို အခြေပြု ရေးသားစီစဉ် ထားသော စာပေပညာရပ်မှန်သမျှသည် လောကီနယ်ဘက် ကြီးပွား ချမ်းသာရေး သက်သက်ကိုသာ ပေးစွမ်း နိုင်ပါတယ်၊ တကယ်တန်း စိတ်ခေတ် ငြိမ်းချမ်းသာယာမှု အနှစ်သာရကိုတော့ မပေးစွမ်းနိုင်ပါဘူး။

လောကုတ္တရာ ရေးရာ စာပေပညာကသာလျှင် စိတ်အေးချမ်းသာယာမှု စစ်စစ်ကို ပေးစွမ်းနိုင်ပါတယ်။ ဒီနေရာမှာ ဂဏ္ဌဝါစက စာချ ဘုန်းတော်ကြီးတပါး ပြောကြားတဲ့ စကားကို တရားနာယူကြတဲ့ ဒကာ, ဒကာမများလဲ သတိချပ် စဉ်းစား နိုင်ကြအောင် ထည့်သွင်းပြီး ပြောပြရဦးမယ်၊ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ လာသော အကြောင်းအရာ အတ္ထုပ္ပတ္တိ အရပ်ရပ်တို့ကို စူးစူးစိုက်စိုက် လေ့လာသောအခါ သူ့ရဲ့ ရင်တွင်း၌ ခံစားမှုနှစ်ရပ် ယှဉ်ပြိုင် ဖြစ်ပေါ် နေတာကို တွေ့ရတယ်တဲ့၊ အဲဒီ ခံစားမှု နှစ်ရပ်ကတော့- လောကီရေးရာ ဝတ္ထုကဗျာ ဆောင်းပါးများ, စာနယ်ဇင်းများကို ဖတ်ရှုပြီးသောအခါ ရင်တွင်း၌ ခံစားရချက်ဟာ ပူနွေးပြီး ကျန်ရစ်ခဲ့တယ်တဲ့။

လောကုတ္တရာ ရေးရာဖြစ်သော ပါဠိ အဋ္ဌကထာ ဋီကာတို့မှ အကြောင်းအရာ အတ္ထုပ္ပတ္တိ အရပ်ရပ်ကို ဖတ်ရှုလေ့လာပြီးသောအခါ ရင်တွင်း၌ ခံစားရချက်ဟာ အေးချမ်းပြီး ရင်တွင်းမှာ အေးမြပြီး သွားသတဲ့၊ လောကီရေးရာနှင့် လောကုတ္တရာ ရေးရာဟာ တခြားစီ တလမ်းစီသာလျှင် ဖြစ်တယ်၊ ယခု ပြောနေတာဟာ-လောကီရေးရာ စာပေနှင့် လောကုတ္တရာ ရေးရာ စာပေအကြောင်း စာပေရသ ခံစားမှုမျှကိုသာ ပြောနေတာပါ၊ တကယ့်တရားထူး တရားမြတ် အဆင့်အထိ ပြောနေတာ မဟုတ်ဘူးနော်-ထိုတရားများ ဆိုလျှင်တော့ ဒီထက် ထူးခြားတဲ့ ချမ်းသာမှု ရှိမှာပေါ့၊ လောကီဘက်ချမ်းသာ သုခသည် ပူနွေးသော အခြင်းအရာရှိပြီး လောကုတ္တရာဖက်၌ ဖြစ်သော ချမ်းသာသုခသာလျှင် အေးမြခြင်း သဘောလက္ခဏာ ရှိပါတယ်။

လောကိယံ ဟိ သုခံ ဥဏှံ၊ အသာရံ ခဏဋ္ဌါယိကံ။
လောကုတ္တရေ သုခံ သာတံ၊ သီတလံ နိစ္စဌာယိကံ။

ဟိ၊ လောကုတ်နှင့် လောကီ, နှစ်လီသော သုခတို့ကို, ခွဲခြား၍ ပြလိုက်ပါဦးအံ့။ လောကိယံ၊ ကာမဂုဏ်ခေတ်, လွှမ်းခြုံပတ်၍, မပြတ်ချယ်လှယ်, လောကီနယ်၌၊ ပဝတ္တံ၊ ဖြစ်သော။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာမှုသည်။ ဥဏှံ၊ ဥဏှာကာရံ၊ စိုးရိမ်မှုဘေး, ရှေယှက် ထွေးသဖြင့်, ပူနွေးသော အခြင်းအရာ ရှိပေ၏။ အသာရံ၊ ခင်မင်တွယ်တာ, သာယာဘွယ်အစစ်, မဖြစ်ပေ။ ခဏဋ္ဌာယိကံ၊ တိမ်ပန်းလျပ်စစ်, မကြာဖြစ်၍, အနှစ်ကင်းဘိ, ခဏသာ တည်ခြင်း ရှိပေ၏၊

လောကုတ္တရေ၊ လောကီနယ်မှ, လွတ်ကင်းပသည်, ဘဝငြိမ်းဘွယ်, လောကုတ္တရာနယ်၌။ ပဝတ္တံ၊ ဖြစ်သော။ သုခံ၊ ကိုယ်စိတ်နှစ်ပြာ, ချမ်းသာမှုသည်။ သာတံ၊ ခင်မင်တွယ်တာ, သာယာဘွယ်, အစစ်အမှန်ပင် ဖြစ်၏။

သီတလံ၊ စိုးရိမ်သောက, ဗျာပါဒ ရန်ဘေး, ကင်းကွာဝေးသဖြင့်, အေးချမ်းလှပေ၏။ နိစ္စဌာယိကံ၊ အမြဲတည်ခြင်း သဘောရှိချေ၏။ (ဝါ) နိစ္စဌာယိကံ၊ လောက၏မျိုး, တရားဆိုးတို့, လွှမ်းမိုးရံစ်ပတ်, ကင်းစင်လတ်သဖြင့်, မြင့်မြတ် လွန်ကဲ, ခိုင်မြဲခြင်း သဘော, ရှိသည်သာလျှင် သာတည်း။

လောကီနယ်ဘက်မှာ ဖြစ်သော ချမ်းသာမှု သုခဆိုတာ အေးချမ်းတဲ့ လက္ခဏာကို မဆောင်ဘဲ ပူနွေးသော သဘောရှိပါတယ်တဲ့၊ ဘာ့ကြောင့်လဲဆိုတော့ စိုးရိမ်သောက ဗျာပါဒတွေ ခြံရံ၍ နေသောကြောင့်ပင် ဖြစ်တယ်၊ သာယာဘွယ် အနှစ်သာရ မရှိပေ၊ လောကီအာရုံ ဖြစ်သော ချမ်းသာမှုသည် ကြာရှည်စွာ မတည်တန့်ပေ၊ လျှပ်စစ် တိမ်ပန်းကဲ့သို့ ဖြစ်လွယ် ပျက်လွယ်သော သဘောရှိသည်၊ ယခု အသစ်အဆန်းဖြစ်၍ စိတ်ချမ်းသာမှုကို ဖြစ်စေသောအရာဝတ္ထုသည် မကြာမီ ဟောင်းနွမ်း သွားပါ၏ စိတ်ချမ်းသာမှုကို မပေးနိုင်တော့ပေ၊ အသစ်အသစ် ဖြစ်သော အရာဝတ္ထုကို လိုချင်မြဲ ရချင်မြဲသာ ဖြစ်ပေတယ်၊ လောကုတ္တရာနယ်၌ ဖြစ်သော ချမ်းသာသုခမှုကား အမြဲမပြတ် ငြိမ်းချမ်းသာယာမှု ချမ်းသာမှုကို ပေးတတ်ပေသည်၊ သို့ဖြစ်၍ ပညာရှိ သူတော်ကောင်းများသည် လောကီဘုံ၌ အဘယ်မျှ ချမ်းသာမှုနှင့် ပြည့်စုံသော်လည်း ချမ်းသာသုခရပြီး ပြည့်စုံပြီ-ဟု မယူဆကြပေ၊ ထိုလောကီ သုခထက် သာလွန်သော ချမ်းသာ သုခကို ရှာကြံကြမြဲပင် ဖြစ်လေသည်။

နန္ဒလုလင်သည် မိမိ သင်ကြား တတ်မြောက်သော ဗေဒင်ကျမ်းတို့၌ အနှစ်သာရကို ရှာမရ မတွေ့မမြင်ရ သဖြင့် တောထွက်၍ ရသေ့ ရဟန်းပြုပြီး သမထ တရားများကို ပွားများကာ ဈာန် အဘိညာဏ်ရပြီး နိသဘတောင်ခြေ၌ နေသောအခါ ပဒုမုတ္တရ မြတ်စွာဘုရားလည်း လောက၌ ပွင့်ထွန်းတော် မူလာကာ ဟံသာဝတီပြည်၌ သီတင်းသုံးနေတော် မူတယ်တဲ့။

မြတ်စွာဘုရားသည် တနေ့သ၌ မိုးသောက်အခါဝယ် ခြွေချွတ်တော် မူထိုက်သော သတ္တဝါတို့ကို ကြည့်ရှုဘော် မူလတ်သော် နန္ဒ ရသေ့၏ တပည့် ဖြစ်ကုန်သော ရသေ့တို့၏ အရဟတ္တဖိုလ်ကို ရကြအံ့သော အကြောင်းကိုလည်းကောင်း, နန္ဒရသေ့၏ တေဒင်္ဂဘွဲ့ထူး နှစ်တန်နှင့် ပြည့်စုံသော သာဝကာ၏အဖြစ် ဆုထူးကို ပန်းဆင်မည်ကိုလည်းကောင်း, သိတော်မူ၍ နံနက် စောစောကပင်လျှင် ကိုယ်လက် သုတ်သင်ခြင်းကိုပြု၍ နံနက် အချိန်အခါဝယ် သပိတ်သင်္ကန်းကို ယူဆောင်၍ နန္ဒရသေ့၏ နေရာဖြစ်သော သခ်မ်းကျောင်းသို့ ဘုရားရှင် ကိုယ်တော်မြတ် တပါးတည်း ကြွလာတော် မူပါတယ်။

နန္ဒရသေ့သည် မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကိုလည်းကောင်း လက္ခဏာအပေါင်းနှင့် ပြည့်စုံခြင်းကိုလည်းကောင်း တွေ့မြင်ရ၍ လက္ခဏာကျမ်းတို့ကို သုံးသပ်ကာ ဤလက္ခဏာတို့နှင့် ပြည့်စုံသောသူ မည်သည် လူဘောင်၌ နေလျှင် စကြာဝတေးမင်း ဖြစ်နိုင်၏၊ ရဟန်းပြုသော် သဗ္ဗညုဘုရား စင်စစ်အမှန် ဖြစ်နိုင်ပေ၏၊ ဤယောကျ်ားမြတ်သည် ဘုရားစင်စစ် အမှန်ဖြစ်ပေ၏-ဟု သိရှိပြီးခရီးဦးကြိုဆိုကာ ရိုသေစွာရှိခိုးပြီး- နေရာခင်းပေးတယ်။

မြယ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ထိုင်တော်မူလျှင်နန္ဒရသေ့လည်းသင့်လျော်သော အရပ်၌ထိုင်နေပါတယ်၊ ထိုအခါသစ်သီးရှာရာမှ ပြန်လာကြကုန်သောရသေ့တို့သည် မြတ်စွာဘုရားနှင့် မိမိတို့ဆရာဖြစ်သော နန္ဒ ရသေ့၏ ထိုင်နေသော အချင်းအရာကို တွေ့မြင်ကြလျှင်—

အရှင်ဆရာ-အကျွန်ုပ်တို့သည် ဤလောက၌ အရှင်ဆရာထက် မြတ်သောသူမရှိ-ဟူ၍ မှတ်ထင်ကြပါကုန်၏၊ ယခုဤယောကျ်ားကား အရှင်ဆရာတို့ထက်ပင် မြတ်လေယောင်တကား-ဟု ပြောဆိုကြလေလျှင် နန္ဒရသေ့သည်"အမောင်တို့ အသို့ဆိုကြသနည်း၊ အသင်တို့သည် မုံညှင်းစေ့နှင့် မြင့်မိုရ်တောင်ကို နှိုင်းယှဉ်ရန် လိုလားကြပေ၏၊ ငါ့ကို သဗ္ဗညုမြတ်စွာဘုရားနှင့် မနှိုင်းယှဉ်ပါလေနှင့်"ဟု ပြောဆို တားမြစ်လေတယ်။

ရသေ့အပေါင်းသည် "ဤယောကျ်ားမြတ်သည် ငါတို့၏ဆရာဖြစ်သော နန္ဒရသေ့ထက် မြင့်မြတ်သည် ဖြစ်၍သာလျှင် ငါတို့ဆရာ ဤသို့ပြောဆိုခြင်းဖြစ်ရာ၏"ဟု ပဒုမုတ္တရာ မြတ်စွာဘုရားခြေတော်ရင်း၌ တုပ်ဝပ်ရှိခိုးကာ နေကြသတဲ့၊ ဆရာရသေ့သည် တပည့်တို့ကို—

အမောင်တို့- ငါတို့မှာ မြတ်စွာဘုရားအား လျှောက်ပတ်သော လှူဒါန်းဘွယ်မရှိပေ၊မြတ်စွာဘုရားသည် ဆွမ်းအချိန်၌ ငါတို့နေရာသို့ ကြွလာတော်မူပေ၏၊ ထို့ကြောင့်ငါတို့သည် စွမ်းနိုင်သမျှ လှူဒါန်းကြရန် မွန်မြတ်သော သစ်သီးကြီးငယ်တို့ကို ဆောင်ယူခဲ့ကြလော့-ဟု ပြောဆိုကာ သစ်သီးကြီးငယ်ကို ဆောင်ယူစေ၍ နန္ဒရသေ့သည် ကိုယ်တိုင်ရေဆေးကာ မြတ်စွာဘုရားသပိတ်၌ ထည့်၍ ဆက်ကပ်လေတယ်၊ ရေကိုလည်း ကိုယ်တိုင် ဆက်ကပ်လေတယ်။

ထိုနောက် မြတ်စွာဘုရားသည် ဆွမ်းစားခြင်းကိစ္စ- ရသေ့ဆရာတပည့်အားလုံး မြတ်စွာဘုရားထံ၌ အသက်ဆက်ဆုံး မပြတ်အောက်မေ့ အပ်သော သာရဏီယကထာ စကားများကိုပြောဆိုကာနေတယ်၊ မြတ်စွာဘုရားသည် "ရဟန်းအပေါင်းသည် ကြွလာစေသတည်း"ဟု စိတ်တော်ညွတ်လေလျှင် တသိန်းမျှသော ရဟန္တာအရှင်မြတ်များ ကြွလာကြကာ မြတ်စွာဘုရားကို ရှိခိုးပြီးရပ်နေကြလေကုန်သတဲ့။

နန္ဒရသေ့နှင့် တပည့်အပေါင်းသည် တောပန်း တောင်ပန်းများကို ရှာဖွေစုဆောင်းကာ ပန်းမွေ့ရာခင်း၍ ပေးပြီးလျှင် နန္ဒရသေ့သည် မြတ်စွာဘုရား ရှေ့၌လက်အုပ်ချီကာ "အရှင်မြတ်ဘုရားတို့ အကျွန်ုပ်တို့အား ရှည်စွာသော ကာလပတ်လုံး အကျိုးစီးပွား ချမ်းသာသုခဖြစ်စေခြင်းငှါ ဤပန်းမွေ့ရာပေါ်သို့ တက်၍ ထိုင်ကြပါကုန်"ဟု လျှောက်ထားသဖြင့် မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်အားလုံး ပန်းမွေ့ရာပေါ်သို့ တက်ရောက်ကာ သီတင်းသုံး ထိုင်နေတော်မူကြတယ်၊ နန္ဒရသေ့သည် ပန်းဖြင့်ပြီးသော ကြီးစွာသော ထီးကိုကိုင်ကာ မြတ်စွာဘုရားကို မိုးပေးကာ နေသတဲ့။

ပဒုမုတ္တရာ မြတ်စွာဘုရားသည်"ရသေ့အပေါင်းတို့အား ဤပူဇော်သက္ကာရ ပြုရမှုသည်အကျိုးကြီးပါစေသတည်း"ဟု နိရောဓသမာပတ် ဝင်စားတော်မူတယ်တဲ့၊ မြတ်စွာဘုရား နိရောဓသမာပတ်ဝင်စားပြီး နေကြောင်းကို သိလျှင် ရဟန်းတို့သည်လည်း နိရောဓသမာပတ်ကို ဝင်စားကြသတဲ့။

မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားကာနေလျှင် နန္ဒ၏တပည့်ရသေ့အပေါင်းသည် နံနက်အခါ၌ သစ်သီးရှာထွက်ကာ ဘုန်းပေးပြီး ကြွင်းသောအချိန်မှာ မြတ်စွာဘုရားကိုသာ ရှိခိုးပြီးနေတယ်၊ နန္ဒရသေ့မှာမူ တစုံတခုသော အာဟာရကိုမျှ မသုံးဆောင်တော့ဘဲ-

မြတ်စွာဘုရားအား ပန်းဖြင့်ပြီးသောထီးကို ဆောင်းမိုးပေးလျက် ခုနစ်ရက်ပတ်လုံး ဗုဒ္ဓါရမ္မဏပီတိဖြင့် (၀၁) ပီတိသုခ ဖြင့်သာလျှင် အချိန်ကို ကုန်လွန်စေသတဲ့။

မြတ်စွာဘုရားသည်နိရောဓသမာပတ်မှ ထလျှင် အာရကာဝိဟာရအင်္ဂါ၊ ဒက္ခိဏေယျအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရဟန်းတပါးကို"ရသေ့အပေါင်းအား ပန်းမွေ့ရာ အနုမောဒနာပြုရန်" မိန့်ကြားတော်မူပါတယ်၊ ထိုရဟန်းအနုမောဒနာ ပြုပြီးသောအခါ မြတ်စွာဘုရားကလည်း ရသေ့အပေါင်းအား တရားဟောကြားတော်မူပြန်သဖြင့် တရားဟောကြားခြင်း ပြီးဆုံးသောအခါ နန္ဒ၏တပည့်ဖြစ်သော လေးသောင်း လေးထောင်သော ရသေ့အားလုံး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြပါတယ်၊ မြတ်စွာဘုရားက "ဧထ ဘိက္ခဝေါ-ရဟန်းတို့ လာကြကုန်လော့"ဟု မိန့်တော်မူ၍ လက်တော်ကို ဆန့်တန်း၍ ခေါ်တော်မူလျှင် ထိုရသေ့အားလုံး ဧဟိဘိက္ခု ရဟန်းများ ဖြစ်သွားကြပါတယ်။

ဂိုဏ်းဆရာကြီးဖြစ်သော နန္ဒရသေ့မှာကား အာရကာဝိဟာရီရဟန်း၏ အနုမောဒနာ တရားကိုနာယူရင်း—

> အဟောဝတာဟမ္ပိ အနာဂတေ ကဿ ဗုဒ္ဓဿ သာသနေ ဣမိနာ သာဝကေန
> လဒ္ဓဂုဏံ လဘေယျံ။ (အပဒါန-ဋ္ဌ-ဒု-၃၃)။

"ငါသည်လည်း နောင်အခါတဆူသော ဘုရားရှင်သာသနာတော်၌ ဤရဟန်းရရှိအပ်သော ဂုဏ်ကျေးဇူးကို ရရှိပါမူကောင်းလေစွ-ဟု စိတ်အကြံဖြစ်ကာ ပြန့်လွင့်နေသဖြင့် မဂ်ဖိုလ်တရားထူးကိုမရရှိနိုင်ခြင်း ဖြစ်သတဲ့"ထိုနောက် မြတ်စွာဘုရားကို လက်အုပ်ချီ၍ အနုမောဒနာပြုသောရဟန်းအကြောင်းကို လျှောက်ထားလေလျှင်- မြတ်စွာဘုရားက ဤရဟန်းသည် အာရကာဝိဟာရီ ဧတဒဂ်၊ ဒက္ခိဏေယျ ဧတဒဂ်ဘွဲ့ထူး နှစ်တန်ပန်ဆင် ရသော ရဟန်းတည်း-ဟု မိန့်ကြားတော်မူသဖြင့် တပည့်တော်သည်လည်း ဤကောင်းမှုကြောင့် တပါးသော စည်းစိမ်ချမ်းသာကို မလိုလားမတောင့်တပါ-

> အနာဂတေ ပန ကဿ ဗုဒ္ဓဿ သာသနေ အယံ ထေရောဝိယ ဒွိဟင်္ဂေဟိ
> သမန္နာဂတော သာဝကော ဘဝေယျံ။ (အပဒါန-ဋ္ဌ-ဒု-၃၄)။

အနာဂတေ၊ နောင်အခါ၌။ ကဿဗုဒ္ဓဿ၊ တဆူသော ဘုရားရှင်၏။ သာသနာတော်၌။ အယံထေရောဝိယ၊ ရသေ့အပေါင်းအား, အနုမောဒနာပြုသော ဤမထေရ်ကဲ့သို့။ ဒွိဟင်္ဂေဟိ၊ အာရကာဝိဟာရီ, ဒက္ခိဏေယျအင်္ဂါဟု ဆိုအပ်ကုန်သော, အင်္ဂါနှစ်ပါးတို့နှင့်။ သမန္နာဂတော၊ ကောင်းစွာ လောက်လို့ ပြည့်စုံသော။ သာဝကော၊ တပည့်သားသည်။ ဘဝေယျံ၊ မုချမှန်စွာ ဖြစ်ရပါလို၏- အရှင်မြတ်ဘုရား-ဟူ၍ ဤသို့ဆုတောင်း ပတ္ထနာ ပြုလိုက်သတဲ့။

ပဒုမုတ္တရ မြတ်စွာဘုရားသည်"ဤရသေ့ဆုတောင်းသည် ပြည့်စုံလတ့်လော"ဟု အနာဂတံသဉာဏ်ဖြင့် ကြည့်ရှုလတ်သော် ကမ္ဘာတသိန်းလွန်သော အခါပြည့်စုံမည်အဖြစ်ကို မြင်တော်မူ၍ "နန္ဒရသေ့၏ ဆုတောင်းမှုသည် အချည်းနှီးမဖြစ်ပေ၊ နောင်အခါ ကမ္ဘာတသိန်းလွန်လျှင် ဂေါတမဘုရား ပွင့်ထွန်းလိမ့်မည်၊ ထိုဂေါတမဘုရား၏ အထံ၌ အသင်၏ ဆုတောင်းမှုသည် ပြည့်စုံပေလိမ့်မည်"ဟု တရားတော်ကို ဟောကြားတော် မူပါတယ်။

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာနံ မနုတ္တရံ။
ဣမံသတိံ ဘာဝယိတွာ၊ ပူရယိဿသိ မာနသံ။

(ရှေးနည်းအတိုင်း အနက်ပြန်ပေးပါ)။

ဗုဒ္ဓါနုဿတိ ဘာဝနာကို ကြိမ်ဖန်မပြတ် ပွားများလတ်သော် အကြံအစည် မှန်သမျှ ပြီးမြောက် အောင်မြင်နိုင်ပါတယ်၊ သို့အတွက်မိမိတို့လဲ ဗုဒ္ဓါနုဿတိ ဘာဝနာကို အကြိမ်ကြိမ် အခါခါ ပွားများရခြင်းကြောင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာကြီးပွားရေးအတွက် အကြံအစည်မှန်သမျှ ကေန်မုချ ပြီးမြောက်အောင်မြင်ရမည်-ဟု စိတ်ချယုံကြည် ကြရမည်တဲ့။

ဆောင်ပုဒ် ဗုဒ္ဓါနုဿတိ–မည်ရှိဂုဏ်တော်၊ ဘာဝနာအများ–ထူးခြားဘိသော်။
ကြိမ်ဖန်ရှုပွား–လေးစားကော်ရော်၊ ကြံသမျှ–ဆန္ဒပြည့်မည်နော်။

ကဲ-ယခုအခါ ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများမှုကို ဟောကြားရန်ဖြစ်ပါတယ်။ ကောင်းမွန်ရှိသေစွာ နာယူမှတ်သားကြပြီး ကျင့်ကြံပွားများရန်လဲ တိုက်တွန်းလိုက်ပါတယ်။ ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော သူတော်ကောင်းသည် ပဌမဆုံး လူဖြစ်လျှင်လူတို့ ကျင့်သုံးအပ်သော နိစ္စဂရုဓမ္မသီလဖြစ်သော ငါးပါးသီလကို ကောင်းစွာ လုံခြုံစေရပါမည်။ အထူးသဖြင့် အာဇီဝဋ္ဌမကသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်ပါလျှင် အကောင်းဆုံး ပင် ဖြစ်ပါတယ်၊ ရှင်သာမဏေများ,ရဟန်းတော်များ,ဖြစ်လျှင်လဲ ရှင်သာမဏေတို့ ဂိုင်ရာသီလများ, ရဟန်းတော်တို့ဆိုင်ရာ ဝိနည်းသိက္ခာပုဒ်တော်များကို ကောင်းစွာလုံခြုံအောင် စောင့်ထိန်းရပါမည်၊ မိမိစောင့်ထိန်းအပ်သော သီလကျင့်ဝတ်ကို မကျိုးမပေါက် မပြောက်မကြားအောင် ကောင်းမွန်လုံခြုံစွာစောင့်ထိန်းရန် အထူးလိုအပ်ပါတယ်။ ကိုယ်ကျင့်သီလ ကျိုးခြင်း, ပေါက်ခြင်း, ပြောက်ခြင်း, ကြားခြင်း, အကြောင်းကိုတော့ သီလခန်းကျမှပင် ပြောကြပါစို့။

သီလစင်ကျယ်ခြင်းအကျိုးကတော့- ကိုယ်ကျင့်သီလကို ကောင်းမွန်လုံခြုံစွာ ထိန်းထားသဖြင့် စင်ကြယ်နေလျှင် စိတ်နှလုံးသည် ကြည်လင်ရွှင်လန်းပြီး နေဘတ်ပါတယ်၊ စိတ်ဓာတ်တွေကြည်လင် ရွှင်လန်းနေလျှင် နှစ်သက်မှုပီတိဖြစ်လာမည်၊ ထိုနောက် အဆင့်ဆင့်ဝမ်းမြောက်မှု ဖြစ်လာမည်၊ ထိုနောက် ကိုယ်ရော်စိတ်ပါ ငြိမ်းအေးလာမည်၊ ကိုယ်စိတ်နှစ်ဖြာငြိမ်းအေးလာလျှင် ကိုယ်၏ချမ်းသာခြင်း, စိတ်ဓာတ်၏ ချမ်းသာခြင်း သုခနှစ်ပါးတို့ ဖြစ်ပေါ်လာကြသည်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကို ရရှိနေလျှင် စိတ်ဓာတ်တွေ ပြန့်လွင့်မှု, မငြိမ်သက်မှု မဖြစ်တော့ဘဲ တည်ကြည်မှု သမာဓိကို ရရှိနိုင်ပါတယ်၊ ထိုကဲ့သို့ စိတ်ဓာတ်တွေ တည်ကြည်နေမှသာလျှင် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ပွားများရာ၌ ဉာဏ်ဝမှာ ထင်လွယ်, မြင်လွယ်မည် ဖြစ်ပါတယ်၊ သို့အတွက် ဒီ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများသည်ဖြစ်စေ, ထိုမှတပါး အမျိုးမျိုးသော သမထဘာဝနာ ဝိပဿနာ ဘာဝနာ တရားများကို ရှုပွားသည်ဖြစ်စေ, ကိုယ်ကျင့်သီလ စင်ကြယ်မှုကို အထူးပင်လိုအပ်ပါတယ်။

ယင်းသို့ ကိုယ်ကျင့်သီလ စင်ကြယ်စေပြီးလျှင် ကာယဝိဝေက, စိတ္တဝိဝေက ဖြစ်၍ သင့်လျော် လျောက်ပတ်သော နေရာ၌ အချိန်မှန် အမိဋ္ဌာန်ပြုပြီး အမျိုးသားဖြစ်က တင်ပလ္လင်ခွေထိုင်၍လည်း ကောင်း,အမျိုးသမီးဖြစ်က ကြုံ့ကြုံ့ထိုင်၍လည်းကောင်း မြတ်စွာဘုရား၏ ဂုဏ်တော်များကို စူးစူး,

စိုက်စိုက်, သက်ဝင်ယုံကြည်ကာ ဉာဏ်ဖြင့် မြင်လာအောင်, ပေါ်ထင်လာအောင် အကြိမ်ကြိမ်, အဖန်ဖန်, စီးဖြန်းပွားများရမည်။ အချိန်မှန်အဓိဋ္ဌာန် ပြုတယ်ဆိုတာကတော့- အလုပ်တခုကို ဆောင်ရွက်ရာ၌ အချိန်ကိုလေးစားပြီး အချိမှန်မှန်ဖြစ်စေရန်သာ ဆိုရခြင်းဖြစ်ပါတယ်၊ အမှန်စင်စစ်ကတော့ ဒီဗုဒ္ဓါနုဿတိ ဘာဝနာကိုဖြစ်စေ, အခြားအခြားသော ဘာဝနာကိုဖြစ်စေ, အမြဲမပြတ် ရှုမှတ်ပွားများရမည့် တရားများပါဘဲ၊ အချိန်ကာလကို ပိုင်းခြားသတ်မှတ်၍ ကြားကာလ-ဟူ၍ မထားသင့်ပါဘူး၊ သို့သော် ဒီမျှလောက် အားထုတ်ရန် အခွင့်မရကြသူများမှာတော့ သင့်လျော်မည့်အချိန်အခါ ရွေးချယ်ကာ အဓိဋ္ဌာန်ပြု၍ ပွားများခြင်းသည် အကောင်းဆုံးပါဘဲ။

တင်ပလ္လင်ခွေထိုင်ခြင်း, ကြို့ကြို့ထိုင်ခြင်း ပြု၍ ပွားများရမည်ဆိုရမှာလဲ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများခါစဖြစ်သော ပုဂ္ဂိုလ်များအတွက် စိတ်တည်ကြည်မှု သမာဓိရလွယ်ဆုံးသော ထိုင်နည်းကိုသာ ပြောရခြင်းဖြစ်တယ်၊ ထိုင်၍ပွားများမှသာ မဟုတ်ပါဘူး၊ လဲလျောင်း၍လဲ ပွားများနိုင်ပါတယ်၊ ရပ်၍လဲ ပွားများနိုင်ပါတယ်၊ လမ်းလျှောက်၍လဲ ပွားများနိုင်ပါတယ်၊ မိမိတို့ စိတ်ချမ်းချမ်းသာသာဖြစ်ဘို့, သမာဓိရှိဘို့သာ လိုရင်းဖြစ်ပါတယ်။

ထိုင်၍ ပွားများရာမှာ အချိန်ကြာမြင့်စွာ မပြုမပြင်ဘဲ ထားကာ ပွားများမှုဟာ လိုရင်းမဟုတ်ပါဘူး၊ အချို့တရား ဘာဝနာ ပွားများယင် ဣရိယာပုတ်ကို မပြုမပြင် ရဘူး-ဟု ပြောတတ်ကြပါတယ်၊ ဣရိယာပုတ်ကို မပြုမပြင်ဘဲ ကြာမြင့်စွာ ထားပြီး ရှုပွားလျှင် အဘယ်မှာ စိတ်ဓာတ်တည်ကြည်မှု သမာဓိကို လွယ်ကူစွာ ရနိုင်ပါမည်နည်း။ ထုံ, ကျင်, ကိုက်ခဲမှု ဒဏ်ချက်ကို မသက်မသာ ခံစား နေရသဖြင့် တရားဘာဝနာ ရှုပွားမှသာလျှင် စိတ်ဓာတ်တည်ကြည်မှု သမာဓိရပြီး ဗုဒ္ဓမြတ်စွာကို ဉာဏ်ဖြင့် ထင်ထင်ရှားရှား မြင်နိုင်ပါတယ်။ ဂုဏ်တော်ပွားမှု အခြေပြုကိုတော့ ဒီလိုဘဲ ခပ်ကျဉ်းကျဉ်း မှတ်သားကြရမယ်တဲ့။ (ဒကာကြီး ဦးစိန်ရဲ့) လိုက်ဆိုပြီး ကောင်းကောင်း မှတ်ထားကြပေတော့-

**ဆောင်ပုဒ်။**

၁။ ကိုယ်ကျင့်သီလ၊ ပြည့်စုံကြ၊ စင်ကြယ်ရပေမည်။
၂။ အချိန်မှန်ပင်၊ ဓိဋ္ဌာန်ဝင်၊ စိတ်စဉ်ဖြောင့်ရမည်၊
၃။ ဆိတ်ငြိမ်ရာရပ်၊ ချဉ်းကာကပ်၊ လျှောက်ပတ်ထိုင်ရမည်။
၄။ အာရုံတပါး၊ စိတ်မသွား၊ ဘုရား အာရုံတည်။
၅။ ဗုဒ္ဓဂုဏ်ထူး၊ စိတ်ရည်စူး၊ ကြည်နူးပွားရမည်။
၆။ ဂုဏ်တော်ပွားလျှင်၊ ဘုရားမြင်၊ စိတ်စဉ်ကြည်လင်သည်။

ဂုဏ်တော်ပွားရန် အခြေခံ သဘောတရားကိုတော့ ပြောကြားပြီးတော့ ပွားများပုံ ပွားများနည်းကို ဟောပြောပါမည်၊ အာရုံတပါး စိတ်မသွားဘဲ သေသေချာချာ မှတ်မှတ်သားသား နာကြားကြရန် လိုပါတယ်၊ မိမိတို့ ဌာန မိမိတို့အိမ်ဂေဟာသို့ ပြန်ရောက်ကြလျှင်လဲ ဒီဗုဒ္ဓါနုဿတိ ဘာဝနာကို လွယ်ကူစွာ ပွားများ နိုင်ကြအောင် အထပ်ထပ် သတိပေး နှိုးဆော်ရခြင်း ဖြစ်ပါတယ်။

ဂုဏ်တော်ကို ပွားများရာ၌ ပုံတော်ကကြား ခံနေတတ်သည်-ဟု အချို့သူများ စိတ်မသက်မသာ ဖြစ်တတ်ကြပါတယ်။ ပုံတော်ကို မြင်ရုံ ဆင်ခြင်ရုံနှင့်လဲ အကျိုးများသလို ထင်မြင် နေတတ်

ကြပါတယ်၊ အမှန်မှာ-ပုံတော်ကို ကြည်ညိုသော သဒ္ဓါစိတ်ဖြင့် မြင်ရုံ ဆင်ခြင်ရုံမျှဖြင့်လဲ အကျိုးကား မနည်းပါးလှပါ၊ ဂုဏ်တော်အစစ်ကို မြင်ခြင်း၊ ဆင်ခြင်ခြင်းလောက်သာ အကျိုးမများလှခြင်း ဖြစ်ပါတယ်၊ ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများသော သူတော်စင်သည် ဗုဒ္ဓမြတ်စွာ၏ ပုံတော်မှာဘဆင့် ဂုဏ်တော်ကို မြင်အောင် ဆင်ခြင်ကာ ပွားများရမည်သာ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာ၏ စေတီတော် ပုံတော်ကို ရည်မှန်း၍ ပူဇော်ရခြင်း ပွားများ ရခြင်းကြောင့်လဲ အကျိုး မနည်းလှတဲ့ အကြောင်းက ဘုရားရှင် လက်ထက်တော်က ဝသဘ မထေရ်မြတ်၏ အကြောင်းကို ထောက်ဆ၍ သိသာလှပါတယ်။

ဝသဘ မထေရ်၏ အလောင်းသည် ပါရမီ ဖြည့်စဉ်ကာလက ရှေးရှေး ပွင့်တော်မူပြီးသော ဘုရားတို့အထံ၌ ပြုအပ်သော ကောင်းမှု ရှိသည်ဖြစ်၍ ထိုထိုဘဝတို့၌ ဖြစ်သောအခါလည်း ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူး အားထုတ်လာရာ-ဘုရားမပွင့်သော ခေတ်အခါ၌ (ဗုဒ္ဓသုညခေတ်၌) ပြာဟ္မဏမျိုး၌ ဖြစ်၍ အရွယ်ရောက်လျှင် ဝိဇ္ဇာသိပ္ပပညာ နှစ်ဌာနတို့၌ ဆုံးခန်းတိုင် ပြာဟ္မဏတို့ တတ်အပ်သော အတတ်ပညာကိုသင်ကြား တတ်မြောက်ပြီးလျှင် နိက္ခမခေတ်ခေါ် တောထွက်လိုသော စိတ်ဓာတ်ဖြစ်ပေါ်သဖြင့် အိမ်၌နေခြင်းကို ပယ်စွန့်ကာ တောထွက်ပြီး ရသေ့ရဟန်းပြုကာတသောင်း လေးထောင်သော ရသေ့တပည့် အပေါင်း ခြံရံလျက် ဟိမဝန္တာ တောင်ခြေအနီး သမင္ဂတောင်၌ ကျောင်းသခ်မ်း ဆောက်လုပ်ကာ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေပြီး ပျော်မွေ့စွာ နေထိုင်လျက် ရှိတယ်။

တနေ့သောအခါ၌ ဝသဘ ထေရ်အလောင်းဖြစ်သော ရသေ့ ဆရာကြီးသည် မိမိ၏ တပည့်များ ဖြစ်ကြသော ရသေ့အပေါင်းတို့အား ဩဝါဒ အနုသာသန ပေးလျက် ရှိစဉ် အကြံတခု ဖြစ်ပေါ်လာသည်မှာ-

> အဟံခေါ ဒါနိ ဣမေဟိ တာပသေဟိ သက္ကတော ဂရုကတောပူဇိတော ဝိဟရာမိ၊မယာ
> ပနပူဇေတဗ္ဗော နဥပလ ဗ္ဘတိ၊ ဒုက္ခော ခေါပနာယံ လောကေ ယဒိဒံ အဂရုဝါသော။
> (ထေရဂါထာ-၄-ပ-၃၂၆)။

ခေါ၊ စင်စစ်။ ဒါနိ၊ ယခုအခါ၌။အဟံ၊ ငါသည်။(ဝါ)ငါ့ကို။ဣမေဟိ၊တာပသေဟိ၊ဤရသေ့တို့သည်။ သက္ကတော၊ အရိုအသေ ပြုအပ်သည်ဖြစ်၍။ဂရုကတော၊ အလေးအမြတ် ပြုအပ်သည်ဖြစ်၍။ ပူဇိတော၊မြတ်နိုးဘော်ရော် ပူဇော်အပ်သည်ဖြစ်၍။ ဝိဟရာမိ၊ နေ၏။ မယာပန၊ငါသည်ကား။ ပူဇေတဗ္ဗော၊ လေးမြတ်ကော်ရော်၊ ပူဇော်အပ်သောသူကို။ နဥပလဗ္ဘတိ၊ မရအပ်ချေတကား။ ခေါပန၊ စင်စစ် ကေန်အမှန်မှာမူ။ လောကေ-လောကကြီး၌။ ယဒိဒံ ယောအယံ အဂရုဝါသော၊ အကြင် အရိုအသေ အလေးအမြတ် ပြုအပ်သောသူ ကင်းမဲ့သဖြင့် နေရခြင်းသည်။ အတ္ထိ၊ရှိ၏။အယံ၊ အဂရုဝါသော၊ ဤအရိုအသေ အလေးအမြတ် ပြုအပ်သောသူ ကင်းမဲ့သဖြင့် နေရခြင်းသည်။ဒုက္ခော၊ စိတ်ဓာတ် အေးချမ်း မရှင်လန်းဘဲ ဆင်းရဲလှချေ၏တကား။

ဒီပါဠိဟာ- သူတော်ကောင်းတို့ရဲ့ နှလုံးသွင်းအမှန် သဘောထားပုံကို ဖော်ပြတဲ့ စကားရပ် လို့ ဆိုရမှာပဲနော်၊ လောကကြီး၌ အချို့သော သူများအား လူအများက မိမိကိုသာ ရိုသေမှု ပြုနေ

ကြွပြီး မိမိက ရှိသေ လေးစားဘွယ် ပုဂ္ဂိုလ်ကို မတွေ့မမြင်ရလျှင် နှလုံးသွင်းတွေ ဖေါက်ပြားပြီး ငါဟဲ့ ယောကျ်ားလို့ မာန တွ ထောင်လွှား တတ်ကြသတဲ့။ ဝသဘ ထေရ် အလောင်းဖြစ်တဲ့ ဒီလို ဂိုဏ်းဆရာ ရသေ့ကြီးကတော့ တပည့်ရသေ့ အဒပါင်းက မိမိကို ရှိသေလေးစားမှု ပြုကြသည်ကို တွေ့မြင်ရပြီး၊ မိမိက ရှိသေလေးစား သင့်သူ ပူဇော်သင့်သူ ကင်းမဲ့လျက် နေရခြင်းအတွက် အလွန် စိတ်ဆင်းရဲမှု ဖြစ်ရရှာတယ်။ ဒီနေရာဟာ ပညာရှိဖြစ်လိုသူ၊ သူတော်ကောင်း ဖြစ်လိုသူတို့ အထူးပင် သတိထားသင့်တဲ့ အချက်ပေပေါ့၊ (ဒကာကြီး ဦးစိန်ရွှ)။

ဆရာ ရသေ့ကြီးသည် ဤကဲ့သို့ ကြံစည်ပြီးနောက် ရှေးဘုရားရှင်တို့ထံ၌ ပြုအပ်သော ကောင်းမှုကုသိုလ်ရှိသောကြောင့် ရှေးရှေး ဘုရားရှင်တို့၏ စေတီပုထိုးတော်တို့၌ မိမိပြုခဲ့ဘူးသော မြတ်နိုးကော်ရော် ပူဇော်မှု ရှိသေ လေးစားမှုကို အမှတ်ရကာ-

ယန္နူနဒဟံ ပုရိမ ဗုဒ္ဓေ ဥဒ္ဒိဿ ပုလိန စေတိယံ ကတွာ ပူဇံ ကရေယျံ။

(ထေရ-၄-ပ-၃၂၆)

အဟံ၊ငါသည်။ ပုရိမ ဗုဒ္ဓေ၊ရှေးက ပွင့်ပြား မြတ်ဘုရားတို့ကို။ ဥဒ္ဒိဿ၊ အာရုံ ရှေ့ရှုး ရည်မှန်း ပြု၍။ပုလိနစေတိယံ၊ သဲပုံစေတီကို။ကတွာ၊ပြုလုပ်၍။ပူဇံ၊ မြတ်နိုး ကော်ရော်ပူဇော်ခြင်းကို။ ကရေယျံ၊ ပြုရပါမူကား။ ယန္နူန၊ ကောင်းလေစွ။

ငါသည် ရှေးဘုရား ရှင်တို့ကို ရည်မှန်း၍ သဲပုံစေတီ ပြုလုပ်ကာ မြတ်နိုးစွာ ပူဇော်ရ၊ အရို အသေပြုရလျှင် ကောင်းမှာဘဲ-ဟု အကြံပြုပြီး သန့်ရှင်း စင်ကြယ်သောပုလဲပွင့်ပမာ သဲတို့ကို စုဆောင်း ပြီးလျှင် စေတီတည် လေသတဲ့၊ သဲပုံစေတီ တည်ပြီးလျှင် တောပန်း၊ တောင်ပန်း၊ ကုန်းပန်း၊ ရေပန်း တို့ဖြင့် နေ့စဉ် နေ့တိုင်း ပူဇော်ကာ အသက်ထက်ဆုံး ကောင်းမှုကို ပြုလုပ် ဆည်းပူးခွင့် ရရှိတော့တယ်၊ ထိုဂစ်အခါက သမထ ဘာဝနာခေတ်မို့ မဂ်ဖိုလ် တရားအထူးကို မရရှိသော်လဲ နိဝရဏ တရားဆိုးတို့ လွှမ်းမိုး နှိပ်စက်မှုကို မခံရဘဲ ရရှိပြီးသော ဈာန်အဘိညာဏ်များ ယုတ်လျော့မှုမရှိပဲ စုတေသော အခါ ဗြဟ္မာပြည်၌ ဖြစ်ရတော့တယ်။

ထိုဗြဟ္မာပြည်၌ သက်တန်း စေ့နေပြီး စုတေပြန်လျှင် တာဝတိံသာ နတ်ပြည်၌ ဖြစ်၍ ဦးပဒ္မင်းတို့ မြတ်စွာဘုရား လောက၌ ထင်ရှားစွာ ပွင့်ထွန်းလာသောအခါ ဝေသာလီပြည် လိစ္ဆဝီ မင်းမျိုး၌ ဖြစ်ပြီး ဝသဘ-ဟု အမည်တွင် လေသတဲ့၊ အရွယ်ရောက်လျှင် ဘုရားရှင် သာသနာတော် သို့ဝင်၍ ရဟန်းပြုကာ တရား ဘာဝနာ ပွားများသဖြင့် မကြာမြင့်မီပင် ကိလေသာ ကုန်းခန်း၍ ရဟန္တာ အရှင်မြတ် ဖြစ်ရလေတော့တယ်တဲ့။

ဤ ဝသဘ ထေရ် အရှင်မြတ် ကိုယ်တော်တိုင် ရဟန္တာဖြစ်ပြီးနောက် မိမိ၏ နောက်ကြောင်း ကို ပြန်လည်ကာ ဟောကြားသော ဝသဘတ္ထေရ အပဒါန်၌-

သဟ အာဝဇ္ဇိတေ ထူပေ၊ ဂါရဝံ ဟောတိ မေ တဒါ။
ကုဝိတက္ကေ ဝိနောဒေသိံ၊ နာဂေါ ဥက္ကုနှိ တော ယထာ။ (အပဒါနပါဠိ-ဒု-၇၉)။
ဟူ၍ ဟောကြားတော် မူခဲ့ပါတယ်။

ထူပေါနတ်လူအပေါင်း ဥက္ကောင်းညွှတ်လျှိုး, ပုထိုးစေတီတော်ကို။ အာဝဇ္ဇိတော၊ အာရုံပြုကာ, ကောင်းစွာထင်ထင်, ဆင်ခြင်သည်ရှိသော်။ (၀၁) ဆင်ခြင်သည်နှင့်။ သဟ၊ တမြိုင်နက်။ တဒါ၊ ထိုသို့ ဆင်ခြင်သောအခါ၌။ မေ၊ ငါ့အား။ ဂါရဝံ၊ အားထား ကြည်ညို ရိုသေခြင်းသည်၊ ဟောတိ၊ အမှန်စင်စစ် ဖြစ်လေ၏။ နာဂေါ၊ အမုန်ယိုသဖြင့်၊ ထိုကျွဲ သောင်းကြမ်း၊ ဆိုးသွမ်းလှသော ဆင်ပြောင်ကြီးကို။ဥက္ကဋ္ဌိတော ယထာ၊ သံအချွန်ဖြင့်၊ အလွန်ရက်စက် ထိုးနှက်မပြတ် ဆုံးမအပ်သကဲ့သို့။ ကုဝိတက္ကေ၊ ကာမ, ဗျာပါ, ဝိဟိံသာဟု၊ သုံးဖြာခေါ်ရိုး၊ ဝိတက်ဆိုးတို့ကို။ ဝိနောဒေသိံ၊ ဘုရားဂုဏ်နောက် အာရုံရောက်သဖြင့် လွင့်ပျောက်ချက်ခြင်း ပယ်ရှင်း နိုင်ခဲ့သေပြီဘကား။

ထိုမှတပါး ဦးပဥ္စင်းတို့ မြန်မာရာဇဝင်ကို ပြန်လှန်ကာကြည့်လျှင် ဗုဒ္ဓါနုဿတိ ဘာဝနာ ကျေးဇူးကြောင့် အံ့သြလောက်သော အဖြစ်အပျက်ထူးကို တွေ့မြင်နိုင်ပါတယ်။ ထိုသည့် ဂုဏ်တော် ကျေးဇူး အဖြစ်ထူးကတော့-

သာသနာတော်-၁၇၉၉-ခုနှစ် မြန်မာကောဇာသက္ကရာဇ် ၆၁၇-ခုနှစ်တွင် ပုဂံပြည်၌ နရသီဟပတေ့မင်း-မင်းပြုသည်၊ ထိုမင်းသည် အကျည်းစား သန်လှပေသည်၊ တခါသော် မိမိ ချစ်လှစွာသော မိဖုရားငယ် စောလုံအား တကိုယ်လုံး စိုရွှဲအောင် ရေဖျန်းပက်ကာ ကစားကြရန် မောင်မမျာအား မိန့်ကြားပြီး မိဖုရား စောလုံအား တကိုယ်လုံး စိုရွှဲအောင် ပရိသတ် အလယ်၌ ရေပက်ဖျန်းကာ ကစားလေသည်၊ မိဖုရား စောလုံသည် ပရိသတ် အလယ်၌ ဤကဲ့သို့ ပြုရာသလော-ဟု အမျက်ထွက်ကာ မင်းကြီး၏ စားတော်တွင် ဆေးခပ်၍ သတ်သဖြင့် မင်းကြီးမသေ၍ စစ်မေးသော အခါဝယ်-

ဟယ်-ပန်းပွတ်သည်မြေး-နွေအခါ ရေဖျန်းကစားရာတွင် မောင်းမငယ်ကို နှုတ်ထည့်၍အများ ရှေ့တွင် အဝတ်အစား ဦးဆံပါမကျန် ရွှမ်းရွှမ်းစွတ်အောင် ရေပက်စေရသလော၊ နင့်ကို ငါနှလုံး ထောင့်၍ကြံသည်-ဟု ရဲရဲဝန့်ဝန့် ပြောဆိုလေသတဲ့။

မင်းကြီးလည်း "မိမိအား ဤသို့ ပြောဆိုရ ကြံစည်ရသလော" ဟု အမျက်ထွက်ကာ-ပန်းပဲသည်တထောင်ကို ခေါ်၍ သံကျပ်စင် ပြုလုပ်ပြီးလျှင်-ကျပ်တင်၍ သတ်ရမည်-ဟု အမိန့်တော် ချမှတ်လေသည်၊ မိဖုရား စောလုံသည်း သံကျပ်စင် မပြီးမီ ခုနစ်ရက်ပတ်လုံး သီဘင်းသီလကို ဆောက်တည်သည်၊ အဘိဓမ္မာတရားများကိုလည်း ရိုသေစွာ နာယူသည်။ ရတနာသုံးပါးဂုဏ်ကို အာရုံပြု၍ နေ့ညဉ့်ပုတီးစိပ်သည်။ အံ့ထူးသဖြင့် ဘုရားဂုဏ်တော်ကို အမြဲမပြတ် အာရုံပြုကာ ပွားများသည်။

သံကျပ်စင်ပြီးသောအခါ မိဘုရားစောလုံသည် ဂုဏ်တော်ကိုအာရုံပြု အောက်မေ့လျက် ပုတီး လက်စွဲကာ မီး ရဲရဲတောက်နေသော သံကျပ်စင် ပေါ်သို့ တက်လေသော် ရဲရဲတောက် လောင်လျက်ရှိသော မီးသည် သုံးကြိမ်တိုင်တိုင် ငြိမ်းအေး၍ သွားပါသတဲ့၊ ထိုနောက်မှ စိတ်ဓာတ်ကို လျှော့ချကာ-"ငါသည် တခဏချင်း မီးလောင်ကျွမ်း၍ ပျောက်စေသော" ဟု ပတ္ထနာပြုသောအခါမှ သာလျှင် မီးစွဲ လောင်ကျွမ်း လေသတဲ့။

ထိုမှတပါး ဘုရားရှင်၏ ဂုဏ်တော်ကို ဆင်ခြင် ပွားများသဖြင့် မြစ်ရေအပြင်မှာ ခြေလျှင် ခလျာက်၍ သွားရသော ဝတ္ထုသာဓကများလဲ အများအပြား ရှိပါတယ်၊ ကဲ-ရှိပါစေတော့ ဒီအကျိုး တရားများဟာ လောကီနယ်အတွင်းက အကျိုးများသာ ဖြစ်ပါတယ်၊ တမင်တဖိုလ် ပေါက်

အောင် အကျိုးရနိုင်တဲ့ အကြောင်းသာဓကကိုလည်း မြတ်ဗုဒ္ဓ ဂုဏ်တော်ကို ကြည်ညိုလေးစား မပြတ် ပွားများနေသော ဒါယကာ ဒါယိကာမများ စေတနာတိုးပွား လာအောင် အနည်းငယ် ဟောကြား ကြရဦးမယ်ပေါ့။ လေးလေးစားစား မှတ်သားပြီး ကြိုးစား ပွားများကြပါ။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီး နောက်၌ သီဟိုဠ်ကျွန်းဝယ် ကဋ္ဌအန္ဓ ကာရမည်သော အရပ်၌ သီတင်းသုံးနေတော်မူသော ဖုဿဒေဝ အမည်ရှိသော မထေရ်မြတ်သည် စေတီယင်ပြင်ကို နေ့စဉ်မပြတ် တံမြက်လှည်းလေ့ ရှိသည်။ တနေ့သောအခါ စေတီယင်ပြင်ကို တံမြက်လှဲပြီးနောက် ပုလဲပန်းပမာ ဖွေးဖြူလှစွာသော သဲကို အညီအညွတ် ဖြန့်ခင်းပြီး စေတီယင်ပြင်ကို ကြည့်ရှုလျက် သုံးလူထွဋ်ထား မြတ်စွာဘုရားကို ရည်မှန်း အာရုံပြုကာ ရှင်လန်း ဝမ်းမြောက်မှု ပီတိပါမောဇ္ဇ ဖြစ်၍ နေလေသည်။ ထိုစဉ်အခါ အဖျက်သမား မာရ်နတ်သားသည် တောင်ခြေမှ မျောက်ညိုကြီးယောင် ဖန်ဆင်းကာ ရောက်လာပြီး စေတီတော် ယင်ပြင်မှာ နွားချေးတွေ ဖြန့်ကြဲပြီး သွားလေသတဲ့၊ သို့အတွက် မထေရ်မြတ်သည် ရှေ့သို့ ဆက်လက်၍ အာရုံ မပြုနိုင်တော့ဘဲ တံမြက် ပြန်လှဲကာ ပြန်ကြွသွားရလေသည်။

ဒုတိယနေ့၌လည်း မထေရ်မြတ် တံမြက်လှဲပြီး ဘုရားရှင်ကို အာရုံပြုနေလျှင် မာရ်နတ်မိုက်လည်း နွားအိုကြီးယောင်ဆောင်ကာ ရောက်လာပြီး နွားချေးတွေ ယိုချကာ သွားပြန်လေလျှင် မထေရ်မြတ်လည်း ထပ်မံ ရှင်းလင်း တံမြက်လှည်းကာ ပြန်ကြွ သွားရပြန်လေသည်တဲ့။

တတိယနေ့မှာလည်း မထေရ်မြတ်သည် ယမန်နေ့များကဲ့သို့ စေတီတော် ယင်ပြင်မှ တံမြက်လှဲပြီး ဘုရား အာရုံပြုကာ နေပြန်လေသတဲ့၊ ထိုတတိယနေ့မှာတော့ အဖျက်သမား မာရ်နတ်သားသည် ခြေခွင် ခြေကောက်သော ယောကျ်ားအသွင် ဖန်ဆင်းကာ ရောက်လာပြီး၊ တံမြက်တလင်းလှဲ့ကာ သဲဖြူများ ခင်းထားသဖြင့် သန့်ရှင်းလှစွာသော စေတီတော် ယင်ပြင်ပေါ်ဝယ် ခြေဒရွတ်ဆွဲ၍ ဖြတ်သန်း သွားလေသတဲ့။ ထိုအခါ မထေရ်မြတ် စဉ်းစားတော် မူလေသည်၊ "ထက်ဝန်းကျင် တယူဇနာရှိသော ဂေါစရဂါမ်ရွာတို့၌ ဤမျှ ရုပ်ဆင်းအင်္ဂါ ဖောက်ပြန်လှသော ယောကျ်ား မည်သည် မရှိချေ၊ မာရ်နတ်ပင် ဖြစ်လေသလော" ဟုကြံစည် စဉ်းစားပြီးလျှင်- "မာရော သိ တွံ=အသင် မာရ်နတ် မဟုတ်လော" ဟု မေးမြန်းတော် မူလေသည်။

ထိုအခါ မာရ်နတ်ကလည်း ဟုတ်မှန်ပါကြောင်း ဝန်ခံ လျှောက်ထား လေလျှင် "အသင်သည် သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးမြင် ဘူးသလော" ဟု ဆက်လက် မေးမြန်းတော် မူပြန်သည်၊ မာရ်နတ်က "သက်တော် ထင်ရှား မြတ်စွာဘုရားကို ဖူးမြင် ရဘူးပါကြောင်း" လျှောက်ထား လေလျှင် "မာရ်နတ် အသင်သည် တန်ခိုးကြီးသော နတ်သားတပါး ဖြစ်ပေသည်၊ သက်တော်ထင်ရှား မြတ်စွာဘုရားကိုလည်း ဖူးမြင် လိုက်ရဘူးသည်၊ တိုက်တွန်းပါရစေ၊ ငါ့အား သက်တော်ထင်ရှား မြတ်စွာဘုရား၏ ပုံတော်နှင့်တူစွာ ဖန်ဆင်း၍ ပြစမ်းပါလော့" ဟုပြောဆို တောင်းပန်လေတော့သည်။

အရှင်ဘုရား-ဘုန်းတော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ အဆင်းတော် ပုံတော်စစ်စစ်နှင့် တူအောင်ကား ဖန်ဆင်းခြင်းငှါ မစွမ်းနိုင်ပါ၊ သို့သော်လည်း ထိုမြတ်စွာ ဘုရား၏ အဆင်းတော် ပုံတော်နှင့် စိုးစဉ်းမျှတူသော အဆင်းတော် ပုံတော်ကို ဖန်ဆင်း၍ ပြပါမည်-ဟု

လျှောက်ထားပြီးလျှင် မာရ်နတ်သည် မိမိ၏ ရုပ်သွင် အတ္တဘောကို ပယ်ဖျောက်ကာ မြတ်စွာဘုရား၏ အရုပ်အဆင်းတော်နှင့် တူသော ရုပ်သွင်အတ္တဘောကို၊ (ဝါ) မြတ်စွာဘုရား၏ ပုံတော်ကို ဖန်ဆင်း ကာပြလေသည်။

မထေရ်မြတ်သည် မာရ်နတ် ဖန်ဆင်းပြသော မြတ်စွာဘုရား၏ ပုံတော်ကြည့်ကာ–
အယံ တာဝ သရာဂ ဒေါသမောဟော ဧဝံ သောဘတိ၊ ကထံ နုခေါ ဘဂဝါ
နသောဘတိ သဗ္ဗသော ဝီတရာဂ ဒေါသ မောဟော။ (ဝိနယ-ပရိဝါရအဋ္ဌကထာ-၁၇၃)။

သရာဂ ဒေါသမောဟော၊ ရာဂ ဒေါသမောဟနှင့်တကွ ဖြစ်သော။ အယံ၊ ဤမာရ် နတ် ဖန်ဆင်း ပြအပ်သော ပုံတော်သည်။ ဧဝံ၊ ဤသို့။ တာဝ သောဘတိ၊ ကြည်ညိုစဘွယ် တင့်တယ် လှပေသေး၏။ သဗ္ဗသော၊ ခပ်သိမ်းသော အပြားအားဖြင့်။ ဝီတရာဂ ဒေါသမောဟော။ ရာဂ, ဒေါသ,မောဟ တရားကင်းရှင်းပြီးသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကထံ၊ အဘယ်မှာလျှင် နသောဘတိ နုခေါ၊ ကြည်ညိုစဘွယ် မတင့်တယ်ဘဲ ရှိပါအံ့နည်း။

ဤကဲ့သို့ တွေးတော ဆင်ခြင်ကာ မြတ်စွာဘုရားကို အာရုံပြုကာ–တကိုယ်လုံး စိမ့်လျက် ပီတိ တွေ တသိမ့်သိမ့် ဖြစ်ပွားလေသည်၊ မထေရ်မြတ်သည် အလွန် ထင်ရှားစွာ ဖြစ်ပေါ်လာသော ပီတိ ကိုပင် ဖြစ်ပြီးလျှင် ပျက်စီးတတ်သောကြောင့် အနိစ္စ သဘော တရားပါတကား၊ ဖြစ်ခြင်း ပျက်ခြင်း တို့ အမြဲမပြတ် နှိပ်စက်တတ်သောကြောင့် ဒုက္ခသဘော တရားပါတကား၊ သူ့အလိုလိုဖြစ်၍ သူ့ အလိုလို ပျက်သဖြင့် မိမိအလိုသို့ မလိုက်တတ်သောကြောင့် အနတ္တ သဘောတရားပါတကား–ဟု ဝိပဿနာတင်ကာ ရှုပွားလေရာ ထိုနေရာ၌ပင်လျှင် တရား တိုးတက်၍ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်ကာ ကိလေသာ ကုန်ခန်း ရဟန္တာ ဖြစ်ရလေတော့သတည်း။

ဤဖုဿဒေဝ မထေရ်မြတ်သည် ဘုရားရှင် ပုံတော်ကို ဖူးမြင်ယင်း ဘုရားဂုဏ်တော် ဆင်ခြင် ပွားများယင်းပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန္တာ ဖြစ်ရခြင်းပင် ဖြစ်ပါတယ်၊ ဘုရား ရှင်၏ ဂုဏ်တော်ကို ဆင်ခြင် ပွားများရခြင်း ဗုဒ္ဓါနုဿတိဘာဝနာကား ဤမျှလောက် အကျိုး ကြီးမြတ် လှပါပေတယ်၊ ကြည်ညိုဘွယ် ကောင်းလှသော ဘုရားမြတ် ဂုဏ်ကိုယုံကြည်စွာ ပွားများ သဖြင့် ရရှိအပ်သော အကျိုးတရား လက္ခာများကို တကြိမ် ထပ်ဆိုပြီး တရားပွဲ သိမ်းကြရမည် ဖြစ်ပါတယ်။

### ဗုဒ္ဓဂုဏ်ပွား–အကျိုးများ

ဆောင်ပုဒ်။
၁။ ဘုရားဂုဏ်ပွား၊ အကျိုးများ၊ စိတ်ထားကြည်လင်သည်။
၂။ ဘုရားရှိသေ၊ ကျိုးနွံပေ၊ တူနေရသည်မည်။
၃။ စေတီထိုက်ကာ၊ ကင်းကွာအကု၊ ရှက်ကြောက်မှု ရှေးရှုတည်လေသည်။
၄။ ဘုရားဖြစ်ရန်၊ ဆန္ဒသန်၊ အမှန်ကျင့်ကြံသည်။
၅။ ဘေးရန်ကင်းပ၊ ချမ်းသာရ၊ ဆန္ဒပြည့်ဝသည်။
၆။ ထက်မဂ်ဖိုလ်မှု၊ လွဲပြန်က၊ လားရကောင်းရာပြည်။

ဘာဝေထ ဗုဒ္ဓါနုဿတိ၊ ဘာဝနာန မနုတ္တရံ။
ဣမံသတိ ဘာဝယိတွာ၊ ပူရယိဿထ မာနသံ။

**သာဓဝေ**၊ မြတ်ဗုဒ္ဓဂုဏ်, မြဲစွာယုံလျက်, မွေ့ထုံပွားများ, စိတ်ထား ပြောင်ပြောင်း, အို-သူတော်ကောင်းတို့။ တုမှေ၊ သင်သူတော် ကောင်းတို့သည်၊ ဘာဝနာနံ၊ အမျိုးမျိုး အစားစား, ဘာဝနာ တရားတို့ထက်။ အနုတ္တရံ၊ ထူးကဲသာလွန်, အံမွန်ဖြစ်ဘိ, အတုမရှိသော။ ဗုဒ္ဓနုဿတိ၊ ဘုရားရှင်ဂုဏ်, မြတ်အာရုံကို မွေ့ထုံစေ့စေ့, အစဉ် အောက်မေ့ခြင်း–ဟု ဆိုအပ်သော, ဗုဒ္ဓါနုဿတိ ဘာဝနာတော်ကြီးကို။ ဘာဝေထ၊ နေ့ညမစဲ, လုံ့လဇွဲဖြင့် အားခဲ၍သာ, ပွားများ ကြပါကုန်လော့။ ဣမံသတိ၊ အမြဲမပြတ်, စွဲမှတ်ပွားစီး, ဤဗုဒ္ဓါနုဿတိ ဂုဏ်တော်ကြီးကို။ ဘာဝယိတွာ၊ ကြိုးစား မယုတ်, ပွားများ အားထုတ် ရသည်ဖြစ်၍။ (ဝါ) မပြတ်ကြိုးစား, ပွားများ အားထုတ်လေသော ကြောင့်။ မာနသံ၊ အလိုရှိအပ်, ကောင်းတအပ်သည့် ဆန္ဒကောင်းမှန် စိတ်အကြံကို။ ပူရယိဿထ၊ ကောင်းစွာမသွေ, ပြည့်စုံကြပေ ကုန်လတံ့။ (ဝါ) ပူရယိဿထ၊ မြတ်စွာဘုန်းမော်, ကျေးဇူးတော်ကြောင့် အလျော်ထောက်ချင့်, အခွင့်သင့်သဖြင့်, မလင့်ပုံသေ, ပြည့်စုံ ကြပေကုန် လတံ့သတည်း။

(အဘိဓမ္မာတပ် တရားပွဲသိမ်းရန်)

# အသုဘ ဘာဝနာ

ကာယံ ဣမံ ဝိဇာနာထ၊ ပရိဇာနာထ ပုနပ္ပုနံ။
ကာယေသဘာဝံ ဒိဿာန၊ ဒုက္ခဿန္တံ ကရိဿထ။ (ပါဠိတော်)။

သာဓဝေါ၊ မြတ်စွာဗုဒ္ဓ, သုံးလူဘ၏,ညွှန်ပြဟောကြား, မြတ်တရားကို,လေးစားခုံမှီ,ယုံကြည်ကျင့်ကြား, အို-သူတော်ကောင်းများတို့။ တုမှေ၊ တရားအာရုံ မြဲစွာထုံလျက်, ယုံကြည်ကျင့်ပွား အသင်ဒါယကာ,ဒါယိကာမ အများတို့သည်။ ဣမံကာယံ၊ ရုပ်ပေါင်းအစု, ဖွဲ့စည်းပြုသည့်, ကိုယ်ဟူခေါ်ရာ, ဤခန္ဓာကို။ ပရိဇာနာထ၊ ရုပ်ပေါင်းစုမျှ, သဘာဝဟု, ကျနထင်ထင်, ဉာတပရိညာဖြင့် သိမြင်အောင်ပြုလုပ်ကြကုန်လော။ ပုနပ္ပုနံ၊ နေ့ညမပြတ်,အထပ်ထပ်အဖန်ဖန်။ ပရိဇာနာထ၊ မမြဲဆင်းရဲ သဘောဘဲဟု, ဝေခွဲဆင်ခြင် တီရဏပရိညာဖြင့် သိမြင်အောင်လုပ်ကြကုန်လော့။

ကာယေ၊ ရုပ်ပေါင်းအစု, ဖွဲ့စပ်ပြုသည့်, ကိုယ်ဟုခေါ်ရာ, ဤကိုယ်ခန္ဓာ၌။ သဘာဝံ၊ ဖြစ်ကပျက်စီး, အချိးနှိုး ဖေါက်ပြန်, ရုပ်တရား၏ သဘောမှန်ကို။ ဒိဿာန၊ ပဟာနပရိညာ ဉာဏ်ဝိဇ္ဇာဖြင့်၊ ကောင်းစွာထင်ထင်, သိမြင်သည်ဖြစ်၍, (ဝါ) သိမြင်လေသောကြောင့်၊ ဒုက္ခဿန္တံ၊ သံသရာဝဋ္ဋဒုက္ခအဝဝ၏, လုံးဝပျက်သုံး, ကုန်ဆုံးရာမှန်, မြတ်နိဗ္ဗာန်ကို။ (ဝါ) သံသရာဝဋ္ဋဒုက္ခ၊ အဝဝတို့ လုံးဝပျက်သုံး, ကုန်ဆုံးခြင်းကို။ ကရိဿထ၊ မဂ်ဉာဏ်ဆင့်ဆင့်, အသိဉာဏ်ပွင့်သဖြင့်, မလင့်ပုံသေ ပြုနိုင်ကြပေကုန်အံ့သတည်း။

ယနေ့ ဟောကြားမည့် တရားကတော့ အာရက္ခ တရားလေးပါးတို့ဘွင် အသုဘ ဘာဝနာ ခေါ်ဆိုတဲ့အသုဘ သညာ တရားစကားကို ဟောကြားရမည်ဖြစ်တယ်၊ အသုဘ ဘာဝနာ- အသုဘ သညာဆိုတာ သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံး အဇ္ဈတ္တ, ဗဟိဒ္ဓ အရာဝတ္ထုအားလုံးအပေါ်၌ မတင့်တယ်သောအားဖြင့် ရှုပွားဆင်ခြင်ခြင်းပင် ဖြစ်ပါတယ်။

အသုဘသညန္တိ ကရဇ ကာယေ သဗ္ဗသ္မိမ္ပိ ဝါ တေဘူမကသင်္ခါရေ ကိလေသာ
သုစိပဋ္ဋရဏတော "အသုဘာ" တိပဝတ္တသညံ။ (ထေရ-၄-ဒု-၂၁၁)။

ကရဇ ကာယေဝါ၊ ခန္ဓာပဉ္စက ကရဇကာယ၌။ သဗ္ဗသ္မိမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။တေဘူမကသင်္ခါရေ၊ တေဘူမက သင်္ခါရ တရားအပေါင်း၌။ ကိလေသာသုစိပဋ္ဋရဏတော၊ ကိလေသာဟုဆိုအပ်သော စက်ဆုပ်ရွံဘွယ် မစင်ကြယ်သော အညစ်အကြေးတို့ကို ယိုစီးတတ်သောကြောင့်။ အသုဘာတိ၊ မတင့်တယ်ဟူ၍။ ပဝတ္တသညံ၊ ဖြစ်သော အမှတ်ကို။ အသုဘသညန္တိ၊ အသုဘသညာဟူ၍။ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

ခန္ဓာပဉ္စကဒြဗ်-ဟု ဆိုအပ်သော ကရဇကာယ၌ဖြစ်စေ, အလုံးစုံသော တေဘူမက သင်္ခါရ တရားအပေါင်း၌ဖြစ်စေ, ကိလေသာ တရားဆိုးဟု ဆိုအပ်သော စက်ဆုပ်ရွံဘွယ် မစင်ကြယ်သော အညစ်အကြေးတို့ကို ယိုစီးတတ်သောကြောင့် မတင့်တယ်ဟူ၍ ဖြစ်သော အမှတ်ကို အသုဘသညာ ဟု ခေါ်ဆိုပါတယ်။

လောကကြီးတွင် တကျော့အစေးခွာတ် မကင်းပြတ်သေးတဲ့ လူနတ်ပြဟ္မာ သတ္တဝါတို့မည်သည့် မိမိ၏ အဇ္ဈတ္တသဏ္ဍာန် အရာဝတ္ထုမှာဖြစ်စေ, ဗဟိဒ္ဓသဏ္ဍာန် အရာဝတ္ထုမှာဖြစ်စေ, သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံးအပေါ်၌ တကျော့ခွာ ရစ်ပတ်စွဲငြိပြီး နေတတ်ကြပါတယ်။ မခွဲရက်လို မခွာနိုင်ဘဲ ခိုင်မြဲလှစွာ စွဲလန်း နှစ်သက် တပ်မက်မှု ဖြစ်ပြီး နေတတ်ကြပါတယ်၊ အဘယ့်ကြောင့် ဒီလို စွဲလန်းတပ် နှစ်သက်ပြီး နေပါသလဲဆိုတော့-သဘောအမှန်ကို ဉာဏ်ဖြင့် မိမိ မသိကြခြင်းကြောင့်ပင် ဖြစ်ပေတယ်၊ ယင်းသဘော သဘာဝ အမှန်ကို ဉာဏ်ဖြင့် မိမိ သိရှိနိုင်အောင်-အဇ္ဈတ္တ, ဗဟိဒ္ဓ-သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံးကို မတင့်တယ်မှု အသုဘ ဘာဝနာတင်၍ ဆင်ခြင် ရှုပွားရပေမယ်။

အသုဘ သညာ္တိ ကရဇကာယေ သဗ္ဗသ္မိမ္ပိ ဝါ တေဘူမက သင်္ခါရေ ကိလေသာသုစိ ပဋ္ဋရဏတော "အသုဘာ" တိပဝတ္တသညာ။ (ထေရ-ဌ-၃-၂၁၁)။

ကရဇ ကာယေဝါ၊ ခန္ဓာပဥ္စက ကရဇကာယ၌၎င်း။ သဗ္ဗသ္မိမ္ပိ၊ အလုံးစုံလည်းဖြစ်သော တေဘူမက သင်္ခါရေဝါ၊ ဘုံသုံးပါး၌, ထင်ရှားဖြစ်မှု, သင်္ခါရတရား အစု၌၎င်း။ ကိလေသာသုစိပဋ္ဋရဏတော၊ ရာဂဒေါသ မောဟ, စဖြာ, ကိလေသာညစ်ဆိုး, အပြစ်မျိုးတို့, ပွားတိုးမလတ်, ယိုစီး ဖြစ်ပွားတတ်သောကြောင့်။ "အသုဘာတိ" စက်ဆုတ်ရွံဘွယ် မတင့်တယ်-ဟု။ ပဝတ္တသညာ၊ ဖြစ်သော သညာကို။ အသုဘသညာ္တိ၊ အသုဘ သညာဟူ၍။ ဝုစ္စတိ၊ မဖေါက်မလွဲ, အမြဲဆတ်ဆတ်, ခေါ်ဆိုအပ်လေတော့သတည်း။

လောကကြီး၌ သူသူငါငါ ထင်မှတ် နေတာကတော့ မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ နှစ်သက်စဖွယ် တင့်တယ် တယ်ဟု ယူဆထားကြပါတယ်။ တကယ်တော့-ရာဂဒေါသ မောဟ အစရှိသော ကိလေသာ အညစ်အကြေးတို့ကို ဖြစ်ပွားစေတတ်,ယိုစီးတတ်သောကြောင့် မတင့်တယ်သော အသုဘ စစ်စစ်ပင် ဖြစ်တယ်။ သက်ရှိသက်မဲ့ အဇ္ဈတ္တ, ဗဟိဒ္ဓအရာ ဝတ္ထုအားလုံး ဘုံသုံးပါး၌ ဖြစ်သော သင်္ခါရတရား အားလုံးဟာ ကိလေသာ အညစ်အကြေးတို့ကို ဖြစ်ပွား စေတတ်ကြသည် ချည်းဖြစ်၍ အသုဘ တရားများ ချည်းသာ ဖြစ်တယ်။

ဆောင်ပုဒ်။ သက်ရှိသက်မဲ့-ငြင်ခဲ့ကုန်စင်၊ အဇ္ဈတ်ဗဟိ-မည်ဘိတွင်းပြင်။
ကိလေသာမျိုး-ပွားတိုးစေလျှင်၊ အသုဘ-ခေါ်ကြများလှရှင်။

မိမိ၏ကိုယ်ကိုဖြစ်စေ, သူတပါးတို့၏ ကိုယ်ကိုဖြစ်စေ, သက်ရှိ သက်မဲ့ အဇ္ဈတ္တ, ဗဟိဒ္ဓ သင်္ခါရတရားစု အားလုံးအပေါ်၌ ရာဂ ဒေါသ မောဟ အစရှိသော ကိလေသာ အညစ်အကြေးတို့ကို ယိုစီးဖြစ်ပွား စေတတ်သောကြောင့် ချစ်ခင်တွယ်တာ သာယာဘွယ် မရှိ,မတင့်တယ်သော အသုဘသဘောတရားစုပေတကား-ဟု ရှုပွား ဆင်ခြင်ရပေမည်။ ယင်းကဲ့သို့ အသုဘ ဘာဝနာကို ရှုပွားလေလျှင် မိမိ၏ကိုယ်၌ဖြစ်စေ, သူတပါးတို့ ခန္ဓာကိုယ်၌ဖြစ်စေ, သက်ရှိသက်မဲ့ သင်္ခါရတရား အားလုံးအပေါ်၌ရှိပ်တရား အပေါင်း၏ ဖေါက်ပြန်တတ်သောသဘော ပျက်စီးတတ်သော သဘော အမှန်ကို ဉာဏ်ဖြင့် ထင်ထင် သိမြင်လာပေမည်။

ထိုကဲ့သို့ ရုပ်တရားအစု၏ ဖေါက်ပြန်မှု, ပျက်စီးမှု သဘောမှန်ကို ဉာဏ်ဖြင့် ထင်ထင်သိမြင်မှသာလျှင် ဆင်းရဲခြင်းကုန်ဆုံးမှု ပြုနိုင်ကြမည်ဖြင်ပေတယ်၊ လူနတ်ဗြဟ္မာသတ္တဝါ အားလုံးတို့သည် အဇ္ဈတ္တ- ဗဟိဒ္ဓ- သက်ရှိ, သက်မဲ့ သင်္ခါရ တရားစုတို့၌ တွယ်တာငြိကပ်တတ်သောကြောင့် တဏှာ ဓာတ်ကြောင့် သံသရာမှ မလွတ်မြောက်နိုင်ဘဲ ဆင်းရဲမှုအမျိုးမျိုးကို ခေါင်းလျှိုးပြီး ခံနေကြခြင်း ဖြစ်သတဲ့။ (ဒကာကြီး ဦးစိန်ရှဲ)။

ဒါကြောင့်မို့ ဒီအဇ္ဈတ္တ ဗဟိဒ္ဓ သက်ရှိ, သက်မဲ့ သင်္ခါရ တရားစုတို့၌ တွယ်တာကပ်ငြိမှုဆန္ဒ ဓာတ်ကင်းပြတ်အောင် အသုဘဘာဝနာကို ရှုပွားဆင်ခြင်ရန် အထူးပင်လိုအပ်သည့်အတွက် အာရက္ခ တ်ရား (ကိုယ်စောင့် တရား) လေးပါးတွင် အသုဘဘာဝနာကို တပါးအဖြစ် မိန့်ဆိုတော်မူခြင်း ဖြစ်ပေတယ်ပေါ့။

ရူပ, ကာယ, ရုပ်တရား အပေါင်းအစု၌ ဆန္ဒရာဂ ကင်းပြတ်စေရန် အသုဘဘာဝနာတင်၍ ရှုပွားဆင်ခြင်ရန်အတွက် သုတ္တ နိပါတ်ပါဠိတော်၌ ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ဟောကြား တော်မူခဲ့သော ဝိဇယသုတ္တန်ခေါ် ကာယဝိစ္ဆန္ဒနိကသုတ္တန်ကို ထုတ်ပြန်ကာ ဟောကြားရမည် ဖြစ်တယ်။ ဤသုတ်ကို-

(၁) ဝိဇယသုတ္တန်-ဟုလည်း ခေါ်ပါတယ်၊ အကြောင်းကတော့ ကိုယ်ကာယ၌ တွယ်တာ, နှစ်သက်, တပ်မက်တတ်သောတဏှာလောဘခေါ် ဆန္ဒရာဂကို အပြီး, အပိုင်, အောင်နိုင်ကြောင်း ဖြစ်သောကြောင့် ဝိဇယ သုတ္တန်-ဟု ခေါ်ဆိုခြင်းဖြစ်ပါတယ်။

(၂) ဒုတိယအမည်ကတော့ ကာယဝိစ္ဆန္ဒနိကသုတ္တန်-ဟုလည်း ခေါ်ပါတယ်၊ အကြောင်း ကတော့ ကိုယ်ကာယ၌ တွယ်တာ, နှစ်သက်, တပ်မက်တတ်သော တဏှာလောဘခေါ် ဆန္ဒရာဂကို တွန်းလှန်, ပယ်ဖျက်,ဖြတ်တောက်ပစ်တတ်သောကြောင့် ကာယဝိစ္ဆန္ဒနိကသုတ္တန်-ဟုလည်း အမည် တွင်ပါတယ်။

(၃) တတိယအမည်ကတော့ ဇနပဒကလျာဏီနန္ဒာဘေရီမကို အကြောင်းပြု၍ သာဝတ္ထိ ပြည်၌ မြတ်စွာဘုရားဟောကြားတော်မူခြင်းကြောင့် နန္ဒာသုတ္တန်-ဟူ၍လည်း ခေါ်ဆိုပါတယ်။

ဤသုတ်သည် အမည်သုံးပါးရတဲ့ သုတ်ပင်ဖြစ်ပေတယ်၊ အမည်သုံးပါး ကွဲပြားနေသော်လဲ လိုရင်းအဓိပ္ပါယ်မှာတော့ ကိုယ်ကာယ၌ တွယ်တာတပ်မက်မှု ဆန္ဒရာဂခေါ် တဏှာလောဘကို ပယ်ခွာနိုင်ရေး, အောင်နိုင်ရေးအတွက်ချည်းသာလျှင် ဖြစ်ပါတယ်၊ သို့ဖြစ်၍ ဝိပဿနာတရား ဘာဝနာကို ကြိုးစားပွားများကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့ရူပကာယ၌ တွယ်တာမှု, ငြိကပ်မှု, ဆန္ဒရာဂ ကင်းပြတ်စေရန် ယခု ဟောလတ္တံ့သော ဤဝိဇယသုတ္တန်ခေါ် ကာယဝိစ္ဆန္ဒနိက သုတ္တန်တရားတော်ကို ယုံကြည်လေးစားပွားများခြင်းငှါ အထူးပင်သင့်လျော်လှပါတယ်။

ဝိဇယသုတ် (ခ)ကာယဝိစ္ဆန္ဒနိကသုတ်-

(၁) စရံဝါ ယဒိဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ။ (သုတ္တနိပါတပါဠိ-၃၈၇)။

စရံ၀ါ၊ခန္ဓာကိုယ်ကား,ထိုဤ ရွေ့ရှားသွားလည်သွား၏။ယဒိ၊ထိုမျှ။ တိဋ္ဌံ၀ါ၊ မယိမ်း,မယိုင်, ခိုင်ခိုင်, မတ်မတ်, ရပ်လည်းရပ်ဘည်၏။ နိသိန္နော၀ါ၊ အောက်ပိုင်းကိုယ်ကား ခွေကာထားသဖြင့် ရွေ့ရှားမယိုင် ထိုင်လဲထိုင်နေပေ၏။ ဥဒ၊ ထိုမျှ။သယံ၀ါ၊ ဤကိုယ်ခန္ဓာ ငြိမ်းချမ်းသာဘို့ ကောင်းစွာ မပျက် လျောင်းလည်းလျောင်းစက်ပေ၏။

သမိဉ္ဇေတိ၊ ဆန့်၍ထားငြား, များပြာ:ထိုထို, အဆစ်တို့ကို,'ကွေးလည်းကွေးညွတ်၏။ ပသာရေတိ၊ ကွေး၍ထားငြား, များပြားထိုထို, အဆစ်တို့ကို,ဆန့်လည်းဆန့်တန်း၏၊ သော၊ သွားရပ်ထိုင်လျောင်း, ရှေနှောင်းတက်ဆုတ်, ကွေးဆန့်ရပ်မှု, ပြုလုပ်ဖြာဖြာ, ခြင်းရာဖုံဖုံ, ဤအလုံးစုံသည်။ စိတ္တကြိယ ၀ါယောဓာတု ဝိပ္ဖါရ ဝသေန၊ သွားလို, ရပ်လို, ထိုင်လျောင်းလိုနှင့်, ကွေးလိုဆန့်ချင် စိတ်အစဉ်က, ပြုပြင်လေအပ် ၀ါယောဓာတ်၏ ဆက်စပ်တည်တန့်, ပျံ့နှံ့သည်၏, အစွမ်းအားဖြင့်။ ကာယဿ၊ ရုပ်ဓာတ်ပေါင်းစု,တည်ပြုဖန်လာ, ကိုယ်ခန္ဓာ၏။ ဝိပ္ဖါရေန၊ အထင်အရှား,၊ အမြင်အားဖြင့် လှုပ်ရှားခြင်းသည်။ ဟောတိ၊ ကောင်းစွာမသွေ, ဖြစ်ရပေ၏။ သတ္တော၊ ငါသူတပါး ယောကျ်ား-မိန်းမ အစရှိသော သတ္တပညတ်၏။ ဝိပ္ဖါရော၊ ထိုထိုဤဤ မတည်ဖေါက်ပြား, လှုပ်ရှားခြင်းသည်။ နေ၀ဟောတိ၊ ပရမတ်စကျွ, ဉာဏ်ဖြင့်ရှုတော့, တခုတလေမျှ မဟုတ်ချေသည်သာလျှင်တည်း။

သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ကွေးခြင်း, ဆန့်ခြင်း,-ဟု ဆိုအပ်သော အမူအရာဖြစ်သော သွားလိုသောစိတ်, လျောင်းအိပ်လိုသောစိတ်, ကွေးလိုသောစိတ်, ဆန့်လိုသောစိတ်သည် ပြုအပ်သော ၀ါယောဓာတ် ပျံ့နှံ့ခြင်းကြောင့် ရုပ်အပေါင်းအစုဖြစ်သော ခန္ဓာကိုယ်၏ လှုပ်ရှားမှု အခြင်းအရာမျှသာဖြစ်တယ်၊ ရုပ်အပေါင်းအစုအပေါ်၌ ပညတ်အားဖြင့် တင်စားကာ ခေါ်ဝေါ်အပ်သော ပုဂ္ဂိုလ်သွားသည်မဟုတ်၊ သတ္တ၀ါသွားသည်မဟုတ်၊ ငါသွားသည်မဟုတ်၊ သူသွားသည် မဟုတ်၊ ယောကျ်ားသွားသည်မဟုတ်၊ မိန်းမသွားသည်မဟုတ်၊ ထိုနည်းအတူပင်-ရပ်ခြင်း ထိုင်ခြင်း, လျောင်းခြင်း, ကွေးခြင်း, ဆန့်ခြင်းတို့မှာလည်း - ပုဂ္ဂိုလ်သတ္တ၀ါ၏ ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ကွေးခြင်း, ဆန့်ခြင်း, မဟုတ်၊ စိတ္တဇ၀ါယောဓာတ်ကြောင့် ခန္ဓာကိုယ်၏ လှုပ်ရှားမှု သက်သက်မျှသာ ဖြစ်ပါတယ်၊ ဒီသဘောရဲ့ အခြေခံကို ဒီလင်္ကာကလေးများလိုက်ဆိုပြီး လွယ်ကူစွာမှတ်သားထားကြပါ၊

ဆောင်ပုဒ်။ ၁။ သွား, ရပ်, ထိုင်, အိပ်၊ ပြုလိုစိတ်၊ စိတ်ဟုခေါ်လေသည်။
၂။ စိတ်ကြောင့်ဖြစ်လတ်၊ ၀ါယောဓာတ်၊ နှံ့စပ်ကိုယ်ဝယ်ဘည်။
၃။ ရုပ်ပေါင်းလှုပ်ရှား၊ ခြင်းရာမျှား၊ ရုပ်သွားအိပ်ခေါ်သည်။
၄။ ပညတ်တင်စား၊ မ- ယောကျ်ား၊ ရုပ်-သွားမရှိပြီ။

ဤကဲ့သို့သွားလာလှုပ်ရှားမှုကို ခန္ဓာဖွဲ့ကြည့်လျှင် ပဌမသွားလိုသောစိတ် ဖြစ်ပေါ်လာပါတယ်၊ ယင်းသွားလိုသောစိတ်သည် ဝိညာဏက္ခန္ဓာပင်ဖြစ်တယ်၊ ထိုသွားလိုသောစိတ်နှင့် ယှဉ်သော, ဝေဒနာသည် ဝေဒနာက္ခန္ဓာပင်ဖြစ်တယ်၊ သညာသည်ကား သညာက္ခန္ဓာပင်ဖြစ်တယ်၊ ဖဿ စေတနာ အစရှိသော ကြွင်းသော စေတသိက်တို့ကား သင်္ခါရ က္ခန္ဓာမည်ပါတယ်၊ စိတ်ကြောင့်ဖြစ်သော ၀ါယောဓာတ်နှင့် တကွဖြစ်သော ကောဋ္ဌာသရုပ်တရား အစုအပေါင်းသည် ရူပက္ခန္ဓာပင်ဖြစ်ပါတယ်၊

ယင်းရုပက္ခန္ဓာသည်ကား ရုပ်တရားဖြစ်၍ ကြွင်းသောခန္ဓာလေးပါးသည်ကား နာမ်တရားပင်ဖြစ်ပါတယ်။

သို့ဖြစ်၍ သွားလာလှုပ်ရှားမှုကို သေသေချာချာ ခွဲခြမ်းဝေဘန်၍ ကြည့်ရှုလျှင်ခန္ဓာငါးပါးသာရှိကြောင်း- ရုပ်, နာမ်, နှစ်ပါးသာ ရှိကြောင်း တွေ့ရတယ်၊ သွားလာ လှုပ်ရှားမှု၌ ပုဂ္ဂိုလ်မရှိ, သတ္တဝါမရှိ, ငါမရှိ, သူမရှိ, ယောကျ်ားမရှိ, မိန်းမ မရှိပေ၊ ရပ်ခြင်း, ထိုင်ခြင်း, လျှောင်းခြင်း, ကွေးခြင်း, ဆန့်ခြင်း- စသော အမူအရာ ဣရိယာပုထ် အားလုံးမှာ ရုပ်နာမ် နှစ်ပါးသာရှိပါတယ်။ ခန္ဓာငါးပါးသာ ရှိပါတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ငါ, သူတပါး ယောကျ်ား မိန်းမ မရှိကြောင်း ကောင်းစွာ သိမြင်နိုင်ပါတယ်။

အမှန်တကယ် အထင် အရှားရှိသောရုပ်နာမ်နှစ်ပါး ပရမတ္ထတရားအပေါ်၌ ပုဂ္ဂိုလ်သတ္တဝါ ငါ- သူတပါး, ယောကျ်ား, မိန်းမ- စသောအမည် နာမ ပညတ်အား ဖြင့်တင်စား၍ ခေါ်ဆိုနေကြခြင်းသာ ဖြစ်ပေတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ငါ- သူတပါး, ယောကျ်ား, မိန်းမ- ဟူသော အမည်နာမများသည်ကား- ပညတ်တရား ဖြစ်တယ်။ ရုပ်နာမ်နှစ်ပါး တရားအပေါင်းကား- ပရမတ္ထတရားပင် ဖြစ်ပေတယ်။ဤကဲ့သို့ ပညတ် ပရမတ် သဘောတရားတို့ကိုလည်း ခွဲခွဲခြားခြားသိပြီး နားလည်ထားရမယ်၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး ခွဲခြားမှုတို့ကိုလည်း ကွဲကွဲပြားပြား နားလည်ထားကြရမယ်တဲ့ (ဒကာကြီး ဦးစိန်)၊ သို့အတွက် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ခွဲပုံများကို ဒီလိုလွယ်ကူအောင် မှတ်သား ထားကြစို့ရဲ့—

ဆောင်ပုဒ်။
၁။ သွားလာလှုပ်ရှား၊ ပြုလိုငြား၊ စိတ်ကားဝိညာဏ။
၂။ စိတ်နှင့်ယှဉ်ကာ၊ ခံစားရာ၊ မှတ်ပါ- ဝေဒနာ။
၃။ စိတ်နှင့်ယှဉ်ကာ၊ မှတ်သားရာ၊ သညာခေါ်ကြပါ။
၄။ ဖဿ- စေတနာ၊ စသည်မှာ၊ မှတ်ပါ- သင်္ခါရာ။
၅။ စိတ်ကြောင့်ဖြစ်လတ်၊ ဝါယောဓာတ်၊ ရုပ်ဓာတ်ဤခန္ဓာ။
၆။ ရှေ့လေးကားနာမ်၊ နောက်ရုပ်၊ ငါးတန်ကိုယ်ခန္ဓာ။
၇။ သွားလာရာမှာ၊ ငါးခန္ဓာ၊ သေချာမှတ်ကြပါ။
၈။ ပုဂ္ဂိုလ်သတ္တဝါ၊ လျင်းမပါ၊ ခန္ဓာနာမ်ရုပ်သာ။
၉။ လျှောင်း- ထိုင်စသည်၊ ခန္ဓာမည်၊ နည်းမှီသိကြပါ။

ယခု ပြခဲ့တဲ့- လျှောင်း, ထိုင်, ရပ်သွားမှု, ကွေးမှု, ဆန့်မှု, အရာရာ, အစုစုသည် ခန္ဓာကိုယ်၏ လှုပ်ရှားမှုသာ ဖြစ်ပါတယ်၊ ဤခန္ဓာကိုယ်၌ တစုံတယောက်သော သွားတတ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝ-ဟူ၍ မရှိပေ၊ ဤခန္ဓာကိုယ်သည် တစုံတယောက်သော သွားတတ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝမှ ဆိတ်သုဉ်းသည်သာ ဖြစ်တယ်။ ရပ်တတ်, ထိုင်တတ်, လျှောင်းတတ်,ကွေးတတ်, ဆန့်တတ်, သော ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝမှ ဆိတ်သုဉ်းသည်သာ ဖြစ်ပေတယ်။

စိတ္တ နာနတ္တ မာဂမ္မ၊ နာနတ္တံ ဟောတိ ဝါယုနော။
ဝါယုနာနတ္တတော နာနာ၊ ဟောတိ ကာယဿ ဣဉ္စနာ။
(သုတ္တနိပါတ-ဌ-ပ-ဝိဇယသုတ္တ ဝဏ္ဏနာ-၂၃၇)။

စိတ္တနာနတ္တံ၊ စိတ်ဓာတ်တရား၏ ထူးခြားကွဲပြားမှုကို။ အာဂမ္မ၊ အမှီသဟဲ, အစွဲပြု၍။ ဝါယု နော၊ တွန်းကန်ဆောင်တတ်, ဝါယောဓာတ်၏။ နာနတ္တံ၊ အမျိုးမျိုးအစားစား, ထူးခြားမှုသည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်လေ၏။

ဝါယုနာနတ္တ တော့၊ ဝါယောဓာတ်၏ ထူးခြားကွဲပြားမှုကြောင့်။ ကာယဿ၊ သညာခေါ် ဆို, ဤခန္ဓာကိုယ်၏။ ဣဉ္ဇနာ၊ ထိုဤလျှောက်သွား လှုပ်ရှားမှုသည်။ နာနာ၊ တပါးမက, များစွာ အနေ့, အထူးထူး အထွေထွေသည်။ဟောတိ၊ သဘာဝလမ်းကြောင်း,မတိမ်းစောင်းဘဲ, ကောင်းစွာ မသွေ ဖြစ်ပေါ်လေတော့သတည်း။

ဆိုလိုရင်းကတော့ စိတ်ဓာတ်တရား ထူးခြား ကွဲပြားမှုကို အစွဲပြု၍ ဝါယောဓာတ်၏ ထူးခြား မှုသည် ဖြစ်သည်၊ ဝါယောဓာတ် ထူးခြားမှုကြောင့် ဤခန္ဓာကိုယ်၏ လှုပ်ရှားမှု အမျိုးမျိုးအစား စား အထူးထူး အပြားပြား ဖြစ်ရခြင်း ဖြစ်တယ်တဲ့။

စရံဝါ ယဒိဝါ တိဋ္ဌံ-အစချီတဲ့ ဂါထာတပုဒ်ဟာ အလွန်ကျေးဇူး များလှ, တန်တိုးရှိလှတဲ့ ဂါထာဘဲလို့ ဆိုရမှာဘဲနော်၊ အဲဒီဂါထာဖြင့်ပင် ရှင်တော်မြတ်ဘုရားက-အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာ သုံးပါးကို ထင်ရှားစွာ ပြတော်မူခြင်း ဖြစ်တယ်၊ ထင်ရှားပုံမှာ ဣရိယာပုထ် တခုတည်းဖြင့် အချိန်ကြာမြင့်စွာ နေလျှင် ခန္ဓာကိုယ် နာကျင်မှု, ကိုယ်ဆင်းရဲမှု ဖြစ်ပေါ်လာသည်၊ ယင်းခန္ဓာကိုယ် နာကျင်မှု, ဆင်းရဲမှုကို ပျောက်ကင်းအောင် ပယ်ဖျောက်ခြင်းငှါ ဣရိယာပုထ် တပါးသို့ ပြုပြင် ပြောင်းလဲပေးရပေသည်။

ဥပမာ-အချိန်ကာလ ကြာမြင့်စွာ မရပ်မနားဘဲ ခရီးသွားသော သူအား ညောင်းညာ ကိုက် ခဲခြင်း စသော ခန္ဓာကိုယ် နာကျင်မှု, ဆင်းရဲမှုများ ဖြစ်ပေါ်လာလျှင် ထိုနာကျင်မှုကို ပယ်ဖျောက် ရန်သွား ဣရိယာပုထ်မှ ထိုင်ခြင်း ဣရိယာပုထ်သို့ ပြောင်းလဲ ပေးလိုက်သောအခါ ညောင်းညာ ကိုက်ခဲခြင်းစသော ခန္ဓာကိုယ် နာကျင်မှု ဒုက္ခများ ပျောက်ကင်း သွားတတ်ပါတယ်။

သို့အတွက် ရှေးပညာရှိ ပုဂ္ဂိုလ်ကြီးများက "ဒုက္ခလက္ခဏာကို ဣရိယာပုထ် ဖုံးအုပ်သည်" ဟုမိန့်ဆိုတော် မူခဲ့ကြပါတယ်။

ဣရိယာပုထ် တခုတခု၌ သဘောအားဖြင့် တူညီကြသော ရုပ်တရားနာမ်တရားတို့သည်အဆက် မပြတ် ဖြစ်ပွား၍ နေကြသည်၊ ဣရိယာပုထ် တပါးသို့ ပြောင်းလဲ သွားသော အခါ ထိုရုပ်နာမ် တရားတို့သည် အားလုံးပြောင်းလဲချုပ် ပျောက်သွား ကြပေသည်၊ ရုပ်နာမ်တရားတို့၏ အဆက် မပြတ် တစပ်တည်း ဖြစ်ပွားနေခြင်းကို သန္တတိ-ဟု ခေါ်ဆိုရပေသည်။ ယင်းသန္တတိကြောင့် ရုပ် နာမ်တို့၏ ခဏမစဲ တသဲသဲ ချုပ်ပျောက် ပျက်စီးသွားမှု အနိစ္စ လက္ခဏာ သဘောတရားကို မမြင် နိုင်ခြင်း ဖြစ်သည်၊ သို့အတွက် ပညာရှိများက "အနိစ္စလက္ခဏာကို သန္တတိ ဖုံးအုပ်ထားသည်"ဟု မိန့်ဆိုတော် မူခြင်း ဖြစ်ပါတယ်။

ထိုထို အကြောင်းတရားတို့ ညီညွတ်သည်ရှိသော် ဤခန္ဓာကိုယ်၏ လှုပ်ရှားမှုသည် ဖြစ်ရ ပေသည်၊ မလှုပ်ရှားချင်၍ မရပေ၊ ဤခန္ဓာကိုယ်၏ လှုပ်ရှားမှုသည် ပုဂ္ဂိုလ်သတ္တဝါ အတ္တလိပ်ပြာ၏

အပြုအမူ မဟုတ်ပေ၊ ပညာရှိများက "အနတ္တလက္ခဏာကို ဆနဖုံးသည်" ဟု မိန့်ဆိုတော်မူကြပါတယ်။

ယခုပြောခဲ့တဲ့ သဘော အဓိပ္ပါယ်ကတော့ ဝိဇယသုတ်ခေါ် ကာယဝိစ္ဆန္ဒနိကဲ သုတ်၏ အစ ပထမဆုံးဂါထာ၏ လိုရင်းအဓိပ္ပါယ်မျှသာ ဖြစ်ပေတယ်။ ဤကဲ့သို့ ထူးခြားလှသော သုတ္တန် ဖြစ်ပေါ်လာဟန် အကြောင်းများကို ပြောကြား ကြဦးစို့ရဲ့။

ရှင်တော်မြတ်ဘုရားသည် ဝိဇယသုတ်ခေါ် ဤကာယ ဝိစ္ဆန္ဒနိကသုတ်ကို–

၁။ သာဝတ္ထိမြို့တော်၌ ဇနပဒ ကလျာဏီ နန္ဒာ ထေရီမကို အကြောင်းပြု၍ တကြိမ်။

၂။ ရာဇဂြိုဟ်မြို့တော်၌ သိရိမာကို အစွဲပြု၍ စိတ်ရောဂါ ရသော အညတရ ရဟန်းတော် တပါးကို အကြောင်းပြု၍တကြိမ် အားဖြင့် နေရာဌာန နှစ်ပါးတို့၌ နှစ်ကြိမ်နှစ်ခါ ဟောကြားတော် မူခဲ့ပါတယ်။

မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော် မူလာရာ ကပိလဝတ် နေပြည်တော်သို့ ရောက်လျှင် သာကီဝင် မင်းတို့ကို တရားဓမ္မဟောပြ ဆုံးမတော်မူပြီး နန္ဒမင်းသား အစရှိသော သူတို့ကို ရဟန်းပြုပေးတော် မူပါတယ်။ ထိုနောက် မာတုဂါမတို့အား ရဟန်းအဖြစ် ခွင့်ပြုတော် မူလေသော်။

၁။ အရှင် အာနန္ဒာ ထေရ်၏ နှမတော် နန္ဒာ၊

၂။ ခေမက သာကီဝင် မင်းသမီး အဘိရူပနန္ဒာ။

၃။ ဇနပဒေ ကလျာဏီ နန္ဒာ ဟူ၍ နန္ဒာအမည်ရှိသော မင်းသမီး သုံးယောက်တို့သည် မြတ်စွာဘုရား ထံတော်၌ ရဟန်းပြုကြတယ်၊ ထိုစဉ်အခါက မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ သီတင်း သုံးတော် မူပါတယ်။

ထိုမင်းသမီး သုံးယောက်တို့တွင်-အဘိရူပနန္ဒာသည် လွန်စွာ အဆင်းလှ၏၊ ကြည့်ရှုဘွယ်ကောင်းလှ၏။ ထို့ကြောင့် အဘိရူပနန္ဒာဟု မှည့်ခေါ်ခြင်း ဖြစ်သတဲ့။ ဇနပဒ ကလျာဏီနန္ဒာသည်လည်း အဆင်းအားဖြင့် မိမိနှင့်တူသော သူပင် မရှိ-ဟု ဆိုနိုင် လောက်သတဲ့။ ထိုမင်းသမီး နှစ်ယောက်တို့သည် ရဟန်းမိန်းမ ဘဝရောက်နေကြသော်လည်း မိမိတို့ ရုပ်အဆင်း လှပခြင်း၌ တပ်မက် ယစ်မူးကြလေသောကြောင့် "မြတ်စွာဘုရားသည် ရုပ်အဆင်း လှပခြင်းကို ကဲ့ရဲ့တော် မူသည်၊ ရုပ်အဆင်း၏ အပြစ်အမျိုးမျိုးကို ပြတော် မူတတ်သည်" ဟု မြတ်စွာဘုရား ထံတော်သို့ ဆည်းကပ်ခြင်း, ဖူးမြင်ခြင်းငှါ လုံးဝ မသွားရောက်ကြဘူးတဲ့။

ယင်းသို့ ဖြစ်လျှင် အဘယ့်ကြောင့် ရဟန်းပြုကြသနည်း-ဟု မေးဘွယ် ရှိပေတယ်။ အမှန်က အဘိရူပနန္ဒာသည် သာကီဝင် မင်းသားတဦးနှင့် လက်ထပ် ထိမ်းမြားသော နေ့၌ပင် လင်ဖြစ်သော မင်းသား ကွယ်လွန်သွားသတဲ့၊ ထိုအခါ အမိအဘတို့က အဘိရူပနန္ဒာကို သူမအလို မတူဘဲ ရဟန်းပြု၍ ပေးလိုက်ကြသတဲ့။

ဇနပဒ ကလျာဏီနန္ဒာသည်လည်း အရှင်နန္ဒ ထေရ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသော် မိမိအပေါ်၌ အလိုဆန္ဒ မရှိတော့၍ တကြောင်း၊ "ငါ၏ လင် နန္ဒသည်၎င်း, မယ်တော် မဟာပဇာ

ပတိ ဂေါတမီသည်၎င်း, ထိုမှုကြွင်းသော ဆွေမျိုးတို့သည်၎င်း, ရဟန်း ပြုကြကုန်ပြီ၊ ဆွေမျိုးတို့နှင့်ကင်း၍ အိမ်၌ နေရခြင်းသည် ပျော်ရွှင်ဘွယ် အလျင်းမရှိ၊ ဆင်းရဲလှဘိ၏" ဟု အိမ်၌ နေထိုင်ရခြင်း၌ စိတ်သက်သာမှုကို မရသည်ဖြစ်၍တကြောင်း ရဟန်းပြုသူဖြစ်တယ်၊ ဒါ့ကြောင့်မို့ ဒီအဘိ ရူပနန္ဒာနှင့် ဇနပဒ ကလျာဏီ နန္ဒာတို့ကား ယုံကြည်ချက်ရှိ၍ ရဟန်းပြုကြသူများ မဟုတ်ပေ၊ သဒ္ဓါပဗ္ဗဇိတများ မဟုတ်ဘူးတဲ့။

မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့ကို မဟာကရုဏာ ဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူသောအခါ ထိုအဘိ ရူပနန္ဒာ, ဇနပဒ ကလျာဏီနန္ဒာ ရဟန်းမ နှစ်ပါးတို့၏ ဉာဏ်ရင့်ကျက်ခြင်းကို မြင်သိတော်မူ၍ "ရဟန်းမိန်းမ အားလုံးပင် ငါဘုရား အထံတော်သို့ အဆုံးအမ ဩဝါဒ ခံယူရန် အစဉ်အတိုင်း လာရောက်ကြရမည်" ဟု မဟာ ပဇာပတိ ဂေါတမီအား မိန့်ကြားတော် မူပါတယ်။ သို့သော်လည်း ထိုရဟန်းမ နှစ်ပါးတို့ကား မိမိတို့အလှည့် အကြိမ်ရောက်လျှင် ကိုယ်တိုင်မသွားဘဲ သူတပါးကို စေလွှတ်ကြသတဲ့၊ ဘုရားနှင့်တွေ့မှာ တော်တော် ကြောက်ကြ ရှာတာဘဲနော်၊ ထို့နောက် တဖန် မြတ်စွာဘုရားက "မိမိအလှည့် အကြိမ်ရောက်လျှင် ကိုယ်တိုင်သာလျှင် လာရမည်၊ သူတပါးကိုမစေလွှတ်ရ" ဟု မိန့်ကြားတော် မူပြန်တယ်။

ထိုနောက် တနေ့သ၌ အဘိရူပနန္ဒာသည် မိမိအလှည့် အကြိမ်ရောက်သဖြင့် ဩဝါဒယူရန် မြတ်စွာဘုရားထံသို့ ကိုယ်တိုင် သွားရောက်လေလျှင် မြတ်စွာဘုရားက ထိုအဘိရူပနန္ဒာထေရီကို သူမထက် အဆပေါင်းများစွာ သာလွန်လှပသော နိမ္မိတမိန်းမရုပ်အဆင်းဖြင့် ထိတ်လန့် သံဝေဂ ရစေတော်မူပြီးလျှင်-

အဋ္ဌီနံ နဂရံ ကတံ၊ မံသ လောဟိတ လေပနံ။
ယတ္ထ ဇရာစ မစ္စုစ၊ မာနော မက္ခောစ ဩဟိတော။ (ဓမ္မပဒ-၃၉)။

နန္ဒေ၊ချစ်သမီး အဘိရူပနန္ဒာ။ ကဋ္ဌာနိ၊ သစ်သားတို့ကို။ဥဿာပေတွာ၊ စိုက်ထူ၍။ ဝလ္လိဗဒ္ဓံ၊ ကြိမ်နွယ်ဖြင့် ဖွဲ့ချည်အပ်သော။ မတ္တိကလေပနံ၊ မြေစိုင်မြေညက်ဖြင့် လိမ်းကျံအပ်သော။ နဂရံ၊ ကောက်ပဲထည့်စရာ ပကတိသော ကျီကြအိမ်ကို။ ကရောန္တိယထာ၊ ပြုလုပ်ကြကုန်သကဲ့သို့။ တထာ၊ ထိုနည်းမခြား အလားတူစွာ။ အဋ္ဌီနံ၊ သုံးရာသော အရိုးတို့ကို။ ဥဿာပေတွာ၊ ကောင်းစွာစိုက်ထူ၍၊ နှာရုဝိနဒ္ဓံ၊ ကိုးရာသော အကြောတို့ဖြင့် ဖွဲ့ယှက်ရစ်ပတ်အပ်သော။ မံသလောဟိတ လေပနံ၊ ကိုးရာသော အသားတစ်, တပြည်မျှ လောက်သော သွေးတို့ဖြင့် လိမ်းကျံအပ်သော။ နဂရံ၊ ရူပကာယခန္ဓာ ကိုယ်တည်းဟူသောအိမ်ကို။ ကတံ၊ ကောင်းစွာ အားထုတ် ပြုလုပ်အပ်၏။

ယတ္ထ၊အကြင်အိမ်၌။ ဇရာစ၊ ဆိုးရွားဟောင်းမြင်း-အိုမင်းခြင်း ဇရာတရား၎င်း၊ မစ္စုစ၊ စုတိပြတ်ကြွေ သေလွန်ခြင်း မရဏတရား၎င်း။ မာနောစ၊ ငါတကားဟု ထောင်လွှားခြင်း မာနတရား၎င်း။ ဣတိ၊ဤသို့။ ဝေရူပေါ၊ ဤသို့ သဘောရှိသော။ အာဗာဓော-ကိုယ်စိတ်နှစ်တန်၊ ဖန်ဖန်နှိပ်စက် ခံက်လှစွာ ကျင်နာခြင်းကို။ ဩဟိတော၊ မပျောက်ပျက်အောင်၊ ဆက်လက်ဆွဲဆောင် ထည့်သွင်း သိုလှောင်း၍ ထားအပ်လေတော့သတည်း။

ချစ်သမီးနန္ဒာ-ကောက်ပဲ အစရှိသည်တို့ကို ထည့်သွင်း သိုလှောင်ခြင်းငှါ သစ်သားတို့ကို စိုက်ထူ၍ ကြိမ်နွယ်တို့ဖြင့် ဖွဲ့ချည်ပြီး မြေစိုင် မြေညက်ဖြင့် လိမ်းကျံကာ ပကတိပြင်ပ ဖြစ်သော အိမ်ကို

ပြုလုပ်ကြသကဲ့သို့၊ ဤအတူ သုံးရာသော အရိုးတို့ကို စိုက်ထူ၍ ကိုးရာသောအကြောတို့ဖြင့် ဖွဲ့ယှက် ရစ်ပတ် ထားအပ်သော ကိုးရာသော အ သားတစ်, တပြည်မျှသော သွေးတို့ဖြင့် လိမ်းကျံအပ်သော အတွင်းအဇ္ဈတ္တိကဖြစ်သော ရူပကာယခန္ဓာကိုယ်အိမ်ကို တည်ဆောက်ပြုလုပ် ထားအပ်သတဲ့။

ဤခန္ဓာကိုယ်ဟူသော အိမ်ကြီး၌ အိုမင်းခြင်းဇရာတရား, သေလွန်ခြင်းမရဏတရား, ထောင်လွှားတက်ကြွခြင်း- မာနတရား, ဤသို့သော သဘောရှိသောဇရာ၊ မစ္စု (ဝါ) မရဏ- ဟူသော ကိုယ်၏အနာ, မာန- ဟူသော စိတ်၏အနာ ဟူသောနာကျင်ခြင်းကို ထည့်သွင်းသိုလှောင်ပြီး ထား အပ်တယ်။ ဤဓမ္မပဒလာ ဒေသနာတော်ဖြင့်ရှင်း-

အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။ (ထေရီဂါထာ၃-၂-၃၁၁)။

နန္ဒေ-ချစ်သမီး အဘိရူပနန္ဒာ။ အာတုရံ၊ အမြဲခါခါ, ဆင်းရဲကျင်နာလှစွာသော။ အသုစိံ၊ နှစ်မြို့ဘွယ်ကင်း, စင်ကြယ်ခြင်းမရှိသော၊ ပူတိံ၊ ဟောင်းနွမ်းညစ်ဆိုး, ပုတ်သိုးလေသော။ ဥဂ္ဃရန္တံ၊ အထက်သို့လည်း လျှံတက်ယိုစီးသော။ ပဃရန္တံ၊ အောက်သို့လည်းလျှောကျယိုစီးသော။ သမုဿယံ၊ လူအများတို့, လိုသားနှစ်သက်, စွဲမက်ချစ်ပို့, ခန္ဓာကိုယ်ကို။ ပဿ၊ ဉာဏ်စက္ခုဖြင့်, စေ့ငုသေချာ ရှုကြည့်စမ်းပါလော့။ တံသမုဿယံ၊ နာကျင်ခြင်းအစ, များလှဘေးရန်, ဝိုင်းရံ၍နေသော ထိုခန္ဓာ ကိုယ်ကို။ ဗာလာနံ၊ ပညာမျက်စိ, မရှိတိုက်ရိုက်, သူမိုက်တို့သည်။ အဘိပတ္ထိတံ၊ အလွန်အကြူး, အထူးစုံမက်, နှစ်သက်တောင့်တအပ် လေတော့သတည်း။

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တာ စရိဿသိ။ (ခု- ၂- ၃၁၁)။

နန္ဒေ- ချစ်သမီး အဘိရူပနန္ဒာ။ အနုပဿနံ၊ နိစ္စနိမိတ် စသည်မှ ကင်းဆိတ်သော အနိစ္စာ နုပဿနာကိုလည်း။ (ဝါ)အနိစ္စာနုပဿနာ,ဒုက္ခာနုပဿနာ,အနတ္တာနုပဿနာကိုလည်း။ ဘာဝေဟိ၊ မနေမနား, ကြိုးစား၍သာ, ပွားများပါလေလော့။ မာနာနုသယံ၊ ကိုယ်ဆန္တာန်ဝယ်, ငြိတွယ်ကိန်း ပြန်, အာဆင်းစသည်၌ ယစ်ခြင်းမာန်ကို။ ဥဇ္ဇဟ၊ သမုစ္ဆေဒ၊ ပဟာနဖြင့်,လုံးဝလွတ်ကင်း, အမြစ်ပါ ရှင်းအောင်, မယွင်းမတွန့်, ပယ်စွန့်ပါလေလော့၊ တတောမာနာဘိသယာ၊ ထိုသို့မာနာ,နုသယကို, သမုစ္ဆေဒပဟာနဖြင့်, လုံးဝကင်းလွတ်အောင် ပယ်ရှင်းခဲ့လေသောကြောင့်။ ဥပသန္တာ၊ ကိလေသာ ရန်, ပူပန်ခပ်သိမ်း, ကင်းငြိမ်းသည်ဖြစ်၍။ တွံ၊ အဘိရူပနန္ဒာ, အမည်ရှိသော သင်ချစ်သမီးသည်။ စရိဿသိ၊ သာသနာတန်ခိုး, အသိဉာဏ်တိုးသဖြင့်, ကောင်းကျိုးဖြာဝေ- နေရပေလိမ့်သတည်း။

ဤသို့ လာသော ထေရီဂါထာတို့ဖြင့်ရှင်း အဆုံးအမ ဩဝါဒ ပေးတော်မူသဖြင့် အဘိရူပ နန္ဒာထေရီ ဘိက္ခုနီမကို အစဉ်အတိုင်း အရဟတ္တဖိုလ်၌ တည်စေတော် မူပါတယ်။

ယခုပြောခဲ့တဲ့ အကြောင်းကတော့ အဘိရူပနန္ဒာ ထေရီမ ရဟန္တာ ဖြစ်သွားပုံ အရဟတ္တဖိုလ် ရောက်သွားပုံအကြောင်းများပင် ဖြစ်ပါတယ်။ နောက်ဇနပဒကလျာဏီ နန္ဒာ ထေရီ ဘိက္ခုနီမ ကလေးရဲ့ အကြောင်းကတော့ ဆည်လိုတဲ့ (ဒကာကြီးဦးစိန်)။

ဓာနေ့သဥ္ သာဝတ္ထိမြို့သူမြို့သား အပေါင်းတို့သည် နံနက်အခါ အလှူဒါနကို ပေးလှူကြ၍၊ ဥပုသ်သီလ ဆောက်တည်ကြပြီးလျှင် ကောင်းစွာ ဝတ်ကုန်လျက်, ကောင်းစွာရုံကုန်လျက်, နံ့သာ ပန်း စသည့်တို့ကို ဆောင်ယူကြကုန်လျက်၍ တရားတော်ကို ကြားနာကြရန် ဇေတဝန် ကျောင်းတော်သို့ သွားရောက် ကြပြီးလျှင်၊ တရားနာမှု ပြီးဆုံးသောအခါ မြတ်စွာဘုရားကို ဖူးမျှော်ကန်တော့၍ မြို့တွင်းသို့ ပြန်ဝင် သွားကြသတဲ့။

ဘိက္ခုနီမ အပေါင်းသည် တရားတော်ကို ကြားနာပြီးလျှင် ဘိက္ခုနီမ ကျောင်းတိုက်သို့ ပြန်သွားကြသတဲ့၊ ထိုသာဝတ္ထိမြို့တွင်း၌ လူအများရော ဘိက္ခုနီမများပါ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုနေကြပါတယ်၊ မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် ကြည်ညိုသော သူတို့သည် အမျိုးအစားအားဖြင့် လေးမျိုး ရှိပါတယ်။ ထိုလေးမျိုးကတော့-

၁။ ရူပပ္ပမာဏိက ပုဂ္ဂိုလ်-မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးငယ် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်သော ရူပကာယတော်ကို ဖူးမျှော်ရ၍ ကြည်ညိုသောသူတမျိုး။

သတ္တဝါအားလုံးကို သုံးပုံ ပုံလျှင် နှစ်ပုံသော သတ္တဝါတို့သည် ရုပ်ရည်အဆင်း တင့်တယ်ခြင်း၌ ကြည်ညိုကြတတ်ကြသတဲ့၊ လူတရာလျှင် ၆၆-ယောက် ဖြစ်ပါတယ်။

၂။ ဃောသပ္ပမာဏိကပုဂ္ဂိုလ်-မြတ်စွာဘုရား၏ အလောင်းတော်အဖြစ်ဖြင့် ပါရမီဖြည့်စဉ် များစွာသောဘဝ များစွာသော ဇာတ်တို့၌ လာရှိသော ဂုဏ်ကျေးဇူးသတင်း ကျော်စောခြင်း အသံကိုရင်း၊ သန့်ရှင်းခြင်း, သာယာခြင်း, သိလွယ်ခြင်း, နားယူချင့်ဘွယ်ရှိခြင်း, ဖရိုဖရဲ မကွဲခြင်း, စည်းလုံးခြင်း, နက်ရှိုင်းခြင်း, ပဲ့တင်ထပ်ခြင်းဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ကို ကြားနာရ၍ ကြည်ညိုသော သူတမျိုး။

သတ္တဝါအားလုံးကို ငါးပုံ ပုံလျှင် လေးပုံသော သတ္တဝါများက အသံတော်ကို ကြည်ညိုကြသတဲ့။ လူတရာလျှမ်-၈၀-ယောက် ရှိပါတယ်။

၃။ လူခပ္ပမာဏိကပုဂ္ဂိုလ်-သပိတ်သင်္ကန်း စသည် ခေါင်းပါးသည်၏ အဖြစ်ကိုရင်း, ဓုတင်ဆောင်ခြင်း အစရှိသော ခေါင်းပါးစွာ ကျင့်ကြံခြင်းကိုရင်း, တွေ့မြင်ရ၍ ကြည်ညိုသောသူတမျိုး။

သတ္တဝါအားလုံးကို ဆယ်ပုံ ပုံလျှင် ကိုးပုံသော သတ္တဝါများက ခေါင်းပါးစွာ ကျင့်ကြံမှုကို ကြည်ညိုကြသတဲ့။လူတရာလျှင်-၉၀-ယောက် ရှိပါတယ်။

၄။ ဓမ္မပ္ပမာဏိကပုဂ္ဂိုလ်-သီလ, သမာဓိ, ပညာစသော တရားတော်ကို အကြောင်းပြု၍ ကြည်ညိုသောသူတမျိုး။

သတ္တဝါအားလုံးကို အပုံတသိန်းပုံလျှင် တပုံသော သတ္တဝါများကသာ သီလသမာဓိပညာ စသော တရားတော်များကို ကြည်ညိုကြသတဲ့။ လူတသိန်းမှ တယောက်ဘဲ ရှိတယ်လို့ ဆိုရမယ်ပေါ့။ ဤသို့ဖြစ်၍ နေရာတိုင်းမှာပင် ဘုရားရှင်၏ ဂုဏ်သတင်းကို ခံတွင်းမဆဲ့ ချီးအံ့ပြောဆိုနေကြခြင်း ဖြစ်တယ်။

ဇနပဒ ကလျာဏီ နန္ဒာ ထေရီသည် ဘိက္ခုနီမ ကျောင်းတိုက်သို့ ရောက်၍ များစွာသော အကြောင်းတို့ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုနေကြကုန်သော ထိုသူတို့၏ စကားကို ကြားရ၍–

"ဤသူ, ဤသူတို့သည် ငါ၏မောင်တော်ဖြစ်သောမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆို နေကြပေကုန်၏၊ မြတ်စွာဘုရားသည် တနေ့ပတ်လုံးပင် ရုပ်ရည်အဆင်း လှပခြင်း၏ အပြစ်ကို ဆိုချင်ဆိုပါစေ၊ ငါသည် အဖေါ် ဘိက္ခုနီမတို့နှင့်အတူလိုက်၍ မြတ်စွာဘုရားကို ဖူးမြင်ပြီး တရားတော်ကို နာယူရပါမူ ကောင်းလေစွ" ဟု အကြံပြုကာ ဘိက္ခုနီမတို့အား မိခံလည်း မြတ်စွာဘုရား ထံတော် လိုက်ပါမည်အကြောင်း ပြောကြားလေလျှင် ဘိက္ခုနီမတို့သည် ထိုဇနပဒ ကလျာဏီ နန္ဒာ ထေရီ ဘိက္ခုနီမကလေးကို ခေါ်ဆောင်ကာ မြတ်စွာဘုရားထံသို့ တရားနာရန် သွားကြသတဲ့။

သုံးလူထွဋ်ထား မြတ်စွာဘုရားသည် ထိုနန္ဒာ ထေရီ ဘိက္ခုနီမ ယနေ့ ရောက်လာမည့် အဖြစ်ကို ကြိုတင် သိတော်မူ၍ ဆူးဖြင့် ဆူးကို ထွင်ယူသော ယောကျ်ားကဲ့သို့ ရုပ်ရည်အဆင်း လှပခြင်း၌ စွဲမက် ယစ်မူးနေသော ဇနပဒ ကလျာဏီ နန္ဒာ ထေရီကို အဆင်းဖြင့်သာလျှင် ပယ်ဖျောက်ခြင်းငှါ မိမိ၏ တန်ခိုးအစွမ်းဖြင့် အသက်-၁၅နှစ်၁၆-နှစ် အရွယ်ရှိသော အလွန်လှပတင့်တယ် ကြည့်ရှုဘွယ်ရှိသော မိန်းမငယ်ကို ကိုယ်တော်မြတ်၏နံပါး အနီး၌ ရပ်ဘည်ကာ ယပ်လေ ခပ်နေဟန် ဖန်ဆင်းပြီး ထားတော်မူပါတယ်။

နန္ဒာ ထေရီသည် ဘိက္ခုနီမတို့နှင့် အတူတကွ ဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီး ဘိက္ခုနီမ အပေါင်း၏ အလယ်၌ ထိုင်နေလျက် ခြေဘဝါးမှစ၍ ဆံဖျားတိုင်အောင် မြတ်စွာဘုရား ရုပကာယ၏ အသရေတော်ကို ဖူးမျှော်ပြီးနောက် မြတ်စွာဘုရား၏ နံပါးတော်အနီး၌ ယပ်လေခတ်ကာ တည်နေသော ထိုနိမ္မိတမိန်းမရုပ်ကို တွေ့မြင်ရလေလျှင် သေသေချာချာ စူးစူးစိုက်စိုက် ကြည့်ယင်းကြည့်ယင်း"အဟောအယံ ဣတ္ထိ ရူပဝတီ-သြော်-ဤမိန်းကလေးသည် ရုပ်ဆင်းအင်္ဂါ တင့်တယ် လှပပေစွတကား" ဟု မိမိ၏ ရုပ်ရည် အဆင်း၌ ယစ်မူးခြင်းကို ပယ်စွန့်၍ ထိုမိန်းကလေး၏ ရုပ်ရည် အဆင်းလှပခြင်း၌သာ လွန်စွာ စာပ်မက်မူ ဖြစ်နေတော့သတဲ့။

ထိုအခါ မြတ်စွာဘုရားက ထိုနိမ္မိတရုပ်မိန်းကလေးကို အသက်-၂၀-ရွယ်ပြု၍ ပြတော် မူလိုက်တယ်။ ထိုမိန်းကလေး၏ ရုပ်ရည်အဆင်း ယုတ်လျော့ခြင်းကို နန္ဒာ ထေရီ မြင်ရလျှင် ထိုမိန်းကလေး အပေါ်၌ တပ်မက်မှုဆန္ဒ ရာဂပါး၍ သွားတော့သတဲ့၊ ထိုအခါ မြတ်စွာဘုရားကလည်း နိမ္မိတ ရုပ်မိန်းကလေးကို သားမဖွားမီအရွယ်, တကြိမ် သားဖွားပြီးအရွယ်, မိန်းမလတ်အရွယ်, မိန်းမကြီး အရွယ်, ဤသို့ အနှစ်တရာရွယ်ထိ၊ ဆံဖြူ, ခါးကုန်လျက်, တောင်ဝှေးလက်ဆွဲ နေရသည် ပြုပြီးလျှင် နန္ဒာ ထေရီ ကြည့်ရှုနေစဉ်ပင် ထိုနိမ္မိတရုပ် မိန်းမ၏ သေဆုံးသွားပုံ, ဖူးဖူးယောင်ကြွလာပုံ, မကောင်းသော အနံ့များ နံစော်နေသဖြင့် စက်ဆုပ်ရွံရှာဘွယ် အဖြစ်ကို ပြတော်မူပါတယ်။

နန္ဒာယ တံကမ္မံ ဒိသွာ "ဇေမေဝံ မမပိ အညေသမ္ပိ သဗ္ဗသာ ဓာရဏော အယံကမော တိအနိစ္စသညာ သဏ္ဌာသိ၊ တဒနုသာ ရေနစ ဒုက္ခာ နတ္တသညာပိ။ တယောဘဝါ အာဒိတ္တမိဝ-အာဂါရံအမ္ဗုဋ္ဌိသရဏာ ဟုတွာ ဥပဋ္ဌဟိံသု။

(သုတ္တ-၄-ပ-၁၃၅-ဝိဇယသုတ္တ ဝဏ္ဏနာ)။

တံကမံ၊ ထိုနိမိတ်ကို မိန်းမရုပ်၏ ဖြစ်ပျက်မှု **အစဉ်ကို**။ ဒိသွာ၊ မျက်မှောက်ရှေ့တွင် တွေ့မြင် ရလေသော်။ နန္ဒာယ၊ ဇနပဒ ကလျာဏီ နန္ဒာ ထေရီ၏။ စိတ္တေ၊ စိတ်သန္တာန်၌။ "ဝေမေဝံ၊ ဤ ယခု ငါရှုမြင်ရသော မိန်းမအတူပင်၊ အယံကမော၊ ဤမြင်မှုအစဉ်သည်။ မမပိ၊ ငါအားရှင်း။ အညေသမ္ပိ၊ ငါမှတပါး အလုံးစုံသော သတ္တဝါတို့အားရှင်း။ သဗ္ဗသာဓာရဏော၊ လုံးစုံများစွာ သတ္တဝါမှန်သမျှတို့နှင့် ဆက်ဆံသော သဘောရှိပေစွတကား။ "တ္တတိ၊ ဤသို့။ မနသိကတွာ၊ နှလုံး သွင်းကာ ရှုဆင်ခြင်၍။ အနိစ္စသညာ၊ အနိစ္စသညာသည်။ သဏ္ဌာသိ၊ ကောင်းစွာ ထည်လေပြီ။ တဒ နုသာရေနစ၊ ထိုအနိစ္စသညာနောက်သို့ အစဉ်လိုက်**သ**ဖြင့်လည်း။ ဒုက္ခာ နတ္တသညာပိ၊ ဒုက္ခသညာ အနတ္တသညာတို့**သ**ည်လည်း။ သဏ္ဌဟိံသု၊ ကောင်းစွာတည်ကြလေကုန်ပြီ။ တယောဘဝါ၊ ဘဝ သုံးပါးတို့သည်။ အာဒိတ္တာ၊ အလျှံတပြောင်ပြောင် မီးတောက်လောင်းသော။ အဂါရံဣဝ၊ အိမ် ကဲ့သို့။ အပ္ပဋိသရဏာ၊ အားထားလောက်ဘွယ် ကိုးကွယ်ရာ မရှိကုန်သည်၊ ဟုတွာဖြစ်ကုန်၍။ ဥပဋ္ဌဟိံသု၊ သံသရာဘေးရန် အဖြစ်မှန်ကို ကေန်သိမြင် ထင်လာ**လေ**ကုန်ပြီတကား။

ဓမ္မဋ္ဌာန်း အာရုံ၌ ပြေးဝင်နေသော နန္ဒာထေရီ၏ စိတ်အစဉ်ကို သိမြင်တော်မူသော မြတ်စွာ ဘုရားသည် ထိုနန္ဒာထေရီ ဘိက္ခုနီမနှင့် လျောက်ပတ်သည်၏ အစွမ်းအားဖြင့် ဤဂါထာ ၂-ပုဒ် ကို ဟောကြားတော် မူပါတယ်။

(က) အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။
(ရှေးကအတိုင်းပေးပါ)

(ခ) ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
ဓာတုယော သုညတော ပဿ၊ မာ လောကံ ပုနရာဂမိ။
ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တော စရိဿသိ။ (ခု-၁-၃၈၀)။

နန္ဒေ၊ ချစ်သမီးနန္ဒာ။ ဣဒံ အဇ္ဈတ္တိကသရီရံ၊ ဤအဇ္ဈတ္တဖြစ်သော သင်၏ ကိုယ်သည်။ အနိစ္စာ ဒိဓမ္မယထာ၊ အနိစ္စစသော သဘောရှိသကဲ့သို့။ အာတုရာဒိဓမ္မံယထာ၊ ကျင်နာခြင်းစသော သဘော ရှိသကဲ့သို့။ တထာ၊ ထိုနည်းမခြား အလားတူ။ ဧတံဗဟိဒ္ဓသရီရံ၊ ထိုဗဟိဒ္ဓ သင်မြင်ရသည် အပြင် အပကိုယ်သည်၊ အနိစ္စာဒိဓမ္မံ၊ အနိစ္စစသော သဘောရှိ၏။ အာတုရာဒိဓမ္မံ၊ ကျင်နာခြင်းစသော သဘောရှိ၏။ ဧတံဗဟိဒ္ဓသရီရံ၊ ထိုဗဟိဒ္ဓ သင်တွေ့မြင်ရသော အပြင်ပကိုယ်သည်။ အနုပုဗ္ဗ ဝယော ဂုဏ ဇဟန ဝသေန၊ အစဉ်အတိုင်း အရွယ်ကို စွန့်သည်၏ အစွမ်းအားဖြင့်။ ဥဒ္ဓုမာတကာ ဒိဘာဝပတ္တံ ယထာ၊ ဖူးဖူးယောင်သော သူသေကောင် စသည်အဖြစ်သို့ ရောက်သကဲ့သို့၊ တထာ၊ ထိုနည်းမခြား အလားတူ။ ဣဒံအဇ္ဈတ္တသရီရံ၊ ဤအဇ္ဈတ္တဖြစ်သော သင်၏ကိုယ်သည်။ အနုပုဗ္ဗဝယော ဂုဏဇဟန ဝသေန၊ အစဉ်အတိုင်းအရွယ်ကို စွန့်သည်၏အဖြစ် အစွမ်းအားဖြင့်။ ဥဒ္ဓုမာတကာ ဒိဘာဝပတ္တံ၊ ဖူးဖူး ယောင်သော သူသေကောင် စသည်၏အဖြစ်သို့ ရောက်သည်။ ဘဝိဿတိ၊ ကေန်စင်စစ် ဖြစ်ပေလတံ့။

တွံ၊ သင်ချစ်သမီးသည်။ ကာယဒွယံ၊ အဇ္ဈတ္တ ဗဟိဒ္ဓ ကိုယ်ကာယ နှစ်ပါးအပေါင်းကို။ ဓာတုသော၊ ပဌဝီဓာတ် စသောအားဖြင့်။ သုညတော၊ အတ္တ,အတ္တနိယ စသည်မှ ဆိတ်သောအား၊

ဖြင့်။ ပဿ, ပဿာဟိ၊ ဝိပဿနာဉာဏ်စက္ခုဖြင့် စေ့စေ့ငုငု ကြည့်ရှုပါလေလော့။ လောကံ၊ ဥပါဒါနက္ခန္ဓာဟူသော လောကသို့။ မာပုနရာဂမိ၊ တဖန်ပြန်ကာ ရောက်မလာချင် လေလင့်။ဘဝ၊ကာ-ရူပ-အရူပဟု၊ ဘဝသုံးရပ် ဘုံသုံးထပ်၌။ ဆန္ဒံ၊ လိုချင်တပ်မက်, နှစ်သက်လေရာ, တဏှာဆန္ဒကို။ ဝိရာဇေတွာ၊ သမုစ္ဆေဒ, ပဟာနဖြင့် ပယ်ချဖြတ်ရှင်း ကင်းလွတ်စေ၍၊ (ဝါ) ကင်းစေသည်ရှိသော်။ တွံ၊ သင်ချစ်သမီးသည်။ ဥပသန္တာ၊ ကိလေသာရန် ပူပန်ခပ်သိမ်း၊ အေးငြိမ်းသည်ဖြစ်၍။ စရိဿသိ၊ ဘဝနောင်ခါ, ဘေးရန်ကွာသဖြင့်, ချမ်းသာအေးမြ, နေရပေလိမ့်သတည်း။

တရား ဒေသနာဂါထာအဆုံး၌ ဇနပဒ ကလျာဏီ နန္ဒာ ထေရီ ဘိက္ခုနီမသည် သောတာပတ္တိဖိုလ်၌ တည်သွားပါတယ်၊ ထိုအခါ မြတ်စွာဘုရားသည် နန္ဒာ ထေရီမ၏ အထက် မဂ်ဖိုလ်တို့ကို ရစေခြင်းအကျိုးငှါ သုညတ အခြံအရံရှိသော ဝိပဿနာ ကမ္မဋ္ဌာန်းကို ဟောကြားတော် မူလို၍ ဣဇ္ဈိဝိဇယသုတ္တန်ကို ဆက်လက်၍ ဟောကြားတော် မူပါတယ်။

နန္ဒာ ထေရီမသည် ဣဇ္ဈိဝိဇယသုတ္တန်ကို နာယူပြီးလျှင် ယင်းတရားတော်ကို အဖန်ဖန် နှလုံးသွင်းကာ သုညတ ကမ္မဋ္ဌာန်း ကြိုးပန်း၍ စီးဖြန်း အာ ထုတ်လေလျှင် နှစ်ရက် သုံးရက်အတွင်းမှာ ပင်အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ သွားသတဲ့။

ဣဇ္ဈိဝိဇယသုတ္တန်ခေါ် ကာယဝိစ္ဆိန္ဒနိကသုတ်ကို မြတ်စွာဘုရား ပထမဆုံး ဟောတော်မူခြင်း၏ အကြောင်းထုပ္ပတ္တိ ဖြစ်ပါတယ်၊ ဒုတိယအကြိမ် ဟောတော် မူရခြင်း အကြောင်းကတော့-

သုံးလောက ထွဋ်ထား မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ သာလဝတီ အမည်ရှိသော ပြည်တန်းဆာမ၏သမီး ဆရာဇီဝက၏ နှမ သိရိမာ အမည်ရှိသော ပြည်တန်းဆာမသည် သုမန သူဌေးသားနှင့်အတူ နေစဉ် သုမနသူဌေးသားကတော့ ပုဏ္ဏက သူဌေး၏သမီး ဥတ္တရာမည်သော ဥပါသိကာမကို ပြစ်မှားမိ၍ ရဟန်းသံဃာနှင့်တကွ မြတ်စွာဘုရားကို ပင့်၍ ဆွမ်းကပ်ကာ တောင်းပန်ကန်တော့ပွဲ ပြုလုပ်ရာ ဆွမ်းအနုမောဒနာအဖြစ် မြတ်စွာဘုရား ဟောကြားတော် မူအပ်သော- "အက္ကောဓေန ဇိနေ ကောဓံ" အစရှိသော တရားတော်ကို ကြားနေရသဖြင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက် ခဲ့ပါတယ်၊ သိရိမာသည် သောတာပန်ဖြစ်သော အခါမှစ၍ နေ့စဉ် သံဃာတော်ရှစ်ပါးကိုနိစ္စဘတ်ဝတ် ပြုစုလှူဒါန်းလေ့ ရှိတယ်တဲ့။

ထိုအခါ ရဟန်းတော် တပါးသည် သိရိမာ၏ အိမ်မှ အဋ္ဌကဘတ် ဆွမ်းဝတ်ကိုရ၍ ဘုဉ်းပေးပြီးလျှင် ရာဇဂြိုဟ်မြို့မှ သုံးယူဇနာ ဝေးသောအရပ်၌ ကျောင်းတကျောင်းသို့ ကြွသွားပါတယ်၊ အာဂန္တုရဟန်း မထေရ်ကြီးထံ ဆည်းကပ်သောအခါ ကျောင်းနေ ရဟန်းတို့က "ငါ့ရှင် သင်သည် ယနေ့နံနက် အဘယ်က ဆွမ်းကိုရ၍ ကြွလာခဲ့သနည်း" ဟု မေးမြန်းကြလေလျှင် သိရိမာ၏ အဋ္ဌကဘတ်ဆွမ်းကို ရရှိသဖြင့် ဘုဉ်းပေးပြီး လာခဲ့ပါသည်-ဟု လျှောက်ထား ပြောဆိုလေတော့တယ်။

"ငါ့ရှင် သိရိမာက ကောင်းကောင်းမွန်မွန် မျှမျှတတ ဖြစ်အောင်မှ လှူဒါန်းပါရဲ့လား"ဟု မေးမြန်းပြန်လျှင် "သိရိမာ လှူဒါန်း ဆက်ကပ်သော ဆွမ်းကို ချီးမွမ်း မပြောဆို နေဘွယ်ပင် မလိုတော့ပါ။ အလွန် ကောင်းမွန်စွာ ပြုပြင် လှူဒါန်းပါတယ်၊ တပါးရသော ဆွမ်းပင် သုံးပါး, လေး

ပါး လုံလောက်ပါတယ်၊သူမ လှူဒါန်းသော ဆွမ်းထက် သူမကို မြင်တွေ့ရခြင်းကြောင့်ပင် သာလွန်၍ မြတ်လှပါတယ်" ဟု ပြောဆို လျှောက်ထားလေတယ်။

ထိုအခါ ရဟန်းတော် တပါးသည် သီရိမာ၏ ဂုဏ်ကျေးဇူးကို ကြားရ၍ သီရိမာကို မမြင်ရဘဲလျက်ပင် ချစ်ခင်ခြင်းကို ဖြစ်စေ၍ "ငါသည် သွား၍ ထိုသီရိမာကို ကြည့်ရှုခြင်းငှါ သင့်မည်" ဟု-မိမိ၏ ဝါစဉ်ကို ပြောကြားပြီးလျှင် ထိုအာဂန္တု ရဟန်းကို မေးမြန်းလေလျှင် "ငါ့ရှင် ယခု သင်သွားလျှက် နက်ဖြန်နံနက် ထိုသီရိမာ၏ အိမ်၌ ငါ့ရှင် ပင်လျှင် သံဃာ့ထေရ်ဖြစ်၍ အဋ္ဌကဘတ်ကို ခံယူရရှိပေလိမ့်မည်" ဟု ပြောသံကိုကြား၍ ထိုခဏ၌ပင်လျှင် သပိတ်သင်္ကန်းကိုယူ၍ ရာဇဂြိုဟ်မြို့သို့ ကြွသွားသည်ရှိသော် နံနက် အရုဏ်တက်ချိန်တွင် စာရေးတံ မဲရုံသို့ ရောက်သဖြင့် မဲရုံဝင်ကာ ရပ်တည်နေလျှင် သံဃာ့ထေရ်ဖြစ်၍ ထိုသီရိမာ၏ အဋ္ဌကဘတ်ဆွမ်းကို ခံယူရရှိလေသတဲ့၊ အပင်ပန်းခံကာ သွားရကျိုး နပ်သွားသေးတယ်လို့ ဆိုရမှာပေါ့နော်။

သီရိမာသည်ကား ယမန်နေ့နံနက် ဆွမ်းကပ်ပြီးချိန်မှာပင် သူ၏ကိုယ်၌ သေမည့် အနာရောဂါစွဲကပ်လာသဖြင့် ဝေဒနာဒဏ်ကို ပြင်းထန်စွာ ခံစားပြီး နေရပြီ ဖြစ်သတဲ့၊ သို့ဖြစ်၍ သီရိမာသည် ဝတ်စားတန်ဆာတို့ကို ချွတ်ကာ အိပ်ရာညောင်စောင်းထက်၌ လျောင်းစက်၍သာ နေရရှာတယ်၊ ထိုအခါ သီရိမာ၏ အစေအပါး ကျွန်မတို့သည် အဋ္ဌကဘတ် ဆွမ်းဝတ်ကို ရရှိကြ၍ ကြွလာကြကုန်သော ရဟန်းတို့ကိုမြင်၍ သီရိမာအား ပြောကြားလေလျှင် သီရိမာသည် ကိုယ်တိုင်သပိတ်ကို လှမ်းယူ၍နေရာပေးခြင်း, ပြုစုလုပ်ကျွေးခြင်းငှါ မစွမ်းနိုင်သဖြင့် "အမိတို့-အရှင်မြတ်တို့၏ သပိတ်တို့ကိုယူပြီး နေရာထိုင်ခင်းပေး၍ ယာဂုကို သောက်သုံးတော် မူကြစေ၍ ခဲဘွယ်ကို ကပ်လှူ၍ ဆွမ်းအချိန်၌ သပိတ်ပြည့်အောင် လောင်းလှူကြကုန်လော့" ဟု ကျွန်မတို့အား ညွှန်ကြား စေခိုင်းသဖြင့် ကျွန်မတို့သည် အလုံးစုံသော ပြုလုပ် ဆောင်ရွက်ဘွယ် ကိစ္စတို့ကို ပြုလုပ်ကြပြီးလျှင် သီရိမာအား အလုံးစုံ ပြုလုပ်ပြီးကြောင်း ပြောကြားကြလေသတဲ့။

သီရိမာသည် "အမိတို့ ငါ့ကို အရှင်မြတ်တို့ အနီးသို့ ပို့ဆောင်ပေးကြပါကုန်၊ ငါသည် အရှင်မြတ်တို့ကို ရှိခိုးပါဦးအံ့"ဟု ပြောဆို၍ ကျွန်မတို့က သီရိမာကို ပွေ့ချီကာ ရဟန်းတော်များ အနီးသို့ ပို့ဆောင်ပေးကြလျှင် သီရိမာသည် ပြကတိ မတည်နေနိုင်ရှာဘဲ တုန်လှုပ်သောကိုယ်ဖြင့် ရဟန်းတော်တို့ကို ရိုသေမြတ်နိုး ရှိခိုးလေတယ်။

သီရိမာကို မမြင်ရမီက ချစ်ခင်နေသော ထိုရဟန်းသည် သီရိမာကို စူးစူးစိုက်စိုက် သေသေချာချာ ကြည့်ရှု၍ "သီရိမာသည် မကျန်းမာပဲလျက်ပင် ဤမျှ တင့်တယ် လှပသေး၏။ ကျန်းမာသောအခါ၌ အလုံးစုံသော ဝတ်စားတန်ဆာတို့ဖြင့် ဆင်မြန်းအပ်သော ဤသီရိမာ၏ ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်းကား အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း" ဟု အကြံဖြစ်လေတော့ဘယ်။

ထိုအခါ ထိုရဟန်း၏ သန္တာန်၌ နှစ်ကုဋေပေါင်း များစွာ စုဆောင်း၍ ထားအပ်သကဲ့သို့သော ကိလေသာရာဂသည် ထကြွ သောင်းကြမ်း၍ လာတော့သတဲ့၊ ထိုရဟန်းသည် မည်သည့် အရာကိုမျှ မသိနိုင်တော့ဘဲ ဆွမ်းကိုလည်း မစားနိုင်တော့ဘဲ သပိတ်ကိုယူကာ ကျောင်းသို့ ပြန်ခဲ့ပြီး သပိတ်ကို ပိတ်၍ တနေရာ၌ ထားကာ သင်္ကန်းကို ဖြန့်ခင်းပြီး စင်းစင်းကြီး အိပ်စက်လေတော့တယ်တဲ့၊ ကိုယ်တော်ခမြာ "ဆွမ်းခံရင်း ငှက်သင့်" ပြီးလာရှာပေါ့ (ဒကာကြီးဦးစိန်)။

ထိုအခါ ထိုရဟန်းကို အဖေါ်ဖြစ်သော ရဟန်းတပါးက ဆွမ်းစားရန် တိုက်တွန်း တောင်းပန်သော်လည်း ဆွမ်းစားစေခြင်းငှာ မတတ်နိုင်ပဲ ဖြစ်နေတယ်၊ ထိုရဟန်းသည် ဆွမ်းအစာကို ဖြတ်၍ အငတ်ခံကာ နေတော့တယ်တဲ့။

တသို့ တထာ နိပန္နယေဝ သိရိမာ ကာလံကတွာ ယာမဘာဝနေ သုယာမဿ ဒေဝီ အဟောသိ။ (သုတ္တ-၄-ပ-၂၃၆-ဝိဇယသုတ္တ)။

တသို့၊ သိရိမာ၏ ရုပ်ရည်အဆင်း၌ ပြင်းစွာတပ်စွန်းသော ထိုရဟန်းသည်။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်၊ နိပန္နေယေဝ၊ အစာကိုဖြတ်လျက်, လျှောင်းစက် နေသော်သာလျှင် သိရိမာ၊ သိရိမာသည်။ ကာလံကတွာ၊ စုတိပြတ် ကြွေသေလွန်၍ ယာမဘာဝနေ၊ ယာမာဘုံ၌။ သုယာမဿ၊ သုယာမနတ်မင်း၏။ ဒေဝီ၊ နတ် မိဖုရားသည်။ အဟောသိ၊ ဖြစ်လေပြီ။

သိရိမာကို စွဲလန်းနေတဲ့ ရဟန်းတော်အရှင်မြတ်ကတော့ ဆွမ်းတောင်မစားနိုင်ဘဲ အိပ်ရာထဲမှာ လဲနေဆဲမှာပင်- သိရိမာကတော့ ကွယ်လွန်ပြီး၍ ယာမာဘုံသို့ ရောက်ရှိကာ သုယာမနတ်မင်းကြီးရဲ့ နတ်မိဖုရားတပါးဖြစ်ပြီး ပျော်ရွှင်ချမ်းမြေ့စွာ နတ်တို့၏ သုခချမ်းသာကို ခံစားပြီးနေတယ်။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား၏အထံတော်သို့ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား – ဆရာဇီဝက၏ နှမငယ် သိရိမာသည် ကွယ်လွန်ပါလေပြီ"ဟု သတင်းစကားကို လျှောက်ထားစေတယ်၊ မြတ်စွာဘုရားကလည်း ထိုသတင်းစကားကို ကြားလေလျှင် "သိရိမာ၏ ဥတုဇ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်မှု မပြုလေနှင့်ဦး၊ သုသာန်၌ ခွေး-စသည် မခဲစားအောင် ထား၍ စောင့်ရှောက်ကြကုန်လော့"ဟု ဗိမ္ဗိသာရမင်းကြီးထံသို့ သတင်းစကား ပြန်ကြားအမိန့်ရှိတော်မူလိုက်သတဲ့၊ မင်းကြီးကလဲ ဘုရား အမိန့်ရှိတော်မူတဲ့အတိုင်းပင် ပြုလုပ်ပြီး ထားသတဲ့။

သိရိမာ၏ ရုပ်အလောင်းကောင်သည် လေးရက်မြောက်နေ့၌ ဖူးဖူး ယောင် ထလာတယ်၊ ကိုးပေါက်သော ဒွါရအမာခဝတို့မှ ပိုးလောက်တို့သည် တဖွားဖွား ယိုထွက်လာကြတယ်၊ တကိုယ်လုံးသည် ကွဲအက်ကာ သလေးထမင်းအိုးကွဲသို့ ပွက်ပွက်ထနေတော့တယ်။ ဗိမ္ဗိသာရ မင်းကြီးသည် မြို့တွင်း၌ "အိမ်စောင့် ကလေးသူငယ်ကိုထား၍ သိရိမာ၏ ဥတုဇ ရုပ်ကလာပ်ကိုကြည့်ရှုရန် မလာရောက်သောသူအား အသပြာရှစ်ကျပ် ဒဏ်သားမည်"ဟု စည်လှည့် ကြွေးကြော်ပြီးလျှင် မြတ်စွာဘုရားအထံတော်သို့လည်း "မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာအပေါင်းသည် သိရိမာ၏ ဥတုဇ ရုပ်ကလာပ်ကို ကြည့်ရှုရန် ကြွလာတော်မူစေချင်ပါသည်" ဟု ပင့်လျှောက်ထားလေတယ်။ မြတ်စွာဘုရားသည် ရဟန်းတော်များအား "သိရိမာ၏ရုပ်ကလာပ်ကို ကြည့်ရှုရန် ကြွသွားကြကုန်အံ့" ဟု မိန့်ကြားတော်မူပါတယ်။

သိရိမာကို ချစ်ခင်စွဲလန်းနေသော ထိုရဟန်းငယ်သည် လေးရက်ပတ်လုံး တစုံတယောက်သောသူစကားကိုမျှ မနာယူဘဲ ဆွမ်းအစာဖြတ်ကာ လျှောင်းအိပ်နေသတဲ့။ သပိတ်တွင်းရှိ ဆွမ်းများလဲ သိုးပုပ်နေကုန်ပြီ၊ သပိတ်၌ အညစ်အကြေး ထလျက် နေပေပြီ။ ထိုအခါ ထိုရဟန်း၏ အပေါင်းအဖော်ဖြစ်သော ရဟန်းတပါးသည် ထိုရဟန်းထံချဉ်းကပ်၍ "ငါ့ရှင်-မြတ်စွာဘုရားသည် သိရိမာ၏ရုပ်ကလာပ်ကိုကြည့်ရှုရန် ကြွသွားမည်တဲ့"ဟု ပြောဆိုလေလျှင်, ထိုမျှလောက် ဆာလောင်

မွှတ်သိပ်ခြင်း ပြင်းထန်စွာ နှိပ်စက်နေပါလျက်, သီရိမာ-ဟု ပြောသံကိုကြား သဖြင့် အဆောတလျင် ထကာ "ငါ့ရှင်-အသို့ဆိုသနည်း"ဟု မေးမြန်းလေတော့တယ်။

အဖော်ဖြစ်သော ရဟန်းက "မြတ်စွာဘုရားသည် သီရိမာကိုကြည့်ရှုရန် ကြွတော်မူမည် ဖြစ်တယ်၊ ငါ့ရှင်-သင်လည်း လိုက်ပါမည်လော"ဟု မေးလေလျှင် "အိမ်း-လိုက်အံ့"ဟု ဆွမ်း အသိုး, အပုပ်များကို စွန့်ပစ်ကာ, သပိတ်ကိုဆေးပြီး အိတ်၌ထည့်၍ ရဟန်းသံဃာများနှင့်အတူ လိုက်ပါ လာခဲ့တယ်၊ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် သင်္ချိုင်းအရပ်ဝယ် တခုသော တံခါး အရပ်၌ ရပ်တည်ကာ နေတော်မူပါတယ်။ ဘိက္ခုနီ, သံဃာနှင့် မင်းပရိသတ်, ဥပါသကာ, ဥပါ သိကာမ ပရိသတ်များကား နံပါးယှဉ်ဖက်၌ ရပ်တည်နေကြကုန်သတဲ့။

မြတ်စွာဘုရားသည် မင်းကြီးအား "မြတ်သော မင်းကြီး-ဤ သူမတား အဘယ်သူနည်း"ဟု မေးတော်မူလျှင်, ဗိမ္ဗိသာရမင်းကြီးက "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား-ဆရာ ဇီဝကဏ်၏ နှမငယ် သီရိမာ ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားလေတယ်။ ထိုအခါ မြတ်စွာဘုရားက "မြတ် သော မင်းကြီး-သီရိမာဖြစ်လျှင် မြို့တော်အတွင်း၌ 'အသပြာတထောင်ကိုပေး၍ သီရိမာကို ယူကုန် လော'ဟု စည်လှည့်လေလော့"ဟု မိန့်ကြားတော်မူပြန်သဖြင့် မင်းကြီးကလည်း ဘုရားရှင် မိန့်ကြား သည့်အတိုင်း ပြုလုပ် ရွက်ဆောင်ပါတယ်၊ တစုံတယောက်သောသူမျှ "ဟုံ"ဟူ၍၎င်း, "ဟုံ"ဟူ၍၎င်း ပြောဆိုသောသူ မရှိဘူးတဲ့။

မင်းကြီးသည် မြတ်စွာဘုရားအား "အရှင်မြတ်ဘုရား-တဦးတယောက်မျှ မယူကြပါ"ဟု လျှောက်ထားလေလျှင်, မြတ်စွာဘုရားက "မြတ်သော မင်းကြီး-ထိုသို့ဖြစ်လျှင် တန်ဘိုးကို လျှော့ချ လေလော့"ဟု မိန့်ကြားတော်မူပြန်ပါတယ်။

ဗိမ္ဗိသာရမင်းကြီးသည် "အသပြာငါးရာကိုပေး၍ သီရိမာကို ယူကြကုန်"ဟု စည်ကို လှည့် လည်စေသော်လည်း တစုံတယောက်သော ယူသူကို မတွေ့,မမြင်ရ၍ အသပြာ နှစ်ရာ့ငါးဆယ်, နှစ်ရာ, တရာ, ငါးဆယ်, နှစ်ဆယ့်ငါး, ဆယ်သပြာ, ငါးသပြာ, တသပြာ, သပြာဝက်,တမတ်,တပဲ, တချင်ရွေးကိုပေး၍ သီရိမာကို အလိုရှိသူ ယူကြကုန်လော့"ဟု စည်လှည့်စေတယ်။ ထို သီရိမာကိုယူသူ တယောက်မျှ မရှိပေ။ "မုဓာပိဂဏှန္တု၊ သီရိမာကို အချည်းနှီးလည်း ယူကြကုန်လော့"ဟု စည်လှည့် သော်သည်း "ဟံ"ဟူ၍၎င်း, "ဟုံ"ဟူ၍၎င်း ပြောဆိုသောသူမည်သည် မရှိ။

ဗိမ္ဗိသာရမင်းကြီးသည် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား-သီရိမာကို အချည်းနှီး, အလကားပေးသော်လည်း ယူမည့်သူ မရှိပါ"ဟု လျှောက်ထားလေတော့တယ်။

ထိုအခါမှ ယာမာဘုံ၌ နတ်မိဖုရားဖြစ်နေသော သီရိမာ နတ်သမီးသည်လည်း နတ်ရထား ငါးရာ ခြံရံလျက် ထို သုသာန်အရပ်သို့ ရောက်ရှိပြီးလာသတဲ့။

ထိုအခါ သုံးလောကထွဋ်ထား မြတ်စွာဘုရားသည်-

"ချစ်သား ရဟန်းတို့-လူအပေါင်းသည် ချစ်ခင်အပ်သော သီရိမာမည်သော မာတုဂါမကို ရှုကြည့်ကြကုန်လော့၊ ဤမြို့၌ အသပြာတထောင်ပေးမှ ရှေးအခါက တနေ့ရသည်၊ ယခုအခါ အချည်းနှီး, အလကားယူသူပင် မရှိတော့၊ ဤသို့ သဘောရှိသော ရုပ်တရားမည်သည် ကုန်ဆုံးပျက်

စီးခြင်းသို့ ရောက်တတ်ကုန်သောသဘော ရှိပေ၏၊ ချစ်သား ရဟန်းတို့–အမြဲမပြတ် ကျင်နာတတ်သော ကိုယ်ခန္ဓာ အတ္တဘောကို ဉာဏ်စက္ခုဖြင့် သေချာစေ့ငု ကြည့်ရှုကြကုန်လော့”ဟု မိန့်ကြားတော်မူပြီးလျှင်, ဤ ဆိုလတ္တံ့သော တရားဂါထာကို ဟောကြားတော်မူပါတယ်။

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။ (ဓမ္မပဒ–၃၅)

ဘိက္ခဝေ၊ ကိလေသာဆုံး, ဖရားမျိုးကို, ဖျက်ချိုးလိုငြား အိုရဟန်းတို့။ ယဿ၊ အကြင် ခန္ဓာကိုယ် အတ္တဘောအား။ ဓုဝံ၊ ခိုင်မြဲခြင်းသဘောသည်ရင်း ဌိတိ၊ တည်တန့်ခြင်းသဘောသည် ၎င်း။ နတ္ထိ၊ မရှိချေ။ စိတ္တကတံ၊ အဝတ်တန်ဆာ, ပန်းနံ့သာ-အစရှိသည်တို့ဖြင့် ဆန်းကြယ်စွာ ပြုပြင်အပ်သော။ ဗိမ္ဗံ၊ ရှည်သင့်ရာရှည်, တိုသင့်ရာတို, ထိုထို အင်္ဂါကြီးငယ်, အသွယ်သွယ်တို့ဖြင့်, တင့်တယ်စွာ တည်သော အတ္တဘောဟု ဆိုအပ်သော။ သမုဿိတံ၊ သုံးရာသော အရိုးများကြောင့် မားမားမြင့်ခေါင်, စိုက်ထောင် တည်နေနိုင်သော။ အာတုရံ၊ အမြဲမပြတ်, ကျင်နာတတ်သော။ ဗဟုသင်္ကပ္ပံ၊ တရားမယှဉ်, ဉာဏ်အမြင် မှောက်မှား, ပုထုဇဉ် လူအများတို့သည်, ဤကား တင့်တယ် ပေ၏, လှပေ၏ဟု, များစွာ ကြံစည်အပ်သော။ တံအရုကာယံ၊ ကိုးပေါက်သော ဒွါရ, အမာဝ (အနာဝ)မှ, များစွာ ရွံဘွယ်, စက်ဆုပ်ဘွယ်ဟု, အသွယ်သွယ်ယိုစီးသော ထို ခန္ဓာကိုယ် အတ္တဘော ကြီးကို။ ပဿ-ပဿထ၊ ဉာဏ်စက္ခုဖြင့်, စေ့ငုသေချာ, ကြည့်ရှုကြပါကုန်လော့။

မြတ်စွာဘုရားသည် ဤ တရားဂါထာကို ဟောကြားပြီးလျှင်, ရဟန်းတို့အား ဆုံးမတော်မူ ခြင်းငှါ ကာယဝိစ္ဆိန္ဒနိကသုတ်ကို ဆက်လက်၍ ဟောကြားတော်မူပြန်ပါတယ်။

အဋ္ဌိ, နှာရုယုတ် သံယုတ္တော၊ တစ မံသာဝ လေပနော။
ဆဝိယာ ကာယော ပဋိစ္ဆန္နော၊ ယထာဘူတံ နဒိဿတိ။
(သုတ္တနိပါတ ပါဠိ–ဝိဇယသုတ်–၃၀၇)။

ကာယော၊ တလံမျှသော ခန္ဓာကိုယ်ကို။ အဋ္ဌိနှာရုယုတ်၊ သုံး ရာသော အ ရိုး, ကိုးရာသော အကြောတို့ဖြင့်။ သံယုတ္တော၊ သေချာမလတ်, ဖွဲ့စပ်အပ်၏။ တစ မံသာဝ လေပနော၊ အဆင်း အားဖြင့် ဖြူသော, ထူသောအရေ, ကိုးရာသော သားတစ်တို့ဖြင့်, လိမ်းကျံအပ်၏။ ဆဝိယာ၊ ပါးသော အပေါ်ရေဖြင့်။ ပဋိစ္ဆန္နော၊ မပျက်ပြုန်းအောင်, ဖုံးလွှမ်းအပ်၏။ (ဝါ) ဖုံးလွှမ်းအပ်သည် ဖြစ်၍။ ယထာဘူတံ၊ အသုဘ အခြင်းအရာအားဖြင့်, ဟုတ်မှန်သောအတိုင်း။ နဒိဿတိ၊ ပညာ ဉာဏ်ကင်း, လူညံ့ဖျင်းတို့, အလျင်းပင် မသိမမြင်နိုင်ချေတကား။

ခန္ဓာကိုယ် အတ္တဘောကို သုံးရာသောအရိုး, ကိုးရာသော အကြောတို့ဖြင့် ဖွဲ့စပ်တည်ထောင် ထားအပ်သည်။ ဖြူသောအဆင်းရှိသော ထူသောအရေ, ကိုးရာသော အသားတစ်တို့ဖြင့် လိမ်းကျံ အပ်သည်၊ ပါးသော အပေါ်ရေဖြင့် ဖုံးလွှမ်းအပ်သည် ဖြစ်ရကား–ပုထုဇဉ်တို့သည် သဘောအမှန် ကေန်တိတိ မမြင်, မသိကြပေ။

အန္တပူရော ဒရာပူရော၊ ယကန ပေဠဿ ဝတ္ထိနော။
ဟဒယဿ ပပ္ဖါသဿ၊ ဝက္ကဿ ပိဟကဿစ။

အယမှာယော၊ ဤကိုယ် အတ္တဘောသည်။ စန္ဒနာဒိပူရော၊ မွှေးကြိုင်လှစွာ၊ စန္ဒကူး၊ နံ့သာစသည်တို့ဖြင့် ပြည့်သည်။ နဟောတိ၊ မဖြစ်ချေ၊ မဟုတ်ချေ။ အထခေါ၊ စင်စစ်စောန်၊ အမှန်သော်ကား။ အနေကပ္ပကာရော၊ အသိမ်အမူမ ဖြင့် ပြည့်၏။ ဥဒရပူရော၊ အစာသစ်၊ အစာဟောင်းဖြင့် ပြည့်၏။ ယကနပေဠသာသာ၊ အသည်း ဆိုင်ဖြင့်ရင်း။ ဟဒယသာ၊ နှလုံးဖြင့်ရင်း။ ပပ္ဖါသသာ၊ အဆုပ်ဖြင့်ရင်း။ ဝက္ကသဘော—အညှို့ဖြင့်ရင်း။ ပိဟကသာ၊ အဖျဉ်းဖြင့်ရင်း။ ပူရော၊ ပြည့်၏။

သိဃာ်နိကာယ ခေဠဿ သေဒဿ မေဒဿ။
လောဟိတဿ လသိကာယ၊ ပိတ္တဿ စ ဝသာယ စ။

သိဃ်ာနိကာယ၊ နှပ်ဖြင့်လည်း။ ပူရော၊ ပြည့်၏။ ခေဠဿ၊ တံတွေးဖြင့်လည်း။ ပူရော၊ ပြည့်၏။ သေဒဿ၊ ချွေးဖြင့်လည်း။ ပူရော၊ ပြည့်၏။ ဒေမဿ၊ ဝါသော အဆင်းရှိသော အဆီခဲဖြင့်လည်း။ ပူရော၊ ပြည့်၏။ လောဟိတဿ၊ သွေးဖြင့်လည်း။ ပူရော၊ ပြည့်၏။ လသိကာယ၊ အစေးဖြင့်လည်း။ ပူရော၊ ပြည့်၏။ ပိတ္တဿ၊ ဗဒ္ဓ-အဗဒ္ဓ၊ နှစ်ဝသော သည်းခြေဖြင့်လည်း။ ပူရော၊ ပြည့်၏။ ဝသာယ၊ အုန်းဆီအဆင်းနှင့်တူသော ဆီကြည်ဖြင့်လည်း။ ပူရော၊ ပြည့်၏။

ဤ ရူပကာယ ခန္ဓာကိုယ်ကြီးအတွင်း၌ မွှေးကြိုင် ကောင်းမွန်လှစွာသော စန္ဒကူး၊ နံ့သာစသော အရာဝတ္ထုများ ရှိသည်မဟုတ်ပေ။ စင်စစ်စောန် အမှန်မှာမူကား အသိမ်အမူ၊ အစာသစ်၊ အစာဟောင်း၊ အသည်း၊ ကျင်ငယ်၊ နှလုံး၊ အဆုတ်၊ အညှို့၊ သရက်ရွက်ဟု ဆိုအပ်သော အဖျဉ်းတို့ဖြင့်ရင်း၊ နှပ်၊ တံတွေး၊ ချွေး၊ အဆီခဲ၊ သွေး၊ အစေး၊ သည်းခြေ၊ ဆီကြည်တို့ဖြင့်ရင်း ပြည့်၍နေသော ကိုယ်ခန္ဓာကြီး ဖြစ်ပေသည်—ဟု ဟောဖော် ညွှန်ပြတော်မူပါတယ်။

ထိုသို့ ဟောခဲ့ရာတွင် "ဟဒယဿ၊ နှလုံးသားဖြင့်။ ပူရော၊ ပြည့်၏"ဟု ဆိုရာ၌ နှလုံးသားကား အထူး မှတ်သားသင့်သဖြင့် နည်းနည်း ချဲ့ပြီး ပြောရဦးမယ်။ ယင်း နှလုံးသားကား အပြင်အပ၌ ပြေပြစ် ချောမောပြီး နေသတဲ့။ အတွင်း၌ကား သပွတ်ခါးအူနှင့် တူတယ်တဲ့။ ထိုနှလုံးသား၏အတွင်း၌ ပုန်းညက်စေ့ခန့်မျှလောက်သော တွင်း၌ တလက်ဖက်လေးကသော နှလုံးသွေး ရှိတယ်။ ယင်း နှလုံးသွေး၌ ဟဒယ ဝတ္ထုရုပ် တည်နေသတဲ့။ ထို ဟဒယဝတ္ထုရုပ်၌ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ စိတ်၊ စေတသိက်တို့ မှီ၍ ဖြစ်ကြရတယ်။ ထို စိတ်၊ စေတသိက်တို့ကြောင့်ဖြစ်သော စိတ္တဇရုပ်နှင့် ထို နှလုံးသွေးတို့ ရောနှောသောကြောင့်—

ဆောင်ပုဒ်။ ၁။ နီမြန်း ရာဂ၊ မည်းပြိန်က၊ ဒေါသ မှတ်လေပါ။
၂။ သားဆေးရည် မောဟ၊ ဝိတက္က၊ တူမျှ ပဲပြုတ်ရည်ပမာ။
၃။ သဒ္ဓါဝါဝင်း၊ ပညာဆင်း၊ ရောင်လင်းပြိုးပြက်လာ။
၄။ စရိုက်ခြောက်ပါး၊ ရောင်ခွဲခြား၊ မှတ်သားသိလေပါ။

ဟု ဆိုသည့်အတိုင်းပင်—

၁။ ရာဂ-ထူပြောသူအား — သွေးအရောင်နီမြန်းသတဲ့။
၂။ ဒေါသ-ထူပြောသူအား — မည်းနက်သတဲ့။

၃။ မောဟ-ထိုးပြ သူအား — သားဆေးရည်နှင့် တူသတဲ့။
၄။ ဝိတက်-ထူးပြ သူအား — ကုလားပဲပြုတ်ရည်နှင့် တူသတဲ့။
၅။ သဒ္ဓါ-ထူးပြ သူအား — မဟာဇလေ့ကားပွင့်ကဲ့သို့ အရောင်အဆင်း ဝါဝင်းနေသတဲ့။
၆။ ပညာ-ထူးပြော သူအား — ပတ္တမြားကဲ့သို့ ပြိုးပြိုးပြက်ပြက် အရောင် တောက်နေသတဲ့။

ဤကဲ့သို့ စရိုက်အားလျော်စွာ ဖြစ်ပေါ်လာသော သွေးအရောင်အဆင်းကို ခွဲခြားပြီး မှတ်သား နားလည်ထားကြရမည်။

ထိုမှတပါး သောမနဿ, ဒေါမနဿ, ဥပေက္ခာ-ဝေဒနာသုံးပါးတို့ဖြင့် ခွဲခြားဝေဘန်လျှင်တော့-

သောမနဿဝေဒနာ ဖြစ်နေသူအား—သွေးအရောင်အဆင်းသည် နီမြန်းနေသတဲ့။
ဒေါမနဿဝေဒနာ ဖြစ်နေသူအား-မည်းနက်နေသတဲ့။
ဥပေက္ခာဝေဒနာ ဖြစ်နေသူအား-နှမ်းဆီအဆင်းကဲ့သို့ ကြည်လင်နေသတဲ့။

ဆောင်ပုဒ်။ ၁။ သောမနဿ၊ နီမြန်းလှ၊ ဒေါသ မည်းနက်စွာ။
၂။ ဥပေက္ခာမူ၊ နှမ်းဆီတူ၊ မှတ်ယူ ကျမ်းဂန်လာ။
၃။ ဝေဒနာသုံးတန်၊ ခွဲဝေဘန်၊ အမှန်သိလေပါ။

ကိုယ်တွင်း၌တည်သော စက်ဆုပ်ရွံရှာဖွယ် ကောဋ္ဌာသ ရုပ်အစုတို့ကို ပြဆိုတော်မူပြီးနောက် ထိုကိုယ်တွင်းမှ ကိုယ်ပ,သို့ ထွက်ကျ ယိုစီးသော ရွံရှာဖွယ်တို့ကို ညွှန်ပြတော်မူလိုသော မြတ်စွာဘုရားသည် ပဌမ အဋ္ဌကထာတို့ကို ဆက်လက်၍ ဟောကြားတော်မူပါတယ်။

အထဿ နဝဟိ သောတေဟိ၊ အသုစိ သဝတိ သဗ္ဗဒါ။
အက္ခိမှာ အက္ခိ ဂူထကော၊ ကဏ္ဏမှာ ကဏ္ဏ ဂူထကော။
သိင်္ဃာနိကာစ နာသတော၊ မုခေန ဝမတိ ကေဒါ။
ပိတ္တံ သေမှဥ္စ ဝမတိ၊ ကာယမှာ သေဒဇလ္လိကာ။

အထ၊ ထိုမှတပါး။ အဿကာယဿ၊ ထိုကိုယ်၏။ နဝဟိသောတေဟိ၊ မျက်စိ စသား,ကိုးပါးသော ယိုစီးရာအပေါက်တို့မှ။ သဗ္ဗဒါ၊ ခနေ့ရော ညဉ့်ပါ, အခါခပ်သိမ်း။ အသုစိ၊ မစင်မကြယ်, ရွံရှာဘွယ်အစုသည်။ သဝတိ၊ တားဆီး၍မနိုင်အောင် တဒီးဒီး ယိုစီး ကျ လေ၏။ ကိံသဝတိ၊ အဘယ်သို့ ယိုစီးသနည်း ဟူမူကား။ အက္ခိမှာ၊ မျက်စိပေါက်နှစ်ခုမှ၊ အက္ခိဂူထကော၊ မျက်ဝတ်မျက်ချေး,အညစ်အကြေးသည်။ သဝတိ၊ တားဆီးမရ, ယိုစီးကျ၏။ ကဏ္ဏမှာ၊ နားပေါက်နှစ်ပက်မှ။ ကဏ္ဏဂူထကော၊ စက်ဆုတ်ဘွယ်ရာ, နဖာချေးသည်။ သဝတိ၊ တားဆီးမရ, ယိုစီး၍ ကျလေ၏။

သိင်္ဃာနိကာစ၊ နှာရည်-နှပ်ချေး,အညစ်အကြေးသည်လည်း။ ကေဒါ၊ အကြောင်း အားလျော်စွာ, တရံတခါ။ နာသတော၊ နှာခေါင်းပေါက်မှ။ သဝတိ၊ တားဆီးမရ, ယိုစီးကျလေ၏။ ကေဒါ၊ အကြောင်းအားလျော်စွာ, တရံတခါ။ မုခေန၊ ခံတွင်းပေါက်ဖြင့်။ (ဝါ)ခံတွင်းပေါက်မှ။ ဝမတိ၊ ယိုစီးလျှက်, ပျို့အန်ထွက်၏။ ပိတ္တဥ္စ၊ ဗဒ္ဓ-အဗဒ္ဓ နှစ်ဝခွဲဝေ, သည်းခြေသည်ရင်း။ သေမှဥ္စ၊ သလိပ်သည်ရင်း။ ကေဒါ၊ တရံတခါ။ မုခေန၊ ခံတွင်းဖြင့်။ (ဝါ)ခံတွင်းပေါက်မှ။ ဝမတိ၊ ပျို့အန်

ထွက်၏။ ကာယမှာ၊ တကိုယ်လုံးမှ။ သေဒဇလ္လိကာ၊ ချွေး,ဆား,မှု,အညစ်အကြေးဖြင့်။ သဗ္ဗဒါ၊ နေ့ရော ညဉ့်ပါ, ရုံခါမပြတ်, အချင်းခပ်သိမ်း။ သဝတိ၊ တားဆီးမနိုင်, ဖြိုင်ဖြိုင်ဒီးဒီး, ယိုစီး ကျဆင်း လေစေသတည်း။

ကိုးပါး[illegible]အမ၁၀-ဟူသော အပေါက်တို့မှ စက်ဆုတ်ရွံရှာဘွယ်ရှိသော မျက်ချေး, နဖာ ချေး-အစရှိသော [illegible]တို့သည် အမြဲမပြတ်, အခါခပ်သိမ်း ယိုစီး ထွက်ကျနေသည်-ဟု ထုတ် ဖော် ဟောကြားတော်မူခြင်း [illegible]ပါတယ်။ ဒွါရကိုးပေါက်, အရေအတွက် မျက်စိပေါက် ၂-ခု၊ နားပေါက် ၂-ခု၊ နှာခေါင်းပေါက် ၂-ခု၊ ခံတွင်း (၀)ပါးစပ်ပေါက် ၁-ခုအားဖြင့် ဒွါရ ခုနစ်ပေါက်ကို ပြဆိုတော်မူပြီး၊ ကျင်ကြီးပေါက် [illegible]ခု၊ ကျင်ငယ်ပေါက် ၁-ခုတို့ကိုမူ အထူး သရုပ်ဖော်မပြသော်လည်း လူအများတို့ ထင်ရှားသိပြီးဖြစ်၍ "ကာယမှာ သေဒဇလ္လိကာ" ဟု ပရိယာယ်ဖြင့် သိမ်းသွင်း ဟောကြားတော်မူခဲ့ပါတယ်။

ကိုယ်အင်္ဂါအစိတ်အပိုင်းတို့တွင် ဦးခေါင်းသည် အမွန်မြတ်ဆုံး ဖြစ်ပါတယ်။ထိုအမွန်မြတ်ဆုံး ထားသော ဦးခေါင်းအတွင်း၌ပင်လျှင် နှစ်သက်မြတ်နိုးဘွယ်ရာဟူ၍ မရှိပေ။ ထိုဦးခေါင်းအတွင်း ၌လည်း အနှစ်သာရဟူ၍ မရှိသည့်အဖြစ်ကို ဟောပြတော်မူခြင်းငှါ ခုနစ်ခုမြောက် ဂါထာကို ဆက်လက် ဟောကြားတော်မူပါတယ်။

အထဿ သုသိရံ သီသံ မတ္ထလုင်္ဂဿ ပူရိတံ။
သုဘတော နံ မညတိ ဗာလော အဝိဇ္ဇာယ ပုရက္ခတော။

အထ၊ ထိုမှတပါး။ အဿကာယဿ၊ ထိုကိုယ်ကာယ၏။ သုသိရံ၊ အခေါင်းရှိသော။ သီသံ၊ ဦးခေါင်းသည်။ မတ္ထလုင်္ဂဿ၊ မုံညက်စိုင်အတူ ဖြူသောအဆင်းရှိသော ဦးနှောက်ဖြင့်။ ပူရိတံ၊ ရွံဖွယ် အတိ,ပြည့်၍နေ၏။ ဗာလော၊ ပညာမျက်စိအလျဉ်းမရှိသူ လူမိုက်သည်။ အဝိဇ္ဇာယ၊ သစ္စာ လေးတန် အမှန်ကွယ်ထား အဝိဇ္ဇာတရားသည်။ ပုရက္ခတော၊ ရှေ့ရှုပတ်ကုံး, ပိတ်ဖုံးလွှမ်းမိုးအပ်သည် ဖြစ်၍(၀)ပိတ်ဖုံးလွှမ်းမိုးအပ်သောကြောင့်။ နံကာယံ၊အမျိုးမျိုးအသွယ်သွယ် ရွံဖွယ်အတိ ပြည့်သော ထိုကိုယ်ကို။ သုဘတော၊ ငါ့ကိုယ်ကာယ,တင့်တယ်စွဟု-သုဘအနေအားဖြင့်။ မညတိ တဏှာမာန ဒိဋ္ဌိအားဖြင့် အဲမှားမှားပင် အောက်မေ့မှတ်ထင် လေတော့သတည်း။

ယခုဟောဖော်ပြခဲ့သော ဂါထာအထိ ခုနစ်ဂါထာတို့ဖြင့် သက်ရှိ သဝိညာဏက အသုဘ ဖြစ်ပုံကို ဟောဖော်ညွှန်ပြဆုံးမတော်မူပြီး၍ ယခုအခါ သက်မဲ့အဝိညာဏက အသုဘဖြစ်ပုံကို ညွှန်ပြ ဟောကြားတော်မူလိုသော မြတ်စွာဘုရားသည် အဋ္ဌမ ဂါထာကို ဆက် လက် ဟော ကြားတော် မူပါတယ်။

ယဒါစ သော မတော သေတိ ဥဒ္ဓုမာတော ဝိနီလကော။
အပဝိဒ္ဓေါ သုသာနသ္မိံ အနပေက္ခာ ဟောန္တိ ဉာတယော။

ယဒါစ၊ အကြင်အခါ၌ကား။ သောကာယော၊ဆိုခဲ့ပြီးပြား အပြားရှိသော ထိုကိုယ်သည်။ အာယုဉသ္မာ ဝိညာဏံ ပဂမေန၊ ရုပ်နာမ်နှစ်စ,ဇီဝိတနှင့်,ကမ္မဇတေဇော,စိတ်ဝိညာဏ်တည်းဟူသော

တရားတို့ကင်းသဖြင့်။ မတော၊ စုတိပြတ်ကြွေ, သေလွန်လည်ဖြစ်၍။ ဥဒ္ဓုမာတော၊ သေပြီးနေ့စက်နေ့ခင်, ဖူးဖူးရောင်လျက်။ ဝိနီလကော, ပင်ကိုယ်ဆင်းဓာတ်, ယိုယွင်းသပ်၍, ရွှံ့အပ်ဖြစ်နဲ ညိုမဲ့သော အဆင်းရှိသည်ဖြစ်၍။ သုသာနသ္မိံ၊ သူသေမြှုပ်နှံ့, သုဿာန်အရပ်၌။ အပဝိဒ္ဓေါ၊ မညှာမတာ, ကောင်းစွာလွတ်လွတ်, စွန့်ပစ်အပ်သည်ဖြစ်၍။ သေတိ၊ တပေခေါင်းတွင်း၌ လျောင်းစင်းမပျက်, အိပ်စက်ရလေတော့၏။ တဒါ၊ ခေါင်းအတွင်း၌, လျောင်းစင်းလျက်သည့် အိပ်စက်ရာဖြစ်သော ထိုအခါ၌။ ဉာတယော၊ အသက်ရှင်စဉ်, လွန်ချစ်ခင်၍ အစဉ်အားထိုး, ဆွေမျိုးအပေါင်းတို့သည်။ အနပေက္ခာ၊ အစဉ်အဆက်, အချစ်ပျက်၍, ငဲ့ကွက်ခြင်း ကင်းကုန်သည်။ ဟောန္တိ၊ သဘာဝရင်း, ရှောင်မကွင်းဘဲ, မယွင်းမသွေ ဖြစ်ကြရလေကုန်သတော့သတည်း။

ဤဒေသနာ ဂါထာ၌ မတော၊ ဟူသောပုဒ်ဖြင့် မမြဲသော အနိစ္စသဘောကို ပြဆိုလိုရင်းဖြစ်တယ်တဲ့။ သေတိ၊ ဟူသောပုဒ်ဖြင့်တော့-သူသေကောင်၌ အားထုတ်မှု လုံ့လဝီရိယမရှိတော့သည့် အပြစ်ကို ပြဆိုလိုတယ်။ သို့ဖြစ်၍ ဒီ- မတော, သေတိ၊ နှစ်ပုဒ်ဖြင့်ဇီဝိတမာန် ဗလမာန်နှစ်ပါးကို ပယ်ရှားရန် တိုက်တွန်းဘော်မူလိုရင်းဖြစ်သတဲ့။ ဥဒ္ဓုမာတော ဝိနီလကော၊ နှစ်ပုဒ်တို့ဖြင့်လည်း ရုပ်ရည်အဆင်းလှခြင်းကို အကြောင်းပြု၍ဖြစ်သော မာန်ကိုပယ်ရှားရန် ညွှန်ပြတိုက်တွန်းတော်မူလိုရင်းဖြစ်တယ်။ အပဝိဒ္ဓေါ၊ သုသာနသ္မိံ နှစ်ပုဒ်တို့ဖြင့် ငါ့ဥစ္စာ ဟု- စွဲလန်းမှုကို ပယ်ရှားရန်နှင့် တင့်တယ်၏ ဟူသော သုဘသညာကို ပယ်ရှားရန် တိုက်တွန်းတော်မူလိုရင်း ဖြစ်တယ်။ အနပေက္ခာ ဟောန္တိ ဉာတယော၊ ပုဒ်ဖြင့် အသက်ရှင်စဉ်အခါ ဆွေမျိုးမိတ်သင်္ဂဟ အခြံအရံ အပေါင်းအသင်းကို စွဲ၍ဖြစ်သော တက်ကြွမှု ပရိဝါရမာန်ကိုပယ်ရှားရန် ညွှန်ကြားတိုက်တွန်းတော်မူလိုရင်းဖြစ်ပါတယ်။

အကောင်မပျက်စီးသေးသော အဝိညာဏက အသုဘကိုပြဆိုပြီး၊ ယခုအခါ အကောင်ပျက်ပြီးသော အဝိညာဏကအသုဘ သဘောခြင်းရာကို ပြတော်မူလိုသည်ဖြစ်၍ နဝမဂါထာကို ဆက်လက်ဟောကြားတော်မူပါတယ်။

ခါဒန္တိ နံ သုဝါနာစ၊ သိင်္ဂါလာစ ဝက်ာ ကိမီ။
ကာကာ ဂိဇ္ဈာစ ခါဒန္တိ၊ ယေစညေ သန္တိ ပါဏိနော။

နံကာယံ၊ သုဿာန်တစ, သင်္ချိုင်းဝ၌, စွန့်ချပစ်ဆောင်, ထိုသူသေကောင်ကို။ သုဝါနာစ၊ အိမ်ခွေးတို့သည်ရင်း။သိင်္ဂါလာစ၊ မြေခွေး, တောခွေးတို့သည်ရင်း။ ဝက်ာစ၊သစ်ကျုပ်တို့သည်ရင်း။ ကိမီစ၊ပိုးလောက်တို့သည်ရင်း။ ကာကာစ၊ ကျီးတို့သည်ရင်း။ ဂိဇ္ဈာစ၊ လင်းတတို့သည်ရင်း။ခါဒန္တိ၊ ပျော်ရွှင်နှစ်ခြိုက်, ကိုက်ခဲစားသောက်ကြလေကုန်၏။ အညေ၊ ဆိုအပ်ခဲ့ပြီးသည်မှတပါး ဖြစ်ကုန်သော။ ယေပါဏိနော၊ အသားစားသည့်, သစ်, ကျား, သိန်း,စွန်, အလွန်များစွာ အကျင်သတ္တဝါသည်။ သန္တိ၊ ထင်ရှားပကတိ, ရှိကြပေကုန်၏။ တေပါဏိနော၊ အလုံးစုံများစွာ ထိုသတ္တဝါတို့သည်လည်း။ ခါဒန္တိ၊ နှစ်ခြိုက်ပျော်ပါး, ကိုက်ခဲစားသောက်ကြ လေကုန်တော့သတည်း။

ဤကဲ့သို့ "စရံဝါ"အစရှိသော ပထမဂါထာဖြင့် သုညတကမ္မဋ္ဌာန်းကို ပြဆိုတော်မူပါတယ်။ "အဋ္ဌိနဟာရု သံယုတ္တော"အစရှိသော ခြောက်ဂါထာတို့ဖြင့် သက်ရှိဖြစ်သောသဝိညာဏက အသုဘ ကမ္မဋ္ဌာန်းကို ပြဆိုတော်မူပါတယ်။

"ယဒါစ သော မတော သေတိ" အစရှိသော နှစ်ဂါထာတို့ဖြင့် သက်မဲ့ဖြစ်သော အဝိညာဏက အသုဘ ကမ္မဋ္ဌာန်းကို ပြဆိုတော်မူပါတယ်၊ ထိုနောက် ယင်းကဲ့သို့ပင် နိစ္စ၊ သုဘ, သုခ, အတ္တ အဖြစ်မှ ဆိတ်သုဉ်း၍ အသုဘစင်စစ်ဖြစ်သော ဤကိုယ်၌ အဝိဇ္ဇာ ဖုံးလွှမ်းသော သူမိုက်သည် ထိုကိုယ်ကို သုဘ-ဟုမှတ်ထင်၏"ဟု သူမိုက်ဖြစ်ပုံကို ပြဆို၍ အဝိဇ္ဇာ အဦးမူသဖြင့်/ဝဋ္ဋကို ပြပြီးလျှင် ယခုအခါ ထိုအသုဘကောင်ဖြစ်သော ခန္ဓာကိုယ်၌ ပညာရှိ၏ ဖြစ်ပုံကိုရင်း, ပရိညာ သုံးပါးကို အဦးထားသဖြင့် ဝိဝဋ္ဋကိုရင်း, (ဝါ) သံသရာဝဋ် ကင်းလွတ်ပုံကိုရင်း, ပြဆိုခြင်းငှာ သုံးလောကထွဋ်ထား မြတ်စွာဘုရားသည် ဒသမဂါထာကို ဆက်၍ ဟောကြားတော်မူပါတယ်။

သုတွာန ဗုဒ္ဓဝစနံ၊ ဘိက္ခု၊ ပညာဏဝါ ဣဓ၊
သော ခေါ နံ ပရိဇာနာတိ၊ ယထာဘူတဉှိ ပဿတိ။

ဣဓ၊ မြတ်စွာဘုရား တည်ထောင်ထားသည့် သုံးပါးသိက္ခာ ဤသာသနာတော်၌။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရား ဟောကြားမြွက်ဖော် ဤဝိဇယသုတ်ခေါ် ကာယဝိစ္ဆန္ဒနိကသုတ် ဒေသနာတော်ကို။ သုတွာန၊ ရိုသေ လေးစား နာကြားရသည်ဖြစ်၍။ ပညာဏဝါ၊ မမြဲ, ဆင်းရဲ, သဘောဘဲ-ဟု၊ နက်နဲသိမှုန်, ဝိပဿနာဉာဏ် ပညာရှိသော။ သောဘိက္ခု၊ တရားစီးဖြန်း, ထိုရဟန်းသည်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်အတိုင်း။ ပဿတိ၊ ဝိပဿနာ ဉာဏ်စက္ခုဖြင့် ရှုမြင်၏။ တသ္မာ၊ ထိုကြောင့်။ နံကာယံ၊ သုညတစသည် အပြားရှိသော ထိုကိုယ်ကို။ ပရိဇာနာတိ၊ ဉာတ, တီရဏ ပဟာနပြား, ပရိညာ သုံးပါးတို့ဖြင့် ပိုင်းခြား ထင်ထင် သိမြင်လေတော့သတည်း။

ဤနေရာ၌ ဉာတ, တီရဏ, ပဟာနပြား, ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြား၍ သိပုံမှာ—

ကုန်ရောင်းဝယ်မှု၌ လိမ္မာသော ကုန်သည်သည် မိမိဝယ်ယူလိုသော ဘဏ္ဍာအမျိုးမျိုး သေချာစွာ ကြည့်ရှုစစ်ဆေး၍ ဤမျှလောက်သော အဘိုးဖြင့် ဝယ်ယူလိုသော ဘဏ္ဍာအမျိုးမျိုး သေချာစွာ ကြည့်ရှုစစ်ဆေး၍ "ဤမျှလောက်သော အဘိုးဖြင့် ဝယ်ယူလျှင် ဤမျှ မြတ်ပေလိမ့်မည်" ဟု နှိုင်းချိန်ပြီးလျှင် နောက်တဖန် အမြတ်အစွန်းနှင့်တကွ အရင်းကို ယူကာ ထိုဘဏ္ဍာကို ရောင်းချလေသကဲ့သို့- ဤအတူပင် အသုဘ ဘာဝနာကို ပွားများ ဆင်ခြင်သော ပုဂ္ဂိုလ်သည် ဤရူပကာယ ခန္ဓာကိုယ်၌ အမှန်စင်စစ်အားဖြင့် အရိုး, အကြော စသည်တို့သာတည်း။ (ဝါ) ဆံပင်မွေးညင်း စသည်တို့သာတည်း-ဟု ဉာဏ်စက္ခုဖြင့် သေချာစွာကြည့်ရှု ဆင်ခြင်သောအခါ ဉာတပရိညာဖြင့် ဤကိုယ်ကို ပိုင်းခြား၍ သိသည်-ဟု မှတ်သားရမည်။

ဤကိုယ်၌ရှိသော တရားတို့သည် အမှန်အားဖြင့် မမြဲသောသဘော, ဆင်းရဲသော သဘော အလိုသို့မပါ အစိုးမရသော သဘောတရားတို့သာတည်း-ဟု ဉာဏ်ဖြင့်ရှုကာ ဆုံးဖြတ်သောအခါ တီရဏ ပရိညာဖြင့် ဤကိုယ်ကို ပိုင်းခြားသိသည်-ဟု မှတ်သားရမည်။

ဤသို့ အနိစ္စ, ဒုက္ခ, အနတ္တ, တရားတို့သာတည်း-ဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင် သုံးသပ်ဆုံးဖြတ်၍ အရိယာမဂ်သို့ ရောက်သောအခါ ထိုရူပကာယ ခန္ဓာကိုယ်၌ နှစ်သက် တွယ်တာခြင်း

သဘောရှိသော ဆန္ဒရာဂကို ပယ်စွန့်သောအားဖြင့် ဤရူပကာယ ခန္ဓာကိုယ်ကို ပဟာနပရိညာဖြင့် ပိုင်းခြား၍ သိသည်-ဟု မှတ်သားရမည်။

တနည်းအားဖြင့်-သဝိညာဏက အဝိညာဏက အသုဘ၏ အစွမ်းအားဖြင့် ပွားများရှုမြင်သော အခါ ဉာတပရိညာဖြင့် ဤကိုယ်ကို ပိုင်းခြား၍ သိသည်မည်ပါတယ်။

အနိစ္စ အစရှိသည်၏ အစွမ်းအားဖြင့် ပွားများရှုမြင်သောအခါ တီရဏပရိညာဖြင့် ဤကိုယ်ကို ပိုင်း၍ သိမြင်သည် မှတ်ရမည်။

အရဟတ္တမဂ်ဖြင့် ထိုရူပကာယ ခန္ဓာကိုယ်မှ တပ်မက်မှုဆန္ဒ ရာဂကို ပယ်ခွာ၍ ထိုဆန္ဒရာဂကို ပယ်စွန့်သောအခါ ပဟာနပရိညာဖြင့် ဤကိုယ်ကို ပိုင်းခြား၍ သိမြင်သည်ဟု မှတ်ရမည်။

ဝိဇယသုတ္တန် တရားတော်ကို နာယူလျက် ရှိကြကုန်သော အညတရ ရဟန်းနှင့် နန္ဒာထေရီ တို့ကဲ (ဝါ) ယောဂီပုဂ္ဂိုလ်တို့က အဘယ့်ကြောင့် ပရိညာ သုံးပါးတို့ဖြင့် ဟုတ်မှန်သောအတိုင်း ပိုင်းခြား၍ သိကြလေသနည်း-ဟု မေးမြန်း လျှောက်ထားဖွယ်ရှိသောကြောင့် မြတ်စွာဘုရားသည် ကောဒသမဂါထာကို ဆက်လက်၍ ဟောကြားတော် မူပါတယ်။

ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါစ၊ ကာယေ ဆန္ဒံဝိရာဇယေ။

ဣဒံ သဝိညာဏကာသုဘံ၊ ဤသဝိညာဏက အသုဘကောင်သည်။ အာယုဉ္စမှာ၊ ဝိညာဏာနု ပဂမာ၊ ရုပ်နာမ်ဇီဝိတ, ကမ္မဇတေဇော, စိတ်ဝိညာဏ်တည်းဟူသော တရားသုံးပါးတို့၏ မကင်း ခြင်းကြောင့်။ စရတိ, တိဋ္ဌတိ, နိသီဒတိ, သယတိယထာ၊ သွား, ရပ်, ထိုင်, လျောင်းသကဲ့သို့။ တထာ၊ ထို့အတူ။ ဧတံ-ဧတရဟိ, သုသာန, သယိတံ, အဝိညာဏကမ္ပိ၊ ယခုသုသာန်၌ လျောင်း လျက်ရှိသော အသက်မဲ့သော အသုဘကောင်သည်လည်း။ ပုဗ္ဗေ၊ မသေဆုံးမီ ရှေးအခါ၌။ တေသံ ဓမ္မာနံ၊ ရုပ်နာမ်ဇီဝိတ, ကမ္မဇတေဇော, ဝိညာဏဟူသော ထိုတရား သုံးပါးတို့၏။ အနပဂမာ၊ မကင်းခြင်းကြောင့်။ စရဏာဒိဝမ္ပိ၊ သွားလာခြင်း စသောသဘောရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ ဘူးလေပြီ။

ဧတံ-ဧတရဟိ မတသရီရံ၊ ယခုသေသော ထိုအဝိညာဏက အသုဘကောင်သည်။ တေသံ၊ ဓမ္မာနံ၊ ရုပ်နာမ်ဇီဝိတ, ကမ္မဇတေဇော, စိတ်ဝိညာဏ်ဟူသော ထိုတရား သုံးပါးတို့၏။ အပဂမာ၊ ချုပ်စဲ ရှင်းလင်း ပြတ်ကင်းခြင်းကြောင့်။ နစရဏာဒိဓမ္မံယထာ၊ သွား, ရပ်, ထိုင်, လျောင်း ခြင်းအမှု မပြုနိုင်သကဲ့သို့။ တထာ၊ ထို့အတူ။ ဣဒံ-သဝိညာဏကမ္ပိ၊ ဤအသက်ရှိသော ရုပ်ကောင် သည်လည်း။ တေသံ ဓမ္မာနံ၊ ထိုဇီဝိတစသား၊ တရားသုံးပါးတို့၏။ အပဂမာ၊ ချုပ်စဲ ရှင်းလင်း ပြတ်ကင်းခြင်းကြောင့်၊ နစရဏာဒိ ဓမ္မာနံ၊ သွား, ရပ်, ထိုင်, လျောင်းခြင်းသဘော မရှိသည်။ ဘဝိဿတိ၊ ဖြစ်ပေလတံ့။ ဧဝံ၊ ဤသို့။ ပဋိပန္နော၊ ကြိုးစားမှန်မှန်၊ ကျင့်ကြံပွားများသော။ ဘိက္ခု၊ သံသရာဘေး, မျှော်တွေးကြောက်ငြား, အမျိုးကောင်းသား သမီးသည်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ ဖြစ်သော။ ကာယေစ၊ သက်ရှိဖြစ်သောကိုယ်၌ရင်း။ ဗဟိဒ္ဓါ၊ အပသန္တာန်၌ဖြစ်သော။ ကာယေစ၊

သက်မဲ့ဖြစ်သော ကိုယ်၌ရှင်း။ ဆန္ဒ၊မခံနိုင်အောင်,မြဲခိုင်ကပ်ငြိ, တပ်မက်မှုဆန္ဒ ရာဂကို။ ဝိရာဇယော မဟာန ပရိညာဖြင့် ကောင်းစွာရှင်းလင်း, ကင်းကွာစေနိုင်ရာသတည်း။

ဤ သဝိညာဏက အသုဘသည် မသေမီ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ဖြစ်သကဲ့သို့၊ ထို အဝိညာဏက အသုဘသည်လည်း မသေမီအခါက သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း, လျောင်းခြင်း ပြုနိုင်ပေတယ်၊ ထို အသုဘကောင်သည် ယခုအခါ သေပြီဖြစ်၍ သွားခြင်း,ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း-မဖြစ်တော့သကဲ့သို့၊ ထို့အတူ ဤ သဝိညာဏက အသုဘသည်လည်း နောင် သေသောအခါ သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,လျောင်းခြင်း-မဖြစ်တော့လတံ့၊ သို့ဖြစ်၍ ကိုယ်တွင်း ကိုယ်ပ,နှစ်ဌာန၌ တပ်မက်မှု ဆန္ဒရာဂကို ကင်းကွာစေရမည်-ဟု မိန့်ဆိုတော်မူလိုရင်း ဖြစ်တယ်။

ဤသို့ ဓမ္မဿဝနပုဂ္ဂိုလ်၏ သောတ္တအရိယာဘုံသို့ ရောက်ခြင်းကို ပြဆိုပြီး၍ ယခုအခါ အသေက္ခ အရိယာဘုံသို့ ရောက်ခြင်းကို ပြဆိုတော်မူလို၍ ဒွါဒသမ ဂါထာကို ဆက်လက် ဟော ကြားတော်မူပါတယ်။

ဆန္ဒ, ရာဂ, ဝိရတ္တော သော၊ ဘိက္ခု ပညာဏဝါ ဣဓ။
အဇ္ဈဂါ အမတံ သန္တိံ၊ နိဗ္ဗာနံ ပဒမစ္စုတံ။

ဣဓ၊ မြတ်စွာဘုရား, တည်ထောင်ထားသည့်, ဆုံးပါးသိက္ခာ, ဤသာသနာတော်၌။ (ဝါ) အဇ္ဈတ္တ၊ ဗဟိဒ္ဓဖြစ်သော, ဤကိုယ်ကာယ၌။ ဆန္ဒရာဂဝိရတ္တော၊ ဆန္ဒ, ရာဂ-ကင်းပြတ်ပြီးထသော။ ပညာဏဝါ၊ အရဟတ္တမဂ် ပညာရှိသော။ သောဘိက္ခု၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုရဟန္တာ ပုဂ္ဂိုလ်သည်။ အမတံ၊ သေခြင်းကင်းသော။ သန္တိံ၊ သခါရဒုက္ခ, မွန်သမျှတို့, တစမကြွင်း, အချင်း ခပ်သိမ်း, အေးငြိမ်းရာဖြစ်သော။ နိဗ္ဗာနံ၊ ဝါနမည်သောတဏှာမှ လွတ်မြောက်ရာဖြစ်သော။ အစ္စုတံ၊ ခန္ဓာပျက်ကြွေ, စုတေ ရွှေ့လျောခြင်း အလျင်းမရှိသော။ ပဒံ၊ မဂ်ဉာဏ် စသည်ဖြင့် မျက်မှောက် ပြုကာ ဆိုက်ရောက်အပ်သော နိဗ္ဗာန်သို့။ အဇ္ဈဂါ၊ အမှန်ထုတ်ခြောက်, ဆိုက်ရောက်ရလေပြီ။

ဤသို့လျှင် သက်ရှိ, သက်မဲ့ ရူပကာယ၌ အသုဘကမ္မဋ္ဌာန်းကို မဂ်, ဖိုလ်, နိဗ္ဗာန်-ဟူသော အပြီးအဆုံးနှင့်တကွ ဟောကြားပြီးလျှင်၊ တဖန် ဒေသနာတော်အကျဉ်းနည်းအားဖြင့် ဤမျှလောက် အကျိုးအာနိသင် ကြီးမားလှသော ကမ္မဋ္ဌာန်း၏အနှစ်သာရယ်ကို ပြုတတ်သော မေ့လျော့စွာ နေခြင်း, ပမာဒ ဝိဟာရကို ကဲ့ရဲ့ရှုတ်ချတော်မူလိုသော မြတ်စွာဘုရားသည် ဤ နောက် ဆုံး နှစ် ဂါထာ ကို ဆက်လက် ဟောကြားတော်မူပါတယ်။

ဒွိပါဒကောယံ အသုစိ၊ ဒုဂ္ဂန္ဓော ပရိဟာရတိ။
နာနာ ကုဏပ ပရိပူရော၊ ဝိဿဝန္တော တတော တတော။
ဧတာဒိသေန ကာယေန၊ ယော မညေ ဥဏ္ဏမေတဝေ။
ပရံဝါ အဝဇာနေယျ၊ ကိမညတြ အဒဿနာ။

ဒွိပါဒကော၊ အခြေနှစ်ချောင်းရှိသော။ အယံကာယော၊ ဤကိုယ်သည်။ အသုစိ၊ မစင် မကြယ်, ရွံရှာဖွယ်ဖြစ်၍။ ဒုဂ္ဂန္ဓော၊ ပုပ်နံ ညှီဟောင်း, မကောင်းသောအနံ့ ရှိသည်ဖြစ်၍။ ပရိဟာရတိ၊

ရေချိုးခြင်း,နံ့သာလိမ်းခြင်း-စသည်ဖြင့် နေ့စဉ်ရက်ဆက်,ပြုပြင်ဆောင်ရွက်နေရ၏။ တထာပိ၊ ထိုသို့ အမျိုးမျိုးပင် ကြိုးစား ပြုပြင် ဆောင်ရွက်ပါသော်လည်း။ နာနာကုဏပ ပရိပူရော၊ ဆံပင်အစ, များပြားလှစွာ, စက်ဆုတ်ရွံရှာဘွယ်တို့ဖြင့် ပြည့်၍နေ၏။ တတောတတော၊ ထိုထို မျက်စိ,နားအစ, ကိုးပေါက်သော ဒွါရအမာဝတို့မှ။ ဝိဿဝန္တော၊ မျက်ချေး,ချွေး,နှပ်, ပေါင်းအပ်များစွာ, ရွံဖွယ်ရာတို့, ဖြာဖြာဒီးဒီး, ယိုစီးလျက် ရှိပေ၏။

တာဒိသေန၊ ဤသို့ မစင်မကြယ်, ရွံရှာဘွယ်သဘောရှိသော။ ကာယေန၊ သဝိညာဏက, ကိုယ်ကာယဖြင့်။ ယော၊ တရားမယှဉ်, ဉာဏ်မဝင်သည့်, အမြင်ယွင်းယို, အကြင်ပုဂ္ဂိုလ်သည်။ ဥဏ္ဏမေတဝေ၊ မာန်ဝင့်မောက်ကြွား, ငါဘကားဟု,ထောင်လွှားခြင်းငှါ။ မညေ၊ တဏှာအားဖြင့် ငါ့ကိုယ်, မာနအားဖြင့် ငါတကား, ဒိဋ္ဌိအားဖြင့်, ငါမြဲ၏ဟု, စိတ်စွဲအစဉ်, အောက်မေ့ မှတ်ထင် လေ၏။ ပရံဝါ၊ သူတပါးကိုမူလည်း။ အဝဇာနေယျ၊ မျိုးမည်နွယ်ဘွား, စသည်အားဖြင့်, တရားယွင်းဖွဲ့, မထိမဲ့မြင် ရှုတ်ချရာ၏။

တတ္ထ၊ ထိုသို့ မိမိကိုယ်ကား ဘဝဂ်ထိအောင် မြှောက်ထား၍,သူတပါးကိုမူ အဝီစိအထိ နှိပ်ချထားခြင်း၌။ အဒဿနာ၊ သစ္စာလေးရပ်, တရားမြတ်ကို, တပ်အပ်ထင်ထင်, မသိမြင်ခြင်းကို။ အညတြ၊ မယူမငင်,ရှောင်ကြဉ်ဖယ်ရှား,အလွတ်ထား၍။ ကာရဏံ၊ အခြားတပါးသော အကြောင်းတရားသည်။ ကိံသိယာ၊ အဘယ်မှာလျှင်, ဖြစ်ရာပါတော့မည်နည်း။ အရိယသစ္စာနံ၊ အရိယာပုဂ္ဂိုလ်မွန်တို့၏, အမှန်လေးရပ်, တရားမြတ်တို့ကို။ အဒဿနမေဝ၊ ဉာဏ်စက္ခုဖြင့်, ရှေးရှုထင်ထင်, မသိမမြင်ခြင်းသည်သာလျှင်။ ကာရဏံ၊ ကိုယ့်ကိုမြှောက်စား, သူတပါးကို, တရားမဲ့စွ,ရှုတ်ချခြင်း၏ အကြောင်းရင်းသာလျှင် ဖြစ်ပေတော့သတည်း။

> ဒေသနာ ပရိယောသာနေ စတုရာသီတိယာ ပါဏသဟဿာနံ ဓမ္မာဘိ သမယော
> အဟောသိ၊ သိရိမာ ဒေဝကညာ အနာဂါမိဖလံ ပတ္တာ၊ သော စ ဘိက္ခု
> သောတာပတ္တိဖလေ ပတိဋ္ဌဟိ။ (သုတ္တ-ဋ္ဌ-ပံ-၂၄၄၊ ဝိဇယသုတ္တ ဝဏ္ဏနာ)။

ဒေသနာ ပရိယောသာနေ၊ ဒေသနာတော်နိဂုံး အဆုံးသတ်ရာ ထိုအခါ၌။ စတုရာသီတိယာ ပါဏသဟဿာနံ၊ သတ္တဝါပေါင်း, ရှစ်သောင်းလေးထောင်, တို့၏။ ဓမ္မာဘိသမယော၊ သစ္စာလေးပါး, မြတ်တရားကို, ထူးခြားသိမြင်, ကျွတ်တမ်းဝင်သည်။ အဟောသိ၊ ဖြစ်လေပြီ။ သိရိမာ၊ ရှေးအခါက, သိရိမာဟု, ကောင်းစွာ ကျော်ကြား, လူသိများသော။ ဒေဝကညာ၊ ယခုခါတွင်, ယာမာဘုံ၌, မွေ့ထုံပျော်မွှီး, နတ်သမီးသည်။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်သို့။ ပတ္တာ၊ မျက်မှောက်ပြုကာ, ရောက်ရှိလေပြီ။ သောစဘိက္ခု၊ သိရိမာကို, အစွဲပိုသည့်, ပုဂ္ဂိုလ်မည်အား, မထင်ရှားသော, ထိုရဟန်းတော်သည်လည်း။ သောတာပတ္တိဖလေ၊ မြင်မှားယုံမှား, ထိုနှစ်ပါးတို့, ပယ်ရှားကင်းကွာ, သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ ပါရမီဉာဏ်, အခြေခံကြောင်း, ကောန်မသွေ, ရောက်ရှိတည်လေတော့သတည်း။

သုံးလောကထွဋ်ထား မြတ်စွာဘုရားက ရှေ့တွင် မျက်မှောက် ဆိုက်ရောက် လာကြကုန်သော သတ္တဝါအများတို့အား ကိုယ်ကာယ၌ တပ်မက်သော ဆန္ဒရာဂကို အောင်နိုင်ကြောင်း ဖြစ်သော

ကြောင့် ဝိဇယသုတ္တန်ကို (၀ါ) ထိုကိုယ်ကာယ၌ တပ်မက်သော ဆန္ဒရာဂကို ဖြတ်ပယ်ကြောင်း ဖြစ်သောကြောင့် ကာယဝိစ္ဆန္ဒနိကသုတ်ကို ဟောကြားပြီးသော အခါ၌ သတ္တဝါအပေါင်း ရှစ်သောင်း လေးထောင်တို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ပြီး သွားကြပါတယ်၊ ရှေးအခါက ရာဇဂြိုဟ်မြို့၌ သိရိမာဟု လွန်စွာကျော်ကြား လှသိမျှသော ယခုအခါ ယာမာနတ်ဘုံသူ ဖြစ်သော သိရိမာနတ်သည် မဂ်ဉာဏ်သုံးဆင့် အသိဉာဏ်ပွင့်၍ အနာဂါမိဖိုလ်သို့ ဆိုက်ရောက်ပြီး သွားပါတယ်၊ သိရိမာကို တပ်မက်စွဲလန်းသော အညတြ ရဟန်းတော်သည်လည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်၍ မျက်မှောက်ပြုသွားပါတယ်။

ထိုမှတပါး အသုဘဘာဝနာကို ပွားများဆင်ခြင်သဖြင့် တရားထူးသိမြင်သော ပုဂ္ဂိုလ်များကတော့ စေတိယတောင်၌ သီတင်းသုံးသော မဟာတိဿထေရ် အရှင်မြတ်သည် မာတုဂါမ ရယ်သံကြားရာ၌ သွားရိုးကိုမြင်၍ အထိကသညာဖြင့် ဈာန်နှင့် မဂ်ဖိုလ်တရားထူးကို ရရှိဘူးပေပြီး စိတ္တဟဋ္ဌမထေရ်ကတော့ လူဖြစ်စဉ်က အိပ်ပျော်နေသော မယားကိုမြင်၍ ဥဒ္ဓုမာတကသညာကို ရပြီးလျှင် သောတာပန် တည်ခဲ့ဘူးသတဲ့။

အသုဘ ဘာဝနာကို ပွားများဆင်ခြင်လျှင် လျှပ်ပေါ်လော်လည်မှု ကင်းတယ်၊ လောဘဒေါသကင်းတယ်၊ မာန်မာနတွေ ကင်းရှင်းတယ်။ အထူးသဖြင့် အသုဘ ဘာဝနာ ရှုပွား၍ ဈာန်ရသောသူသည် ရာဂကို ဖြောင့်စွာ ပယ်ခွာလေသောကြောင့် ရဟန္တာနှင့် တူသတဲ့၊ အသုဘထင်ရာ၌ အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ပွားများလျှင် အရဟတ္တမဂ်ဖိုလ်အထိ ဆိုက်ရောက်နိုင်တယ်တဲ့။

ဤကဲ့သို့ အကျိုးတရား များပြားလှသော အသုဘဘာဝနာတရားကို ကြိုးစား၍ ပွားများအားထုတ်ရန် တိုက်တွန်းရင်း ဒေသနာနိဂုံး ချုပ်ကြစို့ရဲ့။

ကာယံ ဣမံ ဝိဇာနာထ၊ ပရိဇာနာထ ပုနပ္ပုနံ။
ကာမယေ သဘာဝံ ဒိသွာန၊ ဒုက္ခသန္တံ ကရိဿထ။

(ရှေးနည်းအတိုင်း အနက်ပေးပါ)

(အဘိဓမ္မာသတ်-တရားပွဲသိမ်းပါ)

❁ ❁ ❁ ❁ ❁

# မရဏာဿတိဘာဝနာ

မရဏာဿတိံ ဘာဝေထ၊ ဝိဗ္ဘယံ အမတောဂဓံ။
သောကဝိနောဒနတ္ထာယ၊ အပ္ပမတ္တာယ သမ္ဘဒါ။

သာဓဝေါ၊ သံသရာရန်အေး, အမှန်အေးဘို့, ကြံတွေးရှုညောင်း အို-သူတော်ကောင်း အပေါင်းတို့။ တုမ္ဟေ၊ အေးဘိုအေးရန်, စိတ်ကကြံဖြင့်, အမှန်ကြိုးစား, အသင်အမျိုးကောင်း သား သမီးတို့သည်။ သောကဝိနောဒနတ္ထာယ၊ သူ့တွက်ကိုယ့်တွက်, စိုးရိမ်ချက်တို့, ဆက်ဆက်လွတ်ကင်း, ပယ်ဖျောက်နိုင်ခြင်း အကျိုးငှာရင်း။ သမ္ဘဒါ၊ နေ့ရောညဉ့်ပါ, ဘယ်ခါ မပြတ်, အချင်းခပ်သိမ်း, ကုသလေသု, ဓမ္မေသု၊ ဘာဝနောင်ရာ, သံသရာဝယ်, ကောင်းရာဆောင်ငြား, လွန်ကျိုးများသည် ကုသိုလ်တရားတို့၌။ အပ္ပမတ္တာယ၊ သတိကင်းပေါ့, မေ့လျော့မှုမရှိ အကျိုးငှာရင်း။ ဝိဗ္ဘယံ၊ မယွင်း အမှန်, သေမည့်ရန်ကို, ပူပန်ကင်းဘိ, ကြောက်ရွံ့ခြင်း အလျဉ်းမရှိသော။ အမတောဂဓံ၊ မသေရာ မှန်, ပြည်နိဗ္ဗာန်လျှင်, အမှန်ခိုအောင်း, လည်းလျှောင်းရာရှိသော။ မရဏာဿတိံ၊ သေရမည်ဘဲ, မှန်မလွဲဟု, စွဲမြဲစီးဖြန်း, မရဏာဿတိဘာဝနာ ကမ္မဋ္ဌာန်းကို။ ဘာဝေထ၊ မှန်မှန်ကြိုးစား ပွားကြကုန် လော့။ ဘာဝေထ၊ ခုခါနောက်နှောင်း, အစဉ်ကောင်းဘို့, ခွင့်ကောင်းကြုံခိုက်, လုံ့လစိုက်လျက်, နှစ်ခြိုက်ကြိုးစား, ပွားများ အားထုတ်ကြကုန်ရာသတည်း။

ယနေ့ ဟောရမည့် တရားကတော့ အာရက္ခ တရားလေးပါး (၀၁) ကိုယ်စောင့်တရား လေး ပါးတို့တွင် "မရဏံ မေ ဘဝိဿတိ၊ငါသည် ကေန်မုချ သေရလတံ့" စသည်ဖြင့် အဖန်ဖန် အထပ်ထပ် စီးဖြန်းသော မရဏာဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို ဟောကြားရမည် ဖြစ်တယ်။

"သဗ္ဗေ ဘာယန္တိ မစ္စုနော သဗ္ဗေ၊ လူရှေနတ်ပါ, ဗြဟ္မာမကြွင်း, ခပင်းဥဿုံ, အလုံးစုံ သတ္တဝါတို့သည်။ မစ္စုနော၊ ရုပ်, နာမ် နှစ်ချက် အသက်ဇီဝိန်, ညှိုးမှိန်ပျက်ယွင်း, သေဆုံးခြင်းမှ။ ဘာယန္တိ၊ ဒေါသမူစေတ်, မကင်းပြတ်က, မြဲမှတ်ယွင်းဖေါက်, ရွံ့ကြောက်ကြကုန်သည်သာတည်း- ဟူ၍ ဓမ္မပဒ၌ မိန့်ဆိုသည့်အတိုင်းပင် ဒေါသစေတ်ရှိ, ညှိုးမှိန်လွတ်ကင်း, မပြတ်ရင်းသည့်, ခပင်း များစွာ, ဗြဟ္မာနတ်လူ, ခပ်သိမ်းသူတို့သည် ရုပ်စေတ်, နာမ်စေတ်, ဆုံးပြတ်ပျက်ပြုံး, သေဆုံးခြင်းမှ ကြောက်ရွံ့ထိတ်လန့်ကြသည် ချည်းဖြစ်ပေဘယ်၊ သေဆုံးခြင်းမှ ကြောက်ရွံ့ထိတ်လန့်မှု ကင်းတယ် ဆိုတာ ဒေါသပယ်ရှားပြီးဖြစ်တဲ့ အနာဂါမ်နှင့်ရဟန္တာအရှင်မြတ်များသာလျှင် ကြောက်ရွံ့ထိတ်လန့်မှု ကင်းကြတာကလား။

ထိုမှတပါး လူ့ရာနတ်ပါ ဗြဟ္မာမကြွင်း ခပင်းများစွာ သတ္တဝါအားလုံးတို့ဟာ သေခြင်း တရားကို ကြောက်ရွံ့ထိတ်လန့်ကြတာ ချည်းဘဲတဲ့။ သို့ပါသော်လည်း ထိုသေခြင်း တရားကား မည် သူမှမရှောင်ရှား၍ မလွတ်နိုင် တနေ့ကြလျှင် သေခြင်းတရားနှင့် ရင်ဆိုင်တိုးကာ သေပွဲဝင်ကြမည်သာ ကေန်ဖြစ်ပေတယ်၊ ဤကဲ့သို့ ပြေးလို့လဲမလွတ် ရှောင်လို့လဲ မရတဲ့ သေခြင်းဆိုတဲ့တရားကို "လာမည့် ဘေး ပြေးတွေ့" ဆိုတဲ့အတိုင်း မလာရောက်မီ မတွေ့ကြုံမီက ကြိုတင်ပြီး ထင်မြင်နေအောင် ဆင်ခြင်

ပွားများ ကြရပေမည်၊ သေခြင်းတရား ကြိုတင်ကာ ဆင်ခြင်ပွားများထားလျှင် သေဆုံးခြင်းတရားနှင့် ကြုံတွေ့လာသောအခါ လွန်စွာ စိုးရိမ်သောက ဗျာပါဒ မဖြစ်ဘဲ စိုးရိမ်သောက ကို လွယ်ကူစွာ ငြိမ်းအေးစေနိုင်တယ်တဲ့။

မိမိသည်တနေ့သောအခါ ကေန်သေရမည်-ဟု သိနေသဖြင့် အကုသိုလ်ဖြစ်မည့် အမှုကိစ္စကို အမြဲရှောင်ရှားပြီး၊ ကုသိုလ်တရား တိုးပွားမည့်အမှုကိစ္စကို အမြဲဆောင်ရွက် အားထုတ်တတ်တယ်။ သေရမည်ကို သိနေသောသူသည် သေရန်အတွက် ပြင်ဆင်ချက်ပြုထားပြီး ဖြစ်သဖြင့် ကြောက်ရွံ့ ထိတ်လန့်မှုမရှိတော့ပေ။ မသေရာမှန် အမြိုက်နိဗ္ဗာန်သို့သာလျှင် မှီခိုပုန်းအောဖ်း လဲလျောင်းရာ ရှိပေတယ်။ သို့အတွက်ကြောင့် မရဏာဿတိ ဘာဝနာကမ္မဋ္ဌာန်း အမြဲတန်းစီးဖြန်းပွားများ အားထုတ်ကြရမည်ဖြစ်တဲ့အတွက် ကိုယ်စောင့်တရား-ဟု ခေါ်ဆိုရခြင်း ဖြစ်ပေတယ်။ အမြဲတန်းရှု ပွားများ ဆင်ခြင်ရမည့် တရားတပါးလို့ ဆိုလိုတယ်တဲ့။

ဆောင်ပုဒ်။ စိုးရိမ်သောက-ကင်းပစေရန်၊ ကုသိုလ်တိုးပွား-စိတ်ထားမြဲမြံ။
ကြောက်ရွံ့ခြင်းကင်း- ညွတ်ခြင်းနိဗ္ဗာန်၊ သေတရား-ရှုပွား ကြိမ်ဖန်ဖန်။

သတ္တဝါတွေအသက်ရှင်ပြီး နေကြတယ်ဆိုတာ ရုပ်နာမ်နှစ်ချက် အသက်ဇီဝိဘကလေး မချုပ်မပျက်မီ ကာလ အခိုက်အတန့်ကိုသာလျှင် အသက်ရှင်နေတယ်လို့ ဆိုရခြင်း ဖြစ်ပေတယ်။ ဒီအသက်ဇီဝိတကလည်း အကြောင်းအမျိုးမျိုးကြောင့် နေ့ညအချိန်ကာလမရွေး မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် ချုပ်ပျောက်ပျက်စီးတတ်တဲ့ သဘောရှိတဲ့တရာ မျိုးပင်ဖြစ်သတဲ့။ အလွန်လျင်မြန်သောဖြစ်မှုပျက်မှုသဘောရှိတယ်။ သို့အတွက်ကြောင့် သုံးလောကထွဋ်ထား မြတ်စွာဘုရားက သလ္လသုတ်ဒေသနာ၌ အသက်ဇီဝိတ၏ ဖြစ်ပျက်မှုလျင်မြန်လှတဲ့အကြောင်း ချမ်းသာမဖက် ဆင်းရဲမှု သက်သက်နှင့်သာ အမြဲစပ်နေကြောင်းကို အကျယ်အားဖြင့် ဟောကြားတော်မူခဲ့ခြင်းဖြစ်တယ်။

အနိမိတ္တ မနညာတံ မစ္စာနံ ဣဓ ဇီဝိတံ၊
ကသိရဉ္စ ပရိတ္တဉ္စ ဒုက္ခေန သံယုတံ။ (သုတ္တနိပါတ်ပါဠိ–သလ္လသုတ္တ–၃၇၁)။

ဣဓ၊ မရဏာစက်ကွင်း မလွတ်ကင်းသည့် ခပင်းများစွာ သတ္တဝါတို့၏ တည်ရာဌာန ဤလောကာ၌။ မစ္စာနံ၊ ပြဟ္မာ, လူ, နတ်, ဘုံသုံးရပ်သား သတ္တဝါ အများတို့၏ ဇီဝိတံ၊ ရုပ်နာမ်နှစ်ချက်, ပေါင်းယှက်တည်ငြိမ်, သက်ဇီဝိန်သည်။ အနိမိတ္တံ၊ နိမိတ်အမှတ် ကင်းပြတ်လတ်၍။ အနညာတံ၊ သတ်မှတ်သေချာ, သေမည့်ခါနှင့်, လားရာဂတိ, ပိုင်းခြားရှိကို, မိမိပိုင်ပိုင်, မသိနိုင်ချေ။ ကသိရဉ္စ၊ အကြောင်းအများ ဆက်စပ်ထားသဖြင့် ထူးခြားအစဉ် ပင်ပန်းငြိုငြင်သည်လည်း။ ဟောတိ၊ ကေန်စင်စစ် အမှန်ဖြစ်၏။ ပရိတ္တဉ္စ၊ နတ်တို့အသက်, လောက်ဆတွက်မူ, သစ်ရွက်ပေါ်နှား, နှင်းပေါက်လားသို့, နည်းပါးတိုတောင်းလှသည်လည်း။ ဟောတိ၊ မုချမသွေ ဖြစ်ရလေ၏။ တဉ္စ၊ ငြိုငြင်တိုတောင်း အကြောင်းစပ်ဆက် ထိုအသက်ဇီဝိန်သည်လည်း။ ဒုက္ခေန၊ ပူအေးအစ များလှဖြစ်ရှိ ဆင်းရဲခြင်းအမျိုးမျိုးနှင့်။ သံယုတံ၊ အစဉ်မပျက် အလွန်နှိပ်စက်၍ ရောယှက်နေသည်။ ဟောတိ၊ လွဲဖယ်မရ, သဘာဝမို့, မုချမသွေ, ဖြစ်ရလေတော့သတည်း။

ဤလောက၌ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အသက်ဟု ခေါ်သော ဇီဝိတိန္ဒြေသည် မှတ်သားလောက်စရာ အကြောင်းနိမိတ်မရှိဘူးတဲ့။ "ငါသည် အကြင်မျှလောက် ကာလပတ်လုံး ဤမည်သောအမှုကိုပြုပေအံ့။ ထိုမျှလောက်သောကာလပတ်လုံး အသင် အသက်ရှည်ပါလော့ မသေပါလင့်ဦး"ဟု ပြောဆိုတောင်းပန်၍မရနိုင်ပေ၊ သို့ဖြစ်၍ ဤသူသည် ဤမျှ ဤမျှကာလပတ်လုံး အသက်ရှင်အပ်၏" ဟူ၍ လားရာဂတိအားဖြင့်၎င်း, အသက်အပိုင်းအခြား၏ အစွမ်းအားဖြင့်၎င်း, စင်စစ်ကေန် အမှန်တိကျ မသိရှိနိုင်ကြခြင်းပင်ဖြစ်တယ်။

များစွာသော အကြောင်းတို့နှင့်စပ်၍ဖြစ်ခြင်းကြောင့် ပင်ပန်းငြိုငြင်တယ်ဆိုတာ ဒီအသက် ခေါ်သော ဇီဝိတိန္ဒြေသည် ထွက်သက်နှင့်လည်း စပ်၍နေတယ်၊ ဝင်သက်နှင့်လည်း စပ်၍နေတယ်၊ မဟာဘုတ်လေးပါးနှင့်စပ်၍နေပါတယ်။ ကဗဠီကာရ၊ အာဟာရဖြင့်၎င်း၊ ဥသ္မာ၊ တေဇောဓာတ် ဓာတ်နှင့်၎င်း စပ်၍နေတယ်၊ ထွက်သက်မရှိတော့လျှင်လည်း အသက်သေဆုံးတော့တယ်၊ ဝင်သက် မရှိတော့လျှင်လည်း သေဆုံးခြင်းပင်ဖြစ်တယ်၊ ထွက်သက်ဝင်သက်ရှိနေမှသာလျှင် အသက်ရှင်တယ်လို့ ခေါ်ကြတယ်မဟုတ်လား။ထိုနည်းအတူပင် ပထဝီ,အာပေါ,တေဇော,ဝါယော ခေါ်သောဓာတ်ကြီး လေးပါးတို့သည် အချင်းချင်းတည်ခြင်း ပတိဋ္ဌာနစသော မိမိတို့၏ ကိစ္စအသီးသီးကိုပြီးစေလျက် အညီ အမျှ ဆောင်ရွက်နေကြမှသာလျှင် အသက်ရှင်ခြင်း ဖြစ်နိုင်တယ်။

ဓာတ်ကြီးလေးပါးတို့ဟာ မိမိတို့၏ ကိစ္စအသီးသီးကို မဆောင်ရွက်ဘဲ ပျက်ကွက်ကြသော အခါ ဤကိုယ်ခန္ဓာသည် ပျက်ပြားသေဆုံးရတော့တယ်တဲ့။ သို့အတွက် အသက်ရှင်ခြင်းသည် မဟာဘုတ်လေးပါးနှင့်လည်း ဆက်စပ်လျက်ရှိတယ်လို့ ဆိုရခြင်းဖြစ်တယ်။ ငတ်မွတ်ခေါင်းပါးသော အခါ စသည်တို့၌ အစာအာဟာရကင်းပြတ်သဖြင့် သတ္တဝါတို့အသက် ပျက်စီးသေဆုံးရခြင်းမှာ အလွန်ပင်ထင်ရှားလှတယ်။ သို့အတွက် အသက်ဇီဝိတိန္ဒြေသည် ကဗဠီကာရ အာဟာရနှင့်လည်း ဆက် စပ်လျက်ရှိပေတယ်။ ထိုနည်းရင်းပင် စားသောက်အပ်သော အစာအာဟာရကို ကြေကျက်စေသော ကမ္မဇတေဇော ကုန်သည်ရှိသော် သတ္တဝါတို့သေဆုံးရခြင်းသည် ထင်ရှားပါတယ်။

ဒါကြောင့် အသက်ရှင်ခြင်းသည် ဥသ္မာ တေဇောနှင့်လည်းစပ်၍နေတယ်လို့ မှတ်ရပါသည်။ ထိုမှတပါး ဝိညာဉ်ချုပ်သည်ရှိသော် ဝိညာဉ်ချုပ်သောအခါမှစ၍ သတ္တဝါတို့၏ အသက်ရှင်ခြင်း လည်း မဖြစ်တော့ပါဘူး၊ ဝိညာဉ်ချုပ်လျှင် အသက်ခေါ် ဇီဝိန္ဒြေလဲ ချုပ်တော့တာဘဲဖြစ်တယ်၊ သို့ ဖြစ်၍ အသက်ရှင်ခြင်းသည် ဝိညာဉ်နှင့်လည်း ဆက်စပ်နေသဖြင့် များစွာသောအကြောင်းတို့နှင့် စပ်ခြင်းရှိသည်၏အဖြစ်ကြောင့် အသက်ရှင်ရခြင်းသည် ပင်ပန်းငြိုငြင်လှတယ်တဲ့။

တထာဟိ တံ အဿာသပဋိဗဒ္ဓဉ္စ ပဿာသပဋိဗဒ္ဓဉ္စ မဟာဘူတပဋိဗဒ္ဓဉ္စ၊
ကဗဠီကာရာဟာရပဋိဗဒ္ဓဉ္စ ဥသ္မာပဋိဗဒ္ဓဉ္စ ဝိညာဏပဋိဗဒ္ဓဉ္စ။

(သုတ္တ-ဋ္ဌ-ဒု-သလ္လသုတ္တ ဝဏ္ဏနာ-၁၇၈)။

တထာတံဝဏ်နံ၊ အသက်ဓာတ်၏ ဆက်စပ်ကြောင်းများ ဟော မိန့်ကြားသည့် ထိုစကားသည်။ ဟိ-သစ္စံ၊ကေန်စင်စစ် အမှန်ဖြစ်၏။ တံ၊ ထိုရုပ်နာမ်နှစ်ချက် ဇီဝိန်အသက်သည်။ အဿာသပဋိဗဒ္ဓဉ္စ၊ ဝင်သက်နှင့်စပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ပဿာသပဋိဗဒ္ဓဉ္စ၊ ထွက်သက်နှင့်စပ် သည်လည်း။

ဟောသတိ၊ ဖြစ်၏။ မဟာဘူတပစ္စယဒ္ဓ၊ မဟာဘုတ်လေးပါးနှင့်စပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ကဗဠီကာရာဟာရပစ္စယဒ္ဓ၊ စားမျိုအပ်သမျှ ကဗဠီကာရ အာဟာရနှင့်စပ်သည်လည်း။ ဟောတိ၊ ဖြစ်၏၊ ဥတုသမုဋ္ဌာနပစ္စယဒ္ဓ၊ ဥတုသခေါ် အပ် ကမ္မဇတေဇောဓာတ်နှင့် စပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိညာဏပစ္စယဒ္ဓ၊ ဝိညာဉ်နှင့် စပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

ဒီအသက်ခေါ် ဇီဝိတိန္ဒြေ ကောင်းစွာ တည်နေနိုင်ခြင်းသည် ဝင်သက်နှင့်လည်း စပ်၍နေတယ်၊ ထွက်သက်ဖြင့်လဲ စပ်၍ နေတယ်၊ ပ, အာ, တေ, ဝါ, မဟာဘုတ်လေးပါးနှင့်လည်း ဆက်စပ်နေတယ်၊ စားမျိုအပ်သမျှသော ကဗဠီကာရ အာဟာရနှင့်လည်း ဆက်စပ်နေတယ်၊ ဥတုခေါ် ကမ္မဇ တေဇောဓာတ်နှင့်စပ်၍ နေတယ်၊ဝိညာဉ်နှင့်စပ်၍ နေတယ်တဲ့'ယခု ပြောခဲ့တဲ့အကြောင်း ငါးပါးနှင့် ဆက်စပ်လျက် အသက်ဇီဝိတိန္ဒြေသည်ကောင်းစွာတည်နေနိုင်ခြင်း ဖြစ်တယ်၊ထိုငါးပါးတွင်အကြောင်း တပါးပါး ပျက်ပြားပါက အသက်ဇီဝိတိန္ဒြေလည်း ကောင်းစွာတည်မနေနိုင်ဘဲ ပျက်စီးသေဆုံးခြင်းသို့ ရောက်ရလေတော့တယ်။

ဤကဲ့သို့ အသက်ဇီဝဓာတ်သည် အကြောင်းငါးရပ်ကို မပြတ်ယှဉ်မှီ တည်နေတဲ့ အကြောင်းကို ဒီလင်္ကာလေးများဆို၍ လွယ်ကူစွာ မှတ်ထားကြရမယ်။

ဆောင်ပုဒ်။ ၁။ ဝင်သက်ထွက်သက်၊ ယှဉ်နှစ်ချက်၊ စပ်လျက်တည်နေသည်။
၂။ ပ-အာ-တေ-ဝါ၊ဘုတ်လေးဖြာ၊ ကောင်းစွာမှီနေသည်။
၃။ ကဗဠီကာရ၊ အာဟာရ၊ မုချမှီနေသည်။
၄။ တေဇော-ဥတု၊ ဝိညာဏ၊ မှန်စွာမှီနေသည်။
၅။ သက်ဇီဝိန်ဓာတ်၊ ကြောင်းငါးရပ်၊ ဆက်စပ်တည်နေသည်။

ထိုမှတပါး ဒီအသက် ဇီဝိတိန္ဒြေသည် အချိန်ကာလ အနေအားဖြင့်လည်း နည်းငယ် တိုတောင်းလှသတဲ့။လူတို့၏ အသက် ဇီဝိတသည် နတ်တို့၏ အသက်ကို ထောက်ဆပါက မြက်ဖျားပေါ်၌ ကျရောက် တင်နေသော နှင်းရေပေါက်မျှသာ ဖြစ်တယ်၊ တနည်းအားဖြင့် စိတ္တက္ခဏတော့ဥဒ္ဒိ အဘာဝေနဝါ ပရိတ္တံ (သုတ္တ-၄-၂-၁၇၉) စိတ္တက္ခဏတချက်၏ အထက်၌ မဖြစ်သောကြောင့်လည်း နည်းငယ် တိုတောင်းလှသတဲ့။ အသက်အလွန်ရှည်သော သတ္တဝါပင် ဖြစ်သော်လည်း အတိတ် ဖြစ်သော စိတ်ဖြင့်ကား အသက်ရှင်ခဲ့ပြီးပြီသာဖြစ်တယ်၊ ရှင်ဆဲရှင်လတ္တံ့ မဟုတ်ဘူးတဲ့ အနာဂတ် ဖြစ်သောစိတ်ဖြင့်လည်း ရှင်လတ္တံ့သာဖြစ်တယ်။ ရှင်ဆဲရှင်ဘူး မဟုတ်ပေ၊ ပစ္စုပ္ပန်ဖြစ်သော စိတ်ဖြင့်လည်း ရှင်ဆဲသာဖြစ်တယ်။ ရှင်ဘူးရှင်လတ္တံ့ မဟုတ်ပေ၊ သို့ဖြစ်၍ အသက်ဇီဝသည် စိတ္တက္ခဏ တချက် အထက်မဖြစ်ခြင်းကြောင့် နည်းငယ်တိုတောင်းခြင်း သဘောရှိတယ်-ဟု မှတ်ကြရမယ်။

ဤကဲ့သို့ အမှတ် နိမိတ်ကင်းခြင်း သေရမည့်အခါ လားရာဂတိ စသည်ကို မသိခြင်းအကြောင်းများစွာနှင့် စပ်ဆဖြင့် ပင်ပန်းငြိုငြင်ခြင်း, နည်းငယ် တိုတောင်းလှခြင်းသဘောရှိသော ထိုအသက်ဇီဝိတိန္ဒြေသည် အေးမှု ပူမှုစသော သင်္ခါရ, ဒုက္ခ, ဝိပရိဏာမဒုက္ခ-ဒုက္ခ-ဒုက္ခ-ဟု ဆိုအပ်သောဆင်းရဲဒုက္ခ သုံးမျိုးတို့နှင့် အမြဲမပြတ် ယှဉ်စပ်လျက်သာရှိတယ်။ သို့ဖြစ်၍ အသက် ဇီဝဓာတ် မကင်းပြတ်မီ မြတ်သောတရား အထူးကို ကြိုးစား ပွားများပါ-ဟု ဆိုလိုခြင်း ဖြစ်ပေတယ်တဲ့။

နဟိ သော ဥပက္ကမော အတ္ထိ၊ ယေန ဇာတာ န မိယျရေ။
ဇရမ္ပိ ပတွာ မရဏံ၊ ဧဝံ ဓမ္မာ ဟိ ပါဏိနော။ (သုတ္တ-ပါ-သလ္လသုတ္တ-၃၇၁)။

ဇာတာ၊ ပဋိသန္ဓေ၊ တည်နေစွဲကာ၊ ဖြစ်ပေါ်လာကုန်သော။ သတ္တာ၊ သုံးရပ်ဘုံခွင်၊ ကျင်လည်ပျော်ပါး၊ သတ္တဝါအများတို့သည်။ ယေန ဥပက္ကမေန၊ ဆေးဝါးမန္တရား၊ စသောအားဖြင့်၊ ကြိုးစားပြုပြင်၊ စီစဉ်ကြံဆ၊ အကြင်လုံ့လဖြင့်။ နမိယျရေ၊ ဇီဝိန်အသက်၊ ယွင်းမပျက်ဘဲ၊ ဆက်လက်တည်နေ မသေကုန်ရာ၊ သော ဥပက္ကမော၊ မသေနိုင်ရန်၊ ကြံဖန်ပြုကြ၊ ထိုလုံ့လမျိုးသည်။ နဟိ အတ္ထိ၊ ထိုထို ဤဤ၊ အလီလီကြံဆ၊ ပြုလုပ်ကြလည်း၊ လုံးဝမရှိနိုင် သည်သာလျှင်တည်း။ ဇရံ၊ ရုပ်နာမ်နှစ်ဖြာ၊ မခိုင်မာဘဲ၊ လွန်စွာယိုယွင်း၊ အိုမင်းခြင်းသို့။ ပတွာပိ၊ မယွင်းမဖေါက် ရောက်၍သော်ငြား။ အပတွာပိ၊ မရောက်မူ၍သော်ငြား။ မရဏံ၊ ခန္ဓာပျက်ပြုန်း သေဆုံးခြင်းသည်။ ဟောတိ၊ ကေန်စင်စစ် အမှန်ဖြစ်၏။ ပါဏိနော၊ လူရောနတ်ပါ၊ ဗြဟ္မာမကြွင်း၊ ခပင်းများစွာ သတ္တဝါတို့သည်။ ဧဝံ ဓမ္မာ ဟိ ဧဝံဓမ္မာဧဝ၊ ဤသို့ရုပ်နာမ်နှစ်ဖြာခန္ဓာပျက်ပြုန်းသေဆုံးခြင်း သဘောရှိကုန်သည်သာလျှင်တည်း။

ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်ထင်ရှား မွေးဖွားလာသော အလုံးစုံသော သတ္တဝါ မှန်သမျှတို့သည် အသက်မသေ အမြဲနေအောင် ကြံဆောင်ပြုပြင် စီရင်အပ်သော အင်းအိုင်မန္တရား ဆေးဝါး ခတ်စာ ပညာပယောဂ လုံ့လဥဿာဟဖြင့် မည်မျှပင် ကြိုးစားပြုလုပ် အားထုတ်သော်လည်း မရနိုင်ပေ၊ ခန္ဓာယိုယွင်း အိုမင်းခြင်းသို့ ရောက်သည်ဖြစ်စေ, အိုမင်းခြင်းသို့ မရောက်မိဖြစ်စေ, သတ္တဝါမှန်သမျှတို့သည် ဤသို့ သေဆုံးတတ်သော သဘောရှိကြသည်သာလျှင် ဖြစ်တယ်။

ဆောင်ပုဒ်။ ၁။ သေခြင်းတရား၊ ခတ်ဆေးဝါး၊ ပယ်ရှားမစွမ်းပေ။
၂။ သတ္တဝါမှန်က၊ သေကြရ၊ ဓမ္မလမ်းစဉ်ပေ။

ဖလာနမိဝ ပက္ကာနံ၊ ပါတော ပတနတော ဘယံ။
ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ ။

ပက္ကာနံ၊ ရင့်ကျက်ရှမ်းအိ၊ ကောင်းစွာမှည့်ကုန်သော၊ ဖလာနံ၊ ပိန္နဲ-သရက်၊ စလျက်သွယ်သွယ်၊ ငယ်ငယ်ကြီးကြီး၊ သစ်သီးတို့အား။ ပါတော၊ အာရုဏ်ပေါ်ထွက်၊ နံနက်ချိန်အခါ၌။ ပတနတော၊ ပင်ညှာမခိုင်၊ ယိမ်းယိုင်နွမ်းလျ၊ ကြွေကျခြင်းကြောင့်။ ဘယံ၊ ဆုံးပါးပျက်စီး၊ ဖိစီးမအေး၊ ဘေးအန္တရာယ်သည်။ ဟောတိဣဝ၊ ကေန်စင်စစ်၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထိုနည်းမခြား၊ အလားတူစွာ။ ဇာတာနံ၊ ပဋိသန္ဓေ၊ တည်နေစွဲကာ၊ ဖြစ်ပေါ်လာကုန်သော။ မစ္စာနံ၊ ပုပုရွရွ၊ များပြားလှစွာ၊ သတ္တဝါတို့အား။ မရဏတော၊ အသက်ဇီဝိန်၊ ငြိမ်းမှိန်ပျက်ပြုန်း၊ သေဆုံးခြင်းကြောင့်။ နိစ္စံ၊ တရံမစဲ၊ အမြဲမပြတ်။ ဘယံ၊ ကြောက်ထိတ်လန့်ဘွယ်၊ ရန်စွယ်မအေး၊ အန္တရာယ်ဘေးသည်။ ဟောတိ၊ မြေကြီးလက်ခတ်၊ မလွဲအပ်သို့၊ မြဲမှတ်ပုံသေ၊ ဖြစ်ရလေတော့သတည်း။

ပက္ကဖလသဒိသာ ဟိ သတ္တာ။ (သုတ္တ - ဠ - ၂ - ၁၀၀)။

ဟိသစ္စံ၊ စင်စစ်ကေန်၊ အမှန်မူကား။ သတ္တာ၊ သုံးဆယ့်တစ်ဘုံ၊ ခိုလှုံပျော်ပါး၊ သတ္တဝါများတို့သည်။ ပက္ကဖလသဒိသာ၊ သစ်သီးမှည့်နှင့်, ထောက်ချင့်ပုံယူ, တူကုန်သည် သာလျှင်တည်း- ဟု

ဆိုတဲ့အတိုင်း သတ္တဝါတွေဟာ သစ်သီးမှည့်နှင့် အလွန်တူကြတယ်တဲ့။ တူပုံကတော့ နံနက်အခါ နေရောင်ခြည်လာ၍ နေရောင်ခြည် အပူဓာတ်ကိုရရှိသော သစ်ပင်မှာ ပထဝီရသ- မြေ၏အရသာ၊ အာပေါရသ- ရေ၏အရသာသည် အရွက်မှ အခက်သို့,အခက်မှ ပင်စည်သို့, ပင်စည်မှ အမြစ်သို့, အစဉ် အတိုင်း အားဖြင့် အမြစ်မှမြေသို့ ဝင်သွားသတဲ့။ တဖန် မြေသို့သက်ရောက်ပြီးသော ပထဝီရသ အာပေါရသ တို့သည် မြေမှ အမြစ်သို့ အမြစ်မှ ပင်စည်သို့,ပင်စည်မှ အခက်, ဤသို့အစဉ်အားဖြင့် အခက်,အရွက်, အညွန့်,အညှောင့်- စသည်တို့သို့ တက်ရောက်လာပြန်တယ်။

ဒီလို အမြစ်မှအညွန့်အညှောင့်အထိ ပထဝီရသ အာပေါရသခေါ်တဲ့ မြေအရသာ ရေအရသာ များ တဖန် တက်ရောက်လာရာမှာ မှည့်ရင့်သောသစ်သီး၏ အညှာသို့ မဝင်ရောက်တော့ပေ။ ထိုအခါ နေရောင်ခြည်အပူဓာတ် အသီး၏ အညှာကို အပူဓာတ်ထိခတ်သဖြင့် ပူလောင်စေသောအခါ ထိုသစ် သီးများသည် နံနက်အခါ အမြဲတမ်း ကြွေကျရခြင်းကြောင့် ဘေးဖြစ်တယ်။ ကြွေကျခြင်းပင်လျှင် ဘေးဖြစ်တယ်လို့ ဆိုရသလို ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာကုန်သော သတ္တဝါ မှန်သမျှတို့သည် သေဆုံးရခြင်း သဘောကြောင့် အမြဲတန်း ဘေးရန်ဖြစ်၍နေတယ် မှတ်ရမည်တဲ့။ သို့အတွက်ကြောင့် သတ္တဝါတို့သည် သစ်သီးမှည့်နှင့် တူကြတယ်လို့ ဆိုရခြင်းဖြစ်ပေတယ်။

ထိုမှတပါး မြတ်စွာဘုရားက မရဏဿတိတရား ထင်ရှားအောင် ဆက်လက်၍ ဟောကြား တော်မူသည်မှာ—

ယထာပိ ကုမ္ဘကာရဿ၊ ကတာ မတ္တိက ဘာဇနာ။
သဗ္ဗေ ဘေဒနပရိယန္တာ၊ ဧဝံ မစ္စာန ဇီဝိတံ။

ကုမ္ဘကာရဿ၊ ရွှံ့မြေညက်ကို, လိုရာပုံသွင်း, ပြုလုပ်ခြင်းရှိသော, အိုးထိန်းသည် သည်။ ကတာ၊ လိုရာပုံထုတ်, ပြုလုပ်အပ်ကုန်သော။ သဗ္ဗေ၊ ငယ်ငယ်ကြီးကြီး, ဖုတ်ပြီးအစိမ်း, ခပ်သိမ်း ကုန်သော။ မတ္တိကဘာဇနာ၊ ပြုလုပ်ဆောင်ရွက်,မြေအိုးမြေခွက်တို့သည်။ ဘေဒနပရိယန္တာယထာ၊ ကွဲခြင်းသာလျှင် အဆုံးရှိကြကုန်သကဲ့သို့။ ဧဝံ၊ ပမာနှိုင်းယှဉ် ဤနည်းတူ။ မစ္စာနံ၊ သုံးဆယ့်တဘုံ, ခိုလှုံပျော်ပါး, သတ္တဝါအများတို့၏။ ဇီဝိတံ၊ ရုပ်နာမ်နှစ်ချက်, ပေါင်းစုဖက်၍, မပျက်တည်ငြိမ်, သက်ဇီဝိန်သည်။ ဘေဒနပရိယန္တံ၊ အရှည်အကြား,မတည်ပါဘဲ,မြန်စွာချည်းနှီး,ပျက်စီးသေကြေခြင်း လျှင် အဆုံးရှိသည်သာတည်း။

မြေညက်ရွှံ့စေးတို့ကို အမျိုးမျိုးပုံသွင်းလျက် ပြုလုပ်ဆောင်ရွက်ကြကုန်သော အိုးထိန်းသည် တို့သည်ကောင်းစွာပုံထုတ် ပြုလုပ်အပ်သော မြေအိုး,မြေခွက်အမျိုးမျိုးတို့သည် အမှန်မလွဲ ကြေကွဲ ပျက်စီးခြင်းသာလျှင် အဆုံးရှိသကဲ့သို့ ထိုနည်းတူစွာပင် ဤလောက၌ လူ့ရေနတ်ပါ ပြဟ္မာမကြွင်း ခပင်းများစွာ သတ္တဝါမှန်သမျှတို့၏ အသက်ဇီဝိတိန္ဒြေသည်လည်း သေကြေပျက်စီး ရခြင်းလျှင် အဆုံးရှိပါတယ်တဲ့။

ဒဟရာစ မဟန္တာစ၊ ယေဗာလာ ယေစ ပဏ္ဍိတာ။
သဗ္ဗေ မစ္စု ဝသံ ယန္တိ၊ သဗ္ဗေ မစ္စုပရာယဏာ။

ဒဟာရာစ၊ အသက်အရွယ်, ငယ်ကုန်သောသူတို့သည်ရှင်း။ မဟန္တာစ၊ အသက်သိက္ခာဂုဏ်ဝါ မြင့်ပြီး,ကြီးကုန်သောသူတို့သည်ရှင်း။ ယေဗာလာစ၊ အသိုးမထိုက်, မျိုးစရိုက်ကြောင့်, အကြင်ဆိုး မိုက်ကုန်သောသူတို့သည်ရှင်း။ ယေပဏ္ဍိတာစ၊ တတ်သိလိမ္မာ, ဉာဏ်ရာထူးချွန်, အကြင်ပညာဝန်တို့ သည်ရှင်း။ သဗ္ဗေ၊ ကြီးငယ်မဟူ, မိုက်သူလိမ္မာ, သတ္တဝါအားလုံးတို့သည်။ မစ္စုဝသံ၊ မထောက် မညှာ, အာဏာထန်ပြင်း, ရှင်သေမင်း၏ အလိုနိုင်ငံသို့။ ယန္တိ၊ တိမ်းရှောင်ခြင်းငှါ, မစွမ်းသာဘဲ, လိုရာဆိုက်ဆိုက်,လိုက်ပါကြကုန်၏။ သဗ္ဗေ၊ လူနတ်ပြဟ္မာ,သတ္တဝါအားလုံးတို့သည်။ မစ္စုပရာယဏာ၊ သေမင်းထံမှောက်, လက်စုံမြှောက်၍, စိုးကြောက်တွေဝေ, ဆိုက်ရောက်ကြရလေကုန်သတည်း။

အသက်အရွယ် ငယ်သောသူဖြစ်စေ ကြီးသောသူဖြစ်စေ သတ္တဝါမှန်သမျှ သေမင်း၏အလို နိုင်ငံသို့ ဆိုက်ကြရသည်ချည်း ဖြစ်တယ်၊ ထိုမှတပါး ပညာရှိ ပညာမဲ့သူ အားလုံးတို့လည်း သေမင်း နိုင်ငံသို့ လိုက်ကြပါကုန်သည်ချည်း ဖြစ်တယ်တဲ့။ သတ္တဝါမှန်သမျှ မည်သူမျှ သေမင်းနိုင်ငံမှမလွတ် မြောက်နိုင်ကြဘူး လူနတ်ပြဟ္မာ သတ္တဝါအားလုံးတို့သည် သေမင်းထံမှောက်သို့တနေ့ကြလျှင်လက်စုံ မြှောက်ပြီး ဝင်ရောက်ကြရသည်ချည်းဖြစ်တယ်တဲ့။ မည်သူ့ကိုမျှ ညှာတာထောက်ချင့် အခွင့်မပေး တတ်တဲ့ တရားသဘောပဲ ဖြစ်တယ်။ သို့ဖြစ်၍ မရဏ-ခေါ်တဲ့ ဒီသေခြင်း တရား မလာမရောက်မီ ကပင် ကြိုတင်ပြီး သေခြင်းတရားကို ဆင်ခြင်ပွားများထားပါပေမည်။ ဒီမရဏဿတိ ဘာဝနာပွား များနည်းကိုတော့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်း၌—

> တံ ဘာဝေတုကာမေန ရဟောဂတေန ပဋိသလ္လီနေန "မရဏံ ဘဝိဿတိ၊
> ဇီဝိတိန္ဒြိယံ ဉပစ္ဆိဇ္ဇိဿတိ တိဝါ" "မရဏံ မရဏံ" န္တိဝါ ယောနိသော
> မနသိကာရော ပဝတ္တေတဗ္ဗော။ (ဝိသုဒ္ဓိ-ပ-၂၂၂) ဟူ၍ ဖွင့်ဆို ညွှန်ပြထားပါတယ်။

တံမရဏဿတိံ၊ ထိုမရဏဿတိ ဘာဝနာကို။ ဘာဝေတုကာမေန၊ ကောင်းစွာဆင်ခြင်, ရှုမြင်ပွားများလိုသော ယောဂီ ပုဂ္ဂိုလ်သည်။ ရဟောဂတေန၊ စိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍။ ပဋိသလ္လီနေန၊ အဖော်မမှီး,တယောက်တည်း ကိန်းအောင်း၍။ မေ၊ ငါအား။ မရဏံ၊ စုတိပြတ် ကြွေ,သေဆုံးခြင်းသည်။ ဘဝိဿတိ၊ မလွဲမသွေဖြစ်ပေလတ္တံ့။ မေ၊ ငါ၏။ ဇီဝိတိန္ဒြိယံ၊ ရုပ်နာမ် နှစ်ချက်, ပေါင်းယှက်တည်ရှိ, ဇီဝိတိန္ဒြေသည်။ ဉပစ္ဆိဇ္ဇိဿတိ၊ ကေန်ဆတ်ဆတ်, ကင်းပြတ်ပေ လတ္တံ့။ ဣတိဝါ၊ ဤသို့ရှင်း။ "မရဏံ မရဏံ- သေခြင်းသဘော- သေခြင်းသဘော"။ ဣတိဝါ၊ ဤသို့ရှင်း။ ယောနိသော၊ လမ်းရိုးလမ်းမှန်, ကေန်ဖြစ်ကြောင်း, သင့်သော အကြောင်းအားဖြင့်။ မနသိကာရော၊ မချွတ်မယွင်း, နှလုံးသွင်းခြင်းကို။ ပဝတ္တေတဗ္ဗော၊ မှန်မှန်တည့်မတ်, ဖြစ်စေအပ်၏။

မရဏဿတိ၊ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် စိတ်ငြိမ် ရာအရပ်မှာ တယောက်တည်းတည်းနေပြီး-

"မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဉပစ္ဆိဇ္ဇိဿတိ= ငါအား သေခြင်းသည်ဖြစ်ပေလတ္တံ့၊ ငါ၏အသက် ဇီဝိတိန္ဒြေသည် ကေန်ဆတ်ဆတ် ကင်းပြတ်ပေလတ္တံ့" ဟူ၍ဖြစ်စေ။

"မရဏံ မရဏံ= သေဆုံးခြင်းသဘောရှိ၏ သေဆုံးခြင်းသဘောရှိ၏" ဟူ၍ဖြစ်စေ၊ အသင့် အတင့်နှလုံးသွင်းကာ ဆင်ခြင်ပွားများရမည်ဆိုတာက မသင့်မတင့်သောအားဖြင့် နှလုံးသွင်း ဆင် ခြင်ပွားများသောသူအား မိမိ အလိုရှိအပ် ချစ်မြတ်နိုးအပ်သောသူ၏ သေဆုံးခြင်းကို အဖန်ဖန်

အောက်မေ့ရာ၌စိုးရိမ်မှုသောကတရားများ ဖြစ်ပွားတတ်တယ်တဲ့။ မိမိအလိုမရှိအပ် မနှစ်သက်သောသူတို့၏ သေဆုံးခြင်းကို အဖန်ဖန်အောက်မေ့ ဆင်ခြင်တဲ့အခါကြတော့ ဝမ်းမြောက်မှုဖြစ်နေတတ်တယ်၊ ချစ်လဲမချစ်, မုန်းလဲမမုန်း, လျစ်လျူပြုအပ်, အလယ်အလတ် သဘောရှိသောသူတို့ သေဆုံးခြင်းကို အဖန်ဖန် အောက်မေ့ ဆင်ခြင်ပွားများသော အခါမှာကြတော့လဲ ထိတ်လန့်မှုသံဝေဂ မဖြစ်တတ်ဘူးတဲ့။ မိမိ၏သေဆုံးခြင်းကို အဖန်ဖန် အောက်မေ့ ရှုပွားသောအခါကြတော့ သံလျက်ဓားကို မြှောက်ချီထားသော လူသတ်ယောကျ်ားကိုမြင်၍ ကြောက်လန့်သော သဘောရှိသော သူကဲ့သို့ ကြောက်လန့်ခြင်း ဖြစ်နေတတ်တယ်တဲ့။

ချစ်ခင်သောသူသေခြင်းကို ရှုပွားရာ၌စိုးရိမ်သောက ဖြစ်ခြင်း မချစ်မနှစ်သက်သူသေခြင်းကို ရှုပွားရာ၌ ဝမ်းမြောက်မှု ပါမောဇ္ဇဖြစ်ခြင်း မချစ်မမုန်း လျစ်လျူသဘောရှိသောသူ သေခြင်းကို ရှုပွားရာ၌ ထိတ်လန့်မှု သံဝေဂမဖြစ်ခြင်း မိမိသေဆုံးခြင်းကို ရှုပွားရာ၌ ကြောက်လန့်နေတတ်ခြင်းဟု ဆိုအပ်သော ထိုအလုံးစုံသည် သတိသံဝေဂဉာဏ် ကင်းသောသူအားသာ ဖြစ်တတ်ပါတယ်။

ဒါကြောင့်မို့ ထိုထိုသော တောအရပ်, သုသာန်အရပ်, စသည်တို့၌ ခိုးသူ စသည်တို့သတ်၍ သေသော သတ္တဝါ သဘောအားဖြင့် သေသော သတ္တဝါတို့ကို ကြည့်ပြီးလျှင် တွေ့မြင်ဘူးသော စည်းစိမ်ဥစ္စာ ရှိကုန်သော သေဆုံးကုန်ပြီးသော သတ္တဝါတို့၏ သေဆုံးခြင်းသဘောကို ဉာဏ်ဖြင့် ထင်ထင်ရှုဆင်ခြင်၍ သတိကိုရင်း, သံဝေဂကိုရင်း, ဉာဏ်ကိုရင်း, ဖြစ်စေပြီး၍ "မရဏံ ဘဝိဿတိ= စုတိပြတ်ကြွေ သေဆုံးခြင်းသည် ဖြစ်လတ္တံ့" ဤသို့ အစရှိသောနည်းဖြင့် နှလုံးသွင်းကာ ပွားများအားထုတ်ကြရမည် ဖြစ်ပါတယ်။

ဧဝံ ပဝတ္တယတောယေဝ ဟိ ကေစ္စဿ နီဝရဏာနိ ဝိက္ခမ္ဘန္တိ၊ မရဏာရမ္မဏာ
သတိ သဏ္ဍာတိ ဥပစာရပ္ပမေဝ ကမ္မဋ္ဌာနံ ဟောတိ (ဝိသုဒ္ဓိ-ပ-၂၂၃)။

ဟိသစ္စံ၊ မှန်၏။ ဧဝံ၊ ဤသို့။ ပဝတ္တယတောယေဝ၊ ဆင်ခြင်ပွားများ, ကြိုးစားခါခါ ဖြစ်စေသည်သာလျှင် ဖြစ်သော။ ကေစ္စဿ၊ အချို့သော တိက္ခိန္ဒြိယဉာဏ္ဏတ္တရ ပုဂ္ဂိုလ်အား။ နီဝရဏာနိ၊ ကုသိုလ်စိတ်ကို, ဆီးပိတ်တတ်ငြား, နီဝရဏတရားတို့သည်။ ဝိက္ခမ္ဘန္တိ၊ ကင်းကွာလေကုန်၏။ မရဏာရမ္မဏာ၊ သေခြင်းလျှင် အာရုံရှိသော။ သတိ၊ အမှတ်သတိသည်။ သဏ္ဍာတိ၊ ကောင်းစွာတည်၏။ ကမ္မဋ္ဌာနံ၊ ဆင်ခြင်စီးဖြန်း ကမ္မဋ္ဌာန်းသည်။ ဥပစာရပ္ပတ္တမေဝ၊ ဥပစာရသို့ ရောက်သည်သာလျှင်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်ပေ၏။

ဤသို့ မရဏဿတိကို ပွားများသော ဉာဏ် ညာ ထက်မြက်သော အချို့သော တိက္ခပုဂ္ဂိုလ်အား နီဝရဏတရားတို့သည် ကင်းကွာပြီးသွားကြတယ်။ သေခြင်းလျှင် အာရုံရှိသော သတိကောင်းစွာ တည်သဖြင့် စီးဖြန်းပွားများသော ကမ္မဋ္ဌာန်းလဲ ဥပစာရဈာန်သို့ ရောက်ရှိတယ်တဲ့။

ထိုကဲ့သို့ မရဏဿတိ ဘာဝနာ ပွားများရာ၌ သတိထားရမည့် အချက်အချို့ကတော့–

၁။ သမုစ္ဆေဒမရဏ- ခေါ် ရဟန္တာပုဂ္ဂိုလ်တို့၏ ဝဋ်ဒုက္ခအပြီးသတ် ချုပ်ငြိမ်းခြင်း- ဟု ဆိုအပ်သော သေခြင်းမျိုးကို မအောက်မေ့ရ မရှုပွားရဘူးတဲ့ အကြောင်း ကတော့ အလွန်နည်းပါး၍ မများလှသော သေခြင်းမျိုး ဖြစ်ခြင်းကြောင့်ပင် ဖြစ်တယ်။

၂။ ခဏိကမရဏ- ခေါ်တဲ့ ရုပ်နာမ်ခမ္မ သင်္ခါရတို့၏ ဥပါဒ်,ဋ္ဌီ, ဘင်- ဟု ဆိုအပ်သော ဖြစ်ပျက်ခြင်း, သေဆုံးခြင်းမျိုးကို မအောက်မေ့ရ, မပွားရပေ၊ အကြောင်းကတော့ မပေါ်လွင် မထင်ရှားတဲ့ သေခြင်းမျိုးဖြစ်သောကြောင့်ပင် ဖြစ်တယ်။

၃။ သမ္မုတိမရဏ- ခေါ်တဲ့ သစ်ပင်သေခြင်း,သံသေခြင်း-ဤသို့အစရှိသော လူတို့ပြောရိုး ပြောစဉ်မရှိသော အရာဝတ္ထုတို့၏ ပျက်စီးခြင်း- ဟု ဆိုအပ်သော သေခြင်းမျိုးကိုလဲ မအောက်မေ့ရ မပွားမျှားရပေ၊ အကြောင်းကတော့ လူတို့ကြောက်ရွံထိတ်လန့်ဘွယ်, သံဝေဂဖြစ်ဘွယ်, အရာမျှား မဟုတ်သောကြောင့်ပင် ဖြစ်တယ်တဲ့။

၄။ တကယ်စင်စစ် ပွားမျှားရမည့်မရဏကတော့ ဘဝတခု၌အကျုံးဝင်သော ဇီဝိတိန္ဒြေ ၏ ကင်းပြတ်ချုပ်ဆုံး ပျက်စီးခြင်းတဘဝ၌ တကြိမ် စုတိပြတ်ကြွေ သေဆုံးရခြင်း ကိုသာလျှင် မရဏဿတိ ဘာဝနာကမ္မဋ္ဌာန်း ပွားမျှားစီးဖြန်းရမည် ဖြစ်တယ်။

ထိုသေဆုံး ရခြင်းဟာလဲ—

၁။ အာယုက္ခယ မရဏ=အသက်တမ်းကုန်၍ သေရခြင်း။
၂။ ကမ္မက္ခယ မရဏ=ကံကုန်၍ သေရခြင်း။
၃။ ဥဘယက္ခယ မရဏ=အသက်တမ်းနှင့်ကံ နှစ်ပါးစုံကုန်၍ သေဆုံးရခြင်း။
၄။ ဥပစ္ဆေဒက မရဏ=အသက်တမ်းနှင့်ကံ နှစ်ပါးစုံရှိသော်လည်း-တခြားကံ အဖြတ် စော သဖြင့် လတ်တလော သေဆုံးရခြင်း-ဟူ၍ သေခြင်းတရား ၄-ပါးရှိရာတွင် ရှေ့သုံးမျိုး ကိုတော့-သေဆုံးကြ၍ သေရခြင်းဖြစ်တဲ့အတွက် ကာလမရဏ-ဟု ခေါ်တယ်။

နောက်ဆုံးဖြစ်တဲ့ ဥပစ္ဆေဒက မရဏကိုတော့ သေဆုံးချိန်ကာလ မကျမရောက်သေးဘဲ ကံတပါးက ကြားဖြတ်သတ်၍ သေဆုံးရခြင်း ဖြစ်တဲ့အတွက်ကြောင့် အကာလမရဏ-ဟု ခေါ်တယ်။ ထိုဆိုခဲ့ပြီးသော သေခြင်း ၄-ပါးလုံးကိုပင် သင့်လျော်အောင် နှလုံးသွင်း၍-

၁။ မရဏံ မေ ဘဝိဿတိ=ငါသည် ကေန်မုချ သေရလတံ့။
၂။ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ=ငါ၏အသက် ဇီဝိတိန္ဒြေသည် ပြတ်စဲလတံ့။
၃။ မရဏံ မရဏံ=ငါသည် သေခြင်းသဘောရှိ၏၊ ငါသည် သေခြင်းသဘော ရှိချေ၏။
၄။ မရဏံ အနတီတော=ငါသည် သေခြင်းသဘောကို မလွန်မြောက်နိုင်ချေတကား-ဟု အကြိမ်ကြိမ် ပွားမျှားရမည် ဖြစ်တယ်တဲ့။

မရဏဿတိ ဘာဝနာကို ပွားမျှားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ဤဆိုလတံ့သော အကြောင်းရှစ်မျိုးဖြင့်လည်း သေခြင်းကို အဖန်ဖန် အောက်မေ့ရမည်,ပွားမျှားရမည်တဲ့။ ဒီအကြောင်း ရှစ်မျိုးကတော့—

(က) ဝဓကပစ္စု ပဋ္ဌာနတော မရဏံ အနုဿရိတဗ္ဗံ=လူသတ်သမားကဲ့သို့ သေခြင်းက ရှေ့ရှု တည်သောအားဖြင့် သေခြင်းသဘောကို အဖန်ဖန် အောက်မေ့ရ ပွားမျှားရမည်။

ဤသူ၏ ဦးခေါင်းကို ဖြတ်အံ့-ဟူ၍ သံလျက်ကို ကိုင်ပြီးလျှင် လည်ပင်း၌ ခုတ်ဖြတ်ဝံ့သော အခြင်းအရာကိုပြုလျက် လူသတ်သမား ယောကျ်ားသည် ရှေးရှုအနီး၌ ရပ်တည်လာသကဲ့သို့၊ ဤအတူ သေဆုံးခြင်းသဘောတရားကိုလည်း ရှေးရှုကပ်လျက် ငါ၏အနီး၌ တည်လာပြီ-ဟုသာလျှင် အဖန်ဖန် အထပ်ထပ် အောက်မေ့ရမည် ပွားများရမည် ဖြစ်တယ်။

(ခ) သမ္ပတ္တိ ဝိပတ္တိတော မရဏံ အနုဿရိတဗ္ဗံ=ပြည့်စုံခြင်း ပျက်စီးဆုံးပါးခြင်းအားဖြင့် သေဆုံးခြင်း သဘောကို အဖန်ဖန် အောက်မေ့ရ ပွားများရမည်။

ဤ လူ့ပြည် လောက၌ စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းဆိုတာ ပျက်စီးသဘောတရား မနှိပ်စက် မလွှမ်းမိုးသေးမီသာလျှင် (ဝါ) မပျက်စီးသေးမီသာလျှင် ထိုစည်းစိမ်ချမ်းသာပြည့်စုံမှုဟာ တင့် တယ်နေခြင်း ဖြစ်တယ်။ ထိုစည်းစိမ် ချမ်းသာသည် (ဝါ) ထိုပြည့်စုံခြင်းသည် ပျက်စီးခြင်းသဘောကို ကျော်လွန်၍ တည်သော ပြည့်စုံခြင်း မည်သည် မရှိသည်သာလျှင် ဖြစ်တယ်။ ထိုမှတပါးလည်း—

အလုံးစုံသော အနာရောဂါ ကင်းရှင်းသည်၏ အဖြစ်သည် မကျန်းမမာ ဖျားနာခြင်းလျှင် အဆုံးရှိတယ်တဲ့။

အလုံးစုံသော ပျိုမျစ်နုနယ် အရွယ်ကောင်းသည်၏ အဖြစ်သည်လည်း ခန္ဓာယွင်းယို အိုခြင်း လျှင် အဆုံးရှိတယ်တဲ့။ အလုံးစုံသော အသက်ရှင်ခြင်းသည်လည်း အမြဲမခန သေဆုံးရခြင်းလျှင် အဆုံးရှိပေတယ်။

ဤကဲ့သို့ အသက်၏ ပြည့်စုံခြင်း, သေဆုံးခြင်း-ဟူသော ပျက်စီးခြင်းလျှင် အဆုံးရှိသည်၏ အဖြစ်ကို မှတ်သားပိုင်းခြားပြီး ပြည့်စုံခြင်း, ပျက်စီးခြင်း သဘောအားဖြင့် သေဆုံးခြင်းကို အဖန်ဖန် အထပ်ထပ် အောက်မေ့အပ်, ပွားများအပ်ပေတယ် ပွားများရမည် ဖြစ်တယ်။

(ဂ) ဥပသံဟရဏတော မရဏံ အနုဿရိတဗ္ဗံ=သူတပါးတို့၏ သေဆုံးခြင်းကို ရှုမြင်၍ မိမိ၏ သေခြင်းကို အနီးသို့ကပ်၍ ဆောင်သောအားဖြင့် သေခြင်းသဘောကို အဖန်ဖန်အထပ်ထပ် အောက် မေ့ရမည်, ပွားများရမည် ဖြစ်တယ်။

ဒီ သူတပါးတို့ သေဆုံးခြင်းကို ရှုမြင်ပြီးလျှင် မိမိ၏ သေဆုံးရမည့်အဖြစ်ကို အနီးသို့ကပ်၍ ဆောင်ကာ သေခြင်းသဘောကို အဖန်ဖန်အထပ်ထပ် အောက်မေ့ရှုပွား ဆင်ခြင်ရမည် ဆိုတာလဲ ခုနစ်ပါးသော အခြင်းအရာအားဖြင့် ရှုပွားနိုင်တယ်၊ ထိုခုနစ်ပါးကတော့—

၁။ ယသ မဟတ္တတော မရဏံ အနုဿရိတဗ္ဗံ=များစွာသော အခြံအရံ စည်းစိမ်ဥစ္စာရှိကုန် သော မဟာသမ္မတမင်း, မန္ဓာတ်မင်း, မဟာသုဒဿနစကြာမင်း, ဝဋ္ဋနေမိမင်း-အစရှိကုန်သော မင်း တို့၏ အထက်၌သော်လည်း သေခြင်းသဘောတရားကား ရှိရာခြင်းကင်းစွာ ကျရောက်လေသေးတယ်၊ ငါ၏အပေါ်၌ကား ဆိုဖွယ်မရှိ ကျရောက်မည်သာ စင်စစ်ဖြစ်ပေတယ်-ဟု အခြံအရံ စည်းစိမ်ဥစ္စာ များသည်၏ အဖြစ်ဖြင့် မိမိ၏ သေခြင်းသဘောတရားကို အမြဲမပြတ် အောက်မေ့ပွားများ ရမည် ဖြစ်တယ်။

၂။ ပုညမဟတ္တတော မရဏံ အနုဿရိတဗ္ဗံ = ဇောတိကသူဌေးကြီး၊ ဇဋိလသူဌေးကြီး၊ ဥဂ္ဂသူဌေးကြီး၊ မေဏ္ဍက ပုဏ္ဏသူဌေးကြီး အစရှိသော ရှေးဘုန်း၊ ရှေးကံ ကြီးမားကြကုန်သော သူတို့သော်လည်း သေဆုံးခြင်းသဘောသို့ ရောက်ကြရကုန်သေးတယ်။ ငါသည်မူကား ဆိုဘွယ်ရာ မရှိဘော့ ကေန်မုချ သေရမည်သာ စင်စစ်ဖြစ်ပေတယ်-ဟု ကောင်းမှုဘုန်းကံ ကြီးမားသည် အဖြစ်အားဖြင့်လည်း သေခြင်းသဘောတရားကို အဖန်ဖန် ရှုပွားရမည် ဖြစ်တယ်။

၃။ ထာမ မဟတ္တတော မရဏံ အနုဿရိတဗ္ဗံ=လွန်စွာ ခွန်အား စွမ်းပကား ကြီးမားကြကုန်သော ဝါသုဒေဝမင်း၊ ဗလဒေဝမင်း၊ ဘိမသေနမင်း၊ ယုဓိဋ္ဌိလမင်း၊ စာနုရေယျ မည်သော လက်ပန်းသည်ကြီးတို့သော်လည်း သေဆုံးခြင်းသဘောသို့ ရောက်ကြရကုန်သေးသယ်၊ ငါတို့မှာမူကား အဘယ် ဆိုဘွယ်ရာ ရှိချေတော့နည်း-ဟု ဝိရိယ စွမ်းပကား ကြီးမားသောအားဖြင့်လည်း သေခြင်းသဘောကို အဖန်ဖန် ရှုပွားဆင်ခြင်ရမည် ဖြစ်တယ်။

၄။ ဣဒ္ဓိ မဟတ္တတော မရဏံ အနုဿရိတဗ္ဗံ=တာဝတိံသာနတ်ပြည်မှ သိကြားမင်းနေရာ ဝေဇယန္တာပြာသာဒ်ကြီးကို ခြေမျှဖြင့် ယိမ်းယိုင်လှုပ်ပါး လှုပ်ရှားစေခြင်းငှါ စွမ်းနိုင်သော တန်ခိုးအရာ တေဒဂ်ရ လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသော်လည်း မိမိ၏ တန်ခိုးအားလုံးနှင့်တကွ ကြမ်းကြုတ်လှစွာသော သေမင်း၏ခံတွင်းဝသို့ ဝင်ရောက်တော်မူရသေး၏။ ငါတို့ကဲ့သို့သော သူများမှာကား ပြောကြားဘွယ်မရှိတော့ပေပြီ-ဟု တန်ခိုးကြီးမားသောအားဖြင့် သေခြင်းသဘောတရားကို အဖန်ဖန်ရှုပွားရမည် ဖြစ်တယ်။

၅။ ပညာမဟတ္တတော မရဏံ အနုဿရိတဗ္ဗံ=သုံးလူထွဋ်ထား မြတ်စွာဘုရားမှတပါး ပညာအရာ မနှိုင်းသာအောင် ကြီးမားတော်မူသော အဂ္ဂသာဝက ပညာအရာ တေဒဂ်ရ လက်ျာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသော်လည်း သေမင်း၏နိုင်ငံသို့ လိုက်ပါတော်မူရသေး၏၊ ငါတို့မှာမူကား အဘယ်မှာလျှင် ဆိုဘွယ်ရာ ရှိချေတော့မည်နည်း-ဟု ပညာကြီးကျယ်သော အားဖြင့်လည်း သေခြင်းသဘောတရားကို အဖန်ဖန်အထပ်ထပ် ဆင်ခြင်ရှုပွားရမည် ဖြစ်ပေတယ်။

၆။ ပစ္စေကဗုဒ္ဓတော မရဏံ အနုဿရိတဗ္ဗံ=မိမိ၏ ဉာဏ်သည် ပဲ့ပြင်အပ်သော လုံ့လဝီရိယဟူသော အားအစွမ်းဖြင့် အလုံးစုံသော ကိလေသာရန်သူတို့ကို နှိမ်နင်းဖျက်ဖြုန်း ချေမှုန်းခြင်းကို ပြု၍ ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍ တယောက်တည်းသာ နေခြင်းသဘောရှိ၍ဖြင့် တချောင်းတည်းပေါက်သော ကြံ့ဂျိုနှင့် တူကုန်သော ကိုယ်တော်တိုင် ထိုးထွင်း၍ သိအပ်ပြီးသော အရဟတ္တဖိုလ်ရှိကုန်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်း သေဆုံးရခြင်းသဘောတရားမှ လွတ်တော်မမူကြလေကုန်၊ ငါတို့မှာမူကား အဘယ်မှာလျှင် သေခြင်းမှ ကင်းလွတ်နိုင်ပါအံ့နည်း-ဟု ပစ္စေကဘုရားအဖြစ်အားဖြင့်လည်း သေခြင်းသဘောတရားကို အဖန်ဖန်အထပ်ထပ် အောက်မေ့ပွားများရမည် ဖြစ်တယ်။

၇။ သမ္မာသမ္ဗုဒ္ဓတော မရဏံ အနုဿရိတဗ္ဗံ=ရှစ်ဆယ်သောလက္ခဏာတော်ငယ်၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် တင့်တယ်ဆန်းကျယ်သော၊ ရူပကာယတော် ရှိတော်မူသော် သီလက္ခန္ဓ အစရှိသော ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံသော၊ ဓမ္မကာယရှိတော်မူသော၊ ဓမ္မိဿရ ဓမ္မဿာမိဖြစ်တော်မူသော သုံးလူထွဋ်ထား သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်

လည်းအရှက်ကင်းသည့်ရှင်သေမင်း၏နိုင်ငံသို့ လိုက်ပါတော်မူရသေးတယ်။ ငါကဲ့သို့သောသူမှာ မှုကား ပြောဆိုဘွယ်ပင် မရှိတော့ချေတကား-ဟု သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား အဖြစ်အားဖြင့်လည်း သေဆုံးခြင်း သဘောတရားကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင် ပွားများရမည် ဖြစ်တယ်တဲ့။

နီလ္လဇ္ဇံ ဝီတသာရဇ္ဇံ၊ သဗ္ဗသတ္တာဘိ မဒ္ဒနံ။
တယိဒံ မာဒိသံ သတ္တာ ဓာထံနာဘိ ဘဝိဿတိ။ (ဝိသုဒ္ဓိမဂ္ဂ-ပ-၂၂၇)။

နီလ္လဇ္ဇံ၊ မညှာရက်စက်, သတ်ရန်တွက်မှု, အရှက်မရှိထသော။ ဝီတသာရဇ္ဇံ၊ ကြောက်ရွံ့မဲ့လျှင်း, ကင်းသောရွံ့ရှာခြင်း ရှိထသော။ သဗ္ဗသတ္တာဘိမဒ္ဒနံ၊ လူရေနတ်ပါ, ဗြဟ္မာမကြွင်း,ခပင်းများစွာ, သတ္တဝါတို့ကို, လွန်စွာနှိမ်နင်း, ချေဖျက်ခြင်း ပြုတတ်သော။ တယိဒံမရဏံ၊ သူတပါးကို ထောက် ထားမညှာ, လွန်စွာဖြိုခွင်း, ထိုသေမင်းသည်။ (ဝါ) ထိုသေခြင်းသဘောသည်။ မာဒိသံသတ္တံ၊ လူမည်ဆန်းကာ, ငါကဲ့သို့သော သတ္တဝါကို။ ကထံ၊အဘယ်မှာလျှင်။နာဘိဘဝိဿတိ၊မလွှမ်းမိုး မဖိစီးဘဲ ရှိတုံအံ့နည်း။ ဘဝိဿတိဧဝ၊ တစုံတရာ, ထောက်မညှာဘဲ, မောက်မာရက်ရက်, နှိပ်စက်နည်း နည်း, လွှမ်းမိုး ဖိစီးလိမ့်မည်သာလျှင်တည်း။

ယခုပြောခဲ့တဲ့ သူတပါးတို့၏ သေဆုံးခြင်းကို ရှုမြင်ပြီးလျှင် မိမိ၏ သေခြင်းသဘောကို အနီးသို့ဆောင်သောအားဖြင့် သေခြင်းသဘောကို အဖန်ဖန် အောက်မေ့ ရှုပွားခြင်း ခုနစ်မျိုးကို ဤကဲ့သို့ လွယ်ကူစွာ မှတ်သား ထားကြရမည်။

ဆောင်ပုဒ်။ ၁။ ခြံရံပေါများ၊ ဘုန်းကြီးမား၊ ကျော်ကြားစွမ်းနိုင်ခြင်း။
၂။ တန်ခိုးပညာ၊ ပစ္စေကာ၊ မြတ်စွာသုံးလူမင်း။
၃။ ကြောင်းခုနစ်ဖြာ၊ သေခြင်းရာ၊ ရှုဓာနှလုံးသွင်း။

(ဃ) ကာယ ဗဟုသာဓာရဏတော မရဏံ အနုဿရိတဗ္ဗံ=ခန္ဓာကိုယ်၏ များစွာသောသတ္တဝါ တို့နှင့် ဆက်ဆံသောအားဖြင့် သေခြင်းကို အဖန်ဖန် အောက်မေ့ ရှုပွားရမည် ဖြစ်တယ်။

ဤခန္ဓာကိုယ်ကြီးသည် ငါချည်းသာ မဟုတ်ပေ၊ များစွာကုန်သော သတ္တဝါတို့နှင့် ဆက်ဆံ နေပေတယ်။ ရှစ်ဆယ်ကုန်သော ပိုးမျိုးတို့နှင့် ဆက်ဆံနေခြင်း ဖြစ်တယ်၊ ထို ရှစ်ဆယ်သော ပိုးမျိုး တို့သည် မိမိတို့နေရာ ဤခန္ဓာကိုယ် အရပ်၌သာလျှင် ပေါက်ဖွားလည်း ပေါက်ဖွားကြတယ်။ အိုခြင်း သို့လည်းရောက်ကြတယ်။ဤကိုယ်ခန္ဓာ အရပ်မှာပင် သေကြေကြတယ်။ကျင်ကြီးကျင်ငယ်ကိုလည်း စွန့် ကြတယ်။ ဤခန္ဓာကိုယ်သည် ပိုးမျိုးရှစ်ဆယ်တို့၏ မီးနေအိမ်လဲ ဖြစ်တယ်။ သူနာဇရပ်, ဆေးရုံ လည်း ဖြစ်တယ်။ သုဿာန်သင်းချိုင်းလဲ ဖြစ်တယ်။ ဝစ္စကုဋိ ကျင်ကြီးစွန့်ရာအိမ်လဲ ဖြစ်တယ်။ ကျင်ငယ်စွန့်ရာကျင်းလဲ ဖြစ်တယ်။ ဤခန္ဓာကိုယ်သည် အတွင်း၌ရှိသော ရှစ်ဆယ်သော ထိုပိုးမျိုးတို့ ပျက်သဖြင့်လည်း သေဆုံးခြင်းသို့ ရောက်ရတတ်တယ်။ ကိုယ်တွင်း၌ဖြစ်သော သတ္တဝါများနှင့်သာ ဆက်ဆံသည်မဟုတ်ပေ။ ကိုယ်ပ၌ဖြစ်သော မြွေ ကင်း စသော အရာမက များစွာသော သတ္တဝါ တို့နှင့်လည်း ဆက်ဆံ၍ နေသည်သာ ဖြစ်တယ်။

(င) အာယုဒုဗ္ဗလတော မရဏံ အနုဿရိတဗ္ဗံ=အသက်၏ အားနည်းသော အားဖြင့်လည်း သေဆုံးခြင်းသဘောကို အဖန်ဖန် အောက်မေ့ခြင်း ပွားများရမည်။

ဤ အသက်ဇီဝိတိန္ဒြေသည် အားမရှိပေ၊ လွန်စွာ အားနည်းလှပေတယ်။ သတ္တဝါတို့၏ အသက် ဇီဝိတိန္ဒြေသည် ထွက်သက်ဝင်သက်နှင့်လည်း စပ်၍ နေတယ်။ ဣရိယာပုထ်နှင့်လဲ စပ်နေတယ်။ အအေး, အပူနှင့်လဲစပ်နေတယ်။ မဟာဘုတ်လေးပါးနှင့်လဲ စပ်နေတယ်၊ အာဟာရနှင့်လည်း စပ်နေတယ်။

ဒီအသက် ဇီဝိတိန္ဒြေသည် ထွက်သက်ဝင်သက်တို့ မျှတမှုရ၍ မပြတ်ဖြစ်နေမှသာလျှင် တည်နေတယ်။ သို့မဟုတ်မူ၍ ထွက်သက်လေအတွင်းသို့ ပြန်မဝင်သော်ငြား, ဝင်သက်လေ အပြင်သို့ပြန်မထွက်သော်ငြား-သေဆုံးခြင်း ဖြစ်စေနိုင်တယ်၊ ထိုနည်းငြားပင် ဣရိယာပုထ် မျှတနေလျှင် အသက်ရှင်နေတယ်၊ တပါးပါး ချို့ယွင်း ဖောက်ပြန် လွန်ကဲလာမူ သေဆုံးခြင်း ဖြစ်စေနိုင်ပါတယ်၊ အအေးအပူမှာလည်း မျှတနေလျှင် အသက်ရှင်နေတယ်၊ တပါးပါး ဖောက်ပြန်လာလျှင် အသက်ဇီဝိန် ပျက်စီးဆုံးရှုံး စေနိုင်တယ်။ စားသောက်အပ်သော ကဗဠီကာရ အာဟာရကို မျှတအောင် သုံးဆောင်ရလျှင် အသက်ရှင်နေတယ်၊ မျှတအောင် မသုံးဆောင်ရလျှင် အသက် ဇီဝိန် ကုန်ဆုံးခြင်းသို့ ရောက်ရတော့တယ်တဲ့။ ထို့မှတပါး မဟာဘုတ်လေးပါးတို့လဲ ညီမျှနေမှသာလျှင် အသက်ရှင်နိုင်တယ်၊ ဓာတ်လေးပါးတွင် တပါးပါး ချို့ယွင်းဖောက်ပြန် ပျက်စီးခဲ့လျှင် အသက်ဇီဝိတိန္ဒြေလဲ ကင်းပြတ်ချုပ်ဆုံးခြင်းသို့ ရောက်ရတော့တယ်။

**ဆောင်ပုဒ်။** ထွက်သက်, ဝင်သက်-စဉ်ဆက်လှည့်လည်၊ ဣရိယာပုထ်-မဟာဘုတ်ယှဉ်မှီ။
ပူအေးအာဟာရ-ငါးဝအညီ၊ သက်အာယု-မှီပြုတည်နေသည်။

(စ) အနိမိတ္တတော မရဏံ အနုဿရိတဗ္ဗံ=သေခြင်း၏ အမှတ်အသား မရှိသောအားဖြင့် သေဆုံးမှုသဘောကို အဖန်ဖန် အောက်မေ့ရှုမှတ် ပွားများကြရပေမည်။

ဇီဝိတံ ဗျာဓိကာလောစ၊ ဒေဟ နိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ နနာယရေ။

သတ္တာနံ၊ ဦးမဲ ဦးဖြူ, မည်သူမဆို, ထိုထိုများစွာ, သတ္တဝါတို့၏။ ဇီဝိတဉ္စ၊ ရုပ်နာမ်ပေါင်းယှက်, အသက် ဇီဝိတိန္ဒြေငြား။ ဗျာဓိစ၊ ဖျားနာအစ, များပြားလှစွာ, အနာရောဂါငြား။ ကာလောစ၊ သေရမှုချ, အချိန်ကာလငြား။ ဒေဟနိက္ခေပနံစ၊ အလောင်းကောင်ကို, ဆွဲဆောင်ပစ်ရာ အရပ်ငြား။ ဂတိ၊ သေပြီးနောက်ခါ လားရာဂတိငြား။ ဧတေပဉ္စ၊ သရုပ်ထင်ရှား, ထိုငါးပါးတို့ကို။ ဇီဝလောကသ္မိံ။ အသက်ရှင်ဆဲ, မလွဲဖြစ်တည် လူ့ပြည်လောကဝ်၌။ အနိမိတ္တာ၊ နိမိတ်အမှတ်,ပိုင်းခြားဖြတ်၍, သတ်မှတ်ပိုင်ပိုင်, မရှိနိုင်ကုန်သည်ဖြစ်၍။ နနာယရေ၊ ထင်ထင်ရှားရှား, ပိုင်းအခြားဖြင့်, မှတ်သားပိုင်ပိုင် မသိနိုင်ကုန်သည်သာတည်း။

**ဆောင်ပုဒ်။** ၁။ အသက်-ရောဂါ၊ သေချိန်ခါ၊ မြှုပ်ရာလားဂတိ။
၂။ ဤသည့်ငါးဖြာ၊ လူ့ပြည်ရွာ၊ မှန်စွာပိုင်းမသိ။

ဟူသော မသိခြင်းငါးဖြာ လင်္ကာအတိုင်းပင် ဤလူ့ပြည်လောကဝ်၌-

အသက်အပိုင်းအခြားကို ပိုင်းခြားမှတ်သား၍ မသိဘူးတဲ့။ ဤမျှလောက် အသက်ရှင်မည်, ဤမျှသော အချိန်ကာလထက် ပိုလွန်၍ အသက်မရှင်နိုင်-ဟု ပိုင်းခြားပြီး မသိနိုင်ပေ။ဘယ်လမှာ

သေမည်, ဘယ်နှစ် သေမည်, အနှစ်နှစ်ဆယ် နေရမည်, အနှစ်နှစ်ဆယ်မှာ သေရမည်-စသည်ဖြင့် မည်သို့မျှ ပိုင်းခြား၍ မသိနိုင်ပေ။

အနာရောဂါမှာလည်း ဤမည်သော အနာရောဂါဖြင့် သေဆုံးမည်၊ ဤ အနာရောဂါဖြင့် မသေဆုံးနိုင်, မျက်စိနာရောဂါဖြင့် သေရမည်၊ နားနာရောဂါဖြင့် သေရမည်-စသည်ဖြင့် သေရမည့် အနာရောဂါကိုလည်း ကေန်မှတ်သား ပိုင်းခြား၍ မသိနိုင်ပေ။

သေရမည့် အချိန်ကာလမှာလည်း နံနက်အချိန်ခါ၌ သေရမည်၊ နေ့လယ်အခါ, ညနေအခါ စသည်ဖြင့် သေရမည့် အချိန်ကာလကိုလည်း ပိုင်းခြား မှတ်သား၍ မသိနိုင်ပေ။

သေသောအခါ အလောင်းကောင်ကို ပစ်ချရာအရပ်ကိုလည်း ပိုင်းခြားပြီး မသိရှိနိုင်ဘူးတဲ့၊ သေပြီး၍ အလောင်းကောင်ဖြစ်သော ခန္ဓာကိုယ် အတ္တဘောကို ရွာတွင်း၌ ပစ်ချရမည်၊ ရွာဝ၌ ပစ်ချရမည်၊ ကြည်းကုန်း၌ ပစ်ချရမည်၊ ရေ၌ ပစ်ချရမည်-ဟု သတ်မှတ်ပိုင်းခြားပြီး ထင်ထင်ရှားရှား မသိနိုင်ပေ။

သေပြီးနောက် လားရောက်ရာ ဂတိကိုလည်း လူ့ပြည်၌ ဖြစ်ရမည်၊ နတ်ပြည်၌ ဖြစ်ရမည်၊ တိရစ္ဆာန်လောက၌ ဖြစ်ရမည်-စသည်ဖြင့် လားရောက်ရာ ဂတိငါးပါးကိုလည်း ပိုင်းပိုင်းခြားခြား မသိနိုင်။ ဤသို့ သေခြင်း၏ အမှတ်အသား မရှိသောအားဖြင့် သေခြင်းသဘောတရားကို အဖန်ဖန် အောက်မေ့ရှုပွား ရမည် ဖြစ်ပါတယ်။

(ဆ) အဒ္ဓါန ပရိစ္ဆေဒတော မရဏံ အနုဿရိတဗ္ဗံ-အသက်တမ်း ကာလအပိုင်း အခြားအားဖြင့် သေခြင်းသဘောကို အဖန်ဖန် အောက်မေ့ရှုမှတ် ပွားများရမည်။

ယခုကာလ၌ သတ္တဝါတို့၏ အသက်သည် လွန်စွာ တိုတောင်းလှပါတယ်။ အလွန် အသက်ရှည်သော သူသော်လည်းအနှစ်တရာ, အနှစ်တရာအထက် အနည်းငယ်သာ ရှည်ပေတယ်။ လူတို့၏ အသက်တမ်းကား တိုတောင်းလှပြီး တမလွန်လောကသို့ ပဋိသန္ဓေ အသစ်ဖြစ်ကာ မကြာမီ သွားကြရမည် ဖြစ်သဖြင့် အပြစ်မရှိကောင်းသော အကျိုးခြင်းသဘော လက္ခဏာရှိသော ကုသိုလ်တရားကိုသာ ကြိုးစားအားထုတ်ကြရန် မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်တယ်။

အပ္ပမာယု မနုဿာနံ ဟိဠေယျနံ သုပေါရိသော။
စရေယျာဒိတ္တ သီသောဝ၊ နတ္ထိ မစ္စုဿနာဂမော။ (သ-၁-၁၀၉)။

မနုဿာနံ၊ ငါးဝအာရုံ, ကာမဂုဏ်၌, မွေ့ထုံပျော်ပါး, လူအများတို့၏။ အာယု၊ ရုပ်နာမ် ပေါင်းယှက်, အသက်ဇီဝိတိန္ဒြေသည်။ အပ္ပံ၊ အချိန်ကာလ, တိုတောင်းနည်းပါးလှ၏။ နံ-အာယုံ၊ တိုတောင်းနည်းပါး, ဘေးရန်များလျက်, ထင်မှားစွဲမက်, ထိုအသက်ကို။ သုပေါရိသော-သာဓုပုရိသော၊ ပညာမြော်မြင်, ဆင်ခြင်စဉ်းစား, သူတော်ကောင်းဖြစ်သော ယောကျ်ားသည်။ ဟိဠေယျ၊ သဘောရင်းမှန်, ကေန်မြင်တွေ့သဖြင့်, ငြီးငွေ့ရှုတ်ချရာ၏။ အာဒိတ္တသီသောဝ၊ ဦးခေါင်းမီးစွဲ, မလွဲမှန်စွာ, သူပမာသို့။ သုစရိတ်၊ အသေကောင်းကြောင်း, အကျင့်ကောင်းကို။ စရေယျ၊ နောက်မဆုတ်ဘဲ, စွဲမြဲလျင်စွာ, ကျင့်ကြံရာ၏။ မစ္စုဿ၊ ခန္ဓာပျက်ပြုန်း, သေဆုံးခြင်းသဘော၏။ နာဂမော၊

မလာမရောက်အံ့သည်ကား။ နတ္ထိ၊ တစုံတခါ, ကြောင်းရာတပါး, မဖြော်စားနှင့် ထင်ရှားပုံသေ, မရှိနိုင်ချေတကား။

ဤသို့ အဆက်တမ်း၏ ကာလအပိုင်းအခြားအားဖြင့်လည်း သေဆုံးခြင်းသဘောကို အဖန်ဖန် ရှုမှတ်ဆင်ခြင် ပွားများရမည် ဖြစ်ပါတယ်။

(၉) ခဏပရိတ္တတော မရဏံ အနုဿရိတဗ္ဗံ=အသက်ရှည်သော ခဏ၏ အလွန်တိုတောင်းသောအားဖြင့် သေဆုံးခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပွားများ အားထုတ်ကြရပေမည်၊ ဒီအသက်ရှင်သောခဏ အဘယ်မျှ တိုတောင်းလှသလဲဆိုတော့—

> ပရမတ္ထတော ဟိ အတိပရိတ္တော သတ္တာနံ ဇီဝိတက္ခဏော ဧကစိတ္တပ္ပဝတ္တိ မတ္တော
> ယေဝ။ (ဝိသုဒ္ဓိမဂ္ဂ—ပ-၂၃၀)။

ဟိ၊ အသက်ရှင်ရ, အချိန်ကာလ၏, တိုတောင်းလှပုံကို, အကျယ်ဆိုပေအံ့။ သတ္တာနံ၊ သတ္တဝါတို့၏။ ပရမတ္ထတော၊ တကျမှန်သော ပရမတ္ထ သဘောအားဖြင့်။ ဇီဝိတက္ခဏော၊ အသက်ရှင်ခြင်း၏ ခဏသည်။ အတိပရိတ္တော၊ အလွန်တိုတောင်းလှ၏။ ဧကစိတ္တပ္ပဝတ္တိ မတ္တောယေဝ၊ တကြိမ်သော စိတ်၏ဖြစ်ခြင်း, ခဏ်မျှသာ ပမာဏရှိပေ၏။

သတ္တဝါတို့၏ အသက်ရှင်ခြင်းကား ပရမတ္ထ သဘောအားဖြင့် စိတ်၏ ဖြစ်ခြင်း တခဏမျှသာ ဖြစ်ပေတယ်။ ဥပမာအားဖြင့် ရထားဘီးသည် လိမ့်လျှင်လည်း တခုသောအကွပ်၏ အရပ်အစိတ်ဖြင့်သာ လိမ့်လည်သကဲ့သို့၊ ရပ်လျှင်လည်း တခုသော အကွပ်၏ အရပ်အစိတ်ဖြင့်သာ ရပ်သကဲ့သို့ ထိုနည်းတူစွာ သတ္တဝါတို့၏ အသက်ရှည်ခြင်းသည် တခုသော စိတ္တက္ခဏမျှသာ ရှိတယ်။ ဖြစ်ဆဲဖြစ်သော စိတ်သည် ချုပ်ခြင်းသို့ရောက်ကာမျှဖြင့်သာလျှင် ထိုစိတ်နှင့်ပြည့်စုံသော သတ္တဝါကို သေဆုံးပြီး စုတိပြတ်ကြွေ သေလွန်ပြီဟု ဆိုရမည် ဖြစ်တယ်။ ဤ ဆိုအပ်ပြီးသော အခြင်းအရာ ရှစ်ပါးတို့ဖြင့် သေဆုံးခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပွားများရမည် ဖြစ်တယ်တဲ့။

ယင်း သေဆုံးခြင်းသဘောကို အဖန်ဖန် အောက်မေ့ဆင်ခြင် ပွားများရမည်ဖြစ်တဲ့ အခြင်းအရာ ရှစ်ပါးကို ဒီလင်္ကာလေးများဖြင့် လွယ်ကူစွာ မှတ်သားထားကြရမယ်။

**ဆောင်ပုဒ်။**
၁။ သူသတ် ယောကျ်ား၊ ပြည့်စုံငြား၊ ဆောင်ထားနီးကပ်တည်။
၂။ အများဆက်ဆံ၊ အားနည်းပြန်၊ သေရန်မှတ်မတည်။
၃။ အသက်ပိုင်းခြား၊ လွန်တိုငြား၊ ရှစ်ပါးသရုပ်မည်။
၄။ သေခြင်းရှုရန်၊ ကြောင်းရှစ်တန်၊ ကျမ်းဂန်ဖော်ပြသည်။

ဤသို့ ရှစ်ပါးကုန်သော အခြင်းအရာတို့တွင် တပါးပါးသော အခြင်းအရာ အားဖြင့် အဖန်ဖန် အထပ်ထပ် အောက်မေ့ရှုမှတ် ပွားများပါလျှင် ဉာဏ်ပညာ ထက်မြက်သူအား နီဝရဏ တရားဆိုးများ ကွာလျက် မရဏာဿတိအာရုံ မြဲ၍ဝိတက်, ဝိစာရ, ပီတိသုခ, ဧကဂ္ဂတာ- ဟူသော စျာန်အင်္ဂါ ငါးပါးရှိသော ဥပစာရစျာန်ကို ရရှိနိုင်ပါတယ်။ အပ္ပနာစျာန်ကိုတော့ မဖြစ်စေနိုင်ဘူးတဲ့။ ဒီသေဆုံးခြင်းဆိုတာ သဘာဝဓမ္မ၏ ပျက်စီးခြင်းမျှသာ ဖြစ်သဖြင့် သဘာဝဓမ္မနှင့် အလားတူသော သံဝေဂဉာဏ်ကိုသာ ဖြစ်စေနိုင်သောကြောင့် အပ္ပနာစျာန်ကို မရနိုင်ခြင်း ဖြစ်တယ်။

ဒီ မရဏဿတိ ဘာဝနာသည် ဥပစာရစျာန်ကိုသာ ဖြစ်စေနိုင်တယ်။ ဒီ ဥပစာရစျာန်ကို အခြေခံပြီး ဝိပဿနာပွားများခြင်းဖြင့် မဂ်ဖိုလ်သို့ တက်ရောက်နိုင်ပါတယ်။

ဤ မရဏဿတိ ဘာဝနာကို ပွားများသောသူသည် အောက်၌ဖော်ပြလတံ့ အကျိုးအာနိသင်များကို ကောင်းစွာပိုင်ပိုင် ရရှိနိုင်ပါတယ်၊ ထိုအကျိုးများကတော့–

၁။ ဣမဉ္စ ပန မရဏဿတိံ အနုယုတ္တော ဘိက္ခု သတတံ အပ္ပမတ္တော ဟောတိ။

ပန၊ အကျိုးတရားကို ပြဆိုပေအံ့။ ဣမဉ္စ မရဏဿတိံ၊ ဤမရဏဿတိ ဘာဝနာကိုလည်း။ အနုယုတ္တော၊ အဖန်ဖန်ပွားများသော။ ဘိက္ခု၊ ရဟန်းသည်။ သံဝေဂဗဟုလတ္တာ၊ များသော သံဝေဂရှိသည်၏ အဖြစ်ကြောင့်။ သတတံ၊ မပြတ်။ အပ္ပမတ္တော၊ မမေ့မလျော့သည်။ ဟောတိ၊ ဖြစ်၏။

မရဏဿတိ ပွားများသူသည် မေ့လျော့ခြင်း ကင်းသည်။

၂။ သဗ္ဗဘဝေသု အနဘိရတိသညံ ပဋိလဘတိ။

သဗ္ဗဘဝေသု၊ အလုံးစုံသောဘဝတို့၌။ အနဘိရတိသညံ၊ မွေ့လျော်ဘွယ်မရှိ ဟူသောအမှတ်သညာကို။ ပဋိလဘတိ၊ ရ၏။

ဘဝသုံးပါး၌ မွေ့လျော်ဘွယ်မမြင်သဖြင့် ဘဝသုံးပါးမှ ထွက်မြောက်လိုသောအမှတ်သညာကို ရရှိလွယ်ခြင်း။

၃။ ဇီဝိတနိကန္တိံ ဇဟာတိ။

မရဏဿ၊ သေဆုံးရခြင်း။အဝဿံ ဘာဝိတာ ဒဿနတော၊မချွတ်ဖြစ်လတံ့သည်ကို မြင်နိုင်သောကြောင့်။ ဇီဝိတနိကန္တိံ၊ အသက်ကို တွယ်တာ နှစ်သက်ခြင်းကို။ ဇဟာတိ၊ စွန့်နိုင်လေ၏။

အသက်ခန္ဓာကို တွယ်တာမှု ကင်းခြင်း။

၄။ ပါပဂရဟီ ဟောတိ။

အနိစ္စသညာပဋိလာဘတော၊ အနိစ္စသညာကို ရသောကြောင့်။ ပါပဂရဟီ၊ မကောင်းမှုကို ကဲ့ရဲ့စက်ဆုတ် လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

မကောင်းမှုကို ကဲ့ရဲ့နိုင်ခြင်း စက်ဆုတ်ခြင်း။

၅။ အသန္နိဓိဗဟုလော ပရိက္ခာရေသု ဝိဂတ မလမစ္ဆေရော။

အသန္နိဓိဗဟုလော၊ပစ္စည်းဥစ္စာကို သိုမှီးခြင်း မများသည်။ ပရိက္ခာရေသု၊ တို့၌။ ဝိဂတမလ-မစ္ဆေရော၊ ကင်းသောအညစ်အကြေး- ဟု ဆိုအပ်သော ဝန်တိုခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ပစ္စည်းဥစ္စာကို မသိုမှီးလိုခြင်း ကျောင်း၊သင်္ကန်း စသော ပရိက္ခရာပစ္စည်းတို့၌ ဝန်မတိုခြင်း။

၆။ အနိစ္စသညာစသာ ပရိစယံ ဂစ္ဆတိ အဿ။

ထိုမရဏဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား။ အနိစ္စသညာ၊သည်။ ပရိစယံ၊ စုဝေးခြင်းသို့။ (ဝါ)ဆည်းပူး လေ့ကျင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

အနိစ္စသညာ အလေ့အလာ များခြင်း။

၇။ တဒနုသာရေနေဝ ဒုက္ခသညာ အနတ္တသညာစ ဥပဋ္ဌာတိ။

တဒနုသာရေနေဝ၊ ထိုအနိစ္စသညာသို့။ အစဉ်လျှောက်သဖြင့်သာလျှင်။ ဒုက္ခသညာစ၊ ဒုက္ခသညာသည်၎င်း။ အနတ္တသညာစ၊ အနတ္တသညာသည်၎င်း။ ဥပဋ္ဌာတိ၊ ထင်၏။

ဒုက္ခသညာ အနတ္တသညာ၊ ထင်လွယ် မြင်လွယ်ခြင်း။

၈။ ယထာ အဘာဝိတ မရဏာ သတ္တာ သဟသာ ဝါဠ, မိဂ, ယက္ခ, သပ္ပ,စောရဝဓကာဘိဘူတာ ဝိယ မရဏသမယေ ဘယံ သန္တာသံ သမ္မောဟံ အာပဇ္ဇန္တိ၊ ဧဝံ အနာပဇ္ဇိတွာအဘယော အသမ္မူဠှော ကာလံ ကရောတိ။

အဘာဝိတမရဏာ၊ မပွားစေအပ်သော မရဏဿတိရှိကုန်သော။သတ္တာ၊ သတ္တဝါတို့သည်။ သဟသာ၊ အဆောတလျှင်။ ဝါဠ, မိဂ, ယက္ခ, သပ္ပ, စောရဝဓကာဘိဘူတာဝိယ၊ သားရဲဘီလူး ရက္ခိုသ်မြွေ, လူသတ်သမား, ခိုးသူတို့သည် နှိပ်စက်အပ်ကုန်သော သူတို့ကဲ့သို့။ မရဏသမယေ၊ သေခါနီးကာလ၌။ ဘယံ၊ ကြောက်ခြင်းသို့။ သန္တာသံ၊ ထိတ်လန့်ခြင်းသို့။ သမ္မောဟံ၊ ပြင်းစွာ တွေဝေ ခြင်းသို့။ အာပဇ္ဇန္တိယထာ၊ ရောက်ကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အနာပဇ္ဇိတွာ၊ မရောက်မူ၍။ ပဂေဝ၊ ရှေးမဆွကပင်လျှင်။ မရဏသညာယ၊ ၏။ သူပဋ္ဌိတတ္တာ၊ ကောင်းစွာထင်သည်၏အဖြစ်ကြောင့်။ အဘယော၊ ကြောက်ရွံ့ခြင်းသည်ဖြစ်၍။ အသမ္မူဠှော၊ တွေဝေခြင်း မရှိသည်ဖြစ်၍။ ကာလံကရောတိ၊ စုတေရ၏။

မကြောက်ရွံ့, မတွေဝေဘဲ, ကောင်းသောနိမိတ် ထင်မြင်၍ အသေလှခြင်း။

၉။ သစေ ဒိဋ္ဌေဝဓမ္မေ အမတံ နာရာဓေတိ ကာယဿ ဘေဒါ သုဂတိပရာယနော ဟောတိ။ (ဝိသုဒ္ဓိ-မဂ္ဂ-ပ-၂၃၁)။

ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဖြစ်သော အတ္တဘော၌သာလျှင်။ အမတံ၊ မသေရာမှန် အမြိုက်နိဗ္ဗာန်ကို။ သစေနာရာဓေတိ၊ အကယ်၍ မပြီးစေနိုင်သည် ဖြစ်အံ့။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ၊ နောက်၌။ သုဂတိပရာယနော၊ သုဂတိဘဝသို့ လားရောက်ရသည်။ ဟောတိ၊ ဖြစ်၏။

မျက်မှောက်ဘဝတွင်ပင် အသေကင်းသော နိဗ္ဗာန်ကို ပြီးစေနိုင်ခြင်း နိဗ္ဗာန်ကို ရရှိနိုင်ခြင်း။

အကယ်၍ ယခုဘဝ နိဗ္ဗာန်မရလျှင် နောက်ဘဝ၌ ကောင်းရာသုဂတိသို့ လားရောက် ရမည်မှာ သေချာလှခြင်း- ဟု ဆိုအပ်သော အကျိုးအာနိသင်များကို ရရှိနိုင်ပါတယ်။ ကဲ- ဒီမရဏဿတိ ဘာဝနာကို ပွားများသဖြင့် ရရှိနိုင်သော အကျိုးအာနိသင်များကို မှတ်မိ ရရှိကြလေအောင် ဒီလင်္ကာ ကလေးများကို လိုက်ဆိုကြရမည်။

ဆောင်ပုဒ်။ ၁။ မရဏဿတိ၊ ပွားများဘိ၊ မရှိမေ့လျော့ခြင်း။
၂။ ဘဝသုံးသွယ်၊ ဝဋ်ပင်လယ်၊ မွေ့ဘွယ်ကပ်ငြီးကင်း။
၃။ သေမှုသိမြင်၊ အသက်ရှင်၊ ချစ်ခင်စွန့်နိုင်ခြင်း။
၄။ ပါပရှုံရှား၊ ပစ္စည်းများ၊ သိုထားမရှိခြင်း။
၅။ ပရိက္ခရာ၊ ကပ်ငြိကွာ၊ အနိစ္စာနှလုံးသွင်း။
၆။ ဆင်းရဲဒုက္ခ၊ အနတ္တ၊ ဉာဏ်ဝထင်လာခြင်း။
၇။ ကြောက်ရွံ့တွေဝေ၊ မရှိပေ၊ အသေကောင်းလှခြင်း။
၈။ မျက်မှောက်မှာပင်၊ နိဗ္ဗာန်ခွင်၊ ခိုဝင်ရောက်နိုင်ခြင်း။
၉။ နိဗ္ဗာန်မရ၊ နောင်ဘဝ၊ မုချကောင်းရာချဉ်း။
၁၀။ သေခြင်းတရား၊ဆင်ခြင်ပွား၊ ကျိုးများလှခြင်း နှလုံးသွင်း။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ မရဏဿတိ ယာသဒါ။ (ဝိသုဒ္ဓိမဂ္ဂ-ပ-၂၃၁)။

တသ္မာ၊ ထိုသို့ အကျိုးတရား များပြားလှသည် ဖြစ်လေသောကြောင့်။ သုမေဓသော' မိမိဘဝ, အကျိုးရဘို့, တွေးဆမြော်ကြည့်, ပညာရှိသောယောဂီပုဂ္ဂိုလ်သည်။ ဧဝံမဟာ နုဘာဝါယ' ဤဆိုအပ်ပြီးသော အပြားအားဖြင့် ကြီးမားသော အာနုဘော်နှင့် ပြည့်စုံသော။ မရဏဿတိယာ၊ သေခြင်းသဘော, တွေးတောဆပ်ထပ်, ပွားများအပ်ဘိ။ မရဏဿတိ၊ ဘာဝနာကမ္မဋ္ဌာန်း၌။ သဒါ၊ နေ့ရာညဥ့်ပါ, အခါခပ်သိမ်း။ အပ္ပမာဒံ၊ မေ့လျော့ကင်းကွာ, ရှိသေစွာ ကြိုးကုတ်အားထုတ်ခြင်းကို။ ဟဝေ၊ မုချကေန်, အမှန်စင်စစ်။ ကယိရာထ ကရေယျ၊ ကိုယ့်ဘိုကိုယ့်တွက်, အကျိုးထွက်ဖို့, ဆက်ဆက်မသွေ, အားထုတ် ပြုလုပ်လေရာသတည်း။

မိမိတွက်တာ ပစ္စုပ်သံသာ နှစ်ဖြာနောက်နှောင်း ကောင်းဘို့အရေး မြော်တွေး မြင်သိသော ပညာရှိ ယောဂီပုဂ္ဂိုလ်သည် ဤကဲ့သို့ အာနုဘော်ကြီးမား အကျိုးများလှသည့် မရဏဿတိ ဘာဝနာ တရားကို ကြိုးစားပွားများသဖြင့် လက်ငင်းဒိဋ္ဌ အကျိုးရတဲ့ သာဓက ကတော့—

သမ္မာသမ္ဗုဒ္ဓ သုံးလောကထွဋ်ထား မြတ်စွာဘုရားသည် အာဠဝီပြည်သို့ ဒေသစာရီ ကြွချီရောက်စဉ်အခါက ဖြစ်ပါတယ်၊ မြတ်စွာဘုရား မိမိတို့ တိုင်းပြည်သို့ ကြွရောက်လာသဖြင့် အာဠဝီတိုင်းသူပြည်သားတို့သည် ဝမ်းမြောက် ဝမ်းသာစွာဖြင့် မြတ်စွာဘုရားကို ပင့်ဖိတ်ကာ ဆွမ်းကပ်၍ အလှူကောင်းမှု ပြုလုပ်ကြပါတယ်။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆွမ်း အနုမောဒနာတရား ဟောကြားတော်မူသည်မှာ—

အဒ္ဓုဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ၊ အဝဿံ မယာ မရိတဗ္ဗမေဝ၊မရဏ ပရိယောသာနံ မေ ဇီဝိတံ၊ ဇီဝိတမေဝ အနိယတံ၊ မရဏံ နိယတန္တိ ဧဝံ မရဏဿတိ ဘာဝေထ။ (ဓမ္မပဒ-ဋ္ဌ-ဒု-၁၁၁)။

ဘိက္ခဝေ၊ သံသရာဘေး, မြှော်တွေးကြောက်ငြား အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ တုမှေ၊ သင်တို့သည်။ မေ၊ ငါ၏။ဇီဝိတံ၊ အသက်ရှင်သည်။ အဒ္ဓုဝံ၊ မမြဲချေ။

မေ၊ ငါ၏။ မရဏံ၊ ခန္ဓာယိုယွင်း, သေဆုံးရခြင်းကား။ ဓုဝံ၊ မြဲပေ၏။ မယာ၊ ငါသည်။ အဝဿံ၊ မချွတ်ဧကန်။ မရိတဗ္ဗမေဝ၊ သေဆုံးရမည်သာတည်း။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ မရဏံ ပရိယောသာနံ၊ သေခြင်းလျှင် အဆုံးရှိချေ၏တကား။ ဇီဝိတမေဝ၊ အသက်ရှင်ခြင်းသည်သာလျှင်။ အနိယတံ၊ မမြဲ။ မရဏံ၊ သေဆုံးရခြင်းကား။ နိယတံ၊ မြဲလှချေ၏။ ဣတိဝေံ၊ ဤသို့။ မရဏဿတိံ၊ သေခြင်းသဘောကို အဖန်ဖန် အောက်မေ့ခြင်း မရဏဿတိ ဘာဝနာကို။ ဘာဝေထ၊ နေ့ရောညဉ့်ပါ, အခါမပြတ်, ရှုမှတ်ပွားများ, အားထုတ်ကြကုန်လော့။

သံသရာဘေး, မြှော်တွေးကြောက်ငြား, အမျိုးကောင်း သားသမီးတို့-သင်တို့သည် ငါ၏ အသက်ရှင်ခြင်းကား မမြဲချေတကား။ ငါ၏သေဆုံးခြင်း သဘောကား မြဲလှပေ၏၊ ငါသည် ကေန်မုချ သေရလတံ့။ ငါ၏အသက်သည် သေခြင်းသဘောလျှင် အဆုံးရှိပေ၏။ အသက်ရှင်ခြင်းသာလျှင် မမြဲ၊ သေခြင်းကား မြဲလှပေ၏ဘကား။ ဤသို့ သေခြင်းသဘောကို အဖန်ဖန် အောက်မေ့မှု မရဏဿတိ ဘာဝနာကို ကြိုးစား၍ ပွားများကြကုန်လော့။

အကြင် ပုဂ္ဂိုလ်တို့သည် မရဏဿတိ ဘာဝနာကို မပွားများကြပေ။ လက်၌ တစုံတခုသော ခံကာကွယ် ဒုတ်, လက်နက် မရှိသော ယောကျ်ားသည်သာလျှင် အဆိပ်ရှိသော မြွေပွေးမြွေဟောက်နှင့်တွေ့ဆုံသောအခါ လွန်စွာ ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်သကဲ့သို့၊ ထိုအတူ မရဏဿတိ ဘာဝနာကို မပွားများသော ထိုပုဂ္ဂိုလ်တို့သည် နောင်အခါ၌ ပြင်းစွာ ထိတ်လန့် တုန်လှုပ်ခြင်းသို့ ရောက်ကြကုန်၍ ကြောက်ရွံ့မြည်တမ်းကာ စုတိပြတ်ကြွေ သေဆုံးကြရတယ်။

မရဏဿတိ ဘာဝနာကို ရှုမှတ်ပွားများသော သူတို့သည်ကား လျင်သော အဆိပ်ရှိသော မြွေပွေး, မြွေဟောက်, ဂမြွဆိုးကိုတွေ့မြင်၍ ဒုတ်လုံတန်ဖြင့် ကော်ပစ်ကာ ကောင်းမွန်တည်ကြည်စွာ ရပ်တည်နေသော ယောကျ်ားကဲ့သို့ နောင်အခါ ကြောက်ရွံ့ထိတ်လန့်မှု မရှိကြရတော့ပေ။ ထို့ကြောင့် မရဏဿတိ ဘာဝနာကို အမြဲမပြတ် ရှုမှတ်ပွားများကြရမည်-ဟု ဟောကြားတော်မူပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဆွမ်းအနုမောဒနာ တရားဟာ မရဏဿတိ ဘာဝနာတရားဆိုတော့ ယခုခေတ် လူတွေသာဆိုလျှင် မြတ်စွာဘုရားက မင်္ဂလာအခါမှာ အဘယ့်ကြောင့် အမင်္ဂလာတရားကို ဟောကြားတော်မူပါလိမ့်-ဟု ပြောဆိုကြမည်လား မဆိုနိုင်တော့ဘူးနော်၊ မြတ်စွာဘုရားတို့ မည်သည် သဗ္ဗညုတ ဉာဏ်တော်မြတ်ဖြင့် ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ကို သေချာစွာ ကြည့်ရှုပြီးမှ သာလျှင် တရားတော် ဟောကြားတော်မူခြင်း ဖြစ်တယ်။ ကျွတ်ထိုက်သော ပုဂ္ဂိုလ်ကို တွေ့မြင်ရပါက တဦးတည်းပင် ဖြစ်စေ, မည်မျှလောက် ခရီးဝေးကွာသည်ဖြစ်စေ ကြွရောက် ဟောကြားတော် မူမြဲသာ ဖြစ်တယ်။ ယခုတရားပွဲမှာလဲ ဒီမရဏဿတိ ဘာဝနာတရားဖြင့် မဂ်ဖိုလ် တရားထူးကို မြင်သိနိုင်သော ပုဂ္ဂိုလ်တယောက်ကို တွေ့မြင်ထားခြင်းကြောင့် မရဏဿတိ တရားကို ဟောကြားတော်မူခြင်း ဖြစ်တယ်တဲ့။

တံ ဓမ္မံ ဒေသနံ သုတွာ အဝသေသဇနာ သကိစ္စပ္ပသုတာ၀ အဟေသုံ။
(ဓမ္မပဒ-ဋ္ဌ-ဒု-၁၁၁)။

တံဓမ္မဒေသနံ၊ ထိုတရား ဒေသနာတော်ကို။ သုတွာ၊ ကြားနာပြီး၍။ အဝသေသဇနာ၊ ယက်ကန်းသည် မကလေးမှ ကြွင်းကုန်လူတို့သည်။ သကိစ္စပ္ပသုတာ၀၊ မိမိတို့၏ အလုပ်ကိစ္စကို လေ့ကျက် ပြုလုပ် အားထုတ်ကြကုန်သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

ဆဲ့ခြောက်နှစ်ရွယ် ယက်ကန်းသည်မကလေးမှ ကြွင်းတဲ့သူတွေကတော့ တရားနာပြီးလျှင်လဲ "ပြီးပြီးပျောက်ပျောက်" ဆိုသလို မိမိအလုပ်ကို မိမိတို့ အားထုတ်နေကြတယ်၊ တရားဓမ္မ အရေးကိုတော့ ဘယ်သူမှ မကြံကြ, မတွေးကြတော့ဘူးတဲ့၊ ဦးပဉ္စင်းတို့ တရားပွဲသို့ လာရောက် ကြားနာကြတဲ့ ဒါယကာ-ဒါယိကာမများကိုလဲ "ပွဲပြီးမီးငြိမ်း" "ပြီးပြီးပျောက်ပျောက်" ဆိုသလို တရားနာလဲ နာကာမတ္တ မဖြစ်ကြဘို့ သတိပေး တိုက်တွန်းရပါတယ်။ ကြိုးစားကြပါ ယက်ကန်းသည် မကလေး ကတော့ ဒီမရဏဿတိ ဘာဝနာကို ဘယ်လောက်အထိ စွဲစွဲမြဲမြဲ ပွားများသလဲဆိုတော့—

သာပိ ကုမာရိကာ တီဏိ ဝဿာနိ မရဏဿတိံ ဘာဝေသိယေဝ။
(ဓမ္မ-ဋ္ဌ-ဒု-၁၁၁)။

သာပိကုမာရိကာ၊ ထိုယက်ကန်းသည်မ အမျိုးသမီးကလေးသည်လည်း။ တီဏိဝဿာနိ၊ သုံးနှစ်တို့ပတ်လုံး။ မရဏဿတိံ၊ မရဏဿတိ ဘာဝနာကို။ ဘာဝေသိယေဝ၊ နေ့ရောညပါ, အခါမပြတ်, ရှုမှတ်ပွားများသည်သာလျှင်တည်း။

မြတ်စွာဘုရားကတော့ အာဠဝီပြည်မှာ မရဏဿတိ ဘာဝနာတရားကို ဟောကြားပြီးသာ၀တ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ပြန်ကြွသွားတော်မူပြီ။ တဆယ့်ခြောက်နှစ် အရွယ်မျှသာ ရှိသေးတဲ့ယက်ကန်းသည်မ မိန်းမပျိုကလေးကတော့ ဘုရားပြန်ကြွသွားပြီးနောက်လဲ သုံးနှစ်ပတ်လုံး ဒီမရဏဿတိ ဘာဝနာကို ရှုမှတ် ပွားများပြီး နေတယ်တဲ့။ တကယ် တရားပြည့်ဝတဲ့ သူတော်ကောင်းမကလေးဘဲနော်။

သုံးနှစ် လွန်မြောက်တဲ့အခါ တနေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်ယာမ် အခါ၌ သတ္တလောကကြီးကို ကြည့်ရှုတော်မူရာ ထိုယက်ကန်းသည် မကလေးဟာ မြတ်စွာဘုရား၏ ဉာဏ်တော်ကွန်ယက်အတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့ရတယ်တဲ့။ ထိုသို့ ဉာဏ်တော်ဖြင့် တွေ့မြင်သောအခါ မြတ်စွာဘုရားက အသို့ဖြစ်မည်နည်း—ဟု ဆက်လက်ကြည့်ရှုတော်မူရာ၊ ဤမိန်းကလေးသည် ငါ၏ တရားတော်ကို နာကြားရသောနေ့မှ အစပြု၍ သုံးနှစ်တို့ပတ်လုံး မပြတ်ပွားများနေပေ၏။ ယခုအခါ ငါသည် ထိုအာဠဝီပြည်သို့ကြွ၍ ထိုယက်ကန်းသည်မကလေး မေးခွန်းပုစ္ဆာ ၄-မျိုးကို မေးမြန်းမည် ထိုယက်ကန်းသည်မကလေး ဖြေဆိုလျှင် လေးပါးသော အရာ၌ုံနတို့၌ ဆောင်းခြီးနုမော် သာခုခေါ်တော်မူပြီးလျှင် အန္ဓဘူတော အယံလောကော-ဟူသော ဂါထာကို ဟောကြားတော်မူသည်။ ဂါထာ၏ အဆုံး၌ ထိုမိန်းကလေး သောတာပန် တည်လိမ့်မည်၊ ထိုမိန်းကလေးကို အမှီပြု၍ တရားနာ ပရိသတ် လူအများလည်း အကျိုးရှိပေလိမ့်မည်-ဟု သိတော်မူ၍ ရဟန်းငါးရာ ခြံရံတော်မူလျက် ဇေတဝန် ကျောင်းတော်မှထွက်၍ အာဠဝီပြည် အဂ္ဂါဠဝကျောင်းသို့ ကြွသွားတော် မူပါတယ်။

အာဠဝီ ပြည်သူပြည်သားများလည်း မြတ်စွာဘုရား ကြွရောက် လာကြောင်းကို ကြားသိကြလျှင် အဂ္ဂါဠဝကျောင်းတော်သို့သွားရောက် ဖူးမျှော်ကြပါတယ်။ ယက်ကန်းသည် မကလေးလည်း မြတ်စွာဘုရား ကြွလာတော်မူကြောင်း ကြားသိရလျှင် လွန်စွာ ဝမ်းမြောက်လျက် လွန်ခဲ့သော သုံးနှစ်က ရွှေအဆင်းနှင့်တူသော အဆင်းရှိတော် မူသော မြတ်စွာဘုရားကို ဖူးမြင်ရဘူးပြီ၊ ယခုအခါ ထိုမြတ်စွာဘုရားကို တကြိမ်ဖူးမြင်ရတော့မည်၊ တရားတော်ကို ကြားနာရတော့မည်" အကြံဖြစ်နေသတဲ့။

သူမ၏ ဘခင်သည် ယက်ကန်းရုံသို့ သွားသောအခါ "ချစ်သမီး အဘသည် သူတပါး၏ ပုဆိုးကို ယက်နေရာ တထွာမျှကျန်သေးတယ် မပြီးသေးဘူး ယနေ့ပြီးအောင် ယက်ရမည်၊ ယက်ဖေါက်ကို မြန်မြန်ယောက်ပြီး ယူလာခဲ့လေ" ဟု မှာကြားကာ သွားတယ်။

ထိုယက်ကန်းသည် မကလေးသည် "ငါသည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာလိုသည် ဘခင်ကလည်း ငါ့ကို ယက်ဖောက်ယက်ပြီး ယူခဲ့ရန် မှာခဲ့တယ်၊ မြတ်စွာဘုရား၏ တရားတော်ကို အရင်နာယူရလျှင် ကောင်းမည်လား သို့မဟုတ် ယက်ဖောက်ယောက်ပြီး ဘခင်ထံ အရင်သွားပို့ရ ကောင်းမည်လား-ဟု တွေးတော ကြံစည် နေမိသတဲ့၊ ထိုအခါ ထိုယက်ကန်းသည် မကလေးသည် ဘခင်ထံသို့ ယက်ဖောက်အရင်မပို့လျှင် ဘခင်ရိုက်နှက်လိမ့်မည်၊ ယက်ဖောက်ပို့ပြီးမှ တရားတော်ကို နာယူတော့မည်-ဟု ကြံစည်ကာ အင်းပျဉ်ထက်၌ ထိုင်၍ ယက်ဖောက်ယောက်ပြီး နေရှာလေတယ်တဲ့။ ဘခင်ဆိုတော့ ရိုက်မှာကို ကြောက်ရရှာသေးတာကိုး။

အာဠဝီ ပြည်သူပြည်သားတို့လည်း မြတ်စွာဘုရားကို ဆွမ်းကပ်ပြီးလျှင် အနုမောဒနာတရား နာယူရန် စုရုံး နေထိုင်ကြတယ်၊ မြတ်စွာဘုရားသည် "ငါဘုရားသည် ယက်ကန်းသည် မကလေးကို အကြောင်းပြုပြီးတော့ ယူဇနာသုံးဆယ် ဝေးကွာသော ခရီးကို ကြွလာခဲ့သည်၊ ယခုအထိ ထို မိန်းကလေး မလာရောက်သေး၊ ထိုမိန်းကလေး ရောက်မှ တရားဟောမည်" ဟု ကြံစည်တော်မူကာ ဆိတ်ဆိတ် သိတင်းသုံးပြီး နေတော်မူတယ်တဲ့။

ပရိသတ်ထဲက မည်သူမျှ မပြောက်ထားရဲကြတော့ဘူး၊ ထိုယက်ကန်းသည် မကလေးသည် ယက်ဖောက်တောင့်ကိုယူကာ ဘခင်ထံသို့သွားလျှင် တရားပွဲနားရောက်၍ ပရိသတ်အစွန်း၌ ခေတ္တရပ်ပြီး မြတ်စွာဘုရားကို ဖူးမြင်ကာ ရပ်နေတယ်။ မြတ်စွာဘုရားကလည်း လည်ကိုမော့၍ ထိုယက်ကန်းသည်မကလေးကို ကြည့်တော်မူလျှင်၊ မြတ်စွာဘုရားသည် ငါ့ကို လာစေတော် မူလိုသည်-ဟု သိ၍ ယက်ဖောက်တောင့်ကို ချထားပြီး မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ် သွားရောက်ကာ ရှိသေ မြတ်နိုး ရှိခိုးလျက် နေတယ်တဲ့။

အဘယ့်ကြောင့် မြတ်စွာဘုရားက ထိုမိန်းကလေးကို ကြည့်တော်မူရသလဲ ဆိုတော့ ယနေ့ဟာ ထိုမိန်းကလေး သေဘေးမှ မလွတ်ဘဲ ကေန်မုချ သေဆုံးရမည် ဖြစ်သဖြင့် ပုထုဇဉ်ဘဝနှင့် သေလျှင် လားရာဂတိမမြဲပေ၊ ငါ့ထံလာ၍ တရားနာယူလျှင် သောတာပန်တည်မည်၊ စုတေလျှင် တုသိတာ နတ်ပြည်၌ ဖြစ်လိမ့်မည်- ဟု သိတော်မူ၍ ကြည့်တော်မူခြင်း ဖြစ်သတဲ့၊ ယက်ကန်းသည် မကလေး ပရိသတ်အလယ်၌ ထိုင်၍ မြတ်စွာဘုရားကို ရှိခိုးပြီး တည်နေသော ခဏမှာပင် မြတ်စွာဘုရားက ထိုမိန်းကလေးကို ဤ ပုစ္ဆာလေးချက် ဆက်၍ မေးတော်မူပါတယ်။

၁။ ဗုဒ္ဓ – ကုမာရိကေ ကုတော အာဂစ္ဆသိ– မိန်းကလေး အဆင် ဘယ်အရပ်က လာသနည်း?
ကုမာရိ – နဇာနာမိ ဘန္တေ– မသိပါဘုရား။
၂။ ဗုဒ္ဓ – ကတ္ထ ဂမိဿသိ– သင်ဘယ်ကို သွားမည်နည်း?
ကုမာရိ – နဇာနာမိ ဘန္တေ– မသိပါဘုရား။
၃။ ဗုဒ္ဓ – နဇာနာသိ= မသိဘူးလား?
ကုမာရိ – ဇာနာမိ ဘန္တေ– သိပါသည်ဘုရား။
၄။ ဗုဒ္ဓ – ဇာနာသိ= သိသလော?
ကုမာရိ – နဇာနာမိ ဘန္တေ– မသိပါဘုရား။

ဤပုစ္ဆာ လေးချက်တို့ကို မြတ်စွာဘုရားက မေးတော်မူ၍- ယက်ကန်းသည် မကလေး ဖြေကြားလေလျှင်၊ တရားနာ လာကြတဲ့ ပရိသတ်မှာ လှုပ်လှုပ်ရွရွ ဖြစ်ပြီး ကြည့်ပါလား ယက်ကန်းသည်သမီးဖြစ်တဲ့ ဒီမိန်းကလေးဟာ ဂမ္ဘီရမ္မဒ္ဒမြတ်စွာဘုရားကို ထင်ရာလျှောက်ပြီး ပြောနေတယ်၊ ဒီမိန်းကလေးဟာ မြတ်စွာဘုရားက ဘယ်ကလာသနည်း- ဟု မေးတဲ့အခါ ယက်ကန်းသည် အိမ်မှ လာပါသည် ဘုရား- ဟု လျှောက်ထား သင့်တယ်မဟုတ်လား၊ဘယ်ကိုသွားမည်နည်း-ဟုမေးတဲ့အခါ ယက်ကန်းရုံသို့ သွားပါမည်ဘုရား- ဟု လျှောက်ထားသင့်တယ် မဟုတ်လား၊ ယခုတော့ ထင်ရာ လျှောက်ပြောနေတယ်- ဟု ကဲ့ရဲ့ကြသတဲ့။

တရားနာပရိတ်သတ် ရုတ်ရုတ်ရက်ရက် ပြောဆိုနေသော စကားအသံတိတ် အသံဆဲသွားသော အခါ မြတ်စွာဘုရားက"မိန်းကလေး အသင်ဘယ်က လာသနည်း" ဟု ငါဘုရား မေးတော်မူသော အခါ အဘယ့်ကြောင့် မသိပါဘုရား- ဟု လျှောက်ထားသနည်း- ဟု ထပ်မံ၍ မေးမြန်းတော်မူပါတယ်။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား- အရှင် မြတ်စွာဘုရားတို့သည် တပည့်တော်မ၏ ယက်ကန်းသည်အိမ်မှ လာသည်၏ အဖြစ်ကို သိတော် မူကြပါတယ်။ "အဘယ် အရပ်က လာသနည်း" ဟု မေးတော်မူသော အရှင်မြတ်ဘုရားတို့သည် "ဘယ်ဘဝမှ ရောက်လာ၍ ဤလူ့ဘဝ လူ့ပြည်၌ ဖြစ်သနည်း" ဟု မေးတော်မူလိုရင်း ဖြစ်တဲ့အတွက် တပည့်တော်မသည်"ဘယ်ဘဝမှ ရောက်လာ၍ ဤလူ့ဘဝ လူ့ပြည်၌ ဖြစ်သည်ကို မသိရခြင်းကြောင့် မသိပါဘုရား"ဟုလျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား။

ဤသို့ လျှောက်ထား သောအခါ မြတ်စွာဘုရားက "သာဓု သာဓု ကုမာရိကေ မဟာပုစ္ဆိတ ပဉ္စာစဘယာ ဝိဿဇ္ဇိတော–မိန်းကလေး ကောင်းပေစွ ကောင်းပေစွ ငါဘုရားမေးမြန်းတော် မူအပ်သော ပြဿနာကိုသာလျှင် သင်ချစ်သမီးသည် ဖြေဆိုအပ်ပေဆည်"ဟု ပထမအကြိမ် သာဓုခေါ်ပြီးနောက် ဆက်လက်၍ မေးမြန်းတော်မူသည်မှာ "အဘယ်အရပ်သို့ သွားမည်နည်း-ဟု ငါဘုရားတပန် မေးတော်မူသောအခါ အဘယ့်ကြောင့် မသိပါဘုရား-ဟု လျှောက်ထားသနည်း"ဟု မေးမြန်းတော်မူပြန်ပါတယ်။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အရှင် မြတ်ဘုရားတို့သည် ယက်ပေက်ခြင်း တောင်းကို ယူဆောင်၍ ယက်ကန်းရုံသို့ သွားသော တပည့်တော်မကို သိတော်မူကြပြီး ဖြစ်ပါတယ်၊ "ဤလူ့ဘဝ လူ့ပြည်မှ စုတိပြတ်ကြွေ သေလွန်သောအခါ အဘယ်ဘုံဘဝ၌ ဖြစ်လတံ့နည်း" ဟု မေးမြန်းတော် မူခြင်းဖြစ်၍ တပည့်တော်မ ဤလူ့ဘဝမှ စုတေလျှင် အဘယ်ဘုံ အဘယ်ဘဝ၌ဖြစ် ရမည်ကို မသိရှိရခြင်းကြောင့် မသိပါဘုရား- ဟု လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရား။

ထိုအခါ မြတ်စွာဘုရားက အသင်ချစ်သမီးသည် ငါဘုရား မေးမြန်းတော်မူ အပ်သော ပြဿနာ ကိုသာလျှင် ဖြေဆိုပေ၏-ဟု ဒုတိယအကြိမ် ကောင်းချီးနုမော် သာဓု ခေါ်တော်မူပြီး- ဆက်၍တဖန် မေးတော်မူပြန်သည်မှာ "ငါဘုရားက မသိဘူးလား" ဟု မေးတော် မူသောအခါ အဘယ်ကြောင့် "သိပါသည် ဘုရား" ဟု လျှောက်ထား ဖြေဆိုရသနည်း-ဟု မေးပြန်ပါတယ်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မသည် စုတိပြတ်ကြွေ သေရမည် သဘောကို သိပါသည်ဘုရား၊ သို့ဖြစ်၍ ဤသို့ "သိပါသည်ဘုရား" ဟု လျှောက်ထားခြင်း ဖြစ်ပါ သည်ဘုရား။

ထိုအခါ မြတ်စွာဘုရားက "သင်ချစ်သမီးသည် ငါဘုရား မေးတော်မူအပ်သော ပြဿနာကို သာလျှင် ဖြေဆိုပေ၏-ဟု တတိယအကြိမ် သာဓုခေါ်တော်မူပြီးနောက် စတုတ္ထ မေးခွန်းကိုဆက်၍ မေးတော်မူသည်မှာ "ငါဘုရားက သိသလော" ဟု မေးမြန်းသောအခါ အဘယ့်ကြောင့် "မသိပါ ဘုရား" ဟု လျှောက်ထားရသနည်း-ဟု မေးတော်မူပြန်ပါတယ်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မသည် မလွဲကေန် သေရမည့်အဖြစ် ကိုကား သိပါသည်ဘုရား၊ သို့သိရမည့်အဖြစ်ကို သိပါသော်လည်း ညဉ့်အခါ နေ့အခါ နံနက်အခါ အစရှိသောအခါကာလတို့တွင် အဘယ်အခါ၌ သေရမည်" ဟု မသိရှိရသည့်အတွက် "မသိပါဘုရား" ဟု လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရား။

ထိုသို့ လျှောက်ထားပြီးသောအခါ မြတ်စွာဘုရားက "မယာပုဋ္ဌံတပဉှောယေဝတယာ ဝိဿဇ္ဇိ- တော=ငါဘုရား မေးတော်မူအပ်သော အမေးပုစ္ဆာ ပြဿနာကိုသာလျှင် သင် ချစ်သမီးသည် ဖြေဆို အပ်ပေ၏" ဟု စတုတ္ထအကြိမ် သာဓုခေါ်တော်မူပြီး တရားနာပရိသတ်ကို ခေါ်တော်မူ၍ "အသင် တို့သည် ဤမိန်းထလေး လျှောက်ထား ပြောဆိုအပ်သော စကား၏ အဓိပ္ပါယ်ကို နားမလည်ကြ၊ မသိရှိကြပေ။ ကဲ့ရဲ့ရုံသာ နားလည်ကြပေသည်။ အကြင်သူတို့အား ပညာမျက်စိ မရှိပေ၊ ထိုသူတို့ သည် သူကန်းတို့သာတည်း၊ အကြင်သူတို့အား ပညာမျက်စိ ရှိ၏၊ ထိုသူတို့သည်သာလျှင် မျက်စိမြင် သူတို့ပေတည်း" ဟု မိန့်ဆိုတော်မူကာ-

အန္ဓီဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။

သကုဏော ဇာလ မုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။ (ဓမ္မပဒ-၃၉)။

ဟူသော ဤဂါထာကို ဟောကြားတော် မူပါတယ်။

ဘိက္ခဝေ၊ သံသရာဘေး, လာမည့်ရေးကို, မြော်တွေး ကြောက်ငြား, အို-အမျိုးကောင်း သား သမီးတို့။ အယံလောကော၊ ဘရမ်းဘတာ, လမ်းရှာမရ, ဖြစ်ကြပေတောင်း, ဤလူအပေါင်း

သည်။ အန္ဓိဘူတော၊ အမှားအမှန်, ဝေဘန်သိရာ, ပညာမျက်စိ, မရှိသဖြင့်, အကန်းအတိသာ ဖြစ်ပေ၏။ တွေ၊ သတ္တဝါအများ, ရေစုံသွားတို့, ပျော်ပါးနေကြ, ဤလောကဥ္။ တနုကော၊ မပြောပလောက်, တယော်ကတ်တလေ, ထူးထွေဆန်းကြယ်, အနည်းငယ်သောသူသည်သာလျှင်။ ဝိပဿတိ၊ ရုပ်နာမ်သဘာဝ, အနိစ္စဟု, မုချမမှား, စသောအားဖြင့်, ပိုင်းခြားထင်ထင်, ရှုမြင်နိုင်လေ၏။ ဇာလမုတ္တော၊ ငှက်မုဆိုးသည်, အမျိုးမျိုးထောင်အပ်, ပိုက်ကွန်မှလွတ်သော။ သကုဏော၊ ငုံး, ခါ, ကြက်, စလျက်များစွာ, ငှက်ဂျီးသတ္တဝါသည်။ တနုကော၊ ရေတွက်ပိုင်းခြား, ပြောကြားဘို့ရာ, မရှိပါဘဲ, လွန်စွာနည်းပါးလှသည်။ ယောတိက္ကဝ၊ အမှန်စင်စစ်, ဖြစ်သကဲ့သို့။ အမွေါကောစိဒေဝ၊ အရေအတွက်သချာ, မပြသာဘဲ, တစုံတရာ လွန်စွာနည်းပါးလှသည်သာလျှင်ဖြစ်သော။ သတ္တော၊ အကုသိုလ်ကံ, ရှေ့နောက်ရံလျက်, လမ်းမှန်ရှောင်ခွာ, သတ္တဝါသည်။ သဂ္ဂါယ၊ ဘုန်းကံကြီးသူ, များဗိုလ်လူတို့, ကြည်ဖြူချမ်းသာ, ပျော်စံရာမှန်, နတ်ရွာနိဗ္ဗာန်သို့။ ဂစ္ဆတိ၊ ကုသိုလ်ကံမြင့်, အဆင်သင့်သဖြင့်, မလင့်ပုံသေ, လားရောက်နိုင်လေတော့ သတည်း။

လောကီနယ်သား သတ္တဝါများဟာ ပညာမျက်စိ မရှိသဖြင့် ပကတိ အကန်းနှင့်တူတယ်တဲ့၊ ရုပ်တရား, နာမ်တရားတို့၏ မမြဲမှုသဘောမှန်, ဆင်းရဲမှုသဘောမှန်, အစိုးရအလိုသို့ မလိုက်မပါခြင်းသဘောမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဘန်ထင်ထင် သိကြမြင်ကြသောသူကား လွန်စွာ နည်းပါးပြီး မသိမမြင်ကြတဲ့သူကသာ များပြားနေကြတယ်တဲ့။ သို့အတွက်ကြောင့် ငှက်မုဆိုး ထောင်ထားတဲ့ ပိုက်ကွန်တွင်းတွင် မိနေကြသော ဂျီးငှက်, ကြက်, ခါစသော သတ္တဝါတို့တွင် ပိုက်ကွန်မှ လွတ်မြောက်သော ဂျီးငှက်စသော သတ္တဝါဟာ လွန်စွာနည်းပါးသလိုပင် လူ့ပြည်, လူ့ဘဝမှ ကွယ်လွန်ကြ၍ နတ်ရွာနိဗ္ဗာန်သို့ ရောက်ရှိကြသော သတ္တဝါများလဲ အလွန်ပင် နည်းပါးလှတယ်တဲ့။

**ဆောင်ပုဒ်။**

၁။ လောကီနယ်သား၊ ပညာပါး၊ ဖြစ်ငြားသူကန်းမည်။
၂။ မမြဲ-ဆင်းရဲ၊ သဘောဘဲ၊ ဝေခွဲသိသူ နည်းလှသည်။
၃။ ပိုက်ကွန်လွတ်ငှက်၊ နည်းပုံတွက်၊ မှတ်ချက်ပမာမည်။
၄။ နိဗ္ဗာန်နတ်ရွာ၊ ရောက်သူမှာ၊ လွန်စွာနည်းလှသည်။
၅။ ဗုဒ္ဓမြတ်ဖျား၊ ဟောညွှန်ကြား၊ မှတ်သားသိရမည်။

ဒေသနာဝသာနေ ကုမာရိကာ သောတာပတ္တိဖလေ ပတိဋ္ဌတိ၊
မဟာဇနဿာပိ သာတ္ထိကာ ဓမ္မဒေသနာ အဟောသိ။ (ဓမ္မပဒ-ဋ္ဌ-ဒု-၁၁၄)။

ဒေသနာဝသာနေ၊ ဒေဆနာတော်နိဂုံး အဆုံးသတ်ရာ, ချိန်အခါ၌။ ကုမာရိကာ၊ ဆယ့်ခြောက်နှစ်ရွယ်, လှမျိုးကြွယ်၍, တင့်တယ်နုသွေး, ယက်ကန်းသည်မိန်းကလေးသည်။ သောတာပတ္တိဖလေ၊ ဒိဋ္ဌိဝိစိကိစ္ဆာ, ကင်းလွတ်ကွာသည့်, သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌတိ၊ မျက်မှောက်ပြုကာ တည်လေပြီ။ မဟာဇနဿပိ၊ တရားတော်နာ, ရောက်ရှိလာသည့်, များစွာထောင်သောင်း, လူအပေါင်းအားလည်း။ သာတ္ထိကာ၊ ပစ္စုပ္ပန်သံသရာ, နှစ်ဖြာပွားတိုး, အကျိုးရှိသော, ဓမ္မဒေသနာ စောဖော် မြွက်ကြား, တရားဒေသနာသည်။ အဟောသိ၊ မြတ်စွာဘုန်းမော်, ကျေးဇူးတော်ကြောင့်, သင့်လျော်ဈေးထွေ, ဖြစ်ရလေပြီတကား။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရား ဂါထာအဆုံးမှာ ယက်ကန်းသည်မကလေး သောတာပန် တည်သွားတယ်တဲ့။ ထိုယက်ကန်းသည်မကလေးသည် တရားနာပြီးလျှင် ယက်ဖောက် ခြင်းတောင်းကိုယူပြီး ဘခင်ထံသို့ သွားတယ်၊ ဘခင်ကြီးကား သမီးကိုစောင့်ယင်း အိပ်ပျော် နေတယ်တဲ့။

ယက်ကန်းသည်မကလေးသည် အမှတ်မထားဘဲ ယက်ဖောက်ခြင်းတောင်းကို ချလိုက်ရာ ယက်ဖောက်တောင်းက ရသွားအစွန်းကို ထိခပ်မိပြီး အသံမြည်ကာ ကျသွားသဖြင့် ဘခင်ကြီးသည် အိပ်ပျော်ရာမှ နိုးလာပြီး ယခင်မှတ်ထားတဲ့အတိုင်းပင် ရသွားအစွန်းကို ဆွဲငင်တယ်တဲ့၊ ရသွားအစွန်း သည် အရှိန်ပြင်းစွာ ပြေးလာပြီး ထိုယက်ကန်းသည် မိန်းကလေးရဲ့ ရင်ဝကို ပုတ်ခတ်ထိခိုက်လေရာ ထိုမိန်းကလေးလဲ ထိုနေရာမှာပင် သေဆုံးပြီး တုသိတာနတ်ပြည်မှာ ဖြစ်ရလေတယ်တဲ့။ ဖြစ်ပျက်မှု တွေဟာ အလွန် လျှင်မြန်တာဘဲနော်၊ ယက်ကန်းသည်မကလေးဟာ ဘခင်ကြီးထံရောက်လျှင် မမြော်လင့်ဘဲ သေပွဲဝင်သွားရရှာတယ်။ ဘခင်ကြီးလဲ သွေးအလိမ်းလိမ်းကပ်ကာ သေဆုံး သွား ရှာသော ချစ်သမီးကလေးကို ကြည့်ပြီး ယူကျုံးမရအောင် သောကမီး တောက်လောင် နေရှာ သတဲ့။

ဘခင်ကြီးသည် သောကမီး တောက်လောင်ကာ ငိုကြွေးမြည်တမ်းနေရာမှ ငါ့ရဲ့သောက အပူမီးကို သုံးလောကထွဋ်ထားး မြတ်စွာဘုရားမှတပါး မည်သူမျှ ငြိမ်းသတ်ပေးနိုင်မည်မဟုတ်” ဟု ကြံစည်စဉ်းစားပြီးကာ မြတ်စွာဘုရား ထံမှောက်သို့ ရောက်လာပြီး “ဘန္တေ သောကံ မေ နိဗ္ဗာ ပေထ=လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရား–ဘုရားတပည့် တော်၏ သောကမီးကို ငြိမ်းအေးပေးတော်မူပါဘုရား” ဟု လျှောက်ထားရှာလေတယ်။

မြတ်စွာဘုရားကလည်း ထိုဒါယကာ ယက်ကန်းသည်ကြီးအား စိတ်သက်သာရာကို ဖြစ်စေ၍ “ဒါယကာ-မစိုးရိမ်လေလင့် အစမထင်သော သံသရာ ကျင်လည်ရာ၌ သင်၏ ချစ်သမီးငယ် ဤသို့ သေဆုံးရသည့်အတွက် ငိုကြွေးခဲ့ရသော မျက်ရည်များကား မဟာသမုဒ္ဒါရာကြီး လေးစင်း၌ရှိသော ရေထက်ပင် များပေသေး၏” ဟု မိန့်ဆိုကာ အနမတဂ္ဂ တရားဒေသနာတော်ကို ဟောကြားတော် မူလေလျှင် ထိုဥပါသကာဒါယကာကြီးသည် အပူမီး သောက ကင်းကွာ ကျသွားပြီး မြတ်စွာဘုရား ထံ ရဟန်းပြုရန် ခွင့်ပန်လျှောက်ထားသဖြင့် ရဟန်းပြုပြီး မကြာမီမှာပင် တရားဘာဝနာကို မပျက် မကွက် ဆက်လက်ပွားများရာ ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်ရှိသွား လေတော့တယ်တဲ့။

ယခု သမီးဖြစ်သော ယက်ကန်းသည်မကလေး တရားနာယူပြီး သောတာပန် တည်သွားခြင်း၊ စုတိပြတ်ကြွေ သေလွန်သောအခါ တုသိတာနတ်ပြည်သို့ ရောက်ရှိရခြင်း၊ ဘခင်ဖြစ်သော ယက်ကန်း သည်ကြီးလဲ ကိလေသာအပူမီး အလုံးစုံငြိမ်းအေးပြီး ရဟန္တာဖြစ်သွားရခြင်းဟာ ယက်ကန်းသည် မကလေး မရဏဿတိ ဘာဝနာကို သုံးနှစ်ပတ်လုံး အမြဲမပြတ် ရှုမှတ်ပွားများတဲ့ ကျေးဇူးတရား

များပင် ဖြစ်ပေတယ်။ ဤကဲ့သို့ အကျိုးကျေးဇူးများလှ ေသာ မရဏာဿတိ ဘာဝနာတရားကို တရားတော်နာ ရောက်လာကြတဲ့ ဒါယကာ-ဒါယိကာမများ အမြဲမပြတ် ကြိုးစားပြီး ပွားများကြရန် အထူးသတိပေး တိုက်တွန်းနှိုးဆော် လိုက်ပါတယ်။

မရဏဿတိံ ဘာဝေထ၊ ဝိမ္ဟယံ အမဘောဂဓံ။
သောကဝိနော ဒနတ္ထာယ၊ အပ္ပတ္တမာယ သမ္ဗဒါ။

(ရှေးနည်းအတိုင်း အနက်ပေး)

(အဘိဓမ္မာတပ်၌ တရားပွဲသိမ်း)

❁ ❁ ❁ ❁ ❁

# မေတ္တာဘာဝနာ

မေတ္တစိတ္တဥ္စ ဘာဝေထ၊ အပ္ပမာဏံ ဟိတာဝဟံ။
မေတ္တံ ဟိ ဘာဝယိတွာန၊ သတ္တာ ဂစ္ဆန္တိ သုဂတိံ။

ဘာဝေထ၊ သံသရာနေခင်ရေး, အစဉ်အေးဘို့, ကြံတွေးလိုလား, တရားခင်မင်၊ သူတော်စင်တို့၊ (ဝါ) သူတော်စင်ဖြစ်ပြား, အမျိုးကောင်း သားသမီးတို့။ တုမှေ၊ စိတ်ထားဖြူစင်, သင်သူတော်စင်တို့သည်။ အပ္ပမာဏံ၊ သုံးဆယ်တဘုံ, ဆန့်စုံကျက်စား, လှည့်လည်သွားသည့်, များပြားလှစွာ, တိုင်းတာမသိ, သတ္တဝါလျှင် အာရုံရှိသော။ ဟိတာဝဟံ၊ သူတပါးတို့, အကျိုးစီးပွားကို, လိုလားနှစ်သက်, ဆောင်ရွက်တတ်သော။ မေတ္တစိတ္တံ၊ မေတ္တာနှင့်ယှဉ်သောစိတ်ကို။ (ဝါ) မေတ္တာစိတ်ထား, ထူးခြားလေလာ, မေတ္တာဘာဝနာကို။ သဒါ၊ နေ့ရောညဉ့်ပါ, ဘယ်ခါမပြတ်, အချင်းခပ်သိမ်း။ သုဘာဝေထ၊ အသင့်နှလုံး, မြဲစွာသုံးလျက်, ရှင်ပြုံးကြည်သာ, ကောင်းစွာကြိုးစား, ပွားများအားထုတ်ကြပါကုန်လော့။ ဟိ၊ မေတ္တာကိုပွား, ကျိုးတရားကို, မမှားသေချာ, ပြဆိုပါအံ့။ မေတ္တံ၊ သတ္တဝါအပေါင်း, ချမ်းသာကြောင်းကို, နှစ်ထောင်းလိုလား, မေတ္တာတရားကို။ ဘာဝယိတွာန၊ နေ့ညဉ့်မစဲ, စိတ်မှာစွဲ၍, အမြဲကြိုးစား, ပွားများသည်ဖြစ်၍ (ဝါ) ပွားများလေသောကြောင့်။ သတ္တာ၊ ထာဝရကုဏ်ငါးတန်, ပျော်ပါးစံ၍, ဖန်ဖန်မျှောပါး, သတ္တဝါအများတို့သည်။ သုဂတိံ၊ သူတော်ကောင်းတို့, ကိန်းအောင်ပျော်မွေ့, လားရာပြည်သို့။ ဂစ္ဆန္တိ၊ မေတ္တာဓာတ်ဟုန်, ကျေးဇူးဂုဏ်ကြောင့်, ပြည့်စုံဖြိုးမောင်, တန်ခိုးတောက်သဖြင့်, ဝမ်းမြောက်စိတ်ချ, ရရောက်ကြရလေကုန်တော့သတည်း၊

အာရက္ခတရားခေါ်တဲ့ ကိုယ်စောင့်တရား ၄-ပါးတို့တွင် ဗုဒ္ဓါနုဿတိ ဘာဝနာ၊ အသုဘဘာဝနာ၊ မရဏဿတိ ဘာဝနာ တရားတို့ကို ဟောကြားခဲ့ပြီး ဖြစ်တဲ့အတွက် ယခုအခါ မေတ္တာဘာဝနာတရားကို ဟောကြားရမည် ဖြစ်ပါတယ်။ ဒီမေတ္တာတရားဆိုတာလဲ အမြဲမပြတ် ရှုမှတ်ပွားများသင့်တဲ့ ကိုယ်စောင့်တရား တပါးပင် ဖြစ်ပေတယ်ပေါ့။

မေတ္တာတရားကို အမြဲမပြတ် ရှုမှတ်ပွားများလျှင် စုတေသောအခါ ဗြဟ္မာပြည်အထိဆိုက်ရောက်နိုင်ပါတယ်။ ဝိပဿနာယှဉ် ရှုမြင်ပွားများ နိုင်ပါက မဂ်ဖိုလ် နိဗ္ဗာန်အထိ ဆိုက်ရောက်နိုင်သော အကျိုးထူးကို ရရှိနိုင်တယ်တဲ့။ သို့ဖြစ်၍ ဒီမေတ္တာ ဘာဝနာတရားကို ကောင်းမွန် ရိုသေစွာ နာသူမှတ်သားပြီး အမြဲမပြတ် ရှုမှတ်ပွားများကြရန် သတိပေး နှိုးဆော် ရပါတယ်။

ချစ်ခင်ခြင်းသဘောကို မေတ္တာ-ဟု ခေါ်ဆိုရကြောင်းကို လူအများတို့ နားလည်ထားကြပြီဖြစ်ပါတယ်။ သို့သော် ထိုချစ်ခင်မှု သဘောကား သုံးမျိုးသုံးပါး ကွဲပြားသဖြင့် ထိုသုံးပါးကို ခွဲခြားပြီး ဒီလိုမှတ်သား ကြရပါမယ်။

၁။ ယောကျ်ားနှင့် မိန်းမတို့ အချင်းချင်း တဦးကိုတဦး တဏှာလောဘ၏ အစွမ်းအားဖြင့် ချစ်ခင်မှု, ကြိုက်နှစ်သက်မှုကိုတော့-တဏှာပေမ-ဟု ခေါ်ပါတယ်။ တရားကိုယ်အားဖြင့်ဆိုတော့ တဏှာရာဂခေါ် "လောဘ" ကို ရတယ်။

၂။ အမိအဘနှင့် အားသမီးအချင်းချင်း ညီအစ်ကို မောင်နှမ အချင်းချင်း ချစ်ခင်မှု နှစ်သက်တွယ်တာမှု သဘောကိုတော့ ဂေဟဿိတ ပေမ-ဟု ခေါ်ပါတယ်၊ သူလဲ တရားကိုယ်စားစစ်တော့ လောဘပါဘဲ။

၃။ သတ္တဝါတို့၏ (ဝါ) တပါးသော သူတို့၏ အကျိုးစီးပွား ဖြစ်ပွားတိုးတက်ခြင်းကို လိုလားနှစ်သက်ခြင်းကိုသော့ မေတ္တာပေမ-ဟု ခေါ်ပါတယ်။ သတ္တဝါအများ အပေါ်မှာ အကျိုးစီးပွား လိုလားလျက် ချစ်ခင်နှစ်သက်မှုကိုသာ မေတ္တာ-ဟု ခေါ်ဆိုခြင်း ဖြစ်ပါတယ်။ တရားကိုယ်ဖော်ကောက်တော့ အဒေါသစေတသိတ်ကို ကောက်ယူရပါတယ်။

ထိုသို့ပင် မေတ္တာအရ အဒေါသ စေတသိက် ကောက်ယူရသော်လည်း တကယ်စင်စစ်မှာ မေတ္တာတရားသည် အဒေါသ စေတသိက်တွင် တစိတ်တဒေသမျှ ပါဝင်ခြင်းဖြစ်တယ်။ အဒေါသ စေတသိက်က အရကျယ်တယ်၊ နယ်ကျယ်တယ်။ မေတ္တာက ထိုအဒေါသ စေတသိက်တွင် တစိတ်တဒေသ အနေဖြင့်သာ ပါဝင်သဖြင့် အရကျဉ်းတယ်၊ နယ်ကျဉ်းတယ်-ဟု ဆိုရပါတယ်။

အဘယ်သို့ အဒေါသ စေတသိက်က နယ်ကျယ်ပြီး၊ မေတ္တာက နယ်ကျဉ်းသည်, အရကျဉ်း သနည်းဆိုတော့ အဒေါသ စေတသိက်က သောဘဏစိတ် ငါးဆယ့်ကိုးပါး (၅၉)ပါးလုံးမှာ ယှဉ် နေသဖြင့် သောဘဏစိတ်-၅၉-ပါးတို့ဖြစ်တိုင်း အဒေါသ စေတသိက် ပါဝင်တယ်တဲ့။ ဒီအဒေါသ စေတသိက်ဟာ အာရုံအမျိုးမျိုးကိုလဲ အာရုံပြုတယ်။

မေတ္တာတရားကတော့ သတ္တဝါပညတ် တမျိုးတည်းမှာသာ အာရုံပြုတယ်။ ထိုမှတပါး အာရုံမပြုနိုင်ဘူးတဲ့၊ အလှူဒါန ပြုလုပ်ရာ, သီလသီတင်း ဆောက်တည်ရာမှာ အဒေါသတရားကား အမြဲပါဝင် နေသော်လည်း မေတ္တာတရားကား ထိုအဒေါသဖြစ်တိုင်း မပါဝင်သဖြင့် မေတ္တာ-ဟု မခေါ်ဆိုရပေ။ သတ္တဝါပညတ်ကို အာရုံပြု၍ သတ္တဝါအပေါင်းတို့၏ စီးပွားချမ်းသာ အဖြာဖြာကို အမှန်လိုလားသော အခြင်းအရာ အားဖြင့် ဖြစ်သော အဒေါသ စေတသိက် အဒေါသတရားကို သာလျှင် မေတ္တာ-ဟု ခေါ်ဆိုရတယ်တဲ့။

မေတ္တာဘာဝနာကို ပွားများလိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ဗလိဗောဓ အားလုံးကို ဖြတ်တောက်ကင်းရှင်းစေပြီး ဆိတ်ငြိမ်ရာအရပ်၌ ကောင်းမွန်စွာ ခင်းထားသော အခင်းပေါ်၌ ချမ်းသာစွာထိုင်လျက် ရှေးဦးစွာ ဒေါသတရား မကောင်းဆိုးရွား အပြစ်များကိုရင်း, သည်းခံခြင်း ခန္တီတရား၏ အကျိုးကျေးဇူးများကိုရင်း ရှုမှတ်ထင်ထင် ဆင်ခြင်ရမည် ဖြစ်တယ်။

အဘယ့်ကြောင့် ဒေါသအပြစ်နှင့် သည်းခံခြင်း ခန္တီတရား၏ အကျိုးဆက် အာနိသင်ကို ဆင်ခြင်ရသနည်းဆိုတော့ ဤမေတ္တာ ဘာဝနာဖြင့် အမျက်ဒေါသကို ပယ်ရှားရခြင်း သည်းခံခြင်း ခန္တီတရားကို ရရှိစေနိုင်ခြင်းကြောင့် ဖြစ်တယ်၊ မှန်ပေတယ်၊ အပြစ်ကို မမြင်လျှင် ဘယ်တရားကိုမှ ပယ်ရှားရန် အားမထုတ်လိုပေ၊ အကျိုးအာနိသင်ကို မမြင်မသိလျှင်လဲ ဘယ်တရားကိုမှ ရရှိအောင် အားမထုတ်လိုပေ။ ပယ်ရမည့်တရားကိုလည်း အပြစ်မြင်မှသာလျှင် ပယ်ရှားလိုသည်၊ အားထုတ်ရမည့်တရားကိုလည်း အကျိုးအာနိသင်ကို သိမြင်မှသာ ရရှိအောင် အားထုတ်လိုကြသည် ဖြစ်ပါတယ်။

အနုတ္တဇနနော ဒေါသော၊ ဒေါသော စိတ္တပ္ပကောပနော။
ဘယမန္တရတော ဇာတံ၊ တံဇနော နာဝဗုဇ္ဈတိ။ (ဣတိဝုတ္တကပါဠိ-၂၅၂)။

ဒေါသော၊ သူငါ့အကျိုး, ဖျက်ချိုးတတ်ငြား, ဒေါသတရားသည်။ အနုတ္တ ဇနနော၊ အကျိုးမဲ့ကို, ဖြစ်စေတတ်၏။ ဒေါသ၊ ဒေါသတရားသည်။ စိတ္တပ္ပကောပနော၊ စိတ်ဓာတ်ပျက်ပြား, ချောက်ချားစေတတ်၏။ အန္တရတော၊ အတွင်းစိတ်၌။ ဇာတံ၊ ဖြစ်ပေါ်နေသော။ တံဘယံ၊ ထိုဒေါသဟူသောဘေးကို။ ဇနော၊ လူအပေါင်းသည်။ နာဝဗုဇ္ဈတိ၊ ဇောန်တိတိ, မသိရှိနိုင်ချေတကား။

ဒေါသတရားသည် အကျိုးမဲ့ကိုသာ ဖြစ်စေတတ်သည်။ စိတ်ဓာတ်ပျက်ပြား ချောက်ချားစေတတ်သည်၊ အတွင်းစိတ်၌ ဖြစ်ပေါ်နေသော ထိုဒေါသတရား ဟူသော ဘေးကို ဦးမဲ့-ဦးဖြူမည်သူမျှ မသိရှိကြပေ။ ဤသို့ ဖြစ်စေ။

ဒုဌ္ဌေ ဒေါ အာဝုသော ဒေါသေန အဘိဘူတော ပရိယာဒိဏ္ဏစိတ္တော ပါဏမ္ပိ ဟနတိ-ငါ့ရှင် ဒေါသသည် ဖျက်အပ်သောသူသည် ပရိယုဋ္ဌာန်အားဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ကုသိုလ်စိတ်ဖြစ်ခွင့်ကို မရစေသဖြင့် ထက်ဝန်းကျင်မှ လုယူအပ်သော စိတ်ရှိသည်ဖြစ်၍ သူတပါး၏ အသက်ကိုလည်း ညှဉ်းဆဲသတ်ဖြတ်တတ်၏။ ဤသို့စသော အားဖြင့်ရင်း အမျက်ဒေါသ၏ အပြစ်ကို ဆင်ခြင်ကာ သိရမည် ဖြစ်တယ်။ ထို့နောက်-

ခန္တီ ပရမံ တပေါ တီတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ-သူတပါးတို့ ကဲ့ရဲ့ခြင်း, အကျိုးမဲ့ကိုပြုခြင်း စသည်ကို သည်းခံခြင်း လက္ခဏာရှိသော ခန္တီတရားသည် အလွန်မြတ်သော အကျင့်ကောင်းပေတည်း။ တဆယ့်တသီး မီးငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို မွန်မြတ်စွာသော တရားဟု ဘုရားတို့ မိန့်ဆိုကုန်၏။

ခန္တျာဘိယျော နဝိဇ္ဇတိ=သည်းခံခြင်းထက် လွန်မြတ်သော ကိုးကွယ်ရာမည်သည် မရှိတော့ပေ၊ ဤသို့ စသည်ဖြင့် သည်းခံခြင်း၏ အကျိုးကျေးဇူးကိုလည်း သိထားရမည် ဖြစ်တယ်။

မေတ္တာဘာဝနာကို ရှေးဦးစွာ ပွားများ အားထုတ်သော ပုဂ္ဂိုလ်သည် ရှေးဦးစွာ စတင်၍ မေတ္တာမပွားသင့်သော ပုဂ္ဂိုလ်များ၊ လုံးဝမေတ္တာ မပွားသင့်သော ပုဂ္ဂိုလ်များကိုလည်း ဝေဘန်ဖိုင်းခြား သိထားရမည် ဖြစ်ပါတယ်၊ ထိုဂ္ဂိုလ်များကတော့-

ဆောင်ပုဒ်။ ၁။ အလွန်ချစ်အပ်၊ မချစ်အပ်၊ မဇ္ဈတ်ဝေရီများ။
၂။ ရှေးဦးမေတ္တာ၊ မပွားရာ၊ မှတ်ပါဤလေးပါး။
၃။ လိင်မတူရာ၊ သေသူပါ၊ မေတ္တာခြင်းချန်ပွား။
၄။ ဤသည်ခြောက်ပါး၊ ပုဂ္ဂိုလ်များ၊ မှတ်သားသိကာထား။

ဟူသောအကျဉ်း လက်ာအကိုင်း-

(က) အလွန် ချစ်အပ်သော အတိမိယ ပုဂ္ဂိုလ်, မချစ်ခင် မနှစ်သက် အပ်သော အပ္ပိယ ပုဂ္ဂိုလ်, မမုန်း မချစ် လျစ်လျူရှုအပ်သော မဇ္ဈတ္တပုဂ္ဂိုလ်, ရန်သူ ဖြစ်သော ဝေရီပုဂ္ဂိုလ်- ဤပုဂ္ဂိုလ်လေးဦးတို့ကို မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကာစ ဖြစ်သော ယောဂါဝစရ (ယောဂီ) ပုဂ္ဂိုလ်သည် မထမဆုံးစတင်ပြီး မေတ္တာ မပွားများအပ်ဘူးတဲ့ ဘာ့ကြောင့်လဲဆိုတော့-

ချစ်အပ်သော အတိပိယ ပုဂ္ဂိုလ်ကို မဇ္ဈတ္တအရာ ထားရခြင်းသည် ပင်ပန်းနေတယ်၊ မချစ်အပ်သော အပ္ပိယ ပုဂ္ဂိုလ်ကို ချစ်သော ပိယပုဂ္ဂိုလ်အရာ ထားရခြင်းသည်လည်း ပင်ပန်းနေတတ်တယ်၊ မမုန်း မချစ် မဇ္ဈတ္တပုဂ္ဂိုလ်ကို အလေးပြုထိုက်သော ပုဂ္ဂိုလ်အရာ, ချစ်အပ်သောပုဂ္ဂိုလ်အရာ ထားရခြင်းသည်လည်း ပင်ပန်း နေတတ်ပါတယ်၊ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်ကို အဖန်ဖန် အောက်မေ့ရှုမှတ်ပွားများသော ကောဂီပုဂ္ဂိုလ်သည် အမျက်ဒေါသတွေ ဖြစ်နေတတ်တယ်၊ သို့ဖြစ်၍ ထိုပုဂ္ဂိုလ်လေးမျိုးတို့ကို ရှေးဦးစွာ မေတ္တာမပွားရခြင်းပင် ဖြစ်တယ်လို့ မှတ်သားကြရမည်။

(ခ) လိင်မတူ- လိင်္ဂဝိသဘာဂပုဂ္ဂိုလ်, သေဆုံး ကွယ်လွန်ပြီးသော ပုဂ္ဂိုလ် ဤ(၂)ယောက်တို့ကို မေတ္တာ မပွားများအပ်ဘူး ဆိုတာကတော့ သူ့ချည်းသီးသန့် ရည်ညွှန်း ပွားများအပ်သော ဩဓိသမေတ္တာကို ဆိုလိုရင်းဖြစ်တယ်။ လိင်မတူသောလိင်္ဂဝိသဘာဂ ပုဂ္ဂိုလ်ဖြစ်သော သူကိုချည်းသာ အာရုံပြု၍ သူ့ကိုချည်း ရည်ညွှန်း ပွားများသောသူအား မေတ္တာဘာဝနာပျောက်ပြီး တပ်မက်မှုရာဂတရားဆိုးတွေ ဖြစ်ပေါ်လာတတ်ပါတယ်။

သို့ဖြစ်၍ ရှေးအခါက အမတ်သား တယောက်သည် မိမိတို့ ကိုးကွယ် ဆည်းကပ်သောမထေရ်တပါးကို "အရှင်ဘုရား အဘယ်ပုဂ္ဂိုလ်အား မေတ္တာပွားများ ရပါမည်နည်း" ဟု လျှောက်ထားမေးမြန်းရာ- မထေရ်က "ချစ်အပ်သော ပိယပုဂ္ဂိုလ်ကို မေတ္တာပွားများရသည်" ဟု မိန့်ကြားသဖြင့် သီလ ဆောက်တည် တံခါးပိတ်ပြီး တိုက်ခန်းအင်ပျင်၌ ထိုင်ကာ မိမိချစ်သော မိမိဇနီး မယားကို မေတ္တာပွားရာ ရာဂစိတ်တွေ ဖြစ်ပေါ်လာပြီး တညဉ့်လုံး နံရံကို နွားသိုး တိုးဝှေ့သကဲ့သို့ တိုးဝှေ့ပြီး နေသတဲ့၊ သို့ဖြစ်၍ လိင်မတူသောသူကို သူချည်း သီးသန့် ရည်ညွှန်း၍ မေတ္တာ မပွားအပ်- ဟု မှတ်သားကြပေမည်။

သေဆုံးပြီးသော သူကိုတော့ အချင်းခပ်သိမ်း မေတ္တာ မပွားများ အပ်ပေ။ သေဆုံးသူကို မေတ္တာ ပွားများသော ယောဂီသည်အပ္ပနာသို့ မရောက်နိုင်၊ ဥပစာရသို့လဲ မရောက်နိုင်ဘူးတဲ့။ သို့ဖြစ်၍ ရှေးအခါက ရဟန်းငယ်တပါးသည် မိမိ၏ဆရာကို အာရုံပြုပြီး မေတ္တာပွားများရာ ထိုရဟန်းငယ်၏ မေတ္တာ ဘာဝနာဟာ အပ္ပနာသို့ မတက်နိုင်အောင် ဖြစ်နေသတဲ့။

ရဟန်းငယ်သည် မဟာထေရ်ကြီး တပါးထံသို့သွား၍ "အရှင်မြတ်ဘုရား တပည့်တော်သည် မေတ္တာ စျာန်သမာပတ်ကို အဝ္ဇါးဝစွာ လေ့လာ ပွားများပြီး ဖြစ်သည်။ သို့ဖြစ်ပါလျက် ထိုမေတ္တာ စျာန် သမာပတ်ကို ဝင်စားခြင်းငှါ မတတ်နိုင်အောင် ဖြစ်နေပါသည်၊ အဘယ့်ကြောင့် ပါနည်း ဘုရား" ဟု လျှောက်ထားရာ မထေရ်က "ငါ့ရှင် အာရုံနိမိတ်ကို ရှာလေလော့" ဟု မိန့်ကြားသဖြင့် အာရုံနိမိတ်ကို ရှာသောအခါ မိမိဆရာကွယ်လွန်သော အဖြစ်ကိုသိ၍ သေလွန်ပြီးသောဆရာမှ တပါးသောသူကို အာရုံပြု၍ မေတ္တာကိုပွားများမှ သမာပတ်ကို ဝင်စားနိုင်သတဲ့၊ ထို့ကြောင့် သေလွန်ပြီးသောသူကို မေတ္တာ လုံးဝ မပွားများအပ်- ဟု မှတ်သားကြရမည် ဖြစ်တယ်။

ဒါဖြင့်လျှင် ဘယ်လိုပုဂ္ဂိုလ်ကို ရှေးဦးစွာစတင်၍ မေတ္တာပွားများရမလဲဆိုတော့ မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ စတင်ပြီး မေတ္တာပွားများရမည် ဖြစ်တယ်တဲ့။

> အတ္တနိ ဘာဝနာနာမ သက္ခိဘာဝတ္ထာတိ နာနာဝိဓ သုခါနုဗန္ဓ အနုဝင္ဇသုခ-
> အဗျာသေက သုခါဒိ ယံ အတ္တနိ ဥပလဗ္ဘတိ၊ တံ နိဒဿနံ့ တဿဝတ္တမာန
> တာမ အာဟ "အဟံ သုခိတော ဟောမိ" တိ။ (ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ-ပ-၃၅၂)။

အတ္တနိ၊ မိမိကိုယ်၌၊ဘာဝနာနာမ၊ မေတ္တာကို ပွားစေခြင်း မည်သည်။ သက္ခိဘာဝတ္ထာ၊ အသက်သေအဖြစ်အကျိုးရှိ၏။ ဣတိ၊ ထိုကြောင့်။ နာနာဝိမ သုခါနုဗန္ဓာ အနုဝဇ္ဇသုခ အဗျာသေဇ္ဇ သုခါဒီ ဝိဝေကသုခ, ဈာနသုခ, မဂ္ဂဖလသုခ- စသော အထူးထူး အပြားပြားသော ချမ်းသာခြင်းသို့ အစဉ်လိုက်သော အပြစ်ကင်းသော ချမ်းသာခြင်း ကိလေသာ ဆင်းရဲစုနှင့် မရောသော ချမ်းသာခြင်း အစရှိသော။ ယံသုခံ၊ အကြင် ချမ်းသာသုခကို။ အတ္တနိ၊ မိမိ၌။ ဥပလဒ္ဓတိ၊ ရရှိအပ်၏။ တံ၊ ထိုချမ်းသာကို။ နိဒဿေန္တော၊ ပြလိုသည်ဖြစ်၍။ တထာ၊ ထိုသည် ချမ်းသာတည်ရာ ဖြစ်ဘိ,မိမိ၏။ ဝတ္တမာန်တာယ၊ မှန်စွာမလွဲ,ဖြစ်ဆဲ၏ အဖြစ်ကြောင့်။ "အဟံ သုခိတော ဟောမိတိ၊ အဟံ သုခိတော ဟောမိ" ဟူ၍။ အာဟ၊ ဆို၏။

မိမိကိုယ်ကို မေတ္တာ ပွားများခြင်းသည် သက်သေဖြစ်ခြင်း အကျိုးရှိ၍ ပွားစေခြင်းဖြစ်တယ်၊ မိမိသည်ချမ်းသာခြင်း, ဆင်းရဲကင်းခြင်းကို အလိုရှိသလို မိမိမှ တပါးသော သတ္တဝါများသည်လည်း ချမ်းသာခြင်း, ဆင်းရဲမှုကင်းခြင်းကို အလိုရှိကြ သည်ချည်း ဖြစ်ကြပေတယ်-ဟု မိမိကို သက်သေအဖြစ်၌ ထားပြီးလျှင် အလုံးစုံသော သတ္တဝါတို့ အပေါ်၌ မေတ္တာ ဘာဝနာကို ပွားများရမည်-ဟု ညွှန်ပြတော်မူလိုရင်း ဖြစ်တယ်တဲ့။ မိမိကိုယ်ကို ပထမဆုံး မေတ္တာ ပွားများရန်မှာ—

> သဗ္ဗပဌမံ ပန "အဟံ သုခိတော ဟောမိ နိဒ္ဒုက္ခော" တိဝါ "အဝေရော အဗျာပဇ္ဇော, အနီဃော, သုခီ အတ္တာနံ ပရိဟာရာမိ" တိဝါ ဧဝံ ပုနပ္ပုနံ အတ္တနိယေဝ ဘာဝေတဗ္ဗာ။ (ဝိသုဒ္ဓိမဂ္ဂ- ပ - ၂၈၈)။

ပန၊မေတ္တာတရား မပွားသင့်သည်မှတပါး ရှေးဦးစွာ ပထမ ပွားများသင့် သည်ကို ပြဆိုပေအံ့၊သဗ္ဗပဌမံ၊ခပ်သိမ်းများစွာ, သတ္တဝါတို့၏,ရှေးဦးစွာ။အဟံ၊ ငါသည်။သုခိတော၊ချမ်းသာသည်။ ဟောမိ၊ ဖြစ်ရလို၏။ ဣတိဝါ၊ ဤသို့ရင်း။ နိဒ္ဒုက္ခော၊ စိတ်ဆင်းရဲခြင်း မရှိသည်။ဟောမိ၊ ဖြစ်ရလို၏။ ဣတိဝါ၊ ဤသို့ရင်း။ အဝေရော၊ တွင်းမပူပန်ရန်မရှိသည်။ ဟောမိ၏။ ဣတိဝါ၊ရင်း။ အဗျာပဇ္ဇော၊ ဗျာပါဒကင်းသည်။ ဟောမိ၊ ၏။ ဣတိဝါ၊ အနီဃော၊ ကိုယ်ဆင်းရဲခြင်း ကင်းသည်။ ဟောမိ၊ ၏။ ဣတိဝါ၊ ရင်း။ သုခံ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟာရာမိ၊ ရွက်ဆောင်နိုင်ရပါလို၏။ ဣတိဝါ၊ ဤသို့ရင်း။ ဧဝံ၊ ဤသို့။ ပုနပ္ပုနံ၊ မပြတ်စေဲ,အဖန်တလဲလဲ။ အတ္တနိယေဝ၊ မိမိကိုယ်၌သာလျှင်။မေတ္တာ၊ မေတ္တာကို။ ဘာဝေတဗ္ဗာ၊ သမ္မပ္ပဓာန်,အမြင်သန်၍, ကျင့်ကြံကြိုးစား, ပွားများ အပ်လေတော့သတည်း။

ငါသည် ချမ်းသာပါစေ, စိတ်ဆင်းရဲခြင်း ကင်းပါစေ, အတွင်းအပ ရန်ဘေး ကင်းစေပါစေ, ဗျာပါဒ ကင်းပါစေ, ကိုယ်ဆင်းရဲခြင်း ကင်းပါစေ, မိမိကိုယ်ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ပါစေ-ဟု ဤကဲ့သို့ မိမိကိုယ်ကို အဖန်ဖန် အထပ်ထပ် မေတ္တာဘာဝနာကို ပွားများရမည် ဖြစ်တယ်တဲ့။

ဤကဲ့သို့ ငါသည် ချမ်းသာပါစေ-စသည်ဖြင့် မေတ္တာဘာဝနာ ပွားများသောသူသည် ငါသည် ချမ်းသာခြင်းကို အလိုရှိသကဲ့သို့၊ ဆင်းရဲခြင်းကို အလိုမရှိ စက်ဆုပ်သကဲ့သို့ အသက်ရှင်ခြင်းကို အလိုရှိသကဲ့သို့ သေလွန်ခြင်းကို အလိုမရှိသကဲ့သို့ ထိုနည်းတူစွာ ငါမှတပါး များပြားလှစွာ

သတ္တဝါတို့သည်လည်း ချမ်းသာခြင်းကို အလိုရှိကြကုန်၏။ ဆင်းရဲခြင်းကို အလိုမရှိ စက်ဆုပ်ကြကုန်၏။ အသက်ရှင်ခြင်းကို အလိုရှိကြ၏၊ သေလွန်ခြင်းကို အလိုမရှိကြပေ–ဟု မိမိကိုယ်ကို သက်သေထား၍ တပါးကုန်သော သတ္တဝါတို့၏ စီးပွားချမ်းသာကို အလိုရှိမှု ဖြစ်လာတယ်၊ သူတပါးတို့ ကြီးပွားချမ်းသာတာကို လိုလားနှစ်သက်တယ်တဲ့။

မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာ ပွားများပြီးနောက် မိမိမှ တပါးသော သူများကို အစဉ်အတိုင်း မေတ္တာပွားများကြရန်မှာ ဒီလင်္ကာလေးများအတိုင်း မှတ်ကြရမည် ဖြစ်တယ်။

**ဆောင်ပုဒ်။** ၁။ မေတ္တာဘာဝနာ၊ ကိုယ့်ကိုသာ၊ ဦးစွာပွားရမည်။ } (လိုရာယူ)
၁။ မိမိကိုယ်သာ၊ ရှေးဦးစွာ၊ မေတ္တာပွားရမည်။ }
၂။ ချစ်ခင်လေးမြတ်၊ လွန်ချစ်အပ်၊ မဇ္ဈတ်ဝေရီမည်။
၃။ ပုဂ္ဂိုလ်လေးပါး၊ အစဉ်ထား၊ ရှုပွားကြရမည်။

ဟူသော မေတ္တာဘာဝနာ ပွားများစဉ် လင်္ကာအတိုင်း ပဌမဆုံး မိမိကိုယ်ကို မေတ္တာပွားများ၍ မေတ္တာရေချမ်း ပက်ဖျန်းပြီးနောက် မေတ္တာဖြစ်လွယ်စေခြင်းအကျိုးငှာ မိမိ၏ဆရာကိုဖြစ်စေ, သီလစသည်ဖြင့် ဆရာနှင့်တူမျှသောသူကိုဖြစ်စေ, ဥပဇ္ဈာယ်ကိုဖြစ်စေ, ဥပဇ္ဈာယ်နှင့်တူမျှသောသူကိုဖြစ်စေ, မိမိချစ်ခင်လေးမြတ်သော ပုဂ္ဂိုလ်ကို "ဤသူတော်ကောင်းသည် ချမ်းသာပါစေ, ဆင်းရဲခြင်းကင်းပါစေ" စသည်ဖြင့် မေတ္တာဘာဝနာကို ပွားများရမည် ဖြစ်တယ်တဲ့။

ချစ်ခင်အပ် အလေးအမြတ်ပြုအပ်သော ပိယဂရုဋ္ဌာနီယ ပုဂ္ဂိုလ်ကို ပွားများပြီးနောက် အလွန်ချစ်အပ်သော အတိပိယပုဂ္ဂိုလ်ကို ပွားများရမည် ဖြစ်တယ်။ ထို့နောက် မမုန်းမချစ်၊ မဇ္ဈတ္တပုဂ္ဂိုလ်ကို ပွားများရမည်၊ ထိုမှနောက်ဆုံးတွင် ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်ကို မေတ္တာရေချမ်း သွန်းဖြန်း ပွားများရမည် ဖြစ်တယ်။

ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်ကို မေတ္တာပွားများတဲ့အခါ ထိုရန်သူဖြစ်သော သူပြုအပ်သော အပြစ်ကို အဖန်ဖန် အောက်မေ့မိသဖြင့် ဒေါသတရား ဖြစ်ပွားလာလျှင် ပိယဂရုဋ္ဌာနီယ စသော ရှေးပုဂ္ဂိုလ်တို့တွင် အမှတ်မထား တပါးပါးသော ပုဂ္ဂိုလ်အပေါ်၌ မေတ္တာကို အဖန်တလဲလဲ ပွားများရမည်၊ ထိုနောက် ထိုမေတ္တာဈာန်မှထပြီး ရန်သူဖြစ်သော ထိုဝေရီပုဂ္ဂိုလ်ကို အဖန်တလဲလဲ မေတ္တာပြု၍ ဒေါသကို ပယ်ဖျောက်ငြိမ်းအေးစေရမည်။ ထိုသို့ အားထုတ်ပယ်ဖျောက်လျက် ဒေါသ မငြိမ်းသေးလျှင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဤပါဠိတော် စကားတို့ဖြင့် မိမိကိုယ်ကို ဆုံးမရမည် ဖြစ်တယ်တဲ့။

**တသောဝ တေန ပါပိယော၊ ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။**
**ကုဒ္ဓမပ္ပဋိကုဇ္ဈန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။**

ယော၊ ကြီးငယ်ရှယ်စား, ပိုင်းခြားမယူ, အကြင်သူသည်။ ကုဒ္ဓံ၊ မိမိကိုယ်အား, စိတ်အား ယွင်းဖျက်, အမျက်ထွက်သောသူကို။ ပဋိကုဇ္ဈတိ၊ သည်းခံတရား, စောင့်မထားဘဲ, ပြစ်မှားတုံ့ပြန်, ဒေါသထန်လျက်, အမျက်ထွက်၏၊ သော၊ မျက်မာန်ဒေါသ, ပယ်မချဘဲ, တကူပြန်လျက်, အမျက်

ထွက်သောထိုသူသည်။ ဘေနပဋိကုဏ္ဍနေန၊ ထိုသို့ တဖန်ပြန်လျက် အမျက်ထွက်ခြင်းကြောင့်။ တသောဝ၊ ထိုရှေးဦး အမျက်ထွက်သောသူထက် သာလျှင်။ ပါပိယော၊ အလွန်အကျုး, အထူး ယုတ်မာသည်။ ဟောတိ၊ မလွဲကေန်, အမှန်ဖြစ်၏။ ကုဒ္ဓံ၊ မိမိကိုယ်အား, စိတ်ထားယွင်းပျက်, အမျက် ထွက်သောသူကို။ အပ္ပဋိကုဏ္ဍန္တော၊ ဝဒါသသိမ်းဆည်း ဘည်းခံကာ တဖန်ပြန်လျက် အမျက်မထွက် သောသူသည်။ ဒုဇ္ဇယံ၊ လူသာမန်တို့, တွန်းလှန်ဖို့ခဲ့, အောင်နိုင်ခဲသော။ သင်္ဂါမံ၊ သံသရာဆက် ဆက်, စဉ်မပျက်ဘဲ, ကိန်းလျက်ပါငြား, လွန်ဆိုးဝါးသည်, ထရားမဘည်, ရန်စစ်သည်ကို။ ဇေတိ၊ ခန္တီလက်နက်, ဓမ္မစက်ဖြင့်, ဖြိုဖျက်သုတ်သင်, အောင်မြင်ဘည် မည်ပေအော့သတည်း။

အမျက်ထွက်နေသောသူကို တုံ့ပြန်၍ အမျက်ထွက်သောသူသည် ထိုသို့ အမျက်တုံ့ပြန်ထော ထွက်ခြင်းကြောင့် ပဌမ အမျက်ထွက်သော သူထက်ပင် ယုတ်သည် မည်ပေတာယ်၊ အမျက်ထွက် သောသူကို တုံ့ပြန်၍ အမျက်မထွက်သော သူသည်ကား အောင်မြင်နိုင်ခဲသော စစ်သည်ကို အောင် မြင်ဘည် မည်ပေတယ်။

ဥဘိန္နမတ္ထံ စရတိ၊ အတ္တနော စ ပရဿ စ။
ပရံ သင်္ကုပိတံ ဉတွာ၊ ယော သတော ဥပသမ္မတိ။ (သဂါထာဝဂ္ဂသံယုတ်—၁၆၄)။

သင်္ကုပိတံ၊ ဒေါသအမျက်, ချောင်းချောင်းထွက်သော။ ပရံ၊ စိတ်ထားယွင်းဖောက်, တယောက်သောသူကို။ ဉတွာ၊ မျက်မြင်ဒိဋ္ဌ, သိရှိရ၍။ ယော၊ အကြင်သူသည်။ သတော၊ မြဲမြံ သတိ, အမှန်ရှိသည်ဖြစ်၍။ ဥပသမ္မတိ၊ ရေစ, ရောက်က, မီးငြိမ်းရသို့, တုပပြန်လှန်, မျက်မထန်ဘဲ, ဖူပန်ကင်းဝေး, ငြိမ်းအေးစေ၏။ သော၊ ဒေါသမျက်မာန်, ပြန်လှန်မယူ, ထိုသသူသည်။ အတ္တနော စ၊ မျက်မာန်ကင်းဘိ, မိမိ၏ရင်း။ ပရဿ စ အမျက်ထွက်ငြား, သူတပါး၏ရင်း။ ဥဘိန္နံ၊ မိမိသူတပါး နှစ်ဦးသားတို့၏။ (ဝါ) ပစ္စုပ္ပန်လောက, တမလွန်လောက, နှစ်ဌာနတို့၏။ အတ္ထံ၊ ထူးခြားကဲလွန်, အကျိုးမွန်ကို။ စရတိ၊ တဆင့်ထက် တဆင့်, မြင့်သည်ထက်မြင့်အောင်, အဆင့်ပုံသေ, ကျင့်ကြံဘည် မည်ပေသတည်း။

အကြင်သူသည် အမျက်ထွက်၍နေသော သူတပါးကို တွေ့မြင်ကြားသိရလျှင် ဘတိနှင့် ပြည့် စုံသည်ဖြစ်၍ မိမိ၌ ဖြစ်ပေါ်လာမည့် အမျက်ဒေါသကို သတိသမ္မဇဉ် အမြဲယှဉ်ကာ ငြိမ်းအေး စေတယ်။ ထိုအမျက်ကို မတုံ့ပြန်သောသူဘည် မိမိသူတပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို၊ တနည်းအားဖြင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာကြီးပွား အကျိုးတရားကို ကျင့်ကြံအားထုတ်သည်မည်တယ်။ ဤသို့ စသည်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒေါသ, အာဃာတ, ငြိမ်းအေးကြောင်း တရားကောင်းတို့ကို အထပ်ထပ် အောက်မေ့ဆင်ခြင်ကာ ဒေါသ,အာဃာတ တရားဆိုးကိုကောင်းစွာ ပယ်ဖျောက်ပြီး ပစ်ရမည်ဖြစ်တယ်။ ထိုမှတပါး ဤအို့ အဋ္ဌကထာ၌ လာသောအတိုင်းလည်း ဒေါသ, အာဃာတ တရားကို ပယ်ရှားငြိမ်းအေး စေရမည် ဖြစ်တယ်။

ဒုက္ခံ တဿ စ် နာမတ္ထံ၊ ကုဒ္ဓေါ ကာဟသိ ဝါ နဝါ။
အတ္တာနံ ပနိဒါနေဝ၊ ကောဓဒုက္ခေန ဗာဓသိ။

သုခကာမ၊ ချမ်းသာခြင်းကို လိုလား တောင့်တသော သူတော်ကောင်း။ ဇတွံ၊ သင် သူတော်ကောင်းသည်။ ကုဒ္ဓေါ၊ ဒေါသနှိပ်စက် အမျက်ထွက်ခဲ့ပေပြီတကား။ တဿအပရာဓေဿ၊ လွန်ကျူးပြစ်မှား, ထိုယောကျ်ား၏။ ဒုက္ခံ စ နမ၊ ကိုယ်စိတ်နှစ်ဖြာ, လွန်စွာပူပြင်း, ဆင်းရဲခြင်း မည်သည်ကိုလည်း။ ကာတုံဟသိ၀ါ၊ ပြုသော်လည်း ပြုနိုင်ပေလိမ့်မည်။ န၀ါ ကာတုံဟသိ၊ မပြုသော်လည်း မပြုနိုင်ပေလတံ့။ ကတ္ထဒါနေဝ၊ ကျယခု အခါ၌ပင်လျှင်။ တွံ၊ သည်။ အတ္တာနံပန၊ မိမိကိုယ်ကိုကား။ ကောဓဒုက္ခေန၊ ဒေါသလွန်ကဲ, ဆင်းရဲခြင်းဖြင့်၊ ဗာဓသိ၊ ကြောင့်ကြပူပန်, ဖန်ဖန်မပျက်, နှိပ်စက်နှစ့်လေပြီတကား။

**ကောဓံဝါ အဟိတံ မဂ္ဂံ၊ အာရူဠှော ယဒိ ဝေရိနော။**
**ကသ္မာ တုဝမ္ပိ ကုဇ္ဈန္တော၊ တေသံ ယေဝါနုသိက္ခသိ။**

အဟိတံ၊ မိမိ၏ အကျိုးမဲ့ကို အမြဲမပြတ် ဆောင်ရွက်တတ်သော။ ကောဓံ၊ အမျက်ဒေါသဟူသော။ မဂ္ဂံ၊ အပါယ်ဆင်းရဲ, ဒုဂ္ဂတိခရီးခဲသို့။ ဝေရိနော၊ ရန်သူဖြစ်သောသူတို့သည်။ ယဒိဝါ အာရူဠှော၊ အကယ်၍မူလည်း တက်ကြလေကုန်အံ့။ တုဝမ္ပိ၊ သင်သည်လည်း။ ကုဇ္ဈန္တော၊ တဖန်အမျက်, ထွက်သည်ဖြစ်၍။ ကသ္မာ၊ အဘယ့်ကြောင့်။ တေသံယေဝ၊ ထိုရန်သူဖြစ်သောသူတို့၏သာလျှင်။ အနုသိက္ခသိ၊ ကျင့်နည်းအလား, မခြားရှေးရှု, အတုလိုက်ကာ ကျင့်ဘိသနည်း။

**ယံဒေါသံ တဝ နိဿာယ၊ သတ္တုနာ အပ္ပိယံ ကတံ။**
**တမေဝ ဒေါသံ ဆိန္ဒဿု၊ ကိမဋ္ဌာနေ ဝိဟညသိ။**

ယံဒေါသံ၊ အကြောင်းဖြစ်မှား, ဒေါသတရားကို။ နိဿာယ၊ အမှီပြု၍။ သတ္တုနာ၊ အကျိုးပျက်အောင်, ဆောင်ရွက်ပြုမူ, ရန်သူသည်။ တဝ၊ သင်အား။ အပ္ပိယံ၊ မချစ်မနှစ်သက်ဖွယ်ကို။ ကတံ၊ ပြုအပ်ပေ၏။ တမေဝဒေါသံ၊ ထိုဒေါသတရားကိုသာလျှင်။ ဆိန္ဒဿု၊ ရှင်းရှင်းပြတ်အောင် ဖြတ်ဘိးလေလော့။ ကိံ၊ အဘယ်ကြောင့်။ အဋ္ဌာနေ၊ ကိုယ်ဘိုကိုယ်တာ အရာမဟုတ်သည်၌။ ဝိဟညသိ၊ ကိုယ်စိတ်နှစ်ဖြာ, လွန်စွာညှိုးနွမ်း ပင်ပန်းလေဘိသနည်း။

**ခဏိကတ္တာ စ ဓမ္မာနံ၊ ယေဟိခန္ဓေဟိ တေ ကတံ။**
**အမနာပံ နိရုဒ္ဓါ တေ၊ ကဿ ဒါနီဓ ကုဇ္ဈသိ။** (ဝိသုဒ္ဓိမဂ္ဂ-ပ-၂၉၃)။

စ၊ ဒေါသပယ်ရှား, နည်းဘ ပါးကား။ ဓမ္မာနံ၊ ရုပ်နာမ်ဖြစ်ကြ, ပရမတ္ထ ဓမ္မာတို့၏။ ခဏိကတ္တာ၊ ဖြစ်ပျက်မြန်စွာ,ခဏတာချ, တည်နေသည်ဖြစ်သောကြောင့်။ ယေဟိခန္ဓေဟိ၊ ရုပ်နာမ်နှစ်ဖြာ,အကြင်ခန္ဓာတို့သည်။ တေ၊ သင့်အား အမနာပံ၊ဖောက်ပြန်ယွင်းပျက်, မနှက်သက်ဘွယ်ကို။ ကတံ၊ ပြုအပ်လေပြီ။ တေ၊ ထိုရုပ် နာမ် ခန္ဓာတို့သည်။ နိရုဒ္ဓါ၊ ဖြစ်ပြီးမြန်စွာ, မကြာရုတ်ရုတ်, ချုပ်ကြလေကုန်ပြီ။ ဒါနိ၊ယခု ဣဓ၌။ဣဓ ကျူးလွန်ပြစ်မှား,တရားယွင်းယို,ဤပုဂ္ဂိုလ်၏သန္တာန်၌။ ကဿ၊ ရုပ်နာမ်နှစ်ဖြာ, အဘယ်ခန္ဓာအား။ ကုဇ္ဈသိ၊ ကြောင်းကျိုးနှစ်တန်, မဓေဘန်ဘဲ, ပြင်းထန်ဒေါသ, မျက်မာန်ရှလျက်, အမျက်ထွက်ပါအံ့နည်း။

ဤသို့မိမိကိုယ်ကိုအဖန်ဖန်အထပ်ထပ် ဆုံးမသော ယောဂါဝစရပုဂ္ဂိုလ်သည် ရန်သူဖြစ်သော ပုဂ္ဂိုလ်အပေါ်၌ အမျက်ဒေါသ ငြိမ်းအေးသည်ရှိသော် ချစ်အပ်သောပုဂ္ဂိုလ် အလွန်ချစ်အပ်သော အဆွေခင်ပွန်းပုဂ္ဂိုလ်, မမုန်းမချစ် လျစ်လျူသဘောရှိသော မဇ္ဈတ္တပုဂ္ဂိုလ်တို့၌ မေတ္တာစိတ်ဖြစ်သကဲ့သို့ ထိုရန်သူဖြစ်သော ပုဂ္ဂိုလ်အပေါ်၌ မေတ္တာစိတ် ဖြစ်လာပါတော့တယ်။

မေတ္တာ ဘာဝနာကို အဖန်ဖန် ပွားများသော ယောဂါဝစရ (ယောဂီ) ပုဂ္ဂိုလ်သည် မိမိနှင့် ပိယပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ်- ဟု ဆိုအပ်သော ကိုယ်ပုဂ္ဂိုလ်လေးဦး တို့အပေါ်၌ အကျိုးစီးပွားကို ဆောင်သောအားဖြင့် တူညီမျှသော စိတ်ရှိသည် ကို ဖြစ်စေ၍ အင်္ဂါးအခြား ပယ်ဖျက်ခြင်းကို ပြုရမည်ဖြစ်တယ်။ သီမာသမ္ဘေဒခေါ် အပိုင်းအခြားကို ပယ်ဖျက်ပုံကား—

မိမိနှင့် ပိယပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ် လေးဦးတို့- တစုသော အရပ်၌ အတူတကွ ထိုင်နေရာသို့ ခိုးသူခားပြတို့ ရောက်လာပြီး—

"အရှင်ဘုရား- ရဟန်းတပါးကို အကျွန်ုပ်တို့အား ပေးကြပါကုန်လော့" ဟု လျှောက်ထား၍ "အဘယ့်ကြောင့် ပေးရပါကုန်အံ့နည်း" ဟု မေးမြန်းရာ "ထိုရဟန်းကို သတ်၍ လည်ချောင်းသွေးကိုယူပြီး ဗလိနတ်စာတင်ရန် ဖြစ်ပါသည်" ဟု လျှောက်ထားပြောအံ့။ ယောဂါဝစရပုဂ္ဂိုလ်သည် ထိုပုဂ္ဂိုလ် လေးဦးတို့တွင် "ဤမည်သောသူကိုရင်း၊ ဤမည်သောသူကိုရင်း ယူကြစေကုန်သတည်း" ဟု စိတ်အကြံ ဖြစ်ခဲ့လျှင် အပိုင်းအခြား မပျက်သေးပေ။ သီမာသမ္ဘေဒ မဖြစ်သေးပေ၊ "ငါ့ကို ယူကြစေကုန်သတည်း ကျန်သုံးယောက်တို့ကို မယူကြစေကုန်သတည်း" ဟုဤသို့အကြံပြုလျှင်လည်း သီမာသမ္ဘေဒ မဖြစ်သေး အပိုင်းအခြား မပျက်သေးသည် သာတည်း။ အကြောင်း ကတော့- ယူစေလိုသောသူ၏ အကျိုးစီးပွားမဲ့ကိုကျင့်၍ ဤမှတပါးကုန်သော ကျန်ရှိကုန်သောသူတို့၏ အကျိုးစီးပွားကိုသာ ရှာလေ့ရှိသောကြောင့် ဖြစ်တယ်တဲ့။

လေးယောက်ကုန်သောသူတို့၏ အတွင်း၌ ခိုးသူခားပြတို့အား ပေးစရာလူကို မမြင်တော့ဘဲ၊ မိမိအပေါ်၌ရင်း, ပိယ, မဇ္ဈတ္တ, ဝေရီ–ဟူသော ပုဂ္ဂိုလ်သုံးယောက်တို့အပေါ်၌ရင်း, တူညီမျှသော စိတ် ဖြစ်နေမှသာ လျှင် သီမာသမ္ဘေဒ ဖြစ်တယ် အပိုင်းအခြား ပျက်တယ်လို့ ဆိုရမည် ဖြစ်တယ်။

မေတ္တာဘာဝနာကို ပွားများသော ယောဂါဝစရ (ယောဂီ) ပုဂ္ဂိုလ်သည် ဆိုခဲ့ပြီးသော ပုဂ္ဂိုလ်လေးယောက်တို့အပေါ်၌ တူညီသော စိတ်ထားနိုင်ကာ အပိုင်းအခြားကိုပယ်ဖျက်သောအခါမှ သာလျှင် ဥပစာရဈာန်ကို ရရှိသည် မည်တယ်တဲ့။ အပ္ပနာသို့ ရောက်လိုလျှင်တော့ သီမာသမ္ဘေဒ ဖြစ်ပြီးသော ထိုနိမိတ်ကိုပင် ကြိမ်ဖန်များစွာ လေ့လာပွားများမှ ရောက်ရှိနိုင်တယ်တဲ့။

ဒီမေတ္တာဘာဝနာနှင့် ပတ်သက်လို့ မေတ္တာအမျိုးအစားနှင့် ပွားများပုံ ပွားများနည်းကို ပြောကြားဘို့ လိုပါသေးတယ်။ မေတ္တာဆိုတာ ကာယကံ မေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာ ဟူ၍ သုံးမျိုးရှိပါတယ်၊ သူတပါးအား ချမ်းသာစေလိုသော စေတနာဖြင့် ကိုယ်ထိလက်ရောက် ကူညီစောင့်ရှောက်မှု ပေးတာကိုတော့ ကာယကံမေတ္တာ-ဟု ခေါ်ပါတယ်။

သူတပါး နားချမ်းသာအောင် ပြောဆိုခြင်း, သူတပါးအကျိုး စီးပွားရှိအောင် နှုတ်အားဖြင့် ကူညီစောင့်ရှောက်ကာ ပြောဆိုညွှန်ကြားပေးခြင်း မျိုးကိုတော့ ဝစီကံမေတ္တာ-ဟု ခေါ်ပါတယ်။

သူတပါးတို့အား ချမ်းသာကြပါစေ-ဟု စိတ်သက်သက်ဖြင့်သာ နှလုံးသွင်း ပွားများနေခြင်း မျိုးကိုတော့ မနောကံမေတ္တာ-ဟု ခေါ်ပါတယ်။ ဒီမနောကံမေတ္တာကို အခါခပ်သိမ်း အမြဲမပြတ် နှလုံးသွင်း ပွားများနိုင်ပါတယ်။

ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ-ဟု လူအများ ပြောဆိုနေကြအတိုင်း ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌လာသော မေတ္တာပွားနည်း ၅၂၈ ပါးကို သေသေချာချာ မှတ်သားကြရအောင် ပြောပါဦးမယ်။ မေတ္တာပွားပုံ ပွားနည်း, မေတ္တာပို့ပုံ ပို့နည်း ၅၂၈မျိုး ရှိကြောင်းကို ပြောဆိုလိုရင်း ဖြစ်ပါတယ်။ သေချာစွာ မှတ်သားပြီး ကြိုးစား၍ ပွားများကြရန် ဖြစ်ဘယ်။ ပွားများပုံကတော့—

(က) ၁။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု=အားလုံးများစွာ သတ္တဝါတွေ ဘေးရန် ကင်းကြပါစေ။

၂။ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာ ဟောန္တု=အားလုံးများစွာ သတ္တဝါတွေ စိတ်ဆင်းရဲခြင်း ကင်းကြပါစေ။

၃။ သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု=အားလုံးများစွာ သတ္တဝါတွေ ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ။ (ဝါ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၄။ သဗ္ဗေ သတ္တာ သုခီ အတ္တာနံ ပရိဟရန္တု=အားလုံးများစွာ သတ္တဝါတွေ မိမိတို့ (ခန္ဓာဝန်ကို) ခန္ဓာကိုယ်ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ကြပါစေ-ဟူ၍ သုံးဆယ့်တဘုံ၌ ကျင်လည်ကုန်သော သတ္တဝါအားလုံးကို အာရုံပြုပြီး မေတ္တာပွားခြင်း လေးမျိုး ဖြစ်တယ်။ ထိုနည်းအတူပင်-

(ခ) သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု=အသက်ရှိသူအားလုံး ဘေးရန် ကင်းကြပါစေ စသည်ဖြင့် ၄-မျိုး။

(ဂ) သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု=ကိုယ်ထင်ရှားသူ အားလုံး ဘေးရန် ကင်းကြပါစေ-စသည်ဖြင့် ၄-မျိုး။

(ဃ) သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု=ပုဂ္ဂိုလ်အားလုံး ဘေးရန် ကင်းကြပါစေ-စသည်ဖြင့် ၄-မျိုး။

(င) သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာ ဟောန္တု=ခန္ဓာကိုယ် အတ္တဘောအတွင်း အကျုံးဝင်သူအားလုံး (ဝါ) ခန္ဓာကိုယ် အတ္တဘော ရှိသူအားလုံး ဘေးရန်ကင်းကြပါစေ။

အဗျာပဇ္ဇာ ဟောန္တု=စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ အနီဃာ ဟောန္တု=ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ သုခီအတ္တာနံ ပရိဟရန္တု=မိမိကိုယ် (ခန္ဓာဝန်) ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ကြပါစေ-ဟု ၄-မျိုး။

ယခုပွားများလိုက်တဲ့ မေတ္တာများကတော့ သုံးဆယ့်တစ်ဘုံအတွင်း ရှိရှိသမျှသော သတ္တဝါများကို သတ္တာ, ပါဏာ, ဘူတာ, ပုဂ္ဂလာ, အတ္တဘာဝ ပရိယာပန္နာ-ဟူသော ဤငါးမျိုးတို့တွင် တမျိုးမျိုးဖြင့် အာရုံပြု ပွားများလျှင် သတ္တဝါအားလုံး ပါဝင်သွားပြီး အစုံတယောက်မျှ မကြွင်း

မကျန်တော့ဘူးလို့မှတ်ပါ။ ဒီလိုသတ္တဝါ စသည်ဖြင့် ခေါ်ဆိုကာ (ဝါ) အာရုံပြုကာ ပွားများတဲ့ မေတ္တာကိုယ်တော့ တစုံတခုသော အမျိုးအစား သတ္တဝါ-ဟူ၍ အပိုင်းအခြား မထားတဲ့အတွက်ကြောင့် အနောဓိသမေတ္တာ-လို့ ခေါ်ဆိုရပါတယ်။

ဒီသတ္တာ, ပါဏာ-စတဲ့ ပုဒ်ငါးပုဒ်တွင် တပုဒ်ပုဒ်ကို မူထားပြီးတော့ အဝေရာ ဟောန္တု ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် ၄-မျိုး ဆက်ကာ ပွားများပြန်တော့ အနောဓိသ မေတ္တာနှစ်ဆယ် (၂၀) ရရှိပါတယ်။ ဒီမေတ္တာတွေကကော့ သတ္တဝါများ အပေါ်မှာ ပိုင်းခြား သတ်မှတ်ချက် မထားဘဲ ပွားများတဲ့ မေတ္တာတွေပါ။ အနောဓိသမေတ္တာ နှစ်ဆယ်ပြည့်အောင် ဆိပ်ငြိမ်သော နေရာ၌ တယောက်တည်း အေးအေးသက်သာ နေယင်း တပုဒ်ချင်း ခပ်ဖြေးဖြေး ပွားများကြပါ စိတ်ချမ်းသာမှု သုခကို ကိုယ်တွေ့ ရရှိကြပါလိမ့်မယ်။ ကဲ-ဒီအနောဓိသ မေတ္တာ နှစ်ဆယ်ကို လွယ်လွယ်နဲ့ မှတ်မိအောင် ဒီလိုမှတ်ထားကြပေတော့။

**ဆောင်ပုဒ်။** ၁။ သတ္တာ-ပါဏာ၊ ပုဂ္ဂလာ၊ ဘူတာအတ္တငါး။
၂။ န္တုဝယ်လေးသွယ်၊ မြှောက်ပွားဘွယ်၊ နှစ်ဆယ်ပြည့်လေငြား။
၃။ ပိုင်းခြားမရှိ၊ အနောဓိ၊ မှတ်ဘိမေတ္တာများ။

နောက်ပြီးတော့ သုံးဆယ့်တစ်ဘုံ၌ နေကြကုန်သော သတ္တဝါအများတို့ကို အစုအစုအပုံအပုံ ပြုကာ အပိုင်းအခြားထား၍ ပွားများပုံသတဲ့ မေတ္တာကတော့—

(က) ၁။ သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု=အမျိုးသမီးမိန်းမများ အားလုံး ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၂။ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဇာ ဟောန္တု= အမျိုးသမီး မိန်းမများအားလုံး စိုးရိမ် ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၃။ သဗ္ဗာ ဣတ္ထိယော အနီဃာ ဟောန္တု=အမျိုးသမီး မိန်းမများအားလုံး ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၄။ သဗ္ဗ ဣတ္ထိယော အနီဃာ သုခီနီ အတ္တာနံ ပရိဟရန္တု= အမျိုးသမီး မိန်းမများ အားလုံး မိမိတို့ကိုယ် (ခန္ဓာဝန်)ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ကြပါစေ။
ဟူ၍ အမျိုးသမီး မိန်းမတွေကို ပိုင်းခြား သတ်မှတ်၍ အာရုံပြုကာ မေတ္တာလေးမျိုး ပွားများရတယ်။ ထိုနည်းတူစွာပင်—

(ခ) သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု= အမျိုးသား ယောကျ်ားများအားလုံး ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ စသည်ဖြင့် ၄-မျိုး။

(ဂ) သဗ္ဗေ အရိယာ အဝေရာ ဟောန္တု= မြင့်မြတ်လှစွာ အရိယာ ပုဂ္ဂိုလ်အားလုံး ဘေးရန် ခပ်သိမ်း ကင်းငြိမ်း ကြပါစေ စသည်ဖြင့် ၄-မျိုး။

(ဃ) သဗ္ဗေ အနရိယာ အဝေရာ ဟောန္တု= အရိယာ မဟုတ်သော ပုထုဇဉ် ပုဂ္ဂိုလ်အားလုံး ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ စသည်ဖြင့် ၄-မျိုး။

(င) သဗ္ဗေ ဒေဝါ အဝေရာ ဟောန္တု= နတ်ပြဟ္မာအားလုံး ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ စသည်ဖြင့် ၄- မျိုး။

(စ) သဗ္ဗေ မနုဿာ အဝေရာ ဟောန္တု=လူသားအားလုံး ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ စသည်ဖြင့် ၄- မျိုး။

(ဆ) သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု= အပါယ်ဘုံသူ, အပါယ်ဘုံသား, ပြိတ္တာများအားလုံး ဘေးရန် ခပ်သိမ်း ကင်းငြိမ်း ကြပါစေ စသည်ဖြင့် ၄- မျိုး ပွားများကြရမည်ဖြစ်တယ်၊ ဤကဲ့သို့ ပွားများရခြင်းကတော့ သုံးဆယ့်တဘုံ၌ ကျင်လည် ကုန်သော သတ္တဝါတို့တွင် ဣတ္ထိ- အမျိုး,ပုရိသ-အဖိုမျိုး စသည်ဖြင့် ခုနစ်ခု- ခုနစ်ပုံ ပုံကာ လိုရာလိုရာပိုင်းခြား သတ်မှတ်၍ ပွားများအပ်သော မေတ္တာ ဖြစ်သော ဩဓိသမေတ္တာ ခုနစ်ပါး- ဟု ခေါ်တယ်။ ထိုဣတ္ထိ,ပုရိသ- စသော ခုနစ်ပါးတွင် အပုဒ် တပုဒ်ကို မူထား၍ အဝေရာ ဟောန္တု= ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြပါစေ စသော ၄-ပုဒ်ဖြင့်အသီးသီး ပွားများပါက ဩဓိသမေတ္တာ နှစ်ဆယ့် ရှစ်ပါး (၂၈)ရှိပါတယ်၊ ဒီဩဓိသမေတ္တာ ၂၈- ပါးပြည့်အောင် အသီးသီး ပွားများကြဘို့ လွန်စွာကောင်းပါတယ်။ မှတ်မိလွယ်အောင် ဒီလိုမှတ်သားကြပေဦး။

**ဆောင်ပုဒ်** ၁။ ထိ, ပု, ရိယာ၊ နရိယာ၊ ဒေဝါ- မနုဿာ။
၂။ ဝိနိပါတိကာ၊ ခုနစ်ဖြာ၊ ပိုင်းရာဩဓိသ။
၃။ န္တုဝယ်လေးသွယ်၊ မြှောက်ပွားစွယ်၊ နှစ်ဆယ့်ရှစ်ပါးရ။

ယခု ပွားများတဲ့ သုံးဆယ့်တဘုံတွင် သတ္တဝါ အပိုင်းအခြား အကန့်အသတ် မထားဘဲ ပွားများတဲ့ အနောဓိသ မေတ္တာ- ၂၀- အမျိုးသမီး မိန်းမများ အမျိုးသားယောကျ်ားများ စသည်ဖြင့်ပိုင်းခြားကန့်သတ်ပြီး ပို့သတဲ့ ဩဓိသမေတ္တာ ၂၈-ပါးအားလုံးပေါင်း မေတ္တာ ၄၈-ပါးကတော့ အရပ် မျက်နှာ အထူးမမှတ်သားဘဲ ပို့သတဲ့ မေတ္တာများဖြစ်တယ်။ ယခုလို သာမညပို့သ ပွားများလျှင်တော့ အရပ်ဆယ်ပါး၌ သတ္တဝါအားလုံးကို ပါဝင်ပြီး ဖြစ်တယ်။

ထိုမှတပါး အရပ်မျက်နှာကို အသီးသီး ပိုင်းခြားသတ်မှတ်ကာ မေတ္တာပွားများ ဖို့သလို သောအခါ-

(က) ၁။ သဗ္ဗေ ပုရတ္ထိမာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု=အရှေ့အရပ်၌ နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် အနောဓိသမေတ္တာ ၂၀။

၂။ သဗ္ဗာ ပုရတ္ထိမာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု=အရှေ့အရပ်၌ နေကြသော အမျိုးသမီး မိန်းမအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် ပွားများသော ဩဓိသမေတ္တာ ၂၈-ပါး အနောဓိသ, ဩဓိသမေတ္တာ ၂-ရပ်ကို ပေါင်းလျှင် အရှေ့အရပ်၌ ပွားများသော မေတ္တာ ၄၈-ပါး ရှိပါတယ်။ ကိုနည်းတူစွာပင်-

(ခ) သဗ္ဗေ ပစ္ဆိမာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု=အနောက်အရပ်၌ နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် အနောက်အရပ်၌ ၄၈-ပါး။

(ဂ) သဗ္ဗေ ဥတ္တရာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု=မြောက်အရပ်၌ နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် မြောက်အရပ်၌ ၄၈-ပါး။

(ဃ) သဗ္ဗေ ဒက္ခိဏာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု=တောင်အရပ်၌ နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် တောင်အရပ်၌ ၄၈-ပါး။

(င) သဗ္ဗေ ပုရတ္ထိမာယ အနုဒိသာယ သတ္တာ အဝေရာ ဟောန္တု=အရှေ့တောင်အရပ်၌နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် အရှေ့တောင်အရပ်၌ ၄၈-ပါး။

(စ) သဗ္ဗေ ပစ္ဆိမာယ အနုဒိသာယ သတ္တာ အဝေရာ ဟောန္တု=အနောက်မြောက်အရပ်၌ နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် အနောက်မြောက်အရပ်၌ ၄၈-ပါး။

(ဆ) သဗ္ဗေ ဥတ္တရာယ အနုဒိသာယ သတ္တာ အဝေရာ ဟောန္တု=အရှေ့မြောက်အရပ်၌ နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် အရှေ့မြောက်အရပ်၌ ၄၈-ပါး။

(ဇ) သဗ္ဗေ ဒက္ခိဏာယ အနုဒိသာယ သတ္တာ အဝေရာ ဟောန္တု=အနောက်တောင်အရပ်၌ နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် အနောက်တောင်အရပ်၌ ၄၈-ပါ။

(ဈ) သဗ္ဗေ ဟေဋ္ဌိမာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု=အောက်အရပ်၌ နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် အောက်အရပ်၌ ၄၈-ပါး။

(ည) သဗ္ဗေ ဥပရိမာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု=အရပ်အရပ်၌ နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ-စသည်ဖြင့် အထက်အရပ်၌ ၄၈-ပါး။

ဤကဲ့သို့ အရပ်မျက်နှာကို ပိုင်းခြားသတ်မှတ်ပြီး ပွားများပို့သတဲ့ ဒိသာဖရဏ မေတ္တာက အရပ်တမျက်နှာလျှင် ၄၈-ပါး ပွားများရသဖြင့် အရပ်ဆယ်မျက်နှာဆိုတော့ ဒိသာဖရဏမေတ္တာ (၄၈၀) လေးရာ့ရှစ်ဆယ် ရရှိပါတယ်။ ဒိသာဖရဏမေတ္တာ ၄၈၀-ထဲကို ယခင်က အရပ်မျက်နှာ မပိုင်းခြား မသတ်မှတ်ဘဲ ပွားများခဲ့တဲ့ အနောဓိသ ဩဓိသမေတ္တာ ၄၈-ပါး ပေါင်းထည့်လိုက်လျှင် ငါးရာနှစ်ဆယ့်ရှစ်သွယ် (၅၂၈) မေတ္တာ ဖြစ်ပါတယ်။

ဆောင်ပုဒ်။ ၁။ ရှင်တပါးဖြစ်၊ လေးဆယ့်ရှစ်၊ မြှောက်လစ်ရပ်ဆယ်ပါး။
၂။ လေးရာရှစ်ဆယ်၊ ရှေးလေးဆယ်၊ ရှစ်သွယ်ပေါင်းထည့်ငြား။
၃။ နှစ်ဆယ့်ရှစ်ဖြာ၊ ပေါင်းငါးရာ၊ မေတ္တာပွားနည်းများ။

ယခုပြောခဲ့တဲ့ ငါးရာနှစ်ဆယ်ရှစ်သွယ် (၅၂၈) မေတ္တာ ပွားများနည်း များကတော့ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော် (ပဋိသ–၃၁၄) ၌ ဟောကြားအပ်သော ပွားများနည်းများ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင် ရဟန်းရှင် လူအားလုံး အသုံးပြု ပွားများနေကြတဲ့ မေတ္တာပွားနည်းများ ဖြစ်တယ်။ တယောက်ထည်းထည်း ဆိတ်ငြိမ်ရာ အရပ်သို့ကပ်ကာ ၅၂၈-ပါးသော မေတ္တာဘာဝနာ ပွားများနည်းများကို အသီးသီးအာရုံပြုကာ ပွားများနေလျှင် အလွန်အကျိုးများပါတယ်၊ကြိုးစားပြီး ပွားများအားထုတ်ရန် သင့်လှပါတယ်။

ယင်း ၅၂၈-ပါး မေတ္တာပွားနည်း အားလုံးကို ပွားများမှသာလျှင် မေတ္တာဘာဝနာ ပွားခြင်း မည်သည်မဟုတ်ပေ။ ၊'သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု=သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ'' ဟု နှုတ်ဖြင့်ရွတ်၍ဖြစ်စေ, စိတ်ဖြင့်အာရုံပြု၍ဖြစ်စေ, မေတ္တာပွားနည်း တပါးပါးဖြင့် အကြိမ်ကြိမ်အဖန်ဖန် ပွားများနေလျှင်လဲ မေတ္တာဘာဝနာ ပွားများသည် မည်ပါတယ်။ မိမိတို့နှစ်သက်သလို ၅၂၈-ပါးကိုဖြစ်စေ, မေတ္တာတပါးပါးကိုဖြစ်စေ, အမြဲမပြတ် ပွားများ သင့်လှတယ်။

ပဋိသမ္ဘိမဂ် ပါဠိတော်၌လာသော မေတ္တာပွားနည်း ၅၂၈-ပါးမှတပါး ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များအားလုံးကို ရရှိကြတဲ့ ပရိတ်ကြီး မေတ္တာသုတ်၌ လာသော မေတ္တာပွားနည်းဖြင့်ဘဲ မေတ္တာ ပွားများ နိုင်ပါတယ်။ မေတ္တာသုတ် ပါဠိတော်၌ မေတ္တာပွားများလိုသူတို့ မေတ္တာမပွားများမီ ရှေ့အဘို့က ပြည့်စုံစေရမည့် မေတ္တာ ပုဗ္ဗဘာဂ တရား (၁၅)ပါးကို ဟောကြား ထားပါတယ်။ မပို့မီမေတ္တာပွားလိုသူတို့ မေတ္တာမပွားများမီ ရှေ့အဘို့က ပြည့်စုံစေရမည့်တရား (၁၅) ပါကား-

၁။ သက္ကော၊ ကိုယ်ကိုဖြစ်စေ, ဒသက်ကိုဖြစ်စေ, ငဲ့ကွက်ခြင်းမပြုဘဲ၊ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိရန် ကျင့်ခြင်းငှာ စွမ်းနိုင်ခြင်း။
၂။ ဥဇု၊ ကိုယ်နှုတ် ဖြောင့်မတ်ခြင်း။
၃။ သုဟုဇု၊ စိတ်ဖြောင့်မတ်ခြင်း။
၄။ သုဝစော၊ ပညာရှိတို့ ပြောဆိုဆုံးမသည့်အတိုင်း ကျင့်ခြင်း, ဆုံးမလွယ်ကူခြင်း။
၅။ မုဒု၊ ဦးသစ်သောရွှေကဲ့သို့ အကျင့်ပဋိပတ်၌ နူးညံ့ပျော့ပြောင်းခြင်း။
၆။ အနတိမာနီ၊ မာန်မာန တက်ကြွမှုမရှိခြင်း။
၇။ သန္တုဿကော၊ မိမိ၌ရှိသော ဝတ္ထုပစ္စည်းဖြင့် ရောင့်ရဲတင်းတိမ်ခြင်း၊ ရောင့်ရဲလွယ်ခြင်း။
၈။ သုဘရော၊ သူတပါးတို့ မွေးမြူရန်လွယ်ခြင်း ချေးများသူ မဟုတ်သဖြင့် မွေးမြူရန် လွယ်ခြင်း။
၉။ အပ္ပကိစ္စော၊အကျင့်ပဋိပတ်အတွက် မလိုလားအပ်သော ကိစ္စများ နည်းပါးရခြင်း အလုပ် ကိစ္စ နည်းပါးရခြင်း။

၁၀။ **သလ္လဟုက** ဝုတ္တိ၊ ပေါ့ပါးသော အသက်မွေးမှုရှိခြင်း ပရိက္ခရာရှစ်ပါးမှတပါး ပစ္စည်းဥစ္စာ မများစေရခြင်း။

၁၁။ **သန္တိန္ဒြိယော၊** ငြိမ်သက် တည်ကြည်သော ဣန္ဒြေရှိခြင်း။

၁၂။ နိပကော၊ ရင့်ကျက်သော ဉာဏ်ပညာရှိခြင်း။

၁၃။ အပ္ပဂဗ္ဘော၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံး ကြမ်းကြုတ်ခြင်းမှ ကင်းခြင်း, မကြမ်းတမ်းခြင်း။

၁၄။ ကုလေသု နနုဂိဒ္ဓေါ၊ ဒကာ-ဒကာမတို့အပေါ်၌ တွယ်တာငြိကပ်မှု ကင်းစေရခြင်း လူများမှာ-မိတ်ဆွေအပေါင်းအသင်း အပေါ်၌တွယ်တာငြိတွယ်မှု ကင်းစေရခြင်း။

၁၅။ နစခုဒ္ဒ မာစရေကိဉ္စိ၊ ယေန ဝိညူပရေ ဥပဝဒေယျုံ=ပညာရှိပုဂ္ဂိုလ်များ စွပ်စွဲကဲ့ရဲ့ဘွယ်ဖြစ်သော အရာဖြစ်ပါက တစုံတရာ အနည်းငယ်ကိုမျှ မပြုမကျင့်ရခြင်း-ဟူ၍ (၁၅) ပါး ရှိတယ်။ ဒီတရား (၁၅)ပါးတို့နှင့် ပြည့်စုံပြီးပါမှ—

''သုခိနော ဝါ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိ တတ္တာ'' စသည်ဖြင့် **မေတ္တာ** ကို ပွားများရမည် ဖြစ်တယ်။

မေတ္တသုတ် ဒေသနာလာတဲ့အတိုင်း မေတ္တာဘာဝနာ ပွားများရာမှာ **အကျဉ်းချုပ်အားဖြင့်**-

(က) သဗ္ဗ သင်္ဂါဟိက မေတ္တာပွားနည်း=အလုံးစုံသော သတ္တဝါတို့ကို သိမ်းကျုံးယူကာ ပွားများသော မေတ္တာတခွန်းတည်း တချက်တည်းဖြင့် အလုံးစုံသော သတ္တဝါတို့ကို နှံ့စေသော မေတ္တာပွားများနည်း ဖြစ်တယ်။

ဤသဗ္ဗသင်္ဂါဟိက မေတ္တာပွားနည်းဖြင့် ပွားများလိုလျှင် သုခိနောဝါ ခေမိနော ဟောန္တု ဂါထာအတိုင်း—

၁။ သဗ္ဗေ သတ္တာ သုခိနော ဟောန္တု=အလုံးစုံများစွာ သတ္တဝါ ကိုယ်ချမ်းသာခြင်း ရှိကြပါစေ။

၂။ သဗ္ဗေ သတ္တာ ခေမိနော ဟောန္တု=အလုံးစုံများစွာ သတ္တဝါ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။

၃။ သဗ္ဗေ သတ္တာ သုခိတတ္တာ ဟောန္တု=အလုံးစုံများစွာ သတ္တဝါ စိတ်ချမ်းသာခြင်း ရှိကြပါစေ-ဟူ၍ သဗ္ဗသင်္ဂါဟိက မေတ္တာပွားနည်း ၃-မျိုးဖြင့် ပွားများ နိုင်ပါတယ်။

ထိုနောက်''ယေကေစိ ပါဏ ဘူတတ္ထိ''စသော ဂါထာ၂-ပုဒ်ဖြင့်ပြအပ်သော ဒုက ဘာဝနာ မေတ္တာပွားနည်း။တိက ဘာဝနာ မေတ္တာ ပွားနည်း တို့ဖြင့်လည်း ပွားများကြရမည် ဖြစ်တယ်။

(ခ) ဒုက ဘာဝနာ မေတ္တာပွားနည်း-သတ္တဝါတို့ကို နှစ်ခုနှစ်ပုံပြုကာ ပွားများသောနည်း **ဖြစ်တယ်**။ ဤဒုက ဘာဝနာနည်းဖြင့် မေတ္တာပွားများလိုလျှင်-

၁။ တသ ထာဝရဒုက-ကြောက်ခြင်း ရှိ, မရှိသော သတ္တဝါအစုံတစုံ။

၂။ ဒိဋ္ဌ အဒိဋ္ဌဒုက-မြင်အပ်, မမြင်အပ်သော သတ္တဝါအစုံတစုံ။

၃။ ဒုရ အာဒိဒူရဒုက-အနီးအဝေးနေ သတ္တဝါတစုံ။
၄။ ဘူတ သမ္ဘဝေသီ ဒုက-ရဟန္တာနှင့်ပုထုဇဉ်-

သေက္ခာ သတ္တဝါအစုံတစုံ ဟူ၍ အစုံလေးစုံ ပြုပြီးလျှင် ပွားများရန်မှာ-

၁။ တသာဝါ ထာဝရာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(ကြောက်ထိတ်,မကြောက်ထိတ် နှစ်ရပ်များးစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲကြပါစေ။)

၂။ ဒိဋ္ဌာဝါ အဒိဋ္ဌာဝါ အနဝသေသာ သဗ္ဗသတ္တာဘဝန္တု သုခိတတ္တာ။
(မြင်အပ်, မမြင်အပ် နှစ်ရပ်များးစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။)

၃။ ဒူရာဝါ အဝိဒူရာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(ဝေးနေနီးနေ နှစ်ထွေများးစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။)

၄။ ဘူတာဝါ သမ္ဘဝေသီဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(ရဟန္တာနှင့်ပုထုဇဉ်သေက္ခ များပြားလှစွာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။)

ဤသို့ သတ္တဝါအားလုံးကို နှစ်စုနှစ်ပုံပြု၍ ပွားများသော မေတ္တာကို ဒုက ဘာဝနာ မေတ္တာပွားနည်း-ဟု ခေါ်ပါတယ်။

(ဂ) တိက ဘာဝနာ မေတ္တာပွားနည်း ဟိုမှာတပါး သတ္တဝါအားလုံးကို သုံးစုသုံးပုံပြုကာ ပွားများ သော တိက ဘာဝနာ မေတ္တာပွားများနည်းကတော့ သတ္တဝါတွေကို-

၁။ ဒီဃ,ရဿ, မဇ္ဈိမ တိက=သတ္တဝါအားလုံးကို အရှည်, အတို, အလတ်-ဟူ၍ သုံးစုသုံးပုံ ပြု၍ တပုံ။

၂။ မဟန္တ,အဏုက, မဇ္ဈိမ တိက=အကြီး, အငယ်, အလတ်-ဟူ၍ သုံးမျိုးသုံးစုပြု၍ တပုံ။
၃။ ထူလ အဏုက မဇ္ဈိမ တိက=အဆူ, အကြုံ, အလတ်-ဟူ၍ သုံးမျိုးသုံးစုပြု၍တပုံ-ဟူ၍ သုံးမျိုးသုံးစု ပြုလုပ်ပြီးလျှင်-

၁။ ဒီဃာဝါ ရဿာဝါ မဇ္ဈိမာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(ရှည်-တို-အလတ် သုံးရပ်များးစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။)
၂။ မဟန္တာဝါ အဏုကာဝါ မဇ္ဈိမာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(ကြီး, ငယ်, အလတ်, သုံးရပ်များးစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။)
၃။ ထူလာဝါ အဏုကာဝါ မဇ္ဈိမာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(ဆူ, ကြုံ, အလတ်, သုံးရပ်များးစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။)

ဤကဲ့သို့ သတ္တဝါအားလုံးကို သုံးစုသုံးပုံပြုကာ ပွားများသောမေတ္တာကို တိကဘာဝနာ မေတ္တာ-ဟု ခေါ်ပါတယ်။ ယခုပြခဲ့သော များတဲ့နည်းတွေကတော့ မေတ္တသုတ် ပါဠိတော်လာအတိုင်း ပွားများတဲ့ နည်းတွေဘဲ ဖြစ်ပါတယ်။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာသော မေတ္တာပွားနည်း (၅၂၈) မျိုးဖြင့် ဖြစ်စေ, မေတ္တာသုတ်၌ လာသော ပွားများနည်းများဖြင့်ဖြစ်စေ, မိမိနှစ်သက်သောနည်းဖြင့် ပွားများနိုင်ပါတယ်။

ဤကဲ့သို့ မေတ္တာဘာဝနာ ပွားများသဖြင့် ရရှိအပ်သော အကျိုးများကတော့– "မေတ္တာ အကျိုး ဆယ့်တမျိုး" ဆိုတဲ့အတိုင်း အကျိုးဘဆယ့်တပါး ရရှိပါတယ်၊ အဲဒီမေတ္တာအကျိုး တဆယ့် တမျိုးကတော့–

၁။ သုခံသုပတိ=ချမ်းသာစွာ အိပ်စက်ရခြင်း။

မေတ္တာဘာဝနာပွားများ၍ မေတ္တာနှင့် ယှဉ်နေသော အချိန်အခါ ကာလဝယ် မိမိကသူတပါး ကို ရန်မပြု သူတပါး၏ ရန်သူမဟုတ်သဖြင့် သူတပါးကလည်း မိမိအား ရန်ပြုမည်မဟုတ်၊ သို့ဖြစ်၍ စိုးရိမ်ကြောင့်ကြမှု ကင်းရှင်းပြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ အိပ်စက်နိုင်ခြင်း ဖြစ်ပေတယ်။ သမာပတ် ဝင်စားသူကဲ့သို့ ဖြစ်တယ်တဲ့၊

၂။ သုခံ ပဋိဗုဇ္ဈတိ=ချမ်းသာစွာ အိပ်ရာမှ နိုးရခြင်း။

မေတ္တာမပွားများသူတို့သည် အိပ်ရာမှ နိုးသောအခါ ငြီးငွားလိမ်တွန့်ကုန်လျက် ဆင်းရဲ စွာ နိုးကြရတယ်။ မေတ္တာပွားသူမှာကား ထိုကဲ့သို့ မဖြစ်ဘဲ ပွင့်သင်စသော ကြာပန်းကဲ့သို့ ရွှင်လန်း စွာ နိုးလာရတယ်။

၃။ န ပါပကံ သုပိနံ ပဿတိ=မကောင်းသော အိပ်မက်ကို မမြင်မမက်ခြင်း။
အိပ်မက်ဆိုးကင်းပြီး ကောင်းမြတ်သော အိပ်မက်များကိုသာ မြင်မက်ရခြင်း။

မေတ္တာမပွားသူများမှာ ခိုးသူထားပြများလိုက်၍ ပြေးရသော အိပ်မက်, သားရဲတိရစ္ဆာန် များနှိပ်စက်ခံရသောအိပ်မက်, ကြောက်ရွံ့ထိတ်လန့်ဘွယ် အိပ်မက်ဆိုးများကိုသာ မြင်မက်တတ်ကြ တယ်၊ သို့သော်လဲ မေတ္တာ ဘာဝနာ ပွားများသူမှ ကား–စေတီတော်ကို ဖူးမြင်ပူဇော်ရခြင်း, ရဟန်း သံဃာကို ဖူးမြင်ရခြင်း, တရားတော်ကို နာယူရခြင်း–စသော ကောင်းသောအိပ်မက်များကိုသာ မြင်မက်တတ်တယ်တဲ့။

၄။ မနုဿာနံ ပိယော ဟောတိ=လူအများ ချစ်ခင်ခြင်း။

မိမိတို့ ဝတ်ဆင်အပ်သော ပုတီးနားဍွောင်း လက်ကောက်လက်ကြပ်စသော အဆင်းတန်ဆာ တို့ကို အမျိုးသမီးများ ကောင်းစွာမြတ်နိုးကြသကဲ့သို့ မေတ္တာတရား မပြတ်ပွားသူကိုလည်း လူအများက လေးစားမြတ်နိုး ချစ်ခင်ကြတယ်တဲ့။

၅။ အမနုဿာနံ ပိယော ဟောတိ=နတ်တို့ချစ်ခင်ခြင်း။

မေတ္တာဘာဝနာ ပွားများသူကို လူအများ ချစ်ခင် နှစ်သက်သကဲ့သို့ နတ်အများကလဲ ချစ်ခင်နှစ်သက်ကြတယ်တဲ့။

**ဝိသာခထေရ်ဝတ္ထု။** ။ရှေးအခါကပါဋလိပုတ်ပြည်သား ဝိသာခအမည်ရှိသော ကုန်သည်တယောက် ရှိတယ်။ ဝိသာခကုန်သည်သည် ပါဋလိပုတ်ပြည်၌ နေထိုင်စဉ် "သီဟိုဠ်ကျွန်း၌ မြတ်စွာဘုရား၏ သာသနာတော် ထွန်းကားလှကြောင်း သပ္ပါယအားလုံးမျှတ၍ ရဟန်းတရားကို ချမ်းသာစွာ အားထုတ်နိုင်ကြောင်း ကြားသိရ၍ ရဟန်းပြုကာ တရားဘာဝနာ ပွားများကျင့်ကြံ လို" သဖြင့် မိမိရှာဖွေ စုဆောင်းထားသော ပစ္စည်းဥစ္စာ အစုစုကို သားမယားတို့အား အပ်နှင်းပြီး

လမ်းစရိတ်ခငွ အနည်းငယ်မျှကိုယူကာ အိမ်မှထွက်လာခဲ့တယ်။ သမုဒ္ဒရာ ကမ်းနားသို့ သင်္ဘော ပေါ်စောင့်၍ တဲသမျှနေရသဖြင့် ကုန်သွယ်မှု လိမ္မာတတ်ကျွမ်းသောကြောင့် သင်္ဘောစောင့်ယင်း ကုန်သွယ်ရာ အသပြာတထောင် ရရှိစုဆောင်းမိပြန်တယ်တဲ့။

ထို့နောက် သင်္ဘောပတ်ကြုံ၍ သီဟိုဠ်ကျွန်းသို့ လိုက်လာကာ မဟာဝိဟာရ ကျောင်းဟိုက်သို့ သွားရောက်၍ မဟာထေရ်များထံ ရဟန်းဝတ် ခွင့်ပြုရန် ခွင့်ပန်လျှောက်ထားတယ်။ မဟာထေရ်များက ခွင့်ပြု၍ ရဟန်းခံရန် သိမ်အပြင်သို့ ရောက်တဲ့အခါ ခါးပိုက်ကြားသို့ ထုပ်ထားသော အထုပ်ကို မထေရ်များ မြင်ကြသဖြင့် "ဤအရာကား အဘယ်နည်း" ဟု မေးလျှင် အသပြာတထောင်ပါဘုရား" ဟု လျှောက်ထား၍ "ဥပါသကာ-ရဟန်းဖြစ်ပြီးလျှင် အသပြာကို မစီရင်ကောင်းချေ၊ ယခုကပင် ထိုအသပြာကို စီရင်လေလော့" ဟု အမိန့်ရှိသဖြင့် "ဝိသာခ၏ ရဟန်းခံပွဲသို့ လာရောက်ကြသော သူတို့သည် လက်အချည်းနှီး မပြန်ကြစေကုန် လင့်" ဟု အကြံပြုကာ ခါးပိုက်တွင်းမှ အသပြာတထောင်ကို သိမ်အပြင်၌ ကြဲဖြန့်ပြီး ရဟန်းပြုသွားသတဲ့။

ဝိသာခသည် ရဟန်းပြုပြီး ငါးဝါရလျှင် ဒွေမာတိကာကိုသင်ကြားလေ့လာကာ ပဝါရဏာပြု၍ မိမိအားလျှောက်ပတ်သော ကမ္မဋ္ဌာန်းကိုယူ၍ကျောင်းတကျောင်း၌ လေးလမျှသာနေထိုင်လျက် ထိုထိုကျောင်းတိုက်တို့၌ အညီအမျှနေခြင်းကို ပြုလျက်လှည့်လည်နေသတဲ့။ ကျောင်းဆိုသော်လဲ တောတောင်အရပ် ကျောင်းတွေမှာ နေထိုင်ခြင်းကိုဆိုတာ နော်။ မြို့တွင်း, ရွာတွင်း, မြို့နား, ရွာနား, ကျောင်းတွေမှာ လှည့်လည်နေတာ မဟုတ်ဘူး။

တနေရာမှာ စွဲမြဲကာ မနေဘဲ လေးလမျှသာနေပြီး လှည့်လည်သွားလာရင်း ဝိသာခမထေရ်က ဤသို့ ဥဒါန်းကျူးရင့်လိုက်သတဲ့။

ယာဝတာ ဥပသမ္ပန္နော၊ ယာဝတာ ဣဓ အာဂတော။
ဧတ္ထန္တရေ ခလိတံ နတ္ထိ၊ အဟော လာဘာတေ မာရိသ။ (ဝိသုဒ္ဓိမဂ်-ပ-၃၀၆)။

မာရိသ၊ ကြောင့်ကြပူပန်, ဘေးရန်ကင်းရှင်း, ဆင်းရဲခြင်း, ကင်းသသူ။ ယာဝတာ၊ နိုင်းဆချင့်ထောက်, အကြင်မျှလောက်သော, ကာလ်မှ။ ပဘုတိ၊ အစပြု၍။ ဥပသမ္ပန္နော၊ မြင့်မြတ်တင့်ဆန်း, ရဟန်းအဖြစ်သို့, ရောက်၏။ ယာဝတာ၊ ရဟန်းအဖြစ်, စင်စစ်ရောက်ရ, အကြင်မျှလောက်သောကာလမြင့်။ ဣဓ၊ လူသူမပြွမ်း, ကမ္မဋ္ဌာန်းကို, စီးဖြန်းမွေ့ဘွယ်, ဤတောအလယ်သို့။ အာဂတော၊ အခါအလျောက်, ချဉ်းကပ်ရောက်၏။ ဧတ္ထန္တရေ၊ တောမြိုင်တွင်းလျောက်, ကြာရောက်သမျှ, ဤကာလအတွင်း၌။ ခလိတံ၊ မသင့်မလျော်, ချွတ်ချော်တိမ်းပါး, မိုက်မှားပြုလင့်, မှားယွင်းသောအကျင့်သည်။ နတ္ထိ။ တစိုးတစိ, မရှိပါချေဘကား။ ယေဂုဏာ၊ အကြင်သူတော်ကောင်းတို့, စုဆောင်းမပြတ်, ရရှိအပ်သော, ဂုဏ်ကျေးဇူးတို့သည်။ သန္တိ၊ မယွင်းမမှား, ထင်ရှားရှိကုန်၏။ တေဂုဏာ၊ ထိုဂုဏ်ကျေးဇူးတို့ကို။ တေဟိ၊ ရိုးဖြောင့်ကျင့်ပေ, စိတ်နေမစောင်း, အသင်သူတော်ကောင်းသည်။ အဟောလာဘာ၊ အချိန်ရှိခိုက်, လုံ့လစိုက်သဖြင့်, သိုက်မြိုက်ပုံသော, ပြော်-အရတော်ပေစွတကား။

ဤသို့ ဥဒါန်းကျူးရင့်ပြီး စိတ္တလတောင်သို့ သွားရာ တောအုပ်အတွင်း၌ လမ်းနှစ်ခွတွေ့၍ လမ်းမှန်ကား အဘယ်နည်းဟု စဉ်းစား၍ ရပ်နေလျှင် ဘောင်စောင့်နတ်က လမ်းညွှန်ပြသဖြင့် စိတ္တလ

တောင်ကျောင်းသို့ ရောက်၍ လေးလပတ်လုံး နေထိုင်သီတင်းသုံးပြီး နောက်နေ့ နံနက်လင်းလျှင် စိတ္တလတောင်မှ ကြွအံ့-ဟု ကြံစည်ကာ ကျိန်းစက်တော်မူတယ်တဲ့၊ စကြံန်ဦး သပြေပင်၌ နေသော နတ်သည် စောင်းတန်းပျဉ်၌ထိုင်ပြီး ငိုကြွေးနေသတဲ့။

ထိုအခါ မထေရ်က "စောင်းတန်းပျဉ်၌ ငိုနေသူကား မည်သူနည်း" ဟု မေးတော်မူလျှင် "တပည့်တော် သပြေပင်စောင့် နတ်ပါ" ဟု လျှောက်ထားတဲ့အခါ "အဘယ်ကြောင့် ငိုရသနည်း" ဟု မထေရ်မြတ်က မေးမြန်းလေလျှင် "အရှင်ဘုရားတို့ ကြွသွားတော့မည်ကို အကြောင်းပြု၍ ငိုပါသည်ဘုရား" ဟု ပြန်လည်လျှောက်ထားလေတယ်။

ဤအရပ်၌ ငါနေလျှင် အသင်တို့ အဘယ်ကျေးဇူး ရှိသနည်း-ဟု မထေရ်မြတ်က မေးလေလျှင် သပြေပင်စောင့်နတ်က "အရှင်ဘုရား အရှင်မြတ်တို့ ဤတောင်၌ နေကြလျှင် နတ်ဘီလူးတို့ အချင်းချင်း ချစ်ခင်မှုကို ရရှိကြပါသည်။ ယခုအခါ အရှင်ဘုရားတို့ ကြွသွားကြပါလျှင် ထိုနတ်ဘီလူး အချင်းချင်း ခိုက်ရန် ဖြစ်ကြပါတော့မည်။ ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုကြပါတော့မည်ဘုရား" ဟု လျှောက်ထားလေသတဲ့။

မထေရ်မြတ်ကလဲ "ငါဤအရပ်၌ နေထိုင်သီတင်းသုံးသဖြင့် အသင်တို့ ချမ်းသာစွာ နေထိုင်ကြရသည် ဖြစ်ဘိမူ၊ ကောင်းပေ၏" ဟု မိန့်ဆိုကာ နောက်လေးလပတ်လုံး ဆက်လက်သီတင်းသုံး နေထိုင်ပြီး တဖန် သွားလိုသော စိတ်ဖြစ်ပြန်လေသတဲ့၊ သပြေပင်စောင့်နတ်ကလဲ ရှေးနည်းအတူ ငိုကြွေးပြန်သတဲ့။ ဤဆိုအပ်ပြီးသော နည်းဖြင့် မထေရ်မြတ်သည် ထိုနောင်၌သာလျှင် နေထိုင်သီတင်းသုံး၍ ထိုစိတ္တလတောင်မှာပင် ပရိနိဗ္ဗာန်ပြုတော်မူရသတဲ့။ ဤသို့ပင် မေတ္တာစိတ်ဖြင့် နေလေ့ရှိသော ရဟန်းကို နတ်ဘီလူးတို့ ချစ်ခင်နှစ်သက်ခြင်း ရှိကြပေတယ်။

၆။ ဒေဝတာရက္ခန္တိ=နတ်တို့ စောင့်ရှောက်ခြင်း။

မိဘတို့က သားသမီးကို စောင့်ရှောက်ကြသကဲ့သို့ နတ်တို့က မေတ္တာပွားသူကို စောင့်ရှောက်ကြသတဲ့။

၇။ နာဿအဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါ ကမတိ။

မီးဘေးကင်းလျှာ အဆိပ်မတက်ဘဲ လက်နက်မထိ မရှနိုင်ခြင်း။

သီရိမာက ပေါင်းချသော ထောပတ်ဆီပူသည် မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့်နေသော ဥတ္တရာဥပါသိကာမ၏ ကိုယ်၌ အပူမလောင်သကဲ့သို့၊ မေတ္တာဖြင့် နေလေ့ရှိသူ၏ ကိုယ်၌ မီးမလောင်နိုင်ဘူးတဲ့။

သံကိစ္စ သာမဏေငယ်အား ခိုးသားဓားပြတို့က ဓားဖြင့် ခုတ်ထင်ကြသော်လည်း မေတ္တာစိတ်ဖြင့်နေသော သံကိစ္စသာမဏေငယ်အား မထိမရှသကဲ့သို့ မေတ္တာပွားသူအား ဓားလှံလက်နက် မထိမရှဘူးတဲ့။

ထို့မှတပါး နွားမတကောင်သည် သားငယ်အား နို့တိုက်ကျွေးလျက်နေစဉ် မုဆိုးတယောက်က ထိုနွားမကို ပစ်သတ်အံ့-ဟု အရိုးရှည်သော လှံမကြီးဖြင့် ထိုးလိုက်ရာ ထိုလှံမကြီးသည် နွားမ

ဆိုယ်ကိုထိလျှင် မစူးမဝင်ဘဲ ထန်းရွက်ကဲ့သို့ ပျော့ပြောင်း ခွေလိပ်ပြီး သွားရသတဲ့။ ထိုသို့ လုံမ ခွေကျသွားရခြင်းဟာ ဥပစာရ မေတ္တာအစွမ်း အပ္ပနာ မေတ္တာအစွမ်းကြောင့် မဟုတ်ပါဘူး မိမိ ရင်သွေး နွားငယ်အပေါ်၌ ပြင်းထန်စွာဖြစ်သော မေတ္တာစိတ် သက်သက်ကြောင့်ဖြစ်သတဲ့။ မေတ္တာ ဓာတ်ကား ဤမျှ တန်ခိုးကြီးလှ ပါပေတယ်။

၈။ တုဝဋံ စိတ္တံ သမာဓိယတိ = မေတ္တာဖြင့် နေလေ့ရှိသူ၏စိတ်သည် တည်ကြည်လွယ်ခြင်း၊ စိတ်ဓာတ် တည်ကြည်ခြင်း။

ကာမဝိတက်, ဗျာပါဒဝိတက်တို့ နှိပ်စက်အပ်သော စိတ်သည် တည်တံ့ ငြိမ်သက်မှု မရှိဘဲ အစဉ် တုန်လှုပ်ချောက်ချားနေတတ်တယ်၊ ထိုထိုအာရုံများသို့ ပြေးသွားနေတတ်တယ်။ မေတ္တာဟု ဆိုအပ်သော အဒေါသတရားနှင့် ယှဉ်သော စိတ်ကား ထို ကာမဝိတက်, ဗျာပါဒဝိတက်တို့မှ ကင်း လွတ်သဖြင့် တုန်လှုပ်ချောက်ချားမှု အလျဉ်းမရှိပေ။ တုန်လှုပ်မှုမရှိသဖြင့် တည်ကြည်နေပါတယ်။

၉။ မုခ ဝဏ္ဏော ပသီဒတိ = မျက်နှာအဆင်း ကြည်လင်ခြင်း။

မေတ္တာဓာတ်၏ ဆန့်ကျင်ဘက်ဖြစ်သော ဒေါသတရား လွှမ်းမိုး နှိပ်စက်ခြင်း ခံနေရသော ဒေါသအိုးများမှာ ကြည်လင်သော မျက်နှာ မရှိ၊ ညှိုမဲနေသောမျက်နှာ ရှိနေတတ်ကြတယ်။ မေတ္တာ ပွားနေလေ့ရှိသူ၏ မျက်နှာကတော့ ဒေါသတရား ကင်းရှင်းသဖြင့် ကြည်လင်လှပပြီး နေပါတယ်။

၁၀။ အသမ္မူဠော ကာလံ ကရောတိ = မတွေဝေ သေရခြင်း။

မေတ္တာတရား ပွားများနေသော သူသည် သေဆုံးသောအခါ တွေဝေမှု အလျဉ်းမရှိဘဲ အိပ် ပျော်ခြင်းသို့ သက်ရောက်သကဲ့သို့ ငြိမ်ငြိမ်သက်သက် သေဆုံးရခြင်း။

၁၁။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ = ဗြဟ္မာပြည်သို့ လားရောက်ရ ခြင်း။ (အင်္ဂုတ္တရပါဠိ-တ-၃၄၂)။

မေတ္တာသမာပတ်ထက် သာလွန်မြင့်မြတ်သော အဟတ္တဖိုလ်ကို မရနိုင်လျှင် ဤဘဝမှ စုတေ ပါက အိပ်သောယောကျာ်း နိုးလာသကဲ့သို့ ဗြဟ္မာပြည်၌ [illegible]ကနဲ ဖြစ်နိုင်တယ်တဲ့။

မေတ္တစိတ္တဉ္စ ဘာဝေထ၊ အပ္ပမာဏံ ဒိဝါ စ ရတ္တော စ။
အဂစ္ဆိတ္တာ ဒေဝပုရံ၊ [illegible] [illegible]။ (ဇာတကပါဠိ-ဒု-၃၀)။

သာခဝေါ၊ အမြတ်တရား,မကြိက်ပွား[illegible] ဘိက်ထားဖြစ[illegible],သူတော်စင်,သူတော်ကောင်းတို့။ တုခမ္မ၊ စိတ်ဓာက်ချော့ချောင်း, သူတော်ကောင်း[illegible]တို့,လမ်းကြော[illegible] နည်းမှန်,[illegible]စား,အသ[illegible] အမျိုးကောင်း သားသမီးတို့သည်၊ အပ္ပမာဏံ [illegible] [illegible]မထား,များပြားကျစွာ, သ[illegible]ပြည်တ[illegible] အာရုံရှိသော။ မေတ္တစိတ္တ[illegible] ကောင်း[illegible] [illegible]တရားမြဲပ[illegible],ကျင်နှာယှဉ်စိတ်, မေတ္တာစိတ်[illegible]လည်း။ ဒိဝါ စ၊ တွင်မှ [illegible]နေ့အခါ [illegible]ရင်း၊ ရတ္တော [illegible]။ ဘာဝေထ၊ [illegible]မြင့်မားတ, မကြိတ်ပိုးစား, ပွားများကြပါကုန်လော့။ [illegible] သူတော်ကောင်း[illegible] [illegible]ဖြတ်[illegible]သည်, နှလုံး[illegible],ကောင်းမှု ရှင်တို့၏။ အာဝါသံ၊ [illegible] [illegible]ရောက်ပြီးကာ, ပျော်[illegible]ရာ[illegible] သော။ ဒေဝ[illegible]

ဗြဟ္မလောကံ၊ ဗြဟ္မာ့ပြည်လောက, ဘုံ၌ာနသို့။ အစ္ဆိတ္တ·ဂမိဿသ၊ မေတ္တာပွားများ, ကျိုးတရားကြောင့်, မမွားပုံသေ, လားရောက်ကြရပေလိမ့်သတည်း။

ယခုပြောခဲ့တဲ့ အကျိုး တဆယ့်တပါးကတော့ မေတ္တာတရားကို ပွားများခြင်းကြောင့် ရရှိတဲ့ အကျိုးများ ဖြစ်တယ်၊ မေတ္တာအကျိုး တဆယ့်တမျိုးကို မှတ်မိသွားကြအောင် ဒီလင်္ကာကလေးများကို လိုက်ဆိုထားကြရ‌ယ်။

ဆောင်ပုဒ်။ ၁။ ချမ်းသာအိပ်ရ–နိုးထ ချမ်းသာ၊ ဆိုးစွာအိပ်မက်–မမြင်မက်ပါ၊
လူ့,နတ် ချစ်လတ်–စောင့်ကြပ်ဒေဝါ၊ ဆိပ်မတက်–လက်နက်,မီး ရှောင်ခွာ။
၂။ စိတ်တည်ကြည်စေ–လှပမျက်နှာ၊ တွေဝေကင်းပ–သေရချိန်ခါ။
ဗြဟ္မာ့ဘုံနန်း–စံမြန်းပျော်စွာ၊ မေတ္တာပွား–ကျိုးကား ဆယ့်တစ်ဖြာ။

ပစ္စုပ္ပန်ဘဝ လက်ငင်းရရှိတဲ့ အကျိုးက ၁၀-ပါး၊ နောက်ဘဝမှာ ရရှိတဲ့ အကျိုးတပါးအားဖြင့် မေတ္တာပွားကျိုး ဆယ့်တမျိုးကိုတော့ ကောင်းစွာ နားလည် မှတ်သားမိကြလောက်ပါပြီ။ ဒီမေတ္တာစျာန်ကို အရင်းခံထားပြီး ဝိပဿနာပွားများပါက အရဟတ္တမဂ်,အရဟတ္တဖိုလ်အထိ ဆိုက်ရောက်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတဲ့အကြောင်းကို ဆက်လက်ပြီး ဟောရဦးမယ်။ ကောင်းမွန်ရိုသေစွာ နာယူ မှတ်သားထားကြပါ။

ကဿပ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းတော်တပါးသည် တောရဆောက်တည်ကာ အနှစ် နှစ်သောင်း ကာလပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ပြီး ပျံလွန်သောအခါ ကာမာဝစရ နတ်ပြည်၌ နတ်သားဖြစ်သတဲ့။ ထိုနတ်ပြည်၌ သက်တမ်းအလျောက် နတ်စည်းစိမ်ကို ချမ်းသာစွာ ခံစားစံစားပြီးနောက် နတ်ဘဝမှ စုတေကာ ဗာရာဏသီဘုရင်မင်းမြတ်၏ မြို့အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ သန္ဓေစွဲကပ်တယ်၊ ဆယ်လ ပြည့်သောအခါ ရွှေအဆင်းနှင့်တူသော ဝါဝင်းသော အဆင်းရှိသော ဘုန်းကံပညာ လက္ခဏာနှင့် ပြည့်စုံသည့် သားရတနာတပါး ဖွားမြင်လာတယ်။ မင်းသားကလေး ဖွားမြင်လာလျှင် ခမည်းတော်-မယ်တော် နှစ်ပါးတို့ လွန်စွာ ဝမ်းမြောက်ကြလျက် မင်းသားကလေးရဲ့ နာမည်ကို ဗြဟ္မဒတ္တကုမာရ ဗြဟ္မဒတ်မင်းသား-ဟု နာမကရဏ မင်္ဂလာ ပြုကြပြီးလျှင် ဗြဟ္မဒတ်မင်းသား တဆယ့်ခြောက်နှစ်ရှိသောအခါ ခမည်းတော် မင်းတရားကြီးက သားတော် ဗြဟ္မဒတ်မင်းသားကို အဘိသိက်သွန်းဖြန်း ထီးနန်းကို လွှဲတော်မူလိုက်တယ်တဲ့။

ဗြဟ္မဒတ်မင်းသည် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ကာ မင်းစည်းစိမ်ကို ခံစားယင်းပင် ကသိုဏ်းပရိကံအမှုကို ပြု၍ အဘိညာဉ် ၅ ပါး, သမာပတ် ရှစ်ပါးတို့ကို ဖြစ်စေတယ်။ တနေ့သောအခါ တရားဆုံးဖြတ်ရာ ရုံးတော်သို့ နံနက်စာ စောစောပွဲတော်တည်ပြီး သွားရောက် ထိုင်နေသတဲ့။ ရှေးအခါက မင်းကောင်း မင်းမြတ်များဟာ တရားအရေးအခင်းကို အလွဲအမှား မခံဘဲ ကိုယ်တိုင် ကြပ်မတ်ပြီး ဆုံးမတော်မူလေ့ ရှိတယ်နော်။

အဘိသိတ္တရညာနာမ အဝဿံ အဋ္ဋကရဏေ နိသီဒိတဗ္ဗံ။ (သုတ္တ–နိ–ဋ–ပ–၅၃)။

အဘိသိတ္တရညာနာမ၊ အဘိသိက်သွန်းအပ်ပြီးတော မင်းမည်သည်။ အဝဿံ၊ မချွတ်မလွဲ, အမြဲကေန်။ အဋ္ဋကရဏေ၊ တရားဆုံးဖြတ်ရာ တရားရုံး၌၊ နိသီဒိတဗ္ဗံ၊ ကြည့်ရှုကြပ်မတ်, နေထိုင်

အပ်၏-ဟူ၍ တိုင်းပြည်အတွင်း၌ တရားလမ်းကြောင်း မတိမ်းစောင်းရအောင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများဟာ တရားရှုံးတော် မျက်နှာလွှဲမထားသင့်ကြောင်း အဋ္ဌကထာ၌ ညွှန်ပြထားပါတယ်။

ဗြဟ္မဒတ်မင်းမြတ် တရားရုံး၌ ထိုင်နေတဲ့အခါ တရားရုံးသို့ လာရောက်ကြကုန်သော သူများ၏ ငြင်းကြ ခုန်ကြ အော်ဟစ် ပြောဆိုကြသော အသံများကို ကြားလေလျှင် "အယံသဒ္ဒေါ သမာပတ္တိယာ ဥပက္ကိလေသော = ဆူဆူညံညံ ပြောဆိုသော ဤအသံသည် သမာပတ်၏ ညစ်ညူးကြောင်း ဖြစ်ရန်ပေတည်း" ဟု စဉ်းစားကာ ပြာသာဒ်ပေါ်တက်ပြီး သမာပတ်ဝင်စားသော်လဲ ဝင်စား၍မရနိုင်အောင် ဖြစ်နေသတဲ့။ သို့အတွက် "ကိံ ရဇ္ဇံ ဝရံ၊ ဥဒါဟု သမဏဓမ္မော = မင်းစည်းစိမ်ကမြတ်သလော့၊ သို့မဟုတ် ရဟန်းတရားက မြတ်သလော" ဟု စဉ်းစားပြီးလျှင်-

ရဇ္ဇသုခံ ပရိတ္တံ အနေကာဒီနဝံ၊ သမဏ ဓမ္မ သုခံ ပန ဝိပုလံ အနေကာနိသံသံ
ဥတ္တမပုရိသေဟိ သေဝိတဉ္စ။ (သုတ္တနိ - ဋ္ဌ - ပ - ၅၄)။

ရဇ္ဇသုခံ၊ မင်းစည်းစိမ် ချမ်းသာသည်။ ပရိတ္တံ၊ မပြောပလောက်၊ နှင်းရည်ပေါက်ပမာ၊ အနည်းငယ်မျှသာတည်း။ အနေကာဒီနဝံ၊ တပါးမက၊ များပြားလှသော၊ အပြစ်ရှိပေ၏။ သမဏ ဓမ္မ သုခံ ပန၊ ကိလေငြိမ်းချမ်း၊ ရဟန်းတရား၊ ချမ်းသာ မည်သည်ကား။ ဝိပုလံ၊ ပြန့်ပြော၏။ အနေကာနိသံသံ။ လွန်စွာပွားတိုး၊ အကျိုးများ လှပေ။ ဥတ္တမပုရိသေဟိ၊ ဘုရားအစ၊ များပြားလှစွာ၊ အရိယာအပေါင်း၊ သူတော်ကောင်း ယောကျ်ားမြတ်တို့သည်။ သေဝိတဉ္စ၊ ကြိမ်ဖန်မပြတ်၊ မှီဝဲအပ်သည်လည်း။ ဟောတိ၊ အမှန်စင်စစ်ဖြစ်ပေ၏။

မင်းစည်းစိမ်ကား အနည်းငယ်မျှသာဖြစ်၏၊ အပြစ်လည်းများလှ၏၊ ရဟန်းတရား ချမ်းသာမှုမူကား အကျိုးများလှ၏၊ သူတော်ကောင်း သူမြတ်လောင်း ယောကျ်ားထူး ယောကျ်ားမြတ်တို့ မှီဝဲအပ်သော တရားလည်း ဖြစ်ပေ၏- ဟု ကောင်းစွာသိမြင်၍ အမတ်ကြီး တယောက်ကို ခေါ်ပြီး "ဤတိုင်းနိုင်ငံကို တရားနှင့်အညီ ဆုံးမစီရင်လေလော့ တရားမဲ့သောအမှုကို မပြုလုပ်လင့်" ဟု ပြောဆိုကာ ထိုအမတ်ကို အားလုံးအပ်နှင်းပြီး ပြာသာဒ်ထက်တက်ကာ သမာပတ်ချမ်းသာဖြင့် အချိန်ကာလကို ကုန်လွန်စေကာ နေထိုင်တော့သတဲ့။

မင်းကြီးက တိုင်းပြည်ဘာဝန် လွှဲအပ်ထားသော ထိုအမတ်သည် နောက်ပိုင်းတွင်မိဖုရားကြီးနှင့် ချစ်ချော်တိမ်းပါးကြသဖြင့် တိုင်းပြည်မှ နှင်ထုတ်လိုက်ရာ ပြည်နီးခြင်းမင်းတပါးထံသို့ သွားရောက်ခစားတယ်တဲ့။ ထိုအမတ်သည် တိုင်းခြားမင်းနှင့် ရင်းနှီးအကျွမ်းဝင်အောင်ပြုပြီး ဗြဟ္မဒတ်မင်းကြီး၊ ကိုဖမ်း၍ ဗာရာဏသီ ပြည်ကြီးကို ဘိမ်းယူရန် အမျိုးမျိုး ပြောဆို တိုက်တွန်းလေတော့တယ်။

ကျေးဇူးရှင် ကျေးစွပ်တဲ့ အမတ်မိုက်လို့ ဆိုရမှာပေါ့နော်။ တိုင်းခြားမင်းလည်း ဗာရာဏသီမှ နှင်ထုတ်သဖြင့် ထွက်ပြေး လာရသော အမတ်က အမျိုးမျိုး သွေးထိုးပေးသဖြင့် ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူရန် စစ်အင်္ဂါလေးရပ်ဖြင့် ချီတက်လာပြီး တိုင်းစွန်နယ်ဝပ်မြို့ကလေးသို့ ရောက်လျှင် ဗာရာဏသီမင်းထံသို့ "နဂရံ ဝါ မေ ဒေဟိ ယုဒ္ဓံ ဝါ = မြို့ကိုပင် အပ်မည်လော၊ စစ်ပဲတိုက်မည်လော" ဟု ရာဇသံ မေးလိုက်သတဲ့။

ဗာရာဏသီမင်းကလည်း "စင်တိုက်လျှင် သတ္တဝါတွေ သေကြေပျက်စီးပေလိမ့်မည်၊ ငါသည် သူတပါး၏ အသက်ကို မသတ်ဖြတ်လို" ဟု ကြံစည်စဉ်းစား၍ "စစ်မတိုက်လိုပေ၊ မြို့ကို ပေးအပ်ပြီး မြှန်ခဲ့ရမည်" ဟု အမတ်တယောက်ကို စေလွှတ်လိုက်သတဲ့၊ မင်းကြီးအမိန့်အတိုင်း ဗာရာဏသီအမတ်ကမြို့ကို လာအပ်လေလျှင်၊ တိုင်းခြားမင်းလည်း တဆင့်တဆင့်တက်ကာ တမြို့ပြီးတမြို့ သိမ်းယူပြီး နောက်ဆုံး ဗာရာဏသီ မြို့တော်သို့ ချီတက်ရောက်ရှိလာတော့သတဲ့။

ထိုအခါ အမတ်များ က "မြတ်သောမင်းကြီး ထိုတိုင်းခြားမင်းနှင့် ကျွန်တော်မျိုးတို့ ယှဉ်ပြိုင်၍ စစ်ထိုးကြပါမည်" ဟု လျှောက်ထားတဲ့အခါ မင်းကြီးက "သတ္တဝါများ အသက်သေကြေပျက်စီးကြမေလိမ့်မည်" ဟု မိန့်ဆိုကာ တားမြစ်တော်မူဘယ်။ မြတ်သောမင်းကြီးအမတ်များကလည်း "သတ္တဝါတစုံတယောက်ကို မညှဉ်းဆဲ မသတ်ဖြတ်ကြပါ။ အကျွန်ုပ်တို့သည် စစ်သည်အင်အားကိုပြ၍ တဖက်စစ်သည်များကို ပြေးစေပါမည်၊ တိုင်းခြားမင်းကို အရှင်ဖမ်းကာ မင်းကြီးခြေတော်ရင်းသို့ အရောက်ဆောင်ခဲ့ကြပါမည်" ဟု ပြောဆိုလျှောက်ထားကြသဖြင့် မင်းကြီးသည် စစ်ထိုးရန် ခွင့်ပြုပြီး မိမိကိုယ်တော်တိုင် စစ်မြေပြင် ကြွချီတော် မူလာတယ်တဲ့။

တိုင်းခြားမင်းနှင့် စစ်သည်ဗိုလ်ပါ အပေါင်းတို့လည်း ဗာရာဏသီ မြို့အနီး၌ သစ်ခက်တဲနန်းထိုးကာ တပ်စွဲ၍ ထိုညဥ့်အတိုင်း အိပ်ပျော်နေကြစဉ်၊ ဗာရာဏသီ အမတ်များသည် မိမိတို့အရှင်ဗာရာဏသီမင်းကို ပင့်ဆောင်ကာ စစ်အင်္ဂါလေးပါးဖြင့် ချီတက်ပြီး ရန်သူဖြစ်သော တိုင်းခြားမင်း၏ သစ်ခက်တဲနန်းကို ဝိုင်းကာ တိုင်းခြားမင်းကို ဖမ်းဆီးပြီးလျှင် ရန်သူစစ်သည်အားလုံးကို လက်နက်ချအရှုံးပေးစေကြသတဲ့။ တိုင်းခြားမင်းလည်း သူတပါး၏ စကားကို ယုံမှားမိ၍ ယခုလို ရန်သူလက်ရောက်ရပေသည်" ဟု တည၌လုံး မြည်တမ်းပြောဆိုကာ နောက်နေ့၌ ဗာရာဏသီမင်းသည် တရားစောင့်သောမင်း ဖြစ်ပေသည်၊ ငါသွားရောက်ပြီး ဝန်ချတောင်းပန်ကာ သည်းခံစေမည်" ဟုကြံစည်ပြီး ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးထံ ချဉ်းကပ်ကာ ရိုသေစွာ တုပ်ဝပ်၍ "မြတ်သောမင်းကြီး အကျွန်ုပ်၏ အပြစ်ကို ခွင့်လွှတ်တော်မူပါ" ဟု လျှောက်ထား တောင်းပန်လေတယ်တဲ့။

ဗာရာဏသီမင်းကြီးကလဲ ထိုတိုင်းခြားမင်းကို "ထပါလော့၊ အသင်၏ အပြစ်ကို ငါသည်းခံပါ၏" ဟု မိန့်ကြားပြီးလျှင် သင့်လျော်သော အဆုံးအမ ဩဝါဒကို ပေးကာ ထိုမင်းနှစ်ပါး အချင်းချင်း အပေါင်းအဖော်မိတ်ဆွေ ဖြစ်ပြီး သွားကြပါတယ်။

ထိုအခါ ဗာရာဏသီ ပြည်ကြီးအရှင်ဖြစ်သော ဗြဟ္မဒတ်မင်းကြီးသည် မိမိ၏ စစ်သည်နှင့် တိုင်းခြားမင်း စစ်သည်ဗိုလ်ပါ အပေါင်းတို့လဲ ပျော်ရွှင်ဝမ်းမြောက်စွာ တခုသောအရပ်၌ အညီအညွတ် နေကြသည်ကို တွေ့မြင်ရလျှင်-

မမေကဿ စိတ္တာနုရက္ခကာယ အသ္မိံဇနကာယေ ခုဒ္ဒကမက္ခိကာယ ပိဝနမတ္တမ္ပိ လောဟိတ ဗိန္ဒု နဥပ္ပန္နံ၊ အဟောသာဓု အဟောသုဋ္ဌု၊ သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု၊ အဝေရာ ဟောန္တု၊အဗျာ ပဇ္ဈာ ဟောန္တုတိ မေတ္တာ ဈာနံ ဥပ္ပါဒေတွာ တဒေဝ ပါဒကံကတွာ သင်္ခါရေ သမ္မသိတွာ ပစ္စေကဗောဓိဉာဏံ သစ္ဆိကတွာ သယမ္ဘုတံ ပါပုဏိ။ (သုတ္တ-နိ-ဌ-မှ-၅၆)။

ဇောဿ၊ တယောကာ်တည်းသော။ မမ၊ ငါ၏။ ဇိတ္တာနုရက္ခာယ၊ စိတ်ကို အစဉ်စောင့်ခြင်း အကျိုးငှာ။ အသိမ္ဗေနတာယေ၊ များစွာသောထင်သောင်း, နှင်ဖက်သော ဤစစ်သည် လူအပေါင်း၌။ ခုဒ္ဒကမက္ခိကာယ၊ ယင်ငယ်တကောင်၏။ ပိဝနမတ္တမ္ပိ၊ သောက်လောက်ရုံမျှလည်းဖြစ်သော။လောဟိတ ဗိန္ဒု၊ သွေးပေါက်သည်။ နဥပ္ပန္နံ၊ မဖြစ်ပါလေ။ အဟောသာဓု၊ ဩော်-ကောင်းလေစွတကား။ အဟောသုဋ္ဌု၊ ဩော်-အလွန့်အလွန်, ကောင်းလှပေစွတကား။ သမ္မောဒ္ဒါ၊ ကြွင်းမဲ့ဥဿုံ, အလုံးစုံ များစွာ, သတ္တဝါတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ, ပူဆာလွတ်ကင်း, ချမ်းသာခြင်း, ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အဝေရာ ဘေးရန်ခပ်သိမ်း, ကင်ငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ၊ စိုးရိမ်ကြောင်းကြ ဗျာပါဒကင်းကြကုန်သည်၊ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဣတိ၊ ဤသို့ ဆိုမြွက်ခဲ့ပြီးသော နည်းတော်ဖြင့်။ မေတ္တာဈာန်၊ မေတ္တာဈာန်ကို။ဥပ္ပါဒေတွာ၊ ကောင်းစွာစင်စစ် ဖြစ်စေပြီး၍။တဒေ၀၊ထိုမေတ္တာ ဈာန်ကိုသာလျှင်၊ ပါဒကံကတွာ၊ အခြေခံအရင်း, မူလပဓာနပြု၍။ သင်္ခါရေ၊ နာမ်ရုပ်နှစ်ပါး, သင်္ခါရသဘောတို့ကို၊ သမ္မသိတွာ၊ သုံးသပ်ဆင်ခြင်၍။ ပစ္စေကဗောဓိဉာဏံ၊ ပစ္စေကဗောဓိဉာဏ်ကို။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ သယမ္ဘုတာံ၊ သစ္စာလေးတန်; တရားမှန်ကို, ကိုယ်ပိုင်ဉာဏ်ဖြင့်, ဧကန်သိငြား, သယမ္ဘူမြတ်ဘုရားအဖြစ်သို့။ ပါပုဏိ၊ မေတ္တာတရား, အခြေခံထား၍, ရှုပွားမျက်မှောက်, ဆိုက်ရောက်ခဲ့လေပြီတကား။

ဤပစ္စေကဗုဒ္ဓါ အရှင်မြတ်ရဲ့ အကြောင်းကတော့ မေတ္တာဈာန်ကို အရင်းခံထားပြီး ရုပ်နာမ် နှစ်ပါး သင်္ခါတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာတင်ကာ ရှုဆင်ခြင်ပွားများသဖြင့် ပစ္စေက ဗောဓိဉာဏ်သို့ ဆိုက်ရောက်ပြီး သွားတဲ့အကြောင်းပင် ဖြစ်ပါတယ်။ ဒီဝတ္ထုအကြောင်းရပ်ကို ကောင်းစွာ မှတ်သားပြီး ယခုတရားတော်နာ ကြွရောက်လာကြတဲ့ တရားချစ်ခင် စိတ်ကောင်းယှဉ်သည့် သူတော်စင် အမျိုးကောင်း သား, သမီးများလည်း ခုရေနောင်ပါလွန်စွာအကျိုးများသည့် မေတ္တာ တရားကို ဆင်ခြင်ပွားများပြီးလျှင် ပင်း မေတ္တာဈာန်ကိုပင် အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ဝိပဿနာ တင်ကာ ရှုဆင်ခြင်၍ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန် အမြိုက်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ပါကြစေ ကုန်သတည်း။

ကဲ- တရားပွဲသိမ်းရန် အချိန်လဲ တန်ပါပြီ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကုန်သော သတ္တဝါ များကို မေတ္တာပွားပြီး တရားပွဲသိမ်းကြပါစို့၊

ဆောင်ပုဒ်။ ၁။ သုံးဆယ့်တစ်ဘုံ၊ ကျင်လည်ကုန်ငြား၊ လုံးစုံများစွာ သတ္တဝါ၊

ချမ်းသာကိုယ်စိတ် မြဲကြပါစေ။

၂။ ဘေးရန်ခပ်သိမ်း၊ ရှောင်ခွာတိမ်း၊ အေးငြိမ်းကြပါစေ။

၃။ စိုးရိမ်သောက၊ ဗျာပါဒ၊ မုချကင်းဝေးကြပါစေ၊

၄။ ကြံစည်သမျှ၊ လိုဆန္ဒ၊ ကောမကြာ ပြည့်ကြပါစေ။

မေတ္တာစိတ္တံ သုဘာဝေထ၊ အပ္ပမာဏံ ဟိတာဝဟံ။

မေတ္တံဟိ ဘာဝယိတွာန၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

(ရှေးနည်းအတိုင်း အနက်ပေးပြီး)

(အဘိဓမ္မာတယ်၍ တရားပွဲသိမ်းပါကုန်)

● ● ● ● ●

ပြီး

# သေမင်းကို မကြောက်ရန် တရား

မာနေတိ အာယုမာ အာယုံ၊ မာနေတိ ဓနဝါ ဓနံ။
တသ္မာ တံ သုပါလေန္တ၊ သော ဟိ လောကဓမ္မတာ။

ဘောန္တော၊ ဗုဒ္ဓညွန်ပြ၊ လမ်းစဉ်ကျအောင်၊ မုချလိုက်နာ၊ ကျင့်လေ့လာသည့်၊ သမ္မာစိတ်ထား၊ အို–အမျိုးကောင်း သားသမီးတို့။ လောကေ၊ ဖြစ်ပျက်မှုစုံ၊ လူဘုံဌာန၊ လူလောက၌။ အာယုမာ၊ ရှမ်နမ်နှစ်ချက်၊ စဉ်မပျက်ဘဲ၊ အသက်ရှိသောသူသည်။ အာယုံ၊ ရုပ်ဓာတ်နာမ်ဓာတ်၊ ပေါင်းယှဉ်လတ်၍၊ မပြတ်ဖြစ်ချက်၊ မိမိ၏ ဇီဝိန်အသက်ကို။ မာနေတိ၊ အသက်ရှင်သမျှ၊ လိုရာရ–ဟု၊ မှန်းဆရွယ်ကိုး၊ လွန်မြတ်နိုး၏။ ဓနဝါ၊ ရွှေငွေစိန်ကျောက်၊ ဖြိုးမောက်လျှံပယ်၊ ပေါပြည့်ကြွယ်ဘိ၊ ဥစ္စာရှိသူသည်။ ဓနံ၊ ရွှေငွေအစ၊ များလှစုံစွာ၊ စည်းစိမ်ဥစ္စာကို။ မာနေတိ၊ ယုယုယယ၊ တသသစွဲမက်၊ နှစ်သက်အားကိုး၊ မြတ်နိုးပေ၏။ တသ္မာ၊ ထိုသို့ မပစ်ရက်အောင်၊ စွဲမက်ကြရိုး၊ လွန်အားကိုးကာ၊ မြတ်နိုးကြလေသောကြောင့်။ တေ၊ အသက်၊ စည်းစိမ်၊ ဂုဏ်သိရ်အားထား၊ ထိုလူအများတို့သည်။ တံ၊ အသက်စည်းစိမ်၊ ဂုဏ်သိရ်ဖွံ့ဖြိုး၊ ထိုနှစ်မျိုးကို။ သုပါလေန္တိ၊ ကာယ ဉာဏ၊ နှစ်ဌာနဖြင့် စွမ်းစရှိသလောက်၊ မပျက်ပျောက်အောင်၊ ကောင်းစွာစောင့်ရှောက် ကြလေကုန်၏။ ဟိ၊ စင်စစ် ကေန်၊ အမှန်မူကား။ သော၊ စည်းစိမ်၊ အသက်၊ မှန်မပျက်သို့၊ ဆက်ဆက်ပံ့ထောက်၊ ဤ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်။ လောကဓမ္မတာ၊ လောကီလူများ၊ အစဉ်အားဖြင့်၊ လေးစားဆောင်ရွက်ရှေးမူမပျက်သည့်၊ အချက်မှန်စွာ၊ ဓမ္မတာထုံးတန်း၊ လမ်းရိုးလမ်းဟောင်းကြီး စင်စစ် ဖြစ်လေတော့သတည်း။

ဖြစ်ပျက်မှုစုံ၊ ဤလူ့ဘုံဌာန်၊ လူလောကကြီး၌ ဒီနေရာမှာ လူ့ဘုံလောက လူ့ဌာန-ဟု ဆိုရသော်လဲ တကယ်စစ်စစ်ကတော့ လူဘုံဌာန တခုထဲကိုသာ ဆိုလိုတာ မဟုတ်ပါဘူး၊ သုံးဆယ့်တဘုံ၊ မွေ့ထုံပျော်ပါး၊ သတ္တဝါအများနှင့် ဆက်ဆိုင်သဖြင့် သုံးဆယ့်တဘုံ အလုံးစုံကိုပင် ဆိုလိုပါတယ်၊ အမြင်ထင်ရှားပြီး မှတ်သား၍ လွယ်ကူအောင် အနီးကပ်နေတဲ့ လူ့ဘုံကိုသာဆွဲယူပြီး သုံးနှုန်းလိုက်ခြင်း ဖြစ်ပါတယ်။ ဒီလို နီးရာ ဆွဲယူသုံးတာကို စာအလိုတော့ ပစ္စာသန္န-နည်းတဲ့၊ ပစ္စာသန္နနည်းလို့ ခေါ်ရတယ်။ သို့ဖြစ်၍ သုံးဆယ့်တစ်ဘုံ-ဟု ဆိုအပ်သော ဤလောကကြီး၌ ကျင်လည်ခနကြကုန်သော သတ္တဝါတွေဟာ မိမိတို့ရဲ့ အသက်ဇီဝိတိန္ဒြေကို အလွန် နှစ်သက် မြတ်နိုးကြပေတယ်။ ဒါကြောင့်မို့ မိမိကိုယ်ကိုသာ မိမိအချစ်ဆုံး၊ မိမိအသက်ကိုသာ မိမိအချစ်ဆုံး၊ မိမိအသက်ကိုသာ မိမိအချစ်ဆုံး၊ အမြတ်နိုးဆုံးလို့ ဆိုကြရမယ်မဟုတ်လား။ တချို့ကတော့ ဆိုကြသေးတယ်။ "သူ့ကိုသာ အချစ်ဆုံးကွယ်" တဲ့။ သက်သက်ညာတဲ့ စကားဘဲနော်၊ ယုံရင်တော့ မှားကြပေလတံ့လို့ ဆိုရတော့မှာဘဲ၊ ကဲ-ရှိပါစေတော့။ နောက်မီး ရွှေငွေကျောက်သံ ပေါပြည့်လျှံအောင် စည်းစိမ်းဥစ္စာရကြတဲ့ သူတွေကလဲ မိမိတို့ရဲ့ စည်းစိမ်ဥစ္စာကို မြတ်နိုးကြ၊ နှစ်သက်ကြတာဘဲတဲ့။ ရာထူးဂုဏ်သိရ်ရှိကြတဲ့ သူများကလဲ မိမိတို့ ရာထူးကို နှစ်သက်ကြတယ်။ သို့အတွက်ကြောင့် မိမိတို့ နှစ်သက်မြတ်နိုးတဲ့ အသက်နှင့် စည်းစိမ်ဂုဏ်သိရ် မပျက်ရအောင် ကိုယ်အား၊ ဉာဏ်အား

စွမ်းအားရှိအမျှ စောင့်ရှောက်ကြ၊ ထိန်းသိမ်းကြ၊ ကာကွယ်ကြခြင်းဟာ ဓမ္မတာထုံးဟောင်း လမ်းကြောင်းကြီး ဖြစ်တယ်လို့ ဆိုလိုရင်းဖြစ်တယ်။

ဒီကနေ့တော့ ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒကာ၊ ဒကာမများတို့အား အနေလဲကောင်း၊ အသေလဲကောင်းသဖြင့် ခန္ဓာပြိုကွဲ သေပွဲဝင်ရလဲ မကြောက်မရွံ့ရတဲ့ "မကြောက်တရား" ကို ဟောကြားမည် ဖြစ်တယ်။ ရိုရိုသေသေ ကြိုးစားပြီး မှတ်သားနာယူကြပါ။

ဤလောကကြီးအတွင်း၌ ရှိကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှတို့သည် တဏှာလောဘ မကင်းကြသေးသဖြင့် ဖြစ်ရာဘုံဘဝ၊ ဖြစ်ရာဌာနမှာ မိမိတို့ဖြစ်ဆဲ ရုပ်၊ နာမ်၊ ခန္ဓာကို လွန်စွာစွဲလန်းတွယ်တာတဲ့ကြတာကလား။ ရုပ်နာမ်နှစ်ချက် ကွဲပြိုပျက်ပြီး သေပွဲဝင်ရမယ်၊ ခန္ဓာကိုယ်ပျက်ပြုန်း သေဆုံးရမှာ များဆိုရင် သတ္တဝါအားလုံး အကြောက်ရွံ့ဆုံး အချက်ကြီး ပေပေါ့။

သို့အတွက်ကြောင့် မြတ်စွာဘုရား လက်ထက်တော်ချိန်အခါက အခါတပါးမှာ ဇာဏုသောဏိ အမည်ရှိတဲ့ ပုဏ္ဏားကြီးတယောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရောက်ရှိလာတယ်၊ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ဝမ်းမြောက်ဝမ်းသာ စကားပြောကြားပြီးလျှင် သင့်လျော်ရာ နေရာအရပ်၌ ထိုင်နေသတဲ့၊ ဒီ ဇာဏုသောဏိ အမည်ရှိတဲ့ ပုဏ္ဏားကြီးဟာ ဗုဒ္ဓဝါဒီမဟုတ်ဘူး၊ ဗြာဟ္မဏဝါဒီ၊ ဗြာဟ္မဏဘာသာ အယူရှိတဲ့ ပုဂ္ဂိုလ်တဦးသာ ဖြစ်တယ်၊ သို့အတွက် မြတ်စွာဘုရားထံမှောက် ရောက်သော်လဲ အရိုအသေ၊ ရှိခိုးဦးချမှု မပြုဘဲ ဘုရားထံရောက်လျှင် ဝမ်းမြောက်ဘွယ် နှုတ်ဆက်စကား ပြောဆိုပြီး သင့်လျော်ရာမှာ နေရာယူပြီး ထိုင်နေခြင်း ဖြစ်တယ်တဲ့။

ယင်းကဲ့သို့ သင့်လျော်ရာ နေရာ၌ ထိုင်ပြီးလျှင် ဇာဏုသောဏိ အမည်ရှိတဲ့ ပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဤကဲ့သို့ လျှောက်ထားလိုက်သတဲ့။ ပုဏ္ဏားကြီးရဲ့ လျှောက်ထားချက်ကတော့—

> အဟံ ဟိ ဘောဂေါတမ ဧဝံ ဝါဒီ ဧဝံဒိဋ္ဌိ၊ "နတ္ထိ ယော မရဏဓမ္မော သမာနော
> နဘာယတိ၊ နသန္တာသံ အာပဇ္ဇတိ မရဏဿာ"တိ။

ဘောဂေါတမ၊ ဂေါတမနွယ်ဘွား၊ အို–အရှင်မြတ်ဘုရား။ အဟံ၊ ဇာဏုသောဏိ၊ အမည်ရှိသော အကျွန်ုပ်သည်။ "ယော၊ ဝိညာဉ်သင်လင်း၊ မကင်းရှိမူ၊ အကြင်သူသည်။ မရဏဓမ္မော၊ မလွဲမသွေ့၊ သေရခြင်းသဘောရှိသည်။ သမာနော၊ မုချမှန်စွာ ဖြစ်ပါလျက်။ နဘာယတိ၊ သေရမည့်အရေး၊ မြော်တွေးစိတ်ရောက်၊ မရွံ့ကြောက်တတ်ပေ။ မရဏဿ၊ ခန္ဓာယိုယွင်း၊ သေဆုံးရခြင်းမှ။ သန္တာသံ၊ အာရုံထွေပြန့်၊ ထိတ်လန့်ခြင်းသို့။ နအာပဇ္ဇတိ၊ အသိဉာဏ်သွင်း၊ ထင်လင်းမျက်မှောက်၊ မရောက်ပါချေ။ သော၊ သေရမည့်အရေး၊ မြော်တွေးမပြတ်၊ မကြောက်တတ်၊ မထိတ်လန့်တတ်သော ထိုသူမျိုးသည်။ နတ္ထိ၊ ခုရေနောင်ပါ၊ တယ်ချိန်ခါမျှ၊ မှန်စွာတိတိ၊ မရှိနိုင်ပါချေ" ဣတိ၊ ဤသို့။ ဧဝံဝါဒီ၊ ဤသို့မပြတ်၊ ချဉ်းကပ်သူအား၊ ပြောကြားလေ့ ရှိပါသည် ဘုရား။ ဧဝံ ဒိဋ္ဌိ၊ ဤသို့ဖြောင့်တန်း၊ စိတ်မှန်းစ ဉာဏ်ကူး၊ စွဲယူလေ့ရှိပါသည်ဘုရား။

ဂေါတမနွယ်ဘွား အို–အရှင်မြတ်ဘုရား၊ တပည့်တော်ကတော့ မိမိထံပါး ချဉ်းကပ်လာသူများအား ဤသို့ပြောကြားလေ့ ရှိပါတယ်၊ ဤသို့ စွဲလန်းယူဆလေ့ ရှိပါတယ်၊ တပည့်တော်၏ ယူဆချက်၊ ပြောဟောချက်မှာ ဤလောကကြီးအတွင်း၌ အကြင်သူသည် ခန္ဓာပျက်ပြုန်း သေဆုံး

# သေမင်းကို မကြောက်ရန် တရား

မာနေတိ အာယုမာ အာယုံ၊ မာနေတိ ဓနဝါ ဓနံ။
တသ္မာ တံ သုပါလေန္တာ၊ သော ဟိ လောကမမ္မတာ။

ဘောန္တော၊ ဗုဒ္ဓညွန်ပြ, လမ်းစဉ်ကျအောင်, မုချလိုက်နာ, ကျင့်လေ့လာသည့်, သမ္မာစိတ်ထား,အို–အမျိုးကောင်း သားသမီးတို့။လောကေ၊ ဖြစ်ပျက်မှုစုံ,လူ့ဘုံဌာန,လူလောက၌။ အာယုမာ၊ ရှမ်းနှမ်းနှံချက်, စဉ်မပျက်ဘဲ, အသက်ရှိသောသူသည်။ အာယုံ၊ ရုပ်ဇာတ်နာမ်ဇာတ်, ပေါင်းယှဉ်လက်၍, မပြတ်ဖြစ်ချက်, မိမိ၏ ဇီဝိန်အသက်ကို။ မာနေတိ၊ အသက်ရှင်သမျှ, လိုရာရ–ဟု, မှန်းဆရွယ်ကိုး, လွန်မြတ်နိုး၏။ ဓနဝါ၊ ရွှေငွေစိန်ကျောက်, ဖြိုးမောက်လျှံပယ်, ပေါပြည့်ကြွယ်ဘိ, ဥစ္စာရှိသူသည်။ ဓနံ၊ ရွှေငွေအစ, များလှစုံစွာ,စည်းစိမ်ဥစ္စာကို။ မာနေတိ၊ ယုယုယယ, တသစွဲမက်, နှစ်သက်အားကိုး, မြတ်နိုးပေ၏။ တသ္မာ၊ ထိုသို့ မပစ်ရက်အောင်, စွဲမက်ကြရိုး,လွန်အားကိုးကာ, မြတ်နိုးကြလေသောကြောင့်။ တေ၊ အသက်, စည်းစိမ်, ဂုဏ်သိရ်ဘားထား, ထိုလူအများတို့သည်။ တံ၊ အသက်စည်းစိမ်, ဂုဏ်သိရ်ဖွံ့ဖြိုး, ထိုနှစ်မျိုးကို။ သုပါလေန္တိ၊ ကာယ ဥာဏ, နှစ်ဌာနဖြင့် စွမ်းစရှိသလောက်, မပျက်ပျောက်အောင်, ကောင်းစွာစောင့်ရှောက် ကြလေကုန်၏။ ဟိ၊ စင်စစ် ကေန်, အမှန်မှုကား။ သော၊ စည်းစိမ်, အသက်, မှန်မပျက်သို့, ဆက်ဆက်ပံ့ထောက်, ဤ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်။ လောကမမ္မတာ၊ လောကီလူများ, အစဉ်အားဖြင့်, လေးစားဆောင်ရွက်ရှေးမှုမပျက်သည့်, ဒါချက်မှန်စွာ၊ ဓမ္မတာထုံးတန်း, လမ်းရိုးလမ်းဟောင်းကြီး စင်စစ် ဖြစ်လေတော့သတည်း။

ဖြစ်ပျက်မှုစုံ, ဤလူ့ဘုံဌာန, လူလောကကြီး၌ ဒီနေရာမှာ လူ့ဘုံလောက လူ့ဌာန-ဟု ဆိုရသော်လဲ တကယ်စစ်စစ်ကတော့ လူဘုံဌာန တခုထဲကိုသာ ဆိုလိုတာ မဟုတ်ပါဘူး၊ သုံးဆယ့်တဘုံ, မွေ့ထုံပျော်ပါး, သတ္တဝါအများနှင့် သက်ဆိုင်သဖြင့် သုံးဆယ့်တဘုံ အလုံးစုံကိုပင် ဆိုလိုပါတယ်၊ အမြင်ထင်ရှားပြီး မှတ်သား၍ လွယ်ကူအောင် အနီးကပ်နေတဲ့ လူ့ဘုံကိုသာဆွဲယူပြီး သုံးနှုန်းလိုက်ခြင်း ဖြစ်ပါတယ်။ ဒီလို နီးရာ ဆွဲယူသုံးတာကို စာအလိုတော့ ပစ္စာသန္န-နည်းတဲ့၊ ပစ္စာသန္နနည်းလို့ ခေါ်ရတယ်။ သို့ဖြစ်၍ သုံးဆယ့်တစ်ဘုံ-ဟု ဆိုအပ်သော ဤလောကကြီး၌ ကျင်လည်နေကြကုန်သော သတ္တဝါတွေဟာ မိမိတို့ရဲ့ အသက်ဇီဝိတိန္ဒြေကို အလွန် နှစ်သက် မြတ်နိုးကြပေတယ်။ ဒါကြောင့်မို့ မိမိကိုယ်ကိုသာ မိမိအချစ်ဆုံး, မိမိအသက်ကိုသာ မိမိအချစ်ဆုံး, မိမိအသက်ကိုသာ မိမိအချစ်ဆုံး, အမြတ်နိုးဆုံးလို့ ဆိုကြရမယ်မဟုတ်လား။ တချို့ကတော့ ဆိုကြသေးတယ်။ "သူ့ကိုသာ အချစ်ဆုံးကွယ်" တဲ့။ သက်သက်ညာတဲ့ စကားဘဲနော်၊ ယုံရင်တော့ မှားကြပေလတံ့လို့ ဆိုရတော့မှာဘဲ၊ ကဲ-ရှိပါစေတော့။ နောက်မီး ရွှေငွေကျောက်သံ ပေါပြည့်လျှံအောင် စည်းစိမ်ဥစ္စာရကြတဲ့ သူတွေကလဲ မိမိတို့ရဲ့ စည်းစိမ်ဥစ္စာကို မြတ်နိုးကြ, နှစ်သက်ကြတာဘဲတဲ့။ ရာထူးဂုဏ်သိရ်ရှိကြတဲ့ သူများကလဲ မိမိတို့ ရာထူးကို နှစ်သက်ကြတယ်။ သို့အတွက်ကြောင့် မိမိတို့ နှစ်သက်မြတ်နိုးတဲ့ အသက်နှင့် စည်းစိမ်ဂုဏ်သိရ် မပျက်ရအောင် ကိုယ်အား, ဥာဏ်အား,

စွမ်းအားရှိအမျှ စောင့်ရှောက်ကြ၊ ထိန်းသိမ်းကြ၊ ကာကွယ်ကြခြင်းဟာ ဓမ္မတာထုံးဟောင်း လမ်းကြောင်းကြီး ဖြစ်တယ်လို့ ဆိုလိုရင်းဖြစ်တယ်။

ဒီကနေ့တော့ ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒကာ၊ ဒကာမများတို့အား အနေ့လဲကောင်း၊ အသေလဲကောင်းသဖြင့် ခန္ဓာပြိုကွဲ သေပွဲဝင်ရလဲ မကြောက်မရွံ့ရတဲ့ "မကြောက်တရား" ကို ဟောကြားမည် ဖြစ်တယ်။ ရိုရိုသေသေ ကြိုးစားပြီး မှတ်သားနာယူကြပါ။

ဤလောကကြီးအတွင်း၌ ရှိကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှတို့သည် တဏှာလောဘ မကင်းကြသေးသဖြင့် ဖြစ်ရာဘုံဘဝ၊ ဖြစ်ရဌာနမှာ မိမိတို့ဖြစ်ဆဲ ရုပ်၊ နာမ်၊ ခန္ဓာကို လွန်စွာ စွဲလန်းတွယ်တာတော်ကြတာကလား။ ရုပ်နာမ်နှစ်ချက် ကွဲပြိုပျက်ပြီး သေပွဲဝင်ရမယ်၊ ခန္ဓာကိုယ် ပျက်ပြုန်း သေဆုံးရမှာ များဆိုရင် သတ္တဝါအားလုံး အကြောက်ရွံ့ဆုံး အချက်ကြီး ပေပေါ့။

သို့အတွက်ကြောင့် မြတ်စွာဘုရား လက်ထက်တော်ချိန်အခါက အခါတပါးမှာ ဇာဏုသောဏိ အမည်ရှိတဲ့ ပုဏ္ဏားကြီးတယောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရောက်ရှိလာတယ်၊ မြတ်စွာဘုရား ထံ ချဉ်းကပ်ပြီး ဝမ်းမြောက်ဝမ်းသာ စကားပြောကြားပြီးလျှင် သင့်လျော်ရာ နေရာအရပ်၌ ထိုင်နေသတဲ့၊ ဒီ ဇာဏုသောဏိ အမည်ရှိတဲ့ ပုဏ္ဏားကြီးဟာ ဗုဒ္ဓဝါဒီမဟုတ်ဘူး၊ ဗြာဟ္မဏဝါဒီ၊ ဗြာဟ္မဏ ဘာသာ အယူရှိတဲ့ ပုဂ္ဂိုလ်တဦးသာ ဖြစ်တယ်၊ သို့အတွက် မြတ်စွာဘုရားထံမှောက် ရောက်သော်လဲ အရိုအသေ၊ ရှိခိုးဦးချမှု မပြုဘဲ ဘုရားထံရောက်လျှင် ဝမ်းမြောက်ဘွယ် နှုတ်ဆက်စကား ပြောဆိုပြီး သင့်လျော်ရာမှာ နေရာယူပြီး ထိုင်နေခြင်း ဖြစ်တယ်တဲ့။

ယင်းကဲ့သို့ သင့်လျော်ရာ နေရာ၌ ထိုင်ပြီးလျှင် ဇာဏုသောဏိ အမည်ရှိတဲ့ ပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဤကဲ့သို့ လျှောက်ထားလိုက်သတဲ့။ ပုဏ္ဏားကြီးရဲ့ လျှောက်ထားချက်ကတော့—

> အဟံ ဟိ ဘောဂေါတမ ဧဝံ ဝါဒီ ဧဝံဒိဋ္ဌိ၊ "နတ္ထိ ယော မရဏဓမ္မော သမာနော
> နဘာယတိ၊ နသန္တာသံ အာပဇ္ဇတိ မရဏဿာ"တိ။

ဘောဂေါတမ၊ ဂေါတမနွယ်ဘွား၊ အို–အရှင်မြတ်ဘုရား။ အဟံ၊ ဇာဏုသောဏိ၊ အမည်ရှိသော အကျွန်ုပ်သည်။ "ယော၊ ဝိညာဉ်ဘင်လင်း၊ မကင်းရှိမှု၊ အကြင်သူသည်။ မရဏဓမ္မော၊ မလွဲမသွေ သေရခြင်းသဘောရှိသည်။ သမာနော၊ မုချမှန်စွာ ဖြစ်ပါလျက်။ နဘာယတိ၊ သေရမည့် အရေး၊ မြော်တွေးစိတ်ရောက်၊ မရွံ့ကြောက်တတ်ပေ။ မရဏဿ၊ ခန္ဓာယိုယွင်း၊ သေဆုံးရခြင်းမှ။ သန္တာသံ၊ အာရုံထွေပြန့်၊ ထိတ်လန့်ခြင်းသို့။ နအာပဇ္ဇတိ၊ အသိဉာဏ်သွင်း၊ ထင်လင်းမျက်မှောက်၊ မရောက်ပါချေ။ သော၊ သေရမည့်အရေး၊ မြော်တွေးမပြတ်၊ မကြောက်တတ်၊ မရွံ့တတ်သော ထိုသူမျိုးသည်။ နတ္ထိ၊ ခုရောနောင်ပါ၊ ဘယ်ချိန်ခါမျှ၊ မှန်စွာတိတိ၊ မရှိနိုင်ပါချေ။" ဣတိ၊ ဤသို့။ ဧဝံဝါဒီ၊ ဤသို့မပြတ်၊ ချဉ်းကပ်သူအား၊ ပြောကြားလေ့ ရှိပါသည် ဘုရား။ ဧဝံ ဒိဋ္ဌိ၊ ဤသို့ဖြောင့်တန်း၊ စိတ်မှန်းစဉ်းကူး၊ စွဲယူလေ့ရှိပါသည်ဘုရား။

ဂေါတမနွယ်ဘွား အို–အရှင်မြတ်ဘုရား၊ တပည့်တော်ကတော့ မိမိထံပါး ချဉ်းကပ်လာသူများအား ဤသို့ပြောကြားလေ့ ရှိပါတယ်၊ ဤသို့ စွဲလန်းယူဆလေ့ ရှိပါတယ်၊ တပည့်တော်၏ ယူဆချက်၊ ပြောဟောချက်မှာ ဤလောကကြီးအတွင်း၌ အကြင်သူသည် ခန္ဓာပျက်ပြုန်း သေဆုံး

ခြင်းသဘောရှိသည် ဖြစ်လျက် သေရမည့်အရေးကို ကြံတွေးပြီး မကြောက်တတ်, သေရခြင်းမှ မထိတ်မလန့် မတုန်လှုပ်တတ်။ ထိုသို့ သေဆုံးရခြင်းကို မကြောက်ရွံ့တတ်, မထိတ်လန့်တတ်သောသူ မည်သည် ယခုအခါမှာလဲ မရှိပေ၊ နောက်လည်း ဘယ်တော့မှ ရှိနိုင်မည် မဟုတ်၊ သတ္တဝါအားလုံးတို့သည် ခန္ဓာပျက်ပြုန်း သေဆုံးရခြင်းသဘောကို ကြောက်ရွံ့ကြ, ထိတ်လန့်ကြသည်ချည်းသာ ဖြစ်တယ်-ဟု ပြောဆိုလေ့ ရှိပါတယ်ဘုရား၊ ဒီလိုယူဆထားပါတယ် ဘုရား။

မိမိထံမှောက် ချဉ်းကပ်ရောက်ရှိလာကြသည့် သူအများအား ဒီလိုဘဲ ဟောကြားလေ့, ပြောဆိုလေ့ ရှိပါတယ်ဘုရား-ဟု ဟောမြွက်ပြောဆိုတတ်တဲ့ သဘောတရားကို မိမိ၏ ခံယူချက်နှင့် ပတ်သက်ပြီး မြတ်စွာဘုရားအား လျှောက်ထားလိုက်ပါတယ်။

ရှေးခေတ်အခါက အယူဝါဒ ဘာသာရေး ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများဟာ မိမိတို့နှင့် အယူဝါဒချင်း မတူသော ဂဏပါမောက္ခဂိုဏ်း ခေါင်းဆောင်ကြီးများထံသို့ အခါအားလျော်စွာ သွားရောက်ပြီး ဝါဒရေးရာ ဆွေးနွေးကြ, သမ္မောဒနီယကထာခေါ်တဲ့ ဝမ်းမြောက်ဘွယ်စကားများကို ပြောဆိုကြ, သာရဏီယကထာခေါ်တဲ့ အသက်ထက်ဆုံး မမေ့အပ်တဲ့ စကားများကို ပြောဆိုကြတဲ့ အလေ့အထ ရှိကြပါတယ်။ ရံခါ မြတ်စွာဘုရားက တိတ္ထိတို့၏ ကျောင်းအရာမ်သို့ ၎င်း, ဗြာဟ္မဏဝါဒီဆရာကြီးများထံသို့ ၎င်း ကြွသွားပြီး ဆွေးနွေးခြင်း, အလ္လာပ သလ္လာပ စကားပြောကြားခြင်းများကို ပြုတော်မူလေ့ ရှိပါတယ်။ ဆွေးနွေးရာမှ တရားဟောတော်မူ၍ အချို့လဲ သရဏဂုံတည်, သီလယူ, မဂ်ဖိုလ်ရခြင်း-စသော အကျိုးများကို ရရှိသွားကြပါတယ်။ ဘုရားရှင်၏ တပည့်သာဝကများဖြစ်တဲ့ ရှင်သာရိပုတ္တရာ စသော မထေရ်များလဲ တိတ္ထိတို့ ကျောင်းအရာမ်သို့ အကြောင်းအားလျော်စွာ ကြွရောက်ပြီး တရားဆွေးနွေးလေ့ ရှိကြတယ်။

တိတ္ထိဆရာကြီးများ, ပရိဗိုဇ်များ, ဗြာဟ္မဏဝါဒီ ဆရာကြီးများကလဲ သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ မကြာခဏ ရောက်လာကြပြီး မိမိတို့ ထင်မြင်ယူဆချက်များ, ဝါဒရေးရာများကို တင်ပြဆွေးနွေးလေ့ ရှိကြပါတယ်။ ဆွေးနွေးခြင်းသည် အသိဉာဏ်တိုးပွားခြင်း၏ အကြောင်းရင်းမဟုတ်ပါလား။ အယူဝါဒ ဘာသာရေးဆိုတာ အသိဉာဏ်အပေါ်မှာ အခြေတည်ပါတယ်။ အသိဉာဏ်ရင့်မှ အတွေးအခေါ်, အယူအဆဆိုတာလဲ မြင့်ပါတယ်။ မိမိနှင့် ဘာသာမတူလျှင် ရန်သူ, အယူဝါဒ မတူမျှလျှင် ရန်သူ-ဟု စွဲယူသတ်မှတ်လျှင် စိတ်ဓာတ်မြင့်မြတ်သူတို့ရဲ့ လမ်းစဉ် မဟုတ်နိုင်ဘူးပေါ့။ ယခုလဲ ဗြာဟ္မဏဝါဒီဖြစ်တဲ့ ဇာဏုဿောဏိ အမည်ရှိသော ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး သူ့ရဲ့ ယူဆချက်ကို တင်ပြဆွေးနွေးလာခြင်း ဖြစ်ပါတယ်။

ထိုအခါ မြတ်စွာဘုရားက—

အတ္ထိ ဗြာဟ္မဏ မရဏ ဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏဿ။ အတ္ထိ ပန ဗြာဟ္မဏ မရဏ ဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏဿ။ (အံ-စတုက္က-အဘယသုတ္တ-၄၉၂)။

ဗြာဟ္မဏ၊ ဇာဏုဿောဏိ, မည်ရှိထင်ရှား, ပုဏ္ဏား။ ယောပုဂ္ဂလော၊ ဦးဖြူ ဦးမဲ, ခွဲခြားသတ်မှတ်, တတ်အပ်မဆို, အကြင်ပုဂ္ဂိုလ်သည်။ မရဏဓမ္မော၊ ခန္ဓာပျက်ပြုန်း, သေဆုံးရခြင်း

သဘော ရှိသည်။ သမာနော၊ မလွဲကေန်, အမှန်စင်စစ်, ဖြစ်ပါတုံလျက်။ ဘာယတိ၊ မိန်းမော တွေဝေ, စိတ်နေချောက်ချား, ဖောက်ပြားနောက်တွန့်, ကြောက်ရွံ့တတ်ပေ၏။ မရဏဿ၊ သေရ အံ့သော, အမှန်သဘောမှ။ (ဝါ) သေရန်မဝေး, ကြောက်ဘွယ်ဘေးမှ။ သန္တာသံ၊ အားရုံတွေပြန့်, ထိတ်လန့်ခြင်းသို့။ အာပဇ္ဇတိ၊ အသိဉာဏ်တိမ်းပါး, ထင်ရှားမျက်မှောက်, ဆိုက်ရောက်လေ၏။ သောပုဂ္ဂလော၊ သေရမည့်ဘေး, ပြေးမလွတ်သာ, တွေ့ကြုံလာက, မှန်စွာနောက်တွန့်, ကြောက်ရွံ့ ထိတ်လန့်တတ်သော ထိုပုဂ္ဂိုလ်မျိုးသည်။ အတ္ထိ၊ ထင်ရှားမျက်မြင်, အမှန်ပင်ရှိလေ၏။ ပန၊ ရှေးနှင့် မတူ, တမူထူးခြား, နောက်တပါးကား။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ယောပုဂ္ဂလော၊သည်။ မရဏဓမ္မော၊ သည်။ သမာနော၊လျက်။ နဘာယတိ၊သေမည့်ဘေးမှ, ကြုံတွေ့နောက်တွန့်, မကြောက်ရွံ့တတ်ပေ။ မရဏဿ၊မှ။သန္တာသံ၊သို့။ နအာပဇ္ဇတိ၊သမ္ဗောဓိတရား, ဉာဏ်ယှဉ်ထားသဖြင့်, ထွေပြားစိတ်ဖောက်, မရောက်နိုင်ပေ။ သောပုဂ္ဂလော၊ သေရမည့်ဘေး၊ ပြေးမလွတ်သာ၊ တွေ့ကြုံလာလည်း၊ လွန်စွာ နောက်တွန့်, ကြောက်ရွံ့ထိတ်လန့်ခြင်း သဘောမရှိသော ထိုပုဂ္ဂိုလ်မျိုးသည်။ အတ္ထိ၊ ကြောက်သူ ရှိမူ, မကြောက်သူလည်း, နည်းတူမလွဲ ရှိရမြဲမို့, စွဲမှတ်သတိ, အမှန်ပင် ရှိနိုင်လေတော့သတည်း။

ဇာနုသောဏိ၊ မည်ရှိထင်ရှား, အို-ပုဏ္ဏား-

၁။ ဤလောကဌ် ခန္ဓာပြိုကွဲ ဖြစ်ရမြဲမို့ မလွဲပကတိ, စုတိပြတ်ကြွေ သေလွန်ရခြင်း သဘောရှိပါလျက် ထိုသေခြင်းတရား သေသုံးရခြင်းဘေးမှ ကြောက်ရွံ့ ထိတ်လန့် တတ်သော ပုဂ္ဂိုလ်မည်သည်လည်း ရှိပေ၏။

၂။ စုတိပြတ်ကြွေ သေလွန်ရခြင်းသဘောရှိပါလျက် ထိုသေရမည့်ဘေး သေခြင်းသဘော တရားမှ မကြောက်ရွံ့ မထိတ်လန့်တတ်သော သဘောရှိသော ပုဂ္ဂိုလ်မည်သည်လည်း ရှိပေ၏-ဟု ကြောက်တတ်, မကြောက်တတ် နှစ်ရပ်ရှိပုံကို မိန့်ကြားပြီးနောက် - ထို နှစ်မျိုးကိုပင် အသီးသီး ဝေဘန်ပိုင်းခြား ဟောကြားတော်မူလိုသဖြင့်-

ကတမောစ ဗြာဟ္မဏ မရဏ ဓမ္မော သမာနော၊ ဘာယတိ၊ သန္တာသံ အာ ပဇ္ဇတိ မရဏဿ။ (ငင်းသုတ်)ဟူသော အမေးပုစ္ဆာကိုထုတ်က-

ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏား-

အဘယ်ပုဂ္ဂိုလ်မျိုးသည် စုတိပြတ်ကြွေ သေလွန်ရခြင်းသဘောရှိလျက် သေလွန်ခြင်း သေရ အံ့သောဘေးမှ ကြောက်ရွံ့, ထိတ်လန့်လေသနည်း-ဟု ဆိုလျှင်- ဇာဏုသောဏိ မည်ရှိထင်ရှား အို-ပုဏ္ဏား-

ဤ လောကဌ် အချို့သော ပုဂ္ဂိုလ်သည် ဝတ္ထုကာမ ရုံ ကာမဂုဏ်တို့၌ မကင်းသော တဏှာ ရာဂဖြင့် တွယ်တာတပ်မက် မခွဲရက်အောင် စွဲမက်ပြီးနေတယ်။ မွတ်သိပ် ဆာလောင်ပြီးသာ နေတယ်။ နောက်ကာလ၌ ကာမဂုဏ်အာရုံကို ခုံမင်တပ်မက် မခွဲရက်လေသော ထိုပုဂ္ဂိုလ်ကို ပြင်းထန်သော အနာရောဂါ စွဲကပ်ပြီးလာတယ်။ ထိုသို့ ပြင်းထန်လှစွာ အနာရောဂါ စွဲကပ်သော ထိုပုဂ္ဂိုလ်အား ဤကဲ့သို့ စိတ်အကြံတွေ ဖြစ်ပေါ်ပြီး နေတော့သတဲ့။

ပိယာ ဝတ မံ ကာမာ ဇဟိဿန္တိ၊ ပိယေ စာဟံ ကာမေ ဇဟိဿာမိ၊
(အံ ၄-အဘယသုတ်)။

စတ၊စင်စစ်။ ပိယာ၊ မခွဲရက်အောင်။ ချစ်ခင်နှစ်သက် အပ်ကုန်သော။ ကာမာ၊ ဝတ္ထုအာရုံ, ကာမဂုဏ်တို့သည်။ မံ၊ ငါ့ကို။ ဇဟိဿန္တိ၊ အမှန်တကယ် ပယ်စွန့်ကြပေကုန်လတံ့။ အဟဉ္စ၊ ငါသည်လည်း။ ပိယေ၊ နှလုံးပိတ်ခေတ်, ငြိကပ်အစဉ်, ချစ်ခင်အပ်ကုန်သော။ ကာမေ၊ ဝတ္ထုအာရုံ, ကာမဂုဏ်တို့ကို။ ဇဟိဿာမိ၊ ပယ်စွန့်ရပေတော့အံ့။

ငါချစ်ခင်အပ်သော အာရုံငါးပါး ကာမဂုဏ်တရားတို့က ငါ့ကို စွန့်ပစ်ကြကုန်တော့မည်။ ငါကလည်း ငါချစ်ခင်အပ်သော, နှစ်သက်မြတ်နိုးအပ်သော အာရုံငါးပါး ကာမဂုဏ်တရားများကို စွန့်ပစ်ရပေတော့မည်-ဟု ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် အကြံအစည်တွေဖြစ်ပြီး နေတော့တယ်။ ဒီလိုစိတ်ခေတ်တွေ စိုးနှောက်လာတော့အသေလဲ မဖြောင့်နိုင်တော့ဘူး ပေါ့။

သော သောစတိ ကိလမတိ ပရိဒေဝတိ၊ ဥရတ္တာဠိံ ကန္ဒတိ၊ သမ္မောဟံ အာပဇ္ဇတိ။
အယံ ခေါ ဗြာဟ္မဏ မရဏ ဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏဿ။ (အံ-၄- အဘယသုတ်)။

သောပုဂ္ဂလော၊ ကာမဂုဏ်များ,အာရုံမှားသည့်, တရားယွင်းယို, ထိုပုဂ္ဂိုလ်သည်။သောစတိ၊ စိုးရိမ်လည်းစိုးရိမ်၏။ ကိလမတိ၊ ပင်ပန်းလည်း ပင်ပန်း၏။ ပရိဒေဝတိ၊ ငိုကြွေးမြည်တမ်း၏။ ဥရတ္တာဠိံ၊ ရင်ဘတ်စည်တီး။ ကန္ဒတိ၊ ငိုကြွေးမြည်တမ်း ပြောဆို၏။ သမ္မောဟံ၊ ပြင်းစွာတွေဝေခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ဗြာဟ္မဏ၊ ပုဏ္ဏား။ အယံပုဂ္ဂလော၊ ဤ ဆိုအပ်ပြီးသောပုဂ္ဂိုလ်သည်။ ခေါ၊ စင်စစ်။ မရဏဓမ္မော၊ သည်။ သမာနော၊ လျက်။ ဘာယတိ၊ သေခြင်းတရားမှ ကြောက်ရွံ့လေ၏။ မရဏဿ၊ မှ။ သန္တာသံ၊ သို့။ အာပဇ္ဇတိ၊ ထင်ရှားမသေ့, ရောက်ရလေ၏။ (ဝါ) အာပဇ္ဇတိ၊ အသိဉာဏ် အမှန်မသွင်းနိုင်ပါက, သတိအကြံ, လျှံကာဆင်းသဖြင့်, မကောင်းအချေ ရောက်ရှိရလေတော့သတည်း။

ဤကဲ့သို့ ချစ်ခင်တွယ်တာသော အာရုံငါးဖြာ, ကာမဘဏ္ဍာကို စွန့်ခွာရမည့်အရေး တွေ့ကြုံလာသောအခါ ချစ်ခင်နှစ်သက်လှစွာသော အာရုံငါးပါး ကာမဂုဏ်တရားကို တွေးတောကြံစည်ယင်း စိုးရိမ်ပူဆွေး ငိုကြွေးပင်ပန်းမှုတွေ ဖြစ်လာတော့တယ်။ ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏား–ဤပုဂ္ဂိုလ်သည် သေလွန်ရခြင်းသဘောရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ ကြောက်ရွံ့ထိတ်လန့်သော ပုဂ္ဂိုလ်မည်ပေတယ်။ မှတ်မိလွယ်အောင် ဒီလင်္ကာလေး ဆိုထားလိုက်ပါ။

ဆောင်ပုဒ်။ ကာမဘဏ္ဍာ၊ ငြိတွယ်တာ၊ သေမှာကြောက်ရွံ့သည်။

ဇာဏုသောဏိ၊ အမည်ရှိသော ပုဏ္ဏား- ထိုမှတပါး ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိ၏ခန္ဓာကိုယ်အပေါ်၌ မကောင်းသောတဗျာဖြင့် ပြင်းထန်စွာ စွဲငြိလျက်နေတယ်။ ထိုပုဂ္ဂိုလ်အား နောက်အချိန်အခါတွင် ပြင်းထန်သော သေပျောက်နိုင်သော အနာရောဂါ ဝေဒနာဒဏ်ချက် နှိပ်စက်၍လာလျှင် ထိုပြင်းထန်စွာသော အနာရောဂါ ဝေဒနာဒဏ်ချက် နှိပ်စက်ခံရသော ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်၌ ဤကဲ့သို့ ကြံစည်မှုတွေ ဖြစ်ပေါ်လာသတဲ့။

မိယောဝတာ မံ ကာယော ဇဟိဿတိ၊ ပိယဥ္စာဟံ ကာယံ ဇဟိဿာမိ။

မံ၊ငါ့ကို။ ပိယော၊ မခွဲရက်အောင် စွဲမက်အစဉ် ငါချစ်ခင် နှစ်သက်အပ်သော။ ကာယော၊ ကိုယ်ခန္ဓာ ရူပကာယသည်။ ဝတ၊စစ်စစ်ကေန်, အမှန်တကယ်။ ဇဟိဿတိ၊ ပယ်စွန့်ပေလတ့်။ (ဝါ) ပယ်စွန့်တော့မည် တကား။ အဟဥ္စ၊ ငါသည်လည်း။ ပိယံ၊ မခွဲရက်အောင်, စွဲမက်အစဉ်, ချစ်ခင်နှစ်သက်အပ်သော။ ကာယံ၊ ဤကိုယ်ကာယကို။ ဇဟိဿာမိ၊ မလွဲမသွေ, ရောဂါမွေ့သဖြင့်, ပယ်စွန့်ရပေတော့မည်တကား။

ဒီလိုကြံစည်မှု တွေးတောမှုတွေ ဖြစ်လာပြီးလျှင် စိုးရိမ်သောကတွေ ရောက်လာတယ်၊ ကိုယ်စိတ်ညှိုးနွမ်း ပင်ပန်းလာတယ်၊ ရင်ဘတ်စည်တီး ထန်သီး ပူဆွေး ငိုကြွေး မြည်တမ်းနေတယ်၊ ဤပုဂ္ဂိုလ်မျိုးသည်လည်း သေရအံ့သော သဘောကေန် အမှန်ပင်ရှိပါလျက် သေခြင်းတရား— သေရမည့်ဘေးမှ လွန်စွာနောက်တွန့်ပြီး ကြောက်ရွံ့ ထိတ်လန့်သော ပုဂ္ဂိုလ်ပင် ဖြစ်ပေတယ်တဲ့။ ကဲ— မှတ်မိလွယ်အောင် လိုက်ဆိုလိုက်ပါဦး။

ဆောင်ပုဒ်။ ဤကိုယ်ခန္ဓာ၊ ငြိတွယ်တာ၊ သေမှာ ကြောက်ရွံ့သည်။

ဇာဏုသောဏိ၊ အမည်ရှိငြား၊အို–ပုဏ္ဏား၊ထို့မှတပါး ဤလောက၌ အချို့သောပုဂ္ဂိုလ်သည်၊ ကြောက်ရွံ့ခြင်းဘေးကို ကာကွယ်တားဆီးပေးတတ်သော ကုသိုလ်ကောင်းမှု အစုစုကို မပြုမလုပ်ရသေးပေ။ သံသရာ၌ အစဉ်လိုက်ပြီး ဆိုးကျိုးမှန်သမျှ ဆောင်ပေးနိုင်သော အကုသိုလ်မကောင်းမှု အစုစုကိုသာ ကြိမ်ဖန်မပြတ် အထပ်ထပ် ပြုလုပ်ပြီး ဖြစ်နေတယ်။ ကောင်းမှုနည်းပါး မကောင်းမှု များသော ထိုပုဂ္ဂိုလ်သည် နောက်အခါကာလဝယ် စုတိပြတ်ကြွေ သေလွန်ခါနီး၌ အနာရောဂါ ဝေဒနာပြင်းထန်စွာ ဖြစ်ပွားနှိပ်စက်လေလျှင် ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်အစဉ်မှာ"ငါသည်မကောင်းမှု အကုသိုလ်တရားဆိုး အမျိုးမျိုးကိုသာ လွန်ကျူးခဲ့ ပြုလုပ်ခဲ့မိပေသည်။ မိမိ၏ ကိုးကွယ်ရာ ဆောက်တည်ရာ မှီခိုရာဖြစ်သော ကုသိုလ်ကောင်းမှုမျိုးကိုမူ ကြိုးစား၍ မပြုလုပ်ခဲ့မိပါချေတကား။

> ယာဝတာ ဘော အကတ ကလျာဏာနံ အကတ ကုသလာနံ၊ အကတ ဘီရုတ္တာဏာနံ
> ကတပါပါနံ ကတလုဒ္ဒါနံ ကတကိဗ္ဗိသာနံဂတိ၊ တံဂတိံ ပေစ္စ ဂစ္ဆာမိ။
>
> (အံ-စတုက္က-၄၉၄–အဘယသုတ္တ)။

ဘော၊ မိတ်ဆွေရောင်းရင်း, အချင်းတို့။ (ဝါ) အို – လူများတို့။ ယာဝတာ၊အကြင်မျှလောက်။ အကတ ကလျာဏာနံ၊မပြုအပ်သေးသော ကောင်းမှုရှိကုန်သော။ အကတ ကုသလာနံ၊ မပြုအပ်သေးသော ကုသိုလ်ရှိကုန်သော။ အကတဘီရုတ္တာဏာနံ- မပြုအပ်သေးသော ကြောက်ရွံ့ခြင်းကို တားမြစ်တတ်သော ကုသိုလ်ရှိကုန်သော။ ကတပါပါနံ၊ ပြုအပ်ပြီးသော မကောင်းမှု ရှိကုန်သော။ ကတလုဒ္ဒါနံ၊ ကြမ်းကြုပ်သော အမှုရှိကုန်သော။ ကတကိဗ္ဗိသာနံ၊ ပြုအပ်ပြီးသော ညစ်ညူးခြင်း ရှိကုန်သော။ ပုဂ္ဂလာနံ၊ ဒုစရိုက်သမား ပုဂ္ဂိုလ်များအား။ ယာဂတိ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်တည်းဟူသော ဒုဂ္ဂတိဘုံလေးဖြာ အကြင်လားရောက်ရာသည်။ အတ္ထိ၊ အမှန်ပကတိ ထင်ရှားရှိ၏။ အဟံ၊ မကောင်းရာပြု, ကောင်းမှုကင်းကွာ, ငါသည်မှာကား။ ပစ္စ၊ ဘဝလှမ်းမဝေး

လှသော တမလွန်လောက၌။ ဂစ္ဆာမိ၊ လွဲမထွက်သာ, ရှောင်ခွာမလွဲ, ကိုယ့်ကံနဲ့သဖြင့်, ဆင်းရဲဘို့ အခြေ လားရပေမည်သာတည်း။

ကောင်းမှုကိုတော့ တွန့်ဆုပ်ပြီး မပြုလုပ်ခဲ့၊ မကောင်းမှုများကိုသာ ကြိုးစားပြီး လွန်ကျူး ပြုလုပ်ခဲ့သော ငါအား မကောင်းမှုပွား ဒုစရိုက်သမားတို့၏လားရာ ဒုဂ္ဂတိအဝဆို တမလွန်လောက တွင် သေချာစွာ လားရောက်ရပေတော့မည်-ဟု ကြံစည်တွေးတောပြီးလျှင် စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်း ပင်ပန်း တွေဝေမှုတွေ ဖြစ်ရလေတော့တယ်။ ဤပုဂ္ဂိုလ်သည်လည်း သေရခြင်းသဘော အမှန် တရားရှိပါလျက်- သေရမည့်ဘေး, သေခြင်းတရားမှ လွန်စွာ ကြောက်ရွံ့ထိတ်လန့်တတ်သော ပုဂ္ဂိုလ်မည်ပေတယ်။ လွယ်လွယ်မှတ်မိသွားအောင် လင်္ကာလေးတပုဒ် ဆိုလိုက်ကြဦးစို့။

**ဆောင်ပုဒ်။ ကောင်းမှုမပြု၊ မကောင်းပြု၊ သေမှုကြောက်ရွံ့သည်။**

ဓာဏုသောဏိ အမည်ရှိပြေား- အို-ပုဏ္ဏား-ထိုမှတပါး ဤလောက၌ အချို့သော ပုဂ္ဂိုလ် သည် ယုံမှားခြင်း ရှစ်ပါးဖြင့် ယုံမှားနေတယ်၊ ဒီယုံမှားခြင်း (၈) ပါးဆိုတာကတော့-

> ကင်္ခီ ဟောတိတိ ဗုဒ္ဓ ဓမ္မ သံဃ ဂုဏေသုစေဝ သိက္ခာယစ ပုဗ္ဗန္တေစ အပရန္တေစ ပုဗ္ဗန္တာ ပရန္တေစ ပဋိစ္စသမုပ္ပါဒေစာတိ အဋ္ဌသုဌာနေသု ကင်္ခါယ သမန္နာဂတော ဟောတိ။ (အင်္ဂုတ္တရ-၄-ဒု-၃၅၉)။

ဟူ၍ အင်္ဂုတ္တရ အဋ္ဌကထာ၌ ဖွင့်ပြသည့်အတိုင်း—

၁။ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်၌ ယုံမှားခြင်း။

၂။ တရားတော်၏ ဂုဏ်တော် ကျေးဇူးတော်၌ ယုံမှားခြင်း။

၃။ သံဃာတော်၏ ဂုဏ်တော် ကျေးဇူးတော်၌ ယုံမှားခြင်း။

၄။ အဓိသီလ, အဓိစိတ္တ, အဓိ ပညာ-ဟု ဆိုအပ်သော သီလ,သမာဓိ,ပညာ, သုံးပါးသော သိက္ခာတရား၌ ယုံမှားခြင်း။

၅။ သံသရာ၏ ရှေ့အစွန်း၌ ယုံမှားခြင်း။

၆။ သံသရာ၏ နောက်အစွန်း၌ ယုံမှားခြင်း။

၇။ သံသရာ၏ ရှေ့အစွန်း, နောက်အစွန်း နှစ်ပါးလုံး၌ ယုံမှားခြင်း။

၈။ ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်း-ဟု ဆိုအပ်သော ယုံမှားခြင်း ရှစ်ပါးနှင့် ပြည့်စုံ နေတယ်။

ဒီယုံမှားခြင်း ရှစ်ပါးကို မှတ်မိလွယ်အောင် အကျဉ်းချုပ်၍ ဒီလိုမှတ်သားကြပေတော့-

**ဆောင်ပုဒ်။ ဗု, ဓံ, သံ, ဋိ၊ စွန်း,တိ, သိ၊ ရှစ်ရှိ ယုံမှားခြင်း။**

အဓိပ္ပာယ်ကတော့ ဗု-ဆိုတာက ဘုရား၊ ဓံ-တရား၊ သံ-သံဃာ၊ ဋိ-ပဋိစ္စသမုပ္ပါဒ် တရား၊ စွန်း,တိ-အစွန်းသုံးပါး၊ သိ-သိက္ခာသုံးပါး လို့ဘို့လိုပါတယ်။

ယင်းကဲ့သို့ ယုံမှားသက်ာ ဝိစိကိစ္ဆာမကင်းသူ, သူတော်ကောင်းတရား၌ မဆုံးဖြတ်နိုင်သူ ဖြစ်နေတယ်တဲ့၊ ထိုပုဂ္ဂိုလ်ကို နောက်အခါကာလ၌ စုတိပြတ်ကြွေ သေခါနီးအခါ အလွန်ပြင်းထန်လှစွာသော အနာရောဂါ စွဲငြိ ကပ်ရောက်သာလျှင် ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်မှာ–

**ကင်္ခီ ဝတ** မှို ဝိစိကိစ္ဆီ အနိဋ္ဌင်္ဂတော **သဒ္ဓမ္မေ**။ (အံ-စတုက-၄၉၄)။

အဟံ၊ ငါသည်။ ဝတ၊ **စင်စစ်ကေန်, အမှန်မှာမူ**။ **ကင်္ခီ**၊ ဘုရား, တရား, သံဃာ, သိက္ခာ, **သံသရာ၏**, အစွန်းသုံးပါး, ပဋိစ္စသမုပ္ပါဒ်တရားအားဖြင့်, ဤရှစ်ပါးသော ဌာနတို့၌ ယုံမှားခြင်းရှိသည်။ အမှို၊ ဖြစ်ပေ၏။ ဝိစိကိစ္ဆီ၊ မုချပိုင်ပိုင်, မဆုံးဖြတ်နိုင်သည်။ အမှို၊ ဖြစ်ပေ၏။ **သဒ္ဓမ္မေ**၊ သူတော်ကောင်းတို့, ယုံးဟောင်းကျင့်ပွား, အမြိုက်တရား၌။ အနိဋ္ဌင်္ဂတော၊ **အမှန်သဘော, စစ်ကြော** **သတ်မှတ်, ဆုံးဖြတ်ခြင်းသို့ မရောက်သည်**။ အမှို၊ မုချစင်စစ်, အမှန်ပင် ဖြစ်ပေ၏တကား။

ဤသို့ ကြံစည် တွေးတောပြီးလျှင် စိုးရိမ်မှုတွေ ဖြစ်လာတော့တယ်၊ ပူဆွေးမှု, ငိုကြွေးမှုတွေ **ဖြစ်လာတော့တယ်**၊ ကိုယ့်စိတ်ညှိုးနွမ်း ပင်ပန်းခြင်းပြင်းစွာ တွေ့ဝေခြင်း ဖြစ်လာပါတယ်။

ဤပုဂ္ဂိုလ်သည်လည်း စုတိပြတ်ကြွေ သေရအံ့သော သဘောအမှန် ကေန်ရှိမှါလျက် သေရမည့်ဘေး, သေရခြင်း သဘောတရားမှ လွန်စွာ ကြောက်ရွံ့ထိတ်လန့်သော ပုဂ္ဂိုလ်ပင် ဖြစ်ပေတယ်။

**ဆောင်ပုဒ်**။ ယုံမှားရှစ်တန်၊ ယုံမှားပြန်၊ သေရန် ကြောက်ရွံ့သည်။

ဇာဏုသောဏိ အမည်ရှိပြား, အိုး-ပုဏ္ဏား–ယခု ဟောပြခဲ့တဲ့အတိုင်း–

၁။ အာရုံငါးပါး ကာမဂုဏ်တရားတို့၌ ငြိကပ် တွယ်တာခြင်း မကင်းသေးသော ပုဂ္ဂိုလ်။
၂။ မိမိ၏ ခန္ဓာကိုယ်၌ တွယ်တာခြင်းမကင်းသေးသော ပုဂ္ဂိုလ်။
၃။ မကောင်းမှု အကုသိုလ်ကိုသာ ပြုလုပ်ခဲ့ပြီး, ကောင်းမှု ကုသိုလ်တရားကို မပြုလုပ်ရသေးသော ပုဂ္ဂိုလ်။
၄။ ယုံမှားခြင်းရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်။

ဤပုဂ္ဂိုလ်လေးယောက်တို့သည် စုတိပြတ်ကြွေ သေဆုံးရခြင်းသဘော ထင်လင်းစွာ သိပါလျက် သေရမည့်ဘေး, သေရခြင်းသဘောတရားမှ လွန်စွာ ကြောက်ရွံ့ထိတ်လန့်ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပေတယ်-ဟု သုံးလောကထွဋ်ထား သမ္ဗုဒ္ဓမြတ်စွာဘုရားက ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏားကြီးအား အသေကြောက်သူ လေးမျိုးလေးစားကို ခွဲခြားဝေဘန်၍ ဟောကြားတော်မူပါတယ်၊ ကဲ-အသေကြောက်သူ လင်္ကာကလေးများကို သုံးခေါက်လောက် ပေါင်းပြီး ဆိုလိုက်ကြဦးစို့။

**ဆောင်ပုဒ်**။
၁။ ကာမတဏှာ၊ ငြိတွယ်တာ၊ သေမှာ ကြောက်ရွံ့သည်။
၂။ ဤကိုယ်ခန္ဓာ၊ ငြိတွယ်တာ၊ သေမှာ ကြောက်ရွံ့သည်။
၃။ ကောင်းမှုမပြု၊ မကောင်းပြု၊ သေမှု ကြောက်ရွံ့သည်။
၄။ ယုံမှားရှစ်တန်၊ ယုံမှားပြန်၊ သေရန် ကြောက်ရွံ့သည်။

သေခြင်းကြောက်ဘတ် လူလေးရပ်တို့ကို စိုင်းဖြတ်ခွဲခြား ဟောကြားပြီးနောက်—သေခြင်း သဘော တွေးတောမတွန့် မကြောက်ရွံ့တတ်ငြား ပုဂ္ဂိုလ်လေးပါးတို့ကို ပိုင်းခြား၍ ဟောကြား တော်မူပြန်လိုသဖြင့် သုံးလူ့ထွဋ်ထား မြတ်စွာဘုရားက-

ကတမော စ ဗြာဟ္မဏ မရဏ ဓမ္မော သမာနော နဘာယတိ၊ နသန္တာသံ အာပဇ္ဇတိ မရဏာ။ (အံ-၄-၃၉၄)။

ဟူသော ကထေတုကမျတာ ပုစ္ဆာထုတ်ပြီးကာ-အသေမကြောက်သော ပုဂ္ဂိုလ်လေးယောက်ကိုလဲ ဤသို့ ဆက်လက်ဟောကြားတော်မူပါတယ်။

ဇာဏုသောဏိ အမည်ရှိငြား, အို-ပုဏ္ဏား—အဘယ်သို့သော သဘောရှိသော ပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေဆုံးရခြင်းသဘောရှိပါလျက် သေရမည့်ဘေး, သေရခြင်းသဘောတရားမှ တွေး တော၍ မကြောက်လေသနည်း၊ သေရခြင်းမှ မထိတ်လန့်သနည်း-ဟု ဆိုလျှင်—

ဇာဏုသောဏိ အမည်ရှိသော အို-ပုဏ္ဏား—ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဝတ္ထု အာရုံ ကာမဂုဏ်တရားအစုတို့၌ တပ်မက်မှု, တွယ်တာငြိကပ်မှု မရှိပေ၊ တပ်မက်ခြင်း လောဘ ကင်း ပေသည်၊ တပ်မက်ခြင်းကင်းသည် ဖြစ်ပေသည်၊ ကာမဂုဏ်တရားအစု၌ တွယ်တာမှု မထားသော ထိုပုဂ္ဂိုလ်ကို နောက်အခါဝယ် စုတိပြတ်ကြွေ သေရအံ့သောအခါ အကျွန်ပြင်းထန်သော အနာ ရောဂါ ဝေဒနာ ကပ်ရောက်နှိပ်စက်တယ်၊ အဲဒီလို ခဝဒနာဒုက်ကို ပြင်းစွာခံစားနေရသော ထိုပုဂ္ဂိုလ် ၏ စိတ်သန္တာန်အစဉ်၌—

န ဇေဝံ ဟောတိ "ပိယာ ဝတ မံ ကာမာဇဟိဿန္တိ၊ ပိယေ စာဟံ ကာမေ ဇဟိဿာမီ"တိ။ (အံ-စတုက-၃၉၄)။

ငါ့ကို ငါ လွန်စွာ ချစ်ခင်နှစ်သက်အပ်ကုန်သော ငါးပါးအာရုံ ကာမဂုဏ်တို့က အမှန်စင်စစ် စွန့်ပစ်ကြပေတော့မည်၊ ငါကလည်း ငါ လွန်စွာ ချစ်ခင်နှစ်သက်အပ်သော ဝတ္ထုအာရုံ ကာမဂုဏ် တို့ကို အမှန်တကယ် စွန့်ပစ်ရပေတော့မည်—ဟု ဤသို့သော ကြံစည်တွေးတောမှုတွေ မရှိတော့ဘူး၊ ဒီလို ဝတ္ထုအာရုံ ကာမဂုဏ်ကို အစွဲပြုပြီး ကြံစည်တွေးတောမှု မရှိသော သူသည် ထို အာရုံငါးပါး ကာမဂုဏ်တရားတို့အတွက် စိုးရိမ်စရာ မရှိတော့ပေ၊ သို့ဖြစ်၍ စိုးရိမ်ခြင်း, ပူဆွေးခြင်းသဘော မရှိ တော့ပေ၊ သို့ဖြစ်၍ စိုးရိမ်ခြင်း, ပူဆွေးခြင်းသဘော မရှိ၊ ငိုကြွေးမြည်တမ်း, ပင်ပန်းမှု မရှိတော့၊ အသေမကြောက်အောင် တွေဝေမှုလည်း မရှိတော့ပေ၊ ဤပုဂ္ဂိုလ်သည် သေရခြင်း သဘောအမှန် ရှိပါလျက် သေခြင်းတရားမှ မကြောက်ရွံ့, မထိတ်လန့်တတ်သောပုဂ္ဂိုလ်-ဟု ခေါ်ဆိုရပေတယ်၊ ကာမဂုဏ်တွယ်တာမှုကို အစွဲပြုပြီး ဒုက္ခဖြစ်နေရတာ နော်၊ ကာမဂုဏ် အစွဲမထားတော့ အေးငြိမ်း ပြီး သွားတော့တာပေါ့၊ ကဲ—မှတ်မိအောင် အကျဉ်းလင်္ကာလေး ဆိုလိုက်ကြဦးစို့။

ဆောင်ပုဒ်။ ကာမတဏှာ၊ မတွယ်တာ၊ သေမှာ မကြောက်ပြီ။

ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏား—ထိုမှတပါး ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိ၏ ဤ ရူပကာယ ခန္ဓာကိုယ်အပေါ်၌ တွယ်တာတပ်မက်မှုလောဘ ကင်းတယ်၊ နှစ်သက်မှု, မြတ်

နိုးမှု တဏှာလောဘ ကင်းရှင်းတယ်၊ ထိုပုဂ္ဂိုလ်ကို နောင်အခါကာလ ခန္ဓာပျက်ပြုန်း သေဆုံးရအံ့သော အနာရောဂါ, ဝေဒနာများ စွဲကပ်ဆိုက်ရောက်၍ ဝေဒနာဒဏ်ချက် နှိပ်စက်လေလျှင်-

> န ဧဝံ ဟောတိ "ပိယော ဝတ မံ ကာယော ဇဟိဿတိ၊ ပိယဉ္စာဟံ ကာယံ ဇဟိဿာမီ"တိ။

ငါ့ကို ငါသည် ချစ်ခင်နှစ်သက် မပစ်ရက်အောင် စွဲမက်လှသော ဤကိုယ်ခန္ဓာ ရူပကာယက အမှန်စင်စစ် စွန့်ပစ်ပယ်ခွာပေတော့မည်၊ ငါကလည်း ငါချစ်ခင်နှစ်သက်အပ်လှသော ဤရူပကာယ ခန္ဓာကိုယ်ကို အမှန်တကယ် စွန့်ပယ် ပစ်ခွာရတော့မည်တကား-ဟု ဤသို့ ကြံစည်တွေးတောမှု မရှိတော့၊ ထိုသို့ ခန္ဓာကိုယ်အတွက် စွဲမက်မှုမရှိသော ထိုပုဂ္ဂိုလ်သည် ဤကိုယ်ခန္ဓာ စွန့်ခွာမည့် အရေးကြောင့် စိုးရိမ်မှုလည်း မရှိတော့၊ ပူဆွေးခြင်းလည်း မရှိ, ကိုယ်,စိတ် ငြိုးနွမ်း ပင်ပန်းခြင်းလည်း မရှိ၊ ငိုကြွေး မြည်တမ်းခြင်း, ပြင်းစွာ တွေဝေခြင်းလည်း မရှိတော့ပေ၊ ဤပုဂ္ဂိုလ်သည်လည်း သေရခြင်း သဘောတရားအမှန် ထင်ရှားရှိပါလျက် စုတိပြတ်ကြွေ သေဆုံးရခြင်း သဘောတရားမှ လားလားမျှ မကြောက်မရွံ့သောပုဂ္ဂိုလ်-ဟု မှတ်ယူရမည် ဖြစ်ပါတယ်။

လိုက်ဆိုလိုက်ကြပါဦး လင်္ကာကလေးတပုဒ်။

**ဆောင်ပုဒ်။** ဤကိုယ်ခန္ဓာ၊ မတွယ်တာ၊ သေမှာ မကြောက်ပြီ။

ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏား-ထိုမှတပါးကား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည်ကား-သံသရာ၌ ကိုးကွယ်ရာ, အားထားရာ, ထောက်တည်ခိုကိုးရာဖြစ်သော ကုသိုလ်ကောင်းမှုတရားစုကိုသာ လေ့လာဆည်းပူးအပ်, အားထုတ်ပြုလုပ်အပ်ပေသည်၊ မကောင်းမှုဒုစရိုက် အကုသိုလ်စုကိုကား မပြုမလုပ်ပေ၊ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို နောင်သောအခါ စုတိပြတ်ကြွေ သေခါနီးအခါကာလ၌ မရဏန္တိက-အနာရောဂါ, ဝေဒနာဆိုးတို့ စွဲကပ်လွှမ်းမိုး နှိပ်စက်လေလျှင် ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်အစဉ်၌ ဆင်ခြင်မှု ဖြစ်လာသည်ကတော့-

> ဧဝံ ဟောတိ "အကတံ ဝတ မေ ပါပံ၊ အကတံ လုဒ္ဒံ၊ အကတံ ကိဗ္ဗိသံ၊ ကတံ ကလျာဏံ ကတံကုသလံ၊ ကတံ ဘီရုတ္တာဏံ။ ယာဝတာ ဘော အကတပါပါနံ အကတလုဒ္ဒါနံ အကတကိဗ္ဗိသာနံ ကတကလျာဏာနံ ကတကုသလာနံ ကတဘီရုတ္တာဏာနံဂတိ တံဂတိ ပေစ္စဂစ္ဆာမီ"တိ။ (အံ-စတုက္က-၄၉၄-အဘယသုတ္တ)။

ဝတ၊ စင်စစ်။ မေ၊ ငါသည်။ ပါပံ၊ သူတော်ကောင်းတို့ စက်ဆုတ်အပ်သော မကောင်းမှုအကုသိုလ်ကံကို။ အကတံ၊ သတိသမ္ပဇဉ်, ဉာဏ်ယှဉ်ကြည့်ရှု, မပြုမလုပ်အပ်။ လုဒ္ဒံ၊ လွန်စွာဆိုးသွမ်း, ကြမ်းတမ်းသောအမှုကို။ အကတံ၊ မပြုမလုပ်အပ်ပါချေ။ ကိဗ္ဗိသံ၊ လွန်စွာပြစ်ကျူး, ညစ်ညူးသောအမှုကို။ အကတံ၊ မပြုမလုပ်အပ်ပါချေ။ ကလျာဏံ၊ သူတော်ကောင်းတို့ ဖြစ်ကြောင်း သတ်မှတ်ကောင်းမြတ်သောအမှုကို။ ကတံ၊ သတိသမ္ပဇဉ်, ဉာဏ်မြဲယှဉ်လျက်, အစဉ်ရှေးရှု, ပြုလုပ်ခဲ့လေပြီ။ ကုသလံ၊ ကောင်းမှုကုသိုလ်ကို၊ ကတံ၊ ပြီ။ ဘီရုတ္တာဏံ၊ သံသရာအရေး, မြှော်ကာတွေး၍, ကြောက်လန့်ခြင်းဘေးကို, အေးဆေးငြိမ်းသတ်, တားမြစ်တတ်ငြား, ကောင်းမှုကုသိုလ်တရားကို။ ကတံ၊ ပြီ။

ဘော၊ သံသရာခရီးသည့် လှည့်လည်ကျက်စား, ဒိုအချင်းအများတို့။ ယာဝတာ၊ အကြင်မျှ လောက်။ အဏာတပါပါနံ၊ မပြုအပ်သော မကောင်းမှုဒုစရိုက် ရှိကုန်သော။ အကတလုဒ္ဒါနံ၊ မပြုအပ်သော ဆိုးသွမ်း ကြမ်းကြုတ်ခြင်းအမှု ရှိကုန်သော။ အကတကိမ္ဗိသာနံ၊ မပြုအပ်သော ဒုစရိုက် လွန်ကျူး, ညစ်ညူးခြင်း ရှိကုန်သော။ ကတကလျာနံ၊ ပြုအပ်ပြီးသော ကောင်းမှု ရှိကုန်သော။ ကတကုသလာနံ၊ ပြုအပ်ပြီးသော ကုသိုလ်အစု ရှိကုန်သော။ ကတဘီရုတ္တာဏာနံ၊ ပြုအပ်ပြီးသော သံသရာတလျောက် ကြောက်ရွံ့ခြင်းကို တားမြစ်တတ်သော ကောင်းမှုကုသိုလ်ရှိကုန်သော။

ပုဂ္ဂလာနံ၊ မကောင်းမပြု, ကောင်းရာပြုသည့်, သုစရိုက်သမား, ပုဂ္ဂိုလ်တို့အား။ ယာဂတိ၊ ကောင်းသောလားရာ,လူ့ရွာနတ်ပြည်,ရှင်ကြည်စံရ,အကြင် သုဂတိဘုံဌာနသည်။ အတ္ထိ၊ အမြဲကေန်, အမှန်ရှိပေ၏။ တံဂတိံ၊ လူ့ရွာနတ်ပြည်, ရှင်ကြည်စံရ, ထို ကောင်းမြတ်သော သုဂတိဘုံဌာနသို့။ ပေစ္စ၊ တမလွန်ပြောင်းကြွ, နောက်ဘဝ၌။ ဂစ္ဆာမိတိ၊ ကုသိုလ်ထောက်ပင့်, ကျိုးပေးမြင့်သဖြင့်, အသင့်ပုံသေ, လားရောက်ပေတော့သည်သာတည်းဟု။ ဧဝံ၊ ဤသို့အမှန်, စိတ်အကြံသည်။ ဟောတိ၊ သူတော်ရှေးဟောင်း, အကျင့်ကောင်းဆို, အကြောင်းပုံသေ, ဖြစ်ပေါ်လာလေတော့သတည်း။

ဤကဲ့သို့ မကောင်းမှုရှောင်, ကောင်းမှုကိုဆောင်သဖြင့်–ယခုအခါ ငါသည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ကောင်းမှုကုသိုလ်ပြုလုပ်သော ပုဂ္ဂိုလ်တို့၏ လားရောက်ရာအမှန် လူ့ရပ်, နတ်ထံ, သုဂတိဘုံဗိမာန်သို့ ဧကန်မုချ နောက်ဘမလွန်ဘဝ၌ လားရောက်ရပေမည်-ဟု ရှင်ကြည်စွာ တွေးတောပြီး စိုးရိမ်တွယ်လဲ မရှိ, စိုးရိမ်မှုလဲ မဖြစ်, ပင်ပန်းမှုလဲ မဖြစ်, ငိုကြွေး မြည် တမ်းမှု, ပင်ပန်းနွမ်းနယ်မှု, ပြင်းစွာ တွေဝေမိန်းမောမှု-အားလုံး မရှိတော့ပေ၊ ဤပုဂ္ဂိုလ်သည်လည်း သေခြင်းတရားမှ မကြောက်ရွံ့, မထိတ်လန့်သော ပုဂ္ဂိုလ်-မည်ပေတယ်၊ ကဲ–လကာ ဆောင်ပုဒ်နှင့် အကျဉ်းချုပ်ပြီး မှတ်လိုက်ကြစို့။

**ဆောင်ပုဒ်။** မကောင်းမပြု၊ ကောင်းရာပြု၊ သေမှု မကြောက်ပြီ။

ဇာတကသောဏ်တိ အမည်ရှိသော ပုဏ္ဏား–ထိုမှတပါး ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဘုရား, တရား, သံဃာ-စသော ယုံမှားဘွယ်ရာ ဤရှစ်ဌာနတို့၌ ယုံမှားခြင်း ကင်းလေသည်၊ သံသယ ကင်းပြီး ဝိစိကိစ္ဆာ ကင်းပျောက်ပြီး ဖြစ်သည်၊ သူတော်ကောင်းတရား၌လည်း မြဲမြံ သက်ဝင်သော ယုံကြည်ခြင်းရှိသည်၊ ထိုပုဂ္ဂိုလ်ကို နောင်သောအခါ စုတိပြတ်ကြွေ သေခါနီးကာလ၌ အနာရောဂါ ဝေဒနာဆိုးတို့ ကပ်ရောက်နှိပ်စက်လေလျှင် သေရအံ့သော ထိုပုဂ္ဂိုလ်၏ စိတ်အစဉ်ဝယ် အမှန်တကယ် ဖြစ်ပေါ်လာသည်မှာ–

ဧဝံ ဟောတိ "အကင်္ခိ ဝတမှိ အဝိစိကိစ္ဆိ နိဋ္ဌင်္ဂတော သဒ္ဓမ္မေ"တိ။
(အံ-စတုက-အဘယသုတ္တ)။

အဟံ၊ ငါသည်။ ဝတ၊ စင်စစ်ဧကန်, အမှန်အားဖြင့်။ အကင်္ခိ၊ ဘုရား, တရား, သံဃာ, သိက္ခာသံသရာ၏, ရှေ့အစွန်း,နောက်အစွန်း,ရှေ့နောက်အစွန်း,ပဋိစ္စသမုပ္ပါဒ် အားဖြင့် ရှစ်ပါးသော ဌာနတို့၌ သို့လော,သို့လော ကေ့တောယုံမှားခြင်းမရှိသည်။ အမှိ၊ ဖြစ်ပေ၏။ အဝိစိကိစ္ဆိ၊ အမှား ပယ်ကာ, မှန်ရာကန့်သတ်, မဆုံးဖြတ်နိုင်သည်၊ အမှိ၊ ဖြစ်ပေ၏။ သဒ္ဓမ္မေ၊ သူတော်ကောင်းတရား၌။

နိဗ္ဗာန်တော၊ ယုံကြည်လေးမြတ်, ဆုံးဖြတ်ခြင်းသို့ ရောက်ပြီးသောသူသည်။ အမှို၊ သတိမမြဲ,ယူမလွှဲဘဲ, ဝေခွဲမိမိ, သိရှိပြီး ဖြစ်လေပြီတကား။ ဣတိဝေ၊ ဤသို့သော စိတ်အကြံသည်။ ဟောတိ၊ ဉာဏ်သမ္ပဇဉ်, အမှန်ယှဉ်သဖြင့်, ကေန်ပင် ဖြစ်ရလေတော့သတည်း။

ဤကဲ့သို့ တွေးတောကြံစည်ပြီးလျှင် စိုးရိမ်လည်း မစိုးရိမ်တော့၊ တွေးတောမှု, ပူဆွေးမှုလည်း မရှိတော့၊ ကိုယ်,စိတ် ပင်ပန်းမှု, ငိုကြွေးမြည်တမ်းမှုလည်း မရှိတော့၊ ပြင်းစွာ တွေဝေမိန်းမောခြင်းလည်း မရှိတော့ပေ၊ ဤပုဂ္ဂိုလ်သည်လည်း သေရခြင်းသဘောအမှန် ကေန်ရှိပါလျက် သေရအံ့သောဘေး, သေခြင်းတရားမှ မကြောက်ရွံ့, မထိတ်လန့်တတ်သော ပုဂ္ဂိုလ်ပင် ဖြစ်ပါတယ်။ ကဲ–အကျဉ်းချုပ်ပြီး မှတ်လိုက်ကြဦး စို့။

ဆောင်ပုဒ်။ ယုံမှားရှစ်တန်၊ ကင်းရှင်းပြန်၊ သေရန် မကြောက်ပြီ။

ဣမေခေါ ဗြာဟ္မဏ စတ္တာရော မရဏ ဓမ္မာ သမာနာ နဘာယန္တိ နသန္တာသံ အာပဇ္ဇန္တိ မရဏဿာတိ။ (အံ စတုက)။

ဗာဏုသောဏိ အမည်ရှိသော ပုဏ္ဏား–ဤယခု အကျယ်အားဖြင့် ဟောကြားခဲ့သည့်အတိုင်း–

၁။ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ တွယ်တာကပ်ငြိမှုမရှိသော ပုဂ္ဂိုလ်။
၂။ မိမိ၏ ခန္ဓာကိုယ်၌ တွယ်တာကပ်ငြိမှုမရှိသော ပုဂ္ဂိုလ်။
၃။ မကောင်းမှုကို မပြု, ကောင်းမှုကုသိုလ်ကိုသာ ပြုလုပ်အားထုတ်ပြီးသော ပုဂ္ဂိုလ်။
၄။ ယုံမှားခြင်းရှစ်ပါး ကင်းပြီးသော ပုဂ္ဂိုလ်

ဤ ပုဂ္ဂိုလ်လေးမျိုးတို့သည်ကား–

စုတိပြတ်ကြွေ သေရခြင်းသဘောတရား ထင်ရှားရှိပါလျက် သေရအံ့သောဘေး, သေရခြင်းသဘောတရားမှ မကြောက်ရွံ့တက်, မထိတ်လန့်တတ်ကြသော ပုဂ္ဂိုလ်များ ဖြစ်ပေသည်–ဟု သုံးလူထွဋ်တင် သဗ္ဗညုဘုရားရှင်က ဗာဏုသောဏိမည်သော ပုဏ္ဏားကြီးအား အကျယ်အားဖြင့် ခွဲခြမ်းဝေဘန်၍ ဟောကြားတော်မူပါတယ်။

အသေမကြောက်တဲ့ ပုဂ္ဂိုလ်လေးယောက်ရဲ့ ဆောင်ပုဒ် လင်္ကာလေးများကို ပြန်ပေါင်းလိုက်ဆိုကြဦးစို့။

ဆောင်ပုဒ် ၁။ ကာမတဏှာ၊ မတွယ်တာ၊ သေမှာ မကြောက်ပြီ။
၂။ ဤကိုယ်ခန္ဓာ၊ မတွယ်တာ၊ သေမှာ မကြောက်ပြီ။
၃။ မကောင်းမပြု၊ ကောင်းကာပြု၊ သေမှု မကြောက်ပြီ။
၄။ ယုံမှားရှစ်တန်၊ ကင်းရှင်းပြန်၊ သေရန် မကြောက်ပြီ။

ဤကဲ့သို့ သဗ္ဗညုမြတ်စွာဘုရားက သေရမှာ ကြောက်သူလေးမျိုး, သေရမှာ မကြောက်သူလေးမျိုးတို့ကို အကျယ်ခွဲခြား ဟောကြားပြီးသောအခါ ဗာဏုသောဏိ အမည်ရှိသော ပုဏ္ဏားကြီးသည် "အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ" စသည်ဖြင့် တရားတော်ကို ချီးကျူးပြောကြား လျှောက်ထားပြီးလျှင် မိမိကိုလည်း ယနေ့မှစ၍ ဘုရား, တရား, သံဃာ, ရတနာသုံးပါးကို

သက်ဝင်ယုံကြည် ဆည်းကပ်တတ်သော ဥပသကာ- ဟု မှတ်တော်မူပါဘုရား- ဟု လျှောက်ထားပါတယ်၊ ထိုမှအစပြု၍ ဇာဏုသောဏိ ပုဏ္ဏားကြီး ဘုရား, တရား, သံဃာ- ဟု ဆိုအပ်သော သရဏဂုံ သုံးပါး၌ တည်သွားပါတယ်။ ဤသုတ်ကား ဇာဏုသောဏိပုဏ္ဏားကြီးကို အကြောင်းပြု၍ ဟောကြားအပ်သော အဘယသုတ္တန်ဖြစ်ပါတယ်။

ဤအဘယသုတ်၌ ဂ တတီရုတ္တာဏ ပြုအပ်ပြီးသော ကြောက်ထိတ်လန့်ခြင်းကို တားမြစ်တတ်သော (ဝါ) ကြောက်ထိတ်လန့်ခြင်းမှ ကာကွယ်စောင့်ရှောက်တတ်သော ကောင်းမှု ကုသိုလ်တရား ဟု ဆိုထားပါတယ်။ သတိချပ်သင့်တဲ့ စကားရပ်လို့ ဆိုရမယ်ပေါ့။

ဘီတဿ ပရိတ္တာ ယကတ္တာ ဘီရုတ္တာဏန္တိ ဝုစ္စတိ။ (အံ-၄-၂-၃၅၉)။

ဘီတဿ၊ ကြောက်ရွံ့ခြင်းကို။ ပရိတ္တာ ယကတ္တာ၊ ထက်ဝန်းကျင်မှ, အစဉ်တကယ်, ကာကွယ် ချီးမြှောက်, ဘေးမရောက်အောင်, စောင့်ရှောက်တတ်သည်၏ အဖြစ်ကြောင့်။ ကုသလံ၊ ကုသိုလ်ကို။ ဘီရုတ္တာဏန္တိ၊ ကြောက်ရွံ့ခြင်းကို အကာအကွယ်ပေးတတ်သော တရား ဟူ၍။ ဝုစ္စတိ၊ မလွဲမသွေ ခေါ်ဆိုအပ်ပေ၏- ဟူ၍ (အံ-အဋ္ဌကထာ)၌ ဖွင့်ပြသည့်အတိုင်း—

ကောင်းမှု ကုသိုလ် တရားသည် ကြောက်ရွံ့ ထိတ်လန့်ခြင်း ဘေးရန်ကို အမှန်ကာကွယ်ပေး တတ်တယ်တဲ့။ ကုသိုလ်ကောင်းမှုရှိသော ပုဂ္ဂိုလ်သည် ပစ္စုပ္ပန်မှာလဲ ကြောက်ရွံ့မှု, ထိတ်လန့်မှုမရှိ တမလွန်လောက သံသရာဘဝမှာလဲ ကြောက်ရွံ့ ထိတ်လန့်မှု မရှိတတ်ဘူး-လို့ အထူးဘဲ မှတ်သား ရမည် ဖြစ်ပါတယ်။

ဆောင်ပုဒ် ၁။ ခုရေနှောင်ပါ၊ ကောင်းမှုသာ၊ မှန်စွာဘေးကင်းကြောင်း။
၂။ ပညာမြော်မြင်၊ မျှားလူရှင်၊ ကြည်ရွှင်ပြုဘို့ကောင်း။

ဟု ဆိုတဲ့အတိုင်း- ကုသိုလ်ကောင်းမှု တရားရှိသူသည် ခုရေနှောင်ပါဘေးရန်ကင်းဝေးတတ် ကြောင်း၊ သေရမည့် ဘေးကိုပင် မကြောက်ရွံ့တတ်သည့် အကြောင်းကို ကောင်းကောင်းကြီး သိသာထင်ရှားအောင် သာဓက အထောက်ကထားဖြင့် မှတ်သားကြဘို့ ဟောကြားလိုက်ပါဦးမယ်။

ရှေး လွန်လေပြီးသော အခါက ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည် ကောရဗျ အမည်ရှိသော မင်းသည် တရားနှင့်အညီ အုပ်ချုပ် စိုးစံတော်မူပါတယ်။ ထိုအခါဦးပဋ္ဌင်းတို့ ဘုရားအလောင်းဟာ ကောရဗျမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားခေါင်းကြီးရဲ့ ဝမ်းကြာတိုက်၌ ကိန်းပိုက် သန္ဓေတည်နေပြီး နောက် ဆယ်လမြောက်၍ ဘွားမြင်ပြီးလျှင် သုတသောမ- ဟူ၍ အမည်တွင်လေသတဲ့၊ သုတသောမ မင်းသား အရွယ်ရောက်သောအခါ ဘုရင်ကြီးက ဒိသာပါမောက္ခ ဆရာကြီးထံသို့ ပညာသင်ရန် စေလွှတ်လိုက်တယ်။ ထိုအခါမှာ ဗာရာဏသီပြည် ကာသိမင်းကြီး၏ သားတော် ဗြဟ္မဒတ္တမင်းသား လည်း ဘခင်ဘုရင်ကြီးက ပညာသင်ရန် စေလွှတ်သဖြင့် ပညာသင်ရန် ဒိသာပါမောက္ခ ဆရာကြီး ထံသို့ ထွက်ခွါလာတဲ့။ ယင်း သုတသောမ မင်းသားနှင့် ဗြဟ္မဒတ္တမင်းသား နှစ်ယောက်တို့သည် ဒိသာပါမောက္ခ ဆရာကြီးနေထိုင်ရာ မြို့အဝင်တံခါးဝ၌ ဆောက်ထားအပ်သော သာလာယ်ဇရပ် ကြီးပေါ်၌ တွေ့ဆုံကြလျှင် အချင်းချင်း မိတ်ဆွေဖွဲ့ကြပြီး မိမိတို့သည် မင်းသားများ ဖြစ်ကြသည် ကိုရင်း, တဦးဘည်းသော ဒိသာပါမောက္ခ ဆရာကြီ ထံ၌ပင် ပညာသင်ယူကြရန် လာရောက်ကြ

သည့်အဖြစ်ကိုရင်း, သိရှိကြလေလျှင် အလွန်ရင်းနှီးသော မိတ်ဆွေရင်းချာများ ဖြစ်သွားကြတယ်၊ မျိုးရိုးကလည်း မင်းမျိုးခြင်းတူ တဦးတည်းသော ဆရာထံ၌ ပညာသင်ရန် လာရောက်ကြခြင်းကလဲ တူနေတော့ အလွန် ရင်းနှီးလွယ်ကြတယ်ပေါ့။ သုတသောမနှင့် ဗြဟ္မဒတ္တမင်းသား နှစ်ဦးတို့ အတူတကွ မြို့တွင်းသို့ ဝင်ရောက်ပြီးလျှင် ဒိသာပါမောက္ခ ဆရာကြီးသို့သွား၍ ဆရာကြီးကို ရိုသေစွာ ရှိခိုးဦးချ မိမိတို့မျိုးရိုးဇာတ် စသည်တို့ကို ပြောဆိုကြပြီး အရှင်ဆရာကြီးအထံ၌ ပညာသင်ယူကြရန် လာရောက်ကြပါကြောင်း ပြောဆိုလျှောက်ထား ခွင့်တောင်းကြသတဲ့။

ဆရာကြီးက "ကောင်းပေပြီ" ဟု မိန့်ဆိုပြီး ပညာသင်ကြားခွင့် ပေးလေလျှင် ထိုမင်းသားနှစ်ယောက်တို့ကလဲ ဆရာကြီးကိုအသပြာ နိက္ခတထောင်စီဖြင့် ပူဇော်ကန်တော့ကြတယ်။ သူတို့ခေတ်ကလဲ ပညာသင်ကြေး ကျောင်းလခ ပေးရတဲ့စနစ် ရှိနေတယ်နော်။ ကျောင်းလခဆိုပေမဲ့ ပညာသင်ကာလ သုံးနှစ် သုံးမိုးအတွက် နှစ်ကြေး ပေးသွင်းရခြင်း ဖြစ်တယ်။ များသောအားဖြင့် အဲဒီခေတ်က ပညာကို သုံးနှစ် သုံးမိုး သင်ချိန်ကာလ ထားလေ့ရှိတယ်။ ဒီကျောင်းဝင်ကြေး နှစ်ကြေးပေးသွင်းပြီးရင်လဲကျောင်းသားတို့ရဲ့ စားသောက် နေထိုင်ရေး ကိစ္စအားလုံးကို တာဝန်ယူပြီး ဆရာက စောင့်ရှောက် သွားတော့တာဘဲ ဖြစ်တယ်၊ ပညာသင်ကြေး မပေးနိုင်သော ကျောင်းသား များလဲ ဆရာကြီး အိမ်၌ထားကာ အိမ်ကိစ္စကို စေခိုင်းပြီး ပညာသင်ပေးလေ့ ရှိပါတယ်။

ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးထံ၌ သုတသောမနှင့် ဗြဟ္မဒတ္တမင်းသားတို့မှ တပါး ဇမ္ဗူဒိပ်ကျွန်းရှိသော တရာ့တပါး (၁၀၁-ပါး)မင်းသားတို့လည်း ပညာသင်ကြားလျက်ရှိကြသတဲ့၊ ထိုကျောင်းသားများတွင် သုတသောမ က တပည့်အကြီးဆုံး ကျောင်းသားခေါင်းဆောင် ဖြစ်လာတယ်။ သုတသောမသည် အလွန်ဉာဏ်ထက်မြက်သော ပညာထူးချွန်သူ လူရည်ချွန်ပုဂ္ဂိုလ်ထူးဖြစ်၍ မကြာမီပင် ပညာသင်ခြင်းကိစ္စ ပြီးဆုံးသွားလျှက် မိမိ၏သူငယ်ချင်း ဗြဟ္မဒတ္တမင်းသားအား ပိဋ္ဌိအာစရိယခေါ် လက်ထောက်ဆရာ အဖြစ်ဖြင့် ပညာကူညီ သင်ကြားပေးတယ်။

ကျောင်းတော်သားအားလုံး ပညာသင်ကြားခြင်းကိစ္စ ပြီးသောအခါ မိမိတို့ မိဘတိုင်းပြည်သို့ပြန်ရန် ဒိသာပါမောက္ခ ဆရာကြီးအား မိမိစွမ်းနိုင်သမျှ လှူဒါန်းပူဇော်၍ ရှိခိုးခွင့်တောင်းပြီးနောက် ကျောင်းသားခေါင်းဆောင် သုတသောမထံသို့ ဝိုင်းအုံ ရောက်ရှိလာကြပြီး အညီအညွတ်တိုင်ပင်စုပေါင်း၍ ပညာသင်ယူရာ ဆရာကြီးမြို့ရွာမှ မိမိတို့ မိဘတိုင်းပြည်များသို့ ပြန်သွားကြတယ်၊ ခရီးအတူ စုပေါင်းသွားကြရာမှ လမ်းဆုံသို့ရောက်၍ အသီးသီး လမ်းခွဲသွားကြရန် ဖြစ်သောအခါ သုတသောမက ကျန်မင်းသားများကို တစုံတခု တိုက်တွန်းလို၍ "မိတ်ဆွေအပေါင်း ဆွေရင်းတို့- မိတ်ဆွေတို့သည် မိမိတိုင်းပြည်သို့ ရောက်ကြလျှင် တတ်မြောက်လာသောပညာကို မိဘတို့အားပြသ၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြရမည့် သူများချည်းဖြစ်ပါတယ်။ မိတ်ဆွေတို့ မင်းဖြစ်သောအခါ မိတ်ဆွေတို့၏ တိုင်းပြည်၌ကျင်းပတင်ပြမည့် စည်းမျဉ်းဥပဒေတခုကို ပြဋ္ဌာန်းပြီးမင်းနှင့် ပြည်သူအားလုံး လိုက်နာကျင့်သုံးကြပါရန် တိုက်တွန်းချင်ပါတယ်" ဟု စကားပလ္လင်ခံကာ ပြောဆိုလေသတဲ့။

ထိုအခါ မင်းသားအားလုံးက 'ကိုအာစရိယ= အဘယ်စည်းမျဉ်း ဥပဒေပါလဲဆရာ' ဟု မေးမြန်းကြသဖြင့်-

"ပက္ခဒိဝသေသု ဥပေါသထိကာ ဟုတွာ မာဃာတံ ကရေယျာထာထိ=မိတ်ဆွေတို့ သင်တို့သည် လဆန်းပက္ခ လဆုတ်ပက္ခ ဥပုတ်နေ့တို့၌ ဥပုတ်သီတင်း ကျင့်သုံးခြင်းရှိကြကုန်၍ သားငါးသတ်

ဖြစ်ခြင်းကို မပြုလုပ်ကြရန် ဖြစ်ပါတယ်"ဟု ပြောဆို ဩဝါဒ ပေးတယ်။ မင်းသားအားလုံးက "ကောင်းပြီဆရာ"ဟု ပြောဆိုကာ ဝန်ခံဂတိ ပြုသွားကြသတဲ့။ ဘုရားအလောင်း သုတသောမ မင်းသားက မင်းသားများနှင့် လမ်းခွဲခါနီးတွင် ဘာ့ကြောင့် ဒီလိုအရေးတကြီး မှာကြားဩဝါဒ ပေးရသလဲဆိုတော့ ဘုရားအလောင်း သုတသောမ မင်းသားသည် အင်္ဂဝိဇ္ဇာတတ်ခြင်း ကျွမ်းကျင်လိမ္မာသောကြောင့် နောင်သောအခါတွင် ဗာရာဏသီပြည်၌ အုပ်ချုပ်သော ဗြဟ္မဒတ္တမင်းသားကို အကြောင်းပြု၍ ဇမ္ဗူဒိပ်ကျွန်းနေ မင်းအားလုံး ကြီးမားသောဘေးရန်ဖြစ် ပေါ်လာမည့်အကြောင်းကို ကောင်းကောင်းကြီး သိရှိသဖြင့် ထိုမင်းသားတို့အား ဒီလိုမှာကြားခြင်း ဖြစ်သတဲ့။ မင်းသားအားလုံးလဲ မိမိတို့ တိုင်းပြည်သို့ ရောက်လျှင် မိဘတို့အား အတတ်ပညာကိုပြသ၍ တိုင်းပြည်၌ မင်းဖြစ်ကြလေလျှင် ယခုအခါ မင်းဖြစ်နေကြခြင်းကိုရင်း မိမိတို့ကျောင်းသားဘဝက ခေါင်းဆောင်ကြီး (ဝါ) ဆရာဖြစ်သော သုတသောမ၏ ဩဝါဒအတိုင်းလိုက်နာ ပြုကျင့်နေထိုင်ကြ ကြောင်းကိုရင်း, သိရှိစေခြင်းငှာ လက်ဆောင်ပဏ္ဏာများနှင့်တကွ သဝဏ်လွှာတို့ကို ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်တွင် ဘုရင်ဖြစ်နေသော သုတသောမထံသို့ အသီးသီးပို့ဆက်ကြသတဲ့၊ ဘုရားအလောင်းကလဲ ထိုအကြောင်းကို ကြားသိရလျှင် မမေ့မလျော့ ရှိကြရန် စာသဝဏ်လွှာတို့ကို ပြန်ကြားပို့လိုက်သတဲ့။

ဇမ္ဗူဒိပ်ကျွန်း မင်းအပေါင်းတို့တွင် ဗာရာဏသီမင်းကား အသားဟင်းနှင့်ကင်း၍ ထမင်းမစားနိုင်သူဖြစ်သတဲ့၊ ဥပုတ်နေ့ရောက်လျှင် 'သားငါးမသတ်ရ' အမိန့်ထုတ်ထားသဖြင့် စဖိုသည်စားတော်ကဲက အဖိတ်နေ့ကပင် ကြိုတင်၍ မင်းကြီးအတွက် သားငါးများကို ဝယ်ယူစုဆောင်းထားရသတဲ့၊ တခုသောအဖိတ်နေ့တွင်မူ ဤသို့ကြိုတင် ဝယ်ယူထားသော အသားများကို စဖိုသည်စားတော်ကဲမေ့လျော့၍ နန်းတော်တွင်း၌ မွေးထားသော ခွေးများက စားသောက်ပြီး သွားကြသတဲ့။ စဖိုသည်စားတော်ကဲလဲ အသားများ ခွေးစားသွားကြောင်း သိလေလျှင် ငွေထုတ်ပိုက်ကာ တမြို့လုံးအသားလိုက်ရှာသော်လည်း ဘယ်အရပ်မှာမှ မရသဖြင့် အသားဟင်းမပါဘဲ မင်းကြီးအား ပွဲတော်ဆက်သလျှင် ငါကိုသတ်ရာ၏–အရှင်မထားလေရာ အသို့ပြုရပါအံ့နည်း- ဟု စဉ်းစားပြီးနေခိုက် အကြံတခုပေါ်လာတဲ့အတိုင်း ညဦးယာမ်၌ သူကောင်ပြစ်ရာ သုသာန်သို့သွား၍ သေပြီးကာစယောကျ်ားအလောင်းကောင်၏ ပေါင်သားကို ဆောင်ယူကာ ကောင်းစွာချက်ပြီး ဗြဟ္မဒတ္တမင်းကြီးအားပွဲတော် ဆက်ကပ်လိုက်သတဲ့။ မင်းကြီးအား အသားတုံးဟင်းတုံးကို လျှာဖျားပေါ် တင်ကာမျှ၌မင် အရသာကိုဆောင်တဲ့ အကြောပေါင်း ခုနှစ်သောင်းလုံး ပြန့်နှံ့သွားသတဲ့၊ တကိုယ်လုံးလဲချောက်ချားပြီးသွားသတဲ့။ တခါမျှမခံစားဘူးတဲ့ အရသာထူးကို ခံစားလိုက်ရတယ်လို့ ဆိုလိုပါတယ်။ ဘာကြောင့်ဒီလို ဖြစ်ရသလဲဆိုတဲ့ မေးခွန်းအတွက် အဋ္ဌကထာ၌ အဖြေ ဆက်ပြထားသည်ကတော့–

> ပုဗ္ဗေစဿ သေဝနတာယ သော ကိရ အတီတာ နန္တရေ အတ္တဘာဝေ ယက္ခော
> ဟုတွာ ဗဟုံ မနုဿမံသံ ခါဒိတပုဗ္ဗော၊ တေနဿ တံမဓုရံ အဟောသိ။
>
> (ဇာ-ဋ္ဌ-၅။ ၄၉၇ မဟာသုတသောမ ဇာတက)။

ဆိုလိုရင်းကတော့- ထိုဗြဟ္မဒတ္တမင်းကြီးအား ရှေးအခါက လူ့အသားကို မှီဝဲခဲ့ဘူးသောကြောင့် ဒီလိုတကိုယ်လုံး ချောက်ချားသွားအောင် ထူးခြားတဲ့အရသာ ဖြစ်ပေါ်ခြင်းဖြစ်တယ်။ ထိုဗြဟ္မဒတ္တမင်းကြီးသည် ရှေးလွန်လေပြီးသောဘဝက ဘီလူးဖြစ်၍ လူသားကို များစွာ စားသောက်ခဲ့ဘူးသတဲ့သို့အတွက် ထိုမင်းကြီးအား လူသားကို ချစ်ခင်စွဲမက် နှစ်သက်ခြင်း ဖြစ်သတဲ့။ သတ္တဝါတွေမှာ

ရှေးအနီးကပ် ဖြစ်တဲ့ဘဝက အလေ့စရိုက် အထုံဝါသနာတွေဟာ ဒီယခုပစ္စုပ္ပန်ဘဝအထိ အငွေ့အသက် မကုန်သေးဘဲ လိုက်ပါနေတတ်တယ်နော်၊ သေသေချာချာ သတိထားပြီး ဉာဏ်စေစား ကြည့်မယ်ဆိုရင် သူ့ကိုဖြစ်စေ, ကိုယ့်ကိုဖြစ်စေ, ဤပုဂ္ဂိုလ် ရှေးအတိတ်ဘဝက ဘယ်အခြေအနေမှာ ရှိနိုင်တယ်, ဖြစ်နိုင်တယ်ဆိုတာ သိတန်လောက် ရိပ်စားမိကာ သိရှိနိုင်ပါတယ်တဲ့။

တရားမှဲ့သို့အားခဲလာ၍ဆက်ကာတရားနာယူကြတဲ့ဦးပဉ္စင်းတို့ဒါယကာဒါယိကာမအပေါင်းလဲမိမိတို့သန္တာန်၌ ငြိကပ်လာတဲ့ အတိတ်က စရိုက်ဆိုး, ဝါသနာဆိုး, အညစ်အကြေးတွေကိုလဲ မိမိတို့ဘာသာ သိရှိပြီး ဗုဒ္ဓ၏ တရားဓေစင်ဖြင့် ဖြူစင်အောင် ဆေးကြော ပစ်ကြရလိမ့်မယ်နော်။ မင်းကြီးသည် ထူးခြားစွာ အရသာရှိသော အသားဟင်းကို သုံးဆောင်ရသဖြင့် စဖိုသည် စားတော်ကဲကို ရှေတော်မှောက်ခေါ်ယူ၍ ကျန်လူများကို ရှောင်ဖှားစေပြီးလျှင်'ယနေ့ချက်တဲ့ဒီဟင်းက ဘာဟင်းလဲ' ဟု မေးမြန်းတော်မူတယ်၊ စဖိုသည် စားတော်ကဲက ရှေးရှေးနေ့များက သုံးဆောင်နေကျ အသားဟင်းပင် ဖြစ်ပါကြောင်း လျှောက်ထားလျှင် နေ့တိုင်းချက်သော အသားဟင်း ဒီလောက်အရသာမရှိ၊ ငါ့ကို မှန်မှန်လျှောက်လေ။အမှန်မလျှောက်လျှင် သင့်အသက် မရှိတော့ပြီ-မှတ်ဟု ခြိမ်းချောက်မေးမြန်းသဖြင့် စဖိုသည်လဲ ရှောင်ရှား လျှောက်ထားရန် မဝံ့သဖြင့် အမှန်အတိုင်း ဖွင့်ဟလျှောက်ထား လိုက်ရတော့သတဲ့။

စဖိုသည်ကတော့ မင်းကြီးအမျက်တော် ရှမည်လား ရှေစိတ်တော် ဆိုးမည်လားဟု ရင်တဒိတ်ဒိတ် ခုန်လျက်ပေါ့လေ၊ ဒါပေမဲ့ ဗြဟ္မဒတ္တမင်းမြတ်က စိတ်ဆိုးတဲ့ အမူအရာ လုံးဝ မရှိဘဲ စားတော်ကဲကို အနီးသို့ တိုးကပ်လာရန် မိန့်တော်မူ နှစ်ယောက်ကြားစကား မိန့်ကြားတော်မူသည်ကတော့–

ရာဇာ "မာဿဒ္ဓ ဇာနာသိ၊ ပကတိယာ ပစနကမံသံ တွံ ခါဒိတွာ မယှံ မနုဿမံသမေဝ ပစာဟိ" တိအာဟ၊ (ဇာ-၌-၅။ ၄၉၇ မဟာသုတသောမဇာတက)။

ရာဇာ၊ ဗာရာဏသီပြည်အရှင် ဗြဟ္မဒတ်မင်းသည်။ ဘတ္တကာရက၊ အချင်းစဖိုသည်။ တွံ၊ သင်သည်။ သဒ္ဒ'၊ ဒို့ဘုရင်ကား, လူသားစားဟု, ပြောကြားလေဟန်,စကားသံကို။ မာအကစသိ၊ ယောင်မှား၍မျှ, ပြောကြားသူမှု, မပြုပါလေလင့်။ ပကတိယာ၊ ပကတိ သဘောအားဖြင့်။ ပစနကမံသံ၊ ဆောင်ယူခဲ့လျက်, ချက်သော အသားကို။ တွံ၊ သင် ည်။ ခါဒိတွာ၊ အလိုရှိသလောက် စားသောက်ပြီး၍။ မယှံ၊ ငါ့ဘို့ငါ့အတွက်မူ။ မနုဿမံသမေဝ၊ လူသားကိုသာလျှင်။ ပစာဟိ၊ မယွင်းဆက်ဆက်, ချက်ပါလေလော့။ ဣတိ၊ ဤသို့။ အာဟ၊ နှစ်ယောက်ကြားစကား, မိန့်ကြား လိုက်လေ၏။

မင်းကြီးက စဖိုသည်- ဒီစကားကိုဘယ်သူမှ မပြောကြားလေလင့် ရိုးရိုးသားသား ဟင်းကို တော့ သင်စားသောက်လေ၊ ငါ့ဘို့ကိုတော့ နေ့တိုင်းလူသားကိုသာ ချက်လေ- ဟု ပြောဆိုမိန့်ကြား လေသတဲ့။

၁။ အရှူး နွားသား (အမဲသား) စကျွေးမိ၍ နွားမြင်တိုင်း လက်ညှိုးထိုး ဆိုသလို စပိုသည် စားတော်ကဲလဲ-ဘုရင်ပြဟ္မဒတ်ကို လူသားဟင်းနှင့်ပွဲတော်တခါ အဆက်မှားသဖြင့် ယခုဘော့ ဘုရင်ကြီးလဲ လူမြင်တိုင်း လက်ညှိုးထိုးနေပြီနော်။

၂။ စပိုသည်က လူသားကို နေ့စဉ်ရရန် မလွယ်ကူပါဘုရား- ဟု လျှောက်ထားလျှင် ဘုရင်ကြီး ကလဲ မစိုးရိမ်လင့် ထောင်အတွင်း၌ လူများစွာရှိသည် မဟုတ်လား ထိုထောင်သားတို့တွင် နေ့စဉ် တယောက်ကျ သတ်၍ ဟင်းချက်လေ- ဟု ပြောဆို အမိန့်ပေးသဖြင့် စပိုသည်စား တော်ကဲလဲ ထိုနေ့မှစ၍ ထောင်တွင်းမှ ထောင်သားများကို နေ့စဉ် တယောက်ကျ သတ်ပြီး ဆူဖြိုးသော အသားများကို လှီးဖြတ်ယူကာ ဟင်းချက်၍ ဗြဟ္မဒတ်မင်းကြီးကို ပွဲတော်ဆက် ကပ်ရလေသတဲ့။

၃။ နေ့စဉ် ရက်ဆက်သတ်၍ ချက်ရသဖြင့် ထောင်တွင်း၌ ထောင်သားများ ကုန်သောအခါ "အရှင်မင်းမြတ် ထောင်တွင်းရှိလူများ ကုန်ပါပြီ ယခု ဘယ်လို ပြုလုပ်ရပါမည်နည်း" ဟု စဖိုသည်က လျှောက်ထားသောအခါ ဗြဟ္မဒတ်မင်းကြီးက ယင်းသို့ဖြစ်ခဲ့လျှင်လမ်းဆုံလမ်းမ လမ်းလေးခွတို့၌ အသပြာတထောင် ဘဏ္ဍာထုပ်ကို ချထားလေ၊ ထိုဘဏ္ဍာထုပ်ကို ကောက် ယူသူအား သူခိုး-ဟု ဆိုကာဖမ်းဆီး၍ သတ်လေ-ဟု မိန့်ခွန်းတော် ချွေပြန်သတဲ့။ ဗြဟ္မဒတ် မင်းလဲ လူသားစား ဘီလူးကြီး ဖြစ်နေပြီနော်။ ရသတဏှာများ လွန်စွာ ကြောက်စရာ ကောင်းပါကလား။

စဖိုသည်လဲ မင်းကြီးစေခိုင်းချက်အတိုင်း လမ်းဆုံလမ်းမ၌ ဥစ္စာဘဏ္ဍာထုပ်ထား၍ ကိုင်သူ ကောက်ယူသူများကို ခိုးသူရှီးစွပ်ကာ ဖမ်းယူသတ်ဖြတ်နေသဖြင့် နောင်သောအခါ မင်းပြစ်ဘေး ဒဏ်ကို ကြောက်ရွံ့ကြသဖြင့် ဥစ္စာထုပ်ကို ကြည့်ဝံ့သူပင် မရှိတော့ပြန်ရကား- ဘုရင်ကြီးကို ထို အကြောင်း လျှောက်ထားကာ မည်သို့ ဆက်လက် ပြုရပါမည်နည်း- ဟု လျှောက်ထားပြန်တယ်။ အသားမပါရင် ပွဲတော်မတည်နိုင်သော မင်းကြီးကလဲ ထိုသို့ဖြစ်နေပြန်လျှင် စည်ကြီးကိုတီးခတ်ချိန် အခါ၌ မြို့သူမြို့သားများ ရောပြွမ်းနေကြသောအခါဝယ် တိုက်စပ်ခြံစပ်မှာဖြစ်စေ လမ်းဆုံလမ်းမမှာ ဖြစ်စေနေ၍ အနီးသို့ ရောက်လာသော လူတို့ကို သတ်ပြီး အသားကိုယူလေ- ဟု မိန့်ဆိုပြန်သတဲ့။ စည်ကြီးတီးခတ်ချိန်ဆိုတာ ယခုခေတ် ဘုန်းတော်ကြီးကျောင်းများ၌ ညဉ့်ဦးယာမ်ဝတ် ဘုရားဝတ်ပြု ဝတ်တက်ချိန် ထိုးခေါက်ကြတဲ့၊ ခေါင်းလောင်းထိုးချိန် ကာလကို ဆိုလိုခြင်း ဖြစ်တယ်နော်။ ဒီအချိန်မှာ လူတယောက်နှင့် တယောက် ကွဲကွဲပြားပြား ထင်ရှားစွာ မမြင်နိုင်တော့ဘူး မှောင်စ မျိုးချိန် မိုးချုပ်ကာစ ကာလပေါ့။

စဖိုသည်ကလဲ မင်းကြီးစေခိုင်းချက် အကြံပေးချက်အတိုင်း၊ ညနေမှောင်စတွင် သင့်လျော်ရာ အရပ်၌ချောင်းမြောင်းနေပြီး အနီးကပ်ရောက်လာသူများကိုသတ်ဖြတ်ကာ ဆူဖြိုးသောအသားများ ကိုယူပြီး လူသေအလောင်းကောင်ကိုတော့ ပစ်ထားခဲ့သတဲ့၊ မြို့တွင်းမှာလဲ တညတလောင်းကျ တနေရာမဟုတ် တနေရာတွင် သေဆုံးနေတာကို တွေ့ကြရမြဲဖြစ်နေတယ်၊ နံနက်လင်းလာလျှင် မြို့သူ မြို့သားများလဲ ငါ၏ မိခင်မရှိတော့ဘူး။ ငါ့အမ-နှမ-သေရှာပြီ စသည်ဖြင့် ပြောဆိုကာ ငိုကြွေး မြည်းတမ်းသံများ ဆူနေသတဲ့။ မြို့သူ မြို့သား များမှာ လွန်စွာ ကြောက်ထိတ် လန့်ကြကုန်လျှက် ဤလူတွေကို ခြင်္သေ့စားသလော, ကျားဝင်၍ စားသလော, သို့မဟုတ် ဘီလူး စားသလော- ဟု

စစ်ဆေး ကြည့်ရှုကြသောအခါ ရိုက်ပုတ် ထိုးနှက်ထားတဲ့ ဒဏ်ရာကို တွေ့မြင်ကြသဖြင့် လူသားကို စားသော လူသတ်သမား လူဆိုးသည် ဤလူများကို သတ်၍ စားခြင်းဖြစ်သည်-ဟု ဆုံးဖြတ်ကာ မြို့သူမြို့သားများ မင်းရင်ပြင်၌ စုပေါင်း၍ မင်းကြီးကြားအောင် အော်ဟစ်ကြွေးကြော်ကြသတဲ့၊ မင်းကြီးက "အမောင်တို့ အဘယ်ကိစ္စ" ဟု မေးသဖြင့် "မင်းကြီး ဤမြို့၌ လူကိုသတ်စားသော လူသားစား လူဆိုးရှိနေပါတယ်၊ ထိုလူသတ်ကောင်ကို ဖမ်းတော်မူပါ ဟု မြို့သူမြို့သားများက လျှောက်ထားကြလျှင် ငါဘယ်မှာ သိနိုင်ပါ့မလဲ၊ မြို့ကို ငါစောင့်ရှောက် နေလျက်ပင် ရှိသည် မဟုတ်လော" ဟု ရှောင်ဖယ်ဖယ် ပြောဆိုနေသတဲ့။

သို့ဖြစ်၍ လူများကလဲ မင်းကြီးကတော့ မြို့ရွာကို စောင့်ရှောက် လိုဟန်မရှိ ကာဠဟတ္ထိ အမည်ရှိတဲ့ စစ်သူကြီးထံသွား၍ ပြောကြားကြကုန်စို့-ဟု တိုင်ပင်ကာစစ်သူကြီး ကာဠဟတ္ထိ ထံသို့ သွား၍ ထိုအကြောင်းကို တိုင်တန်းပြောကြားကြလျှင် "အမောင်တို့ မြို့တွင်း၌ လူသားစားလူသတ်ကောင်ရှိနေလျှင်၊ သင်တို့စုပေါင်း၍ ထိုထိုအရပ်တို့၌ ပုန်းအောင်း ချောင်းမြောင်းကာ ကြည့်ရှုကြ၍ ယင်းလူသားစား လူသတ်ကောင်ကို မိအောင်ဖမ်းကြလေကုန်" ဟု ပြောဆို အမိန့်ပေးပြီး အစီအစဉ် အားလုံးပြုလုပ်ပေး၍ မြို့လူထုက လူစုခွဲကာ ကင်းပုန်းချ၍ လူသားစား လူသတ်ကောင်ကို စောင့်နေကြသတဲ့။ စဖိုသည်စားတော်ကဲကလဲ နေ့စဉ်နေ့တိုင်းကဲ့သို့ပင် ညဥ့်အခါ၌ အိမ်ခြံစပ်တခု၌ ပုန်းနေပြီး အနီးသို့ ရောက်လာသော မိန်းမတယောက်ကို သတ်ကာ ဆူဖြိုးသော အသားများကို စားမြင့်လိုးဖြတ်၍ ခြင်းတောင်း၌ ထည့်နေဆဲတွင် အစောင့်ချထားသော မြို့လူထု ကင်းပုန်းနှင့် တွေ့၍ ဖမ်းပြီးလျှင် ထောင်းထုရိုက်ပုတ်ကာ လက်ပြန်တုပ်ပြီး လူသားစား လူသတ်ကောင်ကို ဖမ်းမိပြီ-ဟု ကြွေးကြော် အချက်ပေးလိုက်လျှင် လူအများ စုပေါင်းရောက်လာကြတယ်၊ ထိုအခါ လူသတ်ကောင်ကို ကောင်းစွာချုပ်နှောင်၍ စစ်သူကြီး ကာဠဟတ္ထိထံသို့ ခေါ်ဆောင်သွားကြသတဲ့။

စစ်သူကြီး ကာဠဟတ္ထိသည် မြို့လူထု ဖမ်းဆီးခေါ်ဆောင်လာသော လူသားစား လူသတ်ကောင်ကိုမြင်လျှင် ဘုရင်မင်းမြတ် ဗြဟ္မဒတ်၏ စဖိုသည် စားတော်ကဲအဖြစ်ကို မှတ်မိသိရှိ၍ လူသတ်ခြင်း, လူသားစားခြင်း, အကြောင်းကို စစ်မေးသောအခါ 'အရှင်စစ်သူကြီး နံနက်လင်းမှသာလျှင် ဗြဟ္မဒတ်မင်း ရှေ့တော်မှောက်ရောက်မှ ထိုအကြောင်းကို စစ်မေးတော်မူပါ။ ဘုရင့်ရှေ့တော်မှောက် ရောက်မှ ထိုအကြောင်းကို လျှောက်ထားပါရစေ' ဟု ပြောဆို ခွင့်တောင်းလေသတဲ့။

ထိုအခါ ကာဠဟတ္ထိ စစ်သူကြီးက စဖိုသည့်ကို ညအခါ ကောင်းစွာ နှောင်ဖွဲ့ထားစေပြီး နံနက်လင်းလျှင် မြို့သူမြို့သားများ ခြံရံစောင့်ကြပ်လျက် စဖိုသည် လူသတ်သမားကို ဘုရင့်ရှေ့ဘော်မှောက် ဆွဲခေါ်သွားကြသတဲ့၊ ဗြဟ္မဒတ်မင်းကြီးလဲ ယမန်နေ့က ညနေစာလဲ ပွဲတော်မတည်ရပေ၊ စဖိုသည်လဲ ယခုထိပြန်မလာသေး မြို့တွင်းမှာလဲ ဆူဆူညံညံ လူသံများ ကြားရသည် အကြောင်း အသို့နည်း- ဟု ကြံစည် စဉ်းစားယင်း လေသာယံ တံခါးကိုဖွင့်၍ နန်းရင်ပြင် ကြည့်သောအခါ စစ်သူကြီးနှင့် မြို့လူထုက နှောင်ကြိုးထုပ်ကာ ဆွဲခေါ်လာသော မိမိရဲ့လူယုံတော် စဖိုသည်ကိုတွေ့မြင်ရ "အမှုတော့ ပေါ်လေပြီ" ဟု တွေးဆပြီးသတိထား၍ ပလ္လင်ပေါ် တက်ထိုင်နေသတဲ့၊

ကာဠဟတ္ထိ စစ်သူကြီးကလဲ ဘုရင့်ရှေ့တော်မှောက် ရောက်လေလျှင် စဖိုသည်ကို စစ်ဆေးမေးမြန်းသောအခါ ဗြဟ္မဒတ်ဘုရင်က စစ်သူကြီးကိုပင် အပြစ်ယူလိုသော သဘောဖြင့်-

ကာဠဟတ္ထိ တံ နာမအညံ စောရံ အဂ္ဂဟေတွာ မမပေသနကာရကံ ဂဏှာသိတိ
အဿာဘယံ ဇနေန္တော ကထေသိ။ (ဇာ-ဋ္ဌ-၅။ ၅၃၀ မဟာသုတသောမ ဇာတက)။

ကာဠဟတ္ထိ- သင်မည်သည်ကား တပါးသော ခိုးသူ ခုးပြကို မဖမ်းမဆီးဘဲ ငါ၏အစေ
အပါး အလုပ်သမားကို ဖမ်းယူလေဘိ၏- ဟု စစ်သူကြီးအား အပြစ်ဒဏ်ထားလျက် မိန့်ကြားတော်
မူလေသတဲ့။

စစ်သူကြီးသည် ဘုရင်ပြောစကားကို ကြားလေလျှင် "ဤမင်းသည် မိမိနှုတ်ဖြင့် ပင်လျှင်
ဝန်ခံ ပြောဆိုနေပေသည်၊ ဤမျှလောက်သော ကာလပတ်လုံး ဤမျှ များပြားလှသော လူတို့ကို
ဤမင်းသည် သတ်ဖြတ် စားသောက်ခဲ့၏၊ ထိုလူသားစားခြင်း အမှုကို ရှောင်ကြဉ်စေအံ့" ဟု
ကြံရွယ်လာ-

"မဟာရာဇ မာ ဧဝံကရိ၊ မာ မနုဿမံသံ ခါဒါသိ=အရှင်မင်းမြတ်-ဤသို့ မပြုလုပ်သင့်
ပါ၊ လူသားကို စားသောက်တော်မမူပါလင့်"ဟု ပြောဆို လျှောက်ထားပါတယ်။

ဘုရင်ကြီးကလဲ ဒေါသတကြီးနှင့် "ကာဠဟတ္ထိ ကိံ ကထေသိ၊ နာဟံ ဝိရမိတုံ သက္ကောမိ=
ဟေ့-ကာဠဟတ္ထိ-ဘာပြောသနည်း၊ ငါဟာ လူသားစားခြင်းကို မရှောင်နိုင်ဘူး"ဟု အော်ဟစ်
ငေါက်ငန်းကာ မိန့်ကြားလေတော့တယ်တဲ့၊ ယခုခေတ် ဆရာဖြစ်သော အထက်လူကြီး အရက်
သမားကို မယှဉ်းမမူးစေလိုသော စေတနာနှင့် လက်အောက်ငယ်သားက အရက်မသောက်ရန်
ပြောဆို သတိပေးသဖြင့် ဝါ့ကို တဖန် ဆရာလုပ်ကာ အမိန့်ပေးနေသလား-ဟု ဆူပူကြိမ်းဝါးနေတဲ့
အထက်ဆရာကြီးများနဲ့ အလွန်တူနေမှာဘဲ နော်။

ကာဠဟတ္ထိ စစ်သူကြီးက အလျှော့မပေးဘဲ ဒီလိုလူသားစားမှုမှ မရှောင်ကြဉ်ပါလျှင် မိမိလဲ
ပျက်စီးပါလိမ့်မယ်၊ တိုင်းပြည်ကြီးလဲ ပျက်စီးသွားပါလိမ့်မယ်-ဟု ဆိုကာ ရှေးအခါက မဟာ
သမုဒ္ဒရာ၌ ငါးကြီး(၆)ကောင် ပုံဝတ္ထုဖြင့် အကျယ် လျှောက်ထားပြန်တယ်။

ထိုပုံဝတ္ထုကို ကြားလေလျှင် ဗြဟ္မဒတ်မင်းကြီးကလဲ အညှံ့မခံဘဲ "ဟေ့-ကာဠဟတ္ထိ၊ ဥပမာ
ပုံဝတ္ထုကို မင်းမှသာ နားလည်သည်, သိတတ်သည် မဟုတ်၊ ငါလဲ နားလည်ပါတယ်"ဟု ပြောဆို
ကာ လူသား၌ တပ်မက်ခြင်းရှိသောကြောင့် ရှေးအခါက ဗာရာဏသီပြည်မှာ သုတာဇာသူကြွယ်၏
သားငယ်ဝတ္ထုကို ထုတ်ဆောင်ပြီး ပြောကြားလေသတဲ့၊ ဒီလို စစ်သူကြီးက တမြန်, ဘုရင်ကြီးက
တပြန် အနိုင်မခံ, အရှုံးမပေးကြဘဲ ဥပမာ ပုံဝတ္ထုများကို ဆက်လက်ပြောကြားပြီး နေကြတယ်၊
ဒီ ပုံဝတ္ထုတွေကို ကုန်စင်အောင် ပြောနေယင်တော့ တရားပွဲ သိမ်း နိုင် တော့ မှာ မဟုတ်ပေဘူး၊
ဂါထာရှစ်ဆယ်ရှိတဲ့ အသီတိနိပါတ်, မဟာသုတသောမဇာတ် အဋ္ဌကထာလာအတိုင်း ပြည့်စုံစွာ
ဟောမည်ဆိုလျှင် တပတ်လောက်ဟောမှဘဲ ပြည့်စုံပေလိမ့်မယ်၊ သို့ဖြစ်၍ လိုအပ်ရာ, လိုအပ်ရာ
စကားရပ်များကိုသာ လိုရင်းချုပ်ပြီး ဟောပြောပါတော့မယ်။

စစ်သူကြီးကာဠဟတ္ထိနှင့် အမတ်ကြီးများက လူသားစားခြင်းမှ ရှောင်ကြဉ်ပါရန် အမျိုးမျိုး
အကြောင်းပြကာ လျှောက်ထားကြသော်လည်း လူသားစားမှုမှ မရှောင်ကြဉ်နိုင်ကြောင်းကိုသာ
ထပ်ကာထပ်ကာ ပြောဆိုနေသဖြင့် စည်းဝေးရောက်လာကြသော ပြည်သူလူထုက လူသားစား

ဘုရင်ကြီးအား ဟိုင်းပြည်မှနှင်ထုတ်ရန် အော်ဟစ် တောင်းဆိုကြလေတော့သတဲ့၊ ထိုအခါ ဗြဟ္မဒတ်မင်းက "ကာဠဟတ္ထိ စစ်သူကြီး-ငါ့ကား တိုင်းပြည်စည်းစိမ်ဖြင့်၊ (ဝါ)မင်းစည်းစိမ်ဖြင့် အလိုမရှိပေ၊ မြို့မှ ထွက်ပေအံ့၊ ငါ့အား သံလျက်တလက်ကိုရင်း, စဖိုသည်ကိုရင်း, အိုးခွက်ကိုရင်း ပေးလေလော့"ဟု ပြောဆိုပါတယ်၊ သားတော်,သမီးတော်များ၊ မိဖုရားကြီးတို့ကိုလည်း မငဲ့နိုင်,တိုင်းပြည်စည်းစိမ်ကိုလဲ မငဲ့နိုင်တော့ဘဲ ရသတဏှာနောက်သို့သာ ကောက်ကောက်ပါအောင် လိုက်နေတော့တာဘဲ နော်။

အထဿ ခဂ္ဂဉ္စ မံသပစနဘာဇနဉ္စ ပစ္ဆိဉ္စ ဥက္ခိပါပေတွာ ရသကဉ္စ ဒတွာ ရဋ္ဌာ ပဗ္ဗာဇနီယ ကမ္မံ ကရိံသု။ (ဇာ-ဋ္ဌ-၅၊ ၅၃၀-မဟာသုတ)။

အထ၊ လူသားစားခြင်း, မရှောင်ကွင်းရာ, ထိုအခါ၌။ အဿ၊ ထို ဗာရာဏသီ, ပြည်ကြီးသခင်, ဘုရင် ဗြဟ္မဒတ်အား။ ခဂ္ဂဉ္စ၊ သံလျက်ကိုရင်း။ ပစ္ဆိဉ္စ၊ အသားထည့်ကာ ကောင်းစွာ ဆောင်နှင်းခြင်းကိုရင်း။ ဥက္ခိပါပေတွာ၊ မြှောက်ချီစေ၍။ ရသကဉ္စ၊ ဟင်းချက်အကျော်, စားတော်ကဲ စဖိုသည့်ကိုလည်း။ ဒတွာ၊ ပေး၍။ ရဋ္ဌာ၊ ဗာရာဏသီ, တိုင်းဌာနီမှ။ ပဗ္ဗာဇနီယကမ္မံ၊ မကြာချက်ချင်း, နှင်ထုတ်ခြင်းအမှုကို။ ကရိံသု၊ တိုင်းပြည်လူထု, ဆန္ဒပြု၍, ယခုခဏ, ပြုလုပ်ကြလေကုန်ပြီတကား။

တိုင်းသူပြည်သား လူအများနှင့် ကာဠဟတ္ထိစစ်သူကြီးက တိုင်းပြည်မှ နှင်ထုတ်လိုက်သော ဗြဟ္မဒတ်ဘုရင်ကြီးသည် စဖိုသည်ကို ခေါ်ယူပြီး မြို့ရွာမှ ထွက်ကာ တောသို့ ဝင်၍ တောတွင်းတနေရာတွင် အရိပ်အာဝါသကောင်းသော ပညောင်ပင်ကြီးတပင်၌ နေကြသတဲ့၊ ဘုရင်ကြီးက တောတွင်း လမ်းခရီးတို့၌ ရပ်တည်နေပြီး တွေ့သောလူများကို သတ်၍ စဖိုသည်ကို ပေးတယ်၊ စဖိုသည်က ကောင်းစွာ ချက်ပြုတ်ကျွေးရတယ်၊ သည်လိုဖြင့် နှစ်ယောက်အတူ လူသားစား၍ နေလာကြရာ တနေ့သောအခါ၌ ဘုရင်ကြီးက တောတောင်မြိုင်ကြား လှည့်လည်သွား၍ လူများကို ရှာဖွေရာ မတွေ့ရသဖြင့် ပညောင်ပင်သို့ပြန်လာလျှင် စဖိုသည်က "မင်းကြီး-အသို့ပြုရပါမည်နည်း" ဟု မေးမြန်းရာ "ခုံလောက်ပေါ်၌ အိုးကိုတင်လော့"ဟု ပြောဆိုသတဲ့၊ "မင်းကြီး အသားကကော အဘယ်မှာနည်း"ဟု မေးတဲ့အခါ "ရပါလိမ့်မယ်"ဟု ပြောသဖြင့် စဖိုသည်လဲ "ယနေ့တော့ ငါ၏ အသက် မရှိတော့ပေ၊ သေရပေတော့မည်"ဟု ကြောက်ရွံ့တုန်လှုပ်လျက် မီးမွေးကာ အိုးတည်ပြီးလျှင် ဗြဟ္မဒတ်မင်းကြီးခေါ် ပေါရိသာဒသည် စဖိုသည်ကို သံလျက်နှင့်ပိုင်းပြီး ကိုယ်တိုင်ချက်ကာ စားသောက်လေသတဲ့၊ ထိုအခါမှစ၍ ပေါရိသာဒသည် တယောက်တည်း လှည့်လည်ကာ တွေ့သော လူများကို သတ်၍ အသားကို ချက်ပြုတ်စားသောက်သဖြင့် ဇမ္ဗူဒိပ်တကျွန်းလုံး၌ ပေါရိသာဒ-ဟု ကျော်ကြားနေသတဲ့။

ထိုအခါ ကုန်သည် ပုဏ္ဏားတဦးဟာ လှည်း ၅၀၀-တို့ဖြင့် ကုန်ရောင်းကုန်ဝယ် ထွက်လာရာ ပေါရိသာဒနေသော တောတွင်းသို့ ရောက်လာတယ်တဲ့။ ပေါရိသာဒကလဲ လှည်းတန်းကို တွေ့မြင်ရလျှင် "ဤလှည်းကုန်သည်အပေါင်းတွင် အဘယ်သူ့ကို ဖမ်းယူရပါမည်နည်း"ဟု ကြံစည်လျက် သစ်ပင်တပင်ပေါ်တက်ကာ ကြည့်ရှုလေ့လာနေရာ နောက်ဆုံးလှည်းပေါ်၌ပါလာသော ကုန်သည် ခေါင်းဆောင် ပုဏ္ဏားကို တွေ့မြင်ရလျှင် သစ်ပင်ပေါ်မှ ဆင်း၍ "အချင်းတို့-ငါကား ပေါရိသာဒ

တည်း”ဟု သုံးကြိမ်အော်ဟစ်ပြီး သံလျက်ကိုဝင့်လျက် ပြောလေလျှင် ရှေ့မှလှည်းများပေါ်၌ပါသူအားလုံး လှည်းပေါ်မှဆင်းကာ မြေပြင်၌ ဝပ်နေကြသတဲ့၊ ပေါရိသာဒသည် နောက်ဆုံး လှည်းယဉ်ကလေးပေါ်၌ ချမ်းသာစွာ လိုက်ပါလာသော ကုန်ပစ္စည်းပိုင်ရှင် ပုဏ္ဏားကို ခြေအစုံ၌ဆွဲကာ ဖမ်းယူ၍ ခေါင်းကို နှစ်ချက်သုံးချက် ဖနောင့်ဖြင့်ပေါက်ပြီး မြှောက်ချီ ယူပြေးလေသတဲ့၊ ထိုအခါ လှည်းသမားများက စုပေါင်း၍ ပေါရိသာဒနောက်သို့ ပြေးလိုက်လာကြရာ အားအစွမ်းနှင့် ပြည့်စုံသော ယောကျ်ားတယောက်က ပေါရိသာဒကို မှီလှာသဖြင့် ပေါရိသာဒလည်း ခြံစီးတခုကို ခုန်ကျော်လိုက်ရာ ရှားငုတ်စူးသဖြင့် ခြေဖမိုး ပေါက်ထွက်သွားပြီး သွေးများယိုစီးကျလာတယ်၊ ပေါရိသာဒသည် မိမိနောက်မှ လှည်းသမားများ ဆက်လိုက်လာသည်ကို သိသဖြင့် ဖမ်းယူလာသော ပုဏ္ဏားကို ပစ်ချပြီး ကိုယ်လွတ် ထွက်ပြေးလေးတော့တယ်။

ပေါရိသာဒသည် မိမိနေရာ ပညောင်ပင်သို့ ပြန်လာပြီးလျှင် ပညောင်ပင်မှ တွဲလျားကျနေသော ညောင်မုတ်ဆိတ်အကြားဝင်ကာ လျှောင်းစက်ယင်း “အို-အရှင် ပညောင်ပင်စောင့်နတ်မင်း၊ ခုနစ်ရက်အတွင်း ကျွန်ုပ်၏အနာ သက်သာ ပျောက်ကင်းပါက ဇမ္ဗူဒိပ်ကျွန်းအလုံး၌ရှိသော တရာ့တပါးသော မင်းတို့၏ လည်ချောင်းသွေးဖြင့် သင့်၏ ပညောင်ပင် ပင်စည်ကို ဆေးကြော၍ အူတို့ဖြင့် ရစ်ပတ်၍ ငါးမျိုးသော ချိုသောအသားဖြင့် ဗလိနတ်စာ တင်ပါမည်၊ ယစ်ပူဇော်ပါမည်”ဟု ပညောင်ပင်စောင့်နတ်ကို တောင်းပန်လေသတဲ့၊ ရှေးအခါကလဲ နတ်ကို တော်တော် အားကိုးကြတာတဲ နော်၊ အဋ္ဌကထာ၌ ရှင်းပြထားပုံကို သေသေချာချာ သတိပြုပြီး နားထောင်ကြစမ်းပါ။

> တဿ အန္တပါနမံသံ အလာဘန္တဿ သရီရံ သုဿိတွာ အဗ္ဘောသတ္တာဟေယေဝ ဝဏော ဖာသုကော အဟောသိ။ သော ဒေဝတာနုဘာဝေန တဿဖာသုက ဘာဝံ သလ္လက္ခေသိ။ (ဇာ-ဋ္ဌ-၅။ ၅၁၁-သုတ)၊

မြန်မာပြန်၊ အဓိပ္ပာယ်ကတော့-ထမင်း၊ အဖျော်၊ အသားကို မရသော ထို ပေါရိသာဒအား ကိုယ်သည် ခြောက်ကပ်၍ ခုနစ်ရက်အတွင်း၌ပင်လျှင် အနာသည် ပျောက်ကင်းချမ်းသာသည် ဖြစ်လေပြီ၊ ထို ပေါရိသာဒသည်ကား ပညောင်ပင်စောင့်နတ်၏ တန်ခိုးစွမ်း အာနုဘော်ကြောင့် ထို အနာ ပျောက်ကင်းချမ်းသာသည့်အဖြစ်ကို ထင်မှတ်နေသည်-ဟု ဖွင့်ပြထားပါတယ်။

အနာက သူ့ဘာသာ ပျောက်ကင်းသည်ကို နတ်တန်ခိုးကြောင့်၊ နတ်မ,လို့ ပျောက်ကင်းချမ်းသာရသည်-ဟု ထင်မှတ်ပြီး ပညောင်ပင်စောင့်နတ်ကို အလွန် ကျေးဇူးတင်လျက် လူသားကို နှစ်ရက်၊ သုံးရက် စားကာ အားမွေးပြီး၍ “နတ်မင်းကား ကျေးဇူးကြီးပါပေစွ၊ တောင်းပန်ချက်အတိုင်း ဆောင်ရွက်ပေအံ့”ဟု ဇမ္ဗူဒိပ်မင်းတို့ကို ဖမ်းယူရန် သံလျက်ကိုယူ၍ ပညောင်ပင်မှ ထွက်လာခဲ့တယ်၊ ထိုအခါ ပေါရိသာဒကို ရှေးအခါ ဘီလူးဖြစ်စဉ်ဘဝက အတူတကွ လူသားစားဘက် မိတ်ဆွေဘီလူးကို တွေ့မြင်၍ အကြောင်းစုံကို ပေါရိသာဒက ပြောကြားလျှင် မိတ်ဆွေဘီလူးက အလွန် အဖိုးတန်သော ပဒလက္ခဏာ မန္တာန်တခု သင်ကြားပေးထားခဲ့တယ်တဲ့၊ ဒီ ပဒလက္ခဏာ မန္တာန်၏ အစွမ်းကား-အားအင်ကို ဖြစ်စေတတ်တယ်၊ အင်အား ကြီးမားစေတတ်တယ်တဲ့၊ လျင်မြန်ခြင်းကိုလဲ ဖြစ်စေတတ်တယ်၊ အသံကို ကြားရလျှင် မည်သူမျှ ပြန်မကြည့်ဝန့်အောင် အသံသြဇာကိုလဲ ဖြစ်စေတတ်တယ်တဲ့။

ပေါရိသာဒသည် ထို ပဒလက္ခဏာမန္တာန်ကို သင်ယူပြီးနောက် ခုနစ် ရက် အတွင်း မှာ ပင် တရားတပါးသော မင်းတို့ကို ဥယျာဉ် အစရှိသည်တို့သို့ ထွက်ကြစဉ် အားလုံးဖမ်းယူပြီး ပညောင် ပင်၌ ကြိုးဖြင့် တွဲလျားဆွဲထားသတဲ့၊ ဣန္ဒပတ္ထနဂိုရ်ပြည်မှ သုတသောမ မင်းကတော့ မိမိ့ရဲ့ဆရာ ဖြစ်ခဲ့ဘူး၍ ယင်း သုတသောမကို ဖမ်းယူလျှင် ဇမ္ဗူဒိပ်ကျွန်း၌ ပညာရှိ ဆိတ်သုဉ်းသွားလိမ့်မည်-ဟု စဉ်းစား ဆင်ခြင်ကာ မဖမ်းဘဲ ထားသတဲ့။

မင်းအပေါင်းကိုသတ်၍ ဗလိနတ်စာ တင်အံ့-ဟု တံကျင်ကို ချွန်လျက်နေသော ပေါရိသာဒ ကို ပညောင်ပင်စောင့်နတ် တွေ့မြင်လျှင် "ဤ ပေါရိသာဒသည် ငါ့အား ဗလိနတ်စာတင်ရန် ပြုလုပ် နေပေသည်၊ သူ့ရဲ့အနာ ပျောက်ကင်းအောင်လည်း ငါ တစုံတရာမျှ ပြုလုပ်၍ မပေးအပ်ပေ၊ ယခု ဤမင်းအပေါင်းတို့ ပျက်စီးကြပေတော့မည်၊ အသို့ ပြုရပါမည်နည်း"ဟု ကြံစည်ပြီး "ငါကိုယ်တိုင် တားမြစ်နိုင်လိမ့်မည် မထင်၊ အထက် နတ်ဘုံမှ နတ်များထံသွားပြီး အကူအညီတောင်း၍ တားမြစ် လျှင် ရနိုင်ရာ၏"ဟု စဉ်းစားပြီး စတုမဟာရာဇ် နတ်ပြည်သို့ သွား၍ "ထိုသူအား တားမြစ်ပေး ကြပါ"ဟု ပြောဆိုရာ, စတုမဟာရာဇ် နတ်များက "ငါတို့လည်း ပေါရိသာဒ၏အမှုကို မတားမြစ် နိုင်၊ သိကြားမင်းထံ သွားလေ"ဟု ညွှန်ကြားကြသဖြင့် သိကြားမင်းထံ သွားပြီး ပြောကြား လျှောက် ထားရာ သိကြားမင်းကလည်း "ငါလဲ မတတ်နိုင်၊ ဣန္ဒပတ္ထနဂိုရ်ပြည်မှ သုတသောမ မင်းမှတပါး ပေါရိသာဒကို ဆုံးမ တားမြစ်နိုင်သူ ဤလောက၌ မမြင်ပါ၊ မင်းအပေါင်းတို့၏အသက်ကို ကယ် ဆယ်လိုလျှင် သုတသောမ မင်းကိုလည်း ဆောင်ယူ၍ ဗလိနတ်စာ တင်သင့်သည်-ဟု ပေါရိသာဒ အား ပြောကြားလေ"ဟု အကြံဉာဏ်ပေး ပြောကြားလိုက်ပါတယ်။

ပညောင်ပင်စောင့်နတ်လည်း သိကြားမင်းပေးသော အကြံအတိုင်း မိမိ ဘုံဗိမာန် ပညောင် ပင်သို့ ပြန်လာပြီး ပေါရိသာဒအား ကိုယ်ထင်ပြပြီးလျှင် "ပေါရိသာဒ-ယခုအခါ ဗလိနတ်စာ တင်ရန် အားနည်းသော မင်းတို့ကို ဖမ်းယူလာ၏၊ ဇမ္ဗူဒိပ်ကျွန်း၌ အကြီးဆုံးဖြစ်သော သုတသောမ မင်းကိုကား အကယ်၍ သင် မဆောင်ယူငြားအံ့-သင်၏ သစ္စာစကားသည် မှုသားမည်၏၊ ထို့ကြောင့် သုတသောမကိုလည်း ဖမ်းယူလေ လော့"ဟု ပြောဆိုသဖြင့် "အသင် အဘယ်သူနည်း"ဟု မေးမြန်း၍ ပညောင်ပင်စောင့်နတ်က "ငါကား ဤပညောင်ပင်၌နေသော ပညောင်ပင်စောင့်နတ်တည်း"ဟု ပြောလျှင် ပေါရိသာဒသည် မိမိ၏ ကျေးဇူးရှင် နတ်ကို ကိုယ်တိုင်တွေ့မြင်ရ၍ လွန်စွာ ဝမ်းမြောက် ကာ "အရှင်နတ်မင်း-စိတ်ချတော်မူပါ၊ သစ်ပင်သို့ စိတ်ချမ်းသာစွာဝင်ပါလော့"ဟု ပြော၍ ကြည့်ရှု နေစဉ်မှာပင် နတ်မင်းသည် ပညောင်ပင်သို့ ဝင်သွားသတဲ့။

ပေါရိသာဒသည် ဗေဒင်ကျမ်းတို့၌ လိမ္မာသူဖြစ်သောကြောင့် နက္ခတ်ကျက်စားခြင်းကိုသိ၍ ညချမ်းအခါ ကောင်းကင်ကိုကြည့်လျှင် နက်ဖြန် ဖုဿနက္ခတ် ထွန်းလိမ့်မည်၊ သုတသောမသည် ရေချိုးရန် ဥယျာဉ်တော်သို့ ထွက်လာလိမ့်မည်၊ အစောင့်အရှောက် လိုက်ပါကြသူများလဲ လွန်စွာ များလိမ့်မည်-ဟု သိရှိ၍ ညဉ့်ဦးယံကပင် သုတသောမ ရေချိုးထွက်လာမည့် မိဂါဇိနဥယျာဉ်သို့ သွားကာ မင်္ဂလာကန်တော်တွင်းသို့ ဆင်းပြီး ပဒုမ္မာကြာရွက်ဖြင့် ဦးခေါင်းကို ဖုံးလွှမ်းကာ ပုန်း အောင်းပြီး နေသတဲ့၊ ပေါရိသာဒရဲ့ တန်ခိုးအာနုဘော်ကြောင့် ငါး, လိပ်-စသော ရေသတ္တဝါများ လဲ ရှောင်ရှား၍ ရေကန်အဆုံးမှာ စုဝေါင်းပြီး နေကြသတဲ့၊ လူဆိုးလူမိုက်ဆိုးပမဲ့ ရှေးကံ အား လျော်စွာ သူ့ဘုန်းနဲ့ သူ့ကံဏဘော့ ရှိနေတာဘဲနော်။

မှတ်သားဘွယ်ကောင်းသဖြင့် ပါဠိနည်းနည်းတော့ ရွတ်ရဦးမယ်။

ကုတော ပန လဒ္ဓေါ ယံဗောဇောတိ၊ ပုဗ္ဗယောဂဝသေန၊ သော ဟိ ကဿပ
ဒသဗလဿ ကာလေ ခီရသလာက ဘတ္တံ ပဋ္ဌပေသိ၊ တေန မဟာထာမော။ အဂ္ဂိသာလဥ္စ
ကာရေတွာ ဘိက္ခုသံဃဿ သီတဝိနောဒနတ္ထံ အဂ္ဂိဥ္စ ဒါရုနိစ ဒါရုစ္ဆေဒနဝါသိဥ္စ
ဖရသုဥ္စ အဒါသိ၊ တေန တေဇဝါ အဟောသိ။ (ဇာ-ဋ္ဌ-မ-၅။ ၅၁၅)။

ပန၊ မေးပါဦးမည်။ အယံ-တေဇော၊ ဤတန်ခိုးကို။ ကုတော၊ အဘယ်မှ။ လဒ္ဓေါ၊ ရအပ်သနည်း။ ဣတိပုစ္ဆာယံ၊ ဤသို့ မေးသော်။ ပုဗ္ဗယောဂဝသေန၊ ရှေးကဆည်းပူး ကောင်းမှုအထူး၏ အစွမ်းကြောင့်။ လဒ္ဓေါ၊ ရရှိအပ်ပေ၏။ ဟိသစ္စံ၊ မှန်၏။ သော၊ ထိုပေါရိသာဒသည်။ ကဿပဒသဗလဿ၊ ကဿပ မြတ်စွာဘုရား၏။ ကာလေ၊ လက်ထက်တော်အခါ၌။ ခီရသလာကဘတ္တံ၊ စာရေးတန် နို့ဆွမ်းကို။ ပဋ္ဌပေသိ၊ ဖြစ်စေပြီ။ တေန၊ ထို့ကြောင့်။ မဟာထာမော၊ ကြီးသော အားအစွမ်းရှိသည်၊ အဟောသိ၊ ဖြစ်ပြီ။ အဂ္ဂိသာလဥ္စ၊ မီးတင်းငုတ်ကိုလည်း။ ကာရေတွာ၊ ပြုစေ၍။ ဘိက္ခုသံဃဿ၊ ရဟန်းအပေါင်းအား။ သီတဝိနောဒနတ္ထံ၊ ချမ်းအေးမှုကို ပယ်ဖျောက်ခြင်းအကျိုးငှာ။ အဂ္ဂိဥ္စ၊ မီးကိုရင်း။ ဒါရုနိစ၊ သစ်သားထင်းတို့ကိုရင်း။ ဒါရုစ္ဆေဒနဝါသိဥ္စ၊ သစ်သားထင်းဖြတ်ရန် ပဲကွပ်ကိုရင်း။ ဖရသုဥ္စ၊ ပုဆိန်ကိုရင်း။ အဒါသိ၊ ပေးလှူပြီ။ တေန၊ ထို့ကြောင့်။ တေဇဝါ၊ အရာရာ လွှမ်းမိုး တန်ခိုးရှိသည်။ အဟောသိ၊ ဖြစ်လေပြီ။

ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက စာရေးတန်နို့ဆွမ်းကို လှူဒါန်းခဲ့ခြင်းကြောင့် ကြီးမားသော အားအစွမ်းရှိခြင်း ဖြစ်ရသတဲ့၊ ရဟန်းသံဃာအား ချမ်းအေးမှုပယ်ဖျောက်ရန် မီးကို လှူခဲ့ခြင်းကြောင့် အရာရာ ကို လွှမ်းမိုးနိုင်တဲ့ တန်ခိုးကြီးရခြင်း ဖြစ်သတဲ့၊ နို့ဆွမ်းလှူရခြင်း အကျိုးနှင့် မီးပူလှူရခြင်း အကျိုးကို ဒီလို မှတ်သားကြပေတော့။

နောက်နေ့ နံနက်ချိန်ခါတွင် သုတသောမ မင်းသည် နံနက်စာ စားပြီး စစ်အင်္ဂါလေးပါး ခြံရံလျက်မြို့ဘော်မှ မိဂါဇိနဥယျာဉ်တော်သို့ကြွသွားရာ လမ်းခရီးတွင် တက္ကသိုလ်ပြည်မှ နန္ဒမည်သော ပုဏ္ဏားသည် မင်းကြီးအား အောင်ဆုပေး၍ လက်ဆန့်တန်းနေသဖြင့် အနီးကပ်သွား၍ အကြောင်းကိုမေးမြန်းရာ ကဿပ မြတ်စွာဘုရား ဟော ကြားခဲ့သော ပရမတ္ထ တရားနှင့်စပ်သော သတာရဟ ဂါထာ လေးပုဒ်တို့ကို နာယူ စေလိုကြောင်း လျှောက်ထားလျှင် "ဆရာပုဏ္ဏား အသင်သည် ကောင်းသော လာခြင်းပါတကား ယနေ့ဖုဿနက္ခတ်နှင့် ယှဉ်သဖြင့် ဦးခေါင်းနှင့်တကွ ရေချိုးရန် ဥယျာဉ်တော်သို့ သွားရန် ထွက်လာသည်၊ နောက်နေ့မှ နာယူပါမည်"ဟု ပြောဆို၍မင်းချင်းတို့အား ဆရာပုဏ္ဏားအား နေရာချထားပေးရန် အမိန့်ပေးပြီး ဥယျာဉ်တော်သို့ ဆက်သွားသတဲ့။

ဥယျာဉ်တော် ရောက်လျှင် မင်္ဂလာရေကန်၌ ဦးခေါင်းနှင့်တကွ ရေချိုးပြီးလျှင် ရေကန်မှ တက်၍ အဝတ် လဲနေခိုက်တွင် ပေါရိသာဒသည် ရေကန် အတွင်း၌ ပဒုမ္မာ ကြာဖတ်အကြားပုန်းအောင်းနေရာမှ "အဟံ အရေမနုဿ စောရော ပေါရိသာဒေါ- အချင်းတို့ ငါကား လူသားစား လူဆိုး ပေါရိသာဒတည်း" ဟု အမည်ထုတ်ဖော် ကြွေးကြော်ကာ သံလျက်ကို ဝှေ့ရမ်းလျက် ရေမှ တက်လာ ပြေးလာသတဲ့။

ပေါရိသာဒ ဟူသောအသံကို ကြားကြလျှင် အစောင့်အရှောက် လိုက်လာကြသော ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ခြေသည်သူရဲ၊ အားလုံး မိမိတို့ ကိုင်ဆောင်ထားသော လက်နက်များကို စွန့်ပစ်ကြပြီး မြေပြင်၌ဝပ် နေကြသတဲ့၊ တော်တော်အားကိုး အားထားပြုရတဲ့ စစ်သူရဲကောင်းတွေနော်။

ပေါရိသာဒလဲ သုတသောမကို ဖမ်းယူကာ ပခုံးပေါ်တင် ထမ်းဆောင်ပြီးတဆယ့်ရှစ်တောင်မြင့်သော ဥယျာဉ် အကာအရံကို ခုံကျော် ထွက်ပြေးသွားသတဲ့၊ မိမိတို့ ဘုရင်မင်းမြတ်ကို ဖမ်းယူသွားသော်လဲ မည်သည့်စစ်သည်သူရဲမှ ပေါရိသာဒ၏ နောက်သို့ မလိုက်ဝံ့ကြဘူးတဲ့၊ လစာရိက္ခာ ရလို့သာ အမှုထမ်းနေကြတာကိုး၊ မိမိအသက်စွန့်ဘို့ရာ ကြုံလာလျှင်တော့ အဘယ်မှာ တကယ်စွန့်ဝံ့ကြပါမလဲ။

ပေါရိသာဒသည် သုတသောမကို ထမ်း၍ ဆောင်ယူသွားစဉ် သုတသောမ၏ ဆံပင်တို့မှ ရေပေါက်များ ပေါရိသာဒ၏ ကိုယ်ပေါ်ကျလာသဖြင့် အို-သုတသောမ အသင်သည် သေရမည့်ဘေးကို ကြောက်ရွံ့၍ ငိုကြွေးနေသလော- ဟု မေးမြန်းလိုက်တယ်။

မိတ်ဆွေ ပေါရိသာဒ- ငါသည် ငါ့အတွက်လည်း မစိုးရိမ်မပူဆွေး၊ သားသမီး စသည်တို့အတွက်လည်း မစိုးရိမ်မပူဆွေးပေ။ စင်စစ်မှာမူ ငါသည် ဥယျာဉ်တော်သို့ ထွက်လာစဉ်က တက္ကသိုလ်မှ ပြာဟ္မဏဘဦးက ကဿပမြတ်စွာဘုရား ဟောကြားခဲ့သော သတာရဟ ဂါထာလေးပုဒ်ကိုယူ၍လားပါတယ်၊ ငါသည် ထိုဂါထာတို့ကို ရေချိုးပြီးမှ နာယူမည်- ဟု ကတိပြုကာ ဥယျာဉ်တော်သို့ ထွက်လာခဲ့ရာ ထိုဂါထာတို့ကို မနာယူရမီ ငါကို သင်ဖမ်းယူခဲ့ပါတယ်၊ ငါ့ကို အကယ်၍ မိတ်ဆွေ လွှတ်ပေးပါအံ့၊ ထိုတရား ဂါထာတို့ကို နာယူပြီး- သစ္စာစကားကို အစဉ်စောင့်လျက် အသင့်ထံသို့ အမှန်ပြန်လာပါမည်- ဟု ပြောဆို ခွင့်တောင်းပါတယ်။

ပေါရိသာဒကလဲ “အဆွေသုတသောမ အသင့်ရဲ့စကားကို ငါမယုံနိုင်ပါ၊ သေမင်း ခံတွင်းမှ လွတ်ထွက်လာ၍ ချမ်းသာစွာ နေသူသည် အဘယ်မှာတဖန် ရန်သူလက် သေမင်းထံသို့ ပြန်လာပါမည်နည်း” ဟု ပြောဆို မေးမြန်း လသတဲ့။

အဆွေ ပေါရိသာဒ-သင်နှင့်ငါသည် ငယ်စဉ်ကပင် သိကျွမ်း၍ ဆရာတယောက်တည်းထံမှာ အတူတကွ ပညာသင်လာခဲ့ကြသူများ ဖြစ်တယ်။ ငါသည် အဘယ်အခါ၌ မုသား ပြောဆိုသည်ကို အသင်သိမိပါသနည်း- စသည်ဖြင့် သစ္စာပြုကာ ပြောဆိုသောကြောင့် ဆရာ တဦးတည်းထံ၌ မိမိနှင့် အတူတကွ ပညာသင်ကြားဖက် မိတ်ဆွေရင်းဖြစ်ခြင်း၊ မိမိ၏ဆရာပင် တော်စပ်ခဲ့သေးခြင်း စသော အကြောင်းများကို ထောက်ရှုကာ ပေါရိသာဒသည် ကောင်းစွာ ယုံကြည်သဖြင့် ‘မိတ်ဆွေသုတသောမ ထိုသို့ဖြစ်လျှင်အသင် သွားနိုင်ပါသည်။ မိတ်ဆွေ ပြန်မလာလျှင် ဗလိနတ်စာတင်ပွဲ ဖြစ်မည်မဟုတ်ပါ၊ပညောင်ပင်စောင့် နတ်ကလဲ အင်နှင့်ကင်းပြီး ဗလိနတ်စာတင်ပွဲကို ခံယူမည် မဟုတ်ပါ၊ ကျွန်ုပ်ရဲ့ဗလိနတ်စာတင်ပွဲ အန္တရာယ်ကိုတော့ မိတ်ဆွေ မပြုလုပ် ပါလေသင့်- ဟု ပြောဆို မှာကြားကာ တရားနာယူရန် လွှတ်ပေးလိုက်သတဲ့။

မြို့သူ မြို့သားများလဲ သုတသောမ ပြန်လာသည်ကို တွေ့လျှင် လွန်စွာဝမ်းမြောက်ကြလျက် ကြိုဆိုကာ မြို့တွင်းသို့ ဝင်သွားကြတယ်တဲ့၊ နန်းတော်သို့ ရောက်လျှင် နန္ဒပုဏ္ဏားအား ရွှေတော်သို့

ခေါ်၍ တရားတော်၌ လေးစား ကြည်ညိုသောအားဖြင့် ထိုနန္ဒပုဏ္ဏားကို မြတ်သော ပလ္လင်ထက်၌ နေစေ၍ ထိုပုဏ္ဏားအား ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်၍ မိမိကမူ နိမ့်သော နေရာ၌ဝန်ကစ "ဆရာပုဏ္ဏား အသင်တို့ ဆောင်ခဲ့သော သတာရဟ ဂါထာတို့ကို နာယူပါကုန်အံ့" ဟု ပြောဆို၍ တရား တောင်းလေ့တယ်တဲ့။

ထိုအခါ ပုဏ္ဏားသည်လက်ကို နံ့သာရေတို့ဖြင့် ဆေးကြော၍ ပေထုတ်ကိုဖွင့်ကာ လက်နှစ်ဖက်ဖြင့် ပေစာကိုကိုင်၍ "ဘုရင်မင်းမြတ် ထိုသို့ဖြစ်လျှင် ကဿပ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ရာဂကင်းဝေးကြောင်း, မသေရာမှန်, မြတ်နိဗ္ဗာန်, ကေန် ရောက်စေနိုင်သော သတာရဟ ဂါထာ လေးပုဒ်တို့ကို နာယူပါလော" ဟု ပြောဆိုပြီးလျှင် ပေစာကိုကြည့်၍ အောက်ပါ ဂါထာတို့ကို ရွတ်ဆိုလေသတဲ့။

### သ တာ ရ ဟ (တရာတန်) ဂါထာလေးပုဒ်

(က) သကိံဒေဝ သုတသောမ၊ သဗ္ဘိ ဟောတိ သမာဂမော။
သာ နံ သင်္ဂတိ ပါလေတိ၊ နာသဗ္ဘိ ဗဟုသင်္ဂမော။
(ဇာတကပါဠိ - ၂ - ၁၃၆)။

သုတသောမ၊ သုတသောမ, နာမကျော်ဟီး, အရှင်မင်းကြီး။ သဗ္ဘိ၊ ကိုယ်စိတ်နှလုံး, သုံးပါးပျော့ပျောင်း,သူတော်ကောင်းတို့နှင့်။ သကိံဒေဝ၊ အကြောင်းအားလျော်စွာ,တကြိမ်တခါသာလျှင်။ သမာဂမော၊ တွေ့ဆုံယှဉ်တွဲ, မှီဝဲပေါင်းဖော်ရခြင်းသည်။ ဟောတိ၊ စင်စစ်မသွေ့,ဖြစ်ရလေ၏။ သာသင်္ဂတိ၊ ထိုသူတော်ကောင်းနှင့်, အကြောင်းအားလျော်စွာ တကြိမ်တခါ မှီဝဲ ပေါင်းဆုံရခြင်းသည်။ နံ၊ သူတော်ကောင်းနှင့်, ပေါင်းသင်းပြုမှု, ထိုသသူကို။ ပါလေတိ၊ ပစ္စုပ် သံသာ, နှစ်ဖြာအကျိုး, ပွားဖွံ့ဖြိုးအောင်, အမျိုးမျိုး ချီးမြှောက် စောင့်ရှောက်လေ၏။

အသဗ္ဘိ၊ တရားမလိုက်, စရိုက်ယွင်းချော်, မသူတော်တို့နှင့်။ ဗဟုသင်္ဂမော၊ ရက်,လ,နှစ်ရှေ့, ယှဉ်တွဲနေ၍, မသွေမခွဲ, များစွာ မှီဝဲခြင်းသည်။ နပါလေတိ၊ ပစ္စုပ္ပန်မှာလဲ အကျိုးများ, သံသရာမှာလဲ တန်ခိုးထွားအောင်, ထူးခြားတောက်လျှောက်, ကြံတိုင်းမြှောက်ဘို့, မစောင့်ရှောက်နိုင်သည်သာတည်း။

ဆောင်ပုဒ်။ မင်းမြတ်သုတ-ရှုဆလေပါ၊ သူတော်ကောင်းနှင့်-ပေါင်းဆင့်ကြိမ်ခါ။
ထိုပေါင်းသင်းမှု-ကျိုးပြုစောင့်ရာ၊ သူယုတ်အား-ပေါင်းငြား စောင့်ရှောက်ကွာ။

ဆိုလိုတာကတော့-သူတော်ကောင်းနှင့် တကြိမ်တခါမျှ ပေါင်းသင်းရခြင်းသည် ပစ္စုပ္ပန်မှာရော, သံသရာမှာပါ ကောင်းကျိုးတရား တိုးပွားအောင် စောင့်ရှောက်တတ်တယ်၊ ကိုယ်နှုတ်နှလုံး, ပျက်ပြုန်းစုတ်ချာ, လူယုတ်မာ, မြဲစွာအာလ, ပေါင်းဖော်ရသည်း,ထူးစွာအကျိုး,ပွားတက်တုံးအောင် မစောင့်ရှောက်နိုင်-ဟု ဆိုလိုရင်း ဖြစ်ပါတယ်၊ ထို့နောက် ဒုတိယ သတာရဟဂါထာကတော့-

(ခ) သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ၊
သတံ သဒ္ဓမ္မ မညာယ၊ သေယျော ဟောတိ န ပါပိယော။

မဟာရာဇ၊ သုတသောမ, နာမကျော်ဟီး, အရှင်မင်းကြီး။ သဗ္ဘိရေဝ၊ ကိုယ်နှုတ်နှလုံး, သုံးပါးစပျော့ပျောင်း, သူတော်ကောင်းတို့နှင့်သာလျှင်။ ဆမာသေထ၊ မပြတ်အမြဲ, မှီဝဲပေါင်းဖော်ရာ၏။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သန္တဝံ၊ ကြိမ်ဖန်မပြတ်, ဆည်းဖာပ်အမြဲ, ပေါင်းဖော် မှီဝဲခြင်းကို။ ကုဗ္ဗေထ၊ ပညာမြော်မြင်, သမ္ပဇဉ်ဖြင့်, အဲ့စဉ်ရှေးရှု, ပြုလုပ်ရာ၏။

သတံ၊ ဘုရားအစ, မျှားလှဆောင်သောင်း, ပညာရှိ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားကို။ အညာယ၊ ထိုးထွင်းဝေဘန်, ကောန်မြင်သိ၍။ သေယျော၊ ကောင်းမှုတရား, အလွန်တိုးပွားသဖြင့်,မြင့်မြတ်လှသည်။ ဟောတိ၊ မုချစင်စစ်,ဖြစ်ပေ၏။ ပါပိယော၊ ကောင်းကျိုးမရ, ယုတ်မာလှသော သဘော ရှိသည်။ န ဟောတိ၊ ခုရော နောင်ပါ, ကြောင်းခြင်းရာကို, ကောင်းစွာဆန်းစစ်, မဖြစ်နိုင်ပါချေတကား။

ဆောင်ပုဒ်။ သူတော်ကောင်းနှင့်-ပေါင်းဘက်မှီရာ၊ သူတော်ကောင်းနှင့်-ပေါင်းမြဲမကွာ။
သူမြတ်တရား-မမှားသိရာ၊ မယုတ်ဘဲ-မြတ်မြဲ မြတ်မည်သာ။

သူတော်ကောင်းတို့နှင့် မှီဝဲ ပေါင်းသင်းခြင်းကို ပြုပါ၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရ၍ သုံးဆယ့်ခုနစ်ပါးသော သူတော်ကောင်းတရား သိသဖြင့် မြင့်မြတ် တိုးပွားမှုသာ ဖြစ်ပါမည်၊ ဆုတ်ယုတ်ခြင်း, ယုတ်မာခြင်းသဘော မဖြစ်နိုင်ပါ]-ဟု ပြောဆိုလိုရင်း ဖြစ်ပါတယ်တဲ့၊ တတိယ သတာရဟ ဂါထာကတော့—

(ဂ) ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ၊
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

မဟာရာဇ၊ သုတသောမ, အမည်ရသည့်, ရာဇသေဌ်နှင်း, အရှင်မင်းကြီး။ ဝေ-ကေန္တေန၊ စင်စစ်ကေန်, အမှန်အားဖြင့်။ သုစိတ္တာ၊ ကြောင်းမြတ်တင့်တယ်, အ လွန် ဆန်း ကြယ် ကုန် သော။ ရာဇရထာ၊ ခိုင်ခံ့မြဲမြံ, အမှန်ပြုပြင်, မင်းစီး ရထားတို့သည်။ ဇီရန္တိ၊ သဘာဝဓာတ်ချက်,လွန်နှိပ်စက်သဖြင့်,ယွင်းပျက်ရွေ့ရွေ့,ဆွေးမြေ့ကြလေကုန်၏။ အထော၊ ထို့မှတပါး။ သရီရမ္ပိ၊ သတ္တဝါများစွာ, လွန်တွယ်တာသည့်, ခန္ဓာကိုယ်သည်လည်း။ ဇရံ၊ တရွေ့ရွေ့ယိုယွင်း, အိုမင်းခြင်းသို့။ ဥပေတိ၊ မကြာမြင့်, လျင်လျင်မျက်မှောက်, ဆိုက်ရောက်ရ၏။

သတံ၊ ဘုရားအစ, မျှားလှဆောင်သောင်း, သူတော်ကောင်းတို့၏။ ဓမ္မော၊ မသေရာမှန်, နန်းနိဗ္ဗာန်ဟု, အမှန်ခေါ်အပ်, တရားမြတ်သည်ကား။ ဇရံ၊ တရွေ့ရွေ့ယိုယွင်း, အိုမင်းခြင်းသို့။ နဥပေတိ၊ ရွေ့လျောစုတိ, လျဉ်းမရှိသဖြင့်, ကင်းဘိပျက်ကြွေ, မရောက်ပေ၊ သန္တော၊ ဘုရားအစ, မျှားလှဆောင်သောင်း, သူတော်ကောင်းတို့သည်။ ဟဝေ၊ မချွတ်ကေန်, အမှန်စင်စစ်။ သဗ္ဘိ၊ တင့်တယ် ကောင်းမြတ်, အမတဓာတ်မှန်, ပြည်နိဗ္ဗာန်ကို။ ပဝေဒယန္တိ၊ သံသာမြွက်ဟ,ဟောညွှန်ပြလျက်, ဆက်ဆက်မသွေ, ချီးမွမ်းကြလေကုန်တော့သတည်း။

ဆောင်ပုဒ်။ ၁။ လွန်စွာဆန်းပြား၊ မင်းရထား၊ ပျက်ပြားရလေသည်။
၂။ ဤကိုယ်ခန္ဓာ၊ အိုမင်းရာ၊ မြန်စွာ ရောက်ပေမည်။

၃။ သူတော်ဓမ္မ၊ ရင့်ရော်ရ၊ မုချ မရှိပြီ။
၄။ သူကောင်းများစွာ၊ နိဗ္ဗုတာ၊ လေ့လာ ချီးမွမ်းသည်။

မင်းကြီး - ဤလောကဌ် ဆွေးမြေ့ပျက်စီးခြင်း သဘော ရှိသော တရား, ဆွေးမြေ့ပျက်စီး ခြင်းသဘော မရှိသော တရား-ဟူ၍ သဘောအားဖြင့် နှစ်မျိုးနှစ်စား ထင်ရှားစွာ ရှိပါတယ်၊ ထို နှစ်မျိုးတို့တွင် အဆန်းတကြယ် ပြုပြင်စီစဉ် ဆောက်လုပ်အပ်ကုန်သော အလွန်ခိုင်ခန့် ကောင်းမွန် ကုန်သော မင်းစီးရထားတို့သည် တရွေ့ရွေ့နှင့် ဆွေးမြေ့ ပျက်စီးကြရတယ်။ ထိုမှတပါး ရုပ်နာမ် နှစ်ဖြာ ဤ ခန္ဓာကိုယ်သည်လည်း တရွေ့ရွေ့နှင့် ဆွေးမြေ့ ပျက်စီးခြင်းသို့ ရောက်ရတယ်၊ ဘုရားအစ ရှိကုန်သော အရိယာ သူတော်ကောင်းတို့၏ သုံးဆယ့်ခုနှစ်ပါးသော ဗောဓိပက္ခိယ တရားသည်ကား ဆွေးမြေ့ ပျက်ပြားခြင်း အလျင်းမရှိပါချေ။ ဗုဒ္ဓမြတ်စွာ အစဖြာသည့်များစွာ ထောင်သောင်း အရိယာ သူတော်ကောင်းတို့သည် မသေရာမှန် နိဗ္ဗာန်တရားမြတ်ကို ဟောဖော်ညွှန်ပြ ချီးမွမ်းကြ လေကုန်ပြီ- ဟု ဆိုလိုရင်းဖြစ်တယ်။ နောက်ပြီး စတုတ္ထမြောက် သတာရဟ ဂါထာကတော့-

(ဃ) နဘဉ္စ ဒူရေ ပထဝီစ ဒူရေ၊
ပါရံ သမုဒ္ဒဿ တ ဒါဟုဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။
(ဇာတကပါဠိ - ၂ - ၁၃၇၊ မဟာသုတသောမဇာတ်)။

ရာဇ၊ ဇမ္ဗူဒိပ်၊ ကျွန်းလကျ်ာဌ်, ကြေငြာကျော်ကြား, အလွန်ထင်ရှားသည့်, သုံတသောမ မင်းကြီးသည်။ နဘဉ္စ၊ အဇဋ္ဌာဝေဟင်, မိုးကောင်းကင်ကိုလည်း။ ဒူရေ၊ မနိုင်းသာအောင်, လွန်စွာဝေး၏ဟူ၍။ အာဟု၊ ပညာရှိများ မိန့်ကြားပြောဆို ကြလေကုန်ပြီ။ ပထဝီစ၊ သတ္တဝါ တို့၏တည်နေရာ,မဟာပထဝီမြေကြီးကိုလည်း။ဒူရေ၊မနိုင်းသာအောင်,လွန်စွာဝေး၏ဟူ၍။ အာဟု၊ ဆိုကြလေကုန်ပြီ။ သမုဒ္ဒဿ၊ ရေအပေါင်းစုရာ, မဟာသမုဒ္ဒရာ၏။ ယံပါရံ၊ အကြင် ဤမှာဘက် ကမ်းမှ, ထိုမှာဘက်ကမ်းသည်။ အတ္ထိ၊ ထင်ရှားမသေ့ ရှိပါပေ၏။ တံပါရံ၊ ထိုသည်မှာဘက်ကမ်း နှင့် ဟိုမှာဘက်ကို။ ဒူရေ၊ တိုင်းတာမရ,ဝေးကွာလှ၏ဟူ၍။ အာဟု၊ ဆိုကြလေကုန်ပြီ-

သတံ၊ ကိုယ်နှုတ်နှလုံး, သုံးပါးပျော့ပြောင်း, သူတော်ကောင်းတို့၏။ ဓမ္မော၊ ကျင့်ကြံပွား များ, တရားကိုရင်း။ အသတံ၊ ကိုယ်နှုတ်စိတ်ကြံ,မမွန်သေးနုတ်,ဖောက်ဆုတ်အပ်စွာ,သူယုတ်မာတို့၏။ ဓမ္မော၊ ကျင့်ကြံလိုက်နာ, လွန်စွာဆိုးရွား, တရားကိုရင်း။ ဟဝေ၊ စင်စစ်ကေန်, အမှန်အားဖြင့်။ တတော၊ ထိုကောင်းကင်နှင့်မြေကြီး, တနည်းမှန်စွာ, သမုဒ္ဒရာ, ကမ်းနှစ်ဖြာတို့ထက်။ ဒူရတရံ။ လွန်စွာလွန်စွာ, ဝေးကွာလှ၏- ဟူ၍။ ဝဒန္တိ၊ ပညာရှိများ အာဘဉ်အားဖြင့်, မမှားပုံသေ,မိန့်ကြားကြ လေကုန်သတည်း။

ဆောင်ပုဒ်။ ၁။ အထက်ကောင်းကင်၊ ဤမြေပြင်၊ အလွန်ပင်ဝေးလှသည်။
၂။ သမုဒ်ရေလွှမ်း၊ ဤဘက်ကမ်း၊ ထိုကမ်းဝေလှသည်။
၃။ သူတော်-မသူတော်၊ မြွက်ဖော်ကြွေး၊ ကျင့်တရားကား။

၄။ ထူးခြားပေါ်ထုတ်၊ သမုဒ်ကမ်းခြေ၊ မိုးနှင့်မြေထက်လွန်၍တက်၊ သက်သက် ဝေးလှသည်။
၅။ ဝေးခြင်းခြောက်ပါး၊ ဤတရား၊ ခွဲခြားသိရမည်။

သုတသောမ အမည်ရှိသော မင်းကြီး- ဤလောက၌ ဝေးကွာသော တရားခြောက်ပါးပင် ရှိပါတယ်။ ထိုခြောက်ပါးကတော့-

(က) အထက်မိုးကောင်းကင်နှင့် ဤမြေပြင် ဝေးကွာခြင်း။
(ခ) သမုဒ္ဒရာ၏ ဤဘက်ကမ်းနှင့် ထိုဘက်ကမ်း ဝေးကွာခြင်း။
(ဂ) သူတော်ကောင်းတရားနှင့် မသူတော်တို့၏တရား လွန်စွာ ဝေးကွာခြင်း-ဟူ၍ (၃)စုံ ရှိသဖြင့်-

(၁) မိုးကောင်းကင်၊ (၂) မြေကြီး၊ (၃) သမုဒ္ဒရာ၏ ဤမှာဘက်ကမ်း၊ (၄) ထိုမှာဘက်ကမ်း၊ (၅) သူတော်ကောင်းတို့၏ အကျင့်တရား၊ (၆) မသူတော် သူယုတ်မာတို့၏ အကျင့်တရားအားဖြင့် ပေါင်း ခြောက်ပါးဖြစ်ပါတယ်။

နန္ဒပုဏ္ဏားသည် အသပြာတရာတန် သတာရဟဂါထာလေးပုဒ်တို့ကို ကဿပ မြတ်စွာဘုရား ဟောကြားသော အစဉ်အားဖြင့် ရွတ်ဆိုဟောကြားပြီးလျှင် ပလ္လင်ပေါ်၌ တိတ်ဆိတ်စွာ ထိုင်နေသတဲ့။ ဘုရားအလောင်းတော် သုတသောမမင်းသည် ထိုဂါထာလေးပုဒ်ကို ကြားနာပြီး "ငါ၏ ပေါရိသာဒထံမှ ပြန်လာရခြင်းကား အကျိုးရှိပေစွ-ဟု ဤဂါထာတို့သည် တပည့်သာဝကများ, ဗြဟ္မာ, သိကြားစသော ပညာရှိများ ဟောကြားသော ဂါထာများ မဟုတ်ကြပေ၊ သဗ္ဗညု မြတ်စွာဘုရား ဟောကြားခဲ့သော ဂါထာများ စင်စစ်ဖြစ်ကြပေ၏"ဟု စမ်းမြောက်ဝမ်းသာ ဖြစ်ကာ ဆုံးဖြတ်ချမှတ်ပြီးလျှင် "ဆရာ ဤဂါထာတို့ကို တပါးသောမင်းတို့အား ဟောကြားလျှင် အဘယ်မျှလောက် ဆုလာဘ်တော်ကို ရပါသနည်း" ဟုမေးရာ ပုဏ္ဏားက "မင်းမြတ်- ဂါထာ တပုဒ်လျှင် တရာတရာရ၍ သတာရဟဂါထာ-ဟု ခေါ်ပါတယ်။ ဂါထာလေးပုဒ် လေးရာရပါ တယ်"ဟု ပြောဆိုသတဲ့။

ထိုအခါ အလောင်းတော် သုတသောမမင်းက ထိုနန္ဒပုဏ္ဏားကို "ဆရာ အသင်သည် မိမိ ယူ၍ လှည့်လည်ရောင်းအပ်သော ဥစ္စာဘဏ္ဍာ၏ တန်ဘိုးအမှန်ကိုပင် ကောင်းစွာ မသိရှိပါတကား" ဟု-အကြံပြုပြီးလျှင်-

သဟဿိယာ ဣမာ ဂါထာ၊ နဟိမာ ဂါထာ သတာရဟာ။
စတ္တာရိ တွံ သဟဿာနိ၊ ခိပ္ပံ ဂဏှာဟိ ဗြာဟ္မဏ။

(ဇာ-၂-၁၃၇၊ မဟာသုတသောမဇာတက)။

ဗြာဟ္မဏ၊ နန္ဒမည်ငြား ဆရာပုဏ္ဏား။ ဣမာ ဂါထာ၊ ဤ ဂါထာတို့သည်။ သဟဿိယာ ထထောင်တန်ဂါထာတို့ပင်တည်း။ ဣမာဂါထာ၊ ဤဂါထာတို့သည်။ သတာရဟာ၊ တရာတန် ဂါထာတို့သည်။ နဟိဟောန္တိ၊ မဖြစ်ကုန်, မဟုတ်ကုန်သည်သာတည်း။ တွံ၊ သင်ဆည်း။ စတ္တာရိ

သဟာဿာနိ၊ လေးထောင်တို့ကို။ ခိပ္ပံ၊ လျင်မြန်စွာ။ ဂဏှာဟိ၊ တွန့်ရွံ့စိတ်များ, မဖြစ်ပွားဘဲ, တရားအတိုင်းမသေ့ ခံယူပါလေလော့။

ဆရာပုဏ္ဏား– ဤဂါထာတို့ကား တထောင်တန် ဂါထာ တို့ပေတည်း။ တရာတန် ဂါထာများ မဟုတ်ကြပါ။ ထို့ကြောင့် သင်သည် အဆပြာ ဆုတော်ငွေ လေးထောင်တို့ကို ခံယူပါလေ။ ဤယနေ့မှ အစပြု၍ ဂါသာတပုဒ် တပုဒ်လျှင် တထောင် ဘထောင်တန်သဖြင့် တထောင်တန် (သဟဿာရဟ) ဂါသာများဟူ၍ ပြောဆိုကာ ဆုတော်ငွေလေးထောင် ချီးမြှင့်လိုက်သတဲ့။ တရားတော်ရဲ့ တန်ဘိုးသိတတ်သော ပညာရှိပုဂ္ဂိုလ်မျိုးမို့သာ ဒီလိုစေတနာမတွန့်ဘဲ ရဲရဲဝန့်ဝန့်ပေးစွန့် လှူဒါန်းနိုင်တာ, ထိုက်တန်စွာ ချီးမြှောက်ပူဇော်နိုင်တာနော်။

တရားတော်တန်ဘိုးကိုမသိသူဖြစ်လျှင် ဂါထာတပုဒ်တရာဆိုတာ များပါတယ်-ဟု စျေးဆစ် ချင် စျေးဆစ်နေဦးမှာကိုး။ အဲဒီခေတ်ကတော့ သာသနာတော်ကလဲ ကွယ်ပချိန်မို့ သဗ္ဗညု မြတ်စွာဘုရားဟောကြားခဲ့တဲ့ တရားတော်များ, ဂါထာများကို နာကြားဘို့ရာဆိုတာ လွယ်ကူတာ မဟုတ်ဘူးနော်။ သို့အတွက်ကြောင့် အမြိုက်တရားဂါထာများကို အသပြာနှင့် ရောင်းစားနေခြင်း ဖြစ်တယ်လို့ ဆိုရမှာပေါ့။ ယခုခေတ်အခါမှာတော့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကလဲ လွန်စွာ ထွန်းကားနေဆဲ အချိန်အခါမို့ မြတ်စွာဘုရားဟောကြားခဲ့တဲ့ သုံးပြာပိဋကတ်, ငါးရပ်နိကာယ် အသွယ်သွယ်တို့မှ မိမိတို့ အလိုရှိရာကို စရိတ်အားလျော့စွာ နာကြားနိုင်ကြပါတယ်။

ဂါထာတပုဒ်ကို တရာလဲ မပေးရပါဘူး။ တပြားတချပ်မှမပေးရဘဲ အသဓာား သက်သက် နှင့် နာယူနိုင်ကြပါတယ်။ ဒါယကာ, ဒါယိကာမများ- မြတ်စွာဘုရားရဲ့ တရားတော်များကို ကောင်းမွန်စွာ နာယူမှတ်သားနိုင်ကြအောင် မြတ်စွာဘုရား၏ သားတော်များဖြစ်ကြတဲ့ ရဟန်းတော် သံဃာတော်များက အရပ်ရပ်အပြည်ပြည်သို့ လှည့်လည်ဟောကြားကာ သာသနာပြုလျက် ရှိကြပါတယ်။"လသာတုန်း-ဗိုင်းငင်"ဆိုတာလို ကြုံကြိုက်ခဲမှာ လိုရာကိုဆွဲထားဘို့ နာယူမှတ်သား ပွားများထားကြဘို့ရန် တိုက်တွန်းသတိပေးလိုက်ရပါတယ်။

အလောင်းတော် သုတသောမ မင်းသည် နန္ဒပုဏ္ဏားထံမှ သတစရဟ ဂါထာ (၀ါ) သဟဿာရဟ ဂါထာတို့ကို နာယူပြီး အမိ, အဘတို့ထံသွား၍ ရိုသေစွာ ရှိခိုးခွင့်တောင်းကာ မိအာ ဆွေမျိုးများ ငိုကြွေးမြည်တမ်းနေစဉ်ပင်လျှင် ဝန်ခံကတိထားခဲ့တဲ့အတိုင်း ပေါရိသာဒရှိရာ တော အရပ်သို့ တယောက်ထီးတည်း ထွက်ခွာသွားသတဲ့၊

ပေါရိသာဒကမူ "ငါ့ရဲ့ သူငယ်ချင်းဖြစ်သော သုတသောမမင်း လာချင်ကလာစေ၊ မလာလို ကလဲနေပါစေ၊ ပဉောင်ပင်စောင့်နတ် မကျေနပ်လဲ ရှိစေတော့၊ ယနေ့တော့ ဗလိနတ်စာတင်ပွဲ ကျင်းပပူဇော်တော့မည်" ဟု ကြံစည်ကာ ထိုထိုပြုဘွယ်ကိစ္စတို့ကို ပြုလုပ်နေစဉ် ရှေ့ရှုရောက်လာ သော သုဘသောမကိုမြင်၍ အလွန်ဝမ်းမြောက်လျက် "မိတ်ဆွေ- သုတသောမ အသင်ရဲ့ ပြုဘွယ် ကိစ္စပြုလုပ်ခဲ့ရပါရဲ့လား၊ ပြီးစီးပါရဲ့လား" ဟု မေးမြန်းသဖြင့် "မိတ်ဆွေ ပေါရိသာဒ- ကဿပ မြတ်စွာဘုရား ဟောကြားခဲ့သော ဂါထာတို့ကို ငါ နာကြားခဲ့ရပြီးပါပြီ၊ ဓမ္မကထိက ပုဂ္ဂိုလ်အား လည်း ပူဇော်မှုပြုခဲ့ပါပြီ။ သို့အတွက် ငါ့ရဲ့ ပြုဘွယ်ကိစ္စအားလုံး ပြီးစီးပါပြီ။ ယခုအခါ အသင် အလိုရှိသလို ငါ့ကို မြှုစီရင်ပါလေ"ဟု တည်ကြည်စွာပြောဆိုပြီး အနီး၌ ထိုင်နေသတဲ့။ တော် တော် ရဲရင့်တာဘဲ နော်။

အလောင်းတော်ထံမှ လေးနက်ဘည်ကြည်စွာ ပြောကြားသော ထိုစကားကို ပေါရိသာဒ ကြားလျှင် “ငါ့ မိတ်ဆွေ သုဘသောမမင်းသည် သေရမည့်ဘေးကို ကြောက်ရွံ့ခြင်းမရှိ၊ သေရမည့် ဘေးမှ ကြောက်ရွံ့ခြင်း ကင်းသည်ဖြစ်၍ တည်ကြည်စွာ ပြောဆိုပေ၏။ ဤသုတသောမသည် မီးကျီးဖုတ်ထင်းပုံကိုထည့်ကာ တန်ကျင်ထိုးဝါးကို ချွန်လျက်နေသော ငါ့ကိုမြင်လျက်ပင် ကြောက်ရွံ့ ထိတ်လန့်သော အခြင်းအရာ မရှိချေ၏၊ သတာရဟ ဂါထာတို့ကို ကြားနာခဲ့ရ၍ ထိုသတာရဟ ဂါထာတို့၏ အစွမ်းကြောင့်ပင် မကြောက်လေသလော၊ သို့မဟုတ် သစ္စာတရား၏ အစွမ်းအာနု ဘော်ကြောင့်ပင် ကြောက်ရွံ့ခြင်း ကင်းလေသလော၊ ထိုမှ တပါးသော တရားကြောင့်ပင် ကြောက်ရွံ့ခြင်းကင်းလေသလေ။ အဘယ်အကြောင်းကြောင့် သေရအံ့သည်မှ (ဝါ) သေရမည့် ဘေးမှ မကြောက်မရွံ့လေသနည်း”ဟု ကြံစည်စဉ်းစားပြီး “မိတ်ဆွေ သုတသောမကို သေမည့် ဘေးမှမကြောက်ခြင်း အကြောင်းကို မေးမြန်းဦးမည်” ဟု အကြံပြုကာ—

မုတ္တော တုဝံ ပေါရိသာဒဿဟတ္ထာ၊
ဂန္တွာ သကံမန္ဒိရံ ကာမကာမီ။
အမိတ္တဟတ္ထံ ပုန ရာဂတောသိ၊
နဟိနူန တေ မရဏာဘယံ ဇနိန္ဒ၊
အလီနစိတ္တော အသိ သစ္စဝါဒီ။ ။(ဇာ-နှ-၁၃၉)။

ဟူသော ဂါထာကို ရွတ်ဆိုကာ မေးမြန်းပါတယ်။

ဇနိန္ဒ၊ တိုင်းသားပြည်သူ့ လူများသေဌ်နင်း, အရှင်မင်းမြတ်။ တုဝံ၊ သင်သည်။ ပေါရိ သာဒဿ၊ လူကိုသတ်စား, လွန်ဆိုးဝါးလှ, ပေါရိသာဒ၏၊ ဟတ္ထာ၊ လက်မှ။ မုတ္တော၊ ကောင်း စွာရှင်းရှင်း, လွတ်ကင်းပြီးဖြစ်၍။ ကာမကာမီ၊ အလိုတိုင်း။ သကံမန္ဒိရံ၊ မိမိနေရာ,အိမ်ဂေဟာသို့။ ဂန္တွာ၊ မယွင်းမဖောက်, သွားရောက်ပြီးဖြစ်ပါလျက်။ အမိတ္တဟတ္ထံ၊ နှိပ်စက်ကလူ, ပြုကျင့်မူသည့်, ရန်သူ၏ လက်သို့။ ပုန ရာဂတော၊ မရွံ့မကြောက်, တဖန်ပြန်ကာ လာရောက်သည်။ အသိ၊ ကျွန်ုပ်မျက်မြင်, ထင်ပင် ဖြစ်လေ၏။

ဇနိန္ဒ၊တိုင်းသူပြည်သား, လူများသခင်,အရှင်မင်းမြတ်။တေ၊သင်မင်းမြတ်အား။မရဏာဘယံ၊ သေမည့်ဘေးမှ, ကြံတွေးနောက်တွန့်, ကြောက်ရွံ့ခြင်းသည်။ နဟိအတ္ထိနူန၊ တစိုးတစိမ့်, မရှိပါလေသလော။ အလီနစိတ္တော၊ တွန့်တိုဆုတ်နစ်ခြင်းကင်းသော စိတ်ရှိသည်။ သစ္စဝါဒီ၊ မှန်သောစကား ပြောကြားလေ့ရှိသည်။ အသိ၊ သဘောအမှန်, ထောက်ချင့်ပြန်က, ကေန်ပင် ဖြစ်ပါ ပေစွတကား။

လူတို့သေဌ်နင်း ပြည့်ရှင်မင်းဖြစ်သော အဆွေတော် သုဘသောမ၊ သင်သည် လူသားစား ပေါရိသာဒလက်မှလွတ်၍ အလိုဆန္ဒရှိတိုင်း မိမိနေရာ အိမ်ဂေဟာသို့ သွားရောက်ပြီးဖြစ်ပါလျက် ရန်သူလက်တွင်းသို့ တဖန် ပြန်၍လာတုံဘိ၏။ အဆွေသည် သေရမည့်ဘေးမှ ကြောက်ရွံ့ထိတ်လန့် ခြင်း မရှိလေသလော။ တွန့်တိုဆုတ်နစ်သောစိတ်လည်း မရှိပေ။ မှန်ကန်သော စကားကိုလည်း ဆိုလေ့ရှိပါပေစွတကား-ဟု ပြောဆိုမေးမြန်းလေသတဲ့၊

ဟုတ်တယ် ပေါရိသာဒ၊ မေးမယ်ဆိုလဲ မေးမြန်းစရာပေဘဲ။ ဘုရားအလောင်းတော်ရဲ့ မျက်နှာကြည့်ရတာက ယခုပင် သေရတော့မည့်မှန်းသိစွာဖြစ်ပါလျက် မျက်နှာအဆင်း ညှိုးနွမ်းခြင်း မရှိဘဲ ပွင့်သစ်စ ပဒုမ္မာကြာပန်းကဲ့သို့ရင်း, အာသရေပြည့်ရှန်း လပြည့်ဝန်းကဲ့သို့ရင်း ကြည်လင်ထိင့်တယ်စွာ ရှိလေသတဲ့။ သို့အတွက် အလောင်းတော် သုတသောမအား သေရမည့်ဘေးမှ မကြောက်ခြင်းအကြောင်းကို ပေါရိသာဒက မေးမြန်းခြင်းဖြစ်တယ်။

အလောင်းတော် သုတသောမကလည်း ထိုပေါရိသာဒအား သေခြင်းဘေးမှ မကြောက်ရွံ့ခြင်းအဲကြောင်းကို ပြောကြားဖြေဆိုလိုသဖြင့် အောက်ပါဂါထာတို့ကို ရွတ်ဆိုကာ ဖြေကြားလိုက်ပါတယ်။

(က) ကတာ မေ ကလျာဏာ အနေကရူပါ၊
ယညာ ယိဋ္ဌာ ယေ ဝိပုလာ ပသတ္ထာ။
ဝိသောဓိတော ပရလောကဿ မဂ္ဂေါ၊
ဓမ္မေ ဋ္ဌိတော ကောမရဏဿ ဘာယေ။

သမ္မ၊ အဆွေပေါရိသာဒ။ မေ၊ ငါသည်။ အနေကရူပါ၊ စွန့်ကြဲပေးကမ်း, လှူဒါန်းခြင်းအစ, များလှစွာကုန်သော၊ ကလျာဏာ၊ အပါယ်ရန်ဘေး, ကင်းဝေးစေကြောင်း, ကောင်းမြတ်သော အမှုတို့ကို။ ကတာ၊ ကြိုးစားမယုတ်, အားထုတ်ပြုအပ်လေကုန်ပြီ။ ဝိပုလာ၊ မြင့်မြတ်ကုန်သော။ ပသတ္ထာ၊ ပညာရှိတို့သည် ကောင်း၏-ဟု ချီးမွမ်းအပ်ကုန်သော။ ယေယညာ၊ မြင့်မြတ်သူအား, လေးစားရှေ့ရှု, အကြင်ပူဇော်အမှု အစုစုတို့သည်။ သန္တိ၊ ရှိကုန်၏။ တေယညာ၊ ထိုပူဇော်ခြင်းအမှု အစုစုတို့ကို၊ ယိဋ္ဌာပဝတ္တိတာ၊ ကောင်းစွာမသွေ, ဖြစ်စေအပ်ကုန်ပြီ။

ပရလောကဿ- နောင်အခါဖြစ်ရန်,ကေန်မှန်လှ,တမလွန်လောက၏။မဂ္ဂေါ၊ သွားရန်အပြီး, ခရီးလမ်းကြောင်းကို။ ဝိသောဓိတော၊ ကျင့်ကြံပွားများ, စိတ်ထားပြုပြင်, သုတ်သင်ရှင်းလင်းအပ်ပေပြီ။ ဝေါ၊ ဤသို့။ ဓမ္မေ၊ သူတော်ကျင့်ပွား, တရားသဘော၌။ ဋ္ဌိတော၊ မယိမ်းမယိုင်, မြဲခိုင်တည်သော။ ကော၊ အဘယ်မည်သောသူသည်။ မရဏဿ၊ ခန္ဓာပျက်ပြုံး,သေဆုံးရခြင်းမှ။ ဘာယေ၊ စိုးရိမ်ပူဆွေး, ကြွံတွေးနောက်ဘွန့်, ကြောက်ရွံ့ရပါမည်နည်း။

ဆောင်ပုဒ်။ ။ကုသိုလ်ကောင်းမှု-ပြုခဲ့မှန်စွာ၊ ပူဇော်မှုလဲ-အမြဲမကွာ။
သံသာခရီး-ရှင်းပြီးသေချာ၊ တရားတည်-သေမည်မကြောက်ပါ။

(ခ) ကတာ မေ ကလျာဏာ အနေကရူပါ၊
ယညာ ယိဋ္ဌာ ယေ ဝိပုလာ ပသတ္ထာ။
အနာနုတပ္ပံ ပရလောကံ ဂမိဿံ၊
ယဇဿု ယညံ အဒ မံ ပေါရိသာဒ။

ပေါရိသာဒ- ရက်စက်ရမ်းကား, လူသားစားအည့်, တရားမဲ့လှ, အို- မိတ်ဆွေပေါရိသာဒ။ မေ၊ သည်၊ အနေကရူပါ၊ ကုန်သော။ ကလျာဏာ၊တို့ကို။ ကတာ၊ ကုန်ပြီ။ ဝိပုလာ၊ ကုန်သော။ ပသတ္ထာ၊ ကုန်သော။ ယေယညာ၊ တို့သည်။ သန္တိ၊ ကုန်၏။ တေယညာ၊ တို့ကို။ ယိဋ္ဌာပဝတ္တိတာ၊

ကုန်ပြီ။ **အနာခုတပ္ပံ၊** အနာခုတပ္ပမာနော- စိုးရိမ်ကြောင့်ကြ,နောင်တပူပန်ခြင်း,အလျဉ်းမရှိသည် ဖြစ်၍။ ပရလောကံ၊ လူ့ပြည်နတ်ရပ်, ကောင်းမြတ်လှစွာ, တမလွန်လောကသို့။ ဂမိဿံ၊ မကွေး မစောင်း,ဖြောင့်တန်းမသွေ,သွားရောက်ပေအံ့။ တွံ၊ သင်သည်။ မံ၊သုတသောမ အမည်ရသောငါ့ကို။ ယညံ၊ ယဇ်ကို။ ယဇဿု၊ ညောင်စောင့်နတ်အား, လေးစားကော်ရော်ရွ, ပူဇော်ပါလေလော။ မံ၊ ငါ့ကို၊ အဒ၊ အလိုရှိသလို ဝါးမျိုစားသောက် ပါလေလော။

**ဆောင်ပုဒ်။** ကုသိုလ်ကောင်းမှု၊ ပြုခဲ့မှန်စွာ၊ ပူဇော်မှုလဲ၊ အမြဲမကွာ။
စိုးရိမ်ကင်းဘိ၊ သွားမည့်နတ်ရွာ။ သင်ငါ့ကို-စားလိုစားလိုက်ပါ။

အဆွေတော်ပေါရိသာဒ-ငါသည် ဒါနအစရှိသည်၏ စွမ်းအားဖြင့် များပြားလှစွာကုန်သော ကောင်းသောအမှုတို့ကို ပြုအပ်ပြီးကုန်ပြီ။ ထမင်းအဖျော် စသော ဒါနဝတ္ထု ဆယ်ပါးတို့ကို စွန့်ကြဲ ပေးကမ်းခြင်း၏ အစွမ်းဖြင့် အလွန်ပြန့်ပြောကုန် ချီးမွမ်းအပ်ကုန်သော ပူဇော်မှုတို့ကို ဖြစ်စေအပ် ကုန်ပြီ။ တမလွန်လောကသို့ သွားရာ လမ်းခရီးကိုလည်း သုတ်သင် ရှင်းလင်း အပ်ပေပြီ။ သူတော် ကောင်း တရားတော်၌ ခိုင်ခန့်စွာ တည်သော ငါကဲ့သို့သော အဘယ်မည်သော သူသည် သေရမည့် ဘေးမှ ကြောက်ရွံ့ပါမည်နည်း- ကြောက်ရွံ့ပါအံ့နည်း။

ငါသည် စိုးရိမ်ကြောင့်ကြ နောင်တပူပန်ခြင်း ကင်းစွာဖြင့် ကောင်းမြတ်သော လူ့ရပ်နတ်ထံ တမလွန်လောကသို့ သွားပေမည်။ ပေါရိသာဒ- ငါ့ကို ပညောင်ပင်စောင့် နတ်အား ယဇ်ပူဇော် လိုက ပူဇော်ပါလေလော၊ ငါ့ကို ဝါးမျို စားသောက်လိုပါမူကား စားသောက်ပါ လေ့လော- ဟု ရဲဘင်းစွာ ပြောဆိုလေသတဲ့။ ထို့နောက်သေရမည်မှ မကြောက်မရွံ့ခြင်း အကြောင်းကို ဆက်လက် ပြောဆိုပြန်သည်မှာ-

(က) ပိတာစ မာတာစ ဥပဋ္ဌိတာ မေ၊
ဓမ္မေန မေ ဣဿရိယံ ပသတ္ထံ။
ဝိသောဓိတော ပရလောကဿ မဂ္ဂေါ၊
ဓမ္မေ ဌိတော ကော မရဏဿ ဘာယေ။

ပေါရိသာဒ- အဆွေပေါရိသာဒ။ မေ၊ မယ်ပါငါသည်။ ပိတာစ၊ ကျေးဇူးအရှင်,မွေးဘခင် ကိုရင်း။ မာတာစ၊ ကျေးဇူးအရှင်,မွေးမိခင်ကိုရင်း။ ဥပဋ္ဌိတာ၊ ရိုသေလေးမြတ်,ချဉ်းကပ်လုပ်ကျွေး အပ်ကုန်ပြီ။ မေ၊ ငါသည်။ ဒသဝိဓံ၊ သရုပ်ပိုင်းခြား,ဆယ်ပါးအပြားရှိသော။ ရာဇဓမ္မံ၊ မင်းကောင်း ကျင့်ကြံရာ,ရာဇဓမ်တရားကို။ အကောပေတွာ၊ သတိချွတ်လျော့,ပျက်ကွက်ချို့ယွင်း,အလျဉ်းမရှိစေမူ၍။ ဓမ္မေန၊တရားသဖြင့်။ဣဿရိယံ၊ ဘုရင်ပြုလုပ်,တိုင်းပြည်ကိုအုပ်ချုပ်ခြင်းကို။ပသတ္ထံ၊ အားရရွှင်လန်း, ချီးမွမ်းအပ်ပေ၏။ ဓမ္မေ၊ ၌။ ဌိတော၊ သော။ ကော၊ သည်။ မရဏဿ၊မှ။ ဘာယေ၊ နည်း။

(ခ) ပိတာစ မာတာစ ဥပဋ္ဌိတာ မေ၊
ဓမ္မေန မေ ဣဿရိယံ ပသတ္ထံ။
အနာခုတပ္ပံ ပရလောကံ ဂမိဿံ၊
ယဇဿု ယညံ အဒ မံ ပေါရိသာဒ။

(မှတ်ချက် - ရှေဂါထာကိုမှီး၍ အနက်ပေးပါ လွယ်ကူပါပြီ။ ခ- ဂါထာများ ဤနည်း အတိုင်း ချည်းမှတ်ပါ။အဓိပ္ပါယ် ပြန်ဆိုမှုလည်း-အနက်သွားအတိုင်း ပြန်ဆိုတော်မူကြပါ။ဤဂါထာ များကား- မှတ်သားဘွယ် အလွန်ကောင်းသဖြင့် ပြည့်ပြည့်စုံစုံ ရေးသည့်လိုက်ပါသည်၊ မိမိတို့ အလိုရှိရာကိုယူကာ အသုံးပြုကြပါကုန်)။

(က) ဉာတီသု မိတ္တေသု ကတာ မေကာရာ၊
ဓမ္မေန မေ ဣဿရိယံ ပသတ္ထံ။
ဝိဉ္ဉာတိဝိတော ပရလောကဿ မဂ္ဂေါ၊
ဓမ္မေ ဌိတော ကော မရဏဿ ဘာယေ။

(ခ) ဉာတီသု မိတ္တေသု ကတာ မေ ကာရာ၊
ဓမ္မေန မေ ဣဿရိယံ ပသတ္ထံ။
အနာနုတပ္ပံ ပရလောကံ ဂမိဿံ၊
ယဇဿု ယည့် အဒ မံ ပေါရိသာဒ။

ပေါရိသာဒ- အဆွေပေါရိသာဒ။ မေ၊ မယာငါသည်။ ဉာတီသု၊ မိဖက်ဘဖက်, စပ်ယှက် ကြရိုး,အဆွေအမျိုးတို့၌၎င်း။ မိတ္တေသု၊ မက္ခာပေါင်းသင်း, ရောင်းရင်းမိတ်ဆွေတို့၌၎င်း။ ကာရာ၊ စောင့်ရှောက်ကူညီ, အလီလီအဝဝ, အမှုကိစ္စတို့ကို။ ကတာ၊ မပျက်မကွက်, ဆောင်ရွက်ပြုလုပ်အပ် ကုန်ပြီ။ မေ၊ ငါသည်။ ဓမ္မေန၊ ဖြင့်။ ဣဿရိယံ၊ ကို။ ပသတ္ထံ၊ ပြီ။ ပရလောကဿ၊ ၏။ မဂ္ဂေါ၊ ကို။ ဝိသောဓိတော၊ ပြီ။ ဓမ္မေ၊ ၌။ ဌိတော၊ သော။ ကော၊ သည်။ မရဏဿ၊ မှ။ ဘာယေ၊ နည်း။

(ခ- ဂါထာအနက်ပေးပါလေ မခက်ဘော့)။

(က) ဒိန္နံ မေ ဒါနံ ဗဟုဓာ ဗဟူနံ၊
သန္တပ္ပိတာ သမဏဗြာဟ္မဏာစ။
ဝိသောဓိတော ပရလောကဿ မဂ္ဂေါ၊
ဓမ္မေ ဌိတော ကော မရဏဿ ဘာယေ။

(ခ) ဒိန္နံ မေ ဒါနံ ဗဟုဓာ ဗဟူနံ၊
သန္တပ္ပိတာ သမဏဗြာဟ္မဏာစ။
အနာနုတပ္ပံ ပရလောကံ ဂမိဿံ၊
ယဇဿု ယည့် အဒ မံ ပေါရိသာဒ။

(ဇာတကပါဠိ - ၂ - ၁၄၁။ မဟာသုတသောမဇာတက)။

ပေါရိသာဒ- မိတ်ဆွေပေါရိသာဒ။မေ၊မယာ၊ငါသည်။ ဗဟုဓာ၊ တပါးမကများလှစွာသော အခြင်းအရာအားဖြင့်။ ဗဟူနံ၊ လူရှေ့ရှင်ပါ သင်္ချာပိုင်းခြား မျှားစွာကုန်သော သူတို့အား။ ဒါနံ၊ ပေးလှူဘွယ် အစုစု ဒါနဝတ္ထုကို။ ဒိန္နံ၊ သဒ္ဓါရှင်လန်း, လှူဒါန်းပေးကမ်းအပ်၏။သမဏဗြာဟ္မဏာစ၊

ကောင်းစွာကျင့်ငြား, ရဟန်းပုဏ္ဏားတို့ကိုလည်း။ သန္တပ္ပိတာ၊ လုပ်ကျွေးမပြတ်, ကောင်းစွာ ရောင့်ရဲစေအပ်ကုန်ပြီ။ ပရလောကဿ၊ တမလွန်လောက၏။ မဂ္ဂေါ၊ မရွေ့မစောင်း,ခရီးလမ်းကြောင်းကို။ ဝိသောဓိတော၊ ကောင်းမှုကြိုးစား, စိတ်ထားပြုပြင်, သတိယှဉ်လျက်, သုတ်သင်ရှင်းလင်းအပ်ပေပြီ။ ဝေ၊ ဤသို့။ ဓမ္မေ၊ မယွင်းမမှား,တရားသဘော၌။ ဌိတော၊ ခိုင်ခိုင်ခန့်ခန့်,ကြံ့ကြံ့မမှို့,တည်သော။ ကော၊ ဉီ ဖြူ,ဦးမဲ့, မဝေခွဲငြား, တရားရှိမှု, အဘယ်သူသည်။ မရဏဿ၊ ခန္ဓာပျက်ပြုံး, သေဆုံးခြင်းသဘောမှ။ ဘာယေ၊ စိုးရိမ်ပူဆွေး, ကြံတွေးမှိုင်ဇေးနောက်တွန့်, ကြောက်ရွံ့ ရပါအံ့နည်း။

ဆောင်ပုဒ်။ ဝေဘန်ခွဲခြမ်း၊ လှူဒါန်းလျှက်သာ၊ သူမြတ်များလဲ၊ ရောင့်ရဲစေကာ။
သံသရာခရီး၊ ရှင်းပြီးကောင်းစွာ၊ တရားတည်၊ သေမည်မကြောက်ပါ။

ပေါရိသာဒ- မိတ်ဆွေပေါရိသာဒ။ မေ၊ မယာငါသည်။ ဗဟုဓာ၊ မျဝးသောအားဖြင့်။ ဗဟူနံ၊ လူရောရှင်ပါ, သင်္ချာပိုင်းခြား, များစွာကုန်သော သူတို့အား။ ဒါနံ၊ အန္နပါန စရှိများစွာ ဒါနဝတ္ထု အစုစုကို။ ဒိန္နံ၊ သဒ္ဓါရှင်လန်း,လှူဒါန်းပေးကမ်းအပ်၏။ သမဏဗြာဟ္မဏာစ၊တို့ကိုလည်း။ သန္တပ္ပိတာ၊ ပြည့်စုံလုံလောက်, ချီးမြှောက်အမြဲ, ကောင်းစွာ ရောင်ရဲစေအပ်ကုန်ပြီ။

အနာနုတပ္ပံ–အနာနုတပ္ပမာနော၊ စိုးရိမ်ကြောင့်ကြ နောင်တပူပန်ခြင်း အလျဉ်းမရှိသည်ဖြစ်၍။ ပရလောကံ၊ လူ့ပြည်နတ်ရပ် ကောင်းမြတ်စွာလှ, တမလွန်လောကသို့။ ဂမိဿံ၊ မကွေ့မစောင်း, လမ်းကြောင်းဖြောင့်စွာ,သွား ရောက်ပါအံ့။ တံ၊အသင်ပေါရိသာဒသည်။ မံ၊သုဟသောမ, နာမည်တွင်, ငါဘုရင်ကို။ ယညံ၊ ယဇ်ကို။ ယဇဿု၊ ညောင်စောင့်နတ်အား, လေးစားကော်ရော်, ပူဇော်ပါလော့။ မံ၊ ငါ့ကို၊ အဒ၊ သင့်ဆန္ဒအတိုင်း, မဆိုင်းမတွ, စားမျိုလိုက, စားမျိုပါလေလော့။

ဆောင်ပုဒ်။ ။ဝေဘန်ခွဲခြမ်း- လှူဒါန်းလျက်သာ၊ သူမြတ်များလဲ–ရောင့်ရဲစေကာ။
စိုးရိမ်ကင်းဘဲ-သွားမည့်သေရွာ၊ သင် ငါ့ကို-စားလို စားလိုက်ပါ။

မိတ်ဆွေပေါရိသာဒ-ငါသည် ကုသိုလ်ကောင်းမှု တရားများကို ကြိုးစားအားထုတ် ပြုလုပ်ပြီးလေပြီ။ ကျေးဇူးကြီးမား မိဘနှစ်ပါးတို့ကိုလည်း ဆည်းကပ်မပြတ် လုပ်ကျွေးအပ်ပြီး လေပြီ။ ဆယ်ပါးသော မင်းကျင့်တရားကို မပျက်ပြားစေမူ၍ တရားနှင့်အညီ တိုင်းပြည်ကိုအုပ်ချုပ် မင်းလုပ်ခဲ့ပြီးလေပြီ။ မိဖက်ဘဖက် စပ်ယှက်ပေါက်ဖွား ဆွေမျိုးမျာအပေါင်း၌ရင်း, မိတ်ဆွေ ချောင်းရင်းအပေါင်းအသင်း အပေါင်း၌ရင်း သင့်လျော်သော ပြုဘွယ်ကိစ္စ အဝဝကိုလည်း ကောင်းစွာမပျက် ဆောင်ရွက်ပြုလုပ် အပ်ပြီးလေပြီ။ ရဟန်းပုဏ္ဏားတို့ကိုလည်း ဝေဘန်ခွဲခြမ်း လှူဒါန်းအပ်ပြီးဖြစ်သဖြင့် ကောင်းစွာ ရောင့်ရဲစေအပ်ပေပြီ။ ရဟန်းရှင်လူ ခပ်သိမ်းသူတို့အား ထမင်း, အဖျော်, အိပ်ရာနေရာ အစရှိသော ဆယ်ပါးသော ဒါနဝတ္ထုအစုစုကိုလည်း အခါခါမပြတ် ပေးလှူအပ်ပြီးဖြစ်လေပြီ။ သို့အတွက် ငါသည် ဤဘဝမှ နောက်တမလွန်ဘဝသို့ သွားရာအပြီး ခရီးလမ်းကြောင်းကို ကောင်းကောင်းကြီး သုတ်သင်ရှင်းလင်းအပ်ပြီးလေပြီ။

အဆွေပေါရိသာဒ–ငါသည် နောင်တတဖန် ပူပန်ခြင်းမရှိမူ၍ တမလွန်လောကသို့ (ဝါ) လူပြည်နတ်ရပ် ကောင်းမြတ်သော သုဂတိဘဝသို့သွားပေအံ့။ အသင်သည် ငါ့ကို ပင်ညောင်ပင်စောင့် နတ်မင်းအား ယဇ်ပူဇော်လိုက ပူဇော်ပါလေလော့။ ငါ့ကို သတ်ဖြတ်၍ အ ားကို စားလို

ကလည်း စားပါသော-ဟု ဘုရားအလောင်း သုတသောမ၏ ရဲရင့်တည်ကြည်စွာ ပြောကြားသော စကားကို ပေါရိသာဒ ကြားလေလျှင် "ဤသုတသောမမင်းသည် သေခြင်းသဘောမှ ကြောက်ရွံ့ခြင်း အလျှဉ်းမရှိပေ။ သေဘေးမှ ကြောက်ရွံ့ခြင်း ကင်းသည်ဖြစ်၍သာလျှင် ပြောဆိုနေပေ၏၊ ဤသုတသောမမင်းသည် အဘယ်အရာဝတ္ထု၏ တန်ခိုးအာနုဘော်ကြောင့် သေဘေးမှ ကြောက်ရွံ့ခြင်း ကင်းဘိသနည်း"ဟု ကြံစည်ဂင်းစား၍ "အခြားတပါးတော့ မရှိပေ။ ဤ သုတသောမ မင်းသည် ငါသည် ကဿပမြတ်စွာဘုရား ဟောကြားခဲ့သော ဂါထာတို့ကို နာယူခဲ့ပေပြီ"ဟုဆို၏။ ထိုဂါထာတို့၏ အာနုဘော်ကြောင့် သုတသောမသည် သေဘေးမှ ကြောက်ရွံ့ခြင်းကင်းသည် ဖြစ်ပေရာ၏-ဟု ကြံစည် စဉ်းစားမိသတဲ့။

အဟမ္ပိ တံ ကထာပေတွာ တာဂါထာယော သောဿာမိ၊ ဧဝံ အဟမ္ပိ နိဗ္ဘယော ဘဝိဿာမိ။ (ဇာ-ဋ္ဌ-၅၊ ၅၂၉)။

အဟမ္ပိ၊ ငါသည်လည်း။ တံ၊ ထိုငါ့ချစ်မိတ်ဆွေ သုတသောမကို။ ကထာပေတွာ၊ မေတ္တာ ရှေ့ထား, ဟောကြားစေ၍။ တာဂါထာယော၊ ထိုဂါထာတို့ကို။ သောဿာမိ၊ ရိုသေလေးစား, နာကြားပေအံ့။ ဧဝံ၊ ဤသို့ နာကြားသည်ရှိသော်။ အဟမ္ပိ၊ ငါသည်လည်း။ နိဗ္ဘယော၊ သေခြင်း သဘောကို ကြောက်ရွံ့ခြင်းကင်းသည်။ ဘဝိဿာမိ၊ ဖြစ်ပေအံ့။

ငါသည်သုတသောမကို ထိုသတာရဟ ဂါထာတို့ကိုဟောကြားစေ၍ နာယူပြီး သုတသောမ ကဲ့သို့ပင် သေခြင်းသဘောမှ ကြောက်ရွံ့ခြင်း ကင်းသူဖြစ်ပေအံ့-ဟု ဆုံးဖြတ်ချက် ချမှတ်ပြီးလျှင် "မိတ်ဆွေ သုတသောမ- ကဿပ မြတ်စွာဘုရား ဟောကြားခဲ့သော ထိုဂါထာတို့ကို အကျွန်ုပ်အား တဆင့် ဟောကြားပါဦးလော"ဟု ပြောကြားတောင်းပန်လေတယ်။

ထိုအခါ သုတသောမ မင်းမြတ်က "အို- ပေါရိသာဒ တရားကင်းမဲ့လှစွာသော အမြဲတန်း သွေးလိမ်းကျံသော လက်ရှိသော ရက်စက် ကြမ်းကြုတ်လှစွာသော သင်အား ကဿပ ဘုရားဟော ကြားခဲ့သော ထို တရားဂါထာတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း- အသင့်ထံ၌ တရားသဘောသည် မတည်နိုင်ရာ-ဟု ခပ်နှိမ်နှိမ် ပြောဆိုလိုက်သတဲ့။ သုတသောမက မည်မျှပင် နှိမ်ချ ပြောဆိုနေသော် လည်း ပေါရိသာဒကား အမျက် မထွက်နိုင်တော့ပေ၊ တရားတော်ကို နာယူလိုသော စိတ်ဆန္ဒက ပြင်းထန်နေသဖြင့် ထပ်မံ၍ တောင်းပန်လိုရကား-

သုတွာ ဓမ္မံ ဝိဇာနန္တိ၊ နရာ ကလျာဏပါပကံ။
အပိ ဂါထာသုဏိတွာန၊ ဓမ္မေ မေ ရမတေ မနော။
(ဇာ - ၂ - မဟာသုတသောမ ဇာတက)။

သမ္မသုတသောမ- အဆွေသုတသောမ။ နရာ၊ အသိဉာဏ်ရှိသူ လူတို့သည်မည်သည်။ ဓမ္မံ၊ တရားတော်ကို။ သုတွာ၊ ကောင်းစွာမှတ်သား နာကြားရ၍။ ကလျာဏပါပကံ၊ ဤစကား ကောင်း သည် မကောင်းသည်ကို။ ဝိဇာနန္တိ၊ ထောက်ချင့်ဝေဘန် ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်သိနိုင်ကုန်၏။ ဂါထာ၊ ကဿပမြတ်စွာ ဟောမိန့်မှာသည့် ဂါထာတို့ကို။ သုဏိတွာန၊ ရိုသေလေးမြတ် မှတ်မှတ် သားသား နာကြားရသည်ဖြစ်၍။ ဝါ၊ နာကြားရသည်ရှိသော်။ မေ၊ လူသားကိုစား လွန်ဆိုးဝါး

သည့် တရားမရှိ ပေါရိသာဒမည်သောငါ၏။ မနေဘ၊ စိတ်သည်။ ဓမ္မေ၊ ကုသလကမ္မ ပထမည်ငြား ဆယ်ပါးသော တရားတော်၌။ ရမတေအပိ၊ အပွေ၀နာမရဓယျှ၊ တည်ကြည် မေးချမ်းရေတွေ့ပန်းသို့ ရှင်လန်းချမ်းမြေ့ မွေ့လျော်ငြားအံ့လည်း မသိပါချေတကား၊

အဆွေ သုတသောမ လူတို့မည်သည် တရားတော်ကို နာကြားပြီးလျှင် ဤကားကောင်း၏ မကောင်း၏-ဟု ကောင်းစွာပိုင်ပိုင် သိနိုင်ကြပါတယ်။ ထို ဂါထာတို့ကို နာကြားပြီးလျှင် ငါ၏ စိတ်သည် ကုသိုလ် ကမ္မပထတရား သဘော၌ မွေ့လျော် တည်တန့်မည်လည်း မသိပါ- ဟု ပြောဆိုကာ ပေါရိသာဒက တရားဟောရန် တောင်းပန်ပြန်သတဲ့။

ထိုအခါ ဘုရားအလောင်း သုတသောမက "ယခုအခါ ပေါရိသာဒသည် တရားတော်ကို နာယူရန်စိတ်ဆန္ဒ ထက်သန်ပြီး နေပေပြီ ဟောကြားပေအံ့"ဟု ကြံစည် စဉ်စားပြီးလျှင် "မိတ်ဆွေ ပေါရိသာဒ ထိုသို့ တရားတော်မြတ်ကို မြတ်နိုးရိုသေစွာ တကယ်နာယူလိုပါလျှင် ကောင်းစွာပင် နာယူပါလော့"ဟု ပေါရိသာဒအား တိုက်တွန်းစကား ပြောကြားပြီး နန္ဒပဏ္ဍား ပြောဆိုသောနည်းအတိုင်းပင် ဂါထာတို့ကို ချီးမွမ်းခြင်းပြုကာ-

သကိဒေဝ မဟာရာဇ၊ သဗ္ဘိ ဟောတိ သမာဂမော။
သာ နံ သင်္ဂတိ ပါလေတိ၊ နာသဗ္ဘိ ဗဟုသင်္ဂမော-

အစရှိသော သတာရဟ ဂါထာ (၀ါ)သဟဿာရဟ ဂါထာလေးပုဒ်တို့ကို ပေါရိသာဒအား ကောင်းစွာ ဟောကြားလေသတဲ့။

ပေါရိသာဒသည် ဘုရားအလောင်း သုတသောမက အဟောအပြောကောင်း ခြင်းကြောင့်၎င်း၊ မိမိကိုယ်ဘိုင်ကလည်း အသိ ဉာဏ်ပညာနှင့် ပြည့်စုံ သောကြောင့်၎င်း ဤ ဂါထာတို့သည် ကဿပ မြတ်စွာဘုရား ဟောကြားတော်မူသော ဂါထာတို့ပင်တည်း- ဟု ကြံစည်စဉ်းစားကာ ဆင်ခြင်စဉ် တကိုယ်လုံး ငါးပါးအပြားရှိသော ပီတိဖြင့် ပျံ့နှံ့ပြီးနေသတဲ့။ ပေါရိသာဒသည် ဆိုးသွမ်းရမ်းကားလှသော လူမိုက်ကြီးဖြစ်ပေမဲ့ ပါရမီရှင် ပုဂ္ဂိုလ်ထူးတဦးဘဲနေ၊- ပေါရိသာဒသည် ဘုရားအလောင်း အပေါ်၌ စိတ်ဓာတ်တွေ နူးညံ့သိမ့်မွေ့နေပြီ၊ ငွေးစည်းစိမ်ကို ပေးသောဘခင်လို ထင်မှတ်ကာအလွန် ကျေးဇူးတင်နေသတဲ့။

ငါသည် မိတ်ဆွေ သုတသောမအား ပေးကမ်းချီးမြှင့်ရန် တစုံတခုသော ဥစ္စာဘဏ္ဍာကိုမမြင်မိ ပေ၊မရှိပေ၊သုတသောမအား ဂါထာတပုဒ်လျှင် ဆုတဆုချီးမြှောက်ပေအံ့-ဟု"အကြံအစည်ပြုလျက်" မိတ်ဆွေ သုတသောမ အနက်သာရှိ ပြည့်စုံလှစွာသော ဂါထာတို့ကို သင်ဟောကြား၍ နာယူမှတ်ရပါတယ်။ အလွန်နှစ်သက်ပါတယ်။ မိတ်ဆွေအား ကျေးဇူးတင်ပါတယ်၊ သို့အတွက် မိတ်ဆွေ သင့်အား ဆုလေးမျိုးကို ပေးပါမည်၊မိတ်ဆွေ အလိုရှိသော ဆုလေးမျိုးကို ပြောဆိုပါလေလော-ဟု ပြောဆိုကာ ဆုလေးမျိုးကို မိမိထံမှတောင်းယူရန် အခွင့်ပေးတယ်။

ထိုအခါ ဘုရားအလောင်း သုတသောမက-

၁။ မိတ်ဆွေ ပေါရိသာဒ- ငါသည်သင်မိတ်ဆွေကို အနှစ်တရာ ကာလပတ်လုံး အနာကင်းလျက် အသက်ရှည်သည်ကို တွေ့မြင်လိုပါသည်- ဟု ပထမဆုတောင်းသတဲ့။ အသက်တရာပတ်

လုံး အသက်ရှည်သည်ကို မြင်လိုပါသည်- ဟု ဆိုခြင်းဖြင့် မိဒိလည်း အသက်တရာရှည်ရပါလို၏- ဟု ဆုတောင်းပြီး ဖြစ်နေတယ်နော်၊ ပညာရှိ ပုဂ္ဂိုလ်မည်သည် ငါ့အား အသက် ချမ်းသာပေးပါ-ဟု မိမိအတွက် တိုက်ရိုက် မပြောကောင်းဘူးတဲ့။ ထိုနောက်-

၂။ မိတ်ဆွေ ပေါရိသာဒ- အသင် ဖမ်းဆီးထားသော မင်းပေါင်း တရာ့တပါးကို ယနေ့လွှတ်ပေးရန်- ဟု ဒုတိယဆုကို တောင်းယူပြန်တယ်။

၃၊ ထို တရာ့တပါးသော မင်းတို့အား မိမိ မိမိတို့၏ နေရာတိုင်းနိုင်ငံ ပြန်လည်ဆောင်နှင်းပို့ပေးရန်- ဟု တတိယဆုကိုရ်ငး -

၄။ လူတို့၏ အသားကို စားသောက်ခြင်းမှ ရှောင်ကြဉ်ရန် စတုတ္ထဆုကိုင်း အသီးသီး ဆုလေးခုံ တောင်းသဖြင့်- ပေါရိသာဒကလည်း ဘုရားအလောင်း သုတသောမအား ကြည်ညိုလေးစားခြင်း ရှိသည့်အလျောက် ထိုဆု လေးခုပေးလိုက်တယ်။

ဘုရား အလောင်း သုတသောမသည် ပေါရိသာဒ ပေးသော ဆုလေးခုကို ရပြီးနောက် ပေါရိသာဒအား ဤသို့ ပြောဆို ဆုံးမပြန်သတဲ့။

"သမ္မ သီလေ ဌိတဿ မရဏမ္ပိ ဝရံ၊ သစေ တေ မယိ သိနေဟော အတ္ထိ။

ပဉ္စသီလာနိဂဏှရာဇ- မိတ်ဆွေ ကိုယ်ကျင့်တရား၌ တည်သောသူအား ခန္ဓာပျက်ကြွေသေရခြင်းသည်လည်း မြတ်ပေ၏၊ သင်သည် အကယ်၍ ငါကို ချစ်ခင်မှုရှိပါက ငါးပါးသီလကို ယူပါလေ မင်းကြီး-ဟု ပြောဆို တိုက်တွန်းလေသည်၊ ပေါရိသာဒသည် ဘုရားအလောင်းအပေါ်၌ ချစ်ခင်ကြည်ညိုမှု လေးစားမှုရှိသည့်အတိုင်း လွယ်ကူစွာပင် ဘုရားအလောင်း စကားကို လက်ခံကာ-

သာဓု ,သမ္မ ဒေဟိ မေ သီလာနီတိ၊ သောသတ္တံ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ
ကေမန္တံ နိသီဒိ။ (ဇာ - ဋ္ဌ -၅- ၅၄၃)။

မိတ်ဆွေ သုတသောမ ကောင်းပါပြီ အကျွန်ုပ်အား ငါးပါးသီလတို့ကို ပေးပါလော- ဟု ပြောဆိုပြီးလျှင် ထို ပေါရိသာဒ လူဆိုးကြီးသည် ဘုရားအလောင်းကို ထိခြင်းငါးရပ်ဖြင့် ရှိသေလေးမြတ် တုတ်ဝပ်ရှိခို ၍ သင့်တင့် လျှောက်ပတ်သော အရပ်၌နေထိုင်နေသတဲ့။

ထိုအခါ ဘုရားအလောင်းက ပေါရိသာဒကို ငါးပါးသီလတို့၌ တည်စေသဖြင့် ပေါရိသာဒသည် ထိုအခါမှစ၍ သီလရှိသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိသွားပါတယ်၊

အလောင်းတော် သုတသောမသည် မိတ်ဆွေဖြစ်သော ပေါရိသာဒခေါ် ဗြဟ္မဒတ္တအား လူသားစားသော လူဆိုးကြီးဘဝမှ လွတ်မြောက်အောင် နည်းလမ်းပြသ ဆုံးမပြီးလျှင် အဆုံးတိုင်ကူညီစောင့်ရှောက် ချီးမြှောက်သောအားဖြင့် ထိုတောတွင်းပျော် ပေါရိသာဒအား သူပထမစံမြန်းခဲ့ရာ ဗာရာဏသီပြည်နန်းသို့ ပြန်လည်ပို့ဆောင်ပြီး ပေါရိသာဒ၏သား ဖြစ်သော ဘုရင့်မိတ်ဆွေစစ်သူကြီး, ပေါရိသာဒ၏ မိဖုရားကြီးတို့အားလည်း နည်းလမ်းပြသ ဆိုဆုံးမ၍ ပေါရိသာဒခေါ် ဗြဟ္မဒတ္တကို မင်းအဖြစ် အဘိသိက်သွန်းဖြန်းပြီး ဗာရာဏသီ ထီးနန်းကို ပြန်လည် စိုးစံစေသတဲ့၊ ဗြဟ္မဒတ္တမင်းလည်း ထိုအချိန်အခါမှစ၍ ဘုရားအလောင်း သုတသောမ၏ အဆုံးအမကို ခံယူကာ ဗာရာဏသီပြည်ကို တရားနှင့်အညီ အုပ်ချုပ်လျက် ဒါနစသော ကုသိုလ်ကောင်းမှုအစုစုကို အမြဲတန်း

ပြုလုပ် အားထုတ်၍ ခန္ဓာပျက်ကြွေ သေဆုံးသောအခါ နတ်ရွာ သုဂတိသို့ ကောင်းစွာ ရောက်ရှိ သွားပါတယ်။

ဤ အလောင်းတော် သုတသောမရဲ့ ဇာတ်ဝတ္ထုကို ထောက်ရှုပါလျှင် မကောင်းမှုအကုသိုလ် များကို ရှောင်ခွာလျက် ကောင်းမှုကုသိုလ်များကိုသာ ကြိုးစား အားထုတ်လေ့ရှိသော သုတသောမမှ မင်းကြီးသေရမည့်ဘေးမှ မကြောက်မရွံ့ခြင်းကြောင့် မိမိကိုယ်တိုင်လဲ အသက်ချမ်းသာရရှိခြင်း, တရာ့ တပါးသောမင်းများလဲ အသက်ချမ်းသာရခြင်း လူသားစားပေါရိဒလဲ လူသားစားခြင်းမှ ရှောင်ရှား၍ ငါးပါးသီလမဲ့သူ သီလရှိသူ ဖြစ်ခြင်း,ဟူသော အကျိုးများကို ကောင်းစွာ ပိုင်ပိုင်ရရှိနိုင်ခြင်း ဖြစ်ပါတယ်။ မကြောက်တရား ဟောကြားခဲ့တာလဲ ယခုအခါဆိုရင် အပြီးဆုံးသို့ ရောက်ခဲ့ပါပြီ၊ သို့အတွက်ကြောင့် ယခုအခါတရားပွဲသို့ အားခဲ လာရောက်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်ကောင်း အပေါင်းတို့လဲ သေရမည့်ဘေးမှ ကြောက်ရွံ့ခြင်း ကင်းကြောင်း ဖြစ်သော ကောင်းမြတ်သော ကောင်းမှု ကုသိုလ်များကို ကြိုးစားပြီးအားထုတ်ကြရန် တိုက်တွန်းနှိုးဆော်ယင်း တရားပွဲသိမ်း ဂါထာတပုဒ်ရွတ်ပြီး တရားပွဲသိမ်းပါတော့မည်။ သဒ္ဓါခေတ်လှိုင်လှိုင်နှင့် သာခုသံ မြှိုင်မြှိုင်ခေါ်ကြရအောင်လဲ လက်အုပ်ကိုယ်စီချီထားကြပါ။

ဘယာ ပါပါ ဝိဝဇ္ဇေထ၊ ကရေထ ကုသလံ ဟိတံ။
ပုညဝန္တာ ဘယာ တီတာ၊ သုခါယန္တိ အသောစိကာ။

သာဓဝေါ၊ ကိုယ်နှုတ်နှစ်လုံး, သုံးပါးပြေ့ပြောင်း, တရားတော်နာ ကြွရောက်လာသည့် ပရိသတ်အပေါင်း အို- သူတော်ကောင်းတို့။ တုမ္ဟေ၊ မြတ်စွာဘုရား, ဟောညွှန်ကြားသည့်, တရားလမ်းစဉ်, ရှုမြော်မြင်သည့်, အသင် သူတော်ကောင်းတို့သည်။ ဘယာ၊ပစ္စုပ္ပန်,သံသရာ,နှစ်ဖြာမအေး, ကြောက်လန့်ဘွယ်ဘေးဖြစ်သော။ ပါပါ၊ မကောင်းညစ်ဆိုး, အကုသိုလ်အမှုမျိုးမှ။ ဝိဝဇ္ဇေထ၊ သတိသံမွေဇဉ်, အမြဲယှဉ်၍, ရှောင်ကြဉ်ကြလေကုန်လော။ ဟိတံ၊ ခုရောနောင်ပါ, နှစ်ဖြာအကျိုး, မွားတိုးစေကြောင်း,ကောင်းသောအကျိုးကိုဆောင်ပေးတတ်သော။ ကုသလံ၊ သူတော်ကောင်းတို့, နှစ်ထောင်းမြတ်နိုး,ကောင်းမှုကုသိုလ်မျိုးကို။ကရေထ၊ချိန်ခါရှိခိုက်,လုံးလစိုက်၍,နှစ်ခြိုက်သုတ်သုတ် ပြုလုပ်အားထုတ်ကြပါကုန်လော။ ပုညဝန္တာ၊ ကုသိုလ်ကောင်းမှု,အားပြုစုဆောင်း,သူတော်ကောင်း တို့သည်။ ဘယာတီတာ၊ ပစ္စုပ်, သံသာ, ဖြစ်လေရာ၌, နှစ်ဖြာ့ ရွံ့ကြောက်, ကင်းပလွန်မြောက်ကုန်သည်ဖြစ်၍။ အသောစိကာ၊ နှလုံးမငြိမ်, စိုးရိမ်ပူပြင်း, အလျဉ်းမရှိကြကုန်သည်ဖြစ်၍။ သုခါယန္တိ၊ စီးပွားချမ်းသာ, ပညာတန်ခိုး ဆထက်တိုး၍, အမျိုးမျိုးပြည့်ဝကာ, ချမ်းသာ ကြလေ့ကုန်သတည်း။

(အဘိမ္မော တပ်၍ တရားပွဲသိမ်းပါ)

# ကရုဏာဘာဝနာတရားတော်

ဘာဝေထ ကရုဏာစိတ္တံ၊ သတ္တေသု ဒုက္ခိတေသု စ၊
ကရုဏံ ဘာဝ ယိတွာန၊ သတ္တာဂစ္ဆန္တိ သုဂ္ဂတိံ။

ဘော ဒန္တော၊ အများသတ္တဝါ, ကိုယ်ချင်းစာလျက်, လွန်စွာသနား, စိတ်ကောင်းထားသည့်, တရားချစ်ခင်, သူတော်စင်ဖြစ်ကြသား, အို-အမျိုးကောင်းသားသမီးတို့။ တုမှေ၊ နှလုံးပျော့ပျောင်း, စိတ်ကောင်းမြဲယှဉ် အသင်သူတော်ကောင်းတို့သည်၊ ဒုက္ခိတေသု၊ ကိုယ်ရောစိတ်ပါ, နှစ်ဖြာလွန်ကဲ, ဆင်းရဲခြင်းသို့ ရောက်လျက်ရှိကုန်သော။ သတ္တေသု စ၊ သံသရာခရီးသွား, များပြားလှစွာ, သတ္တဝါတို့၌ရင်း။ ဒုရုပေတေသု၊ ကိုယ်နှုတ်စိတ်ကြိုက်, ဒုစရိုက်ကြောင့်, အကိုက်မှောင်တွင်း, ကျက်စားခြင်း ရှိကြကုန်သော။ သတ္တေသု စ၊ မကောင်းစရိုက်, အလိုက်ပျော်ပါး, များပြားလှစွာ, သတ္တဝါတို့၌ရင်း။ (စ-ဖြင့်-ဒုရုပေသုသတ္တေသု-စာရင်းယူသည်) ကရုဏာစိတ္တံ၊ ထောက်ထားငဲ့ညှာ, ကိုယ်ချင်းစာသည့်, ကျင်နာယိုဖိတ်, ကရုဏာစိတ်ကို။ ဘာဝေထ၊ သူတော်ကောင်းများ, အကျင့်တရားဟု, ကြိုးစားနေ့ည, ပွားများကြပါကုန်လေ။ ကရုဏံ၊ အများသတ္တဝါ, ကိုယ်ချင်းစာ၍, ကျင်နာသနား, ကရုဏာတရားကို။ ဘာဝယိတွာန၊ ချိန်ခါရှိသဲ, အားအံ့ခဲလျက်, အမြဲနိစ္စ, ပွားများရသည် ဖြစ်၍။ (ဝါ) ပွားများရလေသောကြောင့်။ သတ္တာ၊ တရားလမ်းမှန်, ကျင့်နည်းဟန်ကို, မြဲမြဲကြိုးစား, သတ္တဝါအများတို့သည်။ သုဂ္ဂတိံ၊ အဆက်ခံဖိုလ်ပေါက်, မဆိုက်ရောက်လည်း, သင့်တင့်လျောက်ပတ်, လူရပ်နတ်ရွာ, ထက်ပြဟ္မာလျှင်, လားရာမှန်ဘိ သုဂတိသို့။ ဂစ္ဆန္တိ၊ အကြောင်းပြုက, အကျိုးရသည့်, ဓမ္မတာထုံးတမ်း, ဖြစ်မြဲလမ်းမို့, ရှင်လန်းဝမ်းမြောက်, မျက်မှောက်ပြုကာ ဆိုက်ရောက်ကြရလေကုန်သတည်း။

ယနေ့တရားပွဲမှာတော့ ဗြဟ္မာစိုရ် တရားလေးပါးတွင် ကရုဏာဘာဝနာ, ကရုဏာတရားပွား များခြင်းအကြောင်းကို ဟောကြားရန်ဖြစ်တဲ့အတွက် အထက်ပါ ကရုဏာ ဘာဝနာ ဥယျောဇဉ် ဂါထာကို ရွတ်ဆိုလိုက်ရခြင်း ဖြစ်ပါတယ်။

ဒီ ကရုဏာဘာဝနာဆိုတဲ့ စကားကတော့ ပါဠိဘာသာစကား ဖြစ်ပါတယ်။ မိမိတို့ဘာသာ စကား မဟုတ်ဘဲ ပါဠိဘာသာ စကားပင် ဖြစ်သော်လဲ ဗုဒ္ဓဘာသာ ပါဠိစာပေ ထွန်းကားသော မြန်မာပြည်၌ နေထိုင်ကြတဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ, တိုင်းသူပြည်သား အများစုဟာ ကရုဏာ ဆိုတဲ့စကား ကြားရုံနဲ့ ဘာဝနာဆိုတဲ့ စကားကို ကြားရုံနဲ့ပင် ဆိုလိုရင်း အဓိပ္ပါယ်ကို လွယ်ကူစွာ သိရှိကြပြီး ဖြစ်ပါတယ်၊ သို့သော်လဲ ကရုဏာ ဘာဝနာဆိုတဲ့ စကားကို အသိဉာဏ် ပိုမိုလင်းသွား အောင် ရှင်းလင်း၍ ဟောရပေဦးမည်။

ကရုဏာ ဆိုတာကတော့ ကိုယ်စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းသို့ ကျရောက် နေကြတဲ့သူများကို မြင်ရ, ကြားရသောအခါ ကိုယ်ချင်းစာ တရားဖြင့် ကြင်နာ သနားတတ်တဲ့ သဘောတရားကို ကရုဏာ ဟု ခေါ်ဆိုပါတယ်၊ ဒီကရုဏာပုဒ်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဝိဂ္ဂဟ်ပြုကာ ဖွင့်ဆိုသည်ကတော့-

ပရဒုက္ခေ သတိ သာဓူနံ ဟဒယကမ္ပနံ ကရောတီတိ ကရုဏာ။ ကိဏာတိ ဝါ ပရဒုက္ခံ ဟိံသတိ ဝိနာသေ တီတိ ကရုဏာ။ ကိရီယတိ ဝါ ဒုက္ခိတေသု ဖရဏဝသေန ပသာရိယတီတိ ကရုဏာ။ (ဝိသုဒ္ဓိမဂ္ဂ-ပ-၃၁၁)။

ယာဓမ္မဇာတိ၊ အကြင်တရား သဘောသည်။ ပရဒုက္ခေ၊ သူတပါးတို့, ထူးခြားလွန်ကဲ, ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းသည်။ သတိ၊ ဖြစ်အည်ရှိသော်။ သာဓူနံ၊ စိတ်ထား ပျော့ပျောင်း, သူတော်ကောင်းတို့၏။ ဟဒယကမ္ပနံ၊ စိတ်နှလုံးတုန်လှုပ်, ညိုးဆုတ် ပင်ပန်းခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာဓမ္မဇာတိ ထိုတရား သဘောသည်။ ကရုဏာ၊ ကရုဏာမည်၏။

(ဝါ) တနည်းကား။ ယာဓမ္မဇာတိ၊ သည်။ ပရဒုက္ခံ၊ သူတပါးတို့ ဆင်းရဲခြင်းကို။ ကိဏာတိ ဟိံသတိ၊ ညှင်းဆဲတတ်၏။ ဝိနာသေတိ၊ ကင်းရှင်းစေလျက်, လွင့်ပျောက်ပျက်အောင်, ဖျောက်ဖျက်ပယ်ရှားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာဓမ္မဇာတိ၊ သည်။ ကရုဏာ၊ ကရုဏာမည်၏။

(ဝါ) တနည်းကား။ ယာဓမ္မဇာတိ၊ သည်။ ဒုက္ခိတေသု၊ ဆင်းရဲဒုက္ခ ရောက်ကြရသူ ဗိုလ်လူများစွာ, သတ္တဝါတို့၌။ ဖရဏဝသေန၊ တွေ့ထိလွှမ်းခြုံ, အာရုံပြုခြား, အစွမ်းအားဖြင့်။ ကိရီယတိ ပသာရိယတိ၊ ဖြန့်ဘတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာခမ္မဇာတိ၊ သည်။ ကရုဏာ၊ ကရုဏာမည်၏။

ဆိုလိုရင်း အဓိပ္ပါယ်ကတော့ ကိုယ်စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းသို့ ကျရောက် နေကြသော သူတို့ကို တွေ့မြင်ကြားသိရသော်အခါမှာ စိတ်ထားပျော့ပြောင်း သူတော်ကောင်းတို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်တဲ့ သဘောတရားကို ကရုဏာ–ဟု ခေါ်ဆိုပါတယ်တဲ့။

တနည်းအားဖြင့် သူကပါးတို့၏ ကိုယ်စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းကို ကင်းရှင်းလွင့်ပျောက်အောင် ပယ်ဖျောက်တတ်သော သဘောတရားကိုရင်း, ဆင်းရဲဒုက္ခ ကျရောက်ရသူ ဗိုလ်လူများစွာ သတ္တဝါတို့၌ အာရုံပြုသော အစွမ်းအားဖြင့် ဖြန့်သားတတ်သော သဘောတရားကိုရင်း ကရုဏာ-ဟု ခေါ်ဆိုပါတယ်တဲ့။

ဤလောက၌ သတ္တဝါတို့၏ စရိုက်သဘောမှာ "ကြီးနိုင် ငယ်ညှင်း" ဟူသော စကားပုံအတိုင်း ပင် ကြီးသောသူများက ငယ်သောသူများကို ညှင်းဆဲတတ်ခြင်း၊ စည်းစိမ်ဥစ္စာ ရှိသူများက ငယ်သောသူများကို ညှင်းဆဲတတ်ခြင်း၊ စည်းစိမ်ဥစ္စာ ရှိသူများက စည်းစိမ်ဥစ္စာ ကင်းမဲ့သူများကို ညှင်းဆဲနှိပ်စက်တတ်ခြင်း၊ တန်ခိုးအာဏာရှိသူက တန်ခိုးအာဏာ ကင်းမဲ့သူကို ညှင်းဆဲနှိပ်စက်တတ်ခြင်း၊ လူချင်းချင်းပဲ ဖြစ်ဖြစ်၊ တိရစ္ဆာန်ချင်းချင်းပဲဖြစ်ဖြစ် မိမိတို့ နိုင်ရာနိုင်ရာကို ညှင်းဆဲနှိပ်စက်တတ်တဲ့ သဘော ရှိပါတယ်။ အချို့သောလူများ, အချို့သောသတ္တဝါများမှာမူ မိမိတို့ အတိတ်အကုသိုလ်ကံအကျိုးဆက်ကြောင့် မိမိတို့ဘာသာ ဆင်းရဲဒုက္ခ ရောက်နေကြရသူများလဲ ရှိတတ်ပါတယ်။ ယင်းကဲ့သို့ ဆင်းရဲဒုက္ခ ရောက်နေကြသော သတ္တဝါများကို မြင်ရတွေ့ရ, ကြားသိရသောအခါ သူတော်ကောင်းတွေရဲ့ စိတ်နှလုံးထဲမှာ မိမိကိုယ်တိုင် ခံစားနေရဘိသကဲ့သို့ တုန်လှုပ်ချောက်ချားမှု ဖြစ်ရတတ်ပါတယ်တဲ့၊ ထိုသူ၏ ဆင်းရဲဒုက္ခ အဝဝကို ပယ်ရှား ဖျောက်ဖျက် ပေးလိုသော စိတ်ဆန္ဒတွေ ဖြစ်လာတတ်ပါတယ်၊ သူတပါး ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ ရောက်နေသည်ကို မကြည့်ရက်, မကြားရက်လို့ခြင်း၊ ကိုယ်ချင်းစာနာကာ ကြင်နာသနားတတ်ခြင်း သဘောများဟာ ကရုဏာတရား၏

သဘောလက္ခဏာများပင် ဖြစ်ပါတယ်။ သို့အတွက် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ကရုဏာ၏ လက္ခဏာရှိ စတုက္ကကို ထုတ်ဖော်ပြသည်မှာ—

ဒုက္ခာပနယနာ ကာရပ္ပဝတ္တိလက္ခဏာ ကရုဏာ၊ ပရဒုက္ခာသဟနရသာ၊ အဝိဟိံသာ ပစ္စုပဋ္ဌာနာ၊ ဒုက္ခာဘိဘူတာနံ အနာထဘာဝ ဒဿနပဒဋ္ဌာနာ။

(ဝိသုဒ္ဓိမဂ္ဂ-ပ-၃၁၁။ အဋ္ဌသာလိနီ-၂၇)။

ကရုဏာ၊ ကရုဏာသည်။ ဒုက္ခာပနယနာ ကာရပ္ပဝတ္တိလက္ခဏာ၊ သတ္တဝါတို့အား ဖြစ်သော ဆင်းရဲဒုက္ခကို ပယ်ရှားလိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။ ပရဒုက္ခာ သဟန ရသာ၊ ပယ်ရှားပေးလိုသော အဖြစ်ဖြင့် သူတပါးတို့၏ ဆင်းရဲဒုက္ခကို သည်းမခံနိုင်ခြင်းကိစ္စ ရှိ၏။ အဝိဟိံသာ ပစ္စုပဋ္ဌာနာ၊ သတ္တဝါတို့ကို မညှင်းဆဲခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏။ ဒုက္ခာဘိဘူတာနံ၊ ကိုယ်စိတ်နှစ်တန်, ပူပန်ဆင်းရဲ, အမြဲနှိပ်စက် အပ်ကုန်သော သတ္တဝါတို့၏။ အနာထဘာဝဒဿနာ ပဒဋ္ဌာနာ၊ ကိုးကွယ်ရာ မရှိသည်၏ အဖြစ်ကို ရှုသော ယောနိသော မနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏-ဟူ၍ ဖွင့်ပြထားပါတယ်။

**ဆောင်ပုဒ်**။ ဆင်းရဲပယ်ရှား-လိုလားတတ်သည်၊ ဆင်းရဲရှုပြီး- သည်းမခံပြီ။
မညှင်းဆဲခြား-ဉာဏ်အားထင်သည်၊ ကိုးကွယ်မဲ့-ရှုငဲ့ကြောင်းရှိသည်။
ကရုဏာ-လေးဖြာတရားမည်။

စတုက္ကနည်းဖြင့် ခွဲခြမ်းဝေဘန်ကြည့်လျှင် ကရုဏာဆိုတာ လက္ခဏာ ကရုဏာ, ရသကရုဏာ ပစ္စုပဋ္ဌာနကရုဏာ, ပဒဋ္ဌာနကရုဏာ—ဟု (၄) မျိုးပြားတယ်လို့ မှတ်သားကြရမယ်တဲ့။

ဆင်းရဲဒုက္ခ ရောက်နေကြသော သတ္တဝါတို့၏ ဆင်းရဲမှုကို မိမိက ကူညီပယ်ရှား ပေးနိုင်သည် ဖြစ်စေ, ပယ်ရှားမပေးနိုင်သည်ဖြစ်၍ ကူညီစောင့်ရှောက် ပယ်ရှားပေးလိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘောကို လက္ခဏာကရုဏာ-လို့ ခေါ်ပါတယ်။ သူတော်ကောင်း ပုဂ္ဂိုလ်မွန်တို့၏ သန္တာန်မှာ ဆင်းရဲဒုက္ခ ရောက်နေသူ, သတ္တဝါတို့ကို တွေ့ရမြင်ရ, ကြားသိရလျှင် ထိုဆင်းရဲဒုက္ခမှ ကင်းစေး အောင် ဆောင်ရွက်ပေးလိုကြတယ်, ကူညီစောင့်ရှောက်လိုကြတယ် မိမိက ပယ်ရှားပေးနိုင်သော အစွမ်း ရှိသည်ဖြစ်စေ၊ မစွမ်းနိုင်သည်ဖြစ်စေပေါ့၊ ပယ်ရှားပေးလိုသော ဆင်းရဲဒုက္ခ ကင်းဝေးစေ ချင်သော သဘောကိုပင် ကောင်းမြတ်သောစိတ်ဓာတ်-ဟု ခေါ်ဆိုရခြင်းဖြစ်တယ်နော်။ ကရုဏာရဲ့ လက္ခဏာလို့ ခေါ်ရတယ်။

ဤကဲ့သို့ ဆင်းရဲဒုက္ခ ရောက်ရှိနေကြသော သူတို့၏ ဆင်းရဲမှုကိုပယ်ရှားပေးလိုသောကြောင့် ပင် ထို သူတပါးတို့၏ ဆင်းရဲမှုကို မရှုရက်, မမြင်ရက်ခြင်း သည်းမခံနိုင်ခြင်းကိုတော့ ရသကရုဏာလို့ ခေါ်ရပြန်တယ်။ ဒါကြောင့်မို့ "ဆင်းရဲရှုပြီး သည်းမခံပြီ" လို့ လွယ်လွယ်မှတ်နိုင်အောင် ဆိုလိုက် ခြင်း ဖြစ်ပါတယ်။ သတ္တဝါတို့ကို မညှင်းဆဲခြင်း, ညှင်းဆဲခြင်း၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း သဘော ကိုတော့ ပစ္စုပဋ္ဌာန ကရုဏာလို့ ခေါ်တယ်၊ ဆင်းရဲဒုက္ခ ရောက်နေကြသော သတ္တဝါတို့၏ ကိုးကွယ် ရာမဲ့ ဖြစ်နေသည်ကို ကြည့်ရှုတတ်သော သဘောကိုတော့ ပဒဋ္ဌာန ကရုဏာလို့ ခေါ်ရတယ်။ ဒါ ကြောင့် ကရုဏာ တရားဟာ စတုက္ကနည်းနှင့် ခွဲခြားကြည့် လေးပါးရှိတယ်လို့ မှတ်ကြရမယ်ပေါ့။ ဒီကရု ဏာ တရားပြည့်စုံစွာ ဖြစ်ခြင်းနှင့် ပျက်စီးခြင်း အသဘောများကိုလဲ—

ဝိဟိံသူပသမော ဧတဿာ သမ္ဘတ္တိ၊ သောကသမ္ဘဝေါ ဝိပတ္တိ။ (ဝိသုဒ္ဓိ-ပ-၃၁၁)။
ဟူ၍ ဝိသုဒ္ဓိမဂ်၌ ဆက်လက် ဖွင့်ပြထားတယ်နော်။

ဝိဟိံသူပသမော၊ သတ္တဝါတို့ကို ညှဉ်းဆဲကြောင်းဖြစ်သော ကရုဏာတရား၏ဆန့်ကျင်သော ပဋိဃစိတ္တုပ္ပါဒ်၏ ငြိမ်းအေးခြင်းသည်။ ဧတဿာ၊ ထိုကရုဏာ၏။ သမ္ဘတ္တိ၊ ကောင်းစွာလောက်လုံ, ပြည့်စုံခြင်းမည်၏။ သောကသမ္ဘဝေါ၊ စိုးရိမ်မအေး, ပူဆွေးသောက ဖြစ်ရခြင်းသည်။ ဧတဿာ၊ ထိုကရုဏာတရား၏။ ဝိပတ္တိ၊ ဖောက်ပြန်ယိုယွင်း, ပျက်စီးခြင်းမည်၏။

ကရုဏာတရား ပွားများရာမှာ ကရုဏာ၏ ဆန့်ကျင်ဘက်ဖြစ်တဲ့ သတ္တဝါတို့ကို ညှဉ်းဆဲသော အခြင်းအရာအားဖြင့်ဖြစ်သော ပဋိဃစိတ္တုပ္ပါဒ် ငြိမ်းအေးခြင်းဖြစ်လျှင် ကရုဏာဘာဝနာ ပြည့်စုံပြီလို့ ဆိုနိုင်ရမည် ဖြစ်တယ်။ အကယ်၍ ကရုဏာပွားရင်းက နယ်လွန်ပြီး စိုးရိမ်သောကတွေ ဖြစ်လျှင်တော့ ကရုဏာဘာဝနာ ပျက်စီးပြီ-လို့ မှတ်ရမယ်တဲ့။ ကရုဏာ မခေနသောကော ဝဋ္ဋေတိ-လို့ ဆိုတဲ့အတိုင်း စိုးရိမ်သောက တရားက သနားခြင်းကရုဏာ အသွင်ဆောင်ကာ လှည့်ပတ်တတ်သတဲ့-ဟုတ်တယ်နော်။

အချို့ပုဂ္ဂိုလ်များဟာ မိမိတို့နှင့်နီးစပ်သောသူ တယောက်ယောက် အကြောင်းတခုခုကြောင့် ဆင်းရဲဒုက္ခရောက်နေလျှင် စိုးရိမ်သောက ဖြစ်တတ်ကြပါတယ်။ ဒီလိုဖြစ်ရတာ သံယောဇဉ် မကင်းသေးတဲ့ သတ္တဝါတိုင်းမှာ ဖြစ်တတ်တဲ့ ဓမ္မတာပါဘဲ၊ သို့သော်လဲ ဒီလိုစိုးရိမ်သောက ဖြစ်နေတာကို ပင် သနားခြင်းကရုဏာ ဖြစ်နေတယ်-လို့ ထင်မှတ်နေတတ်ကြပါတယ်။ နောက်ပြီးတော့ ဆင်းရဲဒုက္ခ ရောက်နေသော တစုံတယောက်သောသူကို ကရုဏာပွားရင်းက နယ်လွန်ကာ စိုးရိမ်သောကတွေ ဖြစ်လာတတ်တယ်။ ယင်းကဲ့သို့ စိုးရိမ်သောက ရောက်နေတာကိုလဲ ကရုဏာဖြစ်နေတယ်-လို့ ထင်မှတ်တတ်ကြပါတယ်။ အဲဒီလိုဖြစ်ရတာတွေဟာ စိုးရိမ်သောက တရားက သနားခြင်း ကရုဏာ အသွင်ဆောင်ကာ လှည့်ပတ်နေခြင်းပင် ဖြစ်ပါတယ်။

ဒီလိုကရုဏာတရား၏ သဘောခြင်းရာ လက္ခဏာစသည်ကို ကောင်းစွာ မှတ်သားပြီးလျှင် ကရုဏာတရား ပွားများခြင်း၏ ပုဗ္ဗကိစ္စများကိုလဲ သေချာစွာ မှတ်သားဘို့ လိုသေးတယ်နော်။ ပုဗ္ဗကိစ္စဆိုတာကတော့-

ကရုဏံ ဘာဝေတုကာမေန ပန နိက္ကရုဏတာယ အာဒီနဝံ ကရုဏာယစ အာနိသံသံ ပစ္စဝေက္ခိတွာ ကရုဏာဘာဝနာ အာရဘိတဗ္ဗာ။ (ဝိသုဒ္ဓိမဂ္ဂ-ပ ၃၀၇)။

ပန၊ မေတ္တာတရား ပွားများမှုမှတပါး ကရုဏာတရားပွားများမှုကို ပြဆိုပေအံ့။ ကရုဏံ၊ သနားကြင်နာ ကရုဏာဘာဝနာကို၊ ဘာဝေတုကာမေန၊ ဆင်းရဲဒုက္ခ, ကင်းစင်ပဘို့, မှန်းဆစိတ်ထား, ရှုပွားလိုသော ယောဂီပုဂ္ဂိုလ်သည်။ နိက္ကရုဏတာယ၊ သနားကြင်နာ, ကင်းရှင်းလာသည်၏ အဖြစ်ဟူသော ညှင်းဆဲခြင်း၌၊ အာဒီနဝဥ္စ၊ မကောင်းညှစ်ဆိုး, အပြစ်မျိုးကိုရင်း။ ကရုဏာယ၊ သူတပါးအား, ကြင်နာသနားခြင်း၏။ အာနိသံသဉ္စ၊ ချမ်းသာစေကြောင်း, ကောင်းမြတ်သော အကျိုးကိုရင်း။ ပစ္စဝေက္ခိတွာ၊ အဖန်ဖန်အဆုပ်ထပ် ရှုမြင်သုံးသပ်၍။ ကရုဏာဘာဝနာ၊ ကရုဏာတရား ရှုပွားခြင်း-ဟု ဆိုအပ်သော ကရုဏာဘာဝနာကို။ အာရဘိတဗ္ဗာ၊ နေ့ညမခြား, ကြိုးစားမယုတ်၊ ပွားများအားထုတ်အပ်လေ သတည်း။

ကရုဏာ ဘာဝနာကို ပွားများလိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ ကိုယ်ချင်းမစာ, ကြင်နာမထား, သနားကင်းခဲ့, ကရုဏာတရားကင်းမဲ့သော အကြင်သူသည် အခြားတပါး သတ္တဝါများကို ရက်စက်မညှာ ဇီဝိတိန္ဒြေမှ ချခြင်းဖြင့်ရှင်း, အင်္ဂါကြီးငယ် အသွယ်သွယ်ကိုဖြတ်ခြင်း ခြေလက်အင်္ဂါချို့ယွင်းအောင် ပြုခြင်းဖြင့်ရှင်း, စည်းစိမ်ဥစ္စာ ဆုံးရှုံးပျက်ပြား စေခြင်းအားဖြင့်ရှင်း ညှင်းဆဲနှိပ်စက်တတ်တယ်။ လာဘ်လာဘ မရစေရန်ရှင်း, နေရာဌာန မရစေရန်ရှင်း, အကျိုးစီးပွားပျက်ပြားစေရန်ရှင်း, ခြွေရံကျော်စော ရှေ့လျော့ပျက်ပြားစေရန်ရှင်း လုံးလပြုကာ ညှင်းဆဲနှိပ်စက်တတ်ပြန်တယ်။ အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် တစုံတရာသော အပြစ်ကိုပင် မရှိသတ်ရှေ့တွင် ဖော်ပြခြင်းဖြင့် အလွန်အကဲ ညှင်းဆဲနှိပ်စက်တတ်ပါတယ်။

ထိုသို့ သူတပါးအား ထောက်ထားငဲ့ညှာ သနားခြင်းကရုဏာ ကင်းရှင်းကွာသော စိတ်ထားဆိုးသွမ်း ထိုလူရမ်းကားသည် မျက်မှောက်ထင်တင် ယခုပစ္စုပ္ပန်ဘဝမှာပင် စည်းစိမ်ဥစ္စာ မတိုးပွားဘဲ လာဘ်လာဘပါးရှားမှုနှင့် ကြုံရတတ်တယ်။ ရရှိပြီးသား စည်းစိမ်ဥစ္စာများလဲ ရန်သူမျိုးငါးပါးကြောင့် ဆုံးရှုံးပျက်ပြား ရတတ်ပါတယ်။ သူတပါးကို စော်ကားနိုင့်ထက် နှိပ်စက်ရန်ပြု မကောင်းမှုကြောင့် မကောင်းသတင်း ကျော်ကြားလျက် ဂုဏ်သရေပျက်တတ်ပေတယ်၊ အကြောင်းအားလျော်စွာ ပွဲသယ်မရှိသတ်သို့ ချဉ်းကပ်သောအခါ မျက်နှာမကြည်မသာ ဖြစ်ရတတ်တယ်။

သေလွန်သောအခါမှာလဲ တွေဝေမိန့်မောစွာ သေဆုံးရတတ်တယ်တဲ့၊ သေဆုံးပြီးသောအခါမှာလဲ မကောင်းဆိုးဘိ ဒုဂ္ဂတိဘုံဘဝသို့သာ လားရောက်ရတတ်ပြန်တယ်၊ ရှေ့ကံထောက်ပင့်အဆင်သင့်၍ သုဂတိဘုံဘဝ လူ့ပြည်လူ့ဌာနသို့ ရောက်ရှိရသော်လဲ မကောင်းယုတ်ညံ့ မသန့်သောအမျိုး၌ ဖြစ်ရခြင်း မွေးသည့်မိခင် ကျေးဇူးရှင်ပင် ရှုမြင်ခြင်းငှာ မစွမ်းသာအောင် လွန်စွာဖောက်ပြန်သော ရုပ်ရည်ရှိခြင်း, အနာရောဂါများပြားခြင်း, အလွန်ဆင်းရဲ၍ စားသောက်ရုံမျှမမျှမတ ဖြစ်ရခြင်း, အသက်တိုခြင်း အစရှိတဲ့ မကောင်းကျိုး အမျိုးမျိုးဟာ ကရုဏာကင်းငြားလူရမ်းကားတို့အား အမှန်စင်စစ် ဖြစ်တတ်ပေတယ်-ဟု ကရုဏာကင်းမဲ့ခြင်းရဲ့ အပြစ်ကိုလည်းအဖန်ဖန် ရှုဆင်ခြင်ရမယ်။

တပ္ပဋိပက္ခတော ကရုဏာယ အာနိသံသာ ပစ္စဝေက္ခိတဗ္ဗာ။ (မဟာဋီ-ပ-၃၇၁) ဟူ၍ မဟာဋီကာဖွင့်ဆိုတဲ့အတိုင်း ကရုဏာကင်းမဲ့သောသူအား ရရှိသောအပြစ် အာဒီနဝတို့၏ အပြန်အားဖြင့်- သူတပါးအား သွာဘာသနားခြင်းကရုဏာ၏ အကျိုးအာနိသင်တို့ကို ဉာဏ်၌ ထင်မြင်လာအောင် ရှုဆင်ကြရမည် ဖြစ်သတဲ့။

ဆောင်ပုဒ် ၁။ ကရုဏာကင်းဘိ၊ နှိပ်စက်မိ၊ တင်ရှိပြစ်များသည်။

၂။ မျက်မှောက်ဘဝ၊ လာဘ်ကင်းပ၊ လာဘ်ရပျက်တတ်သည်။

၃။ မကောင်းသတင်း၊ ကျော်ဇစောငြင်း၊ တွင်းပြင်နှံ့လေမည်။

၄။ ပရိသတ်သုံ၊ ဝင်ထွက်ကြုံ၊ အမှန်ရှုံ့ကြောက်သည်။

၅။ တွေဝေသသတိ၊ ဒုဂ္ဂတိ၊ ရောက်၏မလွဲပြီ။

၆။ လူဖြစ်ပြန်က၊ မျိုးညံ့လှ၊ ဆိုးစွရုပ်ဆင်းမည်။

၇။ ရောဂါလည်းများ၊ ငတ်မွတ်ငြား၊ သက်ကားတိုတော့သည်။
၈။ ကရုဏာကင်းပ၊ သူ့ညှင်းက၊ မုချဖြစ်ရမည်။
၉။ ထိုမှအပြန်၊ အာနိသံ၊ အမှန်သိရမည်။

ဆိုခဲ့ပြီးသည့်အတိုင်း ကရုဏာ ဘာဝနာကို ပွားများလိုသောပုဂ္ဂိုလ်သည် ကရုဏာတရား ကင်းမဲ့ခြင်း၏ အပြစ်များ၊ အကြင်နာတရား ကရုဏာထားခြင်း၏ အကျိုး အာနိသင်များကို ကောင်းစွာထင်ထင် ရှုဆင်ခြင်လျှင် အဘယ်ပုဂ္ဂိုလ်ကို ကရုဏာတရား ရှေးဦးစွာ ပွားရပါမည်နည်း-ဟု ရှေးဦးစွာ ကရုဏာပွားရမည့်ပုဂ္ဂိုလ်ကို ရွေးခြယ်စီစစ်ရမည် ဖြစ်ပါတယ်။

ရှေးဦးစွာ ကရုဏာ ပွားဘို့ရာကတော့-

တတ္ထ မန အာရဘာန္တေန ပထမံပိယပုဂ္ဂလာဒိသု နအာရဒ္ဓတဗ္ဗာ။ (ဝိသုဒ္ဓိမဂ္ဂ-ပ-၃၀၇)။ ဟု-ဝိသုဒ္ဓိမဂ်မှာ မြွက်ဆိုတဲ့အတိုင်း ပိယ, အတိပ္ပိယ, သဟာယက, မဇ္ဈတ္တ, အပ္ပိယ, ဝေရီပုဂ္ဂိုလ်တို့ အပေါ်၌ ရှေးဦးစွာကရုဏာ မပွားရဘူးတဲ့။ နောက်ပြီး လိင်္ဂဝိသဘာဂပုဂ္ဂိုလ်, ကာလကတပုဂ္ဂိုလ်တို့လဲ ကရုဏာ ပွားရာခေတ် မဟုတ်ဘူး။ ထိုလိင်ဆန့်ကျင်ဘက် ပုဂ္ဂိုလ်, ကွယ်လွန် ပြီးတဲ့ ပုဂ္ဂိုလ်တို့ကို လဲမပွားရ-ဟု မှတ်ရမည်။

ကရုဏာတရား ရှေးဦးစွာ ပွားများရမည့် ပုဂ္ဂိုလ်ကတော့ အလွန်ဆင်းရဲ ငြိုငြင်ခြင်းသို့ ရောက်ရှိနေကြသော ကိုးကွယ်ရာမဲ့သူများ ဒုက္ခသည်များပင် ဖြစ်ကြတယ်။

ထိုကဲ့သို့ အလွန်လျှင် ဆင်းရဲငြိုငြင်ခြင်းသို့ ရောက်၍ နေရှာသော အစားအစာ အာဟာရ ကင်းပြတ်သော အိုးခြမ်း စားခွက်ကို ရှေ့၌ ထားကာ ကိုးကွယ်ရာ မရှိသော ဇရပ်၌နေလျက် အထီးကျန်ဖြစ်သော ယောကျ်ားလို (ဝါ)တစုံတယောက်သောသူကို လက်ခြေတို့မှ ယိုထွက်သော ပိုးလောက် အပေါင်းရှိသော ကျင်နာပင်ပန်းလှစွာသောအသံဖြင့် ညည်းညူ အော်ဟစ်နေသည်ကို တွေ့မြင်ရလျှင်-

ကိစ္ဆံ ဝဘာယံ သတ္တော အာပန္နော၊အပ္ပေဝနာမ ဣမမှာ ဒုက္ခာ မုစ္စေယျာ တိ ကရုဏာ ပဝတ္တေတဗ္ဗာ။ (ဝိသုဒ္ဓိ-ပ-၃၀၇)။

အယံသတ္တော၊ ကိုးကွယ်ရာမဲ့, ဆင်းရဲလှစွာ, ဤသတ္တဝါသည်။ ကိစ္ဆံ၊ အလွန်ငြိုငြင်, ဆင်းရဲ ပင်ပန်းခြင်းသို့။ အာပန္နောဝတ၊ မရှုမလှ, မုချမျက်မှောက်, ကြော်-ဆိုက်ရောက် ရှာခဲ့လေပြီတကား။ ဣမမှာ ဒုက္ခာ၊ ကျင်နာလွန်ကဲ, ဤဆင်းရဲခြင်းမှ။မုစ္စေယျ၊ ကောင်းစွာကျွတ်ကျွတ်, လွတ်ပါမူကား။ အပ္ပေဝနာမ သာဓုဝတ၊ ဩော်-ကောင်းလေစွ။ ဣတိ၊ ဤသို့။ ကရုဏာ၊ ကိုယ်ချင်းစာကာ, ကျင်နာ သနား, ကရုဏာတရားကို။ ပဝတ္တေတဗ္ဗာ၊ သူတော်တရား, လက်ကိုင်ထားလျက်, ပွားများမပြတ်, ဖြစ်စေအပ်သတည်း။

သနားခြင်း ကရုဏာ ကြီးမားတဲ့အရာ ပွားများတဲ့ နေရာမှာတော့ သုံးလူထွဋ်ထား မြတ်စွာဘုရားသခင်၏ ကရုဏာတော် ကတော့ အကြီးမားဆုံး အသာလွန်ဆုံး ဖြစ်ပါတယ်၊ သို့အတွက်ကြောင့် သံသရာခရီးသွား ဒုက္ခသည်များအား ကြီးမားသော ကရုဏာတော်ဖြင့် သံသရာ ဤမှာဘတ်မှ နိဗ္ဗာန်သောင် ထိုမှာဘက်သို့ ကူးအောင်ရှက်ကာ ကယ်တင်ပေးသနားတော်မူသော မြတ်စွာဘုရားကို မဟာကရုဏာရှင်-ဟုပင် ခေါ်ဆိုကြရခြင်း ဖြစ်တယ်ကိုး၊ သို့အတွက် မဟာ ကရုဏာသခင်

ဘုရားရှင်၏ တပည့်သား သာဝကဖြစ်ကြတဲ့ ဗုဒ္ဓဘာသာဝင် လူရှင်ရဟန်းများ အားလုံးဟာလဲ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းသို့ ရောက်နေကြသော သတ္တဝါများကို မြင်တိုင်း တွေ့တိုင်း ကြားရတိုင်း ကရုဏာ ဘာဝနာတရားကို ကြိုးစားပြီး ပွားများတဲ့ နေရာမှ လဲ မေတ္တာတရား ကဲ့သို့ပင် ကာယကံကရုဏာ, ဝစီကံကရုဏာ, မနောကံ ကရုဏာဟူ၍ ကံသုံးပြာဖြင့် ပိုင်းခြားလိုက်တော့ သုံးမျိုးပင်ပြားပါတယ်။

ကာယကံ ကရုဏာဆိုတာကတော့-ဆင်းရဲဒုက္ခ ရောက်နေသူကို ကိုယ်ထိလက်ရောက် ကူညီစောင့်ရှောက် ပေးခြင်းမျိုးကို ခေါ်ပါတယ်၊ ဥပမာအားဖြင့် မနိုင်သောဝန်ကို ထမ်းဆောင်လာသူအား ကူညီကာ ဝိုင်းဝန်း ကူမခြင်းမျိုး စသည်ကို ဆိုလိုပါတယ်၊ ဝစီကံ ကရုဏာကတော့-ဆင်းရဲဒုက္ခရောက်နေသူကို နှုတ်အားဖြင့် ကူညီစောင့်ရှောက်ခြင်း၊ ဥပမာ ကိုယ်ပင်ပန်း စိတ်ပင်ပန်း ဖြစ်နေသူကို အားပေးစကား ပြောကြားခြင်း အစရှိသည်ကို ဆိုပါတယ်။ မနောကံ ကရုဏာဆိုတာကတော့ ကိုယ်စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းသို့ရောက်နေရသူကို တွေ့မြင်ရတိုင်း၊ ကြားသိရတိုင်း၊ ထိုဒုက္ခရောက်သူကို ထိုထိုဒုက္ခ အပေါင်းမှ ကင်းလွတ်စေလိုသော စိတ်ဆန္ဒ ဖြစ်နေခြင်းမျိုးပင် ဖြစ်တယ်နော်၊ ဒီလိုဆိုတော့ မိမိတို့ နေ့စဉ်နေ့တိုင်း မကြာခဏ ကာယကံ ကရုဏာကိုလဲ ပွားနေကြတယ်၊ ဝစီကံကရုဏာကိုလဲ ပွားနေကြတယ်၊ မနောကံ ကရုဏာကိုလဲ ပွားနေကြတယ်ဆိုတာ သိရှိပြီး နှစ်သက်ဝမ်းမြောက်မှုတွေ ဖြစ်နေကြရမယ်နော်၊ ယင်းကရုဏာ သုံးပါးကိုလဲ တိုး၍တိုး၍ ပွားများနိုင်အောင် ကြိုးစားပွားများကြရမယ်။

ကာယကံ ကရုဏာ ပွားများပုံကို သေသေချာချာ မှတ်သားနိုင်ကြ ရအောင် သာဓက ထုတ်ဆောင်ကာ ပြကြဦးစို့ရဲ့။

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား အမျိုးသား တယောက်သည် မြတ်စွာဘုရားထံ၌ တရားတော်ကို ကြားနာရင်း သဒ္ဓါတရား ပေါက်ကာ ရဟန်းပြုပြီးလျှင် တိဿထေရ်-ဟု ထင်ရှားသူဖြစ်သတဲ့။ အတိတ်ဘဝဟာခုက မှားယွင်းခဲ့သော ငှက်မုဆိုးအဖြစ်ဖြင့် လွန်ကျူးခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ထိုတိဿ မထေရ်၏ကိုယ်၌ သည်းစွာသော အနာရောဂါစွဲကပ်ပြီးလာသတဲ့၊ ထိုအနာရောဂါကတော့ တကိုယ်လုံး အဖုအပိန့်တွေ ပေါက်ပြီး ပေါက်ကွဲကာ သွေးပြည်အလိမ်းလိမ်း ဖြစ်နေသတဲ့၊ တကိုယ်လုံး အပေါက်ကြီး အပေါက်ငယ်များ ဖြစ်ကုန်ပြီး လွန်စွာကျင်နာမှု ဝေဒနာဒဏ်ကို ခံစား နေရရှာဘယ်၊ တကိုယ်လုံး အဖုအပိန့် အပေါက်ကြီးငယ်တို့မှ သွေးပြည်များ ယိုစီးကာ ပုတ်ညှီနေသဖြင့် နောင်သောအခါ တိဿထေရ်ဟူသော အမည်မှ ပူတိဂတ္တတိဿထေရ်-ဟု အမည်တွင်လာပြန်တယ်၊ ထိုမထေရ်၏ အရိုးများလဲ ကျိုးကြေကုန်သတဲ့။

ဒီလို ပြင်းထန်သော အနာရောဂါတွေ ဖြစ်ရတာ ကဿပဘုရားရှင် ရွှေလက်တော် အခါက ဒီတိဿထေရ်အလောင်းဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ငှက်မုဆိုးလုပ်ပြီး အသက်မွေးခဲ့သတဲ့၊ ငှက်တွေကို ဖမ်းယူသတ်ဖြတ်ပြီး သူ့ရဲ့အရှင် သခင်ဖြစ်တဲ့သူကို ဆက်သ ရသတဲ့၊ အရှင်သခင်ကို ဆက်သ၍ ကြွင်းကျန်တဲ့ ငှက်သတ္တဝါတွေကိုတော့ ရောင်းချပစ်သတဲ့၊ ရောင်း၍မကုန်ဘဲ ကြွင်းကျန်နေတဲ့ငှက်တွေကိုတော့ သတ်ထားလျှင် ပုတ်ကုန်မည်စိုး၍ ထိုထိုငှက်တို့ မပျံမသွားနိုင်အောင် ခြေတွေအတောင်တွေကို ဖြတ်ပြီးထားသတဲ့၊ တော်တော်ရက်စက်တဲ့ သူဘဲနော်၊ ဤမျှလောက် ရက်စက် ဆိုးသွမ်းခဲ့တဲ့ မကောင်းမှုကံ

ကြောင့် ယခုဘဝမှာ အလွန်ပြင်းထန်တဲ့ ဝေဒနာဒဏ်ကို ခံစားနေတာဘဲပေါ့လေ၊ ဘယ်သူမပြု မိမိ အမှုဆိုတာ၊ အလွန်မှန်တဲ့ စကားဘဲကလား၊ ထိုပူတိ ဂတ္တတိဿထေရ်၏ သင်္ကန်းကိုယ်ရုံတွေလဲ သွေး ပြည်တွေ အလိမ်းလိမ်း ကျံ့နေသဖြင့် ပျားမှံ့သလက်ကြီးနှင့် တူနေတော့သတဲ့။

ထိုမထေရ်ရဲ့ တပည့်များ ပြုစုစောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်သဖြင့် ရှောင်ရှားပြီး သွားကြတဲ့ အခါ ထိုမထေရ်တပါးတည်း ကိုးကွယ်ရာမဲ့ကာ အိပ်ရာပေါ်၌ လျောင်းပြီးသာ နေရရှာတော့သတဲ့၊ သားသမီး ကျော့ထောက်နောက်ခံ မရှိတဲ့ သူများဟာ အနာရောဂါ ပြင်းထန်စွာ နှိပ်စက်တဲ့အခါ မှာတော့ အဘော်သံဝေဂ လောက် ရရာဘဲနော်၊ တကယ်အရေးမှာတော့ ပြုစုလုပ်ကျွေး မည့်သူ ဆိုတာ ကိုယ့်သားသမီး ရင်းချာလောက်တော့ အားမကိုး ရပါဘူး၊ ယခုပူတိဂတ္တတိဿကိုယ်တော်ကြီး မှာလဲ အတိတ်အကုသိုလ်ကံကြောင့် ဝေဒနာဒဏ်က အလွန်ပြင်းထန်ပြီး ပြုစု စောင့်ရှောက်မဲ့သူလဲ မရှိကင်းရှင်းလျက် ဆင်းရဲ တွင်းနက် နေရှာတော့တယ်၊ ထိုကဲ့သို့ ဒုက္ခတွေ ပင်လယ်ဝေအောင် ဆင်းရဲဒုက္ခရောက်နေရှာတဲ့ ကိုယ်တော်ကြီးကို သုံးလောက ထွဋ်ထားမြတ်စွာ ဘုရားက သတ္တလောက ကြီးကို ကြည့်ရှုတဲ့အခါ တွေ့မြင်တော် မူသတဲ့။

ဗုဒ္ဓါနဥ္စနာမ ဒွေဝါရေ လောကဝေါ လောကနံ၊ အဝိဇဟိတံဟောတိ၊ ပစ္စူသကာလေ လောကံ ဝေါလောကေန္တာ စက္ကဝါဠ မုခဝဋ္ဋိတော ပဋ္ဌာယ ဂန္ဓကုဋိ အဘိမုခံ ဉာဏံ ကတွာ ဩလောကေန္တိ၊ သာယံ ဩလော ကေန္တာဂန္ဓကုဋိတော ပဋ္ဌာယ ဗဟိရာဘိ မုခံဉာဏံကတွာဩလော ကေန္တိ။ (ဓမ္မပဒ-ဌ-ပ—၂၈၃)။

ဒီပါဠိစာတော့ မြတ်စွာဘုရားတို့၏ မဟာကရုဏာတော် ကြီးမားပုံကို ဖေါ်ပြတဲ့ ပါဠိလို့ ဆိုရမှာဘဲနော်၊ အဓိပ္ပါယ်ကတော့ ဘုရားရှင်တို့ မည်သည် နေ့စဉ်နေ့တိုင်း တနေ့လျှင် နှစ်ကြိမ် သတ္တ လောကကြီးကို ကြည့်ရှုတော်မူသတဲ့။ နံက်အခါ သတ္တ လောကကြီးကို ကြည့်ရှုတော်မူသတဲ့၊ နံက်အခါ သတ္တ လောကကြီးကို ကြည့်ရှုတော် မူရာမှာ စကြဝဠာတိုက် မျက်နှာဝ အနားရေးမှ အစပြုပြီး ဂန္ဓကုဋိတိုက်သို့ ရှေးရှုဉာဏ်တော် ပြုပြီးလျှင် ကြည့်ရှုတော် မူသတဲ့၊ ညနေချမ်း အချိန် ခါတွင် လောကကို ကြည့်ရှုရာမှာတော့ ကိုယ်တော်မြတ် သီတင်းသုံးရာ ဂန္ဓကုဋိတိုက်တော်မှ အစ ပြု၍ ဉာဏ်တော်ကို အပြင်ဗဟိဒ္ဓသို့ ရှေးရှုပြုကာ ကြည့်ရှုတော်မူသတဲ့၊ ဤကဲ့သို့ မြတ်စွာဘုရားသည် နံနက်မှာတကြိမ် ညနေချမ်းမှာတကြိမ် အားဖြင့် နေ့တိုင်း တနေ့တရက်လျှင် နှစ်ကြိမ်ကျ သတ္တ လောကကြီးကို ကြည့်ရှုတော် မူပါတယ်တဲ့။ ထိုသို့ ကြည့်ရှုစဉ်အခါ မြတ်စွာဘုရား၏ ဉာဏ်တော် တွင်း၌ ပူတိဂတ္တတိဿ မထေရ်၏ အရဟတ္တဖိုလ်၏ ဥပ နိဿယကို မြင်တော်မူလေလျှင်—

အယံ သဒ္ဓိဝိဟာရိကာဒီဟိ ဆဍ္ဍိတော၊ ဣဒါနိဿ မံ ဌပေတွာ အညံ ပဋိသရဏံနတ္ထိ (ဇင်း)။

အယံ- ပူတိဂတ္တတိဿမည်သော ဤရဟန်းကို။ သဒ္ဓိဝိဟာရိကာဒီဟိ၊ အတူနေတပည့် ဆစ ရှိသည်တို့သည်။ ဆဍ္ဍိတော၊ ပယ်ခွာလွှတ်လွှတ်, စွန့်ပစ်အပ်ပေပြီ။ ဣဒါနိ၊ ယခုအခါ၌။အဿ၊ပူတိ ဂတ္တတိဿမည်လော ထိုမထေရ်အား။ မံ၊ ငါဘုရားကို။ ဌပေတွာ၊ ထား၍။ အညံ ငါ မှတပါးသော။ ပဋိသရဏံ၊ အားရန်ဆည်းကာ,ကိုးကွယ်ရာသည်။ နတ္ထိ၊ မကောင်းရှောက်,ကျိုးပေးပန်သဖြင့်,အမှန် တိတိ, မရှိနိုင်သည်သာတည်း။

ဤကဲ့သို့ ဆင်ခြင်တော်မူကာ ဒန္တကုဋ္ဋိတိုက်တော်မှ ထွက်တော်မူ၍ ကျောင်းစဉ် လှည့်လည်သွားလာသကဲ့သို့ ကြွသွားတော်မူကာ မီးတင်းကုတ်တွင်းသို့ ဝင်တော်မူ၍ အိုးကို ဆေးကြောတော်မူပြီးရေထည့်ကာ ခုံပေါက်ပေါ်၌ တင်ကာ ရေနွေးဆူအောင် ပံ့လင့်တော်မူလျက် မီးတင်းကုတ်တွင်း၌နေတော်မူသတဲ့။

ယခု တရားနာယူလာကြတဲ့ တရားနာပရိသတ်များ ဒါမိတို့ ဉာဏ်မျက်စိထဲမှာ မဟာကရုဏာရှင် မြတ်စွာဘုရား၏ ကိုယ်တော်တိုင် ဆောင်ရွက် ပြုလုပ်နေတော်မူတဲ့ အခြင်းအရာတွေကို ထင်လာမြင်လာအောင် ကြည့်ကြပါ၊အလွန် ကြည်ညိုဘွယ်ရာ မဟာကရုဏာရှင် ပီသတာကို တွေ့ရလိမ့်မယ်၊ ပကတိမျက်စိကိုမှိတ်ပြီး ဉာဏ်မျက်စိနှင့် သေသေချာချာ ကြည့်ကြစမ်းပါ။

သဗ္ဗညုမြတ်စွာဘုရားသည် ရေနွေးဆူပွက်သည်၏ အခြစ်ကို သိတော်မူလျှင် ကြွသွားတော်မူ၍ ပူတိဂတ္တတိဿမထေရ် လည်းလျောင်းနေရာမှ ညောင်စောင်းကို မ,ယူတော်မူပါတယ်။ ထိုအခါ ရဟန်းအပေါင်းတို့ လာရောက်ကြပြီ –

အဘေထဘန္တေ၊ မယံဂဏှိဿာမ=ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သည်းခံတော်မူပါ၊ ဖယ်တော်မူကြပါ၊ တပည့်တော်တို့ ယူဆောင်ကြပါမည်ဘုရား– ဟု လျှောက်ထားကြပြီးလျှင် ညောင်စောင်းကို မ,ယူကြကာ မီးတင်းကုတ်သို့ ဆောင်ယူသွားကြသတဲ့။ မီးတင်းကုတ်သို့ ရောက်လေလျှင် မြတ်စွာဘုရားက ရေခွက်ကို ဆောင်ယူစေပြီး ကိုယ်တော်တိုင်ရေနွေးကို လောင်းချပေးတော်မူလျှင်– ရဟန်းများ ပူတိဂတ္တတိဿ ကိုယ်တော်ကြီး၏ ကိုယ်ရုံကေသိသင်္ကန်းကို အသာအယာ ချွတ်ယူကာ ရေနွေးဖြင့် ရေချိုးပြီး နေပူလှန်းထားသတဲ့၊ နောက် ထိုပူတိဂတ္တတိဿကိုယ်တော်ကြီးကို ရေနွေးဖြင့် ဆွတ်ဖန်းကာ ပွတ်တိုက် ပေးကြပါတယ်၊ ရေချိုးပေးပြီးသောအခါ နေလှမ်းထားသော ကေသိသင်္ကန်းလဲ ခြောက်သွေ့ပြီးနေသဖြင့် ကိုယ်ရုံကို ဝတ်ရုံပေးပြီး သင်းပိုင်သင်္ကန်းကို ရေနွေးဖြင့် ဖွပ်လျှော်ပေးကြပြီးလျှင် နေလှန်းထားပြန်သတဲ့၊ ပူတိဂတ္တတိဿထေရ်ကိုယ်တော်ကြီး၏ ခန္ဓာကိုယ်၌ ရေခြောက်သောအခါ နေလှန်းထားသော သင်းပိုင်လည်း ခြောက်သွေ့နေပြီး ဖြစ်သဖြင့် ရဟန်းတော်များက သင်းပိုင်ကိုဝတ်၍ ကေသိသင်္ကန်းကို ရုံပေးကြသောအခါ ထိုပူတိဂတ္တတိဿတော်ကြီးသည် ပေါ့ပါးသော ကိုယ်ရှိသည်ဖြစ်၍ စိတ်တည်ကြည်စွာဖြင့်ညောင်စောင်းပေါ်၌ လျောင်းပြီးနေသတဲ့၊ ထိုအခါ မဟာကရုဏာသခင် ဘုရားရှင်က–ထိုပူတိဂတ္တတိဿ ရဟန်း၏ ခေါင်းရင်း၌ရပ်ကာ သိတင်းသုံးတော်မူပြီး "ရဟန်း စင်စစ်ကေန် အမှန်ဖြစ်မူကား ဤ ခန္ဓာကိုယ်ကြီးသည် အာကလဝိညာဉ် ကင်းကာ– အသုံးမကျသော ထင်းတုံးကဲ့သို့ မြေ၌ အိပ်ရပေလိမ့်မည်"မည်ဟု ဟောကြားပြီးလျှင် –

အစိရံ ဝတယံ ကာယော၊ ပထဝိံ အဓိသေဿတိ၊
ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။ (ဓမ္မပ–၅–ဂါထာ–၄၁)။

ဘိက္ခု– သံသရာဘေး, လာမည့်ရေးကို, မြော်တွေးကြောက်ဖြား, အို– ချစ်သားရဟန်း။ အယံကာယော၊ ဖြစ်ပျက်နှုက်တန်, နိပ်စက်ဒဏ်ဖြင့်, အမှန်ယွင်းယို, ဤခန္ဓာကိုယ်သည်။ အပေတဝိညာဏော၊ သိမှုအမှန်, ဝိညာဏ်ကင်းသည်ရှိသော်။ နိရတ္ထံ၊ တစုံတခု, လိုရာကိစ္စ, အသုံးမကျ, အကျိုးမပြီး, အနှီးချီးခဲ့ဘ။ ကလိင်္ဂရံဝ၊ လူတို့မသုံး, ထင်းတုံးကဲ့သို့။ ဆုဒ္ဓေါ၊ မညှာမတာ, ပယ်ခွာလွှတ်လွှတ်, စွန့်ပစ်အပ်သည်ဖြစ်၍။ အစိရံ၊ နာရီရက်လ,ချိန်တွက်ဆ၍,မကြာမြင့်မီသာလျှင်။

ပထဝီ၊ မလှဲမချော်, မြေကြီးပေါ်၌။ အဓိသေဿတိဝတ၊ ဆေးဝါးမန္တာန်,ပြုစီမံလည်း,အမှန်မရ, သဘာဝမို့, မုချကိန်းသေ, အိပ်ရပေလိမ့်မည်သာ တကား။

ဤသို့ ဟောကြားတော်မူသော တရားဂါထာအဆုံး၌ ပူတိဂတ္တတိဿထေရ် ကိုယ်တော်ကြီးသည် ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီး သွားပါတယ်။ အဋ္ဌကထာလာတဲ့အတိုင်း သေချာစွာ မှတ်သားကြရအောင် ပါဠိနည်းနည်းတော့ ရွတ်လိုက်ရဦးမယ်။

ဒေသနာဝသာနေ ပူတိဂတ္တတိဿတ္ထေရော သဟပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိ၊ အညေပိ ဗဟူ သောတာပန္နာဒယော အဟေသုံ၊ ထေရောပိ အရဟတ္တံ ပတွာဝ ပရိနိဗ္ဗာယိ။ (ဓမ္မပဒ - ၃ - ပ - ၂၈၄)။

ဒေသနာဝသာနေ- ဒေသနာတော်အဆုံး၌။ ပူတိဂတ္တတိဿတ္ထေရော၊ ပူတိဂတ္တတိဿထေရ်သည်။ ပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်။ သဟ၊ တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ မျက်မှောက်ပြုကာ ဆိုက်ရောက်လေပြီ။ အညေပိ၊ ပူတိဂတ္တတိဿထေရ်မှ တပါးလည်းဖြစ်ကုန်သော။ ဗဟူ၊ များစွာကုန်သော ရဟန်းတို့သည်။ သောတာပန္နာဒယော၊ သောတာပန်အစရှိသည်တို့သည်။ အဟေသုံ၊ ကောင်းစွာမသွေ ဖြစ်ရလေကုန်ပြီ။ ထေရောပိ၊ ပူတိဂတ္တတိဿထေရ်သည်လည်း။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာဝ။ မျက်မှောက်ပြုကာ ဆိုက်ရောက်ပြီး၍သာလျှင် ပရိနိဗ္ဗာယိ၊ ဒုက္ခခပ်သိမ်း,ချုပ်ပြတ်ငြိမ်းသဖြင့် ကိန်းရာအမှန်ပရိနိဗ္ဗာန် ဝင်စံတော် မူလေပြီတကား။

ဤ ဝတ္ထုသာကေကို ထောက်ဆပါလျှင် သဗ္ဗညုဘုရားရှင်အား အတူမရှိသောမဟာကရုဏာရှင်ဆိုတာ သိရှိနိုင်ပါတယ်။ မြတ်စွာဘုရား စောင့်ရှောက် ချီးမြှင့်တော်မူသဖြင့် ပူတိဂတ္တတိဿထေရ်ကိုယ်တော်ကြီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ရခြင်း ဖြစ်ပါတယ်။

ထို့ပြင် တပါးလည်း အခါတပါးတွင် ရဟန်းတော်တပါးအား ဝမ်းသွားသော အနာရောဂါဖြစ်တယ်၊ ထိုရဟန်းသည် မိမိ၏ ကျင်ကြီးကျင်ငယ်ပြင်၌ နင်းလျက် အိပ်နေရှာသတဲ့။ ထိုအခါ မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို နောက်လိုက်ရဟန်းပြု၍ ကျောင်းစဉ် လှည့်လည် ကြည့်ရှုတော်မူစဉ် ဝမ်းသွားနေသော ထို ဂိလာန ရဟန်းနေရာကျောင်းသို့ ရောက်၍ ထို ဂိလာနရဟန်းကို တွေ့မြင်တော်မူလျှင် ရှင်အာနန္ဒာကို ရေခပ်ခိုင်းတော်မူပြီးနောက် မြတ်စွာဘုရားက- ဂိလာနရဟန်းကို ရေလောင်းပေးတဲ့အခါ ရှင်အာနန္ဒာက အညစ်အကြေးများ ပွတ်တိုက်သန့်ရှင်းပေးခြင်းဖြင့် ဝမ်းသွားသော ဂိလာန ရဟန်းကို ရေချိုးပေးတော် မူပါတယ်။ ရေချိုးပေးပြီးလျှင် မြတ်စွာဘုရားက ဂိလာန ရဟန်း၏ ဦးခေါင်းမှ ကိုင်မတော်မူ၍ ရှင်အာနန္ဒာက ခြေဘက်မှကိုင်မ,ကာ ညောင်စောင်းပေါ်၌ ကောင်းစွာချထားကာ အိပ်စေသတဲ့။ ထို ဂိလာနရဟန်းအား မည်သည့် ရဟန်းတပါးမျှ ပြုစုစောင့်ရှောက်သူ မရှိသဖြင့် မေးမြန်းတော်မူရာ ထို ဂိလာန ရဟန်းကလည်း တပါးသော ရဟန်းတို့ကို ပြုစုလုပ်ကျွေးခြင်းမရှိသဖြင့် ထို ရဟန်းအားလည်း ပြုစုလုပ်ကျွေးခြင်း မရှိပါကြောင်း လျှောက်ထားကြလေလျှင်-

"ချစ်သားရဟန်းတို့- သင်တို့အား အမိလည်းမရှိ၊ အဘလည်း မရှိကြလေကုန်၊ ရဟန်းတို့- သင်တို့သည် အချင်းချင်းပြုစု လုပ်ကျွေးခြင်း မပြုကြပါက အဘယ်သူသည် သင်တို့အား ပြုစုလုပ်ကျွေးပါမည်နည်း" ဟု မိန့်ကြားတော်မူကာ-

ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ၊ သော ဂိလာနံ ဥပဋ္ဌဟေယျ။
(ဝိနယ - မဟာဝဂ္ဂပါဠိ - ၄၁၇)။

ဟူ၍ ဟောကြားတော် မူပါတယ်။

ဘိက္ခဝေ- ရဟန်းတော်များ အို- ချစ်သားတို့။ ယော၊ ကောင်းမှုကုသိုလ်, ပြုလုပ်လိုသော အကြင်ပုဂ္ဂိုလ်သည်။ မံ၊ သုံးလူ့ထွဋ်ထား,ငါဘုရားကို။ ဥပဋ္ဌဟေယျ၊ ဆည်းကပ်ခစားလုပ်ကျွေး ပြုအံ့။ သောပုဂ္ဂလော၊ ကောင်းမှုကုသိုလ်, ပြုလုပ်လိုသော ထိုပုဂ္ဂိုလ်သည်။ ဂိလာနံ၊ လေးဖြာ ဓာတ်မမှ,ဖောက်ပြန်ကြသဖြင့်,ဒုက္ခလျှံပို,ဂိလာနပုဂ္ဂိုလ်ကို။ ဥပဋ္ဌဟေယျ၊ စိတ်ထားဖြူစင်,သမ္မဇဉ်ဖြင့်, ခိုဝင်လေးမြတ်, ဆည်းကပ် လုပ်ကျွေး ရာသတည်း။

ယော မံ ဩဝါဒါနုသာသနိကာရကေန နဥပဋ္ဌဟေယျ၊ သော ဂိလာနံ ဥပဋ္ဌဟေယျ၊ မမ ဩဝါဒ ကာရကေန ဂိလာနော ဥပဋ္ဌာတဗ္ဗော။
(ဝိနယ - မဟာဝဂ္ဂ - ဋ္ဌ - ၄၁၃)။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ မံ၊ ငါဘုရားကို။ ဩဝါဒါနုသာသနီ ကာရကေန၊ ဆုံးမ ကံ-မြစ် သည်ကို ခံယူသဖြင့်။ ဥပဋ္ဌဟေယျ၊ ပြုစုလုပ်ကျွေးပြုအံ့။ သော၊ ထိုပုဂ္ဂိုလ်သည်၊ ဂိလာနံ၊ ရောဂါစုံ ပြွမ်း, နာမကျန်းသောသူကို။ ဥပဋ္ဌဟေယျ၊ စိတ်ထားဖြူစင်, ခင်မင်လေးမြတ်, ဆည်းကပ် လုပ်ကျွေး ရာ၏။ မမ၊ လောကထွဋ်ထား ငါဘုရား၏၊ ဩဝါဒကာရကေန၊ အဆုံးအမကို လိုက်နာသဖြင့် (ဝါ) အဆုံးအမကိုလိုက်နာသောသူသည်၊ ဂိလာနော၊ ရောဂါစုံပြွမ်း,နာမကျန်းသောသူကို၊ ဥပဋ္ဌာတဗ္ဗော၊ စိတ်ထားဖြူစင် ခင်မင်လေးမြတ်, မပြတ်မလတ်, ဆည်းကပ်လုပ်ကျွေး အပ်ပေသတည်း။

မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေး ပြုစုလိုသောသူသည် နာမကျန်းဖြစ်နေသော ဂိလာန ပုဂ္ဂိုလ်အား စေတနာသဒ္ဓါတရား ထက်သန်စွာထားပြီး ဆည်းကပ်လုပ်ကျွေးပြုစုရမည်-ဟု ဟောကြား တော်မူခဲ့ပါတယ်၊ ရဟန်းတော်များ အနေဖြင့်မူ ဥပဇ္ဈာယ် ဆရာများ နေထိုင်မကောင်းလျှင် တပည့် များက အမြဲမပြတ် ဆည်းကပ်လုပ်ကျွေးရမည်ဖြစ်တယ်၊ တပည့်များ နေထိုင်မကောင်းလျှင်လဲ ဆရာ များက ပြုစုလုပ်ကျွေးရမည်ဖြစ်တယ်၊ အကယ်၍ ဆရာတပည့်အဖြစ်ဖြင့် မဆက်စပ်ဘဲ ညီသည် အာဂန္တုရဟန်း ကောစာရ ကျင့်သော ရဟန်းတပါးပါး နေထိုင်မကောင်းသဖြင့် ပြုစုလုပ်ကျွေးသူ မရှိခဲ့ပါလျှင် ကျောင်းရှိသံဃာက အလှည့်ကျတာဝန်ယူ၍ ပြုစုလုပ်ကျွေး ကြရမည်တဲ့၊ သံဃေန ဥပဋ္ဌာတဗ္ဗော၊ နောစေ ဥပဋ္ဌဟေယျ၊ အာပတ္တိဒုက္ကဋဿ-ဆိုတဲ့အတိုင်း ပြုစုလုပ်ကျွေးခြင်း မပြုပါက ဒုက္ကဋ်အာပတ် အပြစ်တော် ချမှတ်တော် မူခဲ့ပါတယ်၊ ဤဝတ္ထု သာဓကမှာလဲ ဆင်းရဲဒုက္ခ ရောက် နေသူ သတ္တဝါများ အပေါ်၌ မြတ်စွာဘုရားသခင်၏ မဟာကရုဏာတော် ကြီးမားပုံဟာ လွန်စွာ ထင်ရှားလှပါတယ်၊ ဤကဲ့သို့ ကိုယ်စိတ်နှစ်တန် ပူပန်လွန်ကဲ ဆင်းရဲဒုက္ခ ရောက်နေကြရသော သူများ ကို ကိုယ်ထိလက်ရောက် ကူညီစောင့်ရှောက်မှုသည် ကရုဏာ ဘာဝနာကို ပွားများသည်မည်ပါတယ်တဲ့။

ယင်းကဲ့သို့ ကိုယ်စိတ်နှစ်တန် ပူပန် ဆင်းရဲခြင်းသို့ ရောက်၍ နေရသော ခိုကိုးရာမဲ့သူကို မမြင် မတွေ့ မကြားရသော ယောဂီပုဂ္ဂိုလ်မှာမူ ချမ်းသာသုခ ရှိပါလျက် မကောင်းမှုကို လွန်ကျူးသေး၀ သတ္တဝါကို သတ်အပ်လတ်ံ့သောသူ အသတ်ခံရမည့်သူနှင့် နှိုင်းယှဉ်၍ ကရုဏာ ဘာဝနာကို ပွားများ ရမည် ဖြစ်တယ်တဲ့။

ပွားများပုံကတော့-ခိုးထုပ်ခိုးဘည်နှင့်တကွ ဖမ်းမိသော ခိုးသူကို "ထိုခိုးသူကို ကွပ်မျက်လိုက်ကြ"ဟု ဘုရင်မင်းမြတ် အမိန့်တော် ချမှတ်သဖြင့် မင်းချင်းယောကျာ်း အာဏာသားတို့သည် ထိုခိုးသားကို ခိုင်ခန့်စွာ တုပ်နှောင် ဖွဲ့ချည်ပြီး လမ်းလေးခွဆုံရာ ခရီးစုံတိုင်း ပြင်းထန်စွာ ရိုက်နှက်လျက် လူသူကွပ်မျက်ရာ သုသာန်သို့ ထုတ်ဆောင်သွားကြဘယ်၊ ထိုရာဇဝတ်သား ခိုးသူအား လမ်း၌ တွေ့မြင်ကြသော သနားကျင်နာ တတ်သူတို့က ခဲဘွယ်ဘောဇဉ် ပန်းနံ့သာ အစရှိသည်တို့ကို ပေးကမ်းကြလျှင် ထိုခိုးသူ ယောကျာ်း ရာဇဝတ်သားသည် ထိုထိုခဲဘွယ် ဘောဇဉ်ချိုချဉ်ရသာ အမြာမြာတို့ကို သုံးဆောင် ခံစားရသည်ဖြစ်၍ ချမ်းသာသကဲ့သို့၊ ဥစ္စာစည်းစိမ်နှင့် ပြည့်စုံသကဲ့သို့ သွားရသော်လဲ သုသာန်သို့ ရှေ့ရှု ဆောင်ယူအပ်သော ထိုခိုးသူကို "ဤယောကျာ်းကား ချမ်းသာလေစွတကား၊ အသုံးအဆောင် များပြား ပါပေစွကား-ဟု မည်သူ တစုံတယောက်ကမျှ မထင်မှတ်ပါဘူး၊ စင်စစ် မှာမူ ယုဘ်မာဆိုးဝါးလှသော ဤခိုးသားသည် ဤယခုပင်လျှင် သေရှာပေတော့မည်၊ အမှန်မှာ ဤခိုးသား ယောကျာ်းသည် အကြင်ကြင်ခြေကို ချလှမ်း၏၊ ထိုထိုခြေလှမ်းဖြင့် သေမင်း၏ အနီးသို့ သာလျှင် ရောက်ရ ရှာပေတော့မည်၊ ဤသို့ သနားခြင်း ကရုဏာ တရားနှင့် ပြည့်စုံသော သူအပေါင်းသည် ထိုခိုးသူ ယောကျာ်းကို သနားခြင်း ကရုဏာ ဖြစ်သကဲ့သို့၊ ထိုနည်းတူစွာ ကရုဏာ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မျက်မြင်လောက ပစ္စုပ္ပန်ဘဝ၌ ချမ်းသာသုခနှင့် ပြည့်စုံသူ ဖြစ်သော်လည်း မကောင်းမှု အကုသိုလ်ကို ပြုလုပ် လွန်ကျူးလေ့ရှိသော ထိုပုဂ္ဂိုလ်ကို တရားမယှဉ် သမ္ပဇဉ် ကင်းကွာ ဤသူယုတ်မာသည် ယခုဘဝ ယခုအခါ၌ ချမ်းချမ်းသာသာ စည်းစိမ်ဥစ္စာတို့ကို ခံစားသုံးဆောင် နေရသော်လည်း၊ ကာယ ဝစီ မနော ဒွါရ သုံးပါးတို့တွင် တပါးပါးသော ဒွါရဖြင့်သော်လည်း ဆည်းပူး ပြုလုပ် အားထုတ်အပ်သော ကောင်းမှုကုသိုလ်ကံ မရှိခြင်း ကြောင့် ယခုပင်လျှင် ချမ်းသာမှုကင်းကွာ အပါယ်ဘုံ လေးရွာတို့၌ များစွာသော ကိုယ်ဆင်းရဲခြင်း ဒုက္ခ, စိတ်ဆင်းရဲခြင်းဒုက္ခတို့ကို ခံစား ရှာရပေတော့မည်-ဟု ကျင်နာဆပွား ကရုဏာ တရားကို ပွားများအပ်ပါတယ်၊ ကရုဏာ တရားကို ပွားများရမည် ဖြစ်ပါတယ်။

ဒီလိုယခု ဘဝ၌ ချမ်းသာ သုခနှင့် ပြည့်စုံပြီဖြစ်လျက် မကောင်းမှု အကုသိုလ် အမှုကိစ္စတို့၌သာ စိတ်ပါဝင်စားသော သူမျိုးကို ကရုဏာ ပွားများပြီးနောက်၊ ဤပြဆိုအပ်ခဲ့ပြီးသော ပွားများနည်းအားဖြင့်ပင် ချစ်ခင်နှစ်သက်အပ်သော ပိယပုဂ္ဂိုလ်၌၎င်း, ထိုနောက် မမုန်းမချစ် အလယ်အလတ်ဖြစ်သော မဇ္ဈတ္တပုဂ္ဂိုလ်၌၎င်း, ထိုမှနောက်တွင် ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်၌၎င်း, ယခုမျက်မြင် ဘဝ၌ဆင်းရဲစွာ ဖြစ်သည်လည်း ဖြစ်သော နောက်တမလွန်ဘဝ၌ မချွတ်ဖြစ်လတ္တံ့လည်း ဖြစ်သော ကိုယ်စိတ်နှစ်တန် ပူပန်ဆင်းရဲရခြင်း, ဒုက္ခကိုဆင်ခြင် သုံးသပ်၍ သနားခြင်း ကရုဏာ တရားကို ဖြစ်ပွားစေရမည်၊ ကရုဏာ တရားကို ပွားများရမည် ဖြစ်ပါတယ်၊ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်ကို ပွားများရာမှာ ရန်ငြိုးမပျောက် မပြေငြိမ်းဘဲ ဖြစ်နေလျှင် မေတ္တာဘာဝနာ၌ ပြဆိုခဲ့သော နည်းအတိုင်း ပယ်ဖျောက်ရမည်, ငြိမ်းအေး စေရမည်ဖြစ်တယ်။

ကရုဏာ ဘာဝနာ ပွားများရာဖြစ်သော သတ္တဝါအပေါင်း တို့တွင် ပြုအပ်ပြီးသော ကုသိုလ် ကောင်းမှုရှိသော ပုဂ္ဂိုလ်ကိုလည်း တွေ့မြင်အမ် ကြားသိအပ်သော ဉာတိဗျသန, ဘောဂဗျသန, ဘောဂဗျသန အစရှိသည်တို့ကို၎င်း, လွန်မြောက်နိုင်သေးသော ဝဋ်ဒုက္ခ သံသရာ ဝဋ်ဆင်းရဲကို၎င်း အာကပ်မှဆင်ခြင်ကာ- "အယ်၊ ဤပုဂ္ဂိုလ်သည်။ ဒုက္ခိတော ဝ။ ဆင်းရဲရောက်သော သူပေကည်း။

ဣမမှာ ဒုက္ခဲ၊ ဤသို့ ဖြစ်မြဲဆင်းရဲဒုက္ခမှ။ မုစ္စေယျ၊ ကျွတ်လွှန်ပါမူ ဘား။ အစပ္ပဝနာမံ သာခုံဝတ၊ ခြေကောင်းလေစွ" ဟု ဤသို့ ကရုဏာ တရားကို ပွားများရမည် ဖြစ်ပါတယ်၊ ယခုပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင် အတ္တ, ပိယ, မဇ္ဈ, ဝေရီ, လေးပါးသော ပုဂ္ဂိုလ်တို့၌ အပိုင်းအခြား ပျက်ခြင်း သီမာ သမ္ဘေဒကိုပြု၍ စတုတ္ထစျာန် တိုင်အောင် အဖန်ဖန် အထပ်ထပ် ပွားများရမည် ဖြစ်တယ်တဲ့၊ သီမာသမ္ဘေဒ အပိုင်းအခြားပျက်တယ်၊ တသားတည်း ဖြစ်တယ်ဆိုတာ အတ္တ, ပိယ, မဇ္ဈ, ဝေရီ, လေးပါးသော ပုဂ္ဂိုလ်တို့ အတူတကွ နေကြရာ၌ မည်သူသားစေ၊ မည်သူနာစေ သဘောပိုင်းခြားမှု မရှိတော့ပေ၊ ခိုးသူလူဆိုးလာ၍ဆက်၍ "ဤလေးယောက်သော သူတို့တွင် တယောက်ကိုပေးပါ၊ သတ်၍ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်လိုပါသည်" ဟု ပြောဆို တောင်းလာသောအခါ "ငါ့ကိုယူပါစေ" ဟူ၍ စိတ်ဖြစ်လျှင်ပင် "ကရုဏာမမျှသေး, သီမာသမ္ဘေဒ မဖြစ်သေးဘူး" လို့ ဆိုရပါတယ်၊ ထိုလေးယောက်တွင် တယောက်ကိုမျှ ပေးစရာမမြင်မှ သီမာသမ္ဘေဒဖြစ်တယ်၊ အပိုင်းအခြားပျက်တယ်၊ တသားတည်းဖြစ်တယ်လို့ ဆိုရတယ်တဲ့။

မေတ္တာတရားကို အကျယ်ပွားများတော့ ၅၂၈သွယ်သော မေတ္တာများ ဖြစ်လာသလို၊ (ပွားများနည်း ၅၂၈-ပါး ဖြစ်လာသလို) ကရုဏာ တရားကို အကျယ်ပွားလျှင်လဲ ကရုဏာ ဘာဝနာ ၁၃၂-ပါး ဖြစ်ပါတယ်၊ ပွားများပုံကတော့-

၁။ သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော သတ္တဝါတွေ ဆင်းရဲခြင်းမှ လွတ်မြောက် ကြပါစေသတည်း။

၂။ သဗ္ဗေပါဏာ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော အသက် ဝိညာဏ်ရှိသူတွေ ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း။

၃။ သဗ္ဗေဘူတာ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသောကိုယ် ထင်ရှားရှိသူတွေ ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း။

၄။ သဗ္ဗေပုဂ္ဂလာ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော ပုဂ္ဂိုလ်တွေ ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း။

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော ခန္ဓာကိုယ် အတ္တဘောအတွင်း အကျုံးဝင်ခြင်း ရှိသူတွေ ကိုယ်စိတ်နှစ်တန် ပူပန် ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေ သတည်း။

ဒီငါးပါးကိုတော့ ပုဂ္ဂိုလ်သတ္တဝါတို့ကို အပိုင်းအခြား မထားဘဲ ပွားများခြင်း ဖြစ်တဲ့ အတွက် အနောဓိသ ကရုဏာ (၅) ပါးလို့ ခေါ်ပါတယ်။

အပိုင်းအခြားထား၍ ကရုဏာ ပွားများရမှာတော့—

၁။ သဗ္ဗာ ဣတ္ထိယော ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော အမျိုးသမီး မိန်းမတွေ ကိုယ်စိတ်နှစ်တန် ပူပန်ခြင်း ဆင်းရဲမှ လွတ်မြောက်ကြပါစေ သတည်း။

၂။ သဗ္ဗေ ပုရိသာ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော အမျိုးသားယောကျ်ားတွေ ကိုယ်စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေ သတည်း။

၃။ သဗ္ဗေ အရိယာ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော မြင့်မြတ်လှစွာသော အရိယာပုဂ္ဂိုလ်တွေ ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း။

၄။ သဗ္ဗေ အနရိယာ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော မမြင့်မြတ်သူ ပုထုဇဉ်ပုဂ္ဂိုလ်တွေ ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေ သတည်း-

၅။ သဗ္ဗေ ဒေဝါ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော နတ်,ဗြဟ္မာတွေ ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း။

၆။ သဗ္ဗေ မနုဿာ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော လူသားတွေ ကိုယ်,စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း။

၇။ သဗ္ဗေ ဝိနိပါတိကာ ဒုက္ခာ မုစ္စန္တု၊
အလုံးစုံသော ဖယိုဖရဲ ပြိုကွဲပျက်စီးနေသော ပြိတ္တာတွေ၊ (ဝါ) အပါယ်ဘုံသား သတ္တဝါတွေ ကိုယ်,စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း။

ဒီခုနစ်မျိုးကိုတော့ တမျိုး,တမျိုးလျှင် လိုရာ,လိုရာကို ပိုင်းခြားမှတ်သားပြီး ပွားများသည် ဖြစ်သောကြောင့် ဩဓိသကရုဏာ (၇)ပါးလို့ မှတ်သားထားရမည် ဖြစ်တယ်။ ယခု ပြဆိုခဲ့တဲ့ အနောဓိသကရုဏာ (၅)ပါး၊ ဩဓိသကရုဏာ (၇)ပါး၊ ပေါင်း (၁၂)ပါး—ကရုဏာများဟာ အရပ်မျက်နှာ ပိုင်းခြားခြင်းမပြုဘဲ ပွားများတဲ့ ကရုဏာတရား (၁၂)ပါးသာ ဖြစ်တယ်။ ဤနည်း အတိုင်းပင် အရပ်မျက်နှာ (၁၀)ပါးဖြင့် ပိုင်းခြား၍ ပွားများရာမှာ—

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု၊
အရှေ့အရပ်၌ နေထိုင်ကြကုန်သော အလုံးစုံသော သတ္တဝါတွေ ကိုယ်, စိတ် နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း။

ဤသို့ စသည်ဖြင့် ဩဓိသ-အနောဓိသ ပုဂ္ဂိုလ်(၁၂)ယောက်ပြည့်အောင် ပွားများရမည် ဖြစ်တယ်။ ထိုနည်းတူစွာပင်—

၂။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု၊
အနောက်အရပ်၌ နေထိုင်ကြကုန်သော အလုံးစုံသော သတ္တဝါတို့သည် ကိုယ်, စိတ် နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေ-စသည်ဖြင့် (၁၂)ပါး။

၃။ ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု၊
မြောက်အရပ်၌ နေထိုင်ကြကုန်သော အလုံးစုံသော သတ္တဝါတွေ ကိုယ်,စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေ-စသည်ဖြင့် (၁၂)ပါး။

၄။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု၊
တောင်အရပ်၌ နေထိုင်ကြကုန်သော အလုံးစုံသော သတ္တဝါတွေ ကိုယ်,စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း။

၅။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု၊
အရှေ့တောင်အရပ်၌ နေထိုင်ကြကုန်သော အလုံးစုံသော သတ္တဝါတွေ ကိုယ်,စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း-စသည်ဖြင့် (၁၂)ပါး။

၆။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု၊
အနောက်မြောက်အရပ်၌ နေထိုင်ကြကုန်သော အလုံးစုံသော သတ္တဝါတွေ ကိုယ်, စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ် မြောက် ကြ ပါ စေ သ တည်း-စသည်ဖြင့် (၁၂)ပါး။

၇။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု၊
အရှေ့မြောက်အရပ်၌ နေထိုင်ကြကုန်သော အလုံးစုံသော သတ္တဝါတွေ ကိုယ်,စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း-စသည်ဖြင့် (၁၂)ပါး။

၈။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု၊
အနောက်တောင်အရပ်၌ နေထိုင်ကြကုန်သော အလုံးစုံသော သတ္တဝါတွေ ကိုယ်, စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ် မြောက် ကြ ပါ စေ သ တည်း-စ သည် ဖြင့် (၁၂)ပါး။

၉။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု၊
အောက်အရပ်၌ နေထိုင်ကြကုန်သော အလုံးစုံသော သတ္တဝါတွေ ကိုယ်,စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း-စသည်ဖြင့် (၁၂)ပါး။

၁၀။ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု၊
အထက်အရပ်၌ နေထိုင်ကြကုန်သော အလုံးစုံသော သတ္တဝါတွေ ကိုယ်,စိတ်နှစ်တန် ပူပန်လွန်ကဲ, ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေသတည်း- စသည်ဖြင့် သြဓိသ-အနောဓိသ ပုဂ္ဂိုလ်(၁၂)ပါးကို ကရုဏာ(၁၂)ပါးပြည့်အောင် ပွားများရမည်။

ဤကဲ့သို့ အရပ်မျက်နှာ ပိုင်းခြားမှတ်သားကာ ပွားများရာမှာ-အရပ်မျက်နှာ တပါးလျှင် ပုဂ္ဂိုလ်(၁၂)ပါး၊ ကရုဏာ(၁၂)ပါးစီဖြစ်တဲ့အတွက် အရပ်(၁၀)မျက်နှာမှာဆိုတော့ ကရုဏာ ပေါင်း(၁၂၀)ပါး ဖြစ်ပါတယ်။ အရပ်မျက်နှာ၌ ပြန့်နှံ့ပွားများရတဲ့ ကရုဏာတရားများဖြစ်သော ကြောင့် ဒိသာဖရဏကရုဏာပေါင်း (၁၂၀)ပါးလို့ ခေါ်ဆိုရတယ်တဲ့၊ ယခင်က အရပ်မျက်နှာ မပိုင်းခြားဘဲ ပွားများခဲ့တဲ့ ကရုဏာ(၁၂)ပါးနဲ့ ပေါင်းလိုက်ယင် ကရုဏာဘာဝနာ (၁၃၂)ပါး ဖြစ်ပါတယ် ဒီသင်္ချာကလေးများကို လိုက်ဆိုပြီး ကရုဏာဘာဝနာ အကျယ် (၁၃၂)ပါးကို မှတ်သားထားကြပေတော့။

**ဆောင်ပုဒ်။** ၁။ **နေ့ခဓိပဥ္စ၊** ဩ-**သတ္တ၊** ဒွါဒ ပုဂ္ဂလာ
၂။ ရုပ်ဆယ်မျက်နှာ၊ မြှောက်ပွားပါ၊ တရာ့နှစ်ဆယ်**သာ**။
၃။ ရုပ် မပိုင်းခြား၊ ဆယ့်နှစ်ပါး၊ ပေါင်းပြား တဖန်သာ။
၄။ တရာ့သုံးဆယ်၊ နှစ်ပါးကယ်၊ ပွားဘွယ် ကရုဏာ။

ကရုဏာဘာဝနာကို ပွားများသဖြင့် ရရှိသော အကျိုးမှာ - မေတ္တာတရား ပွားများရာ၌ သုခံသုပတိ-ချမ်းသာစွာ အိပ်ရခြင်း-စသော အကျိုး(၁၁)ပါး ရရှိသလို့, ကရုဏာတရားကို ပွား များရာမှာလဲ–

"**သုခံသုပတီတိအာဒယော အာနိသံသာ မေတ္တာယံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ**"။
(ဝိသုဒ္ဓိမဂ်-ပ-၃၀၉)။

ဟူ၍ ဖွင့်ဆိုသည့်အတိုင်း သုခံသုပတိ၊ ချမ်းသာစွာ အိပ်စက်ရခြင်း-စသော ယင်းအကျိုး(၁၁)ပါး ကိုပင် ရရှိကြောင်းကို ကောင်းစွာ မှတ်သားရမည် ဖြစ်ပါတယ်။ သို့အတွက်ကြောင့်–

**ဆောင်ပုဒ်။** ၁။ **ကရုဏာပွား၊** အကျိုးများ၊ မှတ်သား ဆယ့်တဖြာ။
၂။ မေတ္တာနည်းတူ၊ အကျိုးမူ၊ မှတ်ယူ မြဲသေချာ။

ဟူသော လင်္ကာအတိုင်း ကရုဏာဘာဝနာကို ယုံကြည်လေးစား ပွားများသော သူတော်ကောင်းသည် ချမ်းသာစွာ အိပ်ရခြင်း, ချမ်းသာစွာ နိုးရခြင်း-စသော ကရုဏာပွားကျိုး တဆယ့် တမျိုးကို မုချပိုင်ပိုင် ရရှိနိုင်တယ်လို့ ကေန်မုချ မှတ်သားကြရမယ်။

ကဲ–ကရုဏာဘာဝနာတရားကို ဟောကြားခဲ့သည်မှာ တော်တော်လဲ ပြည့်စုံသလောက် ရှိသွားပါပြီ၊ ယခု ဟောဖော်ညွှန်ပြခဲ့တဲ့အတိုင်း သုံးဆယ့်တဘုံ, ကျင်လည်ကုန် ပြား, သတ္တဝါ အများတို့အပေါ်၌ ကိုယ်ချင်းစာနာ ကျင်နှမှု ကရုဏာတရာကို ယုံယုံကြည်ကြည်, လေးလေး စားစား ပွားများကြဘို့ တရားတော်ကို နာယူကြတဲ့ သူတော်စင် ဒကာ-ဒကာမ,အပေါင်းတို့အား နှိုးဆော် တိုက်တွန်းလိုပါတယ်။

**ဘာဝေထ** ကရုဏာ စိတ္တံ၊ သဗ္ဗတ္ထသု ဒုဂ္ဂတေသုစ။
ကရုဏာ ဘာဝယိတွာန၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိ°။

(ရှေးနည်းအတိုင်း **အနက်ပေးပါ**)
(အဘိဓမ္မာတပ်၍ တရားပွဲသိမ်းရန်)

❁ ❁ ❁ ❁ ❁

# မုဒိတာဘာဝနာ တရားတော်

ဘာဝေထ မုဒိတံ စိတ္တံ၊ သတ္တေသု သုခိတေသု။
မုဒိတံ ဘာဝယိတွာန၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

**ဘောန္တော၊** ဗြဟ္မစိုရ်မိုး၊ ရွာသွန်းဖြိုးလျက်၊ သူ့ကျိုးကိုယ်ကျိုး, သည်ပိုးဆောင်ငြား, စိတ်ထားဖြူစင်, တရားယှဉ်သည့်, များဖြင်စုပေါင်း, အို- အမျိုးကောင်း**သားသမီး**တို့။ တုမေ့၊ အမြတ်တရား,ကျင့်ကြံပွားသည့်, **စိတ်**ထားဖြူစင်, **အ**ာင်အမျိုး**ကော**င်း သားသမီးတို့သည်။သုခိတေသု၊ လောကစည်းစိမ်, ဂုဏ်သိန်ပြည့်ဝ, ချမ်းသာခြင်းသို့ ရောက်လျက်ရှိကြသည်လည်း ဖြစ်ကုန်သော။ **သတ္တေသု၊** ခုရောနောင်ပါ, ချမ်းသာသုခ ပြည့်စုံကြသည့်, များလှထောင်သောင်း, အပေါင်းများစွာ, သတ္တဝါတို့၌။ မုဒိတာစိတ္တံ၊ "ဤသတ္တဝါ, ဆင်းရဲကွာ၍, လိုရာပြည့်ဝ, ချမ်းသာစွ"ဟု မြွော်ဆချင့်ထောက်, ဝမ်းမြောက်သောစိတ်ကို။ ဘာဝေထ၊ သတိသမ္ပဇဉ်, အမြဲယှဉ်လျက်, ဆင်ခြင်ကြိုးစား, ပွားများကြကုန်လော့။

မုဒိတံ၊ ဆင်းရဲကင်းပျောက်, ချမ်း**သာ**ရောက်သည့်, မြားမြောက်လှစွာ, သတ္တဝါကို, မြင်ရကြားရ, **ဝ**မ်းမြောက်ခြင်း မုဒိတာကို။ ဘာဝယိတွာန၊ သတိသမ္ပဇဉ်, အမြဲယှဉ်လျက်, ဆင်ချင်ကြိုး**စား** ပွား**များကြ**ကုန်သည်ဖြစ်ရှဲ။ (၀၁) ပွားများကြကုန်သောကြောင့်။ သတ္တာ၊ အမြတ်တရား, ကျင့်ကြံပွားသည့်, စိတ်ထားဖြူစင်, အမြော်အမြင်ရှိငြား, သတ္တဝါ အများတို့**သ**ည်။ သုဂ္ဂတိံ၊ ဗြဟ္မစိုရ်တရား, ကျင့်သူများ၏, ကောင်းသောလားရာ, ဗြဟ္မာ့ရွာသို့- (၀၁) ကောင်းမှုရှင်များ, ပျော်စံစားသည့်, လားရောက်ရာမှန်, ချမ်းသာပြည့်စုံ, သုဂ္ဂတိဘုံသို့။ ဂစ္ဆန္တိ၊ တရားကျင့်ရာ, ချမ်းသာစွမို့၊ မုချတောက်လျှောက်၊ ကွယ်မထောက်ဘဲ, ဆိုက်ရောက်ကြရ လေကုန်**သ**တည်း။

ယနေ့ ဟောဖေဘ်ညွှန်ပြရမည်ဖြစ်တဲ့ တရား**တော်**ကတော့ ဗြဟ္မစိုရ်တရား လေးပါးတွင် မုဒိတာဘာဝနာကို ဟောကြားညွှန်ပြမည် ဖြစ်တယ်။မုဒိတာဆိုဘာ "မောဒတိတေနာယာတိမုဒိတာ၊ မောဒနံဝါမုဒိတာ"ဟု ဆိုတဲ့အတိုင်း=**ကိုယ်စိတ်**နှစ်ဖြာ ပူဆာလွတ်ကင်း ချမ်းသာခြင်းသို့ ရောက်ရှိနေကြကုန်သော သူတို့ကို တွေ့ရ မြင်ရ ကြားသိရ၍ ကြည်သာရွှင်လန်း ဝမ်းမြောက်ခြင်း သဘောတရားကို မုဒိတ-ဟု ခေါ်ဆိုခြင်းပင် ဖြစ်ပါတယ်။ မိမိသည် ပစ္စည်းဥစ္စာစည်းစိမ် အခြံအရံနှင့် ပြည့်စုံသောသူများကို တွေ့မြင်တိုင်း ကြား**သိ**ရတိုင်း, ဝမ်းမြောက်ခြင်း **ဆရူဏာ**တရားကို ပွား**များ** ရမည်ဖြစ်**တယ်**။ **ရာထူး**ဂုဏ်သိန်နှင့် ပြည့်စုံသောသူများကို မြင်ရ ကြား**ရ**တိုင်း,**အ**ထ**တ်**ပညာစ**သော** ဂုဏ်ထူးနှင့် ပြည့်စုံသောသူများကို မြင်ရ ကြားရတိုင်း၊ အယုတ်ဆုံး- မိမိရှေ့တွင် ပျော်ပျော်ရွှင်ရွှင် နေကြ ထိုင်ကြ**သော** သူများကိုတွေ့မြင်ရတိုင်းပင် နှလုံးရွှင်လန်း**ဝမ်း**မြောက်မှု ဆိုတဲ့ **က**ရုဏာ တရားကို ပွား**များ**ရမည် **ဖြစ်ပ**ါတယ်။

ကြီးပွား တိုးတက်တဲ့ ပုဂ္ဂိုလ်တွေကို ကြည့်ပြီး ကြီးပွားမြဲ ကြီးပွားပါစေ၊ တိုးတက်မြဲ တိုးတက်ပါစေ- ဟု နှလုံးသွင်းကာ ဝမ်းမြောက်နေခြင်းကိုပင် ကရုဏာဘာရား ပွားတယ်လို့ ခေါ်ဆိုရခြင်းဖြစ်ပါတယ်။ သတ္တဝါတို့သဘောမှာ ကိုယ့်ထက်သာ, မနာလိုတဲ့အတိုင်း ကိုယ့်ထက်ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကို မြင်တွေ့ရ ကြားရလျှင် ဝမ်းမြောက်မှု ကရုဏာမဖြစ်ဘဲ ဣဿာခေါ်တဲ့ ငြူစူမှုမနာလိုမှု ဖြစ်တတ်တာကို များတတ်တယ်နော်။ ဒါ့ကြောင့်မို့ ကိုယ့်ထက် ပြည့်စုံတဲ့ သူတွေကို မြင်တွေ့ ကြားရလျှင် ကြီးပွားမြဲ ကြီးပွားပါစေ- ဟု နှလုံးသွင်းပြီး ဝမ်းမြောက်မှု ကရုဏာကို ကြိုးစားပြီး ပွားများရမည်-ဆိုခြင်းဖြစ်တယ်၊ သို့အတွက်ကြောင့် သူတပါးတို့ ကြီးပွားချမ်းသာသည်ကို မနာလိုမှု ငြူစူခြင်း ဆိုတဲ့ ဣဿာတရားကို မလွှမ်းမိုးစေဘဲ သန့်ရှင်း ကြည်လင် စိတ်ကောင်း ယှဉ်လျက် သူတော်စင်တို့၏ လမ်းစဉ်ဖြစ်သော ဝမ်းမြောက်မှု မုဒိတာတရားကို ပွားများကြရမယ်၊ ဝိသုဒ္ဓိမဂ္ဂမှာ ဖွင့်ပြတဲ့ မုဒိတာရဲ့ သဘောလက္ခဏာ များကတော့-

ပမောဒနလက္ခဏာ မုဒိတာ၊ အနိဿာယန ရသာ အရတိဝိဃာတ ပစ္စုပဋ္ဌာနာ၊ သတ္တာနံ သမ္ပတ္တိဒဿန ပဒဋ္ဌာနာ၊ အရတိဝူပသမော တဿာ သမ္ပတ္တိ၊ ပဟာသသမ္ဘဝေါ ဝိပ္ပတ္တိ။ (ဝိသုဒ္ဓိမဂ္ဂ - ပ - ၃၁၁)။

မုဒိတာ- မုဒိတာတရားသည်။ ပမောဒနလက္ခဏာ၊ သူတပါးကြီးပွားစည်းစိမ်,ရှိမ်ငြိမ်ပြည့်စုံ, ကုံလုံသည်ကို,အာရုံဆိုက်ရောက်ဝမ်းမြောက်ဝမ်းသာ,ဖြစ်ခြင်းသက္ခဏာရှိ၏။အနိဿာယနရသာ၊သူတပါးတို့ပြည့်စုံမှုကို မငြူစူခြင်းကိစ္စရှိ၏။အရတိဝိဃာတပစ္စုပဋ္ဌာနာ၊သူတပါးတို့၏ စည်းစိမ်ပြည့်စုံခြင်းတို့၌၎င်း, ကုသိုလ်ကောင်းမှုတို့၌၎င်း, မမွေ့လျော်ခြင်း မနှစ်သက်ခြင်းကို ပယ်ဖျောက် တတ်သောအခြင်းအရာအားဖြင့် ဉာဏ်အားဖြင့် ရှေးရှုထင်တတ်၏။ သတ္တာနံ၊ ပုပုဂ္ဂိုလ်များပြားလှစွာ,သတ္တဝါတို့၏။ သမ္ပတ္တိဒဿန ပဒဋ္ဌာန၊သူတပါးတို့၏ စည်းစိမ်ကုံလုံ,ပြည့်စုံသည်ကို,ယုံကြည်ထောက်ချင့်, အသင့်ရှုရှိသော ယောနိသော မနသိကာရလျှင် နီးစွာသောအကြောင်းရှိ၏။ အရတိဝူပသမော၊ သူတပါးတို့၏ ပြည့်စုံကုံလုံမှု ကုသိုလ်ကောင်းမှုတို့၌ မမွေ့လျော်ခြင်း၏ ငြိမ်းပျောက်ခြင်းသည်။ တဿာ၊ ထိုမုဒိတာ၏။သမ္ပတ္တိ၊ ကောင်းစွာကုံလုံ,ပြည့်စုံခြင်းမည်၏။ (ဝါ)ကောင်းစွာကိစ္စပြီးမြောက်ရခြင်းမည်၏။ ပဟာသသမ္ဘဝေါ၊ ဂေဟသိတ, ပီတိအားဖြင့်, စိတ်ထားကြည်မြ, ရွှင်ပြုမှုဖြစ်ခြင်းသည်။ ဝိပ္ပတ္တိ၊ ပေါက်ပြန်ချွတ်ယွင်း, ပျက်စီးခြင်းမည်မေ၏။

ဒီ မုဒိတာဟာ- လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်ပဒဋ္ဌာန်အားဖြင့် လေးမျိုးလေးစား ရှိပါတယ်။

သူတပါးတို့ စည်းစိမ်ပြည့်စုံ ကုံလုံ သည်ကို ဝမ်းမြောက် ဝမ်းသာ ဖြစ်မှုသဘောကိုတော့ လက္ခဏာ မုဒိတာလို့ ခေါ်ဆိုရပါတယ်။သူတပါးတို့ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်ကို မနာလိုခြင်း ငြူစူခြင်း ဣဿာတရားကို ပယ်ရှား ဖျက်စီးခြင်းကို ကိစ္စမုဒိတာ-ဟု ခေါ်ဆိုရပါတယ်။ (ဝါ) ငြူစူမှုမရှိခြင်းကိုကိစ္စ မုဒိတာ- ဟု ခေါ်ပါသည်။ သူတပါးတို့၏ စည်းစိမ်ပြည့်စုံမှု ကုသိုလ်ကောင်းမှုအရာတို့၌ မနှစ်သက်ခြင်း မမွေ့လျော်ခြင်းကိုပယ်ဖျောက်တတ်ခြင်း သဘောကိုပစ္စုပဋ္ဌာန် မုဒိတာဟုခေါ်ပါတယ်။

တနည်းအားဖြင့် ပြောရလျှင် သူတပါးတို့၏ စည်းစိမ်ကုံလုံပြည့်စုံမှု ကောင်းမှုကုသိုလ်အရာတို့၌ စိတ်မဝင်စားခြင်း သဘောမရှိတော့ဘဲ စိတ်ဝင်စားနေခြင်း သဘောကို ပစ္စုပဋ္ဌာန်မုဒိတာဟု

ခေါ်ပါတယ်။ အမှန်အားဖြင့် သူတပါး၏ စည်းစိမ်ကိုလည်း ပြည့်စုံမှုကို အာရုံမပြုဘဲဖြစ်စေ, သို့မဟုတ် မနာလိုစိတ် ကြွေလျက်ဖြစ်စေ နေတတ်ကြတယ်။ စိတ်မဝင်စားဘဲ ဘာသိဘာသာရင်လဲနေ တတ်တယ်။ စိတ်ဝင်စားပြန်ရင်လဲ တမျိုးတနည်းဖြင့် စိတ်ဝင်စားတတ်ကြတာကို ဖြူစင်သော စိတ်ဓာတ်ဖြင့် စိတ်ဝင်စားမှုသာ ပစ္စုပဋ္ဌာန် မုဒိတာ လို့ခေါ်ရတယ်။ သူတပါးတို့၏ စည်းစိမ်ကိုလည်းပြည့် စုံမှုကို အသင့်ရှုနိုင်သော နှလုံးသွင်း ကောင်းမှုကိုတော့ ပဒဋ္ဌာနမုဒိတာ- ဟု ခေါ်ရပါတယ်။ သို့အတွက် မုဒိတာဟာ လက္ခဏာမုဒိတာ, ရသမုဒိတာ, ပစ္စုပဋ္ဌာနမုဒိတာ, ပဒဋ္ဌာနမုဒိတာအားဖြင့် လေးပါးရှိတယ်-ဟု မှတ်ပါ။

ဆောင်ပုဒ်။ ၁။ သူပြည့်စုံက၊ ဝမ်းမြောက်ရ၊ ကင်းပငြူစူမှု။
၂။ မမွေ့လျော်ပို၊ ဖျောက်ပယ်ကုန်၊ ပြည့်စုံသင့်စွာရှု။
၃။ မုဒိတာ ဆရား၊ ရှုမြင်ပွား၊ မှတ်သားစျာလေးခု။

ဒီလက္ခဏာလေးကို မှတ်သားထားခြင်းဖြင့် မုဒိတာတရားကို လွယ်ကူစွာ မှတ်မိသွားလိမ့်မည်၊ ဒီမုဒိတာ ဘာဝနာပွားများရာမှာ ပြည့်စုံခြင်း,ပျက်စီးခြင်း ဆိုတာလဲ ရှိသေးတယ်။ သူတပါးတို့၏ဥစ္စာ စည်းစိမ်ဂုဏ်သိန် ပြည့်စုံခြင်း၌ရင်း, လွန်မြတ်သော ကုသိုလ်တရားတို့၌ရင်း, မမွေ့လျော်မှုမရှိခြင်း သည်းမခံနိုင်မှု မရှိခြင်းကို မုဒိတာ၏ ပြည့်စုံခြင်း ကိစ္စပြီးခြင်းလို့ ဆိုပါတယ်။ ဆိုလိုတာကတော့ သူတပါးတို့၏ ပြည့်စုံခြင်း လွန်မြတ်သော ကုသိုလ် ကောင်းမှုတို့၌ မွေ့လျော် နေရမည်တဲ့။ မိမိတို့ အိမ်၌ဖြစ်သော နှစ်သက်ခြင်းပီတိ၏ အစွမ်းအားဖြင့် ရွှင်ပြခြင်း သဘောဖြစ်မှုကိုတော့ မုဒိတာ၏ ပျက်စီးခြင်းလို့ဆိုသည်။ သူတပါးတို့ပြည့်စုံမှုကို တွေ့မြင်သဖြင့် ဝမ်းမြောက်ခြင်း မုဒိတာ ဖြစ်တယ် ဆိုတာ အိမ်၌နေသူတို့ မိမိတို့ အိမ်သားအချင်းချင်း ပြည့်စုံမှုကို ကြည့်ရှုဝမ်းမြောက်ခြင်းမျိုးမဟုတ် ပါဘူး အိမ်၌ဖြစ်သော ပီတိ၏ အစွမ်းအားဖြင့် ရွှင်ပြမှု သဘောကိုတော့ တက်ကြွတယ်လို့ ခေါ်ပါ တယ်။ ဒါကြောင့်မို့ ဒီလို တက်ကြွတဲ့သဘောဖြင့်လျှင် မုဒိတာ မဖြစ်တော့ဘူးလို့ ဆိုရတယ်တဲ့။

ဒီလိုမုဒိတာ ဘာဝနာကို ပွားများတဲ့ နေရာမှာ—

မုဒိတာ ဘာဝနံ အာရဘန္တေနာပိ န ပထမံ ပိယပုဂ္ဂလာဒီသု အာရဘိတဗ္ဗာ။
(ဝိသုဒ္ဓိ- ပ - ၃၀၉)။

ဟူ၍ ဝိသုဒ္ဓိမဂ္ဂ၌ ဆိုတဲ့အတိုင်း မုဒိတာ ဘာဝနာကို ပွားများလိုသော ယောဂီ ပုဂ္ဂိုလ်သည် ပွားများကာစမှာ မိမိချစ်အပ်သောသူ စသည်တို့ အပေါ်၌ မုဒိတာ တရားကို မပွားများရဘူးတဲ့။ အကြောင်းကတော့ ချစ်အပ်သောပုဂ္ဂိုလ်သည် ချစ်အပ်သည်၏ အဖြစ်ကြောင့် ဝမ်းမြောက်မှုမုဒိတာ ၏ နီးစွာသော အကြောင်းမဖြစ်ပါဘူးတဲ့၊ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်လည်း မုဒိတာ၏နီးစွာသော အကြောင်းမဖြစ်ပေ၊ လိင်ဆန့်ကျင်ဘက်ဖြစ်သူ၊ ကွယ်လွန်ပြီးသော သူတို့ဟာလည်း မုဒိတာပွားရာ များမဟုတ်ကြ။ သို့အတွက် ပိယ,ဝေရီ,လိင်မညီငြား,ကွယ်လွန်သွားပြီးသောသူတို့၌ မုဒိတာတရား ကို ရှေးဦးစွာ မပွားရ- ဟု ဆိုပါတယ်။

မုဒိတာဘာဝနာ ရှေးဦးစွာ ပွားရမည်ပုဂ္ဂိုလ် မုဒိတာဘာဝနာ၏ နီးစွာသောအကြောင်းဖြစ် တဲ့ ပုဂ္ဂိုလ်ကတော့-အပျော်အပါးလိုက်စားဖက် အပေါင်းအဖော် သူငယ်ချင်းဖြစ်သော သောဏ္ဍ သဟာယခေါ် အတိပ္ပိယသဟာယပုဂ္ဂိုလ် သိမ်းဖျင်းဖော်ပုဂ္ဂိုလ်ပင်ဖြစ်တယ်တဲ့။ အကြောင်းကတော့

ထိုချစ်ကျွမ်းဝင်သော သိမ်းဖျင်းဖော် အတိပ္ပိယသဟာယ ပုဂ္ဂိုလ်သည် ကြယ်လင်ရှင်ပြ ဝမ်းမြောက် လှသဖြင့် ရှေးဦးစွာ ပြုံးရယ်ပြီး နောက်မှ စကားကို ပြောဆို တတ်သည် ဖြစ်သောကြောင့် ထို အတိပ္ပိယသဟာယ ပုဂ္ဂိုလ်ကို ရှေးဦးစွာ မုဒိတာ တရားပွားရမည်။ ထိုကဲ့သို့ ချမ်းသာခြင်းသို့ရောက် လျက် ချမ်းသာသုခကို ခံစားလျက် ဝမ်းမြောက်ခြင်းရှိသော ထို ပိယသဟာယပုဂ္ဂိုလ်ကို တွေ့မြင် ရ ကြားသိရသောအခါ–

မောဒတိ ဝတာယံ သတ္တော၊ အဟော သာဓု အဟော သုဋ္ဌု။ (ဝိသုဒ္ဓိမဂ္ဂ-ပ-၃၀၉)။

အယံသတ္တော၊ ဤသတ္တဝါသည်။ မောဒတိဝတ၊ ချမ်းသာရိပ်ငြိမ် စည်းစိမ်ခံလျက် နှစ်သက် ဝမ်းမြောက်ရပေစွ တကား။ အဟောသာဓု၊ ဩော်-ကောင်းပါပေစွ တကား။ အဟောသုဋ္ဌု၊ ဩော်-မှန်မြတ်လှပေစွတကား။

ဤသို့ မုဒိတာ ဘာဝနာကို အဖန်ဖန် အထပ်ထပ် ပွားများရမည်- ဖြစ်ပါတယ်။

အကယ်၍ မိမိနှင့် အပျော်အပါး လိုက်စားဖက် ဖြစ်သော ထိုသောဏ္ဍသဟာယ ပုဂ္ဂိုလ်သည် ရှေးအတိတ်ကာလက ချမ်းသာပြည့်စုံမှုရှိပြီး ယခုပစ္စုပ္ပန် အခိုက်၌ ဆင်းရဲဒုက္ခ ရောက်နေရလျှင် လွန်ခဲ့သော အတိတ်က ထိုသဟာယ်ချင်း၏ ချမ်းသာခြင်းကို အစဉ်အောက်မေ့လျက် "ဤသူသည် ရှေးကာလက ဤသို့များစွာသော အသုံးအဆောင်ရှိသည်၊ များစွာသော အခြံအရံရှိသည်၊အခါခပ် သိမ်း ဝမ်းမြောက်ဝမ်းသာ နေရဘူးလေပြီ" ဟု ရှေး၌ ဖြစ်ခဲ့ဘူးသော ဝမ်းမြောက်ဘွယ် အခြင်း အရာကိုယူ၍ မုဒိတာ ပွားရမည်တဲ့၊ နောက်အနာဂတ်ကို ရှုမြော်လျက်လည်း 'ဤငါ၏ မိတ်ဆွေ သည် နောင်အခါ ထိုစည်းစိမ် ချမ်းသာကို ပြန်လည်ရရှိပြီး ဆင်ယာဉ်,မြင်းယာဉ်, ရွှေထမ်းစင်တို့ဖြင့် လှည့်လည်ရပေလိမ့်ဦးမည်" ဟု အနာဂတ်ကာလ၌ဖြစ်သော ဝမ်းမြောက်ဘွယ်ရာ အခြင်းအရာကို ယူကာ မုဒိတာ ဘာဝနာကို ပွားများရမည်-ဖြစ်ပေတယ်။

**ပမောဒတိ အယံသတ္တော၊ ပမောဒိ ပမောဒိဿတိ။**

**အဟော သာဓု အဟောသုဋ္ဌု၊ ဧဝံ မုဒိတာ ဘာဝိတာ။**

အယံသတ္တော၊ လောကီလူဘုံ, ချမ်းသာစုံ၍, မွေ့လုံပျော်စွာ, ဤသတ္တဝါသည်။ ဣဒါနိ၊ ယခုဝတ္တမာန်၊ ပစ္စုပ္ပန် အခါကာလ၌၊ ပမောဒတိဝတ၊ ချမ်းသာရိပ်ငြိမ်, စည်းစိမ်ခံလျက်, နှစ်သက် ဝမ်းမြောက်, ရပေစွ တကား။ အတီတေ၊ လွန်ခဲ့ပြီးရာ အတိတ်အခါ ကာလ၌၊ ပမောဒိ၊ ချမ်းသာ ရိပ်ငြိမ်, စည်းစိမ်အများ, ပျော်စံစားလျက်, နှစ်သက်ဝမ်းမြောက် ခဲ့ဘူးလေပြီ။ အနာဂတေ၊ မဖြစ်သေးရာ အနာဂတ် အခါကာလ၌။ ပမောဒိဿတိ၊ ချမ်းသာရိပ်ငြိမ်, စည်းစိမ်အများ, ပျော် စံစားလျက်, နှစ်သက်ဝမ်းမြောက် ရပေလတံ့။ အဟောသာဓု၊ ကောင်းမှုပြုက ကောင်းကျိုး ရသဖြင့် ဩော်-ကောင်းလှပါစေစွတကား။ အဟောသုဋ္ဌု၊ ဩော်-မှန်မြတ်လှပါပေစွတကား။ ဧဝံ၊ ဤသို့။ မုဒိတာ၊ သူပြည့်စုံမှု အာရုံပြုလျက်, ဖြစ်မှုဝမ်းသာ, မုဒိတာ ဘာဝနာကို။ ဘာဝိတာ၊ ပြုစုဗ္ဗဿာ ကင်းရှင်းကွာ၍ အခါခါ အထပ်ထပ် ပွားများအပ် လေသတည်း။

ဤသို့ အပျော်အပါး လိုက်စားဖက်ဖြစ်သော သောဏ္ဍသဟာယ အတိပ္ပိယ ပုဂ္ဂိုလ်နှင့်ပိယ ပုဂ္ဂိုလ်တို့အပေါ်၌မုဒိတာကိုပွားများပြီးနောက်၊ မဇ္ဈတ္တပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ်တို့အပေါ် အစဉ်အတိုင်း မုဒိတာ ဘာဝနာကို ပွားများရမည်တဲ့၊ ဝေရီပုဂ္ဂိုလ်အပေါ် မုဒိတာ ပွားရာ၌ အမျက်ထွက်မှု ပဋိဃ

ဖြစ်ပေါ်သေးလျှင် မေတ္တာ ဘာဝနာ၌ ဆိုခဲ့သည့်အတိုင်း ထိုပဋိဃ တရားဆိုးကို ငြိမ်းအေးစေကာ အပိုင်းအခြား ပျက်မှု သီမာသမ္ဘေဒပြု၍ အဖန်ဖန် အသပ်ထပ် ပွားများရမည်။

ကဲကဲ ဒီနေရာမှာ သူတပါးတို့၏ စည်းစိမ်ဥစ္စာ တန်ခိုး အရှိန်အဝါ တိုးပွားပြည့်စုံမှု၊ အလွန် ပြုလုပ် အားထုတ်အပ်သော ကုသိုလ်တရားတို့ကို တွေ့မြင်ရ ကြားသိရသောအခါ စိတ်ထားသေးနုတ် လူယုတ်လူညံ့တို့မှာမနာလိုမှု ငြူစူခြင်း ဣဿာတရား ဆိုးသွမ်းဖိစီးခံရ၍ဖျက်စီးတတ်ကြောင်းနှင့် စိတ်ထားကောင်းမွန် ပညာဝန် လူအမြတ်စားတို့မှာကား ကြည်သာအားရ ဝမ်းမြောက်လှသဖြင့် ပစ္စုပ္ပန် သံသရာနှစ်ဖြာ အကျိုး တိုးပွား စေတတ်ကြောင်းများကို ကောင်းကောင်းကြီး မှတ်သား နိုင်အောင် သာဓက ထုတ်ဆောင်ကာ ပြကြဦးစို့ရဲ့။

သက်တော်ထင်ရှား မြတ်စွာဘုရား လက်ထက်တော်က အခါတပါးတွင် လူနတ်တို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား သခင်သည် နောက်လိုက်ဘပည့် ရဟန်းငါးရာ ခြံရံလျက် ဒေသစာရီ ကြွချီတော်မူရာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ဆိုက်ရောက်တော် မူလာပါတယ်၊ မြတ်စွာဘုရား ကြွလာတော်မူကြောင်း သတင်းကြားရလျှင် ကောသလ ဘုရင်ကြီးသည် ကျောင်းတော်သို့လာ၍ မြတ်စွာဘုရားကို နက်ဖန်နံနက်အတွက် ဆွမ်းကပ်ရန် ပင့်ဖိတ် လျှောက်ထားပြီး နောက် နေ့မှာ အာဂန္တုက အလှူဝတ်ကို ကောင်းစွာ ပြုစီမံကာ ငါ၏ အလှူဒါနကို ကြည့်ရှု ကြလေကုန်-ဟု မြို့သူမြို့သားတို့ကို ဖိတ်ခေါ်လိုက်သတဲ့။

မြို့သူမြို့သားတို့ မင်းကြီး၏ အလှူဒါနကို ကြည့်ရှုကြပြီးလျှင် အချင်းချင်း ကောင်းစွာ တိုင်ပင်ညီညွတ်၍ မြတ်စွာဘုရားကို နောက်နေ့နံနက် ဆွမ်းအတွက် ပင့်ဖိတ် လျှောက်ကြတယ်၊ နောက်ပြီး လျှင် မင်းကြီးထံသို့ "အမှာကမှိ ဒါနံ ဒေဝေါ ပဿတု=အကျွန်ုပ်တို့၏ အလှူဒါနကိုလည်း ဘုရင် မင်းမြတ် ရှုစားတော် မူလှည့်ပါ" ဟု ကောသလမင်းကြီးအား ဖိတ်ကြား လိုက်ကြပြန်သတဲ့၊ ကောသလ ဘုရင်ကြီး တိုင်းသူပြည်သားတွေရဲ့ အလှူပွဲ သွားကြည့်တော့ မိမိရဲ့ အလှူဒါနထက် သာလွန် အောင် စီမံ ပြုလုပ်ထားတာကို တွေ့ရသဖြင့်- "ဤမြို့သူမြို့သားတွေဟာ ငါ့ရဲ့ အလှူဒါနထက် သာ လွန်အောင် စီစဉ် ပြုလုပ် ထားကြပေသည်၊ ငါလည်း အလှူပွဲကို တဖန်ထပ်ကာ ပြုလုပ်ဦးမည်"ဟု အကြံပြုကာ နောက်နေ့၌ အလှူပွဲကို ထူးကဲအောင် စီစဉ် ပြုလုပ်ပြန်တယ်။

မြို့သူမြို့သား တွေကလဲ ဘုရင်ကြီးရဲ့ အလှူပွဲကို သွားကြည့်ပြီး အရှုံးမပေးဘဲ နောက်နေ့မှာ အလှူပွဲကို ထူးထူးကဲကဲ စီစဉ် လိုက်ကြပြန်သတဲ့၊ ဒီလိုနဲ့ ဘုရင်ကြီးကလဲ မြို့သူမြို့သားတွေကို ရှုံး အောင် မလုပ်နိုင်ဘူး၊ မြို့သူမြို့သားတွေကလဲ ဘုရင်ကြီးကို ရှုံးအောင် မလုပ်နိုင်ကြဘူးတဲ့၊ ရှင်ဘုရင် နဲ့ တိုင်းသူပြည်သား အလှူဒါနပွဲ ယှဉ်ပြိုင်ပြီး အနိုင် လုနေလိုက်ကြတာနော်၊ အားကျဘွယ်ကောင်း လိုက်ပါဘိတော့၊ နောက်ဆဋ္ဌအကြိမ် မြို့သူမြို့သားတွေအလှည့် ရောက်လာတော့ အဆတရာ အဆ တထောင် တိုးပွားစေလျက် ဒီလို စီစဉ်လိုက်ကြသတဲ့။

ဣမေသမ္ပိ ဣဒ္ဓနာမ ဒါနေ နတ္ထိတိ ဘာသိတုံ။
နသက္ကာ ဟောတိဝေမ္ပိ၊ သုသဇ္ဇယိသု နာဂရာ။

ဣမေသမ္ပိ၊ ဒါနပြိုင်ပွဲ အနိုင်ခံမည်-ဟုစိတ်စွဲရည်တူ, ဤလူတို့၏လည်း။ ဒါနေ၊ အလှူတင်း ကုပ်, ပြုလုပ်အားခဲ, ဒါနပွဲ၌။ ဣဒ္ဓနာမ၊ ပြောင်းဖူး, သခွားအစ ထား၍ ပြောတြွေးဘွယ်ရာ ဤမည်

သောအရာသည်။နတ္ထိတိ၊ ဤ၌ လိုနေ မရှိချေ-ဟု။ ဘာသိတုံ၊ ကောင်းစွာ သောက်ထား, ပြောကြား ခြင်းငှာ။သက္ကာ၊ မှန်စွာအကြောင်း, တတ်စကောင်းသည်။ နဟောတိ၊ ဘယ်လိုစစ်စစ် မဖြစ်ပါချေ။ ဝေမှိ၊ ပြောဘွယ်ကင်းအောင် ကြံဆောင် အနည်းနည်း ဤဆိုလည်း။ နာဂရာ၊ ဘုရင်ကို ယှဉ်ပြိုင်သည့် နိုင်ငံသူ နိုင်ငံသား လူအများတို့သည်။ဒါနံ၊ စေတနာအလျောက်, ဝမ်းမြောက်ယှဉ်နွဲ, အလှူဒါနပွဲကို။ သုသဇ္ဇယိ သု၊ တယောက်တအား, စွမ်းပဏားဖြင့်,ကြိုးစားစွမ်းဆောင်, ရာထောင်မက, ကောင်းစွာစီရင်ကြ လေကုန်ပြီတကား။

ဆောင်ပုဒ်။ အလှူတော်ပွဲ-ယှဉ်နွဲပျော်ရွှင်၊ ဤဟာမရှိ-ပြောဘိမည်တွင်။
တယောက်တအား ကြိုးစားကာပင်၊ မြို့လူထု-အားပြုပြိုင်ပွဲဝင်။

မြို့သူမြို့သားများ (ဝါ) တိုင်းသူပြည်သားများက ဘုရင် ကောသလ မင်းကြီးနှင့် အလှူဒါနပွဲ၊ ပြိုင်ယှဉ်နွဲကြ ရာမှာ ဤအလှူဒါနပွဲ၌ ဤပစ္စည်း, ဤလှူဘွယ်, ဝတ္ထု မရှိပါ-ဟု မပြောဆိုနိုင်အောင် အမျိုးပေါင်း စုံလင်စွာ စီစဉ်ကာ သားကြသတဲ့၊ ကောသလ မင်းကြီးဟာ တိုင်းသူပြည်သားများရဲ့ အလှူပွဲကို သွားကြည့်ပြီး "ငါသည် တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်နေပြီး ဒီတိုင်းသူပြည်သားတို့၏ အလှူဒါနထက် သာလွန်အောင် မဆောင်ရွက်နိုင်ပါက သေဘွယ်ရာသာ ကောင်းဘော့သည်၊ အသက်ရှင်နေပေမဲ့ အကျိုးမရှိတော့"ဟု ဥပါယ်ဘမြည်ကို ကြံစည်ယင်း ညောင်စောင်းထက်၌လျောင်းစက်ပြီး နေလေတော့သတဲ့။

ထိုအခါ မှာ မိဖုရားကြီး ရောက်ရှိလာပြီး "မောင်တော်ဘုရား အဘယ့်တွက်ကြောင့် ဒီလိုညှိုးညှိုးမှိန်မှိန် လျောင်းစက်ပြီး နေပါသလဲ၊ မောင်ဘော့ကို ကြည့်ရတာ ပင်ပန်းလိုက်ဘာ"ဟု ပြောဆို မေးမြန်းလေတယ်၊ ကောသလ ဘုရင်ကြီးက "မိဖုရားကြီး သင်သည် အခုထိ ဘာမျှ မသိသေးဘူးလား" ဟု ဆိုကာ မိမိနှင့် တိုင်းသူပြည်သားတို့ အလှူဒါန ယှဉ်ပြိုင်ကြရာ ယခုမိမိက ရှုံးနိမ့်သော အခြေသို့ ရောက်နေပြီ ဖြစ်ကြောင်းကို ပြန်ပြောင်းပြီး ပြောကြားလိုက်ဘယ်။

ယင်းသို့ ကောသလ မင်းကြီး ပြောစကားကို ကြားလေလျှင် မလ္လိကာ မိဖုရားကြီးက "အို မောင်တော်ဘုရား ဒီကိစ္စ အတွက်နှင့်ဖြင့် စိုးရိမ်နေရှာင့်လို့ ကြောင့်ကြတော့ မမူပါလင့်၊ မောင်တော်ဟာ မြေအပြင်ကို အစိုးရတဲ့ ရှင်ဘုရင် တပါးမဟုတ်ပါသလား၊ ရှင်ဘုရင် တပါးဟာ တိုင်းသူပြည်သားတွေကိုရှုံးရတယ်ဆိုဘာမြင်လဲ မမြင်ဘူးပါဘူး၊ကြားလဲမကြားစဘူး ပါဘူး မောင်တော်၊မောင်တော်ရဲ့ဒီအလှူပြိုင်ပွဲကို နှမတော်က စီစဉ်ပေးပါမည်ဘုရား" ဟု ပြောဆို သံတော်ဦး တင်လိုက်ပါတယ်၊ ဒီမလ္လိကာ မိဖုရားကြီးဟာ သာမည မိဖုရား မမှတ်နှင့်နော်၊ ဉာဏ်ပညာနှင့် ပြည့်စုံပြီး အလွန်ထက်မြက်တဲ့ မိဖုရားကြီး တပါးဖြစ်တယ်၊ ကောသလဘုရင်ကြီးရဲ့ လွဲမှားသော အယူအဆကို မကြာခဏ ပြုပြင် ပေးခဲ့ဘူးတယ်၊ အခုရကြီးက တိုင်ပင်ဖေါ် တိုင်ပင်ဖက်ရတဲ့ ကောသလမင်းကြီးရဲ့ အိမ်ရှင်မကောင်းတယောက်လို့ ဆိုရမှာပေါ့။

မလ္လိကာမိဖုရားကြီးသည် ကောသလမင်းကြီး၏ အလှူဒါနပွဲကို အတူမရှိသော အသဒိသအလှူဒါနပွဲ အဖြစ်ပြုစီရင်လိုသဖြင့် "မောင်တော်ဘုရင်မင်းမြတ် နဘဲသား ပျဉ်ချပ်တို့ဖြင့် ရဟန်းငါးရာတို့အလို့ငှါ အဝေ့ အတွင်း၌ နေရာမဏ္ဍပ်ကိုပြုပါစေလော့၊ ကြွင်းသောရဟန်းတို့သည် အဝေ့အပ၌ နေကြပါလိမ့်မည်၊ ထီးဖြူငါးရာတို့ကို ပြုပါစေလော့၊ ထိုထီးဖြူတို့ကို ကိုင်ဆောင်လျက်

ငါးရာသောဆင်တို့သည် ငါးရာသောရဟန်းတို့၏ ဦးထိပ်တော်၌ ဆောင်မိုးပေးကုန်လျက် နေကြပါလိမ့်မည်၊ ရှစ်စင်းဖြစ်စေ ဆယ်စင်းဖြစ်စေသော နီမြန်းသောရွှေရောင်အဆင်းရှိအောလှေတော်တို့ကို ပြုပါစေလော့၊ ထိုလှေတော်တို့ကို မြစ်အလယ်၌ ထားကြပါမည်။

နှစ်ပါး,နှစ်ပါးသော ရဟန်းတော်တို့၏အကြား၌ တယောက်,တယောက်သော မင်းသမီးသည် ထိုင်နေ၍ နံ့သာတို့ကိုကြိတ်သွေးပါလိမ့်မည်။ တယောက်,တယောက်သော မင်းသမီးသည် ယပ်ကိုကိုင်စွဲလျက် နှစ်ပါးသောရဟန်းတို့ကို ယပ်လေခပ်ကာ တည်နေပါလိမ့်မည်။ ကြွင်းသော မင်းသမီးတို့က သွေးပြီး ကြိတ်ပြီး မျှသော နံ့သာတို့ကိုဆောင်ကာ ရွှေလှေတို့၌ ပြည့်ကြပါလိမ့်မည်။ ထိုမင်းသမီးတို့ထဲမှ အချို့သောမင်းသမီးတို့က ကြာညိုပန်းစည်းတို့ကိုကိုင်ယူ၍ ရွှေလှေတို့၌ ထည့်အပ်သော နံ့သာတို့ကိုမွှေနှောက်လျက် အမွှေးနံ့အထုံကိုယူစေကြပါလိမ့်မည်-ဟု အစီအစဉ်ပြုလုပ်ပြီး ဒီလိုဆက်လက်ပြီး လျှောက်ဆိုလိုက်သတဲ့။

နာဂရာနံ ရာဇကညာ၊ သေတစ္ဆတ္တာနိ ဟတ္ထိနော။
နတ္ထိ တေဟိ ကာရဏေဟိ၊ ပရာဇိဿန္တိ နာဂရာ။

မဟာရာဇ၊ သာဝတ္ထိပြည်, တိုင်းဌာနီကို ရှင်ကြည်စိုးအုပ်, မင်းလုပ်နေငြား,မောင်ဘုရား။ နာဂရာနံ၊ တိုင်းသူပြည်သား လူအများတို့အား။ ရာဇကညာ၊ ပျိုမြစ်နုနယ်, ရှုဘွယ်မငြိုး, မင်းသမီးတို့သည်။ နတ္ထိ နသန္တိ၊ ကောင်းစွာပိုင်ပိုင်, မရှိနိုင်ကုန်။ သေတစ္ဆတ္တာနိစ၊ ဘုရင့်သုံးဆောင်, ရှုတိုင်းပြောင်သည့်,အခေါင်းတည်းဟူ,ထီးဖြူတော်တို့သည်လည်း။ နတ္ထိနသန္တိ၊ကောင်းစွာပိုင်ပိုင်,မရှိနိုင်ကြလေကုန်။ ဟတ္ထိ နော၊ စစ်အင်္ဂါသုံး, အကောင်းဆုံးမည်တွင်, စီးတော်ဆင်တို့သည်။ နတ္ထိ နသန္တိ၊ ကောင်းစွာပိုင်ပိုင်,မရှိနိုင်ကြလေကုန်။ တေဟိကာရဏေဟိ၊ သရုပ်ပိုင်းခြား, ထိုအကြောင်းသုံးပါးတို့ကြောင့်။ နာဂရာ၊ ဒါနပြိုင်ပွဲ, ပြိုင်ကျဲမည်ဟု, ယှဉ်တွဲကြည်ဖြူ,တိုင်းသူပြည်သားလူအများတို့သည်၊ ပရာဇိဿန္တိ၊ ဘုရင်ရွှေဘုန်း, ဘက်ပြိုင်ကြုံးလည်း နောက်ဆုံးကာလ, ဘုန်းမမျှသဖြင့်, ရှုံးနိမ့်ကြရပေကုန်မည်သာတည်း။

မောင်တော်သခင်ဘုရင်မင်းမြတ်- ဒါနပြိုင်ပွဲ ယှဉ်ပြိုင်နွှဲကာ အားခဲနေကြကုန်သော တိုင်းသူပြည်သားတို့အား ရာဇာနွယ်ဘွား မင်းသမီးများလည်းမရှိကြပါ။ မင်း၏ အသုံးအဆောင်ဖြစ်တဲ့ ထီးဖြူတော်လဲမရှိနိုင်ကြပါ၊ စစ်အင်္ဂါဝင် ဆင်တော်များလဲ မရှိနိုင်ကြပါ၊ ဤအကြောင်းသုံးပါးတို့ကြောင့်ပင် တိုင်းသူပြည်သားများ ရှုံးနိမ့်ကြလိမ့်မည်၊ မောင်တော်ဘုရင် ဤသို့ပင် စီစဉ်တော်မူပါလော့-ဟု ပြောဆိုလျှောက်ထားလေသတဲ့။

ကောသလမင်းကြီးကလဲ “ဒေဝိ၊ မိဖုရားကြီး။ သာဓု၊ ကောင်းလှပေစွ။ တေ၊ သင်မိဖုရားသည်။ ကလျာဏံ၊ သင့်တော်လျှောက်ပတ်,ကောင်းမြတ်သောစကားကို။ ကထိတံ၊ ဆင်ခြင်သုံးသပ်ဆိုအပ်ပေ၏”ဟု ပြောဆိုကာ- မလ္လိကာမိဖုရားကြီးပြောဆိုသော နည်းအတိုင်း အလုံးစုံကိုပြုလုပ်စေပါတယ်၊ တိုသို့ အလုံးစုံပြု စီရင်ပြီးသောအခါ ရဟန်းတပါးအတွက် ဆင်တကောင်လိုနေပြန်တယ်၊ရဟန်းတော်များနှင့် သင့်တင့်လျော်ပါးသော ဆင်က(၄၉၉)စီးသာရှိသဖြင့် ကျန်သောဆင်များမှာ အလွန်ကြမ်းတမ်း ဆိုးဝါးရမ်းကားလှသော ဆင်များသာရှိသတဲ့။ သို့အတွက် မလ္လိကာနှင့်တိုင်ပင်ရာ ကြမ်းတမ်းသောဆင်များသာရှိလျှင် ထိုဆင်များထဲမှ ကြမ်းတမ်းသော ဆင်

ပေါက် တစည်းကို ထီးကိုင်စေကာ အရှင်အင်္ဂုလိမာလ ကိုယ်တော်ကြီးအနား၌ ထားလျှင်ဖြစ်နိုင်ပါလိမ့်မည်-ဟု အကြံပေးတဲ့အတိုင်း ဆင်ကြမ်း ဆင်ပေါက်တစီးကိုဖမ်းကာ ထီးဖြူကို ကိုင်စေ၍ အရှင်အင်္ဂုလိမာလကြီးအနီး၌ ထားလိုက်သတဲ့။

အလွန်ဆိုးသွမ်းသည့်ဆင်ပေါက်ဟာ အရှင်အင်္ဂုလိမာလအနီးရောက်တော့ အမြီးကို ပေါင်ကြားသွင်း၍ နားနှစ်ဖက်တို့ကိုချပြီးလျှင် မျက်စိတို့ကိုစုံမှိတ်လိုက် ထီးမိုးပေးကာ ငြိမ်သက်စွာနေလေသတဲ့။ လူကြမ်း,နတ်ကြမ်းမတတ်နိုင်ဆိုသလို ယခုလဲချင်ကြမ်းကို ဆင်ကြမ်းကမဘတ်နိုင်တော့ဘူး၊ အရှုံးပေးရပြီပေါ့။ ဒါပေမဲ့ ယခုအရှင်အင်္ဂုလိမာလကြီးဟာ မကြမ်းတော့ပါဘူးနော်။ အာသဝေါကုန်ခမ်းတဲ့ ရဟန္တာအရှင်မြတ်ကြီးဖြစ်နေပါပြီ။ အလှူပွဲ လူများစွာကတော့- “ဒီလောက်ဆိုးသွမ်းကြမ်းတမ်းရက်စက်လှတဲ့ ဆင်ဆိုး ဆင်ကြမ်းအားပင် ကြောက်ဘွယ်ဘေးရန်မရှိအောင် ပြုလုပ်နိုင်ပါပေစွတကား”ဟု ဆင့်ကိုသာကြည့်ရှုပြီးနေကြသတဲ့။

ကောသလမင်းကြီးသည် ဘုရားအမှူးရှိသော ရဟန်းအပေါင်းတို့ကို ဆွမ်း ကပ်လုပ်ကျွေးပြီးလျှင် ဘုရားရှင်ကိုရှိခိုးကာ “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား-ဘုရားတပည့်တော်သည် ဤအလှူမဏ္ဍပ်၌ စီရင်ပြုလုပ်အပ်သော အပ်စပ်သောဘဏ္ဍာ မအပ်စပ်သော ဘဏ္ဍာအားလုံးကို အရှင်မြတ်ဘုရားတို့အား လှူဒါန်းပါ၏ဘုရား”ဟု လျှောက်ထားလေတော့တယ်။ ထို လှူဒါန်းသော အလှူဝတ္ထုစုစုပေါင်းတို့၏ တန်ဘိုးဟာဘယ်လောက်များ များပြားပါသလဲဆိုတော့-

ကောသလမင်းကြီး တနေ့ဘည်းလှူလိုက်တဲ့ဝတ္ထု အစုစုရဲ့တန်ဘိုးဟာ တဆယ့်လေး ကုဋေ (၁၄-ကုဋေ)ဖြစ်တယ်တဲ့။ မြတ်စွာဘုရားအတွက် သီးသန့်လှူဒါန်းတဲ့- ထီးဖြူ,ထိုင်တော်မူရာပလ္လင်, သပိတ်ခြေ, ခြေဆေးအင်းပျဉ်၊ ဒီလေးခုဟာဆိုလျှင်လဲ တန်ဘိုးကိုမဖြတ်နိုင်အောင် တန်တယ်ဆိုဘဲ။ နောက်မှာဆိုလျှင် ဒီလိုအလှူဒါနမျိုးကိုပြုလုပ်ပြီး မြတ်စွာဘုရားကို လှူဒါန်းနိုင်စွမ်းသူပင် မရှိတော့ပါဘူးတဲ့။ ဒါကြောင့်မို့လဲဒီအလှူကြီးကို အသဒိသဒါန- အတုမရှိသော အလှူပွဲကြီးလို့ ထင်ရှားခြင်းဖြစ်ပါတယ်၊ ဒီအသဒိသဒါနအလှူပွဲမျိုးဆိုတာလဲ အလုံးစုံသော ဘုရားရှင်တို့အား တကြိမ်သာဖြစ်မြဲဖြစ်သတဲ့။ ဘုရားရှင်အားလုံးတို့ လက်ထက်မှာလဲ ဒီအသဒိသဒါနအလှူကိုအမျိုးသမီးမိန်းမများကသာ စီရင်ကြလိမ့်မယ်လို့ ဆိုသကိုး။

**ဆောင်ပုဒ်။** သာဝတ္ထိတိုင်းမ-ကောသလဘုရင်၊ တနေ့တည်းလှူဒါန်း-ထူးဆန်းစုံလင်။
ကုန်မှုစဉ်ဆေး-ဆယ့်လေး(၁၄)ကုဋေပင်၊ တုမရှိ-အသဒိဒါနတွင်။

ဒီကောသလမင်းကြီးအား ကာဠအမတ်,ဇုဏှအမတ်ဆိုတဲ့ အမတ်နှစ်ယောက်ရှိကြပါတယ်။ အမတ်တွေရဲ့နာမည်ဟာ သူတို့ရဲ့အမူအရာနှင့် စိတ်ထားကိုကြည့်ပြီး မှည့်ထားတဲ့နာမည်များ ဖြစ်ကြလိမ့်မယ်ထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကာဠ- ဆိုတာက မည်းညစ်သော သူတဲ့။ ဇုဏှ-ဆိုတာက ဖြူစင်သောသူတဲ့- ဟုတ်တယ်- မှည့်သည့်အတိုင်းလဲ မှည့်လောက်စရာရှိပါတယ်နော်။ ကဲ-ကဲ ဒီအမတ်နှစ်ယောက်ရဲ့ စိတ်ထားပုံကို သေချာစွာ လေ့လာကြည့်ကြစမ်းပါ။

ကာဠအမတ်ကတော့ ကောသလမင်းကြီး၏ အသဒိသအလှူပွဲကြီးကို ကြည့်ရင်း စိတ်တသတိသတ်နှင့် ဖြစ်နေတယ်တဲ့။ မင်းမျိုးရဲ့ ပစ္စည်းဥစ္စာတွေဟာ အချည်းနှီး ကုန်ဆုံးရက်စီးရန်ပါပြီ၊ တနေ့တည်းဖြင့် တဆယ့်လေးကုဋေသော ဥစ္စာတွေ ကုန်ခန်းသွားရတယ်၊ ဤ ရဟန်းတွေကလဲဗိုက်

ကားအောင်စားပြီး ချောင်ကြသွားကာ အိပ်စက်နေကြမှာဘဲ၊ ဩော်- မင်းမျိုးသည်ပျက်စီးရရှာလေစွတကား- ဟု မိမိဉစ္စာတပြားမှ မကုန်ပါဘဲလျက် သက်သက်ပြစ်မှား ကြံစည်နေသတဲ့။

ဒီလို သူတပါးတို့ လှူဒါန်းတာကို ကြည့်ပြီး အညည်းနှိုး အပြစ် ပွားနေတတ်တာဟာ အယောနိသော မနသိကာရဆိုတဲ့ နှလုံးကောင်းမှု မရှိခြင်းကြောင့် ဖြစ်တာဘဲနော်။ ယခုခေတ်မှာလဲ ကာဠလက်သစ်တွေ အလွန် များနေတာဘဲကလား၊ မိမိ၏ ပိုက်ဆံငွေကြေး တပြားတချပ်မှ မကုန်ရဘဲနဲ့ သူတပါးလှူတာကို အချောင် နှမြောဝန်တိုနေတဲ့သူတွေ တော်တော် များပြားလာပါပြီ၊ ရဟန်းသံဃာကိုလဲ လှူပိုလို့စိတ်ထားနေကြပေပြီ၊ယခုခေတ်မှာ ကာဠနေစက်လိုက် ပုဂ္ဂိုလ်တွေတော်တော် များလာတော့ မိကောင်းဘခင်များမှာ မိမိတို့သားသမီးအား အယူဝါဒတွေ ထွေပြားပြီး ယောင်မှားမှား ဖြစ်ကုန်မှာပင် စိုးရိမ်၍ နေကြရလေပြီပေါ့။ ကဲရှိစေတော့ ဇုဏှအမတ်ရဲ့အကြောင်းကို ပြောကြဦးစို့ရဲ့။

ဇုဏှော စိန္တေသိ "အဟော ရညော ဒါနံ သုဒိန္နံ န ဟိ သက္ကာ ဧဝဘာဝေ
အဋ္ဌိတေန ဝေရူပံ ဒါနံ ဒါတုံ သဗ္ဗသတ္တာနံ၊ ပတ္တိံ အဒေန္တောနာမ နတ္ထိ၊ အဟံ
ပနိဒံ ဒါနံ အနုမောဒါမိ" တိ။ (ဓမ္မ - ဋ္ဌ - ဒု ၁၂၁)။

ဇုဏှော- ဇုဏှအမတ်သည်ကား။ ရညော၊ မင်းကြီးသည်။ ဒါနံ၊ သဒ္ဓါကြည်ဖြူ အတုမရှိသော အသဒိသအလှူကို။ အဟောသုဒိန္နံ၊ ဩော်-ကောင်းစွာ ပေးလှူအပ်သော အလှူဖြစ်ပါပေစွတကား။ ဧဝဘာဝေ၊ မင်း၏အဖြစ်၌၊ အဋ္ဌိတေန၊ မတည်သောသူသည်။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ဒါနံ၊ အလှူကို။ ဒါတုံ၊ သဒ္ဓါရှင်လန်း လှူဒါန်းခြင်းငှါ။ နဟိသက္ကာ၊ များစွာအကြောင်းမတတ်ကောင်းသည်သာတည်း။ သဗ္ဗသတ္တာနံ၊ သုံးဆယ့်တဘုံ ကျင်လည်ကုန်ငြား ခပ်သိမ်းကုန်သော သတ္တဝါတို့အား။ ပတ္တိံ၊ အလှူ၏အဘို့ကို။ အဒေန္တောနာမ၊ မပေးသောသူ မည်သည်။ နတ္ထိ၊ မရှိပေ။ အဟံပန၊ ငါသည်မူကား။ ဣဒံဒါနံ၊ တဘဝမှ တခါကြုံရမည့် တုပကင်းဟု ဤအသဒိသအလှူကြီးကို။ အနုမောဒါမိ၊ မျက်မြင်ရှေ့မှောက် ကြုံလာရောက်သဖြင့် ဝမ်းမြောက်ရပေတော့အံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ သူတော်စိတ်ထား ကျင့်ကြံပွား၍ တရားနှင့်လျော်ညီအောင် ကြံစည်လေတော့ သတည်း။

ဇုဏှအမတ်ကတော့ ဩော်-မင်းကြီးသည် တုမဲ့ကင်းပ အသဒိသ အလှူဒါနကြီးကို ကောင်းစွာ လှူဒါန်းအပ်ပါပေစွ တကား။ ဤကဲ့သို့ ကြီးကျယ် ခန်းနားလှသော အလှူတော် မင်္ဂလာပွဲကြီးများကို တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသူမှ သာ လှူဒါန်းနိုင်ပါပေတယ်။ ဤ အလှူဒါနရဲ့အဘို့ဘာဂကို သတ္တဝါများအား အမျှအတမ်း ပေးဝေပါလျှင် ငါလဲ ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ရပေတော့မည်- ဟု ရှင်ကြည်သော စိတ်ထားဖြင့် ကြံစည်ပြီးနေလေသတဲ့။ သူတော်ကောင်းစိတ်ဓာတ် ကိန်းဝပ်တဲ့သူဆိုတော့ သူတပါးကောင်းမှုတာကို မြင်တာနှင့် ဝမ်းမြောက်ပြီးနေတော့တာဘဲနော်။ ဒီဇုဏှအမတ်ရဲ့ အကြံအစည်ဟာ ခုနက ကာဠအမတ်ရဲ့အကြံအစည်နှင့် နှိုင်းစာလျှင် အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက်ဆိုတာလို ဖီလာဆန့်ကျင် နေတာဘဲကလား သူတော်ကောင်းနှင့် သူယုတ်မာ စိတ်စေတနာ ထားရာမှာ အများကြီး ကွာခြားထတ်တာကိုး။

မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးသောအခါ အနုမောဒနာတရား ဟောကြားစိမ့်သောငှာ ကောသလမင်းကြီးက မြတ်စွာဘုရားထံတော်မှ သပိတ်တော်ကို လှမ်းပြီး ယူလိုက်တယ်။

လူသုံးပါးတို့၏ဆရာ ဗုဒ္ဓမြတ်စွာသည် ဤမင်းကြီးသည်ကား အဟုန်ကြီးမား ပြင်းထန်လှသော ရေအလျဉ်ကို ဖြစ်စေသော ယောကျ်ားကဲ့သို့ ကြီးစွာသော အလှူကြီးကို ပေးလှူအပ်ပေပြီ၊ လူများ အပေါင်းသည်ကား စိတ်ကိုကြည်ညို ရွှင်လန်း ဖြစ်စေခြင်းငှာ တတ်ကောင်း နိုင်လေသလော-ယင်းသို့ မဟုတ်- စိတ်ထားပြုပြင်ကာ မတတ်နိုင်ဘဲရှိလေသလော- ဟု ဉာဏ်တော် စက္ခုဖြင့်ကြည့်ရှု ဆင်ခြင်တော်မူတဲ့အခါ ထို ကာဠ, ဇုဏှ, အမတ် နှစ်ယောက်တို့၏ စိတ်အကြံကို အနှုန်သိမြင်တော်မူသဖြင့် မင်းကြီး၏ အလှူဒါနအား လျှောက်ပတ်သော အနုမောဒနာ တရားကို အကယ်၍ ဟောကြားအံ့-သူတပါး၏ အလှူဒါနကို မကြည်ညိုနိုင်ရှာတဲ့ ကာဠအမတ်ရဲ့ဦးခေါင်းဟာ ခုနစ်စိတ်ကွဲပေလိမ့်မည်။

သူတပါးပြုသမျှ အလှူဒါနကို ကြည်ညိုသဒ္ဓါ မေ်းမြောက်ကာ နေသော ဇုဏှအမတ်သည်ကား သောတာပတ္တိဖိုလ်၌ တည်ပေလိမ့်မည်၊ ငါဘုရားသည် သတ္တဝါ တို့ကို အစဉ်သနားခြင်းငှာ ပါရမီဆယ်ပါး အကျင့်တရားတို့ကို ဖြည့်ကျင့်တော် မူခဲ့ခြင်း ဖြစ်ပေတယ်၊ ဇုဏှ အမတ်သည်ကား နောက်နေ့၌ ငါဘုရား၏ တရားတော်ကို နာကြားရသျှင်လဲ မဂ်ဖိုလ်ကို ကေန်မုချ ရမည့်သူဖြစ်ပေသည်၊ ယခုအခါ ကာဠ အမတ်ကိုသာ ကြည့်ရှု ချီးမြှောက်ရပေမည်- ဟု ကြံစည်တော်မူကာ—

လေးပါဒ ရှိသော ဂါထာတပုဒ်ကိုသာ ဟောကြားတော်မူပါတယ်။

ဤကဲ့သို့ မြတ်စွာဘုရားက လေးပါဒရှိတဲ့ ဂါထာတပုဒ်ကိုသာ အနုမောဒနာ တရား ဟော ကြားပြီး-နေရာမှထကာ ကျောင်းတော်သို့ ကြွန်ကြွသွားပါတော့တယ်၊ ဒီလိုလေးပါဒရှိတဲ့ ဂါထာ တပုဒ်ကို ဟောကြားပြီး မြတ်စွာဘုရား ကြွသွားလေလျှင် ဘုရင် ကောသလကြီးသည် စိတ်နှလုံး မသာယာခြင်းသို့ ရောက်၍ ဤသို့ သဘောရှိသော ပရိသတ်ဖြင့် တုမဲ့ကင်းပ အ သဒိသ အလှူကြီးကို ပေးလှူ၍ တည်သော ငါ့အား လျှောက်ပတ်သော အနုမောဒနာ တရားကို ဟောကြားတော်မမူဘဲ ဂါထာတပုဒ်မျှကိုသာ ဟောကြားပြီး မြတ်စွာဘုရား နေရာမှထကာ ကြွသွားတော် မူပေပြီ၊ ငါသည် မြတ်စွာ ဘုရားအား မလျှောက်ပတ် မအပ်စပ်သော အကပ္ပိယ ဘဏ္ဍာကိုလည်း မေးလှူသဖြင့် မြတ်စွာဘုရားသည် ငါ့အား အမျက်ထွက်တော် မူလေယောင်တကား၊ စင်စစ်မှာမူ အသဒိသ အလှူဒါနအား လျှောက်ပတ်သော အနုမောဒနာ တရားကို ဟောကြား ချီးမြှင့်ခြင်းငှာ သင့်ပေ၏-ဟု ကျောင်းတော်သို့ လိုက်သွားကာ မြတ်စွာဘုရားအား ရှိခိုးပြီး ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား- တပည့်တော်သည် လှူအပ်သည်နှင့် စပ်သော အလှူဒါနကို မလှူမိပါသလော၊ သို့တည်းမဟုတ် အလှူ အားလျော်စွာ အပ်သော ဘဏ္ဍာကို မလှူမူ၍ မအပ်သော အကပ္ပိယဘဏ္ဍာ ကိုလှူမိပါသလော-ဟု ပြောဆို လျှောက်ထားလေသတဲ့။

ထိုအခါ မြတ်စွာဘုရားက "ကိမေတံ မဟာရာဇ=ဒကာတော် မင်းကြီး-ဤ လျှောက်ထားခြင်း အကြောင်းကား အသို့နည်း" ဟု မေးတော်မူသဖြင့် အရှင်မြတ်ဘုရားတို့သည် ဒကာတော်အား အလှူနှင့် ဆင့်လျော်စွာ တရား အနုမောဒနာကို ပြုတော်မူပါဘုရား" ဟု လျှောက်ထားလေသတဲ့၊ ကောသလမင်းကြီးဟာ သူ့ရဲ့အလှူပွဲ မင်္ဂလာမှာ အနုမောဒနာတရား ပေ်တိုတို ဟောကြားသဖြင့် မကျေနပ်သဖြင့် ဘုရားရှင် နောက် တောက်လျှောက်လိုက်လာကာ လျှောက်ထားခြင်းဘဲနော်၊ အလှူ ဒါယကာတို့ရဲ့ အဇ္ဈာသယ အလိုဆန္ဒကလဲ အမျိုးမျိုး ရှိတာကလား၊ အချို့ အလှူဒါယကာ ဒါယိကာမ များကြတော့- မိမိတို့ရဲ့ အလှူပွဲမှာ တရား အနုမောဒနာကို မြိုင်မြိုင်ဆိုင်ဆိုင် ကျယ်ကျယ် ဝင့်ဝင့် ဟောကြားမှ ကျေနပ်တတ်ကြတာ။

အချို့ကြတော့လဲ ဘုန်းတော်ကြီး တရားဟောတဲ့ ဓမ္မာသန ပလ္လင်ပေါ် မတက်ရသေးဘူး "ကိုယ်တော်ခပ်တိုတိုလုပ်နော်၊ ခရီးဝေးပြန်ဘို့ရာ လူတွေ ပါသေးတယ်" ဟု ကြိုတင်ကာ လျှောက်ထား တတ်ကြပြန်တယ်၊ ယခု ကောသလမင်းကြီးကလဲ သူ့ရဲ့ အသဒိသ အလှူပွဲမှာ တရား အနုမောဒနာကို များများကြီး ဟောစေချင်တာကို၊ ထိုနောက် မြတ်စွာဘုရားက "ဒကာတော်မင်းကြီး-အသင် မင်းကြီးသည် သင့်လျော် လျောက်ပတ်သော အလှူဒါနကို ပေးလှူခြင်းဖြစ်တယ်၊ အမှန်မှာ ဤအသဒိသ အလှူမျိုးသည် တဆူသော ဘုရားရှင်အား တကြိမ်သာ ဖြစ်ကောင်းတယ်၊ ဤသို့ သတောရှိသော အသဒိသ အလှူမျိုးကို ပေးလှူ နိုင်ခဲ့ပတယ်"ဟု မိန့်ကြားတော် မူသောအခါ "မြတ်စွာဘုရား- ယင်းသို့ဖြစ်လျှင် အဘယ့်ကြောင့် တပည့်တော်အား အလှူနှင့် လျော်သော အနုမောဒနာ တရားကို ဟောကြားတော် မမူပါသနည်း ဘုရား" ဟု လျှောက်ကြားလေတယ်၊

မြတ်သောမင်းကြီး-ပရိသတ် မစင်ကြယ်သောကြောင့် အလှူအား သင့်လျော် လျောက်ပတ်သော အနုမောဒနာ တရားကို ဟောကြားတော် မမူခြင်း ဖြစ်သည်-ဟု မိန့်ဆိုတော်မူလေလျှင် ဘုရင်ကြီးလဲ မြတ်စွာဘုရား-ပရိသတ်၏ အပြစ်ကား အဘယ်ပါနည်း-ဟု ဆက်လက် လျှောက်ထားပြန်တယ်၊ ထိုအခါ မြတ်စွာဘုရားက အမတ်နှစ်ယောက်တို့၏ စိတ်ဓာတ်ဖြစ်ပုံ အခြင်းအရာစုံကို ပြောဆို၍ ကာဠအမတ်ကို အစဉ်သနားခြင်းကို အကြောင်းပြု၍ အနုမောဒနာ မပြုသည့် အဖြစ်ကို မိန့်ကြားတော်မူတယ်၊ ထိုအခါ ကောသလမင်းကြီးက ကာဠအမတ်ကို ခေါ်ပြီး၊ "ကာဠ-သင် ဤသို့ အကြံဖြစ်သည်-ဟူသည် မှန်သလော"ဟု မေးမြန်းစစ်ဆေးလျှင် "မှန်ပါ၏"ဟု လျှောက်ထားသဖြင့် "အချင်း ကာဠအမတ်-သင်၏ ဥစ္စာပစ္စည်းကို မယူမူ၍ ငါ၏ သားမယားတို့နှင့် တကွ ငါသည် မိမိ၏ ဥစ္စာကို ပေးလှူရာ သင့်အား အဘယ်နှိပ်စက်ခြင်း ရှိသနည်း- အချင်းသွားလေလော့၊ ငါသည် သင့်အား ပေးအပ်ပြီးသော စည်းစိမ်ဥစ္စာသည် ပေးပြီးအတိုင်းသာဖြစ်စေ၊ ယခုအခါ သင်သည် ငါ၏ တိုင်းပြည်မှ ထွက်လေလော့" ဟုဆို၍ တိုင်းပြည်မှ နှင်ထုတ်လိုက်သတဲ့ သူတပါး၏ ကုသိုလ်ကောင်းမှု ပြုလုပ်မှုကို မနာလိုတဲ့ ဣဿာတရားဆိုး၏ အကျိုးကို ယခုဘဝမှာ တစိတ်တဒေသ ခံစားရလေပြီနော်- သံသရာတလျှောက် ဆိုလျှင်တော့ တွေးမိတိုင်း ကြောက်ရွံ့စရာ ပေပဲပေါ့။

ထိုနောက်တွင် ဇုဏှအမတ်ကို ခေါ်ပြီးလျှင် "ငါသည် အသဒိသ အလှူကြီး ပြုစဉ်က သင် ဤသို့ကဲ့ အောက်မေ့သည် ဟူသည်မှန်သလော" ဟု မေးမြန်းရာ "မှန်ပါသည်ဘုရား" ဟု လျှောက်တင်လတ်သော် "ဦးရီးတော်-ကောင်းလှပါပေစွ၊ ကျွန်ုပ်သည် သင့်အား ကြည်ညိုသော စိတ်ရှိပေ၏၊ သင် ဇုဏှ အမတ်သည် ငါ၏ အလုပ်အကျွေး ပရိသတ်ကို ယူ၍ ငါပေးလှူသော နည်းအတိုင်း ခုနစ်ရက်မတ်လုံး အလှူကို ပေးလှူပါလေလော့" ဟု မိန့်ဆိုကာ ခုနစ်ရက်ပတ်လုံး တိုင်းပြည်စည်းစိမ်ကို အပ်နှင်းကာ "မြတ်စွာဘုရား-မိုက်မဲလှစွာ မလိမ္မာသောသူ၏ အမူအရာကို ကြည့်ရှုတော် မူပါဦးဘုရား၊ တပည့်တော်သည် ပေးလှူအပ်သော အလှူ၌ စိတ်ထားဆိုးယုတ် ပုတ်ခတ်ခြင်းကို ပေးပါသည်ဘုရား" ဟု မြတ်စွာဘုရားကို လျှောက်ထားလေသတဲ့၊ ထိုအခါ သုံးလောက ထွဋ်ထား မြတ်စွာဘုရားက-

အာမ မဟာရာဇ ဗာလာနာမ ပရဿ ဒါနံ အနဘိနန္ဒိတွာ။
ဒုဂ္ဂတိ ပရာယဏာ ဟောန္တိ၊ ဓီရာ ပန ပရေသမ္ပိ ဒါနံ အနုမောဒိတွာ
သဂ္ဂပရာယဏာဝေ ဟောန္တိ။ (ဓမ္မ-ဋ္ဌ-ဒု-၁၂၂)။

ဒကာတော်မင်းကြီး- ဟုတ်မှန်လှပေတယ်၊ ဆိုးသွမ်းသော စရိုက်ရှိသည့် သူမိုက်တို့ မည်သည် သူတပါး၏ အလှူဒါနကို နှစ်သက် ဝမ်းမြောက် မပြုနိုင်ကြသဖြင့် ဒုဂ္ဂတိ ဘုံဘဝသို့သာ လားရောက် ကြရပေတယ်၊ လူလိမ္မာ ပညာရှိတို့သည်ကား သူတပါးတို့ စိတ်ထားကြည်ဖြူ အလှူကိုသော်လည်း နှစ်သက်အားရ ဝမ်းမြောက်ကြသည်ဖြစ်၍ ချမ်းသာပြည့်စုံ နတ်တို့ ဘုံသို့ ခိုလှုံ လားရောက် ကြရ သည်သာလျှင် ဖြစ်ကြပေတယ်။

ယင်းကဲ့သို့သုံးလောက ထွဋ်ထားမြတ်စွာဘုရားဟောကြားသော ဒေသနာတော် အဆုံး၌ ဇုဏှ အမတ်ဟာ သောတာ ပတ္တိဖိုလ်၌ တည်ပြီး သွားပါတယ်၊ ကြွရောက် လာကြတဲ့ တရားနာပရိသတ် အားလည်း အကျိုးရှိသော တရား ဒေသနာ ဖြစ်ပါတယ်တဲ့၊ ယင်းဇုဏှ အမတ်ကြီးဟာလဲ ဒိဋ္ဌိဝိစိ ကိစ္ဆာ ကင်းရှင်းကွာသည့် သောတာပန် ပုဂ္ဂိုလ်ဖြစ်၍ ခုနစ်ရက်ပတ်လုံး ကောသလမင်းကြီး ပေးလှူ သော နည်းဖြင့် ဝမ်းမြောက်ဝမ်းသာ အလှူကို ပေးလှူကာ နေလေသတဲ့၊ ဒီဝတ္ထု သာဓကကို ထောက်ဆသျှင် သူတပါး၏ အလှူဒါနကို ဝမ်းမြောက်မှု မုဒိတာ ဘာဝနာ၏ အကျိုးတရားဟာ မနည်းပါးလှကြောင်းကို ကောင်းကောင်းကြီး မှတ်သားကြရမယ်နော်။

သူတပါး၏ စည်းစိမ်ချမ်းသာ ပြည့်စုံမှု အလွန်ပြုအပ်သော ကုသိုလ်ကောင်းမှုတို့၌ ဝမ်းမြောက်မှု မုဒိတာကြောင့် ပစ္စုပ္ပန်အကျိုး တမလွန်အကျိုးများကို ရရှိခံစားရတဲ့ ဝတ္ထု သာဓက ပါဠိတော် အဋ္ဌကထာတို့၌ များစွာပင် ရှိပါသေးတယ်၊ ထိုထိုဝတ္ထုတွေ စုံလင်အောင် ထုတ်ပြနေလျှင်တော့ တရားနိဂုံး ချုပ်နိုင်တော့မှာ မဟုတ်ဘူးနော်၊ သို့အတွက် ဒီဝတ္ထုကို သေချာစွာ မှတ်သားပြီး ထား ကြပေတော့၊ နောက်ပြီးတော့ တရားနာ လာကြတဲ့ ဒကာ ဒကာမများ မုဒိတာ ဘာဝနာ အကျယ် ပွားပုံကို နည်းရရုံ ပြောပါဦးမည်၊ မုဒိတာ ဘာဝနာဟာ အကျယ်ပွားလိုက်တော့-၁၃၂-ပါး ရှိပါတယ်၊ ပွားများပုံကတော့-

၁။ သဗ္ဗေသတ္တာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။
အလုံးစုံသော သတ္တဝါတို့သည် မိမိရရှိပြီးသော စည်းစိမ်မှ မကွေကွင်း မကင်းကွာ ကြပါစေကုန်သတည်း၊ ထိုနည်းတူစွာပင်—
၂။ သဗ္ဗေပါဏာ-အလုံးစုံသော အသက်ရှိသူတို့သည်။
၃။ သဗ္ဗေဘူတာ-အလုံးစုံသော ကိုယ်ခန္ဓာ ထင်ရှား ဖြစ်သူတို့သည်။
၄။ သဗ္ဗေ ပုဂ္ဂလာ-အလုံးစုံသော ပုဂ္ဂိုလ်တို့သည်။
၅။ သဗ္ဗေ အတ္တ ဘာဝပရိယာ ပန္နာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။

အလုံးစုံသော ကိုယ်ခန္ဓာ အတ္တဘာအတွင်း အကျုံးဝင်သူတို့သည်၊ (ဝါ) အလုံးစုံသော အတ္တဘော ရှိသူတို့သည် မိမိတို့ ရရှိပြီးသော စည်းစိမ်ချမ်းသာမှ မကွေကွင်း မကင်းကွာကြပါစေ သတည်း- ဟူ၍ အနောဓိသ မုဒိတာ ဘာဝနာ ငါးမျိုးပွားများပါ၊ ထိုနောက် အပိုင်းအခြား ထား၍ မုဒိတာ ပွားရန်မှာ-

၁။ သဗ္ဗာ ဣတ္ထိယော ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု-အလုံးစုံသော အမျိုးသမီး မိန်းမတို့သည် မိမိတို့ ရရှိပြီးသော စည်းစိမ်ချမ်းသာမှ မကွေကွင်း မကင်းကွာ ကြပါ စေသတည်း။

၂။ သဗ္ဗေပုရိသာ= အလုံးစုံသော အမျိုးသား ယောကျ်ားတို့သည်။
၃။ သဗ္ဗေအရိယာ= အလုံးစုံသော အရိယာ ပုဂ္ဂိုလ်တို့သည်။
၄။ သဗ္ဗေအနရိယာ= အလုံးစုံသော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်။
၅။ သဗ္ဗေဒေဝါ= အလုံးစုံသော နတ်ဗြဟ္မာ တို့သည်။
၆။ သဗ္ဗေမနုဿာ= အလုံးစုံသော လူ တို့သည်။
၇။ သဗ္ဗေဝိနိပါတိကာ= အလုံးစုံသော ဖရိုဖရဲ ပြိုကွဲ ပျက်စီးနေကြသော ပြိတ္တာတို့သည်။
(ဝါ) အလုံးသော အပယ်ဘုံသား သတ္တဝါအများတို့သည်-

ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု = မိမိတို့ ရရှိပြီးသော စည်းစိမ်ချမ်းသာမှ မကွေကင်း မကောင်းကွာကြပါစေသတည်း-ဟူ၍ ပွားများတဲ့ ဒီခုနစ်ပါးကိုတော့ ဩဓိသမုဒိတာ ၇-ပါးဟု ခေါ်ပါတယ်၊ ရှေ့ ၅ ပါးနှင့်ပေါင်းတော့ မုဒိတာ ၁၂- ပါးဖြစ်လာပါတယ်၊ ဒီ ၁၂- ပါးက အရပ်အားဖြင့် ပိုင်းခြားခြင်းမပြုဘဲ ပွားများတဲ့ မုဒိတာ ၁၂- ပါး ဟု မှတ်သားခဲ့ပါ၊ ဒီနောက် အရပ်မျက်နှာ အားဖြင့် ပိုင် ခြား ီး ပွားများရ ပြန်တယ်၊ ပွားများပုံကိုလည်း မေတ္တာ ဘာဝနာ ပွားများနည်း ကရုဏာဘာဝနာ ပွားများနည်းများ ကဲ့သို့ပင်ဖြစ်ပါတယ်၊ အနည်းငယ် ပွားများပြီး ပြပါဦးမယ်။

၁။ ပုရတ္ထိမာယဒိသာယ သဗ္ဗေသတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု။
အရှေ့အရပ်၌ နေကြကုန်သော အလုံးစုံသော သတ္တဝါတို့သည် မိမိတို့ ရရှိပြီးသော စည်းစိမ်ချမ်းသာမှ မကွေကွင်း မကင်းကွာ ကြစေသတည်း- ဟူ၍ အနောဓိသ ဩဓိသ ၁၂- ပါးပွားများပါ။
၂။ ပစ္ဆိမာယ ဒိသာယ= အနောက်အရပ်၌ ၁၂- ပါး။
၃။ ဥတ္တရာယ ဒိသာယ= မြောက်အရပ်၌ ၁၂- ပါး။
၄။ ဒက္ခိဏာယ ဒိသာယ= တောင်အရပ်၌ ၁၂- ပါး။
၅။ ပုရတ္ထိမာယ အနုဒိသာယ= အရှေ့တောင်အရပ်၌ ၁၂- ပါး။
၆။ ပစ္ဆိမာယ အနုဒိသာယ= အနောက်မြောက်အရပ်၌ ၁၂- ပါး။
၇။ ဥတ္တရာယ အနုဒိသာယ= အရှေ့မြောက်အရပ်၌ ၁၂- ပါး။
၈။ ဒက္ခိဏာယ အနုဒိသာယ= အနောက်တောင်အရပ်၌ ၁၂- ပါး။
၉။ ဟေဋ္ဌိမာယ ဒိသာယ= အောက်အရပ်၌ ၁၂- ပါး။
၁၀။ ဥပရိမာယ ဒိသာယ သဗ္ဗေသတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု= အထက်အရပ်၌ နေကြကုန်သော အလုံးစုံသော သတ္တဝါတို့သည် မိမိတို့ ရရှိပြီးသော စည်းစိမ်ချမ်းသာမှမကွေကောင်း မကင်းကွာကြပါစေသတည်း- စသည်ဖြင့် ၁၂- ဤသို့ အရပ်မျက်နှာဖြင့် ပိုင်းခြား မှတ်သား ပွားများရာမှာ အရပ်တပါးလျှင် ၁၂ ပါးစီပွားများရတဲ့အတွက် အရပ်ဆယ်မျက်နှာမှာဆိုတော့ မုဒိတာဘာဝနာပေါင်း ၁၂၀- ပါးရှိပါတယ်၊ အရပ်မျက်နှာအားဖြင့် ပိုင်းခြားပြီးဖြန့်ကာပွားတာမို့ ဒိသာဖရဏာ မုဒိတာလို့

ခေါ်ဆိုပါတယ်။ ယခင်ကရုပ်မျက်နှာ မမှတ်သားဘဲ ပွားများတဲ့ မုဒိတာ ၁၂- ပါးနှင့် ပေါင်းလိုက်တော့ မုဒိတာ ဘာဝနာပေါင်း ၁၃၂- ပါးရရှိပါတယ်- ဒီလိုအကျယ် ပွားများနည်းကိုလဲ မှတ်သားပြီး ကြိုးစား ပွားများ နိုင်ကြပါစေ၊ ကဲ ဒီမုဒိတာဘာဝနာမှာ လင်္ကာ ဆောင်ပုဒ် ကလေးများဖြင့် အတိုချုပ်ပြီး မှတ်သားလိုက်နာဦးစို့။

ဆောင်ပုဒ်။ ၁။ ကြီးပွားတိုင်းပေ၊ ကြီးပွားစေ၊ ပွားလေ မုဒိတာ။
၂။ နောဓိ-ပဥ္စ၊ သြ-သတ္တ၊ ဒွါဒ ပုဂ္ဂလာ။
၃။ ရုပ် ဆယ်မျက်နှာ၊ မြောက်ပွားပါ၊ တရာ့နှစ်ဆယ်သာ။
၄။ ရုပ် မိုင်း မမြွစ်၊ ပွား ဆယ့်နှစ်၊ ပေါင်းလစ် တဖန်သာ။
၅။ တရာ့သုံးဆယ်၊ နှစ်ပါးကယ်၊ ပွားအွယ် မုဒိတာ။

ဒီမုဒိတာဘာဝနာကို ပွားများရတဲ့အတွက် ရရှိနိုင်တဲ့အကျိုးများကလဲ သုခံသုပတိ=ချမ်းသာစွာ အိပ်ရခြင်း-အစရှိသော မေတ္တာဘာဝနာ၌ ပြဆိုခဲ့တဲ့ အကျိုး တဆယ့်တပါးပင် ဖြစ်ပါတယ်။ ကဲ–အချိန်လဲ တော်တော်များသွားပြီ၊ အလုံးစုံသော သတ္တဝါတွေလဲ မိမိနှင့်ထပ်တူ ကြည်ဖြူ ရွှင်ပျ ဝမ်းမြောက်ကြပါစေ-ဟု မုဒိတာဘာဝနာ ပွားများပြီး တရားပွဲ သိမ်းကြပါစို့ရဲ့။

ယထာ အဟံ ပမောဒါမိ၊ ဧဝံ သဗ္ဗေပိ ပါဏိနော။
သမ္ပတ္တိဟိစ ပူရေတွာ၊ ပမောဒါ ဟောန္တု သဗ္ဗဒါ။

အဟံ၊ ခန္ဓာငါးခု ပေါင်းအစုကို၊ မည်ပြုသမုတ်၊ အကျွန်ုပ်သည်။ သမ္ပတ္တိဟိ၊ တန်ခိုးဂုဏ်သိန်၊ ဖြိုးဝေထိန်သည့်၊ စည်းစိမ်ဥစ္စာတို့နှင့်။ ပူရေတွာ၊ ရွှေးကောင်းမှုကံ၊ အကြောင်းဖန်သဖြင့်၊ အမှန်မုချ၊ ပေါပြည့်ဝသည်ဖြစ်၍။ ပမောဒါမိ ယထာ၊ နှလုံးရွှင်လန်း၊ ဝမ်းမြောက်သကဲ့သို့။ ဧဝံ၊ ပုံစံနှိုင်းယှဉ်၊ ဤအတူ။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ ကုန်းရေလေ၌၊ ပျော်နှစ်ခြိုက်သည့်၊ (ပျော်စံပိုက်သည့်) စရိုက်စုံစွာ၊ သတ္တဝါတို့သည်။ သမ္ပတ္တိဟိစ၊ တန်ခိုး ဂုဏ်သိန်၊ ဖြိုးဝေထိန်သည့်၊ စည်းစိမ်ဥစ္စာတို့နှင့်သာလျှင်။ ပူရေတွာ၊ ရွှေးကောင်းမှုကံ၊ အကြောင်းဖန်သဖြင့်၊ အမှန်မုချ၊ ပေါပြည့်ဝကြကုန်သည်ဖြစ်၍။ သဗ္ဗဒါ၊ နေ့ရောညဥ့်ပါ၊ ဘယ်ခါမပြတ်၊ အချင်းခပ်သိမ်း။ ပမောဒါ၊ ကြည်သာရွှင်ပျ၊ နှစ်သက်လှသဖြင့်၊ ဝမ်းမြောက်ကြရကုန်သည်။ ဟောန္တု၊ အခုလဲရှိ၊ နောင်လဲပြည့်၍၊ ပကတိပုံသေ၊ ဖြစ်ကြပါစေကုန်သတည်း။

(အဘိဓမ္မာတပ်၍ တရားပွဲ သိမ်းရန်)

❀ ❀ ❀ ❀ ❀

# ဥပေက္ခာ ဘာဝနာ

ဘာဝေထ ဥပေက္ခာစိတ္တံ၊ သတ္တာနံ ဝါ သုခံဒုခံ။
ဥပေက္ခံ ဘာဝယိတွာန၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

ဘောဒ္ဓေ၊ အမြတ်တရား,လိုက်နာပွားဘို့,စိတ်ထားဖြူစွာ,ဆိုက်ရောက်လာသည့်,တရားနာပရိသတ်အပေါင်း, အို-သူတော်ကောင်းတို့။ တုမှေ၊ ပစ္စုပ္ပန်, သံသရာ, ကျိုးရှိစွာဖြင့်, နှစ်ဖြာ အေးချမ်း, မြော်မှန်းလိုလား, အသင် အကျိုးကောင်းသားသမီးတို့သည်။ သတ္တာနံ၊ သုံးဆယ့်တဘုံ, ခိုလှုံပျော်ပါး, များပြားလှစွာ, သတ္တဝါတို့၏။ သုခံ-ဝါ၊ ကိုယ်စိတ် ခံ့ကျန်း, ကြည်ရွှင်လန်းကာ, ချမ်းသာခြင်းကိုရင်း။ ဒုခံ-ဝါ၊ ကိုယ်စိတ်နှစ်တန်, ပူပန်လွန်ကဲ, ဆင်းရဲခြင်းကိုရင်း။ ဥပေက္ခာစိတ္တံ၊ ရှေးဟာသူ့ကံ, ကြောင်းရင်းခံဟု,အမှန်တွေးယူ,လျစ်လျူရှုသော စိတ်ကို။ ဘာဝေထ၊ သတိသမ္ပဇဉ်, အမြဲယှဉ်၍, ဆင်ခြင်ကြိုးစား, ပွားများကြကုန်လော့။

ဥပေက္ခံ၊ သင့်တင့်ညီမျှ,မုန်းချစ်မကူ,ညီတူညီမျှ,တွေးယူဆကာ, ဥပေက္ခာကို။ ဘာဝယိတွာန၊ အကြိမ်ကြိမ်အဖန်ဖန်, မှန်မှန်ကြိုးစား, ပွားများကြကုန်သည်ဖြစ်၍။ (ဝါ)ပွားများကြခြင်းကြောင့်။ သတ္တာ၊ ဥပနိဿယ, ကောင်းကောင်းရသည့်, များပြားလှစွာ, သတ္တဝါတို့သည်။ သုဂ္ဂတိံ၊ သုဂတိဘဝ, ဘုံဌာနသို့။ (ဝါ)သူတော်ကောင်းတို့, ကိုန်းအောင်းပျော်ရာ,ဗြဟ္မာ့ရွာသို့။ ဂစ္ဆန္တိ၊ ကောင်းရာပြုက, ကောင်းကျိုးရသည့်, ဓမ္မလမ်းကြောင်း, မတိမ်းစောင်းဘဲ, ကောင်းစွာမသွေ, ဆိုက်ရောက်ကြလေကုန်သတည်း။

ယနေ့တော့ ဥပေက္ခာဘာဝနာတရား ဟောကြစ်ဘို့ရန် အလှည့်သို့ ရောက်လာပေပြီ။ ဗြဟ္မာစိုရ်တရားတွေ ခမ်းခြောက်နေကြသဖြင့် ဒုက္ခအထွေထွေ ကျရောက်နေကြတဲ့ ကမ္ဘာသူ ကမ္ဘာသား, သတ္တဝါအများတို့ သန္တာန်မှာ ဗြဟ္မာစိုရ်တရားတွေ ရှင်သန် ထမြောက်လာကြစေရန် ရည်သန်လျက် ဗြဟ္မာစိုရ်တရားတွေကိုဘဲ ဆက်,ဆက်ပြီး ဟောကြားနေရပါတယ်။ ယခု ဦးပဥ္ဇင်းတို့ နေထိုင်ကြတဲ့ ကမ္ဘာမြေကြီးမှာ ဗြဟ္မာစိုရ်တရားတွေ တော်တော်ခြောက်ခန်းနေကြတဲ့အတွက် ငြိမ်းချမ်းသာယာမှုနှင့် ဝေးကွာပြီး ပူရ, ဆွေးရ, သောကဗျာပါရတွေ လွှမ်းမိုးမှုကို ခံနေကြရခြင်း ဖြစ်ပါတယ်။ သို့အတွက် ဦးပဥ္ဇင်းတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်အများက ဗြဟ္မာစိုရ်တရားကို ကြိုးစားပြီး ပွားများကြဘို့ လိုပါတယ်။ ကဲ-ဒီကနေ့ ဟောရမှာကတော့ စတုတ္ထမြောက် ဗြဟ္မာစိုရ်တရားဖြစ်တဲ့ ဥပေက္ခာ ဘာဝနာ-တဲ့။ သေသေချာချာ နာကြား မှတ်သားပြီး ပွားများကြပါ။

ဥပ ပတ္တိတော ဣက္ခတီတိ ဥပေက္ခာ၊ သမံ ပဿတိ၊ အပက္ခပတိတာဝ ဟုတွာ ပဿတီတိ အတ္ထော။ (ဝိ-၌-ပ-၁၂၀)။

ယာဓမ္မဇာတိ၊ အကြင် တရားသဘောသည်။ ဥပ ပတ္တိတော ယုတ္တိတော၊ အသင့်အားဖြင့်။ ဣက္ခတိ၊ ရှုတတ်၏။ ဣတိ၊ ထို့ကြောင့်။ သာဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ဥပေက္ခာ၊ ဥပေက္ခာ

မည်၏။ သမံ၊ အညီအမျှ။ ပဿတိ၊ ရှုတတ်၏။ အပက္ခပတိတာဝ၊ ချမ်းသာမှု, ဆင်းရဲမှုတို့၏အဖို့၌ မကျသည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ ပဿတိ၊ ရှုတတ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ဥပေက္ခာ ဟူသော ပုဒ်၏ အနက်တည်း။

ဤသို့ အဋ္ဌကထာ၌ဖွင့်ဆိုသားတဲ့အတိုင်း ဥပေက္ခာ-ဆိုတာ အသင့်အတင့် အလျော်အားဖြင့် ရှုတတ်တဲ့ သဘော, အညီအမျှရှုတတ်တဲ့ သဘော, ချမ်းသာသူကို မြင်တွေ့ ကြားသိရလျှင်လဲ ဝမ်းမသာ,ဆင်းရဲသူကို တွေ့လျှင်လဲ ဝမ်းမနည်းတတ်သတဲ့သဘောများကို ဥပေက္ခာ-ဟုခေါ်ဆိုပါတယ်၊ သို့အတွက် ဥပေက္ခာရှုတယ်ဆိုတာ မုန်းခြင်း, ချစ်ခြင်း နှစ်ပါးတို့၏ အကြား၌ အာရုံကို ထားနိုင်ခြင်း သဘော, အလယ်အလတ်တန်းမှာ စိတ်ဓာတ်ကို ကြံ့ကြံ့ခိုင်မာစွာ ထားနိုင်ခြင်း သဘောမျိုးပါဘဲ၊ မြန်မာလိုတော့ လျစ်လျူ ရှု တယ် - လို့ ခေါ်ပါတယ်၊ ဒီ လျစ်လျူရှုမှု ဥပေက္ခာဆိုတာ ဆယ်မျိုး ပြားပါတယ်၊ ယင်း ဥပေက္ခာ ၁၀-ပါးက-

၁။ ဆဠင်္ဂုပေက္ခာ၊
၂။ ဗြဟ္မဝိဟာရုပေက္ခာ၊
၃။ ဗောဇ္ဈင်္ဂုပေက္ခာ၊
၄။ ဝီရိယုပေက္ခာ၊
၅။ သင်္ခါရုပေက္ခာ၊
၆။ ဝေဒနုပေက္ခာ၊
၇။ ဝိပဿနုပေက္ခာ၊
၈။ တတြမဇ္ဈတ္တုပေက္ခာ၊
၉။ ဈာနုပေက္ခာ၊
၁၀။ ပါရိသုဒ္ဓုပေက္ခာ-

ဟူ၍ ၁၀-ပါး ရှိပါတယ်၊ ယခုပြောခဲ့တဲ့ ဥပေက္ခာတရား ၁၀-ပါးထဲမှာ-

၁။ ဆဠင်္ဂုပေက္ခာဆိုတာ-ကောင်းသည် ဖြစ်စေ, ဆိုးသည်ဖြစ်စေ အာရုံခြောက်ပါးကို အာရုံပြုစေကာမူ ထိုအာရုံတို့အပေါ်၌ သင့်တင့်ညီမျှစွာ အလယ်အလတ် သဘောအားဖြင့် ရှုခြင်း, နှလုံးသွင်းနိုင်ခြင်းကို ဆိုပါတယ်။

၂။ ဗြဟ္မာဝိဟာရုပေက္ခာ ဆိုတာက-သတ္တဝါတို့ကို အာရုံပြုလျက် ထိုသတ္တဝါတို့၏ ချမ်းသာခြင်း, ဆင်းရဲခြင်း-နှစ်ပါးတို့၌ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်း, မျှတစွာ ရှုခြင်းကို ခေါ်ပါတယ်။

၃။ ဗောဇ္ဈင်္ဂုပေက္ခာ ဆိုတာကတော့-တကွ ဖြစ်ပေါ်ဘက်ဖြစ်သော တရားတို့အပေါ်၌ လျစ်လျူရှုခြင်း, ဈာန် မဂ်ဖိုလ်တရားတို့ကို ရရန် အားထုတ်စဉ်အခါ နီဝရဏ တရားတို့ကို အာရုံယူခြင်း၌ လျစ်လျူရှုခြင်းကို ခေါ်ပါတယ်။

၄။ ဝီရိယုပေက္ခာ ဆိုတာက-လွန်ကဲမှုလဲ မရှိ, လျော့နည်းမှုလဲ မရှိဘဲ အညီအမျှဖြစ်ခြင်း သဘောကို ခေါ်ဆိုပါတယ်။

၅။ သဒ္ဓါရုပေက္ခာ ဆိုတာက - သဒ္ဓါ ရ တရားတို့ အပေါ်၌ သင့်တင့် ညီမျှစွာ ရှုခြင်းကို ခေါ်ပါတယ်။

၆။ ဝေဒနုပေက္ခာ ဆိုတာက – အာရုံခံစားမှုအပေါ်၌ သင့်တင့်စွာ ရှုခြင်း, လျစ်လျူရှုခြင်းသဘောကို ဆိုပါတယ်။

၇။ ဝိပဿနုပေက္ခာ ဆိုတာ – ရုပ်, နာမ်တရားတို့ကို မမြဲ, ဆင်းရဲခြင်းသဘောပဲ-ဟု ဆင်ခြင် သုံးသပ်မှု လျစ်လျူရှုခြင်းသဘောကို ဆိုလိုပါတယ်။

၈။ တတြမဇ္ဈတ္တုပေက္ခာ ဆိုတာကတော့ – အညီအမျှ ဖြစ်ပေါ်ဖက် တရားတို့ အပေါ်၌ လျစ်လျူရှုခြင်းသဘောကို ဆိုပါတယ်။

၉။ ဈာနုပေက္ခာ ဆိုတာက – အလွန်မြတ်သော တတိယဈာန် ချမ်းသာမှုအပေါ်၌ လျစ်လျူရှုခြင်းသဘောကို ဆိုခြင်း ဖြစ်ပါတယ်။

၁၀။ ပါရိသုဒ္ဓုပေက္ခာ ဆိုတာကတော့ – အလုံးစုံ ဆန့်ကျင်ဘက်တရားတို့မှ စင်ကြယ်စွာ လျစ်လျူရှုခြင်း, စတုတ္ထဈာန်၌ လျစ်လျူရှုခြင်းသဘောကို ဆိုလိုခြင်း ဖြစ်ပါတယ်။

ယခုပြောခဲ့တဲ့ ဥပေက္ခာ ၁၀-ပါး အပြားကတော့ ကိစ္စအားဖြင့် ကွဲပြားမှုကို အကြောင်းပြု၍ ၁၀-မျိုး ပြားခြင်း ဖြစ်ပါတယ်၊ ယင်း ၁၀-ပါးကို တရားကိုယ် ကောက်ယူလျှင်—

ဆဠင်္ဂုပေက္ခာ ဗြဟ္မဝိဟာရုပေက္ခာ ဗောဇ္ဈင်္ဂုပေက္ခာ တတြမဇ္ဈတ္တုပေက္ခာ ဈာနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာ-ဆိုတဲ့ ဒီဥပေက္ခာ ၆-ပါးရဲ့ တရားကိုယ်အရ ကောက်လျှင် တတြမဇ္ဈတ္တတာ စေတသိက်တမျိုးတည်းဘဲ ရပါတယ်။

တရားကိုယ်အားဖြင့် တမျိုးတည်းဖြစ်ပါလျက် အဘယ့်ကြောင့် ခြောက်မျိုး ပိုင်းခြားပြီး ခွဲထားရပါသနည်းဆိုတော့ တရားကိုယ်တမျိုးတည်းပင် ဖြစ်သော်လည်း အခါကာလ အခိုက်အတန့် ကွဲပြားသောကြောင့် ခြောက်မျိုးပိုင်းခြားပြီး ခွဲထားရခြင်းဖြစ်ပါတယ်တဲ့။ ဥပမာအားဖြင့် လူ့ရွာလောက၌ လူတယောက်တည်းပင် ဖြစ်စေကာမူ ငယ်ရွယ်စဉ်အခါမှာတော့ ကုမာရ,ကလေးသူငယ်, အရွယ်ရောက်ကာ ကြီးလာပြန်တော့ ယုဝ၊ ပျိုမြစ်နုနယ်သူ၊ အသက်အရွယ် အလွန်ကြီးလာတော့ ဝုဍ- လူကြီး, သေနာပတိ-စစ်သူကြီး, မဟာမတ္တ-အမတ်ကြီး, ရာဇ-မင်း, စသည်ဖြင့် အရွယ်အလိုက် အခိုက်အတန့်အားဖြင့် ခွဲခြားပြီး ခေါ်ဝေါ်သကဲ့သို့ ဖြစ်ပါတယ်တဲ့။

ဝီရိယုပေက္ခာရဲ့ တရားကိုယ်ကတော့ ဝီရိယစေတသိက်ပင် ဖြစ်တယ်။ ဝေဒနုပေက္ခာရဲ့ တရားကိုယ်က- ဝေဒနာစေတသိက် ဖြစ်ပါတယ်၊ ထို့နောက် သင်္ခါရုပေက္ခာနှင့် ဝိပဿနုပေက္ခာ-နှစ်ပါးတို့ရဲ့ တရားကိုယ်ကတော့- ပညာစေတသိက် ဖြစ်တယ်တဲ့၊ သို့အတွက် ဥပေက္ခာ ၁၀-ပါးမှာ တရားကိုယ်အားဖြင့် ချုပ်လိုက်တော့ တတြမဇ္ဈတ္တတာစေတသိက်, ဝီရိယစေတသိက်, ဝေဒနာစေတသိက်, ပညာစေတသိက် လေးမျိုးပင်ရပါတယ်၊ ကဲ– ဒီဥပေက္ခာ ၁၀-ပါး အကျဉ်းချုပ် မှတ်သားလွယ်အောင် ဒီလင်္ကာကလေးများကို ဆောင်ထားကြဘို့ပါဘဲ။

ဆောင်ပုဒ်။ ၁။ ဆဠင်ဗြဟ္မ၊ ဗောဇ္ဈင်၊ တတြဈာပါရိ။
၂၊ ယင်း ခြောက်ပါးမှာ၊ တတြာ၊ စေ-သာ ကောက်လေဘိ။
၃။ ဝီရိယုပေက္ခာ၊ ဝီရိယာ၊ ဝိ-သာ ကောက်လေဘိ။

၄။ ဝေဒနုပေက္ခာ၊ ဝေဒနာ၊ ကောက်ဘာယူလေတိ။
၅။ ဝိပဿ-သခ် ၊ ယင်း ၂-မြာ၊ ပညာကောက်ယူဘိ။
၆။ ဥပေက္ခာ ၁၀-ပါး၊ သရုပ်ပြား၊ ပိုင်းခြားဝေဘန်သိ။

ယခုဟောတဲ့ ဥပေက္ခာ ၁၀-ပါးတို့တွင် ဗြဟ္မစိုရ်တရားပွားများရာ ဥပေက္ခာ ဘာဝနာ အရာမှာတော့ ကံသာလျှင် မိမိဥစ္စာရှိပေ၏-ဟု သတ္တဝါအပေါ်၌ အသင့်အားဖြင့် နှလုံးသွင်း ဆင်ခြင်ခြင်း, သတ္တဝါတို့၏ ချမ်းသာခြင်း, ဆင်းရဲခြင်း၌ လျစ်လျူရှုခြင်း-ဟု ဆိုအပ်သော ဗြဟ္မ ဝိဟာရုပေက္ခာကိုသာ လိုအပ်ပါတယ်၊ မုန်းခြင်း, ချစ်ခြင်း, ဝမ်းမြောက်ခြင်း, ဝမ်းနည်းခြင်း လေးပါးတို့၏အကြား၌ တော်တည့် ဖြောင့်မှန်စွာ အာရုံကိုထားနိုင်ခြင်း သဘောမျိုးကို ဆိုလို ပါတယ်။

ဒီ ဗြဟ္မဝိဟာရုပေက္ခာကို စတုက္ကနည်းဖြင့် ခွဲဝေလိုက်တဲ့အခါ-

သဗ္ဗတ္တသု မဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ ဥပေက္ခာ-ဟု အဋ္ဌကထာများ၌ ဖွင့်ဆိုတဲ့ အတိုင်း ဥပေက္ခာဟာ သတ္တဝါတို့အပေါ်၌ မချစ်, မမုန်း, အလယ်အလတ် သဘောရှိသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘောလက္ခဏာ ရှိပါတယ်။ ဒါကို လက္ခဏာ ဥပေက္ခာ-ဟု ဆိုပါတယ်၊ နောက်တဖန်-သတ္တေသုသမဘာဝဒဿနရသာ-ဟု ဆိုတဲ့အတိုင်း ယင်းဥပေက္ခာသည် သတ္တဝါတို့အပေါ်၌ ညီမျှသည့်အ စ်ကိုသာ ရှုခြင်းကိစ္စရှိပါတယ်။ ရသုပေက္ခာလို့ ခေါ်ဆိုမည် ပေါ့၊ ဝမ်းမြောက်ဘွယ်အာရုံကြောင့်လဲ စိတ်ဓာတ်ဟာ ယိမ်းယိုင်ပါမသွားပါဘူး၊ ဝမ်းနည်းဘွယ် အာရုံကြောင့်လဲ စိတ်ဓာတ်ဟာ ယိမ်းယိုင်ပါမသွားပါဘူး၊ အညီအမျှဖြစ်ခြင်းကို ရှုမြင် သုံးသပ် တတ်တယ်တဲ့။

နောက်-ပဋိဃာနုနယ ဝူပသမပစ္စုပဋ္ဌာနာ၊ သတ္တဝါတို့၌ မုန်းခြင်း, ချစ်ခြင်းတို့ကို ငြိမ်း စေခြင်းကို ဖြစ်စေတတ်တယ်တဲ့။ ပစ္စုပဋ္ဌာန ဥပေက္ခာ-ဟု ခေါ်ပါတယ်၊

ပဝတ္တကမ္မဿကတာ ဒဿနပဒဋ္ဌာနာ-ဆိုတာက သတ္တဝါတို့သည် မိမိတို့ ပြုအပ်သော ကံအာလျှင် ဥစ္စာရှိကြပေသည်၊ ထိုသတ္တဝါတို့ဟာ အဘယ်သူ၏ အလိုအားဖြင့် ချမ်းသာနိုင်ကြ မည်နည်း၊ ဆင်းရဲမှုမှလည်း, လွတ်မြောက်နိုင်ပါမည်နည်း, ရရှိပြီးသော စည်းစိမ်ချမ်းသာမှုလည်း မဆုတ်ယုတ်ကြမည်နည်း-ဟု ဤသို့ ကံသာလျှင် မိမိဥစ္စာရှိသည်အဖြစ်ကို ရှုသောဉာဏ်လျှင် နီးစွာ သော အကြောင်းရှိတာကိုတော့ ပဒဋ္ဌာနဥပေက္ခာ-ဟု လက္ခဏာရသ ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် လေးမျိုးလေးစား ရှိသည်ကိုလည်း မှတ်သားကြရမယ်နော် ဥပေက္ခာဘာဝနာ ရှုမှတ်ပွားများတဲ့ ယောဂီပုဂ္ဂိုလ်မှာ ဤသို့လာပါးသော အခြင်းအရာ အလွန်ထင်ရှား သိသာလှပါတယ်၊ လက္ခဏာ လေးရပ်ကို လွယ်ကူစွာမှတ်နိုင်ရအောင် လိုက်ဆိုလိုက်ကြပါဦး။

**ဆောင်ပုဒ်။** သတ္တာပညတ်-လယ်လတ်ဖြစ်ဘည်၊ ညီမျှဖြစ်ဘိ-ရှုကြည့်လေပြီ။
မုန်း,ချစ်ဟူသမျှ-ငြိမ်းရတာရှည်၊ ကံ-ဘဲသာ ဥစ္စာရှိလေသည်။
ဥပေက္ခာ-လေးပြာတရားမည်။

ဥပေက္ခာဘာဝနာ ပွားများရာမှာ ဘယ်လိုဖြစ်ယင် ကိစ္စပြီး၍၊ ဘယ်လိုဖြစ်ယင် ပျက်စီးဆတ်သလဲဆိုတော့—

ပဋိဃာနုနယ ဝူပသမော တဿာ သမ္ပတ္တိ၊ ဂေဟသိတာယ အညာဏုပေက္ခာယ
သမ္ဘဝေါ ဝိပတ္တိ၊ (ဝိသုဒ္ဓိမဂ္ဂ၊ ပ-၃၁၂)၊

ပဋိဃာနုနယဝူပသမော၊ မုန်းခြင်း, ချစ်ခြင်း သဘောတရားတို့၏ ငြိမ်းအေးခြင်းသည်။ တဿာ၊ ထိုဥပေက္ခာဘာဝနာ၏။ သမ္ပတ္တိ၊ ကောင်းစွာလောက်လုံ ပြည့်စုံခြင်းမည်၏။ (ဝါ) ကောင်းစွာကိစ္စ ပြီးမြောက်ခြင်းမည်၏။ ဂေဟသိတာယ၊ အိမ်၌ဖြစ်ပွား ကာမဂုဏ်တရားကို မှီသော။ အညာဏုပေက္ခာယ၊ အသိဉာဏ်ကင်းကွာသော ဥပေက္ခာ၏။ ဝါ၊ မောဟနှင့်ပင်,ပေါင်းယှဉ်ဖြစ်လာ,ဥပေက္ခာ၏။ သမ္ဘဝေါ၊ အကြောင်းဆိုက်ကာ, ဖြစ်ပေါ်လာခြင်းသည်။ တဿာ၊ ထိုဥပေက္ခာဘာဝနာ၏။ ဝိပတ္တိ၊ အကျိုးမပြီး အချည်းနှီးလျှင် ပျက်စီးရခြင်း မည်လေတော့သတည်း။

**ဆောင်ပုဒ်။** မုန်းချစ်ငြိမ်းရာ၊ ဥပေက္ခာ၊ ကောင်းစွာ ပြည့်စုံပြီ။
မောဟယှဉ်ကာ၊ ဥပေက္ခာ၊ ဖြစ်လာပျက်စီးပြီ။

ဥပေက္ခာဘာဝနာပွားများသော ယောဂီပုဂ္ဂိုလ်သည် မုန်းခြင်းလဲမဖြစ် ချစ်ခြင်းလဲမဖြစ်တော့ပဲ မုန်းချစ် နှစ်ပါး ငြိမ်းအေးနေလျှင် ထိုဥပေက္ခာဘာဝနာ ပြည့်စုံပြီး ကိစ္စပြီးမြောက်ပြီလို့ဆိုနိုင်ပါတယ်၊ သို့မဟုတ် အသိဉာဏ်ကင်းသော မောဟနှင့်ယှဉ်တဲ့ ဥပေက္ခာ ဖြစ်လာယင်တော့ဥပေက္ခာဘာဝနာပျက်စီးပြီလို့ ဆိုရမယ်တဲ့၊ ဟုတ်တယ်- အချို့သူများက အာသီဘာသာနေမှု မသိမှုကိုပင် ဥပေက္ခာမှတ်ထင်ကြသေးတယ်၊ မသိတာဟာ ဥပေက္ခာမဟုတ်ပါဘူး၊ မောဟသာလျှင်ဖြစ်တယ်၊ သိလျက်နှင့် ချစ်ခြင်းဘက်သို့လည်းမပါ၊ မုန်းခြင်းဘက်သို့လည်း မပါပဲ တုန်လှုပ်ခြင်းမရှိတာကိုသာ ဆိုလိုရင်းဖြစ်တယ်။

ပွားများနည်းကတော့ မေတ္တာ စသော ရှေ့သုံးပါးကို ပွားများသဖြင့် တတိယ ဈာန်ကိုရပြီးသော ယောဂီပုဂ္ဂိုလ်သည် လေ့လာပွားများပြီးဖြစ်တဲ့ တတိယဈာန်မှထပြီးကာ မေတ္တာကရုဏာမုဒိတာတရားသုံးပါးတို့သည် ရုန့်ရင်းကြမ်းတမ်းကြပေသည်၊ သတ္တဝါတို့၌ မြတ်နိုးမှုနှင့်လည်း ယှဉ်ကြပေသည်၊ မုန်းခြင်း, ချစ်ခြင်း, နှစ်ပါး၏အနီး၌လည်း ကျင်လည်ကြလေသည်-ဟု ယင်း မေတ္တာကရုဏာ မုဒိတာတရားသုံးပါးတို့၏အပြစ်ကို ထင်ရှားစွာ မြင်ကြည့်ရှုရပါတယ်၊ ထိုနောက်-ဥပေက္ခာမှုကား ငြိမ်သက်သောဖြစ်ခြင်းသဘော ရှိပေသည်, သိမ်မွေ့သည်, မြင့်မြတ်သည်, ကိလေသာတို့မှလည်း အလွန်ဝေးကွာသည်-ဟု ဥပေက္ခာ၏အကျိုးကိုလည်း ထင်မြင်လာအောင် ကြည့်ရှုရပါတယ်။

ယင်းသို့ မေတ္တာကရုဏာ မုဒိတာတရားသုံးပါးတို့၏အပြစ် ဥပေက္ခာ၏အကျိုးကို သိမြင်ပြီးမှပိယပုဂ္ဂိုလ်စသည်တို့တွင် ဥပေက္ခာပွား၍ သက်ရောက်လွယ်သော မိမိ၏ မိတ်ဆွေလည်းမဟုတ်၊ ရန်သူလည်းမဟုတ်သော အလတ်စား မဇ္ဈတ္တပုဂ္ဂိုလ်ကို အာရုံပြုကာ- "သတ္တဝါတို့သည် မိမိ၏ကံတရားအတိုင်းသာ ဖြစ်လာကြရသည်၊ သင်၏ လုံ့လပယောဂဖြင့် ထိုသူ၏ ချမ်းသာခြင်း, ဆင်းရဲခြင်းကို ပြုပြင်ဖန်တီးခြင်းငှါ မစွမ်းနိုင်ပေ၊ ကံတရားသာ မိမိဥစ္စာ ရှိပေသည်"ဟု အဖန်ဖန်ရှု၍ဆင်ခြင်ပွားများရမည်ဖြစ်တယ်။ မဇ္ဈတ္တပုဂ္ဂိုလ်ကို ပွားများပြီးမှ နောက် ပိယပုဂ္ဂိုလ် သောဏ္ဍသ

ဟာသယ ပုဂ္ဂိုလ် ဝေရီပုဂ္ဂိုလ်တို့၌ အစဉ်အတိုင်းပွားများပြီးကာ အတ္တ, ပိယ, မဇ္ဈတ္တ, ဝေရီ ပုဂ္ဂိုလ် လေးမျိုးတို့၌ သီမ သမ္ဘေဒပြု၍ ကြိမ်ဖန်များစွာ ပွားများလျက် အထက်ဈာန်ကို တက်ရမည် ဖြစ်ပါတယ်။ ဒါကတော့- ဝိသုဒ္ဓိမဂ်မှာလာတဲ့နည်းအတိုင်း ပွားများကို စုံလင်စွာပြောလိုက်တာ ဖြစ်ပါတယ်။

ဒီနေရာမှာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ-ဟု ဆိုအပ်သော ဗြဟ္မစိုရ်တရား လေးပါးကို ပွားများပုံအစဉ်ကို ပြောပါဦးမယ်။ ပွားများပုံက- လိမ္မာသော လယ်ထွန်သမားသည် ထွန်အပ်သောအရပ်ကို ပိုင်းခြား၍ ထွန်ယက်သကဲ့သို့ ထိုနည်းတူစွာ ပွားများကာစ ပဌမ၌ ကျောင်း တိုက်တခုကို(ဝါ- တအိမ်ကိုစသည်)ဤကျောင်းတိုက်၌ နေကုန်သော သတ္တဝါတို့ကို မေတ္တာစေတ်ဖြင့် နှံ့စေမည်-ဟု ဉာဏ်ဖြင့် ပိုင်းခြား၍"ဤကျောင်းတိုက်၌ နေသောသတ္တဝါတို့သည် ရန်ကင်းကြပါစေ" စသည်ဖြင့် မေတ္တာကို ပွားများရမည်ဖြစ်ပါတယ်။ ထိုတခုသောကျောင်းတိုက်၌ မေတ္တာဘာဝနာ စိတ်ကို နူးညံ့လာအောင် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှု၌ ခံ့လာအောင်ပြု၍ ကျောင်းတိုက်နှစ်တိုက်တို့၌ နေကြသောသတ္တဝါတို့ကို ပိုင်းခြားရမည်၊ ထိုနောက်မှအစဉ်သဖြင့် ကျောင်းတိုက် ၄-ခု ၅- ၆- ၇-၈-၉-၁၀-ခုတို့ကို ပိုင်းခြားရမည်၊ ထိုနောက် အဆင့်ဆင့်ပွားများကာလမ်းတခု,ရွာထက်ဝက်, တရွာလုံး, ဇနပုဒ်တခု, အရပ်ဘခု, တတိုင်းပြည်လုံး, တကမ္ဘာလုံး, စကြာဝဠာ တိုက်အများဟူ၍ တရွေ့ရွေ့ခြင်း တိုး၍တိုး၍ ပိုင်းခြားကာ မေတ္တာဘာဝနာကို ပွားများရမည်ဖြစ်ပါတယ်။ ထိုနည်း တူစွာ ကရုဏာဘာဝနာ,မုဒိတာဘာဝနာ,ဥပေက္ခာဘာဝနာတို့ကိုလည်း နည်းနည်း နည်းနည်း ငုံနိုင် သလောက် ပိုင်းခြားပြီးပွားများရမည်ဖြစ်ပါတယ်။ ဗြဟ္မစိုရ်တရား မပြတ်ပွားနေတဲ့သူများ အထူး သတိချပ်ပြီး မှတ်သားဘို့ကောင်းတယ်နော်။

ဆောင်ပုဒ်။ ၁။ တရားဗြဟ္မစိုရ်၊ ပွားများလို၊ ထိုထို မှတ်ကြရာ။
၂။ လယ်ထွန်ယောကျ်ား၊ နည်းအလား၊ ပိုင်းခြားပွားများပါ။
၃။ တတိုက်နေကုန်၊ သတ္တဝါစုံ၊ အာရုံပြုပွားပါ။
၄။ ထို့နောက်နှစ်ခု၊ သုံး,လေးခု၊ ဆက်ရှုတိုးချဲ့ကာ။
၅။ အိမ်, ရွာစဖြာ၊ စကြာဝဠာ၊ ပိုင်းကာပွားကြရာ။
၆။ ကျမ်း ဝိသုဒ္ဓိ၊ ညွှန်းပြတိ၊ သတိချပ်လေပါ။

မေတ္တာ, ဥပေက္ခာ-ဟု ဆိုအပ်သော ဗြဟ္မစိုရ်တရားနှစ်ပါးတို့ကို ဈာန်ရရှိအောင် စီးဖြန်းတဲ့ သမထကမ္မဋ္ဌာန်းအနေဖြင့်သာ စီးဖြန်းခြင်းမဟုတ်ပါပဲ၊ ပါရမီဖြည့်ဝစေရန် ရည်သန်မှန်းထားပါက မည်သည့်အခါကာလမှာမဆို ပွားများအားထုတ်နိုင်ပါတယ်တဲ့။

ကဲကဲ-ဥပေက္ခာဘာဝနာအကြောင်းကို ပြန်ဆက်ပြီးပြောကြဦးစို့- အမှန်ကတော့ ဒီဥပေက္ခာ ဗြဟ္မစိုရ်တရားဟာ အမြဲပွားနေရာတိုင်းမှာ ဆင်ခြင်ပွားများဘို့ရာမလိုလှဘူးတဲ့၊ သောကဣ မိမိနှင့် ဆွေမျိုးသားချင်းဘော်စပ်သေသူ မိမိ၏ပတ်ဝန်းကျင်၌ နေသော မိတ်ဆွေသင်္ဂဟ စသည်တို့အား အကြောင်းအားလျော်စွာ ဘစုံတခုသော ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှု, ဒုက္ခအန္တရာယ် အဝဝနှင့် တွေ့ကြုံရင်ဆိုင်နေရသောအခါ မေတ္တာကရုဏာတရား၏ မိမိစွမ်းနိုင်သည့်ဘက်မှ ကူညီစောင့်ရှောက်ပြီး ပေးကြရပါတယ်၊ အကယ်၍ ကူညီဆောင်ရွက်သော်လဲ အကျိုးမပြီး အချည်းနှီးဖြစ်လျှင်တော့

သောကဗျာပါရ စသည်မဖြစ်စေဘဲ-သူ့ကံအားလျော်စွာ ဖြစ်ရပေသည်-ဟု ဥပေက္ခာပြုလျစ်လျူရှုကြရမည်ဖြစ်ပါတယ်တဲ့။ သို့အတွက် သက်တော်ထင်ရှား မြတ်စွာဘုရားရှိတော်မူစဉ် အခါက ဖြစ်ခဲ့ဘူးသော သာဓကဝတ္ထုများကိုနည်းယူကာ မှတ်သားနိုင်ကြအောင် ထုတ်ဆောင်ရှုပြကြဦးစို့-

မြတ်စွာဘုရား လက်ထက်တော်အခါက သာဝတ္ထိပြည်ဝယ် ဘုရင်ပသေနဒီ ကောသလမင်းကြီးနှင့် ဝါသဘခတ္တိယာ သာကီဝင်မင်းသမီးတို့မှ ဝိဋဋူဘ-အမည်ရှိသော မင်းသားတပါးကို ဖွားမြင်တယ်တဲ့၊ ဝါသဘခတ္တိယာဟာ သာကီဝင်မင်းသမီးစစ်စစ်ကို မပေးဘဲ ကျွန်မ နှင့် မှားယွင်း၍ ရသော ကပြားမ,ဖြစ်တဲ့ အလွန် ရုပ်ရည်အဆင်း လှပ တင့်တယ်တဲ့၊ ဝါသဘခတ္တိယာကို သာဝတ္ထိပြည်ရှင် ဘုရင်ကောသလအား ဆက်သ,လိုက်ကြခြင်း ဖြစ်သတဲ့။ ကောသလဘုရင်ကြီးကလဲ သာကီဝင်မင်းသမီးစစ်စစ်ထင်ပြီး လွန်စွာ ချစ်မြတ်နိုးလျက် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအဖြစ် ဘိသိက်သွန်းကာ ချီးမြှင့် မြှောက်စားသားလေသတဲ့။

ထိုကောသလမင်းကြီးနှင့် ဝါသဘခတ္တိယာမိဖုရားတို့မှ ဖြစ်သော ဝိဋဋူဘ မင်းသားသည် တဆယ့်ခြောက်နှစ် (၁၆-နှစ်) အရွယ်ရောက်သောအခါ မယ်တော့်ဖက်မှ ဆွေတော်,မျိုးတော်များကို တွေ့လိုမြင်လို, ဖူးတွေ့လိုသဖြင့် မယ်တော်၏အထံမှာ အကြိမ်ကြိမ်ခွင့်မန်၍ ဆွေတော်မျိုးတော်များ နေထိုင်ရာ ကပိလဝတ္ထု နေပြည်တော်သို့ အခြံအရံများစွာဖြင့် ခရီးထွက်လာခဲ့သတဲ့။ ကပိလဝတ္ထုပြည်သို့ရောက်လျှင် ဆွေတော်မျိုးတော်များနှင့် တွေ့၍ "ဤသူကား သင်၏ အဘိုးတည်း, ဤသူကား အဘွားတည်း, ဤသူကား သင်၏ ဦးကြီး, ဦးလေး၊ ဒေါ်ကြီး, ဒေါ်လေးတည်း" စသည်ဖြင့် ပြောဆိုမိတ်ဆက်ပေးသဖြင့် ကြီးကုန်,ကြီးကုန်သော သူတို့ကို တွေ့တိုင်း တွေ့တိုင်း ဝိဋဋူဘ က ရှိခိုးရတယ်။

သို့သော် ဝိဋဋူဘ က မိမိအား ရှိခိုးမည့်သူကို မတွေ့မြင်လျှင် "ကျွန်ုပ်ကို ရှိခိုးမည့်သူများ မရှိကြတော့ဘူးလား"ဟု မေးတဲ့အခါ "ချစ်သား-သင်ရဲ့ ညီငယ်,နှမငယ်များ ဇနပုဒ်အရပ်သို့သွားနေကြတယ်"ဟု ပြောဆိုကြသတဲ့။ သာကီဝင်မင်းမျိုးများဟာ လွန်စွာ မာန်ကြီးတတ်ကြတယ်၊ မိမိတို့အမျိုးကို အလွန် တန်ဘိုးထားတတ်ကြတယ်။ အမိမစင်တဲ့ ဝိဋဋူဘ-မိမိတို့ ကပိလဝတ္ထုသို့ ရောက်လာလျှင် ဝိဋဋူဘအောက် ငယ်ကုန်သော သူများက ရှိခိုးကြရမည်ဖြစ်၍ ကျွန်မ,သားကို မိမိတို့ သာကီဝင် မင်းမျိုးက ရှိခိုးခြင်း မပြုကြရလေအောင် ကလေးသူငယ်များကို ကြိုတင်ပြီး ဇနပုဒ်များသို့ ပို့ထားခြင်း ဖြစ်သတဲ့။

ဝိဋဋူဘမင်းသားလည်း ကပိလဝတ္ထု၌ နှစ်ရက်,သုံးရက်နေပြီးလျှင် များစွာသော မိမိ၏ အခြံအရံ ပရိသတ်နှင့် အတူတကွ သာဝတ္ထိပြည်သို့ ပြန်ထွက်ခဲ့ဘယ်၊ ထိုအခါ ကျွန်မ,တယောက်က မင်းကွန်း၌ ဝိဋဋူဘနေထိုင်သော ပျဉ်ချပ်ကို "ဒီပျဉ်ချပ်ဟာ ဝါသဘခတ္တိယ ကျွန်မ,၏ သား ထိုင်သွားသော ပျဉ်ချပ်ပေတည်း"ဟု ဆဲရေးကာ နို့ရည်ဖြင့် ဆေးကြောသုတ်သင်ခြင်း ပြုနေတယ်။ ထိုစဉ်အခါ ဝိဋဋူဘမင်းသား၏ မင်းချင်းယောကျ်ားတယောက်ဟာ မိမိ၏လက်နက်မေ့နေရစ်သဖြင့် ပြန်လာပြီး ယူစဉ် ဝိဋဋူဘမင်းသားကို ဆဲရေးနေသော အသံကို ကြား၍ မေးမြန်းစုံစမ်းကြည့်ရာ- "ဝါသဘခတ္တိယာသည် မဟာနာမ သက္ကကို အစွဲပြုကာ ကျွန်မ,မှ မွေးဖွားခြင်းဖြစ်ကြောင်း" သိ၍ မိမိတပ်သို့ ရောက်လေလျှင် စက်သည် ဗိုလ်ပါအပေါင်းကို ပြောကြားခါဖြင့် "ဝါသဘခတ္တိယာ

မိဖုရားကြီးဟာ ကျွန်မ,ရဲ့သမီး ဖြစ်သတဲ့”ဟု တပြိုင်နက် အုတ်အုတ်ကျက်ကျက်မြစ်သွားကာ ပြန့်နှံ့ပြီး သွားသတဲ့။

တံသုတွာ ဝိဋ္ဋူဘော “ဧတေ တာဝ မမ နိသိန္နဖလကံ ခီရောဒကေန ဓောဝန္တု၊
အဟံ ပန ရဇ္ဇေ ပတိဋ္ဌိတကာလေ ဧတေသံ ဂလလောဟိတံ ဂဟေတွာ မမ
နိသိန္နဖလကံ ဓောဝိဿာမိ” တိစိတ္တံပဋ္ဌပေသိ။ (ဓမ္မ-ဋ္ဌ-ပ-၂၂၀)။

ဝိဋ္ဋူဘော၊ ဝိဋ္ဋူဘမင်းသားသည်။ တံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြားရ၍။ “ဧတေ၊ ဤ သာကီဝင်မင်းမျိုးတို့သည်။ မမ၊ ငါ၏။ နိသိန္နဖလကံ၊ နေထိုင်သော ပျဉ်ချပ်ကို။ ခီရောဒကေန၊ နို့ရည်ဖြင့်။ တာဝဓောဝန္တု၊ ဆေးကြောကြစေကုန်ဦး။ အဟံပန၊ ငါသည်ကား။ ရဇ္ဇေ၊ မင်း၏ အဖြစ်၌။ပတိဋ္ဌိတကာလေ၊ တည်သောအခါ၌။ဧတေသံ၊ ဤသာကီဝင်မင်းမျိုးတို့၏။ဂလလောဟိတံ၊ လည်ချောင်းသွေးကို။ ဂဟေတွာ၊ ယူ၍။ မမ၊ ငါ၏။ နသိန္နဖလကံ၊ နေထိုင်သော ပျဉ်ချပ်ကို။ ဓောဝိဿာမိ၊ ဆေးကြောပေအံ့။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်ကို။ ပဋ္ဌပေသိ၊ အရှက်တော်ရ, ဒေါမာန်ထလျက်, မြဲလှ ခိုင်ကြည်, ဆောက်တည်ထားလေပြီတကား။

ဝိဋ္ဋူဘမင်းသားသည် အရှက်တော်ကြီးစွာရသဖြင့် ယခုအခါမှာတော့ သာကီဝင်မင်းမျိုးတွေက ငါထိုင်ရာပျဉ်ချပ်ကို နို့ရည်ဖြင့် ဆေးကြသတဲ့၊ ဆေးကြပါစေဦး၊ ငါမင်းဖြစ်တဲ့အခါ ကျလျှင်တော့ ငါကလဲ ထို မာနရှင် သာကီဝင်မင်းမျိုးတို့ရဲ့ လည်ချောင်းသွေးဖြင့် ငါထိုင်ရာ ပျဉ်ချပ်ကို ဆေးကြောပေအံ့-ဟု စိတ်ဆုံးဖြတ်ကာ အဓိဋ္ဌာန်ပြုထားလိုက်သတဲ့။

ဝိဋ္ဋူဘမင်းသား သာဝတ္ထိပြည်သို့ ရောက်လေလျှင် အမတ်ကြီးများက ထိုအကြောင်းကို ကောသလမင်းကြီးအား ပြန်လည်လျှောက်ထားကြတယ်။ ကောသလမင်းကြီးလည်း “ငါ့အား ကျွန်မ,ရဲ့သမီးကို ပေးကြပေတယ်”ဟု သာကီဝင်မင်းများကို အမျက်တော်ရှလျက် ဝါသဘခတ္တိယာ မင်းသမီးနှင့် ဝိဋ္ဋူဘမင်းသားအား ပေးထားသော စည်းစိမ်,အခြံအရံကို ရုတ်သိမ်း၍ ကျွန်တို့ ရသင့်ရထိုက်သော အခွင့်အရေးမျှကို ပေးထားလေသတဲ့။ နောက် နှစ်ရက်,သုံးရက်ကြာမှ မြတ်စွာဘုရား သိတော်မူ၍ “အမိ၏ အမျိုးကား ပမာဏမဟုတ်၊ အဖ၏အမျိုးသည်သာ ပမာဏဖြစ်သည်”ဟု ကဋ္ဌဟာရိဇာတ်ကို ထုတ်ဆောင်ကာ ဟောကြားတော်မူ၍ ကောသလမင်းကြီး နှစ်သက်သဘောကျကာ ဝါသဘခတ္တိယာနှင့် ဝိဋ္ဋူဘမင်းသားတို့အား ပေးမြဲတိုင်းသောစည်းစိမ်ကို ပြန်လည်ပေးကမ်းချီးမြှောက်လေသတဲ့။

နောင်အခါတွင် ဗန္ဓုလစစ်သူကြီး၏ တူဖြစ်သော ဒီဃကာရာယန သည် သာဝတ္ထိပြည်၌ စစ်သူကြီးဆုထူးကို ရရှိသောအခါ ထို ဒီဃကာရာယနစစ်သူကြီးက ပသေနဒီကောသလမင်းကြီးကို နန်းချ၍ သားတော် ဝိဋ္ဋူဘမင်းသားကို မင်းမြှောက်ပေးလိုက်တယ်။ ဝိဋ္ဋူဘမင်းလည်း မင်းဖြစ်လျှင် သာကီဝင်မင်းတို့၏ရန်ကို အမှတ်ရ၍ သာကီဝင်မင်းအားလုံးကို သတ်အံ့-ဟု များစွာသော စစ်ချီကာ ထွက်သွားတယ်။

သုံးလေ ကထွင်ထား မြတ်စွာဘုရားသည် ထိုနေ့နံနက်က သတ္တလောကကို ကြည့်ရှုတော်မူရာ ဆွေတော်မျိုးတော်အပေါင်းတို့၏ ပျက်စီးအံ့သည်ကို မြင်တော်မူ၍ ဆွေတော် မျိုးတော်တို့ကို ချီးမြှောက်ခြင်းငှာ နံနက်အခါ ဆွမ်းခံ-ဆွမ်းစားပြီးလျှင် ဂန္ဓကုဋိတိုက်တော်သို့ဝင်ကာ မြတ်သော

လျှောင်းစက်ခြင်းဖြင့် လျှောင်းစက်ပြီး မွန်းလွဲကာလ ညနေစောင်းချိန်တွင် ကောင်းကင်ခရီးဖြင့် တပါးတည်း နှစ်ပြည်ထောင်နယ်စပ်သို့ ကြွသွားတော်မူ၍ သာဝတ္ထိပြည်ဘက်၌ အရိပ်ကောင်းသော ပညောင်ပင်ကြီး ရှိသော်လည်း ယင်းပညောင်ပင်ရိပ်၌ သီတင်းသုံးနေတော်မမူဘဲ အရိပ်ကျဲကျဲ ပြောက်တိပြောက်ကြားသာရှိသော ကပိလဝတ္ထုပြည်ဘက်မှ သစ်ပင်တပင်၏အရိပ်တွင် သီတင်းသုံး နေတော်မူသတဲ့။

ဝိဋူဋဘ မင်းသားလည်း မြတ်စွာဘုရားကို မြင်လျှင် ချဉ်းကပ်ရှိခိုး၍ "မြတ်စွာဘုရား အဘယ်ကြောင့် ဤမျှ ပူပြင်းသော အချိန်ကာလတွင် သစ်ရွက်ကျိုကျဲ အရိပ်နဲသော သစ်ပင်ရင်း၌ သီတင်းသုံးနေတော် မူပါသနည်း-မြတ်စွာဘုရား၊ အရှင်မြတ်ဘုရားတို့သည် အရိပ်ကောင်းသော ဤ ပညောင်ပင်ရင်း၌ သီတင်းသုံးတော် မူကြပါကုန်" ဟု လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "ဟောတု မဟာရာဇာ ဉာတကာနံ ဆာယာနာမ သီတလာ" ရှိစေတော့ မင်းကြီး ဆွေတော် မျိုးတော်တို့၏ အရိပ်မည်သည် အေးချမ်းလှပေ၏-ဟု အမိန့်ရှိတော် မူလိုက်သတဲ့၊ ဝိဋူဋဘ မင်းသားလည်း "မြတ်စွာဘုရားသည် ဆွေတော်မျိုးတို့ကို စောင့်ရှောက်ခြင်း အကျိုးငှာ ကြွလာတော် မူခြင်း ဖြစ်ပေမည်" ဟု ကြံစည်ကာ မြတ်စွာဘုရားကို ရှိခိုးပြီး သာဝတ္ထိပြည်သို့ စစ်ချီကာ ပြန်သွား လျှင် မြတ်စွာဘုရားလည်း ကောင်းကင် ခရီးဖြင့်ပင် ဇေတဝန် ကျောင်းတော်သို့ ကြွသွားတော် မူပါတယ်။

ဝိဋူဋဘ ဖင်းသည် သာကီဝင် မင်းမျိုးတို့၏ အပြစ်ကို အမှတ်ရ၍ ဒုတိယအကြိမ် စစ်ချီ ထွက်လာရမှာလည်း ရှေးနည်းတူစွာ မြတ်စွာဘုရားနှင့် တွေ့၍ ပြန်ခဲ့ရတယ်၊ တတိယအကြိမ်မှာ လည်း ထိုနည်းရင်းပင် ပြန်ခဲ့ရသတဲ့၊ ဝိဋူဋဘ မင်းသည် အခဲမကြေနိုင်ဘဲ စတုတ္ထအကြိမ် တဖန် စစ်ချီပြီး လာပြန်သတဲ့။

ဝိဋူဋဘမင်းသည် သာကီဝင်မင်းမျိုးတို့ကို သတ်ဖြတ်ခြင်းငှာ စတုတ္ထအကြိမ် စစ်ချီ ထွက် လာသောအခါ၌ ထိုသာကီဝင် မင်းမျိုးတို့၏ မြစ်၌ အဆိပ်ခပ်ခြင်း မကောင်းမှုကံကို မတားမြစ်နိုင် သည်ကို သိမြင်တော်မူ၍ ကြွသွားတော် မမူဘဲ လျစ်လျူရှုတော် မူပါတယ်၊ ဝိဋူဋဘမင်းလည်း ကပိလဝတ္ထုပြည်သို့ စစ်ချီ၍ သာကီဝင် မင်းမျိုးမှန်လျှင် ကလေး, လူကြီးမကျန် ရစေဘဲ အားလုံးကို သတ်ဖြတ်ပြီးလျှင် ထိုသာကီဝင် မင်းမျိုးရဲ့ လည်ချောင်းသွေးဖြင့် မိမိထိုင်ရာ ပျဉ်ချပ်ကို ဆေးကြော လေသတဲ့၊ ဒီဝတ္ထု သာဓကကို ကြည့်ပါလျှင် မြတ်စွာဘုရားသည် မဟာကရုဏာတော် ထားပြီး အကြိမ်ကြိမ် အခါခါ ကြွသွား ချီးမြှောက်တော် မူခဲ့ပါတယ်၊ စတုတ္ထအကြိမ်မှာတော့ သူတို့ရဲ့ အတိတ် အားလျော်စွာ ဖြစ်ကြရပေသည်-ဟု သိမြင်တော် မူသဖြင့် ကြွသွားတော် မမူဘဲ လျစ်လျူ ရှုတော် မူခြင်း ဖြစ်တယ်။

ထိုမှတပါး အမျိုးသမီးပင် ဖြစ်လျက် ဘုရားရှင်၏ အဆုံးအမကို ရရှိထားပြီး ဖြစ်သဖြင့် လင်ယောကျ်ားနှင့် သားများအားလုံး သေဆုံးသည်ကိုပင် အရေးမယူ လျစ်လျူရှုနိုင်သော ဗန္ဓုလ စစ်သူကြီးကတော် မလ္လိကာ၏ လျစ်လျူရှုနိုင်ပုံမှာ အတုယူဖွယ်သာဘွယ် ကောင်းလှပါတယ်။

ဗန္ဓုလစစ်သူကြီးသည် တရားရုံးအနီးသို့ရောက်သွားရာ ပြည်သူလူထုက တရားသူကြီး မတရား သဖြင့် တရားစီရင်ပုံ လာဘ်စားပုံများကို ပြောကြား တိုင်တန်းသဖြင့် တရားရုံးသို့ပင်ကာ တရားမှန်

အတိုင်း စစ်ဆေးကာ ဆုံးဖြတ် ပေးခဲ့သတဲ့။ သို့အတွက် တရားသူကြီးများက မိမိတို့ လာဘ်လာဘ မရတော့အတွက် ဗန္ဓုလအပေါ် ရန်ငြိုးထားကာ ကောသလထံ ချောပြစ်ကုံးတိုက်ကြတယ်။ စဉ်းစား ဉာဏ်နည်းလှသော ကောသလမင်းကြီးကလဲ မိမိနှင့် ငယ်ရွယ်စဉ်ကပင် အတူတကွ ဒိသာပါမောက္ခ ဆရာကြီးထံ၌ ပညာသင်ဘက် သူငယ်ချင်းဖြစ်တဲ့ မိမိ၏စစ်သူကြီး ဗန္ဓုလကို လာဘ်စားသော တရား သူကြီးဆိုးများ၏ ကုံးတိုက်မှုကြောင့် အထင်လွဲမှားကာ ဗန္ဓုလစစ်သူကြီးနှင့် သား (၃၂) ယောက် တို့ကို ဦးခေါင်းဖြတ်၍ သတ်ဖြတ် အဆုံးစီရင်ရန် စစ်သူရဲကောင်းများကို ရွေးခြယ် စေလွှတ်ထားပြီး စစ်သူကြီး ဗန္ဓုလကိုခေါ်၍ "ပစ္စန္တရစ်၌ ဆူပူနေပေသည်၊ သင်၏သားများနှင့်အတူ သွားရောက်၍ ဆူပူသောင်းကြမ်းသူတို့ကို နှိမ်နင်းလေလော" ဟု စေလွှတ်လိုက်သတဲ့။

ကောသလမင်းကြီးနှင့် စစ်သူကြီးတို့ ဥပါယ်တမျည်ဖြင့် စီစဉ်ထားတဲ့အတိုင်း ဗန္ဓုလစစ်သူ ကြီးနှင့်သား ၃၂ ယောက်တို့ကို မြို့တော်နှင့် မနီးမဝေးသောတနေရာမှ လက်ရွေးစင် စစ်သူရဲကောင်း များက ဦးခေါင်းဖြတ်ပြီး သတ်ဖြတ် အဆုံးစီရင်လိုက်ကြတယ်။

ထိုနေ့မှာပင် စစ်သူကြီးကတော် မလ္လိကာသည် ရှင်သာရိပုတ္တရာ ရှင်မဟာ မောဂ္ဂလာန် အဂ္ဂသာဝကကြီး နှစ်ပါးနှင့်တကွ ရဟန်းတော် ငါးရာကို ဆွမ်းကပ်ရန် ဆွမ်းဖိတ်ထားသတဲ့။ ဆွမ်း ကပ်မည့် နံနက်စောစောတွင် မလ္လိကာ့အထံသို့ "သင်၏ ခင်ပွန်း စစ်သူကြီးနှင့် သား ၃၂ ယောက် တို့ ဦးခေါင်းဖြတ်၍ အသတ်ခံရကြောင်း" သဝဏ်လွှာ ရောက်ရှိလာသဖြင့် ထိုအကြောင်းကို ကြားသိ သော်လဲ မည်သူ့ကိုမျှမပြော စာလွှာကိုခါးပိုက်ကြား၌ ထည့်ကာ သိမ်းထားပြီး ရဟန်းတော်များ ကို ဆွမ်းကပ်မြဲ ဆပ်ကပ် လုပ်ကြွေးနေတယ်တဲ့။ ယင်းသို့ ဆပ်ကပ်၍ နေဆဲမှာပင် ထောပတ်အိုးကို သယ်ဆောင် လာကြသော သူများသည် ရဟန်းတော်များ၏ ရှေ့သို့ ရောက်လေလျှင် ထောပတ်အိုး ကျကွဲသွားတယ်။ သို့အတွက် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက "ဘေဒနဓမ္မံဘိန္နံ၊ နစိန္တေတဗ္ဗံ= ဒါယိကာမကြီး ကွဲပျက်တတ်သော သဘောရှိသော အရာသည် ကွဲပျက်မြဲဖြစ်ပေသည်။ မကြံစည်လင့် မစိုးရိမ်လင့်" ဟု အမိန့်ရှိသဖြင့် မလ္လိကာ စစ်သူကြီးကတော်က ခါးပိုက်ကြားမှ စာလွှာကို ထုတ်ပြ၍ ဤသို့ လျှောက်ထားလေသတဲ့။

ဒွတ္တိံ သာယ ပုတ္တေဟိ သဒ္ဓိံ ပိတုသီသံ ဆိန္နန္တိ မေ ဣမံပဏ္ဏံ အာဟရိံသု၊ အဟံ ဣဒံ
သုတွာပိ နစိန္တေမိ၊ သပ္ပိစာဋိယာ ဘိန္နာယ ကိံ စိန္တယိဿာမိ ဘန္တေ။ (ဓမ္မ-ဋ္ဌ-ပ-၂၂၄)

ဘန္တေ၊ အရှင်မြတ်ဘုရား၊ ဒွတိံသာယ ပုတ္တေဟိ။ သုံးဆယ့်နှစ်ယောက်သော သားတို့နှင့်၊ သဒ္ဓိံ၊ တကွ။ ပိတုသီသံ၊ ဘခင်ဖြစ်သော ဗန္ဓုလ စစ်သူကြီး၏ ဦးခေါင်းကို။ ဆိန္နံ၊ ဖြတ်အပ်ပြီး။ ဣတိ၊ ဤသို့။ မေ၊ တပည့်တော်မအား။ ဣမံပဏ္ဏံ၊ ဤအကြောင်း ကြားစာ သဝဏ်လွှာကို။ အာဟရိံသု၊ ရှေးရှုဆောင်ကုန်ပြီ။ အဟံ၊ တပည့်တော်သည် ဣဒံ၊ လင်ယောကျ်ားနှင့် သားများသေဆုံးရခြင်း ဟူသော ဤသတင်းစကားကို။ သုတွာပိ၊ ကြား၍သော်လည်း။ နစိန္တေမိ၊ ဖြေဆည်သာအောင် အပူကြီးကာ မကြံစည်ပါ။ ဘန္တေ၊ အရှင်ဘုရား၊ သပ္ပိစာဋိယာ၊ ထောပတ်အိုးမျှသည်။ ဘိန္နာယ၊ မခိုင်မြဲဘဲ ကွဲသည်ရှိသော်။ ကိံ စိန္တယိဿာမိ၊ အဘယ်မှာလျှင် ပူဗျာသောကစိုးရိမ်ကြွလျက်, ကြံစည် ရပါမည်နည်း ဘုရား။

နှလုံးခတ်ခိုင်မာတဲ့ အာဇာနည် စစ်သူကြီးရဲ့ဇနီး ပီသပါပေတယ်လို့ ချီကျူးလောက်ပါတယ်နော်၊ သို့သော်လဲ ဘုရားရှင် အဆုံးအမ ဩဝါဒများကို ရရှိတဲ့ ဘုရားသမီးတော်မို့သာ ဤကဲ့သို့ ပူဆွေး သောက ဖြစ်လောက်စရာမှာ ပူဆွေးသောက မဖြစ်ပါဘဲ ဥပေက္ခာပြု လျစ်လျူရှုနိုင်ပေသာလို့ ဆိုနိုင်တယ်၊ ထို့နောက် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက မလ္လိကာနှင့် ချွေးမများ ရောက်ရှိလာသော ပရိသတ်များအား အောက်ပါဂါထာများကို ဟောကြားတော်မူပါတယ်။

အနိမိတ္တ မနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ ဒုက္ခေန စ တဉ္စ သံယုတံ။ (သုတ္တနိပါတ-သလ္လသုတ္တဂါထာ-၅၇၉)။

ဣဓ၊ ဖြစ်ပျက်မှုစုံ, တွေ့ကြုံနေကြ, ဤလောကဥ်။ မစ္စာနံ၊ ဖြူမဲယုတ်မြတ်, မသတ်မှတ်အား သတ္တဝါတို့၏။ ဇီဝိတံ၊ ရုပ်နာမ်နှစ်ချက် ဇီဝိန်အသက်သည်။ အနိမိတ္တံ၊ အမှန်နိမိတ်, ကြောင်းရိပ်ဖြစ်ခြင်း၊ ကင်းသည်ဖြစ်၍။ အနညာတံ၊ သေမည့်အခါ, လားရာဂတိ,အသက်ပိုင်းအချိုကို တိတိမှန်စွာ မသိနိုင်ပါပေ။ ကသိရဉ္စ၊ ကြောင်းရပ်စုံလင်, စပ်ပါဝင်သဖြင့်, အစဉ်ပြုပြင်, ပင်ပန်းရပေ၏၊ ပရိတ္တဉ္စ၊ဖြစ်ပြီးနောက်ဝယ် ချုပ်ပျောက်လွယ်သဖြင့် နည်းငယ်တိုတောင်းလှ၏။ တဉ္စ။ ယင်းသို့ ဖြစ်လျက် ထိုအသက်သည်လည်း။ ဒုက္ခေန၊ ကိုယ်စိတ်နှစ်တန်, ပူပန်လွန်ကဲ, ဆင်းရဲခြင်း အမျိုးမျိုးနှင့် သံယုတံ၊ ကောင်းစွာမပြက်, အစဉ်ဆက်၍, ရောယှက်နေသည်သာတည်း။

ဤလောက၌ သတ္တဝါ မှန်သမျှတို့ အသက်ဇီဝိန်သည် အမှတ်အသား နိမိတ်ထားခြင်း အလျင်းမရှိသည်ဖြစ်၍ သေရမည့်အခါ ကာလကိုလည်း မသိနိုင်၊ လားရောက်ရမည့် ဂတိကိုလည်း မသိနိုင်ပါဘူး၊ အသက်၏ အပိုင်းအခြားကို မသိနိုင်ဘူးတဲ့၊ များစွာသော အကြောင်းများနှင့် စပ်သဖြင့် ပင်ပန်းပြုပြင် ရမှုလည်း ရှိသည်၊ အချိန်ကာလလည်း တိုတောင်းလှပေသည်၊ထိုအသက်သည် ကိုယ်စိတ်နှစ်တန်, ပူပန်ဆင်းရဲ, အမျိုးမျိုးနှင့် ရောယှက်ပြီး နေပေသည်-ဟု ဆိုလိုရင်း ဖြစ်ပါတယ်၊ ထို့နောက် ဆက်လက်၍ ဟောကြားပြန်သည်မှာ-

န ဟိ သော ဥပက္ကမော အတ္ထိ၊ ယေန ဇာတာ န မိယျရေ။
ဇရမ္ပိ ပတွာ မရဏံ၊ ဧဝံ ဓမ္မာ ဟိ ပါဏိနော။ (သုတ္တနိပါတ-သလ္လသုတ်-ဂါထာ-၅၈၀)။

ဇာတာ၊ ပဋိသန္ဓေ တည်ခနစ္စကာ, ဖြစ်ပေါ်လာသော သတ္တဝါတို့သည်။ ယေန ဥပက္ကမေန၊ ခတ်စားဆေးဝါး, မန္တရားအစ, များပြားလှသော အကြင်လုံ့လ ပယောဂဖြင့်။ န မိယျရေ၊ ကမ္ဘာချည်းထိ, အပျက်မရှိဘဲ, ဖြစ်ဘိမှန်စွာ, မသေနိုင်ကုန်ရာ။ သော ဥပက္ကမော၊ မသေရာသို့, ဆောင်ကာပို့သည့်, တွေ့ဘို့ခက်လှ, ထိုလုံ့လမျိုးသည်။ နဟိ အတ္ထိ၊ မြေပြင်, ရေပြင်, ဝေဟင်စုံစွာ, လှည့်လည်ရှာလည်း, သေချာတိတိ, မရှိနိုင်ပါချေ။ ဇရံ၊ ခန္ဓာယိုယွင်း, အိုမင်းခြင်းသို့။ ပတွာပိ၊ တဒ္ဒရွှေ့ရွှေ့ ယွင်းဖေါက် ဆိုက်ရောက်၍သော်ငြင်း၊ ဇရံ၊ ခန္ဓာယိုယွင်း, အိုမင်းခြင်းသို့။ အပတွာပိ၊ ပကတိမျက်မှောက် မဆိုက်ရောက်မူ၍ သော်ငြင်း၊ မရဏံ၊ ခန္ဓာပျက်ပြုန်း, သေဆုံးရခြင်းသည်။ ဟောတိ၊ အမှန်စင်စစ်ဖြစ်တတ်ပေ၏။ ဟိယုတ္တံ၊ထိုစကားကို, ဆိုသင့်ပေစွ။ ပါဏိနော၊ ဘုံသုံးဆယ့်တစ်, ဖြစ်ဖြစ်သမျှ, သတ္တဝါ အနန္တတို့သည်။ ဧဝံဓမ္မာ၊ ဤသို့ဖြစ်ကာအမှန်, ချုပ်ပျက်ပြန်သဖြင့်, ကောန်ဆတ်ဆတ်, သေတတ်သော သဘောရှိကုန်သည်သာတည်း။

ဤသို့စသည်ဖြင့် သလ္လသုတ်လာ တရားတော်တို့ကိုဟောဖော်ညွှန်ပြီး၍ နေရာမှထအာ ကျောင်းတော်သို့ ပြန်ကြွ သွားတော် မူပါတယ်၊ ရဟန်းတော်များ ဆွမ်းကိစ္စပြီး အနုမောဒနာပြု ပြီး၍ ပြန်ကြွသွားလျှင် ဗန္ဓုလ စစ်သူကြီးကတော် မလ္လိကာသည်လည်း ချွေးမ-၃၂-ယောက်ကို ခေါ်၍ "ချစ်သမီးတို့- သင်တို့၏ ခင်ပွန်းလင်တို့သည် ယခုဘဝ၌ အပြစ်မရှိကြကုန်၊ မိမိ, မိမိတို့၏ အတိတ်ကံ၏ အကျိုးကို ရရှိ သွားကြခြင်းသာ ဖြစ်ကြပေတယ်၊ အသင် ချစ်သမီးတို့သည် မငိုကြွေး ကြကုန်လင့်၊ မစိုးရိမ်ကြကုန်လင့် ကောသလ မင်းကြီးအပေါ်၌လည်း အမျက်မထွက်ကြကုန်လင့်" ဟုပြောဆို ဆုံးမလေသတဲ့။

**ဆောင်ပုဒ်။**
ကောင်းမှု-မကောင်းမှု-အစုစုတွေကြုံ၊ ရှေးကံကျိုးဘဲ စွဲမြဲကာယုံ။
ကောင်းတာဆိုက်ရောက်-ဝမ်းမြောက်လှိုက်ခုံ၊မကောင်းဖြစ်-စိတ်ညစ်ဝမ်းနည်းကုန်။
အမှန်သဘော-တွေးတောဆင်ခြင်။ ကံသာမူလ ဖြစ်သမျှ ကြောင်းအင် (စုံလင်)။
.ဝမ်းနည်း ဝမ်းမြောက်၊ ချင့်ထောက်ပယ်လျှင်၊ အေးငြိမ်းမှု-ယခုတွေ့မည်ပင်။

ဒီဝတ္ထု သာဓကကို ကြည့်ပြန်လျှင် မလ္လိကာ စစ်သူကြီးကတော်ဟာ သူမရဲ့ လင်ယောကျ်ား နှင့် သား-၃၂-ယောက် သေဆုံးရသောအခါ "သူတို့ရဲ့ ရှေးအတိတ် ကံအကျိုး တရားကို ရရှိသွား ခြင်း ဖြစ်ပေသည်" ဟု နှလုံးသွင်း ဆင်ခြင်ကာ ဥပေက္ခာပြု လျစ်လျူရှုခြင်းမှာ အလွန် နည်းယူမှတ် သားဘို့ကောင်းတဲ့ အကြောင်းဘဲ ဖြစ်ပါတယ်၊ ဦးပဥ္စင်းတို့ တရားနာ ပရိသတ်များလဲ နည်းယူ မှတ်သားပြီး ဥပေက္ခာ ဘာဝနာကို ကြိုးစား ပွားများကြရန် တိုက်တွန်း လိုက်ရပါတယ်နော်၊ ယခုပြောခဲ့တဲ့ ဝတ္ထုတွေကတော့ သူ့ဘပါးအပေါ်မှာ ဥပေက္ခာ ပြုပုံ လျစ်လျူရှုဇုံတွေဘဲ ဖြစ်ပါ တယ်၊ မိမိအပေါ် ကျရောက် လာတဲ့ သုခ, ဒုက္ခ, ချမ်းသာခြင်း, ဆင်းရဲခြင်းများကိုလဲ ဥပေက္ခာ ပြုလျစ်လျူရှုပုံကိုလဲ မှတ်သား ကြရအောင် အကျဉ်းမျှ ပြောပြ ပါဦးမယ်။

ဦးပဥ္စင်းတို့ မြတ်စွာဘုရားသခင် ပါရမီတော် ဖြည့်ကျင့်စဉ်အခါကဖြစ်ပါတယ်။ ဗုဒ္ဓ မြတ်စွာ အလောင်းတော်သည် စည်းစိမ်ဥစ္စာပေါများကြွယ်ဝ၍ မြတ်သောအမျိုး၌ဖြစ်ကာ အရွယ်ရောက်လျှင် ဒိသာပါမောက္ခဆရာကြီးထံသို့သွား၍ ပညာသင်ယူလေသတဲ့၊ အတတ်ပညာ သင်ကြားတတ်မြောက် လျှင် မိဘတို့အိမ်သို့ပြန်လာ၍ မိဘများကွယ်လွန်ကြသဖြင့် ဆွေမျိုးအပေါင်းက စည်းစိမ်ဥစ္စာကို စောင်းရှောက်ပွားစေရန် စီမံဆောင်ရွက်ဘို့ ပြောဆိုတိုက်တွန်းသော်လည်း အလုံးစုံသောဘဝတို့၌ သင်္ခါရတရားတို့၏မမြဲခြင်းသဘောကို နှလုံးသွင်းကာ သံဝေဂဖြစ်၍ ခန္ဓာကိုယ်၌လည်း မတင့်တယ်မှု အသုဘသညာကိုရရှိ၍ ကိလေသာတောချုံအတွင်းသို့ သက်ဝင်ခြင်းငှါ အလိုမရှိဘဲ ကာမနယ်မှ ထွက်မြောက်လိုသောစိတ်သာ အမြဲဖြစ်ပွားပြီးနေလေသတဲ့၊ သို့အတွက် များလှစွာသော စည်းစိမ် ဥစ္စာစုကို ပယ်စွန့်ကာ ရဟန်းပြုလိုပေမဲ့ တဖန်ဤသို့ ကြံစည်မိပြန်သတဲ့။

"အကယ်၍ ငါရဟန်းပြုပါက ဂုဏ်သတင်းကျော်ကြားခြင်း ဖြစ်နေပေလိမ့်မည်"ဟုစဉ်းစား ကြံစီစဉ်နေတယ်၊ ကျော်စော ထင်ရှားမှုကို လိုလားတော်မ မူဘူးနော်၊ အလောင်းတော်ဟာ ကျော်စောထင်ရှားမှု ဖြစ်မှာကိုပင် စိုးရွံ့တော်မူနေတာ၊ ထင်ပေါ် ကျော်စောမှုကိုလဲလိုလားတော်မမူ, လူအများဘို့၏ လာဘ်ပူဇော်သက္ကာရပြုခြင်းကိုလဲ စက်ဆုတ်သဖြင့် ရဟန်းမပြုဘဲ–

ပဟောမိ စာဟံ လာဘာလာဘာဒီသု နိဗ္ဗိကာရော ဟောတုံ။

(စရိယာပိဋက-၄၁-၂၅၉)။

အဟံ၊ ငါသည်။ လာဘာလာဘာဒီသု၊ လာဘ်ရခြင်း လာဘ်မရခြင်း စသော လောကဓံတရားရှစ်ပါးတို့၌။ နိဗ္ဗိကာရော၊ တုန်လှုပ်မှုကင်း, ဖေါက်ပြန်ခြင်း အလျဉ်းမရှိသည်။ ဟောတုံ၊ အမှန်စင်စစ်ဖြစ်ခြင်းငှါ။ ပဟောမိ၊ မယိမ်းမယိုင်, ကြံ့ကြံ့ခိုင်စွာ, စွမ်းနိုင်ပါမည်လော။

ဤဆိုမိမိကိုယ်ကိုဆင်ခြင်ကာ တည်ကြည်စွာဆုံးဖြတ်၍ ခါးတွင်ပါသော တထည်သောအဝတ်ဖြင့်ပင်လျှင် နေအိမ်မှရောက်ရာပေါက်ရာ ထွက်ခွာသွားလေသတဲ့၊ အလွန်ခေါင်းပါးစွာ ကျင့်ကာ အားရှိသော်လည်း မရှိဘိသို့, မနုံသော်လည်းနုံသကဲ့သို့ သူတပါးတို့အပေါ်၌ စိတ်မငြိတွယ်သူဟူ၍ လူအများ၏ မရိုသေမှု ညှင်းဆဲမှု, ပြုစရာဖြစ်၍ ရွာနိဂုံး မင်းနေပြည် အစရှိသည်တို့၌ တနေ့တညစီနေထိုင်ကာ လှည့်လည်သွားလာနေသတဲ့၊ နှိပ်စက်မှု, ညှင်းပန်းမှု, ရိုသေမှု များစွာပြုလုပ်သူရှိသောနေရာ၌သာ ကြာမြင့်စွာနေလေ့ရှိသတဲ့၊ ဝတ်ဆောခါးဝတ်ပုဆိုးပိုင်း ဆွေးမြေ့စုတ်ပြတ်သော်လည်း တစုံတယောက်သောသူက အဝတ်ပုဆိုးပေးကမ်းသော်လဲမယူဘဲ အရှက်လုံရုံ ဖုံးလွှမ်းကာ နေလေးသတဲ့၊ ဒီလိုသွားလာနေရာ ကာလအတန်ကြာတော့ ရွာတရွာသို့ရောက်ရှိသွားတယ်။

ထိုရွာ၌နေကြသော ကလေးသူငယ်တို့သည် ဆိုးသွမ်းရမ်းကားတတ်သော သဘောရှိကြသတဲ့၊ အချို့သောမုဆိုးမ,သား အချို့သောမင်းကျွမ်းဝင်သူတို့၏သား,မြေး,ကျေးကျွန်တို့သည် အချည်းနှီးတက်ကြွသော မာန်မာန ရှိကြပေတယ်၊ ကြမ်းတမ်းသောနှုတ်ရှိကြတယ်၊အမြဲမပြတ် မြူးတူးပျော်ပါးဆော့ကစားကာ လှည့်လည်နေကြတယ်၊ ဆင်းရဲညှိုးငယ်စွာ လမ်းသွားရသူ လူအို လူမင်း ယောကျ်ားမိန်းမတို့ကို တွေ့မြင်ရလျှင် နောက်မှလိုက်၍ နောက်ကျောပေါ်မှာ မြေမှုန့်,မြေဆုပ်တို့ဖြင့် ကြဲဖြန့်လောင်းထည့်တတ်ကြသတဲ့၊ သူတို့ကိုလှည့်ကြည့်လျှင် ကုန်းယောင်ကွဲယောင်ပြုကာ ပြောင်လှောင်ပြက်ရယ်ပြုတတ်ကြတယ်၊ ဘုရားအလောင်းသည် ထိုရွာသို့ရောက်၍ လူရမ်းကားများ၏ ဤသို့ဖောက်ဖောက်ပြန်ပြန် ကျင့်ကြံကြသည်ကိုတွေ့မြင်ရသဖြင့် "ငါသည် ယခုအခါ ဥပေက္ခာပါရမီကိုဖြည့်ကျင့်ရန် အခွင့်ရပေပြီ"ဟု နှလုံးသွင်းကာ ထိုရွာ၌နေပါတယ်။

အလောင်းတော်ကိုထိုလူရမ်းကားများတွေ့ကြလျှင်မသင့်မလျော်ဖောက်ပြန်သောအမှုများကို ပြုလုပ်ကြရန် အားထုတ်ကြတယ်၊ အလောင်းတော်သည် ထိုလူရမ်းကားများ၏ ဖောက်ပြန်သောအမှုကို သည်းမခံနိုင်သကဲ့သို့ရင်း, ထိုသူတို့ရန်ဘေးကြောက်ရွံ့သကဲ့သို့ရင်း,ထ၍သွားတယ်၊လူရမ်းကားများကလဲ အလောင်းတော်ကို အစဉ်လိုက်ကာ စကြ, နှောက်ရှက်ကြပြန်တယ်၊ လူရမ်းကားများ အစဉ်လိုက်သဖြင့် အလောင်းတော်သည် "ဤနေရာ၌မူ လူရမ်းကားများအား တားမြစ်မည့်သူးမရှိတော့ပေ"ဟု ကြံစီ၍ သုသာန်သို့သွားပြီး လူရိုးကိုခေါင်းအုံးကာ အိပ်နေလေသတဲ့၊ ရွာသူသားငယ် လူရမ်းကားကလေးများသည်လည်း ဘုရားအလောင်းနောက်သို့လိုက်လာကြပြီး ခွဲ့ဟပ်၍ တံတွေးဖြင့်ထွေးခြင်း, နှပ်ဖြင့်ပစ်ပေါက်ခြင်း အစရှိသော ဖောက်ဖောက်ပြန်ပြန် မမှန်သော အမှုများကို ပြုကာသွားကြသတဲ့။ ထိုရွာသူသားငယ် လူရမ်းလူပေကလေးများသည် ဒီလိုနေ့စဉ်လာပြီး ဘုရားအလောင်းကို စကြ,ပစ်မှားလွန်ကျူးကြမြဲ ဖြစ်တယ်။

ပညာရှိသောသူများ မြင်ကြလျှင် ထိုလူရမ်းကားကလေးများကို တားမြစ်၍ "အယ်၊ ဤပုဂ္ဂိုလ်ကြီးသည်။ မဟာနုဘာဝေါ၊ ကြီးသောတန်ခိုးအာနုဘော်ရှိသူတည်း။ တပဿီ၊ မြတ်သော

အကျင့် ရှိသူပေတည်း။ မဟာယောဂီ၊ မြင့်မြတ်သော ယောဂီသူမွန်ကြီးပေတည်း"ဟု သိ၍ မြတ်သောပူဇော်သက္ကာရကို ပြုကြသတဲ့၊ ဤသို့ ရွာသူသားငယ် လူဆိုးလူရမ်းကား ကလေးများက ပြစ်မှားကျူးလွန်ခြင်း, ပညာရှိပုဂ္ဂိုလ်များကမူ အလောင်းဘော်၏ ဂုဏ်ကျေးဇူးကိုသိကာ ပူဇော်သက္ကာရပြုခြင်းအားဖြင့် နှစ်မျိုးနှစ်စားဖြစ်သော်ငြားလည်း အလောင်းတော်ရှဲ့ စိတ်ထားကတော့—

မဟာသတ္တော ပန သဗ္ဗတ္ထ ကေ သဒိသော၀ ဟောတိ မဇ္ဈတ္တဘူတော။
(စရိ - ၄ - ၂၆၀)။

မဟာသတ္တောပန၊ ဘုရား အလောင်းတော်သည်ကား။ သဗ္ဗတ္ထ၊ လူမိုက်တို့နှင့် ပညာရှိများ အားလုံးအပေါ်၌၊ မဇ္ဈတ္တဘူတော၊ ငါ့ကိုလူအများ မလေးစားဘဲ ပြစ်မှားကြသည်ဟူ၍- မုန်းခြင်း သည်လည်းမရှိ သူတို့ ငါ့ကို ကြည်ညိုကော်ရော် ပူဇော်ကြပေသည်ဟူ၍-ချစ်ခြင်းလည်းမရှိဘဲ နှစ်မျိုး လုံးအပေါ်၌ အလယ်အလတ် သဘောရှိသည်ဖြစ်၍ ဖြစ်သော။ကေသဒိသော၀၊ချိန်ခွင်လျှာအလား ကဲ့သို့ တထပ်တည်း တူညီမျှတသော သဘောရှိသည်သာလျှင်။ ဟောတိ၊ ဥပေက္ခာပါရမီ ပြည့်စုံ ညီမို့ ရှင်ကြည်အသင့် ဖြည့်ကျင့်ခြင်း ဖြစ်လေတော့သတည်း။

လူရမ်းကား လူပေ ကလေးများက် စော်စော်ကားကား ပြုမိုက်မှားလဲ စိတ်ထား ချွတ်ယွင်း မုန်းခြင်း အလျှင်းမရှိပေ၊ မြော်မြင်ဉာဏ်ရှိသော ပညာရှိပုဂ္ဂိုလ်က ရိုသေလေးစား ၀တ်တွားကော် ရော် ပူဇော်ကြသော်လည်း ယွင်းချော်စင်စစ် ချစ်ခင်ခြင်းမရှိ၊ပကတိ တည်တန့်ညီမျှစွာ စိတ်ကိုထား တော်မူတယ်၊ ဥပေက္ခာပြု လျစ်လျူရှုတော်မူပါတယ်၊ သို့အတွက် စရိယ ပိဋကပါဠိတော်၌—

ယေ မေ ဒုက္ခံ ဥပဟရန္တိ၊ ယေစ ဒေန္တိ သုခံ မမ။
သဗ္ဗေသံ သမကော ဟောတိ၊ ဒယာ ကောပေါ န ဝိဇ္ဇတိ။
(စရိယပိဋကပါဠိဂါထာ - ၁၂၁ )။

ယေ၊ အမှတ်မထင်, အကြင်သူတို့သည်။ မေ၊ ပါရမီတရား, ဖြည့်ကျင့်ပွားသည့် ငါအား။ ဒုက္ခံ၊ ကိုယ်စိတ်နှစ်တန်, ပူပန်လွန်ကဲ, ဆင်းရဲခြင်းကို၊ ဥပဒဟန္တိ၊ မဖြစ်ဖြစ်အောင်, ရှေးရှုဆောင်မှု ပြုတတ်ကြလေကုန်၏။ ယေစ၊ ဦးဖြူ,ဦးမဲ, စသည်ဘဲဟု, မှတ်စွဲမယူအကြင်သူတို့ကား။ မေ၊ ပါရမီ တရား, ဖြည့်ကျင့်ပွားသည့်ငါအား။ သုခံ၊ ကိုယ်စိတ်နှလုံး, ရွှင်ပြုံးကြည်မြ, ချမ်းသာရခြင်းကို။ ဒေန္တိ၊ သဒ္ဒါလျှမ်းတောက်, ဝမ်းမြောက်ရွှင်လန်း, ပေးကမ်းလှူဒါန်းကြလေကုန်၏။

ယသ္မာ၊ အကြင်ကြောင့်။ဒယာစ၊ငါအား အထူး ကျေးဇူး ပြုဘူးသော သူတို့ကိုကြည်နူးလှ စွာ မေတ္တာစိတ်ထား သနားခြင်းသည်၎င်း။ ကောပေါစ၊ ကျေးဇူး မဲ့အောင် လုပ်ဆောင်သူတို့ကို နောက်နှောင့်,အဆက်ဆက်, အမျက်ထွက်ခြင်းသည်၎င်း။ နဝိဇ္ဇတိ၊ တရားဆင်သ ,အချိန်မှစ၍,တစ မကြွင်း,အလျှင်းမရှိပါချေ။ တသ္မာ၊ ထိုသို့ ချစ်ခြင်းမုန်းခြင်း, အလျှင်းမရှိခြင်းကြောင့်။ သဗ္ဗေသံ၊ ဆင်းရဲချမ်းသာ,ဆောင်ပေးလာသည့်,များစွာဗိုလ်လူ,ထိုအလုံးစုံသောသူတို့အပေါ်၌။ မေ၊ ကုသိုလ် ပါရမီ, ဖြည့်အံ့ရည်သောငါ၏။ စိတ္တံ၊ စိတ်သည်။ သမကော၊နိမ့်မြင့်မရှိ,ပကတိအခြေကျ အညီအမျှ ရှိသည်သာလျှင်။ (ဝါ) သမကော၊ဝဲယာမယိုင်, ကျော်က်သည်တိုင်သို့, ခိုင်ခိုင်မတ်မတ်, ရပ်လျှက် တည်ဘိ, အညီအမျှရှိသည်သာလျှင်။ ဟောတိ၊ တရားဘော်ခေတ်, ရှောင်ရှိန်ဟပ်သဖြင့်, ဆတ်ဆတ် မသေ့, ဖြစ်ရလေတော့သတည်း။

ရွာသူသားငယ် လူရွယ် လူရမ်းကားတို့သည် ငါ့အားကိုယ်၏ ဆင်းရဲခြင်းကို ပြုလုပ်ဆောင် ရွက်တတ်ကြကုန်၏၊ ပညာရှိသော သူတို့သည်ကားပန်းနံ့သာဖြင့်ပူဇော်ခြင်း ဆွမ်းဘောဇဉ်စသည်ကို ရှေးရှုဆောင်ခြင်း အစရှိသည်ဖြင့် ငါ့အား ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့မှုကို ပြုလုပ်တတ်ကြ ပေကုန်၏ ငါ့အားကျေးဇူး ပြုတတ်ကုန်သော သူတို့၏အပေါ်၌ မေတ္တာစိတ်ထား သနားခြင်းလည်း မဖြစ်မရှိပေ၊ ကျေးဇူးမဲ့ကို ပြုတတ်ကုန်သော သူတို့အပေါ်၌ စိတ်ခေတ် တိမ်းပါးပြစ်မှားခြင်း- ဟု ဆိုအပ်သောအမျက်ထွက်ခြင်းသည်လည်းမရှိပေ၊ထိုအလုံးစုံသော ချစ်အပ်သူ မုန်းအပ်သူတို့ အပေါ်၌ မုန်းချစ်မပွား ညီမျှသောစိတ်ထား ရှိသည်သာလျှင် ဖြစ်ပေသည်-ဟု ဆိုလိုရင်းဖြစ်တယ်။

ဥပေက္ခာ ဘာဝနာ ပွားများသော ယောဂီပုဂ္ဂိုလ်ဆိုတာ- သုခဒုက္ခေ တုလာဘူတော၊ ယသေသုအဲသေ သုစ- (စရိ-ပါ - ဂါထာ - ၁၂၂) ဆိုတဲ့အတိုင်း ချမ်းသာခြင်း အရာမှာရင်း, ကိုယ်စိတ်နှစ်တန် ပူပန်ဆင်းရဲခြင်းအရာမှာရင်း၊ ချိန်ခွင်လျှာကဲ့သို့ ညီမျှစွာ ဖြစ်စေရမည်၊ တဖက်နိမ့် မြင့် မရှိစေမူ၍ လျစ်လျူရှုကာ ညီမျှစွာဖြစ်စေရမည်၊ ပွဲလယ်ပြင်မှ ချီးမွမ်းကြခြင်း သူတပါးတို့ စကားစပ်ဖွဲ့ကဲ့ရဲ့ခြင်း စသော အမြင့်အနိမ့်မမှန်သော လောကီတရား အဆိုးအကောင်းများနှင့် တွေ့ကြုံ နေရသော်ငြားလည်း တက်ကြွခြင်း ဆုတ်နစ်ခြင်းမရှိစေမူ၍ လျစ်လျူရှုကာ ညီမျှစွာ ကျင့်ကြံတတ် သော သဘောရှိရမည်ဖြစ်တယ်တဲ့၊ ယင်းကဲ့သို့ ဥပေက္ခာပါရမီ အကျင့်တရားကိုလည်း ကျင့်ကြံပွား များတော်မူသဖြင့် အလောင်းတော်ဟာ ပါရမီဆယ်ရပ် ပြည့်စုံလတ်သဖြင့် မြင့်မြတ်သော ဘုရား အဖြစ်သို့ ရောက်ရှိတော်မူကာ သတ္တဝါများ၏ အားထားရာ ကိုးကွယ်ရာ အမှန်စင်စစ် ဖြစ်တော်မူ လာရခြင်း ဖြစ်ပါတယ်။

သို့အတွက်ဥပေက္ခာဘာဝနာကို သမထ ကမ္မဋ္ဌာန်းအဖြစ်ဖြင့် ဖြစ်စေ,ပါရမီကုသိုလ်အဖြစ်ဖြင့် ဖြစ်စေ ကျင့်ကြံပွားများ ကြိုးစားကြရန် တိုက်တွန်း နှိုးဆော်လိုက်ပါတယ်၊ ကြိုးစားပြီးပွားများနိုင် ကြပါစေ၊ကဲကဲ ဗြဟ္မဝိဟာရ တရားလေးပါးတို့တွင် မေတ္တာ, ကရုဏာ, မုဒိတာ, ဇရွှသုံးပါးကိုတော့ အကျယ်ပွားပုံများကို ပြည့်စုံအောင် ပြောခဲ့ပါပြီ။ ယခုလဲ ဥပေက္ခာဘာဝနာ အကျယ်ပွားများ နည်းကိုလဲ လိုရင်းမျှပြောကြပါဦးစို့ရဲ့၊ ဒီဥပေက္ခာဘာဝနာမှာလဲ အကျယ်ပွားက ၁၃၂- ပါးပင် ရှိပါတယ်၊ ပွားများဘိုတော့ မေတ္တာပို့မှာပါတဲ့ ပုရတ္ထိမာယ ဒိသာယ-အစရှိတဲ့ မေတ္တာမှာ ကမ္မဿကာ-ဆိုတဲ့နောက်ဆုံးပုဒ်ကို သဗ္ဗေသတ္တာ-စသောရှေ့ပုဒ်များနှင့် အသီးသီးတွဲစပ်ပေးလျက်-

၁။ သဗ္ဗေသတ္တာ ကမ္မဿကာ= အလုံးစုံသော သတ္တဝါတို့သည် ကံတရားသာလျှင် ကိုယ် ပိုင်ဥစ္စာ ရှိကြကုန်သည်တကား။

၂။ သဗ္ဗေ ပါဏာ ကမ္မဿကာ= အလုံးစုံသော အသက်ရှိသူတို့သည် ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြ ကုန်သည်တကား။

၃။ သဗ္ဗေ ဘူတာ ကမ္မဿကာ= အလုံးစုံသော ကိုယ်ထင်ရှား ရှိသူတို့သည် ကံတရား သာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်တကား။

၄။ သဗ္ဗေ ပုဂ္ဂလာ ကမ္မဿကာ= အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ကံတရားသာလျှင် ကိုယ် ပိုင်ဥစ္စာ ရှိကြကုန်သည်တကား။

၅။ သဗ္ဗေ သတ္တာအတ္တဘာဝ ပရိယာပန္နာကမ္မဿကာ=အလုံးစုံသောခန္ဓာအတ္တဘောရှိသူတို့သည် ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်တကား၊ ဤသို့ အနောဓိသ ဥပေက္ခာ ၅-ပါးပွားများပြီးလျှင်၊ ဆက်၍–

၁။ သဗ္ဗာ ဣတ္ထိယော ကမ္မဿကာ= အလုံးစုံသော အမျိုးသမီးမိန်းမတို့သည် ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်တကား။

၂။ သဗ္ဗေ ပုရိသာ ကမ္မဿကာ= အလုံးစုံသောအမျိုးသားယောကျ်ားတို့သည် ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်တကား။

၃။ သဗ္ဗေ အရိယာ ကမ္မဿကာ= အလုံးစုံသော အရိယာ ပုဂ္ဂိုလ်တို့သည် ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်တကား။

၄။ သဗ္ဗေ အနရိယာ ကမ္မဿကာ= အလုံးစုံသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်တကား။

၅။ သဗ္ဗေ ဒေဝါ ကမ္မဿကာ= အလုံးစုံသော နတ်ဗြဟ္မာ တို့သည် ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်တကား။

၆။ သဗ္ဗေ မနုဿာ ကမ္မဿကာ= အလုံးစုံသော လူတို့သည် ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်တကား။

၇။ သဗ္ဗေ ဝိနိပါတိကာ ကမ္မဿကာ= အလုံးစုံသော ဖရိုဖရဲ ပြိုကွဲ ပျက်စီးနေကြသော ပြိတ္တာတို့သည် (ဝါ) အလုံးစုံသောအပါယ်ဘုံသူ အပါယ်ဘုံသား သတ္တဝါတို့သည် ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်တကား- ဟူ၍ အမျိုးတူရာ စုပေါင်း စိုင်းခြား၍ သတ်မှတ်ပွားများတဲ့ ဩဓိသဥပေက္ခာ ၇-ပါး- ယခင် ၅- ပါးနှင့် ပေါင်းလျှင် ဥပေက္ခာ ၁၂-ပါးရှိပါတယ်။

ဤနည်း အတိုင်းပင် အရပ်မျက်နှာအားဖြင့် ပိုင်းခြားသတ်မှတ်ပြီးလျှင်လဲ–

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေသတ္တာ ကမ္မဿကာ= အရှေ့အရပ်၌ နေကြကုန်သော အလုံးစုံသောသတ္တဝါတို့သည် ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်သည်တကား- စသည်ဖြင့်အရှေ့အရပ်၌ အနောဓိသ ဩဓိသ ပုဂ္ဂိုလ် ၁၂- ယောက်ဖြည့်အောင် ပွားများရပါတယ်။

၂။ ပစ္ဆိမာယ ဒိသာယ– အနောက်အရပ်၌ ၁၂- ယောက်။

၃။ ဥတ္တရာယ ဒိသာယ– မြောက်အရပ်၌ ၁၂- ယောက်။

၄။ ဒက္ခိဏာယ ဒိသာယ– တောင်အရပ်၌ ၁၂- ယောက်။

၅။ ပုရတ္ထိမာယ အနုဒိသာယ– အရှေ့တောင်အရပ်၌ ၁၂- ယောက်။

၆။ ပစ္ဆိမာယ အနုဒိသာယ– အနောက်မြောက်အရပ်၌ ၁၂- ယောက်။

၇။ ဥတ္တရာယ အနုဒိသာယ-အရှေ့မြောက်အရပ်၌ ၁၂-ယောက်။

၈။ ဒက္ခိဏာယ အနုဒိသာယ-အရှေ့မြောက်အရပ်၌ ၁၂-ယောက်။

၉။ ဟေဋ္ဌိမာယ ဒိသာယ-အောက်အရပ်၌ ၁၂-ယောက်။

၁၀။ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ ကမ္မဿကာ=

အထက်အရပ်၌ နေကြကုန်သော အလုံးစုံသော သတ္တဝါတို့သည် ကံတရားသာလျှင် **ကိုယ်ပိုင်**ဥစ္စာ ရှိကြကုန်သည်တကား-စသည်ဖြင့် အနောဓိသ ဩဓိသ ပုဂ္ဂိုလ် ၁၂-ယောက် ပြည့်အောင် ပွားများရမည်၊ ဒီလိုအရပ် (၁၀) မျက်နှာမှာ ပုဂ္ဂိုလ် (၁၂)ယောက်စီ ပြည့်အောင် ပွားများရသောကြောင့် အရပ်မျက်နှာ အားဖြင့် ပိုင်းခြားမှတ်သား ထားတဲ့ ဥပေက္ခာ ၁၂၀-ကိုတော့ ဒိသာ ဖရဏ ဥပေက္ခာ-ဟု ခေါ်ဆိုပါတယ်၊ ယခင်က အရပ်မျက်နှာ မပိုင်းခြားဘဲ ပွားများတဲ့ ဥပေက္ခာ ၁၂-ပါးနှင့် ပေါင်းလျှင် ဥပေက္ခာ ဘာဝနာပေါင်း ၁၃၂-ပါး ရရှိပါတယ်။

ယခု ပြောခဲ့ပြီးတဲ့ မေတ္တာ ဘာဝနာ၌ ၅၂၈-ပါး၊ ကရုဏာ ဘာဝနာ၌ ၁၃၂-ပါး၊ မုဒိတာ ဘာဝနာ၌ ၁၃၂-ပါး၊ ဥပေက္ခာ ဘာဝနာ၌ ၁၃၂-ပါး အကျယ် ပွားများပုံဟာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ပြဆိုတဲ့ နည်းအတိုင်းပင် ဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာဝင် သူတော်စင်များ အားလုံးလိုလို ရရှိပြီး နေ့စဉ် ည နံနက်တိုင်း မေတ္တာပို့ရာမှာ ရွတ်ဆို ပွားများ နေကြဖြစ်တဲ့-

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ။

သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ။ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ။

အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (မေတ္တာ ဘာဝနာ)

ဒုက္ခာ မုစ္စန္တု၊ (ကရုဏာ ဘာဝနာ)

ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု (မုဒိတာ ဘာဝနာ)

ကမ္မဿကာ (ဥပေက္ခာ ဘာဝနာ)

ဒီမေတ္တာပို့ပါဠိအတိုင်း အကျယ်ပိုင်းခြားပြီး ပွားများလိုက်ခြင်း ဖြစ်ပါတယ်။

ယခု ထုတ်ပြခဲ့တဲ့ ကမ္မဿကာဟူသော ပုဒ်မှတပါး ယင်းပုဒ်နှင့် အနက်အဓိပ္ပါယ် တူသော အင်္ဂုတ္တရ နိကာယ် ပဉ္စက နိပါတ်၊ အဘိဏှသုတ်၌-

သဗ္ဗေသတ္တာ ကမ္မဿကာ၊ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပဋိသရဏာ၊ ယံကမ္မံ ကရိဿန္တိ ကလျာဏံဝါ ပါပကံဝါ၊ တဿ ဒါယာဒါ ဘဝိဿန္တိ။

(အ-၂-၆၅) ဟူ၍ ဟောတော်မူသော ပါဠိတော်အတိုင်း-

၁။ သဗ္ဗေသတ္တာ ကမ္မဿကာ=အလုံးစုံသော သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏တကား။

၂။ သဗ္ဗေသတ္တာ ကမ္မဒါယာဒါ=အလုံးစုံသော သတ္တဝါတို့သည် ကံ၏ အမွေခံသာ ဖြစ်ကြကုန်သည်တကား။

၃။ သဗ္ဗေသတ္တာ ကမ္မယောနီ=အလုံးစုံသော သတ္တဝါတို့သည် ကံသာလျှင် ချမ်းသာခြင်း ဆင်းရဲခြင်း၏ အကြောင်း ဖြစ်ကုန်သည် တကား။
၄။ သဗ္ဗေသတ္တာ ကမ္မဗန္ဓူ=အလုံးစုံသော သတ္တဝါတို့သည် ကံသာလျှင် အဆွေခင်ပွန်းရှိကြကုန်သည်တကား။
၅။ သဗ္ဗေသတ္တာ ကမ္မပ္ပဋိသရဏာ=အလုံးစုံသော သတ္တဝါတို့သည် ကံတရားသာလျှင် ကိုးကွယ်ရာ, အားထားရာ ရှိကြကုန်သည်တကား။
၆။ သဗ္ဗေသတ္တာ ယံကမ္မံ ကရိဿန္တိ ကလျာဏံဝါ ပါပကံဝါ၊ တဿဒါယာဒါ ဘဝိဿန္တိ-အလုံးစုံသော သတ္တဝါတို့သည် ကောင်းမှုကံကို ပြုလုပ်ကြလျှင် ကောင်းကျိုးအမွေကို ရရှိခံစားကြရမည်၊ မကောင်းမှုကံကို ပြုလုပ်လျှင် မကောင်းကျိုး ဆိုးမွေကို ခံစားကြရမည်သာ တကား-ဟူ၍ ပရိယာယ် ပုဒ် လဲလှယ်တာ အဖန်ဖန်အထပ်ထပ် ပွားများ ဆင်ခြင် ကြရမည်-ဖြစ်ပါတယ်၊ မိမိတို့ ဉာဏ်အမြင်၌ ထင်မြင်လွယ်သော နည်းတို့ဖြင့် ဆင်ခြင်ပွားများ ကြရန် ဖြစ်ပါတယ်၊ ကမ္မဒါယာဒါ- စသော ပုဒ်များဖြင့် ပွားများရာမှာလည်း အားလုံး ၁၃၂-ပါး ရရှိအောင် ပွားများကြရမည်၊ ကဲ-ကဲ-ဥပေက္ခာ ဘာဝနာ ၁၃၂-ပါးကိုလဲ မှတ်မိသွားကြအောင် လက်ာဆောင်ပုဒ်ကလေးများကို လိုက်ပြီးဆိုကာ မှတ်သား ထားကြပေတော့။

ဆောင်ပုဒ်၊ ၁။ ကံသာဥစ္စာ၊ ရှိပေတာ၊ ပွားရာ ဥပေက္ခာ။
၂။ နော-မိ-ပဥ္စ၊ ဩ-သတ္တ၊ ဒွါဒပုဂ္ဂလာ။
၃။ အရပ်ဆယ်မျက်နှာ၊ မြှောက်ပွားကာ၊ တရာ့နှစ်ဆယ်သာ။
၄။ ရပ်ပိုင်း မဖြစ်၊ ပွားဆယ့်နှစ်၊ ပေါင်းလှစ် တဖန်သာ။
၅။ တရာ့သုံးဆယ် ၊နှစ်ပါးကယ်၊ပွားဘွယ် ဥပေက္ခာ။

ဒီလောက်ဆိုလျှင်ဥပေက္ခာဘာဝနာ အကျယ်ပွားများပုံကိုလဲ ကောင်းစွာမှတ်သားမိလောက်ကြပါပြီ။ ဥပေက္ခာ ဘာဝနာပွားများသဖြင့် ရရှိအပ်သော သုခံ သုပတိ-အစရှိသော အကျိုးတဆယ့်တပါးကိုတော့-အာနိသံသပဋိလောဘာစ မေတ္တာယ ဝုတ္တာန ယေနေဝဝေဒိတဗ္ဗော-ဟူ၍ ဆိုတဲ့အတိုင်း မေတ္တာဘာဝနာမှာ ဆိုခဲ့တဲ့အတိုင်းဝင် သိကြရမှတ်သားကြရမည် ဖြစ်ပါတယ်။

ယခုတော့ ဥပေက္ခာ ဘာဝနာကိုပင် ပြည့်ပြည့်စုံစုံ ဟောကြားခဲ့သဖြင့် အချိန်အတန်ငယ် ကြာညောင်း သွားပြီနော်၊ တော်တော်လဲ မှတ်မိလောက်ကြပါပြီ၊ တရားပွဲသိမ်းရန် အချိန်လဲ တန်ပြီ ဖြစ်သဖြင့် အလုံးစုံသော သတ္တဝါများ အပေါ်၌ ဥပေက္ခာ ဗြဟ္မစိုရ်ရေပက်ဖြန်းပြီး တရားပွဲသိမ် ကြပါစို့၊ အားလုံးသော ဓမ္မမာမက သူတော်ကောင်းတို့ သာဓုသံ မြိုင်မြိုင် ခေါ်ကြရအောင် လက်အုပ်ကိုယ်စီ ချီထားကြပါတော့။

ကမ္မဿကာစ ဒါယာဒါ၊ ယောနီ ဗန္ဓူစ ပါဏိနော။
ပုနပ္ပုနံ မနေကတ္တာ၊ ဘာဝေန္တု ဓမ္မ မာမကာ။

ပါဏိနော၊ သုခနှင့်လည်း တွေ့ကြုံ, ဒုက္ခနှင့်လည်းတွေ့ကြုံ အလုံးစုံ များစွာ သတ္တဝါတို့သည်။ ကမ္မဿကာစ၊ ကောင်းမှု, မကောင်းမှု, ပေါင်းစုပြုလာ, ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာ,

ရှိကုန်သည်သာတည်း။ ဒါယာဒါစ၊ မိမိမူမှန်, နှစ်မျိုးကံ၏, အမွေခံသာ, မှန်စွာစင်စစ် ဖြစ်ကြကုန်သည်သာလျှင်တည်း။ ယောနိစ၊ ဆင်းရဲချမ်းသာ ကျိုးနှစ်ဖြာ၏, မှန်စွာဖြစ်ခြင်း, အကြောင်း ရင်းကား, ကံတရားသာလျှင် ဖြစ်ပေကုန်သတည်း။ ဗန္ဓုစ၊ ကံတရားသာ,ကြောင်းရှိလာက, ပေးကာကူရိုး, အဆွေအမျိုးတို့သာတည်း။ ဣတိ၊ ဤသို့။ ဓမ္မ မာမတာ၊ ရှင်တော်မြတ်ဘုရား, ဟောဖော်ကြားသည့်, တရားမြတ်နိုး, သူတောင်းမျိုးတို့သည်။ ပုနပ္ပုနံ၊ နေ့ရောညပါ, ဘယ်ခါမပြတ်, အကြိမ်ကြိမ်အထပ်ထပ်။ မနေကတ္တာ၊ နှစ်ခြိုက် ရွှင်ပြုံး, နှလုံးသွင်း၍။ ဘာဝေန္တု၊ ကျင့်ကြံ ကြိုးစား, ပွားများကြစေကုန်သတည်း။ (ဝါ) ဘာဝေန္တု၊ ဘုရားလောင်းအစ, များစွ ထောင်သောင်း, သူတော်ကောင်းတို့, ကျင့်ဟောင်းလမ်းရိုး, စိတ်ဝယ်ကိုး၍, ကြိုးကြိုးစားစား, ကျင့်ကြံပွားများကြစေကုန်သတည်း။

(အဘိဓမ္မာတပ်၍ တရားပွဲ သိမ်းရန်)

❁ ❁ ❁ ❁ ❁

# သောကကင်းဝေး နေနိုင်ရေးတရားတော်

## သောကငြိမ်းရန်-တရားမှန်

ယထာ သရဏ မာဒိတ္တံ၊ ဝါရိနာ ပရိနိဗ္ဗယေ။
ဧဝမ္ပိ ဓီရော သပညော၊ ပဏ္ဍိတော ကုသလော နရော။
ခိပ္ပ မုပ္ပတိတံ သောကံ၊ ဝါတော တူလံဝ ဓံသယေ။

(သုတ္တနိပါတ-သလ္လသုတ္တ-ဂါထာ-၅၉၆)။

အာဒိတ္တံ၊ နေပူစဉ်အခိုက်, လေကူတိုက်သဖြင့်, စွဲပိုက်ထွန်းပြောင်, မီးလောင်နေသော။ သရဏံ၊ လူတို့နေရာ အိမ်ဂေဟာကို။ ဝါရိနာ၊ အေးမြကြည်လင်, ရေစင်ဖြင့်။ ပရိနိဗ္ဗယေယထာ၊ လျင်စွာချဉ်းကပ်, ငြိမ်းသတ်ရာ သကဲ့သို့။ ဧဝမ္ပိ၊ ပမာနိုင်ယှဉ်, ဤနည်းအတူလည်း။ ဓီရော၊ ကောင်းမွန်စိတ်ဓာတ်, မြင့်မြတ်လျော်ညီ, တည်ကြည်သည်ဖြစ်၍။ သပညော၊ ပဋိသန္ဓေ, တည်နေစွဲသိ, ပညာရှိသော။ ပဏ္ဍိတော၊ အကြားအမြင်, ပြည့်စုံလင်သဖြင့်, ဂုဏ်အင်ကြီးဘိ, ပညာရှိ၍။ ကုသလော နရော၊ ကြောင်းရာကိစ္စ ဟူသမျှကို, တွေးဆမျှော်မှန် ခွဲခြမ်းစိတ်ဖြာ, စီရင်ရာ၌, လိမ္မာသောပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏အပေါ်၌။ ဥပ္ပတိတံ၊ သဘောအလျောက်, ပြောစလောက်ပေ, ကျရောက်နေသော။ သောကံ၊ သားစသလင်ဆုံး, ကုန်ရှုံးကြွေးတင်, လိုအင်မပြည့်, အစရှိသဖြင့်, များဘိပူရှိန်, စိတ်မငြိမ်ဟု, စိုးရိမ်ပူ သောကကို။ ခိပ္ပံ၊ဆောဆောလျင်စွာ, မြန်မကြာ။ ပရိနိဗ္ဗယေ၊ စွမ်းအား ထက်မြက်, တရားစက်ဖြင့်, ပယ်ဖျက်ခပ်သိမ်း, ငြိမ်းအေးစေရာ၏။ ဝါတော၊ အင်အားကြီးစွာ တိုက်ခတ်လာသော လေသည်။ တူလံ၊ ပေါ့ပါးလှစွာ, လဲဝါဂွမ်းကို။ ဓံသယေဣဝ၊ ခရီးယူဇနာ, များစွာဆောင်ပြီး, တိုက်ခတ်ဖျက်ဆီး, လေသကဲ့သို့။ သောကံ၊ ကိုယ်တွင်းရန်သူ, အမှန်ဟူသည့်, အပူကြီးလှ, စိုးရိမ်မှု သောကကို။ ဓံသယေ၊ ကြောင်းကျိုးဆင်ခြင်, ဉာဏ်အမြင်ဖြင့်, လျင်လျင်ဖွဲ့စီး, ချုပ်ပျောက်ပြီးအောင်, ဖျက်ဆီး လေရာတည်း။

လူ့ရွာဌာန လူ့လောကဝ်၌ မိမိတို့ နေထိုင်ရာ အိမ်ဂေဟာကို အလျှံတပြောင်ပြောင်ခ် မီးစွဲလောင်နေလျှင် မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်ပြီး ကြည့်နေလို့ လောင်နေတဲ့မီးဟာ အလိုလို သူ့ဘာသာ ငြိမ်းသွားမှာ မဟုတ်ပါဘူး။ လျင်လျင်မြန်မြန် ရေကို ယူဆောင်ပြီး မီးပေါ်သို့ လောင်းချ ငြိမ်းသတ်ပေးမှသာလျှင် အဲဒီစွဲလောင်နေတဲ့မီးဟာ ငြိမ်းအေးပြီး သွားပါတယ်၊ ထိုနည်းတူစွာပင် တည်ကြည် ဖြောင့်မတ်ခြင်းသဘောရှိ၍ ပဋိသန္ဓေပညာဉာဏ်ရှိသော အကြားအမြင် အတွေးအခေါ် ပညာရှိ၍ အကြောင်းအကျိုး, ကောင်းဆိုးစုံစွာ, စီရင်ရာ၌ လိမ္မာသော ပုဂ္ဂိုလ်ဟာ မိမိ၏ ကိုယ်အပေါ်၌ ကျရောက် ဖြစ်ပေါ်နေသော နှလုံးမငြိမ် စိုးရိမ်ပူဆွေးမှုသောကတရားကို လျင်မြန်စွာ ပယ်ရှား၍ ငြိမ်းအေးအောင် ပြုလုပ်ရမည် ဖြစ်တယ်တဲ့၊ အင်အား ကြီးမားစွာ တိုက်ခတ်လာသော လေသည် လွန်စွာ ပေါ့ပါးလှတဲ့ လဲဝါဂွမ်းဆိုင်ကြီးကို ခရီးယူဇနာပေါင်း သောင်သောင်းမက

ယူဆောင်လျှက် တိုက်ခတ်ဖျက်ဆီး ပစ်သကဲ့သို့ မိမိတို့ စိတ်အစဉ်၌ ခိုဝင်ငြိကပ်မပြတ်နှိပ်စက် တတ်သော စိုးရိမ်မှုသောကတရားဆိုးကိုလဲ လျင်လျင်မြန်မြန် ချုပ်ပျောက် ပျက်စီးအောင် ဖျက်ဆီးပစ်ရမည်လို့ ဆိုတယ်နော်။

ယခုအခါမှာတော့ "သောကငြိမ်းရန်, တရားမှန်"ကို ဝေဘန်ပိုင်းခြားပြီး ဟောကြားမည်ဖြစ်တဲ့အတွက် အထက်ပါ သုတ္တန်နိပါတ်, သလ္လသုတ်လာ တရားဂါထာကို ရွတ်ဆိုလိုက်ရခြင်းဖြစ်တယ်၊ လောကလူ့ဘောင်၌ သံယောဇဉ်နှောင်ကြိုးဖြင့် မလွတ်နိုင်, ရုန်းမထွက်နိုင်အောင် ဖွဲ့ယှက်နှောင်သွင်းထားရခြင်းခံနေရကြတဲ့ ပုထုဇဉ်များစွာသတ္တဝါတို့မှာ သားကြောင့်လဲ စိုးရိမ်မှု,ပူဆွေးမှုဖြစ်နေကြရတယ်၊ သမီးကြောင့်, ဇနီးကြောင့်, လင်ကြောင့် အဆွေအမျိုး အပေါင်းအသင်းများကြောင့်လဲ စိုးရိမ်ပူဆွေး ကြရတာဘဲ၊ စီးပွားဥစ္စာရ တနာအသီးသီး ပျက်စီးခြင်းကြောင့်လဲ အပူကြီး ပူကြရတာဘဲနော်၊ "လူတခု ပူမှုရယ်က ဆယ်ကုဋေ" ဆိုတဲ့အတိုင်း လူ့ဘုံလောက လူဘဝသို့ ခေတ္တခဏ ရောက်ရှိလာရခိုက်မှာ သားသေ, လင်ဆုံးသဖြင့် အပူလုံးကြရတဲ့ ဒုက္ခ၊ သမီး, သားနှင့် ဇနီးမယား အစီးအပွားတို့ ပျက်စီးသဖြင့်လဲ အပူမီးကြရတဲ့ ဒုက္ခတွေဆိုတာ အလွန်များပြားလှတာတာလား၊ ချမ်းသာမှုသုခကလေး အနည်းငယ်မှာ ဒုက္ခတွေ ဝိုင်းဝိုင်းလည်နေတော့တာ ဘဲကိုး။

**ဆောင်ပုဒ်။** ၁။ အိမ်မီးလောင်စဉ်၊ ရေယူငင်၊ လျင်လျင် မီးကိုငြိမ်းရာသည်။
၂။ မီးမငြိမ်းက၊ အိမ်ပြာကျ၊ ဒုက္ခဆတ်ဆတ် ရောက်တတ်သည်။
၃။ ပညာရှိကား၊ သောကများ၊ တရားရေဖြင့် ငြိမ်းရာသည်။
၄။ သောကမပယ်၊ ပူဆွေးကြွယ်၊ သွယ်သွယ်ဒုက္ခ ရောက်တတ်သည်။
၅။ လေသည်လဲဝါ၊ တိုက်လွင့်ကာ၊ ဝေးစွာလွင့်ပစ်-ဖျက်နိုင်သည်။
၆။ စိုးရိမ်ပူပွား၊ ဗျာပါများ၊ တရားရေဖြင့် ငြိမ်းနိုင်သည်။

ဟူ၍ဆိုတဲ့အတိုင်းဘဲ မိမိတို့နေထိုင်ရာ အိမ်ဂေဟာကို မီးစွဲလောင်ပါက လျင်မြန်စွာ ရေကိုယူငင်၍ မီးကိုငြိမ်းအေးစေကြရတယ် မဟုတ်လား၊ စွဲလောင်နေတဲ့မီးကို ငြိမ်းအေးအောင် ကြိုးစားအားထုတ်မှု မပြုဘူးဆိုပါက တအိမ်လုံး လောင်ကျွမ်းပြာကျသွားပြီး အိမ်သူ အိမ်သားအားလုံးအိုးမဲ့အိမ်မဲ့ဖြစ်ပြီး စိတ်ဆင်းရဲရခြင်းဒုက္ခ, ကိုယ်ဆင်းရဲရခြင်းဒုက္ခ အဝဝနှင့် မုချတွေ့ကြရမည်ဖြစ်တယ်တဲ့၊ ထိုနည်းတူစွာပင် အသိအလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံသော သူသည် မိမိဃဏ္ဍာန်၌ ကပ်ရောက်ဖြစ်ပေါ်နေတဲ့ စိုးရိမ်ပူဆွေးခြင်းဆိုတဲ့ သောကတရားဆိုးကိုလဲ လျှင်မြန်စွာ သမ္မဇဉ်တရားလက်ကိုင်ထားပြီး ဖယ်ရှားပစ်ရမည်၊ သောကကို ရင်ဝယ်ပိုက်ပြီး အလိုက်သင့်ထားပါက တစ တစကြီးပွားပြီး ပျက်စီးရာပျက်စီးကြောင်း ကောင်းကောင်းကြီး ဖြစ်တတ်ပါတယ်။

စိုးရိမ်ပူဆွေးကြရတယ်ဆိုတာ လောကီရတနာ စီးပွားဥစ္စာ ပျက်စီးခြင်းကြောင့်လဲ စိုးရိမ်သောက ရောက်ကြရတာဘဲ၊ ထို့ထက် ပို၍ဆိုးတာက သားသေခြင်းကြောင့်, သမီးသေခြင်းကြောင့်, ဇနီးသေခြင်းကြောင့်, လင်ယောကျ်ား ဆုံးပါးကွယ်လွန်ခြင်းကြောင့် စိုးရိမ်သောက ရောက်ကြရတာက ပိုမိုလွန်ကဲစွာ စိုးရိမ်သောက ရောက်ကြရတယ်၊ မိဘ ဘိုးဘွား ပျက်စီးတိမ်းပါးခြင်းကြောင့်လဲ စိုးရိမ်ပူဆွေး ကြရတယ်၊ ဆွေမျိုးမိတ်သင်္ဂဟ ပျက်စီးခြင်းကြောင့်လဲ စိုးရိမ်ပူဆွေးမှု ဖြစ်ကြရတယ်နော်၊ ဒါ့ကြောင့်မို့လဲ ရှေးပညာရှိကြီးများက "လူတခု ပူမှုရယ်က ဆယ်ကုဋေ"ဟု ဆိုခဲ့ခြင်းဖြစ်ပါတယ်။

ဒီလို အမျိုးမျိုးသော စိုးရိမ်ပူဆွေးရမှု သောကဒဏ်ချက်ကို မြတ်စွာဘုရား၏ အဆုံးအမဖြစ်တဲ့ တရားဓမ္မကျွန်ဖြင့်သာ ရှင်းရှင်းပျောက်အောင် ပယ်ဖျောက်နိုင်တာ အေးငြိမ်းစေနိုင်တာဘဲဖြစ်တယ်၊ ယခုအခါ ဒကာ, ဒကာမများလဲ မိမိတို့ရဲ့ ကျေးဇူးရှင်ဖြစ်တဲ့သူ ကွယ်လွန်တိမ်းပါးသွားသဖြင့် စိုးရိမ်ပူဆွေးမှုသောက ဖြစ်ကြရပါတယ်၊ ယခုလို ဉာတိဗျသနနှင့် တွေ့ကြုံရသဖြင့်ဖြစ်ရသော စိုးရိမ်မှုသောကကို မြတ်စွာဘုရား၏ သားတော် သမီးတော်ဖြစ်သော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များ ဖြစ်သည့်အားလျော်စွာ ဘုရားရှင်၏ တရားရေအေးဖြင့်သာလျှင် ဖြစ်ပေါ်လာတဲ့သောကအပူမီးကို ငြိမ်းအေးစေရပါမယ်၊ သောကကင်းဝေး, နေနိုင်ရေးအတွက် ဆေးချက်ကိုရှာပါလျှင် ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော်တည်းဟူသော အမြိုက်ဆေးနှင့်တူသော သောကပြေဆေးဆိုတာ ရှိနိုင်မည်မဟုတ်ပါဘူး၊ သောကကင်းဝေး နေနိုင်ရေးအတွက် ဆေးချက်ချပုံကိုကျမ်းဂန်လာ အာဂုံဖြင့် စုံလင်အောင် ထုတ်ဆိုပြကြဦးစို့။

အခါတပါးတွင် အရှင်နာရဒမထေရ်မြတ်သည် ပါဋလိပုတ်မြည် ကုက္ကုဋသဌေး ဆောက်လုပ် လှူဒါန်းအပ်သော ကုက္ကုဋာရုံကျောင်းတော်၌ ချမ်းမြေ့သာယာစွာ သီတင်းသုံးလျက်နေတော်မူပါတယ်။ ထိုစဉ်အခါ ပါဋလိပုတ်ပြည်ကြီးကို အစိုးရသော မုဏ္ဍအမည်ရှိသော မင်းကြီး၏ လွန်စွာ ချစ်ခင်မြတ်နိုးအပ်သော ဘဒ္ဒါမည်သော မိဖုရားကြီးသည် နတ်စွာစံ ကံတော်ကုန်ရှာလေတယ်တဲ့။

ယင်းကဲ့သို့ လွန်စွာ ချစ်ခင်မြတ်နိုးအပ်သော ဘဒ္ဒါမိဖုရားကြီး နတ်စွာလားခြင်း-ဟူသောအကြောင်းကြောင့် ပါဋလိပုတ်ပြည့်ရှင် ဘုရင် မုဏ္ဍမင်းကြီးသည် ရေကိုလဲမချိုးနိုင်, ပန်းမာလ်ပန်ဆင်ခြင်း, နံ့သာလိမ်းကျံခြင်းတို့ကိုလဲ မပြုလုပ်နိုင်တော့ဘူးတဲ့၊ ထမင်း အစာအာဟာရကိုလဲလုံးဝ မစားသောက်နိုင်တော့ တိုင်းရေးပြည်ရာအဖြာဖြာ မင်းမှုကိစ္စ အဝဝတို့ကို ပြုလုပ်ဘို့ရာတားဆိုဘွယ်ရာပင်မရှိတော့ဘူး၊ အားလုံးကုန် လျစ်လျူရှုထားတော့တယ်တဲ့၊ နေ့ရောညပါ အချိန်ရှိသမျှချစ်လှစွာသော ဘဒ္ဒါမိဖုရားကြီး၏ ဥတုဇရုပ်အလောင်းကောင်ကိုသာလျှင် တပ်မက်သော တဏှာလောဘ လွှမ်းမိုးကာ တစိမ့်စိမ့်ကြည့်ပြီး ပူဆွေးသောက ရောက်ရှိနေလေတယ်တဲ့။

ထိုအခါ မုဏ္ဍမင်းကြီးသည် မိမိ၏ဘဏ္ဍာစိုးဖြစ်သော ပိယကအမတ်ကို ခေါ်ပြီးလျှင်—

အချင်း ပိယက သို့ဖြစ်လျှင် ဘဒ္ဒါမည်သော မိဖုရားကြီး၏ ဥတုဇရုပ် အလောင်းကောင်ကိုငါတို့သည် နှစ်ကာလရှည် ကြာစွာ ကြည့်မြင် နိုင်လေအောင် ဆီထည့်သော မှန်ခေါင်း၌ ထည့်ပြီးလျှင် မှန်ဖြင့်ပြီးသော ခေါင်းဖုံးဖြင့် ကောင်းမွန် သေချာစွာ ပိတ်ဖုံးထားပါလေ-ဟု အမိန့်တော်မြွတ် ချမှတ်ဘော် မူသိက်သတဲ့၊ ရှေးအခါကလဲ မိမိတို့ ချစ်မြတ်နိုးသောသူ သေဆုံးလျှင် ဒီလို ရုပ်အလောင်းကောင် မပုပ်မသိုးရလေအောင် နည်းအမျိုးမျိုးဖြင့် ကြံဆောင်ကာ ထားခဲ့ကြတာဘဲနော်-သံယောဇဉ် အစွဲကြီးတော့သောက မီးတဟုန်းဟုန်း တောက်လောင်ပြီး နေတော့တာပေါ့၊ ဒါ့ကြောင့်မို့ သံယောဇဉ်ကို နည်းနိုင်သမျှ နည်းပါးအောင် ကြိုးစားကြရမည် ဖြစ်ပါတယ်၊ မုဏ္ဍမင်းကြီးဟာလဲ သံယောဇဉ် ကြီးခဲ့တဲ့အတွက် ယခုအပူသယ်ကြီး လုံ လုံး ဖြစ်နေရ ရှာတော့တယ်။

မုဏ္ဍမင်းကြီးက ယင်းကဲ့သို့ အမိန့်တော်မြွတ် ချမှတ်လေလျှင် ပိယက ဘဏ္ဍာစိုးကလဲ "ဝံ ဒေဝ-ကောင်းပါပြီ အရှင်မြတ်"ဟု လျှောက်ထားကာ ဘုရင်မင်းမြတ် အမိန့်တော်အတိုင်း ဘဒ္ဒါမိဖုရား

ကြီး၏ ဥပဟုဇရုပ်အလောင်းကျောင်းကို ဆီထည့်သော မှန်ခေါင်း၌ ကောင်းမွန်စွာ ထည့်ပြီး သေသေ ချာချာ ပိတ်ဖုံးထားပြီးလျှင် ဒီလိုအကြံတခု ဖြစ်ပေါ်လာသတဲ့။

ဤမုဏ္ဍမည်သော မင်းကြီးသည် ချစ်ခင်မြတ်နိုး လှသော မိဖုရားကြီး ဘဒ္ဒါဒေဝီ နတ်ရွာစံ သွားခြင်းကြောင့် မစားနိုင် မသောက်နိုင် တိုင်းပြည်ရေးရာကိုလဲ မစီရင်နိုင်အောင် ဖြစ်နေပေပြီ၊ နေ့ရောညဉ့်ပါ မိဖုရား ဘဒ္ဒါဒေဝီ၏ ရုပ်အလောင်းကောင်ကိုသာ ကြည့်ပြီး သေးကမီး တောက် လျက် နေပေသည်၊ သောကတည်းဟူသော မြောင့်တံသင်း စူးဝင်လျက် နေပေပြီ။

မုဏ္ဍမင်းကြီးသည် အကြင်ရဟန်း ပုဏ္ဏား သူတော်ကောင်းများ၏ သောက ငြိမ်းကြောင်း တရားကောင်းကို နာယူမှတ်သားရ၍ စိတ်အစဉ်၌ စူးဝင်နေသော သောကတည်းဟူသော ငြောင့် တံသင်းကို အဟုတ်တကယ် နုတ်ပယ်နိုင်ပေသည်၊ အဘယ်သို့သော သဘောရှိသော ထိုရဟန်း ပုဏ္ဏား သူတော်ကောင်းများအထံသို့ ချဉ်းကပ်စေချပါမည်နည်း-ဟု ဆင်ခြင် စဉ်းစားသောအခါ ကုက္ကုဋာရုံ ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူသော အရှင်နာရဒ မထေရ်မြတ်ကို အမှတ်ရလေ သည်၊ အရှင်နာရဒမထေရ်မြတ်သည်ကား "ပညာရှိသည် အကြားအမြင် ဗဟုသုတနှင့်လည်းပြည့်စုံ သည်၊ ဆန်းကြယ်သော တရားစကားကိုလည်း ဟောကြားတတ်သည်၊ ကိလေသာ ကုန်ခန်းပြီး ဖြစ်လေသော ရဟန္တာ မထေရ်မြတ်ကြီး တပါးလည်း ဖြစ်သည်" ဟု ထင်ပေါ် ကျော်ကြားသော မဟာ ထေရ်ကြီးတပါး ဖြစ်ပေသည်။

ဘဏ္ဍာစိုး ပိယကသည် အရှင်နာရဒမထေရ်၏ အကြောင်းကို စဉ်းစားပြီးလျှင် မုဏ္ဍမင်းကြီး ရှိရာ အရပ်သို့ သွားရောက် ချဉ်းကပ်ကာ-

အို-အရှင်မင်းကြီး-ဤပါဋလိပုတ် ပြည်ကြီးတွင် ကုက္ကုဋာရုံ ကျောင်းတိုက်၌ အရှင်နာရဒ အမည်ရှိသော မထေရ်မြတ်တပါး သီတင်းသုံးလျက် ရှိပါသည်၊ ထိုအရှင် နာရဒ မထေရ်မြတ်သည် ကြောင်းကျိုး မြင်သိပညာရှိသည်၊ လိမ္မာတော်မူလှသည် အကြားအမြင် ဗဟုသုတနှင့်လည်း ပြည့်စုံ တော်မူသည်။ ဆန်းကြယ်သော တရားစကားကိုလည်း ဟောကြားတော် မူတတ်သည်၊ ကောင်းမြတ် သော စကားကိုလည်း ပြောကြားတော် မူတတ်သည်၊ သက်တော် ဝါတော်ကြီးရင့်သော မဟာ ထေရ်မြတ်ကြီးလည်း ဖြစ်သည်။

ကိလေသာ ကုန်ခန်းပြီး ဖြစ်သော ရဟန္တာ ကိုယ်တော်ကြီး တပါးလည်း ဖြစ်တော် မူပေ သည်-ဟု ကျော်စော ထင်ရှား လှပါသည်-ဟု အရှင် နာရဒ မထေရ်မြတ်၏ ဂုဏ်ကျေးဇူးတော်တို့ကို ထုတ်ဖော်ကာ မုဏ္ဍမင်းကြီးအား လျှောက်ထားပြီးလျှင် ဆက်လက်၍ တရားနာ သွားရန် တိုက်တွန်း လျှောက်ထားလို ပြန်သဖြင့်-

> ယဒိ ပန ဒေဝေါ အာယသ္မန္တံ နာရဒံ ပယိရုပါသေယျ၊ အပ္ပေဝ နာမ ဒေဝေါ
> အာယသ္မတော နာရဒဿ ဓမ္မံ သုတွာ သောကသလ္လံ ပဇဟေယျ။
>
> (အံ-၅။၅၂-နာရဒသုတ္တ)။

ဒေဝေါ၊ မင်းကြီးသည်။ အာယသ္မန္တံ နာရဒံ၊ အရှင်နာရဒ မထေရ်ထံသို့။ ယဒိပနပယိ ရုပါသေယျ၊ အကယ်၍များ ချဉ်းကပ်တော် မူငြားအံ့၊ (ဝါ) ချဉ်းကပ်တော် မူပါလျှင်။ ဒေဝေါ၊ အရှင် မင်းကြီးသည်။ အာယသ္မတော နာရဒဿ၊ အရှင် နာရဒ မထေရ်မြတ်၏။ ဓမ္မံ၊ သောက

ကင်းကြောင်း တရားကောင်းကို။ သုတ္တာ၊ ချမ်းမြေ့ကြည်သာ, ကြားနာရသည်ဖြစ်၍။ သောက သယ်ပီ၊ အရှင်မင်းကြီး သန္တာန်၌ ပြင်းထန်စွာ စူးဝင်နေသည့်၊ စိုးရိမ်ပူပြင်း သောကတည်းဟူသော ငြောင့်တံသင်းကို။ အပွေ ၁နာမ ပဇဟေယျ၊ အပူကင်းအောင် ပယ်ရှင်းနိုင်မည်လည်း မသိပါ(ဝါ) အပူကင်းအောင် ပယ်ရှင်းနိုင်တန်ရာပါသည်။

ဤကဲ့သို့ ပိယဘဏ္ဍာစိုးက ရှိခိုးကာ လျှောက်ထားလေလျှင် မုဏ္ဍဘုရင် မင်းကြီးက-အချင်း ပိယက- ယင်းသို့ဖြစ်လျှင် အရှင်နာရဒ မထေရ်မြတ်ထံ သွားရောက်၍ ရှေးဦးစွာ ခွင့်ပန် လျှောက်ထား အကြောင်းကြားပါချေ-ဟု အမိန့်ပေးတော် မူသဖြင့် ပိယက ဘဏ္ဍာစိုးသည် "ဝေဒေဝ- ကောင်းပါပြီ အရှင်မြတ်"ဟု လျှောက်ကြားကာ အရှင် နာရဒ သီတင်းသုံးရာ ကုက္ကုဋာရုံ ကျောင်း တော်သို့ သွားရောက်ပြီးလျှင် နာရဒထံ ချဉ်းကပ်ကာ ရိုသေစွာ ရှိခိုးဦးချ၍ အရှင် နာရဒ မထေရ် မြတ်ကို ဤသို့ လျှောက်ထား ပြောဆိုလေသတဲ့။

အရှင်မြတ်ဘုရား ဤ ပါဋလိပုတ်ပြည်ရှင် ဘုရင် မုဏ္ဍမင်းကြီး၏ ချစ်ခင်မြတ်နိုး အပ်လှသော ဘဒ္ဒါဒေဝီ မိဖုရားကြီး စုတိပြတ်ကြွေ ကွယ်လွန် လေသဖြင့် ဘုရင်ကြီး မုဏ္ဍသည် မစားမသောက် နိုင်, မဖီးမလိမ်းနိုင်, တိုင်းပြည်၏ တာဝန်ကိုစ္စ အဝဝကိုလဲ မဆောင်ရွက်နိုင်ဘဲ နေ့ညဉ့်ရှိသမျှ ငေးမှိုင်ကာ ဘဒ္ဒါမိဖုရားကြီး၏ ဥတုဇရုပ်အလောင်းကောင်ကို မပုပ်မသိုးဘဲ ကြာရှည်ခံအောင် ပြုလုပ်စီရင်ပြီး စွဲမက်သောတဏှာ လောဘဖြင့် မိဖုရားရဲ့ ရုပ်အလောင်းနားမှ တဘဝါးမှ မခွာဘဲ နေပါတယ်ဘုရား။

အရှင်မြတ်ဘုရား-အကြင် အချင်းအရာအားဖြင့် အရှင်ဘုရားသည် သောကကင်းကြောင်း တရားတော်ကို ဟောကြားသည်ရှိသော် မုဏ္ဍမင်းကြီးသည် အရှင် နာရဒ၏ သောက ကင်းကြောင်း တရားကောင်းကို ကြားနာရပြီ စိုးရိမ်ပူပြင်း သောက တည်းဟူသော ငြောင့်တံသင်းကို ပယ်ရှင်း နှုတ်ပစ်နိုင်ရာပါသည်၊ ဘောင်းပန် လျှောက်ထားပါသည် အရှင်ဘုရား၊ အရှင် နာရဒ မထေရ်မြတ် သည် မုဏ္ဍမင်းကြီးအား ထိုသို့သော အခြင်းအရာအားဖြင့် သောက ကင်းကြောင်း တရားတော်ကို ဟောကြား ချီးမြှင့်တော် မူပါသည်ဘုရား-ဟု လျှောက်ထား တောင်းပန်လေသဖြင့် အရှင် နာရဒ မထေရ်က ဒါယကာ ပိယက ယင်းသို့ဆိုလျှင် ဘုရင် မုဏ္ဍသည် ယခုအခါ အချိန်ကာလကို သိရှိ၍ ဆည်းကပ်နိုင်ပေသည်-ဟု အခွင့်ပြုတော် မူပါတယ်။

စိုးရိမ်သောက ရောက်ရှိနေကြသော သူများကို တွေ့မြင် ကြားသိရလျှင် သောက ရန်ဘေး ကင်းဝေးလေအောင် တရားရေအေး ပက်ဖြန်းပေးဘို့ရာဆိုတာ မဟာကရုဏာသခင် ဘုရားရှင်ရဲ့ သားတော်၏ တာဝန်ပင် ဖြစ်ပေတယ်နော်။ သို့အတွက် အရှင် နာရဒ မထေရ်မြတ်ကလဲ ပိယကရဲ့ တောင်းပန်လျှောက်ထားချက်ကို လွယ်ကူစွာပင် ခွင့်ပြုတော် မူလိုက်ခြင်း ဖြစ်တယ်နော်၊ ငှင်ဘုရင်မို့ ရာထူး ဂုဏ်သိန်ကြီး မြင့်သူမို့ ရယ်ဘဲ မဟုတ်ပါဘူး၊ ဗုဒ္ဓမြတ်စွာသည် လူသုံးပါးတို့၏ ဆာ ထားရာ အစစ် ကိုးကွယ်ရာ ဖြစ်ပါတယ်၊ သို့အပျက် ဝင်္ဂီသ ပုဏ္ဏားက မြတ်စွာဘုရားအား ချီးကျူးရာမှာ-

အနာထာနံ ဘဝ် နာထော၊ ဘီတာနံ အဘယပ္ပဒေါ။
ဝိဿာသဘူမိ သန္တာနံ၊ သရဏံ သရဏေ သိနံ။ (ခု-၂-၁၅၁-ဝင်္ဂီသ ထေ ရပါဠိ)။

ဘဝံ၊ မဟာကရုဏာသခင် ဘုရားရှင်သည်။ အနာထာနံ၊ သံသရာ ခရီးသွား၊ အားထား မဲ့သူ မျှားဗိုလ်လူတို့၏။ နာထော၊ ဘေးရန်ကင်းပ, ချမ်းသာရဘို့ပေးမပေးကာ, အားကိုးရာဖြစ် တော်မူပါပေ၏။ ဘီတာနံ၊ စိုးရိမ်သောက,ဖြစ်ကြရ၍ကြောက်ရွံ့ထိပ်လန့်ကြသူတို့၏။ အဘယပ္ပဒေါ၊ ဘေးရန်ကင်းရေး, ကြံထွေး ထောက်ကူ, ဘေးမဲ့ပေးသူ ဖြစ်တော်မူပါပေ၏။ သန္တာနံ၊ သံသရာ ပြင်ကျယ်, သမုဒ်လယ်၌, ကြောက်ဘွယ်အခင်း, ခလုတ်တင်းကြမ်း, ခရီးပန်းသူတို့၏။ ဝိဿာသဘူမိ၊ ဘေးရန်ခပင်း, ဝေးကွာရှင်း၍ ပင်ပန်းကင်းကွာ, ချမ်းသာရာမြေအဘို့ ဖြစ်တော်မူပါပေ၏။ သရဏေသိနံ၊ လောဏသံသရာ, နှစ်ဖြာအကျိုး, ပွားတိုးခြင်းငှာ, ကိုးကွယ်ရာကို, ရှာဖွေကုန်သော သူတို့၏။ သရဏံ၊ ပစ္စုပ္ပန်မှာလဲ အကျိုးမျှား, သံသရာမှာလဲ, တန်ခိုးထွားစေဘို့, ကြိုးစားဆောင် ကာ ကိုးကွယ် အားထားရာအစစ် ဖြစ်တော် မူပါပေသည်သတည်း။

ဒီဂါထာရဲ့ အဓိပ္ပါယ်ဆိုလိုရင်းကတော့ -

သုံးလူထွဋ်ထား မြတ်စွာဘုရားသည် အားကိုးမဲ့သူ ဗိုလ်လူအမျှားတို့၏ အားကိုးရာအစစ် အမှန်လည်းဖြစ်ပါတယ်၊ တွင်းပဘေးရန် အတန်တန် ဝိုင်းအုံနေသဖြင့် ကြောက်ရွံ့ ထိတ်လန့်ကုန် သော သူအပေါင်းတို့ကိုလဲ ဘေးမဲ့ဘေးကာ ချမ်းသာစေတော်မူပါတယ်၊ သံသရာရေပြင်ကြမ်းဝယ် ဘေးအတန်တန်ရန်အသွယ်သွယ်အန္တရာယ်ဒီရေလွှမ်းသဖြင့်ကိုယ်စိတ်ငြိုးနွမ်းပင်ပန်းနေကြကုန်သော သူအပေါင်းတို့၏လည်း အန္တရာယ်ခပင်း ရန်စွယ်ရှင်းသည့် ပင်ပန်းကင်းကွာ ချမ်းသာရာ အောင် မြေသဘွယ်လည်း ဖြစ်တော်မူပါတယ်တဲ့၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ပွားတိုးစေရန် ရည်သန် လျက်သာ ကိုးကွယ်ရာကို ရှာနေကြကုန်သော သူအပေါင်းတို့ရဲ့ ယုံကြည် လေးစား အားထား ကိုး ကွယ်ရာလည်း ဖြစ်တော်မူပါတယ်တဲ့၊ သို့အတွက် မြတ်စွာဘုရားရဲ့ ကျေးဇူးတော်ဂုဏ်တော် အနန္တ တွေကို ဒီလိုချုံးပြီး မှတ်သားလိုက်ကြဦးစို့ -

**ဆောင်ပုဒ်။** မြတ်ဘုရား၊ အမျှားအားထားရာ။
ကြောက်ရွံ့ခဲ့၊ ဘေးမဲ့ပေးနေရာ။
ပင်ပန်းသူ၊ နတ်လူပန်းဖြေရာ။
ကိုးကွယ်ရှာ၊ သူငါကိုးကွယ်ရာ။

မဟာကရုဏာသခင် ဘုရားရှင်သည် လူသုံးပါးတို့၏ အားထားရာအစစ်အမှန်ပင် ဖြစ်သကဲ့သို့ ထို မြတ်စွာဘုရား ဟောဖော်ကြားသည့် တရားတော်သည်ရင်း မြတ်စွာဘုရား၏ တပည့်သားသံဃာ တော် အပေါင်းသည်ရင်း လူနတ်ဗြဟ္မာသတ္တဝါတို့၏ ကိုးကွယ်ရာ ယုံကြည်လေးစား အားထားရာ ပင် အမှန်ဖြစ်ကြောင်း ကောင်းကောင်းကြီး သိမှတ်ယုံကြည်ကြရမည် ဖြစ်ပေတယ်နော်။

ပိယကမည်သော ဘဏ္ဍာစိုးအမတ်လည်းချစ်ဇနီးကွယ်လွန်ဆုံးပါးသဖြင့် အပူသယ်ကြီးလုံးလုံး လျားလျား ဖြစ်နေရှာသော မုဏ္ဍမင်းကြီးအတွက် သောကကင်းရေး အပူငြိမ်းဆေးတိုက်ကြွေးတော် မူရန် အရှင်နာရဒ ထေရ်မြတ်ထံ ခွင့်ပန်၍ အခွင့်ရလေလျှင် မုဏ္ဍာဘုရင်ထံသို့ ပြန်လာခဲ့၍ အခွင့်ရ ခဲ့ကြောင်း ပြန်ပြောင်းပြီး လျှောက်ထားလိုက်ပါတယ်။

မုဏ္ဍာဘုရင်ကြီးသည် ပိယကဘဏ္ဍာစိုး၏ လျှောက်တင်စကားကို ကြားရလေလျှင် အလွန်ပင် ဝမ်းမြောက်လျက် ကောင်းမြတ်သော ယာဉ်ကိုစီး၍ ကောင်းမြတ်သော ယာဉ်အပေါင်း ခြံရံလျက်

အရှင်နာရဒ မထေရ်မြတ်ထံသို့ ဆည်းကပ်ရန် အလို့ငှာ ကြီးကျယ် ခန်းနားလှစွာသောမင်း၏ အာနုဘော်ဖြင့် ပါဋလိပုတ်နေပြည်တော်မှ ထွက်လာခဲ့သတဲ့၊ ကုက္ကုဋာရုံ ကျောင်းတိုက် ပြင်ပယာဉ်ဖြင့် သွားနိုင်လောက်ရာအရပ်ဝယ် ယာဉ်ဖြင့်သွား၍ ခြေဖြင့် သွားသင့်သော အရပ်ရောက်လျှင် ယာဉ်မှ ဆင်းပြီးလျှင် ခြေလျင်ခရီးဖြင့် ကျောင်းတိုက်အရံအတွင်းသို့ ဝင်ရောက်ကာ အရှင်နာရဒ မထေရ်မြတ်ရှိရာ အရပ်သို့ ချဉ်းကပ်ပြီး ရိုသေစွာရှိခိုးဦးညွတ်၍ အပြစ်ခြောက်ပါး ကင်းလွတ်ရာသင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေလေသတဲ့။

အပြစ်ခြောက်ပါး ကင်းလွတ်၍ သင့်တင့်လျောက်ပတ်သော အရပ်၌ရှိသေစွာ ဦးညွတ်လျက် ထိုင်နေသော မုဏ္ဍမင်းကြီးကို အရှင်နာရဒ မထေရ်မြတ်က သဗ္ဗညု ခင် ဘုရားရှင်လက်ထက်တော် အချိန်အခါက မလ္လိကာဒေဝီ မိဖုရားကြီး နတ်ရွာစံသွားသဖြင့် ပသေနဒီ ကောသလမင်းကြီးသည် စိုးရိမ် ပူပြင်းကြီးစွာသော သောကဗြောင့်တံသင်း စူးဝင်ကာနေသည်ကို သဗ္ဗညု မြတ်စွာဘုရားက အလဗ္ဘနီယဋ္ဌာန သုတ္တန်တရား ဒေသနာတော်ဖြင့် သောကကို ပယ်ဖျောက်တော် မူခဲ့လေသည်ကို နှလုံးသွင်း ဆင်ခြင်တော်မူကာ အဘယ်မည်သော လူနတ်ဗြဟ္မာ သတ္တဝါမှ တောင့်တ၍မရနိုင်သော တရားငါးပါးကို ဟောကြားတော်မူလိုရကား—

ပဉ္စိမာနိ မဟာရာဇ အလဗ္ဘနီယာနိ ဌာနာနိ သမဏေနဝါ ဗြာဟ္မဏေနဝါ၊
ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိံ။

(အံ - ၅၊ ၅၃။ နာရဒသုတ္တ)။

မဟာရာဇ၊ မုဏ္ဍမင်းကြီး။ လောကသ္မိံ၊ လောက၌။ သမဏေနဝါ၊ ရဟန်းသည်၎င်း။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်၎င်း။ ဒေဝေနဝါ၊ နတ်သည်၎င်း။ မာရေနဝါ၊ ပရနိမ္မိတဝသဝတ္တီဘုံအရပ်၌ နေသောမာရ်နတ်သည်၎င်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်၎င်း။ ကေနစိဝါ၊ တစုံတယောက်သောသူ သည်၎င်း။ အလဗ္ဘနီယာနိ၊ တောင်းတ၍ မရအပ်ကုန်သော။ ဋ္ဌာနာနိ၊ အရာဌာနတို့သည်ကား။ ဣမာနိပဉ္စ၊ ဤငါးမျိုးတို့ပေတည်း၊

မုဏ္ဍအမည်ရှိသောမင်းကြီး ဤလောကကြီးဝယ် ရဟန်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ, နတ်ဖြစ်စေ, မာရ်နတ်ဖြစ်စေ, ဗြဟ္မာပင်ဖြစ်စေ, တစုံတယောက်သောသူမျှ တောင်းတ၍ မရစကောင်း ကုန်သော အရာ ဌာနတို့သည်ကား-ငါးမျိုးငါးပါး ရှိကြပေသည်-ဟု ဟောကြားတော်မူပြီးလျှင် ဆက်လက်၍-

ကမာနိပဉ္စ— တောင်းတ၍ မရစကောင်းကုန်သော အရာ ဌာနတို့သည်ကား အဘယ်အရာတို့ ပါနည်းဆိုမူ—

၁။ ဇရာဓမ္မံ 'မာဇီရီ' တိ အလဗ္ဘနီယံ ဌာနံ သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိံ။

၂။ ဗျာဓိဓမ္မံ 'မာဗျာဓိယီ"တိ။

၃။ မရဏဓမ္မံ "မာမိယီ" တိ။

၄။ ခယဓမ္မံ "မာခိယီ" တိ။

၅။ နဿနဓမ္မံ "မာနဿီ" တိ အလဗ္ဘနီယံ ဌာနံ သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိံ။

(အံ- ၅၊ ၅၄ ။နာရဒသုတ္တ)။

၁။ မယာသရာဇ၊ မုဠွာအမည်ရှိသောမင်းကြီး။ လောကသို့၊ လောကာ၌။ ဇရာဓမ္မံ၊ အိုမင်းရင့်ရော်ခြင်းရှိသော သဘောတရားကို။ မာဇီရိတိ၊ ခန္ဓာယင်းယို မအိုပါစေလင့်ဟူ၍ သမဏေနဝါ၊ ရဟန်းသည်၎င်း။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်၎င်း။ ဒေဝေနဝါ၊ နတ်သည်၎င်း။ မာရေနဝါ၊ မာရ်နတ်သည်၎င်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်၎င်း။ ကေနစိဝါ၊ တစုံတယောက်သော သူသည်၎င်း။ အလဗ္ဘနီယံ၊ အမြဲနုပျို မအိုစေကြောင်း တော်င်းတ၍ မရအပ်သော။ ဌာနံ၊ အရာသည်။ ဟောတိ၊ ကေန်စင်စစ်ဖြစ်ပေါ်လာလေ၏။

၂။ လောကသို့၊ လောကာ၌၊ ဗျာဓိဓမ္မံ၊ မကျန်းမမာ ဖျားနာခြင်းသဘောရှိသော တရားကို မာဗျာဓိယီတိ၊ အန္တရာယ် ဥပါဒ် စွဲငြိကပ်သမြင့် စိတ်ဓာတ်ခြောက်ခြား မဖျားမနာပါစေလင့်ဟူ၍။

၃။ မရဏဓမ္မံ၊ ခန္ဓာပျက်ပြုံး သေဆုံးရသော သဘောရှိသော တရားကို မာမီယီတိ၊အမြဲတည်နေ မသေပါစေလင့်ဟူ၍။

၄။ ခယဓမ္မံ၊ ကုန်ခမ်းခြင်း သဘောရှိသောတရားကို မာခီယီတိ၊ မကုန်ခမ်းပါစေလင့်ဟူ၍။

၅။ နဿနဓမ္မံ၊ ပျက်စီးခြင်းသဘောရှိသော တရားကို။ မာနဿီတိ၊ အမြဲတည်ချက် မပျက်စီးပါစေလင့်ဟူ၍။ သမဏေနဝါ၊ ၎င်း။ ဗြာဟ္မဏေနဝါ၊ ၎င်း။ ဒေဝေနဝါ၊ ၎င်း။ မာရေနဝါ၊ ၎င်း။ ဗြဟ္မုနာဝါ၊ ၎င်း။ ကေနစိဝါ၊၎င်း။ အလဗ္ဘနီယံ၊ သော။ ဌာနံ၊ သည်။ ဟောတိ၊ ကေန်စင်စစ်ဖြစ်လေ၏။ ဟောတိ၊ ဓမ္မတာအမှန်တရားပေမို့ မည်သူမျှ မဟန့်တားနိုင်ဘူး ထင်ရှားပုံသေ ဖြစ်ရလေတော့သတည်း။

ပါဠိတော် ရှိရင်းအတိုင်း ဆိုလိုရင်း အဓိပ္ပါယ်ကတော့–

၁။ ဇရာဓမ္မ–ခန္ဓာကိုယ် ယိုယွင်း၍ အိုမင်းရင့်ရော် ရှိသော သဘောတရားကို အမြဲတန်း နုပျိုလျက် နေပါစေ၊ မအိုပါစေလင့်ဟူ၍ အဘယ်သို့သော ရဟန်းပုဏ္ဏား နတ်, မာရ်နတ်,ဗြဟ္မာတဦးတယောက်မျှ တောင့်တ၍ မရနိုင်ပါချေ။

၂။ ဗျာဓိဓမ္မ–ခေါ်-မကျန်းမမာ, ဖျားနာရခြင်း သဘောရှိသော တရားကိုလည်း အမြဲတန်း ကျန်းမာပါစေ, မဖျားမနာပါစေလင့်-ဟူ၍ အဘယ်သို့သော ရဟန်း, ပုဏ္ဏား, နတ်, မာရ်နတ်, ဗြဟ္မာ, တဦးတယောက်သော သတ္တဝါမျှ တောင့်တ၍ မရနိုင်ပါချေ။

၃။ မရဏဓမ္မ–ခေါ်တဲ့ ခန္ဓာကိုယ် ပျက်ပြုံး သေဆုံးရခြင်း သဘောရှိသော တရားကိုလည်း ဤခန္ဓာကိုယ် မပြိုမကွဲဘဲ အမြဲတည်နေပါစေ, မသေပါစေလင့်-ဟူ၍ ရဟန်း, ပုဏ္ဏားစသော တစုံတယောက်သောသူမျှ တောင့်တ၍ မရနိုင်ပါချေ။

၄။ ခယဓမ္မ–ကုန်ခန်းခြင်း သဘောရှိသော တရားကိုလည်း မကုန်ခန်းပါစေလင့်-ဟူ၍ ရဟန်း, ပုဏ္ဏားစသော တစုံယောက်သောသူမျှ တောင့်တ၍ မရနိုင် စကောင်းမေ။

၅။ နသာနဓမ္မ-ခေါ်-ပျက်စီးခြင်း သဘောရှိသော တရားကိုလည်း မပျက်စီးပါစေလင့် ဟူ၍ ရဟန်း, ပုဏ္ဏား, နတ်, မာရ်နတ်, ဗြဟ္မာစသော သတ္တဝါတို့တွင် တစုံတယောက်သောသူမျှ တောင့်တ၍ မရနိုင် စကောင်းပေ–

ဟု ပြောဆို ဟောကြားတော် မူပါတယ်၊ ဒီငါးပါးကို မှတ်သားမိအောင် လင်္ကာလေးများကို လိုက်ဆိုပြီး မှတ်ထားကြပါ။

ဆောင်ပုဒ်။ ၁။ မအိုလိုဘဲ၊ အိုရမြဲ၊ မလွဲဖြစ်ရမည်တကား။
၂။ အိုမင်းရငြား၊ ဤတရား၊ ရှောင်ရှားမရနိုင်ပါတကား။
(ရှောင်ရှား မလွတ်နိုင်ချေတကား)
၃။ မနာလိုဘဲ၊ နာရမြဲ၊ မလွဲဖြစ်ရမည်တကား။
၄။ နာဖျားရငြား၊ ဤတရားကား၊ ရှောင်ရှား မရနိုင်ပါတကား။
၅။ မသေလိုဘဲ၊သေရမြဲ၊ မလွဲဖြစ်ရမည်တကား။
၆။ သေဆုံးရငြား၊ ဤတရားကား၊ ရှောင်ရှား မရနိုင်ပါတကား။
၇။ မကုန်လိုဘဲ၊ ကုန်ရမြဲ၊ မလွဲဖြစ်ရမည်တကား။
၈။ ကုန်ခန်းရငြား၊ ဤတရားကား၊ ရှောင်ရှား မရနိုင်ပါတကား။
၉။ မပျက်လိုဘဲ၊ ပျက်ရမြဲ၊ မလွဲဖြစ်ရမည်တကား။
၁၀။ ပျက်စီးရငြား၊ ဤတရားကား၊ ရှောင်ရှား မရနိုင်ပါတကား။

အရှင် နာရဒ မထေရ်မြတ်သည် မုဏ္ဍမင်းကြီးအား သနားချီးမြှောက်သော အားဖြင့် ဆက်လက်၍ တရားဟောကြားတော်မူလိုရကား–

အာယုတာဝ ကော မဟာရာဇ ပုထုဇ္ဇနဿ ဇရာဓမ္မံဇီရတိ၊ သော ဇရာဓမ္မေ ဇိဏ္ဏေ ဘိ န ပဋိသဉ္စိက္ခတိ၊ နခေါမယှေဝ ဧကဿ ဇရာ ဓမ္မံဇီရတိ၊ အထခေါယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေသံ သတ္တာနံ ဇရာဓမ္မံဇီရတိ။ (အံ-၅-၅၃,နာရဒသုတ္တ)။

ဤသို့ အစရှိသည်ဖြင့် ဟောကြားတော် မူပါတယ်၊ ဆိုလိုတဲ့အဓိပ္ပါယ်ကတော့-မြတ်သောမင်းကြီး-ဤလောက၌ အကြားအမြင် ဗဟုသုတ နည်းပါးသော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်အား-အိုခြင်းသဘော ရှိသော တရားသည် အိုမင်း ရင့်ရော်၍ လာလေ၏၊ ယင်းသို့ ခန္ဓာကိုယ်ယိုယွင်း အိုမင်း၍ လာသောအခါ ထိုပုထုဇဉ် ပုဂ္ဂိုလ်သည် ဤကဲ့သို့ သမ္ဘဉ်တရား လက်ကိုင်ထား၍ ဆင်ခြင် စဉ်းစားခြင်း မပြုနိုင်တော့ဘူးတဲ့။

ဤ အိုမင်း ရင့်ရော်ခြင်း တရားသဘောသည်ကား ငါတဦးတည်းသာ အိုမင်း ရင့်ရော်ရသည် မဟုတ်ပေ၊ အကြင်မျှလောက် စုတိပဋိသန္ဓေ ကည်နေကြငြား သတ္တဝါမှန်သမျှတို့အား ထိုအိုမင်း ရင့်ရော်ရခြင်း သဘောတရားသည် အိုမင်းရင့်ရော်ရမြဲ ဓမ္မတာသာ ဖြစ်ပေ သည်၊ ငါသည် အကယ်၍ အိုမင်းရင့်ရော်ခြင်း သဘောရှိ၍ အိုမင်းရင့်ရော်ရသောအခါ စိုးရိမ်၍ နေငြားအံ့, ပင်ပန်း၍ နေငြားအံ့, ငိုကြွေး၍ နေငြားအံ့, ရင်ပတ်စည်တီး မြည်ဟီး တမ်းတ၍ နေငြားအံ့, တွေဝေခြင်းသို့ ရောက်ငြားအံ့၊ ငါသည် ထမင်း အစားအစာ ကိုလည်း စားသောက်နိုင်တော့မည် မဟုတ်ပေ၊ ငါ၏ ကိုယ်သည် ရုပ်ရည်အဆင်း ပျက်စီးခြင်းသည်လည်း ဖြစ်ပေရာ၏၊ ပြုလုပ်ဘွယ်ရာ အမှုကိစ္စတို့ကိုလည်း

ပြုလုပ်ဆောင်ရွက်နိုင်တော့မည် မဟုတ်ပေ၊ ငါ၏ ရန်သူတို့ကား နှစ်လိုအားရ ဝမ်းမြောက် ကြပေလိမ့်မည်၊ ငါ၏ မိတ်ဆွေတို့ကား နှလုံး မသာမယာ ဖြစ်ကြပေကုန်တော့မည်-ဟု ဆင်ခြင် စဉ်းစားမှု အလျဉ်းမပြုပဲ စိုးရိမ်ခြင်း, ပင်ပန်းခြင်း, ငိုကြွေးခြင်း, မြည်တမ်းခြင်း, တွေဝေခြင်းသို့ ရောက်၍ နေတတ်ပေသည်။

မြတ်သောမင်းကြီး-ထိုမှတပါး အကြားအမြင် ဗဟုသုတ နည်းပါးသော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်အား-

နာခြင်းသဘောရှိသော တရားသည် မကျန်းမမာ, ဖျားနာ၍ လာလေ၏။

သေခြင်းသဘောရှိသော တရားသည် ခန္ဓာကိုယ် ပျက်ပြုံး သေဆုံးခြင်း ဖြစ်ရလေတော့၏။

ကုန်ခန်းခြင်းသဘောရှိသော တရားသည် သူ့သဘော အားလျော်စွာ မကာကွယ်နိုင်တော့ဘဲ ကုန်ခန်း၍သာ သွားလေတော့၏။

ပျက်စီးခြင်းသဘောရှိသော တရားသည်လည်း မခိုင်မမြဲ ပြိုကွဲပျက်စီး၍သာ သွားရပေ၏။

ယင်းကဲ့သို့ နာရခြင်း, သေရခြင်း, ကုန်ခန်းရခြင်း, ပျက်စီးရခြင်း သဘောရှိသော တရားများသည် သူ့သဘော ဓမ္မတာ အားလျော်စွာနာမှု, သေမှု, ကုန်ခန်းမှု, ပျက်စီးမှုနှင့် ကြုံတွေ့သော အခါ အကြားအမြင် ဗဟုသုတ နည်းပါးသော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်သည် ရှေးနည်းတူစွာ ဆင်ခြင် စဉ်းစားမှု လုံးဝမပြုနိုင်ပဲ စိုးရိမ်ခြင်း, ပင်ပန်းခြင်း, ငိုကြွေးခြင်း, မြည်တမ်းခြင်း, တွေဝေခြင်းသို့သာ ရောက်၍ နေတတ်ပေသည်။

အယံဝုစ္စတိ မဟာရာဇ အဿုတဝါပုထုဇ္ဇနော ဝိဒ္ဓေါ သဝိသေန သောကသလ္လေန အတ္တာနံယေဝပရိတာပေတိ။

မဟာရာဇ၊ ပါဋ္ဌလိပုတ်ပြည်ရှင် ဘုရင်မင်းမြတ်။ အဿုတဝါ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရား သဘောတို့၌ အကြားအမြင် ဗဟုသုတ နည်းပါးလှသော။ အယံပုထုဇ္ဇနော၊ ဤဆိုအပ်ခဲ့ပြီးသော အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်ကို။ သဝိသေန၊ ပြင်းထန်လှစွာ၊ အဆိပ်နှင့် တကွသော။ သောကသလ္လေန၊ စိုးရိမ်အပူပွား သောကတည်း-ဟူသော မြှားသည်။ ဝိဒ္ဓေါ၊ မနှုတ်နိုင်အောင်, မြဲခိုင်တင်းကြပ်, စူးဝင်အပ်သည်-ဟူ၍။ ဝုစ္စတိ၊ မုချမသွေ့, ဆိုအပ်ပေ၏။ အတ္တာနံယေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပရိတာပေတိ၊ ဆယ်စင်းနေထက် လွန်ကဲတက်၍, ဆက်လက်အမွန်, ပူပန်စေသတည်း။

၁။ ငါသာအိုရ-ကြုံတွေ့ဆဲ၊ သောကအပူ-ရောက်တတ်သည်။
၂။ ငါသာနာရ-ကြုံတွေ့ဆဲ၊ သောကအပူ-ရောက်တတ်သည်။
၃။ ငါသာသေရ-ကြုံတွေ့ဆဲ၊ သောကအပူ-ရောက်တတ်သည်။
၄။ ငါသာကုန်ရ-ကြုံတွေ့ဆဲ၊ သောကအပူ-ရောက်တတ်သည်။
၅။ ငါသာပျက်ရ-ကြုံတွေ့ဆဲ၊ သောကအပူ-ရောက်တတ်သည်။
၆။ သောကပူလွှမ်း-စိတ်မချမ်း၊ ပင်ပန်းနွမ်းနယ်ရတတ်သည်။

အရှင် နာရဒ မထေရ်မြတ်သည် သောကကင်းဝေး နေနိုင်ရေး တရားသဘောကို ဆက်လက်၍ ဟောကြားတော်မူလိုရကား—

သုတဝတော စခေါ၊ မဟာရာဇ အရိယ သာဝကဿ ဇရာ ဓမ္မံ ဇီရတိ၊ သော ဇရာဓမ္မေ ဇိဏ္ဏေ န ဣတိ ပဋိသဉ္စိက္ခတိ၊ နခေါ မယှေ ဝေကဿ ဇရာဓမ္မံ ဇီရတိ၊ အထခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေသံ သတ္တာနံ ဇရာဓမ္မံ ဇီရတိ။
(အံ-၅-၅၄-နာရဒသုတ္တ)။

ဤသို့ စသည်ဖြင့် ဟောကြားတော် မူပါတယ်၊ ဆိုလိုရင်း အဓိပ္ပါယ်မှာတော့-

မဟာရာဇ်ကြီး ဘုရင်မင်းမြတ်-ဤလောကမှာ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့၌ အကြား အမြင် ဗဟုသုတနှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သား သာဝကအားလည်း အိုမင်းရင့်ရော် ခြင်း သဘောရှိသော တရားသည် အိုမင်းရင့်ရော်သည်သာတည်း၊ နာခြင်းသဘောရှိသော တရား သည်လည်း နာသည်သာတည်း၊ သေခြင်းသဘောရှိသော တရားသည်လည်း ခန္ဓာပျက်ပြုန်း သေဆုံး ရသည်သာတည်း၊ ကုန်ခန်းခြင်းသဘောရှိသော တရားသည်လည်း ကုန်ခန်းသည်သာတည်း၊ ပျက်စီး ခြင်းသဘောရှိသော တရားသည်လည်း ပျက်စီးရသည်သာတည်း။

ထိုကဲ့သို့သော-အိုမှု, နာမှု, သေမှု, ကုန်ခန်းမှု, ပျက်စီးမှုနှင့် ကြုံတွေ့သောအခါ ရုပ်နာမ် ဓမ္မ သင်္ခါရ တရားသဘောတို့၌ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား၏ တပည့် သားသည် ငါတဦးတည်းသာလျှင် ဤသို့ ခန္ဓာယိုယွင်း အိုမင်းရခြင်း, နာရခြင်း, သေရခြင်း, ကုန်ခန်းရခြင်း, ပျက်စီးရခြင်း သဘောကို ခံစားရသည် မဟုတ်ပေ၊ စုတိပဋိသန္ဓေ တည်နေရခြင်း မကင်းသေးသော သတ္တဝါ မှန်သမျှ အိုခြင်းသဘော ရှိကြသည်သာတည်း၊ နာခြင်းသဘော ရှိကြ သည်သာတည်း၊ သေခြင်းသဘော ရှိကြသည်သာတည်း၊ ကုန်ခန်းခြင်းသဘော ရှိကြသည်သာတည်း၊ ပျက်စီးခြင်း သဘောရှိကြသည်သာတည်း။

ငါသည် ယခုကဲ့သို့ ခန္ဓာယိုယွင်း အိုမင်းရခြင်းအတွက် နာရခြင်း, သေရခြင်း, ကုန်ခန်း ရခြင်း, ပျက်စီးရခြင်း-စိုးရိမ်၍ နေငြားအံ့, ပင်ပန်း၍ နေငြားအံ့, ငိုကြွေး၍ နေငြားအံ့၊ ရင်ပတ် စည်တီး မြည်ဟီး တမ်းတ၍ နေငြားအံ့, မအိပ်နိုင် မစားနိုင် ငေးမှိုင်၍ နေငြားအံ့၊ ငါသည် အစာ အာဟာရကိုလည်း စားသောက် နိုင်တော့မည် မဟုတ်ပေ။

ငါ၏ ရုပ်ရည် အဆင်းသည်လည်း ဖေါက်ပြန် ပျက်စီးခြင်းသို့ ရောက်ရှိလေရာသည်၊ ပြုလုပ် ဆောင်ရွက်ဘွယ် အမှုကိစ္စတို့ကိုလည်း ပြီးစီးအောင် ပြုလုပ် ဆောင်ရွက် နိုင်တော့မည် မဟုတ်, လစ် ဟင်း ပျက်စီး ကြပေတော့မည်၊ ငါ၏ ရန်သူတို့သည် နှစ်လိုအားရ ဝမ်းမြောက် ကြပေတော့မည်၊ ငါ၏ မိတ်ဆွေများကား နှလုံး မသာမယာ ဖြစ်ကြပေတော့မည်-ဟု သတိသမ္ပဇဉ်ဖြင့် ဥာဏ်ယှဉ် ကာ စဉ်းစားဆင်ခြင်ပြီးလျှင် ထိုမြတ်စွာ ဘုရား၏ တပည့်သားသည် ယင်း အိုမှု, နာမှု, သေမှု, ကုန် ခန်းမှု, ပျက်စီးမှုအတွက် စိုးရိမ်ခြင်း, ပင်ပန်းခြင်း, ငိုကြွေးခြင်း, ရင်ပတ်စည်တီးမြည်ဟီး တမ်းတ ခြင်း, မအိပ်နိုင် မစားနိုင် တွေဝေ ငေးမှိုင်ခြင်း, အမှုမျိုးကို လုံးဝမပြုတော့ပေ၊ ယင်း စိုးရိမ် ရခြင်း စသော သဘောအားလုံး အေးငြိမ်း၍ သွားလေတော့သည်သာတည်း။

အယံ ဝုစ္စတိ မဟာရာဇ သုတဝါ အရိယ သာဝကော အဗ္ဗူဟိ သဝိသံ သောကသလ္လံ။
(အံ-၅-၅၄)

မဟာရာဇ၊ ပါဠိလိပုတ်ပြည်ရှင် ဘုရင်မင်းမြတ်။ သုတာဝါ၊ ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့၌ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော။ အယံ အရိယ သာဝကော၊ မြတ်စွာဘုရား၏ တပည့်သား သာဝကဖြစ်သော ဤပုဂ္ဂိုလ်ကို။ သဝိသံ၊ ထန်ပြင်းစူးရှ ထက်မြက်လှသည့်, အဆိပ်နှင့်တကွသော။ သောကသလ္လံ၊ စိုးရိမ်ပူပွား, သောကတည်းဟူသော မြှားကို။ အဗ္ဗုဟိ၊ မကျန်မကြွင်း, အောရန်ကင်းအောင်, ပယ်ရှင်းနှုတ်ပယ် အပ်ပြီဟူ၍။ ဝုစ္စတိ၊ လူသုံးပါးတို့ဆရာ စောမြတ်စွာသည် ရွှေကြာကုမုဒ် ဖွင့်အံထုတ်ကာ ဟောကြားတော်မူအပ် ပါပေသတည်း။

ဆောင်ပုဒ်။ ၁။ သူ့ါအိုရ၊ ရှုမြင်ဆ၊ သောကငြိမ်းပျောက်သည်။
၂။ သူငါနာရ၊ ရှုမြင်ဆ၊ သောက ငြိမ်းပျောက်သည်။
၃။ သူငါသေရ၊ ရှုမြင်ဆ၊ သောက ငြိမ်းပျောက်သည်။
၄။ သူ့ါကုန်ရ၊ ရှုမြင်ဆ၊ သောက ငြိမ်းပျောက်သည်။
၅။ သူငါပျက်ရ၊ ရှုမြင်ဆ၊ သောက ငြိမ်းပျောက်သည်။
၆။ သောကပူကင်း၊ ငြိမ်းချမ်းခြင်း၊ ထင်လင်း သုခ ရရှိသည်။

ဤကဲ့သို့ လောကကြီးတွင် အဘယ်မည်သော လူ, နတ်, ဗြဟ္မာ တဦးတယောက်မျှ တောင့်တ၍ မရနိုင်သော တရားငါးပါးကို ဟောကြားတော် မူပြီးနောက်။

ယထာ ယထာ ယတ္ထ လဘေထ အတ္ထံ၊
တထာ တထာ တတ္ထ ပရက္ကမေယျ။

အကြောင်းအရပ် ဒေသ၌ အကြောင်းအကြောင်းသို့သော အခြင်းအရာ အားဖြင့် အကျိုးစီးပွားကို ရရှိဖြစ်ထွန်း နိုင်ပေသည်၊ ထိုအရပ် ဒေသ၌ ထိုထို သို့သော အခြင်းအရာအားဖြင့် မတွန့်မဆုတ် ကြိုးကုတ်လုံ့လ ပြုလုပ် အားထုတ် ရပေမည်၊ အကယ်၍ မိမိပဲဖြစ်ဖြစ်, သူတပါးပဲဖြစ်ဖြစ် လုံ့လ ကြိုးကုတ် အားထုတ်ပါလျက် တစုံတခုသော အကျိုးပြီးစီးမှု မရရှိခဲ့ပါလျှင် စိုးရိမ်ပူပန်မှု မဖြစ်စေပဲ သည်းခံခြင်းဖြင့် စိုးရိမ် ပူဆွေးမှု သောက သလ္လဘေးကို ကင်းဝေး စေရမည်-ဟု အမှာစကား မိန့်ကြားတော် မူလိုသဖြင့်-

သစေ ပဇာနေယျ အလဗ္ဘနေယျော၊
မယာဝ အညေနဝါ ဧသအတ္ထော။
အသောစမာနော အဓိဝါသယေယျ၊
ကမ္မံဒဠှံ ကိန္တိကရောမိဒါနိ။ (အံ-၅-၅၅)။

ဟူသော ဂါထာကို ဟောကြားတော် မူပါတယ်။

မဟာရာဇ၊ ပါဠိလိပုတ်ရှင် ဘုရင်မင်းမြတ်။ မယာဝ၊ အားကြိုးမာန်တက်, ဆောင်ရွက်ခဲ့ရာ, ငါသည်ရင်း, အညေနဝါ၊ ငါမှတပါး, တခြားသော သူသည်၎င်း။ဧသအတ္ထော၊ ရည်ရွယ်မြော်ကိုး, ဤအကျိုးကို။ အလဗ္ဘနေယျော၊ မလွဲသောဇွဲ စိတ်ထားဖြင့် အစွမ်းရှိသမျှ ကြိုးစားကြပေမဲ့ မုချ ပိုင်ပိုင် မရအပ် မရနိုင်ပေ။ ဣတိ- ဤသို့။ သစေ ပဇာနေယျ၊ မြော်မင်ရှုစား, အကယ်၍ သိငြားအံ့။ ကမ္မံ၊ ဝင့်သို့ ဆောက်ရန်, မကောင်းမှုကံကို။ ဒဠှံ၊ မြဲမြံစွာ။ အာယူဟိတံ၊ ရှေးကဖေါက်ပြန်,

ပြုစီမံလျက်, ကေန်ပြုလုပ်, အားထုတ်အပ်ခဲ့ပေပြီ။ ဒါနိ၊ မျက်မှောက်ကြုံလာ, ယခုအခါ၌။ ကိန္တိ၊ အမျိုးမျိုးဆင်ခြင်, အဘယ်သို့လျှင်။ ကရောမိ၊ ကြိုးစားအားထုတ်, ပြုလုပ်ရပါအံ့နည်း။ အသော စမာနော၊ ကြံတွေးဖန်ဖန်, မပူပန်မိ, စိုးရိမ်ခြင်း မရှိသည်ဖြစ်၍။ အဓိဝါသယေယျ၊ မရနိုင်ပဲ, ရှိရန်,ဟု အခဲမကျေ, မဖြစ်လေဘဲ, စိတ်ထွေကင်းကွာ သည်းခံလေရာသတည်း။

မိမိကိုယ်အား, ဉာဏ်အားရှိသမျှ အားထုတ်ဆောင်ရွက်ပါလျက် မဖြစ်နိုင်, မရရှိနိုင်လျှင် သည်းခံရမည်ဆိုတဲ့ အကြောင်းကို-

ဓာမ္မံ ဒဋ္ဌန္တိ ဝဋ္ဋဂါမိကမ္မံ မယာ တီရံ ကတွာ အာယူဟိတံ၊ သွာဟံ့ဣဒါနိ ကိန္တိ ကရော မီတိ ဧဝံ ပစ္စဝေက္ခိတွာ အဓိဝါသယေယျ။ (အံ-၄-၃-၂၄)။

ဟူ၍ အင်္ဂုတ္တရ အဋ္ဌကထာ၌ အသေအချာ ဖွင့်ပြထားတယ်နော်။

ဤကဲ့သို့ အရှင် နာရဒ မထေရ်မြတ်က မုဏ္ဍမင်းကြီးအား သောက ငြိမ်းကြောင်း တရား ကောင်းကို ဟောကြားတော်မူလေလျှင် မုဏ္ဍမင်းကြီးသည် ကြည်လင်ရွှင်ပြသော မျက်နှာဖြင့် ဝမ်းမြောက်ဝမ်းသာ လက်အုပ်ချီကာ ဦးညွှတ်လျက်-

ကော နာမော အယံ ဘန္တေ ဓမ္မပရိယာယော။

အို-အရှင် နာရဒ မထေရ်မြတ်ဘုရား- ယခု အရှင်ဘုရား-ဟောကြားတော်မူသည့် ဤတရား ဒေသနာကား အဘယ်အမည် ရှိပါသနည်းဘုရား-ဟု လျှောက်ထား မေးမြန်း လေတော့သတဲ့။ ထိုအခါ မထေရ်မြတ်က-

သောကသလ္လ ဟရဏော နာမအယံ မဟာရာဇ ဓမ္မပရိယာယော။

ပါဠိလိပ်ပြန်ရှင် သူရင်မင်းမြတ်-ငါဟော ကြားသည့် ဤတရား ဒေသနာတော်သည်ကား စိုးရိမ် ပူပြင်း သောကတည်းဟူသော ငြောင့်တံသင်းကို ပယ်ရှင်းကြောင်းဖြစ်သော တရားဒေသနာ တော်ပေတည်း-ဟု ပြန်ကြား မိန့်မြွက်တော် မူသောအခါ မုဏ္ဍမင်းကြီးက တဖန်-

တဂ္ဃ ဘန္တေ သောကသလ္လ ဟရဏော၊ ဣမံဟိ မေဘန္တေ ဓမ္မ ပရိယာယံ သုတွာ သောကသလ္လံ ပဟီနံ။ (အံ-၅-၅၈)။

ဘန္တေ၊ အရှင်မြတ်ဘုရား။ တဂ္ဃ၊ စင်စစ်ကေန် အမှန်ပင်လျှင်။ သောကသလ္လ ဟရဏော၊ စိုးရိမ် ပူပြင်း သောကတည်း-ဟူသော ငြောင့်တံသင်းကို ပယ်ရှင်းနိုင်ကြောင်း ကောင်းမြတ်သော တရားဒေသနာ ဖြစ်ပါပေသည်။ ဟိသစ္စံ၊ အမှန်မူကား။ မေ၊ ဇနီးအတွက် စိတ်လက်မပျော် ဘုရား တပည့်တော်၏ သန္တာန်၌။ ဣမံ ဓမ္မပရိယာယံ ဤတရား ဒေသနာတော်ကို။ သုတွာ၊ အရှင်ဘုရား ထံမှ၊ ကြားနာရခြင်း တည်းဟူသော အကြောင်းကြောင့်။ သောကသလ္လံ၊ နှလုံးတွင်းဝယ်, ထန် ပြင်းစူးဝင်, စိတ်စဉ် မဖြောင့် ပူဆွေး သောကတည်း-ဟူသော ငြောင့်တံသင်းကို။ ပဟီနံ၊ မကျန် မကြွင်းအောင် ပယ်ရှင်း ထုတ်နှုတ် အပ်ပါပြီဘုရား။

ဤသို့ လျှောက်ထားပြီးလျှင် ပိယက ဘဏ္ဍာ စိုးကို ခေါ်၍ "အချင်း ပိယက တဏ္ဍာစိုး-သို့ ဖြစ်လျှင် ဘဒ္ဒါ မိဖုရား၏ ဥတုဇရုပ် အလောင်းကို မီးသင်္ဂြိုဟ်ကြကုန်လော၊ အုတ်ဂူ ပုထိုးတည် ထား ကြကုန်လော၊ ငါသည် ယနေ့မှစ၍ ရေချိုးခြင်း, ဖီးလိမ်းတံဆာ ဆင်ခြင်း, အမှုကိုလည်း ပြုလုပ်

တော့မည်၊ ထမင်း အစာအာဟာရကိုလဲ မှီဝဲ သုံးဆောင်တော့မည်၊ တိုင်းရေးပြည်ရာ ကိစ္စအဖြာဖြာ ကိုလဲကောင်းစွာ ဆောင်ရွက်တော့မည်-ဟု ပြောဆို မိန့်ကြားလေတော့သတဲ့။

ချစ်ဇနီး ဘဒ္ဒါ ကွယ်လွန် ဆုံးပါးရသည့်အတွက် ရတက်မအေး ပူဆွေးသောက ရောက်ရ ရှာသူ မုဏ္ဍမင်းကြီးဟာ အရှင် နာဒရမထေရ်မြတ်ရဲ့ သောက ကင်းဝေး နေနိုင်ရေး တရား ဒေသနာ ကိုကြားနာ ရသဖြင့် သောက ကင်းပျောက် ချမ်းသာခြင်းသို့ ရောက်ရှိ သွားလေပြီနော်၊ ယခုအခါ သောက ကင်းရန် ဓမ္မခန်ကို နာခံမှတ်သား ကြကုန်သော ဒါယကာ, ဒါယိကာမ အပေါင်းတို့ ဟာလဲ ဘုရားရှင်ရဲ့ သားတော် သမီးတော်များ ဖြစ်ကြသည် အားလျော်စွာ မြတ်စွာဘုရား၏ ဒေသနာတော် လက်နက်ဖြင့် စိုးရိမ် သောကတည်း-ဟူသော ရန်ဘယာ အနှောက်အယှက်ကို ဖြိုဖျက် နိုင်ကြပါစေ၊ ဖြိုဖျက်နိုင်အောင်လဲ သမ္ဗဇဉ်တရား ဉာဏ်ယှဉ်ထားပြီး ကြိုးစား နိုင်ကြပါစေ။

အဗ္ဗုဠ္ဟ သလ္လော အသိတော၊ သန္တိံ ပပ္ပုယျ စေတသော။
သဗ္ဗသောကံ အတိက္ကန္တော၊ အသောကော ဟောတိ နိဗ္ဗုတော။

(သုတ္တ နိပါတပါဠိ-၃၇၂-သလ္လသုတ္တ)။

အဗ္ဗုဠ္ဟသလ္လော၊ စိုးရိမ်ပူပြင်း ငြောင့်တံသင်းကို ပယ်ရှင်းသုတ်သုတ်, ထုတ်နှုတ်အပ်ပြီး သောသူသည်။ အသိတော၊ ဒိဋ္ဌိတဏှာ, မီးလောင်စာတို့ စွဲကာမတည်, မမှီမူ၍။ စေတသော၊ တည် တံ့ဖြောင့်စင်းသော စိတ်၏။ သန္တိံ၊ ပူပန်ခပ်သိမ်း, မငြိမလိမ်းသဖြင့်, ငြိမ်းအေးခြင်းသို့။ ပပ္ပုယျ၊ မှန်စွာ မျက်မှောက် ဆိုက်ရောက်လျက်။ သဗ္ဗသောကံ၊ တန်ခိုးဖျင်းသိမ်, စိုးရိမ်မှု မှန်သမျှ, အဝဝကို။ အတိက္ကန္တော၊ နေရှိန်ထိဆောက်, နှင်းရည်ပျောက်သို့ လွတ်မြောက်ကာ။ အသောကော၊ စိုးရိမ်ပူပန်, ကျန်မရှိမူ၍။ နိဗ္ဗုတော။ ဘေးရန်ခပ်သိမ်း, ရှောင်ခါတိမ်းသဖြင့်, ငြိမ်းအေးရသူသည်။ ဟောတိ- တရားဓမ္မ သဘာဝမို့ မုချဖုံသေ၊ ဖြစ်ရလေတော့သတည်း။

(အဘိဓမ္မာတပ်၍ တရားပွဲ သိမ်းရန်)

❁ ❁ ❁ ❁ ❁

# လောကကြီးထဲ မတည်မြဲလှ အသုဘ တရားတော်

**ဧဝမဗ္ဘာဟတော လောကော၊ မစ္စုနာစ ဇရာယစ။**
**တသ္မာဓီရာ န သောစန္တိ၊ ဝိဒိတွာ လောကပရိယာယံ။**

(သုတ္တနိပါတ်၊ သလ္လသုတ္တ-ဂါထာ- ၅၈၆)။

**ဘော်နေ္တာ၊** လောကီဇာတ်ခုံ၊ ကရွှတ်ခြုံ၍၊ မွေ့ထုံပျော်ပါး၊ အို- ဒါယကာ ဒါယိကာမ အမျှားတို့။ ဣမသ္မိံ လောကေ၊ ပျော်ရွှင်ဘွယ် အလွန်နည်းလျက်၊ ဆင်းရဲမှုကြီးလှသည့်၊ ကျက်သီးထဘွယ်၊ဤလောကအလယ်၌။ ဗုဒ္ဓပစ္စေကဗုဒ္ဓါဒယော၊ ဗုဒ္ဓမြတ်စွာ၊ ပစ္စေကာနှင့် ရဟန္တာသေက္ခ၊ အစရှိကုန်သော။ ယေဓီရာ၊ သဘောအမှန်၊ ဝေဘန်သိမြင်၊ အကြင်ပညာရှိတို့သည်။ သန္တိ၊ ရှိကြပေကုန်၏။ တေဓီရာ၊ သဘောအမှန်၊ဝေဘန်သိမြင်၊ထိုပညာရှင်တို့သည်။ ဧဝံ၊ ဤသို့။ **လောကော၊** ပုပုရွှရွ၊ မျှားပြားလှစွာ၊ သတ္တဝါအပေါင်းကို။ မစ္စုနာစ၊ ခန္ဓာပျက်ပြုံး၊ သေဆုံးရခြင်း တရားသည်၎င်း။ ဇရာယစ၊ ရုပ်နာမ်နှစ်ဖြာ၊ခန္ဓာယိုယွင်း၊အို-မင်းရခြင်းတရားသည်၎င်း ။အဗ္ဘာဟတော၊ အမြဲမပြတ်၊ ပူးဝင်ကပ်၍၊ မရပ်မစဲ၊ အလွန်ညှင်းဆဲနှိပ်စက်နေလေ၏။ ကေနစိ၊ ဖြဟ္မာနတ်လူ၊တစုံတယောက်သောသူသည်။ ပရိတ္တာဏ၊ မန္တာန်ဆေးဝါး၊စသည်များဖြင့် ဟန့်တားကာကွယ်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်စကောင်းပေ။ ဣတိ၊ ဤသို့။ ယသ္မာ၊ အကြင့်ကြောင့်။ ဇာနန္တိ၊ ကောင်းစွာပိုင်ပိုင်၊ သိနိုင်ကြကုန်။ တသ္မာ၊ ထို့ကြောင့်။ ဓီရာ၊ သဘောအမှန်၊ ဖြစ်ပျက်ဟန်ကို၊ ကေန်တိတိ၊ မြော်မြင်သိသည့်၊ ပညာရှိတို့သည်။ လောကပရိယံ၊ ကြောက်ရွံ့ဘွယ်ကောင်း၊ ဤလောကကြီး၏၊ အကြောင်းကို။ ဝိဒိတွာ၊ မည်သူအားမျှ၊တားမရဟု၊ တွေ့ဆ မြော်ကြည့်၊အမှန်မြင်သိကြကုန်၍။ နသောစန္တိ၊ ကိုယ်ပန်းစိတ်နွမ်း၊မရွှင်လန်းဘဲ၊တင့်ဆန်းဂုဏ်သိန်၊တန်ခိုးမှိန်အောင်၊ မစိုးရိမ်ကြရ လေကုန်သတည်း။

ဤလောကကြီးဝယ်-လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို ရုပ်နာမ်နှစ်ဖြာ ခန္ဓာပျက်ပြုန်း သေဆုံးရခြင်းဆိုတဲ့ မရဏာတရားနှင့် အသားအရေ နဂိုအဲနေယိုယွင်းပြီး အိုမင်းရင့်ရော်ရခြင်းဆိုတဲ့ ဇရာတရားတို့က အမြဲမပြတ် ညှင်းဆဲသတ်ဖြတ် နေတော့တာဘဲတဲ့၊ဗုဒ္ဓမြတ်စွာနှင့် ပစ္စေကဗုဒ္ဓရဟန္တာ စသော ပညာရှိ ပုဂ္ဂိုလ်မွန်တို့သည်သာ ထိုသေရခြင်း သဘောတရား အိုမင်းရင့်ရော်ရခြင်း သဘောတရားတို့ကို မည်သူ တဦးတယောက်ကမျှ ဝင်ရောက် ကာကွယ် တားဆီးခြင်းငှာ မတတ်နိုင်သည်၏ အဖြစ်ကို ပိုင်းခြားဝေဘန်၍ အမှန်ကို သိမြင်တော် မူနိုင်ကြပါတယ်၊ သို့အတွက် ဘုရား၊ ပစ္စေက၊ ဗုဒ္ဓါ၊ရဟန္တာ၊ စသော ပညာရှိ အပေါင်းတို့သည် ဤလောကကြီး အကြောင်းကို ကောင်းကောင်း သိတော်မူကြသဖြင့် နှလုံးမငြိမ် စိုးရိမ်ပူဆွေးခြင်း မဖြစ်ကြတော့ပါဘူးလို့ ဆိုလိုပါတယ်။

ဤလောကကြီး၏ အကြောင်းကို ကောင်းစွာမရိပ်မိ မသိရှိကြသေးတဲ့ အန္ဓပုထုဇဉ်သတ္တဝါ အပေါင်းမှာကား- ခန္ဓာယိုယွင်း အိုမင်းရင့်ရော်ခြင်းဆိုတဲ့ ဇရာတရား နှိပ်စက် ညှင်းဆဲသည်ကို

တွေ့မြင်ရလျှင် ထိမ်းမရအောင် သောကမီးလျှံ ကြွတောက်လောင်ပြီး နေတော့တာဘဲတဲ့၊ ခန္ဓာကိုယ် ပျက်ပြုန်း၍ သေဆုံးရခြင်း မရဏတရား နှိပ်စက်ညှဉ်းပန်းပြန်လျှင်လဲ စိုးရိမ်ပူဆွေးမှုဖြစ်ကြရတာဘဲ၊ သောက ဂုံမထိမ်းနိုင်သဖြင့် ကိုယ်စိတ်နှစ်ဖြာ လွန်စွာပင်ပန်းဆင်းရဲခြင်းသို့ ရောက်ကြရပြန်တယ်နော်၊ သံသရာဘဝ ကျင်လည်စဉ် သားသေလို့ စိုးရိမ်ပူဆွေးရ, သမီးသေလို့ စိုးရိမ်ပူဆွေးရ, ဇနီးသေလို့, လင်ယောကျ်ား ဆုံးပါးလို့, ဆွေမျိုး မိတ်သင်္ဂဟ ပျက်စီးကြရလို့, စိုးရိမ်ပူဆွေး ငိုကြွေးခဲ့ကြရတာ ဂဏန်းချ၍မပြသာအောင် များပြားလှပေပြီ၊ သတိသမ္ပဇဉ် ဉာဏ်ယှဉ်ကာထိမ်းကြမှ ဒီသောကဆာပူ မီးဟာ ငြိမ်းအေးကြပေလိမ့်မည်၊ မိမိတို့ လင်သားသေဆုံးကာ သွားပေမဲ့ သောကအပူမီးကို တားဆီးကာ ငြိမ်သက်နိုင်ကြသဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေကြရပုံကို နမူနာထား၍ ကျင့်ကြံ ပွားများ နိုင်ကြအောင် သာဓကထုတ်ဆောင်၍ ပြကြဦးစို့။

သုံးလောကထွဋ်ထား မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ မွေ့လျော်နေစဉ်အခါက သာဝတ္ထိပြည်သား ရတနာသုံးပါးကို ယုံကြည်ဆည်းကပ် တတ်သော ဒါယကာ တယောက်သည် ချစ်လှစွာသော မိမိ၏သား ကွယ်လွန်သွားသဖြင့် စိုးရိမ်ပူဆွေး ငိုကြွေးခြင်း သောကပရိဒေဝမီး တောက်လျှက်နေရှာသတဲ့၊ အိမ်အပြင်သို့ လုံးဝမထွက်ဘဲ အိမ်မှုကိစ္စအဝဝကိုလဲ မပြုလုပ်ဆောင်ရွက်ဘဲ အိမ်တွင်းအောင်းကာနေတယ်၊ ထိုအကြောင်းကို မြတ်စွာဘုရား သိမြင်တော်မူလျှင် ဒါယကာ ယောကျ်ားအား သနားချီးမြှောက်သောအားဖြင့် ထိုဒါယကာအိမ်သို့ ကြွသွားပြီးလျှင် အကြောင်းစုံကို မေးမြန်းတော်မူပြီး "သောကဖျောက်နည်း" တရားဒေသနာကို ဟောတော်မူလိုပါသဖြင့် ဤကဲ့သို့ မိန့်ကြားတော် မူပါသည်။

ဥပါသကာ-ရှေးလွန်လေပြီးသောအခါကာလက ကာသိတိုင်း ဗာရာဏသီပြည်ဝယ် ဓမ္မပါလ မည်သော ပုဏ္ဏားမျိုး(တရားစောင့်သောပုဏ္ဏားမျိုး)ဆိုတာရှိသတဲ့၊ထိုဓမ္မပါလမြို့၌(၁)ပုဏ္ဏားကြီး၊ (၂)ပုဏ္ဏေးမကြီး၊ (၃)သား၊ (၄)သမီး၊(၅)ချွေးမ၊(၆) ကျွန်မ, ဟူသော ခြောက်ယောက်သော အိမ်သူ အိမ်သား အားလုံးတို့ဟာ မရဏာနုဿတိ ဘာဝနာကို အမြဲမပြတ် ပွားများပြီး နေကြတယ်တဲ့၊ ထိုအိမ်သား ခြောက်ယောက်တို့တွင် တယောက်သောသူသည် အိမ်အပြင် ထွက်ခွာသွားလျှင် ကျန်သောသူများကို ပြောဆိုဆုံးမ၍ ငဲ့ကွက်ခြင်းမရှိဘဲ ထွက်ခွာ သွားလေ့ရှိသတဲ့၊ မရဏာနုဿတိ ဘာဝနာကို အမြဲပွားများနေသူ ဖြစ်တဲ့အတွက် သေဆုံးရခြင်း သဘောတရားသည် မိမိနှင့်အမြဲကပ်လျက် လိုက်ပါနေပေသည်၊ အခါခါ အခါကာလ နေရာဌာနမရွေးဘဲ သေဆုံးနိုင်ပေသည်၊ယခု အိမ်မှ ထွက်သွားလျှင် အိမ်ပြင်ရောက်ပြီး သေဆုံးသွားပါက ဤအိမ်သူ အိမ်သားများနှင့် ပြန်လည်ဆုံတွေ့ခွင့်ရတော့မည် မဟုတ်ပေ-ဟု နှလုံးသွင်းဆင်ခြင်ကာ အိမ်အပြင်သို့ ထွက်သောသူဟာ အိမ်ရှိလူများကို ပြောဆိုမှာကြားခြင်း ဆုံးမစကား ပြောကြားခြင်း ပြုပြီးမှအိမ်နှင့် အိမ်ရှိလူများကို ငဲ့ကွက်ခြင်း မရှိဘဲ ထွက်ခွာသွားလေ့ ရှိခြင်းဖြစ်ပါတယ်၊ ပြန်ရောက်နိုင်လဲရောက်၊ ပြန်မရောက်လျှင်လဲ အပြီးနှုတ်ဆက်ခဲ့ခြင်းလို့ ဆိုရပေမယ်ပေါ့၊ ယခုခေတ်မှာ ဒီလို လုပ်သွားသင့်ကြောင်းကို တစုံတယောက်အား ပြောကြားလျှင် နိမိတ်မရှိ, နမာမရှိ မင်္ဂလာမရှိတဲ့ စကားလို့ အမြစ် ဆိုကြမှာဘဲနော်၊ ထကယ်တော့ ဒီခေတ်မှာမှ ပိုပြီးကြောက်စရာ ကောင်းပါသေးတယ်၊ ယခုခေတ်မှာ ကား, ရထား, လေယာဉ်ပျံ, စတဲ့ အမြန်ယာဉ်တွေနှင့် ခရီးသွားကြရာမှာပိုပြီး အန္တရာယ်များပါသေးတယ်၊ ကားစီးပြီးခရီးထွက်ရာက ပြန်မလာနိုင်သူတွေ,ရထားစီးပြီး, လေယာဉ်စီးပြီး ခရီးထွက်ခွာသွားရာမှ ပြန်မလာနိုင်သူတွေ

ဟာ ခရေတွက်၍ မရနိုင်အောင် အလွန်များပြားလှပါတယ်နော်၊ အလွန်သံဝေဂ ဖြစ်စရာကောင်းတာ ပေပေါ့၊ သို့သော်လဲ ခေတ်ကာလ အားလျော်စွာ အပျော်အပါး အမော်အကြွားတွေက ထူပြော များနေ့သဖြင့် ဒီလိုတရားဘက်ကို သတိထားပြီး မချဉ်းကပ်နိုင်ကြပါဘူး၊ ပျော်ပါးရင်း မော်ကြွား ရင်းနဲ့ အချိန်ကာလကုန်ဆုံးနေတော့ကလား၊ ရှေးအခါက ဓမ္မပါလမျိုးတွေကတော့ ဒီလိုသတိလွတ် ဟင်းပြီး မနေကြဘူးနော်။

တေသု ယော ဂေဟတော နိက္ခမတိ၊ သော သေသဇနေ ဩဝဒိတွာ နိရပေက္ခော၀ နိက္ခမတိ။　　　　　　　(ပေတာဝတ္ထုအဋ္ဌကထာ -၅၇)။

တေသု၊ ထိုအိမ်သူအိမ်သား ခြောက်ယောက်တို့တွင်။ ယော၊ အစွတ်မထင် အကြင်သူသည်။ ဂေဟတော၊ မိမိနေရာ အိမ်ဂေဟာမှ။ နိက္ခမတိ၊ အပြင်သို့ထွက်သွား၏။ သော၊ အိမ်မှထွက်သွား သော ထိုသူသည်။ သေသဇနေ၊ ကြွင်းကျန်ရစ်ခြား လူအများတို့ကို။ ဩဝဒိတွာ၊ ညွှန်ကြားပြသ ပြောဆိုဆုံးမ၍။ နိရပေက္ခော၀၊ အိမ်နှင့်အိမ်သား လူအများကို စိတ်ထားငဲ့ကွက် မရှိဘဲလျက်လျှင်။ နိက္ခမတိ၊ မိမိလိုရာ ထွက်ခွာကာ သွားလေ၏-

ဒီလိုအိမ်သားခြောက်ယောက်တွင်တယောက်ယောက် ခရီးသွားပါကမပြန်လမ်းသို့မြန်းသကဲ့ သို့ အပြီးအပိုင်နှုတ်ဆက်ပြီး အိမ်ကိုရှော ကျန်ရှိလူများကိုပါ တွယ်တာငြိကပ်မှုမထားဘဲ လွတ်လွတ် လပ်လပ် ထွက်ခွာသွားလေ့ရှိသတဲ့။

ထိုအခါကာလ တနေ့သ၌ ပုဏ္ဏားကြီးသည်သားနှင့်အတူ အိမ်မှထွက်၍ လယ်တောသို့သွား ကာလယ်ထွန်ခြင်းအမှုကို ပြုနေစဉ် သားသည်ကား ခြောက်သွေ့သော မြက်သစ်ရွက် သစ်သား ထင်း တို့ကိုမီးရှို့လေသည်၊ ထိုမီးရှို့ရာအရပ်၌ မြွေဟောက်တကောင်သည်မီးပူပြင်းကြောင့်သစ်ခေါင်းတွင်း မှ တွက်လာပြီးလျှင် ပုဏ္ဏားကြီး၏သားကို ကိုက်လိုက်ပါတယ်၊ ပုဏ္ဏားကြီးသားသည်မြွေဆိပ်တက်၍ ထိုနေရာ၌ပင် လဲကျသွားပြီး အဆိပ်မွှန်ကာ ကွယ်လွန်သေဆုံး၍တာဝတိံသာမြည်၌ နတ်တို့၏မင်းဖြစ် သွားလေသတဲ့၊ ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသူဖြစ်တဲ့အတွက် ကောင်းမြတ်သောဘုံသို့ လွယ်လွယ် ကူကူနှင့် ရောက်ရှိသွားတာဘဲနော်။

ပုဏ္ဏားကြီးသည် မိမိ၏သား သေဆုံးကြောင်းကို ကောင်းစွာမြင်သိ၍ အနီးဖြစ်သော လယ် တောမှ ရွာသို့ပြန်သော ယောကျ်ားတယောက်ကို ခေါ်ပြီးလျှင် မိတ်ဆွေ ငါ၏အိမ်သို့ သွား၍ ပုဏ္ဏေးကို ဤသို့ ပြောဆိုပါလေလော "ရေမိုးချိုးကြပြီးလျှင် သန့်ရှင်းကောင်းမွန်သော အဝတ်တို့ ကို ဝတ်ရုံကုန်၍ တယောက်စာဖြစ်သော ထမင်းကိုရင်း,ပန်းနံ့သာ အစရှိသည်တို့ကိုရင်း,ယူဆောင် ၍လျှင်မြန်စွာ လာလော"ဟု ပြောကြားပါလေ့-ဟု မှာလိုက်ပါတယ်တဲ့။

ထို ယောကျ်ားလည်း ပုဏ္ဏားကြီး မှာကြားသည့်အတိုင်း ပုဏ္ဏေးမကြီးထံ သွားရောက် အကြောင်းကြားတဲ့အခါ အိမ်သူအိမ်သားအားလုံး ပုဏ္ဏားကြီး မှာကြားသည့်အတိုင်း လယ်တောသို့ လိုက်သွားကြပါတယ်၊ ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကြီးနှင့် အိမ်သူအိမ်သား စုံလင်ရောက်ရှိလာလျှင် ရေချိုး စားသောက် ဖီလိမ်းပြီးနောက် အိမ်သူအိမ်သားဖြစ်ကြသော မိသားစု အားလုံးစုပေါင်း၍ သား၏ ဥတုဇ ရုပ်အလောင်းကောင်ကို ထင်းမီးပုံပေါ်တင်ကာ မီးရှို့ကြသတဲ့၊ မီးလောင်ကျွမ်းနေ သည်ကို ကြည့်ရှု၍ စိုးရိမ်ပူပန်မှု မရှိဘဲ မမြဲခြင်းအနိစ္စသညာကို နှလုံးသွင်းကာ ရပ်တည်နေကြသတဲ့၊

တားရာရှင်မိသားစုမှ ပူပန်သောက မဖြစ်ကြဘူးနော်၊ သာမည လူသားတွေဟာဆိုလျှင် ယခုလိုအခါမှာမထိမ်းနိုင်အောင် ဖိမ်းယိုင်ငိုကြွေး မြည်တမ်းနေမှာပဲ။

မြွေဟောက်ကိုက်သဖြင့် သေဆုံးကာ သိကြားမင်း ဖြစ်သွားသော ပုဏ္ဏားကြီးရဲ့ သားကား ငါဘုရား၏ ဘုရားအလောင်းပင် ဖြစ်တယ်တဲ့၊ ထိုအခါ အလောင်းတော်ဖြစ်တဲ့သိကြားမင်းသည် မိမိ၏ ရှေးကဖြစ်ခဲ့ရသော ဘဝကိုရင်း၊ မှုလုပ်အားထုတ်ခဲ့သော ကုသိုလ်ကောင်းမှုကိုရင်း ကြည့်ရှုဆင်ခြင်ပြီး မိဘနှစ်ပါးနှင့် ဆွေမျိုးများကို အစဉ်သနား၏ ဗြာဟ္မဏဘဦးအသွင် ဆောင်ကာ ထို သူကောင်ဖုတ်ရာသို့ လာရောက်၍ ပူဆွေး စိုးရိမ်ခြင်းမရှိကြသော ဆွေမျိုးများကို မြင်လေလျှင် ''အမ္ဘောမိဂံ့ ဈာပေထ၊ အမှာကံမံသံ ဒေထ၊ ဆာဘောမှို၊ အချင်းတို့-သားကောင်ကို မီးကင်နေကြသလော၊ ကျွန်ုပ်တို့အား အသားပေးကြပါဦး၊ ကျွန်ုပ်သည် ဆာလောင်လှပါသည်''ဟု စုံစမ်းသောသဘောဖြင့် ပြောဆိုလေသတဲ့။

ထိုသို့ ပြောဆိုသောအခါ မီးသင်္ဂြိုဟ်နေကြသော ဓမ္မပါလ ပုဏ္ဏားမိသားစုက ''မိတ်ဆွေ သားကောင်ကို မီးဖုတ်နေကြသည်မဟုတ် လူကိုမီးသင်္ဂြိုဟ်နေကြပါသည်''ဟု ဆိုလေလျှင် ဤသူကား အသင်တို့၏ ရန်သူပါလော- ဟု ဆက်ကာမေးမြန်းပြန်သဖြင့် ''မိတ်ဆွေအကျွန်ုပ်တို့၏ ရန်သူမဟုတ်ပါ၊ ရင်၌ဖြစ်သော မိဘကျေးဇူး သိတတ်သဖြင့် ကြီးသော ဂုဏ်ကျေးဇူးရှိသော နှစ်ခြိုက်သောသား ကောင်းတယောက် ဖြစ်ပါသည်''ဟု ပြောဆိုလေသတဲ့၊ ဗြာဟ္မဏယောင် ဆောင်ထားသော သိကြားကတဖန်ဆက်၍ ''ကိမဏ္ဍံ တုမှေ တထာရူပေ ဂုဏဝတိ ဂုဏပုတ္တေ မတေ နသောစထ- အသင်တို့သည် ထိုသို့သဘောရှိသော သားလုလင်ပျိုသည် သေဆုံးကွယ်လွန်ပါလျက် အဘယ့်ကြောင့် စိုးရိမ်သောက မဖြစ်ကြပါသနည်း-ဟု မေးမြန်းသော စကားကိုကြားလေလျှင် ဘခင် ပုဏ္ဏားကြီးသည် စိုးရိမ်သောက မဖြစ်ခြင်း အကြောင်း ပြောဆိုလိုသဖြင့်-

(က) ဥရဂေါဝ တစံ ဇိဏ္ဏံ၊ ဟိတွာ ဂစ္ဆတိသံတနုံ။
ဧဝံ သရီရေ နိဗ္ဘောဂေ၊ ပေတော ကာလကတေ သတိ။

ဟူသောဂါထာကို ရွတ်ဆိုလေသည်။ (ပေတဝတ္ထု- ဂါထာ- ၁၅)။

(က) အမ္ဘော၊ အမောင်။ ဥရဂေါ၊ ရင်ဖြင့် သွားလာ မြွေသတ္တဝါသည်။ အတ္တနော၊ မိမိ၏။ ဇိဏ္ဏံ၊ ဟောင်းနွမ်း ဆွေးမြေ့သော။ တစံ၊ လွှမ်းဝတ်ခြုံနေ, အရေကို။ ဟိတွာ၊ မငြိမတွယ်, ပြစ်ပယ်စွန့်ထား၍ ယာတိ ယထာ၊ အလိုရှိတိုင်း, ဆုတ်ဆိုင်းမနေ, သွားလေသကဲ့သို့။ ဧဝံ၊ ပမာနှိုင်းယှဉ်, ဤနည်းတူ။ သံသာရေ၊ ခန္ဓာငါးရပ်, မပြတ်ဖြစ်ရာ, သံသရာ၌။ ပရိဗ္ဗမန္တော၊ တပြောင်းပြန်ပြန်, စုံဆန်ထက်အောက်, ကမောက်ကမ, ကျင်လည်ရသော။ သတ္တော၊ ပုပ္ပုန္တိုန္တ, များလှစွာ, သတ္တဝါသည်။ ကမ္မဿ၊ ရှေးကစုဆောင်း, ကောင်းသောကံ၏။ ပရိက္ခီဏတ္တာ၊ မကျန်မကြွင်း ကုန်ခန်းခြင်းကြောင့်။ သရီရေ၊ ပျက်စီးယွင်းယို, ခန္ဓာကိုယ်ကို။ နိဗ္ဘောဂေ၊ လိုရာပြီးမြောက်, ခရီးရောက်အောင်, စောင့်ရှောက်သမှု အသုံးမပြုနိုင်သည်ရှိသော်။ ပေတော၊ အာယု, ဥသ္မ, ဝိညာဏ်ဟု သုံးတန်တရား ကင်းကွာ သွားသည်ဖြစ်၍။ ကာလကတော၊ ခန္ဓာပျက်ပြုန်း, သေဆုံးခြင်းသည်။ သတိ၊ အမှန် ပကတိ ရှိသည်ဖြစ်သော်။ သံတနုံ၊ မိမိချစ်လှဲ, မမြဲယွင်းယို, ခန္ဓာကိုယ်ကို။ ဟိတွာ၊ မငြိ

မတွယ်, စွန့်ပယ်ပြစ်ထား၍။ ဂစ္ဆတိ၊ ဤဘဝမှ ထိုဘဝသို့၊ ဆိုင်းတွဲမနေ, သွားရောက် ရလေတော့သတည်း။

**ဆောင်ပုဒ်။** မြွ, ရေ-စွန့်ထား-သွားသည်ပမာ၊ သံသာလည်ပြား-များပြားသတ္တဝါ။
ဝိညာဉ်ကင်းပြတ်-သေလတ်သောခါ၊ ဤကိုယ်ကြီး-စွန့်ပြီး သွားသည်သာ။

(ခ) ဉယှ မာနေ နဇာနာတိ၊ ဉာတိနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န ရောဒါမိ၊ ဂတော သော တဿ ယာဂတိ။

(ပေတဝတ္ထု-ဂါထာ-၇၆)။

အမ္မော၊ အမောင်လုင်။ တဿာမ္မဿ။ သက်ရှိကာလ ပြုလုပ်ကြသည့် များလှတန်တန် ထိုကောင်းမှုကံ, မကောင်းမှုကံ၏။ ဝေဂေန အစွမ်းအားဖြင့်။ ယာဂတိ၊ လာရောက်ရာဌာန, အကြင်ဘုံဘဝကို။ ပါဠိုက်ခါ၊ မရှောင်မလွှဲ, အမြဲတစေ အလိုရှိအပ်ပေ၏။ သော၊ ခန္ဓာကိုယ် ပျက်ပြုန်းသေဆုံးသော ထိုသူသည်။ တံဂတိ ဝ၊ မိမိလာရောက်ရာ ဌာန ထိုဘုံဘဝသို့၊ ဂတော၊ ကံတရားကပို့ဆောင်ပြားသဖြင့် လားရောက်ရလေ၏။ ဉယှမာနေ၊ ကျန်ရစ်သူများ, ရှို့မြှိုက်ထားသဖြင့်, လွှားလွှား ကုန်ခန်း မီးလောင်ကျွမ်းနေသော ကိုယ်သည်။ ဉာတိနံ၊ မိဘဆွေမျိုးတို့၏။ ပရိဒေဝိတံ၊ စိုးရိမ်ပူဆွေး, ငိုကြွေးခြင်းကို။ နဇာနာတိ၊ ထိုဘဝမှ, ဆွေးဆားမြှော်ကြည့်, မသိရှိဘော့ပေ။ တသ္မာ၊ ထိုကြောင့်။ ဧတံ၊ ကွယ်လွန်တိမ်းပါး, ဤငါ့သားကို။ နိမိတ္တံကတွာ၊ မကောင်းသည့်အရိပ်အကြောင်း နိမိတ်ပြု၍။ နရောဒါမိ၊ ကိုယ်စိတ်ငြိုးနွမ်း, လွန်ပင်ပန်းအောင်, မြည်တမ်းပူဆွေး မငိုကြွေးတော့ပါတကား။

**ဆောင်ပုဒ်။** ကွယ်လွန်ပြီးနောက် လားရောက်အိုနေ၊ ဆွေမျိုးအများ လွမ်းအားပူဝေ။
မီးလောင်ကိုယ်ကြီး ဘယ်နည်းသိပေ၊ ထို့ကြောင့်ပဲ၊ ငိုပွဲမဆင်ချေ။

ဤကဲ့သို့ ဖခင်ဖြစ်သော ပုဏ္ဏားကြီးက-မိမိ၏သား သေဆုံးသည့်အတွက် စိုးရိမ် ပူဆွေးခြင်း မဖြစ်ခြင်း အကြောင်းကို ပြောဆိုပြီးသောအခါ ပုဏ္ဏား ယောင်ဆောင် ထားသော သိကြားမင်းသည် ပုဏ္ဏေးမကြီး အထံသို့ ချဉ်းကပ်ကာ “အိုအမိ-သေဆုံးသော ထိုသူသည် အသင်နှင့် မည်သို့တော်စပ် ပါသနည်း” ဟု မေးမြန်းပြန်ပါတယ်။

ထိုအခါ ပုဏ္ဏေးမကြီးက “အမောင်လုလင်—ဤသေဆုံးသွားသော သူသည် ဆယ်လတိုင်တိုင် ဝမ်းဖြင့်လွယ်ကာ မွေးဖွား၍ နို့ချိုတိုက်ကျွေးကာ ကြီးပြင်း စေအပ်သော ချစ်လှစွာသော ငါ၏သားပါတည်း” ဟု ပြောဆိုလေလျှင် ဤသို့ ဖခင်အည်ကား ယောကျ်ား ဖြစ်သဖြင့် စိုးရိမ် ပူဆွေးငိုကြွေးခြင်း မပြုသည် ထားပါဦးတော့-မိခင် မည်သည်ကား စိတ်နုလုံး နူးညံ့ ပျော့ပြောင်း လှပါသည်၊ အသင်သည်ကား အဘယ်သား သေဆုံးလျှက် မငိုကြွေးပါသနည်း” ဟု မေးမြန်းပြန်သတဲ့၊ မိခင်ပုဏ္ဏေးမကြီးသည် ထိုအမေးစကားကိုကြားသောအခါ စိုးရိမ် ပူဆွေး ငိုကြွေးသမှု မပြုခြင်း အကြောင်းကို ဤသို့ ပြောဆို ဖြေကြားပါတယ်။

(က) အနဗ္ဘိတော တတောအာဂါ၊ နာနုညာတော ဣတော ဂတော။
ယထာ ဂတော တထာဂတော၊ တတ္ထကာ ပရိ ဒေဝနာ။

(ပေတဝတ္ထု-ဂါထာ-၇၇)။

အနိဒ္ဓိတော၊ ငါ့သား လာလော့-ဟု မခေါ်မပြော ပါပဲလျက်။ တဝတော၊ တမလွန်လောကမှ, ထိုဘဝမှ။ အာဂါ၊ ပစ္စုပ္ပန်လောက ဤဘဝသို့, မုချမှန်စွာ ဆိုက်ရောက်လာ၏။ နာနုညာတော၊ ငါ၏ချစ်သား, မင်းပြန်သွားဘဟု, ခွင့်မပြု ပါပဲလျက်။ ဣတော၊ ပစ္စုပ္ပန်လောက၊ ဤဘဝမှ။ ဂတော၊ တမလွန် ဘဝတပါးသို့ ထွက်ခွာကာ သွားလေ၏။ ယထာ, ယေန၊ အကျင်အခြင်းအရာအားဖြင့်။ (ဝါ) မိမိကျင့်ကြံ မိမိကံဖြင့်သာလျှင်။ အာဂတော၊ ထိုဘဝမှ ဤဘဝသို့ မခေါ်ပဲသာ ရောက်လာပေ၏။ တထာတေန၊ ထိုအခြင်းအရာ အားဖြင့်၊ (ဝါ) မိမိကျင့်ကြံ, မိမိကံဖြင့်သာလျှင်။ ဂတော၊ ဤဘဝမှ ထိုဘဝသို့ ခွင့်မပြုပဲ ကွယ်လွန် ပြောင်းသွားလေ၏။ တတ္ထ၊ ထိုအလိုသို့ မလိုက်ပါပဲ ထိုက်ဆည် အားလျော်စွာ ကျင်လည်၍ ဖြစ်ရာ၌။ ပရိဒေဝနာ၊ ကိုယ်စိတ်ပန်းအောင်, မြည်တမ်းပူဆွေး, ငိုကြွေးခြင်းသည်။ကာ၊ တစုံတရာ ကောင်းစွာဖွံ့ဖြိုး အဘယ်အကျိုး ရှိပါအံ့နည်း။

(ခ) ဥယှ မာဒနာ နစာနာတိ၊ ဥာတိန် ပရိဒေဝိတံ၊
တသ္မာတေ် နရောဒါမိ၊ ဂတော သော တဿ ယာ ဂတိ။
(ရှေးနည်းအတိုင်း အနက်ပေးပါ)။

ငါ့သားလာလော့-ဟု မခေါ်ပဲလျက် သူ့ဘာသာ ရောက်၍လာပြီး ငါ့သား ပြန်လေတော့ဟု ခွင့်မပြုပဲ သူ့ဘာသာ ပြန်သွားခြင်းသာ ဖြစ်ပါဘယ်၊ သူ့အလိုလို ရောက်ရှိလာပြီး-သူ့အလိုလို ပြန်သွားခြင်း ဖြစ်တဲ့အတွက် ထိုသားကို အကြောင်းပြုကာ ငိုကြွေးမြည်တမ်းခြင်းဖြင့် အကျိုးရှိမည်မဟုတ်၊ သူ၏ကံ အားလျော်စွာ လားရောက်ရာ ဘဝသို့ လားရောက် သွားမြဲ ဖြစ်သဖြင့် မိဘဆွေမျိုးများ၏ စိုးရိမ် ပူဆွေးနေခြင်းကိုလည်း မီးလောင်ကျွမ်းနေသေ အလောင်းကောင်က သိတော့မည်မဟုတ်ပေ၊ ထို့ကြောင့် ငါသည် ဤငါ့သားကို တစုံတခု အကြောင်းပြုကာ မငိုကြွေးတော့ပါဟု မိခင်ပုဏ္ဏေးမကြီးက ပြောဆိုလေသတဲ့။

ဆောင်ပုဒ်။ မခေါ်ပဲ-ရောက်လဲသူရောက်လာ၊ ခွင့်မပေး-ရှောင်ပြေးသူသွားတာ။
သူ့ကံတိုင်း-မဆိုင်းလာ-သွားရာ၊ ငိုကြွေးက-ကျိုးရမရှိပါ။

မိုးနတ်သိကြားသည် ဒီလို မိခင် ပုဏ္ဏေးမ၏ စိုးရိမ်မှု မရှိကြောင်း စကားကိုကြားပြီးလျှင် ကွယ်လွန်သူ၏ နှမကို "အရှင်မ-ကွယ်လွန်သော ထိုယောကျ်ားသည် အသင်နှင့် အသို့တော်စပ်ပါသနည်း"ဟု မေးလေရာ "အရှင်-ယခု ကွယ်လွန်သွားသောသူသည် ကျွန်မ၏အစ်ကိုကြီး ဖြစ်ပါသည်" ဟု နှမဖြစ်သော ပုဏ္ဏေးမကလေးက အဖြေပေးလေသတဲ့၊ ဆိုအခါ သိကြားမင်းက "အရှင်မ-နှမ-အမတို့မည်သည် တအူတုံဆင်းဖြစ်သော မောင်အရင်းတို့ကို အလွန်ချစ်ခင် ကြည်ညိုတတ်ကြပေသည်၊ သင်သည်ကား-မောင်တယောက်လုံး ကွယ်လွန် ဆုံးပါးသွားပါလျက် အဘယ်အတွက်ကြောင့် မစိုးရိမ် မငိုကြွေးဘဲ နေနိုင်ပါသနည်း" ဟု ဆက်လက် မေးမြန်းပြန်သဖြင့် နှမဖြစ်သော ပုဏ္ဏေးမကလေးသည် မိမိမပူဆွေးခြင်း, မငိုကြွေးခြင်း၏ အကြောင်းကို ပြောဆိုလိုသည်ဖြစ်၍-

(က) သစေ ရောဒေ ကိသာ အဿံ၊ တတ္ထ မေ ကိံ ဖလံ သိယာ။
ဉာတိမိတ္တ သုဟဇ္ဇာနံ၊ ဘိယျော နော အရတိ သိယာ။

(ခ) ဥယ္ဟဲ မာနေ ာ နဇာနာတိ၊ ဉာတိနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န ရောဒါမိ၊ ဂတော သော တဿ ယာဂတိ။
(ပေတဝတ္ထု-ဂါထာ-၇၉-၉၀)။

ဟူသော ဂါထာနှစ်ပုဒ်ကို ရွတ်ဆိုကာ ဖြေကြားပါတယ်။

(က) အမ္မော၊ သိလိုရေးကြောင့် မေးမြန်းလေငြား အမေ ငယေးကျြား။ အဟံ၊ ငါ ယဒိ ရောဒေ၊ ရေားဒယျံ၊ စိုးရိမ်ပူဆွေး, အကယ်၍ ငိုကြွေးငြားအံ့။ ကိုသာ၊ အသားအရေ, စိုပြေကင်းပ,ပိန်ချုံးရုံမျှသည်သာ။အဿံ၊အမှန်စင်စစ် ဖြစ်လေရာ၏။ တတ္ထ၊ စိုရိမ်ပူဆွေး,ထိုငိုကြွေးရာ၌။ မေ၊ ငါ့အား။ ကိံ ဖလံ၊ တစုံတရာ ချမ်းသာ ပွားတိုး အဘယ်သို့သော အကျိုးသည်။ သိယာ၊ တရံတဆစ်, ဖြစ်ရှိနိုင်ပါအံ့နည်း။ နော-ငါတို့၏၊ ဉာတိ မိတ္တ သုဟဇ္ဇာနံ၊ ဆွေမျိုးမိတ်သင်္ဂဟ ချစ်ကျွမ်းဝင်ကြသူတို့အား။ မမ၊ အကျွန်ုပ်၏။ သောစနေန၊ နှလုံးမငြိမ် စိုးရိမ်ပူးဆွေးခြင်းကြောင့်။ ဘာတုမရဏာ ဒုက္ခိတော၊ အကိုသေရင်း ဆင်းရဲခြင်းထက်။ ဘိယျော၊ တဆတက်ကာ, လွန်ကဲစွာ။အရတိ၊ မရှင်မလန်း စိတ်မချမ်းသာခြ ်းသည်။ သိယာ၊ လမ်းစဉ်ဓမ္မတာ, မရှောင်သာဘဲ, မုန်စွာမသွေ, ဖြစ်ရလေသတည်း။

(ခ-မှတ်-ဂါထာအနက်ပေးပါ။ ဧတံ၊ ဤငါ့မောင်ကို၊ နိမိတ္တကတွာ၊အကြောင်းပြု၍ ဆိုရှုမျှသာထူး၏)

အကယ်၍ စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်းနေခဲ့ပါမူ အသား အရေ စိုပြေမှု ခြောက်ခန်းပြီး ငြိုးနွမ်းပိန်ချုံးရုံသာ ဖြစ်ပါတယ်၊ ယင်းသို့ ငိုကြွေး ခြင်းကြောင့် ငါ၏ မောင်သည် ပြန်လာမည်လည်း မဟုတ်ပါ၊ ကောင်းရာ သုဂတိ ဘဝသို့လည်း ရောက်ရှိ သွားမည် မဟုတ်ပါ၊ စိုးရိမ်ပူဆွေး ငိုကြွေး ခြင်းကြောင့် ကြီးပွား ချမ်းသာကြောင်း ကောင်းမြတ်သော အကျိုးတစုံတရာ အဘယ်မှာ ရှိနိုင်ပါမည်နည်း၊ ငါတို့၏ ဆွေမျိုး မိတ်သင်္ဂဟ ချစ်ကျွမ်းဝင်တို့အား ငါ၏ စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်းမှုကြောင့် ငါ့မောင် သေဆုံးရခြင်းကြောင့် ဖြစ်ရသော ဆင်းရဲဒုက္ခထက် လွန်ကဲကာ စိတ်မချမ်းမသာမှုမျှသာ ဖြစ်ပါတယ်။

သေဆုံးသူကား မိမိလားရာ ဘဝသို့ လားရောက်သွားပါပြီ၊ မိဘညီဘွား နှမသားချင်းများ၏ စိုးရိမ်ပူဆွေး ငိုကြွေးနေခြင်းကို မီးလောင်ကျွမ်းနေသော ကိုယ်ကောင်ကြီးက သိနိုင်တော့မည် မဟုတ်ပါ၊ ထို့ကြောင့် ဤ ငါ၏မောင်ကို အကြောင်းပြုကာ ငိုကြွေးခြင်းမပြုပါ-ဟု သေဆုံးသူ၏ နှမငယ်က ပြန်လည် ပြောကြားလိုက်သတဲ့။

ဆောင်ပုဒ်။ ငိုးကြွေးကျင့်သုံး- ပိန်ချုံးမည်သာ၊ ငါ့ငိုသည့်တွက်- ကျိုး ့က်မလာ။
ဉာတိမိတ္တ- ရောက်ကြချိန်ခါ၊ ငိုမည်တမ်း- မလန်းမရွှ်ရာ။

ယင်းသို့ ပြောသော နှမငယ်၏ စကားကို ကြားလေလျှင် သေဆုံးသူ ်မယားကို "သေဆုံးသော ထိုယောကျ်ား၊နှင့်သင်သည် အသို့တော်စပ်သနည်း" ဟု မေးမြန်းပါတယ်၊ မယားဖြစ်သူက "အရှင်-ကွယ်လွန် သေဆုံးသောသူသည် ကျွန်မ၏ လင်ယောကျ်ား ဖြစ်ပါသည်" ဟု အဖြေပေးသဖြင့်"ရှင်မ-အမျိုးသမီးမိန်းမတို့မည်သည် လင်ယောကျ်ားအပေါ်မှာ လွန်စွာ ချမ်ခ်တတ်ကြပေထည်၊ လင်ယောကျ်ား ဆုံးပါး ကွယ်လွန်းသာအခါ မုဆိုးမဖြင်ကာ ကိုးကွယ်ရာမဲ့ဖြစ်ကြရပေသည်

ရှင်မသည် ချစ်ခင်အပ်သော လင်ယောကျာ်းကွယ်လွန် ဆုံးပါးသွားပါလျက် အဘယ့်အတွက်ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမပြုဘိသနည်း''ဟု ပုဏ္ဏားယောင်ဆောင်ထားသော သိကြားမင်းကမေးမြန်း စုံစမ်းပြန်ပါတယ်၊ သို့အတွက် ကွယ်လွန်သူ၏ ဇနီးဖြစ်သူကလည်း မိမိ၏ စိုးရိမ်ပူဆွေး ငိုကြွေးမှုမပြု ခြင်းအကြောင်းကို ပြောဆိုလိုသဖြင့်–

(က) ယထာပိဒါရကော စန္ဒံ၊ ဂစ္ဆန္တံ မနုရောဒတိ။
ဝံသမ္ပဒမေဝေတံ၊ ယော ပေတ မနုသောစတိ။

(ခ) ဒယှမာနော န ဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ နရောဒါမိ၊ ဂတော သော တဿ ယာဂတိ။

(ပေတဝတ္ထုဂါထာ-၉၁-၉၂)။

ဟူသော ဂါထာ နှစ်ပုဒ်ကို ရွတ်ဆိုကာ ပြောကြားလေသတဲ့။

အမ္ဘော၊ မငိုကြွေးခြင်း အကြောင်းရင်းကို, ရှင်းလင်းသိရေး, မေးမြန်းလေဌား, အမောင် ယောကျာ်း။ လောကေ၊ လောကဌ်။ ဒါရကော၊ သနာ စဘွယ်, အလွန်နုနယ်သော, သူငယ်သည်။ ဂစ္ဆန္တံ၊ ကောင်းကင်ထက်ဝယ်, လှည့်လည်သွားသော။ စန္ဒံ၊ အရောင်အဝါ, ထွန်းလင်းဖြာသည့်, ငွေစန္ဒာလမင်း ကို။ အနုရောဒတိယထာပိ၊ ငါ၏ရထားဘီးကို, ပေးပါဟုဆို၍,ငိုယိုဘိသကဲ့သို့။ ဧဝံ၊ အမှတ်မထင် အကြင်သူသည်။ ပေတံ၊ ရုပ်နာမ်နှစ်ဖြာ, ခန္ဓာပျက်ပြုံး,သေဆုံးသူကို။ အနုသောစတိ၊ ကိုယ်စိတ်နှစ်ဖြာ, မကြည်သာဘဲ, လွန်စွာစိုးရိမ်လေ၏။ တဿ၊ မဆင်ခြင်ဘဲ, လွန်ကဲစွာစိုးရိမ်သော သူ၏။ ဧတံ၊ ဤကိုယ်စိတ်ငြိုးနွမ်း,ပင်ပန်းစိုးရိမ်ခြင်းသဘောသည်။ ဝံသမ္ပဒမေဝ၊ အသိမကြွယ်, ဤသူငယ်၏ တကယ်အဖြစ်နှင့် စင်စစ်မသွေ, တူလေသည်သာတည်း။

(ခ မှတ် ဂါထာအနက် ပေးမြဲပေးပါ)။

ဆိုလိုရင်း အဓိပ္ပါယ်ကတော့ အမောင်ယောကျာ်း ဤလောကဝယ် အသိဉာဏ်မကြွယ်သေး သည့် ကလေးသူငယ်သည် ကောင်းကင်အလယ်၌ လှည့်လည်သွားလာနေသော ငွေစန္ဒာလရထားကို ''ငါ၏ရထားဘီးကိုပေး''ဟုဆိုကာ ငိုကြွေးနေဘိသကဲ့သို့ ဤနည်းတူစွာပင် သေဆုံးသွားသောသူကို အကြောင်းပြုကာ ပူဆွေးစိုးရိမ်ခြင်းဖြစ်သော သူသည်လည်း အသိဉာဏ်မကြွယ်သေးသည် ကလေး ငယ်နှင့် တကယ်တူလှသည် သာတည်း။

ကွယ်လွန် သေဆုံးသော သူသည်ကား မိမိ ကံအားလျော်စွာ ထိုထို ဘုံဘဝသို့ သွားပေပြီ၊ မီးလောင်ကျွမ်းနေသော ခန္ဓာကိုယ်ကြီးသည်ကား- မိဘဆွေမျိုးများ၏ ပူဆွေးတမ်းတ ငိုယိုနေကြ ခြင်းကို ဘာမျှမသိပါပေ၊ သို့အတွက် ငါ၏ လင်ယောကျာ်းကို အကြောင်းပြုကာ မငိုကြွေးပါ- ဟု မယားဖြစ်သူက မစိုးရိမ်ခြင်း မငိုကြွေးခြင်း အကြောင်းကို ပြောဆိုလိုက်ပါတယ်။

ဆောင်ပုဒ်။ သူငယ်လေး-လခရေးကြည့်ရှုကာ၊ ဧက်ဘီးပေး- ငိုကြွေး တောင်းတရှာ။
သေသူတွက်- အားပျက်စိုးရိမ်ရာ၊ သူငယ်ဖြစ်- စင်စစ်တူသည်သာ။

သိကြာမင်းသည် ဤသို့မယားဖြစ်သူ၏ စကားကိုကြားရလေလျှင် ကျွန်မထံ ချဉ်းကပ်ကာ ''အရှင်မ-ကွယ်လွန်သွားသော ထိုယောကျာ်းသည် သင်နှင့် အသို့တော်စပ်ပါသနည်း''ဟု မေးမြန်း ပြန်လေသတဲ့။

ကျွန်မက "အရှင်-ငါ၏ အရှင်သခင် ဖြစ်ပါသည်" ဟု ပြောဆိုတဲ့အခါ သိကြားမင်းက "ကွယ်လွန်သွားသော ထိုယောကျ်ားသည် အသက်ရှင်စဉ်အခါက အသင့်ကို ရိုက်နှိပ်စက်၍ အမှုကိစ္စကို ဆောင်ရွက်ရန် စေခိုင်းသည်ဖြစ်ပေလိမ့်မည်၊ သို့အတွက် ထိုသူ၏နှိပ်စက်ခြင်းမှ လွတ်ကင်းပေပြီ" ဟု ကြံစည်ကာ ယခု ထိုသူသေဆုံးသောအခါ မငိုကြွေးဘဲနေသည်- ထင်ပါသည်- ဟု ပြောဆိုလေလျှင် ကျွန်မက လက်ကာ ဟန့်တားလျက် "အရှင် ယောကျ်ား ဒီသို့မပြောဆိုသင့်ပါ၊ အလွန်ပင် ခန္တီတရား,မေတ္တာတရား,ကရုဏာတရား,နှင့် ပြည့်စုံသူဖြစ်ပါတယ်၊ ကွယ်လွန်သွားသော အရှင်သားသည် ငါ၏ ရင်၌ဖြစ်သော သားရင်းကဲ့သို့ပင် ဖြစ်ပါတယ်"ဟု ပြောဆိုလေသတဲ့။

ထိုအခါ သိကြားမင်းက "သို့ဖြစ်လျှင် အသင်သည် အဘယ့်ကြောင့် မငိုကြွေးပါသနည်း" ဟု မေးမြန်းပြန်သဖြင့် ကျွန်မအမျိုးသမီးကြီးသည် မိမိမစိုးရိမ် မငိုကြွေးခြင်း အကြောင်းကို ပြောဆိုလိုသဖြင့် ဤဂါထာကိုရွတ်ဆိုကာ ဖြေကြားပါတယ်။

(က) ယထာပိ ဒြပတ္တော ဥဒကုမ္ဘော၊ ဘိန္နော အပ္ပဋိသန္ဓိယော။
ဧဝံ သမ္ပဒမေဝေတံ၊ ယော ပေတ မနုသောစတိ။
(ပေတဝတ္ထုဂါထာ- ၉၃)။

ဒြပတ္တော၊ သိလိုရေးနှင့်, မေးမြန်းလာခြား, အမောင်ပုဏ္ဏား။ ဘိန္နော၊ တစုံတရာ, ထိခိုက်နာသဖြင့်, မှန်စွာအချိုးနှိုး, ကွဲလေပြီးသော။ ဥဒကုမ္ဘော၊ လူမျိုးသုံးချိုး, ရေထည့်အိုးသည်။ အပ္ပဋိသန္ဓိယော၊ ရှေးနည်းတဖန် ဆက်စပ်ပြန်လည်း,အမှန်ပကတိ, မစပ်မိသည်။ ယထာပိ၊ သေယျထာ၊ အမှန်စင်စစ်,ဖြစ်လေသကဲ့သို့။ ယော၊ ဦးမဲ ဦးဖြူ မည်သူမဆိုအကြင်ပုဂ္ဂိုလ်သည်။ ပေတံ၊ ဘဝတပါး ပြောင်းသွားသူကို။ အနုသောစတိ၊ ကိုယ်စိတ်နှစ်တန်, အလွန်ပူပန်၍, အဖန်ဖန်စိုးရိမ်လေ၏။ တဿ၊ ကိုယ်စိတ်နှစ်ဖြာ, လွန်စွာစိုးရိမ်သောထိုသူ၏။ ဧဝံ၊ ဤကိုယ်စိတ်ငြိုးနွမ်း, ပင်ပန်းစိုးရိမ်ခြင်းသည်၊ ဧဝံ သမ္ပဒမေဝ၊ ကွဲလေပြီးသော, အိုးစရည်းကို, တနည်းပြန်စပ်, မရအပ်သည်နှင့် တူတည်းသာလျှင်တည်း။

(ခ) ဥယှမာနော န ဇာနာတိ၊ ဥဒတိန် ပရိဒေဝိတံ။
တသ္မာ တေ န ရောဒါမိ၊ ဂတော သော တဿ ယာဂတိ။
(ပေတဝတ္ထုဂါထာ- ၉၄)။

ဒြပတ္တော၊ သိလိုရေးနှင့် မေးမြန်းလာခြား, အမောင်ပုဏ္ဏား။ တဿကမ္မဿ၊ သက်ရှိကာလ, ပြုလုပ်ကြသည့်, များလှတန်တန်, ထိုကောင်းမှုကံ, မကောင်းမှုကံ၏။ ဝသေန၊ အစွမ်းအားဖြင့်။ ယာဂတိ၊ လားရောက်ရာဌာန, အကြင်ဘုံဘဝကို။ ပါဠိကခံ၊ မရှောင်မလွဲ, အမြဲတစေ, အလိုရှိအပ်ပေ၏။ သော၊ ခန္ဓာပျက်ပြုံး သေဆုံးသောထိုသူသည်။ တံဂတိ၊ မိမိလားရောက်ရာဌာန, ထိုဘုံဘဝသို့။ ဂတော၊ မိမိပြုထား,ကံတရားက,ပို့ဆောင်ငြားသဖြင့်,လားရောက်ရှေလေ၏။ ဥယှမာနော၊ ကျန်ရစ်သူများ ရှို့မြိုက်ဘားသဖြင့်,'လွှားလွှားကုန်ခမ်း, မီးလောင်ကျွမ်းနေသေ ခန္ဓာကိုယ်သည်။ ဥဒတိန်၊ မိတ်ဆွေမျိုးတို့၏။ ပရိဒေဝိတံ၊ စိုးရိမ်ပူဆွေး, ငိုကြွေးခြင်းကို။ နဇာနာတိ၊ ထိုဘဝမှ, မှန်းဆမြော်ကြည့်,မသိရှိတော့ပေ။ တသ္မာ၊ ထိုကြောင့်။ တေ၊ ကွယ်လွန်တိမ်းပါး,ဤအရှင်သားကို။ နိမိတ္တံကတွာ၊ မကောင်းသည့်အရိပ်, အကြောင်း နိမိတ်ပြု၍။ နရောဒါမိ၊ ကိုယ်စိတ်ငြိုးနွမ်း, လွန်ပင်ပန်းအောင်, မြည်တမ်းပူဆွေး, မငိုကြွေးတော့ပါတကား။

အမောင်ပုဏ္ဏား တစ်ခုတခု ထိခိုက်မှုကြောင့် ကွဲလေပြီးသော ရေအိုးသည် တဖန်ဆက်၍ မရလေသကဲ့သို့ ဤနည်းတူစွာပင် ဘဝ ဘပါးသို့ ပြောင်းသွားကွယ်လွန်လေပြီးသောသူကို ငိုကြွေးမြည်တမ်း ပင်ပန်း စိုးရိမ်နေခြင်းသည်လည်း ကွဲလေပြီးသောအိုးကို ဆက်စပ်၍ မရအပ်သည်နှင့် တူသည်သာဖြစ်ပေတယ်။

သေဆုံးသောသူသည်ကား မိမိကံ အားလျော်စွာ မိမိ လားရောက်ရာ ဘုံဘဝသို့ ရောက်ရှိသွားပေပြီ၊ ယခုအခါ မီးလောင် ကျွမ်းနေသော ခန္ဓာကိုယ်ကြီးသည် မိဘဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့၏ စိုးရိမ်ပူဆွေး ငိုကြွေးနေခြင်းကို မည်သည့်နည်းနှင့်မျှ မသိနိုင်တော့ပေ၊ သို့အတွက် ကွယ်လွန်သွားသော ဤအရှင်သားကို အကြောင်းပြုကာ ငိုကြွေးမြည်တမ်းခြင်း မပြုပါ-ဟု ကျွန်မကပြောဆို ဖြေကြားလိုက်ပါတယ်။

ဆောင်ပုဒ်။ ကွဲပျက်လေပြီး-ရေအိုးကြီးမှာ၊ ပြန်ကာစပ်က မရနိုင်ပါ။
သေသူကိုစွဲ-ငိုပွဲဆင်ရာ၊ အိုးကွဲပြန် စပ်ဟန်တူသည်သာ။

ကွယ်လွန်ပြီးနောက်-လားရောက်ဘုံနေ၊ ဆွေမျိုးအများ လွမ်းအားပူဝေ။
မီးလောင်ကိုယ်ကြီး-ဘယ်နည်းသိပေ၊ ထို့ကြောင့်ပဲ-ငိုပွဲမဆင်ချေ။

သေခြင်းတရား မရဏ နုဿတိ ဘာဝနာကို အမြဲရှုပွား နေတဲ့အတွက်ကြောင့် ဓမ္မပါလမျိုး အိမ်သူအိမ်သား အားလုံးဟာ မိမိတို့နှင့် နီးစပ်သောသူ ကွယ်လွန် သေဆုံး သွားသော်လည်း စိုးရိမ်ပူဆွေးမှု လုံးဝမဖြစ်ကြတော့ပါဘူး၊ သတ္တဝါမှန် ဒီသေဆုံးခြင်း သဘောတရားနှင့် မည်သူမျှ မလွတ်ကင်းနိုင် ကြဘူးနော်၊ အနေးနှင့်အမြန် ဆိုသလို အမှန်ပင် သေဆုံးကြရ ပျက်စီးကြရမည်ဖြစ်တယ်၊ သို့အတွက် ဒီ မရဏ ဿတိကို ကြိုတင် ပွားများ ထားပါက သေဆုံးခြင်းသဘော တရားနှင့် တွေ့ကြုံသောအခါ စိုးရိမ်သောကမဖြစ်ကြဘဲ ဒီ ဓမ္မပါလမျိုး မိသားစုကဲ့သို့ ချမ်းသာစွာ နေနိုင်ကြပါတယ်။

သိကြားမင်းသည် ထိုမိသားစု၏ စကားကို ကြားရလျှင် လွန်စွာကြည်ညိုသောစိတ် ရှိသဖြင့် "အသင်တို့သည် သေဆုံးရခြင်း မရဏ ဿတိကို ကောင်းမွန်စွာ ပွားများအပ်ပါပေသည်၊ ယနေ့မှစ၍ သင်တို့သည် လယ်ယာထွန်ယက်ခြင်းကိစ္စ စသည်ကို ဆောင်ရွက်ရန် မလိုတော့ပေ" ဟု ပြောဆိုကာ ရတနာ ခုနစ်ပါးတို့ကို ချီးမြှောက် ပေးကမ်း၍ မမေ့မလျော့ပဲ အလှူဒါနကို ပြုကြရန်, သီလစောင့်ထိမ်းကြရန်, ဥပုသ်သီတင်း ကျင့်သုံးရန် ဆုံးမပြီးလျှင် မိမိသည် ယခင်ဘဝက-အင်တို့သားဖြစ်ကြောင်း ယခုအခါ တာဝတိံသာ၌ နတ်တို့ကို အစိုးရသော သိကြားမင်း ဖြစ်နေကြောင်း ပြောဆိုပြီး မိမိဘုံဗိမာန် ပြန်သွားလေသတဲ့၊ ပုဏ္ဏားကြီးစသော အိမ်သူအိမ်သားများလဲ ဒါနစသော ကုသိုလ်ကောင်းမှုကိုပြုကာ အသက်ထက်ဆုံးနေ၍ ကွယ်လွန်ကြသောအခါ နတ်ပြည်၌ ဖြစ်ကြရလေသတဲ့။

မြတ်စွာဘုရားသည် ဤတရား ဒေသနာကို ဟောကြားတော်မူပြီး ဥပါသကာ၏ ရင်တွင်း၌ စူးဝင်နေသော သောကတည်းဟူသော ငြောင့်တံသင်းကို ပယ်နှုတ်ပြီး၊ အထက်ဖြစ်သော သစ္စာလေးပါးကို ပြသလေလျှင် သစ္စာတရား၏ အဆုံး၌ ဥပါသကာသည် သောတာပတ္တိဖိုလ်၌ တည်သွားလေသတည်း။

ဤကဲ့သို့ သုံးလောက ထွဋ်ထားမြတ်စွာဘုရားသည် မဟာကရုဏာ ရှေ့ထား၍ ဟောကြားတော် မူခဲ့သော တရားတော် ကြားနာကြရကုန်သော ဒါယကာ, ဒါယိကာမ အပေါင်းအသင်း သူတော်ကောင်းတို့သည်လည်း ဘဝတပါးသို့ ပြောင်းသွား ကွယ်လွန်သူကို အကြောင်းပြုကာ စိုးရိမ် ပူဆွေး ငိုကြွေးမြည်တမ်းခြင်း မပြုဘဲ ဘုရားဟော တရားတော်ဖြင့် ဖြေသိမ့်ကြရမည် ဖြစ်ပါတယ်၊ ကွယ်လွန်သူကို အကြောင်းပြုကာ သံဝေဂဉာဏ် ရင့်သန်စေလျက် မရဏ သတိ ဘာဝနာကို ပွားများကာ တရားယူကြ ရမည်ဖြစ်တယ်၊ သို့ဖြစ်၍ ယခု တရားတော်ကို နာယူ ကြကုန်သော ဒါယကာ, ဒါယိကာမ အပေါင်းအသင်း သူတော်ကောင်းတို့သည်လည်း ဘဝတပါး ပြောင်းသွားသူကို အကြောင်းပြုကာ မရဏ သတိ ဘာဝနာကို ဆင်ခြင်ရှုပွား ကြခြင်းဖြင့် စိုးရိမ် ပူပြင်း ငိုကြွေး တမ်းတခြင်း တည်းဟူသော သောကပရိဒေဝ မီးတောက်မီးလျှံကို လျင်မြန်စွာ ငြိမ်းအေး နိုင်ကြပါစေကုန်သတည်း။

(အဘိဓမ္မာ တစ်၍ တရားပွဲ သိမ်းရန်)

# ရက်လည်ဆွမ်းသွတ် တရားတော်

ပရလောကံ ဟိ ဂစ္ဆန္တော၊ သဟာယေ ဉာတိမိတ္တေပါ။
ဂဟေတွာဝ ဂစ္ဆော နတ္ထိ၊ အတ္တနာဝကတံ ကမ္မံ။

ဟိ၊ လောကနှင့် သံသရာ ထူးခြားစွာ အကြောင်းနှစ်ရပ်ကို သိမှတ်ဘို့ ပြောလိုက်ပါဦးအံ့။ ပရလောကံ၊ တမလွန်လောက, နောက်ဘဝသို့။ ဂစ္ဆန္တော၊ ကံဟောင်းကုန်စဉ်, ကံသစ်ငင်၍, အလျင်မုချ သွားရောက်ရသောသူသည်။ သဟာယေဝါ၊ ချမ်းသာ ဆင်းရဲ, တူမကွဲဘဲ, အမြဲပေါင်းသင်း, သူငယ်ချင်း အပေါင်းအပေါ်တို့ကိုရင်း။ ဉာတိမိတ္တေဝါ၊ မိဖက်ဘဖက်, ဆင်းသက်ပေါက်ဖွား, ဆွေမျိုးများနှင့် နီးပါးတူနေ, ချစ်မိတ်ဆွေတို့ကိုရင်း။ ဂဟေတွာဝ၊ မိမိသွားရာ, အတူပါအောင်, ကြံဆောင်တမူ, ဆွဲခေါ်ယူ၍သာလျှင်။ ဂစ္ဆော၊ ဤဘဝမှ ထိုဘဝသို့ မနေရပြေး, ပြောင်းသွားရသောသူမည်သည်။ နတ္ထိ၊ ခုရောနောင်ပါ ဘယ်အခါမျှ, မှန်စွာပကတိ, မရှိနိုင်ပါချေတကား။ အတ္တနာ၊ မိမိသည်။ ကတံ၊ နေ့ရောညပါ, အမြဲသာလျှင်, လေ့လာကြိုးကုတ်, ပြုစုအားထုတ်အပ်သော။ ကမ္မံစ၊ ကောင်းမကောင်းဖန် ကုသိုလ်ကံ-အကုသိုလ်ကံကိုသာလျှင်။ ဂဟေတွာ၊ ကိုယ်နှင့်မကွာ, မြဲစွာလွယ်ကူ, တွဲကာယူ၍။ ဂစ္ဆော၊ ဤသည့်ဘဝဘုံဌာနဌ် နေရဘို့ရာ ခွင့်မသာသဖြင့်, မှန်စွာမနေ, ပြောင်းသွားရရှိ လေတော့သတည်း။

ဆိုလိုရင်းအဓိပ္ပါယ်ကတော့-တမလွန် လောက ဘဝတပါးသို့ ပြောင်းသွားရသောသူ မည်သည် မိမိနှင့် ချမ်းသာမကွဲ, ဆင်းရဲအတူဖြစ်သော သူငယ်ချင်း အပေါင်းအပေါ်တို့ကိုရင်း, အရာရာမျိုး အလွန်အားကိုးကြရတဲ့ မိမျိုး, ဖမျိုး ဖြစ်ကြသော ဆွေမျိုးသားချင်းများကိုရင်း မိတ်ဆွေအပေါင်းအသင်းတို့ကို အတူတကွ ခေါ်ယူ၍ သွားရောက်ကြရသောသူ မည်သည် ဘယ်သောအခါ ကာလမှ မရှိနိုင်ပါဘူးတဲ့၊ မိမိအသက် ရှင်စဉ်ကာလ ပြုစုအားထုတ်အပ်သော ကောင်းသောကံ ကုသိုလ်တရားနှင့် မကောင်းသောကံ အကုသိုလ် တရားကိုသာလျှင် မိမိနှင့် မခွဲမခွာ ယူဆောင်ကာ သွားကြရမည် ဖြစ်ပေတယ်။

အသက်ရှင်စဉ်ကာလ မိမိအား အလွန်ချစ်ခင်ကြသော မိဘဆွေမျိုးများ မိတ်ဆွေအပေါင်းအသင်းတို့သည်ကား၊ သုသာန်တစ သင်းချိုင်းဝသို့ အရောက်ပို့ကာ ပြန်သွားကြမည်သာ ဖြစ်ပေတယ်၊ မိမိပြုလုပ် အားထုတ်ခဲ့သော ကံတရားကတော့ ဘယ်သောအခါမှ မိမိနှင့် ခွဲခွာသွားမည် မဟုတ်ပေဘူး၊ မကောင်းသောအမှု အကုသိုလ်တရာကို ပြုမိမှားယင်လဲ ဖြစ်လေရာ ဘဝမှာ မကောင်းသော အကျိုးကိုသာ အစဉ်လိုက်ပြီး ပေးပေလိမ့်မည်၊ ကောင်းသောအမှု ကုသိုလ်တရားကို ပြုစုအားထုတ်ခဲ့လျှင်လဲ ကောင်းသော အကျိုးတရားကိုသာ အစဉ်လိုက်ပြီး ပေးလိမ့်မည် ဖြစ်ပါတယ်။

ဆောင်ပုဒ်။ ဘဝတပါး-ပြောင်းသွားသူမှာ၊ ဆွေမျိုးပစ္စည်း-ဘယ်နည်းမပေါ်။
မိမိပြုစု-ကု-အကုသာ၊ ယူဆောင်စွဲ-သွားမြဲ ဓမ္မတာ။

ကျန်ရှိကြသောသူများကလဲ ကွယ်လွန်သူသည် အသက်ရှင်စဉ်က မိမိတို့အတွက် ကျေးဇူးများသူဖြစ်၍ ကျေးဇူးတုံ့ ပေးဆပ်လိုပါမူ လက်ဖြင့် လက်ဆို ပေးလို့မရသော ဘဝသို့ ရောက်နေသဖြင့် ကုသိုလ်ဒါနပြုကာ-အမျှအတန်း ပေးဝေကြရမည် ဖြစ်တယ်။

ဘဝတပါးသို့ ပြောင်းကြွသွားတဲ့ မိဘဆွေမျိုးများကို အကြောင်းပြုပြီး စိုးရိမ် ပူဆွေး ငိုကြွေးကာသာ နေပါက ထိုသူတို့အတွက်လဲ အကျိုးမများ မိမိတို့အတွက်လဲ အကျိုးမများပဲ ဆိုးရွားတဲ့ အကျိုးကိုသာ ဖြစ်ပွားစေနိုင်တယ်တဲ့၊ သို့အတွက် ကွယ်လွန်သူ မိဘဆွေမျိုးများအတွက်လဲ အကျိုးများ, မိမိတို့အတွက်လဲ ခုရောနောင်ပါ အကျိုးများတဲ့ ကုသိုလ်ကောင်းမှုများကိုသာ ပြုစုအားထုတ်ပြီး အမျှအတန်း ပေးဝေခြင်းသာလျှင် သူတော်ကောင်းတို့ လမ်းကြောင်း စင်စစ် ဖြစ်တယ်ဆိုတဲ့ အကြောင်းကို သဗ္ဗညု ဘုရားရှင် လက်ထက်က ဖြစ်ရပ်ဖြစ်တဲ့ သာဓက သုတ္တန်ကို ထုတ်ပြန်ပြီး ဟောကြားကြဦးစို့။

ဤဘဒ္ဒ ကမ္ဘာမှ ပြန်၍ ရေတွက်သော် ကိုးဆယ့် နှစ်ကမ္ဘာမြောက်၌ ကာသိအမည်ရှိတဲ့ မင်းနေပြည်ကြီး တခုရှိသတဲ့၊ ထိုကာသိ နေပြည်တော်မှာ ဇယသေန အမည်ရှိသော မင်းကြီးသည် သိရိမာ အမည်ရှိသော မိဖုရားကြီးနှင့် အတူတကွ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပြီး နေသတဲ့၊ သိရိမာ မိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ဖုဿမြတ်စွာဘုရား အလောင်းတော်သည် သန္ဓေမှီကာ ဖွားမြင်၍ အစဉ်သဖြင့် သစ္စာလေးပါး ပိုင်းခြားသိမြင်သော သဗ္ဗညုတ ဘုရားရှင် အဖြစ်သို့ ရောက်တော် မူလာပါတယ်။

ဇယသေန မင်းကြီးသည်ကား-ငါ၏သားသည် တော်ထွက်ကာ တရားတော်ကို ကျင့်ကြံပွားများ၍ သဗ္ဗညုဘုရား စင်စစ် ဖြစ်ခဲ့ပြီ၊ ငါ၏ ဘုရားသာတည်း, ငါ၏တရားသာတည်း, ငါ၏ သံဃာသာတည်း-ဟု မြတ်နိုးမှု လွန်ကဲလျက် အမြဲမပြတ် မိမိတဦးတည်းသာ ဆည်းကပ်လုပ်ကျွေး နေပါတယ်၊ တိုင်းသူပြည်သားတို့အား ဆည်းကပ် လုပ်ကျွေးခွင့်ကို မပေးတော့ဘူးတဲ့၊ ယခုခေတ် စေတီပုထိုး ကိုးကွယ်ရာ၌ အချို့သောသူများဟာ ဘုရားကို ငါ့ဘုရား, ငါ့တို့ စေတီဆိုပြီး အပိုင်စီးပြီး ကိုးကွယ် ဆည်းကပ်နေတာ တွေ့ရတော့ ဇယသေန မင်းကြီးများ ဝင်စားလေရော့သလားလို့ ထင်မှားမိတယ်နော်၊ ဒါပေမဲ့ ဘုရားအပေါ် မြတ်နိုးမှု သဒ္ဓါတရား အရာမှာလဲ ထို ဇယသေန မင်းကြီးကဲ့သို့ရှိလျှင်တော့ ကောင်းလေစွလို့ ဆိုရမှာပဲနော်၊ တမျိုးအကြံ စိတ်ထားမှု မှုမမှန်လျှင် ကေနပင် ကြောက်စရာ ကောင်းလှပါတယ်။

ဖုဿမြတ်စွာ ဘုရား၏ မိကွဲဖတူဖြစ်တဲ့ ညီတော်သုံးယောက်တို့ဟာ ဤသို့ ဆွေးနွေး တိုင်ပင်ကြသတဲ့။

ဗုဒ္ဓါနာမ သဗ္ဗ လောကဟိတာယ ဥပ္ပဇ္ဇန္တိ န ဧကဿေဝတ္ထာယ၊
အမှာကဥ္စ ပိတာ အညေသံ ဩကာသံ နဒေတိ၊ ကထံ နု မယံ
လဘေယျာမ ဘဂဝန္တံ ဥပဋ္ဌာတုံ ဘိက္ခုသံဃဥ္စ၊ (ဥဒ္ဒက ပါဠိ အဋ္ဌကထာ-၁၆၉)။

ဗုဒ္ဓါနာမဲ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့ မည်သည်ကား။ သဗ္ဗလောက ဟိတာယ၊ လုံးစုံများစွာ သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ၊ ဥပ္ပဇ္ဇန္တိ၊ ဥဒယတိုတောင်းစွန်း, နေ စက်ဝန်းကဲ့သို့။ ဖြစ်ထွန်းပေါ်လာတော်မူကြလေကုန်၏။ ကေဃေဝ၊ မပြောပလောက်, ပုဂ္ဂိုလ် တယောက်တည်း၏သာလျှင်။ အတ္တာယ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာပွားတို့, အကျိုးရှိခြင်းငှာ။ နဥပ္ပဇ္ဇန္တိ၊ အမှန်စင်စစ် ပွင့်ထွန်း ဖြစ်ပေါ်လာကြသည် မဟုတ်လေကုန်။ ဧ-ထိုသို့ မှန်စွာ ဖြစ်ပါ သော်လည်း။ အမ္မာကံ၊ ငါတို့၏။ ပိတာ၊ ကျေးဇူးအရှင် မွေးဖခင်သည်။ အညေသံ၊ မိမိမှတပါး တိုင်းသူပြည်သားတို့အား၊ ဩကာသံ၊ တရားလဲနာ ဒါနလဲ ပြု ကောင်းမှု အထူးဆည်းပူးခွင့်ကို။ နဒေတိ၊ အများအကျိုး, ငဲ့မြှော်ကိုးကာ, ကိုယ်ချင်းစာ၍, ရုံခါချင့်ဝေ, မ ပေးပေ။ မယံ၊ ငါတို့ သည်။ ဘဂဝန္တဥ္စ၊ သုံးလောက ထွဋ်ထား နောင်တော်ဖြစ်သော မြတ်စွာဘုရားကိုရင်း။ ဘိက္ခု သံဃဥ္စ၊ရဟန်းသံဃာအပေါင်းကိုရင်း။ ဥပဋ္ဌာတုံ၊ ရိုသေမပြတ်, ဆည်းကပ်ခြင်းငှာ။ ကထံ၊ အသို့ လျှင်။ လဘေယျာမနု၊ အကြောင်းဘိုက်ဆိုင် ရနိုင်ပါအံ့နည်း။

ယင်းသို့ဆွေးနွေးတိုင်ပင်ပြီးလျှင် ဥပါယ်တမြည် ပြုကြကုန်အံ့-ဟု အကြံပြုကြကာ- တိုင်းစွန် ရပ်ဖျားပစ္စန္တရာဇ်၌ ဆူပူသောင်းကြမ်းသကဲ့သို့မူပြုလုပ်ကြသတဲ့၊ ပစ္စန္တရာဇ်အရပ်၌ ဆူပူသောင်းကြမ်း သတင်းကို မင်းကြီး ကြားသိလေလျှင် မင်းသားညီနောင် သုံးယောက်တို့ကိုခေါ်၍ "ချစ်သားတို့ ပစ္စန္တရာဇ်အရပ်၌ ဆူပူနေသည် ချစ်သားတို့သွားရောက်၍ နှိမ်နင်းငြိမ်းကြစေကုန်လော"ဟု စေခိုင်း အမိန့်ပေးတော်မူလိုက်ပါတယ်။

မင်းသားတို့လည်း မိမိတို့ပရိယာယ်ဖြင့် စီစဉ်ထားတဲ့အတိုင်း ပစ္စန္တရာဇ်အရပ်သို့ ရောက်လျှင် ကောင်းစွာအေးချမ်း သာယာပြီးဖြစ်သဖြင့် နေပြည်တော်သို့ ပြန်လာ၍ ဖခင်ကြီးထံဝင်၍ ခစား လေလျှင် ဇယသေနမင်းကြီးက စမ်းမြောက် နှစ်သက်လှသဖြင့် သားတော် မင်းသားများအား "ယံ ဣစ္ဆထ၊ တံ ဂဏှထ- ချစ်သားတို့ အ လိုရှိရာ ဆုကိုယူကြလော့"ဟု ဆုပေးသနားတော် မူလိုက်သတဲ့။

အောင်ပွဲရ စစ်သည်တော်အဖြစ် ဂုဏ်ပြု ချီးမြှောက်ခြင်းဆိုတာ ရှေးအခါကတည်းက ရှိခဲ့ တာဘဲနော်၊ ဒီလိုချီးမြှောက်လိုက်တဲ့ ပုဂ္ဂိုလ်ကို ချီမြှောက်ခြင်းဟာ သူတော်ကောင်းတို့လမ်းစဉ်လို့ မှတ်ရမည်တဲ့၊ ထိုကဲ့သို့ ဖခင်ကြီးက လိုရာဆုကို ခွင့်ပေးလေလျှင် မင်းသားသုံးပါးတို့သည် ဖခင် ကြီးအား ရှိခိုးဦးညွတ်လျက် "ကျေးဇူးအရှင် ခမည်းတော်ဘုရား-သားတော်များသည် တပါးသော ဆုကို မလိုလားကြပါ၊ နောင်တော်ဖြစ်သော ဖုဿမြတ်စွာဘုရားကိုရင်း, ရဟန်းသံဃာများကိုရင်း ဆည်းကပ်လုပ်ကျွေးလိုကြပါသည်ဘုရား"ဟု တောင်းဆိုကြလေသတဲ့။

ထိုအခါ ဖခင်ဘုရင်ကြီးက ချစ်သားတို့ ထိုမှတပါး လိုရာဆုကိုတောင်းကြလော-ဟု ဆိုရာ မင်းသားများကလည်း တပါးသောဆုကို သားတော်များ မလိုလားကြပါ-ဟု ဆိုကာ မြတ်စွာ ဘုရားနှင့် တပည့်သားသံဃာများကို ဆည်းကပ်လုပ်ကျွေးခွင့်ကိုသာ ခိုင်ခိုင်မြဲမြဲ တောင်းဆိုကြလေ သတဲ့၊ မင်းကြီးက သို့ဖြစ်လျှင် ကာလအပိုင်းအခြားပြု၍ ယူကြလေဟုဆိုကာ ခွင့်ပြုလျှင် မင်းသား များက ခုနစ်နှစ် လုပ်ကျွေးခွင့်ပေးပါဟု တောင်းဆိုကြပါတယ်၊ မင်းကြီးက ခုနစ်နှစ်မပေးနိုင်ဟု ဆိုသဖြင့် ခြောက်နှစ်တောင်းပြန်ရာ ခွင့်မပေးပြန်လျှင်၊ အဆင့်ဆင့်လျော့၍ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တနှစ်၊ ခုနစ်လ၊ ခြောက်လ၊ ငါးလ၊ လေးလ၊ တောင်းရာမှ နောက်ဆုံးတွင်သုံးလ

ခွင့်တောင်းရာ၌ သဘောခတူ ခွင့်ပြုလေသတဲ့၊ မင်းသားညီနောင်သုံးပါးတို့လည်း နောင်တော်ဖြစ်သော မြတ်စွာဘုရားထံသွားကြကာ ထိုအကြောင်းကိုပြောဆိုလျှောက်ထားလေလျှင် မြတ်စွာဘုရားကလည်း ခွင့်ပြုတော်မူသဖြင့် မိမိတို့၏ ဇနပုဒ်၌ တာဝန်ထမ်းဆောင်လျက်ရှိသော အမတ်ထံသို့ " ငါတို့သည် ဤသုံးလပတ်လုံး မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးခွင့်ကို ရအပ်ပေသည်၊ မြတ်စွာဘုရားနှင့် သံဃာတော်များ နေထိုင်ရာကျောင်းစသည်ကို ပြုပြင်စီစဉ်ထားလေ"ဟု စာရေးအကြောင်း ကြားလိုက်သတဲ့။

ဇနပုတ်၌ရှိသော တာဝန်ခံအမတ်သည် မြတ်စွာဘုရားနှင့် ရဟန်းတော်များအတွက် ပြုလုပ်ဆောင်ရွက်သင့်သမျှ ကျောင်းအဆောက်အဦတို့ကို ပြည့်စုံစွာ စီရင်ပြုထားနှင့်သတဲ့၊ မင်းသားညီနောင်သုံးယောက်တို့လည်း ဖန်ရည်စွန်းသော အဝတ်တို့ကိုဝတ်ရုံကာ ဝေယျာဝစ္စ ပြုလုပ်သူ ယောကျ်ားတထောင်တို့နှင့်အတူတကွ မြတ်စွာဘုရားကို ရိုသေစွာလုပ်ကျွေးလျက်၊ ဇနပုတ်သို့ပင့်ပြီး ကျောင်းကိုအပ်နှင်းလှူဒါန်းကြပါတယ်၊ မင်းသားသုံးယောက်တို့သည် မိမိတို့၏အချင်းယောကျ်ားတို့ကို ခေါ်၍ "ငါတို့သည်ကား ဤသုံးလပတ်လုံးဆယ်ပါးသီလကိုယူ၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ပြီး မြတ်စွာဘုရားနှင့် အတူတကွနေကြကုန်အံ့၊ သင်တို့သည်ဤကာလအတွင်း မြတ်စွာဘုရားနှင့် ရဟန်းတော်များအတွက် ဒါနဝတ်စသည်ကိုမချွတ်ယွင်းစေလင့်၊ ငါတို့ကား ယနေ့မှစ၍ တစုံတခုကိုမျှ ပြောကြတော့မည်မဟုတ်"ဟု ပြောဆိုမှာထားကြတယ်တဲ့။

မင်းသားညီနောင်သုံးပါးတို့၏ ဘဏ္ဍာစိုး အမတ်နှင့်အမတ်ကတော်ကား သဒ္ဓါတရားနှင့် ပြည့်စုံသည်၊ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်သည် ဖြစ်ပေတယ်၊ ဘုရားအမှူးရှိသော သံဃာတော်များအတွက် ဒါနဝတ်ကို မပြတ်တည်ထားတယ်၊ ရိုသေစွာ ပြုလုပ်ဆောင်ရွက်ကြတယ်တဲ့၊ ဇနပုဒ်၌တာဝန်ခံအမတ်လည်း အချင်းယောကျ်ား တသောင်း တထောင်တို့နှင့်အတူတကွ ဒါနဝတ်ကို ရိုသေစွာပြုလုပ်ဆောင်ရွက်တယ်၊ ထိုလူအပေါင်းတို့တွင် အချို့သူတို့ကား စိတ်ထားမမှန် မလျော်ကန်ဘဲ၊ အလှူဒါန၏အန္တရာယ်ကိုပြုကြပြီး အလှူဝတ္ထုတို့ကို မိမိတို့ယူကာ စား သောက်ပစ်ကြလေသတဲ့၊ အလှူမဏ္ဍပ်ကိုလည်း ဖျက်ဆီးပြီး မီးတိုက်ပစ်ကြလေသတဲ့၊ အလွန်အပြစ်ကြီးတဲ့ အမှုကို ပြုလုပ်ကြတာဘဲနော်။

အနှုဗာလ ပုထုဇဉ် သတ္တဝါတွေဟာ မိမိတို့ရဲ့ မျက်စေ့တဆုံးမျှ ပစ္စုပ္ပန်ကာလ တခဏ ကောင်းစားရုံမျှကိုသာ မြင်ကြရပြီး မမှားသင့်တဲ့ အမှားများကို လွန်ကျူးမိတတ်ကြတာကိုး၊ ဝါကျွတ်၍ ပဝါရဏာပြုပြီးလျှင် မင်းသားညီနောင်တို့သည် မြတ်စွာဘုရားကိုရိုသေစွာ ပူဇော်လျက် မြတ်စွာဘုရားကို ရှေ့သွားပြုကာ ဖခမည်းတော်၏နေရာ ကာသိတိုင်းပြည်သို့ ပြန် လည် ကာ ပို့ဆောင်ကြပါတယ်၊ မြတ်စွာဘုရားရှင်လည်း ထိုကာသိပြည်၌ပင် ပရိနိဗ္ဗာန် ဝင်စံတော်မူပါတယ်။

မင်းကြီး, မင်းညီမင်းသား သုံးပါး, ဇနပုဒ်၌ တာဝန်ခံ အမတ်, ဘဏ္ဍာစိုးအမတ်တို့လည်း အစဉ်အတိုင်း ကွယ်လွန်သွားကြလျှင် ပရိသတ်နှင့်တကွ နတ်ပြည်လောက၌ဖြစ်ကြသတဲ့၊ စိတ်ဓာတ်ချွတ်ယွင်းထိပါးခြင်းရှိသောသူတို့ကား "ဘယ်သူမပြု မိမိအမှု"ဆိုတဲ့အတိုင်း သူတို့ရဲ့ အကုသိုလ် ကံလျော်စွာ ငရဲ၌ဖြစ်ကြရသတဲ့၊ ထိုသူတော်ကောင်းအဖွဲ့နှင့် သူယုတ်မာအဖွဲ့ နှစ်ဖွဲ့တို့တွင် သူတော်ကောင်းအဖွဲ့ဝင်များကား နတ်ပြည်မှ နတ်ပြည်သို့လှည့်လည်ကြကုန်လျက် သူယုတ်မာအဖွဲ့ဝင်များ

ကလည်း ရေပြည်မှရေပြည်သို့ လှည့်လည်ကြကုန်လျက်၊ ကိုးဆယ့်နှစ်ကမ္ဘာသော အချိန်ကာလကုန်လွန်ပြီးလာခဲ့သတဲ့။

ယခုအခါ ဦးပဥ္စင်းတို့ ဘုရားသာသနာတော်၌ကား ထိုသူအပေါင်းတို့ထွင် တာဝန်ခံအမတ်(၀ါ) အမှုဆောင်အမတ်ကတော့ ဗိမ္ဗိသာရ မင်းကြီးဖြစ်လာပါတယ်၊ ဘဏ္ဍာစိုး အမတ်ကတော့ ဝိသာခသူဌေး၊ ဘဏ္ဍာစိုးကတော်ကတော့ ဓမ္မဒိန္နာ သူဌေးကတော် ဖြစ်လာပါတယ်၊ မင်းသားညီနောင်သုံးပါးကတော့, ဥရုဝေဠကဿပ, နဒီကဿပ, ဂယာကဿပ–ဟု ဆိုအပ်သော ကဿပညီနောင်ရသေ့သုံးပါးဖြစ်လာကြသတဲ့။

စိတ်ဓာတ်ယွင်းမှားကာ သံဃာအား လှူဒါန်းသော ဒါနဝတ်ကို အလွဲသုံးစား ပြုကာစားသောက်ခဲ့ကြသော အမှုလုပ်သမား လူယုတ်မာများကတော့ ထိုရေဘုံမှစုတေလျှင် ပြိတ္တာဘုံ၌ဖြစ်ကြရလေပြန်သတဲ့။

> တေသံ ကမ္မကာရာ တဒါ ပေတေသု နိဗ္ဗတ္တိတွာ သုဂတိ-
> ဒုဂ္ဂတိဝသေန သံသရန္တာ ဣမသ္မိံ ကပ္ပေ စတ္တာရိ ဗုဒ္ဓန္တရာနိ
> ပေတ လောကေယေဝ နိဗ္ဗတ္တိံသု။ (ဓမ္မပဒ–၄–ပ–၆၅)။

တေသံ၊ ထိုမင်းချင်း အမတ်တို့၏။ ကမ္မကာရာ၊ သံဃာအတွက် ဆွမ်းချက် ခေါ်ထား၊ စိတ်ဓာတ်ဖေါက်ပြားသည့် အလုပ်သမားတို့သည်။ တဒါ၊ ထိုအခါ၌။ ပေတေသု၊ စားဝတ်မမျှ၊ ဆင်းရဲလှစွာ, ပြိတ္တာတို့၌။ နိဗ္ဗတ္တိတွာ၊ ကံအားအလျောက်သွားရောက် ဖြစ်ကြရ၍။ သုဂတိဒုဂ္ဂတိဝသေန၊ သုဂတိဘဝ, ဒုဂ္ဂတိဘဝတို့၏ အစွမ်းအားဖြင့်။ သံသရန္တာ၊ အောက်ထက်စုန်ဆန်, အမှန်မတည်, ကျင်လည်ကုန်၍။ ဣမသ္မိံ ကပ္ပေ၊ ဘဒ္ဒခေါ်မှတ် ဤသည့်ကပ်၌။ စတ္တာရိ ဗုဒ္ဓန္တရာနိ၊ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမအားဖြင့် လေးဆူကုန်သော ဘုရားရှင်တို့၏ အကြားကာလတို့ပတ်လုံး။ ပေတ လောကေယေဝ၊ စားဝတ်မလုံ, ပြိတ္တာဘုံ၌သာလျှင်။ နိဗ္ဗတ္တိံသု၊ မိမိစီမံ အကုသိုလ်ကံကြောင့် မှန်စွာမသွေ, ဖြစ်ကြရလေကုန်ပြီတကား။

အကုသိုလ်ဆိုတဲ့ အယုတ်တရားဟာ လွန်စွာပင် ကြောက်မက်ဖွယ် ကောင်းပါကလားနော်၊ တဘဝ တခါ မှားယွင်းစွာ ကျင့်ကြံမိတဲ့အတွက် သံသရာ အဆက်ဆက်မှာ အပါယ်ဘုံမှ မတက်နိုင်အောင် ဆွဲနစ်ပြီး ထားတော့တာဘဲကလား။

ဖုဿမြတ်စွာ ဘုရားလက်ထက်တော် အခါကာလက သံဃာအား လှူဒါန်းသော ဒါနဝတ်ကိုဖျက်ဆီး သုံးစားမိခဲ့ကြသည့် မကောင်းမှုကံကြောင့် ပြိတ္တာဘဝသို့ ရောက်နေကြကုန်သော ထိုသူတို့သည် ဤဘဒ္ဒကပ် ကမ္ဘာတွင် ပဌမဆုံး ပွင့်ထွန်းတော် မူသာသော ကကုသန် မြတ်စွာဘုရားထံသို့ ချဥ်းကပ်ကြပြီး ''မြတ်စွာဘုရား-အကျွန်ုပ်တို့အား အဘယ်အခါ ကာလ၌ အစာအဟာရတို့ ရရှိနိုင်ပါမည်နည်း ဘုရား'' ဟု လျှောက်ထားလေရာ ထိုပြိတ္တာတို့၏ ကြီးလေးလှသော အကုသိုလ်ကံကြောင့် ကာလရှည်ကြာစွာ အစာအာဟာရကို မရနိုင်သော အဖြစ်ကို မြင်တော်မူသဖြင့် ငါဘုရား၏ နောက်၌ မဟာပထဝီမြေကြီး အထက်သို့ တယူဇနာ မြင့်တတ် လာသောအခါ ဤလောက၌ ကောဏာဂုံမည်သော ဘုရား ပွင့်ထွန်းတော် မူလိမ့်မည်၊ ထိုဘုရားထံ မေးမြန်းရစ်ကြလေ–ဟု မိန့်ကြားတော် မူလိုက်သတဲ့။

ကောဏာဂုံ မြတ်စွာ ဘုရား ပွင့်ထွန်းလာသောအခါ ထိုအကြောင်းကို မေးမြန်းရာမှာလည်း ကကုသန် ဘုရား မိန့်ကြားတော် မူခဲ့တဲ့အတိုင်း မိမိနောက်၌ ပွင့်ထွန်းလာမည့် ကဿပ မြတ်စွာ ဘုရားထံ မေးမြန်းရန် ထပ်မံပြီး မိန့်ကြားတော် မူပြန်လေသတဲ့။

ထိုနောက် အချိန်ကာလကုန် လွန်၍ လောက၌ ကဿပ မြတ်စွာဘုရား ပွင့်ထွန်းတော် မူလာသောအခါ ထိုပြိတ္တာတို့လည်း မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မိမိတို့ အဘယ်အခါ ကာလ၌ အစာ ယောရကို ရရှိနိုင်ပါမည်နည်း-ဟု လျှောက်ထား မေးမြန်း ကြပြန်ပါတယ်၊ ထိုအခါ ကဿပ မြတ်စွာ ဘုရားက ဤကဲ့သို့ မိန့်ကြားတော် မူလိုက်ပါတယ်။

> မမကာလေ န လဘိဿထ၊ မမပန ပ စ္ဆတော မဟာပထဝိယာ ယော ဇနမတ္တံ အဘိ ရုဠှာယ ဂေါတမော နာမ ဗုဒ္ဓေါ ဥပ္ပဇ္ဇိဿတိ။ တဒါ တုမှာကံ ဉာတကော ဗိမ္ဗိသာ ရော နာမ ရာဇာ ဘဝိဿတိ၊ သော သတ္ထု ဒါနံ ဒတွာ တုမှာကံ ပတ္တိံ ပါပေဿတိ၊ တဒါ လ ဘိဿထ။          (ခုမ္မ-၄-ပ-၆၆)။

မမကာလေ–ငါဘုရား လက်ထက်တော် အခါကာလ၌။ တုမှေ၊ အသင်ပြိတ္တာတို့သည်။ အာဟာရံ၊ စားသောက်ဘွယ်ရာ အစာအာဟာရကို။ နလဘိဿထ၊ မရရှိနိုင်ကြ လတံ့။ ပန၊ အစာ အာဟာရကို ရရှိမည့်အခါကို အမိန့်ရှိပေအံ့။ မမ၊ ငါဘုရား၏။ ပစ္ဆတော၊ နောက်၌။ မဟာပထ ဝိယာ၊ မဟာပထဝီမြေကြီးသည်။ ယောဇနမတ္တံ၊ တယူဇနာမျှကို။ အဘိ ရုဠှာယ၊ အထက်သို့တက် လတ်သော်။ ဂေါတမော နာမ ဗုဒ္ဓေါ၊ ဂေါတမဟု နာမ ထင်ရှားသဗ္ဗညုမြတ်ဘုရားသည်။ ဥပ္ပဇ္ဇိ ဿတိ၊ လောကလူများ ကောင်းကျိုးပွားတို့ ထင်ရှားမသွေ, ပွင့်ထွန်းတော် မူပေလတံ့။ တဒါ၊ ထိုအခါ၌။ တုမှာကံ၊ သင်တို့၏ ဉာတကော၊ အဆွေအမျိုးဖြစ်သော။ ဗိမ္ဗိသာရောနာမ၊ ဗိမ္ဗိသာရ အမည် ရှိသော။ ရာဇာ၊ မာဂဓ တိုင်းပြည်ကိုအစိုးရသော မင်းသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ သော-ထိုဗိမ္ဗိ သာရမင်းသည်။ သတ္ထု၊ ဂေါတမဟု နာမ ထင်ရှား မြတ်စွာဘုရားအား။ ဒါနံ၊ အလှူဒါနကို။ ဒတွာ၊ ပေးလှူ၍။ တုမှာကံ၊ သင်တို့အား။ ပတ္တိံ၊ အလှူ၏အဘို့ကို။ ပါပေဿတိ၊ အမျှပေးဝေ ဆောက်စေ လတံ့။ တဒါ၊ ထိုအခါ၌၊ တုမှေ၊ သင်တို့သည်။ အာဟာရံ၊ စားသောက်ဘွယ်ရာ အစာအဟာ ရကို။ လဘိဿထ၊ အကုသိုလ်ရှိန်, စာန်ခိုးမှိန်သဖြင့်, အချိန်လည်းသင့်, ကံလည်းမြင့်၍, အဲသင့်ပုံသေ ရရှိကြပေ ကုန်လိမ့်မည်သာတည်း။

ယင်းကဲ့သို့ ကဿပ မြတ်စွာဘုရားက နောင်အခါ မြေကြီး အထက်သို့ တယူဇနာ တက်လာ သော အခါတွင် ဤလောက၌ ဂေါတမ မည်သော ဘုရား ပွင့်ထွန်းတော် မူပေလိမ့်မည်။ ထိုသခါ သင်တို့ရဲ့ အဆွေမျိုးဟောင်း တော်စပ်ဘူးသော သူသည် ဗိမ္ဗိသာရမည်သော မင်းဖြစ်၍ မြတ်စွာ ဘုရားအား အလှူဒါနကို လှူဒါန်းကာ သင်တို့အား အမျှတန်း ပေးဝေသဖြင့် ထိုအခါမှ သင်တို့ သည် အစာအာဟာရကို ရရှိသုံးဆောင် ကြရပေလိမ့်မည်-ဟု မိန့်ကြားတော် မူသော စကားကို ကြားကြလျှင် ထိုပြိတ္တာတို့သည် လွန်စွာဝမ်းမြောက်လျက် ရှိကြသတဲ့။ ဘယ်လောက်များ ဝမ်း မြောက်ဝမ်းသာ ဖြစ်ပါသလဲဆိုတော့-

**တေသံ ဧတ္တ် မုဒ္ဒိန္တရံ သွေ ဒိဝသံ ဒိသံ ဟောတိ။** (ခုမ္မ-၄-ပ-၆၆)။

ထိုပြိတ္တာများဟာ ကဿပ မြတ်စွာဘုရားနှင့်ဂေါတမ မြတ်စွာဘုရား တဆူနှင့်တဆူ အကြား မှာ မဟာမြေကြီး အထက်သို့ တယူဇနာ တတ်လာသည့်အထိ ကြာမြင့်လှသော အချိန်ကာလများကို ပင် နက်ဖြန်ခါကဲ့သို့ မှတ်ထင် နေကြရှာလေသတဲ့။ အကုသိုလ် ကံတရားက တကြိမ်တခါ အောက် သို့ တွန်းချ ပို့ထားပြီး ပြီဆိုလျှင် အထက်သို့ ပြန်တက်နိုင်ရန် အလွန်ပင် ခက်ခဲလှတယ်နော်၊ ဒါ ကြောင့်မို့ မကောင်းမှု အကုသိုလ် အလုပ်ကို ရန်သူမျိုး ငါးပါးထက် ဆိုးတယ်လို့ မှတ်ကြရမည် ဖြစ်ပါတယ်၊ ရန်သူမျိုးငါးပါးဆိုတာက ပစ္စုပ္ပန်ကာလမှာသာ တရံတခါ ဒုက္ခ ပေးတတ်တာလား၊ မိမိပြုလုပ် လွန်ကျူးခဲ့တဲ့ အကုသိုလ်ကံတရားကတော့-ပစ္စုပ္ပန်မှာလဲ ဒုက္ခ ပေးတတ်တာဘဲ၊ သံသရာ မှာလဲ မကြာမကြာလိုက်ပြီး ဒုက္ခ ပေးနေမှာဘဲ ဖြစ်တယ်။

ဒီလိုနှင့် အချိန်ကာလတွေ ကုန်လွန်၍ လောက၌ ဦးပဥ္စင်းတို့ ဂေါတမ မြတ်စွာဘုရား ထင်ရှား ပွင့်ထွန်းတော် မူလာပါတယ်၊ သဗ္ဗညု မြတ်ဘုရားသည် ပဥ္စဝဂ္ဂီ ငါးဦးတို့အစား တရား ဦးဟောကာ ချွေ, ချွတ်တော် မူခြင်း စသည်ပြုပြီးနောက် အစဉ်သဖြင့် ကဿပ ညီနောင်တို့အား အခြံအရံဖြစ်သော ရသေ့ ပရိသတ်နှင့်တကွ ဆုံးမ ချွေချွတ်တော် မူပါတယ်၊ ထိုနောက် မာဂဓ တိုင်း ရာဇဂြိုဟ်သို့ ရောက်တော်မူလျှင် မြတ်စွာဘုရားထံ ချဉ်းကပ် ရောက်လာသော ဗိမ္ဗိသာရ မင်း ကြီးကို မာဂဓတိုင်းသား ပုဏ္ဏား သူကြွယ်တို့နှင့် အတူတကွ သောတာပတ္တိဖိုလ်၌ တည်စေမူပါ တယ်၊ ဗိမ္ဗိသာရ မင်းကြီးသည် နန်းတော်သို့ ပြန်ခါနီးတွင် ကဿပ ညီနောင် ရသေ့ဟောင်းများ ဖြစ်ကြသော တပည့်ရဟန်း အပေါင်းနှင့်တကွ မြတ်စွာဘုရားကို နက်ဖြန်ခါ နံနက်အတွက် ဆွမ်းဖြင့် ဖိတ်ရာ မြတ်စွာဘုရားက ဆိတ်ဆိတ် နေတော်မူခြင်းဖြင့် ခွင့်ပြုတော် မူပါတယ်။

နောက်ခနေ့နံနက် အချိန်ခါတွင် သဗ္ဗညု မြတ်စွာဘုရားသည် ကိလေသာ ရန်အေး ငြိမ်း အေးပြီး ဖြစ်သဖြင့် ယဉ်ကျေး သိမ်မွေ့ကြကုန်သော ရသေ့ဟောင်းများ ဖြစ်ကြသော နောက်ပါ တပည့် ရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ကြွတော်မူလာရာ နတ်တို့ကို အစိုးရသော သိကြားမင်းကလည်း လုလင်ပျို့အသွင် ဆောင်ကာ မြတ်စွာဘုရား အမှူးရှိသော ရဟန်းတော်များ ရှေ့တော်မှ ပင့်ဆောင်လာဖြင်း-

ဒန္တော ဒန္တေဟိ သဟ ပုရာဏ ဇဋိလေဟိ၊
ဝိပ္ပ မုတ္တော ဝိပ္ပ မုတ္တေဟိ။
သိင်္ဂီ နိက္ခ သဝဏ္ဏော၊
ရာဇ ဂဟံ ပါဝိသိ ဘဂဝါ။ (ဝိနယ-၃-၄၈)။

ဘောဒန္တော၊ ဘုရားပွင့်ခါ, လူဖြစ်လာ၍, လွန်စွာ အရှေ့ဝတ် ပေကြသည့် များစွာ ထောင် ဆောင်း အို-သူတော်ကောင်းတို့။ ဒန္တော၊ အစဉ်အေးဆေး ယဉ်ကျေးသော နှလုံးရှိတော် မူသော။ ဝိပ္ပမုတ္တော၊ ကိလေသာ နှောင်ဝဋ်မှ ကင်းလွတ်ပြီး ဖြစ်တော်မူသော သိင်္ဂီနိက္ခ သဝဏ္ဏော၊ သိင်္ဂ နိတ် ရွှေစင် အဆင်းနှင့်တူသော အဆင်းရှိတော် မူသော။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါး တရား သခင် ဘုရားရှင်သည်။ ဒန္တေဟိ၊ အစဉ်အေးဆေး, ယဉ်ကျေးသော စိတ်နှလုံး ရှိတော် မူကြကုန် သော။ ဝိပ္ပမုတ္တေဟိ၊ ကိလေသာ နှောင်ဝဋ်မှ ကင်းလွတ်တော် မူကြပြီး ဖြစ်ကုန်သော။ ပုရာဏ ဇဋိ လေဟိ၊ရသေ့ဟောင်း ဖြစ်ကြသော ရဟန္တာ အရှင်မြတ်များနှင့်။သဟ၊အတူတကွ။ ရာဇဂဟံ၊ ထောင်

ငါးလုံးကာခိုသည့် ရာဇဂြိုဟ် မြို့တော်တွင်းသို့။ ပါဝိသိ၊ သတ္တ လောက ဟိတာယ-ဟု မဟာကရုဏာ မှမ်းထုံကာ စက်တော်စုံလှမ်းချ၍ မြန်းကြွတော် မူလာလေပြီတကား။

ဤသို့ အစရှိသော ဂါထာတို့ဖြင့် ချီးကျူး ကြွေးကြော်တာ ရာဇဂြိုဟ် မြို့တွင်းသို့ ဝင်လာပြီး ဗိမ္ဗိသာရ မင်း၏ နန်းတော်၌ ကြီးစွာသော အလှူကို ခံယူတော် မူပါတယ်၊ မင်းကြီး အလှူဒါန ပြုသောအခါ ရှေးအခါ ဆွေမျိုး တော်စပ် ခဲ့ကြသော ပြိတ္တာတို့သည် နန်းတော်သို့ စုရုံး ရောက်ရှိ လာကြသတဲ့။

တေပေတာ "ဣဒါနိ ရာဇာ အမှာကံ ဒါနံ ဥဒ္ဒိသိဿတိ၊ ဣဒါနိ ဥဒ္ဒိသိဿတီ"တိ အာသာသယ ပရိဝါရေတွာ အဋ္ဌံသု။ (ခုဒ္ဒကပါဌ်-ဋ္ဌ-၁၇၁)။

တေပေတာ၊ အတိတ်ရှေးခါ, ဆွေညာမကင်း, ခပင်းများစွာ, ထိုပြိတ္တာတို့သည်။ "ဣဒါနိ၊ ယခုအခါ၌။ ရာဇာ၊ မင်းကြီးသည်။ အမှာကံ၊ ငါတို့အား။ ဒါနံ၊ အလှူ၏အဘိုကို။ ဥဒ္ဒိသိဿတိ၊ ရည်ရွယ်မှန်းဆ, အမျှပေးဝေလတံ့။ ဣဒါနိ၊ ယခုအခါ၌။ ဥဒ္ဒိသိဿတိ၊ ရည်ရွယ်မှန်းဆ, အမျှပေးဝေလတံ့"။ ဣတိ၊ ဤသို့။ အာသာသယ၊ အမှန်ဆက်ဆက်, လိုလားချက်ဖြင့်။ ပရိဝါရေတွာ၊ မင်းကြီးအထံ, ဝန်းရံကုန်၍။ အဋ္ဌံသု၊ နံရံအကြား, စသည်များ၌, တန့်နားရပ်ကာ, စောင့်စား၍ နေကြရှာလေကုန်ပြီ တကား။

ဒီခုဒ္ဒကပါဌ် အဋ္ဌကထာလာစကားကို ထောက်ထားကြည့်လျှင် ဘဝါဘဝက ဆွေမျိုး သားချင်း တော်စပ်ခဲ့ကြကုန်သော ပြိတ္တာတို့ဟာ မိမိတို့နှင့် ဘဝတခုခုတွင် "ဆွေမျိုးသားချင်း တော်စပ်ခဲ့သော သူတယောက်ယောက် ကံကောင်းထောက်မ၍ သုဂတိဘဝသို့ရောက်ကာ ဒီလို ဘုရားအမှူးရှိတဲ့ သံဃာတော်များအားဖြစ်စေ, မြတ်စွာဘုရား တပည့်သား သံဃာတော်များအား ဖြစ်စေ အလှူဒါန ကုသိုလ်ကောင်းမှုပြုလုပ်ပါက မိမိတို့အား အမျှအတန်း ပေးဝေလို ပေးဝေငြား အလှူရှင်နှင့် အနီးဝန်းကျင်၌ လာရောက်ကာ အမျှအတန်းပေးဝေမှုကို မြှော်လင့်တောင့်တပြီး နေကြရှာမည်ဆိုတာ သိမှတ်ထားဘို့ ကောင်းတယ်နော်။ ဒါကြောင့်မို့ အလှူဒါနပြုလုပ်ပြီးလျှင် အလှူ၏အဘိုတာဂကို ဘဝါဘဝက တော်စပ်ခဲ့ကြတဲ့ ဆွေဟောင်းမျိုးဟောင်း တော်စပ်ဘူးသော သူအပေါင်းကို မမေ့မလျော့ဘဲ အမျှအတန်း ပေးဝေသင့်တယ်။ ပေးဝေကြရပါမည်တဲ့။

ဗိမ္ဗိသာရမင်းကြီးသည်ကား အလှူဒါနပြုပြီးလျှင် မြတ်စွာဘုရားသည် အဘယ်နေရာအရပ်၌ သီတင်းသုံးနေပါမည်နည်း-ဟု မြတ်စွာဘုရား၏ ကျောင်းတော်နေရာကိုသာ ဆင်ခြင် စဉ်းစားနေ သဖြင့် အလှူ၏ အဘိုဘာဂကို အဘယ်သူအားမျှ မပေးဝေလိုက်ဘူးတဲ့၊ သို့အပြက် ဘုရား အဆူဆူပွင့်သည့်အထိ ကာလရှည်ကြာစွာ စောင့်လင့်ကာနေခဲ့ရပေမဲ့ အလှူရှင်၏အဘိုကို အမျှ အတန်း မပေးဝေခြင်းကြောင့် ရည်ရွယ်တောင့်တချက် ကင်းပြတ်ကာ ညဉ့်သန်းခေါင်အခါ၌ နန်းတော်တွင်းဝင်ပြီး အလွန် ကြောက်လန့်ဘွယ်ရှိသောအသံကိုပြုလေရာ မင်းကြီးကြားလျှင် အလွန် ကြောက်ရွံ့ထိပ်လန့်လျက် နံနက်လင်းသောအခါ မြတ်စွာဘုရားထံသို့သွားပြီး ထိုအကြောင်းကို လျှောက်ထားလေသတဲ့။

သဗ္ဗညုမြတ်စွာဘုရားက "မကြောက်လေလင့်မင်းကြီး- သင်မင်းကြီးအား တစုံတခုသော မကောင်းကျိုးကို မဖြစ်စေနိုင်ပါ၊ အမှန်မူစ- ရိက္ခာမလုံသည့် ပြိတ္တာတို့၌ ဖြစ်ကြကုန်သော သင်

မင်းကြီး၏ ဆွေမျိုးဟောင်းတို့သည် ရှိကြတယ်၊ ထိုပြိတ္တာတို့သည် ကဿပမြတ်စွာဘုရား အမိန့်တော်ထားခဲ့သဖြင့် "မြတ်စွာဘုရားအား အလှူဒါနပြု၍ ငါတို့အား အလှူ၏အဘို့ကို ပေးဝေပေလိမ့်မည်" ဘုရားတဆူအကြား ကာလပတ်လုံး သင်မင်းကြီးကိုသာ တောင့်တ၍ လှည့်လည်နေကြပေသည်၊ ယမန်နေ့ အလှူလုပ်စဉ်က ထိုပြိတ္တာတို့အား အမျှမပေးဝေသဖြင့် ရည်မှန်းချက်ကင်းပြတ်ကာ ထိုကဲ့သို့ ဖောက်ပြန်စွာ ကြောက်ဘွယ်အသံဖြင့် အော်ဟစ်ခြင်း ဖြစ်ပေသည်–ဟု မိန့်တော်မူပါတယ်။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက "မြတ်စွာဘုရား ယင်းသို့ဖြစ်ခဲ့ပါမူ ယနေ့ လှူဒါန်းကာ ပေးဝေလျှင်ကော- ထိုပြိတ္တာတို့ အလှူ၏အဘို့ကို ရရှိနိုင်ကြပါသလား ဘုရား" ဟု လျှောက်ထားရာ မြတ်စွာဘုရားက ရရှိနိုင်ပေကြောင်း မိန့်ကြားတော်မူသဖြင့် မြတ်စွာဘုရား-သို့ဖြစ်လျှင် ယနေ့မှပင် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များသည် တပည့်တော်၏ အလှူဒါနကို အလှူခံသာယာတော်မူကြပါ-ဟု ပင့်ဖိတ်ကာ ချက်ချင်း အလှူဝတ္ထုကိုစီရင်ပြီး လှူဒါန်းပြန်လေသတဲ့။ ထိုပြိတ္တာတို့လည်း ယနေ့ ငါတို့သည် ကုသိုလ်ကောင်းမှု၏အဘို့ကို ရရှိကြတော့မည်-ဟု နန်းတော်သို့ လာရောက်ကာ နံရံကြား စသည်တို့၌ ရပ်ဘည်နေထိုင်ကြလေသတဲ့၊ ထိုအခါ မြတ်စွာဘုရားက ထိုပြိတ္တာအားလုံးကို မင်းကြီး ထင်ထင်ရှားရှားမြင်တွေ့အောင် ပြုလုပ်ပေးသဖြင့် ဗိမ္ဗိသာရမင်းကြီးသည် ပြိတ္တာအားလုံးကို ထင်ရှားစွာ တွေ့မြင်နေသတဲ့။

ရာဇာ ဒက္ခိဏောဒကံ ဒေန္တော "ဣဒံ မေ ဉာတီနံ ဟောတု"တိ ဥဒ္ဒိသိ။

(ခုဒ္ဒကပါဠ်-ဋ္ဌ-၁၇၂)။

ရာဇာ၊ ဗိမ္ဗိသာရမင်းကြီးသည်။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ဒေန္တော၊ သွန်းလောင်းချကာ "မေ၊ ငါ၏။ ဣဒံ၊ ဤအလှူဒါနသည်။ ဉာတီနံ၊ ဆွေမျိုးအပေါင်းတို့အား။ ဟောတု၊ ဖြစ်ပါစေသတည်း" ဣတိ၊ ဤသို့။ ဥဒ္ဒိသိ၊ ရည်ရွယ်မှန်းဆ အမျှပေးဝေလေပြီ။

ယင်းသို့ မင်းကြီးက အလှူ၏အဘို့ကို ပေးဝေလေလျှင် ထိုခဏ ချက်ချင်းပင် ကြာပဒုမ္မာ ဝေဝေဆာဆာ ဖူးပွင့်နေတဲ့ရေကန်ကြီး ဖြစ်ထွန်းလာသတဲ့၊ ပြိတ္တာတို့သည် ထိုရေကန်၌ ရေမိုးချိုးရေသောက်ကြရလျှင် ပူလောင်ခြင်းကင်းပျောက်သွားကြတယ်၊ ပင်ပန်းခြင်း, ဆာလောင်ခြင်းလည်း ကင်းပျောက်ပြီး အသားအရောင် တောက်ပြောင်ပဝင်း ရွှေအဆင်းနှင့်တူစွာ ဖြစ်လာကြသတဲ့။

မင်းကြီးက ယာဂုခဲဘွယ် ဘောဇဉ်တို့ကို လှူဒါန်းကာ အမျှပေးဝေလျှင် ထိုပြိတ္တာတို့အား ယာဂု ခဲဘွယ်ဘောဇဉ်များ ဖြစ်ပေါ်လာပြီး ထို ယာဂု ခဲဘွယ် ဘောဇဉ်တို့ကို သုံးဆောင်ရသဖြင့် ဣန္ဒြေအားလုံး ပြည့်ဖြိုးလာသတဲ့၊ ထို နောက်မင်းကြီးက အဝတ် ပုဆိုး အိပ်ရာနေရာတို့ကို လှူဒါန်းကာ အမျှပေးဝေပြန်လျှင် ပြိတ္တာတို့အား နတ်၌ဖြစ်သော အဝတ်ပုဆိုး အိပ်ရာနေရာ ယာဉ်ပြာသာဒ်စသည် အသုံးအဆောင်များ ဖြစ်ပေါ်လာသဖြင့် ပြိတ္တာတို့သည်လည်း ထိုအလုံးစုံသော စည်းစိမ်ချမ်းသာကို ရရှိခံစားကြပြန်ပါတယ်၊ မင်းကြီးသည် ဆွေမျိုးဟောင်းပြိတ္တာတို့ စည်းစိမ်ချမ်းသာခံစားရပုံ အလုံးစုံတို့ကို တွေ့မြင်ရသဖြင့် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြင်လျက်ရှိပါတယ်၊ ထိုနောက်ဆဗ္ဗညု မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးလျှင် ဗိမ္ဗိသာရမင်းကြီးအား အနုမောဒနာ တရားဟောကြားခြင်းငှာ တိရောကုဍ္ဍသုတ်ဌကထာ-အစရှိသော ဂါထာကို ရွတ်ဆိုကာ တိရောကုဍ္ဍသုတ္တန်ကို ဟောကြား

တော်မူပါတယ်၊ ယခုရွတ်ဆိုတော့ကြားမည့် တိရောကုဋ္ဋသုတ္တန် ပါဠိတော် ဂါထာများကို သေသေချာချာ နာကြားပြီး မှတ်သားကြပါ။

၁။ တိရောကုဋ္ဋေသု တိဋ္ဌန္တိ၊ သန္ဓိသိင်္ဃာဋကေသု စ။
ဒွါရဗာဟာသု တိဋ္ဌန္တိ၊ အာဂန္တွာန သကံဃရံ။ (ခုဒ္ဒကပါဌပါဠိ -၈-)။

မဟာဆရာ၊ ဒကာတော် မင်းကြီး။ ပေတာနာမ၊ အပါယ်ဘုံသတ္တဝါ ပြိတ္တာတို့မည်သည်။ သကံဃရံ၊ မိမိတို့အိမ် မိမိဆွေမျိုးတို့အိမ်သို့။ အာဂန္တွာန၊ လာရောက်ကြကုန်၍။ တိရောကုဋ္ဋေသု စ၊ နံရံ၏ပြင်ဘက်တို့၌။ တိဋ္ဌန္တိ၊ ရပ်တည်နေကြလေကုန်၏။ သန္ဓိသိင်္ဃာဋကေသု စ၊ လမ်းဆုံ လမ်းခွအိမ်ခြံစပ်တို့၌၎င်း။ ဒွါရဗာဟာသု စ၊ တံခါးဝ တံခါးပေါင်တို့၌၎င်း။ တိဋ္ဌန္တိ၊ လက်ရမ်းမှီတင် မရှင်မျက်နှာ ငေးမှိုင်ကာ နေရှာလေကုန်သတည်း။

ဒကာတော် မင်းကြီး—အပါယ်ဘုံသား ပြိတ္တာသတ္တဝါတို့ မည်သည် မိမိရှေးက နေထိုင်လာခဲ့သော အိမ်သို့ဖြစ်စေ မိမိနှင့် ဆွေမျိုးသားချင်း တော်စပ်ခဲ့ ဘူးသော သူတို့၏ အိမ်သို့ဖြစ်စေ လာရောက်ကြပြီးလျှင် နံရံတဖက် အပြင်ဘက်တို့၌၎င်း လပ်းခွ အိမ်ခြံစပ်တို့၌၎င်း တံခါးဝ တံခါးပေါင်တို့၌၎င်း မှီတွယ်ကာ ရပ်တည်နေကြရှာလေတယ်-တကာတော်-ဟု ဆိုလိုရင်းဖြစ်ပါတယ်၊ ထိုနောက် မြတ်စွာဘုရားက ဆက်၍ ဟောကြား ပြန်သည်မှာ—

၂။ ပဟူတေ အန္နပါနမှိ၊ ခဇ္ဇဘောဇ္ဇေ ဥပဋ္ဌိတေ။
န တေသံ ကောစိ သရတိ၊ သတ္တာနံ ကမ္မပစ္စယာ။

ပဟူတေ၊ ရေထွက်ပိုင်းခြား များပြားလှစွာသော။ အန္နပါနမှိ စ၊ ထမင်း အဖျော်ကို၎င်း။ ခဇ္ဇဘောဇ္ဇေ စ၊ ခဲဖွယ်ဘောဇဉ်ကို၎င်း။ ဥပဋ္ဌိတေ၊ လှူဒါန်းရန်ပင်ပြုစီရင်သည်ရှိသော်။ တေသံ သတ္တာနံ၊ ထိုပြိတ္တာဘုံသား သတ္တဝါအများတို့၏၊ ကမ္မပစ္စယာ၊ မိမိပြုလုပ် အားထုတ်ခဲ့ပြီး ကံတရားကြောင့်။ တေသံ၊ ထိုပြိတ္တာသတ္တဝါတို့ကို။ ကောစိ၊ မိဘ ညီအစ်ကို သမီးသားနှင့် မယားဆွေမျိုး အားကိုးဘွယ် အကုန် တစုံတယောက်သောသူကမျှ။ န သရတိ၊ ကောင်းမှုပြုကာ အဘို့ဘာဂကို အမျှဝေရန်အမှတ် မရကြပေ။

များစွာသော ဆွမ်းဘောဇဉ် စားဘွယ် သောက်ဘွယ်တွေရှိပေမဲ့ မိဘများ သားသမီးများ စသော တစုံ တယောက်သော ဆွေမျိုးသားချင်းကမျှ ကုသိုလ်ကောင်းမှုပြုကာ အမျှဝေရန်အမှတ် မရကြဘူးတဲ့၊ ဘာ့ကြောင့်လဲဆိုတော့ မိမိအားထုတ် ပြုလုပ်အပ်သော လှူဒါန်းပေးကမ်းမှုမရှိ၊ ဒါန နည်းပါးခြင်း, သူတပါးတို့ စေတနာသဒ္ဓါတရားဖြင့် လှူဒါန်း ပေးကမ်းသည်ကို ဝင်ရောက်တားမြစ်ခြင်း စသည်အပြားရှိသော စေးနဲသော မကောင်းမှုကံကြောင့်ပင် ဖြစ်တယ်၊ထိုမကောင်းမှုအကုသိုလ် ကံက ပြိတ္တာသတ္တဝါတို့အား မိဘဆွေမျိုးများ အမှတ်မရအောင် ပြုထားတယ်တဲ့၊ ယခုကာလအချို့သောသူများလဲ သူတပါးတို့ စိတ်ထားကြည်ဖြူ ပေးလှူသည်ကို လှူဒါန်းပေးကမ်းခြင်းဖြင့် အကျိုးမရှိသယောင် လက်တွေ့ မျက်မြင် ကြည့်ရှုလျှင် မိမိ၌ ရပြီးပစ္စည်း ကုန်ခမ်းခြင်းသာ အကျိုးရှိသည် စသည်ဖြင့် သူတပါးရဲ့ အလှူဒါနကို တားမြစ်ကတတ်တဲ့ ပြိတ္တာအလောင်းများ တော်တော် တိုးပွားများပြားနေပြီ ထင်တယ်နော်၊ အလှူဒါန ပြုလုပ်တဲ့သူကို အကျိုးရှိရာ ရှိကြောင်းကိုသာ ညွှန်ကြားပေးသင့်တယ်နော်၊ ဒါနအန္တရာယ်ပြုမှု ဟန့်တားမှုတော့ မပြုသင့်ပါဘူး။

မှတ်ချက်။ ဤမှ နောက်ဂါထာများကိုမူ အနက်ကိုသာ ရေးပါမည်၊ အဓိပ္ပါယ်ကိုကား အဋ္ဌကထာ၌ အထူးဖွင့်ဆိုချက် ရှိမှသာရေးမည်၊အလိုရှိရာ ထုတ်ယူအသုံးပြုနိုင်ရန် ဂါထာအားလုံးကိုအနက် ရေးလိုက်ပါသည်။

၃။ ဧဝံ ဒဒန္တိ ဉာတီနံ၊ ယေ ဟောန္တိ အနုကမ္ပကာ။
သုစိံ ပဏီတံ ကာလေန၊ ကပ္ပိယံ ပါနဘောဇနံ။

၄။ ဣဒံ ဝေါ ဉာတီနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။
တေစ တတ္ထ သမာဂန္တွာ၊ ဉာတိပေတာ သမာဂတာ။
ပဟူတေ အန္နပါနမှိ၊ သက္ကစ္စံ အနုမောဒရေ။

အနုကမ္ပကာ၊ ကြင်နာသနားတတ်ကုန်သော။ ယေ၊ အကြင်သူတို့သည်။ သန္တိ၊ ရှိပေကုန်၏။ တေ၊ ထိုသူတို့သည်။ ကာလေန၊ ဆွေမျိုးပြိတ္တာတို့ ချဉ်းကပ်ရောက်လာ သင့်လျော်သောအခါ၌။ သုစိံ၊ သန့်ရှင်း စင်ကြယ်သော။ ပဏီတံ၊ မွန်မြတ်သော။ ကပ္ပိယံ၊ လျောက်ပတ် အပ်စပ်သော။ ပါနဘောဇနံ၊ အဖျော်ဘောဇဉ်ကို။ ဣဒံ၊ ဤအလှူဝတ္ထုသည်။ ဉာတီနံ၊ ရှေးယခင်က ဆွေမျိုးတော်စပ်ကြကုန်သော။ ဝေါ၊ အသင်ပြိတ္တာတို့အား။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဉာတယော၊ ပြိတ္တာဆွေမျိုးတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဧဝံ၊ ဤသို့။ ဉာတီနံ၊ မိတ်ဆွေ အမျိုးပြိတ္တာတို့အား။ ဥဒ္ဒိဿ၊ ကောင်းသောအကျိုးဖွံ့ဖြိုးစေရန် ရည်သန်၍။ ဒါနံ၊ အလှူကို။ ဒေန္တိ၊ ပေးလှူကြကုန်၏။

သမာဂတာ၊ ညီညွတ်ပေါင်းကာ ရောက်လာ ကြကုန်သော။ တေစဉာတိပေတာ၊ ဆွေမျိုးဖြစ်ရာ ထိုပြိတ္တာ တို့သည်လည်း။ တတ္ထ၊ အလှူဒါန ပြုလုပ်ကြရာ ထိုဆွေမျိုးတို့ အိမ်ဂေဟာသို့။ သမာဂန္တွာ၊ ညီညွတ်ပေါင်းစုံ ရောက်လာကြပြီးလျှင်။ ပဟူတေ၊ ရေတွက်ပိုင်းခြား များပြားလှစွာသော။ အန္နပါနမှိ၊ ထမင်းအဖျော်ကို။ ဒိန္နေ၊ မိမိတို့အား ရည်ညွှန်းငြား၍ စိတ်ထားကြည်ဖြူပေးလှူသည်ရှိသော်။ သက္ကစ္စံ၊ သဒ္ဓါရွှန်းစိုရှိသေစွာ။ အနုမောဒရေ၊ ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းစွာဖြင့် သာဓုအနုမောဒနာ ပြုကြလေကုန်သတည်း။

၅။ စိရံ ဇီဝန္တု နော ဉာတီ၊ ယေသံ ဟေတု လဘာမသေ။
အမှာကဉ္စ ကတာပူဇာ၊ ဒါယကာစ အနိပ္ဖလာ။

ယေသံ၊ အရာရာမျိုး အလွန်အားကိုးရသည့် အကြင်ဆွေမျိုးတို့၏။ ဟေတု၊ ပေးလှူခြင်းတည်း ဟူသော အကြောင်းကြောင့်။ မယံ၊ ငါတို့သည်။ လဘာမသေ၊ စည်းစိမ်ချမ်းသာအဖြာဖြာကို မွန်စွာမသေ့ ရရှိပေကုန်၏ အမှာကဉ္စ၊ ငါတို့၏အကျိုးငှာလည်း။ ပူဇာ၊ လေးမြတ်ကော်ရော်ပူဇော်ခြင်းအမှုကို။ ကတာ၊ ကောင်းစွာအားထုတ် ပြုလုပ်ကြပေကုန်၏။ ဒါယကာစ၊ အလှူဒါနပေးလှူကြသူ ဆွေမျိုးတို့သည်လည်း။ အနိပ္ဖလာ၊ ပစ္စုပ်, သံသာ, နှစ်ဖြာတိုးပွား အကျိုးများကြပေကုန်၏။ နော၊ ပြိတ္တာဘဝ ရောက်ရနေဘိငါတို့၏။ ဉာတီ၊ အရာရာမျိုး အလွန် အားကိုးရသည့် ဆွေမျိုးတို့သည်။ စိရံ၊ လံနှစ်ရှည်ကြာ ကြာမြင့်စွာ။ ဇီဝန္တု၊ အာယုကပ်ထက် ကျော်လွန်တက်အောင် အသက်ရှည်ကြ ပါစေကုန်သတည်း။

ဒီ ဂါထာကတော့ ဆွေမျိုး ဖြစ်ကြသော ပြိတ္တာများက လူဖြစ်ကြသော မိဘဆွေမျိုးတို့ ကုသိုလ်ကောင်းမှုပြုကာ မိမိတို့အား အမျှအတန်း ပေးဝေသဖြင့် သာဓု အနုမောဒနာ ခေါ်ရခြင်း ကြောင့် မိမိတို့မှာ ခဏချက်ခြင်းပင် စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားရသည်ကို ကြည့်ရှုကာ ရွတ်ဆို တဲ့ ဂါထာပင်ဖြစ်ပါတယ်။

ပြိတ္တာဘဝသို့ ရောက်ရှိနေသူတို့ စည်းစိမ် ချမ်းသာကို ရရှိခံစားနိုင်တယ်ဆိုတာ အင်္ဂါသုံးပါး နှင့် ပြည့်စုံညီညွတ် မှရရှိနိုင်ပါတယ်။ ထို့ကြောင့်-

> ပေတာနဉ္စ အတ္တနော အနုမောဒနေန ဒါယကာနံ ဥဠာရသေန
> ဒက္ခိဏေယျသမ္ပဒါယစာတိတီဟိ အင်္ဂေဟိ ဒက္ခိဏာ သမိဇ္ဈတိ၊
> တင်္ခဏေ ဖလနိဗ္ဗတ္တိကာ ဟောတိ။ (ခုဒ္ဒကပါဠိ -၄- ၁၇၆)။

ဟူ၍ပေတဝတ္ထု- ခုဒ္ဒကပါဠိ အဋ္ဌကထာ၌ ဖွင့်ပြထားပါတယ်။

ဟိသစ္စံ၊ မှန်လှပေ၏။ ပေတာနံ၊ စား၀တ်မလုံ ပြိတ္တာဘုံ၌ ဖြစ်ကုန်များးစွာသတ္တဝါတို့အား။ အတ္တနော၊ မိမိ၏။ အနုမောဒနေနစ၊ သာဓုအနုမောဒနာ ပြုခြင်းကြောင့်ရင်း။ ဒါယကာနံ၊ အလှူ ရှင် ဒါယကာတို့၏။ ဥဠာရသေနစ၊ ရည်ညွှန်းမှန်းဆ အမျှ ပေးဝေခြင်းကြောင့်ရင်း။ ဒက္ခိဏေယျ- သမ္ပဒါယစ၊ အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်းကြောင့်ရင်း။ ဣတိ၊ ဤသို့။ တီဟိအင်္ဂေဟိ၊ အကြောင်း သုံးဖြာအင်္ဂါတို့ဖြင့်။ ဒက္ခိဏာ၊ အလှူသည်။ သမိဇ္ဈတိ၊ ပြည့်စုံလေ၏။ တင်္ခဏေ၊ လှူဒါန်းမျှဝေ ပြုလုပ်နေကြ ထိုခဏ၌။ ဖလနိဗ္ဗတ္တိကာ၊ ကြီးပွားဖွံ့ဖြိုး အကျိုးပြီးသည်။ ဟောတိ၊ စိတ်သာချတော့ ဒိဋ္ဌပုံသေ ဖြစ်ရလေတော့သတည်း။

ဆောင်ပုဒ်။ ၁။ ပြိတ္တာအတွက်၊ သာဓုမြွက်၊ ဆက်ဆက်ခေါ်ရမည်။
၂။ လှူဒါန်းသူက၊ ရည်မှန်းဆ၊ အမျှဝေရမည်။
၃။ ပုဂ္ဂိုလ်လှူခံ၊ ပြည့်စုံပြန်၊ အံ့မှန်အင်သုံးညီ။
၄။ အင်္ဂါသုံးဝ၊ ပြည့်စုံက၊ မုချရနိုင်သည်။
၅။ ထိုခဏပင်၊ ကျိုးပေးအင်၊ လျှင်လျှင်ပြီးမြောက်သည်။

ပြိတ္တာဖြစ်သူကသာ သာဓုအနုမောဒနာ ခေါ်ဆိုခြင်း၊

အလှူပေးသူ ဒါယကာကလည်း ရည်မှန်းကာ အမျှပေးဝေခြင်း၊

အလှူခံ ပုဂ္ဂိုလ်နှင့် ပြည့်စုံခြင်း ဆိုတဲ့ အင်္ဂါ သုံးပါးနှင့် ပြည့်စုံ ညီညွတ်ပါလျှင် ပြိတ္တာဖြစ် သောသတ္တဝါသည် ခဏချက်ခြင်းပင် ကောင်းကျိုးချမ်းသာကို ခံစားရရှိနိုင်ပါတယ်တဲ့။

ဒီနေရာမှာ မေးမြန်းဘွယ် ဖြစ်နေပါတယ်၊ "ပြိတ္တာဘုံ၌ ဖြစ်နေကြကုန်သော ဆွေမျိုး ပြိတ္တာတို့သာလျှင် အလှူ၏ အကျိုးကို ရရှိနိုင်ကြ ပါသလော-သို့မဟုတ် ထိုမှတပါးသော သူတို့လည်း ရရှိနိုင်ကြ ပါသေးသလော" ဟု မေးမြန်းဘွယ် ဖြစ်ပါတယ်၊ ဒီအကြောင်းနှင့် ပတ်သက်၍ ဇာဏု သောဏိ အမည်ရှိတဲ့ ပုဏ္ဏားကြီးက မေးမြန်း လျှောက်ထားသဖြင့် မြတ်စွာဘုရားက ဖြေကြားတော် မူသည့်အတိုင်း ထုတ်ပြ ဟောကြား ပါဦးမည်၊ ကောင်းမွန်ရိုသေစွာ မှတ်သားနာယူ ကြပါ။

အခါတပါးတွင် ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏားကြီးတယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ် လာရောက်ပြီး ဤသို့ လျှောက်ထား မေးမြန်း လေသတဲ့။

ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏားကြီးက သုံးလောက ထွဋ်ထား မြတ်စွာဘုရား ဘဝတပါးသို့ ပြောင်းသွားလေပြီးသော ဆွေမျိုး သားချင်းတို့အား ရည်မှန်း၍ လှူဒါန်းသော အလှူ၏ အကျိုးသည် ထိုသူတို့၏ အထံသို့ ထင်ရှား မျက်မှောက် ဆိုက်ရောက်ပါသလော-ပြည့်ပြည့်ဝဝ ချမ်းသာရအောင် ခံစား သုံးဆောင်ကြရပါသလော-ဟု မေးမြန်း လျှောက်ထားသဖြင့် သဗ္ဗညု မြတ်စွာဘုရားက-

အို-ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏားကြီး-အကျိုးပေးခွင့် ရှိသော အရပ်၌ ဖြစ်ကြကုန်သော သူတို့အား ထိုအလှူ၏ အကျိုးကို ရရှိနိုင်ပေသည်၊ အကျိုးပေးခွင့် မဟုတ်သော အရပ်၌ ဖြစ်ကြသူအား ထိုအလှူဒါန၏ အကျိုးကို မရရှိနိုင်ပေ-ဟု မိန့်ကြားတော်မူလိုက်ပါတယ်။

ပုဏ္ဏားကြီးက တဖန်ဆက်၍ အရှင်မြတ်ဘုရား-အကျိုးပေး ရာအရပ်ကား အဘယ်ဒေသပါနည်း၊ အကျိုးပေး ခွင့်မရသော အရပ်ကား အဘယ်အရပ် ဒေသ ပါနည်း-ဟုမေးမြန်းပြန်သဖြင့် မြတ်စွာဘုရားက-

ဇာဏုသောဏိ ပုဏ္ဏားကြီး-ဤလောကဝယ် အချို့သောသူသည် သူတပါး၏ အသက်ကို သတ်ခြင်း မမှန်စကား ပြောကြားခြင်း, ဂုံးတိုက်စကား ပြောခြင်း, ကြမ်းတမ်းသော စကားကို ပြောခြင်း, အနှစ်မဲ့စကားကို ပြောခြင်း, အလိုရမက်ကြီးခြင်း, စိတ်ဓာတ် ချွတ်ယွင်းခြင်း, မှားယွင်းသော အယူကို ယူခြင်းဖြင့် အကုသိုလ် တရားကို တိုးပွားစေသည်၊ ထိုသူ ကွယ်လွန်သောအခါ ငရဲဘုံ၌ ဖြစ်ရပေသည်၊ ငရဲ၌ ဖြစ်ကုန်သော သူတို့အား အကုသိုလ်ကံ-ဟူသော အကြောင်းဖြင့် ထိုငရဲဘုံ၌ မျှတနေရသည်၊ ငရဲဘုံသည် ကုသိုလ်၏ အကျိုးကို အမျှ ပေးဝေ၍ ရောက်ရှိရာမဟုတ်၊ ငရဲဘုံ၌ ဖြစ်သောသူအား ထိုအလှူဒါန၏ အကျိုးဘာဂသည် မကပ်ရောက်နိုင်ပေ။

ဆောင်ပုဒ် ၁။ သူ့သက်သတ်မှု၊ စသည်ပြုငြား၊ ထိုသူ ကားလားရ ငရဲရွာ။
၂။ ငရဲဖြစ်သူ မျှဝေမှု၊ ရယူမရှိပါ။

ဇာဏုသောဏိ ပုဏ္ဏား-ဤလောကဝယ် အချို့သော သူသည် သူတပါး၏ အသက်ကို သတ်ခြင်း စသော မကောင်းမှု ပြုလုပ် လွန်ကျူးတတ်ပေသည်၊ ထိုသူသည် ကွယ်လွန် သေဆုံးလျှင် တိရစ္ဆာန်ဘုံ၌ ဖြစ်တတ်ပေသည်၊ တိရစ္ဆာန်ဘဝသို့ ရောက်ရသောသူသည် တိရစ္ဆာန်တို့၏ အစာအာဟာရ ဖြစ်သော မြက်သစ်ရွက် စသည်ဖြင့် မျှတရောင့်ရဲ ရသည်၊ ဤတိရစ္ဆာန် ဘုံဘဝသည်လည်း ကုသိုလ်အကျိုးကို အမျှ ပေးဝေ၍ ရောက်ရာဌာန မဟုတ်ပေ၊ ငရဲဘုံ၌ ဖြစ်သော သူသည် ထိုအလှူဒါန၏အကျိုး ဘာဂကို မရရှိနိုင်ပေ။

ဆောင်ပုဒ်။ ၁။ တိရစ္ဆာန်ဇာတ်,ဖြစ်ပြန် ပတ်သည်၊ ပြုအပ်ခရှား,မြတ်ကောင်းမှု,သာခုမခေါ်ပေ
၂။ တိရစ္ဆာန်ဖြစ်သူ၊ မျှဝေမှု၊ ရယူမရှိချေ။

ဇာဏုသောဏိ ပုဏ္ဏား-ဤလောကဝယ် အချို့သော သူသည် သူတပါး၏ အသက်ကို သတ်ခြင်း ပါဏာတိပါတ အစရှိသော မကောင်းမှုမှ ရှောင်ကြဉ်ပေသည်၊ ထိုသူ ကွယ်လွန် သေဆုံးလေ

လျှင် သုဂတိ ဘဝဖြစ်သော လူပြည့်သို့ ရောက်ပသည် လူဖြစ်သော သူသည် လူတို့ အစာအဟာရ ဖြစ်သော ထမင်း မယောစသော အာဟာရဖြင့်မျှတတည်နေပေသည်၊ ဤလူ့ဘုံ လူ့ဘဝသည်လည်း ကုသိုလ်၏အဘို့ ဘာဂကို အမျှဝေ၍ ရောက်ရာဌာန မဟုတ်ပေ၊ လူ့ဘဝသို့ ရောက်ရှိပြီး သူအား ရည်ညွှန်း၍ အမျှဝေသော်လည်း ထိုအလှူ၏ အဘို့သည် မရောက်နိုင်တော့ပေ။

ဆောင်ပုဒ်။ ၁။ အကုသိုလ် ရှောင်ရှား၊ ကုသိုလ်ပွား၊ လူသား ဖြစ်နိုင်သည်။

၂။ လူဖြစ်လေက၊ ယင်းဒါန၊ အမျှဖယ့်ပြီ။

ဇာဏုသောဏိ ပုဏ္ဏားကြီး-ဤလောကဝယ် အချို့သော သူသည် ပါဏာတိပါတ စသော မကောင်းမှု အကုသိုလ်တရားမှ ရှောင်ရှားသည်၊ မှန်သောအယူကို ယူသည်၊ ထိုသူ ကွယ်လွန် သေဆုံးလျှင် ချမ်းသာပြည့်စုံ နတ်တို့ဘုံ၌ ဖြစ်ရပေသည်၊ နတ်ဘုံ နတ်ဘဝသို့ ရောက်သော သူသည်လည်း နတ်တို့၏ သုဓာဟာရဖြင့်သာ မျှတ နေပေသည်၊ ဤနတ်ဘုံသည်လည်း ကုသိုလ်ကောင်းမှု၏ အဘို့ ဘာဂကို အမျှဝေ၍ ရောက်ရာဌာနမဟုတ်၊ နတ်ဘုံ၌ ဖြစ်သော သူအား ထိုဒါန၏အဘို့ ဘာဂကို မရရှိနိုင်တော့ပေ-ဟု မြတ်စွာဘုရားက ဟောကြားတော် မူပါတယ်။

ဆောင်ပုဒ်။ ၁။ အကုန်ရှောင်ရှား၊ ကုသိုလ်ပွား၊ နတ်သား ဖြစ်နိုင်သည်။

၂။ နတ်ဘုံရောက်က၊ ယင်းဒါန၊ အမျှမယူပြီ။

အို-ဇာဏုသောဏိ အမည်ရှိသော ပုဏ္ဏား-ဤလောကဝယ် အချို့သော သူသည် သူ့အသက် သတ်ခြင်း စသော မကောင်းမှုကို ပြုလုပ်လွန်ကျူးသည်၊ မှားယွင်းသော အယူလည်း ရှိသည်၊ ထိုသူ သေဆုံး ကွယ်လွန်လျှင် ရိက္ခာမလုံသည့် ပြိတ္တာဘုံ၌ ဖြစ်၏၊ ပြိတ္တာဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့အား ပြိတ္တာတို့၏ အစာအဟာရ ဖြစ်သော တံတွေးနှပ် စသော အစာအာဟာရဖြင့် မျှတကာတည် နေရလေသတဲ့။

မိမိ အကုသိုလ်ကံအလျောက် ပြိတ္တာဘဝ ဘုံဌာနသို့ ရောက်နေရသော သူသည် ပြိတ္တာဘုံ၌ ပြိတ္တာတို့၏ အစာအဟာရဖြစ်သည့် တံတွေးနှပ် စသော စက်ဆုပ် ရွံရှာဘွယ် အာဟာရဖြင့်လည်း မျှတ တည် နေရပေမည်၊ အကယ်၍ လူ့ပြည်, လူ့ရွာမှ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူများ မိဘ ဆွေမျိုးများက ဖြစ်စေ ကုသိုလ် ကောင်းမှုကို ပြုစု အားထုတ်၍ အမျှအတန်း ပေးဝေသဖြင့် သာဓု အနုမောဒနာ ခေါ်ရသော ပြိတ္တာအား လူ့ပြည်က ပေးလှူသော အလှူဒါနဖြင့်လည်း ပြိတ္တာဘုံ၌မျှ တတည်နေရမည် ဖြစ်ပေတယ်၊ ဤပြိတ္တာ ဘုံဌာန၌ တည်နေသော သူအား သာ ကုသိုလ် ကောင်းမှု၏အဘို့ ဘာဂကို ရရှိခံစား ရနိုင်ပေသည်-လို့ ဆိုလိုရင်း ဖြစ်သတဲ့။

ဆောင်ပုဒ်။ ၁။ သူ့သက်သတ်မှု၊ စသည်ပြုသူ၊ ထိုရာမှာ ပြိတ္တာဘုံ ရောက်သည်။

၂။ ပြိတ္တာဖြစ်ငြား၊ ထိုသူအား၊ မှန်းထားမျှဝေပြီ။

၃။ သာဓုခေါ်က ထိုပြိတ္တာ၊ ချမ်းသာရနိုင်သည်။

ဒီလို မြတ်စွာဘုရားက ပြိတ္တာဘုံ၌ ဖြစ်ရသော သူသည် လူပြည်က ဆွေမျိုးများ ကုသိုလ် ပြုကာ အမျှဝေလျှင် ထိုကုသိုလ်၏အဘို့ ဘာဂကို ရရှိခံစား ရကြောင်း မိန့်ကြားတော် မူလေလျှင် ဇာဏုသောဏိ ပုဏ္ဏားကြီးက ဆက်လက်၍တဖန် မေးမြန်း ပြန်လေသည်။

တမလွန်ဘဝ တပါးသို့ ပြောင်းသွားသော သူသည် အလှူဒါန၏ အကျိုးရောက်ရာ ပြိတ္တာ တို့ဘုံ၌ မဖြစ်ပါက ထိုသူအား ရည်ညွှန်း၍ လှူအပ်သော ထိုအလှူ၏ အကျိုးကို အဘယ်သူ ခံစားရပါမည်နည်း-ဟု မေးမြန်း လျှောက်ထားသဖြင့် သဗ္ဗညု မြတ်စွာဘုရား က-

အညေ ပိဿ ဉာတကာ ပေတာ ဉာတိ သာလောဟိတာ တံဌာနံ ဥပပန္နာ ယောန္တိ
တေ တံ ဒါနံ ပရိဘုဉ္ဇန္တိ။ (အံ-ထ-၁၀-၄၇၉)။

ဟူ၍ ဖြေကြားတော် မူပါတယ်။

ဗြာဟ္မဏ၊ ဇာဏုသောဏိ ပုဏ္ဏား။ အညာ၊ ထိုအလှူဒါန ပေးလှူသူ၏။ ပေတာ၊ ဘဝတပါး ပြောင်းသွား ကုန်သော။ ဉာတိသာ လောဟိတာ၊ မိမျိုး, ဖမျိုး ဆွေစပ်ကုန်သော။ အညေပိ၊ တပါးကုန်သော သူတို့သည်လည်း။ တံဌာနံ၊ ထိုပြိတ္တာဘဝ ဘုံဌာနသို့။ ဥပပန္နာ၊ကပ်ရောက်ကုန်သည်။ ယောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုသူတို့သည်။ တံ ဒါနံ၊ ထိုအလှူအကျိုးကို။ ပရိဘုဉ္ဇန္တိ၊ ရရှိ ခံစား သုံးဆောင် ကြရလေကုန်၏။

ထိုနောက်တဖန် ဇာဏုသောဏိ ပုဏ္ဏားကြီး ဆက်လက် မေးမြန်း ပြန်လိုသဖြင့်-

ထိုအခါ မြတ်စွာဘုရားက ယင်းသည့် အကြောင်းအရာ ပြဿနာကို ဤသို့ ရှင်းလင်း ဟော ကြားတော် မူပါတယ်။

ရှည်လျားစွာသော သံသရာ၌ ကျင်လည်ခဲ့ရပြီ ဖြစ်သဖြင့် သံသရာ တခွင်၌ ဆွေမျိုး သွား ချင်း မတော်စပ်ဘူးဟူ၍ မရှိသလောက် ရှားပေတယ်နော်၊ သုံးဆယ့်တဘုံ၌ မိမိတို့ ဆွေမျိုး သား ချင်းများ မရှိသော ဘုံဟူ၍လဲ မရှိနိုင်ဘူးတဲ့၊ သို့ဖြစ်၍ ကုသိုလ် ကောင်းမှုပြုပြီး အမျှအတန်း ဝေပေးပါက ဆွေမျိုး သားချင်း အများတွင် တဦးမရလျှင် တဦးဦးကတော့ ရရှိ ခံစားရမှာ သေချာ ပါတယ်၊ ရည်မှန်း၍ လှူဒါန်းသော သူသည် အလှူ၏အကျိုးကို ရသည်ဖြစ်စေ, မရသည်ဖြစ်စေ ပေးလှူသော အလှူ ဒါယကာ ကတော့ ထိုအလှူ၏ အကျိုးကို ရရှိမည်မှာ ကေန်ပင် ဖြစ်ပါတယ်။

အဲဒါကြောင့်-အင်္ဂုတ္တရ အဋ္ဌကထာ၌-

ဒါယကောပိ အနိပ္ဖလောတိ ယံ သန္ဓာယ တံဒါနံ ဒိန္နံ၊
တဿ ဥပကပ္ပတုဝါ မာဝါ၊ ဒါယကေန ပန နသက္ကာ

နိပ္ဖလေန ဘဝိတုံ၊ ဒါယကော တဿ ဒါနဿ ဝိပါကံ လဘတိ ယေဝ။ (အံ-ဋ္ဌ-တ-၃၃၉)။
ဟူ၍ ဖွင့်ဆိုပြထားပါတယ်။

အဓိပ္ပါယ်ကတော့-ဘဝတပါး ပြောင်းသွားသူကို ရည်ညွှန်းပြီး အလှူဒါန ပြုလုပ်ရာ၌ ရည်ညွှန်း ခံရသူမှာ အလှူဒါန၏အကျိုး ရောက်နိုင်သောဘုံ, သာဓုခေါ်နိုင်တဲ့ဘုံ၌ ဖြစ်မှသာ အကျိုး ရရှိမည်ဖြစ်တယ်၊ အလှူ၏အကျိုး မရောက်နိုင်တဲ့ဘုံ၌ ဖြစ်နေပါက အကျိုးကို မရနိုင်ပါဘူး၊ ဒါပေမဲ့ ရည်ညွှန်းလှူဒါန်း ခံရသူ အကျိုးရသည်ဖြစ်စေ မရသည်ဖြစ်စေ ပေးလှူတတ်သော အလှူဒါယကာ ကတော့ ကေန်မုချ အလှူဒါန၏ အကျိုးကို ခံစားရရှိမည်- ဖြစ်ပါတယ်တဲ့။ ကဲ-တိရစ္ဆာန်ကုန္န သုတ်ကို ဆက်ဟော ကြပါဦးစို့။

နဟိ တတ္ထ ကသိ အတ္ထိ၊ ဂေါရက္ခေတ္ထ န ဝိဇ္ဇတိ။
ဝဏိဇ္ဇာတာဒိသိ နတ္ထိ၊ ဟိရညေန ကယာ ကယံ။
ဣတောဒိန္နေနယာမေန္တိ၊ ပေတာ ကာလကတာ တဟိံ။

တတ္ထ၊ ရိက္ခာမလုံ၊ ထိုပြိတ္တာဘုံ၌၊ ကသိ၊ လယ်ထွန်ခြင်းသည်။ နဟိအတ္ထိ၊ မရှိသည်သာ တည်း။ တတ္ထ၊ ဤပြိတ္တာဘုံ၌။ ဂေါရက္ခာ၊ နွားကျောင်းခြင်းသည်။နဝိဇ္ဇတိ၊ မရှိပေ။ တာဒိသိ၊ ထိုသို့ စည်းစိမ်ဥစ္စာကို ရရှိခြင်း သဘောရှိသော။ ဝါဏိဇ္ဇာ၊ ကုန်သွယ်ခြင်းသည်။ နတ္ထိ၊ မရှိပေ။ ဟိရညေန ရွှေငွေဖြင့် ကယာကယံ၊ ကြီးပွားစေကြောင်း ရောင်း၀ယ်မှုသည်လည်း။နတ္ထိ၊ မရှိပါချေ။ ဣတော၊ ဤလူ့ပြည်ဌာန လူ့လောကမှ။ ဒိန္နေန၊ ဆွေမျိုးတို့က ပေး၀ကြသည့် ကုသိုလ်အဖို့ ဘာဂဖြင့်။ တဟိံ၊ ထိုပြိတ္တာဘုံ၌။ ကာလကတာ၊ တမလွန်ဘ၀သို့ ပြောင်းသွားကြကုန်သော။ ပေတာ၊ ပြိတ္တာ တို့သည်။ ယာပေန္တိ၊ ရရှိ ခံစားရသဖြင့် မျှတကြလေကုန်၏။

၇။　ဥန္နမေ ဥဒကံ ဝုဋ္ဌံ၊ ယထာ နိန္နံမ၀တ္တတိ။
　ဧဝမေ၀ ဣတော ဒိန္နံ၊ ပေတာနံ ဥပကပ္ပတိ။

ဥန္နမေ၊ကုန်းမြင့်ရာအရပ်၌။ ဝုဋ္ဌံယထာ၊ ရွာသွန်းသော။ ဥဒကံ၊ မိုးရေသည်။နိန္နံ၊ ချိုင့်ဝှမ်းရာ ရပ်သို့။ ပဝတ္တတိယထာ၊ လျှင်စွာလျှားလျှား စီးသွားလေသကဲ့သို့။ ဧဝမေ၀၊ ပမာနိုင်းယှဉ်နည်း အတူသာလျှင်။ ဣတော၊ ဤလူ့ဘုံမှ။ ဒိန္နံ၊ ဆွေမျိုးမိတ်သင်္ဂဟတို့ ပေးဝေအပ်သော ကုသိုလ်အဘို့ သည်။ ပေတာနံ၊ ပြိတ္တာတို့၏ အထံသို့။ ဥပကပ္ပတိ၊ ထင်ရှားမျက်မှောက် ကပ်ရောက်လေ၏။

၈။　ယထာ ဝါရိ ဝဟာ ပူရာ၊ ပရိပူရေန္တိသာဂရံ။
　ဧဝမေ၀ ဣတော ဒိန္နံ၊ ပေတာနံ ဥပကပ္ပတိ။

ဝါရိဝဟာ၊ ရေအစုများ ဆောင်ကာထားသည့် ထင်ရှားမြည်ဟီး မြစ်ကြီးတို့သည်။ ပူရာ၊ ရေယဉ်အတိပြည့် ကုန်သည်ဖြစ်၍။ သာဂရံ၊ သမုဒ္ဒရာကို။ ပရိပူရေန္တိယထာ၊ ကမ်းနှင့်ညီနေ ပြည့်စေ ကုန်ဘိသကဲ့သို့။ ဧဝမေ၀၊ ပမာနှိုင်းယှဉ်အတူသာလျှင်။ ဣတော၊ ဤလူ့ဘုံမှ။ ဒိန္နံ၊ ပေးဝေအပ် သော ကုသိုလ်အဘို့သည်။ ပေတာနံ၊ ပြိတ္တာတို့အထံသို့။ ဥပကပ္ပတိ၊ ထင်ရှား မျက်မှောက်ကပ် ရောက်လေ၏။

၉။　အဒါသိ မေ အကာသိမေ၊ ဉာတိမိတ္တာ သခါစ မေ။
　ပေတာနံ ဒက္ခိဏာ ဒဇ္ဇာ၊ ပုဗ္ဗေကတ မနုဿရံ။

အယံ၊ ဤသူသည်။ မေ၊ ငါအား။ ဓနံ၊ စည်းစိမ်ဥစ္စာကို။ အဒါသိ၊ ပေးဘူးလေပြီ။ မေ၊ ငါ၏။ ကိစ္စံ၊ ပြုလုပ်ဆောင်ဘွယ်အသွယ်သွယ်ကို။အကာသိ၊ပြုခဲ့ဘူးလေပြီ။ မေ၊ ငါ၏။ ဉာတိမိတ္တာ၊ အဆွေ အမျိုး မိတ်ဆွေတို့ပေတည်း။ မေ၊ ငါ၏။ သခါ၊ ခင်ပွန်းတည်း။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ရှေးဘ၀၌။ ကတံ၊ ပြုခဲ့ပေဘူး သူ့ကျေးဇူးကို။ အနုဿရံ၊ အမှန်စေ့စေ့ အောက်မေ့သူသည်။ ပေတာနံ၊ ပြိတ္တာတို့၏။ အတ္ထာယ၊ အကျိုးငှာ။ ဒက္ခိဏာ၊ မြတ်သော အလှူရေစက်ကို။ ဒဇ္ဇာ၊ စေတနာကုန်မြူး ရည်စူးလျက်သာ ပေးလှူရာ၏။

၁၀။ နဟိ ရုက္ခံဝါ သောကောဝါ၊ ယာစသာ ပရိဒေဝနာ။
နတံ ပေတာန မတ္ထာယ၊ ဧဝံ တိဋ္ဌန္တိ ဉာတယော။

ယေဉာတယော၊ အကြင် ဆွေမျိုး သားချင်း ဘော်စပ်ကုန်သော လူတို့သည်။ ဧဝံ၊ ဤသို့" ဉာတိမရဏေန၊ အဆွေအမျိုးတို့ သေဆုံး ကွယ်လွန် ခြင်းကြောင့်၊ ရုဏ္ဏသောကာဘိဘူတာဝေ၊ ငိုကြွေးခြင်း စို ရိမ်ခြင်းတို့သည် နှိပ်စက်အပ်ကုန်သည်သာလျှင်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ တိဋ္ဌန္တိ၊ တည် ကုန်၏။ တေသံဉာတီနံ၊ ဆွေမျိုးဖြစ်ကုန်သောထိုသူတို့၏၊ ယံရုဏ္ဏံဝါ၊ အကြင်ငိုကြွေးခြင်းသည်ရှင်း၊ ယောသောကောဝါ၊ အကြင်စိုးရိမ်ပူဆွေးခြင်းသည်ရှင်း။ အညာ၊ တပါးသော။ ယာပရိဒေဝနာဝါ၊ အကြင် ပြောဆို မြည်တမ်း ခြင်းသည်ရှင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုငိုကြွေးခြင်း ပူဆွေးခြင်း မြည်တမ်း ခြင်းသည်။ ပေတာနံ၊ တမလွန်ဘဝ ပြောင်းသွားကြငြား ဆွေမျိုးအများတို့၏။ အတ္ထာယ၊ ချမ်းသာ ထိုခရကြဘို့ရာ အကျိုးငှာ။ နဟောတိ၊ အမှန်စင်စစ် မဖြစ်လေ သည်သာတည်း။

၁၁။ အယဉ္စခေါ ဒက္ခိဏာဒိန္နာ၊ သံဃမှိ သုပ္ပတိဋ္ဌိတာ။
ဒီဃရတ္တံ ဟိတာယဿ၊ ဌာနသော ဥပကပ္ပတိ။

ဉာတိဟိ၊ လူ့ဘဝ၌ နေကြကုန်သော ဆွေမျိုးသားချင်းတို့သည်။ ဒိန္နာ၊ ဘဝတပါးပြောင်း သွားသူကိုရည်စူး၍ လှူသော။ အယဉ္စခေါဒက္ခိဏာ၊ ဤအလှူသည်လည်း။ သံဃမှိ၊ ဘုရားဆုံးမ နည်းလမ်းကျအောင် ကျင့်ကြရှင်ပျော် သံဃာတော်၌။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာခိုင်ကြည် တည် သည်ဖြစ်၍။ ဒီဃရတ္တံ၊ ကာလချိန်ခါ ရှည်မြင့်စွာ။ ဟိတာယ၊ စီးပွားချမ်းသာ ဖြစ်ခြင်းအကျိုးငှာ။ အဿ၊ ထိုပြိတ္တာ၏။ ဌာနသော၊ မကြာလက်ငင်း တခဏချင်း။ ဥပကပ္ပတိ၊ ထင်ရှားမျက်မှောက် ဆိုက်ရောက် ရရှိလေတော့သတည်း။

၁၂။ သောဉာတိ ဓမ္မော စ အယံနိဒဿိတော၊ ပေတာနံ ပူဇာစ ကတာ ဥဠာရာ။
ဗလဉ္စ ဘိက္ခူနမနုပ္ပဒိန္နံ တုမှေဟိ ပုညံ ပသုတံ အနပ္ပကံ။

သောအယံဓမ္မော၊ ဘဝတပါး ပြောင်းသူများကို မှန်းထားကြည်ဖြူ ပေးလှူခြင်း ဟူသော ထိုသဘောတရားကို။ဉာတိဓမ္မောစ၊ဆွေမျိုးတို့၌ ဂရုစိုက်၍ တိုက်ရိုက်လေးစား ပြုအပ်သောဝတ္တရား ဟူ၍။ နိဒဿိတော၊ ပိုင်းခြားသတ်မှတ် ပြုအပ်ပေ၏။ ပေတာနံ၊ ဆွေမျိုးမိတ်သင်္ဂဟ ဘော်စပ် ကြငြား ပြိတ္တာတို့အား။ ဥဠာရာ၊ မွန်မြတ်သော။ ပူဇာစ၊ လေးမြတ်ဘော်ရော်ပူဇော်ခြင်းကိုလည်း။ ကတာ၊ ပြုအပ်မည်ဖြစ်ပေ၏။ ဘိက္ခူနံ၊ မြတ်စွာဘုရား အမှုထားသည့် ရဟန်းသံဃာတို့အား။ ဗလဉ္စ၊ ခွန်အားဗလကိုလည်း။အနုပ္ပဒိန္နံ၊ထောက်ပံ့ချီးမြင့်အဆင့်ဆင့်ပေးအပ်သည်ဖြစ်ပေ၏။တုမှေဟိ၊ကုသိုလ် ရှင်ဖြစ်ကြသော သင်ဒါယကာတို့သည်။ အနပ္ပကံ၊ ကြီးကြယ်ဆန်းပြား များပြားလှစွာသော။ ပုညံ၊ သံသရာခရီးသွားသူတို့ အားထား မှီခိုရာဖြစ်သော ကောင်းမှုကုသိုလ်ကို။ ပသုတံ၊ ဒုလ္လဘအစစ် ကြုံရခေတ်တွင် အားသစ်ကြိုးစား တန်ခိုးထွားအောင် ပွားများ ဆည်းပူးအပ်လေတော့သတည်း။

ဤကဲ့သို့ မြတ်စွာဘုရား ဟောကြားတော် မူအပ်သော တရားဒေသနာကို နာယူမှတ်သား ကြရကုန်သော သူတော်ကောင်းတို့ ပြိတ္တာဘုံဘဝ၌ ဖြစ်ရခြင်း၏အပြစ်ကို ရှုမြင်ကာ သံဝေဂဖြစ်ကြ

ကုန်၍ တရားတော်ကိုအားထုတ်ကြရာ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့ဟာ တရားအထူးကို ရရှိသွားကြပါတယ်တဲ့။

သို့အတွက် ယခုအခါ တရားတော် နာယူလာကြတဲ့ ဒါယကာ- ဒါယိကာမ အများတို့လဲ ဘဝတပါးသို့ ပြောင်းသွားသူကို အကြောင်းပြုပြီး စိုးရိမ်ပူဆွေးမှု ငိုကြွေးမှုမပြုကြဘဲ ဆွေမျိုးဘို ပြုလုပ်သင့် ပြုလုပ်ထိုက် ချီးမြှင့် ခေါင်ရှောက်သင့် စောင့်ရှောက် ထိုက်သော ဆွေမျိုးဝတ္တရားနှင့်အညီ ကွယ်လွန်သူအား ရည်မှန်း၍ အလှူဒါနပြုခြင်း, သီတင်း သီလ ဆောက်တည်ခြင်းပြုကာ ကုသိုလ်ကောင်းမှုကို အမျှ အတန်းပေးဝေကာ ချီးမြှောက် ထောက်ပံ့ကြရမည် ဖြစ်ပါတယ်၊ ဒီလို ကုသိုလ်ကောင်းမှုပြုကာ အမျှ အတန်း ပေးဝေခြင်းသာလျှင် ကွယ်လွန်သူအတွက် အကျိုးရှိအောင် ဆောင်ရွက်ခြင်း မည်ပါတယ်၊ ကွယ်လွန်သူကို အကြောင်းပြုကာ ထိုကွယ်လွန်သူလဲ အကျိုးကျေးဇူးရှိအောင် ကျန်ရစ်သူ မိမိတို့လဲ အကျိုး ကျေးဇူးရှိအောင် ဘုရားအလောင်း သူတော်ကောင်းတို့ ထုံးနည်းကို အမှီပြုကာ ကြိုးစား အားထုတ်နိုင်ကြပါစေ ကုန်သတည်း။

(အဘိဓမ္မာတပ်၍ တရားမဲ့သိမ်းပါ)

❁ ❁ ❁ ❁ ❁

# မိခင်ဘခင်-ဂုဏ်အင်ကြီးမြတ် ကျေးဇူးဆပ် တရားတော်

**အာမိသဒ္ဓေဝ ဓမ္မောစ၊ ပတိကာရ ဒုဝေ မတာ၊**
**မာတူနံ ကောဝိဒါ ပုတ္တာ၊ ဓမ္မေန ပတိကာရကာ။**

ဘောဒ္ဓေ၊ ပစ္စုပ္ပန်မှာလဲ ချမ်းသာ, သံသရာမှာလဲဝမ်းသာ, ကောင်းမြတ်တဲ့အကျိုး နှစ်ဖြာကို တိုးဘို့သာ လိုလားကြသည့် အို-အမျိုးကောင်းသား,အမျိုးကောင်းသမီးတို့။ လောကော၊ မိဘနှင့် သားသမီး-ဟု, ဓမ္မတာ တရားနည်းအရ, ပွားစီးကာ လာကြသည့် လူ့ပြည်ဌာန, ဤလောကဉ္စ။ အာမိသဒ္ဓေဝ၊ စားကောင်း သောက်ရာ အစဖြာ၍ များစွာ အသွယ်သွယ် သုံးဆောင်ဘွယ်ရာ ဥစ္စာပစ္စည်း အသီးသီးသော အာမိသရင်း။ ဓမ္မောစ၊ ဤကားဒါန ဤသီလ-ဟု နည်းကျလမ်းမှန်, ဝေဘန်ညွှန်ကြား, ကိုယ်ကျင့်တရားရင်း။ ဣတိ၊ ဤသို့။ ပတိကာရာ၊ မိဘနှစ်ပြင် ကျေးဇူးရှင်တို့ကို ဦးတင်ထုပ်ဝပ်, မြဲချဉ်းကပ်၍, ကျေးဇူးတုံ့ဆပ်ခြင်းတို့ကို။ ဒုဝေ၊ သရုပ်ပိုင်းခြား နှစ်ပါးရှိကုန်၏ဟု၍။ မတာ၊ တရားဓမ္မက္ခန်, နည်းနာခံ၍, အမှန်သတ်မှတ်, သိအပ်လှပေကုန်၏။

ကောဝိဒါ၊ အသိအလိမ္မာ ဉာဏ်ပညာ အပြည့်အဝ ရှိကြပေကုန်သော။ ပုတ္တာ၊ ရင်သွေးရင်နှစ်, စင်စစ်ဖြစ်ငြား, သမီးသားတို့သည်။ မာတူနံ၊ မေရှုမြင့်မိုရ် ထိုထိုပုံဆ, နှိုင်းမရသည့်, များလှဂုဏ်အင်, ကျေးဇူးရှင် မိဘနှစ်ပါးတို့အား။ ဓမ္မေန၊ သံသရာဝဲ, ဝဋ်ဆင်းရဲမှ, ရှောင်လွဲထွက်ရန် တရားနည်းလမ်းမှန်ဖြင့်။ ပတိကာရကာ၊ တင်ပေခဲ့ဘူး, မွေးကျေးဇူးကို, ညွတ်နူးတုပ်ဝပ်, ကျေးဇူးတုံ့ဆပ် ကြလေကုန်သတည်း။

ယနေ့တရားပွဲမှာတော့-သားသမီးများက ကျေးဇူးရှင် မိဘနှစ်ပါးတို့အား ကျေးဇူးတုံ့ဆပ်တဲ့ကျေးဇူးဆပ်တရားကို ဟောကြားရမည်ဖြစ်ပါတယ်၊ ရှိရိုသေသေ လေးလေးစားစား သဒ္ဓါတရားဖြင့် မှတ်သားနာယူကာ လိုက်နာ ကျင့်ကြံ နိုင်ကြပါစေ၊ အသိအမြင် အတုအယူတွေမှောက်မှားပြီး ကျေးဇူးရှင်အမိ အဖများကိုပင် ဟိုလိုထင် ဒီလိုထင်နှင့် ဉာဏ်ကြီးရှင် လုပ်ချင်ကြတဲ့ခေတ်ကြီးဆိုတော့ (ဒကာကြီး ဦးစိန်တို့-ဦးချိန်တို့) ဒီခေတ်ကြီးမှာ မိဘကျေးဇူး တရားကို များများ ဟောရန် အမှန်လိုနေပြီ-ထင်တယ်နော်။

အချို့သော အယူမှားသူများက မိဘနှင်ပါးဆိုတာ ကျေးဇူးရှင် အဖြစ်နှင့် အသိအမှတ်ထားဘို့ မလိုပါဘူး၊ သူတို့ကြောင်းမို့ ယခုလို ဒုက္ခသုက္ခ အနန္တ ထူပြောတဲ့ ဒီလောကကြီးထဲမှ ငါတို့မှာလူရယ်လို့ လာဖြစ်နေရတာ ဒီဆင်းရဲ ဒုက္ခအဝဝတွေနဲ့ ငါတို့ တွေ့ကြုံ နေရတာဟာ လက်သည်ရှာတော့ သူတို့ကြောင့်ပါပဲ-ဟု အထင်မှား အမြင်မှားပြီး ရမ်းရမ်းကားကား ပြောကြား တတ်ကြတဲ့ စကားတွေကို မကြာခဏ ကြားသိ နေကြရတယ်နော်။ မတော်မတရား အလွန်မှားတဲ့ အယူအဆဝါဒဆိုးဘဲလို့ ဆိုရပေလိမ့်မယ်။ အမိမှန်းမသိ, အဖမှန်းမသိ, ညီအကို မောင်နှမမှန်းမသိ, အဘိုး

အဘွားမှန်လဲမသိ, ဦးကြီး, ဦးလေး, ဒွေးကြီး, ဒွေးလေးလဲမသိ, မိမိအား အတတ်ပညာ သင်ကြား ပေးခဲ့တဲ့ကျေးဇူးရှင် ဆရာသမားလဲ မသိတတ်ကြတဲ့ အခြေအနေများ ရောက်ကုန်ကြလျှင်တော့ လောကကြီးမှောက်တော့မှာဘဲနော်၊ ဒီလိုသာဆိုလျှင် ဟိရိဩတ္တပ္ပဆိုတဲ့ ကမ္ဘာစောင့်တရားကြီးတွေလဲ့ ပျက်ပြားပြီး လူတို့စရိုက် အကျင့်တွေတောင် ပျက်စီးကုန်မှာပင် စိုးနေရသေးတယ်၊ လူ့စရိုက် လူ့ အကျင့်တွေ ပျက်စီးကုန်လျှင် လူတို့၏ အကျင့်မဟုတ်တဲ့ အကျင့်တွေ ဖြစ်ပေါ် လာလိမ့်မယ်နော်၊ ဒါ့ကြောင့်မို့ သုံးလောက ထွဋ်ထား မြတ်စွာဘုရားက-

ဒွေ မေ ဘိက္ခဝေ ဓမ္မာ သုက္ကာ လောကံ ပါလေန္တိ၊ ကတမေ ဒွေ ဟိရီစ ဩတ္တပ္ပဥ္စ။
(အံ-ပ-၂-၅၃)။

ချစ်သား ရဟန်းတို့ မွန်မြတ်သန့်ရှင်းကုန်သော ဤတရား နှစ်ပါးတို့သည် သတ္တ လောက ကြီးကို စောင့်ရှောက် နေကြပေသည်၊ ယင်းတရား နှစ်ပါးတို့ကား အဘယ်ပါနည်းဆိုလျှင်- မကောင်းမှု ဒုစရိုက် တရားတို့မှ ရှက်ခြင်း ဟိရီ၊ မကောင်းမှု ဒုစရိုက် တရားတို့မှ ကြောက်လန့် ခြင်း ဩတ္တပ္ပတရား နှစ်ပါးပင် ဖြစ်သည် ဟူ၍ အင်္ဂုတ္တရနိကာယ်၊ ဒုကနိပါတ် စရိယသုတ်၌ ဟော ကြားတော် မူခဲ့ပါတယ်၊ ဒီဟိရီနှင့် ဩတ္တပ္ပတရား နှစ်ပါးကို ကမ္ဘာ့ ခြံစည်းရိုး တရားနှစ်ပါးလို့လဲ ဆိုကြပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့-လောကမှာ အိမ်များ ခြံများတွင် အရံအတားစည်းရှိမှ သာလျှင် လုံခြုံပါတယ်၊ အရံအတားစည်း မရှိခဲ့ပါလျှင် လူဆိုးသူခိုးများ ဝင်ရောက် ဖျက်ဆီးခြင်း, ခွေး, ဝက်, ကျွဲ, နွားစသော တိရစ္ဆာန် သတ္တဝါများကို ဝင်ရောက်ဖျက်ဆီးခြင်း ပြုကြမည်မှာ မလွဲပါဘူး၊ ထိုနည်းတူစွာပါပဲ ဒီဟိရီနှင့် ဩတ္တပ္ပဆိုတဲ့ တရားနှစ်ပါးကလဲ လူ့လောကကြီး လုံခြုံ အောင် ကာရံထားတဲ့ မဟာရံ တံတိုင်းကြီးနှစ်ပါးပါပဲ၊ အကယ်၍ ဒီမဟာရံ တံတိုင်းကြီး ၂-ခု မခိုင်မမြဲဘဲ ပြိုလဲ သွားခဲ့ပါလျှင် လူ့လောကကြီးဟာလဲ ခြံစည်းရိုးတွေ ပျက်စီးပြီး ဘယ်လို ဖြစ် လာနိုင်သလဲဆိုတော့ မြတ်စွာဘုရားက-

ဣမေစခေါ ဘိက္ခဝေ ဒွေသုက္ကာ ဓမ္မာ လောကံ နပါလေန္တိ၊ နယိဓ ပညာယေထ၊ 'မာတာ' တိဝါ၊ 'မာတုစ္ဆာ' တိဝါ၊ 'မာတုလာနီ' တိဝါ၊ 'အာစရိယ ဘရိယာ' တိဝါ၊ 'ဂရူနံဒါရာ' တိဝါ၊ သမ္ဘေဒံ လောကော အဂမိဿ၊ ယထာ အဇေဠကာ ကုက္ကုဋ္ဌ သူကရာ သောဏသိင်္ဂါလာ။
(အံ-ပ-၂-၅၃)။

ဘိက္ခဝေ၊ သံသရာဘေး, လာမည်ရေးကို, မျှော်တွေးကြောက်ငြား, ရဟန်းများတို့။ (ဝါ) ချစ်သား ချစ်သမီးတို့။ ခေါ၊ စင်စစ်။ သုက္ကာ၊ သန့်ရှင်းကြည်လင်, ဖြူစင်ကုန်သော။ ဒွေ၊ နှစ်ပါး ကုန်သော။ ဣမေဓမ္မာ၊ ရှက်ခြင်း ဟိရီ, ကြောက်ခြင်း ဩတ္တပ္ပ-ဟု ဆိုအပ်ကုန်သော ဤတရားတို့ သည်။ လောကံ၊ သတ္တလောကကို။ နပါလေယျုံ၊ မစောင့်ကုန်ငြားအံ့၊ ဝေသတိ၊ ဤသို့ မစောင့် သည်ရှိသော်။ ဣဓ၊ ဤသတ္တလောက၌။ မာတာတိဝါ၊ ကျေးဇူးကြီးတဲ့ အမိဟူ၍ရင်း။ မာတုစ္ဆာ တိဝါ၊ မိကြီး မိထွေးဟူ၍ရင်း။ မာတုလာနီတိဝါ၊ ဦးရီး၏ မယားဟူ၍ရင်း။ အာစရိယ ဘရိယာ တိဝါ၊ ကျေးဇူးကြီးမား ဆရာသမား၏ မယားဟူ၍ရင်း။ ဂရူနံ၊ အလေးအမြတ် ပြုအပ်ကုန်သော အကြီးအထွေး အကို အစရှိကုန်သော သူတို့၏။ ဒါရာတိဝါ၊ ဇနီးမယားဟူ၍ရင်း။ နပညာယေထ၊ ကောင်းစွာသိမြင်, သတိယှဉ်က, မထင်လေရာ။ ဝေသတိ၊ ဤသို့သတိဥာဏ်ဝင် မထင်လေသော်။

အဇ္ဈေကာစ၊ ဆိတ်သတ္တဝါ, သိုးသတ္တဝါတို့သည်ရင်း။ ကုက္ကုဋ္ဌ သူကရာစ၊ ကြက်, ဝက်သတ္တဝါတို့သည်ရင်း။ ဟတ္ထိဂဝါဿ ဝဠဝါ ပဋိဂ္ဂဟဏာ၊ ဆင်, နွား, မြင်း, မြင်းမ တို့ကို လက်ခံခြင်းမှ။ ... 

အဇေဠကာစ၊ ဆိတ်သတ္တဝါ, သိုးသတ္တဝါတို့သည်ရင်း။ ကုက္ကုဋ္ဌ သူကရာစ၊ ကြက်, ဝက်သတ္တဝါ တို့သည်ရင်း။ သောဏသိင်္ဂါလာစ၊ အိမ်ခွေး, တောခွေး, (မြေခွေး) တို့သည်ရင်း။ သမ္ဘေဒံ၊ အတူ ယှဉ်လျက် ရောယှက်ခြင်းသို့။ အာဂမန္တိယထာ၊ ရောက်ကုန်သကဲ့သို့။ တထာ၊ ထိုသတ္တဝါများ အလားတူစွာ။ လောကော၊ လူသားခေါ်ကြ သတ္တလောကသည်။ သံဘေ္ဒံ၊ ဆင်ခြင်ကင်းကွာ ကျင့်ယုတ်မာဖြင့် ရိုင်းစွာ စိတ်ဝင် အတူ ယှဉ်လျက် ရောယှက်ခြင်းသို့။ အာဂမိဿ၊ မချွတ်ကေန် အမှန်သေချာ ရောက်ပေရာ၏။

ဟီရီ ဩတ္တပ္ပဆိုတဲ့ လောကပါလ တရားနှစ်ပါး ပျက်ပြားကုန်လျှင်တော့ လူတွေနှင့် တိရစ္ဆာန်များဟာ ထူးခြားမှုရှိတော့မှာ မဟုတ်ပါဘူးတဲ့၊ ခွေး, ဝက်, ကြက် စသော တိရစ္ဆာန်များဟာ အမိမှန်း, အဖမှန်း, မသိတော့ဘဲ ကျင့်ကြံနေကြသလို–ထိုတရားနှစ်ပါး ပျက်ပြားကြသော လူများလဲ တိရစ္ဆာန်များနှင့် ထူးမခြား ဖြစ်တော့မည်လို့ ဆိုလိုတယ်နော်၊ အမိဟူ၍လဲ့ အသိအမှတ် ထားကြမည် မဟုတ်ဘူး၊ မိကြီး, မိထွေး, ဒေါ်ကြီး, ဒေါ်လေးဟူ၍လည်း အသိအမှတ် ထားကြတော့မည်မဟုတ်တော့၊ ဦးကြီး, ဦးလေး၏ မယားဟူ၍, ဆရာသမား၏ မယားဟူ၍ ဘကြီး, ဘထွေး, အစ်ကိုစသော အလေးအမြတ် ပြုအပ်သော သူ၏ မယားဟူ၍လဲ အသိအမှတ် ထားကြတော့မည် မဟုတ်တော့ပေဘူး၊ တိရစ္ဆာန် လောကကြီးလို့ဖြစ်ကုန်ကြပေ လိမ့်မည်။

ဟီရိနှင့် ဩတ္တပ္ပဆိုတဲ့ တရားနှစ်ပါးက မမှားအောင် စောင့်ရှောက် ထားခြင်းကြောင့် သတ္တလောကကြီးဟာ ရောယှက်ခြင်း မရှိကြဘဲ၊ အမိဟူ၍လဲ ထင်ရှား နေပါတယ်၊ မိကြီး, မိထွေး, ဦးရီး, ဦးလေး၏ မယားဟူ၍, ဆရာ၏ ဇနီးမယားဟူ၍ အလေးအမြတ် ပြုအပ်သော ဘကြီး, ဘထွေး အကိုစသော သူတို့၏ မယားဟူ၍ သိသာ ထင်ရှား နေခြင်း ဖြစ်ပါတယ်၊ ဒီဟီရိဩတ္တပ္ပ တရားနှစ်ပါးက နယ်ပယ် ပိုင်းခြား ကန့်သတ် ပေးထားသည့်အတွက် ယခုလို လူလောကနှင့် တိရစ္ဆာန် လောကတို့ ခြားနားပြီး နေကြတာနော်။

မတွေးအပ်,မတွေးသင့်,မကြံအပ်,မကြံသင့်တာတွေကို ရှောက်တွေးကြံပြီး မိဘများအပေါ်မှာပင် ဝေဘန်ရေး လုပ်ချင်ကြတဲ့ ဉာဏ်ကြီးရှင်များဟာ သေသေချာချာ စဉ်းစားပါလျှင် မိဘများရဲ့ ကျေးဇူးတရားကို ထင်ရှားစွာ တွေ့မြင်ရပါလိမ့်မယ်၊ အကယ်၍မိဘများက မိမိတို့ကိုမွေးဖွားပြီးနောက် မစောင့်ရှောက်ဘဲပြစ်ထားမည်,နို့ချိုတိုက်ကျွေးကာ ကြင်နာယုယစွာ မစောင့်ရှောက်ဘဲ ထားမည်ဆိုပါက မိမိတို့မည်သည့်အခြေနေသို့ ဆိုက်ရောက်သွားမည်ဆိုတာ မစဉ်းစားစန့်အောင်ပင် ဖြစ်ပါတယ်၊ ဖဝါး လက်နှစ်လုံး ပခုံး လက်နှစ်သစ်မှ အစပြု၍ အမျိုးမျိုးသော ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ဆင်းရဲခြင်း အပေါင်းကို ခံကာ ကြင်နာယုယစွာ ကျွေးမွေး သုတ်သင် ပြုစု စောင့်ရှောက်ခဲ့ကြခြင်း ကြောင့်သာလျှင် မိမိတို့ ယခုကဲ့သို့ လူဘလုံး သူတလုံး အဖြစ်ဖြင့် ရပ်တည်နေနိုင်ခြင်းဟာ မိဘနှစ်ပါးရဲ့ ကျေးဇူးကြောင့်ဆိုတာ သိသာ ထင်ရှားပါတယ်နော်၊ မိဘတွေအပေါ်မှာ မလျှော်ရာ တွေးပြီး ကျေးဇူးမဲ့စကား ပြောကြားဘိုကား လုံးဝ မသင့်လျော်တဲ့ အပြုအမူတွေပင် ဖြစ်တယ်၊ ဆန်းပြားတဲ့ ခေတ်ကြီးမှာ ကမ္ဘာအရပ်ရပ်မှ ဆန်းပြားတဲ့ သတင်းစကားတွေလဲ ကြားနေရပါတယ်။

ယခုအခါ အချို့အချို့သော အရပ်ဒေသတွေမှာ ကလေးမွေးဖွားလာလျှင် ငယ်စဉ်ကာလ ကပင် ထိုကလေးနှင့် မိဘများခွဲပြီးထားကြသတဲ့၊ ကလေးငယ်ကို လိုရာ ပုံသွင်းနိုင်အောင်ပေါ့လေ၊

ထိုကလေးငယ်ဟာ မိဘနှစ်ပါး၏ကြွင်နာယုယ ပိုက်ထွေးမှုကို မခံစားရတော့သလို မိဘအပေါ်မှာလဲ ခင်တွယ်စိတ်၊ မိဘဟု အမှတ်ထားပြီး လေးစားချင်တဲ့ စိတ်ဓာတ်တွေ ကိန်းဝပ်ဘို့ မလွယ်တော့ဘူး နော်၊ သားသမီးနှင့် မိဘနှစ်ပါးဟာ သားသမီးအဖြစ် မိဘအဖြစ်ဖြင့် မသိနိုင်ကြတော့ဘဲ တဦး နှင့်တဦး အသိအမှတ် မပြုကြတော့တဲ့ အခြေရောက်ပြီး နောက်ပိုင်းတွင် ယခင်ကပြောခဲ့တဲ့အဆော မျိုးတွေ ဆိုက်ရောက်ကုန်မှာ စိုးရိမ်ရတယ်နော်၊ ဒါကြောင့်မို့ ခေတ်လူငယ်များလဲ အသိမမှားကြ စေရန် ရည်သန်ပြီး ယနေ့တော့ မိဘနှစ် ပါးအမြတ်ထားပြီး ကျေးဇူး ဆပ်သွားနိုင်ကြအောင် မိဘ ကျေးဇူး မြင့်မိုရ်ဦးဆိုတာကို အထူး သိမှတ်ကြရလေအောင် မိခင်ဘခင် ဂုဏ်အင်ကြီးမြတ် ကျေးဇူး ဆပ်ဆိုတဲ့တရားကို ဟောကြားရခြင်း ဖြစ်တယ်နော်။

အာမသဒ္ဓေဝ ဓမ္မောစ၊ ပတိကာရာ ဒုဝေ မတာ။
မာတုနံကောဝိဒါပုတ္တာ၊ ဓမ္မေန ပတိကာရကာ။

(ယခင်အတိုင်း အနက် ပေးပါလေ)

ဤ လောကဌ် မိဘနှင့်သားသမီး ဆရာနှင့်တပည့် မိတ်ဆွေ အပေါင်းအသင်းချင်း တဦးက တဦးကို ကျေးဇူးပြုခြင်း ကျေးဇူးတုံ့ဆပ်ခြင်းဆိုတာ နှစ်မျိုးနှစ်စားရှိသတဲ့၊ ယင်း နှစ်မျိုးကားတာ—

၁။ အာမိသခေါ်တဲ့ စားဘွယ် သောက်ဘွယ် အစားအဟာရဖြင့်ရင်း၊ ဝတ်ဆင်ဘွယ်ရာ ဝတ်စား တန်ဆာ အဖြာဖြာဖြင့်ရင်း၊ နေထိုင်စရာ တိုက်တာ အိမ်ကျောင်း ဖြင့်ရင်း၊ နေထိုင် မကောင်းမကျန်း မမာဖြစ်ခဲ့လျှင် စားသုံးရန် ဆေးဝါး ပစ္စည်းများဖြင့်ရင်း ဤကဲ့သို့ စားဝတ်နေရေးဖြင့် ထောက်ပံ့ ပေးကမ်းခြင်း။

၂၊ ဓမ္မခေါ်တဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ တရားတို့၌ တည်စေခြင်း၊ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်းကို ဟောကြား ပြသပေးခြင်းဟူ၍ နှစ်မျိုးရှိပါတယ်၊ အာမိသကိုပေးခြင်း၊ ဓမ္မကိုပေးခြင်း၊ ဟူ၍ မှတ်သားရမည်ပင် ဖြစ်ပေတယ်၊ သို့အ တွက် အင်္ဂုတ္တရ အဋ္ဌကထာ၌—

အာမိသဒါနန္တိ စတ္တာရော ပစ္စယေ၊ ဒိယျနကဝသေန အာမိသဒါနံနာမ။
ဓမ္မဒါနန္တိ ဣဓလောကေစွာ အမတပတ္တိ ပဋိပဒံ ကထေတွာ ဒေတိ၊ ဣဒံဓမ္မဒါနံနာမ။

(အံ -၄- ၁ ၆၀)။

ဟူ၍ ဖွင့်ပြထားပါတယ်။

အာမိသဒါနန္တိ၊ အာမိသဒါနဟူသည်။ စတ္တာရောပစ္စယာ၊ စားဝတ်နေရေး၊သူနာဆေးဟု၊ လေးပါးကုန်သော ပစ္စည်းတို့ကို။ ဒိယျနကဝသေန၊ စွန့်ကြဲပေးကမ်း လှူဒါန်းသည်၏ စွမ်းအားဖြင့်၊ အာမိသဒါနံနာမ၊ အာမိသကို ပေးလှူခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။

ဓမ္မဒါနန္တိ၊ ဓမ္မဒါနဟူသည်။ ဣဓ၊ ဤလောက၌။ (ဝါ) ဤသာသနာတော်၌။ ကေစွာ၊ အချို့သောသူသည်။ အမတပတ္တိပဋိပဒံ၊ မသေရာမှန် မြတ်နိဗ္ဗာန်သို့ ဆောက်ရောက်ကြောင်း အကျင့် ကောင်းကို။ ကထေတွာ၊ ကရုဏာရှေ့ထား ဟောကြား၍။ ဒေတိ၊ ပေး၏။ ဣဒံ၊ ဤတရားစကား၊ ဟောကြားပေးခြင်းသည်။ ဓမ္မဒါနံနာမ၊ တရားတော်ကို ဟောပေ်ာဝေခြမ်း ပေးကမ်းသည်မည်၏။

ဤကဲ့သို့ ညွှန်ပြသည့် အင်္ဂုတ္တရအဋ္ဌကထာလာ စကားအတိုင်း အမိအဘများက သားသမီးတို့အား ပစ္စည်းလေးပါးဖြင့် ချီးမြှောက် ထောက်ပံ့ ပေးကမ်းခြင်း တရား ဓမ္မဖြင့် ချီးမြှောက်ထောက်ပံ့ပေးကမ်းခြင်းများကို ပြုကြသလို-

သားသမီးများကလဲ မိဘများအား ပစ္စည်းလေးပါးဖြင့် ကျေးဇူး တုံ့ပြန်ဆပ်ခြင်း တရားဓမ္မဖြင့် ကျေးဇူး တုံ့ပြန်ဆပ်ခြင်းများကို ပြုကြပေသည်၊ အသိဉာဏ်လိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသော သားသမီးများကတော့- မြင့်မိုရ်တောင်မျှမက မြင့်မား ကျေးဇူး ကြီးလှသည့် မိမိတို့ မိဘနှစ်ပါးကို ယခုဘဝအတွက် စားဝတ် နေရေး ပြည့်စုံစေမှု အာမိသ ငံ့သာ ကျေးဇူးဆပ်ရုံဖြင့် တင်းတိမ် ကျေနပ်မှုမပြုတတ်ကြဘဲ သံသရာအဆက်ဆက်မှာလဲ အကျိုးများနိုင်သည့် တရားဓမ္မဖြင့် ကျေးဇူးဆပ်နိုင်အောင် အထူးကြိုးစားပြီး တရားဓမ္မဖြင့် ကျေးဇူးဆပ်ကြပါတယ်။

**ဆောင်ပုဒ်၊** အာမိသနှင့်၊ ဓမ္မနှစ်ဖြာ၊ ကျေးဇူးတုံ့ဆပ်၊ ပေးအပ်သည်သာ။
ပညာရှိကြား၊ သမီးသားမှာ၊ မိဘအား- တရားတုံ့ပြန်ရာ။

ယင်းသို့ ကျေးဇူး ကြီးမား မိဘနှစ်ပါးတို့အား တရားဓမ္မဖြင့် ကျေးဇူး မဆပ်နိုင်သေးသမျှ ကာလပတ်လုံး တင်ခဲ့ဘူးသည့်သူ့ကျေးဇူးကိုကျေနပ်ဘို့ရန် မလွယ်ကူကြောင်းကို မြတ်စွာဘုရားက-

ဒွိန္နာဟံ ဘိက္ခဝေ နသုပ္ပတိကာရံ ဒါမိ။
ကတမေသံ ဒွိန္နံ၊ မာတုစ ပိတုစ။ (အံ-ပ-၂၆၃)။

**ဘိက္ခဝေ၊** ရဟန်းတော်များ အို-ချစ်သားတို့။ ဣမသ္မိံလောကေ။ ဤလောက၌။ ဒွိန္နံ၊ နှစ်ယောက်ကုန်သော သူတို့အား။ နသုပ္ပတိကာရံ၊ တင်ခဲ့ပေဘူး သူ့ကျေးဇူးကို အထူးကျေအေးအောင် ကောင်းစွာ ပေးဆပ်ခြင်းငှာ မလွယ်ကူဟူ၍။ အဟံ၊ သုံးလူထွဋ်ထား ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော် မူပေ၏။ ကတမေသံဒွိန္နံ၊ အဘယ်သူ နှစ်ယောက်တို့အား။ နသုပ္ပတိကာရံ၊ ဟူ၍။ အဟံ၊ သည်။ ဝဒါမိ၊ ဟောကြားတော် မူပါသနည်းဟူမူ။ မာတုစ၊ မြင့်မိုရ်တောင်မျှ နှိုင်းမရအောင် မကကျေးဇူး ဂုဏ်ထူးကြီးဘိ, မွေးမိခင်အားလည်းကောင်း။ ပိတုစ၊ မြင့်မိုရ်တောင်မျှ, နှိုင်းမရအောင်, မက ကျေးဇူး, ဂုဏ်ထူးကြီးလှ, မွေးဘခင်အားလည်းကောင်း။ ဣမေသံ ဒွိန္နံ၊ အမိအဘဟူသော ဤသူနှစ်ယောက်တို့အား။ နသုပ္ပတိကာရံ၊ တင်ခဲ့ပေဘူး၊ သူ့ကျေးဇူးကို အထူး ကျေအေးအောင် ကောင်းစွာ ပေး ဆပ်ခြင်းငှာ မလွယ်ကူဟူ၍၊ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ သဗ္ဗညုတ ဉာဏ်တော်မြတ်ဖြင့် တတ် အပ်ထင်ရှား ဟောကြားတော် မူပေသတည်း။

ချစ်သားရဟန်းများတို့- ဤလောကကြီး၌ ကျေးဇူးကြီးမား မိဘနှစ်ပါး တည်းဟူသော ဤပုဂ္ဂိုလ် နှစ်ဦးတို့အား တင်ရှိခဲ့ပေ ဘူးသော ကျေးဇူး ဥပကာရကို အတုံ့အမြှန် ကျေလည်အောင် ပေးဆပ်ဘို့ရန် မလွယ်ကူ-ဟု ငါဘုရား ဟောကြားတော် မူသည်-ဟု မိန့်ကြားတော် မူပြီးလျှင်-

ချစ်သားရဟန်းတို့-လက်ျာဖက်ပခုံးပေါ်၌ အမိကိုထား၍ လက်ဝဲတဖက် ပခုံးထက်၌ အဖကို ထားပြီးလျှင် အနှစ်တရာ အသက်ရှည်သော သားသမီးသည် အနှစ်တရာ ကာလပတ်လုံး ထိုမိမိ၏ ပခုံးထက်မှ မိဘနှစ်ပါးကို မချဘဲ မိမိ၏ပခုံးပေါ်၌ပင်လျှင် ထိုမိဘ နှစ်ပါးတို့အား ထမင်းအစာ ကျွေးမွေးခြင်း ရေမိုးချိုးပေးခြင်း,ပန်းနံ့သာ လိမ်းကျံပေးခြင်း, ဝတ်စားတန်ဆာဆင်ယင်ပေးခြင်း,

ခြေလက် ဆုံဘ်နယ်ပေးခြင်း စသည်ဖြင့် ပြုစုလုပ်ကျွေးခြင်းကို ပြုပေသည်။ မိဘနှစ်ပါးတို့သည်လည်း အရပ်တပါသို့ မသွားဘဲ ထိုသားသမီးများ၏ ပခုံးပေါ်မှာပင် ကျင်ကြီး ကျင်ငယ်ကို စွန့်ကြကုန်သည်၊ ဤမျှဖြင့်လည်း မိဘနှစ်ပါးတို့အား သားသမီးများက ကျေးဇူးအထူး ပြုသည့် မမည်သေး ကျေလည်အောင် ကျေးဇူး တုံ့ပေးဆပ်သည် မမည်သေးပါဘူးတဲ့။

ထိုမှဘပါး-သားသမီးတို့သည် မိခင်ဖခင်တို့အား ကျေအေးအောင် ကျေးဇူး တုံ့ပေးဆပ် အံ့-ဟု များစွာသော ရတနာ ခုနစ်ပါးရှိသော ဤမဟာ ပထဝီ မြေကြီး အဝန်း၌ မိဘနှစ်ပါး တို့ကို အစိုးရသော စကြဝတေးမင်း အဖြစ်၌ တင်ထားကာ ကျေးဇူး တုံ့ပေးဆပ်ပါသော်လဲ တင်ခဲ့ပေဘူးသော သူ့ကျေးဇူးတရား ကျေလည်သွားပြီ-ဟု ပြောဆိုခြင်းငှာ မလွယ်ပါဘူးတဲ့။

> နတ္တေဝ ဘိက္ခဝေ မာတာပိတ္တူနံ ကတံဝါ ဟောတိ ပဋိကတံဝါ၊ တံကိဿဟေတု။
> ဗဟုကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ အာပါဒကာ ပေါသကာ၊ ဣမဿ
> လောကဿ ဒဿေတာရော။ (အံ-ပ-၂-၆၃)။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မာတာပိတူနံ၊ ကျေးဇူးကြီးမား မိဘနှစ်ပါးတို့အား။ ကတံဝါ၊ ကျေးဇူးအထူး ပြုခြင်းသည်လည်း။ နတ္ထေဝဟောတိ၊ မဖြစ်သည်သာလျှင်တည်း။ ပဋိကတံဝါ၊ ကျေးဇူးတုံ့ ပြုခြင်းသည်လည်း။ နတ္တေဝဟောတိ၊ မဖြစ်သည်သာလျှင်တည်း။ တံ၊ ထိုသို့ ဖြစ်ခြင်း သည်။ ကိဿဟေတု၊ အဘယ့်ကြောင်းနည်း ဟူမူကား။ ဘိက္ခဝေ၊ သံသရာဘေး, လာမည့်ရေးကို, မျှော်တွေးကြောက်ငြား, ရဟန်းများတို့။ မာတာပိတရော၊ ကျေးဇူးကြီးမား မိဘနှစ်ပါးတို့သည်။ ပုတ္တာနံ၊ ရင်နှစ်သည်းခြား သမီးသားတို့အား။ ဗဟုကာရာ၊ ကျေးဇူး ဥပကာရ များလှ ပေကုန်၏။ အာပါဒကာ၊ ထောက်ပံ့ ချီးမြှောက် စောင့်ရှောက်တတ်ပေကုန်၏။ ပေါသကာ၊ ဖဝါးလက်နှစ် လုံး ပခုံးလက်နှစ်သစ်ကပင် ကြွင်နာယုယ, နှလုံးသွေးမှဖြစ်သော နို့ချိုအေးကို တိုက်ကျွေး မွေးမြူ ခဲ့ကြပေကုန်၏။ ဣမဿ လောကဿ၊ ဤလောကကြီး၌။ ဒဿေတာရော-ဣဋ္ဌာရုံ့ အနိဋ္ဌာရုံ အလုံး စုံကို ကုန်စင်ကျန, ပြသကြပေ ကုန်၏။

ကျေးဇူးတရား ကြီးမားလှတဲ့ မိဘနှစ်ပါးတို့အား မိမိတို့ ပခုံးပေါ် တင်ကာ အနှစ်တရာ ကာလကြာအောင် ပြုစု လုပ်ကျွေးသည်ဖြစ်စေ, မြေတပြင်လုံးကို အစိုးရသော စကြာဝတေးမင်း အဖြစ်၌ တည်ရှိအောင် ရွက်ဆောင်အားထုတ် ပေးခြင်းဖြင့် ဖြစ်စေ, ယင်းကဲ့သို့ အမျိုးမျိုး ကြိုးစား ကာ ကျေးဇူးတုံ့ ပေးဆပ်ပါသော်လည်း မိမိတို့ အပေါ်၌ တင်ရှိခဲ့ဘူးသော ကျေးဇူး ဥပကာရ ကို ကျေလည်အောင် ပေးဆပ်အပ်ပြီ-ဟူ၍ မဆိုနိုင်ပါဘူ တဲ့။

ဘာ့ကြောင့်လဲဆိုတော့- မိဘနှစ်ပါးတို့ဟာ သားသမီးများအပေါ်မှာ အလွန်ကျေးဇူးများ ကြပါတယ်၊ ဖဝါး လက်နှစ်လုံး ပခုံးလက်နှစ်သင်မျှသာ ရှိသော အရွယ်မှပင် ၍ မိမိတို့၏ နှလုံး သွေး ဖြစ်သော နို့ရည်ချိုအေးကို တိုက်ကျွေး ပြုစုခဲ့ခြင်း ဤလောကကြီး၌ ရှိရှိသမျှသော ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့ကို သေချာကျန ပြသ တတ်သောကြောင့်ပင် ကျေးဇူးဆင်၍ မကုန်နိုင်အောင် ဖြစ်ပါ တယ်တဲ့၊ သို့ဖြစ်လျှင် အမိအဘတို့အား အဘယ်ကဲ့သို့ ကျေးဇူးတုံ့ ပေးဆပ်ပါမှ ကျေလည်အောင် ဆပ်သည် မည်ပါသလဲဆိုတော့-ကျေးဇူး ကျေလည်အောင် ပေးဆပ်နည်းကို မြတ်စွာဘုရားက ဟော ပေါ်ညွှန်ပြတော် မူလိုသဖြင့်-

ယောစခေါ် ဘိက္ခဝေ မာတာပိတရော အသဒ္ဓေ သဒ္ဓါသမ္ပဒါယ သမာဒပေတိ၊ နိဝေသေတိ၊ ပတိဋ္ဌာပေတိ၊ ဒုဿီလေ သီလသမ္ပဒါယ မစ္ဆရိ စာဂသမ္ပဒါယ ဒုပ္ပညေ ပညာသမ္ပဒါယ သမာဒပေတိ၊ နိဝေသေတိ၊ ပတိဋ္ဌာပေတိ။ ဧတ္တာဝတာခေါ ဘိက္ခဝေ မာတာပိတူနံ ကတဉ္စ ဟောတိ ပဋိကတဉ္စ။ (အံ-ပ-၂-၆၃)။

ဟူ၍ ဟောကြားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့။ ယောစ၊ အမှတ်မထင် အကြင်သို့ သဘောရှိသော ပညာရှိသော သားသမီးသည်ကား။ အသဒ္ဓေ၊ ရတနာသုံးပါး ကံ, ကံ၏ အကျိုးတရားတို့၌ ယုံကြည်ခြင်း မရှိကြသေးကုန်သော။ မာတာပိတရော၊ ကျေးဇူး ကြီးမား မိဘနှစ်ပါးတို့ကို။ သဒ္ဓါသမ္ပဒါယ၊ ဘုရားတရား သံဃာ သုံးပါးသော ရတနာ နှစ်ဖြာသော ကံ, ကံ၏ အကျိုးတရားတို့၌ ကြည်ညိုလေးစားမှုနှင့် ပြည့်စုံစေခြင်းငှါ။ သမာဒပေတိ၊ ဆောက်တည်စေ၏။ နိဝေသေတိ၊ သွင်းထားပေ၏။ ပတိဋ္ဌာပေတိ၊ ခိုင်ခိုင်ခန့်ခန့် တည်တန့်စေ၏။

ဒုဿီလေ၊ ကိုယ်ကျင့်သီလ မရှိကြသေးကုန်သော။ မာတာပိတရော၊ တို့ကို။ သီလ သမ္ပဒါယ၊ ကိုယ်ကျင့်သီလနှင့် ပြည့်ဝကုံလုံစေခြင်းငှာရင်း။ မစ္ဆရိ၊ မပေးရက်လို ဝန်တိုခြင်း ရှိကုန်သော မာတာပိတရော၊ တို့ကို။ စာဂသမ္ပဒါယ၊ စေတနာ ထက်သန်စွာဖြင့် ဝေဘန်ခွဲခြမ်း, ပေးကမ်းစွန့်ကျဲခြင်းနှင့် ပြည့်စုံစေငှာရင်း။ ဒုပ္ပညေ၊ အသိအလိမ္မာ, ဥာဏ်ပညာတရား, နည်းပါးကြကုန်သော။ မာတာပိတရော၊ တို့ကို။ ပညာသမ္ပဒါယ၊ အသိအလိမ္မာ, ဥာဏ်ပညာနှင့်, ကောင်းစွာလောက်လို ပြည့်စုံစေခြင်းငှာရင်း။ သမာဒပေတိ၊ မရောက်ရောက်အောင်, ပင့်ထောက်ကူညီ, ဆောက်တည်စေ၏။ နိဝေသေတိ၊ သွင်းထားပေ၏။ (ဝါ) မှန်စွာအသင့် သွတ်သွင်းချီးမြှင့်၏။ ပတိဋ္ဌာပေတိ၊ ခိုင်ခိုင်ခန့်ခန့် အစဉ်ကြွ၍ တည်တန့်စေ၏၊

ဘိက္ခဝေ၊ သံသရာရန်စွယ်, အန္တရာယ်ကို, ချိုးပယ်လိုငြား, အို-ချစ်သားတို့။ ဧတ္တာ ဝတာခေါ၊ ဤမျှသည့်ကြား အတိုင်းအရှည်အားဖြင့်သာလျှင်။ မာတာပိတူနံ၊ အနန္တဂိုဏ်းဝင်, ကျေးဇူးရှင်ဖြစ်ငြား, မိဘနှစ်ပါးတို့အား။ ကတဉ္စ၊ ကြေးဇူးအထူး ဆည်းပူးပြုစုခြင်းသည်ရင်း။ ပဋိကတဉ္စ၊ သူပြုခဲ့ငြား, ကျေးဇူးတရားကို, ပိုင်းခြားသတ်မှတ်, ကျေးဇူးအတုံ့ ပေးဆပ်ခြင်းသည်ရင်း။ ဟောတိ၊ ပစ္စုပ္ပန်သံသရာ, နှစ်ဖြာ အကျိုး, ပွားတိုးစေကြောင်း, ကောင်းကောင်းမသွေ, ဖြစ်ပါပေသတည်း။

ဆိုလိုရင်း အဓိပ္ပါယ်မှာတော့-သံသရာဘေး, လာမည့်အရေးကို မျှော်တွေးကြောက်ငြား, အို-ချစ်သား, ချစ်သမီးတို့- ဤလောကတွင် အမှတ်မထင် အကြင်သို့သော သဘောရှိသော အသိအလိမ္မာဥာဏ်ပညာနှင့် ပြည့်စုံသော သားသမီး မည်သည်ကား မိခင်ဘခင် ကျေးဇူးရှင်တို့၏ ဂုဏ်အင်ကြီးမား ကျေးဇူးတရားတို့ကို ထင်ရှားစွာ အမှန်သိမြင်သဖြင့်ကြည်လင်လေးမြတ် ကျေးဇူး ဆပ်လိုပါလျှင်-

၁။ ဘုရားတရား သံဃာကုသိုလ် အကုသိုလ်ကံ, ထိုကံ၏ အကျိုးအားဖြင့်ယင်းငါးပါးတို့အပေါ်၌ ကြည်ညိုသဒ္ဓါ မဖြစ်ကြသေးကုန်သော မိခင်ဘခင် ကျေးဇူးရှင်တို့ကို ကြည်ညိုသဒ္ဓါ ဖြစ်ပွားလာလေအောင်။

၂။ ကိုယ်ကျင့်သီလ မရှိကြသေးကုန်သော မိခင်ဘခင်တို့ကို ကိုယ်ကျင့်သီလ ပြည့်ဝကိုလို လာအောင်။

၃။ မပေးရက်လို ဝန်တိုစွာလှ မစ္ဆရိယ သမားဖြစ်၍ နေကြကုန်သော မိဘနှစ်ပါးတို့ကို သဒ္ဓါရှင်လန်း ပေးကမ်း စွန့်ကြဲခြင်း စာဂတရားနှင့် ပြည့်စုံလာအောင်။

၄။ အသိအလိမ္မာ ဉာဏ်ပညာ နည်းပါး ရှာကြသည့် မိဘနှစ်ပါးတို့ကို အသိလိမ္မာ ဉာဏ်ပညာနှင့် ကောင်းစွာကိုလို ပြည့်စုံလေအောင် မနေရက် ရောက်အောင် ပင့် ဆောက်ကူညီ ဆောက်တည်စေတယ်၊ သွတ်သွင်း ချီးမြှင့်တယ်၊ မြဲမြဲမြံမြံ ခိုင်ခိုင်ခန့် ခန့် တည်တန့်စေတယ်။

ယင်းကဲ့သို့ ရတနာသုံးပါး ကံ, ကံ၏ အကျိုးတရားတို့၌ ယုံကြည်မှု သဒ္ဓါတရား မဖြစ်ပွားသော မိဘတို့ကို ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံအောင်ရင်း, ကိုယ်ကျင့်သီလ မရှိကြသေးကုန်သော မိဘတို့ကို ကိုယ်ကျင့်သီလနှင့် ပြည့်စုံလာအောင်ရင်း, မပေးရက်လို ဝန်တိုစေးနဲသော မိဘတို့ကို သဒ္ဓါရှင်လန်း ပေးကမ်း စွန့်ကြဲခြင်းနှင့် ပြည့်စုံလာအောင်ရင်း, အသိပညာ ဉာဏ်ပညာ နည်းပါးကြကုန်သော မိဘတို့ကို အသိဉာဏ်ပညာနှင့် ပြည့်စုံလာအောင်ရင်း, ဆောက်တည် အားထုတ်ရွက်ဆောင်စေသော သားသမီးသည်သာလျှင် မိခင်ဘခင် ကျေးဇူးရှင်တို့အား မှုံခဲ့ ဘူးသော ကျေးဇူးကို ကျေလည်အောင် ကျေးဇူးတုံ့ ပေးဆပ်ခြင်း မည်ပေသည်-ဟု မြတ်စွာ ဗုဒ္ဓ သုံးလူ့ဘသည် မဟာကရုဏာ တရားရှေ့ထားလျက် မြွက်ကြားတော် မူခဲ့ပါတယ်၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ကျေးဇူး ကျေလည်အောင် ပေးဆပ်နည်းကို အသီးသီး မှတ်မိကြလေ အောင် ဒီလို အကျဉ်းချုပ်ပြီး လင်္ကာလေးများဖြင့် မှတ်သား ထားကြ ရမယ်နော်—

ဆောင်ပုဒ်။
၁။ မိဘနှစ်ပါး၊ ကျေးဇူးကား၊ မြင့်မားကြီးလှသည်။
၂။ ပညာရှိလတ်၊ သားသမီးမြတ်၊ ပေးဆပ်ကြရမည်။
၃။ ထောက်ပံ့ပစ္စည်း၊ တရားနည်း၊ အသီးသီး ဆပ်ရမည်။
၄။ သဒ္ဓါမဲ့လျှင်၊ သဒ္ဓါရှင်၊ လျင်လျင်ဖြစ်အောင် ဆောင်ရမည်။
၅။ သီလမဲ့လျှင်၊ သီလရှင်၊ လျင်လျင်ဖြစ်အောင် ဆောင်ရမည်။
၆။ ဝန်တိုနေလျှင်၊ ဒါနရှင်၊ လျင်လျင်ဖြစ်အောင် ဆောင်ရမည်။
၇။ ပညာမဲ့လျှင်၊ ပညာရှင်၊ လျင်လျင်ဖြစ်အောင် ဆောင်ရမည်၊
၈။ တရားနည်းရ၊ ပေးဆပ်မှ၊ မုချကျေလေသည်။

ဗာခု ကျေးဇူးဆပ်နည်း နှစ်မျိုးနှစ်စား ရှိကြောင်းကို ခွဲခြားပြီး ဟောကြား ခဲ့ပါတယ်၊ ယင်း နှစ်မျိုးတွင် ပထမနည်းဖြစ်တဲ့ စားဘွယ် သောက်ဘွယ် ပေးကမ်း ထောက်ပံ့ခြင်း, အဝတ် အစား ပေးကမ်း ထောက်ပံ့ခြင်း, နေရာ တိုက်တာ အိမ်ဂေဟာ ဆောက်လုပ်၍ ထောက်ပံ့ ပေး ကမ်းခြင်း, ဆေးဝါး ဓာတ်စာ အမြဲပြုတို့ကို ပေးကမ်း ထောက်ပံ့ခြင်း, ခြေဆုပ် လက်နယ် ပြုစု လုပ်ကျွေးခြင်း, မဟာပထဝီ မြေကြီး အလုံးကို အစိုးရသော စကြာဝတေးမင်းအဖြစ် အထိ

ရောက်အောင် ရှက်ဆောင်ကာ ပေးကမ်း ထောက်ပံ့ခြင်းဆိုတဲ့ ကျေးဇူး ဆပ်မှု မျိုးဟာ လိမ္မာယဉ်ကျေးသော မိဘတို့ရဲ့ ဂုဏ်ကျေးဇူးကို အထူးသိတတ်သော သားကောင်း သမီးကောင်းတို့ သာ ပြုလုပ် ရှက်ဆောင်ကာ ကျေးဇူး ဆပ်ခြင်းပင် ဖြစ်ပါတယ်။

လောကဝတ် တာဝန် ကျေပြွန်တယ်လို့ ဆိုရမယ်၊ သို့သော်လည်း ဒီကျေးဇူး ဆပ်မှုဟာ ဗစ္စုပ္ပန်အတွက် သက်သက်မျှသာ ဖြစ်နေပါတယ်၊ ကြီးကျယ် များပြားလှတဲ့ မိဘတို့ရဲ့ ကျေးဇူး တရားများ အားလုံး ကျေလည်ကုန်ဆုံးပြီလို့ ဆိုရန် မလွယ်ကူ ပါဘူးတဲ့၊ သို့အတွက်ကြောင့် အထူး သဖြင့် အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသော သားကောင်း သားမြတ် သမီးကောင်း သမီး မြတ်များက ကျေးဇူး ကြီးမားလှတဲ့ မိခင်ဘခင် ကျေးဇူးရှင် နှစ်ပါးတို့အား ပစ္စုပ္ပန်မှာလဲ အကျိုး များ တမလွန် လောက သံသရာဘဝ အဆက်ဆက်မှာလဲ ကြီးပွား ချမ်းသာကြောင်း ဖြစ်တဲ့ ကောင်း မြတ်သော ကျေးဇူး ဆပ်နည်းဖြင့် ကျေးဇူး ဆပ်ကြပါတယ်၊ အဲဒီနည်းကတော့ မိမိတို့ရဲ့ ကျေးဇူး ရှင် မိခင်ဘခင် နှစ်ပါးတို့အား ပစ္စုပ္ပန်မှာရော သံသရာမှာပါ ကြီးပွားချမ်းသာကြောင်းဖြစ်တဲ့ သဒ္ဓါတရား မရှိသေးလျှင် သဒ္ဓါတရား ရှိလာအောင် သီလတရား မရှိသေးလျှင် ကိုယ်ကျင့် သီလ တရားရှိလာအောင် မပေးရက် မကမ်းရက် နှမြောဝန်တို သူများ ဖြစ်နေလျှင် ဝန်တိုမှုကင်း စွန့်ကြဲ ခြင်း စာဂတရားနှင့် ပြည့်စုံလာအောင်, အသိပညာ မရှိသေးသော မိဘတို့ကို အသိပညာ ရှိလာ အောင်, ရှက်ဆောင်ပေးမှသာလျှင် မိဘတို့ရဲ့ ကြီးမားသော ကျေးဇူးတရားကို ကျေလည်အောင် ကျေးဇူးတုံ့ဆပ်သည် မည်ပါတယ်၊ ၎င်းတရားဓမ္မ မပြည့်ဝသေးသော မိဘတို့ကို တရားဓမ္မနှင့် ပြည့်စုံ လာအောင် ရှက်ဆောင်ပေးမှသာလျှင် ကျေးဇူးတုံ့ ကျေလည်အောင် ပေးဆပ်သည် မည်ပါတယ်။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘများကို ဒုတိယ ကျေးဇူး ဆပ်နည်းဖြစ်တဲ့ တရားဓမ္မဖြင့် ကျေးဇူး ဆပ်နိုင်ကြအောင် အားထုတ် ကြရမယ်တဲ့နော်၊ ဒီလို လောကုတ္တရာဖြင့် ကျေးဇူး ဆပ်နိုင် မှသာလျှင် မိမိတို့အား ကျေးမွေးခဲ့တဲ့ မွေးကျေးဇူး ကျေအေးပါတယ်တဲ့၊ လောကုတ္တရာတရားဓမ္မဖြင့် မိဘရဲ့ မွေးကျေးဇူးကို ကျေလည်အောင် ပေးဆပ်ပုံကို သာဓက ထုတ်ဆောင်တာ ပြကြဦးစို့၊ သေ သေချာချာ မှတ်သား နာယူပြီး မိမိတို့လဲ မိခင်ဘခင် ကျေးဇူးရှင်တို့ရဲ့ ကျေးဇူးတရားကို ကျေလည် အောင် ကျေးဇူးတုံ့ ပေးဆပ် နိုင်ကြလေအောင် ကြိုးစား အားထုတ် ကြရပါလိမ့်မယ်၊ တရားဓမ္မ ဖြင့် မိဘရဲ့ မွေးကျေးဇူးကို ပေးဆပ်သွားတဲ့ သာဓက ကတော့-

မဟာသက္ကရာဇ်-၁၄၇-ခုနှစ်က ဖြစ်ပါတယ်။ ထို ၁၄၇-ခုနှစ်တွင် သုံးလောက ထွဋ်ထား မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါမြောက် နောက်ဆုံးဝါကို ဝေသာလီပြည်၏ အနီးဖြစ်တဲ့ ဝေဠုဝရွာငယ်တွင် ဝါကပ်တော် မူပါတယ်၊ မြတ်စွာဘုရားသည် ဝါကျွတ်လျှင် ဝေဠုဝရွာငယ်မှ ထွက်ကြွတော်မူ၍ သာဝတ္ထိပြည်သို့ ကြွတော်မူအံ့-ဟု ကြွလာတော် မူရင်းဖြင့် ခရီးစဉ် အတိုင်းပင် ပြန်လည် ကြွတော်မူ၍ ဒေသစာရီ နောက်ဆုံး လှည့်လည်တော် မူခြင်းဖြင့်လှည့်လည် ကြွချီတော် မူခဲ့ရာ သာဝတ္ထိပြည်သို့ ရောက်တော်မူလျှင် ဇေတဝန် ကျောင်းတော်သို့ ဝင်ရောက်ကာ သီတင်း သုံးတော် မူပါတယ်၊ ထိုအခါ တရား စစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ် သည် မြတ်စွာဘုရားအား ပူသင့် ပူထိုက်သော ငက်ကြီးဝတ်ငယ် အသွယ်သွယ်ကို ပြည့်စုံအောင် ရှက်ဆောင် ပြုလုပ်၍နေ့ သန့်စင်ရာ အရပ်သို့ ကြွသွားတော် မူပါတယ်။

ထို ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် နေ့သန့်ရာ အရပ်၌ တပည့် ဖြစ်ကြသော ရဟန်းတော်များစတ်ပြုကာဖဲခွာသွားကြလေလျှင် နေ့သန့်ရာ အရပ်ကိုသန့်ရှင်းစွာ တံမြက်တလင်းလှည်းပြီးနောက် စမ္မခဏ်းခေါ် သားရေပိုင်း အခင်းကို ခင်းပြီးလျှင် ခြေ ရေဆေးပြီး တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူကာ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားနေတော် မူပါတယ်၊ ဒီ မထေရ်မြတ်ကြီးဟာ အချိန်ရလျှင် ရသလို အမြဲမပြတ် သမာပတ်ကို ဝင်စားပြီး နေတော်မူတဲ့ မထေရ်မြတ်ကြီး ဖြစ်တယ်နော်၊ ဆွမ်းခံကြွသွားယင်းပင် အိမ်တံခါးဝ၌ ရပ်တော်မူကာ ဆွမ်းလောင်းလှူမည့်သူ မရောက်သေးမီ အချိန်ပိုင်းအတွင်း နိရောဓ သမာပတ်ကို ဝင်စားတော် မူလေ့ရှိသတဲ့၊ ဆွမ်းလှူသူအနီး ရောက်မှသာ နိရောဓ သမာပတ်မှ ထတော်မူပြီး အလှူခံတော် မူပါတယ်၊ ဤကဲ့သို့ ပြုလုပ် အလှူခံခြင်းဖြင့် အလှူရှင် ပုဂ္ဂိုလ်များအား ကြီးမားသော အကျိုးကို ဖြစ်ထွန်း စေတော်မူသတဲ့။

ပိုင်းခြားအပ်သော အချိန်ပိုင်းဖြင့် ထိုဖလ သမာပတ်မှထသော မထေရ်မြတ်၏ စိတ်သန္တာန်ဝယ် အကြံအစည် ဖြစ်တော် မူပါတယ်။

ဗုဒ္ဓါနုခေါ ပထမံ ပရိနိဗ္ဗာယန္တိ၊ အဂ္ဂသာဝကာနုခေါ။
(ဒီဃနိကာယ မဟာဝဂ္ဂဋ္ဌ-၁၃၉)။

ပထမံ၊ ရှေးဦးစွာ။ဗုဒ္ဓါ၊ သစ္စာလေးပါး,တရားသိမြင်ဘုရားရှင်တို့သည်။ ပရိနိဗ္ဗာယန္တိနုခေါ၊ ပရိနိဗ္ဗာန် ဝင်စံကြကုန်သလော။အဂ္ဂသာဝကာ၊အဂ္ဂသာဝကတို့သည်။ပရိနိဗ္ဗာယန္တိနုခေါ၊ ပရိနိဗ္ဗာန် ဝင်စံကြကုန်သလော။

ဤသို့- မြတ်စွာဘုရားတို့က ရှေးဦးစွာ ပရိနိဗ္ဗာန် ဝင်စံ ကြကုန်သလော-တပည့်ဖြစ်ကြသော အဂ္ဂသာဝကတို့ကပင် ရှေးဦးစွာပရိနိဗ္ဗာန် ဝင်စံကြလေကုန်သလော-ဟု ဆင်ခြင်စဉ်းစားသောအခါ အဂ္ဂသာဝကတို့က ရှေးဦးစွာ ပရိနိဗ္ဗာန် ဝင်စံကြရမြဲ ဖြစ်သည်ကို သိမြင်တော် မူလေလျှင် မိမိ၏ အသက် အပိုင်းအခြား အာယုသင်္ခါရကို ကြည့်ရှုတော် မူပြန်ရာ ငါ၏အာယု သင်္ခါရသည် ခုနစ်ရက်မျှသာလျှင် တည်ရှိပေတော့မည်- ဟု သိတော်မူ၍ “ဘယ်အရပ်၌ ပရိနိဗ္ဗာန် ဝင်စံရမည်နည်း” ဟု ဆက်လက်ကာ ကြံစည်ဆင်ခြင်တော် မူပြန်ပါတယ်။

ရာဟုလာသည်ကား- တာဝတိံသာနတ်ပြည်၌ ပရိနိဗ္ဗာန်ဝင်စံခဲ့လေပြီ၊ အညာသိကောဏ္ဍည မထေရ်မြတ်ကြီးသည်ကား ဆဒ္ဒန္တအိုင်အရပ်၌ ပရိနိဗ္ဗာန်ဝင်စံခဲ့လေပြီ၊ငါကားအဘယ်မည်သောအရပ်၌ ပရိနိဗ္ဗာန်ဝင်စံရအံ့နည်း- ဟု တဖန်ဆက်ကာကြံစည်ရာတွင် မယ်တော်ဖြစ်သော သာရီပုဏ္ဏေးမကြီးကို သတိရတော်မူပါတယ်။

မယှံ မာတာ သတ္တန္နံ အရဟန္တာနံ မာတာ ဟုတွာပိ ဗုဒ္ဓဓမ္မသံဃေသု အပ္ပသန္နာ။
အတ္ထိနုခေါ တဿာ ဥပနိဿယော နတ္ထိနုခေါ။ (ဒီ - ဋ္ဌ- ၂ - ၁၃၉)။

မယှံ၊ ငါ၏။ မာတာ၊ ကျေးဇူးရှင်ခေါ် မွေးမယ်တော်သည်။ သတ္တန္နံ၊ ဆရှပ်ပိုင်းခြား ခုနစ်ပါးကုန်သော။ အရဟန္တာနံ၊ ကိလေသာရန် တွန်းလှန်သတ်ပြီး ရဟန္တာအရှင် မြတ်ပုဂ္ဂိုလ်ကြီးတို့၏။ မာတာ၊ ကျေးဇူးသခင် မွေးမိခင်သည်။ ဟုတွာပိ၊ အမှန် ဝင်စစ် ဖြစ်ပါ လျက်လည်း။ ဗုဒ္ဓဓမ္မသံဃေသု၊ဘုရား,တရား,သံဃာ,ရတနာသုံးပါးတို့၌။အပ္ပသန္နာ၊လေး မြတ်ကြည်ညိုသည်မဟုတ်

ချေတကား။ တသာ၊ ထိုငါ၏မယ်တော်အား။ ဥပနိဿယော၊ မဂ်ဖိုလ်တရားကောင်း ရအံ့သော အကြောင်းသည်။ အတ္ထိနုခေါ၊ အမှန်ပကတိ ရှိသလော။ နတ္ထိနုခေါ၊ မရှိသလော။

ငါ၏ ကျေးဇူးရှင်ဖြစ်သော မွေးမိခင်မယ်တော်ကြီးသည် ငါနှင့်တကွ ညီတော်များ ဖြစ်ကြသော ဥပသေနမထေရ်,စုန္ဒမထေရ်,ခဒိရ ဝနိယ ရေဝတမထေရ်, နှမတော်များဖြစ်ကြသော စာလာ ထေရီ,ဥပစာလာထေရီ, သီသူပစာလာထေရီ ဟု ဆိုအပ်သော ရဟန္တာ ခုနစ်ယောက်တို့၏ မွေးမိခင် ကြီး စင်စစ်ဖြစ်ပါလျက် ဘုရား, တရား, သံဃာ, ရတနာ သုံးပါးတို့၌ ကြည်ညို လေးစားသူမဖြစ်ပါ ချေတကား၊ ထိုငါတို့၏ မွေးမိခင် ကျေးဇူးရှင် ဖြစ်သော မယ်တော်ကြီးအား မဂ်ဖိုလ် တရားထူးကို ရရှိနိုင်သော အကြောင်း ဥပနိဿယ ပစ္စည်းရှိလေသလော မရှိလေသလော-ဟု ဆင်ခြင်တော် မူလေ လျှင် သောတာပတ္တိမဂ်ကို ရကြောင်းရှေးကောင်းမှု ဥပနိဿယကိုမြင်တော်မူပါတယ်၊အဘယ်ပုဂ္ဂိုလ် တို့၏ တရားဒေသနာတော်ကို ကြားနာရသဖြင့် သစ္စာလေးပါး တရားသိမြင်ခြင်း ဖြစ်မည်-ဟု ဓာဖန် ဆက်ကာကြည့်ရှုတော်မူရာ ငါ၏ တရားဒေသနာဖြင့် သာလျှင် ငါ၏မယ်တော်ကြီး၏ သစ္စာလေးပါး တရားသိမြင် ခြင်းသည် ဖြစ်ပေလိမ့်မည်၊ တပါးသော ပုဂ္ဂိုလ်၏ တရား ဒေသနာဖြင့် သစ္စာလေးပါး တရားသိမြင်ခြင်း ဖြစ်လိမ့်မည် မဟုတ်ချေ၊ အကယ်၍ ငါသည် မယ်တော်ကြီးအား တရားပြစာ သံသရာဝဋ်မှ ကင်းလွတ်အောင် ချွေချွတ်တော် မမူခဲ့ပဲ ကြောင်းကြမဲ့နေပါမူ-

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည်ကား အခြားသောသူတို့ မှီခို အားထားရာသာ ဖြစ် ပါသည်၊ထိုအရှင်မြတ်ကြီး၏ သမစိတ္တသုတ် ဒေသနာကို ဟောကြားတော်မူသောနေ့၌ ကုဋေတသိန်း ကုန်သော နတ်ဗြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကြပေသည်၊ အောက်မဂ် သုံးပါးတို့ကိုထိုး ထွင်း၍ သိကြသော နတ် ဗြဟ္မာ တို့ကား ဂဏန်းချ၍ မပြနိုင်အောင်ပင် များလှပေသည်၊ အခြား တပါးသော နေရာဌာနတို့၌လည်း များစွာကုန်သော သူတို့ သစ္စာလေးပါး တရား သိမြင်ကြသည်ကို တွေ့မြင်ကြရကုန်၏၊ ထို အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ယခုအခါ မိမိ၏မွေးမိခင် ကျေးဇူး ရှင်ဖြစ်သော မယ်တော်ကြီး၏ အယူမှား ဖြစ်သော မိစ္ဆာ အယူ ဝါဒကို မျှသည်၊ ကင်းရှင်းအောင် ပယ်ဖျောက်ခြင်းငှာ မတတ်နိုင်ရှာပါချေတကား- ဟူ ကဲ့ရဲ့ အပြစ်တင် စကားကို ပြောဆိုကြမည့်သူ များ ထင်ရှား ဖြစ်ပေါ်လာကြ ပေလိမ့်မည်။

သို့ဖြစ်၍ ငါ၏မယ်တော်ကြီးကို မှားယွင်းသော မိစ္ဆာအယူမှ ကင်းလွတ်အောင် ချွေချွတ်ပြီး နောက် ငါ၏ မွေးဖွားရာဖြစ်သော တိုက်ခန်း၌ သာလျှင် ပရိနိဗ္ဗာန် ဝင်စံပေအံ့- ဟု ဆုံးဖြတ်ပြီး၍ ယနေ့ပင်လျှင် မြတ်စွာဘုရားကို ခွင့်တောင်းလျှောက်ထား၍ ဇေတဝန်ကျောင်းတိုက်မှ ထွက်တော် မူမည်- ဟု ကြံစည်တော်မူကာ ညီတော် ဖြစ်သော စုန္ဒမထေရ်ကို ငါရှင်စုန္ဒ ငါတို့၏ တပည့်ရဟန်း ငါးရာတို့အား-ငါ့အရှင်တို့ သပိတ်သင်္ကန်းတို့ကို ပြင်ဆင် ယူဆောင်ကြ ကုန်လော-တရားစစ်သူကြီး ဖြစ်တော်မူသော အရှင် သာရိပုတ္တရာ မထေရ်မြတ်သည် မိမိမွေးဖွားရာ ဇာတိဖြစ်သော နာဠကရွာသို့ ကြွချီတော်မူလိုသည်- ဟု အမှတ်ပေးလေလော- ဟု မိန့်ဆိုတော်မူပါတယ်။

အရှင်စုန္ဒမထေရ်ကလည်း အရှင် သာရိပုတ္တရာ မိန့်တော်မူ သည့်အတိုင်း ပြောဆိုအကြောင်း ကြားလေလျှင် မထေရ်မြတ်၏တပည့်ရဟန်းအားလုံး ကျောင်း အိပ်ရာနေရာကို သုတ်သင်ရှင်းလင်းပြီး သပိတ် သင်္ကန်းတို့ကို ယူဆောင်ကာ မထေရ်မြတ်ထံသို့ အသီးသီး ကြွရောက် လာကြသတဲ့၊ အရှင်

**သာ**ရိပုတ္တရာ မထေရ် မြတ်ကြီးသည် ကျောင်း အိပ်ရာ နေရာကို ရှင်းလင်းပြီး နေသန့်ရာအရပ်သို့ တံမြက်လှည်းကာ နေသန့်ရာအရပ်၌ ရပ် တော်မူလျက် "ဣဒံ ဒါနိ ပစ္ဆိမဒဿနံ၊ ပုနအာဂမနံနတ္ထိ= ယခုအခါ ကြည့်ရှုခြင်းသည်ကား နောက်ဆုံး ကြည့်ခြင်းပင် ဖြစ်ပေသည်၊ နောက်ထပ် ပြန်လာခြင်း မရှိတော့ပြီ"ဟု နှလုံးသွင်းကာ နေသန့်ရာအရပ်သို့ ကြည့်ရှုပြီးနောက် တပည့်ရဟန်းပရိသတ် ငါးရာ ခြံရံလျက် သမ္ဗုဒ္ဓမြတ်စွာ ဘုရားထံ ချဉ်းကပ်ရှိခိုးကာ ခွင့်ပန်စကား လျှောက်ထားသည်မှာ−

(က) ဆိန္နော ဒါနိ ဘဝိဿာမိ၊ လောကနာထ မဟာမုနိ။
ဂမနာ ဂမနံ နတ္ထိ၊ ပစ္ဆိမာ ဝန္ဒနာ အယံ။

လောကနာထ၊ မြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏၊ ကြည်ဖြူဝပ်တွား၊ အားထားရာ စင်စစ်ဖြစ်တော်မူသော။ မဟာမုနိ၊ မုနိထွဋ်ထား မြတ်စွာဘုရား။ ဒါနိ ဣဒါနိ၊ ခန္ဓာဝဋ်ဇာတ်၊ အဆုံးသတ်ဘို့၊ ဆိုက်ကပ်ရောက်လာ၊ ယခုအခါ၌။ ဆိန္နော၊ ခန္ဓာဝဋ်ဇာတ်၊ ရှင်းရှင်းပြတ်သည်။ ဘဝိဿာမိ၊ အမှန် စင်စစ်ဖြစ်ပါတော့အံ့ဘုရား။ ဂမနာဂမနံ၊ ဤဘဝမှ ထိုဘဝသို့သွားခြင်း၊ ထိုဘဝမှ ဤဘဝသို့လာခြင်းသည်။ (ဝါ) ပဋိသန္ဓေနေခြင်း၊ စုတေခြင်းသည်။ နတ္ထိ၊ အမှန်ပကတိ၊ မရှိတော့ပါ။ အယံ၊ ထိုခြင်းငါးဖြာ၊ ပြည့်စုံစွာဖြင့်၊ သဒ္ဓါညွတ်လျိုး၊ ဤရှိခိုးခြင်းသည်ကား။ ပစ္ဆိမာ၊ တရံတခါမျှ ကြုံဆုံရဘို့၊ တခဏဖြစ်ဘို့၊ အခွင့်မရှိသဖြင့်၊ ပကတိလုံးလုံး၊ နောက်ဆုံးဖြစ်သော။ (ဝါ) သံသရာကာလ၊ ကြုံဆုံရဘို့၊ဘဝဖြစ်ဘို့၊အခွင့်မရှိသဖြင့်၊လုံးလုံးနောက်ဆုံးဖြစ်သော။ ဝန္ဒနာ၊ အခွင့်ရခိုက်၊အားအင် စိုက်၍၊ လှိုက်လှိုက်မြတ်နိုး၊ လက်စုံမိုးကာ၊ ရှိခိုးကန်တော့ခြင်းပါ ဘုရား−

(ခ) ဇီဝိတံ အပ္ပကံ မယှံ၊ ဣတော သတ္တာဟ မစ္စယေ။
နိက္ခိပေယျာမဟံ ဒေဟံ၊ ဘာရ ဝေါရောပနံ ယထာ။

မယှံ၊ သာရိပုတ္တ၊ မည်နာမဖြင့်၊ ယာမှခစား၊ ဘုရားသားတော်၊ တပည့်တော်၏။ ဇီဝိတံ၊ ရုပ်နာမ်နှစ်ချက်၊ ဇီဝိန်အသက်သည်။ အပ္ပကံ၊ ဖြစ်တည်ရန်အချက်၊ ချင့်ကာတွက်မူ၊ အပျက်အား ကြီးအဖြစ်ကား နည်းလှပါ၏။ ဣတော၊ ဤနေ့မှ။ သတ္တာဟံ- သတ္တာဟဿ၊ ချင့်ကာရေတွက် ခုနစ်ရက်၏။ (ဝါ) ခုနစ်ရက်ကို။ အစ္စယေ အစ္စယေန၊ ကျော်လွန်သဖြင့် (ဝါ) ကျော်လွန်သော အခါ၌။ ဘာရဝေါရောပနံယထာ၊ ပင်ပန်းကြီးစွာ၊ဆောင်ယူလာသည့်၊ မကွာဘိစီး၊ ဝန်ထုပ်ကြီးကို၊ အပြီးနိစ္စ၊ ပတ်ချလေဘိသကဲ့သို့။ အဟံ၊ သာရိတ္တ၊ နာမတွင်ခေါ်၊ တပည့်တော်သည်။ ဒေဟံ၊ ခန္ဓာကိုယ်ဟု၊ ခေါ်ဆိုလေအပ်၊ မပြတ်ဖိစီး၊ ဝန်ထုပ်ကြီးကို။ နိက္ခိပေယျာမိ၊ မတွယ်မတာ၊ စွန့်ပယ် ခွာ၍၊ ချပါအံ့ မြတ်စွာဘုရား။

(ဂ) အနုဇာနာတု မေဘန္တေ ဘဂဝါ၊ အနုဇာနာတု သုဂတော။
ပရိနိဗ္ဗာနကာလော မေ၊ ဩဿဋ္ဌော အာယု သင်္ခါရော။
(ဒီ-ဋ္ဌ-၂- ၁၄၀)။

ဘန္တေ၊ ဘုန်းတော်နေဝန်း၊ ထွန်းတောက် ပတော်မူသော မြတ်စွာဘုရား။ ဘဂဝါ၊ ဘုန်း **တော်**ခြောက်ပါး၊ တရားသခင်၊ ဘုရားရှင်သည်။ မေ၊ သာရိပုတ္တ၊နာမတွင်ခေါ်၊တပည့်တော်အား၊ **အနုဇာနာတု**၊ ပရိနိဗ္ဗာန်၊ ဝင်စံဘို့အရေး၊ အခွင့်ပေးတော် မူပါဘုရား။ သုဂတော၊ **ကောင်းသော**

စကားကို, ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်။ မေ၊ ငါ့အား။ အနုဇာနာတု၊ ဘုရား။ မေ၊ သာရိပုတ္တ, နာမတွင်ခေါ်, တပည့်တော်၏။ ပရိနိဗ္ဗာနကာလော၊ ပရိနိဗ္ဗာန်,ဝင်စံဘို့ရာ,အချိန် အခါပါတည်း။ မေ၊ ဘုရားတပည့်တော်သည်။ အာယုသင်္ခါရော၊ အသက်ရှည်ကြောင်း, ကောင်း စွာပြုပြင်ခြင်းကို။ (ဝါ)၊ ဇီဝိတိန္ဒြေ, တည်စေဘို့အကြောင်း, ကောင်းကောင်းဖြစ်လတ်, ဖလသမာ ပတ်ကို။ ဩဿဋ္ဌော၊ မငြိမတွယ်, ဖြုတ်ပယ်လွှတ်လွှတ်, စွန့်လွှတ်အပ်ပါပြီဘုရား။

သဗ္ဗညုမြတ်စွာဘုရားတို့မည်သည်ကား- တပည့်ရဟန္တာအရှင်မြတ်များက ပရိနိဗ္ဗာန် ဝင်စံရန် ခွင့်ပန်လျှောက်ထားသောအခါ "ချစ်သား- ပရိနိဗ္ဗာန်စံလေသော"ဟု မိန့်ဆိုတော်မူပါလျှင် မိစ္ဆာဒိဋ္ဌိ အယူရှိသူများက-မြတ်စွာဘုရားသည် သေခြင်း၏ကျေးဇူးကို ချီးမွမ်းပေသည်"ဟု အပြစ်တင် ပြောဆိုကြလိမ့်မည်၊ "ချစ်သား- ပရိနိဗ္ဗာန်မစံလင့်ဦး"ဟု မိန့်ဆိုပြန်လျှင်လည်း "မြတ်စွာဘုရား သည် ဝဋ္ဋဆင်းရဲ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းတော်မူသည်"ဟု အပြစ်ဆိုကြပေလိမ့်မည်၊ သို့ဖြစ်၍ ထိုစကားနှစ်မျိုးလုံးကို မိန့်ဆိုတော်မူကြရိုး ထုံးစံမရှိဘူးတဲ့၊ ထို့ကြောင့် မြတ်စွာဘုရားသည် အရှင် သာရိပုတ္တရာမထေရ်မြတ်ကို "ကတ္ထ ပရိနိဗ္ဗာယိဿသိ သာရိပုတ္တ- ချစ်သား သာရိပုတ္တရာ- သင် ချစ်သားသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန်ဝင်စံမည်နည်း"ဟု မေးတော်မူပါတယ်။

ယင်းသို့မေးတော်မူလျှင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကား- "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မာဂဓတိုင်းဝယ် နာဠကမည်သောရွာ၌ တပည့်တော်၏ မွေးဖွားရာတိုက်ခန်းသည် ရှိပါသည်၊ ထိုမွေးဖွားရာတိုက်ခန်း၌ တပည့်တော်သည် ပရိနိဗ္ဗာန်စံပါမည်ဘုရား"ဟု လျှောက်ထား လေရာ- မြတ်စွာဘုရားကလည်း ဤကဲ့သို့ မိန့်ကြားတိုက်တွန်းတော် မူသတဲ့။

> ယဿ ဒါနိ တွံ သာရိပုတ္တ ကာလံ မညသိ၊ ဣဒါနိ ပန တေ ဇေဋ္ဌ ကနိဋ္ဌ ဘာတိ-
> ကာနံ တာဒိသဿ ဘိက္ခုနော ဒဿနံ ဒုလ္လဘံ ဘဝိဿတိတိ ဒေသေဟိ တေသံဓမ္မံ။
> (ဒိ·ဋ္ဌ-၂·၁၄၀)။

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ တွံ၊ သင်ချစ်သားသည်။ ဒါနိ၊ ယခုအခါ၌။ ယဿ၊ အကြင်ပရိနိဗ္ဗာန်ဝင်စံခြင်း၏။ ကာလံ၊ အခါကာလကို။ မညသိ၊ အမှန်တိတိ သိရှိပေ၏။ ပန၊ အထူးအဲ့ားဖြင့်ကား။ ဣဒါနိ၊ ယခုအခါ၌။ တေ၊ သင်ချစ်သား၏။ ဇေဋ္ဌ ကနိဋ္ဌ ဘာတိကာနံ၊ နောင်တော်ညီတော်ဖြစ်ကြကုန်သော ရဟန်းတို့အဘို့ရာ။ တာဒိသဿ၊ သင်ချစ်သားကဲ့သို့ သဘော ရှိသော။ ဘိက္ခုနော၊ အတုယူဘွယ်, တကယ်ဖြစ်မှန်း, ရဟန်းကို။ ဒဿနံ၊ နောက်ထပ် တဖန်, ဖူးမြင်ရန်ကို။ ဒုလ္လဘံ၊ ကေန်မလွဲ ရနိုင်ခဲသည်။ ဘဝိဿတိ၊ အမှန်စင်စစ် ဖြစ်ပေလတံ့။ ဣတိတသ္မာ၊ ထို့ကြောင့်။ တွံ၊ သင်ချစ်သားသည်။ တေသံ၊ မိမိ၏ နောင်တော် ညီတော်ဖြစ်ကြသား, ရဟန်းအများ တို့အား။ ဓမ္မံ၊ သံဝေ-ထင်ရှား, မြတ်တရားကို။ ဒေသေဟိ၊ နောက်ဆုံးအဖြစ်, ခွန်းသံလှစ်၍, စင်စစ် မသွေ ဟောကြားလိုက်ပါလေလော။

ဤသို့မြတ်စွာဘုရားမိန့်ကြားတော်မူလေလျှင် မထေရ်မြတ်သည် "ရှင်တော်မြတ်ဘုရားသည် ငါ၏တန်ခိုး အထူးပန်ဆင်းခြင်းလျှင် ရှေ့သွားရှိသော တရားဒေသနာ ဟောကြားခြင်းကို လိုလား တောင့်တတော် မူပေသည်"ဟု သိရှိရကား မြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီးလျှင် ထန်းပင်တပြန် အတိုင်းအရှည်ရှိသော ကောင်းကင်ပြင်သို့ ပျံတက်တော်မူ၍ ထိုကောင်းကင်ပြင်မှ တဖန်ဆင်းသက်၍

မြတ်စွာဘုရား၏ ခြေတော်အစုံကို ရှိခိုးပြီးနောက် ထန်းပင်အပြန် ခုနစ်ဆင့် အတိုင်းအရှည်ရှိသော စင်္ကြံကင်းမြင့်သို့ ပျံတက်တော်မူပါတယ်။

ဤသို့ ထန်းတပြန် နှစ်ပြန် သုံးပြန် စသည်ဖြင့် ထန်းပင်ခုနစ်ပြန် အတိုင်းရှည်ရှိသော အရပ်တိုင်အောင် တက်ချီသက်ချီ မြင့်တုံ နိမ့်တုံ အမျိုးမျိုးအဖုံဖုံသော တန်ခိုးပြာဋိဟာတို့ကို ပြသတော်မူပါတယ်။ သာဝတ္ထိ ပြည်သူပြည်သားအားလုံးဟာလဲ အရှင်သာရိပုတ္တရာမထေရ်မြတ် တန်ခိုးပြာဋိဟာပြ တရားဟောရာဌာနသို့ စုရုံးရောက်ရှိလာကြသတဲ့၊ အလွန်မင် တွေ့ရခဲ ကြုံရခဲ ထူးကဲလှတဲ့ တရားပွဲကြီးပေါ့နော်၊ ယခု ဒကာ ဒကာမများလဲ ထိုကဲ့သို့ ထူးကဲလှတဲ့ တရားပွဲကြီးမျိုးနှင့် တွေ့ရကြုံရပါလျှင် အလွန်ပင် နှစ်သက်ဝမ်းမြောက်မှုတွေ ဖြစ်ကြမှာပါဘဲနော်၊ သို့သော်လဲ အဲဒီတရားပွဲကြီးဟာက မကြာခင် ကြေကွဲဝမ်းနည်းရတဲ့ တရားပွဲကြီးဖြစ်လာမှာနော်၊ တန်ခိုးပြာဋိဟာ အမျိုးမျိုးကို ပြနေတော်မူသော မြတ်စွာဘုရားသခင်၏ ညာလက်ရုံးတော်အဖြစ်ဖြင့် အားထားတော်မူရတဲ့ လက်ျာရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးဟာ ယခု တန်ခိုးပြ ဋိဟာပြပြီး တရားဒေသနာတော်ကို နောက်ဆုံးဟောကြားပြီးလျှင် ဤသာဝတ္ထိပြည်ကြီးသို့ တဖန် ပြန်မလာသော ကြွခြင်းဖြင့် ကြွသွားတော်မူတော့မယ်- မဟုတ်လား၊ ဒီအကြောင်းကို သိထားရလျှင် အဘယ်မှာ စိတ်ရွှင်ရွှင်နဲ့ တန်ခိုးပြာဋိဟာကို ဖူးမြင်နိုင်ကြ, တရားဒေသနာတော်ကို ကြားနာနိုင်ကြပါမည်လဲ။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကလဲ ရောက်ရှိလာကြတဲ့ နောင်တော် ညီတော်များ ဖြစ်ကြတဲ့ သပြေညှာစကြာ သိတင်းသုံးဘော်များ သာဝတ္ထိပြည်သား ဒါယကာ-ဒါယိကာမများတို့အား ထန်းပင်ခုနစ်ပြန် အတိုင်းအရှည်ရှိသော ကောင်းကင်ပြင်၌ ရပ်တည်တော်မူကာ တန်ခိုးအထူးကို ပြတော်မူလျက် တရားတော်ကို ဟောကြားတော်မူပါတယ်၊ ယင်းသို့ ဟောကြားတော်မူရာ ကိုယ်တော်ကို ထင်ရှားပြတော်မူ၍လည်း တရားဟောတော်မူပါတယ်၊ ကိုယ်တော်ကို တရားနာသူအားလုံး မမြင်ရစေဘဲ အသံတော်ကိုသာ ကြားစေလျက် ကိုယ်တော်ကို ကွယ်တော်မူပြီးလဲ တရားဟောတော်မူပါတယ်။

ကိုယ်တော်ကို အထက်ပိုင်းမျှသာမြင်စေလျက် အောက်ပိုင်းကိုကား ကွယ်ပစေတော်မူ၍လည်း တရားဟောတော် မူပါတယ်၊ ထိုနောက် အောက်ပိုင်းဖြစ်သော ခန္ဓာကိုယ်ကိုသာ မြင်တွေ့ရစေလျက် အထက်ပိုင်းခန္ဓာကိုယ်ကြီးကိုကား ကွယ်ပစေတော်မူ၍လည်း တရားဟောကြားတော်မူပါတယ်၊ တရံတခါ နေမိမာန်ကြီးပုံသဏ္ဌာန်လည်း ဖန်ဆင်းပြီး ပြတော်မူပါတယ်၊ ရံခါ လမိမာန်ကြီးပုံသဏ္ဌာန် ဖန်ဆင်းပြတော်မူပြန်သတဲ့၊ တရံတခါတွင် စိမ်းလန်းညိုမှိုင်းနေတဲ့ တောင်တန်းကြီးသဏ္ဌာန် ဖန်ဆင်းပြီးလဲ ပြတော်မူသတဲ့၊ တခါတရံတွင် လှိုင်းလုံးကြီးငယ် အသွယ်သွယ်ဖြင့် လူးကာလှိမ့်ကာ လှုပ်ရှားနေပြီး အော်ဟစ် ဟိန်းဟောက်ကာ ကြောက်မက်ဘွယ်ရာ လွန်စွာ ကြောင်းလှသော ရေတသွင်သွင်စီးဆင်းနေသည့် သမုဒ္ဒရာကြီးပုံသဏ္ဌာန်လဲ ဖန်ဆင်းပြီးပြတော်မူသတဲ့။

စစ်ပွဲကြီးတွေ စစ်တိုက်ခန်းတွေအကြောင်းကိုပြသတဲ့ရုပ်ရှင်ကားများထဲမှာ စစ်မြေပြင်တွင် သူနိုင်ကိုယ်နိုင် အားပြိုင်တိုက်ခိုက်နေရာက မိမိတို့ဘက်သို့ ဦးတည်မောင်းနှင်ပြေးလာတဲ့ လေယာဉ်ပျံတွေ, ကားတွေကို မြင်ရတဲ့အခါ သတိမထားမိဘဲ ဗြုံးစားထကာ ရှောင်ပြေးရန် ဟန်ပြင်တဲ့ ရုပ်ရှင်ကြည့်တဲ့သူလို တန်ခိုးပြာဋိဟာ ကြည့်ရှုဖူးမြင်နေသူများထဲမှာလဲ အချို့သူများကတော့

လှိုင်းလုံးကြီးတွေ တဖွေးဖွေးနဲ့ လူးလိမ့် အော်ဟစ်ကာ ပြေးလာတာကိုတွေ့မြင်ရတော့ လန့်ဖြန့်ပြီး ရှောင်ပြေးမည့်သူတွေလဲ နဲမှာမဟုတ်ဖူးနော်၊ တချို့က မြစ်ထဲချောင်းထဲသွားယင်း ရေဆိုယင် သိပ်ကြောက်တတ်ကြတာကိုး- အဲ-ဓမ္မကထိကကိုယ်တော်က ရှင်သာရိပုတ္တရာအရှင်မြတ် သမုဒ္ဒရာကြီး ဖန်ဆင်းတော်မူပုံ အကြောင်းကို ရုပ်ရှင်ပြစကားနှင့် ပမာထားပြီး ဟောကြားခဲ့တဲ့အတွက် ဒီကိုယ်တော် ရုပ်ရှင်ချည်းကြည့်နေတာထင်မှာရဲလို့လဲ အထင်မမှားကြနှင့်ဦးနော်။ တဆင့်စကား ကြားဘူးတာကို ပြောရအုံးကိုး၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ထို့ပြင်လဲ စကြာဝဠာမင်းကြီးအဖြစ်ကိုလဲ ဖန်ဆင်းပြီးပြတော်မူသတဲ့။

နောက်ဖြင့် ဝေဿဝဏ် နတ်မင်းကြီးအဖြစ်, သိကြားမင်းကြီးအဖြစ်, ပြဟ္မာမင်းကြီးအဖြစ် အစရှိသည်ဖြင့် အံ့ဩဘွယ်ရာ တန်းခိုးပြာဋိဟာ များစွာကို ဖန်ဆင်း ပြတော်မူကာ နောက်ဆုံး တရားဟောကြားတော် မူပြီးနောက် ကောင်းကင်ထက်မှ ဆင်းသက်တော် မူ၍ မြတ်စွာဘုရား၏ ခြေတော်အစုံကို ရိုသေ မြတ်နိုး ရှိခိုးပြီးကာ ရပ်တည် နေတော် မူပါတယ်တဲ့။

ထိုအခါ မြတ်စွာဘုရားက "ချစ်သား-သာရိပုတ္တရာ- သင်ချစ်သား—ယခု ဟောကြားခြင်း သည် အဘယ်အမည်ရှိသော တရားဟောခြင်း ဖြစ်သနည်း" ဟု မေးမြန်းတော်မူရာ မထေရ်မြတ်က "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား-ခြင်္သေ့မင်း၏ မြူးကွန့်စံပယ်ခြင်းနှင့် တူသော သီဟ, ဝိကီဠိတ တရားဟောခြင်း မည်ပါသည်ဘုရား" ဟု လျှောက်ထားသဖြင့် "ချစ်သား သာရိပုတ္တရာ သင်-ချစ်သား တရား ဟောကြားခြင်းသည် အမှန်စင်စစ် ခြင်္သေ့မင်း၏ မြူးကွန့်စံပယ်ခြင်းနှင့် တူသော သီဟ ဝိကီဠိတ တရားဟောခြင်း ဖြစ်ပါပေသည်" ဟု မိန့်ကြားတော် မူလိုက်ပါတယ်။

ထိုနောက်—အရှင်သာရိပုတ္တရာ မထေရ်မြတ်က မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုးလျက် "မြတ်စွာဘုရားတပည့်တော်၏ သွားအံ့သောအခါ တန်ပါပြီဘုရား"ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားသည် တရား စစ်သူကြီး ရှင်သာရိပုတ္တရာကို ခရီးသွားခွင့် ပြုပေအံ့-ဟု တရားဟောရာမှ ထ၍ ဂန္ဓကုဋီ တိုက်တော်သို့ ရှေးရှုသွားကာ ပတ္တမြားစီသော ပျဉ်ချပ်၌ ရပ်တန့် သီတင်းသုံးနေတော် မူပါတယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် မြတ်စွာဘုရားအား လက်ျာရစ်သုံးကြိမ် လှည့်ပြီးရှေ့မှ ၄င်း, နောက်မှ၄င်း လက်ျာဖက်မှ၄င်း, လက်ဝဲဖက်မှ၄င်း, အရပ် လေးမျက်နှာတို့မှ အားရအောင် ရှိခိုးပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်အစုံတို့ကို ဖမျက်တို့၌ မြဲမြံစွာ ဆုတ်ကိုင်၍-

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ဤကမ္ဘာမှ ကမ္ဘာတသိန်း အလွန်ရှိသော အသင်္ချေယျဖြစ်သော ကာလ၏ အထက်၌ အနောမဒဿီ မြတ်စွာဘုရား၏ ခြေတော် ရင်းဝယ် တုပ်ဝပ်၍ အရှင်ဘုရားတို့အား ဖူးမြင်ရန် တောင့်တခဲ့ပါပြီဘုရား၊ ယခုအခါ တပည့်တော် ၏ ထို တောင်းတချက် ဆုတောင်း ပတ္ထနာသည် ပြည့်စုံပြီဖြစ်၍ အရှင်ဘုရားတို့ကို ဖူးမြင်ကြရပါ ကုန်ပြီဘုရား၊ ထိုအနောမဒဿီ မြတ်စွာဘုရား၏ ဗျာဒိတ် စကားတော်ကို ယုံကြည်သဖြင့် ဉာဏ်ဖြင့် အစဉ်လျှောက်ကာ အရှင်ဘုရားတို့ကို မျက်မှောက်ကဲ့သို့ ပညာမျက်စိဖြင့် မျှော်မှန်း မြင်ရခြင်းသည် ပထမဆုံးဖြစ်သော ဖူးမြင်ရခြင်းပါဘုရား၊ ယခုဘဝ အနေဖြင့်မူ ဝေဠုဝန် ကျောင်းတော်၌ ပရိဗိုဇ် ၏ အသွင်ဖြင့် လာသော တပည့်တော်၏ ထိုစဉ်က အရှင်ဘုရားတို့ကို ဖူးမြင် ရခြင်းသည် ပထမဆုံး

ဖြစ်သော ဖူးမြင်ရခြင်းပါဘုရား၊ ဤယခုအခါ ဖူးမြင်ရခြင်းသည်ကား နောက်ဆုံးဖြစ်သော ဖူးမြင်ရခြင်းပါဘုရား။

နောက်ထပ်တဖန် အရှင်မြတ် ဘုရားတို့အား တွေ့ကြုံ ဖူးမြှင်ဘို့ရန် အခွင့်မရှိတော့ပါဘုရား၊ တပည့်တော်၏ အပေါ်၌ မြတ်စွာဘုရားသည် မနှစ်သက်ဖွယ်သော တစုံတရာသော ကာယကံမှု၊ ဝစီကံမှုများ ထင်ရှားစွာ ရှိခဲ့ပါလျှင် ထိုအပြစ်များကို သည်းခံခွင့် ပြုတော်မူပါဘုရား၊ တပည့်တော် အဘို့ရာ နောက်ဆုံးသွားခြင်းဖြင့် သွားရောက်ဘို့ရန် အချိန်တန်ပါပြီ ဘုရား-ဟု နောက်ဆုံး ခွင့်တောင်း စကား လျှောက်ထားကာ ဆယ်ချောင်းသော လက်သည်း အပေါင်းတို့ဖြင့် တောက်ပသော လက်အုပ်ကို မြှောက်ချီ၍ မြတ်စွာဘုရားကို မြင်နိုင်လောက်သော အရပ်အထိ မြတ်စွာဘုရားသို့ ရှေးရှုသာလျှင် ဖြစ်ကာ နောက်ဆုတ် သွားပြီးလျှင်—

ဣတော ပဋ္ဌာယ စုတိပဋိသန္ဓိဝသေန ကိသ္မိဉ္စိ ဌါနေ ဂမနာဂမနံ နာမ နတ္ထိ။
(ဇီ-၄-၂-၁၄၁)။

ဣတော၊ သန္ဓေဇာတိ စွဲကပ်ငြိကာ, ဖြစ်ပေါ်လာရ, ဤဘဝမှ။ ပဋ္ဌာယ၊ အရင်းမူလ, အစပြု၍။ စုတိပဋိသန္ဓိဝသေန၊ စုတေခြင်း, ပဋိသန္ဓေ နေခြင်း၏ အစွမ်းအားဖြင့်။ ကိသ္မိဉ္စိဌါနေ၊ လူနတ်ပြဟ္မာ, အစဖြာ၍ များစွာစုံလှ, တစုံတခုသော ဘုံဘဝ၌။ ဂမနာဂမနံနာမ၊ ဤဘဝမှ ထိုဘဝသို့သွားခြင်း ထိုဘဝမှ ဤဘဝသို့ လာခြင်းမည်သည်။ (ဝါ) စုတိခြင်း, ပဋိသန္ဓေနေခြင်း မည်သည်။ နတ္ထိ၊ သန္ဓေမျိုးဇာတ် ကင်းရှင်း ပြတ်သဖြင့် မရပ်မနား လှည့်လည်သွားခြင်း အလျဉ်းမရှိတော့ပေ တကား။

ဤသို့ လျှောက်ထား ပြောဆိုကာ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် ဖဲခွာ ကြွသွားလေပါတယ်၊ ရေပြင်အဆုံးရှိသော မဟာပထဝီမြေကြီးသည်လည်း အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ ဂုဏ်တော်ကျေးဇူးတော် အနန္တကို မှန်းဆကာ တမ်းတယောင်ယမ်း လွမ်းဆွတ်သောအသွင်ဖြင့် ရေပြင်ထိအောင် တသိမ့်သိမ့် တုန်လှုပ်ကာ ငိုကြွေးရှာလေသတဲ့၊ အရှင်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူး တွေဟာ ကြီးမား ပါပေတယ်နော်၊ အသက်ဝိညာဉ်ရှိတဲ့ သဝိညာဏက လူတွေ, နတ်တွေ, ဗြဟ္မာတွေ ထိုထိုသတ္တဝါတွေက အရှင်မြတ်ကြီးကို လွမ်းဆွတ်ကြတယ် ဆိုတာဘော့ မပြောပါနှင့်တော့-အသက် ဝိညာဉ်မရှိတဲ့ ရေမြေ တောတောင်တွေကတောင် ဟန်မဆောင်နိုင်တော့ဘဲ သူတို့ရဲ့ သဘာဝ အလျောက် ငိုကြွေး တမ်းတနေကြလေသတဲ့၊ ရေမြေ တောတောင်တွေက ငိုကြွေးတယ်ဆိုတော့ တော်တော် နားကြီးတဲ့ သူမှဘဲ နားလည်နိုင်မည့်စကား ဖြစ်နေတယ်နော်၊ အဲဒီ စကားမျိုးတွေကို ရှင်းပြနေယင်လဲ အချိန်ကြာမြင့် သွားရေမယ်နော်-ကဲကဲ ဒီတော့ ရှေ့ကိုဘဲ ဆက်သွားကြစို့ရဲ့။

ထိုအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကလဲ ကိုယ်တော်၏အနီး၌ ဝန်းရံကာ ရပ်တည် နေကြကုန်သော ရဟန်းများကို—

အနုဂစ္ဆထ ဘိက္ခဝေ တုမှာကံ ဇေဋ္ဌဘာတိကံ=ချစ်သားရဟန်းတို့-သင်တို့၏ နောင်တော်ကြီး ကို လိုက်ပို့ကြကုန်လော—ဟု “အမိန့်ရှိတော် မူသဖြင့် ပရိသတ် လေးပါး အားလုံးပင် မြတ်စွာဘုရား တပါးတည်းကိုသာ ဇေတဝန် ကျောင်းတော်၌ ချန်ထားခဲ့ကြပြီး တဦးတယောက်မျှမကျန် အရှင်

သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ဂါရဝပြုခြင်း အနေဖြင့် လိုက်ပို့ကြလေသတဲ့၊ ကျောင်းတော်တံခါးမုခ်သို့ ရောက်သောအခါ မထေရ်မြတ်ကြီးက ရဟန်းတော်များကို "တိဋ္ဌထ တုမှေ အာဝုသော အပ္ပမတ္တာ ဟောထ "ငါရှင်တို့-သင်တို့သည် ရပ်တည်၍ နေရစ်ကြပါကုန်လော့-မြတ်စွာဘုရားအပေါ်၌ မမေ့မလျော့ကြကုန်လင့်" ဟု မိန့်ဆိုကာ ပြန်လွှတ်ပြီးလျှင် မိမိ၏ ပရိသတ်ဖြစ်သော သာနာဋ္ဌကရွာသို့ ခရီးဆက်ကြွ သွားလေသတဲ့။

ယနေ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် မိမိ မွေးဖွားရာဒေသ နာဋ္ဌကရွာသို့ ကြွပြီးလျှင် ပရိနိဗ္ဗာန် ဝင်စံဘို့ မြတ်စွာဘုရား ခွင့်ပန်ပြီး ဇေတဝန် ကျောင်းတော်မှ ယခု နောက်ဆုံးအနေဖြင့် ထွက်ခွာ ကြွသွား လပြီတဲ့-ဟု ကြားသိ ကြရကုန်သော သာဝတ္ထိ မြို့သူမြို့သားတို့သည် "ငါတို့သည် မထေရ်မြတ်ကြီးကို နောက်ဆုံး အနေဖြင့် ပူဇော်ကြပေကုန်အံ့" ဟုပန်နံ့သာ စသည်တို့ကို လက်စွဲကြကုန်လျက် အရှင်မြတ် ကြွလာသည့်လမ်းမှ စောင့်ကြိုကာ နေကြရာ အရှင်မြတ် ကြွရောက်လာလျှင် ပန်းနံ့သာ စသည်ဖြင့် ပူဇော်ကြကုန်လျက် ဆံပင်တို့ကို ဖရိုဖရဲ ဖြန့်ကြဲကြပြီး လွမ်းတပူဆွေး ငိုကြွေးကြ ရှာလေသည်မှာ–

ပုဗ္ဗေပိ စရတိ အယျော၊ ပစ္စာဂမန စာရိကံ။
နယိဒံ ဂမနံ ဒါနိ၊ ပုန ပစ္စာဂမနာယ။

ဘန္တေ၊ သုံးလူ့မြတ်စွာ စေသတ္တာ၏ လကျာ်ရံသီး ဖြစ်တော်မူငြား အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးဘုရား။ အယျော၊ ဗုဒ္ဓမြတ်စွာ လကျာ်ရံသား, အရှင်မြတ်ဘုရားသည်။ ပုဗ္ဗေပိ၊ နုပျိုကျန်းမာ ရှိရကာလ ရှေးအခါ သမယကာလည်း။ ပစ္စာဂမန စာရိကံ၊ တဘန်ပြန်ကာ, ရောက်ရှိလာမည့်, ဒေသစာလှည့်ငြား, ကြွသွားခြင်းမျိုးကို။ စရတိ၊ များမြောက်စေနေ, ကျွတ်လွှတ်စေဘို့, ဘုန်းဆွေလှည့်လည်, ကြွချီတော် မူလေ၏။ ဒါနိ၊ ဣဒါနိ၊ ယခုအခါ၌။ ဣဒံ ဂမနံ၊ ပရိနိဗ္ဗာန်ဝင်စံဘို့မှန်း ဤကြွမြန်းခြင်းသည်ကား။ ပုန၊ ချိန်ခါစေ့ရောက်, နောက်ထပ်တဖန်။ ပစ္စာဂမနာယ၊ ရဟန်းများစွာ ခြံရံကာဖြင့် ပြန်ကြွလာခြင်းငှါ။ နဟောတိ၊ မပြန်ရာ နောက်ဆုံးလမ်းသို့ မြတ်အရှင်ကြွချီမြန်းပြီမို့, မျှော်မှန်းဘို့ရာ မဖြစ်နိုင်တော့ပါ ဘုရား။

အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးဘုရား-အရှင်မြတ်သည် ယခင့်ယခင် ရှေးအခါ ကာလက တဖန် ပြန်ကြွလာမည်ဖြစ်သော သွားခြင်းမျိုးကို ကြွသွားတော်မူပါပြီ၊ ယခုအခါ ဤကြွသွားခြင်းသည်ကား တဖန် ပြန်လာတော့မည် မဟုတ်သော ကြွမြန်းခြင်း ဖြစ်သဖြင့် တပည့်တော်တို့မှာ အရှင်ဘုရား ပြန်ကြွလာဘို့ အရေး မျှော်တွေးဘို့ရာ မဖြစ်နိုင်တော့ပါပြီဘုရား-ဟု ပြောဆိုကာ ငိုကြွေးမည်တမ်း ကြကုန်လျက် အရှင်မြတ်နောက်မှ လိုက်ပါလာကြသဖြင့် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက-

အပ္ပမတ္တာဝုသော ဟောထ၊ သင်္ခါရာနံ အနိစ္စတံ။
ကရေထ မနသိ ဇံဝံ၊ ဘာဝိနောနာမ သင်္ခါရာ။

အာဝုသော၊ တရားတော်အစဉ်, နာမဝင်သဖြင့်, ပူပင်သောက, ကျရောက်ကြငြား အိုဒါယကာ, ဒါယိကာမ အများတို့။ တုမှေ၊ ကိလေသာရန်, ပူပန်ခပ်သိမ်း ကင်းစင်ငြိမ်းလိုငြား, အသင်ဒါယကာ, ဒါယိကာမများတို့သည်။ အပမတ္တာ။ ကုသိုလ်ကောင်းမှု, တရားစုဘို့၌, မေ့လျော့

ခြင်း မပြုကြကုန်သည်။ ဟောထ၊ သတိအမြဲ, နှလုံးစွဲကာ, ဖြစ်ကြပါကုန်လော့။ သခ်ါရာနံ၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတရားတို့၏။ အနိစ္စတ္တံ၊ ဖြစ်ကပျက်ရန်, သဘောမှန်၍, ကေန်တိတိ, အမြဲမရှိသည်၏ အဖြစ်ကို။ မနသိ၊ စိတ်၌။ ကရောထ ၊ပြုကြပါကုန်လော။ (ဝါ) မနသိ ကရောထ၊ သမ္ဗဇဉ်လက်နက်, အစဉ်ဖက်၍, ဆက်ဆက်ကျင့်သုံး, နှလုံးသွင်းကြ ပါကုန်လော့။ သခ်ါရာ၊ ရုပ်နာမ်ဓမ္မ, သခ်ါရတရားတို့သည်ကား။ ဝေဝဘာဝိနေဝနာမ၊ ဤသို့ ပကတိ၊ ဖြစ်လေ့ ရှိကုန်ဘိ၏။ (ဝါ) ဤသို့ ဖြစ်ပေါ်ပြီးလျှင် ဝိညာဉ်ပြတ်ကင်, လေဆုံးရခြင်း သဘောရှိကုန်သည်သာလျှင်တည်း။

ဤသို့ ကုသိုလ်တရားတို့၌ မမေ့မလျော့ကြရန် အပ္ပမာဒဩဝါဒစကားဖြင့် ဆုံးမ ပြောကြားပြီးနောက် ပြန်နစ်စေတော်မူတယ်၊ နောက်ကလိုက်ပါလာသော မြို့သူမြို့သား ဒကာ ဒကာမများကို ပြန်ကြရန် အမိန့်ရှိတော်မူလိုက်တယ်တဲ့။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် သာဝတ္ထိမှ နာဠကရွာသို့ အသွားလမ်းခရီးအကြားတွင် ရောက်ရှိရာ မြို့ရွာဇနပုဒ်တို့၌ ခုနစ်ရက်ပတ်လုံး လူအပေါင်းတို့အား ချီးမြှောက်တော်မူပြီး- ခုနစ်ရက်မြောက်သောနေ့ ညနေချမ်းချိန်အခါတွင် မိမိမွေးဖွားရာ ဇာတိဖြစ်သော နာဠကရွာသို့ ဆိုက်ရောက်တော်မူ၍ ရွာတံခါးရှိ ပညောင်ပင်ရိပ်၌ ရပ်တန့် သီဆင်းသုံး နေတော်မူပါတယ်။ ထိုစဉ်အခါ မထေရ်မြတ်၏တူဖြစ်သော ဥပရေဝတမည်သောသူငယ်သည် ရွာပြင်ဘက်သို့ ထွက်လာရာ မထေရ်မြတ်ကြီးကို တွေ့မြင်၍ ချဉ်းကပ်ရှိခိုးကာ နေလေသတဲ့၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက- ဥပရေဝတသူငယ်ကို-

အတ္ထိ ဂေဟေ တေ အယျိကာ = ဥပရေဝတ အိမ်မှာ သင့်အဖွား ရှိသလော-ဟု မေးမြန်းတော်မူရာ ဥပရေဝတက "ရှိပါသည်အရှင်မြတ်ဘုရား"ဟု ပြန်ကြား လျှောက်ထားတဲ့အခါ မထေရ်မြတ်က- ဥပရေဝတသူငယ်ကို "ဥပရေဝတ အိမ်သို့ သင်ပြန်သွားလော၊ သင့်အဖွားအား ငါတို့ ဤရွာသို့ ရောက်ရှိနေကြောင်းကို ပြောဆိုအကြောင်းကြားလေလော့"ဟု စေခိုင်းတော်မူပါတယ်။

ဥပရေဝတ သူငယ်က တဖန် "အဘယ့်ကြောင့် ကြွလာတော်မူပါသနည်း"ဟု မေးမြန်း လျှောက်ထားသဖြင့်—

> အဇ္ဇ ဧကဒိဝသံ အန္တောဂါမေ ဘဝိဿတိ၊ ဇာတောဝရကံ ပဋိဇဂ္ဂသ၊ ပဉ္စန္နံ ဘိက္ခုသတာနံ နိဝါသနဋ္ဌာနံ ဇာနာဟီတိ။ (ဒီ-ဋ္ဌ-၂-၁၄၁)။

အဇ္ဇ၊ ယနေ့။ ဧကဒိဝသံ၊ တနေ့ဘရက်ပတ်လုံး။ အန္တောဂါမေ၊ ရွာတွင်း၌။ ဘဝိဿတိကိရ၊ နေလိမ့်မည်ဖြစ်ပါသတဲ့။ ဇာတောဝရကံ၊ မွေးဖွားရာတိုက်ခန်းကို၊ ပဋိဇဂ္ဂထက်ရ၊ ရှင်းလင်းသုတ်သင် ပြင်ဆင်၍ ထားလိုက်ကြပါကုန်တဲ့၊ ပဉ္စန္နံ ဘိက္ခုသတာနံ၊ အရေအတွက်များစွာ, ငါးရာသော ရဟန်းတို့၏။ နိဝါသနဋ္ဌာနံ၊ နေထိုင်ရာအရပ်ကို။ ဇာနာဟိ၊ သိ၍ပြင်ဆင်ထားလိုက်ကြပါတဲ့၊ ဣတိ၊ ဤသို့။ အာရောစေဟိ၊ ပြောကြားချေလော့။

ဤသို့ အရှင်မြတ်က အမိန့်ရှိမှာကြားလေလျှင် ဥပရေဝတ သူငယ်သည် ရွာတွင်းသို့ ပြန်သွားကာ "အယျိကေမယှံ မာတုလော အာဂတော = အို-အဖွား- ကျွန်တော်၏ဦးကြီး ဥပတိဿ ကြွလာပါတယ်"ဟု ပြောဆိုလေသတဲ့။

ရူပသာရီအမည်ရှိတဲ့ သူဌေးကတော် ပုဏ္ဏေးမကြီးသည် မိမိရဲ့ သားကြီးဖြစ်သော ဥပတိဿ ရောက်လာကြောင်းကို မြေးငယ်ပြောသဖြင့် ကြားရလေလျှင် လွန်စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်လျက်–

"ဥပရေဝတ- ယခု သင့်ဦးကြီး ဘယ်အရပ်မှာ နေသနည်း"ဟု မေးမြန်းပါလေသတဲ့။

ယခုအခါ ရွာတံခါး ပညောင်ပင်ကြီးအောက်မှာ ရောက်နေပါတယ်-ဟု ပြောဆိုလေလျှင် "မင်းဦးကြီးတပါးတည်းလော၊ အခြားတပါး တစုံတယောက်သောပုဂ္ဂိုလ်များ ပါရှိသေးသလော" ဟု မေးမြန်းပြန်ပါတယ်။

ဦးကြီး ဥပတိဿနှင့်အတူ ရဟန်းငါးရာပါရှိသေးကြောင်း ပြောဆိုရာ၊ အဘယ်အကြောင်း ကြောင့် လာသနည်း-ဟုမေးသဖြင့် ဥပရေဝတသူငယ်က- ဦးကြီးအမိန့်ရှိသည့်အတိုင်း အကြောင်း စုံကို အဖွာ အား ပြောကြားလေရာ အရှင်မြတ်၏မယ်တော် ပုဏ္ဏေးမက-

ကိံနုခေါ တွေ့ကာနံ ဝသနဋ္ဌာနံ ပဋိဇဂ္ဂါပေတိ၊ ဒဟရကာလေ ပဗ္ဗဇိတွာ
မဟလ္လကကာလေ ဂိဟိ ဟောတုကာမော။ (ဒို-ဋ္ဌ-၂-၁၄၂)။

တွေ့ကာနံ၊ ဤမျှလောက်များပြားလှစွာကုန်သော ရဟန်းတို့၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ ကိံနုခေါ၊ အဘယ့်ကြောင့်။ ပဋိဇဂ္ဂါပေတိ၊ ရှင်းလင်းသုတ်သင် ပြင်ဆင်စေဘိသနည်း။ မယ့်၊ ငါ၏။ ပုတ္တော၊ သားတော်ကြီးသည်။ ဒဟရကာလေ၊ ရှင်လန်းတင့်တယ်, ပျိုရွယ်သောကာလ၌။ ပဗ္ဗဇိတွာ၊ ဖန်ဝါဆင်မြန်း, ရဟန်းပြုပြီးလျှင်။ မဟလ္လကကာလေ၊ ခန္ဓာကိုယ်ယိုယွင်း, အိုမင်းကြီးရင့်သော အခါ၌။ ဂိဟိဟောတုကာမော၊ လူထွက်လိုဘိယောင်တကား-

ငါ့သားတော်ကြီး ဥပတိဿသည်အဘယ်အတွက်ကြောင့် ဤမျှများပြားသော ရဟန်းတို့၏ အတွက် နေရာတို့ကိုပြင်ဆင်စေဘိသနည်း၊ ငယ်ရွယ်နုပျိုစဉ်က ရဟန်းပြုသွားပြီး ယခုအခါ အသက် အရွယ် အိုမင်းကြီးရင့်ကာမှ လူထွက်လိုသည်ထင်ပါရဲ့-ဟု ကြံစည်တွေးတောယင်း- သားတော်ကြီး မွေးဖွားရာတိုက်ခန်းကို ရှင်းလင်းသုတ်သင်စေပြီးနောက်- နောက်ပါ ရဟန်းငါးရာတို့အတွက်လည်း နေရာတို့ကို ရှင်းလင်းသုတ်သင်ကာ ခင်းကျင်းစေပြီးလျှင် ဆီမီးတိုင်တို့ကိုထွန်းညှိ၍ သားတော် မထေရ်မြတ်ထံသို့ ပင့်လျှောက်ရန် စေလွှတ်လိုက်သတဲ့။

မထေရ်မြတ်သည် ရဟန်းငါးရာတို့နှင့်အတူတကွ ပြသာဒ်ပေါ်သို့တက်ရောက်ပြီး မိမိမွေး ဖွားရာ တိုက်ခန်းသို့ ဝင်ရောက်ထိုင်နေတော်မူကာ "ငါ့ရှင်တို့-သင်တို့၏နေရာအသီးသီးသို့ ကြွရောက် နေထိုင်ကြလေကုန်"ဟု ရဟန်းတို့ကို ခွင့်ပြုလွှတ်တော်မူပါတယ်။

ရဟန်းတော်များဖွဲကြွသွားလေလျှင်, မထေရ်မြတ်အား အနာရောဂါပြင်းထန်စွာ ဖောက်ပြန် လာတော့တယ်။ စုတိပြတ်ကြွေခြင်းလျှင် အဆုံးရှိသော သွေးအံ့သော ဝေဒနာဖြစ်လာရာ ပြုစု စောင့်ရှောက်ကြသော ရှင်စုန္ဒမထေရ်နှင့်ရဟန်းများမှာ သွေးအံ့သောခွက်ကို တခွက်ဝင် တခွက်ဖြင့် လဲလှည်သွန်ပစ်ကာ ပြုစုစောင့်ရှောက်နေရလေသတဲ့၊ မယ်တော်ဖြစ်သော ရူပသာရီ သူဌေးကတော် ကြီးသည်ကား- "ငါ့သားတော်ကြီးရဲ့ ဝေဒနာကို ငါမကြည့်ရက်လိုပေ"ဟု ဆိုကာ- မိမိတိုက်ခန်း တံခါးကိုမှီပြီး ရပ်တည်နေရှာပါတယ်၊ မိမိရဲ့ သားတော်နှင့် အချိန်ကာလကြာမြင့်စွာ ခွဲခွာနေကြရပြီး

ယခုလို သားတော်နှင့်တွေ့ပြန်တော့ အနာဂရောဂါ ဝေဒနာဒဏ်ကို ပြင်းထန်စွာ ခံစားနေရသော သားတော်ကိုမြင်တွေ့ရရှာသော မယ်တော်ကြီးခမြာ အဘယ်မျှ သောကဖြစ်နေရှာမည်ကိုတော့ ကိုယ်ချင်းစာပြီး ကြည့်ကြပေတော့။

ထိုအခါ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် "တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တာမထေရ်မြတ် ယခုအခါ အဘယ်အရပ်၌ သီတင်းသုံးလေသနည်း" ဟု ကြည့်ရှုကြရာ "နာဠကရွာ မိမိဖွားတော်မူရာတိုက်ခန်း၌ ပရိနိဗ္ဗာန်စံရာ ညောင်စောင်းထက်၌ လျောင်းစက်နေတော်မူပေသည်၊ ငါတို့သည် နောက်ဆုံးဖူးမျှော်ရန် သွားကြကုန်အံ့" ဟု တိုင်ပင်ကာ လာရောက်ရှိခိုးပြီး ရပ်နေလေသတဲ့။

မထေရ်မြတ်က- "ဧကတုမှေ၊ သင်တို့အဘယ်သူများနည်း" ဟု မေးတော်မူသဖြင့် နတ်မင်းကြီးများက- "မဟာရာဇာခနာ ဘန္တေ၊ တပည့်တော်တို့ စတုမဟာရာဇ် နတ်မင်းကြီးများ ဖြစ်ကြပါသည်ဘုရား" ဟု လျှောက်ထားကြပါတယ်၊ မထေရ်မြတ်က- "အဘယ့်ကြောင့် လာရောက်ကြသနည်း" ဟု မေးတော်မူလျှင် "သူနာပြုများဖြစ်ကြပါမည်၊ မထေရ်မြတ်ကို ပြုစုလုပ်ကျွေးကြရန် လာရောက်ကြပါသည်ဘုရား" ဟု- လျှောက်ထားကြသောအခါ "ရှိပါစေတော့၊ ငါ့အား သူနာပြု ရှိနေပေပြီ၊ သို့အတွက် အသင်တို့ပြန်ကြလော့" ဟု မိန့်ဆိုကာ ပြန်လွှတ်လိုက်တော်မူပါတယ်။

ထိုစတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ ပြန်သွားကြလေလျှင် တာဝတိံသာ နတ်တို့ သေဌ်နင်း သိကြားမင်းသည်လည်း အရှင်မြတ်ထံ ချဉ်းကပ်လာရောက်ကာ ခစားပါတယ်- သိကြားမင်းခစားရာမှ ပြန်သွားလေလျှင် သုယာမနတ်မင်းကြီး အစရှိသောနတ်ဘို့မင်းကြီးများလဲ အသီးသီးလာရောက်ခစားကြလေသတဲ့၊ ထိုနောက်မှ မဟာဗြဟ္မာကြီးများလာရောက်ခစားကြတယ်၊ အရှင်သာရိပုတ္တာရာမထေရ်မြတ်ကြီးသည် မိမိထံသို့ သူနာပြုအဖြစ်ပြုစုလုပ်ကျွေးရန် လာရောက်ခွင့်ပန် လျှောက်ထားကြ, ချဉ်းကပ်လာရောက်ကြတဲ့ နတ်,ဗြဟ္မာအားလုံးတို့ကို ရှေးနည်းတူစွာ မိန့်ဆို၍ ပြန်လွှတ်တော်မူပါတယ်၊ ဘုန်းကံကြီးမားတဲ့ မထေရ်မြတ်ဆိုတော့- နတ်မင်းကြီးတွေ, ဗြဟ္မာမင်းကြီးတွေ တရုံးရုံးလာရောက် ခစားကြတာဘဲနော်။

ယခုခေတ်မှာလဲ ဘုန်းကံကြီးမား နာမည်ကျော်ကြားတဲ့ မဟာထေရ်ကြီးများ မိမိတို့ မြို့ရွာ ဒေသသို့ တရားရေအေးတိုက်ကျွေးဘို့ရန် ကြွရောက်လာပါလျှင် သူ့ထက်ငါအရင်ဖူးမြင်ကြရအောင် အလှူဒါနပြုကြရအောင် ဆဒ္ဒါတရားထက်သန်စွာဖြင့် တရုံးရုံး ဝိုင်းအုံရောက်ရှိလာကြတဲ့ ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ-ဒါယိကာမများကို တွေ့မြင်ရတဲ့အခါမှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလ ရှေးအခါက ဗုဒ္ဓဘာသာဝင်သူတော်စင်များလဲ မိမိတို့ မြို့ရွာ ဒေသသို့ မြတ်စွာဘုရားကြွရောက်လာလျှင် ဒီလိုပဲ-ရွှင်လန်းဝမ်းမြောက်စွာ မြတ်စွာဘုရားထံသွားလာချဉ်းဆပ် ကြမည်၊ လှူကြတန်းကြမည်၊ တရားတော်ကို နာယူကြမည်ကို မြော်မှန်းပြီး ကြည်နူးဝမ်းမြောက် ကြရပေတယ်နော်။

မယ်တော်ရူပသာရီ ပုဏ္ဏေးမကြီးသည် ဒိုဗြဟ္မာတွေသားတော်ဖြစ်သော အရှင်သာရိပုတ္တာရာ မထေရ်မြတ်ထံသို့ ရောက်လာကြသည်ကိုရင်း,ပြန်သွားကြသည်ကိုရင်း တွေ့မြင်ရလျှင် "ကေနုခေါ တေ မမပုတ္တံ ဝန္ဒိတွာဂစ္ဆန္တိ=ငါ၏သားတော်ဥပတိဿကို ရှိသေမြတ်နိုးရှိခိုးပြီးကာ ပြန်သွားကြကုန်သော

ထိုသူများကား အဘယ်သူများဖြစ်ကြလေသနည်း''ဟု သိရှိလာသဖြင့် မထေရ်မြတ်၏တိုက်ခန်းတံခါး အနီးသို့သွားကာ ''တာတစုန္ဒ ၊ကာ ပဝတ္တိ =ချစ်သား စုန္ဒ၊ ဘာဖြစ်နေသနည်း''ဟု မေးမြန်း လေသတဲ့။

ညီတော်ဖြစ်သော စုန္ဒမထေရ်သည် မယ်တော်ကြီးအား နောင်တော်ကြီး ဥပတိဿ မကျွန်း မမာဖြစ်နေကြောင်းကို ရှင်းလင်းပြောပြပြီးနောက်- အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံ ချဉ်းကပ် ပြီးလျှင်-

မဟာဥပါသိကာ ဘန္တေ အာဂတာ။

ဘန္တေ၊ နောင်တော်သခင် အရှင်မြတ်ဘုရား။ မဟာဥပါသိကာ၊ မယ်တော် ဒါယိကာ မကြီးသည်။ အာဂတာ၊ အရှင့်ထံမှောက် ချဉ်းကပ်ရောက်လာပါသည်ဘုရား ဟု လျှောက်ထား လိုက်ပါတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မယ်တော်ရူပသာရီပုဏ္ဏေးမကြီးအား ''ဒါယိကာမကြီး အဘယ်ကြောင့် အချိန်အခါမဟုတ်ဘဲ လာရောက်ရသနည်း''ဟု မေးမြန်းလေရာ မယ်တော်ကြီးက- တုယှံ တာတ ဒဿနတ္ထာယ=ချစ်သား သင်ချစ်သားကို ဖူးမြင်ရန်လာရောက်ပါသည်-ဟု ပြောဆို ပြီးနောက်-

သားတော်ထံမှောက်သို့ အရောင်အဝါ ထွန်းလင်းတောက်ပစွာဖြင့် မကြာခဏ ရောက်ရှိ လာကြ, ပြန်သွားကြတဲ့ သူများအကြောင်းကို မေးမြန်းလိုသဖြင့်-

သမ္ဗဒိသာ ဩဘာသေန္တာ၊ ကေ တာတ ပဌမာဂတာ။
ပတာဝသာနေ ကေတေ၊ ဇောတမာနေ၀ အာဂတော။

တာတ၊ မိခင်ရင်းနှင့်, ချစ်၍မငြီး, အို-သားတော်ကြီး။ ပဌမံ၊ သားတော်ထံမှောက် လာရောက်ကြကာ, သူခပ်သိမ်းတို့၏, ရှေးဦးစွာ။ သဗ္ဗာဒိသာ၊ ဝန်းကျင်ပတ်ချာ,ခပ်သိမ်းကုန်သော အရပ်မျက်နှာတို့ကို။ဩဘာသေန္တာ ကိုယ်အရောင်ဖြင့်, ပြောင်ပြောင်မြူးကြွ,တောက်ပစေကုန်လျက်။ အာဂတာ၊ သင်ချစ်သားထံမှောက် လာရောက်ကြသော သူတို့ကား၊ ကေ၊ ဇာတိမျိုးရိုး, ဘုန်း တန်ခိုးကြီးမား အဘယ်သူများပါနည်း။ ကေတေသံ၊ ထိုသူတို့၏။ ဂတာဝသာနေ၊ ချစ်သားထံမှ, ပြန်သွားကြရာ နောက်အခါ၌၊ ဇောတမာနေ၊ ထိုသူတို့ထက်, ဆထက်လွန်ကဲ, အထူးသဖြင့်, ထွန်းလင်းတောက်စေလျက်။ အာဂတော၀၊ နောက်ဆုံးအခါ ရောက်ရှိလာသော သူသည်လည်း။ ကော၊ တန်ခိုးဂုဏ်သိန်, ဘုန်းရှိန်ကြီးမား, ထူးခြားဘိမူ, အဘယ်သူပါနည်းချစ်သား။

ဒီလိုမယ်တော်ကြီးက မေးသဖြင့် ထိုလာရောက်သူများ အကြောင်းကို မယ်တော်ကြီးသိအောင် အရှင်မြတ်က ဖြေကြားတော်မူသည်မှာ-

ပထမံ စတုမဟာရာဇာ၊ တာတာ ပဋ္ဌာ ပုရိန္ဒဒေါ။
တုယှံ သတ္ထာ မဟာဗြဟ္မာ၊ ဇောတမာနေ၀ အာဂတော ။

မဟာဥပါသိကေ၊ ကျေးဇူးကြီးဘိ, မွေးမိခင်ဖြစ်သော ဒါယိကာမကြီး။ ပထမံ၊ ရှေဦးစွာ။ အာဂတာ၊ သားတော်ထံမှောက် ရောက်လာကုန်သောသူတို့သည်ကား။ စတုမဟာရာဇာ၊ စတု-မဟာရာဇာနော၊ ဓတရဋ္ဌ,ဝိရုဠ္ဟက ဝိရူပက္ခ, ကုဝေရဟု, နာမကျော်ဟီး နတ်မင်းကြီးလေးယောက်တို့ပေတည်း။ တတောပစ္ဆာ၊ ထိုမှ နောက်၌။ (ဝါ) ထိုနတ်ကြီးလေးပါးမှ နောက်ကာလ၌။ အာဂတော၊ သားတော်ထံပါး ခစားရောက်လာသော သူသည်ကား- ပုရိန္ဒဒေါ၊ တာဝတိံသာ, နတ်တို့ရှာမှ, ဘုန်းတေဇာကြီးမားသည့် သိကြားမင်းပေတည်း။ တတော၊ ထိုနတ်ကြီးများနှင့် တာဝတိံဘုံသား သိကြားမင်းတို့၏။ ဂတာဝသာနေ၊ မိမိတို့ဘုံနန်းသို့ ပြန်သွားကြရာ နောက်ဆုံးအခါ၌။ ဇောတမာနာဝ၊ ထွန်းတောက်ပဗြိုး, ဆီမီးအလားသို့။ အာဂတော၊ သားတော်ထံပါး ခစားရောက်လာသောသူသည်ကား။ တုယှံ၊ မွေးသည့်မိခင် သင်ဒါယိကာမကြီး၏။ သတ္ထာစ၊ ရိုသေလေးမြတ်, ဆည်းကပ်ကြရာ, ဆရာလည်းဖြစ်သော။ သဂဝါစ၊ ဤသည့်ကမ္ဘာ, သတ္တဝါကို, သူသာပူပြင်, ဖန်ဆင်းရှင်ဟု, ထင်မြင်စွဲမှတ်, ဘုရားမြတ်လည်းဖြစ်ပေသော။ မဟာဗြဟ္မာ၊ အများသတ္တဝါ လေးစားစွာဖြင့် မက္ခာနေ့ည, ဦးညွှတ်ကြရာ, မဟာဗြဟ္မာကြီးပေတည်း။

ဤကဲ့သို့ မယ်တော်ရူပသာရီပုဏ္ဏေးမကြီးအား ရှင်းလင်းဖြေကြားလိုက်ပါတယ်၊ ဆိုလိုရင်းအဓိပ္ပါယ်ကတော့—

မယ်တော်ဒါယိကာမကြီးက- ချစ်သား ဥပတိဿ သားတော်ထံသို့ ပထမဆုံး လာရောက်ခစားတဲ့သူများက အဘယ်သူများဖြစ်ကြသနည်း-ဟု မေးမြန်းသဖြင့် မထေရ်မြတ်က-ဒါယိကာမကြီး သားတော်ထံသို့ ပထမဆုံးလာရောက်ခစားကြတဲ့သူများကတော့- ဓတရဋ္ဌ,ဝိရုဠ္ဟက,ဝိရူပက္ခ,ကုဝေရ-ဟု ခေါ်တဲ့နတ်မင်းကြီးလေးပါး ဖြစ်ပေတယ်-ဟု ဖြေကြားတော်မူလိုက်ပါတယ်။

ထိုအခါမယ်တော်ရူပသာရီ ပုဏ္ဏေးမကြီးက အံ့အားသင့်စွာဖြင့် အို့ချစ်သား-သင်ချစ်သားက ဤနတ်မင်းကြီးလေးယောက်တို့ထက် သာလွန်မြင့်မြတ်သလော-ဟု မေးမြန်းလေသဖြင့် မထေရ်မြတ်က ဖြေကြားလိုက်သည်မှာ—

မယ်တော် ဒါယိကာမကြီး- ဤနတ်မင်းကြီးလေးယောက်တို့ကား သားတော်တို့၏ အရံမ်စောင့်များနှင့် တူကြပါသည်၊ ဤနတ်မင်းကြီးလေးယောက်တို့သည် သားတော်တို့၏ဆရာဖြစ်သော မြတ်စွာဘုရား ပဋိသန္ဓေတည်နေသော အခါမှစ၍ သံလျက်လက်ဆွဲကြကာ စောင့်ရှောက်ကြရပါသည်-ဟု မိန့်ကြားတော်မူပါတယ်၊ ထိုနောက် မယ်တော်ကြီးကဆက်၍ ချစ်သားဥပတိဿ အဲဒီနတ်မင်းကြီးလေးယောက် ပြန်သွားပြီးတဲ့နောက် အရောင်အဝါ တောက်ပစွာဖြင့် ရောက်ရှိလာသူကား အဘယ်သူနည်း-ဟု မေးသဖြင့် "ဒါယိကာမကြီး- ထိုသူကား- နတ်တို့၏မင်းဖြစ်သော သိကြားမင်းဖြစ်ပေသည်-ဟု မထေရ်မြတ်က ပြောကြားလျှင် ရူပသာရီ ပုဏ္ဏေးမကြီးက "အို-ချစ်သား ဥပတိဿ- ထိုသိကြားမင်းထက်လဲ သင်ချစ်သားက သာလွန် မြင့်မြတ် တန်ခိုးကြီးသလော" ဟု မေးပြန်ရာ-"မယ်တော်ကြီး- ဤသိကြားမင်းသည်ကား သားတော်တို့၏ သင်္ကန်း သပိတ် ပရိက္ခရာကို ကိုင်ဆောင်သော သာမဏေငယ်နှင့်တူပါသည်၊ ဤသိကြားမင်းသည် သားတော်တို့ဆရာ ဘုရားမြတ်စွာ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းတော်မူသောအခါ သပိတ် သင်္ကန်းကို ကိုင်ဆောင်ကာ လိုက်ပါခဲ့ပါသည်-ဟု အမိန့်ရှိတော်မူပါတယ်။

ချစ်သားဥပတိဿ– အဲဒီသိကြားမင်း ပြန်သွားပြီးနောက် အရပ်ထက်ဝန်းကျင်၌ ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ထွန်းလင်းတောက်ပစွာ ရောက်လာပြီး သားတော်ကို နောက်ဆုံး ခစားသောသူကား အဘယ်သူနည်း–ဟု မေးမြန်းပြန်သဖြင့်–

မဟာဥပသိကေ တုယှံ ဘဂ္ဂဝါစ သတ္ထာစ မဟာဗြဟ္မာနာမ ဧသောတိ

(ဒီ-၄-၂-၁၄၂)။

မဟာဥပါသိကေ၊ မယ်တော်ဒါယိကာမကြီး။ ဧသော၊ သားတော်ထံပါး နောက်ဆုံး ခစားလာသည့် ထိုသူကား။ တုယှံ၊ သင်မယ်ဘော်ကြီး၏။ ဘဂ္ဂဝါစ၊ ဘုရားလည်းဖြစ်သော။ သတ္ထာစ၊ ဆရာသခင်လည်းဖြစ်ပေသော။ မဟာဗြဟ္မာနာမ၊ သတ္တဝါအများလေးစားကြရာ မဟာဗြဟ္မာကြီးပေတည်း၊ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်ဆိုးတော်မူလေပြီတကား။

မယ်တော်ကြီး– နောက်ဆုံး ခစားရောက်ရှိလာသူကား– မယ်တော်ကြီး၏ ဘုရားလည်းဖြစ်သော ဆရာသခင်လည်းဖြစ်ပေသော မဟာဗြဟ္မာကြီးပေတည်း–ဟု မိန့်ဆိုလေလျှင် "ချစ်သား ဥပတိဿ- သင်ချစ်သားသည် မယ်တော်တို့ဘုရားဖြစ်သော မဟာဗြဟ္မာကြီးထက်ပင် သာလွန်မြင့်မြတ်ပါသလော၊ တန်ခိုးအာနုဘော် ကြီးပါသလော-ဟု ဆက်လက်မေးမြန်းပြန်သဖြင့် မထေရ်မြတ်က- "အိမ်း– သင်မယ်တော်ကြီးတို့ ဘုရားဖြစ်သော ထိုမဟာဗြဟ္မာကြီးထက် သာလွန်မြင့်မြတ် တန်ခိုးကြီးပေသည် မယ်တော်ကြီး၊ 'ထိုမဟာဗြဟ္မာကြီး လေးယောက်တို့ဟာ သားတော်တို့ဆရာ မြတ်စွာဘုရာ မွေးဖွားတော်မူသောနေ့က သားတော်တို့ဆရာ ဘုရားအလောင်းကို ရွှေကွန်ယက်ဖြင့် ခံယူကြဘူးပေပြီ"ဟု မိန့်ဆိုတော်မူကာ ဖြေကြားလိုက်ပါတယ်။

ထိုအခါ ရူပသာရီ ပုဏ္ဏေးမသူဌေးကတော်ကြီးအား "ငါ၏သားတော်ဖြစ်သော ဥပတိဿ ရဲ့ တန်ခိုးအာနုဘော်မင်လျှင် ဤ မျှလောက် ကြီးမြတ်ပါပေသည်၊ ငါ့သားတော်၏ ဆရာဖြစ်သော သဗ္ဗညု မြတ်စွာဘုရား၏ တန်ခိုး အာနုဘော်ဆိုပါက အဘယ်မျှလောက် ရှိပါမည်နည်း၊ သားတော်၏ဆရာ မြတ်စွာဘုရား၏ တန်ခိုး တော်ကား နှိုင်းဘွယ် မရှိအောင် တန်ခိုး အာနုဘော် ကြီးတော်မူမည်သာတကား"ဟု ကြံစည်သည်နှင့်တပြိုင်နက် နှစ်သက်မှုပီတိငါးပါး တဖွားဖွားဖြစ်ကာ တကိုယ်လုံး ပြန့်နှံ့သွားလေသတဲ့။

မထေရ်မြတ်သည် "ငါ၏ မယ်တော်ကြီးအား ပီတိ သောမနဿ ဖြစ်နေပေပြီ၊ ယခုငါသည် တရားဟောကြားသင့်သော အခါကာလပေတည်း"ဟု ဆင်ခြင်စဉ်းစားပြီးလျှင် "ကိံ စိန္တေသိမဟာ-ဥပါသိကေ- ဒါယိကာမကြီး အဘယ် အကြောင်း အရာကို ကြံစည် စဉ်းစား နေပါသနည်း" ဟု မေးမြန်းတော်မူသဖြင့် မယ်တော်ပုဏ္ဏေးမကြီးက ချစ်သား ဥပတိဿငါ၏သားတော်၏ ဂုဏ်ကျေးဇူး တန်ခိုးသည်ပင် ဤမျှလောက် ကြီးကျယ်မြင့်မြတ်ပေ၏ သားတော်ရဲ့ ဆရာဖြစ်သော ထို မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး တန်ခိုးတော်သည်ကား အဘယ်သို့မျှား ဖြစ်လတံ့နည်း-ဟု ဆင်ခြင်စဉ်းစားကာ နေပေ၏ သားတော်ဟု- ပြောဆို လျှောက်ထားလေသဖြင့် မထေရ်မြတ်သည် ငါ၏မယ်တော် ဒါယိကာမကြီးအား ကျေးဇူးဆပ်တရား ဟောကြားဘို့ရန် အခါထန်ပေပြီဟု ဆင်ခြင်တော်မူကာ–

မဟာဥပါသိကေ မယှံ သတ္ထု ဇာတက္ခဏေ မဟာဘိနိက္ခမနေ သမ္ဗောဓိယံ
ဓမ္မစက္ကပ္ပဝတ္တနေစ ဒသသဟဿိလောကတု ကမ္ပိတ္ထ၊ သီလေန သမာဓိနာ ပညာယ
ဝိမုတ္တိယာ ဝိမုတ္တိဉာဏဒဿနေန သဒိသော နတ္ထိ၊ ဣတိပိ သော ဘဂဝါတိ
ဝိတ္ထာရေတွာ ဗုဒ္ဓဂုဏပ္ပဋိသံယုတ္တံ ဓမ္မဒေသနာနံ ကထေသိ။ (ဒီ-ဋ္ဌ- ၂- ၁၄၃)။

မဟာဥပါသိကေ၊ မယ်တော်ဒါယိကာမကြီး။ မယှံ၊ ငါ၏။ သတ္ထု၊ လူနတ်တို့ဆရာ ဘုရားမြတ်စွာ၏။ ဇာတက္ခဏေစ၊ ဘွားဘော်မူသော ခဏ၌၎င်း။ မဟာဘိနိက္ခမနေစ၊ မြတ်သော တောထွက်တော်မူရာ၌၎င်း။ သမ္ဗောဓိယဉ္စ၊ သစ္စာလေးပါးမြတ်တရားကို သိတော်မူသော အခါ၌၎င်း။ ဓမ္မစက္ကပ္ပဝတ္တနေစ၊ ဓမ္မစကြာ တရားဟောကြားတော်မူရာ၌ ၎င်း။ ဒသ သဟဿိ လောကဓာတု၊ တသောင်းသော လောကဓာတ်သည်။ ကမ္ပိတ္ထ၊ ထက်အောက် ဝဲယာ ချာချာ မြဲ့နိမ့် တငြိမ့်ငြိမ့်လှုပ်လေပြီ။

ဘဂဝတာ၊ ငါတို့မြတ်စွာစေသတ္ထာနှင့်။ သီလေနစ၊ အကျင့်အားဖြင့်၎င်း။ သမာဓိနာစ၊ သမာဓိအားဖြင့်၎င်း။ ပညာယစ၊ ပညာ အားဖြင့်၎င်း။ ဝိမုတ္တိယာစ၊ အာရဟတ္တဖိုလ်ဖြင့်၎င်း။ ဝိမုတ္တိဉာဏဒဿနေနစ၊ အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏဉာဏ်ဖြင့် ၎င်း၊ သဒိသော၊ တူသောသူသည်သည်။ နတ္ထိ၊ အမှန်ပကတိ မရှိပေ။ ဣတိပိသောဘဂဝါတိ၊ ဣတိပိသောဘဂဝါအစ ရှိသော စကားဖြင့်။ ဝိတ္ထာရေတွာ၊ အကျယ်ချဲ့၍။ ဗုဒ္ဓဂုဏပ္ပဋိသံယုတ္တံ၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့်စပ်သော။ ဓမ္မဒေသနံ၊ တရားဒေသနာတော်ကို။ ကထေသိ၊ မယ်တော်ကျေးဇူး မြတ်အထူးကို ရည်စူးသတ်မှတ် ကျေးဇူးဆပ်ငြား ဟောကြားတော် မူလေတော့သတည်း။

ဒါယိကာမကြီး–သားတော်တို့ဆရာ ဘုရားမြတ်စွာသည် မီးရှူးသန့်စင် ဖွားမြင်တော်မူသော အခါ, တောထွက်တော် မူသောအခါ, သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်တော် မူသော အခါ,ဓမ္မစကြာ တရားဦး ဟောကြားတော်မူသောအခါတို့၌ တသောင်းသော စကြာဝဠာ လောကဓာတ်ကြီးသည် တသိမ့်သိမ့် မြည်ဟီး တုန်လှုပ်ခဲ့လေပြီ။

သားတော်တို့ဆရာ ဘုရားမြတ်စွာနှင့် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, အရဟတ္တဖိုလ် ဟု ဆိုအပ်သော ဝိမုတ္တိဂုဏ်, ပစ္စဝေက္ခဏာဉာဏ် ဟု ဆိုအပ်သော ဝိမုတ္တိဉာဏဒဿနဂုဏ်အားဖြင့် တူညီမျှတသော သူသည် လောက၌ တစုံတယောက်မျှ မရှိပါချေ၊ သားတော်တို့ဆရာ ဘုရားမြတ်စွာသည် ဤသို့သော အကြောင်းများကြောင့် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်မှုအထူးကို ခံယူတော်မူထိုက်သော အရဟံ ဟူသောဂုဏ်ထူး။

ဥဿယျခမ်ငါးပါး မြတ်တရားတို့ကို ပိုင်းခြားကုန်စင် ကိုယ်တော်တိုင်ထိုးထွင်း၍သိမြင်တော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ ဟူသော ဂုဏ်ထူး, ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါး တို့နှင့် ပြည့်စုံတော် မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္န ဟူသောဂုဏ်ထူး။

ကောင်းသော စကားနှုတ်ခွန်းကိုသာမိန့်ဆိုတော်မူတတ်သောကြောင့်သုဂတဟူသောဂုဏ်ထူး။

သတ္တဩကာသ သင်္ခါရဟု သုံးဖြာသောလောကကို ကုန်စင်အောင် သိမြင်တော်မူသောကြောင့် လောကဝိဒူဟူသော ဂုဏ်ထူး။

အတုမရှိမြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေး၊ သေးသော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန် ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော် မူတတ်သော ကြောင့်အနုတ္တရော ပုရိသ ဒမ္မသာရထိ ဟူသောဂုဏ်ထူး။

နတ်လူများစွာ သတ္တဝါတို့၏ ဆရာတဆူဖြစ်တော် မူသောကြောင့် သတ္ထာဒေဝမနုဿာနံ ဟူသောဂုဏ်ထူး။

သစ္စာ လေးပါးတရားတို့ကို ကိုယ်တော်တိုင်လည်း သိပြီး, သူတပါးတို့ကိုလည်း သိစေတော် မူတတ်သောကြောင့် ဗုဒ္ဓဟူသောဂုဏ်ထူး,–

ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ, တည်းဟူသော ဘုန်းတော် တရားခြောက်ပါး တို့နှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါ-ဟူသော ဂုဏ်ထူးအပေါင်းနှင့် ပြည့်စုံတော်မူသော ဗြဟ္မာ နတ်, လူခပ်သိမ်းတို့၏ ကြည်ဖြူလေးစား အားထ းရာအစစ် ဖြစ်တော်မူသော သယမ္ဘူထွဋ်ထား မြတ်စွာဘုရားဖြစ်ပါသေသည်-ဟု မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးဘော်နှင့် စပ်သော တရားဒေသနာ တော်ကို အကျယ်ဖွင့်ဆို ဟောကြားတော် မူပါတယ်။

ဆောင်ပုဒ်။ ၁။ လကျ်ာရံခဲ ဗုဒ္ဓသားတော်၊ မွေးမိခင်မြတ် ကျေးဇူးဆပ်သော်။
တရားဓမ္မ ဟောပြမြွက်ဖော်၊ မွေးကျေးဇူး-အထူးဆပ်ပြီနော်။

မှတ်ချက် (ဤ တရားကျမ်းစာ၌ပါရှိသော ဗုဒ္ဓါနုဿတိ ဘာဝနာတရားနှင့် ဆက်ကာအကျယ် ချဲ့၍ ဟောကြားလိုက ဟောကြားနိုင်ပါသည်)။

ဗြဟ္မုဏီ ပိယပုတ္တဿ ဓမ္မဒေသနာပရိယောသာနေ သောတာပတ္တိဖလေ ပတိဋ္ဌာယ
ပုတ္တံအာဟ "တာတ ဥပတိဿ ကသ္မာ ဧဝမကာသိ ဧဝရူပံနာမ အမတံမယှံ
စတ္တကံ ကာလံ နအဒါသီ" တိ။ (ဒီ - ဠ - ၂- ၁၄၃)။

ဗြဟ္မဏီ၊ မယ်တော်ဖြစ်သော ပုဏ္ဏေးမ သူဌေးကတော်ကြီးသည်။ ပိယပုတ္တဿ၊ ချစ်အပ်လှ စွာ သားကြီးသြရသ၏။ ဓမ္မဒေသနာပရိယောသာနေ၊ မွေးကျေးဇူးဆပ် တရားမြတ်ကို ဟောကြား အပ်ရာ ပြီးဆုံးသောအခါ၌။ သောတာပတ္တိဖလေ၊ ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းရှင်းကွာသော သောတာ ပတ္တိဖိုလ်၌။ ပတိဋ္ဌာယ၊ တည်ပြီး၍။ ပုတ္တံ၊ သားတော်ဖြစ်လတ် မထေရ်မြတ်ကို။ တာတဥပတိဿ၊ ချစ်သားဥပတိဿ။ ကသ္မာ၊အဘယ့်ကြောင့်။ ဧဝံ၊ ဤသို့။ အကာသိ၊ ပြုဘိသနည်း။ ဧဝရူပံနာမ၊ ဤသို့ သဘောရှိသည် မည်သော။ အမတံ၊ အမြိုက်နိဗ္ဗာန် ချမ်းသာကို။ မယှံ၊ ငါမယ်တော်အား။ စတ္တကံကာလံ၊ ဤမျှလောက်သော ကာလပတ်လုံး။ နအဒါသိ၊ မပေးဝေဘဲနေဘိသနည်း။ ဣတိ၊ ဤသို့။ အာဟ၊ သားတော်ချစ်အား အပြစ်တင်စကား ပြောကြားလေဘော့ သတည်း။

ဆောင်ပုဒ်။ သာရိခေါ်အပ် ထေရ်မြတ်မာတာ၊ သားတော်တရား နာကြားစဉ်ခါ။
ဗုဒ္ဓကျေးဇူး ကြည်နူးစိတ်ပါ၊ ဖိုလ်သောတာ-မုချဆိုက်ရောက်ရှာ။

မယ်တော် ရူပသာရီပုဏ္ဏေးမကြီးသည် ချစ်လှစွာသော မိမိရင်ဖွား သားတော်ကြီး၏ တရား ဒေသနာအဆုံး၀ယ် ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းရှင်းကွ သော သောတာပတ္တိဖိုလ်၌ တည်ပြီးလျှင် သားတော်

ဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို"ချစ်သားဥပတိဿ အဘယ့်ကြောင့် မယ်တော်အား လျစ်လျူပြုကာ နေနိုင်ဘိသနည်း၊ ဤသို့ သဘောရှိသည် ဖြစ်သော အမြိုက်နိဗ္ဗာန် ချမ်းသာမြင့်ကို မွေးမိခင်ဖြစ်သော ငါမယ်တော်အား ဤမျှလောက်သော ကာလပတ်လုံး မပေးဝေဘဲ နေနိုင်ဘိသနည်း"ဟု အပြစ်တင်စကား ပြောကြားကာ နေလေတော့သတဲ့၊ အရှင်မြတ်၏မယ်တော်ကြီးမှာလဲ ယခုအခါမှပင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်နှင့် တွေ့ကြုံဆုံနိုင်ခွင့် ရရှိတော့သဖြင့် ဝမ်းမြောက်ဝမ်းသာစွာ တရားတော်၏ အရ သာကို ရရှိခံစားနေရ ရှာတော့တယ်၊ ထိုသို့ တရားတော်ကို ဟော ကြားပြီးသော်အခါ မထေရ်မြတ်က-

ဒိန္နံ ဒါနိ မေ မာတုရူပသာရိယာ ဗြဟ္မဏိယာ ပေါသာဝနိကမူလံ ဧတ္တကေန ဝဋ္ဋိဿတိ။ (ဒီ-ဋ္ဌ- ၂- ၁၄၃)။

ဒါနိ၊ ယခုအခါ၌။ မေမယာ၊ ဘုရားသားခေါ် ရဟန်းတော်သည်။ရူပသာရိယာ၊ရူပသာရိ အမည်ရှိသော။ ဗြဟ္မဏိယာ၊ပုဏ္ဏားမ သူဌေးကတော်ကြီးဖြစ်သော။မာတု၊ကျေးဇူးရှင် မွေးမိခန မယ်တော်ကြီးအား။ ပေါသာဝနိကမူလံ၊ တင်ရှိခဲ့ဘူး မွေးကျေးဇူးကို၊ ဒိန္နံ၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းရှင်း ကွာအောင် ဒေသနာတရားမြတ် ဟောပြောလတ်၍ ပေးဆပ် ခဲ့အပ်လေပြီ။ ဧတ္တကေန၊ ဤမျှသော သောတာပတ္တိဖိုလ်၌ တည်စေခြင်း တည်းဟူသော မွေးကျေးဇူးကို ပေးဆပ်ခြင်းမျှဖြင့်၊ ဝဋ္ဋိဿတိ၊ ငါ့မယ်တော်အတွက်မှာ ကောင်းစွာဖြည့်ကျင့် သင့်မြတ်ပေလိမ့်မည် သာတည်း။

ယခုအခါ၌ ငါအရှင်မြတ်သည် မယ်တော် ရူပသာရီ ပုဏ္ဏားမ သူဌေးကတော်ကြီးအား ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းရှင်းကွာ၍ သောတာပတ္တိဖိုလ်၌ တည်စေအောင် တရားတော်ကို ဟောကြားခြင်း ဖြင့် မွေးကျေးဇူးမြတ်ကို ပေးဆပ်အပ်ပေပြီ၊ ဤမျှသော သောတာပတ္တိဖိုလ်၌ တည်စေခြင်းတည်း ဟူသော မွေးကျေးဇူးမြတ်ကို ပေးဆပ်ခြင်းမျှဖြင့် ငါ့မယ်တော်ကြီးအဖို့ရာ သင့်မြတ်လောက်ပေပြီ ဟု ကြံစည် စဉ်းစားတော်မူကာ "မဟာဥပါသိကာ၊ မယ်တော် ဒါယိကာမကြီး။ ဂစ္ဆ၊ သွားလေ ဦးလော့"ဟု ပြောဆိုပြီး မယ်တော် ပုဏ္ဏေးမကြီးကို ပြန်လွှတ်မူ၍ "စုန္ဒ-အဘယ်အချိန်အခါ ရောက် နေပြီနည်း" ဟု မေ မြန်းတော် မူလိုက် ပါတယ်၊ ထိုအခါ အရှင် စုန္ဒ မထေရ်မြတ်က"မိုးသောက်ထ အားကြီး လင်းလုနီး အချိန်ရောက်ပါပြီဘုရား"ဟု ညီတော်အရှင် စုန္ဒက လျှောက်ထားလေလျှင် မိမိ၏ နောက်ပါတပည့် ရဟန်းငါးရာတို့ကို ပင့်ခေါ် စုရုံးစေ၍ "စုန္ဒ-ငါ့ကို ထူကာ ထိုင်ပေးစမ်း" ဟု အထူခိုင်းကာ ထိုင်နေတော်မူလျက် အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ရဟန်းတော် အပေါင်းကို-

အာဝုသော စတုစတ္တာလီသံ ဝေါ ဝဿာနိ မယာ သဒ္ဓိံ ဝိစရန္တာနံ ယံ မေ ကာယိကံဝါ ဝါစသိကံဝါ န ရောစေထ၊ခမထ တံ အာဝုသောတိ၊ (ဒီ-ဋ္ဌ ၂-၁၄၃)။

အာဝုသော၊ ငါ့ရှင်တို့။ စတုစတ္တာလီသံဝဿာနိ၊ လေးဆယ့်လေးနှစ် လေးဆယ့်လေးဝါတို့ ကာလပတ်လုံး။ မယာ၊ ငါနှင့်။ သဒ္ဓိံ၊အတူ ကွ။ ဝိစရန္တာနံ၊ လှည့်လည် ကျက်စား သွားလာနေ ထိုင်ကြကုန်သော။ ဝေါ၊ သင်တို့အား။ မေ၊ ငါ၏။ ယံ ကာယိကံဝါ၊ အကြင်ကိုယ်၌ဖြစ်သော အမူ အရာကိုလည်း။ ယံဝါစသိကံဝါ၊ အကြင် နှုတ်၌ဖြစ်သော အမူအရာကိုလည်း။ နရောစေထ၊ ပေါက်ပြန် ဖြစ်ပျက်, ချို့ယွင်းချက်ကြောင့် မနှစ်သက်ကုန်ရာ။ အာဝုသော၊ ငါ့ရှင်တို့။ မေ၊ ငါ၏။ တံ၊ မနှစ်

သက်စရာ ထိုကိုယ်မှု, နှုတ်မှု အဖြာဖြာကို။ ခမထ၊ အပြစ်မယူ, ကြည်ဖြူခွင့်ပေး, ကြေအေးသည်းခံကြပါကုန်လော့။

ဤကဲ့သို့ တောင်းပန်စကား မိန့်ကြားတော် မူသောအခါ ရဟန်းတော်များ အပေါင်းကလည်း အရှင်မြတ်ဘုရား-ဤမျှ လေးဆယ်ငါးဝါ ကြာကာလ ပတ်လုံး အရိပ်ကဲ့သို့ အရှင်ဘုရားတို့ကို မလွတ်မူ၍ လှည့်လည်ကုန်သော တပည့်တော်တို့သည် အရှင်ဘုရားတို့ အပေါ်၌ တစုံတရာ မနှစ်သက်ဖွယ်ဖြစ်သော ကာယကံမှု, ဝစီကံမှု ဟူ၍ မရှိပါဘုရား၊ စင်စစ်အားဖြင့် အရှင်မြတ်တို့ကသာ တပည့်တော်တို့အား သည်းခံတော် မူကြပါကုန် ဘုရား-ဟု ပြောဆို လျှောက်ထားကြပါတယ်။

ထိုကဲ့သို့ ဆရာဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်နှင့် တပည့်ရဟန်း ငါးရာတို့ နောက်ဆုံး ခွဲခွာခါနီးတွင် အချင်းချင်း တောင်းပန် ပြောကြား နေကြသောအခါ ကာလသည်ကား မဟာသက္ကရာဇ်၁၄၇-ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ နံနက် အရုဏ်ဦး အချိန်အခါ ကာလ ဖြစ်ပါတယ်၊ ထို တန်ဆောင်မုန်းလပြည့်နေ့ နံနက် အာရုဏ်ဦး အချိန်အခါတွင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ရေအဆုံးရှိသော မဟာပထဝီ မြေကြီးကို ပဲ့တင်ထပ်စေလျက် အနုပါဒိသေသ နိဗ္ဗာန ဓာတ်ဖြင့် ခန္ဓာပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဇာတ်သိမ်းတော် မူပါတယ်။

ဤဇတ္တု သာကေကို ထောက်ဆပြီး အရှင်သာရိ ပုတ္တရာ မထေရ်မြတ်ကြီးသည် မြင့်မိုရ် မေရုပမာ ပူလောက်အောင် ကျေးဇူး ကြီးမားသော မွေးမိခင် မယ်တော်ကြီးအား အယူမှားယွင်း နေသော ဘဝမှ အယူမှန် ရရှိအောင်, သဒ္ဓါတရားမဲ့သော ဘဝမှ သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်လာအောင်, သီလမဲ့ နေသူအဖြစ်မှ သီလနှင့် ပြည့်စုံသူဖြစ်လာအောင်, မပေးရက်လို ဝန်တိုမှု များသောသူအဖြစ်မှ အလှူဒါနနှင့် ပြည့်စုံသူ ဖြစ်လာအောင် အသိဉာဏ်ပညာ နည်းပါးသော အဖြစ်မှ အသိဉာဏ် ပညာနှင့် ပြည့်စုံသူ ဖြစ်လာအောင် ပို့ဆောင် ကယ်တင်ကာ ကျေးဇူး ဆပ်သွားသည်ကို အမှီပြု အတုယူကာ အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသော သားသမီးများဟာလဲ မိမိတို့ရဲ့ ကျေးဇူးရှင်များ ဖြစ်ကြသော မိခင်ဘခင်တို့အား၊ ကျေလည် ပြည့်ဝ ကျေးဇူး ဆပ်လိုကြပါမူ ပစ္စည်းဥစ္စာ ရတနာတို့ကို ပေးကာ ပြုစု လုပ်ကျွေးခြင်းဖြင့်သာ အားရ တင်းတိမ် မနေကြရဘူးတဲ့၊ လောကုတ္တရာ တရားနည်းလမ်း ဖြင့်လဲ ကျေးဇူးရှင် မိဘနှစ်ပါးတို့အား ကျေးဇူးတုံ့ ပေးဆပ် နိုင်အောင် ကြိုးစားကြရမည် ဖြစ်ပေသည်၊ လောကုတ္တရာ တရားနည်းလမ်းဖြင့်လဲ မိခင်ဘခင် ကျေးဇူးရှင်တို့အား ကျေးဇူးတုံ့ ပေးဆပ် နိုင်ကြပါစေ သတည်း။

**ဆောင်ပုဒ်။** ကျေးဇူးကြီးလှ မိဘဂုဏ်ရည်၊ မြင့်မိုရ် မေရုနိုင်းပြုမမှီ။
သမီးသားတို့ တရားအညီ၊ မွေးကျေးဇူး-အထူးဆပ်ရမည်။
သဒ္ဓါသီလဒါန စာဂီ၊ ပညာတိုးပွား ကျိုးများစေမည်။
မိဘ ကျေးဇူး ရည်စူးလျက်ဘည်၊ ကျေးဇူးမြတ်-ပေးဆပ်ကျေအေးပြီ။

ကဲ-တရားပွဲ သိမ်းရန် အချိန်လဲ တန်ပေပြီ၊ ရှင်လန်း ဝမ်းမြောက်စွာ သာဓုသံမြှုင်မြှိုင်ခေါ်၍ တရားပွဲ သိမ်းကြရအောင် လက်အုပ်ကိုယ်စီ ချီထားကြ ပေးတော့—

အာမိသဒ္ဓေဝ ဓမ္မောစ၊ ပတိကာရာ ဒုဝေ မတာ။
မာတုနံ ကောဝိဒါ ပုတ္တာ၊ ဓမ္မေန ပတိကာရကာ။ (အနက်ပေးမြဲ)

(အဘိဓမ္မာသတ်ကာ တရားပွဲသိ[illegible])

# ကိုယ့်ကိုယ်ကိုး "က" လေးလုံးတရားတော်

(အကျယ်)

လောကမှိ ဗဟဝေါ သတ္တာ၊ ယေဘု ယျေနာ ဘိ ဝုဍ္ဍိယာ။
နိဿယံဝ ဂဝေသန္တိ၊ သက ထာမံ ဝိဝဇ္ဇိတာ။

လောကမှိ၊ ဖြစ်တတ်ပျက်တတ် နှစ်ရပ်ဖွဲ့ဆုံ၊ မြဲကြုံနေရ လူ့ဘုံဌာန၊ ဤလောက၌။ ဗဟဝေါ၊ ကြီးကြီးငယ်ငယ်၊ ရှယ်ရှယ်လတ်လတ်၊ သတ်မှတ်ပိုင်းခြား များပြား လှကုန်သော။ သတ္တာ၊ လူရေနတ်ပါ ပြဟ္မာမကြွင်း ခပင်းများစွာ သတ္တဝါတို့သည်။ ယေဘုယျေန၊ အမြန်စိတ်စော သဘောရင်းထား များသောအားဖြင့်။ အတ္တာနံ၊ အကြံမရှိသဖြင့် အမှန်ကို မသိကြသည့် မိမိတို့၏။ အဘိဝုဍ္ဍိယာ၊ လောကီစည်းစိမ်၊ ဂုဏ်သိန်ပြည့်မောက်၊ တန်ခိုးတောက်သဖြင့်၊ အံ့လောက်ဖွယ်ရာ၊ မှန်စွာဆက်ဆက်၊ တိုးတက်ကြီးပွားခြင်းငှာ။ သက ထာမံ၊ ရှေးကုသိုလ်ကံ၊ အကြောင်းဖန်သဖြင့်၊ အမှန်ဖြစ်လာ၊ လွန်စွာကြီးမား၊ မိမိ၏ စွမ်းအားကို။ ဝိဝဇ္ဇိတာ၊ အရေးတယူ၊ လေးမမူ၊ တွေးယူမှောက်မှား၊ စွန့်ပယ်ကာ ထားကြကုန်၍။ နိဿယံဝ၊ အမြဲမပြတ်၊ ဆည်းကပ်ကိုးကာ၊ မှီခိုရာကို သာလျှင် (ဝါ) နတ်ကိုတမျိုး၊ ဘိုးဘိုးတဖြာ၊ ဗိုလ်ပါဝန်ကြီး၊ အသီးသီးများစွာ၊ မှီခိုရာကိုသာလျှင်။ ဂဝေသန္တိ၊ လုံ့လအားသီး၊ အနည်းနည်းဖြင့်၊ ရှာမှီးကြလေကုန်၏။ (ဝါ) ဂဝေသန္တိ၊ ကူညီနိုင်ရိုး၊ ရည်မျှော်ကိုးလျက်၊ မြတ်နိုးညွတ်ခ ရှာမှီးကြလေကုန်သတည်း။

(ဒါယကာကြီး ဦးစိန်)— ဤလောကကြီး၌ ဖြစ်ပေါ်ထင်ရှား နေထိုင်သွားလာ နေကြကုန်သော လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါ မှန်သမျှတို့သည် မိမိတို့ ကိုယ်ကို မိမိတို့ကြီးပွားလိုကြ ချမ်းသာလိုကြတာ ချည်းဘဲနော်၊ ဒါ့ကြောင့်မို့ ယနေ့ တရားပွဲမှာတော့ "ကိုယ့်ကိုယ်ကိုကိုး" ဆိုတဲ့ က-လေးလုံ တရားကို အသိဉာဏ် အမြင်ရှင်းတဲ့အောင် ရှင်းလင်း ဟောကြား ရပေလိမ့်မယ်၊ အာရုံ တပါး စိတ်မသွားစေဘဲ၊ သဒ္ဓါတရား များများထားပြီး နားစိုက်၍ ထောင်ကာ နာယူမှတ်သားကြ ပေတော့- ခေတ်အားလျော်စွာပေါ့နော်၊ ယနေ့ ရောက်ရှိနေတဲ့ ဒီခေတ်က မှတ်လိုလဲလွယ်၊ ခေါ်တွိုလဲ ကောင်းအောင် စကားလုံးတွေကို အကျဉ်းချုံးပြီး သုံးစွဲတဲ့ အလေ့ရှိကြတာ မဟုတ်လား၊ လ-လ-သ-ဆတို့၊ မ-ဆ-လတို့၊ ပ-ပ-ကတို့၊ ဖ-ဆ-ပ-လတို့၊ ပ-မ-ည-တတို့ အစရှိသည်ဖြင့် အတိုကောက် နာမည်တွေ အလွန်ပင် များလှပါတယ်။

ဖ-ဆ-ပ-လဆိုတဲ့ အတိုကောက် အက္ခရာကတော့-ဖက်ဆစ် ဆန့်ကျင်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့တဲ့။ ပ-မ-ည-တ ကတော့ ပြည်ထောင်စု မြန်မာနိုင်ငံ ညီညွတ် ရေး တပ်ပေါင်းစု အဖွဲ့တဲ့၊ ပ-ပ-က-ပြည်သူ့ ပစ္စည်း ကော်ပိုရေးရှင်း အစရှိသည်ဖြင့် ဝေါဟာရတွေ အကျဉ်းချုံးပြီး အတိုသုံးကြ ခေါ်ဝေါ်ကြတာတွေ အများအပြားပင် ရှိပါတယ်၊ မှတ်လိုလဲ လွယ်တယ်၊ ခေါ်လို့ သဲ ကောင်းပါတယ်။

ဒီလိုအက္ခရာတွေ အကျဉ်းချုံးပြီး သုံးစွဲတာဟာ မြန်မာ ဝေါဟာရမှာသာ ရှိတာမဟုတ်ပါဘူး၊ ဦးပဥ္စင်းတို့ ပါဠိဘာသာ ဝေါဟာရမှာလဲ ရှိဘာပါပဲ-အများသိနေကြတဲ့ ဘဂဝါဆိုတဲ့ ဗုဒ္ဓဂုဏ်တော်ကို အဋ္ဌကထာ၌ နောက်ဆုံး ဖွင့်ပြရာမှာ-ဘဝသုံးပါးတို့၌ ပြေးသွားတဲ့ တဏှာကို ထွေးအံတော်မူအသော မြတ်စွာဘုရား-ဟု ဆိုသော အနက်ဟော "ဘဝေသု ဝန္တ ဂမနော" ပုဒ်ရင်းမှ ဘဝမှဘကိုရင်း, ဝန္တမှ ဝကိုရင်း၊ ဂမန မှ-ဂကိုရင်း ယူ၍ ဘဂဝါ-ဟု နိရုတ္တိနည်းဖြင့် ရုပ်ပြီး လေအတဲ့။

နောက်ပြီး "မေဟနသာ ခဿ မာလာ=မေခလာ။ မေဟနဿ၊ လျှိုးဝှက်သော။ ခဿ၊ အရပ်၏။ မာလာ၊ တန်းဆာတည်း။ မေခလာ၊ လျှိုးဝှက်သော အရပ်၏ တန်းဆာ (ဝါ) ခါးကြိုး၊ (ဝါ) ခါးပတ်တဲ့ ။ဒီမေခလာ ဆိုတဲ့ ပုဒ်ဟာလဲ "မေဟနဿ ခဿမာလာ" ပုဒ်မှ အစစာလုံးစီယူပြီး မေခလာ ဖြစ်လာရသတဲ့။

ထိုနည်းအတူ အင်္ဂလိပ် ဝေါဟာရတွေမှာလဲ ဝိုင်-အမ်-ဘီ-အေတို့၊ ဝိုင်-အမ်-စီ-အေ-အစရှိတဲ့ အတိုကောက် ဝေါဟာရတွေ များစွာပင် ရှိတယ်နော်။

ထိုနည်းရင်းပင် ဦးပဥ္စင်းတို့ ယနေ့ ဟောကြားမည့် တရားကိုလဲ တရားနာယူရန် လာရောက်ကြတဲ့ ဒါယကာ, ဒါယိကာမများ လွယ်ကူစွာ မှတ်သားနိုင်ကြလေအောင် ခေတ်ကာလနှင့်လဲ လျော်ညီစွာ အမည်ပေးလိုက်ပါမယ်၊ ယနေ့ ဟောကြားမဲ့ တရားက "က-က-က-က" တရားတော်တဲ့၊ က-လေးလုံးတရားတော်လို့ ဆိုလိုတာပေါ့နော်-

လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော။ လုဇ္ဇတိ၊ ပျက်တတ်၏။ ပလုဇ္ဇတိ၊ အပြားအားဖြင့် ပျက်တတတ်၏၊(ဝါ)အပျက်ကြီး ပျက်တတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။လောကော၊လောက မည်၏-တဲ့။

ဒီလောကဆိုတာ အပျက်ကလေး အပျက်ကြီး အမြဲတန်း အသီးသီးပျက်စီး၍နေတဲ့ သဘောရှိတယ်၊ တနည်းအားဖြင့် ဆိုရလျှင် ဖြစ်ပေါ်လာတဲ့ အရာမှန်သမျှသည် တရွေ့ရွေ့ ပျက်စီးပြီးနေသောကြောင့် (ဝါ) ဖြစ်တတ်, ပျက်တတ်သော သဘောရှိသောကြောင့် လောကလို့ ခေါ်ဆိုရခြင်း ဖြစ်တယ်နော်၊ သက်ရှိ သတ္တဝါတွေလဲ တရွေ့ရွေ့ ပျက်စီးပြီး နေကြတာဘဲ၊ မိမိတို့ကသာ ပျက်ခြင်း သဘောတရားကို ဉာဏ် မဝင်စားနိုင်တာကလား၊ ပျက်ခြင်း သဘောတရားကတော့ တန့်နားတယ်လို့ မရှိပါဘူး၊ နောက်ပြီးတော့ အဝိညာဏက သက်မဲ့ အရာဝတ္ထုတွေဖြစ်တဲ့ တောတောင် ရေမြေ အစရှိသော အရာဝတ္ထု မှန်သမျှတွေလဲ တရွေ့ရွေ့ ပျက်စီးပြီး နေကြတာပါပဲ၊ အမြဲတည်တန့်သော အရာဆို၍ ပရမတ် တရားမှတပါး ဘယ်ဟာမှ မရှိပါဘူး၊ လောကဆိုတာ တရွေ့ရွေ့ ပျက်ပြားနေတာကို ခေါ်ဆိုတာတဲ့- (ဒကာကြီး-ဦးစိန်ရှဲ)။

ဒီလောကကြီးအတွင်း၌ မှီဘင်းနေထိုင် ကြကုန်သော ပုပုရွရွ များပြားလှစွာ လူ, နတ်, ပြဟ္မာ, စသော သတ္တဝါတို့သည် များသောအားဖြင့် မိမိတို့၏ ကြီးပွားခြင်း, ချမ်းသာခြင်းကို အသီးသီး အလိုရှိကြတာ ချည်းဘဲနော်၊ မိမိကိုယ်ကို မကြီးပွားလိုသော သတ္တဝါဆိုတာကတော့ လွန်စွာ ရှားပါလိမ့်မယ်၊ အကယ်၍ ရှိခဲ့လျှင်လဲ အနိမ့်ဆုံးသော အဆင့်အတန်းမှာ နေထိုင်ကျက်စားတဲ့ သတ္တဝါမျိုးကို မှတ်သားကြ ပေမယ်ပေါ့၊ ထိုကဲ့သို့ မိမိတို့ကိုယ်ကို ကြီးပွားလို, ချမ်းသာလိုသော သူတို့သည် မိမိတို့၏ ကာယစွမ်းအား, ဉာဏ်စွမ်းအား ခေါ်တဲ့ ကိုယ်အား, ဉာဏ်အားကို

ယုံစားသမှု **အသုံးမပြုကြဘဲ** အလွယ်လမ်းလိုက်**ကာ** လျှင်မြန်**စွာ** ကြီးပွား ချမ်းသာလိုလှ**သဖြင့်** အားကိုးရာကို ရှာကြတာဟာ ဓမ္မတာပင် ဖြစ်နေပြီပေါ့နော်၊ လူသားတွေ အနေဖြင့်ဆိုလျှင် နတ်ကိုလဲ **အားထားပြီး** **ကိုးကွယ်နေကြရတာဘဲ**၊ မင်းကြီးတို့၊ မင်းကလေးတို့၊ မင်းမဟာဂီရိတို့၊ ရှင်ပိုင် ဦးရှင်ကြီးတို့၊ **မနဲ့လေးတို့** **အစရှိ**သည်ဖြင့် နတ်ပေါင်းကို စုံနေတာပါဘဲ-ဗိဿနိုး **အစရှိတဲ့** နိုင်ငံခြားသား နတ်တွေတောင် ပါသေးတယ်၊ (ဒကာကြီး-ဦးစိန်ရဲ့)။

**နောက်ပြီးတော့**-ဝိဇ္ဇာ, ဇော်ဂျီ တပသီတို့ကိုလဲ **အားကိုးရ**, ဘိုးဘိုးတို့ ဘွားဘွားတို့ ဘိုး**တော်တို့**, ဘွား**တော်**တို့ကိုလဲ **အားကိုးရှာကြရတယ်**၊ ကုန်ကုန်ပြောရလျှင် ဆုတောင်းဌာန ရှိကြတဲ့ အရာ ရှိအရာခံများ **စစ်ဗိုလ်** ဝန်ကြီး အသီးသီးတို့ကိုလဲ အားကိုးမှု ရှာမှီးကြရနဲ့ အားကိုးဘွယ်ရာကို ရှာနေကြတာနှင့်ပဲ မောနေတော့တာဘဲကလား-(ဒကာကြီး ဦးချိန်)။ **အညာဒေသတွင် ရုပ်သေးပွဲများ**မှာ **ထွက်လေ့ကပြလေ့ရှိတဲ့** ဇော်ဂျီရုပ်လို ဖြစ်နေကြပြီပေါ့နော်၊ ရုပ်သေးပွဲမှာ **ဇော်ဂျီရုပ်** **ထွက်**လာလျှင် တောင်ဝှေးကို ထောက်ကာ တောင်ကို မျှော်ကြည့် မြောက်ကို မြှော်ကြည့်ပြီးလျှင် "တောင်ဝှေးကိုထောက်ပါလို့ တောင်မြောက်မျှော် တောင်မြောက်မျှော်"လို့ ဆိုတယ်မဟုတ်လား၊ ဒါ့ကြောင့်မို့ လူတွေလဲ ပွဲထဲက **ဇော်ဂျီရုပ်**လို ဖြစ်နေပြီလို့ **ပြောရဒါကုံး**၊ **ဟို့**ဒကာ, ဒကာမတွေလဲ တောင်**ကို** မျှော်ရ, မြောက်ကိုမျှော်ရနှင့်ဘဲ **အချိန်ကုန်** နေကြရော့လား-**မပြောတတ်တော့ပါဘူး**၊ ဦးဇော်ဂျီတို့, ဒေါ်ဇော်ဂျီတို့များ ဖြစ်ကုန်ကြပြီလား။

လူတွေသာ ဒီလို အားကိုးရာကို ရှာမှီး**တတ်ကြတာ** မဟုတ်ဘူးနော်၊ **နတ်ပြည်လောက** **နတ်သားတွေ**, **နတ်သမီးတွေလဲ** **အဆင့်ဆင့်** မိမိတို့**ထက်** တန်ခိုးဣဒ္ဓိပါဒ် ကြီးမား**ကြ**တဲ့ နတ်တွေကို **အားကိုးမှု** ပြုရတာဘဲတဲ့။

ဗြဟ္မာပြည် လောက- ဗြဟ္မာတွေလဲ **ထိုနည်းငင်းပါဘဲ**၊ မိမိတို့ကို မဟာဗြဟ္မာကြီးက မွေးဖွားထားခြင်း ဖြစ်တယ်၊ **မဟာဗြဟ္မာကြီးဟာ** မိမိတို့ရဲ့ ကျေးဇူးရှင်- မိမိတို့ရဲ့ အဘဖြစ်တယ်-လို့ ယုံကြည်ကြတယ်၊ အလုံးစုံသော ဘောဂတောင် **ရေမြေ အစ**ရှိသော အဆောက်အအုံ အထွေထွေကိုလဲ ဒီမဟာဗြဟ္မာကြီး**က** ဖန်ဆင်း **ထား**ခြင်းဖြစ်တယ်-လို့ ယူဆကြသတဲ့၊ မဟာဗြဟ္မာ**ကြီး**ကိုဘဲ အားကိုးသမှု ပြုနေကြ**ရတာပေါ့**၊ အထက်**ဘုံသား**ဖြစ်တဲ့ ဗြဟ္မာတွေပင် မိမိတို့ထက် တန်ခိုးဣဒ္ဓိပါဒ် **ကြီးမား**လှသော မဟာဗြဟ္မာကြီးကို အားထားရာ, မှီခိုရာ ပြုနေကြရသေးတယ်ဆိုတော့ လူသားတွေ, နတ်တွေ ထိုမှတပါးသော သတ္တဝါတွေ **အားလုံးမှာ**ဆိုလျှင် ပြောဘွယ်ပင် မရှိတော့ဘူးလို့ ဆိုရပေလိမ့်မယ်။

**ဆောင်ပုဒ်**။　လောကီနယ်ဘွား-များပြားသတ္တဝါ၊ တိုးတက်ကြီးပွား-လိုလားလျက်သာ။
မှီရာကိုပဲ-ရှာမြဲရှာကာ၊ ကိုယ့်စွမ်းအား-စွန့်ထားကြပေတာ။

သံသရာခရီးသွား ဖြစ်ကြတဲ့ လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့သည် မိမိတို့၏ ကြီးပွား တိုးတက်**ရေး** ချမ်း**သာ**သုခ ရရှိဘို့ အရေးအတွက် **များ**သော**အား**ဖြင့် မိမိတို့၏ ကိုယ်ပိုင်စွမ်းအား**များကို** ပစ်ပယ်ထားကာ မှီခိုရာကိုသာ အမြဲတမ်း ရှာမှီးတာကြပေတယ်တဲ့၊ များသောအားဖြင့်လို့ ယေဘုယျ သဘောထားကိုသာ ပြောကြားရတာနော်၊ အနည်းငယ်သော သူများတော့လဲ မိမိတို့**ကိုယ်ပိုင်** စွမ်းအားကို **အားထားတဲ့** ပုဂ္ဂိုလ်တွေလဲ ရှိပေမယ်ပေါ့၊ ဒီလို သူတပါးကို **အားကိုး** မှီခို**ခြင်း**, **သူတပါး** လက်ဝေ ခံယူခြင်းဆိုတာ လောကီနယ် **လောကီစည်းစိမ်မျိုး** အနေနှင့်**တော့** **အနည်း**

ယော်မျှ ရသင့်သလောက် ရရှိနိုင်ပေလိမ့်မယ်၊ ဒါပေမဲ့ (ဓကာကြီးဦးစိန်) လောကုတ္တရာ တရား လောကုတ္တရာ စည်းစိမ် ချမ်းသာမျိုးကျတော့ ဒီလို တဆင့် ပေးကမ်းလို့ မရနိုင်တော့ လက်ဝေခံ ယူလို့ မရနိုင်တော့ဘူး၊ သူတပါးချည်း အားကိုးလို့ မရနိုင်တော့ဘူး၊ ကိုယ့်ကိုယ်ကို ကိုယ်ကိုးပြီး ကိုယ်ပိုင်စွမ်းအားဖြင့် ကိုယ်ထိုင် ကြိုးစားမှသာလျှင် ရရှိနိုင်ပေတယ်။

သုံးလူထွဋ်ထား တရားသခင် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားပင်လျှင် ညီတော်အရင်းဖြစ်တဲ့ အရှင်နန္ဒနှင့် သားတော်ရင်းဖြစ်တဲ့ ရှင်ရာဟုလာတို့ကို မိမိရရှိ ထားတဲ့ လောကုတ္တရာ တရားတော် မြတ်ကို လက်ဆင့်အနေဖြင့် ပေးကမ်းလို့ ရတော် မမူသဖြင့် နည်းလမ်းညွှန်ပြကာ ကိုယ်တိုင်သာ လျှင် ကျင့်ကြံစေတော်မူတယ် မဟုတ်လား၊ ကိုယ်တိုင်ကျင့်ကြံမှသာလျှင် ကိုယ်ပိုင် ရရှိနိုင်ပေတယ်၊ ကိုယ်တိုင်မကျင့်ကြံလျှင် ကိုယ်ပိုင် မရရှိနိုင်ဘူး၊ ကိုယ့်ကိုယ်ကိုသာ ကိုယ်အားကိုးပြီး ကိုယ်တိုင်ကြိုး စားကြရမည် ဖြစ်တယ်၊ သူတပါးကို အားကိုး၍ မရရှိနိုင်တဲ့ သဘောကို ကောင်းစွာသိမြင်စေတော် မူခဲ့ခြင်း ဖြစ်ထယ်။

လောကီနယ်တွင် ရွှေ,ငွေ, ရတနာ စည်းစိမ်ဥစ္စာဆိုတာက ရုပ်ဝတ္ထုပစ္စည်းများ ဖြစ်၍ ကိုင်တွယ် သုံးသပ်လို့လဲ ရရှိတယ်၊ သို့ဖြစ်၍ပင် တဦးလက်၌ရှိသော ဝတ္ထုပစ္စည်းကို တဦးလက်သို့ ကူးပြောင်း ပေးကမ်းလို့ ရရှိနိုင်ခြင်း ဖြစ်ပေတယ်နော်၊ မိဘဆွေမျိုးများ အကြီးအကဲ ပုဂ္ဂိုလ် များက ချီးမြှောက် ပေးကမ်းသဖြင့် ရရှိသော ပစ္စည်းဥစ္စာ ရတနာရှိသော သူသည်လည်း များ သောအားဖြင့် မိမိကိုယ်တိုင် ချွေးမြေကျအောင် ကြံဆောင် လုပ်ကိုင်၍ ရရှိသော ပစ္စည်းဥစ္စာများ လောက် ရှိသေလေးစားမှု မပြုတတ်ကြပေဘူးတဲ့၊ မိမိကိုယ်တိုင် လုပ်ကိုင်၍ ရရှိသော ဥစ္စာပစ္စည်း မဟုတ်သဖြင့် တန်ဘိုးကို မသိကြဘူးလို့ ဆိုရပေမယ်ပေါ့၊ မိမိကိုယ်တိုင် လုပ်ကိုင် ရှာဖွေ စုဆောင်း တဲ့ ဥစ္စာပစ္စည်းများကြတော့ လုပ်ကိုင်ရှာဖွေရမှု စုဆောင်း သိမ်းဆည်းရမှုတို့ကို မလွယ်ကူသော အကြောင်းကို ကိုယ်တိုင်ပင် ကောင်းကောင်းကြီး သိမြင်ရပြီး ဖြစ်၍ ထိုပစ္စည်းများကိုမှ လေးလေး စားစား မြတ်နိုးမှု နှစ်သက်မှု ရှိတတ်ကြပေတယ်။

လောက မျက်မြင်မှာလဲ အလွန်ပင် ထင်ရှားပါတယ်၊ လောက၌ အချို့သော သူများဟာ မိဘအိမ်မှာ နေရစဉ် အခါက မိဘရှာဖွေ ကျွေးမွေးသည်ကို အေးချမ်းစွာ စားသောက် သုံးစွဲ ယင်းရွှေ, ငွေ, တန်ဘိုး ပစ္စည်းဥစ္စာ တန်ဘိုးတို့ကို မသိရှိဘဲ ထင်သလို သုံးဖြုန်းပစ်တတ်ကြသော်လဲ ထိုသူတို့သည် အိမ်ထောင်ရသား ကျသွားကြပြီး မိမိတို့ ကိုယ်ပိုင် အိုးနှင့် အိမ်နှင့် နေကြရပြီဆိုတဲ့ အခါကြတော့ စီးပွားဥစ္စာကို မိမိကိုယ်တိုင် ရှာကြံရတာဖြစ်တဲ့အတွက် ပစ္စည်းဥစ္စာရဲ့ တန်ဘိုးကို သိရှိလာတတ်ကြတယ် စုတတ်, ဆောင်းတတ်, လုပ်တတ်လာကြတယ်၊ ရှေရေး နောက်ရေးတွေကို မျှော်တွေး တတ်သာကြတယ်နော်၊ ရှာတတ်, ဖွေတတ်, စုတတ်, ဆောင်းတတ်, ထိန်းတတ်, သိမ်း တတ်လဲ ဖြစ်လာပါတယ်၊ ဤကဲ့သို့ မိမိတို့ ကိုယ်ကို မိမိတို့ အားကိုးပြီး ကြိုးစားကြမှသာလျှင်လဲ တိုးတတ်မှု ကြီးပွားချမ်းသာမှုဆိုတာ ဖြစ်နိုင်တာကိုး။

ဇော်ဂျီရုပ်လို တောင်မျှော်ကြည့်, မြောက်မျှော်ကြည့်, တောင်အားကိုး, မြောက်အားကိုး နှင့် မိမိတို့ရဲ့ ကိုယ်ပိုင်စွမ်းအားကို ယုံကြည်စွာ အသုံးမပြုဘဲ သူတပါးတို့ကိုသာ ယုံကြည် လေးစား အားကိုးမှားနေလျှင်တော့ အကျိုးတရားထက် အဆိုးများဖက်သို့သာလျှင် မြန်စွာ ရောက်ရှိ သွား

တတ်ပေတယ်တဲ့၊ သို့အတွက်ကြောင့် မိမိကိုယ်ကိုသာလျှင်မိမိယုံကြည် အားကိုးပြီး ကြိုးစားကြဖို့ အထူးပင် လိုအပ်လှတယ်ဆိုတဲ့ အကြောင်းကို ကောင်းကောင်းကြီး မှတ်သားကြရမည်နော်၊ ကိုယ့်ကိုယ်ကို အားထားပြီး အမှန်တကယ် ကြိုးစားမှ ပစ္စုပ္ပန်အတွက်လဲ ကြီးပွားတိုးတက်မှုကို ရရှိနိုင်တယ်၊ သံသရာအတွက်လဲ ချမ်းသာသုခ ရရာရကြောင်း ကောင်းမြတ်သော အထောက်အပံ့ ဖြစ်နိုင်ပေတယ်။

သို့အတွက်ကြောင့် သုံးလောက ထွဋ်တင် သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲ မိမိကိုယ်ကိုသာ မိမိအားကိုးပြီး ကြိုးစားကြရန် မိန့်ခွန်းတော် ထုတ်ပြန် ခဲ့သည်မှာ—

အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ။
သတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။ (ဓမ္မပဒပါဠိ-ဂါထာ-၁၆၀)။

အတ္တာဟိ - အတ္တာ ဝေ၊ ဤလောကတွင်, အချင်ခင်ဆုံး, ဆိုသုံးအပ်စွာ, မိမိ ကိုယ်သည်သာလျှင်။ အတ္တနော၊ အပြစ်မမြင်, ချစ်ခင်အပ်ရာ, မှန်စွာဖြစ်ဘိ, မိမိ၏။ နာထော၊ ခိုင်ခိုင်မြဲမြဲ, မလွဲသေချာ, ထောက်ရာတည်ရာ, ကိုးစားရာသည်။ ဟောတိ၊ အမှန်စင်စစ်, ဖြစ်ပါပေ၏။ ပရော၊ မိမိဖယ်ထား, ကျန်တပါးသော။ ကော၊ လူရောနတ်ပါ, ထက်ဗြဟ္မာနှင့်, လွန်စွာပြည့်ဖြိုး, တန်ခိုးကြီးကျယ်, အဘယ်သူသည်။ အတ္တနော၊ ပစ္စုပ္ပန် သံသရာ, နှစ်ဖြာအကျိုး, ဆထက်တိုးဘို့, မြှော်ကိုးလိုလား, စိတ်ထားတည်ရှိ, မိမိ၏။ နာထော၊ အဟုတ်အတည်, ယုံကြည်အားထား, ကိုးစားရာအသည်။ သိယာ၊ ကေန်စင်စစ်, ဖြစ်နိုင်ပါအံ့နည်း။ အတ္တနာဟိ-အတ္တနာ ဝေ၊ ဤလောကတွင်, ပြစ်မမြင်ဘဲ, အချစ်ခင်ဆုံး, ဆိုသုံးအှိရာ, မှန်စွာဖြစ်ဘိ, မိမိသည်သာလျှင်။ သုဒန္တေန၊ အပြစ်ဟူသမျှ, ကင်းစင်ပလျက်, သောကငြိမ်းအေး, ကောင်းစွာယဉ်ကျေးသဖြင့်။ ဒုလ္လဘံ၊ လူသာမန်များ, အဘို့အားဖြင့်, တရားနည်းမှန်, ကေန်ပိုင်ပိုင်, ရရှိနိုင်ခဲ, ရောက်နိုင်ခဲသော။ နာထံ၊ မှီခိုအားထား, လေးစားအပ်စွာ, ကိုးကွယ်ရာကို။ လဘတိ၊ မုချပိုင်ပိုင်၊ ရရှိနိုင်လေတော့သတည်း။

ဆောင်ပုဒ်။ ၁။ မိမိကိုယ်သာ၊ မိမိမှာ၊ ကိုးရာဖြစ်ချေသည်။
၂။ ပြင်ပတပါး၊ ကိုးယုံစား၊ အားထားမသင့်ပြီ။
၃။ ကိုယ်နှုတ်နှစ်လုံး၊ သုံးပါးလုံး၊ စောင့်သုံးနိုင်ရပေမည်။
၄။ ယဉ်ကျေးလိမ္မာ၊ ရခဲရာ၊ လျင်စွာရနိုင်သည်။
၅။ စောင့်ရှောက်ချုပ်ထိန်း၊ လိုခပ်သိမ်း၊ ပြီးငြိမ်းနိုင်လေသည်။

ဆိုလိုရင်း အဓိပ္ပာယ်ကတော့— မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာ ကေန်စင်စစ် အမှန် ဖြစ်ပေတယ်။ မိမိမှတပါး အဘယ်မည်သောသူမ မိမိ၏ကိုးကွယ်ရာစစ်စစ် မဖြစ်နိုင်ပေဘူး၊ လောကဒွိ အချို့သော ပုဂ္ဂိုလ်များက တန်ခိုးဣဒ္ဓိပါဒ်ရှိကြတဲ့ နတ်တို့, ဗြဟ္မာတို့ကို ယုံကြည်လေးစား အားထားကိုးကွယ်တတ်ကြပေတယ်၊ ကိုးကွယ်ရာလို့ ထင်မှတ်နေတတ်ကြတယ်၊ အချို့သူများက မိမိတို့ရဲ့ အမိ, အဘ, ညီအကို မောင်နှမ, ဆွေမျိုးမိတ်သင်္ဂဟများကို မိမိဘို့အားကိုး အားထားပြုရာ အစစ်လို့ ထင်မှတ်ပြီး နေတတ်ကြတယ် နော်၊ အချို့ အချို့သော သူများကတော့လဲ မိမိတို့ရဲ့ ရာထူးဂုဏ်သိန်ကို, အချို့က မိမိတို့ရဲ့ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာကို မိမိတို့ရဲ့ ကိုးကွယ်ရာအစစ်

ဖြစ်တယ်လို့ ထင်မှတ်နေတတ်ကြတယ်နော်။ တကယ်တော့ ယင်းတို့အားလုံးဟာ ကိုးကွယ်ရာစစ်စစ် ဖြစ်တာ မဟုတ်ပါဘူး၊ အပယိက ကိုးကွယ်ရာ သာမညမျှသာ ဖြစ်ပေတယ်။ ဒီတဘဝ, ဒီတခါ အတွက် ခေတ္တခဏ တွေ့ကြုံနေကြရခိုက်သာ အားကိုးရတဲ့ ယာယီ ကိုးကွယ်ရာ အားထားရာမျှသာ ဖြစ်ပေတယ်တဲ့။

အမှန်တကယ် ကြီးပွားချမ်းသာလိုပါက လောကီ စီးပွားဥစ္စာရတနာ ရှာကြံရာမှာဖြစ်စေ, လောကုတ္တရာ တရားဓမ္မ ပွားများ လေ့လာရာမှာဖြစ်စေ, မိမိတို့ရဲ့ ကိုယ်အား, ဉာဏ်အား အရင်း ထားပြီး ကြိုးစားကြရမည်ဖြစ်ပါတယ်နော်။ (ကဲ- ကဲ– လောကီစီးပွားဥစ္စာရတနာတို့ကို ရှာဖွေ စုဆောင်းရာမှာ "ကိုယ့်ကို ကိုယ်ကိုး" ဆိုတဲ့ က, လေးလုံးဆောင်ပုဒ်အတိုင်း ကိုယ့်ကို ကိုယ်ကိုးကာ ကိုယ်အား ဉာဏ်အား, အရင်းထားပြီး ကြိုးစားအားထုတ်ကဲ့ အတွက်ကြောင့် လောကီ စည်းစိမ် ဂုဏ်သိန် ပြည့်မောက် . အထက်တန်းစားဖြစ်တဲ့ သူဌေးဘဝသို့ ရောက်သွားတဲ့ သာဓက တရပ်ကို ထုတ်ဆောင်ကာ ပြကြဦးစို့ရဲ့။ ကြီးပွားဘို့ရန် နည်းလမ်းမှန်ကို ရှာကြံကာနေကြတဲ့ လုလင်ယော်, လုံမ ငယ်တို့ သေချာစွာနာယူမှတ်သားပြီး အတုယူကြိုးစား လိုက်နာကြစမ်းပါလို့ တိုက်တွန်းချင်ပါတယ်။

ငါတို့ရဲ့ သုံးလောကထွဋ်ထား မြတ်စွာဘုရားသည် လောကုတ္တရာ တရားလမ်းကိုသာ အမြဲ တမ်း ညွှန်ကြားနေတော်မူသည် မဟုတ်ပါဘူး၊ လောကီ ကြီးပွားရေး သဘောတရားများကိုလဲ သမ္မာအာဇီဝ နည်းလမ်းကျအောင် ဟောဖော် ညွှန်ပြတော်မူခဲ့ပါတယ်။ အခါအားလျော်စွာ အကြောင်းအားလျော်စွာ လောကီကြီးပွားရေး နည်းလမ်းများကို ဟောဖော် ညွှန်ပြတော်မူခဲ့ပါ တယ်။ တကယ်တန်း လိုက်နာကျင့်ကြံ ဆောင်ရွက်ပါလျှင် တကယ်တန်း ကြီးပွားချမ်းသာစေနိုင် သော နည်းလမ်းများပင် ဖြစ်ပါတယ်၊ ဝတ္ထုသာဓက ထုတ်မပြမီ ရှင်တော်မြတ်ဘုရား ဟောဖော် ညွှန်ကြားတော်မူခဲ့တဲ့ ကြီးပွားတိုးတက်ကြောင်း (၇)ပါးကို ထုတ်ပြလိုက်ဦးမယ်၊ သေသေချာချာ မှတ်သားမိအောင် ဉာဏ်နားဖြင့် ထောင်ယူ မှတ်သားကြပေတော့။

ဥဋ္ဌာနဝတော သတီမတော၊ သုစိကမ္မဿ နိသမ္မ ကာရိနော။
သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။ (ဓမ္မပဒ-ဂါထာ၊ ၂၄)။

ဥဋ္ဌာနဝတော၊ မပျင်းမရိ, ထကြွလုံ့လ, ဝီရိယရှိသော သူအားရင်း။ သတီမတော၊ မမေ့ မပျောက်, ယွင်းဖောက်မရှိ, သတိနှင့် ပြည့်စုံသော သူအားရင်း၊ သုစိကမ္မဿ၊ ကိုယ်နှုတ်နှလုံး, သုံးပါးသော ကံ, အမှန်တကယ်, စင်ကြယ်ခြင်းရှိသော သူအားရင်း။ နိသမ္မ ကာရိနော၊ ဤသို့ပြုက အကျိုးရဟု, ကျနဝေဘန်, ဖန်ဖန်ခွဲခြမ်း, စူးစမ်း၍ ပြုလေ့ရှိသော သူအားရင်း။ သညတဿ၊ ကိုယ်နှုတ်စိတ်ဓာတ်, ထိုသုံးရပ်ကို, မြဲကြပ်အပြီး, စောင့်စည်းခြင်းရှိသော (ဝ၁) ဣန္ဒြေတို့ကို ငြိမ်စေ သောနည်းဖြင့် အမြဲစောင့်စည်းသော့သူအားရင်း။ ဓမ္မဇီဝိနော၊ တရားနည်းမှန်, ရှာဖွေကြံလျက်, အသက်မွေးခြင်းရှိသော သူအားရင်း။ အပ္ပမတ္တဿ၊ ကုသိုလ်ကောင်းမှု, တရားစဉ္ဆ, မေ့လျော့ခြင်း မပြုသော့သူအားရင်း။ ယသော၊ စာန်ခိုးစည်းစိမ်, ဂုဏ်သိန်ပြည့်တင်း, ကျော်စောခြင်းသည်။ အဘိဝဍ္ဎတိ၊ တက်သစ်စနေဝန်း, ထွန်းသစ်လ အလားသို့ ကြီးပွားဖွံ့ဖြိုး အလွန်ပင်တိုးတက်လေတော့ သတည်း။

ဆိုလိုရင်းကတော့ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ များစွာခြေရံ အမှန်တိုးပွား ကျော်ကြား မှုကို အလိုရှိသောသူသည် ဤ ကြီးပွားတိုးတက်ကြောင်း (၇) ပါးကို လိုက်နာ ကျင့်ကြံရပေမည် တဲ့၊ လိုက်နာ ကျင့်ကြံသော သူလည်း အမှန်တကယ် ကြီးပွား ချမ်းသာ ပေလိမ့်မည် ဖြစ်ပါတယ်၊ ယင်း ကြီးပွားကြောင်းတရား (၇) ပါးကတော့−

၁။ ဥဋ္ဌာနဝတော− မပျင်းမရိ ထကြွလုံ့လရှိသူဖြစ်ခြင်း။
၂။ သတိမတော− သတိသမ္ပဇဉ်ရှိသူဖြစ်ခြင်း။
၃။ သုစိကမ္မဿ− စင်ကြယ်သော ကံသုံးပါးရှိသူဖြစ်ခြင်း။
(ဝါ) အလုပ်ကိစ္စဟူသမျှ ကျနသန့်ရှင်းသူဖြစ်ခြင်း။
၄။ နိသမ္မကာရိနော− စူးစမ်းဆင်ခြင်၍ ပြုလုပ်လေ့ရှိသူဖြစ်ခြင်း။
၅။ သညတဿ− ကိုယ်နှုတ်စိတ်သုံးပါးလုံးကို စောင့်စည်း ထိန်းသိမ်းနိုင်သူ ဖြစ်ခြင်း။
(ဝါ) ဣန္ဒြေတရားတို့ကို ခြုံလုံအောင် စောင့်ထိန်းနိုင်သူ ဖြစ်ခြင်း။
၆။ ဓမ္မဇီဝိနော− တရားသဖြင့် အသက်မွေးသူ ဖြစ်ခြင်း။
၇။ အပ္ပမတ္တဿ− ကုသိုလ်တရားတို့၌ မမေ့ မလျော့သူ ဖြစ်ခြင်း။

ဒီ တရား (၇) ပါးနှင့် ပြည့်စုံသူဖြစ်လျှင် ပစ္စုပ္ပန်မှာလဲ ကြီးပွားချမ်းသာမည် ဖြစ်တယ်၊ တမလွန်ဘဝမှာလဲ ကေန်မလွဲ ကြီးပွားချမ်းသာမည်သာ ဖြစ်ပါတယ်တဲ့−(ဒကာကြီး ဦးစိန်ရဲ့)။

ဦးပဥ္စင်းတို့ရဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ မြတ်စွာဘုရား ဟောဖော် ညွှန်ကြားထားတဲ့ အတိုင်း လိုက်နာကြယင် တကယ်တန်း ကြီးပွား ချမ်းသာ ကြမှာဘဲနော်၊ မြတ်စွာဘုရားက တိတိကျကျ ဟောဖော် ညွှန်ပြထားလျက်ကနဲ့ မိမိတို့က မလိုက်နာလျှင် မိမိတို့ရဲ့ အပြစ်လို့ဘဲ ဆိုရလိမ့်မယ်၊ အချို့ သူများဟာ မိမိတို့ ကြီးပွားချမ်းသာရေးအတွက် နည်း အမျိုးမျိုးဖြင့် ရှာကြံ စုဆောင်းတတ်ကြပါ တယ်၊ "ရသာလျှင် ဘနဖူးသိုက်တူးရဲ့" ဆိုတာလိုဘဲ မိမိတို့ရဲ့ မျိုးရိုး ဂုဏ်သိန်ကိုမျှ ထောက်ဆပြီး မကြည့်နိုင် မိမိတို့ အလေးအမြတ် ဦးထိပ်ထားတဲ့ ဘာသာ သာသနာတော်ကိုလဲ အလေးဂရုမပြုနိုင် ကြတော့ဘဲ ထင်ရာမြင်ရာ ကြံနေ ကြတော့တာဘဲနော်၊ ယခုခေတ်မှာ အချို့သော ဒုစရိုက်သမား များဟာ ဘုရားဆင်းတု ရုပ်ပွားများ ရဟန္တာ ရုပ်ထုတော်များကိုပင် ခိုးယူကာ ပြည်ပ နိုင်ငံခြားသို့ ခိုးထုတ် ရောင်းချပြီး စီးပွားရှာကြသည့် အဖြစ်အထိ ဖြစ်လာတော့တာကို ထိုထို သတင်းစာများမှ ကြားသိရသဖြင့် တော်တော် သံဝေဂ ရမိပါတယ်။

ဘုရားခိုးဂိုဏ်းဝင် အမျိုးသမီးတယောက်က ဆိုလျှင် မတ်ရပ်ကိုယ်တော် ရုပ်ပွား ဆင်းတုကို ခိုးယူ တိုင်းရှောင်လာရာ လူထုနှင့်ရဲကသိ၍ နောက်ကလိုက်လာသောအခါ ဆင်းတုတော်ကို အသာချ လဲလျောင်းစေ၍ အပေါ်မှ စောင်များ ဖုံးလွှမ်း ခြုံပေးပြီး အပေါ်က တက်နင်း နေလေသတဲ့၊ နောက်ကလိုက်လာသော လူထုနှင့်ရဲများမှီလာ၍ စစ်ဆေးမေးမြန်းသောအခါ ထိုဘုရားခိုးသူ အမျိုး သမီးလူဆိုးမက ဘယ်လို ပြောလိုက်တယ် ထင်သလဲ(ဒကာကြီး ဦးစိန်)၊ကဲ သေသေချာချာ မှတ်ထား ကြပေရော့၊ ထိုအမျိုးသမီး ဘုရားခိုးမ,က လွယ်လွယ်ကူကူ ပြေပိုက်ဘာကတော့"ကျမ ယောကျ်ား နေမကောင်း၍ နင်းပေးနေတာပါ" တဲ့ အလွန်ထိတ်လန့်ဘွယ် ကောင်းတဲ့ ခေတ်ကာလဘဲလို့ ဆိုရ တော့မလား မပြောတတ်တော့ ပါဘူးနော်၊ လူဖြစ်စေ ရှင်ရဟန်းဖြစ်စေ မိမိတို့တသက်တာ စားဝမ်း တခါး အတွက် သမ္မာအာဇီဝ ဖြစ်အောင် အသက် မွေးနိုင်ဘို့ အထူးဘဲ လိုအပ်လှပေတယ်၊

ဒါကြောင့်မို့ ဓမ္မဇီဝိနော တရားသဖြင့် အသက်မွေးခြင်း ရှိသူဖြစ်ရမည်-ဟု ဆိုရာမှာ ယင်းဓမ္မဇီဝိနော ပုဒ်ကို အဋ္ဌကထာ၌ ဖွင့်ပြထားသည်မှာ တော်တော် မှတ်သားဘွယ် ကောင်းသဖြင့် ထုတ်ပြရဦးမယ် ဂရုစိုက် ထောင်ကြစမ်းပါ။

> ဓမ္မဇီဝိနောတိ အဂါရိကဿ တုလာကူဋာဒီနိ ဝဇ္ဇေတွာ ကသိဂေါရက္ခာဒီဟိ အနဂါရိကဿ ဝေဇ္ဇကမ္မ ဒူတကမ္မာဒီနိ ဝဇ္ဇေတွာ ဓမ္မေန သမေန ဘိက္ခာစရိယာယ ဇီဝိတံ ကပ္ပေန္တဿ။ (ဓမ္မ - ဋ္ဌ - ပ- ၁၅၂)။

ဓမ္မဇီဝိနောတိ၊ ဓမ္မဇီဝိနောဟူသည်။ တုလာကူဋာဒီနိ၊ အလေးမမှန်ခြင်းဟု ဆိုအပ်သော ချိန်ခွင်စဉ်းလဲခြင်း, တောင်းမမှန်ခြင်း- ဟု ဆိုအပ်သော တင်းစဉ်းလဲခြင်း- အစ ရှိသည်တို့ကို။ ဝဇ္ဇေတွာ၊ ဝေးစွာရှောင်ရှား ဖယ်ကြဉ်ထား၍။ ကသိဂေါရက္ခာဒီဟိ၊ လယ်ယာ ကိုင်းကျွန်း လုပ်ခြင်း, ကျွဲ နွား မွေးမြူစောင့်ရှောက်ခြင်း အစရှိသည်တို့ဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေန္တဿ၊ ပြုသော။ အဂါရိကဿ၊ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသောသူအား။ ယသော၊ တန်ခိုး ဂုဏ်သိန် စည်းစိမ်ပြည့်တင်း ကျော်စောခြင်းသည်။ အဘိဝဍ္ဎတိ၊ တက်သစ်စနေဝန်း ထွန်းသစ်စ လ အလားသို့ ကြီးပွားဖွံ့ဖြိုး အလွန်လျှင် တိုးပွားလေ၏။

ဝေဇ္ဇကမ္မဒူတကမ္မာဒီနိ၊ ဆေးကုသခြင်း တမန်သည်အမှုပြုခြင်း ခေတ်ရိုက် ခေတ်ဆင် ဗေဒင် ယတြာ အစ ရှိကုန်သော မြတ်စွာဘုရား စက်ဆုတ်တော်မူသောအမှုကိစ္စတို့ကို။ ဝဇ္ဇေတွာ၊ သတိ သမ္ပဇဉ်, အမြဲယှဉ်၍, ဆင်ခြင်လိုက်နာ, ဝေးစွာရှောင်ရှား, ဖယ်ကြဉ်ထား၍။ ဓမ္မေန၊ ရှင်တော်မြတ် ဘုရား, ဟောညွှန်ကြားသည့်, တရားနည်းနှင့်။ သမေန၊ မတိမ်းမစောင်း, ကောင်းမွန်သေချာ, ညီညွတ်စွာဖြင့်။ ဘိက္ခာစရိယာယ၊ ဘုရား- ပစ္စေကဗုဒ္ဓါ အရိယာ အပေါင်း သူတော်ကောင်းတို့ ထုံးဟောင်းကျင့်မှန် ဆွမ်းခံလှည့်လည်ခြင်းဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေန္တဿ၊ လိုက်နာ ပြုကျင့်သော။ အနာဂါရိကဿ၊ အိမ်ရာမထောင်, ရဟန်းဘောင်၌, စွမ်းဆောင်နေပြား, ရှင်ရဟန်း အား။ ယသော၊ လောကီ, လောကုတ်, မယုတ်ပွားတိုး, တန်ခိုးသတင်း, ကျော်စောခြင်းသည်။ အဘိဝဍ္ဎတိ၊ အလွန်လျှင်တိုးပွားလေ၏။ (ဝါ) အဘိဝဍ္ဎတိ၊ တက်သစ်စနေဝန်း ထွန်းသစ်စ လ အလားသို့ ကြီးပွားဖွံ့ဖြိုး အလွန်ပင်တိုးတက်လေတော့ သတည်း။

**ဆောင်ပုဒ်။** (က) ရောင်းဝယ်ခြင်း–စဉ်းလဲမှုဆောင်ကာ၊ လယ် ယာလုပ်–အဟုတ်ရိုးအားစွာ။
ဖြောင့်မတ်ပြား–စီးပွားကြိုးစားရှာ၊ လူ အများ–ကြီးပွားချမ်းသာရာ။

(ခ) ဗေဒင်ဆေးကု–ခေတ်ပြုယတြာ၊ ဝေးစွာရှောင်ရှား–တရားညီစွာ။
ဆွမ်းခံဖြည့်စွမ်း–ရဟန်းရှင်မှာ၊ တန်ခိုးဂုဏ်–ပြည့်စုံကြီးပွားရာ။

ဆိုလိုရင်းကတော့ သမ္မာအာဇီဝ နည်းလမ်းကျအောင် လုပ်ကိုင်ရှာကြံ အသက်မွေးခြင်းဖြင့် လဲ ကြီးပွားနိုင်တဲ့နည်းလမ်းတွေ ရှိပါတယ်၊ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေကြသောလူများ အဘို့မှာဆိုလျှင် ကုန်သွန်းရောင်းဝယ်မှု ပြုလုပ်သောအခါ ချိန်ခွင်စဉ်းလဲခြင်း, တောင်းစဉ်းလဲခြင်း အစ ရှိသော မ သမာသော ရောင်းဝယ်မှုမျိုးကို ရှောင်ရှားပြီး မှန်မှန်ကန်ကန် ချိန်တွယ်ရောင်းဝယ် ခြင်းမျိုးကို ပြုလုပ်သင့်ပေတယ်၊ တကျပ်တန်သော ပစ္စည်းတခုရောင်းလျှင် အမြတ်ငွေလဲ တကျပ် ရလိုတဲ့ ပိသမလောဘတသားမျိုး, ထို့ထက်အလွန် တကျပ်တန် ဝတ္ထုပစ္စည်းဖြင့် နှစ်ကျပ်, သုံးကျပ်,

လေးဒေါးခြောက်ကျပ် အစရှိသည်ဖြင့် အမြတ်များစွာ လွန်လွန်ကဲကဲ ရရှိလိုတဲ့ ဝိသမလောဘတရား မျိုးကို ရှောင်ရှားကြရမယ်တဲ့။

ဓနံ၊ စီးပွားဥစ္စာကို "သိန္ဓေ၊ ဖြေးဖြေး ဖြေးဖြေး ရှာဖွေစုဆောင်းရမယ်" ဆိုတဲ့၊ လောကနီတိ ရဲ့ လမ်းညွှန်မှုကို လိုက်နာခြင်းမပြုနိုင်ကြဘဲ ယနေ့ အလုပ်လုပ် နက်ဖန်ကြီးပွားခြင်ကြတဲ့၊ စိတ်ဆော မျိုးဆောတော့ အကျိုးထက် အဆိုးလမ်းသို့ ပို့ဆောင် ပေးလိမ့်မည်လို့ ပြောရမှာဘဲနော်၊ လောဘ တရား လွှမ်းမိုးအားကြီးတော့ အမှားလမ်းသို့သာ လိုက်ပါသွားမိ တတ်တော့ဘာကိုး၊ ဒါကြောင့်မို့ ဦးပဥ္စင်းတို့ မြတ်စွာဘုရားကလဲ "လုဒ္ဓေါ အတ္ထံနဇာနာတိ၊ လုဒ္ဓေါ အလို ရမက် နိုင်စက် ဖျက်ဆီး လောဘကြီးသော သူသည်၊ အတ္ထံ၊ လောကီလောကုတ် မယုတ်တိုးပွား ကောင်းမြတ်သော အကျိုး ကို။ နဇာနာတိ၊ ကောင်းစွာပိုင်ပိုင် မသိနိုင်ပေ" ဆိုတဲ့အတိုင်း လောဘလွန်ကဲတဲ့သူဟာ မိမိရဘို့ရာ လောက်ကိုသာ ရှေးရှုနေတဲ့အတွက် ဖြစ်ပေါ်လာမည့် အကျိုးနှင့် အပြစ်ကို စီစစ်ပြီး မသိ မမြင် နိုင်တတ်ဘူးတဲ့။

ဒီလိုရောင်းဝယ် စီးပွားရှာတဲ့နေရာမှာတော့ ဦးပဥ္စင်းတို့ လူမျိုး တွေထက် နိုင်ငံခြားသား တွေက လိမ္မာ ပါးနပ် ကြပေတယ်လို့ ဆိုရမှာဘဲနော်၊ ဦးပဥ္စင်းတို့ လူမျိုးတွေမှာ ဈေးရောင်းတဲ့ အခါ ဈေးဝယ်သူဈေးဆစ်လျှင် ရှော့ရန်ရောင်းဈေးထက် မတန်တဆပို၍ ပြောဆိုတတ်တဲ့အယူအဆ မျိုးပယ်ဖျောက် ပစ်နိုင်ရင် အလွန်ကောင်းမှာဘဲနော်၊ တခွန်းတည်းနှင့် မှန်မှန်ကန်ကန် တိတိကျကျ ပြောဆိုတတ်တဲ့ အလေ့ရှိဘို့ အလွန်လိုပါတယ်၊ ဈေးနှုန်း မှန်မှန်ကန်ကန် တိတိကျကျ ပြောဆိုတဲ့ဆိုင်ရှိ လျှင်ဒီလို ဆိုင်မျိုးကိုဘဲ အားပေးကြမှာပါဘဲ၊ ဈေးနှုန်းမှာလဲ ခေတ်အားလျော်စွာ ဆယ်ဘို့ တဘို့ အနည်းဆုံး ငါးဘို့ တဘို့ အများဆုံးလောက် အမြတ် ယူကာ ရောင်းချပြီး တိတိကျကျ ပြောဆို ရောင်းချသွားခြင်းဖြင့် မိမိတို့ အမျိုးသားများ ချမ်းသာရာ ချမ်းသာကြောင်းကို တဖက်တလမ်းမှ ရည်မှန်းပြီး လုပ်ဆောင် သင့်လှပေတယ်၊ ကဲ- ရှိပစေတော့ ဘုန်းကြီးက ဈေးစကားတွေ ပြောနေ ရတာ မဟန်လှပါဘူး၊ သမ္မာအာဇီဝ ဖြစ်တဲ့လယ် ယာ လုပ်ကိုင်ခြင်း, ကျွဲ နွား မွေးမြူ ခြင်းဟာလဲ စည်းစိမ်ဥစ္စာ တိုးပွားခြင်းအကြောင်း ဖြစ်ပါတယ်တဲ့။

သာသနာတော်ဝန်ထမ်း ရဟန်းသံဃာများမှာဆိုလျှင်လဲ လောကီ လူမှုရေး ကိစ္စများဖြစ်တဲ့ ဆေးဝါးကုသခြင်း, ဗေဒင်ဟောခြင်း, ဓာတ်ရိုက် ဓာတ်ဆင်ခြင်း, ယတြာချေခြင်း, လက္ခဏာဟော ခြင်း, တမန်သည်အမှုပြုခြင်း, ဆိုတဲ့ အစေအပါးခံခြင်း အစရှိသော မြတ်စွာဘုရား စက်ဆုတ်တော် မူသော အမှုကိစ္စတို့ကို ရှောင်ရှား၍ တရားနှင့်အညီ ဘုရားပစ္စေက ဗုဒ္ဓါအရိယာ အပေါင်း သူတော် ကောင်းတို့၏ လမ်းစဉ်ဖြစ်တဲ့ ဆွမ်းခံခြင်းဖြင့် အသက်မွေးမှုကို ပြုသော ရှင်ရဟန်းများ အားလည်း တန်ခိုး ဂုဏ်သိန် တိုးတက် ကြီးပွားခြင်း အခြံအရံ ပေါများခြင်းအကြောင်း ကောင်းကောင်းကြီး ဖြစ်ပါတယ်တဲ့၊ အဲဒီလို ရှင်တော်မြတ်ဘုရား ဟောဖော်ညွှန်ကြားတော်မူတဲ့ ကြီးပွားကြောင်းတရား ခုနစ်ပါးကို ဒီလိုဘဲ မှတ်သားကြပေတော့-

**ဆောင်ပုဒ်။** ၁။ ထကြွလုံ့လ၊ ရှိလေက၊ မုချကြီးပွားမည်။

၂။ သတိသမ္ပဇဉ်၊ ဉာဏ်နှင့်ယှဉ်၊ လျှင်လျှင်ကြီးပွားမည်။

၃။ ကိုယ်နှုတ်စိတ်ထား၊ ဖြူစင်ငြား ကြီးပွားချမ်းသာမည်။

၄။ စူးစမ်းဆင်ခြင်၊ ပြုလုပ်လျှင်၊ အစဉ်ကြီးပွားမည်။

၅။ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးဣန္ဒြေ၊ ထိန်းသိမ်းလေ၊ မသွေကြီးပွားမည်။
၆။ တရားသဖြင့်၊ သက်မွေးလင့်၊ အသင့်ကြီးပွားမည်။
၇။ မေ့လျော့ပေါ့ဆ၊ မရှိက၊ မုချကြီးပွားမည်။
၈။ ကြီးပွားကြောင်းတရား၊ ခုနစ်ပါး၊ ဘုရားဟောခဲ့သည်။
၉။ ကြီးပွားလိုငြား၊ လူရှင်များ၊ ကြိုးစားလိုက်နာသင့်လှသည်။
၁၀။ လိုက်နာကြိုးစား၊ ထိုသူကား၊ ကြီးပွားချမ်းသာမည်။

လောကကြီးမှာ ကြီးပွား ချမ်းသာ တယ်ဆိုတာ ကိုယ့်ဒူး ကိုယ်ချွန်ပြီး ကိုယ့်ကိုယ် ကိုသာ ကိုယ်အားကိုးကာ ကြိုးစားအားထုတ်သဖြင့် ကြီးပွား ချမ်းသာသူကိုသာလျှင် အထူးသဖြင့် ချီးမွမ်းသင့်လှပေတယ်နော်၊ ထိုကဲ့သို့ မိမိ ကံအား ဉာဏ်အား ဝီရိယစွမ်းအားဖြင့် ကြိုးစား၍ ကြီးပွားချမ်းသာသူ ကိုသာလျှင် ကံ့ဉာဏ်ဝီရိယ ထိုသုံးဝ မုချစုံလင်တယ်လို့ ဆိုနိုင်တာကို အမိအဘချမ်းသာသဖြင့် အမွေခံ ပစ္စည်း ဥစ္စာရရှိ၍ ပစ္စည်း ဥစ္စာ ချမ်းသာသူကိုတော့ ကံကောင်းတယ်လို့သာ ဆိုနိုင်ပါတယ်၊ မိဘက သဌေး သူကြွယ်ဖြစ်၍ သားသမီး သဌေး သူကြွယ်ဖြစ်ရသူ မိဘက ဘုရင်ကြီး အမတ်ကြီးဖြစ်၍ သားသမီး ဘုရင်ကြီးအမတ်ကြီး ဝန်ကြီးဖြစ်သူများ မိဘက ရာထူးဂုဏ်သိန်ရှိနေ၍ သားသမီး ရာထူးဂုဏ်သိန် ရရှိသူများထက် ကိုယ့်ကိုယ်သာ ကိုယ်အားကိုးပြီး ကြိုးစားသဖြင့် သဌေး သူကြွယ် ဖြစ်ရသူတို့ ရာထူး ဂုဏ်သိန်နှင့် ပြည့်စုံသူ တို့ကိုသာ အထူးသဖြင့် ချီးကျူးသင့်တယ် မဟုတ်လား-(ဒကာကြီး ဦးစိန်)။

ကဲကဲ- ကိုယ့်ကိုယ် ကိုကိုး ဆိုတဲ့ က- ၄ လုံးဆောင်ပုဒ်နှင့် အညီ ကိုယ့်ကိုယ်ကိုကိုးကာ ကြိုးစားသဖြင့် လောကီဥစ္စာ ရတနာ ရွှေငွေနှင့် ပြည့်စုံကာ ကြီးပွားပြီး ပစ္စုပ္ပန် ဘဝမှာပင် သူဆင်းရဲ အဖြစ်မှ သူဌေးကြီးတဦး ဖြစ်သွားတဲ့ သာဓက ဝတ္ထုတခုကို ထုတ်ပြကြဦးစို့ရဲ-ကြီးပွားချမ်းသာဘို့ရန် နည်းလမ်းမှန်ကို ရှာကြံကာ နေကြတဲ့ လုလင်ယေ် လုံမယေ် အမျိုးကောင်း သား သမီး များလဲ ကောင်းမွန်စွာ နာယူ မှတ်သားပြီး ကြိုးစားလိုက်ကြစမ်းပါ၊ အားထုတ်ကြစမ်းပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရ တယ်နော်၊ ကိုယ့်ကိုယ်ကိုကိုးကာ ကြိုးစားသဖြင့် ကြီးပွား ချမ်းသာခြင်းသို့ ရောက်ရှိသွားတဲ့ သာဓက ကတော့-

ဦးပဥ္စင်းတို့ ဂေါတမ မြတ်စွာဘုရား ပါရမီ အကျင့်တရားတို့ကို ဖြည့်ကျင့်တော်မူစဉ်ကာလ ရှေးအခါက ကာသိကရာဇ် တိုင်းပြည် ဗာရာဏသီ ရွှေမြို့တော်၌ ဗြဟ္မဒတ် မင်းကြီးဆ ထီးနန်း အုပ်ချုပ် မင်းလုပ် စိုးစံတော် မူပါတယ်၊ ထိုစဉ်အခါ ဦးပဥ္စင်းတို့ ဘုရားအလောင်းကတော့ သဌေး မျိုးဖြစ်ပြီး အရွယ်ရောက်လျှင် သဌေးရာထူးကို ရရှိ၍ စူဠသေဋ္ဌိဟူ၍ နာမည်ကျော်ကြား လူသိများသူ ဖြစ်လေသတဲ့၊ အလောင်းတော် သဌေးကား အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသူ လိမ္မာပါးနပ်သူ ခပ်သိမ်းသော နိမိတ်တို့ကို ကောင်းစွာ မိမိသိရှိသူ ဖြစ်လေသတဲ့၊ ထိုအလောင်းတော် သဌေးသည် တနေ့သောအခါ ဘုရင်မင်းမြတ်အား ခစားရန်သွားစဉ် လမ်းခရီးအကြား၌ ကြွက်သေကောင်တခုကို တွေ့မြင်ရ၍ ထိုခဏ၌ပင် အထက် ကောင်းကင်ပြင်တွင် ယှဉ်သောနက္ခတ်ကို ကြည့်ရှုနိုင်းချိန်ကာ-

သက္ခာစက္ခုမတာ ကု ဗပုဒ္တေန ဣမံ ဥဒ္ဒုရံ ဂဟေတွာ ပုတ္တ, ဒါရ ဘရဏဥ ကာတုံ ကမ္မန္တေစ ပယောဇတုံ။ (ဇာ-ဋ္ဌ-၁-၁၃၇)။

စက္ခုမတာ၊ အကြောင်းအကျိုး, ကောင်းအဆိုးကို, မြော်ကိုးမြင်သိ, ဥာဏ်မျက်စိရှိသော။ ကုလပုတ္တေန၊ ကံဥာဏ်လုံ့လ, စုံပြည့်ဝ၍, ပျင်းမြစ်တ်ထား, အမျိုးကောင်းသားသည်။ ဣမံ ဥန္ဒုရံ၊ ခရီးလမ်းအကြား, ပစ်ချထားမေ, ဤကြွက်သေကို။ ဂဟေတွာ၊ ကောင်းစွာ ကြည်ဖြူ, ကောက်ခါယူ၍။ ပုတ္တ, ဒါရာဘရဏံ၊ ကျွင်နာဆပွား, သမီးသားနှင့်, ဇနီးမယားတို့ကို, မွေးမြူ ခြင်းကို။ ကာတုံစ၊ အစဉ်မပျက်, ဆက်လက်ကြည့်ရှု, ပြုခြင်းငှာရင်း။ ကမ္မန္တေ၊ သွားလာ ရောင်း ဝယ်, အသွယ်သွယ်များလှ, ခပ်သိမ်းသော အမှုကိစ္စတို့ကို။ ပယောဇေတုံစ၊ အမြဲအစဉ်, ယှဉ်စေ ခြင်းငှာရင်း။ သက္ကာ၊ အခွင့်ကောင်းကာလ, ကြုံကြိုက်လှသဖြင့်, မုချမသွေ, စွမ်းနိုင်လေသတည်း။

ဤကဲ့သို့ တယောက်ထီးတည်း ပြောဆိုနေသော သဒ္ဒေးစကားကို အမှတ်မထင် အနီး အပါးသို့ ရောက်ရှိလာသော ဆင်းရဲသား လုလင်ပျို ယောကျ်ားတယောက် ကြားရလေလျှင်-

"နာယံ အဇာနိတွာ ကထေသတိ=အယံ၊ ဤသဒ္ဒေးသည်။ အဇာနိတွာ၊ ကိုယ်တိုင်မိမိ မမြင် မသိဘဲ။ နကထေသတိ၊ ယံဝါတံဝါ၊ ရောက်တတ်ရာရာ စကားမပြောကြားပေလတံ့."ဟူ၍ ဆင် ခြင်စဉ်းစားကာ ထိုကြွက်သေကောင်ကိုယူသွားပြီးလျှင် တခုသောဈေး၌ကြောင်စာအလို့ငှာ ရောင်း ချလေရာ တချင်ရွှေးမျှလောက်သော အသပြာကို ရရှိလေသတဲ့၊ ထိုတချင်ရွှေးမျှသော အသပြာဖြင့် တင်လဲကို ဝယ်ယူကာ ရေအိုးတလုံးဖြင့် ရေကို ခပ်ယူပြီး တောမှ ခရီးပင်ပန်းစွာ လာကြသော ပန်းသည်တို့ကို တွေ့မြင်၍ တင်လဲခဲကို နည်းနည်းပေးကာ ရေမှုတ်ဖြင့် ရေကို ခပ်ယူပေးတမ်းလေ သတဲ့၊ ပန်းသည်တို့ကလဲ ထို ရေအလှူရှင် လုလင်အား ကျေးဇူးများပေစွ-ဟု ကျေးဇူးတင်ကာ ဝမ်းမြောက်စွာဖြင့် ပန်းတဆုပ်စီ တဆုပ်စီ ပေးကမ်း ခဲ့ကြလေသတဲ့။

ထိုဆင်းရဲသား လုလင်သည် ပန်းသည်များ ပေးကမ်းခဲ့သော ပန်းများကို ရောင်းချသဖြင့် ရရှိသော ပန်းဘိုးငွေဖြင့် နောက်နေ့မှာလည်း တင်လဲကို ဝယ်ကာ သောက်ရေကိုလည်း ရေအပြည့် ခပ်ထည့်ပြီး ပန်းဥယျာဉ်သို့ လိုက်ပါ သွားပါတယ်၊ ပန်းသည်တို့ကလည်း ထိုနေ့၌ အချို့အဝက် ဆွတ်ခူးပြီးသော ပန်းရုံတို့ကို ပေးတမ်း၍ သွားကြပြန်သတဲ့၊ ထိုလုလင်သည် မကြာမြင့်မီမှာပင် ဤနည်းဖြင့် အသပြာ ရှစ်ကျပ်တို့ကို ရရှိလေသတဲ့၊ ယခင်က လက်ထဲ၌ တပြားမှ မရှိတဲ့ ဆင်းရဲသား လုလင်ဟာ ယခုအခါ အသပြာ ရှစ်ကျပ် ပိုင်ဆိုင်သူ ဖြစ်နေပြီနော်၊ ထိုစဉ်အခါက အသပြာ ရှစ်ကျပ် ဆိုတာလဲ ယခုခေတ်အခါ ငွေရှစ်ကျပ်နှင့် တန်ဘိုးချင်း ဘယ်လိုမှ စပ်ဟပ်လို့ မရဘူးဆိုတာကိုလဲ မိမိ တို့ရဲ့ ဉာဏ်အမြင်ဖြင့် ဆင်ခြင်၍သာ ကြည့်ကြပေတော့။

နောက်တဖန် မျှားမကြာမီ တနေ့တွင် လေပြင်းတိုက်ခတ်သဖြင့် မင်းကြီး ဥယျာဉ်တော်၌ များစွာကုန်သော ထင်းခြောက်, သစ်ကိုင်း, သစ်ရွက်တို့သည် လေဖြင်းဒဏ် မခံနိုင်ဘဲ ကျိုး၍, ပြတ် ၍ကျကာ ပြန့်ကျဲနေလေသတဲ့၊ ဥယျာဉ်စောင့်, ဥယျာဉ်မှူးသည်ကား ထို ထင်းခြောက်, သစ်ကိုင်း တို့ကို သုတ်သင်ရှင်းလင်းဘို့ရန် နည်းလမ်းကို မမြင်နိုင်အောင် ဖြစ်နေ၍ စိတ်အိုက်နေစဉ် ထိုဆင်းရဲ သားလုလင် ဥယျာဉ်တွင်းသို့ ရောက်ရှိလာကာ ဥယျာဉ်စောင့်, ဥယျာဉ်မှူးထံ ချဉ်းကပ်ပြီးလျှင် "နောင်တော် ဤထင်း, ဤသစ်သား, သစ်ရွက် အားလုံးတို့ကို အကျွန်ုပ်အား အကယ်၍ ပေးခဲ့ပါ လျှင် အကျွန်ုပ်သည် နောင်တော်၏ ဤအလုံးစုံကုန်သော ဤထင်း, ဤသစ်သား, သစ်ရွက်တို့ကို သုတ်သင် ရှင်းလင်းပေးပါအံ့" ဟု ဥယျာဉ်မှူးကို ပြောဆို ခွင့်တောင်းလေတယ်။

သစ်ကိုင်း, သစ်ရွက် အကျိုးအပဲ့တို့ကို ကြည့်ကာ မည်သို့ သုတ်သင် ရှင်းလင်း ရပါမည်နည်း-ဟူ၍ အကြံအိုက်နေသော ဥယျာဉ်မှူးသည် လုလင်ပျို၏ ခွင့်တောင်း စကားကို ကြားရသောအခါ ဝမ်းမြောက်ဝမ်းသာစွာဖြင့် "အယျ၊ အမောင်လုလင်။ ဟုတ္တ၊ ယူလေ လော့" ဟု ပြောဆို ခွင့်ပြုလေသတဲ့၊ စူဠန္တေ ဝါသိက မည်သော လုလင်သည် ကစားလားသူငယ်များ တစားရာအရပ်သို့ သွားပြီးလျှင် တင်လဲခဲကို ပေးကမ်း၍ တခဏချင်းဖြင့်ပင် အလုံးစုံသော ထင်း, သစ်ကိုင်း, သစ်ရွက်တို့ကို ရှင်းလင်း လုတ်ဆောင်၍ ဥယျာဉ် တံခါးဝ၌ စုပုံကာ ထားလေသတဲ့။

ထိုအခါ မင်းကြီး၏ အိုးထိန်းသည်သည် မင်းနန်းတော်၌ အိုးတော်ဖုတ်ရန် ထင်းရှာလေသော် ဥယျာဉ်တံခါးသို့ ရောက်လာ၍ ထိုထင်းတို့ကို မြင်လေလျှင် ထိုလုလင်ပျိုလက်မှ ထင်းအားလုံးကို ဝယ်ယူသွားပါတယ်၊ ထိုနေ့၌ လုလင်သည် ထင်းတို့ကို ရောင်းရသဖြင့် ငွေအသပြာ တဆယ့်ခြောက် သပြာနှင့် ရေအိုး အစရှိသော အိုးငါးလုံးတို့ကို ရရှိလေသတဲ့၊ ယခုအခါ ဒီလုလင်ပျိုယောကျ်ားဟာ ယခင်က စုဆောင်းထားတဲ့ ရှစ်သပြာနှင့် ယခု ထင်းများကို ရောင်းရသော အသပြာ တဆယ့်ခြောက် သပြာနှင့် ဆိုလျှင် နှစ်ဆယ့်လေးသပြာကို လက်တွင်းမှာ စုဆောင်းမိလာပြီနော်၊ ထိုလုလင်သည်ကား ဤကဲ့သို့ နှစ်ဆယ့်လေး သပြာ မိမိလက်တွင်း၌ စုဆောင်း မိသောအခါ "ငါ့အား- ဤသို့သော အကြောင်း ဥပယ်တမည်သည် ရှိသေး၏" ဟု ကြံစည်ပြီးကာ ရွာတံခါးမှ မနီးမဝေးသော အရပ်၌ သောက်ရေအိုးကြီးတလုံးကို တည်ထားကာ ငါးရာသော မြက်ရိတ်သမားတို့ကို သောက်ရေဖြင့် ပြုစု လုပ်ကျွေး ပြန်သတဲ့။

ထို မြက်ရိတ်သမားတို့က "မိတ်ဆွေ—အသင်သည် ငါတို့အား ကျေးဇူးများလှပေသည်၊ အဆွေ၏ အမှုကိစ္စကို ငါတို့ အဘယ်သို့ ပြုရပါအံ့နည်း" ဟု ပြောဆိုကြ မေးမြန်းကြသောအခါ လုလင်ပျိုက "မယုံ၊ ကိစ္စေ ဥပ္ပန္နေ ကရိဿထ=မယုံ၊ ငါ့အား။ ကိစ္စေ၊ တစုံတရာသော အကြောင်းကိစ္စသည်။ ဥပ္ပန္နေ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော်။ ကရိဿထ၊ ပြုကြရပေ ကုန်လတံ့၊ မိတ်ဆွေတို့ ကျွန်ုပ်၏ အမှုကိစ္စရှိသော အခါမှ ကူညီ ပြုလုပ်ကြပါတော့" ဟူ၍ ပြောဆိုကာ ထိုထိုအရပ်ထိုသို့ လှည့်လည်သွားလာ၍ ကြည်းကင်းစောင့်သောသူရင်း, ရေကင်းစောင့်သောသူရင်း, ကုန်းကြောင်းကင်းဝန်, ရေကြောင်းကင်းဝန်တို့နှင့်ရင်း အတူတကွ အပေါင်းအသင်း မိတ်ဆွေဖွဲ့ကာ ထားလေသတဲ့၊ တော်တော် ဉာဏ်အမြင်ကျယ်တဲ့ လုလင်ပျို တဦးဘဲနော်၊ မိမိ ကြီးပွားတိုးတက်စေရန်အတွက် အပြစ်ကင်းသော နည်းဖြင့် မည်သို့ မည်ပုံ တိုးတက်ကြီးပွားအောင် ဆောင်ရွက် ရမည်ကို ကြံတွေး လုပ်ဆောင်လေသည်မှာ မှတ်သား လိုက်နာဘွယ် ကောင်းလှပေတယ်ပေါ့၊ ကြည်းကင်း စောင့်ကြသော သူများက ထိုလုလင်အား "မိတ်ဆွေ နက်ဖြန်ခါ ဤမြို့သို့ မြင်းကုန်သည် ငါးရာတို့သည် မြင်းငါးရာတို့ကို ယူဆောင်ကာ ရောက်လာ ကြလိမ့်မည်" ဟု သတင်းပေး ပြောကြားကြတယ်။

လုလင်ပျိုလည်း ကြည်းကင်းဝန်၏ စကားကို ကြားရလျှင် မြက်ရိတ်သမားတို့ ထံသို့ သွား၍ "မိတ်ဆွေတို့ ယနေ့ အကျွန်ုပ်အား မြက်တထုံးစီ ပေးကြပါ။ ကျွန်ုပ်သည် မြက်တို့ကို မရောင်းချသေမီ မိတ်ဆွေတို့ မြက်များကိုလဲ မရောင်းချကြ ပါနှင့်ဦး" ဟု ပြောဆိုပါတယ်၊ မြက်ရိတ်သူများကလဲ "ကောင်းပါပြီ မိတ်ဆွေ" ဟု ပြောဆို ဝန်ခံကာ မြက်အစည်း ငါးရာတို့ကို ထိုလုလင်၏ အိမ်၌ ချပေး ကြလေသတဲ့၊ မြင်းကုန်သည်များ ရောက်လာသောအခါ တမြို့လုံး လှည့်ပတ်၍

မြင်းစာကို ရှာရာ မရရှိသဖြင့် ထိုလုလင်၏ မြက်စည်းတို့ကို အသပြာတထောင် ပေး၍ ဝယ်ယူကြတယ်တဲ့၊ "ကံကောင်းလျှင် တချက်၊အကြံကောင်းလျှင် တသက်" လို့ စကားပုံတော့ရှိတယ်၊ ယခု ဒီလုလင်မှာတော့ အကြံကောင်းသဖြင့် တချက်တည်းနှင့် ကြီးပွားသွားတယ်လို့ ဆိုရတော့မှာဘဲနော်၊ ဒါ့ကြောင့်မို့ ရှေးလူကြီးများက "အကြံကောင်းတော့ တချက် အနေကောင်းတော့တသက်" လို့ ပြောဆို သုံးမကြတာ ထင်ပါတယ်။

ထိုနောက် လေးငါးရက်လွန်သောအခါ ထိုလုလင်ရဲ့ ရေကင်းစောင့်သော အဆွေခင်ပွန်းက "မိတ်ဆွေသင်္ဘောဆိပ်၌ သင်္ဘောကြီးများ ဆိုက်ကပ် ရောက်လာပြီ" ဟု သတင်းစကား ပြောကြားလေပြန်သတဲ့၊ ထိုလုလင်ပျိုလည်း "ငါအား-ဤသို့သော အကြောင်း ဥပါယ်တမည် ရှိနိုင်ပေ၏" ဟု ကြံစည် စဉ်းစားပြီးကာ အသပြာငွေ ရှစ်ကျပ်ဖြင့် အခြံအရံနှင့်တကွ ရထားတစီးကို ငှားယူကာ များစွာသော အခြံအရံဖြင့် သင်္ဘောဆိပ်သို့ သွားပါတယ်၊ သင်္ဘောဆိပ်သို့ ရောက်လျှင် လက်စွပ်တကွင်းကို သင်္ဘော သူကြီးအား ယုံကြည်စေရန် စရံပေး၍ သင်္ဘောနှင့် မနီးမဝေးသောအရပ်၌ တင်းတိမ်ကန့်လန့်ကာ ကာရံနေလျက် ငှားရမ်းထားသော ယောကျ်ားတို့ကို "အခြားတပါးသော အရပ်မှ ကုန်သည်များ ရောက်လာကြသော် သုံးခုမြောက်သော မလှယ်တံခါးဖြင့် လူအဆင့်ဆင့်သွတ်ကာ ငါ့ကို ပြောကြားလေ" ဟု အစေအပါး ယောကျ်ားတို့ကို ပြောဆိုမှာကြားထားလေသတဲ့၊ ဖြုံးစားသူနှင့် ကိုယ်တိုင် အတွေ့မခံဘူးတဲ့၊ လွယ်လွယ်ကူကူနှင့် တွေ့သွားလျှင် ဘန်တိုးလျော့သွားမယ် မဟုတ်လား၊ ယခုခေတ်မှာလဲ အချို့သော သူများဟာ ဒီနည်းတွေ သုံးနကြတယ်-ထင်ပါရဲ့နော်၊ မိမိတို့နှင့် ကိုယ်တိုင် အတွေ့မခံသေးဘဲ အောက်လူ အဆင့်ဆင့်နှင့် တွေ့ပြီးမှ တွေ့ဆုံခွင့် ရကြတယ်ဆိုကိုး၊ ကဲ-ရှိပါစေတော့-ဒါလဲ သူတို့နည်း သူတို့ဟန်လို့ ဆိုရတော့မှာပေါ့လေ။

သင်္ဘောကြီးများဆိုက်ရောက်လာကြောင်း သတင်းကြားသဖြင့် ဗာရာဏသီပြည်မှ တရာမျှလောက်သောကုန်သည်ကြီးများဟာ"ကုန်ပစ္စည်းတို့ကိုဝယ်ယူကြကုန်အံ့"ဟုဆိုက်ရောက်လာကြသောအခါ "ကုန်ပစ္စည်းတို့ကို အသင်တို့မရနိုင်ကြတော့ဘူး၊ ဤတင်းတိမ်ကန့်လန့်ကာ-ကာရံ၍နေသောကုန်သည်ကြီးသည် သင်္ဘောပေါ်၌ပါသော ကုန်ပစ္စည်းအားလုံးကို စရံပေးဝယ်ယူထားပြီးပြီ"ဟူ၍ သင်္ဘောသား ယောကျ်ားများက ပြောဆိုကြတယ်တဲ့။

ဗာရာဏသီပြည်မှ ကုန်သည်ကြီးများသည် သင်္ဘောသား၏ စကားကိုကြားရလေလျှင် ထိုလုလင်ပျိုထံသို့လာရောက်ကြလေတယ်၊ လုလင်၏အစေအပါး ယောကျ်ားတို့ကလည်း ရှေးမဆွကကြိုတင်စီစဉ်ထားသောအမှတ်ဖြင့် အဆင့်ဆင့်ပြောဆို၍ သုံးဆင့်မြောက်သော မလှယ်တံခါး အစီအရင်ဖြင့် ဗာရာဏသီပြည်မှကုန်သည်ကြီးများ ဆိုက်ရောက်လာကြောင်းကိုလုလင်အားပြောကြားကြလေတယ်၊ ဗာရာဏသီပြည်မှ ထိုတရာသောကုန်သည်ကြီးသည် "အရှင်လည်း ကုန်ပစ္စည်းတဝက်ကိုဝယ်ယူပါလေလော၊ငါတို့ကိုလည်းကုန်ပစ္စည်းတဝက်ကိုလွှဲပေးပါလော့"ဟု ပြောဆိုကာ တယောက်တထောင်စီပေး၍ ထိုလုလင်ယောကျ်ားနှင့် အစုရှင်ပြုလုပ်ကြရန် သဘောတူကြလေသတဲ့၊ ထိုနောက် တဖန်ကုန်သည်ကြီးများက-လုလင်အား"အမြောင်၏အဘိုးကိုလည်းငါတို့ကိုပေးပါလော့၊ ငါတို့ချည်းအားလုံး ကုန်ဝယ်ယူကြပါမည်"ဟု ပြောဆိုကာ တထောင်စီထပ်မံပေးကြပြန်ပါတယ်၊ အကြံအစည်ကောင်းတော့ တချက်တည်းကြီးပွားသွားတယ်လို့ ဆိုရပေမည်နော်၊ ဒီလုလင်ပျိုလည်း အကြံအစည်ကောင်းသည့်အတွက် တခါတည်းကြီးပွားချမ်းသာသွားတော့သတဲ့။

စူဠနေ္တဝါသိက လုလင်သည် အသပြာ နှစ်သိန်းတို့ကိုယူကာ ဗာရာဏသီပြည်သို့ သွား၍ "ကတညုနာ မေ ဘဝိတုံ ဝဍ္ဎတိ=မေ၊ ငါသည်။ ကတညုနာ၊ သူပြုဘူးသောကျေးဇူးကို သိသောသူသည်။ ဘဝိတုံ၊ အမှန်စင်စစ် ဖြစ်ခြင်းငှာ။ ဝဍ္ဎတိ၊ သင့်လှပေ၏" ဤသို့ ကြံစည်စဉ်းစား ပြီးလျှင် အသပြာတသိန်းကိုယူကာ စူဠသေဋ္ဌိမည်သော ဘုရားအလောင်းသဌေးကြီး၏ ခြေရင်း၌ စုပုံချထားပြီး ရှိခိုးကာနေလေသတဲ့၊ တော်တော်ကျေးဇူးသိတတ်တဲ့လုလင်ငယ်ဘဲနော်၊ ဒီလိုသူတပါး ပြုဘူးသောကျေးဇူးကို အထူးသိတတ်သောပုဂ္ဂိုလ်ဟာ အဘယ်မှာမကြီးပွား, မချမ်းသာဘဲ နေနိုင်ပါ့ မလဲနော်။

စူဠသေဋ္ဌိ သဌေးကြီးလဲ မိမိ၏ခြေရင်း၌ အသပြာတသိန်းထုပ်ကိုချထားကာ ရှိသေစွာရှိခိုးပြီး နေတဲ့ လုလင်ပျိုကိုမြင်ရတော့ အလွန်ပင် အံ့အားသင့်သွားပေတာပေါ့၊ သို့အတွက် သူဌေးကြီးက လုလင်ငယ်ကို သေချာစွာကြည့်ရှုပြီး "အမောင်လုလင်- အသင်သည်အဘယ်အမှုကိုပြုလုပ်၍ ဤဥစ္စာကို ရခဲ့သနည်း၊ သင်ကား- မည်သူပါနည်း" ဟု မေးမြန်းရလေသတဲ့၊ ဟုတ်ပေတာယ်နော်- မေးမည်ဆိုလဲ မေးစရာပေကိုး၊ မိမိနှင့်မည်သို့မျှမပတ်သက်သော, ရင်းရင်းနှီးနှီးမတွေ့ဘူးသော,လုလင်တယောက်က မိမိထံမှောက်လာရောက်ပြီး အသပြာထုပ်ရွှေချကာ ကန်တော့နေတာကိုး၊ ယင်းကဲ့သို့ သူဌေးကြီးက မေးမြန်းသောအခါ ထိုလုလင်ငယ်က "အရှင်သဌေးမင်း- အရှင်တို့ပြောဆိုညွှန်ကြားသော ဥပါယ်တမည်၌တည်ကာ ပစ္စည်းဥစ္စာရှာကြံအဖြင့် လေးလအတွင်းမှာပင် ဤဥစ္စာတို့ကိုအကျွန်ုပ်ရရှိပါသည်" ဟု- ကြွက်သေကိုကောက်ယူသည်မှ အစပြု၍ အလုံးစုံသောအကြောင်းကို ပြန်ပြောင်းပြောကြား လိုက်တယ်တဲ့။

စူဠသေဋ္ဌိ တဿ ဝစနံ သုတွာ "ဣဒါနိ ဝေရူပံ ဒါရကံ မမ သန္တကံ ကာတုံ
ဝဍ္ဎတီ" တိ ဝယပ္ပတ္တံ အတ္တနော ဓိတရံ ဒတွာ သကလကုဋုမ္ဗဿ သာမိကံ အကာသိ။
(ဇာ-ဋ္ဌ၊ ၁-၁၃၈)။

စူဠသေဋ္ဌိ၊ စူဠ်မည်တွင် ဂုဏ်အင်ပျံ့သင်း သူဌေးမင်းသည်။ တဿ၊ ထိုလုလင်ငယ်၏။ ဝစနံ၊ ပြောဆိုမြွက်ကြား စကားကို။ သုတွာ၊ ကောင်းစွာထင်ရှား ကြားသိရ၍။ "ဣဒါနိ၊ ယခုအခါ၌။ ဝေရူပံ၊ ဤသို့ ရောင်းဝယ်ကူးသန်း, ကုန်သွယ်ခြင်းလုပ်ငန်း၌, ကျွမ်းကျွမ်းကျင်ကျင်, စီရင်ခြင်းငှာ, စွမ်းနိုင်ရာသော သဘောရှိသော။ ဒါရကံ၊ ပျိုမြစ်နုနယ်, သူငယ်ကို။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာဖြစ်လတ်, တော်စပ်သူကို။ ကာတုံ၊ ပိုင်ပိုင်အဟုတ်, ပြုလုပ်ခြင်းငှာ။ ဝဍ္ဎတိ၊ အမှန်ထောက်ချင့်, အခါမလင့်စေဘဲ,သင့်လှပေ၏" ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံစည်စဉ်းစား၍။ ဝယပ္ပတ္တံ၊ အိမ်ထောင်ပြုရန်, ချိန်တန်ရွယ်ရောက်,အပျိုပေါက်ဖြစ်သော၊ အတ္တနော၊ မိမိ၏။ ဓိတရံ၊ ရှုရှဲမငြိုး,ချစ်သမီးကို။ ဒတွာ၊ လက်ထပ်ထိမ်းမြန်း, ပေးကမ်းပြီး၍။ သကလကုဋုမ္ဗဿ၊ ဘိုးဘွားလက်ထက်မှ မပျောက်ပျက်အောင်, စဉ်ဆက်ထိန်းသိမ်း, ခပ်သိမ်းများစွာ, အလုံးစုံသော, စည်းစိမ်ချမ်းသာ၏။ သာမိကံ၊ စိုးမိုးအုပ်ချုပ် ပြုလုပ်စီရင် ပိုင်ရှင်အဖြစ်ကို။ အကာသိ၊ ကြောင်းစုံဝဝ, ရှုမျှော်ဆ၍,မုချလျင်လျင်, ပြုစီစဉ်လေတော့သတည်း။

သဌေးကြီးကလဲ လုလင်ရဲ့လုပ်ရည်ကိုင်ရည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရသောအခါ အဘယ်မှာ ဒီသူငယ်ကို အလွတ်ခံနိုင်တော့မှာလဲ၊ မိမိမှာလဲအရွယ်ရောက်ပြီး သမီးတယောက်ရှိသဖြင့် အခန့်သင့်ပင် ထိုလုလင်ငယ်နှင့် ထိမ်းမြားလက်ဆက်ပေးကာ မိမိမှာရှိသမျှ မိဘဘိုးဘွားလက်ထက်ကစ၍ စုဆောင်

လာသော စည်းစိမ်ဥစ္စာအဝဝကိုလဲ ထိုသူငယ် ဇနီးမောင်နှံအား အလုံးစုံ ချီးမြှင့်ပေးကမ်းလိုက်လေသတဲ့၊ အရောင်းအဝယ် စီးပွားဥစ္စာ အရှာအဖွေကောင်းတဲ့သူမို့ သဌေးကြီးလဲ ထိုလုလင်ကိုအလွတ်မခံနိုင်တော့ဘဲ သမီးနှင့်ထိမ်းမြားပြီး ပိုင်အောင် သားမက်ဖမ်းလိုက်တော့တာဘဲနော်။

ဦးပဉ္ဇင်းတို့နိုင်ငံမှာလဲ တက္ကသိုလ်ကျောင်းဆင်းများ ခေတ်ကောင်းစဉ် တချိန်သောအခါက လုလင်ပျိုများ တက္ကသိုလ်မှဘွဲ့ရ၍ ကျောင်းဆင်းလာပြီဆိုလျှင် သမီးရှင်များဟာ ဝိုင်းဝိုင်းလည်နေပြီး သူကသားမက်တော်ချင်၊ ငါကသားမက်တော်ချင်နဲ့မို့ သားယောက်ျားရှင်များဆိုလျှင် ပုန်းရှောင်အိပ်လောက်ကမန်း၊ ဘီအေ-အမ်အေ ဘွဲ့ထူးရှင်တွေ စန်းထခဲ့ဘယ်ဆိုပါကလား-( ဒကာကြီးဦးစိန်ရဲ့)၊ ဟုတ်ပေလိမ့်မည်နော်၊ သမီးရှင်များကလဲ မိမိတို့သမီးကို ချမ်းချမ်းသာသာနဲ့ မာစီဒီကြီးစီးလို့ တိုက်ကြီး,တာကြီး,ခြံကြီးနှင့်နေတာကိုသာ မြင်ချင်ကြပေလိမ့်မယ်ပေါ့၊ ကိုယ့်သားသမီးဆင်းရဲတာကိုတော့ အဘယ်သူမှ မြင်ချင်ကြမည် မဟုတ်ပေဘူး၊ လုံ့လဝီရိယ အကြံအစည်မရှိဘဲ ပျင်းရိသူလဲဖြစ်, အချက်သမား ဘိန်းသမားလဲဖြစ်နေတဲ့ သူမျိုးနှင့် မိမိသမီး အကြောင်းမသင့်လို့ ညားသွားလျှင် မခက်ပါလား။

ဒါကြောင့်မို့ သမီးရှင်ဖြစ်ကြတဲ့ မိဘများဟာ မိမိသမီးအတွက် ပညာတတ်တဲ့သူ, လုံ့လဝီရိယရှိတဲ့သူ, အကျင့်စာရိတ္တကောင်းမွန်တဲ့သူမျိုးကို အလိုရှိကြတယ်ဆိုတာ သင့်မြတ်ပေဘယ်လို့ဆိုရပေမယ်နော် လောကီစည်းစိမ် ဂုဏ်သိန်အတွက် မငဲ့ကွက်ဘဲ တောထွက်ပြီး အကျင့်တရားနှင့် လွတ်လွတ်ကြီး မသွားနိုင်သေးလျှင် လူ့ဘုံလူ့ဘဝမှာနေစဉ်အခါ လူချင်းတူတူ သူချင်းမျှမျှ နေနိုင်ကြဘို့ဆိုတာလဲ လွန်စွာလိုတာဘဲကလား၊ ထို့အတွက် မြတ်စွာဘုရားဟောဖော်ညွှန်ကြားတော်မူခဲ့တဲ့ စီးပွားဥစ္စာရှာဖွေစုဆောင်းနည်းကလေးကို နည်းနည်းလောက် ပြောပြရဦးမယ်၊ မြတ်စွာဘုရားက စီးပွားဥစ္စာရှာဖွေတဲ့နေရာမှာ ပျားကောင်ကလေးများ, ခြ,သတ္တဝါကလေးများကို ပမာထား၍ ကြိုးစားရှာဖွေစုဆောင်းရမည်ဆိုတဲ့အကြောင်းကို ဥပမာပေး၍ ဟောကြားရာမှာ—

ဘောဂေ သံဟရမာနဿ၊ ဘမရဿေဝ ဣရိယတော။
ဘောဂါ သန္နိစယံ ယန္တိ၊ ဝမ္မိကော ဥပစိယတိ။ (ပါထိကဝဂ္ဂပါဠိ–၁၆၃)။

ဟူ၍ ဟောကြားတော်မူခဲ့ပါတယ်။

ဘောဂေ၊ မပျက်မပြုန်း, အစဉ်သုံးဘို့, သက်ဆုံးတည်မြဲမြဲ စည်းစိမ်တို့ကို။ သံဟရမာနဿ၊ တရားနှင့်အညီ ရပ်ထိုက်၍သို့, လှည့်လည်မပျက်, ဆောင်ရွက်အားထုတ်, ရှာဖွေဆည်းပူးသောသူအား။ ဘောဂါ၊ စည်းစိမ်ဥစ္စာရတနာတို့သည်။ ဣရိယတော၊ ပန်းရက်ယူကာ,ကောင်းစွာဆောင်စု,အအုံကိုပြုသော။ ဘမရဿ၊ ထူးခြားလှစွာ, ပျား သတ္တဝါ၏။ ပဋလံ၊ ဝတ်ရည်ပြည့်စုံ ပျားအုံသည်။ သန္နိစယံ၊ တိုးတက်များပြား,ထွန်းကားလေပြီး, ပွားစည်းခြင်းသို့။ ယာတိဣဝ၊ အမှန်မျက်မှောက်, ရောက်လေဘိသို့။ သန္နိစယံ၊ တိုးတက်များပြား ထွန်းကားလေပြီး, ပွားစည်းခြင်းသို့။ ယန္တိ၊ အထင်အရှား, အမြင်အားဖြင့်, ငွားငွားစွင့်စွင့်, ဂုဏ်ရောင်တင့်စွာ, ဆိုက်ရောက်ကြလေကုန်၏။ ကထံဆေန အာကာရေန၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ ယန္တိ၊ ဆိုက်ရောက်ကြလေကုန်သနည်းဟူမူကား၊ ဝမ္မိကော၊ ခြယ်သတ္တဝါ,ကြိုးစားကာဖြင့်, ကောင်းစွာစည်းဖို့,ခြတောင်ပို့သည်။ သန္နိစယံ၊ အစဉ်မပျက်, ဆက်လက်စည်းကား, ပွားစည်းခြင်းသို့။ ယာတိဣဝ၊ မှန်စွာမျက်မှောက်, ဆိုက်ရောက်လေဘိသကဲ့သို့။ ဘောဂါ၊ စည်းစိမ်ဥစ္စာ, ရတနာတို့သည်။ သန္နိစယံ၊ တရွေ့ရွေ့စုဆောင်း, ချိန်

မနှောင်းဘဲ, ကောင်းကောင်းအပြီး, ပွားစည်းခြင်းသို့။ ယန္တိ၊ အထင်အရှား, အမြင်အားဖြင့်, ငွားငွား စွင့်စွင့်, ဂုဏ်ရောင်တင့်အောင်, အသင့်မှသွေ့ ဆိုက်ရောက်ကြရလေကုန်တော့သတည်း။

မိမိကိုယ်ကိုရင်း, သူတပါးကိုရင်း, နှိပ်စက်ညှင်းဆဲခြင်းအမှု မပြုမူရ၍ တရားနှင့် ညီညွတ်စွာ စည်းစိမ်ဥစ္စာတို့ကို ရရှိအောင် စုဆောင်းရှာမှီးသောသူအား ပျားသတ္တဝါသည် အဆင်းအနံ့နှင့် ပြည့်စုံသောပန်းပွင့်တို့ကို တစုံတခုဖျက်ဆီးညှင်းဆဲမှု မပြုလေပဲ နှုတ်သီးဖြင့်ရင်း, အတောင်တို့ဖြင့်ရင်း, ပန်းဂုဏ်ကို ဆောင်ယူကာ အစဉ်သဖြင့် တရွေ့ရွေ့ကြီးပွား လှည်းဘီးလောက် ကြီးမားလှသည့် ပျားသလက်ကိုသော်လည်း ဖြစ်စေသကဲ့သို့၊ ထိုနည်းတူစွာ အစဉ်သဖြင့် တရွေ့ရွေ့ စုဆောင်းမိကာ ကြီးပွားချမ်းသာခြင်းသို့ ရောက်ရှိနိုင်ပါတယ်တဲ့၊ တနည်းအားဖြင့် သေးငယ်လှစွာသော ခြသတ္တဝါ ကလေးများသည်လည်း အနည်းငယ်မျှသော ရွှံမြေညက်များကို ကိုက်ချီစုဆောင်းလေရာ မကြာ မြင့်သော အချိန်အခါတွင် ကြီးစွာသောတောင်ပို့ကြီးကို ဖြစ်စေသကဲ့သို့၊ ထိုနည်းတူစွာ စည်းစိမ် ဥစ္စာကို ရှာဖွေစုဆောင်းသော သူအပေါင်းသည်လည်း အစဉ်သဖြင့် တရွေ့ရွေ့စုဆောင်း ရှာဖွေ လေပါက မကြာမီ ကြီးပွားချမ်းသာခြင်းသို့ ရောက်ရှိနိုင်ပါတယ်လို့ ဆိုလိုရင်း ဖြစ်ပေတယ်နော်၊ ပါဠိဂါထာဆိုတော့ မှတ်သားဘို့ ခက်ချင်ခက်နေဦးမယ်ပေါ့၊ ဒါကြောင့် အလွယ်တကူ မှတ်ယူနိုင် ကြအောင် ဒီမြန်မာ ကဗျာကလေးကိုဘဲ လိုက်ဆိုပြီးမှတ်ထားကြပေတော့ –

**ဆောင်ပုဒ်။** ဥစ္စာစီးပွား- ရှာငြားသူမှာ၊ ပျားငယ်အုံပြု- နည်းတုယူကာ။
ခြတောင်ပို့လား- ကြိုးစားဖွေရှာ၊ ကျင့်ကြံလုပ်- အဟုတ်ကြီးပွားရာ။

ပျားငယ်ကိုပမာထား ခြသတ္တဝါကလေးများလို အလုပ်ကိုကြိုးစား၍ရှာဖွေကာ စုဆောင်း သွားလျှင် မကြာခင်မှာပင် ချိုမြိန်ကောင်းမြတ်သော အရသာနှင့်ပြည့်စုံသော ပျားအုံကြီးအလား မြင့်မားကြီးကျယ်လှစွာသော တောင်ပို့ကြီးအလားကဲ့သို့ စည်းစိမ် ဥစ္စာနှင့် ပြည့်စုံကာ ကြီးပွားချမ်း သာခြင်းသို့ ရောက်ရှိနိုင်ပါတယ်လို့ ဆိုလိုတာဘဲနော်။

ဒီလိုပစ္စည်းဥစ္စာရှာဖွေစုဆောင်းရာမှာ အမှားမဖက် တရားသဘောသက်သက်ဖြင့် စီးပွားရေး တိုးတက်အောင်ရွက်ဆောင်နိုင်တဲ့ ကိုယ်ကျင့်သီလ အာစာရနှင့် ပြည့်စုံသူလဲဖြစ်မှ၊ အမြော်အမြင် ဉာဏ်ပညာနှင့်လည်းပြည့်စုံသောသူ ဖြစ်မှသာ ပစ္စုပ္ပန်အတွက်ရော၊ သံသရာအတွက်ပါ တကယ်တန်း ကြီးပွားချမ်းသာအောင် ပြုလုပ်ဆောင်ရွက်နိုင်မှာပါတယ်၊ သို့အတွက် မြတ်စွာဘုရားက –

ပဏ္ဍိတော သီလသမ္ပန္နော၊ ဇလံ အဂ္ဂိဝ ဘာသတိ။

သီလသမ္ပန္နော၊ ကိုယ်ကျင့်သီလ, အာစာရနှင့်, လောက်ကော်လုံ, ပြည့်စုံသော။ ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ, ပညာရှိသော ပုဂ္ဂိုလ်သည်။ ဇလံ-ဇလန္တော၊ အလျှံပြောင်ဝင်း, ထွန်းလင်း တောက်ပသော။ အဂ္ဂိဝ၊ မီးကဲ့သို့။ ဘာသတိ၊ စည်းစိမ်ချမ်းသာ, ဂုဏ်ပေါင်းဖြာ၍, ကြေညာ ပျံ့ဆင်း, ထွန်းလင်းတင့်တယ်နိုင်ပေသတည်း။

ဆိုလိုရင်းကတော့– အမြော်အမြင်, ဉာဏ်ပညာနှင့် ပြည့်စုံသူ၊ အကျင့်သီလ, အာစာရနှင့် ပြည့်စုံသူသည် မှောင်မိုက်သော ညဥ့်သန်းခေါင်အခါတွင် တောင်ထိပ်ပေါ်မှ ထွန်းလင်းတောက်ပ သော အလျှံတညီးညီး မီးကဲ့သို့ တန်ခိုးဂုဏ်သိန် စည်းစိမ်ချမ်းသာ အဖြာဖြာတို့ဖြင့် ကောင်းစွာ ထွန်းလင်းတောက်ပနိုင်ပေသည်၊ တင့်တယ်နိုင်ပေတယ်လို့ ဆိုလိုရင်း ဖြစ်ပေတယ်၊ ဒီ ဘုရားဟော ပါဠိကို အမှီပြုပြီးတော့ ရှေးမြန်မာပညာရှိကြီးများက "တောက်မည့်မီးခဲ-တရဲရဲနှင့်" လို့ စကားပုံ

ပြုကာ ပြောဆို ဆုံးမကြတာထင်ပါရဲ့နော်၊ လောကီရေးရာ စီးပွားဥစ္စာ ရှာဖွေစုဆောင်းရေးနှင့် ပတ်သက်ပြီး မြတ်စွာဘုရား ဟောကြားတော်မူခဲ့တာ ရှိသေးတယ်၊ သေသေချာချာ နားထောင် မှတ်သားကြစမ်းပါ။

ဦးပဥ္စင်းတို့ သုံးလောကထွဋ်ထား မြတ်စွာဘုရားဟာ လောကီရေးရာမှာဖြစ်စေ, လောကုတ္တရာ ရေးရာမှာဖြစ်စေ အလုံးစုံ အကြွင်းမရှိ မြင်သိတော်မူတဲ့အတွက် သဗ္ဗညုတဉာဏ်ကို ဆွတ်ခူးရရှိတော် မူသော ဘုရားမြတ်စွာဖြစ်ပါတယ်၊ အချို့သော သူများက ဗုဒ္ဓဘာသာ မြတ်စွာဘုရားဟာ ဒီဘဝ တွင် ရရှိနိုင်တဲ့ အကျိုးတရားတို့ထက် တမလွန်ဘဝတွင် ရရှိခံစားရမည့် အကျိုးတရားကိုသာ ဟောဖော်ညွှန်ကြားတယ်လို့ ထင်မှားတတ်ကြပေတယ်၊ ပစ္စုပ္ပန်ဘဝ ကြီးပွား ချမ်းသာရေးအတွက် ဟောကြားတော်မူခဲ့တာ များစွာရှိပါတယ်၊ ပစ္စုပ္ပန်ဘဝ ကြီးပွား ချမ်းသာရေးအတွက် စီးပွား ဥစ္စာ ရှာဖွေစုဆောင်းရေးနှင့် ပတ်သက်ပြီး ဟောကြားတော်မူခဲ့တဲ့ အချက်များကို နန်နဲလောက် မှတ်သားဘို့ ထုတ်ဖော်ပြီး ပြရဦးပေမယ်ပေါ့၊ စီးပွားဥစ္စာ ရှာဖွေ စုဆောင်းရေးနှင့် ပတ်သက်ပြီး မဟာကရုဏာသခင် မြတ်စွာဘုရားက–

(က) ဧဝံ ဘောဂေ သမာဟိတွာ၊ အလမတ္တော ကုလေ ဂိဟီ။
စတုဓာ ဝိဘဇေ ဘောဂေ၊ သစေ မိတ္တာနိ ဂန္ထတိ။

(ခ) ဧကေန ဘောဂေ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။　(ပါထိကဝဂ္ဂပါဠိ-၁၅၃)။

ဟူ၍ ဟောဖော်ညွှန်ကြားတော်မူခဲ့ပါတယ်။

(က) အလမတ္တော၊ အိမ်ထောင်ကိစ္စ, အဝဝကို, ကျနကုန်စင်, ပြုစီရင်ခြင်းငှာ စွမ်းနိုင်ရာ သော သဘောရှိသော။ ကုလေ၊ အမျိုး၌။ ပဝတ္တော၊ ကောင်းစွာစင်စစ်, ဖြစ်ပေါ်လာသော။ ဂိဟီ၊ အိမ်ထောင်ရှင်ဖြစ်သူ လူသည်။ ဧဝံ၊ ခြ ပျားပမာ, စီးပွားရှာဟု, ပမာပုံမှီး, ဤသို့ဆိုအပ်ခဲ့ ပြီးသောအတိုင်း။ ဘောဂေ၊ ရတနာရွှေငွေ, အထွေထွေများစွာ, စီးပွားဥစ္စာတို့ကို။ သမာဟိတွာ- သမာ-ဟရိတွာ၊ မပျက်မပြုံး, ပေါင်းစုရုံး၍။ စတုဓာ၊ ဝေဘန်ပိုင်းခြား,လေးပါးအပြားအားဖြင့်- (ဝါ) လေးစုလေးပုံ, ခွဲဝေပုံသောအားဖြင့်။ ဝိဘဇေ၊ အညီအမျှ, အချိုးကျအောင်, ကျနပုံသေ, ခွဲဝေရာ၏။ သ-သောပုရိသော၊ စုဆောင်းအပ်ပြီး, ပစ္စည်းဥစ္စာ, လေးစုဖြာ၍, ခွဲကာဝေခြား, ထိုယောကျ်ားသည်။ ဧဝံ၊ စင်စင်ကေန်, အမှန်အားဖြင့်။ မိတ္တာနိ၊ တွင်းပခြွေရံ, အမှန်ဖြစ်ပေ, အပေါင်းအသင်း, ရောင်းရင်း မိတ်ဆွေတို့ကို။ ဂန္ထတိ၊ မပြိုမကွဲ, ခိုင်ခိုင်မြဲအောင်, မလွဲမသွေ, ပေါင်းသင်းဖွဲ့ထားသည်မည်ပေ၏။

(ခ) ဧကေန၊ တစုတပုံသော ဥစ္စာဖြင့်။ ဘောဂေ၊ စည်းစိမ်ချမ်းသာတို့ကို။ ဘုဉ္ဇေယျ၊ သုံးဆောင်ခံစားရာ၏။ ဒွီဟိ၊ နှစ်စုနှစ်ပုံတို့ဖြင့်။ ကမ္မံ၊ အရောင်းအဝယ်, ကုန်သွယ်ခြင်း အစရှိသော အမှုကိစ္စအဝဝကို။ ပယောဇယေ၊ စီးပွားဖေမူ, ကြိုးစားပြုကာ, ယှဉ်စေရာ၏။ စတုတ္ထဉ္စ၊ လေးခု မြောက်ဖြစ်ငြား, အဘို့အစုကိုကား။ အာပဒါသု၊ မင်းဘေးအစ၊ များလှသွယ်သွယ်,ဘေးအန္တရာယ် တို့သည်။ ဥပ္ပန္နာသု၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကြကုန်သည်ရှိသော်။ ဘဝိဿတိ၊ အန္တရာယ်အပေါင်း, ကာကွယ်ကြောင်းဟု, ကောင်းကောင်းစင်စစ်, ဖြစ်ပေလတ္တံ့။ ဣတိ-မနသိ

ကတွာ၊ ဤသို့မယွင်း, နှလုံးသွင်း၍။ နိဗ္ဗာပေယျ၊ မြဲမြဲခိုင်ခန့်, အရှည်တည်တန့်ဘို့, သိုးသန့်သိမ်းပိုက်, မြေ၌ ကောင်းစွာ မြှုတ်ထားလေရာ သတည်း။

ယခုဟောဖော်ညွှန်ကြားတဲ့ ဂါထာများကတော့ စီးပွားဥစ္စာကိုရှာဖွေစုဆောင်းပြီး ဓနဘန်သုံးစွဲပုံအသေးစိတ်ကို ပြဆိုလိုရင်းဖြစ်ပေတယ်နော်။ ဤကဲ့သို့ ခြပျားသတ္တဝါကလေးများ ပုံပမာလို စီးပွားဥစ္စာ ရတနာရွှေငွေ အထွေထွေကို ရှာဖွေစုဆောင်းပြီးလျှင် အိုးအိမ်ရာ တည်ထောင်ခြင်းကိုစွ၍ စွမ်းဆောင်နိုင်သော သဘောရှိသော အမျိုးသားသည် မိမိရှာဖွေစုဆောင်းထားတဲ့ လက်ရှိစီးပွားဥစ္စာကို လေးစုလေးပုံ, စုပုံကာ ဝေဘန် ပိုင်းခြားထားရမည်တဲ့၊ ယင်းသို့ စည်းစိမ်ဥစ္စာကို ခွဲခြားဝေဘန်၍ ထားရှိနိုင်သော သူသည် အတွင်းအပ, အခြေအနေ ဖြစ်သော မိတ်ဆွေ အပေါင်းအသင်းတို့ကို ပစ္စည်းဥစ္စာဖြင့် သင့်တင့်အောင် ပေးကမ်း ချီးမြှင့်သဂြိုဟ် ထောက်ပံ့နိုင်သဖြင့် အပေါင်းအသင်းများ ပြိုကွဲမသွားအောင် ဖွဲ့စည်းပေါင်းသင်းထားနိုင်ပေတယ်။

ထိုကဲ့သို့ ပေးကမ်းချီးမြှင့်ခြင်း မပြုနိုင်ပါမူကား အခြေအရံ အပေါင်း အသင်းများကို ထည်တန့်စွာ ဖွဲ့မထားနိုင်ပါချေ၊ သို့အတွက် မိမိ ရှာဖွေစုဆောင်းထားသော စည်းစိမ်ဥစ္စာကို လေးစုလေးပုံ စုပုံ၍ ပထမတပုံကို မိမိစားသောက်သုံးစွဲရမည်တဲ့၊ ယင်း မိမိ စားသောက်သုံးစွဲရာ အစုအပုံမှပင် ကောင်းမှုကုသိုလ်ကိုလဲ ပြုရမယ်၊ ရဟန်းသံဃာ သူတော်စင်များအား ခွဲဝေလှူဒါန်းရမယ်၊ ဖုန်းတောင်းယာစကာ အထီးကျန်သူများကိုလဲ ပေးကမ်းရမယ်၊ အလုပ်သမားများကိုလဲ လစာရိက္ခာ ပေးကမ်း ချီးမြှင့် ကြရမယ်တဲ့၊ ဒီနေရာမှာ လှူရေး တန်းရေးနှင့် ပတ်သက်ပြီး ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင်များ အလွန်ပင် သတိထားဘို့ ကောင်းတယ်နော်၊ လှူဒါန်းတဲ့ နေရာမှာ ရှိသမျှအကုန်လှူဒါန်းမယ်၊ နက်ဖြန်ခါ လိုက်တောင်း၍ စားရစားရဆိုပြီး စုဆောင်းထားသမျှပုံအော ပြီးလှူဒါန်းတဘ်ကြတာကိုး၊ စေတနာသဒ္ဓါတရားက အလွန်ထက်သန်နေတဲ့အတွက် ရက်ရက်ရောရော လှူဒါန်းကြဘာပါပဲ။

မြတ်စွာဘုရားအလိုကတော့ အလှူရှင် ဒါယကာမှာ တခါတည်း လှူဒါန်းပြီး ပစ္စည်း ဥစ္စာကုန်ခန်းပြီး အားပြတ်သွားတာမျိုး မဖြစ်စေရန် အလှူရေစက် လက်နှင့်မကွာ ဆိုတာမျိုးလို အမြဲမပြတ် လှူဒါန်းနိုင်စေရန် မိမိစားသုံးသည့်အထဲမှ ဝေခွဲကာ ပေးကမ်း လှူဒါန်း ရမည်လို့ ဆိုတာဘဲနော်၊ အတိုင်း အတာမရှိဘဲ တခါတည်း ပုံအောသဖြင့် ကုန်ခမ်း သွားပါက အကြောင်း မသင့်လျှင် နောင်အခါ အာရ စေတနာ ချွတ်ယွင်းတတ်တယ် ဆိုတာကိုလဲ သတိပြုရမယ်တဲ့ ဒကာကြီးဦးစံနီရဲ့)၊ နောက်ပြီး ဒုတိယ,တတိယ,အစုဖြစ်တဲ့ နှစ်စုနှစ်ပုံသော ပစ္စည်း ဥစ္စာဖြင့် လယ်ယာ ကိုင်းကျွန်း စိုက်ပျိုးပြုလုပ်ခြင်း ကျွဲ နွား မွေးမြူခြင်း ကူးသန်းရောင်းဝယ်ခြင်း အစရှိသော ပစ္စည်း ဥစ္စာကြီးပွား တိုးတက်ရေးအတွက် ဆက်လက် ကြိုးစား အားထုတ် ဆောင်ရွက်ရမည်တဲ့၊ စတုတ္ထမြောက်အဘို့အစုကိုတော့ မပျောက်မပျက်အောင် မြေ၌မြှုတ်ကာ သေချာစွာ သိုမှီး သိမ်းဆည်းထားရမည်တဲ့၊ အဘယ့်ကြောင့် သေသေချာချာ သိုမှီး သိမ်းဆည်း ထားရသနည်း ဆိုတော့- လူတို့မည်သည် အမြဲတန်း အစဉ်တစိုက် ဒီလိုချည်း နေကြရမည် မဟုတ်ပေဘူး။

တရံတခါမင်းဘေး, ခိုးသူခားပြဘေး, မီးဘေး, ရေဘေး, အစရှိသော ဘေးရန် အန္တရာယ်ဘခုခုနှင့် တွေ့ကြုံသောအခါ အလွယ်တကူ ထုတ်ယူသုံးစွဲနိုင်စေ ရန်ဖြစ်ပါတယ်၊ အလုံးစုံ ဒေါင့်စိရအောင် ညွှန်းပြထားတဲ့ ပစ္စည်း ဥစ္စာ ရှာဖွေ စုဆောင်းနည်း တွေဘဲနော်၊ ထို့ ပြင်ပါးလဲ လောကီ

နယ်လူသားတို့ ကြီးပွားတိုးတက် စေရန်အတွက် စီးပွားဥစ္စာ ရှာဖွေနည်း စုဆောင်းနည်းတွေ ရှောင်ရန်အတွက် ပရာဘဝသုတ္တန်၊ ဆောင်ရန်အတွက် မင်္ဂလာ သုတ္တန် အစရှိသည်ဖြင့် ပြည့်ပြည့် စုံစုံ ဟောဖော် ညွှန်ကြားခဲ့ဘယ်နော် (ဒကာကြီး ဦးစိန်)၊ ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင် သူတော်စင် များဟာ မြတ်စွာဘုရား ပေးထားတဲ့ နည်းတွေအတိုင်း လိုက်နာ ကျင့်ကြံရှာဖွေ စုဆောင်းကြလျှင် ယခုဘဝ မှာလဲကောင်း နောင်ဘဝမှာလဲ ကောင်းဘို့အကြောင်းတွေသာ ဖြစ်ပါတယ်၊ ကဲ-ကဲ အကျဉ်းချုပ် မှတ်ကြအောင် ဒီကဗျာလေးများကို ဆိုထားကြဦးစို့-

**ဆောင်ပုဒ်။** ဥစ္စာပစ္စည်း—ရှာမှီးပြီးကာ၊ အိမ်ထောင်ကိစ္စ—ပြုကြသူမှာ။
ပစ္စည်းလေးစု—ခွဲဝေပြုပါ၊ မိတ်ခြွေရံ—အမှန်ဖွဲ့စည်းရာ။
တပုံကိုကား—သုံးစားလေပါ၊ နှစ်ပုံနှစ်စု—အမှုဆောင်ရာ။
လေးပုံမြောက်အား—သိမ်းထားမြဲစွာ၊ ဘေးရန်ဖြစ်—စင်စစ်သုံးစွဲရာ။
ဗုဒ္ဓသာဝက—ဖြစ်ကြတို့မှာ၊ ခုနောင်ကျိုးများ—တိုးပွားစိမ့်ငှာ။
မြတ်စွာဟောကြား—တရားညီစွာ၊ လိုက်နာက—မုချကြီးပွားရာ။

"ရိုးရိုးကျင့် မြင့်မြင့်ကြံ မှန်မှန်လုပ် ကုပ်ကုပ်နေ ချွေတာသုံး ကတုံးစု" ဆိုတဲ့ ရှေးမြန်မာ ပညာရှိများ ညွှန်ကြားဆုံးမကြတဲ့ ကြီးပွားရေးကျင့်စဉ်ဟာလဲ မြတ်စွာဘုရား ဟောဖော်ညွှန်ကြား တဲ့ နည်းလမ်းအတိုင်းပင် ဖြစ်တယ်နော်၊ မြင့်မြင့်ကြံကာ မှန်မှန်လုပ်သဖြင့် စူဠန္တေ ခေါ်တဲ့ လုလင် ဟာလဲ ပစ္စည်း ဥစ္စာ ရှာဖွေ စုဆောင်းကာ ကြီးပွား ချမ်းသာခြင်းသို့ ရောက်ရှိပြီး-ယခုဆိုလျှင် စူဠ သေဋ္ဌိ သူဌေးကြီးရဲ့ သမီးကိုလဲရရှိတယ်၊ သဌေးကြီးပိုင် ပစ္စည်း ဥစ္စာအားလုံးကို အပ်နှံခြင်းခံရပြန် ပါတယ်။

**သော သေဋ္ဌိနော အစ္စယေန တသ္မိံ နဂရေ သေဋ္ဌိဋ္ဌာနံ လဘိ။**
(ဇာ - ဋ္ဌ - ၁- ၁၃၈)။

**သော** မာဏဝေါ၊ ထိုလုလင်သည်။ **သေဋ္ဌိနော၊** စူဠသေဋ္ဌိ၊ အမည်ရှိ၍၊ တိုင်းသိကျော်ဟိး၊ သဌေးကြီး၏။ အစ္စယေန၊ ဘဝတပါး ပြောင်းသွား ကွယ်လွန် လေသဖြင့်။ တသ္မိံ နဂရေ၊ ထိုဗာရာဏသီ မြို့၌ပင်လျှင်။ သေဋ္ဌိဋ္ဌာနံ၊ ကျော်သံ ရွှေငွေ အထွေထွေများ လှ ပေါပြည့်ဝသဖြင့် ဒါနကောင်းမှု မင်းသတ်မှတ်အပ်သော သဌေးရာထူးကို။ လဘိ၊ ကောင်းရန် အခွင့် အကြောင်းကံ မြင့်သဖြင့် အသင့်ပုံသေ ရရှိလေပြီတကား။

ထို လုလင် ယောကျ်ားသည် စူဠ သဌေးကြီး ဘဝတပါး ပြောင်းသွား သောအခါ ထို ဗာရာဏသီမြို့မှာပင် ဘုရင်မင်းမြတ်က သဌေးဘွဲ့ထူးဖြင့် ဖွဲ့ချီသတ်မှတ်သဖြင့် သဌေးအဖြစ်သို့ရောက် ရှိသွားလေသတဲ့၊ ဘုရားအလောင်း စူဠသဌေးလဲ ကံအားလျော်စွာ လားလေသတဲ့၊ သုံးလောက ထွဋ်ထား မြတ်စွာ ဘုရားသည်ကား ဤသို့သော တရားဒေသနာတော်ကို ဟောကြားတော် မူပြီး၍ ဘုရားဖြစ်တော် မူပြီးသောအခါမှ ဤ တရားဂါထာကို ဟောကြားတော် မူပါတယ်။

**အပ္ပကေနာပိ မေဓာဝီ ပါဘတေန ဝိစက္ခဏော၊**
**သမုဋ္ဌာပေတိ** အတ္တာနံ အဏုံ အဂ္ဂိံဝ သန္ဓမံ။ (ဇာတက ပါဠိ ဂါထာ-၄)။

ဘိက္ခဝေ၊ ကိလေသာရန်၊ ဖြိုဖျက်ရန်ကို၊ စိတ်ကြံလိုလား။ အို- အမျိုးကောင်း သားသမီးတို့။ ဝိစက္ခဏော၊ ထောင်းဝယ်ဖောက်ကား၊ စီးပွားရှာရာ၌၊ လွန်စွာလိမ္မာသော။ မေဓာဝီ၊ အတွေးအမြင်သိ၊ ပညာရှိသည်။ အမ္ဗကေန၊ စကားဖွဲ့စပ်၊ မပြောအပ်ဘွယ်၊ အနည်းငယ်သော။ ပါဘတေနာပို၊ ကုန်အရင်းအနှီးဖြင့်မူလည်း။ အဏုံ၊ မပြောပဘွယ်၊ အနည်းငယ်သော။ အဂ္ဂိ၊ မီးကို။ သန္ဓမံ၊ သန္ဓမန္တော၊ နှုတ်လေသုတ်သုတ်၊ လွန်စွာမှုတ်လျက်။ သမုဋ္ဌာပေတိကွဝ၊ မီးပုံကြီးစွာ၊ အလျှင်မကြာ ဖြစ်လာလေသကဲ့သို့။ အတ္တာနံ၊ မိမိကိုယ်ကို။ သမုဋ္ဌာပေတိ၊ အခြံအရံစည်းစိမ်၊ ဂုဏ်သိန်ပြည့်မောက်၊ လိုတိုင်းပေါက်သဖြင့်၊ ထွန်းတောက်ဂုဏ်ရည်၊ ဖြစ်ပွား တည်ရှိနိုင်လေသည် သတည်း။

လုံ့လ ဝီရိယနှင့် ပြည့်စုံသော ယောကျ်ားသည် အနည်းငယ်မျှ သောမီးကို ရသည် ရှိသော် မီးလောင်စာ အရာဝတ္ထုများကို အခု အခံပြုကာ ခံတွင်း လေဖြင့် မပြတ် မလတ် ကြိုးစား မှုတ်၍ တရှေ့ရှေ့ပွားစီးပြီး ကြီးစွာမီးတောက် မီးလျှံ မီးပုံကြီးကို ဖြစ်စေနိုင်သကဲ့သို့ အကြောင်းဟုတ်သည် မဟုတ်သည် အကျိုးရှိသည် မရှိသည်ကို နှိုင်းယှဉ် သိတတ် အရောင်း အဝယ် ကုန်သွယ်မှု၌ ပါးနပ်လိမ္မာသော အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံသောသူသည် အနည်းငယ်မျှသော အရင်းအနှီးကိုရသည် ရှိသော် အထူးထူးသော ဥပါယ်တမည် အကြံအစည်တို့ဖြင့် ကြံစည်စဉ်းစား၍ အမျိုးမျိုးကြိုးစားတာ လယ် ယာ ကိုင်း ကျွန်း လုပ်ကိုင်ခြင်း၊ ကျွဲ နွား မွေးမြူခြင်း၊ အရောင်း အဝယ် ကုန်သွယ်မှုကို ပြုလုပ်ကြရမည်၊ အခြွေအရံတို့ကို ဖွဲ့စည်း ထားရမည်၊ ယင်းကဲ့သို့ တရှေ့ရှေ့ ရှာဖွေ စုဆောင်းပါက အဆင့်ဆင့် တိုးပွား၍ များစွာသော စည်းစိမ်ချမ်းသာ များစွာသော အခြွေအရံနှင့် ပြည့်စုံပြီးလျှင် မိမိ၏ တန်ခိုးဂုဏ်သတင်းဟာ အထူးပင် ကျော်စော ထင်ရှားခြင်းသို့ ရောက်ရှိတည်နေပေလိမ့်မည်-လို့ ဆိုလိုရင်း ဖြစ်ပေတယ်နော်။

အနုသန္ဓေစပ်၍ ဇာတ်တော်ကို ပေါင်းတဲ့အခါမှာတော့ စူဠန္တေဝါသိက ခေါ်တဲ့ လုလင်ကတော့ အရှင် စူဠပန္ထကမထေရ် ဖြစ်ပါတယ်၊ ဗာရာဏသီပြည် စူဠသေဋ္ဌိ သဌေးကြီးကတော့ ယခု ဦးပဥ္စင်းတို့ သုံးလောကထွဋ်ထား မြတ်စွာ ဘုရားသခင် ဖြစ်ပါတယ်။

ဒီဝတ္ထုသာဓကကို ထောက်ဆလို့ ကြည့်ပါလျှင် မထင်ရှားသော ဆင်းရဲသား လုလင်ပျိုဟာ ကိုယ့်ကိုယ် ကိုကိုးပြီး ကြိုးစားကာ စီးပွားဥစ္စာကို ရှာဖွေစုဆောင်းခြင်း ရိုးရိုး သားသား လုပ်ကိုင်ဆောင်ရွက် ခြင်းကြောင့် သာမည ဆင်းရဲသား ဘဝမှ ဗာရာဏသီပြည်တွင် ထင်ပေါ် ကျော်ကြားသည့် သဌေးတဦး အဖြစ်သို့ ရောက်သွားခြင်း ဖြစ်ပေတယ်၊ ကြိုးစားမှုနှင့် ရိုးသားမှုရဲ့ ကျေးဇူးလို့ ဆိုရပေမယ်ပေ့၊ အချို့အချို့သော သူများမှာတော့ ရှေးရှေးကပြုခဲ့တဲ့ ကုသိုလ်ကံအားလျော်စွာ မိမိတို့ ကိုယ်ထိလက်ရောက် မလုပ်မကိုင်ရဘဲ မိဘ ဘိုးဘွား အမွေအနှစ်ကို ရရှိသဖြင့် ကြီးပွားချမ်းသာ နေကြသူများလဲ ရှိပါတယ်၊ ထိုသူ များကိုတော့ ကံသမား သက်သက်လို့ ဆိုရပေလိမ့်မယ်၊ အတိတ်ကံ ကောင်းသူကိုတော့ ယှဉ်ပြိုင်တုပလို့ ရနိုင်မည်မဟုတ်ပေဘူး၊ သို့သော်လဲ ကံကိုချည်း အားကိုးနေ၍လဲ မဖြစ်ပေဘူး "ကံကိုပုံ၍ ဆူးစုံမနင်းရာ" လို့ဆိုတယ်မဟုတ်လား၊ ဉာဏ်နှင့် ဝီရိယလဲ ရောစွက်ပေးမှ ကူညီအားဖြည့်ပေးမှသာလျှင် အသင့်အတင့်ကံကောင်းသူလဲ အလွန်ကောင်းသူဖြစ်လာနိုင်မယ်၊ ကံနိမ့်သူဖြစ်ကလဲ မြင့်လာနိုင်ပါတယ်တဲ့၊ ယခု ပြောခဲ့တဲ့ ဆင်းရဲသား လုလင်ဟာ မိမိရဲ့ ကံ ဉာဏ် ဝီရိယဖြင့် ကိုယ့်ကိုယ်ကိုကိုးကာ ကြိုးစား ရှာဖွေ-စုဆောင်းခြင်းကြောင့် လောကီစည်းစိမ် ဂုဏ်သိန် အပေါင်းနှင့် ပြည့်စုံသော သူဌေးဘဝသို့ ရောက်ရှိသွားခြင်း ဖြစ်ပေတယ်။

ထိုနည်းတူ လောကုတ္တရာ တရားဓမ္မ ရေးရာမှာလဲ မိမိကိုယ်ကို မိမိအားကိုးကာ ကြိုးစား အားထုတ်မှသာလျှင် တကယ်တန်း တရားထူး တရားမြတ်ကို ရရှိနိုင်ပါတယ်၊ လောကီရေးရာ စီးပွားဥစ္စာပင်လျှင် ကြိုးကြိုးစားစား အားထုတ် လုပ်ကိုင် ရှာဖွေမှသာလျှင် ရရှိနိုင်ပါတယ်၊ ကြီးပွားချမ်းသာ နိုင်ပါတယ်၊ ပျင်းရိပေါ့တန်သောသူ ရေသာခို အချောင်နေတတ်သူများဟာ လူချင်းတူတူ သူချင်းမျှမျှ နေထိုင်ရဘို့ရာ မလွယ်ကူလှဘူး-မဟုတ်လား၊ (ဒကာကြီး ဦးစိန်)၊ လောကီ စီးပွားဥစ္စာ ရွှေ, ငွေ, ရတနာဆိုတာ ဒီ တဘဝ တသက်တာအတွက်မျှသာ ဖြစ်ပါတယ်၊ ဒီ တဘဝ တခဏမျှ အသုံးပြုရတဲ့ လောကီ စီးပွားဥစ္စာကိုပင်လျှင် ကြိုးစား အားထုတ် ရှာဖွေစုဆောင်းမှ ကြီးပွားချမ်းသာခြင်းသို့ ရောက်ကြရပေသည်။

လောကီစည်းစိမ် ချမ်းသာ စီးပွားဥစ္စာထက် အဆပေါင်း ရာထောင် သိန်းသန်းမက အဘိုးတန် အကျိုးများလှတဲ့ လောကုတ္တရာ တရားထူး တရားမြတ်များကို ရရှိနိုင်ဘို့ဆိုလျှင် မဆုတ်မနစ်သော သမ္မပ္ပဓာန် ဇွဲလုံ့လဖြင့် ထက်ထက်သန်သန် ပြင်းပြင်းထန်ထန် ကျင့်ကြံ ကြိုးစား အားထုတ်ကြရမည်သာ ဖြစ်ပေတယ်၊ တသံသရာလုံး ငြိမ်းချမ်းရေးဖြစ်တဲ့ တရားထူးတရားမြတ်ကို ကိုယ်တိုင် ကြိုးစား၍ မကျင့်ဘဲ မကြံဘဲနှင့် လွယ်လွယ်ကူကူ အချောင်ရရှိလိမ့်မည်ဆိုတာ မမြော်လင့်သင့်တဲ့ အရာသာ ဖြစ်ပေတယ်နော်၊ အချို့သော သုတ နည်းပါးသူများက လောကုတ္တရာ တရားဓမ္မကို မကျင့်ဘဲ မကြံဘဲ ကြားနာရုံမျှ သိရုံမျှနှင့် တမဂ်တဖိုလ် ပေါက်ရောက် ရှိနိုင်တယ်လို့ မှတ်ထင် ယူဆနေတတ်ကြတာကိုး၊ ကျင့်ဘို့မလို,ကြံဘို့မလို၊ ကြားနာရုံ သိရုံမျှနှင့် မဂ်ဖိုလ်ကို ရနိုင်တယ်လို့ မိမိတို့ထင်မြင် ယူဆချက် အတိုင်းလဲ သူတပါးတို့အား ပြောဟော တတ်ကြပေတယ်နော်၊ အကယ်၍ အကြွင်ပုဂ္ဂိုလ် တဦးတယောက်ဟာ ဒီဘဝမှာပင် နည်းမှန်လမ်းမှန်နှင့် တကယ်တန်း ကျင့်ကြံ အားထုတ်မှု မြှုပါက မဂ်ဖိုလ် တရားထူး တရားမြတ်ကို စာနမ်မုချ ရရှိနိုင်ပါတယ်။

ထိုသို့ တကယ်ကျင့်ကြံလျှင် တရားထူး တရားမြတ်ကို ရရှိနိုင်သူသည် ကျင့်ရန်မလို ကြံရန်မလို မိမိတို့တရားကို ကြားနာရုံမျှ, သိရုံမျှဖြင့် တရားထူး တရားမြတ် ရရှိနိုင်ပါတယ်-ဟု ရဲဝံ့စွာ ပြောကြားသော ပုဂ္ဂိုလ်များ၏ တရားကို ကြားနာမိသဖြင့် တကယ်ပင် ထင်မှတ်ကာ သမ္မပ္ပဓာန် ဇွဲလုံ့လကို လျှော့ကာ ကျင့်ကြံမှု ပွားများမှု ပြုပါက တရားထူး တရားမြတ် ရရှိနိုင်ခြင်းနှင့် လွဲသွား နိုင်ပေတယ်၊ မဂ်ဖိုလ် နိဗ္ဗာန် အမြတ်တရားနှင့် လမ်းလွဲ၍ သွားတတ်တယ်တဲ့- (ဒကာကြီး ဦးစိန်ရဲ့)။

ကိစ္စပြီးတယ်လို့ ကျော်ချင်သဖြင့် ပေါပင်လိုက်တာ တရားလျှော့ ဈေးနည်းသစ်ထွင် သူများဟာလဲ တကယ်တန်း သမ္မပ္ပဓာန် လုံ့လဖြင့် အားထုတ်ကြပါလျှင် ဒီဘဝမှာပင် မဂ်ဖိုလ် နိဗ္ဗာန်တရား အမှန်မုချ ရရှိနိုင်ကြသူများအား မကျင့်မကြံရန်, ပွားများ အားထုတ်မှု မပြုရန် တားမြစ်ပိတ်ပစ်သည့် အနေရောက်သဖြင့် ဓမ္မန္တရာယ် ထိုက်နေတတ်တယ်နော်၊ တရားထူး တရားမြတ် ရရှိနိုင်သူကို တရားမရအောင် ကြံဆောင် ဖျက်ဆီးသလို ဖြစ်နေတာကိုး- (ဒကာကြီး ဦးစိန်ရဲ့)။

ဒေသနာ မျက်စိဖြင့် သေသေချာချာ ကြည့်လျှင် အလွန်ပင် ကြောက်ရွံ့ ထိတ်လန့်ဘွယ် ဓမ္မန္တရာယ်ကြီး ဖြစ်နေတယ်နော်၊ ဒကာကြီး ဦးစိန်တို့ ဦးချိန်တို့လဲ "ကြားနာလျှင် ပြီးတာဘဲ၊ သိနေလျှင်ပြီးတာဘဲ ကျင့်ဘွယ်မလို လုပ်သမ္မဒ္ဒက္ခလို့"ယောင်မှား၍များ မပြောကြားပါလေလင့်-ဟု ဦးပဥ္စင်းတို့က အထူးသတိပေး ဟောကြားရတယ်နော်၊ ထိုနည်းငှင်း တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းများကိုလဲ ကျင့်ဘွယ်မလို ကြံဘွယ်မလို အားထုတ် ပွားများဘွယ်မလို လုပ်သမ္မဒ္ဒက္ခ

ဟု အမှတ်တွေ မမှားကြစေဖို့ သတိပေးလိုက် ရပါတယ်၊ ကျင့်ဘွယ်ကြံဘွယ်မလို ကိုယ်စိတ် ပင်ပန်းကာ ကျင့်ကြံခြင်း ပွားများအားထုတ်ခြင်းဖြင့် အဓိဒုက္ခတွေ မရှာသင့်၊ ကြားနာ မှတ်သား၍ သိနေလျှင် ကိစ္စပြီးတော့တာဘဲ၊ မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရနိုင်တာပဲ–စသည်ဖြင့် ရောရောင်ကာ အမှတ်မှားပြီ မကျင့်ပဲ မကြံပဲ အားမထုတ်ပဲနှင့် နာယူမှတ်သားရုံ သိရုံဖြင့် မဂ်ဖိုလ် ကိစ္စပြီးဖြီလို့ ထင်နေလျှင်တော့ မှားချင်းကြီးမက မှားကြလေပြီ၊ ငါးပါးတော့ မှောက်ကြပြီလို့ မှတ်ကြရမည်သာ ဖြစ်ပါတယ်။

ရှေးအခါက ဆိတ်ငြိမ်ရာ အရပ်၌ ချဉ်းကပ်ကာ တရားဓမ္မ အားထုတ် နေသူကို အဖျက်သမား မာရ်နတ်သားက သူ့နယ်အတွင်းမှ မလွတ်မြောက်လေအောင် အမျိုးမျိုး ကြံဆောင်ကာ ဖျက်ဆီး အနှောက်အယှက် ပေးခဲ့တယ်၊ ဓမ္မန္တရာယ် ပြုခဲ့တယ်တဲ့၊ သို့အတွက် ဓမ္မန္တရာယ်တောင် မာရ်နတ် အနှောက်အယှက် မခံရစေလအောင် သမ္မဇဉ် တရားလက်ကိုင် ထားကြ ရပမယ်နော်၊ သတ္တဝါတို့ စရိုက်ဆိုဘာ အလွယ်တို့ အချောင်တို့ကို အလွန်ကြိုက်တတ် ကြတာကလား- (ဒကာကြီး ဦးစိန်ရဲ့)၊ လွယ်လွယ် ရမည်ဆိုလျှင် သူရောငါပါ ရချင်ကြတာဘဲကိုး၊ သင့်တန်လောက်၏၊ မသင့်၏-ဟု ချင့်တွက်၍ မကြည့်အားကြဲတော့ဘဲ အပြေးအလွှား ဆိုသလို လိုက်ပါ သွားတတ်ကြသဖြင့် သံသရာ ခရီးသွားစဉ်မှာ ဆရာ အတင်မှားသည့်အတွက် ခရီးရှည် ဆက်လာခဲ့ကြရတာ ယနေ့အထိဘဲလို့ ဆိုရပေမယ်နော်။

အချို့သော ပုဂ္ဂိုလ်များကလဲ မိမိတို့ ကိုယ်ကို မိမိတို့ ခေတ်သစ် ဘုရားလို့ ထင်မှတ် မှားနေကြရှာ ထင်ပါရဲ့၊ မိမိတို့ ဟောကြား ပြသတဲ့ တရားကို နာယူရုံ မှတ်သားရုံနှင့် မဂ်ကိစ္စဖိုလ် ကိစ္စပြီးနိုင်တယ်၊ ကျင့်ဘွယ်ကြံဘွယ် ပွားများ အားထုတ်ဘွယ် မလိုပါဘူး၊ ဒီ စိတ်ကလေးကို ရှိနေတဲ့အတိုင်း ထားလိုက်ရင် ပြီးနေတာဘဲ၊ အပင်ပန်းခံ၍ ထိုင်နေဘွယ်မလို့ အပိုဒုက္ခရှာဘွယ် မလို-ဟု ဟောပြောပြသ တတ်ကြတာကိုး၊ လူကြိုက်များအောင် ယုံလွယ်အောင် ယုတ္တိဆောင်၍ ဟောပြောကြသဖြင့် ဟုတ်နိုးထင်ကာ မကျင့်ကြံဘဲ ပွားများ အားထုတ်ခြင်း အပင်ပန်းခံကာ မလုပ်ရဘဲ တကယ့်ထူးမြတ်လှတဲ့ ဘုရားထူး တရားမြတ်ကို လွယ်လွယ်နှင့် ရမည်ဆိုတော့ အဘယ်သူ မလိုလားဘဲရှိပါတော့မည်လဲ- (ဒကာကြီး ဦးစိန်)၊ လူဘိုင်းလိုလို ရချင် လိုချင် ကျပေတာပေါ့။

တကယ်တော့ ဝါဒဆန်း ထူထောင်ကာ ပြောဟောသူများဟာ မြတ်စွာဘုရား လက်ထက်တော် အခါက မြတ်စွာဘုရားသခင် တရားတပွဲ ဟောပြီးလျှင် သတ္တဝါ အဘယ်မျှ အကျွတ်တရား ရကြသည်၊ မည်သူ သောတာပတ္တိဖိုလ်သို့ ရောက်သွားသည်-အစရှိသည်ဖြင့် ပါရှိသော ဒေသနာ ပါဠိတို့ကို အတုယူ အားကျကာ ဘုရားလက်သစ်ပမာ လုပ်မိတာ ဖြစ်ပေလိမ့်မယ်နော်၊ သဗ္ဗညု မြတ်စွာဘုရားက ကျွတ်ထိုက်သော သတ္တဝါတို့ရဲ့ စရိုက် အဇ္ဈာသယကို ကြည့်ပြီး ဟောတော်မူတာကိုး။

မိမိတို့ကမူ-တရားနာသူ ပရိသတ်၏စရိုက် အဇ္ဈာသယကို သိဘို့ မဆိုထားဘိ မိမိရဲ့စရိုက် အဇ္ဈာသယကိုပင် အမှန်သိချင်မှ သိမှာ၊ နောက်ပြီးတော့-ဘုရားရှင် လက်ထက်တော်က မြတ်စွာဘုရားအထံတော်မှာ တရားနာယူခွင့် ကျင့်ကြံခွင့်ရသူများကလဲ သာမည ပါရမီရှင်များ မဟုတ်ကြပေဘူးနော်၊ ပြာနှင့်ဖုံးနေတဲ့ မီးခဲလို ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်၊ ဖုံးလွှမ်းနေတဲ့ပြာကို မှုတ်လွှင့်ပေးတဲ့သူကလဲ အားကောင်း-အမှတ်ခံရတဲ့ မီးခဲကလဲ အရှိန်ကောင်းတော့-တချက်ထဲ ပြောင်လက်ပြီး

အနောင်ထွက်လာတာပဲ- မဟုတ်လား၊ ယခုအခါမှာတော့ ပြာကို မှုတ်လွှင့်တဲ့ သူလာလဲ နှုတ်ခမ်းအားကောင်းတာ မဟုတ်ဘူး၊ မီးခဲကို ဖုံးလွှမ်းနေတဲ့ ပြာတွေကလဲ ထူပိန်းနေအောင် ဖုံးလွှမ်းနေတာကိုး။

အဲဒီလို အခြေအနေရှိတဲ့ မီးမှုတ်သူနှင့် မီးခဲဟာ လွယ်ကူစွာ တောက်လာပါမည်လားလို့ စဉ်းစားကြရပေမည်- မဟုတ်ပါလား၊ စိတ်ကို စိတ်အတိုင်းထားလျှင်တော့ စိတ်ဓာတ်ရဲ့ သဘောရင်းကိုက "ပါပသ္မိံ ရမတိ မနော=စိတ်သည် မကောင်းမှု၌သာ မွေ့လျော်တတ်တည်" ဆိုတဲ့အတိုင်း ကောင်းသော နယ်ပယ်မှာကောင်းမှု ကုသိုလ်၌ တည်နေရန် ခက်ခဲပြီး မကောင်းမှု အကုသိုလ်နယ်ပယ်မှာသာ မွေ့လျော်ပျော်ပါး နေတော့မှာဘဲ၊ ရေဆန်ရေညာသို့ ဆန်တက်ရန် ခက်ခဲလှသော်လဲ ရေစုန် အကြေသို့ စုန်ဆင်းရန်ကား အားထုတ်ခြင်း မပြုရပဲ သူ့ဘာသာ နေရုံမျှဖြင့် ဓမ္မတာ သဘော အားလျော်စွာ မြောပါသွားတော့တာဘဲကိုး- (ဒကာကြီး ဦးစိန်ရဲ့)။

ကုသိုလ်တရားနှင့် အကုသိုလ်တရားဆိုတာကလဲ အညာရေဆန်, လေဆန်နှင့် အကြေရေစုန် လေစုန်သဘောမျိုး ရှိပါတယ်၊ အထက်သို့ ရောက်ရှိရန် ဆန်တက်ရန်ကိုကား စွဲမြဲသော စိတ်ထားဖြင့် ကြိုးစား အားထုတ်မှ ရောက်ရှိ နိုင်ပါတယ်၊ အောက်သို့ ခုန်ဆင်းရန်ကိုကား အားထုတ်မှု ပြုရန်ပင်မလိုလှပဲ အလိုက်သင့်ဘာသာ နေရုံမျှဖြင့် မြောပါး သွားနိုင်ပါတယ်၊ ဒါ့ကြောင့်မို့ မြတ်စွာဘုရားက "ပါပါစိတ္တံ နိဝါယေ=စိတ်၊ အထိမ်းခက်, အသိမ်းခက် လျှောက်လျက် ပြေးတတ် စိတ်ဓာတ်ကလေးကို။ ပါပါ၊ အပါယ်နဂ္ဂတိ၊ ရောက်မည့်အကြောင်း မကောင်းဆိုးဝါး အကုသိုလ် မကောင်းမှု တရားမှ။ နိဝါရယေ၊ သတိသမ္ပဇဉ်၊ မြဲစွာယှဉ်၍, ဆင်ခြင်စောင့်လစ်, တားမြစ် လေရာ၏" ဟူ၍ ဟောကြားတော် မူခဲ့သည့်အတိုင်း မိမိတို့ရဲ့ စိတ်ဓာတ်ကလေးကို မကောင်းမှု အကုသိုလ်တရားမှ စောင့်စား တားမြစ် ရမည်တဲ့၊ သတ္တဝါတွေရဲ့ စိတ်ဓာတ်ကလေးဟာ အကုသိုလ် တရားဆိုးများ၌သာ ပျော်မွေ့ ကျက်စား နေလေ့ရှိတတ်တယ်။

ထိုကဲ့သို့ အကုသိုလ် မကောင်းမှု၌သာ မွေ့လျော်တတ်သော စိတ်ဓာတ်ကလေးကို သူ့ရဲ့ မွေ့လျော်မြဲ နေရာဌာန အကုသိုလ်ဓမ္မသို့ မသွားမရောက် ရလေအောင် သတိသမ္ပဇဉ် မြဲစွာယှဉ်ပြီး စောင့်စည်းရမည်လို့ ဆိုလိုတာပေါ့နော်၊ ဒါ့ကြောင့်မို့ ဒကာကြီး ဦးစိန်တို့, ဦးချိန်တို့, မိမိတို့ရဲ့ စိတ်ကလေးကို သတိသမ္ပဇဉ် အမြဲယှဉ်ပြီး တရားဘာဝနာ ဖောင်မဂ္ဂင်ဖြင့် ကယ်တင်ကာ ထိန်းမထား နိုင်ပါက အောက်သို့သာ ရေစုန်မြောသွား ပေလိမ့်မည်ဆိုတာ ထင်ရှား လှပေတယ်၊ စိတ်ကို စိတ်အတိုင်းထားလျှင်တော့ အောက်သို့သာ မြောသွားမှာ ကြိမ်းသေပါဘဲ၊ (ဒကာကြီး ဦးစိန်ရဲ့)၊

စိတ်ဓာတ်ကလေးဟာ သုခနှင့် တွေ့လျှင်လဲ မတုန်လှုပ်၊ ဒုက္ခနှင့် တွေ့လျှင်လဲ မတုန်လှုပ်၊ လောက၏တရားစုံနှင့်တွေ့လျှင် ဝဲမပါ၊ ယာမစောင်းပဲ ကောင်းကောင်းကြီး တည်နိုင်တာကတော့ တကယ့် အထက်တန်း အရိယာပုဂ္ဂိုလ်ကြီးများရဲ့ အဆင့်ဘဲနော်၊ ထိုသို့သောအဆင့်သို့ ရောက်ရှိလေအောင် ဦးပဉ္စင်းတို့ ဒကာကြီး-ဒကာမကြီးတို့ ကြိုးစားနေကြရခြင်းပင် ဖြစ်တယ်နော်၊ မသွားခင်ကရောက်မနေနှင့်ကြဦး အမြင်တွေမှောက်မှားပြီး တရားသဘောလမ်းပေါ်မှ ဘီးချော်ကာမသွားကြစေနှင့်၊ လုပ်မှဖြစ်တယ်၊ ကျင့်မှကြုံမှ အမှန်သိတယ်၊ အမှန်ရတယ်ဆိုတဲ့ သဘာဝနိယာမ တရားကို သတိမြဲမြဲချုပ်ပြီး မှတ်သားထားကြပေတော့၊ ဒီနေရာမှာ-ဇွဲလုံ့လကိုမလျှော့ဘဲ အမြဲမပြတ်ကြိုးစား

အားထုတ်ကြရမည်-ဟု ဦးပဥ္စင်းတို့- သုံး လော က ထွဋ် ထား ဘု ရား ရှင်က သိခီ မြတ်စွာဘုရား လက်ထက်တော်အခါတွင် လကျ်ာတော်ရံ အရှင်အဘိဘူမထေရ်မြတ်ကဲ့သို့ ပညာဝန္တတေဒဂ်ရ-အဂ္ဂသာဝကအရှင်အဘိဘူမထေရ်မြတ်ပြဟ္မာပြည်တွင် ပြဟ္မာပရိသတ်အပေါင်းအား ဟောကြားတဲ့ အရုဏဝတီသုတ္တန်ကို တဆင့်ပြန်ကာ ဟောကြားထားတဲ့ ဂါထာနှစ်ပုဒ် ရှိပါတယ်၊ ကြိုးစားကြဖို့ အဖန်ဖန် ကြိုးကြိုးကုတ်ကုတ် အားထုတ်ကြဖို့ဟောသားတဲ့ ဂါထာများပင် ဖြစ်တယ်နော်၊ အဲဒီဂါထာနှစ်ပုဒ်ကတော့-

(က) အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
(သဂါထာဝဂ္ဂ သံယုတ္တ ပါဠိ၊ အရုဏဝတီသုတ်-၁၅၈)

ဗုဒ္ဓသာသနေ၊ ရှင်တော်မြတ်ဘုရား ဟောညွှန်ကြားသည့် သုံးပါးသိက္ခာ သာသနာတော်၌။ အာရမ္ဘထ၊ အပ္ပမာဒတရား လက်ကိုင်ထား၍ ကြိုးစားပြုလုပ် အားထုတ်ကြကုန်လော့။ နိက္ကမထ၊ အိုနာသေကွဲ ဆင်းရဲစွာလှ သံသရာဝဋ်မှ ထွက်မြောက်ရကြောင်း ကောင်းမြတ်သော လုံ့လဝီရိယကို အဖန်ဖန်ပြုလုပ် အားထုတ်ကြပါလော့။ ယုဉ္ဇထ၊ ဘာဝနာနှင့် အသင့်ယှဉ်ငြား လုံ့လတရားကြိုးစား မယုတ် ပွားများအားထုတ်ကြကုန်လော့။ ကုဉ္ဇရော၊ ခွန်အားဗလ ကြီးမားလှသော ဆင်ပြောင်ကြီးသည်။ နဠာဂါရံ၊ မြတ်မိုးကျူကာ၊ လွန်စွာသေးသိမ် ကျူထရံအိမ်ကို။ ဓုနာတိဣဝ၊ မှုန့်မှုန့်ညက်ညက် နင်းခြေလျက်သာ ဖျက်ဆီးလေသကဲ့သို့။ မစ္စုနော၊ သတ္တဝါအများ ညှဉ်းမသနားသည့် တရားမဲ့လျင်း ရှင်သေမင်း၏။ သေနံ၊ တထောင့်ငါးရာ ကိလေသာဆိုး ရန်သူမျိုးဖြစ်သည့် မာရ်စစ်သည်ကို။ ဓုနာထ၊ အရဟတ္တမဂ် စိန်သန်လျက်ဖြင့် ရက်ရက်အပြီး ဖျက်ဆီးချေဖျက်ကြကုန်လော့။

သိခီမြတ်စွာဘုရား၏ လကျ်ာတော်ရံ ပညာဝန္တတေဒဂ်ရ အရှင်အဘိဘူမထေရ်မြတ်က ပြဟ္မာအပေါင်းကို အို-ပြဟ္မာအပေါင်းတို့ မြတ်စွာဘုရား၏သုံးပါးသောသိက္ခာ သာသနာတော်၌ အပ္ပမာဒတရား လက်ကိုင်ထားကာ ကြိုးစားအားထုတ်ကြပါကုန်လော့၊ သံသရာဝဲသြဃထဲမှ ခွာရှဲထွက်မြောက်ကြောင်းဖြစ်သော လုံ့လကိုအဖန်ဖန် ပြုလုပ်ကြပါကုန်လော့၊ ဘာဝနာနှင့်ယှဉ်သော လုံ့လကို ကြိုးပန်းအားထုတ်ကြပါကုန်လော့၊ ခွန်အားဗလကြီးမားလှသော ဆင်ပြောင်ကြီးသည် မြက်မိုးကျူကာ လွန်စွာသေးသိမ် ကျူအိမ်ကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် နင်းခြေ ဖျက်ဆီးလေသကဲ့သို့ သေမင်း၏တထောင့်ငါးရာသော မာရ်စစ်သည်ကို အရဟတ္တမဂ် ဓားသန်လျက်ဖြင့် ရက်ရက်အပြီး ဖျက်ဆီးကြပါကုန်လော့-ဟု ပြောဆိုတိုက်တွန်းတော်မူကာ ဆက်လက်၍-

(ခ) ယော ဣမသ္မိံ ဓမ္မဝိနယေ။ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

ဟူသောဂါထာကို ဟောကြားတော်မူပါတယ်။

ယော၊ သံသရာဝဋ်ဒုက္ခ အဝဝကို ရှုဆမြော်မြင် အကြင်သူသည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဓမ္မဝိနယ အမည်ရသည့် ဗုဒ္ဓမြတ်စွာ ဤသာသနာတော်၌။ အပ္ပမတ္တော၊ ဇာတိလွတ်ထင်း ဘေးရန်ရှင်းဘို့ ထန်ပြင်းလုံ့လ ဥဿာဟဖြင့် မမေ့မလျော့ မပေါ့ဆသည်ဖြစ်၍။ ဝိဟဿတိ၊ အမြဲတစေ နေလတ္တံ့။ သော၊ သံသရာဘေး မြော်တွေးကြောက်မူ ထိုသည့်သူသည်။ ဇာတိသံသာရံ၊ ပဋိသန္ဓေ ဖန်ဖန်

နေလျက်, ကြာရှည်လှည့်ပတ်, သံသရာဝဋ်ဇာတ်ကို။ ပဟာယ၊ ရက်ရက်အပြီး ဖျက်ဆီးပယ်ရှား၍။ ဒုက္ခသန္တိ၊ သံသရာဝဋ်ဒုက္ခ အဝဇ၏ မချအားလုံး ကုန်ဆုံးခြင်းကို။ ဆရိယာတိ၊ သမ္ပဇ္ဇာန်၊ လုံ့လ သန်သဖြင့် အမှန်မသေ့ ပြုလုပ်နိုင်လိမ့်မည်သာဘည်း။

ဆိုလိုရင်းအဓိပ္ပာယ်ကတော့ သံသရာဝဋ်ဒုက္ခကို တွေးဆမြော်မြင်အကြင်သူပညာရှိ ပုဂ္ဂိုလ်သည်ကား မမ္မဝိနယဟုခေါ်အင်သော ဤသာသနာတော်၌ ဇာတိဒုက္ခ ကင်းပလွတ်မြောက်ရေးအတွက် မမေ့မလျော့ မပေါ့မဆသော လုံ့လရှိသည်ဖြစ်၍နေပါမူ ထိုသူသည် ပဋိသန္ဓေ တဖန်နေခြင်းဟုဆိုအပ်သော သံသရာဝဋ် လှည့်ပတ်ကျင်လည်ရမှုကို ပယ်ရှား၍ ဇာတိဒုက္ခ၏ကုန်ဆုံးခြင်းကို ဧကန်မသေ့ ပြုလုပ်နိုင်ပေလိမ့်မည်-ဟု မိန့်ဆိုဟောကြားတော်မူပါတယ်။

ဆောင်ပုဒ်။ ၁။ သံသရာဝဋ်ဘေး၊ ကင်းလွတ်ရေး၊ မြော်တွေးကြောက်သူသည်။
၂။ သာသနာဝယ်၊ မေ့လျော့ပယ်၊ တစာယ်ကျင့်ထားနေရမည်။
၃။ သန္ဓေဝင်ဇာတ်၊ ကင်းရှင်းပြတ်၊ ပယ်သတ်ကာသာ ထားရမည်။
၄။ ဒုက္ခအားလုံး၊ ချုပ်ပြတ်ဆုံး ဝင့်တုံးအောင်ပင် ပြုနိုင်သည်။

ထကာယ်တန်း သံသရာဝဋ်ဘေး ထင်းဝေးဘို့ဆိုတာ ဇာတိဒုက္ခ ထင်းရှင်းပြတ်မှသာလျှင် ကင်းဝေးနိုင်ပါတယ်၊ ဇာတိကုန်ဆုံးအောင်ကတော့ ဓမ္မဝိနယခေါ်တဲ့ မြတ်စွာဘုရား၏ အဆုံးအမ သာသနာဓမ္မကို မမေ့မလျော့ ကျင့်ကြံပွားများ အားထုတ်ခြင်းအမှု ပြုလုပ်ရမည် ဖြစ်ပါတယ်တဲ့၊ မတွန့်မဆုတ် အားထုတ်ကျင့်ကြံ ပွားများရမည်ဖြစ်ပါတယ်၊ မကျင့်မကြံဘဲ အလိုလိုနေရင်း ကိစ္စမပြီးနိုင်ပါဘူး၊ အချို့ကတော့ တရားကျင့်ကြံမှုကို အပိုဒုက္ခရှာတယ်လို့ ထင်မြင်အယူအဆမှားနေကြပေတယ်၊ တရားဓမ္မ ကျင့်ကြံ ပွားများနေသူများကိုပင် အပို ဒုက္ခရှာနေသူများဟု ယူဆကာ နေတတ်ကြသေးတာကိုး၊ ဒီနေရာမှာ မြတ်စွာဘုရားလက်ထက်တော် အချိန်အခါက ဝေရဉ္ဇာပုဏ္ဏားကြီးဟာ ဘုရားထံမှောက် ချဉ်းကပ်လာရောက်ပြီး မြတ်စွာဘုရားကို ကြီးသူတို့အား အရိုအသေ အလေးအမြတ်မပြုရကောင်းလား-ဟု အမျိုးမျိုးပြစ်တင်စကား ပြောကြားပြီး နောက်မှ ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အမှန်မြင်သိသဖြင့် မိမိကိုယ်ကိုအပြစ်တင်သလို ပြောဆိုခဲ့တဲ့ စကားကလေးတခွန်း ရှိတာကို သတိရမိသေးတယ်-(ဒကာကြီး- ဦးစိန်ရှဲ)။

အဲဒီ ဝေရဉ္ဇာ ပုဏ္ဏားကြီးပြောဆိုခြီးခြုံတဲ့ စကားကတော့-

မိရတ္ထုဝတရေ အညာဏံ (ဝိ-၄-၁-၁၃၈)။

ရေ၊ အချင်းတို့။ အညာဏံ၊ မောဟတရား ဖုံးကွယ် ထားသဖြင့် ထင်ရှားတိဓိ, အမှန်ကို မသိရခြင်းသည်။ ဓိ၊ စက်ဆုပ်စဖွယ်, ရွံ့ရှာဘွယ်သည်။ အတ္ထုဝတ၊ အမှန်စင်စစ် ဖြစ်ပါပေစွ တကားတဲ့။

အဲဒါကြောင့်မို့ မသိခြင်း မောဟ တရားဆိုတာ အလွန်ငင် စက်ဆုပ်ဘွယ် ကောင်းတာဘဲ ကလား၊ သတ္တဝါဆိုတာ အမျိုးမျိုး ရှိတယ်နော်၊ အချို့သော ပုဂ္ဂိုလ်များက ငါတို့ဟာ တရား ကျင့်ကြံ ပွားများပေမဲ့ တရားထူး တရားမြတ်ကို ရရှိနိုင်မည် မဟုတ်ပါဘူး၊ ငါတို့ဟာ တိဟိတ်မှ မဟုတ်ပဲ၊ ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်နေမှာပဲ၊ ကျင့်ကြံသော်လည်း မင်ပန်းရုံသာ ရှိမှာပါဘဲ-ဟု လုံ့လကို လျော့ထားကာ မကျင့်မကြံ မပွားများပဲ နေတတ်ကြပါတယ်၊ ပဋိသန္ဓေ နေသောစိတ်ကို မိမိတို့ တိတိကျကျ အဓိရှိဘို့ရာတား မိမိတို့ အရာမဟုတ်ပါချေ၊ ကျင့်ကြံ ပွားများ အားထုတ်ရမည့် တာဝန်

သာ မိမိတို့အရာ ဖြစ်ပါတယ်၊ ကျင့်ရ ကြံရ အားထုတ်ရမည်သာ ဖြစ်တယ်၊ ကျင့်ကြံခြင်းကြောင့် အကျိုး တစုံတရာ ဆုတ်ယုတ်ဘွယ်ရာ အကြောင်းမရှိပါဘူး၊ ယခုဘဝမှာပင် တရားထူး တရားမြတ်ကို ရရှိနိုင်သော ပါရမီ အခြေခံ ရှိထားပါက ကျင့်ကြံ အားထုတ်လျှင် မုချရရှိမည် ဖြစ်ပါတယ်၊ မကျင့်မကြံဘဲ နေပါက အမြတ်တရားနှင့် လွဲမှားသွားမည် ဖြစ်တယ်၊ ယခု ဘဝတွင် တရားထူးကို ရရှိနိုင်သော ပါရမီ မရှိပါက၊ ယခု ဘဝတွင် ကြိုးစား ပွားများ ကျင့်ကြံကြပါလျှင် နောက်ဘဝအတွက် ပါရမီ အခြေခံ ကောင်းကောင်းဖြစ်ကာ ဤ မြတ်စွာဘုရား သာသနာတော်မှာပင် တရားထူးကို ရရှိနိုင်ပါတယ်တဲ့။

ထိုမှတပါး မြတ်စွာဘုရားက ပုဂ္ဂိုလ် (၄) မျိုး ခွဲခြားပြီး ဟောထားခဲ့တာ ရှိသေးတယ်နော်၊ အဲဒီ ပုဂ္ဂိုလ် လေးမျိုးဆိုတာကတော့—

၁။ ဥဂ္ဃာဋိတညူ ပုဂ္ဂိုလ်တမျိုး။
၂။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်က တမျိုး။
၃။ နေယျ ပုဂ္ဂိုလ်က တမျိုး။
၄။ ပဒပရမ ပုဂ္ဂိုလ်က တမျိုး။

ဟူ၍ လေးမျိုးရှိကြောင်းကို အင်္ဂုတ္တရ နိကာယ် စတုက္ကနိပါတ် ပါဠိတော်၊ ပုဂ္ဂလပညတ် ပါဠိတော်တို့၌ အသေအချာဟော ဖော်ပြထားခဲ့တယ်နော်- (ဒကာကြီး ဦးစိန်)။

၁။ ဥဂ္ဃာဋိတညူ ပုဂ္ဂိုလ်ဆိုတာကတော့—သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် ကိုယ်တိုင်တွေ့ကြုံခွင့် ရ၍ တခုသော တရား ဒေသနာကို ဟောကြားတော်မူရာဝယ် အကျဉ်းသခ်ေပ ဥဒ္ဒေသစကားမျှကို ကြားနာ မှတ်သားရသော အဆုံး၌ မဂ်ဖိုလ် တရားထူးကို လျင်လျင်မြန်မြန် လွယ်လွယ်ကူကူ ရရှိနိုင်သော ပုဂ္ဂိုလ်မျိုးကို ခေါ်ဆိုပါသည်။

၂။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်ဆိုတာကတော့—အကျဉ်းသခ်ေပ ဥဒ္ဒေသမျှနှင့် မဂ်ဖိုလ် တရားထူး တရားမြတ်ကို မရနိုင်သေးပါဘူး၊ ထိုအကျဉ်း သခ်ေပ ဥဒ္ဒေသဟောပြီးသည်ကို အကျယ်ဝိတ္ထာရ အားဖြင့် ဖွင့်ပြ ဝေဘန်၍ ကျယ်ကျယ်ပြန့်ပြန့် ဟောကြားမှသာလျှင် မဂ်ဖိုလ် တရားထူး တရားမြတ်ကို ရရှိနိုင်သော ပုဂ္ဂိုလ်မျိုးကို ဝိပဉ္စိတညူ ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါတယ်။

၃။ နေယျ ပုဂ္ဂိုလ်ဆိုတာကတော့-အကျဉ်းသခ်ေပ ဥဒ္ဒေသမျှ ဟောကြားသဖြင့်လဲ မဂ်ဖိုလ်ကို မရရှိနိုင်၊ အကျယ် ဝိတ္ထာရနိဒ္ဒေသအားဖြင့် ဟောကြားတော်မူသော အဆုံး၌လဲ မဂ်ဖိုလ် တရားမြတ်ကို မရနိုင်ပါဘူးတဲ့၊ မိမိ ကြားနာပြီးသော တရား ဒေသနာကို ကောင်းစွာ ဆောင်၍ လေ့ကျက်မှတ်သားထားပြီးမှ ထိုတရား ဒေသနာတော် ရှိသည့်အတိုင်း မဆုတ်ယုတ်ဘဲ အလိုင်းကြီးစွာ ထိုတရား ဒေသနာကို နေ့ရက်လနှစ် အချိန်ကာလ ကြာမြင့်စွာ ကျင့်ကြံ ပွားများ အားထုတ်မှသာလျှင် မဂ်ဖိုလ် တရားထူး ရရှိနိုင်သော ပုဂ္ဂိုလ်မျိုးကိုတော့-နေယျပုဂ္ဂိုလ်လို့ ခေါ်ဆို ပြန်ပါတယ်။

ဒီ နေယျပုဂ္ဂိုလ်မျိုးဟာလဲ မိမိတို့ သန္တာန်၌ ကိန်းဝပ်ပါရှိသော ပါရမီ အနုအရင့် အဆင့်ဆင့်သို့ လိုက်၍ ပါရမီဓာတ် ရင့်ပြီးသူမှာ အချိန်ကာလ တိုတောင်းစွာဖြင့် ရရှိနိုင်သော်လည်း ပါရမီနုသော ပုဂ္ဂိုလ်မှာမူ အချိန်ကာလ ကြာမြင့်စွာ ကျင့်ကြံကြိုးစား ပွားများ အားထုတ်မှ ရရှိနိုင်ပါတယ်၊ ကိလေသာတို့၏ နုံ့မှု၊ ထက်မှု အဆင့်ဆင့်သို့ လိုက်၍လဲ ကွဲပြား တတ်ပါသေးတယ်။

ကိလေသာအား နုံ့သောသူမှာ တရားကျင့်ကြံ၍ အချိန်ကာလ မကြာမြင့်မီ တရားထူး တရားမြတ်ကို ရရှိနိုင်သော်လည်း ကိလေသာအား ထက်သန်သောသူမှာ အချိန်ကာလ ကြာမြင့်စွာ ကျင့်ကြံ ပွားများ အားထုတ်ပါမှ တရားထူး တရားမြတ်ကို ရရှိ နိုင်ပါတယ်တဲ့၊ သို့ဖြစ်၍ ခုနစ်ရက်မျှသာ ကျင့်ကြံရသော ပုဂ္ဂိုလ်မျိုးမှ နှစ်ပေါင်းနှစ်ဆယ်, သုံးဆယ်, လေးငါးခြောက်ဆယ် မလျော့သော ဇွဲလုံ့လဖြင့် ကြိုးစား အားထုတ် ကျင့်ကြံ ပွားများပါမှ မဂ်ဖိုလ်တရားထူး တရားမြတ်ကို ရရှိနိုင်သော ပုဂ္ဂိုလ်မျိုးအထိ အဆင့်ဆင့် ရှိနေခြင်း ဖြစ်ပါတယ်၊ အနည်းဆုံး ခုနစ်ရက် ကျင့်ကြံ ပွားရုံဖြင့် တရားထူး ရနိုင်တယ်လို့ ဆိုရမှာလဲ အင်အား ရှိသလောက် အစွမ်းကုန် ကြိုးစား၍ ကျင့်ကြံ ပွားများ အားထုတ်မှုရှိမှသာလျှင် ရရှိ နိုင်ခြင်းကို ဆိုလိုရင်း ဖြစ်တယ်နော်၊ ဝီရိယထက် ယုတ်လျော့၍ နေလျှင်တော့ ယင်း ဝီရိယ ယုတ်လျော့အည် အားလျော်စွာ အချိန်ကာလ ကြာမြင့်ပြီး သွားနိုင်ပါတယ်။

ယခုဘဝမှာပင် မဂ်ဖိုလ် တရားထူးကို ရရှိနိုင်သော ပါရမီဓာတ်ခံ ရင့်သန်နေသူ ဖြစ်သော်လည်း ကလျာဏ မိတ္တ သမ္ပတ္တိစက် ချို့ယွင်းပျက်ပြီး ပါပမိတ္တ အသပ္ပုရိသ အန္ဓဗာလ ပုဂ္ဂိုလ်များနှင့် ပေါင်းသင်း မှီဝဲ နေထိုင်ခြင်း, ဝီရိယဓာတ် ယုတ်လျော့ခြင်းကြောင့်လဲ မဂ်ဖိုလ် တရား နှင့်လွဲပြီး အပါယ်ငရဲသို့ပင် ရောက်ရှိ သွားနိုင် ပေသေးတယ်-ဆိုတဲ့ အကြောင်းကို မဟာဓန သူဌေးသား ဝတ္ထုအကြောင်းကို ထောက်ဆပြီး သိနိုင်ပါတယ်နော်။

အချိန်ရလျှင် အကျယ်ချဲ့၍ ဟောကြားပါလေ၊ ညတရားပွဲများ ဖြစ်ပါက ဤက (၄)လုံး တရားကို လောကီ ကြီးပွားရေး အကြောင်းဖြင့် တရက်, လောကုတ္တရာ ရရှိရေး ကြီးပွားတိုးတက်ရေးအတွက် တရက်-ဟု နှစ်ပိုင်း ပိုင်းကာ နှစ်ရက် ဟောနိုင်ပေသည်၊ ယင်းသို့ နှစ်ပိုင်း နှစ်ရက် ဟောပါလျှင် ဤ မဟာဓန သူဌေးသား ဝတ္ထု သာဓကကို လောကီ ကြီးပွားရေးမှာလဲ ဆုတ်ယုတ်ပုံ, လောကုတ္တရာ ကြီးပွားရေးမှာလဲ ဆုတ်ယုတ်ပုံ အကျယ်ချဲ့ကာ ဟောနိုင်ပါသည်၊ ဤ မဟာဓန သူဌေးသားသည် ပဌမ အတွက်၌ လောကီရေးရာ စီးပွား ရှာလျှင် သူဌေးကြီး အဖြစ်အထိ ရောက်ရှိနိုင်သူ ဖြစ်သည်၊ အကယ်၍ လူဘောင်ကို ပယ်ခွာ၍ ရဟန်းဘောင်ဝင်ကာ တရားကျင့်ကြံပါလျှင် အရဟတ္တမဂ်ဖိုလ်အထိ ဆိုက်ရောက် နိုင်အောင် ပါရမီဓာတ်ခံ ပြည့်စုံသူ ဖြစ်ပေသည်။ သို့သော်-ကလျာဏမိတ္တ သပ္ပုရိသနှင့် မပေါင်းမိခြင်း, လုံ့လဝီရိယဓာတ် မရှိခြင်းကြောင့် လောကီ ကျိုးလဲမပြီး၊ လောကုတ္တရာကျိုးလဲ မပြီးဘဲ အချည်းနှီး အကျိုးမဲ့ ဆုံးရှုံးခဲ့သူ ဖြစ်ပေသည်၊ ဤကျမ်း၌ အကျယ်မပြသာပြီ။

၄။ ထို နေယျပုဂ္ဂိုလ်၏ နောက်စတုတ္ထမြောက် ဖြစ်သော ပဒပရမ ပုဂ္ဂိုလ်ဆိုသည်ကတော့- ဗုဒ္ဓမြတ်စွာ သာသနာနှင့် တွေ့ကြုံရ၍ မရိယတ္တိမေ့ ပဋိပတ္တိမေ့များကို မည်သို့ပင် ကျင့်ကြံ ကြိုးစား ပွားများ အားထုတ်ပါသော်လည်း ယခုဘဝတွင် မဂ်ဖိုလ် တရားအထူးကို မရနိုင် မရထိုက်သော ပုဂ္ဂိုလ် ဖြစ်ပါတယ်၊ ယင်းသို့ ကျင့်ကြံ ကြိုးကုတ် အားထုတ်သဖြင့် ဝါသနာ လောကီ ပါရမီ ကုသိုလ်မျှသာ ရရှိထိုက်သော ပုဂ္ဂိုလ်မျိုးကိုတော့ ပဒပရမ ပုဂ္ဂိုလ်-ဟု ခေါ်ဆိုပါတယ်၊ ဤ ပဒပရမ ပုဂ္ဂိုလ်မျိုးကတော့ ယခုဘဝမှာ မကျွတ်လွတ်နိုင်ပေ၊ ဤပုဂ္ဂိုလ်သည် သမထ အလုပ် ဝိပဿနာ အလုပ်ကို အားထုတ်ယင်း သေလွန်ခဲ့ပါမူ လူ့ဘဝ, နတ်ဘဝတို့၌ ဖြစ်သည်ရှိသော် နောက်ဘဝမှာ ဤ မြတ်စွာဘုရား သာသနာတော်မှာပင် မဂ်ဖိုလ်တရားကို ရရှိနိုင်တယ်၊ ကျွတ်လွတ်နိုင်ပါတယ်တဲ့-(ဒကာကြီး ဦးစိန်ရှဲ)။

ဒါကြောင့်မို့ ဒီ ပုဂ္ဂိုလ် လေးမျိုး အရှပ်ကို လွယ်လွယ် ကျဉ်းကျဉ်းနှင့် နှလုံး သွင်းနိုင်အောင် ဒီလင်္ကာလေးများကို မှတ်ထားကြရမယ်။

ဆောင်ပုဒ်။ ၁။ ပုဂ္ဂိုလ်အပြား၊ မျိုးလေးပါး၊ ဘုရားဟောခဲ့သည်။
၂။ ဥ-ဝိ-နေ-ပ၊ ပုဂ္ဂလ၊ လေး၀ သရုပ်မည်။
၃။ အကျဉ်းမျှနာ၊ မဂ်ရလာ၊ မှတ်ပါ ဥဂ္ဃာဋိ။
၄။ အကျယ်ဟောမှ၊ မဂ်ဖိုလ်ရ၊ ယူကြ ဝိပဉ္စိ။
၅။ နာရုံမရ၊ ကျင့်မှရ၊ နေယျခေါ် ပြန်ဘိ။
၆။ ယခုဘ၀၊ မဂ်မရ၊ ပဒပရမ သိ။

ဤကဲ့သို့ မဂ်ဖိုလ်တရားထူးကို ရရှိပုံ အခြင်းအရာ ကွဲပြားသဖြင့် ပုဂ္ဂိုလ်လေးမျိုး လေးစား ကွဲပြားသည်ကို မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါတယ်၊ ထိုကဲ့သို့ ပုဂ္ဂိုလ်လေးမျိုး အပြား ရှိရာတွင် ဥဂ္ဃာဋိတညူ ပုဂ္ဂိုလ်နှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်နှစ်ယောက်တို့ကတော့ ကြားနာ မှတ်သား ရုံနှင့် မဂ်ကိစ္စ, ဖိုလ်ကိစ္စ ပြီးစီးနိုင်ပါတယ်တဲ့၊ နေယျပုဂ္ဂိုလ်ကတော့ ကျင့်ကြံ ပွားများ အားထုတ်မှ မဂ်ဖိုလ် တရားထူးကို ရရှိနိုင်တယ်။

အချို့သော ပုဂ္ဂိုလ်များက မိမိတို့ ဟောကြားတဲ့ တရားဓမ္မကို ကြားနာရုံမျှနှင့် နာယူ မှတ်မိ ရှိရုံမျှနှင့် တရားကိစ္စ ပြီးမြောက်ကြတယ်-လို့ ထင်မှတ် ယူဆကာ ကျင့်ကြံ အားထုတ်ဖွယ်မလို၊ သိနေလျှင် ပြီးတာပဲ၊ ကျင့်ကြံ အားထုတ်ခြင်းဖြင့် အပို ဒုက္ခ ရှာခြင်းမျှသာ ဖြစ်တယ်-လို့ ပြောဆို မှားတတ် ကြပေတယ်နော်၊ သမ္မပ္ပဓာန် လုံ့လဖြင့် ကျင့်ကြံ ပွားများ အားထုတ်ပါက ယခုဘ၀မှာပင် မဂ်ဖိုလ် တရားကို ရရှိနိုင်သော ပါရမီနှင့် ပြည့်စုံတဲ့ နေယျပုဂ္ဂိုလ်မျိုးဟာ ထိုကဲ့သို့သော သူများ၏တရားကို ကြားနာ မှတ်သား ရသဖြင့် လုံ့လဝီရိယကို လျော့ချကာ မကျင့်မကြံပဲ နေပါက မဂ်ဖိုလ် တရားထူးနှင့် လွဲမှားပြီး သွားနိုင် တတ်ပါတယ်၊ ဝါသနာထူးထွင်ကာ ပြောကြား ပြသသူမှာလဲ ဓမ္မန္တရာယ် ထိုက်သည့် အပြစ်ကို ကျရောက် တတ်တယ်လို့ ဦးပဉ္ဇင်းတို့ သတိပေး စကား ပြောကြားခဲ့တယ်နော်၊ စာသိသိရုံမျှ တတ်ရုံမျှနှင့် ကိစ္စ မပြီးသေးပါဘူး၊ သိရုံမျှနှင့်သာ တရား ကိစ္စ ပြီးကြရမည်ဆိုလျှင် ဦးပဉ္ဇင်းတို့ ဗုဒ္ဓဘာသာတရား ထွန်းကားလှသော မြန်မာပြည် သူသား များဟာ အားလုံး နီးပါးလောက် အရိယာ ပုဂ္ဂိုလ်တွေချည်း ဖြစ်ကုန်ကြရောပေါ့၊ သို့ကြောင့် သိရုံမျှနှင့် ကိစ္စမပြီး သမ္မပ္ပဓာန် ဇွဲလုံ့လ သန်သန်ဖြင့် ကျင့်ကြံ ပွားများ အားထုတ်မှ တရားကိစ္စ ပြီးမြောက်ကြောင်း ကိုယ့်ကိုယ်ကို ကိုယ်ကိုးစား ကြိုးစားပါက တရားမြတ်ကို ကေန်မုချ ရရှိ နိုင်ကြောင်းကို သာဓက ထုတ်ဆောင်ကာ ပြကြဦးစို့ရဲ့။

ရှေးအခါက လင်္ကာဒီပ သီဟိုဠ်ကျွန်း၀ယ် ဂါမန္တပဗ္ဘာရခေါ် ရွာနီးလိုဏ်ကျောင်း၌ သီတင်း သုံး နေထိုင်တော်မူသော မဟာသီ၀ အမည်ရှိသော မဟာထေရ်ကြီးတပါး ရှိသတဲ့၊ ထို မထေရ်ကြီး ဟာ အဘယ်သို့သော ပုဂ္ဂိုလ်ကြီးပါလဲ ဆိုတော့-

ထေရော ကိရ အဋ္ဌာရသ မဟာဂဏေ ဝါစေသိ၊ တဿောဝါဒေ ဌတွာ တိံသ သဟဿာ ဘိက္ခူ အရဟတ္တံ ပါပုဏိံသု။ (သုတ်- မဟာဝါ -ဋ္ဌ- ၃၁၉)။

ထေရော- မဟာသီ၀ အမည်ရသော မထေရ်မြတ်ကြီးသည်။ အဋ္ဌာရသမဟာဂဏေ၊ ဂိုဏ်းကြီး တဆယ့်ရှစ်ဂိုဏ်း ရဟန်းတော်ပေါင်း တဆယ့်ရှစ်သင်းတို့ကို။ ဝါစေသိကိရ၊ စာပေကျမ်းဂန် အဖန်ဖန်

နေ့ည ပို့ချတော်မူလေသတဲ့။ တဿ၊ ထို မဟာသီဝ မထေရ်မြတ်ကြီး၏။ ဩဝါဒေ၊ နည်းညွှန်ပြသ အဆုံးအမ ဩဝါဒ၌။ ဌတွာ၊ မြဲမြံခိုင်ခန့် တည်တန့်ကြကုန်၍။ တိံသ သဟဿာဘိက္ခူ၊ ရဟန်းတော် အပေါင်း သုံးသောင်းတို့သည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိံသု၊ ကေန်မျက်မှောက် ဆိုက်ရောက်တော် မူကြလေပြီ။

ထို မဟာသီဝ မထေရ်မြတ်ကြီး၏ အဆုံးအမ ဩဝါဒ၌ တည်၍ ကျင့်ကြံ အားထုတ်ကြကုန်သော ရဟန်းတော်အပေါင်း သုံးသောင်းတို့သည် ကိလေသာကုန်ခမ်း ရဟန္တာများ ဖြစ်ကြပြီးဖြစ်သတဲ့၊ ထိုအခါ တပည့်ဖြစ်ကြသော ရဟန္တာအရှင်မြတ် သုံးသောင်းအနက်၊ ရဟန္တာတပါးက "ငါ၏ သန္တာန်မှာတော့ သီလ စသော ဂုဏ်ကျေးဇူးတို့သည် မနှိုင်းယှဉ်လောက်အောင် များမြောက်လှပေကုန်၏၊ ငါတို့၏ ဆရာသခင် ကျေးဇူးရှင် ဖြစ်သော မဟာသီဝ မထေရ် မြတ်ကြီး၏ သီလ စသော ဂုဏ်ကျေးဇူးတို့ကား အဘယ်သို့ ရှိပါလေသနည်း-ဟု ဆင်ခြင်ကြည့်ရှုလေရာ မထေရ်မြတ်၏ပုထုဇဉ် အဖြစ်၌သာ ရှိနေသေးသည့် အဖြစ်ကိုမြင်လေလျှင်–

အမ္ဘာကံ အာစရိယော အညေသံ အဝဿယေ၀ ဟောတိ အတ္တနော ဘဝိတုံ န
သက္ကောတိ ဩဝါဒမဿ ဒဿာမိ။ (သုတ်- မဟာဝါ- ၄ - ၃၁၉)။

အမ္ဘာကံ၊ ငါတို့၏။ အာစရိယော၊ ဆရာသခင် ကျေးဇူးရှင်ဖြစ်သော မဟာသီဝမထေရ်ကြီး သည်။ အညေသံ၊တပါးကုန်သော သူတို့၏။ အဝဿယော၊မှီခိုကိုးစား အားထားရာသည်။ဟောတိ၊ အမှန်စင်စစ် ဖြစ်ပေ၏။ အတ္တနော၊ မိမိ၏။ အဝဿယော၊ မှီခို ကိုးစား အားထားရာသည်ကား။ ဘဝိတုံ၊ အမှန်စင်စစ် ဖြစ်ခြင်းငှာ။ နသက္ကောတိ၊ မစွမ်းနိုင်ပါချေ။ အဟံ၊ ငါသည်။ အဿ၊ ဆရာ သခင် ကျေးဇူးရှင်ဖြစ်သော ထို မဟာသီဝ မထေရ်မြတ်ကြီးအား။ ဩဝါဒံ၊ တရားသံဝေ ရရှိစေဘို့ စိတ်နေမှန်းဆ အဆုံးအမ ဩဝါဒကို။ ဒဿာမိ၊ ပေးပေအံ့။

ဤကဲ့သို့ ကြံစည်ပြီး ကောင်းကင်ခရီးဖြင့် ကြွသွားပြီးကာ ကျောင်း၏ အနီး၌ သက်ဆင်း၍ နေ့သန့်စင်ရာ အရပ်၌နေသောဆရာ အရှင်မြတ်ထံသို့ ချဉ်းကပ်ကာ ရှိသေစွာ ဝတ်ပြုပြီးသော် အမြစ် ခြောက်ပါးကင်းသဖြင့် သင့်တင့် လျော်ကပ်သော နေရာ၌ ထိုင်နေပါသည်။

ထိုအခါ မဟာသီဝ မထေရ်ကြီးက မိမိအား ရှိခိုးဦးညွှတ်လျက် ထိုင်နေသော တပည့်ရဟန်း တော်ကို –

ကိံကာရဏာ အာဂတောသိ ပိဏ္ဍပါတိက– ငါ့ရှင် ပိဏ္ဍပါတ် ဓုတင်ဆောင်- သင်သည် အဘယ် အကြောင်းကြောင့် ကြွလာပါသနည်း-ဟု မေးမြန်းတော် မူပါတယ်။

မထေရ်ကြီးက "ပိဏ္ဍပါတိက-ပိဏ္ဍပါတ်ဓုတင်ဆောင်ငါ့ရှင်" ဟုခေါ်ခြင်းဟာ ရှေးမထေရ်မြတ် တို့ရဲ့ ဝေါဟာရစာရပ်လို့ ဆိုရပေလိမ့်မယ်နော်၊ ဘာကြောင့်လဲ ဆိုတော့ ရှေးအခါက မထေရ်ကြီး များဟာ ဝိပဿနာ ဓုရဘာဝနာ ပွားများ အားထုတ်နေသော တပည့်ရဟန်းကို ဖြစ်စေ တပည့် မဟုတ်သော အခြားတပါး ရဟန်းများကိုဖြစ်စေ "ပိဏ္ဍပါတိက ပိဏ္ဍပါတ်ဟုတင်ဆောင်ငါ့ရှင်" ဟူ၍ ချစ်ခင်မြတ်နိုးစွာ သုံးစွဲခေါ်ဝေါ်တော်မူလေ့ ရှိကြပါတယ်တဲ့။

ထိုအခါ တပည့်အာဂန္တု ရဟန်းတော်က"ကော် အနုမောဒနံ ဂဏှိဿာ မိတိအာဂတောသို ဘန္တေ=ဘန္တေ၊ အရှင်မြတ်ဘုရား။ ကော်အနုမောဒနံ၊ အနုမောဒနာတရားတပုဒ်ကို။ ဂစ္ဆိဿာမိတိ၊ သင်ယူအံ့ ယူ၍။ အာဂတော၊ လာသည်။ အနွှီ၊ ဖြစ်၏ဘုရား၊' ဆိုလိုရင်းကတော့ အနုမောဒနာတရား တပုဒ် သင်ယူလိုသဖြင့် လာရောက်ခြင်း ဖြစ်ပါသည် ဘုရား"ဟု လျှောက်ထားလေသတဲ့၊ မဟာသိဝ မထေရ် မြတ်ကြီးကလဲ "ဩကာသော နဘဝိဿတိအာဝုသော- အနုမောဒနာတရား သင်ပေးရန် အခွင့် ရနိုင်လိမ့်မည် မဟုတ်ပေဘူး ငါ့ရှင်" ဟု အမိန့် ရှိတော်မူသဖြင့် တပည့် ရဟန်းက ခွင့်ပန် လျှောက်ထား ပြန်သည်မှာ–

ဗိတက္ကမာဠကော ဠိတကာလေ ပုစ္ဆိဿာမိ ဘန္တေ= ငါသည် ယနေ့အဘို့ အဘယ် အရပ်သို့ ဆွမ်းခံရန် ကြွသွားရ ပါမည်နည်း- ဟူ၍ ကြံစည် စဉ်းစားတော်မူရာ တန်ဆောင်း ဝန်း၌ ရပ်တည် နေသောအခါ မေး မြန်း ပါရစေ အရှင်ဘုရား- ဟု လျှောက်ထားလေသတဲ့၊ မဟာသိဝ မထေရ်ကြီး ကလဲ "တအ္ဓိ ဌာနေ အ‌ညေ ပုစ္ဆန္တိ= ထို တန်ဆောင်းဝန်းနေရာ အရပ်၌ အခြား တပါးကုန်သော ရဟန်းတော်များက ပြဿနာ အရပ်ရပ်ကို မေးမြန်း လျှောက်သားကြလေတယ်-ငါ့အရှင်-ဟု အမိန့် ရှိတော် မူပါတယ်။

ယင်းကဲ့သို့ မထေရ်ကြီးက အမိန့်ရှိတော်မူသဖြင့် အခွင့်မရသော်လဲ အာဂန္တုရဟန်းတပည့်က လက်မလျှော့ဘဲ ဆက်လက် လျှောက်ထားပြန်သည်မှာ–

"ဆွမ်းခံသွားရာ လမ်းခရီး၌ မေးမြန်းပါရစေ အရှင်ဘုရား"

ထို နေရာ၌လည်း အခြားတပါး ရဟန်းတော်များ ပြဿနာ မေးမြန်း လျှောက်ထားကြ ပေသည် ငါ့ရှင်။

ယင်းသို့ ဖြစ်လျှင်- အရှင်ဘုရား သင်္ကန်းကို နှစ်ထပ်ပြု၍ ဝတ်ရာအရပ်၌ မေးမြန်း လျှောက် ထား ပါရစေ အရှင်ဘုရား၊ သင်္ကန်းရုံရာအရပ်၌, သပိတ်ကို အိတ်မှ ထုတ်ရာ အရပ်၌,ရွာတွင်း၌ဆွမ်းခံ လှည့်လည်ပြီး၍ ဆွမ်းစားရာ အရပ်၌,ယာဂု ဘောက်တော် မူသော အခါ၌ မေးမြန်းပါရစေဘုရား။

တတ္ထ အဋ္ဌကထာ ထေရာ အတ္တနော ကခံ ဝိနောဒေန္တိ အာဝုသော=အာဝုသော၊ ငါ့ရှင် တတ္ထ ထိုယာဂုသောက်ရာ နေရာဌာန၌။ အဋ္ဌကထာ ထေရာ။ အဋ္ဌကထာ၏ အနက် အဓိပ္ပါယ်ကို မေးမြန်း ကြံကုန်သာ မထေရ်တို့သည်။ အတ္တနော၊ မိမိ၏။ ကခံ၊ မသိဝိုးဝါး ရုံမှားခြင်းကို။ ဝိနောဒေန္တိ၊ အသိဉာဏ်လင်း, ပယ်ရှင်း ဖျောက်ဖျက် ကြလေကုန်၏၊ ဤသို့ မထေရ်ကြီးက အမိန့် ရှိပေမဲ့ အာဂန္တု ရဟန်းတော်က ဆက်လက်၍–

ရွာတွင်းမှ ဆွမ်းခံ ပြန်ထွက်ကြွတော် မူသောအခါ မေးမြန်းပါရစေ အရှင်ဘုရား။

ထိုအခါ၌လည်း အခြားရဟန်းတော်များက ပြဿနာမေး လျှောက်ထားနေကြတယ် ငါ့ရှင်။

ဆွမ်းခံရွာမှ ကျောင်းသို့ ပြန်စဉ် လမ်းခရီး အကြား၌ မေးမြန်းပါရစေ ဘုရား-

ဆွမ်းစား ကျောင်း၌ ဆွမ်းစားခြင်းကိစ္စ ပြီးသောအခါ၌ နေ့သန့်ရာအခါ၌, ခြေဆေးတော် မူသောအခါ၌, မျက်နှာသစ်သော အခါ၌ မေးမြန်းပါရစေ ဘုရား။

ထိုအခါ၌လည်း အခြားရဟန်းတော်များ ပြဿနာကို မေးမြန်း လျှောက်ထား နေကြပေတယ်- ငါ့ရှင်၊ ထိုအခါမှစ၍ အာရုံတက်သည် တိုင်အောင်လဲ အခြားတပါး ရဟန်းတော်များက မေးမြန်း လျှောက်ထား နေကြတယ်-ငါ့ရှင်။

ယင်းသို့ဖြစ်လျှင် တန်ပူကိုယူ၍ မျက်နှာသစ်ရန် ကြွသွားသောအခါ၌, မျက်နှာသစ်၍ ပြန်လာသောအခါ၌, မျက်နှာသစ်ပြီး ကျောင်းတွင်းဝင်၍ နေသောအခါ၌ မေးမြန်းပါရစေ- အရှင်ဘုရား-ဟု လျှောက်ထားလေသတဲ့။

မဟာသိဝ မထေရ်ကြီးကလဲ "တတြာပိ အဲညေပုစ္ဆန္တိ=ထိုအခါမှာလဲ အခြားတပါး ရဟန်းတော်များက ပြဿနာများ မေးမြန်း လျှောက်ထား နေကြတယ် ငါ့ရှင်"ဟု အမိန့်ရှိတော် မူပြန်ပါတယ်၊ တဆယ့်ရှစ်ဂိုဏ်းသော အံ့ဩစာတော်များကို စာပေမှိုချ ပေးနေရသော ပုဂ္ဂိုလ်ဆိုတော့ နေ့ရောညပါ အားလပ်သော အချိန်အခါရယ်လို့ မရှိတော့ပါဘူးနော်၊ ပရိယတ္တိ သာသနာ့ဝန်ဆောင် မထေရ်မြတ်များ သာသနာတော် စည်ပင် ပြန့်ပွားရေးအတွက် အသက်နှင့် ခန္ဓာကို ငဲ့ညှာတော် မမူကြပဲ ကြိုးစား အားထုတ်တော် မူကြပုံဟာ အလွန်ပင် ကြည်ညိုဘွယ် ကောင်းတာပဲတလား-(ဒကာကြီး ဦးစိန်ရှဲ)။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည် တည်တံ့ဘို့ရာ ဆိုတာကလဲ-

သာသန ဋ္ဌိတိယာ ပန ပရိယတ္တိ ပမာဏံ။ (အံ-၁-၄-၇၁)။

ပရိယတ္တိခေါ် ပိဋကတ်ကျမ်းစာ သင်ကြားပို့ချ ခြင်းသည် သာလျှင် သာသနာတော် အရှည်ခိုင်ခန့် တည်တံ့နိုင်ရန် မူလဘူတပဓာန အကြောင်းရင်း ဖြစ်ပါပေသည်-ဟု ဗုဒ္ဓမတညု အဋ္ဌကထာ ဆရာကြီးများ ဖွင့်ပြတော် မူကြပါတယ်၊ ထိုမှတပါးလဲ-

ပရိယတ္တိယာ ဋ္ဌိတာယ သာသနံ ဋ္ဌိတံ ဟောတိ။
(ဒီ-၃-၄-၈၂၊ အံ-၁-၄-၇၁-စသည်)။

ပရိယတ္တိ သာသနာ တည်တံ့နေလျှင် သာသနာတော် တည်တံ့သည်သာ ဖြစ်ပေသည်-ဟု ဆိုလိုရင်း ဖြစ်ပါတယ်၊ သို့ကြောင့် သာသနာတော် အရှည် ခိုင်ခန့် တည်တံ့ရေးကို လိုလားတော်မူကြသော မထေရ်မြတ်ကြီးများဟာ အသက်ခန္ဓာ မငဲ့ညှာပဲ ပရိယတ္တိ သာသနာဝန်ကိုသာ ကြိုးမားသော လုံ့လဥဿာဟပြင့် နေ့ညမခြား ကြိုးစား ဆောက်ရွက်တော် မူကြခြင်း ဖြစ်တယ်တဲ့၊ သာသနာတော်အရှည် တည်တံ့ရေးအတွက် ပရိယတ္တိဝန်ကိုချည်း ရွက်ဆောင် နေရုံနှင့်တော့ ကိုယ့်ကိစ္စ မပြီးသေးဘူးနော်၊ သို့အတွက် အာဂန္တုက တပည့်ရဟန္တာ မထေရ်က မိမိ၏ ဆရာသခင် ကျေးဇူးရှင်ဖြစ်သော မဟာသိဝ မထေရ်မြတ်ကြီးကို အထူးသတိပေး လျှောက်ထားလိုသဖြင့် ဤကဲ့သို့ လျှောက်ထားလေသတဲ့။

ဘန္တေ နနု မုခံ ဓောဝိတွာ သေနာသနံ ပဝိသိတွာ တယော စတ္တာရော ပလ္လင်္ကေ ဥသုမံ ဂါဟာ ပေတွာ ယောနိသော မနသိကာရေ ကမ္မံ ကာရေန္တာနံ ဩတာသ ကာလေန ဘဝိတဗ္ဗံ သိယာ၊ မရဏာဘာမှိ နလဘိဿထ သန္တေ၊ ပလကသဒိသတ္တ

ဘန္တေ ပရဿ အဝဿယော ဟောထ၊ အတ္တနော ဘဝိတုံ န သက္ကောထ၊ န မေ
တုမှာကံ အနုမောဒနာယ အဓတ္ထာတိ အာကာသေ ဥပ္ပတိတွာ အဂမာသိ။

(သုတ်-မဟာဝါ=၄၄-၃၂၀)။

ဘန္တေ-ဆရာသခင် အရှင်မြတ်ဘုရား။မုခံ၊ မျက်နှာကို။ ဓောဝိတွာ၊ ဆေးကြော သုတ်သင်၍။ (ဝါ) မုခံဓောဝိတွာ၊ မျက်နှာသစ်ပြီး၍။ သေနာသနံ၊ ကျောင်းတိုက်သို့။ ပဝိသိတွာ၊ ဝင်ပြီး၍။ ပလ္လင်္ကေ၊ တင်ပလ္လင်ခွေလျက် ထက်ဝယ်၌။ တယော စတ္တာရော တိဏ်စတ္တာရိ၊သုံးကြိမ်, လေးကြိမ် ကုန်သော။ ဥဿုမံ ဥသုမာနိ၊ ကိုယ်ငွေ့တို့ကို။ ဂါဟာပေတွာ၊ အသင့်လွယ်ကူ, ရယူစေ၍။ ယောနိသော မနသိကာရေ၊ အသင့်အားဖြင့် နှလုံးသွင်းခြင်း၌။ (ဝါ) ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၌။ ကမ္မံ၊ ကျင့်သုံး ပြုလုပ်အားထုတ်ခြင်းအမှုကို။ ကရောန္တာနံ၊ အားထုတ် ကြိုးပမ်းကုန်သော အရှင်တို့၏။ ဩကာသ ကာလေန၊ အခွင့်ရလာ အားလပ်သောအခါသည်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့် ရှိသင့်သည်။ သိယာနနု၊ ဖြစ်ရာသည် မဟုတ်တုံလော။ ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရား တို့အား။ မရဏာခဏမ္ပိ၊သေခြင်း၏အခွင့်ကိုလည်း။ဝါ၊သေဘို့ရန်အချိန်အခါကိုလည်း။ နလဘိဿထ၊ မရနိုင်ကြကုန်လတံ့လော။ ဘန္တေ၊ အရှင်ဘုရား။ တုမေ၊ အရှင်ဘုရားတို့သည်။ ဖလကာသဒိသာ၊ မှီရာဘက် ပျဉ်နှင့်တူတော် မူကြကုန်သည်။ အတ္ထ၊ အမှန်စင်စစ် ဖြစ်ကြပါကုန်၏။

ပရဿ၊ သူတပါး၏။ အဝဿယာ၊ မှီခိုအားထား ကိုးစားရာတို့သည်။ ဟောထ၊ မုချမသွေ ဖြစ်ကြပေကုန်၏။ အတ္တနော၊ မိမိ၏။ အဝဿယေန၊ မှီခို အားထားရာသည်။ ဘဝိတုံ၊ အမှန်စင်စစ် ဖြစ်ခြင်းငှာ။ နသက္ကောထ၊ ကောင်းစွာပိုင်ပိုင် မစွမ်းနိုင်ကြ လေကုန်။ မေ၊ တပည့်တော်အား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ သန္တိကာ၊ အထံတော်မှ။ အနုမော ဒနာယ၊ အနုမောဒနာ တရားဖြင့်။ နအတ္ထော၊ အလိုမရှိပါ။ ဣတိ၊ ဤသို့။ ဝတွာ၊ ပြောဆို လျှောက်ထား၍။ အာကာသေ၊ အဇဋာ ဝေဟင်၊ ထက်ကောင်းကင်၌။ ဝါ၊ ထက်ကောင်းကင်သို့။ ဥပ္ပတိတွာ၊ ဈာန်ယဉ်စီးလျက်, ပျံကာ တက်၍။ အဂမာသိ၊ မိမိနေရာ, ကျောင်းဝိဟာသို့, သချာဖြောင့်တန်း ကြွမြန်းတော် မူလေတော့ သတည်း၊

ယင်းကဲ့သို့ တပည့်ဖြစ်သော ရဟန္တာ မထေရ်မြတ်က သတိပေးစကား လျှောက်ထား ပြီးကာ မဟာသီဝ မထေရ်ကြီး ကြည့်ရှုနေတော် မူစဉ်မှာပင် ထက်ကောင်းကင်သို့ ပျံတက်ကာ ကြွသွားလေလျှင် မဟာသီဝ မထေရ်ကြီးကလည်း "ဤ ရဟန်းအား အနုမောဒနာတရား သင်ကြား ဘို့ရာ မရှိပေ၊ အမှန်စင်စစ်သော်ကား ဤရဟန်းသည် ငါ့အား ဆုံးမနှိုပ်ကွပ်ကြောင်း ချွန်းတောင်း သဖွယ် ဖြစ်ပေအံ့-ဟု ရည်ရွယ်ကာ လာရောက်သည်ဖြစ်ရာ၏"ဟု စဉ်းစား သိရှိတော်မူ၍ ယခုအခါ တောထွက်သွားရန် အခွင့်မသာသေးချေ၊ နံနက်မိုးသောက် အချိန်အခါမှ ကြွသွားပေအံ့-ဟု သပိတ် သင်္ကန်းကို အနီး၌ အရံသင့် ထားကာ နေ့အဘို့ တနေ့ပတ်လုံးရင်း, ပဌမယာမ်နှင့် မဇ္ဈိမယာမ် ပတ်လုံးရင်း, ကျမ်းဂန် စာပေ ပို့ချ သင်ကြားပေးပြီး၍ မိုးသောက်ယာမ် အခါ၌ မထေရ်တပါး ပါဠိသင်ယူပြီး ထွက်ကြွသော် မိမိအနီး၌ အသင့် ပြင်ဆင်ထားသော သပိတ်သင်္ကန်းကို ယူ၍ ထိုပါဠိ သင်သော မထေရ်နှင့်အတူသာလျှင် စာသင်သား ရဟန်းတပါး အသွင်ဖြင့် ထွက်ခွာ ကြွသွား လေသတဲ့။

ပိဋကတ်ကျမ်းစာ သင်ကြားဘို့ရန် အဆင့်ရောက်ရှိ နေကြတဲ့ တပည့်ရဟန်းတော်များကလဲ ငါတို့ ဆရာသည် တစုံတခု ကိုယ်လက် သုတ်သင်မှု ကိစ္စဖြင့် အပြင်သို့ ထွက်သွားသည် ဖြစ်မည်-ဟု ထင်မှတ်ကာ နေကြသတဲ့၊ ပင်္ဂ သင်ယူပြီး ထွက်လာသော မထေရ်ကတော့ မိမိနှင့်ဆိုင်ရာ ရဟန်းတပါး-ဟု အမှတ်ပြုကာ ကြွသွား လေသတဲ့။

မဟာသီဝ မထေရ်ကြီးကတော့ ဒီလို စဉ်းစား အကြံအစည် ပြုလေတယ်၊ မထေရ်ကြီးရဲ့ အကြံအစည်က-

**မာဒိသဿ အရဟတ္တံနာမ ကိံ၊ ဒွိဟ တီဟေနေဝ ပါပုဏိတွာ ပစ္စာဂမိဿာမိ။**

(ဒီ-၃-၄-၃၂၀)။

**မာဒိသဿ၊ ငါကဲ့သို့သော** ပုဂ္ဂိုလ်အား။ အရဟတ္တံ **နာမ**၊ အရဟတ္တဖိုလ် မည်သည်ကို။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှာ။ ကိံ ဒုက္ကရံ၊ အဘယ်မှာလျှင် ခဲယဉ်းပါအံ့နည်း။ ဒွိဟတီဟေနေဝ၊ **နှစ်ရက်သုံးရက်ဖြင့်သာလျှင်**။ ပါပုဏိတွာ၊ ကိစ္စပြီးမြောက် ရောက်ရှိ၍။ ပစ္စာဂမိဿာမိ၊ မိမိမှီအောင် **ကျောင်းသို့တဖန်** ပြန်ခဲ့ပေအံ့ တကား။

ဆိုလိုရင်းကတော့-ငါကဲ့သို့သော ပုဂ္ဂိုလ်အား အရဟတ္တဖိုလ်မည်သည်ကို ဖြစ်စေတို့ရန် အဘယ်မှာ ဝန်လေး ခဲယဉ်း နိုင်ပါအံ့နည်း၊ နှစ်ရက်သုံးရက်မျှဖြင့်သာလျှင် အရဟတ္တဖိုလ်ပေါက် ကောင်းစွာဆိုက်ရောက်အောင် အားထုတ်ပြီးကာ ပြန်လာပေအံ့-ဟု ကြံစည် စဉ်းစားတော်မူ၍ တပည့်အများအား ပန်ကြားခြင်းအမှု ပြုတော်မမူပဲသာလျှင် ဝါဆိုလဆန်း တဆယ့်သုံးရက် (၁၃) ရက်နေ့မှာ တောထွက်တော် မူပါတယ်၊ ဒီနေရာမှာ မထေရ်မြတ်ကြီးရဲ့ သန္တာန်မှာ အရဟတ္တဖိုလ်ကို နှစ်ရက် သုံးရက်မျှဖြင့်ပင် ဖြစ်စေရမည်-ဟု မာန်ဝင်နေတာ တချက်၊ မိမိနေရာ တောင်ခေါင်း ကျောင်းသို့ပြန်လာမည်-ဟု အာဝါသ ကျောင်းအပေါ်၌ တွယ်တာမှု မကင်းရှင်းတာ တချက် ဒီအကြောင်းနှစ်ချက် ရှိနဲ့တာကိုတော့-သတိပြုရမည် ထင်တယ်နော်-(ဒကာကြီး ဦးစိန်)။

ဒီနှစ်ချက်ကိုတော့-သတိပြုခဲ့ပေါ့၊ မဟာသီဝ မထေရ်မြတ်ကြီးဟာ အဖော်မမှီး တပါး တည်း တောထွက်လာပြီး ဂါမန္တပဗ္ဘာရခေါ် ရွာနီးဖြစ်သော တောင်ခေါင်းကျောင်း(ဝါ) လိုဏ်ဂူ ကျောင်းသို့ ကြွသွားတော်မူကာ စင်္ကြံနံထက်သို့ တက်၍ ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ် တော် မူလေရာ၊ ထိုနေ့အဘို့ အရဟတ္တဖိုလ်သို့ ရောက်ရှိဘို့ရန် မတတ်နိုင်ပဲ ဖြစ်လေသတဲ့။

ဒီလိုနှင့် ဝါဆိုလပြည့် ဥပုသ်နေ့သို့ ရောက်သောအခါ အော်-ငါသည် တမူကား နှစ်ရက်၊ သုံးရက် မျှဖြင့်ပင် အရဟတ္တဖိုလ်ကို အရယူပေမည်- ဟု ကြံစည်ကာ ဤ အရပ်သို့ လာခဲ့ပေတယ်၊ သို့သော်လည်း အရဟတ္တဖိုလ်ကို ရယူချင်းငှာ မစွမ်းနိုင်ပါချေတကား- ဝါတွင်းသုံးလတို့ကို သုံးရက် မျှလောက် နှလုံးသွင်းကာ ကဲ-ရှိစေတော့ သီတင်းကျွတ်လပြည့် မဟာပဝါရဏာ နေ့ကျလျှင် သိရပေ လိမ့်မည်-ဟု စိတ်အားတင်းကာ အကြံပြုပြီး ထိုနှစ်ဝါတွင်း ထိုရွာနီး လိုဏ်ဂူကျောင်းမှာပင် ဝါကပ် တော်မူကာ ရဟန်းတရားကို ကြိုးစား ပွားများ အားထုတ်ပါသော်လည်း အရဟတ္တဖိုလ်ကို ရယူဘို့ မတတ်နိုင်၊ မစွမ်းဆောင်နိုင်အောင် ရှိနေပြန်ပါတယ်။

ထိုနှစ် သီတင်းကျွတ်လပြည့် မဟာ ပဝါရဏာနေ့ ရောက်သောအခါ မဟာသိဝ မထေရ်က ဒီလိုကြံစည် စဉ်းစား မိလေသတဲ့၊ ငါသည် နှစ်ရက် သုံးရက်မျှဖြင့် အရဟတ္တဖိုလ်ကို အရယူပေအံ့- ဟု ကြံစည်ကာ ဤအရပ်သို့ ကြွလာပေ၏၊ သို့သော် ဝါတွင်းကာလ သုံးလမျှဖြင့်ပင် အရဟတ္တဖိုလ်ကို အရယူခြင်းငှာ မစွမ်းနိုင်ပါ ချေတကား၊ သီတင်းသုံးတော် တို့မူကား ကိလေသာ အာသဝေါ ကင်းရှင်းကွာသည့် ဝိသုဒ္ဓိပဝါရဏာကို ပြုကြပေကုန်၏-ဟု ကြံစည်စဉ်းစားကာ နေတော်မူပါတယ်။

တဿေဝံ စိန္တယတော အဿုဓာရာ ပဝတ္တန္တိ။ (ဒီ-ဌ-၌- ၃၂၁)။

ဧဝံ၊ ဤသို့ ငါမှာမူကား အရဟတ္တဖိုလ်ကို ရယူခြင်းငှာမစွမ်းနိုင် သီတင်းသုံးတော်တို့မူကား ကိလေသာ အာသဝေါ ကင်းရှင်း၍ ဝိသုဒ္ဓိပဝါရဏာ ပြုကြပေတော့မည်ဟူ၍။စိန္တယတော၊ဆင်ခြင် စဉ်းစားသော၊ တဿ၊ ထိုမဟာသိဝ နာမကျော်ဟိး မထေရ်မြတ်ကြီးအား။ အဿုဓာရာ၊ နှလုံး မသာ လွန်စွာပူပြင်း မျက်ရည်အယဉ်တို့သည်။ ပဝတ္တန္တိ၊ တသွင်သွင် တဒီးဒီး ယိုစီးကျလာ လေကုန်တော့သတည်း။

**ဆောင်ပုဒ်။** မဟာသိဝ-ထေရမဟာ၊ တရားနှလုံး-ကျင့်သုံးနေရာ။
မိမိနောင်ရေး-မြော်ဧတွေးပြီးကာ၊ ဖြေမဆည်း- ဝမ်းနည်းမျက်ရည်ဖြာ။

ယင်းကဲ့သို့ မိမိရည်မှန်ကာ လာရောက်ခဲ့သော အကြောင်း အရင်းတို့ကို ပြန်လည် စဉ်းစား ကြံစည်ယင်း မဟာသိဝ မထေရ်မြတ်ကြီးအား နှလုံးမသာမယာမှု ဒေါမနဿဝေဒနာတရားဖြစ်ပွား လာကာ မျက်ရည်အယဉ်မျှားလဲ တသွင်သွင် တဒီးဒီး ယိုစီးပြီး ကျလာတော့သတဲ့၊ ဝမ်းနည်းတဲ့ စိတ် တွေဖြစ်ပြီး မျက်ရည်ကျတာပေါ့နော်၊ ဒီလို မျက်ရည်ကျတယ် ဆိုတာလဲ အလွန် ဝမ်းနည်းမှု ဖြစ်တဲ့ အခါ ဆုတ်နစ်သော ဒေါသဖြစ်ရာမှာလဲ မျက်ရည်ယိုစီး ကျတတ်ပါတယ်၊ အလွန်ဝမ်းမြောက် ဝမ်းသာဖြစ်တဲ့အခါ တက်ကြွသော ဒေါသဖြစ်ရာမှာလဲ မျက်ရည်ယိုစီး ကျဆင်းတတ်ကြပါတယ်တဲ့ (ဒကာကြီး ဦးစိန်ရဲ)၊ ဝမ်းမြောက်လွန်း အားကြီးရင်ဇလဲ ငိုယိုတတ်ကြတယ်နော်၊ ဒါကြောင့်မို့ နိုင်ငံနှင့် ယှဉ်ပြိုင် ရတဲ့ အရေးကြီးတဲ့ ပြိုင်ပွဲ အထူးသဖြင့် အားကစား ပွဲတွေမှာပေါ့၊ ယှဉ်ပြိုင်တဲ့ အခါ ရွှေတံဆိပ် ဆုတူးများကို ဆွတ်ခူးပန်ရတဲ့ သူများဟာ ပထမဆုံး အချိန်အခါဆိုလျှင် ဝမ်းမြောက် လွန်းအားကြီးလို့စိတ်ကိုမထိန်းနိုင်အောင် မျက်ရည် ဖြိုင်ဖြိုင်ကျအောင် ငိုကြွေးတတ်ကြ ပါတယ်တဲ့။

ဒီလို ပြောသဖြင့်လဲ ဒီကိုယ်တော် အားကစား ပြိုင်ပွဲတွေ လှည့်ကြည့် နေတယ်လို့လဲ အရမ်း မထင်လေနဲ့နော်၊ ကြားဘူးသမျှ ပြောရတာကိုး သတင်းစာမှာလဲ မကြာမကြာ တွေ့ဘတ်ပါတယ်၊ မဟာသိဝ မထေရ်ကြီးဟာ ယင်းကဲ့သို့ ဝမ်းနည်းငိုကြွေးမှု ပြုပြီးတော့ ဒီလို မြဲမြဲမြံမြံ စိတ် အကြံနဲ့ အဓိဋ္ဌာန် ပြုလိုက်လေသတဲ့။

> န မဋ္ဌေ မယှံ စတုဟိ ဣရိယာပထေဟိ မဂ္ဂဖလံ ဥပ္ပဇ္ဇိဿတိ အရဟတ္တံ အပ္ပတ္ဝာ နေဝ မဉ္စေ ပိဋ္ဌိံ ပသာရေဿာမိ န ပါဒေ ဓောဝိဿာမီတိ မဥ္စဥဿာဒေတွာ ဌပေသိ။ (သုတ်- မဟာဝါ- ဌ- ဒီ- ဌ- ၌- ၃၂၁)။

မဋ္ဌေ၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်ပုံပြင် ညောင်စောင်းတခု၌။ စတူဟိ ဣရိယာ ပထေဟိ လျောင်း, ထိုင်, ရပ်, သွား, ဣရိယာပုသ် လေးပါးတို့ဖြင့်။ နိသိန္နဿ၊ ပြောင်းလဲလှည့်လည်

မြဲမတည်ဘဲ မကြည်စိတ်ိ လ နေထိုင်ပေတော့။ မယုံ၊ အမြတ်တရား ရှာဖြွေးဘိုရာ ထွက်ခွာလာသော ငါ့အဘိုရာ။ မဂ္ဂဖလ်၊ ပူမီးကိုလေ ငြိမ်းပျောက်စေကြောင်း ကောင်းလှပေငြား မဂ်ဖိုလ်တရားသည်။ နည်းပွင့်ဖို့ဆိုယတိ၊ ဘယ်သောအခါမျှ မမှန်းဆလေလင့် မုချပိုင်းခြား ဖြစ်ပွားနိုင်လာပေလိမ့်မည် မဟုတ်ချေတကား။ အဟုံ၊မဟာသီဝ နာမတွင်ပေ ငါမထေရ်သည်။ အရဟတ္တ၊ အရဟတ္တဖိုလ်သို့။ အပွတ္တ၊ မျက်မှောက်ပြုကာ မရောက်ရသေးပါမူ၊ မဋ္ဌေ၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်ပြုဖြင် ညောင်စောင်းခုတင်၌။ ပိဋ္ဌိ၊ ကျောကုန်း ကျောပြင်ကို။ နေဝပသာရေယာမိ၊ အေးဆေး သက်သာညောင်းညာ ဖြေချင်း ကျော ပြင် ခ းကာ မဆန့်တော့ပါအံ့။ ပါဒေ၊ ဆွမ်းလှည့်လည်ခံ စကြံန်လျှောက်သွား အကျိုးများကုန် ခြေအစုံတို့ကို။ နံဓာဝိယာမိ၊ သန့်ရှင်း စင်ကြယ် တင့်တယ်ဘို့အရေး မဆေး မကြောတော့ပါအံ့။ ဣတိမနသိကတွာ၊ ဤသို့ပိုင်းခြား နှလုံးထား၍။ မဋ္ဌ၊ညောင်စောင်းခုတင်ကို။ ဥဿာဒေတွာ၊ သင့်လျော်သော နေရာ၌ ကောင်းမွန်စွာ ထောင်၍။ ဌပေသိ၊ တရားထူးမရသမျှ အသုံးမချတော့-ဟု စိတ်က ပိုင်းခြားထားတော် မူလေတော့သတည်း။

မဟာသီဝ မထေရ်မြတ်ကြီးက ဟယအာဇာနည် ပုဂ္ဂိုလ်တို့ စိတ်ဓာတ်အတိုင်း မြဲမြံ မြံမြံ ကြံ့ကြံ့ ခိုင်ခိုင် ယိမ်းယိုင်မရှိ ပကတိ တည်ကြည်သော စိတ်ထားဖြင့် အဓိဋ္ဌာန် ပြုလိုက်တယ်နော်။ ခုတင်ညောင်စောင်းပေါ်၌ လျောင်း, ထိုင်, ရပ်, သွား, ဣရိယာပုထ် လေးပါးတို့ဖြင့် လှည့်လည်တည် ရှိနေသော ငါ့အဘိုရာ မဂ်ဖိုလ်တရားထူးကို ကောင်းစွာ လွယ်ကူ ရယူနိုင်လိမ့်မည် မဟုတ်ပေ၊ သို့အတွက် အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုကာ မရောက်သေးသမျှ ညောင်စောင်းခုတင်ပေါ်၌ ကျော ပြန်ခင်းကာ အညောင်းအညာဖြေရုံမျှ မဆန့်တော့ပါ၊ခြေအစုံတို့ကိုလည်း ဆေးကြောသုတ်သင်ခြင်း မပြုတော့အံ့- ဟု စိတ် အကြံဖြင့် အဓိဋ္ဌာန် ပြုကာ ညောင်စောင်း ခုတင်ကို သင့်လျော်ရာ နေရာ၌ ကောင်းမွန်စွာ ထောင်ကာ ထားလိုက်လေသတဲ့။

ယင်းသို့ အဓိဋ္ဌာန် ပြုကာ တရားဘာဝနာကို ကြိုးစားပွားများ အားထုတ် ခဲ့လေရာ နောက်တဖန် ဝါတွင်းသို့သာ ဆိုက်ရောက်ခဲ့လေပြန်ပါတယ်၊ သို့ပေမဲ့ မထေရ် မြတ်ကြီးမှာတော့ အရဟတ္တဖိုလ်မန်း ဆင်မြန်းနိုင်ရန် မစွမ်းဆောင်နိုင်အောင်ခ် ဖြစ်ရှိသာ နေလေတော့တယ်၊ဒီလိုနှင့် နှစ်အကြိမ်အားဖြင့် နှစ်ဆယ့်ကိုးနှစ် ရှိလာခဲ့၍ ပဝါရဏာလဲ အကြိမ်ပေါင်း နှစ်ဆယ့်ကိုးကြိမ် ပြုခဲ့ပြီးဖြစ်သဖြင့် ပဝါရဏာပြုခဲ့တိုင်းလဲ နှလုံးမသာ မယာ ဝမ်းနည်းစွာဖြင့် မျက်ရည် အဖြာဖြာ ကျခဲ့ရတဲ့ အတွက် နှစ်ဆယ့်ကိုးကြိမ် တိုင်တိုင်ပင် မျက်ရည်အယဉ်တို့ တသွင်သွင် တဒီးဒီး ယိုစီး ကျဆင်းခဲ့ရရှာလေသတဲ့- (ဒကာကြီး ဦးစိန်ရွှေ)။

တကယ့် အာဇာနည်ပုဂ္ဂိုလ် မထေရ် မြတ်ကြီးတောင် ဖြေမဆည်နိုင်ဘဲ မျက်ရည် ပြိုင်ပြိုင်ကျခဲ့ရတယ်နော်၊ ဒီလို မထေရ်မြတ်ပုဂ္ဂိုလ်များဟာ ဆွေမျိုးမိဘသေဆုံးခြင်း စသော ဉာတိဗျသနတရားအကြောင်းများကြောင့် တုန်လှုပ်တော်မူမည့် ပုဂ္ဂိုလ်မျိုး မဟုတ်ဘူးနော်၊ ယခုအခါ အမှန်မှာတော့ သာသနာအစွန်း ကာလနှင့် ချီပြီး တွေ့ခဲ့ ကြုံခဲ့ ဆုံခဲ့လှတဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနှင့် တွေ့ရ ကြုံရ ဆုံရပြီးတော့ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့လဲ ရောက်ရှိ နေကာ မဂ်ဖိုလ်တရားထူး တရားမြတ်ကို အလွယ်တကူ ရယူနိုင်လိမ့်မည် မဟုတ် ဟု မျှော်လင့်သည့်အတိုင်း မဖြစ်မြောက်သဖြင့် နှလုံးမသာမယာဖြစ်ကာ မျက်ရည်အယဉ် တသွင်သွင်ကျဆင်းရခြင်း ဖြစ်ပေတယ်တဲ့၊ မထေရ်မြတ်၏ ဆွမ်းခံရွာ၌နေကြတဲ့ ကလေး သူငယ်များကလဲ မဟာသီဝ မထေရ်၏ ခြေတော်

နှစ်ဖက်တိုင်ကွဲအက် နေသော နေ့ရာများကို ဆူးတို့ဖြင့် ချုပ်စပ် ပေးနေကြသတဲ့ တယောက် နှင့် တယောက် ဝမ်းမြောက်ကြည်သာ မြူးထူးကျီစယ် ပြက်ရယ်ပြုကာ ပြောဆိုကြသည်မှာပင် "အယျသ မဟာသိဝ တွေ့ရဿ ဝိယ ပါဒါဟာန္တု = အရှင်မဟာသိဝ မထေရ်မြတ်ကြီး၏ ခြေများကဲ့သို့ ငါတို့၏ ခြေများသည်လည်း ကွဲအက်ကြသည်သာ ဖြစ်ပါစေ ကုန်သတည်း" ဟု မြူးထူး ကျီစယ်ပြက်ချည် ဆိုမှုပြုကြလေသတဲ့။

မဟာသိဝမထေရ်မြတ်ကြီးဟာ နှစ်ပေါင်း သုံးဆယ်မြောက် ဖြစ်သော သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ မိုးရာစာကဲပျဉ်ချပ်ကိုမှီကာ ရပ်တည်နေတော်မူလျက် ဒီလို ကြံစည်စဉ်းစားလေသတဲ့ "ရဟန်းတရားကို ကျင့်ကြံ ပွားများ အားထုတ် လာခဲ့သည်မှာ ငါ့အဘို့ရာ ယခုအခါ ဆိုလျှင် နှစ်ပေါင်း သုံးဆယ်ပင် ရှိခဲ့လေပြီ၊ သို့ရာတွင် ငါသည် အရဟတ္တဖိုလ်သို့ မရောက်နိုင်သေးပါတကား၊ အမှန်စင်စစ် ငါသည် မစ္ဆုပ္ပန်ကာလ ဤ ယခုဘဝ၌ မဂ်ဖိုလ်တရားကို ဖြစ်ပွား ရရှိစေနိုင်တော့မည် မဟုတ်ချေတကား- ငါသည် သီတင်းသုံးဘော်တို့နှင့် အတူတကွ ကိလေသာ အာသဝေါ ကင်းရှင်း ကွာသော ဝိသုဒ္ဓိပဝါရဏာကို ပြုနိုင်ဘို့ရန် အခွင့်မရတော့ ပြီတကား- ဟု ကြံစည် စဉ်းစား တော်မူသောအခါ မဟာသိဝ မထေရ် မြတ်ကြီး၏ စိတ်သန္တာန် စိတ်နှလုံး မချမ်းသာခြင်း ဒေါမနဿ ဝေဒနာတရား တရိတ်ရိတ် ဖြစ်ပွားပြီး မျက်ရည် အယဉ်တို့ဟာလဲ တသွင်သွင် တဒီးဒီး ကျဆင်းကာ လာကြ လေသတဲ့၊ ယင်းကဲ့သို့ မထေရ်မြတ်ကြီး မျက်ရည် မဆည်းနိုင်အောင် ဖြစ်ကာ ငိုကြွေးနေ သောအခါ မထေရ်မြတ်၏ အနီးအပါး ဖြစ်သော အရပ်၌ နတ်သမီး တယောက်ကလဲ တရှုပ်ရှုပ် ငိုကြွေးနေကာ ရပ်တည်နေလေရာ ထိုနတ်သမီး၏ ငိုကြွေးသံကို ကြားရသော မထေရ်မြတ်က-

"ကော ဧတ္ထ ရောဒသိ=ဤအရပ်၌ လာရောက်ပြီး ငိုကြွေးနေသူကား အဘယ်သူနည်း"ဟု လှမ်း၍ မေးမြန်းတော် မူလေလျှင်- နတ်သမီးကလဲ-

"အဟံ ဘန္တေ ဒေဝဓိတာ=အရှင် မြတ်ဘုရား တပည့်တော်မသည် နတ်သမီး ဖြစ်ပါသည် ဘုရား"ဟု လျှောက်ထားလေသတဲ့၊ ထိုအခါ မထေရ်မြတ်က-

"ကသ္မာ ရောဒသိ=သင်နတ်သမီးသည် အဘယ့်ကြောင့် တရှုပ်ရှုပ် ငိုကြွေးကာ နေဘိသနည်း" ဟု မေးမြန်းတော် မူပြန်သဖြင့် နတ်သမီးက ဤသို့ ဆက်ကာ လျှောက်ထားလိုက်ပါတယ်။

ရောဒမာနေန မဂ္ဂဖလံ နိဗ္ဗတ္တိတံ၊ တေန အဟမ္ပိ ဧကံ ဒွေ မဂ္ဂဖလာနိ နိဗ္ဗတ္တေ<br>
ဿာမီတိ ရောဒါမိ ဘန္တေ။ (သုတ်-မဟာဝါ- ၄-၃၂၁)။

ဘန္တေ- မဟာသိဝ၊ နာမည်ကျော်ကြား အရှင်မြတ်ဘုရား။ ရောဒမာနေန၊ နှလုံးမသာ၊ ပြင်းစွာပူဆွေး, ငိုးကြွေးသဖြင့်။ မဂ္ဂဖလံ၊ ကိလေသာဆိုး, တရားမျိုးတို့ကို, ဖျက်ချိုးပေတတ်, မဂ်ဖိုလ်တရားထူး တရားမြတ်ကို။ နိဗ္ဗတ္တိတံ၊ မချွတ်ကေန်, အမှန်စင်စစ် ဖြစ်စေအပ်၏။ တေန၊ ထိုသို့ မဂ်ဖိုလ်တရား အလွယ်အားဖြင့်, ဖြစ်ပွားစေတတ်, အကြောင်းရပ်ကြောင့်။ အဟမ္ပိ၊ တပည့် တော်မသည်လည်း။ ဧကံ ဒွေ မဂ္ဂဖလာနိ၊ တပါးနှစ်ပါးသော မဂ်တရားတို့ကို။ နိဗ္ဗတ္တေဿာမိ၊ ကောင်းစွာမသွေ, ဖြစ်ပွားစေအံ့။ ဣတိမနသိကတွာ၊ ဤသို့ အရှင်ဘုရား နည်းယူငြားကာ, ဖြစ်ပွား စေရန်, ရည်စိတ်သန်လျက်။ ရောဒါမိ၊ မဂ်ဖိုလ်ရရေး ရည်မြော်တွေး၍, ငိုကြွေး နေပါသည် အရှင်မြတ်ဘုရား။

အရှင်မြတ်ဘုရား-ငိုကြွေးသောသူသည် မဂ်ဖိုလ်တရားတို့ကို ဖြစ်ပွားစေနိုင်ပေလိမ့်မည်လား-ဟု အရှင်ဘုရား၏ ငိုကြွေးမှုကို အတုယူကာ တပည့်တော်မသည်လည်း မဂ်ဖိုလ်တရားတပါးနှစ်ပါးတို့ကို ဖြစ်ပွားစေမည်-ဟု ကြံစည်စဉ်းစားကာ ငိုကြွေး နေပါသည်ဘုရား-ဟု ပြက်ရယ်ပြုကာ လျှောက်ထားလိုက်သတဲ့။

ရှေးအခါ ကာလက သူတော်ကောင်း, နတ်သား, နတ်သမီးများဟာ ရဟန်းတော်များ တရားဘာဝနာ ကျင့်ကြံ ပွားများရေးမှာလဲ အမျိုးမျိုး အကူအညီ ပေးခဲ့ကြတယ်နော်၊ ဗုဒ္ဓမြတ်စွာ သာသနာပြန့်ပွားရေး ကိစ္စမှာလဲ မိမိတို့ တတ်စွမ်းနိုင်သမျှ ဆောင်ရွက်ကြပါတယ်၊ သာသနာ့ အန္တရာယ် အသွယ်သွယ်ကိုလဲ အမျိုးမျိုးကာကွယ် စောင့်ရှောက် ခဲ့ကြတယ်နော်၊ ယခုခေတ် နတ်သား, နတ်သမီးတွေဘော့-ဘယ်ကိုများ ရောက်နေကြလဲ မသိတော့ပါဘူးနော်၊ ယခုခေတ်မှာ တော့-တောရောမြို့ပါလူ မသမာ လူမိစ္ဆာတို့က ဆင်းတုရုပ်ပွား ဘုရားများကို ဂိုဏ်းဖွဲ့ကာ ခိုးယူပြီး နိုင်ငံခြား တိုင်းပြည်များသို့ ရောင်းချကာ စီးပွားရှာနေကြသတဲ့၊ လွန်ခဲ့တဲ့ ခုနစ်နှစ် ရှစ်နှစ်လောက်ကစပြီး ယခု ၁၃၃၀-ခုနှစ်အထိ ဆိုပါတော့ ဘုရားခိုးဂိုဏ်းများဟာ အလွန်ရဲရင့် လာတာကိုတွေ့ရတယ်-(ဒကာကြီး ဦးစိန်ရဲ)။

အချို့ဘုရား ခိုး ဂိုဏ်းများကဆိုလျှင် ကျောင်းရှိ ဘုန်းတော်ကြီးကိုကြိုးနှင့်တုပ်ပြီး ကျောင်းရှိ ရှေးဟောင်း ရုပ်ပွားဆင်းတု ဘုရားများကို ယူသွားကြတယ်ဆိုတော့ သူခိုးလို့ မဆိုနိုင်တော့ဘူး၊ ဒမြ ဂိုဏ်းတွေ-လို့ဘဲ ဆိုရတော့မယ်၊ တဘဝ တနပ်စာ ဝမ်းစာရှာမှု ဒီလို အလွန်အမင်းတရားမဲ့ ကျင့်ကြံတဲ့သူတွေလဲ လောက စကားနှင့် ပြောရမယ်တော့-ခါးသီးတဲ့ မကောင်းကျိုး အမျိုးမျိုးကို မကြာခင် ခံစားကြရတော့မှာပဲ-လို့ဆိုရမှာပါပဲ၊ စေတီပုထိုး ဘုရားပရဝုဏ်တို့ကို စောင့်ကြပ်နေကြတဲ့ နတ်တွေမှာလဲ မိမိတို့ စောင့်ကြပ်ရာ ဌာနမှ ဘုရားဆင်းတုများကို တရားမဲ့ လုယက် ခိုးယူနေကြတဲ့ ဘုရားခိုးဂိုဏ်းများ ခားပြများကို လက်ပိုက်ကာ ကြည့်နေကြသလား-လို့ အပြစ်တင်ချင်နေတယ်၊ နတ်တွေအပေါ်မှာလဲ တော်တော် မကျေမနပ် ဖြစ်နေမိတယ်-(ဒကာကြီး ဦး စိန်ရဲ)၊ ကဲကဲ ရှိပါစေဘော့- သူခေတ်နဲ့ သူ့အခါမို့ နတ်တွေမှာလဲ တန်ခိုးအာဏာ မထက်တော့ဘူး- ထင်ပါရဲ၊ ခုနက ပြောခဲ့တဲ့ နတ်သမီးကဘော့-အလွန် ကျေးဇူး များပါပေတယ်၊ မဟာသိဝ မထေရ်မြတ်ကြီးကို အမြင်မှန် ရရှိလေအောင် ကြံဆောင် သတိပေးဘော် ရရှိပါတယ်၊ ယင်းကဲ့သို့ နတ်သမီးက သတိပေးစကား လျှောက်ထားသေမှ မထေရ်ကြီးလဲ ဓမ္မသံဝေဂတွေ ရရှိကာ တရား ဘာဝနာကို ဆက်လက်ကြိုးစား ပွားများ အားထုတ် ပြန်ပါတယ်။

> တတော ထေရော "ဘော မဟာသိဝတ္ထေရ ဒေဝတာပိ တယာ သဒ္ဓိံ ကေဠိံ ကရောန္တိ၊ အနုစ္ဆဝိကံ နုခေါ တေ" တိ စိန္တေန်၊ ဝစေတွာ သဟာငြီသမ္ဘိဒါဟိ အရဟတ္တံ အဂ္ဂ ဟေသိ။ (သုတ်-မဟာဝါ-5-၃၂၁)။

တတော၊ နတ်သမီးငယ် ပြက်ရည်ပြုကာ, သတိပေးလေရာ ထိုအခါမှ။ ထေရော၊ မဟာသိဝ နာမကျော်ဟီး မထေရ်မြတ်ကြီးသည်။ ဘော မဟာသိဝတ္ထေရ၊ အို မဟာသိဝထေရ်။ ဒေဝတာပိ၊ မပြောပလောက် အထင်ရောက်သည့် များမြောက်သွယ်သွယ်,နတ်သမီးငယ်များသော်လည်း။ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ အတူ။ ကေဠိံ၊ ထေရ်ဘပါး-ဟု လေးစားမရှု, ပြက်ရယ်မှုကို။ ကရောန္တိ၊ မလေး

မစား, ထိပါးသမှု, ပြုလုပ်ကြလေကုန်၏။ တော်၊ သင်အား။ တော်၊ ဤသို့ အနည်းနည်း နတ်သမီးယ်များ မလေးစားဘဲ ထိပါးရှေးရှု, ပြက်ရယ်အံ့တု, ခံရမှုသည်။ အနုစ္ဆဝိက် နုခေါ၊ လျော်ကန်သင့်မြတ်, လျော်ပတ်ပါမည်လော။ ဣတိမနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ ဝိပဿနံ၊ ဝိပဿနာတရားကို။ ဝဍ္ဎေတွာ၊ ပွားများ ကြိုးကုတ် အားထုတ်တော်မူ၍။ ပဋိသမ္ဘိဒါပတ်၊ အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ,နိရုတ္တိပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါ-ဟု ဆိုအပ်သော ပဋိသမ္ဘိဒါဉာဏ်လေးတန်တို့နှင့်။သဟ၊တကွ။အရဟတ္တံ၊ ကိလေသာဟူအပူငြိမ်းချုပ်ငြိမ်းဧတော်,အရဟတ္တဖိုလ်တရားမြတ်ကို။ အဂ္ဂဟေသိ၊ မိမိပိုင်ပိုင် မလွတ်နိုင်အောင် လက်ကိုင်ရယူတော် မူလေတော့သတည်း။

မဟာသိဝ မထေရ်မြတ်ကြီးဟာ နတ်သမီး လာရောက် ပြက်ရယ်ပြုကာ သတိပေးသဖြင့် ရှက်နိုးတော် မူခြင်းလဲ ဖြစ်တယ်၊ သံဝေဂ ကြီးစွာလဲ ရရှိတော် မူပါတယ်၊ သို့အတွက် သမ္မပ္ပဓာန် ဇွဲလုံ့လကို ရှေးအခါကထက် ထက်ထက်သန်သန် မြဲမြဲမြံမြံ ဝိပဿနာတရားကို ကျင့်ကြံ ပွားများ အားထုတ်လော် မူလေရာ ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာ အရှင်မြတ် ဖြစ်သွားတော် မူပါတယ်။

ဤ မဟာသိဝ မထေရ်မြတ်ကြီးရဲ့ ဝတ္ထုသာဓကကို ထောက်ဆ ကြည့်ရှုလျှင် ကြားနာမှတ်သား၍ သိရှိကာမျှ သင်ကြား တတ်မြောက်၍ စာသိအနေဖြင့် သိရှိကာမျှဖြင့် သမဏကိစ္စခေါ် တရားထူး တရားမြတ် ရရှိမှု အလုပ်ကိစ္စ မပြီးကြသေးဘူးဆိုတာ လွယ်ကူစွာ သိရှိနိုင်ပါတယ်နော်၊ အချို့သော ပုဂ္ဂိုလ်များဏာ ကျင့်ဘို့မလို ကြံဘို့မလို လိုပ်သမျှ ဒုက္ခသာ ဖြစ်မှာပဲ၊သိနေလျှင် ကိစ္စပြီးတာပဲ-စသည်ဖြင့် ပြောဆိုတတ်ကြပေတယ်၊ ဤဝတ္ထုသာဓကကို ထောက်ဆလျှင် ကြားနား မှတ်သား ရသဖြင့် သိရှိ၍လဲ ကိစ္စမပြီး၊ စာပေကျမ်းဂန် သင်ကြား တတ်မြောက်သဖြင့် စာသိသိရုံမျှဖြင့်လဲ ကိစ္စမပြီးသေးပေ၊ တကယ်တန်း ကိုယ်ထိလက်ရောက် သမ္မပ္ပဓာန် ဇွဲလုံ့လဖြင့် ကျင့်ကြံပွားများ ကြိုးစား အားထုတ်မှသာလျှင် ကလေးလုံး ဆောင်ပုဒ်နှင့်အညီ ကိုယ့်ကိုယ်ကိုကိုးကာ ကြိုးစား အားထုတ်မှသာလျှင် မဂ်ဖိုလ် တရားထူး တရားမြတ်ကို မုချပိုင်ပိုင် ရရှိနိုင်တဲ့အကြောင်း ကောင်းကောင်းကြီး မှတ်သားကြရမည်တဲ့-(ဒကာကြီး ဦးစိန်ရှဲ)။

ကဲကဲ-ကိုယ့်ကိုယ်ကိုကိုးဆိုတဲ့ (က) လေးလုံး တရားကို ဟောကြားခဲ့ဘာ အချိန်လဲ တော်တော်ကြာပေပြီ၊ ယခုအခါ တရားပွဲ သိမ်းရန် အချိန်တန်ပြီ ဖြစ်သဖြင့် မြတ်စွာဘုရား ဟောကြားတော် မူခဲ့တဲ့ ကိုယ့်ကိုယ်ကိုကိုး တရားဂါထာနှင့် တရားပွဲ သိမ်းပါတော့မည်။

အတ္တာ ဟိ အတ္တနော နာထော ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။

(ရှေးနည်းအတိုင်း-အနက်ပေးပါ)

(အဘိဓမ္မာတပ်၍ တရားပွဲ သိမ်းပါ)

❀ ❀ ❀ ❀ ❀

# အားကိုးတိုက်လှ-မြတ်ဒါန တရားတော်

ဒါနံ တာဏံ မနုဿာနံ၊ ဒါနံ ဗန္ဓု ပရာယနံ။
ဒါနံ ဒုက္ခာဓိပန္နာနံ၊ သတ္တာနံ ပရမာ ဂတိ။ (ပုံဒ္ဓ-ဌ-၁၄၄)။

ဒါနံ၊ မြော်ချင့်ပညာ၊ စေတနာနှင့်၊ သဒ္ဓါဖြန့်ဖြူး၊ ရှင်မြူးလှူရ၊ မြတ်ဒါနသည်။ မနုဿာနံ၊ လူ့ရပ်လူ့ရွာ၊ ဤကမ္ဘာသို့၊ ရောက်လာကြွင်ကြား၊ လူအများတို့၏၊ တာဏံ၊ ငတ်မွတ်ခေါင်းပါး၊ အစာရှားစွ၊ များပြားလှစွာ၊ သံသရာဘေးရန်၊ အတန်တန်ကို၊ အမှန်တကယ်၊ ကာကွယ်တတ်စွာ၊ ကိုးကွယ်ရာစင်စစ် ဖြစ်ပါပေ၏။ ဒါနံ၊ ဘုရားအလောင်း သူတော်ကောင်းတို့ လမ်းဟောင်းမှန်လှ၊ မြတ်ဒါနသည်။ သတ္တာနံ၊ သုံးဆယ့်တစ်ဘုံသား၊ သတ္တဝါအများတို့၏၊ ဗန္ဓု၊ အရာရာမျိုး အလွန်အားကိုးရသည့်၊ ဆွေမျိုးမိတ်ရင်း၊ သူငယ်ချင်းစစ်၊ အပေါင်းအသင်းလည်း ဖြစ်ပါပေ၏။

ဒါနံ-သဒ္ဓါကြည်ဖြူ ပေးကမ်း လှူရခြင်းသည်။ သတ္တာနံ၊ သတ္တဝါအပေါင်းတို့၏။ ပရာယနံ၊ ဘေးရန်လွန်လို၊ မှီခိုပုန်းအောင်း၊ လည်းလျှောင်းရာ ဖြစ်ပါပေ၏။ ဒါနံ၊ ပုဗ္ဗ၊ မုဉ္စ၊ အပရဟု၊ သုံးဝစေတနာ၊ ထက်သန်စွာဖြင့်၊ သဒ္ဓါရက်ရက်၊ ပညာဖက်၍၊ ပေးဆက်ဝေခြမ်း၊ ရှင်လန်းစွာပြု လှူဒါန်းခြင်း ကုသိုလ် ကောင်းမှုသည်။ ဒုက္ခာဓိပန္နာနံ၊ ကိုယ်စိတ်နှစ်ဖြာ၊ လွန်စွာငြိုးနွမ်း၊ ပင်ပန်း ဆင်းရဲခြင်းသို့ ရောက်၍ နေကြကုန်သော။ သတ္တာနံ၊ သုံးဆယ့်တစ်ဘုံ၊ စုန်ဆန်အောက်ထက်၊ လှည့် လည်လျက်သာ၊ သွားလာ နေကြကုန်သော သတ္တဝါတို့၏။ ပရမာ၊ ဆသက်လွန်ကြူး၊ အထူး သတ်မှတ်၊ ကောင်းမြတ်လှစွာသော။ ဂတိ၊ မကွေ့မထောက်၊ ဝမ်းမြောက်ကြည်သား၊ လား ရောက်ရာသည်။ ဟောထိ၊ စိတ်သာချတော့၊ ဒိဋ္ဌပုံသေ၊ ဖြစ်ရလေတော့ဆတည်း။

ယနေ့ ဟောကြားမည့် တရားတော်ကတော့ - အားကိုးထိုက်လှ မြတ်ဒါန-ဆိုတဲ့ တရားကို ဟောကြားရန် ဖြစ်ပါတယ်၊ သို့အတွက် " ဒါနံ တာဏံမနုဿာနံ" အစရှိတဲ့ ဗုဒ္ဓဝံသ အဋ္ဌကထာ လာ ဒီပင်္ကရာ မြတ်စွာဘုရားက ရမ္မာဝတီမြို့သူမြို့သား ဥပါသကာ ဥပါသိကာမ အများတို့အား ဟောကြားတော် မူခဲ့တဲ့ ဒါနအနုမောဒနာတရား ဂါထာကို ရွတ်ဆိုလိုက်ရခြင်း ဖြစ်ပေတယ်၊ ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ - သဒ္ဓါရှင်လန်း ပေးကမ်းလှူဒါန်းခြင်း ဒါန တရားသည် သုံးဆယ့်တဘုံ ဆန်စုန်လှည့်သွား သတ္တဝါအများတို့၏ အားထားဘွယ်ရာ၊ ထောက်ရာတည်ရာ၊ ကိုးကွယ်ရာစင်စစ် ဖြစ်ပါကြောင်းတဲ့၊ သတ္တဝါတွေဆိုတာက သုံးဆယ့်တဘုံဆိုတဲ့ သံသရာ ရေယာဉ်ကြောမှာ ဆန်ကာ မြောပါ သွားလာ နေကြရတာကိုး။ ရံခါ အထက်ရောက်လိုက်၊ ရံခါ အောက်ရောက်လိုက်နဲ့ တောက်လျှောက် သွားလာ နေကြရတာဘဲနော်၊ အထက်ရောက်သည်ဖြစ်စေ၊ အောက်ရောက်သည် ဖြစ်စေ အလှူဒါန ကောင်းမှုကုသိုလ်ရှိသော ပုဂ္ဂိုလ်နှင့် မရှိသော ပုဂ္ဂိုလ်ဆိုတာ အလွန်တရာကွာ ခြားလှပါဘယ်၊ မျက်မြင်ဆနေအားဖြင့် ကြည့်ရှုကြမည်ဆိုလျှင်လဲ သုဂတိဘဝလို့ ခေါ်တဲ့ ယခုလို

လူ့ဘဝကို ရောက်ရှိနေကြတဲ့ သူများကို ကြည့်ရှုလေ့လာလျှင်ဘဲ လွယ်ကူစွာ မှန်းဆပြီး သိနိုင်ကြပါတယ်။ ရှေးအခါက ဒါနကုသိုလ် ကောင်းမှု ရှိသူများကတော့ လူ့ဘဝသို့ ရောက်လာကတည်းကပင် ဥစ္စာစည်းစိမ် ဂုဏ်သိန်ပြည့်စုံ့ဖြိုး သဌေးသူကြွယ်မျိုးဖြစ်တဲ့ မိဘများ ရာထူးဂုဏ်သိရ် ရှိကြတဲ့ မင်းစိုးရာဇာစသော မိဘများ ထံမှာက်သို့ ဆိုက်ရောက် ဖြစ်ကြ ရတတ်ပါတယ်၊ ငယ်ရွယ်စဉ်ကစပြီး မရှိဆိုသော စကားကို မကြားရသော ပုဂ္ဂိုလ်များ ဖြစ်တတ်ကြပါတယ်တဲ့၊ အကယ်၍ ပုဗ္ဗစေတနာ အခွင့်မသာသဖြင့် ကြီ ပွားချမ်းသာသော မိဘ ဆွေမျိုးများ ထံမှောက် မဆိုက်ရောက် မဖြစ်ပွားကြရ၍ ငယ်စဉ်ကာလ မချမ်းသာကြသော်လည်း မိမိတို့ကံ အလျောက် လူလားမြောက်၍ ကိုယ်တိုင်ကိုယ်ကျ စီးပွားဥစ္စာ ရှာကြံ လုပ်ကိုင်နိုင်သောအခါ ဘေးန်မှုချ လွယ်ကူချမ်းသာစွာ ရှာဖွေ ရရှိပြီး ကြီးပွား ချမ်းသာ နိုင်ပါတယ်တဲ့။

အလှူဒါန မပြုခဲ့ကြတဲ့သူများ သူတပါး ပေးလှူတာကိုပင် မနာလို ဝန်တိုစိတ် ထားသဖြင့် ပြစ်မှား တတ်ကြသော သူများ မှာတော့ ဖြစ်လေရာဘဝ အောက်ကျ နောက်ကျနှင့် မိမိ ဝမ်းကိုမှ မိမိ ဝ,လင်အောင် ကြံဆောင်ကာ မမွေ့ မြူနိုင်ကြတဲ့သူများ ဖြစ်တတ်ကြသတဲ့(ဒကာကြီး ဦးစိန်ရဲ့)၊ အောက်ဘန်းစား ဒုဂ္ဂတိအနေဖြင့် ကြည့်လျှင်တော့ လွယ်ကူစွာနိုင်းဆ၍ သိရှိနိုင်ကြအောင် မိမိတို့ အနီး ဝန်းကျင်မှာ အမြဲအစဉ်ရှိနေကြတဲ့ ခွေးသတ္တဝါများကို မှန်းကြည့်လျှင် သိနိုင်ကြပေလိမ့်မည်-ထင်တယ်နော်၊ အသိဉာဏ် ရှိသော ဘဝရောက်ရစဉ် အခါက ဒါနကုသိုလ် ကောင်းမှုကို ဆည်းပူး အားထုတ် ပြုလုပ်ခဲ့သော ခွေးများ ကြတော့ ကံမကောင်း အကြောင်းမလှလို့ ခွေးဘဝသို့ ရောက်ရှိနေရပေမဲ့ ပစ္စည်းဥစ္စာ ချမ်းသာ ပြည့်ဝသော သူများ ထံမှောက်သို့ ရောက်ရှိတတ်ဖြစ်ကြရပါတယ်၊ ဒါ့ကြောင့်မို့ အချို့ခွေးများ ပိုင်ရှင်က ဘယ်လောက် အသို လိုက်သလဲ ဆိုတော့ ခွေးကို ကျွေးမွေးတာဟာ မိမိစားသောက်တဲ့ အစားအစာကိုပင် ကျွေးသတဲ့၊ ခွေး အိပ်တော့လဲ ကော်ဇော အိပ်ရာ ခင်းပေးသတဲ့၊ စားသောက်နေထိုင်ရေးမှာ အချို့သော လူများထက်ပင် အဆင့်အတန်း မြင့်တာကို တွေ့ရတတ်ပါတယ်။

ကုန်ကုန် ပြောရလျှင်တော့ အချို့သောသူများဟာ မိမိ မွေးထားတဲ့ ခွေးကို ဘယ်လောက် ချစ်ခင်သလဲဆိုတော့ ခွေးထီးကလေးဆိုရင် သားသားဟု ခေါ်ပြီးတော့ ခွေးမကလေး ဆိုပြန်တော့ သမီး-သမီး ဟုခေါ်ပြီးတော့ မွေးမွေးပင် ပေးတတ်ကြပါသတဲ့၊ ဒါတွေဟာ ဒါနကံရဲ့ကောင်းကျိုးပေးမှုတွေဘဲနော်၊ အသိဉာဏ်ပြည့်ဝတဲ့ လူ့ဘဝလို ဘဝမျိုးကို ရရှိကြစဉ် အခါက ဒါနတရားကို ယော်ရှား သူတပါးပေးလှူတာကိုပင် ဟန့်တားဆီးကာ လူမိစ္ဆာ များမှာတော့ အကုသိုလ်ကံ အကျိုးပေးအလျောက် ခွေးဘဝသို့ ရောက်ရ သွားရလျှင် လမ်းကြို လမ်းကြား အိမ်ကြို အိမ်ကြား၌ မဝရေစာ အစာရှာ၍ စားသောက် နေကြရသော ခွေးမျိုးမှာ ဖြစ်ပေတယ်၊ အစာမဝ ရှာကြသဖြင့် အရိုးပြိုင်းပြိုင်း ထနေအောင် ပိန်ချုံးနေတာ တွေ့ဘူးမှာပေါ့၊ အမဲရိုးကလေး တချောင်း အတွက် အချင်းချင်း ဟိန်းကြ ဟောင်ကြ ကိုက်ကြ ခဲကြ ဖြစ်နေ ကြတာလဲ မကြာခဏ တွေ့မြင် ဘူးကြပါလိမ့်မယ်၊ ဒါနကံ နည်းပါးသူများရဲ့ ဘဝကား ဤသို့တကား- ဟု ဆင်ခြင်ကာ သံဝေဂပွားသင့်လှပေတယ်နော်၊ ဒါ့ကြောင့်မို့ တရားနာ ပရိသတ်များ ဖြစ်တဲ့ ဒကာ ဒကာမ များလဲ ဒါနတရားဆိုတာ သတ္တဝါအများတို့ရဲ့ အားထားရာ ကိုးကွယ်ရာစင်စစ် ဖြစ်တယ်ဆိုတာကို ယုံကြည်စွာမှတ်သားကြရပေမယ်။

နောက်ပြီးတော့ ပေးကမ်း လှူဒါန်း ခြင်းဆိုတဲ့ ဒါနတရားဟာ သံသရာ ဝဋ်ဇာတ် မကောင်း ပြတ်ကြသေးသည့် သတ္တဝါ အများတို့၏ မိတ်ရင်း ဆွေရင်း သူငယ်ချင်း စစ်စစ် လဲဖြစ်ပါတယ်၊ လောကမှာဆိုလျှင် မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်း ရောင်းရင်းများဆိုတာ ထိုထို အမှုကိစ္စ ပြုဘို့ရာ အကြောင်းကိစ္စ ငွေ အခါ ဖြစ်စေ၊ ငွေရေး ကြေးရေး အကူ အညီပေးရန် အကြောင်း ကိစ္စ ဖြစ်ပေါ်လျှင်ဖြစ်စေ အကြောင်းကိစ္စ ဖြစ်ပေါ်လာပါက အလွန် တရာ အားကိုး ရပေသည်၊ လိုရာကိစ္စ ပြီးမြောက်ကြအောင် ရွက်ဆောင် ပေးတတ်ကြပေသည်၊ ထိုနည်းတူစွာ ပေးကမ်းလှူဒါန်း ခြင်းဆိုတဲ့ ကုသိုလ် ကောင်းမှု တရားကလဲ အထက်အောက် သံသရာ တခွင်မှာ လှည့်လည်ကာ သွား ရောက်နေကြရတဲ့ သံသရာခရီးသွား သတ္တဝါ အများတို့အား အမြဲမပြတ် ထပ်ချပ် မကွာ လိုက်လာ ကာ လူဘဝရောက်လျှင်လဲ လူချမ်းသာဖြစ်အောင် နတ်ဘဝရောက်လျှင်လဲ နတ်ချမ်းသာဖြင်အောင် အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်ဘဝသို့ပင် ရောက်သည် ဖြစ်စေ တိရစ္ဆာန် ချင်းတူလျှင် ချမ်းသာတဲ့ တိရစ္ဆာန်ဖြစ်အောင် ကူညီကာ စောင့်ရှောက် ပေးတတ်ပါတယ်တဲ့- (ဒကာကြီး ဦးစိန်ရွှဲ)။

ဒါကြောင့်မို့ ဒါနဆိုတာ သတ္တဝါတို့ရဲ့ အားထားရာ မိတ်ဆွေအပေါင်းအသင်း ရောင်းရင်း အစစ်ကြီးပါဘဲတဲ့၊ လောကမှာ မိတ်ဆွေ ရင်းချာကို ဖြစ်မှားမိလျှင် အဘယ်မျှလောက် မကောင်း ကျိုး အမျိုးမျိုးကို ဖြစ်ပွားစေ တတ်ဘယ် ဆိုတာကို ဉာဏ် ပညာ ဖြန့်ကာ ဆင်ခြင်၍ ကြည့်ကြပေ တော့၊ နောက်ပြီး ဒါနတရားဆိုတာ သတ္တဝါတို့ရဲ့ မှီခို ပုန်း အောင်း လည်း လျှောင်း ရာလဲ ဖြစ်ပါ တယ်တဲ့၊ ဘေးအန္တရာယ် အသွယ်သွယ်ဖြင့် ကြုံတွေ့ သောအခါ မှီခို အားထားရာ ပုန်း အောင်းရာ လှည်းလျှောင်းရာဆိုတာ အလွန်ပင် လိုအပ်တာ ကလား- အားလုံးသော သတ္တဝါတွေ ကျင်လည် သွားလာနေကြရတဲ့ သံသရာခရီး ခရီးကြီးဆိုတာလဲ ဘေးရန် အသွယ်သွယ် ဝန်းရံ ပတ်နေတာဖြစ်တဲ့ အတွက် ထိုထို အန္တရာယ် အပေါင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကောင်းမြတ် လှစွာ သော မှီခို ပုန်းအောင်းရာ လည်းလျှောင်းရာ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုဟာလဲ အလွန်ပင်လိုအပ် လှပါတယ်တဲ့။

နောက်ပြီးတော့ ဒီဒါန တရားဆိုတာ ကိုယ်စိတ်နှစ်ဖြာ လွန်စွာငြိုးနွမ်း ဆင်းရဲ ပင်ပန်းခြင်း သို့ရောက်၍ နေကြကုန်သော သတ္တဝါအများတို့၏ ကောင်းမြတ် လှစွာ လားရောက်ရာ ဂတိလည်း ဖြစ်ပါတယ်၊ စိုးရိမ် သောက ဒုက္ခလွှမ်းမိုး အမျိုးမျိုးဖြင့် ကြုံတိုး နေကြသော သတ္တဝါ အများဟာ စိုးရိမ်သောက ဒုက္ခကင်းကွာ ချမ်းသာရာဘဝ ဘုံဌာန်သို့ ရောက်လို ကြတာကတော့ ဓမ္မတာပင်ဖြစ် ပါတယ်၊ ထိုသူတို့အတွက် စိတ်လက်ကြည်သာ အေးချမ်းရာသို့ ဖြောင့်စွာ တောက်လျှောက် လား ရောက်ကြောင်း ဖြစ်လာတာလဲ ဒီ ဒါနတရားသာလျှင် ဖြစ်ပါတယ်တဲ့၊ ထိုသို့သော အကြောင်းများ ကြောင့် ဒါနတရား၏အကျိုးများက အလွန်ပင် တန်ခိုး ထွားစေတတ် ပါကလားလို့ မှတ်သားကြရ အောင် ဒီလင်္ကာကလေးများကို ဆိုလိုက်ကြရမယ်–

**ဆောင်ပုဒ်။** ၁။ သုံးဘုံနတ်သား-များပြားဗိုလ်ပါ၊ သဒ္ဓါရှင်မြူး-ကြည်နူးလှူဒါ။
သံသာနယ်ထဲ-ခရီးခဲမှာ၊ မြတ်ဒါန-စိတ်ချကိုးကွယ်ရာ။

၂။ ဘေးရန်တွေ့လျှင်း ဆွေရင်းမျိုးချာ၊ ထောက်တည်ရာလဲ-မလွဲဖြစ်ခါ။
ကိုယ်စိတ်ငြိုးနွမ်း-ပင်ပန်းသူမှာ၊ မွန်မြတ်လှ-ရောက်ရစ်နေရာ။

၃။ ဤသို့ကျိုးများ တိုးပွားဒါနာ၊ ရှင်တော်မြတ်ဘုရား–ဟောကြားမိန့်မှာ။
သံသာနယ်တလွှား ခရီးသွားသူ့ါ၊ ဒါနာထူး–ဆည်းပူးပြုကြရာ။

ယင်းကဲ့သို့ အကျိုး များလှသော လှူဒါန်းမှု ဒါန တရားဆိုတာကို သေချာစွာ စစ်လိုက်ပါလျှင်–

'ဒီယတိဒေတနာတိဒါန်'ဧတေန၊ဤစေ့ဆော်တိုက်တွန်း,ပြည့်နှင်းထက်ပြား,စေတနာတရားဖြင့်။ ဒီယတိ၊ ရက်ရောကြည်ဖြူ, ပေးလှူအပ်၏။ ဣတိတသ္မာ၊ ဤသို့မှန်စွာ, သဒ္ဓါမကောင်း, ပေးလှူကြောင်းဖြစ်သော သတ္တိကြောင့်။ ဒါန်၊ ဒါ,မည်၏တဲ့၊ ပေးလှူကြောင်းဖြစ်တဲ့ စေတနာ (ဝါ) ပေးလှူဖြစ်အောင် စေ့ဆော်တွန်းပေးတတ်တဲ့ စေတနာကို ဒါနလို့ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်။

ဒီလိုဆိုတော့ စေတနာ နာမ်တရားကို ဒါနလို့ ခေါ်ဆိုရကြောင်းကို ကောင်းစွာ မှတ်သားထားကြရမယ်နော်။

ထို့ နောက်တဖန် "ဒီယတေတိဒါနံ" ယံဒေယျဓမ္မံ၊ လှူဒါန်းဘွယ်ရာ အဖြာဖြာ အစုစုအကြင်အလှူဝတ္ထု ကို။ ဒီယတေ၊ သဒ္ဓါကြည်ဖြူ ပေးလှူအပ်၏။ ဣတိတသ္မာ၊ ကေန်ဆတ်ဆတ် ပေးလှူအပ်တိ ယင်းသတ္တိကြောင့်။ တံ၊ ထိုအလှူဝတ္ထုအစုစုသည်။ ဒါနံ၊ ဒါနမည်ပေ၏-တဲ့။

ယခုဆိုခဲ့ဘဲ့ ဝိဂ္ဂဟ်ဝစနတ္ထ အလိုကတော့ ပေးကမ်းလှူဒါန်းအပ်သော လှူဘွယ်ဝတ္ထုအစုစုကို ဒါနလို့ ခေါ်ဆိုရပါတယ်တဲ့။

ဒီနေရာမှာ တရားဟာ့ဉ်မှီ မြတ်ယောဂီတို့ အနေအားဖြင့်လဲ လှူယင်း တန်းယင်း အမှားကင်းအောင် တရားနှလုံး သွင်းနိုင်ပါတယ်၊ ဘယ်လိုလုပ်ပြီးတော့ အမှားကင်းအောင် တရားနှလုံး သွင်းရမလဲဆိုဘော့ ယခုလို ပေးကမ်း စွန့်ကြဲ လှူဒါန်း နေတာဟာ မလှူမီ ရှေးအခါ ကစပြီး လှူလိုတဲ့ စေတနာတွေ တဖွားဖွား ဖြစ်နေပါတယ်၊ လှူဒါန်းနေဆဲ အခါမှာလဲ စေတနာတွေ တဖွားဖွားဖြစ်နေတာပါဘဲ၊ ဒီလိုလှူဒါန်းလိုတဲ့ စေတနာကိုတော့ စေတနာ ဒါနလို့ ခေါ်ပါတယ်၊ စေတနာဒါနဆိုတာနာမ်တရားပါဘဲ လှူဘွယ်ဝတ္ထု အစုစုကိုတော့ ဝတ္ထုဒါနလို့ ခေါ်ပါတယ်၊ ဒီဝတ္ထု ဒါန ဆိုတာက ရုပ်တရားပါဘဲ၊ သို့အတွက် ပုဂ္ဂိုလ်သတ္တဝါ အလျှင်းမပါရုပ်,နာမ်, တရားသာရှိပေတာ- ဟုနှလုံးသွင်း ဆင်ခြင်နိုင်ပါသတဲ့၊ ကဲ-ကဲ အမြဲမှတ်မိ သိရှိကြအောင် လင်္ကာ ကလေးများကို ဆိုလိုက်ကြဦးစို့။

ဆောင်ပုဒ်။ ၁။ လှူဒါန်းလိုတာ၊ စေတနာ၊ မှတ်ပါနာမ်တရား။
၂။ စေတနာဒါန၊ ခေါ်ဆိုကြ၊ မှချသိစေသား။
၃။ လှူဘွယ်ဝတ္ထု၊ အစုစု၊ မှတ်ရှုရုပ်တရား။
၄။ ဝတ္ထုဒါန၊ ခေါ်ဆိုကြ၊ မှချသိစေသား။
၅။ လှူချင်တာနာမ်၊ လှူရုပ်မှန်၊ ရုပ်,နာမ်,ခွဲမှတ်သား။
၆။ ရုပ်နှင့်နာမ်သစ၊ မခွဲခွာ၊ တွဲကာရှိတကား။
၇။ ပုဂ္ဂိုလ်သတ္တဝါ၊ လျှင်းမပါ- ရှင်းစွာသိစေသား။

ယခု ပြေခဲ့တဲ့အတိုင်း ဒါနသရုပ်ကို အကျဉ်းအားဖြင့် ခွဲကာ ထုတ်လိုက်ပါလျှင်—

၁။ စေတနာဒါန, ပေးလှူကြောင်းစေတနာ- နာမ်တရား။

၂။ ဝတ္ထုဒါန, လှူဘွယ်ဝတ္ထုအစုစု- ရုပ်တရား ဟူ၍ နှစ်ပါး ကွဲပြား လာပါတယ်၊ နှစ်ပါး ခွဲခြားပြီး မှတ်သား နိုင်ပါတယ်၊ စေတနာကိုတော့ အထူးခွဲခြားပြီး ပြသဘွယ်ရာ မလိုသဖြင့် ဒီနေရာမှာ ဝတ္ထုဒါန ကိုသာ သုတ္တန် အဘိဓမ္မာ ဝိနည်းဒေသနာ လာသည့်အတိုင်း အကျဉ်းသရုပ်ကို ဖော်ထုတ်ပြီး ပြသရဦးမယ်- (ဒဆာကြီး ဦးစိန်တို့ ဦးချိန်တို့)၊ သေသေ ချာချာ နားစိုက်ပြီး မှတ်သား လိုက်ကြပေတော့။

ဝိနည်း ဒေသနာလာ အလှူဒါနဝတ္ထု (၄) မျိုးရှိပါတယ်၊ ထို လေးမျိုးကတော့—

၁။ စီဝရဒါန- သင်္ကန်းကို ပေးလှူခြင်း၊ (လူမျှားအတွက်) အဝတ်,ပုဆိုး,လုံချည်,ထမိ တို့ကို ပေးကမ်း လှူဒါန်းခြင်းကို ဆိုလိုပါတယ်။

၂။ ပိဏ္ဍပါတဒါန- ဆွမ်း,စားဘွယ် သောက်ဘွယ် အသွယ်သွယ်ကို ပေးလှူခြင်း။

၃။ သေနာသနဒါန- ကျောင်း,အဆောက်အဦ, အိပ်ရာ နေရာ အဖြာဖြာကို ပေးလှူခြင်း။

၄။ ဘေသဇ္ဇဒါန- ဆေးဝါးပစ္စည်း အသီးသီးကို ပေးလှူခြင်း-ဟူ၍ ဝိနည်းဒေသနာလာ- အလှူ ဒါနဝတ္ထု (၄) မျိုးရှိပါတယ်၊ ၎င်းတို့ကို—

၁။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး၊ ပစ္စည်းလေး၊ လှူပေးမနှေးရာ။

၂။ ဒါနဝတ္ထု ဤလေးခု၊ မှတ်ရှု ဝိနည်းလာ-ဟူသော လင်္ကာလေးများအတိုင်း မှတ်သား နိုင်ကြပါတယ်၊ တောရော မြို့ပါ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမများ ပြောဆိုရိုးဖြစ်တဲ့ စတုပစ္စယ ဒါယကာ, ပစ္စည်းလေးပါးဒါယကာ ဒကာမဆိုတာ ဝိနည်းဒေသနာ လာအတိုင်း ရဟန်းတော်များအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်း ကြသူများကို ခေါ်ဆိုရခြင်း ဖြစ်ပါတယ်။

နောက်ပြီးတော့ အဘိဓမ္မာ ဒေသနာလာအလှူ ဒါနဝတ္ထု များကတော့ ခြောက်ပါးရှိပါ တယ်တဲ့။

၁။ ရူပဒါန— အဆင်းရူပါရုံအလှူ။

၂။ သဒ္ဒဒါန— အသံ သဒ္ဒါရုံအလှူ။

၃။ ဂန္ဓဒါန— အနံ့ ဂန္ဓာရုံအလှူ။

၄။ ရသဒါန— အရသာ ရသာရုံအလှူ။

၅။ ဖောဋ္ဌဗ္ဗဒါန— အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံအလှူ။

၆။ ဓမ္မဒါန—တရားဓမ္မာရုံအလှူ- ဟူ၍ ခြောက်ပါးရှိပါတယ်တဲ့။

ထို ခြောက်ပါးတို့တွင်—

၁။ ရူပဒါန- အဆင်း ရူပါရုံကို ပေးလှူ လိုသော သူသည် အညို, အရွှေ, အနီ, အဖြူ, စသည် အဆင်း ရှိကုန်သော ပန်းနှင့် အဝတ် အထည် အစ ရှိသော လှူဘွယ်ဝတ္ထု အစုစုကို ရရှိ၍ အဆင်း၏ အစွမ်းအားဖြင့် နှလုံးသွင်း အာရုံပြုကာ "ရူပဒါနံ၊ အဆင်းဟူသော အလှူကို၊ ဒဿာမိ၊ ပေးလှူအံ့၊ ဣဒံ ဒါနံ၊ ဤအလှူသည်ကား၊ မယှံ၊ ငါ၏၊ ရူပဒါနံ၊ အဆင်းလှူပေတည်း" ဤသို့ ကြံစည်ပြီး

လျှင် အလှူခံပုဂ္ဂိုလ်ဖြစ်သော ဘုရား, ယခုအခါ စေတီတော် ရုပ်ပွား ဆင်းတု ရဟန်း သံဃာ တို့ကို ဆက်ကပ် ပေးလှူခြင်းသည် ရူပဒါန မည်ပါတယ်။

၂။ သဒ္ဒဒါန- အသံ သဒ္ဒါရုံကို ပေးလှူတဲ့ အရာမှာ စရိယာပိဋကအဋ္ဌကထာ၌ ဖွင့်ဆိုပြသ ထားသည်မှာ အလွန်ပင် မှတ်သားဘွယ် ကောင်းလှသဖြင့်ပါဠိ အသင့်အတင့်တော့ ရွတ်ဆိုရဦးမယ်နော်၊ ပါဠိ တယ်အရွတ်များပါလား ဟု မဖြီးတွားကြလေလင့်၊ ခိုင်ခိုင်လုံလုံ ယုံယုံကြည်ကြည် မှတ်ယူကြစေချင်လို့ ပါဠိကို နုတ်ထုတ်၍ ရွတ်ဆိုရခြင်းပါဘဲ (ဒကာကြီး ဦးစိန်ရဲ့)။

ယဒါ "သဒ္ဒဒါနံဒဿာမိ" တိ ဘေရိမုဒိင်္ဂါ ဒီသု အညတရေန တိက္ခတ္တုံ ရတနာနံ ဥပဟာရံ ကရောတိ ကာရေတိစ "သဒ္ဒဒါနံ မေ" တိဘေရိအာဒီနိ ဥပေတိ ဥပါပေတိစ၊ တဒါ သဒ္ဒဒါနံ နာမ ဟောတိ။ (စရိ-ဋ္ဌ-၂၉၉)။

ယဒါ၊ အကြင်အခါ၌။ အဟံ၊ ငါသည်။ သဒ္ဒဒါနံ၊ အသံဟူသောအလှူကို။ ဒဿာမိ၊ သဒ္ဒါရှင်လန်း လှူဒါန်းပေအံ့။ ဣတိ-မနသိကတွာ၊ ဤသို့မယွင်း နှလုံးသွင်း၍။ ဘေရိမုဒိင်္ဂါဒီသု၊ စည်ကြီး မုရိုးစည် အစရှိသည်တို့တွင်။ အညတရေန၊ အမှတ်မထား တပါး ပါးသော။ တူရိယေန၊ တီးမှုတ်ရန် တန်ဆာ တူရိယာဖြင့်။ တိက္ခတ္တုံရတနာနံ၊ ဘုရား,တရား,သံဃာ,အားဖြင့် အမြတ်မိုင်းခြား ရတနာ သုံးပါးတို့အား။ ဥပဟာရံ၊ လေးမြတ် ကော်ရော် ပူဇော်ခြင်းကို။ ကရောတိစ၊ မိမိကိုယ်တိုင်လည်း ပြု၏။ ကာရေတိစ၊ သူတပါးတို့ကိုလည်း ပြုလုပ်စေ၏။ ဣဒံဒါနံ၊ ဤအလှူသည်ကား။ မေ၊ ငါ၏။ သဒ္ဒဒါနံ၊ သဒ္ဒါကြည်ဖြူ အသံတည်းဟူသော အလှူပေတည်း။ ဣတိမနသိကတွာ၊ ဤသို့မယွင်း နှလုံးသွင်း၍။ ဘေရိအာဒီနိ၊ စည်ကြီးအစ များပြားလှစွာ တူရိယာတို့ကို။ ဥပေတိစ၊ မိမိ ကိုယ်တိုင်လည်း ပေးလှူထား၏။ ဥပါပေတိစ၊ သူတပါး တို့ကိုလည်း ပေးလှူထားစေ၏။ တဒါ၊ သဒ္ဒါကြည်ဖြူ ပေးလှူလေရာ ထိုအခါ၌။ သဒ္ဒဒါနံနာမ၊ အသံ ဟူသော အလှူကိုပေးလှူသည်မည်သည်၊ ဟောတိ၊ အမှန်စင်စစ် ဖြစ်ပေ၏-တဲ့။

သို့အတွက် ဆိုလိုချက် အဓိပ္ပာယ်ကတော့ အသံသဒ္ဒါရုံကို ပေးလှူလိုသောသူသည် အကြင်အခါ အသံ သဒ္ဒါရုံကို ပေးလှူပေအံ့-ဟု နှလုံးသွင်း၍ စည်ကြီးမုရိုးစည် အစရှိသောတူရိယာပစ္စည်း အများ အပြား တို့တွင် တပါး ပါးသော တူရိယာဖြင့် ဘုရား, တရား, သံဃာ, အားဖြင့် ရတနာ သုံးပါးတို့အား ပူဇော်ခြင်းအမှုကို ကိုယ်တိုင်လည်းပြုပါတယ်၊သူတပါးတို့ကိုလည်းပြုစေပါတယ်-တဲ့၊ ဤကား ငါ၏ အသံဟူသော အလှူပေတည်း-ဟု နှလုံးသွင်းကာ စည်ကြီး အစရှိသော တူရိယာ ပစ္စည်း တို့ကို ကိုယ်တိုင်လည်း ပေးလှူ ထားပါတယ်- သူတပါး တို့ကိုလည်း ပေးလှူ ထားစေပါတယ်-တဲ့၊ ထိုသို့ သဒ္ဒါကြည်ဖြူ ပေးလှူသောအခါ အသံသဒ္ဒါရုံကို ပေးလှူခြင်းမည်ပါတယ်။

သာယာကြည်နူးသော အသံကို မြည်စေတတ်သော စည်ကြီး, မုရိုးစည်, စသည် အစရှိသော တူရိယာ ပစ္စည်းတို့ကို ပေးလှူခြင်း, ခေါင်းလောင်း, ကြေးစည် အစရှိသည်တို့ကို ပေးလှူခြင်းသည် သဒ္ဒဒါန မည်ပါတယ်၊ သို့အတွက်ကြောင့် အချို့သော ကျောင်းများ၌ တူရိယာတွေကို လှူဒါန်းထားတာကို တွေ့မြင်ကြရခြင်း ထင်ပါရဲ့နော်၊ နောက်ပြီးတော့ သဒ္ဒဒါန လှူရန်များဟာ-

ဓမ္မကထိကာနံ ပန သရဘေသဇ္ဇံ တေလဖါဏိတာဒိ ဒေတိ၊ ဓမ္မဿဝနံ ဃောသေတိ၊ သရဘညံ ဘဏတိ၊ ဓမ္မကထံ ကထေတိ၊ ဥပနိသိန္နကကထံ အနုမောဒန ကထဥ္စ ကရောတိ, ကာရေတိ၀၊ တဒါ သဒ္ဒဒါနံနာမ ဟောတိ။ (စရိ-ဋ္ဌ-၂၉၉)။

ပန၊ ထိုမှတပါး လှူဘွယ်များကား။ ဓမ္မကထိကာနံ၊ တရားစကား, ဟောကြားပေတတ်, အရှင်မြတ်တို့အား။(ဝါ)တရားဟော ပုဂ္ဂိုလ်တို့အား။ သရဘေသဇ္ဇံ၊ အသံထွက်ကြောင်း ဆေးဝါး ကောင်းဖြစ်သော။ တေလဖါဏိတာဒိ၊ ဆီ,တင်လဲ အစရှိသည်ကို။ ဒေတိ၊ သဒ္ဓါကြည်ဖြူ, ပေး လှူလေ၏။ ဓမ္မဿဝနံ၊ တရားနာရန် ကြွေးကြော်သံကို။ ဃောသေတိ၊ လူအများတို့ သိကြား ပါစေ ကြွေးကြော်လေ၏။ သရဘညံ၊ အသံတွတ်တွတ်။ ဘဏတိ၊ ရွတ်ဆိုလေ၏။ ဓမ္မကထံ၊ အပါယ် ဘေးကြီး, တားဆီးပေတတ်, တရားသေနာမြတ်ကို။ ကထေတိ၊ မေတ္တာ, ကရုဏာ, ရှေ့ဝယ်ပြု၍, လွတ် မှုစိတ်ထား, ဟောဖော်ကြား၏။ ဥပနိသိန္နကကထဥ္စ၊ အနီး၌ဖြစ်ပြား, စကားကိုရင်း။ အနုမောဒန ကထဥ္စ၊ ကောင်းချီးနုမော်, သာဓုခေါ်ခြင်းကိုရင်း။ ကရောတိ၀၊ မိမိကိုယ်တိုင်လည်းပြု၏။ ကာရေတိ၀၊ သူတပါးတို့ကိုလည်း ကောင်းစွာ ရှိသေ ပြုလုပ်စေ၏။ တဒါ၊ ထိုအခါ၌။ သဒ္ဒဒါနံ နာမ၊ သာယာကြည်ဖြူ အသံတည်းဟူသော အလှူကို ပေးလှူခြင်းမည်သည်။ ဟောတိ၊ သဘော ပိုင်းခြား သိမှတ်ကာ ထားကြပေတော့—ထင်ရှားမသေ့ ဖြစ်ရလေတော့သတည်း။

ယခု ပြောတဲ့ ပါဠိကတော့—တရားတော်ကို ဟောဖော်ညွှန်ပြ ဓမ္မကထိက် ပုဂ္ဂိုလ်များအား အသံထွက်ဆေး ပေးလှူခြင်းဟာလဲ သဒ္ဒဒါန မည်ပါတယ်တဲ့၊ တရားတော်နာရန် ကြွေးကြော်ခြင်း တရားနာ ဖိတ်ခေါ်ခြင်းလဲ သဒ္ဒဒါနပင် မည်တယ်၊ ပိဋကတ်ဓမ္မက္ခန် အတန်တန်ကို အသံထုတ်လွှတ် ရွတ်ဆိုခြင်း (ဝါ) တရားဓမ္မက္ခန်ရွတ်အံသရဇ္ဈာယ်ခြင်းဟာလဲ သဒ္ဒဒါနမည်တယ်၊ တရားဟော ခြင်း သာဓုအနုမောဒနာ ခေါ်ဆိုခြင်းဟာလဲ သဒ္ဒဒါန မည်ပါတယ်တဲ့၊ သဒ္ဒဒါနအတွက် အလှူ ဒါနဲဘွယ် ပစ္စည်းတွေကို ဒီလင်္ကာကလေးနဲ့ဘဲ အကျဉ်းနည်း မှတ်လိုက်ကြစို့။

ဆောင်ပုဒ်။ ကြေးစည်, ခေါင်းလောင်း-တုံးမောင်း, တူရိယာ။
အသံထွက်ဆေး ဟစ်ကြွေးတရားနာ။
ရွတ်အံဟောမှု သာဓုခေါ်ကာ၊ ပြုလုပ်ကြ—သဒ္ဒဒါနသာ။

၃။ ထိုနည်းတူစွာ ဂန္ဓ ဒါန-အနံ့ဂန္ဓာရုံကို ပေးလှူလိုသူဟာလဲ ကာလာနုသာရီ အစရှိ သော အမြစ်နံ့သာ, စန္ဒကူး အစရှိသော အနှစ်နံ့သာ, အစရှိသဖြင့် နံ့သာမျိုး များစွာအပြား ပြားတို့တွင် နှစ်သက်မွှန်မြတ်သော နံ့သာတမျိုးမျိုးကို ရရှိ၍ နံ့သာအဖြစ်ဖြင့် နှလုံးသွင်းကာ "အဟံ-ငါသည်။ ဂန္ဓဒါနံ၊ နံ့သာအလှူကို။ဒဿာမိ၊ပေးလှူပေအံ့။ဣဒံဂန္ဓဒါနံ၊ ဤအလှူသည်ကား မယ့်၊ ငါ၏။ ဂန္ဓဒါနံ၊ ကောင်းမြတ် မွှေးကြူ နံ့သာအလှူပေတည်း" ဤသို့ ဆင်ခြင်ကြံဆ ကာ ဘုရား—တရား, သံဃာ, ရတနာသုံးဖြာတို့အား လေးမြတ် စော်ရော် ပူဇော်ခြင်းအမှုကို မိမိကိုယ်တိုင်လည်း ပြုသည်၊ သူတပါးတို့ကိုလည်း ပြုလုပ်စေသည်၊ အကျော်စန္ဒကူး အစရှိကုန်သော နံ့သာမျိုးစု ဝတ္ထုတို့ကို စွန့်ကြဲပေးကမ်းခြင်းသည် ဂန္ဓဒါန- အနံ့ဂန္ဓာရုံကို ပေးခြင်း မည်ပါတယ်။

၄။ ရသဒါန-ဆိုတဲ့ ရသာရုံကို ပေးလှူလိုသော ပုဂ္ဂိုလ်သည်လည်း "ချို, ချဉ်, ခါး, ဖန်၊ စပ်, အငန်၊ ခြောက်တန်အရသာ" ဟူသော လင်္ကာအတိုင်း ချိုသောအရသာ, ချဉ်သော အရသာမျိုး (၆) ပါးတို့ထွင် တပါးပါးကို (တနည်းအားဖြင့်) မူလရသ- အမြစ်ရသာ, ဖလရသ-

အသီးရသော အစပြောသဖြင့် များစွာသော အရသာတို့တွင် မိမိမြတ်နိုးနှစ်သက်ရာ ရသဝတ္ထုတခုခုကို ရရှိ၍ ရသမျိုး အမြစ်ဖြင့် နှလုံးသွင်းကာ။ ''အဟ်–ငါသည်။ ရသဒါန်၊ အရသာမျိုး အလှူကို၊ ဒဿာမိ၊ ပေးလှူပေအံ့။ ဣဒံဒါန်၊ ဤအလှူသည်တား။ မယှံ၊ ငါ၏။ ရသဒါန်၊ ရသာမည်မှန်း, လှူဒါန်းခြင်းပေတည်း'' ဟု ကြံစည်ဆင်ခြင်ပြီးလျှင် အလှူခံ ပုဂ္ဂိုလ်မြတ်တို့အား ဆက်ကပ်လှူဒါန်းခြင်းသည် ရသဝတ္ထုစုဖြစ်သော စပါး, နို့စားရန် နွား, ကျွဲ, အစရှိသည်ကို ပေးစွန့်လှူဒါန်းခြင်းသည်။ ရသဒါန်၊ အရသာကို ပေးလှူးခြင်းမည်ပါတယ်တဲ့။

၅။ ထိုနည်းတူစွာ ဖောဋ္ဌဗ္ဗဒါန ပေးလှူလိုလှသော သူအတွက်မှာမူ–
ဖောဋ္ဌဗ္ဗဒါနံ မဉ္စပီဌာဒိဝသေန အတ္ထရဏ ပါဝုရဏာဒိဝသေနစ ဝေဒိတဗ္ဗံ။ (စရိ–ဋ္ဌ–၂၉၉)။
ဟူ၍ အဋ္ဌကထာ၌ ညွှန်ပြထားပါတယ်။

ဖောဋ္ဌဗ္ဗဒါနံ၊ အတွေ့ဖောဋ္ဌဗ္ဗ အလှူဒါနကို။ မဉ္စပီဌာဒိဝသေနစ၊ ညောင်စောင်း အင်းပျဉ် အစရှိသည်တို့၏ အစွမ်းအားဖြင့်၎င်း။ အတ္ထရဏပါဝုရဏာဒိ ဝသေနစ၊ အခင်းအရုံ အစရှိသည်၏ အစွမ်းအားဖြင့်၎င်း။ ဝေဒိတဗ္ဗံ၊ ဝေဘန်ပိုင်းဖြတ် သိမှတ်အပ်၏-တဲ့။

ဖေါဋ္ဌဗ္ဗဒါန- အတွေ့အထိ ဖေါဋ္ဌဗ္ဗာရုံကို ပေးလှူလိုသောသူသည် ညောင်စောင်း, အင်းပျဉ်, ခေါင်းအုံး အိပ်ရာခင်း အစရှိသည်ကို၎င်း, အဝတ်အရုံ အစရှိသော အဝတ်အထည်ကို၎င်း ကောင်းမြတ်ချမ်းသာ အတွေ့အထိရှိသော နှစ်သက်မြတ်နိုးဘွယ်ရှိ၍ အတွေ့ ဖောဋ္ဌဗ္ဗာရုံ-ဟု နှလုံးပြုကာ ''အဟံ၊ ငါသည်။ ဖောဋ္ဌဗ္ဗဒါနံ၊ အတွေ့ဖောဋ္ဌဗ္ဗ အလှူဒါနကို။ ဒဿာမိ၊ ပေးလှူပေအံ့။ ဣဒံ၊ ဤအလှူဒါနသည်။ မယှံ၊ ငါ၏။ ဖောဋ္ဌဗ္ဗဒါနံ၊ ကောင်းမြတ်တွေ့ကြုံ ဖောဋ္ဌဗ္ဗာရုံကို ပေးလှူရခြင်း ပေတည်း'' ဟု ဆင်ခြင် စဉ်းစားပြီးလျှင် အလှူခံပုဂ္ဂိုလ် အရှင်မြတ်တို့အား ဆည်းဆပ်ကြည်ဖြူ ပေးလှူခြင်းသည် ဖေါဋ္ဌဗ္ဗဒါန–အတွေ့ ဖေါဋ္ဌဗ္ဗာရုံကို လှူဒါန်းရခြင်း မည်ပါတယ်-လို့ မှတ်ထားကြရမယ်တဲ့။

၆။ ဓမ္မဒါန-ခေါ်တဲ့ ဓမ္မာရုံကို ပေးလှူတဲ့ အရာမှာတော့–ဒီနေရာမှာ ဓမ္မာရုံဟာ (၃) မျိုးရှိပါတယ်။

ဓမ္မဒါနံ ပန ဓမ္မာရမ္မဏာဿ အဓိပ္ပေတတ္တာ ဩဇပါနဇီဝိတဝသေန ဝေဒိတဗ္ဗံ။
(စရိ-ဋ္ဌ-၃၀၀)။

ပန၊ ပေးကမ်းလှူမှု နောက်တခုကို ထုတ်ပြဆိုအံ့။ ဓမ္မဒါနံ၊ တရားဓမ္မ တည်းဟူသော အလှူမည်သည်ကို။ ဓမ္မာရမ္မဏာဿ၊ ဓမ္မာရုံကို။ အဓိပ္ပေတတ္တာ၊ ကေန်သတ်မှတ် အလိုရှိအပ်လေသောကြောင့်။ ဩဇပါနဇီဝိတ ဝသေန၊ စွမ်းရည်ဩဇာ အဖျော်ယမကာ အသက်ဇီဝိတတို့၏ အစွမ်းအစးဖြင့်။ ဝေဒိတဗ္ဗံ၊ ပိုင်းခြား သတ်မှတ် သိအပ်လှပေ၏။
ဟူ၍ ဆိုတဲ့အတိုင်း ဓမ္မဒါနသည်–

၁။ ဩဇဒါန–စွမ်းရည်ခွန်အားကို ပေးလှူခြင်း။
၂။ ပါနဒါန-အဖျော်ယမကာများကို ပေးလှူခြင်း။
၃။ ဇီဝိတဒါန-အသက်ဇီဝိတခြွေကို ပေးလှူခြင်း။

ဟူ၍ သုံးမျိုးသုံးစား ရှိပါတယ်တဲ့ (ဒကာကြီး ဦးစိန်ရှဲ)။

ဩဇဒါနဆိုတာ ဘယ်လို အမျိုးအစားလဲဆိုတော့–

ဩဇာဒီသု ဟိ အညတရံ ရဇနီယံ ဝတ္ထုံ လဘိတွာ ဓမ္မာရမ္မဏဝသေန အာဘုဇိတွာ 'ဓမ္မဒါနံ ဒဿာမိ၊ ဓမ္မဒါနံမယှ' န္တိ ဆပ္ပိနဝနီတာဒိ ဩဇဒါနံ ဒေတိ။

(စ-၄-၃၀၀)။

ဟိသစ္စံ၊ ထင်ရှားကေန်, အမှန်မူကား။ ဩဇာဒီသု၊ ဩဇဒါန အစရှိပြား သုံးပါးတို့တွင်။ အညတရံ၊ အမှတ်မထား တပါးပါးသော။ ရဇနီယံ၊ သာယာစုံမက် တပ်နှစ်သက်အပ်သော။ ဝတ္ထုံ၊ သုံးဆောင်ဘွယ်ဝတ္ထုကို။ လဘိတွာ၊ ရရှိ၍။ ဓမ္မာရမ္မဏဝသေန၊ တရားသဘော လွှမ်းခြုံ ဓမ္မာရုံ၏ အစွမ်းအားဖြင့်။ အာဘုဇိတွာ၊ မပျက်မယွင်း, နှလုံးသွင်း၍။ "အဟံ–ငါသည်။ ဓမ္မဒါနံ၊ တရားတည်းဟူ မြတ်သောအလှူကို။ ဒဿာမိ၊ သဒ္ဓါကြည်ဖြူ ပေးလှူပေအံ့။ ဣဒံဒါနံ၊ ဤအလှူသည်ကား။ မယှံ၊ ငါ၏။ ဓမ္မဒါနံ၊ တရားဘည်းဟူ မြတ်သောအလှူပေတည်း"။ ဣတိ၊ ဤသို့။ စိန္တေတွာ။ မပျက်ကေန်, ဆင်ခြင်ကြံဆ၍။ သပ္ပိနဝနီတာဒိ ဩဇဒါနံ၊ အင်အားဖြစ်ကြောင်း အလွန်ကောင်းမြတ်သည့် ထောပတ်, ဆီဦး အစရှိသော စွမ်းရည် ခွန်အားဟူသော အလှူကို။ ဒေတိ၊ သဒ္ဓါကြည်ဖြူ ပေးလှူသည် မည်၏။

ဩဇဒါနဆိုတာ တခုခုသော နှစ်သက်မြတ်နိုးဘွယ် ဝတ္ထုကို ရရှိ၍ ဓမ္မာရုံ၏ အစွမ်းအားဖြင့် နှလုံးသွင်းကာ ငါသည် တရားဓမ္မဟူသော အလှူကို ပေးအံ့၊ ဤအား ငါ၏ တရားတည်းဟူသော အလှူပေတည်း-ဟု ကြံဆပြီးလျှင် အားအင်ဖြစ်ကြောင်း ကောင်းမြတ်လှသော ထောပတ် ဆီဦး အစရှိသော ပေးလှူခြင်းကို ဩဇဒါန-လို့ ခေါ်ဆိုရခြင်း ဖြစ်ပေတယ်တဲ့။ ဒီလို စွမ်းရည် ခွန်အား ဩဇာကို လှူဒါန်းရခြင်းဟာလဲ ဓမ္မဒါန တမျိုးပါပဲ။

နောက် ပါနဒါနဆိုတာကတော့–

အဋ္ဌပါနာဒိ အဋ္ဌဝိဓပါန ဒါနံဒေတိ။ စရိ-၄-၃၀၀)။

အဋ္ဌပါနာ ဒိအဋ္ဌဝိဓပါန ဒါနံ၊ သရက်သီး ဖျော်ရည်စသော ရှစ်ပါး အပြားရှိသော အဖျော် ယမကာအလှူကို။ ဒေတိ၊ သဒ္ဓါကြည်ဖြူ ပေးလှူလေ၏။

အဖျော် ယမကာရည် (၈) မျိုး

ဆောင်ပုဒ်။ ၁။ သပြေ, သရက်၊ နွယ်သပြက်၊ ဖက်သက် သစ်မည်စည်။

၂။ တော, အိမ်ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လော- ရှစ်ဖျော်ရည်။

ဟူသော အဖျော်ယမကာ (၈) မျိုး လက်ာလာအတိုင်း သပြေသီးဖျော်ရည်, သရက်သီးဖျော်, သပြက်သီးဖျော်ရည်,ဖက်သက်သီးဖျော်ရည်,သင်မည်စည်သီးဖျော်ရည်, တောငှက်ပျောသီးဖျော်ရည်, အိမ်ငှက်ပျောသီးဖျော်ရည်, ကြာစွယ်ဖျော်ရည်- အားဖြင့် (၈) ပါးသော အဖျော်ယမကာကို ပေးလှူခြင်းသည် ပါနဒါန မည်ပါသည်၊ ယင်း ပါနဒါနကိုပင်လျှင် ဓမ္မဒါနလို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်၊ ထိုမှတပါး–

၃။ ရှောက်, မန်ကျည်းစ၊ နုလောမ- မှတ်ကြအဖျော်ရည်။

ဟု ဆိုသော လင်္ကာလာအတိုင်း ယခင် အဖျော် (၈) ပါးနှင့် အလျော်ဖြစ်သော အနုလောမ ဖျော်ရည် ဆိုတာမျိုးလဲ ရှိပါသေးတယ်၊ အနုလောမ ဖျော်ရည်များကတော့ ရှောက်သီးဖျော်ရည်

မန်ကျည်းသီး ဖျော်ရည် ဥသျှစ်သီး ဖျော်ရည် ယခုကာလ အသုံးအစွဲ များနေကြတဲ့ ဘိလပ်ရည် အစရှိသည် များဟာလဲ အနုလောမ ဖျော်ရည်များပင် ဖြစ်ပါတယ်၊ ဒီအနုလောမ ဖျော်ရည်များကို ပေးလှူခြင်းဟာကိုလဲ ပါနဒါနလို့ ခေါ်ဆိုနိုင်ပါတယ်၊ ဓမ္မဒါန မှတ်ကြရပါမည့်တဲ့၊ ဒကာကြီး ဦးစိန်တို့ ဦးချိန်တို့လဲ ဓမ္မဒါနအလှူကို လှူလိုကြလျှင် ယနေ့ကာစပြီးတော့ ညနေပိုင်း အခါသမယ၌ ရဟန်းသံဃာများ တွေ့ဆုံကြလျှင် ဘိလပ်ရည် အဖျော်ယမကာ စသည်တို့ကို သဒ္ဓါ ရက်ရက် စာပ်ဆက် လှူဒါန်းကြပေတော့။

တတိယမြောက်ဖြစ်တဲ့ ဇီဝိတဒါန ဆိုတာလဲ အဋ္ဌကထာ ပါဠိကတော့ အတန် အသင့်များပါတယ်၊ ဒါပေမဲ့ အထူး မှတ်သားသင့်တဲ့အတွက် လေးလေးနက်နက် မှတ်ကြစေရန် ပါဠိကို ရွတ်ဆိုပြီး ဟောရဦးမှာဘဲ–

ဇီဝိတဒါနန္တိ အာဘုဇိတ္ဝာ သလာကဘတ္တပက္ခိကဘတ္တာဒီနိ ဒေဟိ အဖာသုက-ဘာဝေန အဘိဘူတာနံ ဗျာဓိတာနံ ဝေဇ္ဇေ ပစ္စုပဋ္ဌာပေတိ ဇာလံ ဖာလေတိ၊ ကုမိနံ ဝိဒ္ဓံသာပေတိ၊ သကုဏပဉ္ဇရံ ဝိဒ္ဓံသာပေတိ၊ ဗန္ဓနေန ဗဒ္ဓါနံ သတ္တာနံ ဗန္ဓနမောက္ခံ ကာရေတိ၊ မာဃာတဘေရိံ စရာပေတိ အညာနိစ သတ္တာနံ ဇီဝိတပရိတ္တာဏတ္ထံ ဧဝရူပါနိ ကမ္မာနိ တရောတိ ကာရာပေတိစ၊ ဣဒံဓမ္မဒါနံနာမ။

(စရိ-ဋ္ဌ-၃၀၀)။

ဇီဝိတဒါနန္တိ၊ အသက်ဇီဝိတ အလှူပေးလှူခြင်းသည်ကား။ အာဘုဇိတ္ဝာ၊ မပျက်မယွင်း နှလုံးသွင်း၍။ သလာကဘတ္တာဒီနိ၊ လဆန်း လဆုတ်ပက္ခ၌ လှူသောဆွမ်း စာရေးတန်မဲချ၍ လှူသော ဆွမ်း စာရေး တန်ဆွမ်း အစရှိသည်တို့ကို။ ဒေဟိ၊ ပေးလှူ၏။ အဖာသုကဘာဝေန၊မချမ်းသာသည်အဖြစ်ဖြင့်။ အဘိဘူတာနံ၊ လွှမ်းမိုး နှိပ်စက်အပ်ကုန်သော။ ဗျာဓိတာနံ၊ မကျန်း မမာသူနာတို့အား။ ဝေဇ္ဇေ၊ ရောဂါပျောက်ရေး ဆေးဆရာတို့ကို။ ပစ္စုပဋ္ဌာပေတိ၊ ကုသတို့ရည် ရှေးရှု တည်စေ၏။ ဇာလံ၊ ပိုက်ကွန်ကို။ ဖာလာပေတိ၊ ဆုတ်ဖြတ် ဖောက်ခွဲစေ၏။ ကုမိနံ၊ မြုံးကို။ ဝိဒ္ဓံ သာပေတိ၊ ဖျက်ဆီးစေ၏၊ သကုဏပဉ္ဇရံ၊ ငှက်လှောင်ချိုင့်ကို။ ဝိဒ္ဓံသာပေတိ၊ ဖျက်ဆီးစေ၏။ ဗန္ဓနေန၊ အစောင်အဖွဲ့ဖြင့်။ ဗဒ္ဓါနံ၊ မလွတ်မလပ် နှောင်ဖွဲ့အပ်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ ဗန္ဓနမောက္ခံ၊ အနှောင်အဖွဲ့ဝဋ်မှ ကင်းလွတ်ခြင်းကို။ ကာရေတိ၊ ပြုစေ၏။ မာဃာတဘေရိံ၊ အများသတ္တဝါ ချမ်းသာစေတတ် မသတ်ဘို့ရည် ဘေးမဲ့စည်ကို။စရာပေတိ၊ ရပ်ထက်ဝန်းကျင် အစဉ်မပြတ် လှည့်ပတ်စေ၏။ စ၊ ဆက်၍တထွေ ပြဆိုပေအံ့။ အညာနိ၊ ပြဆိုပြီးသည်မှတပါးကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတပရိတ္တာဏတ္ထံ၊ ဇီဝိ ရုပ်နာမ် အရှည်ခံသို့ အမှန်ချင့်ထောက် ထက်ဝန်းကျင်မှစောင့်ရှောက်ခြင်း အကျိုးငှာ။ ဧဝရူပါနိ၊ ဤသို့သဘောရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ တရောတိစ၊ မိမိကိုယ်တိုင်းလည်းပြု၏။ ကာရာပေတိစ၊ သူတပါးကိုလည်း ပြုလုပ်စေ၏။ ဣဒံ၊ ဤသည်ကား။ ဓမ္မဒါနံနာမ၊ တရားတည်းဟူ မြတ်အလှူကို ပေးလှူခြင်း မည်သည် သာလျှင်ကတည်း။

ဇီဝိတဒါန ပေးလှူမည်-ဟု ရည်ရွယ်ကာ စာရေးတန်မဲချလှူသော ဆွမ်းကို ကပ်လှူခြင်း, လဆန်းပက္ခ, လဆုတ်ပက္ခတို့၌လှူသောဆွမ်းကို လှူခြင်း, ဥပုသ်ဆွမ်းလှူခြင်း,ဥပုသ်အထွက် တရက်

နေ့၌ ဆွမ်းလှူခြင်း–အစရှိသည်တို့သည်လည်း ဇီဝိတဒါန-မည်ပါတယ်၊ သတ္တဝါအများသေကြေ ပျက်ပြားအောင် ထောင်ထားသည့် ပိုက်ကွန်ကို ဖောက်ခွဲဖျက်ဆီးစေခြင်းဟာလဲ ဇီဝိတဒါနပင် ဖြစ်သည်၊ ငါးထောင်သောမြုံးကို ဖျက်ဆီးစေခြင်း, ငှက်လှောင်ချိုင့်ကို ဖျက်ဆီးစေခြင်း,အကျဉ်းချ-နှောင်ဖွဲ့ထားအပ်ကုန်သော သတ္တဝါတို့ကို အကျဉ်းထောင်အနှောင်အဖွဲ့မှ လွတ်မြောက်စေခြင်း, သတ္တဝါများအား မသတ်ဖြတ်-မညှဉ်းဆဲရန် ဘေးမဲ့စည် လှည့်လည်စေခြင်း၊ ထိုမှတပါး သတ္တဝါတို့အား ရုပ်နာမ်နှစ်ချက် ဇီဝိန်တို့ ဆက်လက်တာရှည် တည်စေဘို့ရန် ထက်ဝန်းကျင်မှ အစောင့်အရှောက်ထားခြင်းအကျိုးငှာ ဤသို့သဘောရှိကုန်သောစောင့်ရှောက်ခြင်းအမှုတို့ကိုမိမိလည်းပြုခြင်း, သူတပါးတို့ကို ပြုစေခြင်းတို့သည် ဇီဝိတဒါန-မည်ပါတယ်တဲ့၊ ယင်း ဇီဝိတဒါနကိုပင် ဓမ္မဒါန-လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်တဲ့ (ဒကာကြီး ဦးစိန်ရဲ)။

ယခုကာလမှာ သက်သတ်လွတ်စားခြင်း, သားငါးရှောင်ကြဉ်ခြင်းပြုသူများအဖို့ ကုသိုလ်ဖြစ် မဖြစ်–ဟူသော အထောက်အထား သာဓကအတွက်–

အညာနိစ သတ္တာနံ ဇီဝိတပရိတ္တာဏတ္ထံ ဝေရုပါနိ ကမ္မာနိ ကရောတိ, ကာရေပေတိစ၊ ဣဒံ ဓမ္မဒါနံ နာမ။　　(စရိ–ဋ္ဌ–၃၀၀)။

အညာနိပိ ဇီဝိတပရိတ္တာဏတ္ထံ ဝေရူပါနိ ကမ္မာနိ ကရောတိ၊ တဒါ ဒါနမယံ ဟောတိ။　　(အဘိ–ဋ္ဌ–၁–၁၂၂)။

ဤပါဠိတို့ကို ထောက်ဆ၍ အညာနိ–အရ၌ ပါဝင်ကြောင်း ဓမ္မဒါနကုသိုလ်၊ (ဝါ) ဇီဝိတဒါနကုသိုလ်၊(တနည်း) ဒါနမယကုသိုလ်ဖြစ်ကြောင်းကို ကောင်းကောင်းကြီး မှတ်သားကြရမည်တဲ့ (ဒကာကြီး ဦးစိန်ရဲ)။

ယခု ပြဆိုခဲ့တဲ့ အဘိဓမ္မာလာ ဒါနဝတ္ထု(၆)ပါးကိုပင်လျှင် တပါးတပါး၌ ဒါနမယ, သီလမယ, ဘာဝနာမယ–ဟူ၍ (၃)မျိုးစီ ပွားလိုက်ပါလျှင် (၁၈)ပါး ဖြစ်လာပါသေးတယ်၊ ဥပမာအားဖြင့် ရူပဒါနတပါးမှ ထို(၃)ပါးဖြစ်ပုံကို ထုတ်ပြပါဦးမယ်၊ အကြွင်း(၅)ပါးကိုလည်း ထိုနည်းအဲတူ နည်းယူသိနိုင်အောင် ဂရုစိုက်ကာ မှတ်လိုက်ကြပေတော့။

ဝဏ္ဏဒါနံ မယှန္တိ ဗုဒ္ဓရတနာဒီနိ ပူဇေတိ၊ တဒါ ဒါနမယံ ဟောတိ။
(အဘိ–ဋ္ဌ–၁–၁၁၈)။

မယှံ၊ ငါ၏။ ဝဏ္ဏဒါနံ၊ အဆင်းတည်းဟူသော အလှူသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့။ မနသိကတွာ၊ မှန်စွာမယွင်း, နှလုံးသွင်း၍။ ဗုဒ္ဓရတနာဒီနိ၊ ဘုရားရတနာ အစရှိသည်တို့ကို။ ပူဇေတိ၊ ပူဇော်၏။ တဒါ၊ ထိုအခါ၌။ ဒါနမယံ၊ ဒါနမယ ကုသိုလ်သည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်ပေ၏။

ဖြူ,နီ,ညို,ပြာ တင့်တယ်စွာသော အဆင်းရှိကုန်သော ပန်း–အစရှိကုန်သော လှူဘွယ်ဝတ္ထု တခုခုကိုရလျှင် အဆင်းအလှူ-ဟု နှလုံးမူ၍ ''ငါ၏ အဆင်း ဟူသော အလှူသည် ဖြစ်လတံ့'' ဟု ကြံစည် စဉ်းစားကာ ဘုရားရတနာ-အစရှိသော ရတနာသုံးပါးတို့ကို လေးမြတ်ကော်ရော် ပူဇော်ခြင်းသည် ဒါနမယကုသိုလ် မည်ပါတယ်တဲ့။

ဆောင်ပုဒ်။ ၁။ ဘုရားစသည်၊ ဆဆင်းလှူမည်၊ ယုံကြည် မှန်းဆထာ။
၂။ လေးမြတ်ကော်ရော်၊ လှူပူဇော်၊ မည်ခေါ် ဒါနမယသာ။

ယဒါ ပန တထာရူပမေဝ ဒေယျဓမ္မံ လဘိတွာ "မယှံ ကုလဝံသော ကုလတန္တိ ကုလပ္ပဝေဏီ သော၊ ကုလဝတ္တံ တော"န္တိ ဗုဒ္ဓရတနာဒီနိ ပူဇေတိ၊ တဒါ သီလမယံ ဟောတိ။ (အဘိ-ဋ္ဌ-၁-၁၁၄)။

ယဒါပန၊ အကြင်အခါ၌ကား။ တထာရူပမေဝ၊ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော။ ဒေယျဓမ္မံ၊ လှူဒါန်းဘွယ်ဝတ္ထုကို။ လဘိတွာ၊ ရရှိ၍။ "သော၊ ဤ လှူဒါန်းခြင်းသည်ကား ။ မယှံ၊ ငါ၏။ ကုလဝံသော၊ အမျိုးတို့၏အနွယ်ပေတည်း။ သော၊ ထား။ မယှံ၊ ၏။ ကုလတန္တိ၊ အမျိုးတို့၏ အစဉ်အလာ ပေတည်း။ ကုလပ္ပဝေဏီ၊ အမျိုးတို့၏ အစဉ်အဆက်တည်း။ တော၊ ဤလှူဒါန်းခြင်း ဒါနဝတ်သည်။ မယှံ၊ ငါ၏။ ကုလဝတ္တံ၊ အမျိုးတို့၏ကျင့်ဝတ်ပေတည်း။" ဣတိ၊ ဤသို့။ မနသိကတွာ၊ နှလုံးသွင်း၍။ ဗုဒ္ဓရတနာဒီနိ၊ ဘုရားရတနာ အစရှိသည်တို့ကို။ ပူဇေတိ၊ ပူဇော်၏။ တဒါ၊ ထိုအခါ၌။ သီလမယံ၊ စာရိတ္တ သီလမယကုသိုလ်သည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်ပေ၏။

လှူဒါန်းဘွယ်ရာ ဝတ္ထုတခုခုကို ရရှိခဲ့လျှင် ဤသို့ သဒ္ဓါကြည်ဖြူ ပေးကမ်းလှူဒါန်းခြင်း ဆိုသည်မှာ ငါတို့ ရတနာသုံးပါး လေးစားသက်ဝင် သူတော်စင်ဖြစ်ကြကုန်သော ဗုဒ္ဓဘာသာစဝင် တို့၏ မျိုးရိုးစဉ်လာ ဓမ္မတာ ဖြစ်ပေသည်, ကျင့်ဝတ်အမြတ်ဖြစ်ပေသည်-ဟု ယုံကြည်စွာနှလုံးထား၍ ရတနာသုံးပါးတို့ကို လှူဒါန်းပူဇော်မှုပြုခြင်းကို စာရိတ္တဖြစ်သော သီလမယကုသိုလ်-လို့ ခေါ်ဆိုရ ပါတယ်။

ဆောင်ပုဒ်။ ၁။ မျိုးရိုးစဉ်လာ၊ ယုံကြည်ကာ၊ စိတ်မှာ မှန်းဆသည်။
၂။ ရတနာသုံးဝ၊ ကပ်လှူက၊ သီလမယမည်။

ယဒါ ပန တာဒိသေနေဝ ဝတ္ထုနာ ရတနတ္တယဿ ပူဇံ ကတွာ "အယံ ဝဏ္ဏော ခယံ ဂစ္ဆိဿတိ၊ ဝယံ ဂစ္ဆိဿတီ"တိ ခယဝယံ ပဋ္ဌပေတိ၊ တဒါ ဘာဝနာ မယံ ဟောတိ။ (အဘိ-ဋ္ဌ-၁-၁၄၉)။

ပန၊ အဘိုတပါးကို ပြဆိုပေအံ့။ ယဒါ၊ အကြင်အခါ၌၊ တာဒိသေနေဝ ဝတ္ထုနာ၊ ထိုသို့ သဘောရှိသော မှန်း-အစရှိသော ဝတ္ထုဖြင့်သာလျှင်။ ရတနတ္တယဿ၊ ဘုရား,တရား,သံဃာအားဖြင့် သုံးပါးသော ရတနာအပေါင်းအား။ ပူဇံ၊ ဂုဏ်တော်ရည်မှန်း, လှူဒါန်းပူဇော်ခြင်းကို။ ကတွာ၊ ပြု၍။ "အယံဝဏ္ဏော၊ တင့်ထယ်ရှင်လန်း ဤပန်း၏အဆင်းသည်။ နစိရေနေဝ၊မကြာမြင့်မီသာလျှင်။ ခယံ၊ ကုန်ဆုံးခြင်းသို့။ ဂစ္ဆိဿတိ၊ ရောက်ရပေလတ္တံ့။ ဝယံ၊ အကျိုးမပြီး, အချည်းနှီး ပျက်စီး ခြင်းသို့။ ဂစ္ဆိဿတိ၊ မှန်စွာ တောက်လျှောက်, ရောက်ရပေလတ္တံ့"။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ ခယဝယံ၊ အတည်မမြဲ, ပြောင်းလဲရွေ့လျော, ကုန်ဆုံးခြင်း,ပျက်စီးခြင်းသဘောကို။ ပဋ္ဌပေတိ၊ ဖြစ်စေ၏။ (ဝါ)ဉာဏ်ဝဠ်ပြင် အသိဝင်၍, ထင်လင်းမသွေ, ဖြစ်ပေါ်စေ၏။ တဒါ၊ ထို အခါ၌။ ဘာဝနာမယံ၊ ဘာဝနာမယ ကုသိုလ်သည်။ ဟောတိ၊ အမှန်စင်စစ်, ဖြစ်ပေ၏။

ရှုကြည့်စဘွယ်, တင့်တယ်လန်းဆန်း, ပန်း-အစရှိသော လှူဘွယ်ရာဝတ္ထုတခုခုကိုရရှိလေလျှင် ထိုဝတ္ထုဖြင့် ရတနာသုံးပါးအား ပူဇော်ခြင်းအမှုကို ပြု၍ "လှပတင့်ဆန်း, ဤပန်း၏အဆင်းသည်

ကြောမြင့်မိပင် ကုန်ဆုံးခြင်းသဘောသို့ ရောက်ပေတော့မည်သာတည်း၊ ပျက်စီးခြင်းသဘောသို့ ရောက်ရှိတော့မည်သာတည်း''ဟု ကုန်ဆုံးခြင်း, ပျက်စီးခြင်း သဘောကို ဉာဏ်ဝ၌ ထင်ရှားစွာ ဖြစ်ပေါ်လာပါမူ ဘာဝနာမယကုသိုလ်ဖြစ်တယ်-လို့ ခေါ်ဆိုပါတယ်တဲ့၊ လှူရှင်းတန်းရင်းမှာလဲ သမ္မာဉ် ဉာဏ်ယှဉ်ထားပြီး ဘာဝနာပွားများနိုင်ကြအောင် သေချာစွာ မှတ်သားဘို့ လိုပါတယ်-နော်၊ ဒါ ကြောင့်မို့ ဒကာကြီး ဦးစိန်, ဒကာကြီး ဦးချိန် အစရှိတဲ့ ဦးပဥ္စင်းတို့ တရားနာပရိသတ် ယောဂီမြတ် တို့အား အထူးမှတ်ကြဘို့ ထပ်ကာ ထပ်ကာ သတိပေးလိုက်ပါတယ်။

ဆောင်ပုဒ်။ ၁။ ဤသည့်အဆင်၊ မှန်မယွင်း၊ ကုန်ခြင်း ရောက်ရချေမည်တကား။
၂။ ဤသည့်အဆင်း၊ မှန်မယွင်း၊ ပျက်ခြင်း ရောက်ရချေမည်တကား။
၃။ ကုန်,ပျက် သဘော၊ ဉာဏ်သက်နှော၍၊ ဖြစ်ပေါ်လာ၊ ဘာဝနာမယ မည်ကတား။

သဒ္ဓါဒါန စသော အကြောင်းငါးပါးကိုလဲ ယခုပြခဲ့တဲ့ ရူပဒါန-နည်း မှီပြီး ဒါနမယ, သီလမယ, ဘာဝနာမယ-ဖြစ်ပုံများကို သိနားလည်ကြရမည်တဲ့-(ဒကာကြီး ဦးစိန်)။

ယခု ရှင်းလင်းပြောကြားခဲ့တဲ့ ဒါန(၁ဝ)ပါးကိုပင် တပါး တပါးကို ကိုယ်ဖြင့်ပြုလုပ်ခြင်း-ကာယကမ္မ၊ နှုတ်ဖြင့် စေခိုင်းခြင်း-ဝစီကမ္မ၊ စိတ်ဖြင့် ဆင်ခြင်ခြင်း-မနောကမ္မ- (၃) ပါးတို့ဖြင့် အသီးအသီး ပွားများလိုက်ပါလျှင် ဒါနမှု(၃၀)ခု ဖြစ်လာပါတယ်၊ ကံ(၃)ပါးဖြင့် ဖြစ်ပွားပုံကို မှတ်သားနိုင်ရန် ထုတ်ဖော်ကာ ပြပါဦးမည်။

ဒါနမယံ ပန ဟုတွာ ဝတ္ထမာနမ္ပိ ယဒါ တီဏိရတနာနိ သဟတ္ထေန ပူဇေန္တဿ ပဝတ္တတိ၊ တဒါ ကာယကမ္မံ ဟောတိ။ (အဘိ-ဌ-၁-၁၁၉)။

ပန၊ တနည်းတသွယ်, အဓိပ္ပာယ်ကို, သိဘွယ်ရှင်းကာ, ပြဆိုပေအံ့။ ဒါနမယံ၊ ဒါနမမည်သည်။ ဟုတွာ၊ ဖြစ်၍။ ဝတ္တမာနမ္ပိ၊ ဖြစ်သော်လည်း၊ ယဒါ၊ အကြင်အခါ၌။ တီဏိရတနာနိ၊ ရတနာ သုံးပါးတို့ကို။ သဟတ္ထေန၊ မိမိလက်ဖြင့်။ ပူဇေန္တဿ၊ လေးမြတ်ကော်ရော်, ပူဇော်သောသူအား။ ပဝတ္တတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ကာယကမ္မံ၊ ကာယကံသည်။ ဟောတိ၊ အမှန်စင်စစ်, ဖြစ် ပေ၏။

ရတနာသုံးပါးတို့ကို မိမိ၏လက်ဖြင့် ပူဇော်ခြင်းအမှုပြုသောသူအား ဖြစ်ပွားသော ဒါနမယ ကုသိုလ်ကို ကာယကမ္မ, ဒါနမယကုသိုလ်-လို့ မှတ်ယူရမည် ဖြစ်ပါတယ်၊ သို့ဖြစ်၍—

ဆောင်ပုဒ်။ ၁။ ကိုယ့်လက်ဖြင့်သာ၊ ဆက်ဆပ်ရာ၊ မှတ်ပါ ကာယကံမည်။
၂။ သုံးပါးရတနာ၊ လက်ဖြင့်သာ၊ ကောင်းစွာ လှူဒါန်းသည်။
၃။ ကာယကမ္မ၊ ယင်းဌာန၊ မှတ်ကြရပေမည်။

ယဒါ တီဏိရတနာနိ ပူဇေန္တော ပုတ္တဒါရ ဒါသ ကမ္မကရ ပေါရိသာဒယောပိ အာဏာပေတွာ ပူဇာပေတိ၊ တဒါ ဝစီကမ္မံ ဟောတိ။ (အဘိ-ဌ-၁-၁၁၉)။

ယဒါ၊ အကြင်အခါ၌။ တီဏိရတနာနိ၊ ရတနာသုံးပါးတို့ကို။ ပူဇေန္တော၊ ပူဇော်သော သူသည်၊ ပုတ္တဒါရ ဒါသ ကမ္မကရ ပေါရိသာဒယောပိ၊ သား သမီး, ဇနီးမယား, ကျွန်, အမှုလုပ် ယောကျာ်း အစရှိသည်တို့ကိုလည်း။ အာဏာပေတွာ၊ စေခိုင်း စိုက်တွန်း၍။ ပူဇာပေတိ၊ ပူဇော် စေ၏။ တဒါ၊ ထိုအခါ၌။ ဝစီကမ္မံ၊ ဝစီကံသည်။ ဟောတိ၊ ဖြစ်၏။

ဘုရား, တရား, သံဃာအားဖြင့် သုံးပါးသော ရတနာတို့ကို လှူဒါန်းပူဇော်သော သူသည် သစ်သီးနှင့်သမီး, ဇနီးမယား, ကျွန်, အမှုလုပ်ယောကျ်ား-အစရှိသည်တို့ကို စေခိုင်းတိုက်တွန်း၍ ပူဇော်သောအခါဝယ် ဒါနမယ ဝစီကမ္မ ဖြစ်ပါတယ်။

**ဆောင်ပုဒ်။** ၁။ ရတနာသုံးတန်၊ ပူဇော်ရန်၊ အမှန် စိတ်ဝယ်ရည်။
၂။ အိမ်နေသူများ၊ စေခိုင်းငြား၊ မှတ်သား နှုတ်ဝစီ။
၃။ ဝစီကမ္မ၊ ယင်းဒါန၊ မှတ်ကြရပေသည်။

ယဒါ တဒေဝ ဝုတ္တပ္ပကာရံ ဝိဇ္ဇမာနကဝတ္ထုံ အာရဗ္ဘ "ဝဏ္ဏဒါနံ ဒဿာမီ" တိ စိန္တေတိ၊ တဒါ မနောကမ္မံ ဟောတိ။ (အဘိ-ဋ္ဌ-၁-၁၁၉)။

**ယဒါ**၊အကြင်အခါ၌။ဝုတ္တပ္ပကာရံ၊ဆိုအပ်ပြီးသော အပြားရှိသော။တဒေဝ ဝိဇ္ဇမာနကဝတ္ထုံ၊ ထို ထင်ရှားရှိသော ဝတ္ထုကိုသာလျှင်။ အာရဗ္ဘ၊ အာရုံပြု၍။ "အဟံ၊ ငါသည်။ ဝဏ္ဏဒါနံ၊ အဆင်းတည်းဟူသော အလှူကို။ ဒဿာမိ၊ ပေးလှူပေအံ့" ။ ဣတိ၊ ဤသို့။ စိန္တေတိ၊ ကြံစည် စဉ်းစား၏။ တဒါ၊ ထိုအခါ၌။ မနောကမ္မံ၊ မနောကံသည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်လေတော့သတည်း။

ဆွမ်း, ပန်း-အစရှိသော ဆိုအပ်ပြီးသော ထို ထင်ရှားရှိသော ဝတ္ထုကိုမှလျှင် အာရုံပြုကာ အဆင်းတည်းဟူသော အလှူကို ပေးလှူမည်-ဟု ကြံစည် စဉ်းစားခြင်းသည် မနောကံ-မည်ပါတယ်၊ ဒါနမယ မနောကံ-လို့ ခေါ်ဆိုရပါတယ်။

**ဆောင်ပုဒ်။** ၁။ ထင်ရှားရှိငြား၊ ဝတ္ထုအား၊ မှတ်သား ကြောင်းပြုကာ။
၂။ အဆင်းလှူရန်၊ စိတ်အကြံ၊ အမှန် ဖြစ်ခဲ့ရာ။
၃။ မနောကမ္မ၊ ယင်းဒါန၊ မှတ်ကြရမည်သာ။

ယခုပြောခဲ့တာတွေ ရူပဒါန, ဒါနမယကုသိုလ်အရာ၌ ကာယကံ, ဝစီကံ, မနောကံ-(၃)ပါး ဖြစ်ပွားပုံကို သီလမယ, ဘာဝနာမယတို့မှာလဲ ဤနည်းအတိုင်းပင် ဖြစ်ပါတယ်၊ ထို့အတွက် ရူပဒါနအရာမှာ ဒါနမယ, သီလမယ, ဘာဝနာမယ-ဟူ၍ ပထမ (၃)မျိုး မှတ်ထားပါ၊ ယင်း ဒါန, သီလ, ဘာဝနာ တပါးပါးမှာလဲ ကာယကံ, ဝစီကံ, မနောကံ-ဟူ၍ ကံ(၃)ပါးစီ အညီ ဖြစ်သဖြင့် တြိန်း, တြ, နော-ဆိုတဲ့အတိုင်း ရူပဒါန (၉)ပါး ရှိပါတယ်၊ ထိုနည်းတူစွာ သဒ္ဒဒါန, ဂန္ဓဒါန, ရသဒါန, ဖောဋ္ဌဗ္ဗဒါန, ဓမ္မဒါန-တို့မှာလဲ (၉)ပါးစီ ဖြစ်ပြန်သဖြင့် နဝသော-ဇောပဥ္စသာ-လို့ ဆိုတော့-(၅၄)ပါး၊ အဘိဓမ္မာနည်းအရ ဒါနအပြားကို မှတ်သားကြရမည်ဖြစ်တယ်-နော်၊ ကံ-ကဲ-အကျဉ်းချုပ် ဆောင်လွယ်အောင် ဒီလင်္ကာကလေးများဖြင့် မှတ်သားကြရမယ်။

**ဆောင်ပုဒ်။** ၁။ အဘိဓမ္မာ၊ နည်းအလာ၊ မှတ်ပါ ဒါနများ။
၂။ ရူပ, သဒ္ဒ, ဂန္ဓ, ရသာ၊ ဖောဋ္ဌဗ္ဗာ၊ ဓမ္မာ ယင်းခြောက်ပါး။
၃။ ဒါန, သီလာ၊ ဘာဝနာ၊ မြှောက်ပါ ဆယ့်ရှစ်ပါး။
၄။ ကာယ, ဝစီ၊ မနောချီ၊ တလီမြှောက်ပွား၊ ဇောပဉ်ထား။
၅။ ကုသိုလ်ဒါန၊ အကျယ်ပြ၊ တွေးဆ သိစေသား။

ယခုပြောခဲ့တာတွေကတော့ ဝိနယပိဋကအလို ဒါနဝတ္ထု (၄)ပါး၊ အဘိဓမ္မာအလို ဒါနဝတ္ထု (၆)ပါး၊ အကျယ်ပွား (၅၄)ပါးတို့ကို ပြဆိုခဲ့ပြီးပြီ နော်၊ ယခု ပြရမှာကတော့ သုတ္တန်-

နည်းအလိုပဲ ဖြစ်ဘယ်၊ သုတ္တန်ပိဋကအလိုအားဖြင့် ယင်း ဒါနဝတ္ထုဟာ (၁၀)ပါး ရှိအတဲ့၊ ဆို (၁၀)ပါးက ဘာတွေလဲဆိုတော့—

အန္နံ ပါနံ ဂန္ဓံ ဝတ္ထံ၊ မာလာ ယာနံ ဝိလေပနံ။
သေယျာဝသထာ ပဒီပေယျံ၊ ဒါနဝတ္ထုဣမေဒသ။
(ဣတိ-ပါ-၂၄၀-ဣတိ၊ ဌ-၂၂၆)။

အန္နံ ပါနံ ဃရံဝတ္ထံ၊ ယာနံ မာလာ ဝိလေပနံ၊
ဂန္ဓော သေယျာ ပဒီပေယျံ၊ ဒါနဝတ္ထု သိယံ ဒသ။

ဟူသော ဂါထာအတိုင်းပင်—

| | | | |
|---|---|---|---|
| ၁။ | အန္န | – | ယာဂုထမင်း ဆွမ်းအလှူ၊ |
| ၂။ | ပါန | – | အဖျော်မျိုး (၈)ပါး၊ |
| ၃။ | ဂန္ဓ | – | နံ့သာတုံး, နံ့သာခဲ အမျိုးမျိုး၊ |
| ၄။ | ဝတ္ထ | – | အဝတ်ပုဆိုး အမျိုးမျိုး၊ |
| ၅။ | ယာန | – | ဘိနပ်, ယာဉ်၊ |
| ၆။ | မာလာ | – | ပန်း၊ |
| ၇။ | ဝိလေပန | – | နံ့သာပျောင်း, နံ့သာရည်၊ |
| ၈။ | ဃရ-အာဝသထ | – | ကျောင်း, စရပ်၊ |
| ၉။ | သေယျာ | – | ညောင်စောင်း, အင်းပျဉ်, အိပ်ရာနေရာ၊ |
| ၁၀။ | ပဒီပေယျ | – | မီးထွန်းရန် ဆီ, ဆီမီးခွက်-ဟူသော ဆီမီးအလှူအားဖြင့် (၁၀)ပါး ရှိပါတယ်။ |

**ဆောင်ပုဒ်။** ၁။ ဆွမ်း, အဖျော်ပါ၊ ပန်းနံ့သာ၊ တဖြာ နံ့သာပျောင်း။
၂။ အိပ်ရာနေရာ၊ ကျောင်း, ယာဉ်ပါ၊ မှန်စွာ ဆီမီးပေါင်း။
၃။ သုတ္တန်ကျမ်းလာ၊ လှူဘွယ်ရာ၊ ဆယ်ဖြာ သိစေကြောင်း။

လှူဒါန်းပုံအခြင်းအရာ ထောက်ထားကာဖြင့် အလှူဒါန အမျိုးအစားကား အများကပြား ပင် ရှိပါတယ်၊ အဲဒီ ဒါနအမျိုးအစားများကိုတော့ အလျဉ်းသင့်တဲ့အခါ ဟောပြရဦးမယ်၊ ယနေ့တော့ မိမိထံတွင် ကောန်လင်ရှ ႏ ရှိပြီးသားဖြစ်သော ပစ္စည်းဝတ္ထုတခုခုကို စေတနာသဒ္ဓါတရား ထက်သန်စွာထားပြီး ကြည်ကြည်ဖြူဖြူ ပေးလှူရခြင်း အလှူဒါန၏ အကျိုးကြီးမားပုံကို သုတ္တန် သာဓကကို ထုတ်ပြန်ကာပြပြီး ဟောကြားဦးမည် ဖြစ်ပေတယ်၊ ဒါနတရား အကျိုးကြီးမားပုံကို လေးစားယုံကြည်စွာ မှတ်သားနာယူထားကြပေတော့-နော်။

သဗ္ဗညုမြတ်စွာဘုရား လက်ထက်တော်အခါက ဖြစ်ပါတယ်၊ သုံးလောကထွတ်ထား မြတ်စွာ ဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် စံနေတော် မူစဉ် အခါ ကောသလမင်းကြီး၏ သမီးတော် သုမနာ အမည်ရှိသော မင်းသမီးသည် ရထားယာဉ် အစီး ငါးရာ မင်းသမီး ပေါင်း ငါးရာ ခြံရံကာဖြင့် မြတ်စွာဘုရား ထံတော်မှောက်သို့ သူမ၏ မောင်ငယ် ကလေးများကို အကြောင်းပြုကာ အမေးပုစ္ဆာ မြဿနာတခု လျှောက်ထားရန် ရောက်ရှိလာပါတယ်၊ သူမရဲ့ မောင်ငယ်ကလေးများရဲ့ ထူးဆန်းလှသော ဖြစ်ရပ်စကားကို မေး မြန်း လျှောက်ထား လို၍

လာ ရောက်ခြင်း ဖြစ်သတဲ့ သုမနာ မင်းသမီး၏ မောင်ငယ် ကလေးများရဲ့ ထူးဆန်းသော ဖြစ်ရပ် စကား အကြောင်းရင်းက ဘယ်လိုပါလဲဆိုတော့–

ရှေးအခါ ကဿပမြတ်စွာဘုရား သာသနာတော်၌ အလွန်ရင်နှီးကြသော သူငယ်ချင်းရဟန်း တော် နှစ်ပါးရှိသတဲ့၊ ထိုနှစ်ပါးတို့တွင် တပါးကတော့ သာရဏီယ ကျင့်ဝတ်ကို ဖြည့်ကျင့် ဆည်းပူး ပါတယ်၊ တပါးကတော့ သတ္တဂ္ဂဝတ်ကို ဖြည့်ကျင့် ဆည်းပူးပါတယ်၊ သာရဏီယ ကျင့်ဝတ် ဆိုတာ က နေ့စဉ် နေ့တိုင်း အဖန်ဖန် အဘပ်ထပ် ဆွမ်းခံလှည့်လည်ကာ ရတိုင်း ရတိုင်းသော ဆွမ်းဘောဇဉ် ကို ထွန့် တို ဆုတ်နစ်ခြင်း အလျဉ်းမရှိဘဲ သံဃာ အများအားပေးကမ်း လှူဒါန်းပြီးကာ တဆယ့် နှစ်နှစ် က လပတ်လုံး ဖြည့်ကျင့်မှ ပြည့်သော ကျင့်ဝတ်ဖြစ်တယ်၊ တဆယ့် နှစ်နှစ်အောက် ထုတ် လျှော့ပြီး ကျင့်ဝတ် ပြည့်စုံခြင်းမဖြစ်နိုင်ဘူး တဆယ့်နှစ်နှစ်မျှတ်လုံး ဆွမ်းခံလှည့်လည်ကာ ရရှိသမျှ လှူဒါန်း၍ ကျင့်ကြံရပါသည်။

သာရဏီယဝတ် ဖြည့်ကျင့်သော ရဟန်းသည် တဆယ့် နှစ်နှစ်မြောက် နှစ်၌ အကယ်၍ ဆွမ်း အပြည့်ခံယူရရှိသော သပိတ်ကို ဆွမ်းစားဇရပ်၌ ထားကာ ရေချိုးသွားစဉ် သံဃာ ထေရ်သည် ဆွမ်း စား ဇရပ်သို့ ကြွရောက်လာပြီး သာရဏီယဝတ် ဖြည့်ကျင့်သော ရဟန်း၏ သပိတ်မှန်း သိ၍ ဆွမ်း အားလုံးကို ခွဲဝေ ဘုဉ်းပေးကာ အချည်း နှီးသော သပိတ်ကိုသာထားရာ ထို သာရဏီယဝတ် ဖြည့် ကျင့်သောရဟန်း ရေချိုးပြီး၍ ဆွမ်းစားကျောင်းကြွလာ၍ မိမိအတွက် ဆွမ်းလုံးတလုံးမျှ ခြွင်းမထား သည်ကို သိမြင်သဖြင့် နှလုံးမသာယာမှု ဖြစ်အံ့၊ ဖြည့်ကျင့်ခဲ့ပြီးသော သာရဏီယ ကျင့်ဝတ် အားလုံး ပျက်စီးသွားပါတယ်၊ ဖြည့်ကျင့် လိုက နောက် ထပ် တဖန် တဆယ့် နှစ်နှစ် ပတ်လုံး ပြန်ပြီး ကျင့်ရ ပါတယ်။

ယင်းကဲ့သို့ မိမိ နောက်ဆုံး ခံယူ ရရှိထားသော ဆွမ်းကို သံဃာများက အားလုံးကုန်အောင် ဘုဉ်းပေးသုံးဆောင်သောအခါ ''ငါအား အရတော်ပါပေစွ ငါ၏သပိတ်၌ရရှိသော ဆွမ်းအားလုံးကို ငါ့အား မပန်ကြားဘဲ သာလျှင် ငါ၏ သိတင်းသုံးဘော် အရှင်မြတ်များ ဘုန်းပေး သုံးဆောင်ကြပေ သည်တကား'' ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်မှသာလျှင် ဖြည့်ကျင့်အပ်သော သာရဏီယကျင့်ဝတ်ပြည့်စုံ အောင်မြင်ခြင်းသို့ ရောက်ရှိပါတယ်တဲ့၊ ဒီ သာရဏီယ ကျင့်ဝတ်ဟာ မိမိ ရရှိသော ဆွမ်း ဘောဇဉ် ဝတ္ထုပစ္စည်းတို့ကို သဒ္ဓါကြည်ဖြူစွာ ပေးကမ်းလှူဒါန်း၍ တဆယ့် နှစ်နှစ်ပတ်လုံး ဖြည့်ကျင့်မှပြည့်စုံ နိုင်တဲ့ အကျင့်မြတ်ပဲ ဖြစ်တယ်၊ သို့အတွက် အင်္ဂုတ္တရ အဋ္ဌကထာ၌–

> အယံ မန သာရဏီယဝတ္တော ဝေ ပုနပ္ပုန် ပိဏ္ဍာယ စရိတွာ လဒ္ဓံ လဒ္ဓံ ဒေန္တဿာပိ
> ဒွါဒသဟိ ဝဿေဟိ ပူရေတိ၊ နတ တာဩရံ။ (အံ·ဌ–တ– ၉၁)။

ဟူ၍ ဖွင့်ဆို ထားပါတယ်။

ယင်းကဲ့သို့ သာရ ယ အကျင့်မြတ်ကို တဆယ့် နှစ်နှစ် ကာလပတ်လုံး ကောင်းမွန်စွာ ဖြင့် ဖြည့်ကျင့်သဖြင့် ပြည့်စုံ အောင်မြင် ခြင်းသို့ ရောက်ရှိသော ပုဂ္ဂိုလ်အား ရရှိအပ်သော အကျိုး များ ကတော့–

ဝံ ပူရိတသာရဏီယဓမ္မဿ ပန နေဝ ဣဿာ န မစ္ဆရိယံ ဟောတိ၊ မနုဿာနံ ပိယော ဟောတိ၊ အမနုဿာနံ ပိယော ဟောတိ၊ သုလဘပစ္စယော ပတ္တဂတမဿ ဒယျမာနမ္ပိ နခီယတိ၊ ဘာဇနီယ ဘာဏ္ဍဋ္ဌာနေ အဂ္ဂဘဏ္ဍံ လဘတိ၊ ဘယေဝါ ဆာတကေဝါ ပတ္တေ ဒေဝတာ ဥဿုက္ကံ အာပဇ္ဇန္တိ။ (အံ-ဋ္ဌ-တ- ၉၈)။

ပန။ သာရဏီယဓမ္မ ဖြည့်ကျင့်ရကျိုးကို ဆိုဦးအံ့။ ဝံ၊ ဤသို့ တဆယ့်နှစ်နှစ်တာ ကာလပတ်လုံး။ ပူရိတ သာရဏီယဓမ္မဿ၊ သာရဏီယ ကျင့်မြတ်ကို ဖြည့်ကျင့်အပ်ပြီးသော ပုဂ္ဂိုလ်အား။ ဣဿာ၊ သူတပါးစည်းစိမ်ကို ငြူစူခြင်း မနာလိုခြင်းသည်။ နေဝဟောတိ မဖြစ်တော့ပေ။ မစ္ဆရိယံ၊ မိမိစည်းစိမ်ဥစ္စာကို ဝန်တိုခြင်း နှမြောတွန့်တိုခြင် သည်။ နဟောတိ၊ ကင်းလွတ်ကင်းအရှင်း မဖြစ်တော့ပေ။ မနုဿာနံ၊ လူတို့၏။ ပိယော၊ လေးစား ခင်မင် ချစ်ခင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အမနုဿာနံ၊ နတ်တို့၏ ပိယော၊ သည်။ ဟောတိ၊ ၏။ သုလဘပစ္စယော၊ ရလွယ်သော ပစ္စည်းရှိသည်။ ဟောတိ၊ ဖြစ်၏။ အဿ၊ သာရဏီယတရား ဖြည့်ကျင့်သော ထိုပုဂ္ဂိုလ်၏။ ပတ္တဂတံ၊ သပိတ်သို့ ရောက်လာသော ဆွမ်း ဘောဇဉ်ကို။ ဒေယျမာနံ၊ ရဟန်း ရှင်လူ ခပ်သိမ်း ကုန်သော သူတို့အား။ ဒီယျမာနမ္ပိ သဒ္ဓါကြည်ဖြူ ပေးလှူ အပ်ပါသော်လည်း။ နခီယတိ၊ မကျန် မကြွင်း ကုန်ခမ်းခြင်း မရှိပေ။ ဘာဇနီယ ဘာဏ္ဍဋ္ဌာနေ၊ ပစ္စည်းဥစ္စာ ခွဲခြားဝေဘန်ရာ အရပ်၌။ အဂ္ဂဘဏ္ဍံ၊ ကောင်းမြတ်သော ဥစ္စာဘဏ္ဍာကို။ လဘတိ၊ ရရှိနိုင်၏။ ဘယေ၊ တိုင်းပြည် ပူပန် ဘေးရန်အန္တရာယ် အသွယ်သွယ် ဖြစ်ခြင်းသို့။ ပတ္တေဝါ၊ ဆိုက်ရောက်ခဲ့ သော်ငြား။ ဆာတကေ၊ ဝတ်မွတ် ခေါင်းပါး အစာရှားခြင်းသို့။ ပတ္တေဝါ၊ ဆိုက်ရောက်ခဲ့သော်ငြား။ ဒေဝတာ၊ ဘုမ္မာရက္ခ အာကာသနှင့် ရုက္ခဒေဝတာ နတ်များစွာတို့သည်။ ဥဿုက္ကံ၊ ငါတို့တာဝန်-ဟု မှန်စွာပြုလုပ် ကြိုးစား အားထုတ်ခြင်းသို့၊ အာပဇ္ဇန္တိ၊ ကိုယ့်ကိစ္စဘဲ စိတ်မှာစွဲ၍ အားခဲလျက်သာ ဆိုက်ရောက်လာကြလေ ကုန်သတည်း။

**ဆောင်ပုဒ်။** သာရဏီယတရား- ကျင့်ထားသူမှာ၊ ဣဿာ, မစ္ဆရိ၊ မရှိကင်းကွာ။
လူ နတ်ချစ်အပ်- ရ,ဂုတ်ဥစ္စာ၊ လှူမကုန်-ရတုံကောင်းမြတ်ရာ။

**သာ**ရဏီယတရား ဖြည့်ကျင့် လာတဲ့ သူသည် သူတပါး ကြီးပွား ချမ်းသာသည်ကို မနာလိုမှု ငြူစူမှုမရှိတော့၊ မိမိ၌ ရရှိသော ပစ္စည်းဥစ္စာကို နှမြောတွန့်တိုမှု, ဝန်တိုမှု မရှိတော့ဘူးတဲ့၊ ထိုပုဂ္ဂိုလ်အား လူအများကလဲ လေးစားချစ်ခင်ကြတယ်၊ နတ်အများကလဲ လေးစား ချစ်ခင်ကြတယ်၊ ပစ္စည်းဥစ္စာ အဖြာဖြာကိုလဲ လွယ်ကူစွာ ရရှိနိုင်တယ်တဲ့၊ မိမိထံမှောက် ဆိုက်ရောက်ရရှိသော ပစ္စည်းများကို သူတပါးတို့ အဘယ်သို့ပင် ပေးကမ်းသော်လဲ မကုန်နိုင်,မခမ်းနိုင်ပါဘူးတဲ့၊ သို့ကြောင့်မို့ ထင်ပါရဲ့ ဒီသာရဏီယ အကျင့် ဖြည့်ကျင့်ထားတဲ့ သေနဂိရိအရပ်၌ သီတင်းသုံး နေထိုင်တော် မူသော အရှင်တိဿမဟာထေရ်က ဂိရိကျေးရွာ၌ တန်နက်လုံး ဆွမ်းခံ လှည့်လည်သော်လည်း ဆွမ်းမရ ကြသဖြင့် ပြန်ကြွလာကြသော အာဂန္တု ရဟန်းတော်အပါး ငါးဆယ်တို့ကို မိမိတပါးတည်း ဆွမ်းခံ လှည့်လည်ရာ ဆွမ်း ဆက်ကပ်ပြီး သံဃာထေရ်ကြီးက ဆွမ်းစားပြီးနောက် တိဿထေရ်ကို ဤသို့ မေးမြန်းတော်မူလေသတဲ့။

ငါ့ရှင်–လောကုတ္တရာ တရားမြတ်ကို အဘယ်အခါက ထိုးထွင်းပြီး သိရှိခဲ့ပါသလဲ၊ တရားထူး ဘယ်တော့က ရခဲ့ပါသလဲ-ဟု မေးတော်မူပါတယ်၊ ထိုအခါ **အရှင်တိဿက**–

နတ္ထိ မေ ဘန္တေ လောကုတ္တရဓမ္မော=အရှင်ဘုရား-တပည့်တော်မှာ လောကုတ္တရာ တရားထူး တရားမြတ် မရရှိသေးပါ, မရသေးပါ ဘုရား။

လောကုတ္တရာတရားထူး မရသေးလျှင် ငါ့ရှင်သည် စျာန်တရားများ ရရှိနေပါသလား။

တပည့်တော် စျာန်တရားလဲ မရရှိပါ ဘုရား။

ယင်းသို့ဖြစ်လျှင် ငါ့ရှင်၏ ယခုအခါ အံ့ဘွယ်ရာတန်ခိုးကား အဘယ်သို့ပါနည်း။

တပည့်တော်သည် သာရဏီယ အကျင့်မြတ်ကိုကား ဖြည့်ကျင့်အပ်ပါသည် ဘုရား၊ တပည့်တော်သည် ထို သာရဏီယအကျင့်တရားကို ဖြည့်ကျင့်ပြီးသောအခါမှ စ၍ တပည့်တော်၏ သပိတ်တွင်းသို့ ရောက်ရှိသော ဆွမ်း ဘောဇဉ်ကို အကယ်၍ ရဟန်းတော်တသိန်းကို ပေးလှူသော်လည်း ကုန်ခမ်းခြင်းမရှိပါ ဘုရား-ဟု အရှင်တိဿက လျှောက်ထားသဖြင့်, သံဃမဟာထေရ်ကြီးက "သာဓု သာဓု သပ္ပုရိသ - အရှင်သူတော်ကောင်း၊ ကောင်းပါပေစွ-ကောင်းပါပေစွ" ဟု အနုမောဒနာ ပြုတော်မူလိုက်ပါတယ်တဲ့၊ ဒါဟာ သာရဏီယဓမ္မ ဖြည့်ကျင့်ရတဲ့ အကျိုးပဲနော်၊ နောက်ပြီးတော့ ပစ္စည်းဥစ္စာ ခွဲခြမ်း ဝေတဲ့ အခါမှာလဲ အကောင်းဆုံးဥစ္စာကို ရရှိတတ်ဘယ်တဲ့၊ ယခုလို ခွဲတမ်း မဲစနစ် ခေတ်စားတဲ့ အခါကာလမျိုးမှာဆိုလျှင် သာရဏီယကျင့်ဝတ် ဖြည့်ကျင့်ထားပါက တော်တော် နေရာကျမှာပဲ နော်၊ ဘေးရန်အန္တရာယ်နှင့် ကြုံတွေ့ရသောအခါ, ငတ်မွတ်ခေါင်းပါး အစာရေစာ ရှားပါးသော အခါမျိုးမှာလဲ နတ်အများက တာဝန်ယူကာ ကူညီစောင့်ရှောက်မှု ပြုကြရတဲ့၊ အဲဒါတွေဟာ သာရဏီယကျင့်ဝတ်ဖြည့်ကျင့်ရတဲ့ အကျိုးဘရားတွေပဲဖြစ်ပါတယ်၊ အဲဒီလို "လိုဘရ" ဆိုတဲ့ သာရဏီယအကျင့်ကို ရဟန်းတော်တပါးက ကျင့်ပါတယ်၊ မိမိမှာ ရသမျှ လာဘ်လာဘကို သံဃာအား အမြဲတမ်း ခွဲခြမ်းဝေဘန် လှူဒါန်းခြင်းအမှု ပြုပါတယ်။

သာရဏီယကျင့်ဝတ် ကျင့်သော ရဟန်း၏ အဖော် သူငယ်ချင်း ရဟန်းတပါးကတော့ ဆွမ်းစားကျောင်း, ဆွမ်းစားစရပ် လိုက်နာအပ်သည့် ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်လေ့ ရှိသတဲ့၊ ဘတ္တဂ္ဂဝတ် ဆိုတာက—ဆွမ်းစားစဉ်အခါ ဆွမ်းကို ရိုရိုသေသေ စားသောက်ခြင်း, သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ဆွမ်းကို စားခြင်း, အစဉ်အတိုင်း စားခြင်း, ဆွမ်းလုတ်ကို အဝန်းညီစွာပြု၍ စားသောက်ခြင်း-အစ ရှိသော ဆွမ်းစားကျောင်း၌ လိုက်နာပြုကျင့်ရမည့်ကျင့်ဝတ်များကို ရိုသေစွာ လိုက်နာ ပြုကျင့်ခြင်း ပင် ဖြစ်ပါတယ်။

ထို ရဟန်းနှစ်ပါးတို့တွင် သာရဏီယကျင့်ဝတ် ဖြည့်ကျင့်သောရဟန်းက ဘတ္တဂ္ဂဝတ်ကိုသာ ကျင့်သော အဖော်ရဟန်းကို—

အာဝုသော အဒိန္နဿ ဖလံနာမ နတ္ထိ၊ အတ္တနာ လဒ္ဓံ ပရေသံ ဒတွာ ဘုဉ္ဇိတုံ ဝဋ္ဋတိ။ (အံ-ဋ္ဌ-တ-၁၅)။

ငါ့ရှင်-ပေးကမ်းလှူဒါန်းခြင်းမပြုသောသူအား ရရှိခံစားရမည့် အကျိုးမည်သည် မရှိနိုင် ပေ၊ မိမိ ရရှိအပ်သော ဆွမ်းဘောဇဉ်ကို သူတပါးတို့အား ခွဲခြမ်းဝေငှ လှူဒါန်းပြီး စားသောက် သင့်ပေသည်—ဟု ပြောဆို သတိပေးလေသတဲ့။

ထိုအခါ ဘတ္တဂ္ဂဝတ်ကိုသာကျင့်သော ရဟန်းကလည်း—

အာဝုသော တုံ့ နဇာနာသိ ဒေယျဓမ္မံနာမ ဝိနိပါတေတုံ နဝဋ္ဋတိ၊ အတ္တနော ယာပနမတ္တမေဝ ဂဏှန္တေန ဘတ္တဂ္ဂဝတ္တံ ပုရေတုံ ဝဋ္ဋတိ။

ငရှိုင်–ဆင်မသိပါဘူး၊ ဒါယက တို့ လှူဒါန်းထားသော လှူဘွယ်ဝတ္ထုမည်သည်ကို ဖရိုဖရဲ ပျက်စီးစေခြင်းငှာ မအပ်ပေ၊ မိမိ မျှတလောက်ရုံမျှကိုသာ ခံယူခြင်းဖြင့် ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်ပါပေသည်–ဟု ပြန်လည်ကာ ပြောကြားလေသတဲ့။

ထို နှစ်ပါးတို့တွင် တပါးသည် တပါးကို မိမိအယူဝါဒ အဆုံးအမ၌ တည်စေခြင်းငှာ မစွမ်းနိုင်ကြပါဘူးတဲ့၊ ဒီလိုနှင့် ထိုရဟန်းနှစ်ပါးလုံး မိမိ၏ ကျင့်ဝတ်ကိုသာ ဖြည့်ကျင့်ကာ လူ့ဘဝမှ စုတိကျ၍ ကာမာဝစရနတ်ပြည်၌ ဖြစ်ကြလေသတဲ့၊ ထိုနတ်ပြည်မှာ သာရဏီယကျင့်ဝတ် ဖြည့်ကျင့်ခဲ့သောသူက မဖြည့်ကျင့်ခဲ့သောသူကို နတ်၌ဖြစ်သော အသက်ရှည်ခြင်း–အစရှိသော အကြောင်းတရား ငါးပါး သာလွန်ရရှိပါတယ်။

ထိုသူနှစ်ဦးတို့ဟာ ဒီနည်းဖြင့် နတ်ပြည်လောက၌ရှင်း၊ လူ့ဘုံဌာန လူ့လောက၌ရှင်း ကျင်လည်ခဲ့ကြကုန်ပြီး တခုသော ဗုဒ္ဓခေတ်ဖြစ်တဲ့ ဘုရား တဆူနှင့်တဆူ ကြားအခါကာလကို ကုန်ဆုံးလွန်မြောက်စေ၍ ဘုရားသာသနာ ယခုအခါကာလမှာ ထိုပုဂ္ဂိုလ်နှစ်ယောက်လုံး သာဝတ္ထိပြည်၌ ဖြစ်ကြလေသတဲ့၊ သာရဏီယကျင့်ဝတ် ဖြည့်ကျင့်ခဲ့သောသူက၊ (ဝါ)ဒါနကောင်းမှု ပြုလုပ်ခဲ့သောသူက သာဝတ္ထိပြည်ရှင် ဘုရင် ကောသလမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဝမ်းကြာတိုက်၌ စွဲပိုက် သန္ဓေတည်နေပါတယ်။

ဘတ္တဂ္ဂဝတ်ကိုသာဖြည့်ကျင့်ခဲ့သောသူကတော့ ထို မိဖုရားခေါင်ကြီး၏ အလုပ်အကျွေးဖြစ်တဲ့ မိန်းမတယောက်၏ ဝမ်းတိုက်၌ စွဲပိုက် သန္ဓေတည်နေပါတယ်၊ ထို သူငယ်ချင်းဟောင်း ပုဂ္ဂိုလ်နှစ်ဦးတို့သည် တနေ့တည်းမှာပင် ဖွားမြင်ကြလေသတဲ့–(ဒကာကြီး ဦးစိန်ရဲ့) ဘဝတခုမှာ အတူတကွ နေထိုင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များဟာ ထိုထိုဘဝတွေမှာလဲ အတူတကွ ပြန်လည်ဆုံတွေ့ကြတယ် နော်၊ ဒါပေမယ့် နိမ့်ချီ မြင့်ချီကတော့ မညီကြပေဘူး၊ ဒီသူက ယခုဘဝ အထက်တန်းရောက်နေရပေမယ့် နောက်ဘဝတခုမှာ ထိုသူက အထက်တန်းသို့ ရောက်ချင် ရောက်နေတတ်ပါတယ်။

ကုသိုလ်ကောင်းမှုရှိတဲ့ သူကတော့ ဘယ်ဘဝရောက်ရောက် အထက်တန်းမှာ ဖြစ်ရမြဲပါပဲ၊ သံသရာ၌ ကျင်လည်ရခြင်းဆိုတာ အလွန်တရာ ကြောက်ချွံထိတ်လန့်ဘွယ် ကောင်းတာပဲကလား၊ ဒီဘဝမှာ သားသမီးဖြစ်နေကြတဲ့ သူများက ဟို–နောက်ဘဝမှာကြတော့ မိဘတွေ ဖြစ်ချင် ဖြစ်နေတတ်တာကို၊ (ဒကာကြီး ဦးစိန်ရဲ့)၊ ဇာတ်နိပါတ်တော်တွေကိုကြည့်လျှင်၊ (ဥပမာ) ဘုရားရှင်နှင့် ဒေဝဒတ်တို့ဟာ တခုသောဘဝတွင် ဘုရားအလောင်းက ဖခင်ဘဝ ရောက်ရှိပြီး–နောက် တခုသော ဘဝ တခုသောဇာတ်မှာတော့ ဒေဝဒတ်အလောင်းက ဖခင်ဖြစ်ပြီး–ဘုရားအလောင်းက သား ဖြစ်နေပြန်တာ တွေ့ကြရမှာပေါ့–နော်။

ဦးပဥ္စင်းတို့ ကလေးငယ်တယောက်ပြောတဲ့ စကားကို ဒီနေရာမှာ ကြားယောင်နေမိသေးတယ်၊ သားဖြစ်သူ ကလေးငယ်တယောက်ဟာ သူ့ရဲ့ဖခင်က ရိုက်နှက်ဆုံးမ,သဖြင့် ရက်ရက်စက်စက် ရိုက်နှက်ရပါမို့လားလို့ မခံမရပ်နိုင်ဖြစ်ကာ ကြိမ်းဝါး ပြောဆိုလိုက်တာကတော့–

“သူက ငါ့အဖေဖြစ်တဲ့အခါ ရိုက်နှက်နှင့်ဦးပေါ့ကွာ၊ ငါက သူ့အဖေပြန်ဖြစ်တဲ့ဘဝကြမှ အတိုးနှင့် ပြန်ချလိုက်သေးတာပေါ့”တဲ့၊ ကလေးသူငယ်စကားမို့ ဘာမည မထင်မှားလေလင့်၊ အဓိပ္ပါယ်ပဲ ဖြစ်တတ်တဲ့သဘာဝ ရှိပါတယ်။

ကဲ-ကဲ-ရှိပါစေတော့၊ ယခု မွေးဖွားလာတဲ့ ထိုကလေးနှစ်ယောက်တို့ကို နာမည်မှည့်သော နေ့၌ ရေမိုးချိုးပေးတာ နေရာတိုက်ခန်း၌ သိပ်ထားကြ၍ သူတို့၏မိခင်နှစ်ယောက်လုံး အပြင်၌ ကျွေးမွေးညှဲ့ခံမှု စီစဉ်နေကြသတဲ့။

ထိုကလေးနှစ်ယောက်တို့တွင် သာရဏီယကျင့်ဝတ် ဖြည့်ကျင့်ခဲ့သော ရဟန်းဘဝက လာတဲ့ ကလေးက မျက်စိဖွင့်ကာ ကြည့်ပြီး ကြီးစွာသော ထီးဖြူကြီးကိုရင်း, ကောင်းမွန် ပြန့်ပြူးစွာ ခင်းထားအပ်သော ကျက်သရေမင်္ဂလာရှိသော အိပ်ရာနေရာကိုရင်း, တန်ဆာဆင်ထားအပ်သော အိမ်နန်းဘော်ကိုရင်း တွေ့မြင်ရသဖြင့် "ငါသည် မင်းမျိုး၌ ဖြစ်ရပေသည်"ဟု သိရှိလေသတဲ့၊ အတိတ်ဘဝကို ပြန်လည်သိမြင်သော ဇာတိဿရဉာဏ်ရရှိသော ပုဂ္ဂိုလ်ဖြစ်သည်အားလျော်စွာ "ငါသည် အဘယ်ကောင်းမှုကုသိုလ်ကို ပြုလုပ်ခဲ့၍ ယခုဘဝ မင်းမျိုး၌ ဖြစ်ရလေသနည်း"ဟု ဆင်ခြင်စဉ်းစား လေရာ-သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ခဲ့သော ဒါနကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့သော အကျိုးကြောင့် ရရှိခြင်းပေတည်း-ဟု သိမြင်ရလေသတဲ့။

ထို့နောက် "ငါ၏ သူငယ်ချင်းကား အဘယ်အရပ်၌ ဖြစ်နေလေသနည်း"ဟု ဆင်ခြင်ကြည့်ရှုသောအခါ မိမိ၏အနီး နိမ့်သောအိပ်ရာ၌ အိပ်နေသည်ကို တွေ့မြင်ရ၍ "ဤသူကား ဘတ္တဂ္ဂဝတ်ကိုသာ ဖြည့်ကျင့်အံ့-ဟု ငါ၏ပြောစကားကို နားမထောင်ခဲ့ပေ၊ ယခုအခါ ဤနေရာ၌ သူ့ကို နှိပ်ချ ဆုံးမဘို့ရန် သင့်လှပေ၏"ဟု ကြံစည်ပြီးကာ "သမ္မ မမ ဝစနံ နာကာသိ=မိတ်ဆွေ-သင်ဟာ ငါ့စကားကို နားမထောင်ခဲ့ပဲကိုး"ဟု ပြောဆိုလိုက်လေသတဲ့။

ထိုအခါ နိမ့်သောအိပ်ရာပေါ်၌ လျောင်းစက်နေသောသူက "ကိံ တေံ=အဲဒါ ဘာဖြစ်သလဲ"ဟု ပြန်ကာပြောသဖြင့်-"မိတ်ဆွေ-ယခုအခါ ငါ့ရဲ့စည်းစိမ်ချမ်းသာကို ကြည့်ရှုစမ်းပါလော၊ ငါကား ယခုအခါ ထီးဖြူဆောင်းသော ညောင်စောင်းထက်၌ လျောင်းစက်ကာ နေရပေတယ်၊ မိတ်ဆွေမှာမူကား နိမ့်သော ညောင်စောင်းပေါ်မှာ ကြမ်းတမ်းလှစွာသောအခင်းထက်၌ လျောင်းစက်နေရပေသည်" ဟု ပြောဆိုလိုက်လေသတဲ့-(ဒကာကြီး ဦးစိန်ရှဲ)။

ထိုအခါ နိမ့်သောညောင်စောင်းပေါ်၌ လျောင်းနေရသော သူငယ်ကလေးကလဲ အညံ့မပေးပဲ-

ကိံ ပန တွံ ဧတံ နိဿာယ မာနံ ကရောသိ၊ နနု ဝေဠုသလာကာဟိ ကတ္တ
ပိလောတိကာယ ပလိဝေဌိတံ သဗ္ဗမေတံ ပထဝီဓာတုမတ္တမေဝ။

(အံ-ဋ္ဌ-တ-၁၆)။

သမ္မ၊ မိတ်ဆွေ။ တွံ ပန၊ သင်သည်ကား။ ဧတံ၊ ဤ စည်းစိမ်ချမ်းသာကို။ နိဿာယ၊ အမှီပြု၍။ မာနံ၊ မုန်ကင်းအသွင်, အလွန်ပင်ထောင်လွှား, မာနတရားကို။ ကရောသိ ကိံ၊ ပြုလောသိ သနည်း။ ဝေဠုသလာကာဟိ၊ ဝါးခြမ်းစိပ်ဘို့ဂြင်။ ကတ္တ၊ ပြု၍။ ပိလောတိကာယ၊ ပုဆိုးကြမ်းဖြင့်။ ပလိဝေဌိတံ၊ ရစ်ပတ်ထားအပ်သော။ ဧတံသဗ္ဗံ၊ ဤ အလုံးစုံသည်ကား။ ပထဝီဓာတုမတ္တမေဝ၊ ခက်မာတုံ့သတ်,ပထဝီဓာတ်မျှသည်သာလျှင်။ ဟောတိနနု၊ သာဘောရင်းစစ် ဖြစ်သည်မဟုတ်ပါလော။ ဤကဲ့သို့ ပြန်လှန်ကာ ချေပ ပြောဆိုလေသတဲ့၊ ဓာတ်တွေ,ပရမတ်တွေနဲ့ စကားကြီး စကားကျယ် တော်ဒ်သုံးတဲ့ ကလေးတွေပဲ-နော်၊ သုံးဆိုလဲ ရဟန်းဘဝက အရိပ်အယောင်တွေ မပျောက်ကြသေးပဲကိုး။

ထိုအခါ သုမနာမင်းသမီးသည် အခန်းတွင်းတွင် ရှိနေသဖြင့် ကလေးနှစ်ယောက်တို့၏ စကားကို ကြားရလေလျှင် "ငါ၏မောင်ကလေးများအနီးမှာ တယောက်ယောက် မရှိသလော"ဟု အနီးသို့သွားကာ တံခါးကိုမှီကာ နားထောင်ရာ "ခတု—ခတ်" ဟူသောစကားကို ကြားရသည့် အတွက် "ဤ ခတ်-ဟူသော စကား ကား သာသနာမှအပ မရှိ၊ ငါ၏ မောင်ငယ်ကလေး များသည် အမုန်ပဝ် သမဏဒေဝ ပုတ္တ ရဟန်း နတ်သားများ ဖြစ်ကြပေလိမ့်မည်" ဟု ကြံစည် စဉ်းစားကာ ဤသူငယ်တို့အကြောင်းကို တစုံတယောက်အား အကယ်၍ ပြောမိလျှင် "ဘီလူး ကလေးများ"ဟု ဆိုဆာ နှင်ထုတ် စွန့်ပစ်ကြပေလိမ့်မည်-ဟု တစုံတယောက်ကိုမျှ မပြောတော့ဘဲ ယုံမှားကင်းကွာအောင် မြတ်စွာဘုရားအား မေးမြန်း လျှောက်ထားရန် မြတ်စွာဘုရားထံသို့ ရောက် ရှိလာခဲ့ခြင်း ဖြစ်သတဲ့-(ဒကာကြီး ဦးစိန်)။

ဒါနကုသိုလ်ဆိုတာ သံသရာရေယာဉ်ကြော၌ စုန်ကာဆန်ကာ မြောနေကြရတဲ့ သံသရာ ခရီးသွား ပုဂ္ဂိုလ်များအတွက် အလွန်တရာ လိုလားအပ်တဲ့ အားထားရာ မှီခိုရာ တရားတပါးဖြစ်ထယ် နော်၊ ဒါကြောင့်မို့ ဦးပဉ္စင်းတို့ မြတ်စွာဘုရားအလောင်းတော် ဒီပင်္ကရာမြတ်စွာဘုရားထံ ဗျာဒိတ် ခံစဉ်ကာလက ဒီပင်္ကရာ မြတ်စွာဘုရားက ရမ္မမြို့သူမြို့သားတို့အား ဒါန အနုမောဒနာတရား ဟော ကြားရာမှာ—

ဒုက္ခနိတ္ထရဏဋ္ဌေန၊ ဒါနံ နာဝါတိ ဒီပိတံ။
ဘယရက္ခဏတော ဒါနံ၊ နဂရန္တိ စ ဝဏ္ဏိတံ။          (ဗုဒ္ဓ-ဌ-၀၄၄)။

ဟူ၍ ဟောတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ သံသရာဝဋ်ဒုက္ခ အဝဝမှ လွတ်ကြဘို့ရန်, ရည်သန်လိုလား, အို-ဒါယကာ, ဒါယိ ကာမ အများတို့။ ဒါနံ၊ သဒ္ဓါရှင်လန်း, ပေးကမ်း လှူဒါန်းခြင်းကို။ ဒုက္ခနိတ္ထရဏဋ္ဌေန၊ ဆင်းရဲမှု အပေါင်းမှ ကင်းပ လွတ်မြောက်ကြောင်းဖြစ်သော အနက်သဘောကြောင့်။ နာဝါတိ၊ သံသရာ ပြင်ကျယ်, ရေပင်လယ်၌, ကယ်ဆယ်ဘို့အကြောင်း, ကောင်းမြတ်လှစွာ, လှေနာဝါ ဟူ၍။ ဒီပိတံ၊ ပညာရှိအပေါင်း, သူတော်ကောင်းတို့, ထုံးဟောင်းထောက်ဆ, ပြဆပ်ပေ၏။ ဒါနံ၊ သူကောင်း ကျင့်စဉ်, သို့ဖြစ်အင်ကြောင့်, ကြည်ရှင်လှူကြ, မြတ်ဒါနကို။ ဘယရက္ခဏတော၊ ပစ္စုပ္ပန် သံသရာ, နှစ်မြာခန်ဘေး, ကင်းလွတ်ဝေးအောင်, စောင့်ရှောက်ပေးတတ်သောကြောင့်။ နဂရန္တိ စ၊ ရာထူး, စည်းစိမ်, ဂုဏ်သိန်ကြီးမား, လူအများတို့, ပျော်ပါးမွေ့လျော်, အေးမြို့တော် ဟူ၍လည်း။ ဝဏ္ဏိတံ၊ သဘာဝဓာတ်, ကြောင်းရင်းစပ်သဖြင့်, သတ်မှတ်ပုံသ, ချီးမွမ်းအပ်လေတော့သတည်း။

အလှူဒါနကို သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရအောင် မှီဆောင်ကယ်တင်တတ်သောကြောင့် လှေနာဝါ-လို့လဲ ခေါ်ဆိုသင့်သတဲ့၊ နောက်တဖန် ဒါနဆိုတဲ့ ကောင်းမှုကို ဘေးရန်အန္တရာယ် အသွယ်သွယ်ကို ကာကွယ်တားဆီးတတ်သောကြောင့် အေးချမ်းသာယာ မြို့ပြည်ရွာလို့လဲ ချီးမွမ်း သင့်လှပါတယ်တဲ့။

ခဆောင်ပုဒ်။   ၁။  ဒုက္ခအပေါင်းမှ၊ လွတ်မြောက်ရ၊ ဒါနလှေဟုခေါ်။
              ၂။  ဘေးရန်တားမှု၊ မြတ်အလှူ၊ မြို့ဟု ချီးမွမ်းသော်။

သုမနာ မင်းသမီးသည် ဘုန်းတော်ကြီးမား မြတ်စွာဘုရားထံတော်မှောက်သို့ ချဉ်းကပ်လာရောက်ပြီး ထိုခြင်းငါးဖြာ ပြည့်စုံစွာဖြင့် ရှိသေစွာ ရှိခိုး၍ အပြစ်ခြောက်ပါး ကင်းလွတ်သော သင့်တင့်ရာ နေရာ၌ ထိုင်နေကာ မြတ်စွာဘုရားကို ဤကဲ့သို့ လျှောက်ထားလေသတဲ့။

> ဣဓဿု ဘန္တေ ဘဂဝတော ဒွေသာဝကာ သမသဒ္ဓါ သမသီလာ သမပညာ ဧကော
> ဒါယကော ဧကော အဒါယကော။ တေ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ
> သဂ္ဂံ လောကံ ဥပပဇ္ဇေယျုံ၊ ဒေဝဘူတာနံ ပန နေသံ ဘန္တေ သိယာ ဝိသေသော၊
> သိယာ နာနာကရဏန္တိ။ (အံ-၅-၂၇-သုမနသုတ္တ)။

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ဣဓ၊ ဤသာသနာတော်၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမသဒ္ဓါ၊ တူမျှသောယုံကြည်မှု သဒ္ဓါတရား ရှိကြကုန်သော။ သမသီလာ၊ တူမျှသော အကျင့်သီလ ရှိကြကုန်သော။ သမပညာ၊ တူမျှသော အသိဉာဏ်ပညာ ရှိကြကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော။ သာဝကာ၊ တပည့်သားတို့သည်။ အဿုံ၊ ဖြစ်ကုန်ရာ၏။ တေသုသာဝကေသု၊ အရှင်ဘုရား၏ ထိုတပည့်သား နှစ်ယောက်တို့တွင်။ ဧကော၊ တစ်ယောက်သော ပုဂ္ဂိုလ်ကား။ ဒါယကော၊ သူတပါးတို့ကို သဒ္ဓါကြည်ဖြူ ပေးလှူတတ်၏။ ဧကော၊ တယောက်ကား။ အဒါယကော၊ သူတပါးတို့ကို ကြည်ညိုလေးမြတ် မပေးမကမ်းတတ်။ တေသာဝကာ၊ ထိုတပည့် နှစ်ယောက်တို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ မရဏာ၊ စုတိပြတ်ကြွေ သေလွန်သည်မှ။ ပရံ၊ နောက်ကာလ၌။ သုဂတိံ၊ ကောင်းသောသူတို့၏ လားရောက်ရာဖြစ်သော။ သဂ္ဂံ လောကံ၊ ချမ်းသာပြည့်စုံ၊ နတ်တို့ဘုံသို့။ ဥပပဇ္ဇေယျုံ၊ ရောက်ကြ ဖြစ်ကြကုန်ရာ၏။ ဘန္တေ၊ အရှင်ဘုရား။ ဒေဝဘူတာနံ၊ နတ်ဖြစ်၍ ဖြစ်ကြကုန်သော။ နေသံ၊ ထိုတပည့် နှစ်ပါးတို့အား။ ဝိသေသော၊ သရုပ်ထင်ရှား ပိုင်းခြားသော အထူးသည်။ သိယာ၊ ဖြစ်ရာအံ့လော။ နာနာကရဏံ၊ အသီးသီးမူ မတူကွဲပြား ထူးခြားမှုသည်။ သိယာ၊ အမှန်စင်စစ် ဖြစ်ရာပါသလော-ဟု မေးမြန်း လျှောက်ထား လိုက်ပါတယ်၊ ထိုအခါ သဗ္ဗညု မြတ်စွာဘုရားကလဲ "သိယာ သုမနေ၊ ဖြစ်နိုင်ပေ၏- သုမနာ မင်းသမီး" ဟု မိန့်ကြားတော်မူကာ ဤသို့ ဆက်လက်ခွဲခြား ဟောကြားတော်မူပါတယ်။

> ယောသော သုမနေ ဒါယကော၊ သော အမုံအဒါယကံ ဒေဝဘူတောသမာနော
> ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ၊ ဒိဗ္ဗေန အာယုနာ၊ ဒိဗ္ဗေန ဝဏ္ဏေန၊ ဒိဗ္ဗေန သုခေန
> ဒိဗ္ဗေနယသေန၊ ဒိဗ္ဗေန အာဓိပတေယျေန။ (အံ-၅-သုမနသုတ္တ-၂၇)။

သုမနေ၊ သုမန မင်းသမီး။ ယောသော သာဝကော၊ အကြင်တပည့်သည်။ ဒါယကော၊ သူတပါးတို့အား သဒ္ဓါကြည်ဖြူ ပေးလှူတတ်၏။ ဒေဝဘူတော၊ နတ်ဖြစ်၍ ဖြစ်သည်။ သမာနော၊ ဖြစ်သော။ သောသာဝကော၊ ထိုအရှင်ဘုရား၏ တပည့်သားသည်။ အမုံ၊ ဤ အမည်ရှိသော။ အဒါယကံ၊ သူတပါးတို့အား သဒ္ဓါကြည်ဖြူ မပေးလှူတတ်သော တပည့်ကို။ ဒိဗ္ဗေန အာယုနာ၊ နတ်၌ ဖြစ်သော အသက်ရှည်ခြင်းဖြင့်၎င်း။ ဒိဗ္ဗေန ဝဏ္ဏေန၊ နတ်၌ဖြစ်သော အဆင်းလှခြင်းဖြင့်၎င်း။ ဒိဗ္ဗေန သုခေန၊ နတ်၌ဖြစ်သော ချမ်းသာခြင်းဖြင့်၎င်း။ ဒိဗ္ဗေန ယသေန။ နတ်၌ဖြစ်သော ညီစးစိမ် အခြံအရံဖြင့်၎င်း။ ဒိဗ္ဗေန အာဓိပတေယျေန၊ နတ်၌ဖြစ်သော အစိုးရသူ၏ အဖြစ်ဖြင့်

ၡင်း။ ဣတိ၊ ဤသို့။ ပဋ္ဌဟိ ၌ာနေဟိ၊ အကြောင်းတရား ငါးပါးတို့ဖြင့်။ အမိဂဏှာတိ၊ လွန်ကဲ၍ ယူနိုင်မေ၏။ (၀၁) လွှမ်းမိုး သ‌ာလွန်လေ၏။

သုမန မင်းသမီး နတ်ပြည်ရောက်တဲ့အခါ ပေးလှူခြင်း ဒါနကုသိုလ် ကောင်းမှု ရှိသူက ပေးကမ်းလှူဒန်းခြင်း ဒါနကောင်းမှု မပြုသောသူကို နတ်၌ဖြစ်သော အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, စည်းစိမ် အခြံအရံ ပေါမျှားခြင်း အစိုးတရ ရှိခြင်းဟူသော အကြောင်း တရား ငါးပါး (၀၁) အကျိုးတရား ငါးပါးထူးကဲ သာလွန်ပေသည်-ဟု အဖြေစကား မိန့်ကြား တော် မူပါတယ်။

သုမနမင်းသမီးကလဲ တဖန်ဆက်ကာ အရှင်မြတ်ဘုရား-အကယ်၍ ထိုသူ နှစ်ယောက်တို့သည် နတ်ပြည်လောကမှ စုတေကျကာ လူ့ရွာ လူလောက ရောက်လာကြလျှင်ကော ဘုရား-ထူးခြားမှု ကွဲပြားမှု ရှိပါသေးသလား-ဟု လျှောက်ထား ပြန်ပါတယ်၊ သုံးလောက ထွဋ်တင်ဘုရားရှင် ကိုယ်တော်မြတ်ကလဲ "သိယာသုမနေ=ထူးပေ၏-သုမန မင်းသမီး" ဟု မိန့်ဆိုကာ သုနမ မင်းသမီး- နတ်ဘဝမှ လူ့ဘဝသို့ ရောက်ပြန်လျှင်လဲ ပေးလှူခြင်း ဒါန ကုသိုလ် ကောင်းမှုရှိသော သူက ဒါနကုသိုလ် ကော‌င်းမှု မပြုသောသူကို လူ၌ဖြစ်သော အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာ ခြင်း, စည်းစိမ် အခြံအရံ ပေါမျှားခြင်း, အစိုးရခြင်း-ဟု ဆိုအပ်သော အကျိုးတရား ငါးပါးပင် သာလွန်ကာ နေပေတယ်-ဟု ဟောကြားတော် မူပါတယ်။

ဆောင်ပုဒ်။ ၁။ ကုသိုလ်ဒါန၊ ပြုလုပ်က၊ မုချရသည်မှာ။
၂။ သက်ရှည်၊ ဆင်းလှ၊ ချမ်းသာရ၊ များစွခြံရံပါ။
၃။ အစိုးရတတ်၊ လူနှင့်နတ်၊ ဖြစ်လတ်ကျိုးငါးပြာ။

နောက်ထပ်တဖန် သုမန မင်းသမီးက ဆက်၍ လျှောက်ပြန်သေးတယ်၊ ဘုန်းတော်ကြီး တော်မူသောမြတ်စွာဘုရား အကယ်၍ ထိုပုဂ္ဂိုလ် နှစ်ယောက်တို့အား လူ့ဘောင်ကို ပယ်ခွာ၍ ရဟန်းဘောင်တက်ခါနေခဲ့ပါမူ ထူးခြားမှု ကွဲပြားမှု ရှိပါဦးမည်လား-ဘုရားဟု လျှောက်ထားပြန်တဲ့ အတွက် မြတ်စွာဘုရားက "သိယာသုမနေ- ထူးခြား ကွဲပြားပေ၏-သုမန မင်းသမီး" ဟုမိန့်ဆိုတော် မူကာ သုမန မင်းသမီး- ရဟန်းဖြစ်တဲ့ အခါမှာလဲ ပေးကမ်း လှူဒါန်းမှု ဒါန ကုသိုလ်ရှိသော ပုဂ္ဂိုလ်က ဒါန ကုသိုလ် မပြုမလုပ်သူ ဒါနကောင်းမှုမရှိသူကို ဤငါးမျိုးတို့ဖြင့် သာလွန်စွာ နေပြန်ပါတယ်။

ဒါနကုသိုလ် ကောင်းမှုရှိသောသူသည် သင်္ကန်းအဘိုးရမှာဆိုလျှင် တပည့်တော်၏ သင်္ကန်းကို သုံးဆောင်ပါ-ဟု အလှူရှင်တို့ တောင်းပန်လှူဒါန်းသော သင်္ကန်းကိုသာ များသောအားဖြင့် သုံးဆောင်ရပေတယ်၊ တောင်းပန်မှု မပြုသောသူ၏ သင်္ကန်းကို သုံးဆောင်ရခြင်း အလွန်ပင် နည်းပါးလှသတဲ့၊ ထိုနည်းတူစွာ- ဆွမ်း, ကျောင်း, ဆေးပစ္စည်းတို့ကိုလဲ လှူဒါန်းလိုသူတို့က တောင်းပန်၍ လှူဒါန်းသော ဆွမ်း, ကျောင်း, ဆေးပစ္စည်းတို့ကိုသာ များသောအားဖြင့် သုံး ဆောင် ရတတ်ပေတယ်၊ တောင်းပန်ခြင်း မပြုသော ဆွမ်း, ကျောင်း, ဆေးပစ္စည်းတို့ကို သုံး ဆောင်ရမှုကား အလွန်ပင် နည်းပါး လှပါတယ်တဲ့။

၅။ နောက်ပြီးတော့-အတူနေ သီတင်းသုံးဘော်များကလဲ ဒါနကုသိုလ် ကောင်းမှု ရှိသူအား ဧာယကံ, ဝစီကံ, မနောကံ သုံးပါးလုံး ခင်မင်လေးစားမှု များစွာဖြင့်သာ ဆက်ဆံနေထိုင်တတ်ကြပါတယ်၊ လေးစားခင်မင်မှု မရှိသော သီတင်းသုံးဘော်ကား အလွန်ပဝ် နည်းပါးလှသတဲ့၊ ဒီအကြောင်း ငါးပါးဟာလဲ ဒါန ကောင်းမှုရှိသော ရဟန်းက ဒါန ကောင်းမှု မရှိသော ရဟန်းအား သာလွန်ခြင်း ငါပါးပင် ဖြစ်ပေတယ်-ဟု ဟောကြားတော် မူပါတယ်၊ ကဲကဲ မှတ်သားမိကြအောင် ဒီလင်္ကာကလေးများကို လိုက်ဆို ထားကြအုံးစို့။

ဆောင်ပုဒ်။ ၁။ ရဟန်းဖြစ်လျှင်၊ အလှူရှင်၊ ငါးအင်ကျိုးရသည်။
၂။ ဆွမ်း-သင်္ကန်း ကျောင်း, ဆေး၊ ပစ္စည်းလေး၊ လှူပေးမည့်သူ ပေါလှသည်။
၃။ သမဂ္ဂများ၊ ကံ-သုံးပါး၊ လေးစားကြည်ဖြူ ဆက်ဆံသည်။
၄။ ဒါန-ပြုသူ၊ မပြုသူ၊ ငါးဆူသာ လွန်သည်။
၅။ အင်္ဂုတ္တရ၊ မြတ်ဗုဒ္ဓ၊ ထုတ်ပြ ဟောခဲ့သည်။

နောက်ထပ်တဖန် သုမန မင်းသမီးက ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား-အကယ်၍ ထိုပုဂ္ဂိုလ် နှစ်ယောက်လုံး အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက် သွားကြပါမူ၊ ယင်းပုဂ္ဂိုလ် နှစ်ပါးတို့ ထူးခြားမှု ကွဲပြားမှု ရှိပါသေးသလား- ဘုရား-ဟုလျှောက်ထား ပြန်သဖြင့် မြတ်စွာဘုရားက-

တွေ့ ခေါ်ပနေသာဟံ သုမနေ နကိဉ္စိ နာနာ ကာရဏံ ဝဒါမိ၊ ယဒိဒံ ဝိမုတ္တိယာ ဝိမုတ္တိံ။ (အံ-၅-၂၀) ဟူ၍ ဟောကြားတော် မူပါတယ်။

သုမနေ၊ သုမန၊ ခေါ၊ စင်စစ်ကေန်, အမှန်မှုကား။ အဟံ၊ ငါဘုရားသည်။ ဧကဿ တပါးသောသူ၏။ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်နှင့်။ ဣတရဿ၊ တယောက်သောသူ၏။ ဝိမုတ္တိံ၊ အရဟတ္တဖိုလ်ကို။ အာရဗ္ဘ၊ အာရုံတခု အကြောင်းပြု၍။ ယဒိဒံ နာနာ ကရဏံ၊ ထူးထွေကွဲပြားအကြင်ခြားနားခြင်းကို။ ဝတ္တဗ္ဗံ၊ ဆိုအပ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တွေ့၊ ဤ အရဟတ္တဖိုလ်တရား၌။ ကိဉ္စိ၊ တစုံတခုသော။ တံနာနာကရဏံ၊ ထိုထူးထွေကွဲပြား ခြားနားခြင်းကို။ နဝဒါမိ၊ ဟောတော်မမူ။

မြတ်စွာဘုရားက- သုမန မင်းသမီး အရဟတ္တဖိုလ် အရာမှာ- (ဝါ) ကိလေသာ ကုန်ခန်းရဟန္တာဖြစ်သော အခါမှာတော့-တယောက်သောသူ၏ အရဟတ္တဖိုလ်နှင့် တပါးသောသူ၏ အရဟတ္တဖိုလ်ကို ထူးခြားမှု ကွဲပြားမှု ရှိတယ်-ဟူ၍ ငါဘုရား ဟောကြားတော် မမူပေ-ဟု မိန့်ဆိုတော် မူပါတယ်။

ထိုအခါ သုမန မင်းသမီးက ဝမ်းမြောက် ဝမ်းသာစွာဖြင့် ပြောဆို လျှောက်ထားသည်မှာ "အစ္ဆရိယံဘန္တေ=မဖြစ်ဘူးမြဲ ထူးကဲစွာ ဖြစ်ပါပေသည်" အရှင်ဘုရား။

ယာဝဉ္စိဒံ ဘန္တေ အလမေဝ ဒါနာနိ ဒါတုံ= ဤ ပေးကမ်း လှူဒါန်းခြင်း ဇလှူဒါနကို အလွန်လျှင် ပေးလှူသင့်လှပါသည် အရှင်ဘုရား။

အလံ ပုညာနိ ကာတုံ= ကုသိုလ် ကောင်းမှုတို့ကို ကြိုးစား အားထုတ်ခြင်းငှာ သင့်လှပါပေသည် ဘုရား။

အလဲ့ဒါန မည်သည် နတ်ဖြစ်သော သူအားလည်း ကျေးဇူး များလှပေ၏၊ လူဖြစ်သော သူအားလည်း ကျေးဇူး များလှပေ၏၊ ရဟန်းဖြစ်သော သူအားလည်း ကျေးဇူး များလှပေ၏- ဟု လျှောက်ထား ပြောဆိုပါတယ်။

မြတ်စွာဘုရားကလည်း သုမနမင်းသမီး သင်လျှောက်သော စကားသည် မှန်လှပေ၏၊ အလှူဒါန မည်သည်ကို ပြုလုပ်ခြင်းငှာ သင့်လှပေ၏၊ လှူဒါန်းခြင်းငှာ သင့်လှပေ၏၊ ပေးကမ်း လှူဒါန်းခြင်း ဒါနကုသိုလ်သည် နတ်ဖြစ်သော ဘဝမှာလဲ ကျေးဇူးများလှပေ၏၊ လူဖြစ်သော ဘဝမှာလဲ ကျေးဇူး များလှပေ၏၊ ရဟန်းဘဝ ရောက်လျှင်လဲ ကျေးဇူး များလှပေ၏- ဟု မိန့်ဆိုတော်မူကာ ဤ ဂါထာများကို ဟောကြားတော် မူပါတယ်။

ယထာပိ စန္ဒော ဝိမလော ဂစ္ဆံ အာကာသဓာတုယာ။
သဗ္ဗေ တာရာဂဏေ လောကေ အာဘာယ အတိရောစတိ။
တထေဝ သီလသမ္ပန္နော၊ သဒ္ဓေါ ပုရိသပုဂ္ဂလော။
သဗ္ဗေ မစ္ဆရိနော လောကေ၊ စာဂေန အတိရောစတိ။
(အံ -၅- သုမနသုတ္တ ၂၀)။

သုမနေ၊ သုမနမင်းသမီး။ အာကာသဓာတုယာ၊ အဇဋာဝေဟင် ကောင်းထင် ခရီးဖြင့်။ ဂစ္ဆံ- ဂစ္ဆန္တော၊ မပြတ်ရွေလျား လှည့်လည်သွားသော။ ဝိမလော၊ ဆီးနှင်း, မြူ,တိမ်, သူရိန်, မီးခိုး ပြစ်မျိုး ငါးအင် ကင်းပစင်သော။ စန္ဒော၊ နတ်တို့ပျော်စံ လဗိမာန်သည်။ လောကေ၊ လောကဝ၌။ သဗ္ဗေ၊ ကြွမ်းမဲ့ဥသုံ အလုံးစုံကုန်သော။ တာရာဂဏေ၊ အမှောင်ဖြိုခွင်း အလင်းဆောင်ကာ သောကြာ အစရှိသော ကြယ်တာရာအပေါင်းတို့ကို။ အာဘာယ၊ မိမိစွမ်းဆောင် အရောင်အဝါဖြင့်။ အတိရောစတိ ယထာပိ၊ အမှန်တကယ်လွန်၍ တင့်တယ်လေဘိသကဲ့သို့။ တထေဝ၊ ပမာနှိုင်းယှူ ထိုနည်းအတူ သာလျှင်။ သီလသမ္ပန္နော၊ အကျင့်သီလ အာစာရနှင့် ပြည့်စုံသော။ သဒ္ဓေါ၊ ရတနာသုံးတန် ကံကံ၏ အကျိုး မြော်ကိုးယုံကြည်ခြင်းရှိသော။ ပုရိသပုဂ္ဂလော၊ ကုသိုလ်တရား မပြတ်ပွားလို ယောကျ်ားမြတ်သော ပုဂ္ဂိုလ်သည်။ လောကေ၊ ကောင်းကျိုး ဆိုးကျိုး အမျိုးမျိုးစုံသော လောကဘုံ၌။ သဗ္ဗေ၊ တယောက်မကြွင်းခပင်းဥဿုံအလုံးစုံကုန်သော။ မစ္ဆရိနော၊ မပေးရက်လိုဝန်တိုသောသူတို့ကို။ စာဂေန၊ သဒ္ဓါရဲရဲ ပေးလှူစွန့်ကြဲခြင်းဖြင့်။ အတိရောစတိ၊ ကောင်းမှုပြုက ကောင်းကျိုးရသဖြင့် မုချတကယ် လွန်၍ တင့်တယ် ရလေတော့သတည်း။

သံသရာဝဋ်ဘောင်ဆာကင်းလွတ်အောင် ရှောင်ခွာလျက်မထွက်နိုင်ကြသေးသောသူများအဘို့ ဒါနကုသိုလ် အကျိုးတရားဟာ အလွန် တရားထူးခြား လုပါပေတယ်၊ လောကမှာ ကောင်းကင်ခရီးဖြင့် လှည့်ကာ သွားနေတဲ့ အညစ် အကြေး ငါးအင် သန့်ရှင်း စင်ကြယ်သော လ,ရထားယာဉ်သည် သောက်ရှူး ကြယ်ပြောင် အခေါင်များစွာ ကြယ်တာရာတို့ကို မိမိ၏ အလင်းရောင် အရောင် အဝါဖြင့် သာလွန်ကာ တင့်တယ်လေဘိ သကဲ့သို့ ထိုနည်း တူစွာ အကျင့် သီလနှင့် ပြည့်စုံသော ရတနာ

သုံးပါး ကံ, ကံ၏ အကျိုး တရားတို့ကို ယုံကြည်ခြင်း ရှိသော အမျိုးကောင်း သား အမျိုးကောင်း သမီးသည် လောက၌ သူတပါးတို့အား စေတနာ သဒ္ဓါထက်သန်စွာဖြင့် မပေးရက်လို ဝန်တိုစေးနဲ သူတို့ကို မိမိ ရရှိသမျှ ပစ္စည်း လာဘ်သာဘတို့ကို ခွဲခြားဝေဘန် စွန့်ကြဲ ပေးကမ်းခြင်းဖြင့် သာလွန် မြင့်မောက် အထက်တန်းရောက်ကာ တင့်တယ်ရ ပါတယ်တဲ့။

အဲဒါကြောင့်မို့ တရားတော်နာ ကြွရောက် လာကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော် ကောင်းတို့လဲ ဒါနကုသိုလ်ကောင်းမှု ပြုလုပ်သူနှင့် မပြုလုပ်သူ အဘယ်သူက အဘယ်သို့ ကောင်း ကျိုး ဆိုးကျိုးကို ရရှိနိုင်ပေသည်- ဟု သတိသမ္ပဇဉ် အမြဲယှဉ်ပြီး အစဉ်ကြိုးစား အားထုတ်နိုင်ကြဘို့ ပင်ဖြစ်ပေတယ်နော်၊ ယခုဘဝမှာပင် သံသရာဝဋ်ဇာတ် ကင်းပြတ်ငြိမ်းမည် ယုံကြည် စိတ်ချ မရှိကြ သေးတဲ့ သူများအဘို့တော့ ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုဟာ တကယ်ကို လိုအပ်လှပါတယ်။

ကဲ-ကဲ ဒါနကုသိုလ် ကောင်းမှု အကျိုးတရားကို ဟောကြားလာခဲ့တာ အချိန်လဲ တော်တော် ကြာမြင့်သွားပေပြီ၊ တရားတော်နာယူသူ ဒကာ ဒကာမ အများလဲ ညောင်းညာ နေလောက်ကြပြီ ထင်ပါရဲ့၊ တရားတော်နိဂုံး အဆုံးသို့လဲ ရောက်လေပြီဖြစ်တဲ့အတွက် ယနေ့တရားပွဲ သိမ်းကြရအောင် လက်အုပ်ကိုယ်စီ ချီထားကြပေတော့။

ဒါနံ တာဏံ မနုဿာနံ၊ ဒါနံ ဗန္ဓုပရာယနံ။
ဒါနံ ဒုက္ခာဓိပန္နာနံ၊ သတ္တာနံ ပရမာ ဂတိ။

(ရှေးနည်းအတိုင်း အနက်ပေးပါ)

(အဘိဓမ္မာတပ်၍ တရားပွဲသိမ်းရန်)

❁ ❁ ❁ ❁ ❁

### ကောင်းမှုပြုချင်, စိတ်ဓာတ်ဝင်သော်, လျင်မြန်စောစွာ, ပြုလုပ်ရာသည့် အကြောင်းကို ပြဆိုသော-

## ကောင်းမှုဒါန - အကျိုးပြတရားတော်

ပုညံ့ မာတာဝ ပုတ္တံ ဟိ၊ အနုရက္ခတိ ပုညိကံ။
တသ္မာဟိ အတ္တနော နာထံ၊ ပုညံ့ ကရေယျ ပဏ္ဍိတော။

တောင်္ဆေ့ာ၊ ခုရေနောင်ပါ, ကောင်းဘိုရာကို, မှန်စွာလိုလား။ အို- အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ ဟိ၊ ကောင်းမှုရှိန်စော် အာနုဘော်ကြီးမားမှုကို သီးခြားပြုဆာ ထုတ်ပြ လိုက်ပါဦးအံ့။ လောကသ္မိံ၊ လူ့ရွာဌာန လူ့လောက၌။ မာတာ၊ ပြဟ္မစိုရိတရား မပြတ်ပွားသည် စိတ်ထားဖြူစင် မွေးမိခင်သည်။ ပုတ္တံ၊ ကိုးလလွယ်ပြား, ဆယ်လဖွားသည့်, ရှစားမငြိး, သားသမီးကို။ အနုရက္ခတိဣဝ၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး, ဆင့်ဆင့် တိုးအောင် အမျိုးမျိုး ညွန်ပြလျက် အစဉ်ထာဝရ စောင့်ရှောက် လေသကဲ့သို့။ ပုညံ၊ ဒါနသီလ စသည်အစု မြတ်ကောင်းမှုသည်။ ပုညိကံ၊ သဒ္ဓါရှင်လန်း ကြိုးပမ်းပြုလျှင် ကောင်းမှုရှင်ကို။ အနုရက္ခတိ၊ ပစ္စုပ္ပန်မှာလဲချမ်းသာ သံသရာမှာလဲဝမ်းသာဘို့ ကောင်းစွာမသွေ အစဉ်ထာဝရ စောင့်ရှောက် တတ်ပါပေ၏။ တသ္မာဟိတသ္မာဧဝ၊ ကောင်းမှုပြုဆ ကောင်းကျိုးရဟု ဒိဋ္ဌသိမြင် ထို့ကြောင့်ပင် လျှင်။ ပဏ္ဍိတော၊ ရှေ့နောက်အကြောင်း ကောင်းမကောင်းကို ကျိုးကြောင်းမြော်ကြည့် အမှန် သိသည့် ပညာရှိပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ နာထံ၊ ဖြစ်ရေက်လေရာ မှီရာအစစ် အားထား ရာဖြစ်သော။ ပုညံ၊ တဆင့်ထက်တဆင့် မြင့်ထက်မြင့်အောင် အဆင့်ပွားတိုး ဒါန,သီလ-အစရှိသော ကုသိုလ်ကောင်းမှု အမျိုးမျိုးကို။ ကရေယျ၊ လုံ့လကြိုးကုတ် အားထုတ်လျက်သာ ပြုလုပ်လေရာ သတည်း။ (ဝါ) ကရေယျ- ကောင်းမှုသည်သာ အားထားရာဟူ ကောင်းစွာမြင်သိ သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်၍ လျင်မြန်စောစွာ ပြုလုပ်လေရာသတည်း။

ယနေ့ ဟောပြောမဲ့ တရားတော်က "ကုသိုလ်ပုည ပြုကြလျင်လျင် ကိုယ့်တွက်ပင်" ဆိုတဲ့ တရားအဘောကို ဟောကြားဘို့ ဖြစ်ပါတယ်၊ ဗဟုသုတနည်းပါး အချို့သောသူများက ကုသိုလ် ကောင်းမှုတရားစုကို ပြုရမည်ဆိုပါက အယူအဆတွေလွဲမှားပြီး တရားတော်နှင့် မလျော်တဲ့ အသိ အမြင်မျိုးတွေ ရှိနေတတ်ကြပါတယ်၊ သူတို့ရဲ့ အယူအဆတွေက "ဒါနပြုလျှင် ကုန်ခမ်းသည်၊ သီလ ဆောက်တည်လျှင်တော့ ကိုယ်နွမ်းသည်၊ သမထဘာဝနာ ပွားများမြန်တော့- စိတ်ပန်းသည်" တဲ့ ဤကဲ့သို့ အယူအဆလွဲမှားမှုတွေ, တွေဝေမှုတွေဟာ တရားသဘောအမှန်ကို ကောင်းမသိကြရှာလို့ဘဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့်မို့ ကုသိုလ်ကောင်းမှုဆိုတာ သံသရာဘဝ အဆက်ဆက် မိမိရဲ့ ကောင်းကျိုး အတွက် ဖြစ်တယ်ဆိုတာ သိစေလိုသဖြင့် "ကုသိုလ်ပုည၊ ပြုကြလျင်လျင်-ကိုယ့်တွက်ပင်" ဆိုတဲ့ တရားအဘောကို ဟောပြောရခြင်း ဖြစ်ပါတယ်။

လောကမှာ သားသမီးများ အပေါ်ဝယ် ဖြဟ္မစိုရ်တရား မပြတ်ပွားကြသဖြင့် ကျေးဇူးကြီးမားလှသော မိဘနှစ်ပါးတို့ဟာ မိမိတို့ရင်ဖွား သားနှင့်သမီးတို့ကို ယခုပစ္စုပ္ပန်မှာ ကြီးပွားကြစေချင်, သံသရာ အဆက်ဆက် အတွက်ပင် ကြီးပွား ကြစေချင်ကြသဖြင့် မိမိတို့ ဉာဏ်အမြင် ရှိသလောက် အမျိုးမျိုး စောင့်ရှောက်ကြတယ်၊ နည်းပေးလမ်းပြ ဆုံးမကြတယ်၊ ထိုကဲ့သို့ အမိ အဘ တို့သည် သားသမီးတို့အား အစဉ်မပြတ် စောင့်ရှောက်ကြလေသကဲ့သို့–ထိုနည်းတူစွာ ဒါန, သီလ, ဘာဝနာ ဆိုတဲ့ ကောင်းမှု ကုသိုလ်တရားများကလဲ ထက်သန်သော စေတနာ, ဖြူစင်သော သဒ္ဓါဖြင့် တကြိမ်တခါ အားထုတ် ပြုလုပ်ရုံမျှဖြင့်ပင် ကုသိုလ်ကောင်းမှုရှင်ကို ပစ္စုပ္ပန်မှာလဲ ကြီးပွားချမ်းသာအောင် သံသရာမှာလဲ ကြီးပွားချမ်းသာအောင် နောက်မှ အစဉ်မပြတ် လိုက်ကာ စောင့်ရှောက် နေတတ်ပါတယ်၊ အကျိုးပေးတတ်ပါတယ်တဲ့၊ သို့အတွက်ကြောင့် ပစ္စုပ္ပန် သံသရာ နှစ်မြှာအကျိုး တိုးပွားစေရေး မြော်တွေးမြင်သိသော ပညာရှိ အမျိုးကောင်းသား အမျိုးကောင်းသမီးများဟာ မိမိတို့ရဲ့ အားထားရာ, ထောက်တည်ရာ, မှီရာဖြစ်ကြသော ကုသိုလ်ကောင်းမှုများကို ယနေ့လို အချိန်တောင်း အခါကောင်းက ကြိုးစားပြီး အားထုတ်ထားကြရမည်-လို့ ဆိုလိုပါတယ်နော်၊ ကုသိုလ်ကောင်းမှုဆိုတာ သတ္တဝါတို့၏ ပစ္စုပ္ပန် သံသရာ ဘဝနှစ်ဖြာလုံးမှာ အကုသိုလ် အညစ်အကြေးမှ စင်ကြယ်ကြောင်း ဖြစ်သော တရားသဘောကို ဆိုလိုတာတဲ့- (ဒကာကြီး ဦးစိန်ရှဲ)၊ ဒါ့ကြောင့်မို့ သဒ္ဒဝိဒူပါရဂူ အရှင်မြတ်များက–

ပုနန္တိ သုဇ္ဈန္တိ သတ္တာ စေတနာတိ ပုညံ– လို့ ပုညသဒ္ဒါကို ဝိဂြိုဟ် ဝစနတ္ထ ပြုတော်မူကြတယ်။

**စေတန**၊ ဤတရားသဘောဖြင့်။ သတ္တာ၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ **အပေါင်းတို့သည်။** ပုနန္တိသုဇ္ဈန္တိ၊ အကုသိုလ်ရန်ဘေး, အညစ်အကြေးမှ ကင်းဝေးပြီးလျှင် သန့်ရှင်းစင်ကြယ်ကြလေကုန်၏။ ဣတိတသ္မာ၊ ထိုသို့ အကုသိုလ် အညစ်အကြေးမှ ကင်းဝေး စင်ကြယ်ကြောင်းဖြစ်သောကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။ ပုညံ၊ ပုည မည်ပေ၏။ (ဝါ) ကုသိုလ်အစုကောင်းမှု မည်ပေ၏။

ယခု ပစ္စုပ္ပန်ဘဝမှာဖြစ်စေ, နောက် သံသရာဘဝအဆက်ဆက်အတွက်ဖြစ်စေ, အကုသိုလ် အညစ်အကြေးတို့မှ ကင်းဝေးကာ သန့်ရှင်းဖြူစင်ကြောင်းဖြစ်သောကြောင့် ကုသိုလ်ကောင်းမှုကို ပုည–လို့ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်၊ ကောင်းမှုကုသိုလ် ရှိသော ပုဂ္ဂိုလ်သည် ယခုဘဝမှာလဲ ကြည်သာရွှင်လန်း ဝမ်းမြောက်ဘို့ဖြစ်တယ်၊ နောင် သံသရာ ဘဝမှာလဲ ကြည်သာရွှင်လန်း ဝမ်းမြောက်ဘို့ရာ ဖြစ်ပါတယ်တဲ့၊ ဒါ့ကြောင့်မို့ သုံးလောက ထွဋ်ထား မြတ်စွာဘုရားက–

ဣဓ **မောဒတိ** ပေစ္စ မောဒတိ၊ ကတပုညော ဥဘယတ္ထ မောဒတိ။
**သော** မောဒတိ၊ သော ပမောဒတိ၊ ဒိသွာ ကမ္မဝိသုဒ္ဓိ မတ္တနော။
(ဓမ္မပဒ-ဂါထာ-၁၆)။

ဟူ၍ ဟောကြားတော် မူပါတယ်။

ဘိက္ခဝေ၊ သံသရာဘေး, လာမည့်ရေးကို, မြော်တွေးကြောက်ငြား, အို-ချစ်သားတို့။ ကတပုညော၊ ယုံကြည်သက်ဝင်, စိတ်အစဉ်ဖြင့်, မြော်မြင်ရှေးရှု, ပြုအပ်ပြီးသော ကောင်းမှု ရှိသောသူသည်။ ဣဓ၊ ပစ္စုပ္ပန်ကာလ ဤ ယခုဘဝ၌လည်း။ **မောဒတိ**၊ ကြည်သာရွှင်လန်း,

ဝမ်းမြောက်ရလေ၏။ ပေစ္စ၊ တမလွန်လောက နောက်ဘဝ၌။ မောဒတိ၊ ကောင်းကျိုးတရား' ခံစားပြီးကာ, ကြည်သာရွှင်လန်း, ဝမ်းမြောက်ရလေ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ဘဝတို့၌။ မောဒတိ၊ ဝမ်းမြောက်ရလေ၏။ သော၊ ကုသိုလ်တရား, ကြိုးစားစုဆောင်း, ထို သူတော်ကောင်းသည်။ အတ္တနော၊ မိမိ၏။ ကမ္မဝိသုဒ္ဓိံ၊ အပြစ်ကင်းသဖြင့် သန့်ရှင်းစင်ကြယ်သော မိမိ၏ ကောင်းမှုကုသိုလ်ကံကို။ ဒိသွာ၊ အမှန်ပကတိ သိမြင်ရ၍။ ပမောဒတိ၊ ကြည်သာရွှင်လန်း ဝမ်းမြောက်ရလေ၏၊ ပမောဒတိ၊ အလွန် ဝမ်းသာရလေ၏။ ပမောဒတိ၊ သေပြီးသည့်နောက် ကောင်းမြတ်ရာဘုံသို့ ရောက်သဖြင့် အလွန့်အလွန် ဝမ်းမြောက်ရလေတော့သတည်း။

လောက၌ ဒါန သီလ အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ကြိုးစား ပြုလုပ်ထားသော ပုဂ္ဂိုလ်သည် "ငါသည် မကောင်းသောအကျိုးကို ပေးတတ်သော အကုသိုလ် တရားဆိုးကိုကား ဝေးစွာ ရှောင်ရှားခဲ့လေပြီ၊ ကောင်းမြတ်သော အကျိုးကို ပေးတတ်သော ကောင်းမှု ကုသိုလ် တရားများကိုသာ ကြိုးစား၍ ပြုလုပ် အားထုတ်ခဲ့ပေသည်" ဟု ယခုဘဝမှာ မိမိရဲ့ ကောင်းမှု ကုသိုလ်ကို ကြည်ညို ဝမ်းမြောက်ခြင်းဖြင့် ဝမ်းမြောက်ရပေတယ်၊ နောင်အခါ တမလွန်ဘဝမှာ တော့-ကောင်းမြတ်သူတို့၏ ပျော်စံရာ နတ်ရွာ သုဂတိသို့ ရောက်ရှိရ၍ ကောင်းမှု ကုသိုလ်ကံ၏ အကျိုးကို ခံစားရင်း အလွန့်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတတ်ပါတယ်။

မိမိရဲ့ ကောင်းမြတ် သန့်ရှင်း အပြစ်ကင်းလှသော ကောင်းမှုကံရဲ့ အကျိုးကို မြင်တွေ့ရလေ ဝမ်းမြောက်မှု ဖြစ်ရလေလို့ ဆိုပါတယ်၊ ဒါ့ကြောင့်မို့ ယခုဘဝမှာလဲ ကိုယ်စိတ်နှစ်ဖြာ ပူဗျာမသန်း အေးချမ်းစွာ ရှိလို နေလိုလျှင် နောက်နောင်ဘဝမှာလဲ ကိုယ်စိတ်နှစ်ဖြာ ပူဗျာမသန်း အေးချမ်းစွာ ဖြစ်လို နေလိုလျှင် ကောင်းမှု ကုသိုလ်တရားကို ကြိုးစားပြီး ပြုလုပ် အားထုတ်ကြရမည် ဖြစ်ပါတယ်၊ ကုသိုလ်ကောင်းမှု ပြုတဲ့သူဟာ မိမိကိုယ်ကို မိမိ သနားတတ်တဲ့သူ, အကျိုးရှိအောင် ရှက်ဆောင်တတ်တဲ့သူလို့ ခေါ်ရတယ်၊ ကောင်းမှုကုသိုလ်ကို မပြုတဲ့သူ, အားမထုတ်တဲ့သူကိုတော့ မိမိကိုယ်ကို မိမိ မသနားတဲ့သူ, မိမိအကျိုးကို မိမိ ချိုးဖျက်တဲ့သူလို့ ခေါ်ဆိုရမယ်တဲ့-(ဒကာကြီး ဦးချိန်ရဲ့)။

သတ္တဝါတို့ရဲ့ သဘောစရိုက်ဟာ ကုသိုလ်ကောင်းမှု ပြုလုပ်ရမည်ဆိုလျှင် တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေတတ်ကြတယ်၊ ကုသိုလ်ကောင်းမှုဆိုလျှင် ကြောက်နေတတ်ကြတယ်၊ သို့အတွက် မြတ်စွာဘုရားက "ပုညာဘိက္ခဝေ မာဘာယိတ္ထ–ဘိက္ခဝေ၊ အို-ချစ်သား ချစ်သမီးတို့။ တုမှေ၊ သင် ချစ်သား ချစ်သမီးတို့သည်။ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ မာဘာယိတ္ထ၊ မကြောက်မရွံ့ကြကုန်လင့်" လို့ မကြာခဏ သတိပေး တိုက်တွန်းတော်မူရတယ် နော်။

ကဲ-ကဲ မိမိတို့ ထက်သန်သော စေတနာ, ကြည်ဖြူသော သဒ္ဓါတရားဖြင့် ကြိုးစားဖြုလုပ် အားထုတ်ရသော ကောင်းမှု ကုသိုလ်သည် အကျိုးပေးခွင့် အခါသင့်ပါက ပစ္စုပ္ပန်ကာလ ယခုဘဝမှာပင် အကျိုးကိုပေးတတ်တဲ့ သာဓကတရပ် တရားတော်နာယူကြတဲ့ ဒါယကာ, ဒါယိကာမများ မှတ်သားကြရအောင် ထုတ်ဆောင်ကာ ပြရဦးမှာပေါ့။

ဦးပဉ္ဇင်းတို့ သုံးလူ့ထွဋ်ထား မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း စံမူ့လျော် သီတင်းသုံးတော်မူစဉ်အခါက ဖြစ်ပါတယ်၊ ထိုစဉ်အခါမှာ သာဝတ္ထိ နေပြည်တော်၌

ကောသာင္ဗကပုဏ္ဏားလို့ လူအများကခေါ်ဆိုတဲ့ ပုဏ္ဏားတယောက်ရှိသတဲ့၊ ဘာ့ကြောင့်မို့ ကောသာင္ဗကမှ ပုဏ္ဏားလို့ ခေါ်ဆိုပါသလဲ ဆိုတော့ အဲဒီပုဏ္ဏားကြီးနှင့် သူ့ရဲ့ ဇနီး ပုဏ္ဏေးမပေါ် နှစ်ယောက်လုံးမှ အပေါ်က လွှမ်းခြုံဝတ်စရာ အဝတ်ပုဆိုးဟာ တထည်တည်းပဲရှိသတဲ့၊ ဇနီးမောင်နှံ နှစ်ယောက်လုံးမှ အပေါ်ဝတ်ရုံအဝတ် ပုဆိုးက တထည်တည်းရှိလေတော့ ပုဏ္ဏားကြီး အိမ်အပြင်ခရီးသွားတဲ့ အခါမှာ ပုဏ္ဏေးမကြီးက အိမ်တွင်းပုန်း လုပ်နေရရှာတယ်၊ အိမ်အပြင်ကို မထွက်ရဲရှာဘူး၊ ပုဏ္ဏေးမကြီးက အိမ်ပြင် ခရီးသွားတဲ့ အခါကြတော့လဲ ပုဏ္ဏားကြီးဟာ အိမ်တွင်းမှာ နေရရှာတယ်တဲ့၊ လင်မယားနှစ်ယောက်မှအပေါ်ရုံ အဝတ်ပုဆိုးက တထည်တည်းရှိလေတော့ အဘယ်မှာ နှစ်ယောက်ပြိုင်တူအိမ်ပြင် ထွက်နိုင်ပါမလဲ။

ဒီလောကကြီးကိုသာ မညီမျှတဲ့ လောကကြီးပဲဖြစ်တယ်-(ဒကာကြီးဦးစိန်ရဲ့)၊ အနိမ့်ရှိတော့ အမြင့်ရှိတယ်မဟုတ်လား၊ အပူရှိတော့ အအေးရှိတယ်မဟုတ်လား၊ အားလုံး အမြင့်ကြီးဘဲ ဖြစ်နေချင်လို့လဲ မဖြစ်နိုင်ဘူး၊ မရနိုင်ဘူး၊ အနိမ့်ချည်း အားလုံးလဲ မဖြစ်စကောင်းပါဘူး၊ အအေးချည်း အားသို့ဖြစ်အောင် လုပ်လို့လဲ မရနိုင်ပါဘူးနော်၊ လောကမှာ အချို့သူများကတော့ ရွှေငွေ ကျောက်သံ ပတ္တမြားတွေ တိုက်တာ လယ်ယာမြေတွေ ယာဉ်ရထားတွေ ကားတွေ ထားစရာမရှိအောင် မရေမတွက်နိုင်အောင် ပေါများချမ်းသာကြပါတယ်၊ အချို့သူများကြတော့ တနေ့တရက် ညနံနက်အတွက်ပင် အသက်ဆက်ဘို့ အစားအစာကို တောင်တော် ပင်ပင် ပန်းပန်း ရှာဖွေကြရတယ်၊ အဟိတ်က ပါလာတဲ့ ကံတရားကို ဘယ်လို တန်ခိုးရှင်မှ "ဤသို့ ဖြစ်စေသတည်း, ဤသို့ ကြီးပွားချမ်းသာစေသတည်း, ဤသို့ ညီညီမျှမျှ ဖြစ်စေသတည်း" ဟု အမိန့်ပေး စေခိုင်းလို့ မရနိုင်ပါဘူး၊ ဖြစ်စေချင်လို့လဲ မဖြစ်နိုင်ပါဘူးတဲ့၊ သတ္တဝါတွေရဲ့ ကံတရားကိုက အမျိုးမျိုးရှိနေတာကိုး၊ သတ္တဝါတို့ရဲ့ ကြီးပွားချမ်းသာခြင်း အကြောင်းတရားဟာ အကျဉ်းအားဖြင့်တော့ ကံ, ဉာဏ်, ဝီရိယတရား သုံးပါးဖြစ်တယ်၊ ဒီသတ္တဝါ အားလုံးတို့ရဲ့၊ ကံ, ဉာဏ် ဝီရိယ, တရားသုံးပါး ညီညီမျှမျှ ဖြစ်သွားအောင် မည်သည့် တန်ခိုးရှင်မျှ ပြုစီရင်နိုင်ကြမည် မဟုတ်ပါဘူး။

ဒါ့ကြောင့်မို့လဲ လောကကြီးမှာ ကြီးပွားချမ်းသာတဲ့သူက စားမကုန် သောက်မကုန်ပြည့်စုံချမ်းသာပေမဲ့ ဆင်းရဲတဲ့သူများကြတော့ ဝမ်းလဲမဝ, ခါးလဲမလုံဘဲ ဘဝကုန်ဆုံးပြီး နိဂုံးသာချုပ်သွားရ ကြတာဘဲ။

ထိုအခါ ဇောတိက, ဇဋိလ, မေဏ္ဍက, ကာကဝဏ္ဏ, အစရှိတဲ့ သဌေးကြီးများ ကြတော့ စားရှိမ်ကုန် သောက်၍ မကုန် ထားဘို့ရာပင် နေရာ မရှိနိုင်အောင် ချမ်းသာကြွယ်ဝ ပေါများတယ် မဟုတ်လား၊ ယခု ကောသာင္ဗကတို့ ဇနီးမောင်နှံမှာလဲ နှစ်ယောက်လုံးရဲ့ အပေါ်က ခြုံစရာ ရုံစရာ အဝတ်ပုဆိုးကို တထည်းတည်းသာ ရှိကြရှာတယ်နော်၊ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားကလဲ ဇေတဝန်ကျောင်းတော်မှာ နေ့တရားပွဲ-ညတရားပွဲ မစဲအောင် ကျင်းပဟောပြော၍ ဝေနေယျ သတ္တဝါအများတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူနေသောအခါ ကာလဖြစ်ပါတယ်၊ သို့အတွက် တနေ့သောအခါမှာမြတ်စွာဘုရားကရားတော် ကြားနာလာကြရန် နှိုးဆော်တိုက်တွန်းတဲ့ ဓမ္မဃောသက ပုဂ္ဂိုလ်တယောက်ဟာ သာဝတ္ထိမြို့တွင်း လှည့်လည်ပြီး နှိုးဆော်ပါတယ်တဲ့။

ပညာဗီဇံ ရောပနာယ။ အာဂန္တွာန ဇေတဝနံ။
မဇ္ဈေသတိ ဘဂဝါ ဓမ္မံ၊ သုဏာထ ပုညဝန္တံ။

ဘောဓန္တော၊ သံသရာဝဋ်တွင်း၊ ကျင်လည်ခြင်း၌ ဆင်းရဲလှအင် ကြုံတွေ့မြင်သဖြင့်၊ လွတ်မြောက်ချင်ငြား အို- အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ တုမှေ၊ ကုသိုလ်ပုညမြတ်ဓမ္မ၌ လုံ့လ အားသီး သင်-အမျိုးကောင်း သားသမီးတို့သည်။ ပုညဗီဇံ၊ ဘဝနောင်ခါ အစဉ်ပါမည့် ဥစ္စာဖြစ်ကြောင်း ကောင်းသောအမှု မျိုးစေ့စုကို။ ရောပနာယ၊ နောင်ခါကာလ သုံးစွဲရအောင် ကျဲချင့်ကပ်ပျိုးခြင်းငှာ။ ဇေတဝနံ၊ ဇေတဝန်ခေါ် ဘုရားရှင် ကျောင်းတော်သို့။ အာဂန္ထ၊ စေတနာတရား ထက်သန်စွာထားပြီး ကိုးစား၍သာ ကြွရောက် လာကြပါကုန်လော့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ ဘဂဂုဏ်နှင့် ပြည့်စုံတော်မူငြား မြတ်ဘုရားသည်။ ဓမ္မံ၊ ဆင်းရဲကင်းပ ချမ်းသာရကြောင်း တရားကောင်းကို။ (ဝါ) လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်ပါငြား မြတ်တရားကို။ ဒေသေတိ၊ မဟာကရုဏာ ရှေ့ထားကာဖြင့် ကောင်းစွာမသွေ ဟောကြားတော်မူပါပေ၏။ တုမှေ၊ ချမ်းသာသုံးတန် အမှန်လိုလား သင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ ပုညဝစနံ၊ ကောင်းမှုတရား တိုးပွားကြောင်းဖြစ်သော။ ဓမ္မံ၊ ရှင်တော် ဟောကြားမြတ်တရားကို။ သုဏာထ၊ နာကြားကြပါကုန်လော့။ သုဏာထ၊ ဆင်းရဲကင်းပ ချမ်းသာရဘို့ ဓမ္မာဖြစ်ပုံ ကောင်းစွာယုံ၍ အာရုံတပါး စိတ်မသွားပဲ လေးလေး စားစား နာကြားကြပါကုန်လော့။

ယင်းကဲ့သို့ ဓမ္မဃောသက ပုဂ္ဂိုလ်က လှည့်လည် နှိုးဆော်သော အသံကို ကြားလေလျှင် ပုဏ္ဏားကြီးက "ရှင်မ တရားနာကြွရန် ဖိတ်ခေါ် နှိုးဆော်တဲ့အသံကို ကြားရပေတယ်၊ တရားနာယူဘို့ သင် နေ့အခါကိုသွားမည်၊ ညမှပဲသွားမည်လား ငါတို့မှာ ဝတ်ရုံစရာ အဝတ် ပုဆိုးတထည်သာ ရှိတဲ့အတွက် နှစ်ယောက် အတူ သွားလို့ မဖြစ်ဘူး" လို့ ပုဏ္ဏေးမကြီးကို တိုင်ပင်လေသတဲ့၊ ထိုအခါ ပုဏ္ဏေးမကြီးက "အရှင် ကျွန်မတို့ မိန်းမသားများမှာ ညအခါ သွားလာခြင်းငှာ မသင့်လျော်ပါ နေ့အခါမှာပဲ သွားပြီး တရားနာပါမည်" ဟု ပြောဆိုကာ အပေါ်ဝတ်ရုံပုဆိုးကို ဝတ်ရုံကာ ဘုရား ကျောင်းတော်သို့ တရားနာယူ သွားကြသော ဥပါသိကာမများနှင့် အတူ ဇေတဝန်ကျောင်းတော်သို့ လိုက်ပါသွားပြီး မြတ်စွာဘုရား ကျောင်းကို ကောင်းမွန်ရိုသေစွာ ကြားနာကာ ပြန်လာပါတယ်၊ ပုဏ္ဏားကြီးလဲ နေ့အခါ တနေ့လုံး အိမ်မှာနေရပြီး ညအခါ ပုဏ္ဏေးမကြီးထံမှ အပေါ်ဝတ်ရုံ ပုဆိုးကိုယူကာ ဝတ်ရုံပြီး ဇေတဝန် ကျောင်းတော်သို့သွား၍ မြတ်စွာဘုရား၏ ရှေ့တော်တည့်တည့်မှ နေကာ တရားတော်ကို ကောင်းမွန်ရိုသေစွာ နာယူလျက် နေပါတယ်။

ထိုအခါ မြတ်စွာဘုရားသခင်ကလဲ ပရိသတ်အလယ်၌ တင့်တယ်စွာ တန်ဆာဆင် ထားအပ်သော ပလ္လင်ထက်၌ သီတင်းသုံး ထိုင်နေတော်မူလျက် ဆန်းကြယ်သော ယပ်ကို ကိုင်တော်မူကာ အထက်မိုးကောင်းကင် အာကာသ ဂင်္ဂါမှ ကြီးစွာသော ရေအယဉ်သည် အောက် သမုဒ္ဒရာအပြင်သို့ လျှင်မြန်စွာ စီးဆင်းလာသကဲ့သို့ ဆန်ကြယ်နက်နဲလှစွာသော တရားတော်ကို ဟောကြားတော်မူပါတယ်၊ ဧကသာဋက ပုဏ္ဏားကြီးသည် ကြက်သရေ မင်္ဂလာရှိလှစွာသော သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခာငယ်တို့ဖြင့် တင့်တယ်သပ္ပါယ်လှစွာသော မြတ်စွာရား၏ ရွှေမျက်နှာတော်ကို အားရပါးရဖူးမြင်ရင်း တရားတော်ကို နာယူရင်းက တကိုယ်လုံး ပီတိတွေ တဖွားဖွား ဖြစ်နေသတဲ့။

အထဿ သရီရံ ဖရမာနာ ပဉ္စဝဏ္ဏာ ပီတိ ဥပ္ပဇ္ဇိ၊

(ဓမ္မ-ပဒ-၄-၃-၁)။

အထ၊ ထိုအခါ၌။ အဿ၊ ထို ကောသာဠကပုဏ္ဏားကြီး၏။ သရီရံ၊ တွင်းပစုရုံး တကိုယ်လုံးကို။ ဖရမာနာ၊ ပြန့်နှံ့စေလျက်။ ပဉ္စဝဏ္ဏာ၊ ငါးမျိုးငါးစား အပြားရှိသော။ ပီတိ၊ ရွှင်လန်းနှစ်သက်ခြင်း ပီတိသည်။ ဥပ္ပဇ္ဇိ၊ ရိုးရိုးရွရွ တမွမွဖြင့် ကောင်းစွာမသေ့ ဖြစ်ရလေပြီတကား။

ကောသာဠကပုဏ္ဏားကြီးမှာ တရားနာရင်း ငါးမျိုးအပြားရှိ နှစ်သက်မှုပီတိများ တဖွားဖွား ဖြစ်ပေါ်ပြီး နေလေတော့သတဲ့၊ ပီတိငါးမျိုး ဆိုတာကတော့–

၁။ ခုဒ္ဒိကာပီတိ– ကြက်သီးမွေးညင်း ထရုံမျှသာ ဖြစ်သော နှစ်သက် ရွှင်ပြခြင်းကို ခေါ်ပါတယ်။

၂။ ခဏိကာပီတိ– လျှပ်စစ်ပြက်သကဲ့သို့ တခဏခြင်း ဖြစ်ပြီးလျှင် တခဏခြင်း ပျက်သွားသော နှစ်သက်ခြင်းမျိုး ခေါ်ပါတယ်။

၃။ ဩက္ကန္တိကာပီတိ– မြစ်ရေပြင်တွင် ဒီလှိုင်းကြီးများထ၍ ဖုံးလွှမ်း သက်ရောက်လာသော နှစ်သက်ခြင်းကို ခေါ်ပါတယ်။

၄။ ဥဗ္ဗေဂါပီတိ– နှစ်သက်ခြင်း ပီတိ၏ အဟုန်ဖြင့် ကိုယ်ကို အထက်သို့ ကြွတက် လွင့်မြောက်သွားစေနိုင်သော ပီတိမျိုးကို ခေါ်ပါတယ်။

၅။ ဖရဏာပီတိ– ဆီထည့်သော ဂွမ်းကဲ့သို့ တကိုယ်လုံး စီးဆင်းယိုကျ တမွမွ တသိမ့်သိမ့် တစိမ့်စိမ့် ကြာမြင့်စွာ ပြန့်နှံ့ကာဖြစ်နေသော ပီတိမျိုးကို ခေါ်ပါတယ်၊ ဒီလိုဆိုတော့ ကြားပြီး ပျောက်သွားကြလိမ့်မယ်၊ လင်္ကာကလေးတွေနှင့် မှတ်သားကြဦးစို့–

## ပီတိ ငါးမျိုး

**ဆောင်ပုဒ်။** ၁။ ခုဒ္ဒခဏိ၊ ဩက္ကန္တိကာ၊ ဥဗ္ဗေဂါဖရဏာ-ပီ ငါးဖြာ။
၂။ မွေးညင်းထရုံ၊ နှစ်သက်ပုံ၊ ခေါ်တုံ-ခုဒ္ဒိကာ။
၃။ လျှပ်စစ်ပြက်မျှ၊ တခဏ၊ ဖြစ်က-ခဏိကာ။
၄။ ဒီလှိုင်းထသွင်၊ လွှမ်းမိုးလျှင်၊ ခေါ်တွင်-ဩက္ကန္တိကာ။
၅။ ကောင်းကင်အထက်၊ လွင့်မြောက်တက်၊ မှတ်ချက်-ဥဗ္ဗေဂါ။
၆။ ဂွမ်းဆီထိမျှ၊ စိမ့်ယိုကျ၊ ဖြစ်က-ဖရဏာ။
၇။ ပီတိငါးခု၊ ဖြစ်ပျက်မှု၊ မှတ်ရှု-သိဘို့ရာ။

ကောသာဠက ပုဏ္ဏားကြီးသည် ယင်းကဲ့သို့ ပီတိငါးပါး တဖွားဖွား ဖြစ်လျက်ရှိရာ သဗ္ဗညု မြတ်စွာဘုရားအား တခုခု လှူဒါန်း ပူဇော်လိုသော စိတ် ဖြစ်ပေါ်လာ၍ မိမိ ဝတ်ရုံလာသော အပေါ်ဝတ်ရုံ ပုဆိုးကို အမှတ်ရသဖြင့် ဝတ်ရုံလွှာကို ကောင်းစွာခေါက်ပြီး ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရားအား လှူဒါန်း ပူဇော်မည်-ဟု အကြံအစည် ဖြစ်လေသတဲ့၊ ယင်းသို့ သဒ္ဓါတရား တဖွားဖွားဖြစ်နေဆဲမှာပင် "ငါသည် အကယ်၍ ဤ အဝတ်ပုဆိုးကို မြတ်စွာဘုရား လှူဒါန်းငြားအံ့၊ ဇနီးသည် ပုဏ္ဏေးမလဲ ဝတ်ရုံစရာ မရှိတော့၊ ငါ့မှာလဲ ဝတ်ရုံစရာ မရှိတော့၊ ငါတို့နှစ်ယောက်မှာ ဝတ်ရုံစရာ တထည်သာရှိသဖြင့် ဘယ်သူမှ အိမ်ပြင်သို့ လှည့်လည်သွားလာရန် မဖြစ်နိုင်တော့" ဟူ၍ အလှူဒါန၏ အန္တရာယ်ဖြစ်သော အကြံအစည်တွေ, မစ္ဆေရစိတ်တွေကလဲ တဖွားဖွားဖြစ်လျက် အလှူဒါနကို အနှောက်အယှက် ပေးလေသတဲ့။

ထို ကေသာဠက အမည်ရတဲ့ ပုဏ္ဏားကြီးမှာ မြတ်စွာဘုရားအား ကြည်ညိုလှသဖြင့် မိမိ ဝတ်ရုံသားတဲ့ အပေါ်ရုံ အဝတ်ပုဆိုးကို သဒ္ဓါကြည်ဖြူ ပေးလှူလိုသော စိတ်ဓာကလေး တခု ဖြစ်လာလိုက်၊ "မပေးလှူလေလင့် ဒီ အဝတ်ပုဆိုးတထည် ရှိတာ ပေးလှူပါလျှင် သင်ရော သင့်ဇနီး ပုဏ္ဏေးမကြီးပါ ဝတ်ရုံစရာ ရှိတော့မည် မဟုတ်" ဟု တားမြစ်သော မပေးရက်လို ဝန်တိုမှု မစ္ဆရိယ စိတ်ပေါင်းက တထောင် ဖြစ်လာပြန်သတဲ့၊ တဖန် ပေးလှူလိုတဲ့ သဒ္ဓါတရား စိတ်ကလေးတခု ဖြစ်လာပြန်လျှင် ထို သဒ္ဓါ စိတ်ကလေးတခုကို လွှမ်းမိုး နှိမ်နင်းပြီး မပေးလိုမှု မစ္ဆရိယ စိတ်ပေါင်းတထောင်လောက် ဖြစ်လာပြန်သတဲ့၊ ဒီလိုနှင့်ပင် "ပေးလှူလိုက်တော့အံ့၊ ပေးလှူ၍ မဖြစ်သေး၊ ပေးလှူအံ့၊ လှူ၍ မဖြစ်သေး" ဟူ၍ ကြံစည်ယင်း စဉ်းစားရင်းပင် ညဥ့်ဦးယာမ် လွန်သွား၍ ညဥ့်သန်းခေါင်ယာမ် မဇ္ဈိမယာမ်သို့ ရောက်ရှိလာတယ်၊ ထိုအချိန်အထိလဲ မပေးလှူဖြစ်သေးဘူးတဲ့၊ ထိုကဲ့သို့ သဒ္ဓါတရား စိတ်က တချက် ဖြစ်လာလျှင် မစ္ဆရိယ စိတ်က ထောင်ပေါင်းများစွာ ဖြစ်လာပြီး လွှမ်းမိုးကာ အနိုင်ယူ၍ သွားကာ ပစ္ဆိမယာမ်ခေါ်တဲ့ နောက်ဆုံး မိုးသောက်ယာမ် ရောက်လာတော့ ကေသာဠက ပုဏ္ဏားကြီးမှာ အကြံတမျိုး ပေါ်လာတယ်တဲ့။

မမ သဒ္ဓါစိတ္တေန မစ္ဆေရစိတ္တေန သဒ္ဓိံ ယုဇ္ဈန္တဿေဝ ဒွေ ယာမာ ဝီတိဝတ္တာ၊ ဣဒံ မမ တ္တေကံ မစ္ဆေရစိတ္တံ ဝဍ္ဎမာနံ စတူဟိ အပါယေဟိ သီသံ ဥက္ခိပိတုံ နဒဿတိ၊ ဒဿာမိ နံ။ (ဓမ္မ-ဋ္ဌ-ဒု-၂)။

မမ၊ သာဝတ္ထိပြည်မှ၌ ကေသာဠက ဟု အမည်ရသော ငါသည်။ သဒ္ဓါစိတ္တေန၊ ပေးလှူလိုလို ကြည်ညိုသော သဒ္ဓါစိတ်နှင့်ငှင်း။ မစ္ဆေရစိတ္တေန၊ မပေးရက်လို ဝန်တိုသော မစ္ဆရိယ စိတ်နှင့်ငှင်း။ သဒ္ဓိံ၊ တကွ။ ယုဇ္ဈန္တဿေဝ၊ ငါနိုင် သူနိုင် ယှဉ်ပြိုင်အားကိုး စစ်ထိုးနေစဉ်မှာပင် လျှင်။ ဒွေယာမာ၊ ညဥ့်ဦးယာမ်, သန်းခေါင်ယာမ် နှစ်ခုတို့သည်။ ဝီတိဝတ္တာ၊ တရွေရွေ ကုန် လွန်လေကုန်ပြီ။ မမ၊ ငါအား။ (ဝါ' ငါ၏။ တ္တေကံ၊ ဤမျှလောက်ဖြစ်သော။ ဣဒံ မစ္ဆေရစိတ္တံ၊ မပေးရက်လို ဝန်တိုခြင်း ဤ မစ္ဆရိယစိတ်သည်။ ဝဍ္ဎမာနံ၊ တစ တစ ကြီးပွားလတ်သော်။ မမ၊ ငါအား။ စတူဟိ အပါယေဟိ၊ အပါယ်လေးပါးတို့မှ။ သီသံ၊ ဦးခေါင်းကို။ ဥက္ခိပိတုံ၊ ကြွခြင်းငှာ။ (ဝါ)ထောင်ခြင်းငှာ။ နဒဿတိ၊ မပေးလတံ့။ နံ၊ ထို အဝတ်ပုဆိုးကို။ ဘဂဝတော၊ မြတ်စွာ ဘုရားအား။ ဒဿာမိ၊ ပေးလှူပေတော့အံ့-သတည်း။

ငါသည် ပေးလှူလိုသော သဒ္ဓါတရားစိတ်နှင့် မပေးရက်လို ဝန်တိုသော မစ္ဆရိယ စိတ်တို့ ငါနိုင်, သူနိုင် ယှဉ်ပြိုင် စစ်ထိုးနေစဉ်မှာပင် ညဥ့်ဦးယာမ်နှင့် သန်းခေါင်ယာမ်တို့ ကုန်လွန်သွားလေပြီ၊ မပေးရက်လို စေးနဲ ဝန်တိုသော ဤ မစ္ဆရိယစိတ်ဓာတ်သည် တစ တစ ကြီးပွားလာလျှင် ငါအား အပါယ်လေးပါးတို့မှ ခေါင်းထောင်နိုင်တော့မည် မဟုတ်ပေ၊ ငါသည် ယခုအခါ ထို အဝတ်ပုဆိုးကို သုံးလောက ထွဋ်ထား မြတ်စွာဘုရား လှူဖြစ်အောင် ပေးလှူတော့အံ့၊ ဖြစ်လိုရာ ဖြစ်ပါစေ, နောက်အခါမှ ကြည့်စီရင်ပေတော့မည်-ဟု ကြံစည်ကာ မိမိကိုယ်ပေါ်၌ လွှမ်းခြုံထားသော အဝတ်ပုဆိုး ဝတ်ရုံလွှာကို ကောင်းမွန်စွာ ခေါက်ပြီးလျှင် သတ္တဝါ အများအား အမြိုက်တရား ရေအေး တိုက်ကျွေးတော်မူနေသော မြတ်စွာဘုရားအနီးသို့ ကေသာဠက ပုဏ္ဏား ချည်းကပ်ကာ သွားပါတယ်။

သော မစ္ဆေရသဟာယံ အဘိဘဝိတွာ သဒ္ဓါစိတ္တံ ပုရေစာရိကံ ကတွာ သာဋကံ
အာဒါယ သတ္ထုပါဒမူလေ ဌပေတွာ "ဇိတံမေ,ဇိတံမေ"တိ တိက္ခတ္တုံ မဟာသဒ္ဒ
မကာသိ။ (ဓမ္မ-ဋ္ဌ-ဒု-၂)။

သော၊ သာဝတ္ထိပြည်မှ၌ ဧကသာဋက အမည်ရှိသော ထိုပုဏ္ဏားကြီးသည်။ မစ္ဆေရသဟာယံ၊ မလှူရဖော်လို ဝန်တိုလေဘိ မစ္ဆရိယစိတ် တထောင်ကို။ အဘိဘဝိတွာ၊ ဖယ်ရှားဖျက်ဆီး နှိမ်နင်းပြီး၍။ သဒ္ဓါစိတ္တံ၊ ကြည်ညိုလန်းဆန်း ပေးကမ်း လှူဒါန်းလိုသော သဒ္ဓါစိတ်ကို။ ပုရေစာရိကံ ကတွာ၊ အမှန်လေးစား ရှေ့သွားပြု၍။ သာဋကံ၊ အဝတ်ပုဆိုးကို။ အာဒါယ၊ ယူ၍။ သတ္ထု၊ လူသုံးပါးတို့၏ ဆရာ ဘုရားမြတ်စွာ၏။ ပါဒမူလေ၊ ခြေတော်ရင်း၌။ ဌပေတွာ၊ ရိုသေလေးစား ချထားပြီးလျှင်။ "မေ၊ ငါသည်၊ ဇိတံ၊ အောင်ရန်ခက်ခဲ, ဤစစ်ပွဲကို, မလွဲမသွေ, အောင်ရလေပြီ။ မေ၊ ငါသည်။ ဇိတံ၊ အောင်ရန်ခက်ခဲ, ဤစစ်ပွဲကို, မလွဲမသွေ, အောင်ရလေပြီ"။ ဣတိ၊ ဤသို့။ တိက္ခတ္တုံ၊ သုံးကြိမ်သုံးခါ။ မဟာသဒ္ဒံ၊ ကြောက်ထိတ်လန့်ဘွယ် ကျယ်စွာသောအသံကို။ အကာသိ၊ မြေမဟီကွဲ မြင့်မိုရ်လဲမျှ ထူးကဲရှင်လန်း ဝမ်းသာသမှု ပြုလေပြီတကား။

ဧကသာဋက ပုဏ္ဏားကြီးရဲ့ စိတ်သန္တာန်မှာ မစ္ဆရိယစိတ်တွေ တဖွားဖွား ဖြစ်လာလိုက်, ရံခါ တချက်တချက် လှူဒါန်းလိုတဲ့ သဒ္ဓါတရား စိတ်ကလေး လျှပ်စစ်ပြက်သလို လက်လာလိုက်နှင့် မစ္ဆရိယစိတ်နှင့် သဒ္ဓါစိတ်တို့ ငါနိုင်, သူနိုင် ယှဉ်ပြိုင် စစ်ခင်းနေရာက မစ္ဆရိယစိတ်ကို လွှမ်းမိုး နှိမ်နင်းပြီး သဒ္ဓါစိတ်က အနိုင်ရကာ မြတ်စွာဘုရားအား အဝတ်ပုဆိုး လှူဒါန်းဖြစ်သွားပါတယ်၊ သို့အတွက် ပုဏ္ဏားကြီးခမျာ လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြင့် "ဇိတံမေ-ဇိတံမေ၊ ငါအောင်ပြီကွ- ငါအောင်ပြီ" လို့ သုံးကြိမ်သုံးခါ အသံကျယ်စွာ ဟစ်အော်လိုက်သတဲ့-(ဒကာကြီး ဦးချိန်ရှဲ)၊ ပုဏ္ဏားကြီးမှာ လူသာမန်တို့ တကာယ်ပြုနိုင်ခဲတဲ့ အမှုကို ပြုလိုက်ရတာ နော်၊ ဘေးက လူများက ကြည့်လျှင်တော့ "အဝတ်ပုဆိုး တထည်မျှပဲ ဘာ တန်ဘိုးများလို့လဲ" ဆိုစရာပေါ့၊ သို့သော်လဲ သူတို့ ပုဏ္ဏားဇနီးမောင်နှံ နှစ်ယောက်လုံးမှာ ဒီအဝတ်တထည်သာ ချမ်းသာရှာကြတာ မဟုတ်လား၊ ယခုအခါ သူ့ဘိုလက်ထဲမှာရှိတဲ့ တသည်ဘည်းသော ဒီအဝတ်ကို ဖြစ်လိုရာဖြစ်ပါစေ-ဆိုပြီး အနှမြော မဖက်၊ ရက်ရက်ရောရော စွန့်ကြဲ ပေးကမ်း လှူဒါန်းလိုက်ရတာကိုး၊ သို့မို့ကြောင့် ပြုနိုင်ခဲတဲ့အမှုကို ပြုရခြင်း, အောင်မြင်နိုင်ခဲတဲ့ စစ်ပွဲကို အောင်နိုင်ရခြင်း-လို့ ခေါ်ရသတဲ့၊ ဒီလို အလှူဒါန ပြုကြရ တာလဲ လောကမှာ တဖက်ရန်သူနှင့် တဖက်ရန်သူ ယှဉ်ပြိုင် တိုက်ခိုက်နေရတဲ့ တကဲ့ စစ်ပွဲနှင့် အလားတူသဘဲ၊ ဒါ့ကြောင့်မို့ ဦးပဥ္စင်းတို့ မြတ်စွာဘုရား အလောင်းတော် ဘဝပါရမီ ဖြည့်စဉ် အခါက သိဝိတိုင်း, ရေရုဝမြို့တော်၌ ရေရုဝမင်းကြီး ဖြစ်စဉ်အခါမှာ သမုဒ္ဒဝိဇယာ အမည်ရှိတဲ့ မိဖုရားကြီးနှင့်အတူ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ခုနစ်ပါးကို ပင့်ဖိတ်ဆွမ်းလှူရာ ပမစ္စကဗုဒ္ဓါ အရှင်မြတ် တပါးက -

ဒါနဉ္စ ယုဒ္ဓဉ္စ သမာနမာဟု၊ အပ္ပါပိ သန္တာ ဗဟုကေ ဇိနန္တိ။
အပ္ပမ္ပိ စေ သဒ္ဒဟာနော ဒဒါတိ။ တေနေဝ သော ဟောတိ သုခီ ပရတ္ထ။
(ဇာ-ဋ္ဌ-ဇာ-၄၄၈)။

ဟူသော ဂါထာကို ဆွမ်းဒါန အနုမောဒနာတရား ဟောကြားတော်မူခဲ့ပါတယ်၊

မဟာရာဇ၊ ရေရှဝဟု နာမကျော်ဟီး အို-မင်းကြီး။ ဒါနဥ္စ၊ သဒ္ဓါရှင်လန်း ပေးကမ်းလှူဒါန်းခြင်းသည်၎င်း။ ယုဒ္ဓဥ္စ၊ တဖက်နှင့် တဖက် ယှဉ်ပြိုင်လျက်သာ စစ်မက်ထိုးခြင်းသည်၎င်း။ သမာနံ၊ သဘောချင့်ဆ တူမျှပေ၏-ဟူ၍။ အာဟု၊ ကြောင်းကျိုးသိမြင်, ပညာရှင်တို့, ဆင်ခြင်အလို မြွက်ဆိုကြလေကုန်၏။ သန္တာ၊ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသော သဘော ရှိကုန်သော သူတို့သည်။ အပ္ပါပိ၊ မပြောပဘွယ် အနည်းငယ်မျှ ဖြစ်ကြကုန်သော်လည်း။ ဗဟုကေ၊ ကြောက်ရွံ့တတ်ငြား, များစွာကုန်သော သူတို့ကို။ ဇိနန္တိ၊ တိုက်ဖျက်နိုင်နင်း စစ်ခင်းပြီးလျှင် အောင်မြင်လေကုန်၏။ ယောပုဂ္ဂလော၊ အမှတ်မထင် အကြင်ပုဂ္ဂိုလ်သည်။ သဒ္ဓဟာနော၊ ရတနာသုံးတန် ကံ-ကံ၏ အကျိုး မြော်ကိုးခံမှီ, ယုံကြည်သည်ဖြစ်၍။ အပ္ပမ္ပိ၊ ပန်းတပွင့် ရေတမှုတ်, ဘာမဟုတ်ဟု, သမုတ်ခေါ်မှန်း တဇွန်းတယောက်မ အနည်းငယ်မျှကိုသော်လည်း။ စေဒဒါတိ၊ အကယ်၍မူ ပေးလှူပေအံ့။ တေနေဝ၊ ထိုသို့ သဒ္ဓါကြည်ဖြူ ပေးလှူခြင်းကြောင့်သာလျှင်။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပရတ္ထ၊ တမလွန်ဘဝ နောက်ကာလ၌။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်ရလေတော့သတည်း။

**ဆောင်ပုဒ်။** ၁။ ပေးလှူစွန့်ကြဲ၊ စစ်ထိုးပွဲ၊ မလွဲ တူလှသည်။

၂။ ရဲရင့်မူကား၊ နည်းစေငြား၊ လူများ နိုင်,နိုင်သည်။

၃။ သဒ္ဓါကြည်ဖြူ၊ နည်းငယ်လှူ၊ ကျိုးမူ များလှသည်။

၄။ ထိုကြောင့် အလှူရှင်၊ နောင်ခါတွင်၊ စုံလင် ပြည့်ဝ ချမ်းသာသည်။

လောကမှာ ပေးကမ်းလှူဒါန်းခြင်းနှင့် စစ်ထိုးခြင်းသည် ဘယ်ပုံ တူကြသလဲ၊ ဘာ့ကြောင့် လှူဒါန်းခြင်းနှင့် စစ်ထိုးခြင်း တူကြသလဲ ဆိုတော့–အသက်စွန့်ရမည်ကို ကြောက်ရွံ့တတ်သော သူသည် စစ်မထိုးဝံ့ဘူးတဲ့၊ ကိုယ့်အသက်ကို ငဲ့ကွက်ခြင်း မထားပဲ "ခြေလက်အင်္ဂါ ကျိုးပဲ့ပျက်စီးသည် ဖြစ်စေ, အသက်ပင် သေဆုံးသည်ဖြစ်စေ ဤ အစိုးရခြင်း မင်းစည်းစိမ် ချမ်းသာကို ရအောင် ယူပေအံ့" ဟု ရဲတင်းခြင်းရှိသော စိတ်အကြံဖြင့် အဓိဋ္ဌာန်ပြုကာ အားထုတ်သောသူမှသာလျှင် တဖက်ရန်သူနှင့် ယှဉ်ပြိုင်ကာ ငါနိုင်, သူနိုင် စစ်ထိုး စစ်တိုက်ခြင်း ပြုတတ်ပါတယ်၊ ထိုနည်းအတူပါပဲ ပစ္စည်းဥစ္စာ ကုန်ခန်းမှာ စိုးရိမ်သောသူလဲ သူတပါးတို့အား သဒ္ဓါကြည်ဖြူ မပေးလှူတတ်ပါဘူးတဲ့၊ စည်းစိမ်ဥစ္စာတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်အံ့၊ အလှူဒါနလဲ ပေးအံ့-ဟု ပြောဆိုသောသူသည် ပေးလှူခြင်း မဖြစ်နိုင်ပါပေ၊ ပစ္စည်းဥစ္စာတို့၌ တွယ်တာ တပ်မက်မှုကို ပယ်စွန့်၍ ကုန်ချင်ကုန်ခမ်းပါစေ ပေးလှူဒပေအံ့-ဟု မြဲမြံသော စိတ်ဖြင့် ပြုလုပ် ဆောင်ရွက်သော သူမှသာလျှင် လှူဒါန်းဖြစ်ပါတယ်၊ ဒါကြောင့်မို့ ပေးကမ်း လှူဒါန်းခြင်းနှင့် စစ်ထိုးခြင်းကို တူတယ်-လို့ ဆိုရပါတယ်တဲ့။

နောက်တနည်း ပေးလှူခြင်း ဒါနနှင့် စစ်ထိုးခြင်း တူမျှပုံမှာ–

ထောကာပိ သမာနာ ပရိစ္စတ္တဇီဝိတာ ဗဟု ဇိနန္တိ၊ ဧဝမေဝ အပ္ပါပိ မုဉ္စ စေတနာ

ဗဟုမ္ပိ မစ္ဆေရစိတ္တံ လောဘာဒိ ံဝါ ကိလေသ ဂဏံ ဇိနာတိ။ (ဇာ-ဋ္ဌ-တ ၄၄၉)။ ဟူ၍ အဋ္ဌကထာ ဖွင့်ပြထားပါတယ်၊ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ မပြောပဘွယ် အနည်းငယ်မျှပင် ဖြစ်ကုန်သော်လည်း ကိုယ့်အသက်ကို စွန့်လွှတ်ထားကုန်သော သူတို့သည် ရာ, ထောင်မက

များပြား လှကုန်သော သူတို့ကို လွယ်ကူစွာ အောင်မြင် ကြရသည့်အတူ အနည်းငယ်မျှ ဖြစ်သော စွန့်လွှတ်ပေးလှူကြောင်း မုဉ္စစေတနာသည်လည်း ရာ, ထောင်မက များပြားလှစွာသော အလှူ ရက်လို ဝန်တိုခြင်း မစ္ဆရိယစိတ်ကိုငင်း, လောဘ အစရှိသော ကိလေသာ တောခြုံ အရှုပ်အထွေး ကိုငင်း, ရှင်းလင်း ခုတ်ဆွင် အောင်မြင် နိုင်ပါတယ်။

ယထာစ ယုဒ္ဓေ အပ္ပကာပိ ဝီရပုရိသာ ဗဟုကေ ဘီရုပုရိသေ ဇိနန္တိ၊ ဧဝံ သဒ္ဓါ
ဒိသမ္ပန္နော အပ္ပကမ္ပိ ဒါနံ ဒဒန္တော ဗဟု မစ္ဆေရံ မဒ္ဒတိ၊ ဗဟုဥ္စ ဒါနဝိပါကံ
အဓိဂစ္ဆတိ၊ ဧဝမ္ပိဒါနဉ္စ, ယုဒ္ဓဉ္စသမာနံ။ (သံဘတ္တ-ဋ္ဌ ပ ပ-၅၇)။

စ၊ တနည်းတဖုံ ဒါနနှင့် ယုဒ္ဓတူမျှပုံကို သိသာရုံပြဆိုပါဦးအံ့။ ယုဒ္ဓေ၊ တဖက်နှင့်တဖက် ယှဉ်ပြိုင်လျက်သာ စစ်ထိုးရာ၌။ အပ္ပကာပိ၊ မပြောပဘွယ် အနည်းငယ်လည်း ဖြစ်ကုန်သော။ ဝီရပုရိသာ၊ စွမ်းအားနှင့်ပြည့်လင့်, ရဲရင့်ခြင်း ရှိကုန်သော ယောကျ်ားတို့သည်။ ဗဟုကေ၊ သိန်း သန်းရာထောင် မကအောင်လျှင် များမြောင်လှ ကုန်သော။ ဝီရပုရိသေ၊ အဇ္ဈတ္တနည်းပါး ကြောက် ရွံ့ခြင်း ရှိကုန်သော ယောကျ်ားတို့ကို။ ဇိနန္တိယထာ၊ လွယ်ကူခဏ အောင်မြင်ကြရ ကုန်သကဲ့သို့၊ ဧဝံ၊ ဤနည်းမခြား အလားတူစွာ။ သဒ္ဓါဒိသမ္ပန္နော၊ ရတနာသုံးတန် ကံ-ကံအကျိုး မြော်ကိုး ယုံကြည်ခြင်း စသည်နှင့် ပြည့်စုံသော အမျိုးကောင်း သားသမီးသည်။ အပ္ပကမ္ပိ၊ အနည်းငယ် လည်း ဖြစ်သော။ ဒါနံ၊ ပန်းတပွင့်, ရေတမှုတ်, ဆွမ်းတလုပ်ဟု သမုတ်မည်ပြု အလှူဝတ္ထုကို။ ဒဒန္တော၊ သဒ္ဓါရွှန်လန်း, ပေးလှူဒါန်းသော သူသည်။ ဗဟုမစ္ဆေရံ၊ ထောင်သောင်းမက, များ ပြားလှငြား, မစ္ဆရိယ တရားကို။ မဒ္ဒတိ၊ ချိုးဖွဲ့ ပျက်ဆီး အပြီးပယ်ရှင်း နှိပ်နင်းလေ၏။ ဗဟုံ၊ ဤရွေ့ ဤမျှ ဂဏန်းချ၍ မရနိုင်ရာ များလှစွာသော။ ဒါနဝိပါကဥ္စ၊ ပေးကမ်း လှူဒါန်းရခြင်း၏ အကျိုးရင်းကိုလည်း။ အဓိဂစ္ဆတိ၊ မုချပိုင်ပိုင် ရရှိနိုင်ခလေ၏။ ဧဝမ္ပိ၊ ဤသို့ ထင်ရှားစွာ အခြင်း အရာ အားဖြင့်လည်း။ ဒါနဥ္စ၊ သဒ္ဓါကြည်ဖြူ ပေးလှူခြင်းသည်လည်းငင်း။ ယုဒ္ဓဥ္စ၊ တဖက်ဖက်, ယှဉ်လျက် အမျိုးမျိုး စစ်ထိုးခြင်းသည်ငင်း။ သမာနံ၊ ကြောင်းရာမြော်ဆ, သဘာဝအားဖြင့် မုချမသွေ တူမျှလေသည်သာတည်း။

တဖက်နှင့်ဟဖက် ရန်သူအချင်းချင်း ယှဉ်ပြိုင် စစ်ခင်းရာမှာ မပြော ပဘွယ် အနည်းငယ်မျှ ဖြစ်ကုန်သော်လည်း စွမ်းအင် သတ္တိ ရဲရင့်ခြင်း ရှိကုန်သော ယောကျ်ားတို့က သတ္တိကင်းဘိ ကြောက်ရွံ့တတ်ခြင်း ရှိကုန်သော များပြားလှကုန်သော ရန်သူ ယောကျ်ားတို့ကို လွယ်လင့်တကူ အနိုင်ယူ နိုင်ကြပါတယ်တဲ့၊ လူအင်အားပင် နည်းပါးသော်လဲ ရဲစွမ်းသတ္တိ ရှိသူက အနိုင်ရမြဲ ဖြစ်တယ်ဆိုတဲ့ကို မြန်မာ့ ရာဇဝင် ပြန်ကြည့်ပါလျှင်၊ ကျော်ထင် နော်ရထာ "နောင်ရိုးတိုက်ပွဲ" မှာ မိမိတို့ လူအင်အား နည်းပါးပါလျက် အလွန်များပြားသော တဖက်ရန်သူ စစ်သည်များကို လွယ်လင့်တကူ အနိုင်ယူလိုက် နိုင်ခြင်းက သက်သေခံလျက် ရှိတယ်နော်- (ဒကာကြီး ဦးချိန်)။

ထိုနည်းတူစွာ ပါပဲ-သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား သမီးများဟာလဲ ပန်းတပွင့်, ရေတမှုတ်, ဆွမ်းတလုပ်စာ အနည်းငယ်မျှသော အလှူဝတ္ထုကို ပေးလှူရသော်လဲ **ရာထောင်မက များပြားလှတဲ့ မပေးလို မလှူလိုတဲ့ မစ္ဆရိယ စိတ်ဓာတ်ကို ချိုးဖွဲ့, ဖျက်ဆီး,**

နှိပ်နင်း အောင်မြင်ခြင်းဖြစ်တယ်၊ များလှစွာသော အလှူဒါန၏ အကျိုးတရားကို ရရှိခံစား ရပါတယ်၊ ဤကဲ့သို့ အလှူဒါနနှင့် စစ်ထိုးရခြင်းဟာ တူညီကြသတဲ့။ ကဲ–ပေးလှူခြင်းနှင့် စစ်ထိုးခြင်း တူမျှကြပုံကို ဒီမြန်မာ ကဗျာလေး နှစ်ပုဒ်ဆိုပြီး မှတ်လိုက်ကြရမယ်။

ဆောင်ပုဒ်။   ၁။ ယှဉ်ပြိုင်စစ်ပွဲ-ဆင်နွှဲချိန်ခါ၊ ရဲရင့်ပါက-နည်းလှစေရာ။
ကြောက်ရွံ့သူများ- ဖယ်ရှားပြီးကာ၊ အလွယ်ဘဲ-အောင်ပွဲဆင်မည်သာ။
၂။ အလှူဒါန-ပြုကြသောအခါ၊ ဝန်တိုစိတ်ထား-များပြားလှစွာ။
သဒ္ဓါခေတ်က-ပယ်ဖြတ်ပြီးကာ၊ အနိုင်ယူ-ပေးလှူအကျိုးများစွာ။

ထို ကေသဝ္ဂက ပုဏ္ဏားကြီးဟာ ယင်းကဲ့သို့ မစ္ဆရိယစိတ်နှင့် သဒ္ဓါတရား စိတ်ဓာတ်ကို ယှဉ်ပြိုင် စစ်ထိုးရာက သဒ္ဓါတရား အနိုင်ရသဖြင့် အလှူဒါန မြောက်သွားတယ်နော်၊ သို့အတွက် ဝမ်းမြောက် ဝမ်းသာစွာဖြင့် "ဇိတံမေ-ဇိတံမေ"လို့ သုံးကြိမ်သုံးခါ အသံကျယ်စွာ အော်ဟစ် ကြွေးကြော် ရှာလေသတဲ့။

ထိုစဉ်အခါမှာ သာဝတ္ထိပြည်ကြီးသခင် ဘုရင်ပသေနဒီ ကောသလ မင်းကြီးကလဲ ဘုရားရှင် တရားတော်ကို ကြားနာနေရာ ကေသဝ္ဂက ပုဏ္ဏားကြီး၏"ဇိတံမေ-ဇိတံမေ–ငါအောင်ပေပြီ၊ ငါ အောင်ပေပြီ"လို့ ဟစ်အော်တဲ့အသံ ကြားရတော့ အံ့အား သင့်သွားလေသတဲ့၊ စိတ်ထဲမှာလဲ မချမ်းမသာ ဖြစ်သွားလေသတဲ့၊ ဘာ့ကြောင့်မို့လဲ ဆိုတော့–

ရညောစ နာမ ဇိတံ မေထိ သဒ္ဒေါ အမနာပေါ ဟောတိ။          (ထေရ-၄-၄၃၀)။
ဟူ၍ ဆိုတဲ့အတိုင်း မင်းစိုး ရာဇာမည်သည် တပါးသော သူ၏ "ငါအောင်ပြီ" လို့ ပြောဆိုတဲ့ အသံဟာ နှစ်သက်ဘွယ်မရှိ၊ မင်္ဂလာ မရှိသော အသံသာ ဖြစ်တယ်ဆိုကိုး။ မင်းဆိုတဲ့ အမျိုးက မိမိသာ အမြဲတမ်း အောင်မြင် နေချင်တာ၊ သူတပါးက အောင်မြင်ပြီဆိုတဲ့ အသံဆိုလျှင် နားထဲ ထိုးကျင် သွား တတ် ကြသတဲ့၊ အသံလာရာ လှမ်းကြည့် လိုက်ပြန်တော့ အပေါ်ခြုံထည်မျှ မရှိပဲ ကိုယ်လုံးတည်း ပုဏ္ဏားကြီး တယောက်က ဇိတံမေ-ဇိတံမေလို့ အော်ဟစ် ကြွေးကြော် နေတာ တွေ့မြင်ရတော့-ပိုပြီး အံ့သြခြင်း ဖြစ်ရတော့တာပေါ့၊ သို့အတွက် မင်းချင်း ယောကျ်ားတယောက် သွားမေးမြန်းသောအခါ ပုဏ္ဏားက အိုအရှင်–မင်းစိုး ရာဇာ အစရှိကုန်သော ကြွင်းကုန်သော သူတို့သည် ဆင်,ယာဉ် အစရှိသည်တို့ကို စီးကာ သန်လျက်၊ လေးမြား အစရှိသော လက်နက်တို့ကို စွဲကိုင်ကုန်လျက် တဖက်ရန်သူ စစ်သည်ကို အောင်မြင်ကြပါတယ်။

ထိုသို့ တဖက် ရန်သူကို တိုက်ခိုက် အောင်မြင်ခြင်းဟာ အံ့သြဘွယ်ရာ မဟုတ်သေးပါ၊ ကျွန်ုပ်မှာ မူကား နောက်မှ ရောက်လာသော ကောက်ကျစ် စဉ်းလဲသော နွား၏ ဦးခေါင်းကို တင်းပုတ်ဖြင့် ထုရိုက်၍ ထိုနွားဆိုးကို ပြေးစေဘိသကဲ့သို့ ဆိုးသွမ်း သောင်းကျန်းလှသော မပေး ရက်လို ဝန်တိုမှုဖြင့် မစ္ဆရိယစိတ်ကို ရတနာ သုံးတန် ကံ-ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါ တရား စိတ်ဓာတ်ဖြင့် တွန်းလှန် နှိမ်နင်း၍ ကျွန်ုပ် ဝတ်ရုံလာသော အဇတ် ပုဆိုးကို သဗ္ဗညု မြတ်စွာဘုရားအား သဒ္ဓါခြင်လန်း လှူဒါန်း လိုက်ပါတယ်၊ ကျွန်ုပ်၏ ထို မစ္ဆရိယ စိတ်ဓာတ် ဆိုးကို ဖျက်ချိုး အောင်မြင်ရခြင်းဟာ အံ့သြဘွယ်သော အောင်မြင်ခြင်းသာ ဖြစ်ပါသည်၊

ထို့ကြောင့် ဝမ်းမြောက် လှသဖြင့် ဇီတံမေ-ဇီတံမေ-ဇီတံမေ-ဟု သုံးကြိမ် သုံးခါ ကျူးရင့်မိပါသည်-ဟု ပြောဆိုလေသတဲ့။

ထိုအကြောင်းကို မင်းချင်း ယောကျ်ားက ကောသလ ဘုရင်ကြီးအား ပြောဆို လျှောက်ထားလေလျှင် "အချင်းယောကျ်ား ငါတို့ကား မြတ်စွာဘုရားအား လျှောက်ပတ်သည်ကို မသိရှိကြလေကုန်၊ ဤပုဏ္ဏားကား သိရှိပေ၏၊ "ဤပုဏ္ဏားသည် ပြုနိုင်ခဲသော အမှုကို ပြုနိုင်စွမ်းပေ၏၊ ထိုပုဏ္ဏားအား ချီးမြောက်မှု ပြုပေအံ့" ဟု ဆိုကာ ပုဆိုးအစုံ တစုံပေးပို့ ချီးမြှင့် လေသတဲ့၊ ဘုရင်မင်းမြတ် ချီးမြှင့်ပေးပို့သော အဝတ်ပုဆိုး အစုံကို တွေ့မြင်ရလျှင် ပုဏ္ဏားကြီးက ဒီလိုအကြံဖြစ်လာပါတယ်၊ ဤကောသလ ဘုရင်ကြီးသည် ငါဆိတ်ငြိမ်စွာ ထိုင်နေစဉ် အခါက ငါ့အား တစုံတခုမျှ မပေးပါပဲ၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ချီးကျူးဆိုမှ ပေးကမ်း ချီးမြှင့်ပေသည်၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို အကြောင်းပြု၍ ဖြစ်သော လာဘ်လာဘဖြင့် ငါ့အား အကျိုးမရှိပေ-ဟု ကြံစည်ကာ ထိုပုဆိုး အစုံကိုလဲ၍ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းလိုက်ပြန်ပါတယ်၊ ပုဏ္ဏားကြီးက မြတ်စွာဘုရားအား ထပ်ဆင့်၍ လှူလိုက်ကြောင်း ကောသလဘုရင်ကြီး သိပြန်လျှင် တဆင့်တက်ကာ အဝတ် နှစ်စုံထပ်ပို့ပြန်လေရာ ထိုနှစ်စုံကိုလဲ ပုဏ္ဏားကြီးက ဘုရားရှင်အားပင် ဆက်ကပ်ပြန်လေသတဲ့။

နောက်ထပ် လေးစုံ၊ ရှစ်စုံ၊ တဆယ့်ခြောက်စုံ ပို့ရာမှာလဲ အားလုံးကို ဘုရားအားထပ်၍ ကပ်လှူပြန်ရာ ကောသလဘုရင်ကလဲ နောက်ဆုံး သုံးဆယ့်နှစ်စုံ ပေးပို့ပြန်သတဲ့၊ ထိုအခါမှ ပုဏ္ဏားကြီးက ပြန်လည်စဉ်းစားပြီး "ငါသည် ရတိုင်းရတိုင်း စွန့်ပစ်သည်ဟု သူတပါး ကဲ့ရဲ့ဘွယ်ဖြစ်တော့မည်၊ အဝတ် ပုဆိုးအစုံများကို ပွား၍ပွား၍ ယူနေသကဲ့သို့လဲ ဖြစ်ပေသည်"ဟု ဆင်ခြင်ပြီးကာ မိမိအတွက်တစုံ ပုဏ္ဏေးမကြီးအတွက် တစုံဟု အဝတ်နှစ်စုံကို ယူပြီး ကြွင်းတဲ့ အစုံသုံးဆယ်ကိုတော့ မြတ်စွာဘုရားအား ဆက်ကပ် လှူဒါန်းလိုက်ပြန်သတဲ့၊ အလှူဒါန် အကျိုးဟာ လက်ငင်းဘဲ အကျိုးပေးနေတာနော်၊ အင်းဝခေတ်က ၄ တလုံးဖျက်လိုက်တော့ နှစ်လုံးပေါ်လေသည်၊ နှစ်လုံးဖျက်တော့ လေးလုံး ပေါ်လေသည်၊ ဆိုတဲ့ ဘိုးဘိုးအောင် သီချင်းလို ဖြစ်နေပြီနော်- (ဒကာကြီး ဦးစိန်)၊ သေသေချာချာ မှတ်ကြစမ်းပါ၊ ဝတ်ပုဆိုး လှူတာနဲ့ တစုံရတယ်၊ တစုံလှူတော့ နှစ်စုံရတယ်၊ နှစ်စုံလှူတော့ လေးစုံရသတဲ့၊ တဆင့်တဆင့် တက်သွား လိုက်တာ သုံးဆယ့် နှစ်စုံရောက်မှ စခမ်းသိမ်းတော့တယ်-မဟုတ်လား၊ ဒါလဲ ဆက်လှူနေရင် ဆက်ရနေဦးမည် ထင်တယ်နော်။

ထိုနောက် ကောသလမင်းကြီးက မင်းယောကျ်ားတယောက်ကို နန်းတော်တွင်းသို့ စေလွှတ်၍ အဖိုးတသိန်းထိုက်သော ကမ္ဗလာနှစ်ထည်ကို ယူစေပြီး ယင်း ကောသာငှကပုဏ္ဏားကြီးကို ချီးမြှင့်ပေးကမ်းပြန်သတဲ့၊ ထိုအခါ ပုဏ္ဏားကြီးက "ဤမျှ ကောင်းမြတ်လှသော ကမ္ဗလာတို့ကို ဤ ခန္ဓာကိုယ်ရုပ် အကောင်ပုတ်ကြီး၌ ဝတ်ဆင်မြန်းနေခြင်းဖြင့် အဘယ် အကျိုးရှိပါအံ့နည်း၊ ဤကမ္ဗလာတို့သည်ကား ဗုဒ္ဓမြတ်စွာ သာသနာတော်အားသာ ထိုက်တန် ပါပေသည်"ဟု စဉ်းစားပြီးကာ တထည်ကို မြတ်စွာဘုရား၏ ဂန္ဓကုဋိတိုက်ဝယ် ဘုရားရှင်ကျိန်းစက်ရာနေရာပေါ်မှ မျက်နှာကျက်ပြုကာ လှူဒါန်းလိုက်လေသတဲ့၊ ကျန်တထည်ကိုတော့ မိမိနေအိမ်တွင်အမြဲဆွမ်းဘုဉ်းပေးသောရဟန်း၏ ဆွမ်းစားရာ ဌာနအခါမှာ မျက်နှာကျက် ဖွဲ့ထားလိုက်ပါတယ်။

ကောသလမင်းကြီးသည် ညနေချမ်းအခါ မြတ်စွာဘုရားထံသို့သွား၍ ထိုကမ္ဘလာကို မြင်၍ မှတ်မိသဖြင့် "မြတ်စွာဘုရား–ဤကမ္ဘလာကို အဘယ်သူ ပူဇော်ပါသနည်း"ဟု လျှောက်ထားလေရာ "ကောသဠကပုဏ္ဏား ပူဇော်ပေသည်"ဟု မိန့်ကြားတော်မူသဖြင့် ထို ကောသဠကပုဏ္ဏားသည် ငါ၏ ကြည်ညိုလေးစားရာ ဌာနဌ်သာလျှင် ကြည်ညိုပေသည်–ဟု ပြောဆိုပြီးလျှင် သဗ္ဗစတုက္က ခေါ်တဲ့ ဆုကို ပေးသနား ချီးမြှင့်တော်မူပါတယ်၊ ယင်း သဗ္ဗစတုက္က ဆု ဆိုတာက–

ဆင်လေးစီး, မြင်းလေးစီး, ငွေအသပြာ လေးထောင်, အမျိုးသမီး လေးယောက်, ကျွန်မ လေး ယောက်, ယောကျ်ားလေးယောက်, အခွန်ဘဏ္ဍာအတွက် ကောင်းသော ရွာကြီး လေးရွာ–ဤကဲ့သို့ အလုံးစုံ တရာပြည့်အောင် တမျိုးလျှင် လေးခုပြုကာ ပေးသော ဆုမျိုးကို ခေါ်ပါတယ်။

ထိုစဉ်အခါ ရဟန်းတော်များက တရားသဘင်ခန်းမ၌ အချင်းချင်း ဆိုကြသောအခါ–

"ငါ့ရှင်တို့ – ကောသဠကပုဏ္ဏား ပြုအပ်သော အမှုသည် အလွန် အံ့ဩဘွယ် ရှိပါပေသည်၊ ကောင်းမှုပြု၍ တမုဟုတ်ချင်း တခဏမျှ အတွင်းမှာပင် တမျိုး တမျိုးလျှင် လေးခုစီ လေးခုစီပြု၍ ပေးအပ်သော သဗ္ဗစတုက္ကဆုကို ရရှိလေပြီ၊ "ဣဒါနိ၊ ယခုအခါ၌။ ကတေန၊ ပြုအပ်သော ကလျာဏ ကမ္မေန၊ ကောင်းမှုကံသည်။ အဇ္ဇမေဝ၊ ယနေ့ပင်လျှင်။ ဝိပါကော၊ ကောင်းစွာတိုးပွား အကျိုး တရားကို။ ဒိန္နော၊ ပေးအပ်ပေပြီ"ဟု ပြောဆိုကာ နေကြပါတယ်၊ ယင်းသို့ ကောသဠက ပုဏ္ဏား၏ အကြောင်းကို ဆွေးနွေးပြောဆိုနေစဉ်မှာပင် မြတ်စွာဘုရား ကြွလာတော်မူ၍ "ချစ်သား ရဟန်းတို့၊ ယခုအခါ အဘယ်မည်သောစကားကို ပြောဆိုကာ နေကြကုန်သနည်း"ဟု မေးမြန်းတော်မူသဖြင့် ရဟန်းတော်များက "ဤမည်သော ကောသဠကပုဏ္ဏား၏ အကြောင်းကို ဆွေးနွေး ပြောဆိုနေကြ ပါသည် ဘုရား"ဟု လျှောက်ထားရာ သုံးလူ့ထွဋ်ထား မြတ်စွာဘုရားက "ချစ်သား ရဟန်းတို့–ဤ ကောသဠကပုဏ္ဏားသည် ပဌမယာမ်ခေါ် ညဦးယာမ်၌ ငါဘုရားအား အကယ်၍ လှူဒါန်းငြားအံ့၊ အလုံးစုံ တမျိုးတမျိုးလျှင် တဆယ့်ခြောက်ခုစီပြု၍ လှူသော သောဠသကဆုကို ရရှိလေ၏။ မဇ္ဈိမ ယာမ်ခေါ်တဲ့ သန်းခေါင်ယာမ်မှာ အကယ်၍ လှူဒါန်းဖြစ်ငြားအံ့၊ အလုံးစုံ တမျိုး တမျိုးလျှင် ရှစ်ခုစီ ရှစ်ခုစီပြု၍ လှူဒါန်းသော သဗ္ဗအဋ္ဌကဆုကို ရရှိနိုင်၏၊ ယခု အလွန်မိုးလင်းလုပြီးလင်းအားကြီး ဖြစ်သော ပစ္ဆိမယာမ်၌ ပေးလှူခြင်းကြောင့် ထို ကောသဠကပုဏ္ဏားသည် အလုံးစုံ တမျိုးမျိုးလျှင် လေးခုစီ လေးခုစီပြု၍ ပေးလှူသော သဗ္ဗစတုက္ကဆုမျှကိုသာ ရရှိခြင်း ဖြစ်ပေသည်–ဟု မိန့်ကြားပြီး လျှင် ရဟန်းတို့အား တရားစကား ဆက်လက် ဟောကြားတော်မူလိုသဖြင့်–

> ကလျာဏကမ္မံ ကရေယျေန ဟိ ဥပ္ပန္နံ စိတ္တံ အဟာပေတွာ တံခဏေယေဝ ကာတဗ္ဗံ၊
> ဒန္ဓံကတံ ကုသလံသမ္ပတ္တိ ဒဒမာနံ ဒန္ဓမေဝ ဒဒါတိ၊တသ္မာစိတ္တုပ္ပါဒ သမနန္တရမေဝ
> ကလျာဏကမ္မံကာတဗ္ဗံ။ (ဓမ္မ ဋ္ဌ-ဒု-န)။

ဟိသစ္စံ၊ မှန်လှပေ၏။ ကလျာဏကမ္မံ၊ ကောင်းသောအမှုကို။ ကရေယျေန၊ ပြုသောသူသည်။ ဥပ္ပန္နံ၊ ခဏမကြာ ဖြစ်ပေါ်လာသော။ စိတ္တံ၊ စိတ်ကို။ အဟာပေတွာ၊ မဆုတ်ယုတ် မပျောက်ကွယ် စေမူ၍။ တံခဏေယေဝ၊ စိတ်ဖြစ်ကာမျှ ထိုခဏ၌ပင်လျှင်။ ကာတဗ္ဗံ၊ ဆောလျှင်မကြာ ပြုလုပ်ရာ၏။ တသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ဟိယသ္မာ၊ အကြင်ကြောင့်။ ဒန္ဓံကတံ၊ တွန့်ဆုတ်နှံ့နှေး လေးလေးကန်ကန် ပေါ့တန်တန် ပြုအပ်သော။ ကုသလံ၊ ဒါန, သီလ စသည်အစု ကောင်းမှုကုသိုလ်

သည်။ သမ္ဗတ္တိံ၊ စည်ပင်ဖွံ့ဖြိုး အကျိုးတရားကို။ ဒဒမာနံ၊ အမှန်မုချ ပေးရသည်ရှိသော်။ ဒန္ဓမေဝ၊ တွန့်ဆုတ်နှံ့နှေး ဖြေးဖြေးသာလျှင်။ ဒဒါတိ၊ ပြုသောစေတနာ ညီမျှစွာလျှင် မကွာမနှေး ပေးတတ်ပေ၏။ တသ္မာ၊ ထိုကြောင့်။ စိတ္တုပ္ပါဒသမနာန္တရမေဝ၊ ကုသိုလ်စိတ်ဓာတ် ဖြစ်ပေါ်လတ်ငြား အခြားမဲ့သော ကာလ၌သာလျှင်။ ကလျာဏမ္မံ၊ အပြစ်ကင်းလတ် ကောင်းမြတ်သောအမှုကို။ ကာတဗ္ဗံ၊ အပြစ်ကင်းလတ် ထက်သန်သော စေတနာဓာတ်ဖြင့် လျင်မြန်ဖြတ်လတ် ပြုလုပ်အပ်သည်သာတည်း။

ကုသိုလ်ကောင်းမှုကို ပြုလုပ်သော ပုဂ္ဂိုလ်သည် မိမိ၏ စိတ်အစဉ်၌ အခွင့်ကြုံကာ ဖြစ်ပေါ်လာသော စိတ်ကို တွန့်ဆုတ်ခြင်း, ဆုတ်ယုတ်ခြင်း မဖြစ်စေမူ၍ ဖြစ်ပေါ်လာသော ခဏမှာပင် လျင်လျင် ပြုလုပ်အပ်ပေတယ်တဲ့၊ အကြောင်းကတော့ ကောင်းမှုကုသိုလ်ကို နှံ့နှံ့နှေးနှေး ဖြေးဖြေး အေးအေး ခပ်လေးလေးပြုလျှင် ယင်းကုသိုလ်၏ အကျိုးပေးသောအခါမှာလဲ နှံ့နှံ့နှေးနှေး ခပ်လေးလေးပင် ပေးတတ်ပါတယ်၊ သို့အတွက် ဒါန, သီလ, ဘာဝနာ-အစရှိသော ကောင်းမှုကုသိုလ် ပြုရန် စိတ်ဖြစ်ပေါ်လာလျှင် ယင်းစိတ်ဖြစ်ပြီးသော အခြားမဲ့မှာပင် ဒါန,သီလ,ဘာဝနာ-ဟူသော ကောင်းမှုကုသိုလ်ကို ကြည်ညိုလေးမြတ် ပြုအပ်လှပေသည်-ဟု မိန့်ဆိုပြီးနောက် တရားအနုသန္ဓေကို စပ်၍ တရားဒေသနာ ဂါထာကို ဟောကြားတော်မူပါတယ်။

အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတီမနော။ (ဓမ္မပဒ ဂါထာ–၁၁၆)။

ဘိက္ခဝေ၊ ကိလေသာရန်ဆိုး တရားမျိုးကို ဖျက်ချိုးဘို့ရန် တရားမှန်ကို ရှာကြံလိုလားအို–အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ စိတ္တံ၊ မကောင်းမှု၌ မွေ့လျော်လိုက်၍ စရိုက်ဆိုးသွမ်း စိတ်သရမ်းကို။ ပါပါ၊ ကာယဝစီ,တလီမန ဒုစ္စရိတ၊ ပါပအစု မကောင်းမှုမှ။ (ဝါ) အကုသိုလ်တရားမျိုးမှ။ နိဝါရယေ၊ အပြစ်ကင်းပ သန့်ရှင်းရအောင် မကြာခဏ တားမြစ်လေရာ၏။ ကလျာဏေ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုး တိုးပွားစေကြောင်း ကောင်းမှု ကုသိုလ်တို့ကို။ အဘိတ္ထရေထ၊ ဆောလျင်မြန်စွာ ပြုလုပ်လေရာ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဟိ၊ ယသ္မာ၊ အကြင်ကြောင့်။ ဒန္ဓံ၊ နှံ့နှံ့နှေးနှေး ဖြေးလေးစွာ။ ပုညံ၊ ဒါန, သီလ, သမထ ဝိပဿနာ, ဘာဝနာအစု ကောင်းမှုကုသိုလ်ကို။ ကရောတော၊ ဆည်းပူးအားထုတ် ပြုလုပ်သောသူ၏။ မနော၊ ယိမ်းယိုင်လှုပ်ရှား ပြေးသွားတတ်သော စိတ်အစဉ်သည်။ ပါပသ္မိံ၊ မကောင်းညစ်ဆိုး အကုသိုလ် ဒုစရိုက်အမျိုး၌။ ရမတိ၊ သာယာရှင်ပျော် မွေ့လျော်တတ်ပါပေ၏။ တသ္မာ၊ ထို့ကြောင့်။ စိတ္တံ၊ စိတ်ကို။ ပါပါ၊ မကောင်းညစ်ဆိုး အကုသိုလ် ဒုစရိုက်မျိုးမှ။ နိဝါရယေ၊ သတိသမ္ပဇဉ် အမြဲယှဉ်ကာ တားမြစ်လေရာ၏။ ကလျာဏေ၊ ပစ္စုပ် သံသာ နှစ်ဖြာအကျိုး တိုးပွားစေကြောင်း ဒါန, သီလ အစရှိသော ကုသိုလ်ကောင်းမှုတို့ကို။ အဘိတ္ထရေထ၊ ဆောလျင်မြန်စွာ ပြုလုပ်လေ၏။ အဘိတ္ထရေထ၊ ကုသိုလ်သည်ကား ကိုယ့်တွက်တာ ဟု ကောင်းစွာမြော်မြင် သတိယှဉ်၍ လျင်မြန်ဆောစွာ ပြုလုပ်လေရာသတည်း။

**ဆော့ာင်ပုဒ်။** ၁။ ကုသိုလ်ပြုစဉ်၊ နှံ့နှေးလျှင်၊ စိတ်စဉ်ချွတ်လျက်-ပျက်တတ်သည်။
၂။ မကောင်းမှု၌၊ စိတ်စရိုက်၊ ပျော်ပိုက်ရှင်စွာ-နေတတ်သည်။
၃။ စိတ်ဆိုးတားမြစ်၊ ကုသိုလ်စစ်၊ အားသစ်လျင်စွာ-ပြုရာသည်။

ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ ဒါန,သီလ,ဘာဝနာ ဟူသော ကုသိုလ်ကောင်းမှုတို့ကို ကြိုးစား အားထုတ် ပြုလုပ်သောသူသည် မိမိရဲ့ ကောင်းမြတ်သော စိတ်ဓာတ်ကို မကောင်းမှု အကုသိုလ်တရား ဒုစရိုက်များမှ ကင်းဝေးစွာ ရှောင်ရှားတားမြစ်ရမည်၊ ဒါန, သီလ, သမထဝိပဿနာ, ဘာဝနာအစ ကောင်းမှုကုသိုလ်တို့ကိုကား ကြိုးစား၍ လျင်လျင်မြန်မြန် ပြုလုပ်ရပေမည်တဲ့၊ ကုသိုလ်ကောင်းမှု နှံ့နှံ့ နှေးနှေး ဖြေးဖြေးလေးလေးပြုသောသူ၏ စိတ်ဓာတ်သည် မကောင်းမှု အကုသိုလ် ဒုစရိုက်တရားတို့၌ သာ မွေ့လျော်ပျော်ပါး၍ နေတတ်တယ်။

သို့ဖြစ်၍ မိမိရဲ့ စိတ်အစဉ်ကို မကောင်းမှု ရေအယာဉ်မှ ဆယ်တင်ပြီး ကုသိုလ်ကောင်းမှု တရားမျိုးတို့ကို ကြိုးစား၍ အားထုတ်ရပေမည်-လို့ ဆိုလိုပါတယ်၊ လူဖြစ်စေ, ရဟန်း ဖြစ်စေ ကုသိုလ်ကောင်းမှုအရာမှာ လျင်မြန်စွာ ပြုလုပ်ရမည်တဲ့– (ဒကာကြီး ဦးချိန်ရဲ့)၊ လူ ဒါယကာ, ဒါယိကာမများ အနေဖြင့် ဆိုလျှင် စာရေးတန်ဆွမ်း လှူဒါန်းခြင်း, ဥပုသ်ဆွမ်း ကျွေးခြင်း-အစ ရှိသော ကုသိုလ်ကောင်းမှုမျိုးတို့တွင် တစုံတခုသော ကုသိုလ် ကောင်းမှုကို ပြုလုပ်ပေအံ့ – ဟု စိတ်ဖြစ်ပေါ်လာလျှင် သူတပါးတို့အား အလှူဒါနပြုခွင့် မပေးတော့မည်ကဲ့သို့ "အဟံပုရေ၊ အဟံပုရေ=ငါသည် ပထမဦးဆုံး ငါ အလျှင်ဆုံး" ဟု လျင်လျင်မြန်မြန် ပြုလုပ်ကြရမည်တဲ့၊ ရှင်များ, ရဟန်းတော်များအနေဖြင့် ဆိုလျှင်လဲ ဥပဇ္ဈာယ်တို့အား ပြုရသော ဝတ် အစရှိသည် တို့ကို ကြိုးစားအားထုတ် ပြုလုပ်သော ဆိုသည် မိမိမှတပါး သူတပါးအား ဝတ်ကြီး ဝတ်ငယ် ပြုလုပ်ခွင့်ကို မပေးတော့ပြီကဲ့သို့ "အဟံပုရေ–အဟံပုရေ၊ ငါအဦးဆုံး, ငါအလျှင်ဆုံး" ဟု လျင်လျင် မြန်မြန် စိတ်သန်သန်ဖြင့် အမှန်လေးမြတ် ပြုလုပ်အပ်လှပေတယ်တဲ့၊ ပေးလှူတော့အံ့၊ မပေးလှူ တော့ပါဘူး၊ ငါ့အမှုဟာ အကျိုးပေးပါမည်လား၊ မပေးဘဲနေမလား-ဟူ၍ ရှုံညွန်ပြင် လမ်းခရီး၌ စမ်းတဝါးဝါး လျှောက်သွားသော သူကဲ့သို့ ဒါန, သီလ, ဘာဝနာ ကောင်းမှုကို နှံ့နှံ့နှေးနှေး လေးလေးကန်ကန် ပြုလုပ်သောသူမှာ ယခုပြောခဲ့တဲ့ ကေသာဠက ပုဏ္ဏားအား မပေးရက်လို ဝန်တိုမှု မစ္ဆရိယစိတ် ထောင်ပေါင်းများစွာ ဖြစ်ကာ ပေးလှူခြင်းသဒ္ဓါတရားကို ကြိမ်ဖန်များစွာ ဖျက်ဆီး၍ ပေးလှူခွင့်ကို မပေးသကဲ့သို့ ဖြစ်တတ်ပါတယ်တဲ့၊ သို့အတွက် ဒါန, သီလ, ဘာဝနာ ကုသိုလ်ကောင်းမှုကို ပြုလုပ်ရန် စိတ်ဓာတ် ဖြစ်ပေါ်လာပါက လျင်မြန် ဆောစွာ ပြုလုပ်ကြရမည် လို့ ဆိုလိုတယ် နော်။

ကဲ-ကဲ-ယခုဆိုလျှင် ကုသိုလ်ကောင်းမှုကို လျင်မြန်စွာ ပြုကြရမည် ဆိုတဲ့ အကြောင်းလဲ ကောင်းကောင်း သဘောပေါက်လောက်ကြပါပြီ၊ ယင်း ဝတ္ထုဇာတ်လမ်းအလာကို သေချာစွာ မှတ်သားပြီး ဒါန, သီလ, သမထ ဝိပဿနာ, ဘာဝနာ-ဆိုတဲ့ ကုသိုလ်ကောင်းမှုများကို လျင်လျင် မြန်မြန် ကြိုးစားအားထုတ်ကြ၍ ဖွံ့ဖြိုး ကြီးပွား အကျိုးထူးများကိုလဲ လျင်မြန်စွာ ရရှိ ခံစား ကြရပါစေကုန်သတည်း။

ပုညံ မာတာဝ ပုတ္တံ ဟိ၊ အနုရက္ခတိ ပုညိကံ၊
တသ္မာ ဟိ အတ္တနော နာထံ၊ ပုညံ ကရေယျ ပဏ္ဍိတော

(ရှေးနည်းအတိုင်း ကနက်ပေးပါ)

# စေတနာသုံးတန် ဖြူစင်ရန် တရားတော်

ပုဗ္ဗေဝ သုမနော ဒါနာ၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ သော ယညဿ သမ္ပဒါ။

ဒါနာ၊ လှူဘွယ်ဝတ္ထု, အစုစုကို, ငဲ့မှုမထင်, စိတ်အစဉ်ဖြင့်, ကြည်လင်ရွှင်လန်း, ပေးဝေလှူဒါန်းဆဲဖြစ်သော အခါကာလမှ။ ပုဗ္ဗေဝ၊ ပြုလုပ်စီစဉ်, ရှေးအဘို့ကပင်လျှင်။ သုမနော၊ လှူရတော့မည်, မှန်းမြော်ရည်၍, ထိုဤ ချင့်ထောက်, ဝမ်းမြောက်သောစိတ် ရှိသည်။ ဟောတိ၊ မုချမသွေ, ဖြစ်လေရာ၏။ ဒဒံ၊ ကြည်သာညွတ်နူး, ရွှင်မြူးပေးကမ်း, လှူဒါန်းနေစဉ်။ စိတ္တံ၊ အာရုံထိုဤ, လှည့်လည်ကျက်စား, ပြေးမသွားအောင်, တရားဖြင့်နှိပ်, မိမိစိတ်ကို။ ပသာဒယေ၊ အလှူခံပုဂ္ဂိုလ်, ထိုထိုပစ္စည်း, အသီးသီး၌, သိမ်းဆည်းသေခွေ, ကြည်ညိုစေရာ၏။ ဒတွာ၊ သဒ္ဓါကြည်ဖြူ, ပေးလှူပြီး၍။ အတ္တမနော၊ သူတော်ကောင်းများ, ကျင့်တရားဟု, ပွားများချင့်ထောက်, ဝမ်းမြောက်သောစိတ် ရှိသည်။ ဟောတိ၊ ကောင်းစွာမသွေ, ဖြစ်လေရာ၏။ သော၊ ဤသို့ မလှူခင်ဝမ်းသာ, လှူပြီးခါ၌ စိတ်မှာကြည်နူး, အထူး ထို့နောက်, အစဉ်လျှောက်၍, ဝမ်းမြောက်ခြင်းရာ, ဤသုံးဖြာသည်။ ယညဿ၊ ပစ္စုပ္ပန် သံသရာ, နှစ်ဖြာကောင်းကျိုး ပွားတိုးစေရန်, ကောင်းမှုကံ၏။ သမ္ပဒါ၊ အမှန်မယွင်း, ပြည့်စုံခြင်းသည်။ ဟောတိ၊ မျက်မြင်ဒိဋ္ဌ, သဘာဝမို့, မုချပုံသေ, ဖြစ်ရလေတော့သတည်း။

ယနေ့ တရားပွဲမှာတော့ အလှူဒါန ကုသိုလ်ကောင်းမှု ပြုလုပ်ကြရာ၌ "စေတနာသုံးတန် လွန်ထက်သန်, ကေန်အကျိုးများ" ဟု ဆိုတဲ့ စေတနာသုံးတန်လုံး ထက်ထက်သန်သန် ညီညီမျှမျှ ရှိကြစေရန် အရေးကြီးတဲ့အကြောင်းကို သာဓက သဘာဝများ ထုတ်ပြကာ ဟောကြားကြရမည် ဖြစ်တယ်၊ သို့အတွက်ကြောင့်မို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ စေတနာသုံးတန်ပြ ပါဠိဂါထာကို အင်္ဂုတ္တိုရ် ပါဠိတော်လာရှိတဲ့အတိုင်း ထုတ်ဆိုရွတ်ပြလိုက်ခြင်း ဖြစ်ပါတယ်။

ဆိုလိုတာကတော့ အလှူဒါန ပြုစုအားထုတ်တဲ့ အလှူရှင် ဒါယကာ, ဒါယိကာမတို့သည် မလှူဒါန်းမီ ရှေးအဘို့က ကြိုတင်ပြီး 'ငါတို့သည် အဘယ်မည်သောနေ့, အဘယ်ရက်, အဘယ်အချိန် အခါမှာ အဘယ်သို့သော လှူဘွယ်ဝတ္ထုကို သန့်သန့်ရှင်းရှင်း မွန်မွန်မြတ်မြတ်ပြုကာ အဘယ် ပုဂ္ဂိုလ်မြတ်တို့အား သဒ္ဓါရွှင်လန်း လှူဒါန်း ပေးကမ်းမည်' ဟု ဝမ်းမြောက်ပြီး နေရမယ်တဲ့–(ဒကာကြီး ဦးချိန်ရဲ့)၊ အဲဒီလို မလှူမီ ရှေးအဘို့က ကြိုတင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာကို ပုဗ္ဗစေတနာ လို့ ခေါ်ပါတယ်။

ဒါကြောင့်မို့ ပုဗ္ဗစေတနာ ဖြစ်ပေါ်ပုံကို အင်္ဂုတ္တရ အဋ္ဌကထာ၌–

> ပုဗ္ဗေဝ ဒါနာ သုမနောတိ ဒါနံဒဿာမီတိ မာသစ္စ မာသတော ပဋ္ဌာယ သောမန ဿပ္ပတ္တော ဟောတိ၊ ဧတ္ထ ဟိ ပုဗ္ဗစေတနာ ဒဿာမီတိ စိတ္တုပ္ပါဒ ကာလတော ပဋ္ဌာယ “ဣတော ဥဋ္ဌိတေန ဒါနံဒဿာမိ” တိ ခေတ္တဂ္ဂဟဏံ အာဒိံ ကတွာ စိန္တေန္တဿ လဗ္ဘတိ။ (အံ-ဋ္ဌ တ-၁၀)။

ဟူ၍ ဖွင့်ဆိုပြထားပါတယ်။

ဦးပဥ္စင်းတို့ ပါဠိတော်တွေ အဋ္ဌကထာတွေကို အပင်ပန်းခံပြီး ကျက်မှတ် ရွတ်ဆို ဟောပြ နေရတာကတော့ ယုံယုံကြည်ကြည် လေးလေးစားစားနှင့် မှတ်သားကြစေချင်လို့ပါပဲ၊ ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများဟာ စေတနာ သဒ္ဓါတရားအရာမှာဆိုလျှင် ကမ္ဘာပေါ်မှာ ရှာမှ ရှားလိမ့်မည် ထင်ပါတယ်၊ ဒါကြောင့်မို့ “ဟမူးရလို့ တပဲလှူ ဒိုရှမ်းတောင်သူ တူနိုင်ရိုးလား” ဟူ၍ပင် ပြောဆို မော်ကွန်းထိုးရတယ် မဟုတ်ပါလား၊ ဤမျှလောက် စေတနာအရင်းခံ ထက်သန် လှတဲ့ လူမျိုးများဖြစ်သည်အားလျော်စွာ စေတနာတရားရဲ့ သဘောသရုပ်ကို အဟုတ်ကို တိတိကျကျ သိရှိကြဘို့ လိုလှပါတယ်၊ ယခု ရွတ်ဆိုခဲ့တဲ့ အဋ္ဌကထာ ပါဠိရဲ့ ဆိုလိုရင်း မြန်မာအဓိပ္ပာယ်ကတော့ လှူဒါန်းပေးကမ်းခြင်း ပြုသည်မှ ရှေးမဆွကပင် ကြိုတင် ဝမ်းမြောက်ရမည် ဟု ဆိုတာကတော့ င/ါသည် အလှူဒါနကို ပေးလှူမည်-ဟု တလ, လခွဲမှ အစပြု၍ ဝမ်းမြောက်ဝမ်းသာမှုတွေ ဖြစ် ပါတယ်၊ အမှန်တော့ ဤသို့ စွန့်ကြဲပေးကမ်း လှူဒါန်းတဲ့နေရာမှာ ပုဗ္ဗစေတနာဆိုတာ “ငါသည် ပေးကမ်း လှူဒါန်းမည်၊ ဤမျှ အကုန်အကျခံကာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ထောက်ပံ့မည်၊ သာသနာတော် ကြာရှည် တည်တံ့ရေးအတွက် ငါစွမ်းနိုင်သည့်ဘက်မှ မပျက်မကွက် ဆက်ဆက် ကြိုးစား အားထုတ်ရပေမည်၊ သံဃာတော်များကို လှူဒါန်းမည်၊ စေတီပုထိုးများကို လှူဒါန်း မည်” အစရှိသည်ဖြင့် လှူဒါန်းလိုသော စိတ်ဓာတ်တွေ တလျပ်လျပ် တဖွားဖွား ဖြစ်ပွားသော အခါမှ အစပြုပြီးကာ ပေးလှူဘို့ရာ နေရာဌာန, အလှူခံပုဂ္ဂိုလ်, လှူဘွယ်ပစ္စည်း အသီးသီးကို အစထား၍ ကြံစည် စဉ်းစားသော သူအား ဖြစ်ပေါ်နေတဲ့ စိတ်ဓာတ်ကလေးကို ဆိုလိုတယ်။

ဘယ်ပုဂ္ဂိုလ်မဆို လှူဒါန်းလိုတဲ့ ပုဂ္ဂိုလ်များဟာ မလှူမီ ရှေးအခါက လှူရေး ဒါန်းရေး အတွက် အဖက်ဖက် ကြိုတင်စဉ်းစားရ, ပြုပြင် စီစဉ်ကြရတာချည်းဘဲ နော်၊ အဲဒီလို ကြံစည် စဉ်းစား နေတာ, လုပ်ကိုင် ဆောင်ရွက်နေတာတွေဟာ ပုဗ္ဗစေတနာတွေပါပဲ၊ အလွန်တရာ ရွှင်လန်း ဝမ်းသာ စွာဖြင့် ပြုလုပ် ဆောင်ရွက်ကြရပါတယ်၊ ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်ခြင်းဟာ ပုဗ္ဗစေတနာ ထက်သန်ခြင်းပင် ဖြစ်တယ်၊ ကုသိုလ်ရေးအတွက် ဆောင်ရွက်တဲ့ နေရာမှာ လေးကန်တွန့်ဆုတ် မလုပ် ကြရဘူးတဲ့-(ဒကာကြီး ဦးချိန်ရဲ့)၊ တက်တက်ကြွကြွ,ထက်ထက်သန်သန် ဇွဲနဲ့မာန်နဲ့ လုပ်ကိုင် ဆောင် ရွက်ကြရမယ် နော်၊ ကဲ-ဓဲ-ဒီ စေတနာအကြောင်းနှင့် ပတ်သက်ပြီးတော့ အထူး သတိချပ်ကာ သိစေချင်, မှတ်သားစေချင်တဲ့အတွက် ပေတဝတ္ထု အဋ္ဌကထာမှာ ဖွင့်ဆိုပြချက်ကို ဆက်လက်ပြီး ပြဆိုပါအုံးမယ်။

အလှူဒါနမပြုမီ ရှေးအခါက ကြိုတင်ကာ ဝမ်းမြောက်နေကြရမည်ဆိုတာ စည်းစိမ်ချမ်းသာ တို့၏အကြောင်းဖြစ်သော ဖြစ်လေရာရာ ဘာသံသရာ၌ မိမိ၏နောက်မှ အရိပ်ပမာ မှန်စွာ ထပ်ချပ် အစဉ် ကပ်၍လိုက်ပါတတ်သော စိန်,ရွှေ,ငွေ,ကျောက်သံ အမှန်ပြည့်ဖြိုး ရတနာဘဏ္ဍာအိုးကို အလိုရှိရာ

နောင်အခါ၌ လွယ်ကူစွာ ယူငင်ကာ သုံးစွဲကြရန်ဟု ကြံစည် ရည်ရွယ်ကာ မြှုပ်ထားပါအံ့ဟု ကြံစည် စဉ်းစားကာ စွန့်လွှတ် လှူဒါန်းကြောင်းဖြစ်သော မုဉ္စစေတနာ၏ ရွှေမဆွကပင်လျှင် အလှူဒါန၏ အဆောက်အဉီဟု ဆိုအပ်သော လှူဒါန်းဘွယ် ဝတ္ထုပစ္စည်းဘသီးသီးကို ရှာဖွေခြင်း,စုဆောင်းခြင်းမှ စ၍ ဝမ်းမြောက် ဖမ်းသာ ဖြစ်နေရမယ်တဲ့၊ အလှူဒါန ပြုလုပ်ကြတယ်ဆိုတာ သံသရာခရီး သွားနေကြရတဲ့ သူများအတွက် အလိုရှိတဲ့အခါ ယူငင်ကာ သုံးစွဲဘို့အတွက် ရတနာရွှေအိုး မြှုပ်နှံနေခြင်း ဖြစ်သဘဲ-(ဒကာကြီး ဦးချိန်ရဲ့)။

လူ့ရွာ လူ့လောကမှာဆိုလျှင် အန္တရာယ်ငါးပါး ကင်းရှင်းအောင် မိမိတို့ အလိုရှိတဲ့အခါ လွယ်ကူစွာ ထုတ်ယူသုံးစွဲရအောင် စုမိ,ဆောင်းမိတဲ့ လက်ရှိ ပစ္စည်းဥစ္စာ ရတနာများကို လုံခြုံ စိတ်ချရဘဲ့ နေရာမှာ သိုဝှက်သိမ်းဆည်း မြှုပ်နှံထားကြတယ်မဟုတ်လား၊ ရွှေအိုးမြှုပ်တယ်လို့ ဆိုတယ်နော်၊ ထိုနည်းအတူပါဘဲ စွန့်ကြဲ ပေးကမ်း လှူဒါန်းကြတာလဲ ရွှေအိုးမြှုပ်နေခြင်းပင် ဖြစ်ပါတယ်တဲ့၊ ဒါ့ကြောင့်မို့ အင်္ဂုတ္တရဋ္ဌကထာမှာ "သမ္ပတ္တိနံ နိဒါနံ အနုဂါမိကဒါနံ ဒုဿာမိ=စည်းစိမ် ချမ်းသာတို့၏ အကြောင်းအရင်းဖြစ်သော ဖြစ်လေရာရာ သံသရာဝယ် အရိပ်ပမာ မိမိနောက်သို့ အစဉ်မကွာ လိုက်ပါတတ်သော အလှူဒါနကို ပေးလှူမည်-ဟု ရှင်ကြည် ဝမ်းမြောက်မှုဖြစ်ကာ ပေးလှူကြမည်" လို့ ဆိုထားပါတယ်။

နိဓိံ နိဓေတိ ပုရိသော၊ ဂမ္ဘီရေ ဩဒကန္တိကေ။
အတ္ထေ ကိစ္စေ သမုပ္ပန္နေ၊ အတ္ထာယ မေ ဘဝိဿတိ။

(ခုဒ္ဒကပါဠိ၊ နိဓိကဏ္ဍသုတ် ဂါထာ)။

ပုရိသော၊ ကြောင်းကျိုးမျှော်ကြည့် ပညာရှိသော အမျိုးသားသည်။ အတ္ထေ၊ ကောင်းကောင်း ဆိုးဆိုး အကျိုးစီးပွားနှင့် စပ်သော။ ကိစ္စေ၊ အမှုကိစ္စသည်။ သမုပ္ပန္နေ၊ ဆောင်ရွက်ဘို့ရန် အမှန်ဆဘ်ဆတ် ဖြစ်ပေါ်လတ်သော်။ မေ၊ ငါ၏။ အတ္ထာယ၊ မတွန့်မဆုတ် ပြုလုပ် အားထုတ်ဘို့ရာ အကျိုးငှာ။ ဘဝိဿတိ၊ အမှန်စင်စစ် ဖြစ်ပေအံ့။ ဣတိ မနသိကတွာ၊ ဤသို့မယွင်း နှလုံးသွင်း၍။ ဩဒကန္တိကေ၊ တပါးရန်သူ ခိုးယူမနှောက် ရေသို့ရောက်လောက်အောင်။ ဂမ္ဘီရေ၊ အလွန်တရာ နက်လှစွာသော အရပ်၌။ နိဓိံ၊ ဥစ္စာပြည့်ဖြိုး ဘဏ္ဍာအိုးကို။ နိဓေတိ၊ မပျောက်ပျက်ရ စိတ်ချရအောင် နည်းကျ လမ်းမှန် မြှုပ်နှံကာ ထားရလေတော့သတည်း။

လောက၌ ရွှေ,ငွေ စသော ပစ္စည်းဥစ္စာရှိသောသူသည် အရေးကိစ္စ တစုံတရာ ဖြစ်ပေါ်လာသော် ကောင်းစွာမပျက် ဆောင်ရွက်နိုင်စေခြင်းငှာ စိတ်ချယုံကြည်ရသော မြေအရပ်၌ နက်နက်တူးပြီးလျှင် ရွှေ ငွေ ပစ္စည်း ဘဏ္ဍာအိုးကို မြှုပ်နှံကာ ထားရမည်-လို့ ဆိုလိုခြင်း ဖြစ်တယ်။

ယင်းကဲ့သို့ ရွှေအိုး, ငွေအိုး, ဘဏ္ဍာအိုးကို မြေ၌ ကောင်းစွာ မြှုပ်ထားပါသော်လည်း ကောင်းမှုကုသိုလ် ကုန်ခမ်း၍ အကုသိုလ် အကျိုးပေးလာသောအခါတွင် မိမိ မြှုပ်နှံထားသော ဘဏ္ဍာအိုးဟာ နေရာသော်လဲ ပြောင်းရွှေ့သွားတတ်သတဲ့၊ မိမိကပင်လဲ အမှတ်အသား သတိမေ့နေတတ်ပြန်သတဲ့၊ မြေ၌ နေတဲ့ နဂါးများကလဲ ဆောင်ယူတတ်ကြတယ်တဲ့၊ ဘီလူးများကလဲ ဆောင်ယူ သွားတတ်ကြတယ်တဲ့၊ သို့မဟုတ် မချစ် မနှစ်သက်အပ်သော အမွေခံ ဆိုးများကလဲ ဆောင်ယူကာ ဖျက်ဆီးတတ်ကြတယ်တဲ့၊ ပစ္စည်းဥစ္စာကို မြေ၌ မြှုပ်နှံထားတယ်ဆိုတာ အမှန်

စင်စစ်တော့–စိတ်တကယ် ချရတာ မဟုတ်ဖူး၊ လှူဒါန်း ပေးကမ်းပြီး အလှူဒါနပြုကာ သို့မှီ၊ သိမ်းဆည်းခြင်းကသာ တကယ် စိတ်ချရတာလို့ ဆိုလိုတယ်နော်၊ ဒါကြောင့်မို့ မြတ်စွာဘုရားက နိဓိကဏ္ဍသုတ္တန်မှာ–

ယဿ ဒါနေန သီလေန၊ သံယမေန ဒမေန စ၊
နိဓီ သုနိဟိတော ဟောတိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။ (ခုဒ္ဒကပါဌ-နိဓိကဏ္ဍသုတ်-ဂါထာ-၆)။

ဟူ၍ ဟောကြားတော်မူပါတယ်။

ဣမသ္မိံ လောကေ၊ ဤလောက၌၊ ယဿ ဣတ္ထိယာ ဝါ၊ အမှတ်မထင် အကြင်အမျိုးသမီး သည်၎င်း။ ယဿ ပုရိသဿ ဝါ၊ အမှတ်မထား အကြင်အမျိုးသားသည်၎င်း။ ဒါနေန စ၊ သဒ္ဓါရဲရင့် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့်၎င်း။ သီလေန စ၊ အကျင့်သီလ ဆောက်တည်ခြင်းဖြင့်၎င်း။ သံယမေန စ၊ ကိုယ်နှုတ်နှလုံး မပျက်ပြူအောင် စောင့်သုံးခြင်းဖြင့်၎င်း။ ဒမေန စ၊ ဣန္ဒြေခြောက်ဝ၊ အချိုးကျအောင် ဆုံးမခြင်းဖြင့်၎င်း။ နိဓိ၊ ဘဝများစွာ, သံသရာ၌, အစဉ်ပါပြည့်ဖြိုး ကောင်းမှု တည်းဟူသော ရတနာရွှေအိုးကို။ သုနိဟိတော၊ အရှည်မြော်ကာ, သေချာပြုလုပ်, မြှုပ်ထား အပ်သည်။ ဟောတိ၊ ကောင်းမှုဟူက, မပျက်ရသဖြင့်, မုချပုံသေ ဖြစ်ရလေတော့သတည်း။

ဘဝသံသရာ ခရီးခါအရေး မြော်တွေးမြင်သိတဲ့ ပညာရှိ အမျိုးကောင်းသား အမျိုးကောင်းသမီးများသည် ကောင်းမှု ကုသိုလ်ကို ပြုလုပ် အားထုတ်ဘို့ရန် အခွင့်သာဆဲ ဖြစ်တဲ့ ယခုလိုဘဝမျိုးမှာ သဒ္ဓါရွှင်လန်း ပေးကမ်း လှူဒါန်းခြင်း ဒါနတည်းဟူသော ရွှေအိုး အကျင့်သီလစောင့်ထိန်းခြင်း သီလတည်းဟူသော ရွှေအိုး၊ ကိုယ်နှုတ်နှလုံး စောင့်သုံး ထိန်းသိမ်းခြင်း သံယမဟူသော ရွှေအိုး, မျက်စိ, နား, နှာ, လျှာ, ကိုယ်စိတ်-ဟု ဆိုအပ်သော ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်ကို လုံခြုံအောင် စောင့်ရှောက် ဆုံးမခြင်း ဟူသော ရတနာ ရွှေအိုး တို့ကို ကြိုးစားပြီး၍ မြှုပ်နှံထားကြရမည်တဲ့။

ဒီဒါန, သီလ, သံယမ, ဒမဆိုတဲ့ ရွှေအိုးကြီးများကတော့–ဘယ်တော့မှ မပျက်စီး နိုင်ပါဘူး၊ ခိုးသူဓမြများလဲ မလုယက်နိုင်, မင်းစိုးရာဇာများလဲ မသိမ်းယူနိုင်, မည်သည့် ရန်သူမှ မဖျက်ဆီးနိုင်ပါဘူး၊ ဒါကြောင့်မို့ ဒီလို ကုသိုလ်ကောင်းမှုတည်းဟူသော ရတနာ ရွှေအိုးကိုသာ ကြိုးစားပြီး မြှုပ်ကြရမည်လို့ ဆိုလိုပါတယ်၊ ယခု ပြောခဲ့တာတွေ ကတော့-ပုဗ္ဗ စေတနာနှင့် ပတ်သက်လို့ သိသင့်သိထိုက်တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

နောက်ပြီးတော့–မုဉ္စ စေတနာ အကြောင်းကို ပြောဆိုကြဦးစို့၊ ဒီ မုဉ္စစေတနာနှင့် ပက်သက်လို့လဲ အင်္ဂုတ္တိုရ် အဋ္ဌကထာ၌–

ဒဒံ စိတ္တံ ပသာဒေတီတိ ဝေံဝုတ္တာ မုဉ္စ စေတနာ ပန ဒါနကာလေ ယေဝ လဗ္ဘတိ။
(အံ–ဋ္ဌ-တ-၁၀၈)။

ဟူ၍ ဖွင့်ဆို ပြထားပါတယ်။

ဒဒံ စိတ္တံ ပသာဒေတီတိ၊ ဒဒံ စိတ္တံ ပသာဒေတိ၊ ဟူသည်ကား။ ဝေံ၊ ဤသို့။ ဝုတ္တာ၊ ဆိုအပ်သော။ မုဉ္စ စေတနာပန၊ စွန့်လွှတ် လှူဒါးကြောင်း မုဉ္စ စေတနာကိုကား–ဒါနကာလေ

ယေဝ၊ အလှူခံ ပုဂ္ဂိုလ်၏ မျက်မှောက် ရှေ့ရှု ရောက်ကာ ဆက်ကပ် လှူဒါန်းနေဆဲ အချိန်အခါ၌သာလျှင်။ လဗ္ဘတိ ပုချဆတ်ဆဲ ရရှိအပ်၏၊ အလှူခံပုဂ္ဂိုလ်၏ မျက်မှောက်သို့ ရှေ့ရှု ရောက်ကာ လှူဒါန်းဘွယ်ရာ ဝတ္ထုအစုစုကို သဒ္ဓါကြည်ဖြူ ပေးလှူနေသော အချိန်အခါ၌ တဖွားဖွား ဖြစ်ပေါ်နေတဲ့ စေတနာကို မုဉ္စ စေတနာလို့ ခေါ်ဆိုရတယ်၊ လှူဒါန်း ပေးကမ်းနေဆဲ အချိန်အခါမှာ ဖြစ်ပေါ်တဲ့ စေတနာကို မုဉ္စ စေတနာလို့ မှတ်ထားပါလို့ ဆိုလိုတယ်နော်။

ဒီ မုဉ္စ စေတနာဆိုတာလဲ အလွန် အရေးကြီး ပါတယ်၊ အချို့သော သူများဟာ လှူဒါန်းနေဆဲ အချိန်အခါမှာ အလှူရေစက်ခွက်ကို ကိုင်ယင်း တောင်တွေး မြောက်တွေး ငေးမှိုင်ကာ နေတတ်ကြတယ်၊ မိမိလုပ်ကိုင် လှူဒါန်းနေတဲ့ အာရုံတခု အပေါ်မှာသာ စိတ်ကို တည်တန့်စွာ နေနိုင်အောင် ဆောက်တည် ထားကြရမယ်၊ ထိုထို အာရုံတို့ကို မွှေ့ထုံ ပျော်ပါး လှည့်လည်သွားနေတဲ့ စိတ်ကလေးကို အလှူဒါန အာရုံအပေါ်မှာသာ စုဆည်းထားဘို့လိုတယ်နော်၊ အဋ္ဌကထာ ဋီကာနှင့် တွဲဖက်ကာ ဟောမည် ဖြစ်တဲ့အတွက် ဋီကာဖွင့်ဆိုချက်ကိုလဲ ထုတ်ပြ ကြပါဦးစို့ရဲ့။

ဒဒံ စိတ္တံ ပသာဒယေတိ ဒဒန္တော ဒေယျဓမ္မံ ဒက္ခိဏေယျဟတ္ထေ ပတိဋ္ဌာပေန္တော 'အသာရတော ဓနတော သာရာဒါနံ ကရောမိ' တိ အတ္တနော စိတ္တံ ပသာဒေယျ။ (အံ-ဋီ-တ-၃၀၈။ ပေတ-ဋ္ဌ-၁၂၄)။

ဒဒံ စိတ္တံပသာဒယေတိ၊ ဒဒံစိတ္တံပသာ ဒယေဟူသည်။ ဒဒန္တော၊ သဒ္ဓါကြည်ဖြူ ပေးလှူသောသူသည်။ ဒေယျဓမ္မံ၊ ဆွမ်းဆက်နီးအစ, များလှအသွယ်သွယ်, လှူဒါန်းဘွယ် ဝတ္ထု အစုံစုံကို။ ဒက္ခိဏေယျဟတ္ထေ၊ အလှူခံပုဂ္ဂိုလ်၏ လက်၌။ ပတိဋ္ဌာပေန္တော၊ ကောင်းမွန်ရိုသေ တည်ထားစေလျက်။ အသာရတော၊ ရေ, မီး, မင်း, သူခိုး, မွေ့ခံဆိုးဟု ရန်မျိုးငါးတန် ဆက်ဆံနေဘိ အနှစ်မရှိသော။ ဓနတော၊ ကျောက်, သံ, ရွှေ, ငွေ အထွေထွေများစွာ ပစ္စည်းဥစ္စာ, အဖြာဖြာမှ။ သာရာဒါနံ၊ အနှစ်သာရကို ယူခြင်းကို။ ကရောမိ၊ ပြုပေအံ့။ ဣတိမနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ အတ္တနော၊ မိမိ၏။ စိတ္တံ၊ စိတ်ကို။ ပသာဒေယျ၊ သတိသမ္ပဇဉ် ဉာဏ်ယှက်ဝင်၍ ကြည်လင်ရာ၏။

လှူဒါန်းစဉ်အခါ စိတ်ကို ကြည်လင် စေရမည်ဆိုတာ သဒ္ဓါကြည်ဖြူ ပေးလှူနေသော ပုဂ္ဂိုလ်သည် လှူဘွယ်ဝတ္ထု ပစ္စည်းစုကို အလှူခံပုဂ္ဂိုလ်၏ လက်ဝါလက်၌ ဆက်ကပ်နေဆဲ အခါမှာ "ငါသည် ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်အပ်သော အမွေခံ သားသမီးဆိုး ဤ ငါမျိုးသော ရန်သူများနှင့် အစဉ်သဖြင့် ဆက်ဆံနေသော ရွှေ, ငွေစသော စည်းစိမ်ဥစ္စာ အဖြာဖြာမှ လှူဒါန်းပေးကမ်းခြင်းဖြင့် အမှန်မြတ်သော အနှစ်သာရကို ယူခြင်းကို ပြုပေအံ့" ဟု နှလုံးသွင်းကာ မိမိစိတ်ကို ကြည်လင်ရွှင်လန်း စေရမည်—ဟု ဆိုလိုပါတယ်၊ ဒေယျဓမ္မံ ဒက္ခိဏေယျ ဟတ္ထေပတိဋ္ဌာပေန္တော-ဟု ဆိုတဲ့ အတိုင်း လှူဒါန်းဆဲမှာ စိတ်ကြည်လင် ရမည်ဆိုတာ လှူဘွယ်ဝတ္ထုကို အလှူခံ ပုဂ္ဂိုလ်၏ လက်၌ ဆက်ကပ်ဆဲ အချိန်အခါကို ဆိုတာနော်၊ (ဒကာကြီး ဦးချိန်)၊ လှူဘွယ်ဝတ္ထု ပစ္စည်းတွေကို ခင်းကျင်း ထားတဲ့ အလှူပွဲ ကျင်းပနေဆဲ အချိန်အခါကို ဆိုလိုတာ မဟုတ်ပါဘူး၊ အလှူပွဲ ကျင်းပဆဲ အခါကိုပင် လှူဆဲ ကာလလို့ ထင်နေမည်စိုး၍ သတိပေးလိုက်ရတာကိုး၊ လောကမှာ မိမိတို့ ရှာဖွေစုဆောင်းထားတဲ့ လောကီပစ္စည်း ဥစ္စာ ရတနာဆိုတာ တကယ်တော့ ဘာမျှ အနှစ်သာရ ရှိလှတာ မဟုတ်ပါဘူးတဲ့၊ ဘာကြောင့်မို့လဲဆိုတော့—

၁။ ရေတည်းဟူသောရန်သူ
၂။ မီးတည်းဟူသောရန်သူ
၃။ မင်းအစိုးရ တည်းဟူသော ရန်သူ
၄။ ခိုးသူခားပြ တည်းဟူသော ရန်သူ
၅။ မချစ်မနှစ်သက်အပ်သူ အမွေခံ သားသမီးဆိုး တည်းဟူသော ရန်သူ။

ဟူ၍ ရန်သူမျိုးငါးပါးရှိတယ်၊ ရွှေငွေ အစရှိသော လောကီစီးပွားဥစ္စာများဟာ ဤရန်သူမျိုးငါးပါးတို့နှင့် ဆက်ဆံကာ နေခြင်းကြောင့် အနှစ်သာရ ဘာမျှ မရှိပါဘူးတဲ့။

**ဆောင်ပုဒ်။** ၁။ ရေ-မီး-မင်း-သူခိုး၊ မွေခံဆိုး၊ ငါးမျိုးရန်သူမည်။
၂။ လောကီဥစ္စာ၊ ရန်ငါးဖြာ၊ မြှမ်းကာ နေပေသည်။
၃။ ရန်သူဝိုင်းလစ်၊ ပစ္စည်းမြစ်၊ အနှစ်မရှိပြီ။

အဲဒီလို ရန်သူမျိုးငါးပါး ဝန်းရန်ကာ ထားသဖြင့် တကယ်စင်စစ် **အနှစ်သာရ** မရှိသော ပစ္စည်းဥစ္စာတွေထဲမှ အသိဉာဏ်ပညာနှင့် ပြည့်စုံသော အမျိုးကောင်း သားသမီးများသည် အနှစ်သာရ ရရှိအောင် ထုတ်ယူတတ်ကြရ မည်တဲ့၊ အနှစ်သာရ မရှိသော ပစ္စည်းဥစ္စာထဲက ဘယ်လို အနှစ်သာရ ထုတ်ယူကြရမည်လဲဆိုတော့ အနှစ်သာရ **ထုတ်ယူ**တဲ့ နည်းကို ဇာတကဋ္ဌကထာ၌-

**ပဉ္စန္နံ ဝေရာနံ သာဓာရဏ ဘာဝေန ဟိ အသာရဿ ဓနဿ ဒါနံ သာရော။**
(ဇာ-ဋ္ဌ-စ-ရ) ဟူ၍ ပြဆို ထားပါတယ်။

ဟိသစ္စံ၊ အမှန်သော်ကား။ ပဉ္စန္နံဝေရာနံ၊ ရေ, မီး, မင်း, သူခိုး, အမွေခံဆိုးဟု ငါးမျိုးကုန်သော ရန်သူတို့၏ သာဓာရဏဘာဝေန၊ အမှန်စင်စစ်, ဆက်ဆံနေသည်၏ အဖြစ်ကြောင့်။ **အသာရဿ**၊ မြတ်နိုး နှစ်သက်ဘွယ်ရာ အနှစ်သာရ မရှိသော။ ဓနဿ၊ ကျောက်, သံ, ရွှေ, ငွေ, **အထွေထွေများစွာ** ပစ္စည်းဥစ္စာကို။ ဒါနံ၊ အလိုရှိသူ ကြည်ဖြူဝေခြမ်း, ပေးကမ်း လှူဒါန်းခြင်းသည်။ သာရော၊ ဘဝနောင်ခါ ကိုယ်ပါသဖြင့် မှန်စွာစင်စစ် အနှစ်မည်သည်သာတည်း။

ရန်သူမျိုး ငါးပါးနှင့် ဆက်ဆံနေခြင်းကြောင့် အနှစ်သာရ မရှိသော ရွှေ, ငွေ, ကျောက်သံ ပတ္တမြား အစရှိသော စည်းစိမ်ဥစ္စာထဲမှ ရဟန်းပုဏ္ဏား အစရှိသော သူတော်သူမြတ်အားရှင်း အားကိုးမဲ့သူများအားရှင်း, ပုန်းတောင်းယာစကာများအားရှင်း, စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း ဖြင့် အနှစ်သာရ ထုတ်ယူ ကြရမည် ဖြစ်ပါတယ်၊ ဒီနည်းကတော့ ဦးပဉ္စင်းတို့ မြတ်စွာဘုရား၏ အလောင်းတော် ပညာရှိ ကဏှသတိုးသား အနှစ်သာရ ထုတ်ယူ သွားတဲ့နည်းပင် ဖြစ်တယ်နော်၊ ဘုရား အလောင်း ကဏှသတိုးသားသည် ဘိုးဘွား မိဘ လက်ဆက်မှ ဆင်းသက် စုဆောင်းလာသော ရွှေ, ငွေ, ဥစ္စာစာရင်းကို ကြည့်ရှုတဲ့အခါ "ဤမည် ဤမည်သော ပစ္စည်းကို ဤသူသည် ဖြစ်ပွားစေအပ်၏၊ ဤမည်သော ရတနာ ပစ္စည်းကို ဤသူသည် ရှာဖွေ ရရှိအပ်၏" အစရှိသဖြင့် ဘိုးဘွားစဉ်ဆက် စုဆောင်း ရှာဖွေ သိုမှီးခဲ့တဲ့ ပစ္စည်းစာရင်းကို တွေ့မြင်ရသတဲ့။

အဲဒီ ဘိုးဘွား စုဆောင်းထားတဲ့ ပစ္စည်းစရင်းကို ကြည့်ပြီး အလောင်းတော် ကဏှသတိုးသားသည် ဤကဲ့သို့ သံဝေဂတွေ ဖြစ်လေသတဲ့ "ငါ့ရဲ့ ဘိုးဘွားတို့သည် ဤမျှ များပြားသော

ပစ္စည်းဥစ္စာတို့ကို ရှာဖွေ စုဆောင်းကာ ထားခဲ့ကြကုန်၏၊ ထိုဘိုးဘွားတို့ကား ယခုအခါ ဤလူ့ရွာ၌ မရှိကြရှာတော့ပြီ၊ ပစ္စည်းဥစ္စာသည်သာ လျှင် ကြွင်းကျန်ရစ်ပေ၏၊ တခယောက်သော သူမျှလည်း ဤပစ္စည်းတို့ကို ယူဆောင် သွားနိုင်ခြင်း မရှိပါချေတကား၊ ဥစ္စာ ဘဏ္ဍာထုပ်ကို ယူဆောင်၍ တမလွန် လောကသို့ သွားခြင်းငှာ မစွမ်းနိုင်ပါချေတကား'' ဤသို့ သံဝေဂ ဖြစ်ပွားပြီး ထပ်ဆက်ကာ ကြံစည် စဉ်းစား ပြန်သောအခါ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ဆင်၊ မြင်း၊ ကျွဲ၊ နွား အစရှိသော စီးပွားဥစ္စာများသည်ကား ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေခြင်းကြောင့် အမှန်စင်စစ် အနှစ်မရှိပေ၊ ထိုသို့ အနှစ်သာရ မရှိသော ပစ္စည်းဥစ္စာတို့ကို အလှူခံပုဂ္ဂိုလ်တို့အား စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်းသည် အနှစ်သာရ မည်ပေသည်၊ အနှစ်သာရမရှိသော ပစ္စည်းဥစ္စာမှ ပေးကမ်းလှူဒါန်းခြင်းဖြင့် အနှစ်သာရကို ထုတ်ယူပေအံ့-ဟု ကြံအစည်ပြုကာ ဥစ္စာဘဏ္ဍာတိုက်ကို ဖွင့်ပြီး အလိုရှိသူများ ယူကြစေကုန်သတည်း-ဟု ကြေငြာကာ မတွယ်မတာ စွန့်ကြဲ ပေးကမ်း လှူဒါန်းလိုက်လေသတဲ့။

ဤ ကဲ့သို့ ပေးကမ်းလှူဒါန်းခြင်းဖြင့် အနှစ်သာရ မရှိသော ပစ္စည်းဥစ္စာမှ အနှစ်သာရ ထုတ်ကာ ကဏှာသတို့သားဟာ အရယူ သွားပါတယ်၊ ဒီလို အနှစ်သာရ မရှိတဲ့ ပစ္စည်းဥစ္စာမှ လှူဒါန်း ပေးကမ်းခြင်းဖြင့် အနှစ်သာရ ထုတ်တတ်ကြတာကဘော့ ပညာရှိ သူတော်ကောင်းများရဲ့ နည်းလမ်းကောင်းကျင့်စဉ် တခုပဲတဲ့- (ဒကာကြီး ဦးချိန်)၊ အသိဉာဏ် ပညာနည်းပါးကြသော သူများသာလျှင် ပစ္စည်းဥစ္စာကို ရှာဖွေစုဆောင်းကာ မစားရက် မသောက်ရက် မလှူရက် မဒါန်းရက်နဲ့ သေသောအခါ ပစ္စည်းဥစ္စာလဲ ကိုယ့်နောက်မပါ၊ အားပြုလောက်တဲ့ ကုသိုလ်ကောင်းမှုလဲ မပါပဲ သံသရာနယ် တကြောမှာ မြောချင်တိုင်း မြောပါ သွားတော့ တာကလား။ အနှစ်မဟုတ်သော ပစ္စည်းဥစ္စာကို အနှစ်သာရ-ဟု ထင်မြင်ယူဆ မှားနေကြခြင်း ဖြစ်တယ်နော်၊ ဒါကြောင့်မို့ မြတ်စွာဘုရား ဟောဖော် ညွှန်ကြားခဲ့တဲ့ အနှစ်သာရ ထုတ်ယူနည်းကို သေချာစွာ မှတ်သားပြီး ကြိုးစား လိုက်နာကြရမယ်၊ အနှစ်ကို သိမှလဲ အနှစ်စစ်ကို ယူတတ်ကြပေမည်၊ သို့အတွက် အနှစ်စစ်အနှစ်မှန်ကို သိထားဘို့ရန်လိုပါတယ်၊ ဒီလို အနှစ်သာရကို ရယူရေးနှင့် ပတ်သက်၍ မြတ်စွာဘုရားက-

အသာရေ သာရမတိနော၊ သာရေစ သာရဒဿိနော
တေ သာရံ အဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။ (ဓမ္မပဒ၊ ဂါထာ- ၁၁)။

ဟူ၍ ဟောကြားတော် မူခဲ့ပါတယ်။

သာခဓေါ၊ ကိုယ်နှုတ်နှစ်လုံး၊ သုံးပါးပျော့ပြောင်း၊ သူတော်ကောင်းတို့။ ယေ၊ မိန်းမ၊ ယောကျ်ား၊ လူ-ရှင်အားဖြင့်၊ မပိုင်းခြားအပ် အမှတ်မထင် အကြင်သူတို့သည်။ အသာရေ၊ ခိုင်မာမြဲလစ်၊ အနှစ်မပါ၊ စီးပွားဥစ္စာ၌။ သာရမတိနော၊ အနှစ်အစိုင်၊ မြဲခိုင်ဘိအလား၊ အထင်မှားကာ နေကြလေကုန်၏။ သာရေစ၊ မပျက်စီးနိုင်၊ မြဲခိုင်မလငြား၊ လှူဒါန်းပေးကမ်းခြင်း အနှစ်သာရ တရား၌ကား။ အသာရဒဿိနော၊ ပေးလှူလေက၊ ကုန်ဆုံးရ၏၊ လုံးဝတစ်၊ ကျိုးမရှိဟု မှတ်သိသောအား အမြင်မှားကြလေကုန်၏။ တေ၊ အကာကိုအနှစ်ထင်၊ အနှစ်ကိုပင် အကာမှတ်ကြသည့် စိတ်ဓာတ်ဖောက်ပြား ထိုအရှင်လူအများတို့သည်။ မိစ္ဆာသင်္ကပ္ပဂေါစရာ၊ ကာမ၊ဗျာပါ၊ဝိဟိံသာဟု မိစ္ဆာဝိတက်၊ထိုသုံးချက်လျှင်၊ကျက်စားရာအာရုံ ရှိကြကုန်သည် ဖြစ်၍။ သာရံ၊ သံသရာမှာ မျိုးရိက္ခာ၊

ဟု မှန်စွာဖြစ်ရ, ဒါနကောင်းမှု, အနှစ်သာရတရားစုကို။ နာဓိဂစ္ဆန္တိ၊ မုချပိုင်ပိုင် မရနိုင်ကြလေကုန်သည် သားတည်း။

အချို့သော ပညာဉာဏ်နည်းသူလူနှင့် ရှင်တို့သည် အတိုးမတန်အသုံးမကျသည့် အကာမျှကို အနှစ်သာရလို့ မှတ်ထင်နေကြတယ်၊ အစိုင်အခဲ အမြဲတည့်တန့်သော အနှစ်သာရဖြစ်တဲ့ ပေးကမ်းလှူဒါန်းခြင်း ဒါနကုသိုလ်ကိုတော့ အနှစ်မရှိအကာအတိဟု ထင်မြင်ယူမှား နေကြ ပြန်ပါတယ်။

၁။ ကာမဝိတက်– ကာမဂုဏ်ကိုကြံစည်ခြင်း။

၂။ ဗျာပါဒဝိတက်– သူတပါးအား သေကြေ ပျက်စီးကြောင်းကို ကြံစည်ခြင်း။

၃။ ဝိဟိံသဝိတက်– သူတပါးကို နှိပ်စက်ညှဉ်းဆဲခြင်းငှာ ကြံစည်ခြင်း– ဟူသော မိစ္ဆာဝိတက်သုံးပါးလျှင် ကျက်စားရာအာရုံရှိကြကုန်သော ထိုအကာကို အနှစ်ထင်၍ အနှစ်ကိုမူအကာဟု မြင်ကြသည့် စိတ်အစဉ် ဖောက်ပြား ရှင်လူအများတို့သည် သူတော်ကောင်းတို့ ကျင့်ဝေ့လမ်းဟောင်းကောင်းမြတ်လှစွာ ပေးကမ်းလှူဒါန်းခြင်း ဒါနကောင်းမှု ဟူသော အနှစ်သာရကို မုချပိုင်ပိုင် မရရှိနိုင်ကြတော့ ပါဘူးတဲ့။

**ဆောင်ပုဒ်။** ၁။ သုံး၍မဖြစ်၊ အကာစစ်၊ အနှစ်ထင်ကြသည်။
၂။ အနှစ်ကိုမူ၊ အကာယူ၊ ဗိုလ်လူမှားကြသည်။
၃။ မိစ္ဆာကြံမှား၊ ကျင့်ဖောက်ပြား၊ နှစ်ကား–မရှိပြီ။

**သာရဉ္စ သာရတော ဉတွာ၊ အသာရဉ္စ အသာရတော။**
**တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။** (ဓမ္မပဒ၊ ဂါထာ ၁၁၂)-

သာဓေါ၊ အမြတ်တရား၊ ကျင့်ကြံပွားသည့်, စိတ်ထားဖြူစင်, သူတော်စင်တို့။ ယေ၊ လူပဲရှင်ပဲ, စွဲမှတ်မယူ, အကြင်သူတို့သည်။ သာရံ၊ သဒ္ဓါကြည်ဖြူ, ပေးကမ်းလှူရ, ဒါန အနှစ်သာရတရားကို။ သာရတော၊ မြဲခိုင်လှစွာ, သံသရာမှာ မျိုးရိုက္ခာဖြစ် အနှစ်သာရ အားဖြင့်။ (ဝါ) အနှစ်သာရတွေပါ တကားဟူ၍။ ဉတွာဇာနန္တိ၊ ပိုင်းခြားထင်ထင် သိမြင် ကြလေကုန်၏။ အသာရဉ္စ၊ အနှစ်မဟုတ်, ဆုတ်ယုတ်ပျက်ပြား, စီးပွားဉစ္စာကိုလည်း။ အသာရတော၊ အနှစ်အခိုင်, မြဲခိုင်တည်ရာ မဟုတ်သော အခြင်းအရာ အားဖြင့်၊ (ဝါ) အနှစ်အခိုင်, မြဲခိုင်တည်ရာ, မဟုတ်ပါတကားဟူ၍။ ဉတွာဇာနန္တိ၊ ကောင်းစွာထင်ထင် သိမြင် ကြလေကုန်၏။ ဉတွာ၊ ပိုင်ခြားထင်ထင် သိမြင် ကြကုန်၍။ သမ္မာသင်္ကပ္ပဂေါစရာ၊ နေက္ခမ္မနှင့် အဗျာပါဒ၊ အဝိဟိံသာဟု သမ္မာဝိတက်, ထိုသုံးချက်လျှင်, ကျက်စားရာ အာရုံ ရှိကြကုန်သော။ တေ၊ အနှစ်ကိုအနှစ်, အကာကို အကာဟု ကောင်းစွာမြင်သိ ပညာရှိသူ ထိုရဟန်းရှင်လူတို့သည်။ သာရံ၊ သံသရာမှာ မျိုးရိက္ခာ ဖြစ် ဒါန ကုသိုလ် ကောင်းမှုဟူသော အနှစ်တရားကို။ အဓိဂစ္ဆန္တိ၊ သံသာနောက်နှောင်း၊ အစဉ်ကောင်းဘို့ အကြောင်း မသွေ ရရှိ ကြလေကုန်သတည်း။

အခိုင်အမာ မြဲစွာတည်တန့် အရှည်ခန့်သဖြင့် အနှစ်သာရ စင်စစ်ဖြစ်သော ပေးကမ်းလှူဒါန်းခြင်း ဒါန ကုသိုလ်ကောင်းမှုကို အရှည်တည်တန့် ခိုင်ခန့်သော အနှစ်သာရ တရားအဖြစ် ပိုင်းပိုင်းခြားခြား ထင်ရှား သိမြင် ကြကုန်သော တဘဝ တသက်စာမျှသာဖြစ်၍ အမြဲ ကြာရှည် မတည်

တန့်သဖြင့် အနှစ်သာရ မဟုတ်သော လောကီရတနာ စီးပွားဥစ္စာကိုလည်း ရန်သူမျိုး ငါးပါး ဝန်းရံထားသဖြင့် မြဲမြံတည်တန့် အရှည်ခန့်သော အနှစ်သာရများ မဟုတ်ကြောင်းကို ကောင်းကောင်းကြီးသိမြင် ကြကုန်သော–

၁။ နေက္ခမ္မသက်ပ္ပ-ကာမဂုဏ် တရားတို့မှ ထွက်မြောက်ရခြင်းကို ကြံစည်ခြင်း စဉ်းစားစိတ်ကူးခြင်း။

၂။ အဗျာပါဒသက်ပ္ပ-သူတပါးတို့ ပျက်စီးကြောင်းကို မကြံစည်ပဲ၊ သတ္တဝါများ ဘေးရန်ကင်းကွာ၊ ကျန်းမာချမ်းသာ စေရန် ကြံစည်ခြင်း။

၃။ အဝိဟိံသာ သက်ပ္ပ–သတ္တဝါများအား မညှင်းဆဲရေးကို ကြံစည်တွေးဆခြင်း–

ဆင်းရဲဒုက္ခ ရောက်နေကြသော သတ္တဝါများအား သနားကြင်နာ ကိုယ်ချင်းစာစိတ်ထားဖြင့် စောင့်ရှောက် ကူညီရန် ကြံစည်ခြင်းဆိုတဲ့ သမ္မာသက်ပ္ပ ခေါ်သော သမ္မာဝိတက်သုံးပါးလျှင် ကျက်စားရာ အာရုံ ရှိကြကုန်သော ပညာရှိသူ ရဟန်း ရှင်လူတို့သည် သူတော်ကောင်းတို့၏ အကျင့်လမ်းဟောင်းဖြစ်သော ဣလှူဒါန ကုသိုလ်ကောင်းမှုကံကို ကောန်မုချ ရရှိကြလေသည်-ဟု ဆိုလိုရင်း ဖြစ်ပါတယ်၊ ဒီလို ဒါန ကုသိုလ်ကံ ရရှိရန် ဆိုတာကလဲ ရွှေ၊ ငွေ စသော စီးပွားရေး ဥစ္စာကို အနှစ်သာရဟု ထင်မြင် ယူဆထားသူများ ဖြစ်ပါက သူတပါးအား ပေးကမ်း လှူဒါန်းခြင်း ပြုလုပ်နိုင်မည်မဟုတ်ပေဘူး၊ထိုပုဂ္ဂိုလ်များအဘို့ ဒါနတည်းဟူသော ကောင်းမှုကံ ပြည့်စုံနိုင်ရန် အကြောင်းမရှိပါဘူးတဲ့၊ စီးပွားဥစ္စာဆိုသည်ကား ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေသဖြင့် စင်စစ် အနှစ်သာရ မရှိပါချေ။

ယင်း စီးပွားဥစ္စာကို သဒ္ဓါကြည်ဖြူ ပေးလှူခဲ့ပါမူကား ရန်သူငါးပါးတို့ ခိုးဝှက်၊ လုယူဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ပေရာ နောက်သံသရာ၌လည်း အရိပ်ပမာ အစဉ်လိုက်ကာ ချမ်းသာပေးကြောင်း ကောင်းမြတ်သောတရားပါ တကားဟုိုင်းခြားထင်ထင် သိမြင်ကြကုန်သောသူတို့သည်သာလျှင် ပေးကမ်း လှူဒါန်းခြင်းဖြင့် ဒါနကုသိုလ်ကောင်းမှု အနှစ်သာရစုကို ရရှိနိုင်ကြသတဲ့၊ (ဒကာကြီး ဦးချိန်)၊ဒါကြောင့်မို့ အနှစ်အခဲ အမြဲတည်တန့်သော ဒါန ကုသိုလ်ကိုလဲ အနှစ်သာရ အဖြစ် စင်စစ်သိမှ၊ ရန်သူမျိုး ငါးပါးရန် ဝန်းရံလျက် နေသဖြင့် အနှစ်မပါ အကာမျှ ဖြစ်သော စီးပွားဥစ္စာကိုလဲ အနှစ်မပါ အကာစင်စစ် ဖြစ်သည်ကို သိရှိမှသာလျှင် နောင်သံသရာသို့ အရိပ်ပမာ အစဉ်ပါမည့် အလှူဒါန ကုသိုလ် ကောင်းမှုကို ပြုလုပ်ကာ အနှစ်သာရကို ရရှိနိုင်တာကိုး၊ သို့အတွက် မခိုင်မမြဲ ဖောက်လွဲတတ်စွာ အကာဖြစ်သော စီးပွားဥစ္စာမှ မပျက်စီးနိုင် မြဲခိုင်လှစွာ ဒါနကုသိုလ်ဟူသော အနှစ်သာရကို ထုတ်ယူသိမ်းဆည်း နိုင်ကြပါစေ-ဟု အသိပေး တိုက်တွန်း လိုက်ရပေတယ်-နော်၊ ကဲကဲ-ဒီလင်္ကာကလေးများကို လိုက်ဆို လိုက်ကြဦးစို့–

ဆောင်ပုဒ်။ ၁။ ကုသိုလ်ဒါန၊ အနှစ်သာရ၊ မုချသိရမည်။

၂။ ပစ္စည်းဥစ္စာ၊ နှစ်မပါ အကာဖြစ်ပေသည်။

၃။ အနှစ်မပါ၊ အကာဖြစ်ငြား၊ ပစ္စည်းများမှ စိတ်ထားစင်ဖြူ၊ ပေးလှူပြီးခါ၊ နှစ်သာရ၊ ထုတ်ကာယူရမည်။

ယခု ဟောခဲ့တာတွေကတော့ "ဒဒံစိတ္တံ ပသာဒေတိ" လှူဒါန်းဆဲမှာ စိတ်ကြည်လင်စွာ ထားရမည်-ဆိုတဲ့ မုဉ္စစေတနာ ကို ကျယ်အားဖြင့် ပြောဆို လိုက်ရခြင်း ဖြစ်တယ်နော်၊ "ဒတွာအတ္တ မနောဟောတိ" (လှူဒါန်းပြီးလျှင် နောက်အစဉ်၊ ကြည်လင် ဝမ်းမြောက် ကြရမည်)ဟု ဆိုတဲ့ နောက် စကားက ဘာကို ဆိုလိုသလဲဆိုတော့—

ဒတွာ အတ္တမနော ဟောတီတိ အယံ ပန အပရစေတနာ အပရာပရံ အနုဿရန္တဿ လဗ္ဘတိ- ဟူ၍ အင်္ဂုတ္တရအဋ္ဌကထာ၌ ဖွင့်ပြ ထားပါတယ်။ (အံ-ဋ္ဌ-တ-၁၀၈)။

လှူဒါန်းပြီးနောက် ဝမ်းမြောက်ရမည်-ဟု ဆိုတာက သဒ္ဓါကြည်ဖြူ ပေးကမ်းလှူဒါန်း ပြီးသော နောက်အခါ၌ မိမိ၏ အလှူဒါနကို အဖန်ဖန် အမှတ်သတိရသော စဉ်းစား ဆင်ခြင် သော ပုဂ္ဂိုလ်အား ဖြစ်ပွားတဲ့ အပရစေတနာကို ရရှိတယ်-လို့ ဆိုလိုပါတယ်၊ အလှူဒါန ပြုလုပ်ပြီး လျှင်လဲ ပြီးလျှင်ပြီးရော သဘောမထားရဘူးတဲ့၊ မိမိရဲ့ အလှူဒါနကို အဖန်ဖန် အမှတ်ရနေရမယ်၊ အမှတ်ရတိုင်း အမှတ်ရတိုင်းလဲ ဝမ်းမြောက်နေရမယ်တဲ့-(ဒကာကြီး ဦးချိန်ရဲ့)။ ပုဗ္ဗစေတနာ၊ မုဉ္စ စေတနာတွေ ထက်ထက်သန်သန် ရှိသလောက် ဒီအပရ စေတနာ အရာမှာ အားနည်းပြီး နေတတ် ကြတယ်နော်၊ ဘာ့ကြောင့်မို့လဲဆိုတော့-ပြီးလျှင်ပြီးရော သဘောထားတတ်ကြလွန်းလို့-ဟု ဖြေဆို ရပါလိမ့်မယ်နော်၊ အပရစေတနာ ပွားများပုံ ဝမ်းမြောက် ဝမ်းသာပုံတို့ကို အင်္ဂုတ္တရနိကာနှင့် ပေတ ဝတ္ထု အဋ္ဌကထာတို့မှာ ပြည့်စုံစွာ ပြဆိုထားပါတယ်၊ သေသေချာချာ နာယူမှတ်သားပြီး ကြိုး စားလိုက်နာ ပွားများ ကြစမ်းပါ၊ အပရစေတနာ ပွားများပုံက ဒီလိုတဲ့-(ဒကာကြီးဦးချိန်)။

ဒတွာ အတ္တမနော ဟောတီတိ ဒက္ခိဏေယျာနံ ဒေယျဓမ္မံ ပရိစ္စဇိတွာ ပဏ္ဍိတပည
တ္တံနာမ မယာ အနုဋ္ဌိတံ၊ အဟော သာဓု သုဋ္ဌု တိ အတ္တ မနော ပမုဒိတော ပီတိသော
မနဿဇာတော ဟောတိ။ (အံ-ဋ္ဌ-တ-၁၀၈။ ပေတ-ဋ္ဌ-၁၂၄)။

ဒတွာ အတ္တမနော ဟောတီတိ-ဒတွာအတ္တမနော ဟောတိဟူသည်ကား။ ဒက္ခိဏေယျာနံ၊ အလှူခံပုဂ္ဂိုလ်တို့အား။ ဒေယျဓမ္မံ၊ လှူဒါန်းဘွယ် ဝတ္ထုအစုစုကို။ ပရိစ္စဇိတွာ၊ စွန့်ကြဲ ပေးကမ်း လှူဒါန်းပြီး၍။ "မယာ-ငါသည်။ ပဏ္ဍိတပညတ္တံနာမ၊ ဘုရား, ပစ္စေက, သာဝက များစွာ ပညာရှိ အပေါင်း သူတော်ကောင်းတို့၊ ကျိုးကြောင်းညွှန်လတ် ပညတ်အပ်သော အကျင့်မြတ်မည်သည်ကို။ အနုဋ္ဌိတံ၊ လျော်ကပ်ကောင်းစွာ ပြည့်ကျင့်ခြင်းဖြင့် ဆောက်တည်အပ်ပါပေ၏။ အဟော သာဓု၊ ဩော်-ကောင်းလေစွ။ အဟော သုဋ္ဌု၊ ဩော်-အလွန်အကျိုး ထူးပင် ကောင်းလေစွ"။ ဣတိ၊ ဤသို့ အတ္တမနော။ သဒ္ဓါယိုဖိတ် ဝမ်းမြောက်သော စိတ်ရှိသည်။ ပမုဒိတော၊ အထူးထူး အပြားပြား ဝမ်းမြောက်သည်။ ပီတိသောမနဿဇာတော၊ ဖြစ်သော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း ရှိသည်။ ဟောတိ၊ ကောင်းစွာမသွ ဖြစ်လေ၏။

ဆိုလိုရင်းကတော့ သဒ္ဓါရှင်လန်း ပေးကမ်းလှူဒါန်းသော ပုဂ္ဂိုလ်သည် အလှူခံ ပုဂ္ဂိုလ်၏ လှူဘွယ်ရာ ဝတ္ထုအစုစုတို့ကို သဒ္ဓါရဲရဲ စွန့်ကြဲ လှူဒါန်းပြီးလျှင် "ငါသည် ဘုရား၊ ရှင် အစရှိကုန် သော ပညာရှိ သူတော်ကောင်းတို့သည် ကျိုးကြောင်း၊ ညွှန်လတ် ပညတ်အပ်သော ဒါန ကောင်းမှု အကျင့်မြတ် ကို လျော်ကပ် ကောင်းစွာ ပြည့်ကျင့် ဆောက်တည်အပ်ပေပြီ၊ ဩော်-ကောင်းလေစွ, ဩော်-ကောင်းလေစွ" ဟု အဖန်ဖန် တွေးဆ ဆင်ခြင် ကာ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေရမည်တဲ့၊

ကိုယ်ပြုလုပ် အားထုတ်ခဲ့တဲ့ ကောင်းမှုကုသိုလ် တရားကို အဖန်ဖန် ဆင်ခြင် ပွားများ နေရမည်၊ ဆင်ခြင် ပွားများတိုင်းလဲ ဝမ်းမြောက်ဝမ်းသာနဲ့ ကုသိုလ်စိတ်တွေ တရိပ်ရိပ် ဖြစ်ပွား လာတတ်ပါတယ်၊ ကုသိုလ်ကောင်းမှု ပြုလုပ်ပြီး မေ့မေ့လျော့လျော့ မနေစကောင်းဘူးတဲ့၊ ဒီလို ကုသိုလ်ပြုပြီးနောက် အဖန်ဖန် အထပ်ထပ် အမှတ်ရကာ ဆင်ခြင် ပွားများကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မှုကို အပရစေတနာ ကောင်းတယ်-လို့ ခေါ်ဆိုရပါတယ်၊ ဒါနကုသိုလ် ကောင်းမှုပြုရာမှာ ယခုပြောခဲ့တဲ့ စေတနာ သုံးတန်ဟာ လွန်စွာပင် အရေးကြီးတာကလား၊ သို့မို့ကြောင့်—

သော ယညဿ သမ္ပဒါတိ ယာ အယံပုဗ္ဗစေတနာ မုဉ္စစေတနာ အပရစေတနာ တိက္ခမေဿ ကမ္မဖလသဒ္ဒါနုဂတာနံ သောမနဿ ပရိဂ္ဂဟိတာနံ တိဿန္နံ စေတနာနံ ပါရိပူရိ၊ သောယညဿ သမ္ပဒါ ဒါနဿ သမ္ပတ္တိ၊ န ဣတော အညထာ။ (ပေတ-ဋ္ဌ-၁၂၄ အံ-ဋ္ဌ-၁၀၇)။

ဟူ၍ ပေအဋ္ဌကထာနှင့် အင်္ဂုတ္တရဋ္ဌကထာမှာ စေတနာသုံးဖြာ ကောင်းမွန်ညီမျှ ပြည့်စုံကြရခြင်းရန် ဆက်သက် ဖွင့်ပြ ထားပါတယ်၊ ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့-မလှူမီရှေးက ဝမ်းမြောက်ရခြင်း ပုဗ္ဗစေတနာ, လှူဒါန်း ဆက်ကပ်ဆဲအခါမှာ စိတ်ကို ကြည်လင်စေခြင်း မုဉ္စစေတနာ, လှူဒါန်းပြီး နောက်မှာ အထပ်ထပ် အခါခါ ဆင်ခြင် ပွားများကာ နှစ်သက်ဝမ်းမြောက်မှု ဖြစ်ရခြင်း အပရစေတနာ-ဟု ဆိုအပ်ကုန်သောကံ၏ အကျိုးဖြစ်၍ သဒ္ဓါတရားသို့ အစဉ်လိုက်တတ် ကုန်သော ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းဖြင့် ထက်ဝန်းကျင် အလုံးစုံ သိမ်းကျုံး ယူငင် အပ်ကုန်သော ဤပုဗ္ဗ, မုဉ္စ, အပရခေါ်ငြား စေတနာ သုံးပါးတို့ ကောင်းမွန်ညီမျှ ပြည့်စုံမှုသာလျှင် အလှူဒါန ပြည့်စုံတယ်လို့ ဆိုရပါတယ်၊ ဤစေတနာသုံးပါးမှ တပါးသော အခြင်းအရာအာ ဖြင့်ဒါနကုသိုလ် ပြည့်စုံတယ်လို့ မဆိုနိုင်ပါဘူးတဲ့၊ ဒါကြောင့်မို့ မလှူမီ ရှေးအခါကပင် ဝမ်းမြောက် ဝမ်းသာ ဖြစ်နေကြရမယ်။

ဒီပုဗ္ဗစေတနာ ကောင်းလျှင် ပုဗ္ဗစေတနာနှင့် ပြည့်စုံလျှင် ဖြစ်လေရာ ဘဝ ဤ ပထမ အရွယ်မှာ အကျိုးပေးတတ်ပါတယ်၊ ပုဗ္ဗစေတနာ ချွတ်ယွင်းပြန်လျှင်လဲ ပထမ အရွယ်မှာ ဆင်းရဲစွာ အသက်မွေး နေထိုင်ရတတ်တယ်တဲ့၊ အချို့သူများမှာ ငယ်စဉ်အခါ ချမ်းချမ်းသာသာ ရှိကြပြီး၊ အချို့သူများကြတော့ ငယ်စဉ်အခါ ဆင်းရဲစွာ နေရကာဟာ ဒီပုဗ္ဗ စေတနာရဲ့ လက်ချက်တွေပဲလို့ မှတ်ရမယ်တဲ့-(ဒကာကြီး ဦးချိန်ရှဲ)။

ဆောင်ပုဒ်။ ၁။ မလှူမီရှေးက၊ ဝမ်းမြောက်ကြ၊ ပုဗ္ဗစေတနာ။
၂။ ပြည့်စုံပုဗ္ဗ၊ ပထမ၊ ဝယကျိုးပေးမှာ။
၃။ ပုဗ္ဗချို့လျှင်၊ ပ-ရွယ်တွင်၊ ငြိုငြင်ဆင်းရဲရာ။

အလှူခံပုဂ္ဂိုလ်လက်ထဲသို့ လှူဘွယ်ဝတ္ထုအစုစုကို သဒ္ဓါကြည်ဖြူ ပေးလှူ ဆက်ကပ်နေဆဲ အချိန်အခါမှာလဲ မိမိတို့ရဲစိတ်ဓာတ်ကလေးဟာ ကြည်လင်ရွှင်လန်းပြီး နေစေရမည်တဲ့၊ ဒီမုဉ္စစေတနာနှင့် ပြည့်စုံလျှင် မုဉ္စစေတနာကောင်းလျှင် ဖြစ်လေရာဘဝ၌ ဒုတိယအရွယ်မှာ အကျိုးပေးတတ်သတဲ့၊ မုဉ္စစေတနာချွတ်ယွင်းပြန်လျှင်လဲ ဖြစ်လေရာဘဝ၌ ဒုတိယအရွယ်မှာ ငြိုငြင်ဆင်းရဲစွာအသက်မွေးရ

တတ်ပါတယ်၊ ဒါကြောင့်မို့ အချို့သောသူများ ဒုတိယအရွယ်မှာ ပစ္စည်းဥစ္စာ ဖြစ်ထွန်းကြီးပွား ခြင်း လုပ်ကိုင်သမျှဟန်မရပဲ ဆင်းရဲမွဲတေ ဖြစ်ရခြင်းများဟာလဲ ဒီမုဥ္စစေတနာကောင်းခြင်း မကောင်း ခြင်းလျှင် အရင်းခံရှိတယ်လို့ မှတ်သားရမည်တဲ့။

**ဆောင်ပုဒ်။** ၁။ လှူဆဲကာလ၊ စိတ်ရွှင်ပြ၊ မုဥ္စစေတနာ။
၂။ ပြည့်စုံမုဥ္စ၊ ဒုတိယ၊ ရွယ်မှကျိုးပေးမှာ။
၃။ မုဥ္စချို့လျှင်၊ ဒု- ရွယ်တွင်၊ ငြိုငြင်ဆင်းရဲရာ။

နောက်- အပရစေတနာ ဆိုတာကတော့ အလှူခံပုဂ္ဂိုလ်၏ လက်၌ အလှူဝတ္ထုကို လှူဒါန်း ဆက်ကပ်ပြီးလျှင် "ငါသည် ဘုရားအလောင်းသူတော်ကောင်းတို့ ထုံးဟောင်းကျင့်စဉ်ကို အစဉ်လိုက် ကာ ကျင့်ကြံရပေပြီ၊ ဩော် ကောင်းလေစွ ကောင်းလေစွ" ဟု မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုကို အဖန်ဖန် အမှတ်ရကာ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေခြင်းပင် ဖြစ်ပါတယ်၊ ဒီအပရ စေတနာနှင့် ပြည့်စုံလျှင် အပရ စေတနာကောင်းလျှင်တော့ ဖြစ်ရာဘဝ၌ တတိယအရွယ်မှာ အကျိုးပေးတတ်ပါ တယ်၊ ဒါကြောင့်မို့ အချို့သူများ အသက်ကြီးကာမှ စန်းထပြီး ချမ်းသာ ကြီးပွားနေကြတာကိုး၊ လောကလူများကတော့ အို ကံကောင်းတယ်လို့ ဆိုကြတယ် ထင်ပါရဲ့။

အပရစေတနာ ချွတ်ယွင်းပြန်လျှင်လဲ တတိယအရွယ်မှာ ဆင်းရဲမွဲပြာကျပြီး အို ကံဆိုးတော့ တာပါဘဲ၊ ပုဂ္ဂိုလ်သတ္တဝါ တဦးတယောက်ရဲ့ ဘဝ တခုလုံးဟာ ဒီစေတနာ အရင်းခံအားလျော်စွာ အကျိုးပေးနေကြခြင်းပင် ဖြစ်တယ်နော်၊ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်ဘုရားကမှ ကောင်းအောင် ဆိုးအောင် စွမ်းဆောင် လုပ်ပေးနိုင်ကြတာ မဟုတ်ဖူး- (ဒကာကြီး ဦးချိန်)၊ မိမိရဲ့စေတနာခေါ်တဲ့ ကံတရားကသာ ရုပ်လုံးထင်အောင် ပြုပြင်ပေးနိုင်တာကိုး၊ ဒါကြောင့်မို့လဲ "စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ စေတယိတွာ ကမ္မံကရောတိ ကာယေန ဝါစာယ မနသာ၊ (အံ-၆- ၃၆၃) ဟူ၍ ဟော တော်မူခဲ့ခြင်း ဖြစ်တယ်နော်၊ ကံအပရစေတနာ လင်္ကာလေးများကိုလဲ မှတ်သားမိအောင် လိုက်ဆို ဦးစို့ရဲ-

**ဆောင်ပုဒ်။** ၁။ လှူပြီးနောက်မှ၊ ဝမ်းမြောက်က၊ အပရစေတနာ။
၂။ ပြည့်စုံအပရ၊ တတိယ၊ ရွယ်မှကျိုးပေးမှာ။
၃။ အပရချို့လျှင်၊ တ- ရွယ်တွင်၊ ငြိုငြင်ဆင်းရဲရာ။
၄။ စေတနာသုံးတန်၊ ပြည့်စုံရန်၊ အမှန်ကြိုးစားပါ။
၅။ ဒါနရှင်များ၊ သတိထား၊ ကြိုးစားလိုက်နာရာ။

အလှူဒါန ကုသိုလ်ကောင်းမှုပြုတဲ့အခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရမည်၊စိတ်ဓာတ်အစဉ် ကြည်လင်နေရမည်လို့ ပြောပြခဲ့ပြီနော်၊ အဘယ်သို့လျှင် စိတ်အစဉ် ကြည်လင် စေရမည်နည်း၊ စိတ် အစဉ် ကြည်လင်နေအောင် အဘယ်သို့ ပြုပြင်ရမည်နည်းဆိုတာလဲ သိထားဘို့ လိုသေးတယ်နော်၊ သို့အတွက်ကြောင့် စိတ်အစဉ်ကြည်လင် ရွှင်လန်းအောင် ဆောင်ရွက်နည်းကို သတိချပ် အမြဲမှတ်ထား ကြရန် ပြောပြရဦးမယ်။

ကထံစိတ္တံပသာဒေတဗ္ဗံ ဒေါသပ္ပဟာနေန၊ ကထံဒေါသပ္ပဟာနံ ဟောတိ
ယညာရမ္ဘကာတာယ။ (သုတ္တ- ၄ - ဒု - ၁၄၃)။

ကထံ၊ အသို့လျှင်။ စိတ္တံ၊ စိတ်ကို။ ပသာဒေတဗ္ဗံ၊ ကြည်လင်စေအပ်သနည်း။ ဣတိပုစ္ဆာယံ၊ ဤသို့အကြောင်းခြင်းရာ မေးမြန်းလာသည်ရှိသော်။ ဒေါသပ္ပဟာနေန၊ သူတပါးအား ပျက်ပြားစေရန် အစဉ်ကြံသည့် အမှန်ဆိုးရွား ဒေါသတရားကို ပယ်ရှားသဖြင့်။ စိတ္တံ၊ စိတ်ကို။ ပသာဒေတဗ္ဗံ၊ ကောင်းစွာသန့်ရှင်း အပြစ်ကင်းကွာ ကြည်လင်စေရာ၏။ ကထံ၊ အသို့လျှင်။ ဒေါသပ္ပဟာနံ၊ သူတပါးအား ပြစ်မှားတတ်သော ဒေါသတရားကို ပယ်ရှားခြင်းသည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်သနည်း။ ယညာရမ္မဏတာယ၊ သဒ္ဓါရှင်လန်း လှူဒါန်းပြုစု မြတ်ကောင်းမှုကို အာရုံပြုသည် အဖြစ်ဖြင့်။ ဒေါသပ္ပဟာနံ၊ သူတပါးအား ပြစ်မှားတတ်သော ဒေါသတရားကို ပယ်ရှားခြင်းသည်။ ဟောတိ၊ ကောင်းစွာမသွေ ဖြစ်ပါပေသတည်း။

စိတ်ကို ဘယ်လိုလုပ်၍ ကြည်လင် ရှင်လန်းစေမည်လဲ ဆိုတော့ သူတပါးတို့အား ပျက်ပြား စေရန် ကြံစည်တတ် အားထုတ်လုံ့လပြုတတ်သော ဒေါသတရားကို ပယ်ရှားခြင်းဖြင့် စိတ်ကိုကြည် လင်စေရမည်တဲ့၊ ဒေါသဆိုတာ ကြည်လင် တောက်ပနေတဲ့ စိတ်ဓာတ်ကို အမှောင်ချထားတဲ့ တရား တမျိုးပဲနော်၊ ဒါကြောင့်မို့ ဒေါသပယ်ရှားလိုက်လျှင် စိတ်ဓာတ်တွေ ကြည်လင် တောက်ပပြီး လာတတ်ပါတယ်တဲ့၊ ဒါဖြင့် ဒေါသကိုကော အဘယ်သို့ ပြုကာ ပယ်ရှားရပါမည်နည်းဆိုတော့ မိမိသဒ္ဓါကြည်ဖြူ ပေးကမ်းလှူဒါန်းတဲ့ ဒါနကုသိုလ် ကောင်းမှုကို အာရုံပြုကာ ဒေါသတရားကို ပယ်ရှားကြရမည်တဲ့။

အမှန်မှာ မိမိပြုလုပ်နေတဲ့ ကုသိုလ်ကောင်းမှုအပေါ်မှာ စိတ်ကိုတည်ငြိမ်စွာ မထားပဲလွန်ခဲ့ပြီး ဖြစ်တဲ့ အတိတ်ဖြစ်ရပ် အကြောင်းအရာကို ပြန်လှန်ကာ တွေးတော နေခြင်းကြောင့် လည်းကောင်း, မဖြစ်ပေါ်သေး မဆိုက်ရောက်ရသေးသော အနာဂက်အကြောင်းအရာကို မှန်းမျှော်ကာ ကြံတွေးနေ ခြင်းကြောင့်လည်းကောင်း မနှစ်သက်မှုမကျေနပ်မှုကို အကြောင်းပြုကာ ဒေါသတရား ဖြစ်ပွားတတ် ပါတယ်၊ ဒါကြောင့်မို့ ပေးကမ်းလှူဒါန်းဆဲ ဒါနကောင်းမှုကို အာရုံပြုနေခြင်းဖြင့် ဒေါသတရားကို ပယ်ရှားကြရမည်လို့ ဆိုခြင်းဖြစ်တယ်၊ မိမိပြုလုပ်နေတဲ့ ကုသိုလ်ကောင်းမှုကို အာရုံပြုကာ ဒေါသ တရားကိုပယ်ရှားပြီး စိတ်ဓာတ်ကိုကြည်လင်နိုင်သ၍ ကြည်လင်နေကြစေရမည်တဲ့ (ဒကာကြီးဦးချိန်ရဲ့)။

> အယံ ဟိ သတ္တေသု မေတ္တာပုဗ္ဗင်္ဂမေန သမ္မာဒိဋ္ဌိ ပဒီပ ဝိဟတ မောဟန္ဓ
> ကာရေန စိတ္တေန ယဇမာနဿ ဒေယျဓမ္မသမ္ပါတော ယညော အာရမ္မဏံဟောတိ
> သောတေ္တယညေ အာရမ္မဏဝသေန ပဝတ္တိယာ ပတိဋ္ဌာယ ဒေယျဓမ္မပစ္စယံ လောဘံ
> ပဋိဃဂ္ဂါဟက ပစ္စယံကောဓံ တဒုဘယ နိဒါနံ မောဟဉ္စ ဝိဝိတိဝိ ဓမ္မိ ဇဟောတိ ဒေါသံ။
> (သုတ္တ ဋ္ဌ ဒု ၁၄၃)။

ဟိသစ္စံ၊ မှန်၏။ သတ္တေသု၊ ပုပုရွရွများပြားလှစွာ သတ္တဝါတို့အပေါ်၌။ မေတ္တာပုဗ္ဗင်္ဂမေန၊ ကျန်းမာရှင်လန်း ခန့်ကျန်းစေဘိ မေတ္တာတရား ရှေ့သွားရှိသော။ သမ္မာဒိဋ္ဌိ ပဒီပ ဝိဟတမောဟန္ဓ ကာရေန၊ အသိမှန်ဘိ အမြင်မှန်ရှိသည့် သမ္မာဒိဋ္ဌိဉာဏ်ရောင် ဆီမီးတန်ဆောင်ဖြင့် မောဟတည်း ဟူသော အမိုက်မှောင်ကို ထွန်းပြောင်အပြီး ဖျက်စီးအပ်ပြီးသော။ စိတ္တေန၊သဒ္ဓါယိုဖိတ်ကြည်လင်သော စိတ်ဖြင့်။ ယဇမာနဿ၊ လေးမြတ်ကော်ရော် ပူဇော်လှူဒါန်း စွန့်ကြဲပေးကမ်းသောသူ၏။ ဒေယျဓမ္မ-သမ္ပါတော၊ စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သော ဒါတဗ္ဗဝတ္ထုဟု ဆိုအပ်သော။ အယံယညော၊ သဒ္ဓါ

ရှင်လန်း ဤ လှူဒါန်းပူဇော်ဘွယ်ရာ အဖြာဖြာသည်။ အာရမ္မဏံ၊ ကောင်းစွာမေ့ ထုံ အာရုံသည်။ ဟောတိ၊ ဖြစ်၏။

သော၊ သဒ္ဓါကြည်ဖြူ ပေးလှူသောထိုသူသည်။ တွေယသော၊ ဤသဒ္ဓါရှင်လန်း လှူဒါန်း ပူဇော်ခြင်း၌။ အာရမ္မဏဝသေန၊ ကောင်းစွာမေ့ ထုံ အာရုံပြုသည်၏ အစွမ်းအားဖြင့်။ ပဝတ္တိယာ၊ မသေ့မယှင်းဖြစ်ခြင်း၌။ ပတိဋ္ဌာယ၊ မြဲကြံခိုင်ခံ့ တည်တန့်၍။ ဒေယျဓမ္မပစ္စယံ၊ လှူဘွယ်ဝတ္ထု အစုစု ကို အကြောင်းပြု၍ဖြစ်သော။ လောဘံ၊ မခွာစွန့်ရက် တပ်မက်တတ်ငြား လောဘတရားရင်း။ ပဋိဂ္ဂါဟကပစ္စယံ၊ အလှူခံပုဂ္ဂိုလ်ကို ကေန်ရွေးရှု အကြောင်းပြု၍ ဖြစ်သော။ ကောဓံ၊ မကျေနပ် မနှစ်သက် အမျက်ထွက်ခြင်းရင်း။ တဒုဘယနိဒါန်း၊ ထိုလောဘ ကောဓတရား နှစ်ပါးတို့၏ ထင်ရှား ကေန် အကြောင်းခံဖြစ်သော။ မောဟံ၊ အသိမိုက်မှား မောဟတရားရင်း။ ဣတိဝေ၊ ဤသို့။ တိဝိဓမ္ပိ၊ လောဘ, ဒေါသ, မောဟအပြား တရားသုံးပါးကိုရင်း။ ဒေါသမ္ပိ၊ သူတပါးအား ပြစ်မှားတတ်သော ဒေါသတရားကိုရင်း။ ဇဟာတိ၊ ဒါနပြုဆဲ သတိသမ္ပဇဉ် ဉာဏ်အမြင်တဲ့သဖြင့် မလွဲပုံသေ ပယ်စွန့် နိုင်လေတော့ သတည်း။

ကုသိုလ်ကောင်းမှု ဒါနပြုတဲ့ ပုဂ္ဂိုလ်ဟာ သတ္တဝါအများတို့အပေါ်မှာ ဘေးရန် အန္တရာယ် အသွယ်သွယ်အဝဝ ကင်းရှင်းပပျောက် ချမ်းသာသုခရရှိကြစေရန် မေတ္တာစေတ် အရင်းခံရှိရမယ်တဲ့၊ ပေးကမ်းတယ်, လှူဒါန်းတယ်, ဒါနပြုတယ်ဆိုတာ မေတ္တာတရား ရှေ့သွားရှိခြင်းကြောင့်သာ လှူ ဒါန်းဖြစ်တာနော် ဒါကြောင့်မို့ မေတ္တာတရား ရှေ့သွားရှိတယ်ဆိုတာ သေချာပါတယ်၊ဒါနကုသိုလ် ရဲ့အကျိုးတရားကား အမှန်ပင် ကောင်းကျိုး ဖြစ်ပွားစေမည် ကောင်းကျိုးချမ်းသာကို ပေးမည် ဟု အမြင်မှန် အသိတရားလဲရှိတယ်၊ သမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိခြင်းကို ဆိုတယ်နော်၊ ယင်းသမ္မာဒိဋ္ဌိဉာဏ် ရောင်ဆီမီးဖြင့် မောဟဟူသော အမိုက်မှောင်ခပင်းကို ပယ်ရှင်းပြီးကာ ထွန်းလင်းဖြာသော စိတ်အစဉ် ဖြင့် ကြည်လင် ရှင်လန်း လှူဒါန်းစွန့်ကြဲမှု လေးမြတ်ကော်ရော် ပူဇော်မှုကိုပြုသောသူ၏ လှူဒါန်း ဘွယ်ဝတ္ထု အစုစုအပေါ်၌ အာရုံပြုသည်၏ အစွမ်းအားဖြင့် လှူဘွယ်ဝတ္ထု အပေါ်၌ အာရုံပြုကာ ခိုင်မြဲစွာတည်တန့်၍ နေလျှင်အလှူဝတ္ထုကို အကြောင်းပြု၍ ဖြစ်သော ကပ်ငြိတွယ်တာမှု နှမြော တွန့်တိုမှု လောဘတရားဆိုးကိုလဲ ပယ်ရှားနိုင်ပါတယ်တဲ့။

အလှူခံ ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဖြစ်သော မကျေနပ်မှု မနှစ်သက်မှု-ဟု ဆိုအပ်သော အမျက်ထွက်ခြင်း ကောဓတရားဆိုးကိုလဲ ပယ်ရှား နိုင်ပါတယ်၊ ထိုလောဘ ကောဓတရားဆိုးနှစ်ပါး ဖြစ်ပွားစေရန် အကြောင်းရင်းခံ ဖြစ်သော သဘောတရားအမှန်ကို မသိမမြင်ခြင်း မောဟတရားဆိုး ကိုလဲ ပယ်ရှား နိုင်ပါတယ်၊ သတိသမ္ပဇဉ်ဉာဏ်နှင့် ယှဉ်၍ သူတပါးတို့အား စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း ဒါနကုသိုလ် ကောင်းမှုပြုသော ပုဂ္ဂိုလ်သည် ဒါနကုသိုလ်ပြုယင်းပင် ထိုဆိုခဲ့ပြီးသော လောဘတရား, ကောဓတရား, မောဟတရား ဆိုးများကိုလဲ ပယ်ရှားနိုင်တယ်၊ သူတပါးအား ဖျက် ဆီးတတ် မိမိကိုယ်ကိုလဲ ပျက်စီး စေတတ်သော ဒေါသတရားဆိုးကိုလဲ ပယ်ရှား နိုင်သတဲ့-(ဒကာကြီး ဦးချိန်)၊ ဒါနကုသိုလ် ကောင်းမှုကို သာမညလို့ မထင်မှတ်ကြလေပါနှင့်၊ ကုသိုလ်ကောင်းမှု ပြုတယ် ဆိုတာ ပုဂ္ဂိုလ်ရဲ့ အသိဉာဏ် အပေါ်မှာ များစွာ တည်ပါတယ်။

ဒါကြောင့်မို့ "ညောင်ပင်ကြီးလောက် လှူပေမဲ့ ညောင်စေ့လောက်ရသည်၊ ညောင်စေ့လောက် လှူပေမဲ့ ညောင်ပင်ကြီးလောက် ရနိုင်သည်" လို့ ရှေးပညာရှိကြီးများ ဘိုးစကား, သတိပေး

စကား ထားခဲ့ကြတာပဲနော်၊ ဒီလိုဆိုတော့- အလှူဝတ္ထု များပြားမှုဟာ လိုရင်း ပဓာန မဟုတ်ပါဘူး၊ လှူဒါန်းသော ပုဂ္ဂိုလ်၏ အသိဉာဏ် အမြင်ရှိမှု မရှိမှု၊ စေတနာ ထက်သန်မှု မထက်သန်မှု အပေါ်မှာ မူတည်ပြီး အကျိုးကြီးခြင်း, အကျိုးနည်း ဖြစ်တယ်လို့ မှတ်ရမယ်နော်၊ သို့အတွက် အလှူဒါနပြုတဲ့ နေရာမှာ သမ္မာဒိဋ္ဌိသတိ ဉာဏ်အမြင်ရှိဖို့ဆိုတာ အမှန်ပင် လိုပါတယ်၊ စေတနာ သဒ္ဓါတရား ထက်ထက်သန်သန် ရှိရန်လဲ အမှန်ပင် လိုပါတယ်၊ အလှူဒါနပြုယင်း လှူယင်း တန်းယင်း လောဘ ဖြစ်မနေ စေရဘူး၊ လောဘတရားကို ယခု ပြောခဲ့တဲ့ နည်းအတိုင်း ပယ်ရှား ထားရမယ်၊ ကောဓ ဒေါသလဲ ဖြစ်မနေ စေရဘူး၊ ထို ကောဓ ဒေါသတရားတို့ကိုလဲ ပယ်ရှားကာ ထားရမယ်၊ လောဘ ဒေါသကို ပယ်ရှားနိုင်လျှင် မသိမှု မောဟတရားကိုလဲ ပယ်ရှားပြီး ဖြစ်တော့တာဘဲတဲ့-(ဒကာကြီး ဦးချိန်ရဲ့)၊ သဘာဝတရား အမှန်ကို မသိမှု အဝိဇ္ဇာ ခေါ်တဲ့ မောဟ မရှိလျှင်လဲ လောဘ, ဒေါသ, မောဟတရားဆိုးများ ကင်းရှင်းအောင် ပယ်ရှားနိုင်မှ အကျိုးကြီး နိုင်ပါတယ်၊ ကဲကဲ-လင်္ကာကလေးများဖြင့် မှတ်ထား ကြရအောင် လိုက်ဆိုကြပါဦး။

**ဆောင်ပုဒ်။** ၁။ ဒါနပြုခါ၊ သဒ္ဓါ၊ မှန်စွာ မေတ္တာ ထားရမည်။
၂။ ဒိဋ္ဌိသမ္မာ၊ မြင်မှန်ကာ၊ မောဟ ပယ်ရမည်။
၃။ လှူဘွယ်ဝတ္ထု၊ အကြောင်းပြု၊ ရှေးရှုတည်ရမည်။
၄။ လှူဘွယ်ဝတ္ထု၊ အကြောင်းပြု၊ ဖြစ်မှုလောဘ-ပယ်ရမည်။
၅။ လှူခံအတွက်၊ မနှစ်သက်၊ အမျက် ကောဓ ပယ်ရမည်။
၆။ သူ့တွက် ကိုယ့်တွက်၊ အကျိုးဖျက်၊ ဆက်ဆက် ဒေါသ ပယ်ရမည်။
၇။ လော-ဒေါ-နှစ်တန်၊ အကြောင်းခံ အမှန်မောဟ ပယ်ရမည်။
၈။ ကုသိုလ်ဒါန ပြုလုပ်ကြစဉ်၊ လောဘဒေါသ မောဟခြံရံ၊ ကင်းရှင်းပြန် အမှန် ကျိုးများသည်။
၉။ သမ္မာဒိဋ္ဌိ၊ မြင်မှန်ရှိ၊ မသိ-မောဟ ကင်းရမည်။

အလှူဒါန ပြုလုပ်ကြတဲ့အခါ ယခု ပြောခဲ့တဲ့ လှူဒါန်းအပ်သော ဝတ္ထုပစ္စည်း အပေါ်၌ တွယ်တာ ကပ်ငြိမှု လောဘတရား, အလှူခံပုဂ္ဂိုလ် အပေါ်၌ ငြိုငြင်မှု, မနှစ်သက်နိုင်မှု ဒေါသတရား, ယင်းလောဘ, ဒေါသတို့၏ အရင်းခံ ပင်မဖြစ်တဲ့ မောဟ တရားတို့ကို သတိသမ္မာဒိဋ္ဌိ အမြဲယှဉ်၍ ပယ်ရှား နိုင်ကြရမည်တဲ့၊ ယင်းသို့ လှူဒါန်း ပေးကမ်းမှု ဒါနပြုတဲ့ ပုဗ္ဗ,မုဉ္စ,အပရ ခေါ်တဲ့ စေတနာသုံးတန်လဲ ညီညီမျှမျှ ထက်ထက်သန်သန် ရှိနေ ရမည်တဲ့-(ဒကာကြီး ဦးချိန်)၊ စေတနာ သုံးတန်တွင် တပါးပါး ချွတ်ယွင်း ဖေါက်ပြန်သွားလျှင် ထို ဖောက်ပြန်သော စေတနာ အားလျော်စွာ အကျိုးပေးမှု ဆုတ်ယုတ်တော့တာပါပဲ၊ စေတနာသုံးချက်မှာ တချက်ချက်မှာ ထက်သန်နေလျှင်လဲ ထက်သန်သည့် စေတနာကံ အားလျော်စွာ အကျိုးပေးတာပဲ ဖြစ်ပါတယ်။ ကဲကဲ-ဒီစေတနာ သုံးချက်နှင့် ပတ်သက်လို့ စေတနာ ပျက်ပြားလျှင် ဖြစ်ပေါ်တတ်တဲ့ အပြစ်များ၊ စေတနာ ထက်သန် ကောင်းမွန်နေလျှင် ရရှိနိုင်တဲ့ အကျိုးတရားတို့ကို ပိုင်းပိုင်းခြားခြား မှတ်သား နိုင်ကြအောင် သိသာရုံမျှ သာဓက ထုတ်ဆောင်၍ ပြကြဦးစို့ကွဲ့၊ အာရုံတပါး စိတ်မသွားပဲ ကြိုးစား၍ နာယူမှတ်သားကြပါ။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗကအမည်ရှိသော မင်းကြီး ထီးနန်းအုပ်ချုပ် မင်းလုပ် စိုးစံတော်မူစဉ် အခါက ယင်း ဗာရာဏသီမြို့၏အရှေ့တံခါး၌နေသော သူဆင်းရဲတယောက်မှာ ပဥ္စပါပီလို့ ခေါ်တဲ့ သမီးပျိုကလေးတယောက် ရှိသတဲ့၊ ထိုပဥ္စပါပီ အမျိုးသမီးကလေးရဲ့ အတိတ်အကြောင်းဖြစ်စဉ်ကတော့-လွန်လေပြီးသော သံသရာ၌ ကျင်လည်ရစဉ် တခုသော ဘဝ၌ သူဆင်းရဲ အမျိုးသမီးတယောက်ဟာ မြေညက်ကို နင်းနယ်ပြီးကာ အိမ်နံရံကို လိမ်းကျံပြီး နေလေသတဲ့၊ ထိုအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ် တပါးကလဲ မိမိသီတင်းသုံးရာ လိုဏ်ဂူ၌ မြေညက်လိမ်းကျံရန် မြေညက်လိုသဖြင့် "အဘယ်အရပ်၌ မြေညက်ကို ရနိုင်မည်နည်း" ဟု ဆင်ခြင် ကြည့်ရှုတော်မူရာ-

ဗာရာဏသီပြည်၌ ရနိုင်သည်၏ အဖြစ်ကို မြင်တော်မူ၍၊ သင်္ကန်းကို ရုံတော်မူလျက် သပိတ်ပိုက်ကာ ဗာရာဏသီ မြို့တွင်းသို့ ဝင်၍ အိမ်နံရံကို မြေညက် လိမ်းကျံနေသော အမျိုးသမီးကလေး၏ အနီးသို့ ကြွရောက်ကာ ရပ်နေတော် မူပါတယ်။

သာ ကုဋ္ဌိတ္ဝာ ဥလ္လောကေန္တီ ပဒုဋ္ဌေန မနသာ မတ္တိကမ္ပိဘိက္ခတိ တိ အဝေါစ။
(ဇာ-၄-၅၊ ၄၇၆)။

သာ-သဘောမကြီး စေတနာနည်းလှတဲ့ ထိုအမျိုးသမီးကလေးသည်။ ကုဋ္ဌိတ္ဝာ၊ စေတနာမဖက်အမျက်ထွက်၍။ ဥလ္လောကေန္တီ၊ မျက်စောင်းထိုးကာ မော်ကြည့်လျက်သာ။ ပဒုဋ္ဌေန၊တွေ့ရာကိုရပ် အလှူခံ တတ်ပေသည်-ဟု အမြင်ကပ်လေငြား၊ ပြစ်မှားသော။ မနသာ၊ စိတ်ဖြင့်။ မတ္တိကမ္ပိ၊ မြေညက်ကိုသော်လည်း။ ဘိက္ခတိ၊ မရမနေ အလှူခံပေ၏" ဣတိ၊ ဤသို့။ အဝေါစ၊ နုတ်မြွက်စကား ပြောကြားလေပြီ။

အမျိုးသမီးကလေးဟာ မိမိ၏အနီး၌ သပိတ်ပိုက်ကာ ရောက်ရှိလာသော အရှင်မြတ်ကို မြင်လေလျှင် စိတ်ဆိုး မာန်ဆိုးနှင့် မျက်စောင်းထိုးကာ မော်ကြည့်ပြီးနောက် ပြစ်မှားသော စိတ်ဖြင့်ပင်ပြောဆိုရေ ရွတ်လေသတဲ့။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလဲ မတုန်မလှုပ် ရပ်တည်မြဲရပ်ကာ နေပါတယ်၊ ထိုအမျိုးသမီးကလေးဟာ နောက်မှ ကြည်ညိုဘွယ်ရာ တုန်လှုပ်ခြင်း မရှိဘဲ ရပ်နေတော်မူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို မြင်တဲ့အခါ ကြည်ညိုသဒ္ဓါ ဖြစ်လာသော စိတ်ဖြင့် "အရှင်ဘုရား၊ မြေညက်ကို အလိုရှိသလားဘုရား" ဟု လျှောက်ထားပြီးကာ ကြီးစွာသော မြေညက် မြေဆိုင်ခဲ တခုကို ဆောင်ယူပြီး အရှင်မြတ်အား ဆက်ကပ် လှူဒါန်း လိုက်သတဲ့၊ အရှင်မြတ်လည်း မိမိ သီတင်းသုံးရာ လိုဏ်ဂူကို ဒါယိကာမကလေး လှူဒါန်းသော မြေညက်ဖြင့် လိမ်းကျံလိုက်ပါတယ်၊ မြေညက် အလှူရှင်ဖြစ်တဲ့ ထိုအမျိုးသမီးကလေးဟာလဲ ၎င်းကြာမြင့်မီ ကွယ်လွန်အနိစ္စ ရောက်သွားပြီး ယခင် ဖော်ပြခဲ့တဲ့ ဗာရာဏသီပြည် အရှေ့မျက်နှာ တံခါးအနီးမြို့ပ၌ သူဆင်းရဲမျိုး၌ ပဋိသန္ဓေ တည်နေပြီးကာ ဖွားမြင် လာပါတယ်၊ အင်း-ဆင်းရဲ သူမကလေး ဘဝက ယခုလဲ ဆင်းရဲသူမကလေးပင် ဖြစ်လာရတာပဲနော်၊ ဒါပေမဲ့ ကောင်းမှုကုသိုလ် ပြုလုပ်ခဲ့တဲ့ မျိုးစေ့ကလေးကတော့ ပါလာခဲ့တယ်နော်။

တဿာ မတ္တိကာ ပိဏ္ဍဖလေန သရီရံ ဖဿသမ္ပန္နံ အဟောသိ၊ ကုဋ္ဌိတ္ဝာ ဥလ္လောကိတတ္တာ ပန ဟတ္ထပါဒ မုခအက္ခိ နာသာနိ ပါပါနိ ဝိရူပါနိ အဟေသုံ။ တေန တံ "ပဥ္စပါပီ" တွေဝ သဉ္ဇာနိံသု။ (ဇာ-၄-၅-၄၇၆)။

တဿာ၊ ထိုအမျိုးသမီးကလေးအား။ မတ္တိကာ ပိဏ္ဍဖလေန၊ မြေဆိုင်ခဲကို စွန့်ကြဲ ပေးလှူရခြင်း အကျိုးကြောင့်။ သရီရံ၊ ကိုယ်သည်။ ဖဿသမ္ပန္နံ၊ ချောမွေ့ညက်အိ အတွေ့အထိနှင့် ပြည့်စုံသည်။ အဟောသိ၊ ဖြစ်ပြီ။ ပန၊ သို့သော်လည်း။ တံ၊ ထို မိမိထံမှောက် ချီးမြှောက်ကြွလာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို။ ကုဇ္ဈိတွာ၊ ငြိုငြင်စိတ်ပျက်, အမျက်ထွက်၍။ ဥလ္လောကိတတ္တာ၊ မျက်စောင်းထိုးမိ၊ မော်၍ကြည့်သည်၏ အဖြစ်ကြောင့်။ တဿာ၊ ထိုအမျိုး သမီးကလေး၏။ ဟတ္ထပါဒ မုခအက္ခိနာသာနိ၊ လက်, ခြေ, မျက်နှာ, မျက်စိ, နှာခေါင်းတို့သည်။ ပါပါနိ၊ စက်ဆုတ်ဘွယ်ရာ ဆိုးရွားယုတ်မာကုန်သည်။ ဝိရူပါနိ၊ သာယာဘွယ်ကင်း ဖေါက်ပြန်ချွတ်ယွင်းသောအဆင်း ရှိကုန်သည်။ အဟေသုံ၊ အကြောင်းကံ အားလျော်စွာ ဖြစ်ပေါ် လာကြလေကုန်ပြီ။ တေန၊ ထိုသို့ အဆင်း ဖေါက်ပြန် ချွတ်ယွင်းခြင်းကြောင့်။ တံ၊ ထို အမျိုးသမီးကလေးကို။ ပဉ္စပါပီ-ဟူ၍သာလျှင်။ နာဂရာ၊ မြို့သူမြို့သား လူအများတို့သည်။ သဥ္ဇာနိံသု၊ ကောင်းစွာဆတ်ဆတ် သိမှတ် ကြလေကုန်ပြီတကား။

ထိုအမျိုးသမီးကလေးဟာ ပစ္စေက ဗုဒ္ဓါ အရှင်မြတ်ကို မြေညက် မြေဆိုင်ခဲကို ပေးလှူရတဲ့ အကျိုးဆက်ကြောင့် ယခုဘဝမှာ ကိုယ်ခန္ဓာ နူးညံ့ပျောင်းအိ အတွေ့အထိနှင့် ပြည့်စုံသူ ဖြစ်ရလေသတဲ့၊ မလှူမီ ရှေးအခါက ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို အမျက်ထွက်ကာ မျက်စောင်းထိုး၍ မော်ကြည့်မိသောကြောင့် ယခုဘဝမှာ လက်, ခြေ မျက်နှာ, မျက်စိ, နှာခေါင်း အားဖြင့် အင်္ဂါငါးပါးတို့၌ ဖောက်ပြန် ချွတ်ယွင်း အဆင်းမလှ ဖြစ်ရ ရှာလေသတဲ့၊ အဲ-ဒီနေရာမှာ သတိချပ်ပြီး သိမှတ်ကြဘို့ သတိပေးစကား ပြောကြား လိုက်ရဦးမယ်၊ မိမိထံမှောက် ဆိုက်လာတဲ့ ရဟန်း သံဃာများကို ပြစ်မှားတဲ့သဘောနှင့် မျက်စောင်းထိုးပြီး မကြည့်ရဘူးနော်၊ ဖြစ်လေရာ ဘဝမှာ မျက်စိစွေခြင်း၊ သူတပါးမြင်လျှင် စက်ဆုတ်ဘွယ် မျက်နှာရှိခြင်း အစရှိတဲ့ မကောင်းကျိုးကို ပေးတတ်ပါတယ်။

အချို့ သဒ္ဓါတရားနည်းပါးလှတဲ့ သူများက ရဟန်းသံဃာမြင်လျှင်လဲ မျက်စောင်း တခဲခဲနှင့် ပြစ်မှားတတ်ကြတယ်။ လူကြီးသူမများကိုလဲ မျက်စောင်းတခဲခဲနှင့် ကုန်ကုန်ပြောလျှင် စေတီပုထိုး တွေ့မြင်ရလျှင်ပင် ကြည်ညိုသဒ္ဓါမပွားနိုင်ရှာပဲ ,ယုတ်မာပြစ်မှားပြီး မျက်စောင်း တထိုးထိုးနဲ့ကိုး၊ ထို အမျိုးသမီးလေးဟာ လက်ခြေအစရှိတဲ့ အင်္ဂါငါးချက် ဖောက်ပြန်သည့်အတွက်ကြောင့် ပဉ္စပါပီလို့ အသိအမှတ်ပြု ခေါ်ဝေါ်ကြလေသတဲ့၊ ဒါပေမဲ့ ထိုအမျိုးသမီးကလေး ဟာသူဆင်းမျိုးမှာ ဖြစ်ရသော်လဲ ကိုယ်ခန္ဓာ အတွေ့အထိ နူးညံ့သိမ်မွေ့ခြင်းနှင့် ပြည့်စုံတဲ့အတွက်ကြောင့် ဗာရာဏသီပြည် ဗကမင်းကြီးနှင့် ဗာဝရိကမင်းကြီးနှစ်ပါးတို့၏ အဂ္ဂမဟေသီ မိဖုရားခေါင်းကြီး ဖြစ်လာရသတဲ့၊ ဒီပဉ္စပါပီ အမျိုးသမီး ဝတ္ထုကတော့ ပုဗ္ဗစေတနာချို့ယွင်းချက်ကြောင့် သူမရဲ့ဘဝအစပိုင်းမှာ လွန်စွာဆင်းရဲပြီး နောက်ပိုင်းမှာ အဂ္ဂမဟေသီ မိဖုရားကြီးဖြစ်ကာ ချမ်းသာသွားခြင်းပင် ဖြစ်ပါတယ်။

သဒ္ဓါကြည်ဖြူ ပေးလှူပြီးနောက် ဝမ်းမြောက်ဝမ်းသာမဖြစ်ပါပဲ အပရစေတနာ ချွတ်ယွင်းတဲ့ အတွက်ကြောင့် စည်းစိမ်ဥစ္စာ ပြည့်စုံပါလျက် စားသောက်သုံးစွဲခြင်း မပြုနိုင်တဲ့ သာဓကဝတ္ထု တပုဒ်ကိုလဲ အကျဉ်းအားဖြင့် မှတ်သားကြရအောင် ပြောပြပါဦးမယ်၊ အပရစေတနာနှင့် ပတ်သက်လို့ ဦးပဉ္ဇင်းတို့ မြတ်စွာဘုရား လက်ထက်တော် အခါနိအခါက ဖြစ်ပေါ်ခဲ့တဲ့ အကြောင်းအရာ ဝတ္ထု ပါပဲ။

သုံးလူသေဋ္ဌ်နင်း တရားမင်း မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်စွာ နေတော်မူစဉ်အခါကဖြစ်ပါတယ်၊ထိုအခါကသာဝတ္ထိပြည်မှာ ပစ္စည်းဥစ္စာ

ပေါများချမ်းသာတဲ့ အာဂန္တုက သေဋ္ဌိ အမည်ရှိတဲ့ သဋ္ဌေးတဦး ရှိပါတယ်၊ ထို သဋ္ဌေးကြီးဟာ စည်းစိမ်ဥစ္စာတို့ကို မိမိလဲ မသုံးဆောင်ဘူး သူတပါးတို့အားလည်း ပေးကမ်းစွန့်ကြဲခြင်း လှူဒါန်းခြင်း မပြုဘူးတဲ့ ထိုသဋ္ဌေးကြီးရဲ့ အလုပ်အကြွေးများက အထူးထူး ကောင်းမြတ်သော အရသာ ရှိသော စားသောက်ဘွယ် အဖြာဖြာကို ပြုလုပ် ကြွေးမွေးသောအခါ ထို စားသောက်ဘွယ်ရာတို့ကို မစား သောက်ပဲ ပုန်းရည်လျှင် နှစ်ခွက်မြောက်ဖြစ်သော ဆန်ကွဲထမင်းကို စားသောက်သုံးဆောင်လေသတဲ့၊ ကာသိတိုင်းဖြစ် ဖြစ်သောနူးညံ့ကောင်းမြတ်သော အဝတ်အစားတို့ကိုရွေးရွှေဆောင်ကာ ပေးသောအခါ မှာလဲ ထိုအဝတ်တို့ကို ပယ်ရှားပြီး ကြမ်းထမ်းသော အဝတ်သုံးလွှာစပ်၍ ချုပ်အပ်သော ပိုက်ဆံလျှော် အဝတ်တို့ကိုသာ ဝတ်ရုံသုံးစွဲလေသတဲ့၊ ယာဉ်ရထားသုံးစွဲရာမှာလဲ ရတနာအသွယ်သွယ် စီခြယ်အပ် သော အာဇာနည်မြင်း ကအပ်သော ယာဉ်ရထားကိုဆောင်ယူလာသည်ရှိသော် ထိုဆန်းပြားတင့်တယ် သော ရထားကို ပယ်ရှားပြီး သစ်သားဖြင့်ပြုအပ်သော ယာဉ်မောင်းယာဉ်ဖြင့်သာ ခရီးထွက်လေ့ ရှိတယ်။

ထီးကို ဆောင်းတဲ့အခါမှာလဲ ရွှေထီးကို ဆောင်းပေးလျှင် ထိုရွှေထီးကိုပယ်ရှားပြီး သစ်ရွက် ထီးခမောက်ကိုသာ ဆောင်းလေ့ရှိသတဲ့၊ ထိုသဋ္ဌေးသည် အသက်ထက်ဆုံး ဒါနအစရှိတဲ့ ကောင်းမှု ကုသိုလ်ကိုတခုမျှ မပြု မလုပ် အားမထုတ်ဘဲ သေလွန် အနိစ္စရောက်ရတဲ့အခါ အကုသိုလ်ကံကြောင့် ရောရုဝရဲ၌ ဖြစ်ရရှာလေသတဲ့၊ သဋ္ဌေးကွယ်လွန်သွားတော့ သဋ္ဌေးပိုင်ပစ္စည်းတွေဟာ များစွာ ကြွင်း ကျန်နေရစ်ခဲ့တယ်၊ သားသမီး စသော စောင့်ရှောက်မည့်သူ တဦးတယောက်မျှ မရှိသော ထိုသဋ္ဌေး၏ ပစ္စည်းတို့ကို ကောသလမင်းကြီးဟာ ခုနစ်ရက်ပတ်လုံးစောင့်ကြပ် မင်းဘဏ္ဍာအဖြစ်ဖြင့်သိမ်းယူပါတယ်၊ ယခုခေတ်အလိုတော့ ပြည်သူပိုင်သိမ်းတယ်လို့ ဆိုရမှာပေါ့နော်၊ ဒါပေမဲ့ စောင့်ရှောက် ထိမ်းသိမ်း မည့်သူမရှိခြင်းကြောင့် မင်းဘဏ္ဍာအဖြစ် သိမ်းယူရခြင်းပါ၊မတရားသဖြင့် သိမ်းယူခြင်း မဟုတ်ပါဘူး၊ ကောသလ မင်းကြီးသည် စောင့်ရှောက်မဲ့သော သဋ္ဌေး ပစ္စည်းများကို သိမ်းယူသိမ်းပြီး နံနက်စာ စားသုံးသောအခါ မြတ်စွာဘုရားကို ရှိခိုးကာ သင့်တင့်ရာအရပ်၌ ထိုင်သော ကောသလမင်းကြီးကို မြတ်စွာ ဘုရားသခင်က "ဟန္ဒ ကုတော နု တွံ မဟာရာဇ အာဂစ္ဆသိ ဒိဝါဒိဝဿ၊ (သံ-၁-၉၂)။ မဟာရာဇ၊ မင်းကြီး။ တွံ၊ သင်သည်။ ဟန္ဒ၊ ယခု။ ဒိဝါဒိဝဿ၊ နေမွန်းတည့်သော အခါ၌။ ကုတော၊ အဘယ်အရပ်မှ။ အာဂစ္ဆသိနု၊ ငါဘုရားထံမှောက် ချဉ်းကပ် လာရောက် လေဘိသနည်း" ဟူ၍ အမိန့်ရှိမေးမြန်းတော် မူပါတယ်။

ထိုအခါ ကောသလမင်းကြီးက မြတ်စွာဘုရားအား ဒီလို လျှောက်ထားပါတယ်၊ မြတ်စွာ ဘုရား- ဤသာဝတ္ထိနေပြည်တော်၌ အာဂန္တုက သေဋ္ဌိခေါ်သော သဋ္ဌေးကြီးတဦး ရှိပါသည် ဘုရား၊ ထိုသဋ္ဌေး ကွယ်လွန်သည့် အတွက် စောင့်ရှောက်မည့်သူ မရှိသောပစ္စည်းဥစ္စာတို့ကို ခုနစ်ရက်ပတ်လုံး တပည့်တော်မင်းဘဏ္ဍာအဖြစ် သိမ်းဆည်းနေရပါသည်ဘုရား၊ ထိုအာဂန္တုကသဋ္ဌေးဟာ ဤမျှလောက် စည်းစိမ်ဥစ္စာ ချမ်းသာပါသော်လဲ၊ မိမိလဲ မသုံးဆောင်၊ သူတပါးအား မပေးကမ်း၊ မလှူဒါန်းပါ သူ့ရဲ့ပစ္စည်းဥစ္စာများစွာ ယက္ခဘီလူးစောင့်သော ရေကန်နှင့် တူပါသည်ဘုရား၊ ထိုသဋ္ဌေးသည် ဤမျှ များပြားသော စည်းစိမ်ဥစ္စာကို ရှာဖွေစုဆောင်းပြီး တနေ့ တရက်မျှ မွန်မြတ်သော စားသောက် ဘွယ်ရာတို့ကို မသုံးဆောင်မခံစားရရှာပဲ ယခုအခါ သေမင်းရွာသို့ လိုက်ပါသွားပါပြီ ဘုရား-ဟု လျှောက်ထားပြီးလျှင် မြတ်စွာဘုရားကို-

ဓေ မစ္ဆရီ အပုညသတ္တော ကိ ကတ္ဂာ တ္တောကံ ဓနံလာဘိ၊ ကေနစဿ ဘောဂေသု
စိတ္တံ န နမိ။ (၈၁- ၄ - တ - ၂၀၁)။

ဟူ၍ မေးမြန်း လျှောက်ထားလေသတဲ့။

ဘန္တေ၊ ရွှေဘုန်းတော်သခင်အရှင်မြတ်ဘုရား။ ဓေ၊ ဤသို့။ မစ္ဆရီ၊ မပေးရက်လို စေးနဲဝန်တိုခြင်းရှိသော။ အပုညသတ္တော၊ ဘုန်းကံ နည်းပါးလှစွာသော သတ္တဝါသည်။ ကိံကတ္ဂာ၊ အဘယ်သို့သော ကုသိုလ်ကောင်းမှု အစုစုကို ပြုလုပ်ခဲ့ခြင်းကြောင့်။ တ္တောကံဓနံ၊ ဤမျှ များပြား လှစွာသော ပစ္စည်းဥစ္စာကို။ လဘိ၊ ဖြစ်ခွင့်ကြုံကာ ရရှိပါသနည်း။ စ၊ ထိုသို့ပင် ပစ္စည်းဥစ္စာ ချမ်းသာပါသော်လည်း။ အဿ၊ ထိုသဌေးအား။ ကေန၊ အဘယ်သို့ပြု မကောင်းမှုကြောင့်။ ဘောဂေသု၊ မိမိပိုင်ဆိုင်လိုင်လှိုင်များစွာ ပစ္စည်းဥစ္စာတို့၌။ ပရိဘောဂါယ၊ ပျော်ရွှင်ချမ်းသာ သုံးဆောင် ခံစားခြင်းငှာ။ စိတ္တံ၊ စိတ်သည်။ န-နမိ၊ ကောင်းစွာစေလွှတ် မညွတ်ပါသနည်းဘုရား။

ထိုအခါ မြတ်စွာဘုရားက ဒကာတော် မင်းကြီး-ဤပစ္စည်း ဥစ္စာတို့ကို ရရှိအောင်လဲ ထိုသဌေးပင် ပြုလုပ် အားထုတ် ခဲ့ပေတယ်၊ ရရှိပြီးသော စည်းစိမ်ဥစ္စာတို့ကို မသုံးဆောင်ခြင်း အကြောင်းကိုလည်း ထိုသူဌေးပင် ပြုလုပ် အားထုတ်ခဲ့ပေသည်-ဟု မိန့်ကြားတော် မူလေရာ၊ ကောသလမင်းကြီးက အတိတ်ဇာတ်ကြောင်း ပြန်ပြောင်း ဟောကြားတော် မူပါဦး ဘုရား-ဟု လျှောက်ထားသဖြင့် ဤကဲ့သို့ ဇာတ်ကြောင်း ပြန်ကာ ဟောကြားတော် မူပါတယ်။

ဒါယကာ မင်းကြီး-လွန်လေပြီးသော အတိတ်ကာလ ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်ဘုရင်ကြီး ထီးနန်းအုပ်ချုပ် မင်းလုပ် နေစဉ်မှာ ဗာရာဏသီပြည်၌ နေသည့်အတွက် ဗာရာဏသီသဌေးခေါ်သော သဌေးတဦး ရှိလေတယ်၊ ထိုသဌေးကား ဇနတို၏၊ စေတနာ နဲလှ၏၊ သဒ္ဓါတရားမရှိချေ၊ တစုံတယောက်သောသူကိုမျှ မပေးကမ်း မချီးမြှောက်တတ်ပေ၊ ထိုသဌေး စေနဲဟာ တနေ့သောအခါ၊ မင်းထံခစား သွားယင်း လမ်းတွင် ဆွမ်းခံကြွ သွားသော တဂရသိခိ အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးကို တွေ့မြင်ရ၍ ရိုသေစွာ ရှိခိုးဦးချပြီး "လဒ္ဓါဘန္တေဘိက္ခာ=အရှင်ဘုရားဆွမ်းရခဲ့ပါရဲ့လားဘုရား" ဟု မေးမြန်း လျှောက်ထားသဖြင့် အရှင်မြတ်ကလဲ ဒါယကာ၊ လှည့်လည်ဆဲပင် ဖြစ်ပေသည်-ဟု မိန့်ဆိုလေရာ ဆွမ်းမရရှိ သေးကြောင်း ကောင်းစွာသိ၍ မိမိရဲ့ အလုပ်အကျွေး ယောကျ်ား တယောက်ကို ခေါ်ကာ အချင်း- ဤ အရှင်မြတ်ကို ငါတို့အိမ်သို့ ပင့်ဆောင်သွား၍ ငါ၏ နေရာ ပလ္လင်ထက်၌ သီတင်းသုံးနေစေတော်မူကာ ငါတို့အတွက် စီရင်ချက်ပြုတ်ထားသော ဆွမ်းတို့ကို သပိတ်ပြည့်အောင် လောင်းလှူပါလေ"ဟု ပြောဆိုစေခိုင်းကာ မင်းထံခစားရန် ဆက်သွားလေတယ်။

ထိုယောကျ်ားလည်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို သဌေးအိမ်သို့ ပင့်ဆောင်ကာ သဌေးကတော်အား ထိုအကြောင်းကို ပြောကြားလေလျှင် သဌေးကတော်လည်း အလွန်လျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အထူး မွန်မြတ်သော ခဲဘွယ် ဘောဇဉ်တို့ကို သပိတ်ပြည့်အောင် လောင်းလှူဆက်ကပ် လိုက်တယ်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် သဌေးအိမ်မှ ဆွမ်းအလှူခံကာ အနုမောဒနာ ပြု၍ ပြန်ကြွလာရာ လမ်းတွင် မင်းနန်းတော်မှ ပြန်လာသော သဌေးနှင့် တွေ့ဆုံပြန်၍ သဌေးက အရှင်မြတ်အား ရိုသေစွာ ရှိခိုးပြီးကာ "ဆွမ်းရခဲ့ပါရဲ့လားဘုရား" ဟု လျှောက်ထား ပြန်သဖြင့်၊

ရခဲ့ပေ၏ သင့်ဌေးကြီး-ဟု အမိန့်ရှိလျှင် ထိုသဌေးသည် အရှင်မြတ်၏ သ ိတ်တွင်းသို့ ငုံ့ကြည့်သော အခါ သဒ္ဓါရွှင်လန်း ဝမ်းမြောက်ဝမ်းသာ မဖြစ်ပါပဲ ဤကဲ့သို့ စိတ်ဓာတ် ဖောက်ပြား ဖြစ်မှား မိလေသတဲ့။

ဋမံ မေ ဘတ္တံ ဒါသာဝါ ကမ္မကရာဝါ ဘုဉ္ဇိတွာ ဒုက္ကရမ္ပိကမ္မံ ကရေယျုံ၊ အဟောဝတ
မေ ဇာနိ တိ အပရစေတနံ ပရိပုဏ္ဏကာတုံ နာသက္ခိ။ (ဇာ-၄-တ-၂၀၂)။

မေ၊ ငါ၏။ ဋမံဘတ္တံ၊ ဤကောင်းမြတ် ချိုချဉ် ဆွမ်းဘောဇဉ်ကို။ ဒါသာဝါ၊ အိမ်နေ စေပါး ကျွန်အများတို့သည်၎င်း။ ကမ္မကရာဝါ၊ အလုပ်သမားတို့သည်၎င်း။ ဘုဉ္ဇိတွာ၊ စားသောက် သုံးဆောင် ကြကုန်၍။ ဒုက္ကရမ္ပိကမ္မံ၊ ပြုနိုင်ခဲ့လှ အမှုကိစ္စကိုလည်း။ ကရေယျုံ၊ မတွန့်မဆုတ်, ပြုလုပ် ကုန်ရာ၏။ မေ၊ ငါ့အား။ အဟောဝတဇာနိ၊ သြော်-ဆုံးရှုံးခြင်းမက ဆုံးရှုံး ရလေပြီတကား။ ဋတိ၊ ဤသို့။ အပရစေတနံ၊ လှူဒါန်းပြီးနောက် ဝမ်းမြောက်ဘို့ရာ အပရ စေတနာကို။ ပရိပုဏ္ဏ၊ ပြည့်စုံစွာ။ ကာတုံ၊ ပြုခြင်းငှာ ။ နာသက္ခိ၊ စေတနာဓာတ်တိုင်, ကြံ့ကြံ့ခိုင်ကာ, မစွမ်းဆောင်နိုင် ရှာလေပြီတကား။

လှူဒါန်းပြီးနောက် ဝမ်းမြောက်ဝမ်းသာ မဖြစ်ပါပဲ ငါရဲ့ မွန်မြတ်လှတဲ့ ဆွမ်းဘောဇဉ် အာဟာရတွေကို ကျွန်အမှု လုပ်သမားများအား ကျွေးမွေးရပါလျှင် ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ လုပ်ရတဲ့ အလုပ်ကိစ္စများကိုလဲ ပြုလုပ်နိုင်ကြပေမည်၊ ယခုတော့-ငါ့အား ရှုံးခြင်းကြီးမက ဆုံးရှုံး ရလေပြီ-ဟု အပရ စေတနာ ချွတ်ယွင်းကာ သွားလေသတဲ့၊ အပရ စေတနာ ထက်ထက်သန်သန် ရှိဘို့ကလဲ အလွန်အရေးကြီးပါတယ်၊ အချို့ ပုဂ္ဂိုလ်များဟာ နှမြောမဖက် ရက်ရက်ရောရော လှူ ဒါန်းပြီးပါမှ နောက်အခါတွင် တစုံတခုကို အကြောင်းခံပြီး သဒ္ဓါတရားတွေပျက် စေတနာတွေ ပေါက်ပြန့် သွားတတ် ကြပေတယ်နော်၊ စေတနာဓာတ် ခိုင်ခိုင်မာမာဖြင့် ဝဲယာယိမ်းယိုင် မသွား ရအောင် သတိသမ္ပဇဉ် ဉာဏ်ယှဉ်ကာ ထိန်းကွပ် ထား ရမည်တဲ့၊ (ဒကာကြီး ဦးချိန်ရဲ့)။

ဒါနဥ္စနာမ တိဿော စေတနာ ပရိပုဏ္ဏ ကာတုံ သက္ကောန္တ ဿေဝ မဟပ္ဖလံ ဟောတိ။
(ဇာ-၄-တ-၂၀၂)။

ဟိသစ္စံ၊ မှန်၏။ ဒါနံနာမ၊ သဒ္ဓါရွှင်လန်း လှူဒါန်းမှု ဒါနမည်သည်၊ တိဿော စေတနာ၊ ပုဗ္ဗ, မုဥ္စ, အပရ ဝေဖြာ သုံးဖါးသော စေတနာတို့ကို။ ပရိဏ္ဏံ၊ ပြည့်ပြည့်စုံစုံ။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကောန္တဿေဝ၊ မယိမ်းမယိုင် ပြုစွမ်းနိုင်သောသူအား သာလျှင်။ မဟပ္ဖလံ၊ ကောင်းမှုဖွံ့ဖြိုး, အကျိုးကြီးမားသည်။ ဟောတိ၊ စေတနာဓာတ်ခံ အကြောင်းကံကြောင့် အမှန်မသွေ၊ ဖြစ်ရ လေတော့သတည်း။

ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ သော ယညဿ သမ္ပဒါ။
(ရှေးနည်းအတိုင်း အနက်ပေးပါ)။

ဝါယကာ မင်းကြီး ဤသို့လျှင် အာဂန္တုက ဆေဋ္ဌိ အမည်ရှိသော သဌေးသည် တဂရ သိခိပစ္စေက ဗုဒ္ဓါ အရှင်မြတ်ကို သဒ္ဓါရွှင်လန်း ဆွမ်း လှူဒါန်းခဲ့ခြင်းကြောင့် ဤမျှ များပြားသော

ပစ္စည်းဥစ္စာတို့ကို ရရှိခြင်း ဖြစ်ပေတယ်၊ ထိုသင်္ဘေးသည် ဆွမ်းကို လှူဒါန်းပြီးနောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်း အပရ စေတနာကို ထက်ထက်သန်သန် မွန်မွန်မြတ်မြတ် ဖြစ်အောင် ပြုခြင်းငှာ မစွမ်းနိုင်ခြင်းကြောင့် စည်းစိမ်ဥစ္စာတို့ကို သုံးဆောင် ခံစားခြင်း အလိုမရှိခြင်း ဖြစ်ပေသည်-ဟု ဇာတ်ကြောင်းပြန်ကာ ဟောကြား ခဲ့ပါတယ်၊ ယခု ကာလမှာလဲ အချို့သော သူများဟာ မိမိမှာ ပစ္စည်းဥစ္စာ ချမ်းသာပြည့်စုံပါလျက် ထိုပစ္စည်းတို့ကို ခံစား သုံးဆောင်ခြင်း မပြုပဲ လျှို့ဝှက် သိမ်းဆည်းထားယင်းပင် တမလွန် လောကသို့ ပြောင်းသွားကြရ ရှာသူတွေ များစွာရှိတယ်နော်၊ ဒီ ပုဂ္ဂိုလ်များဟာ အပရ စေတနာ ချို့ယွင်းခဲ့တယ်လို့ မှန်းဆ သိနိုင်လောက်ပါတယ်။

ပုဗ္ဗေဝဒါနာ သုမနာဘဝါမ အစရှိသော ဂါထာဖြင့် ဟောကြားတော် မူတဲ့အတိုင်းဆိုလျှင် စေတနာသုံးတန်ညီမျှ မှန်ကန်ပါက ထိုအလှူရှင် ပုဂ္ဂိုလ်ဟာ ငယ်ရွယ်စဉ်အခါ မသေမပျောက်နိုင်၊ မကွယ်လွန်နိုင်ပါဘူးတဲ့၊ အရွယ်သုံးပါးလုံး ကျန်းကျန်းမာမာ အသက်ရှည်ရှည်ဖြင့် စည်းစိမ် ချမ်းသာတို့ကို ခံစား သုံးဆောင် ရပါတယ်၊ သို့အတွက် စည်းစိမ်ဥစ္စာ ပြည့်ဝ ချမ်းသာသော ဆွေမျိုးမိဘများ အထံ၌ ဖြစ်ရသော်လဲ အသက်မရှည်သူများ ရောဂါဝေဒနာ တခုခု နှိပ်စက်သဖြင့် စည်းစိမ် ချမ်းသာကို မသုံးဆောင် မခံစားနိုင်သော သူများဟာလဲ စေတနာသုံးပါးတို့တွင် တပါးပါး ချွတ်ယွင်းကြောင်းကို ကောင်းကောင်းကြီးသိနိုင် လောက်ပါတယ်နော်၊ ထို အာဂန္တုက သေဋ္ဌိ ခေါ်တဲ့ သင်္ဘေးကြီးအား ရှေ့ဘဝ ပြုစု အားထုတ်ခဲ့တဲ့ ကောင်းမှုကုသိုလ် များကလဲ ကုန်ခန်းလေပြီ၊ အသစ်ဖြစ်သော ကုသိုလ်ကောင်းမှုကိုလဲ ယခုဘဝမှာ မဆည်းပူး အားမထုတ်ပေ၊ သို့အတွက် ထို သင်္ဘေးကြီး ကွယ်လွန်သောအခါ ရှေးရှေးဘဝက ပြုလုပ်ခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံ တရားက မဟာရောရုဝငရဲသို့ ဆွဲခေါ်ကာ သွားလေသတဲ့၊ ထို့ကြောင့်ပင် မဟာကရုဏာသခင် သဗ္ဗညု ဘုရားရှင်က ကောသလ ဘုရင်ကြီးအား-

(က) ဓညံ ဓနံ ရဇတံ ဇာတရူပံ၊ ပရိဂ္ဂဟံဝါပိ ယဒတ္ထိ ကိဉ္စိ။
ဒါသာ ကမ္မကရာ ပေဿာ၊ ယေစဿ အနုဇီဝိနော။

(ခ) သဗ္ဗံ နာဒါယ ဂန္တဗ္ဗံ၊ နိက္ခိပ္ပ ဂါမိနံ။
ယဉ္စ ကရောတိ ကာယေန၊ ဝါစာယ ဥဒ စေတသာ။

(ဂ) တံ ဟိ တဿ သကံ ဟောတိ၊ တဉ္စ အာဒါယ ဂစ္ဆတိ။
တဉ္စဿ အနုဂံ ဟောတိ၊ ဆာယာဝ အနုပါယိနီ။

(ဃ) တသ္မာ ကရေယျ ကလျာဏံ၊ နိစယံ သမ္ပရာယိကံ။
ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။ (သံယုတ္တ-ပ-၉၃)။
ဟူ၍ ဟောကြားတော် မူပါတယ်။

(က) မဟာရာဇ၊ ကောသလဟု နာမကျော်ဟီး ဒကာတော်မင်းကြီး၊ ဣမသ္မိံလောကေ၊ ဤလောက၌။ ယံဓညံဝါ၊ အကြင်စပါးသည်ရှင်း။ ယံ ဓနံဝါ၊ အကြင်ဥစ္စာသည်ရှး။ ယံရဇတံဝါ၊ အကြင်ငွေသည်ရှင်း။ ယံဇာတရူပံဝါ၊ အကြင်ရွှေသည်ရှင်း။ ပရိဂ္ဂဟံ၊ အမြဲမပြတ် သိမ်းဆည်းအပ်သော။ ကိဉ္စိ၊ တစုံတခုသော၊ ယံဝါပိ၊ အကြင်အရာဝတ္ထု တခုခုသည်ရှင်း။ အတ္ထိ၊အမှန်

ပကတိ ရှိပေ၏၊ အဿ၊ ထိုသူအား။ အနုဇီဝိနော၊ အစဉ်မပျက်, မှီ၍ အသက်မွေးကုန်သော။ ယေ ဒါသာစ၊ အကြင် ကျွန်ယောကျ်ားတို့သည်ရင်း။ ယေကမ္မကရာစ၊ အကြင်အမှု အလုပ်သမားတို့သည်ရင်း။ ယေပေဿာစ၊ အကြင်အခိုင်း အစေတို့သည်ရင်း။ အတ္ထိသန္တိ၊ ထင်ရှား ပကတိ ရှိကြပေကုန်၏။

(ခ) သဗ္ဗံ၊ အလုံးစုံများစွာ ဥစ္စာ ကျေးကျွန်ကို။ အာဒါယ၊ ကိုယ်နှင့်အတူ ခေါ်ယူ၍။ နဂန္တဗ္ဗံ၊ မသွားအပ် မသွားနိုင်ပေ၊ သဗ္ဗံ၊ အလုံးစုံများစွာ ဥစ္စာကျေးကျွန်ကို။ နိက္ခိပ၊ မတွန့်မဒွဲ, ပယ်စွန့်ခဲ့၍။ ဂါမိနံ ဂမနီယံ၊ တမလွန်လောက, ဘုံဘဝသို့, သွားရောက် ရလေ၏။ ကာယေနစ၊ ကိုယ်ဖြင့်ရင်း။ ဝါစာယစ၊ နှုတ်ဖြင့်ရင်း။ ဥဒ၊ ထိုမှတပါး။ စေတသာစ၊ စိတ်ဖြင့်ရင်း။ ယံ၊ ကောင်း မကောင်းဖန်, အကြင်ကံကို။ ကရောတိ၊ ကောင်းစွာမသွေ ပြုလုပ်ပေ၏။

(ဂ) တံဟိ တံဝေကမ္မံ၊ မိမိ ပြုလုပ် အားထုတ်စီမံ ထိုကံသည်သာလျှင်။ တဿ၊ ထိုပုဂ္ဂိုလ်၏။ သကံ၊ မိမိပိုင်လစ် ဥစ္စာ အစစ်သည်။ ဟောတိ၊ မုချမသွေ ဖြစ်ပေ၏။ တဥ္စ၊ ကောင်း မကောင်း ဖန် မိမိပြုခဲ့သော ထိုကံကိုသာလျှင်။ အာဒါယ၊ ကိုယ်နှင့်အတူ, သိမ်းပိုက်ယူ၍။ ဂစ္ဆတိ၊ တမလွန် လောက, နောက်ဘဝသို့, မုချမသွေ, သွားရလေ၏။ ဆာယာ၊ အရိပ်သည်။ အနုပါယိနီ ဣဝ၊ ကိုယ်၏ နောက်သို့, တောက်လျှောက်မကွာ, အစဉ်တစိုက် လိုက်ပါလာသကဲ့သို့။ တဥ္စ၊ မိမိပြုဖန် ထိုကံသည်ပင်လျှင်။ တဿ၊ ထိုပုဂ္ဂိုလ်အား။ အနုဂံ၊ အစဉ်တောက်လျှောက် ထာကောက်ကောက်လိုက်သည်။ ဟောတိ၊ အမှန်စင်စစ် ဖြစ်ပေ၏။

(ဃ) တသ္မာ၊ ထို့ကြောင့်။ သမ္ပရာယိကံ၊ သံသရာ ကောင်းရေး, အစဉ်တွေးလျက်, မပျက်အားသွန်, နောင်တမလွန်, အကျိုးမွန်ကို။ နိစယံ၊ ကောင်းစွာအထူး ဆည်းပူးသောသူသည်။ ကလျာဏံ၊ နောင်သံသရာ, မျိုးရိက္ခာစုံ, ကုသိုလ်ကောင်းမှုကို။ ကရေယျ၊ မပျက်မကွက်, ဆက်ဆက်မှန်စွာ, ပြုလုပ်ရာ၏။ ပုညာနိ၊ ကုသိုလ်အထု ကောင်းမှုတို့သည်။ ပရလောကသ္မိံ၊ သံသရာကာလ, နောင်တမလွန် ဘဝ၌။ ပါဏီနံ၊ သတ္တဝါတို့၏။ ပတိဋ္ဌာ၊ ထောက်ရာ, တည်ရာ, မှီရာတို့သည်။ ဟောန္တိ၊ စိတ်သာ ချပေတော့-ဒိဋ္ဌပုံသေ ဖြစ်ကြရ လေကုန်တော့-သတည်း။

ယခု ပြောခဲ့တဲ့ အာဂန္တုက သေဋ္ဌိ ခေါ်တဲ့ သဌေးကြီးအကြောင်း အတ္တုပ္ပတ်ဟာ အပရ စေတနာ ချွတ်ယွင်းခဲ့တဲ့ အတွက်ကြောင့် အကျိုးကြီးသင့် သလောက် မကြီးပဲ အကျိုးတရားပင် ပျက်ပြားရတဲ့ အကြောင်းပဲ ဖြစ်တယ်၊ ဒါကြောင့်မို့ ကုသိုလ်ဒါန ပြုလုပ်ပြီးပါက စေတနာ သန္တါတရား မပျက်ပြားအောင်လဲ စောင့်ထိန်း ထားကြ ရမယ်လို့ ဆိုလိုတယ်။

ဒါန ဥဋ္ဌာနမ တိဿော စေတနာ ပရိပုဏ္ဏံ ကာတုံ သက္ကောန္တဿေဝ မဟပ္ဖလံ ဟောတိ။
(ဇာ-ဋ္ဌ-တ-၂၀၂)။

အလှူဒါန မည်သည် စေတနာသုံးဖြာ ပြည့်စုံညီမျှစွာ ဖြစ်စေခြင်းငှာ စွမ်းနိုင်သောသူမှ သာလျှင် အကျိုးထူးတရား ကြီးမားစွာ အကျိုးပေးနိုင်တယ်လို့ ဆိုတဲ့အတိုင်း စေတနာသုံးတန် ညီညီမျှမျှ ထက်ထက်သန်သန် ရှိခဲ့ပါမူ ယခုဘဝမှာပင် ထူးခြားတဲ့အကျိုးကို ရရှိခံစား ရနိုင်ပါတယ်၊ ဒီအကြောင်းအရာကတော့ ကဿပ မြတ်စွာဘုရား လက်ထက်တော် အချိန်အခါက ဖြစ်ပါတယ်၊ ကဿပ မြတ်စွာဘုရားသည် အာသဝေါကင်းကွာ ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက်၊

ဗာရာဏသီပြည်သို့ ဒေသစာရီ ကြွချီတော် မူလာတဲ့အခါ၊ မြို့သူမြို့သား ဒါယကာ-ဒါယိကာမ များတို့ဟာ မိမိတို့ စွမ်းအားရှိသည်အလျောက် လေးဦးငါးဦး စသည်ဖြင့် အပေါင်းအစုပြုကာ အာဂန္တုက အလှူဒါန ကုသိုလ်ထူးကို ဆည်းပူး အားထုတ် ကြလေသတဲ့၊ ထိုအခါတွင် တနေ့သ၌ ကဿပ မြတ်စွာဘုရားက ဆွမ်းစားခြင်း ပြီးသောအခါ ဆွမ်းအနု မောဒနာ တရားကို ဤသို့ ဟောကြားတော် မူလေသတဲ့။

(၁) ဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့- ဤလောက၌ အချို့သော သူသည်ကား မိမိ၏ ဉစ္စာပစ္စည်းကိုသာလျှင် မိမိဘာသာပေးလှူ၏၊ သူတပါးတို့အား အလှူဒါနပြုလုပ်ကြစေရန် မတိုက်တွန်းတတ်ပေ၊ "သော၊ ထိုသူသည်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာရာ ဘုံဘဝ၌။ ဘောဂသမ္ပဒံ၊ စည်းစိမ်ဉစ္စာနှင့် ပြည့်စုံခြင်းကို။ လဘတိ၊ ရရှိနိုင်ပေ၏။ ပရိဝါရသမ္ပဒံ၊ အခြံအရံနှင့် ပြည့်စုံခြင်းကို၊ နောလဘတိ၊ မရရှိနိုင်ပေဘူးတဲ့"

**ဆောင်ပုဒ်။** ၁။ မိမိလှူငြား၊ သူတပ ါး၊ ပြောကြားမစေညွှန်း။
၂။ ပစ္စည်းပေါလျက်၊ ခြွေရံပျက်၊ ဆက်ဆက်ဖြစ်တတ်လွန်း။

(၂) အချို့သောသူသည်ကား သူတပါးတို့ကို မူ တိုက်တွန်းတတ်ပေ၏၊ မိမိမူကား မပေး မလှူတတ်ပေ၊ ထိုသို့သဘောရှိသော သူတို့သည် ဖြစ်လေရာရာ ဘုံဘဝ၌ အခြံအရံသားသမီးများတတ်ပေ၏၊ စည်းစိမ်ချမ်းသာနှင့်ကား မပြည့်စုံတတ်ပေ၊ ယခုကာလမှာလဲ သားသမီးတွေ များပြီး အလွန်တရာ ဆင်းရဲ နွမ်းပါးတဲ့ သူတွေဟာ ဒီလို သူတပါးကိုသာ တိုက်တွန်းတတ်တဲ့သူတွေဘဲ ဖြစ်ပေတယ်နော်၊ ကဲ လင်္ကာကလေးများကို လိုက်ဆိုကြဦးစို့။

**ဆောင်ပုဒ်။** ၁။ သူကိုညွှန်ကာ၊ မိမိမှာ၊ ကောင်းစွာမလှူပေ။
၂။ ခြွေရံပေါများ၊ ပစ္စည်းရှား၊ နွမ်းပါးဖြစ်ရချေ။

(၃) အချို့သူကတော့ မိမိလဲ ပေးကမ်းလှူဒါန်းခြင်း မပြုဘူး၊သူတပါးကိုလဲ လှူဒါန်းရန် နှိုးဆော်တိုက်တွန်းခြင်း မပြုတတ်ဘူးတဲ့၊ ထိုကဲ့သို့သဘောရှိသော သူများကတော့ ဖြစ်လေရာဘဝမှာ ဆင်းရဲလည်းဆင်းရဲ၊ အခြွေအရံသားသမီးလဲ မရှိဘဲ သူတပါးစွန့်ပစ်သည်ကို စားကြွင်းစား ဘဝဖြင့် အသက်ရှည်တတ်တဲ့ သူမျိုးဖြစ်တတ်တယ်တဲ့။

**ဆောင်ပုဒ်။** ၁။ မိမိမလှူ၊ သူကိုမစေ၊ ဖြစ်ရာနေ၊ အခြေမဲ့သူမှာ။
၂။ ဖြစ်ရာဘဝ၊ မွဲပြာကျ၊ နည်းလှခြွေရံပါ။
၃။ ကောင်းမှုဒါန၊ မယုံကြ၊ ဖြစ်ရဤသို့သာ။

နောက်တမျိုးကတော့-

(၄) ကေစ္စော အတ္တနာစ ဒေတိ၊ ပရံသမာဒပေတိ၊ သော နိဗ္ဗတ္တနိဗ္ဗတ္တ ဋ္ဌာနေ ဘောဂသမ္ပဒမ္ပိ လဘတိ၊ ပရိဝါရသမ္ပဒမ္ပိ။ (ဓမ္မပါဒ-ဋ-ပ-၃၆၀)။

ကေစ္စော၊ အချို့သောသူသည်ကား။ အတ္တနာစ၊ မိမိသည်လည်း။ ဒေတိ၊ ပေးကမ်းလှူဒါန်း၏။ ပရံစ၊ သူတပါးကိုလည်း။ သမာဒပေတိ၊ ပေးကမ်းစေရန် အမှန်ပြည့်နှိုး တိုက်တွန်းတတ်၏။ သော။ ထို မိမိလဲလှူ သူတပါးကိုမူလည်း တိုက်တွန်း တတ်သောသူသည်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာ

ဖြစ်လေရာ ဌာနဘုံဘဝ၌။ ဘောဂသမ္ပဒမှ၊ စည်းစိမ်ဥစ္စာ ပြည့်စုံခြင်းကိုလည်း။ လာဘတိ၊ မချိုပိုင်ပိုင် ရရှိနိုင်၏။ ပရိဝါရသမ္ပဒမှ၊ ကျေးကျွန်စေပါး သမီး သားခြွေရံ အတန်တန် ပြည့်စုံခြင်းကို လည်း။ လာဘတိ၊ ရှေးကပြုဘူး ကုသိုလ်ထူးကြောင့် ရွှင်မြူးဘွယ်အခြေ ရရှိနိုင်လေတော့ သတည်း။

**ဆောင်ပုဒ်။** ၁။ မိမိလှူဒါန်း၊ သူ့စေညွှန်း၊ တိုက်တွန်းတတ်လေသူ။
၂။ ဥစ္စာပေါဘိ၊ ခြွေရံပြည့်၊ ရှိ၏ဖြစ်တိုင်းမူ။
၃။ ပညာရှင်များ၊ ယင်းနှစ်ပါး၊ ကြိုးစားအရယူ။

ကိုယ်တိုင်လည်း လှူဒါန်း, သူဘပါးကိုလည်း နှိုးဆော် တိုက်တွန်းတတ်သော သူမှာကား ဖြစ်လေရာ ဖြစ်လေရာ ဘုံဘဝတို့၌ ကျော်ကြားသံ ရွှေငွေ အထွေထွေသော စည်းစိမ် ချမ်းသာနှင့်လည်း ပြည့်စုံနိုင်ပေသည်။ ကျေးကျွန် အစေအပါးစသော အခြွေအရံ သားသမီးစသော အခြွေ အရံများနှင့်လည်း ပြည့်စုံနိုင်ပေသည်- ဟု ဘုရား ဟောကြားတော်မူသော တရားစကားကို ကြားနာရသော ပညာရှိ အမျိုးကောင်းသားတယောက်က "ငါသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဘောဂပရိဝါရ နှစ်ပါးနှင့် ပြည့်စုံအောင် အားထုတ် သင့်လှပေသည်"ဟု အကြံပြုမိသည့်အတိုင်း မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးပြီးလျှင်' ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား- နက်ဖြန်နံနက် တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူကြပါဘုရား" ဟု လျှောက်ထားလေသတဲ့။

ထိုအခါ မြတ်စွာဘုရားက "အသင်ဒါယကာ- ရဟန်း အဘယ်နှစ်ပါးအလိုရှိသနည်း"ဟုမေး မြန်းတော်မူရာ ဒါယကာကလည်း "မြတ်စွာဘုရား-ယခုအခါ မြတ်စွာဘုရား၏ တပည့်သားရဟန်း တော်များ အဘယ်မျှ ရှိပါသနည်းဘုရား" ဟု လျှောက်ထား ပြန်သဖြင့် ရဟန်း သံဃာအပေါင်း နှစ်သောင်း ရှိကြောင်း အမိန့်ရှိလေလျှင် ထိုရဟန်းသံဃာတော် အားလုံးကိုပင် ပင့်ဆောင်သွားလေ သတဲ့၊ တကယ့်ပုဂ္ဂိုလ်ဘဲနော်၊ မြတ်စွာဘုရားနှင့် ရဟန်းတော်နှစ်သောင်းကို တဦးတည်းတာဝန်ယူပြီး ပင့်လျှောက်သွားတယ်၊ ထိုပညာရှိ အမျိုးကောင်းသားသည် မြို့တွင်းရွာတွင်းသို့ ဝင်ပြီးလျှင်"အမောင် တို့ အမိတို့ နက်ဖြန်အတွက် ငါသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာ အားလုံးကိုပင့်ဖိတ် ခဲ့ပါပြီ၊ အသင်တို့သည်အကြင်မျှလောက်ကုန်သော ရဟန်းတို့အား ပေးလှူခြင်းငှာ စွမ်းနိုင်ကြကုန်၏ ထိုမျှလောက်ကုန်သော ရဟန်းတို့အား ပေးလှူကြကုန်လော" ဟူ၍ လှည့်လည် ပြောကြားသောအခါ မြို့သူမြို့သား ရွာသူရွာသားများကလည်း မိမိတို့ စွမ်းအားအလျောက် "အကျွန်ုပ်တို့က-သံဃာ (၁၀) ပါးယူကြပါမည်၊ ငါတို့က သံဃာအပါး (၂၀) ငါတို့က အပါး (၃၀) ငါတို့က သံဃာ(၁၀၀) ငါတို့က သံဃာအပါး (၅၀၀) ယူကြပါမည်" အစရှိသည်ဖြင့် အသီးသီး စာရင်းပေးသွင်းကြလေ သတဲ့။

ထိုအခါ ဗာရာဏသီမြို့မှာပင် အလွန်ဆင်းရဲခြင်းကြောင့်- မဟာဒုဂ္ဂတ ဟု ထင်ရှားသော ယောကျ်ားတယောက် ရှိပါတယ်၊ ပညာရှိသော အမျိုးကောင်းသားသည် မဟာဒုဂ် ယောကျ်ား အနီးသို့ ရောက်လာသည်ကိုမြင်လေလျှင် "အဆွေမဟာဒုဂ် ငါသည် နက်ဖြန်ခါ ဘုရား အမှူးရှိသော ရဟန်းသံဃာတော်များ ပင့်လျှောက်ထားခဲ့ပါတယ်၊ နက်ဖြန်ခါဆိုလျှင် မြို့သူမြို့သားအားလုံး အလှူ ဒါနပြုကြပေလိမ့်မည်၊ သင်ကော ရဟန်းဘယ်နှစ်ပါးယူ၍ ဆွမ်း ကပ်လှူလိုပါသနည်း" ဟု ပြောဆို မေးမြန်းတဲ့အခါ မဟာဒုဂ်က အို- အရှင် ရဟန်းတော်များမည်သည် ပစ္စည်းရှိသူ လူချမ်းသာတို့၏

အတွက်သာ ဖြစ်ကြပါတယ်၊ ကျွန်ုပ်မှာကား နက်ဖန်အတွက် ယာဂုကျိုချက်ရန် ဆန်တကွမ်းစားချမရှိပါ၊ သူတပါးထံမှာ၌ အခစားလုပ်၍ အသက်မွေးရသူ ဖြစ်ပါတယ်။

သို့ဖြစ်၍ မတတ်နိုင်သေးပါ-ဟု ပြောဆိုလေသတဲ့၊ ယခုကာလမှာလဲ မဟာဒုဂ်လို အယူအဆရှိကြတဲ့ သူတွေများစွာဘဲနေ၁်၊ ရဟန်း သံဃာများကိုဆိုလျှင် ပစ္စည်းရှိသူ ချမ်းသာသူ များကသာ ကိုးကွယ် ဆည်းကပ်နိုင်ကြတယ်၊ ကိုးကွယ်ခွင့် ချဉ်းကပ်ခွင့်, လှူဒါန်းခွင့် ရှိတယ်လို့ ယူဆ နေတတ်ကြတာကိုး၊ ဒါကြောင့်မို့ တချို့ကျောင်း တိုက်တာများမှာဆိုလျှင် ပစ္စည်းရှိသူ ရာထူးဂုဏ်သိန်ရှိသူများ ဝင်ထွက်သွားလာနေပါက ဆင်းရဲသူ ဆင်းရဲသား ၊ ကာ ဒကာမများဟာ ထိုကျောင်း တိုက်တာ အနားသို့ မချဉ်းကပ်ဝံ့အောင် ဖြစ်ပြီး ရှောင်ရှားသွားတတ် ကြပါတယ်၊ ဓနရှင်ကိုးကွယ်ဘဲ့ ကျောင်းဆိုပြီး ရှောင်ရှားတတ်ကြပါတယ်၊ ဓနရှင်ကိုးကွယ်တဲ့ ကျောင်းဆိုပြီး ရှောင်ရှား တတ်ကြတယ်ပေါ့၊ တကယ်တော့ ဘုရား, တရား, သံဃာ, ရတနာသုံးပါး ဖြစ်ပေါ်လာရတာဟာ ငြပ္မွာ နတ်လူ ခပ်သိမ်းသူတို့ရဲ့ အကျိုးငှာ ဖြစ်ထွန်း ပေါ်ပေါက်လာတာ မဟုတ်ပါဘူး၊ ရတနာသုံးပါးဆိုတာ သတ္တဝါအများရဲ့ ကိုးကွယ်အားထားရာ ဖြစ်ပါတယ်။

ထိုအခါ နှီးဆော်တိုက်တွန်းသူ ပညာရှိအမျိုးသားကလဲ မဟာဒုဂ်က စားစရာဆန်မရှိ၍ မလှူနိုင်ကြောင်း ပြောဆိုသော်လဲ လက်လျှော့ကာမသွားသေးဘဲ ဒီလို တရား ဆက်ဟောလေသတဲ့။

မိတ်ဆွေ မဟာဒုဂ်- ဆတိထား၍ စဉ်းစား ကြည့်စမ်းပါ၊ ဒီမြို့ထဲမှ ကောင်းမွန်သော အစားအစာကိုစား၊ ကောင်းမွန် နူးညံ့သော အဝတ်ကို ဝတ်ရုံကြကာ၊ ကြီးကျယ်ခမ်းနား ထူးထွေ ဆန်းပြားသော တိုက်တာအိမ်ဂေဟာတို့၌ ပျော်ရွှင်စွာ စည်းစိမ်ချမ်းသာကို ခံစားစံစားနေကြကုန်သော သူတို့ကို မိတ်ဆွေမြင်တွေ့သည် မဟုတ်ပါလော၊ ထိုသူတို့သည် ရှေးက ကောင်းမှုကုသိုလ်ပြုခဲ့ကြခြင်းကြောင့် ယခုဘဝမှာ ကောင်းကျိုးချမ်းသာကို ခံစားကြရခြင်း ဖြစ်ပေသည်။ မိတ်ဆွေမှာမူကား တနေ့လုံးအခစားလုပ်သော်လဲ ဝမ်းပြည့်ရုံမျှ စားသောက်ရန် မရပေ၊ ဤကဲ့သို့ ဆင်းရဲခြင်းအကြောင်းကို "ငါသည် ရှေးအခါက ကုသိုလ်ကောင်းမှုကို မပြုခဲ့ခြင်းကြောင့် ပစ္စည်းတစုံတခုမျှ မရှိခြင်း ဖြစ်ပေသည်" ဟု မသိပါလေသလော-ဟု ပြောဟော မေးမြန်းတဲ့ အခါ၊ မဟာဒုဂ်က သိပါသည်အရှင်ဟု ပြောဆိုဝန်ခံလေသတဲ့။

မိတ်ဆွေ ယင်းသို့ဖြစ်လျှင် ယခုလိုအခွင့်အခါကောင်းကြုံခိုက်မှာ အဘယ်ကြောင့် ကောင်းမှုကို မပြုလေသနည်း၊ မိတ်ဆွေသည် ငယ်ရွယ်နုပျိုသူလဲဖြစ်တယ်၊ အင်အားနှင့်လဲ ပြည့်စုံတယ်၊ အခစားအမှုကိုပြု၍ စွမ်းနိုင်သလောက် ကုသိုလ်ကောင်းမှုကို မပြုလုပ်သင့်ပေဘူးလား။

မဟာဒုဂ်လဲ ထိုပညာရှိယောကျ်ားရဲ့ နည်းဇလမ်းညွှန်ပြသော စကားကိုကြားရလျှင် အသိဉာဏ်ဝင်ကာ သံဝေဂတွေဖြစ်၍ "မိတ်ဆွေ ကျွန်ုပ်အတွက်လဲ ရဟန်းတပါး ရေးမှတ်လိုက်ပါ၊ တစုံတခု အခစားလုပ်၍ ရဟန်းတပါးဆွမ်းကပ်ပါမည်"ဟု ပြောဆိုပါတယ်။ နှီးဆော်သူယောကျ်ားကလဲ ရဟန်းတပါးမျှသာဖြစ်၍ စာရင်းအထူးရေးသားခြင်းမပြုပဲ ထားလိုက်သတဲ့။

မဟာဒုဂ်လဲ၊ အလှူဒါနပြုရပေတော့မည်-ဟု ဝမ်းမြောက် ဝမ်းသာစွာ အိမ်သို့ပြန်လာပြီး မယားဖြစ်သူ မယ်ဒလိဒ္ဒကို ပြောဆို တိုင်ပင်သည်မှာ- ရှင်မ နက်ဖြန်ခါ၌ မြို့သူ မြို့သားအားလုံး ရဟန်းသံဃာတို့အား ဆွမ်းကပ် အလှူဒါနပြုကြပေလိမ့်မယ်၊ ငါတို့လဲ ရဟန်းတပါး ဆွမ်းကပ်ကြ

ရအောင် ဝန့်ခံလာခဲ့တယ်-ဟု ပြောဆိုတိုင်ပင်လေလျှင်၊ မယားဖြစ်သူကလဲ အမောင် ငါတို့မှာ ဆင်းရဲလို့ စားစရာမရှိသည့်အထဲ ဘာကြောင့် ရဟန်းတပါးဆွမ်းကပ်ရန်ဝန်ခံလာခဲ့ပါသလဲ- ဘယ်လို လုပ် ဆွမ်းကပ်ကြမှာလဲ-ဟု မပြောဆိုပဲ ဝမ်းမြောက် ဝမ်းသာစွာပင် "အမောင်- ကောင်းလှပါ တယ်၊ ကျွန်မတို့ဟာ ရှေးအခါက တစုံတခု ကောင်းမှု ကုသိုလ် မပြုလုပ်ခဲ့ခြင်းကြောင့် ယခုအခါ ဤကဲ့သို့ ဆင်းရဲနေကြရပါတယ်။ ရှင်နှင့် ကျွန်မ နှစ်ယောက်လုံး အငှားလုပ်ကာ ရဟန်းတပါးကို ဆွမ်းကပ်ကြတာပေါ့" ဟု ပြောဆိုပြီး အခစားလုပ်ရန် နေအိမ်မှ နှစ်ယောက် ထွက်သွားကြသတဲ့။

ဒီမဟာဒုဂ္ဂတနှင့် မယ်ဒလိဒ္ဒါ ဆိုတာကတော့ သူတို့ရဲ့ အမည်ရင်းများ မဟုတ်ကြဘူးနော်။ အမည်ရင်းကတော့ မထင်ရှားကြပါဘူး။ မဟာဒုဂ္ဂတဆိုတာ အလွန်ဆင်းရဲသူလို့ ဆိုပါတယ်။ သူဆင်းရဲကြီးလို့ ခေါ်ကြတာပေါ့။ မိန်းမကိုတော့- မယ်ဒလိဒ္ဒါ၊ ကျွန်မတို့ဟာ ဆင်းရဲသူများ ဖြစ်ကြပါတယ်လို့ ပြောဆိုခြင်းကိုအကြောင်းပြုပြီး မယ်ဒလိဒ္ဒါလို့ခေါ်ရတာတဲ့၊ ဒလိဒ္ဒါ-ပါဠိကလဲ သူဆင်းရဲကိုပင် ဟောပါတယ်။ ဒလိဒ္ဒါ- သူဆင်းရဲမလို့ ဆိုလိုသတဲ့။ ဒါ့ကြောင့် ကိုမဟာဒုဂ် မယ်ဒလိဒ္ဒါလို့ မှတ်ထားလိုက်ကြပေတော့။

လင်မယားနှစ်ယောက် အလုပ်ရှာထွက်လာတဲ့အခါ ယောကျ်ား မဟာဒုတ်ကိုတော့ သဌေး ကြီးက ခေါ်ပြီး "အမောင် မဟာဒုဂ်၊ နက်ဖြန်နံနက်တွင် ဇါတို့သည် သံဃာ(၃၀၀)တို့ကို ဆွမ်း ကပ်ကြမည်၊ သို့ဖြစ်၍ ဤထင်းများကိုခွဲလေလော့"ဟု ပြောဆိုစေခိုင်းသတဲ့။ မဟာဒုဂ်သည် ပုဆိုး ကို မြဲမြံစွာ ခါးတောင်းကြိုက်ပြီး ပေါက်ဆိန်ကိုမြဲမြဲကိုင်ကာ စိတ်ဓာတ်ထက်သန်စွာ အားထုတ်၍ ထင်းများကိုခွဲလေသတဲ့။ မဟာဒုဂ်ရဲ့ ပျော်ရွှင်အားတက်စွာ အားထုတ်မှု ထူးခြားချက်ကို တွေ့ရ သည့်အတွက် သဌေးကြီးက "အမောင် ယနေ့သင်သည် အလွန်လျှင်ပျော်ရွှင်မြူးကြွ ထက်သန်လှစွာ အလုပ်လုပ်ပေသည်၊ အဘယ်ကြောင့်ပါနည်း" ဟု မေးလေလျှင်၊ အရှင်သဌေးမင်း- ကျွန်တော်တို့ အိမ်မှာ နက်ဖြန်ခါနံနက်တွင် သံဃာတပါး ဆွမ်းကပ်မည်ဖြစ်၍၊ ဝမ်းမြောက်လှခြင်းကြောင့်ဖြစ်ပါ တယ်" ဟု ပြောဆိုသဖြင့် သဌေးကြီးလဲ ထိုစကားကိုကြားရ၍ မဟာဒုဂ် အပေါ် ကြည်ညိုသော စိတ်ဖြစ်လေသတဲ့။ စိတ်ကောင်းရှိသူ အချင်းချင်းဆိုတော့ တဦးက ကုသိုလ်ကောင်းမှု ပြုမည်ဆိုတဲ့ သတင်းကိုကြားလျှင် တဦးကဝမ်းမြောက်တယ်၊ သာဓု အနုမောဒနာ ခေါ်ကြတယ်နော်။ ဒါဟာ သူတော်ကောင်းတို့ရဲ့ ဓမ္မတာသဘောပင်ဖြစ်ပါတယ်။

မယ်ဒလိဒ္ဒါကလဲ သဌေးကတော်ကြီးထံမှာ မောင်းထောင်း ဆန်ဖွပ်တဲ့အခါ အလွန်ပျော် ရွှင်ဝမ်းမြောက်လှသဖြင့် က,တော့မည့်ယောင်၊ ခုန်,တော့မည့်ဟန်လို ရွှင်ရွှင်လန်းလန်း တက်တက် ကြွကြွ ဆန်ဖွပ်လေသတဲ့။ ထိုကဲ့သို့ ရွှင်မြူးတက်ကြွစွာ မယ်ဒလိဒ္ဒါ ဆန်ဖွပ်မောင်းထောင်းနေတာကို သဌေးကတော်ကြီး တွေ့မြင်ရတဲ့အခါ ဒီလိုမေးမြန်းလေတော့တယ်။ "ညီမ၊ ညည်း ယနေ့ ဆန်ဖွပ် မောင်းထောင်းနေသည်မှာ ပျော်ရွှင်တက်ကြွရှိလှပေတယ်၊ အဘယ့်ကြောင့်ပါလဲ"။

ထိုအခါ မယ်ဒလိဒ္ဒါက "အရှင် သဌေးကတော်ကြီး၊ ဒီမောင်းထောင်းခဖြင့် နက်ဖြန်နံနက် တွင် ရဟန်းတပါးကို ဆွမ်းကပ်ရန် ဖြစ်သည့်အတွက် ကုသိုလ်ဒါန ပြုရတော့ပေမည်ဟု ပြောဆိုလေ လျှင် သဌေးကတော်ကြီးကလဲ "ဩ- ဤမျှဆင်းရဲလှသူများပင် အလှူဒါနကိုပြုကြရှာပါပေတယ်" ဟု ဝမ်းမြောက်ကြည်ညိုမှုဖြစ်ပါတယ်။

သဌေးကြီးက မဟာဒုဂ်အား ထင်းခွဲခလုပ်အားခအဖြစ် သလေးဆန် လေးကွမ်းစား၊ အထူးဆုအဖြစ် လေးကွမ်းစား၊ ပေါင်း သလေးဆန် ရှစ်ကွမ်းစားပေးလိုက်သတဲ့။ သဌေးကတော်ကြီးကလဲ မယ်ဒလိဒ္ဒါအား ထောပတ်အိုး၊ နို့ ဓမ်းအိုး၊ ကောင်းမြတ်သန့်ရှင်းတဲ့ ဆန်တကွမ်းစား၊ ဟင်းခတ်ရန် ပစ္စည်းအသီးသီးကို ပေးကမ်းလိုက်သတဲ့။

မဟာဒု တို့ ဇနီးမောင်နှံ အိမ်ပြန် ရောက်ကြလျှင် မိမိတို့ ရခဲ့သော သလေးဆန်နှင့် ဟင်းချက်ရန် ပစ္စည်းများကို ကောင်းစွာ သိုမှီး သိမ်းဆည်း ထားကြပြီး၊ နောက်နေ့ နံနက်အာရုံတက်တွင် နှစ်ယောက်လုံး ရွှင်လန်း ဝမ်းမြောက်စွာ စောစောထကြတယ်၊ မယ်ဒလိဒ္ဒါက ထမင်းချက်နေတဲ့အခါ မဟာဒုဂ်ကို ဟင်းချက်ရန် ဟင်းရွက်ဆူး တောထဲသို့ သွားရာ ဟင်းရွက် ရှာမရသဖြင့် မြစ်ကမ်းနားသို့ ရှောက်သွား၍ "အဇ္ဇအယျာနံ့, ဘောဇနံ့, ဒါတုံ လဘိဿာမိ=ယနေ့ တော့သံဃာတော် အရှင်မြတ်များအား ဆွမ်းကပ် ရပေတော့ မည်" ဟု ဝမ်းမြောက် ရွှင်လန်းစွာ သီကြွေးလျှက် ဟင်းရွက် ရှာနေသတဲ့၊ အဲဒီ နေရာမှာသီးချင်းကောင်းကောင်း ဆိုတတ်ယင်တော့-ကောင်းမှာပဲ နော်၊ (ဒကာကြီး ဦးချိန်)။ ဒါပေမဲ့ ဦးပဉ္ဇင်းတို့က သီးချင်း မဆိုတတ်တော့ သီချင်းသံ နားထောင်လိုတဲ့ ပရိသတ်များ ရှိယင်လဲ မဟာဒုဂ် ဝမ်းမြောက်ဝမ်းသာ ဆိုနေတဲ့ သီးချင်းသံကို စိတ်နှင့်သာ မှန်းပြီး နားထောင်ကြပေတော့လို့ ပြောရတော့မှာပဲ၊ မဟာဒုဂ် ဟင်းရွက် ရှာယင်း တံငါတယောက်အနား ရောက်သွားလျှင် တံငါက မေး၍ ရဟန်းတပါး ဆွမ်းကပ်ရန် ဟင်းရွက် ရှာလာခဲ့ကြောင်း ပြောကြားသဖြင့် တံငါ ယောကျ်ားကလဲ သဒ္ဓါကြည်ညိုဖြစ်ကာ မဟာဒုဂ်အား ငါးကြင်းကြီး လေးကောင် ပေးလိုက်သတဲ့။

ကဿပ မြတ်စွာဘုရားကလဲ ထိုနေ့ နံနက်တွင် မည်သူအား ယနေ့ ချီးမြှောက်တော် မူရမည်နည်း-ဟု ကြည့်ရှုတော် မူတဲ့အခါ သူဆင်းရဲ မဟာဒုဂ် ဇနီးမောင်နှံ ယနေ့ဆွမ်းကပ် ကြပေလိမ့်မည်၊ ရဟန်းများ အားလုံးကို ဒါယကာ အသီးသီး ပင့်ဆောင် သွားကြပေလိမ့်မည်၊ မဟာဒုဂ်သည် ငါဘုရားကို ထား၍ တပါးသော ရဟန်းကို မရနိုင်ပေ-ဟု သိမြင်တော် မူပါတယ်။

ဗုဒ္ဓါ ကိရ ဒုဂ္ဂတေသု အနုကမ္ပံ ကရောန္တိ။ (ဓမ္မပဒ-ဌ-ပ-၃၆၃)။

ဗုဒ္ဓါ-သမ္မာသမ္ဗုဒ္ဓါ၊ လောကသေဋ္ဌနှင်း တရားမင်း ဘုရားတို့သည်။ ဒုဂ္ဂတေသု၊ ကိုယ်စိတ်ညှိုးနွမ်း ပင်ပန်းဆင်းရဲကုန်သော သတ္တဝါတို့၌။ အနုကမ္ပံ၊ အစဉ်သနား ချီးမြှောက်ခြင်းကို။ ကရောန္တိ ကိရ၊ မဟာကရုဏာ ဉာဏ်ဝိဇ္ဇာဖြင့် ကောင်းစွာ ထောက်ချင့် ပြုကျင့်တော်မူကြ လေကုန်သတည်း။

မဟာကရုဏာရှင် ဖြစ်တဲ့ သဗ္ဗညု ဘုရားသခင်တို့ မည်သည် မင်းစိုးရာဇာပဲ သဌေးသူကြွယ်ပဲ-ဟု မျက်နှာကြီးသူကို ဦးစားပေးတော် မူလေ့ မရှိကြပါဘူးတဲ့၊ ဆင်းရဲသူ, ဆင်းရဲသားများကိုသာ သနားငဲ့ညှာတော်မူလေ့ ရှိတော်မူကြပါတယ်တဲ့ (ဒကာကြီး ဦးချိန်ရဲ့)။

သို့ဖြစ်၍ ကဿပမြတ်စွာဘုရားသည် နံနက်စောစောကပင်လျှင် ကိုယ်လက်သုတ်သင်၍ "ယနေ့ မဟာဒုဂ်ကို ချီးမြှောက်ပေမည်" ဟု ကြံစည် နှလုံးသွင်းတော်မူကာ ဂန္ဓာကုဋီတိုက်တွင်း ဝင်၍ သီတင်း သုံးနေတော် မူပါတယ်။

မဟာဒုဂ်တို့ ဇနီးမောင်နှံလဲ ဆွမ်း, ဆွမ်းဟင်းများကို ကောင်းစွာ ချက်ပြုတ် ပြုပြင် စီစဉ်ပြီးနောက်၊ မဟာဒုဂ်က မိမိတို့ ရသော ရဟန်းကို အိမ်သို့ပင့်ရန် အိမ်မှ ထွက်ခွာ သွားပါတယ်၊

ထိုအခါမှာ သံဃာ စာရင်းကိုင်သော ပညာရှိ ယောကျ်ားသည် စာရင်း မှတ်ထားတဲ့အတိုင်း သံဃာပင့်လာသော ဆွမ်း ဒါယကာတို့အား သံဃာများ အသီးသီး ခွဲဝေ ပေးလိုက်ပါတယ်။

မဟာဒုဂ်လဲ ထိုသူ၏ အနီးသို့ သွား၍ "မိတ်ဆွေ ကျွန်ုပ်ရသော သံဃာတပါးကို ပေးပါ" ဟု ပြောဆိုရှိ သံဃာတောင်းတဲ့ခါမှ သတိရကာ "မိတ်ဆွေ မဟာဒုဂ် ကျွန်ုပ်သည် သင့်အတွက် ရဟန်းတပါးကို မေ့သွား၍ မချန်မိတော့ပါ" ဟု စာရင်းကိုင်သူက ပြောဆို လေသဘဲ့။

ထိုအခါ မဟာဒုဂ်ခမြာမှာ တိခိဏာယ သတ္တိယာ ကုစ္ဆိယံပဟဋ္ဌောဝိယ= ထက်လှ စွာသော လှံမဖြင့်ရင်ဝကို ဆောင့်၍ ထိုးလိုက်ဘိသကဲ့သို့ ရင်ဝမှာ နင့်ကနဲဖြစ်သွားပြီး "မိတ်ဆွေ သင်သည် အဘယ်ကြောင့် ကျွန်ုပ်ကို ဖျက်ဆီးပါသနည်း၊ ယမန်နေ့ကပင်လျှင် ကျွန်ုပ်ကိုတိုက်တွန်း၍ မယားနှင့် အတူ တနေ့လုံးသူတပါးထံ အခစားလုပ်၍ လုပ်အားခဖြင့် ရဟန်းတပါး ဆွမ်းကပ်ရန်အတွက် မှန်မှန် မြတ်မြတ် စီရင် ချက်ပြုတ်ထားပါတယ်၊ အကျွန်ုပ်အား ရဟန်းတပါးပေးပါလော့" ဟု ပြောဆိုကာ လက်ကိုမြှောက်၍ ငြင်းစွာငိုကြွေးလေသတဲ့၊ အင်း ဒီနေရာမှာလဲ အငိုကောင်းကောင်းနှင့် ငိုပြရင်တော့ ဒကာကြီးဦးချိန်တို့ တရားနာပရိသတ် တော်တော် စွဲသွားမှာဘဲနော်။

ထိုအခါ လူအများစုရုံးရောက်လာကြပြီး အကြောင်းစုံ မေးမြန်း သိရှိကြသောအခါ သံဃာ စာရင်းကိုင်သူကို အပြစ်ဆိုကြလေသတဲ့၊ သံဃာစာရင်းကိုင်သူကလဲ မဟာဒုဂ်အနီး ချဉ်းကပ်သွားကာ "မိတ်ဆွေမဟာဒုဂ် ငိုမနေပါလင့်၊ ကျွန်ုပ်တကယ် မေ့သွားခြင်း ဖြစ်ပါတယ်၊ယခုအခါ မြတ်စွာဘုရား တပါးတော့ ဂန္ဓကုဋီတိုက်ဘွင်းမှာ သီတင်းသုံးနေဆဲရှိပါတယ်၊ ရှင်ဘုရင်, အိမ်ရှေ့မင်းသား, စစ်သူကြီး အစရှိတဲ့သူများ မြတ်စွာဘုရား ဂန္ဓကုဋီတိုက်တော်မှ ထွက်အလာကို သပိတ်ကိုလှမ်းယူရန် စောင့်မြော် နေကြပါတယ်၊ ဘုရားရှင်တို့မည်သည် ဆင်းရဲသူကို အစဉ်သနားချီးမြှောက်တော် မူတတ်ကြပါတယ်၊ မိတ်ဆွေ ကျောင်းတော်သို့ သွား၍ (ဒုဂ္ဂတောမှိ ဘန္တေ၊ မမသင်္ဂဟံ ကရောထ- မြတ်စွာဘုရား တပည့်တော်သည် ဆင်းရဲသူ ဖြစ်ပါသည်၊ တပည့်တော်အား ချီးမြှောက်ခြင်း ပြုတော်မူကြပါဘုရား ဟု) လျှောက်ထား၍ ရှိခိုးပါလေ၊မိတ်ဆွေကောင်းမှုကံ ရှိပါကမြတ်စွာဘုရား သပိတ်တော်ကိုအမှန်ပင် ရရှိပါလိမ့်မည် ဟု ပြောဆိုပါတယ်။

မဟာဒုဂ်သည် ထိုစာရင်းကိုင်ယောကျ်ား၏ စကားကို ကြားရလေလျှင် သသိရကာ ကျောင်း တော်သို့သွား၍၊ ရှင်ဘုရင် အိမ်ရှေ့မင်းသား စသည်တို့ အကြားမှာပင် မြတ်စွာဘုရား ထံတော်ပါး အနီးသို့ရောက်အောင် သွား၍ ဂန္ဓကုဋီလှေခါးခုံပေါ်၌ ဦးခေါင်းထားကာ ထိုခြင်းငါးပြာဖြင့် ရှိသေ စွာရှိခိုးလျက် လျှောက်ထားသည်မှာ-

ဘန္တေ ဗုမသ္မိံ နဂရေ မယာ ဒုဂ္ဂတတရော နတ္ထိ၊ အဝဿယော မေ ဟောထ၊ ကရောထ မေ သင်္ဂဟံ။ (ဓမ္မ ၁၊ ၄၊ ပ၊ ၃၆၀)

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းတောက်ပသော်မူသော မြတ်စွာဘုရား။ ဗုမသ္မိံ နဂရေ၊ ဤမြို့၌။ မယာ၊ ဘုရားတပည့်တော်ထက်။ ဒုဂ္ဂတတရော၊ လွန်ကဲ၍ ဆင်းရဲသောသူမည်သည်။ နတ္ထိ၊ အမှန်ပကတိ မရှိပါဘုရား။ တုမှေ၊ အရှင်မြတ်ဘုရားတို့သည်။ မေ၊ ဆင်းရဲရာဘက်၌ ပြိုင်ဘက်မပေါ် တပည့်တော်၏။ အဝဿယော၊ မှီခိုအားထားရာသည်။ ဟောထ၊ ဖြစ်တော် မူကြပါကုန်ဘုရား။ မေ၊ ဆင်းရဲသားဖြစ်သော တပည့်တော်အား။ သင်္ဂဟံ၊ ချီးမြှောက် ထောက်ပံ့ခြင်းကို။ ကရောထ၊ မဟာကရုဏာတရား ရှေ့ဝယ်ထား၍ ထင်ရှားယခု ပြုတော်မူကြပါကုန်ဘုရား။

ဤကဲ့သို့ လျှောက်ထားလေလျှင် ကဿပ ဘုရားရှင်ကလည်း ဂန္ဓကုဋီတိုက် တံခါးကို ဖွင့်တော်မူ၍ ဒါယကာ မဟာဒုဂ်၏ လက်ထဲသို့ သပိတ်တော်ကို ချီးမြှင့် ပေးသနားတော် မူလိုက်ပါတယ်၊ မဟာဒုဂ်သည် သပိတ်တော်ကို ရလေလျှင် စကြာဝတေးမင်း၏ စည်းစိမ်ချမ်းသာ အသရေကို ရရှိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဂန္ဓကုဋီ တိုက်တော်မှ ထွက်လာရာ ဘုရင်မင်းကြီး, အိမ်ရှေ့မင်းသား အစရှိတဲ့ သူများဟာ တဦးမျက်နှာတဦးကြည့်ကာ လွန်စွာ အံ့သြနေပြီးနောက် မဟာဒုဂ်ရဲ့ နောက်သို့ လိုက်လာပြီး "အဆွေ မဟာဒုဂ် ငါတို့အား သပိတ်တော်ကို ပေးပါလော၊ အသင်အား အလိုရှိသလောက် ပစ္စည်းဥစ္စာကို ပေးပါအံ့" ဟု ပြောဆို တောင်းခံ ကြသော်လည်း မည်သူ့ကိုမျှ မပေးဘဲ "ငါသည် ပစ္စည်းဥစ္စာဖြင့် အလိုမရှိ၊ မြတ်စွာဘုရားကိုသာ ဆွမ်းကပ်ပါအံ့" ဟု ဆိုကာ မြတ်စွာဘုရားကို မိမိအိမ်သို့ ပင့်ဆောင်၍ သွားလေသတဲ့။

အိမ်သို့ ရောက်လျှင်လဲ မြတ်စွာဘုရားကို သင့်တင့်လျှောက်ပတ် ကောင်းမြတ်သောနေရာ၌ သီတင်းသုံး နေစေတော်မူ၍ မဟာဒုဂ်နှင့် မယ်ဒလိဒ္ဒါတို့ ဇနီးမောင်နှံ ထက်သန်သော စေတနာဖြင့် ဝမ်းမြောက်ဝမ်းသာ သဗ္ဗည္ုမြတ်စွာဘုရားအား ဆွမ်းကပ် လှူဒါန်း ကြပါတယ်။

ကဿပ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်း ပေးခြင်း ကိစ္စပြီးဆုံးသောအခါ ဆွမ်းအနုမောဒနာ တရား ဟောကြား၍ နေရာမှတကာ ကျောင်းတော်သို့ ပြန်ကြွလေလျှင် မဟာဒုဂ်လည်း သပိတ်တော်ကိုယူကာ မြတ်စွာဘုရားအား ကျောင်းတော်သို့ လိုက်ပို့ပါတယ်။

မြတ်စွာဘုရား ကြွသွား၍ မကြာမြင့်မီမှာပင် မဟာဒုဂ်တို့နေရာ အိမ်ကလေးတွင် အထက်ကောင်းကင်ပြင်မှ-

၁။ သုဝဏ္ဏ-ရွှေရတနာ။
၂။ ရဇတ-ငွေရတနာ။
၃။ မုတ္တာ-ပုလဲရတနာ။
၄။ မဏိ-ပတ္တမြား ရတနာ။
၅။ ဝေဠုရိယ-ကြောင်မျက်ရွဲ ရတနာ။
၆။ ဝဇီရ-စိန်ရတနာ။
၇။ ပဝါဠ-သန္တာရတနာ-

ဟု ဆိုအပ်သော ရတနာ ခုနစ်ပါးမိုး ရွာသွန်းချ၍ အိမ်၌ ရှိသမျှသော အိုးခွက် တောင်း အစရှိတဲ့ ပစ္စည်းထည့်ရန် မှန်သမျှကို ပြည့်စေကာ တအိမ်လုံး ရတနာတို့ဖြင့် ပြည့်ကျပ် နေလေသတဲ့၊ (ဒကာကြီး ဦးချိန်ရဲ့)။ အိမ်၏ အတွင်း၌ ရတနာတို့ဖြင့် ပြည့်ကျပ်နေ၍ နေထိုင်ရန် နေရာလပ် မရှိသဖြင့် မယ်ဒလိဒ္ဒါလည်း သားသမီးများကို လက်ဆွဲကာ အိမ်အပြင်ထွက်၍ နေရလေသတဲ့၊ လင် ယောကျ်ား မဟာဒုဂ်လဲ မြတ်စွာဘုရားကို ကျောင်းတော်သို့ လိုက်ပို့ပြီး ပြန်လာလျှင် ဇနီးနှင့် သားသမီးများကို အိမ်အပြင်၌ တွေ့မြင်ရသဖြင့် အကြောင်းကို မေးမြန်းလေရာ ဇနီး မယ်ဒလိဒ္ဒါက "သာမိ သကလံ နော ဂေဟံသတ္တဟိ ရတနေဟိ ပုဏ္ဏံ ပဝိသိတုံ ဩကာသောနတ္ထိ=အိုအရှင် ကျွန်မတို့ရဲ့ အိမ် တအိမ်လုံး ရတနာ ခုနစ်ပါးတို့ဖြင့် ပြည့် ကျပ်နေပါပြီ၊ ဝင်ရောက် နေထိုင်ဘို့ရန်ပင် နေရာ မရှိတော့ပါ" ဟု ပြောဆိုပါတယ်။

မဟာဒုဂ်သည် "ငါ့အား ယနေ့ပင် အလှူဒါနရဲ့ အကျိုးကို ရရှိပေပြီ" ဟု စဉ်းစားဆင်ခြင်မိ၍ ဘုရင်မင်းမြတ်ထံသို့ သွားကာ ရှိခိုးလျက် "အရှင်မင်းမြတ် ကျွန်တော်မျိုး၏ အိမ်၌ ရတနာ ခုနစ်ပါးတို့ဖြင့် ပြည့်နေပါသည်၊ ထိုပစ္စည်း ဥစ္စာ ရတနာတို့ကို သိမ်းဆည်း ယူတော်မူပါ" ဟု လျှောက်ထားတဲ့အခါ၊ ဘုရင်မင်းမြတ်ကလဲ တရားမင်းဖြစ်သည့် အားလျော်စွာ "မဟာဒုဂ် အသင်၏ ကုသိုလ်ကံ အားလျော်စွာ ဖြစ်ပေါ်လာသဖြင့် အသင်၏ ပစ္စည်းများသာ ဖြစ်ပေသည်" ဟု ပြောဆိုအမိန့်ရှိကာ ထိုရတနာ ပစ္စည်းအားလုံးကို စုပုံစေ၍ မြို့သူမြို့သားများကို စုရုံး ခေါ်ပြီး "ဤမြို့၌ ဤမျှ များပြားသော ဥစ္စာရှိသူ တစုံတယောက် ရှိသလော" ဟု မေးမြန်းတဲ့အခါ မြို့သူမြို့သားများက မရှိပါကြောင်း ပြောဆို လျှောက်ထား ကြလေသတဲ့၊ ထိုအခါ မင်းကြီးက ဤသို့ ပစ္စည်းဥစ္စာ များပြားသော မဟာဒုဂ်အား အသို့ပြုသင့်သနည်းဟု မေးမြန်းတော် မူတဲ့အခါမှာလဲ "သဌေးရာထူးကို ပေးသင့်ပါသည်–အရှင်မင်းကြီး" ဟု လျှောက်ထား ကြပြန်သဖြင့် တိုင်းပြည်ကို အုပ်ချုပ်နေသော ဘုရင်မင်းမြတ်ကလဲ မဟာဒုဂ်အား ထိုနေ့မှ အစပြု၍ သဌေးကြီး ရာထူးပေးကာ ချီးမြှင့် မြှောက်စားတော် မူပါတယ်။

ဒီ မဟာဒုဂ်ဝတ္ထုကို ထောက်ရှုကြည့်လျှင်တော့ မဟာဒုဂ်တို့ ဇနီးမောင်နှံဟာ မလှူမီ ရှေးအခါကလဲ "ငါတို့ လှူရတော့မယ် လှူရတော့မယ်" ဟု အလွန် ဝမ်းမြောက် ဝမ်းသာ ပုဗ္ဗစေတနာတွေ ဖြစ်နေတာကို တွေ့ရတယ်နော်၊ လှူဒါန်းဆဲမှာလဲ သဗ္ဗညု ဘုရားရှင်အား တိုက်ရိုက်လှူဒါန်းခွင့်ရသဖြင့် အလွန့်အလွန် ဝမ်းမြောက်ဝမ်းသာခြင်း မုဥ္စ စေတနာတွေလဲ တဖွားဖွားဖြစ်နေပါတယ်၊ လှူဒါန်းပြီးတဲ့ အခါမှာလဲ "ငါတို့တော့–ယနေ့ မြတ်စွာဘုရားကို ဆွမ်းကပ်ရပေပြီ" ဟု အတိုင်းမသိ ပီတိဖြစ်ကာ အပရ စေတနာတွေ တဖွားဖွား ဖြစ်နေတာကိုလဲ အလွယ်နှင့် သိနိုင်ပါတယ်နော်၊ ဤကဲ့သို့ စေတနာ သုံးတန် ထက်ထက်သန်သန် ရှိခြင်းကြောင့် ယခုဘဝပစ္စက္ခမှာပင် အကျိုးထူးကို ပေးသဖြင့် သဌေးရာထူးကိုပင် ရရှိခြင်း ဖြစ်ပါတယ်၊ သို့အတွက် အလှူဒါန ပြုလုပ်ကြတဲ့အခါ ပုဗ္ဗ, မုဥ္စ, အပရခေါ်တဲ့ စေတနာသုံးတန် ထက်ထက်သန်သန် ညီညီမျှမျှရှိကြရန် အထူးပင် လိုအပ်ကြောင်း ကောင်းကောင်းကြီး သိလောက် ကြပါပြီနော်၊ စေတနာတရားအကြောင်း ဟောလာခဲ့တာ ယခုအခါ ကောင်းစွာ နားလည် လောက်ပြီ၊ သဘော ပေါက်လောက် ကြပါပြီ၊ ကဲကဲ–တရားပွဲ သိမ်းရန် အချိန်လဲ တန်ပြီဖြစ်၍ လက်အုပ် ကိုယ်စီ ချီထားကြပေတော့၊ ဂါထာဆုံးလျှင်လဲ ဝမ်းမြောက်ဝမ်းသာ သာဓုသံ မြိုင်မြိုင် ခေါ်လိုက်ကြပါ။

ပုဗ္ဗေဝ ဒါနာသုမနော၊ ဒဒံစိတ္တံ ပသာဒယေ။
ဒတွာ အတ္တ မနောဟောတိ၊ ဧသာယညဿ သမ္ပဒါ။

(ရှေးနည်းအတိုင်း အနက်ပေးပါ)

(အဘိဓမ္မာတပ်၍ တရားပွဲ သိမ်းပါ)

## သီလစောင့်သည့်အတွက် လူအဖြစ်ဖြင့် နတ်ပြည်တက်၍ နတ်စည်းစိမ်ခံစားရပုံ

# ကိုယ်ကျင့်သီလအကျိုးပြ-တရားတော်

သီလ မေဝိဓ သိက္ခေထ၊ အသ္မိံ လောကေ သုသိက္ခိတံ။
သီလံ ဟိ သဗ္ဗ သမ္ပတ္တိံ၊ ဥပနာမေတိ သေဝိတံ။
(ထေရဂါထာ ပါဠိတော်၊ သီလဝတ္ထေရ ဂါထာ-၆၀၈)။

ဘောဒန္တော၊ကိုယ်နှုတ်နှလုံး သုံးပါး ပျော့ပြောင်း စိတ်ကောင်းမြဲယှဉ်၊ သူတော်စင်ဖြစ်ကြသော၊ အို-အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ ဣဓ လောကေ၊ ဗြဟ္မာ နတ်လူ၊ ခပ်သိမ်းသူဟူ၊ အဆူဆူများလှ၊ ဤသတ္တ လောက၌။ အတ္ထ ကာမော၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာကောင်းကျိုး အမျိုးမျိုးကို လိုလားသော အမျိုးကောင်း သားသမီးသည်။ သီလမေ၀၊ ဘုရား ပစ္စေကာ၊ အရိယာ ပုဂ္ဂိုလ်များထိုတိုတို့ ကြည်ညို လေးစား ဖြည့်ကျင့်ပွားသည့်၊ သီလအကျင့်၊ မြတ်တရားကိုသာလျှင်။ သိက္ခေထ၊ ကျိုးပေါက် ပြောက်ကြား၊ မရှိကြားအောင်၊ ကြိုးစားမလင့်၊ ဖြည့်ကျင့် လေရာ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဟိယသ္မာ၊ အကြင်ကြောင့်။ အသ္မိံလောကေ၊ ဗြဟ္မာ၊ လူ၊ နတ်၊ အရပ်ရပ်များလှ၊ ဤသတ္တ လောက၌။ (ဝါ) သုံးဆဲ့တဘုံ၊ ဆန်စုန် အောက်ထက်၊ လှည့်လည်လျက်သာ၊ သွားလာနေကြ၊ ဤ သက်ရှိသတ္တဝါ ဟူသမျှတွင်။ သုရက္ခိတံ၊ ကျိုးပေါက် ပြောက်ကြား၊ မရှိကြားအောင်၊ ကြိုးစားမလင့်၊ ကောင်းစွာဖြည့်ကျင့် အပ်သော။ သီလံ၊ ငါးပါး၊ ရှစ်ပါး၊ ကိုး၊ ဆယ်အားဖြင့် များပြားစွာလှ၊ ကိုယ်ကျင့်ဓမ္မ၊ မြတ်သီလသည်။ သေဝိတံ၊ မိမိကိုပင် ကြည်ညိုခင်၍၊ အစဉ်အမြဲ ပြုကျင့်မှီဝဲသောသူကို။ သဗ္ဗသမ္ပတ္တိံ၊ ခုရော နောင်ပါ အလုံးစုံသော စည်းစိမ်ချမ်းသာနှင့် မှန်စွာကုံလုံ၊ ပြည့်စုံခြင်းသို့။ (ဝါ) သဗ္ဗသမ္ပတ္တိံ၊ အလုံးစုံသော လောကီလောကုတ္တရာ စည်းစိမ်ချမ်းသာ အဖြာဖြာနှင့် ကောင်းစွာ ကုံလုံ ပြည့်စုံခြင်းသို့။ ဥပနာမေတိ၊ သီလဂုဏ်ထူး၊ မြတ်ကျေးဇူးကြောင့်၊ ရှင်မြူး ဝမ်းမြောက်၊ ကြံတိုင်း ပေါက်သဖြင့်၊ ကပ်ရောက် ရလေတော့သတည်း။ (ဝါ) ဥပနာမေတိ၊ လူ့ပြည်ရောက်လဲ လူချမ်းသာ၊ နတ်ပြည် ရောက်လဲ နတ်ချမ်းသာ၊ ဗြဟ္မာ့ပြည်ရောက်သဲ ဗြဟ္မာချမ်းသာ၊ နောက်ဆုံးအခါ သံသရာဝဋ် ဒုက္ခတုံးစေသည့် နိဗ္ဗာန်ဆိုတဲ့ အမြိုက်ချမ်းသာသို့ မှန်စွာထုတ်ခြောက် ဆိုက် ရောက်ရလေတော့၏။

တသ္မာ၊ ထိုသို့ သီလဘရား ပြည့်စုံငြားက၊ ထင်ရှားမျက်မှောက် ချမ်းသာသုခ အစဝသို့ ဆိုက်ရောက် နိုင်လေသောကြောင့်။ အတ္ထကာမော၊ ပစ္စုပ္ပန် သံသာ နှစ်ဖြာကောင်းကျိုး အမျိုးမျိုးကို မြှော်ကိုးလိုသား၊ အမျိုးကောင်းသား၊ အမျိုးကောင်း သ္မီးသည်။ သီလမေဝ၊ ငါးရှစ်ကိုးဆယ်၊ အသွယ်သွယ်များလှ၊ ကိုယ်ကျင့်ဓမ္မ၊ မြတ်သီလကိုသာလျှင်။ သိက္ခေထ၊ လုံ့လကြိုးကုတ်၊ အားထုတ်ပြုကျင့် လေရာသတည်း။ (ဝါ) သိက္ခေထ၊ စာမရီထုံး၊ အစဉ်သုံးလျက်၊ ရှင်ပြုံးဝမ်းမြောက်၊ ကျိုးပေါက် ပြောက်ကြား မရှိကြားအောင် ကြိုးစားမလင့်၊ ဖြည့်ကျင့် လေရာသတည်း။

ယနေ့ တရားပွဲမှာတော့ ကိုယ်ကျင့်သီလ ပြည့်ဝစေရေးအသားပေးပြီး တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးဘို့ရန် ရည်သန်တဲ့အတွက် သီလအကြောင်းနှင့် ပတ်သက်တဲ့ ထေရဂါထာပါဠိတော်လာ သီလအကျိုးပြ ဂါထာတပုဒ်ကို ရွေးထုတ်ပြီး ရွတ်ဆိုလိုက်ရတယ်နော်၊ ဆိုလိုတာကတော့ ပစ္စုပ္ပန် သံသရာ နှစ်ဖြာကောင်းကျိုး အမျိုးမျိုးကို လိုလားတောင့်တကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးများသည် ယခုလူအများတို့ ကျင့်ကြံစောင့်ထိန်းမြဲဖြစ်သော ငါးပါးသီလခေါ်တဲ့ ဂရုမမ္မနိစ္စသီလ ရံခါရံခါ ရှစ်ရက်သီတင်း လပြည့်လကွယ် နေ့များ၌ အထူးကြိုးစား စောင့်ထိန်းကြသော ဥပုသ်သီလခေါ်တဲ့ ရှစ်ပါးသီလ, ထိုမှတပါး ကိုးပါးသီလ, ဆယ်ပါးသီလ အစရှိသောကျင့်ဝတ်မြတ်ကို ကြိုးစားမပြတ် ကျင့်ကြံ အပ်လှပေတယ်ဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ ဗြဟ္မာလူနတ်ခေါ်ဝေါ် ပညတ်သားတဲ့ ဤသတ္တလောကကြီးမှာကျိုးခြင်း,ပေါက်ခြင်း,ပြောက်ခြင်း,ကြားခြင်းမရှိအောင် ကောင်းစွာမပြတ် စောင့်ရှောက်အပ်သော ကိုယ်ကျင့်သီလ တရားမြတ်သည် မိမိ(သီလ)ကို ရှိသေလေးမြတ် မှီဝဲဆည်းကပ်တတ်သောသူကို ပစ္စုပ္ပန်မှာလဲ ချမ်းသာ သုခအဝ ဝနှင့် ပြည့်စုံ ချမ်းသာရအောင် ရွက်ဆောင်တတ်တယ်၊ သံသရာလောက ထိုထိုဘဝတွေမှာလဲ အေးချမ်းမှုသုခ အဝ ဝကိုရရှိအောင် ဆောင်ရွက်တတ်ပါတယ်၊ တနည်းဆိုရလျှင် လူဖြစ်လျှင်လဲ လူချမ်းသာဖြစ်အောင်, နတ်ဖြစ်လျှင်လဲ နတ်ချမ်းသာဖြစ်အောင်,ဗြဟ္မာဖြစ်လျှင်လဲ ဗြဟ္မာချမ်းသာဖြစ်အောင်,ရွက်ဆောင်ပို့ပေး တတ်ပါတယ်၊ နောက်ဆုံး တော့အမတကြငှန်း နိဗ္ဗာန်ရွှေနန်းတော်သို့ ဆိုက်ရောက်အောင် ပို့ဆောင်ပေးနိုင်ပါတယ်၊ ဆိုလိုရင်း ဖြစ်ပေတယ်နော်၊ (ဒကာကြီး ဦးချိန်)။

**ဆောင်ပုဒ်။** သတ္တဝါအပေါင်း- ကောင်းဘို့မျှော်ရည်၊ သီလတရား- ကျင့်ငြားရမည်။
သီလရှိက- သုခအလီလီ၊ ခု, နောင်ပဲ- မလွဲရနိုင်သည်။

ပစ္စုပ္ပန် သံသရာ ကောင်းရန် ရည်သန်လိုလားတဲ့သူဟာ ကိုယ်ကျင့်သီလတရားကို ဖြည့်ကျင့်ပွားများရမည်၊ ကိုယ်ကျင့်သီလနှင့် ပြည့်စုံနေလျှင် ယခုလဲ ချမ်းသာသုခ အဝ ဝကိုရနိုင်တယ်၊ နောင်သံသရာမှာလဲ ချမ်းသာသုခအဝ ဝကို ရရှိနိုင်ပါတယ်တဲ့၊ ကဲ- ဒီသီလနှင့် ပတ်သက်လို့လဲ အဋ္ဌကထာလာ ဋီကာလာ စကားရပ်ကလေးများကိုလဲ အကြောင်းအားလျော်စွာ ကြားညှပ်ပြီး မလပ်အောင် ပြောရဦးမယ်၊ ပါဠိတွေအရွတ်အဖတ်များတယ်လို့ နားကြားဖျင်း ကပ်လဲမနေကြနဲ့ဦး၊ ယခုလိုမြတ်စွာဘုရားရဲ့အလိုတော်ကျ သိမြင်တော်မူကြတဲ့ ရှေးရှေး ဗုဒ္ဓမတညမထေရ်မြတ်ကြီးများရဲ့အဋ္ဌကထာ ဋီကာစကားရပ်တွေကို ထုတ်ဆိုပြရခြင်းကတော့ တရားတော်ရဲ့အနှစ်သာရကို ယုံယုံကြည်ကြည် လေးလေးမြတ်မြတ် မှတ်သား နာယူစေချင်တဲ့ အတွက်ပါပဲ၊ ဒီအဋ္ဌကထာ ဋီကာတွေက ဖွင့်ပြထားလို့သာ ဘုရားရှင်ရဲ့ နက်နဲလှတဲ့ ပါဠိတော်စကားရပ်တွေကို ချမ်းသာလွယ်ကူစွာ သိနိုင် မြင်နိုင် ဆင်ခြင်နိုင်ကြတာနော်၊ ဒါ့ကြောင့်မို့ အဋ္ဌကထာ ဋီကာတွေကို နောက်ဆရာတော်တွေရဲ့ စကားဆိုပြီး အရမ်းမပြစ်ပယ်စကောင်းဘူးဆိုတာ အထူးမှတ်သားကြရပေလိမ့်မယ်တဲ့၊ (ဒကာကြီး ဦးချိန်ရဲ့)၊ အဋ္ဌကထာဋီကာတွေရဲ့ ကျေးဇူးတရားတွေကိုလဲ သိကြရမယ်နော်၊ အဋ္ဌကထာ ဖွင့်ဆိုချက်က ဒီလိုတဲ့-

ဣမသ္မိံ သတ္တလောကေ အတ္ထကာမော ကုလပုတ္တော စာရိတ္တ ဝါရိတ္တာဒိ ဘေဒံ အာဒီတော သီလမေဝ သိက္ခေယျ၊ သိက္ခန္တော စ နံ သုသိက္ခိတံ အခဏ္ဍာဒိ ဘာဝါပါဒနေန သုဋ္ဌု သိက္ခိတံ သုပရိသုဒ္ဓံ ပရိဏ္ဏံ ကတွာ သိက္ခေယျ။ (ထေရ-ဋ္ဌ-ဒု၊၂၁၉)။

ဣမသ္မိံ သတ္တလောကေ၊ သက်ရှိမှန်သမျှ ဤသတ္တလောကကြီး၌။ အတ္ထကာမော၊ ခုရော နောင်ပါ နှစ်ဖြာပွားတိုး အကျိုးစီးပွားကို လိုလားသော။ ကုလပုတ္တော၊ အမျိုးကောင်းသားသမီး သည်။ စာရိတ္တ ဝါရိတ္တာဒိဘေဒံ၊ စာရိတ္တသီလ ဝါရိတ္တသီလအစရှိ ထူးခြား အမျိုးမျိုး အပြားပြား ရှိသော။ သီလမေဝ၊ ကိုယ်ကျင့်ဓမ္မ မြတ်သီလကိုသာလျှင်။ အာဒိတော၊ ရှေးဦးပထမအစမှ။ သိက္ခေယျ၊ ကိုယ်နှုတ်ရန်ဘေး အမှန်ဝေးဘို့၊ ယဥ်ကျေးစေဌာ၊ ကျင့်ကြံရာ၏။ စ၊ သီလဖြည့်ချက် သိရန်တွက်ကို ဆက်၍ဆိုအံ့။ သိက္ခန္တော၊ ကိုယ်ကျင့်သီလ, မြတ်ဓမ္မကို, နေ့ညမလင့်, ဖြည့်ကျင့်သောပုဂ္ဂိုလ်သည်။ သုသိက္ခိတံ၊ ကောင်းစွာကျင့်အပ်သော။ အခဏ္ဍာဒိဘာဝါ ပါဒနေန၊ မကျိုးခြင်း အစရှိသည်၏ အဖြစ်သို့ ရောက်စေသောအားဖြင့်။ သုဋ္ဌု၊ ကောင်းစွာ။ သိက္ခိတံ၊ အခါမလင့် ဖြည့်ကျင့်အပ်သော။ နံသီလံ၊ ငါးရှစ်ကိုးဆယ်, အသွယ်သွယ်များလှ, ထိုသီလကို။ သုပရိသုဒ္ဓ၊ ကောင်းစွာတင့်ထွန်း ထက်ဝန်းကျင်မှ စင်ကြယ်သည်ကိုရင်း။ ပရိပုဏ္ဏဥ္စ၊ ထက်ဝန်းကျင်မှ မုချကုံလုံ ပြည့်စုံသည်ကိုရင်း။ ကတွာ၊ ပြု၍။ သိက္ခေယျ၊ ဖြည့်ကျင့်ရာ၏။ သိက္ခေယျ၊ ကိုယ်နှုတ်ရန်ဘေး, အမှန်ဝေးဘို့, ယဥ်ကျေး စေဌာ ဖြည့်ကျင့်လေရာသတည်း။

သက်ရှိသတ္တဝါမှန်သမျှ သတ္တလောကကြီးမှာ ပဋ္ဋုပ္ပန် လောကအတွက်ရော တမလွန်လောက သံသရာ ဘဝ တလျှောက်လုံးအတွက်ပါကောင်းကျိုးချမ်းသာကို လိုလားသော အမျိုးကောင်းသား သမီးသည်၊ (တနည်း) လောကီလောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးစေရန် ရည်သန်လိုလားသော အမျိုးကောင်းသားသမီးသည် စာရိတ္တသီလ, ဝါရိတ္တသီလ စသည်အပြားရှိသော ကိုယ်ကျင့်သီလ တရားကို ရှေးဦးစွာ ဖြည့်ကျင့်ရမည်တဲ့၊ နောက်ပြီးတော့ သီလတရား ဖြည့်ကျင့်ပွားများသောပုဂ္ဂိုလ် သည် မိမိစောင့်ထိန်းသော သီလကိုကျိုးပြတ်ခြင်း စသည်မဖြစ်စေပဲ အပြစ်ဟူကမှုမျှမတင် ထက်ဝန်း ကျင်မှ စင်ကြယ်လေအောင်ပြု၍၊ ထက်ဝန်းကျင်မှ အလုံးစုံ ပြည့်ပြည့်စုံစုံရှိသည်ကိုပြု၍ ဖြည့်ကျင့် ရမည်လို့ ဆိုလိုပါတယ်၊ ပဋ္ဋုပ္ပန်သံသရာ အကျိုးစီးပွားကို လိုလားနှစ်သက်သော အမျိုးကောင်း သားသမီးသည် ကိုယ်ကျင့်သီလကို ဖြည့်တျင့်ရမည်လို့ ဆိုထားတယ်နော်၊ သို့ဖြစ်၍- ကိုယ်ကျင့် သီလကို မဖြည့်ကျင့်ကြသော ပုဂ္ဂိုလ်များဟာ မိမိကိုယ်ကို မသနားသူ ပစ္စုပ္ပန်သံသရာ ကောင်းကျိုး ချမ်းသာ လိုလားနှစ်သက်ခြင်း မရှိသူလို့ဆိုတာ ထင်ရှားနေပါတယ်(ဒကာကြီးဦးချိန်)၊ ဒါကြောင့်မို့ မိမိကိုယ်ကို သနားကျင်နာ တကယ်တန်းရှိခဲ့ပါလျှင် ပစ္စုပ္ပန်သံသရာ ကောင်းကျိုးချမ်းသာကို မှန်စွာ လိုလားခဲ့ပါလျှင် ကိုယ်ကျင့်သီလ မြတ်ဓမ္မကို ကြိုးစားပြီး ဖြည့်ကျင့်ကြရမည်၊ ဒီကိုယ်ကျင့်သီလ ဆိုတာလဲ စာရိတ္တဝါရိတ္တာ ဒိဘေဒံ-ဆိုတဲ့အတိုင်း စာရိတ္တသီလ, ဝါရိတ္တသီလ အစရှိသောအားဖြင့် သီလအမျိုးအစား အများအပြားရှိတယ်နော်။ ဒီသီလအမျိုး အပြားတွေကိုလဲ နည်းနည်းပါးပါး လိုရင်းလောက်တော့ ခွဲခြားပြီး သိထားရအောင် ပြောပြရသေးတာပေါ့။ သေသေချာချာ ကြိုးစားပြီး လေ့လာမှတ်သားနာယူထားကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

စိတ္တံ သိနောတိ ဗန္ဓတိ ဧတေနာတိ သီလံ။

ဧတေန၊ ဤတရားသဘောဖြင့်။ စိတ္တံ၊ စိတ်ကို။ သိနောတိ ဗန္ဓတိ၊ တရားဒုစရိုက် အမှား မလိုက်အောင် ဆွဲဆောင်နှောင်ဖွဲ့ထားတတ်၏။ ဣတိတသ္မာ၊ ထိုသို့စိတ်ကို နှောင်ဖွဲ့ထားကြောင်းဖြစ် သော သတ္တိကြောင့်။ သီလံ၊ သီလမည်၏တဲ့။ အကုသိုလ်မှု ဒုစရိုက်တရား အမိုက်မှားကို မလိုက်စား မိအောင် စိတ်ကို ဆွဲဆောင်ထိန်းသိမ်းထားကြောင်းဖြစ်သော တရားသဘောကို သီလလို့ ခေါ်ဆိုရ

ခြင်းဖြစ်တယ်နော်၊ ပါဏာတိပါတ အစရှိသော ဒုစရိုက်တရားများကို ပြစ်မှားကျူးလွန်တာဟာ ကိုယ်ဖြင့်သာ လွန်ကျူးခြင်းဖြစ်ပါတယ်။ မုသာဝါဒ စသည်ကသဲ နှုတ်ဖြင့်သာ လွန်ကျူးခြင်းဖြစ်တယ်။ သီလဆိုတာ စိတ်ကိုနှောင်ဖွဲ့ထားတတ်တဲ့ တရားသဘောလို့ဆိုတော့ ကာယဒုစရိုက်၊ဝစီဒုစရိုက်ဖြစ်ပယ်ထားကာ မနောဒုစရိုက်တရားကိုသာ ထိန်းသိမ်းစောင့်ရှောက်ရမည် ဆိုတဲ့ အဓိပ္ပာယ်များ အမှတ်မမှားကြစေနှင့်ဦးနော်။ ကိုယ်နှင့်စိတ်ဆိုတာ ခွဲထားလို့ ရစကောင်းဘဲ့သဘောတရားများမဟုတ်ကြပါဘူး။ ဒါကြောင့်မို့ စိတ်ကို စောင့်ရှောက်ထိန်းသိမ်းထားလျှင် ကိုယ်ကိုလဲ ထိန်းသိမ်းစောင့်ရှောက်ထားပြီးဖြစ်တယ်ဆိုတာ သဘောပေါက်နားလည်ထားရမည်ဖြစ်ပါတယ်။ တနည်းအားဖြင့်လဲ-

စိတ္တံ သီလတိ သမာဒဟတိ ဧတေနာတိ သီလံ-

ဧတေန၊ ဤတရားသဘောဖြင့်။ စိတ္တံ၊ စိတ်ကို။ သီလတိ သမာဒဟတိ၊ တည်ကြည်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့စိတ်ကိုကောင်းကောင်းတည်ကြည်စေကြောင်းဖြစ်သောကြောင့်။ သီလံ၊ သီလမည်ပါသည်တဲ့။ စိတ်ကို တည်ကြည်စေကြောင်းဖြစ်သော တရားသဘောကို သီလလို့ ခေါ်ဆိုပါတယ်။ ယခုပြောခဲ့တဲ့စိတ်ကို ထိန်းသိမ်းစောင့်စည်းထားကြောင်း စိတ်ဓာတ်ကို ကြည်လင်စေကြောင်းဖြစ်သော သီလတရားကို အမျိုးအစားခွဲခြားလိုက်တော့-

၁။ စာရိတ္တသီလ၊

၂။ ဝါရိတ္တသီလ-ဟူ၍ နှစ်ပါးရှိပါတယ်။

ထိုနှစ်ပါးတွင် စာရိတ္တသီလဆိုတာ မကျင့်ဘဲနေလျှင်လည်း အပြစ်မရှိပါဘူး။ အကယ်၍ လိုက်နာကျင့်ကြံခဲ့ပါလျှင် အထူးသဖြင့် အကျိုးရှိသော သီလဖြစ်သော သီလမျိုးကို စာရိတ္တသီလလို့ ခေါ်ဆိုပါတယ်။ ရဟန်းတော်များအနေဖြင့်ဆိုလျှင် ဥပဇ္ဈာယ်ဆရာများအပေါ်၌ ပြုကျင့်ရသော ကျင့်ဝတ်များ သဒ္ဓိဝိဟာရိက တပည့် စသည်တို့အပေါ်မှာ ပြုကျင့်ရမည့် ကျင့်ဝတ်များသည် စာရိတ္တသီလများပင် ဖြစ်တယ်။ အိမ်နေသူ လူများအတွက်ဆိုလျှင် အသက်သိက္ခာ ဂုဏ်ဝါကြီးရင့်သူတို့အား ရှိသေလေးစားခြင်း, နေရာပေးခြင်း,ခရီးပေးခြင်း အစရှိသောကျင့်ဝတ်များသည်စာရိတ္တသီလများပင်ဖြစ်တယ်။ ဒီခေတ်မှာ စာရိတ္တပျက်တယ်ဆိုတာ ယခုပြောခဲ့တဲ့ လူကြီးလူငယ် ယဉ်ကျေးမှုကျင့်ဝတ် အသွယ်သွယ်ပျက်ပြားနေတယ်လို့ ဆိုလိုတာပဲနော်။

ဝါရိတ္တသီလဆိုတာကတော့- မြတ်စွာဘုရားသခင်က မပြုကျင့်အပ်, ရှောင်ကြဉ်အပ်၏ဟုတားမြစ်တော်မူထားတဲ့ ကျင့်ဝတ်သီများကို ခေါ်ဆိုခြင်းဖြစ်တယ်၊ ပါဏာတိပါတ, အဒိန္နာဒါနအစရှိတဲ့ ငါးပါးသီလသည် မကောင်းညစ်ဆိုး အပါယ်ပဋိသန္ဓေကျိုးကို ပေးနိုင်သဖြင့် မြတ်စွာဘုရား တားမြစ်ထားသော ဝါရိတ္တသီလလို့ မှတ်ရမည်တဲ့။

**ဆောင်ပုဒ်။** ၁။ အပြစ်မထား၊ ကျင့်ဆိုးများ၊ မှတ်သားစာရိတ္တ-ခေါ်ဆိုကြ။

၂။ မကျင့်ပြစ်ပွား၊ ကျင့်ဆိုးများ၊ မှတ်သားဝါရိတ္တ ခေါ်ဆိုကြ။

နောက်ပြီးတော့-

●။ သ ပရိယန္တသီလ၊ အဆုံးရှိသောသီလ။ မိမိဖျက်လိုသောအခါ ဖျက်လိုက်ခြင်းဖြင့်ယင်းဖျက်သော ခဏမှာပင် ပြီးဆုံးသွားခြင်းရှိသော သီလမျိုး။

၂။ အပရိယန္တသီလ၊ အဆုံးမရှိသောသီလ။ မည်သည့် အနှောက်အယှက် အဖျက်အဆီး ကြောင့်ပင်ဖြစ်စေ မိမိရည်ရွယ်မှန်းထားသော အချိန်အခါသို့ မရောက်မီအတွင်း ပျက်စီးခြင်း ပြီးဆုံးခြင်းမရှိသော သီလမျိုးဟူ၍ နှစ်မျိုးနှစ်ပါး ရှိပါသေးတယ်။

၁။ အာသဝေါတရားတို့၏ အာရုံဖြစ်သော သီလကို လောကီယသီလ။

၂။ အာသဝေါတရားတို့၏ အာရုံမဟုတ်သော သီလကို လောကုတ္တရာသီလဟူ၍လဲ နှစ်မျိုးနှစ်ပါး ခွဲခြားခေါ်ဆိုကြပြန်သေးတယ်။

ထိုမှတပါးလဲ ဒီစောင့်ထိန်းမှုသီလမည်သည် –

၁။ ဟီနသီလ။

၂။ မဇ္ဈိမသီလ။

၃။ ပဏီတသီလဟူ၍လဲ သုံးပါးအပြားရှိပါတယ်။ ထိုသုံးပါးတို့တွင် အယုတ်အညံ့စားဖြစ်သော ဆန္ဒဝီရိယစိတ္တ ဝီမံသတို့ဖြင့် ဆောက်တည်ကျင့်သုံးအပ်သော သီလမျိုး ဂုဏ်ပကာသန ကျော်စောထင်ရှားခြင်းကို လိုလားပြီး ဆောက်တည် ကျင့်သုံးအပ်သော သီလမျိုးကိုတော့ ဟီနသီလလို့ မှတ်ကြရမည်ဘဲ၊ သေသေချာချာ သတိထားကြ မှတ်သားကြနော်၊ ယခု တရားနာယူနေကြတဲ့ ဒကာ ဒကာမများလဲ မိမိတို့စောင့်ထိန်းကျင့်သုံးနေတဲ့ ကိုယ်ကျင့်သီလကို ဟီနသီလမဖြစ်ရအောင် အထူးကြိုးစားကျင့်ကြ စောင့်ထိန်းကြရမည်လို့ ဆိုလိုပါတယ်။

အလယ်အလတ်စား ဖြစ်သော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသတို့ဖြင့် ဆောက်တည်ကျင့်သုံး အပ်သော သီလမျိုးကိုရင်း၊ ကောင်းကျိုးချမ်းသာကို လိုလား တောင်းတ၍ ထိုချမ်းသာ သုခမျိုးကို မှန်းဆပြီး ဆောက်တည်ကျင့်သုံးအပ်သော သီလမျိုးကိုရင်း အလတ်တန်းစား ဖြစ်တဲ့ မဇ္ဈိမသီလလို့ ခေါ်ဆိုရပါတယ်။

မြင့်မြတ် ထက်သန်လှသော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသတို့ဖြင့် ဆောက်တည်ကျင့်သုံး အပ်သော သီလမျိုးရင်း၊ ယခုဘဝ ဂုဏ်ပကာသနနှင့် နောင်အခါ ခံစားရမည့် အကျိုးများကို လိုလား တောင်းတမှု အလျဉ်းမပြုဘဲ "မြင့်မြတ်သော အကျင့်တရားကို ငါသည် ဖြည့်ကျင့်အပ်ပေပြီတကား" ဟု တရားတော်၏ မြင့်မြတ်မှုကို အာရုံပြုကာ ဆောက်တည် ကျင့်သုံး အပ်သော သီလကိုတော့ အမြတ်စား ပဏီတ သီလလို့ ခေါ်ဆိုတယ်။

ဒီကိုယ်ကျင့် သီလ၌ ဟီန မဇ္ဈိမ ပဏီတ-ဟူ၍ အမျိုးအစား သုံးပါး ကွဲပြားသည့်အတွက် အကျိုးပေးရမှာလဲ သီလဘမျိုးနှင့်တမျိုး အကျိုးပေးပုံချင်း မတူကြဘူးနော်၊ (ဒကာကြီး ဦးချိန်)။ ဒါကြောင့်မို့ ဇာတက ပါဠိတော်မှာ –

ဟီနေန ဗြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေနစ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။ (ခု-၅-၁၀၃-ပိဋ္ဌေ ဇာတကေ)။

ဟူ၍ ဟောတော် မူပါတယ်။

သာဓဝေါ၊ ကိုယ်နှုတ်နှလုံး သုံးပါး ပြေပျောင်း သူတော်ကောင်း ဖြစ်ငြား အို-အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ ဟီနေန၊ ရည်ရွယ်ပြုလုပ်၊ အားထုတ်ခြင်းရာ၊ ယုတ်ညံ့

လှစွာသော။ ဗြဟ္မ စရိယေန၊ မြတ်သော အကျင့်သီလဖြင့်။ (ဝါ)အင်္ဂါရှစ်လီ၊ ပြည့်စုံညီသော ဥပေါသထ အကျင့်သီလဖြင့်။ ခတ္တိယေ၊ အာဏာ လွှမ်းမိုး ဂုဏ် တန်ခိုးကြီးမားသော မင်းမျိုး၌။ ဥပပဇ္ဇတိ၊ အမှန်စင်စစ် ဖြစ်ရလေ၏။ စ၊ထိုမှ တပါးကား။ မဇ္ဈိမေန၊ အားထုတ်မှုနှင့် ရည်ရွယ်ချက် မလေးနက်လှ အလတ်တန်းစားသော ဖြစ်သော။ ဗြဟ္မစရိယေန၊ ဗြဟ္မစရိယ မြတ်သီလဖြင့်။ ဒေဝတ္တံ၊ နတ်၏ အဖြစ်သို့။ ယာတိ၊ အမှန်ထုတ်ခြောက် ဆိုက်ရောက်ရလေ၏။

ဥတ္တမေန၊ ရည်ရွယ်အားထုတ် ပြုလုပ် ဆောင်အပ် အမြတ်တန်းစား ဖြစ်သော ဗြဟ္မစရိယ မြတ်သီလဖြင့်။ ဝိသုဇ္ဈတိ၊ ဗြဟ္မာဘဝသို့ လားရောက် ရသဖြင့် မှဲ့ကာကယ် စင်ကြယ်လေ၏။ (အဲဒါကတော့ သာသနာပ ပုဂ္ဂိုလ်တို့၏ အယူအဆပဲ ဖြစ်တယ်၊ ဗုဒ္ဓမြတ်စွာ သာသနာတော် အလိုအားဖြင့် ဆိုပါမူ)။ ဝိသုဇ္ဈတိ၊ ကိလေသာ ရန်စွယ် အန္တရာယ်ခပင်း ချုပ်ငြိမ်း ရှင်းသဖြင့် အေးငြိမ်းအမှန် ပြည်နိဗ္ဗာန်သို့ ကေန်မျက်မှောက် ဆိုက်ရောက်ရ လေတော့သတည်း။

မှတ်မိလွယ်အောင် လင်္ကာလေးတွေ ဆိုကြဦးစို့။

**ဆောင်ပုဒ်**။ ၁။ ယုတ်ညံ့သီလ၊ ကျင့်ရို ၊ ဖြစ်ရမင်းမျိုးမှာ။
၂။ အလတ်တန်းစား၊ ကျင့်ကြံပွား၊ ဖြစ်ငြားနတ်တို့ရွာ။
၃။ သာသနာပ၊ မြတ်ကျင့်က ဖြစ်ရဗြဟ္မာရွာ။
၄။ သာသနာတွင်းမှန်၊ မြတ် ကျင့်ကြံ၊ ရောက်ရန် နိဗ္ဗုတာ။
၅။ သီလအကျိုး၊ အမျိုးမျိုး၊ ဖြစ်ရိုးဓမ္မတာ။

သီလအကျင့်ဖြည့်ကျင့်တဲ့အခါမှာ ယုတ်ညံ့သော ရည်ရွယ်ချက် တောင်းတချက်ဖြင့် ဖြည့်ကျင့်အပ်သော ဗြဟ္မစရိယ အကျင့်သီလဖြင့် မင်းမျိုး၌ ဖြစ်နိုင်ပါတယ်တဲ့၊ အလတ်တန်းစား အကျင့်သီလဖြင့်ဆိုလျှင် နတ်ပြည်သို့ ရောက်နိုင်ပါတယ်၊ အထက်တန်းစား အမြတ်စားဖြစ်တဲ့ အကျင့်သီလ ဖြည့်ကျင့်လျှင်တော့ သာသနာပ၌ဆိုလျှင် ဗြဟ္မာပြည်သို့သာ ရောက်ရှိ နိုင်ပါတယ်၊ သာသနာတော်အတွင်းမှာ ဆိုလျှင် ယင်းသီလ၌ အခြေတည်ကာ ဝိပဿနာ ပွားများသဖြင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်လို့ ဆိုလိုရင်း ဖြစ်ပေတယ်နော်၊ ဒီ ကန မဇ္ဈိမ ပဏီတ၊ သုံးပါးခွဲခြားတဲ့ နေရာမှာ သာသနာပ အယူအဆနှင့် သာသနာတော်တွင်း ယူဆချက်ဟာ အလွန် ခြားနားလှတဲ့အတွက် နည်းနည်းဆက်ပြီး ပြောရဦးမယ်။

မြတ်စွာဘုရား၏ သာသနာတော်မှ ပြင်ပဖြစ်တဲ့ တိတ္ထိ ဆရာကြီးတို့၏ သာသနာရေး လောက အယူအဆမှာ မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းသည် ယုတ်သော ဗြဟ္မစရိယ သီလမည်ပေသည်၊ ထိုယုတ်ညံ့သော ဗြဟ္မာစရိယ သီလဖြင့် မင်းမျိုး၌ ဖြစ်နိုင်ပါတယ်။

ဥပစာရချဉ်းကိုတော့ အလတ်တန်းစားဖြစ်တဲ့ ဗြဟ္မစရိယ သီလလို့ ခေါ်ဆိုပေတယ်၊ ထိုအလတ်တန်းစား ဗြဟ္မစရိယ သီလဖြင့် နတ်ပြည်လောက၌ ဖြစ်နိုင်ပါတယ်တဲ့၊ သမာပတ် ရှစ်ပါးကိုတော့ အမြတ်စား ဗြဟ္မစရိယလို့ ခေါ်ဆိုပါတယ်၊ ထိုအမြတ်စား ဖြစ်တဲ့ ဗြဟ္မ စရိယဖြင့် ဗြဟ္မာ့ပြည်လောက၌ ဖြစ်ရ၍ အထူးသဖြင့် သန့်ရှင်း စင်ကြယ်လေတော့တယ်လို့ ယူဆကြသတဲ့၊ သာသနာပ အယူအဆမှာတော့ ဗြဟ္မာပြည်ဆိုတာ တန်းကုန်နေပြီနော်၊ သူတို့ရဲ့ ရည်မှန်းချက် နောက်ဆုံးပန်းတိုင်ဟာ ဗြဟ္မာပြည် ရောက်ဘို့ ရာပါပဲ၊ ဒါကြောင့်မို့ ဗြဟ္မပြည်ရောက်လျှင် ကိစ္စအားလုံး

ပြီးပြီ၊ အကျင့်စခန်း လမ်းဆုံးပြီလို့ ယုံကြည်ကြပါတယ်၊ ဦးပဥ္စင်းတို့ သာသနာတော် အယူကတော့ ဗြဟ္မာ့ပြည်လောက်ကို လမ်းဆုံးပြီလို့ မယူဆသေးဘူးနော်၊

ဗုဒ္ဓမြတ်စွာ သာသနာတော် အလိုအားဖြင့်၊ တစုံတခုသော နတ်ပြည်, နတ်လောက, ဗြဟ္မာပြည်, ဗြဟ္မာလောကမျှလောက်ကို ရည်ရွယ်မှန်းဆပြီး အကျင့်သီလ ဖြည့်ကျင့်ခြင်းကို ဟီနလို့ ဆိုပါတယ်၊ အညံ့စား သီလမျှသာတဲ့။

သီလ စင်ကြယ်သော ပုဂ္ဂိုလ်၏ သမာဓိ ရှစ်ပါး ဖြစ်ပွားစေခြင်းကိုတော့ မဇ္ဈိမ သီလလို့ ခေါ်ပါတယ်၊ ယင်းထက်ဝန်းကျင်မှ သန့်ရှင်း စင်ကြယ်သော သီလအပေါ်မှာ၊ အခြေတည်၍ ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှုကို အဖန်ဖန် အထပ်ထပ်ရှုခြင်း ဝိပဿနာ တရားကို ပွားများအားထုတ်၍ အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက် ဖြစ်ပေါ်ခြင်းကိုမှ သာလျှင် အထူး ခြားဆုံး အမြတ်ဆုံး မည်တယ်လို့ ခေါ်ရမည် ဖြစ်ပါကယ်၊ အရဟတ္တဖိုလ် ရောက်လျှင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်ကိုလဲ ရောက်ပြီလို့ ခေါ်ရတော့တာကိုး၊ နိဗ္ဗာန် ရောက်မှသာ သံသရာ ဒုက္ခအဝဝက မုချ ကင်းဝေးကြမည် မဟုတ်လား၊ ဒါ့ကြောင့်မို့ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အဓိက ပန်းတိုင်လို့ မှတ်ကြရပါမယ်၊ ယခု ပြောခဲ့တာတွေကတော့ ဟီနသီလ မဇ္ဈိမ သီလ ပဏီတသီလ သုံးပါးနှင့် စပ်ပြီး ပြောဆိုခြင်း ဖြစ်တယ်၊ ထိုမှတပါးလဲ--

၁။ ဟာန ဘာဂိယသီလ=ယုတ်လျော့ခြင်းအဘို့ ရှိသော သီလမျိုး။
၂။ ဌိတိဘာဂိယသီလ=တည်တန့်ခြင်းအဘို့ ရှိသော သီလမျိုး။
၃။ ဝိသေသဘာဂိယ သီလ=ထူးသောအဘို့ ရှိသော သီလမျိုး။
၄။ နိဗ္ဗေဓ ဘာဂိယသီလ=ကိလေသာဆိုး တရားမျိုးတို့ကို ဖြိုခွဲဖျက်ဆီးခြင်း ဖေါက်ထွင်းခြင်းအဘို့ ရှိသောသီလမျိုး-

ဟူ၍ လေးမျိုးပြားတဲ့ သီလမျိုးတွေ အစရှိသည်ဖြင့် သီလအမျိုးအပြား များစွာပင် ရှိပါသေးတယ်၊ သို့သော်လဲ ဖြည့်ကျင့်ပုံ အခြင်းအရာ ထူးများကို အကြောင်းပြုပြီး အမျိုးအမည် သရုပ်ကွဲပြား နေခြင်းသာ ဖြစ်ပါတယ်၊ သီလသရုပ် အမျိုးစုံအောင် ထုတ်ပြနေရလျှင် တရားဆုံး နိုင်တော့မည်မဟုတ်ဘူးနော်၊ သို့အတွက် သီလအပြားကိုတော့ ဤမျှနှင့် ထားကြပြီး အခဏ္ဍာဒိဘာဝ ပါဒ္ဒနေန လို့ ဆိုခဲ့တဲ့အတိုင်း သီလ၏ကျိုးခြင်း, ပေါက်ခြင်း, ကြားခြင်းသဘောကို ပြောကြဦးစို့။

ပိမိတို့ စောင့်ထိန်းကြသော သီလနှင့်ပတ်သက်လို့ ခဏ္ဍ-ကျိုးသည်၊ ဆိဒ္ဒ-ပေါက်သည်၊ သဗလ -ပြောက်သည်၊ ကမ္မာသ ကျားသည်-ဟုဆိုရာမှာ လူတို့စောင့်ထိန်းအပ်သော ငါးပါး ရှစ်ပါး စသောသီလမှာဖြစ်ဖြစ်၊ ရဟန်းတော်များ စောင့်ထိန်းအပ်သော အကျင့်သီလမှာဖြစ်ဖြစ် သီလအားလုံးမှ ပင် အစကဖြစ်စေ, အဆုံးကဖြစ်စေ သိက္ခာပုဒ်တခုစီ ပျက်စီးနေခဲ့လျှင် ခဏ္ဍ-ကျိုးသည်ပြတ်သည်လို့ ခေါ်ဆိုရပါတယ်။

အလယ်၌ဖြစ်သော သိက္ခာပုဒ်တခုခု ပျက်စီးနေခဲ့လျှင်တော့ ဆိဒ္ဒ-ပေါက်သည်လို့ ခေါ်ဆိုရသတဲ့။

အစမှာဖြစ်စေ, အလယ်မှာဖြစ်စေ, အဆုံးမှာဖြစ်စေ သိက္ခာပုဒ် နှစ်ခုသုံးခု ဆက်တိုက်ပျက်စီးပြီးနေလျှင်တော့ သမ္ဗာသ- ကျားသည်မည်ပါတယ်။

သိက္ခာပုဒ်အများတွင် တခုကျော် တခုကျော် စသည်ဖြင့် အကြားအကြားမှာ အန္တံအပြား သိက္ခာပုဒ်များ ပျက်စီးနေလျှင် သဗလ ပြောက်သည်လို့ ခေါ်ဆိုရတယ်။ ယင်းကဲ့သို့ ကျိုးခြင်း ပေါက်ခြင်း၊ ပြောက်ခြင်းကျားခြင်းမရှိအောင် ကောင်းစွာ လုံခြုံအောင် စောင့်ထိန်းအပ်သော သီလကို သုပရိသုဒ္ဓ ထက်ဝန်းကျင်မှ ကောင်းစွာစင်ကြယ်ခြင်းရှိသော သီလလို့ ခေါ်ဆိုရပါတယ်။ ဒီသီလကို ရှေးဦးစွာ ကျင့်ရမည်လား နောက်မှကျင့်ရမည်လားဆိုတော့-

အသ္မိံ လောကေတိ ဝါ ဣမသ္မိံ သင်္ခါရလောကေ သိက္ခိတဗ္ဗံ ဓမ္မေသု သီလံ အာဒိတော သိက္ခေယျ-ဟူ၍ ထေရဋ္ဌကထာ ဆက်ဖွင့်ထားပါတယ် (ထေ ရ၊ ၄၊ ဒု-၂၁၉)။

ဝါ တနည်းကား) အသ္မိံလောကေတိ- အသ္မိံလောကေ-ဟူသည်၊ ဣမသ္မိံသင်္ခါရလောကေ၊ ဤသင်္ခါရလောက၌။ သိက္ခိတဗ္ဗ ဓမ္မေသု၊ ဖြည့်ကျင့်အပ်ငြား တရားအများတို့တွင်။ သီလံ၊ ကိုယ်ကျင့်သီလ မြတ်ဓမ္မကို။ အာဒိတော၊ ရှေးဦးပထမ အစမှ။ သိက္ခေယျ၊ ကောင်းစွာမလင့် ဖြည့်ကျင့်လေရာ သတည်း။

ပထမဆုံး ရွတ်ဆိုခဲ့တဲ့ "သီလမေဝိဓ သိက္ခေထ"ဟူသော ဂါထာမှာ လောကအရ အသက် ဝိညာဏ်ရှိတဲ့ သတ္တလောကလို့ အဋ္ဌကထာက ပထမ ဖွင့်ပြခဲ့တယ်၊ ယခုတနည်း လောကအရ သက်ရှိသက်မဲ့ အားလုံးနှင့်ဆိုင်တဲ့ သင်္ခါရလောကကိုယူရန် ဖွင့်ပြပြန်တယ်၊ ဒီရုပ်နာမ်ဓမ္မ သင်္ခါရ လောကကြီးအတွင်းမှာ ဖြည့်ကျင့်အပ်သော တရားတို့တွင် ကိုယ်ကျင့်သီလတရားကို ပထမဆုံးဖြည့်ကျင့် ကြရမည်ဘဲ၊ "သိက္ခိတဗ္ဗ ဓမ္မေသု သီလံ အာဒိတော သိက္ခေယျ၊ ကျင့်အပ်သောတရား မှန်သမျှတွင် သီလအကျင့်ကို ပထမဆုံးကြည့်ကျင့်ရမည်"ဆိုတဲ့ စကားကို အထူးသတိချပ်ပြီး မှတ်သားသင့်လှပေ တယ်နော်၊ တရားဘာဝနာ ကျင့်ကြံပွားများရာမှာ သီလမရှိ မလိုပါဘူး၊ လိုရင်းဖြစ်တဲ့ ဝိပဿနာ ဘာဝနာကိုသာ ကျင့်ကြံဘို့ပါပဲ စသည်ဖြင့် အချို့ပြောဆိုနေကြတာ ကြားရတတ်တယ်၊ သီလမလုံ ခြုံလျှင်, မစင်ကြယ်လျှင် အဘယ်မှာ စိတ်တည်ကြည်မှု သမာဓိတရားဖြစ်ပါမလဲ၊ သမာဓိ မဖြစ် လျှင်လဲ အဘယ်မှာပညာ ဖြစ်ပါမည်လဲ၊ သီလမလို, သမာဓိလဲမလို ဘာဝနာဆိုတဲ့ ပညာသာ လိုရင်းဟု အချို့ပြောဆိုတတ်ကြတယ်၊ သစ်သီးအလုံးကြီးကြီး စားလိုသဖြင့် ခေါင်ဖျားလျှောက်တာ လွန်သွားသလို ဖြစ်နေပ တယ်နော်၊ သီလ, သမာဓိ, ပညာ အစဉ်အတိုင်း တက်သွားမှ လိုရာပန်း တိုင်ကို ရောက်ရှိနိုင်ပါတယ်၊ ကျော်တက်လို့ မရနိုင်ပါဘူး (ဒကာကြီးဦးချိန်)။

ဒီလို သီလ, သမာဓိ, ပညာ ထိုသုံးဖြာတွင် သီလနှင့်သမာဓိဟာ လိုရင်းမဟုတ်ဖူး မလိုလှဘူး၊ ပညာခေါ်တဲ့ ဝိပဿနာသာ လိုရင်းဖြစ်တယ် စသည်ဖြင့် ပြောဆိုနေကြသူများဟာလဲ တကယ်တော့ မိမိလဲဖြစ်ချင်လွန်း, သူတပါးလဲ ဖြစ်စေချင်လွန်းတဲ့ စေတနာတွေ လွန်ကဲနေခြင်း ဖြစ်ဟန်တူပါတယ်၊ စေတနာလွန်ကဲနေရင်လဲ ရှေ့သို့ လောလွန်းအားကြီးတတ်တယ်တဲ့၊ သဒ္ဓါတရားတွေ လွန်ကဲနေတယ် လို့လဲ ဆိုနိုင်တယ်နော်၊ သဒ္ဓါလွန်ကဲပြီး ပညာအားနည်းနေလျှင်လဲ အလွဲလွဲအမှားမှား ဖြစ်တတ်ဘဲ့ သဘောရှိပါတယ်၊ ဒါကြောင့်မို့ သဒ္ဓါနှင့်ပညာ ညီမျှပြီးနေစေရမည်လို့ ဆိုထားပါတယ်။

ကျော်တက်ပြီး ကျင့်ကြံလို့မဖြစ်ပါဘူး၊ သီလ, သမာဓိ, ပညာ အစဉ်အတိုင်းသာလျှင်ကျင့် ကြံကြိုးစားကြရမည်ဖြစ်ပါကယ်၊ ဒကာကြီးဦးချိန်တို့လဲ "သိက္ခိတဗ္ဗ ဓမ္မေသု သီလံ အာဒိတော သိက္ခေယျ၊ ကျင့်အပ်သော တရားမှန်သမျှတို့တွင် သီလအကျင့်ကို ပထမရှေးဦးစွာ ကျင့်ရမည်"ဟုဆို

တာကို စွဲမြဲစွာမှတ်ထားကြပါ၊ သီလကို ဖြည့်ကျင့်နေဘွယ်ရာမလို့, သမာဓိထူအောင် နေရန်မလို့, ပညာဘာဝနာသာ အဓိကဟု ပြောဆိုယောင်မှားနေမည်စိုးသဖြင့် အထူးသတိပေးလိုက်ရပါတယ်၊ သီလရှိမှ သမာဓိဖြစ်ဘယ်၊ သမာဓိရင့်သန်ပါတယ်၊ သမာဓိဖြစ်မှလဲ ပညာဖြစ်ပါတယ်၊ အဆင့်ဆင့်ဖြစ်သွားတယ်နော်၊ ကျော်တက်သွားလို့ မရဘူးတဲ့ (ဒကာကြီး ဦးချိန်ရဲ့)၊ သီလရဲ့ ကျေးဇူးဟရားဟာ အဘယ်မျှကျေးဇူးများကယ်ဆိုတာကို ထေရဂါထာ အဋ္ဌကထာ၌–

ယသ္မာ သီလံ သေဝိတံ ပရိစိတံ ရက္ခိတံ မနုဿ သမ္ပတ္တိ ဒိဗ္ဗသမ္ပတ္တိ ဗြဟ္မသမ္ပတ္တိ နိဗ္ဗာန သမ္ပတ္တိ ဓိတိ ဇတံ သဗ္ဗသမ္ပတ္တိ တံသမင်္ဂီနော သတ္တဿ ဥပနာမေတိ အာဝဟတိ–ဟူ၍ ဖွင့်ပြထားပါတယ်၊ (ထေ ရ၊ ၄၊ ဒု–၂၁၉)။

ယသ္မာ၊ အကြင်ကြောင့်။ သေဝိတံ၊ ကြိမ်ဖန်အမြဲ မှီဝဲအပ်သော။ ပရိစိတံ၊ ရိုသေညွတ်နူး ဆည်းပူးအပ်သော။ ရက္ခိတံ၊ ကောင်းစွာမပြတ် စောင့်ရှောက်အပ်သော။ သီလံ၊ ကိုယ်ကျင့်သီလ မြတ်ဓမ္မသည်၊ မနုဿ သမ္ပတ္တိ၊ လူ့ဘဝ လူချမ်းသာနှင့် ပြည့်စုံခြင်းငှင်း။ ဒိဗ္ဗသမ္ပတ္တိ၊ နတ်ဘဝနတ်ချမ်းသာနှင့် ပြည့်စုံခြင်းငှင်း။ ဗြဟ္မသမ္ပတ္တိ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာနှင့်ပြည့်စုံခြင်းငှင်း။ နိဗ္ဗာန သမ္ပတ္တိ၊ ကိလေသာရန်, ပူပန်ခပ်သိမ်း, ကင်းငြိမ်းဝေးကွာ, နိဗ္ဗာန်ချမ်းသာနှင့် ပြည့်စုံခြင်းငှင်း။ ဣတိ၊ ဤသို့။ ဧတံသဗ္ဗသမ္ပတ္တိံ၊ ဤအလုံးစုံသော စည်းစိမ်ချမ်းသာနှင့် ကောင်းစွာကုံလုံ ပြည့်စုံခြင်းသို့။ တံသမင်္ဂီနော၊ ထိုသီလအကျင့်နှင့် မလင့်ပုံသေ, ပြည့်စုံလေသော။ သတ္တဿ၊ အကျင့်ကောင်းမွန်, သီလဝန်ဖြစ်ငြား, ပုဂ္ဂိုလ်သတ္တဝါအား။ ဥပနာမေတိ၊ မှန်စွာမျက်မှောက် ကပ်ရောက်စေတတ်၏။ အာဝဟတိ၊ မရောက်ရောက်အောင် ရွက်ဆောင်ပို့ပေးတတ်၏။

သီလအကျင့်တရားသည် မိမိအား ဖြည့်ကျင့်စောင့်ရှောက်အပ်သောသူကို လူ့ဘဝချမ်းသာ အဖြာဖြာနှင့် ပြည့်စုံအောင်လဲ ရွက်ဆောင်ပို့ပေးတတ်ပါတယ်၊ နတ်ဘဝ နတ်ချမ်းသာအဖြာဖြာနှင့် ပြည့်စုံအောင်လဲ ရွက်ဆောင်ပို့ပေးတတ်ပါတယ်၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာ အဖြာဖြာနှင့် ပြည့်စုံအောင်, ရရှိအောင်လဲ ရွက်ဆောင်ပို့ပေးတတ်ဘယ်၊ နောက်ဆုံးတွင် ကိလေသာအပူမီး အားလုံး ငြိမ်းအေးပြီး သံသရာဝဋ္ဋဒုက္ခအားလုံး ချုပ်ဆုံးရာနိဗ္ဗာန် ချမ်းသာနှင့်ပြည့်စုံအောင် နိဗ္ဗာန်ချမ်းသာကို ရရှိအောင် ရွက်ဆောင်ပို့ပေးတတ်ပါတယ်ဘဲ(ဒကာကြီးဦးချိန်ရဲ့) အချို့ကပြောတတ်ကြတယ်နော် ဒါနက နိဗ္ဗာန်ရောက်အောင် ပို့မပေးနိုင်ပါဘူး၊ သီလကနိဗ္ဗာန်ရောက်အောင် ပို့မပေးနိုင်ပါဘူးတဲ့။

ဝိပဿနာ ဘာဝနာကသာလျှင် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်ပေးတတ်တယ်တဲ့၊ အမှန်မှာ တော့ တပါးတည်း, တခုတည်းဆိုလျှင် ဒါနလဲနိဗ္ဗာန်ရောက်အောင် ပို့မပေးနိုင်ပါဘူး၊ သီလလဲ ပို့မပေးနိုင်ပါဘူး၊ ဝိပဿနာဘာဝနာ တရားကလဲ သူ့ဘပါးတည်းဖြင့် နိဗ္ဗာန်ရောက်အောင်ပို့ဆောင် မပေးနိုင်ပါဘူး၊ သီလကိုမဆောက်တည်ပဲ သူ့အသက်သတ်ခြင်း, သူတပါးဥစ္စာခိုးယူခြင်း, သူတပါး အိမ်ရာပြစ်မှားခြင်း,မဟုတ်မမှန် ပြောဆိုခြင်း,သေရည်သေရက် သောက်စားခြင်း အစရှိတဲ့ ကိုယ်ကျင့် သီလတွေကို ဖေါက်ဖျက် ကျူးလွန်နေသူ, ကိုယ်ကျင့်သီလကို ပဓာနမထားတဲ့သူဟာ ဝိပဿနာ ဘာဝနာကို မည်မျှပင် ဇွဲလုံ့လ သန်သန်ဖြင့် ကျင့်ကြံ ပွားများသော်လည်း အချိန်ကုန် လူပမ်းရုံမှ တပါး အကျိုးမများလှပါဘူး (ဒကာကြီးဦးချိန်)။

သီလမလုံခြုံဘဲ ဝိပဿနာတရားကို ပွားများကျင့်ကြံသောသူသည် မည်သည့်တရားထူး တရား မြတ်ကိုရရှိနိုင်ပါမည်လဲ၊ ဒါကြောင့်မို့ သီလကိုအခြေခံထားမှ သမာဓိတရား ရင့်သန်လာမည်၊သမာဓိ

ရင့်သန်လာမှ ဝိပဿနာဉာဏ်လဲ တိုးတက်လာပြီး တရားထူးတရားမြတ်ကို မျက်မှောက်ပြုနိုင်ပါတယ် ရရှိနိုင်ပါတယ်, နိဗ္ဗာန်ဆိုက်ရောက်နိုင်ပါတယ်၊ သီလကိုစောင့်ထိန်းခြင်းဖြင့် နိဗ္ဗာန်အထိ ရောက်နိုင်တာကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အင်္ဂုတ္တရနိကာယ် ကောဒသကနိပါတ် ကိမတ္ထိယသုတ်လာအတိုင်း ပြောရပါလျှင်-

အခါတပါး မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ- အရှင်အာနန္ဒာ မထေရ်မြတ်ဘုရားထံ ချဉ်းကပ်ပြီး ရှိသေစွာ ရှိခိုးကာ သင့်တင့်ရာ၌ နေလျက် မြတ်စွာဘုရားကို ဒီလိုလျှောက်ထား မေးမြန်းလေသတဲ့။

ကိမတ္ထိယာနိ ဘန္တေ ကုသလာနိ သီလာနိ ကိံမာနိ သံသာနိ၊ (အံ-၃၊ ၅၁၅)။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား- ကုသိုလ်ဖြစ်ကုန်သော လ အကျင့်တို့သည် အဘယ်အကျိုး ရှိကြပါသနည်း, အဘယ်အာနိသင် ရှိကြပါသနည်းဟု မေးမြန်းလျှောက်ထားလေလျှင်၊ သဗ္ဗညုဘုရားရှင်က-

အဝိပ္ပဋိသာရတ္ထာနိခေါ အာနန္ဒ ကုသလာနိ သီလာနိ အဝိပ္ပဋိသာရာနိ သံသာနိ။
(အံ-၃-၅၁၅)။

ချစ်သား အာနန္ဒာ ကုသိုလ်ဖြစ်ကုန်သော အကျင့်သီလတို့သည် စိတ်နှလုံးကို သာယာရွှင်လန်း စေခြင်း အကျိုးအာနိသင် ရကြကုန်သည်သာတည်း-ဟု ဖြေကြားတော် မူပါတယ်။ သီလလုံခြုံနေတဲ့သူဟာ စိတ်နှလုံးတွေ ရွှင်ရွှင်လန်းလန်း ဖြစ်နေတတ်ပါတယ်၊ ထိုအခါ အရှင် အာနန္ဒာက ယင်းသို့ စိတ်နှလုံး ရွှင်လန်းလျှင် အဘယ်သို့သော အကျိုး အာနိသင်များ ရှိပါသေးသလဲ ဘုရားဟု လျှောက်ထား ပြန်သဖြင့် မြတ်စွာဘုရား သခင်ကလဲ သီလအကျင့်ကို ဖြည့်ကျင့်ရာမှ ရရှိအပ်သော အဆင့်ဆင့်သော အကျိုးဆက်ကို ဤသို့ ဖြေဆို ဟောကြားတော် မူပါတယ်။

အဝိပ္ပဋိသာရော ပါမောဇ္ဇတ္ထော ပါမောဇ္ဇာနိသံသော-ချစ်သားအာနန္ဒာ စိတ်နှလုံး သာယာရွှင်လန်းမှု ဖြစ်နေသော သူမှာ ဝမ်းမြောက်ခြင်း ခေါ်တဲ့ နုသောပီတိ ဖြစ်ရခြင်း အကျိုး အာနိသင် ရှိပေသည်။

ပါမောဇ္ဇံပီတတ္ထံ ပီတာနိသံသံ= ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းခေါ်တဲ့ နုသောပီတိဖြစ်သောသူမှာ နှစ်သက်ခြင်း ရင့်သော ပီတိ ဖြစ်တယ်။

ပီတိ ပဿဒ္ဓတ္ထာ ပဿဒ္ဓါနိသံသာ= နှစ်သက်ခြင်း ခေါ်တဲ ရင့်သော ပီတိဖြစ်သူမှာ ကိုယ်စိတ်တို့၏ ငြိမ်းချမ်းမှု ပဿဒ္ဓိတရား ဖြစ်ပွားခြင်း အကျိုး အာနိသင် ရှိပေတယ်။

ပဿဒ္ဓိ သုခတ္ထာ သုခါနိသံသာ - ယင်းကိုယ်စိတ် နှ ပါး ငြိမ်းချမ်းမှုရှိသောသူမှာ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း အကျိုးအာနိသင် ရှိပေသည်တဲ့၊ ကိုယ်စိတ် အေးချမ်းမှုရှိသူမှသာလျှင် ချမ်းသာသုခ ရရှိနိုင်ပါတယ်၊ ကိုယ်ရောစိတ်ပါ ပူပန်နေသူမှာ ချမ်းသာသုခ မရှိနိုင်ပါဘူး။

သုခံ သမာဓတ္ထံ သမာဓာနိသံသံ ကိုယ်စိတ် နှစ်ပြာ ချမ်းသာခြင်းရှိသောသူမှာ စိတ်၏ တည်ကြည်ခြင်း, သမာဓိရှိခြင်း အကျိုး အာနိသင် ရှိပါတယ်။

သမာဓိ ယထာဘူတဉာဏ ဒဿနဿ ဥပနိသာ ယထာဘူတဉာဏ ဒဿနာနိသံသော စိတ်တည်ကြည်မှု သမာဓိ ရှိသောသူမှသာလျှင် မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း သိနိုင် မြင်နိုင်တယ်၊ ယထာဘူတဉာဏ် ဖြစ်ပေါ်ခြင်း အကျိုးအာနိသင်ရှိပါတယ်၊ ဒီဟုတ်တိုင်းမှန်စွာ သိမြင်တဲ့ ယထာဘူတဉာဏ် ရရှိဖို့ဟာ အလွန်အရေးကြီးပါတယ်၊ ယထာဘူတဉာဏ်ကို ရလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိဖို့ရန်လဲ နီးကပ်နေပြီနော်။

ယထာဘူတဉာဏ ဒဿနံ နိဗ္ဗိဒါနိသံသံ ယထာဘူတဉာဏ်ဖြစ်သောသူမှာ သံသရာဝဋ် ဒုက္ခ ရုပ်နာမ် ခန္ဓာငါးပါး တစုတို့၌ ငြီးငွေ့ခြင်းဟူသော ဗလဝ ဝိပဿနာဉာဏ် ဖြစ်ပေါ်ခြင်း အကျိုးအာနိသင် ရှိပါတယ်၊ ရုပ်နာမ် ခန္ဓာငါးပါးတို့ အပေါ်၌ ဟုတ်မှန်သော အတိုင်း မသိမမြင်ကြခြင်းကြောင့်သာလျှင် ငြီးငွေ့ခြင်း နိဗ္ဗိန္ဒဉာဏ်ခေါ်တဲ့ ဗလဝ ဝိပဿနာဉာဏ်မဖြစ်ကြခြင်းဘဲနော်၊ အမှန်သိတော့ ငြီးငွေ့လာတော့တာပါပဲ။

နိဗ္ဗိဒါ ဝိရာဂတ္ထာ ဝိရာဂါနိသံသာ=ငြီးငွေ့မှုဗလဝ ဝိပဿနာဉာဏ်ဖြစ်သောသူမှာ သင်္ခါရတို့၌ တပ်နှစ်သက်ခြင်း, တွယ်တာခြင်း ကင်းသွားပါတယ်၊ ယင်းတပ်မက်မှု ကင်းခြင်းသည် မဂ်တရား, မဂ်ဉာဏ်ပင်ဖြစ်တယ်နော်၊ မဂ်တရားကို ရရှိခြင်း အကျိုးအာနိသင်ရှိပါတယ်။

ဝိရာဂေါ ဝိမုတ္တိဉာဏဒဿနတ္ထော ဝိမုတ္တိဉာဏဒဿနတ္ထာနိ သံသော=မဂ်တရားကို ရရှိသောသူမှာ ကိလေသာတို့မှ လွတ်မြောက်မှုဟု ဆိုအပ်သော အရဟတ္တဖိုလ်တရားကို ရရှိနိုင်ပါတယ်၊ယင်းအရဟတ္တဖိုလ်တရားကို ရရှိပြီးသောသူမှာ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ဆင်ခြင်ခြင်း, ပစ္စဝေက္ခဏာဉာဏ်ဖြစ်ခြင်း အကျိုးအာနိသင် ရှိပါတယ်၊ ပစ္စဝေက္ခဏာဉာဏ်ဖြစ်သောသူမှာ ခန္ဓာကိုယ် အကြွင်းမရှိပဲ ပရိနိဗ္ဗာန် ဝင်စံနိုင်ပါတယ်၊ ယခုပြောခဲ့တဲ့ စိတ်နှလုံးရွှင်လန်းချမ်းမြေ့ခြင်းအကျိုးမှ ပရိနိဗ္ဗာန်ဝင်စံသည်အထိ ရရှိအပ်သော အကျိုးတရားများက ကိုယ်ကျင့်သီလ မြတ်ဓမ္မကို ကောင်းမွန် လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းခြင်းကြောင့် ရရှိတဲ့ အကျိုးတရားများဖြစ်တယ်နော်၊ သို့မို့ကြောင့် သုံးလောက ထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ကိမတ္ထိယသုတ်ကို နိဂုံးသတ် အနေအားဖြင့်—

ဣတိခေါ အာနန္ဒ ကုသလာနိ သီလာနိ အနုပုဗ္ဗေန အဂ္ဂါယ ပရေန္တိ-ဟူ၍ ဟောတော်မူပါတယ် (အံ·၃ ၅၁၆)။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ဣတိခေါ၊ ဤသို့လျှင်။ ကုသလာနိ၊ ကုသိုလ်ဖြစ်ကုန်သော။ သီလာနိ၊ ကိုယ်ကျင့်သီလတရားတို့သည်။ အနုပုဗ္ဗေန၊ အောက်မှအထက် မြင့်တက်ကာသွား အစဉ်အားဖြင့်။ အဂ္ဂါယ၊ မြတ်သောအရဟတ္တဖိုလ်အကျိုးငှာ။ ပရေန္တိ၊ တဆင့်သက်တဆင့် မြင့်သည်ထက် မြင့်ကာ မလင့်ပုံသေ ဖြစ်ကြလေကုန်တော့သတည်း။

ယခုအခါ အချို့သောသူများက သီလအကျင့်ကို ဖြည့်ကျင့်ဖို့မလိုတော့သလို၊ သီလဆိုလျှင် အပိုအလုပ်လိုလို ပြောဆိုနေတတ်ကြသဖြင့် အထင်အမြင်မ မှားကြရလေအောင် အင်္ဂုတ္တရနိကာယ်၌လာတဲ့ ဒီကိမ ယသုတ်လာ သီလဖြည့်ကျင့်ရာမှ အဆင့်ဆင့် အကျိုးရရှိပုံများကို ထုတ်ဆို ဟောကြားလိုက်တယ်နော်-(ဒကာကြီးဦးချိန်)၊ သေသေချာချာ နာယူမှတ်သားကြပါ၊ လေ့လာစဉ်းစားကြပါ၊ သီလစောင့်ထိန်းနေရန်မလိုကြောင်း အပြောကောင်းတဲ့ ပုဂ္ဂိုလ်တွေ့ပါက ယောင်မှားလိုက်ပါ

သွားကြမည်စိုး၍ ထပ်ကာထပ်ကာ အထူးသတိပေးလိုက်ရပါတယ်၊ ကဲ-သီလဖြည့်ကျင့်သဖြင့်အကျိုး အဆင့်ဆင့် ရပုံများကို မှတ်သားနိုင်ကြအောင် ဒီလင်္ကာများကို ဆောင်ထားကြရမယ်နော်၊ကဲလိုက် ဆိုကြပါဦး။

**ဆောင်ပုဒ်။** သီလစောင့်ငြား ၊အကျိုးများကား၊ စိတ်အားရွှင်လန်း-ဝမ်းမြောက်နှစ်သက်၊ ငြိမ်းလျက်ချမ်းသာ-တည်ကြည်စွာရှိ၊ ဟုတ်မှန်သိ၍-ငြီးငွေ့ဝဋ်တွင်း၊ နှစ်သက်ကင်းစင်, မဂ်ဖိုလ်မြင် စံဝင်နိဗ္ဗူတာ။

၁။ သီလစောင့်ငြား၊ အကျိုးများ၊ စိတ်အားရွှင်လန်းရာ။
၂။ ဝမ်းမြောက်နှစ်သက်၊ ငြိမ်းအေးလျက်၊ ဆက်ဆက်လွန်ချမ်းသာ။
၃။ တည်ကြည်ရှိလျှင်၊ ဟုတ်မှန်မြင်၊ ဝဋ်တွင်ငြီးငွေ့ရာ။
၄။ တပ်မက်ကင်းစင်၊ မဂ်ဖိုလ်မြင်၊ စံဝင်နိဗ္ဗူတာ။

ဒီလင်္ကာကလေးတွေကို ဆိုထားတော့ မိမိတို့ကျင့်သုံးရတဲ့ သီလအကျင့်ဟာ အကျိုးမနည်း လှဘူး၊ တဆင့်ထက်တဆင့် မြင့်သည်ထက်မြင့်သော အကျိုးထူးများကို ရရှိနိုင်တယ်ဆိုတဲ့အကြောင်း ကောင်းစွာသိနားလည်ကြပေမည်၊ လွယ်ကူစွာလဲ မှတ်မိကြပေမည်၊ ယခုဟောပြောရတာက သီလ အကြောင်းကို ဟောတဲ့ သီလတရားဖြစ်လေတော့ သီလနှင့်ဆိုင်ရာ သိသင့်သိထိုက်တဲ့ အကြောင်း အရာများ သီလအကျိုးအမျိုးမျိုးရှိပုံကိုလဲ စုံလင်စွာသိရှိကြ, မှတ်သားနာယူကြရအောင် ဟောရ ပေမယ်နော်၊ မြတ်စွာဘုရားသည် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကြည့်ရှု ဆင်ခြင်တဲ့အခါ သီလ တရားရဲ့ အကျိုးအာနိသင်ကို အလုံးစုံထင်ရှားစွာ သိမြင်တော်မူပါတယ်၊ သို့အတွက် သီလတရားရဲ့ အကျိုးများကိုလဲ အရာဌာနအားလျော်စွာ အမျိုးမျိုးခွဲခြားပြီး ဟောကြားတော်မူခဲ့ပါတယ်၊သံသရာ ဝဋ်ဘုံမှ လွတ်မြောက်လိုကုန်သောသူများလဲ သီလအကျင့်ဖြည့်ကျင့်ကာ အရဟတ္တမဂ်ဖိုလ်အထိ ဆိုက် နိုင်ကြောင်းကို ခုနက ကိမ္ပတ္ထိယသုတ်ဖြင့်ထင်ရှားသိလောက်ပြီနော်၊ သံသရာဝဋ်တွင်းမှ လွတ်ကင်းရန် မရည်သေးဘဲ သံသရာနယ်တခွင်မှာ ကျင်လည်ကာနေလိုသေးတဲ့လူများလဲ ဒီကိုယ်ကျင့်သီလဆိုတာ ကျင့်သင့်ကြံသင့်တာပဲတဲ့ (ဒကာကြီး ဦးချိန်ရဲ့)။

ဒါကြောင့်မို့ လောကီရိပ်ငြိမ် စည်းစိမ်ချမ်းသာကို လိုလားသောသူ အပေါင်းအသင်း အခြွေ အရံနှင့် တင့်တင့်တယ်တယ် နေလိုသူများလဲ ဒီကိုယ်ကျင့်သီလကို ဖြည့်ကျင့်ရမည်ဖြစ်တယ်၊လောကမှာ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသောသူမှာ သီလရှိခြင်းအကျိုးငါးပါးရနိုင်တယ်၊ ထိုနည်းအတူ သီလ ပျက်သောသူမှာလဲ သီလပျက်ခြင်းအပြစ်ငါးပါး ရရှိနိုင်တယ်တဲ့၊ သို့အတွက် သီလပျက်ခြင်း၏ အပြစ် ငါးပါး, သီလရှိခြင်းအကျိုးငါးပါးလဲ နာယူမှတ်သားကြရအောင် အင်္ဂုတ္တိုရ်လာ သီလသုတ္တန်ကို အကျဉ်းချုံ့ထုတ်ပြန်၍ ဟောကြားပါဦးမယ်၊ သေချာစွာနာယူမှတ်သား၍ လိုက်နာ ကျင့်ကြံနိုင်ကြ ပါစေ၊ အင်္ဂုတ္တိုရ်ပါဠိတော် သီလသုတ်၌-

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ သီလဝတော သီလသမ္ပဒါယ၊ ကတမေ ပဉ္စ။ ဣဓ ဘိက္ခဝေ သီလဝါ သီလသမ္ပန္နော အပ္ပမာဒါဓိကရဏံ မဟန္တံ ဘောဂက္ခန္ဓံ အဓိဂစ္ဆတိ၊ (အံ-၂-၂၂၁)။

ဟူ၍ ဟောတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သီလဝတော၊ သီလရှိသောသူအား။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံခြင်းကြောင့်။ အာနိသံသာ၊ အကျိုးအာနိသင်တို့သည်။ ဣမေပဉ္စ၊ ဤငါးပါးတို့ပေတည်း။ ကတမေပဉ္စ၊ အဘယ်ငါးပါးတို့နည်းဟူမူကား။ ဘိက္ခဝေတို့။ ဣဓ၊ ဤလောက၌။ သီလဝါ၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသောသူသည်။ အပ္ပမာဒါဓိကရဏံ၊ မမေ့မလျော့ခြင်းဟူသောအကြောင်းကြောင့်။ (ဝါ) မေ့လျော့ကင်းဘိ သတိရှိခြင်းဟူသော အကြောင်းကြောင့်။ မဟန္တံ၊ များစွာသော။ ဘောဂက္ခန္ဓံ၊ စည်းစိမ်ဥစ္စာအစုကို။ အဓိဂစ္ဆတိ၊ မုချပိုင်ပိုင် ရရှိနိုင်လေ၏။

သီလရှိတဲ့သူ၊ သီလနှင့်ပြည့်စုံတဲ့သူမှာ ကိုယ်ကျင့်သီလကို စောင့်သုံးရာ၌ မေ့လျော့မှု မရှိခြင်းကြောင့် ယင်းမမေ့မလျော့ခြင်း အပ္ပမာဒတရားကို အခြေခံထား၍ များစွာသော စည်းစိမ်ဥစ္စာတို့ကို ရရှိနိုင်ပါတယ်တဲ့၊ သီလရှိလျှင် စီးပွားဥစ္စာဖြစ်ထွန်းလာတတ်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ မမေ့မလျော့မှု အပ္ပမာဒ တရားကြောင့်ပါပဲ၊ အပ္ပမာဒတရားရှိသည့်အတွက် မပြုသင့်မလုပ်သင့်သော အရာကို ကောင်းစွာရှောင်ကြဉ်တယ်၊ ပြုလုပ်သင့် ပြုလုပ်ထိုက်တာကိုတော့ ကောင်းစွာ လုပ်ဆောင်တယ်၊ အမှားမကျင့်ပဲ တရားသဖြင့် စီးပွားရှာတော့ ရရှိသောစီးပွားဥစ္စာများလဲ ခိုင်မြဲစွာ တည်နေတော့တာပဲမဟုတ်လား ဒကာကြီးဦးချိန် ၊ ဒါကြောင့်မို့ ရှေးပညာရှိကြီးများ ပြောဆိုဆုံးမကြတာက "စားလို့မကုန် မှားလို့ကုန်သည်၊ သုံးလို့မကုန် ဖြုန်းလို့ကုန်သည်"တဲ့၊ စီးပွားဥစ္စာဖြစ်ထွန်းလိုသူသည် မိမိကိုယ်ကျင့်သီလကို ကောင်းမွန်စွာ ဖြည့်ကျင့်ကြရမည်လို့ ဆိုလိုတယ်နော်၊ ဒါက ပထမရတဲ့ အကျိုးပဲဖြစ်တယ်။

သီလမရှိတဲ့သူ ကိုယ်ကျင့်သီလ ပျက်စီးတဲ့သူများမှာဆိုလျှင်တော့ အပြန်အားဖြင့် မေ့လျော့ခြင်း ပမာဒတရားကြောင့် စီးပွားဥစ္စာ ပျက်စီးတတ်တယ်၊ ရရှိပျက်စီး၍ မရသေးတဲ့ ဥစ္စာစီးပွားလဲ ကောင်းစွာ မဖြစ်ထွန်းတတ်ဘူးဆိုတာ အပြန်အားဖြင့် သိနိုင်တတ်ကောင်းပါတယ်၊ သီလမရှိတဲ့သူဟာ ဆင်းရဲတတ်တယ်လို့ ဆိုလိုပါတယ်။

ပုန စ ပရံ ဘိက္ခဝေ သီလဝတော သီလသမ္ပန္နဿ ကလျာဏော ကိတ္တိသဒ္ဒေါ
အဗ္ဘုဂ္ဂစ္ဆတိ။

ဘိက္ခဝေ၊ ရဟန်းတို့၊ ပုန စ ပရံ၊ နောက်တမျိုးကား။ သီလဝတော၊ သီလရှိသော။ သီလသမ္ပန္နဿ၊ ကိုယ်ကျင့်သီလ ပြည့်ဝသောသူအား။ ကလျာဏော၊ ကောင်းမြတ်သော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ ကျေ, ညာ, အောက်, ထက် ပြန့်နှံ့၍တက်၏။

သီလရှိသောသူမှာ ကောင်းမြတ်သော ဂုဏ်သတင်း ကျော်ကြား ထင်ရှားတတ်ပါတယ်၊ ကောင်းမြတ်သော အကျင့်ရှိသောသူမှာ ကောင်းမြတ်သော ဂုဏ်သတင်းဟာ လေးပြင် လေးရပ် နှံ့စပ်အောင် ကျော်ကြားတတ်သတဲ့၊ ဒုတိယရတဲ့အကျိုး။

သီလမရှိတဲ့သူ ကိုယ်ကျင့်သီလ ပျက်စီးသောသူများမှာတော့ အပြန်အားဖြင့် မကောင်းတဲ့ သတင်းတွေ ပေါ်ထွက်နေတတ်တယ်လို့ မှတ်ရမယ်နော်။

ပုန စ ပရံ ဘိက္ခဝေ သီလဝါ သီလသမ္ပန္နော ယညဒေဝ ပရိသံ ဥပသင်္ကမတိ၊ ယဒိ ခတ္တိယပရိသံ၊ ယဒိ ဗြာဟ္မဏပရိသံ၊ ယဒိ ဂဟပတိပရိသံ၊ ယဒိ သမဏပရိသံ၊ ဝိသာရဒေါ ဥပသင်္ကမတိ အမင်္ကုဘူတော။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ နောက်တမျိုးကား။ သီလဝါ၊ သီလရှိသော။သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသောသူသည်။ ယဒိ ခတ္တိယပရိသံ၊ မင်းပရိသတ်သို့ငြင်း။ ယဒိဗြဟ္မဏပရိသံ၊ ပုဏ္ဏား ပရိသတ်သို့ငြင်း၊ ယဒိဂဟပတိပရိသံ၊ သဌေးသူကြွယ် ပရိသတ်သို့ငြင်း၊ ယဒိသမဏပရိသံ၊ ရဟန်း သံဃာပရိသတ်သို့ငြင်း။ ယညဒေဝပရိသံ၊ အမှတ်မထင် အကြင်အကြင်သို့သော ပရိသတ်သို့လျှင်။ ဥပသင်္ကမတိ၊ ချဉ်းကပ်ရ၏၊ တတ္ထတတ္ထ၊ ထိုထိုပရိသတ်သို့။ ဝိသာရဒေါ၊ ကြောက်ရွံ့ကင်းဘိ ဆင်းရဲ ခြင်းရှိသည်ဖြစ်၍။ အမင်္ကုဘူတော၊ မျက်နှာမငယ် တင့်တယ်ရှင်လန်းစွာ။ ဥပသင်္ကမတိ၊ ချဉ်းကပ် ရလေ၏။

သီလရှိသူ သီလနှင့်ပြည့်စုံသူဟာ၊ မင်းပရိသတ်သို့ဖြစ်စေ, ပုဏ္ဏားပရိသတ်သို့ဖြစ်စေ, သဌေး သူကြွယ် ပရိသတ်သို့ဖြစ်စေ, ရဟန်းသံဃာပရိသတ်သို့ဖြစ်စေ ပရိသတ်လေးပါးတွင်မည်သည့်ပရိသတ် သို့ဖြစ်စေ မိမိက အပြစ်ကင်းစင် သီလရှင်ဖြစ်တဲ့အတွက် မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ မျက်နှာညှိုးငယ်ခြင်း မရှိ တင့်တယ်ရှင်လန်းစွာ ချဉ်းကပ်နိုင်တယ်, ဝင်ထွက်သွားလာနိုင်တယ်တဲ့၊ မိမိကသီလရှိသူ အပြစ် ကင်းသူဖြစ်တဲ့အတွက် မည်သူ၏အပြစ်တင်မှုကိုမျှ မကြောက်ရဘူးတဲ့၊ ပရာနုဝါဒ ဘေးကင်းတယ်၊ သို့အတွက် ပရိသတ်လေးပါးသို့ ရဲဝံ့စွာ ဝင်ထွက်နိုင်ခြင်းဖြစ်တယ်။

သီလမရှိသူ, သီလပျက်သူဆိုပါက "ငါ၏အပြစ်တွေ သူတပါးသိကုန်၍ ငါ့အား အပြစ် ပြောကြပေမည်, စောဒနာကြတော့မည်"ဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပရိသတ်သို့ချဉ်းကပ်တယ်တဲ့။

ပုန စ ပရံ ဘိက္ခဝေ သီလသမ္ပန္နော အသမ္မူဠှော ကာလံကရောတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စပရံ၊ နောက်တမျိုးကား။ သီလဝါ၊ သီလရှိသော။ သီလသမ္ပ န္နော၊ သီလနှင့် ပြည့်စုံသောသူသည်။ အသမ္မူဠှော၊ တွေဝေခြင်း ကင်းသည်ဖြစ်၍။ ကာလံကရောတိ၊ စုတိမနေ၊ ကွယ်လွန် ရလေ၏။

အကျင့် သီလရှိသော သူဘည် အသက်တန်းပြည့် နေရပြီး သေချိန်ကာလ ကျရောက်သော အခါ မတွေမဝေ ကောင်းစွာ သေဆုံး ရတတ်တယ်တဲ့၊ ဘာ့ကြောင့်လဲဆိုတော့-မိမိအသက် ရှင် စဉ်က ကောင်းမှုကုသိုလ် ပြုထားခြင်းကြောင့် ထိုကောင်းမှုများကို သေခါနီး အခါမှာ ထင်မြင် ပြီးလာတဲ့အတွက် စိတ်ဓာတ်တွေ ကြည်လင်လာပြီး မတွေမဝေ ကြည်ကြည်လင်လင် သေဆုံး ရပါတယ်။

သီလမရှိသူ သီလပျက်သူမှာမူ မိမိ ပြုခဲ့တဲ့ မကောင်းမှု အကုသိုလ် အကျိုးများကို မြင်ခြင်း ကုသိုလ် ကောင်းမှု မပြုခဲ့မိချေတကားဟု နှလုံး မသာမယာ ဖြစ်ခြင်းတို့ကြောင့် သေခါနီးအခါ မှာ တွေတွေဝေဝေ သေဆုံး ရတတ် ပေသည်။

ပုန စ ပရံ ဘိက္ခဝေ သီလဝါ သီလသမ္ပန္နော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ (အံ-၂-၂၂၂)။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ ပရံ၊ နောက်တမျိုးကား။ သီလဝါ၊ သီလရှိသော။ သီလသမ္ပ န္နော၊ သီလနှင့် ပြည့်စုံသောသူသည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ မရဏာ၊ ခန္ဓာပျက်ပြီး သေဆုံးသည်မှ။ ပရံ၊ နောက်ကာလ၌။ သုဂတိံ၊ ကောင်းသော လားရာ

ဖြစ်သော။ သဂ္ဂ၊ ရူပါရုံ စသည်တို့ဖြင့် ကောင်းမြတ်သော။ လောက၊ နတ်ပြည်သို့။ (ဝါ) လူ့ဘဝ နတ်ဘဝသို့။ ဥပပဇ္ဇတိ၊ အမှန်စင်စစ် ဖြစ်ရလေ၏။

သီလရှိသောသူ သေဆုံးသောအခါ ကောင်းသောသူတို့၏ လားရာဖြစ်သော လူ့ပြည် နတ်ပြည်သို့ ဖြစ်ရတတ်သတဲ့၊ သီလမရှိသူ, သီလပျက်စီးသူဖြစ်မူ သေလွန်သောအခါ မကောင်းသော သူတို့၏ လားရာဖြစ်တဲ့ ငရဲတိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဟူသော အပါယ် လေးဘုံသို့သာ ဖြစ်ရ တတ်ပါတယ်-ဆိုတာကိုလဲ အပြန်အားဖြင့် သိကြရမည် ဖြစ်တယ်နော်၊ သီလနှင့် ပြည့်စုံသဖြင့် ရရှိသော အကျိုးငါးပါး သီလပျက်သဖြင့် ရရှိသော အပြစ်ငါးပါးတို့ကို ကောင်းစွာ သိခဲ့ကြပြီနော်၊ ကဲ-ဒီသီလ အကျိုးငါးပါး အပြစ်ငါးပါးကိုလဲ မှတ်သား မိကြအောင် လင်္ကာကလေးများ ဆိုလိုက် ကြဦးစို့။

### "သီလရှိခြင်း အကျိုး ၅-ပါး"

၁။ မေ့လျော့ကင်း-ဖြစ်ခြင်း စီးပွားမှာ၊ ကျော်စောလင့်-ရဲရင့် ပရိသာ။
သေ မတွေ၊ ရောက်လေ ကောင်းမြတ်ရာ၊ သီလကျိုး-ငါးမျိုးကျမ်းဂန်လာ။

### "သီလပျက်ခြင်း အပြစ် ၅-ပါး"

၂။ မေ့လျော့ငြား-ပျက်ပြား စီးပွားမှာ၊ သတင်းဆိုး- ရွံ့စိုး ပရိသာ။
သေ-တွေဝေ-ရောက်လေ ပါယ်လေးရွာ၊ သီလပျက်-ငါးချက် ပြစ်ရောက်ရာ။
ကျမ်းအဂုံတ်-ဖွင့်ထုတ် ပြသည်သာ။

ကဲ-ဒကာကြီး ဦးချိန်တို့ ယခုဆိုလျှင် သီလပျက်ခြင်းရဲ့ အပြစ်ငါးမျိုး အကျင့် သီလနှင့် ပြည့်စုံခြင်းရဲ့ အကျိုး ငါးပါးတို့ကို ထင်ထင်ရှားရှား သဘောပေါက်ပြီး သိလောက်ကြပြီ မဟုတ်လား၊ ဒီသီလရဲ့ အကျိုးအပြစ် ငါးပါးတွင် ရှေ့လေးပါးကတော့-ယခု ပစ္စုပ္ပန် ဘဝမှာပင် မျက်မှောက်ထင်ထင် ရရှိနိုင်တဲ့ အကျိုးတွေပဲ ဖြစ်တယ်နော်၊ ပဉ္စမ အကျိုးဖြစ်တဲ့ လူ့ရပ်, နတ်ရွာ ကောင်းရာ သုဂတိသို့ လားရောက်ရခြင်း ဆိုတာကတော့-နောင်တမလွန် ဘဝမှာ ရရှိတဲ့ အကျိုး ပါပဲ၊ ယခု ဘဝမှာပင် သံသရာဝဋ် ဒုက္ခ အားလုံး ကုန်ဆုံးအောင် ပြုလုပ် ရွက်ဆောင်နိုင်သော ပုဂ္ဂိုလ်ထူးများအဘို့တော့-တမလွန် လောကကျိုးကို စာရင်းထိုးပြီး ပြောနေဘွယ်ရာမဇာတ်ဘူး ပေါ့၊ သို့သော်လဲ သံသရာဝဋ်ဇာတ် အပြတ်ရှင်းနိုင်မည့်သူက ခပ်နည်းနည်းပဲ။

သံသရာထဲမှာ တဝဲလည်လည် လှည့်လည် နေမည့် သူများကသာ အလွန် များတာ မဟုတ်လား-(ဒကာကြီး ဦးချိန်)။ ဒါ့ကြောင့်မို့ ပညာရှိသော ပုဂ္ဂိုလ်များဟာ ဒီဘဝ အတွက်ကိုသာ မြင်ကြတာ မဟုတ်ပါဘူး၊ နောင်တမလွန်ဘဝ အဆက်ဆက်အတွက်ပါ လှမ်းမြှော်ပြီးတော့-မြင်ကြရပါတယ်နော်၊ အချို့ သူများကတော့ ဒီတဘဝအတွက် ကောင်းကျိုး ချမ်းသာ ရရှိ ရေးသာ မြင်ကြတာ၊ နောင်ဘဝ အတွက်ကိုတော့-မမြင်ကြတော့ပါဘူး၊ ဒါ့ကြောင့်မို့ သူတို့ရဲ့ လက်သုံး စကားက ဒီလို ဆိုတယ် မဟုတ်လား "ဒီဘဝ ဒီကိုယ်ခံ, နောင်ဘဝ နောက်ကိုယ်ခံ" တဲ့၊ ဒီလို တဘက်သာ မြင်တဲ့ ပုဂ္ဂိုလ်ကို ပညာရှင် အစစ်လို့ မဆိုနိုင်ဘူးနော်၊ သို့အတွက် လူသုံးပါးတို့၏ ဆရာဖြစ်သော မြတ်စွာဘုရားက-

အန္ဓဥ္စ ကေစက္ခုဥ္စ၊ အာရကာ ပရိဝဇ္ဇယေ။
ဒွိစက္ခုံ ပန သေဝေထ၊ သေဋ္ဌံ ပုရိသ ပုဂ္ဂလံ။
ဟူ၍ ဟောကြားတော် မူခဲ့ပါတယ်။ (အံ-ပ-၁၂၇)။

ဘိက္ခဝေ-သံသရာဝဋ်ဘေး, အမြန်အေးဘို့, ကြံတွေးလိုလား, အို-အမျိုးကောင်းသားသမီးတို့။ လောကသမ္မိ၊ လောကဥ္စ။ အန္ဓဥ္စ၊ မျက်စိနှစ်ဖက် ကန်းပျက်သော သူကိုဎင်း။ ကေ စက္ခုဥ္စ၊ ခုဘဝတွက်ဘာ, ကောင်းစွာမြင်သိ, မျက်စိဘဖက်သာ ရှိသောသူကိုဎင်း။ အာရကာ၊ဝေးစွာ။ ပရိဝဇ္ဇယေ၊ အမြဲအစဉ် ရှောင်ကြဉ်ရာ၏။ ပန၊ ထိုမှ တပါးကား။ ဒွိစက္ခုံ၊ ပစ္စုပ်သံသာ, နှစ်ဖြာကျိုးသိ ပညာမျက်စိ, နှစ်ဖက်ရှိသော။ သေဋ္ဌံ၊ မြတ်သော။ ပုရိသ ပုဂ္ဂလံ၊ ယောကျ်ား ဖြစ်သော ပုဂ္ဂိုလ်ကို။ သေဝေထ၊ မပြတ်အမြဲ, မှီဝဲ ဆည်းကပ် လေရာသတည်း။

ဆိုလိုတဲ့ အဓိပ္ပါယ်က-မစ္စုပ္ပန် ကြီးပွား ရေးကို မသိမမြင် သံသရာကြီးပွားရေး ဘက်မှာကိုလဲ အသိမဝင်တဲ့ သူမျိုးကို မျက်စိဝဲယာ နှစ်ဖက် ကန်းနေတာနှင့် တူသော မျက်ကန်းလို့ ဆိုလိုတယ်နော်၊ ထိုကဲ့သို့သော မျက်ကန်းမျိုးကို မမှီဝဲရ၊ မပေါင်းသင်း ရဘူးလို့ ဆိုပါတယ်၊ ဘာ့ကြောင့်မို့လဲဆိုတော့-ထိုသူ့ရဲ့ မျက်ကန်း ရောဂါ ကူးစက် သွားမှာစိုးလို့ ပါပဲတဲ့၊ (ဒကာကြီး ဦးချိန်ရဲ့)။

နောက်ပြီးတော့-ပစ္စုပ္ပန် ကြီးပွား ချမ်းသာရေးကိုတော့ နားလည် မြင်သိပြီး သံသရာကြီးပွားရေး အတွက်ကိုတော့-မသိရှိ နားမလည်ကြတဲ့ သူများကိုတော့ တဖက်ကန်းလို့ ခေါ်ဆိုရတယ်၊ ပစ္စုပ္ပန် ကြီးပွားရေးကို သိမြင် ခံမင်ပြီး သံသရာရေးဆိုက ကံကို မယုံချင်၊ ကံ၏အကျိုးမယုံချင်တဲ့ သူမျိုးကို မျက်စိတဖက်သာ မြင်တဲ့သူနဲ့ တူတယ်လို့ ဆိုတယ်၊ ထိုကဲ့သို့ တဘက်ကန်းသူများကိုလဲ မမှီဝဲရ၊ မဆည်းကပ်ရဘူးတဲ့၊ ဘာ့ကြောင့်လဲ ဆိုတော့ သူတို့ရဲ့ မျက်ကန်း ရောဂါ ကူးစက် လာမှာ စိုးရိမ်ရလို့ပဲဘဲ၊ (ဒကာကြီး ဦးချိန်ရဲ့)။ ဒီရောဂါက အကူး မြန်တတ်တယ်နော်၊ သတိ ထားကြပါ၊ တချို့လဲ ဒီ ရောဂါ အကူးစက်ခံ နေကြရ ရှာပါတယ်၊ အရာရာတွင် သမ္မာဒိဋ္ဌိဉာဏ် ယှဉ်နိုင် တတ်ကြ ပါစေလို့ သတိ ပေးလိုပါတယ်နော်။

ယခု ပစ္စုပ္ပန်ဘဝ ကြီးပွား ချမ်းသာရေးကိုလဲ သိမြင်ပြီး ကြီးပွားအောင် ဆောင်ရွက်တတ်ခြင်း၊ သံသရာ ကြီးပွားရေးကို သိမြင်ကာ အကုသိုလ်ရှောင် ကုသိုလ်ကို ဆောင်ပြီး ကြီးပွားအောင် ဆောင်ရွက် တတ်ခြင်း ရှိသူကိုဘော့ မျက်စိနှစ်ဖက်လုံး ကောင်းသောသူနှင့် တူ၍ နှစ်ဘက်မြင်သော ပညာရှင် ပုဂ္ဂိုလ်လို့ ခေါ်ဆိုရ သဘဲ၊ ပစ္စုပ္ပန်မှာရော သံသရာမှာပါ ကြီးပွား ချမ်းသာလိုသော သူဟာ ထိုကဲ့သို့ ပညာမျက်စိ နှစ်ဖက်ရှိသူကိုသာ မှီဝဲဆည်းကပ် ရမည်လို့ ဆိုလိုပါကယ်၊ လင်္ကာကလေးကို ဆိုထားကြဦးစို့-

**ဆောင်ပုဒ်၊** ၁။ ခု နောင်-ကျိုးမှန်း၊ မမြင်ရမ်း၊ သူကန်း ရှောင်ကြဉ်ရာ။
၂။ ခု ကျိုးသိလျှင်၊ တဘက်မြင်၊ ရှောင်ကြဉ် ဝေးကွာစွာ။
၃။ ခု-နောင်-ကျိုးမူ၊ သိမြင်သူ၊ ကြည်ဖြူ ပေါင်းသင်းရာ။

ကိုယ်ကျင့် သီလ မြတ်ဓမ္မကို ကျင့်ကြံ ကျိုးကုတ် အားထုတ်ရဘဲ့အတွက် အကျိုးထူးတရားကို ရရှိ ခံစား သွားကြရတဲ့ ဝတ္ထု၊ သာဓက ထုတ်ပြဘို့ လိုလားတယ်နော်၊ ဝတ္ထု၊ ဇာတ်လမ်း မပါလျှင် တရားနာ ပရိသတ်များ ကောင်းစွာမှတ်သား မိနိုင်ကြမည် မဟုတ်ပေဘူး၊ သို့အတွက် ဝတ္ထု၊

သာဓက ထုတ်ပြ ပါဦးမယ်၊ အကျင့်သီလနှင့် ပြည့်စုံသော သူများဟာ ဤဘဝမှ စုတိသွားလျှင် နောက်နောင် ဘဝ၌ လူ့ဘဝ လူချမ်းသာ, နတ်ဘဝ ရောက်ပြီး နတ်ချမ်းသာ အမျိုးမျိုးကို သုံးဆောင် ခံစားရတဲ့ သာဓက ဝတ္ထုတွေက အလွန် များပါတယ်၊ (ဒကာကြီး ဦးချိန်ရဲ့)။ ဒကာကြီး ဒကာမကြီးများသဲ မကြာခဏ ကြားနာဘူးကြ လှရောပေါ့၊ ဝတ္ထု သာဓက အားလုံးဟာ ကြည်ညိုဘွယ်ရာ အတုယူစရာ မှတ်သားဘွယ်ရာ ကောင်းလှတဲ့ ဝတ္ထုများချည်း ဖြစ်ပါတယ်၊ သို့သော်လဲ ဦးပဥ္စင်းကတော့ သီလ အကျင့်ကို ကောင်းမွန် လုံခြုံစွာ ကျင့်ကြံသဖြင့် ယခု ပစ္စုပ္ပန်ကာလ လူဘဝမှာပင် လူခန္ဓာကိုယ်ဖြင့် နတ်ပြည် လောကသို့ သွားရောက်ကာ နတ်စည်းစိမ် ချမ်းသာကို ခံစားရတဲ့ သာဓက ဇာတ်လမ်းကို မှတ်ဘမ်း ပြုကျ ရအောင် ထုတ်ပြ ဟောကြားဘို့ ရည်ရွယ်ပါတယ်။

ဇာတ်လမ်းအစကတော့ ဦးပဥ္စင်းတို့ သုံးလူ့ထွဋ်တင် သဗ္ဗညုဘုရားရှင်သည် သာဝတ္ထိပြည် မွန်ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် သီတင်းသုံးတော်မူစဉ်အခါက ဖြစ်ပါတယ်၊ တနေ့သော ဥပုသ်နေ့မှာ သာဝတ္ထိမြို့သူမြို့သားများ ဥပုသ်သီလ ဆောက်တည်ကြရန်အတွက် ဇေတဝန်ကျောင်းတော်သို့ လာရောက်ကြပြီး မြတ်စွာဘုရား အထံတော်မှာ ဥပုသ်သီလ ခံယူဆောက်တည်ကြပြီးတဲ့အခါ မြတ်စွာဘုရားက ဥပုသ်သီတင်းသည် ဒါယကာ ဒါယိကာမများကို ဤကဲ့သို့ ဥပုသ် အနုမောဒနာ မိန့်ကြားတော်မူလိုက်ပါတယ်။

ဥပါသကာ ပေါရာဏကပဏ္ဍိတာ အတ္တနော ဥပေါသထကမ္မံ နိဿာယ မနုဿသရီ ရေနေဝ ဒေဝလောကံ ဂန္တွာ စိရံ ဝသိံသု၊ (ဇာ-၄-စ-၃၅၅)။

ဥပါသကာ၊ သီတင်းသည် ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့။ ပေါရာဏက ပဏ္ဍိတာ၊ ရှေးပညာရှိပုဂ္ဂိုလ်တို့သည်။ အတ္တနော၊ မိမိ၏။ ဥပေါသထကမ္မံ၊ ဥပုသ်သီတင်း စောင့်သုံးခြင်းအမှုကို။ နိဿာယ၊ အမှီပြု၍။ မနုဿသရီရေနေဝ၊ လူ၌ဖြစ်သော ခန္ဓာကိုယ်ဖြင့်သာလျှင်။ ဒေဝလောကံ၊ ချမ်းသာပြည့်စုံ နတ်တို့ဘုံသို့။ ဂန္တွာ။ သွားရောက်၍။ စိရံ၊ နှစ်ပေါင်းခုနစ်ရာ ကြာမြင့်စွာ။ ဝသိံသု၊ နတ်စည်းစိမ်ခံစား၍ ပျော်ပါးရွှင်စွာ ဝမ်းသာကြည်နူး နေဘူးလေကုန်ပြီတကား။

ဤသို့ဟောကြားပြီး ဆိတ်ဆိတ်နေတော်မူသဖြင့် ဥပုသ်သည် ဒါယကာ ဒါယိကာမများက "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ယင်းသည့်ထုပ္ပတ် အကြောင်းရပ်ကို တပည့်တော်များ မှတ်သားနာယူကြရလေအောင် အတိတ်ဆောင်ကာ ဟောကြားတော်မူပါဘုရား" ဟု လျှောက်ထား တောင်းပန်ကြသဖြင့် သုံးလောကထွဋ်ကင် ဘုရားရှင်က-

ဥပုသ်သီလ စောင့်သုံးကြသည့် ဒါယကာ ဒါယိကာမအပေါင်း အို- သူတော်ကောင်းတို့၊ ရှေးလွန်လေပြီးသောအခါက မိထိလာပြည်ကြီး၌ သာဓိနအမည်ရှိသော မင်းကြီးသည် တရားနှင့်အညီ ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မူပါတယ်၊ ဓမ္မေန သမေန ရဇ္ဇံကာရေသိ=တရားနှင့် ညီညွတ်စွာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တယ်ဆိုတာ မင်းကျင့်တရား ၁၀-ပါး၊ သင်္ဂဟတရား ၄-ပါး အစရှိသည်ဖြင့် မင်းကောင်းမင်းမြတ်ဘို့ ကျင့်အပ်သည့် အကျင့်တရားနှင့်ညီညွတ်စွာ အုပ်ချုပ်သောမင်း, တိုင်းသူပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ သနားကြင်နာမှုရှိသော မင်တို့၏ အုပ်ချုပ်ခြင် ကိုဆိုလိုတာတဲ့နော်၊ တိုင်းသူပြည်သားတို့အား ကျင်နာမှုမထား, မင်းကျင့်တရားနှင့်မညီသော မင်းတို့ စိုးမိုး အုပ်ချုပ်ခြင်းကို ဓမ္မေန သမေန ရဇ္ဇံကာရေသိ- လို့ဇာတ်တော် နိပါတ်တော်တွေမှာ ပြဆိုရိုးမရှိဘူး နော်-(ဒကာကြီးဦးချိန် ၊မင်းကျင့်တရား ဆယ်ပါးဆိုတာက-

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓနံ အဝိဟိံသဥ္စ၊ ခန္တိဥ္စ အဝိရောဓနံ။ (ဇာတကပါဠိ၊ ဒု-၉၇=စသည်)။

ဟူသောဂါထာအတိုင်း—

၁။ ဒါန၊ လှူဒါန်းရခြင်း။
၂။ သီလ၊ ၅-ပါးသီလ ၁၀-ပါးသီလကို ဆောက်တည်ရခြင်း။
၃။ ပရိစ္စာဂ၊ ပေးကမ်းချီးမြှောက် ထောက်ပံ့ရခြင်း။
၄။ အဇ္ဇဝ၊ စိတ်နှလုံးဖြောင့်မတ်ရခြင်း။
၅။ မဒ္ဒဝ၊ ကိုယ်နှုတ်နှစ်ပါးနူးညံ့သိမ်မွေ့ရခြင်း။
၆။ တပ၊ ဥပုသ်နေ့အခါ ရှစ်ပါးသီလကို ဆောက်တည်ရခြင်း။
၇။ အက္ကောဓန၊ မေတ္တာရှေ့ထား အမျက်မပွားရခြင်း။
၈။ အဝိဟိံသ၊ တိုင်းသူပြည်သား လူအများကို တရားမဲ့စွာ အခွန်အတုပ် အမျိုးမျိုးဖြင့် မညှင်းဆဲရခြင်း။
၉။ ခန္တိ၊ သည်းခံရခြင်း။
၁၀။ အဝိရောဓန၊ ရဟန်းရှင်လူ တိုင်းသူပြည်သားတို့နှင့် မဆန့်ကျင်ရခြင်းဆိုတဲ့ မင်းကျင့်တရားဆယ်ပါးနှင့်လဲ ပြည့်စုံအောင် ကျင့်ကြံရသတဲ့။

ထိုမှတပါး မင်းကောင်း မင်းမြတ် အစဉ်မပြတ် ကျင့်အပ်သော သင်္ဂဟတရား လေးပါး ဆိုတာက-

၁။ သဿမေဓ၊ တိုင်းသူပြည်သားတို့အပေါ်မှ လယ်ခွန်တော်နှင့် အခြားသော အခွန်ဘဏ္ဍာတော်ကို ဥပဒေနှင့်အညီ မထိခိုက် မနာကြည်းရအောင် စည်းကြပ်ကောက်ခံခြင်း။
၂။ ပုရိသမေဓ၊ ဗိုလ်ပါရဲမက် အစရှိသော တိုင်းပြည်တာဝန် ထမ်းဆောင်နေကြကုန်သော သူတို့အား စားသောက်နေထိုင်နိုင်လောက်အောင် လစာရိက္ခာ ချီးမြှင့်ပေးကမ်းခြင်း။
၃။ သမ္မာပါသ၊ ကုန်သည်လယ်လုပ်သောသူတို့ကို ပိတ်ပင်တားဆီးခြင်းမရှိ, ချုပ်ချယ်ခြင်း မရှိ ဖလမ်းဖွင့်ပေးရခြင်း၊ စောင့်ရှောက်သင့်သမျှ စောင်မကြည့်ရှုရခြင်း၊ အလွန့်အလွန် ကြီးပွားတိုးတက်နိုင်စေရန် ကူးသန်းရောင်းဝယ်ရေးအတွက် အတိုး အပွား မထားဘဲ အရင်းအနှီး အမတော်ငွေများ ထုတ်ဆောင်ပေးကမ်းရခြင်း။
၄။ ဝါစာပေယျ၊ ပြုံးရွှင်ခြင်းလျှင် ရှေ့သွားရှိသော ချစ်ခင်ဘွယ်သော စကားတို့ကို အေးဆေးချောင်စွာ ပြောဆိုရခြင်းဆိုတဲ့ သင်္ဂဟတရား လေးပါးတို့နှင့် ပြည့်စုံစွာ ကျင့်ကြံရသတဲ့၊ အဲဒီလို မင်းကျင့်တရားဆယ်ပါး, သင်္ဂဟတရားလေးပါးတို့နှင့် ညီညွတ်စွာ အုပ်ချုပ်သောမင်းကို မင်းကောင်း မင်းမြတ်တို့ ကျင့်ကြံမဲ့တရားများနှင့်အညီ ကျင့်ကြံကာ မိတ္ထီလာပြည်ကြီးကို စိုးမိုးအုပ်ချုပ်ပြီးနေပါတယ်တဲ့၊ ထိုသာဓိနမင်းကြီးဟာ မြို့တော်၏ အရှေ့ အနောက် တောင်မြောက် တံခါးလေးရပ်တို့၌ အလှူဒါနပြုရန် ဇရပ်လေးခု, မြို့တော်အလယ်တွင်တခု, နန်းတော်တံခါးဝတွင်တခုအားဖြင့် အလှူဒါန ပြုရန် ဇရပ်ကြီးခြောက်ဆောင် ဆောက်ပြီးလျှင် နေ့စဉ်နေ့တိုင်း အသပြာ ၆-သိန်း ကုန်ကျကြီးစွာသော အလှူပွဲကြီးများကို ချိမ့်ချိမ့်သဲသဲ ပြုလုပ်လှူဒါန်းလေသတဲ့၊ အမြဲမပြတ် ငါးပါးသီလကိုလုံခြုံအောင်စောင့်ထိန်းသတဲ့၊ ရံခါဥပုသ်နေ့များတွင်လဲ ဥပုသ်သီလ ခံယူဆောက်တည်လေသတဲ့။

ထိုမင်းကြီးသည် မိမိသာ ဒါနသီလ၌ ပျော်မွေ့သည်မဟုတ်ဘူး၊ တိုင်းသူ ပြည်သားများကိုလဲ ဒါနမှု, သီလမှု၌ မွေ့လျော်စေရန် အမြဲဆုံးမဩဝါဒ ပေးလေ့ရှိတယ်၊ သို့အတွက် ထိုမင်းကြီး၏ အဆုံးအမ ဩဝါဒ၌ တည်ကြကုန်သော တိုင်းသူပြည်သားများသည် ဒါန အစရှိသော ကောင်းမှု ကုသိုလ်တို့ကို ပြုလုပ်ကြ၍ သေတိုင်းသေတိုင်းသောသူများဟာလဲ နတ်ပြည်လောကသို့သာ ရောက်ကြရ လေသတဲ့၊ သာဓိနမင်းကြီးတရားနှင့်အညီ အုပ်ချုပ်သဖြင့်တိုင်းသူပြည်သားများလဲ တရားနှင့်အညီပင် နေထိုင် လုပ်ကိုင် စားသောက်ကြသဖြင့် သေတိုင်း သေတိုင်းသော မိတ္ထိလာ ပြည်သားများဟာ နတ်ပြည်သို့သာ လားရောက်ကြတယ်၊ ထိုခေတ်ကမိတ္ထိလာပြည်သားများ ကံကောင်းလှပေတယ်လို့ ဆိုရမယ်နော်- (ဒကာကြီးဦးချိန်)။

သုဓမ္မဒေဝသဘံ ပူရေတွာ နိသိန္နာ ဒေဝါ ရညော သီလာဒိဂုဏ မေဝ ဝဏ္ဏယန္တိ။
(ဇာ-၄-စ-၃၅၅)။

သုဓမ္မဒေဝသဘံ၊ တာဝတိံသာ နတ်တို့ရွာ၌ သုဓမ္မာမည်တွင် နတ်သဘင်ကို။ ပူရေတွာ၊ ပြည့်စေ၍။,နိသိန္နာ၊ နေကြကုန်သော။ဒေဝါ၊ မိတ္ထိလာပြည်မှ ရောက်လာကြငြား နတ်အများတို့သည်။ ရညော၊ သာဓိနဟု နာမကျော်ဟီး မင်းကြီး၏။သီလာဒိဂုဏမေဝ၊သီလအစ များလှအစုံ ဂုဏ်ကျေးဇူး ကိုသာလျှင်။ ဝဏ္ဏယန္တိ၊ ယနေ့ထက်တိုင် မမေ့နိုင်ကြဘဲ အားရပါးရ ချီးမွမ်းပြောဆိုကာ နေကြလေ ကုန်၏။

ယင်းကဲ့သို့ မိတ္ထိလာပြည်မှ ရောက်လာကြတဲ့ နတ်အများက သူတို့ရဲ့ပြည့်ရှင် သာဓိန ဘုရင် ကြီးရဲ့ သီလအကျင့် အစရှိတဲ့ ဂုဏ်ကျေးဇူးတွေကို မြွက်ဟချီးကျူးပြောဆိုနေကြသဖြင့် ကြွင်းသော နတ်များကိုလဲ သာဓိနမင်းကြီးကို ကြည့်လိုမြင်လိုကြသတဲ့၊ သီလရှိသော ဂုဏ်သတင်းဟာ နတ်ပြည် အထိ ပြန့်နှံ့ကျော်ကြားတယ်ဆိုတာ ဒါမျိုးပြောတာထင်တယ်၊ ကောင်းတဲ့သူရဲ့ ဂုဏ်သတင်းဆိုရင် အထက်ဘုံတွေ-ာ ကျော်ကြားနေသလိုမကောင်းတဲ့သူရဲ့ ဂုဏ်သတင်းကြတော့လဲ အောက်ငရဲဘုံမှာ ကျော်ကြားနေလိမ့်မည် ထင်တယ်နော်—(ဒကာကြီး ဦးချိန်)၊ဘာ့ကြောင့်လဲဆိုတော့ကုသိုလ်ကောင်းမှု ရှိတဲ့သူ ကောင်းသော သူရဲ့ အပေါင်းအသင်းများဟာ ကောင်းမှုရှိကြတဲ့သူများ ဖြစ်ကြသည့်အား လျော်စွာ နတ်ပြည်သို့ ရောက်သွားကြရမယ်၊ အကုသိုလ်ဒုစရိုက်သမားရဲ့ အပေါင်းအသင်း ရောင်း ရင်းများကြတော့ သူတို့ရဲ့မကောင်းသောကံဆွဲငင်သွားသဖြင့် အပါယ်ငရဲသို့ လားရောက်ကြရမယ် မဟုတ်လား၊အဲ ဒီတော့ မိမိမရောက်သေးပေမဲ့ မိမိရဲ့အပေါင်းအသင်းတွေက ထိုဘုံသို့ရောက်နေကြပြီး မိမိကို စောင့်နေကြပြီလို့ မှတ်ရမယ်နော်၊ မိမိကို ဘယ်ဘုံ ဘယ်ဌာနမှ စောင့်ကြို့နေကြလိမ့်မည် ဆိုတာ ကိုယ့်ကိုယ်ကို ရိပ်စားမိလောက်ကြပါတယ်နော်။

ယခုတရားတော်ကို ရိုသေစွာ နာယူနေကြတဲ့ ဒကာဒကာမများရဲ့ မိတ်ဆွေ သင်္ဂဟတွေလဲ ကောင်းရာဘဝ ရောက်နေကြမှာပေါ့ ကောင်းရာဘဝ ဘုံဌာန စောင့်နေကြမှာပေါ့၊ ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုရှိတဲ့သူဟာ တမလွန်ဘဝ သွားရမှာ မကြောက်ပါဘူးတဲ့ (ဒကာကြီးဦးချိန်ရဲ့)။

အဲဒီလို နတ်သမီး နတ်သားများက သာဓိနမင်းကြီးကို မြင်ဘို့ရန် တောင်းတနေကြတော့- နတ်တို့ သေဌ်နင်း သိကြားမင်းကလဲ မနေသာတော့ဘဲ "သာဓိနရာဇာနံ ဒဋ္ဌုကာမတ္ထာ= အသင်တို့ သာဓိနမင်းကြီးကို ကြည့်လိုမြင်လိုကြသလား" လို့မေးမြန်းတော်မူရာ နတ်အများကလည်း တပြိုင်တည်း "အရှင်မင်းကြီး ကြည့်ရှုလိုပါတယ်" လို့ လျှောက်ဆို ကြလေသတဲ့။

ထိုအခါ သိကြားမင်းက မာတလိနတ်သားကို ခေါ်ပြီးလျှင် "မာတလိ၊ အချင်းမာတလိ။ တွံ၊ သင်သည်။ မနုဿလောကံ၊ လူ့ပြည်လောကသို့။ ဂစ္ဆ၊ သွားလေလော။ ဝေဇယန္တရထံ၊ ဝေဇယန္တာရထားကို။ ယောဇေတွာ၊ ယှဉ်ကြ၍။ သာဓိနရာဇာနံ၊ မိတ္ထိလာပြည်ရှင် သာဓိနဘုရင်မင်းမြတ်ကို။ အာနေဟိ၊ ဤတာဝတိံသာ ဘုံသို့ပါအောင် ခေါ်ဆောင်လေလော" ဟု စေခိုင်းလိုက်ပါတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့သူဆိုတာ တိုင်းသူပြည်သားများနှင့် မဆန့်ကျင်ရဘူးလို့ မင်းမြတ်အင်္ဂါ ရှိတာမဟုတ်လား၊ ယခုသိကြားမင်းလဲ တာဝတိံသာပြည်သား- နတ်အများရဲ့ ဆန္ဒအတိုင်း မဆန့်ကျင်အောင် ကျင့်ဆောင်နေရတယ် ထင်ပါရဲ့နော်၊ မာတလိနတ်သားလည်း ကောင်းပါပြီ အရှင်မင်းကြီး-ဟု သိကြားမင်းစေခိုင်းချက်ကို ဝန်ခံပြီးလျှင် ဝေဇယန္တာရထားကို နတ်မြင်းပျံများဖြင့်ယှဉ်ကြ၍ ဝိဒေဟတိုင်း မိတ္ထိလာပြည်သို့ ထွက်ခဲ့လာခဲ့လေသတဲ့၊ ထိုနေ့ကတော့ လပြည့်နေ့ဖြစ်သတဲ့။

သို့ဖြစ်၍ ညနေချမ်းအချိန်ခါမှာ အရှေ့လောကဓာတ် မိုးကောင်းကင်၌ ဋ္ဌစန္ဒာလရထားကြီးကလဲ ငွားငွားစွင့်စွင့် တင့်တင့်တယ်တယ် ထွက်ပေါ်လာတဲ့ အချိန်မှာ-မာတလိ မောင်းနှင်လာသော ဝေဇယန္တာရထားကြီးကလဲ အထက်ကောင်းကင်မှာ ရွှေ့လျား ပြေးလာသတဲ့၊ မိတ္ထိလာပြည်သား လူအများကလဲ ညနေချမ်းအချိန်အခါ စားသောက်ပြီးလျှင် အိမ်ရှေ့တံခါးတို့၌ ထိုင်ကာ အေးချမ်းစွာ စကားပြောဆိုနေကြစဉ်မှာ ဋ္ဌစန္ဒာလဝန်းနှင့် ဝေဇယန္တာရထားတို့ ကောင်းကင်ပြင်ဗှာ တပြိုင်တည်း မြင်ကြရသောသူများ "ဒွေစန္ဒာဉဋ္ဌိတာ- အချင်းတို့ ကောင်းကင်ပြင်မှာ လနှစ်စင်းပေါ်ထွက်လာလေပြီ" ဟု အော်ဟစ်ပြောဆို နေကြလေသတဲ့၊ ထိုစဉ်အခိုက်မှာပင် ဝေဇယန္တာ ရထားက လဗိမာန်ကို ကျော်လွန်ကာ လာသည်ကို တွေ့မြင်ကြရသဖြင့် "ဤအရာကား လဝန်း မဟုတ်ချေ၊ ရထားပေတည်း၊ နတ်သားကိုလည်း တွေ့မြင်ရပေသည်၊ ဤရထားသည် မည်သူ့ရထား ဖြစ်မည်နည်း နတ်မင်းပျံ ကဲ့ထားသော ဤရထားသည် တပါးသောသူတို့အတွက် မဖြစ်ဘန်ရာ၊ ငါတို့၏မင်းကြီးသည် တရားစောင့်သော တရားရှင်မင်းကြီးဖြစ်ပေသည်၊ ငါတို့၏ မင်းကြီးအတွက်သာ ဖြစ်ပေ၏" ဟု ပြောဆိုကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၍ လက်အုပ်ချီကာ ရပ်တည်ကုန်လျက်-

အဗ္ဘုတော ဝတ လောကသ္မိံ၊ ဥပ္ပဇ္ဇိ လောမ ဟံသနော၊
ဒိဗ္ဗော ရထော ပါထုရဟု၊ ဝေဒေဟဿ ယသဿိနော၊ (ဇာတကပါဠိ)

ဟူသော ဂါထာကို ရွတ်ဆိုကြသတဲ့၊

ဘောန္တော၊ အို-အပေါင်းအသင်းရောင်းရင်းဖြစ်ပေ ချစ်မိတ်ဆွေတို့၊ အမှာကံ၊ ငါတို့၏၊ ရာဇာ၊ သာဓိနဟု နာမကျော်ဟိး မင်းတြားကြီးသည်၊ အဗ္ဘုတော ဝတ၊ လက်ဖျစ်တီး၍ အံ့ချီးဘွယ်ရာ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွတကား၊ လောကသ္မိံ၊ လောကကြီး၌၊ လောမဟံသနော၊ ကြောက်၍ ခမန်းကြက်သီး တဖျန်းဖျန်းထခြင်းသည်၊ ဥပ္ပဇ္ဇိ၊ သဘောအလျောက် ဝမ်းမြောက်ဘွယ်ရာ ဖြစ်ပါပေပြီ၊ ယသဿိနော၊ များစွာသော အခြံအရံရှိသော၊ ဝေဒေဟဿ၊ ဝိဒေဟတိုင်းသခင် ဘုရင်သော မိန္မင်းကြီးအား၊ ဒိဗ္ဗောရထော၊ နတ်၌ဖြစ်ငြား နတ်ရထားသည်၊ ပါတုရဟု၊ ဘုန်းကံအလျောက် အံ့လောက်ဘွယ်ရာ ထင်ရှားစွာ ဖြစ်ပေါ်လာလေပြီတကား၊

အို- မိတ်ဆွေအပေါင်း ရောင်းရင်းတို့-အထက်ကောင်းကင်သို့ ကြည့်ကြကုန်လော၊ များစွာသော စည်းစိမ်အခြံအရံ ရှိသော အကြင် ဝေဒေဟတိုင်းသခင် ဘုရင်မင်းတြားကြီးအား နတ်မြင်း

ပျံ့ရထားသည် ယခုအခါ ထင်ရှားစွာ ဖြစ်ပေါ်လာပါပြီ၊ ငါတို့၏အရှင်သခင်ဖြစ်သော ထိုမင်းကြွား ကြီးသည် မဖြစ်ဘူးမြဲ ဖြစ်ပါပေစွတကား၊ လောကကြီး၌ အံ့လောက်ခမန်း ကြက်သီး တဖျန်းဖျန်း ထဘွယ်ရာ ဖြစ်ပါလေပြီတကား- ဟု ပြောဆိုကာ ပန်းနံ့သာ အစရှိသည်တို့ဖြင့် ပူဇော်ပြီးနေကြလေ ကုန်သတဲ့၊ မိတ္ထိလာမြို့ကြီးတမြို့လုံး အုံးအုံးကျွက်ကျွက်နှင့် ပျော်မဆုံး ရွှင်မဆုံးဖြစ်လျက် နေကြမည် ပေါ့နော်၊ နန်းထီးဘုရား ဘုန်းကြီးမားသော ပြည်သူ ပြည်သားတွေလဲ ဝမ်းပန်းတသာ ပျော်ရွှင် နိုင်ကြပေတာပေါ့၊ ထိုအခါ မာတလိနတ်သားကလဲ ဝေဇယန္တာ နတ်မြင်းပျံ့ရထားကြီးကို မောင်း နှင်လာရင်း ပြည်သူပြည်သား လူအများတို့က သဒ္ဒါရွှင်လန်း ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်နေကြစဉ် မှာပင် မိတ္ထိလာမြို့တော်ကို လက်ျာရစ်သုံးကြိမ် လှည့်ပတ်ပြီး ဘုရင်မင်းထီးဘုရား၏ နန်းတော်တံခါးဝ သို့ရောက်လျှင် ရထားကိုရပ်ပြီး နောက်ပြန်လှည့်ကာ ရထားနောက်ပိုင်းစွန်းဖြင့် ခြသေ့ံ ခံသော လေသာ တံခါးခုန်ပေါ်တင်ထား၍ အရံသင့်တက်ရောက်ရန် စီစဉ်ကာ ရပ်ထားလေသတဲ့။

ယခုခေတ်မှာလဲ အလိုက်သိတတ်ယဉ်ကျေးပါးနပ်တဲ့ ကားဒရိုင်ဘာများဟာ မိမိတို့ဆရာသမား ရောက်လာလျှင် ချမ်းသာလွယ်ကူစွာ စီးနင်းသွားကြရလေအောင် ကားကိုအရံသင့် စီစဉ်ကာထားကြ ရတယ်၊ ဆရာသမား ရောက်လာလျှင် ခရီးဦးကြိုဆိုကာ ကားတံခါးကို အသင့် ဖွင့်ပေး ကြရတယ် မဟုတ်လား၊ ပုဂ္ဂလိက ကားပိုင်ရှင်ဖြစ်ကြတဲ့ သူများကောင်းစွာသိကြပြီးပါပဲလေ၊ သာမိနမင်းကြွား ကြီးကလဲ ထိုနေ့မှာ မိမိရဲ့အလှူမဏ္ဍာပ်ကြီးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး "ဤသို့သော နည်းဖြင့် ရိုရိုသေသေ လေးလေးစားစား လှူဒါန်းကြ ပေးကမ်းကြ"ဟု ပြောဆိုစေခိုင်းပြီးလျှင် လပြည့်ဥပုသ်နေ့ ဖြစ်သည့်အတွက် ဥပုသ်သီလဆောက်တည်ပြီး ထိုနေ့ကို ကောင်းစွာကုန်လွန်စေကာ အမတ်အပေါင်း ခြံရံလျက် တန်ဆာဆင်အပ်သော မြတ်သောနေရာ၌ အရှေ့အရပ်မျက်နှာ ခြသေ့ံခံသော လေပေါက် တံခါးဝသို့ ရှေးရှု၍ တရားဓမ္မနှင့်စပ်သော စကားကို ပြောဟောကာ ထိုင်နေလေသတဲ့၊ ထိုအခါ မာတလိ နတ်သားသည် မင်းကြီး အနားသို့ ချဉ်းကပ် ရောက်လာပြီး- မင်းကြီးအား ဝေဇယန္တာ နတ်မြင်းပျံ့ရထားပေါ်သို့ တက်ရောက်ရန် ပင့်ဖိတ်ခေါ်တင်၍ နတ်ပြည်သို့ တင်ဆောင် ခေါ်ယူသွား သည့် အကြောင်းကို ထင်ရှားစွာ ပြတော်မူလိုသော မြတ်စွာဘုရားက-

ဟေိ မံ ရထ မာရုယှ၊ ရာဇသေဋ္ဌ ဒိသမ္ပတိ။
ဒေဝါ ဒဿနကာမာ တေ၊ တာဝတိံသာ သဣန္ဒကာ။
သရမာနာဟိ တေ ဒေဝါ၊ သုဓမ္မာယံ သမစ္ဆရေ။ (ဇာတကပါဠိ)။

ဟူသောဂါထာကို ဟောကြားတော် မူပါတယ်။

ဒိသမ္ပတိ၊ ရပ်ဆယ်မျက်နှာ, အာဏာလွှမ်းမိုး, ပိုင်စိုးတော်မူသော။ ရာဇသေဋ္ဌ၊ မင်းအပေါင်းတို့ ဦးခေါင်းညွှတ်ရာ ရာဇာသေဋ္ဌနှင်း အရှင်မင်းမြတ်။ ဟေိ၊ မကြာလျှင်ဆော့ ကြွတော်မူပါလော့။ ဣမံရထံ၊ စတုမဟာရာဇ်,တာဝတိသာ, နတ်တို့ရွာကို, အာဏာပိုင်လတ်, နတ်များသေဋ္ဌနှင်း သိကြား မင်း၏ ပိုင်ရင်းဖြစ်ငြား ဤဝေဇယန္တာ ရထားပေါ်သို့။ အာရုယှ၊ကောင်းစွာကြည်ဖြူ, တက်စီးတော် မူပါလော့။ သဣန္ဒကာ၊နတ်တို့သေဋ္ဌနှင်း သိကြားမင်းနှင့်တကွ ဖြစ်ကုန်သော။တာဝတိံသာ၊တာဝတိံ သာနတ်ဘုံရွာ၌ ကောင်းစွာမသွေ့, နေကြလေကုန်သော။ ဒေဝါ၊ တန်ခိုးဂုဏ်သိန်, စည်းစိမ်ကြီးမား နတ်အများတို့သည်။ တေ၊ သာမိနဟု, နာမကျော်ဟီး, အရှင်မင်းကြီးအား။ ဒဿနကာမာ၊ ရှေ့တွင်

မျက်မှောက်, ဝမ်းမြောက်ကြည်သာ, ရှုမြင်ကြလို ပါကုန်၏။ ဣဒါနိ၊ ယခုအခါ၌။ ဒေဝါ၊ တာဝတိံသာ နတ်များစွာတို့သည်။ တေ၊ သာဓိနမည်တွင် အရှင်မင်းကြီးအား။ သရမာနာဟိ၊ သရမာနာဧဝ၊ မြွော်ရည်တမ်းတ မှန်းဆကုန်လျက်သာလျှင်။ သုဓမ္မာယံ၊ သုဓမ္မာမည်တွင် နတ်သဘင်၌။ သမစ္ဆရေ၊ မှန်းရည်မြွော်ကိုး, ပေါလာနိုးဟု အမျိုးမျိုး တမ်းတကာ နေကြရှာလေကုန်တော့ သတည်း။

ယင်းကဲ့သို့ သာဓိနမင်းကြီးကို ဝေဇယန္တာ နတ်မြင်းပျံရထားပေါ်သို့ မာတလိ နတ်သားက ခေါ်တင်ကာ အာကာသ ခရီးစဉ်ဖြင့် နတ်ပြည်သို့ မောင်းနှင် ထွက်ခွာ သွားလေသတဲ့၊ နတ်မြင်းပျံရထားကြီးလဲ တိုင်းသူပြည်သားများ ကြည့်ရှု နေကြစဉ်မှာပင် ဝေဟင်တလွှား မိုးသားတိမ်လိပ်တို့အကြား၌ ပျောက်ကွယ်ကာ သွားလေသတဲ့၊ (ဒကာကြီး ဦးချိန်ရှဲ)။ ဝေဇယန္တာ နတ်မြင်းပျံရထားကြီးကို စီးနင်း သွားရတာဟာ ယခုခေတ် လေယာဉ်ပျံတို့, ဒုံးပျံတို့ကို စီးရတာထက် အရသာ ရှိလိမ့်မည် ထင်တယ်နော်၊ ဘာကြောင့်လဲဆိုတော့-လေယာဉ်စီးတဲ့ သူတွေမှာ အချို့မူးကြ, ဝေကြ, အော့အံကြတယ်လို့ ဆို မဟုတ်လား။

နောက်ပြီးတော့-ဒုံးပျံ စီးနင်းကာ အာကာသသို့ လိုက်ပါသွားလိုသူ အာကာသ သူရဲကောင်းဖြစ်လိုသူများ ဆိုရင်လဲ လပေါင်းများစွာ အမျိုးမျိုး လေ့ကျင့်ခန်းတွေ ယူရတယ်ဆို မဟုတ်လား၊ သို့အတွက် ဦးပဥ္စင်းတို့ တရားတော်နာ ဒါယကာ, ဒါယိကာမများလဲ ဝေဇယန္တာ နတ်မြင်းပျံကြီးကို စီးနင်း လိုက်ပါနိုင်အောင် ကြိုးစားကြပါလို့ ဦးပဥ္စင်းက တိုက်တွန်း လိုက်ပါတယ်နော်၊ ကြိုးစားကြပါ၊ များများကြီး ကြိုးစားကြပါ၊ မာတလိ နတ်သားလဲ မင်းတြားကို နတ်ပြည်သို့ ခေါ်ဆောင်သွားလို့ တာဝတိံသာ နတ်ပြည်ရောက်တဲ့အခါ နတ်သမီး နတ်သားများကလဲ ပျားပန်းခတ်မျှ ကြိုဆို လာကြသတဲ့။

တံ ဒိသွာ ဒေဝိတာစ သက္ကောစ ဟဋ္ဌတုဋ္ဌာ ပစ္စုဂ္ဂမနံ ကတွာ ပဋိသန္ထာရံ ကရိံသု။
(ဇာ-၄-စ-၃၅၆)။

တံ၊ ထိုမိတ္တိလာပြည်ရှင် ဘုရင် သာဓိန မင်းကြီးကို။ ဒိသွာ၊ တွေ့မြင် ကြကုန်၍။ ဒေဝိတာစ၊ နတ်သမီး, နတ်သား အများတို့သည်၎င်း။ သက္ကောစ၊ နတ်တို့သေဋ္ဌနင်း သိကြားမင်းကြီးသည်၎င်း။ ဟဋ္ဌတုဋ္ဌာ၊ ရွှင်လန်းနှစ်သက် ဝမ်းမြောက်ကြကုန်လျက်။ ပစ္စုဂ္ဂမနံ၊ နှစ်သက် ကြည်ညို, ခရီးဦး ကြိုဆိုခြင်းကို။ ကတွာ၊ ပြုကြကုန်၍။ ပဋိသန္ထာရံ၊ ပျူပြူငှာငှာ, သာယာစွာပြောလျက်, နှုတ်ခွန်းဆက်စကား ပြောကြားခြင်းကို။ ကရိံသု၊ သောင်းသောင်းဖျဖျ ပြုကြ လေကုန်ပြီတကား။

မိတ္ထိလာပြည်ရှင် သာဓိနဘုရင် မင်းတြား နတ်ပြည်သို့ ရောက်သွားလေလျှင် တာဝတိံသာ ပြည်သူပြည်သား နတ်အများနှင့်သိကြား မင်းကြီးက နှစ်သက်ရွှင်လန်း ဝမ်းပန်းတသာ ခရီးဦးကြိုဆိုကြတယ်၊ ပျူပျူငှာငှာ လောကဝတ်ပြုကာ နှုတ်ခွန်းဆက်ကြသတဲ့၊ တိုင်းပြည်တပြည်က ဘုရင်မင်းတြားနှင့် အကြီးအကဲများ နိုင်ငံရပ်ခြား တိုင်းတပါးသို့ သွားရောက်တဲ့အခါ အိမ်ရှင် တိုင်းပြည်က ပြည်သူပြည်သားများ နိုင်ငံ အကြီးအကဲများက သောင်းသောင်းဖျဖျ ခရီးဦး ကြိုဆိုကြတာဟာ လူ့ပြည်လူ့ရွာမှာသာ ပြုကြတာ မဟုတ်ဘူးနော်၊ နတ်ပြည် လောကမှာလဲ ဒီလို ကြိုဆိုကြရတာပဲတဲ့၊ ယခုအခါမှာသာ ပြုကြတာ မဟုတ်ဘူး၊ ရှေးအခါကလဲ ပြုခဲ့ကြတာပဲတဲ့၊ (ဒကာကြီး ဦးချိန်ရဲ့)။ ဒါကြောင့်မို့ သဗ္ဗညု ဘုရားရှင်က ရှေးအခါက ဖြစ်စဉ်ကို ပြန်လည်ကာ ဟောကြားတော် မူလိုသဖြင့်-

သင်္ကောပိ ပဋိနန္ဒိတွာ၊ ဝေဒေဟံ မိထိလဂ္ဂဟံ၊
နိမန္တယိတ္ထ ကာမေဟိ၊ အာသနေနစ ဝါသဝေါ၊

ဟူသော ဂါထာကို ရွတ်ဆိုတော်မူပါတယ်။

သင်္ကောပိ၊ နတ်တို့ သေဋ္ဌနင်း သိကြားမင်းသည်လည်း။ မိထိလဂ္ဂဟံ၊ မိထိလာမြို့နန်း စံမြန်းစိုးအုပ် မင်းလုပ်တော်မူသော။ ဝေဒေဟံ၊ ဝေဒေဟ တိုင်းပြည်သခင် ဘုရင်သာဓိနမင်းကြီးကို။ ပဋိနန္ဒိတွာ၊ ဝမ်းသာကြည်နူး, ရွှင်မြူး နှစ်သက်လေပြီး။ ဝါသဝေါ၊ ဝါသဝဟု နာမမည်တွင် နတ်ဘုရင်ကြီးသည်။တံ၊ ထိုသာဓိန မည်တွင် ဘုရင်မင်းတြားကြီးကို။ကာမေဟိစ၊ချမ်းသာကြည့်စုံ နတ်တို့၏ ကာမဂုဏ် အမျိုးမျိုးတို့ဖြင့်၎င်း။ အာသနေနစ၊ နေရာဖြင့်၎င်း။ နိမန္တယိတ္ထ၊ အလိုရှိသမျှ သုံးစွဲကြဘို့ ဖိတ်မန္တက ပြုလေပြီ။

တာဝတိံသာ နတ်ပြည်သို့ ဧည့်သည်တော်အဖြစ် ရောက်ရှိလာတဲ့ မိထိလာပြည်ရှင် ဘုရင်သာဓိန မင်းတြားကြီးကို တာဝတိံသာ နတ်တို့ ဘုရင်သိကြား မင်းကြီးက နှစ်သက် အားရလှစွာ ရှိသဖြင့် မိမိစိုးစံရာ နတ်ပြည်မှာနေသည့်အခိုက် အလိုရှိသမျှ သုံးစွဲရအောင် နတ်တို့၌ ဖြစ်သော ကာမဂုဏ် အမျိုးမျိုးတို့၎င်း, နေရာထိုင်ခင်းဖြင့်၎င်း, ဖိတ်မန္တက ပြုလေသတဲ့။ "လူမင်း ဘုန်းကြီးတော့-နတ်မင်းမနေသာ" လို့ ဆိုတဲ့ ရှေးလူကြီးများရဲ့ ဆိုစကား ဒီလိုနေရာမျိုးကို ရည်ရွယ်ပြီး ဆိုတယ် ထင်ပါရဲ့နော်၊ အဘယ်မျှလောက် လေးလေးစားစား ခင်ခင်မင်မင် ပျူပျူငှာငှာ ရှိပါသလဲ ဆိုတော့၊ ခရီးဦး ကြိုဆိုပုံ ဖိတ်ကြားပုံကို အဋ္ဌကထာမှာ –

ရာဇာနံ အာလိင်္ဂိတွာ "ဣဓ နိသီဒ" တိ အတ္တနော ပဏ္ဍုကမ္ဗလ သိလာသနေနစ ကာမေဟိစ နိမန္တေသိ၊ ဥပဍ္ဍရဇ္ဇံ ဒတွာ ဧကာသနေ နိသီဒါပေသိ-ဟူ၍ ဖွင့်ပြ ထားပါတယ်။ (ဇာ-၄-စ-၃၅၇)။

သင်္ကော၊ စတုမဟာရာဇ် တာဝတိံသာ နတ်များစွာတို့၏အရှင် ဘုရင်ဖြစ်သော သိကြားမင်းသည်။ ရာဇာနံ၊ မိထိလာပြည်ရှင် ဘုရင်သာဓိန မင်းတြားကြီးကို။ အာလိင်္ဂိတွာ၊ ခင်မင်နှစ်သက် လည်ကိုဖက်၍။ "မဟာရာဇ၊ မင်းတြားကြီး။ ဣဓ၊ ဤနေရာ၌။ နိသီဒ၊ ထိုင်တော် မူပါလော"။ဣတိ၊ ဤသို့။ ဝတွာ၊ ပြောဆို နှုတ်ဆက်၍။ အတ္တနော၊ မိမိ၏။ ပဏ္ဍုကမ္ဗလသိလာသနေနစ၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ, နေရာဖြင့်၎င်း။ ကာမေဟိစ၊ ဝတ္ထုငါးဖြာ, အာရုံငါးခု, ကာမဂုဏ်အစုစုတို့ဖြင့်၎င်း၊ နိမန္တေသိ၊ ရိုသေလေးစား ဖိတ်ကြားလေပြီ။ ဥပဍ္ဍရဇ္ဇံ၊ ထက်ဝက်ဖြစ်သော မင်းစည်းစိမ်ကို။ ဒတွာ၊ သဒ္ဓါရွှင်လန်း, ခွဲခြမ်းပေး၍။ ဧကာသနေ၊ မိမိနှင့်မူ ထပ်တူဖြစ်သော နေရာ၌။ နိသီဒါပေသိ၊ ကိုယ်စိတ်နှလုံး ရွှင်ပြုံး ချမ်းသာ ကောင်းစွာမသွေ, နေထိုင်စေပြီ။

မိတ္တိလာပြည်ရှင် ဘုရင်သာဓိနမင်းကြီး တာဝတိံသာသို့ ဆိုက်ရောက်လာတဲ့အခါ နတ်တို့ဘုရင် အရှင်သိကြားမင်းက လည်ပင်းပွေ့ဖက်ပြီး နှုတ်ဆက် ခရီးဦးကြိုဆိုသတဲ့၊ ယခုခေတ်မှာတော့ တဦးနှင့်တဦး လက်ဆွဲနှုတ်ဆက်ရုံမျှသာ ဖြစ်တယ်နော်၊ ရှေးအခါကတော့ တကယ် ရင်းရင်း နှီးနှီးနဲ့ လည်ပင်းဖက်ပြီး နှုတ်ဆက်သတဲ့၊ အမှန်တော့ နတ်များသိကြားများဟာ လူတို့ရဲ့ကိုယ်နံ့ကို မခံနိုင်ကြဘူး၊ ဝေးဝေးက ရှောင်ရှားလေ့ရှိကြသတဲ့၊ ယူဇနာ တရာလောက်ကတောင် ရှောင်ရှားကြတယ်ဆိုပဲ၊ ဒါပေမဲ့ ကိုယ်ကျင့်သီလရှိတဲ့ သူကြတော့ ထိုစက်ဆုတ်ဘွယ် လူနံ့ဟာ မနံတော့ဘူးတဲ့ (ဒကာကြီး ဦးချိန်ရဲ့)၊ ဘာကြောင့်လဲဆိုတော့ လောကမှာ ကုန်းပန်း ရေပန်းထူးဆန်းစုံစွာ ရှိကြရာမှာ အကျင့်သီလ

တည်းဟူသော အနံ့ကို ဘယ်ပန်းရနံ့ကမှ မမှီကြပါဘူးတဲ့၊ ဒါ့ကြောင့်မို့ သုံးလောက ထွဋ်ထား မြတ်စွာဘုရားက–

**စန္ဒနံ တဂရံဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။**

**ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။** (ဓမ္မပဒ- ဂါထာ- ၅၅)

ဟူ၍ ဟောကြားတော် မူခဲ့ပါတယ်။

စန္ဒနံဝါ၊ စန္ဒကူးအနံ့သည်၎င်း။ တဂရံဝါပိ၊ တောင်ဇလပ်ပန်းအနံ့သည်၎င်း။ ဥပ္ပလံဝါ၊ ကြာညိုပန်း အနံ့သည်၎င်း။ အထ၊ ထိုမှတပါး။ ဝဿိကီဝါ၊ မိုးစွေပန်း အနံ့သည်၎င်း။ အတ္ထိ၊ အမှန်ပကတိ ထင်ရှားစွာ ရှိပေ၏။ ဧတေသံ ဂန္ဓဇာတာနံ၊ ထိုထို ကုန်းပန်း ရေပန်း စုံစွာ ပန်းရနံ့များစွာတို့ထက်။ သီလဂန္ဓော၊ သီလ တည်းဟူသော ဂုဏ်ကျေးဇူး အနံ့သည်ကား။ အနုတ္တရော၊ မနှိုင်းသာ မယှဉ်သာ အတုမရှိ မြင့်မြတ်လှပါပေသည် တကား။

လောကမှာ ရနံ့တသင်းသင်း မွှေးကြိုင်လှစွာသော စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာညိုပန်း၊ မြလေးပန်း၊ အစရှိတဲ့ ပန်းမျိုးစုံတို့ရဲ့ အနံ့များရှိကြပါတယ်၊ ထိုထို ကုန်း၌ဖြစ်သောပန်း၊ ရေ၌ဖြစ်သော ပန်းများစွာတို့၏ အနံ့တို့ထက် ကိုယ်ကျင့်သီလရနံ့က သာလွန် မြင့်မြတ်လှတယ်၊ အထူးသဖြင့် မွှေးကြိုင်လှပါတယ်လို့ ဆိုလိုပါတယ်။

အဲဒီလို ပန်းအမျိုးမျိုးတို့ရဲ့ ရနံ့ထက် သင်းပျံ့တဲ့ အကျင့်သီလ ရနံ့ များစွာဖြင့် တန်ဆာဆင်ထားလို့ သိကြားမင်းက လူမင်းဖြစ်သော သာဓိနဘုရင်ကြီးကို မရွံမရှာ ပွေ့ဖက် နှုတ်ဆက်တာကဲ့ (ဒကာကြီး ဦးချိန်ရဲ့)၊ ပွေ့ဖက်နှုတ်ဆက်ပြီးလျှင် မိမိ၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာပေါ်မှ ထိုင်နေတော်မူပါ-ဟု မိမိရဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာနေရာဖြင့်လဲ ဖိတ်မန္တကပြုသတဲ့၊ မိမိရဲ့နတ်စည်းစိမ် ကာမဂုဏ် အမျိုးမျိုးကိုလဲ တဝက်စီခွဲပြီး ပေးကာ စည်းစိမ်ဥစ္စာတို့ဖြင့်လဲ ဖိတ်မန္တကပြု လေသတဲ့၊ မင်းစည်းစိမ်ကို တဝက်စီခွဲပြီး ပေးတယ်ဆိုတာ– အကျယ်ယူဇနာ တသောင်းရှိတဲ့ တာဝတိံသာ နတ်ပြည်ကြီးကိုလဲ တဝက်ခွဲပေးတယ်၊ ဝေဇယန္တာရထားပြသာဒ်ကြီးကိုလဲ တဝက်စီ ခွဲဝေပေးသတဲ့၊ အဲဒီလို သိကြားမင်း ဝေခွဲပေးတဲ့ နတ်စည်းစိမ် အရသာအမျိုးမျိုးကို သာဓိနဘုရင်ကြီး သုံးဆောင် ခံစားနေတာ လူတို့ရဲ့ နှစ်အရေအတွက်အားဖြင့်ဆိုလျှင် နှစ်ပေါင်း (၇၀၀) တောင် အချိန်ကြာမြင့်လေသတဲ့ (ဒကာကြီး ဦးချိန်)၊ သာဓိန ဘုရင်ကြီးဟာ လူ့ဘဝဖြင့် ယခုလို နတ်မင်းရဲ့ စည်းစိမ်ကို မြိန်မြိန်ကြီး ခံစားစံစားရတာဟာ– ကိုယ်ကျင့်သီလ မြတ်ဓမ္မကို နိစ္စမကွာ ဖြည့်ကျင့်လာတဲ့ အတွက်ကြောင့်ပဲလို့ မှတ်ကြရမည်နော်၊ ယခုလူ့ဘဝမှာပင် ဤမျှလောက် ကြီးကျယ်တဲ့ အကျိုးထူးတရားကိုခံစားရလျှင် နောင်သံသရာ ကျင်လည်စဉ်မှာ ဆိုလျှင်လဲ တဆင့်ထက်တဆင့် မြင့်သည်ထက်မြင့်တဲ့ အကျိုးကျေးဇူးများကို မုချမသွေခံစား ရပေလိမ့်မည်ဟု ယုံယုံကြည်ကြည် မှတ်ကြပြီး ပစ္စုပ္ပန်မှာရော သံသရာဘဝ အဆက်ဆက်မှာပါ အကျိုးများလှတဲ့ သီလအကျင့်တရားကို ကြိုးစားကျင့်ဆောင်နိုင်ကြပါစေ သတည်း။

ကဲ-ကဲ- တရားပွဲသိမ်းရန် အချိန်လဲတန်ပေပြီ၊ လက်အုပ်ကိုယ်စီ ချီထားကြပေတော့။

သီလမေဝိဓ သိက္ခေထ၊ အသ္မိံ လောကေ သုသိက္ခိတံ။
**သီလံ** ဟိ သဗ္ဗသမ္ပတ္တိံ၊ ဥပနာမေတိ သေဝိတံ။

(ရှေးနည်းအတိုင်း အနက်ပေးပါ)
(အဘိဓမ္မာတပ်၍ တရားပွဲသိမ်းရန်)

# ကျင့်ကြံအပ်လှ မြတ်သီလ တရားတော်

## သီလ အကျိုးပြ တရား

သီလံ ရက္ခေယျမေဓာဝီ၊ ပတ္ထယာနော တယောသုခေ။
ပသံသံ ဝိတ္တိလာဘဉ္စ၊ ပေစ္စ သဂ္ဂေ ပမောဒနံ။

(ဣတိဝုတ္တကပါဠိ- ၂၄၁ သုခပတ္တနာသုတ်)

သာမဝေါ၊ သံသရာရန်ဘေး အမြန်အေးဘို့ ကြံတွေးလိုလား အို- အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ ဣမသ္မိံ လောကေ၊ လူ့ဘုံဌာနဤလောက၌။ ပသံသဉ္စ၊ ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ကြည်ဖြူရွှင်လန်းနှုတ်မြွက်တန်းလျက် ချီးမွမ်းခြင်းငှင်း။ ဝိတ္တိလာဘဉ္စ၊ သတ္တဝါဗိုလ်လူ ခပ်သိမ်းသူတို့ ကြည်ဖြူသဒ္ဓါ စေတနာဖြင့် များစွာပေးကမ်း လှူဒါန်းသဖြင့် အသင့်ဖြစ်ငြား စီးပွားဥစ္စာ လွန်စွာများပြား ဖြစ်ပွားရရှိခြင်းကိုငှင်း။ ပေစ္စတဂ္ဂေ၊ ဤဘဝမှ ပြောင်းကြွစုတေ သေပြီး နောင်ခါ ထက်နတ်ရွာ၌။ ပမောဒနဉ္စ၊ သာယာရွှင်ပျော် မွေ့လျော်ရခြင်းကိုငှင်း။ ဣမေတယောသုခေ၊ သရုပ်ပိုင်းခြား ဤသုံးပါးကုန်သော ချမ်းသာသုခတို့ကို။ ပတ္ထယာနော၊ နှစ်ထောင်းအားရ လိုလားတောင်းတသော။ မေဓာဝီ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာကျိုးရှိ မြော်မြင်သိသော ပညာရှိပုဂ္ဂိုလ်သည်။ သီလံ၊ ငါး၊ ရှစ်၊ ကိုး၊ ဆယ် အသွယ်သွယ်များလှ ကိုယ်ကျင့်ဓမ္မ မြတ်သီလကို။ ရက္ခေယျ၊ ကျိုး၊ ပေါက်၊ ပြောက်ကျားမပျက်ပြားအောင် ကြိုးစားရိုသေ စောင့်ရှောက်လေရာ သတည်း။

ယခုဟောပြောမည့် တရားတော်ကတော့ ကျင့်ကြံအပ်လှ၊ မြတ်သီလ၊ အကြောင်းကို ဟောပြောဘို့ ဖြစ်ပေတယ်၊ လောကကြီးမှာ ကိုယ်ကျင့်သီလ ရှိကြဘို့ရာ အလွန် အရေးကြီးနေပြီနော်၊ ကိုယ်ကျင့်သီလမရှိကြတဲ့အတွက် နိုင်ထက်စီးနင်း အချင်းချင်း မတရားကျင့်ကြံကြ လုပ်ဆောင်နေတဲ့ အတွက်ကြောင့် ပစ္စုပ္ပန်မှာလဲ မကြီးပွားမချမ်းသာ သံသရာမှာလဲ ဒုက္ခအဖြာဖြာနှင့် ကေန်မုချတွေ့ကြဘို့အကြောင်းသာ ဖြစ်ပေတယ်၊ ဒါ့ကြောင့်မို့ ကိုယ်ကျင့်သီလ ရှိကြဘို့အရေးက အလွန်အရေးကြီးနေပြီဖြစ်တဲ့ဒီ "ကျင့်ကြံအပ်လှမြတ်သီလ" ဆိုတဲ့ တရားကို ဟောကြားရခြင်း ဖြစ်တယ်နော်။

သီလဆိုတော့- ယခုတရားပွဲသို့ လာရောက်ကြတဲ့ ဒကာ ဒကာမများဟာ မိမိတို့ အမြဲမပြတ် ငါးပါးသီလကိုတော့ စောင့်ထိန်းကြမည် ချည်းထင်ပါရဲ့၊ ရံခါရံခါ ရှစ်ရက်သီတင်း လပြည့်လကွယ်နေ့များမှာလဲ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး၊ သီလမျိုးကိုလဲ အခါအားလျော်စွာ စောင့်ထိန်း ကြဘူးတဲ့ သူများချည်း ဖြစ်မှာပါပဲ၊ ဒါဖြစ်လျှင် သီလဆိုတာဘာကိုခေါ်သနည်းလို့ မေးလာလျှင်တော့ သိတတ်တဲ့သူ အလွယ်တကူ ဖြေဆိုတတ်မည့်သူက ခပ်ရှားရှား ဖြစ်နေမည်လားလို့ ထင်မိတယ်။

ဒကာကြီး ဦးစိန်တို့ ဦးချိန်တို့တော့ သာသနာ့ရေးရာမှာ ရှေ့ဆောင်ရှေ့ရွက် လုပ်နေကြတဲ့ လူကြီးသူကြီးတွေ ဖြစ်တဲ့အတွက် သိရှိကြလိမ့်မည် ထင်ပါတယ်၊ သို့အတွက် မေးလိုက်ရဦးမယ်၊ အဘယ် အကြောင်းကြောင့် သီလဟု ခေါ်ဆိုရပါသလဲ၊ ဤကဲ့သို့ဖြစ်လျှင် အဘယ်ကြောင့် သီလခေါ်တယ် ဆိုတာ အမြဲတမ်း မှတ်သားမိအောင် ဟောဒီသီလရဲ့ ဝိဂ္ဂဟ်ဝစနတ္ထကလေးနှစ်ပုဒ်ကို မှတ်ထားကြ ရမယ်။

စိတ္တံ-သိနေ့ာတိဗန္ဓတိ တေနာတိသီလံ။

တေန၊ ဤတရားသဘောဖြင့်။ စိတ္တံ၊ မကောင်းမှု၌ အလွန် ပျော်ပိုက်တတ်သည့် စိတ်မိုက် ကလေးကို။ သိနေ့ာတိ ဗန္ဓတိ၊ အမိုက်တရား မလိုက်စားရအောင် ထိန်းသိမ်းနှောင်ဖွဲ့၍ ထားတတ်၏။ ဣတိတသ္မာ၊ ဤသို့မိမိစိတ်ဓာတ်ကလေးကို မကောင်းမှု အကုသိုလ်တရားနားသို့မချဉ်းကပ်ရ လေအောင် အမြဲမပြတ် စောင့်ကြပ်တတ်သော အကြောင်းကြောင့်။ သီလံ၊ သီလမည်ပေ၏တဲ့။

ဆိုလိုတာက သီလဆိုတာ မိမိစိတ်ကလေးကို မကောင်းမှု အကုသိုလ်တရားအနားသို့ ချဉ်းကပ် ရောက်မသွားရလေအောင် အမြဲမပြတ် စောင့်ကြပ်ထားကြောင်း ဖြစ်တဲ့ သဘောတရားကို သီလလို့ ခေါ်ဆိုရပါတယ်။ နောက်တနည်းကတော့-

ကုသလဓမ္မေ သီလေန္တိ ဥပဓာရေန္တိ တေနာတိသီလံ။

တေန၊ ဤတရားသဘောဖြင့်။ ကုသလဓမ္မေ၊ အပြစ်ကင်းကွာ ကောင်းရာ ဆောင်တတ် ကုသိုလ်တရားမြတ်တို့ကို။ သီလေန္တိ-ဥပဓာရေန္တိ၊ ကိုးလုံပြည့်ဝ ရှိကြလေအောင် ကပ်၍ ဆောင်တတ် ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ကုသိုလ်တရားတို့ကို ကောင်းစွာ ဆောင်ကြောင်း ဖြစ်သောကြောင့်။ သီလံ၊ သီလမည်ပေ၏။

အပြစ်ကင်း၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ကုသိုလ်တရားတို့ကို မိမိ (သီလ) အား စောင့်ထိန်းသူထံပါးသို့ ရောက်အောင် ဆောင်ယူတတ်ကြောင်း ဖြစ်သော တရားသဘောကို သီလလို့ ခေါ်ဆိုပါတယ်တဲ့-(ဒကာကြီး ဦးစိန်ရဲ့)၊အဘိဓမ္မာနှင့်အညီ သီလအရတရားကိုယ် ကောက် ပြရလျှင်တော့ စာရိတ္တသီလအနေဖြင့် ဆိုရင် လူကြီးမိဘ ဆရာသမား စသူတို့အား ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ဖြည့်ကျင့်သောသူ၏ သဏ္ဍာန်၌ဖြစ်သော စေတနာတရားကိုပင် သီလဟု ခေါ်ဆို ပါတယ်၊ အချို့အရာမှာ ဝိရတီစေတသိက်ကိုရင်း အလောဘ, အဒေါသ, အမောဘ, တရားတို့ကိုရင်း သီလအရ ကောက်ယူရပါတယ်။

ယင်းကဲ့သို့သော ကိုယ်ကျင့်သီလ မြတ်ဓမ္မကို ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းကျိုး မြော်ကိုး သိမြင်တဲ့ ပညာရှင်ပုဂ္ဂိုလ်သည် ချမ်းသာသုခသုံးပါးကို လိုလားတောင့်တသဖြင့် စောင့်ရှောက် ဖြည့် ကျင့်ရမည်လို့ ဆိုလိုပါတယ်၊ ချမ်းသာသုခ သုံးပါးဆိုတာက-

၁။ ပသံသ- ပညာရှိ တို့ချီးမွမ်းမှုခံရခြင်း၊ တန်ခိုးသတင်း ကျော်စောခြင်း။

၂။ စိတ္တိလာဘ- လောကီရိပ်ငြိမ် စည်းစိမ်ဥစ္စာ အဖြာဖြာတို့ကို ရရှိခြင်း။

သီလစောင့်ရုံနှင့် ဘာကြောင့် စည်းစိမ်ဥစ္စာ ရရှိရသလဲဆိုတော့။

သီလဝါ ဟိ အပ္ပမတ္တတာယ မဟန္တံ ဘောဂက္ခန္ဓံ အဓိဂစ္ဆတိ။

ဟူ၍ ထေရအဋ္ဌကထာမှာ ဖွင့်ပြ ထားတယ်နော်။

ဟိသစ္စံ၊ မှန်၏။ ဝါ၊ ဥစ္စာဖြစ်ခြင်း အကြောင်းရင်းမှန်ကား။ သီလဝါ၊ ကိုယ်ကျင့်သီလရှိသော သူသည်။ အပ္ပမတ္တတာယ၊ မမေ့မလျော့ခြင်း အပ္ပမာဒတရား ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ မဟန္တံ၊ ရေတွက်ခြင်းငှာ မစွမ်းသာအောင် များပြားလှစွာသော။ ဘောဂက္ခန္ဓံ၊ ရွှေငွေ ကျောက်သံ အတန်တန်များစွာ စည်းစိမ်ဥစ္စာအစုကို။ အဓိဂစ္ဆတိ၊ မုချပိုင်ပိုင် ရရှိနိုင်လေ၏။ သီလစောင့်ထိန်း တဲ့သူ ကိုယ်ကျင့်သီလ ရှိတဲ့သူ စီးပွားဥစ္စာ ဖြစ်ထွန်းတယ်ဆိုတာ မမေ့လျော့ခြင်း အပ္ပမာဒတရား အရင်းခံထားခြင်းကြောင့်ပဲတဲ့ (ဒကာကြီး ဦးစိန်)၊ ဒီလိုဆိုတော့ စီးပွားဥစ္စာ မဖြစ်ထွန်းတဲ့သူ ရှိပြီး စီးပွားပျက်ပြား ဆုတ်ယုတ်သွားဘဲ့ သူများကိုတော့—

ဒုဿီလော သီလဝိပန္နော ပမာဒါဓိကရဏံ မဟတိံ ဘောဂဇာနိံ နိဂစ္ဆတိ။

(အံ-ဒု ၂၂၁)

ဟု အင်္ဂုတ္တိုရ်ပါဠိတော် လာရှိတဲ့အတိုင်း သီလမရှိသူ သီလပျက်စီးတဲ့သူ လို့သိရှိကြရမည်တဲ့။ ဒီတရား ဟောရတာ အားတောင် ခပ်နာနာပဲနော်၊ ဘာကြောင့်လဲဆိုတော့ ဦးပဉ္စင်းရဲ့ တရားနာ ပရိသတ် ဒကာ ဒကာမများဟာ တကယ့် လူချမ်းသာကြီးတွေမှ မဟုတ်ကြလေပဲကိုး၊ ဒါပေမဲ့ အတိတ်ကံက လဲပါမှချမ်းသာတာပါ၊ မည်သို့ဖြစ်စေ ပစ္စုပ္ပန်ကံအတွက်တော့ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမ ဩဝါဒကို ခံယူကျင့်သုံးကြတဲ့ သူတော်ကောင်းများပီပီ တရားတော်နှင့်အညီ ပစ္စုပ္ပန်ကံ ကောင်းအောင် စွမ်း ဆောင်နိုင်သချ ကြိုးစား ရှက်ဆောင်ကြရမည်၊ ဖြည့်ကျင့်ရမည်၊ ဒီပစ္စုပ္ပန် ကံဟာ ယခုဘဝအတွက် အကျိုးပေးခွင့် ရှိသမျှပေး၍ နောင်သံသရာ ဘဝမှာလည်း အတိတ်ကံဖြစ်လာမည် မဟုတ်ပါလား၊ ကဲ နောက်ပြီးတော့ တတိယရရှိတဲ့ ချမ်းသာသုခက၊ ပေစ္စသဂ္ဂေပမောဒနံ-ဆိုတဲ့အတိုင်း နောင်ဘဝ မှာ နတ်တို့ရွာ၌ အလိုရှိအပ် ကောင်းမြတ်သော ကာမဂုဏ်ချမ်းသာ အဖြာဖြာတို့ဖြင့် ပျော်ရွှင်ဝမ်း မြောက်စွာ မွေ့လျော်ရခြင်းဆိုတဲ့ ချမ်းသာသုခသုံးမျိုးပင် ဖြစ်တယ်၊ သီလဖြည့်ကျင့်သဖြင့် ချမ်းသာ သုခသုံးမျိုးကိုရဘဲ့ လင်္ကာလေးများကို မှတ်မိအောင် လိုက်ဆိုကြရမည်။

ဆောပုဒ်။ ၁။ ချမ်းသာသုံးဆင့်၊ သီလကျင့်၊ အသင့်ရနိုင်သည်။
၂။ ချီးမွမ်းခံရ၊ ကျော်စောလှ၊ မုချဖြစ်နိုင်သည်။
၃။ မေ့လျော့ကင်းငြား၊ ကျိုးစီးပွား၊ ထင်ရှားဖြစ်နိုင်သည်။
၄။ နောင်ဘဝတွင်၊ နတ်ပြည်ခွင်၊ ပျော်ရွှင်ဝမ်းမြောက်ကြရမည်။
၅။ ချမ်းသာသုံးဝ၊ လိုလားက၊ သီလကျင့်ရမည်။

ဒီကိုယ်ကျင့်သီလဟာတကယ်တန်း ဖြည့်ကျင့်လျှင် လောကီ ရေးရာမှာလဲ ကြီးပွား ချမ်းသာ ဖြစ်နိုင်ပါတယ်၊ လောကုတ္တရာရေးရာမှာလဲ မိမိတို့ရည်မှန်းတဲ့ ပြည်နိဗ္ဗာန်အမတာနန်းသို့လဲ အေးချမ်း စွာရောက်ရှိနိုင်ရန် အခြေခံ ဖြစ်ပါတယ်။ သို့အတွက် အာသဝေါကုန်ခန်း ရဟန္တာတပါး ဖြစ်တဲ့ သီလဝမထေရ်မြတ်က ဤကဲ့သို့ ဟောဖော်ညွှန်ကြားတော် မူခဲ့ပါတယ်။

အာဒိသီလံ ပတိဋ္ဌာစ၊ ကလျာဏာနဥ္စ မာတုကံ။
ပမုခံ သဗ္ဗဓမ္မာနံ၊ တသ္မာသီလံ ဝိသောဓယေ။ (ထေရဂါထာပါဠိ-၆၁၂)။

သာဓဝေါ၊ ကိုယ်နှုတ်နှလုံး၊ သုံးပါးပျော့ပြောင်း၊ သူတော်ကောင်းဖြစ်ငြား၊ အို-အမျိုး ကောင်းသား/သမီးတို့။ လောကေ၊ လောက၌။ သီလံ၊ ကျိုးကြောင်းမြော်မြင်၊ ပညာရှင်တို့၊ ချစ်ခင်

လေးစား, ကျင့်ကြံ အားထုတ်အပ်သော ကိုယ်ကျင့်သီလ မြတ်မေ့သည်။ သဗ္ဗဓမ္မာနံ၊ အလုံးစုံများလှ ကုသိုလ်တရား ဓမ္မတို့၏။ အာဒိ၊ ဖြစ်ကြောင်း မူလ အစ မည်ပေ၏။ သဗ္ဗဓမ္မာနံ၊ ဈာန်မဂ်ဖိုလ် ခေါ်ငြား, များပြားလှကုန်, အလုံးစုံသော တရားတို့၏။ ပတိဋ္ဌာစ၊ မှီရာတည်ရာလည်း ဖြစ်ပါ၏။ ကလျာဏာနံ၊ သမထဝိပဿနာ အစဖြာလျက်, များစွာထူးခြား, ကောင်းမြတ်သော တရားတို့၏။ မာတုကဥ္စ၊ ဘေးရန်ခပ်သိမ်း, ကင်းပငြိမ်းအောင်, စောင့်ထိန်းပေငြား, ကြီးပွားစေမှု, ဆောင်ရွက်ပြုပေး, မွေးသည့်မိခင်, ကျေးဇူးရှင်လည်း မည်ပါပေ၏။

သဗ္ဗဓမ္မာနံ၊ ပါမောဇ္ဇပီတိ၊ စရိုအစုံ များစွာကုန်သော ကုသိုလ်တရားတို့၏။ ပမုခဥ္စ၊ အကြီးအမှူးလည်း မည်ပါပေ၏။ (ဝါ) ပမုခံ ပဝတ္တိဒွါရံ၊ မှန်စွာစင်စစ်, ဖြစ်ပွားရာဌာန ခံတွင်းဝလည်း မည်ပါပေ၏။ တသ္မာ၊ ထိုသို့ ထူးခြား အကြောင်းများကြောင့်။ ပဏ္ဍိတော၊ လောကီ, လောကုတ် မယုတ် တိုးပွား အကျိုးများကို လိုလား မြော်မြင်ပညာရှင်ဖြစ်သော အမျိုးကောင်းသား/သမီးသည်။ သီလံ၊ ငါး, ရှစ်,ကိုး,ဆယ်, အသွယ်သွယ်များလှ, ကိုယ်ကျင့်သီလ မြတ်ဓမ္မကို။ ဝိသောဓယေ၊ ဖြူစင်သန့်ရှင်း၊ အပြစ်ကင်းအောင် ရှင်းလင်းသုတ်သင် လေရာသတည်း။ (ဝါ) ဝိသောဓယေ၊ သမ္မာဒေယျ၊ ကျိုးပေါက် ပြောက်ကျား မရှိငြားဘဲ ထင်ရှားကုံလုံ ပြည့်စုံစေရာသတည်း။

ဒီဂါထာရဲ့ ဆိုလိုရင်း အဓိပ္ပာယ်ကတော့-ကိုင့်ကျင့်သီလတရား မည်သည် အလုံးစုံသော ကုသိုလ်ကောင်းမှု တရားတို့၏ဖြစ်ကြောင်းမူလအစ ဖြစ်ပေသည်တဲ့၊ ဒါ့ကြောင့်မို့ "သီလံ ဟိ ကုသလာနံ ဓမ္မာနံအာဒိ" လို့ အဋ္ဌကထာ ဖွင့်ဆိုပြထားတယ်နော်၊ ထိုမှတပါး သီလအကျင့် မည်သည် ခပ်သိမ်းကုန်သော ဈာန်မဂ်ဖိုလ်-ဟု ခေါ်ဆိုအပ်သော လူတို့၏ ကုသိုလ်ကမ္မပထ တရားထက် သာလွန်မြင့်မြတ်သော တရားတို့၏ တည်ရာလည်း ဖြစ်သတဲ့။ ဒီသီလ အကျင့်ကို သာမညဟု မမှတ် ထင်ကြလေနှင့်နော်၊ အထက်အထက်ဖြစ်တဲ့ ဈာန်တရား, မဂ်တရား ဖိုလ်တရားတော်ကို ရလို ရောက်လိုလျှင်လဲ ဒီသီလအကျင့် တရားကမှတဆင့် တက်ကာ ကျင့်ရမှာ၊ ဒီသီလတည်းဟူသော မြေပြင်မှာ ရပ်တည်ပြီးမှတဆင့်ထက် တဆင့် မြင့်အောင် ကျင့်ဆောင် ရသဖြင့် သီလအကျင့် တရားဟာ ထို ဈာန်မဂ်ဖိုလ် တရားတို့၏ တည်ရာလည်း ဖြစ်ပေတယ်လို့ ဆိုလိုတယ်နော်၊ သို့မို့ကြောင့် အဋ္ဌကထာ၌ "သီလဉ္စ သဗ္ဗေသံ ဥတ္တရိမနုဿဓမ္မာနံပတိဋ္ဌာ" လို့ ဖွင့်ဆို ထားပေတယ်၊သုံးလောက ထွဋ်ထား မြတ်စွာဘုရားကလည်း-

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။ (သံ-၁-၁၃)။

ဟူ၍ ဟောကြားတော် မူခဲ့ပါတယ်။

သပညော၊ တိဟိတ်ပဋိသန္ဓေ, ယှဉ်လေကမ္မဇ, ဉာဏ်ပညာရှိထသော။ နရော၊ သံသရာရန်ဘေး, အမြန်အေးလိုသောသူသည်။ သီလေ၊ သမထ ဝိပဿနာ၏ မှီရာဖြစ်ငြား ကုသိုလ် သီလတရား၌။ ပတိဋ္ဌာယ၊ ကောင်းစွာဖြည့်ကျင့်, အသင့်စွဲမှီ, မြဲစွာတည်၍။ အာတာပီ၊ အကုသိုလ်ဆိုးတရားမျိုးတို့ကို ဖျက်ချိုးဘို့ရန်, ပူပန်စေဘိ, လုံ့လရှိသည်ဖြစ်၍။ နိပကော၊ ရင့်ကျက်သော ပညာဉာဏ် အမှန်ပကတိ ရှိသည်ဖြစ်၍။ စိတ္တဥ္စ၊ မြဲမြံတည်ဘိ, သမာဓိစိတ်ကိုရင်း။ ပညဉ္စ၊ ဝိပဿနာဉာဏ်ပညာကိုရင်း။ ဘာဝယံ ဘာဝယန္တော၊ အမှန်ကြိုးစား ပွားများစေသည်။ ဟောတိ၊ ဖြစ်၏။ သော၊

တာဒိသော။ ထိုသို့သော သီလ သမာဓိပညာ ဝီရိယအားဖြင့် လေးပါးသော တရားတို့နှင့် ပြည့်စုံသော။ ဘိက္ခု၊ သံသရာဘေး, လာမည်ရေးကို မြော်တွေးစေ့စေ့, ကြည့်ရှုလေ့ရှိသော အမျိုးကောင်းသား/သမီးသည်။ ဣမံဇဋံ၊ ဝါးရုံအခက်, အမြွေးအရှက်နှင့်တူသော ဤတဏှာဟူသော အမြွေးအရှက်ကို။ ဝိဇဋယေ၊ ဝိဇဋေယျ၊ ဘဝနိဂုံး အဆုံးသတ်လျက် ပြေပြတ်လွတ်ကင်းအောင် ဖြေဖြတ်ရှင်းလင်း နိုင်လေရာသတည်း။

တိပိဋက ပဋိသန္ဓေ ဉာဏ်ပညာနှင့်ပြည့်စုံသော အမျိုးကောင်းသား/သမီးသည် ကုသိုလ် သီလဟူသော မြေပြင်၌ မြဲမြံခိုင်ခံ့စွာ တည်နေ၍ အကုသိုလ် တရားတို့ကို လွန်စွာပူပန် စေတတ်သော လုံ့လရှိသည်ဖြစ်၍,ရင့်ကျက်သော ပညာဉာဏ် ရှိသည်ဖြစ်၍, သမာဓိတရားကိုရှင်း, ဝိပဿနာပညာကိုရှင်း, ပွားများစေရာ၏။ထိုသို့သီလ သမာဓိ ပညာ ဝီရိယ တရားလေးပါးနှင့် ပြည့်စုံသော သံသရာဘေးကို မြော်တွေး ကြောက်တတ်, မပြတ်ရှုလေ့ ရှိသောသူသည် ဝါးခြုံပါးရုံး အမြွေးအရှက်နှင့်တူသော တဏှာဟူသော အမြွေးအရှက်ကို ပယ်ဖျက်လွတ်ကင်းအောင် ဖြေဖြတ် ရှင်းလင်း နိုင်ပေသည်လို့ ဆိုလိုတယ်နော်။

လွန်စွာရှုပ်ထွေး, ပွေလိမ်နေသည့် တောခြုံဝါးရုံနှင့်တူသော တဏှာဟု ဆိုအပ်သော အရှုပ်အပွေကို ဖြေဖြတ် ရှင်းလင်းလိုပါက ဒီသီလ တည်းဟူသော မြေပြင်မှာ ခိုင်ခိုင်မတ်မတ် ရပ်တန့်ပြီးမှ ပညာတည်းဟူသော ဓားသံလျက်ဖြင့် လွှားလွှား ညက်ညက်ဖြေဖျက် ခုတ်ထွင်းရှင်းလင်း နိုင်ပါတယ်။ ဒါ့ကြောင့်မို့ သီလတရားဟာ ဥတ္တရိမနုဿဓမ္မတို့ရဲ့ တည်ရာ ဖြစ်တယ်လို့လဲ မှတ်ရပေမည်၊ ဥတ္တရိ မနုဿဓမ္မဆိုတာက ဈာန်တရား မဂ်တရား ဖိုလ်တရားကို ဆိုလိုတာနော်၊ ကုသိုလ်ကမ္မပထ တရားတွေကိုတော့-မနုဿဓမ္မ-လူတို့ရဲ့ တရားလို့ ခေါ်တယ်။ ထိုကုသလကမ္မပထ တရားဆယ်ပါးထက် မြတ်တဲ့ ဈာန်မဂ်ဖိုလ် တရားကိုတော့-ဥတ္တရိ မနုဿဓမ္မလို့ ခေါ်ဆိုတယ်တဲ့။

နောက်ပြီးတော့-သီလ အကျင့်တရားသည် သမထ ဝိပဿနာ အစရှိသော ကောင်းမြတ်သော တရားတို့ကို ဖြစ်ပွား စေတတ်သောကြောင့် ထို သမထ ဝိပဿနာ စသော ကောင်းမြတ်သော တရားတို့၏ မိခင်ဆိုလဲ မလွဲပါဘူးတဲ့၊ သမထ ဝိပဿနာဒီနံ ကလျာဏ ဓမ္မာနံ မာတုဘူတံ ဇနကန္တိအတ္ထော-လို့ အဋ္ဌကထာက ပြဆိုထားတယ်နော်၊ ထိုမှတပါး သီလအကျင့် တရားသည် ခပ်သိမ်းသော ဝမ်းမြောက်ခြင်း နှစ်သက်ခြင်း အစရှိကုန်သော အပြစ်ကင်းလတ် ကောင်းသော အကျိုးကို ပေးတတ်သော တရားတို့၏ ဖြစ်ရာလဲ ဖြစ်သတဲ့၊ သုတိစ္ဆက သုတမာနီ သုတဂဝေသီ ပုဂ္ဂိုလ်များ အလွယ်တကူ မှတ်သား ကြရအောင် အဋ္ဌကထာဖွင့် စကားရပ်များကို ကြားညှပ်ကာ ရွတ်ဆို ရမယ်နော်၊ (ဒကာကြီး ဦးချိန်)။ ပါဠိတွေ များလိုက်တာ ဘာဆိုမှန်း မသိပါဘူးလို့လဲ အပြစ်မဘင်ကြနှင့်ဦး၊ မှတ်ချင်သူ မှတ်ယူကြစေဘို့ သာခုက အနေနှင့် ရွတ်ဆိုရတာပါပဲ၊ ဒီနေရာမှာ အဋ္ဌကထာ ဆရာက-

ပမုခံ-သဗ္ဗဓမ္မာနန္တိ သီလံ သဗ္ဗေသံ ပါမောဇ္ဇ ဒီနံ အနဝဇ္ဇာဓမ္မာနံ ပမုခံ မုခဘူတံ၊
ပဝတ္တိ ဒွါရန္တိအတ္ထော။ (ထေရ-၄၅-၂-၂၁၁) လို့ ဖွင့်ပြတော် မူပါတယ်။

ပမုခံ သဗ္ဗဓမ္မာနန္တိ၊ ပမုခံသဗ္ဗဓမ္မာနံ ဟူသည်ကား။ သီလံ၊ သီလအကျင့်သည်။ သဗ္ဗေသံ၊ **ခပ်သိမ်းကုန်သော။ ပါမောဇ္ဇာဒီနံ၊ ဝမ်းမြောက်ခြင်း နှစ်သက်ခြင်း အစရှိကုန်သော။ အနဝဇ္ဇ**

ဓမ္မာနံ၊ အပြစ်ကင်းသော ကုသိုလ်တရားတို့၏။ ပမုခံ၊ မုခဘူတံ၊ အကြီးအမှူးဖြစ်၍ ဖြစ်ပေ၏။ ပဝတ္တိဒွါရံ၊ အမှန်ထင်ရှား ဖြစ်ပွား ပေါ်ထွက်ရာဌာန ခံတွင်းလည်း မည်ပေ၏။ ဣတိအတ္ထော၊ ဤကား သီလဟူသော ပုဒ်၏ အဖွင့်အနက်ပေတည်း-တဲ့။

သီလသည် ထိုကဲ့သို့ အလုံးစုံသော ကုသိုလ်တရားတို့၏ဖြစ်ကြောင်း မူလအစ ဖြစ်ခြင်း,တည်ရာဖြစ်ခြင်း, အမိသဘွယ်ဖြစ်ခြင်း, အကြီးအမှူးဖြစ်ခြင်း ဖြစ်ရာဌာန ခံတွင်းဝ သဘွယ်ဖြစ်ခြင်း သဘောရှိသည်၏ အဖြစ်ကြောင့် ပစ္စုပ္ပန်အကျိုး သံသရာအကျိုး နှစ်ပါးကို သိမြင်လိုလားသော အမျိုးကောင်းသား အမျိုးကောင်းသမီးဘည် ကိုယ်ကျင့်သီလကို ကျိုးပေါက် ပြောက်ကျား ပျက်ပြားခြင်း အလျဉ်းမရှိစေဘဲ ပြည့်ပြည့်စုံစုံ လုံခြုံစေရမည်လို့ ဆိုလိုပါတယ်။ လုံခြုံအောင် စောင့်ရှောက်ရမည်လို့ ဆိုလိုဘယ်နော်၊ ကဲ-အာဒိသီလံ ပတိဋ္ဌာစ-ဆိုတဲ့ ဂါထာရဲ့အလို ဒီလင်္ကာကလေး ဆိုပြီး မှတ်ထား ကြရမယ်။

ဆောင်ပုဒ်။    လုံးစုံဓမ္မ-အစဖြစ်တုံ၊ တည်ရာ အမိ-ဖြစ်ဘိတဖုံ။
ကြီးမှူး တံခါးဝ-မုချဖြစ်ပုံ၊ မြတ်သီလ ကျင့်ကြစောင့်ကြကုန်။

သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဒါနရဲ့ အကျိုးတွေကလဲ အလွန်ပင် များပြားလှပါတယ်၊ အကျင့်သီလရဲ့ အကျိုးတရားတွေဆိုလျှင်သဲ ဂဏန်းချ၍ မပြနိုင်လောက်အောင်ပင် များစွာ ရှိပါတယ်၊ ဝိပဿနာ ဘာဝနာတရားရဲ့ အကျိုးများကို ဆိုလျှင်တော့-ပမာခိုင်း၍ မနှိုင်းနိုင်လောက်အောင် များပြား လှသတဲ့၊ (ဒကာကြီး ငုံးစိန်)။ ယခု သီလတရားဆိုလျှင် ခုနက ပြောခဲ့တဲ့ အလုံးစုံသော ကုသိုလ်တရားတို့ရဲ့ ဖြစ်ကြောင်းအစ မူလပင်ရင်း ဖြစ်ခြင်း စသည်မျှလောက်သာ မဟုတ်သေးပါဘူး၊ သတ္တဝါတို့ သန္တာန်၌ ကိန်းအောင်းပြီး လွန်လွန်မင်းမင်း ပူပြင်း တောက်လောင်နေတဲ့ ရာဂဒေါသ အစရှိသော အပူမီး အားလုံးကိုသဲ ချုပ်ငြိမ်း အေးအောင် စွမ်းဆောင်နိုင်တယ်၊ ဒီ ကိလေသာမီး အပူကြီးကိုတော့ လောကမှာ အပူမှန်သမျှကို ငြိမ်းအေး စေနိုင်တဲ့ ရေစင်ရေအေးများဟာ အေးငြိမ်းသွားအောင် မစွမ်းဆောင်နိုင်ဘူးနော်၊ သီလရေစင် တစက်လောက် ဝင်လျှင်သာ ရာဂဒေါသ အစရှိတဲ့ အပူများ ငြိမ်းအေးပြီး သွားနိုင်တော့တဲ့၊ ဒါကြောင့်မို့ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာမှာ

သမယန္တိဓ သတ္တာနံ၊ ပရိဠာဟံ သုရက္ခိတံ။
ယံသမေတိ ဣဓအရိယံ၊ သီလံ အစ္စန္တ သီတလံ။

ဟူ၍ ပြတော် မူပါတယ်။ (ဝိသုဒ္ဓိမဂ္ဂ-ပ-၁၀)။

ဘာသန္တော သံသရာဝဲဿရက်မှ၊ ရှောင်ခွာကာ လွဲထွက်ဘို့ ထက်မြက်စိတ်ကြံ, အင်္ဂဋ္ဌာန်ဖြင့်၊ နိဗ္ဗာန်ကိုသာ မှန်စွာလိုလား၊ အို အမျိုးကောင်းသား/သမီးတို့။ သုရက္ခိတံ၊ ကျိုးပေါက် ပြောက်ကျား မရှိငြာအောင်, လေးစားရိုသေ, ကောင်းစွာ စောင့်ရှောက် အပ်ပေသော။ အရိယံ၊ အပြစ်ဟူက, မှုမျှမကယ်, ကကယ်ပင် သန့်ရှင်း စင်ကြယ်သော။ အစ္စန္တသီတလံ၊ နှောက်ရှက်ပူပန်, အမှန်ကင်းဝေးသဖြင့် စင်စစ် အေးမြ လှစွာသော။ ဣဓသီလံ၊ လူ့ရှင်ရဟန်း, ကိုးပမ်းစောင့်ကြ, ဤသီလသည်၊ ဣမသ္မိံလောကေ၊ အေးမှုနည်းပါး, အပူများသည့် ဆိုဝါးကြောက်ဘွယ်, ဤ လောကကြီးအလယ်၌။ သတ္တာနံ၊ လူရှေ နတ်ပါ, ဗြဟ္မာမကြွင်း, ခပင်းများစွာ, သတ္တဝါတို့၏။ ပရိဠာဟံ၊ ပကတိမီး အပူကြီးထက် ဆထက်ရာ ထောင် မကအောင်လျှင် အလွန်ပူပြင်း အကြင်ရာဂ အစရှိသော ပူလောင်ခြင်းကို။ သမေတိ၊ အလျှင်အမြန်, ပူပန်ခပ်သိမ်း, ငြိမ်းအေးစေ၏၊

တံပရိဋ္ဌာဟံ၊ ထိုရာဂအစရှိသော ပူလောင်းခြင်းကို။ သဇလဒါ၊ ရေနှင့်တကွ ဖြစ်နေကြ၍၊ ကောင်းစွမနေ့း, ချမ်းအေးခြင်းကို ပေးတတ်ကုန်သော။ (ဝါ) ရေစင်ရေကောင်း သွန်းလောင်း ရွာဖြိုး, မိုးကြီးတို့နှင့်တကွ ဖြစ်ကုန်သော။ဝါတာ၊ ရွှေနောက်ဝဲယာ,လည်ကာသွားပြေး, လေကောင်း လေအေးတို့သည်။နသမယန္တိ၊ ပူပန်ခပ်သိမ်း, ရှောင်ခွာတိန်းအောင်, မငြိမ်းအေးစေ နိုင်ကြကုန်။ ဟာရိ စန္ဒနဥ္စာပိ၊ ဂေါသီဘဟု နာမထူးပေ၊ စန္ဒကူးရွှေသည်လည်း။ နသမယတိ၊ ပူပန်ခပ်သိမ်း ရှောင်ခွာ တိမ်းအောင် မငြိမ်းအေးစေနိုင်။ ဟာရာပိ၊ လှပတင့်တယ် ပုလဲသွယ်တို့သည်လည်း။ နေ၀သမယန္တိ၊ ကုန်။မဏယောပိ၊ရောင်လျှံတောက်ကြွား, မြကျောက် ဓေါ်သည့် ပတ္တမြားတို့သည်လည်း။နသမယန္တိ၊ ကုန်။ စန္ဒကိရဏာင်္ကုရာပိ၊ ရောင်လျှံပင်း, ငွေစန္ဒာလမင်း၏ ကွန်းလင်းဝေကွန့်၊ ရောင်ခြည်အညွန့် တို့သည်လည်း။ နသမယန္တိ၊ ပူပန်ခပ်သိမ်း, ရှောင်ခွာတိန်းအောင်, မငြိမ်းအေးစေနိုင်ကုန်။ သီလ မေဝ၊ ငါး, ရှစ်, ကိုး, ဆယ် အသွယ်သွယ်များလှ သီလသည်သာလျှင်။ (ဝါ) ရဟန်းအရှင် လူ သူတော်စင်တို့ ခံမင်လေးစား စောင့်ထိန်းငြားသည့် အကျင့်သီလ တရားသည်သာလျှင်။ သတ္တာနံ၊ ပုပ္ပရွရွ, များပြားလှစွာ, သဘ္ဘဝါကို၏။ (ဝါ) လူရေနတ်ပါ, ဗြဟ္မာမကြွင်း, ခပင်းများစွာ သတ္တဝါတို့၏၊ ပရိဋ္ဌာဟံ၊ သံသရာရှည်သျှ, ယနေ့ကျအောင် နှိစ့်ပူပြင်း ရာဂဒေါသ အစရှိသော ပူလောင်ခြင်းကို။ သမေတိ၊ သီလရေပေါက်, တစက်ရောက်က, ချုပ်ပျောက်ကင်းဝေး, ငြိမ်းအေး စေနိုင်သည်သာလျှင်ကတည်း။

ဆိုလိုဘဲ့ အဓိပ္ပာယ်က ဒီလိုဘဲ့၊ ကျိုးခြင်း, ပေါက်ခြင်း, ပြောက်ခြင်း, ကျားခြင်း မရှိစေပဲ ကောင်းမွန်ရိုသေစွာ စောင့်ထိန်းအပ်သော သီလ၊ အပြစ်ကင်းသဖြင့် သန့်ရှင်းစင်ကြယ်သောသီလ, ပူပန်ကင်းဝေး, အမှန်ပင် အေးမြလှစွာသော သီလ တရားသည် လောက၌ လူ, နတ်, ဗြဟ္မာ, သတ္တဝါအများတို့၏ သန္တာန်၌ သံသရာ အစက ယနေ့ကျအောင် လွန်စွာထန်ပြင်း ရာဂ, ဒေါသ အစရှိသော ပူလောင်ခြင်းကို ခဏချက်ချင်း, ပျောက်ကင်း ငြိမ်းအေး စေနိုင်ပါတယ်၊ ထိုရာဂ ဒေါသ အစရှိဘဲ့ ပူလောင်ခြင်းကို လောကမှာ မီးပူ, နေပူ ဟူဟူသမျှကို မကြာခဏ အေးငြိမ်းအောင်ပြု စွမ်းနိုင်ကြဘဲ့ ရေအဟုန်ကို ပေးတတ်ကုန်သော လွန်စွာ ထန်သီး မိုးကြီးတို့နှင့်တကွ ဖြစ်ကုန်သော လေကောင်း, လေအေးတို့ကသဲ မငြိမ်းအေးစေ နိုင်ကြပါဘူး၊ အလွန်အေးမြလှသည့် ဂေါသီတ မည် သော စန္ဒကူး ရွှေကသဲ ငြိမ်းအေးအောင် မပြုနိုင်ပါချေ၊ အလွန်တင့်တယ်သည့် ပုလဲသွယ်တို့ကသဲ ငြိမ်းအေး လေအောင် အလျဉ်းပင် မရွက်ဆောင်နိုင်ကြပေ၊ ထိုမှတပါး အရောင်အဝါ လွန်စွာ ထွန်းဘောက် မြကျောက် ပတ္တမြားတို့ကသဲ ငြိမ်းအေးအောင် မပြုနိုင်ကြပေ၊ ကြည်လင်ထွန်းပ အေးမြလှသည့် ငွေစန္ဒာလမင်း၏ ထင်လင်းဝေကွန့် ရောင်ခြည် အညွန့်တို့လဲ ထိုရာဂ, ဒေါသ, မာန အစရှိသော ကိလေသာ အပူမီးကို ငြိမ်းအေးလေအောင် မရွက်ဆောင်နိုင် ကြဘူးတဲ့၊ (ဒကာကြီး ဦးစိန်ရှဲ)။

ဦးပဥ္စင်းတို့ လူတွေ, နတ်တွေ, ဗြဟ္မာတွေ သုံးဆယ်တဘုံ သားတွေဟာ အပြင် ဗဟိဒ္ဓ အပူကိုသာ ကြောက်ကြ, လန့်ကြ, စိုးရွံ့ တတ်ကြတာနော်၊ တကယ်စင်စစ် မိမိတို့ ကိုယ်တွင်း၌ ရှိနေဘဲ့အဘွင်း အဇ္ဈတ္တ အပူမီးကိုတော့ တိုးတက် ပွားစီးအောင်ပင် လောင်စာတွေ အမျိုးမျိုးနှင့် မီးထိုးပြီး ပေးနေကြသေးသည် မဟုတ်လား၊ ဒီ ရာဂ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယ အစရှိဘဲ့ တရားဆိုးတွေဟာ ပကယ်စင်စစ်အတွင်း အဇ္ဈတ္တမှာ အမြဲအစဉ် လောင်ကျွမ်းနေတဲ့အတွင်း မီးတွေပဲ ဖြစ်တယ်နော်၊ ဒီ ရာဂ, ဒေါသ အစရှိတဲ့အတွင်း အဇ္ဈတ္တမှာ စွဲ၍ လောင်ကျွမ်းနေတဲ့ ကိလေ

သာ အပူမီးကိုတော့–သီလတည်းဟူသော ရေစင်ရေကောင်း သွန်းလောင်းပေးမှသာလျှင် ပူပန်ခြင်း မှန်သမျှ တခဏခြင်းအေးပြီး သွားစေနိုင်ပါတယ်တဲ့၊ ဒါ့ကြောင့်မို့ ရာဂ, ဒေါသ, မောဟ မာန အစရှိတဲ့ ကိလေသာအပူမီး ငြိမ်းအေးလိုလျှင် ပကတိ ရေစင်ရေကောင်း သွန်းလောင်းပေးလို့ မငြိမ်းအေးနိုင်ပါဘူး၊ သီလ ရေအေး သွန်းလောင်းပေးမှသာလျှင် ပူပန် ခပ်သိမ်း အေးငြိမ်း စေနိုင် တယ်လို့ မှတ်ရကြမယ်၊ ဒီ အဓိပ္ပာယ် မှတ်လွယ်အောင် လင်္ကာလေး ဆိုကြဦးစို့။

**ဆောင်ပုဒ်။**

၁။ ရာဂ, ဒေါသ, မောဟ စသီး၊ ကိလေမီး၊ ပူကြီးပူလောင်သည်။
၂။ လေ–ရေ–ကျောက်မြ၊ ချမ်းလရောက်လဲ၊ မအေးပဲ၊ ပူမြဲပူလေသည်။
၃။ သီလရေစင်၊ သွန်းလောင်းလျှင်၊ ပူပင် ခပ်သိမ်း ငြိမ်းနိုင်သည်။
၄။ ကိလေ–မီးဒဏ်၊ ငြိမ်းအေးရန်၊ အမှန်သီလ စောင့်ရမည်။

ဤကဲ့သို့ အတွင်း အဇ္ဈတ္တမှာ အမြဲမပြတ် လောင်ကျွမ်းနေတဲ့ ကိလေသာ အပူမီးကို သီလ အကျင့် ရေစင် ရေအေး သွန်းလောင်း ပေးသဖြင့် ထို ကိလေသာအပူဘေးမှ ကင်းဝေးကာ အေး ချမ်းစွာ နေရတဲ့ အကြောင်းကို သာဓက ထုတ်ဆောင်ကာ ပြကြဦးစို့ရဲ့။

သဗ္ဗညု မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်း မွေ့ လျော်တော်မူစဉ် အခါက ဖြစ်ပါတယ်၊ ထိုအခါ တခုသော ဥပုသ်နေ့မှာ သာဝတ္ထိ မြို့သူမြို့သား များ ဖြစ်ကြတဲ့ ဥပါသကာ ဥပါသိကာမ သီတင်းသည် ငါးရာတို့သည် ဇေတဝန် ကျောင်းတော် သို့လာရောက်ပြီးလျှင် ဥပုသ် သီလ ဆောက်တည်ကာ နေကြသတဲ့၊ မြတ်စွာဘုရား သခင်သည် တရားသဘင်ဝယ်–

၁။ ဘိက္ခု–ရဟန်းယောကျ်ား ပရိသတ်၊
၂။ ဘိက္ခုနီ–ရဟန်းမိန်းမ ပရိသတ်၊
၃။ ဥပါသကာ–သီတင်းသည် ယောကျ်ား ပရိသတ်၊
၄။ ဥပါသိကာ–သီတင်းသည် မိန်းမ ပရိသတ်–ဟု ဆိုအပ်သော ပရိသတ် လေးပါးအလယ်၌ တင့်တယ်စွာ တန်ဆာဆင် အပ်သော ဘုရားရှင်နေရာ တရားပလ္လင်၌ သီတင်းသုံးတော် မူလျက် နူးညံ့သောစိတ်ဖြင့် ပရိသတ် လေးပါးကို ကြည့်ရှုတော်မူပြီး "ယနေ့တော့–သီတင်းသည် ဥပါသကာ–ဥပါသိကာမများရဲ့ စကားကို အကြောင်းပြုပြီး တရားဟောတော်မူခြင်း ဖြစ်ပေလိမ့် မည်" ဟု သိရှိတော်မူသဖြင့်–

"ဥပါသကာတို့ကို ခေါ်တော်မူ၍၊ "ဒါယကာတို့– အသင်တို့သည် ဥပုသ်စောင့်သုံးကြကုန် သည် မဟုတ်လော" ဟု မေးမြန်းတော် မူသတဲ့၊ ဒီလို သိလျက်သားနှင့် မေးမြန်းတော် မူခြင်း ကတော့– စကားအစ ပေါ်အောင် စကားစ ဖေါ်လိုက်ခြင်း ဖြစ်တယ်နော်၊ ယခု လောကမှာလဲ စကားစ ပေါ်အောင် ဒီလို သိလျက်သားနှင့် မေးမြန်းကြမြဲပင် မဟုတ်လား၊ ထိုအခါ သီတင်း သည် ဒကာ, ဒကာမများက "မှန်ပါသည် အရှင်မြတ်ဘုရား" ဟု လျှောက်ထား ကြလေလျှင်၊ မြတ်စွာ ဘုရားရှင်က –

"သာခုံ ဝေါ ကတံ၊ ဥပေါသထောနာ မေဃ ပေါရာဏက ပဏ္ဍိတာနံ ဝံသော၊
ပေါရာဏက ပဏ္ဍိတာ ဟိ ရာဂါဒိ ကိလေသ နိဂ္ဂဟတ္ထံ ဥပေါသထဝါသံ ဝသိံသု"
ဟု ဟောကြားတော် မူပါတယ်။ (ဇာ–ဌ ၄–၃၂၆၊ ပဥ္စ ပေါသထ ဇာတက)။

ဥပါသကာ၊ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့။ ဝေါ၊ သင်တို့သည်။ သာဓု၊ ကောင်းစွာ။ ကတံ၊ ပြုအပ်ပေ၏။ ယော ဥပေါသထောနာမ၊ ဤ ဥပုတ် သီတင်း ကျင့်သုံးခြင်း မည်သည်။ ပေါရာဏက ပဏ္ဍိတာနံ၊ ရှေးပညာရှိအပေါင်း သူတော်ကောင်းတို့၏။ ဝံသော၊ စဉ်လာမပျက်, အဆက်အနွယ် ပေတည်း။ ဟိသစ္စံ၊ ထိုစကားသည် ထင်ရှားကေန်, မှန်လှပေ၏။ ပေါရာဏက ပဏ္ဍိတာ၊ ရှေး၌ဖြစ်ကြွား ပညာရှိ အများတို့သည်။ ရာဂါဒိ ကိလေသ နိဂ္ဂဟတ္ထံ၊ ရာဂ အစ, များပြားလှစွာ, ကိလေသာဆိုး, တရားမျိုးတို့ကို, ပယ်ချိုးပယ်ရှင်း, နှိမ်နင်းခြင်းငှာ။ ဥပေါ သထ ဝါသံ၊ ဥပုသ် သီတင်း, ကျင့်သုံးခြင်းကို။ ဝသိံသု၊ လေးမြတ်ရိုသေ, ကျင့်သုံး ဆောက်တည်ကာ နေကြ လေကုန်ပြီကား။

ယင်းကဲ့သို့ ဟောကြားတော်မူပြီး ဆိတ်ဆိတ် နေတော် မူသဖြင့် ဥပုသ် သီတင်းသည် ဒါယကာ, ဒါယိကာမ အပေါင်းတို့က ထိုအကြောင်းကို ပြန်ပြောင်း ဟောကြားတော်မူရန် လျှောက်ထား တောင်းပန် ကြသဖြင့် သုံးလူ ထွဋ်တင် ဘုရားရှင်က အတိတ်ဆောင်ကာ ဟောကြားတော် မူသည်မှာ —

အို-ဒါယကာ-ဒါယိကာမအပေါင်း သူတော်ကောင်းတို့-လွန်လေ ကြာဝေး အတိတ် ရှေး အခါက မာဂဓတိုင်း, မလ္လတိုင်း, အင်္ဂတိုင်း-ဟု ဆိုအပ်သော တိုင်းကြီးသုံးရပ်တို့ အကြား၌ ကြီးစွာ သော တောကြီးတတော ရှိပေသည်။ ထိုစဉ်အခါတွင် ငါဘုရားသည် ပါရမီ တရားတို့ကို ကျင့်ကြံ အားထုတ်နေသော အလောင်းတော် ဘဝမှာ ဖြစ်စဉ်က မာဂဓတိုင်းဝယ် စည်းစိမ်ဥစ္စာ ချမ်းသာ ကြွယ်သော ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လေလျှင် ကာမဂုဏ် တရားတို့ကို မလိုက်စားပဲ ပယ်ရှားပြီးကာ တောထွက်လာ၍ ထို တောအုပ်ကြီး အတွင်းသို့ ဝင်၍ သခ်မ်း ကျောင်းကလေး တကျောင်း ဆောက်လုပ်၍ ရသေ့, ရဟန်းပြုကာ နေပါတယ်။ ထိုအလောင်းတော် ရသေ့၏ သခ်မ်းကျောင်းအနီးဝယ် တခုသော ဝါးတော၌ ခိုငှက် တကောင်သည် မိမိ၏မယား ခိုငှက်မနှင့် အတူ နေထိုင် လေသတဲ့၊ တခုသော တောင်ပို့မှာတော့-မြွေတကောင် နေလေသတဲ့၊ တခုသော တောခြုံမှာ မြေခွေးတကောင်, တခုသော တောခြုံမှာတော့- ဝံတကောင် နေကြလေသတဲ့။

တေ စတ္တာရောပိ ကာလေနကာလံ ဣသိံ ဥပသင်္က မိတွာ ဓမ္မံ သုဏန္တိ။ (ဇာ ဋ-၄-၃၂၆)

တေ စတ္တာရောပိ၊ ခိုငှက်, မြွေ, မြေခွေး, ဝံအားဖြင့် ထို လေးကောင် ကုန်သော သတ္တဝါ တို့သည်လည်း။ ကာလေနကာလံ၊ ရံခါရံခါ (ဝါ). အမြဲမပြတ် အခါခါ အထပ်ထပ်။ ဣသိံ၊ သူတော်ကောင်းတရား ကျင့်ပွားနေလတ်, ရသေ့သူတော်မြတ်ထံသို့။ ဥပသင်္က မိတွာ၊ ချဉ်းကပ် ၁စား ကြကုန်၍။ ဓမ္မံ၊ အကုသိုလ်တရား ပယ်ရှားနိုင်ကြောင်း တရားကောင်းကို။ သုဏန္တိ၊ ရိုရို သေသေ လေးလေးစားစား နာကြားကြ လေကုန်၏။

ဒီ ခို မြွေ,မြေခွေး,ဝံ,ဆိုတဲ့ သတ္တဝါလေးကောင်ဟာ တိရစ္ဆာန်ဆိုပေမဲ့ သာမည သတ္တဝါ တွေ မဟုတ်ဘူးနော်၊ ကောင်းတဲ့ အမှုကုသိုလ်တရား, မကောင်းတဲ့ အမှုအကုသိုလ် တရားများကို ဘုရားအလောင်း ရသေ့သူတော်ကောင်းနှင့် ပေါင်းသင်းနေကြသဖြင့် အသင့်အတင့် သိကြတယ်၊ မိမိတတ်စွမ်းနိုင်သမျှသဲ လိုက်နာ ကျင့်ကြံနေထိုင်ကြတယ်၊ ဆရာ ရသေ့ထံသို့သဲ မကြာမကြာဆည်း ကပ်ခစားလာပြီး တရားတော်ကို နာယူကြလေသတဲ့၊ တော်တော် တော်တဲ့ သတ္တဝါတွေဘဲနော်၊ ဒီလို သူတော်ကောင်းနှင့် ပေါင်းသင်းရတော့ သူတော်ကောင်းရဲ့ အကျင့်စရိုက်တွေလဲ မှတ်သက်ပြီး

ကူးလာနိုင်သတဲ့- (ဒကာကြီး ဦးစိန်ရဲ့)၊ ဒါ့ကြောင့်မို့ သဗ္ဗညု မြတ်စွာဘုရားက ဓာတု သံယုတ် သဂါထာဝဂ္ဂသုတ်မှာ—

ဓာတုသော ဝ ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ၊ ဟီနာဓိမုတ္တိကာ ဟီနာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ၊ ကလျာဏာဓိမုတ္တိကာ ကလျာဏာဓိမုတ္တိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ။ (သံ-ပ ၃၇၀)

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးကြောက်ကြွား အို-ချစ်သား ချစ်သမီးတို့။ သတ္တာ၊ သုံးဆယ်တဘုံ ကျင်လည်ကုန်ကြွား သတ္တဝါအများတို့သည်။ ဓာတုသော ဝ၊ ထင်ရှားမပြတ် ဖြစ်တတ်သော ဓာတ်အားဖြင့်သာလျှင်။ သံသန္ဒန္တိ၊ ပေါင်းသင်းနှီးနှောကုန်၏။ (ဝါ) တပေါင်းတည်း ဖြစ်ကြလေကုန်၏။ သမေန္တိ၊ ညီညွတ်ကုန်၏။ (ဝါ) တသားတည်းဖြစ်ကြလေကုန်၏။ ဟီနာဓိမုတ္တိကာ၊ ယုတ်ညံ့သိမ်ဖျင်း နှလုံးသွင်းရှိကုန်သူတို့သည်။ ဟီနာဓိမုတ္တိကေဟိ၊ ယုတ်ညံ့သိမ်ဖျင်း နှလုံးသွင်းရှိကြသောသူတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ သံသန္ဒန္တိ၊ ကုန်၏။ သမေန္တိ၊ ကုန်၏။ ကလျာဏာဓိမုတ္တိကာ၊ ကောက်ကျစ်ကင်းခြင်း ရိုးဖြောင့်ခြင်းကြောင့် ကောင်းမြတ်သော နှလုံးသွင်း ရှိကြကုန်သော သူတို့သည်။ ကလျာဏာ ဓိမုတ္တိကေဟိ၊ ကောက်ကျစ်ခြင်းကင်း ရိုးဖြောင့်ခြင်းကြောင့် ကောင်းမြတ်သော နှလုံးသွင်း ရှိကြကုန်သောသူတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ သံသန္ဒန္တိ၊ ပေါင်းသင်းနှီးနှောကြလေကုန်၏။ (ဝါ) တပေါင်းတည်း ဖြစ်ကြလေကုန်၏။ သမေန္တိ၊ ညီညွတ်ကုန်၏။ (ဝါ) တသားတည်း ဖြစ်ကြလေကုန်၏။

သုံးဆယ်တဘုံ ကျင်လည်ကုန်သော သတ္တဝါတို့မည်သည် မှန်စွာထင်ဟပ် ဓာတ်သဘော အားဖြင့်သာလျှင် အချင်းချင်း ဆက်စပ်နေကြတယ်၊ တပေါင်းတည်း တသားတည်းဖြစ်၍ နေကြခြင်းဖြစ်ပေတယ်၊ ယုတ်ညံ့ သိမ်ဖျင်းနှလုံးသွင်း သဘောရှိကြသော သူများကလည်း ယုတ်ညံ့သိမ်ဖျင်း နှလုံးသွင်းသဘောထားရှိကြသော သူများနှင့်သာ အတူတကွ ပေါင်းသင်းနှီးနှောကြတယ်၊ တပေါင်းတည်း တစည်းတည်း ဖြစ်နေကြတယ်တဲ့၊ လွန်ခဲ့တဲ့အတိတ်ကာလကလဲ ယုတ်ညံ့သော နှလုံးသွင်းရှိသော သတ္တဝါများထားခဲ့ကြတယ်တဲ့၊ ယခုပစ္စုပ္ပန်ကာလမှာလဲ ယုတ်ညံ့သူဟာ ယုတ်ညံ့တဲ့သူချင်းသာ ပေါင်းသင်းကြပါတယ်၊ နောင်အနာဂတ်မှာလဲ ယုတ်ညံ့သော နှလုံးသွင်း သဘောထား ရှိသူဟာ ယုတ်ညံ့သော နှလုံးသွင်းသဘောထား ရှိသူနှင့်သာ အတူ တကွ ပေါင်းသင်း နေထိုင်ကြလိမ့်မည်၊ တပေါင်းတည်း တစည်းတည်းဖြစ်ကြလိမ့်မည် ဖြစ်တယ်၊ ဒီနေရာမှာ ဥပမာပြကာ ဟောကြားတော်မူခဲ့ပါတယ်၊ ဥပမာကတော့ လောကမှာ မစင်ကျင်ကြီးသည် မစင်ကျင်ကြီးနှင့်သာတပေါင်းတည်းတစပ်တည်းဖြစ်ကာ နေပါတယ်၊ ကျင်ငယ်ကလဲ ကျင်ငယ်နှင့် တံတွေးကလဲ တံတွေးနှင့် ပြည်တို့သွေးတို့ကလဲ ပြည်တို့သွေးတို့နှင့်သာ တပေါင်းတည်း တစပ်တည်း ဖြစ်တတ်ကြမြဲ ဖြစ်တယ်၊ အတူတကွ ရောနှောနှီးနှယ်ကြတယ်တဲ့၊ ထိုနည်းအတူပါဘဲ ယုတ်ညံ့သိမ်ဖျင်းသော နှလုံးသွင်း သဘောထား ရှိသူများနှင့် တပေါင်းတည်း တသားတည်း ဖြစ်ကြတယ်၊ နှီးနှောဆက်ဆံကြတယ်တဲ့- (ဒကာကြီး ဦးစိန်ရဲ့)။

ဆောင်ပုဒ်၊ ယုတ်ညံ့သိမ်ဖျင်း နှလုံးသွင်းရှိသူ၊ ယုတ်သူနှင့်ဘဲ အမြဲအတူ၊
ခေါက်ချင်းဆက်လို့ မပျက်ကြည်ဖြူ၊ အကြောင်းနီး တပေါင်းတည်းဖြစ်မြဲဟူ။

ထို့အတူပါ၊ ကောင်းမြတ်သော နှလုံးသွင်းသဘောရှိသူများမှာလဲ ကောင်းမြတ်တဲ့နှလုံးသွင်း သဘောရှိသူများနှင့်သာ အတူတကွပေါင်းသင်းကြ မို့ဝဲကြ တပေါင်းတည်း တသားတည်း ဖြစ်ကြမြဲ ဓမ္မတာပါပဲ တဲ့၊ အတိတ်အခါကလဲ ထိုနည်းငှါ၊ ပစ္စုပ္ပန်အခါမှာလည်း ထိုနည်းငှါ၊ အနာဂတ်

အခါမှာလဲ ထိုနည်းငှင်းပင်, ကောင်းသောနှလုံးသွင်း သဘောထားရှိသူဆိုလျှင် ကောင်းမြတ်သော သဘောထားရှိသူ အချင်းချင်းသာ ရင်းရင်းနှီးနှီး ဆက်ဆံကြ ပေါင်းသင်းကြ နီးနှောကြတတ်ပါတယ်။ တပေါင်းတည်းတသားတည်းဖြစ်ပါတယ်။ ဒီနေရာမှာလဲ သုံးလေးကထွင့်ထား မြထ်စွာဘုရားက ဥပမာဆောင်ကာပြထားသည်မှာ၊ ဥပမာအားဖြင့် လောကၶ နို့ရည်သည်နို့ရည်နှင့်သာ တပေါင်းတည်း တစပ်ဘည်းဖြစ်တယ်။ ဆီသည်ဆီနှင့်သာ, ထောပတ်သည်လည်း ထောပတ်နှင့်သာ, ပျားရည်သည်လည်း ပျားရည်နှင့်သာ, ဂင်လဲတို့, ထန်းလျက်တို့လဲ တင်လဲတို့ ထန်းလျက်တို့နှင့်သာ အတူတကွ ပေါင်းကြယှဉ်ကြမြဲ၊တပေါင်းတည်းတသားတည်း ဖြစ်ကြမြဲပါပဲတဲ့။ နို့ရည်သည် မစင်နှင့်မရောနှော၊ ကျင်ငယ်နှင့်မရောနှောပါဘူး။ ထိုနည်းတူစွာ လောကမှာ ကောင်းမြတ်သောသဘောထားနှလုံးသွင်းခြင်းရှိသူများဟာ ကောင်းမြတ်သောနှလုံးသွင်း သဘောထားရှိသူများနှင့်သာအတူတကွပေါင်းသင်းကြ နီးနှောကြမြဲ၊ တပေါင်းတစည်းတည်း ဖြစ်မြဲဖြစ်ပါတယ်။ ကဲကဲ– ကောင်းမြတ်သော နှလုံးသွင်းသူအတွက်လဲ ဒီလင်္ကာကလေး ဆက်ဆိုထားကြဦးစို့။

ဆောင်ပုဒ်။ ။ဖြောင့်မှန်ကောင်းမြတ်–စိတ်ဓာတ်ရှိသူ၊ ကောင်းသူနှင့်ဘဲ–အမြဲအတူ။
ဓာတ်ချင်းဆက်လို့–မပျက်ကြည်ဖြူ၊ အကြောင်းနီး–တပေါင်းတည်းဖြစ်မြဲဟူ။

ယင်းခို့, မြွေ, မြွေခွေး, ဝံအားဖြင့် လေးကောင်သောသတ္တဝါကလေးများဟာ မိမိတို့အတိတ်ကံဘချက်စောင်းသဖြင့် မကောင်းတဲ့ တိရစ္ဆာန်ဘဝမှာ ဖြစ်ကြရှာပေမဲ့ သူတော်ကောင်း စိတ်ဓာတ်ကလေးကလဲ ကိန်းခပ်ပြီးနေတယ်နော်။ သို့အတွက်ကြောင့်လဲ– ဘုရားအလောင်း ရှင်ရသေ့ထံမှာ အချိန်မှန်လာပြီး တရား႑ာယူ နိုင်ကြတာကိုး။ ထိုကဲ့သို့ ပျော်ပျော်ပါးပါး နေထိုင် လာခဲ့ကြရာက တနေ့သောအခါမှာ ခိုငှက်ငယ်ဟာ မိမိရဲ့ ချစ်ဇနီးသည်နှင့်အတူ နေထိုင်ရာ အသိုက်မှ အစာရှာ ထွက်လာကြသတဲ့။ လင်ယောကျ်ားဖြစ်သော ခိုငှက်ဖို၏နောက်မှ တကောက်ကောက်ကပ်၍ လိုက်ပါလာသော ခိုငှက်မကို အသနားမဖက် အလွန်ရက်စက်တဲ့ တကောင်သောသိန်းငှက်က သုတ်ဖမ်းချီပြီး သွားပါတော့တယ်။

ခိုငှက်မလေး၏ ငိုကြွေး ဟစ်အော်သော အသံကိုကြား၍ ခိုငှက်ဖိုနောက်သို့ ပြန်လည်ကာ ကြည့်ရှုစဉ်မှာ အလွန်ရက်စက်တဲ့သိန်းငှက်ဟာ ခိုမလေးငိုကြွေးအော်ဟစ်နေဆဲပင်သတ်ဖြတ်ပြီး စားမြိုစားသော ၊ဘ်ခလေဘော့သတဲ့။ ခိုငှက်ဖိုလဲ ချစ်လှစွာသောဇနီးသယ် ခိုမလေးနှင့် ယခုလိုကွေကွင်းခဲ့ခွာရဘဲ့အဘွက် ပူဆွေး သောကလှိုင်းထလာပြီး မျက်ရည်တွေ တစက်စက်ကျလာရှာသတဲ့။ "ချစ်စခင်စ ကျင်နာစမှာ မလွဲသာဘဲ ခွဲခွာရတာ အသဲကနာ" ဆိုတာလိုဖြစ်နေရှာပေါ့နော်။ ခိုငှက်ကလေးဟာ ချစ်ဘဲ့သူနဲ့ခွဲရလို့ စိုးရိမ်ပူဆွေး ငိုကြွေးနေပုံတွေကိုတော့ အကျယ်ချဲ့ပြီး မပြောပါရစေနဲ့တော့။ အပူအေးအောင် တရားဟောတာက အပူတိုက်သွင်းသလို ဖြစ်နေရော့မယ်လေ၊ သံယောဇဉ်ဓာတ် မကင်းပြတ်သေးတဲ့ သူတွေဆိုတော့ ကိုယ်ချင်းစာကြည့်လိုက်လျှင် အလွယ်ကလေးနှင့် သိနိုင်မြင်နိုင်ပါတယ်နော်။ ဒါပေမဲ့ ခိုကတိရစ္ဆာန်ဆိုပေမဲ့ အသိဉာဏ်မနည်းလှဘူးနော်။ ကြည့်စမ်းပါဦး–သူရဲ့ကြံစည်ပုံက ဒီလိုဘဲ့။

ကပေါတော တာယ ဝိယောဂေန ရာဂပရိဠာဟေန ပရိဌယုမာနော စိန္တေသိ"အယံ ရာဂေါ မံ အတိဝိယ ကိလမေတိ၊ န ဣဒါနိ ဣမံ အနိဂ္ဂဟေတွာ ဂေါစရာယ ပက္ကမိဿာမိ" တိ။

(ဧ၊ ၄၊ စ–၃၂၆)

ကပေါတော၊ ခိုင်ငှက်သည်။ တာယ၊ ထိုချစ်၍မငြီး, ဇနီးသည်ခိုမလေးနှင့်။ ဝိယောဂေန၊ အမှန်မယွင်း, ကွေကွင်းခွဲခွာရခြင်းကြောင့်။ ရာဂပရိဠာဟေန၊ ရာဂတည်းဟူသော အပူမီးသည်။ ပရိဍယှမာနော၊ ရပ်ထက်ဝန်းကျင်, အစဉ်မပြတ်၊ လောင်မြိုက်အပ်သည်ဖြစ်၍။ "အယံရာဂေါ- တပ်မက်ဖြစ်ပွား, ဤရာဂတရားသည်။ မေ၊ ငါ့အား။ အတိဝိယ၊ စားလဲဒီစိတ်, သွားလဲဒီစိတ်နှင့်, ရိတ်ရိတ်ပူပင် အလွန်လျှင်။ ကိလမေတိ၊ မရှင်မလန်း, ပင်ပန်းနွမ်းနယ်စေ၏။ ဣဒါနိ၊ ယခုအခါ၌။ ဣမံ၊ လွန်စွာဆိုးဝါး, ဤရာဂတရားကို။ အနိဂ္ဂဟေတွာ၊ ချုပ်ပျောက် လွတ်ကင်းအောင် မနှိမ်နင်းမူ၍၊ ဂေါစရာယ၊ အစာရှာခြင်းငှာ။ နပက္ကမိဿာမိ၊ မသွားတော့အံ့။" ဣတိ၊ ဤသို့။ စိန္တေသိ၊ ကောင်းစွာစိတ်ထား, တရားသက်ဝင်, ကြံဆင်ခြင်လေသတည်း။

(ဒကာကြီး ဦးစိန်) ဟောဒီ ခိုင်ငှက်ကလေးကတော့ တိရစ္ဆာန်လို့သာဆိုရတာ၊ တရားသဘောတွေ လူထက်တောင် နားလည်နေသေးတယ်လို့ ဆိုရတော့မယ်။ သူ့ရဲ့ဇနီးဖြစ်တဲ့ ခိုမ ကလေးနဲ့ သေကွဲကွဲရခြင်းကြောင့် ခိုမလေးအပေါ် တွယ်တာချစ်ခင်တဲ့ သံယောဇဉ်မီးတောက်ကလေးက သူ့ကို ကပ်ရောက်ပြီး, လောင်ကျွမ်းနေတာ၊ သူ သိတယ်နော်။ သို့အတွက် သူက ကြံစည်စဉ်းစားပြန်တယ်။ "ဒီခွဲလန်းတပ်မက်မှု ရာဂတရားဟာ ငါ့ကိုအလွန်အမင်း ပြင်းပြင်းထန်ထန် ပူလောင်စေတယ်။ ငါ့ကို ပင်ပန်းနွမ်းနယ်စေတယ်။ ဒီလိုနေလို့ မဖြစ်တော့ဘူး။ ယခုပင်လျှင် ဆိုးသွမ်းတဲ့ ဒီရာဂ အပူမီးကို မငြိမ်းအေးရသေးဘဲ အစာရှာသွားလို့ မဖြစ်သေးဘူး။ အစာရှာမသွားတော့ဘူးလို့ ကြံစည်လေသတဲ့။ ဦးပဥ္စင်းတို့ လူသားတွေကတောင် ဒီခိုငှက်ကလေးထံမှ အတုယူရန် ကောင်းနေပြီနော်။ ခိုငှက်ဟာ တိရစ္ဆာန်ဘဲဆိုပြီး အရမ်းလဲ အထင်မသေးလိုက်ပါနဲ့ဦး။ သာမည ခိုသတ္တဝါ မဟုတ်ပါဘူး။ ယခုရှင်အနုရုဒ္ဓါမထေရ်အလောင်းဖြစ်ပါတယ်။ ဗျာဒိတ်ကွေရပြီးမှ သံသရာ ကြဉ်လည်ရစဉ်မှာ အကုသိုလ်ကံ အကျိုးပေးခွင့်ကြုံသဖြင့် တိရစ္ဆာန်ဘုံရောက်ရတာတဲ့နော်။ သံသရာမှာကျင်လည်ရတာ ဘယ်ကလောက် ကြောက်စရာကောင်းသလဲဆိုတာ ဉာဏ်ယှဉ်သုံးကြည့်ကြပေတော့။

သော ဂေါစရပထံ ပစ္စိန္ဒိတွာ တာပသဿ သန္တိကံ ဂန္တွာ
ရာဂနိဂ္ဂဟာယ ဥပေါသထံ သမာဒိယိတွာ ကေမန္တံ နိပ္ပဇ္ဇိ။ (ဇာ၊ ၄၊ စ၊ ၃၂၆)

သော ကပေါတော။ ချစ်ဇနီးအတွက်, ရတက်မအေး, ပူဆွေးနေရှာသော ထိုငှက်ကလေးသည်။ ဂေါစရပထံ၊ အစာရှာရန်, အမှန်ပျံသန်း, ခရီးလမ်းကို။ ပစ္စိန္ဒိတွာ၊ မငဲ့မကွက်, ပယ်ဖျက်ဖြတ်တောက်၍။ တာပသဿ၊ ဆရာရှင်ဖြစ်လတ်, ရသေ့မြတ်၏။ သန္တိကံ၊ အ ား သို့။ ဂန္တွာ၊ မကြာတောက်လျှောက် သွားရောက်၍။ ရာဂနိဂ္ဂဟာယ၊ ရာဂညစ်ဆိုး, တရားမျိုးကို, ဖျက်ချိုးလွတ်ကင်း, နှိမ်နင်းခြင်းငှာ။ ဥပေါသထံ၊ သူတော်ကောင်းတို့, နည်းဟောင်းမှန်လှ, ဥပုသ်သီလကို။ သမာဒိယိတွာ၊ လေးမြတ်ကြည်ဖြူ ခံယူဆောက်တည်၍။ ကေမန္တံ၊ ဆိတ်ငြိမ်ကောင်းမြတ်, သင့်တင့်လျှောက်ပတ်သော အရပ်၌။ နိပ္ပဇ္ဇိ၊ ရာဂမီးဘေး ငြိမ်းပျောက်အေးအောင်, ကြံတွေးပြီးကာ, ဝပ်၍ နေရှာလေပြီ တကား။

ချစ်ဇနီး ကွယ်လွန် တိမ်းပါးသွားသည့်အတွက် တွယ်တာ နှစ်သက်မှု စိုးရိမ်ပူပန်မှု ဟူသော ကိလေသာရာ မီး လောင်မြိုက်ခြင်းခံနေရရှာသော ခိုငှက်ကလေးဟာ စိုးရိမ်ပူဆွေး ငိုကြွေးနေခြင်းဖြင့် အကျိုးမရှိနိုင်ဟု မြင်သိ၍ သတိသံဝေဂတွေ့ရှိပြီး အစာရှာအရပ်သို့မသွားတော့ပဲ ဆရာရှင်ရသေ့ထံ အမြန်သွားကာ ကိလေသာရာ ကို နှိမ်နင်းခြင်းငှာ ဥပုသ်သီလ ဆောက်တည်၍ တိတ်

ဆိတ်ငြိမ်သက်စွာ ဝပ်နေရှာလေသတဲ့။ ရှေးအခါကပင် ဒီကိုလေသာရာဂအပူမီးကို ငြိမ်းအေးအောင် ဥပုသ်သီတင်း သီလစောင့်သုံးရတယ်ဆိုတာကို တိရစ္ဆာန်ကလေးများပင် သိနေကြတယ်နော်။

ဆောင်ပုဒ်။ ၁။ ရာဂပူပန်၊ အေးငြိမ်းရန်၊ အမှန်သီလစောင့်ရသည်။

၂။ သီလရေစင်၊ သက်ရောက်ဝင်၊ ပူပင်ကင်းကွာချမ်းသာမည်။

အလောင်းတော်ရသေ့၏တရားတော်ကို အပြုလာရောက် နာယူနေကြသော မြွေတကောင်သည်လည်း အစာရှာသွားအံ့ဟု နေရာမှထွက်လာကာ ပစ္စန္တရစ် ရွာတရွာအနီး နွားစားကျက်တခုတွင် အစာရှာဖွေလှည့်လည်နေသတဲ့။ ထိုအခါ ရွာသူကြီး၏ တကိုယ်လုံး ဖွေးဖွေးဖြူသော မင်္ဂလာနွားလားသည်လည်း အစာစားရင်း တောင်ပို့တခုကို ဦးဖြင့် ထောက်၍ ဦးချိုထိပ်ဖျားကို တို့ရမ်းချိုသွေးကာ ကစားနေပါတယ်။ မြွေကလည်း ကျက်စားရာသို့ထွက်လာသော နွားများတို့၏ခြေသံကြောင့်ကြောက်၍ထိပ်လန့်ပြီး ထိုတောင်ပို့သို့ဝင်ရောက်ခြင်းငှာ ပြေးလာလေသတဲ့။ ထိုအခါ မင်္ဂလာနွားလားက မြွေကို ခြေဖြင့် နင်းမိရာ၊ မြွေကလည်း အလွန်နာကျင်လှသဖြင့် အမျက်ထွက်ကာ မင်္ဂလာနွားလားကို ကိုက်လိုက်တယ်။ ရွာသူကြီးရဲ့ မင်္ဂလာနွားလားသည် မြွေကိုက်ခံရသော ထိုနေရာ၌ပင်လျှင် လဲကျကာ သေဆုံးသွားရှာလေသတဲ့။ မြွေဆိုတဲ့ သတ္တဝါဟာ အလွန် ဒေါသကြီးတာပဲနော်။ သူ့ကိုထိရင် မီးပွင့်သွားမယ်ဆိုတာ ဒီသတ္တဝါမျိုးကို ခေါ်တာ။

အချို့သော သူများက မိမိတို့ကိုယ်ကို ငါတို့လာထိရင် မီးပွင့်သွားမည်တဲ့။ ဒေါသကြီးကြောင်း ပြောကြတယ်။ တကယ်တော့ မိမိတို့ကိုယ်ကို တိရစ္ဆာန်ဖြစ်သော မြွေသတ္တဝါနှင့် နှိုင်းစာနေတာပဲနော်။ မိမိစကား ဘယ်သွားသည်ကို မစဉ်းစားပဲ အရမ်းပြောတတ်ကြတာကိုး။ ကဲ- ရှိပါစေတော့။ ရွာသူ ရွာသားများကလဲ "ရွာသူကြီးရဲ့ မင်္ဂလာနွားလား သေဆုံးသွားရှာပြီတဲ့" ဟု ကြားသိကြသဖြင့် ရွာနေသူအားလုံး စုရုံးရောက်လာကြပြီး ငိုကြွေးမြည်တမ်းကာ ပန်းနံ့သာတို့ဖြင့် ပူဇော်ကြပါတယ်။ နောက် တွင်းတူး၍ ကောင်းမွန်စွာမြှုပ်နှံသင်္ဂြိုဟ်ကြပြီးမှ ပြန်သွားကြလေသတဲ့။ ယခုကာလ လူများဆိုလျှင်တော့ ပူဇော်ဘို့ မြေမြှုပ်ပစ်ဘို့ နေနေသာသာ သေပါပြီဆိုသံကြားရုံနှင့် သူ့ထက် ငါ ခေါင်းဆွဲလာပြီး ခုတ်ဖြတ် ဝေခြမ်း ချက်ပြုတ် စားသောက်ကြမှာပဲ။ အဲဒီ ပစ္စန္တရစ် ရွာသားများက ဘာ့ကြောင့် ဒီလိုပူဇော်ကြ၊ မြေမြှုပ်သင်္ဂြိုဟ်မှုပြုကြရသလဲဆိုတော့—

ရှေးအခါက အချို့သူများဟာ နွားသတ္တဝါကို ကျေးဇူးရှင်အရာ သတ်မှတ်ထားကြပါတယ်။ ဒီနွားများ ကျွဲများဟာ မိမိတို့အား အသက်သက်ဆုံး လုပ်ကိုင် ကျွေးမွေးကြရှာတယ်။ နို့ရေအေးကိုလဲ ပေးတယ်။ စီးပွားဥစ္စာကိုလဲ ရှာကြံပေးကြရှာတယ် မဟုတ်လား။ ဒါ့ကြောင့်မို့ သူတပါးကျေးဇူးကို အသူးသိတတ်သူများပီပီ သေဆုံးသွားတဲ့ မင်္ဂလာနွားလားကို ပူဇော်ခြင်း၊ မြေမြှုပ်သင်္ဂြိုဟ်ခြင်း ပြုလုပ်ကြတာဖြစ်ပါတယ်။ လူအချင်းချင်းပဲဖြစ်စေ၊ တိရစ္ဆာန်သတ္တဝါပဲဖြစ်စေ၊ မိမိအပေါ် ကျေးဇူးရှိခဲ့ဘူးတဲ့ သူကိုဆိုရင် မမေ့စကောင်းဘူးနော်။ ဒါဟာ သူတော်ကောင်းတို့လမ်းစဉ်ပါပဲတဲ့။ မြွေသတ္တဝါ ရဲ့ ရွာသူရွာသားတွေ ပြန်သွားမှ တွင်းထဲက ထွက်လာပြီး သံဝေဂတွေဖြစ်နေလေသတဲ့။

သပ္ပေါ တေသံ ဂတကာလေ နိက္ခမိတွာ "အဟံ ကောဓံ နိဿာယ ဣမံ ဇီဝိတာ ဝေါရောပေတွာ မဟာဇနဿ ဟဒယေ သောကံ ပဝေသေသိံ၊ နဒါနိ ဣမံ ကောဓံ အနိဂ္ဂဟေတွာ ဂေါစရာယ ပက္ကမိဿာမိ" တိ စိန္တေတွာ နိဝတ္တိတွာ အဿမံ ဂန္တွာ ကောဓ နိဂ္ဂဟာယ ဥပေါသထံ သမာဒိယိတွာ ကေမန္တံ နိပ္ပဇ္ဇိ။ (ဇာ-ဋ-စ ၃၂၇)။

သပ္ပေါ၊ မြေ့သည်။ တေသံ၊ ထိုရွာသူရွာသား လူအများတို့၏။ ဂတကာလေ၊ ပြန်သွားသော အခါ၌။ နိက္ခမိတွာ၊ တွင်းမှထွက်၍။ "အဟံ၊ ငါသည်။ ကောဓံ၊ စိတ်ဆိုး, စိတ်ပျက်, အမျက်ကို။ နိယာသယ၊ အမြဲပြု၍။ ဣမံ၊ ဤ မင်္ဂလာ နွားလားကို။ ဗီဝိတာ ဗီဝိတာန္ဒြေမှ။ ဝေါရောပေတွာ၊ ခြေခွင်းခဏ, ကျစေ၍။ မဟာဇနဿ၊ လူအများ၏။ ဟဒယေ၊ စိတ်နှလုံး၌။ သောကံ၊ စိုးရိမ်ခြင်း ဟူ, သောကမီးပူကို။ ပဝေသေသိ၊ မှန်စွာမယွင်း, သွင်းမိ ခဲ့လေပြီ။ ဒါနိ၊ ယခုအခါ၌။ ဣမံ၊ ကောဓံ၊ ဤ အမျက်ဒေါသကို။ အနိဂ္ဂဟေတွာ၊ ကင်းရှင်းအောင် မနှိပ်နင်းမူ၍။ ဂေါစရာယ၊ အစာ ရှာခြင်းငှာ။ နပက္ကမိဿာမိ၊ ရှောင်ခွာလျက်, မထွက်တော့အံ့"။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ တွေးဆ မြော်မြင်, ဆင်ခြင်ကြံဆ၍။ နိဝတ္တိတွာ၊ ပြန်နစ်၍။ တံအဿမံ၊ ရသေ့မြတ်နေရာ ထို သင်္ခမ်းကျောင်း သို့။ ဂန္တွာ၊ သွားရောက်၍။ ကောဓ နိဂ္ဂဟာယ ကောဓအမျက်, ပယ်ဖျက် နှိမ်နင်းခြင်းငှာ။ ဥပေါ သထံ၊ ဥပုသ် လကို။ သမာဒိယိတွာ၊ ခံယူ ဆောက်တည်၍။ ဧကမန္တံ၊ တိတ်ဆိတ် ငြိမ်သက်သဖြင့် သင့်တင့် လျှောက်ပတ်သော နေရာ၌။ နိပဇ္ဇိ၊ အမျက်ကောဓ, ကင်းရှင်းပရေး, ကြံဆောင်တွေး၍, အေးအေး ဆေးဆေး, လျောင်းခွေကာ နေရှာ လေတော့ပြီတကား။

မြွေကလဲ ငါသည် အမျက်ကောဓ, အားကြီးလှပြီး, ဤ မင်္ဂလာ နွားလား၏ အသက်ကို နှိပ်စက် သတ်ဖြတ် မိပေပြီ။ နွားလား သေခြင်းကြောင့် လူအများရဲ့ ရင်တွင်းမှာလဲ စိုးရိမ်ခြင်း အပူမီးကို သွတ်သွင်း ခဲ့မိပေပြီ။ ယခုအခါ ဤ အမျက်ကောဓကို မနှိမ်နင်းပဲ အစာရှာထွက်ရန် မသင့်ပေ" ဟု ကြံစည်ကာ အစာရှာရာမှ ပြန်လာပြီး ရသေ့၏ သင်္ခမ်း ကျောင်းသို့ သွား၍ ကောဓ တရားကို ပယ်ရှား သုတ်သင်ခြင်းငှာ ဥပုသ် လကိုခံယူ ဆောက်တည်ပြီး ငြိမ်သက် တိတ်ဆိတ် သော သင့်လျော်ရာ အရပ်သို့ သွားရောက်ကာ အေးအေးဆေးဆေး လျောင်းခွေ နေပါတယ်။ မြွေ သတ္တဝါကလေးဟာ အမျက်ကောဓ ကင်းပျောက်အောင် ဥပုသ်သီလ စောင့်နေတာနော်။ အကျင့်သီလက ဒေါသ မီးပူကိုလဲ ငြိမ်းအောင် ပြုနိုင်ပါတယ်၊ ဦးပဥ္စင်းတို့ တရားနာယူကြတဲ့ ပရိ သတ်များလဲ ဒေါသတည်း ဟူသော အပူမီးဒဏ် အေးငြိမ်းရန် သီလခံယူ ဆောက်တည် ကြပါလို့ တိုက်တွန်း လိုက်ရပါတယ်။

**ဆောင်ပုဒ်။** ၁။ ဒေါသမီးပူ၊ ငြိမ်းလိုမူ၊ ခံယူသီလ စောင့်ရမည်။
၂။ ရေစင်သီလ, ကျရောက်က, မုချအပူ အေးငြိမ်းမည်။

ထို့နောက် မြေခွေးတကောင် ဖြစ်တယ် ဒီမြေခွေးဟာလဲ အစာရှာ သွားယင်း ဆင်သေ ကောင် တကောင်ကို တွေ့သဖြင့်– "ငါတော့ ယခုအခါ ကောင်းမြတ်တဲ့ ကျက်စားရာကို တွေ့ရ ပေပြီ" ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဆင်သေကောင် အနီးချဉ်း ကပ်သွားကာ နှာမောင်းကိုကိုက် လေရာ၊ သစ်သားတိုင်ကို ကိုက်သကဲ့သို့ ဖြစ်လေသတဲ့။ နောက်အစွယ်ကို ကိုက်စမ်း ပြန်တော့လဲ ကျောက်ခဲကို ကိုက်ရသလို အလွန် မာကျောတာ တွေ့ရပြန်တယ်၊ ဝမ်းဗိုလ် ကိုက်ပြန်တော့လဲ စည် ကိုကိုက်ရသလို နေတယ်၊ အမြီးကို ကိုက်ပြန်တော့လဲ သံချောင်း သံတန်ကို ဂါးရသလို နေတယ်၊ နောက်ဆုံး-စအိုမင်္ဂကို ကိုက်တော့မှ ထောပတ်မုံ့ ကိုက်ဝါးရသလို ဖြစ်ပြီး အလွန်အရသာ တွေ့ရ လေတော့သတဲ့၊ ထို မြေခွေးဟာ လောဘအလိုဆို လိုက်ပြီး လောဘကို မထိန်းနိုင်တော့ပဲ စားယင်းစားယင်းဖြင့် ဆင်သေကောင်ရဲ့ ဝမ်းခေါင်းထဲ ငင်သွား လေတော့သတဲ့၊ မြေခွေးတော့ အလွန် ဝမ်းမြောက်နေတော့ တာပေါ့၊ ဆင်သေကောင်ရဲ့ ဝမ်းထဲမှာ ဆာသောအခါ အသားကို

စားလိုက်၊ ရေဆာသောအခါ ရေသွးကို သောက်လိုက်နဲ့ ကော်ပေါက် ဆိုက်နေတော့သတဲ့၊ အိပ်ချင်တဲ့အခါ ကြပြန်တော့လဲ အူတွေ အဆုတ်တွေ ဖြန့်ခင်းပြီး အိပ်စက် လေသတဲ့၊ ထိုမြေခွေးဟာ အလွန် ပျော်ရွှင် နေတာပဲနော်၊ စားသောက်ဘွယ်ရာ အိပ်ရာနေရာ အားလုံးက ပြည့်စုံနေတာကိုး။

ဒါပေမဲ့- "သုခသာနန္တ ရိခုဘွ"၊ ချမ်းသာခြင်းရဲ့ အဆုံးမှာ ဆင်းရဲမှု ကပ်ပါလာတယ်၊ ချမ်းသာခြင်းနောက် ဆင်းရဲ ရောက်တတ်တယ်" ဆိုတာကိုတော့-ထိုမြေခွေး နားလည်ရှာမည် မဟုတ်ပေဘူးပေါ့၊ ဒါကြောင့်မို့ ပျော်မဆုံး, ရွှင်မဆုံး တပြုံးပြုံး ဖြစ်နေတာ။

သော "ဣဓေဝ မေ အန္နပါနဥ္စ သယနဥ္စနိပ္ပန္နံ၊ အညတ္တ ကိံ ကရိဿာမိ" တိ စိန္တေတွာ တတ္ထေဝ အဘိရတော ဗဟိ အနိက္ခမိတွာ အန္တောကုစ္ဆိယံယေဝ ဝသိ။

(ဇာ-၄ စ-၃၂၇)။

သော ထိုမြေခွေးသည် "ဣဓေဝ၊ ဤ ဆင်သေကောင်၏ ဝမ်းတွင်းမှာပင်လျှင်။ မေ၊ ငါ အား။ အန္နပါနဥ္စ၊ အစာရေစာသည်၎င်း။ သယနဥ္စ၊ အိပ်ရာ နေရာသည်၎င်း။ နိပ္ပန္နံ၊ ပြီးပေ၏။ အညတ္တ၊ ပြင်ပရပ်ခြား တပါးသော အရပ်၌။ ကိံ ကရိဿာမိ၊ အသို့ ပြုရပါအံ့နည်း"။

ဣတိ စိန္တေတွာ၊ ဤသို့ အတည် တွေးကြံစည်၍။ တတ္ထေဝ၊ ထိုဆင်သေ မ်းခေါင်းတွင်း၌ ပင်လျှင်။ အဘိရတော၊ အလွန် မွေ့လျော်သည်ဖြစ်၍။ ဗဟိ၊ အပသို့။ အနိက္ခမိတွာ၊ မထွက်မူ၍။ အန္တောကုစ္ဆိယံယေဝ၊ ဆင်သေကောင် ဝမ်းခေါင်းတွင်း၌သာလျှင်။ ဝသိ၊ နှစ်သက်သာယာ, ပျော်ရွှင်စွာ နေလေပြီတကား။

ယင်းကဲ့သို့ မြေခွေးသည် ဆင်သေ ဝမ်းတွင်း၌ ပျော်ရွှင် ချမ်းမြေ့စွာ နေ၍ မကြာမီ နောက်အခါတွင် လေပူ, နေပူတို့ကြောင့် ဆင်သေကောင် ခြောက်ကပ်သွားရာ ဝစ္စမဂ်ခေါ် ဒွါရ ပေါက်သဲ ပိတ်သွား လေသတဲ့၊ မြေခွေးသည် ဝမ်းခေါင်းတွင်းမှာ စားလိုက်, အိပ်လိုက် နေရာက အသား အသွေးတွေ နည်းပါးပြီး ဖျော့တော့သော ကိုယ်ရှိသည် ဖြစ်၍၊ ဆင်သေဝမ်းခေါင်းတွင်းမှ ထွက် မြောက်ရာ လမ်းစကို မမြင်အောင် ဖြစ်နေတော့သတဲ့၊ ယင်းသို့ နေလာရာက တနေ့သော အခါ-အခါမဲ့ မိုးရွာသဖြင့် ဆင်သေကောင် ဒွါရပေါက် မိုးရေစွပ်၍ နူးညံ့ပျော့ပြောင်း လာကာ အပေါက်အနည်းငယ်လဲ ထင်လာသတဲ့၊ မြေခွေးသည် ဒွါရမှ အနည်းငယ်မျှသော အပေါက်ကို မြင်လေလျှင် "ငါသည် ဤ ဆင်သေ ဝမ်းခေါင်းတွင်း၌ ကြာမြင့်စွာ နေရသဖြင့် ပင်ပန်းလှပေပြီ၊ ဤ အပေါက်ဖြင့် အပြင်သို့ ထွက်ပြေးပေအံ့" ဟု ကြံစည်ကာ ဆင်ဒွါရပေါက်ကို ဦးခေါင်းဖြင့် ပြေးဆောင့် တိုးဝှေ့ပြီး ထိုကျဉ်းမြောင်း လှသော ဒွါရမှ လျင်မြန်စွာ ထွက်ပြေးသော မြေခွေး၏ အမွေးအားလုံးတို့ဟာ ဆင်ဒွါရ၌ ငြိကပ် ကျန်ရစ်ကြတော့သတဲ့၊ ထိုမြေခွေးဟာ အမွေးတွေကျွတ် အပေါ်ရေ စုတ်ပြတ်ကုန်၍ အရေမရှိသော ကိုယ်ဖြင့် ထွက်လာပါတယ်၊ အလွန် နာကျင်တဲ့ ဆင်းရဲ ဒုက္ခကို ပဲ ခံစား ရလေတော့တယ်၊ သို့အတွက် နာကျင်မှု ဒဏ်ကို ခံစားရင်း သံဝေဂတွေ တဖွား ဖွား ဖြစ်ပေါ်တယ်။

သော "လောဘံ နိဿာယ မယာ ဣဒံ ဒုက္ခံ အနုဘူတံ၊ န ဒါနိ ဣမံ အနိဂ္ဂဟေတွာ ဝေါစရံ ဂဏ္ဟိဿာမိ" တိ စိန္တေတွာ တံအဿမံ ဂန္တွာ လောဘ နိဂ္ဂဟတ္ထာယ ဥပေါသထံ သမာဒိယိတွာ ဧကမန္တံ နိပ္ပဇ္ဇိ။ (ဇာ ၄-စ-၃၂၇)။

ဓသာ သိင်္ဂါလော၊ ထိုမြေခွေးသည်။ လောဘ ၊ ဆိုးရွားလှစွာ လောဘ တဏှာကို။ နိဿာယ၊ အမှီပြု၍။ မယာ၊ ငါသည်။ ဣဒံ၊ ဒုက္ခံ၊ နာကျင်လွန်ကဲ ဤ ဆင်းရဲခြင်းကို။ အနုဘူတံ၊ ခံစား ရပေပြီ။ ဒါနိ၊ ယခုအခါ၌။ ဣမံ၊ ဤ လောဘ တရားဆိုးကို။ အနိဂ္ဂဟေတွာ၊ အမြစ်ပြတ်ကင်းအောင်, မနှိမ်နင်းမူ၍။ ဂေါစရံ၊ အစာကို။ နဂဏှိဿာမိ၊ နှစ်သက်ကြည်ဖြူ, မယူတော့အံ့”။ ဣတိ စိန္တေတွာ၊ ဤသို့ မိဋ္ဌာန်၊ စိတ်အကြံ ဖြစ်ပြီး၍။ တံအဿမံ၊ ထိုဘုရား အလောင်း ရသေ့၏ သင်္ခမ်းကျောင်းသို့။ ဂန္တွာ၊ သွားရောက်၍။ လောဘ နိဂ္ဂဟတ္ထာယ၊ လောဘတရားဆိုး, ဖျက်ချိုးပယ်ရှင်း, နှိမ်နင်းခြင်းငှာ။ ဥပေါသထံ၊ ဥပုသ်သီလကို။ သမာဒိယိတွာ၊ မြဲမြံတည်ကြည် ဆောက်တည်၍။ ဧကမန္တံ၊ ငြိမ်သက် တိတ်ဆိတ်သဖြင့် သင့်တင့် လျောက်ပတ်သော နေရာ၌။ နိပဇ္ဇိ၊ လောဘ နှိမ်ရေး, ကြံတွေးပြီးကာ အေးဆေး ငြိမ်သက်စွာ အိပ်စက် နေရှာ လေပြီတကား။

မြေခွေးလဲ လောဘရဲ့ ဆိုးကျိုးကို ကိုယ်တွေ့ ခံစားရပြီမို့ သတိ သံဝေဂ ဖြစ်ပြီး လောဘ နှိမ်နင်းရန်အတွက် ဥပုသ်သီလ စောင့်သုံးကာ နေပါတယ်။

ထိုမှတပါး ဝံတကောင်လည်း တောတွင်းမှ ထွက်လာ၍ အလွန် အလိုကြီးမှု နှိပ်စက်လေရကား မလွှတိုင်း ပစ္စန္တရစ်ရွာနားသို့ အထိအစာ ရှာသွားလေသတဲ့၊ ရွာသူရွာသားများ ထိုဝံကို မြင်ကြလျှင် “ဝံတကောင်ရွာနား ရောက်လာသဟေ့” ဟု ပြောဆို အော်ဟစ်ကာ လူစုပြီး လေး ဒုတ်, ဓား အစရှိသော လက်နက်များကို ကိုင်ဆောင်ကြကာ ရွာမှ ထွက်လာကြတယ်၊ ထို ဝံ ဝင်သွားသော ခြံကို ဝိုင်းအုံကာ ထားကြသတဲ့၊ ထိုဝံသတ္တဝါလည်း လူအများ ဝိုင်းအုံထားကြောင်း သိ၍ ကြောက်ရွံ့ ထိတ်လန့်ကာ ထွက်ပြေး လေရာ ရွာသူရွာသားများကလဲ လေး လက်နက်တို့ဖြင့်ရင်း ဒါးတုတ် စသည်တို့ဖြင့်ရင်း ပစ်ခတ် ထိုးခုတ် ကြလေသတဲ့၊ ယင်းသို့ ရွာသူရွာသားများ လေး, ဒုတ်, လှန်တန်, ဒါးတို့ဖြင့် ပစ်ခတ် ထိုးခုတ်ခြင်း ခံရသော ဝံသည် ဦးခေါင်းလည်းကွဲ သွေးသန်တွေတရဲရဲဖြင့် အသက်လုကာ မိမိနေရာ အရပ်သို့ ပြေးလာပြီး နာကျင်မှု ဆင်းရဲဝေဒနာကို ခံစားယင်း ရသေ့ သူတော်ကောင်းထံမှ အမြတ်တရား ကြားနာ ထားရသူဖြစ်သည် အားလျော်စွာ ဤကဲ့သို့ သံဝေဂတွေ ဖြစ်လေသတဲ့။

“ဣဒံ ဒုက္ခံ မမ အတြိစ္ဆာလောဘ ဝသေန ဥပ္ပန္နံ၊ န ဒါနိ ဣမံ အနိဂ္ဂဟေတွာ ဂေါစရံ ဂဏှိဿာမိ” တိ စိန္တေတွာ တံအဿမံ ဂန္တွာ အတြိစ္ဆာနိဂ္ဂဟာယ ဥပေါသထံ သမာဒိယိတွာ ဧကမန္တံ နိပဇ္ဇိ။ (ဇာ၊ ၄၊ ၈၊ ၃၂၈)

ဆိုလိုတဲ့အဓိပ္ပာယ်ကတော့– “ငါအား ဤကဲ့သို့နာကျင်မှုလွန်ကဲ ဆင်းရဲရခြင်းသည် အလွန် အလိုရမက်ကြီးခြင်း လောဘအစွမ်းအားဖြင့် ဖြစ်ရပေသည်။ ငါသည် ယခုအခါ ဤကဲ့သို့ ဆိုးကျိုး ကိုသာ ပေးတတ်သော အလွန်အလိုကြီးမှု လောဘတရားဆိုးကို မနှိမ်နင်း မဆုံးမပဲ အစာရှာဘို့ရန် မသွားတော့ပေ” ဟု ကြံစည်စိတ်ကူးပြီး ဆရာရသေ့ သင်္ခမ်းကျောင်းသို့သွား၍ လွန်စွာအလိုကြီးမှု အတြိစ္ဆာလောဘကို နှိမ်နင်းပယ်ရှားခြင်းငှာ ရှေးသူကောင်းတို့ ထုံးစံအတိုင်း ဥပုသ်သီလကျင့်ပြီး တိတ်ဆိတ် ငြိမ်သက်သဖြင့် သင့်တင့်လျောက်ပတ်သော နေရာ၌ လောဘကင်းရေး, ကြံတွေးပြီးကာ ငြိမ်သက်စွာ လျောင်းစက်နေသတဲ့။

**ဆောင်ပုဒ်။** အလိုရမက်, နှိပ်စက်လေလျှင်၊ နောင်ခါဆင့်ပွား, မဖြစ်ငြားစေချင်။
စိတ်ကိုထိန်းကြ, သီလကျင့်စဉ်၊ ကျင့်ဆောင်က, မုချအေးမည်ပင်။

အဲဒီ ခိုင့်ပက်၊ မြွေ၊ မြေခွေး၊ ဝံ ဆိုတဲ့ သတ္တဝါလေးကောင်ဟာ ဘုရားအလောင်း ရသေ့တည်းဟူသော ပညာရှိသူတော်ကောင်းနှင့် ပေါင်းဖော်ကာ နေထိုင်ကြရခြင်းကြောင့်သာ ယခုကဲ့သို့ မိမိတို့သန္တာန်မှာဖြစ်ပေါ်လာတဲ့ ရာဂတရားဆိုး၊ ဒေါသတရားဆိုး၊ လောဘတရားဆိုးတို့ကို မကောင်းသောအကျိုးသာ ပေးတတ်တဲ့ တရားများ၊ ယခုလဲ မကောင်းကျိုးကိုသာ ပေးသည်၊ နောက်ကိုလဲ မကောင်းကျိုးကိုသာ ပေးကြပေလိမ့်မည်ဟု နားလည်နေကြတယ်နော်။ ဒီတရားဆိုးတွေ နောက်ထပ်တဖန် မဖြစ်ပေါ်စေရန်လဲ မည်ကဲ့သို့ဆောင်ရွက်ရမည်၊ ကျင့်ကြံရမည်ဆိုတာ သိရှိနေကြပါတယ်။ သူတော်ကောင်းနှင့် ပေါင်းသဖြင့် သီလအကျင့် ဖြည့်ကျင့်တတ်ကြတယ်။ ဒါဟာ သူတော်ကောင်းနှင့် ပေါင်းဖော်ရတဲ့ အကျိုးပါပဲ။ အကယ်၍ သူယုတ်မာနှင့်သာ ပေါင်းဖော်ပါက ဒီလိုစိတ်ဓာတ်မျိုးတွေဝင်လာကြမှာ မဟုတ်ပါဘူး။ တမျိုးတဖုံ ဆိုးသွမ်းတဲ့ စိတ်ဓာတ်သာ ကူးစက်ပြီးလာကြမှာနော်။

ဤကဲ့သို့ကောင်းသော အရာနှင့်တွဲဖက်လျှင် ကောင်းသော ဓာတ်သဘော၊ မကောင်းသော အရာနှင့်တွဲဖက်လျှင် မကောင်းသော ဓာတ်သဘောတွေ ကူးစက်လာတတ်တာဟာ သက်ရှိသတ္တဝါများမှာသာ ကူးစက်တတ်တာ မဟုတ်ဘူး။ သက်မဲ့ဖြစ်တဲ့ အရာဝတ္ထုတွေမှာလဲ ကူးစက်တတ်တဲ့သဘောရှိပါတယ်တဲ့၊ (ဒကာကြီး ဦးစိန်)။ ဒါကြောင့်မို့ ဦးပဥ္စင်းတို့ သမ္ဗုဒ္ဓမြတ်စွာ ဘုရားက လူမိုက်နှင့် ပေါင်းသင်းရာ၊ ပညာရှိနှင့် ပေါင်းသင်းရာမှာ ဒီလိုဥပမာဆောင်ကာ ဟောကြားတော်မူခဲ့ပါတယ်။

ပူတိမစ္ဆံ ကုသဂ္ဂေန၊ ယောနရော ဥပနယှတိ။
ကုသာပိ ပူတိ ဝါယန္တိ၊ ဧဝံ ဗာလူပသေဝနာ။

(ဇာတိဝတ္တကပါဠိ၊ ၂၄၁။ သုခပတ္တနာသုတ်)

ယောနရော၊ အမှတ်မထင်အကြင်သူသည်။ ပူတိမစ္ဆံ၊ ရွံရှာစက်ဆုတ်ဘွယ်ဖြစ်သော ငါးပုတ်ကို၊ ကုသဂ္ဂေန၊ သမန်းမြက်ဖြင့်။ ဥပနယှတိ၊ ကောင်းစွာပြုလုပ် စည်းထုပ်ထားလေ၏။ တဿ၊ ထိုသူ၏။ ကုသာပိ၊ ငါးပုတ်ကိုထုပ်သော သမန်းမြက်တို့သည်လည်း။ ပူတိ၊ စက်ဆုတ်စဘွယ် အပုတ်နံ့သည်။ ဝါယန္တိယထာ၊ မနေနိုင်အောင် လှိုင်ကုန်သကဲ့သို့။ ဧဝံ၊ ဤနည်းမခြား အလားတူစွာ။ ဗာလူပသေဝနာ၊ ဘုရားမကြိုက်၊ အမှားလိုက်သည့်၊ လူမိုက်ကို ပေါင်းသင်းမှီဝဲကုန်သော သူတို့သည်။ ပူတိ၊ စက်ဆုတ်စဘွယ်၊ ဂုဏ်ငယ်ညှိုးယုတ်၊ အသိုးအပုတ်နံ့သည်။ ဝါယန္တိ၊ ဆယ်ဖြာအရပ်၊ နှံ့စပ်သည်တိုင်၊ လှိုင်းကြလေကုန်သတည်း။

လောကမှာ အမှတ်မထင်အကြင်သူတယောက်သည် ငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်လေရာ ထိုသူ၏ ငါးပုတ်ထုပ်သောသမန်းမြက်တို့သည်လည်း အပုတ်နံ့ကူးစက်လှိုင်ကုန်သကဲ့သို့ ယုတ်မာဆိုးဝါးတရားမယှဉ်၊ ဉာဏ်မြင်မရှိ၊ လူတုံးတိုင်မိုက်သားကို မှီဝဲမှားသော သူတို့သည်လည်း ဤနည်းတူစွာ မကောင်းသတင်းဆိုးများပြန့်လျက် အပုပ်နံ့သာ လှိုင်ထွက်လာကြတယ်တဲ့။ မကောင်းတဲ့သူ လူမိုက်လူဆိုးကို မှီဝဲဆည်းကပ် ပေါင်းသင်းတတ်ကြတဲ့သူများ ရရှိတဲ့အကျိုးကို ဥပမာဖြင့် ဆောင်ပြလိုက်ခြင်းပဲနော်။ နောက်ပြီး ပညာရှိနှင့်ပေါင်းသင်းမှီဝဲတဲ့အကျိုးကိုတော့-

တဂရဍ္ဍ ပလာသေန၊ ယောနရော ဥပနယှတိ။
ပတ္တာပိ သုရဘိ ဝါယန္တိ၊ ဧဝံ ဓိရူပသေဝနာ။
ဟူ၍ ဟောကြားတော်မူခဲ့ပါတယ်။ (ဇာတိဝုတ္တက- ၂၄၁)

ယောနရော၊ အမှတ်မထင်, အကြင်သူသည်။ ပလာသေန၊ တောမှာဖြစ်ဖြောက်, မပြောပလောက်သော ပေါက်ရွက်ဖြင့်။ တဂရဍ္ဍ၊ မွှေးကြိုင်ရနံ့, သင်းပျံ့တင့်ဆန်း တောင်ဇလပ် ပန်းကို။ ဥပနယှတိ၊ ဖွဲ့စည်းပြုလုပ်, ထုပ်ထားလေ၏။ တဿ၊ ထိုသူ၏။ အသုရဘိနော၊ ကောင်းသောအနံ့, သင်းပျံ့ခြင်းမရှိကုန်သော။ ပတ္တာပိ၊ မပြောပလောက်, ပေါက်ရွက်တို့သည်လည်း။ သုရဘိ၊ လွန်စွာ ယဉ်ကျေး, အမွှေးနံ့သည်။ ဝါယန္တိယထာ၊ ဆယ်ဖြာရပ်တိုင်, ပျံ့နှံ့ကာ လှိုင်လေကုန်သကဲ့သို့။ ဧဝံ၊ ဤနည်းမခြား, အလားတူစွာ။ ဓိရူပသေဝနာ၊ ကောင်ကြိုးမြင်သိ, ပညာရှိကို, ကြည်ညိုမှီဝဲဆည်းကပ်ကြကုန်သော သူတို့သည်။ သုရဘိ သီလသမာ၊ တတ်ပညာနှင့်, များစွာဆည်းပူး, ဂုဏ်ထူးရနံ့ သင်းပျံ့ခြင်းသည်။ ဝါယန္တိ၊ ဂုဏ်ဝါကဲမောက်, တန်ခိုးတောက်သဖြင့် ဝမ်းမြောက်ဘွယ်ရာ, ပျံ့လှိုင်လာလေကုန်တော့သတည်း။

ဆိုလိုတဲ့အဓိပ္ပါယ်က - လောကမှာအမှတ်မထင် အကြင်သူသည် တောမှာဖြစ်ဖြောက် မပြောပလောက်သော ပေါက်ရွက်ဖြင့် ရနံ့မွှေးကြိုင်တဲ့ တောင်ဇလပ်ပန်းကို ထုပ်တဲ့အခါ ထိုသူ၏မွှေးကြိုင်ခြင်း အလျဉ်းမရှိသော မပြောပလောက်တဲ့ ပေါက်ရွက်တို့သည် အမွှေးရနံ့ လှိုင်ကုန်သကဲ့သို့ ထိုနည်းတူစွာ ပညာရှိသူတော်ကောင်းတို့ကို မှီဝဲပေါင်းဖေါ်သောသူတို့သည်လည်း ပကတိက အကျင့်သီလမရှိသောသူအား အကျင့်သီလကို ဆောက်တည်သည် အစွမ်းအားဖြင့် သီလရနံ့သည် မွှေးကြိုင်လှိုင်နေတတ်ပါတယ်။

ယထာ အသုရဘိနောပိ ပတ္တာ တဂရသမ္ဗန္ဓေ သုရဘိ ဝါယန္တိ ပဏ္ဍိတူပသေဝနာ ပကတိယာ အသီလာတော သီလသမာဒါနာဒိဝသေန သီလဂန္ဓဝါယနဿ ကာရဏံ ဟောတိ။ (ဇာတိ၊ ဋ္ဌ၊ ၂၃၀)။

ဟူ၍ အဋ္ဌကထာမှာလဲ ဖွင့်ပြထားပါတယ်။

အဓိပ္ပာယ်ကတော့ သိပ်မထူးပါဘူး၊ ကောင်းသော အမွှေးနံ့မရှိကြတဲ့ သစ်ရွက်များပင် တောင်ဇလပ်ပန်း ထုတ်သားခြင်းကြောင့် အမွှေးရနံ့ကူးကာ ကြိုင်လှိုင်လာသလို ပညာရှိကိုမှီဝဲသော သူများလဲ ပကတိက သီလ မရှိကြပေမဲ့ သီလကို ခံယူ ဆောက်တည်ခြင်း စသည်၏ အစွမ်းဖြင့် သီလ ရနံ့ပျံ့လှိုင်ခြင်း၏ အကြောင်းအရင်းဖြစ်တယ်လို့ ဆိုလိုပါတယ်၊ ယခုလဲ ခို့, မြွေ, မြွေခွေး, ဝံ, ဆိုတဲ့ သတ္တဝါ လေးကောင်ဟာလဲ ပညာရှိ သူတော်ကောင်း ဘုရားအလောင်း ရသေ့နှင့် ပေါင်းယှဉ်မှီဝဲ နေကြရသဖြင့် ရာဂမီးငြိမ်းရန်, ဒေါသမီးငြိမ်းရန်, လောဘမီးငြိမ်းရန် အကျင့်သီလက ဆောက်တည် နေကြရမှန်းသိတတ်ကြတယ်၊ အဟိတ်တိရစ္ဆာန်ဆိုပေမဲ့ ယခုသီလရှိတဲ့ သတ္တဝါကလေးတွေ ဖြစ်နေ ကြပြီနော်။

နောက်ပြီးတော့ ဘုရားအလောင်း ရသေ့အကြောင်းကို ကြည့်ကြဦးစို့၊ ဒီ ဘုရားအလောင်း ရသေ့ဟာ ပစ္စည်းဥစ္စာနှင့် ကာမဂုဏ်တရားများကို ပယ်ခွာရှောင်ရှားပြီး တောထွက်လာကာ တရား ကျင့်ကြံနေတဲ့ ယောဂီသူတော်ကောင်း ဖြစ်ပါတယ်၊ ဒါပေမဲ့ သူဟာမိမိရဲ့ အမျိုးဇာတ်ကို မှီကာ မာန်မာနတက်ကြွနေသဖြင့် ဈာန်တရားကို မဖြစ်ပွားစေနိုင်ဘူးတဲ့၊ ဒါကြောင့်မို့ -

တာပသောပိ အတ္တနော ဇာတိံ နိဿာယ မာနဝသိကော ဟုတွာ ဈာနံ့ဥပ္ပါဒေတုံ
နသက္ကောတိ- ဟူ၍ ပြဆိုထားပါတယ်။ (ဇာ၊ ဋ၊ စ၊ ၃၂၈)

တာပသောပိ၊ ရသေ့သည်လည်း။ အတ္တနော၊ မိမိ၏။ ဇာတိံ၊ အမျိုးဇာတ်ကို။ နိဿာယ၊ မှီ၍။ မာန ဝသိကော၊ မာန်မာနအလိုသို့လိုက်သည်။ ဟုတွာ၊ ဖြစ်၍။ ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတုံ၊ ဖြစ်ပွားစေခြင်းငှာ။ နသက္ကောတိ၊ မစွမ်းနိုင်တဲ့။

ထိုအခါ ပစ္စေကဗုဒ္ဓ အရှင်မြတ်တပါးက ရသေ့၏ မာန်မာန ရှိခြင်းကို မြင်သိတော်မူ၍ "ဤသူသည်ကား သာမညပုဂ္ဂိုလ်မဟုတ်ပေ၊ ဗုဒ္ဓါင်္ကုရ ဘုရားအလောင်းပေတည်း၊ ဤဘဒ္ဒကပ္ပါမှာပင် သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားစင်စစ် ဖြစ်ပေလိမ့်မည်၊ ဤရသေ့၏ မာန်မာနကို နှိပ်နင်း၍ သမာပတ်တရားကို ဖြစ်ပွားစေမည်" ဟုကြံစည်တော်မူကာ ဟိမဝန္တာတောင်မှ ဘုရားအလောင်း ရသေ့နေရာသခ်မ်းကျောင်းသို့ ကြွရောက်လာကာ ရသေ့၏ ကျောက်ဖြာ ပျဉ်ချပ်ပေါ်မှာ သီတင်းသုံးထိုင်နေတော်မူပါတယ်၊ ဘုရားအလောင်း ရသေ့သည် မိမိနေရာ ကျောက်ဖြာပေါ်၌ အရှင်ပစ္စေက ဗုဒ္ဓထိုင်နေသည်ကို မြင်လေလျှင် မာနအလိုသို့လိုက်ကာ နှလုံးမသာမယာဖြစ်၍ ပစ္စေက ဗုဒ္ဓအရှင်မြတ် အနီးသို့သွားကာ လက်ဖြောက်တီး၍—

"နဿ ဝသလ ကာဠ ကဏ္ဏိမုဏ္ဍကသမဏက ကိမတ္ထံ မမနိသိန္နဖလကေ နိသိန္နောသိ" အို- ကိလေသာအိုး လူယုတ်မာ ဦးပြည်းခေါင်းတုံး ရဟန်းယုတ် ပျက်စီးလေစွတကား၊ သင်သည် အဘယ်အကျိုးငှာ ငါ၏နေရာ ကျောက်ဖြာချပ်ပေါ်၌ ထိုင်နေရဘိသနည်း-ဟု ပြောဆိုကြိမ်းမောင်းလေသဘဲ၊ တော်တော် ကြောက်လန့်စရာကောင်းတဲ့ နှုတ်ပဲနော်၊ ရက်ရက်စယ်စက် ပြောဆိုကြိမ်းမောင်းလိုက်ဘာ ကြောက်လန့်ဘွယ်ရာ ကောင်းပါဘိ၊ ထိုသို့ ပြောဆိုနေသောအခါ ပစ္စေကဗုဒ္ဓအရှင်မြတ်က မေတ္တာစိတ်ဖြင့် အလောင်းတော်ရသေ့ကို အို- သူတော်ကောင်း အဘယ့်ကြောင့်မာနအလိုလိုက်နေဘိသနည်း၊ ငါသည်သဗ္ဗာလေးပါးကို ထိုးထွင်း၍သိပြီး ပစ္စေကဗောဓိဉာဏ်ကို ရရှိပြီးသော ပစ္စေကဗုဒ္ဓတပါး ဖြစ်ပေသည်။

အသင်သည် ဘဒ္ဒကပ္ပါမှာပင် သဗ္ဗညုတ ဉာဏ်ကိုရပြီး ဘုရားဖြစ်မည့် ဘုရားအလောင်းပေတည်း၊ ပါရမီအကျင့်ကို ဖြည့်ကျင့်လာသော သင်သည် ဤမျှသော အခါကာလကို လွန်မြောက်လျှင် ဘုရားဖြစ်ပေလိမ့်မည်၊ သိဒ္ဓတ္ထအမည်ရှိလိမ့်မည်ဟု အမည်ကိုင်ရင်း, အနွယ်ကိုရင်း, အမျိုးကိုရင်း, အဂ္ဂသာဝကကိုရင်း အသုံးစုံကို မိန့်ဆိုပြောကြားပြီးလျှင် အသင်သည် မာနအလိုလိုက်ကာ အဘယ့်ကြောင့် နှုတ်ကြမ်းသရမ်းဘိသနည်း၊ ဤသို့ နှုတ်ကြမ်းခြင်းသည် သင်အားမလျော်ပေဟု- ဟောပြောဆုံးမ ဩဝါဒပေးတော်မူသတဲ့၊ ယင်းကဲ့သို့ ပစ္စေကဗုဒ္ဓအရှင်မြတ်က ဆုံးမဩဝါဒပေး ပေမဲ့ ရှိခိုးခြင်းလဲမပြု "အကျွန်ုပ်သည်အဘယ်အခါ၌ ဘုရားဖြစ်ပါမည်နည်း" စသည်ကိုလဲ မမေးမြန်းဘဲနေလေသဘဲ၊ မာနတရားရဲ့ သဘောတွေနော်၊ လေးစားသင့်သူကို မလေးစား၊ ဝတ်တွားသင့်သူတို ဝတ်မတွားသံချောင်းကိုမှီထားတဲ့ မြွေအလားကဲ့သို့ ရိုသေခြင်း ကိုင်းညွတ်ခြင်း အလျဉ်းမရှိ နေတတ်တာကလား၊ မာန်မာနအဖြစ် စီစစ်ကာ ထုတ်ပြတဲ့ ရစနာဂါထာတပုဒ် ရွက်လိုက်ဦးမယ်၊ သေချာစွာမှတ်လိုက်ကြစမ်းပါ။

မာနံ ဟိ ပါပကံ ဓမ္မံ၊ သုနိဿာယ ဗဟူဇနာ။
မိရေ သန္တော မညန္တာ၊ တိရစ္ဆာနာ ဘဝန္တု၊ တေ။

ဟိ၊ မာန်မာနဆိုး ပုံအပြစ်တို့ကို မဟန်လှတာတမျိုးတဖုံလှစ်၍ စီစစ်သေချာ ပြပါဦးအံ့။ လောကေ၊ လူ့ရွာဌာန လူလောကဌ်။ ဗဟူ၊ ဂဏန်းချကာ မပြသာအောင် လွန်စွာများပြားလှ ကုန်သော။ ယေဇနာ၊ အမှတ်မထင် အကြင်သူတို့သည်။ မာနံ၊ မှန်ကင်းကဲ့သို့ မောက်မို့ထောင်လွှား မာနတရားဟု ဆိုအပ်သော။ ပါပကံမ္မံ၊ မကောင်းသောအကျိုး ပေးရိုးမှန်စွာ ဆိုးညစ် ယုတ်မာ သောတရားကို။ သုနိဿာယ၊ မြဲမြဲခိုင်ခန့် တည်တန့်ရှေရှု ကောင်းစွာ အမှီပြု၍။ ဓီရေသန္တေ၊ သစ္စာလေးတန် တရားမှန်ကိုကေန်တိတိ မြင်သိကုန်သော ပညာရှိသူတော်ကောင်းတို့ကို။ အဝမည္တော၊ အရိုအသေကင်းခဲ့ မထေမဲ့မြင် ပြုကြလေကုန်သည်။ ဟောန္တိ၊ အမှန်စင်စစ် ဖြစ်ကြလေကုန်၏။ တေဇနာ၊ စိတ်ကြီးဝင်မိုက်မှားသည့် စိတ်ထားမဖြူ ထိုသူတို့သည်။ တိရစ္ဆာနာ၊ နောင်ခါကာလ ယုတ်ညံ့လှသည့် ပါပဒဏ်စစ် ခွေးငက်ဖြစ်မှန် တိရစ္ဆာန်တို့သည်။ ဘဝန္တု၊ ၎ှောင်ပါ သော်လည်း ရနိုင်ဘဲမို့ မလွဲမသွေ ဖြစ်ရလေကုန်တော့ သတည်း။

လောကဌ် ယုတ်ညံ့လှတဲ့ ခွေး, ဝက် စသော တိရစ္ဆာန် ဘဝ ဖြစ်ကြရတာ ဟောဒီ မာန် မာနက တိုက်တွန်းပို့လို့ ရောက်ကြရ, ဖြစ်ကြရတာပဲတဲ့ (ဒကာကြီးဦးစိန်ရဲ)၊ ကြပ်ကြပ် သတိ ထားကြနော်၊ အလွန်ကြောက်လန့်ဘွယ်ရာ ကောင်းလှတယ်။ ဘာကြောင့်မို့ ဒီလိုတိရစ္ဆာန် ဘဝ ရောက်ကြရတာလဲဆိုတော့ ပညာရှိသူတော်ကောင်းတွေကိုအရိုအသေကင်းကွာ မထေမဲ့မြင် ပြုကျင့်တဲ့ အတွက်ကြောင့်ပဲတဲ့။ မှတ်မိလွယ်အောင် ဒီလင်္ကာလေးလိုက်ဆိုထားကြရမယ်။

**ဆောင်ပုဒ်။** ။မာနတရား- ဆိုးရွားလှစွာ၊ သူ့ကိုမှိုင်ား- အံများလူမှာ။

သူတော်ကောင်းအား- ပြစ်မှားခဲ့ရာ၊ ခွေး, ငက်, မှန် တိရစ္ဆာန်ဖြစ်ရရှာ။

ဤကဲ့သို့ မာနတံခွန်လွှင့်ထူနေတဲ့ ရသေ့ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်က 'သင် ရသေ့၏အမျိုး ဇာတ်ထက် ငါ၏ဂုဏ်ကြီးမြတ်သည်ကို သိလော့၊ အကယ်၍ စွမ်းနိုင်ပါလျှင် ယခုငါကဲ့သို့ ကောင်း ကင်၌ ကျက်စားသွားစမ်းပါလော့' ဟု ပြောဆိုကာ ကောင်းကင်ပြင် ကြွသွားတော်မူ၍ မိမိရဲ့ ခြေ၌ ကပ်သော မြေမှုန့်ကို အလောင်းတော်ရသေ့၏ ဆံကျစ်ဝန်းမှာ ကြဲချပြီး မြောက်ဟိမဝန္တာ သို့ ကြွသွားတော်မူလေသတဲ့။

ထိုအခါမှ အလောင်းတော် ရသေ့သည် သံဝေဂကြီးစွာရ၍ "ဤရဟန်းသည် ပေါ့ပါး လျင်မြန်စွာ ဝါဂွမ်းဆိုင်ကဲ့သို့ ကောင်းကင်သို့ ပျံကြွသွားနိုင်ပေသည်။ ငါသည်မူကား ဇာတိ မာန် မာနဖြင့် ဤသို့သော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ ခြေအစုံတို့ကို ရှိခိုးခြင်း မပြုလိုက်မိပေ။ အကျွန်ုပ် အဘယ်အခါ၌ သဗ္ဗညုဘုရား ထင်ရှား ဖြစ်ပါမည်နည်း" ဟုလဲ မမေး မလျှောက်မိချေ။ ဤအမျိုးဇာတ်ဟူသည် အသို့ပြုစရာပါနည်း။ ဤလောကဌ် သီလအကျင့်သည် သာလျှင် မြင့်မြတ်လှပေသည်။ စင်စစ်အားဖြင့် ဒီမာနတရားကြီးပွားလာလျှင် ငါ့အား ငရဲ ရွာသို့ ပို့ပေတော့မည်။

ယခုအခါ၌ ဤမာနတရားဆိုးကို မနှိမ်နင်းပဲ သစ်သီးရှာရန် ငါ မထွက်တော့ဟု ဆုံးဖြတ် ချက်ချကာ သစ်ရွက်မိုးသော ကျောင်းအတွင်းဝင်၍ မာနကို နှိမ်နင်းပယ်ရှားခြင်းငှာ ဥပုသ်သီလ ဆောက်တည်ပြီး သစ်သားကြမ်းပြင်ပေါ်၌ ထိုင်နေသော ဉာဏ်ပညာကြီးမားသော အမျိုးကောင်း သားရှင်ရသေ့သည် မာနကိုမယ်ရှားကာ ကသိုဏ်းကိုရှုပွားလေရာ၊ မကြာမြင့်မီမှာပင် အဘိညာဉ် သမာပတ်တို့ကိုဖြစ်စေပြီး ကျောင်းတွင်းမှထွက်၍ စင်္ကြံအစွန်း ကျောက်ဖြာချပ်ပေါ်မှာ ထိုင်နေပါ တယ်။

ထိုအခါ ခို, မြွေ, မြေခွေး, ဝံ သတ္တဝါလေးကောင်တို့လည်း အလောင်းတော် ရသေ့အနီး ချဉ်းကပ်ကာ ခစားနေကြသတဲ့။ အလောင်းတော်ရသေ့သည် မိမိအနီး ချဉ်းကပ်ခစားနေကြတဲ့ ခို စသော သတ္တဝါများကို "အသင်တို့သည် နေ့တိုင်း ယခုလိုအခါမှာ အစာရှာထွက်ကြမြဲဖြစ်ကြပါလျက်၊ ယနေ့အစာရှာမထွက်ကြပဲ အဘယ့်ကြောင့် ဥပုသ်သီလစောင့်ကာ နေကြသနည်း" ဟု မေးမြန်းလိုက်လေရာ၊ ပထမဦးစွာ ခိုငှက်က -

"အရှင်ဘုရား- အကျွန်ုပ်သည် ဇနီးခိုမနှင့် အတူ အစာရှာသွားရာ၊ သိန်းငှက်တကောင်က ခိုမကို ကုတ်ယူဖမ်းစားသဖြင့် ခိုမနှင့် ကွေကွင်းရခြင်းကြောင့် ရာဂမီး, သောကမီး တောက်ခဲ့ရပါတယ်။ ထိုရာဂတရား တဖန် မလာစေရန် ဥပုသ်သီလ စောင့်သုံးခြင်း ဖြစ်ပါတယ်" ဟု ပြောဆိုလျှောက်ထားလေသတဲ့။

မြွေကတော့- ကောဓတရားဆိုးကို နှိမ်နင်းရန်။
မြေခွေးကတော့- လောဘတရားဆိုးကို နှိမ်နင်းရန်။

ဝံကတော့- အလွန်အလိုကြီးမှု အတွက်ကြောင့် လောဘတရားဆိုးနှိမ်နင်းရန် ဥပုသ်သီလစောင့်သုံးပါသည်ဟု အသီးသီး လျှောက်ထားပြောဆိုကြပြီးနောက် ထိုသတ္တဝါလေးကောင်က ဆရာရသေ့ကို "အရှင်တို့ရော အခါတိုင်းလို သစ်သီးရှာမထွက်, ဘယ်အကြောင်းကြောင့် ယနေ့ဥပုသ်သီလစောင့်နေပါသနည်း" ဟု လျှောက်ထား မေးမြန်းကြလေသတဲ့။

အလောင်းတော် ရသေ့က ပဲ မိမိ၌အကြောင်းစုံ ပြန်ပြောင်း ပြောကြားပြီး ထို ခို, မြွေ, မြေခွေး, ဝံ, ဆိုတဲ့ သတ္တဝါများကို အသင့်အတင့် တရားဓမ္မဟောပြ အဆုံးအမ ဩဝါဒပေး၍ ပြန်လွှတ်လိုက်ပြီး သင်္ချမ်းကျောင်းတွင်းသို့ ဝင်ရောက်သွားလေသတဲ့။ ထို ခို, မြွေ, မြေခွေး, ဝံ သတ္တဝါလေးဦးဟာလဲ မိမိတို့နေရာဌာနသို့ ပြန်သွားကြပါတယ်။ နောင်အခါတွင် အလောင်းတော် ရသေ့သည် မယုတ်လျော့သော ဈာန်ရှိသည်ဖြစ်၍၊ ဗြဟ္မာပြည်သို့ လားရောက်ရလေသတဲ့။ ခို စသော သတ္တဝါလေးကောင်ဟာ အလောင်းတော်ရသေ့၏ အဆုံးအမဩဝါဒကို ကျင့်ကြံကြသဖြင့် နတ်ပြည်သို့ ရောက်ရှိသွားကြလေသတဲ့ (ဒကာကြီး ဦးစိန်ရဲ့)။ ဒီဝတ္ထုသာဓကကို ထောက်ဆတော့ သီလဘည်းဟူသော ရေစင်ရေအေးဟာ လောဘ, ဒေါသ, မာန အစရှိတဲ့ ကိလေသာ အပူဘေးကို ငြိမ်းအေးအောင် ပြုနိုင်တယ်ဆိုတာ ထင်ရှားပါတယ်နော်။

သမယန္တိစ သတ္တာနံ၊ ပရိဠာဟံ သုရက္ခိတံ။
ယံ သမေတိ ဣဓ အရိယံ၊ သီလံ အစ္စန္တသီတလံ။

(ရှေးနည်းအတိုင်း အနက်ပေးပါလေ)

ဘုရားအလောင်းဖြစ်တဲ့ ရှင်ရသေ့နှင့် ခို, မြွေ, မြေခွေး, ဝံ ဟူသော ဥပုသ်သီတင်းသည် ငါးဦးတို့ဟာ မိမိတို့စောင့်ထိန်းတဲ့ သီလအကျင့်ကို ကောင်းမွန်လုံခြုံအောင်စောင့်ရှောက်ထိန်းသိမ်းနိုင်ကြတဲ့အတွက် သုဂတိဘုံဘဝသို့ အသီးသီးလားရောက်သွားကြရပေတယ်နော်။ ဒီလိုမိမိတို့စောင့်ထိန်းတဲ့ သီလကို မပျက်မစီးအောင် ကောင်းစွာ လုံခြုံအောင် စောင့်ရှောက်တတ်တဲ့ တရားနှစ်ပါးရှိသတဲ့ (ဒကာကြီးဦးစိန်ရဲ့)။ ယခုတရားတော်နာယူနေကြတဲ့ ဒါယကာ၊ ဒါယိကာမများလဲ ဥပုသ်သီလစောင့်ရှောက်နေကြသူတဲ့ သူတော်ကောင်းများ ဖြစ်သည်အားလျော်စွာ ဤသီလ မပျက်စီး

အောင် စောင့်ရှောက်ကြောင်း တရားနှစ်ဖြာကို သေချာစွာ မှတ်သားထားကြပါ။ ယင်းသီလကို မပျက်စီးအောင် စောင့်ရှောက်ထားတတ်သော တရားနှစ်ပါးကတော့–

ဒွိဟိ ကာရဏေဟိ သမ္ပန္နသီလတာ ဟောတိ၊ သီလဝိပ္ပတ္တိယာ စ အာဒီနဝဒဿနေန

သီလသမ္ပတ္တိယာ စ အာနိသံသ ဒဿနေန။ (မူလ၊ ၄၊ ပ-၁၅၉)

ဟူ၍ မူလပဏ္ဏာသ အဋ္ဌကထာ အာကင်္ခေယျသုတ်မှာ ဖွင့်ပြထားပါတယ်။

သီလဝိပ္ပတ္တိယာ၊ အကျင့်သီလပျက်စီးရခြင်း၌။ အာဒီနဝဒဿနေန စ၊ အပြစ်ထင်ထင်သိမြင်ခြင်းကြောင့်၎င်း။ သီလမ္ပတ္တိယာ၊ အကျင့်သီလနှင့်ပြည့်စုံရခြင်း၌။ အာနိသံသ ဒဿနေန စ၊ အကျိုးထင်ထင်သိမြင်ခြင်းကြောင့်၎င်း။ ဣတိ ဤသို့။ဒွိဟိကာရဏေဟိ၊ အကြောင်းတရားနှစ်ပါးတို့ကြောင့်။ သမ္ပန္နသီလတာ၊ ကောင်းစွာကိုယ်ပြည့်စုံသော သီလရှိသူတို့အဖြစ်သည်။ ဟောတိ၊ စိတ်သာချတော့ ဒိဋ္ဌကေန် အမှန်ပင်ဖြစ်ရလေတော့သတည်း။

၁ သီလပျက်စီးခြင်း၌ မကောင်းကျိုးပေးခြင်း၊ အပြစ်ကို ထင်ရှားသိမြင်ခြင်း။

၂ သီလနှင့်ပြည့်စုံခြင်း၌ ကောင်းကျိုးသုခ ရရှိခြင်းအကျိုးကို ထင်ရှားသိမြင်ခြင်း။

ကဲ– ဒီလင်္ကာလေး နှစ်ပုဒ်ကိုသာ လိုက်ဆိုပြီး မှတ်ထားကြပေတော့။

(၁) သီလပြည့်ရန်၊ ကြောင်းနှစ်တန်၊ အမှန်ထင်ရှားရှိပေသည်။

(၂) အပြစ်ကိုမြင်၊ အကျိုးထင်၊ စင်အောင်သီလ ထိန်းနိုင်သည်။

## ဇာတ်ပေါင်းခန်း

သုံးလောကထွဋ်ထား မြတ်စွာဘုရားသည် ရှေးအခါက ဥပုသ်သီလ ဆောက်တည်ကြပုံ၊ ဤတရားဒေသနာကို ထုတ်ဆောင် ဟောကြားပြီးလျှင် "ဒါယကာ၊ ဒါယိကာမ အပေါင်း အို– သူတော်ကောင်းအပေါင်းတို့– ဤကဲ့သို့ ဥပုသ်သီလစောင့်သုံးကြခြင်းမည်သည် ရှေးပညာရှိများရဲ့ အဆက်အနွယ် ဖြစ်ပေသည်၊ ဥပုသ်သီလကို ကျင့်သုံးဆောက်တည်အပ်ကြပေသည်" ဟု မိန့်ကြားပြီးလျှင်–

၁။ ထိုအခါက– ခိုငှက်သည် ယခုအခါ အရှင်အနုရုဒ္ဓါ ဖြစ်လာသည်။

၂။ ထိုအခါက– ဝံသည် ယခုအခါ အရှင်မဟာကဿပ ဖြစ်လာသည်။

၃။ ထိုအခါက– မြေခွေးသည် ယခုအခါ အရှင်မောဂ္ဂလာန် ဖြစ်လာပေသည်။

၄။ ထိုအခါက– မြွေသည် ယခုအခါ အရှင်သာရိပုတ္တရာ ဖြစ်လာပေသည်။

၅။ ထိုအခါက– ရသေ့ သူတော်စင်မှာ ယခုအခါ ငါဘုရား ဖြစ်လာပေသည်ဟု ဇာတ်တော်ပေါင်းပြီး တရားပွဲသိမ်းလိုက်ပါတယ်။

ယခုအခါ ဦးပဉ္စင်းတို့ ဟောကြားလာတဲ့ ဥပုသ်သီလ တရားအကြောင်းကိုလဲ ဒါယကာ၊ ဒါယိကာမများ ကောင်းစွာ သိရှိမှတ်မိကြလောက်ပြီ၊ ဇာတ်ကွက် လည်လောက်ပြီ ထင်ပါတယ် နော်။ တရားပွဲသိမ်းရန် အချိန်လဲတန်ပြီဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုသံ မြိုင်မြိုင်ခေါ်ပြီး တရားပွဲသိမ်းကြရအောင် လက်အုပ်ကိုယ်စီချီထားကြပါ။

သီလံ ရက္ခေယျ မေဓာဝီ၊ ပတ္ထယာနော တယော သုခေ၊

ပသံသံ စိတ္တလာဘဉ္စ၊ ပေစ္စသဂ္ဂေ ပမောဒနံ။ ။

(ရှေးနည်းအတိုင်း အနက်ပေးပါ)

(အဘိဓမ္မာတပ်၍ တရားကို နိဂုံးသတ်ပါ)

# မိတ်ဆွေမကောင်း ပျက်စီးကြောင်းပြ တရားတော်

နဘဇေ ပါပကေ မိတ္တေ၊ န ဘဇေ ပုရိသာ ဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။

(ဓမ္မပဒ–ဂါထာ–၇၈)

ဘောဓန္တော၊ သံသရာရှန်ဘေး၊ အမြန်အေးဘို့၊ ကြံတွေးလိုလား၊ အို– အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ လောကသို့၊ ကောင်းဆိုးနှစ်ချက်၊ ဖြစ်ပျက်ခြင်းရာ၊ စုံလင်စွာဖြင့်၊ မကွာ နေ့ည၊ တွေ့ကြုံကာနေကြရသည့်၊ ဤလောက၌။ ပါပကေ၊ ဒုစရိုက်တရား မိုက်အမှားတွေ့ကို၊ လိုက်စား နေ့ည၊ ပြုကျင့်ကြသဖြင့် ယုတ်မာလှကုန်သော။ မိတ္တေ၊ ဂုဏ်သိန်မဲ့ကင်း၊ သတင်းဆိုးပုပ်၊ မိတ်ဆွေ ယုတ်တို့ကို။ နဘဇေ၊ ကိုယ်ရောစိတ်ပါ၊ ဝေးစွာရှောင်အပ်၊ မဆည်းကပ်လေရာ။ ပုရိသာဓမေ၊ ခိုးတိုက်လုယက်၊ အကျင့်ပျက်ရေး၊ အားပေးတိုက်တွန်း၊ ညွှန်းပြစေလို၊ ယုတ်မာသော ပုဂ္ဂိုလ်တို့ကို။ နဘဇေ၊ ကိုယ်ရောစိတ်ပါ၊ ဝေးစွာရှောင်ကွင်း၊ မချဉ်းကပ်လေရာ။ ကလျာဏေ၊ သုစရိုက်တရား၊ လိုက်စားခုံမင်၊ သူတော်ဝင်လတ် မြတ်သောစိတ်အစဉ် ရှိကြကုန်သော။ မိတ္တေ၊ တရားရှိပြီး၊ ဂုဏ်သိန် ကြီးသည့်၊ ဝေးနီးကျော်ကြား၊ မိတ်ကောင်းဆွေကောင်းများကို။ ဘဇေထ၊ ရိုသေလေးမြတ်၊ ဆီးကပ်လေရာ၏။ ပုရိသုတ္တမေ၊ ပစ္စုပ္ပန်သံသရာ၊ နှစ်ဖြာကောင်းရန်၊ ဝေဘန်ညွှန်ပြ၊ နည်းပေး ကြလတ်၊ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့ကို။ ဘဇေထ၊ ရိုသေလေးမြတ်၊ ဆည်းကပ်လေရာ၏။ ဘဇေထ၊ ပစ္စုပ္ပန်မှာလဲလန်းဖြာ၊ သံသရာမှာလဲချမ်းသာမည်–ဟု၊ လမ်းစဉ်ပမာ အထင်မှတ်ပြီး လေးလေးမြတ်မြတ် မှီဝဲဆည်းကပ်လေရာ သတည်း။

ဒီယနေ့ဟောဘို့ရာက "မိတ်ဆွေမကောင်း၊ ပျက်စီးကြောင်း၊ မိတ်ကောင်းယှဉ်မှ၊ ချမ်းသာရ" ဆိုတဲ့အကြောင်းကို ဟောကြားပေးရန်ပင် ဖြစ်ပါသည်။ လောကမှာ ပေါင်းသင်း ဆက်ဆံရေးမှာ ရွေးချယ်တတ်ဘို့ လိုအပ်လှပါတယ်။ အပေါင်းအသင်း မိတ်ဆွေ မကောင်းခြင်းကြောင့် ယခု မျက်မှောက်ကာလ ပစ္စုပ္ပန်ဘဝမှာလဲ စည်းစိမ်ဥစ္စာ ပညာတန်ခိုး အမျိုးမျိုး ဆုံးရှုံးပျက်စီးခဲ့ကြရတဲ့ သူတွေများလှပါပြီ။ တမလွန်လောက နောင်သံသရာဘဝမှာလဲ အပါယဂတိ အစရှိသော ဒုဂ္ဂတိဘဝ ရောက်ကြရသဖြင့် အမျိုးမျိုး ဆင်းရဲဒုက္ခအနန္တကို ခံစားခဲ့ကြဘူးလှလေပြီနော်။ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းဆက်ဆံမှသာလျှင် ယခုဘဝမှာလဲချမ်းသာယာ နောင်ဘဝအဆက်ဆက်မှာလဲ ကောင်း မြတ် ချမ်းသာကြရမည် ဖြစ်ပါတယ်။ သို့အတွက်ကြောင့် သဗ္ဗညုမြတ်စွာဘုရားက ပေါင်းသင်း ဆက်ဆံရေးအတွက် သတိပေးတဲ့– နဘဇေ ပါပကေ မိတ္တေ– အစရှိတဲ့ဂါထာကို ရွတ်ဆိုလိုက်ရ တယ်နော်–

ဒီဂါထာရဲ့ ဆိုလိုရင်းကတော့ ဒုစရိုက်အိုး ဆိုးဝါးယုတ်မာလှစွာသော မိတ်ဆွေတို့ကိုရင်း၊ မကောင်းရာကိုသာ ညွှန်းပြတိုက်တွန်းတဲ့ သူယုတ်မာပုဂ္ဂိုလ်တို့ကိုရင်းဝေးစွာရှောင်ကွင်း မချဉ်းကပ်ရ

မဆည်းကပ်ရပေ။ ကောင်းမြတ်သော မိတ်ဆွေတို့ကိုငင်း၊ မြင့်မြတ်သော အကျင့်အာစရနှင့် ပြည့်ဝသော ပုဂ္ဂိုလ်မွန် သူတော်ကောင်းတို့ကိုငင်း ရှိသေလေးမြတ် ဆည်းကပ်ခစားရမည်၊ ပေါင်းသင်းဆက်ဆံရမည်-ဟု ဆိုလိုပါတယ်။

ပါပမိတ္တ-ယုတ်မာသောမိတ်ဆွေဆိုတာက- "ကာယဒုစ္စရိတာဒိအကုသလကမ္မာဘိရတာ ပါပမိတ္တာနာမ" (ဓမ္မ၊ ဌ၊ ပ၊ ၃၅၀) ဆိုတဲ့အတိုင်း ကိုယ်ဖြင့် မကောင်းသောအမှုကို ပြုကျင့်ခြင်း, နှုတ်ဖြင့်လဲ မကောင်းသောစကားကို ပြောကြားခြင်း, စိတ်ဖြင့်လဲ မကောင်းသောအကြံကို ကြံစည်တွေးတောခြင်းဖြင့် မကောင်းမှု အကုသိုလ်တရားတို့၌ မွေ့လျော်ပျော်ပါး လိုက်စားကျင့်ကြံနေသူကို သူယုတ်မာလို့ဆိုတယ်။ ထိုကဲ့သို့သော စရိုက်ဖောက်ပြား သူယုတ်မာများကို ဝေးစွာ ရှောင်ရှားကြရမယ်။ မဆည်းကပ်ရ၊ မပေါင်းသင်းရဘူး။ ယုတ်မာသောသူ အကျင့်ယုတ်သူ ပုရိသာဓမ-ဆိုတာကတော့ "သန္ဓိစ္ဆေဒနာဒိကေဝါ ကေဝိသတိ အနေသနာဒိ ဘေဒေဝါ အဋ္ဌာနေ နိယောဇကာ ပုရိသာ ဓမာနာမ၊" (ဓမ္မ-ဌ၊ ပ၊ ၃၅၀)လို့ ဆိုတဲ့အတိုင်း သူတပါး၏ တိုက်စပ်, ခြံစပ်, နံရံစပ်ကို ဖောက်ဖျက်ခြင်း အစရှိသော မသင့်မလျော်ရာ၌ စေခိုင်းတိုက်တွန်း ပြဋ္ဌန်းတတ်ကုန်သော သူတို့ကိုငင်း, နှစ်ဆယ့်တပါးသော မအပ်သော ရှာမှီးခြင်းဖြင့် ပစ္စည်းဥစ္စာကိုရှာမှီးခြင်း စသည် အပြားရှိသော မသင့်မလျော်ရာ၌ ပြောဆိုပြဋ္ဌန်း တိုက်တွန်းစေခိုင်းတတ်ကုန်သော သူတို့ကိုငင်း ယုတ်မာသော ပုဂ္ဂိုလ်တို့ဟူ၍ ဆိုအပ်ပါတယ်တဲ့။ ထိုကဲ့သို့သော ယုတ်မာသောမိတ်ဆွေ ယုတ်မာသောပုဂ္ဂိုလ်တို့ကို ဝေးစွာရှောင်ရှားကြရမည်။ ထိုမှတပါး ဒုစရိုက်တရားမှရှောင်ရှား၍ သုစရိုက်တရားကို ကျင့်ကြံတတ်သော မိတ်ဆွေကောင်းကိုငင်း, အနေသန စသော မကောင်းသောအမှုမှ ရှောင်ရှား၍ ကောင်းမြတ် အကျိုးရှိမည့် အမှုကိစ္စတို့ကို ပြောဆိုညွှန်ကြားပေးတတ်သော သူမြတ်ပုဂ္ဂိုလ်တို့ကိုငင်း အမြဲမပြတ် ရှိသေလေးမြတ်စွာ ဆည်းကပ်ကြရမည်တဲ့။

မိတ်ဆွေ အပေါင်းအသင်း မကောင်းခြင်းသည် ပစ္စုပ္ပန်မှာရော- သံသရာမှာပါ ပျက်စီးခြင်း၏ အကြောင်းရင်းသာလျှင် ဖြစ်တယ်နော်-။ မိတ်ဆွေအပေါင်းအသင်း ကောင်းမှသာလျှင် ကြီးပွားချမ်းသာဘို့ အကြောင်းဖြစ်ပါတယ်။ ယင်းကဲ့သို့ မိတ်ဆွေကောင်း ကလျာဏမိတ္တနှင့် ပေါင်းသင်းနေထိုင်ရပါက ကြီးပွားချမ်းသာနိုင်ကြောင်းနှင့်ပတ်သက်၍ အခါတပါး သဗ္ဗညုမြတ်စွာဘုရားသည် သက္ကတိုင်း နဂရကနိဂုံးမှာ သီတင်းသုံးနေတော်မူစဉ်မှာ အရှင်အာနန္ဒာက မြတ်စွာဘုရားထံမှောက် လာရောက်ပြီး-

ဥပဍ္ဎမိဒံ ဘန္တေ ဗြဟ္မစရိယဿ၊ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏသဟာယတာ ကလျာဏသမ္ပဝင်္ကတာ- (သံ-၁-၈၈)။

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ ယဒိဒံယာသော ကလျာဏမိတ္တတာ၊ အကြင်ကောင်းမြတ်သော အဆွေခင်ပွန်းရှိသော သူ၏အဖြစ်သည်၊ ယဒိဒံယာသော-ကလျာဏသဟာယတာ၊ အကြင်ကောင်းမြတ်သော အပေါင်းအဖော်ရှိသောသူ၏ အဖြစ်သည်။ ယဒိဒံယာသောကလျာဏသမ္ပဝင်္ကတာ၊ အကြင်သူတော်ကောင်းတို့၌ ညွတ်သောစိတ်ရှိသော သူ၏အဖြစ်သည်၊ အတ္ထိ၊ အမှန်ပကာဘိရှိပေ၏။ ဣဒံဒသာ၊ ထို အဆွေခင်ပွန်းကောင်း ရှိသောသူ၏အဖြစ်, အပေါင်းအဖော်ကောင်း ရှိသောသူ၏အဖြစ်, သူတော်ကောင်းတို့၌ ညွတ်သောစိတ်ရှိသောသူ၏ အဖြစ်သည်၊ ဗြဟ္မစရိယဿ၊

မြတ်သောအကျင့်၏။ ၀ါ-အရိယာမဂ်အကျင့်၏။ ဥပစုံ၊ အစဉ်ပွားတိုး အကျိုးထက်ဝက်ကို။ နိဗ္ဗတ္တံ၊ သက်သက်ဖွံ့စည်း ပြီးမြောက်စေနိုင်သည်သာတည်း။

ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား- ကောင်းမြတ်သော အဆွေခင်ပွန်းရှိသော သူ၏အဖြစ်, ကောင်းမြတ်သော အပေါင်းအဖော်ရှိသောသူ၏အဖြစ်, သူတော်ကောင်းဖြစ်သော ပုဂ္ဂိုလ်တို့၌ ကိုင်းညွတ်သော စိတ်ရှိသောသူ၏အဖြစ်သည် မြတ်သောအကျင့်၏၊ (၀ါ) အရိယာမဂ် အကျင့်၏ ထက်ဝက်ကို သက်သက်ပြီးစေနိုင်ပါသည်ဘုရား-ဟူ၍ လျှောက်ထားပါတယ်။

ယင်းကဲ့သို့ အရှင်အာနန္ဒာက မြတ်စွာဘုရားကို အဆွေခင်ပွန်းကောင်းရှိခြင်းသည် အကျိုးထက်ဝက် ပြီးစီးစေနိုင်ကြောင်း၊ မြတ်သောအရိယာမဂ်အကျင့်၏ ထက်ဝက်ကိုပင် ပြီးစေနိုင်ပါကြောင်း လျှောက်ထားသဖြင့် မြတ်စွာဘုရားက ရှင်အာနန္ဒာ၏ လျှောက်ထားချက်စကားကို ပယ်ရှားပြီးကာ-

မာဟေဝံ အာနန္ဒ၊ မာဟေဝံ အာနန္ဒ၊ သကလမေဝ ဟိ အာနန္ဒ ဗြဟ္မစရိယံ၊

ယဒိဒံကလျာဏမိတ္တတာ ကလျာဏသဟာယတာ ကလျာဏသမ္ပဝင်္ကတာ။ (သံ-၁-၁၈)။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဝေံ၊ ဤသို့။ မာအဘဏိ၊ မဆိုလေလင့်။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ယဒိဒံ-ယာသောကလျာဏမိတ္တတာ၊ အကြင်ကောင်းမြတ်သော အဆွေခင်ပွန်းရှိသောသူ၏ အဖြစ်သည်။ ယဒိဒံ-ယာသောကလျာဏသဟာယတာ၊ အကြင်ကောင်းမြတ်သော အပေါင်းအဖော်ရှိသော သူ၏အဖြစ်သည်၊ ယဒိဒံယာသောကလျာဏသမ္ပဝင်္ကတာ၊ အကြင်သူတော်ကောင်း ပုဂ္ဂိုလ်မှန်တို့၌ ကိုင်းညွတ်သောစိတ်ရှိသော သူ၏အဖြစ်သည်။ အတ္ထိ၊ အမှန်ပကတိ ထင်ရှားရှိ၏။ ဧတံ-သော၊ ထိုကောင်းသော အဆွေခင်ပွန်းရှိသောသူ၏အဖြစ်, ကောင်းသော အပေါင်းအဖော်ရှိသော သူ၏အဖြစ်, သူတော်ကောင်းဖြစ်သောပုဂ္ဂိုလ်တို့၌ ကိုင်းညွတ်ခြင်းရှိသော သူ၏အဖြစ်သည်။ ဗြဟ္မ-စရိယံ၊ မြတ်သောအကျင့်ကို။ ၀ါ အရိယာမဂ်အကျင့်ကို။ သကလမေဝ၊ တစိုးတစိ အကြွင်းမရှိပဲ ခပင်းဥဿုံ အလုံးစုံကိုသာလျှင်။ နိဗ္ဗတ္တံ၊ ကောင်းစွာ သိမ်းဆည်းပြီးမြောက် စေနိုင်သည်သာလျှင်တည်း။

ချစ်သားအာနန္ဒာ မိတ်ဆွေကောင်းရှိခြင်းသည် မြတ်သောအကျင့်၏ ကိစ္စထက်ဝက်ကို ပြီးစေနိုင်သည်-ဟု ဤသို့မဆိုလေလင့်၊ ချစ်သားအာနန္ဒာ အမှန်စင်စစ် ကောင်းသော အဆွေခင်ပွန်း အပေါင်းအဖော်ရှိခြင်း၊ သူတော်ကောင်းတို့၌ ကိုင်းညွတ်ခြင်းသည် မြတ်သောအကျင့်, အရိယာမဂ် အကျင့်၏ ကိစ္စအားလုံးကို ပြီးဆုံးအောင်မြင်စေနိုင်သည် ဖြစ်မေသည် ဟု မိန့်ကြားတော်မူပါတယ်။ မြတ်စွာဘုရာဟောကြားတော်မူခဲ့တဲ့ ဒီစကားတော်ကိုထောက်ဆရှ် တကယ့်မြင့်မြတ်သော အရိယာမဂ်အကျင့်မှာပင် ကောင်းမြတ်သော မိတ်ဆွေအပေါင်းအသင်းရှိပါက အကျင့်ကိစ္စ ထက်ဝက်မျှ မကဘူး၊ ကိစ္စအားလုံးပင် ပြီးစေနိုင်ပါတယ်လို့ဆိုတော့ ဘာမျှ မပြောပလောက်တဲ့ လောကီ ကြီးပွားရေး စီးပွားချမ်းသာ ဖြစ်ထွန်းရေး ကိစ္စများမှာဆိုလျှင် ပြောဆိုနေဘွယ်ပင် မလိုတော့ပါဘူး။ ယခုကရားနာယူနေကြတဲ့ ဒါယကာ, ဒါယိကာမများကိုလဲ ကိုယ်တိုင် ဒိဋ္ဌ တွေ့မြင်ဘူး, ကြားသိရဘူးပြီ ဖြစ်ပါလိမ့်မည်။

လောကမှာ အပေါင်းအသင်းကောင်းသဖြင့် ကြီးပွားချမ်းသာနေကြတဲ့သူတွေ အလွန်များလှပါတယ်။ ထိုကဲ့သို့ ကြီးပွားချမ်းသာနေကြတဲ့သူများဟာ မိတ်ကောင်း ဆွေကောင်း ကလျာဏမိတ္တ, ကလျာဏ သဟာယတို့နှင့်တွေ့ကြဆုံကြရလို့ပင် ယခုလို ကြီးပွားချမ်းသာနေကြတယ်လို့ ဆိုရမယ်နော်။ ထိုနည်းတူစွာပါပဲ၊ သံသရာဝဋ်တွင်းမှ လွတ်ကင်းကြရန် အကျင့်မှန်ကို ကျင့်ကြံကြရာမှာလဲ အရိယာမဂ်အကျင့်ကိစ္စအားလုံးကိုလဲ ကောင်းမြတ်သော မိတ်ဆွေ အပေါင်းအသင်း ကလျာဏမိတ္တ ကလျာဏ သဟာယတို့ကို အမှီရပါက မုချပြီးစေနိုင်ပါတယ်။ အရိယာမဂ်ကိစ္စ အလုံးစုံပြီးစေနိုင်ပါတယ်။

ကဲ- ဒီယနေ့တရားပွဲမှာတော့- (ဒါယကာကြီး ဦးဟိန်)ကို တရားထောက်ထားပြီး ဟောကြားရတော့မှာပဲ။ ဒါယကာကြီး ဦးစိန်တို့၊ ဦးချိန်တို့က ဃရာဝါသော ဗဟုကိစ္စော-ဆိုတဲ့ အတိုင်း ကိစ္စများကြသဖြင့် ယနေ့တရားပွဲမှာ မလာရောက်နိုင်ကြပဲကိုး။ ကဲ ရှိပါစေတော့။ ဒါကြောင့်မို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများက မကြာခဏ သတိပေးဆုံးမတော်မူကြပါတယ်။ လူတွေဟာ လောကမှာ ရွှေ, ငွေ,အစရှိတဲ့ စီးပွားဥစ္စာကို အသက်ကိုပင် ပဓာနမထားပဲ ကြိုးကြိုးစားစား ရှာဖွေစုဆောင်းကြသလို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်သော အမြတ်တရားများကိုလဲ ဒီလိုကြိုးကြိုးစားစား ကျင့်ကြံ ပွားများကြမည် ဆိုပါလျှင် အားလုံးပင် နိဗ္ဗာန်သို့ ဝင်ရောက်ကုန်လောက်ကြပြီဘဲ။ နိဗ္ဗာန်သို့အမှန်ရောက်လိုပါလျှင် ယခုပဲ လာသွားကြစို့ခေါ်တော့ အိမ်ပြန်ပြီး နှုတ်ဆက်ချင်တဲ့ သူတွေသာ အများသားကလား- (ဒကာကြီးဦးဟိန်ရဲ့)။

မိတ်ကောင်း ဆွေကောင်းဖြစ်တဲ့ ကလျာဏမိတ္တရှိပါလျှင် အရိယာမဂ်ကိစ္စ အားလုံးပင်ပြီးစေနိုင်ပါတယ်ဆိုတဲ့ အကြောင်းကို ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်များ အရိယာ ပုဂ္ဂိုလ်များတည်းဟူသော မိတ်ကောင်း ဆွေကောင်း ကလျာဏမိတ္တကို ရရှိကြသဖြင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါများစွာတို့ မဂ်ကိစ္စ, ဖိုလ်ကိစ္စ, ပြီးစီးကြပြီး နိဗ္ဗာန်ရွှေသို့ပင် ဝင်ရောက် စံပျော် နေကြကုန်ပြီနော်။ မိတ်ဆွေကောင်း ကလျာဏမိတ္တသည် လောကီ ကြီးပွား ချမ်းသာရေးမှာဖြစ်စေ၊ လောကုတ္တရာ ကြီးပွားရေးမှာ ဖြစ်စေ၊ ကိစ္စပြီးမြောက် ချမ်းသာရောက်ဘို့ အထောက်အပံ့ကြီးဖြစ်သလို၊ ယုတ်မာသော မိတ်ဆွေဒုစရိုက်အိုး အပေါင်းအသင်းများဖြစ်တဲ့ ပါပမိတ္တတို့ကလဲ လောကီရေးမှာဖြစ်စေ၊ လောကုတ္တရာရေးရာမှာဖြစ်စေ၊ ကိစ္စအားလုံးဆုတ်ယုတ်ဘို့၊ ပျက်စီးဘို့ အကြောင်း အထောက်အပံ့ ဖြစ်ပါတယ်တဲ့။ ဒုစရိုက်သမား လူယုတ်မာများနှင့်တကွ ပေါင်းသင်းဆက်ဆံခြင်းပြုပါလျှင် ယခုပစ္စုပ္ပန်ဘဝမှာလဲ စီးပွား ဥစ္စာ ပျက်စီးခြင်း၊ ကြိတ်ခိုးဂုဏ်သိန် ငြိုးမှိန်ခြင်းကို ဖြစ်စေတတ်တယ်။ နောက်ခါ ကာလ တမလွန်ဘဝမှာလဲ အပါယ ဒုဂ္ဂတိသို့ ရောက်ရှိဘို့ အကြောင်း ကောင်းကောင်းကြီးဖြစ်သတဲ့နော်။

မိတ်ဆွေကောင်းနှင့် ပေါင်းသင်းရတာ ဝမ်းမြောက်ဘို့ရာဖြစ်သလို၊ ဒုစရိုက်သမား မိတ်ဆွေများနှင့် ပေါင်းသင်းရတာလဲ အလွန်တရာ ကြောက်စရာ ကောင်းတာပဲ ကလား။ ဒါကြောင့်မို့ မိတ်ဆွေမကောင်း ပျက်စီးကြောင်းဖြစ်ပုံကို သာဓကကလေးထုတ်ဆိုကာ ပြဦးရမယ်။ တရားတော်နာလာရောက်ကြတဲ့ လူငယ် လူရွယ်များကလဲ ကောင်းမွန် ရှိသေစွာ မှတ်သားပြီး လိုက်နာကျင့်ကြံနိုင်ကြပါစေလို့ ဦးပဥ္စင်းတို့ ဆန္ဒပြုရပါတယ်နော်။ ဗုဒ္ဓဘာသာမြန်မာအမျိုးကောင်းသားတွေ ကြီးပွားချမ်းသာတာ မြင်ချင်လွန်းလို့ ဒီတရားကို ဟောလိုက်ရတယ် -(ဒကာကြီး ဦးဟိန်ရဲ့)။

ဇာတ်လမ်းအစကတော့- သုံးလောကထွဋ်တင် သဗ္ဗညု ဘုရားရှင်သည် ဗာရာဏသီပြည်၏ အနီး မိဂဒါဝုန်တောဌ် သီတင်းသုံးနေတော်မူစဉ်အခါက ဖြစ်ပါတယ်။

ထိုစဉ်အခါက ဗာရာဏသီနေပြည်တော်မှာ ကုဋေ (၈၀) ရှစ်ဆယ် စည်းစိမ် ဥစ္စာ ကြွယ်ဝ ချမ်းသာသောအမျိုး၌ ဘုန်းကံ ပါရမီနှင့် ပြည့်စုံသော သားတယောက် ဖွားမြောက်လာပါတယ်။ အဲဒီ သဌေးသားကို များစွာသော စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသော သဌေးမျိုး၌ဖြစ်ခြင်းကြောင့် မဟာ ဓန သဌေးသားလို့ ခေါ်ဆိုကြသတဲ့။ ထိုသဌေးသား၏ မိဘနှစ်ပါးဖြစ်သော သဌေးကြီးနှင့် သဌေး ကတော်ကြီးတို့က "ငါတို့အိမ်မှာ များပြားလှစွာသော စည်းစိမ်ဥစ္စာအစုံ ရှိပေတယ်။ ထိုများပြား လှစွာသော စည်းစိမ်ဥစ္စာတို့ကို ငါတို့၏ ချစ်လှစွာသော သား၏ လက်၌ ပစ္စည်းအားလုံးအပ်နှံ ထားကာ အလိုရှိသလောက် ချမ်းချမ်းသာသာ စည်းစိမ်ဥစ္စာတို့ကို သုံးဆောင်စေကြမည်။ ငါတို့၏ သားအား တပ ်းသောအမှုကိစ္စကို ပြုလုပ်နေဘွယ်ရာ မရှိပေ။

ဤစည်းစိမ်ဥစ္စာသည် ငါတို့သား တသက် စားသောက်သုံးစွဲ၍ မကုန်နိုင်ပေ။ သို့အတွက် တပါးသောကိစ္စကို ပြုလုပ်ဘွယ်လဲ မလိုတော့ပေ"။ ဤသို့ကြံစည်စဉ်းစားကြပြီးလျှင် ထိုသဌေးသား ကလေးကို ကခြင်း, သီခြင်း, သီဆိုခြင်း, အတတ်ပညာမျှကိုသာ သင်ကြားစေကြသတဲ့။ ဒီ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ပညာမှ တပါးသော ပညာများကိုကား သင်ကြား၍ မပေးကြဘူးတဲ့ နော်။ သားသမီးတို့အား တတ်သင့် တတ်ထိုက်သော အတတ်ပညာကို ငယ်စဉ်အခါက သင်ကြားပေးသင့် ပါလျက် (နောင်ရေးကို ငယ်စဉ်အခါက သင်ကြားပေးသင့်ပါလျက်) နောင်ရေးကို မမြော်မြင် ချစ်ခင်ခြင်း လွန်ကဲပြီး မခွဲရက်မခွာနိုင်သဖြင့် ပညာသင်ကြားမပေးခဲ့ကြသော မိခင် ဘခင်နှစ်ပါး သည် ထိုပညာမဲ့သော သားသမီးတို့၏ ရန်သူပင်ဖြစ်ကြောင်းကို ဟိတောပဒေသ၌ ပြဆိုထားသည် မှာကတော့-

မာတာ သတ္တု ပိတာ ဝေရီ၊ ယေန ဗာလော န ပါဠိတော။
န သောဘတေ သဘာ မဇ္ဈေ၊ ဟံ သမဇ္ဈေ ဗကောယထာ။ (ဟိတောပဒေသ၊ ဒု-၇၂)

ဘောဒန္တ၊ မိမိ ရင်ဖွား သမီး သားကို ကြီးပွားလိုငြား၊ အို- လူများတို့။ တုမှေ့၊ သား သမီးကောင်းတို့၏ မိခင် ဘခင်, အမှန်မင်ဖြစ်ချင်ကြသည့် အသင်တို့သည်။ သုဏာထ၊ အာရုံတပးါး စိတ်မသွား, နားစိုက်ကောင်းစွာ, ထောင်ကြပါကုန်လော့။ ဣမသ္မိံ လောကေ၊ လူ့ဘုံဌာန ဤ လောက၌၊ ယာ မာတုယာစ၊ နို့ချိုတိုက်ကျွေး ပြုစုမွေးသည့် ကျေးဇူးအရှင် အကြင်မွေ မိခင်သည်၎င်း၊ ယေန ပိတုနာစ၊ စားသောက်နေရေး ပြုလုပ်ကျွေးသည် ကျေးဇူးအရှင် အကြင်မွေးဘခင်သည်၎င်း၊ ဗာလော၊ ရင်သွေးရင်နှစ် ချစ်ခင်စဘွယ် သားသူငယ်ကို။(ဝါ) သားသမီးငယ်ကို။ န ပါဠိတော၊ အတတ်သင်ရန် ဆရာ့ထံသို့ အပ်နှံပြီးကာ ကျမ်းဂန်စာကို၊ ကောင်းစွာမပြတ် မဖတ်မရွတ်စေအပ်၊ မသင်မကြားအပ်ပေ၊ သာ မာတာ၊ သားငယ်သမီးငယ်အား ကျောင်းမှာထား၍ အတတ်ပညာကို မသင်ကြားစေသော ထိုအမိသည်၊ သတ္တု၊ သားသမီးဘဝ ဆုံးရှုံးရအောင် ကျင့်ကြံသည့်တူ ရန်သူ စင်စစ်အမှန်ဖြစ်၏၊ သော ပိတာ၊ သားသမီးနောက်ရေး မြော်မတွေးပဲ စိတ်အေးပြစ်ထား စိမ်းကား သည့်အသွင် ထိုဘခင်သည်။ ဝေရီ၊ သားသမီးဘဝ ဆုံးရှုံးရအောင် ကျင့်ကြံသည့်တူ ရန်သူစင်စစ် အမှန်ဖြစ်၏။ သော ဗာလော၊ အတတ်ပညာ လျှဉ်းမပါသဖြင့် လွန်စွာ အောက်ကျ, ဖျင်းအ,

လေငြား, ထိုသည့် သားသည်။ ဟံသမဇ္ဈေ၊ အရောင်အဝါ လွန်စွာတောက်ပြ လှပတင့်တယ်၊ ရွှေဟင်္သာမင်းတို့၏ အလယ်၌။ ဗကောယထာ၊ အဆင်းလည်းမလှ၊ နေထိုင်ပုံ အချိုးမကျသည့် ဆိုးစွ အမြင် ဉဇျိုင်း၏အသွင်ကဲ့သို့။ သဘာမဇ္ဈေ၊ ကဝိထိပ်တင် ပညာရှင်တို့ စုံလင်ချဉ်းကပ် ပရိသတ် အလယ်၌။ န သောဘတေ၊ နံ့ချာဖျင်းအ, သုံးမရသဖြင့် မုချတကယ် မတင့်တယ်လေသည်သာ တည်း။

ဆိုလိုရင်း အဓိပ္ပာယ်က– လောကမှာ သားရှင် သမီးရှင်ဖြစ်ကြကုန်သူတို့သည် မိမိတို့ရင်နှစ်သည်းခြာ သားနှင့်သမီးတို့ကို အသက်အရွယ်ငယ်စဉ်အခါက အတတ်ပညာသင်ကြားရန် ကျောင်းကန်၌ အပ်နှံ၍ အတတ်ပညာ သင်ကြားစေသင့်ပါလျက် အတတ်ပညာသင်ကြားခွင့် မပေးသော အတတ်ပညာသင်ရန်မသွားစေသောမိဘနှစ်ပါးတို့သည်နောင်သောအခါထိုသည့်သားသမီးများအရွယ်ရောက်၍ လူလားမြောက်လတ်သော် ဖြစ်ပေါ်ကြီးပွားမည့်အကျိုးတရား ပျက်ပြားအောင် ဖျက်ဆီးသည်နှင့်တူသောကြောင့် ထိုကဲ့သို့သော မိဘများဟာ သားသမီးတို့ရဲ့ ရန်သူစင်စစ် ဖြစ်သတဲ့နော်။ ကြပ်ကြပ်သတိထား၍ စဉ်းစားကြပါ။ အချို့သော အမိအဘများ, အဘိုးအဘွားများဟာ မိမိတို့ရဲ့ သားသမီး မြေးမြစ်တို့ကို အချစ်စစ် အချစ်မှန်ဖြင့် မချစ်တတ်သဖြင့် နှစ်သလို ဖြစ်တတ်တာကို မကြာခဏ တွေ့ရတတ်ပါတယ်။ သားသမီးနှင့်မခွဲမခွာနိုင်သဖြင့် ပညာသင်ခွင့်မပေးကြတဲ့ မိဘများဟာ ပျက်စီးစေလိုသော စေတနာမပါသော်လဲ မိမိတို့သားသမီးကို မိမိတို့ဖျက်ဆီးပစ်သလို ဖြစ်နေတတ်တယ် (ဒကာကြီးဦးဟိန်ရဲ့)။

ယခုခေတ်ကာလ အနေဖြင့် ပြောရလျှင် အချို့သော လူငယ်လူရွယ်များ၊ အမျိုးကောင်းသား သမီးကလေးများ ဘိန်းဖြူစွဲရတာတို့၊ နံပါတ်ဖိုးစွဲရတာတို့၊ ဆေးခြောက် စွဲရတာတို့၊ နောက်ပြီး တော့ အယုတ်ဆုံးပြောရလျှင် စီးကရက်၊ ဆေးလိပ်စွဲရတာတို့က အစ မိဘများရဲ့ သားသမီးအပေါ် အလိုလိုက် လွန်းမှုတွေကြောင့် ဖြစ်တာပါပဲ။ နည်းမှန် လမ်းမှန် ဆုံးမသွန်သင်မှု မပြုနိုင်ကြလို့ပါပဲ။ အရက်သေစာ သောက်စားတတ်တာလဲ ထိုနည်းရှင်းပါပဲ။ ဒါတွေလဲ မိဘတွေအပေါ်မှာ အပြစ်မကင်းဘူးလို့ ဆိုရမှာပဲနော်။ "သားသမီး မကောင်း-မိဘခေါင်း" လို့ ဆိုတယ် မဟုတ်လား။ သားသမီးကောင်း မိဘဖြစ်ချင်ကြလျှင် မိမိတို့ရဲ့ သားသမီးများကို အလိုလိုက်သင့်မှ လိုက်ရတာကိုး၊ အလိုလိုက်လွန်းအားကြီးရင် ချစ်ရာမရောက်ပဲ နှစ်ရာရောက်သတဲ့။

ထိုကဲ့သို့ ငယ်ရွယ်စဉ်အခါက အတတ်ပညာမသင်ကြားခဲ့ရရှာသော ထို သားငယ်သမီးငယ်များဟာ အချိန်တန် အရွယ်ရောက် လူလားမြောက်လာတော့ ပညာရှင်ပရိသတ်အလယ်မှာ မဝင်ဆံ့တော့ဘူး၊ ပရိတ်သတ်အလယ်မှာ ဂုဏ်သိန်တန်ခိုး ငြိုးငယ်ရရှာတော့တယ်တဲ့၊ လောက ဉပမာအားဖြင့် အရောင်အဆင်း တောက်ပခြင်းရှိကြတဲ့ ရွှေဟင်္သာငှက်မင်းများအလယ်မှာ ပုံပန်းမလှ အချိုးမကျတဲ့ ဉဇျိုင်းငှက်ပမာ ဖြစ်ရတတ်ပါတယ်တဲ့၊ သို့အတွက်ကြောင့် မိဘများဟာ မိမိတို့ရဲ့ ရင်နှစ်သည်းချာ သမီးနှင့်သားတို့ကို ငယ်ရွယ်စဉ်အခါက တတ်သင့်တတ်ထိုက်တဲ့ အတတ်ပညာကို ကောင်းစွာ တတ်မြောက်ကြလေအောင် သင်ကြားပေးကြရမည်တဲ့။ ပညာရှိမှသာလျှင် အရာရာမှာ တင့်တယ်တယ်၊ ဆွေမျိုးသားချင်းအလယ်မှာလဲ တင့်တယ်၊ မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများ အလယ်မှာလဲ တင့်တယ်ပါတယ်တဲ့– ဒါကြောင့်မို့–

ဉာတီနဉ္စ ပိယော ဟောတိ၊ မိတ္တေသု စ ဝိရောစတိ။
ကာယဿ ဘေဒါ သပ္ပညော၊ သဂ္ဂံသော ဥပပဇ္ဇတိ။ ။

ဟူ၍ ဟောကြားတော်မူခဲ့ပါတယ်။ (ဇာ၊ ၄-၅-၆၇)။

သပ္ပညော၊ အဘတ်ပညာ, ကောင်းစွာတတ်သိ, ပညာရှိသည်။ ဝါ– ပညာရှိသောပုဂ္ဂိုလ်ကို။ ဉာတီနဉ္စ၊ မိဖက်, ဘဖက်၊ ဆင်းသက်ပေါက်ဖွား, ဆွေမျိုးသားချင်း အများတို့၏လည်း။ ပိယော၊ အရေးတယူ, ချစ်ကြည်ဖူးသည်။ ဟောတု၊ အမှန်စင်စစ် ဖြစ်လေ၏။ မိတ္တေသုစ၊ မိတ်ဆွေ အပေါင်း အသင်း ရောင်းရင်းတို့အလယ်၌လည်း။ ဝိရောစတိ၊ ပညာဂုဏ်ရောင်, ထွန်းလင်းပြောင်သဖြင့်, ရွှေခေါင်သုတ်မှုတ်, ဆည်းကပ်တကယ်, တင့်တယ်လေ၏။ သောပညဝါ၊ အတတ်ပညာ, ကောင်းစွာ တတ်ငြား, ထိုအမျိုးကောင်းသားသမီးသည်။ ကာယဿ၊ ရုပ်နာမ်နှစ်ခု, ပေါင်းစုဖြစ်လာ, ကိုယ် ခန္ဓာ၏။ ဘေဒါ၊ အဘည်မမြဲ, ပြိုကွဲယိုယွင်း, ပျက်စီးခြင်းကြောင့်။ သဂ္ဂံ၊ ကောင်းမြတ်လှစွာ, ငါးဖြာအာရုံ, ကာမဂုဏ်ဘို့နှင့်, ကုံလုံပြည့်ဝ, နတ်ပြည်လောကသို့။ ဥပပဇ္ဇတိ၊ ပညာထက်သန်, ကောင်းရာကြံ၍,ကောင်းရန်ပြုလုပ်, ကုသိုလ်ထုပ်ကြောင်း, အဟုတ်မသွေ, ဖြစ်ရလေတော့သတည်း။

လောကမှာ အဘတ်ပညာ, အသိအလိမ္မာရှိတဲ့သူကို အမိအဘနှင့် ဆွေမျိုးသားချင်း များကလဲ ချစ်ခင်နှစ်သက်တတ်ကြတယ်၊ ပညာရှိတဲ့ပုဂ္ဂိုလ်ဟာ မိတ်ဆွေအပေါင်းအသင်း ရောင်းရင်း များအလယ်မှာလဲ ပညာဂုဏ်ရောင်, ထွန်းလင်းပြောင်သဖြင့်, အခေါင်ရွှေထား, လေးစားခင်မင် ဂုဏ်ဘင်ချီးပ, ပြောဆိုကြဘတ်ပါတယ်။ ပရိသတ်အလယ်မှာ မျက်နှာမငယ်ရပဲ တင့်တင့်တယ်တယ် နေထိုင်ရတတ်ပါတယ်၊ နောက်ဆုံးအခါတွင် ထိုပညာရှင်ဖြစ်သော အမျိုးသားအမျိုးသမီးသည် မိမိ တတ်သိပြီးသော အသိဉာဏ်ပညာဖြင့် မှန်ရာကိုကြိုးစား မမှန်တာကိုရှောင်ရှားလျက် ကုသိုလ်တရား ပွားများဆည်းပူးခြင်းကြောင့် ရုပ်ဝါရုံအစရှိသော ကောင်းမြတ်လှစွာသော အာရုံငါးပါး ကာမဂုဏ် တရားတို့နှင့်ပြည့်စုံသည့် နတ်ဘုံနတ်လောကသို့ အမှန်မုချ ဖြစ်ရတတ်ပါတယ်တဲ့။ အတတ်ပညာရှိတဲ့ ပုဂ္ဂိုလ်ဟာ ယခုပစ္စုပ္ပန်ဘဝမှာလဲ မျက်နှာမငယ်-တင့်တယ်စွာ နေရတယ်နော်–၊ နောင် တမလွန် လောကမှာလဲ ကောင်းရာ ဘဝသုဂတိဘုံဌာနသို့ မုချ ရောက်ရှိနိုင်သတဲ့။ (ဒကာကြီး-ဦးစိန်ရွှဲ)။

သို့အတွက်ကြောင့် သားကောင်းသမီးကောင်းတို့၏ မိခင်ဘခင်ဖြစ်လိုချင်သော အကြင် မိခင်ဘခင်တို့သည် မိမိတို့ရဲ့ ရင်သွေးရင်နှစ် သားချစ်သမီးချစ်များကို လောကမှာလဲကြီးပွားကြောင်း၊ သံသရာမှာလဲကြီးပွားကြောင်းဖြစ်တဲ့ အတတ်ပညာကို ကြိုးကြိုး စားစား သင်ကြားစေကြရမယ်။ သင်ကြားပေးကြရမည်လို့ ဆိုလိုတယ်နော်။ ကဲကဲ.... အတတ်ပညာရှိခြင်းရဲ့ အကျိုးတရားကို လွယ်ကူစွာ မှတ်သားနိုင်ကြအောင် ဒီလင်္ကာကလေးများကို လိုက်ဆိုမှတ်သားကြပေတော့–

ဆောင်ပုဒ်။ ၁။ ဆွေမျိုးမိဘ၊ ဂုဏ်ရှိန်ကြွ၊ များစွာချစ်ခင်သည်။
၂။ မိတ်ဆွေပေါင်းသင်း၊ ဆက်ဆံခြင်း၊ ဂုဏ်လင်းတင့်တယ်သည်။
၃။ ကွယ်လွန်သောခါ၊ နတ်တို့ရွာ၊ ကောင်းစွာစံရာသည်။
**၄။ ပညာတတ်အား၊ အကျိုးများ၊ မှတ်သားသိရမည်။**

'သားသမီးရတနာ ထွန်းကား၍လာပါလျှင် မိခင်ဘခင်ဖြစ်ကြတဲ့သူများဟာ မိမိတို့ သားသမီးကို ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစုနေရုံနှင့် မလောက်လုံသေးဘူး၊ မိဘတာဝန် မကျေပြွန်သေးဘူးတဲ့နော်။ ခေတ်ကာလအားလျော်စွာ ကာလဒေသကိုကြည့်ပြီး တတ်မြောက်သင့် တတ်မြောက်ထိုက်တဲ့ အတတ်ပညာကိုလဲ သင်ကြားစေဘို့ သင်ကြားပေးဘို့ လိုသေးတာကိုး-(ဒကာကြီး ဦးဟိန်ရှဲ)၊ ယခု ဗာရာဏသီ သဌေးကြီးနှင့် သဌေးကတော်ကြီးတို့ဟာ ချစ်လှစွာသော မိမိတို့ရဲ့ သားကလေးကို ပျက်စီးအောက်က အပျော်မခံနိုင်သဖြင့် တတ်မြောက်သင့်တဲ့ အတတ်ပညာကို သင်ကြားမပေးခဲ့ကြဘူး၊ ငါတို့မှာရှိတဲ့ ဒီပစ္စည်းဥစ္စာ ကုဋေပေါင်းများစွာဟာ ငါတို့သား တသက်တော့ စားသောက်လို့ မကုန်နိုင်ပါဘူးလို့ အတွက်လွဲနေပါတယ်။ ဒါ့ကြောင့်မို့လဲ ဘာမျှအကျိုးမများလှတဲ့ အပျော်အပါးကို ဦးစားပေးပြီး အက၊ အခုန်တို့၊ အဆိုတို့၊ အတီးအမှုတ်ပညာတို့ကိုသာ သင်ကြားပေးကြလေသတဲ့၊ သို့သော်လဲ ထမင်းစားလောက်အောင် တတ်မြောက်တဲ့ သဘင်ပညာရှင်ဖြစ်မည်မဟုတ်ပါဘူး၊ ပျော်ရုံပါးရုံ၊ ကခုန်တတ်ရုံဖြစ်မှာပါပဲ၊ မိဘများက သားကလေးပျော်ရွှင်ရုံ ဆို၊ တီး၊ က၊ ပညာမျှကိုသာ သင်ကြားပေးတော့ မဟာဓနေ သဌေးသားကလေးလဲ ဘာမဟုတ်တဲ့ ဆို၊ တီး၊ က၊ ပညာမျှကိုသာ တတ်မြောက်ရရှာတော့တာပေါ့။

ထိုနည်းတူစွာ ဤဗာရာဏသီမြို့ကြီးမှာပင် ကုဋေရှစ်ဆယ် စည်းစိမ်ကြွယ်ဝ ချမ်းသာသော သဌေးကြီးတဦးမှာလဲ သမီးကလေးတယောက် ထွန်းပေါက်မွေးဖွားလာသတဲ့၊ ထိုသဌေးကြီး ဇနီးမောင်နှံကလဲ မိမိတို့ရဲ့ ရှသို့မငြီးတဲ့ ချစ်သမီးကလေးကို"ငါတို့မှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသားပဲ။ ငါတို့သမီးကလေးကို ပင်ပန်းအောင် ထိုထိုပညာတွေ သင်ပေးနေဘို့ မလိုပါဘူး။ ငါတို့မှာ ရှိတဲ့ ပစ္စည်းဥစ္စာကို ဒီသမီးကလေး တသက်တော့ စားသောက်လို့ ကုန်နိုင်မည် မဟုတ်ပါဘူး" လို့ ကြံစည်စဉ်းစားကြပြီး ယခင်က သဌေးသားကလေးလို ဆို၊ တီး၊ က၊ ပညာမျှကိုသာ သင်ကြားပေးကြလေသတဲ့၊ နောက်အခါကာလတွင် ထိုသဌေးသားကလေးနှင့် သဌေးသမီးတို့ နှစ်ယောက် အချိန်တန်အရွယ်ရောက်လာတော့ သဌေးကြီးနှစ်ဦးတို့ တိုင်ပင်ညီနှုတ်ကာ ထိမ်းမြားလက်ထပ်ပေးလိုက်ကြသတဲ့၊ ပစ္စည်းဥစ္စာရှိတဲ့ သူကလဲ ပစ္စည်းဥစ္စာရှိတဲ့သူမှသာ ဆက်ဆံချင်တာနော်၊ တန်ခိုးအာဏာရှိတဲ့သူကလဲ တန်ခိုးအာဏာရှိတဲ့သူနှင့်မှသာ ဆက်ဆံချင်ကြတာပါပဲ၊ "ကျောသား ရင်သား မခွဲခြားဘူး" ဆိုတဲ့ စကားမျိုးဟာ ပြောသလောက်မလွယ်ပါဘူးနော်၊ ထိုနည်းတူပဲ ပညာရှိတဲ့သူကလဲ ပညာရှိတဲ့သူနှင့်မှ ဆက်ဆံချင်ကြတာပဲ၊ ကုန်သည်ဟာ ကုန်သည်နှင့်၊ လယ်သမားဟာ လယ်သမားနှင့်၊ အလုပ်သမားဟာ အလုပ်သမားနှင့်- စသည်ဖြင့် အချင်းချင်း သဘောတူရာ၊ သဘောတူရာသာ ဆက်ဆံပေါင်းသင်းပြီး နေကြတယ်နော်။ ဒါကြောင့်မို့ မြတ်စွာဘုရားသခင်က-

ဓာတုသော ဝ ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ။                    (သံယုတ္တ)

ချစ်သားရဟန်းတို့ ဤလောကမှာ သတ္တဝါတို့မည်သည် ဓာတ်သဘော အားဖြင့်သာလျှင် ပေါင်းသင်းနေထိုင်ကြတယ်၊ တပေါင်းတည်းတစည်းတည်းဖြစ်တယ်လို့ ဟောကြားတော်မူခဲ့ပါတယ်၊ ထိုမဟာဓနေသဌေးသားနှင့် သဌေးသမီးကလေးကို ထိမ်းမြားပေးကြပြီးနောက် မိဘများဖြစ်ကြသော သဌေးကြီးနှစ်ယောက် သဌေးကတော်ကြီး နှစ်ယောက်တို့ အားလုံး ကွယ်လွန်သွားကြသော အခါ **မိဘများရဲ့ အမွေအနှစ်ပစ္စည်းဥစ္စာအားလုံး ထိုမဟာဓနတို့ဇနီးမောင်နှံက ဆက်ခံရရှိပါတယ်၊ ယင်းသို့**

ဖြင့် မဟာဓနသဋ္ဌေးသား၏ မိဘများထံမှ ကုဋေရှစ်ဆယ်၊ သဋ္ဌေးသမီး၏ မိဘများထံမှကုဋေရှစ်ဆယ် အမွေ နှစ်ရပ်ပေါင်းတော့ ကုဋေပေါင်း တရာ့ခြောက်ဆယ်သော စည်းစိမ်းဥစ္စာများဟာ မဟာဓနေ သဋ္ဌေးသားတို့ဇနီးမောင်နှံတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းများ ဖြစ်လာကြတော့သတဲ့နော်၊ ကံကောင်းတော့လဲ အမွေအားလုံးကို သိမ်းကျုံးရရှိတော့တာဘဲကလား၊ ယခုအခါ မဟာဓနသဋ္ဌေးသားသည် မဟာဓန သဋ္ဌေးကြီးဖြစ်သွားပြီပေါ့နော်၊ ထိုမဟာဓနသဋ္ဌေးသားသည် တနေ့လျှင်သုံးကြိမ် ဗာရာဏသီ ဘုရင် မင်းမြတ်ထံ အခစားဝင်ရသတဲ့၊ ထိုအခါ ဗာရာဏသီမြို့၌ နေကြသော သေသောက်ကြူးများက နေ့စဉ်မပြတ် ဘုရင်မင်းမြတ်ထံ အခစားသွားရောက်နေသော မဟာဓနသဋ္ဌေးကို မြင်သဖြင့် ဤကဲ့သို့ ကြံစည်ကြလေသတဲ့။

သာဓယံ သေဋ္ဌိပုတ္တော သုရာသောဏ္ဍော ဘဝိဿတိ၊ အမှာကံ ဖာသုကံ ဘဝိဿတိ၊ ဥဂ္ဂဏှာပေမ နံ သုရာသောဏ္ဍဘာဝံ။ (ဓမ္မပဒ၊ ၄၊ ဒု၊ ၇၂)

အယံသေဋ္ဌိပုတ္တော၊ ဤသဋ္ဌေးသားသည်။ သုရာသောဏ္ဍော၊ . သေသောက် သမားသည်။ (ဝါ) အပျော်အရွှင် ခံမင်လိုက်စား အရက်သမားသည်။ သစေဘဝိဿတိ၊ အကယ်၍ ဖြစ်လေငြားအံ့။ အမှာကံ၊ ငါတို့အား။ ဖာသုကံ၊ စားလိုရာစား သောက်လိုရာ သောက်ရသဖြင့် ဝမ်းမြောက်ပျော်ရွှင် ချမ်းသာခြင်းသည်။ ဘဝိဿတိ၊ အမှန်စင်စစ် ဖြစ်ပေလတံ့။ နံ၊ ပညာနည်းပါး ထိုသဋ္ဌေးသားကို။ သုရာသောဏ္ဍဘာဝံ၊ အပျော်လိုက်စား သေသောက်သမား အဖြစ်ကို။ ဥဂ္ဂဏှာပေမ၊ နည်းညွှန်ပြသ ခဏာလွယ်ကူ ယူစေကြကုန်အံ့။

မိတ်ဆွေတို့ ယခုဘုရင်ကြီးထံ ခစားရန်သွားလာနေတဲ့ ဒီသဋ္ဌေးသားကလေး အရက်သမားဖြစ်လာလျှင် ငါတို့ ချမ်းချမ်းသာသာ ပျော်ပျော်ပါးပါး သောက်စား နိုင်ကြပေလိမ့်မယ်၊ ဒီသဋ္ဌေးသားကလေးကို အမဲဖမ်းပြီး အရက်သမားဖြစ်အောင် နည်းပေးညွှန်ပြ သင်ပေးကြစို့-ဟု ဗာရာဏသီပြည်၌ နေကြတဲ့ အရက်သမားလူပျက်များက စုပေါင်းပြီးကြံစည်ကြ ဆွေးနွေးတိုင်ပင်ကြ လေသတဲ့၊ တော်တော်လဲ ကြောက်လန့်ဘွယ် ကောင်းတဲ့ အရက်သမားတွေပါဘဲနော်၊ မိမိ အမြီးပြတ်တာနှင့် သူဘပါးတို့ကိုလဲ အမြီးပြတ်ဖြစ်စေရန် ကြံစည်တဲ့ မြေခွေးလို ပုဂ္ဂိုလ်မျိုးတွေထင်ပါရဲ့၊ အရက်သမား ဆိုတော့ ကလိကမာ လုပ်တဲ့နေရာမှာလဲ ဉာဏ်တော့ ခပ်များများဘဲပေါ့။

သို့အတွက် ထိုအရက်သမားများဟာ သေရည်အရက်တို့ကို ယူဆောင်ကြကုန်ပြီး အရက်မြည်းရန် ခဲဘွယ်အမဲတို့ကိုငှင်း, ဆားခဲတို့ကိုငှင်း, ပုဆိုးစွန်း၌ ဖွဲ့ထုပ်ကာ စားသောက်ဘွယ်အမြစ်အဖုတို့ကို ယူငင်ကြကုန်လျက် ဘုရင်မင်းမြတ်ထံမှ ခစားပြီး ပြန်လာသော မဟာဓနသဋ္ဌေးသား လာရောက်ရာ လမ်းကိုကြည့်ရှုကာ နေကြလေရာ သဋ္ဌေးသားပြန်လာသည်ကို တွေ့မြင်ကြရလျှင် အားရပါးရ သေရည်ကိုသောက်၍ ပြလိုက်ကြတယ်၊ သေအရက်ကို တခါမော့ပြီးလျှင် ဆားခဲကို ခံတွင်းထဲသို့ပစ်ထည့်ပြီး အမြစ်အဖုတို့ကို ကိုက်ခဲစားသောက်သျက် "ဝဿသတံ ဇီဝ သာမိ၊ အရှင်သဋ္ဌေးသား အနှစ်တရာ ကာလပတ်သုံး အသက်ရှည်ပါစေလော့၊ အရှင်သဋ္ဌေးသားကိုမှီ၍ ကျွန်ုပ်တို့သည် စားနိုင် သောက်နိုင်သော သူများဖြစ်လိုကြပါကုန်၏"ဟု ပျော်ပျော်ပါးပါး စားယင်းသောက်ယင်း သဋ္ဌေးသားကို နှုတ်ဆက်စကား ပြောဆိုလိုက်ကြလေသတဲ့။ သဋ္ဌေးသားကလဲ ထိုအရက်သမားတို့ ပြောဆိုသော စကားကိုကြားရလေလျှင် မိမိနောက်မှ လိုက်ပါလာသော အလုပ်အကျွေးငယ်ကို

"ဒီလူတွေ အဘယ်အရာကို သောက်နေကြသနည်း" ဟု မေးမြန်းတဲ့အခါ အလုပ်အကျွေး လိုက်ပါသူကလဲ "အရှင့်သား၊ တခုသောသောက်ဘွယ်အရည်ကို သောက်နေကြပါသည်"ဟု ပြောဆိုလေသတဲ့။

ထိုအခါ သဋ္ဌေးသားကဆက်၍ "ယခု ထိုသူများ သောက်နေသော သောက်ဘွယ်အရည်သည် နှစ်သက်ဘွယ်ကောင်းသော သဘောရှိလေသလော" ဟု မေးမြန်းလေရာ အလုပ်အကျွေးဖြစ်သူက "အရှင်သဋ္ဌေးသား အသက်ရှည်သော ဤလူ့ပြည်လောက၌ ဤသောက်ဘွယ်အရည်နှင့်တူသော သောက်အပ်သည်နှင့် ယှဉ်သောအရည်မည်သည် မရှိပါ၊ သောက်ဘွယ်အရည်အားလုံးတွင် ဤအရည်သည် အကောင်းဆုံးဖြစ်ပါသည်"ဟု ပြောဆိုလေသတဲ့၊ ဒီစကားကို ထောက်ကြည့်တော့ ဒီလူဟာ အရက်သမားစစ်စစ် ဖြစ်တယ်ဆိုတာ သိသာတယ်နော်၊ ဒါကြောင့်မို့သဲ သူအလွန်နှစ်သက်တဲ့ ယစ်ရွှေရည်ကို ဂုဏ်ထူးတွေသင်ပြီး ချီးကျူးနေတာပဲ မဟုတ်လား။ အရက်သောက်သူတော့ အရက်အကြောင်း ကောင်းကောင်းသိနေတယ်ပေါ့၊ ဒကာကြီး ဦးဟိန်တို့လဲ ဒီယစ်ရွှေရည်အကြောင်း ကောင်းကောင်းသိနေကြတဲ့ သူတွေများလား မပြောတတ်တော့ပါဘူး၊ "သောက်လိုက်ရင်ချို၊ မျိုလိုက်ရင်ခါး"ဆိုတဲ့ ဒီအရည်ဟာ တခါစွဲမိသွားရင် အသက်တွေကြီးလာပေမဲ့ မခွဲနိုင်ကြဘူးတဲ့၊ အဆွဲဓာတ် တော်တော်ကောင်းတဲ့ အရည်မပါပဲနော်။

အလုပ်အကျွေးဖြစ်သူက ယစ်ရွှေရည်ကောင်းကြောင်း ချီးကျူးခန်းဖွင့်လေလျှင်၊ သူဋ္ဌေးသားလဲ စမ်းကြည့်လိုသောစိတ်ဖြစ်ပေါ်လာသဖြင့် ယင်းသို့ဖြစ်လျှင် ငါလဲသောက်ခြင်းငှာ သင့်ပေသည်ဟု ကြံစည်ပြီး အနည်းငယ်ဆောင်ယူစေကာ သောက်စားလေသတဲ့။ "တခွက်သောက်တော့ အထက်ရောက်တယ်"ဆိုဘဲ့အတိုင်း အနည်းငယ် ဆောင်ယူသောက်ရာက ချိုမြမြရှိသဖြင့် နည်းနည်းခနူစဉ် ဆောင်ယူသောက်လေရာ သဋ္ဌေးသားသည် မကြာမီ အရက်သမား ဖြစ်သွားလေသတဲ့။ သဋ္ဌေးသား ဓသရည်အရက်ကို စွဲမက်သွားပြီဖြစ်ကြောင်း ကောင်းကောင်းသိကြသော အရက်သမားများလဲ မကြာမီမှာပင် သဋ္ဌေးသားကို ခြံရံနေကြလေသဘဲ့၊ ဒီလိုနှင့် ကာလကြာညောင်းလာတဲ့အခါ မဟာဓနသဋ္ဌေးသားမှာ အရက်သမားအခြံအရံတွေ များစွာဖြစ်လာတယ်ဆိုဘဲ။ "ဒီယုံမြင်လို့ နီခြုံထွင်သည်"ဆိုတဲ့ စကားပုံလိုဘဲပေါ့၊ သဋ္ဌေးသားနှင့် ရင်းနှီးအောင်လုပ်ပြီး မိမိတို့ အလိုရှိသမျှ သောက်စားကြရအောင် ကြံဆောင်ကာ မိတ်ဖွဲ့အယုံသွင်းလာခဲ့ကြတာ မဟုတ်လား၊ သဋ္ဌေးသားခမြာ လူပေါင်းမှားရှာလေပြီနော်-၊ မိမိအောက် သီလသမာဓိပညာယုတ်နိမ့်သောသူကို ပေါင်းသင်းမိဝဲလျှင် မိမိလဲ သီလသမာဓိပညာအားဖြင့် ယုတ်နိမ့်လျော့ကျသွားတတ်သတဲ့၊ မိမိထက် သီလသမာဓိ ပညာအားဖြင့် မြင့်မြတ်သောသူကို မှီခိုဆည်းကပ် ပေါင်းသင်းမှသာလျှင် မိမိလဲ သီလသမာဓိ ပညာအားဖြင့် တိုးတက်ကြီးပွားနိုင်သတဲ့။ ဒါကြောင့်မို့-

နိဟီယတိ ပုရိသော နိဟီနသေဝီ၊ နစ ဟာယေထ ကဒါစိ တုလျသေဝီ။ သေဋ္ဌ-
မုပနမံ ဥဒေတိ ခိပ္ပံ။ တသ္မာ အတ္တနော ဥတ္တရိံ ဘဇေထ။ (အံ-ပ-၁၂၃)။

ဟူ၍ ပေါင်းသင်းဆက်ဆံရေးအတွက် မြတ်စွာဘုရားက နည်းပေး ဟောကြားတော်မူခဲ့ပါတယ်။

ဘောနွေ့၊ ပဇ္ဇုပ္ပန်သံသရာ ချမ်းသာလိုလားကြတဲ့ အို-အမျိုးကောင်း သား/သမီးတို့။ လောကသို့၊ လစ်ပြန်လျှင်တွယ်, လယ်သလိုအုပ်ကြသဖြင့် အလွန်ပင်ရှုပ်လှဘဲ့ လောကကြီး၌။

နိဟီနသေဝီ။ မိမိအောက် သီလ, သမာဓိ, ပညာအားဖြင့် ယုတ်လျော့သောသူကိုမှီဝဲသော။ ပုရိသော၊ ကြောင်းကျိုးမြော်မြင် ဆင်ခြင်နည်းပါးသော ယောကျ်ားသည်။ နိဟီယတိ၊ မိမိရှိငြား သီလ, သမာဓိ, ပညာအားဖြင့် ယုတ်လျော့လေ၏။ တုလျသေဝီ၊ မိမိနှင့်မျှ သီလ, သမာဓိ, ပညာတူသောသူကို မှီဝဲသော၊ ပုရိသော၊ ကောင်းကျိုးလိုလား အမျိုးသားသည်။ ကဒါစိ၊ ဘယ်အခါ ဖြစ်ဖြစ်၊ တရံတဆစ်မျှ။ နစဟာယေထ၊ မိမိ၌ရှိငြား သီလ, သမာဓိ, ပညာအားပြင့် လွင့်ပါးအဟုတ် မဆုတ်ယုတ်လေရာ။ သေဋ္ဌံ၊ မိမိထက် သီလ, သမာဓိ, ပညာအားဖြင့် ထူးခြားသတ်မှတ် မြင့်မြတ်သောသူကို။ ဥပနမံ၊ မခွာမလွှတ်, ကိုင်းညွတ်သောသူသည်။ ခိပ္ပံ၊ ဆော့ဆော့လျင်စွာ, မြန်မကြာ။ ဥဒေတိ၊ သီလ, သမာဓိ, ပညာ ဂုဏ်ဝါမြင့်လျက်, တိုး၍တက်၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တနော၊ မိမိထက်။ ဥတ္တရိံ၊ သီလ, သမာဓိ, ပညာ ဂုဏ်ရှိန်တောက်ထိန် မပြတ် မြင့်မြတ်လှသောသူကို။ ဘဇေထ၊ ရိုရို သေသေ လေးလေးမြတ်မြတ် မပြတ်အမြဲ မှီဝဲဆည်းကပ် လေရာသတည်း။

**ဆောင်ပုဒ်။** ။၁။ ယုတ်ညံ့သောသူ၊ မှီဝဲမူ၊ ထိုသူဆုတ်ယုတ်မည်။
၂။ မိမိဘန်းတူ၊ မှီဝဲမူ၊ ထိုသူမယုတ်ပြီ။
၃။ မြင့်မြတ်သူအား၊ မှီဝဲငြား၊ ထင်ရှားတိုးတက်မည်။
၄။ သီလ-သမာ-ပညာကြီးမား၊ ပုဂ္ဂိုလ်များ၊ လေးစားမှီရမည်။

လောကမှာ မိမိအောက် ယုတ်ညံ့သော သဘောရှိတဲ့သူ၊ သီလ,သမာဓိ,ပညာ နိမ့်ကျသောသူကို မှီဝဲလျှင် မိမိလဲယုတ်ညံ့နိမ့်ကျသွားပေမည်၊ မိမိနှင့် တန်းတူသူကို မှီဝဲဆည်းကပ်လျှင်တော့ မိမိမှာ မတိုးတက်ပေမဲ့ ဆုတ်ယုတ်မှုတော့ မရှိနိုင်ပါဘူးတဲ့၊ မိမိထက်သာတဲ့သူ မြင့်မြတ်တဲ့သူကိုမှီဝဲဆည်းကပ်ပါမူ ထိုသူအမှန်စင်စစ် ကြီးပွားတိုးတက်မည်၊ သို့အတွက် မိမိထက်သာလွန်သူ မြင့်မြတ်သူကိုသာ ရှာကြံကာ ပေါင်းသင်းဆက်ဆံပါ၊ မှီဝဲဆည်းကပ်ပါလို့ ဆိုလိုတယ်နော်၊ လောကကြီးအတွင်းမှာ လူရယ်လို့ဖြစ်လာပြန်တော့လဲ အပေါင်းအသင်းမရှိ၊ အထီးကျန်ဘဝနှင့် တယောက်ထည်းထည်း နေလို့လဲ ဖြစ်ကြတာမဟုတ်လေတော့ တဦးနှင့်တဦး ပေါင်းသင်းဆက်ဆံကာနေကြရမှာကတော့ ဓမ္မတာပါပဲ၊ ဒါပေမဲ့ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းမိဘို့ ဆက်ဆံနေထိုင်ကြဘို့က လိုသေးတာကို-(ဒကာကြီးဦးဟိန်ရဲ့)၊ ဒီလိုမိတ်ဆွေကောင်းနှင့် ပေါင်းသင်းနေထိုင်ကြဘို့အတွက်လဲ ဦးပဥ္စင်းတို့ မြတ်စွာဘုရားက တပည့်သား သာဝကတွေ၊ ဒါယကာ၊ ဒါယိကာမတွေ၊ မိတ်ဆွေကောင်း ရွေးချယ်ဘတ်စေရန် မိတ်ဆွေဖွဲ့ထိုက်တဲ့ သူတို့ရဲ့ အင်္ဂါလက္ခဏာရပ်များကို ထုတ်ပြဟောကြားကာ နည်းပေးထားတော်မူခဲ့ပါတယ်၊ ကဲ- ကဲ- မိတ်ဆွေဖွဲ့ထိုက်တဲ့ အင်္ဂါ(၇)ရပ်ကို သေသေချာချာမှတ်လိုက်ကြစမ်းပါ။ မိတ်ဆွေကောင်းတို့ရဲ့ အင်္ဂါလက္ခဏာ (၇)ရပ်ကတော့–

(က) ဒုဒ္ဒံ ဒဒါတိ မိတ္တော၊ ဒုက္ကရဉ္စာပိ ကုဗ္ဗတိ၊
အထော ပိဿ ဒုရုတ္တာနိ၊ ခမတိ ဒုက္ခမာနိစ။ ။

(ခ) ဂုယှဉ္စ တဿ အက္ခာတိ၊ ဂုယှဿ ပရိဂူဟတိ၊
အာပဒါသု နဇဟာတိ၊ ခီဏေန နာတိမညတိ။ ။

(ဂ) ယမှိ ဌာနာနိ ဋ္ဌာနာနိ၊ သံဝိဇ္ဇန္တိစ ပုဂ္ဂလေ၊
သောမိတ္တော မိတ္တကာမေန၊ ဘဇိတဗ္ဗော တထာဝိဓော။ ။(အင်္ဂုတ္တရ၊ ဒု-၄၂၁)

(က) ယောမိတ္တော၊ ကောင်းကျိုးလိုလား စိတ်ထားမြင့်ပေ အကြင် ချစ်မိတ်ဆွေသည်။ ဒုဒ္ဒဒံ၊ ပေးနိုင်ခက်သော ပစ္စည်းကို။ ဒဒါတိ၊ လက်တွန့်မနှေး၊ ပေးကမ်းတတ်၏။ ဒုက္ကရဥ္စာပိ၊ ပြုနိုင်ခဲလှ အမှုကိစ္စကိုလည်း။ ကုဗ္ဗတိ၊ မတွန့်မဆုတ် ပြုလုပ်ပေးတတ်၏။ အထောပိ၊ ထိုမှတပါးလည်း။ အဿ၊ ထိုမိတ်ဆွေအား။ (ဝါ) ထိုမိတ်ဆွေ၏။ ဒုက္ခမာနိ၊ သည်းခံနိုင်ခဲလှကုန်သော။ ဒုရုတ္တာနိစ၊ မကောင်းမြွက်ကြား ပြောဆိုမှားသော စကားတို့ကိုလည်း။ ခမတိ၊ အနာမယူ ကြည်ဖြူအမှန် သည်းခံတတ်၏။

(ခ) တဿ၊ ထိုမိတ်ဆွေအား။ ဂုယှဥ္စ၊ မိမိ၏လျှို့ဝှက်အပ်သော အရာကိုလည်း။ အက္ခာတိ၊ ယုံကြည်သောအား ပြောကြားတတ်၏။ အဿ၊ ထို မိမိ၏ မိတ်ဆွေ၏။ ဂုယှံ၊ လျှို့ဝှက်အပ်သော အရာကို။ ပရိဂူဟတိ၊ မပေါက်မကြား သတိထားလျက် လျှို့ဝှက်ပေးတတ်၏။ အာပဒါသု၊ တစုံတရာ ဘေးရန်ရှိသော အခါတို့၌။ နဇဟာတိ၊ ပစ်၍မထား စွန့်မသွားတတ်။ တဿ၊ ထိုမိတ်ဆွေ၏။ ခီဏေန၊ စည်းစိမ်ဥစ္စာ လွန်စွာပြုန်းတီး ပျက်စီးကုန်ခန်းခြင်းကြောင့်။ နာတိမညတိ၊ မထီမဲ့မြင် အထင်မသေးတတ်။

(ဂ) ဠမခ ဠမ သို့ လောကေ၊ ဤလောက၌။ တောနိဌာနာနိ၊ သရုပ်ပိုင်းခြား ဤမိတ်ဆွေကောင်း အင်္ဂါလက္ခဏာ ခုနစ်ပါးတို့သည်။ ယမှိ ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ သံဝိဇ္ဇန္တိ၊ အမြင်အားဖြင့် အထင်အရှား ရှိကြလေကုန်၏။ တထာဝိဓော၊ မိတ်ကောင်း လက္ခဏာ မှန်စွာတည်ဘိ ထိုသို့သဘောရှိသော။ သောမိတ္တော၊ အင်္ဂါခုနစ်ရပ် ပြည့်စုံလတ်သည့် ထိုမိတ်ဆွေမြတ်ကို။ မိတ္တကာမေန၊ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းလိုငြား အမျိုးကောင်းသား/သမီးသည်။ ဘဇိတဗ္ဗော၊ အမြဲမပြတ် မှီဝဲဆည်းကပ်အပ်လေသည်သာလျှင်တည်း။

ဆိုလိုရင်းအဓိပ္ပာယ်ကတော့ -

၁။ ဒုဒ္ဒဒံ ဒဒါတိ၊ ပေးနိုင်ခက်ခဲသော ပစ္စည်းဥစ္စာကို ပေးတတ်ခြင်း။
၂။ ဒုက္ကရံ ကရောတိ၊ ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲသော အရာများကို ပြုလုပ်ပေးတတ်ခြင်း။
၃။ ဒုက္ခမံ ခမတိ၊ သည်းခံနိုင်ခဲသောအရာကို သည်းခံတတ်ခြင်း။
၄။ ဂုယှမဿ အာဝိကရောတိ၊ မိမိ၏လျှို့ဝှက်အပ်သော အရာများကို မထိန်းမချန် ပြောကြားတတ်ခြင်း။
၅။ ဂုယှမဿ ပရိဂူဟတိ၊ မိတ်ဆွေ၏ လျှို့ဝှက်အပ်သောအရာကို လျှို့ဝှက်ပေးတတ်ခြင်း။
၆။ အာပဒါသု နဇဟာတိ၊ ဘေးရန်တစုံတရာဖြစ်ပေါ်လာသောအခါတို့၌ စွန့်ခွာမသွားတတ်ခြင်း။
၇။ ခီဏေန နာတိမညတိ၊ ပစ္စည်းဥစ္စာ ပျက်စီးကုန်ခမ်းခြင်းကြောင့်လဲ မထီမဲ့မြင် မပြုတတ်၊ အထင်မသေးတတ်ခြင်း အားဖြင့် ခုနစ်ပါးရှိကပ်နေ၏။

ဒီမိတ်ဆွေထိုက်သူရဲ့ လက္ခဏာ (၇) ရပ်၊တနည်းအားဖြင့် မိတ်ဆွေကောင်းအင်္ဂါ (၇)ရပ်ကို သေချာစွာ မှတ်မိကြအောင် ဒီလင်္ကာကလေးသုံးပုဒ်ကို ဆိုထားကြရမည်။

ဆောင်ပုဒ်။ ၁။ ပေးပြု-သည်းခံ၊ ပြောကြားပြန်၊ အမှန်လျှို့ဝှက်သည်။
၂။ ရန်တွေ့-မပြေး၊ ထင်မသေး၊ ပြည့်ရေအောင်ပြီ။
၃။ မိတ်ကောင်းအင်္ဂါ၊ ခုနစ်ဖြာ၊ ကောင်းစွာပြည့်က ပေါင်းရမည်။

ရှုပ်ပွေလှစွာ ဤကမ္ဘာတွင် ပေါင်းသင်းဆက်ဆံရေး မိတ်ဆွေကောင်း ရွေးချယ်ရေးဟာ လွန်စွာအရေးကြီးလှန်းလို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့အတိုင်း မိတ်ဆွေကောင်း အင်္ဂါ ခုနစ်ဖြာကို နောက်တနည်း၊ ဆက်ပြလိုက်ပါဦးမယ်၊ သေသေချာချာ မှတ်သားလိုက်စမ်းပါနော်။ နောက်တနည်း ဟောကြားတဲ့ မိတ်ကောင်းအင်္ဂါ ခုနစ်ပါးကတော့-

ပိယော ဂရုဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော၊
ဂမ္ဘီရဉ္စ ကထံကတ္တာ၊ နောစ ဋ္ဌာနေ နိယောဇကော။ (အ-ပ-၄၂၂)

ဟူသော ဂါထာအတိုင်းပင်။

၁။ ပိယော၊ သီလ, သမာဓိ, ပညာနှင့်ပြည့်စုံ၍ ချစ်ခင်ဘွယ်ရှိခြင်း။
၂။ ဂရု၊ အလေးဂရုပြုထိုက်လှခြင်း။
၃။ ဘာဝနီယော၊ ချီးမွမ်းအပ်သူဖြစ်ခြင်း။
၄။ ဝတ္တာ၊ သူတပါးတို့အား ပြောဆိုဆုံးမတတ်ခြင်း။
၅။ ဝစနက္ခမော၊ သူတပါးတို့ပြောဆိုသည်ကို နာယူတတ်ခြင်း၊ အပြောအဆိုခံနိုင်ရည်ရှိခြင်း။
၆။ ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နက်နဲသောစကားကိုပြောဆိုတတ်ခြင်း၊ (ဝါ) အလွန်နက်နဲလှစွာသော ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်နှင့်စပ်သော တရားစကားကို ပြောဆိုဟောကြားတတ်ခြင်း။
၇။ အဋ္ဌာနေနောစ နိယောဇကော၊ လောက ဓမ္မ မသင့်လျော်ရာ၌ မတိုက်တွန်းတတ်ခြင်း အားဖြင့် (၇) ပါးရှိတယ်။

ဒီအင်္ဂါတွေဟာ မိတ်ဆွေကောင်းများ၌ တည်ရှိတဲ့ အင်္ဂါလက္ခဏာများ ဖြစ်ပါတယ်။ ဒီလို မိတ်ဆွေကောင်းအင်္ဂါလက္ခဏာနှင့် ကောင်းစွာပြည့်စုံသောသူကို ကြီးပွားတိုးတက်လိုသော မိတ်ဆွေကောင်းကို အလိုရှိသောသူသည် ရှိသေလေးမြတ် မှီဝဲဆည်းကပ် ပေါင်းသင်းရမည်ဘဲ (ဒကာကြီး ဦးဟိန်ရဲ)။

ဤကဲ့သို့ မိတ်ဆွေကောင်းတို့ရဲ့ ဂုဏ်အင်္ဂါ လက္ခဏာများနှင့် ပြည့်စုံသော သူမှသာလျှင် မိတ်ဆွေတို့ကျင့်ဝတ်များဖြစ်တဲ့-

"ပေးကမ်းချီးမြှင့်, ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်, နှုတ်မြွက်ချိုသား၊
သစ္စာမှန်စေ, ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ"

ဟု ဆိုတဲ့အတိုင်း-

၁။ စီးပွားဥစ္စာကို ပေးကမ်းချီးမြှင့်တတ်ခြင်း။
၂။ မခွဲခြားပဲ ကိုယ်နှင့်အညီအမျှ ပေါင်းသင်းဆက်ဆံခြင်း။

၃။ မိတ်ဆွေရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ပေးတတ်ခြင်း။
၄။ ပြောဆိုဆက်ဆံသောအခါ ချိုချိုသာသာ ပြောဆိုခြင်း။
၅။ မှန်မှန်ကန်ကန် ပြောဆိုတတ်ခြင်းအားဖြင့် မိတ်ဆွေကောင်းတို့ ကျင့်ဝတ် ငါးပါးကိုလဲ မပျက်ပြားအောင် ကျင့်ဆောင်တတ်ကြပေလိမ့်မယ်နော်။

ကလျာဏမိတ္တခေါ်တဲ့ မိတ်ဆွေကောင်းတို့ရဲ့ ဂုဏ်အင်္ဂါ လက္ခဏာများ ကျင့်ဝတ်များကို သိရှိထားဘို့လိုသလို၊ ပါပမိတ္တခေါ်တဲ့ မိတ်ဆွေယုတ် မိတ်ဆွေဆိုးတို့ရဲ့ အင်္ဂါလက္ခဏာများ ကျင့်ဝတ်များကိုလဲ သိရှိမှတ်သားထားကြဘို့ လိုတယ်နော်၊ ဒီ ပ ပမိတ္တ၊ မိတ်ဆွေယုတ်တို့ရဲ့ အင်္ဂါ လက္ခဏာတွေကတော့ အထူးအဆန်းမဟုတ်တော့ပါဘူး၊ ယခုပြောခဲ့တဲ့ ကလျာဏမိတ္တ ဂုဏ်အင်္ဂါ လက္ခဏာများကို ပြောင်းပြန်လှန်ယူလိုက်ရင် မိတ်ဆွေယုတ်တို့ရဲ့ အင်္ဂါတွေ ဖြစ်ပါတယ်၊ မိတ်ဆွေကောင်းများသည် ကောင်းမြတ်ရာကိုသာ ကျင့်တတ်သလို၊ မိတ်ဆွေယုတ်သည် မကောင်းသော အကျင့်ကိုသာ ကျင့်ကြံမည်မဟုတ်လား။ အကောင်းနှင့်အဆိုးဟာ ပြောင်းပြန်ဆန့်ကျင့်ဘက်ပဲပေါ့။ ဒါကြောင့်မို့ မိတ်ဆွေယုတ်တို့ရဲ့ အင်္ဂါလက္ခဏာကို—

ဒုဒ္ဒဒံန ဒဒါတိ၊ ပေးနိုင်ခဲသော အရာဝတ္ထု ပစ္စည်းများကို မပေးတတ်ခြင်း စသည်အားဖြင့် လည်းကောင်း, အပိယော၊ သီလကား နတ္ထိ၊ သမာဓိလဲမရှိ၊ ပညာမှာလဲတုံးတိ ဖြစ်သဖြင့် ချစ်ခင်ဘွယ်မရှိခြင်း စသည်ဖြင့် လည်းကောင်း, ရေတွက်ကြည့်က ပါပမိတ္တ အင်္ဂါလက္ခဏာ (၇) ပါးကို ထင်ရှားသိမြင်လာလိမ့်မယ်ဖြစ်ပါတယ်။

နောက်ဆုံး အဋ္ဌာနေ နောနိယောဇကော၊ မသင့်မလျော်ရာ၌ မတိုက်တွန်းတတ်သူ (ဝါ) သင့်လျော်ရာ၌သာ တိုက်တွန်းနှိုးဆော်တတ်သူကို မိတ်ဆွေလို့ ဆိုထားပါတယ်နော်၊ ယခုမဟာခေ သဌေးသားကလေးကို ဝိုင်းရံကာနေကြတဲ့ သူများဟာ မိတ်ဆွေကောင်းတွေလား၊ မိတ်ဆွေယုတ် တွေလား။ (တနည်း) မိတ်ဆွေတွေလား၊ ရန်သူတွေလား (ဒကာကြီးဦးဟိန်)၊ ရန်သူတွေနော်။ အလွန်ကြောက်ထိတ်လန့်ဘွယ်ကောင်းတဲ့ ရန်သူတွေ၊ မဟာခေ သဌေးသားကလေးကို ပစ္စုပ္ပန်မှာလဲ အကျိုးနည်းအောင် ပြုကြလိမ့်မယ်။ သံသရာခရီးစခန်းမှာလဲ နစ်မွန်းအောင် လုပ်ကြပေလိမ့်မယ်။ ဒီလိုမိတ်ဆွေယုတ်များကို မမှီဝဲ မပေါင်းသင်းပဲ ဝေးဝေးက ရှောင်ကွင်းပြီး တယောက်တည်းနေ ရခြင်းက မြတ်သေးတယ်တဲ့။ သို့အတွက် အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်များက—

ပါပံ သဟာယံ ပရိဝဇ္ဇယေထ၊ အနတ္ထဒဿိံ ဝိသမေ နိဝိဋ္ဌံ။
သယံ နသေဝေ ပသုတံ ပမတ္တံ၊ ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ။
(စူဠ-နိ-၂၇၇)။

ဟူ၍ ဟောကြားတော်မူခဲ့ပါတယ်။

အနတ္ထဒဿိံ၊ သူတပါးတို့အား အကျိုးပျက်ပြားအောင် ညွှန်ကြားပြဆိုတတ်သော။ ဝိသမေ၊ ကာယဒုစရိုက် စသည် မညီမညွတ်ရာ၌။ နိဝိဋ္ဌံ၊ အစဉ်မပြတ် သက်ဝင်တတ်သော။ ပါပံ၊ အကျင့်ပျက်ပြား၊ ဆိုးဝါးယုတ်မာသော။ သဟာယံ၊ အပေါင်းအဖော်ကို။ အတ္တကာမော၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ပွားတိုးစေရန် အမှန်လိုလားသော။ ကုလပုတ္တော၊ အမျိုးကောင်း သား/သမီးသည်။ **ပရိဝဇ္ဇယေထ၊ ဝေးဝေးဖယ်ခွာ ရှောင်လေရာ၏။ သယံ၊ မိမိအလိုလို။ ပသုတံ၊ ကာမဂုဏ် ငါးပါး**

တို့၌ ပျော်ပါးလိုက်စားသော။ ပမတ္တာ၊ ကုသိုလ်ကောင်းမှု တရားစုတို့၌ လျစ်လျူပြုတတ် မေ့လျော့တတ်သော။ ပါပံ၊ ဂုဏ်ထူးမပြန့် ယုတ်ညံ့လှစွာသော။ သဟာယံ၊ အပေါင်းအဖော်ကို။ နသေဝေ၊ ကောင်းစွာယှဉ်တွဲ မမှီဝဲလေရာ။အညဒတ္ထု၊ စင်စစ်သော်ကား။ ခဂ္ဂဝိသာဏကပ္ပေါ၊ တချောင်းတည်းပေါက် အံ့လောက်ဘွယ်ရာ အသွန်ခိုင်မာဘိ ကြံ့ချို၏အလားကဲ့သို့။ ဧကော၊ အဖော်မမှီးတယောက်ထည်းတည်း။ စရေ၊ အေးမြဘို့ရန် စိတ်အကြံဖြင့် ဒိဋ္ဌာန်ပြီးကာ ကျင့်ကြံလေရာသတည်း။

မကောင်းရာအကျိုးမဲ့ဖြစ်မည့် အရာကိုသာ ပြောဆိုပြဋ္ဌန်းတိုက်တွန်းတတ်သော ယုတ်ညံ့လှစွာသော အပေါင်းအဖော်များ၊ မိတ်ဆွေယုတ်များကို ပေါင်းဖော်ကာ နေမည့်အစား၊ တယောက်ထည်းတည်း အေးချမ်းလှစွာ ကြံ့ချိုပမာ ကျင့်ကြံနေထိုင်ရသည်ကပင် မြတ်ပါသေးတယ်လို့ ဆိုလိုတယ်နော်။ မိတ်ဆွေယုတ်နှင့် ပေါင်းသင်းရခြင်းသည် ပျက်စီး ခြင်း၏ အကြောင်းသာ ဖြစ်ပါတယ်။

ယခုလဲ အပေါင်းအသင်းမှားသဖြင့် ပျက်စီးသွားရှာသော မဟာဓန သဌေးသားကလေးဟာ အရက်ဝါ သော်တော်ရင့်လာတော့ တရာသော ဥစ္စာအသပြာဖြင့်ရင်း၊ နှစ်ရာသော ဥစ္စာအသပြာဖြင့်ရင်း သေရည်ကို ဝယ်ယူစေကာ အမြဲမပြတ် မူးယစ်သောက်စားပြီးသာ နေလေသတဲ့၊(ဒကာကြီးဦးဟိန်ရဲ့)၊ ဒါကြောင့်မို့ ပညာရှိများကဆိုကြတယ်၊ ပဌမ လူက အရက်ကိုသောက်သည်၊ ဒုတိယလဲ လူက အရက်ကိုသောက်သည်၊ တတိယအကြိမ်ကစပြီး အရက်က လူကို ပြန်သောက်တော့သည်ဘဲ့။ နောက်ပိုင်းတော့ သေရည်အရက်ရဲ့ ကျေးကျွန်ဖြစ်သွားတယ်လို့ ဆိုလိုပါတယ်။ မဟာဓန သဌေးသားသည် ဒီလိုနှင့် အရက်၌ ကျေးကျွန်ဖြစ်သွားပြီး အစဉ်အားဖြင့်သာလျှင် နေထိုင်ရာအရပ် အစရှိသည်တို့၌ ရွှေငွေအသပြာ အစုအပုံကိုထားပြီး ယစ်ရွှေရည်ကို အမြဲတမ်း မှီဝဲလျက်။

"ဤအသပြာဖြင့် ပန်းကို ဆောင်ယူချေလော့၊ ဝယ်ယူချေလော့၊ ဤအသပြာဖြင့် နံ့သာတို့ကို ဆောင်ယူချေလော့၊ ဤသူကား ကြွေအံကစားခြင်း၌ လိမ်မာပေသည်၊ ဤသူကား- ကခြင်း၌ လိမ်မာသည်၊ ဤသူသည်ကား- သီချင်းသီဆိုခြင်း၌ လိမ်မာသည်၊ ဤသူကား- တီးမှုတ်ခြင်း၌ လိမ်မာသည်၊ ဤသူအား- အသပြာတထောင်ကို ပေးလေလော့၊ ဤသူအား အသပြာရှစ်ထောင်ကို ပေးလေတော့။"

ဤကဲ့သို့ ပစ္စည်းဥစ္စာတို့ကို ဖရိုဖရဲဖြုန်းကြဲမှု အလွဲသုံးစား ဖြုန်းတီးမှုပြုလေရာ- မကြာမြင့်မီမှာပင်လျှင် မိမိပိုင်ဆိုင်သော ကုဋေရှစ်ဆယ်သော ပစ္စည်းဥစ္စာများ ကုန်ခမ်း သွားလေတော့သတဲ့၊ မိဘက အမွေပေးထားခဲ့၍ ဘယ်လောက်ပင် ပစ္စည်းဥစ္စာများပြားစေကာမူ၊ တိုးပွားအောင်မလုပ်ပဲ၊ အချမ်းမဲ့ ဖြုန်းတီးပစ်နေပါက မကြာမီ ကုန်ခန်းရမည်သာ ဖြစ်ပေတယ်နော်-၊ သဌေးသားပိုင်ပစ္စည်းဥစ္စာများ ကုန်ခမ်းသွားလေလျှင် အခိုင်းအစေလူများက "အရှင်သား- အသင်၏ ပစ္စည်းဥစ္စာများကုန်ခန်းသွားပါပြီ၊"လို့ ပြောဆိုတဲ့အခါ ငါ့မယားရဲ့ ပစ္စည်းဥစ္စာကော မရှိတော့ဘူးလား-ဟု မေးရာ ရှိကြောင်း ပြောကြားကြလျှင် ထိုမိမိဇနီးရဲ့ ပစ္စည်းဥစ္စာများကိုလဲ ဆောင်ယူစေကာ သုံးဖြုန်းပြန်သတဲ့၊ မယားဘက်မှပါလာတဲ့ ကုဋေရှစ်ဆယ်သော ပစ္စည်းဥစ္စာကိုလဲ ရှေးနည်းတူစွာ မကြာမီကုန်ခန်းအောင် သုံးဖြုန်းပစ်လိုက်တယ်၊ မယားပိုင်ဖြစ်တဲ့ပစ္စည်းများ ကုန်ခန်းလေလျှင်အစဉ်သဖြင့် လယ်အရာမ်၊ ဥယျာဉ်၊ လှည်း အစရှိသည်တို့ကိုလည်းကောင်း, အောက်ထစ်ပိုင်းခြား,အယုတ်ဆုံးအားဖြင့် အိုခွက် ပုဂံ ဖြစ်သော ဘဏ္ဍာကိုလည်းကောင်း, အခင်းအရုံ နေထိုင်ရာကိုလည်းကောင်း, **အလုံးစုံသော မိမိတို့ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာကို ရောင်းချကာ စားသောက်သုံးဖြုန်းလေသတဲ့။**

မိမိဘက်ကပါရှိသော ကုဋေရှစ်ဆယ်သော ဥစ္စာပစ္စည်း, မိမိဇနီး သဋ္ဌေးသမီးဘက်မှ ပါလာသော ကုဋေရှစ်ဆယ်သော ပစ္စည်းဥစ္စာအားလုံး သဋ္ဌေးသား အရက်သမား လူမိုက် သုံးဖြုန်းဖျက်ဆီးပစ်လို့ ယခုအခါ, ကုန်ခန်းသွားပြီနော်-၊ ထို့နောက်တွင် သဋ္ဌေးသား အိုမင်းလာသောအခါ အကြင်သူတို့သည် ထိုသဋ္ဌေးသား၏ မိဘဆွေမျိုး ဘိုးဘွားလက်ထက်က နေလာခဲ့သော ဘိုးဘွားပိုင် နေအိမ်ကို ဝယ်ယူထားကြတယ်၊ ထိုအိမ် ဝယ်ယူထားကြသော သူများက မဟာဓနသဋ္ဌေးသား လင်မယားတို့ကို နေအိမ်တိုက်တာမှ နှင်ထုတ်လိုက်သတဲ့၊ ကုဋေပေါင်း တရာ့ခြောက်ဆယ် ပိုင်ဆိုင်သော သဋ္ဌေးဘဝမှ အိုးမဲ့အိမ်မဲ့ ဖြစ်သွားရရှာပြီနော် ၊ထိုအခါ သဋ္ဌေးသားသည် မိမိ၏မယားကို ခေါ်ဆောင်ပြီး သူတပါး၏ အိမ်နံရံ တိုက်နံရံကို အမှီပြုကာ နေ့ထိုင်လျက် အိုးခွက်ကို လက်ဆွဲပြီးကာ သူတပါးထံမှ ထမင်းကျန်ဟင်းကျန်များကို လှည့်လည် တောင်းခံ စားသောက်ရရှာပေသတဲ့၊ (ဒကာကြီး ဦးဟိန်ရှဲ)။

ကုဋေပေါင်း တရာ့ခြောက်ဆယ်ပိုင်ဆိုင်သော သဋ္ဌေးဘဝမှ အိုးမဲ့အိမ်မဲ့ဖြစ်သွားရပြီ– ယခု တောင်းစားရသည့်ဘဝ ရောက်ရတယ်၊ ဒီလိုဖြစ်ရတာ ဘာကြောင့်လို့လဲလို့ အရင်းစစ်တော့ အပေါင်းအသင်း မှားယွင်းခြင်းကြောင့် ပျက်စီးရတာပဲ မဟုတ်လား၊ "မိတ်ဆွေမကောင်း ပျက်စီးကြောင်း"ဆိုတဲ့အတိုင်း ယခု မဟာဓနသဋ္ဌေးသား ၂၁ မိတ်ဆွေယုတ် ဒုစရိုက်သမားများကို ပေါင်းဖော် မှီဝဲမှားသဖြင့် လူ့လောက အထက်ဆုံးအပိုင်းက အောက်ဆုံး လျောကျသွားတာကို တွေ့ကြလိမ့်မယ်နော်-၊နောက်ပြီးတော့- ယခုလိုဖြစ်ရတာ အရက်သေစာသောက်စား အပျော်အပါးလိုက်စားခြင်းကြောင့် မမြော်လင့်သော အဖြစ်ဆိုးနှင့်တိုးရတာလဲ ဖြစ်တယ်၊ "သေရည် သေရက်လူကိုဖျက်၊ ရှင်ဖျက် ဇေဂ်၊ လူဖျက်-အရက်၊ ခေးဒ္ဒိုက်-ဝါးမျက်"လို့ ရှေးလူကြီးသူမများ ပြောဆိုဆုံးမကြတဲ့အတိုင်းပဲ၊ ဒီ သေရည်သေရက် လူပျက်စီးအောင် ဖျက်ဆီးတတ်တဲ့နေရာမှာတော့ နံပါတ်ဝမ်းလို့ ဆိုရမယ်ထင်တယ်- (ဒကာကြီး ဦးဟိန်)။

ဘာ့ကြောင့်လဲဆိုတော့ အချို့ ခေါင်းပေါင်းစ တထောင်ထောင်နှင့် လူကြီး လူကောင်း အမည်ခံနေကြတဲ့သူများပင် ယစ်ရွှေရည်ကိုအမြိုက်ရည်ကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက်စားသောက်နေကြတယ်၊ မိတ်ဆက်သက်ဆုံ စားသောက်ဘွယ် ပစ္စည်းအဖြစ်ဖြင့်လဲ ဒီသေရည်မပါလျှင် မပြီးနိုင်ပဲ ဧည့်ခံကျွေးမွေးနေကြတယ်ကိုး၊ ဒီသေရည်သေရက်ကို သောက်စားခြင်းကြောင့် ယခုဘဝမှာ ဖြစ်ထွန်းရရှိသင့်သော အကျိုးစီးပွားများ မဖြစ်ထွန်း မရရှိသည့်အပြင် ရှိပြီးသား စီးပွားဥစ္စာများပင် ပျက်စီးဆုံးပါးနိုင်တတ်ပါတယ်၊ ဒါကြောင့်မို့ သေရည်သေရက် သောက်စားခြင်းကြောင့် အပြစ်(၆)ပါးရရှိကြောင်းကို သုံးလောကဆွင်ထား ရှင်တော်မြတ်ဘုရားက သိင်္ဂါလသတိုးသားကို ဟောကြားတော်မူခဲ့သည်မှာ–

> ဆခေါ မေ ဂဟပတိပုတ္တ အာဒီနဝါ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ နုယောဂေ။
> သန္ဒိဋ္ဌိကာ ဓနဇာနိ၊ ကလဟပ္ပဝဍ္ဍနီ၊ ရောဂါနံ အာယတနံ၊ အကိတ္တိ သဥ္ဇနနီ၊
> ကောပီန နိဒံသနီ၊ ပညာယ ဒုဗ္ဗလိကရဏီ တွေ့ ဆဋ္ဌံ ပဒံ ဘဝတိ။          (ဒီ ၃-၁၄၈)။

သူကြွယ်ကား မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်လေ့ရှိခြင်း၌ **မကောင်းညစ်ဆိုး အပြစ်မျိုးတို့ကား၊ ဤခြောက်ပါးတို့ ပေတည်း။ ယင်း (၆)ပါးတို့ကား–**

၁။ သန္ဒိဋ္ဌိကာ ဓနဇာနိ၊ ယခုပစ္စုပ္ပန်ဘဝမှာပင် ပစ္စည်းဥစ္စာ ဆုတ်ယုတ် ပျက်စီးတတ်ခြင်း။

၂။ ကလဟပ္ပဝဍ္ဎနီ-ခိုက်ရန်ဖြစ်ပွားတတ်ခြင်း။

၃။ ရောဂါနံ အာယတနံ-အနာဆိုး ရောဂါဆိုးဖြစ်ရန် အကြောင်းတပါး ဖြစ်ခြင်း။
(အနာရောဂါ များတတ်ခြင်း)

၄။ အကိတ္တိသဉ္ဇနနီ–အရှိန်အဝေ မဲ့တတ်ခြင်း၊ (မကောင်းသောသတင်း ကျော်စောတတ်ခြင်း)။

၅။ ကောပိနနိဒံသနီ·လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်ခြင်း။ (လျှို့ဝှက်အပ်သောအင်္ဂါများ ပေါ်၍ အရှက်ရတတ်ခြင်း)။

၆။ ပညာယဒုဗ္ဗလိကရဏီ-အသိဉာဏ်ပညာ ဆုတ်ယုတ်တတ်ခြင်းဟူသော အဖြစ်များကို မုချရရှိခံစားရှိတတ်သဘဲ့။ သေရည်သောက်စား အပြစ်ခြောက်ပါးကို ဒီလင်္ကာကလေးများဖြင့် မှတ်သားထားကြရမယ်။

**ဆောင်ပုဒ်။**
၁။ ဥစ္စာပျက်ပြား၊ ခိုက်ရန်ပွား၊ ဆိုးရွားရောဂါ ဖြစ်တတ်သည်။
၂။ ဂုဏ်သိန်ငြိုးလျှ၊ အရှက်ရ၊ မုချ အသိဉာဏ်တုံးတတ်သည်။
၃။ သေရည်သောက်စား၊ ပြုသူများ၊ ခြောက်ပါးအပြစ် ရောက်တတ်သည်။
၄။ ရှောင်ကြဉ်သူမှန်၊ ကျိုးခြောက်တန်၊ အပြန်မုချ သိရမည်။

ဒီသေရည်သေရက် သောက်စားသည့်အတွက်ကြောင့် ဘယ်လောက်များ အပြစ်များသလဲဆိုတာကို (ဒကာကြီး ဦးဟိန်တို့) သေသေချာချာ သတိထားပြီး မှတ်သားနာယူလိုက်ကြစမ်းပါ။ ဒီနေရာမှာ ခုဒ္ဒကပါဠိ အဋ္ဌကထာဖွင့်ပြထားတာက–

အပိစေတ္ထ သုရာမေရယ မဇ္ဇပမာဒဋ္ဌာန· မေဝ မဟာသာဝဇ္ဇံ၊ န တထာ ပါဏာတိပါတာဒယော။ ကသ္မာ မနုဿဘူတဿာပိ ဥမ္မတ္တကဘာဝ သံဝတ္တနေန အရိယ-ဓမ္မန္တရာယ ကရဏတော။ (ခုဒ္ဒက–ဋ္ဌ၊ ၁၉)။

အပိစ၊ ပြဆိုဘွယ်ရာ, အထူးမှာကား။ ဧတ္ထ၊ ဤပါဏာတိပါတ အစရှိသော ကံငါးပါးတို့တွင်။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာန မေဝ၊ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းရင်းစင်စစ် အမှန်ဖြစ်သော မူးယစ်စေတတ်သော သေရည်သေရက်ကို သောက်စားခြင်းသည်သာလျှင်။ မဟာ-သာဝဇ္ဇံ၊ ကြွင်းကံလေးပါးထက် ကြီးမားသောအပြစ် ရှိ၏။ တထာ၊ ထို သုရာမေရယကံနှင့်မခြား အလားတူစွာ။ ပါဏာတိပါတာဒယော၊ ပါဏာတိပါတ စသော ကံတို့သည်။ မဟာသာဇ္ဇံ၊ ကြီးသော အပြစ်ရှိသည်။ န ဟောန္တိ၊ အမှန်စင်စစ် မဖြစ်ကြလေကုန်။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား မနုဿဘူတဿာပိ၊ လူဖြစ်၍ ဖြစ်သောသူအားလည်း။ ဥမ္မတ္တကဘာဝသံဝတ္တနေန၊ မသိမိုက်မူးရူးသောအဖြစ်ကို ပြုတတ်သဖြင့်။ အရိယဓမ္မန္တရာယ ကရဏတော၊ အရိယာ မဂ်, ဖိုလ် တရား၏ အန္တရာယ်ကို ပြုတတ်သောကြောင့် ပေတည်း။

သေရည်သေရက်ကို သောက်စားခြင်း၊ သုရာမေရယကံသည် ပါဏာတိပါတ စသော ကြွင်းသော ကံလေးပါးထက်ပင် အပြစ်ကြီးမားလှသဘဲ့။ ဘာကြောင့်မို့လဲဆိုတော့ လူဖြစ်သော

သူအား မသိမိုက်မူး ရူးသည်၏အဖြစ်ကို ပြုတတ်သဖြင့် အရိယာမဂ်တရား, ဖိုလ်တရား၏ အန္တရာယ်ကိုပင် ပြုတတ်သောကြောင့်ပင် ဖြစ်ပါတယ်တဲ့။

ထိုမှတပါး အထူးအားဖြင့် သေရည် သေရက်ကို ကြိုက်နှစ်သက်ကြသော အချို့သူများက အရက်သေစာ သောက်စားခြင်း— သုရာမေရယကံသည် အပါယ ဂမနိယကံ မဟုတ်၊ အပါယ်ဖြစ်ကို မဖြစ်စေတတ်၊ အပါယ်သို့ မရောက်စေနိုင်-လို့ ပြောဆိုကြ ယူဆတတ်ကြပါတယ်။ ဒီအတွက် အဖြေကိုလဲ ခုဒ္ဒကပါဠိ အဋ္ဌကထာမှာပင်—

> မဇ္ဇပါယီ အတ္ထံ နဇာနာတိ၊ ဓမ္မံ နဇာနာတိ၊ မာတုအန္တရာယံ ကရောတိ၊ ပိတု, ဗုဒ္ဓ,
> ပစ္စေကဗုဒ္ဓ, တထာဂတ သာဝကာနမ္ပိ အန္တရာယံ ကရောတိ၊ ဒိဋ္ဌေဝ ဓမ္မေ ဂရဟံ၊
> သမ္ပရာယေ ဒုဂ္ဂတိံ၊ အပရာ ပရိယေ ဥမ္မာဒဉ္စ ပါပုဏာတိ။ (ခုဒ္ဒက-ဋ္ဌ-၁၂၀)။

မဇ္ဇပါယီ၊ သေရည် သေရက်ကို သောက်စား လေ့ရှိသောသူသည်။ အတ္ထံ၊ အကျိုးကို။ နဇာနာတိ၊ မသိတတ်။ ဓမ္မံ၊ အကြောင်းကို။ နဇာနာတိ၊ မသိ။ မာတု၊ ကျေးဇူးအရှင်, မွေးမိခင်၏၊ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြုတတ်၏၊ ပိတုပိ၊ ကျေးဇူးအရှင် မွေးဘခင်၏ရင်း။ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ တထာဂတသာဝကာနမ္ပိ။ဘုရား, ပစ္စေက ဗုဒ္ဓါ မြတ်စွာဘုရား တပည့်သား သာဝကတို့၏ရင်း။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြုတတ်၏။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခု ပစ္စက္ခ မျက်မှောက် ဘဝ၌။ ဂရဟဉ္စ၊ ပညာရှိ သူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်းသို့ရင်း။ သမ္ပရာယေ၊ တမလွန်ဘဝ နောက်ကာလ၌။ ဒုဂ္ဂတိဉ္စ၊ မကောင်းသူများ လားရာဖြစ်ဘိ အပါယ်ဒုဂ္ဂတိသို့ရင်း။ အပရာပရိယေ၊ ဘဝ သံသရာ အဆက်ဆက်၌။ ဥမ္မာဒဉ္စ၊ ဖျင်းအဓသာသွမ်း ရူးနှမ်းခြင်းသို့ရင်း။ ပါပုဏာတိ၊ အမှန်တောက်လျှောက် ရောက်တတ် လေတော့သတည်း။

ဆိုလိုတာကတော့-သေရည် သေရက်ကို သောက်စားလေ့ ရှိသောသူသည်-

၁။ အကောင်းအဆိုး, အကြောင်းအကျိုးကို, မသိတတ်ခြင်း။

၂။ ကျေးဇူးကြီးမား မိဘနှစ်ပါးတို့၏ အန္တရာယ်ကိုပြုတတ်ခြင်း၊ ဒီအဖြစ်တွေဟာ လောကမှာ အလွန် ထင်ထင်ရှားရှား တွေ့မြင် နေကြပဲ ဖြစ်တယ်နော်၊ အချို့ အရက်သမားများ မိဘတို့၏ အသက်အန္တရာယ်ကိုပင် ပြုတတ် သေးတယ်။

၃။ ဘုရား, ပစ္စေကဗုဒ္ဓါ, မြတ်စွာဘုရား၏ တပည့်သား သာဝကတို့၏ အန္တရာယ်ကို ပြုလုပ်တတ်ခြင်း။

၄။ မျက်မှောက်ဘဝမှာ သူတော်ကောင်းတို့ ကဲ့ရဲ့ ခံရခြင်း။

၅။ တမလွန် ဘဝ၌ အပါယ်ဒုဂ္ဂတိသို့ လားရောက်ရခြင်း (ဒီ "သမ္ပရာယေ ဒုဂ္ဂတိံ ပါပုဏာတိ" ဆိုတဲ့ စကားဟာ သုရာမေရယကံသည် အပါယဂမနိယကံ- အပါယ်သို့ ရောက်စေနိုင်သော ကံဖြစ်ကြောင်း ကောင်းကောင်းကြီး သိစေပါတယ်)

၆။ ဘဝ သံသရာ အဆက်ဆက်မှာလဲ ဖျင်း,လူအ, လူနု, လူသွမ်း, လူရူးနှမ်း ဖြစ်တတ်ပါတယ်ဘဲ၊ (ဒကာကြီး ဦးဟိန်ရဲ့)၊ ကောင်းကောင်းကြီး သတိထား ပီးရှောင်ရှား နိုင်ကြပါစေနော်။ အချို့ ဒီဘဝမှာ လူချင်း တူညီမျှအောင် အသိဉာဏ် မရှိကြရှာသူ

များ, ဖျင်းအနသူများ, ရှုးသွပ်သူများဟာ တချိန်သောကာလ အတိတ်ဘဝက ဘယ်လို ကျင့်ကြံ နေထိုင်ခဲ့တယ်ဆိုတာကိုလဲ မှန်းဆပြီး သိနိုင် လောက်ပါတယ်၊ ဒီရှုးနှမ်းခြင်း အပြစ် ရောက်ရတာကတော့–နောက်ဘဝမှာမှသာ ရောက်ရတာ မဟုတ်ပါဘူး၊ ယခု ဘဝမှာလဲ အရက် သေစာ သောက်စားသဖြင့် ရှုးသွပ် သွားကြရှာသူများကို မကြာ ခဏ တွေ့နေကြတယ် မဟုတ်လား၊ ဒကာကြီး ဦးစိန်တို့လို လူကြီးပိုင်း ပုဂ္ဂိုလ်များက အသူးသဘိ ထားပြီး ရှောင်ရှား သင့်ပါတယ်နော်၊ သို့မှသာ လူငယ်လူရွယ်များ အတု ယူပြီး ရှောင်ရှားကြမှာကိုး၊ ယခု ပြောခဲ့တာကတော့-သေရည် သေရက် သောက်စား ခြင်းရဲ့ အပြစ်တွေပါ၊ ရှောင်ရှားခြင်းရဲ့ အကျိုးကျေးဇူးကတော့ –

မဇ္ဇပါနာ ပန သံယမော တေသံ ဒေါသာနံ ဝူပသမံ တဗ္ဗိပရီတ ဂုဏ မ္ဘ ဒ္ဓ ပါပုဏာတိ၊ တသ္မာ အယံ မဇ္ဇပါနေ သံယမော မင်္ဂလန္တိ ဝေဒိတဗ္ဗော။

(ခုဒ္ဒက၊ ဋ္ဌ၊ ၁၂၀)။

ပန၊ သေရည် ရှောင်ရ, ကျိုးဖလကို, ပြဆိုပေဦးအံ့။ မဇ္ဇပါနာ၊ သေရည် သေရက်ကို မူးယစ် ပျော်ပါး သောက်စားခြင်းမှ။ သံယမော၊ သတိသမ္ပဇဉ်, ဉာဏ်နှင့်ယှဉ်၍, အစဉ်လွတ်ကင်း, ရှောင် ရှားခြင်းသည်။ တေသံ ဒေါသာနံ၊ ပြဆိုခဲ့ပြွေး ထိုထို အပြစ်များစွာတို့၏။ ဝူပသမ္ဘ၊ ကောင်းစွာ ကင်းရှင်း, ငြိမ်းအေးခြင်းသို့ရှင်း။ တဗ္ဗိပရီတ ဂုဏ သမ္ဘဒ္ဓ၊ ထို အပြစ်များ အပြန်အားဖြင့် ဖြစ် ပွားအထူး, ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်းသို့ရှင်း။ ပါပုဏာတိ၊ အမှန်မုချ, ရောက်ရလေ၏။ တသ္မာ၊ ထိုကြောင့်။ မဇ္ဇပါနာ၊ သေရည် သေရက်ကို သောက်စားခြင်းမှ။ အယံသံယမော ကောင်းကောင်း လွတ်ကင်း, ဤ ရှောင်ကြဉ်ခြင်းကို။ မင်္ဂလန္တိ၊ ကောင်းကျိုး ချမ်းသာ, များစွာဖြစ်ပွား, မင်္ဂလာ တရားဟူ၍။ ဝေဒိတဗ္ဗော၊ သဘောဉာဏ်နှင့်, အမှန်ချင့်၍, အသင့်ပုံသေ, သိအပ် မှတ်အပ် လေတော့ သတည်း။

သေရည် သောက်စား, ရှောင်ကြဉ်ငြွေးမှု ယခင် ဆိုခဲ့ပြီးသော အပြစ်ခပ်သိမ်းလဲပပျောက်ငြိမ်း အေး နိုင်တယ်၊ ထိုအပြစ်များ မဖြစ်ပွားတော့-ထိုမှ အပြန်အားဖြင့် အကျိုးကျေးဇူးများကို ရနိုင် ပါတယ်ဘဲ့၊ ဆိုလိုတာကတော့ အကြောင်း အကျိုးကို သိတတ်ခြင်း, မိဘတို့ အန္တရာယ်ကို မပြုတတ် ခြင်း, ရတနာ သုံးပါးရဲ့ အန္တရာယ်ကို မပြုတတ်ခြင်း, မျက်မှောက် ဘဝမှာ ပညာရှိများ ချီးမွမ်း ခြင်းကို ခံရခြင်း, နောက်ဘဝလွန်ဘ မှာ လူဘ , နတ်ဘဝ အစရှိတဲ့ ကောင်းရာသုဂတိသို့ ရောက်ရ ခြင်း, နောင်ဘဝ သံသရာ အဆက်ဆက်မှာလဲ ဖျင်းအ ထုံ ထိုင်းခြင်း, ရှူးသွပ်ခြင်း ကင်းကာ အသိ အသိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံခြင်းဆိုဘဲ့ အကျိုးများကို ရရှိနိုင်သတဲ့၊ (ဒကာကြီး ဦးဟိန်ရဲ့ ၊ သေရည် သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်သဖြင့် ဒီ အကျိုးများကို အလိုလို ရရှိတယ် နော်၊ ဆုတောင်း နေရတာမျိုး ဟုတ်ဖူး၊ အပြစ်နှင့် အကျိုးကို မှတ်မိသွားအောင် ဒီလင်္ကာကလေး ဆိုထားကြဦး။

ဆောင်ပုဒ်။ ၁။ ကြောင်း-ကျိုး မသိ၊ ဘ အမိ၊ ပြုဘိအန္တရာယ်။

၂။ ဘုရား ပစ္စေကာ၊ မြတ်သံဃာ ပြုရာအန္တရာယ်။

၃။ ကဲ့ရဲ့ခံရ၊ အပါယ်ကျ၊ ရူးအ-ဆက်ဆက်ဝယ်။

၄။ သေရည် သောက်စား၊ အပြစ်များ၊ ဖြစ်ပွား ကြောက်စဘွယ်။
၅။ ထိုမှပြန်ဆ၊ ကျိုးဖလ၊ ရှောင်က-ရနိုင်တယ်။
၆။ မင်္ဂလာလိုလား၊ အမျိုးသား၊ ရှောင်ရှား ကြရမယ်။
၇။ ကောင်းကျိုးချမ်းသာ၊ မင်္ဂလာ၊ မှန်စွာ ရှိနိုင်တယ်။

ဒီလို အရက် သေစာ သောက်စားခြင်းမှ ရှောင်ရှားတာနှင့်ပဲ ကြက်သရေ မင်္ဂလာနှင့် ပြည့်စုံပြီးသားလဲ ဖြစ်တယ်၊ မင်္ဂလာရှိတဲ့သူ ဖြစ်လာသဘဲ့နော်၊ အချို့ ပုဂ္ဂိုလ်များလဲ မင်္ဂလာတရားကို တော့-များစွာလိုလား နှစ်သက် ကြပါတယ်၊ သို့အတွက်ကြောင့် အချင်းချင်း နှုတ်ဆက်ရာပင် မင်္ဂလာပါခင်ဗျားလို့ နှုတ်ခွန်းဆက်ကြတယ်၊ မဟုတ်လား၊ ဒီလို မင်္ဂလာ တရားကို လေးလေးစားစား လိုလားတာကတော့-ဝမ်းမြောက်စရာပါပဲ၊ ဒါပေမဲ့ မိတ်ဆုံ စားပွဲတွေမှာ ယစ်ရွေရည်ခွက်ကို ကိုင်မြှောက်ယင်း အချင်းချင်း မင်္ဂလာပါ၊ မင်္ဂလာပါလို့ ဆိုနေကြယင်တော့ "ခါးတောင်းကျိုက် တခြား ဟိုဒင်းတခြား" ဆိုတာလို ဖြစ်နေမယ်နော်။

ကဲကဲ ရှိပါစေတော့-လူတိုင်းမက်ဘဲ့ ယစ်ရွေရည် သေအရက်အကြောင်း စကားကောင်းနေတာနှင့် မဟာဓန သဋ္ဌေးဇာတ်လမ်းပင် ဘယ်သောင်ကမ်းသို့ ဆိုက်နေပြီ မသိတော့ပါဘူး၊ မဟာဓန သဋ္ဌေးသားကလဲ ယစ်ထုပ်ကြီးမို့ ယစ်ရွေရည် အကြောင်းတွေ ပြောရဟောရတာကိုး နောက်ပြီးတော့-တရားတော် နာယူလာကြတဲ့၊ (ဒါယကာကြီး ဦးဟိန်) အစရှိတဲ့ ဒကာ ဒကာမများလဲ သေရည် သေရက် အပြစ်များကို ထင်ထင်ရှားရှား သိမြင်ကြပြီး ရှောင်ကြဉ် နိုင်ကြစေရန် သေရည်သောက်စား ပျော်ပါးမှုမှ ရှောင်ကြဉ်ခြင်းကြောင့် ယခု ပဒ္ဒုပ္ပန်မှာရော သံသရာမှာပါ ကောင်းကျိုးချမ်းသာ အပြာပြာနှင့် ပြည့်ဝကြစေရန် မင်္ဂလာပါလို့ နှုတ်ကမဆိုရုံပဲ တကယ်မင်္ဂလာရှိသူများ ဖြစ်ကြစေရန် ရည်သန်ပြီး ကျယ်ကျယ်ဝန်းဝန်း ညွှန်းပြဟောကြားလိုက်တာကိုး၊ ကဲကဲ-မဟာဓန သဋ္ဌေးသား ဇာတ်လမ်း ပြန်ဆက်ကြဦးစို့။

ထိုမဟာဓန သဋ္ဌေးသားဟာ ဇနီးကို ခေါ်ဆောင်ပြီး သူတပါးအိမ် နံရံကို မှီကာ နေထိုင်လျက် အိုးခွက်ကို လက်ဆွဲကာ သူတပါးထံမှ ထမင်းကျန် ဟင်းကျန်များကို လှည့်လည် တောင်းခံ စားသောက်ရ ရှာလေသတဲ့၊ တော်တော်လဲ ကြေကွဲ ဝမ်းနည်းဘွယ် ကောင်းလှတယ်နော် ဒီနေရာမှာ အပြော ကောင်းကောင်းနှင့် လွမ်းပြရလျှင် ဒကာမကြီးတွေတော့-ပါလာတဲ့ ကဘက်တထည် နှင့် လောက်မည်မထင်ဘူးနော်၊ ဒါပေမဲ့-ဦးပဉ္ဇင်းလဲ မလွမ်းတတ်ဖူး၊ ဒကာကြီး ဒကာမကြီးများလဲ မလွမ်းချင် ကြပါနှင့်၊ တရားနာယင်း မျက်ရည်သုတ်ရတာဟာ ဓမ္မသောကကြီးပါ။

ထိုစဉ်အခါ၌ သဋ္ဌေးသားကို တနေ့သ၌ ဆွမ်းစားရာ ဇရပ်ဘံခါး၌ ရပ်လျက် ရဟန်းငယ် ရှင်သာမဏေငယ်တို့ ပေးကမ်းအပ်သော စားကြွင်းဖြစ်သော ဆွမ်းကျန် ဟင်းကျန်များကို ခံယူနေသည်ကို မြင်တော်မူသဖြင့် မြတ်စွာဘုရားက ပြုံးတော် ပြုလိုက်သတဲ့-(ဒကာကြီး ဦးဟိန်ရဲ့)၊ မြတ်စွာဘုရားတို့မည်သည် အကြောင်းမဲ့ ပြုံးတော်မူရိုး မရှိဘူးနော်၊ တကယ် အကြောင်းထူးရှိပါမှ ပြုံးရုံမျှ ပြုံးတော်မူတာ၊ ထိုအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားကို ပြုံးတော်မူခြင်း၏ အကြောင်းကို မေးမြန်း လျှောက်ထားလေသတဲ့၊ သို့အတွက် မြတ်စွာဘုရားက ပြုံးတော်မူခြင်း၏ အကြောင်းကို မိန့်ကြားတော် မူသည်မှာ - ချစ်သား အာနန္ဒာ ဤ ဗာရာဏသီ မြို့တော်မှာပင်လျှင်

ကုဋေပေါင်း ဂရာချော်ဆယ် (ကုဋေ ၁၆၀) သော စည်းစိမ်ဥစ္စာတို့ကို ကုန်ခန်းစေ၍ မယား ကိုခေါ်ဆောင်ကာ လှည့်လည် တောင်းစား နေရှာသော ဤမဟာဓန သဌေးသားကို ကြည့်ရှု လေလော့-ဟု မိန့်ဆိုတော်မူပြီး ဤသို့ ဆက်ကာ ဟောကြားတော် မူပါတယ်။

သစေ ဟိ အယံ ပဌမဝယေ ဘောဂေ အခေပေတွာ ကမ္မန္တေ ပယောဇယိဿ၊ ဣမသ္မိံ ယေဝ နဂရေအဂ္ဂသေဋ္ဌိ အဘဝိဿ။ သစေ ပန နိက္ခမိတွာ ပဗ္ဗဇိဿ၊ အရဟတ္တံ ပါပုဏိဿ။ ဘရိယာပိဿ အနာဂါမိဖလေပတိဋ္ဌဟိဿ။ (ဓမ္မပဒ၊ ၄၊ ဒု-၇၃)။

ဆိုလိုတဲ့အဓိပ္ပာယ်ကတော့-ချစ်သားအာနန္ဒာ အမှန်စင်စစ်၊ ဤမဟာဓန သဌေးသားသည် ပထမအရွယ်၌ စည်းစိမ်ဥစ္စာတို့ကို မကုန်စေမူ၍ စီးပွားရေး အမှုကိစ္စတို့ကို အကယ်၍ အားထုတ် ပြုလုပ်ငြားအံ့၊ ပြုလုပ်ခဲ့ပါမူ၊ ဤဗာရာဏသီမြို့၌ပင်လျှင် ပထမသဌေးကြီး ဖြစ်နိုင်ရာသည်၊ သဌေး အကြီးဆုံးဖြစ်နိုင်သည်၊ ယင်းသို့မဟုတ် အကယ်၍ အိမ်မှထွက်ပြီးလျှင် ရဟန်းပြုငြားအံ့၊ ရဟန်းပြုခဲ့ ပါမူ-အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်ရာသည်၊ ထိုမဟာဓန သဌေးသား၏ ဇနီးသည်လည်း အနာ ဂါမိဖိုလ်၌ တည်နိုင်ပေသည်-ဟု မိန့်ကြားတော်မူပါတယ်။ နောက်တဖန်–

သစေ မဇ္ဈိမဝယေ ဘောဂေ အခေပေတွာ ကမ္မန္တေ ပယောဇယိဿ၊ ဒုတိယသေဋ္ဌိ အဘဝိဿ၊ နိက္ခမိတွာ ပဗ္ဗဇန္တော အနာဂါမီ အဘဝိဿ။ ဘရိယာပိဿ သကဒါဂါမိဖလေ ပတိဋ္ဌဟိဿ။ (ဓမ္မ၊ ၄၊ ဒု-၇၃)။

ချစ်သားအာနန္ဒာ၊ ဤမဟာဓန သဌေးသားသည် မဇ္ဈိမအရွယ်၌ စည်းစိမ်ဥစ္စာတို့ကို မကုန် မခန်းစေပဲ၊ စီးပွားရေးအမှုကိစ္စတို့ကို အကယ်၍ ကြိုးစားအားထုတ် ပြုလုပ်ငြားအံ့၊ ပြုလုပ်ခဲ့ပါမူ အလတ်တန်းစား ဒုတိယ သဌေးဖြစ်နိုင်ရာသည်၊ သို့မဟုတ် အိမ်မှထွက်၍ ရဟန်းပြုသည် ရှိသော် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ပေသည်၊ ထိုသဌေးသား၏ ဇနီးသည်လည်း သကဒါဂါမိဖိုလ်၌ တည်နိုင်ပေ သည်–ဟုဒုတိယအရွယ်အကြောင်းကို မိန့်ကြားပြီးနောက်-တတိယအရွယ်နှင့်ပတ်သက်၍လဲ–

သစေ ပစ္ဆိမဝယေ ဘောဂေ အခေပေတွာ ကမ္မန္တေ ပယောဇယိဿ၊ တတိယသေဋ္ဌိ အဘဝိဿ၊ နိက္ခမိတွာ ပဗ္ဗဇန္တောပိ သကဒါဂါမီ အဘဝိဿ။ ဘရိယာပိဿ သောတာပတ္တိဖလေ ပတိဋ္ဌ ဟိဿ။ (ဓမ္မ၊ ၄၊ ဒု-၇၃)။

ချစ်သားအာနန္ဒာ ဤ မဟာဓန သဌေးသားသည် တတိယအရွယ် ခေါ်တဲ့ ပစ္ဆိမအရွယ်၌ စည်းစိမ်ဥစ္စာတို့ကို မကုန်မခန်းစေမူ၍ စီးပွားရေး အမှုကိစ္စများကို အကယ်၍ ကြိုးစားအာ ထုတ် ပြုလုပ်ငြားအံ့၊ တတိယသဌေးခေါ် သဌေးကလေးတော့ဖြစ်နိုင်သည်၊ အိမ်မှထွက်၍ ရဟန်းပြုပါလျှင် လည်း သကဒါဂါမ် ဖြစ်နိုင်ပေသည်၊ ထိုသဌေးသား၏ မယားသည်လည်း သောတာပတ္တိ ဖိုလ်၌ တည်နိုင်ပေသည် ဟု တတိယအရွယ်၌ စီးပွားရေးဖြစ်စေ၊ တရားဓမ္မရေးဖြစ်စေ တခုခုပြုလုပ်ပါက ဤ အဆင့် ဤအဆင့်ထိ ရောက်ရှိနိုင်ကြောင်းကို မိန့်ကြားတော်မူပါတယ်၊ သို့သော်လဲ ဒီအကျိုးအားလုံး နှင့် လွဲခဲ့ရရှာလေပြီနော်၊ သို့အတွက် မြတ်စွာဘုရားက ဆက်လက် မိန့်ကြားတော် မူပြန်တယ်၊ (ဒကာကာကြီး ဦးပိန်ရဲ့)။

ဣဓ ဒါနိ ပနေသ ဂိဟိဘောဂတောပိ ပရိဟီနော သာမညတောပိ။ ပရိဟာ
ယိတွာ စ ပန သုက္ခပလ္လလေ ကောဋ္ဌ သကုဏော ဝိယ ဇာတော။(ဓမ္မ၊ ၅၊ ဒု၊ ၈၃)။

ဣဓ ဒါနိ ပန၊ ဤယခုအခါ၌ကား။ သော-ထိုသော၊ ဤမဟာဓနသူဌေးသားသည်။ ဂိဟိဘောဂ တောပိ၊ လောကီရိပ်ငြိမ် လူတို့၏ စည်းစိမ်ချမ်းသာ အဖြဖြာမှလည်း။ ပရိဟီနော၊ မှန်စွာအဟုတ်၊ ဆုတ်ယုတ်ခဲ့လေပြီ။ သာမည တောပိ၊ရဟန်းအဖြစ်ဟူသော မဂ်ဖိုလ်ဂုဏ်ကျေးဇူးမှလည်း၊ပရိဟီနော-၊ မှန်စွာအဟုတ်၊ ဆုတ်ယုတ်ခဲ့လေပြီတကား။ စပန-ဆက်၍အထူး၊ ပြဆိုလိုက်ပါဦးအံ့။ ပရိဟာယိတွာ၊ ဂုဏ်ကျေးဇူးနှစ်ပါး၊ ဆုတ်ယုတ်ပျက်ပြားခြင်းကြောင့်။ သုက္ခပလ္လလေ-၊ရေခိုးရေငွေ့ ခြောက်သွေ့ သောညွှန်အိုင်၌။ ကောဋ္ဌသကုဏောဋ္ဌဝိယ၊ အလိုမပြီး၊ ကြိုးကြာငှက်အိုကြီးကဲ့သို့၊ ဇာတော၊ လူမဟန် လျှင် ကံကိုသာချပေတော့၊ အယူမမှန်မူဟန်ကမမျှသဖြင့်-သြော်-အောင်ကျနောက်ကျဖြစ်ရရှာလေ တော့သတည်း။

မဟာဓနသဌေးသားခမြာမှာလဲ အပေါင်းအသင်းမှားယွင်းခြင်း၊ ငသရည်သေရက် သောက် စားခဲ့ခြင်းကြောင့် ယခုအခါ လူ့စည်းစိမ်အမျိုးမျိုးနှင့်လဲ လွဲခဲ့ရရှာလေပြီ။ မဂ်ဖိုလ်တရား ရရှိခံစား ရခြင်းဟူသော ရဟန်းတို့၏ဂုဏ်ကျေးဇူး တရားများမှ လွဲခဲ့ရရှာလေပြီနော်။ ယခုအခါ ရေခိုးရေငွေ့ ခြောက်သွေ့သောညွှန်အိုင်ပြင်မှာ ကြိုးကြာအိုကြီး အချိးနှိုးမှိုင်နေရှာသကဲ့သို့ ဖြစ်ရလေတော့တယ် တဲ့။ ဤကဲ့သို့ မိန့်ဆိုပြီးလျှင် ဤတရားဂါထာများကိုလဲ ဆက်လက်ဟောကြားတော်မူပါတယ်။

(က) အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဥ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။ (ဓမ္မပဒ-ဂါထာ-၁၅၅)။

(က) ဘောန္တော ပစ္စုပ္ပန်မှာလဲ ချမ်းသာ၊သံသရာမှာလဲ ကြီးပွားကောင်းမြတ်သော အကျိုး တရားကို လိုလားကြကုန်သော အို....အမျိုးကောင်းသားသမီးတို့၊ ဗြဟ္မစရိယံ၊ ကောင်းသောအကျိုး ပေးရိုးဖြစ်သင့်၊ မြတ်သောအကျင့်ကို။ အစရိတွာ၊ ချိန်ခါရှိခိုက်၊ လုလ္လစိုက်၍၊ မကျင့်လိုက်မိခြင်း ကြောင့်၊ ယောဗ္ဗနေ၊ ကျန်းကျန်းမာမာ၊ စွမ်းနိုင်သောအခါ၌၊ ဓနံ၊ ရွှေငွေရတနာ စည်းစိမ်ဥစ္စာကို။ အလဒ္ဓါ၊ ပိုင်ပိုင်မှချမရလိုက်ခြင်းကြောင့် (ဝါ)အခင်အားမစိုက်၊ မရလိုက်ငြား လူမိုက်များတို့သည်။ ခီဏမစ္ဆေ ဝ၊ ငါးကုန်သည်သာလျှင်ဖြစ်သော၊ ပလ္လလေ၊ ရွှံ့ရှာဘွယ်ကောင်း၊ ရွှံ့ညွှန်ပျောင်း၌။ ဇိဏ္ဏ ကောဥ္စာ ဝ၊ တောင်ပန်ယွင်းယို၊ ကြိုးကြာအိုကြီးကဲ့သို့။ ဈာယန္တိ၊ ကြံစည်သလောက် မပြီးမြောက်ပဲ၊ သက်ထောက်ငေးငိုင်၊ ကြံမှိုင်ကြရလေကုန်၏။

ငယ်ရွယ်နုပျို သန်စွမ်းကြိုးပမ်းလုပ်ဆောင်နိုင်စဉ်အခါက မဖြစ်သေးသော ပစ္စည်းဥစ္စာများ ဖြစ်ပွားလေအောင်၊ ဖြစ်ပွားပြီးသော ပစ္စည်းဥစ္စာများ တာရှည် တည်တံ့ လေအောင် ပြုလုပ် ရွက်ဆောင်သင့်ပါလျက် မပြုလုပ်၊ ပစ္စည်းဥစ္စာကို မရလိုက်သော လူမိုက်တို့မည်သည် ညွှန်ပြောင်း၌ ရေမရှိသကဲ့သို့ နေစရာထိုင်စရာမရှိခြင်း၊ ငါးကုန်လေသကဲ့သို့ ပစ္စည်းဥစ္စာမရှိခြင်း၊ ကုန်ခန်းခြင်း၊ တောင်ပန်ယိုယွင်း အိုမင်းသော ကြိုးကြာငှက်ကြီးသည် ထိုထိုအရပ်သို့ သွားလာပျံသန်းကာ အစာ မရှာနိုင်သလို အသက်အရွယ်အိုမင်းသဖြင့် ထိုထိုအရပ်သို့သွားကာ ပစ္စည်းဥစ္စာတို့ကို မရှာဖွေနိုင်ခြင်း တို့ဖြစ်ကြရတယ်တဲ့၊ ထိုကဲ့သို့သော လူမိုက်များဟာ အတောင်ကျိုးသောကြိုးကြာအိုကြီးကဲ့သို့ လိုရာ **မပြီးပဲ အချည်းနှီးကြံမှိုင်ကာ နေကြတယ်လို့ဆိုလိုတယ်။ နောက်တဖန် ဟောပြန်သည်မှာ-**

(ခ) အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါယောဗ္ဗနေဓနံ။
သေန္တိ စာပါတိခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ။ (ဓမ္မပဒ ဂါထာ-၁၅၆)။

(ခ) ဘာဝဝေါ၊ ကိုယ်နှုတ်နှလုံး၊ သုံးပါးပြောင့်ပျောင်း ဒိဋ္ဌ ဓရားနှာပရိဘာတ်အပေါင်း သူတော်ကောင်းဟူ။ ဗြဟ္မစရိယံ၊ အထက်တန်းသို့ ဖြောင့်တန်းရောက်ထောတ်၊ အကျင့်မြတ်ကို။ အစရိတွာ၊ သူတော်ကောင်းထုံးနှလုံးမူဘိ၊ မကျင့်သုံးမိခြင်းကြောင့်။ ယောဗ္ဗနေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းခန့်သာ၍၊ စွမ်းနိုင်သောအခါ၌။ ဓနံ၊ ကိစ္စ ပြားမြောင်၊ စွမ်းဆောင်ပြီးနိုင်၊ ခိုင်ခိုင်ဖြည်းဖြည်း ပစ္စည်းဥစ္စာကို။ အလဒ္ဓါ၊ ပိုင်ပိုင်မရချ၊ မရလိုက်ခြင်းကြောင့်၊ (ဝါ) မရလိုက်ကုန်သော လူဖျင်းလူညံ့ တို့သည်၊ ပုရာဏာနိ၊ လွန်ခဲ့ပြီးရာ၊ ရှေးဟိုနှင့်ဝါက ချမ်းသာသုခ ခံစားရဘူးသည်တို့ကို။ အနုတ္ထုနံ- အနုတ္ထုနန္တာ၊ ပြန်လည်ရေ့ဆော ကြီးတွားတောင်းဘကာ၊ စိုးရိမ်ကြကုန်လျက်။ စာပါ တစာပတော၊ ကောင်းစွာတပ်ဆင်၊ အသွင်မချို၊ လေးသို့မှ။ အတိခီဏာ၊ ဝိမုတ္တာ ဖြောင့်တန်းခိုနှင့်ကာ မှန်စွာ လွှတ်လွှတ် ပစ်လွှတ်ကုန်အပ်သော။ သရာဣဝ၊ လေဟုန်အလားပြေးကာသွားသည့်၊ မြားတို့ကဲ့သို့။ သေန္တိ၊ ဘာနေ၊ ကော်ထုံး အခြေပျက်ပြုံး၍၊ နိဂုံးချုပ်ကာ၊ သေခြင်းတို့ ကပ်ရောက်ကြရရှာလေကုန် သတည်း။

လေးသို့မှ ပစ်လွှတ်အပ်သော မြားတို့ကည် အဟုန်အရှိန်ရှိသည်အားလျော်စွာ ပြေးသွား၍ တစုံတခုသောအရပ်၌ ကျလေသတဲ့၊ ထိုကျသောမြားကို ကောက်ယူသိမ်းဆည်းခြင်း မရှိခဲ့သော် ထို ကျရာအရပ်မှာပင်လျှင် ခြသတ္တဝါတို့ အစာဖြစ်ကုန်သကဲ့သို့ ထိုနည်းတူစွာပင် ဤလောက၌ ကျန်းကျန်းမာမာ အချိန်အခါရှိခိုက်က ပစ္စည်းဥစ္စာကို မရှာဖွေမစုဆောင်းသဖြင့် တစုံတရာမျှမရ လိုက်သော လူမိုက်ဘို့သည်လည်း အရွယ်ငါးပါး ကုန်လွန်သွားခြင်းကြောင့် မိမိကိုယ်ကို ချမ်းသာ ချောက်အောင် မထုတ်ဆောင်နိုင်ရှာတော့ပဲ တဘဝနိဂုံးအဆုံးသတ်ကာ သေခြင်းတိုသာရောက်ကြရ ရှာတော့သဘဲ။ လွန်ခဲ့သောအချိန်အခါက ဤသို့ကောင်းမြတ်သောအာရုံများကို ငါခံစားဘူးပြီ၊ အစရှိသည်ဖြင့် ခံစားဘူး,ရရှိဘူးခြင်းကိုသာ အမှတ်ရပြီး ငြီးတွားကာ စိုးရိမ်ပူဆွေးနေကြရရှာတော့ ဟယ်လို့ ဆိုလိုပါတယ်၊ တချိန်က ရွှေထီးဆောင်းရတာကို ပြန်ပြောင်းပြီး၊ အောက်မေ့တဲ့သူမျိုးလို့ ဆိုရမှာပေါ့။ မြတ်စွာဘုရား၏ တရားဒေသနာတော်အဆုံးမှာ များစွာသောသူတို့သည် သောတာပတ္တိ ဖိုလ် အစရှိသည်ဘို့သို့ ရောက်ရှိသွားကြလေသတဲ့၊ (ဒကာကြီး ဦးဟိန်ရဲ့)။

တကယ့်ပါရမီရှင်များဖြစ်တဲ့ မဟာဓနသဌေးသားနှင့် ဇနီးတို့မှာတော့ အပေါင်းအဖော် မှားယွင်းခဲ့ဘဲ့အတွက် "မိတ်ဆွေမကောင်း ပျက်စီးကြောင်း" သေရည်သေရက် လူကိုဖျက်" ဆိုတဲ့ အတိုင်း မိတ်ဆွေဆိုး-မိတ်ဆွေယုတ်ကို အဟုတ်ထင်ကာ ပေါင်းသင်းခဲ့၊ မှီဝဲခဲ့ခြင်းကြောင့်ရင်း၊အရက် သေစာသောက်စား အပျော်အပါးများခဲ့ခြင်းကြောင့်ရင်း၊ ပစ္စုပ္ပန်ဘဝမှာ ရရှိခံစားနိုင်တဲ့ချမ်းသာ သုခအမျိုးမျိုးမှလဲ လွဲခဲ့ကြရရှာပြီနော်။ သံသရာဘဝမှာ အစဉ်ပါမည့် မဂ်ချမ်းသာ ဖိုလ်ချမ်းသာ ကျေးဇူးတရားများလဲ လွဲခဲ့ကြရရှာပြီနော်။ ဒါ့ကြောင့်မို့ ယခုအခါ တရားတော်နာရောက်ရှိလာကြ တဲ့ ဒါယကာဒါယိကာမအပေါင်းတို့လဲ "မိတ်ဆွေယုတ်များ မှီဝဲငြားမူ၊ မမှားလျင်စွာ၊ ပျက်စီးတတ် ပါသည်" ဆိုတဲ့ အကြောင်းကိုရင်း၊ "အရက်သေစာသောက်စားပါမူ၊ လျင်စွာခဏ၊ ပျက်စီးရ၏" ဆိုတဲ့ အကြောင်းကိုရင်း ကောင်းကောင်းကြီးသိမြင်ကြ၍ မိတ်ဆွေယုတ်ကို အဟုတ်ထင်ကာ မှီဝဲဆည်း ကပ်ခြင်းမှ ရှောင်ကြဉ်နိုင်ကြပါစေ၊ လူကိုဖျက်သည့်အရက် သေစာသောက်စားခြင်းမှလည်း သတိ

ရှေ့ထား ရှောင်ရှားနိုင်ကြပါစေလို့ ပြောဆို သတိပေးလိုက်ပါတယ်။ ယင်းသို့ မိတ်ဆွေယုတ်နှင့် ပေါင်းသင်းခြင်းမှ ရှောင်ကြဉ်၍၎င်း၊ လူကိုဖျက်သည့် အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် ပစ္စုပ္ပန်သံသရာ နှစ်ပြားသုခ အဝဝကိုပဲ ပလ္လင်မသွေ ရရှိကြပါစေကုန်သတည်း။ ကဲ..ကဲ- တရားပွဲသိမ်းရန် အချိန်လဲတန်ပေပြီ လက်အုပ်ကိုယ်စီချီထားကြပေတော့-

နဘာဇေ ပါပကေ မိတ္တေ၊ နဘာဇေ ပုရိသာဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။

(ရှေးနည်းအတိုင်း အနက်ပေးပါ)

(အဘိဓမ္မာတပ်၍ တရားပွဲသိမ်းပါလေ)

❁ ❁ ❁ ❁ ❁

# သာသနာတော်အမွေခံ ရှင်ပြုရဟန်းခံ တရားတော်

ဗဟူနံ ဝတ အတ္ထာယ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ၊
ဣတ္ထီနံ ပုရိသာနဉ္စ၊ ယေတေ သာသနကာရကာ။ (ထေရဂါထာပါဠိ)။

ဘောဒန္တော၊ အမျိုးဘာသာ, သာသနာအကျိုး, ပွားတိုးစေမှု, အားပြုလိုလားကြကုန်သော အို– အမျိုးကောင်း သား/သမီးတို့။ ယေ တေပုဂ္ဂလာ၊ အမှတ်မထင် အကြင် ပုဂ္ဂိုလ်တို့သည်။ တထာဂတာနံ၊ သုံးလောကထွဋ်ခေါင် ဘုရားရှင်တို့၏။ သာသနကာရကာ၊ အဆုံးအမ, ဩဝါဒကို, ညွတ်ခရိုသေ, ကြည်ညိုအမှု, လိုက်နာပြုကျင့်တတ်ကြပေကုန်၏။ (ဝါ) သာသနာတော် အကျိုး စည်ပင်ကာ ပွားတိုးဘို့, ကြိုးစားရွက်ဆောင်ကာ ပြုကျင့်ကြလေကုန်၏။ ဣတ္ထီနဉ္စ၊ အမျိုးအလိုက် အဖိုးထိုက်သည့်, စရိုက်ပွားစီး, အမျိုးကောင်း သမီးတို့၏ ၎င်း။ ပုရိသာနဉ္စ၊ သူတော်စိတ်ထား, ကျင့်ကြံပွားသည့်, အမျိုးကောင်းသားတို့၏၎င်း၊ ဗဟူနံ၊ ယောကျ်ား, မိန်းမ များပြားလှကုန်သော။ တေသံပုဂ္ဂလာနံ၊ တရားနှင့်ပျော်, သူတော်စိတ်ထား, ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီး တို့၏။ အတ္ထာယ၊ ပစ္စုပ္ပန်သံသရာ, နှစ်ဖြာတိုးပွား, အကျိုးများစေခြင်းငှာ။ တထာဂတာ၊ ရှေးရှေး ဘုရားတို့ကဲ့သို့ မခြားတူစွာ, လာခြင်းရှိဘိ, မုနိထွဋ်တင်, ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ထွန်း ပေါ်ပေါက်တော်မူလာပါပေကုန်၏။ (ဝါ) လောကဓာတ်နယ်အတွင်း၌ မောဟမှောင်ပယ်ခွင်း၍၊ ထင်လင်းမသွေ, ပွင့်ထွန်းပေါ်ပေါက်တော်မူလာလေကုန်သတည်း။

ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့–

လောကမှာ လူသုံးပါးတို့၏ ဆရာသခင်ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်တို့သည် ပွင့်ထွန်း တော်မူလာကြကယ်ဆိုတော့ ထိုဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒကို လိုက်နာပြုကျင့်ကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့၏ အကျိုးငှာ၊ (တနည်းအားဖြင့်) လူ, နတ်, ဗြဟ္မာ, သတ္တဝါအားလုံးတို့၏ အကျိုးငှာ၊ ပွင့်ထွန်းတော်မူလာခြင်း ဖြစ်ပါတယ်၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော– ဆိုတဲ့အတိုင်း ဘုရားစင်စစ်ဖြစ်ဘို့ရာဆိုတာလဲ လွယ်ကူတာမဟုတ်ပါဘူး၊ ဘုရားဖြစ်ဘို့ရာမှာ ပါရမီ ဆယ်ပါး, အပြားသုံးဆယ်, ငါးသွယ်သော စွန့်ခြင်းကြီးများကို ကပ်ကမ္ဘာနှင့်ချီပြီး မဆုတ်မနစ် ကျင့်ကြံကြိုးကုတ် အားထုတ်ဖြည့်ကျင့်တော်မူနိုင်မှ တရားဉာဏ်ရောက် အလင်းပေါက်ပြီး ဘုရား အဖြစ်သို့ ရောက်ရှိတော်မူပါတယ်၊ တရားတော် အားလုံးကို ဆရာမကူ သယမ္ဘူဉာဏ်တော်ဖြင့် ကိုယ်တော်တိုင်ထိုးထွင်း သိမြင်တော်မူသော သဗ္ဗညုမြတ်စွာဘုရားကြီးများ သုံးမျိုးသုံးစားရှိကြောင်း သုတ္တနိပါတ ခဂ္ဂဝိသာဏသုတ် အဋ္ဌကထာ၌ ပြဆိုထားပါတယ်။ အဲဒီသဗ္ဗညုမြတ်စွာဘုရား (၃)မျိုး ကတော့-

(က) ပညာဓိကဘုရား၊ ပညာတရားရှေ့တန်းထား၍ ဘုရားဖြစ်ကြောင်း၊ ပါရမီတော် ၃၀ ပါးတရားများကို ဖြည့်ကျင့်ဆည်းပူးတော်မူသဖြင့် ဘုရားအဖြစ်သို့ရောက်တော်မူသော ဘုရားကို

ခေါ်ပါတယ်။ အချိန်ကာလကတော့ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလကြာမြင့်စွာပါရမီတရားတော်များကို ဖြည့်ကျင့်ရပါတယ်တဲ့၊ ယခုပွင့်ထွန်းတော်မူခဲ့တဲ့ ဦးပဥ္စင်းတို့ ဂေါတမ မြတ်စွာဘုရားဟာ လေးသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ပြီး ပွင့်ထွန်းတော်မူသော မြတ်စွာဘုရား ဖြစ်သဖြင့် ပညာဓိကဘုရားလို့ မှတ်ကြရမယ်နော်။

(ခ) သဒ္ဓါဓိကဘုရား၊ သဒ္ဓါတရားရှေ့တန်းထား၍ ဘုရားဖြစ်ရန်တရားလမ်းမှန်တို့ကိုကျင့်ကြံအားထုတ်တော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားမျိုးကိုတော့ သဒ္ဓါဓိကဘုရားလို့ခေါ်ရပါတယ်၊ ပါရမီတော်ဖြည့်ကျင့်ရာ ကာလကတော့ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကာလကြာမြင့်စွာ ဖြည့်ကျင့်တော်မူရပါတယ်။

(ဂ) ဝီရိယာဓိကဘုရား၊ လုံ့လဝီရိယကို ရှေ့တန်းထား၍ ဘုရားဖြစ်ကြောင်း ပါရမီတော်အကျင့်ကောင်းတို့ကို တိမ်းစောင်းမရှိ မြဲမြံစွာ ကြိုးစားအားထုတ် ဖြည့်ကျင့်တော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူသော သဗ္ဗညုမြတ်စွာဘုရားကိုတော့ ဝီရိယာဓိကဘုရားလို့ ခေါ်ပါတယ်။ ဒီ ဝီရိယာဓိက မြတ်စွာဘုရားကတော့ ပါရမီတော်ဖြည့်ကျင့်ရာ ကာလဟာ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်းဖြည့်ကျင့်တော်မူရသတဲ့၊ ဒါကြောင့်မို့ ဘုရားရှင်သုံးဆူအပြားနှင့် ကျင့်ကြံရာအချိန်ကာလများကို မှတ်သားမိကြအောင် ဒီလင်္ကာကလေးများကို ဆိုထားလိုက်ကြရမယ်။

**၁ဆောင်ပုဒ်း** ၁။ သင်္ချေလေးဖြာ၊ သိန်းကမ္ဘာ၊ ပညာဓိက ကျင့်ရသည်။
၂။ သင်္ချေရှစ်ဖြာ၊ သိန်းကမ္ဘာ၊ သဒ္ဓါဓိကကျင့်ရသည်။
၃။ ဆယ့်ခြောက်သင်္ချေ၊ လွန်လေကမ္ဘာ၊ တသိန်းသာ, ဝီရိယာဓိကကျင့်ရသည်။
၄။ ဘုရားသုံးဆူ၊ ဆုပန်မူ၊ မဘူကျင့်ရာသည်။
၅။ သုတ္တနိပါတာ၊ ဋ္ဌကထာ၊ ကျမ်းမှာပြလေသည်။

ဦးပဥ္စင်းတို့ ဒါယကာ, ဒါယိကာမများဟာ ယခုအခါ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးနှင့် တွေ့ကြုံပြီး နေကြရတော့ အချို့သူများကလဲ သာသနာတော်မြတ်ကြီးရဲ့ အဘိုးအနဂ္ဃထိုက်တန်လှပုံ တွေ့ခဲ ကြုံခဲ ဆုံခဲလှပုံကို အာရုံပြုကာ သိရှိမှသိရကြပေပြီနော်။

ဘုရားရှင်တဆူ တဆူ ပွင့်ထွန်းတော်မူရန် အလွန်ခဲယဉ်းလှကြောင်းကို သိရှိရလျှင် ထိုမြတ်စွာဘုရားရှင်တို့ ပွင့်ထွန်းတော်မူလာမှ တည်ထောင်အပ် ဟောကြားပညတ်အပ်သော သာသနာတော်မြတ်သည်လဲ အလွန်ပင် တွေ့ခဲကြုံခဲလှကြောင်းကို ကောင်းကောင်းကြီး သိရှိနိုင်မည်ဖြစ်တဲ့အတွက် ရှေးဦးစွာ ဘုရားအလောင်းများ ဘုရားဖြစ်တော်မူရန် ပါရမီ ၁၀-ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး တရားတို့ကို အဘယ်မျှအချိန်ကာလ ကြာမြင့်အောင် ကျင့်ကြံ ပွားများအားထုတ်ရသလဲဆိုတာကို မြော်ခေါ်၍ကြည့်ပါလျှင် ပါရမီတရားဖြည့်ပွားချိန်ကာလ အနည်းဆုံးဖြစ်တဲ့ ပညာဓိကမြတ်စွာဘုရားပင်လျှင် ကမ္ဘာပေါင်းလေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလကြာမြင့်အောင် ကျင့်ကြံအားထုတ်တော်မူရပါတယ်။

တကမ္ဘာလို့ခေါ်တဲ့ မဟာကပ်ကြီးတခုကလဲ အဘယ်မျှ ကာလရှည်လျားပါသလဲ ဆိုတော့ အလျား ၁ယူဇနာ၊ အနံ ၁ယူဇနာ၊ အစောက် ၁ယူဇနာရှိပြီး တခဲနက် မာကြောလှစွာသော ကျောက်တောင်ကြီးကို နူးညံ့သိမ်မွေ့လှစွာသော ဝါဂွမ်းဆိုင်ကလေးဖြင့် အနှစ်တရာမှတခါ၊ အနှစ်

တထောင်မှတခါ ပွတ်တိုက်ပေးလေရာ၊ ထိုကျောက်တောင်ကြီးသည် တရွေ့ရွေ့ ပျက်ပြုန်းပြီး ကုန်ဆုံးသော်ကား ကုန်ရမည်တဲ့၊ မဟာကပ်တကပ်ကား မကုန်သေးဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း အချိန်ကာလ ပမာဏဖြင့် နှိုင်းစာ၍ မပြနိုင်လောက်အောင် မဟာကပ်ခေါ်တဲ့ တကမ္ဘာဟာ အချိန်ကာလ အလွန်ကြာမြင့်ပါတယ်။

အဲဒီလို အချိန်ကာလကြာမြင့်လှတဲ့ ကမ္ဘာပေါင်း (၀၁) မဟာကပ်ပေါင်း လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလကြာမြင့်အောင် ပါရမီအကျင့်တရားတို့ကို ဖြည့်ကျင့်ပွားများမှ ပညာဓိက ခေါ်တဲ့ ဘုရားအဖြစ်ကို ရရှိနိုင်သတဲ့-(ဒကာကြီး ဦးစိန်)၊ ဘယ်လောက်များ အလောင်းတော်များဟာ သတ္တဝါအများကို ကယ်တင်တော်မူရန် အချိန်ကာလကြာမြင့်စွာ ကျင့်ကြံရ ပွားများအားထုတ်ရတယ်၊ ပါရမီဖြည့်ရတယ်ဆိုတာ သေချာစွာတွေးကြည့်လေ အံ့မခမ်းရှိလေဆိုတာကို တွေ့ရလိမ့်မယ်နော်။ ဘုရားရှင်တို့ရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို သိနားလည်ကြပေလိမ့်မယ်၊ ဒီလို ဂုဏ်ကျေးဇူးတော်အနန္တကို မှန်းဆပြီး ကြည့်မိလျှင် ဘုရားရှင်ကို ကြည်ညိုလို့ အားမရနိုင်လောအောင် ဖြစ်ပါတယ်။

ပါရမီတော်အကျင့်တရားတို့ကို နှစ်ပေါင်းကပ်ကမ္ဘာနှင့်ချီကာ သင်္ချေများစွာ ကျင့်ကြံပါမှ ဉာဏ်တော်မြင့် ပါရမီတော်ရင့်သဖြင့် လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ သတ္တဝါတွေ အားလုံးတို့ရဲ့ ကိုးစားရာ သဗ္ဗညုမြတ်စွာဘုရားဖြစ်လာပြီးနောက် တည်ထောင်ပညတ်တော်မူအပ်သော သာသနာတော်ဖြစ်တယ်နော်၊ သို့မို့ကြောင့် ဦးပဉ္ဇင်းတို့ မြတ်စွာဘုရား၏ သာသနာတော်ဟာ အဘယ်မျှတန်ဘိုးရှိသလဲဆိုလျှင် "လေးသင်္ချေနှင့် ကမ္ဘာတသိန်း တန်ဘိုးရှိတယ်" လို့ ဖြေရပေလိမ့်မယ်နော်။ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော် တပုဒ်တဂါထာကလဲ လေးသင်္ချေနှင့် ကမ္ဘာတသိန်း တန်ဘိုးရှိတယ်လို့ ဖြေရပေလိမ့်မယ်-(ဒကာကြီး ဦးစိန်ရဲ့)။

သေသေချာချာ စေ့စေ့တွေးကြည့်ကြစမ်းပါ၊ မြတ်စွာဘုရား ဟောကြားတော်မူထားခဲ့တဲ့ တရားဒေသနာတော်များကို အဘယ် လူ၊ နတ်၊ ဗြဟ္မာမှ မဟောကြားနိုင်ပါဘူး၊ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာမှ ဟောဖော် ညွှန်ကြားတော်မူပါမှ သတ္တဝါအများတို့ နာကြားပြီး လိုက်နာကျင့်ကြံနိုင်ကြတာပဲ မဟုတ်ပါလား၊ ဒါကြောင့်မို့ သစ္စာလေးတန် ဥ ယျမင် ါးပါး တရားအားလုံးကို ထိုးထွင်းသိမြင် သဗ္ဗညုဘုရားရှင်တို့ လောကဥ္စ ပွင့်ထွန်းတော်မူလာကြခြင်းဟာ ထိုဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒကိုလိုက်နာကျင့်ကြံကြသူ များဗိုလ်လူတို့အကျိုးငှာ ပွင့်ထွန်းတော်မူလာကြခြင်းဖြစ်ပါတယ်-လို့ ဆိုရခြင်းဖြစ်တယ်နော်။

ဗဟူနံ ဝတ အတ္ထာယ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ၊
ဣတ္ထိနံ ပုရိသာနဉ္စ၊ ယေတေ သာသနကာရကာ။
(ရှေးနည်းတူ အနက်ပေးပါလေ)

ကမ္ဘာပေါင်းသင်္ချေများစွာ ဤမျှလောက်ကာလကြာအောင် ဆယ်ဖြာသော ပါရမီတရားတို့ကို မဆုတ်မနစ်သောစိတ်ထားဖြင့် ကြိုးကြိုးစားစား ကျင့်ကြံဆည်းပူးကာ သဗ္ဗညုဘုရားရှင်အဖြစ် ရပ္ပြီမှ တည်ထောင်ကာပညတ်ထားခဲ့တဲ့ သာသနာတော်ဟာ အဘယ်မျှလောက် အချိန်ကာလ ကြာမြင့်အောင် တည်တန့်နေပည်လဲ ဒကာကြီးဦးစိန်ရဲ့၊

(ဒကာကြီး ဦးစိန်)- သာသနာတော် နှစ်ပေါင်းငါးထောင် ကြာမြင့်အောင် တည်မည်-ဟု ဆိုတာ ဟုတ်ပါသလားဘုရား။

ဟုတ်ပါတယ်၊ သာသနာတော် နှစ်ပေါင်းငါးထောင် ကြာရှည်တည့်တန့်မည်-ဟု ထိုထို ပိဋကတ် ကျမ်းဂန်များမှာ ပြဆိုထားပါတယ်၊ သို့ပါသော်လဲ မြတ်စွာဘုရားရဲ့ သားတော် သမီးတော်များဖြစ်ကြတဲ့ ရဟန်းသံဃာတော်များ ဗုဒ္ဓဘာသာဝင် သူတော်စင် အမျိုးကောင်းသား အမျိုးကောင်းသမီးများက ကာယဉာဏ အင်အားရှိသမျှ ကြိုးစား၍ သာသနာတော် အရှည်တန့်အောင် ရှက်ဆောင်သွားကြမည် အားထုတ်ကြမည် သာသနာပြုကြမည် ဆိုပါက နှစ်ပေါင်း ငါးထောင်မက နှစ်ပေါင်း ခြောက်ထောင် ခုနစ်ထောင် နှစ်ပေါင်း တသောင်း စသည်ဖြင့် မြင့်ရှည်စွာ ခိုင်ခိုင်ခန့်ခန့် တည်တန့်အောင်လဲ အစဉ်မပျက် ဆက်လက်ဆောင်ရွက်အားထုတ်သွားကြပါက တည်တန့်နိုင်ဘွယ်ရာ ရှိပါတယ်တဲ့၊ ဆိုပါတော့ ယခု ဦးပဥ္စင်းဟို မြတ်စွာဘုရားရဲ့ သာသနာတော်သည် နှစ်ပေါင်းတသောင်းအထိ မြင့်ရှည်တည်တန့်ပါတယ်ပဲ ထားပါအုံး၊ ဘုရားဖြစ်ရန် ပါရမီတရားတို့ကို ကျင့်ကြံဆည်းပူးတော်မူခဲ့ရတဲ့ နှစ်ကာလနှင့် နှိုင်းစာပါလျှင် မနှိုင်းသာအောင် ကွာခြားနေတာကို တွေ့ရပေလိမ့်မယ်နော်၊ ဘုရားဖြစ်အောင် ပါရမီအကျင့် ဖြည့်ကျင့် အားထုတ်ရတာက လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ကြာမြင့်တယ်၊ ဘုရားဖြစ်တော်မူပြီး တည်ထားတော်မူခဲ့တဲ့ သာသနာတော်က နှစ်ပေါင်းငါးရာ အလွန်ဆုံး နှစ်ပေါင်း တသောင်းမျှသာ ကြာမြင့်တယ်နော်-၊ တကမ္ဘာတောင်ကြာအောင် မတည်နိုင်ပါဘူး၊ မိုးတွင်းကာလမှာ ကောင်းကင်တခွင်လုံး မိုးမှောင်တွေဖုံးနေစဉ် လျှပ်စစ်ရောင်ကလေး တချက်ပြက်လိုက်တာနှင့် လွန်စွာ တူပါကလား-- (ဒကာကြီးဦးစိန်)။

ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် တွေ့ဘို့ ကြုံဘို့ ဆုံဘို့ဆိုတာ လွန်စွာခဲယဉ်းတယ်နော်၊ ဒီ ကပ်ကမ္ဘာတွေမှာ ဘုရားတဆူမှမပွင့်တဲ့ သုညကမ္ဘာတွေက အလွန်များတယ်၊ ဘုရားပွင့်တဲ့ ကမ္ဘာတွေထဲမှာလဲ ဘုရားတဆူသာပွင့်တဲ့ သာရကမ္ဘာ၊ နှစ်ဆူပွင့်တဲ့ မဏ္ဍကမ္ဘာ၊ ဘုရားသုံးဆူပွင့်တဲ့ကမ္ဘာကိုတော့ ဝရကမ္ဘာ၊ လေးဆူပွင့်တဲ့ကမ္ဘာကိုတော့ သာရမဏ္ဍကမ္ဘာ၊ ဘုရားငါးဆူပွင့်တဲ့ကမ္ဘာကိုတော့ ဘဒ္ဒကမ္ဘာလို့ခေါ်ပါတယ်၊ ယခု ဦးပဥ္စင်းတို့ ဒါယကာ ဒါယိကာမကြီးတို့ ယခု လူဖြစ်နေရတဲ့ ကမ္ဘာကတော့ ဘုရားငါးဆူပွင့်တဲ့ ဘဒ္ဒကမ္ဘာ၊ အလွန်ကောင်းမြတ်တဲ့ ကမ္ဘာပင်ဖြစ်တယ်၊ ဘုရားငါးဆူပွင့်တဲ့ ဒီဘဒ္ဒကမ္ဘာမှာ တဆူနှင့်တဆူအကြား ဘယ်လောက်များ အချိန်ကာလ ကြာမြင့်ပါသလဲဆိုတော့ ဘုရားတဆူပွင့်ပြီး နောက် ဒီ မဟာပထဝီမြေကြီး တယူဇနာ မြင့်တက်လာမှ နောက် ဘုရားတဆူ ပွင့်တော်မူသတဲ့၊ ဒါ့ကြောင့်မို့ ဒီ ဘဒ္ဒကမ္ဘာမှာ ပထမဆုံး ပွင့်ထွန်းတော်မူတဲ့ ကကုသန် မြတ်စွာဘုရားက မိမိ၏နောက်မှာ ကောဏာဂမနမြတ်စွာဘုရား ပွင့်တော်မူမည်ကို-

> မမ ပစ္ဆတော မဟာပထဝိယာ ယောဇနမတ္တံ အဘိရုဠ္ဟာယ ကောဏာဂမနော နာမ
> ဗုဒ္ဓေါ ဥပ္ပဇ္ဇိဿတိ။ (ဓမ္မပဒ၊ ၄၊ ပ၊ ၆၅)။

မမ၊ ကကုသန်မည်ငြား, ငါဘုရား၏။ ပစ္ဆတော၊ နောက်မှ။ မဟာပထဝိယာ၊ မဟာပထဝီမြေကြီးသည်။ ယောဇနမတ္တံ၊ အတိုင်းအတာ တယူဇနာမျှကို။ အဘိရုဠ္ဟာယ၊ အမှန်ဆက်လက်, အဆက်သို့မြင့်တက်သည်ရှိသော်။ ကောဏာဂမနောနာမ၊ ကောဏာဂုံ-ဟု, မည့်တုံထင်ရှား, အလွန်

ကျော်ကြားသော။ ဗုဒ္ဓေါ၊ သစ္စာလေးတန်, အမှန်သိမြင်, ဘုရားရှင်သည်။ ဥပ္ပဇ္ဇိဿတိ၊ ပါရမီ ခတ်ခံ, ရင့်သန်မှည့်ရွှန်း, ပွင့်ထွန်းတော်မူပေလိမ့်မည်သာတည်း။

ဟူ၍ မိန့်ကြားတော်မူခဲ့ပါတယ်၊ ယင်း ကောဏာဂုမ် မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာပြီး သောအခါ မိမိ၏နောက်မှာ ကဿပမြတ်စွာဘုရား ပွင့်တော်မူမည်ဖြစ်ကြောင်းကို–

မမ ပစ္ဆတော မဟာပထပီယာ ယောဇနမတ္တံ အဘိရုဠှာယ ကဿပေါနာမ ဗုဒ္ဓေါ ဥပ္ပဇ္ဇိဿတိ။ (ဓမ္မ၊ ၄၊ ပ၊ ၆၅)။

ကောဏာဂုမ်မည်သော ငါဘုရား၏နောက်မှာ မဟာပထဝီမြေကြီး တယူဇနာအထက်သို့ မြင့်မောက်၍ တက်လာသောအခါ လောကမှာ ကဿပမည်သောဘုရား ထင်ရှားပွင့်ထွန်းတော်မူပေ လိမ့်မည်-ဟု မိန့်ကြားတော်မူခဲ့ပါတယ်၊ ဤကဿပ မြတ်စွာဘုရားသခင်ကလဲ မိမိ၏နောက်တွင် ဂေါတမမည်သောမြတ်စွာဘုရား ထင်ရှား ပွင့်ထွန်းတော်မူမည့် အကြောင်းကိုလဲ–

မမ ပန ပစ္ဆတော မဟာပထဝိယာ ယောဇနမတ္တံ အဘိရုဠှာယ ဂေါတမောနာမ ဗုဒ္ဓေါ ဥပ္ပဇ္ဇိဿတိ။ (ဓမ္မ၊ ၄၊ ပ၊ ၆၆)။

ထိုမှတပါး ကဿပမည်သော ငါဘုရားပွင့်ထွန်းတော်မူပြီး နောက်ကာလတွင် ဤမဟာ ပထဝီမြေကြီး တယူဇနာ မြင့်တက်လာသောအခါ ဤကမ္ဘာလောက၌ ဂေါတမ မည်သော မြတ်စွာဘုရားသည် သစ္စာလေးပါး, တရားသိမြင်, သဗ္ဗညုဘုရားရှင် စင်စစ်အမှန်ပင် ဖြစ်ပေလိမ့် မည်–ဟု ရွှေနှုတ်တော်ကြာမုခ်မှ ဖွင့်ထုတ်ကာ မိန့်ကြားတော်မူခဲ့တဲ့ စကားတော်များကို ထောက် ထားတော့ ဘုရားငါးဆူပွင့်တော်မူတဲ့ ဒီဘဒ္ဒကမ္ဘာမှာလဲ ဘုရားတဆူနှင့်တဆူအကြားမှာ မဟာ ပထဝီမြေကြီး တယူဇနာမြင့်တက်လာအောင် ကြာတယ်လို့ ဆိုရပေလိမ့်မည်နော်–၊ ယခုဦးပဥ္ဇင်းတို့ မြတ်စွာဘုရား ပွင့်ထွန်းတော်မူပြီး ပရိနိဗ္ဗာန်စံသွားတာ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လို့ အနှစ်နှစ်ဆယ်စွန်းလာခဲ့ပြီပေါ့။

ယခုအခါ ယခင်က မဇ္ဈိမဒေသခေါ်တဲ့ အိန္ဒိယမှာ ရှေးဟောင်းသုတေသနဌာနက ဂေါတမ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူခဲ့ရာ၊ သီတင်းသုံးတော်မူခဲ့ရာများ ဌာနများကို တူးဖော်တဲ့အခါ ဘယ် နှစ်ပေလောက် မြင့်မောက်တက်နေသလဲဆိုတာတော့ မပြောတတ်တော့ပါဘူး၊ အလွန်ဆုံး မြင့်တက် လှရင် ၃–ပေ ၄-ပေပေါ့၊ အိန္ဒိယသို့ ဘုရားဖူးကြွရောက်တော်မူလာခဲ့ကြတဲ့ ဆရာတော်ဘုရားများ ရိုက်ကူးယူလာခဲ့ကြ၍ ဗုဒ္ဓရုပ်ရှင်ကားကြည့်ရတော့ နန္ဒိယကျောင်းဒါယကာ ဆောက်လုပ် လှူဒါန်း ခဲ့တဲ့ ကျောင်းတံတိုင်းကိုတော့ မြင်ရကြည့်ရဖူးတယ်၊ သို့သော်လဲ နန္ဒိယဒါယကာ ဆောက်လုပ်ခဲ့တဲ့ ကျောင်းတံတိုင်းအစစ်တော့ ဟုတ်မှဟုတ်ပေမည်၊ ဗုဒ္ဓဘာသာဝင် ရှေးဘုရင်များ ဒါယကာများက နောက်ဘယ် ပြုပြင်ဆောက်လုပ်သွားတဲ့ ကျောင်းတံတိုင်းများ ဖြစ်နိုင်စရာရှိပါတယ်။

ဒါကြောင့်မို့ လောကမှာ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာရခြင်းဟာ လွန်စွာခဲယဉ်းသလို မြတ်စွာဘုရားသာသနာတော်မြတ်ကြီးနှင့် တွေ့ရကြုံရဘို့ကလဲ လွန်စွာမှ ခဲယဉ်းလှပါတယ်၊ ယခုအခါ ဦးပဥ္ဇင်းတို့ ဒါယကာ ဒါယိကာမကြီးတို့ဟာ သဗ္ဗညုဘုရားရှင်သာသနာ ပွင့်ထွန်းတော်မူဆဲအခါမှာ အသိဉာဏ်နှင့်ပြည့်စုံတဲ့ လူ့ဘဝကို ရရှိလာကြတယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမကို သက်ဝင်ယုံကြည်လိုက်နာ ကျင့်ကြံတတ်ကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်သူတော်ကောင်းဖြစ်တဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုး မိဘနှစ်ပါးရဲ့ထံမှ လူ ဖြစ်လာကြရတယ်နော်-၊ ဘဝကုသိုလ်ကံ အလွန်ကောင်းတယ်လို့ ဆိုရပေလိမ့်မယ်၊ ယခုအခါ ဒီကမ္ဘာကြီးမှာ လူသားပေါင်း သန်းပေါင်းသုံးထောင်ကျော်ရှိရာတွင် သဗ္ဗညုမြတ်စွာဘုရား၏ သာသနာတော် အလင်းရောင်အတွင်းမှာ နေကြရ တွေ့ကြုံမြင်ကြရတဲ့ လူသားများ လွန်စွာနည်းပါးလှတယ်၊ သဗ္ဗညု မြတ်စွာဘုရား၏ တရားဓမ္မအလင်းရောင်ကို မမြင်ကြရ, မကြားမသိကြတဲ့ သူများကပဲ အလွန် များပြားပါတယ်၊ သို့အတွက်ကြောင့် ယခု မိမိတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ခွင့်ရရှိကြတာ မြတ်စွာဘုရား၏ အဆုံးအမဩဝါဒကို ကြားနာခွင့်ရရှိကြတာကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြဘို့ ဂုဏ်ယူနိုင်ကြဘို့ လိုပါတယ်နော်-၊ ပစ္စည်းဥစ္စာဓနမပေါများ မပြည့်ဝကြသဖြင့် လူမချမ်းသာပေမဲ့ စိတ်ချမ်းသာတဲ့ ဘာသာစိတ်ဓာတ် အေးချမ်းသာယာတဲ့ဘာသာဟာ ဗုဒ္ဓဘာသာပင်ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ယခုတရားတော်နာယူကြတဲ့ ဒါယကာ ဒါယိကာမများကို မိမိတို့ကိုယ် မိမိတို့ ဗုဒ္ဓဘာသာဖြစ်ကြရတာ ဂုဏ်ယူကြစမ်းပါ၊ ဝမ်းမြောက်ကြစမ်းပါလို့ ပြောဆို တိုက်တွန်းရတာကိုး။ သာသနာပဆရာများရဲ့ တပည့်သာဝက ဖြစ်ခဲ့ကြရတာ အဆုံးအမဩဝါဒကို နာယူခဲ့ကြရတဲ့ ဘဝ တွေက မရေမတွက်နိုင်အောင် များတယ်နော်-။

ထိုသာသနာပဆရာများပြောဟောတဲ့အတိုင်း ကျင့်ကြံခဲ့ကြလို့လဲ အောက်အောက်သံသရာမှာ ကျင်လည်ခဲ့ကြရတာလဲ များလှပြီပေါ့၊ (ဒကာကြီး ဦးစိန်ရဲ့)၊ ယခုအခါမှာတော့ ရှေးကံ ထောက် ပင့်ဘဖြင့် အသိဉာဏ်ရှိတဲ့လူ့ဘဝကို ရရှိကြပြီး အဆင့်မြင့်တဲ့ ဗုဒ္ဓဘာသာကို ကိုးကွယ်ခွင့်ရကြပြီး အလွန်ကံကောင်းတဲ့ဘဝကို ရရှိနေကြပြီးဖြစ်တဲ့အတွက် လူ့ဘဝ လူ့ချမ်းသာ နတ်ဘဝနတ်ချမ်းသာ ဗြဟ္မာဘဝဗြဟ္မာချမ်းသာတွေကိုလဲ လွယ်ကူစွာ လှမ်းယူနိုင်ပါတယ်။ ထို့ထက်မြင့်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမြတ်ကိုလဲ ရယူနိုင်ရန် နည်းမှန်လမ်းမှန်တွေကိုလဲ သိရှိနေပြီဖြစ်သဖြင့် ကျင့်ကြံ ယူနိုင်ကြပါတယ်၊ လူ့ဘဝချမ်းသာ, နတ်ဘဝချမ်းသာ, ဗြဟ္မာဘဝ ချမ်းသာဆိုတာတွေဟာ လောကမှာ ယားနာ, ဝဲနာ ကျရောက်နေသောသူသည် မိမိ၏ယားနာ, ဝဲနာကို ကုတ်ခြစ်ပေးသဖြင့် ခေတ္တခဏ အယားအယံပြေကာ ချမ်းသာတာနှင့်သာ တူပါတယ်။ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာခြင်းက သာလျှင် အနာရောဂါကင်းရှင်းသဖြင့် ချမ်းသာတဲ့ ချမ်းသာခြင်းနှင့် တူပါတယ်၊ ဒါကြောင့်မို့-

ဗျာဓိတံ ဇနတံ ဒိသွာ၊ အမတာပဏံ ပသာရယိ။
ကမ္မေန တံ ကိဏိတ္ဝာန၊ အမတံ အာဒေထ ဘိက္ခဝေါ။

ဟူ၍ ဟောကြားတော်မူခဲ့ပါတယ်။ (မိလိန္ဒပဉှာ-၃၁၉)

ဘိက္ခဝေါ၊ သံသရာရန်ဘေး, အမြန်အေးဘို့, ကြံတွေးလိုလား အို- ချစ်သား/ချစ်သမီးတို့။ အဟံ၊ သုံးလူထွဋ်ထား ငါဘုရားသည်။ ဗျာဓိတံ၊ ကိလေသာရန် ပူပန်ဒဏ်ချက် လွန်နှိပ်စက်သဖြင့် မသက်မသာ, မကျန်းမမာ, နာ၍နေသော။ ဇနတံ၊ ဝေနေယျများစွာ သတ္တဝါအပေါင်းကို။ ဒိသွာ၊ မြင်တော်မူ၍။ အမတာ ပဏံ၊ မသေရာအမှန်, အမြိုက်နိဗ္ဗာန်ဟူသော ဆေးဆိုင်ကြီးကို။ ပသာရယိ၊ လွယ်ကူစွာ ဝယ်ယူစားဘို့၊ ဖြန့်ခင်း၍ ထားတော်မူခဲ့ပေပြီ။ တုမှေ၊ သင် ချစ်သား ချစ်သမီးတို့သည်။ ကမ္မေန၊ ကောင်းမှုကုသိုလ် ကြည်ညိုပုံကြံ၊ ကံတရားတည်းဟူသော အဖိုးအခဖြင့်၊

တံ၊ ကိလေသာရန်ဘေး ကင်းရှင်းဝေးသည့် ထိုနိဗ္ဗာန် အမြိုက်ဆေးကို။ ကိဏိတ္တာန၊ ပွားများ ကျင့်ကြံ အမှန်လွယ်ကူ ဝယ်ယူကြကုန်ပြီးလျှင်။ အမတံ၊ ကိလေသာရန်ဘေး, အမှန်ဝေးကြောင်း, အမြိုက်ဆေးကောင်းကို။ အာဒေထ၊ ရှိသောလေးမြွတ်, ဆည်းကပ်အမြဲ, မှီဝဲစားသုံးကြကုန်ရာ သတည်း။

ဆိုလိုရင်း အဓိပ္ပာယ်မှာ –

ကိလေသာရောဂါ အနာဆိုးအနာပျက်နှိပ်စက်ခြင်းခံနေကြရသူ များစွာသော ဗိုလ်လူတို့ကို မြင်တော်မူသော မြတ်စွာဘုရားသည် ထိုရောဂါသည်များအား သနားတော်မူလှသဖြင့် အမြိုက်ဆေးဆိုင်ကြီးကို ဖြန့်ခင်း၍ ထားတော်မူပါတယ်၊ ကိလေသာရန်ဘေး ကင်းဝေးလိုငြား အသင်ချစ်သား/ချစ်သမီးတို့သည် ကိလေသာရန် ပူပန်ကင်းဝေး ထိုအမြိုက်ဆေးကို ကုသိုလ်ကောင်းမှုတည်းဟူသော အဖိုးအခဖြင့် ဝယ်ကြပြီးလျှင် အစဉ်အမြဲ မှီဝဲစားသုံးကြရပေမည်၊ မှီဝဲစားသုံးကြပါလို့ ဆိုလိုပါတယ်၊ ရောဂမီး, ဒေါသမီး, မောဟမီး, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ ဒုက္ခ, ဒေါမနဿ, ဥပါယာသမီးဟုဆိုအပ်သော မီးတဆယ့်တတန်တို့၏ ကင်းငြိမ်းရာမှန်, ပြည်နိဗ္ဗာန် ဆိုဘဲ့ အမြိုက်ဆေးကိုလဲ သဗ္ဗညုမြတ်စွာဘုရား ပွင့်ဆွန်းတော်မူလာမှ မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒခံနယ်ပယ်ဖြစ်လာတဲ့ သာသနာတော် အတွင်းမှာမှ ကျင့်ကြံကြိုးစား၍ မှီဝဲစားသုံးနိုင်ကြပါတယ်၊ ရှည်လျားလှသော သံသရာမှာ အလွန်တရာ တွေ့ရခဲ, ကြုံရခဲ, ဆုံရခဲလှတဲ့ သာသနာ, လောကီ, လောကုတ္တရာ, ချမ်းသာသုခ အဝဝကို မုချပေးစွမ်းနိုင်သော ဗုဒ္ဓမြတ်စွာ သာသနာတော် မြတ်ကြီးဖြစ်ပါတယ်။

ယနေ့ ယခုအခါ (ဒါယကာ ဦးထွန်းကို၊ ဒါယိကာမ ဒေါ်ညွန့်) တို့ ပြုလုပ်ကြတဲ့ ကောင်းမှုကုသိုလ် အလှူမင်္ဂလာပွဲက ရဟန်းခံ ရှင်ပြု အလှူမင်္ဂလာခေါ်တဲ့ သာသနာပြု ပွဲသဘင်ကြီး ဆင်ယင်ကျင်းပကြခြင်းဖြစ်တယ်နော်၊ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတွေကို အကြိမ်ကြိမ် အခါခါ ရရှိကြသော်မဲ့ ဒီလိုဗုဒ္ဓမြတ်စွာသာသနာတော်နှင့်ကြုံတွေ့ပြီး သာသနာတော်ပြုနိုင်ကြတဲ့ အခွင့်အခါ အလွန်ပင် နည်းပါးလှပေတယ်၊ ယခုလို ရဟန်းခံရှင်ပြုတာကို သာသနာပြုသည်၊ သာသနာ့အမွေခံယူသည်ဟု ဆိုဘဲ့အကြောင်းနှင့်ပတ်သက်၍ ကောင်းမွန်စွာ မှတ်သားနိုင်ကြအောင် သက်သေ သာဓက ထုတ်ဆောင်ကာ ဟောကြားကြဦးစို့။

သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် သာသနာ သက္ကရာဇ် ၂၁၈ ခုနှစ်အရောက်တွင် ယခုအခါ အိန္ဒိယနိုင်ငံခေါ်တဲ့ မဇ္ဈိမဒေသ ပါဋလိပုတ်နေပြည်တော်တွင် ဘုရင်အာသောကမင်းတရား ထီးနန်းအုပ်ချုပ် မင်းပြုလုပ်ကာ စိုးစံတော်မူပါတယ်၊ ဦးပဥ္စင်းတို့ မြန်မာများကတော့ သီရိဓမ္မာသောကမင်းတြားကြီး–ဟု လေးလေးမြတ်မြတ် ခေါ်ဆိုကြပါတယ်၊ မြန်မာရာဇဝင်နှင့်ယှဉ်ကာကြည့်လျှင်တော့ ယခုအခါ ပြည်မြို့ခေါ်တဲ့ သီရိခေတ္တရာပြည်မှာ သက္ကရာဇ် ၁၉၃ ခုနှစ် နန်းတက်တော်မူဘဲ့ ရန်ပေါင်မင်းကြီးနှင့် မဇ္ဈိမဒေသမှ သီရိဓမ္မာသောကမင်းကြီးတို့ဟာ ထီးပြိုင်နန်းပြိုင်များ ဖြစ်ကြသတဲ့၊ ထိုသီရိဓမ္မာသောကမင်းကြီးသည် နန်းတက်စောမှာပါ ပဌမကာလတွင် ဘခမည်းတော် ဗိမ္ဗိသာရမင်းကြီးလက်ထက်မှ အစဉ်အဆက် ကိုးကွယ်လာခဲ့တဲ့ သာသနာပပုဏ္ဏား ပုရိဗိုဇ်တိတ္ထိဆရာများကို ကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်၊ တိတ္ထိ(၆၀၀၀၀)

ခြောက်သောင်းကို အမြဲမပြတ် ဆွမ်းဝတ်ပြု လှူဒါန်းလေ့ရှိပါတယ်။ နောင်သောအခါ မိမိရဲ့တူတော် ဖြစ်တဲ့ နိဂြောဓသာမဏေကို အကြောင်းပြု၍ ရှင်ယောင် ရဟန်းယောင်များ ဖြစ်ကြသော ပဏ္ဍား ပရဗိုဇ်တက္ကထွန်း တိတ္ထိများကိုကိုးကွယ်ရာမှ ဗုဒ္ဓဘာသာဘက်သို့ ယိမ်းယိုင်လာသည်။ နိဂြောဓ သာမဏေ ဟောကြားအပ်သော ဓမ္မပဒအပ္ပမာဒဝဂ်လာ-

"အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနောပဒံ မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းပေတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်း ပေတည်း"ဟူသော တရားတော် ကြားနာရတော့ သာသနာတော်ကို လွန်စွာသက်ဝင် ယုံကြည်လာပါတယ်။ ထိုအခါမှစ၍ သီရိဓမ္မာ သောကမင်းကြီးသည် နေ့စဉ် နေ့တိုင်း တိတ္ထိရဟန်းယောင် (၆၀၀၀၀) ခြောက်သောင်းတို့အား ဆွမ်းဝတ်ပြုနေရာမှ မြတ်စွာဘုရားသားတော် ရဟန်းသံဃာတော်ပေါင်း (၆၀၀၀၀) ခြောက် သောင်းတို့အား နေ့စဉ်နေ့တိုင်း ဆွမ်းဝတ်ပြု လှူဒါန်း ဆက်ကပ်လေသတဲ့။

> နိဂြောဓတ္ထေရောပိ ရာဇာနံ သပရိသံ တီသု သရဏေသု ပဉ္စသု စ သီလေသု ပတိဋ္ဌာ
> ပေတွာ ဗုဒ္ဓသာသနေ ပေါထုဇ္ဇနိကေနပသာဒေန အစလပ္ပသာဒံ ကတွာ ပတိဋ္ဌာ-
> ပေသိ။ (ဝိနယ၊ ၌၊ ပ၊ ၃၆)။

နိဂြောဓတ္ထေရောပိ၊ နိဂြောဓမထေရ်သည်လည်း။ သပရိသံ၊ အခြွေအရံ မှူးမတ်၊ ပရိသတ်နှင့် တကွဖြစ်သော။ ရာဇာနံ၊ အသောက ဟု, နာမကျော်ဟီး, မင်းတြားကြီးကို။ တီသု သရဏေသုစ၊ ဘုရား, တရား, သံဃာအားဖြင့် သုံးပါးအစုံ သရဏဂုံတို့၌လည်းကောင်း။ ပဉ္စသုသီလေသု စ၊ အမြဲ မပြတ် စောင့်သုံးအပ်ငြား, ငါးပါးသော အကျင့်သီလတို့၌လည်းကောင်း၊ ပတိဋ္ဌာပေတွာ၊ မြဲမြံ ခိုင်ခန့်, တည်တန့်စေပြီး၍။ ဗုဒ္ဓသာသနေ၊ ဗုဒ္ဓမြတ်စွာ, သာသနာတော်၌။ ပေါထုဇ္ဇနိကေန၊ ပုထုဇဉ်အဖြစ်၌ ဖြစ်သော ပသာဒေန၊ သဒ္ဓါရွှန်းစို, ကြည်ညိုခြင်းဖြင့်။ အစလပ္ပသာဒံ၊ မယိမ်း မယိုင်, မြဲမြံခိုင်လျက်, သက်ဝင်ယုံကြည်ခြင်းကို။ ကတွာ၊ ပြု၍။ ပတိဋ္ဌာပေသိ၊ ကောင်းစွာခိုင်ကြည်, တည်စေပြီတကား။

နိဂြောဓမထေရ်ကလဲ သီရိဓမ္မာသောကမင်းတြားကြီးကို ခြွေရံမှူးမတ် ပရိသတ်အပေါင်းနှင့် တကွ သုံးပါးသောသရဏဂုံ ငါးစုံသော သီလတို့၌ ကောင်းစွာတည်စေပြီး၍ ဗုဒ္ဓမြတ်စွာ သာသနာ တော်၌ ပုထုဇဉ်အဖြစ်ဖြင့် ကြည်ညိုခြင်းဖြင့် မတုန်မလှုပ် မြဲမြံခိုင်ခန့်သောကြည်ညိုခြင်း ဖြစ်အောင် ပို့ဆောင် ချီးမြှင့်တော် မူလိုက်ပါတယ်၊ နောက်အခါတွင် ဘုရင် အသောက မင်းကြီးသည် အသောကာရုံမည်သော ကျောင်းတိုက်ကြီးကို တည်ဆောက် လှူဒါန်း၍ ရဟန်းတော် ခြောက် သောင်းတို့ကို နေ့စဉ်မပြတ် နိစ္စဘတ် ဆွမ်းကွမ်း ဆက်ကပ် လှူဒါန်းသတဲ့။

တနေ့သ၌ အသောက မင်းကြီးသည် အသောကာရုံ ကျောင်းတော်၌ ကြီးစွာသော အလှူ ဒါနကို ပြု၍ လှူဒါန်းပြီးကာ ရဟန်းတော်ပေါင်း ခြောက်သောင်းတို့၏ အလယ်၌ ထိုင်နေလျက် ရဟန်းသံဃာတော်များကို ပစ္စည်းလေးပါတို့ဖြင့် ဖိတ်ကြားယင်း ရဟန်းတော်များအား ဒီလို မေး မြန်း လျှောက်ကြား လေသတဲ့။

ဘန္တေ ဘဂဝတော ဒေသိတ ဓမ္မောနာမ ကိတ္တကော ဟောတိ=အရှင်ဘုရားတို့ ဘုန်းတော်ခြောက်ပါး တရားသခင်ဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော် မူအပ်သော တရားတော်သည် ကား အဘယ်မျှ အတိုင်းအရှည် ရှိပါသနည်း ဘုရား-ဟု လျှောက်ထားပါတယ်။ (ဝိ-၄-ပ-၃၇)။

ယင်းသို့ မေးမြန်း လျှောက်ထားလေသဖြင့် ရဟန်းတော် အရှင်မြတ်များက "မြတ်သော မင်းကြီး-မြတ်စွာဘုရား ဟောကြားတော် မူခဲ့သော တရားတော် များသည် အင်္ဂါအားဖြင့် ကိုးပါး ရှိကြသည်၊ အဘိုအစု အားဖြင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် (၈၄၀၀၀) ရှိကြပေသည်" ဟု မိန့်ကြား ဖြေဆိုတော် မူကြသဖြင့် မင်းတရားကြီးလည်း တရားတော်၌ ကြည်ညို မြတ်နိုးတော် မူရကား-

ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ၊ တပည့်တော်သည်။ ဧကေကံ ဓမ္မက္ခန္ဓံ၊ တခုတခုသော ဓမ္မက္ခန္ဓာကို။ ဧကေက ဝိဟာရေန၊ တခုတခုသော ကျောင်းဖြင့်။ ပူဇေဿာမိ၊ မြတ်နိုးကော်ရော် ပူဇော်ပါအံ့ဘုရား။

ဤသို့ လျှောက်ထားပြီးလျှင် တနေ့တည်းမှာပင် (၉၆) ကိုးဆယ့်ခြောက်ကုဋေသော ဥစ္စာ အသပြာတို့ကို စွန့်လွှတ်၍ အမတ်များကို ခေါ်ယူပြီးနောက် အချင်းအမတ်တို့ ဇမ္ဗူဒီပါ တကျွန်း လုံးတွင် တမြို့တမြို့၌ တကျောင်းတကျောင်းကြ ဆောက်လုပ် ကြပြီးလျှင် (၈၄၀၀၀) ရှစ်သောင်း လေးထောင်သော မြို့တို့၌ ရှစ်သောင်းလေးထောင်ကုန်သော ကျောင်းတို့ကို ဆောက်လုပ်ကြကုန် လော့-ဟု ပြောဆို မိန့်ကြားတော် မူပါတယ်၊ မင်းကြီးကိုယ်တိုင်မူကား အသောကာရုံ ကျောင်း တိုက်၌ အသောကာရုံ ကျောင်းကြီးကို ဦးစီးပြီး ဆောက်လုပ် လေသတဲ့၊ သုံးနှစ်ပြည့် မြောက် သောအခါ ကုသိုလ်တော် ကျောင်းများ အားလုံးပြီးဆုံး အောင်မြင်ကြ၍ တနေ့တည်းမှာပင် ထိုထိုမြို့ရွာတို့မှ လျှောက်ထား စာချွန်တော်များဆက်သ ရောက်ရှိ လာကြသတဲ့၊ ဒါကြောင့်မို့ ဝိနယပိဋက အဋ္ဌကထာကြီးမှာ-

သကလ ဇမ္ဗုဒီပေ စတုရာသီတိယာ နဂရ သဟဿေသု စတုရာသီတိ ဝိဟာရသဟဿာနိ
ကာရာပေသိ စတုရာသီတိ သဟဿ စေတိယ ပဋိမဏ္ဍိတာနိ ဓမ္မေနေဝ၊ နောအဓမ္မေန။
(ဝိ-၄-ပ-၃၈) ဟူ၍ ဖွင့်ပြတော် မူပါတယ်။

ဟုံဇာ၊ သိရိဓမ္မာ သောကာ၊ နာမကျော်ဟိီး မင်းတရားကြီးသည်။ သကလ ဇမ္ဗုဒီပေ၊ ဇမ္ဗူ ဒီပါ တကျွန်းလုံး၌။ စတုရာသီတိ နဂရ သဟဿေသု၊ ရှစ်သောင်း လေးထောင် (၈၄၀၀၀) ကုန်သောမြို့တို့၌။ စတုရာသီတိ သဟဿစေတိယ ပဋိမဏ္ဍိ တာနိ၊ ရှစ်သောင်းလေးထောင် ကုန်သော စေတီတို့ဖြင့် တန်ဆာ ဆင်အပ်ကုန်သော။ စတုရာသီတိ ဝိဟာရ သဟဿာနိ၊ ရှစ်သောင်း လေးထောင် ကုန်သောကျောင်းတို့ကို။ ဓမ္မေနေဝ၊ တရားသဖြင့်သာလျှင်။ ကာရာပေသိ၊ ပြုစေပြီ။ အဓမ္မေန၊ မတရား သဖြင့်။ နောကာရာပေသိ၊ မပြုစေပြီ။

အသောက မင်းတရားကြီးသည် ဇမ္ဗူဒီပါ တကျွန်းလုံးတွင် မြို့ပေါင်း ရှစ်သောင်း လေး ထောင်တို့၌ စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် တင့်တယ်စွာ တန်ဆာ ဆင်အပ်ကုန် သော ကုသိုလ်တော် ကျောင်းတိုက်ပေါင်း ရှစ်သောင်း လေးထောင်တို့ကို သူတပါးအား တစုံ

တရာ ညှင်းပန်းနှိပ်စက်မှု မပြုပဲ တရားတော်နှင့် လျှော်ညီစွာသာလျှင် ပြုလုပ် တည်ဆောက်တော်မူစေပြီးလို့- ဆိုလိုပါတယ်။

ထိုထို မြို့များမှ ကုသိုလ်တော် ကျောင်းများ ပြီးစီးကြောင်း လျှောက်ထားဆက်သ စာလွှာရောက်ရှိလာလျှင် "ယနေ့မှ နောက်ခုနစ်ရက် မြောက်သောနေ့၌ ကျောင်းလွှတ် ပူဇော်ပွဲ (၈၂) ကျောင်း ရေစက်ချပွဲ ကျင်းပပူဇော်မည်၊ မြို့သူမြို့သား အားလုံး ရှစ်ပါးသီလကို စောင့်ထိန်း ကြကုန်ပြီးလျှင် မြို့တော်အတွင်းမှာ ဖြစ်စေ, မြို့တော်ပြင်ပမှာ ဖြစ်စေ ကျောင်းလွှတ် ပူဇော်ပွဲကို စီရင်ကြကုန်လော့" ဟု မင်းတရားကြီးက တမြို့လုံးကို စည်လည်စေသတဲ့၊ အသောက မင်းတရားကြီးသည် ထိုနေ့မှ ခုနစ်ရက် မြောက်သောနေ့မှာ ခပ်သိမ်းသော တန်းဆာတို့ဖြင့် ဆန်းကြယ်လှစွာ တန်းဆာဆင်အပ်သော အသိန်းမက များလှစွာသော အရေအတွက်ရှိသော စစ်အင်္ဂါ လေးပါးဖြင့် ရွှေနောက်ဝဲယာ ခြံရံလျက် နတ်ပြည် လောကသုံး သိကြားမင်းစံရာ တာဝတိံသာ နတ်ပြည်၏ အသရေထက် ဆတက်လွန်ကဲသော အသရေ ရှိသကဲ့သို့ နေပြည်တော်ကို အထူးသဖြင့် ဆန်းဆန်းကြယ်ကြယ် တင့်တယ်စွာ တန်ဆာဆင်လိုသော မြို့သူမြို့သားအပေါင်းနှင့် တင့်တယ်စွာ တန်းဆာဆင်အပ်သော မြို့တော်ကို လှည့်လည် ရှုစားတော်မူပြီး အသောကာရုံ ကျောင်းတော်သို့ ကြွသွား၍ ရဟန်းသံဃာတော်များ၏ အလယ်၌ ရှိသေစွာ ရှိခိုးဦးချကာ နေပါတယ်။

ထိုအခါက စည်းဝေး လာကြသော ရဟန်းယောကျ်ားပေါင်းမှာ ကုဋေပေါင်း (၈၀) ရှစ်ဆယ် ရှိသတဲ့၊ ရဟန်း မိန်းမ ပေါင်းကတော့ - ကိုးသန်း ခြောက်သိန်း ရှိသတဲ့၊ ထိုရဟန်းအပေါင်းတွင် အာသဝေါ ကုန်ခန်း ရဟန္တာ အရှင်မြတ်များက တသိန်း အရေအတွက် ရှိသတဲ့၊ အရေအတွက် သင်္ချာတွေက အလွန် ဂဏန်း ကြီးလွန်းတော့-ယုံနိုင်စရာတောင် မရှိဘူးနော်- ဒါပေမဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင် စံပြီးသည့် နောက်ပိုင်း ကာလတွင် သာသနာရေး လောက၌ အလွန်အလွန် နာမည်ကြီးသော မင်းတြား လက်ထက်လည်းဖြစ်ပြန်ခြင်း, အတိုင်းတိုင်း အပြည်ပြည်မှ ရဟန်းသံဃာ များကလဲ ထိုအစည်းအဝေးပွဲသို့ ကြွရောက် လာနိုင်ခြင်း, သာသနာတော် ထွန်းကားသော ကာလဖြစ်ခြင်း, ထိုထိုမြို့ရွာတို့၌ ကျင်းပသော ကျောင်းလွှတ် ပူဇော်ပွဲများသို့ ကြွရောက်လာသော သံဃာများကိုလည်း အသောက မင်းကြီး၏ ကုသိုလ်တော်ကျောင်းလွှတ်ပွဲ ကျောင်းရေစက် ချပွဲသို့ ကြွရောက်ကြခြင်းပင် ဖြစ်၍ အသောက မင်းကြီး၏ ကျောင်းရေစက် ချပွဲသို့ ကြွရောက်သော သံဃာ စာရင်း သွင်းနိုင်ခြင်း၊ ကိုရင် သာမဏေများကိုလဲ ရဟန်းသံဃာ စာရင်းတွင် သံဃာထုအပေါင်း သင်္ချာရေတွက်ရာမှာ ထည့်သွင်း ရေတွက်တတ်ခြင်း စသော အကြောင်းများကို ထည့်သွင်းစဉ်းစား ကြည့်ပါက ယုံကြည် နိုင်လောက် ပါတယ်နော်၊ စည်းဝေးသို့ ကြွရောက် လာကြတဲ့ ရဟန္တာ အရှင်မြတ်များက "ဤ အသောက မင်းကြီးသည် မိမိအလွန် ပြုအပ်သော ကုသိုလ်ကောင်းမှု အစုစုကို တခုမကြွင်း ထင်လင်းစွာ တွေ့မြင်ရလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ လွန်စွာ ကြည်ညိုခြင်း ဖြစ်ရာ၏" ဟု ဆင်ခြင်တော် မူကြပြီး တယောကလုံး ထုတ်ချင်းထွင်းကာ မြင်နိုင်သော လောက ဝိဝရဏ မည်သော အံ့သြဘွယ်ရာ တန်ခိုးပြာဋိဟာကို ပြုတော် မူကြပါတယ်၊ အခိဋ္ဌာန်တော် မူကြပါတယ်။

ထိုအခါ သိရိမွှာ သောက မင်းတြားကြီးသည် အာသောကာရုံ ကျောင်းတော်၌ ထိုင်နေယင်းပင် အရပ် လေးမျက်နှာတို့သို့ လှည့်လည် ကြည့်ရှုလေရာ ထက်ာန်းကျင်မှ သမုဒ္ဒရာ အဆုံးရှိသော

ဇမ္ဗူဒီပါ တကျွန်းလုံးကို မြင်ရသတဲ့၊ မြတ်သောကျောင်းလွှတ် ပူဇော်ပွဲဖြင့် တင့်တင့်တယ်တယ် ကျင်းပပူဇော် နေကြကုန်သော ရှစ်သောင်းလေးထောင်ကုန်သော မြို့တို့မှ ရှစ်သောင်းလေးထောင် ကုန်သော ကျောင်းလွှတ်ပူဇော်ပွဲ ကျောင်းရေစက်ချပွဲ ကျင်းပနေသည်တို့ကို မျက်ဝါးထင်ထင် တွေ့မြင် ရပါသတဲ့၊ ထိုထိုမြို့ရွာတို့၌ ကျောင်းလွှတ်ပွဲ ကျောင်းရေစက်ချပွဲ အသွယ်သွယ် တင့်တယ် စွာ ကျင်းပနေသည်ကို အလုံးစုံ တွေ့မြင်ရသော အသောက မင်းတြားကြီးသည် နှစ်သက်ခြင်း ပီတိ, ဝမ်းမြောက်ခြင်း ပါမောဇ္ဇလွှန်စွာ ဖြစ်လျက် "ငါမှတပါးသောသူအား ဤကဲ့သို့သော နှစ်သက် ခြင်းပီတိ, ဝမ်းမြောက်ခြင်း ပါမောဇ္ဇ ဖြစ်ခဲ့ကြဘူး ပါရဲ့လား" ဟု စဉ်းစား ဆင်ခြင် အကြံ ဝင် လာသဖြင့် ရဟန်းသံဃာတော် များကို "အရှင်ဘုရားတို့ တပည့်တော်တို့၏ သုံးလောက ထွဋ်ထား မြတ်စွာဘုရား၏ သာသနာတော်၌ အဘယ်မည်သော ပုဂ္ဂိုလ်သည် များပြားလှစွာ စွန့်ကြဲခြင်းကို စွန့်လှူဘူး ပါသနည်းဘုရား" ဟု လျှောက်ထား လေသတဲ့။

စည်းဝေးပွဲလာ ရဟန်းသံဃာ အပေါင်းက အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ် အား တာဝန်ပေးသဖြင့် မထေရ်မြတ်က "မြတ်သောမင်းကြီး- မြတ်စွာဘုရား သာသနာတော်ဝယ် သင်မင်းကြီးနှင့်တူသော ပစ္စည်းလေးပါးကို ပေးလှူသောသူ မည်သည် မြတ်စွာဘုရား သက်တော် ထင်ရှား ရှိတော်မူစဉ်မှာပင် တစုံတယောက်မျှ မရှိခဲ့ပါပေ၊ အသင်မင်းကြီး၏ ပေးလှူခြင်းသည် သာလျှင် ကြီးကျယ် မြင့်မြတ် လှပေသည်" ဟု မိန့်ဆို ဖြေကြားတော် မူသတဲ့၊ မြတ်စွာဘုရား သက် တော်ထင်ရှား ရှိတော်မူစဉ် အခါက အနာထပိဏ် သဌေးကြီး ဆောက်လုပ် လှူဒါန်းသော ဇေတ ဝန်ကျောင်းတော်ဟာ (၅၄) ငါးဆယ့်လေးကုဋေသော ကုန်တယ်နော်၊ ယခု သီရိဓမ္မာသောက မင်းကြီးက မြို့ပေါင်း ရှစ်သောင်းလေးထောင်မှာ စေတီတော်ပေါင်း ရှစ်သောင်း လေးထောင် ခြံရံ ပြီး ကျောင်းတိုက်တာပေါင်း ရှစ်သောင်းလေးထောင် ဆောက်လုပ် လှူဒါန်းခြင်း ဖြစ်တယ်၊ ကုန်ကျသည့် အသပြာငွေပေါင်းက (၉၆) ကိုးဆယ့်ခြောက် ကုဋေကုန်ကျသတဲ့၊ ဒီလိုလှူဒါန်း နိုင် တာလဲ၊ ရေမြေပိုင်သ အစိုးရတဲ့ ရှင်ဘုရင် ဖြစ်နေလို့ လှူဒါန်း နိုင်ခြင်း ဖြစ်တယ်နော်၊ ဤ သာသ နာမှာတော့ ပစ္စည်းလေးပါး လှူဒါန်းကြသော ဒါယကာများတွင် ဤ အသောက မင်းကြီးဟာ အများဆုံး လှူဒါန်းတဲ့ ဒါယကာ ပေပေါ့။

ထို သီရိဓမ္မာသောကမင်းကြီးသည် မထေရ်မြတ်၏စကားကို ကြားလေလျှင် များလှစွာသော ပီတိပါမောဇ္ဇတွေ ကကိုယ်လုံး တဖွားဖွားဖြစ်ပွားလျက် "မယာ၊ ငါနှင့်။ သဒိသော၊ တူသော။ ပစ္စယဒါယကော၊ ပစ္စည်းလေးပါးကို ပေးလှူသောသူမည်သည်။ နတ္ထိကိရ၊ မရှိဘူးတဲ့။ မယှံ၊ ငါ၏။ ပရိစ္စာဂေါ၊ စွန့်ကြဲ ပေးလှူခြင်းသည်သာ။ မဟာကိရ၊ အများဆုံး, အမြတ်ဆုံး ဖြစ်သတဲ့။ အဟံ၊ ငါသည်။ ဒေယျဓမ္မေန၊ ပစ္စည်းလေးဖြာ, သဒ္ဓါကြည်ဖြူ, ပေးလှူခြင်းဖြင့်။ သာသနံ၊ ဗုဒ္ဓမြတ်စွာ, သာသနာတော်ကို။ ပဂ္ဂဏှာမိကိရ၊ များစွာတွန်းတောက်အောင် ချီးမြှောက်သောသူ ဖြစ်သတဲ့။ ကိံ ပန၊ အသို့ပါနည်း။ အဟံ၊ ငါသည်။ ဝေံသတိ၊ ဤသို့ ပစ္စည်းလေးဖြာ, သဒ္ဓါကြည်ဖြူ, ပေးလှူ သည်ရှိသော်။ သာသနဿ၊ ဗုဒ္ဓမြတ်စွာ, သာသနာတော်၏။ ဒါယာဒေါ၊ ဖြစ်ပေါ်လာရိုး, ကောင်း သော အကျိုးကို, ပိုင်ပိုင်စိုးစံ, အမွေခံသည်။ ဟောမိ၊ အမှန်စင်စစ်, ဖြစ်ပါမည်လော။ နဟောမိ၊ ဖောက်ပြန်ချွတ်သွေ, မဖြစ်ပဲ ရှိပါသလော" ဤသို့ စဉ်းစားဆင်ခြင် ကြံစည်ပြီးလျှင် ရဟန်း သံဃာ တော်များကို ရှိသေစွာ ရှိခိုး ဦးညွတ်လျက်–

ဘဝါမိနူခေါ အဟံ ဘန္တေ သာသနဿ ဒါယာဒေါ။ (ဝိနယ ၄-ပ ၃၈)။

ဘန္တေ၊ ကျေးဇူးသခင်, အရှင်မြတ်တို့ဘုရား။ အဟံ၊ ဤမျှ များပြား, လှူဒါန်းထားသော တပည့်တော်သည်။ သာသနဿ၊ ဘုရားမြတ်စွာ, သာသနာတော်၏။ ဒါယာဒေါ၊ ဖြစ်ပေါ်လာရိုး, ကောင်းမြတ်သောအကျိုးကို, ပိုင်ပိုင်စိုးစံ, အမွေခံသည်။ ဘဝါမိနုခေါ၊ အမှန်စင်စစ်, ဖြစ်ပါသလော ဘုရား - ဟု ဤကဲ့သို့ မေးမြန်း လျှောက်ထားလေသတဲ့။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကလဲ သီရိဓမ္မာသောကမင်းတြားကြီး လျှောက်ထားသောစကားကို ကြားတော်မူလျှင် မဟိန္ဒမင်းသား၏ ရဟန္တာဖြစ်ကြောင်း, ကောင်းမြတ်သော အကြောင်း ဥပနိဿယကို မြင်းတော်မူသဖြင့် "ဤ မဟိန္ဒမင်းသားသည် အကယ် ရဟန်းပြုအံ့၊ မြတ်စွာဘုရား သာသနာတော်ကြီး အလွန်လျှင် တိုးတက်ကြီးပွားခြင်း ဖြစ်ပေလိမ့်မည်၊ သာသနာတော်ကြီးပွားတိုးတက်အောင် ရှက်ဆောင်နိုင်စွမ်းရှိသော သာသနာပြုပုဂ္ဂိုလ် အာဇာနည်ရဟန်းတပါး ဖြစ်နိုင်ပေသည်" ဟု ကြံစည်စဉ်းစားတော်မူပြီး မိန့်ကြားတော်မူသည်မှာ "ဒကာတော်မင်းမြတ်၊ ဤမျှသော ပစ္စည်းလေးပြား ရက်ရောစွာ စွန့်ကြဲပေးလှူရုံမျှဖြင့် သာသနာတော် အမွေခံ မဖြစ်နိုင်သေး၊ စင်စစ် ထိုသူကို ပစ္စည်းလေးပါးကို ပေးလှူတတ်သူ ပစ္စယဒါယက၂ ဟူ၍ရင်း, ရဟန်းတော်တို့အား ပြုစုလုပ်ကျွေးတတ်သောသူ ဥပဋ္ဌာကပုဂ္ဂိုလ်-ဟူ၍ရင်း ခေါ်ဆိုနိုင်ရုံသာရှိပေသည်-ဒကာတော်မင်းမြတ်" ဟု မိန့်ကြားတော်မူပြီးနောက်—

ယောပိ ဟိ မဟာရာဇ ပထဝိတော ယာဝဗြဟ္မလောကပရိမာဏံ ပစ္စယရာသိံ ဒဒေယျ၊ သောပိ သာသနေ "ဒါယာဒေါ"တိ သင်္ချံ နဂစ္ဆတိ။ (ဝိနယ ၄ ပ ၃၈)။

မဟာရာဇ၊ ဒကာတော် မင်းမြတ်။ ဟိသစ္စံ၊ ထင်ရှားကေန်, အမှန်မှကား။ ယောပိ၊ အမှတ် မထင်, အကြင်သူသည်လည်း။ ပထဝိတော၊ လူတို့နေရာ, ဤမြေမျက်နှာပြင်မှ။ ယာဝဗြဟ္မလောက-ပရိမာဏံ၊ ခရီးယူနေရာ သန်းပေါင်းများစွာ ဝေးကွာသော ဗြဟ္မာ့ပြည် လောကတိုင်အောင်။ ပစ္စယရာသိံ၊ လေးပြားပစ္စည်း, အစုအပုံကြီးကို။ ဒဒေယျ၊ သဒ္ဓါကြည်ဖြူ, ပေးလှူလေရာ၏။ သောပိ၊ ပစ္စည်းများစွာ, သဒ္ဓါကျည်ဖြူ,ပေးလှူသော ထိုသူသည်လည်း။ သာသနေ၊ သုံးလူမြတ်စွာ, သာသနာတော်၌။ ဒါယာဒေါတိ၊ အမွေခံဟူ၍။ သင်္ချံ၊ မှတ်တမ်းတင်လျက်, ရေတွက်ခြင်းသို့။ နဂစ္ဆတိ၊ ဘယ်လိုပင် အခွင့်ထောက်သော်လဲ, တကယ်ပင် မဖြစ်မြောက်သဖြင့်, မရောက်နိုင်လေသည်သာတည်း။

ဒကာတော် မင်းမြတ် အမှန်စင်စစ်မှာ မိမိတတ်နိုင်သဖြင့် ဤ မဟာပထဝီ မြေအပြင်မှ ယူနေနာ သန်းပေါင်းများစွာ ကွာဝေးသော အထက်ဗြဟ္မာ့ပြည်ထိအောင် ပစ္စည်းလေးပြားကို စုပုံကာ လှူပေမဲ့ ဤသာသနာတော်မှာ သာသနာ့အမွေခံ ရှိသည်ဟုသာ မဆိုနိုင်သေးကြောင်းကို မိန့်ကြားတော်မူလိုက်ပါကယ်၊ ပစ္စည်းအာမိသ လှူဒါန်းရုံမျှဖြင့် အမွေခံပင်လျှင်လျှ သာသနာ့အမွေခံ လို့ မခေါ်နိုင်ဘူး ကဲ့ နော်၊ ပစ္စည်းလေးပြားကို ရက်ရောစွာ လှူဒါန်းတာကို အဘယ်အတွက်ကြောင့် သာသနာ့အမွေခံပုဂ္ဂိုလ်လို့ မခေါ်ဆိုနိုင်ပါဘလဲဆိုတော့ မဟာဗုဒ္ဓဝံသ ... အဋ္ဌကထာမှာ ဖွင့်ပြ ထားတာကတော့ ဒီလိုတဲ့ (ဒကာကြီး ဦးစိန်ဒွဲ)၊ သေသေချာချာ မှတ်ထားလိုက်စမ်းပါ။

အာမိသမူဇာစ နာမေသာ သာသနံ့ ကေဒိဝသမ္ဘိ ကေယာဂုပါနကာလမတ္တမ္ဘိ သန္ဓာရေတုံ နသက္ကောတိ။ မဟာဝိဟာရသဒိသဥ္စ ဝိဟာရသဟဿံ မဟာစေတိယ သဒိသဥ္စ စေတိယသဟဿမ္ပိ သာသနံ ဓာရေတုံ နသက္ကောန္တိ။

(ဒီဃာမဟာဝဂ္ဂ-ဋ္ဌ-၁၆၉)။

စ၊ သာသနာအခြေခံ အမှန်မဖြစ်နိုင်သည့်အချက်ကို ဆက်လက်၍ ဆိုပေအံ့။ သောအာမိသ-ပူဇာနာမ၊ ဤပစ္စည်းလေးဖြာ အာမိသဖြင့် ညွတ်ခကြည်ဖြူ, ပူဇော်ခြင်း မည်သည်။ သာသနံ၊ ဗုဒ္ဓမြတ်စွာ, သာသနာတော်ကို။ ကေဒိဝသမ္ပိ၊ တနေ့တရက်ကိုဒင်း။ ကေယာဂုပါနကာလမတ္တမ္ပိ၊ ယာဂုတကြိမ်တခါ သောက်ရုံကာလမျှကိုဒင်း။ သန္ဓာရေတုံ၊ မြင့်ရှည်ခိုင်ခံ့, တည်တံ့စေခြင်းငှာ။ နသက္ကောတိ၊ မစွမ်းနိုင်ပေ။ ဟိသစ္စံ၊ မှန်လှပေ၏။ မဟာဝိဟာရသဒိသံ၊ မဟာဝိဟာရ ကျောင်းတော်ကြီးနှင့်တူမျှသော၊ဝိဟာရသဟဿဥ္စ၊ ကျောင်းပေါင်းတထောင်သည်ဒင်း။မဟာစေတိယသဒိသံ၊ မဟာစေတီတော်ကြီးနှင့်တူသော။ စေတိယသဟဿမ္ပိ၊ စေတီတော်ပေါင်း တထောင်သည်ဒင်း၊ သာသနံ၊ မြတ်စွာဘုရား, တည်ထားခဲ့ရာ, သာသနာတော်မြတ်ကြီးကို။ ဓာရေတုံ၊ ကာလကြာရှည်း မြဲစွာတည်အောင်, ရွက်ဆောင်ခြင်းငှာ။ နသက္ကောန္တိ၊ မုချပိုင်ပိုင်, မစွမ်းနိုင်ကုန်သည်သာတည်း။

ပစ္စည်းလေးဖြာ အာမိသပူဇာမျိုးဟာ သာသနာတော်ကို တနေ့တရက်မျှ တည်တံ့အောင် မတတ်နိုင်, မစွမ်းဆောင်နိုင်ဘူးတဲ့၊ တချိန်က သီဟိုဠ်ကျွန်းမှာ လွန်စွာကြီးမားလှတဲ့ မဟာဝိဟာရ ကျောင်းတိုက်ကြီးနှင့်တူသော ကျောင်းတိုက်ပေါင်း အထောင်အသောင်းပင် ဖြစ်စေ, မဟာစေတီခေါ်ကဲ့ စေတီတော်ကြီးနှင့်တူသော စေတီတော်ပေါင်း အထောင်အသောင်းပင်ဖြစ်စေ သာသနာတော်ကို ကြာရှည် တည်တံ့အောင် မဆောင်ရွက်နိုင်ကြပါဘူးတဲ့-(ဒကာကြီး ဦးစိန်ရဲ့)၊ဒီလိုဆိုတော့ ပစ္စည်းလေးဖြာ လှူဒါန်းထောက်ပံ့နေကြတဲ့ သာသနာပြု ဒါယကာ, ဒါယိကာမများ အားငယ်သွားမှာ စိုးရတယ်-နော်။

ယခုလို မိဒိရင်ဉ္စဖြစ်သောသား၊သူတပါးရင်ဉ္စဖြစ်သောသားတို့ကို သာသနာ့ဘောင်သွတ်သွင်းခြင်း၊ ရဟန်းခံခြင်း၊ ရှင်ပြုခြင်းဆိုတဲ့ ကုသိုလ်ကောင်းမှုနှင့် စာလျှင်တော့ အဲဒီအာမိသ အလှူများဟာ သာသနာရေသောက်မြစ်ဖြစ်ကယ်၊ သာသနာ ကြာရှည် တည်စေရေးအတွက် ရေသောက်မြစ်ဆင်းတယ်လို့ မဆိုနိုင်ဘူးနော်။ ဘာ့ကြောင့်လဲဆိုတော့ တချိန်က သာသနာလွှမ်းခဲ့တဲ့ မဇ္ဈိမဒေသခေါ် ယခု အိန္ဒိယပြည်ကြီး၊ နောက်ပြီးတော့ အင်ဒိုနီးရှားနိုင်ငံတို့ကို မှန်းမြော်ကြည့်လိုက်လျှင် သိသာလှပါတယ်၊အိန္ဒိယပြည်မှာ စေတီပုထိုးတွေ၊ကျောင်းကန်တွေရှိပေမဲ့ သာသနာတော်ရေသောက်မြစ်များ ပြတ်ပြတ်လာသဖြင့် ရှင်သစ်၊ရဟန်းသစ်များမဖြစ်ပွားတော့သဖြင့် သာသနာတော်ကြီး တဖြည်းဖြည်း တိမ်ကောပပျောက်ခဲ့ရတယ်မဟုတ်လား၊ အင်ဒိုနီးရှားနိုင်ငံမှာလဲ ယခုအချိန်အထိ ကမ္ဘာကျော်တဲ့ စေတီတော်ကြီးရှိနေတဲ့အတွက် တချိန်က ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့ကြောင်း သိသာတယ်နော်၊

ဒါပေမဲ့-ယခုအခါတော့ ဗုဒ္ဓသာသနာရောင်ခြည် ကွယ်ပခဲ့လေပြီ။ ဒါ့ကြောင့်မို့ အာမိသ အလှူများ၊ဘုရားတည်ခြင်း၊ကျောင်းဆောက်ခြင်းများဟာ ရှင်ရဟန်းပြုပေးခြင်းနှင့်စာလျှင် သာသနာ သည်ကြောင်း မဟုတ်လှဘူးလို့ ဆိုခြင်းဖြစ်ပါတယ်၊ရဟန်းခံရှင်ပြု၍သာသနာပြုရာမှာလဲ ယခုခေတ်မှာ

လို ခေတ္တခဏဒုလ္လဘရဟန်းခံရှင်ပြုခြင်းများလဲ သာသနာတော်အရှည်တည်တံ့အောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယူဆလို့မဖြစ်ပါဘူးနော်၊ သာသနာတာဝန်ကို အမြဲတမ်းဆောင်ရွက်နိုင်တဲ့ ရှင်ရဟန်းများကသာ သာသနာ တည်တံ့အောင် အားထုတ်နိုင်မှာကိုး၊ သို့သော်လဲ မိမိတို့ စွမ်းနိုင်သမျှ သာသနာ့ဘောင်ဝင်ရောက်ပြီး သာသနာကိစ္စ ဆောင်ရွက်သွားလျှင်လဲ မလုပ်ပဲနေတာနှင့်စာလျှင် တော်သေးရဲ့လို့ဆိုရမှာပေါ့၊ ယင်းကဲ့သို့ သာသနာ့ဘောင် ခေတ္တခဏဝင်ရောက်ကာ သာသနာ့ဝန် ထမ်းဆောင်ကြတဲ့ ရှင်သာမဏေများ၊ ဒုလ္လဘရဟန်းတော်များကိုလဲ ဆရာဥပဇ္ဈာယ်များ၊ နိဿည်း ဆရာများကလဲ ၎င်းတို့နှင့်ထိုက်တန်သမျှ အကျိုးကျေးဇူးရှိကြအောင်ဟောပြောပြသ ညွှန်ကြားပေးဘို့ ကလဲ လိုသေးတယ်နော်။

စားကာသောက်ကာနှင့် အချိန်ကုန်သွားလျှင်လဲ ဝမ်းနည်းစရာကြီးပဲ၊ရဟန်းခံရှင်ပြု သာသနာပြုတရားဖြစ်သဖြင့် သာသနာရေးနှင့်စပ်ဆိုင်သမျှ ကြားညှပ်ပြီးပြောလိုက်ရတာကိုး (ဒကာကြီး ဦးစိန်ရဲ့)။ သီရိဓမ္မာသောကမင်းကြီးနှင့် ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်တို့ မေးကြ, ဖြေကြ တာကို ဆက်ကြဦးစို့ရဲ့။

မထေရ်မြတ်က ပစ္စည်းလေးဖြာ အာမိသလှူဒါန်းရုံမျှဖြင့် သာသနာ့အမွေခံ မဖြစ်နိုင်ကြောင်း မိန့်ကြားတော်မူလေလျှင် သာသနာတော် အမွေခံလိုလှသော မင်းကြီးကလဲ၊ "အရှင်မြတ်ဘုရား၊ ယင်းသို့ဆိုလျှင် အဘယ်သို့ပြုပါမှ သာသနာတော်အမွေခံစင်စစ် ဖြစ်ပါသနည်းဘုရား"ဟု လျှောက်ထားပြန်သဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်က–

ယော ဟိ ကောစိ မဟာရာဇ အဍ္ဍောဝါ ဒလိဒ္ဒေါဝါ အတ္တနော ဩရသံ ပုတ္တံ ပဗ္ဗာဇေတိ၊ အယံ ဝုစ္စတိ မဟာရာဇ ဒါယာဒေါ သာသနဿ။

ဟူ၍ မိန့်ကြားတော်မူပါတယ်။ (ဝိနယ၊ ၅၊ ပ-၃၇)

မဟာရာဇ၊ ဒကာတော်မင်းမြတ်။ ကောစိ၊ တစုံတယောက်သော။ အဍ္ဍော၊ စည်းစိမ်ဥစ္စာ၊ များစွာကြွယ်ဝသော။ ယောဝါ၊အမှတ်မထင်၊ အကြင်သူသည်၎င်း။ ကောစိ၊တစုံတယောက်သော။ ဒလိဒ္ဒေါ၊ ဆင်းရဲနွမ်းပါး။ ပစ္စည်းရှားသော။ ယောဝါ၊အမှတ်မထင်၊ အကြင်သူသည်၎င်း။ အတ္တနော၊ မိမိ၏။ ဩရသံ၊ အမှန်စင်စစ်-ရင်၌ဖြစ်သော။ ပုတ္တံ-သားသမီးကို၊ ပဗ္ဗာဇေတိ၊ရှစ်ပါးပရိက္ခရာ၊ စုံလင်စွာဖြင့်၊ သဒ္ဓါရှင်လန်း၊ ရှင်ရဟန်းပြုစေအံ့။ အယံဟိ-အယံဧဝ၊ မိမိရင်ဘွား သမီးသားကို စိတ်ထားရွှင်လန်း၊ ရှင်ရဟန်းပြုစေသော ဤသူကိုသာလျှင်။ သာသနဿ၊ သုံးလူသင်းကျစ်၊ဓမ္မရာဇ်၏ ဖွင့်လှစ်တည်အပ်၊ သာသနာတော်မြတ်ကြီး၏။ ဒါယာဒေါတိ၊ဆွေသားရင်းဖြစ်၊ အမွေခံစစ်ဟူ၍။ ဝုစ္စတိ၊ သာသနာတော်တည်ရန် အခြေခံဖြစ်သဖြင့်၊ အမှန်သတ်မှတ်၊ ပြောဆိုအပ်လေတော့သတည်း။

ဒကာတော်မင်းကြီး၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော ပုဂ္ဂိုလ်ပင်ဖြစ်စေ၊ ရှေးကုသိုလ်ကံနဲသဖြင့် ပစ္စည်းဥစ္စာ နွမ်းပါးဆင်းရဲသော ပုဂ္ဂိုလ်ပင်ဖြစ်စေ မိမိရင်၌ဖြစ်သော သားသမီးကို ရှစ်ပါးသောပရိက္ခရာ စုံလင်စွာဖြင့် မြတ်စွာဘုရားသာသနာဘောင်တွင်းသို့ သွတ်သွင်း ချီးမြှင့်ပေးလေသည်၊ ရှစ်ရဟန်းပြုစေသည်၊ ဒကာတော်မင်းမြတ်–ထိုကဲ့သို့ မိမိ၏သားသမီးကို၎င်း၊ သစိသူပစာရအားဖြင့်

သူတပါး၏ သားသမီးကိုဖြင့် သာသနာ့ဘောင်တွင်းသို့ သွပ်သွင်း ချီးမြှင့်ပေးသော သူကိုသာလျှင် သာသနာတော်နှင့် ဆွေမျိုးသားချင်းတော်စပ်သော သာသနာအမွေခံပုဂ္ဂိုလ်၊ သာသနာပြုပုဂ္ဂိုလ်လို့ ခေါ်ဆိုအပ်ပေသည်-လို့ မိန့်ဆိုတော်မူသတဲ့။

သီရိမေဃာသောကမင်းကြီးက တပည့်တော် ဤမျှပေးကမ်း လှူဒါန်းသဖြင့် သာသနာတော် အမွေခံ ဖြစ်ပါပြီလားဘုရား-ဟု မေးမြန်း လျှောက်ထားတာက သာသနာတော်၏ အတွင်းသား၊ သာသနာတော်နှင့် ဆွေမျိုးသားချင်းတော်စပ်သူ ဖြစ်ပါပြီလားဘုရား-ဟု မေးမြန်းလိုခြင်း ဖြစ်တယ် နော်၊ သို့အတွက်ကြောင့်-

သာသနဿ ဒါယာဒေါ ဟောမိ၊ န ဟောမိတိ သာသနဿ ဉာတကော အဗ္ဘန္တရော ဟောမိ၊ န ဟောမိတိအတ္ထော။ (သာရတ္ထ၊ ဋီ၊ ပ၊ ၁၃၄)။

သာသနဿ၊ သာသနာတော်မြတ်ကြီး၏၊ ဉာတကော၊အရာရှင်မျိုး အလွန်အားကိုးရသော၊ ဆွေမျိုးသားချင်းသည်။ အဗ္ဘန္တရော၊အတွင်းသားသည်။ ဟောမိ၊ဖြစ်ပါသလော။ နဟောမိ၊မဖြစ်ပါ သလော-ဟု မေးမြန်းခြင်းဖြစ်၍အတွက် မထေရ်မြတ်က ဒကာတော်-ပစ္စည်းလေးပါး ပေးကမ်း လှူဒါန်းခြင်းမျှဖြင့် သာသနာတော်နှင့် ရင်းချာသော ဆွေမျိုးသားချင်း မတော်စပ်သေး၊ မိမိရင်၌ ဖြစ်သော သားသမီးကိုဖြစ်စေ, သဒိသူပစာရအားဖြင့် သူတပါးရင်ဖြစ်သော သားသမီးကိုဖြစ်စေ ရှင်ရဟန်းပြုပေးမှသာလျှင် သာသနာအမွေခံဖြစ်တယ်၊ သာသနာတော်နှင့် ရင်းချာသောဆွေမျိုးသား ချင်း တော်စပ်ပေတယ်လို့ မိန့်ဆိုတော်မူတယ်၊ မိမိရင်၌ဖြစ်သော သားသမီးကို သာသနာတော် သွပ်သွင်းပေးခြင်း၊ ရှင်ရဟန်းပြုပေးခြင်းသည်သာလျှင် သာသနာတော်အမွေခံဖြစ်တယ်၊ သာသနာ တော်နှင့် ဆွေမျိုးသားချင်း တော်စပ်တယ်လို့ မိန့်ဆိုတဲ့အကြောင်းကတော့-

ယေသံ သာသနေ ပဗ္ဗဇိတာ ပုတ္တာဓိတရော နသန္တိ၊ န တေ သာသနေ ကတ္တဗ္ဗကိစ္စံ အတ္တနော ဘာရံ ကတွာ ဝဟန္တိ။ (သာရတ္ထဒီပနီဋီကာ၊ ပ၊ ၁၃၄)။

ယေသံ၊ အမှတ်မထင်၊ အကြင်သူတို့အား။ သာသနေ၊ သာသနာတော်မြတ်၌။ ပဗ္ဗဇိတာ၊ ရှင်ရဟန်းပြုကုန်သော။ ပုတ္တဓိတရော၊ သားသမီးတို့သည်။ နသန္တိ၊ မရှိလေကုန်၊ တေ၊ ထိုသူတို့သည်။ သာသနေ၊သာသနာတော်၌။ ကတ္တဗ္ဗကိစ္စံ၊ ပြုအပ်သောကိစ္စ၊ ပုန်ဘပျူကို။ အတ္တနော၊ မိမိ၏။ ဘာရံ၊ အမှန် ကျင့်ပွား၊ တာဝန်ဝတ္တရားကို။ ကတွာ၊ မပြုပိမ်သျှ၊ ပြုပုပ်ကြ၍။ နဝဟန္တိ၊ လေးစားမပြု ဂရုမထား၊ ကြီးပွားတိုးတက်အောင်၊ မရွက်ဆောင်ကြလေကုန်။

သာသနာတော်တွင်း၌ မိမိရဲ့သားတို့ သမီးတို့ ရှင်ရဟန်းပြုနေသူများ မရှိကြဘူးဆိုလျှင်၊ သာသနာတော်၌ ပြုလုပ်ဆောင်ရွက်ဘွယ် ကိစ္စသွယ်သွယ်ကို မိမိတို့၏ တာဝန်ဝတ္တရားအရာထား၍ ကြိုးစားပြီး မရွက်ဆောင်တတ်ကြပါဘူးတဲ့၊ မိမိတို့ရဲ့သားသမီး သံယောဇဉ်ဓာတ်ကလေးဖြင့် ငြိကပ် နေမှလဲ သာသနာရေးကိစ္စမှာ စိတ်ပါလက်ပါပြုလုပ်တတ်တာကိုး။ ဒါကြောင့်မို့လဲ ယခုခေတ်မှာ ရဟန်းခံပေးပြီးနောက် မိမိတို့ရဟန်းကိစ္စကို လျစ်လျူထားကြတဲ့ ရဟန်းဒါယကာ၊ ဒါယိကာမများ ကို ရဟန်းတခါ၊ အမြဲမပြတ် ပြုစုစောင့်ရှောက်ကြတဲ့ ဒါယကာ၊ ဒါယိကာမများကိုတော့ ရဟန်း

ဒကာလို့ အဲဒီလိုခွဲခြားပြီး ခေါ်ဆိုကြတယ်ထင်ပါရဲ့-(ဒကာကြီး ဦးစိန်)၊ဟုတ်တယ်၊တချို့ကြတော့လဲ၊ ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမ အမည်ခံမျှ ပြုတတ်ကြတာကလား။ ဒါကြောင့်မို့ ဦးပဥ္စင်းတို့ ဒကာ၊ ဒကာမများကိုလဲ သာသနာတော်ရဲ့ ဆွေမျိုးရင်းချာ သာသနာ ပြုရဟန်းဒကာ၊ရဟန်းဒကာမများဖြစ်အောင် စိတ်ထားပြီး ကြိုးစားဆောင်ရွက်ကြဖို့ သတိပေးလိုက်ပါတယ်နော်။

သာသနဿ ဒါယာဒေါတိ သာသနဿ အဗ္ဘန္တရော ဉာတကော-သာသနာတော် အမွေခံဆိုတာ သာသနာတော်ရဲ့အတွင်းသား ဆွေမျိုးရင်းချာပေတည်း ဟုဆိုတဲ့အတိုင်း၊ ဤကဲ့သို့ မိမိရင်၌ဖြစ်သော သားသမီးများကို ရှင်ရဟန်းပြုစေခြင်း၊ သူတပါး၏ ရင်ဘွား သားသမီးများကိုလဲ မိမိရင်ဘွား သားသမီးအလား အတူထားသည့် သဒ္ဒါသူပစာရအားဖြင့် သူတပါးရင်၌ဖြစ်သော သားသမီးတို့ကို ရှင်ရဟန်းပြုစေခြင်းသည် မိမိတို့ကိုယ်တိုင် သာသနာ့ဝန်ကို မရွက်ဆောင်နိုင်သဖြင့် မိမိတို့သားသမီးကို သာသနာ့တာဝန်ကို ရွက်ဆောင်စေရန် မေးလှူခြင်းလဲမည်သတဲ့၊ ဒါ့ကြောင့်မို့ ဝိမတိ၌။

> ယေ သာသနေ ပဗ္ဗဇိတုံ ပုတ္တာဓိတရော ပရိစ္စဇန္တိ၊ တေ ဗုဒ္ဓသာသနေ သလောဟိတ ဉာတကာနာမ ဟောန္တိ။ သကလသာသနဓာရက သမတ္ထာနံ အတ္တနော ဩရသပုတ္တာနံ ပရိစ္စဇတ္တာ န ပစ္စယမတ္တာ ဒါယကာ-ဟူ၍ ပြဆိုထားတယ်။
>
> (ဝိမတိ ဝိနောဒနီ ဋီကာ၊ ပ၊ ၂၉)

ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ ဗုဒ္ဓမြတ်စွာသာသနာတော်၌ ရှင်ရဟန်း ပြုစေခြင်းငှာ သားသမီးတို့ကို စွန့်လှူကုန်သောသူတို့သည် မြတ်စွာဘုရား သာသနာတော်၌ သွေးသားမကင်း ဆွေမျိုးသားချင်းများမည်ကြပေတယ်။ အလုံးစုံသော သာသနာ့ဝန်ကို ဆောင်ရွက်ခြင်းငှာ စွမ်းနိုင်ကုန်သော မိမိရင်ဘွား သားသမီးတို့အား ပေးစွန့်လှူဒါန်းခြင်းကြောင့် ပစ္စည်းလေးဖြာ အာမိသမျှကို ပေးလှူကြသော သူများမဟုတ်ကြဟုဆိုပါတယ်၊ လောကမှာ ပစည်းလေးပါးကိုသာ သာသနာ့အတွက် ရက်ရက်ရောရော လှူဒါန်းချင် လှူဒါန်းနိုင်မည်၊ မိမိရဲ့ သားသမီးများကို သာသနာတော်တွင်းသို့ မဆုတ်မနှစ် ရဲရဲဝံ့ဝံ့စွန့်လှူနိုင်သောသူက ရှားလှပေတယ်၊ မိမိတို့သားသမီးကိုအရာရှိကြီး၊အရာခံကြီး၊ ကုန်သည်ကြီး၊ သဌေးကြီးစသည်ဖြစ်ကြ၍ လောကအလယ်မှာ တင့်တင့်တယ်တယ် နေသည်ကိုသာ တွေ့ကြမြင်လိုတတ်တာကိုး။

အကယ်၍ ပြောဆိုနားမထောင်တဲ့ သားသမီးဆိုရင်တော့လဲ လိမ္မာ ယဉ်ကျေး စေအောင် သာသနာဘောင် ဝင်ရောက်စေချင်တတ်ကြပါရဲ့၊ ယခုခေတ်က ဘိန်းဖြူခေတ်ဆိုတော့ အချို့သော မိဘများက ဘိန်းတို့၊ အရက်တို့စွဲနေသော သားသမီးများကို ရောဂါကျွတ်အောင် ချွေချွတ်တဲ့ အနေနှင့် ဘုန်းကြီးကျောင်းသို့ လာရောက်ပို့တတ်ကြတာတွေ့ရတယ်-(ဒကာကြီး ဦးစိန်ရဲ့)၊ အချို့လဲ ဘုန်းကြီးများရဲ့ မေတ္တာဓာတ်ကြောင့် လိမ္မာယဉ်ကျေးသွားတာလဲ တွေ့ရပါတယ်၊ မိမိတို့သားသမီးများကို သာသနာပြုရေးအတွက် စွန့်လှူနိုင်သူနည်းလှတဲ့ အကြောင်းနှင့် စပ်သဖြင့် ပြောလိုက်ရတာကိုး၊ ဒီလို သားသမီးများကို သာသနာ့ဝန်ထမ်းစေခြင်းသည် မိမိကိုယ်တိုင် သာသနာ့ဝင်ရောက်သည်နှင့်လဲ တူပါတယ်တဲ့၊ ဒီအကြောင်းကို ဝဇီရဗုဒ္ဓိခေါ်တဲ့ ဝိနည်းဋီကာကြီးမှာ-

> ဩရသော ပုတ္တော မာတာပိတူဟိ ပဗ္ဗဇိတောစေ၊ အတ္တတော တေ သယံ ပဗ္ဗဇိတာဝိယ ဟောန္တိ-ဟူ၍ ဖွင့်ပြထားပါတယ်။ (ဝဇီရ ဗုဒ္ဓိ-ဋီ-၂၇)

ဩရသောပုတ္တော၊ မိမိရင်၌၊ စင်စစ်ဖြစ်ပွား သမီးသားကို။ မာတာပိတူဟိ၊ အမိအဘနှစ်ပါး တို့သည်။ ပဗ္ဗဇိတော၊ သာသနာပြုရန်၊ စိတ်အကြံဖြင့် အမှန်ပိုင်းဖြတ်၊ ရှင်ရဟန်း ပြုစေအပ်သည်။ စေဟောတိ၊ အကယ်ဖြစ်ငြားအံ့။ အတ္တတော၊ သဘောအားဖြင့်။ တေ၊ ထိုအမိအဘတို့သည်။ သယံ၊ ကိုယ်တိုင်။ ပဗ္ဗဇိတာဝိယ၊ သာသနာဝန်ထမ်း ရှင်ရဟန်းပြုကုန်သကဲ့သို့။ ဟောန္တိ၊အမှန်စင်စစ်ဖြစ်လေ ကုန်သတည်း။

မိမိ၌ဖြစ်သော သားသမီးကို(သဒိသူပစာရအားဖြင့် သူတပါးရင် ဖြစ်သော သားသမီးကို) အမိအဘတို့က သာသနာဝန်ထမ်း ရှင်ရဟန်းပြုစေအပ်သူဖြစ်ဘိမူ သဘောအားဖြင့် ထိုအမိအဘတို့ သည် မိမိတို့ကိုယ်တိုင် သာသနာဝန်ထမ်း ရှင်ရဟန်းပြုကြသကဲ့သို့ ဖြစ်ကြပေသည်ဟု-ဆိုလိုတယ်နော်၊ မိမိရင်ဘွား သမီးသားတို့ကိုသာ သာသနာဝန်ထမ်းရှင်ရဟန်းပြုစေခြင်းဟာလဲ မိမိတို့ကိုယ်တိုင်ရဟန်း ပြုသည်နှင့် ဘာမျှမထူးခြားပါဘူးတဲ့၊ ဒါကြောင့်မို့ ပညာရှိပုဂ္ဂိုလ်များသည် ဗုဒ္ဓမြတ်စွာ သာသနာ တော်ကြီး တိုးတက်ထွန်းစေခြင်းငှာရင်း၊ မိမိတို့၏ ပစ္စုပ္ပန် သံသရာအကျိုးစီးပွားအလို့ငှာ၊ မိမိတို့ ကိုယ်တိုင်လဲ ရဟန်းပြုကြတယ်၊ ထိုမှတပါး မိမိတို့ရင်ဘွား သားသမီးတို့ကိုလဲ ရှင်ရဟန်းပြုစေကြပါ တယ်တဲ့၊ ကဲကဲ....သာဓုသံမြိုင်မြိုင်ခေါ်ရအောင် လက်အုပ်ကိုယ်စီချီထားကြ၊ အနုဂီတိ ဂါထာတပုဒ် ရွတ်လိုက်ပါဦးမည်။

သာသနဿဌိ တတ္ထာယ၊ ဟိတတ္ထာယစ ပဏ္ဍိတာ၊
ပဗ္ဗဇန္တိ သယံဝါပိ၊ အထ ပုတ္တေစ အတ္တနော။

ဘောန္တော။ ဗုဒ္ဓမြတ်စွာ၊ သာသနာအကျိုး ပွားဆင့်တိုးဘို့၊ မြှော်ကိုးလိုလား ၊ အို....အမျိုး သားသမီးတို့။ ပဏ္ဍိတာ၊ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာ အကျိုးပွားတိုးပွားစေကြောင်း၊ ကြောင်းကျိုး မြင်သိ၊ ပညာရှိပုဂ္ဂိုလ်တို့သည်။ သာသနဿ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏။ ဌိတတ္ထာယစ၊ နှစ်ငါးထောင်ထက်၊ ဆဆတက်၍၊ ဆက်လက်တာရှည်၊တည်ပါစေခြင်းအကျိုးငှာရင်း၊ဟိတတ္ထာယစ၊ ပစ္စုပ်သံသာ၊ နှစ်ဖြာစီးအပွား အကျိုးများစေခြင်းငှာရင်း။ သယံဝါပိ၊ မိမိတို့ကိုယ်တိုင်လည်း။ ပဗ္ဗဇန္တိ၊ ဖန်ဝါဆင်မြန်း၊ ရှင်ရဟန်းပြုကြလေကုန်၏။ အထ၊ ထိုမှတပါး၊ အတ္တနော၊မိမိ၏။ပုတ္တေစ၊ ရင်နှစ်သည်းချာ၊ သမီးသားတို့ကိုလည်း၊ ပဗ္ဗာဇေန္တိ၊ ရှစ်ပါးပရိက္ခာစုံလင်စွာဖြင့်၊ သာသနာဝန်ထမ်း၊ ရှင်ရဟန်းပြုကြစေကုန်လေသတည်း။

ယခုလို ပါဠိအဋ္ဌကထာ ဋီကာလာအကြောင်းရပ်တို့ကို ထောက်ဆကြည့်ပါလျှင် သာသနာ တော်နှင့် ဆွေမျိုးရင်းချာတော်စပ်ခြင်း၊ သာသနာပြုပုဂ္ဂိုလ်ဖြစ်ခြင်း၊ သာသနာ့အမွေခံ ပုဂ္ဂိုလ် ဖြစ်ခြင်းအကြောင်းကို ကောင်းကောင်းကြီးသိနိုင်လောက်ကြပါပြီနော်၊ မှတ်မိလွယ်အောင် ဒီလင်္ကာ ကလေးများကိုတော့ လိုက်ဆိုထားကြဦး။

**ဆောင်ပုဒ်။**

၁။ မြေအပြင်မှ၊ ဗြဟ္မာ့ပြည်ကျအောင်၊ များးလှုပစ္စည်း၊ အသီးသီးကို၊ စုပုံပြီးကာ၊ ပေးလှူပါလည်း၊ သာသနာအမွေခံ၊ မသွေမှန်၊ ကေန်မဖြစ်ထိုက်။

၂။ မိမိရင်ဖွား၊ သမီးသားနှင့်၊ သူတပါးရင်ဖြစ် သားသမီးချစ်ကို၊ရှစ်ပါးပရိက္ခာရာ၊ စုံလင်စွာဖြင့်၊ သာသနာဘောင်တွင်း၊ ချီးမြှောက်သွင်းမှ၊ ရှင်မင်းမြတ်စွာ၊ သာသနာပြု၊အမွေခံဟု၊ ခေါ်မှုထိုက်ပေသည်။

ယင်းကဲ့သို့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ် ရှင်းလင်းဟောကြားသဖြင့် သာသနာ့ အမွေခံဖြစ်ခြင်း, မဖြစ်ခြင်း အကြောင်းစုံကို ကြားသိရသော သီရိဓမ္မာသောက မင်းတြားကြီးသည် "ငါသည် ဤသို့သောအလှူကြီးများကို ပေးစွန့်လှူပါသော်လဲ သာသနာ့အမွေခံ၊ သာသနာတော်နှင့် သွေးသားအရင်း, ဆွေမျိုးသားချင်း တော်စပ်ခြင်းသို့ မရောက်သေးဘူးတဲ့၊" ဤသို့ကြံစည်စဉ်းစားပြီး သာသနာ့အမွေခံအဖြစ်ကို လိုလားတောင်းတလျှင်၊ ထိုဤလှည့်ပတ်ကြည့်ရှုလတ်သော် မိမိ၏အနီး၌ ရပ်တည်နေသော သားတော် မဟိန္ဒမင်းသားနှင့် သမီးတော်သံဃမိတ္တာ မင်းသမီးကိုတွေ့မြင်သဖြင့်– "ငါသည် သားတော်ဖြစ်သော ဤမဟိန္ဒမင်းသားကို ငါ၏ညီတော် အိမ်ရှေ့မင်း တိဿမင်းသား ရဟန်းပြုသွားသောအခါမှစ၍ အိမ်ရှေ့မင်းအရာထားလိုပေ၏။ သို့ပါသော်လည်း အိမ်ရှေ့မင်းအရာ ထက် ရှင်ရဟန်းအဖြစ်ကသာလျှင် သာလွန်မြင့်မြတ်ပေသည်" ဟု ကြံစည်တော်မူပြီး သားတော် မဟိန္ဒမင်းသားကို "သက္ခသိ တွံ တာတ ပဗ္ဗဇိတုံ၊ ချစ်သား သင်သည် ရဟန်းပြုခြင်းငှာ စွမ်းနိုင်ပါ သလော၊ ရဟန်းပြုနိုင်ပါလော" ဟု မေးမြန်းတော်မူလိုက်သတဲ့။

မဟိန္ဒမင်းသားလည်း ရှေးယခင်အခါ ဘထွေးတော် အိမ်ရှေ့မင်း တိဿမင်းသား ရဟန်းပြု သွားသော အခါမှစ၍ ရဟန်းပြုလိုနေပေရာ၊ ဘခမည်းတော် မင်းကြီး၏ စကားကိုကြားရလျှင် အလွန်ရွှင်လန်း ဝမ်းမြောက်စွာဖြင့်– "ဘခမည်းတော်ဘုရား၊ သားတော် ရဟန်းပြုနိုင်ပါသည်။ သားတော်ကို ရဟန်းပြုစေ၍ ဘခမည်းတော်တို့သည် သာသနာ့အမွေခံ, သာသနာတော်၏ ဆွေမျိုး ရင်းချာများ ဖြစ်တော်မူကြပါကုန်" ဟု ပြောဆိုလျှောက်ထားလေသတဲ့။

ထို့နောက် သမီးတော် သံဃမိတ္တာမင်းသမီးကို "ချစ်သမီး၊ သင်လဲရဟန်းပြုနိုင်ပါမည်လော" ဟု မေးမြန်းရာ၊ ရဟန်းပြုနိုင်ပါကြောင်း လျှောက်ထားပြန်သဖြင့် အသောက မင်းတြားကြီးဟာ သားတော် သမီးတော်များရဲ့ အလိုဆန္ဒကိုရသဖြင့် ရွှင်လန်း ဝမ်းမြောက်စွာ ရဟန်းသံဃာတော် များကို "ဘန္တေ၊ အရှင်ဘုရားတို့။ ဣမေ ဒါရကေ၊ ဤသူငယ်တို့ကို။ ပဗ္ဗာဇေတွာ၊ ရှင်ရဟန်းပြု ပေး၍။ မံ၊ ဘုရားတပည့်တော်ကို။ သာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ ဒါယာဒံ၊ သွေး သားရင်းမှန် အခမွေခံကို။ ကရောထ၊ ပြုတော်မူကြပါကုန်လော" ဟု လျှောက်ထားလေသတဲ့။

မင်းကြီး၏ လျှောက်ထား တောင်းပန်စကားကို လက်ခံ၍ မဟိန္ဒမင်းသားကို အရှင်မဟာ မောဂ္ဂလိပုတ္တတိဿထေရ်က ဥပဇ္ဈာယ်ပြု၍၊ မဟာဒေဝထေရ်က သရဏဂုံပေးဆရာပြုကာ ရှင်ပြုပေး တော်မူပါတယ်၊ မဇ္ဈန္တိကထေရ်က ကမ္မဝါစာဆရာပြု၍ ရဟန်းခံပေးတော်မူပါတယ်၊ "တောက် မည့် မီးခဲ, တရဲရဲ" ဆိုတာလိုပေါ့၊ ရှင်မဟိန္ဒ ရဟန်းသစ်မှာလဲ ရဟန်းခံရာ ထိုသိမ်အတွင်း သိမ်အပြင် မှာပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်သွားတော်မူပါတယ်တဲ့။ သံဃမိတ္တာမင်းသမီး၏ ဆရာကတော့ အာယုပါလိထေရီမည်သတဲ့၊ ဥပဇ္ဈာယ်ဆရာကတော့ ဓမ္မပါလိ ထေရီမည်သတဲ့၊ မဟိန္ဒမင်းသားကိုတော့ ထိုစဉ်အခါမှာ အသက် ၂၀ ပြည့်ပြီဖြစ်သဖြင့် ရဟန်းခံ ပေးတော်မူကြပါတယ်။ နှမတော် သံဃမိတ္တာ မင်းသမီးကိုတော့ ရဟန်းမခံလောင်း သိက္ခမာန် ကျင့်စဉ် သိက္ခာ ၆-ပါးကို ကျင့်ကြံစေကြပါသတဲ့။

ထိုအခါမှစ၍ သီရိဓမ္မာသောက မင်းတြားကြီးကစပြီး တိုင်းသူ ပြည်သားအားလုံးပါ ဗုဒ္ဓ မြတ်စွာသာသနာတော်၌ သက်ဝင်ယုံကြည်ကြကုန်ဖြင့် သာသနာတော်၌ ပစ္စည်းလေးပါး လာဘ်,

လာဘပေါများသဖြင့် သာသနာပအယူရှိသူ တိတ္ထိများက သာသနာတော်ထမ်း ရှင်ရဟန်းယောင်ဆောင်၍ ကျင့်ကြံနေကြသဖြင့် မြတ်စွာဘုရားသာသနာတော်၌ မသန့်ရှင်းသော ရဟန်းတု ရဟန်းယောင်များဖြင့် ရောပြွန်းနေခြင်း၊ အယူဝါဒအထူးထူးတို့ဖြင့် ရောပြွန်းနေခြင်းကြောင့် သာသနာပြုအသောက မင်းတြားကြီးသည် အရှင်မဟာ မောဂ္ဂလိပုတ္တ တိဿမထေရ်၏ အဆုံးအမ ဩဝါဒကိုနာယူ၍ သာသနာတော် သန့်ရှင်းရေးကို ကြိုးပမ်းဆောင်ရွက် ရှင်းလင်းတော်မူပါတယ်။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာတထောင် (၁၀၀၀) တို့သည် မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် သာသနာသက္ကရာဇ် ၂၃၅ (ကမ္ဘာ့သက္ကရာဇ်—ဘီစီ ၃၀၉) ခုနှစ်အရောက်တွင် ပါဋလိပုတ်ပြည် အာသောကာရုံကျောင်းကြီး၌ သီရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ တပို့တွဲလပြည့်နေ့ကစတင်၍ သီတင်းကျွတ်လပြည့်နေ့အထိ ၉-လတိုင်တိုင် တဘိယသင်္ဂါယနာတင်တော်မူကြပါတယ်၊ ထိုတတိယ သင်္ဂါယနာတွင် သံဃနာယက အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးက မိစ္ဆာဝါဒနှိမ်နင်းရေးအတွက် သုတ်ပေါင်း တထောင်(၁၀၀၀)ရှိသော ကထာဝတ္ထုကျမ်းကြီးကို ဟောကြားတော်မူခဲ့ပါတယ်၊ ယခုအခါတိုင် ထိုတတိယသင်္ဂါယနာတင်ပွဲမှ အမြတ်ရသော ယင်းကထာဝတ္ထုကျမ်းကြီးကို အဘိဓမ္မာခုနစ်ကျမ်းတွင် ထည့်သွင်းပြီး ပို့ချသင်ကြားလျက်ရှိကြပါတယ်၊ တတိယသင်္ဂါယနာတင်ပွဲကြီး ပြီးသောအခါ သာသနာတော် ကာလကြာရှည်တည်တန့်စေရန် ကမ္ဘာအရပ်ရပ်သို့ သာသနာတော် ပြန့်နှံ့စေရန် အရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးသည် သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းတြားကြီးနှင့် တိုင်ပင်၍ သာသနာတော် ၂၃၆ ခု၊ တန်ဆောင်မုန်းလပြည့်နေ့မှာ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူကြပါတယ်။

ယင်းသာသနာပြုစေလွှတ်ရာ ကိုးတိုင်းကိုးဌာနနှင့် သာသနာပြု အရှင်မြတ်များကတော့—

၁။ မဇ္ဈန္တိကမထေရ်ကို ကသ္မီရဂန္ဓာရတိုင်းသို့ သာသနာပြု စေလွှတ်တော်မူပါတယ်။ကသ္မီရဂန္ဓာရတိုင်းဆိုတာက ဟိမဝန္တာ၏ အနောက်မြောက်ဘက် အရပ်ဒေသကို ခေါ်ဆိုသတဲ့၊ တရုပ်ပြည်လို့လဲ ဆိုကြပါတယ်။

၂။ မဟာဒေဝမထေရ်ကို မဟိံသကတိုင်းသို့ စေလွှတ်ပါတယ်၊ အဲဒီမဟိံသက မဏ္ဍလတိုင်းဆိုတာက အိန္ဒိယတောင်ပိုင်း မိုက်စိုးခေါ်တဲ့ အရပ်ဒေသကို ခေါ်သတဲ့။

၃။ ရက္ခိတမထေရ်ကို ဝနဝါသီတိုင်းသို့ စေလွှတ်တော်မူတယ်၊ တောင်ပိုင်းအိန္ဒိယ ဟိုက်ဒရဗတ်နယ် အရှေ့ဘက်ပိုင်းကို ဝနဝါသီတိုင်းလို့ ရှေးကခေါ်တယ်။

၄။ ယောနက ဓမ္မရက္ခိတထေရ်ကို အပရန္တတိုင်းခေါ် မလဂါနယ် အနောက်တောင်ဘက်အရပ်သို့ စေလွှတ်တော်မူတယ်။

၅။ မဟာဓမ္မရက္ခိတထေရ်ကို မဟာရဋ္ဌတိုင်းခေါ် ဘုံဘေနယ်နှင့်တကွ ပူနာမြို့ စသောအရပ်ဒေသသို့ စေလွှတ်တော်မူပါတယ်။

၆။ မဟာရက္ခိတထေရ်ကို ယောနကတိုင်းသို့ စေလွှတ်တော်မူပါတယ်၊ ယောနကတိုင်းဆိုတာက ပါရှား၊ တူရကီ၊ ဂရိ၊ အီတလီ စသော နိုင်ငံတို့၏တည်ရာ ယောနက

လောကခေါ်သော အနောက်ဘက် တိုင်းပြည်နိုင်ငံများကို ခေါ်သတဲ့၊ နိသျှသစ် ဆရာတော်ကတော့ ယောနကတိုင်းပြည်ဆိုတာ ယိုးဒယားပြည်–ဟု မိန့်ဆိုတော်မူ ပါတယ်။

၄။ မဇ္ဈိမထေရ်ကိုတော့ ဟိမဝန္တာအရပ်သို့ စေလွှတ်တော်မူပါတယ်။ စိနရဋ္ဌစိန့်တိုင်းလို့လဲ ပြောကြတယ်၊ ဟိမဝန္တာအရပ်ဆိုတာ ယခုခေတ် နီပေါလ်ပြည်နှင့် အနီးဝန်းကျင် နယ်ပယ်များကို ဆိုလိုဟန်ရှိပါတယ်။

၈။ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ် ၂-ပါးကိုတော့ သုဝဏ္ဏဘုမ္မိတိုင်းသို့ စေလွှတ်တော် မူပါတယ်။ သုဝဏ္ဏဘုမ္မိတိုင်းဆိုတာကတော့ စိန့်တိုင်းခေါ် ဂရုပ်ပြည်ကြီး၏ တောင်ဘက် ရှမ်း မြန်မာ ယိုးဒယား ယွန်း စသော လူမျိုးတို့နေရာ အရှေ့တောင် ကျွန်းဆွယ်ကြီးကို ခေါ်ပါတယ်ဘဲ့၊ ယခုအခါ ဗုဒ္ဓမြတ်စွာသာသနာတော် ပြန့်ပွား ထွန်းကားရာ မြန်မာ, ယိုးဒယား, ကမ္ဘောဒီးယား, လာအို, ဗီယက်နမ်နိုင်ငံများဟာ သုဝဏ္ဏဘုမ္မိတိုင်းကြီးထဲ ပါဝင်နေကြလိမ့်မည်ထင်တယ်၊ (ဒကာကြီး ဦးစိန်ရဲ့)။ နောက် ပြီးတော့-

၉။ သီရိဓမ္မာသောကမင်းကြီးရဲ့သားတော် အရှင်မဟိန္ဒအမှူးပြုတဲ့ အရှင်ဣဋ္ဋိယ,အရှင်ဥတ္တိယ, အရှင်သမ္ဗလ, အရှင်ဘဒ္ဒသာလ မထေရ် ၅-ပါးတို့ကိုတော့ ယခုအခါ သီရိလင်္ကာနိုင်ငံ ခေါ်တဲ့ သီဟိုဠ်ကျွန်းသို့ သာသနာပြု စေလွှတ်တော်မူပါတယ်။ သာသနာပြု အရှင် မြတ်များလဲ မိမိတို့တာဝန်ကျရာ တိုင်းပြည်အသီးသီးသို့ ကြွရောက်ကြပြီး ဗုဒ္ဓမြတ်စွာ သာသနာတော် နေရောင်, လရောင် မကပြောင်အောင် ကြိုးစား ရွက်ဆောင်ကာ သာသနာပြုတော်မူကြပါတယ်။ သို့မို့ကြောင့်လဲ မြတ်စွာဘုရား သာသနာတော်ကြီး ယနေ့အချိန်အခါအထိ ကမ္ဘာအရပ်ရပ်မှာ ပြန့်နှံ့ထွန်းကားပြီး နေပါတယ်။

သာသနာအမွေကို ခံယူလိုလှသော သာသနာနှင့် သွေးသားမကင်း ဆွေမျိုးသားချင်း တော်စပ်လိုလှသော သာဘနာပြုလိုလှသော သီရိဓမ္မာသောကခေါ်တဲ့ အသောကမင်းတြားကြီးသည် မိမိ၏ အိမ်ရှေ့မင်းလောင်းလျာ သားတော်မဟိန္ဒကို သာသနာဘောင်တွင်းသွတ်သွင်းကာ ရှင်ရဟန်း ပြုပေးလိုက်ခြင်းဖြင့် အနာဂတ်သာသနာ့ရောင်ဟာ အထူးပင် တောက်ပြောင်လာတယ်နော်။ သီဟိုဠ် ကျွန်းသို့ အရှင်မဟိန္ဒအမှူးပြုသော ဗုဒ္ဓသာသနာ ရဟန်းတော်များ သာသနာပြုပေးခဲ့ခြင်းကြောင့် သီဟိုဠ်ဗုဒ္ဓသာသနာဟာ ကမ္ဘာအရပ်ရပ် ဗုဒ္ဓဘာသာရေး လောကကြီးကိုပင် တချိန်က ဦးဆောင်ပြီး နေတယ်၊ ပရိယတ္တိသာသနာနယ်မှာဆိုလျှင် ယခုအထိ ရှေးအခါက သီဟိုဠ်သာသနာပြုရဟန်းတော် များရဲ့ ကျေးဇူးကို ခံယူနေကြရတယ်၊ သို့အတွက်ကြောင့် သီရိဓမ္မာသောကမင်းကြီးဟာ သာသနာ ပြုလိုသော စိတ်ဓာတ်ဖြင့် မိမိသားတော် မဟိန္ဒမင်းသားကို သာသနာတော်တွင်းသို့ သွတ်သွင်းကာ ရဟန်းပြုပေးလိုက်ခြင်းလဲ သာသနာတော်အတွက် အကျိုးသဖြင့် အကျိုးရှိအောင် ဆောင်ရွက်လိုက် ခြင်းပင်ဖြစ်ပေတယ်၊ မိမိရဲ့သားတော်မဟိန္ဒမင်းသားအား အိမ်ရှေ့မင်းရာထူးပေး၍ နောက်အခါ ရာဇ ဘိသိက်သွန်းဖြန်း ထီးနန်းကိုပါပေးအပ်ပြီး လောကီနယ်တွင် အထွဋ်အထိပ်ရောက်အောင် ချီးမြှောက် နိုင်သော်လဲ ထိုလောကီစည်းစိမ်ချမ်းသာထက် အဆ,ရာထောင်မကသာသော တရားဓမ္မဖြင့် အမွှန်

မြတ်ဆုံး ချီးမြှောက်တော်မူလိုက်ခြင်းသာ ဖြစ်တယ်နော်၊ လောကီစည်းစိမ်ဥစ္စာဖြင့် ချီးမြှောက်ခြင်းထက် လောကုတ္တရာတရားဓမ္မဖြင့် ချီးမြှောက်တော်မူခြင်းကသာ အထူးသဖြင့် အမြတ်ဆုံးဖြစ်ကြောင်းကို သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားက –

> ဒွေမေ ဘိက္ခဝေ အနုဂ္ဂဟာ၊ ကတမေ ဒွေ အာမိသာနုဂ္ဂဟော စ, ဓမ္မာနုဂ္ဂဟော စ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ အနုဂ္ဂဟာ၊ ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ အနုဂ္ဂဟာနံ၊ ယဒိဒံ ဓမ္မာ နုဂ္ဂဟော။ (အင်္ဂုတ္တရ၊ ပ၊ ၉၁)

ဟူ၍ ဟောကြားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ သံသရာဘေး, လာမည့်ရေးကို, မျှော်တွေးကြောက်ငြား, အို– အမျိုးကောင်းသား/သမီးတို့၊ အနုဂ္ဂဟာ၊ ပေးကမ်းချီးမြှောက်, ထောက်ပံ့ခြင်းတို့သည်။ ဣမေဒွေ၊ သရုပ်ပိုင်းခြား, ဤနှစ်ပါးတို့ပေတည်း။ ကတမေဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူကား။ အာမိသာနုဂ္ဂဟော စ၊ ရွှေ, ငွေ, ကျောက်သံ, တဖန်လယ်ယာ, အဖြာဖြာ အသီးသီး ပစ္စည်းများဖြင့် မ, စဝေခြမ်း၊ ပေးကမ်းချီးမြှောက် ထောက်ပံ့ခြင်းသည်၎င်း၊ ဓမ္မာနုဂ္ဂဟော စ၊ သီလ, သမာဓိ, ပညာဟူသော တရားဓမ္မဖြင့် မ, စ ချီးမြှောက်ထောက်ပံ့ခြင်းသည်၎င်း၊ ဣမေဒွေ၊ ဤနှစ်ပါးတို့ပင်တည်း။ ဘိက္ခဝေ၊ တို့။ ခေါ၊ စင်စစ်။ အနုဂ္ဂဟာ၊ ပေးကမ်းချီးမြှောက်, ထောက်ပံ့ခြင်းတို့သည်။ ဣမေဒွေ၊ အာမိသနှင့် ဓမ္မအားဖြင့် ဤနှစ်ပါးတို့ပင်တည်း။

ဘိက္ခဝေ၊ ကိလေသာရန်ငြိုး, ဖျက်ချိုးလိုငြား, အို– အမျိုးကောင်း သား/သမီးတို့။ ဒွိန္နံ၊ သရုပ်ပိုင်းခြား, နှစ်ပါးကုန်သော။ ဣမေသံ အနုဂ္ဂဟာနံ၊ ဤပေးကမ်း ချီးမြှောက် ထောက်ပံ့ခြင်း နှစ်ပါးတို့ဘွင်။ ယဒိဒံ ယော အယံ ဓမ္မာ နုဂ္ဂဟော၊ အကြင် လောကုတ္တရာတရားနှင့် လျော်သော အကျင့်ပဋိပတ်ဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းသည်။ (ဝါ) သီလ, သမာဓိ, ပညာမည်ငြား, တရားဓမ္မဖြင့် မ, စချီးမြှောက်, ထောက်ပံ့ခြင်းသည်။ အတ္ထိ၊ အမှန်ပကတိ ရှိပေ၏။ တော သော ဓမ္မာ နုဂ္ဂဟော၊ ထိုတရားဓမ္မဖြင့် မ, စချီးမြှောက်ထောက်ပံ့ခြင်းသည်။ အဂ္ဂံ အဂ္ဂေါ၊ လောကီတန္တိ, ပမာပြုကာ, မပြသာအောင် အသာဆုံးအမြတ်ဆုံးဖြစ်လေတော့သတည်း။

လောကမှာ ပေးကမ်း ချီးမြှောက် ထောက်ပံ့ခြင်းဆိုတာ –

၁။ အာမိသာနုဂ္ဂဟာ၊ နေအိမ် တိုက်တာ, လယ်ယာကိုင်းကျွန်း, ရွှေငွေ ကျောက်သံ ပတ္တမြားစသော လောကီစည်းစိမ်ဥစ္စာ အဖြာဖြာဖြင့် ချီးမြှင့်ထောက်ပံ့ခြင်း။

၂။ ဓမ္မာနုဂ္ဂဟာ၊ သီလ မရှိသေးသောသူကို သီလရှိလာအောင်၊ သမာဓိ မရှိသေးသောသူကို သမာဓိ တရားရှိလာအောင်၊ ပညာမရှိသေးသောသူကို ပညာရှိလာအောင် ချီးမြှင့်ထောက်ပံ့ခြင်း, လောကုတ္တရာတရားအား လျော်သော အကျင့်ပဋိပတ်ကို ကျင့်ကြံလာအောင် နည်းပေး ညွှန်ပြ ချီးမြှောက်ထောက်ပံ့ခြင်း–

ဟူ၍ နှစ်မျိုးနှစ်စားရှိပါတယ်၊ ထိုနှစ်မျိုးနှစ်စားသော ချီးမြှောက်ထောက်ပံ့ခြင်း အနုဂ္ဂဟာနှစ်ပါးတို့တွင် ဓမ္မာနုဂ္ဂဟာဆိုတဲ့ တရားဓမ္မဖြင့် ချီးမြှောက်ခြင်းသာလျှင် အမြင့်မြတ်ဆုံးဖြစ်တယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။

ယခုလို ရဟန်းခံခြင်း, ရှင်ပြုခြင်းကို ဓမ္မာနုဂ္ဂဟ တရားဓမ္မဖြင့် ချီးမြှောက်ခြင်းလို့ ဆိုရသတဲ့ (ဒကာကြီး ဦးစိန်ရွှေ)။ ယခုအခါ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိနေကြသော ကိုရင်ကလေးများဟာ သာမဏေအဖြစ် မရောက်မီ ရှေးအခါကဆိုလျှင် လူ့ဘဝမှာ အလွန်ဆုံး ငါးပါးသီလမျှသာ ရှိမယ်။ ယခုသာမဏေဖြစ်လာတော့ ဆယ်ပါးသီလနှင့်ပြည့်စုံလာတယ်၊ သာမဏေကျင့်ဝတ်ဖြစ်တဲ့ လိင်, ဒဏ်, သေခိယ အကျင့်တွေနှင့်လဲ ပြည့်စုံလာတယ်၊ ဒါဟာ ယခင်မရှိသေးတဲ့ သီလများ ရှိလာအောင် ပြုပေးခြင်းဖြစ်တယ်၊ သီလရှိတော့ သမာဓိတရားဆိုတာလဲ ဆင့်ပွားဖြစ်လာမယ်၊ သမာဓိရှိလျှင် ပညာလဲပြည့်လာမည်ဖြစ်တယ်။ ယင်းကဲ့သို့ မရှိသေးသော သီလ, သမာဓိ, ပညာများရှိလာအောင် ဆောင်ရွက်ပေးခြင်းကို တရားဓမ္မဖြင့် ချီးမြှောက်ခြင်း ဓမ္မာနုဂ္ဂဟလို့ ခေါ်တယ်နော်။ ရဟန်းခံပေးခြင်း, ရဟန်းပြုစေခြင်းမှာလဲ ထိုနည်းတူစွာ ရဟန်းဘဝသို့ မရောက်မီက ထိုပုဂ္ဂိုလ်သန္တာန်၌ မရှိသေးသော သီလ, သမာဓိ, ပညာများဟာ ရဟန်းဘဝသို့ ရောက်တော့ ထိုရဟန်းကျင့်ဝတ် သီလများနှင့် ပြည့်စုံလာပြီး သမာဓိ ပညာတရားများပါ ထပ်ဆင့်တိုးပွားပြည့်စုံလာသဖြင့် ဓမ္မာနုဂ္ဂဟ တရားဓမ္မဖြင့် ချီးမြှောက် ထောက်ပံ့လိုက်ခြင်းပင် ဖြစ်ပါတယ်၊ ဒါကြောင့်မို့ ယခု ရှင်ဒကာ, ဒကာမများ, ရဟန်းဒကာ, ဒကာမများလဲ ငါတို့သည် အမြတ်ဆုံးဖြစ်တဲ့ ဓမ္မာနုဂ္ဂဟဖြင့် ကောင်းစွာ ပံ့ထောက်ချီးမြှောက်ရပေပြီ။ သာသနာတော်မြတ်ကြီး၏ အမွေကိုကောင်းစွာ မိမိရရှိပြီး ဗုဒ္ဓမြတ်စွာသာသနာတော်နှင့် သွေးသားမကင်း ဆွေမျိုးသားချင်း တော်စပ်ပေပြီ။ သာသနာပြုမှုကိစ္စကြီးကို ကောင်းစွာ ဆောင်ရွက်ရပေပြီလို့ ယခုမိမိတို့ ပြုလုပ်ခဲ့တဲ့ ဓမ္မာနုဂ္ဂဟ ကုသိုလ်ကြီးကို အထပ်ထပ်ဆင်ခြင်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်ရာသတည်း။

သာသနဿ ဋ္ဌိတတ္ထာယ၊ ဟိတတ္ထာယစ ပဏ္ဍိတာ။
ပဗ္ဗဇန္တိ သယံဝါပိ၊ အထ ပုတ္တေစ အတ္တနော။

(ရှေးနည်းအတိုင်း အနက်ပေးပါ)

(အဘိဓမ္မာတပ်၍ တရားကိုနိဂုံးသတ်တော်မူပါရန်)

# ကောင်းကျိုးအဆင့်ဆင့် မြင့်မြတ်ဂုဏ်သိန် ကထိန်တရားတော်

ကထိနံသဗ္ဗဒါနာနံ၊ ဥက္ကဋ္ဌံ ဗုဒ္ဓဝဏ္ဏိတံ။
ဗဟူ အတ္တေစ ပဿန္တာ၊ ပဏ္ဍိတာ အဘိရန္တိ တံ။

ဘောန္တော၊ ကောင်းတာကို ရည်မှန်းလျက် ဆန်းတာကို ပြုလုပ်ကြ၍ ကောင်းမှုထုပ်ကုသိုလ်ကို မြဲမြံစွာ ထုပ်လိုကြကုန်သော အို ဒါယကာ၊ ဒါယိကာမ အပေါင်းတို့။ ယံကထိနံ၊ တနှစ်မှ တခါ အလှူခွင့်သာသဖြင့်၊ဂုဏ်ဝါမြင့်ကျူ အကြင်ကထိန်အလှူသည်။သဗ္ဗဒါနာနံ၊နေ့စဉ်ရက်ဆက်၊ မပျက်ပြုကြ၊ အလှူဒါန ဟူသမျှတို့ထက်။ ဥက္ကဋ္ဌံ၊ တနှစ်တွင်မှ၊ တကြိမ်သာရသဖြင့်၊ မြင့်မြတ်လှပေ၏၊ (ဝါ)သမဂ္ဂသံသာ ထေရ်မဟာတို့၊ ကမ္မဝါဥတ် ရွတ်ဖတ်ပြီးမှ ပေးကြရသဖြင့် အလွန်ပင် မြင့်မြတ်လှပေ။ ဗုဒ္ဓဝဏ္ဏိတံ၊ သုံးလောကထွဋ်တင်၊ ဘုရားရှင်တို့၊ အစဉ်နှုတ်က၊ မြွက်ဟဖော်၍၊ ရှင်ပြအားရ၊ ချီးမွမ်းတော်မူအပ်ပါပေ၏။ ဗဟူ အတ္တေစ၊ လှူသူရော၊အလှူခံပုဂ္ဂိုလ်ပါ၊ များစွာ ထူးခြား၊ အကျိုးထူးတရားတို့ကိုလည်း။ ပဿန္တာ၊ သမ္မဇဉ်သတိ၊ ဉာဏ်အမြင်ရှုသဖြင့်၊ မြင်သိကြကုန်သော။ ပဏ္ဍိတာ၊ အကြောင်းအကျိုး၊ ကောင်းအဆိုးကို၊ မျှော်ကိုးမြင်သိ၊ ပညာရှိ သူတော်ကောင်းတို့သည်။ တံကထိနံ ထို ကထိန်အလှူ ကို။ (ဂါ)တနှစ်မှ တခါကြုံသဖြင့်၊ ဂုဏ်သိန်မြင့်မူ၊ ထို ကထိန်အလှူကို။ အဘိရန္တိ၊ ကောင်းမှုပြုက၊ ကောင်းကျိုးရဟု၊ စိတ်ချယုံကြည်၊ နိဗ္ဗာန်ရည်ကာ၊ စေတနာသန့်ရှင်း၊ အသိဉာဏ်သွင်းပြီး၊ ခင်းလှူကြလေကုန်သတည်း။

ယခုအခါ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ၊ ဒါယိကာမများ ရှင်လန်းဝမ်းမြောက်စွာ ကျင်းပလှူဒါန်း ပူဇော်ကြတဲ့ အလှူပွဲ မင်္ဂလာကတော့ - တနှစ်တွင်မှ တလ၊ တလတွင်မှ တကြိမ်သာ လှူခွင့် တန်းခွင့်ရသော ကထိန်ပွဲ အလှူတော် ဖြစ်သဖြင့် ကထိန်အလှူနှင့်စပ်သော ကထိန်အနုမောဒနာ တရားတော်ကို ဟောကြားရမည် ဖြစ်တယ်၊ ပထမ ရွတ်ဆိုလိုက်တဲ့ ဂါထာရဲ့ ဆိုလိုရင်းကတော့ ကထိန်အလှူဒါနသည် အလှူဒါန ဟူသမျှတို့တွင် အထူးသဖြင့် အမြတ်ဆုံး ဖြစ်သတဲ့၊ အဘယ့်ကြောင့် အမြတ်ဆုံးဖြစ်ရပါသလဲဆိုတော့-ဒီ ကထိန်အလှူဒါနဟာ ထို အလှူဒါန အမျိုးမျိုးတို့နှင့် မတူဘဲအချက်တွေ ရှိတယ်-နော်၊ သင်္ကန်းကပ်၊ ဆွမ်းကပ်၊ ရှင်ပြု၊ ရဟန်းခံ အစရှိတဲ့ ကောင်းမှုကုသိုလ်အမျိုးမျိုး၊ အလှူဒါနအမျိုးမျိုးကတော့ အချိန်ကာလ ကန့်သတ်ချက် မရှိပါဘူး၊ မိမိတို့ တတ်နိုင်သည့်အခါ မိမိတို့ ပြုလုပ်လိုသည့်အခါ ပြုလုပ်နိုင်သော အခွင့် ရှိပါတယ်၊ အချိန်မရွေး လှူနိုင်၊ တန်းနိုင်ပါတယ်၊ သို့သော်လဲ ဒီ ကထိန်အလှူဒါနကိုတော့ ထိုထို အလှူများကဲ့သို့ သဗ္ဗကာလံ အချိန်မရွေး လှူဒါန်းချင်တိုင်း လှူဒါန်းခွင့် မရှိပါဘူး၊ မြတ်စွာဘုရား ခွင့်ပြုတော်မူသားတဲ့ ခေတ်ကာလ အချိန်အခါအတွင်းမှာသာ ပြုလုပ်ခွင့်၊ လှူဒါန်းခွင့်ကို ရရှိနိုင်ပါတယ်။

ကထိန်ခေတ်ကာလမှာ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တလတိတိ ဖြစ်တယ်၊ ထို ကထိန်ခေတ်ကာလအတွင်းမှာသာ ကထိန်ခင်းခွင့်၊ လှူခွင့်၊ တန်းခွင့်

ရှိပါတယ်၊ တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ တဆယ့်တလအတွင်းမှာဆိုလျှင် ဘယ်လိုပုဂ္ဂိုလ်မှပင်ဖြစ်ဖြစ် အဘယ်ကဲ့သို့သော လူမင်းဖြစ်စေ, နတ်မင်းဖြစ်စေ, ဗြဟ္မာမင်းဖြစ်စေ-ဘယ်ပုဂ္ဂိုလ်မှ လှူဒါန်းနိုင်ခွင့် မရှိပါဘူးတဲ့၊ သို့အတွက်ကြောင့် အချိန်ကာလဖြင့် လှူရ တန်းရခြင်းကြောင့်လဲ မြင့်မြတ်တယ်လို့ ဆိုရပါတယ်၊ ကာလ ဒါနမျိုးလဲ ဖြစ်ပါတယ်၊ ကထိန်အလှူဒါယကာက ကထိန်သင်္ကန်းကို ပေးလှူရုံမျှဖြင့် ကထိန်ခင်းခွင့် မရှိသေးပါဘူး၊ မိမိ သီတင်းသုံးဘော် သမဂ္ဂသံဃာများက သင်္ကန်းနွှမ်းပါးသူ, သင်္ကန်းပြည့်စုံသူများချည်း ဖြစ်ပါက မထေရ်ကြီး,သံဃာအား ကျေးဇူးများသောသူ စသည်ဖြင့် အသီးသီး ကျေကျေနပ်နပ် ရွေးချယ်စိစစ်ကာ သိမ်အတွင်းဝယ် ဉတ်ကမ္မဝါစာ ရွတ်ဖတ်၍ပေးခြင်း ကထိန်ခံရသောသူသာလျှင် ခင်းနိုင်ပါတယ်၊ အခြားအခြားသော အလှူဝတ္ထုများကဲ့သို့ သာမန် ဆက်ကပ်ရုံမျှဖြင့် ကိစ္စမပြီး၊ ဉတ်ကမ္မဝါ ရွတ်ဖတ်ကာပေးပြီး ခင်းမှသာ ကိစ္စပြီးခြင်းကြောင့်လဲ ထိုထို အလှူဒါနများထက် မြတ်တယ်-လို့ ဆိုရပါတယ်။

ထိုမှတပါး ကထိန်အလှူဒါနရဲ့ ထူးခြားချက်တခုက - ဒီကထိန်အလှူကို ခံယူရတဲ့ ရဟန်းသံဃာများကို အာပတ်မသင့်အောင် ကာကွယ် စောင့်ရှောက်ပေးတတ်တယ် ဒီကထိန်အလှူကဲ့သို့ ရဟန်းတော်များကို အာပတ်မသင့်အောင် အကာအကွယ်ပေးတတ်သော အလှူဒါနမျိုးဆိုတာ မရှိပါဘူး-(ဒကာကြီး ဦးစိန်,၊ သို့အတွက်ကြောင့်လဲ ကထိန်အလှူဒါနဟာ အလှူဒါနတို့တွင် အမြတ်ဆုံးအလှူ ဖြစ်ကယ်ဘဲ၊ နောက်ပြီးတော့ မိမိလှူဒါန်းလိုဘဲ့ ပုဂ္ဂိုလ်ကို ရွေးချယ်ရည်မှန်းပြီး လှူဒါန်းရတဲ့အလှူမျိုးလဲ မဟုတ်ဘူးနော်၊ ဒီ ကထိန်အလှူဆိုတာက "ဣမံ ကထိနစီဝရံ သံဃဿဒေမ၊ ဤ ကထိန်လျာသင်္ကန်းကို သံဃာတော်အား သဒ္ဓါရှင်လန်း လှူဒါန်းကြပါ၏ ဘုရား" ဟု ဆိုကာ သံဃာကိုသာလှူတဲ့ သံဃိက အလှူဒါနစစ်စစ်လဲ ဖြစ်ပေတယ်၊ အမှန်စင်စစ် သံဃိက အလှူဒါနဆိုတာ ပုဂ္ဂလိက အလှူဒါနထက် အဆ ရာထောင်မက သာအောင် မြတ်လှတယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြပြီး ဖြစ်တယ်၊ ယင်းကဲ့သို့ ပုဂ္ဂလိက လှူဒါန်းခွင့်မရ, သံဃိကသာ လှူဒါန်းရခြင်းကြောင့်လဲ ကထိန်အလှူဆိုတာ ထိုထို အလှူဒါနတို့ထက် မြင့်မြတ်တယ် လို့ ဆိုရခြင်း ဖြစ်တယ်။ ထိုမှတပါးလဲ-

ဗုဒ္ဓါဒီဟိ ကထိယတေ သီလာဃိယတေတိ ကထိနံ။

ဗုဒ္ဓါဒီဟိ၊ ဘုရား အစရှိကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။ ကထိယတေ သီလာဃိယတေ၊ သင့်တင့်လျောက်ပတ်, ကောင်းမြတ်စွဟု, မြွက်ဟအထူး, ချီးကျူးအပ်ပေ၏။ ဣတိ တသ္မာ၊ ထိုသို့ အထူးချီးကျူးအပ်လေသောကြောင့်။ ကထိနံ၊ ကထိန်မည်၏-

ဟု ဆိုတဲ့အတိုင်း ဘုရား အစရှိကုန်သော ပညာရှိ သူတော်ကောင်းတို့က "ကောင်းမြတ်ပေ၏, ကောင်းပေ၏" ဟု မြွက်ဟအထူး, ချီးကျူးအပ်သောကြောင့် ကထိန် လို့ ခေါ်ရခြင်း ဖြစ်တယ်၊ အဘယ့်ကြောင့် ဘုရား အစရှိကုန်သော ပညာရှိ သူတော်ကောင်းတို့က ကောင်း၏ ဟု ချီးကျူးရသလဲဆိုတော့ ကထိန်အလှူဆိုတာ အလွန်ပင် သန့်ရှင်းစင်ကြယ်သောကြောင့်ပင် ဖြစ်တယ်၊ ကထိန်အလှူ သန့်ရှင်းစင်ကြယ်တယ်ဆိုတာ ကထိန်သင်္ကန်းလှူဒါန်းလိုသော ဒါယကာ, ဒါယိကာမများက မိမိတို့ဘာသာ အလိုအလျောက် သဒ္ဓါပေါက်ပြီး လာရောက်လှူဒါန်းသော သင်္ကန်းဖြင့်သာ ကထိန်ခင်းကြရတယ်၊ ကထိန်သင်္ကန်းရရှိအောင် အလှူခံခြင်း, အရိပ်နိမိတ်ပြခြင်း စသည် မပြုကြရဘူးတဲ့။

မိမိ၏ အမိ,အဖ အရင်းပင်ဖြစ်စေ,ညီအကို မောင်နှမ,ဆွေမျိုးရင်းချာပင်ဖြစ်စေ အလိုရှိသော ပစ္စည်းကို ပြောဆို အမိန့်ရှိရန် ဖိတ်ကြားထားသော ပစ္စည်းလေးပါး ဒါယကာကို ဖြစ်စေ ကထိန် အကြောင်းနှင့် ပတ်သက်၍ နှုတ်မြွက်ပြောကြားခြင်း, အရိပ်နိမိတ်ပြခြင်းမျိုး မပြုမလုပ်ရဘူးတဲ့။

ကထိန်သင်္ကန်းဖြစ်ရန် ရဟန်းတော်များ အလှူမခံကောင်းပဲ ကိုယ်တိုင် အလှူခံ၍ရသော သင်္ကန်းဟာ ကထိန်ခင်းရန် မအပ်တဲ့ သင်္ကန်းသာ ဖြစ်ပေတယ် နော်၊ ရဟန်းတော်များကိုယ်တိုင် အလှူခံ၍ရသော သင်္ကန်းဖြင့် ကထိန်ခင်းခဲ့ပါလျှင် ထိုရဟန်းတို့အား အကျိုးမများပဲ အပြစ်သာ ဖြစ်ပွားတတ်ပါတယ်၊ မြတ်စွာဘုရားရဲ့အာဏာတော်ကို လွန်ကျူးတဲ့ ဝိနည်းပြစ် အာပတ်မလွတ်ဘူး တဲ့၊ ကထိန်သင်္ကန်း လှူဒါန်းလိုသော ဒါယကာ, ဒါယိကာမများ မိမိတို့ဘာသာ သဒ္ဓါပေါက်ပြီး လာရောက်လှူဒါန်းတဲ့ သင်္ကန်းသာလျှင် အဇဋ္ဌာဝေဟင် ထက်ကောင်းကင်မှ တသွင်သွင် စီးကျလာ တဲ့ ရေအလျဉ်ကဲ့သို့ အလွန်ပင် စင်ကြယ်တယ်-လို့ ဆိုရတယ်—(ဒကာကြီး ဦးစိန်)။

ယင်းကဲ့သို့ စင်ကြယ်သန့်ရှင်း, အပြစ်ကင်းသော အဝတ်သင်္ကန်းဖြင့် ခင်းအပ်သော ကထိန်ကို ဘုရား,ပစ္စေကာ,အရိယာအပေါင်း ပညာရှိ သူတော်ကောင်းတို့ရဲ့ "ကောင်း၏" ဟု ချီးမွမ်းတော်မူ ထိုက်သောကြောင့် ကထိန်-လို့ ဆိုပါတယ်။

ကထိနန္တိ ပဉ္စာနိသံသေ အန္တောကရဏ သမတ္ထတာယ ထိရန္တိ အတ္ထော။
(သာ-ဋီ-တ-၃၃၅)။

ဟူသော သာရတ္ထဒီပနီ ဋီကာ၌ ဖွင့်ပြတော်မူသည်နှင့် အညီ အနာမန္တစာရ-အစရှိသော ကထိန် အကျိုးအာနိသင် ငါးမျိုးတို့ကို ပြင်ပ တပါး ထွက်မသွားစေပဲ သိမ္မကသံဃာအတွင်း၌သာ ပြုခြင်းငှာ စွမ်းနိုင်သဖြင့် မြဲမြံခိုင်ခံ့ တည်တံ့တတ်သော အနက်သဘောကြောင့် ကထိန်-ဟူ၍ ခေါ်ဆိုသည့်အတိုင်း ကထိန်ခင်းကြသော ရဟန်းတော်များမှာ ကထိန်အကျိုး ငါးမျိုးကို မုချ ရရှိ ပါတယ်၊ ယင်း ကထိန်အကျိုး ငါးမျိုးကတော့ -

**ကထိန်အာနိသင် ငါးပါး**

**ဆောင်ပုဒ်။** အနာမန္တ, အသမာဒါ၊ ယာဝ၊, ဂဏ၊ ယောတတ္ထ၊ ပဉ္စ အာနိသင်။

ဟူသော ကထိန်အကျိုး အာနိသင်ပြ ဆောပုဒ်လင်္ကာအတိုင်း—

၁။ အနာမန္တစာရ၊
၂။ အသမာဒါနစာရ၊
၃။ ယာဝဒတ္ထစီဝရ၊
၄။ ဂဏဘောဇန၊
၅။ ယောစတတ္ထစီဝရုပ္ပါဒ - ခေါ်တဲ့ အကျိုးငါးပါးကို ရရှိ ခံစားကြရပါတယ်။

ကထိန်ခင်းကြသော ရဟန်းသံဃာတော်များမှာ ယခုပြောခဲ့တဲ့ ကထိန်အာနိသင် ငါးမျိုးကို ကောင်းစွာ မိမိရရှိသလို, ကထိန်အလှူရှင်များဖြစ်ကျတဲ့ ဒါယကာ, ဒါယိကာမများမှာလဲ "သဒိသံ ပါကံ ဇနေတိ၊ ပြုလုပ်သော အလှူနှင့်တူသောအကျိုးကို ပေးတတ်တယ်" ဆိုတဲ့အတိုင်း ရဟန်းတော်

များရရှိတဲ့ အကျိုး၀ါးမျိုး, ကထိန် ဒကာ, ဒကာမများမှာလဲ အကျိုး၀ါးပါး ရရှိခံစားရပါတယ်တဲ့၊ ကထိန်ခင်းတဲ့ သံဃာတော်များနှင့် ကထိန်အလှူ ဒကာ, ဒကာမများ ပထမဆုံးရရှိတဲ့ အကျိုးက တော့-

**ဆောင်ပုဒ်** (က) အနာမန္တ၊ ကျိုးဖလ၊ ခွင့်ရ,ရွာတွင်း သွားနိုင်ခြင်း။

(ခ) ကထိန်လှူက၊ ဝင့်ကင်းပ၊ ပါယ်ကျ,ထောင်သွင်း ဝေးကွာရှင်း။

လို့ဆိုတဲ့အတိုင်း အနာမန္တစာရဆိုဘဲ့ ကထိန်အကျိုးက ရဟန်းတော်များမှာ မြို့တွင်းရွာတွင်းသို့အနီးတွင် ထင်ရှားရှိသော ရဟန်းကို မပန်မကြားပဲ ဝင်ထွက် သွားလာခြင်း မပြုရဘူး၊ မြို့တွင်းရွာတွင်းသို့ ခွင့်မတောင်း အကြောင်းမကြားပဲ ငင်ထွက်သွားလာ ခဲ့ပါလျှင် ဘုရားရှင်၏ ဝိနည်း ဥပဒေတော်အရ ဒုက္ကဋ် အာပတ် ၊ ပါစိတ် အာပတ်ဆိုတဲ့ အာပတ်အပြစ်များ သင့်ရောက်တတ်ပါတယ်။

ယခုကဲ့သို့ ကထိန်သင်္ကန်း ကပ်လှူခြင်းကို ခံယူရရှိထားတဲ့ ရဟန်းတော်များမှာ သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ၀ါးလ အတွင်းတွင် ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ မြို့တွင်းရွာတွင်း ဒါယကာ-ဒါယိကာမများ အိမ်သို့ သွားသော်လဲ အာပတ်မသင့်ကော့ပါဘူး၊ ဝင်ထွက် သွားလာ နိုင်ပါတယ်၊ စာရိတ္တ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်တော့ပါဘူးတဲ့၊ မြတ်စွာဘုရားရဲ့ ဝိနည်းဥပဒေအပြစ်ဘေးကြီးမှပင် ခွင့်ရအောင် ပြုနိုင်စွမ်းတဲ့ ဒါနမျိုးနော်၊ ဒါကြောင့်မို့လဲ ထူးတဲ့မြတ်တဲ့ ဒါနလို့ ဆိုရခြင်း ဖြစ်ပါတယ်။

ရဟန်းတော်များမှာ ယခု ပြောခဲ့တဲ့ ခွင့်မပန်ပဲ သွားလာနိုင်ခြင်း အနာမန္တစာရ အကျိုးကို ရရှိသလို၊ ကထိန်သင်္ကန်းကို စေတနာ ရှင်လန်းစွာ လှူဒါန်း ဆက်ကပ်ကြတဲ့ ကထိန် ဒါယကာ ဒါယိကာမများမှာလဲ သံသရာ ဝင့်ဆင်းရဲမှ မြန်မကြာ လွတ်ကင်း ထွက်မြောက်နိုင်ခြင်းဆိုတဲ့ အကျိုး, အပါယ်လေးပါး ဒုဂ္ဂတိ ဘ၀များသို့ မလားမရောက်ရခြင်းဆိုတဲ့ အကျိုး, သံသရာဘ၀ ကျင်လည်ရစဉ်မှာလဲ သူဘပါးတို့ ထိပါးချုပ်ချယ်မှု အကျဉ်းထောင်တွင်း သွပ်သွင်းပြီးကာ ချုပ်နှောင်မှုအစရှိတဲ့ အနှောင်အဖွဲ့ အမျိုးမျိုးမှ ကင်းပခြင်းဆိုတဲ့ အကျိုးများကို မုချ ရရှိနိုင်ပါတယ်။

ဒုတိယ ရရှိတဲ့ အသမာဒါနစာရဆိုတဲ့ ကထိန် အကျိုးကတော့-ကထိန်သင်္ကန်း ခံယူ ရရှိခြင်း မရှိတဲ့ တိစီဝရိက်ဆောင် ရဟန်းတော်များမှာ မိမိ ဆောင်ထားသည့် တိစီဝရိက် သင်္ကန်းသုံးထည်နှင့် ညဥ့်ကင်း၍ မနေစကောင်းပါဘူး၊ အကယ်၍ ညဥ့်ကင်းပျက်ခဲ့ပါလျှင်တိစီဝရိက်ဆောင်ခြင်း ကျင့်ဝတ်လဲ ပျက်စီး သွားပါတယ်၊ ဥဒ္ဒေါသိတ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် အာပတ် အပြစ် သင့်ရောက်ပါတယ်၊ ကထိန်သင်္ကန်း ခံယူ ရရှိသော တိစီဝရိက်ဆောင် အရှင်မြတ်များမှာတော့-မိမိ အမည်အားဖြင့် အဓိဋ္ဌာန် တင်ထားတဲ့ တိစီဝရိက် သင်္ကန်းကို မယူပဲ ဟတ္ထပါသ်ကင်း၍ သွားနိုင် လာနိုင်ပါတယ်၊ ညဥ့်ကင်းသော်လဲ အပြစ်မရှိ၊ ဥဒ္ဒေါသိတ သိက္ခာပုဒ်ဖြင့် အာပတ် မသင့်တော့ပါဘူးတဲ့၊ တပေါင်းလပြည့်နေ့အထိ ၀ါးလအတွင်း တိစီဝရိက် သင်္ကန်းနှင့် ဘယ်နှစ်ညဥ့်ကင်းကင်း ထိုကထိန်ခံယူ ရရှိသော ရဟန်းတော် ဆောင်ထားတဲ့ တိစီဝရိက် ဆောင်ခြင်း ဝတ်အကျင့်ဟာ မပျက်မစီးတော့ပါဘူး။

ဆိုနည်းတူစွာ ကထိန် ဒါယကာ, ဒါယိကာမများလဲ ကထိန်သင်္ကန်း လှူဒန်း ဆက်ကပ်ခြင်းကြောင့် သံသရာဘဝ ကျင်လည်ရစဥ်မှာ မိမိတို့၌ ထင်ရှားရှိသော ရွှေ, ငွေ, စိန်,ကျောက် များ မြောက်လှစွာ အဝိညာဏက သက်မဲ့ဖြစ်သော ပစ္စည်းဥစ္စာတို့သည်၎င်း, သားသမီး ကျေးကျွန်များ ဆင်, မြင်း, ကျွဲ, နွားအစရှိသော သဝိညာဏက သက်ရှိဖြစ်သော ပရိသတ် အခြွေအရံများသည်၎င်း ကာလ ရှည်လျား ဝေးကွာငြားလည်း ပျက်ပြားမှု မရှိခြင်း၊ ရန်သူမျိုး ငါးပါးတို့ မဖျက်ဆီးနိုင်ခြင်းဆိုတဲ့ အကျိုးကို မုချ ရရှိ နိုင်ပါတယ်တဲ့၊ ယခုခေတ် အခါမှာ ခိုးမှု, ဝှက်မှု, လုယက်မှု ထူပြော လှသဖြင့် ယင်းကဲ့သို့ အခိုး, အဝှက် ခံရသူများ, လုယက် ခံရသူများဟာ ရှေးရှေး ဘဝက ကထိန်အလှူဒါနကို မလှူခဲ့လို့နဲ့ တူပါရဲ့နော်။

မိမိရဲ့ ဒါနက စင်စင်ကြယ်ကြယ်နှင့် မှန်မှန်မြတ်မြတ် လှူခဲ့တန်းနဲ့ရလျှင် ဒီလို ခိုးဝှက်, လုယက်မှု အန္တရာယ်များနှင့် တွေ့ကြရမည် မဟုတ်ပေဘူးပေါ့၊ ယခု ကထိန ဒကာ ဒကာမများလဲ မိမိတို့ ယခုလို ကထိန် အလှူဒါန လှူရတဲ့အတွက် နောင်သောအခါ ထိုကဲ့သို့ ခိုးဝှက်, လုယက်တတ်သော လူဆိုး, လူမိုက်, ဒုစရိုက်သမားတို့ ရန်ဘေးမှ အမှန်ပင် ကင်းဝေး ကြလိမ့်မည်၊ မိမိတို့ရဲ့ သက်ရှိ, သက်မဲ့ ပစ္စည်းဥစ္စာများကို ရန်သူမျိုးငါးပါးတို့ ဖျက်ဆီးခြင်း ပြုနိုင်ကြတော့မည် မဟုတ် ဟု စိတ်ချယုံကြည် ထားကြရမည်၊ မှတ်မိအောင် လင်္ကာလေး လိုက်ဆို ထားကြပါဦး။

**အသမာဒါနစာရအကျိုး**

က။ အစိဋ္ဌာန်တင်ဘိ တိစီဝရိကာ၊ ဥဋ္ဌကင်းကွာ၊ ကျင့်မှာမပျက်ပြီ။
ခ။ ကထိန်လှူက၊ များစွာပစ္စည်း၊ အသီးသီးမှာ၊ ကိုယ်နှင့်ကွာလည်း၊ ငါးဖြာရန်ဘေး၊ ကင်း၍ဝေး၊ စိတ်အေးချမ်းသာသည်။

တတိယ ကထိန် အကျိုးကတော့-ယာဝဒတ္ထစီဝရတဲ့ ရဟန်းသံဃာများမှာ ဒါယကာ ဒါယိကာမများက သဒ္ဓါကြည်ဖြူ ဆက်ကပ်လှူကြသော အလျားတတောင်ထွာ၊ အနံ တထွာ လက်လေး သစ်မျှရှိသော အဝတ်အထည် ပိတ်စ ပိတ်ပိုင်းမှ စ၍ မျက်နှာသုတ်ပုဝါ, တဘက်, အိပ်ရာခင်း, သင်္ကန်း အစရှိသော အဝတ်အထည်တို့ကို ရရှိလာလျှင် ဆယ်ရက်အတွင်းမှာသာ အဓိဋ္ဌာန်မတင်, ဝိကပ္ပနာ မပြုပဲ သုံးဆောင်နိုင်ကြပါတယ်၊ ဆယ်ရက်က ကျော်လွန်၍ အဓိဋ္ဌာန်မတင်ပဲ၊ ဝိကပ္ပနာ မပြုပဲ သုံးဆောင်ပါလျှင် မြတ်စွာဘုရား၏ ဝိနည်း ဥပဒေတော်အရ ပထမ ကထိနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယ ပါစိတ်အာပတ်ခေါ်တဲ့ အပြစ်သင့်ရောက်ပါတယ်၊ သို့သော်လဲ ကထိန်ခံယူ ကြရတဲ့ ရဟန်း သံဃာတော်များမှာတော့- ကထိန်ခံယူရတဲ့ အကျိုးအာနိသင်ကြောင့် တပေါင်းလပြည့်နေ့အထိ ငါးလအတွင်း အဓိဋ္ဌာန်မဘင် ဝိကပ္ပနာ မပြုပဲ အလိုရှိတိုင်း သင်္ကန်းများကို ထားနိုင်ပါတယ်၊ ဆယ်ရက် ကျော်လွန်ပေမဲ့ ပထမ ကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်တော့ ပါဘူးတဲ့။

ထိုနည်းတူစွာ ကထိန် သင်္ကန်း လှူန်းကြတဲ့ ဒ ယကာ-ဒါယိကာမများလဲ မိမိတို့ အစိုးတရ ပိုင်ဆိုင်သော ရွှေ, ငွေ, လယ်ယာ အစရှိသော ပစ္စည်းဥစ္စာများဟာ အချိန်ကာလ ကြာမြင့်သဖြင့် အမှတ် မထား သတိမေ့လျော့ကာနေပေမဲ့ မိမိတို့ ပစ္စည်းဟာ ပျက်စီးခြင်းမရှိ, တစုံတရာ အန္တရာယ် မရှိ၊ မပျောက်ပျက်နိုင်ဘူးတဲ့၊ ထိုမှတပါး ထူးထွေဆန်းပြားသော အဝတ်ကောင်း အထည်ကောင်း

များကိုလဲ ရရှိနိုင်တယ်၊ အထွေထွေ ရွှေ, ငွေ, ဥစ္စာတို့ကို အလိုရှိတိုင်း ရရှိတယ်တဲ့၊ ကထိန်ခံယူတဲ့ ရဟန်းတော်များနှင့် ကထိန် ဒါယကာ-ဒါယိကာမများ ရရှိတဲ့ အကျိုးကိုလဲ မှတ်သားမိအောင် လင်္ကာကလေးဖြင့် ဆောင်ထားကြရမယ်နော်။

## ယာဝဒတ္ထ အကျိုး

**ဆောင်ပုဒ်။** ၃-က။ သင်္ကန်း-ပုဝါ၊ မိဋ္ဌာ-မတင်၊ ဝိ ပင်မပြု၊ လိုတိုင်းရှု၊ ထားမှုခွင့်ရသည်။
ခ။ လှူသူဥစ္စာ၊ ချိန်ကြာ-မေ့လျက်၊ မပျောက်ပျက်၊ တိုးတက်ဖြစ်ထွန်းသည်။

စတုတ္ထ ဂဏ ဘောဇန အကျိုးဆိုတာကတော့- ရဟန်းသံဃာတော်များဟာ လေးပါး, လေးပါးထက် အလွန်ဖြစ်သော ဂိုဏ်း, သံဃာကို ရည်ရွယ်ကာ ရဟန်းသံဃာတို့အား မအပ်သော ဝေါဟာရဖြင့် ပင့်ဖိတ်လှူဒါန်းသော ဂဏဘောဇဉ်ဆွမ်းကို မဘုဉ်းပေးကောင်း, မသုံးဆောင်ကောင်းပေ၊ မအပ်သောဖိတ်ခြင်းဆိုတာ "အရှင်ဘုရား၊ နက်ဖြန်နံနက် တပည့်တော်တို့ အိမ်သို့ ထမင်းစား ကြွတော်မူ၊ မုန့်စားကြွတော်မူပါ" စသည်ဖြင့် ဘောဇဉ်ငါးပါး၏ အမည်ဖော်ကာ ပင့်ဖိတ်ခြင်းကို ဆိုတယ်၊ ဘောဇဉ်ငါးပါးရဲ့ အမည်ကို ဩဒန, သတ္တု, ကုမ္မာသ, မစ္ဆ, မံသ ဟု ပါဠိဘာသာဖြင့် ဖြစ်စေ၊ ထမင်း, မုန့်လုံး, မယောမုန့်, ငါးဟင်း, အမဲသားဟင်း, စားကြွပါ ဟု မြန်မာဘာသာဖြင့်ဖြစ်စေ၊ ပင့်ဖိတ်ခြင်းမျိုးဟာ မအပ်သော ပင့်ဖိတ်ခြင်းမျိုးပင် ဖြစ်တယ်။

ယင်းကဲ့သို့ အကပ္ပိယဝေါဟာရဖြင့် ပင့်ဖိတ်ခြင်းကြောင့်ဖြစ်စေ၊ လေးပါး, လေးပါးထက် အလွန်ဖြစ်သော ရဟန်းတို့၏ မအပ်သော တောင်းနည်းဖြင့် တောင်းခြင်း၊ ဝိညတ်ကြောင့်ဖြစ်စေ ရရှိအပ်သော ဘောဇဉ်ငါးပါးတို့တွင် တပါးပါးကို ခံယူ, ခံယူသုံးဆောင်ခြင်းပြုလျှင် ဂဏဘောဇဉ် သိက္ခာပုဒ် ဝိနည်းဥပဒေတော်ဖြင့် ဒုက္ကဋ်အာပတ်, ပါစိတ်အာပတ်အဖြစ် သင့်ရောက်ပါတယ်။ ကထိန်သင်္ကန်း ခံယူရရှိသော ရဟန်းတော်များမှာတော့ ထိုကဲ့သို့သော ဘောဇဉ်များကို မိမိတို့ အလိုရှိသလို ဘုဉ်းပေး သုံးဆောင်နိုင်ကြပါတယ်၊ ဂဏဘောဇန သိက္ခာပုဒ်ဖြင့် အာပတ်သင့်ခြင်း မရှိတော့ပါဘူး၊ အာပတ်သင့်ခြင်း အပြစ်ဘေးမှလွတ်မြောက်ခြင်း အကျိုးရှိပါတယ်။

ထိုနည်းတူစွာ ကထိန်ဒါယကာ, ဒါယိကာမများမှာလဲ ကထိန်သင်္ကန်းလှူဒါန်းရခြင်းကြောင့် နတ်သုဒ္ဓါတမျှ ချိုမြိန်ကောင်းမြတ်လှသော အစားအစာ ခဲဘွယ်ဘောဇဉ် အဖြာဖြာတို့ကို လွယ်ကူစွာရရှိနိုင်ခြင်း၊ မိမိ၏ရန်သူများက အစားအစာ၌ အဆိပ်သေစာထည့်ခတ်ကာ ကျွေးမွေးပါသော်လဲ အဆိပ်မမိ, အန္တရာယ်မရှိတတ်ခြင်း အကျိုးကိုရရှိနိုင်ပါတယ်။ ဖြစ်လေရာ ဘဝတို့၌ အစားအစာ အဟာရကြောင့် တစုံတရာအန္တရာယ်မဖြစ်, မကျရောက်နိုင်ဟု ဆိုလိုပါတယ်။

**ဆောင်ပုဒ်။** ၄ က။ မအပ်ဖိတ်ကြား၊ ဘောဇဉ်များ၊ စားလဲပြစ်ကင်းသည်။
ခ။ စားဘွယ်ကောင်းရ၊ ဆိပ်ကင်းပ၊ လှူက ကျိုးရသည်။

နောက်တဖန် ယောစတုတ္ထ စီဝ ရုပ္ပါဒ၊ ခေါ်တဲ့ ပဥ္စမအကျိုးကတော့- ရဟန်းတော်များမှာ ကထိန်မခင်းသဖြင့် ကထိန်အာနိသင်မရရှိကြလျှင် ကျောင်းတိုက်၌ သံဃာအား ရည်မှန်း၍ လှူဒါန်းသော သံဃိက လာဘ်လာဘ သင်္ကန်းမှန်သမျှတို့ကို နောက်မှရောက်ရှိလာသော ရဟန်းများ

ပစ္စိမဝါကပ်သော ရဟန်းများ၊ ဝါကြီးဝါပြတ်သော ရန်ဟန်းတော်များ၊ သမ္မုခိဘူတဖြစ်သော အာဂန္တုရဟန်းတော်များ အားလုံးပိုင်ဆိုင်သဖြင့် အားလုံးအညီအမျှ ဝေဘန်ကြရပါတယ်။

အကယ်၍ ထိုထိုပစ္စိမဝါကပ်ရဟန်းများ, ဝါကြီး ဝါပြတ် ရဟန်းများ၊ အာဂန္တုရဟန်းတော်များကို မဝေဘန်, ခွင့်မပန်ပဲ မိမိတို့သဘောအလျောက် ဝေဘန်သုံးစွဲခဲ့ပါလျှင် ဘဏ္ဍာစားပေးရပါတယ်၊ မပေးခဲ့ပါလျှင် ပါရာဇိကအထိ ပစ္စည်းတန်ဖိုးအားလျော်စွာ ကြီးလေးသောအာပတ်အပြစ်ဒဏ်များကို ခံကြရပါတယ်၊ သို့သော် ကထိန်ခင်းသဖြင့် ကထိန်အာနိသင်ရကြလျှင်တော့ တပေါင်းလပြည့်နေ့အထိ ငါးလအတွင်း ထိုကထိန်ခင်းသော ကျောင်းတိုက်၌ ဖြစ်ပေါ်လာသော သံဃိကသင်္ကန်းများကို ကထိန်အာနိသင်ရသော ရဟန်းတို့သာ ပိုင်ဆိုင်တော့သဖြင့် ထိုရဟန်းများကို ခွဲဝေပေးဘို့မလိုတော့၊ ပန်ကြားဘို့လဲ မလိုတော့ပေ၊ မိမိတို့သဘော အလျောက် စိတ်တိုင်းကျ ဝေဘန်သုံးစွဲနိုင်ပါတယ်။

မိမိဘို့အလိုရှိသလို ဝေဘန်နိုင်ခြင်း အကျိုးကို ရရှိပါတယ်၊ ထိုနည်းတူစွာ ကထိန်သင်္ကန်း လှူဒါန်းကြတဲ့ ဒါယကာ, ဒါယိကာမများမှာလဲ သံသရာဘဝ ကျင်လည်ရစဉ်မှာ ပစ္စည်းဥစ္စာ အဖြာဖြာကို လွယ်ကူစွာရှာဖွေရရှိခြင်း၊ မိမိတို့ရရှိသော ပစ္စည်းဥစ္စာကို မင်း, ခိုးသူ, ဓားမြ အစရှိသော သူတပါးတို့ အနှောင့်အယှက် မပေးနိုင်ပဲ မိမိတို့အလိုရှိသလို အပြစ်ကင်းကွာ ချမ်းသာစွာ သုံးစွဲနိုင်ခြင်းဆိုတဲ့ အကျိုးများကိုရရှိနိုင်ပါတယ်။ သူတပါးရဲ့ ပစ္စည်းကို လုယူဖျက်ဆီး အန္တရာယ်ပေးတတ်တဲ့ ခိုးသူ, ဓားမြ, မင်း အစရှိတဲ့ အန္တရာယ်သမားများကလဲ လွန်စွာများတာပဲ ကလား။ ဒါကြောင့်မို့ မိမိတို့မှာရှိတဲ့ ပစ္စည်းဥစ္စာကို မိမိဘာသာ ချမ်းချမ်းသာသာ သုံးစွဲနိုင်ခြင်းဆိုတာလဲ အကျိုးထူးတမျိုးလို့ မှတ်ယူရမည်ဘဲ–(ဒကာကြီး ဦးစိန်ရှဲ)။ သို့အတွက် ပစ္စုပ္ပန်သံသရာ အကျိုးအဆက်ဆက်လဲ တိုးတက်ဖြစ်ပွားနိုင်ပါတယ်။

**ဆောင်ပုဒ်။** က။ သင်္ကန်းသံဃိ၊ ဖြစ်ပေါ်ဘိမူ၊ ကထိနအာနိသင်၊ ရသူပင်၊ **အစဉ်ရထိုက်သည်။**
ခ။ လှူဒါန်းသူမှာ၊ ရှိဥစ္စာ၌၊ ဘယာကင်းပ၊ **သုံးဆောင်ရ၍၊** လောကသံသာ၊ ဖြာဖြာ၊ မှန်စွာပြီးနိုင်သည်။

ထို့ကြောင့် သုံးလောက ထွဋ်ထား ရှင်တော်မြတ်ဘုရားက ကထိန်အကျိုး အာနိသင်ငါးမျိုးကို–

> အဉ္ဉာတ ကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ ကပ္ပိဿန္တိ၊ အနာမန္တစာရော အသမာဒါနစာရော၊ ဂဏဘောဇနံ၊ ယာဝဒတ္ထ စီဝရံ၊ ယောစတတ္ထ စီဝရုပ္ပါဒေါ၊ သောနေသံ ဘဝိဿတီတိ၊ အတ္ထတ ကထိနာနံ ဝေါ ဘိက္ခဝေ ဣမာနိ ပဉ္စ ကပ္ပိဿန္တိ။
>
> (ဝိနယ-မဟာဝဂ္ဂပါဠိ-၃၅၂)

ဟူ၍ ဝိနည်းဒေသနာတော်၌ ထုတ်ဖော်ကာ ဟောကြားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ သံသရာ၌ဘေးမြင်, ကျွတ်ထောင်မှ, လွတ်အောင်ရုံးထွက်, ကမ်းတဖက်သို့, တက်ရောက်လိုငြား, အို ချစ်သားတို့။ အတ္ထတ ကထိနာနံ၊ အမှန်မယွင်း, ခင်းအပ်သော ကထိန်ရှိကြကုန်သော။ ဝေါတုမှာ၊ အသင် ချစ်သားတို့အား။ ပဉ္စ၊ သရုပ်ပိုင်းခြား၊ ဤအကျိုးငါးပါးတို့သည်။ ကပ္ပိဿန္တိ၊ အာပတ်အပြစ်ဒဏ်, အမှန်ကင်းပြတ်, အပ်ကြပေကုန်လတ္တံ့။

အနာမန္တစာရော၊ ထင်ရှားရှိပြား, ရဟန်းများကို, မပန်မကြားဘဲ, ရွာတွင်း မြို့တွင်းသို့ သွားခြင်းငှင်း။

အသမာဒါနစာရော၊ တိစီဝရိတ် အဓိဌာန်တင်သော သင်္ကန်းကို မဆောင်ယူပဲ ညဥ့်ကင်းကာ သွားခြင်းငှင်း။

ဂဏဘောဇနံ၊ အကပ္ပိယဝေါဟာရဖြင့် ဖိတ်ကြားအပ်သော ဆွမ်းကိုခံယူ၁ းဆောင်ခြင်းငှင်း။

ယာဝဒတ္ထ စီဝရံ၊ အဓိဌာန်မတင် ဝိကပ္ပနာမပြုပဲ အလိုရှိတိုင်း သင်္ကန်းကိုဆောင်ခြင်းငှင်း။

တတ္ထ၊ ထိုကထိန်ခင်းရာကျောင်းတိုက်တာ၌။ ယောစီဝရုပ္ပါဒေါ၊ သဒ္ဓါရှင်လန်း လှူဒါန်းသဖြင့် ဖြစ်ပေါ်လာသော အကြင်သံဃိကသင်္ကန်းသည်။ အတ္ထိ၊ ကေန်တိတိ ရှိခဲ့ပေအံ့။ သောစီဝ-ရုပ္ပ ါဒေါ၊ ထိုဖြစ်ပေါ်လာသော သံဃိကသင်္ကန်းသည်။ နေသံ၊ ထိုကထိန်ခင်းရာ ကျောင်းတိုက်တာ၌ သာယာ ရှင်ပြုံး, သိတင်းသုံးပြား, ကထိန် အ:နိသင်ရသော ရဟန်းတော်များအား။ ဘဝိဿတိ၊ ဖြစ်ပေလတံ့။

ဣတိ ဣမာနိ ပဉ္စ၊ ဤသို့ထုတ်ဖော်မြွက်ကြား အကျိုးအာနံသင်ငါးပါးတို့ ပေတည်။

ဘိက္ခဝေ၊ ကိလေသာရန်ဆိုး, ဖျက်ချိုးလိုပြား, အို- ချစ်သားတို့။ အတ္ထတ ကထိနာနံ၊ အမှန်မယွင်း ခင်းအပ်ပြီးသော ကထိန်ရှိကြကုန်သော။ ဝေါတုမှာကံ၊ သင်ချစ်သားတို့အား။ ဣမာနိ ပဉ္စ၊ သရုပ်ပိုင်ခြား ဤငါးပါးကုန်သော အကျိုးတို့သည်။ ကပ္ပိဿန္တိ၊ အာပတ်ပြစ်ဒဏ်, အမှန်ကင်းပ, အပ်ကြပေကုန်လိမ့်မည်သာတည်း။

ဤကထိန်အာနိသင် အကျိုးငါးမျိုးကို ကထိန်အလှူခံရသော ရဟန်းတော်များသာ ရရှိနိုင်ပါတယ်။ ဒီနေရာမှာ ကထိန်အလှူခံယူခြင်းနှင့်စပ်လျက် နည်းနည်းပါးပါးပြောရဦးမယ်။

ဒီကထိန်အလှူကို ဒါယကာ, ဒါယိကာမများသာ လှူဒါန်းရသလား ဆိုတော့ ဘယ်လို ပုဂ္ဂိုလ်မျိုးကပဲလှူလှူ, လှူအပ်ပါတယ်၊ လှူကောင်းပါတယ်။ ဒါကြောင့်မို့ –

ကထိနံ ကေနဒိန္နံ ဝဋ္ဋတိ? ယေန ကေနစိ ဒေဝေနဝါ မနုဿေနဝါ ပဉ္စန္နံဝါ
သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ။ (ဝိနယ-မဟာဝဂ္ဂ၊ဋ္ဌ-၃၇၉)

ကေန၊ အဘယ်မည်သော သူသည်။ ကထိနံ၊ ကထိန်အလှူကို။ ဒိန္နံ၊ ပေးလှူသည်ရှိသော်။ ဝဋ္ဋတိ၊ အပ်သနည်း။ ယေန ကေနစိ၊ အမှတ်မထား, တပါးပါးသော။ ဒေဝေနဝါ၊ နတ်သည်ငှင်း။ (ဝါ) နတ်ဗြဟ္မာသည်ငှင်း။ မနုဿေဝါ၊ လူသည်ငှင်း။ ပဉ္စန္နံ သဟဓမ္မိကာနံ၊ ရဟန်းယောကျ်ား, ရဟန် မိန်းမ, သိက္ခမာန်, သာမဏေ ယောကျ်ား, သာမဏေ မိန်းမအားဖြင့် ငါးပါးကုန်သော သီတင်းသုံးဘော်တို့တွင်။ အညတရေနဝါ၊ တယောက်ယောက်သော သူသည်ငှင်း။ ဒိန္နံ၊ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သည်ရှိသော်။ ဝဋ္ဋတိ၊ အပ်ပေ၏။

ကထိန်အလှူကို လူပဲဖြစ်ဖြစ်, နတ်ဗြဟ္မာပဲဖြစ်ဖြစ်, သီတင်းသုံးဘော် ငါးဦးထဲကပဲ ဖြစ်ဖြစ် လှူဒါန်းနိုင်ပါတယ်တဲ့။ ဥစ္စာစောင့်များက လှူလျှင်လဲ အပ်ပါတယ်။ အယုတ်ဆုံး တိရစ္ဆာန်သတ္တဝါများပင် လှူသော်လဲ အပ်ပါတယ်တဲ့။

## ကထိန်ခင်းထိုက်သော သင်္ကန်းများ

ကထိန်သင်္ကန်းလှူဒါန်းကြတဲ့ ပုဂ္ဂိုလ်များအနေဖြင့် ကထိန်ဒကာတို့ လိုက်နာရမည့်ကျင့်ဝတ်များကို သိထားရမည်၊ မသိလျှင်လဲ မေးမြန်းလေ့လာထားရမည်တဲ့၊ သိသင့်တဲ့ ကျင့်ဝတ်များကတော့- သင်္ကန်းကိုးမျိုးရှိပေမဲ့ (၁) သင်းပိုင်၊ (၂) ကေသီ၊ (၃) ဒုကုဋ် ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ဒီသုံးထည်သာ ကထိန်ခင်းထိုက်တာကိုး။ မျက်နှာသုတ်ပုဝါ၊ နိသီဒိုင်အစရှိဘဲ့ ကျန်သင်္ကန်းခြောက်ထည်က ကထိန်ခင်းခြင်းငှာ ထိုက်တာမဟုတ်ဖူး။ ဒါကြောင့်မို့ ထိုသင်္ကန်း သုံးထည်တို့တွင် တထည်ထည်ပြုလောက်သော အဝတ်၊ ကထိန်လျာ သင်္ကန်းစကို နေ အရုဏ်တက်သော အခါမှာ "ကထိန စီဝရံ ဒေမ-ကထိန်သင်္ကန်း လှူဒါန်းကြပါ၏ ဘုရား" ဟု လျှောက်ထား လှူဒါန်းရမည်။ ထိုကထိန်လျာသင်္ကန်းကိုချုပ်ရန် အပ်, အပ်ချည်, ဆိုးရန် ဆိုးရည်တို့ကိုလဲ ပေးရမည်တဲ့။

ဒီကျင့်ဝတ်တွေက ရှေးအခါက ကထိန်လျာသင်္ကန်းခေါ် အဝတ်ပိတ်စများကိုသာ လှူဒါန်းကြသဖြင့် ရဟန်းတော်များ ကိုယ်တိုင် သင်္ကန်းချုပ်, ဆိုးကြရတာမို့ ကထိန် ဒါယကာများက သိထားရ, လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များလို့ဆိုတာပါပဲ။ ယခုခေတ်မှာတော့ ကထိန်သင်္ကန်းအားလုံး ချုပ်ပြီး, ဆိုးပြီးဖြစ်၍ အားလုံးကိစ္စပြီးပြီး ဖြစ်သဖြင့် မလိုတော့ပါဘူး နော်။ အကယ်၍ ကထိန်အတွက် သင်္ကန်းချုပ်ရန် အဝတ်ပမျာကိုလှူက ဒီကျင့်ဝတ်တွေကို ကထိန် ဒကာများက သိနားလည်ထားရမည်တဲ့-(ဒကာကြီးဦးစိန်မှဲ့)။

ရဟန်းတော်များဘက်ကတော့ ပုရိမဝါကပ်၍ ဝါကျိုးပြတ်မှုမရှိပဲ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့မှာ ပဝါရဏာပြုသော ရဟန်းတော်များသာ ကထိန်အလှူကို ခံယူရပါတယ်။ ဒါပေမဲ့ ထိုပုရိမဝါမှ ထသောရဟန်းဟာလဲ သာမညနှင့် ခံခွင့်ရှိသေးတာ မဟုတ်ဘူးနော်။ ကထိန်ခံထိုက်တဲ့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံမှသာ ခံယူထိုက်တာ။ ယင်း ကထိန်ခင်းထိုက်၊ ကထိန်ခံထိုက်သော ပုဂ္ဂိုလ်ရဲ့ အင်္ဂါရှစ်ပါး ဆိုတာကတော့

၁။ ကထိန်ခင်းထိုက်၊ ပုဂ္ဂိုလ်၌၊ တိုက်ရိုက်ရှစ်အင်ပြည့်။

၂။ ပုဗ်, ပစ်, မိဋ္ဌ, ဗောခာ၊ ဥဒ်, အာ-ရှစ်ခုသိ။

လို့ဆိုတဲ့ လင်္ကာဆောင်ပုဒ်အတိုင်း- ကထိန်ခင်းထိုက်သူ၊ ကထိန်းခံယူတဲ့သူဟာ အင်္ဂါရှစ်ပါးကို သိထားရမည်တဲ့။

(၁) ပုဗ်-အရ-ပုဗ္ဗကရဏကို သိရမည် လို့ဆိုပါတယ်။ ယင်းပုဗ္ဗကရဏဆိုတာလဲ-

**ဆောင်ပုဒ်။** ဖွပ်-စီရင် ဖြတ်၊ တဲစပ် ချုပ်ဆိုး၊ ဗိန္ဒုထိုး။ ခေါ်ရိုး ပုဗ္ဗမည်။

ဆိုတဲ့အတိုင်း သင်္ကန်းလျာဖြစ်တဲ့အဝတ်ကို ဖွပ်လျှော်ခြင်း-ဓောဝန, ငါးခဏ်း, ခုနစ်ခဏ်းစသည်ဖြင့် စီရင်ခြင်း-ဝိစာရဏ၊ ဖြတ်တောက်ခြင်း-ဆေဒန၊ တဲစပ်ခြင်း၊ ဖွဲ့ခြင်း-ဗန္ဓန၊ ချုပ်ခြင်း သိဗ္ဗန၊ ဆိုးရည်ထိုးခြင်း-ရဇန၊ ကပ္ပဗိန္ဒု ဆိုးခြင်း ကပ္ပကရဏ-ဟု ဆိုတဲ့ ကထိန်မခင်းမီ ရှေးအဘို့က ကြိုတင်စီစဉ် ပြုထားအပ်သော ပုဗ္ဗကရဏ ခုနစ်ပါးကို သိနားလည်ထားရမည်။

(၂) ပစ်-အရ၊ ပစ္စုဒ္ဓါရ-ကို သိထားရမည်ဆိုတာ အမည်အားဖြင့် အဓိဋ္ဌာန် တင်ထားသော သင်္ကန်းကို ဉပမာ- ဒုကုဋ်သင်္ကန်းကြီးဖြစ်က "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"

စသည်ဖြင့် အမည်အားလျော်စွာ အဓိဋ္ဌာန်ချခြင်းကို ဆိုပါတယ်၊ ယင်းသို့ ပစ္စုဒ္ဓိုရ်ပြုခြင်း အဓိဋ္ဌာန်ချခြင်းကိုလဲ သိထား နားလည်ထားရပါတယ်။

(၃) ဓိဋ္ဌ-အရ၊ အဓိဋ္ဌာနကို သိရမည်ဆိုတာက-ယခုကထိန်းခင်းမည့် သင်္ကန်းသစ်ကို "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" အစရှိသည်ဖြင့် အမည်အားလျော်စွာ အဓိဋ္ဌာန်တင်ခြင်းကို ဆိုလိုပါတယ်။

(၄) တ္ထာ-အရ၊ အတ္ထာရ-ကထိန်ခင်းခြင်းကို သိရမည်ဆိုတာက ကထိန်းခင်းမည့် သင်္ကန်းအားလျော်စွာ ဥပမာ- ဒုကုဋ္ဌသင်္ကန်းကြီးဖြစ်ခဲ့လျှင် "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"စသည်ဖြင့် ကထိန်ခင်းခြင်းနှင့် "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထ"ဟု တိုက်တွန်းခြင်း။ "အနုမောဒါမ"ဟု အနုမောဒနာ ပြုခြင်းတို့ကို သိရှိနားလည်ထားရမည်လို့ ဆိုတယ်။

(၅) မာ-အရကတော့- "ပက်, နိဋ္ဌ, သန်, နာ၊ သ အာသာ၊ သီမာ-သဟုဗ်-ရှစ်" ဟု ဆိုတဲ့အတိုင်း—

က။ ပက္ကမနန္တိက- ဖဲသွားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း။
ခ။ နိဋ္ဌာနန္တိက၊ ပြီးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း။
ဂ။ သန္နိဋ္ဌာနန္တိက-ဆုံးဖြတ်ခြင်းလျှင် အရင်းရှိသော ကထိန်နုတ်ခြင်း။
ဃ။ နာသနန္တိက-ပျက်စီးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း။
င။ သဝနန္တိက-ကြားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း။
စ။ အာသာဝစ္ဆေဒိက အလိုအာသာ ကင်းပြတ်ခြင်းရှိသော ကထိန်နုတ်ခြင်း။
ဆ။ သီမာတိက္ကမန္တိက-ကထိန်ခေတ်ကို လွန်ခြင်းလျှင် အဆုံးရှိသောကထိန်နုက်ခြင်း။
ဇ။ သဟုဗ္ဘာရ- ရဟန်းသံဃာများနှင့် အတူတကွနုတ်ခြင်း-ဟု ဆိုအပ်သော ကထိန်နုတ်ခြင်း ဟု ဆိုအပ်သော မာတိကာရှစ်ပါးကိုလဲ သိနားလည်ထားရမည်တဲ့။

(၆) ဗောဓာ အရ—စီဝရ ပလိဗောဓ, အာဝါသ ပလိဗောဓ-ဟူသော ပလိဗောဓနှစ်ပါကိုလဲ နားလည်ထားရမည်။

(၇) ဥဒ် အရ- ဥဒ္ဓါရ ကထိန်နုတ်ခြင်း ဆိုတဲ့ ဆိုအပ်ခဲ့ပြီးသော မာတိကာ ရှစ်ပါးဖြင့် ကထိန်နုတ်ခြင်းကို သိနားလည်ရမည်။

(၈) အာ အရ-အာနိသံသ ဆိုတာကတော့ ယခင် ပြဆိုခဲ့တဲ့ အနာမန္တစာရ, အသမာဒါန စာရ, ယာဝဒတ္ထ စီဝရ, ဂဏဘောဇန, ယောစတတ္ထစီဝရုပ္ပါဒ-ဆိုတဲ့ ကထိန်အကျိုး အာနိသင် ငါးမျိုးကိုလဲ သိနားလည်ရမည်တဲ့။

ဗုဒ္ဓဘာသာဝင် သူတော်စင်များဖြစ်ကြတဲ့ ဒါယကာ ဒါယိကာမ များအနေဖြင့် ယခုလို နှစ်စဉ်နှစ်တိုင်း ကထိန်အလှူပွဲကို လှူဒါန်းကြမြဲ ဖြစ်သဖြင့် ကထိန်နှင့်စပ်၍ သိသင့် သိထိုက်တာ

ကလေးများကို ပြောလိုက်ရတာကိုး၊ ဤမျှဆိုလျှင် ကထိန်ခင်းခြင်းကိစ္စ ပြီးမြောက်ကြပြီလား-ဆိုတော့ မပြီးသေးပါဘူး။

ကထဉ္စ ဘိက္ခဝေ အတ္ထတံ ဟောတိ ကထိနံ၊ အဟတေန အတ္ထတံ ဟောတိ ကထိနံ၊ အဟတကပ္ပေန အတ္ထတံ ဟောတိ ကထိနံ။ (ဝိနယ-မဟာဝါပါဠိ-၃၅၁)။

အစရှိသဖြင့် ဟောကြားအပ်သော ကထိန်ခင်းခြင်း အောင်မြင်ပြီးမြောက်ရန် တကြိမ်တခါမျှ မဝတ်မရုံရသေးသော အဝတ်သစ်, သင်္ကန်းသစ်ဖြင့် ကထိန်ခင်းခြင်း, တကြိမ်တခါ ဝတ်ရုံဘူးသော်လဲ အရောင်အဆင်း မပျက်ပြယ်သေးသဖြင့် အသစ်နှင့်တူသော အဝတ်သင်္ကန်းဖြင့် ကထိန်ခင်းခြင်း-အစရှိသည်ဖြင့် တဆယ့်ခုနစ်ပါးသော အကြောင်းအရာများလဲ ရှိပါသေးတယ်၊ သို့သော်လဲ ထို ကထိန်ခင်းခြင်းကိစ္စ ပြီးမြောက်နိုင်သောအရာ တဆယ့်ခုနစ်မျိုးကိုလဲ အကျယ်ထုတ်ပြနေလျှင် လိုရင်းကိစ္စမရောက်ပဲ တရားကြော ရှည်သွားရော့မယ် နော်၊ သို့အတွက် လိုရင်းအချက်ဖြစ်တဲ့ ကထိန် ဖြစ်ပေါ်လာပုံ မြတ်စွာဘုရားက ခွင့်ပြု ပညတ်တော်မူခဲ့ပုံ အကြောင်း အချက်အလက်ကိုသာ ဆက်ပြီး ဟောပြောကြစို့ရဲ့။

ယခုခေတ်, ယခုအခါအထိ ဗုဒ္ဓဘာသာဝင် သူတော်စင်များ လေးလေးစားစား, မြတ်မြတ်နိုးနိုး ကြိုးစားအားထုတ် ပြုလုပ်နေကြတဲ့ ကထိန်အလှူမင်္ဂလာ ဖြစ်ပေါ်လာတဲ့ အကြောင်းရင်းကတော့-သုံးလောကထွဋ်တင် သဗ္ဗညုဘုရားရှင်သည် သာဝတ္ထိပြည်, ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပျော် သီတင်းသုံးစဉ်အခါက ဖြစ်ပါတယ်။

ထိုအခါက သာဝတ္ထိပြည်ရှင် ဘုရင်ကောသလမင်းကြီးနှင့် မိကွဲ, ဘတူ ညီအကို တော်စပ်ကြသော သုံးဆယ် အတိုင်းအရှည်ရှိကြသော ပါဝေယျကတိုင်း၌ သီတင်းသုံး နေထိုင်ကြကုန်သော ဘဒ္ဒဝဂ္ဂီ ရဟန်းတော်များဆိုတာ ရှိပါတယ်၊ အဲဒီ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ် ရဟန်းဘောင်သို့ တက်ရောက်လာတာကလဲ တော်တော်တော့ စိတ်ဝင်စားဘွယ်ကောင်းတယ်-နော်၊ ဒါကြောင့်မို့ ဇာတ်ကြောင်း ပြန်လှန်ရလျှင်တော့ ဦးပဉ္စင်းတို့ - သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ပထမဆုံးဝါကို ဗာရာဏသီပြည်၊ ဣသိပတန မိဂဒါဝုန်တော၌ ဝါကပ်ဆိုတော်မူလျက် ပဉ္စဝဂ္ဂီ ရဟန်းငါးပါးတို့ကို ဓမ္မစကြာတရားဦး ဟောကာ ချွတ်ချွတ်တော်မူခြင်း, ယသ သဌေးသား အမှူးထားသော သူငယ်ချင်း ငါးကျိပ်ငါးယောက်တို့ကို ဆုံးမ, ချွတ်ချွတ်တော်မူခြင်း ပြုတော်မူ၍ ထိုအခါ လူ့ပြည်လောက၌ မြတ်စွာဘုရားပါ လူသား,ရဟန္တာ ခြောက်ကျိပ်တပါး (၆၁ ပါး) ဖြစ်တွန်းလာပါတယ်၊ ထိုနှစ် ဝါကျွတ်သောအခါ ရဟန္တာ ခြောက်ကျိပ်တို့ကို-

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ လောကာနုကမ္ပါယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ (ဝိ-မဟာဝဂ္ဂ-၂၇)။

ဘိက္ခဝေ၊ ရဟန်းတော်များ, အို ချစ်သားတို့။ ဗဟုဇန ဟိတာယ၊ များစွာသော လူတို့၏ အစီးအပွားကို ပြုခြင်းငှာ။ ဗဟုဇန သုခါယ၊ များစွာသောလူတို့ ချမ်းသာသုခ ရရှိစေခြင်းငှာ။ လောကာနုကမ္ပါယ၊ သတ္တလောကကို အစဉ်စောင့်ရှောက်ခြင်း အကျိုးငှာ။ ဒေဝမနုဿာနံ၊ နတ်, လူတို့၏။ အတ္ထာယ၊ လောကုတ်-လောကီ နှစ်လီပွားတိုး အကျိုးများခြင်းငှာ။ ဟိတာယ၊ စီးပွားခြင်းငှာ။

သုခါယ၊ ချမ်းသာခြင်းငှာ။ စာရိကံ၊ စန်းကျင်ပတ်ချာ, သွားလာလှည့်လည်, ဒေသစာရီကို။ စရထ၊ သတ္တဝါဗိုလ်လူ, ခပ်သိမ်းသူကို, ကြည်ဖြူသနား, ချီးမြင့်သောအားဖြင့် လှည့်လည်ကာ သွားလာကြကုန်လော့။

ဤသို့ အစရှိသဖြင့် မိန့်ကြားတော်မူကာ သာသနာပြုရန် စေလွှတ်တော်မူပါတယ်၊ မိမိကိုယ်တော်တိုင်ကမူ ကဿပညီနောင် ရှင်တထောင်ကို ချွေချွတ်တော်မူရန် ဥရုဝေလ တောအုပ်ဖက်သို့ ကြွသွားတော်မူရာ လမ်းခရီးအကြားဝယ် ကပ္ပါသိက-မည်သော တောအုပ်တွင်းသို့ ရောက်ရှိတော်မူသောအခါ သစ်ပင်တပင်ရင်း၌ သီတင်းသုံး ထိုင်နေတော်မူသတဲ့။

ထိုအခါ ဘဒ္ဒဝဂ္ဂီ မင်းသားညီနောင် သုံးကျိပ်တို့ဟာ မိမိတို့၏ ဇနီးမယားများနှင့် အတူ တောအုပ်တွင်းသို့ ဝင်ရောက် သွားလာကြသတဲ့၊ မင်းသားညီနောင်သုံးကျိပ်တို့တွင် တယောက်သောသူမှာ ချစ်ဇနီးမရှိ,လူပျိုကြီးဖြစ်သဖြင့် ထိုသူအတွက် ရုပ်ဆင်းအင်္ဂါတင့်တယ်လှပသော ပြည့်တန်ဆာမ တယောက်ကို ခေါ်ယူလာခဲ့ကြသတဲ့။

ပြည့်တန်ဆာမ ဆိုသော်လဲ အထင်တော့ မသေးလိုက်ကြနှင့် နော်၊ ထိုခေတ် ထိုအခါက ပြည့်တန်ဆာမ,ရာထူးဆိုတာလဲ သေးတာမဟုတ်ဖူးတဲ့၊ တိုင်းပြည်တွင် ရုပ်ဆင်းအင်္ဂါလှပ တင့်တယ် ရှုချင်ဘွယ်ရှိသော အမျိုးသမီးကို မင်းညီမင်းသားများ တိုင်းပြည်၌ ထင်ရှားတဲ့ သဌေး သူကြွယ်များ ပျော်ပါးရအောင် ယခုလို လူပျိုကြီးမင်းသားများ, သဌေး,သူကြွယ်များအတွက် တမင်သက်သက် တိုင်းပြည်သခင် ဘုရင်မင်းမြတ်ကိုယ်တိုင်က အသိအမှတ်ပြုပြီး ခန့်ထားရတဲ့ အမျိုးသမီး ဖြစ်ပါတယ်၊ တိုင်းတပါးမှ ရောက်လာတဲ့ မင်းညီမင်းသားများ, ဂုဏ်သရေရှိ လူကြီးလူကောင်းအမည်ခံတဲ့ ဝန်ကြီးများ မှူးကြီး မတ်ကြီးများ, သဌေး သူကြွယ်များ ရောက်လာလျှင်လဲ ထိုအမျိုးသမီးကပဲ ဧည့်ခံရသတဲ့။

ဒါ့ကြောင့်မို့ ပြည်ရဲ့ တန်ဆာလို့ ခေါ်တယ်၊ ပါဠိလိုတော့ နဂရသောဘိနီ-တဲ့၊ အဓိပ္ပာယ်ကတော့ တိုင်းပြည် မြို့ရွာကို တင့်တယ်စေတတ်၊ စည်ကား သာယာစေတတ်သော အမျိုးသမီး-လို့ ဆိုပါတယ်၊ အကြောင်းဆိုက်လာလို့သာ ပြောလိုက်ရတာ နော်၊ ရယာန်းသံဃာနှင့် လျော်ကန်တဲ့ စကားတွေတော့ မဟုတ်ပါဘူး။

ထို ဘဒ္ဒဝဂ္ဂီ မင်းသားညီနောင် သုံးကျိပ်တို့ဟာ အသီးသီးသော မိမိတို့အတွဲများနှင့် တောအုပ်ကြီးထဲ လှည့်လည်သွားလာ၍ ပျော်ကြ, ရွှင်ကြ, စားကြ, သောက်ကြပြီးနောက် အရိပ်ကောင်းသော သစ်ပင်ကြီးအောက် ရောက်သောအခါ ဗိုက်ထဲမှာလဲ အစာရောက်သဖြင့် ဗိုက်ကလဲ လေး, သစ်ပင်ရိပ်ကလဲ အေးအေး, ပျော်ရွှင်မြူးတူး သီကြူးကြတဲ့ သီချင်းသံ, တေးသံကလဲ ယဉ်ယဉ် ကျေးကျေးဆိုတော့ အချို့သော မင်းသားများဟာ အမောအပမ်းဖြေယင်း မှေးစက်သွားကြသတဲ့၊ မြို့ကြီး ပြကြီးများမှာ နေထိုင်ကြရတဲ့ သူများဟာ ရံခါရံခါ ဒီလို တောမြိုင်အတွင်း လှည့်လည်သွားလာရတာဟာ ထူးခြားတဲ့အရသာတမျိုးပဲ ထင်ပါရဲ့နော်။

အဲဒီလို မင်းညီမင်းသားများ တောတောင်ရိပ်မြိုင်အတွင်း အေးချမ်းသာယာခြင်း အရသာ ထူးကို ခံစားယင်း မှေ့လျော့နေကြစဉ် အကြံရှင်ဖြစ်တဲ့ ထို ပြည့်တန်ဆာမ,က မင်းသားများရဲ့ အဖိုးထိုက်တန်လှသော ဝတ်စားတန်ဆာ ရတနာများကို ယူဆောင်ကာ ထွက်ပြေးသွားလေတော့

သတဲ့၊ မင်းသားများလဲ ထို ပြည့်တန်ဆာမ ကို မမြင်သဖြင့် မေးမြန်း စစ်ဆေးကြည့်ကြတော့မှ မိမိတို့ ဝတ်စားတန်ဆာ ရတနာပစ္စည်းများကိုပါ ယူဆောင်ကာ ထွက်ပြေးသွားကြောင်းကို ကောင်းကောင်းကြီး သိရှိကြတော့သတဲ့၊ ထိုအခါမှ သောက်စားမူးယစ် အိပ်ပျော်နေကြသူများကို ပြောဆိုအသိပေးပြီး တောအုပ်အတွင်း လှည့်လည်ကာ ပြည့်တန်ဆာမ ကို ရှာဖွေကြရာက သစ်ပင်ကြီးတပင် အရင်း၌ သီတင်းသုံးနေတော်မူသော သုံးလောကထွဋ်ထား မြတ်စွာဘုရားကို ဖူးမြင် တွေ့ကြရလေသတဲ့။

မင်းသားများသည် မြတ်စွာဘုရားကို တွေ့မြင်ရလေလျှင် ထိုမြတ်စွာဘုရား သီတင်းသုံးရာသို့ ချဉ်းကပ် သွားရောက်ပြီး မြတ်စွာဘုရားကို "အပိ ဘန္တေ ဘဂဝါ ဧကံ ဣတ္ထိံ ပဿေယျ=ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အမျိုးသမီးတယောက်ကို မြင်တော်မူလိုက်ပါရဲ့လား ဘုရား" ဟု လျှောက်ဆို မေးမြန်းပါတယ်၊ တကဲ့ မင်းသားတွေပဲနော် သူတို့ မိန်းမ ပျောက်တာကို မြတ်စွာဘုရားကိုပင် မေးလျှောက် သေးတယ်။

ထိုအခါမှာ မဟာကရုဏာသခင် ဘုရားရှင်က အမောင်မင်းသားတို့ သင်တို့သည် ထိုမိန်းမကို အဘယ့်ကြောင့် မေးမြန်းကြလေသနည်း-ဟု မေးမြန်းတော်မူရာ ဘဒ္ဒဝဂ္ဂီ မင်းသား ညီနောင်များက "မြတ်စွာဘုရား-တပည့်တော်တို့သည် သုံးကျိပ်သော ဘဒ္ဒဝဂ္ဂီ မင်းသား ညီနောင်များ ဖြစ်ကြပါသည်၊ တပည့်တော်တို့သည် အသီးအသီးသော မိမိတို့၏ ဇနီးမယားဖြင့် ဤ တောအုပ်ကြီးအတွင်းမှာ လှည့်သည်ကျက်စား ပျော်ပါး သွားလာ နေကြပါသည်။ တပည့်တော်တို့ မင်းသားများထဲတွင် တယောက်သော မင်းသားမှာ ဇနီးမယား မရှိပါသဖြင့် ပြည့်တန်ဆာမ တယောက်ကို ထို မင်းသားအတွက် ခေါ်ယူလာရာ၊ ထို ပြည့်တန်ဆာမသည် တပည့်တော်များ မေ့လျော့ နေကြကုန်စဉ် ပစ္စည်းဘဏ္ဍာများကို ခိုးယူကာ ထွက်ပြေး သွားပါသည်ဘုရား၊ သို့အတွက် တပည့်တော်များသည် ထို ပြည့်တန်ဆာမကို လိုက်ရှာယင်း ဤတော အုပ်ကြီး အတွင်းမှာ လှည့်လည် နေကြပါသည်ဘုရား" ဟု လျှောက်ထားသတဲ့၊ တောမြိုင်ကြီး အတွင်းမှာ ပြည့်တန်ဆာ အမျိုးသမီးကို လှည့်လည်ကာ ရှာနေကြတဲ့ သူတွေပေါ့နော်၊ မင်းသားများရဲ့ လျှောက်စကားကို ကြားရသော မြတ်စွာဘုရားက–

တံ ကိံ မညထ ဝေါ ကုမာရာ၊ ကတမံ နုခေါ တုမှာကံ ဝရံ၊ ယံ ဝါ တုမှေ ဣတ္ထိံ ဂဝေသေယျာထ၊ ယံ ဝါအတ္တာနံ ဂဝေသေယျာထ။ (ဝိ-မဟာဝဂ္ဂပါဠိ-၃၁)

ကုမာရာ၊ မိန်းမတယောက်အတွက်၊ စိတ်လက်မသာ၊ လှည့်လည်ကာ သွားလာ၍ လိုက်ရှာနေငြား အမောင်မင်းသားတို့။ မယာ၊ ငါဘုရားသည်။ ငေ့မာန်၊ ကရုဏာ ရှေ့ထား ပြောကြားအပ်သော။ ယံဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိပေ၏။ တံဝစနံ၊ ငါဘုရား မိန့်ကြားမည့် ထိုစကားကို။ တုမှေ၊ အမောင်မင်းသားတို့သည်။ ကိံ မညထ၊ အဘယ်သို့ ဆင်ခြင် အောက်မေ့မှတ်ထင်ကြကုန် ဘိသနည်း။

တုမှေ၊ သင်မင်းသားတို့သည်။ ဣတ္ထိံ၊ မိန်းမကို။ ယံဂဝေ သေယျာထ၊ အကြင် ကြိုးစားသွားလာ ရှာကုန်ရာ၏။ တံဝါ ဂဝေသနံ၊ ထို မိန်းမကို ထိုထိုလှည့်ကာ ရှာခြင်းသည်လည်း။ ဝရံ၊ ပစ္စုပ်သံသာ, နှစ်ပြာအကျိုး, ပွားတိုးစေတတ် မြတ်လေသလော။ အတ္တာနံ၊ မိမိကိုယ်ကို။ ယံဂဝေ

သေယျာထ၊ အကြွင်ကြိုးစားလျက်သာ၊ ရှာကုန်ရာ၏။ တံ၀ါ၊ ဂဝေသန်၊ ထို မိမိကိုယ်ကို ကောင်းစေလို၍ မြဲသိစိတ်မှာ ဖွေရှာခြင်းသည်လည်း။ ၀ရံ၊ ပစ္စုပ်သံသာ, နှစ်ဖြာအကျိုး, ပွားတိုးစေတတ်, မြင့်မြတ် လေသလော။ တုမှာကံ၊ အသင်မင်းသားတို့အား။ ကတမံ၊ မိန်းမကိုရှာ, ကိုယ်ကိုရှာဟု, နှစ်ဖြာရှိရာ၊ အဘယ်ဟာသည်။ ၀ရံ နုခေါ မြတ်လေ ဘိသနည်း။ ဝါ၊ ပစ္စုပ္ပန်မှာလဲ တင့်တယ်၊ သံသရာဝယ် အကျိုးများစေသဖြင့် တိုးပွားစေတတ်, မြင့်မြတ် လှလေ ဘိသနည်း။

အို-အမောင်မင်းသားတို့- ငါဘုရား မိန့်ကြားမည့် စကားကို သင် မင်းသားတို့ မည်သို့ မှတ်ထင်ကြသနည်း၊သင်တို့သည် မိန်းမကို ရှာဖွေကြကုန်၏၊ထိုမိန်းမကို ရှာဖွေခြင်းကပင် မြတ်လေသလော-မိမိကိုယ်ကို ရှာဖွေကြကုန်၏၊ ထို မိမိကိုယ်ကို ရှာဖွေခြင်းကပင် မြတ်လေသလော၊ အမောင် မင်းသားတို့အား မိန်းမကို ရှာဖွေခြင်း, မိမိကိုယ်ကို ရှာဖွေခြင်း နှစ်မျိုးတို့တွင် အဘယ် ရှာဖွေခြင်းက ပစ္စုပ္ပန် မျက်မှောက် ဘ၀မှာလဲ တင့်တယ်ခြင်း, ကောင်းမြတ်ခြင်း, သံသရာဘ၀ အဆက်ဆက်မှာလဲ တင့်တယ်ခြင်း ကောင်းမြတ်ခြင်း ဖြစ်လေမည်နည်း-ဟု မေးမြန်းတော် မူပါတယ်၊ ဆိုလိုတာက တော့- လောကမှာ သူ့ကို ရှာတာက မြတ်သလား၊ ကိုယ့်ကို ရှာတာက မြတ်သလားလို့ မေးမြန်းတော် မူလိုရင်းပဲနော်· (ဒကာကြီးဦးစိန် ။

လောကမှာ များသောအားဖြင့် သူ့ကို ရှာနေကြသူကသာ များနေကြတယ်နော်၊ အမျိုးသားက အမျိုးသမီးကို အာရုံပြုတယ်၊ ရှာဖွေတယ်၊ အမျိုးသမီးက အမျိုးသားကို အာရုံပြုတယ်၊ ရှာဖွေတယ်၊ စိတ်ဝင်စားတယ်၊ နောက်ပြီးတော့-အပြင်အပ ဗဟိဒ္ဓဖြစ်တဲ့ ရွှေ, ငွေ, ကျောက်သံ, ပတ္တမြား, လယ်ယာ ကျွဲ, နွား အစရှိတဲ့ ပစ္စည်းဥစ္စာကို အာရုံပြုတယ်၊ ရှာဖွေ နေကြတယ်နော်၊ အဲဒါတွေဟာ သူ့ကို ရှာနေကြတာတွေ ချည်းပါပဲ၊ ဘုန်းကြီးရဟန်း သံဃာများ အနေဖြင့်လဲ လာဘ်လာဘပေါများရေး ဘုန်းကံ ကြီးမားရေးတို့ကို အာရုံပြုနေတယ်။

မိမိရဲ့ သမဏ ဓမ္မကို လုံ့လ မပြုပဲ လောကီရေး လာတ်လာဘ ပေါများရေး ဘုန်းကံ ကြီးမားရေးတို့ကို အာရုံပြုနေယင် သူ့ကို ရှာနေတာပဲလို့ ဆိုရမယ်နော်၊ ဒကာ-ဒကာမတွေက လူတွေကို ဖိပြော နေတယ်လို့ ထင်မှားနေမည်စိုး၍ ဘုန်းကြီးတွေလဲ လောကီရေး စိတ်ဝင်စားနေယင် ၎င်းပါပဲလို့ဆိုတာ ပြောလိုက် ရတာကိုး၊ ကိုယ့်ကိုယ်ကို ရှာတယ်ဆိုတာကတော့· မိမိအတွက် ပစ္စုပ္ပန်မှာရော သံသရာမှာပါ မှန်စွာတိုးတက်, အကျိုးထွက်မည့်, ဒါန, သီလ, ဘာဝနာ·ဟူသော ကုသိုလ်ကောင်းမှု ဖက်ကို မျက်နှာမူခြင်း ကြိုးစား အားထုတ်ခြင်းကို ဆိုပါတယ်၊ဘဝ သံသရာ တလျှောက်လုံး ကိုယ်ကို ရှာခဲ့တာက နည်းလှပါတယ်၊ သူ့ကိုသာ ရှာနေတာ ရှာလာခဲ့တာက များပါတယ်နော်။

ယခုခေတ် တေးဂီတတွေဆိုတာ ကြားရသေးတယ်၊ "သူ့ကိုယ်မှ ချစ်မိနေပါတယ်" ဆိုလား၊ ဒါ့ကြောင့်မို့ သံသရာမှာ သူ့ကိုသာ လိုက်ရှာ လာခဲ့ကြတာ များပြီလို့ ဆိုရတာကိုး၊ သဝိညာဏက အဝိညာဏက အပြင် ဗဟိဒ္ဓ အာရုံများကိုသာ လိုက်ရှာနေကြခြင်း၊ မပြစ်ရက်အောင် ချစ်ခင်နှစ်သက် နေကြခြင်းဟာ တကယ်စင်စစ်တော့ နစ်ဘို့တာ ဖြစ်တယ်နော်၊ အမှန်စင်စစ် ရှာရမှာက မိမိကိုယ်ကို၊ ချစ်ရမှာက မိမိကိုယ်ကိုဖြစ်ပါတယ်၊ ဒါ့ကြောင့်မို့ သဗ္ဗညု မြတ်စွာဘုရားက ကောသလ မင်းကြီးအား ဟောသြားတော်မူခဲ့သည်မှာ–

အတ္တာနဉ္စေ ပိယံ ဇညာ၊ နနံ ပါပေန သံယုဇေ။
န ဟိ တံ သုလဘံ ဟောတိ၊ သုခံ ဒုက္ကဋကာရိနာ။

(သဂါထာဝဂ္ဂ သံယုတ္တပါဠိ-၇၂-ပိယသုတ္တ)။

အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ အပြစ်မတင်, အနှစ်ထင်ကာ, ချစ်ခင်အပ်၏-ဟူ၍။ စေဇညာ၊ အကယ်၍သာ သေချာထင်ရှား, သိမြင်ငြားအံ့။ နံအတ္တာနံ၊ ကောင်းမြတ်စေချင်, ချစ်ခင်ကြည်ညို ထို မိမိကိုယ်ကို။ ပါပေန၊ အပါယ်ဒုဂ္ဂတိ၊ ရောက်မည့်အကြောင်း မကောင်းမှုနှင့်။ နသံယုဇေ၊ သတိရှေ့ထား တရားသက်ဝင်, မပေါင်းမယှဉ်စေရာ။ ဟိသစ္စံ၊ အမှန်မူကား။ ဒုက္ကဋကာရိနာ၊ ဒုစရိုက်စု, မကောင်းမှုကို ပြုလုပ်လေ့ ရှိသောသူသည်။ တံသုခံ၊ လူ, နတ် နိဗ္ဗာန်, သုံးတန်ခေါ်ရာ ထို ချမ်းသာကို။ သုလဘံ၊ ပင်ပန်းမရှိ, မိမိတကယ်, ရရှိလွယ်သည်။ နဟောတိ၊ အမှန်စင်စစ်, မဖြစ် နိုင်လေသည်သာတည်း။

မိမိကိုယ်ကို အမှန်တကယ် ချစ်ခင်နှစ်သက် ခဲ့ပါလျှင် ထို မိမိကိုယ်ကို အကုသိုလ်မှု ဒုစရိုက်နှင့် အမြဲအစဉ် ပေါင်းယှဉ်ကာ မထားရပါဘူးတဲ့၊ မကောင်းမှု အကုသိုလ် တရားများကို လေ့လာ လိုက်စား ပွားများ အားထုတ်သောသူ, ပြုလုပ်လေ့ ရှိသောသူသည် မိမိ လိုလားတဲ့ ချမ်းသာသုခ အဝဝကို မုချလွယ်ကူစွာ မရရှိနိုင် ပါဘူးလို့ ဆိုလိုပါတယ်၊ မကောင်းတာ လုပ်လျှင် မကောင်းတဲ့ အကျိုးသာ ပေးမှာကိုး၊ ကောင်းမြတ်တဲ့ အကျိုးတရားကို ပေးရိုးမရှိပါဘူးနော်၊ ဘဒ္ဒဝဂ္ဂီ ညီနောင် များအကြောင်း ပြန်ဆက် ကြဦးစို့ရဲ့၊ ထိုကဲ့သို့ မြတ်စွာဘုရားက အသင်တို့သည် ထို ထွက်ပြေးသွား သော မိန်းမကို လိုက်ရှာခြင်းကပဲ မြတ်သလား၊ သို့မဟုတ် မိမိတို့ ကိုယ်ကို ရှာခြင်းကပဲ မြတ်သ လား-ဟု မေးမြန်းတော် မူသောအခါ ထို မင်းသား ညီနောင်များဟာလဲ "တောက်မည့်မီးခဲ တရဲရဲ" ဆိုတာလို အသိဝင်ကာ အမြင်ပေါက်ပြီး ဤကဲ့သို့ လျှောက်ထား လိုက်လေသတဲ့။

ဧတ ဒေဝ ဘန္တေ အမှာကံ ဝရံ၊ ယံမယံ အတ္တာနံ ဂဝေသေယျာမ။ (ဝိ-မဟာဝဂ္ဂ-၃၂)။

ဘန္တေ၊ သုံးလောက ထွဋ်ထား မြတ်စွာဘုရား။ မယံ၊ ဘဒ္ဒဝဂ္ဂီ၊ နောင်ညီတွင်ခေါ် တပည့် တော်တို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ယံဂဝေသေယျာမ၊ သမ္ဗောဓိသတိ၊ ဉာဏ်အမြင်ရှိကာ အကြင် ကြိုးစား ရှာဖွေကုန်ရာ၏။ဧတ ဒေဝ ဂဝေ သနံ၊ ထို မိမိတို့ကိုယ်ကို ကြည်ညိုသဒ္ဓါ ဖွေရှာခြင်းသည်သာ လျှင်။ အမှာကံ၊ တရားမယှဉ်, ဉာဏ်မြင်မရှိ ဖြစ်ခဲ့ဘိငြား, တပည့်တော်တို့အား။ ဝရံ၊ ပစ္စုပ္ပန်မှာလဲ ချမ်းသာ၊ သံသရာမှာလဲ အေးချမ်း ထူးမြတ်တဲ့ အကျိုးစု ရောမြွမ်းသဖြင့် အမှန်ပင် မြင့်မြတ် လှပါ ပေသည်ဘုရား။

ယင်းကဲ့သို့ လျှောက်ထားလေလျှင် သဗ္ဗညု ဘုရားရှင်ကလဲ အမောင်မင်းသားတို့ ထိုသို့ ဖြစ် လျှင် အမောင်မင်းသားတို့သည် ဤ သစ်ပင်ရင်း၌ ထိုင်ကြကုန်လော- အမောင်တို့အား ငါဘုရား တရားတော် မူပေအံ့ - ဟု မိန့်ကြားတော် မူလိုက်ပါတယ်၊ ဘဒ္ဒဝဂ္ဂီ မင်းသားညီနောင် တစုကလဲ "ကောင်းလှပါပြီဘုရား" ဟု လျှောက်ထားပြီးကာ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးလျက် သင့်တင့် လျှောက်ပတ်သော နေရာ၌ ထိုင်နေကြသတဲ့၊ သဗ္ဗညု မြတ်စွာဘုရားကလဲ မင်းသားများရဲ့ စိတ်ဓာတ် အစဉ်ကို ကြည့်ရှုတော်မူကာ စိတ်ဓာတ်တွေ နူးညံ့လာအောင် သဒ္ဓါဓာတ်အား တဖွားဖွား ဖြစ်ပေါ် လာအောင် ပထမဆုံး အလှူဒါန အကြောင်းအမျိုးမျိုး ဒါနကထာကို ဟောတော် မူပါတယ်။

ဒီ ဒါန တရားဟာ သတ္တဝါတွေရဲ့ စိတ်အစဉ်ကို ကြည်လင်အေးချမ်း စေတယ်၊ နူးညံ့ပျော့ပြောင်း လာစေတတ်ပါတယ်၊ ဘာ့ကြောင့်မို့လဲဆိုတော့ သူသူငါငါ သတ္တဝါ အများစုဟာ သံသရာ ကျင်လည် ခဲ့စဉ်မှာ ဒီ ဒါနတရားကိုသာ အများဆုံး ပြုခဲ့ကြရတာကိုး၊ ဒါ့ကြောင့်မို့ မြတ်စွာဘုရားရှင်ဟာ သတ္တဝါတွေ စရိုက်ကို ကြည့်ပြီး ဒါန ကထာကို ရှေးဦးစွာ ဟောကြားတော်မူမြဲ ဖြစ်ပါတယ်၊ ထိုနောက်မှ အစဉ်အတိုင်း သီလ ကထာ, သဂ္ဂကထာ, ကာမာနံ အာဒီနဝ ကထာ, နေက္ခမ္မေအာနိသံသကထာ တို့ကို ဟောကြားတော် မူလိုက်ပါတယ်။

ထိုနောက် မြတ်စွာဘုရားသည် ဘဒ္ဒဝဂ္ဂီ မင်းသား နောင်ညီ တစုတို့၏ နူးညံ့သောစိတ်, ခန့်ကြမ်းသောစိတ်, နီဝရဏတို့မှ လွတ်ကင်းသောစိတ်, တက်ကြွသောစိတ်,ကြည်လင်သော စိတ်ဓာတ်များ တဖွားဖွား ဖြစ်ပေါ်လာသည်၊ သိမြင်တော် မူသဖြင့် မြတ်စွာဘုရားတို့၏ သာမုက္ကံသိက ဓမ္မဒေသနာဖြစ်သော ဒုက္ခသစ္စာ သမုဒယ သစ္စာ, နိရောဓ သစ္စာ, မဂ္ဂသစ္စာ ဟု ဆိုအပ်သော သစ္စာလေးပါး မြတ်တရားကိုဟောကြားတော် မူပါတယ်။

ထိုအခါ အညစ်အကြေးမတင်၊ သန့်ရှင်းစင်ကြယ်သော အဝတ်သည် ဆိုးရည်ကိုကောင်းစွာ ယူသကဲ့သို့ ဆိုးရည်ဆိုးသောအခါ အရောင်ကောင်းစွာစွဲလာထင်သကဲ့သို့ ထိုနည်းအတူစွာပင် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့မှာလဲ မြတ်စွာဘုရား၏တရားတော်ကို နာယူနေရင်းပင်လျှင် "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓဓမ္မံ-ဖြစ်ပေါ်လာသမျှသခ်ါရဓမ္မအားလုံးသည် ချုပ်ဆုံးမှု သဘောလျှင် အဆုံးရှိပေသည် ဟု အညစ်အကြေးကင်းစင် အသိဉာဏ် ဝင်လာကြပါတယ်၊ ဓမ္မစက္ခု အလင်းဓာတ်ကို ရရှိသွားကြသတဲ့။

ဓမ္မစက္ခုအလင်းဓာတ် ရတယ်ဆိုတာ အချို့က သောတာပန် ဖြစ်သွားကြတယ်၊ အချို့က သကဒါဂါမ်ဖြစ်သွားကြတယ်။

အချို့ကတော့ အနာဂါမ်အဆင့်ထိ ဆိုက်ရောက်သွားကြပါတယ်တဲ့၊ ပါရမီရှင်တွေဆိုတော့ တရားနာယင်း ဉာဏ်အမြင်လင်းသွားကြတာပဲနော်၊ ယခု ဦးပဉ္စင်းတို့ ဒါယကာ-ဒါယိကာမများလဲ ဒီလို တရားနာယူယင်း ဉာဏ်အမြင် လင်းသွားအောင် အာရုံတပါး စိတ်မသွားပဲ သမာဓိတရားများများကြီးထားပြီး နာကြားကြစမ်းပါ၊ တရားတော်ကို နာယူယင်းပင် ပါရမီအလျောက် ဉာဏ်အမြင်တွေ ပေါက်သွားနိုင်ကြပါတယ်၊ (ဒကာကြီး ဦးစိန်ရှဲ)ငေးနေ ငိုင်နေယင်းတော့ ဘာမျှထူးခြားမှာမဟုတ်ပါဘူး။

ဒါကြောင့်မို့ သဒ္ဓါဓာတ်အား ပြုပြင်ထားပြီး နာကြားကြပါလို့ တိုက်တွန်း လိုက်ပါတယ်၊ ဘဒ္ဒဝဂ္ဂီ နောင်ညီမင်းသားများဟာ ဒီလိုတရားဓမ္မကို ကိုယ်တိုင်သိမြင်ကြရတော့ တချိန်ကကောင်းလှပါတယ်၊ ချမ်းသာလှပါဘယ်လို့ ထင်မြင်ယူဆ လိုက်စားခဲ့ကြတဲ့ လောကီစည်းစိမ်တွေကို လွန်စွာပူပြင်းလှသော မီးတွေလို့ရှုလုံးသွင်းကာ သိမြင်ပြီးနေတော့သတဲ့၊ သို့အတွက်ကြောင့် မြတ်စွာဘုရားကို ရိုသေစွာရှိခိုးလျက်–

"လဘေယျာမ မယံ ဘန္တေဘဂဝတောသန္တိကေ ပဗ္ဗဇ္ဇံ၊လဘေယျာမ ဥပသမ္ပဒံ-ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား–ဘုရားတပည့်တော်တို့သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်ကို ရလိုကြပါသည်၊ ရဟန်းပဉ္စင်းအဖြစ်ကို ရလိုကြပါသည်ဘုရား" ဟု လျှောက်ထား ခွင့်ပန်ကြပါတယ်၊

ထိုအခါ မဟာကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားက "ဘိက္ခဝေ၊ ရဟန်းတော်များ အို... ချစ်သားတို့၊ ဧထ၊ လာကြကုန်လော့"ဟု မိန့်ကြားတော်မူကာ "သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ= အို...ချစ်သားတို့ ငါဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူအပ်ပေပြီ။ သံသရာဝဋ် ဆင်းရဲ၏အဆုံးကို ပြုခြင်းငှာ မြတ်သောအကျင့်တရားကို ကောင်းစွာကြိုးစားကျင့်ပွားကြကုန်လော့"ဟု မိန့်ကြားတော်မူကာ ဧဟိ ဘိက္ခု ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူလိုက်ပါတယ်။

ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ဟာ ယခုအခါ ရဟန်းအဖြစ်သို့ ရောက်ရှိသွားကြပြီးနော်၊ အသီးသီးသော ဇနီးမယားများနှင့် အပျော်အပါး တောကစားထွက်လာခဲ့ရာ မိန်းမပျောက်လို့ လိုက်ရှာကြရာမှ မိမိတို့လိုလားသော အမျိုးသမီးမိန်းမကို မတွေ့ကြရပဲ မြတ်စွာဘုရားနှင့်တွေ့ပြီး ပါရမီအလျောက် ရဟန်းဘဝသို့ ရောက်လာခဲ့ကြတဲ့အတွက် မယားရှာရာက ဘုရားနှင့်တွေ့ပြီး ယခုတော့ တရားနှင့်မွေ့နေကြပြီး ဖြစ်ခြင်းကြောင့် ထိုဘဒ္ဒဝဂ္ဂီမင်းသား ညီနောင်သုံးကျိပ်တို့ ရဟန်းဖြစ်လာကြတာကလဲ စိတ်ဝင်စားဘွယ်၊ မှတ်သားဘွယ်ကောင်းတယ်လို့ ပြောဆိုခဲ့ရတာကိုး။

ထိုဘဒ္ဒဝဂ္ဂီ ရဟန်းတော်သုံးကျိပ်ဟာ ရဟန်းဖြစ်ပြီးနောက် ငါတို့ဟာ ခြေမွေး မီးမလောင်၊ လက်မွေးမီးမလောင် အေးအေးသာသာ နေလာခဲ့တဲ့သူတွေ၊ တိုင်းသူပြည်သားများ ဆက်သသော အခွန်ဘဏ္ဍာကို ချမ်းသာစွာ ကောက်ခံစားသောက်လာခဲ့တဲ့ သူတွေပဲဆိုပြီး၊ သမဏဓမ္မကို အလေးမမူ ခန္ဓာကိုယ်ကိုသာ အေးအေးလူလူ မွေးမြူနေကြတဲ့ ပုဂ္ဂိုလ်တွေမဟုတ်ဖူးနော်၊ ထိုဘဒ္ဒဝဂ္ဂီ ရဟန်းတော်သုံးကျိပ်လုံး တောရဆောက်တည်နေကြတဲ့ အရညကင် ဓုတင်ဆောင်ပုဂ္ဂိုလ်များချည်း ဖြစ်ကြသတဲ့၊ နောက်ပြီး အားလုံးပိဏ္ဍပါတ်ဓုတင်ကို ဆောင်တော်မူကြတယ်၊ ပံသုကူဓုတင်ကို ဆောင်တော်မူကြတယ်၊ တိစီဝရိတ် ဓုတင်ကိုဆောင်တော်မူကြတယ်၊ ရဟန်းတရားကို ကြိုးစားပွားများအားထုတ်တော်မူကြပါတယ်။

ထိုဘဒ္ဒဝဂ္ဂီ ရဟန်းတော်များသည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ သာဝတ္ထိပြည်သို့ကြွလာကြရာ ဝါဆိုရမည့်နေ့နီးကပ်လာသဖြင့် သာဝတ္ထိပြည်သို့ ဝါဆိုအမှီမရောက်နိုင်တော့ပဲ လမ်းခရီးအကြား သာကေတမြို့မှာသာ ဝါဆိုကပ်တော်မူကြရသတဲ့၊ ရှေးအခါက ယခုခေတ်လို ယာဉ်ရထားများ ရှိတာမဟုတ်တော့ ခြေလျင် ကြွသွားတော်မူကြရတာကိုး၊ ထိုဘဒ္ဒဝဂ္ဂီ ရဟန်းတော်များဟာ သာကေတမြို့မှာ ဝါဆိုနေကြရသော်လဲ ပျော်မွေ့တော် မမူကြဘူး၊ ပျင်းရိငြီးငွေ့ စိတ်ဆင်းရဲ နေကြသတဲ့၊ ဘာ့ကြောင့် ထိုအရှင်များ သာကေတမြို့မှာ ပျင်းရိငြီးငွေ့တော် မူကြပါသလဲ ဆိုတော့ "ငါတို့၏ ကျေးဇူးတော်ရှင် သဗ္ဗညုဘုရားရှင်သည် ငါတို့၏အနီး၌သာလျှင် သီတင်းသုံးနေတော် မူပေသည်၊ ဤသာကေတမြို့မှဆိုလျှင် ခြောက်ယူဇနာမျှသာ ဝေးပေသည်။ ငါတို့သည် သဗ္ဗညုမြတ်စွာဘုရားကို ဖူးမြင်ခွင့်မရနိုင်ကြပါတကား"ဟု တွေးတောပြီး ငြီးငွေ့ခြင်းဖြစ်နေကြခြင်းပါပဲ။

မိမိတို့ ကြည်ညိုလှ တွေ့မြင်ဖူးမြော်ချင်လှသော မြတ်စွာဘုရားကို အနီးအနားကပ်နေပြီး ဖူးမြင်ခွင့်မရဘူးဆိုတော့ စိတ်ဆင်းရဲ ဖြစ်ရတာပေါ့လေ၊ ဝါဆိုပြီးနောက် သုံးလမြောက် သီတင်းကျွတ်လပြည့်နေ့မှာ ဝါကျွတ် ပဝါရဏာပြုပြီးလျှင် ထိုဘဒ္ဒဝဂ္ဂီ ရဟန်းသုံးကျိပ်တို့သည် **မိုးကြီးရွာသွန်း**

သဖြင့် ဗွက်ကျွံ ညွန်နစ် စိတ်ညစ်ဖွယ်ကောင်းလှသော လမ်းခရီး၌ ညစ်ပတ်ပေရေ ရေစိုနေသောသင်္ကန်းတို့ဖြင့် ပင်ပန်းဆင်းရဲစွာ မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်အောင် ကြွရောက်လာကြသတဲ့။

ယခုခေတ်မှာလဲ ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ ဘေးရန်အန္တရာယ်အသွယ်သွယ်ကို ရေတွက်ခြင်းမပြုပဲ ဘုရားဖူးရန်အားထားလာကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ-ဒါယိကာမများဟာလဲ ထိုအရှင်များရဲ့ သဒ္ဓါတရားကဲ့သို့ လေးစားချီးကျူးလောက်ပါတယ်၊ ဝမ်းမြောက် နှမော်-သာဓုခေါ်ဘွယ် ကောင်းလှပါတယ်နော်၊ သဒ္ဓါတရား နည်းပါးသော အချို့သူများက ဘုရားဖူးရုံဖြင့် တရား ထူးမရနိုင်ပါဘူး၊ နိဗ္ဗာန်သို့ မျက်မှောက်မပြုနိုင်ပါဘူးလို့ ပြောကြဆိုကြတတ်တယ်နော်၊ ဝိနယပိဋက ပရိဝါအဋ္ဌကထာမှာ ဖုဿဒေဝမထေရ်ကြီးဟာ မာရ်နတ်ဖန်ဆင်းပြတဲ့ ဘုရားပုံတော် ဖူးမြင်ယင်း တဖွားဖွားဖြစ်ပေါ်လာတဲ့ ဗုဒ္ဓါရမ္မဏ ပီတိကို ဝိပဿနာ တင်ကာပွားသဖြင့် အရဟတ္တဖိုလ်ပေါက်သွားတယ်၊ ရဟန္တာဖြစ်သွားတယ်ဆိုတာ ထင်ရှားစွာရှိပါတယ်နော်။

အဲဒီဖုဿဒေဝ မထေရ်ကြီးဝတ္ထုဟာဘုရားဖူးယင်း တရားရတဲ့ ဝတ္ထုလို့ဆိုရပါတယ်၊(ပရိဝါအဋ္ဌကထာ-၁၇၄)၊ ဒါကြောင့်မို့ သူတပါး စေတနာသဒ္ဓါတရား ထက်သန်စွာထားပြီး ဘုရားဖူးသွားတာကို အပြစ်မဆိုမိဘို့လဲ သတိပေးရပါတယ် (ဒကာကြီး ဦးစိန်)၊ ယခု ဘဒ္ဒဝဂ္ဂီ နော်ဗ်ညီသုံးကျိပ်ဖြစ်တဲ့ ရဟန်းတော်များလဲ မြတ်စွာဘုရားကို ဖူးမြင်လိုလှသဖြင့် မိုးထဲလေထဲ ရေထဲမှာ ပင်ပန်းဆင်းရဲစွာကြိုးစားပြီး လာရောက်တော်မူကြတာနော်၊ ထိုရဟန်းတော်များသည် ဇေတဝန်ကျောင်းတော်သို့ရောက်လျှင် ဘုရားသီတင်းသုံးနေတော်မူရာသို့ ချဉ်းကပ်သွားရောက်ကြပြီး ရိုသေစွာရှိခိုးကာ အပြစ်ခြောက်ပါး ကင်းလွတ်ရာ၌ ရိုသေစွာလက်အုပ်ချီပြီး ထိုင်နေကြသတဲ့။

သဗ္ဗညုတ မြတ်စွာဘုရားတို့မည်သည် အာဂန္တု ရဟန်း သံဃာတော်များနှင့် အတူတကွ ဝမ်းမြောက်ဝမ်းသာ ပြောဆိုတော်မူကြခြင်းဟာ ဘုရားရှင်တို့ရဲ့အလေ့အကျင့်တော် တပါးပဲဖြစ်ပါတယ်၊ သို့ဖြစ်၍ အာဂန္တုဖြစ်ကြသော ဘဒ္ဒဝဂ္ဂီရဟန်းတော်များ မိမိထံမှောက် ရိုသေစွာရှိခိုးဦးညွှတ်၍နေလာသောအခါ မဟာကရုဏာသခင် သဗ္ဗညုဘုရားရှင်က—

ကစ္စိ ဘိက္ခဝေ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ
ဖာသုကံ ဝဿံ ဝသိတ္ထ၊ န စ ပိဏ္ဍကေန ကိလမိတ္ထ။ (ဝိ·မဟာဝဂ္ဂပါဠိ-၃၅၁)။

ဘိက္ခဝေ၊ သံသရာဝဋ်ဘေး၊ ကရှုတ်ချုံ့မှ၊ လွတ်လိုကုန်ငြား၊ အို ချစ်သားတို့၊ ကစ္စိ၊ အသို့နည်း၊ ခမနီယံ၊ ကျန်းခန့်သာ၍၊ မာပါသလော၊ ကစ္စိ၊ အသို့နည်း၊ ယာပနီယံ၊ ဣရိယာပထ၊ မျှတပါရဲ့လော၊ ကစ္စိ၊ အသို့ပါနည်း၊ သမဂ္ဂါ၊ ကာယစိတ္တ၊ ညီညွတ်ကြကုန်ဖြစ်၍၊ သမ္မောဒမာနာ၊ နှစ်သက်ရွှင်လန်းဝမ်းမြောက်ကြကုန်သည်ဖြစ်၍၊ အဝိဝဒမာနာ၊ အလိုမကျသဖြင့်၊ ငြင်းကြခြင်းမရှိကုန်သည်ဖြစ်၍၊ ဖာသုကံ၊ အေးချမ်းသာယာ၊ ချမ်းသာစွာ၊ ဝဿံ၊ သီတင်းသုံးလ၊ ကာလပတ်လုံး၊ ဝသိတ္ထ၊ သာယာရွှင်ပြုံး၊ သီတင်းသုံးကာ၊ နေကြရပါကုန်၏လော၊ ပိဏ္ဍကေန၊ ဆွမ်းကိုယ်ခန္ဓာ၊ မြင့်ရှည်ကြာအောင်၊ ဆက်ကာပေးလင့်၊ ဆွမ်းကွမ်းဖြင့်မှုလည်း၊ နကိလမိတ္ထ၊ ကောင်းစွာမျှတ၊ ပြည့်စုံကြသဖြင့်၊ မပင်မပန်းပဲ နေကြပါကုန်၏လော၊

ဤကဲ့သို့ မဟာကရုဏာတရား ရှေ့ထား၍ မိန့်ကြားတော်မူပါတယ်၊ အာဂန္တုရဟန်းများနှင့် တွေ့ကြုံသောအခါ ရှင်တော်မြတ်ဘုရားသည် ဤသို့ပင်မေးမြန်းတော်မူမြဲဖြစ်သနော်၊ တပည့်သာဝက ရဟန်းတော်များနှင့် အရပ်ဝေးမှလာရောက်ပြီး ရှိသေစွာ အခစားလာကြတဲ့အခါ မလျှောက်မထား ဝံ့အောင် ဗုဒ္ဓကြီးဖြင့် မပြောမဆို နေတော်မူတာမဟုတ်ဘူး–(ဒကာကြီး ဦးစိန်ရဲ့)၊ မြတ်စွာဘုရား ဟာ အာဂန္တု ရဟန်းတော်များရောက်လာယင် ရှေးဦးစွာပြောဆိုမေးမြန်းတော်မူတာဟာ မမှတာ ပဲတဲ့၊ အလေးဂရုပြုသင့်တဲ့ပုဂ္ဂိုလ် အနားရောက်လျှင် ညှော်သည် အာ န္တု က စတင်နှုတ်ခွန်းဆက် ပြောဆိုဘို့ဆိုတာ လွယ်ကူတာမှ မဟုတ်ပဲကိုး၊ ဒါ့ကြောင့်မို့ သဗ္ဗညုရွှေဉာဏ်သခင် မဟာကရုဏာ ရှင် မြတ်စွာဘုရားသည် အာဂန္တုများနှင့်တွေ့ဆုံလျှင် မဟာကရုဏာတရား ရှေ့ထားပြီး ရှေးဦးစွာ ပြောဆိုမိန့်ကြားတော်မူခြင်းဖြစ်ပါတယ်။

ယင်းကဲ့သို့ မြတ်စွာဘုရားက မေးမြန်းတော်မူမှ ဘဒ္ဒဝဂ္ဂီ ရဟန်းတော်များက "ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား– ကျန်းခန့်သာ၍ မာကြပါသည်ဘုရား၊ ဗ္ဗရိယာပထမျှကြပါသည်ဘုရား၊ တပည့်တော်တို့သည် ကာယစိတ္တ မျှတညီညွတ်ကြကုန်သည်ဖြစ်၍၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြ ကုန်သည်ဖြစ်၍၊ အလိုမကျသဖြင့် ငြင်းခုံကြခြင်း အလျှင်းမရှိကုန်မူ၍ ဝါတွင်းသုံးလပတ်လုံး သာယာ ရွှင်ပြုံး သီတင်းသုံးနေကြရပါသည်ဘုရား၊ ဆွမ်းကွမ်းဖြင့်လဲ ပင်ပန်းခြင်းမရှိကြပါဘုရား၊ သုံးကျိပ် အတိုင်းအရှည်ရှိကြကုန်သော တပည့်တော်တို့သည် မြတ်စွာဘုရားကို ဖူးမြင်ကြရန် သာဝတ္ထိပြည်သို့ လာကြရာ၊ ဝါဆိုရန် နေ့ရက်နီးကပ်သဖြင့် သာဝတ္ထိပြည်သို့ ဝါဆိုအမှီမရောက်နိုင်ကြတော့ပဲ လမ်းခရီး အကြား သာကေတမြို့မှာသာ ဝါဆိုဝါကပ်ကြရပါတယ်ဘုရား။

သို့အတွက် တပည့်တော်တို့သည် "မြတ်စွာဘုရားသခင်သည် ငါတို့နှင့် ခြောက်ယူဇနာမျှသာ ဝေးကွာသဖြင့် အနီးကလေးမှာပင် သီတင်းသုံးတော်မူပေသည်၊ ငါတို့သည် ယခုအခါ ဝါတွင်းကာလ ဖြစ်သဖြင့် မြတ်စွာဘုရားကို ဖူးမြင်ခွင့်မရကြပါတကား" ဟု တွေးတောကာငြိုးငွေ့ကြ၍စိတ်ဆင်းရဲကြ ရပါသည်ဘုရား၊ တပည့်တော်တို့သည် ဝါကျွတ်သောအခါ သီတင်းကျွတ်လပြည့် မဟာပဝါရဏာ နေ့မှာ ပဝါရဏာပြုပြီး သာဝတ္ထိပြည်သို့ ခရီးထွက်ခဲ့ရာ မိုးကြီးရွာသွန်းသဖြင့် ရွှံ့ညွှန်ဗွက်ထူထပ်သော လမ်းခရီးမှာ မိုးရေစိုစွတ်သော သင်္ကန်းတို့ဖြင့် ပင်ပန်းနွမ်းနယ်သော သဘောရှိကုန်သည်ဖြစ်၍ အခွန့် ရှည်သောခရီးကို လာခဲ့ကြရပါသည်ဘုရား–ဟု လျှောက်ထားကြပါတယ်။

ထိုအခါသုံးလောကထွဋ်တင် မဟာကရုဏာသခင်သဗ္ဗညုဘုရားရှင်က ယင်းကဲ့သို့ပင်ပန်းဆင်းရဲ စွာကြိုးစား၍ လာရောက်ကြခြင်းကို အကြောင်းပြုပြီး တရားစကား ဟောကြားတော်မူ၍ ရွှံ့ညွှန်ပေ ကာ မိုးရေစွပ်သဖြင့် အဝတ်သင်္ကန်း နွမ်းပါးတော်မူကြသော ထိုဘဒ္ဒဝဂ္ဂီ ရဟန်းတော်သုံးကျိပ်ကို အကြောင်းပြုကာ။

အနုဇာနာမိဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ၊ (ဝိနယ–မဟာဝဂ္ဂပါဠိ– ၃၅၂)။

ဟူ၍ ကထိန်ခင်းမှု ခွင့်ပြုတော်မူခဲ့ပါတယ်။

ဘိက္ခဝေ။ သံသရာဝဋ်ဘုံ ကျွတ်ချုံ့မှု၊ လွတ်လိုကုန်ငြား၊ အိုး....ချစ်သားတို့။ ဝဿံဝုဋ္ဌာနံ၊ သီတင်းကျွတ်လပြည့်နေ့တွင် သုံးလစေ့သဖြင့် ဝါမှထကြကုန်သော။ ဘိက္ခူနံ၊ ပုရိမဝါသား၊ ရဟန်း၊

တော်များအား။ ကထိန်၊ အကျိုးငါးပါး၊ ထပ်ဆင့်ပွား၍၊ တရားမယွင်း၊ ကထိန်ခင်းခြင်းကို။ အနုဗောနာမိ၊ အပြစ်ကင်းပ၊ အကျိုးရဘို့၊ မှန်းဆရည်ကာ၊ မဟာကရုဏာတရားရှေ့ဝယ်ထား၍၊ ငါဘုရား ခွင့်ပြုတော်မူပေသတည်း။

ယခုဟောကြားပြသခဲ့တာတွေဟာ ကထိန်ခင်းပုံအကြောင်းနှင့်စပ်သမျှကို တော်တော်ပြည့်စုံအောင် ထုတ်ပြဟောကြားခဲ့ပြီနော်။ ကထိန်ခင်းမှု၊ ကထိန်ခံမှုအကြောင်းလဲ ပြည့်စုံပါပြီ၊ ကထိန်ခင်းရန် မြတ်စွာဘုရား သနားခွင့်ပြုတော်မူခြင်းအကြောင်းရင်းကိုလဲ ရှင်းလင်းဟောပြခဲ့လို့ သိရှိမှတ်သားမိကြလောက်ပါပြီ၊ ကထိန်ခင်းသဖြင့် ရဟန်းတော်များရတဲ့ အကျိုးငါးပါး၊ ကထိန် ဒကာ-ဒကာမများရတဲ့အကျိုးငါးတို့ကိုသိခဲ့ကြပေပြီ၊ ဒီလိုအကျိုးထူးလှတဲ့ ကထိန်အလှူကို မြတ်စွာဘုရားခွင့်ပြုထားတော်မူခဲ့ခြင်းကြောင့်သာ လှူဒါန်းခွင့် ရကြတာနော်၊ ကဲ ဒါ့ကြောင့်မို့ ဝမ်းမြောက်-ဝမ်းသာရှစ်လုံးဘွဲ့ကဗျာတပုဒ် ဆိုလိုက်ကြဦးစို့ရဲ့။

ဆောင်ပုဒ်။ ။သုံးလူထွဋ်ထား၊ တရားသခင်၊ ကထိန်ခင်းမှု၊ ခွင့်ပြုခဲ့အင်။
သံသာနောက်နှောင်း၊ ကောင်းဘို့အစဉ်၊ ကထိန—လှူကြပျော်ပျော်ရွှင်။

ယခုလို ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ကြတဲ့ ဒါယကာ-ဒါယိကာမများ စေတနာတရားဖြင့် လှူဒါန်းဆက်ကပ်ကြတဲ့ကထိနဒါနဆိုတာ အမှန်စင်စစ် အဝတ်သင်္ကန်းကိုလှူဒါန်းခြင်းဖြစ်တဲ့အတွက် သင်္ကန်းလှူခြင်းလဲ မည်ပါတယ်၊ အဝတ်သင်္ကန်းလှူရတာဟာ သင်္ကန်းအကျိုး ရှစ်မျိုးကို အမှန်ပင် ရရှိပါတယ်၊ အဝတ်သင်္ကန်းလှူဒါန်းခြင်းကြောင့် ရရှိတဲ့အကျိုး ၈ ပါးကတော့။

၁။ ရွှေအဆင်းကဲ့သို့ ရုပ်ရည်အဆင်း ဝါဝင်းလှပခြင်း၊

၂။ အညစ်အကြေးကင်းသော ခန္ဓာကိုယ်ရှိခြင်း၊

၃။ ခန္ဓာကိုယ်မှ အရောင်အဝါ ပြိုးပြိုးပြက်ပြက် တောက်ပဖြာထွက်ခြင်း၊(ပဘာဝတီကဲ့သို့ ခုနစ်တောင်တိုက်ခန်းအတွင်းမှာ မဒ္ဒရာဇ်တိုင်းသူ ဘဒ္ဒကာပိလာနီကဲ့သို့ (၁၂)-တောင်တိုက်ခန်းအတွင်းမှာ မီးမထွန်းရပဲ ကိုယ်ရောင်ကိုယ်ဝါဖြင့် အမှောင်ပယ်ခွင်း လင်းနေခြင်းကို ဆိုလိုတယ်နော်)။

၄။ တန်ခိုးရှိန်စော် အာနုဘော်ကြီးခြင်း၊ ဩဇာအာဏာကြီးခြင်း။

၅။ အရပ်အလံညီမျှ၍ ကိုယ်လုံးကိုယ်ထည် ပြေပြစ်ချောမောခြင်း။
မိမိခြဲအရပ်နှင့် အလံနှင့် ညီညီမျှမျှရှိပြီး အချိုးအစားကျနလှပပြေပြစ်သူကို ပါဠိတော်များမှာ နိဂြောဓပရိမဏ္ဍလ-ပင်ညောင်ပင်အဝန်းကဲ့သို့ ဝန်းဝိုင်းသောကိုယ်ခန္ဓာရှိသူလို့ဆိုပါတယ်၊ ဟုတ်တယ်၊ အချို့သူများဟာ အရပ်ပုနိမ့်နေပြီး လက်ဆန့်ကရှည်နေတတ်ပြီး အလံရှည်နေတတ်ပါတယ်။ အချို့သူများကတော့ ခြေဆန့်ရှည် အရပ်မြင့်လွန်းပြီး လက်ဆန့်တိုတောင်းသဖြင့် အလံကမမျှအောင်ဖြစ်နေတတ်ပါတယ်။

အဲဒီလို အရပ်အလံ မညီမျှတဲ့သူ၊ အချိုးအစားမကျဘဲ့သူမျိုးကို ကိုက်မပြည့်ဘူးလို့ဆိုသတဲ့၊ မိမိခြဲအရပ်နှင့်အလံဟာ ညီမျှပြီးနေရမယ်၊ ဥပမာ အလံက ၅ ပေရှိလျှင် အရပ်ကလဲ ၅ ပေပဲရှိရမယ်၊ ပိုမနေရ၊ လိုလဲမနေရဘူး၊ ညီညီမျှမျှရှိနေမှ ကိုက်ပြည့်သူ၊ အချိုးအစားကျသူလို့ ဆိုရပါတယ်၊

(ဒကာကြီး ဦးစိန်ရဲ့)၊ ပုလျှင်လဲ ပုသည့်အလျောက်၊ မြင့်လျှင်လဲမြင့်သည့်အလျောက် ပေမိုကိုက်ပြည့်မှ ကြည့်ရှုလို့ကောင်းတာကို၊ ဦးပဥ္စင်းတို့ ဒကာ-ဒကာမများလဲ မယုံလျှင် ကိုယ့်အိမ်ပြန်ရောက်မှ အရပ်အလံ ညီမညီ၊ ကိုက်မကိုက်ကို လေ့လာတိုင်းတာကြည့်ကြပေတော့။

၆။ အရောင်အဆင်းလှပ၍ အဘိုးထိုက်တန်လှသော အဝတ်အထည်ကို အများအပြားရရှိတတ်ခြင်း၊ ပါဠိတော်မှာတော့ အထည်ပေါင်းကသိန်းကို ရရှိနိုင်တယ်လို့ဟောပါတယ်၊ ဒါကတော့ ဥပလက္ခဏာနည်းပါပဲ၊ များများစားစား ရရှိနိုင်ခြင်းကို ဆိုလိုတာပါပဲ ဖြစ်ပါတယ်။

၇။ ပိုးထည်၊ သက္ကလပ်ထည်တို့ကို ရရှိခြင်း၊ ယခုခေတ်အနေဖြင့်မူ တက္ကရွန်၊ ဖော့၊ဂျော်ဂျက် အစရှိသော အထည်များကိုရရှိနိုင်ခြင်း။

၈။ ခေါမတိုင်းဖြစ်အထည်၊ ဝါချည်အထည်တို့ကိုရရှိနိုင်ခြင်း၊ ရှေးကတော့ ခေါမတိုင်းဟာ အဝတ်အထည် အကောင်းဆုံးထွက်တဲ့ တိုင်းပြည်ဖြစ်ဟန်ရှိပါတယ်၊ ယခုအခါမှာတော့ ဂျပန်အစရှိတဲ့ စက်မှုနိုင်ငံကြီးများကသာ ထူးထွေဆန်းပြားသော အဝတ်အထည်များကို တီထွင် ထုတ်လုပ်နေကြတာ ဖြစ်တဲ့အတွက် ထိုအဝတ်အထည်ကောင်း ထုတ်လုပ်သော နိုင်ငံများမှ ဆန်းပြားကောင်းမွန်သော အဝတ်အထည်ကိုရရှိနိုင်တယ်လို့ဆိုရပါလိမ့်မယ်၊ ဤကဲ့သို့ အကျိုးရှစ်ပါးကို အဝတ်သင်္ကန်း လှူဒါန်းသူများ ထင်ရှားစွာရရှိနိုင်ပါတယ်၊ သင်္ကန်းလှူကျိုး ရှစ်မျိုးကိုမှတ်မိအောင် ဒီလင်္ကာကလေး ဆောင်ထားလိုက်ကြပေတော့။

## သင်္ကန်းလှူကျိုး(၈)မျိုးဆောင်ပုဒ်

၁။ သင်္ကန်းလှူငြား၊ ကျိုးရှစ်ပါး၊ မှတ်သားကြစေရာ။

၂။ ရွှေသို့အဆင်း၊ ညစ်ကြေးကင်း၊ ရောင်ဝင်းထွန်းပဖြာ။

၃။ တန်ခိုးကြီးလစ်၊ ကိုယ်ပြေပြစ်၊ ထည်သစ်သိန်းရရာ။

၄။ ခေါမ-ပိုးထည်၊ ရနိုင်သည်၊ ရှစ်လီကျိုးများသာ။

ထိုမှတပါး ဤကဲ့သို့ အဝတ်သင်္ကန်း လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ မြက်စွာဘုရားထံသို့တခုသော ညဉ့်သန်းခေါင်ယာမ်တွင် နတ်သားတယောက် ချဉ်းကပ် ရောက်လာပြီးတော့ “ကိံဒဒေါ ဟောတိ ဝဏ္ဏဒေါ-ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ အဘယ်အရာဝတ္ထုကို လှူဒါန်းပါလျှင် အဆင်းကိုပေးလှူသည်မည်ပါသနည်းဘုရား”ဟု လျှောက်ထားလေရာ၊ ထိုအခါ သဗ္ဗညုမြက်စွာဘုရားက“ဝဏ္ဏဒေါ ဟောတိ ဝတ္ထဒေါ”သိမြင်ဘို့အရေး လျှောက်မေးလာငြား၊ဒါယကာနတ်သား-အဝတ်သင်္ကန်းကို စေတနာရှင်လန်းစွာ လှူဒါန်းခြင်းသည် အဆင်းကိုလှူဒါန်းခြင်းမည်ပေသည်-ဟု မဟာကရုဏာရှေ့ထားလျက် ဖြေကြားတော်မူပါတယ်။ “တောင်းမှာအကွပ်၊ လူမှာအဝတ်”ဟု ရှေးမြန်မာစကားရှိတဲ့အတိုင်း လောကမှာ အဝတ်အထည် ဝတ်ဆင်မြန်းမထားဘူးဆိုလျှင် သို့မဟုတ် မကောင်းစုတ်ပြတ်၊ ညစ်ပတ်ပေရေသော အဝတ်အစားကို ဝတ်ဆင်မြန်းထားသည်ဆိုလျှင် မည်မျှ ရုပ်ရည်လှပသူပင်ဖြစ်စေ မတင့်တယ် မလှပတော့ပဲ ကဲ့ရဲ့ရှုတ်ချဖွယ်ပင် ဖြစ်သွားတတ်ပါတယ်၊ ကြည့်ရှုမလျော်

အောင် ရုပ်ရည်အဆင်းများပျက်စီးသွားတတ်ပါတယ်၊ အကယ်၍ ထိုသူအား သင့်လျော်သောအဝတ် အထည် ဆင်မြန်းပေးလိုက်မည်ဆိုပါက နတ်တမျှကဲ့သို့ လှပတင့်တယ် ရှုချင်စဘွယ် ဖြစ်လာတတ်ပါ တယ်၊ဒါ့ကြောင့်မို့ အဝတ်သင်္ကန်းလှူဒါန်းရခြင်းဟာ အဆင်းကို လှူဒါန်းခြင်း မည်တယ်လို့ မြတ်စွာ ဘုရား မိန့်ကြားတော်မူခြင်းဖြစ်ပါတယ်၊ မန်လည်ဆရာတော်ဘုရားကြီးကလဲ မဃဒေဝလင်္ကာ ကျမ်း ကြီးမှာ အဝတ်သင်္ကန်း လှူခြင်းနှင့်စပ်လျဥ်း၍ ဒီလိုလင်္ကာသီကုံးနွှဲဖွဲ့တော်မူခဲ့ပါတယ်။

တဘော်ဆင်မြန်း၊ ဝတ်သင်္ကန်းကို၊ လှူဒါန်းသည့်သူ၊ အဆင်းလှူတည့်၊ နတ်လူ
တို့ဘောင်၊ ပြစ်တိုင်းနောင်ဝယ်၊ အခေါင်ဦးစွန်း၊ ကိုယ်ရောင်ထွန်း၍၊ တုကျွန်းလွှတ်
ကွာ၊ မယ်ဥမ္မာနှင့်၊ မဘာဗတီ၊ နတ်တပြည်သို့၊ အညီနှိုင်းရှိ၊ လှခေါင်ထိလိမ့်။

(မဃဒေဝ-၅၀၇)။

ဥမ္မာဒန္တီနှင့် ပဘာဝတီတို့ နတ်မိမယ်တမျှ ရုပ်ဆင်းအင်္ဂါ လှပနေကြခြင်းဟာ ရှေးအခါက အဝတ်သင်္ကန်းလှူခဲ့ရတဲ့ အကျိုးဆက်ကြောင့်ပဲဖြစ်တယ်နော်။

အဝတ်သင်္ကန်းလှူဒါန်းရခြင်းအကျိုးဟာ အမျိုးသမီးပဲဖြစ်စေ၊ အမျိုးသားပဲဖြစ်စေ ရုပ်ရည် အဆင်း လှပခြင်းစတဲ့ အကျိုးရှစ်မျိုးရရှိကြတာတော့ အတူတူပါပဲ၊ သို့သော်လဲ အမျိုးသမီးနှင့်အမျိုး သား အဝတ်သင်္ကန်းလှူဒါန်းတာခြင်းတူပေမဲ့ ထူးခြားတဲ့အကျိုးပေးတမျိုးရှိသေးတယ်- (ငကာကြီး ဦးစိန်ရဲ့)၊ အဲဒီထူးခြားတဲ့ အကျိုးကတော့-

ဣတ္ထီနံ ဟိ စီဝရဒါနံ မဟာလတာ ပသာဓနေ ဘဏ္ဍေန မတ္ထကံ ပပ္ပေါတိ၊ ပုရိသာနံ
ဣဒ္ဓိမယ ပတ္တစီဝရေန၊　　　　(ဓမ္မပဒ၊ ဌ၊ ပ-၂၄၉)။

ဟူ၍ ဓမ္မပဒအဋ္ဌကထာမှာ အသေချာဖွင့်ပြထားပါတယ်။

ဟိ။အကျိုးပေးထူးခြားဟန်ကို သိသာရန်အချက် ဆက်လက်ပြလိုက်ပါဦးအံ့။ဣတ္ထီနံ စီဝရဒါနံ၊ အဝတ်သင်္ကန်းကို ရှင်လန်းစွာလှူဒါန်းရခြင်းသည်။ ဣတ္ထီနံ၊ အဝတ်သင်္ကန်း၊ ရှင်လန်းလှူငြား၊အမျိုး သမီးများအား။ မဟာလတာ ပသာဓနေ ဘဏ္ဍေန၊ ကိုးကုဋေမျှ၊ အဘိုးတန်လှသည့် ထူးစွရတနာ၊ မဟာလတာ တန်းဆာဘဏ္ဍာဖြင့်၊ မတ္ထကံ၊ အထွဋ်အထိပ်သို့၊ ပပ္ပေါတိ၊အမှန်မျက်မှောက်၊ဆိုက်ရောက် ရလေ၏။ ပုရိသာနံ၊ အဝတ်သင်္ကန်း၊ ရှင်လန်းကြည်ဖြူ၊ ပေးလှူကြငြား၊ အမျိုးသားတို့အား။ ဣဒ္ဓိ မယ ပတ္တစီဝရေန၊ တန်ခိုးကြောင့်သာ၊ ဖြစ်ပေါ်လာသည့်၊ ရောင်ဝါတင့်ဆန်း၊ သပိတ် သင်္ကန်းဖြင့်၊ (ဝါ) ဧဟိဘိက္ခု၊ခေါ်တော်မူသဖြင့် လှယ်ကူစင်စစ်၊ ရဟန်းဖြစ်ခြင်းဖြင့်။ မတ္ထကံ၊ အထွဋ်အထိပ်သို့၊ ပပ္ပေါတိ၊ ရှေးကုသိုလ်ကံ၊ အကြောင်းဖန်သဖြင့်၊ အမှန်မျက်မှောက်၊ဆိုက်ရောက်ရလေတော့သတည်း။

အဝတ်သင်္ကန်း လှူဒါန်းရခြင်းဟာ အမျိုးသမီးမိန်းမများမှာဆိုလျှင် မဟာလတာ တန်းဆာ ကိုရရှိခြင်း၊ ဝတ်ရုံသုံးဆောင်ရခြင်းဖြင့် အထွဋ်အထိပ်သို့ ရောက်တယ်၊အကျိုးပေးပြီးမြောက်တယ်တဲ့၊ ဒီမဟာလတာ တန်းဆာဆိုတာက တန်ဘိုးအားဖြင့် ကိုးကုဋေထိုက်တန်သတဲ့၊ ပန်းတိမ်ဆရာများဟာ မဟာလတာတန်းဆာကို ကြိုးကြိုးစားစား လုပ်ကြကောင် လေးလကြာအောင်လုပ်ရသတဲ့၊ ပန်းတိမ် လက်ခပင် အားပြောကြသိန်းပေးရတယ်သိုပဲ၊ ဦးပဉ္စင်းတို့ မြတ်စွာဘုရား သာသနာတော်အတွင်းမှာ ဆိုလျှင် ဒီမဟာလတာတန်းဆာကို ဆင်မြန်းရကဲ့သူ အမျိုးသမီးများဟာ -

(၁) ဝိသာခါကျောင်းအမကြီး။
(၂) မလ္လိကာခေါ်တဲ့ ဗန္ဓုလစစ်သူကြီးကတော်။
(၃) ရာဇဂြိုဟ်သဌေးသမီးတဦးအားဖြင့် (၃)ယောက်သာတွေ့ဘူးပါတယ်။

ရွှေတွေ၊ စိန်တွေ၊ ပတ္တမြားတွေက အလှန်များတော့ အတော်အသင့် အင်အားရှိတဲ့ အမျိုးသမီးဆိုရင် ဒီမဟာလတာတန်းဆာကို ဝတ်ဆင်လိုက်ယင် ယိုဟိုဒီဒီ သွားလာဘို့အပထားဦး၊ နေရာကပင် ထနိုင်မှာမဟုတ်ဘူးနော်၊ တော်တော်လေးလံတဲ့ တန်ဆာကြီးပဲ၊ ဒါ့ကြောင့်မို့ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်တဲ့သူမှသာ ဒီမဟာလတာတန်းဆာကို ဝတ်ဆင်နိုင်တယ်လို့ တင်စားကာဆိုခဲ့ကြတာကိုး။

သာသနာတော်မှာ ထင်ရှားကျော်ကြားလှတဲ့ ဝိသာခါ ကျောင်းအမကြီးဟာ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းတော်ပေါင်း နှစ်သောင်းတို့အား အဝတ်သင်္ကန်းလှူဒါန်းခဲ့ခြင်း, သင်္ကန်းဝတ်လျှင် ချုပ်ရန် အပ်နှင့် အပ်ချည်ကို လှူဒါန်းခဲ့ခြင်း, သင်္ကန်းဆိုးရန် ဆိုးရည်ကို လှူဒန်းခဲ့ခြင်း-ဟူသော အကြောင်းကြောင့် ဒီလို အဖိုးတန်တဲ့ မဟာလတာ တန်ဆာကို ဆင်မြန်းရခြင်း ဖြစ်ဘယ်တဲ့။

တဿ စီဝရဒါနဿ နိဿန္ဒေန ဣမံ မဟာလတာပသာဓနံ လဘိ။

(ဓမ္မ-ဋ္ဌ-ပ-၂၄၉)။

သာ၊ ထို ဝိသာခါဟု ဂုဏ်ဝါကျော်ဟီး, ကျောင်းအမကြီးသည်။ တဿစီဝရဒါနဿ၊ ထိုသို့ ရဟန်းတော်များအား အဝတ်သင်္ကန်း လှူဒါန်းရခြင်း၏။ နိဿန္ဒေန၊ အမှန်မပျက်, အကျိုးဆက်ကြောင့်။ ဣမံမဟာလတာ ပသာဓနံ၊ ကိုးကုဋေမျှ, အဖိုးတန်လှသည့် ထူးစွရတနာ, ဤ မဟာလတာတန်းဆာကို။ လဘိ၊ ရှေးကပြုဖန်, ကုသိုလ်ကံကြောင့်, ထိုက်တန်တိတိ, အမှန်ပင် ရရှိလေပြီတကား။

ဝိသာခါ ကျောင်းအမကြီး မဟာလတာ တန်းဆာ ဝတ်ဆင်မြန်းရတာဟာ ရှေးအခါက ကဿပဘုရားလက်ထက်တော်က အဝတ်သင်္ကန်း လှူဒါန်းခဲ့ခြင်းကြောင့် ရရှိခြင်း ဖြစ်ပါတယ်တဲ့။

**ဆောင်ပုဒ်။** ၁။ သင်္ကန်းလှူငြား၊ အမျိုးသမီးများ၊ ထူးခြား အကျိုးပေးသည်။
၂။ မဟာလတာ၊ ဆင်းတန်ဆာ၊ ကောင်းစွာ ရနိုင်သည်။

အမျိုးသမီးများမှာ သင်္ကန်းလှူရသည့်အကျိုးကြောင့် မဟာလတာ တန်းဆာကို ဝတ်ဆင်မြန်းရခြင်းဟာ အသွန်ဆုံး, အထူးဆုံး, အမြတ်ဆုံးဖြစ်တဲ့ အကျိုးဖြစ်တယ်၊ အမျိုးသမီးများ သင်္ကန်းတွေ ဘယ်လောက်ပင် ပုံလှူလှူ, ယောကျ်ားများ ဧဟိဘိက္ခု ဖြစ်ခွင့်ရသလို, ဧဟိဘိက္ခုနီ-လို့ မရှိသဖြင့် ဧဟိဘိက္ခုနီဘော့ ဖြစ်ခွင့်မရှိဘူး၊ အကြောင်းကတော့ အမျိုးသမီးများ ရဟန်းမိန်းမပြုသာသနာဘောင်တက်လျှင် ချက်ချင်း ကမ္မဝါစာရွတ်ဖတ်ပြီး ရဟန်းပြုခွင့် ပေးတာမဟုတ်ဘူး-နော်၊ သာမဏေ‌ဝတ်ပြီး ရဟန်း မခံမီစပ်ကြား သိက္ခမာန်ကျင့်စဉ်ကို ကျင့်ရသေးတာကိုး။

အမျိုးသားများမှာတော့ အဝတ်သင်္ကန်း လှူဒါန်းလျှင် ဧဟိဘိက္ခု ရဟန်းဖြစ်ရခြင်း-ဆိုတဲ့ ဆုဟာ အထွတ်အထိပ် ဖြစ်တယ်၊ အမြင့်ဆုံး အကျိုးပေးခြင်း ဖြစ်ပါတယ်ဘဲ၊ ဒီလို ဧဟိဘိက္ခုရဟန်း ဖြစ်ခွင့်ကို ရတယ်ဆိုတာ –

ဧကော်ကပ္ပံ သံသာရိ ပတ္တေန ပစ္စုပ္ပန် စိဝရေနဝါ သင်္ဂဟံ နအကာသိ၊ တေနသော ကုဒ္ဒိမဇ္ဈိမပတ္တာစိဝရံ နဥပ္ပဇ္ဇိသတိတိ ဥတ္တာ ဟော်ကပ္ပံ ဘာဝေန ပဉ္စ နအဒါသိ။

(ဓမ္မပဒ-ဋ္ဌ-ပ-၄၁၁)။

ဟူ၍ ဗာဟိယဒါရုစိရိယမထေရ် ငတ္တုလာတဲ့အတိုင်း မြတ်စွာဘုရား သာသနာတော်မှာ ရဟန်းတော်တပါးပါးအား သပိတ်,သင်္ကန်း လှူဒန်းခဲ့ဘူးမှသာ လျှင် တန်ခိုးကြောင့်ဖြစ်သော သပိတ် သင်္ကန်းကို ရနိုင်ပါတယ်၊ ဧဟိဘိက္ခု ရဟန်းဖြစ်ခွင့် ရပါတယ်တဲ့။

ယင်းကဲ့သို့ ရဟန်းတပါးပါးအားမျှ သပိတ်, သင်္ကန်း မလှူဒါန်းခဲ့ဖူးဘူးဆိုလျှင် တန်ခိုးကြောင့်ဖြစ်တဲ့ သပိတ်, သင်္ကန်းကို မရနိုင်ပါဘူး၊ ဧဟိဘိက္ခု ရဟန်းဖြစ်ခွင့် မရှိပါဘူးတဲ့၊ ထို ဗာဟိယဒါရုစိရိယမထေရ်သည် အတိတ် ရှေးက သပိတ်,သင်္ကန်း မလှူဒါန်းခဲ့ခြင်းကြောင့် ယခု ဘုရားရှင် သာသနာတော်မှာ ဧဟိဘိက္ခု ရဟန်းဖြစ်ခွင့်မရပဲ ပရိနိဗ္ဗာန် ဝင်စံတော်မူသွားရပါတယ်။

အဝတ်သင်္ကန်း လှူဒါန်းခဲ့သဖြင့် ဧဟိဘိက္ခု ရဟန်းဖြစ်ခွင့်ရတဲ့ မထေရ်များကတော့ သာသနာတော်မှာ များစွာပင် ဖြစ်ပါတယ်၊ ထိုမထေရ်အများတို့တွင် သာဓကအနေဖြင့် အဝတ် သင်္ကန်း လှူခဲ့ခြင်းကြောင့် ဧဟိဘိက္ခု ရဟန်းဖြစ်ပြီး တရားဘာဝနာ ပွားများသဖြင့် အရဟတ္တဖိုလ် ပေါက်ရောက်သွားတဲ့ စူဠဝစ္ဆမထေရ်အကြောင်း နည်းနည်း ပြောရဦးမယ်၊ သေသေချာချာလဲ မှတ်သား နာယူကြပါ၊ ထိုမထေရ်အလောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်အခါက သူဆင်းရဲမျိုး၌ ဖြစ်ရ၍ သူတပါးအိမ်မှာ အခ,စား အလုပ်လုပ်၍ အသက်မွေးမြူရရှာသတဲ့။

အခါတပါးတွင် ပဒုမုတ္တရာ မြတ်စွာဘုရား၏ တပည့်သားဖြစ်တော်မူသော အရှင်သုဇာတ မထေရ်မြတ် ပံ့သကူသင်္ကန်း ရှာဖွေနေသည်ကို တွေ့မြင်သဖြင့် ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာကာ မထေရ်မြတ်ထံ ချဉ်းကပ်သွားပြီး မိမိဝတ်ရုံသော ပုဆိုးတပိုင်းကိုဖြတ်ကာ ရိုသေစွာ ဆက်ကပ်လှူဒါန်း ပြီး ထိခြင်းငါးဖြာ ပြည့်စုံစွာ ရှိခိုးကန်တော့လေသတဲ့၊ ပံသုကူသင်္ကန်းဆိုတာ သုသာန်တစ သင်း ချိုင်းဝမှာ ဖြစ်စေ,လမ်းဆုံလမ်းခွမှာဖြစ်စေ, အမှိုက်ပုံများမှာဖြစ်စေ, မြေမှုန့် အလိမ်းလိမ်းကပ်ငြိနေတဲ့ အဝတ်ပိုင်းကလေးများ ကောက်ယူ စုရုံးပြီး ချုပ်ဆိုးကာ ဝတ်ရတဲ့ သင်္ကန်းမျိုးကို ခေါ်တာကိုး၊ အရှင်သုဇာတ မထေရ်မြတ်မှာလဲ ထိုသူဆင်းရဲ ဒါယကာ လှူဒါန်းသော ပုဆိုးပိုင်းကို ရသဖြင့် ပံသုကူသင်္ကန်းချုပ်ရန် ပြည့်စုံသွားပါတယ်။

ထိုသူဆင်းရဲယောကျ်ားလဲ ထိုကဲ့သို့ မိမိ၏ပုဆိုးစ အပိုင်းကို ပံသုကူသင်္ကန်းအဖြစ် လှူဒါန်း ခဲ့ရသော ကောင်းမှုကြောင့် နတ်မင်းအဖြစ် သုံးဆယ့်သုံးကြိမ် ဖြစ်ရသတဲ့၊ လူ့ပြည်ရောက်တော့ စကြာဝတေးမင်းအဖြစ် ခုနစ်ဆယ့်ခုနစ်ကြိမ် ဖြစ်ရသတဲ့၊ ပဒေသရာဇ်မင်းဖြစ်ရတဲ့ အကြိမ်များက တော့ ရေတွက်လို့တောင် မပြနိုင်အောင် ဖြစ်ခဲ့ရတယ် ဆိုပဲ၊ ဒီလိုနှင့် သံသရာတခွင်မှာ လူ့ပြည်, နတ်ပြည်တို့၌သာ လှည့်လည်နေရ, အထက်တန်းကျကျ မျက်နှာပန်းလှလှနှင့် ကျင်လည်နေခဲ့ရသတဲ့၊ ဦးပဉ္ဇင်းတို့ ဂေါတမဘုရားရှင် လက်ထက်တော်အခါကျတော့ ထို ပံသုကူ သင်္ကန်းဒါယကာဟာ ကောသမ္ဗီပြည်မှာ ပုဏ္ဏားမျိုး၌ ဖြစ်လာရပါတယ်၊ နာမည်ကတော့ စူဠဝစ္ဆလို့ခေါ်သတဲ့၊ အရွယ် ရောက်တဲ့အခါ ပုဏ္ဏားတို့ တတ်သင့်တဲ့ အတတ်ပညာများ သင်ကြားတတ်မြောက်ပြီးနောက် မြတ်စွာ

ဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ကြားသိရ၍ ကြည်ညိုသဒ္ဓါဖြစ်ကာ မြတ်စွာဘုရားထံ ဆည်းကပ်ရောက်လာပါတယ်။

ထို စူဠဝစ္ဆအမျိုးသားအား မြတ်စွာဘုရားက တရား မှဟောကြားတော်မူသဖြင့် သာသနာ၌ လွန်စွာကြည်ညိုကာ ရဟန်းအဖြစ်ခွင့်တောင်းရာ၊ မြတ်စွာဘုရားက ဧဟိဘိက္ခုဟု မိန့်ကြားတော်မူသဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိသွားပါတယ်၊ ဧဟိဘိက္ခု ရဟန်းဖြစ်သွားသတဲ့၊ မြတ်စွာဘုရားထံမှ မိမိစရိုက်နှင့် လျော်ကန်သော ကမ္မဋ္ဌာန်းကို တောင်းယူပြီး ဆိပ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ကာ တရားဘာဝနာကို ကြိုးစားပွားများနေသတဲ့၊ ထိုအခါက ကောသမ္ဗီပြည်မှာ ဝိနယဓရ ဝိနည်းဆောင်ရဟန်းနှင့် သုတ္တန္တိက-သုတ္တန်ဆောင် ရဟန်းနှစ်ပါးကို အကြောင်းပြုပြီး ရဟန်းသံဃာလောက၌ နှစ်ပက္ခ အငြင်းအခုန် ဖြစ်နေကြသတဲ့။

စူဠဝစ္ဆမထေရ်ကတော့ ထိုငြင်းခုန်မှု နှစ်ပက္ခတွင် ဘယ်ဘက်မှာမှ မပါဝင်ပဲ မြတ်စွာဘုရားချီးမြှင့်ပေးသနားတော်မူသော အဆုံးအမ ဩဝါဒ၌ မြဲမြံစွာရပ်တည်၍ ဝိပဿနာ ပွားများသဖြင့် အဟတ္တဖိုလ်ပေါက် ဆိုက်ရောက်သွားကာ ရဟန်းကိစ္စပြီးသွားတယ်၊ အာသဝေါကုန်ခန်း ရဟန္တာ စင်စစ်ဖြစ်တော်မူသွားပါဘယ်တဲ့၊ အရှင်စူဠဝစ္ဆမထေရ်ဝတ္ထုကို ထောက်ရှုကြည့်ပါလျှင် ဧဟိဘိက္ခု ရဟန်းဖြစ်ရခြင်း၊ နောက်ဆုံး အာသဝေါကုန်ခန်း ရဟန္တာဖြစ်ရခြင်းများသည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်က ရဟန်းတပါးကို အဝတ်ပိုင်း ပံ့သုကူသင်္ကန်း လှူဒါန်းခြင်း၏ အကျိုးဆက်ဖြစ်ကြောင်း ကောင်းကောင်းကြီး သိရှိမှတ်သားနိုင်ပါတယ်နော်၊ ဒါကြောင့်မို့ အမျိုးသားများအနေဖြင့် သင်္ကန်းလှူဒါန်းရခြင်းဟာ ဧဟိဘိက္ခုဖြစ်ရလျှင် အထွဋ်အထိပ်သို့ ရောက်တယ်၊ အမြတ်ဆုံး အကျိုးပေးခြင်းဖြစ်ဘယ်လို့ ထုတ်ဖော်ပြောဟောခဲ့ခြင်း ဖြစ်ပါတယ်။

သို့အတွက် "ယောကျ်ားများမှ, သင်္ကန်းလှူ, ဘိက္ခုဧဟိ ဖြစ်နိုင်သည်"လို့ အကျဉ်းအားဖြင့် မှတ်သားလိုက်ကြရမယ်နော်၊ ကထိန်အလှူအကြောင်းပြုပြီး ကထိန်တရားဟောလာခဲ့တာ တော်တော်လဲ စုံလင်သွားပေပြီနော်၊ ကဲ- ကဲ.... တရားပွဲသိမ်းရန် အချိန်လဲတန်ပြီဖြစ်တဲ့အတွက် လက်အုပ် ကိုယ်စီ ချီကြပေတော့။

ကထိနံ သဗ္ဗဒါနာနံ၊ ဥက္ကဋ္ဌံ ဗုဒ္ဓဝဏ္ဏိတံ။
ဗဟူအတ္ထေစ ပဿန္တာ၊ ပဏ္ဍိတာ အတ္ထရန္တိတံ။

(ရှေးနည်းအတိုင်း အနက်ပေးပါ)

(အဘိဓမ္မာတပ်၍ တရားကိုနိဂုံးသတ်တော်မူပါရန်)

## သုတ္တန်ဒေသနာဟောပြီးနောက် အဘိဓမ္မာတပ်ရန်

# အဘိဓမ္မာ ဒေသနာတော်များ

### ဓမ္မသင်္ဂဏီ အဘိဓမ္မာဒေသနာ

ဤကဲ့သို့ ဟောကြားတော် မူခဲ့သော တရားတော်မြတ်သည်ကား သုတ္တန် ဒေသနာတော်မြတ် ဖြစ်ပေသည်၊ ထိုမှတပါး ထူးခြား ခက်ခဲနက်နဲလှစွာ အဘိဓမ္မာ ဒေသနာတော်မြတ်သည်ကား-

ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံဝါ သဒ္ဒါရမ္မဏံဝါ ဂန္ဓာရမ္မဏံဝါ ရသာရမ္မဏံဝါ ဖောဋ္ဌဗ္ဗာရမ္မဏံဝါ ဓမ္မာရမ္မဏံဝါ ယံယံဝါပနာရဗ္ဘ၊ တသ္မိံသမယေ ဖဿော ဟောတိ၊ ဝေဒနာဟောတိ၊ သညာဟောတိ၊ စေတနာဟောတိ၊စိတ္တံဟောတိ၊ (ဏီ ၁၇) ဤသို့ အစရှိသည်ဖြင့် ဓမ္မသင်္ဂဏီကျမ်းကို ဟောကြား တော်မူ၏။

ဤသို့လျှင် သုတ္တန် ဒေသနာ အဘိဓမ္မာ ဒေသနာ နှစ်ဖြာသော တရားတို့ကို ကြားနာရခြင်း တည်းဟူသော ဓမ္မဿဝဏ ကုသိုလ်ကံ စေတနာ, သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်ကို ကျင့်သုံး ဆောက်တည်ကြရသော သီလ ကုသိုလ်ကံ စေတနာ, (ဆွမ်း, သင်္ကန်း, ထီး, ဘိနပ် အစရှိသော) အထူးထူးသော ဒါတဗ္ဗ ဝတ္ထုတို့ကို ပေးလှူ ပူဇော်ရခြင်း တည်းဟူသော ဒါနကုသိုလ်ကံ စေတနာတို့၏ အာနုဘော်ဟုန် တန်ခိုးဂုဏ်ကြောင့်ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ အပေါင်း သူတော်ကောင်းတို့သည် သိမြင်အပ်သော ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း, သမုဒယ သစ္စာကို ပယ်နိုင်ခြင်း နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားများခြင်း-ဟူသော သစ္စာလေးပါး မြတ်တရားတို့ကို လွယ်ကူသော အကျင့် လျင်မြန်သော အသိဉာဏ်ဖြင့် အမှန် ထိုးထွင်း သိမြင်ကြရ၍ ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး-ဟု ဆိုအပ်သော ကိလေသာမီး တဆယ့်တသီး တို့၏ ငြိမ်းအေးရာအမှန် ပြည်နိဗ္ဗာန်သို့ အကျွန်ုပ်တို့တစု ယခုပြုကြရသော ကောင်းမှုကြောင့် လျင်မြန်စွာ ရောက်ကြ ရပါလိုကုန်သော်-ဟူ၍ ဆုတောင်း ပတ္ထနာ ပြုလိုက်ကြကုန်ရာ သတည်း။

### ဝိဘင်္ဂအဘိဓမ္မာဒေသနာ

ဒွါဒသာယတနာနိ စက္ခာယတနံ, ရူပါယတနံ, သောတာယတနံ, သဒ္ဒါယတနံ,ဃာနယတနံ,ဂန္ဓာယတနံ,ဇိဝှာယတနံ,ရသာယတနံ,ကာယာယတနံ,ဖောဋ္ဌဗ္ဗာယတနံ,မနာယတနံ, ဓမ္မာယတနံ။

စက္ခုံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမ ဓမ္မံ၊ ရူပါအနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမ ဓမ္မာ၊ သောတံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမ ဓမ္မံ၊ သဒ္ဒါ အနိစ္စာ ဒုက္ခာ အနတ္တာ

ဝိပရိဏာမ ဓမ္မာ၊ ဃာနံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ ဂန္ဓာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမ ဓမ္မာ၊ ဇိဝှာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမ ဓမ္မာ၊ ရသာ အနိစ္စာ ဒုက္ခာ အနတ္တာဝိပရိဏာမ ဓမ္မာ၊ ကာယော အနိစ္စော ဒုက္ခော အနတ္တာ ဝိပရိဏာမ ဓမ္မော၊ ဖောဋ္ဌဗ္ဗာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမ ဓမ္မာ၊ မနော အနိစ္စော၊ ဒုက္ခော အနတ္တာ ဝိပရိဏာမ ဓမ္မော၊ ဓမ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမ ဓမ္မာ။ (ဝိဘင်ပါဠိ ၆၇) ဤသို့ အစရှိသည်ဖြင့် အဘိဓမ္မာ ဝိဘင်း ကျမ်းကို ဟောကြားတော်မူ၏။ (ပ) သတည်း။

## ဓာတုကထာ အဘိဓမ္မာ ဒေသနာ

အဝိဇ္ဇာ ကေနေ ခန္ဓေန ကေနာယတနေန ကောယ ဓာတုယာ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ကောဒသာဟာ ယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ကေနေ ခန္ဓေန ကေနာ ယတနေနေ ကောယ ဓာတုယာ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ကောဒသဟာ ယတနေဟိ သတ္တ ရသဟိ ဓာတူဟိ အသင်္ဂဟိတာ။

ဝိညာဏ ပစ္စယာ နာမရူပံ စတူဟိ ခန္ဓေဟိ ကောဒသဟာယ တနေဟိ ကောဒသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတံ၊ စတူဟိ ခန္ဓေဟိ ကောဒသဟာယ တနေဟိ ကောဒသဟိ ဓာတူဟိ အသင်္ဂဟိတံ၊ (ဓာ-၁၂) ဤသို့ အစရှိသည်ဖြင့် အဘိဓမ္မာ ဓာတုကထာကျမ်းကို ဟောကြားတော်မူ၏။ (ပ) သတည်း။

## ပုဂ္ဂလ ပညတ္တိ အဘိဓမ္မာ ဒေသနာ

ကတမောစ ပုဂ္ဂလော ဣန္ဒြိယေသု ဂုတ္တဒွါရော၊ တတ္ထကတမာ ဣန္ဒြိယေသု ဂုတ္တဒွါရတာ၊ ဣဓေကစ္စော ပုဂ္ဂလော စက္ခုနာ ရူပံ ဒိသွာ နနိမိတ္တဂ္ဂါဟီ ဟောတိ၊ နာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိ ကဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဒွာသဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ၊ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။ သောတေန သဒ္ဒံ သုတွာ ဃာနေန ဂန္ဓံ ဃာယိတွာ၊ ဇိဝှာယရသံ သာယိတွာ၊ ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ၊ မနသာ ဓမ္မံ ဝိညာယ။ (ပ) မနိန္ဒြိယေ သံဝရံ အာပဇ္ဇတိ။ (ပုဂ္ဂလပညတ္တိ၁၂၇)။ ဆ ပညတ္တိယော ခန္ဓပညတ္တိ အာယတန ပညတ္တိ ဓာတုပညတ္တိ သစ္စပညတ္တိ ဣန္ဒြိယ ပညတ္တိ ပုဂ္ဂလပညတ္တိ။ (ပါဠိ-၁၀၁)။

ဤသို့ အစရှိသည်ဖြင့်အဘိဓမ္မာ ပုဂ္ဂလပညတ္တိကျမ်းကို ဟောကြားတော် မူလေ၏။ (ပ) သတည်း။

## "ကထာဝတ္ထု အဘိဓမ္မာ ဒေသနာ"

ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေနာတိ၊ အာမန္တာ။ ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထောနာတိ၊ နဟေဝံ ဝတ္တဗ္ဗေ။ (ကထာဝတ္ထုပါဠိ-၁)

ကလျာဏ ပါပကာနိ ကမ္မာနိ ဥပလဗ္ဘန္တီတိ ကလျာဏပါပကာနံကမ္မာနံ ကတ္တာကာရေတာ ဝိပါက ပဋိသံဝေဒီ ဥပလဗ္ဘတီတိ၊ အာမန္တာ၊ အညော ကရောတိ၊ အညောပဋိသံ ပေဒတီတိ၊ နဟေဝံ ဝတ္တဗ္ဗေ။ (ကထာ-၄၇)

စတ္တာရော ပုရိသယုဂါ အဋ္ဌပုရိသ ပုဂ္ဂလာ အတ္ထီတိ ကတွာ တေနစ ကာရဏေန ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌ ပရမတ္ထေနာတိ၊ အာမန္တာ၊ စတ္တာရော ပုရိသယုဂါ အဋ္ဌပုရိသ ပုဂ္ဂလာ ဗုဒ္ဓပါတုဘာဝါ ပါတုဘဝန္တီတိ၊ အာမန္တာ၊ ပုဂ္ဂလော ဗုဒ္ဓပါတု ဘာဝါ ပါတုဘဝတီတိ၊ နဟေဝံ ဝတ္တဗ္ဗေ။

ပုဂ္ဂလော ဗုဒ္ဓပါတုဘာဝါ ပါတုဘဝတီတိ၊ အာမန္တာ။ ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗုတော ဥစ္ဆိန္နော နိဗ္ဗုတော ဥစ္ဆိန္နော ပုဂ္ဂလော နတ္ထိ ပုဂ္ဂလောတိ၊ နဟေဝံ ဝတ္တဗ္ဗေ။ (ကထာ-၅၃)

ဤသို့အစရှိသဖြင့် အဘိဓမ္မာကထာဝတ္ထုကျမ်းကို ဟောကြားတော်မူ၏(ပ)သတည်း။

## "ယမက အဘိဓမ္မာ ဒေသနာ"

**ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေတေ ကုသလမူလာ၊ ယေဝါပန ကုသလမူလာ၊ သဗ္ဗေတေ ဓမ္မာကုသလာ။**

**ယေကေစိ** ကုသလာ ဓမ္မာ၊ သဗ္ဗေတေ ကုသလမူလေန ဧကမူလာ၊ ယေဝါပန ကုသလမူလေန ဧကမူလာ၊ သဗ္ဗေ တေဓမ္မာကုသလာ။

ယေကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ၊ သဗ္ဗေတေ ကုသလမူလေန အညမညမူလာ၊ ယေဝါပန ကုသလမူလေန ဧကမူလာ သဗ္ဗေတေ ဓမ္မာ ကုသလာ။

ယေကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ၊ သဗ္ဗေတေ ကုသလမူလေန အညမညမူလာ၊ ယေဒါပန ကုသလမူလေန အညမညမူလာ၊ သဗ္ဗေတေ ဓမ္မာ အကုသလာ။

ယေကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေတေ အကုသလမူလာ၊ ယေဝါပန အကုသလမူလာ၊ သဗ္ဗေတေ ဓမ္မာ အကုသလာ။

ယေကေစိ အဗျာဂတာ ဓမ္မာ၊ သဗ္ဗေတေ အဗျာကတမူလာ၊ ယေဝါပန အဗျာကတမူလာ၊ သဗ္ဗေတေ ဓမ္မာ အဗျာကတာ။

ကေကေစိ နာမာ ဓမ္မာ၊ ဩဗ္ဗေတေ နာမမူလာ၊ ယေဝါပန နာမမူလာ သဗ္ဗေတေ ဓမ္မာ နာမာ။

ဤသို့ အစရှိသည်ဖြင့် အဘိဓမ္မာယမိုက်ကျမ်းကို ဟောကြားတော်မူလေ၏။ (ပ) သတည်း။

## "ပဋ္ဌာန အဘိဓမ္မာ ဒေသနာ"

ဟေတုပစ္စယောတိ ဟေတူဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

အာရမ္မဏ ပစ္စယောတိ ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊ သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ (ပ)။

အဓိပတိပစ္စယောတိ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ (ပ)။ ယံယံဓမ္မေ ဂရုံကတွာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေတေ ဓမ္မာ တေသံတေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

ဤသို့ အစရှိသည်ဖြင့် အဘိဓမ္မာပဋ္ဌာန်းကျမ်းမြတ် ဒေသနာကို ဟောကြားတော်မူလေ၏။ ဤသို့လျှင် သုတ္တန် ဒေသနာ (ပ) ပတ္ထနာဆုကို ပြုလိုက်ကြကုန်ရာသတည်း။

အဘိဓမ္မာဒေသနာအမျိုးမျိုး

ပြီး ပါ ပြီ။

---

ဤမျှဖြင့် ရတနာသိင်္ဃ ရွှေမြို့တော် မြောက်လက် ကန့်ဘလူမြို့နယ် မြေမွန်ရွာလျှင် ဘွားရာဇာတိရှိသော ရန်ကုန်မြို့၊ ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက် ဂဏဝါစက-အရှင်ကောဝိဒ ဇောဘိဝံသ ဝိနယပါရဂူ (ရန်ကုန်)၊

ဓမ္မာစရိယ အင်္ဂုတ္တရနိကာယ ပါဠိပါရဂူ (အစိုးရ) သည် ပါဠိတော်- အဋ္ဌကထာ ဋီကာကျမ်းလာတို့နှင့်အညီ ရေးသားပြုပြင် စီရင်အပ်သော "သဋ္ဌမ္မဒေသနာ မေဒိနီ" အမည်ရှိသော တရားကျမ်းစာသည် သာသနာတော် ၂၅၂၀ ခု၊ ကောဇာသက္ကရာဇ် ၁၃၃၈ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ ခရစ် ၁၉၇၉ ခု၊ မေလ (၁၂) ရက် ဗုဒ္ဓဟူးနေ့တွင် အလုံးစုံ ပြီးဆုံး အောင်မြင်ခြင်းသို့ ရောက်သတည်း။

# နိဂမ ဂါထာ

(က) ရတနာသိင်္ ပူရဿ၊ ဥတ္တရေ မဟီဝရေ ဂါမေ။
ရတနတ္တယ ပသန္နေ၊ သမ္မာဒိဋ္ဌိ ကုလေဇာတော။
ဝေရိကွယေ ဝသန္တေန၊ မေဓိနီ ပါကဋ္ဌာရာမေ။

(ခ) ကောဝိဒဒွိဇ နာမေန၊ ဝါစကေန မယာကတာ။
ကထိကာနံ ဟိတတ္ထာယ၊ ဓမ္မဒေသနာ မေဓိနီ။

(ဂ) အဋ္ဌတိံသာဓိကေ သာကေ၊ တိသတေက သဟာဿကေ။
ဝဿေ ဝေသာခ မာသမှိ၊ ပုဏ္ဏမီယံ သုနိဋ္ဌိတာ။

(ဃ) ဣမိနာ ပုညကမ္မေန၊ အညေန ကုသလေနစ။
ပပ္ပေါမိ အမတံ သီဃံ၊ သပရတ္ထံ ဟိတာဝဟံ။

(င) ဘဝါမဟံ သံသရန္တော၊ ဇာတိယာ သေဋ္ဌပုဂ္ဂလော။
ပုညဝါ သမ္မာဒိဋ္ဌိကော၊ ဝီရဝါ တိက္ခဉာဏိကော။

(စ) ယထာယံ နိဗ္ဗုတော ဂန္တော၊ အစိရေန သုနိဋ္ဌိတော။
တထေဝ ပါဏိနံ သဗ္ဗေ၊ သီဃံသိဇ္ဈန္တု စိန္တိတာ။

( က - ခ )

ရတနာသိင်္ပုရဿ၊ — ရန်ကြီးအောင်နှင့်, ကုန်းဘောင် ရွှေဘို မုဆိုးဖိုတဝ,ရတနာသိင်္ဟု, ငါးမည်ရသော,ရတနာသိင်္ ရွှေဘိုမြို့၏။

ဥတ္တရေ၊ — မြောက်မျက်နှာအရပ်၌။ (ဝါ)မြောက်လက်၌။

မဟီဝရေဂါမေ၊ — သမ္မာဇီပ,အာစာရဟု, ကောင်းစွာထင်ရှား,လယ်ယာသမားတို့, မျိုးပွားစိုက်ခင်း, ကောင်းမြတ်ခြင်းကြောင့်, ပျံ့သင်းဂုဏ်နေ, မြေကောင်းမြေမြတ်ဟု ထင်ရှားပေရာ,မြေ့မွန်ရွာ၌။

ရတနတ္တယ ပသန္နေ၊ — ဘုရား, တရား, သံဃာ-သုံးပါးသော ရတနာ အပေါင်း၌,ကောင်းစွာမသွေ,ကြည်ညိုပေသော။

သမ္မာဒိဋ္ဌိကုလေ၊ — ဗုဒ္ဓဘာသာ, သမ္မာအယူ, ဖြူစင်အားကိုး, မြန်မာလူမျိုး၌။

ဇာတေ-ဇာတေန၊ — ရတနတ္တယမာမက ဖြစ်ကြသော ခမည်းတော်ကြီး ဦးဘရှိန်, မယ်တော်ကြီး ဒေါ်နှင်းကြိုင်တို့မှ, မြန်မာ့ကောဇာ, ခုနှစ်မှာမူ,သချ်ာပြန်သော, ဆနော၁ဒွေးအစ်,သက္ကရာဇ်တွင်, တွက်စစ်ခါကောင်း, လ

တပေါင်းဝယ်၊ ပြည့်နှောင်းကျော်တက်၊ တဆယ့်လေးရက်မှာ၊ တနင်း လာတွင်၊ တဦးတည်း ဖွားမြင်၊ အတိဇာတ သားရတနာပင်ဖြစ်သော။

ဝေရိက္ခယေ၊ – အလောင်းမင်းတြား၊ ဇာနည်ဖွားလျှင်၊ ထင်ရှားနှောက်ယှက်၊ တဖက် သောရန်၊ တွန်းလှန်ဖြိုခွင်း၊ အောင်မြင်ခြင်းကြောင့်၊ မည်ရင်းဒဂုန်၊ မြို့ရန်ကုန်၌။

မေဒိနီ ပါကဋ္ဌာရာမေ၊ – မေဒိနီ သဒ္ဒါကြီးနိသျ၊ မေဒိနီ ဋီကာကျော်နိသျ၊ ပါတိမောက္ခမေဒိနီ၊ သာရတ္ထ မေဒိနီ၊ ဝါကျတ္ထ မေဒိနီ၊ အသီလီများစွာ၊ သာသနာဝယ်၊ ဂုဏ်ကြွယ်တင့်ဆန်း၊ မေဒိနီ ကျမ်းပေါင်းများစွာတို့၏၊ ပေါက်ပွား ဖြစ်ထွန်းရာဖြစ်ခြင်းကြောင့်၊ မေဒိနီဟု၊ မြန်ပြည်တလွှား၊ အလွန် ထင်ရှားသည့်၊ ကျောက်ကုန်းတောရ-မေဒိနီ စာသင်တိုက်ကြီး၌။

ဝိသဇ္ဇေန္တေန၊ – ဆုံးမနည်းခံ၊ ကျမ်းဂန်ပို့ချ၊ မျှတသွေ့သွေ့၊ သီတင်းသုံးနေပေသော။

ကောဝိဒဒ္ဓဇနာမေန၊ – ငယ်ရပ်ဆရာ၊ သညာမည်သ၊ ကောဝိဒ ဓဇ၊ အမည်ရသော။

ဝါစကေန-ဂဏဝါစကေန၊ – မြန်ပြည်ထက်အောက်၊ ဆိုက်ရောက်ကြွလာ၊ ရှင်ရော ရဟန်းပါ၊ တပည့် များစွာကို၊ ကျမ်းစာပို့ချ၊ ဂဏဝါစက၊ စာချဆရာဖြစ်သော။

မယာ၊ – ငါအသျှင်သည်။

ကထိကာနံ-ဓမ္မကထိကာနံ၊ – တရားဓမ္မ၊ ဟောညွှန်ပြသည့်၊ ဓမ္မကထိကအပေါင်း၊ အရှင်ကောင်း တို့၏။

ဟိတတ္ထာယ – လိုရာလွယ်ကူ၊ လှမ်းယူခဏ၊ ကြည့်ရှုနိုင်ကြခြင်း၊ မှတ်လွယ် ဆောင် လွယ်ခြင်း စသော အကျိုးစီးပွားအလို့ငှာ။

ဓမ္မဒေသနာ မေဒိနီ၊ – သဒ္ဓမ္မဒေသနာ မေဒိနီ သညီတင့်ဆန်း၊ တရားကျမ်းကို။

ကတာ၊ – ထက်သန်သော စေတနာဖြင့်၊ ကောင်းစွာ ပြုပြင်၊ စီစဉ်ရေးသား အပ်ပေပြီ။

( က – ခ ပြီး၏။ )

အယံ၊ – သဒ္ဓမ္မဒေသနာ မေဒိနီ၊ သညီတင့်ဆန်း၊ ဤတရားစာကျမ်းသည်။

သာကေအဋ္ဌတိံသာဓိကေ၊ – ကောဇာသက္ကရာဇ် သုံးဆယ်ရှစ်ခု အလွန်ရှိသော။

တိသတေကသဟဿကေ၊ – တထောင့်သုံးရာခုနှစ်၌။(ဝါ)သာကေအဋ္ဌတိံသာဓိကေ-တိသတေက

ဝဿေ သဟဿကေဝဿေ၊ ကော ဇာ သက္က ရာဇ်၊ ၁၃၃၈-ခုနှစ်၌။

ဝေသာခမာသမှိ၊ ပုဏ္ဏမီယံ၊ – ဝိသာခါနက္ခတ်၊ ယှဉ်လတ်ကြုံကြိုက်၊ ကဆုန်လပြည့် (မြေ့)ဗုဒ္ဓနေ့၌။

သုနိဋ္ဌိတာ၊ – အလုံးစုံပင်၊ စီစဉ်အသီးသီး၊ ကောင်းစွာ ပြီးဆုံးခြင်းသို့ရောက်ပေပြီ။

( ဂ–ပြီး၏။ )

အယံ၊ – ကောဝိဒဓဇ၊ နာမသမုတ်၊ အကျွန်ုပ်သည်။

ဣမိနာပုညကမ္မေနစ၊ – ဤသည့်ကျမ်းစာ၊ ရေးစီပါရ၊ ပုညအစု၊ ဤကောင်းမှုကြောင့် လည်း ကောင်း။

အဩနုကုသလေနစ၊ – ဤမှတပါး, များပြားစွာလှ,ပုညအစု, မြတ်ကောင်းမှုကြောင့် လည်း ကောင်း။

သပရတ္တဟိတာဝဟံ၊ – မိမိ သူတပါး, အကျိုးစီးပွားကို, ထွန်းကားလေအောင်, ကြိုးစား ရွက်ဆောင်လျက်။

အမတံ၊ – မအို-မနာ, မသေရာမှန်, ပြည်နိဗ္ဗာန်သို့။

သီဃံ၊ – မကြာမတင်, လျင်မြန်စွာ။

ပပ္ပေါမိ၊ – မဂ္ဂင်ဖောင်ကြီး, ငြိမ့်ငြိမ့် စီးလျက်, အပြီး ထုတ်ခြောက်,ရောက်ရှိ ရပါလို၏။

( ဿ–ပြီး၏။ )

ယာဝ၊ – အကြင်မျှလောက်သော ကာလပတ်လုံး။

နိဗ္ဗာနံ၊ – ကိလေသာခတ်, ကင်းပြတ်ချုပ်ရာ, နိဗ္ဗုတာသို့။

အပတ္တော၊ – ပါရမီအကျင့်, မရင့် နုထွေး, မရောက်ရှိနိုင်သေး။

တာဝ၊ – ထိုမျှလောက်သော ကာလပတ်လုံး။

ဘဝါဘဝေ၊ – ဘဝကြီးငယ်, အသွယ်သွယ်၌။

သံသရန္တော၊ – မပြတ်အစဉ်, ကျင်လည်ရသည်ရှိသော်။

ဇာတိယာ၊ – စွဲကပ်တည်နေ, ပဋိသန္ဓေအားဖြင့်။

သေဋ္ဌပုဂ္ဂလော၊ – မိမိ သူတပါး, အကျိုးများအောင်, ရွက်ဆောင်နိုင်တတ်, မြင့်မြတ်သော ပုဂ္ဂိုလ်သည်။

ဘဝါမိ၊ – ဘဝထိုထို, ဖြစ်ရပါလို၏။

ပုညဝါ၊ – များစွာဘဝ, ဖြည့်ဆည်းရသည့်, ပုညမူရင်း,မယွင်းမယို, ကောင်းမှု ကုသိုလ်နှင့် ပြည့်စုံသည်။

ဘဝါမိ၊ – ဘဝ ထိုထို, ဖြစ်ရပါလို၏။

သမ္မာဒိဋ္ဌိကော၊ – မိစ္ဆာမကူ, အယူဖြောင့်မှန်, သမ္မာဒိဋ္ဌိ ဉာဏ်အမြင်နှင့်, ပြည့်စုံသည် လည်း။

ဘဝါမိ၊ – ဘဝထိုထို, ဖြစ်ရပါလို၏။

ဝီရဝါ၊ – လောကဓံလေ, မုန်တိုင်းတွေ့လည်း, မရွှေမယိုင်, ကြံ့ခိုင်တည်ဘိ, ရဲရင့်ခြင်း ရှိသည်လည်း။ (ဝါ) ခပ်သိမ်းအန္တရာယ်, ရှင်းအောင် ပယ်၍, အလွယ်အောင်ပန်း, ဆွတ်ဆင်မြန်းလျက်, ရှင်လန်းတည်ဘိ, ရဲရင့်ခြင်း ရှိသည်လည်း။

ဘဝါမိ၊ – ဘဝထိုထို, ဖြစ်ရပါလို၏။

တိက္ခဉာဏိကော၊ – ကြားပြင်ရုံမျှ, တတ်မြောက်ရသည့်, မူလအခြေခံ ထက်မြက်သော ဉာဏ်အမြင်ရှိသည်လည်း။

ဘဝါမိ၊ – ဘဝထိုထို, ဖြစ်ရပါလို၏။

( င–ပြီး၏။ )

| | |
|---|---|
| အယံဂန္ထော၊ | – သဒ္ဓမ္မဒေသနာ မေဒိနီ, သညီတင့်ဆန်း, ဤ တရားတော်ပေါင်းချုပ် ကျမ်းသည်။ |
| နိဗ္ဗုယော၊ | – အနှောက်အယှက်, အဖျက်အဆီးဟု ဆိုအပ်သော ဘေးရန်ဟူသမျှ, ဝေးကွာ ကင်းပသည်။ |
| ဟုတွာ၊ | – အမှန်စင်စစ်, ဖြစ်ရ၍။ |
| အစိရေန၊ | – တနှေ့သုံးဝါ, ကျမ်းစာပို့ချ, များကိစ္စဖြင့်, ပြုရရံခါ, စီရင်ပါလည်း, တနှစ်တာမျှ, ပြုစီစဉ်ရကား, မကြာမြင့်လှသော အချိန်ကာလဖြင့်။ |
| သုနိဋ္ဌိတော ယထာ၊ | – ကောင်းစွာစေ့စပ်, အဆုံးသပ်ဆိုက်ရောက်, ပြီးမြောက်လေဘိသကဲ့သို့။ |
| တထေဝ၊ | – ထိုသည့်ကျမ်းစာ, ကောင်းစွာသိပ်သည်း, ပြီးသည့်အလား, မခြားနမူ, အလားတူသာလျှင်။ |
| ပါဏိနံ၊ | – မိုးအောက်မြေပြင်, ကျင်လည်ကျက်စား, သတ္တဝါ အများတို့၏။ (ဝါ) မြေပြင် ရေယာဉ်, ဝေဟင်မလတ်, လှည့်ပတ် ကျက်စား, သတ္တဝါအများတို့၏။ |
| သဗ္ဗေ၊ | – ကြွင်းမဲ့ဥဿုံ, အလုံးစုံကုန်သော။ |
| စိန္တိတာ၊ | – အပြစ်လွတ်ကင်း, အလွန်သန့်ရှင်းသည့်, မူရင်းဖြောင့်မှန်, စိတ်အကြံ အစည် ဟူသမျှတို့သည်။ |
| သီဃံ၊ | – နှောက်ယှက်တားဆီး, အပြီးကင်းကွာ, လျင်မြန်စွာ။ |
| သိဇ္ဈန္တု၊ | – ကြံသမျှအောင်, ဆောင်သမျှပြီး,အသီးသီးမုချ,အောင်မြင်ပြီးမြောက် ကြပါစေကုန်သတည်း။ |

( စ–ပြီး၏။ )

နိဗ္ဗာနဿပစ္စယော ဟောတု။

**သဒ္ဓမ္မဒေသနာ မေဒိနီ တရားပေါင်းချုပ်ကျမ်း**

ဤတွင် အလုံးစုံ ပြီးပြီ။

# ထွန်းပညာ ပိဋကတ်စာအုပ်ဆိုင်မှ ရနိုင်သော ကျမ်းစာများ

* သဒ္ဓမ္မ ဒေသနာ မေဒိနီ တရားပေါင်းချုပ်
(မေဒိနီစာချ အရှင်ကောဝိဒဓဇ-ပါဠိပါရဂူ)

* ဓမ္မကထိက အလင်းရောင်ကျမ်း
(မေဒိနီစာချ အရှင်ကောဝိဒဓဇ-ပါဠိပါရဂူ)

* ပုံတော်စုံ သုတ်သီလက္ခန် ဝတ္ထုတော်ကြီး
(မြို့မ ဆရာတော်)

* ပခုက္ကူ ဓမ္မာစရိယကျမ်း (စတုတ္ထအကြိမ် ထွက်တော့မည်)
(စာချဆရာတော် ဦးရာဇိန္ဒ)

* အဘိုးတန် မန်လည်ကဗျာများ
(ရှာဖွေစုဆောင်းသူ အရှင်ဥာဏာဝိဇ္ဇ)

* ပခုက္ကူမူ ဆုပေး ရေစက်ချ အမျိုးမျိုး (ဒုတိယအကြိမ် ထွက်တော့မည်)
(စာချဆရာတော် ဦးရာဇိန္ဒ)

* လက်တွေ့ကျင့်ဘွယ်နှင့် ဗုဒ္ဓ၏ ပရိတ်တော်(၃၉)သုတ် (တတိယအကြိမ် ထွက်တော့မည်)
(ဓမ္မာစရိယ ဦးတင်စိုး)

* အရိယာတို့အမြင်
(ဝက်လက် မစိုးရိမ် ဦးတိဿ)

* မဂ်ပေါက် ဖိုလ်ဝင် (ရုပ်ပြ) အာနာပါနကျင့်စဉ်
(ဓမ္မာစရိယ ဦးတင်စိုး)

* မဟာစည်၏ (မြောက်ဥက္ကလာပ) ၁၀-ရက် စခန်း
(ဓမ္မာစရိယ ဦးတင်စိုး)

* ဗုဒ္ဓ၏ တရားဦး ဓမ္မစကြာ
(ဆရာ ဦးမြတ်ကျော်-မြန်မာစာ ကော်မီရှင်)

ရန်ကုန်မြို့၊ ကျောက်ကုန်း၊တောရ - မေဒိနီ စာသင်တိုက်

ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ ဂဏဝါစက

# ရတနာမွန် အသျှင် ကောဝိဒဓဇ

၏

စီစဥ်ပြီး၍ ပုံနှိပ်ပြီး ပုံနှိပ်ဆဲ ပုံနှိပ်လတံ့ ဖြစ်သော

# ကျမ်းစာများ

- သဒ္ဓမ္မဒေသနာ မေဒိနီကျမ်း တရားပေါင်းချုပ်
- မဟာ သတိပဋ္ဌာနသုတ် စာမွန်နိဿယကျမ်း
- သတိပဋ္ဌာန ဓမ္မဒေသနာ ကျမ်း တရားပေါင်းချုပ်
- မင်္ဂလာ ဓမ္မဒေသနာ ကျမ်း တရားပေါင်းချုပ်
- ဓမ္မကထိက အလင်းရောင်ကျမ်း ပဒေသာမှတ်တမ်း
- ဗုဒ္ဓ ဓမ္မ အလင်းရောင်ကျမ်း
- ဟောပြောမှု နည်းပညာကျမ်း
- ရတနာမွန် မင်္ဂလာဘိသိက် ဟောစဥ်နှင့် သချိုးလိုက် ရတုများ
- မြန်မာ့ တွေးခေါ် မြော်မြင်မှု စိတ်ပညာကျမ်း
- ပါဠိ မြန်မာ သဒ္ဒါပညာကျမ်း
- ဗုဒ္ဓဘာသာ ယဥ်ကျေးမှု သင်ခန်းစာ

စိတ်အေး ချမ်းသာစေရန်, တိုးတက် စည်ပင် သာယာစေရန်, မှန်ကန်သော အသိဉာဏ်များ ထွန်းကားလာစေရန် ကြည်ကြည်လင်လင်, ပီပီပြင်ပြင်, ထင်ထင်ရှားရှား အတွေးအခေါ် အယူအဆများဖြင့် မကြာမြင့်မီ ဆက်ကာ ဆက်ကာ ထွက်ပေါ်လာပါတော့မည်။